
www.burmeseclassic.com

အတွဲ (၁၃) အမှတ် (၄)
၂၀၁၃ ခုနှစ် ဧပြီလ

# သရဖူ

မဂ္ဂဇင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၄)
၂၀၁၃ ခုနှစ် ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ






## ဘာသာရေးဆောင်းပါးများ


၅ ကြွေးပေါ်မပူ သန်းထူမယား ဘဝများ (ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော် (ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)**

၆ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၂)
**မဟာဗောဓိမြိုင်ဆရာတော် (ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)**

၁၃ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား ပူဇော်ခြင်း
**မြဝင်း(အဿန)**

၁၅ ဆရာသခင်တို့၏စကားစုများ ဝေဘူဆရာတော်ကြီး၏ ဝိဇ္ဇာဖြစ်အောင်ပုတီးစိပ်နည်း
**ဦးအောင်သုခ**

၂၂ ကလေးမြို့နယ်တွင် အံ့ဖွယ်ထင်ရှားရေးဟောင်းတန်ခိုးကြီးဘုရားများ
**မနွယ်(ကလေး)**

၂၆ မြတ်ဗုဒ္ဓ၏ မဟာဘွဲ့နှင်းသဘင်အခမ်းအနား
**လေးကော-အရှင်နန္ဒမာလာ**

၂၉ သွင်ဟန်ရှုမငြီး ကျိုက်ပွန်ဘုရားကြီး
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)**

၃၀ ဗဟန်းဝေဠုဝန်ဆရာတော် ရှင်ခေမာစာရ
**မောင်ဇေယျာ**

၄၁ သံတွဲမြို့ ကျောက်ဖြူမော်ကျေးရွာမှ မာတ်တော်ကျောက်နှင့် ပေါ်တော်မူ ရေးဟောင်းဆင်းတုတော်များ
**ရွှေချီအောင်(ပေသီ)**

၄၆ ညီတော်နောင်တော်ဘုရားပလ္လင်မှ ရေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများ
**ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)**

၅၀ ကျစ္စွာမင်းကြီး၏ဘုရားရှိခိုးနှင့် အမြဲရွတ်ဖတ်သောဂါထာတော်
**နေအောင်လင်း(စလေ)**

၅၂ မဟာဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး၏ ခယောင်းလမ်းမှသည်
**သုဓောယျ**

၆၁ မဟာလူ့သားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာသို့
**မောင်ပွင့်ညထ်(မောရ)**

၇၀ အံ့ဖွယ်ထူးဆန်း ကန္ဒီဥပနိသဿယတရားစခန်း
**နေစိုးအောင်(တောင်ကြီး)**

၇၉ သံယံသရထံဂစ္ဆာမိ
**ရွှေစိုး**

၈၂ အဘအောင်မင်းခေါင်ထားခဲ့သော ထူးဆန်းသည့်ဗုဒ္ဓရုပ်ပွားတော်
**အဗ္ဗဝါလှိုင်း**

၈၆ ဝိဇ္ဇာရေပုဂ္ဂိုလ်ထူးများနှင့် တွေ့ခုံ ပညာစဉ်ရယူခဲ့သော ဖူးပြည့်အောင်ဆရာတော်
**မြနန်းရှင်**

၉၅ ဘုရားကိုးဆူပူဇော်ပွဲဆိုင်ရာ သိမှတ်စရာ
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၁၀၀ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၁၂၆ စာရေးဆရာနှင့်ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း
**မေဏ္ဍာရှင်(ရွှေပြည်သာ)**

၂၀၇ ဝိပဿနာ၊ ဘာဝနာပွားရအောင်
**ညထ်မြင့်**

၃၄၆ ရေကြောင်းသွားလာ ရွတ်ပါဤဂါထာ
**နတ်မောက်မင်းသန့်နိုင်**


## သုတရသဆောင်းပါး


၁၁၂ လူဖြစ်ကျိုးမနပ်လျှင်လူညံ့
**ချောင်းဆုံအုန်းသွင်**

၁၂၀ ရှေးမြန်မာတို့၏ အတိတ်တဘောင်များ
**တင်နိုင်တိုး**

၁၂၂ သုဝဏ္ဏဘူမိ၏တည်နေရာ(၂)
**နိုင်ခင်မောင်လေး**

၁၂၅ ကျွဲ နွား မြင်း တိမ်ပျောက်မျက်စဉ်း
**ဦးသန်းစိုး(ချောင်းနက်)**

၁၂၉ မုံရွာမြို့နယ် သာစည်ရွာ မဉ္ဇိမာရုံ ကျောင်းတိုက် ရှေးဟောင်းယဉ်ကျေးမှု ဗုဒ္ဓပြတိုက်တော်(၃)
**မောင်ရေချမ်း(မြောင်)**

၁၇၃ အရှိတရားနှင့်အဖြစ်တရား
**ချောင်းဆုံအုန်းသွင်**

၁၉၀ ရွှေမြင်တင်ဘရသေ့ကြီးနှင့် ကျွန်တော်(၂)
**စောငုဝါ(ပျဉ်းမနား)**

၂၁၆ ရန်ကုန်-တောင်ငူမီးရထားလမ်း ဖောက်လုပ်ခဲ့စဉ်က
**တင်ထွန်း(စက်မှု-၂)၊ ငြိမ်း**


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ဆိုထီယံ၏ထူးခြန်းသောလက်ဖွဲ့
**ဘုမိ(ပညာရေး)**

ချွဲ နွားတုပ်ကွေး အမြန်ကုသပေး
**ဆိတ်ပေါက်(နတ်မောက်)**

ခံအိုရို
**ဆောင်ဝင်(ပျဉ်းမနား)**

နင်းလှက လျှို့ဝှက်နေခဲ့
**ခင်ရှိန်အောင်**

ထွှီရှုပြဒါးပြာပှသည်
**ဦးခံသိန်း**
**(သီလအဓိက)**

ဘွန့်ပ်နှင့်မဟာဂန္ဓာရီလမ်းပေါ်က
ကြုံခဲ့သမျှ
**ဘုန်းခေါင်**

အမျိုးသမီးများနှင့်
ဆီးလမ်းကြောင်းပိုးဝင်ခြင်း
**ရိရိဌေး**

ဘုရားစိမ်ရေမသင့်ကြပါစေနှင့်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

သက်ဆောင်
**ချောင်းဆုံအန်းသွင်**

ခင်းတုန်းမင်းလက်ထက် မြန်မာသံအဖွဲ့
၏ အီတလီနှင့် ပြင်သစ်နိုင်ငံတို့တွင်
သကြတ်ပုံကို ကြည့်ရှုလေ့လာခြင်း
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

အတိတ်ဘဝကို မမှတ်မိသော်လည်း
ဟိုးရှေးက ဆင်ပေါင်ဝဲရွာအကြောင်း
ကောင်းကောင်းသိနေသော
စာရေးဆရာကြီးရန်အောင်
**တိုးထက်**

ကန္တပနဒီပေါ်မှ သူတို့ပြောပြသည့်
သမိုင်းပုံပြင်များ
**အနောက်တံခါးမှူးမောင်မှူး**

ပရလောကသားတွေက
ကယ်တင်ခဲ့လေသလား
**အောင်သန်းချစ်**

ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ် မှတ်တမ်းများ
**သက်လှ**

လျှာရင်းမြက်တဲ့
အသားဟင်းတစ်ပန်းကန်ဖြစ်အောင်
**သစ္စါ(ဥပဒေ)**

မြန်မာမှုအစဉ်အလာနှင့်
ဆင်ဖြူရတနာ (၁၁)
**မောင်သန်းဆွေ(ထားဝယ်)**

ကြိုးတုပ်ခံရသောသစ်ပင်
ဆတ်လီဆတ်ဖွဲ့နှင့်ဇဘော့
**ဝင်းမြအောင်(မြိတ်)**

## သုရဋ္ဌဝတ္ထုတို

၁၁၈ သဘာဝတရားစောင့်ရှောက်ခံရသူများ
**မောင်မောင်သန်းထွန်း**
၁၃၆ နာနာဘာဝနှင့်တွေ့ဖူးသူများ
**အရှင်ပညာသီဟာဘိဝံသ**
**(ပခွန်ကာယ်)**
၁၅၄ ပဲခူးရိုးမတောင်ညိုတောင်ကြီးမှ
ထူးဆန်းသည့်အလင်းတန်းကြီး
**အေးရွှေ(ဗီးကုန်း)**
၁၆၄ ခွင့်လွှတ်နိုင်ကြပါစေ
**ကိုစနေ**
၁၇၀ ပရလောကသားများနှင့်
ကျွန်တော်သရဲဖြစ်ခဲ့သလား
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**
၁၇၄ ရောင်ပြန်ဝင့်ကြွေး
**မုဒိတာ(ရွှေစည်ပိုင်း)**
၁၇၈ အသက်လွှတ်ကြေး
**ကောင်းသော်**
၁၈၆ သံသရာမပြတ်သမျှ
**မောင်မောင်ညွန့်(သရက်)**
၁၈၉ နှလုံးလှပန်းချီ
**ပြည်သိန်းကျော်**
၂၀၄ ပုဏ္ဏကကိုခြေရာခံခြင်း
**ကောင်းထက်(ချောင်းနက်)**
၂၁၀ ထူးဆန်းသောမင်္ဂလာလက်ဖွဲ့ကြေး
**ရိရိဌေး**
၂၂၂ မှင်စာ
**မိုးကုတ်ကျော်ကျော်စိုး**
၂၂၈ ဗားမဲ့စီရင်ပေး သဗ္ဗဝိယဒေဝနတ်ဆေး
**ကျော်စံရှိန်**
၂၃၄ လေးကျွန်းကြာခိုင်စေတီတော်နှင့်
သိုက်မီးအလင်းရောင်(ဇာတ်သိမ်း)
**စိုးထွန်း(ဥပဒေ)**
၂၄၆ ကြေကွဲဖွယ်ရာသူတို့အကြောင်း
**နှံ့သာ(ပခုက္ကူ)**
၂၅၂ မောင်းတစ်လုံး အုန်းဆောင်နှင့်
အာဠဝကမောင်စ
**မျိုးသစ်**
၂၅၈ ရေပြာအိုင်မှရေသူမ
**ထောင်မှူးကြီးသိန်းဝင်း**
၂၆၈ အရှုံးထဲကအမြတ်
**ကိုငြိမ်း(ရက္ခဖေဒ)**
၂၈၀ မြောက်ပိုင်းသားအိစွဲလမ်းမှု
**ခင်မောင်အေး(မန္တလေး)**
၂၈၈ လမ်းလျှောက်ထွက်စို့သူငယ်ချင်း
**ဂါဦးနွန်းကို**
၂၉၄ အတ္တကိုခေးဆိုးထားတယ်
**မြတ်သက်ကျော်**

၃၁၈ မြန်မာ့ဂုဏ်ဆောင်
ညှော်လမ်းညွှန်တစ်ဦး သို့မဟုတ်
ကရုဏာရှင်မလေး နွယ်လင်းရှိန်
**ဒေါက်တာဒေါ်နု(တောင်ကြီး)**
၃၂၃ အိပ်မက်လေလား တကယ်လား
**ပန်းမြိုင်လယ်-စိန်ဝင်း**
၃၃၀ အတ္တဆူး
**သန့်ဇင်**
၃၃၈ သွားကြားရေယို တယ်လူးချို
**မောင်သင်းထုံ(ကျောက်မဲ)**
၃၅၀ အမုန်းခံ ဖုံးဖိမှဝေးစေသား
**ရွှေစင်သား**
၃၅၄ ကံအလှည့်အပြောင်း
**မောင်လုယဉ်(မော်လမြိုင်)**
၃၅၈ သူကြီးလူး
**ရွှေပြည်စိုး(မိုးကုတ်)**
၃၇၀ သားနှင့်ကား
**မေတ္တာရှင်(ရွှေပြည်သာ)**

## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

၃၀၆ နားချမ်းသာ (၂)
**အောင်ကျော်**
၃၉၈ ဤလမ်းခရီး လွှမ်းမပြီးနိုင်
**ဗိုးကျော့**

## သုရဋ္ဌတိုင်းရင်းဆေး

၃၉ ငရုတ်သီးစိမ်းသုံးတောင့်နှင့်
ခရီးရှည်ရှည်
တနင်္သာရီ-ကျော်ဝင်း
၅၁ ကြွက်နို့သတ်နည်းနိသရည်း
နတ်မောက်မင်းသန့်နိုင်
၈၁ ဆီးချိုအတွက်ဆေးတစ်လက်
ပေါက်ပေါက်(နတ်မောက်)
၁၁၄ ဆီးဖြူသီးတစ်ခြမ်း
မင်းဘူး-ဗိုလ်ဥတ္တမ
၁၈၅ ဆေးဖက်ဝင်နွယ်တစ်ပင်
စေတနာမောင်
၂၀၆ သွားနာပျောက်ဆေး
ထီလာမောင်(ကွဲရဲ)
၂၀၉ အရိုး အဆစ်၊ အကြောရောဂါ ပျောက်
ကင်းစေမည့် ဆေးဖက်ဝင်အပင်နှင့်
ဆေးအသုံး
လှိုင်ထွန်း(ဇော်)
၂၁၈ လေဖြတ်ထားသူ လေထပ်
မဖြတ်စေသည့်ဆေးနည်း
ကျော်ဇင်ဖြူ


23 FEB 2013

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com


၂၄၀ ဆင်တုံးမနွယ်နှင့် နနွင်းခါးတို့ ဆေးဖက်ဝင်အကျိုးအာနိသင်များ
တင်ထွန်း(စက်မှု-၂ ငြိမ်း)
၂၄၅ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
ကေရာစ်ပင်
ဦးသန်းစိုး(ချောင်းနက်)
၂၇၂ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၃၁၆ ခန္တီးတောင် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဆေးနည်းတော်
များပုံ-မျိုးလု
၃၇၈ ဆေးဖက်ဝင်စံပယ်ရွက်
သန္တိ(ဥပဒေ)


## သုရဿ ပညာရပ်


၉၇ လေးမြို့ခေတ် ရှေးမင်းများလက်ထက် ရခိုင်တို့၏ အတိတ်နိမိတ်ကောက်ယူမှုများ
စောထွီးသျှင်(မြောက်ဦး)
၁၀၂ ဗုဒ္ဓဟောကြား နိပါတ်တော် ကျမ်းဂန်များလာ ဂါထာမန္တန်များနှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ(၃)
တြိရတနာ-ဆရာဝေယျာထင်း
၁၄၂ နာမည်မြင်ကွင်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၁၄၈ အရှေ့တိုင်းအင်္ဂရတ်ပညာ သို့မဟုတ်
ဂန္ဓာလရာင်အင်္ဂရတ်ပညာ
ဆရာဦးဆက်ထွန်းထင်း
(အာယုဗ္ဗေဒ)
၁၅၉ နက္ခတ်အလိုက်လူ့စရိုက်
နေဝိဇ္ဇာ
၁၆၇ သင့်မျက်နှာနှင့်သင့်ဘုန်းကံ
မင်းမင်းမြတ်
၁၈၃ စိတ်စွမ်းအင်စုံထောက်များ
မနော့သုတေသီ
၁၉၅ တရုတ်ရိုးရာ ဗေဒင် ဖုန်းရွှေပညာ အမေးအဖြေများ
ဦးအောင်လှိုင်(သုဝဏ္ဏ)
၂၁၉ ချစ်ခြင်းတရားနှင့်လက္ခဏာ
ဆရာသိန်းသန်းအောင်
၃၁၃ ဟင်းစားလည်းပေး၊ ကွန်ရေးလည်းပြ
ဦးအောင်စောလှိုင်(ပုသိမ်)
၃၈၄ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
ဆရာဓလမင်းခေါင်

## သုရဿလက်တွေ့အသုံးချ


၁၈ မြန်မာနှစ် ၁၃၇၅ အတွက် နှစ်ဦးမင်္ဂလာယတြာ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၂၁ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၁၀၀ စိတ်ဆန္ဒအလိုရှိတိုင်း ပြည့်စုံစေနိုင်သော ခုနစ်ရက်စခန်းအဓိဋ္ဌာန်ကျင့်စဉ်
ဘုန်းခေါင်
၁၁၇ လိုသူများသုံးစေဖို့ ဂါထာမန္တန်များ
မုဒိတာ(ကျိုက်လတ်)
၁၄၁ အရိုးကျိုးဆက်ရန်ဆီမန်းဂါထာ
နေဝန်းသစ်
၃၁၇ ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဗေဒ)
၃၈၈ ဩဇာတိက္ကမ ကြီးမား၍ ရန်အပေါင်းအောင်နိုင်ပြီး မျက်နှာပွင့်လန်းကာ အဆိပ်ကိုပါ နိုင်နင်းစေသော မဟူရာအဆောင်
နေဝန်းသစ်
၃၉၄ ဣန္ဒြိယပဒေသာ
ဆယ်မျက်နှာအင်းတော်ကြီး
ဆရာအေးရွှေ(သုတေသီ)
ဇီးကုန်း
၃၉၆ ၂၀၁၃ ခု ဧပြီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)
၄၁၀ နှစ်ဦးလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၄၁၇ ၂၀၁၃ ခု ဧပြီလ
ကံမြင့်ကံပွင့်အစီအရင်
မြည်သိန်းကျော်
၄၂၀ ၂၀၁၃ ခု ဧပြီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
သင်းသင်းစံ
ဝေလှဲ့လှဲ့ထွန်း
အောင်ကျော်ဆန်း

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဿကလုံးဖြိုနိုင်
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်


အသွားအရေးမှူး
ဒေါ်စပယ်ညို
ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ တင်တင်သော်၊
ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
တာမွေနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
မန္တလေး၊ တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း၊
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကယား-ဂျိနေဒီ၊ မီလျံနှာ
ပဲခူး- သဝင်စာပေ
ဟသာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေတ္တာ
အုပ်ရေ ၁၀၀၀
လက်ကားဖြန့်ဈေး ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# ကြွေးပေါ်မပူ သန်းထူမယား ဘဝများ



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

- ဒါနခန်းက လူလမ်းပြ
  လှမ်းရပေါင်းက များလှပြီ။
- သီလထပ်လျှင် နတ်တစ်ခွင်
  ကပ်ဝင်ခဲ့ပေါင်း များလှပြီ။
- ဘာဝနာယှဉ် ဗြဟ္မာသွင်
  သင်ပေါင်း ဝင်ပေါင်း များလှပြီ။
- အယုတ်သုံးသင်း အပါယ်သွင်း
  ယွင်းပေါင်း ဆင်းပေါင်း များလွန်းပြီ။


၁။ လောဘရောင်ပြန် ပြိတ္တာဒဏ်
ခံရပေါင်းလည်း မနည်းပြီ။

၂။ ဒေါသအခိုး ငရဲထိုး
တိုးရပေါင်းလည်း မနည်းပြီ။

၃။ မောဟဟိတ်ခံ တိရစ္ဆာန်
ပြန်ရပေါင်းလည်း မနည်းပြီ။

- ဘုံပေါင်းခသူ ကြွေးမြီထူ
  ပူရမှန်းပင် မသိပြီ။
- အပူပေါ်လမ်းလျှောက် အခေါက်ခေါက်
  ကြောက်ရမှန်းလည်း မသိပြီ။
- ပူရမသိ ကြောက်မသိ
  မိရလက်ပေါ် ပျော်တော့သည်။

*(၁၃၆၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့)*





www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည်

# ပါရမီဘာဝ ကထာ ပါရမီဖြစ်စကား

၂



ဓမ္မသက. . .

မောဟာခွင်ဝင် မေ့အုပ်စုတို့စကား ဤမျှဆို သင် နားလည်လောက်ပြီ။

**အုပ်စုချင်းပေါင်း တစ်ကြောင်းတည်းလမ်း မှနေ တားကြမည်**

ဓမ္မသက. . .

ထိုဆိုခဲ့ပြီး သုံးအုပ်စု တစ်ဆယ့်လေးမျိုးသော အယုတ်ထား သဘာဝတရားဆိုးတို့သည် အောက်ပြည်သုံးထုံးစံ၏ အသုံးတော်ခံများ ဖြစ်ခြင်းကြောင့် အောက်တန်းစားတရား ဆိုရ၏။

ယင်းတို့သည်-

လူ့စိတ်ကိုဖုံး၍ လူ့ညွန့်ကိုလည်း တုံးစေကြပါကုန်၏။

သည်မျှပင်မကသေး-

လူ့၌သိအပ်သော လူ့စိတ်မှန်အား ဖျူစင်နေပါက မည်းညစ်အောင်လည်း ပြုလုပ်ပေးကြ၏။

မြင့်မြတ်နေသူဖြစ်က ယုတ်ညံ့အဖြစ်သို့လည်း တွန်းပို့ပေးနေကြပါ၏။

**ဓမ္မသက. . .**

ထိုတစ်ဆယ့်လေးပါးတို့တွင်-

က။ လောဘအုပ်စုမှ အရင်းခံ လောဘနှင့် မာန-ဒိဋ္ဌိ-ထိန-မိဒ္ဓ (ငါးပါး)၊

ခ။ ဒေါသအုပ်စုမှ အရင်းခံ ဒေါသ (တစ်ပါး)၊

ဂ။ မောဟာအုပ်စုမှ အရင်းခံ မောဟာနှင့် အဟိရိက-အနောတ္တပ္ပ-ဝိစိကိစ္ဆာ (လေးပါး)၊ ပေါင်း (၁၀)ပါး။

ထို (၁၀) ပါး သင့်စိတ်သို့ ပူးဝင်ခိုကပ်လာသောအခါ အပူးခံ ထိုသင့်စိတ်ကလေးသည် ဖြူစင်နေရာမှ မည်းညစ်သွားသောကြောင့် ထို (၁၀) ပါး ကိလေသာ အမည် ရပြန်၏။

အေးချမ်းနေရာမှ ပူပန်သွားသောကြောင့်လည်း ထို (၁၀)ပါး ကိလေသာ အမည် ခံယူကြရ၏။

တစ်ဖန် ကိလေသာအညစ်မှ သံယောဇဉ် ဖြစ်စေလိုသောအခါ-

လောဘ အုပ်စုမှ ထိန-မိဒ္ဓ နှစ်ပါးကို လောဘထဲ၌ပင် ပြန်သွင်းပေး။

မောဟာအုပ်စုမှ အဟိရိက- အနောတ္တပ္ပတို့ကိုလည်း မောဟာထဲ ပြန်



www.burmeseclassic.com

www.burmeseclassic.com

[illegible]

[illegible] (၁၀)ပါးမှ (၆)ပါးမျှသာ [illegible]ပါတော့မည်။

တစ်ဖန် ထိုအထဲမှ လောဘတွင်- [illegible] ကာမအာရုံခင် လောဘကိုကား 'ကာမရာဂ' အမည်သစ် ထပ်မံ [illegible]။

[illegible] ဘဝဖြစ်စဉ်ခင် လောဘကိုကား 'ဘဝရာဂ' အမည်သစ်တင်ခဲ့ပေးကာ တစ်ပါးတိုးပေးပါ။

ဒိဋ္ဌိတွင်လည်း- [illegible] သာမန်အမြင်မှားမှုကို ဒိဋ္ဌိ ဟူ၍ပင် အမည်ပေး။

[illegible] အယူသီးမှု အမြင်တို့ကား သီလဗ္ဗတပရာမာသ အမည်တင်ခဲ့ပေးကာ တစ်ပါးတိုးပေးပါ။

ထို့နောက်တစ်ဖန် ဒေါသတကိုလည်း ဣဿာ-မစ္ဆရိယ နှစ်ပါးတိုးပေးပါ။

ထိုအခါ ကာမရာဂ၊ ဘဝရာဂ၊ ပဋိဃ (ဒေါသ)၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ သီလဗ္ဗတပရာမာသ၊ အဝိဇ္ဇာပေါင်း (၁၀) ပါး ဖြစ်လာပြန်သည်။

ထို(၁၀)ပါးတို့ သင့်စိတ်၌ ပူးဝင်လာပါက သံယောဇဉ် ဆိုရပြန်၏။

**မေ့ွသက. . .**


[illegible]

[illegible] ရောက်စေတတ်ခြင်း[illegible] ဟူ၍လည်း ဆိုရ၏။

အတောင်းခင် [illegible] အကြား ထိုးပို့တတ်သော[illegible] အကူသိုလ် ဆိုရပြန်၏။

**မေ့ွသက. . .**

ဤဆိုခဲ့ပြီးသော [illegible]





www.burmeseclassic.com

www.burmeseclassic.com

ယောဇဉ်တရားကိုယ်များသည်-

အပြစ်နှင့်တကွ မကောင်းကျိုး ထိုးပို့တတ်၏။ သို့ကြောင့် အကုသိုလ်။

စိတ်ကို ပူပန်စေတတ်၊ နှိပ်စက်တတ်၏။ သို့ကြောင့် ကိလေသာ။

စိတ်သို့ ပူးဝင်ကာ လိုရာရာ ဖန်တီးယူတတ်ကြ၏။ သို့ကြောင့် သံယောဇဉ်။

ဤအမည်ပေါက် အယုတ်တရားထို တဆယ့်လေးပါးတို့တွင်-

မောဟသည် အမှန်ကိုဖုံး အမှားဘက် စည်းရုံးပေးတတ်သောကြောင့် ခေါင်းဆောင်။

တဏှာသည် စိတ်အား အကြိုက်ရှာဖွေပေးစားတတ်သောကြောင့် စိတ်မိခင်။

ထိုနှစ်ခုတို့သည်သာ အခရာ၊ ထိုနှစ်ခုတို့သည်သာ အညှာ ဆိုရမည်။

မသိ၍ ကြိုက်မိခဲ့ပါသည်၊ အကြိုက်မိ မသိပြန် ဖြစ်ပါသည်။

ထိုစဉ် အကြိုက်မိချိန် ကြိုက်သွေးကလီ နှလုံးသွေးအနီရောင် ထည့်ပေးထားခဲ့ရသောကြောင့် ဘာကိုမှ မဆင်ခြင်နိုင်စေခြင်းဖြင့် မသိက ဖုံးဖိပေးထားလိုက်ပါပြီ။ ထိုအခါ-

မသိ၍ကြိုက်၊ ကြိုက်၍မသိ 'ဘာဖြစ်ဖြစ်' သို့ စိတ်ဦးလှည့်ပေးလိမ့်မည်။ ကျန်ဒေါသနှင့်အားလုံးတို့ကား ဆိုင်ရာကြုံမှ ခုန်လိုက် လိုက်ခွင့်ရကြခြင်းဖြစ်ရာ ဤမျှ စာဖွဲ့မဆိုလောက်တော့ပါ။

**မေမွှေသက. . .**

တစ်ဖန် ထို မသိနှင့် အကြိုက် စိတ်အလိုက် နှစ်ပါးတွင်လည်း-

မသိသည် လွန်ကျူးသူ ကာယကံရှင် မဟုတ်။ ကာယကံရှင်အကြိုက် လွန်ကျူးနေရာ၌ ဖုံးကွယ်ပေးထားခြင်းမျှသာဖြစ်သဖြင့် သီးခြား အရေးမယူလောက်ပါ။

သို့ကြောင့်-

က။ အကုသိုလ်(၁၄)ပါးတို့၏ အဓိက တရားခံသည် တဏှာ။

ခ။ ကိလေသာတရားကိုယ် (၁၀)ပါးတို့၏ အဓိက လက်သည်လည်း တဏှာ။

ဂ။ သံယောဇဉ် တရားကိုယ် (၁၀)ပါး တို့၏ အဓိကဇာတ်ဆောင်သည် ...

ခြင်းသို့ ပြောင်းလဲပေးနေသည်မှာ သည် တဏှာ။

တဏှာသည် ဗိသုကာ လက်သမား။ တဏှာသည် မျက်လှည့်သမား။

သို့ကြောင့်-

ယနေ့ ပါရမီလမ်းသို့ အဆင့်ဆင့် လှမ်းထွက်လိုသူ သင့်အဖို့. . .

သင့်၌ လက်သပ်မွေးထားသော အကြိုက်ကလေးကို ဖယ်ရှားသုတ်သင်ဝံ့မှသာ အတားကင်းရှင်း ဖြူစင်မြင့်မြတ်သောနေရာသို့ သင် သွားခွင့်သာမည် ဆိုသည်ကို သင် ယတိပြတ် ဆုံးဖြတ်ချက်ချ။

အကုသိုလ်-ကိလေသာ-သံယောဇဉ်။

ယင်းတို့ကြောင့် ဖြစ်ပွားရသော မကောင်းကျင့် ဒုစရိုက်များ။

ထိုအားလုံး ဤတဏှာ၏လက်ချက်ချည်း ဆိုသည်ကိုလည်း သင် ဆုံးဖြတ်ချက်ချ။

ထိုအားလုံး ဤတဏှာ၏ ဇာတ်ကောင်ချည်း ဆိုသည်ကိုလည်း သင် ဆုံးဖြတ်ချက်ချ။

တဏှာသည် လောကကို ဖန်တီး၏။ တဏှာသည် လောကကို ခင်း၏။

ရှိရှိသမျှအရာအားလုံး တဏှာ၏ အလိုသို့သာ လိုက်ပါနေကြရ၏။

ဤဘုရားစကား နားဝယ်ထား၍ တဏှာဖယ်ရှားရေး သင် ကြိုးစားလိုက်ပါလေ။

## အာသဝမှ ဩယသို့ ဖြန့်ကားခြင်း

**မေမွှေသက. . .**

စိတ်နိမ့်၊ စိတ်ချို့ကို ဖို့သိပ်ပေး၍ စိတ်မြင့်၊ စိတ်မောက်သို့ ရောက်လိုသူ တစ်ယောက်အဖို့ တဏှာမျှင် စိတ်သို့ ပူးယှဉ်ဝင်ခွင့်မရရန် တားမြစ်ရမည် ဆိုသည်ကို သင်သိလောက်ပြီ။ တဏှာအလို စိတ်ကလိုက်၊ စိတ်အလို ကိုယ်လိုက်ဖြင့် စိတ်ဖြစ်စဉ် အမျှင်တန်းကြီးလည်း မြင့်ရာမှ နိမ့်ရာဘက် ယက်ဆင်း ဆင်းသွားရာ ခန္ဓာရှိ သွေးအားလုံးလည်း အတွင်းမှ အပြင်သို့ထွက် စီးလျက် ထင်းလင်းဆင်းသွားရာ-

တစ်ခါပြီးတစ်ခါ သင့်တစ်ဘဝ တွင်ပင် ဘယ်နှခါရှိပြီနည်း။

ပျက်လွင့်ခဲ့ရပြီ။

သွေးတောင်း၍စိတ်လှုပ်ရှား၊ စိတ်လှုပ်ရှား၍သွေးသားဆူ-

တစ်နေ့ တစ်နေ့ သူတို့၏ အပေးအယူကား ပြီးသွားပြီ၊ တော်ပြီဟု သင့်၌ မရှိခဲ့ပြီ။

ထိုစဉ် တဏှာကြောင့် စိတ်ယိုစီးမှုကြီးသည် လေးမျိုးဖြာထွက်လာ၏။

၁။ တဏှာက ကာမဂုဏ်စုံမက်ခြင်းကလည်း အစရှိ အနောင်နောင်၊ ယိမ်းလက်စမသိမ်း။

၂။ တဏှာက ဘဝဘုံ စုံမက်ခြင်းကလည်း အစရှိ အနောင်နောင်၊ ယိမ်းလက်စမသိမ်း။

၃။ ဒိဋ္ဌိက အပိုင်တင် ခင်မက်ခြင်းကလည်း အစရှိ အနောင်နောင်၊ ယိမ်း ထိန်းမရကြတော့ပါ။

၄။ အဝိဇ္ဇာက အမှန်ထင် အမှားတွင် ခင်မက်ခြင်းကလည်း အစရှိ အနောင်နောင်ယိမ်း ထိန်းမရကြတော့ပါ။

ထိုလေးပါးတို့ စီးဆင်းရာနောက် ကိလေသာအုပ်စုဝင် ကျန်အားလုံးများလည်း ရေစီးကမ်းပြိုပမာ အားလုံးလည်း မျောပါသွားကြပြီ။

ယင်းတို့သည် နွေခေါင်ခေါင် မိုးရွာပေးရသည့်ပမာ ပြည့်သည်၊ ဝသည် မရှိ။ စိုသည်၊ ပြေသည် မရှိ။ အခြောက်တိုက် အာရုံနောက် လိုက်မိနေကြရသည်သာ။

**မေမွှေသက. . .**

ထိုစိတ်ယိုစီးကြောင်း (၄)ကြောင်းသည် တဏှာနှင့်အဝိဇ္ဇာမှ ထွက်ကျလာကြသော စီးကြောင်းပြင်ကျယ်ကြီးများပင်ဖြစ်ကြရာ-

ကာမ၊ ဘဝ၊ ဒိဋ္ဌိ ထိုသုံးခု တဏှာစီရင်စုချည်း ဖြစ်ကြ၏။ အဝိဇ္ဇာတစ်ခုလည်း တဏှာ၏စီရင်စုမှီး၍ ဖြစ်ပွားလာရ၏။ လိုချင်ရာမှ ဘာဆိုဘာမှမသိ၊ ဘာဖြစ်ဖြစ်ထဲ ဆင်းမိသွားသောအခါ အဝိဇ္ဇာစီးကြောင်းကြီးလည်း အရာထင်ရတော့၏။

ယနေ့ ဝက်သားကြိုက်သူ၊ ထိုဝက်သားဟင်း၌ တစ်ဖတ်ပြီး တစ်ဖတ်၊ တစ်ထပ်ပြီးတစ်ထပ် စားပြီးခဲ့သည့်ပွဲများကား ဘယ်လောက်နည်း။





www.burmeseclassic.com

www.burmeseclassic.com

စစ်ကြည့် ရှေ့မမြင် နောက်မမြင်၊ ဘေးနှစ်ဖက်လည်းမမြင် သင့်စိတ် ဝက်ပင်လယ်ပြင်ကြီးထဲ ရောက်နေကြပြီ။

ယင်းနှင့်အတူ ဝက်သားစားဖြစ်မိနေခြင်းဘဝ၊ ဝက်သား အမြင်ဒိဋ္ဌိ၊ သက်အကြောင်း, မိမိအကြောင်း အတွင်းသိမသိသော အဝိဇ္ဇာများလည်း ပူးတွဲပါသွားတော့ကသာ။

သို့ဖြင့် လူ့တစ်သက် အာရုံငါးပွင့် တစ်ကွက် တစ်ကွက်လျှင် အကြိမ်နေသည်းကြတော့ပါ။

အာရုံတစ်ကွက် တစ်ကွက်၌ပင် အချိုပေါင်း ဘယ်လောက်ဘယ်လောက်ဟူ၍ မသိနိုင်ကြတော့ပါ။

သည်လောက်ဆို သင် ကူးခပ်ရသည့်ပင်လယ် သင့်အဖို့ အသိအမြင်ကျယ်လောက်ပြီ။

**ပင်လယ်ကူး အထူးတပ်ဖွဲ့ ပြင်**

**ခမ္မေသက. . .**

ပါရမီ(၁၀)ချက် ထိုလက်နက်တို့သည် ဆိုခဲ့ပြီး အာသဝါပြင်ကျယ် စိတ်ပင်လယ်ကို ကျော်ဖြတ်ကြရာ၌ လှော်တက်အရာလည်း ဝင်လေ၏။ ထိုးဝါးဆောက်တံအရာလည်း ဝင်လေ၏။

သို့တစေလည်း. . .

ထိုလက်နက်များကား ကိုင်တွယ်သူမရှိက အသက်မဝင်၊ ကိုင်တွယ်သူရှိမသာ သက်ဝင်လှုပ်ရှား သတ္တိစွမ်းပကားပြတတ်ကြရာ ဤ၌ ကိုင်တွယ်အသုံးချပေးမည့်သူ လိုအပ်လာချေပြီ။

ထိုစဉ်-

အယုတ်စုများ၌ တဏှာသည် ဦးဆောင်ဖြစ်သည် အတိုင်း။

အမြတ်စုများ၌ကား သဒ္ဓါသည် ဦးဆောင်လမ်းပြ ထားရမြဲသာ။

လောက၏အမြတ်ဆုံးတရားသည် ယုံကြည်ချက်။

ဘာမဆို ယုံကြည်ချက်ပြင်းပေါက်မြောက်လိုရာအခင်း လမ်းရှင်းပေးပြီးသားသာ။

**ခမ္မေသက. . .**

သို့ကြောင့်-

ဤအမြတ်တရား အားလုံးတို့ကို သဒ္ဓါက ဦးဆောင်မည်။ ထို့နောက်-

အာတာပီ-သမ္ပဇာနော- သတိမာ ဆိုသော ဘုရားလမ်းညွှန်ချက်အတိုင်း-

ယုံကြည်ရာမှ ရဲတင်းလာသော အာတာပီ ဝီရိယအထား စိတ်ဝယ်နားမည်။

ရဲတင်းရာမှ သတိဝင်လာသော ဝိဇ္ဇာသိအထား စိတ်ဝယ်နားမည်။

မှတ်ချက်ယူရာမှ အသိဝင်လာသော ဝိဇ္ဇာသိအထားစိတ်ဝယ်နားမည်။

ယင်းတို့နောက်၌ကား ဗောဓိပက္ခိယတရား (၃၇) ပါး အားလုံး နားခိုလာကြမည်။

**ခမ္မေသက. . .**

တကယ့်ပွဲဝင်အဖြစ်ဖြင့် အတားဖြတ်တောက်ရာ၏။ ပါရမီဆယ်ချက် ထက်မြက်သောလက်နက်တို့ကို ကိုင်စေရာ၏။ ဝီရိယ၊ သတိ၊ အသိ ဤသုံးပါးတို့သာ ဖြစ်သည်။ ထိုသုံးပါးတို့ဖြင့်ပင် အားလုံးပြီးစီးသည်။

ထိုစဉ် စိတ်နှင့်အာရုံအထိ သတိက မှတ်ချက်ယူပေးနေ၏။ ထိုသို့ ယူပေးနေရာ၌. . .

သတိ၏ရှေ့နောက်မှနေ ကြောင့်ကြထားစိတ်၊ ဝီရိယနှစ်ပါး အကူထားရမည်။

သတိ၏မှတ်ချက်အရှိ အနီးကပ်သိ၊ အဝေးနေသိဖြင့် အသိက အားဖြည့်ပေးရမည်။

ထိုသို့သာ ထို သတိ၊ ဝီရိယ၊ အသိ သုံးခု ရဲဘော်အဖြစ် စုစည်းတိုက်ပွဲဝင်နေကြပါမူ. . .

က။ သတိပဋ္ဌာန်လေးပါးမှသည် ဗိုလ်ကြေးများ၌ရှိသော သတိများ၊ မဂ္ဂင်၌ရှိသောသတိ, ဗောဇ္ဈင်၌ရှိသောသတိ၊ အားလုံး ဤသတိ၏ လက်အောက်၌ ရောက်ရှိလာနေကြပြီ။

ခ။ တစ်ဖန် သမ္မပဓာန်လေးပါးတို့မှသည် ဣဒ္ဓိပါဒ်၌ရှိသော ဆန္ဒ, ဝီရိယနှင့် ဗိုလ်ကြေးတို့၌ရှိကြသော ဝီရိယများ၊ မဂ္ဂင်, ဗောဇ္ဈင်တို့၌ရှိကြသော ဝီရိယများလည်း ဤဝီရိယနှင့် အတူပါသွားကြပြီ။

ဂ။ တစ်ဖန်လည်း စိတ္တ-ဝီမံသမှသည် ကျန်အားလုံး ဤအသိ၏အစည်းအရုံးထဲ၌ လုံးဝင်လာကြပြီး-

ဗောဓိပက္ခိယတရားများ ဘာကျန်နေရစ်သည်မရှိ၊ အားလုံးအပြည့်။

အမြတ်စုထား တရားအားလုံး ဘာမှလိုလေသေးမရှိ၊ အားလုံးအပြည့်။

သို့ကြောင့်-

သတိ၊ ဝီရိယ၊ အသိ ဤသုံးပါးတို့သည် မြတ်စုအားလုံးတို့၏ ရှေ့သွား၊ ရှေ့တန်း တပ်မမှူးကြီး သုံးပါးအဖြစ် သင်တစ်ထစ်ချ မှတ်ခဲ့ပါလေ သို့မဟုတ် ပင်လယ်ကူးသင်္ဘောကြီး၏ မာလိန်မှူးနှင့် လက်ထောက်ကြီးများ။

## ပင်လယ်ကူးသင်္ဘောတည်ဆောက်ခြင်း

**ခမ္မေသက. . .**

သင်သည်-

အာသဝပင်လယ်ကူးရန် ပြင်ဆင်ရာ၌ ရုပ်-နာမ်နှစ်ရပ်တို့ဖြင့် ဖွဲ့စပ်ထားသော သင့်ခန္ဓာအိမ်ကြီးကား သင်္ဘောအရာထား။ သင့်ခန္ဓာအိမ် ဝမ်းတွင်းရှိ ကလီစာများကား သင်္ဘော၏စက်အပိုင်းများ။ တွင်း, ပြင်နှစ်ရပ်ရှိ အကြည်ဓာတ် (၆) မျိုးကား ပြင်ပ အချက်ပြကိရိယာများ။ အတွင်းနေ လေ,မီးနှစ်ရပ်တို့ကား စက်လည်ပတ်စေရာ မီးအားပမာ။ အတွင်းနေ ရေ မြေ နှစ်ရပ်တို့ကား မီး၏လောင်စာ စက်ဆီအရာ။ ဝင်,ထွက်လေ နှစ်ရပ်တို့ကား သင်္ဘောစက်ခေါင်းတိုင်မှ ထွက်သော မီးခိုးအလား။

ထိုသို့ သင်တည်ဆောက်ထားပြီးသော် သတိသည် တက်မ၊ ဝီရိယ,အသိတို့ကား ထိုတက်မအားလှုပ်ရှားပေးမည့် ကြိုးထိန်းနှစ်ပင် အရာတင်၍-

သတိမှဖြစ်သော မှတ်သိစိတ်ကား မာလိန်မှူးအရာမှနေကာ ခန္ဓာအိမ်ကို ခုတ်မောင်းပေးမည်။ သတိနှင့်ထပ်ဆင့် အောက်မေ့စိတ်ကား လက်ထောက်အရာမှနေကာ အားပေး ကူညီမည်။ သတိရှေ့နောက်ရှိ ဝီရိယ အထောက်ကား စက်ပြင်မှူးချုပ်အရာမှနေကာ ပံ့ပိုးမည်။

**ခမ္မေသက. . .**

သတိ-အသိ-ဝီရိယ ဆိုသော ထိုသုံးဦးတို့ သင့်စွဲစိတ်ပေါ်မှဖြတ်ကျော်၍ အထဲစိတ်သို့အပေါက် ခုတ်မောင်းရာ၌ ဗောဓိပက္ခိယ အားလုံးလည်း ပါပြီးဖြစ်နေပေလိမ့်မည်။

ဘယ်အရာတော့ဖြင့်ပါလာသည်၊ ဘယ်အရာကား လိုနေသေး တွေးစရာမရှိ။

သူ့နေရာ၊ သူ့အလှည့်ရောက် ကူထောက်မည်သာ ဖြစ်သဖြင့် စစ်ကြည့်နေစရာမလို။ သတိသည် သူ့အသင်းအပင်းအားလုံး စည်းရုံးသိမ်းသွင်းလျက်က ခရီးဆက်လေ့ရှိ၍ ဝီရိယသည်လည်း သူ့စာရင်းဝင်အားလုံး ခွင်နှင့်ကပ် စပ်လျက်က ခရီးဆက်လေ့ရှိ၍. . .။

**ခမ္မေသက. . .**

သင့်ထံနေ ကိလေသာ-သံယောဇဉ်တရားကိုယ် ထိုထို အကုသိုလ်တရားများသည် အလေ့ကျပေါက်မျိုးပမာ သင့်ဉာဉ်၌ဝင်၍ ဉာဉ်သွေးအကြိုက် အလိုက်ပေးရင်းက သင့်၌ စွဲတင်းစိတ်ဖြစ် ပွင့်လာလေ့ရှိချေရာ သင့်သင်္ဘောကြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကျော်ခုတ်မောင်းရမည့် ခရီးအကျယ်အဝန်းသည် သင့်စွဲစိတ်၏အပြေးအတိုင်းလျှင် အရာကျယ်၏။ ထိုအစွဲ၊ ထိုဉာဉ်များအတိုင်း ခွက်ခင် နိမ့်ကျသွားသော သင့်ထံရှိ လူ့အသိဉာဏ်၏ အတိမ်အနက်တိုင်းလည်း ရေစူးရှိ၏။

ထိုစဉ် အစွဲတို့သည် ဆယ်မျိုးသော ကိလေသာ၊ ဆယ်ဖြာသော သံယောဇဉ်များအတိုင်း လှိုင်းထန်၍နေချေရာ သင့်လက်သုံး အပွမာဒ 'သတိ' ကလည်း ပါရမီဆယ်ချက်တို့ဖြင့် တွဲဖက်လျက်က ဖြတ်ဝင်ပေးရမည်။ သင့်အစွဲအားလုံးတို့၏ထိပ်သီးသည် တဏှာ၊ သင့်ပါရမီတို့၏ဦးစီးက သတိ။

သို့ဖြစ်ပေရာ တဏှာဉာဉ် အခင်တွေး သတိက ဖြတ်ကျော်ပေးရမည်။

ဤ၌ တဏှာနှင့် အပေါင်းအပါတို့သည် သင့်ရှိ အမှတ်မဲ့စိတ်ကို သူတို့လိုသလို ကိုင်သုံးခဲ့ပြီးကြပြီ။

သတိနှင့် အပေါင်းအပါတို့သည်ကား ယခု အမှတ်ဖွဲ့စိတ်ဖြင့် ထိုအစွဲများကို ဖြတ်ခွဲထားခဲ့ကြရမည်။

ထိုစဉ် တဏှာနှင့် အပေါင်းအပါကား အတား၊ သတိနှင့်အပေါင်းအပါတို့ကား အသွား။

တဏှာနှင့်အပေါင်းအပါကား ရေလက်ကြား၊ သတိနှင့်အပေါင်းအပါတို့ကား သင်္ဘောကြီးသမား။

## ဝိတက်ပင်လယ်ပြင်ကြီး

**မေမွှေသက. . .**

သူဌေးကြီးအမည်သည် ရွှေ၊ ငွေ၊ မြေ၊ နေ၊ ပြင်ပ အခြံအရံတို့က မြှောက်စားထားသော အမည်။

ထိုအရံပစ္စည်းများသည် မာန်သွေး အတွေးကြီး ကာမအာရုံထဲ သွေးစည်းစေရန် ဖြစ်သည်။

သူဌေးသည် အတွေးပင်လယ် ဝိတက်ပြင်ကျယ်ကြီးထဲမှာ နေရ၏။

ဆင်းရဲသားသည် တွေးစရာမရှိ၊ ပေးစရာမရှိ အကြံအဖန် တုံးတိ။ သို့ကြောင့် တွေးစရာကိစ္စ၊ ပစ္စည်းမနေတို့ အမြှောက်,အချခံနေရသော သူဌေးကြီးမှာသာ ရှိတတ်ရာ-

ကာမဝိတက်- ရပြီးကျ ခင်မြင်ရာကျလို၊ ထိုသူဌေးကြီး၌ စိတ်တွေးများပြုဆင်းနေချေပြီ။

ဗျာပါဒဝိတက်- လက်ရကျ စိတ်မချ, မရသေးက အားမလိုအားမရ ထိုအတွေးများလည်း ပြိုကျနေချေပြီ။

ဝိဟိံသဝိတက်-အပြိုင်တွေ့ ညှဉ်းကြံကြံ၊ အပိုင်တွေ့ ကမြင်းကြံကြံ၊ ထိုအတွေးများလည်း လျှံနေချေပြီ။

ထိုသူဌေး မနငွေကြေး အခြေပေးတို့ အခြောက်အလှန့်များကြောင့် ကာမတဏှာ၌ ဆာလောင်ပြင်း၊ စိတ်အကြံကမြင်းဖြင့် လိပ်ပြာမသန့် ဖြစ်တော့သည်။

ဘဝတဏှာ၌ ဆာလောင်ပြင်း စိတ်အကြံ ကမြင်းဖြင့် တဟင်းဟင်းပင် ဖြစ်တော့သည်။

ထို့ထက် အရပိုရာ၌ အာသာပြင်း စိတ်အကြံ ကမြင်းဖြင့် ပျက်ယွင်းနေတော့သည်။

ထိုသူဌေးကြီး စားလျှင်လည်း ထိုအတွေးကမရပ်၊ ဝိတက်နတ် ဖမ်းစားခံနေရရှာပြီ။

သွားလျှင်လည်း ထိုအတွေးကမရပ်၊ ဝိတက်ဘီလူး ပူးဝင်ခံနေရရှာပြီ။

အိပ်သော်မှ ထိုအတွေးက မရပ်၊ ဝိတက်စုန်းမ အပြုစားခံနေရပြီ။

ထိုကိစ္စ-

ကောင်းမှုပျိုး၊ ကောင်းမျိုးကောင်းပင် စိုက်ချစဉ်ကာလတုန်းက သတိ၊ အသိ အထွတ်တပ်ထားသော ဉာဏ်အမြင်မဝင်ဆံ့ခဲ့သူများ ပို၍ပင် အတွေးကစားခံရမည်။

**မေမွှေသက. . .**

အလိုတွေးတို့ ထိုသို့ အရေးဆိုနေပါသည်ကို သင့်ဘက်ကကြိုဆိုကာ တွေးချည်းတွေးပေးနေပါသော်-

အစွဲဉာဉ်က မြင်တိုင်း၊ ကြားတိုင်းလျှင် ကြိုက်ပွဲချည်း ပြင်ပေးနေတော့မည်။

အစွဲကျင့်ကလည်း မြင်တိုင်း၊ ကြားတိုင်းလျှင် စိတ်တွင်း ပိုးထိုးကျင့် ကျင့်နေပေတော့မည်။

အစွဲနာကလည်း မြင်တိုင်း၊ ကြားတိုင်းလျှင် အနာပြု ဆေးဝါးကုဖို့ ဆန္ဒပြနေပေတော့မည်။

ကြာသော် လူကြား မသွားရဲလောက်အောင်ပင် ထိုဉာဉ်စရိုက်ဝါသနာများက ထကြွန္တိုးဆော်နေသည်ကို ခံရမည်။ အာရုံတိုက်သမားများ မိမိရှေ့ဖြတ်သွားသည်ဆိုလျှင် မကြည့်ရဲ ဖြစ်လာမည်။ ထိုစဉ် စည်းစိမ်က လူကို မြှောက်၊ လူ့နောက်က စိတ်က ကစားအဖြစ်ကား များလာပြီ။

စည်းစိမ်က လူကိုစီး လူမီးက တစ်ဖက်ရှို့၊ နောင်တစ်ဖန် လူဖြစ်ဖို့ပင် မလွယ်ပြီ။

အစွဲက စည်းစိမ်ကပ်၊ စိတ်မှတ်က ကိုယ်ကိုနှုး၊ နောင်တစ်ဖန် လူးလျှင်လူး, ရှူးလျှင်ရှူး။

**မေမွှေသက. . .**

သင်က ငွေကြေးကိုကိုင်သုံး တော်သေး၏။ ငွေကြေးများက သင့်ကို ကိုင်သုံးနေသော်ကား သင်-လူလုံးမလှ ဖြစ်တော့မည်။

ထိုအရေး သဒ္ဓါသွေးပါသူများကသာ ပြေးသိကြသည်။

ထိုအရေး တဏှာသွေး ပါသူများကား လူးမြဲလူး၊ ရှူးမြဲရှူးကြမည်။

ထိုအခါ-

ထို သဒ္ဓါပါလူသား သင် ဖြစ်နေသည် ဆိုပါစို့။

ထိုသင် မိမိပိုင်ထင်ရသော လက်ဝယ်နား အငှားပစ္စည်းများကို တဏှာ၏လောင်စာအဖြစ်မှရုပ်သိမ်းပြီး ပညာ၏လောင်စာအဖြစ် ပြောင်းလဲသုံးရန် ရည်သန်၍-

ဒါန- မိမိလက်ဝယ်ရှိ ပစ္စည်းများကို စွန့်၍၊

ပါရမီ- ငါ့ပစ္စည်း ဆိုသော အစွဲကိုလည်း လွှတ်လိုက်တော့သည်။

**မေမွှေသက. . .**

ဒါနသည် ငါ့လိုပင် သူများလည်းပဲ (သူလည်းပဲ) ကောင်းစားပါစေတော့ ဆိုသော 'မျှစိတ်' မေတ္တာရှင်တိုင်း မိမိလက်ဝယ်ရှိ ပစ္စည်းကို သူတစ်ဖက်သို့ ကျွေးပါသည်၊ ပေးပါသည်၊ ကမ်းပါသည်၊ စွန့်လွှတ်ပါသည်ဖြင့် ပေးလှူမြဲပင်ဖြစ်ရာ-

သားသမီးများကို မိမိနှင့် မျှစိတ်ထားကာ ရှာဖွေ ပေးကျွေးနေရှာသော ခွေးမကြီးသည်လည်း အလှူ့အမကြီးပင်။

သားသမီးများကို မိမိနှင့် မျှစိတ်ထားကာ ဘေးရန်မှ ကာကွယ်စောင့်ရှောက်ပေးနေရှာသော ကြက်မကြီးသည်လည်း အလှူ့အမကြီးပင်။

သာမန် ပေးရုံကမ်းရုံ ကျွေးရုံမွေးရုံကား မေတ္တာရှင်အားလုံးလည်း ဖြစ်၏။ မိတ်ဖြစ် ဆွေဖြစ်သမားများလည်း ဖြစ်၏။ အဝါအကြွား အပျော်သမားလည်းဖြစ်၏။

ထိုအဖြစ်ကား ဒါန၏ အစွန့်မျှသာဖြစ်၏။ ပါရမီသို့ကား မဝင်လေ။

ပါရမီကား ဖြူစင်မြင့်မြတ်ရာသို့ ထိုးပို့ ပေးနိုင်စွမ်းသော ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် ဆိုသည့် မှို/ပြို သုံးချက် ဖျက်ဆီးပစ်နိုင်ခဲ့မှသာ ဖြစ်နိုင်၏။ စွန့်ဆဲပစ္စည်းမှို၍ ယိုစီးကျနေသော တဏှာ၊



www.burmeseclassic.com

www.burmeseclassic.com

ဒိဋ္ဌိ အဝိဇ္ဇာများ ပိတ်ထားခဲ့မှသာ ဖြစ်နိုင်သည်။

ထိုပါရမီကား အပြစ်ရှိ၊ အပြစ်မဲ့ ...လည်းကောင်း၊ အကျိုးရှိ၊ အကျိုးမဲ့ ...လည်းကောင်း ခွဲသိ သိတတ်နိုင်သော လူသားစင်စစ်၏လူ့အရင်းအမြစ်ချနာ ကိရိယာဖြစ်ခြင်းကြောင့်-

ကံမှာ ဉာဏ်အဖော်ပါသောလူသားမှသာ တတ်နိုင်၏။

ကံမှာ ဈာန်အဖော်ပါသောလူသားမှသာ တတ်နိုင်၏။

တိရစ္ဆာန်ဉာဉ် ပ, လပ်ခဲ့၍ လူ့ဉာဉ် တပ်ဆင်နိုင်သူမှသာ တတ်နိုင်၏။

**ဓမ္မေသက. . .**

သည်သို့ဖြစ်လိုလျှင် ဤသို့ပြုကျင့်ရမည်ကိုလည်း သင်သတိပြုပါလေ။

ယင်းမှာ-

က။ သောမနစိတ်။ ကိလေသာအနည်အမှုန် မပါ၊ သောက်ရေကြည် ပမာစိတ်မျိုး သင် ထားပေးပါ။

ငါ့အလှူပစ္စည်း၊ အလှူခံပုဂ္ဂိုလ်တို့ မှလိုက်ပါမည့် ယိုပေါက်တို့ကို ဟန့်ထားခဲ့ခြင်းပင်။

ခ။ ဉာဏ်သွင်းစိတ်။ မျက်မြင်ပြောင်းလဲနေခြင်းများကို အရင်းခံ၍ ဖြစ်၊ ပျက်ဉာဏ် သင် ဝင်ဆံ့ပေးထားပါ။

ငါ့ဝတ္ထု ပုဂ္ဂိုလ်တို့ကိုမှီ၍ဖြစ်သော ဒိဋ္ဌိ၊ တဏှာကို အမြစ်ဖြတ်ထားခဲ့ခြင်းပင်။

ဂ။ တက်လွန်စိတ်။ သူတစ်ပါးတိုက်တွန်းခြင်းကင်း မိမိစွန့်လိုစိတ် သင်ပြင်းပြင်းထားပေးပါ။

အစွဲဉာဉ် မဝင်သာခိုက် အသုံးချ လူ့ဉာဉ်ကို အထက်သို့ တွန်းတင် ထိုးပို့လိုက်ခြင်းပင်။ တိဟိတ်ပုဂ္ဂိုလ်တို့ ပြုမြဲသော ဤစိတ်ထားသုံးပါးတို့ဖြင့် ပစ္စည်းလည်းစွန့်၊ အစွဲလည်းလွှတ်ဒါနမျိုး သင်ပြုကျင့်တတ်ပါသော်-

ဒါနက အမြင့်နှင့်အမြတ် တာဝန်ခံပေးတော့သည်။

ပါရမီက ဖြူစင်ခြင်းကို ထောက်ခံပေးတော့သည်။

ထို သောမန ဉာဏ်သွင်းစိတ် ဖြစ်ရန်မှာ-

ဝီရိယတရားက ကြောင့်ကြစိုက်အားဖြင့် သတိအာရုံထား မများရန် ပိုးညှပ်ပေးခြင်း၊ ထိုသတိကလည်း အမှတ်မလွှတ်ခြင်း၊ အသိသွင်းပေးထားခြင်းများဖြင့် ယင်းဒါနကို ထိုးဝါးအရာထား ကိုင်ကစားပေးနေတတ်ရမည်။ သို့မှသာ သောမန ဉာဏ်သွင်းစိတ်ဖြစ်မည် ဆိုသည်ကို သင် မမေ့လေနှင့်ဦး။

**ခွေးဟောင် ခေါင်းထောင်မကြည့်ဖြစ်**

**ဓမ္မေသက. . .**

အသိစွဲ- ဝီရိယကဲ- သတိအမြဲစွဲ ထိုသုံးပါးတို့ဖြင့် ဒါနတစ်ခုပြုမိလေတိုင်း သင့်၌ ကိုယ်စွဲစွန့်နှင့်စိတ်စွဲလွှတ် နှစ်ခု တစ်ထပ်တည်း ကျသွားပါသော်-

အလှူတစ်လှူပြီး သင့်၌ ခေါင်းမီးတောက်တစ်ချက် လျှော့ပါးစေမည်။

အလှူကြီး တစ်ချီပေး သင့်တွင် ခေါင်းအေးစိတ်ဖြောင့် တဏှာအရောင်နည်းသွားစေမည်။

ထိုအလှူက အတွေ့ကိုလည်း ပ, လပ်၊ အတွေးကိုလည်းအဆက်ဖြတ်ပေးသောကြောင့် ထိုစဉ် ပစ္စည်းစွန့်ချလိုက်ခြင်းက အတွေ့ပ,လပ်နေခြင်း၊ ငါ့ပစ္စည်း မဟုတ်တော့ ဟူ၍ ဆင်ခြင်ဉာဏ်သွင်းပေးခြင်းက အတွေး အဆက်ဖြတ်ချပေးလိုက်ခြင်း။

**ဓမ္မေသက. . .**

ထိုသို့ ဖြစ်ရန်မှာ သတိ၊ ဝီရိယ၊ အသိ သုံးချက်မိဖို့ လိုသည်။ ထိုသုံးချက် လှည့်ဆက်မိနေစေခြင်းဖြင့် စွန့်လွှတ်စိတ် အကျိုတ်အခဲ အမြဲတည်လာမှသာ အစွဲချုပ်ခြင်းသို့ ရောက်စေမည်။ အစွဲချုပ်မှလည်း ကိုယ်မလှုပ်ယှက် စိတ်အေးသက်ကို ရစေမည်။

ချုပ်အောင်လှူမှ ချုပ်ရာသို့ ရောက်သည်ကို သတိပြု။

ချုပ်အောင်မလှူတတ်က အလှုပ်၏ အခြောက်အနှောက် ခံရမည်ကိုလည်း သိနှင့်ထား။

**ဓမ္မေသက. . .**

သင်၏လှူစဉ်ကာလရှိစိတ်ကို ဆိုခဲ့ပြီး သောမနစိတ်၊ ဉာဏ်ယှဉ်စိတ်၊ ထက်စိတ်များအဖြစ် အပ္ပမာဒ သတိက စီရင် ပြင်ဆင်ပေးလိုက်နိုင်မှသာ. . .

စာဂေါ- အငြိအကပ် အားလုံးကို ချွတ် လွှတ်လွှတ်ကြီး စွန့်ကြခွင့်ရတော့သည်။

ပဋိနိဿဂ္ဂေါ- ရှေ့အလားအလာကိုလည်း ဘာဆိုဘာမှ အတွယ်ရှာမနေတော့။

မုတ္တိ- စွန့်ပြီးဝတ္ထု မိမိစိတ်နှင့်အလွတ်ကြီး ဖြစ်နေပြီပေါ့။

အနာလယော- စောင့်စား မျှော်လင့် ရေမျှော်ခန်း လမ်းဖွင့်မနေတော့ပါ။

ထိုအခါ သင့်အလှူ ဤလေးချက်တို့နှင့်အညီ ဖြစ်သွားစေပါပြီ။ ထိုသို့ ဖြစ်ရန်ကလည်း အပြောလွယ်၏။ အကျင့်ခက်၏။

တဏှာ-မာန-ဒိဋ္ဌိ (ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည်) တို့ဖြင့် အစွဲကြီးစွဲ အတွဲကြီးတွဲထားပါသည်ကို စိတ်မခွာချပစ်ရသည်မှာ အလျှော့စားသမားဆိုကမတတ်နိုင်။

ဤ၌-

သောမနစိတ်- သောက်ရေကြည်သို့ဖြစ်ရန်မှာ သမာဓိဉာဏ် အလွန်သန်မှ။

ဉာဏ်ယှဉ်စိတ်- ဖြစ်ရိပ်၊ ပျက်ရိပ်မြင်ရန်မှာ လက္ခဏာဉာဏ် အလွန်သန်မှ။

အတွန်းလွတ်စိတ်-ကိုယ့်အသိနှင့်ကိုယ်ပြုရန်မှာ သဒ္ဓါအခံ အလွန်သန်မှ။ ဤမှ သုံးချက်စိတ်အား သံမှို့နှက်သည်သို့ တစ်ခဲနက်တည်နေမှသာ သင်တတ်နိုင်ပါမည်။

တဏှာသည်ကား ကာမပိုင်လင်၊ ကာမပိုင်မယားပမာ ပဋိသန္ဓေယူရန်အာရုံပြုစမှ သေသည့်တိုင် အတူသွား၊ အတူစား၊ အတူအိပ်ခဲ့ကြသော တရားဝင်နေရာမှာ ရှိနေသည်။

သတိဉာဏ်များသည်ကား အမြှောင်ထား တိတ်တခိုးများပမာ ပဋိသန္ဓေယူစဉ်ကလည်း မပါခဲ့ပါ၊ မွေးစကလည်း မပါခဲ့ပါ၊ ကာလသားသမီးအရွယ်ဝင်လာသော်မှ မပါကြသေးပါ။ လှူစဉ်တုန်းကအရွယ်နှင့် ထပ်မိချိန်လောက်ကျမှသာ ထိုလှူစဉ်တုန်းက သန့်စိတ်၊ သိစိတ်၊ ထက်စိတ်ထား အလားကောင်းပါမှ အကူဝင်လာတတ်ပါသည်။ ထို့ကြောင့် ထိုအသိဉာဏ်များ. . .

လှူစဉ်စိတ်နှင့်တွဲ တဏှာကွယ်ရာတွင် ထထဝင်ဝင်ပေါင်း၊

လှူပြီးနောက် တဏှာအရောက် ကြက်ပျောက်၊ ငှက်ပျောက်ပျောက်။

ဤနည်းအတိုင်းလျှင် သင့်ထံရှိ စိတ်ယှဉ်ဉာဏ်သည် အမှောင်ဘဝနေပေးရတော့ရာ ထိုသင်ကား ခွေးဟောင်တိုင်း ခေါင်းထောင်ထကြည့်ခြင်းမှ မလွတ်တတ်ပြီ။ ပစ္စည်းအတွဲဖြတ် အစွဲပါပြုတ်မသွားသောကြောင့်။ သည်အထဲ အလှူပွဲဝင်လာသူများကပါ ကြကြဦးမည်ဆိုလျှင် တဏှာခို ယိုစီးကြောင်း လှူစဉ်၊ လှူပြီးနောက်လည်း ချောင်းမြောင်းပေါက် ပင်လယ်လွှန်အထိ သင်ရောက်ဦးတော့မည်။ ထိုစဉ် 'သည်က အလှူအမကြီးတို့များ ကံကောင်းလိုက်တာ၊ စိတ်ရောက်ရာက်မြောက် နတ်ပြည် နတ်လမ်းဖောက်ပဲ'

ဤကား ဝင်ဝင်ချင်း နှုတ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်စကား။ အလှူရှင်ချထားသော တဏှာမာန်အား ကောက်ယူ ပြန်ပေးနေကြခြင်းသာ။

တစ်ဖန် အလှူရှင်တို့ကျွေးမွေးပါသည်ကို စားသုံးပြီး ပြန်မည်ရှိသောအခါတွင်လည်း 'အလှူ့ဒကာကြီး- ပြန်ဦးမယ်နော၊ သည်က အလှူ့အမကြီးလည်း ပြန်ဦးမယ်နော။ နောင်လည်းပဲ ကျွေးလည်းကျွေးနိုင်ကြပါစေ၊ မွေးလည်းမွေးနိုင်ကြပါစေ' ဤကား အထွက်နှုတ်ခွန်းဆက်စကား။

အလှူရှင်၏ ဝင့်တက်လာသော တဏှာ ပွင့်၊ ပင့် ပေးထားခဲ့ကြလေပြီ။

ဤသို့ဖြင့် သဒ္ဓါ၏ယုံကြည်ချက်ဘာကို ဘယ်လိုတွဲဖက်ရမည်ဟု ကွဲပြားစွာ အသိမရှိသေးသော ထိုအလှူ့ရှင်သဒ္ဓါနေရာတွင် လိုလားနှစ်သက်ခြင်းတဏှာ အစားဝင်လာပြီ။

အသိဉာဏ်လက်နက်၊ အဖြစ်က ဘယ်လို၊ အပျက်က ဘယ်လောက်ဖောက်မကြည့်နိုင်ရှာသေးသော ထိုအလှူ့ရှင် အသိပညာနေရာ မြင်ကွင်းပတ်အမှတ်သညာက နေရာဝင်ယူလာပြီ။

သတိလက်နက် ထားလိုရာဘက်မျဉ်းအစက်ချထွက်နည်းပမာ မဆက်တတ်ရှာသေးသော ထိုအလှူ့ရှင် သတိနေရာ မေ့မေ့မက်မက် အဝိဇ္ဇာက သူ့နေရာသူ ပြန်ယူသွားပြီ။

ဝီရိယလက်နက်ကလည်း ဓမ္မပညာတို့ဘက် ထောက်ခံအားပေးရမည့်အစား ကာမသညာတို့ဘက်ကပင် ဘေးညှပ်ဝင် ကာမရေယာဉ်၏ကမ်းနှစ်ဖက်အရာသို့ ဝင်သွားတော့ပြီ။

မန္ဒးမနပ်တောမုဆိုး၊ တောကျွမ်းကျင်သောဆင်အုပ်ကြီးနှင့် တိုးမိသွားပြီပမာ။

**ဓမ္မေသက. . .**

ဒါနသည် ပြုကျင့်တတ်သူများအတွက် ရင်ဝစူး ဓားလက်နက်ကို ဆွဲထုတ်ပစ်သော ကိရိယာ ဖြစ်နေသော်လည်း မပြုကျင့်တတ်သူများအတွက်မှာမူကား မရောက်သေးသောဓား ရင်ကော့ခံနေပါသည့်အလားပင်။ ထိုစဉ်-

အရင်ဘဝက မလှူမိလို့ သည်ဘဝ ဆင်းရဲနေတာ၊

သည်ဘဝကလှူ နောင်ကျ ချမ်းသာမှာ သေချာပြီ။

ဤကား မရောက်သေးသောဓား၊ ရင်ကော့ခံနေသာ သင်၏ရင်တွင်းဖြစ်စကားလုံးများတည်း။

**ဓမ္မေသက. . .**

ဒါနသည် လှူတတ်သူများအတွက် မိမိအသက်ကာကွယ်ရာ လက်နက်ကောင်းဖြစ်နေတတ်ပြီး မလှူတတ်သူများအတွက်မှာမူကား မိမိကိုယ်မိမိ သေကြောင်းကြံရာ၏လက်နက် ဖြစ်သွားပြီ။ ထိုစဉ် ဒါနနောက် ဒိဋ္ဌိ၊ တဏှာတို့ ဝင်ရောက်နေက သင်ကား ပြိတ္တာတံခါးပေါက် ဝင်ရောက်ပေးရဦးတော့မည်။ ဒါနနောက် အားမလိုအားမရစိတ်နောက်က သင်ကား ငရဲတံခါးပေါက် ဝင်ရောက်ပေးရဦးတော့မည်။ ဒါနနောက် ဘာသိဘာသာစိတ် မွေနောက်က သင်ကား ကြက်သိ ကြက်စွဲ ကြက်ထဲရောက်ရဦးတော့မည်။ ထိုအခါ သင့်ထံရှိ ဒါနစေတနာ၏ လူဖြစ်၊ နတ်ဖြစ်တို့အကြား ထိုအလေ့ကျပေါက် ကိလေသာများက ဖြတ်သွားဖြတ်လာ ဖြတ်ဝင်နေတော့ရာ တရားလည်း ဘဝအခြားခံရ၊ အလားလည်း ဘဝအခြားခံရ။ ထိုသင်ကား သံသရာ ရှည်လျားလျားကြီးသွားရပေဦးတော့မည်။ တစ်ဘဝ တစ်သက်ကျွန်းဖြင့် အစွဲဖြင့် ဘဝပတ်၊ အစွဲဖြင့်ပင် ကိုယ့်ဘဝကိုယ်သတ်သေပေးရပေဦးတော့မည်။

ယင်းကား ဒါနကြောင့် မဟုတ်၊ သင် ဒါနအကိုင်မတတ်ခြင်းကြောင့်သာ။

ဤလောက်ဆို ပါရမီ မြောက်၊ မမြောက်တို့အကြောင်း သင် ကောင်းကောင်းကြီး သိနိုင်လောက်ပေပြီ။

**၁/ တဏှာညစ် အမြစ်က နုတ်ပစ်အံ့**

**ဓမ္မေသက. . .**

သင့်အတွက် တဏှာကို အဆုံးစီရင်ရာ ပါရမီစဉ်ခရီး ဤမှနေ အပြီးဆက်ကြစို့။ ဒါနသည် မိမိအနီးနေ ဓန၊ ရွှေ ငွေတို့ အခြံအရံတွေကို. . .

ကာမ၊ ရာဂ၊ သံယောဇဉ်နှင့် သင့်စိတ် ယှဉ်နေသဖြင့် မစင်သည်များ စွန့်ချပစ်နေရာ။

မာန သံယောဇဉ်နှင့် သင့်စိတ် ယှဉ်နေသဖြင့် မစင်သည်များ စွန့်ချပစ်နေရာ။

ဒိဋ္ဌိ သံယောဇဉ်နှင့် သင့်စိတ်ယှဉ်နေသဖြင့် မစင်သည်များ စွန့်ချပစ်နေရာ။

သို့ကြောင့် ဒါနသည် ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် အစွဲကပ် ထပ်မျော မျောနေခြင်းများ ခွာချရာဒေသ။

သည့်အတူ သင့်ရှိ စောင့်စည်းခြင်း သီလသည်လည်း ငါ၊ ငါ့ကိုယ်၊ ငါပိုင်သည် အစွဲခွာချရာဒေသ။

**ဓမ္မေသက. . .**

ထို သင့်အစွဲများကလည်း မီးခြစ်ကလေးတစ်လုံး ဆိုင်မှ သင့်ဝယ်ယူခဲ့ရာ၌လည်း ငါ၊ ငါ့မီးခြစ်၊ ငါပိုင်သည် ပါစမြဲ။ ဆေးလိပ်ကလေးတစ်လိပ် ဆိုင်မှ သင်ဝယ်ယူခဲ့ရာ၌လည်း ငါ၊ ငါ့ဆေးလိပ်၊ ငါပိုင်သည် ပါစမြဲဖြစ်ရာ ဘာမဆို လိုချင်ရာမှန်သမျှ သူတို့ပါသည်ချည်းသာ။ သို့ကြောင့် လိုချင်သိမ်း သိမ်းထားမိခဲ့သော သက်ရှိ သက်မဲ့ ပစ္စည်းအားလုံးတို့၌ပင် လိုချင်ကိန်းများလည်း ကိန်းနေတော့ရာ. . .

မြင်မိသည်နှင့် ထိုသုံးမျိုး သူတိုး၊ ကိုယ်တိုး တိုးဝင်လာနေပြီ။

ကြားမိသည်နှင့် ထိုသုံးမျိုး သူတိုး ကိုယ်တိုး တိုးဝင်လာကြပြီ။

နမ်းမိသည်နှင့် ထိုသုံးမျိုး သူတိုး ကိုယ်တိုး တိုးဝင်လာကြပြီ။

အရသာခံမိသည်နှင့် ထိုသုံးမျိုး သူတိုး ကိုယ်တိုး တိုးဝင်လာကြပြီ။

ထိတွေ့ဖြစ်သည်နှင့် ထိုသုံးမျိုး သူတိုး ကိုယ်တိုး တိုးဝင်လာကြပြီ။

စိတ်ကူးယဉ်ကြည့်မိသည်နှင့် ထိုသုံးမျိုး သူတိုး ကိုယ်တိုး တိုးဝင်လာကြပြီ။

အင်း- ငါ့စိတ်များလည်း သူတို့ကလည်းယှဉ်၊ အများကလည်းဝင် မစင်တော့ပါကလား။

အင်း- ငါ့ကိုယ်မှာလည်း သူတို့ကြောင့်လည်း ပေလူး၊ အများကြောင့်လည်းပဲ ပေလူး မစင်ဘူးကြီးပါပဲလား။

သို့ကလို ပစ္စည်းပင်ကြောင့်ဖြစ်သော မစင်စိတ် သင်ရိပ်မိလာသောအခါ လူမစင်ကား လူမမြင်ရာကွယ်စွန့်ထုံးရှိသော်လည်း ဤစိတ်မစင်ကား ထိုသို့မဟုတ်၊ ပြောင်းပြန်။ သင် ထိုစိတ်မစင်စွန့်ချပစ်လိုလျှင် သင်ကား ဗုဒ္ဓဘာသာပီပီ ဘုန်းကြီး ရဟန်းများလည်း မစင်ပုံပင့်ပြရပေလိမ့်ဦးမည်။

ဆွေစုံမျိုးစုံတို့အားလည်း မစင်ပုံဖိတ်ကြား ပြသရပေလိမ့်ဦးမည်။

မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများအားလည်း မစင်ပုံ ဖိတ်ကြားပြသရပေလိမ့်ဦးမည်။ မစင်မစွန့်ခင်ကပုံနှင့် မစင်စွန့်ချပြီးနောက်ပုံ ဆုံ၍ ကြည့်ရှုကြရန်ပင်။ အဝင်တုန်းက ခေါင်းမြီးခြုံဝင်လာသည်များ အထွက်အားလုံး လှစ်ပစ်ချပြရန်ပင်။

(ဆက်လက်ဖော်ပြပါမည်)

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဒေသနာဓမ္မသာမိဆင်)



www.burmeseclassic.com

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း

# လက်ကျန်ပိတ်မရသော စာရင်းရှင်းတမ်းများ

**မြဝင်း (ဒဿန)**

'သန္တေဇာတိ၊ တစ်ဖန်ငြိ၍
ကြီဘုံသူ၊ အဆူဆူလျှင်
လူလူနတ်နတ်၊ အရပ်ရပ်တည့်
မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊
သုံးပါးအရွယ်၊ စလယ်အဆုံး၊
ရှိမြဲထုံးဖြင့်၊
အနှုန်းစဉ်စီ၊ သန္တေချီက၊
နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊
ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊
မစဲနှေးညံ၊ တရွရွလျှင်၊
ခဏာသန္တတိ၊ အင်္ဂါဇရာ၊
နှစ်ဖြာလောင်မီး၊ အရှိန်ညီး၍၊
အကြီး,အငယ်၊ အရွယ်ခြားနား၊
အစားစားလျှင်၊
အသွားတွင်တွင်၊ မစဲနိုင်၍၊
လေးအင်သေမှု၊ တစ်ခုခုလည်း၊
ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊
နှီးနွယ်ရုံးစည်း၊ တလုံးတည်းလျှင်၊
ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊
အချိန်ရောက်က၊
ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်၊
ဇရာမရဏ စွမ်းရည်တည်း'

ကျွန်တော်သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ '**ကဗျာနန်းတော်**' စာအုပ်ပါ '**လက်ကျန်ပိတ်မရသောစာရင်းရှင်းတမ်းများ**' ကဗျာကိုဖတ်နေရင်း လယ်တီဆရာတော်ဘုရားကြီးစီရင်သော ပဋ္ဌိစ္စသမုပ္ပာဒ်ပျို့လင်္ကာ(၁၃)ပုဒ်မှ '**ဇာတိပစ္စယာဇရာမရဏ**'ပျို့လင်္ကာကို သတိရလာသဖြင့် ထိုပျို့လင်္ကာကို ရွတ်ဆိုမိပါသည်။ ရွတ်ဆိုရာတွင်လည်း အသံနေအသံထားဖြင့် ရွတ်ဆိုမိပါသည်။

ထိုသို့ ရွတ်ဆိုနေစဉ် ကျွန်တော့်တပည့် ရောက်လာပါသည်။ ကျွန်တော့်တပည့်သည် ကျွန်တော်ရွတ်ဆိုနေသည်ကို အိမ်ဝင်းဝကပင် ကြားလာဟန်တူပါသည်။ ရောက်လျှင်ရောက်ချင်း ဤသို့ စကားစပါသည်။

"မင်္ဂလာဘိသိက်ပွဲအတွက် ရတုအဆိုလေ့ကျင့်နေတာလား ဆရာ"

"မဟုတ်ရပါဘူး တပည့်ရယ်။ လယ်တီဆရာတော်ဘုရားကြီး စီရင်တဲ့ '**ပဋ္ဌိစ္စသမုပ္ပာဒ်ပျို့လင်္ကာ**' ကို ရွတ်ဆိုနေတာပါ။ ရွတ်ဆိုရတာကလည်း မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ '**လက်ကျန်ပိတ်မရသော စာရင်းရှင်းတမ်းများ**' ကဗျာကို ဖတ်ရင်း လယ်တီဆရာတော်ဘုရားကြီးရဲ့ ဇရာမရဏအကြောင်းဖွင့်ထားတဲ့ ပဋ္ဌိစ္စသမုပ္ပာဒ်ပျို့လင်္ကာ ခေါင်းထဲပေါ်လာလို့ ရွတ်ဆိုကြည့်တာပါ"

"မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ကဗျာနဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ပဋ္ဌိစ္စသမုပ္ပာဒ်ပျို့လင်္ကာက ဘယ်လိုအဆက်အစပ်ရှိလို့လဲဆရာ"

"အဆက်အစပ်ရှိပုံကို ပြောပြပါ့မယ်။ ပြောမပြခင် တပည့်က မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ကဗျာကို အရင်ဖတ်ကြည့်ပါဦး"

(ကျွန်တော်သည် '**ကဗျာဘာထိတိုက်**' စာအုပ်ကို ကျွန်တော့်တပည့်အားပေးလိုက်ပါသည်။ ထို့နောက် ကျွန်တော်က ဤသို့ စကားဆက်ပါသည်။)

"ကဗျာပါတဲ့ စာမျက်နှာကို ကတ်ပြားညှပ်ထားတယ်"

"တွေ့ပါတယ် ဆရာ၊ ကျွန်တော် ဖတ်ပြပါ့မယ်။

**လက်ကျန်ပိတ်မရသော**
**စာရင်းရှင်းတမ်းများ**

လှူပြည်ဒေသ အခြေချ၊
နေရပေါင်းက များလှပြီ။
နေဆဲကပင် သေပွဲဝင်၊
သေခွင်ဝင်ပေါင်းများလှပြီ။
နေရေးမှကျော် သေဘေးပေါ်၊
တော်ပြီဟူ၍ မရှိပြီ။
သေဘေးမှကျော် နေရေးပေါ်၊
တော်ပြီဟူ၍ မရှိပြီ။
နေခွင့်ပြုရာ မှုကမ္ဘာ၊
ခုရှာဖွေဆဲရှိသေးသည်။
သေမိန့်ချရာ ဝေဒနာ၊
ခြေရာခံမြဲရှိသေးသည်။
ဝဋ်လွတ်သစ္စာ မြတ်မဂ္ဂါ၊



www.burmeseclassic.com

*လုပ်ခွာမကြည့်ရှိသေးသည်။*
*ဝင့်မြတ်နှစ်ပါး လွတ်စေသား၊*
*စကားမျှသာရှိနေသည်။*
*သေခြင်းတရား ကင်းစေသား၊*
*စကားမျှသာရှိနေသည်။*
*သည့်တိုင်းသာဆို ဝင့်ထိုထို၊*
*ကြို့ဆိုမြဲပင်ရှိနေသည်။*
*လူ၏ဒေသ အခြေချ၊*
*နေရပေါင်းကား များဦးမည်။*
*နေဆဲကပင် သေပွဲပြင်၊*
*သေခွင်ဝင်ပေါင်းများဦးမည်။*
*(သက်တော်၆၀ပြည့်မွေးနေ့မှတ်တမ်း)"*

ကဗျာဆုံးသောအခါ ကျွန်တော့်တပည့်က ဤသို့ စကားဆက်သည်။

"ကဗျာခေါင်းစဉ်နဲ့ ကဗျာက သိပ်ဟပ်တာပဲ ဆရာ။ ကျွန်တော်တို့က သေလက်စမဆုံးသေးတော့ ဘယ်စာရင်းပိတ်လို့ရပါ့မလဲ ဆရာ။ ရဟန္တာအရှင်မြတ်ကြီးတွေ ဆိုရင်တော့ နောက်ဆုံးဘဝဖြစ်လေတော့ စာရင်းပိတ်လို့ရမှာပေါ့။ သူတို့က လက်ကျန်မှမရှိတော့တာကိုး။ ဆရာတော်ဘုရားကြီးက သက်တော် (၆၀)ပြည့်မွေးနေ့မှာ ရေးခဲ့တာဆိုတော့ တမှုန်မွှားမွှား ရဟတ်ချားလို ကျင်လည်နေခဲ့ရတဲ့ဘဝကို သံဝေဂဖြစ်လို့ရေးခဲ့တာနဲ့ တူပါတယ်"

"ဟုတ်တာပေါ့ တပည့်ရယ်၊ ဆရာတော်ဘုရားကြီးက သံသရာထဲမှာ တဝဲလည်လည် ကျင်လည်နေရတာကို သူသံဝေဂဖြစ်သလို သူ့တပည့် ဒါယကာ၊ ဒါယိကာမတွေကိုလည်း သံဝေဂဖြစ်စေချင်ပုံပေါ် ပါတယ်။ ဆရာတို့တစ်တွေက သံဝေဂဖြစ်ခဲ့တယ်။ ဆရာတို့တစ်တွေက 'သံသရာဝဋ်ထဲမကျွတ်ဘဲနေလိုနေ' ဆိုတဲ့သူတွေပါ။ နေ့စဉ် ဘုရားရှိခိုးတဲ့အခါ အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာ အသခ်တနိဗ္ဗာန်မြတ်သို့ အမြန်ရောက်ရပါစေသားလို့ ဆုတောင်းကြပါရဲ့။ ဒါပေမယ့် ဆုတောင်းတာပဲရှိတယ်။ သံဝေဂကမဖြစ်လေတော့ နိဗ္ဗာန်ကိုရောက်စေတဲ့ ကျင့်ကြံအားထုတ်မှုကို မလုပ်ကြဘူး။ ဒါကြောင့်မို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက 'သေခြင်းတရားကင်းစေသား စကားမျှသာရှိနေသည်' လို့ မိန့် ဆိုခဲ့တာပေါ့"

"ကျွန်တော်တော့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ ကဗျာကိုဖတ်ရတော့ ထွင့်ခေါင်ဆရာတော်ဘုရားကြီးရဲ့ 'ကမ္မဋ္ဌာန်းသံပေါက်' ကို သတိရတယ်။ ဆရာ့ဆီမှာ 'ဟံသာဝတီဆုံးမစာပေါင်းချုပ်' ရှိပါတယ်နော်"

"ရှိပါတယ်ဗျာ"

"အဲဒီဟံသာဝတီဆုံးမစာပေါင်းချုပ်ထဲမှာ ထွင့်ခေါင်ဆရာတော်ဘုရားကြီးရဲ့ ကမ္မဋ္ဌာန်းသံပေါက် ပါပါတယ်။ ဆုံးမစာပေါင်းချုပ်စာအုပ် ခဏပေးပါဆရာ"

"ရပါတယ်၊ ဆရာယူပေးပါ့မယ်"

(ကျွန်တော်သည် စာကြည့်ခန်းသို့သွား၍ စာအုပ်ဗီရိုကိုဖွင့်ပြီး 'ဟံသာဝတီဆုံးမစာပေါင်းချုပ်' စာအုပ်ကို ထုတ်ယူပါသည်။ ထို့နောက် ကျွန်တော့်တပည့်အား ပေးလိုက်ပါသည်။)

"ကျေးဇူးပါဆရာ၊ ကျွန်တော်ဖတ်ပြပါ့မယ်။ ဒါပေမယ့် သံပေါက်က (၁၀၁) ပုဒ်ရှိလေတော့ အကုန်ဖတ်နေရင် ကြာပါလိမ့်မယ်။ ဆရာတော်ဘုရားကြီးရဲ့ ကဗျာနဲ့ စပ်ဆိုင်မယ်ထင်တဲ့ သံပေါက်တွေကိုပဲ ဖတ်ပြပါ့မယ်"

"ဖတ်ပြပါဗျာ"

*"ဇာတိ ဇရာ မရဏ၊ မကြာ နင်တွေ့မည်။*
*မျက်တောင်တစ်ရှက်၊ လျှပ်တစ်ပြက်၊ နင့်သက်သေလိမ့်မည်။*
*ဘယ်နှစ်ဘယ်လ၊ ရောက်ပါမှ၊ ကာလမရွေးပြီ။*
*ကြီးငယ်မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမူသေလှပြီ။*
*တကျော့ပြစ်မ၊ ပင်လယ်ဝ၊ နစ်ကြကုန်လေပြီ။*
*တကျော့လည်းပွား၊ ဒုက္ခများ၊ သွား၍မဆုံးပြီ။*
*တကျော့ပို့တင်၊ ပါယ်လေးခွင်၊ လျှင်စွာရောက်လေပြီ။*
*သေမင်းနိုင်ငံ၊ အဖန်ဖန်၊ လိုက်ပြန်ရလေပြီ။*
*ဝေဘူတောင်မျှ၊ ပမာပြ၊ အရိုးမကာပြီ။*
*နစ်တုံပေါ်တုံ၊ သုံးပါးဘုံ၊ ကြုံရလှလေပြီ။*
*ချမ်းသာမတွေ့၊ ဆင်းရဲတွေ့၊ ငြီးငွေ့သင့်လှပြီ။*
*ဂတိငါးပါး၊ ဆုံလည်နွား၊ သွား၍မဆုံးပြီ။*
*ဘဝတိုင်းသေ၊ သချိုင်းမြေ၊ ပွားစေလှလေပြီ"*

ကျွန်တော့်တပည့် စာဖတ်ရပ်လိုက်သောအခါ ကျွန်တော်က ဤသို့ ပြောပါသည်။

"တပည့်ဖတ်သွားတဲ့ သံပေါက်တွေထဲမှာ 'ဂတိငါးပါး၊ ဆုံလည်နွား သွား၍ မဆုံးပြီ' ဆိုတဲ့ သံပေါက်ကို ကြားလိုက်ရတယ်။ အဲဒီသံပေါက်ဟာ မဟာဗောဓိမြိုင်ဆရာတော်ကြီးရဲ့ကဗျာမှာပါတဲ့ 'နေခွင့်ပြုရာ မှုကမ္ဘာ၊ ခုရှာဖွေဆဲရှိသေးသည်' ဆိုတဲ့ စာနဲ့ အဓိပ္ပာယ်ဆင်ဆင်ပါပဲ။ ဆရာတို့ အခုလူ့ဘဝရောက်နေတယ်။ လူအဖြစ်နဲ့နေနေရတယ်။ နေရေးကျော်တော့သေဘေးပေါ်မယ်။ သေတဲ့အခါ ဘယ်ရောက်မယ်မသိဘူး။ဘယ်ဘုံဘယ်ဘဝရောက်ရောက် သေကြရဦးမှာပဲ။ သေရေးကျော်ပြန်တော့ နေရေးလာဦးလာမှာပဲ။ ဆုံလည်နွားလို သွားလို့မဆုံးနိုင် ဖြစ်ကြရတယ်"

"ဒါကြောင့်မို့ ထွင့်ခေါင်ဆရာတော်ကြီးက 'ဘဝတိုင်းသေ၊ သချိုင်းမြေ၊ ပွားစေလှလေပြီ' လို့ ရေးခဲ့တာနေမှာပေါ့နော်"

"ဟုတ်တာပေါ့ တပည့်ရယ်၊ ပဋိစ္စသမုပ္ပါဒ်တရားတော်အရကြည့်ရင် ဇာတိလာရင် ဇရာ၊ မရဏက လိုက်လာတာပဲ။နွားနောက် လှည်းဘီးလိုက်သလိုပေါ့။ ဒါကြောင့်မို့ ဆရာက မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ကဗျာကို ဖတ်ရင်း လယ်တီဆရာတော်ဘုရားကြီးရဲ့ 'ဇာတိပစ္စယာဇရာမရဏ' ပျို့လင်္ကာကို သတိရမိလို့ အဲဒီပျို့လင်္ကာရွတ်ဆိုနေတာပါ"

"သဘောပေါက်ပါပြီ ဆရာ"

"ပြောလက်စနဲ့ ပြောလိုက်ပါဦးမယ်။ ဆရာတို့က ဝဋ်ဒုက္ခမှ လွတ်မြောက်ပါရစေလို့ ဆုတောင်းနေကြပေမယ့် ဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်းအလုပ်ကိုတော့ မလုပ်ချင်ကြဘူး။ ဝဋ်ဒုက္ခပွားကြောင်းစည်ကြောင်းကိုသာလုပ်နေကြတာ။လယ်တော်ဆရာတော်ဘုရားကြီးရဲ့စကားနဲ့ပြောရရင် 'ဝဋ်နွယ်စည်ကြောင်း'ကိုလုပ်နေကြတာ။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကတော့ 'ဝဋ်လွတ်သစ္စာ မြတ်ဓမ္မာ၊ လုပ်ခွာမကြည့်ရှိသေးသည်' လို့ ဆိုထားတယ်။ သိပ်ထိမိတဲ့အဖွဲ့ပါ"

"မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ကဗျာကို ဖတ်ရကြားရတာ ကျွန်တော့်မှာ အတော့်ကို သံဝေဂဖြစ်မိပါတယ် ဆရာ"

"တပည့် အဲဒီလိုသံဝေဂဖြစ်တယ်ဆိုရင် ဆရာတော်ဘုရားကြီး စာရေးရကျိုးနပ်ပြီပေါ့။ သာဓု၊ သာဓု၊ သာဓု"

မြခင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင်တို့၏စကားစုများ

# ဝေဘူဆရာတော်ကြီး၏ ဝိဇ္ဇာဖြစ်အောင် ပုတီးစိပ်နည်း

**ဦးအောင်သုခ**



ကျွန်ုပ်တွင် ဆရာတစ်ဆူရှိပါ၏။ ဆရာနှင့်တွေ့စဉ်က ဆရာသည် အိမ်နေရာထောင်သော လူ့ဘောင်လောကတွင် ရှိနေပါသေးသည်။ အသက်ငယ်ငယ်နှင့် ယောဂီဝတ်သည်။ နောက်တော့ ရသေ့ဝတ်ပြီး ဘုရားတည်သည်။ နောက်ဆုံးတွင် မဟာစည်တွင် သင်္ကန်းဝတ်ပြီး နောက် တောထွက်တော်မူသည်။ ယခုအခါတွင် ဆရာတော်အရှင်မြတ်သည် မည်သည့်တော၊ မည်သည့်တောင်တွင် တောရဆောက်တည်နေသည်ကို ကျွန်ုပ်မသိပါ။

ဆရာနှင့်ကျွန်ုပ်တွေ့ကြရစဉ်ကာလတွေက ဆရာ့စကားတွေ၊ ဆရာ့အပြုအမူတွေကို ဆရာနှင့်မတွေ့ရသောကာလ နှစ်ပေါင်းများစွာအကြာတွင် ပြန်၍သတိရမိပါသည်။ ဆရာ၏စကား၊ ဆရာ၏အပြုအမူ၊ ဆရာ့အယူအဆများသည် ကျွန်ုပ်တစ်ဦးတည်းအတွက် မဟုတ်ပါ။ သဘောယူ၊ မနောယူ၊ အကျင့်ယူလိုသူ အားလုံးအတွက် ဖြစ်ပါသည်။ ထိုစဉ်အခါက ဆရာ၏သဘောသည် ဝိဇ္ဇာအရှင်မြတ်တို့၏သဘော၊ ဆရာ၏မနောသည် ဝိဇ္ဇာအရှင်မြတ်တို့၏မနော၊ ဆရာ၏အကျင့်တို့သည် ဝိဇ္ဇာအရှင်မြတ်တို့၏ အကျင့် ဖြစ်ပါသည်။ ထို့ကြောင့် ဝိဇ္ဇာမဟာဣဒ္ဓိလမ်းစဉ်တော်ကို ယုံကြည်သော ကျွန်ုပ်သည် ဦးကျော်သန်းကိုမှီး၍ ဆရာနှင့်သိခဲ့ရသည်။ အလွန်သဘောကောင်း၊ အပြောကောင်းသောဆရာနှင့် သိကြ၍ မကြာမီမှာပင် ရင်းနှီးခဲ့ရပါသည်။

ဆရာ့ကို ကျွန်ုပ်က ဆရာဟုသတ်မှတ်ထားပါသော်လည်း ဆရာ့ကို ဦးငြိမ်းဟူ၍သာ ခေါ်ခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ဆရာက သူ့ကိုယ်သူ ဆရာဟု တစ်ခါဖူးမျှသတ်မှတ်ပုံမပေါ်ပါ။ ကျွန်ုပ်အား ဦးကျော်သန်း၏ညွှန်းဆိုမှုအရ ငယ်ငယ်ရွယ်ရွယ်နှင့် သာသနာရေး၊ ဘာသာရေးကို လေးစားလိုက်နာသူ လူငယ်ပါရမီရှင်မျှသာ သဘောထားပုံရ၏။ သို့သော် ဆရာဦးငြိမ်းက ကျွန်ုပ်ကို အလွန်ရင်းနှီးစွာ ဆက်ဆံပါသည်။ ဆရာငြိမ်းက ကျွန်ုပ်ကို 'စိုးလေး' ဟု ခေါ်၏။ ဆရာ့ကို ကျွန်ုပ်က 'ဦးငြိမ်း' ဟု ရင်းနှီးစွာခေါ်ခွင့်ရ၏။

ဦးငြိမ်းသည် လူ့ဘဝက သယ်န်းကျွန်းမြို့နယ် (၈) ရပ်ကွက်မြောက်ပိုင်း (ခ/၅၈)၊ ပြည်သာယာ (၃) လမ်းတွင် ပေ (၄၀) ပတ်လည်ရှိ မြေကွက်ပေါ်၌ ပျဉ်ထောင် သွပ်မိုးအိမ် တစ်ဆောင်ဖြင့် တင့်တယ်စွာနေထိုင်ရင်း ဆေးဆိုးပန်းရိုက်လုပ်ငန်းနှင့် ရွှေခြည်မဲနယ်တို့ကို ထုတ်လုပ်ဖြန့်ဖြူး၏။ အစတွင် ကိုယ်တိုင်ရပ်လှည့်၊ ရွာစဉ်လှည့်ကာရောင်း၏။ မဲနယ်လှည့်ရောင်းရင်း သူ့ဝါသနာအတိုင်း နေ့စဉ်၊ နံစဉ် ဘုရားစဉ်လှည့်၍ ပုတီးစိပ်သည်ဟု သိရ၏။ ကွယ်လွန်သူ သတင်းထောက်ကြီး ဦးအုန်းမောင်လည်း တစ်ခါတစ်ရံ အဓိဋ္ဌာန်ဝင်ရာတွင်ပါဝင်သည်ဟု သိရ၏။ ဆရာဦးငြိမ်းက အရပ်လှည့်၍ ဈေးရောင်း၊ နေ့နံအလိုက် စေတီများကိုလှည့်၍ ပုတီးစိပ် အဓိဋ္ဌာန်ဝင်နေချိန်တွင် ကျွန်ုပ်သည် ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တက်တုန်း ဖြစ်၏။ ကျောင်းလစ်သည့်အချိန်များ၊ ကျောင်းအားလပ်သည့်အချိန်များ၌ ဆရာဦးငြိမ်းနှင့်တွေ့ဆုံကြရ၏။

တစ်ညတွင် ဆရာဦးငြိမ်း၏ဆေးဆိုးပန်းရိုက်အရောင်းဆိုင်ကြီးကို သူခိုးဖောက်သည်ဟု ကြားရ၏။ ဈေးထဲ သူခိုးဖောက်သည်ဆိုတော့ ဂါတ်ကိုတိုင်ပြီး တရားဆိုင်ရသည်။ တရားဖြစ်တော့ နှစ်ဦးနှစ်ဖက်အလုပ်ရှုပ်ကြရ၏။ တရား၌အနိုင်ရသူတို့လည်း ပင်ပန်းကြရ၏။ တရားရှုံးသူ မသမာသူတို့မှာလည်း အစီရင်ခံရပြီး ကျန်ခဲ့သူ ဇနီးမယား၊ သားသမီးများ၊ မိဘ၊ မိသားစုများပါ ဆင်းရဲဒုက္ခရောက်ခဲ့ကြရ၏။ ဆုံးရှုံးသွားသောပစ္စည်းများလည်း အပြည့်အစုံ ပြန်ရသည်မဟုတ်။ ဆရာဦးငြိမ်း တရားသံဝေဂရပြီး နောက်နေ့မှစ၍ လောကီရေးတို့ကို စိတ်မဝင်စားတော့ဘဲ လောကီကိစ္စများကိုလျှော့ကာ ကိုးပါးသီလကို ရက်ရှည်အဓိဋ္ဌာန်တင်ခဲ့လေသည်။ ထို့ပြင် ပုတီးစိပ်ခြင်း၊ ဘာဝနာပွားခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး

လည်း လုပ်နေကျထက် တိုး၍လုပ်နေသည်ကို ကျွန်ုပ်တွေ့ရ၏။ ထူးသလိုလို၊ ဆန်းသလိုလို ကျွန်ုပ်ထင်မိ၏။

ရန်ကုန်မြို့နှင့်ဝန်းကျင်ရှိ တန်ခိုးကြီး ဘုရားစေတီများတွင် လှည့်လည်အဓိဋ္ဌာန်ဝင်နေရာမှ သမထပညာ လေ့လာလိုက်စားသူများ ရောက်လေ့ရှိသော စမတောင်၊ ကေလာသတောင်တော်တို့သို့ပင် အဓိဋ္ဌာန်ခရီးထွက်ခဲ့သည်။ အဘဆရာတော် ဦးဝိမလထံသို့ ကျွန်ုပ်၏ဆရာ မရှိခင် ရောက်ခဲ့သေး၏။ ယနေ့တိုင်အောင် ကျွန်ုပ်မကြားဘူးသော သူ၏ကိုယ်တွေ့အဖြစ်အပျက်များကို ကြားခဲ့ရ၏။ ရဟန်းဝတ်ရန်တာဆူသည့်အနေဖြင့်လည်းကောင်း၊ သမထအကျိုး တန်ခိုးတို့ တိုးစေခြင်းငှာ လည်းကောင်း တောတောင်များတွင် အဓိဋ္ဌာန်ဝင်ရုံများမျှမက ရသေ့ဝတ်ဖြင့်ပါကျင့်ခဲ့၏။ ရသေ့ဝတ်မှ အဓိဋ္ဌာန်ပြည့်၍ လူအဝတ်ဖြင့် အဓိဋ္ဌာန်ဝင်ချိန်တွင်လည်း ဆရာငြိမ်း၏ ပုဆိုးခါးပိုက်ထောင်ထဲ၌ လည်းကောင်း၊ လွယ်အိတ်စုတ်လေးထဲ၌ လည်းကောင်း ကုလားပဲရေစိမ်များကို အပြည့်တွေ့နိုင်၏။ ကုလားပဲရေစိမ်စား၍ပင်ကျင့်ခဲ့၏။ ဝိဇ္ဇာဖြစ်လိုစိတ် အလွန်ပြင်းထန်ပုံရ၏။

တစ်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ ရဟန္တာဟုပင် ကျော်ကြားတော်မူသော ဝေဘူဆရာတော် အရှင်မြတ်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်အနီးရှိ အင်းလေးဓမ္မာရုံ၌ ည (၇) နာရီအချိန်မှစ၍ တရားချီးမြှင့်တော်မူ၏။ ထိုတရားပွဲသို့ ဆရာငြိမ်းလည်း ရောက်ခဲ့၏။ ရဟန်းဘဝတုန်းက ဆရာဖြစ်တော်မူခဲ့သော ကျေးဇူးတော်ရှင် ဝေဘူဆရာတော်အရှင်မြတ်ကြီးကို ဖူးမြော်ရင်း ဆရာငြိမ်း ဘဝင်လှိုက်ဆူခဲ့သည် ဆို၏။

ည (၇) နာရီထိုးလျှင် ဝေဘူဆရာတော်ကြီးက တရားဟောတော်မူသည်။ ဆရာတော် ဟောကြားတော်မူသော တရားတို့သည် ဗုဒ္ဓရှင်တော်မြတ်ကြီး၏ တရားတော်မြတ်များဖြစ်ပြီး ဆရာတော်အရှင်မြတ်ကြီး၏ ကောက်နုတ်ဟောပြချက်တို့ကား ဘုရားရှင်လက်ထက်တော်တုန်းက တရားကျင့်ရာတွင် ဆန္ဒ၊ ဝီရိယကြီးမားတော်မူကြသော ဝီရိယသိဒ္ဓိပါဒ် အရှင်သခင်ကြီးများ၏အကြောင်းပင်ဖြစ်၏။ ဝေဘူဆရာတော်အရှင်မြတ်ကြီးသည် ဝီရိယအဓိက တရားတော်များကို ဟောကြားတော်မူလေ့ရှိ၏။ ယခုလည်း ဝေဘူဆရာတော်ကြီး၏ တရားတော်သည် ဝီရိယအဓိက တရားဖြစ်သောကြောင့် ဝိဇ္ဇာဖြစ်လို၍ ဝီရိယသန်သန်ဖြင့် အင့်တိုက်အားတိုက်ကြိုး ကြိုးစားနေသော ဆရာငြိမ်းနှင့် ကွက်တိဖြစ်၏။ ဆရာငြိမ်းသည် ဝေဘူဆရာတော်ဘုရားကြီး၏ ဟောစဉ်တရားတော်မြတ်ပေါ်၌ အာရုံသွင်းထား၏။ ထိုစဉ် ဝေဘူဆရာတော်ကြီးက မိမိဟောနေသောတရားတွင် ကြားဖြတ်လိုက်ပြီး-

"ဗျာ-ဝိဇ္ဇာဆိုတာ တခြားမဟုတ်ဘူး၊ တစ်ထိတည်းထိ, တစ်သိတည်းသိ သိနေတာ။ အဲဒါ အဲဒါ ဝိဇ္ဇာပဲဗျ"

ပရိသတ်ကြီး တိတ်ဆိတ်စွာ နာယူနေ၏။

"ကဲဗျာ- ဒီလို တစ်ထိတည်းထိ, တစ်သိတည်းသိနေတဲ့အချိန်ကလေးမှာ လောဘဝင်သေးသလားဗျ"

ဆရာတော်က ပရိသတ်ထဲမှ ရသေ့ကြီးတစ်ပါးအား စိုက်ကြည့်၍ မေးလိုက်၏။

"မဝင်ပါဘုရား"

တိတ်ဆိတ်နေသော ပရိသတ်နှင့်အတူ ရသေ့ကြီးက ဖြေလေသည်။ အချို့က ဆိတ်ဆိတ်သာနေကြ၏။

"ဒေါသကော ဝင်သေးလားဗျ"

"မဝင်တော့ပါဘုရား"

"မောဟကောဝင်သေးလားဗျ"

"မဝင်ပါ ဘုရား"

ဖြေသည့်ပရိသတ်ထဲတွင် ဆရာငြိမ်းလည်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"အေးအေး- အဲဒီ လောဘ၊ ဒေါသ မောဟ ဆိုတဲ့ အဝိဇ္ဇာတွေ မဝင်တဲ့ အခါ ဝိဇ္ဇာဖြစ်တော့တာပဲ"

ဆရာငြိမ်း သဘောပေါက်သွားခဲ့၏။

ထိုနောက်နေ့မှစ၍ မည်သို့ပင် သွားသွား၊ မည်သည့်စခန်းဝင်ဝင်၊ အိမ်ပြင်နေနေ ပုတီးစိပ်တိုင်း 'ထိတိုင်းသိ' အောင်သာ အာရုံစိုက်ထားလေတော့၏၊ အဓိဋ္ဌာန်ရက်လောဘနှင့် ပုတီးပတ်ရေလောဘ၊ မိမိအဓိဋ္ဌာန်ထားသောရက်နှင့် ပုတီးအရေအတွက် လောဘမရှိသည့်အခါ ဒေါသလည်း မရှိ မောဟလည်း မရှိတော့။ မိမိ၏စိပ်ပုတီးနှင့် လက်ထိတိုင်းသာ သိအောင်ကြိုးစားသည့်စိတ်သာလျှင် ရှိတော့၏။ ကြာသော် အကျင့်များရာမှ ကျင့်သားရလာပြီး တစ်စတစ်စဖြင့် သတိနှင့်အသိ ကြီးထွားတိုးတက်လာခဲ့သည်ဟု ဆို၏။

ဤကား ကျွန်ုပ်၏ဆရာတစ်ဆူ ဖြစ်တော်မူသော ဆရာငြိမ်းက ပြန်ပြောပြသော ဝေဘူဆရာတော်ဘုရားကြီးကို ဖူး၍ ရရှိခဲ့သော ပုတီးစိပ်နည်း ဖြစ်၏။ ထိုသို့ ပြန်ပြောပြစဉ်က ကျွန်ုပ်တို့ ဆရာငြိမ်းအိမ်တွင်ဆုံလေ့ရှိသည့် ညစကားဝိုင်းတွင်ဖြစ်၍ ယနေ့ သက်ရှိထင်ရှားရှိကြသော ဓမ္မမိတ်ဆွေကြီးများလည်း ကြားကြရပါလိမ့်မည်။ အလွန်မှ ဝိဇ္ဇာဖြစ်ချင်လှသော ကျွန်ုပ်မှာမူ မှတ်မှတ်ရရနှင့် မှတ်မှတ်သားသား ထားအပ်သောစကားများ ဖြစ်၏။

ထိုစကားများကို ကြားရသည်နှင့် 'နေ့သင့်နံသင့်ဘုရားများ အဓိဋ္ဌာန်ဝင်ရကောင်းနိုး' သောစိတ်သည် လျော့ကျသွား၏။ ဦးစွာပထမအားဖြင့် တစ်ထိတည်းထိ၍ ထိတိုင်းသိနေအောင် အာရုံစိုက်တတ်ဖို့ ကြိုးစားမည့်အကြံ ဖြစ်၏။

နောက်ပိုင်း အဓိဋ္ဌာန်ရက်များတွင် ကျွန်ုပ်သည် အဓိဋ္ဌာန်သောရက်ကာလကို ကြာရှည်မတင်တော့ဘဲ (၉) ရက်အများဆုံးတင်၏။ အဓိဋ္ဌာန်ရက်များသော 'လောဘ'လည်း မဖြစ်တော့ပြီ။ အဓိဋ္ဌာန်ရက်များ မကုန်ဆုံးမီ ဖြစ်ပေါ်လာတတ်သော သောကလည်း အေးလေတော့သည်။ သောကအေး၍ ဒေါသလည်း မဖြစ်တော့ပြီ။ ဒေါသမဖြစ်၍ မောဟလည်းမဝင်တော့ပြီ။ အဓိဋ္ဌာန်တင်သော ပုတီးပတ်၏အရေအတွက်လည်း လောဘ မဖြစ်တော့။ ပုတီးပတ် (၉) ပတ်မျှသာ အဓိဋ္ဌာန်တင်၏။

ဂုဏ်တော်တစ်ပါး တစ်ပတ်ဖြင့် ဂုဏ်တော် (၉) ပါးဆုံးတော့ (၉) ပတ်ပြည့်၏။ ရေတွက် မှတ်နေစရာလည်း မလိုတော့။ လောဘမရှိတော့ သောကမဖြစ်၊ သောကမရှိတော့ ဒေါသမဖြစ်။ လောဘနှင့် ဒေါသ မရှိတော့ မောဟလည်းမဖြစ်။ စိတ်သည် ထိလျှင် သိရန်သာ အားထုတ်လျက်ရှိ၏။ အပေါင်းအသင်းပတ်ဝန်းကျင်နှင့် နေသာထိုင်သာ၊ သွားသာလာသာရှိအောင် အဓိဋ္ဌာန်တစ်ခုနှင့်တစ်ခု (၃)ရက်မျှခြားရန် ဆရာငြိမ်းက တိုက်တွန်းသေးသည်။ (၉) ရက်က ကိုယ့်ဖို့၊ (၃) ရက်က သူ့ဖို့ဟု မိန့်၏။

ယင်းမတိုင်မီကဆိုလျှင် ဝိဇ္ဇာမြန်မြန်ဖြစ်ရန်အတွက် အဓိဋ္ဌာန်ပြင်းပြင်းကို ရက်ရှည်ရှည်ဝင်၊ ပုတီးပတ်အရေအတွက်ကို များများတင်၊ အဓိဋ္ဌာန်နေရာကို လူတွေနှင့်ဝေးနိုင်သမျှဝေး ဟူ၍မျှသာ ကျွန်ုပ် သိထားခဲ့၏။ ထိုအတိုင်းလည်း ကျင့်ခဲ့၏။ ပင်ပန်းလှသော်လည်း ကျွန်ုပ်ကား ဘာမှမဖြစ်ခဲ့။ ဝိဇ္ဇာဖြစ်ရန်အသာအထား၍ မသေခင် ပြိတ္တာမဖြစ်ရန် မနည်းပင်ကြိုးစားနေရသည်။ ယခုဆိုလျှင် သားရေး၊ သမီးရေး စသော လောကီရေးများ စွက်ပြီး ပုတီးကို 'မချ' မိရန် အထူးကြိုးစားနေရပါသည်။ အသက်အရွယ်အရ ဝိပဿနာတရားကိုလည်း လိုက်စားနေရပါသေးသည်။

ဆရာငြိမ်း၏နေအိမ်မှ ပြန်လာခဲ့ပြီးနောက် တစ်ညလုံးနီးပါး အိပ်မပျော်။ ဆရာငြိမ်းပြောသော ဝေဘူဆရာတော်ဘုရားကြီး၏ 'တစ်လုံးထိ တစ်လုံးသိ' ကိုသာလျှင် စဉ်းစားမိ၏။ စိတ်ကူးဖြင့်အားထုတ်ကြည့်၏။ ကျွန်ုပ်၏ စိတ်တို့သည် ချုပ်လေ၊ လှုပ်လေ ဖြစ်၏။ မချုပ်ပါဘဲနှင့် လှုပ်ရင်းရှားရင်း၊ လှုပ်ရင်းကိုင်ရင်း၊ သွားရင်းလာရင်းဖြင့် ထိသောနေရာများကို သတိပြုမိလာတတ်၏။ အစတွင် သတိကပ်၍ မှတ်ချိန်က မျက်စိတစ်မှိတ်ဟု ဆိုလောက်၏။ သတိထားရာမှ ပို၍ သတိအထားစိပ်လာသောအခါတွင်မူ သတိကပ်ချိန်သည် မျက်စိတစ်မှိတ်မှ နှစ်မှိတ်၊ သုံးမှိတ်အထိ ဖြစ်လာသည်။ ထိသောနေရာတွင် မျက်စိသုံးမှိတ်စာမျှ အသိကပ်လာသောအခါ ကျွန်ုပ်သည် ပုတီးစိပ်ရာတွင်လည်း ထိုသို့ ဖြစ်လာလေ့ရှိပါသည်။

ဤနေရာတွင် ကျွန်ုပ်ကိုယ်တွေ့လေးကို တင်ပြလိုပါသေးသည်။

ပုတီးစိပ်ရန် ပရိက်ယူလိုက်ပြီးနောက် ပုတီး စ၍စိပ်ပါသည်။ ကျွန်ုပ် ပုတီးစိတ်သည့်အခါ လက်ညှိုးနှင့်လက်မကြားတွင် ပုတီးစေ့ကိုထား၍ အောက်ဘက်သို့ ဆွဲချပါသည်။ ဂုဏ်တော်စိပ်လျှင် ဂုဏ်တော်တစ်ပုဒ်ဆုံးက ပုတီးတစ်လုံးချသည်။ ဂုဏ်တော်ကိုးပါးစေ့လျှင် ပုတီးပတ်လည်း (၉)ပတ်ပြည့်လေသည်။

ပုတီးစေ့ကို လက်ညှိုးနှင့်လက်မကြားတွင်ထား၍ ကျွန်ုပ်၏အာရုံကို လက်မ၊ ပုတီးစေ့၊ အောက်ကလက်ညှိုးတို့ကို အာရုံပြုမိပါသည်။

ထိုအခါ လက်မ၊ ပုတီးစေ့နှင့် အောက်လက်ညှိုး၏ ပထမအဆစ်တို့သည် ကျွန်ုပ်၏အာရုံတွင် အထင်းသားရှင်းခနဲ ပေါ်လာပါသည်။ ပေါ်ခါစတွင် ထိုအာရုံအမြင်မှာမကြာပါ။ မြင်ပြီးပျောက် ဖြစ်ပါသည်။ ခဏ ခဏ အာရုံပြုလေမှ၊ အထပ်ထပ်ပြန်၍ အာရုံပြုလေမှ လက်မ၏လက်သည်း၊ ပုတီးလုံး၊ အောက်ခံလက်ညှိုးအဆစ်တို့ကို ခပ်ကြမ်းကြမ်း အာရုံအမြင်တွင်ပေါ်သည်။ ထို့နောက် ထိသောနေရာကို အာရုံပြုလိုက်ပါသည်။ ထိသောနေရာနှစ်ခု ရှိနေသည်ကို ခံစားသိမြင်နေရပါသည်။ အမြင်အာရုံခံစားချက်အသိတို့ကို ထပ်မံအာရုံပြုလိုက်သောအခါ ပုတီးလုံးကြီးပျောက်သွားပြီး အပေါ်လက်မ၏ အတွင်းသားနှင့် အောက်ခံလက်ညှိုးတို့၏ အပေါ်ယံမျက်နှာပြင်တို့ကို တစ်နေရာတွင်ထိပြီး ပွတ်ဆွဲလိုက်သောခံစားချက်ဖွာခနဲကို ခံစားရပါသည်။ ဤဖွာခနဲကို အထပ်ထပ်ခံစားပြီးသောအခါ အဖွာပျောက်ပြီး အထိကလေးရောက်လာခဲ့ပါသည်။ ထိုထိသော နေရာကလေးကို အသိကလေးစိုက်သွားပါသည်။ ထိုအသိကလေးလည်း ခဏတာမျှသိပြီး အသိပျောက်သွားပါက ပွားများဆဲဂုဏ်တော်ပြန်ပေါ်လာပါသည်။ ဂုဏ်တော်ပေါ်၍ ဂုဏ်တော်ကိုအာရုံပြုရင်းက အသိကလေးပေါ်လာပါသည်။ အသိကလေးပေါ်လာက ဂုဏ်တော်ပျောက်သွားပြန်ပါသည်။ အသိလေးပျောက်ကွယ်သွားလျှင် ဂုဏ်တော်ပေါ်လာပါသည်။ ဂုဏ်တော် ပျောက်ကွယ်သွားလျှင် အသိလေး ပေါ်လာပါသည်။ ဤဖြစ်စဉ်ကို ဖန်တီးယူ၍ မရပါ၊ အလိုလိုသာလျှင် ဖြစ်တတ်ပါသည်။

ကျွန်ုပ်၏အတွေ့အကြုံမှာ ဤမျှသာ ဖြစ်သည်။ ကျွန်ုပ်၏ဆရာကား အတွေ့အကြုံမှန်သဖြင့် တိုးတက်သွားပုံရပါသည်။

ဦးအောင်သုခ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနှစ် (၁၃၇၅) အတွက်

# နှစ်ဦးမင်္ဂလာယတြာ

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အထွတ်အမြတ်ထားရာ -

မင်္ဂလာအပေါင်းနှင့်ပြည့်စုံလှသော နှစ်ဦးနှစ်ဆန်းသို့ ကူးပြောင်းတော့မည့် ကာလသမယသို့ ရောက်ရှိလာပါပြီ။

မင်္ဂလာရှိခြင်း ဟူသည် -

မင်္ဂလာရှိအောင် နေထိုင်သွားလာ ပြုမူပြောဆိုခြင်းနှင့် ဆိုင်ဘိသကဲ့သို့ -

ထိုသို့ -

မင်္ဂလာရှိအောင်နေမည့်စိတ်ဓာတ်မြင့်မားမှုမှာ အထူးသဖြင့် အရေးကြီးလှသည် ဖြစ်၏။

ပြီးခဲ့သည့်နှစ်တစ်နှစ်လုံး သိသိနှင့်ဖြစ်စေ၊ မသိခဲ့၍ဖြစ်စေ မကောင်းမှုပြုခဲ့သည်ဖြစ်စေ၊ ကောင်းမှုပြုခဲ့သည်ဖြစ်စေ၊ သိခြင်းနှင့်မသိခြင်း၏ စပ်ကူးမပ်ကူး ကာလတွင် အကြောင်းမညီညွတ်ခဲ့၍ ကောင်းခြင်း၊ မကောင်းခြင်းများအား မစဉ်းစားမိခဲ့၍ဖြစ်စေ -

နှစ်ဟောင်း အတာရေစီးနှင့်အတူ လွင့်မျောကျန်ရစ်ခဲ့တော့မည် ဖြစ်၏။

ထိုအခါ -

မင်္ဂလာရှိရှိ ကြုံတွေ့ရတော့မည့် အနာဂတ်ဘဝခရီးအတွက် ကောင်းကံများကို ဆောက်တည်ရပေတော့မည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဒေသနာတော်နှင့်အညီ မင်္ဂလာရှိစွာ နေထိုင်အားထုတ် ကြိုးကုတ်ကျင့်ကြံကြရတော့မည်ဖြစ်ရာ သတိတရားနှင့် အသိပွားပြီး သီလ၏ကောင်းခြင်း၊ သမာဓိ၏ ကောင်းခြင်း၊ ပညာ၏ ကောင်းခြင်းတို့ကို ဆောက်တည် ပွားများရင်း မကောင်းမှုကို ပွားစီးစေမည့် ကာယကံမကောင်းမှု၊ ဝစီကံမကောင်းမှု၊ မနောကံမကောင်းမှုတို့ကို ပယ်ရှား ဖျောက်ဖျက်ဖြစ်ရတော့မည် ဖြစ်၏။

ရှောင်သင့်တာကိုရှောင်ရင်း ဆောင်သင့်တာကို ဆောင်ကြရပေတော့မည်။

မေတ္တာတရားများ ပွားထုံခြင်း၊ ကိုယ်ချင်းစာတရားများ ပွားများခြင်း၊ မကောင်းစိတ်များကို ပယ်ဖျောက်ခြင်းကြောင့် ကောင်းကံများစွာကို ဆောက်တည်ကြရပေမည်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတို့ကို ပွားပြီးရင်းပွားရင်း ဖြစ်နေအောင် ကြိုးစားကြရပေတော့မည်။

ဂါရဝတရား၊ နိဝါတတရားများနှင့်အညီနေထိုင်ကျင့်ကြံရပေတော့မည်။

ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား ဟူသော ဆိုဆုံးမသြဝါဒများကို လိုက်နာကြရပေတော့မည်။

ရတနာမြတ်သုံးပါးကို အသက်ထက်ဆုံး ကြည်ညိုပြီးရင်း ကြည်ညိုရင်း ကိုးကွယ်ဆည်းကပ် ပူဇော်ပြီးရင်းပူဇော်ရင်း -

အနန္တောအနန္တငါးပါးကို ဦးထိပ်ပန်ဆင်ပြီးရင်း ပန်ဆင်ရင်း-

မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀) ပါးကို မပြစ်မှားမိအောင် ရှောင်ကြဉ်ပြီးရင်းရှောင်ကြဉ်ရင်း-

မင်္ဂလာနှစ်သစ်ကို မင်္ဂလာရှိစွာ လျှောက်လှမ်းကြရတော့မည် ဖြစ်၏။

မင်္ဂလာ ဟူသည် -

အနက်အဓိပ္ပာယ်အရ မကောင်းမှုကို ပယ်ဖျက်တတ်သောသဘောသည် မင်္ဂလာမည်သကဲ့သို့ ကောင်းမှုကိုတည်ဆောက်ခြင်းသည်လည်း မင်္ဂလာမည်၏။

မင်္ဂလာအရ-

မကောင်းသော အတွေးများ, အကြံများ, အယူမှားများကို ရှောင်ခြင်း၊ မကောင်းသော စကားများ, မင်္ဂလာမရှိသော စကားများ, အတိတ်ဆိုးနိမိတ်ဆိုးများကို ဖြစ်လာစေမည့် စကားများကို ပြောဆိုခြင်းမှရှောင်ခြင်း၊ မကောင်းသော ဒုစရိုက်များကို ကာယကံမြောက် ကျူးလွန်ခြင်းမှရှောင်ခြင်းစသည်ဖြင့် မကောင်းမှုမှန်သမျှကို ပယ်ဖျက်ကြရမည် ဖြစ်၏။

မကောင်းကံများမဖြစ်လာအောင် အကုသိုလ်စိတ်မှန်သမျှ ဖိနှိပ်ထားပြီး ကောင်းကံများ ပွားသည်ထက် ပွားလာအောင် နှစ်ဦးကတည်းက ကုသိုလ်များ ပွားပြီးရင်းပွားပြီးပြုရပေတော့မည်။

ကောင်းကံများကြောင့် အကုသိုလ်ကံကြွင်းကံစများ တဖြည်းဖြည်း လွင့်ပါးပျက်ပျယ်သွားအောင် ကြိုးစားကြံဆောင်ရပေတော့သည်။

လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး ဝေဖြာတိုးစေမည့် အပြောအဆိုအပြုအမူ အဆောင်အရွက်တို့ဖြင့် ကိုယ့်ကိုယ်ကိုယ်အား လည်းကောင်း၊ ကိုယ့်မိသားစု, ကိုယ်ပတ်ဝန်းကျင်, ကိုယ့်ရပ်ကိုယ့်ရွာ, ကိုယ့်လူမျိုး, ကိုယ့်တိုင်းပြည်အား လည်းကောင်း မင်္ဂလာရှိစွာ အလှဆင်ကြရတော့မည် ဖြစ်၏။

မဟာမင်္ဂလသုတ်တော်ကြီးတွင် လာသော -

ပူဇာစ ပူဇ နေယျာနံ -

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ထိုက်သူကို ပူဇော်ရခြင်းသည် မင်္ဂလာမည်ခြင်း၊

ဂါရဝေါစ -

အသက်သိက္ခာအားဖြင့်ကြီးသောသူ၊ ဂုဏ်အားဖြင့်ကြီးသောသူတို့အား အရိုအသေအလေးအမြတ်ပြုရခြင်းသည် မင်္ဂလာမည်ခြင်း၊

နိဝါတောစ -

မိမိကိုယ်ကို နှိမ့်ချခြင်းသည် မင်္ဂလာမည်ခြင်း -

စသည်ဖြင့် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ နှုတ်ထွက်ဓမ္မစကားတရားတော်မြတ်တို့နှင့်အညီ မင်္ဂလာအပေါင်းနှင့်





www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများစွာဖြင့် နှစ်သစ်ကို လျှောက်လှမ်းကြရပေတော့မည် ဖြစ်၏။

ထိုမင်္ဂလာတရားတော်များနှင့်အညီ -

ကျွန်ုပ်တို့သူရဇ္ဇမိသားစုသည် -

မည်သူ့ကိုမဆို ဆန့်ကျင်မှုကင်းစွာဖြင့် -

သူရဇ္ဇချစ်သူမွေမိတ်ဆွေအပေါင်းသူတော်ကောင်းတို့အား -

တစ်နှစ်တွင် တစ်လ -

တစ်လတွင် တစ်ရက် -

တစ်ရက်တွင် တစ်နာရီခွဲသာ ရှားရှားပါးပါး စီရင်ခွင့်ရသော်လည်း ကံဆိုးကြမ္မာဆိုး ဂြိုဟ်ဆိုးဂြိုဟ်နှင်းဆိုးတို့မှလွတ်မြောက်နိုင်စွမ်းလသည့် နှစ်ဦးမင်္ဂလာယတြာကြီးများဖြင့် -

ဂါရဝပြုလိုက်ပါပြီ၊

**မြန်မာနှစ် ၁၃၇၄ ခု၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ခရစ်နှစ် ၂၀၁၃ ခုနှစ်၊** ဧပြီလ ၁၆ ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် နံနက် (၈) နာရီ (၁၀) မိနစ်၊ (၄၄) စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်၍ ၁၃၇၅ ခုနှစ်သို့ ပြောင်း၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်များကို အသက်တစ်ချက်ရှူလိုက်တိုင်း အာရုံပြုကြည်ညိုနေသင့်သောမင်္ဂလာချိန်ခါ ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းကြီးများကို အသက်တစ်ချက်ရှူတိုင်း ပူဇော်ကြရင်း နှစ်ဦးမင်္ဂလာ ယတြာကြီးများဖြင့် ကုသိုလ်ထပ်မံ ပွားများနိုင်ကြစေရန်အလို့ငှာ -

မြန်မာနှစ် ၁၃၇၅ ခု၊ တန်ခူးလဆန်း ၇ ရက်၊ ခရစ်နှစ် ၂၀၁၃ ခု၊ ဧပြီလ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း -

**တနင်္ဂနွေသားသမီး/တနင်္ဂနွေနာမည်ရှင်တို့သည် -**

အနောက်အရပ်သို့ မျက်နှာမူ၍ ခြေထောက်အောက်တွင် ရွက်လှ (၄) ခက်၊ ဒန်း (၇) ခက် (တစ်ထွာခန့်)၊ ဆီး (၃) ခက် (ဆူးများဖယ်ပါ)တို့ကို မျက်နှာမူရာဘက် အဖျားများလှည့်ထားပြီး ခြေစုံရပ်၍နင်းထားပါ။

အနီးအနား လက်တစ်ကမ်းတွင် ပန်းကန်ပြားတစ်ချပ်ထဲ၌ ပျဉ်းမ(၅)ညွန့်၊ ကံ့ကော် (၂) ညွန့်၊ သပြေ (၆)ညွန့်ကို ထည့်ထားပါ။

တရော်ကင်ပွန်းနှင့်ခေါင်းလျှော်ပါ။

ခေါင်းလျှော်စဉ် သမ္ဗုဒ္ဓေ (၁၀) ခေါက် ရွတ်၍လျှော်ပါ။

ခေါင်းလျှော်ပြီး နောက်ဆုံး အစင်အကြွယ် ခေါင်းဆေး၊ ရေသန့်ကို အနီးတွင် ပျဉ်းမ၊ ကံ့ကော်၊ သပြေ စသည့် ဆောင်ပန်းများထည့်ထားသော ပန်းကန်ပြားထဲသို့ လက်နှင့် သပ်ချပါ။

ပြီးလျှင် ၎င်းဆောင်ပန်းထဲမှ အညွန့်များကို မျက်နှာမူရာဘက် ခပ်လှမ်းလှမ်းတွင် သွားစွန့်လိုက်ပါ။

ကျန်ခဲ့သော နင်းကြမ်းရွက်များကို အခြားတစ်ယောက်ယောက်က ယူ၍ အနောက်တောင်အရပ်ခပ်လှမ်းလှမ်းသို့ သွားစွန့်ပေးလိုက်ပါ။

စွန့်ပေးသူသည် ကိုယ်နှင့် နံတူမဖြစ်ရပါ။

မိဘများက စွန့်ပေး၍လုံးဝမရပါ။

ပြုလုပ်ပေးမည့်သူ လုံးဝမရှိပါက နင်းကြမ်းများကို တုတ်တစ်ချောင်းနှင့် ယူ၍ ဖယ်ပြီး စွန့်ပါ။ ရပါသည်။

ပြီးလျှင် ခေါင်းထပ်လျှော်စရာ မလိုတော့ပါ။ ရေချိုးပါ။

ပြီးလျှင် လျှော်ဖွပ်ထားသည့် သန့်ပြန့်သောအဝတ်တို့ကို ဝတ်ဆင်ပြီး ဘုရားရှင်အား မိမိနှစ်သက်ရာ ပန်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ပါ။ ပဋ္ဌာန်း ဥဒ္ဒေသတော်ကြီးကို တစ်ခေါက်ရွတ်ဆို၍ ပူဇော်ပါ။ အလွတ်မရလျှင် စာအုပ်ကြည့်ရွတ်ပါ။ မေတ္တာသုတ် (၉) ကြိမ်ရွတ်၍ (၃၁) ဘုံကို မေတ္တာပို့ အမျှဝေပါ။

ရှင်သီဝလိရဟန္တာမထေရ်အရှင်မြတ်ကြီးအား နှစ်သက်ရာ ဆွမ်းများနှင့် ပူဇော်ပြီး ရှင်သီဝလိ (၁၀) ဂါထာ ရွတ်ဆိုပူဇော်ပါ။

ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးအား နှစ်သက်ရာဆွမ်းများနှင့် ပူဇော်ပြီး ရှင်ဥပဂုတ္တပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါ။

ပြီးလျှင် -

အလွန်ကျေးဇူးကြီးမားလှသော မိဘနှစ်ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြစ်မှားမိခဲ့သမျှ ဝန်ချတောင်းပန်ကန်တော့ပါ။ မိဘနှစ်ပါးမရှိတော့သူများက ရည်မှန်းကန်တော့ပါ။

'မာတာပိတု ဥပဋ္ဌာနံ'

တည်း ဟူသော မင်္ဂလာပင် ဖြစ်ပါသည်။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အာစရိယ ဆရာသခင် ကျေးဇူးရှင်များနှင့် မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀) ပါးကို ရှိသေစွာ ကန်တော့ပါ။

ပူဇာစ ပူဇနေယျာနံနှင့် ဂါရဝေါစ နိဝါတောစ တည်းဟူသော မင်္ဂလာတရားတော်များနှင့်အညီ ဖြစ်၏။

အားလုံး ပြီးပြီဆိုသည်နှင့် နှစ်ဦးမင်္ဂလာယတြာကြီး အောင်မြင်သွားပါပြီ။

အခြားကောင်းမှုကုသိုလ်ပြုလိုသူများအနေနှင့် မည်သည့်ကောင်းမှုကုသိုလ်ကိုမဆို ပြု၍ရပါပြီ။

ဘုရားစေတီပုထိုးများသို့ သွားရောက်ခြင်း၊ ပူဇော်ကန်တော့ခြင်း၊

သတ်အံ့ဆဲဆဲသတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း စသည့် မည်သည့် ကောင်းမှုကုသိုလ်များကိုမဆို ပြုပါလေ။

**နံနက် (၇) နာရီခွဲမှ (၉) နာရီအတွင်း**

သောကြာသားသမီး/သောကြာနာမည်ရှင်တို့သည်-

မျက်နှာမူရာ- အရှေ့တောင်အရပ်။

ဆောင်ပန်း- ဆီး(၃)ညွန့်၊ ဒန်း(၇)ညွန့်၊ ရွက်လှ(၄)ညွန့်။

နင်းကြမ်း- ကြံတစ်ထွာခန့်(၂)ရွက်၊ ပျဉ်းမ(၅)ရွက်၊ အုန်းတစ်ထွာခန့်(၁)ရွက်။

နင်းကြမ်းစွန့်ရန်- အနောက်အရပ်။

**နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း**

ဗုဒ္ဓဟူးသားသမီး/ဗုဒ္ဓဟူးနာမည်ရှင်တို့သည်

မျက်နှာမူရာ- အရှေ့မြောက်အရပ်။

ဆောင်ပန်း- အုန်း(၁)ညွန့်၊ ပျဉ်းမ(၅)ညွန့်၊ ကံ့ကော်(၂)ညွန့်။

နင်းကြမ်း- ဒန်း(၇)ခက်၊ ဆီး(၃)ခက်၊ သီဟိုဠ်(၆)ရွက်။

နင်းကြမ်းစွန့်ရန်- အရှေ့တောင်အရပ်။

**နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း**

တနင်္လာသားသမီး/ တနင်္လာနာမည်ရှင်တို့သည်-

မျက်နှာမူရာ- မြောက်အရပ်။

ဆောင်ပန်း- သပြေ(၆)ညွန့်၊ ဆီး(၃)ညွန့်၊ ဒန်း(၇)ညွန့်။

နင်းကြမ်း- ပျဉ်းမ(၅)ရွက်၊ အုန်း(၁)လက်၊ ရွက်လှ(၄)ရွက်။

နင်းကြမ်းစွန့်ရန် - အရှေ့မြောက်အရပ်။

**မွန်းတည့် (၁၂) နာရီမှ (၁) နာရီခွဲအတွင်း**

စနေသားသမီး/စနေနာမည်ရှင်တို့သည် -

မျက်နှာမူရာ- တောင်အရပ်။

ဆောင်ပန်း- ရွက်လှ(၄)ညွန့်၊ အုန်း



www.burmeseclassic.com

www.burmeseclassic.com

# ဧပြီ

## ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

(၂၉၁) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပြန်ပါပြီ။

ချမ်းသာခြင်း များစွာကို သယ်ဆောင်လာတော့မည့် မင်္ဂလာရှိလှသော ဂဏန်းလုံးလေးများအား မင်္ဂလာရှိရာ အကြံပြုလိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီးများ**

မတ်လ ၁၂၊ ၁၃၊ ၁၆၊ ၂၆ ရက်များမှာ ထီထိုးပါ။

ယခုလတွင် သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူခြင်းကုသိုလ်များပြုပြီး ကံများပွင့်စေပြီးမှသာ ထီထိုးပါ။

ဧပြီလမှာ ၇၊ ၀၊ ၆၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

မတ်လ ၁၃၊ ၁၄၊ ၁၇ ရက်များမှာ ထီထိုးပါ။

အိမ်သစ်တက်ခြင်းမင်္ဂလာတစ်ခုခုကို ကြားလိုက်သည်နှင့် ထီသွားထိုးလိုက်ပါ။ ထိုမင်္ဂလာသတင်းကို မကြားမိလျှင် ထီထိုးရမည့်ရက်များမှာ နံနက် နေတတ်ရေတက်ချိန်သွားပြီး ထီထိုးပါ။

ဧပြီလမှာ ၁၊ ၄၊ ၈၊ ၅ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

မတ်လ ၁၄၊ ၁၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

ရပ်ဝေးတွင် နေထိုင်သူတစ်ဦးဦး၏ မင်္ဂလာသတင်း (သို့) အလှူအကြီးအကျယ်လှူသောသတင်းကြားလျှင် ၎င်းနေ့ (သို့) နောက်နေ့မှ ရက်ရွေး၍ သွားထိုးပါ။

ဧပြီလတွင် ၆၊ ၂၊ ၉၊ ၃ဂဏန်းများ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီး**

မတ်လ ၁၂၊ ၁၅၊ ၁၆ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူတွင် ညလုံးပေါက်လျှပ်စစ်မီးအတွက် (၁) ရက် (သို့) (၃) ရက်အတွက် လှူပြီးမှ ထီသွားထိုးပါ။

ဧပြီလတွင် ၁၊ ၇၊ ၀၊ ၄၊ ၈ ဂဏန်းများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

မတ်လ ၁၃၊ ၁၆၊ ၁၇ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွား၍ ပန်းပေါင်းစုံ (၆) မျိုးနှင့် ပူဇော်ပြီး အဲသံထွက်၍ ဘုရားဝတ်ပြုပြီးမှ ထီသွားထိုးပါ။

ဧပြီလတွင် ၆၊ ၂၊ ၉၊ ၅ ဂဏန်းများ ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

မတ်လ ၁၁၊ ၁၄၊ ၁၈၊ ၂၈ ရက်များတွင် ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူရှိ ရုပ်ပွားတော်တစ်ဆူဆူအား ရွှေပြား၊ရွှေသင်္ကန်းကပ်လှူပြီးမှ ထီသွားထိုးပါ။

ဧပြီလတွင် ၇၊ ၄၊ ၈၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**စနေသားသမီးများ**

မတ်လ ၁၁၊ ၁၂၊ ၁၅၊ ၁၈ ရက်များတွင် ထီထိုးပါ။

ဘုရားဖူးတစ်ခုခုထွက်သွားပြီး ပြန်လာမှ ထီထိုးပါ။ မသွားဖြစ်လျှင် ဘုရားဖူးခရီးသွားသူနှင့် လူကြုံထီထိုးပါ။

ဧပြီလတွင် ၁၊ ၂၊ ၉၊ ၅ ဂဏန်းများ ကံစပ်နေပါသည်။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

(၁)ညွှန့်၊ ပျဉ်းမ(၅)ညွှန့်။
နင်းကြမ်း- ဆီး(၃)ခက်၊ သီဟိုဠ်(၆)ရွက်၊ ကြံ(၂)ရွက်။
နင်းကြမ်းစွန့်ရန်- မြောက်အရပ်။

**(၁) နာရီခွဲမှ (၃) နာရီအတွင်း**

ကြာသပတေးသားသမီး/ ကြာသပတေးနာမည်ရှင်တို့သည် -
မျက်နှာမူရာ- အရှေ့အရပ်။
ဆောင်ပန်း- ကံ့ကော် (၂) ညွှန့်၊ သပြေ (၆) ညွှန့်၊ ဆီး (၃) ညွှန့်။
နင်းကြမ်း- အုန်း(၁)လက်၊ ရွက်လှ(၄)ရွက်၊ ဒန်း(၇)ခက်။
နင်းကြမ်းစွန့်ရန်- တောင်အရပ်။

**(၃) နာရီမှ (၄) နာရီခွဲအတွင်း**

အင်္ဂါသားသမီး/အင်္ဂါနာမည်ရှင်တို့သည်-
မျက်နှာမူရာ - အနောက်တောင်အရပ်။
ဆောင်ပန်း- ဒန်း(၇)ညွှန့်၊ ရွက်လှ(၄)ညွှန့်၊ အုန်း(၁)ညွှန့်။
နင်းကြမ်း- သီဟိုဠ်(၆)ရွက်၊ ကြံ(၂)ရွက်၊ ပျဉ်းမ(၅)ရွက်။
နင်းကြမ်းစွန့်ရန် - အရှေ့အရပ်။

နင်းကြမ်းအရွက်နံများတွင် မိဘနံများပါနေပါက ခေါင်းလျှော်ခေါင်းဆေးယတြာကြီးကို မပြုပါနှင့်။ ရိုးရိုးသာ တရော်ကင်ပွန်းနှင့် သမ္ဘဓွေ(၁၀)ခေါက်ရွတ်ပြီး ခေါင်းလျှော်ပါ။

နှစ်ဆန်းတစ်ရက်နေ့မှစ၍-

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် အတိတ်ကောင်း နိမိတ်ကောင်းယူရမည့် မင်္ဂလာနှစ်သစ်ကို စတင်ပါပြီ။

ဖြစ်နိုင်ပါက နှစ်ဆန်းတစ်ရက်နေ့တွင်ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊ ဗုဒ္ဓါနုဿတိဘာဝနာများ ပွားများခြင်းဖြင့်သာ မင်္ဂလာယူ၍ စတင်ပါ။

မင်္ဂလာမရှိသော စကားများကို ပြောဆိုခြင်း၊ မင်္ဂလာမရှိသော တေးသီချင်းများကို နားထောင်ခြင်း၊ မင်္ဂလာမရှိသော ဇာတ်ကားများကို ကြည့်ရှုခြင်း၊ ဆဲရေးတိုင်းထွာ ခိုက်ရန်ဖြစ်ပွားခြင်း စသည်တို့ကို ရှောင်ရှားသင့်ပါသည်။

ရတနာမြတ်သုံးပါးကို ယုံကြည်ခြင်းကင်းမဲ့သူများ ဤနှစ်ဦးမင်္ဂလာယတြာကြီးကို မပြုလုပ်သင့်ပါ။

ဤနှစ်ဦးမင်္ဂလာယတြာကြီးများသည် -

ကာယကံကောင်းမှု၊ ဝစီကံကောင်းမှု၊ မနောကံကောင်းမှုများဖြင့်သာ ဘေးကင်းရန်ကင်း အန္တရာယ်ကင်းပြီး ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာ ပြည့်စုံကြပါလိမ့်မည်ဟု မေတ္တာစကားပြောကြားရင်း။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



ဆတ်တော်ရှင် လာဘမုနိဘုရား



ရင်ပြင်ပေါ်ရှိ ပုဂံခေတ် ရှေးဟောင်းရုပ်ပွားတော်များ

# ကလောမြို့နယ်တွင် အံ့မခန်းဖွယ်ရာ
# ရှေးဟောင်းတန်ခိုးကြီးဘုရားများ

**မနွယ်(ကလော)**


အရှေ့ရိုးမ ရှမ်းကုန်းမြင့်ကြီးပေါ်ရှိ ရှမ်းပြည်နယ်တောင်ပိုင်းတွင် မြို့နယ်တစ်မြို့နယ်အဖြစ်ပါဝင်သော ကလောမြို့ကို မန္တလေးတိုင်းဒေသကြီး၏ နယ်နိမိတ်အဆုံး၊ ရှမ်းပြည်နယ်၏အစ အဝင်ဝ၌ ပထမဆုံး ခရီးဦးကြိုဆိုနေသည်ကို တွေ့ရှိနိုင်ပါသည်။ ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေပေါင်း (၄၃၁၅) ပေ၌ တည်ရှိ၏။

ကလောမြို့၏ မြို့နယ်မှတ်တမ်းများအရ ရှမ်းပြည်နယ်တောင်ပိုင်း၏မြို့နယ်များတွင် ရှိသော အကျယ်ဝန်းဆုံးဟူ၍ မှတ်သားဖတ်ရှုရဖူး၏။ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ဘော်ဆိုင်း စသည် မြို့ (၄) မြို့ ပါဝင်ဖွဲ့စည်းထားပါသည်။

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် နယ်ချင်းထိစပ်နေသည်ဖြစ်၍ ဗမာ၊ ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ တောင်ရိုး၊ ဓနုတိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို စိတ်ဝင်စားဖွယ် တွေ့ရှိနိုင်၏။

တိုင်းရင်းသားအများစုတို့မှာ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ် ဆည်းကပ်သူများဖြစ်ကာ သာသနာတော်သည် မီးရှူးတန်ဆောင်အဖြစ် ထွန်းပြောင်ဝင်းပနေသည့်အရပ်ဒေသဟု ဆိုရပေမည်။ ဘာသာ၊ သာသနာရေးကို အထူးဦးစားပေးသည်ဖြစ်၍ အလှူဒါနပြုကြသူတိုင်း သဒ္ဓါထက်သန်မှုကို 'တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား' ဟူ၍ ဟစ်ကြွေးကျူးရင့်နေသော ရိုးရာဆောင်ပုဒ်မှာ တစ်သက်တာမရိုးနိုင်အောင် ရှိနေပေသည်။

ရှမ်းကုန်းမြင့်ဒေသသည် သာသနာတည်မည့်ဒေသအဖြစ် ရှေးနှစ်ပေါင်းများစွာ (သီရိဓမ္မာသောကမင်းကြီးလက်ထက်) နှင့် ရှေးနှစ်ပေါင်း (၁၀၀၀) ကာလ သမိုင်းဝင် သာသနာပြုမင်းမြတ် အနော်ရထာလက်ထက်မှစ၍ သတ်မှတ်ချက်ရှိခဲ့သည်ဟု ပေစာ၊ ပုရပိုက် အထောက်အထားများနှင့်တကွ တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားများ၊ ပုထိုးတော်၊ စေတီတော်၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ မျက်မှောက်ထင်ရှားဖူးတွေ့နေရခြင်းဖြင့် သက်သေခံလျက်ရှိပေသည်။



သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် ဥဿုလုံမွေးရှင်တော်စေတီတော်မြတ်ကြီး

ကလောမြို့ဆိုလျှင် မြန်မာပြည်တစ်နံတစ်လျားသာမက နိုင်ငံခြားဧည့်သည် ကမ္ဘာလှည့်ခရီးသည်တို့၏လောကဥ္စပါ စိတ်ဝင်တစားရှိနေကြကာ ရေပန်းစားနေ၏။

ကလောမြို့သည် အစဉ်သဖြင့် အေးမြချမ်းမြေ့သာယာမှုရှိနေသော ရာသီဥတုနှင့် အမြဲ စိမ်းလန်းသော သစ်တောသစ်ပင်၊ ပန်းမန်၊ ရေ၊မြေ၊တောတောင် သဘာဝအလှအပများနှင့် သာယာရှုမော မြို့ကလောဟု တင်စားတတ်ကြသလို ထင်းရှူးမြို့တော်၊ မောမြေဦး၊ စိန်ပန်းပြာမြေ၊ ချယ်ရီရိပ် စသည်ဖြင့် တင်စားချက်အမျိုးမျိုးဖြင့် ထင်ပေါ်နေ၏။

ဒေသခံ စာပေသမားတစ်ဦးဖြစ်သော စာရေးသူမှာ မွေးရပ်မြေ၏ထူးခြားဂုဏ်များကို အချိန်ရတိုင်း၊ အခွင့်သာတိုင်း စူးစမ်းလေ့လာရှာဖွေစုစည်းကာ အကြောင်းအရင်းခံ သမိုင်းနောက်ခံများ ဆောင်းပါးတစ်ပုဒ်ချင်းရေး၍...



www.burmeseclassic.com

www.burmeseclassic.com

စက်ပရိသတ်များသို့ ကြိုးပမ်းကာ တင်ပြရပါသည်။

**ကလောပေါ်ထင် အမည်တွင်**


ကလောမြို့၏ အခြားမြို့များနှင့်မတူ တစ်မူထူးခြားချက်မှာ မြို့တည်နေပုံအနေအထားပင် ဖြစ်ပါသည်။ ထိုသို့ ထူးခြားချက်မှ ဝိသေသလက္ခဏာအရ မြို့၏အမည် 'ကလော' ဟူ၍ ဖြစ်လာရခြင်းကို မြန်မာ့စွယ်စုံကျမ်း အတွဲ (၁)၌ မြို့၏ဝန်းကျင် ရပ်ရှစ်ခွင်တို့၌ တောင်ကုန်းမြင့်၊ တောင်တန်းရှည်၊ တောင်စွယ်၊ တောင်နှာမောင်းအသွယ်သွယ်များ ပတ်ကာ ဝိုင်းရံနေသည်ဖြစ်ရာ ဇလုံ၏ပုံသဏ္ဌာန်နှယ် တူပါသည်။ 'ကလောက်' ဆိုသည်မှာ ပလောင်ဘာသာစကားဖြစ်ပြီး 'ဇလုံ'ဟု အဓိပ္ပာယ်ရသဖြင့် မြို့ကို ရှေးခေတ်က 'ကလောက်' ဟူ၍ ခေါ်ဝေါ်ခဲ့၏။ ကာလရွေ့လျားလေသော် ကလောက်မှ ကလော ဟူ၍ အသံထွက်အတိုင်း အမည်တွင်ခဲ့ခြင်း ဖြစ်သည်ဟု ဖော်ပြပါရှိပေသည်။

မြို့နယ်မှတ်တမ်းတွင်လည်း ထိုအတိုင်းပင် ပါရှိခဲ့ပြီး ရှမ်းလူမျိုးများအနေဖြင့် ရှေးခေတ်က တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသတို့ ကုန်စည်ကူးသန်းဆက်သွယ်ရာတွင် ကုန်တင်နွားလှည်းများ စခန်းချရပ်နားရာ ထိုအရပ်ကို စခန်းသာ၊ ရှမ်းဘာသာဖြင့် 'ကယ်လော့' ဟူ၍ ခေါ်ဝေါ်ခဲ့ရာမှ ကာလကြာမြင့်သော် 'ကလော' ဟုပင် အမည်တွင်နေသည် ဆို၏။

ကလောမြို့နယ် မြေတစ်ခွင်တွင် အဆိုပါ ယေဘုယျထူးခြားချက်များအပြင် ပုဂံခေတ်ယဉ်ကျေးမှု အနုပညာလက်ရာများဖြင့် တန်ဆာဆင်သည့် ဘုရားပုထိုး၊ စေတီတော်၊ ရုပ်ပွားဆင်းတုတော်များ တန်ခိုးကြီးလျက်ရှိရာ ထိုအဓိက ထူးခြားချက်များအား 'အံ့ဖွယ်ထူးထွေ ကလောမြေ' ဟူ၍ တင်စားချက်တစ်ခု ဖြည့်စွက်ရပါသည်။

**အံ့ဖွယ်စုံလင် ကလောနယ်တစ်ခွင်**

တောင်ခိုးတွေဝေ၊ မြူခြေတွေဆိုင်းလျက် ပြာမှိုင်းလျက်ရှိနေသော ကလောမြို့နယ် ဝန်းကျင်တစ်ဝိုက်တို့တွင် အနော်ရထာမင်းကြီးနှင့် ပုဂံမင်းအဆက်ဆက်တို့၏ ကောင်းမှုတော် ဘုရားပုထိုး စေတီတော် ရုပ်ပွားတော်မြတ်များ ကိန်းဝပ်စံပယ် သီတင်းသုံးနေတော်မူသည့် တောင်ကုန်းမြင့်၊



ပွင့်လန်း ကျောက်သပိတ်စေတီတော်မြတ်ကြီး (မြင်းမထိလိုဏ်ဂူအပြင်ဘက်)

ကျောက်ဂူ လိုဏ်းခေါင်း ဥမင်တို့တွင် အထင်ကရ သဘာဝလိုဏ်ဂူတော်(၃)ခု၊ ကြာမျိုးငါးမည်နှင့်ပန်းတင့်သည့် ရေအိုင်ကြီး (၄)အိုင်၊ ပန်း (၅) ပန်း ဟူသော ရှမ်းပြည်နယ်တွင် 'ပန်း' အမည်ပါ ဘုရား (၉)ဆူ (ပန်းကိုးပန်း) ဟူ၍ရှိရာ ကလောမြို့နယ်တွင်းမှာပင် ပန်း (၅) ပန်း ပါဝင်နေသည်။ ရွှေ (၅) ရွှေ 'ရွှေ' အမည်ပါ ဘုရားစေတီများလည်း တည်ရှိနေရာ ပုဂံမင်းဆက်များနှင့် ဆက်နွယ်မှုရှိနေပြီး 'ကလော' ဟူသော ဝေါဟာရထက် ပို၍ ရှေးဦးကျသည်ဟု ကြားဖူးနားဝအပြင် မှတ်တမ်းကိုပါ ဖတ်မှတ်ရပါသည်။

၁။ ကလော ရွှေဥမင် သဘာဝလိုဏ်ဂူဘုရား
ကလောမြို့ အမှတ်(၉) ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ ဥမင်ရပ်ကွက်ဟောင်း၊

၂။ မြင်းမထိလိုဏ်ဂူ ဥဏ္ဏာလုံမွေးရှင်တော်ဘုရား၊

၃။ ကလောမြို့နယ် အောင်ပန်းမြို့ သူရဲကျေးရွာတွင် သူရဲဥမင်ဂူ ဟူ၍ (၃)နေရာ (၃)ဌာနတို့၌ ဥမင်ဂူဘုရားများ တည်ရှိနေသည်။

**အင်း(၄)အင်း၊ ကန်(၄)ကန်**

၁။ အင်းပြင်သိမ်ကန်
ကလောမြို့ အရှေ့ဘက် (၂)မိုင် အင်းပြင်ရွာ။

၂။ မြက်ရဲအင်း
(ယခုအခါ၌ ရေခန်းသွားပြီ ဖြစ်သည်။) ကလောမြို့ မြက်ရဲအင်း ရပ်ကွက်ဟု အမည်တွင်လျက် ရှိ၏။

၃။ အင်းပက်လက်ကန်
ရွှေဥမင်ဘုရား အနောက်တောင်ဘက်။

၄။ ပင်ဇီအင်း
ရေအေးကန်၊ မြို့လူထုသောက်သုံးရေဖြန့်ဝေဆဲ၊ ကလောမြို့အနောက်ဘက်။

**ပန်း (၅) ပန်း**

ပန်းအမည်ဝါဘုရားများ-

၁။ ပန်းခါစေတီတော်
ကလောမြို့ နန်းသဲရပ်။

၂။ ပန်းဖော်ဘုရား
ကလောတောင်ဘက် မြင်းတိုက်ဘုတာမရောက်မီ ကိုးနဝင်းစေတီခေါ် ဘုရားကိုးဆူ။

၃။ ပန်းလုံးစေတီတော်
မြင်းမထိကျေးရွာ၏ အနောက်ဘက်။

၄။ အောင်ပန်းစေတီ
ကလောမြို့နယ် အောင်ပန်းမြို့ရှိ လွယ်မယ်တောင်ပေါ်။

၅။ ပန်းဖယ်စေတီ
ကလောမြို့နယ် နန်းတိုင်းကျေးရွာ။

**ရွှေ (၅) ရွှေ**

ရွှေအမည်ပါ စေတီဘုရားငါးဆူ။

၁။ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား
အမှတ်(၉)ရပ်ကွက်၊ နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၂) ရက်နေ့ ပွဲတော်ကျင်းပ။

၂။ ရွှေလင်းလွန်းစေတီ
ကလောမြို့ မြို့မ ပရိယတ္တိစာသင်တိုက်အတွင်း နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၁၀) ရက်တွင် ပွဲတော်ကျင်းပ။




www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သား မြင်းနှင့် ခုန်ကျော်ခဲ့သော မြင်းမထိတောင်တော်ပုံ



အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော စေတီနှင့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ (ပထမအဆင့်)

**၃။ ရွှေကံ့သာစေတီ**
**ကလောရဲစခန်းမြောက်ဘက်။**

၄။ ရွှေစာရီစေတီ
အင်းပြင်ကျေးရွာ ခြသေ့်နှစ်ကောင်တောင်။

၅။ ရွှေမင်းဖုန်းစေတီ
ရွှေမင်းဖုန်း၊ ပလောင်တောင်တပေါင်းလပြည့်နေ့တိုင်း ပွဲကျင်းပ။ **'ရွှေညီနောင်ဘုရားများ'** ဟုလည်း ခေါ်တွင်ပါသည်။

ဖော်ပြပါ ဘုရားစေတီများနှင့် ရေတွင်းရေကန်များသည် ကလောမြို့ဟူ၍ မဖြစ်တည်မီ နှစ်ပေါင်းများစွာကတည်းက ရှိနှင့်နေပြီး ဖြစ်ပါသည်။ ကလောမြို့တွင် ရှေးဟောင်းဘုရားများ၊ ကျေးရွာများ၏ နောက်ခံသမိုင်းသည် ပုဂံခေတ်နှင့် ဆက်နွှယ်မှုရှိနေ၏။

ဟံသာဝတီ ဦးဘရင် ရေးသည့် အနော်ရထာ စာအုပ်တွင် ကောဇာနှစ် ၄၁၆ ခုနှစ်တွင် အနော်ရထာမင်းစောသည် ညောင်ရွှေ အင်းတိန်အရပ် ပေါ်ရိသဘုရားကို တည်ခဲ့ပြီးနောက် နေပြည်တော် ပုဂံသို့အပြန်တွင် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်များရှိရာအရပ်သို့ ရောက်ရှိတော်မူသည် ဟူ၍ ဖော်ပြပါရှိသည်။

သာသနာနှစ် ၂၁၈ ခုနှစ်တွင် မင်းအဖြစ်သို့ ရောက်ရှိတော်မူသော မဇ္ဈိမတိုင်း ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးသည် မြတ်ဗုဒ္ဓဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင့်ကို ကြည်ညိုတော်မူသည့် အထိမ်းအမှတ်အဖြစ် ရေတွင်း ရေကန်ပေါင်း (၈၄၀၀၀)၊ ကျောင်းဇရပ်ပေါင်း (၈၄၀၀၀)၊ ဘုရားပုထိုးစေတီတော်ပေါင်း (၈၄၀၀၀) တို့ကို ဆောက်လုပ်လှူဒါန်းတော်မူရာ သာသနာနှစ် ၂၃၅ ခုနှစ်တွင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ် အမှူးပြု၍ ကိုးတိုင်း ကိုးဌာနတို့သို့ ရဟန်းတော်များစေလွှတ်ကာ သာသနာပြုစေတော်မူခဲ့သည်။

သာသနာတည်မည့် အရပ် (၉) ဌာနတို့တွင် မြန်မာပြည် ပါဝင်သည်ဖြစ်၍ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ ရောက်ရှိလာရာ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) အားရည်စူး၍ စေတီတော်၊ ပုထိုးတော်ပေါင်း (၈၄၀၀၀) တို့ အပါအဝင်ဖြစ်သော ဘုရားပုထိုး စေတီတော်ပေါင်းများ တည်ဆောက်လှူဒါန်း ကိုးကွယ်သာသနာပြုခဲ့ပေသည်။

သို့ဖြစ်၍ သီရိဓမ္မာသောကမင်းကြီးသည် အနော်ရထာဘုရင် မပေါ်ပေါက်မီ ဘီစီ ၃၀၇၊ မြန်မာနှစ် ၁၁၇၄ ခုနှစ်ခန့်က မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ တည်ခဲ့ကြောင်း မှတ်တမ်းအရ သိရှိရပါသည်။

ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်သည် ရှမ်းပြည်နယ်ဒေသရှိ သီရိဓမ္မာသောကမင်းကြီး စေတီတည်ရာ အရပ်များသို့ ရောက်ရှိခဲ့သည်မှာလည်း ထင်ရှားပါသည်။

ရှေးလူကြီးမင်းတို့၏ ပါးစပ်ရာဇဝင်များနှင့် မြင်းမထိလိုဏ်ဂူဘုရား ပေစာသမိုင်း၊ ကလော ရွှေဥမင်လိုဏ်ဂူ စာပေ ပုရပိုက်တို့မှ မှတ်တမ်းသည် ထပ်တူဖြစ်နေခဲ့၏။

မှန်နန်းရာဇဝင် (စာ-၂၃၆) ၌ ဖော်ပြထားသည့် မှတ်တမ်းအရလည်း ကလောမြို့နယ် ဖြစ်တည်မည့် နေရာအနီးဝန်းကျင် အရပ်ဒေသများရှိ 'မြင်း' အမည်ပါ ကျေးရွာများ၏ဖြစ်စဉ်အရ သညာပြုထားပုံကို မှတ်သား အတည်ပြုနိုင်ပေသည်။

တစ်ရံရောအခါ လက်ထုပ်အရပ်ရှိ ချိုင့်ကြီးအတွင်းမှ အင်အားကြီးမားသော မြင်းကြီးလေးကောင်ထွက်လာပြီး လူအများ၏ စိုက်ခင်းများ၊ ကောက်ပဲသီးနှံများကို ဝင်ရောက် စားသောက်ပစ်ကြောင်း။ ခြောက်လှန့်၍လည်းမရ၊ ဖမ်း၍လည်းမနိုင်၊ ပိုင်ရှင်လည်းမပေါ် သဖြင့် အနော်ရထာမင်းကြီး၏နားတော်ပေါက်ရာ မင်းကြီးက ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဟူသော သူရဲကောင်း (၄) ဦးတို့အား စေလွှတ်



www.burmeseclassic.com

www.burmeseclassic.com

ရာ သူရဲကောင်းတို့သည် မြင်းများကိုခြံခုလုပ်ပြီး ရေသို့ကျစေကာ ခုန်အုပ်တက်စီးပြီး ဖမ်းယူနိုင်ခဲ့၏။ ထို့နောက် မြင်းများကို လေ့ကျင့်ပြီး ပုဂံနေပြည်တော်သို့ ဆောင်ယူကြသည်။

မြင်းထွက်လာသော နေရာကို မြင်းတွင်းရွာ၊ ယခုတိုင် ကလေးမြို့နယ်နှင့် ပင်လောင်းနယ်ကို နယ်ခြားသတ်မှတ်သည့် ဘီလူးချောင်းအနီး ကလေးနယ်အတွင်းရှိသောရွာ ဖြစ်၏။

မြင်းများကိုဝိုင်းဝန်းဖမ်းဆီးသည့်နေရာ မြင်းဝန်းရွာ၊ ကာလရွေ့၍ အသံထွက်ပြောင်းကာ 'အင်းဝန်း' ဖြစ်နေပြီး မြင်းမထိရွာနှင့် (၁) မိုင်ကျော်ခန့်အကွာတွင် တည်ရှိသည်။ မြင်းများကိုဖမ်းယူနိုင်ခဲ့ပြီး ခရီးဆက်ရာတွင် ကျန်စစ်သားသည် မြင်းကိုစီးလျက်သားနှင့် မြင့်မားမတ်စောက်သည့် တောင်ကြီးကို ခုန်ကျော်ရာ တောင်နှင့် မြင်းခြေမထိဘဲ တောင်ကို ကျော်လွှန်၍ တစ်ဖက်သို့ ကျရောက်ရာ ထိုတောင်ကို 'မြင်းမထိ' တောင်ဟု ယနေ့တိုင် အမည်တွင်၏။ တောင်ခြေမှ ထိပ်ဖျားအထိ အမြင့်ပေပေါင်း (၁၀၇၅) ပေ မြင့်၏။ ဗိုလ်မှူးကြီးလှအောင် ဦးဆောင်သော မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့မှ တက်ရောက်ခဲ့သည့် အထင်ကရတောင်မြင့်ကြီး ဖြစ်သည်။ ထိုတောင်ကို အစွဲပြု၍ မြင်းမထိကျေးရွာ ဟူသော စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းတွင်ကျယ်သည့်ရွာကြီး ဖြစ်သည်။ မြင်းမထိရွာသည် မြင်းမထိ၊ ဈေးကုန်းရွာ၊ သလဲပြားရွာ၊ တောင်ရွာ၊ အပေါ်ရွာ ဟူ၍ ရွာ(၄)ရွာကြီး ဧရိယာကျယ်ဝန်းစွာ ဖွဲ့စည်းနေပါသည်။

ထို့နောက် ကျန်စစ်သားသည် မြင်းခြေကျသည့်နေရာနှင့် အတန်ငယ်အွာလှမ်းသော တောင်ကုန်းတစ်ခုတွင် ခေတ္တနားကာ မြင်းအား စားကျက်လွှတ်ကျောင်းသည့်နေရာကို မြင်းလှန်တော်၊ စားကျက်အနီး ရေတွင်းကို မြင်းလှန်တွင်းဟု ခေါ်တွင်၏။

ထိုမှ မြောက်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ရာ မြင်းများက တခုန်မြူးထူးသည့်အရပ်ကို 'မြင်းကရွာ' ဟု ယနေ့တိုင် အမည်တွင်၏။ မြင်းကရွာသည် ကလေးမြို့ အရှေ့မြောက်ယွန်းယွန်း (၂) မိုင်ခွဲအကွာ၌ တည်ရှိပါသည်။

ကျန်စစ်သားနှင့် သူရဲကောင်းတို့သည် မြင်းကအရပ်မှ ခရီးနှင်ခဲ့ကြရာ ကလေး၏အနောက်တောင်ဘက် (၄) မိုင်အကွာအရောက်တွင် မြင်းများ ဒုန်းစိုင်းပြေးကြသည်ဖြစ်၍ ထိုနေရာတောင်ကုန်းအရပ်ကို 'မြင်းစိုင်းကုန်း' ရွာ ဟူ၍ ခေါ်ဝေါ်ခဲ့ရာ ယနေ့တိုင် ဖြစ်ပါသည်။ မြင်းများသည် ဒုန်းစိုင်းပြေးနေရာမှ နောက်ကြောင်းပြန်လှည့်ပြီး အနော်ရထာမင်းကြီးတည်ထားခဲ့သော ကလေးမြို့နယ်ရှိ ဘုရားများရှိရာအရပ်သို့ ဦးတိုက်ကြရာ ထိုနေရာကို 'မြင်းတိုက်' ကျေးရွာ (သာစည်-ကလေးနယ်ခြား) ဟု ခေါ်တွင်၍ ၎င်းနေရာရှိ ဘုတာကို အချို့က 'ကလေးအလွန် တစ်ဘူတာ' ဟု ခေါ်ကြသည်။

'မြင်း' အမည်ပါအရပ်များအားလုံးအနက် မြင်းကအနီးရှိ မြင့်မားသော တောင်တန်းကြီးမှာ အိုးစည်တစ်လုံး၏ စည်မျက်နှာပြင်နှယ်ဖြစ်နေ၍ 'အိုးစည်တောင်' ဟု ခေါ်သည်။ ထိုတောင်ကို 'ကဆုန်တောင်' ဟုလည်းခေါ်ပြီး ကဆုန်တောင်ဘုရားစေတီနှင့် လျောင်းတော်မူရုပ်ပွားတော်မြတ်ကိုလည်း ဖူးတွေ့နိုင်ပါသည်။

မြင်းမထိတောင်မှာ ဖော်ပြပြီးသကဲ့သို့ မြင့်မားမတ်စောက်၍ ဝိသေသထူးသလို မြင်းမထိရွာအနီးရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများလည်း ထင်ရှားရှိပြီး မြင်းမထိရွာနှင့် တစ်မိုင်အကွာရှိ ပန်း(၅)ပန်းတွင် အပါအဝင်ဖြစ်သော ပန်းလုံးဘုရား တည်ရှိသည်။ (သီးခြားဆောင်းပါးဖြင့် ဖော်ပြပါမည်။)

**မြင်းမထိသဘာဝလိုဏ်ဂူ ဥဏ္ဏာလုံမွေးရှင်တော်ဘုရား**

သီရိဓမ္မာသောကမင်း၏ ကောင်းမှုတော်ဖြစ်သော ဥဏ္ဏာလုံမွေးရှင်တော်မြတ် ကိန်းဝပ်စံပယ်ရာ မြင်းမထိလိုဏ်ဂူတော်သည် အံ့သြ ချီးကျူးလောက်သည့် ထူးခြားသော ဝိသေသများဖြင့် တန်ဆာဆင်လျက် ဖူးတွေ့နိုင်ပါသည်။

ဥမင် လိုဏ်ခေါင်းတစ်လျှောက် ကျောက်စက်ပန်းဆွဲများရှိပြီး ကျောက်စက်ရေများ ဂူအမိုးမှ တစက်စက်ကျနေပေရာ ဂူအတွင်း၌ အေးစိမ့်နေတော့သည်။ ထိုရေများသည် ခြေချင်းဝတ်ထိ နစ်နေတတ်၏။ လိုဏ်ဂူအတွင်းသို့ ရှေးယခင်ကပင် ရေများဝင်နေ၍ 'ရေဝင်ဂူ' ဟုလည်း ခေါ်တွင်သည်။ ထိုဝင်သော ရေများမှာ ဂူထဲရှိ ထူးပေါက်တစ်ခုထဲသို့ စီးဝင်ငုပ်လျှိုးပျောက်ကွယ်သွား၏။ လိုဏ်ဂူ၏အရှည်မှာ (၁၀၂၈) ပေ ရှိ၍ တစ်ဖက်တစ်ချက်တွင် လိုဏ်ဂူပေါက်များ ရှိ၏။

လိုဏ်ဂူတွင်း၌ သီရိဓမ္မာသောကမင်းကြီး၏ကောင်းမှုတော် ဥဏ္ဏာလုံမွေးရှင်တော့်စေတီမှာ နှစ်ပေါင်း (၂၃၀၀) ခန့် ကြာမြင့်ပြီဖြစ်သော်လည်း အခြားသော ရှေးဟောင်းစေတီတော်၊ ရုပ်ပွားတော်များမှာ အနော်ရထာမင်းနှင့် ပုဂံမင်းအဆက်ဆက်တို့၏ ကောင်းမှုတော်ဖြစ်ပြီး နှစ်ပေါင်း (၁၀၀၀) ခန့် ကြာမြင့်ခဲ့ပြီဟု ပေစာ ပုရပိုက် မှတ်တမ်းအရ သိရှိရခြင်း ဖြစ်သည်။ ပေစာ ပုရပိုက်မှာ မြင်းမထိဘုန်းတော်ကြီးကျောင်း၌ သိမ်းဆည်းထားသည်ဟု သိရ၏။

၁၉၉၆ ခုနှစ်တွင် ကလေးမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(ယခု မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) မှ ဦးဆောင်ပြုပြင်မွမ်းမံခဲ့ရာ လိုဏ်ဂူတော်အတွင်း သွားလမ်းများခင်းခြင်း၊ ရေဝပ်သည့်နေရာများ၌ သံလှေကားများတပ်ဆင်ခြင်း၊ ရုပ်ပွားတော်မြတ်များ, စေတီတော်များ ရွှေသက်န်းကပ်လှူခြင်း၊ လျှပ်စစ်မီးများ သွယ်ယူပူဇော်ခြင်း စသည်တို့ ဆောင်ရွက်၏။ ထို့ကြောင့်ပင် မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဘုရားဖူး ဧည့်သည်တော်များ၊ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များဖြင့် မပြတ်စည်ကားလျက် ရှိနေပါသည်။

မြင်းမထိ လိုဏ်ဂူတော်နည်းတူ သီရိဓမ္မာသောကမင်းကြီး၏ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ၏ အထိမ်းအမှတ်စေတီတော်များ နေရာအနှံ့တည်ရှိရာတွင် ကလေးမြို့ရှိ သဘာဝလိုဏ်ဂူတော် ရွှေဥမင်ဘုရားသည်လည်း အပါအဝင်ဖြစ်ရာ ပုဂံခေတ်ယဉ်ကျေးမှု အနုလက်ရာများဖြင့် ထုံမွမ်း တန်ဆာဆင်အပ်သော ရှေးဟောင်းဘုရားစေတီ၊ ရုပ်ပွားတော်များကို အံ့ချီးမကုန် ရင်ခုန်ကြည်နူး ဖူးတွေ့နိုင်ပါသည်။ (ဆောင်းပါးရှည်အဖြစ် ဆက်လက် တင်ပြပါဦးမည်။) အချက်အလက် အနည်းငယ်ကွဲလွဲမှုရှိခဲ့ပါက စာရေးသူ၏အားနည်းချက်သာ ဖြစ်ပါသည်။

မန္တယ်(ကလေး)

*ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် မြို့မဆရာတော် (ကလေးမြို့မ ပရိယတ္တိစာသင်တိုက်) နှင့် ကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ မသူဇာဝင်းအား လည်း*



www.burmeseclassic.com

www.burmeseclassic.com

### လေးကေ-အရှင်နန္ဒမာလာ

# မြတ်ဗုဒ္ဓ၏ မဟာဘွဲ့နှင်းသဘင်အခမ်းအနား



သူရဲ့မဂ္ဂဇင်း (၁၁) နှစ်ပြည့် အထူးထုတ် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆရာတင်နိုင်တိုး၏ 'ရှေးကဘွဲ့ပေးပုံ' ဆောင်းပါးကို ဖတ်ရသည်။ 'ရှေး' ဟူသည်မှာ မြန်မာဘုရင်များ အုပ်စိုးစဉ်ကာလကို ဆိုလိုခြင်းဖြစ်၏။

မင်းညီမင်းသားများကို ဘွဲ့ပေးရာ၌-

**မဟာရာဇာဘွဲ့မှာ ပထမတန်း အမြင့်ဆုံး ဖြစ်သည်။**

**မဟာရာဇာဘွဲ့၌ပင် မဟာဓမ္မရာဇာ၊ မဟာသီရိဓမ္မရာဇာ၊ သုသီရိမဟာဓမ္မရာဇာ** စသည်ဖြင့် အက္ခရာ (၆) လုံး၊ (၈) လုံး၊ (၉) လုံး အဆင့်ဆင့် မြင့်တက်သွားပါသည်။

ဒုတိယ အမြင့်ဆုံးဘွဲ့မှာ သတိုးဘွဲ့ ဖြစ်သည်။ သတိုးဘွဲ့တွင် သတိုးကျော်၊ သတိုးမင်းလှငယ်၊ သတိုးမင်းရဲကျော်စွာ စသည်ဖြင့် အက္ခရာ (၃) လုံး၊ (၅) လုံး၊ (၆) လုံး၊ (၈) လုံးအထိ ရှိသည်။

တတိယအုပ်စုမှာ မင်းရဲဘွဲ့ ဖြစ်သည်။ မင်းရဲရာဇာ၊ မင်းရဲသီဟကျော်၊ မင်းရဲမင်းလှရာဇာ၊ မင်းရဲသီရိရာဇကျော် **စသည်ဖြင့် အက္ခရာ (၄) လုံး၊ (၅) လုံး၊ (၆) လုံး၊ (၇) လုံး အသီးသီး ရှိကြသည်။**

ကုန်းဘောင်မင်းဆက် နောက်ဆုံးဘုရင် သီပေါမင်းသည် မင်းသားဘဝက သုသီရိမဟာဓမ္မရာဇာဘွဲ့ ရရှိခဲ့သူ ဖြစ်သည်။ မင်းညီမင်းသားတို့ရသောဘွဲ့တွင် အမြင့်ဆုံး ဖြစ်သည်။

ယခုခေတ်တွင်လည်း သာသနာတော်ကို ချီးမြှင့် ထောက်ပံ့ကြသူများ၊ **ပရိယတ္တိ**, ပဋိပတ္တိအရာတွင် ထူးချွန်တော်မူကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့ကို စွမ်းရည်အလိုက် နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်များကို အခမ်းအနားကြီးနှင့် ဆက်ကပ် ချီးမြှင့်ကြသည်။ အခြားအခြား သက်ဆိုင်ရာ ထူးချွန်သူတို့ကိုလည်း စွမ်းရည်အလိုက် သက်ဆိုင်ရာ တက္ကသိုလ်များ၊ အဖွဲ့အစည်းများက ဘွဲ့တံဆိပ်များ ပေးအပ်ကြသည်။

ချီးမြှောက်ထိုက်သူကို ချီးမြှောက်ကြခြင်းမှာ ပြုသင့်ပြုထိုက်သောကိစ္စရပ်များ ဖြစ်သည်။ ဘုရား စသော သူတော်ကောင်းတို့၏ လမ်းစဉ်ပင် ဖြစ်သည်။ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြကုန်သော ဗုဒ္ဓရှင်တော်အဆူဆူတို့သည်လည်း တပည့် သာဝကများကို စွမ်းရည်အလိုက် ဘွဲ့ တံဆိပ်တော်များ ချီးမြှင့်ခဲ့တော်မူကြ သည်သာ။

ဗုဒ္ဓရှင်တော်ချီးမြှင့်တော်မူသော ဘွဲ့မှာ နှုတ်တော်ဖြင့် မြွက်ကြားတော်မူခြင်း ဖြစ်သည်။ ဂုဏ်ထူးဘွဲ့ မမွေးသေး၍ ပုံနှိပ်စာလုံးပါသော စာရွက်ဖြင့် ချီးမြှင့်တော်မူခဲ့ခြင်း မဟုတ်ပါ။ သို့သော်လည်း ဘုရားရှင်က ချီးမြှင့်ခံရသောပုဂ္ဂိုလ်တို့သည် သာသနာတည်သမျှ နှောင်းလူတို့နှလုံးသားတွင် စွဲထင်ကျန်ရစ်ခဲ့သည်သာ။ ဗုဒ္ဓရှင်တော်ချီးမြှင့်တော်မူခဲ့သော ဘွဲ့များမှာ စွမ်းရည်အလိုက် ပထမတန်းစားဘွဲ့များ ဖြစ်ကြ၏။ ဤနေရာတွင် ဤပုဂ္ဂိုလ်သာ အမြတ်ဆုံး၊ ဘုရားရှင်ပြီးလျှင် ဤသူ ဤသူသာ အတော်ဆုံး ဟူသော ဘွဲ့များ ဖြစ်ကြသည်။ လေ့လာကြည့်ကြရအောင်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ရဟန်းသံဃာတို့အလယ်ခင်းထားအပ်သော ဗုဒ္ဓါသန ဓမ္မပလ္လင်ထက်၌ထိုင်နေတော်မူကာ တရားဟောတော်မူသည်ရှိသော်. . .

၁။ ရဟန်းတို့၊ ညဉ့်တို့ကို သိကုန် 'ရဟန်းဝါရင့်ကုန်' သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင် အညာသိကောဏ္ဍညသည် ရှိ၏။ ထိုအညာသိကောဏ္ဍညသည် အမြတ်ဆုံးပေတည်း။

၂။ ကြီးမြတ်သောပညာနှင့် ပြည့်စုံကုန်သော ငါ၏တပည့်ရဟန်းတို့တွင် သာရိပုတြာသည် အမြတ်ဆုံး။

၃။ တန်ခိုးနှင့်ပြည့်စုံကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် မဟာမောဂ္ဂလာန်သည် အမြတ်ဆုံး။

၄။ ဓုတင်အကျင့်ဖြင့် ကိလေသာကို ခါထုတ်ခြင်း ဓုတဂုဏ်၊ ဓုတင်အကျင့်ဖြင့် ကိလေသာကို ခါထုတ်ဖျက်ဆီးရန် ဟောပြောခြင်း ဓုတဝါဒဂုဏ်နှင့် ပြည့်စုံသော ငါ၏ တပည့် ရဟန်းတို့တွင် မဟာကဿပသည် အမြတ်ဆုံး။

၅။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် အနုရုဒ္ဓါသည် အမြတ်ဆုံး။

၆။ မြတ်သောအမျိုး၌ဖြစ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကာဠိဂေါဓာ အမည်ရှိသော သာကီဝင်မင်းသမီး၏သား ဘဒ္ဒိယသည် အမြတ်ဆုံး။

၇။ သာယာသောအသံ ရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် လကုဏ္ဍကဘဒ္ဒိယသည် အမြတ်ဆုံး။

၈။ ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကြုံးဝါးမြွက်ဆိုနိုင်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် ပိဏ္ဍောလဘာရဒွါဇသည် အမြတ်ဆုံး။

၉။ တရားဟောတတ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏသည် အမြတ်ဆုံး။

၁၀။ အကျဉ်းအားဖြင့် ဟောအပ်သော တရားတော်၏အနက်ကို အကျယ်အားဖြင့် ဝေဖန်တတ်သော ငါ၏တပည့်ရဟန်းတို့တွင် မဟာကစ္စာနသည် အမြတ်ဆုံး။

www.burmeseclassic.com

www.burmeseclassic.com

၁၁။ ရဟန်းတို့၊ စိတ်ဖြင့်ပြီးသောကိုယ်တို့ ဖန်ဆင်းတတ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး။

၁၂။ ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် စူဠပန္ထကသည် အမြတ်ဆုံး။

၁၃။ အရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်လိမ္မာကုန်သော ငါ၏တပည့်ရဟန်းတို့တွင် မဟာပန္ထကသည် အမြတ်ဆုံး။

၁၄။ ကိလေသာကင်းသော နေခြင်းရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် သုဘူတိသည် အမြတ်ဆုံး။

၁၅။ မြတ်သောအလှူကို ခံထိုက်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် သုဘူတိသည် အမြတ်ဆုံး။

၁၆။ တောကျောင်းနေကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ခဒိရ ဝနိယ ရေဝတသည် အမြတ်ဆုံး။

၁၇။ ဈာန်၌မွေ့လျော်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကင်္ခါရေဝတသည် အမြတ်ဆုံး။

၁၈။ ထက်သန်သော လုံ့လ ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကောဠိဝိသ အနွယ်၌ဖြစ်သော သောဏသည် အမြတ်ဆုံး။

၁၉။ ချိုသာသောစကားကို ပြောဆိုတတ်သော ငါ၏တပည့် ရဟန်းသာဝကတို့တွင် ကုဋိကဏ္ဏသောဏသည် အမြတ်ဆုံး။

၂၀။ လာဘ်များခြင်းရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် သီဝလိသည် အမြတ်ဆုံး။

၂၁။ သဒ္ဓါတရား အားကြီးကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ဝက္ကလိသည် အမြတ်ဆုံး။

၂၂။ ရဟန်းတို့၊ အကျင့်သိက္ခာကို လိုလားကုန်သောငါ၏တပည့်ရဟန်းတို့တွင် ရာဟုလာသည် အမြတ်ဆုံး။

၂၃။ သဒ္ဓါတရားဖြင့် ရဟန်းပြုကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ရဋ္ဌပါလသည် အမြတ်ဆုံး။

၂၄။ စာရေးတံမဲကို ပထမရယူတတ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ကုဏ္ဍဓာနသည် အမြတ်ဆုံး။

၂၅။ ဆန်းကြယ်သောဉာဏ်'ပဋိဘာန်' ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ဝင်္ဂီသသည် အမြတ်ဆုံး။

၂၆။ ထက်ဝန်းကျင် ကြည်ညိုဖွယ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ဝင်္ဂန္တပုဏ္ဏား၏သားဥပသေနသည် အမြတ်ဆုံး။

၂၇။ ကျောင်း၊ အိပ်ရာ၊ နေရာ ခင်းကျင်း စီမံတတ်ကုန်သော ငါ၏တပည့် ရဟန်းတို့တွင် မလ္လာမင်း၏သား ဒဗ္ဗသည် အမြတ်ဆုံး။

၂၈။ နတ်တို့ချစ်ခင် မြတ်နိုးအပ်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ပိလိန္ဒဝစ္ဆသည် အမြတ်ဆုံး။

၂၉။ လျင်မြန်စွာရသော မဂ်ဖိုလ်အသိဉာဏ်ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ဗာဟိယတိုင်းသား ဒါရုစီရိယသည် အမြတ်ဆုံး။

၃၀။ ဆန်းကြယ်စွာ တရားဟောပြောတတ်သော ငါ၏တပည့် ရဟန်းတို့တွင် ကုမာရကဿပသည် အမြတ်ဆုံး။

၃၁။ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် မဟာကောဋ္ဌိကသည် အမြတ်ဆုံး။

၃၂။ ရဟန်းတို့၊ အကြားအမြင်များခြင်းရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး။

၃၃။ (ငါ၏စကားတော်ကို ကြာမြင့်စွာဆောင်စွမ်းနိုင်သည့်) သတိရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး။

၃၄။ (ငါဟောအပ်သည့်အတိုင်း အလုံးစုံသောပုဒ်တို့ကို) သိစွမ်းနိုင်သည့် ပညာ ရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး။

၃၅။ (ငါ၏စကားတော်ကို သင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်းနှင့် ငါ့ကို ဆည်းကပ် လုပ်ကျွေးခြင်းတို့၌) လုံ့လရှိကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး။

၃၆။ (ငါ့အား) လုပ်ကျွေးသော ငါ၏တပည့်ရဟန်းတို့တွင် အာနန္ဒာသည် အမြတ်ဆုံး။

၃၇။ များသောပရိသတ် ရှိကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ဥရုဝေလကဿပသည် အမြတ်ဆုံး။

၃၈။ ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေတတ်သော ငါ၏ တပည့်ရဟန်းတို့တွင် ကာဠုဒါယီသည် အမြတ်ဆုံး။

၃၉။ အနာရောဂါကင်းကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ဗာကုလသည် အမြတ်ဆုံး။

၄၀။ ရှေး၌နေခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော ငါ၏တပည့်ရဟန်းတို့တွင် သောဘိတသည် အမြတ်ဆုံး။

၄၁။ ဝိနည်းကိုဆောင်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် ဥပါလိသည် အမြတ်ဆုံး။

၄၂။ ဘိက္ခုနီမတို့ကိုဆုံးမကုန်သော ငါ၏တပည့် ရဟန်းတို့တွင် နန္ဒကသည် အမြတ်ဆုံး။

၄၃။ ဣန္ဒြေကို စောင့်စည်းကုန်သော ငါ၏တပည့် ရဟန်းတို့တွင် နန္ဒသည် အမြတ်ဆုံး။

၄၄။ ရဟန်းယောကျ်ားတို့ကို ဆုံးမတတ်သော ငါ၏တပည့်ရဟန်းတို့တွင် မဟာကပ္ပိနသည် အမြတ်ဆုံး။

၄၅။ တေဇောဓာတ်ဝင်စားရာ၌ ကျွမ်းကျင်သော ငါ၏တပည့် ရဟန်းတို့တွင် သာဂတသည် အမြတ်ဆုံး။

၄၆။ တရားကို ထင်မြင်လွယ်သော ဉာဏ် ပဋိဘာန်နှင့် ပြည့်စုံကုန်သော ငါ၏တပည့် ရဟန်းတို့တွင် ရာဓသည် အမြတ်ဆုံး။

၄၇။ ချည် အထည် ဆိုးရည်အားဖြင့် သုံးမျိုးလုံးညံ့သော ခေါင်းပါးသောသင်္ကန်းကို ဆောင်ကုန်သော ငါ၏တပည့်ရဟန်းတို့တွင် မောဃရာဇသည် အမြတ်ဆုံးဟု မိန့်တော်မူ၏။

**ဧတဒဂ်ရ ဘိက္ခုနီများ**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူလျက် ဘိက္ခုနီမတို့ကို ရာထူးဌာနန္တရ၌ ထားတော်မူသည်ရှိသော်-

၁။ ရဟန်းတို့၊ ညဥ့်တို့ကို သိကုန်ရဟန်းဝါရင့်ကုန်သော ငါ၏တပည့် ဘိက္ခုနီတို့တွင် မဟာပဇာပတိ ဂေါတမီသည် အမြတ်ဆုံး။

၂။ ကြီးမြတ်သောပညာနှင့် ပြည့်စုံကုန်သော ငါ၏တပည့် ဘိက္ခုနီတို့တွင် ခေမာသည် အမြတ်ဆုံး။

၃။ တန်ခိုးနှင့်ပြည့်စုံကုန်သော ငါ၏တပည့်ဘိက္ခုနီတို့တွင် ဥပ္ပလဝဏ်သည် အမြတ်ဆုံး။

၄။ ဝိနည်းကိုဆောင်ကုန်သော ငါ၏



www.burmeseclassic.com

www.burmeseclassic.com

တပည့် ဘိက္ခုနီတို့တွင် ပဋာစာရီသည် အမြတ်ဆုံး။

၅။ တရားဟောတတ်ကုန်သော ငါ၏တပည့် ဘိက္ခုနီတို့တွင် ဓမ္မဒိန္နာသည် အမြတ်ဆုံး။

၆။ ဈာန်ဝင်စားခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဘိက္ခုနီတို့တွင် (မိထွေးတော် ဂေါတမီ၏သမီး ဇနပဒကလျာဏီ) နန္ဒာသည် အမြတ်ဆုံး။

၇။ ထက်သန်သောလုံ့လရှိသော ငါ၏တပည့် ဘိက္ခုနီတို့တွင် သောဏာသည် အမြတ်ဆုံး။

၈။ ဒိဗ္ဗစက္ခုအဘိညာဉ် ရှိကုန်သော ငါ၏တပည့်ဘိက္ခုနီတို့တွင် ဗကုလာသည် အမြတ်ဆုံး။

၉။ **လျင်မြန်စွာရအပ်သော မဂ်ဖိုလ် အသိဉာဏ် ရှိကုန်သော ငါ၏ တပည့် ဘိက္ခုနီတို့တွင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာသည် အမြတ်ဆုံး။**

၁၀။ ရှေး၌နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏ တပည့် ဘိက္ခုနီတို့တွင် ဘဒ္ဒါကာပိလာနီသည် အမြတ်ဆုံး။

၁၁။ မြတ်သောအဘိညာဉ်သို့ရောက်ကုန်သော ငါ၏တပည့် ဘိက္ခုနီတို့တွင် ဘဒ္ဒကစ္စာနာ (ရာဟုလာ၏မယ်တော် ယသော်ဓရာ)သည် အမြတ်ဆုံး။

၁၂။ ခေါင်းပါးသော သင်္ကန်းကို **ဆောင်သော ငါ၏တပည့်ဘိက္ခုနီတို့တွင် ကိသာဂေါတမီသည် အမြတ်ဆုံး။**

၁၃။ သဒ္ဓါတရား အားကြီးကုန်သော ငါ၏တပည့်ဘိက္ခုနီတို့တွင် သိင်္ဂါလကမာတာသည် အမြတ်ဆုံးဟု မိန့်တော်မူ၏။

**တေဒဂ်ရ (အမျိုးသား) လူပုဂ္ဂိုလ်များ**

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူးဌာနန္တရတို့၌ ထားတော်မူသည်ရှိသော်-

၁။ ရဟန်းတို့ . . .
ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ ရောက်ကုန်သော ငါ၏တပည့်ဥပါသကာတို့တွင် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အသာဆုံး၊ အမြတ်ဆုံး။

၂။ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သုဒတ္တ မည်သော အနာထပိဏ် သူကြွယ်သည် အသာဆုံး၊ အမြတ်ဆုံး။

၃။ တရားဟောတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် မစ္ဆိကာသဏ္ဍမြို့သား စိတ္တသူကြွယ်သည် အသာဆုံး၊ အမြတ်ဆုံး။

၄။ သင်္ဂဟ ဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက်ထောက်ပံ့ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် ဟတ္ထက အာဠဝကသည် အမြတ်ဆုံး။

၅။ မွန်မြတ်သောဝတ္ထုကို ပေးလှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သာကီဝင်မင်းမျိုးဖြစ်သော မဟာနာမ်သည် အမြတ်ဆုံး။

၆။ နှစ်သက်ဖွယ်ဝတ္ထုကို လှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်သည် အမြတ်ဆုံး။

၇။ သံဃာကို လုပ်ကျွေးတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် ဟတ္ထိဂ္ရာသားဥဂ္ဂတသူကြွယ်သည် အမြတ်ဆုံး။

၈။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန်သော ငါ၏တပည့်ဥပါသကာတို့တွင် သူရဇနွ (သူရမ္ဗဋ္ဌ-ဟု အဋ္ဌကထာ၌ ရှိ၏)သည် အမြတ်ဆုံး။

၉။ ပုဂ္ဂိုလ်ကိုကြည်ညိုကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် အဘယမင်းသား မွေးစားအပ်သော ဇီဝကသည် အမြတ်ဆုံး။

၁၀။ ငါနှင့်အကျွမ်းဝင်သော စကားကို ဆိုကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် နကုလပိတာ သူကြွယ်သည် အမြတ်ဆုံးပေတည်းဟု မိန့်တော်မူ၏။

**တေဒဂ်ရ လူပုဂ္ဂိုလ် (အမျိုးသမီး) များ**

ဘုရားရှင်သည် အစဉ်အတိုင်း ဥပါသိကာတို့ကို ဧတဒဂ်ရာထူး- ဌာနန္တရတို့၌ ထားတော်မူသည် ရှိသော်-

၁။ ရဟန်းတို့၊ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ ရောက်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် သေနိယသူဌေးသမီး သုဇာတာသည် အမြတ်ဆုံး။

၂။ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် မိဂါရသူဌေး၏အမိအရာ၌တည်သော ဝိသာခါသည် အမြတ်ဆုံး။

၃။ အကြားအမြင်များကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ခုဇ္ဇုတ္တရာသည် အမြတ်ဆုံး။

၄။ မေတ္တာဖြင့် နေလေ့ရှိကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် သာမာဝတီသည် အမြတ်ဆုံး။

၅။ ဈာန်၌မွေ့လျော်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် နန္ဒသတို့သား၏မိခင် ဥတ္တရာသည် အမြတ်ဆုံး။

၆။ မွန်မြတ်သောဝတ္ထုကို ပေးလှူကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကောလိယမင်း၏သမီး သုပ္ပဝါသာသည် အမြတ်ဆုံး။

၇။ သူနာကို လုပ်ကျွေးပြုစုတတ်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် သုပ္ပိယာ ဥပါသိကာမသည် အမြတ်ဆုံး။

၈။ သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကာတိယာနီသည် အမြတ်ဆုံး။

၉။ ငါနှင့် အကျွမ်းဝင်သောစကားကို ဆိုတတ်ကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် နကုလမာတာသူကြွယ်မသည် အမြတ်ဆုံး။

၁၀။ တစ်ဆင့်စကားဖြင့် ကြည်ညိုခြင်း ရှိကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကုလဃာရမြို့သူ ကာဠီ ဥပါသိကာမသည် အမြတ်ဆုံးဟု မိန့်တော်မူ၏။

ဤသို့ဆိုလျှင် ရှင်တော် ဗုဒ္ဓမြတ်ဘုရားသည် ချီးမြှောက်သင့်သော တပည့်သာဝကတို့ကို ပထမတန်းစားဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းဖြင့် သာသနာတော်စည်ပင်ပြန့်ပွား အဓွန့်ရှည်ကြာအောင် စွမ်းဆောင်ကြိုးပမ်းခဲ့လေသည်။

*ကျန်းမာ ချမ်းသာကြပါစေ*

လေးကော-အရှင်နန္ဒမာလာ

**မှီငြမ်းကိုးကား**

၁။ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ (ပထမပိုင်း)၊ (ဒုတိယပိုင်း)

၂။ အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန် (ပထမတွဲ)
(၁၄-ဧတဒဂ္ဂဝဂ် -၁-ပဌမဝဂ်မှ- ၇-သတ္တမဝဂ်အထိ)



www.burmeseclassic.com

www.burmeseclassic.com




# သွင်ဟန်ရှုမငြီး ကျိုက်ပွန်ဘုရားကြီး

ကိုအေးမြင့်
(မဟာဝိဇ္ဇာ၊ ရှေး-သု)

အချိန်သိပ်မပေးရဘဲ နေ့ချင်းပြန်လို့လည်းရ၊ ရှေးမင်းနေပြည်တော်တစ်ခုကိုလည်း သွားလည်ချင်ရင်တော့ ပဲခူးသွားတာဟာ အလွန် အဆင်ပြေတဲ့ခရီးပါ။ ဟံသာဝတီခေတ် ရှေးမြန်မာမင်း၊ မွန်မင်းတွေရဲ့နေပြည်တော် ဖြစ်ခဲ့ဖူးတဲ့နေရာပေါ့။

ပဲခူးဟာလည်း ရန်ကုန်မြို့ကနေ အရှေ့မြောက်ဘက် ကီလိုမီတာ (၈၀) အကွာလေးမှာပဲရှိတာမို့ သိပ်မဝေးလှပါဘူး။ ဒတ်ဆန်းကား အမြန်ယာဉ်လေးတွေ၊ မှန်လုံကားကြီးတွေ ကြိုက်တဲ့ကားကို ကြိုက်တဲ့နေရာကစီးပြီး ပဲခူးကို အကုန်အကျနည်းနည်းနဲ့ သွားနိုင်တာပါ။ နေ့ချင်းပြန်ခရီးသွားရင်း ၁၄ ရာစု - ၁၆ ရာစုနှစ်များအတွင်းက ဟံသာဝတီခေတ် မွန်ဘုရင်များရဲ့ ရှေးဟောင်းမြို့တော်၊ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို ထူ




www.burmeseclassic.com

www.burmeseclassic.com

ထောင်ခဲ့တဲ့ ဘုရင့်နောင်မင်းတရားကြီး စံပျော်ခဲ့ရာဌာနေကို ရောက်ရှိနိုင်တာဟာဖြင့် ကုန်ကျစရိတ်နည်းပြီး တန်ဖိုးကြီးတဲ့ အစီအစဉ်တစ်ခုပါပဲ။ ပဲခူးမြို့ထဲဝင်၊ မြို့လယ်က တံတားကိုဖြတ်ပြီး လိပ်ပြာကန်ဘက်ချိုးလိုက်တာနဲ့ ရှေးရှေးကာလ ဟံသာဝတီခေတ်အလွမ်းပြေလူတစ်ဖက်ကျော်တဲ့ ကျွန်းတိုင်လုံးကြီးတွေနဲ့တည်ဆောက်ထားခဲ့တဲ့ ကမ္ဘောဇသာဒီ နန်းတော်ကြီးရဲ့နေရာဟောင်းကို ကြည့်မလား၊ ဒီကနေ့ခေတ် ပြန်လည်တည်ဆောက်ထားတဲ့ စိတ်ကူးထဲက နန်းတော်ကြီးကိုပဲ ကြည့်မလား၊ နန်းတော်ကုန်းတစ်ပိုက်မှာ တူးဖော်ရရှိထားတဲ့ ဟံသာဝတီခေတ်က ယဉ်ကျေးမှုလက်ရာ ရှေးဟောင်းပစ္စည်းတွေကိုပဲ နန်းတော်ဝင်းထဲက ပြတိုက်မှာ လက်ဖက်ရည်တစ်ခွက်စာလောက် ဝင်ကြေး







www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



ပဲခူးမြို့အဝင်က ဆုတောင်းပြည့် ကျိုက်ပွန်ဘုရားကြီး



ပဲခူး ကမ္ဘောဇသာဒီနန်းတော်ဝင်းမှ ရှေးခေတ်ကျွန်းတိုင်များ



ပဲခူး ရွှေမော်ဓောဘုရားရှေ့က ခြင်္သေ့ကြီး



ပဲခူးမြို့မှ ကမ္ဘောဇသာဒီ
ရှေးဟောင်းသုတေသနပြတိုက်

လေးနည်းနည်းပေးပြီး ဝင်ရောက်လေ့လာမလား။

ခုဆို ဘုရင့်နောင်မင်းတရားကြီး စံမြန်းခဲ့ဖူးတဲ့ နန်းတော်ကုန်းကို ရှေးဟောင်းသုတေသနဌာနက ပြန်လည်တူးဖော်ပြီး ဒီခေတ်လက်ရာနဲ့ ကမ္ဘောဇသာဒီနန်းတော်ကြီးတောင် ပြန်လည် တည်ဆောက် ပြသထားတာပါ။ အဲ-ရှေးက တည်ဆောက်ခဲ့တဲ့ ဗိသုကာအစစ် လက်စလက်နကိုမှ ကြည့်ရှု လေ့လာချင်ရင်လည်း လူတစ်ဖက်ကျော်တဲ့ ကျွန်းတိုင်ဟောင်းကြီးတွေ ထိုးထိုးထောင်ထောင်နဲ့ နန်းတော်ရာဟောင်းကြီးရဲ့ တစ်စိတ်တစ်ပိုင်းကိုလည်း ပြသထားပါတယ်။ ကျွန်းတိုင်ဟောင်းတွေကိုချည်းလည်း ဘေးနားမှာပဲ ရှုံတစ်ခုထိုးပြီး အစီအရီ ထပ်လို့ ပြသထားရဲ့။ တိုင်တွေရဲ့အခြေပေါ်မှာထွင်းထားတဲ့ စာတန်းလေးတွေကလည်း စိတ်ဝင်စားစရာ။ အနယ်နယ် အရပ်ရပ်က နန်းတော်ကြီးတည်ဆောက်ဖို့ သစ်လုံးတိုင်တွေ လှမ်းပို့ဆက်ကြတာကို အထင်အရှား မြင်တွေ့ ဖတ်ရှုရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲခူး ဆုတောင်းပြည့် ကျိုက်ပွန်ဘုရားကြီးရင်ပြင်မှ တည်ပင်





ကျိုက်ပွန်ဘုရားကြီးမှ ရှင်ဥပဂုတ်နှင့် ရှင်သီဝလိကိုယ်တော်များ

ပါ။ ထိုခေတ် ထိုအခါက မြန်မာစာအရေးအသားကို လေ့လာနိုင်သလို တိုင်တွေပေါ်မှာထွင်းထားတဲ့ မြို့စား၊ နယ်စားတွေရဲ့အမည်တွေကိုကြည့်ပြီး အဲဒီခေတ်က ဘုရင့်နောင်မင်းတရားကြီးရဲ့ ဩဇာသက်ရောက်ရာ နယ်မြေအကျယ်အဝန်းကိုလည်း ခန့်မှန်းနိုင်ပါရဲ့။


သည့်ထက် ပိုပြီး လေ့လာချင်ရင်တော့ နန်းတော်ကုန်းအတွင်းမှာပဲ ရှေးဟောင်းသုတေသနဌာနကနေ တည်ထောင်ဖွင့်လှစ်ပြသထားတဲ့ ရှေးဟောင်းသုတေသနပြတိုက်ငယ်လေးလည်း ရှိပါသေးတယ်။ ငယ်ပေမယ့် အံ့ဩစရာ ဟံသာဝတီခေတ် အနုလက်ရာပစ္စည်းတွေကို ပြသထားတာ မြင်ရမှာပါ။ ဝင်ကြေးကလည်း လက်ဖက်ရည်တစ်ခွက်စာမို့ တန်လှပါရဲ့။ ဟံသာဝတီခေတ်က စဉ့်သုတ်ရုပ်ကြွပြားတွေဟာလည်း အတော့်ကိုလှတာ တွေ့ရပါတယ်။ အဲဒီရုပ်ကြွတွေက အရုပ်တွေမှတစ်ဆင့် ဟိုခေတ် ဟိုအခါက ဝတ်စားဆင်ယင်ခဲ့ပုံတွေကိုလည်း မှန်းဆကြည့်နိုင်ပါရဲ့။ စဉ့်စိမ်းသုတ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်တစ်ဆူရဲ့ တင်ပျဉ်ခွေထိုင်တော်မူနေတဲ့အပိုင်းဟာ ကျောက်စိမ်းဆင်းတုတော်လောက်ကို သပ္ပာယ်ပါရဲ့။ စိတ်ဝင်စားတတ်မယ်ဆိုရင်တော့ ဟံသာဝတီခေတ်က ဆင်းတုတော်အကျိုးအပဲ့လေးတွေ တူးဖော်ရရှိပြီးပြသထားတာလည်း တစ်ပုံတစ်ပင်ပါ။ ပြီးတော့ 'မာဒဘန်ဂျား' (Mataban Jar) လို့ ခေါ်တဲ့ လူတစ်ယောက် ဝင်ပုန်းပြီး လိုက်ပါသွားရင်တောင် မသိနိုင်လောက်အောင်ကြီးတဲ့ စဉ့်အိုးကြီးတွေ၊ 'မုတ္တမအိုး' လို့ ခေါ်တာပေါ့လေ။ အဲဒါမျိုးတွေလည်း လေ့လာနိုင်တယ်။ အင်း-ဟံသာဝတီခေတ်က လူကုန်ကူးရင် အဲဒီအိုးတွေထဲ မိန်းမပျိုလေးတွေထည့်ပြီး လှေ့သင်္ဘောတွေနဲ့သယ်ယူကြသတဲ့။ ဒီနေ့ ခေတ်စားနေတဲ့ လူကုန်ကူးမှုပြဿနာဟာ အဲဒီအချိန်ကတည်းကရှိခဲ့လို့ လူကုန်ကူးမှုသမိုင်းပြုစုရင် ဒါကိုလည်း ထည့်ရေးရမှာပါ။

နန်းတော်ကုန်းကနေ လှမ်းပြီးဖူးရင် ရွှေမော်ဓော စေတီတော်ကြီးကိုလည်းမြင်နေရတော့ ရှေးဘုရင်တွေဟာ အတော် နေရာယူကောင်းကြတယ်လို့လည်း တွေးမိရဲ့။ ယိုးဒယားမိဖုရားစံခဲ့တဲ့အဆောင်လို့ အရပ်ကပြောကြတဲ့ နေရာလေးကနေဖူးရင် စေတီကြီးကိုတန်းလို့ပေါ့။ နန်းတော်ကုန်းကိုလေ့လာပြီးတဲ့အခါ နေ့လယ်စာစားရင်း ရွှေမော်

www.burmeseclassic.com



ပဲခူး ကမ္ဘောဇသာဒီ ရှေးဟောင်းသုတေသနပြတိုက်မှ ရုပ်ကြွစဉ့်ချပ်များ



ပဲခူး ကမ္ဘောဇသာဒီ ရှေးဟောင်းသုတေသနပြတိုက်မှ စဉ့်သုတ်ဆင်းတုတော်

မောဘုရားကို သွားရောက် ဖူးမြော်ရင် အလွန် ခရီးသင့်ပါတယ်။ ပဲခူးရဲ့နာမည်ကျော် မနီင်းဖယ်ချဉ်ထုပ်ကလေးတွေလည်း အဲဒီမှာ ပေါတယ်။ ဘုရားဈေးမှာ ရန်ကုန်အပြန်လက်ဆောင်ပေးစရာ ဈေးသက်သာတဲ့ လက်မှုပစ္စည်းတွေလည်း ပဲခူးမှာ ပေါမှပေါပါ။ တစ်ပုံတစ်ပင် ဝယ်ချင်စရာ။ ဒေသထွက်အစားအစာတွေ ပေးမလား၊ ဘုရားဈေးက သစ်သားပန်းပုရုပ်တွေ, ပလတ်စတာရုပ်တွေပဲ ပေးမလား မျက်နှာပန်းလည်း လှပါရဲ့။ တစ်ရေးတစ်မော နားပြီးရင်တော့ အဲဒီကတစ်ဆင့် ရွှေသာလျောင်းဘုရားကြီးနဲ့ သမိုင်းဝင် ကလျာဏီကျောက်စာရှိတဲ့ ကလျာဏီသိမ်ဘက်လည်း သွားရောက် လည်ပတ်နိုင်ပါသေးတယ်။ ကလျာဏီသိမ်တော်(the Kalyani Sima - Ordination hall) ကတော့ သီရိလင်္ကာနိုင်ငံက ကလျာဏီမြစ် (Kelaniya River) ကို အစွဲပြုပြီး တည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။

ဘုရားဈေးမှာမဟုတ်ဘဲ အပြင်ဆိုင်မှာ အေးအေးဆေးဆေး နေ့လယ်စာစားသုံးချင်ရင်တော့ အရပ်ထဲက ပဲခူးရဲ့နာမည်ကျော် ဒေသထွက်အစားအစာ မနီင်းဖယ်ချဉ်သုပ်၊ ပုစွန်ချဉ်သုပ်၊ ပဲခူးနားက အင်းတွေမှာရတဲ့ ငါးရံ့အူဆီပြန်တွေပါရတဲ့ နာမည်ကြီး ကော်ကြို (ကိုကျော်မြန်မာထမင်းဆိုင်) မှာ ဈေးသက်သက်သာသာနဲ့ ခပ်မြိန်မြိန်လည်း စားနိုင်သေးရဲ့။

ဒီလို စိတ်ဝင်စားဖို့ကောင်းလှတဲ့ ဟသ်ာမောင်နှံ အထိမ်းအမှတ်ရုပ်တုနဲ့ ကြိုဆိုနေမယ့် 'ပဂိုး' ခေါ် ပဲခူးကိုသွားရောက်လည်ပတ်ဖို့ဟာ ငွေကြေးသက်သာလှပြီး အလွန်လည်းလွယ်ကူတဲ့ကိစ္စပါ။


## သွင်ဟန်ရှုမငြီး ကျိုက်ပွန်ဘုရားကြီး

ထောက်ကြန့်၊ ရဲမွန်၊ လှည်းကူး၊ အင်းတကော် လမ်းဘေးက ဆိုင်းဘုတ်တွေကို ဖတ်နေရင်းမှာပဲ ပဲခူးနားကို ရောက်လာပါတော့တယ်။ ပဲခူးကိုမဝင်ခင် ခပ်လှမ်းလှမ်းကတည်းက ရွှေမော်မောဘုရားရဲ့ရွှေရောင်အရိပ်ကို အဝေးက လှမ်းမြင်ရပါမယ်။ အဲဒီ လက်ရှိစေတီတော်ကြီးဟာ ၁၉၃၀ ပြည့်နှစ်က ပဲခူးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရပြီး ၁၉၅၀ ပြည့်နှစ်မှာ ပြန်လည် ပြုပြင်တည်ဆောက်ထားတာပေါ့။ သတိထား ကြည့်မယ်ဆိုရင် ရွှေသာလျောင်းဆင်းတု



www.burmeseclassic.com

www.burmeseclassic.com




ရှိနှန်းတော်ဝင်းမှ ရှေးခေတ်ကျွန်းတိုင်များ



ပဲခူး ကမ္ဘောဇသာဒီနန်းတော်ဝင်းမှ ရှေးခေတ်ကျွန်းတိုင်များ

တော်ကြီးရဲ့အမိုးကိုလည်း သစ်ပင်ကြိုကြားမှာ မြင်ရပါတယ်။ အဲဒီ လျောင်းတော်မူဆင်းတုတော်ကြီး (Reclining Buddha) ဟာလည်း ဘုရားစေတီပေါများတဲ့ ကိုယ်တို့မြေမှာကို ပြိုင်စံရှားတဲ့ ဆင်းတုတစ်ဆူပါ။ သမိုင်းအခြေခံလေး တွေသိထားတော့ ရှေးမြို့ဟောင်းတွေ ထဲသွားလည်တဲ့အခါ ပိုပြီး အဓိပ္ပာယ်ရှိနေတာပေ့ါ။ အဲဒီအတွေးနဲ့ ပဲခူးမြို့ထဲမပတ်ခင်မှာ အရင်ဆုံး မိတ်ဆက်ဖူးမြော်ဖို့ အလွယ်ကူဆုံးကတော့ လမ်းဘေးမှာပဲ ကပ်လျက်တည်ရှိနေတဲ့ အသွင်ထူးခြားတဲ့ ကျိုက်ပွန်ဘုရားကြီးပဲဖြစ်ပါရဲ့။

မြင်နေကျမဟုတ်ဘဲ ထူးခြားလှတဲ့ထိုင်ဟန်နဲ့ ကျိုက်ပွန်ဘုရားကြီးဟာ ရန်ကုန်-ပဲခူးလမ်းမကြီးရဲ့ဘေး ပေရာကျော်အကွာမှာပဲ ရှိနေတာပါ။ ဂရုစိုက်ကြည့်မသွားရင် ကပ်ပြီးတောင်ကျော်သွားနိုင်ရဲ့။ လမ်းမကြီးပေါ်ကနေ အထဲကိုတော့ နည်းနည်းလေး ဝင်ရတယ်။ ခဏလေးပါ။

ကျိုက်ပွန်ဘုရားကြီးဟာ ဆင်းတုတော်ကြီး (၄) ဆူ အတန်းလိုက်တည်ထားတာမဟုတ်ဘဲ ကျောချင်းကပ်ပြီး ခြေချထိုင်တော်မူနေသလိုမို့ အသွင်သဏ္ဌာန်နဲ့ ဟန်ပန်ဟာ ထူးခြားလှပါတယ်။ တင်ပျဉ်ခွေထိုင်တော်မူပြီး လက်တော်များကို စနစ်တကျထားရင်း တရားဟောတော်မူနေတဲ့ပုံတော်မျိုး မဟုတ်လေတော့ ကျိုက်ပွန်ဘုရားများရဲ့နေပုံထိုင်ပုံဟာ သက်သောင့်သက်သာရှိလှပါရဲ့။ ဘုရားကြီးတွေကို ဖူးမြင်လိုက်ရတာနဲ့ စိတ်ထဲမှာ အကြောအခြင်တွေလျော့ပြီး ကားစီးလာရလို့ ကျုံ့နေခဲ့တဲ့ ခြေတွေ၊ လက်တွေတောင် အညောင်းအညာပြေသွားသလိုပါပဲ။ ဒီထက်ပိုပြီး စိတ်ကို ပွင့်လင်းလွတ်လပ်သွားစေတာကတော့ ဆင်းတုတော်ကြီးများကို ဘာအမိုးအကာမှ မလုပ်ထားတာပါ။ မွန်းကျပ်မှုတွေက ကင်းလွတ်ပြီး စိတ်ထွက်ပေါက်ရလိုက်သလိုပါပဲ။ ကိုယ်တို့ရောက်ခဲ့တဲ့ အဲဒီနေ့က ရာသီဥတုကလည်း ပွင့်လင်းကာ သာသာယာယာရှိပြီး ကောင်းကင်တစ်ခွင်လုံးလည်းကြည်လင်နေရဲ့။ မိုးကောင်းကင် ပြာပြာလွင်လွင်မှာ တိမ်ဖြူဖြူလေးတွေသာ လွင့်မျောနေတဲ့ တိမ်ပြာသောနေ့တစ်နေ့ပေ့ါ။ မဆီမဆိုင်ပါဘဲ၊ ဆရာယုဒသန်ရဲ့သမ္မာကျမ်းစာထဲက 'မိုးလည်းကြည်လင်ပြီ၊ မြေကြီးပေါ်၌ ပန်းများပွင့်ကြသည်' ဆိုတဲ့ အပိုဒ်တောင် သွားသတိရမိသေးရဲ့။ ဟင်းလင်းပြင်ကြီးထဲက ကြီးမားလှတဲ့ဆင်းတုတော်ကြီးတွေကို မော်ဖူးလိုက်တဲ့အခါ စိတ်ထဲမှာ လွတ်လပ်ခြင်းရဲ့အရသာကို အပြည့်အဝရရှိစေနိုင်တယ်။ ကိုယ်က အိမ်တွေမှာ ဘုရားစင်တွေကိုမြင်တိုင်း မှန်ပုံးလေးတွေနဲ့ ထည့်ပြီးကိုးကွယ်ထားတာတွေ့ရင် မွန်းကျပ်တတ်တဲ့အကျင့်ဖြစ်နေလို့ ပလ္လင်ပေါ်မှာပဲ ထီးဖြူလေးမိုးပြီး ကိုးကွယ်ကြပါလားလို့ အကြံပေးတတ်သူလေ။

ခရီးဖော်တစ်သိုက်က ဘုရားပတ်လည်ကိုလှည့်ဖူးနေကြတုန်း ရှေးဟောင်းသုတေသနသမားပီပီ ဘုရားကြီးတွေကိုမော်ဖူးရင်း သမိုင်းကိုလည်း တူးဆွကြည့်နေမိရဲ့။

ကျိုက်ပွန်ဘုရားကြီး(Kyaik Pun Pagoda) ဟာ ဓမ္မစေတီမင်း (King Dhamma Zedi) အေဒီ ၁၄၇၆ ခုနှစ်က တည်ခဲ့တဲ့ဘုရားကြီးပါ။ အရပ်လေးမျက်နှာ (4 cardinal points) ကို မျက်နှာမူပြီး ကြီးမားလှတဲ့ အုတ်တိုင်ကြီးကိုမှီကာ ကျောချင်းကပ် ထိုင်တော်မူနေသော ကြီးမားလှတဲ့ ဗုဒ္ဓဆင်းတုတော်ကြီး (၄) ဆူ အစုအဝေးကို ကျိုက်ပွန်ဘုရားကြီးလို့ ဘွဲ့မည်တပ်ပြီး ခေါ်ထားတာပဲ ဖြစ်ပါတယ်။ ဆင်းတုတော် (၄) ဆူကတော့ ပွင့်ထွန်းတော်မူခဲ့ပြီးသော ကကုသန္ဓဘုရားရှင်၊ ကောဏာဂမနဘုရားရှင်၊ ကဿပဘုရားရှင်နဲ့ဂေါတမဘုရားရှင်တို့ကို ကိုယ်စားပြုတည်ထားတာ ဖြစ်ပါသတဲ့။ ဆင်းတုတော်တစ်ဆူချင်းစီအတွက် သီးခြားတံကဲတော်မရှိဘဲ ဆင်းတုတော်(၄)ဆူလုံးရဲ့နောက်မှာသာ ဘုံအုတ်မဏ္ဍိုင်ကြီးရှိနေရဲ့။ အုတ်မဏ္ဍိုင်ကြီးရဲ့ထိပ်အလယ်မှာတော့ စေတီငယ်တစ်ဆူ တည်ထားပါတယ်။ အခုအခါမှာ အတော်ကလေး သန့်ရှင်းတောင်းမွန်အောင် ပြုပြင်မွမ်းမံထားတာမို့ ဘုရားကြီးတစ်ဝင်းလုံးဟာ ရင်ပြင်တော်ကအစ သန့်ရှင်းသပ်ရပ်ပြီး သာယာစိုပြည်လှပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဂေါပကအဖွဲ့ကို ကျေးဇူးတင်စရာကောင်းတာကတော့ ရင်ပြင်တော်မှာပဲ ဘုရားကြီးနဲ့ဆိုင်တဲ့ အချက်အလက်တွေကို ကမ္ပည်းထိုးပြီး ရေးသားဖော်ပြထားတာပါ။ လွယ်လင့်တကူ ကိုယ့်ဘာသာဖတ်ရှုကြည့်ရင်း ဗဟုသုတလည်းပွား၊ ဘုရားကြီးသမိုင်းလည်း ဂဃနဏသိသွားနိုင်တာပေါ့။ ပိုလို့များအားထုတ်နိုင်ဦးမယ်ဆိုရင် နိုင်ငံခြားသားခရီးသည်များအတွက် ဘိုလိုပါရေးပြီးထားရင် ကောင်းရဲ့လို့လည်း စဉ်းစားမိခဲ့ပါတယ်။ သမိုင်းဝင် နာမည်ကျော်ဘုရားစေတီတိုင်း ဒီလိုလုပ်နိုင်ရင်တော့ အတော်ကောင်းမှာပါပဲ။

**ကျိုက်ပွန်ဘုရားကြီးအတွက် ခေတ်သစ်ကျောက်စာ**

ဘုရားကြီးရင်ပြင်တော်ပေါ်မှာရှိနေတဲ့ မော်ကွန်းကမ္ပည်းကျောက်စာတိုင်မှာရေးထိုးထားတဲ့စာကတော့ ဒီလိုပါ။ ဘုရားကြီးရဲ့တည်ဆောက်ပြုပြင်မှုမှတ်တမ်းပေါ့။ ဒီခေတ်လက်ရာဖြစ်ပေမယ်လို့ အလွန်ပဲ စိတ်ဝင်စားစရာကောင်းလှပါတယ်။

'ကဿပ ရုပ်ပွားတော်မြတ်ကြီး ပြုပြင်တည်ဆောက်ခြင်း မော်ကွန်း မင်္ဂလာကမ္ပည်းစာ'

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဆုတောင်းပြည့် လေးမျက်နှာ ကျိုက်ပွန်ဘုရားကြီးအား ကောဇာသက္ကရာဇ် ၈၃၇ ခုနှစ်တွင် ဓမ္မစေတီမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့ရာမှ ဘုရားကြီးယိုယွင်း ပျက်စီးမှုများကို ရှေးမင်းအဆက်ဆက်နှင့် ဘုရားကြီး၏အလုပ်အကျွေးများ၊ အလှူရှင် ကုသိုလ်ရှင်များမှ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်လှူဒါန်းလာခဲ့ကြသည်တွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ပဲခူးခရိုင် လယ်ဝန်နှင့် မြေစာရင်းဝန်ထမ်းများမှ ကျိုက်ပွန်ဘုရားကြီး ပြုပြင်ရေးနှင့် သာသနာ့ဝေယျာဝစ္စအဖွဲ့ကို ၁၉၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်း၍ ကျိုက်ပွန်ဘုရားကြီးနှင့်ဘုရား၏ ပရိဝုဏ်အတွင်း ဆောက်လုပ်ထားပြီးဖြစ်သည့် ကျောင်း, ကန်, ဇရပ်များနှင့်တကွ အဆောက်အအုံများ, ရေနှင့်ဓာတ်မီး, အင်ဂျင်စက်များ စသည်တို့ ပျက်စီးမှုမရှိစေရန် ကြည့်ရှုစောင့်ရှောက်မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်လှူဒါန်းခြင်း၊ ဘုရားကြီးအား ဘက်စုံပြင်ဆင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လာခဲ့ပြီး ဘုရားကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကိုလည်း ၁၉၀၂ ခုနှစ်မှစ၍ နှစ်စဉ်ကဆုန်လပြည့်နေ့တိုင်း၌ ဦးစီးကျင်းပလာခဲ့ပါသည်။

မြန်မာနှစ် ၁၂၉၂ ခုနှစ်၊ ကဆုန်လ (၅-၅-၁၉၃၀)တွင် လှုပ်ခတ်ခဲ့သော ပဲခူးငလျင်၌ အရှေ့ဘက်မျက်နှာ ကကုသန်ရုပ်ပွားတော်ကြီး ပြိုကျပျက်စီးသည်ကိုလည်း မြေစာရင်းဌာနမှ တာဝန်ယူပြုပြင်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာပြည်စစ်မျက်နှာရောက် ဗြိတိသျှစစ်တပ်မှ အနောက်ဘက် ကဿပ ရုပ်ပွားတော်ကြီး ရင်အုပ်တော်ကို ဌာပနာများရယူရန် ဖောက်ခဲ့သဖြင့် ကဿပ ရုပ်ပွားတော်ကြီးအထက်ပိုင်းမှ ဒူးတော်အထိ ပြိုကျပျက်စီးခဲ့ပြီး ထိုအချိန်မှစ၍ ပြန်လည်မပြုပြင်နိုင်ဘဲရှိခဲ့စဉ် ၁၉၇၄ ခု၊ တပေါင်းလ၌ မဏ္ဍိုင်ထိပ်ပေါ်ရှိ စေတီငယ်ပြိုကျ၍ အနောက်ဘက် အုတ်မဏ္ဍိုင်တံကဲကြီးပါ ပြိုကျပျက်စီးခဲ့လေသည်။ အဆိုပါ အနောက်ဘက်ရုပ်ပွားတော်ကြီးနှင့် အုတ်မဏ္ဍိုင်တံကဲကြီးကို ပြန်လည်တည်ဆောက်ရန်အတွက် ခရိုင်လယ်ဝန် အဆက်ဆက်မှ ကြိုးစားဆောင်ရွက်ခဲ့ရာ ကျိုက်ပွန် မင်းကျောင်းဆရာတော်ကြီး ဦးဇဝန၏သားတပည့် ရန်ကုန် ကန်ဘဲ့ မင်္ဂလာသိဒ္ဓိကျောင်း ဆရာတော် ဦးဥတ္တမက မူလဒါယကာ မြေစာရင်းအဖွဲ့မှ ပြန်လည်တည်ဆောက်ရန်သြဝါဒပေးပြီး ငွေ (၁၀၀၀၀) ကျပ် မ,တည်ထည့်ဝင်လှူဒါန်းပြီး ၁၉၇၅ ခုနှစ်တွင် အနောက်ဘက် ကဿပရုပ်ပွားတော်ကြီးကို ပဲခူးတိုင်းဒေသကြီး ငွေစာရင်းဦးစီးဌာနမှူး ဦးဝမ်ရှိန်ဦးစီး၍ ပြန်လည်တည်ဆောက်ပြုပြင်ခဲ့ရာ နယ်ခံမြေစာရင်းဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုကြောင့်လည်းကောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်နယ်, တိုင်း, မြို့နယ် ငွေစာရင်းဦးစီးဌာန ဝန်ထမ်းများ၏ လှူဒါန်း ထည့်ဝင်ငွေများကြောင့် လည်းကောင်း ၁၉၈၅ ခုတွင် တည်ဆောက်ပြုပြင်ပြီးစီးခဲ့ပြီး ကဿပ ရုပ်ပွားတော်ကြီး၏ ဗုဒ္ဓာဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားအား (၂-၇-၁၉၈၅) နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထိုသို့ ပြိုကျပျက်စီးခဲ့သည့် ကဿပ ရုပ်ပွားတော်မြတ်ကြီးအား ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း မြေစာရင်းဌာနမှ ပြုပြင်တည်ဆောက်ခဲ့သော်လည်း လေဒဏ်, နေဒဏ်, မိုးဒဏ်ကြောင့် အင်္ဂတေများအက်ကွဲခြင်း၊ ဆေးများကွာခြင်း၊



ပဲခူး ဆုတောင်းပြည့် ကျိုက်ပွန်ဘုရားကြီးမှ မော်ကွန်းကျောက်စာ



ပဲခူးမြို့ကမ္ဘောဇသာဒီနန်းတော်ဝင်းမှ ရွှေမော်ဓောစေတီသို့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုံးတော်အချိုးအစား အနည်းငယ် မှားနေခြင်း စသည်တို့ကြောင့် အကြီးအကျယ်မွမ်းမံပြုပြင် ဆောင်ရွက်ရမည့် အခြေအနေပေါ်ပေါက်၍ အလှူရှင်အား စောင့်မျှော်လျက်ရှိရာတွင် ၂၀၀၉ ခုနှစ်၊ ဧပြီလ၌ ကြေးတိုင်နှင့်မြေစာရင်းဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်မှ မိမိတို့ မြေစာရင်းဌာနက အစဉ်အဆက် စောင့်ရှောက် ထိန်းသိမ်းလာခဲ့ကြသော ဘုရားကြီးဖြစ်သည်နှင့်အညီ ယိုယွင်းနေသည့် ကဿပရုပ်ပွားတော်မြတ်ကြီးကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကပင် တာဝန်ယူ ပြန်လည်ပြုပြင်ရန် စီစဉ်၍ အခြား စေတနာရှင်များ၏ ထည့်ဝင်ငွေများနှင့် ပေါင်းစပ်ကာ ၉-၁-၂၀၁၀ နေ့မှ စတင်ပြီး ရုပ်ပွားတော်မြတ်ကြီးအား ကျွမ်းကျင်သော ဗိသုကာပညာရှင်များနှင့် ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ရာ ၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၇-၂-၂၀၁၀) တွင် အကြမ်းထည်ပြီးစီး၍ မင်္ဂလာအခမ်းအနားဖြင့် ဌာပနာတော်များ သွင်းလှူပူဇော်နိုင်ခဲ့ပါသည်။ တည်ဆောက်မှုလုပ်ငန်းအဝဝအား ၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့် (၂၇-၄-၂၀၁၀)တွင် အပြီးသတ်ဆောင်ရွက်နိုင်၍ ရောင်တော်ဖွင့်မင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေ တဇာတင်မင်္ဂလာအခမ်းအနားကို ကျင်းပနိုင်ခဲ့ပါသည်။ ဤကဿပရုပ်ပွားတော်မြတ်ကြီးအား ကျပ်သိန်းပေါင်း (၁၅၀) ကျော်ခန့် အကုန်အကျခံ၍ ကြည်ညိုသပ္ပာယ်တင့်တယ်သော ရူပကာအသွင်သဏ္ဍာန်သို့ ပြန်လည် မွမ်းမံပြုပြင်လှူဒါန်းသော ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ အလှူရှင် ဒါယကာ, ဒါယိကာမများ၏ ကုသိုလ်စေတနာတို့ကြောင့် (၃၁) ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါ ဝေနေယျအားလုံး ကောင်းကျိုးချမ်းသာရရှိကြပါစေကုန်သတည်း။

နတ် လူ သာခုခေါ်စေသော
ဗုဒ္ဓသာသနံ့ စိရံ တိဋ္ဌတု
၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်နေ့
(၂၇-၄-၂၀၁၀)

❂

ဩော်- ဒီဆုတောင်းပြည့် လေးမျက်နှာ ကျိုက်ပွန်ဘုရားကြီး ဆိုတဲ့ ဘုရားဆင်းတုတော် အစုအဝေးကြီးဟာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနနဲ့ အတော် ကုသိုလ်ဆက်ခဲ့တာပဲလို့ ကျောက်စာဖတ်ရင်း သတိထားမိရဲ့။ ရှေးမင်းအဆက်ဆက် အသာထားလို့ မျက်မှောက်ခေတ်တစ်လျှောက်လုံးမှာတော့ မြေစာရင်းဦးစီးဌာနဝန်ထမ်းတွေကပဲ ပြုပြင်ခဲ့တာပါလား။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၈၀) ကျော်၊ ၁၉၃၀ ပြည့်နှစ်မှာလှုပ်ခတ်ခဲ့တဲ့ ပဲခူးငလျင်တုန်းကလည်း ဒီဘုရားကြီးပါ ထိခိုက်ခဲ့တာကိုး။ အဲဒီတုန်းက အရှေ့ဘက်မျက်နှာက ကကုသန်ရုပ်ပွားတော်ကြီး ပြိုကျပျက်စီးသွားတော့လည်း မြေစာရင်းဌာနကပဲ ပြုပြင်ခဲ့ရဲ့။



ပဲခူး၊ ဆုတောင်းပြည့် ကျိုက်ပွန်ဘုရားကြီးမှ နိုးဆော်စာ

ရှေးဟောင်းစေတီ၊ ဘုရားတိုင်းမှာ ဌာပနာတွေရှိတာမို့ မသမာသူများရဲ့ အန္တရာယ်ကလည်း ခေတ်အဆက်ဆက်ရှိခဲ့တာပါ။ ပုဂံက ဘုရားပုထိုးတွေဆို ကိုယ့်ဗုဒ္ဓဘာသာဝင်တွေကိုယ်၌က သံသရာမကြောက်ဘဲ လောဘရမ္မက်နဲ့ ဌာပနာတွေကို မက်မောစွာဖောက်ထွင်းခိုးယူခဲ့ကြပါတယ်။ ၁၉၄၅ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာပြည် စစ်မျက်နှာရောက် ဗြိတိသျှစစ်တပ်ကတော့ ဘာသာလည်း မတူ၊ လူမျိုးလည်းခြားသမို့ ဘယ်နေလိမ့်မလဲ။ အနောက်ဘက် ကဿပရုပ်ပွားတော်ကြီးရဲ့ရင်အုပ်တော်ကို ဌာပနာများရယူရန် ဖောက်ခဲ့တယ်။ အဲဒါနဲ့ ဒူးဆစ်တော်အထိ ပြိုကျပျက်စီးလာတော့လည်း မြေစာရင်းဌာနပဲ ပြန်လည်ပြုပြင်ပေးခဲ့ကြတယ်။

ဘုရားရင်ပြင်ပေါ်က တည်ပင်အုပ်အုပ်လေးတွေနဲ့ အုတ်ခုံဝိုင်းလေးတွေမှာ နားနေရင်း အေးအေးဆေးဆေး လွတ်လပ်ခြင်းရဲ့အရသာကို ခံစားလိုပေမယ့် ခရီးဖော်များကလည်း ပဲခူးမြို့တွင်းကို လှည့်လည်ချင်ကြသေးသမို့ ကားဆီ ပြန်လှည့်ခဲ့ကြပါတယ်။ ဘုရားကြီးဝင်းအဝမှာလည်း စေတီလေးတွေရှိနေသေးရဲ့။ မကြာခင်မှာ တန်ဆောင်းတွေမှာပါ တန်ဆာဆင် ဖြည့်စွက် ကုသိုလ်ယူဖို့ အလှူခံဌာနကလည်း လှုံ့ဆော်နေတယ်။ ဒီလိုနဲ့ပဲ ကိုယ်တို့မြေဟာ ခေတ်အဆက်ဆက် တန်ဆောင်း၊ ကျောင်း၊ ကန်နဲ့ ဘုရားစေတီတွေကို တည်ဆောက်လာခဲ့ကြတာကိုး။

ခရီးဖော်တွေက နောက်တစ်ကြိမ်လာရင်ဖြင့် ပဲခူးတင် မဟုတ်ဘူး၊ စစ်တောင်းတံတားသစ်ကြီးကိုပါဖြတ်ကျော်ပြီး မွန်ပြည်နယ်အထိသွားကြဖို့ အဖော်စပ်နေကြရဲ့။ စစ်တောင်းတံတားရဲ့ ဟိုတစ်ဖက်ကမ်းဟာ ပဲခူးတိုင်းဒေသကြီးရဲ့အဆုံးဖြစ်ပြီး တံတားဟိုဘက်ရောက်တာနဲ့ မွန်ပြည်နယ်ကိုဝင်သွားပါပြီ။ မွန်ပြည်နယ်ထဲဝင်ပြီး ကျိုက်ထိုကိုကျော်ရင်တော့ ထင်ရှားကျော်ကြားလှတဲ့ ကျိုက်ထီးရိုးဘုရားသွားတဲ့လမ်းကိုရောက်ပေါ့။

မရမ်းကုန်းဘူတာနားကို ဖြတ်ပြီး ကိုယ်တို့ ရှေးဟောင်းသုတေသနသမားတွေလို သုဝဏ္ဏဘူမိရှာပုံတော်ဖွင့်ရင်း အရက်သည်မနဲ့ ဝင်းကရွာတွေအထိလည်း သွားနိုင်ရဲ့။ ပြီးတော့ တောင်စွန်းကိုကျော်ဖြတ်ပြီး သမိုင်းဝင် ကေလာသတောင်နဲ့ ဘုရားတွေကို ရောက်နိုင်ပါသေးတယ်။ ကေလာသတောင်ရဲ့ ဆင်ကိုယ်ခန္ဓာလို တောင်ကြောကြီး ပြေလျှောထိုးဆင်းသွားတဲ့ကွင်းပြင်တွေဟာ တစ်ချိန်တုန်းကတော့ ပင်လယ်ပြင်ကြီးပေါ့။ သမိုင်းပညာရှင်တွေ၊ သုတေသီတွေက မြန်မာပြည်ရဲ့ဂျိဘရော်တာ(the Gibraltar of Burma) လို့ တင်စားခေါ်ခဲ့ကြတဲ့နေရာပေါ့။

ကျိုက်ကော် အလံတစ်ရာဘုရား၊ သထုံ မြသပိတ်စေတီ၊ ရွှေစာရံဘုရားများတိုင်လည်း ခြေဆန့်နိုင်ရဲ့။ နီးနီးနားနားခရီးသွားရုံတင်မက မြန်မာပြည် တစ်နံတစ်လျား ခရီးလှည့်လည်သွားချင်စရာကောင်းတဲ့နေရာတွေက အများကြီးပဲလေ။ အဲဒါ ကိုယ်တို့ရဲ့ လှပလွန်းပြီး ရှေးဟောင်း အမွေအနှစ်တွေပေါတဲ့ အမိမြေပေါ့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

www.burmeseclassic.com

ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ တောင်တန်း သာသနာပြုအဖွဲ့ကြီးဥက္ကဋ္ဌ၊ ဓမ္မကထိက အဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ၊ ဗဟန်း ဝေဠုဝန်ကျောင်းတိုက်ကြီး၏ နာယက ဝေဠုဝန်ဆရာတော်အမည်ဖြင့် ထင်ရှား၏။ ပရိယတ်စာပေကို သာမဏေဘဝဖြင့် မန္တလေး စကုတိုက်၊ တောင်သမန်တိုက်၊ ခင်မကန်တိုက်တို့၌ သင်ယူခဲ့၍ ရဟန်း (၄)ဝါရတွင် ရန်ကုန်ဗဟန်း ဝေဠုဝန် ကျောင်းတိုက်တည် ပထမဝေဠုဝန် ဆရာတော်ထံ နည်းခံသင်ယူခဲ့ရာမှ ဝေဠုဝန်ဆရာတော်အဖြစ် အမည်တွင်ခဲ့၏။ ပထမဝေဠုဝန်ဆရာတော် ရှင်ပဏ္ဍိဝံသမှာ အဘိဓမ္မာအရာ အလွန်ထင်ရှားသည်။ အထူးသဖြင့် မူလဋီကာပို့ချမှုတွင် စံပြုခံရသည်။ နောင်အခါ ဝေဠုဝန်နိကာယဟုပင် သီးခြားပေါ်ထွက်လာ၍ ဝေဠုဝန်နိကာယ၏ လက်ဦးမူလအရင်းခံ ဆရာတော်ကြီးဖြစ်သည်။ ဝေဠုဝန်ဆရာတော် ရှင်ခေမာစာရမှာ အပြောအဟောကျွမ်းကျင်လိမ္မာ၍ ဂျပန်ခေတ် ဒေါက်တာဘမော်၏ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏ မြန်မာနိုင်ငံအောက်ပိုင်း အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့၏။ လွတ်လပ်ရေးခေတ်ဦး ရန်ကုန်မြို့တော် သာသနာ့ရေးလောကတွင် ရှေ့ဆောင်ရှေ့ရွက် ဆရာတော် တစ်ပါးအဖြစ် ထင်ရှားခဲ့သည်။ သာသနာရေးကိစ္စများနှင့် ပတ်သက်၍ သီရိလင်္ကာ၊ ဂျပန်၊ ဖိလစ်ပိုင်၊ လာအို၊ ထိုင်းနိုင်ငံများသို့သွားရောက်ခဲ့ပါသည်။

# ဗဟန်းဝေဠုဝန်ဆရာတော် ရှင်ခေမာစာရ

(၁၈၈၂-၁၉၆၆)

**မောင်ဇေယျာ**

**ခေမာစာရ ရှင်၊ ဝေဠုဝန်ဆရာတော်**

၁၈၈၂ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်၊ တနင်္လာနေ့တွင် မန္တလေးခရိုင် စဉ့်ကူးမြို့နယ် ခက်သင်ရွာ၌ ဖွားသည်။ အဖ ဦးကြူး၊ အမိ ဒေါ်ထယ် ဖြစ်သည်။ မွေးချင်း (၃) ယောက်တွင် အငယ်ဆုံး။ ငယ်မည် မောင်တုတ်ဖြူ ဖြစ်သည်။

(၉) နှစ်အရွယ်တွင် ခက်သင်ရွာ ကျောင်းဆရာတော် ရှင်ဂန္ဓမာထံ စတင်ပညာသင်သည်။ (၁၃) နှစ်တွင် အစ်ကို ဘုန်းတော်ကြီးရှင်သုန္ဒရ သီတင်းသုံးရာ ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့သို့ လိုက်ပါ ပညာသင်သည်။ ကန်ကြီးဒေါင့်ရပ်ရွာ ဒကာ၊ ဒကာမများက ရှင်ဒါယကာခံ၍ ရှင်သာမဏေဖြစ်သည်။ ဘွဲ့- ရှင်ခေမာစာရ ဖြစ်သည်။ ထို့နောက် ဇာတိ ခက်သင်ရွာကျောင်းဆရာတော်ထံပြန်၍ ပရိယတ္တိစာပေ ဆက်လက် သင်ယူသည်။ (၁၅) နှစ်တွင် ဘထွေး ဦးတိုးနှင့် မိဘဆွေမျိုးများက ရှင်ဒါယကာခံ၍ ဒုတိယအကြိမ် သာမဏေဖြစ်သည်။

သာမဏေပြုပြီး (၇) ရက်အကြာ မန္တလေး စကုတိုက် တိုက်ကြပ်ဆရာတော် ရှင်ဝိစိတ္တာထံ မှီခို၍ တောင်သမန်တိုက် စာချအကျော် ရှင် (ဦး) စိန္တာ၊ စကုတိုက် ကျောင်းကြီးဆရာတော် ရှင်ခေမိန္ဒ၊ ခင်မကန်တိုက် ရှင်သူရိယ၊ ရွှေလောင်းကျောင်းဆရာတော် ရှင်နန္ဒဝံသတို့ထံ ပရိယတ္တိစာပေ သင်ယူခဲ့သည်။ သာမဏေ (၅) ဝါရ ၁၉၀၁ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက် စနေနေ့တွင် မွေးရပ်ခက်သင်ရွာ ရေသိမ်၌ ရဟန်းဖြစ်သည်။ ဘွဲ့-ရှင်ခေမာစာရ၏ ဥပဇ္ဈာယ်မှာ တောရကြီး ကြည်လုံးကျောင်းတိုက် ကြည်



ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဝေဠုဝန်ဆရာတော်ဘုရားကြီးဓါတ်ပုံ
(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့ တောင်တန်းသာသနာပြုဥက္ကဋ္ဌ)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစီမံသုံးတောင်နှင့် ခရီးရှည်ရှည်

တနင်္သာရီ-ကျော်ဝင်း

ထားဝယ်ရိုးရာ သတင်းကျွတ်မီးမျှောပွဲအမီ ကျွန်တော် ရန်ကုန်မှ ထားဝယ်သို့ ကုန်းလမ်းခရီးဖြင့်သွားခဲ့ပါတယ်။ ခရီးစဉ်မစမီ ရန်ကုန် ကိုးထပ်ကြီးဘုရားဝင်းအနီးရှိ ခေမာဘယ ထားဝယ်ဘုန်းတော်ကြီးကျောင်းတွင် ကားစီးရန် လူစုကြပါတယ်။ ၎င်းခရီးစဉ်တွင် လိုက်ပါမည့် မိန်းကလေးငယ်တစ်ဦးမှာ လေယာဉ်လက်မှတ် အခက်အခဲရှိ၍ ထားဝယ်မှ ကင်တာအမျိုးအစားကားဝယ်ရန် လာသော ကိုပန်းလွင်ကားဖြင့် ထားဝယ်သို့ ကားကြုံလိုက်ရမည် ဖြစ်၏။ မိန်းကလေးအမည်မှာ မပြုံးရီဖြစ်၏။ မပြုံးရီမှာ နာမည်နှင့်မလိုက်အောင် မရယ်မပြုံး

သုံးဆရာတော် ရှင်သဝန ဖြစ်ပါသည်။ ကျောင်းဒကာမှာ ဘထွေးတော် ပြာသာဒ်ဒါယကာ ဦးတိုး၊ ဒေါ်ဒွန်းဖြူ ဖြစ်သည်။ ကျောင်းဖြစ်ပြီး မန္တလေး စကုတိုက်ပြန်၍ ပရိယတ္တိစာပေ ဆက်လက်သင်ယူ၏။

ရဟန်း (၃) ဝါရတွင် မန္တလေး၌ ပလိပ်ရောဂါကျရောက်၍ ရောဂါရှောင်ရန် မြန်မာနိုင်ငံအောက်ပိုင်းသို့ သွားရောက်သည်။ ဟင်္သာတခရိုင် ကြံခင်းမြို့ လယ်ယာကျောင်းဆရာတော် ရှင်မာလာထံ (၁) နှစ်နှင့် (၆) ရက် သီတင်းသုံးသည်။ ၁၉၀၅ ခုနှစ်တွင် ရန်ကုန်မြို့ ပထမ ဗဟန်း ဝေဠုဝန်ဆရာတော် ရှင်ပဏ္ဍဝံသထံ ပြောင်းရွှေ့ပညာသင်သည်။ ပထမဝေဠုဝန်ဆရာတော် ရှင်ပဏ္ဍဝံသ (၁၈၆၅-၁၉၄၃) ထံ ဝိနည်း အဋ္ဌကထာနှင့် အဘိဓမ္မာဆိုင်ရာ မူလဋီကာ နည်းခံသင်ယူသည်။ ဝေဠုဝန်ဆရာတော်မှာ အဘိဓမ္မာဆိုင်ရာ မူလဋီကာပို့ချမှု အလွန်ထင်ရှား၍ မြန်အောင် ဂူကိုးလုံးဆရာတော် ရှင်နန္ဒိယ (၁၈၃၄-၁၉၀၆)၊ ပြည် ပွင့်လှသိမ်ကုန်း ပထမဆရာတော် ရှင်နာရဒ (၁၈၃၂-၁၉၀၂)၊ ဒုတိယမြို့ မြင်ကြီးဆရာတော် ရှင်စန္ဒဝံသတို့၏ တပည့်ရင်း ဖြစ်သည်။ ဝေဠုဝန်ဆရာတော်ကို အကြောင်းပြု၍ နောင်အခါ ဝေဠုဝန်နိကာယဟု သီးခြားဂိုဏ်းတစ်ခု ဖြစ်လာသည်။

ရှင်ခေမာစာရသည် ပထမဝေဠုဝန်ဆရာတော်ထံ နည်းခံနေစဉ် တစ်ဖက်မှလည်း ပရိယတ္တိစာပေ ပြန်လည်ပို့ချသည်။ ၁၉၀၈ နှင့် ၁၉၀၉ ခုနှစ်များတွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသနှင့် သီရိလင်္ကာနိုင်ငံသို့ ဘုရားဖူး (၂)ကြိမ်သွားရောက်၍ ဒေသန္တရဗဟုသုတရှာမှီးကာ 'ဝေဠုဝန် ဦးခေမာစာရခရီးစဉ်' အမည်ဖြင့် စာအုပ်ရေးသားခဲ့သည်။ ၁၉၀၉ ခုနှစ်တွင် ဝေဠုဝန်ဆရာတော်သည် ဝေဠုဝန်တိုက်အုပ် ရှင်တိဿအား လွှဲအပ်၍ ပုသိမ် ဝေဠုဝန်ကျောင်း၊ ထိန်တော ဝေဠုဝန်ကျောင်း၊ မြန်အောင် ဝေဠုဝန်၊ ရန်ကုန် ကြည့်မြင်တိုင် ဝေဠုဝန်ကျောင်းများ တည်ထောင်၍ ပရိယတ္တိစာပေ ပို့ချသည်။ ဗဟန်း ဝေဠုဝန်တိုက်သည် ရှင်တိဿမှတစ်ဆင့် ရှင်ခေမာစာရကို လွှဲအပ်ခဲ့ရာ ဗဟန်း ဝေဠုဝန်ဆရာတော် ရှင်ခေမာစာရဟု အမည်တွင်ခဲ့သည်။

ဂျပန်ခေတ် ဒေါက်တာဘမော် ဦးဆောင်သော မြန်မာနိုင်ငံတော်အစိုးရလက်ထက် လမ်းပန်း အဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး ဗန္ဓုလဦးစိန်၏အားထုတ်မှုဖြင့် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး ဖွဲ့စည်းရာ ဝေဠုဝန်ဆရာတော် ရှင်ခေမာစာရသည် မြန်မာနိုင်ငံအောက်ပိုင်း အထူးအမှုဆောင်အဖွဲ့ဝင်၊ စစ်ပြီးစ ၁၉၄၆ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချို၊ သူဌေးဆာဦးသွင်၊ တရားဝန်ကြီး ဒေါက်တာသိမ်းမောင်တို့ဦးဆောင်၍ တောင်တန်းသာသနာပြုအဖွဲ့ကြီး တည်ထောင်ရာ အမှုဆောင်ဆရာတော်၊ ၁၉၅၂ ခုနှစ်မှစတင်၍ တောင်တန်းသာသနာပြုအဖွဲ့ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ၊ ဆဋ္ဌသင်္ဂါယနာ တတိယသန္နိပါတ (၁၉၅၈) သံဃမဟာနာယကအဖွဲ့ဝင်၊ စတုတ္ထ သန္နိပါတ (၁၉၅၉)၊ ဋီကာသံဂါယနာ၊ ပဌမသန္နိပါတ (၁၉၆၀)၊ ဒုတိယ (ပစ္ဆိမ) သန္နိပါတ (၁၉၆၁) တို့တွင် သံဃမဟာနာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင် ကာလ ၁၉၅၇ ခုနှစ်တွင် တရားဝန်ကြီး သတိုးမဟာ သရေစည်သူ ဦးချန်ထွန်း ခေါင်းဆောင်သော လူပုဂ္ဂိုလ်အဖွဲ့နှင့်အတူ သံဃာအဖွဲ့ (မဟာစည်ဆရာတော်၊ အနီးစခန်းဆရာတော်၊ မြင်းခြံကိုးဆောင်တိုက်ဆရာတော်၊ မန္တလေးဝိဇ္ဇာလင်္ကာရဆရာတော်၊ဂျပန်သာသနာပြုဦးခေမိန္ဒ) ကို ဦးဆောင်၍ ဂျပန်နိုင်ငံ မိုဂျိမြို့သို့ သာသနာပြုသွားရောက်ခဲ့သည်။ ထို့ပြင် သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓဇယန္တိပွဲတော် အထိမ်းအမှတ် လာအို၊ ယိုးဒယား၊ သီရိလင်္ကာနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခံရသည်။

ဝေဠုဝန်ဆရာတော်သည် ဗဟန်း ဝေဠုန်ဝန်ကျောင်းတိုက်၏ ဦးစီးနာယကတာဝန်အပြင် ရွှေတိဂုံစေတီတော်ဂေါပက၊ ဆူးလေစေတီတော်ဂေါပက၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ မဟာဗျူဟာအသင်း၊ ဝေနေယျသုခအသင်းတို့၏ဩဝါဒါစရိယ။ စေတိယင်္ဂဏအသင်း၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ အလယ်တောရ သီလရှင်များအဖွဲ့ချုပ်တို့၏မဟာနာယက၊ ဓမ္မကထိကအဖွဲ့ချုပ်၊ ရန်ကုန်ခရိုင်ကျောင်းထိုင်ဆရာတော်များအဖွဲ့, တောင်တန်းသာသနာပြုအဖွဲ့တို့၏ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

သက်တော် (၈၆) နှစ်၊ သိက္ခာ (၆၆) ဝါအရ ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်၊ တနင်္ဂနွေနေ့ နံနက် (၇း၄၅) နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး သံဃဆေးရုံ၌ တစ်ဘဝ တစ်ခန္ဓာ ချုပ်ငြိမ်းခဲ့ပါသည်။

မောင်ဒေသ



www.burmeseclassic.com

www.burmeseclassic.com

ဘဲ မှိုင်တွေနေပါ၏။ ဘာဖြစ်လို့လဲဟု စပ်စုမိရာ သူမ ထားဝယ်မှ ရန်ကုန်သို့ တက်လာစဉ်က မော်တော်ကားမှူး၍ တစ်လမ်းလုံး အန်ခဲ့ရကြောင်း၊ အန်ခဲ့သည်မှာ နည်းနည်းမဟုတ်ကြောင်း၊ ပုလတ်စတစ်အိတ် (၁၀) လုံးကျော် အန်ခဲ့ရသဖြင့် ယခု ထားဝယ်သို့အပြန်တွင် ကားစီးရမှာကိုကြောက်ပြီး အလွန်စိတ်ညစ်ကြောင်းပြောပါတယ်။ သူမကိုကြည့်ပြီး ကျွန်တော်စိတ်မကောင်းဖြစ်ရပါ၏။

ညနေစောင်းတွင် ကိုပန်းလွှင် ကားစ,ထွက်ပါတယ်။ ကားစ,အထွက်မှာ မပြုံးရီ သူလိုကိုယ်လိုပင် လိုက်ပါလာ၏။ ကျိုက်ထိုမြို့ လွန်သည်နှင့် မပြုံးရီ စ၍ အန်ချေပြီ။ ဘီးလင်းမြို့၌ ထမင်းစားရန် ကားရပ်သောအခါ ကျွန်တော် မပြုံးရီအတွက် ဘီစစ်အမူးပြေအင်္ဂလိပ်ဆေး (၆) လုံး ဝယ်၍ပေးခဲ့သည်။ ထိုနေ့ညဉ့်သန်းခေါင် (၁၁) နာရီခွဲတွင် မော်လမြိုင် (သံလွင်)တံတားထိပ်၌ ရပ်နားရပါတယ်။ နံနက်(၅)နာရီခွဲမှာ မော်တော်ကား ပြန်ထွက်ခဲ့ရာ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်စသောမြို့များကို ဖြတ်ကျော်၍ ရေးမြို့သို့ နံနက် (၁၀) နာရီခွဲခန့်တွင် ရောက်သွား၍ နံနက်စာထမင်းစားရန် မော်တော်ကား ရပ်လိုက်ပါတယ်။ အဲသည်အချိန်မှာ မပြုံးရီတစ်ယောက် တစ်လမ်းလုံး မော်တော်ကားမူးပြီး အန်ခဲ့ရ၍ အတော်ပန်းနေပုံရသည်။ ကျွန်တော်လည်း ထမင်းစားပြီးနောက် မပြုံးရီကို ဘီစစ်ဆေးသောက်တာ မသက်သာဘူးလားဟု သွားမေးသည်။ သူမက မသက်သာကြောင်း ပြောသဖြင့် ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတော့ပေ။

ထိုစဉ် ရေးထမင်းဆိုင်မှ စားပွဲထိုး မိန်းမလျာ (မာမီရှိန်း) က မပြုံးရီအနားကပ်လာပြီး ဘာကူညီရမလဲ၊ ဘာလုပ်ပေးရမလဲ စသည်ဖြင့် ပလီပလာ အမူအရာနှင့် ပြောနေသည်ကို တွေ့ရ၏။ ကျွန်တော်က မာမီရှိန်းတွေကို မုန်းတတ်သူမို့ မျက်စိထဲ ကန့်လန့်ကြီးဖြစ်နေပါတော့သည်။ မိန်းမလျာ မပြုံးရီ အနားမှ ထွက်သွားတော့ -

"နင့်ကို မိန်းမလျာ ဘာတွေလာပလီနေလဲ"

လို့ မပြုံးရီကိုမေးတော့-

"ဟုတ်၊ မဟုတ်တော့ မသိဘူး ဦးကြီးရေ၊ မိန်းမလျာက ကားမူးရင် အညာမခြွေရသေးတဲ့ ငရုတ်သီးစိမ်းသုံးတောင့်ကို နမောတသ (၃) ကြိမ်ဆိုပြီး လက်ထဲမှာ ဆုပ်ထားရတယ်လို့ပြောပြီး ဟောဒီ ငရုတ်သီး(၃)တောင့်ကို လက်ထဲလာထည့်ပေးသွားတယ်။ ပြီးတော့ မယုံမရှိနဲ့လို့လည်း ပြောသွားသေးတယ်"

ဟု ပြောပါသည်။

ကျွန်တော်လည်း ကားမှ လူခေါ်ဟွန်းတီးသံကြားသဖြင့် ကားပေါ်အပြေးတက်ရင်း မပြုံးရီတို့ကို လက်ယပ်ခေါ်သည်။ မော်တော်ကားဟာ ရေးမြို့မှ ထားဝယ်ဘက်သို့ ဦးတည်မောင်းလာခဲ့ရာ မကြာမီ မလွဲတောင်ကို တွေ့ပတ်အတက်အဆင်း အချိုးအကွေ့ အမျိုးမျိုးဖြင့်ဖြတ်ကျော်မောင်းလာ၍ မလွဲတောင်ထိပ်တွင် (၁၅)မိနစ်ခန့် ရပ်နားပြီးနောက် တနင်္သာရီတိုင်းဒေသကြီး၏ နယ်စပ်ဖြစ်သောမလွဲတောင်ခြေဘက်သို့ ဆင်းသက်လာခဲ့ရ၏။ မကြာမီက ကလိန်အောင်တံတားကြီးကို ကျော်ဖြတ်၍ ထားဝယ်ကလိန်အောင်မြို့သို့ ရောက်လာ၏။ ကလိန်အောင်မြို့ ကားရပ်နားစခန်း စားသောက်ဆိုင်သို့ရောက်သောအခါ လက်ဖက်ရည်သောက်ရန်၊ကျန်းမာရေးအပေါ့အပါးသွားရန် မော်တော်ကားအောက်သို့ ဆင်းကြရသည်။ စားသောက်ဆိုင်အဝင်ဝစားပွဲတွင် မပြုံးရီတစ်ယောက် လန်းဆန်းသောမျက်နှာဖြင့် ထားဝယ်မုန့်ဟင်းခါး စားနေသည်ကို တွေ့လိုက်ရ၏။ ကျွန်တော်က မပြုံးရီ၏စားပွဲတွင် ဝင်ထိုင်လိုက်ရာ မပြုံးရီက-

"ဦးကြီးရေ၊ မိန်းမလျာကို ကျွန်မအရမ်းကျေးဇူးတင်တာပဲ။ သူပြောတဲ့အတိုင်း ငရုတ်သီးကို လက်ထဲဆုပ်ထားတာ အခု တစ်လမ်းလုံး ကားမူးပြေသွားပြီ"

ဟု ဝမ်းပန်းတသာ ပြောပြသည်။

ကျွန်တော်လည်း အံ့သြသွားတဲ့အပြင် ပညာတစ်ခုရတာပဲလို့ ဝမ်းသာသွားပါသည်။ ဒါပေမယ့် တိုက်ဆိုင်လိုက်တာများလားဟု သံသယကတော့ရှိနေသေး၏။ မိန်းမလျာကိုလည်း အထင်မကြီးသောကြောင့်ဖြစ်၏။ ထိုနေ့ ညနေစောင်းတွင် ထားဝယ်မြို့ အဝေးပြေးကားဂိတ်စခန်းသို့ ရောက်ရှိခဲ့၏။ မပြုံးရီကို လက်ပြ နှုတ်ဆက်ပြီး လမ်းခွဲလိုက်ကြသည်။ နောက်နေ့နံနက်စောစော အရုဏ်တက်တွင် ထားဝယ်မြို့လယ်ရှိ ရွှေတောင်စားဘုရားကြီး၌ ပန်း၊ ဆီမီးတို့ကပ်လှူ ပူဇော်ဖြစ်ခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်၏ မွေးရပ်ဇာတိဖြစ်သော ထားဝယ် လောင်းလုံးမြို့နယ် တောကျဲရေတံခွန်ရွာသို့ သွားရောက်ခဲ့သည်။ ရွာသို့ရောက်သည်နှင့် ထားဝယ် သရက်ချောင်းမြို့နယ် ပန်းတောကျောက်မြောင်းရွာမှ ညီဝမ်းကွဲ ကိုအုန်းသင်က ဘုံကထိန်ပွဲဖိတ်ကြားရန် ရောက်နေ၏။ ကျွန်တော်တို့တစ်ရွာလုံးကို လာဖိတ်သည်ဟုဆို၏။ နောက်နေ့နံနက်တွင် ထားဝယ် လောင်းလုံးမြို့နယ် တောကျဲရွာမှ မှန်လုံကားကြီးနှစ်စီးဖြင့် သရက်ချောင်းမြို့နယ် ပန်းတော ကျောက်မြောင်းရွာသို့ သွားကြရ၏။ တောကျဲရွာမှ ထွက်လာသော ကားကြီးနှစ်စီးသည် ထားဝယ်ကမျောကင်းတံတားကြီးအနီးရှိ မမိမိအေး ကုန်မာဆိုင်အနီးတွင် ကျန်းမာရေးအပေါ့အပါးသွားရန် ကားရပ်ပေးသည်။ ကားရပ်ပေးစဉ်တွင် ကားမူး၍ အန်နေသော မိန်းကလေးနှစ်ဦးနှင့် အဒေါ်ကြီးတစ်ဦးကိုတွေ့ရသဖြင့် ကျွန်တော် မိန်းမလျာ၏ ပညာကို သွားသတိရပြီး မမိမိအေး အိမ်မီးဖိုချောင်ထဲမှ ငရုတ်သီးစိမ်း(၉)တောင့်ယူပြီး တစ်ယောက် (၃) တောင့်စီ လက်ထဲဆုပ်ထားရန်ပေးထားလိုက်၏။ ထို့နောက် ကမျောကင်းတံတားကြီးကို ကျော်၍ သရက်ချောင်းမြို့နယ်မှ အလှူသို့ ခရီးဆက်ခဲ့ရာ အလှူပွဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွား၏။ အလှူပွဲသို့ရောက်သောအခါ စောစောက ကားမူးနေသည်ဆိုသူတို့က ရွှင်ဆုံးမှ သွက်လက်စွာကားပေါ်မှ ဆင်းသွားသည်ကို တွေ့ရသဖြင့် ကျွန်တော် သူတို့ဆီကို အမီလိုက်သွား၍-

"နင်တို့ကားမမူးတော့ဘူးလား"

ဟု မေးရာ (၃) ယောက်စလုံးက မမူးတော့ဘူးဟု ပြန်ဖြေကြသည်။

ထိုအခါကျမှ ကားမမူးသောနည်းကို ပေးလိုက်သည့် ရေးမြို့ထမင်းဆိုင်မှ မာမီရှိန်း (မိန်းမလျာ) အား ကျေးဇူးတင်လျက် ၎င်းအပေါ်ထားရှိခဲ့သော မိမိ၏ အထင်သေးမှုများအတွက် စိတ်ထဲမှ အနူးအညွတ် တောင်းပန်လိုက်မိပါတော့သတည်း။

တနင်္သာရီ-ကျော်ခင်း

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်အရ ကျောက်ခဲကြီးမှ တူးဖော်ရရှိသည့် ရှေးဟောင်းဆင်းတုတော် (၄) ဆူ

သံတွဲမြို့ ကျောက်ဖြူမော်ကျေးရွာမှ ဓာတ်တော်ကျောက်နှင့်


ရွှေချိုအောင်(ပေလီ)

# ပေါ်တော်မူရှေးဟောင်း ဆင်းတုတော်များ

ကျွန်တော်သည် လွန်ခဲ့သော နှစ်ဆောင်း (၃၀) ကာလက ရခိုင်ပြည်နယ် သံတွဲမြို့နယ်၏ နယ်နိမိတ်အဆုံးဒေသဖြစ်သည့် ကျောက်ဖြူမော် ဆိုသည့် ရွာကလေးတစ်ရွာတွင် ပညာရေးဝန်ထမ်း မူလတန်းကျောင်းဆရာဘဝကို စတင်ခဲ့ဖူးလေသည်။ ဝိဇ္ဇာတွဲကျောင်းသား ကျွန်တော်သည် (၁၀) တန်း အောင်မြင်သည့်အခါ သံတွဲမြို့ အ. ထ. က (၂)မှ (၅) ဦးအောင်မြင်သည့်အနက် အမှတ်အများဆုံး ပထမဆုကို ရရှိခဲ့ဖူးလေသည်။ ထို့ကြောင့် တက္ကသိုလ်၌ ဥပဒေဘာသာရပ်ကိုသင်ယူခြင်းဖြင့် ဥပဒေဘွဲ့ကို ရရှိခဲ့သော်လည်း တကယ်တမ်းလုပ်ငန်းခွင်ဝင်သည့်အခါ ကံဇာတ်ဆရာ၏ တာဝန်ပေးချက်အရ ပညာရေးဝန်ထမ်း ကျောင်းဆရာသာ ဖြစ်ခွင့်ရရှိခဲ့လေသည်။ မိမိတတ်ကျွမ်းသည့်ဥပဒေပညာဖြင့် လုပ်ငန်းခွင်ဝင်ခွင့် မရရှိခဲ့ချေ။

ကျွန်တော် ကျောင်းဆရာအလုပ်စတင်ရာ ကျောက်ဖြူမော်ရွာကလေးသည် ပင်လယ်ကမ်းခြေရွာကလေးတစ်ရွာ ဖြစ်ပါသည်။ ရွာကလေးသည် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်၊ အရှေ့ဘက်တွင် ချောင်းမြစ်နှင့် ဒီရေရောက်တောကြီးများ၊ တောင်ဘက်တွင် သံတွဲမြစ်နှင့် မြောက်ဘက်တွင် ရွှေလှေချောင်း စသည့် ရေပတ်လည်ဝိုင်းနေ









သာသနာ့ရောင်ခြည် ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်

ကျောင်းအရှေ့ဘက် ကျောက်ခဲကြီးအတွင်းမှ တူးဖော်ရရှိသည့် ဓာတ်တော်ကျောက်




www.burmeseclassic.com

www.burmeseclassic.com

သည့် ကျွန်းရွာကလေးဟုလည်း ဆိုရမည်သာ ဖြစ်သည်။ ကျွန်းအဆုံး တောင်ဘက်တွင် ဆင်ခေါင်းရွာကြီးတည်ရှိကာ သံတွဲမြို့နယ်၏ ဒုတိယမြောက် ရေလုပ်ငန်းစီးပွားရေးဖွံ့ဖြိုးရာ ရွာကြီးတစ်ရွာ ဖြစ်လေသည်။ ထိုမှတစ်ဖန် ညောင်ခြေထောက်ရွာ၊ အင်တိုင်းကြီးရွာ၊ ကျောက်ဖြူမော်ရွာ စသည်ဖြင့် ရွာလေးရွာတည်ရှိလေသည်။ ကျေးရွာအုပ်စုအမည်မှာ ဆင်ခေါင်းကျေးရွာအုပ်စုအမည် ဖြစ်လေသည်။ ဂေါတမမြတ်ဗုဒ္ဓ နှစဉ်ကာလ၌ ဆင်ခေါင်းဆောင်အဖြစ် နေထိုင်ကျက်စားခဲ့သည်ကိုအစွဲပြု၍ ဆင်ခေါင်းရွာဟု ဒေသအမည်မှည့်ခေါ်ခဲ့ခြင်း ဖြစ်လေသည်။

ကျောက်ဖြူမော်ရွာကလေးသည် မူလက အိမ်ခြေ (၅၀) ကျော်မျှရှိသော မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ (၄၅) ဦးမျှသာ ရှိလေသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာကြီးဖြစ်သူ ဦးဟန်ဖေနှင့် ကျွန်တော်က စာသင်တန်း ငါးခုကို တစ်နေ့တာသင်ကြားပေးရသည်။ ဆရာကြီးက ဆင်ခေါင်းရွာသားဖြစ်၍ ကျောင်းတက်သည့်အခါ ဆင်ခေါင်းရွာမှ စက်ဘီးဖြင့် နေ့စဉ် သွားလာတက်လှေ့ရှိပါသည်။ ကျွန်တော်က ကျောက်ဖြူမော်ရွာရှိ ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့ဝင် ဦးလေးကြီးဦးထွန်းပေါ်နေအိမ်တွင် နေထိုင်ရလေသည်။

ကျောက်ဖြူမော်ရွာကလေးသည် ခရီးသွားလာရေးတွင် ရေကြောင်းကိုသာ အားထားရလေသည်။ ရေကြောင်းလမ်းနှစ်သွယ်ရှိရာ ပထမရေကြောင်းလမ်းမှာ သံတွဲမြို့အနောက်တောင်ဘက်ရှိ (၈) မိုင်အကွာ ကင်းမော်ကျေးရွာမှ ဒွါရာဝတီ (သံတွဲမြစ်)အတိုင်း ပင်လယ်ဝသို့ စက်လှေဖြင့် (၃) နာရီနီးပါးမျှ သွားရလေသည်။ ဒုတိယလမ်းခရီးမှာ သံတွဲမြို့မှ တောင်ဘက် (၁၅) မိုင်အကွာရှိ ရွှေလှေရွာမှတစ်ဆင့် သူဌေးချောင်း (ယခု ရေအားလျှပ်စစ်စီမံကိန်းချောင်း) ကိုစုန်၍ ပင်လယ်ဝကမ်းခြေသို့ စက်လှေဖြင့် (၄၅) မိနစ်ခန့် စက်လှေဖြင့် သွားလာရလေသည်။ ကျွန်တော့်မှာ ကလေးများကိုပညာသင်ရင်း ရွာရှိရွာသားများနှင့် ဆွေမျိုးရင်းချာပမာ ခင်မင်လေးစားရင်းနှီးခွင့်ရရှိခဲ့လေသည်။ ပညာရေးသာမက ရပ်ရွာဖွံ့ဖြိုးရေးကိုပါ လုပ်ဆောင်နိုင်ခဲ့သဖြင့် ရွာသားများမှာ စာရေးသူအား ယနေ့တိုင် တသသ ရှိနေကြပါသည်။ ထိုရွာကလေးတွင် တစ်နှစ်နှင့်



သိမ်ထဲရှိ ကျောက်သလင်းဆင်းတုတော်(၂)ဆူ

တစ်လသာ တာဝန်ထမ်းဆောင်ခဲ့ရပြီး ယခုလက်ရှိ တာဝန်ထမ်းဆောင်နေရာ (အ. မ. က) မူလွန် ကွဲသောက်ကုန်းကျောင်းသို့ အလယ်တန်းပြရာထူးတိုးကာ တာဝန်ထမ်းဆောင်ခဲ့သည်မှာ (၂၈) နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။

လူချင်းဝေးကြပါသော်လည်း စိတ်နေနီးကြသဖြင့် ကျွန်တော့်တွင် သာရေး၊ နာရေးကိစ္စရှိလျှင်သော် လည်းကောင်း၊ ကျောက်ဖြူမော်ရွာကလေး၌ သာရေး၊ နာရေးကိစ္စ၊ အလှူအတန်းကိစ္စပေါ်ပေါက်လျှင်သော် လည်းကောင်း ကျွန်တော် ထိုရွာကလေးသို့ မကြာခဏ ရောက်ရှိနေမြဲ ဖြစ်ပါသည်။ ယခုအခါ အင်တိုင်းကြီးရွာ ဖိုးစိန်ကြီးကူးတို့အနီးရှိ ချောင်းကျဉ်းကလေးကိုပိတ်ကာ ဆည်ပိတ်လမ်းဖောက်လိုက်ခြင်းဖြင့် ကား၊ ဆိုင်ကယ်၊ ဆိုင်ကယ်တက္ကစီ၊ ထော်လာဂျီများဖြင့် အချိန်မရွေး၊ ကာလမရွေး သွားလာနိုင်ခဲ့ပြီ ဖြစ်ပါသည်။ လွန်ခဲ့သည့် (၆) နှစ်တာကာလအတွင်းမှာ ကျောက်ဖြူမော်ရွာကလေးနှင့် မအားမလပ်နိုင်ဖြစ်ကာ မရောက်ဖြစ်ခဲ့ပါ။


သို့ပါသော်လည်း ရွာသတင်းကတော့ဖြင့် ရောက်ရှိနေမြဲ ဖြစ်ပါသည်။ စာသင်ကျောင်းအနီးရှိ ဘုန်းတော်ကြီးကျောင်း အရှေ့ဘက် ကျောက်တောင်ကြီးမှဓာတ်တော်ရတနာကို အိပ်မက်အရ တူးဖော်ရရှိပြီး ရှေးဟောင်းရုပ်ပွားတော်မြတ်လေးဆူကိုပါရရှိခဲ့ပြီး စေတီတော်တည်ထားသည်။ ထီးတော်တင်၍ နှစ်စဉ် ဘုရားပွဲကျင်းပသည်တို့ကို ကြားနေရသော်လည်း ကျွန်တော်ရောက်ခွင့်မကြုံခဲ့ပါ။ ယခုနှစ် ဧပြီလဆန်းတွင် ညီအစ်ကိုတမျှ ရင်းနှီးကြသူ ရွာခံမိတ်ဆွေကိုမြင့်ရွှေတွင် သားများ ရှင်ပြုမည်ဖြစ်ရာ စာရေးသူကို မလာမဖြစ်လာရောက်ပါရန် အကြိမ်ကြိမ်ဖိတ်ကြားသဖြင့် ထိုအလှူပွဲ၊ ရှင်ပြုပွဲသို့ စာရေးသူ သွားရောက်ခဲ့ပါသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသော်လည်း ချောင်းဖြတ်ကားလမ်း ဆည်ဖို့ထားသဖြင့် နာရီပိုင်းအတွင်း မိမိမော်တော်ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

• မရောက်သည်မှာကြာပြီဖြစ်သည့် စာရေးသူကို ရွာသားများကအောက်မေ့နေကြရာ လွန်စွာမှ လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြပါသည်။ ပင်လယ်ရေလုပ်ငန်း (ကျောက်ပိုက်) လုပ်ငန်းဖြင့် ရွာကလေးမှာ အတော်တိုးတက် စည်ပင်နေသလို ဘာသာရေးဘက်တွင်လည်း စေတီဘုရား၊ ဆိမ်ကျောင်းဆောင်အသစ်ကြီးနှင့်၊ မုခ်ဦးအသစ်နှင့် မြင်တွေ့ရသဖြင့် အတော် ဝင် အံ့ဩမိပါသည်။ ထို့ကြောင့် မိမိအ ပေါ် အလွန် ကျေးဇူးကြီးမားလှသည့် ကျောက်ဖြူမော်ရွာကလေးမှ အိပ်မက် အရ တူးဖော်ရရှိခဲ့သည့် ဓာတ်တော် ရုပ်ပွားတော်နှင့် ရွှေဟောင်းဆင်းတုတော် များနှင့် သာသနာ့ရောင်ခြည်ဆုတောင်း ပြည့် ကိုးနဝင်းစေတီတော်အကြောင်း ရေးသား၍ ကျေးဇူးဆပ်ရန် ရှင်ပြုပွဲတွင် ဆင်နွဲရင်း မှတ်တမ်းတင်ဓာတ်ပုံများကို ရိုက်ကူးပါလေတော့သည်။



ကျောင်းတိုက်အဝင်မုခ်ဦး

စာရေးသူ ကျောက်ဖြူမော်ရွာက လေးတွင် ကျောင်းဆရာတာဝန်ထမ်း ဆောင်စဉ်ကာလ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းမှာ အုတ်တံတိုင်း တစ်ခုသာခြားနေရာ ကျောင်းထိုင်ဆရာ တော်ကြီး ဦးပညာသာမိနှင့် ဆရာဒကာ အလွန်ရင်းနှီးမှု၊ ကြည်ညိုမှုရှိခဲ့ပါသည်။ ဆရာတော့်ကျောင်းတွင် ကထိန်၊ ရဟန်း ခံရှင်ပြု စသည့် အလှူပွဲများပေါ်ပေါက် တိုင်း စာရေးသူတို့၏ကျောင်းရှေ့တွင် ထမင်းကျွေး မဏ္ဍပ်ထိုး၍ ချက်ပြုတ် ကျွေးမွေးဧည့်ခံလေ့ရှိသည်မှာ အစဉ်အ မြဲပင် ဖြစ်ပါသည်။ ဆရာတော်ကြီးက စာရေးသူအား အမြဲမှာကြားလေ့ရှိသည် မှာ ကျောင်းသူကျောင်းသားကလေးများ ကို ဘုန်းတော်ကြီးကျောင်းအရှေ့ဘက် ကျောက်တောင်ကြီးအနီး အပေါ့အပါး မသွားစေရန် အမြဲ တားမြစ် သတိပေး လေ့ ရှိပါသည်။ စာရေးသူကလည်း ကျောင်းသူ ကျောင်းသားများကို အမြဲ သတိပေးတားမြစ်ရလေ့ ရှိပါသည်။ ထို သို့ တားမြစ်ရခြင်းမှာလည်း အကြောင်း ထူးရှိကြောင်း စာရေးသူ၏မိတ်ဆွေ ကိုမြင့်ရွှေ၏အစ်ကို ကိုမောင်ယောင်က စာရေးသူကိုပြောပြရာတွင် သူတို့ ဘုန်း တော်ကြီးကျောင်းသားဘဝကပင် ထို ကျောက်တောင်ကြီးမှ ရောင်ခြည်ရောင် [illegible] ထွန်းလင်းတောက် [illegible]နှင့် သူတို့ခေတ် ကျောင်း ထိုင်ဆရာတော်ကြီးက ဓာတ်တော် တောက်သည်ဟု ပြောပြကာ သာသနာ ထွန်းကားမည့်မြေဖြစ်ကြောင်း၊ အဆိုပါ ကျောက်တောင်အနီးတွင် ဘုန်းကြီး ကျောင်းသား၊ ဥပုသ်သည်များ၊ ရွာရှိ ဒကာ၊ ဒကာမများကို ၎င်းအနီး အလေး၊ အပေါ့ မသွားမိကြရန် အစဉ်အမြဲ မိန့်မှာ ကြားသတိပေးလေ့ရှိပါသည်။ ဤသို့ဖြင့် စာရေးသူသည် ကျောက်ဖြူမော်ရွာက လေးတွင် တစ်နှစ်ခန့် တာဝန်ထမ်း ဆောင်ပြီးနောက် အလယ်တန်းပြရာထူး တိုးကာ ယခုလက်ရှိ (အ. မ. က) မူလွန် ကျွဲသောက်ကုန်းကျောင်းသို့ ပြောင်းရွှေ့ ခဲ့ရပါသည်။

စာရေးသူ ပြောင်းရွှေ့ပြီးနောက် နှစ်ပေါင်း (၂၀)ကျော်ကာလတွင် ဆရာ တော်ကြီးလည်း ပျံလွန်တော်မူခဲ့ပြီ ဖြစ် ပါသည်။ စာရေးသူအား မိဘသဖွယ် အုပ်ချုပ်ခဲ့သည့် ဦးလေးကြီးဦးထွန်းပေါ် နှင့် ဒေါ်လေးသိန်းနုတို့မှာလည်း ကွယ် လွန်ကုန်ကြပြီ ဖြစ်ပါသည်။ ရွာခံမိတ် ဆွေအချို့ တော်တော်များများမှာလည်း မရှိကြတော့ပါ။ မိတ်ဆွေများကွယ်လွန် ရုံတင်မက စာရေးသူနေထိုင်ရာ ရွှေလှ မြစ်ကမ်းပါးမှ ကျောက်ဖြူမော်ရွာမြေ မှာလည်း မြစ်ရေတိုက်စားမှုကြောင့် ထက်ဝက်ခန့် ရေထဲသို့ပါသွားခဲ့ပြီ ဖြစ် ပါသည်။ ဆရာတော် ပျံလွန်တော်မူပြီး နောက် ကျောက်ဖြူမော် ဘုန်းတော်ကြီး ကျောင်းတွင် မာန်အောင်မြို့နယ်မှ ဦး ပဥ္စင်းလေးတစ်ပါး ကျောင်းထိုင်အဖြစ် ရောက်ရှိလာပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဂိုဏ်းဂဏ ဆိုင်ရာ ဆရာတော်ကြီးများက ဆရာ တော်ကြီး၏ တပည့်အရင်းဖြစ်သူ ဦး တေဇောဘာသကို ကျောင်းထိုင်ဆရာ တော်အဖြစ် အပ်နှံခဲ့ကြခြင်း ဖြစ်သည်။

ကျောက်ဖြူမော်ရွာရှိ ကျောင်း ထိုင်ဆရာတော်မှာ ပညာသင်ရန် ဟင်္သာတသို့သွားရမည်ဖြစ်သဖြင့် ရခိုင် ပြည်နယ် မာန်အောင်မြို့မှဦးပဥ္စင်းလေး ဦးတေဇဝန္တအား ကျောင်းစောင့်အဖြစ် ထားရှိခဲ့ခြင်း ဖြစ်လေသည်။ ဦးပဥ္စင်း ဦးတေဇဝန္တမှာ ကျောက်ဖြူမော်ရွာ ဘုန်းတော်ကြီးကျောင်းသို့ သာသနာပြု နိုင်ရန် ပဋ္ဌာန်းဆက်အဖြစ် အချိန်အခါ ကျရောက်သဖြင့် ဤကဲ့သို့ ရောက်ရှိလာ ခဲ့ခြင်းပင် ဖြစ်လေသည်။

ဦးပဥ္စင်းလေးသည် ကျောက်ဖြူ မော်ရွာတွင် ရွာခံလူများနှင့်ဆက်ဆံနေ ထိုင်ရေး အဆင်မပြေ ဖြစ်ခဲ့ရသည်။ သက်တော်ဝါတော်ငယ်နုခြင်း၊ မဟုတ် မခံလိုစိတ်ရှိခြင်းတို့ကြောင့် ရွာရှိ ဘုန်း တော်ကြီးကျောင်းဂေါပကအဖွဲ့ဝင်များ၊ ရွာသားများနှင့် ဆက်ဆံရေးအဆင်မပြေ လှပါ။ သို့ပါသော်လည်း (၃)နှစ်တာ ကာလခန့် အောင့်အည်းသည်းခံ၍ သီ တင်းသုံးနေထိုင်ကာ လက်ရှိကျောင်း ထိုင်ဆရာတော် ဦးတေဇောဘာသကို ခွင့်ပန်မှာကြား၍ ကျောင်းကိုပြန်အပ် ကာ ရန်ကုန်မြို့သို့ ပညာသင်ရန် ကြွ သွားတော်မူခဲ့လေသည်။ ရန်ကုန်မြို့ ရောက်ရှိပြီးနောက် ရက်သတ္တပတ်ခန့် ကြာသည့်အခါ ကျောက်ဖြူမော်ရွာသို့ ပြန်လာခဲ့လေသည်။ ဦးပဥ္စင်းလေးသည် ကျောက်ဖြူမော်ရွာကျောင်းတွင် တစ် နှစ်ခန့် သီတင်းသုံးနေထိုင်ခဲ့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com


ဒကာများနှင့် ယခင်ကကဲ့သို့ပင် အဆင် မပြေဖြစ်သဖြင့် ကျောက်ဖြူမော် ဘုန်းတော်ကြီးကျောင်းကိုစွန့်ခွာကာ မိမိမွေးရပ်မြေ မာန်အောင်ကျွန်းရှိ ကမားကျေးရွာသို့ ပြန်ကြွသွားခဲ့လေသည်။

ဦးပဥ္စင်းဦးတေဇဝန္တမှာ မိမိမွေးရပ်မြေ မာန်အောင် ကမားရွာသို့ ရောက်ရှိ သီတင်းသုံးခဲ့ပါသော်လည်း တစ်လခန့် နေထိုင်ပြီးအကြာတွင် ကျောက်ဖြူမော်ရွာဆီသို့သာ ပြန်လည်လာရောက်ချင်စိတ် ပေါ်ပေါက်လာပြန်လေသည်။ ဤသို့ဖြင့် ကျောက်ဖြူမော်ရွာကျောင်းတွင် ဆက်လက် သီတင်းသုံးနေထိုင်ရန် စိတ်ကို ဆုံးဖြတ်လျက် နေထိုင်သီတင်းသုံးခဲ့လေသည်။ ဤသို့ သီတင်းသုံးနေထိုင်ရင်း တစ်နေ့တွင် ထူးဆန်းသည့်အိပ်မက်တစ်ခုကို မက်မြင်လေသည်။ ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်၊ ညအိပ်ပျော်နေစဉ်တွင် အိပ်မက်ထဲ၌ အသက် (၂၅) နှစ်အရွယ်ခန့်ရှိ အမျိုးသမီးတစ်ဦး ရောက်ရှိလာ၍ 'ဦးပဥ္စင်းအားတပည့်တော်မ ညွှန်ပြပါမည် ဘုရား၊ တပည့်တော် နောက်လိုက်ခဲ့ပါ' ဟုဆိုကာ ဘုန်းတော်ကြီးကျောင်း အရှေ့ဘက်ရှိ ကျောက်ပုံကြီးသို့ ခေါ်သွားခဲ့သည်။ ကျောက်ပုံကြီးသို့ရောက်ရှိသည့်အခါ 'အရှင်ဘုရား၊ ဒီကျောက်ပုံထဲမှာ ဘုရားရုပ်ပွားတော် ဆင်းတုတော်တွေ ရှိပါတယ် ဘုရား။ ဒီဆင်းတုတော်တွေကို အရှင်ဘုရားတူးဖော်ပြီး ဘုရားတည် သာသနာပြုပါ ဘုရား' ဟုမှာကြားလျက် ပျောက်ကွယ်သွားလေသည်။ ဦးပဥ္စင်းလေးသည် အိပ်မက်မှ လန့်နိုးလာပြီးနောက် ဇဝေဇဝါနှင့် ဟုတ်သလိုလို၊ မဟုတ်သလိုလို တကယ်မှဟုတ်ရဲ့လားဟု တွေးတောနေမိသည်။ ထို့နောက် ဘာပဲဖြစ်ဖြစ်ဟု စိတ်ကိုဆုံးဖြတ်ချက်ချကာ သံတူးရွင်းကိုစွဲကိုင်၍ အိပ်မက်ထဲမှ အမျိုးသမီး ညွှန်ပြသည့်နေရာကို သံတူးရွင်းဖြင့် စတင် တူးဆွကြည့်သည်။ တူးဆွသည့်အခါ ကျောက်ပုံမှာ အလွယ်တကူပင် ကွဲအက်သွားလေသည်။ ထို့ကြောင့် ဆက်လက်တူးဖော်ကြသည့်အခါ ဆင်းတုတော်လေးဆူအား မမျှော်လင့်ဘဲ တူးဖော်ရရှိခဲ့လေတော့သည်။ တူးဖော်ရရှိချိန်မှာ ၁၃၆၈ ခု၊ တပေါင်းလဆန်း (၇) ရက်၊ ကြာသပတေးနေ့ နံနက် (၄)နာရီ (၁၅) မိနစ်ရှိနေပြီ ဖြစ်လေသည်။

ဤသို့ဖြင့် ဆင်းတုတော်လေးဆူကို တူးဖော်ရရှိပြီး နောက်တစ်ရက်အကြာ တပေါင်းလဆန်း (၉) ရက်နေ့တွင် ထူးဆန်းသည့်အိပ်မက်တစ်ခုကို မက်မြင်ပြန်လေသည်။ အိပ်မက်ထဲတွင် အသက် (၄၅) နှစ်ခန့်ရှိသည့် အမျိုးသားတစ်ဦးနှင့် တွေ့ဆုံရပါသည်။ ထိုအမျိုးသားက 'ဦးပဥ္စင်းလေး ခရီးသွားမယ်ဆိုလို့ရှိရင် တပည့်တော်မှာ မြုပ်နေတဲ့ ရှေးဟောင်းသဘောကြီးတစ်စီး ရှိပါတယ် ဘုရား။ တပည့်တော် အဲဒီမြုပ်နေတဲ့သဘောကြီးကို ပြန်တူးဖော်ပြီး အရှင်ဘုရားကို လိုက်ပို့ပေးပါ့မယ် ဘုရား' ဟု ဆိုကာ ပျောက်ကွယ်သွားပြန်လေသည်။ ဦးပဥ္စင်းလေးသည် ယခင်ကကဲ့သို့ တွေဝေမနေတော့ဘဲ ကျောင်းသားနှစ်ဦးကို ခေါ်ယူလျက် ချက်ချင်း ဆက်လက်တူးဖော်ပြန်ရာ ပတ္တမြားကဲ့သို့ ကျောက်နီရတနာတစ်လုံးကို တူးဖော်ရရှိခဲ့လေသည်။ ပိုမို ထူးဆန်းသည်မှာ ထိုခါတ်



ကျောင်းဝင်းအတွင်းရှိ သိမ်တော်



ကျောက်ဖြူမော်ရွာရှိ ကျောင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သာသနာပြု ပဋ္ဌာန်းဆက်ရှင် ဦးပဥ္စင်းတေဇဝန္တ

တော်ရတနာသည် တူးဖော်ရရှိစဉ်က အဖြူရောင်ဖြစ်သော်လည်း တူးဖော်ရရှိပြီးနောက် ရောင်ခြည်တော်များ ကွန့်မြူးပြီးနောက် ပတ္တမြားကဲ့သို့ အနီရောင်သို့ ပြောင်းလဲသွားခဲ့ကြောင်းလည်း ဦးပဥ္စင်းလေးက စာရေးသူအားပြောပြခဲ့ပါသည်။ နောက်တစ်နေ့တွင် အိပ်မက်ထဲ၌ အမျိုးသမီးတစ်ဦးပေါ်လာပြန်ပြီး 'အရှင်ဘုရားသာသနာပြုဖို့ ဒီပန်းကန်ပြားထဲက ရွှေတွေကို ဦးပဥ္စင်းလေးယူသွားပါ ဘုရား' ဟု ရွှေ ငွေများထည့်ထားသည့် ပန်းကန်ပြားကို ပေးလေသည်။ ဦးပဥ္စင်းလေးက 'သူတစ်ပါးပိုင်တဲ့ပစ္စည်းတွေကို ဦးပဥ္စင်းမယူလိုပါဘူး' ဟု ပြန်ပြောလိုက်လေသည်။ ထို့နောက် ရွာသားများ၊ ဂေါပကများသိရှိကာ ကိုးနဝင်းစေတီတော် တည်ထားကြရန် ညှိနှိုင်းတိုင်ပင်ကြလေသည်။

ဦးပဥ္စင်းလေး တူးဖော်ရရှိထားသည့် ဓာတ်တော်ရတနာနှင့် ဆင်းတုတော်လေးဆူကို ပတ်ဝန်းကျင်ကျေးရွာများမှလူများ လာရောက် ဖူးမြော်ကြသည်။ ဘုရားတည်ရန် အလှူငွေများ ထည့်ဝင်ကြသည်။ ကျောက်ဖြူမော်ရွာကလေးမှာ နေ့ချင်းညချင်း လူအသွားအလာမပြတ်ဘဲ စည်ကားသိုက်မြိုက်လာခဲ့လေသည်။ အုတ်လှူသူ၊ ဘိလပ်မြေလှူသူ၊ ကျောက်,သဲလှူသူများဖြင့် တစ်နေ့တခြား အလှူငွေများ လှူဒါန်းရရှိလာခဲ့လေသည်။ ထိုအထဲတွင် ဂျိတ္တောကျေးရွာမှ ဆင်ခေါင်းကျေးရွာသို့ ရောက်ရှိကာ ငါး၊ ပုစွန်အဝယ်ဒိုင်ဖွင့်ထားသူ ဦးနိုင်ကြွေမှ ကျောက်ဖြူမော်ရွာသားများနှင့်ပူးပေါင်းကာ တစ်တပ်တစ်အား ဦးဆောင်ပါဝင်လှူဒါန်း တည်ဆောက်ခဲ့လေသည်။ ဦးပဥ္စင်းလေးသည် ဓာတ်တော်ကျောက်အား ပန်းကန်ပြားတွင် ထည့်၍ အမွှေးနံ့သာများ ပူဇော်ကာ တရားရှုမှတ်နေစဉ် တစ်နေ့သောညနေပိုင်းတွင် ဓာတ်တော်ကျောက်မှ ရောင်ခြည်တော်များ ကွန့်မြူးလာသည်ကို လူအများက တွေ့မြင်သိရှိ ဖူးမြော်ကြရလေသည်။ ဘုရားတည်သည့်နေရာမှာ ယခင် ဓာတ်တော်ကျောက်နှင့် ဆင်းတုတော်များတူးဖော်ရရှိရာ ကျောက်ပုံပေါ်တွင်ပင် တည်ထားဖြစ်လေသည်။

စေတီတော်၏ဘွဲ့မည်မှာ သာသနာရောင်ခြည် ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်ဟု ဘွဲ့မည်တော် ရှိလေသည်။ အရံစေတီတော်များကိုလည်း တည်ထားခဲ့ကြပါသည်။ ဓာတ်တော်ကျောက်ကို စေတီတော်အတွင်း ဌာပနာထည့်သွင်း၍ ဆင်းတုတော်လေးဆူကိုမူ စေတီတော်ရှိ မုခ်ဦးလေးဌာနအတွင်းထားရှိကာ ပူဇော်ထားလေသည်။ မုခ်ဦးထဲသို့ ထည့်သွင်းကာ မသမာသူများ ယူဆောင်ခြင်းမပြုနိုင်ရန် သံတိုင်များ စိုက်ကာ၍ အပြင်ဘက်မှမှန်ဖြင့်ကာရံထားလေသည်။ သို့သော် ထူးခြားမှုတစ်ရပ်ဖြစ်ပေါ်ခဲ့လေသည်။ တောင်ဘက်တည့်တည့်ရှိ ရုပ်ပွားတော်မြတ်မှာ မှန်ဖြင့်ကာရံထားသည့်အခါ မှန်ချပ်မှာ အလိုလို ကွဲစိတ်သွားလေ့ရှိလေသည်။ မှန်ချပ်ကွဲသွားတိုင်း အကြိမ်ကြိမ် လဲလှယ်ပေးသော်လည်း ကွဲမြဲတိုင်းကွဲနေသဖြင့် ယခုအခါ မှန်ဖြင့် မကာရံတော့ပါဟု ဦးပဥ္စင်းလေးက စာရေးသူကိုပြောပြခဲ့ပါသည်။

ဆင်းတုတော်လေးဆူမှာ အလွန်ရှေးကျသည့် ဆင်းတုတော်များဖြစ်ကြကြောင်း စာရေးသူ လေ့လာသိရှိရပါသည်။ ထွင်းထုထားသည့် ခြေ၊ လက်၊ ခန္ဓာကိုယ်လုံးတော်၊ ဦးခေါင်းတော်၊ သက်နန်းတော်များကို လေ့လာဖူးမြော်ရခြင်းအားဖြင့် သိရှိနိုင်ပါသည်။ အထူးခြားဆုံးမှာ နဖူးသင်းကျစ်တော်ကျယ်ပြန့်မြင့်မားနေခြင်း ဖြစ်ပါသည်။ နားကင်းတော်၊ နှာတံတော်၊ နှုတ်ခမ်းတော်၊ နဖူးသင်းကျစ်တော်များ ဖွဲ့စည်းထွင်းထုထားပုံမှာ အလွန်ရှေးကျကြောင်း စာရေးသူ ခန့်မှန်းမိသလို စာဖတ်သူများလည်း ဓာတ်ပုံတွင် မြင်တွေ့ရှုစားရမည် ဖြစ်ပါသည်။ ဆင်းတုတော်များမှာ တစ်ဆူနှင့်တစ်ဆူ ဉာဏ်တော်အနိမ့်အမြင့် မတူညီသလို ပလ္လင်ခံထက်မှ သက်နန်းတော်စထုတ်ထားပုံ ဒီဇိုင်းတို့မှာ လုံးဝမတူညီဘဲ ခြားနားလှပေသည်။

ပဋ္ဌာန်းဆက်သာသနာပြု ဦးပဥ္စင်းဦးတေဇဝန္တာမှာ မာန်အောင်ကျွန်းမြို့နယ် ကမားကျေးရွာတွင် ခမည်းတော် ဦးစိန်ထွန်းအောင်နှင့် မယ်တော် ဒေါ်မြတင်တို့မှ မွေးဖွားသန့်စင်ခဲ့သည်။ သားလေးဦး ထွန်းကားသည့်အနက် အကြီးဆုံးသားရတနာ ဖြစ်ပါသည်။ ၁၃၅၄ ခုနှစ်တွင် မာန်အောင်မြို့ မြို့မကျောင်းဆရာတော်ဘုရားကြီး ဦးကောသလ္လိယကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်ခဲ့သည်။ ထို့နောက် မွေးရပ်မြေ ကမားကျောင်းဆရာတော်ကြီးဦးဝရဉာဏကို ဥပဇ္ဈာယ်ပြုကာ ထပ်မံရှင်ပြုလေသည်။ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ဆယ်တောင် (၁၃) ရပ်ကွက်၊ အောင်သပြေတောရ ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးကုဏ္ဍထံတွင် ပညာသင်ကြား၍ ကမားဆရာတော် ဦးဝရဉာဏကို ဥပဇ္ဈာယ်ပြုကာ ၁၃၆၀ ပြည့်နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် စာရှုသူများအနေဖြင့် လည်းကောင်း၊ သုတေသီများအနေဖြင့် လည်းကောင်း ကျောက်ဖြူမော်ကျေးရွာသို့သွားရောက်ကာ သာသနာ့ရောင်ခြည် ဆုတောင်းပြည့်စေတီတော်နှင့် ဆင်းတုတော်များအား လာရောက်ဖူးမြော် သုတေသနပြုနိုင်ကြပါကြောင်း စိတ်စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပေတော့သည်။

ရွှေချိုအောင် (သငသီ)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်၊ နောင်တော်ဘုရားပလ္လင်မှ

# ရှေးခေတ်ရခိုင်ရိုးရာ (၄) စိတ္တလက်ာရအနုလက်ရာဒိဇိုင်းများ

(ရှေးဟောင်းသုတေသန)

**ပန်းချီထူးလှ**


## ပန်းအိမ်မိုးကြာဖူးကိုင်ရုပ်

ညီတော်၊ နောင်တော် ဘုရားကျောက်ဆစ်ပလ္လင်၏ အနောက်ဘက်မျက်နှာ အလယ် လယ်ယာထောင့်ချိုးမှပန်းအိမ်မိုး ကြာဖူးကိုင် ကျောက်ဆစ်ရုပ်ကြွကို ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် အကွက် (၂၀) အဖြစ် ဖော်ပြထားပါ၏။ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၂၀) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၀) ဒီဇိုင်းလက်ရာ၏မူလကျောက်ဆစ်လက်ရာ အမြင့် (၃၂) စင်တီမီတာခန့်၊ အကျယ် (၁၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၄)စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။ မူလကျောက်ဆစ်လက်ရာ၌ ပန်းအိမ်လက်ဝဲဘက် ပျက်စီးနေပြီး ကြာဖူးကိုင်ရုပ်ကြွတွင် ဘယ်ဘက်ကြာဖူး ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ အရုပ်၏ခြေဖျားများလည်း ပီပြင်မှုမရှိသည်ကို တွေ့ရှိရပါသည်။

ပန်းအိမ်ကို နှစ်ဆင့်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပြီး အပေါ်ဆုံးအဆင့်တွင် ပန်းဒီဇိုင်းလက်ရာများ မတွေ့ရှိရပါ။ ဒုတိယအဆင့်တွင်သာ အလယ်၌ လုံ့သွားသဏ္ဌာန် ပန်းရွက်တစ်ရွက်ကို ဗဟိုထားပြီး လက်ဝဲ၊ လက်ယာ သဇင်ပန်းခက်ကလေးများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းအိမ်အောက် ရုပ်ကြွဒီဇိုင်းဗောင်းတော်မှာလည်း မြောက်ဦးခေတ် ရခိုင်အမတ်တစ်ဦး၏ဗောင်းတော်နှင့် တူနေသည်ကို တွေ့ရှိရသည်။ ဗောင်းတော်၏အောက်တွင် ဖောင်းလုံးတစ်လုံးခံပြီး ဖောင်းလုံးအထက်တွင် ပွင့်ဖတ်ကလေးများကို အစီအရီပတ်၍ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းကြီးများကို ဝတ်ဆင်ထားသည်။ မျက်နှာကို ပီပီပြင်ပြင် တွေ့ရှိရပါသေးသည်။ ခန္ဓာကိုယ်အပေါ်ပိုင်းတွင်သာ လက်ကောက် တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။ လက်နှစ်ဖက်တွင် ကြာဖူး တစ်ဖက်တစ်ဖူး ကိုင်၍ ပခုံးပေါ်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင်ခါးပတ်ကြိုးနှစ်ဆင့် ပတ်ထားသည်ကို တွေ့ရှိရပြီး ခါးပတ်ကြိုးအပေါ်မှကျော်၍ ကွန္ဒြေကာကို အပြားလိုက် ရှေ့တွင်ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးကိုလည်း အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ကာ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်နှစ်ဖက်ကိုကား၍ ဒူးကုပ်ထိုင်နေပါသည်။ ပုံ(၂၀) ဒီဇိုင်းလက်ရာသည် မြောက်ဦးခေတ်အစောပိုင်း၏ ပန်းအိမ်ဖွဲ့စည်းပုံနှင့် ယောကျ်ားတစ်ယောက်၏ဝတ်ဆင်မှုကို လေ့လာသုံးသပ်နိုင်သော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းတစ်ခုပင်ဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

## ငှက်ဆင်

ဦးခေါင်းပိုင်း ဆင်၊ ခန္ဓာကိုယ် ငှက်သဏ္ဌာန် တွေ့ရှိရသော သတ္တဝါတစ်မျိုးပင် ဖြစ်ပါသည်။ ညီတော်၊ နောင်တော် ကျောက်ဆစ်လက်ရာ ပလ္လင်အနောက်ဘက်မျက်နှာ လက်ယာဘက်အလယ်လောက်မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲ ပုံကြမ်းတွင် အကွက် (၂၁) အဖြစ် ဖော်ပြထားပါသည်။ ဒီဇိုင်းလက်ရာပုံဆွဲများထဲတွင်လည်း ပုံ (၂၁) အဖြစ် သတ်မှတ်ထားပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၂၉) စင်တီမီတာခန့်၊ အကျယ် (၂၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁)စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။ အပေါ်





ပုံ (၂၀)



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂၃)



ပုံ (၂၂)

ဒီဇိုင်းတွင် ပန်းအနည်းငယ် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၁) ပုံဆွဲဒီဇိုင်းတွင် ပျက်စီးနေသောနေရာများကို အစက်ကလေးများဖြင့် ဖော်ပြရေးဆွဲထားပါသည်။

ငှက်ဆင်နှာမောင်းမှာ အပေါ်သို့မြှောက်၍ ပန်းခက်တစ်ခက်လိပ်ထားသည်ကို တွေ့ရှိရပါသည်။ နှာမောင်းအောက် ပါးစပ်အထက်၌ အစွယ်တစ်ချောင်းလည်း ပါရှိသည်ကို တွေ့ရှိရပါသည်။ ငှက်ဆင်၏ပါးစပ်ထဲတွင် သဇင်ခွေ သဇင်ခက်များ ဖြာထွက် ကိုက်ချီထားသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှထွက်သော သဇင်ခွေမှာ ငှက်ဆင်အောက်ပိုင်း ခြေထောက်ဘက်မှ ပတ်ခွေ၍ အမြီး၊ ဦးခေါင်း၊ ကျောကုန်းဘက်သို့ လိပ်ခွေအားဖြည့်ထားသည်ကို တွေ့ရှိရသည်။ ငှက်ဆင် မျက်ခုံး၊ မျက်လုံးများ ပီပီပြင်ပြင်အားကောင်းစွာ တွေ့ရှိရပါသည်။ ဦးခေါင်းတွင်လည်း တန်ဆာအဖြစ် အဆင့်နှစ်ဆင့်ဖော်၍ ဝတ်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ နားရွက်မှာ ဆင်နားရွက်ကဲ့သို့ပြန့်ကားနေသည်ကိုတွေ့ရှိရပြီး အကြောကလေးများဖော်၍ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ တောင်ပံမှာအုပ်၍ အမွေးများကို ခပ်ရှည်ရှည်အကြောများဖြင့် ဖော်ထားပါသည်။ အမြီးနှစ်ခွဖော်ထားသည်ကို တွေ့ရှိရပါသည်။ အမြီးရင်းတွင် ပန်းထိပ်ကလေးသဏ္ဌာန်ဖော်ထားပြီး ပန်းထိပ်၏လက်ဝဲဘက်ကို အဆင့်နှစ်ဆင့်ဖော်ထားပါသည်။ ထိုအဆင့်များတွင် အစင်းကြောင်းများ၊ ပွင့်ဖတ်များဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ အမြီးအောက်တွင် အမွေးရှည်များတစ်ဆင့်ကိုလည်း အောက်သို့ သွယ်တန်းစွာချထားပါသည်။ ခြေထောက်တွင် ခြေထောက်ရင်း၌ ပန်းပွင့်သဏ္ဌာန်အဝန်းဖော်ထားပြီး ခြေဖျားတွင် ခြေချောင်းနှစ်ချောင်းစီသာ တွေ့ရှိရသည်။ ပုံ (၂၃) ဒီဇိုင်းလက်ရာ ငှက်ဆင်သည်ဖွဲ့စည်းပုံလက်ရာအလွန်မြောက်ပြီး ရှေးခေတ်ရခိုင်ရိုးရာစိတ္တလက်ာရအနုလက်ရာဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။ ငှက်ဆင်ဒီဇိုင်းအောက်တွင် ကြားညှပ်ပွင့်ဖတ်များနှင့်သုံးထပ်ပွင့်ဖတ်များဖြင့် တန်ဆာဆင်ထားပါသေးသည်။

## ကြာဖူးပူဇော်နေဟန်ရုပ်

ညီတော်၊ နောင်တော် ကျောက်ပလ္လင်၏အနောက်ဘက်မျက်နှာ လက်ယာဘက်အလယ်လောက်မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် အကွက် (၂၂) အဖြစ် ဖော်ပြထားပြီး ကူးယူရေးဆွဲထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရအနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၂၂) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၂) ၏ မူလကျောက်ဆစ်လက်ရာ အမြင့် (၂၆) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် ရုပ်ကြွ (၄) စင်တီမီတာခန့် ရှိပါသည်။ မူလလက်ရာတွင် အပေါ်ပန်းအိမ်လက်ဝဲဘက် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ကြာဖူးပူဇော်ဟန်ရုပ်၏ ညာဘက်ဗောင်းတော်တစ်ခြမ်းလည်း ပျက်စီးနေသည်ကို တွေ့ကြရပါသည်။ ခန္ဓာကိုယ်မှဝတ်ဆင်မှုများလည်း ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။ ပျက်စီးနေသောနေရာများကို ပုံ (၂၂) ဒီဇိုင်းတွင် အစက်ကလေးများဖြင့် ဖော်ပြထားပါသည်။

အပေါ်ဆုံးမှပန်းအိမ်ကို အလယ်တွင် ပွင့်ဖတ်ကြီးတစ်ခုခံပြီး လက်ဝဲ၊ လက်ယာ သဇင်ပန်းခက်များဖြင့် တန်ဆာဆင်ထားပါသည်။ ကြာဖူးပူဇော်နေဟန်ရုပ်မှာလည်း ဗောင်းတော်ကို နှစ်ထပ်ပွင့်ဖတ်များဖြင့် ပတ်လည်တန်ဆာဆင်ပြီး နှစ်ထပ်ပွင့်ဖတ်များအောက်တွင် အနားသတ်ဖောင်းလုံးတစ်လုံး ခံထားပါသည်။ နားနှစ်ဖက်တွင်လည်း နားတောင်းကြီးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာရှိ မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များ ပီပီပြင်ပြင် တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်စွာ တွေ့ရှိရပါသည်။ လက်နှစ်ဖက်မှာလည်း ကြာဖူးတစ်ဖက်တစ်ဖူးကိုင်ပြီး ပူဇော်နေဟန် တွေ့ရှိရပါသည်။ လက်နှစ်ဖက်၏လက်ကောက်ဝတ်တွင်လည်း လက်ကောက်ပြားကြီး တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင်လည်း ခါးပတ်သုံးဆင့်ပတ်ထားပြီး ခါးပတ်အပေါ်မှကွန်ခြေကာကို အပြားလိုက်ရှေ့တွင်ချထားပါသည်။ ကွန်ခြေအောက်၏အောက်မှ လက်ဝဲ၊ လက်ယာ ဘေးသို့



www.burmeseclassic.com

www.burmeseclassic.com

ပြန့်ကာ ခါးပတ်ကြိုးစွန်း တစ်ဖက်တစ်စွန်းချထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ကြိုးစွန်းများအဖျားတွင် အစင်းကြောင်းများ ပွင့်ဖတ်များဖြင့် တန်ဆာဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ခြေထောက်နှစ်ဖက်မှာ ခြေထပ်ထိုင်ထားပြီး ခြေချင်းဝတ်နှစ်ဖက်တွင် ပုဆိုးဝတ်ထားသည့်အနေအထားကို ပေါ်လွင်အောင် ပုဆိုးအနားရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၂) မှာ ပုံ (၂၀) နှင့် တူသယောင် မြင်တွေ့နေရသော်လည်း အသေးစိတ်ကြည့်က မတူသည့်အချက်များကို တွေ့ရှိရမည် ဖြစ်ပါသည်။ ပုံ (၂၂) ဒီဇိုင်းလက်ရာသည်လည်း မြောက်ဦးခေတ် အစောပိုင်း၏ ရှေးခေတ်ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။

### ဂီ (သို့) ချေ

ဤဒီဇိုင်းကို ညီတော်၊ နောင်တော်ဘုရား ကျောက်ပလ္လင် အနောက်ဘက်မျက်နှာ လက်ယာဘက် အလယ်လောက်မှ ကူးယူထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် အကွက် (၂၃) အဖြစ် ဖော်ပြထားပါသည်။ ကူးယူထားသော ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင်လည်း ပုံ (၂၃) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၃) ၏မူလကျောက်ဆစ်လက်ရာ အမြင့် (၃၀) စင်တီမီတာခန့်၊ အကျယ် (၂၃) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့် ရှိပါသည်။


ပုံ (၂၃) ဒီဇိုင်းအလယ်တွင် ချေငယ်တစ်ကောင်ကို အလယ်ဗဟိုထား၍ တွေ့ရှိရပါသည်။ ချေငယ်မှာ လက်နှစ်ချောင်းကိုကုပ်၍ ဦးခေါင်းကို နောက်လှည့်ကာ ခွေနေသည်ကို တွေ့ရှိရပါသည်။ ချေငယ်အပြင်ဘက်တွင် ညောင်ရွက်သဏ္ဍာန် အတွန့်ကလေးများဖြင့် ဖောင်းနှစ်ဆင့်ခံထားပါသည်။ ဖောင်းနှစ်ဆင့်၏အပြင်ဘက်တွင် ပန်းခက်ကလေးများဖြင့် ဝိုင်းရံတန်ဆာဆင်ထားပါသည်။ ပန်းခက်များအပြင်ဘက်တွင်လည်း ဖောင်းနှစ်ဆင့် ထပ်ရံထားသည်။ ဖောင်းနှစ်ဆင့်အပြင်ဘက်တွင် အစင်းကြောင်းလေးများကို ပွင့်ဖတ်သဏ္ဍာန် တန်ဆာဆင်ထားပါသည်။ ထိုပွင့်ဖတ်ကလေးများ အပြင်ဘက်တွင် ထပ်မံ၍ ဖောင်းတွန့် တစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ ထိုဖောင်းတွန့် တစ်ဆင့်အပြင်ဘက်တွင် ပန်းခက်၊ ပန်းပွင့်များဖြင့် တန်ဆာဆင်ထားပါသည်။ ထိုဒီဇိုင်းအောက်တွင် ဖောင်းပြားတစ်ဆင့်ခံ၍ ဖောင်းပြားအောက်တွင် သုံးထပ်ပွင့်ဖတ်များနှင့် ထောင့်ချိုးကြားညှပ် ပွင့်ဖတ်များဖြင့် အစီအရီတန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၃) ဒီဇိုင်းလက်ရာသည်လည်း ဖွဲ့စည်းပုံအားကောင်းသော ရှေးခေတ် ရခိုင်ရိုးရာစိတ္တလက်ာရ အနုလက်ရာ ဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။

### ပါးစပ်ဟနေသောငှက်ဆင်

ညီတော်၊ နောင်တော် ဘုရားကျောက်ဆစ်ပလ္လင်၏ အနောက်ဘက်မျက်နှာ လက်ယာဘက် အောက်ပိုင်းမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲပုံကြမ်းတွင် အကွက် (၂၄) အဖြစ် ဖော်ပြထားပြီး ဒီဇိုင်းပုံဆွဲများလက်ရာတွင်လည်း ပုံ (၂၄) ဒီဇိုင်း၏ မူရင်းကျောက်ဆစ်လက်ရာ အမြင့်(၁၉) စင်တီမီတာခန့်၊ အကျယ် (၆၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀) စင်တီမီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၂၄) တွင် ပါးစပ်ဟနေသော ငှက်ဆင်ရုပ်၏ လက်ဝဲ၊ လက်ယာဘက်တွင် အပေါ်၌ ထောင့်ချိုးပွင့်ဖတ်လေးများဖြင့် အစီအရီ တန်ဆာဆင် စီတန်းထားသည်ကို တွေ့ရှိရပါသည်။ သုံးထပ်ပွင့်ဖတ်များအောက်တွင် ရွှေလုံးတန်းကြီးများဖြင့် ထပ်မံ တန်ဆာဆင်ထားပါသည်။ ရွှေလုံးကြီးများအောက်ခြေတွင် နှစ်ထပ်ပွင့်ဖတ်ကြီးများနှင့် ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့် ရွှေလုံးကြီးများကို ထပ်မံအားဖြည့်ထားပါသည်။ ပါးစပ်ဟနေသော ငှက်ဆင်မှာ နှာမောင်းကို ကျောကုန်းပေါ်တင်၍ အဖျားကိုလိပ်ထားသည်ကို တွေ့ရှိရပါသည်။ ဟ,နေသောပါးစပ်တွင် အောက်သွားများနှင့် လျှာကို တွေ့ရှိရပြီး ဘေးစောင်းတွင် အပေါ်သွားစွယ်တစ်ချောင်း အောက်သို့ စိုက်ကျနေပြီး အပေါ်သွား,အောက်သွားများကိုလည်း တွေ့ရှိရပါသည်။ မျက်လုံးအထက်တွင် ပွင့်ဖတ်များဖြင့် အလှဆင်ထားသည်။ မေးစေ့အောက်တွင်လည်း မုတ်ဆိတ်မွေးအရစ်ကဲ့သို့ ထောင့်ချိုးပွင့်ဖတ်အထပ်ထပ်ဖြင့် တန်ဆာဆင်ထားပါသည်။ နားရွက်မှာ ဆင်နားရွက်ကဲ့သို့ ကားနေပြီး နားရွက်ပေါ်တွင် နှစ်ထပ်ပွင့်ဖတ်များဖြင့် တန်ဆာဆင်ထားသည်။ တောင်ပံတွင်လည်း အမွေးများကို ပွင့်ဖတ်ရှည်ကြီးများဖြင့် အလှဆင်ထားပါသည်။ အမြီးတွင်လည်း အမွေးများကို ပွင့်ဖတ်ရှည်ကြီးများဖြင့် ဖြန့်ဖြန့်ကားကား အလှဆင်ထားပါသည်။ ငှက်ဆင်၏ရင်အုပ်နှင့်ပေါင်ရင်းတွင် အမွေးများကို နှစ်ထပ်ပွင့်ဖတ်ငယ်ကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ဒူးဆစ်မှခြေဖျားတွင် ရာဇမတ်ကွက်ကလေးများဖြင့်


ပုံ (၂၃)


ပုံ (၂၄)



www.burmeseclassic.com

www.burmeseclassic.com

...အကြေးကွက် ဖော်ထားပါ ...ထောက်ဖျားတွင် ခြေချောင်း ... နှစ်ချောင်းသာ တွေ့ရှိရပါ ...ဤပုံ (၂၄) ဒီဇိုင်းလက်ရာသည် ...ခေတ် ရခိုင်ရိုးရာစိတ္တလက်ာ ...တ်ရာဒီဇိုင်းထဲတွင် ထူးခြား ...ဆင်လက်ရာတစ်မျိုးပင် ဖြစ်


...ဘီလူး



ပုံ (၂၅)

ဤဒီဇိုင်းလက်ရာကို ညီတော်၊ ...င်တော်ဘုရား ကျောက်ဆစ်ပလ္လင် ...နောက်ဘက်မျက်နှာ လက်ယာဘက် ...တ်ပိုင်းမှ ကူးယူရေးဆွဲထားသော ...င်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ...င်ပုံဆွဲ ပုံကြမ်းတွင် အကွက် (၂၅) ... ဖော်ပြထားပါသည်။ ကူးယူရေး ...ထားသော ရှေးခေတ်ရခိုင်ရိုးရာ စိတ္တ ...က်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် ... (၂၅) အဖြစ် သတ်မှတ်ထားပါသည်။ ... (၂၅) ဒီဇိုင်းလက်ရာ၏မူလကျောက် ...စ်လက်ရာမှာ အမြင့် (၂၅) စင်တီမီ ...ာခန့်၊ အကျယ် (၃၀) စင်တီမီတာ ...နှင့် ရုပ်ကြွအထု (၁)စင်တီမီတာခန့် ...သည်ကို တွေ့ရှိရပါသည်။ မူရင်း ...ျာက်ဆစ်လက်ရာတွင်လည်း အပေါ် ...င်းပန်းလက်ရာ အနည်းငယ်ပျက်စီးနေ ...သည်ကို တွေ့ရှိရပါသည်။ ပျက်စီးနေ ...သောနေရာများကို ပုံ (၂၅) ဒီဇိုင်းလက် ...ရာတွင် အစက်ကလေးများဖြင့် ရေးဆွဲ ...ဖော်ပြထားပါသည်။ ဘီလူးမြင်းစီးရုပ်ကို ...သဇင်ခွေ၊ သဇင်ခက်၊ သဇင်ပန်းပွင့်များ ...ဖြင့်သတ်ခွေ၍ တန်ဆာဆင်ထားသည်ကို ...တွေ့ရှိရပါသည်။ မြင်းစီးဘီလူးရုပ် ...အောက်တွင်လည်း ဖောင်းပြားတစ်ပြား ...ကာ အောက်တွင် နှစ်ထပ်ပွင့်ဖတ်နှင့် ...ထောင့်ချိုး ကြားညှပ်ပွင့်ဖတ်ကလေး ...များဖြင့် စီစီရီရီ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘီလူးရုပ် ဖောင်းတော်မှာရိုးစင်းပြီး ဖောင်းလုံးတစ်လုံးသာ အောက်တွင် တွေ့ရှိရပါသည်။ မျက်နှာဝိုင်းစက်ပြီး မျက်ခုံး၊ မျက်လုံး၊ နှာခေါင်းများ ပေါ်လွင်မှုရှိသည်။ ပါးစပ်ထဲတွင် လက်ဝဲ၊ လက်ယာ သွားစွယ်နှစ်ချောင်း အောက်သို့ ထိုးထွက်ပြန့်ကားနေပြီး သွားစွယ်နှစ်ချောင်းကြားတွင် သွား (၆) ချောင်းကို တွေ့ရှိရပါသည်။ နားနှစ်ဖက်ထောင်ကားပြီး ပါးသိုင်းမွေးနှင့်မုတ်ဆိတ်မွေး တစ်ဆက်တည်း ရင်အုပ်ထိဖုံးထားသည်ကို တွေ့ရှိရပါသည်။ ဘီလူးညာဘက်လက်တွင် မြင်းဇက်ကြိုးကိုဆွဲပြီး ဘယ်ဘက်လက်တွင် တုတ်တစ်ချောင်းကိုင်ဆောင်ထားပြီး မြင်းကိုခွစီးထားပါ၏။ ဘီလူးခန္ဓာကိုယ်အောက်ပိုင်းတွင် ခါးပတ်၊ ဣန္ဒြေကာ၊ ပုဆိုးများ ဝတ်ဆင်ထားပါသည်။ ပုဆိုးကို အရစ်ရစ် အစင်းကြောင်းကလေးများဖြင့် တန်ဆာဆင်ထားပါသည်။ ပုံ (၂၅) ဒီဇိုင်းလက်ရာသည် ရှေးခေတ် ရခိုင်စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းများထဲတွင် ထူးခြားရှားပါးသော မြင်းစီးဘီလူးဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

**ဒိုင်းကာ ဓားကိုင်သူရဲ**



ပုံ (၂၆)

ညီတော်၊ နောင်တော်ဘုရား ကျောက်ဆစ်ပလ္လင် အနောက်ဘက်မျက်နှာ လက်ယာဘက် အောက်ပိုင်းမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပလ္လင်ပုံဆွဲ ပုံကြမ်းတွင် အကွက် (၂၆) အဖြစ် ဖော်ပြထားပြီး ကူးယူရေးဆွဲဖော်ပြထားသော ဒီဇိုင်းလက်ရာများထဲတွင် ပုံ (၂၆) အဖြစ် သတ်မှတ်ထားပါသည်။ ပုံ (၂၆) ဒီဇိုင်း မူရင်း ကျောက်ဆစ်လက်ရာ အမြင့် (၂၃) စင်တီမီတာခန့်၊ အကျယ် (၁၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇) စင်တီမီတာခန့် ရှိပါသည်။ မူရင်းကျောက်ဆစ်လက်ရာတွင် ခြေဖျားနှစ်ဖက်ပဲ့နေပေသည်။

ဒိုင်းကာ ဓားကိုင်သူရဲ၏အပေါ်တွင် ပန်းအိမ်နှစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ပန်းအိမ်မှာ အချောတွေ့ရပြီး အောက်ပန်းအိမ်မှာ ပန်းခက်များဖြင့် တန်ဆာဆင်ထားပါသည်။ ဒိုင်းကာ ဓားကိုင်သူရဲရုပ် ဖောင်းတော်မှာ လုံးချောဖြစ်ပြီး အောက်တွင်ဖောင်းတစ်ဆင့် တွေ့ရှိရပါသည်။ မျက်နှာခပ်သွယ်သွယ်တွေ့ရှိရပြီး မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်များ ပေါ်လွင်မှုရှိသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင်လည်း နားတောင်းကြီး ဝတ်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်လှပါ၏။ ညာဘက်တွင် ဓားကိုင်ထားပြီး ဘယ်ဘက်တွင် ဒိုင်းကာထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့်ပတ်ထားပြီး ဣန္ဒြေကာ အပြားလိုက်ချထားပါသည်။ ပုဆိုးကို ခါးတောင်းကျိုက်၍ ဝတ်ဆင်ထားပြီး အရစ်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။ ဘယ်ခြေကို ရှေ့တက်ပြီး ညာခြေကို နောက်ဆုတ် အားယူထားပါသည်။ ပုံ (၂၆) ဒီဇိုင်းလက်ရာသည် ရှားပါးထူးခြားသော ဒိုင်းကာ ဓားကိုင်သူရဲ ရှေးခေတ် ရခိုင်ရိုးရာ စိတ္တလက်ာရ အနုလက်ရာဒီဇိုင်းတစ်ခုပင် ဖြစ်ပါသည်။ ဖော်ပြပါ ဒီဇိုင်းလက်ရာများသည် မြောက်ဦးခေတ် အစောပိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တော အနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ

(ရှေးဟောင်းသုတေသန)

**ကိုးကားချက်**

၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု

၂။ ရမ်းဗြဲတောင်ကျောင်းဆရာတော် ဦးစန္ဒမာလာလင်္ကာရရေး ရခိုင်ရာဇဝင်သစ်ကျမ်း

၃။ ဦးငမည်ရေး 'ရခိုင်ရာဇဝင်'

၄။ ပန်းချီထူးလှ (ရှေးဟောင်းသုတေသန) ရေး 'ရှေးခေတ်ဘီလူးရုပ်များ' (၁)၊ ၁၂/၂၀၀၉ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

၅။ မူရင်းကျောက်ဆစ်ရုပ်ကြွများ



www.burmeseclassic.com

www.burmeseclassic.com

ကျစ္စာမင်းကြီးအကြောင်း မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင် ဤသို့တွေ့ရသည်။

သက္ကရာဇ် ၅၉၆ ခုရောက်သော် သားတော်ကျစ္စာသည် ဓမ္မရာဇာအမည်ကိုခံ၍ မင်းပြုတော်မူ၏။ ထိုမင်းကား ပြည်သူ လူရဟန်းအပေါင်းတို့အား ရင်၌ဖြစ်သောသားကဲ့သို့ သနားတော်မူ၏။ ပိဋကတ်သုံးပုံကိုလည်း ကိုးခေါက်ပြန်သင်တော်မူ၏။

ပါဠိအဋ္ဌကထာကျမ်း၊ ဋီကာကျမ်းတို့မှ အထူးထူးသော အဓိပ္ပာယကတို့ကို ကြံတော်မူလှသည်ဖြစ်၍ မေးအံ့သောအရာ၌ ထိုမင်းကိုတုသောသူ မရှိ။ အရိယာ သံဃာတော်တို့အားလည်း တစ်နေ့ခုနစ်ဝါရ စာသင်တော်မူ၏။ စိတ်စေတသိက် ရုပ် နိဗ္ဗာန်ဘုံ ပုဂ္ဂိုလ်တို့ကို သိစေလို၍ မောင်းမတို့ကိုပြဋ္ဌာန်းစရာ ပရမတ္ထဝိန္ဒုကိုလည်း စီရင်တော်မူ၏။ ပြည်ရေးရွာမှု၌ နားမျှခံတော်မမူ။ စစ်ကြောကွပ်ညှပ်ခြင်း၊ တရားစီစစ်ခြင်းရှိသမျှကိုလည်း သားတော်အိမ်ရှေ့ ဥဇနာသာ့လျှင် စီစစ်၍ ဆုံးဖြတ်စီရင်ရ၏။ အနော်ရထာမင်းစောသည် ပြက္ခရွေတောင်ခြေ၌ ငါ ဤပြည်တွင် မင်းတစ်ကြိမ်ဖြစ်မှ ပေပင်ပေါက်စေသော်ဟု အဓိဋ္ဌာန်ပြုတော်မူ၍ စိုက်တော်မူသော ပေပင်သည် ထိုမင်းလက်ထက်၌ ပေါက်သောဟူ၏။

ထိုပေပင်ပေါက်ကြောင်း ကြားသိတော်မူလျှင် ဝမ်းမြောက်ဝမ်းသာရှိတော်မူ၏။ သက္ကရာဇ် ၅၉၇ ခုနှစ် စကုမြို့၌ ပြာသာဒ်ကျောင်းဆောက်၍ သီဟမဟာ ဥပါလိမထေရ်အား လှူတော်မူသည်။

သက္ကရာဇ် ၅၉၈ ခု၊ တူရွင်းတောင်ခြေက ကျသောရေကိုယူ၍ ကန်ကြီးဆည်တော်မူ၍ ကြာမျိုးငါးပါးနှင့်လည်း ပြည့်စုံစေ၏။ ဝမ်းဘဲ၊ ဟသာ၊ ကြိုးကြာ၊ ရေကြက်၊ စက္ကဝက် စသော ငှက်အပေါင်းတို့သည် မြူးထူးပျော်ပါးကြကုန်၏။ ထိုကန်အနီး၌လည်း လယ်တောများ စီရင်တော်မူ၏။ တစ်နှစ်သုံးသီး စားရသောဟူ၏။ ကန်အနီး၌ မင်းတဲသာယာစွာ ဆောက်ပြီးလျှင် တစ်နေ့ (၇) ဝါရ စာသင်၍ ပျော်ပါးတော်မူ၏။


ပုဂံပြည်တွင် သာသနာပြုမင်းအဖြစ် မင်းသုံးဆက်တိုင်တိုင် ဖြစ်သည်ဟု အဆိုရှိခဲ့သည်။ ၎င်းမင်းသုံးဆက်မှာ သမုဒ္ဒရာဇ်၊ ကျစ္စာ၊ အနော်ရထာ ဟူ၍ ဖြစ်သည်။ ယနေ့ ပုဂံတွင် အထင်အရှား တည်ထားခဲ့သည့် ပြဿဒါးဘုရားအား တည်ထားခဲ့သည့် မင်းတစ်ပါးလည်း ဖြစ်သည်။ ကျစ္စာမင်းကြီးလက်ထက် အနုမွန်စာ (သို့မဟုတ်) ရာဇဝတ်စီရင်ထုံးမှာ ယနေ့တိုင် ထင်ရှားသည်။ စီရင်ထုံး ကျောက်စာအဖြစ် တွေ့ရှိနိုင်သေးသည်။ သာသနာတော်အား အလွန် ကြည်ညိုကာ မိမိကိုယ်တိုင်ကလည်း ပိဋကတ်သုံးပုံအား ကိုးခေါက်ပြန် သင်ယူတတ်မြောက်သည်။ စာပေအရာတွင် ထူးချွန်ပြောင်မြောက်သည့် မင်းတစ်ပါး ဖြစ်သည်။ ပရမတ္ထဝိန္ဒုကျမ်းကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

ထို့ကြောင့် ကျစ္စာမင်းသည် မြန်မာဘုရင်များအနက် ပိဋကတ်ဘက်မှ ထူးချွန်သောမင်းအဖြစ် ရာဇဝင်ဆရာတို့က မှတ်တမ်းတင်ခဲ့ကြခြင်းလည်း ဖြစ်သည်။ ပါရမီရှိသောမင်းဟု ကျော်ကြားသည်။ အတိတ်ဘဝကပါရှိလာခဲ့သော ပါရမီကုသိုလ်ကို ယခုဘဝတွင်လည်း ကုသိုလ် ဥပထမ္ဘကကံများက ထပ်မံထောက်ကန်ကာ ဘုရားရှိခိုးတိုင်းလည်း အောက်ပါ ဘုရားရှိခိုးဂါထာတော်အား အမြဲ ရွတ်ဖတ်ရှိခိုးလျက်ရှိပြီး နေ့စဉ်မပြတ်လည်း အမြဲရွတ်ဖတ်လေ့ ရှိသည့် ဂါထာ (၃) ဂါထာအား နေ့စဉ် ရွတ်ဖတ်လျက်ရှိရာ ယင်းကုသိုလ်ကံများကြောင့် ကျစ္စာမင်းကြီးလက်ထက် တိုင်းကားပြည်ရွာ သာယာဝပြောသည်။ သူပုန်သူကန်သောင်းကျန်းသူမရှိ စစ်မက်မရှိဟု ရာဇဝင်တွင် ဖော်ပြထားသည်။

**နေအောင်လင်း-စလေ**

# ကျစ္စာမင်းကြီး၏ဘုရားရှိခိုး

## (နှင့်) အမြဲရွတ်ဖတ်သောဂါထာတော်





www.burmeseclassic.com

www.burmeseclassic.com

**ကျစ္စာမင်းကြီးဘုရားရှိခိုးဂါထာ**

○ ဂင်္ဂါယ ဝါဠုကာ တုလျာ၊
ဗုဒ္ဓါ တီတာ အနာဂတာ။
ပစ္စုပ္ပန္နေန ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

○ ဂင်္ဂါယ ဝါဠုကာ တုလျာ
ဓမ္မ တီတာ အနာဂတာ
ပစ္စုပ္ပန္နေန ယေ ဗုဒ္ဓါ
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

○ ဂင်္ဂါယ ဝါဠုကာ တုလျာ၊
သံဃ တီတာ အနာဂတာ။
ပစ္စုပ္ပန္နေန ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

**ဂင်္ဂါယ-** ဂင်္ဂါမြစ်၏၊ **ဝါဠုကာ တုလျာ-** သဲနှင့်မျှကုန်သော။ **အတီတာ-** လွန်လေကုန်ပြီးသော၊ **ယေ ဗုဒ္ဓါ-** အကြင်ဘုရားတို့သည် လည်းကောင်း၊ **အနာဂတာ-** နောင်လာတော်မူလတ္တံ့ကုန်သော၊ **ယေဗုဒ္ဓါ-** အကြင်ဘုရားတို့သည် လည်းကောင်း၊ **ပစ္စုပ္ပန္နေန-** ပစ္စုပ္ပန်၌ ပွင့်တော်မူကုန်ပြီးသော၊ **ယေ ဗုဒ္ဓါ-** အကြင်ဘုရားတို့သည် လည်းကောင်း၊ **အတ္ထိ သန္တိ-** ရှိကုန်၏။ **တေ ဗုဒ္ဓါ-** ထိုလွန်လေပြီးသောဘုရား၊ နောင်လာလတ္တံ့သောဘုရား၊ ပစ္စုပ္ပန်၌ပွင့်တော်မူသော ဘုရားတို့ကို၊ **အဟံ-** ကျွန်ုပ်သည်၊ **သဗ္ဗဒါ-** အခါခပ်သိမ်း၊ **ဝန္ဒာမိ-** ရှိခိုးပါ၏။

**ကျစ္စာမင်းကြီး ရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာမန္တန်**

(၁) စုဒ္ဒသ ဗုဒ္ဓဉာဏဉ္စ၊
အဋ္ဌရသ အာဝေဏိကံ။
ပူဇေ ဒသဗလံ ဉာဏံ
စတု ဝေသာရဇ္ဇ မုတ္တမံ။

(၂) ဝိသုဒ္ဓ ကရုဏာ ဉာဏံ၊
ဗုဒ္ဓံ သမ္ဗုဒ္ဓ ပူဇိတံ။
ဓမ္မံ သဒ္ဓမ္မ သမ္ဗုတံ၊
နိတ္တာ သံဃံ နိရင်္ဂဏံ။

(၃) နုပေမိ ဗုဒ္ဓ သရဏံ၊
ဓမ္မဉ္စာပိ အနုတ္တရံ။
သံဃဉ္စ နရဝေဒေဟိ၊
ဂစ္ဆာမိ သရဏံ အဟံ။

**စုဒ္ဒသ-** တစ်ဆယ့်လေးပါးကုန်သော၊ **ဗုဒ္ဓဉာဏဉ္စ-** မြတ်စွာဘုရားသခင်၏ ရွှေဉာဏ်တော်ကို လည်းကောင်း၊ **အဋ္ဌာရသ-** တစ်ဆယ့်ရှစ်ပါးကုန်သော၊ **အာဝေဏိကံ-** အသီးဖြစ်သော မြတ်စွာဘုရားသခင်၏ ဂုဏ်တော်ကို လည်းကောင်း၊ **ဥတ္တမံ-** မြတ်စွာသော၊ **စတု ဝေသာရဇ္ဇံ-** လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်ကို လည်းကောင်း၊ **ဒသဗလံ-** ဆယ်ပါးသော ကာယဗလ၊ ဉာဏဗလ အစရှိသော၊ **ဉာဏံ -** မြတ်စွာဘုရားသခင်၏ဉာဏ်တော်ကို လည်းကောင်း၊ **ပူဇေ-** နေ့၊ ညမပြတ် မှတ်၍ပူဇော်ပါ၏။

**အဟံ-** ကျွန်ုပ်သည်၊ **ဝိသုဒ္ဓကရုဏာဉာဏံ-** ဝါသနာနှင့်တကွ အလုံးစုံကုန်သော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်သော မြတ်စွာဘုရား သန္တာန်တော်၌တည်သော မဟာကရုဏာ သဗ္ဗညုတဉာဏ်တော် ရှိတော်မူထသော၊ **ဗုဒ္ဓံ-** မြတ်စွာဘုရားကို၊ **နတ္វာ-** နမာမိ ရှိခိုးပါ၏။ **နတွာ-**ရှိခိုးပြီး၍၊ **သမ္ဗုဒ္ဓပူဇိတံ-** မြတ်စွာဘုရားသည် ပူဇော်အပ်တော်မူထသော၊ **ဓမ္မဉ္စ-** ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း၊ **နတွာနမာမိ-** ရှိခိုးပါ၏။ **နတွာ-** ရှိခိုးပြီး၍၊ **သဒ္ဓမ္မ သမ္ဘုတံ-** သူတော်ကောင်းတို့၏တရားကြောင့် အရိယာသာဝက အဆင့်ဖြင့်ဖြစ်တော်မူထသော၊ **နိရင်္ဂဏံ-** ကိလေသာ မရှိထသော၊ **သံဃဉ္စ-** ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်း **နတွာနမာမိ-** ရှိခိုးပါ၏။

**ဗုဒ္ဓံ-** မြတ်စွာဘုရားကို၊ **သရဏံ-** ကိုးကွယ်ခြင်းသို့၊ **ဥပေမိ-** ရောက်ပါ၏။ **အနုတ္တရံ-** မိမိထက်အမွန်း လွန်သော တရားမရှိသော၊ **ဓမ္မဉ္စာပိ-** ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း၊ **နရဒေဝေဟိ-** လူ၊ နတ်အပေါင်းတို့သည်၊ **ပူဇိတံ သော သံဃဉ္စာပိ-** သံဃာတော်မြတ်ကို လည်းကောင်း၊ **သရဏံ -** ကိုးကွယ်ခြင်းသို့၊ **ဥပေမိ -** ရောက်ပါ၏။ **အဟံ-** ငါသည်၊ **တံ-** သုံးပါးသော ရတနာတို့ကို၊ **သရဏံ-** ကိုးကွယ်ခြင်းသို့၊ **ဂစ္ဆာမိ-** ရောက်ပါ၏။

ကျစ္စာမင်းကြီးသည် အထက်ပါ ဘုရားရှိခိုးဂါထာနှင့် ဘုရားဝတ်ပြုရှိခိုးလေ့ရှိပြီး ၎င်းဂါထာမန္တန် (၃) ဂါထာကိုလည်း အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သောကြောင့် ဘေးရန်လည်းကင်းသည်၊ ဘုန်းတန်ခိုးလည်းကြီးမားသည်၊ အတိုင်းတိုင်းအပြည်ပြည်က လက်ဆောင်ပဏ္ဏာတော်များလည်း ဆက်သ၊ ခြင်းခံရသည်။ ထို့ကြောင့် ကျစ္စာမင်းကြီး၏ဘုရားရှိခိုးနှင့် နေ့စဉ် အမြဲရွတ်ဖတ်သော ဂါထာတော်တို့အား ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

နေ့စဉ် ရှိခိုးရွတ်ဖတ် ပွားများသဖြင့် လက်တွေ့အကျိုးထူးများ မလွဲမသွေ တွေ့ကြုံခံစားရမည်မှာ မလွဲပင် ဖြစ်ပါသည်။

နေအောင်လင်း-စလေ

## ကြက်နို့ အလွယ်ကူဆုံး သတ်နည်း

ကြွက်နို့သည် လူ၏ ခန္ဓာကိုယ်အရေပြားပေါ်တွင် နေရာမရွေးပေါ်ပေါက်တတ်သော အသားပိုအဖုလေးပင် ဖြစ်ပါသည်။ ပထမဆုံးပေါ်ပေါက်လာသော အဖုလေးကို ကြွက်နို့မကြီးဟု ခေါ်ပြီး ထပ်မံပြီး ကြွက်နို့ငယ်လေးများ ပွားများလာတတ်ပါသည်။

၎င်းကြွက်နို့ကို သတ်နည်း (ဝါ) ပျောက်အောင်လုပ်နည်း နိဿရည်းများ အမျိုးမျိုးအထွေထွေရှိပါသည်။ ထိုအမျိုးမျိုးထဲမှ ကြွက်နို့သတ်နည်း (၃) မျိုးကို တင်ပြအပ်ပါသည်။

ပထမနည်းမှာ -

ကြွက်နို့အမကြီးပေါ်သို့ တံတွေးစိုအောင် စွတ်စိုစေပြီး ၎င်းအပေါ်သို့ နန္ဒင်းမှုန့်ပုံပေးပါ။ နန္ဒင်းမှုန့်ကို မီးရှို့လိုက်ပါ။ မီးခိုးငွေ့ငွေ့လေးများလာလျှင် သူ့အလိုလို ကြွက်နို့ပူလာပါမည်။ မခံမရပ်နိုင်အောင် ပူလာလျှင် နန္ဒင်းမှုန့်ကို ဖယ်ရှားလိုက်ပါ။ ထိုသို့ နားနားပြီး (၃) ကြိမ်မျှလုပ်ပြီး ကြွက်နို့အဖုလေးကို တွန်းချလိုက်ပါ။ ကြွက်နို့မကြီးကို ထိုသို့ သတ်လိုက်လျှင် အခြားကြွက်နို့သေးသေးလေးတွေမှာ အလိုအလျောက် ပျောက်သွားပါမည်။

ဒုတိယနည်းမှာ -

ကြွက်နို့ပေါ်သို့ ဖီးကြမ်းငှက်ပျောသီးအမှည့်အခွံအတွင်းသားဘက်မှ ကပ်စည်းပေးထားပါ။ တစ်နေ့လျှင် (၃) ကြိမ်မျှ အသစ်လဲလှယ်ကပ်ပေးပါ။ (၃) ရက်ဆက်တိုက်ပြုလုပ်ပြီးလျှင် ကြွက်နို့အဖုကို အသာအယာတွန်းချလိုက်ပါ။

တတိယနည်းမှာ-

ကြက်၏အသည်းအမြစ်မှ အမြစ်အစာခြေအင်္ဂါအတွင်းတွင်ကပ်နေသော ကြက်မြစ်အကာနှင့် အသက်အောင့်ပြီး ကြွက်နို့ကို (၇) ကြိမ် ပွတ်တွန်းချလိုက်ပါ။ (၁၀) ရက်ခန့်ရှိလျှင် ကြွက်နို့အလိုလိုပြုတ်ထွက်သွားပါမည်။

အထက်ပါ နည်းစနစ်မျိုးသည် ကြွက်နို့သက်ရာတွင် အသုံးပြုပြီးဖြစ်သည့်အပြင် မည်သည့်ဘေးထွက်ဆိုးကျိုးမှုလည်း မရှိသဖြင့် ရေးသားတင်ပြလိုက်ပါသည်။

*အနာရောဂါကင်းရှင်း၍*
*ကျန်းမာခြင်း ပြည့်စုံပါစေ*
နတ်မောက်မင်းသန့်ခင်




www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရား ယိုးဒယားနိုင်ငံ မြသပိတ်တောင်ဘုရားသို့ ရောက်ရှိပုံ



မြတ်စွာဘုရား ပွင့်တော်မူသည့်ဗောဓိပင်အား ဆရာတော်ကြည်ညိုနေပုံ

မဟာဗောဓိတစ်တောင်ဆရာတော်ဘုရားကြီး၏ခယောင်းလမ်းမှသည်

# ပြည်ပသာသနာခရီးများ

**သုဓာယျ**

**ပြည်ပသာသနာခရီးများ**

ဆရာတော်ကြီးဟာ (၁၆) နှစ်ကာလ (၁၀-၅-၁၉၈၈ မှ ၁၇-၅-၂၀၀၄) အတွင်းမှာ နိုင်ငံပေါင်း (၁၃) နိုင်ငံကို (၄၈) ကြိမ် သာသနာခရီးများ ကြွတော်မူခဲ့ပါတယ်။

အဲဒီ (၁၆) နှစ်အတွင်းမှာ ပထမဆုံးကြွခဲ့တဲ့နိုင်ငံကတော့ အိန္ဒိယနဲ့နီပေါ ဖြစ်ပြီး ထိုင်းနိုင်ငံကတစ်ဆင့် ကြွခဲ့ခြင်းဖြစ်ပါတယ်။ နောက်ဆုံးကြွခဲ့တဲ့ နိုင်ငံများကတော့ စင်ကာပူ၊ တရုတ်နဲ့ ဂျပန်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံကတစ်ဆင့် ကြွခဲ့



မဟာဗောဓိတစ်တောင်ဆရာတော်ဘုရားနှင့် ထိုင်းနိုင်ငံမှ ဒါယကာ၊ ဒါယိကာမများ



www.burmeseclassic.com

www.burmeseclassic.com

ခြင်း ဖြစ်ပါတယ်။

**ပထမဆုံးသာသနာခရီး**
**(အယုဒ္ဓယမှသည် ဗုဒ္ဓဂယာသို့)**


ဆရာတော်ကြီးရဲ့ ပထမဆုံးသာသနာခရီးကတော့ အိန္ဒိယနဲ့နီပေါ ဖြစ်ပါတယ်။ အဲဒီခရီးစဉ်ဖြစ်မြောက်အောင် အကြောင်းပြုခဲ့သူများကတော့ ဆရာတော်ကြီးရဲ့ဒကာရင်းများဖြစ်ကြတဲ့ ဦးတင်မောင်၊ ဒေါ်သန်းရွှေ (တိုင်းကြည်ဓာတ်ပုံ၊ မန္တလေး) နဲ့ သားဖြစ်သူ ကိုခင်မောင်အေးတို့ပဲ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ ရောက်ရှိနေကြတဲ့ ဦးတင်မောင်၊ ဒေါ်သန်းရွှေတို့ရဲ့သား ကိုခင်မောင်အေးက ဆက်သွယ်ပေးတဲ့အတွက် ထိုင်းနိုင်ငံက ဒေါ်အေးငို၊ ဒေါ်အေးကြွယ်၊ ဦးခင်မောင်လွင်၊ ဒေါ်တင်တင်တို့က ဆရာတော်ကြီးကို ထိုင်းနိုင်ငံကြွဖို့ အကြိမ်ကြိမ် ပင့်လျှောက်ကြပါတယ်။

ထိုင်းနိုင်ငံက တစ်ဆင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာကို ဘုရားဖူးကြွရောက်ဖို့လည်း စီစဉ်ခဲ့ပါတယ်။ ဒါကြောင့် ဆရာတော်ကြီးဟာ ဦးတင်မောင်၊ ဒေါ်သန်းရွှေကို ကပ္ပိယကာရကပြုပြီး ဦးသောင်း၊ ဒေါ်ကြည် (ရွှေကျေး မှန်ဆိုင်မိသားစု)၊ ဒေါ်မြသီတာမိသားစုနဲ့ အစ်ကို ဦးအောင်ဇေ၊ ဦးရွှေ+ဒေါ်သီ (ဒေါ်သီသနပ်ခါး)၊ ကိုအေးမြင့်၊ မခင်အေးခိုင်၊ ကိုအောင်ပို+မယဉ်ယဉ်မြင့် (ဗောဓိတစ်ထောင်ကျောင်းဒကာ၊ ရန်ကုန်) တို့နဲ့အတူ ထိုင်းနိုင်ငံကို ရှေးဦးစွာကြွရောက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံကိုရောက်တော့ ဆရာတော်ကြီးကို တစ်ခါမျှ မမြင်ဘူး၊ မတွေ့ဘူးတဲ့ ဦးဘိုနီမိသားစုက မြင်မြင်ချင်း ကြည်ညိုသဒ္ဓါတွေပွားပြီး ဆရာတော်ကြီး ကြွလိုရာနေရာကို ချမ်းသာစွာကြွနိုင်ဖို့ ကား (၂) စီး လှူဒါန်းခဲ့ပါတယ်။

ဦးသန်းထိုက် (မဲဆောက်) ကလည်း ဦးဘိုနီမိသားစုလိုပဲ ဆရာတော်ကြီးကို တစ်ခါမျှ မမြင်ဘူး၊ မတွေ့ဘူးဘဲနဲ့ မြင်မြင်ချင်း ကြည်ညိုသဒ္ဓါပွားပြီး ဆရာတော်ကြီးရဲ့ရုပ်တုပုံတူ (၅၀၀၀)၊ မြဘုရားပုံတော် အဆူ(၆၀၀၀)၊ အောင်စကြာစေတီတော်ကြီး ဆလိုက်မီးနဲ့ မီးစက်ကို လှူဒါန်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ဦးသန်းထိုက်ဟာ ဆရာတော်ကြီး အင်မတန် အားထား၊ အားကိုးရတဲ့ တပည့်သာဝကရင်းတစ်ဦး ဖြစ်ခဲ့ပါတယ်။ တပည့်သာဝကတွေကို ဆရာ



မြတ်စွာဘုရား ပွင့်တော်မူသည့်ဗောဓိပင်အား ဆရာတော်ကြည်ညိုနေပုံ



မြတ်စွာဘုရား ပွင့်တော်မူသည့်ဗောဓိပင်အား ဆရာတော်ကြည်ညိုနေပုံ



လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ဂျပန်ပြည်မှာ



www.burmeseclassic.com

www.burmeseclassic.com







ရုပ်တော်မှု၊ ထိုင်တော်မှု၊ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ဂျပန်ပြည်မှာ

တော်ကြီး ချီးမြှင့် ဝေငှနိုင်ဖို့အတွက် ဘုရားအသေး,အကြီး အဆူဆူကို သိန်းနဲ့ချီပြီး အမြဲမပြတ် လှူဒါန်းခဲ့ပါတယ်။

(ဦးသန်းထိုက်ဟာ ဆရာတော်ကြီးခန္ဓာဝန်မချမီမှာ ကွယ်လွန်ခဲ့တယ်။)

ထိုင်းနိုင်ငံ ဗန်ကောက်က တစ်ဆင့် ဒေါ်လှထူးမေ၊ ဒေါ်မေရီ၊ ကိုဗစ် (မောင်နှမသုံးဦး) လည်း လိုက်ပါကြပြီး ၂၁-၅-၁၉၈၈ နေ့မှာ ဆရာတော်ကြီးရဲ့တပည့်သာဝကတွေနဲ့အတူ အိန္ဒိယပြည်ကို ကြွရောက်ခဲ့ကြပါတယ်။ ဗုဒ္ဓရှင်တော်မြတ် ဖွားတော်မူရာ၊ ဓမ္မစကြာ စရိယာကျင့်တော်မူတဲ့နေရာ၊ ဗောဓိပင်နဲ့ရွှေပလ္လင်ကို အောင်တော်မူတဲ့နေရာ၊ ပရိနိဗ္ဗာန်ပြုတဲ့နေရာ အစရှိတဲ့ ဗုဒ္ဓဂယာ သာသနာ့အောင်မြေတွေကိုသွားရောက်ကြပြီး ဖူးမြော် ကြည်ညိုခဲ့ကြပါတယ်။

ခရစ်ယာန်ဘာသာကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာခဲ့တဲ့ ဒေါ်လှထူးမေဟာ ဦးတင်မောင် (တိုင်းကြည်) အဟောအပြောကောင်းတာကြောင့် ဆရာတော်ကြီးကို ဗုဒ္ဓဂယာမှာ သိက္ခာထပ်ပေးခဲ့တဲ့အပြင် သူ့ရဲ့မောင် ကိုဗစ်တာကိုလည်း ဦးတင်မောင် (တိုင်းကြည်)၊ သား ကိုခင်မောင်ကြည်တို့နဲ့အတူ ရဟန်းဝတ်စေခဲ့ပါတယ်။ ရာဇဂြိုဟ်မြို့က သက်တော်ရှည်ဆရာတော်ကြီးကလည်း စွယ်တော်ပွားတစ်ဆူကို ချီးမြှင့်ခဲ့ပါတယ်။ အဲဒီ စွယ်တော်ပွားကို ဗောဓိတစ်ထောင်ဆရာတော်ကြီးက မြန်မာပြည်ကို ပင့်ဆောင်လာခဲ့ပါတယ်။

ဆရာတော်ကြီးရဲ့ ဗုဒ္ဓဂယာသာသနာခရီးမှာ ထူးထူးခြားခြား ဖြစ်ရပ်များလည်း ရှိခဲ့ပါတယ်။ အဲဒီအကြောင်းကို မိဂဒါဝုန်ဆရာတော် ဦးဝါယမိန္ဒက 'ဘဝစာပန်းချီ' မှာ ခုလို မှတ်တမ်းတင်ခဲ့ဖူးပါတယ်။

'ဆရာတော်ကြွလေရာတိုင်း၌ ဗုဒ္ဓဘာသာဝင်တို့ထက် ဗုဒ္ဓဘာသာဝင်မဟုတ်သော ဟိန္ဒူတို့သည် သည်နေ့၊ သည်ရက် ဆာဒူးကြီးလာလိမ့်မည် ဟူသော ကြိုတင်ဟောကိန်းအရ မျှော်တော်ဇောနှင့်စောင့်နေကြခိုက်မှာ ကြွရောက်လာသော ဗောဓိတစ်ထောင်ဆရာတော်ကိုပင် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသဒ္ဓါတို့ဖြင့် စွမ်းနိုင်ရာ၊ စွမ်းနိုင်ရာကို အလုအယက် လှူဒါန်းကြသည်ကိုတွေ့ရှိရကြောင်း ဆရာတော်က စာရေးသူအား အမိန့်ရှိပါသည်။

တစ်နေ့ တစ်နေ့ဆိုလျှင် မွှမ်း



www.burmeseclassic.com

www.burmeseclassic.com

ချွန်တပ်သူတို့သည် နေ့စဉ် (၄) (၅) ဦးရှိနေ၍ နေ့စဉ် (၄) ထပ် ရကြောင်း ဆရာတော်က စာ အား အမိန့်ရှိပါသည်။

ဘပည့်တော် ကိုယ့်ကိုယ်ကိုယ် ထောင်မိဘူး။ ဟိုရောက်တော့ လူ သူတွေ ပေါ်မှ ငါ့ကံဟာတော် ဘာ ထင်မိ၊ အောက်မေ့မိကြောင်း ဘောဓိတစ်ထောင်ဆရာတော်က သူအား အမိန့်ရှိပါသည်။

ဆရာတော်ကြီးဟာ ဦးတင်မောင် (တိုင်းကြည်) ကို အခုလို ကပ္ပိယကာရ ပြီး ၁၉၈၈ ခုမှာ အိန္ဒိယနဲ့ဗုဒ္ဓဂယာ ပထမဆုံးအကြိမ် ကြွရောက်ခဲ့ပြီး နောက် ၁၉၉၁၊ ၁၉၉၃၊ ၁၉၉၈ ခုတွေ လည်း ဗုဒ္ဓဂယာကို ကြွရောက်ခဲ့ပါ တယ်၊ အဲဒီ သာသနာခရီးတွေမှာတော့ ဆရာတော်ကြီးတစ်ပါးသာမက ညောင် အိုင်ဆရာတော်ကြီး ဦးနန္ဒာဘာသ လည်း အတူလိုက်ပါခဲ့ပြီး ဦးတ္တမ (ယခု အမေရိကန်နိုင်ငံ) က ပဏ္ဍာသာမဏေအ ဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ ဇန်ကောက် ဒကာ၊ ဒကာမများ ဖြစ်ကြတဲ့ ဒေါ် ထူးမေ၊ ညီမ ဒေါ်မေရီ၊ ရန်ကုန်က ကျော်မျိုးညွန့်နဲ့ သူ့သူငယ်ချင်းတွေ လည်း ဆရာတော်ကြီးနဲ့အတူ ဘုရားဖူး လိုက်ပါခဲ့ကြပါတယ်'

ဦးတင်မောင် (တိုင်းကြည်ဓာတ်ပုံ မန္တလေး) ၏ ပြောပြချက် မှတ်တမ်း ဓာတ်ပုံများနဲ့ မိဂဝါဝုန်ဆရာတော် ဦး ဝါယမိန္ဒရဲ့ 'ဘဝစာပန်းချီ' ကို အခြေခံ ပြီး ပြန်လည် ရေးသား မှတ်တမ်းတင် ထားခြင်း ဖြစ်ပါတယ်။

**တောင်ကိုရီးယားနိုင်ငံ ငြိမ်းချမ်းရေးစေတီ ပန္နက်တင်မင်္ဂလာပွဲသို့**

- International Buddhism Culture Director Association.
- The Myanmar Homourable Ambassador of Korea.
- Korea-Myanmar Friendship Interchange Federation.

အထက်ပါ အဖွဲ့အစည်းများက တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအ တွက် နှစ်နိုင်ငံနယ်စပ်မှာ တည်ဆောက် မယ့် ငြိမ်းချမ်းရေးစေတီ ပန္နက်တင်မင်္ ဂလာပွဲကိုကြွရောက်ဖို့ ဆရာတော်ကြီးကို ပင့်ဖိတ်ခဲ့ပါတယ်။

ဒါကြောင့် ဆရာတော်ကြီးဟာ ၁၀-၅-၁၉၉၆ ခုနှစ်မှာ ဗိုလ်မှူးတင်မျိုး သာ/ထွန်း/ပြန့် (ယခု ရန်ကုန် စွယ်








ရုပ်တော်မှ၊ ထိုင်တော်မှ၊ လျောင်းတော်မှ ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ဂျပန်ပြည်မှာ



www.burmeseclassic.com

www.burmeseclassic.com







ဆရာတော်ကြီး၏ တောင်ကိုရီးယားသာသနာ့ခရီးစဉ်

တော်မြတ်စေတီဂေါပက) နဲ့ ဦးဌေးရွှေ (မန်နေဂျင်းဒါရိုက်တာ၊ မုံရွာဟိုတယ်၊ မုံရွာ) တို့ လိုက်ပါပြီး တောင်ကိုရီးယား နိုင်ငံကို ကြွရောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်မျိုးညွန့် (ထိုစဉ်က သာသနာရေးဝန်ကြီး)၊ ဗိုလ်ချုပ်မျိုးသန့် (ထိုစဉ်က ပြန်ကြားရေးဝန်ကြီး) တို့ဟာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လာရောက်ပြီး ဆရာတော်ကြီးကို လိုက်ပါပို့ဆောင်ခဲ့ကြပါတယ်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ လေဆိပ်ကိုရောက်ရှိတဲ့အခါမှာ တောင်ကိုရီးယားဘုန်းတော်ကြီး မုတ်တတ်ဟေအင်နှင့် ကိုရီးယား ဒကာ, ဒကာမများ၊ တောင်ကိုရီးယားနိုင်ငံ မြန်မာသံအမတ်ကြီး ဦးဘုန်းမြင့်နဲ့အဖွဲ့က လာရောက်ကြိုဆိုပြီး ဂါရဝပန်းစည်းများ၊ ဂါရဝပန်းကုံးများကို ဆက်တပ်လှူဒါန်းခဲ့ကြပါတယ်။ ဆရာတော်ကြီးဟာ ဆိုးလ်မြို့ လေဆိပ်ကနေ ခေတ္တသီတင်းသုံးမည့် (HOTEL SEKO) ဆီကိုးဟိုတယ်ကို ကြွရောက်တဲ့အခါမှာ ယာဉ်ထိန်းမော်တော်ယာဉ်များ၊ လုံခြုံရေးရဲကားများက ရှေ့နောက်ဝဲယာ ခြံရံပြီး လိုက်ပါစောင့်ရှောက်ခဲ့ကြပါတယ်။

ဆရာတော်ကြီးဟာ ဆိုးလ်မြို့ အနီးမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းများကို ကြွရောက်အပူဇော်ခံခဲ့ပါတယ်။ လာရောက်ဖူးမြော်တဲ့ ကိုရီးယားလူမျိုး ဒကာ၊ ဒကာမများကို ဆရာတော်ကြီးက ဗုဒ္ဓရုပ်ပွားတော်များ၊ အန္တရာယ်ကင်း အဆောင်ပစ္စည်းများကို ချီးမြှင့်ပါတယ်။ ဆရာတော်ကြီးကြွရောက်တဲ့နေရာတိုင်းမှာ "MYANMAR VIP WELCOME TO KOREA ဆိုတဲ့ စာတန်းတွေ ချိတ်ဆွဲပြီး ဂုဏ်ပြုကြိုဆိုကြပါတယ်။


### ငြိမ်းချမ်းရေးစေတီပန္နက်တင်မင်္ဂလာပွဲ

ရောက်ပြီး နောက်တစ်နေ့မှာ ဆရာတော်ကြီးဟာ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတစ်ခုကို ကြွရောက်ခဲ့ပါတယ်။ အဲဒီ ဘုန်းတော်ကြီးကျောင်းမှာ ကျင်းပပြုလုပ်တဲ့ ငြိမ်းချမ်းရေးစေတီ ပန္နက်တင်ပွဲမှာ ဆရာတော်ကြီးဟာ သီလပေးပြီး တရားဓမ္မများ ဟောကြားခဲ့ပါတယ်။ ကိုရီးယား ဒကာ၊ ဒကာမများကလည်း ဓမ္မတေးများနဲ့ သံပြိုင်သီဆိုပူဇော်ကြပါတယ်။ ဆရာတော်ကြီးရဲ့တရားတွေကို မြန်မာသံအမတ်ကြီး ဦးဘုန်းမြင့်၊ ဗိုလ်မှူး တင်မျိုးနဲ့ဦး



www.burmeseclassic.com

www.burmeseclassic.com







ဆရာတော်ကြီး၏ တောင်ကိုရီးယားသာသနာ့ခရီးစဉ်

ဌေးရွှေတို့က အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီး ကိုရီးယားစကားပြန် မစ္စတာချန်း (Mr.CHANG) က ပန္နက်တင်ပွဲကို လာရောက်ကြတဲ့ ကိုရီးယား ဒကာ၊ ဒကာမများကို ကိုရီးယားဘာသာနဲ့ ရှင်းလင်းပြောကြားခဲ့ပါတယ်။ ကိုရီးယား ဒကာ၊ ဒကာမများဟာ အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ ငြိမ်းချမ်းရေးစေတီ ပန္နက်တင်မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်ခဲ့တဲ့ ဆရာတော်ကြီးကိုလည်း အလွန် ကြည်ညိုလေးစားပြီး ကျေးဇူးတင်မဆုံး ရှိခဲ့ကြပါတယ်။

**နှစ်နိုင်ငံနယ်စပ်နှင့် မြို့တော်ဟောင်းသို့**

ပန္နက်တင်မင်္ဂလာပွဲ ပြီးတဲ့အခါ ဆရာတော်ကြီးဟာ တာဝန်ရှိပုဂ္ဂိုလ်များနဲ့အတူ နှစ်နိုင်ငံနယ်စပ်မှာရှိတဲ့ (TOWER) တာဝါကို ကြွရောက်ပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များက အဲဒီ တာဝါမှာရှိတဲ့ နှစ်နိုင်ငံနယ်စပ်ပုံစံငယ်နဲ့ နှစ်နိုင်ငံနယ်စပ်ရဲ့ ပထဝီအနေအထားကို ဆရာတော်ကြီးအား ရှင်းပြပါတယ်။ အဲဒီ အမြင့် တာဝါအပေါ်က လှမ်းမြင်နေရတဲ့ နှစ်နိုင်ငံနယ်စပ်ကို အဝေးကြည့်မှန်ပြောင်းနဲ့ ဆရာတော်ကြီးကို ကိုယ်တိုင်ကိုယ်ကျ လေ့လာကြည့်ရှုစေပါတယ်။

နောက်တစ်နေ့မှာ ဆရာတော်ကြီးကို ပုဂံမြို့ဟောင်းနဲ့တူတဲ့ (KYONG JU) ကွန်ဂျူဆိုတဲ့ ကိုရီးယားရှေးဟောင်းမြို့တော်တစ်ခုသို့ ပင့်ဆောင်ခဲ့ပါတယ်။ အဲဒီမြို့ဟောင်းမှာရှိတဲ့ ကိုရီးယားဘုရင်တစ်ပါးရဲ့နန်းတော်၊ ရှေးဟောင်းသုတေသနက တူးဖော်ထားတဲ့ ဘုရင်တစ်ပါးရဲ့ဂူဗိမာန်နဲ့ ထူးထူးခြားခြား ဘုန်းတော်ကြီးကျောင်းများကို ကြွရောက်ခဲ့တယ်။

အဲဒီ ဘုန်းတော်ကြီးကျောင်းတွေကတော့ ကျောက်တုံးတွေနဲ့ တည်ဆောက်ထားတဲ့ ဘုန်းကြီးကျောင်း၊ ငါးရာ ငါးဆယ်နိပါတ်တော်များကို ကနုကမာတွေနဲ့ ပုံဖော်ထားတဲ့ ဘုန်းတော်ကြီးကျောင်း၊ ပိဋကတ်သုံးပုံကို ကိုရီးယားဘာသာနဲ့သင်ကြားပို့ချနေတဲ့ ဘုန်းကြီးကျောင်း (၃) ကျောင်း ဖြစ်ပါတယ်။

**ဂမ္ဘီရစေတီသို့**

ကိုရီးယားလူမျိုးများဟာ ဂျပန်ရဲ့နယ်ချဲ့ကျူးကျော်မှုကို အမြဲတမ်းခံခဲ့ရပါတယ်။ ဒါကြောင့် ကိုရီးယားလူမျိုးတွေဟာ ဂျပန်ရဲ့နယ်ချဲ့ကျူးကျော်မှုရန်က ကင်းဝေးအောင်ဆိုပြီး စေတီတစ်ဆူကို ဂမ္ဘီရအစီအရင်နဲ့ တည်ခဲ့တယ်လို့




www.burmeseclassic.com

www.burmeseclassic.com






ဆရာတော်ကြီး၏ တောင်ကိုရီးယားသာသနာ့ခရီးစဉ်



စင်ကာပူနိုင်ငံရှိ သံဃာတော်များ၊ ဒကာ, ဒကာမများနှင့် ဆရာတော်ကြီး

ဆိုပါတယ်။ အဲဒီ စေတီဟာ ဂျပန်နိုင်ငံဘက်ကိုမျက်နှာမူပြီးတည်ထားတဲ့စေတီဖြစ်ပါတယ်။ အဲဒီလို စေတီတည်ပြီးတဲ့အချိန်ကစပြီး ဂျပန်ရဲ့ကျူးကျော်မှုကို မခံရတော့ဘူးလို့ တောင်ကိုရီးယားလူမျိုးများက ယုံကြည်ကြပါတယ်။ အဲဒီဂမ္ဘီရစေတီဆီသို့ ဆရာတော်ကြီး ကြွရောက်ဖူးမြော်ခဲ့ပါတယ်။

**အထိမ်းအမှတ်ထင်းရှူးပင်**

အဲဒီ ဂမ္ဘီရစေတီကအပြန် ဆရာတော်ကြီးဟာ ကိုရီးယားဘုန်းတော်ကြီးနဲ့အတူ ပန်းခြံတစ်ခုသို့ ကြွရောက်ခဲ့ပါတယ်။ ဆရာတော်ကြီး တောင်ကိုရီးနိုင်ငံကိုရောက်ရှိခဲ့တဲ့အထိမ်းအမှတ် ထင်းရှူးပင်ကို အဲဒီပန်းခြံမှာစိုက်ပျိုးခဲ့တယ်။

**ထူးခြားသောဖြစ်ရပ်တစ်ခု**

ဆိုးလ်မြို့ကို လှည့်လည်ကြည့်ရှုစဉ်မှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခု ကြုံတွေ့ခဲ့ရကြောင်း ဦးငွေရွှေက အခုလို [illegible] ပြခဲ့ပါတယ်။

"ကျွန်တော်တို့ဟာ ဆိုးလ်မြို့ထဲမှာ မော်တော်ကားတွေနဲ့သွားနေတုန်း ဆရာတော်ကြီးက ကျွန်တော့်ကို-

'အခု ဘယ်သွားမလဲ'

လို့ မေးပါတယ်။

ဒါနဲ့ ကျွန်တော်က ကားရှေ့ခန်းမှာထိုင်နေတဲ့ ကိုရီးယားစကားပြန် (Mr. CHANG) မစ္စတာချန်းကို-

'ကျွန်တော်တို့ အခုဘယ်သွားကြမှာလဲ'

လို့ လှမ်းမေးနေတုန်းမှာ ဆရာတော်ကြီးက-



ဆရာတော်ကြီး၏ဒကာရင်း
ရွှေနေကြီး Mr. W.T.Woon



www.burmeseclassic.com

www.burmeseclassic.com

'အထပ် (၁၀၄) ထပ်ရှိတဲ့ တာဝါတိုသွားမယ်'

လို့ လက်ညှိုးညွှန်ပြီး ပြောဆိုလိုက်ပါတယ်။

အဲဒီလို ဆရာတော်ကြီးက လက်ညှိုးညွှန်ပြပြောဆိုလိုက်ပြီးမှ ကိုရီးယား စကားပြန် (Mr.CHANG) မစ္စတာချန်းက ကျွန်တော်တို့နောက်အက်ကိုလှည့်ပြီး-

'အခု ကိုရီးယားသမ္မတနိုင်ငံရဲ့ တိုးတက်မှုပြယုဂ်ဖြစ်တဲ့ အထပ်ပေါင်း (၁၀၄) ထပ်ရှိတဲ့ (TOWER) တာဝါကိုသွားပါမယ်'

လို့ ပြောခဲ့ပါတယ်။

အဲဒါကတော့ ဆိုးလ်မြို့မှာ ကျွန်တော် တွေ့ကြုံခဲ့ရတဲ့ ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်တစ်ခုပါပဲ။

နောက်ပြီး မြန်မာပြည်တုန်းကလည်း တောင်ကိုရီးယားဘုန်းတော်ကြီးတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာဖြစ်ရပ်လေး တွေ့ကြုံရဖူးပါတယ်။

တောင်ကိုရီးယားဘုန်းတော်ကြီး (MOK TAK HYE EUN) မုတ်တတ်ဟေအင်နဲ့ ဘုန်းတော်ကြီး (DO HOO) ဒိုဟူး (၂) ပါးတို့က ဆရာတော်ကြီးကို အင်မတန် ချစ်ခင်ကြည်ညိုလေးစားကြတယ်။

မြို့တော်ဆေးရုံမှာ ဆရာတော်ကြီး ဆေးဝါးကုသနေတဲ့အချိန် မုတ်တတ်ဟေအင်ဟာ တောင်ကိုရီးယား ဒကာ၊ ဒကာမတွေနဲ့ မန္တလေးကိုရောက်လာကြပါတယ်။ ဆရာတော်ကြီးရှိတဲ့ မြို့တော်ဆေးရုံကိုသွားပြီး အားပေးစကားတွေပြောခဲ့ပါတယ်။ အဲဒီနောက် တောဖောမိတ်စ်တောင်ကျောင်းတိုက်ကိုလည်း သွားရောက်ပြီး ဘုရားပုထိုးစေတီတွေမှာ ဆရာတော်ကြီး ကျန်းမာရေးကောင်း ဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြပါတယ်။





တောင်ကိုရီးယားဘုန်းတော်ကြီးများနှင့် ဒကာ၊ ဒကာမများ၏ မြန်မာပြည်အလည်အပတ်ခရီး

ဆရာတော်ကြီး ခန္ဓာဝန်ချတဲ့အခါမှာ မြန်မာပြည်က ကိုကျော်စိုးမိုးက ဘုန်းတော်ကြီး ဒိုဟူးကို အကြောင်းကြားလိုက်ပါတယ်။ ဘုန်းတော်ကြီးဒိုဟူးဟာ အဲဒီသတင်းကိုကြားသိတာနဲ့တစ်ပြိုင်နက် လေယာဉ်လက်မှတ် ချက်ချင်းဝယ်ပြီး ဆရာတော်ကြီးရဲ့ဈာပနာပွဲအမီ မြန်မာပြည်ကိုရောက်လာပါတယ်။

အဲဒီ တောင်ကိုရီးယားဘုန်းတော်ကြီးဒိုဟူးက ဆရာတော်ကြီး မန္တလေးကို ဆေးဝါးကုသဖို့ သွားမယ့်နေ့ ၂၆-၁၀-၂၀၀၆ မှာ ဆရာတော်ကြီးကို နောက်ဆုံးတွေ့ဆုံကန်တော့ခဲ့သူ ဖြစ်ပါတယ်။ မန္တလေးမှာ ဆေးဝါးကုသမယ့်နေ့မှာ ဆရာတော်ကြီးဟာ ဘုန်းတော်ကြီး ဒိုဟူးနဲ့ ဒကာ၊ ဒကာမများကို တွေ့ဆုံဖို့





တောင်ကိုရီးယားဘုန်းတော်ကြီးများနှင့် ဒကာ၊ ဒကာမများ၏ မြန်မာပြည်အလည်အပတ်ခရီး



www.burmeseclassic.com

www.burmeseclassic.com





ဦးတင်မောင် (တိုင်းကြည်)၊ ဦးဗစ်တာ၊
ဦးခင်မောင်ကြည် (ဖန်ကောက်) တို့ကို
ရဟန်းအဖြစ် ချီးမြှင့်နေပုံ





ဦးတင်မောင် (တိုင်းကြည်) အား ဆံချပေးနေပုံ

ကတိပေးထားခဲ့လို့ မန္တလေးကိုချက်ချင်း ကြွမသွားဘဲ ဘုန်းတော်ကြီးဒိုဟူးနဲ့အဖွဲ့ လာတဲ့ ညနေ (၅) နာရီအထိ စောင့်နေခဲ့ပါတယ်။ ဆရာတော်ကြီးဟာ ကိုရီးယား ဒကာ၊ ဒကာမတွေရဲ့ ပူဇော်ကန်တော့တာကို ခံယူပြီး ဘုန်းတော်ကြီး ဒိုဟူးနဲ့ သာသနာရေးကိစ္စတွေ ပြောဆိုကြပါတယ်။ အဲဒီနောက်မှ ဆရာတော်ကြီးဟာ ဆေးဝါးကုသမှုခံယူဖို့အတွက် မန္တလေးကို ကြွသွားခဲ့ပါတယ်။

တောင်ကိုရီးယားဘုန်းတော်ကြီး ဒိုဟူးဟာ သက်သတ်လွတ်ဘုန်းတော်ကြီးဖြစ်ပြီး အောင်စကြာစေတီ အရှေ့ဘက်က ကိုရီးယားကျောင်းတော်နဲ့ မွေ့စကြာဘုရားဆင်းတုတော်တွေကို လှူဒါန်းခဲ့သူ ဖြစ်ပါတယ်”

ဆရာတော်ကြီးနဲ့အတူ တောင်ကိုရီးယားနိုင်ငံသို့ လိုက်ပါသွားခဲ့တဲ့ ဦးငွေးရွှေ (မန်နေဂျင်းဒါရိုက်တာ၊ မုံရွာဟိုတယ်၊ မုံရွာ) ရဲ့ ပြောပြချက် မှတ်တမ်းဓာတ်ပုံများနဲ့ ဗီဒီယိုခွေကို အခြေခံပြီး ပြန်လည် ရေးသား မှတ်တမ်းတင်ထားခြင်း ဖြစ်ပါတယ်။

သူဇော်သ



တောင်ကိုရီးယားဘုန်းတော်ကြီးများနှင့် ဒကာ၊ ဒကာမများ၏ မြန်မာပြည်အလည်အပတ်ခရီး



www.burmeseclassic.com

www.burmeseclassic.com

- ကျွန်ုပ်သည် ဗုဒ္ဓဂယာသို့ တစ်ကြိမ် ရောက်ဖူး၏။
- ဗုဒ္ဓမြတ်စွာဘုရား ခြေတော်ရာချခဲ့သည့်မြေကို နင်းမိ၍ ကျွန်ုပ်စိတ်လှုပ်ရှားမိသည်။
- ကျွန်ုပ်သည် ထိုဗုဒ္ဓပွင့်တော်မူချိန်ကမွေးဖွားခဲ့ပြားအံ့၊ ဗုဒ္ဓ၏သြဇာသက်ရောက်မှုသည် ကျွန်ုပ်၏စိတ်နှင့်ခန္ဓာကိုယ်တို့သို့ တိုက်ရိုက်ကျရောက်မှု အခွင့်သာခဲ့ပေမည်။
- ဤသည့်အခွင့်အရေးကို မရခဲ့မှု၍ ရင်ထဲတွင် စူးစူးနစ်နစ် ဝမ်းနည်းမိ၏။

ရာဝိန္ဒရာနသ်တဂိုး၊ (၁၉၃၅)၊
(ကမ္ဘာကျော် ဘင်္ဂါလီစာဆိုကြီး။)

⚙

၂၀၁၂ ၊ နိုဝင်ဘာလဆန်းလောက်က ကျွန်တော် သုရဿအယ်ဒီတာချုပ်ဆီ ရောက်တုန်း အခုလို သတင်းပေးခဲ့ပါတယ်။

"ဆရာဦးအောင်မြတ်၊ ကျွန်တော် ဒီလလယ်မှာ ဗုဒ္ဓဂယာဘုရားဖူးသွားဖို့ ရှိပါတယ်"

"ကောင်းတာပေါ့ ဆရာ။ ဓာတ်ပုံတွေလည်းရိုက်ခဲ့၊ မှတ်စရာတွေလည်း မှတ်လာပြီး ဆောင်းပါးရေးဗျာ"

"ဒါပေမယ့် ဆရာ - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တွေအကြောင်းက မဂ္ဂဇင်းတွေမှာလည်း ပါနေကျ၊ စာအုပ်တွေလည်း ထွက်နေတာ ဆိုတော့ သူများတွေရေးသလို ဗုဒ္ဓဖြစ်တော်စဉ်တွေချည်း ရေးပြန်ရင်လည်း ရိုးသွားလိမ့်မယ်"

"ဆရာက ဘယ်လိုရေးမယ် စိတ်ကူးထားသလဲ"

"ဒေသန္တရဗဟုသုတလည်း ပါအောင်၊ နောင်သွားမယ့်လူတွေအတွက် ခရီးသွားအတွေ့အကြုံ ဝေငှတဲ့သဘောမျိုးလည်းဖြစ်အောင်ရေးရင်း မြင်နေကျမဟုတ်တဲ့ ဓာတ်ပုံတွေကိုဖော်ပြဖို့ စဉ်းစားထားပါတယ်"

"ဒါလည်း ကောင်းတာပါပဲ"

မွတ်စလင်များအဖို့ မက္ကာမြို့ (Macca)၊ ဟိန္ဒူများအဖို့ အယုဒ္ဓမြို့ (Ayodhya)၊ ခရစ်ယာန်များအဖို့ ဂျေရုဆလင်မြို့ (Jeruslam)တို့သည် အမြတ်ဆုံးဖြစ်သကဲ့သို့ ကမ္ဘာပေါ်ရှိဗုဒ္ဓဘာသာဝင်များအဖို့ မဟာဗောဓိစေတီနှင့် ဗောဓိပင်ရှိရာ ဗုဒ္ဓဂယာ (Buddha Gaya) သည် အမြတ်ဆုံးဖြစ်ပါသည်။ ဗုဒ္ဓဂယာကို မရောက်ဘူးသေးသူတွေကို သွားရောက်စေချင်တဲ့စေတနာနဲ့ ဒီစာကိုရေးပါ၏။

**ခရီးစဉ်အတွက် စီစဉ်ခြင်း**

မြတ်စွာဗုဒ္ဓဟာ လူသားအားလုံးထဲမှာ အမြတ်ဆုံးလူသားဖြစ်သလို ဗုဒ္ဓ

**မောင်ပွင့်ဉာဏ်(မောရ)**


# မဟာလူသား ပွင့်တွန်းတော်မူရာ မြေမြတ်မဟာသို့





www.burmeseclassic.com

www.burmeseclassic.com



ဂယာဟာလည်း မြေအားလုံးထဲမှာ အမြတ်ဆုံးမြေ ဖြစ်ပါတယ်။ လောကအမြတ်ဆုံးလူသားက အမြတ်ဆုံးတရားရတနာ ဖြန့်ကြက်ရာ အမြတ်ဆုံးမြေကို သွားရောက်ဖူးမြော်ဖို့ ကျွန်တော်နဲ့ ဇနီးသည်တို့ တိုင်ပင်ပြီး အောက်တိုဘာလဆန်းပိုင်းမှာ ရန်ကုန်မြို့က ဘုရားဖူးအဖွဲ့တွေမှာ စုံစမ်းခဲ့ပါတယ်။ ဗုဒ္ဓဂယာဘုရားဖူးသွားဖို့ အကောင်းဆုံးအချိန်ဟာ အောက်တိုဘာနဲ့ နိုဝင်ဘာလများ ဖြစ်တယ်လို့သိထားတဲ့အတွက် နိုဝင်ဘာလလယ်လောက် သွားဖို့ ဆုံးဖြတ်ထားပါတယ်။ အဲဒီလတွေထက်စောရင် ရာသီဥတုပူပြင်းပြီး နောက်ကျရင် အင်မတန်အေးတယ်လို့ ဆိုပါတယ်။

သက်တမ်းရှည်ကြာပြီး အတွေ့အကြုံရင့်ကျက်တဲ့ 'မဟာတိုးဘုရားဖူးအဖွဲ့' ရဲ့ နိုဝင်ဘာလ (၁၄)ရက်ခရီးစဉ်မှာ လိုက်ပါနိုင်ကြောင်းသိရလို့ စရန်ငွေတစ်ဝက်ပေးပြီး စာရင်းသွင်းခဲ့တယ်။ နောက်တစ်နေ့မှာပဲ မဟာတိုးအဖွဲ့က






www.burmeseclassic.com

www.burmeseclassic.com







မဟာဗောဓိဘုရားဝင်းအဝင်ဝ မှာဦးတိုင်


ကိုတင်ဆန်းက ပတ်(စ်)ပို့ မရှိသေးတဲ့ ကျွန်တော့်အတွက် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှာ နွေချင်းပြီး ဆောင်ရွက်ပေးလို့ ကျေးဇူးတင်ရပါတယ်။ ဇနီးသည်မှာ သက်တမ်း (၆) လကျန်သေးတဲ့ နိုင်ငံကူးလက်မှတ်ရှိလို့ ဘုရားဖူးခရီးစဉ်အတွက် ငွေကျပ် ငါးသောင်း သက်သာသွားပါ၏။

နိုဝင်ဘာလဆန်းမှာ ကျန်ငွေအပြီးသတ် သွားပေးချေတဲ့အခါ ခရီးစဉ်ကို နိုဝင်ဘာလ (၁၅) ရက်ကို ပြောင်း




www.burmeseclassic.com


www.burmeseclassic.com




ဤနေရာတွင် သိဒ္ဓတ္ထဂေါတမသည်
ဘုရားအဖြစ်သို့ရောက်တော်မူ၏



ဂယာလေဆိပ်မှ ကြည်ညိုဖွယ်ရာ ဗုဒ္ဓဆင်းတုတော်



ဗုဒ္ဓဂယာမြန်မာကျောင်း



ဗုဒ္ဓဂယာမြန်မာကျောင်းမှ သိမ်သင်းဆောင်းယူပွဲ

ထားကြောင်း သိရပါတယ်။ သတ်မှတ်ရက် မတိုင်ခင် (၅) ရက်လောက်အလိုမှာ ပိုသေချာရအောင်လို့ ဖုန်းဆက်မေးတဲ့အခါ နိုဝင်ဘာ (၁၃) ရက်ခရီးစဉ်နဲ့ လိုက်ပါရမှာဖြစ်ပြီး (၁၂) ရက်နေ့ အစည်းအဝေးအမီ အရောက်လာဖို့ ပြန်ကြားပါတယ်။ ခရီးစဉ်ရက် ရွှေ့တိုးခြင်းကို ကိုယ်ကမေးမှသိရပြီးနောက် ကျွန်တော်တို့လည်း မော်လမြိုင်ကနေ ရန်ကုန်ကို ကတိုက်ကရိုက် ထွက်လာခဲ့ရပါတယ်။

ကျွန်တော်တို့ခရီးစဉ်မှာ လူ (၅၁) ယောက်ပါတာမို့ အားလုံးကို အချိန်မီအကြောင်းမပြန်နိုင်တာ ဖြစ်ပါလိမ့်မယ်။ ခရီးစဉ်ရက် အပြောင်းအလဲကလည်း လေယာဉ်ခရီးစဉ် အဆင်ပြေအောင် ညှိနှိုင်းရတာကြောင့်ဖြစ်မယ်လို့ ယူဆရပါတယ်။ ဘာပဲဖြစ်ဖြစ် 'ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ' လို့ မှတ်ယူထားတဲ့ ကျွန်တော့်အတွက်ကတော့ ဒီခရီးစဉ်အစမှာပဲ အမှတ်တရဖြစ်လာရတဲ့အကြောင်းက ဒီလိုပါ။

ကျွန်တော်နဲ့ ဇနီးသည်တို့ရဲ့ မင်္ဂလာဆွမ်းကျွေးရက်ဟာ မေလ (၁၃) ရက်နေ့က ဖြစ်ပါတယ်။ အခု ဗုဒ္ဓဂယာဘုရားဖူးထွက်မယ့်ရက်ဟာ နိုဝင်ဘာ (၁၃)ရက်ဖြစ်လို့ ကျွန်တော်တို့လက်ထပ်ပြီး (၆) လတိတိပြည့်တဲ့နေ့မှာ ဘုရားဖူးခရီးစဉ် စတင်ခဲ့ရတဲ့အတွက် ကျေးဇူးကမ္ဘာပါ 'မဟာတိုး'။ ကျွန်တော်တို့ ခရီးထွက်မှာကိုသိတဲ့ မိတ်ဆွေတွေက များ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးခရီးလားလို့ မေးကြတာကို ဘုရားဖူးသွားတာပါ' လို့ ပြန်ဖြေခဲ့ရပါ တယ်။

ရန်ကုန်မြို့မှာ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ် စီစဉ်ပေးတဲ့ အဖွဲ့ပေါင်း (၆၀) လောက်ရှိတယ်လို့ သိရပါတယ်။ အဖွဲ့ တိုင်းလိုလိုဟာ ခရီးစဉ် မစတင်မီမှာ စည်းအစည်းအဝေးခေါ်ပြီး ခရီးစဉ်အ ကြောင်းနဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကို သေချာစွာ ရှင်းလင်း ပြောပြတတ်ကြပါ တယ်။ အင်မတန်ကောင်းတဲ့အစီအစဉ် ပါ။ ကျွန်တော်တို့ခရီးစဉ်ရဲ့ အဖွဲ့ခေါင်း ဆောင်က ဦးမြင့်သောင်းပါ။ နယူးဒေလီ မြန်မာသံရုံးက အငြိမ်းစားဝန်ထမ်းတစ် ဦး ဖြစ်ပါတယ်။ အပြောအဆိုရှည်မွန် ပြီး ဘာသိုလ်ဖြစ် ဦးဆောင်လိုက်ပါ ကူညီ ဆောင်ရွက်ပေးတာကို သိရလို့ သာမု ဒေါ်မိပါတယ်။

လေယာဉ်ပေါ်အတက် ကိုယ်နဲ့ အတူပါတဲ့ ပခုံးလွယ် ဘက်အိတ်နဲ့ လက်ကိုင်အိတ်ထဲမှာ ဓား၊ ကတ်ကြေး စတဲ့ ချွန်ထက်တဲ့ကိရိယာတွေနဲ့ ဂက်(စ်) မီးခြစ်၊ ဓာတ်ခဲ စတာတွေ မပါဖို့ အထူး သတိပေးပါတယ်။ (လေဆိပ်မှာ ပစ္စည်း တွေစစ်ဆေးတော့ အဖွဲ့ဝင်တစ်ယောက် ရဲ့ လက်ဆွဲအိတ်ထဲမှာ စက္ကူဖြတ်တဲ့ ခေါက်ဓားကလေးပါလို့ ထုတ်ပေးခဲ့ရပါ သေးတယ်။) အိန္ဒိယနိုင်ငံသွားတာဖြစ် လို့ သုံးစွဲရအဆင်ပြေအောင် ရူပီးငွေကို မြန်မာကျပ်ငွေနဲ့ အဖွဲ့က လဲပေးတယ်။ ငွေလဲနှုန်းက တစ်ရူပီးကို (၁၈)ကျပ်ဖြစ် ပြီး ပြန်လာတဲ့အခါ ပိုခဲ့ရင်လည်း အဲဒီ နှုန်းနဲ့ပဲ ပြန်လဲပေးပါတယ်။ ဗုဒ္ဓဂယာ ရောက်လို့ အဲဒီက ငွေလဲနှုန်းမေးကြည့် တော့ တစ်ရူပီးကို ကျပ် (၂၀) ပေးရ ပါတယ်။

ဒေါ်လာပါသွားလို့ ရူပီးနဲ့လဲရင် ပိုတွက်ခြေကိုက်တယ်လို့ သိရပါတယ်။ ဒေါ်လာ ဆိုတာကလည်း အမေရိကန် မုန်းတဲ့သူတွေတောင်ချစ်တဲ့ အမေရိကန် ပိုက်ဆံ မဟုတ်ပါလား။

အဖွဲ့ခေါင်းဆောင်ရဲ့ စေ့စပ်မှုက တော့ အိန္ဒိယနိုင်ငံက မီးပလပ်ခေါင်း တွေဟာ အလုံးဖြစ်လို့ ဖုန်းအားသွင်းတဲ့ အခါ အဆင်ပြေအောင် ကြားခံပလပ် အလုံး ယူသွားဖို့ထိ မှာကြားပါတယ်။ ကျွန်တော်လည်း အဲဒီနေ့မှာပဲ ကြားခံ ပလပ်တစ်ခုဝယ်သွားလို့ ဂယာရောက် တဲ့အခါ ကိုယ်လည်းအဆင်ပြေ၊ သူများ ကိုလည်း ကူညီနိုင်ခဲ့ပါတယ်။

"ကိုယ်တို့နိုင်ငံက ခေတ်မီတယ် နော်၊ အလုံးရောအပြားပါထိုးလို့ရတယ်"

လို့ ပါးစပ်ကထွက်သွားတော့ ဇနီး သည်က-

"စကားကို ကောင်းကောင်းပြော၊ ဘုရားဖူးသွားမှာနော်"

လို့ ဆိုပါတယ်။

အဖွဲ့က ဘုရားဖူးအားလုံးကို အ ဝတ်အစားထည့် ဘက်အိတ်အကြီးတစ် လုံး၊ ပခုံးလွယ် ဘက်အိတ်အလတ်တစ် လုံးနဲ့ လက်ကိုင်အိတ်တစ်လုံးစီ ကြိုထုတ် ပေးထားပါတယ်။ တခြားအဖွဲ့တွေနဲ့ မ မှားရအောင် အိတ်တွေအားလုံး အ ရောင်ဆင်တူဖြစ်ပြီး မဟာတိုးတံဆိပ် ရိုက်နှိပ်ထားပါတယ်။ လေယာဉ်ပေါ် ပစ္စည်းတင်တဲ့အခါ အဆင်ပြေအောင် အိတ်အကြီးတွေကို အစည်းအဝေးနေ့ မှာပဲ အဖွဲ့ကို အပ်ပေးရပါတယ်။

အစည်းအဝေးပြီးလို့ နောက်ကျမှ ရောက်လာတဲ့ အမျိုးသမီးကြီးတွေက-

"ငါတို့ကိုလည်း အစကနေ ပြန် ပြောပြဦးလေ"

လို့ ဆိုပါတယ်။

'ငါတို့လူမျိုးတွေရဲ့မြန်မာစံတော် ချိန်ကတော့ ဘယ်တော့များမှ ပျောက် ပါ့မလဲ'

လို့ တွေးလိုက်မိပါ၏။



ပထမဆုံးအကြိမ် ဖူးတွေ့လိုက်ရသော မဟာဗောဓိစေတီတော်ကြီး




မဟာဗောဓိစေတီတော်အဝင်ဝမုခ်ဦး

**ခရီးစဉ် စတင်ပြီ**

၁၃-၁၁-၂၀၁၂၊ အင်္ဂါနေ့ မနက် (၇) နာရီအရောက် မင်္ဂလာဒုံလေဆိပ် ကို ဆင်းပါတယ်။ အဖွဲ့က စီစဉ်ပေးတဲ့ ကားနဲ့လိုက်ရင်တော့ အဖွဲ့ကို (၅) နာရီ အရောက် သွားရပါမယ်။

နိုင်ငံပိုင် MAI လေယာဉ်က (၉) နာရီခေါက် ဆိုပေမယ့် တကယ်တမ်းကျ တော့ (၉) နာရီခွဲမှထွက်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခရီးစဉ်က ရန်ကုန်-မန္တလေး-ဂယာ ဖြစ်ပါတယ်။ ဒါကြောင့် လေယာဉ်တက်လက်မှတ် (Boarding Pass) နှစ်စောင်ရပါတယ်။ မန္တလေးရောက်တဲ့အခါဆင်းပြီး ဒီလေယာဉ်ပေါ်ပဲ ပြန်တက်ရပါမယ်။ Air Bus 320 အမျိုးအစား လေယာဉ်ကြီး လေပေါ် ထိုးခွဲတက်သွားတဲ့အချိန်မှာတော့ အတွေးတစ်ခုက ခေါင်းထဲဝင်လာပါတယ်။ တစ်ချိန်ကရှားရှားလေးတဲ့ ဒီလေယာဉ်ကြီးဟာ ခရီးသည် (၁၅၀) လောက်တိုက်တင်ပြီး လေထဲမှာ လိုသလို ပျံသွားနိုင်တာကြည့်ပြီး သိပ္ပံပညာရဲ့ အစွမ်း လူသားတွေရဲ့အစွမ်းဟာ အံ့မခန်းပါဘဲတကား။

ဘယ်လိုကြောင့်လဲ မသိ၊ လေယာဉ်ပေါ်မှာ ဧည့်သည်နဲ့ ထိုင်ခုံတခြားစီ ကျပါတယ်၊ စာနားနားလည်ပေးတတ်တဲ့ မြန်မာလူမျိုးတွေဖြစ်လို့ ထိုင်ခုံချင်းလဲပြီး အတူထိုင်ရပါတယ်။ ကျွန်တော့်ထိုင်ခုံက လေယာဉ်ပြတင်းပေါက်ဘေးကပ်လျက်ဖြစ်လို့ စာရေးဆရာအကြိုက်ဖြစ်သွားပါတယ်။

လေယာဉ် စတင်ထွက်တာနဲ့ လေယာဉ်မယ် (၃) ယောက်ဟာ လူသွားလမ်းအလယ်မှာ တန်းစီရပ်ပြီး ထိုင်ခုံခါးပတ် ပတ်နည်း/ဖြုတ်နည်း၊ အရေးပေါ် အသက်ရှူကိရိယာနဲ့ အသက်ကယ်အင်္ကျီ အသုံးပြုနည်းတို့ကို လက်တွေ့သရုပ်ပြပါတယ်။ အသံချဲ့စက်က ထွက်လာတဲ့ရှင်းလင်းချက်အတိုင်း တညီတညာတည်း လုပ်ဆောင်ပြတာ အလွန်ကြည့်လို့ကောင်းပါတယ်။ သရုပ်ပြပြီးလို့ သူတို့လည်း ကျွန်တော့်အနားရောက်လာရော ကျွန်တော်က အခုလို ပြောလိုက်ပါတယ်။

"သမီးတို့ စောစောက ယိမ်းကတာ သိပ်ကြည့်လို့ကောင်းတာပဲ"

သူတို့နောက်က ကပ်ပါလာတဲ့ လေယာဉ်မောင်ကလည်း အခုလို ပြန်ဖြေပါတယ်။


"ဟုတ်တယ် အန်ကယ်၊ သင်္ကြန်ကျရင် သူတို့ယိမ်းထွက်ဖို့ အခုကတည်းက အကကျင့်နေကြတာ"

အနီးအနားက လူတွေအားလုံး ဝိုင်းရယ်ကြပါတယ်။

သူတို့ပြောလို့ ခရီးသည်တွေရဲ့ ထိုင်ခုံအားလုံးအောက်မှာ အသက်ကယ်အင်္ကျီရှိတာ သိရပါတယ်။ ပြန်စဉ်းစားကြည့်တော့ တကယ်တမ်း အရေးကြုံလာရင် အဲဒီ အသက်ကယ်အင်္ကျီကို သတိတောင်မှရပ့်ါမလား။ မတတ်နိုင်



ဗုဒ္ဓဂယာကို ဘုရားဖူးလာရလို့ အမေမေသေပျော်ပါပြီ



ဘီးတပ်ကုလားထိုင်ဖြင့် ဘုရားဖူးလာသူ ဘူတန်လူမျိုးအဘိုးအို



ရန်ကုန်မှ ဂယာအသွား မန္တလေးလေဆိပ်တွင်ခေတ္တရပ်နားစဉ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးလေ၊ ဘုရား၊ တရားပဲ အာရုံပြုပြီး သွားရတော့မှာပါ။

လေယာဉ်မယ်တွေဟာ ခရီးသည်တွေကို ထိုင်ခုံခါးပတ် ပတ်ထား၊မထား လိုက်ပြီး စစ်ဆေး သတိပေးပါတယ်။ သတ်ဆွဲအိတ်တွေတွေ့ရင်လည်း ယူပြီး ခေါင်းအပေါ်က အံထဲထည့်ပေးတယ်။ အကြောင်းတစ်စုံတစ်ခုကြောင့် လေယာဉ်လူးသွားတဲ့အခါ လူနဲ့ပစ္စည်းတွေ တစ်ဖက်ကို စုပြုံလိမ့်သွားရင် လေယာဉ်ထိန်းကျောင်းရတာ ပိုခက်ခဲသွားပါမယ်။ ခါးပတ်ဖြုတ်ဖို့ အချက်ပြမီးပိတ်သွားတဲ့အချိန်မှာ လေယာဉ်မှူးက ရာသီဥတုအခြေအနေအရ ထိုင်ခုံခါးပတ်များကို ဆက်လက် ပတ်ထားဖို့ ပန်ကြားတာ ကြားရပါတယ်။

ကိုယ့်မြေကိုယ့်ရေကို ကောင်းကင်အမြင့်ကြီးကနေ အထက်စီးကြည့်ရတဲ့ မြင်ကွင်းဟာ အင်မတန်မှ စိတ်လှုပ်ရှားစရာကောင်းလှပါတယ်။ ရွှေဝါရောင်သယ်ကွင်းပြင်တွေကိုဖြတ်ပြီး ကွေ့ကာဝိုက်ကာ စီးဆင်းနေတဲ့ ဧရာဝတီမြစ်ကြီးကိုလည်း မြင်ရပါတယ်။ အရှေ့ဘက်မှာ စိမ်းစိုနေတဲ့ အရှေ့ရိုးမတောင်တန်းတွေက တစ်မျှော်တစ်ခေါ်ကြီး တည်ရှိနေပါတယ်။ အောက်ကို ငုံ့ကြည့်လိုက်တော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနဲ့အပြိုင် တည်နေတဲ့ လမ်းဟောင်းကိုပါ တွေ့ရပါတယ်။ လမ်းဟောင်းမှာ မြို့ရွာတွေကို စိမ်းစိမ်းစိုစို မြင်တွေ့ရပြီး လမ်းသစ်မှာတော့ မြို့ရွာမရှိဘဲ ခြောက်သွေ့နေပါတယ်။ လမ်းသစ်နဲ့ လမ်းဟောင်းကို ဆက်သွယ်ထားတဲ့ လမ်းတွေကိုလည်း မြင်ရပါတယ်။

လေယာဉ်ဟာ တဖြည်းဖြည်း မြင့်တက်လာလိုက်တာ လေယာဉ်မှူးကြီးရဲ့ ပြောကြားချက်အရ အမြင့်ပေ(၃၅,၀၀၀) လောက်က ပျံသန်းတယ်လို့ သိရပါတယ်။ တိမ်တိုက်တွေကြားထဲ ဝင်သွားတဲ့အချိန်မှာတော့ လေယာဉ်ပတ်ဝန်းကျင်တစ်ခုလုံး မြူဆိုင်းသလို အုံ့မှိုင်းလို့နေပါတယ်။ မန္တလေးရောက်ခါနီးလို့ လေယာဉ် တဖြည်းဖြည်း နိမ့်ဆင်းလာတဲ့အခါမှာတော့ အလွန်ကျယ်ပြောလှပတဲ့ မန္တလေးမြို့ကွက်ကြီးကို မြင်ကြရပါတယ်။

မန္တလေးကို မနက် (၁၀) နာရီ မိနစ် (၂၀) မှာရောက်လို့ ရန်ကုန်နဲ့ မန္တလေး ပျံသန်းချိန် မိနစ် (၅၀) ကြာပါတယ်။ မန္တလေးလေဆိပ်မှာ ခဏဆင်းနားတော့ လေဆိပ်တစ်ခုလုံး မီးမလာလို့ မှောင်နေပါတယ်။ လေဆိပ်အဆောက်အအုံထိပ်က 'အပြည်ပြည်ဆိုင်ရာလေဆိပ်' ဆိုတဲ့စာသားကိုတောင်မှ အားနာမိပါတယ်။

မနက် (၁၁) နာရီခွဲမှာ မန္တလေး



ဂယာမြို့မှာ ကျောင်းဝင်းထဲက ဈေးဆိုင်တန်း

လေဆိပ်က ပြန်တက်ပါတယ်။ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်မယ်ထင်ပြီး တောက်လျှောက် ငုံ့ကြည့်လာလိုက်တာ ရေပြင်ကို လုံးဝမမြင်ရပါ။ ကြည့်ရတာ ကုန်းတွင်းပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ်က ဖြတ်ပြီးပျံတာဖြစ်မယ် ထင်ပါတယ်။ ဒီလိုနဲ့ ကိုယ့်နာရီကပြတဲ့ မွန်းလွဲ (၁) နာရီ မိနစ် (၂၀) မှာ ဂယာလေဆိပ်ကို ရောက်တဲ့အတွက် မန္တလေး-ဂယာ ပျံသန်းချိန်ဟာ (၁) နာရီနဲ့ မိနစ် (၅၀) ဖြစ်ပါတယ်။

ဒါပေမယ့် လေယာဉ်အဆင်းမှာ လေယာဉ်မှူးကြီးက ဒေသစံတော်ချိန်ကို (၁၂) နာရီ မိနစ် (၂၀) လို့ ကြေညာတဲ့အတွက် အိန္ဒိယစံတော်ချိန်က မြန်မာပြည်ထက် တစ်နာရီနောက်ကျနေတာ သိလိုက်ရပါတယ်။ အိန္ဒိယနိုင်ငံရဲ့အရှေ့ဘက်ကျတဲ့ မြန်မာနိုင်ငံက နေထွက်တာကို တစ်နာရီစောပြီးမြင်ရတဲ့ အဓိပ္ပာယ်ပါပဲ။ ကျွန်တော်တို့က အိန္ဒိယမှာ နှစ်ပတ်လောက်ပဲ နေမှာဖြစ်လို့ နာရီကို မတိုက်တော့ဘဲ မြန်မာစံတော်ချိန်အတိုင်း ထားလိုက်ပါတယ်။ အိန္ဒိယကအချိန်ကို သိချင်ရင် ကိုယ့်နာရီက တစ်နာရီနုတ်ပြီး ယူရပါတယ်။

**ဂယာကို ရောက်ပါပြီ**

ဂယာလေဆိပ်ဟာ သေးသေးလေးပါ။ ဗုဒ္ဓဂယာဘုရားဖူးတွေအတွက် ဂျပန်က ဆောက်ထားပေးတဲ့ လေဆိပ်လို့ သိရပါတယ်။ ဒီလေဆိပ်မရှိခင်ကဆိုရင် ကိုး(လ်)ကတ္တားလေဆိပ်ကို ဆင်းရပြီး အဲဒီကနေ ကီလိုမီတာ ၄၈၀ (မိုင် ၃၀၀) လောက်ဝေးတဲ့ ဂယာကို တစ်နေကုန် ကားစီးရပါတယ်။ ဗုဒ္ဓဂယာမှာ




အိန္ဒိယမှ အနေးယာဉ်လုပ်သားများအတွက် ဗိယက်နမ်ဗုဒ္ဓဘာသာဝင်များက လှူဒါန်းထားသောဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ကဆောက်လုပ်ပေးထားတဲ့ စေတီ၊ ဆင်းတုတော်၊ ဘုန်းတော်ကြီးကျောင်း၊ လမ်း၊ တံတား စတာတွေ အများအပြား မြင်တွေ့ရလို့ ကိုရွှေနီပွန်တွေကို သာဓု အကြိမ်ကြိမ် ခေါ်မိပါတယ်။

ဂယာလေဆိပ်က အိန္ဒိယလူဝင်မှု ကြီးကြပ်ရေးမှာ ဆိုက်ရောက်ကတ် (Arrival Card) ပြပြီး ပတ်(စ်)ပို့မှာ တံဆိပ်တုံးထုရပါတယ်။ ပါလာတဲ့လက်ဆွဲအိတ်တွေကို ဓာတ်မှန်နဲ့စစ်ဆေးတဲ့ ရွေ့လျားခါးပတ်ပေါ် တင်ပေးရပါတယ်။ ဒါကိုမသိဘဲ ကျွန်တော်တို့ဆီက အဘွားကြီးတွေက လက်ဆွဲအိတ်တွေကိုယူပြီး ထွက်ထွက်သွားတော့ အကောက်ခွန်က ကုလားက 'ဟရေး၊ ဟရေး' ဆိုပြီး လိုက်ဆွဲတာ တစ်ယောက်လည်းမဟုတ်၊ နှစ်ယောက်လည်း မဟုတ် တွေ့နေရပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ပြည်ပထွက်တဲ့ အတွေ့အကြုံ မရှိတော့ ကိုယ့်ရှေ့ကလူတွေ ဘယ်လိုလုပ်တယ်ဆိုတာကြည့်ပြီး နမူနာယူရပါတယ်။

ဂယာလေဆိပ်မှာ ထိုင်တော်မူဆင်းတုတော်ကြီးတစ်ဆူကို ဖူးတွေ့ရလို့ မတ်တတ်ပဲ လက်အုပ်ချီပြီး ဝတ်ပြုခဲ့ပါတယ်။ လေဆိပ်ကနေ တည်းမယ့်ကျောင်းကို ဘတ်(စ်)ကားအိုကြီးတစ်စီးနဲ့ ပို့ပေးပါတယ်။ ဇနီးသည်က-

"ဒီကားနဲ့ပဲ ခရီးစဉ်တစ်လျှောက်လုံး ပို့ပေးရင်တော့ မချောင်ဘူး"

လို့ပြောပါတယ်။

ကျွန်တော်က-

"ခေါက်တိုမို့ ဒီကားနဲ့ပို့တာ ဖြစ်မှာပါကွာ"

လို့ ဖြေသိမ့်ခဲ့ပါတယ်။


ကားပေါ်ရောက်တာနဲ့ အဖွဲ့ဝင်တစ်ယောက်ဆီကနေ ခင်ညွန့်ရီ သီဆိုတဲ့ အလွမ်းသီချင်းတစ်ပုဒ်ကို ကြားလိုက်ရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ 'ဝါသနာတူတွေတော့ တွေ့နေပြီ' လို့ တွေးလိုက်ပါ၏။ သူဟာ ခရီးစဉ်တစ်လျှောက်လုံးမှာ တစ်ခန်းတည်း အတူနေ တစ်မြို့တည်းသားချင်း ဦးစိုးမြင့် (အရာခံဗိုလ်-အငြိမ်းစား) ဖြစ်ပါတယ်။ သီချင်းအတူဆိုတဲ့အခါဆိုလိုက်၊ တရားစကားပြောတဲ့အခါပြောလိုက်နဲ့ အဖွဲ့ကျသွားခဲ့ပါ၏။

ဂယာလေဆိပ်ကနေ ဗုဒ္ဓဂယာ မြန်မာကျောင်း (Myanmar Vihar Buddh Gayar) ကို နာရီဝက်လောက်ပဲ ကားစီးရပါတယ်။ အိန္ဒိယမှာ ဗုဒ္ဓဂယာကို အင်္ဂလိပ်လို Budhgayar လို့ပဲပေါင်းတာ တွေ့ရပါတယ်။ ဂါယာမြို့နဲ့ ဗုဒ္ဓဂယာဟာ ၁၂ ကီလိုမီတာ (၇ မိုင်) ကွာဝေးပြီး အိန္ဒိယနိုင်ငံ ဘီဟာ (Bihar) ပြည်နယ်မှာ ရှိပါတယ်။ Bihar (Vihar) ဆိုတာ မြန်မာလို 'ဝိဟာရ = ကျောင်း' လို့ အဓိပ္ပာယ်ရတဲ့အတွက် ဘုရားကျောင်းကန့် ပေါများသောအရပ်လို့ ဆိုလိုပါတယ်။

ရှေးတုန်းကတော့ ဘီဟာ ဆိုတာ မဂဓတိုင်း ဖြစ်ပါတယ်။ ဘီဟာပြည်နယ်ရဲ့မြို့တော် ပတ္တနားကတော့ အရင်က ပါဋလိပုတ် ဖြစ်ပါတယ်။ ဗုဒ္ဓဂယာအနီးမှာပဲ အလွန်ကျယ်ဝန်းပြီး ကောလိပ်ပေါင်း (၈၀) လောက်ရှိတဲ့ မဂဓတက္ကသိုလ်ကြီး ရှိပါတယ်။ အခုခေတ် ပြည်နယ် (၂၉)ခုရှိတဲ့ အိန္ဒိယနိုင်ငံမှာ ဘီဟာပြည်နယ်ဟာ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးထဲမှာပါပါတယ်။ ၂၀၀၁ ခုနှစ် စာရင်းအရ ဘီဟာပြည်နယ်ရဲ့ လူဦးရေဟာ (၈၂) သန်းကျော်ရှိပြီး မြန်မာတစ်နိုင်ငံလုံးရဲ့ လူဦးရေထက် များပါတယ်။ အများစုက လက်လုပ်လက်စားတွေပါ။

**ဂယာညနေခင်း**

ဂယာကျောင်းကို ရောက်တာနဲ့ ကျောင်းဝင်းထဲကဈေးဆိုင်တန်းနဲ့ တန်းတိုးတော့တာပါပဲ။ တည်းမယ့်အခန်းတောင် မရသေးဘူး၊ အမျိုးသမီးအများစုက ဈေးဆိုင်တန်းရှေ့ လျှောက်ကြည့်နေကြပါပြီ။ အတော်ဈေးဝယ်ဝါသနာပါတဲ့ ဗမာတွေပဲလို့ တွေးလိုက်မိပါ၏။ ဗုဒ္ဓဂယာသွားမယ်ဆိုတာနဲ့ မြန်မာပြည်က အမျိုးတွေကလည်း လက်ဆောင်



နေဝင်ချိန်တွင်ဖူးမြင်ရသည့် မဟာဗောဓိစေတီတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေ မှာကြသကိုး။ ဒါကြောင့် ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး(မဟုတ်သေးပါဘူး) ရှောပင်လည်းထွက်လို့ ဆိုရပါမယ်။ အဲဒီဆိုင်တွေမှာ ငွေလဲမလား၊ ဖုန်းဆင်းကတ်နဲ့ လက်ကိုင်ဖုန်းတွေဝယ်မလား အကုန်ရပါတယ်။ (အိန္ဒိယက ဖုန်းကျွှစ်တွေအကြောင်း နောက်မှ ထပ်ပြောပြပါ့မယ်။)

တည်းမယ့်အခန်းတွေကို အမျိုးသား၊ အမျိုးသမီး သီးခြားစီ(၄)ယောက်တစ်တွဲ၊ (၅) ယောက်တစ်တွဲ စသည်ဖြင့် ရကြပါတယ်။ အခန်းတွေအားလုံး သန့်ပြန့်ပြီး ခုတင်၊ ခေါင်းအုံး၊ မွေ့ရာ၊ စောင်၊ ခြင်ထောင် အစုံအလင်နဲ့ပါ။ ရေချိုးခန်းကို ဘိုထိုင်အိမ်သာနဲ့ တွဲထားလို့ လူကြီးတွေအတွက် ပိုပြီး အဆင်ပြေပါတယ်။ တည်းခိုဆောင်နဲ့အခန်းအသုံးအဆောင်ပစ္စည်းတွေအားလုံးမှာ အလှူရှင်ကမ္ပည်းစာတွေတွေ့လို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့စေတနာသဒ္ဓါတရားကို ဝမ်းမြောက် ဂုဏ်ယူမိပါ၏။

ရေမိုးချိုးပြီးတဲ့အခါ အဖွဲ့ရဲ့အစီအစဉ် ဘာမှမရှိတာမို့ ကိုယ့်ဘာသာပဲ ဘုရားဖူးသွားဖို့တိုင်ပင်ကြပါတယ်။ ဗုဒ္ဓဂယာ ရောက်ဖူးတဲ့ အဖွဲ့ဒုတိယခေါင်းဆောင် မန္တသီက ကျောင်းကနေ ဘုရားကို ၁၀ (ရူပီး) ပဲပေးရတယ်လို့ ပြောထားပါတယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဈေးကို အဆမတန်တင်ပြီး ပြောတတ်လို့ အရင်မေးပြီးမှစီးဖို့လည်း မှာပါတယ်။ ကျွန်တော်တို့စီးမယ့် ဆိုက်ကားသမားကို ဘယ်လောက်လဲ မေးတော့ 'နချယ်-နချယ်' လို့ ပြောပါတယ်။ ဘာရမလဲ၊ ကျွန်တော်တို့ကလည်း 'တချယ်-တချယ်ပဲ' လို့ ပြောပြီးမှစီးကြပါတယ်။ ဗုဒ္ဓဂယာကို မြန်မာဘုရားဖူးတွေ အသွားများလွန်းလို့ ဟိုက ဈေးသည်တွေကအစ မြန်မာလို ထမင်းစား ရေသောက် ပြောတတ်ကြပါတယ်။

ဒေဝါလီပွဲတော်နဲ့လည်း ဆုံလို့ ဘုရားဖူးတွေ အလွန်များပါတယ်။ လူတများ၊ လမ်းကကျဉ်း၊ ဆိုင်ကယ်တွေ၊ ကားတွေက အမောင်းကြမ်းကြတာမို့ ဘုလားပြည်က ဆိုက်ကားကို ဘုရားတ, ပြီး စီးရတာ အင်မတန် ကုသိုလ်ရပါတယ်။ ကျောင်းနဲ့ ဘုရားကလည်း သိပ်မဝေးလှပါ။ လမ်းမသိလို့သာ စီးသွားတာ၊ နီးနီးလေးပါပဲ။

ဗုဒ္ဓဂယာဒေသက ဆိုက်ကားတွေထဲမှာ အလှမီနီယမ်ကိုယ်ထည်နဲ့ အတော်သပ်ရပ်တဲ့ ဆိုက်ကားတစ်စီးရဲ့ နောက်ကျောမှာ စာရေးထားတာ ဖတ်ကြည့်တော့ သိဒ္ဓတ္ထကရုဏာအဖွဲ့ (Siddhartha Compassion Trust) ရဲ့ ဦးဆောင်စည်းရုံးမှုအရ ဗီယက်နမ်ဗုဒ္ဓဘာသာဝင်တွေက လှူဒါန်းထားတာလို့ သိလိုက်ရပါတယ်။ အိန္ဒိယနိုင်ငံ ချမ်းသာတယ် ဆိုတာ စက်မှုထွန်းကားတဲ့ တောင်ပိုင်းဒေသသာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းသာရှိပြီး ဇာတ်ခွဲခြားမှုအရ ဇာတ်နိမ့်တွေ အများစုဖြစ်တဲ့ မြောက်ပိုင်းဒေသကလူတွေဟာ တော်တော်ဆင်းရဲပါတယ်။

ဘုရားဝင်းမုခ်ဦးမှာ Mahabodi (Mahavihara) Temple လို့ ရေးထားပါတယ်။ အဝင်ဝက ဖိနပ်အပ်တဲ့နေရာမှာ ဖိနပ်တွေအပ်ပြီး နည်းနည်းကလေး လျှောက်လိုက်တာနဲ့ အပြာရောင်ကောင်းကင်နောက်ခံမှာ လေထဲကို လွင့်နေသလိုမျိုး မဟာဗောဓိ စေတီတော်ကြီးကိုဖူးမြင်လိုက်ရတာဟာ မောပန်းမှုတွေ အကုန်ပျောက်ပြီး ရင်ထဲမှာ မဖော်ပြတတ်လောက်အောင် ကြည်နူးမှုကို ခံစားလိုက်ရပါ၏။

မဟာဗောဓိစေတီတော်ကြီးနဲ့ အနီးတစ်ဝိုက်ကို လှည့်လည်ဖူးမြော်တဲ့အခါ မြင်မြင်သမျှဟာ စိတ်ဝင်စားစရာချည်းပဲဖြစ်လို့ ဓာတ်ပုံနဲ့မှတ်တမ်းတင်ခဲ့ပါတယ်။ (ခရီးစဉ်တစ်လျှောက်လုံးမှာ ကျွန်တော်ရိုက်ခဲ့တဲ့ ဓာတ်ပုံပေါင်းဟာ နှစ်ထောင်ကျော်ပါတယ်။) အဲဒီအထဲက ဗုဒ္ဓဂယာ ဘုရားဖူးသွားရတာ အင်မတန်ပင်ပန်းဆင်းရဲလွန်းလို့ မသွားချင်ပါဘူး ဆိုတဲ့ မြန်မာပြည်က လူတွေအတွက် မြင်ကွင်းနှစ်ခုကို ဖော်ပြပါရစေ။

မဟာဗောဓိ စေတီတော်ရဲ့ အနောက်မြောက်ထောင့်မှာ ဘုရားဖူးအဖွဲ့နဲ့ လိုက်လာတဲ့ အမေအိုတစ်ဦးကို မြင်မိပါတယ်။ လေရောဂါကြောင့် ခြေထောက်တွေ မသန်တဲ့အတွက် လေးချောင်းထောက်ခုံလေးနဲ့ တစ်လှမ်းချင်း လျှောက်နေပါတယ်။

"အမေ ဘယ်ကလာတာလဲ"

လို့ မေးတော့-

"မြင်းမူက"

လို့ ဖြေပါတယ်။ တစ်ဆက်တည်းမှာပဲ-

"ဗုဒ္ဓဂယာ ဘုရားဖူး လာရတာ အမေတော့ သေပျော်ပါပြီ"

လို့ ဆိုတဲ့အတွက် ကျွန်တော်ကလည်း-

"သာဓုပါ အမေ"

လို့ လက်အုပ်ချီရင်း သာဓုခေါ်ခဲ့ပါ၏။

နောက်တစ်ဦးကတော့ ရာဇာရတနသတ္တာဟအနီးမှာ ဘီးတပ်ကုလားထိုင်နဲ့ ထိုင်နေတဲ့ အဘိုးအိုတစ်ဦးပါ။ မိသားစုကိုမေးကြည့်တော့ ဘူတန်နိုင်ငံကလို့ သိရပါတယ်။ ဘူတန်ဆိုတာ အိန္ဒိယနိုင်ငံရဲ့ မြောက်ဘက်၊ နီပေါနိုင်ငံနဲ့ ကပ်နေတဲ့ နိုင်ငံငယ်ကလေးတစ်ခု ဖြစ်ပါတယ်။ အဘိုးအိုကို ဗုဒ္ဓဂယာဘုရားဖူးရောက်အောင် ခေါ်ဆောင်လာပေးခဲ့တဲ့ မိသားစုရဲ့သဒ္ဓါတရားကိုလည်း လေးစားမိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် နောက်တစ်နေ့ အဲဒီနေရာမှာပဲ သီရိလင်္ကာက အဘွားအိုတစ်ဦးကို ဘီးတပ်ကုလားထိုင်နဲ့ တွေ့ဆုံရပြန်ပါတယ်။

ညနေစောင်းမှာ မြန်မာကျောင်းကို ပြန်ရောက်တော့ သိမ်ဆင်းဆွမ်းလောင်းနေတာနဲ့ဆုံပါတယ်။ သဒ္ဓါတရားထက်သန်သူတွေက ဗုဒ္ဓဂယာမှာ ရဟန်းဝတ်၊ သီလရှင်ဝတ်နဲ့ ဘုရားဖူးကြပြီး ပြန်ခါနီးမှ လူထွက်ကြပါတယ်။ အဲဒီနေ့ညမှာပဲ ဘုရားဖူးအဖွဲ့ဝင်တွေဟာ ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော်ထံမှာ ငါးပါးသီလ ခံယူဆောက်တည်ကာ လှူဖွယ်ဝတ္ထုများနဲ့ ကျောင်းဆောက်လုပ်ရန် ဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြပါတယ်။ ကျွန်တော်တို့ မဟာတိုးအဖွဲ့သားတွေရဲ့ စုပေါင်းလှူဒါန်းငွေစာရင်းက ရူပီး (၆,၅၀၀)၊ ကျပ် (၁,၀၇,၀၀၀) နဲ့ ဒေါ်လာ (၅၀) ဖြစ်ပါတယ်။

ဘုရားဖူးတွေက တစ်နှစ်ထက်တစ်နှစ် ပိုပိုများလာလို့ ကျောင်းဆောင်တွေ မလုံလောက်တော့ဘဲ အသစ်ထပ်ဆောက်နေတာ တွေ့ရပါတယ်။ အရင်လူတွေကောင်းခဲ့လို့ ကျွန်တော်တို့ အခုကောင်းကောင်း တည်းခို နေထိုင်ရတာဖြစ်သလို နောက်လူတွေကောင်းဖို့အတွက်လည်း ကျွန်တော်တို့ ကောင်းကြရမှာ ဖြစ်ပါ၏။

ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်တစ်လျှောက်လုံးမှာ စေတီ ပုထိုး ရုပ်ပွားတော်များ ဖူးမြင်ရ၊ ဆရာတော် သံဃာတော်များထံမှလည်း တရားဓမ္မများ နာကြားရ၊ ဘာဝနာတရားများလည်း တတ်စွမ်းသမျှ အားထုတ်ခဲ့ကြရလို့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုအဖြာဖြာကို ဆည်းပူးခွင့်ရခဲ့ကြပါကြောင်း စာဖတ်သူအပေါင်း မုဒိတာပွားများနိုင်ရန် ရေးသားလိုက်ရပါ၏။

မောင်ပွင့်ဘုန်းဘုန်း(အောင်း)



www.burmeseclassic.com

www.burmeseclassic.com

အုံဖွယ်ထူးဆန်း

# ကန္ဒီ ဥပနိသယတရားစခန်း

နေစိုးအောင်(တောင်ကြီး)

**တည်နေရာနှင့်တရားစခန်း**

ကန္ဒီ ဥပနိသယ တရားစခန်းကို တောင်ကြီးမြို့တွင် ၁၃၇၄ ခုနှစ်၌ ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်သည့် (၁၂) ရက်တရားစခန်း ဖြစ်သည်။ တရားစခန်းကို တောင်ကြီးမြို့ အရှေ့ဘက် (၃)မိုင်အကွာ ပညာဘောဓိကျောင်းတွင် ဖွင့်လှစ်ခြင်းဖြစ်သည်။ ပညာဘောဓိကျောင်းသည် ကျောင်းစရှိထူထောင်ကတည်းကပင် သက်သတ်လွတ် ဆွမ်းဘုဉ်းပေးသောကျောင်း ဖြစ်သည်။ ပညာဘောဓိကျောင်းတိုက်သည် တောင်ကြီးမြို့ အရှေ့ဘက် ဘုရားဖြူရပ်ကွက်အနီးတွင် တည်ရှိသည်။ သစ်ပင်၊ ဝါးပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် တကယ့်တောရကျောင်းအသွင်သဏ္ဌာန် ပေါ်လွင်နေပါသည်။ကျောင်းထိုင်ဆရာတော်မှာ သက်တော်သိပ်မကြီးသေးသည့် ဘဒ္ဒန္တဉတ္တမသီရိပညာကျော် ဖြစ်သည်။ ၎င်းကျောင်းတိုက်တွင် သံဃာတော် (၃၅) ပါးခန့် သီတင်းသုံးကြသည်။ တရားစခန်းကို ၎င်းကျောင်းတိုက်အတွင်းရှိ အရိယာမဂ္ဂင် သိမ်တော်ကြီးတွင် ပြုလုပ်သည်။ အမျိုးသမီးယောဂီဆောင်၊ ဆွမ်းစားကျောင်းဆောင်များ အသင့်ရှိသည့်အပြင် တစ်ပါးကျောင်းလည်း အမြောက်အမြားရှိနေသည်။



ပညာဘောဓိကျောင်းတိုက် ဆရာတော်

**တရားစခန်းဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းကြခြင်း**

တောင်ကြီးမြို့၌ ကန္ဒီဥပနိသယ



ကန္ဒီ ဥပနိသယ တရားစခန်း၊ တောင်ကြီးမြို့



www.burmeseclassic.com

www.burmeseclassic.com

တရားစခန်းမဖွင့်မီ တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာတွင် တရားစခန်းတစ်ကြိမ် ဖွင့်လှစ်ဖူးသည်။ ၎င်းတောင်လေးလုံးကျေးရွာတွင် တရားဝင်ကြသည့် အမျိုးသမီးယောဂီဟောင်းတစ်ဦး၏ ကြိုးပမ်းမှုကြောင့် တောင်ကြီးမြို့တွင် ၁၉၇၄ ခုနှစ်၌ တရားစခန်း ဖွင့်လှစ်ဖြစ်ခြင်း ဖြစ်သည်။ တရားစခန်းဖွင့်လှစ်နိုင်ရေးအတွက် တောင်ကြီးမြို့မှ-

၁။ ဒေါ်ရွှေဝါထွန်း၊ ၎င်း၏ခင်ပွန်း
၂။ ဦးသူရမင်း (တောင်ကြီး)၊
၃။ ဒေါ်နန်းရွှေကြည် (ရွှေညောင်)၊
၄။ ဒေါ်စောနန်း (ရွှေညောင်)၊
၅။ ဒေါ်နွဲ့နွဲ့သိမ်း (ဟဲဟိုး)၊
၆။ ဒေါ်အေးအေးစိန် (ရွှေညောင်)၊
၇။ မသီတာ (အောင်သပြေ)၊
၈။ ဦးအောင်ကျော်ထွန်း (အောင်သပြေ)
၉။ ဦးဇော်မိုး (အောင်သပြေ)

စသည့် အကျိုးတော်ဆောင်အဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ကြခြင်း ဖြစ်သည်။

တရားစခန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့သည် တောင်ကြီးမြို့ ပညာဗောဓိကျောင်းဆရာတော်ထံ တရားစခန်းဖွင့်လှစ်ခွင့်ပြုရန် အကြိမ်ကြိမ် သွားရောက်လျှောက်ထားခဲ့သည်။ ဆရာတော်၏ခွင့်ပြုချက် ရလျှင်ရချင်း တရားဝင်မည့်ယောဂီများ ရရှိရေးအတွက်နှိုးဆော်ခြင်းကိုပြုလုပ်ဆောင်ရွက်ခဲ့သည်။ တရားစခန်းကို ၁၂-၅- ၂၀၁၂ မှ ၂၃-၅-၂၀၁၂ အထိ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၁)၊ ပညာဗောဓိကျောင်းတိုက် အရိယမဂ္ဂင်သိမ်တော်ကြီးတွင် ဗုဒ္ဓမြတ်ဘုရား၏တရားတော်နှင့်အညီ ကျေးဇူးတော်ရှင် ကန္နီဆရာတော်ဘုရားကြီး ဥပနိဿယရည်းအတိုင်း ခန္ဓာဉာဏ်ရောက် အာနာပါနသမထ ဝိပဿနာ အလုပ်ပေးတရားစခန်းကို ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

တရားစခန်းသို့ တရားအားထုတ်ညဲ့ယောဂီများရရှိရေးအတွက် တရားစခန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်သည်လည်းကောင်း၊ ပညာဗောဓိကျောင်းတိုက်တွင် သီတင်းသုံးကြသည့် အရှင်ဓမ္မသာမိ, အရှင်သောဘဏတို့၏ ကြိုးပမ်းမှုကြောင့် လည်းကောင်း တရားဝင်ယောဂီပေါင်း (၆၇) ဦး (သံဃာတော်များ အပါအဝင်) ခန့် တရားစခန်းဝင်ရောက်ကြပါသည်။ တရားစခန်း ဝင်ရောက်ကြသည့် သံဃာတော်များတွင်



တရားပြ ဆရာ၊ ဆရာမများ၊

ပညာဗောဓိကျောင်းတိုက်မှသံဃာတော် (၁၇)ပါးနှင့် အခြားသော ကျောင်းတိုက်များမှ သံဃာတော် (၃) ပါး ပါဝင်ပါသည်။ တရားစခန်းဝင် ယောဂီများသည် တောင်ကြီး၊ ရွှေညောင်၊ အောင်သပြေ စသည့် ကျေးရွာ မြို့နယ် အသီးသီးမှ ဖြစ်ကြပြီး ယောဂီအများစုမှာ ပအို့ဝ်တိုင်းရင်းသား၊ တိုင်းရင်းသူများ ဖြစ်ကြပါသည်။ အမျိုးသမီးယောဂီများကို အမျိုးသမီးယောဂီဆောင်တွင် နေရာချထားပြီး အမျိုးသားယောဂီနှင့် သံဃာတော်များကို လက်ရှိသီတင်းသုံးနေကြသည့် တစ်ပါးကျောင်းတွင် သင့်လျော်သလိုနေရာချထားပေးပါသည်။ သံဃာတော်များနှင့် တရားဝင်ယောဂီများတို့သည် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအတွက် သံဃာတော်သီးသန့်ဆောင်နှင့် ယောဂီများ သီးသန့်ဆောင်တို့တွင် ဆွမ်းဘုဉ်းပေးသုံးဆောင်ကြသည်။ ရေ၊ မီးလည်း ပြည့်စုံသဖြင့် တရားစခန်းသည် အစစအရာရာ အဆင်ပြေမှု ရှိပါသည်။

ဆွမ်းခဲဖွယ်၊ ရေ စသည့် ကုန်ကျစရိတ်များကို 'တရားလည်းပေး၊ ဆွမ်းလည်းကျွေး' ဟူသည့် ဆောင်ပုဒ်နှင့်အညီ တရားပြဆရာများအဖွဲ့မှ ကုန်ကျစရိတ်အားလုံးကို တာဝန်ယူပါသည်။ ချက်ရေးပြုတ်ရေး၊ ဧည့်ခံကျွေးမွေးရေးကို ဒေါ်ရွှေဝါထွန်းခေါင်းဆောင်သည့် ဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ယူကြပါသည်။ သက်သတ်လွတ်ဆွမ်းဖြစ်သော်ငြားလည်း တစ်နေ့တစ်မျိုးမရိုးရအောင် 'ဒေသထွက်သီးနှံ၊ ဒေသအစားအသောက်တို့နှင့် စေတနာအပြည့်အဝဖြင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးဧည့်ခံခြင်းကြောင့် တရားဝင်ယောဂီများသည် သက်သတ်လွတ်ဟင်းပင်ဖြစ်ငြားလည်း ချိုမြိန်စွာဖြင့် စားသောက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။

**ကန္နီ ဥပနိဿယ တရားပြန့်ပွားရေး သာသနာပြုအဖွဲ့**

ကန္နီ ဥပနိဿယ တရားပြန့်ပွားရေးသာသနာပြုအဖွဲ့သည် ရန်ကုန်မြို့မှဖြစ်ပြီး ရန်ကုန်၊ ပဲခူး၊ သံတွဲ၊ ဂွ၊ မြောင်းမြ၊ မိုးကုတ်၊ တောင်ကြီး စသည်ဖြင့် အမြို့မြို့အနယ်နယ်သို့ လှည့်လည်၍ ကန္နီ ဥပနိဿယ တရားကျင့်စဉ်ဖြင့် ဗုဒ္ဓသာသနာတော်ပြန့်ပွားရေး သာသနာပြုအဖွဲ့ကဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအဖွဲ့ဝင်ဆရာများမှာ ဦးစောသာယံ၊ ဦးကိုကြီး၊ ဦးသန်းအောင် (ရွှေသရဖူ)၊ ဦးတင်ဝင်း၊ ဒေါ်ဝင်းမာညွန့်၊ ဒေါ်ကေသီ၊ ဒေါ်စိုးစိုးတို့ ဖြစ်ပါသည်။

တရားလည်းပေးဆွမ်းလည်းကျွေးပြီး သဒ္ဓါစေတနာအပြည့်ဖြင့် တတ်အားသမျှ သာသနာပြုနေသောအဖွဲ့ ဖြစ်ပါသည်။ တရားပြအဖွဲ့ဝင်များ အားလုံးသည် တစ်ပြေးညီ အချိန်ပြည့် မနားမနေဟောပြောသွန်သင် ဆုံးမလမ်းညွှန်ခြင်းများဖြင့် ကျင့်ကြံအားထုတ်မှုကို ဗုဒ္ဓအလိုကျ လက်တွေ့ ပြသခြင်းအပြင် တရားဒေသနာတော်၏သဘောသဘာဝ တရားကိုယ်များကိုလည်း ရှင်းလင်းဟောပြော၍ လက်တွေ့နှင့် ဆက်စပ်ပြသထားပါသည်။

တရားထိုင်ချိန်မှာ နံနက် (၆း၃၀) မှစပြီး ညနေ (၄း၁၅) မိနစ်အထိ ဖြစ်ပါသည်။ (၄၅) မိနစ် တရားထိုင်ပြီး (၄၅) မိနစ် တရားစစ်ပါသည်။ တရားစစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

တွင် အမျိုးသား တရားပြဆရာများက တရားထိုင်ရာတွင် တွေ့ရှိချက်များကို မေးမြန်းပြီး လိုအပ်ချက်၊ မှားယွင်းချက်၊ ဆက်လက်ကျင့်ကြံမည့်အချက်များကို လမ်းညွှန်ပြသပေးပါသည်။ တရားကျင့်ကြံအားထုတ်သည့်အခါ တွေ့ရှိချက်များကို အမျိုးသမီးဆရာမများက ယောဂီတစ်ဦးချင်းစီကို မှတ်တမ်းတင်ထားပါသည်။ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရမည့် ယောဂီ၏အခြေအနေကို ဆုံးဖြတ်ရန် ဖြစ်ပါသည်။ ကျန်အချိန်များတွင်လည်း မိမိ၏အဆောင်၌ နှစ်ကြိမ်ထက်မနည်း အားထုတ်ရန် လမ်းညွှန်ထားပါသည်။

'ပဋ္ဌိသန္တာရအနုပါဒိသေယနိဗ္ဗာန ကျမ်း' နှင့် 'သံသာရမဂ္ဂပါရဂူစာတမ်း' ကျမ်းနှစ်စောင်ကို ရေးသားပြုစုခဲ့သော အသျှင်မဟာတေရတိဿမထေရ် ဆရာတော်ကြီးမှာ ကန္နီဆရာတော်ဘုရားကြီး၏ ဥပနိဿယကို လက်ဆုပ်လက်ကိုင်ပြု ဆုံးမသွန်သင်မှုဖြင့် ခံယူရရှိခဲ့သော လက်ရင်းတပည့်တို့တွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။

ဦးကိုကြီးနှင့် ဦးစောသာယံမှာ ဆရာတော်ကြီး အသျှင် မဟာတေရတိဿ၏ ဟောပြော သွန်သင်ဆုံးမမှု၊ ဆရာတော်ကြီး၏တပည့် သျှင်ရေဝတ၏အနီးကပ် ကြီးကြပ်လမ်းညွှန်မှုတို့ဖြင့် ဆရာတော်နှစ်ပါး၏အဆုံးအမကို ခံယူကာ ဤတရားကို ကျင့်ကြံအားထုတ်ရရှိခဲ့သူများ ဖြစ်ကြပါသည်။

ဆရာကြီး ဦးစောသာယံနှင့် ဦးသန်းအောင် (ရွှေသရဖူ) တို့သည် ရန်ကုန် လှပဒါန်း တရားစခန်းဖြစ်မြောက်အောင် ကြိုးပမ်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သဒ္ဓမ္မဇောတိက (သူတော်ကောင်းတရား ထွန်းကားရေး) ဖောင်ဒေးရှင်း၏အဖွဲ့ဝင်လည်း ဖြစ်ကြသည်။



တရားစခန်းဝင် သံဃာတော်များနှင့် ယောဂီများ



ယောဂီများ ဆွမ်းစားသုံးဆောင်နေပုံ

ငွေကုန်ကြေးကျခံပြီး တရားအမြိုက်ဆေးတိုက်ကျွေးခဲ့ကြသည့်ပုဂ္ဂိုလ်များဖြစ်ကြသည်။

**ကန္နီနည်း ဆိုသည်မှာ**

ခန္ဓာညာဏ်ရောက် အာနာပါနသမထ ဝိပဿနာတရားတော်ကို ကန္နီဆရာတော် လမ်းညွှန်ပြသသည့် ဥပနိဿရည်းအတိုင်း ကျင့်ကြံအားထုတ်ရသည့်နည်းဖြစ်သဖြင့် ကန္နီနည်းဟု ခေါ်သည်။ ကန္နီနည်းဖြစ်ပေါ်လာပုံမှာ ကျေးဇူးတော်ရှင် ကန္နီဆရာတော် ဦးသောဘိတ၏ပဋ္ဌိပတ္တိဆရာကား နောင်တော်လက်ပံဆရာတော် ဦးဒေဝိန္ဒ ဖြစ်သည်။ ဦးဒေဝိန္ဒ၏ဆရာကား တိဗက်ရဟန်းတော် အရှင်သျှိလတိဿ ဖြစ်သည်။ အရှင်သျှိလတိဿဆရာတော်ကား သီဟိုဠ်(သီရိလင်္ကာ)တွင် ရဟန်းပြု၍ သီဟိုဠ်(သီရိလင်္ကာ)ကျွန်း စိတ္တလတောင်နေ ဈာန်အဘိညာဉ်ရ စိတ္တလမထေရ်ထံမှ နည်းနာခံယူခဲ့သည်။ ကန္နီနည်းသည် တိဗက်ရဟန်းတော်ထံမှ ဆင်းသက်လာသော်လည်း မဟာယာနနည်း မဟုတ်၊ ထေရဝါဒနည်းဖြစ်သည်မှာ ထင်ရှား၏။ ဂေါတမဗုဒ္ဓ ဟောကြားသည့် သတိပဋ္ဌာန်အလုပ်ပင် ဖြစ်သည်။ ပိဋကတ်ကျမ်းနှင့်လည်း တစ်ထပ်တည်းကျ၏။ တိဗက်ပြည်သား ရဟန်းတော် အရှင်သျှိလတိဿ မထေရ်သည် သီဟိုဠ်ကျွန်းမှ ဘုရားများကိုဖူးပြီး မြန်မာပြည်သို့ လှည့်လည်တော်မူလာရာ၌ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ရောက်ရာအရပ်၊ ဆိတ်ငြိမ်ရာတောတွင် သီတင်းသုံးလေ့ရှိသည်။ ပြင်ဦးလွင်မြို့စွန် တောဖျားကျသည့်နေရာတွင် ဦးဒေဝိန္ဒနှင့်တွေ့ခဲ့သည်။ ဦးဒေဝိန္ဒသည် တိဗက်ရဟန်းတော် အရှင်သျှိလတိဿနေထိုင်ပြောဆိုပုံကို ကြည်ညို၍ အုတ်ဖို လက်ပံရွာသို့ ပင့်ဆောင်ကာ တောအရပ်မှာပင် သီတင်းသုံးနေကြသည်။ ထိုအခါ အရာတော်ဆရာတော်၊ ရှိမ်းမကားဆရာတော်၊ ဆရာတော်ဦးအာဒိစ္စနှင့် လက်ပံဆရာတော် ဦးဒေဝိန္ဒတို့သည် တိဗက်ရဟန်းတော် အရှင်သျှိလတိဿထံမှ တရားအားထုတ်စဉ် နည်းလမ်းတို့ကို သင်ယူမှတ်သားပြီး တရားတောင်းကာ တရားအားထုတ်ခဲ့ကြသည်။ တိဗက်ရဟန်းတော် အရှင်သျှိလတိဿသည် ထိုအရပ်၌ပင် နိဗ္ဗာန်စံလွန်တော်မူခဲ့သည်။ ယခုခေတ်၌ ထင်ရှားကျော်ကြား နေသည့် ဖားအောက်ဆရာတော်သည်



www.burmeseclassic.com

www.burmeseclassic.com



တရားစခန်းဝင် ယောဂီများ

သည်။ ကန္နီဆရာတော်ထံ၌ နည်းနာခံယူ ကျင့်ကြံဖူးသည်။

ကျေးဇူးတော်ရှင် ကန္နီဆရာတော်ဘုရားကြီးသည် မုံရွာခရိုင် ကန္နီမြို့ ကမ်းမြွှေရွာ၊ ခမည်းတော် ကျောင်းဒကာကြီး ဦးသာနု၊ မယ်တော်ကြီး ဒေါ်ကောင်းတို့မှ ၁၂၄၁ ခု၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ သောကြာနေ့ ညဥ့် (၄) ချက်မတီးမီအားမြင်တော်မူခဲ့သည်။ ဆရာတော်၏ ဓမ္မိယတ္တိဆရာများမှာ ဒုတိယတားကရာ ဆရာတော် ဦးဂန္ဓာသာရ၊ ကျည်ဝန်ဆရာတော်၊ မိုင်းခိုင်းဆရာတော်နှင့်မန်လည်ဆရာတော်တို့ ဖြစ်ကြသည်။ ပဋိပတ္တိဆရာတော်မှာ နောင်တော် လက်ပံဆရာတော် ဦးဒေဝိန္ဒ ဖြစ်သည်။

**တရားအားထုတ်ပုံအားထုတ်နည်း**

တရားအားထုတ်ရာတွင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဒ္ဒေသ ဖွင့်ပြတော်မူသည့်အတိုင်း ဟတ္ထမူဠိနည်း လက်ရှိနှင့်ပြည့်စုံသော သွန်သင် ဆုံးမတတ်သော ဆရာက နည်းနာနိဿယ ကျနစွာဖြင့် မှီရရှိထားသော လဒ္ဓေါ ပဒေသနည်းအတိုင်းအားလျော်စွာ ပြသပေးပါသည်။

အာနပါနဿတိကမ္မဋ္ဌာန်းကို ပွားများ၍ လုံလောက်သော သမာဓိမဂ္ဂင် အဆင့်ကိုရောက်ရှိချိန် ဦးစွာထူထောင်ပါသည်။

ဝိပဿနာသို့မရောက်မီ သမာဓိ (၆) ဆင့် ထူထောင်ပုံကို ကန္နီဆရာတော်ဘုရားကြီးက လင်္ကာစပ်ဆို၍ ဆုံးမခဲ့သည်မှာ-

*'သတိမြဲစွာ၊ ပဋ္ဌာမ၊ ဒုမှာရှည်တိုသိ။*
*သုံးချက်သိမှာ၊ တတိယာ၊ စ-မှာ ငြိမ်းစေဘိ'*

ဟူ၍ ဖြစ်၏။

၎င်းလင်္ကာအတိုင်း နည်း(၄)နည်းဖြင့် သမာဓိမဂ္ဂင်ကို ထူထောင်ပါသည်။

**ပထမနည်း**

အဿာသ ပဿာသ ထွက်လေ၊ ဝင်လေ တိုးထိသွားရာနေရာကို သတိကပ် ရှုမှတ်၍-

၁။ တစ်မှ ရှစ်အထိ ရေတွက်ခြင်း၊
၂။ ရှစ်ခုတစ်ပုံ ဖွဲ့စည်းခြင်း၊
၃။ လက်ယာလက်မှစ၍ လက်ယာရစ် ပတ်ကာ လက်ဝဲလက်သို့ လက်ဖမိုး၊ တံတောင်ဆစ်၊ ပခုံး၊ နားရွက်၊ ချိုစောင်း အစဉ်လိုက်ဖွဲ့စည်းထားသော ရှစ်ခုတစ်ပုံကို ပုံထားခြင်းဖြင့် စတင်အားထုတ်ပါသည်။

**ဝိသုဒ္ဓိမဂ် အဋ္ဌကထာအဆိုအရ**

၁။ ဂဏနာနည်း-- တစ်မှရှစ်သို့ ရေတွက်ခြင်း။
၂။ အနုဗန္ဓနနည်း- အစဉ်အတိုင်း ရှစ်ခုကိုဖွဲ့ခြင်း။
၃။ ဖုသနနည်း- တွေ့ထိခြင်းကို သိခြင်း။
၄။ ဌပနနည်း- အပြားအားဖြင့် ပုံထားခြင်း။
၅။ သလ္လက္ခဏနည်း- ကောင်းစွာ မှတ်သားခြင်းကို သိခြင်း။

နည်း (၅) နည်းနှင့် ပြည့်စုံအောင်အားထုတ်ရပါသည်။ ထိုသို့ လုံ့လပြု၍ သတိကပ်နိုင်ခြင်းကြောင့် ကာမဂုဏ်အာရုံ၌ကျက်စားနေသော စိတ် ဝိတက်အစဉ်ကို စတင် ဖြတ်တောက်ပစ်၏။

ရှုန့်ရင်းကြမ်းတမ်းကုန်သော ကာယသင်္ခါရတရားတို့ ငြိမ်းကုန်၍ အလွန်နူးညံ့သိမ်မွေ့သော ထွက်သက်၊ ဝင်သက်တို့သာ ရှိကုန်၏။ ပဋိဘာဂနိမိတ်ထင်မြင်နိုင်သည်။

ကာမဂုဏ်အာရုံမှလွန်မြောက်၍ နီဝရဏတရားများ ငြိမ်းလာသဖြင့် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိများ ပြည့်စုံပြီးဖြစ်၍ ဒုတိယနည်းသို့ တစ်ဆင့်တက်ပေးပါသည်။

ပဘာဝနာ ဟောတိတိ ယဒိပိ
ဩဠာရိကာ ကာယသင်္ခါရာ ပဋိ
ပဿမ္ဘ ယန္တိ
သုခုမာ ပန အတ္တေဝါတိ အနုက္က
မေန ပရမသုခုမတာဝပ္ပတ္တာသ
ဝသေန
နိမိတ္တုပိတ္တိယာ အာနာပါနဿ
တိယာ အာနာပါနဿတိ သမာ
ဓိဿ စ ဘာဝနာ ဣဇ္ဈတေဝါတိ
အဓိပ္ပါယော။

ဝိသုဒ္ဓိမဂ် မဟာဋီကာ

**အနက်ကား**

**ပဘာဝနာဟောတိတိ-** ပဘာဝနာ ဟောတိ ဟူသည်ကား၊ **ဩဠာရိကာ-**ရုန့်ရင်းကြမ်းတမ်းကုန်သော၊ **ကာယသင်္ခါရာ-** ကာယသင်္ခါရတရားတို့သည်၊ **ယဒိပိ ပဋိပဿမ္ဘာယန္တိ-** အကယ်၍ ငြိမ်းကုန်သည်ဖြစ်အံ့၊ **သုခုမာပန-** ဝိစေတဗ္ဗဖြစ်သော ထွက်သက်၊ဝင်သက်တို့သည်ကား၊ **အတ္တေဝ- အတ္ထိဧဝ -** ရှိတော့သည်သာ လျှင်တည်း။ **ဣတိ-**ဤသို့၊ **အနုက္ကမေန-**အစဉ်အားဖြင့်၊ **ပရမသုခုမတာ ဝပ္ပတ္တာသ-** အလွန်နူးညံ့သိမ်မွေ့လှစွာသော ထွက်သက်၊ ဝင်သက်၏၊ **ဝသေန-** အစွမ်းအားဖြင့်၊ **နိမိတ္တုပ္ပတ္တိယာစ-** နိမိတ်ဖြစ်ခြင်း၏လည်းကောင်း၊ **အာနာပါနဿတိယာစ-** အာနာပါနသတိ၏ လည်းကောင်း၊ **အာနာပါနဿတိသမာဓိဿစ -** အာနာပါနသမာဓိ၏လည်းကောင်း၊ **ဘာဝနာ-** ပြည့်



www.burmeseclassic.com

www.burmeseclassic.com

စုံခြင်း တည်းဟူသော ဘာဝနာသည်၊ **ဥဂ္ဂဟကောသလ** - ပြီးတော့သည်သာလျှင် တည်း။ **ဥဂ္ဂဟကောသလ** ဆိုသည်ကား **အစိပ္ပာယော**- ပဋ္ဌမ **စတုဓာတုဝဝတ္ထာန်**၏ အ ဓိပ္ပာယ်တည်း။

**ဒုတိယနည်း**

**ပထမနည်း၌ ခိုင်လုံလှစွာ သတိ** မြဲခဲ့ပါက ဒုတိယနည်းသို့ပြောင်းလျှင် လွယ်ကူစွာ ထင်ရှားသိမြင်နိုင်ပါသည်။

'ဒုမှာရှည်တိုသိ' ဆိုသည့်အတိုင်း နှာခေါင်းမှ ခန္ဓာနှင့် မစပ်ဘဲ ရှုထုတ် လိုက်သော လေတန်းသည် 'ရှည်လျှင် ရှည်သည့်အတိုင်း၊ တိုလျှင် တိုသည့်အ တိုင်း' ထင်ရှားဖြောင့်တန်းစွာ အသွားအ ပြန်ကို အသိမပြတ် ရှုမြင်အားထုတ်နေ ရပါသည်။

ပထမနည်း၌ မိမိစိတ်ကိုနိုင်နင်းခဲ့ လျှင် ဒုတိယနည်း၌ လေ၏ အရှည်,အ တို၊ အဝင်,အထွက်တို့ကို မိမိသဘောအ တိုင်း ထားလိုသလိုထားနိုင်ခြင်း၊ ယူလို သလို ယူနိုင်ခြင်း၊ ဆွဲလိုသလို ဆွဲနိုင်ခြင်း တို့ကြောင့် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟ နိမိတ်တို့ကို ရနိုင်သည်။

လုံ့လအား၊ အာနာပါနအားများ နှင့်ပြည့်စုံလျှင် မိမိ၏ဝင်လေ, ထွက်လေ တို့သည် နှာခေါင်းမှ လွတ်လိုက်တိုင်း ကြည်လင် ထင်ရှားစွာ ထင်မြင်လာပေ သည်။

ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ ပြည့်စုံမှသာလျှင် ဒုတိယနည်း၏ဘာဝ နာကိစ္စ ပြီးဆုံးနိုင်လေသည်။

**တတိယနည်း**

ဝိသုဒ္ဓိမဂ် အဋ္ဌကထာအလိုတော် အတိုင်း-

အလုံးစုံ အစ, အလယ်, အဆုံး သုံးပါးလုံးကို သိစေလျက် ထွက်သက်ကို ဝင်အံ့၊

အလုံးစုံ အစ, အလယ်, အဆုံး သုံးပါးလုံးကို သိစေလျက် ဝင်သက်ကို ထွက်အံ့ ဟူ၍ အားထုတ်ကျင့်ကြံခြင်း ဖြစ်၏။

'သုံးချက်သိမှာ တတိယာ' ဆို သည့်အတိုင်း 'နှာသီးမှအစ၊ ရင်ချိုင့်၌ အလယ်၊ ချက်တိုင်၌ အဆုံး' လေလမ်း ကြောင်း၏အတက်အဆင်း အစ,အလယ်, အဆုံး သုံးပါးစလုံးကို အဖွတ္တသို့ ဉာဏ် ရောက်အောင် အားထုတ်ရပါသည်။

အစ, အလယ်, အဆုံး (၃)ပါးစ လုံး ပြည့်စုံစွာ သတိကပ်နိုင်မှသာလျှင် 'အဖွတ္တကယာက' သို့ ရောက်နိုင်ပေ မည်။ အဖွတ္တကယာကနှင့် ပြည့်စုံမှသာ လျှင် နာမရူပ၊ ပရိစ္ဆေဒဉာဏ်မှ စတင်၍ ဝိပဿနာဉာဏ်စဉ် အားလုံးကို အဆုံး ရောက်အောင် ကျင့်ကြံနိုင်ပေမည်။

**စတုတ္ထနည်း**

- ပထမနည်းမှာ သတိမြဲအောင် ရေ တွက်ရ၏။
- ဒုတိယနည်းမှာ အရှည်အတိုသိ အောင် အားထုတ်ရ၏။
- တတိယနည်းမှာ နှာသီး၊ ရင်ချိုင့်၊ ချက်တိုင်ဟု သုံးချက်သိအောင် အားထုတ်ရ၏။

ဤစတုတ္ထနည်း၌မူ 'စမှာငြိမ်းစေ ဘိ' ဆိုသည့်အတိုင်း ရှူလေ၊ ရှိုက်လေ ငြိမ်းအောင် အားထုတ်ရ၏။ 'ငြိမ်း' ဆို သည်မှာ စိတ္တသင်္ခါရငြိမ်းအောင် အား ထုတ်ရမည်ဟု ဆိုလိုသည်။

ထွက်လေ၊ ဝင်လေကို မထိန်း သိမ်းနိုင်၍ ရှူလေ၊ ရှိုက်လေ မငြိမ်းလျှင် မဟာဂ္ဂုတ်အပ္ပနာဈာန် မဖြစ်။ မဟာဂ္ဂုတ် အပ္ပနာဈာန် မဖြစ်လျှင် မဂ်အပ္ပနာ၊ ဖိုလ်အပ္ပနာ မဆောနိုင်ပါ။

နှာသီး၊ ရင်ချိုင့်၊ ချက်တိုင် အစ, အလယ်, အဆုံး (၃) ချက်ကို စောင့် မကြည့်တော့ဘဲ သူ့သဘောနှင့်သူရှိုက် ကာဝင်ကာလေး သွားနေသော တက် လိုက်၊ ကျလိုက် လေလမ်းကြောင်းလေး ကို အသိမပြတ် စောင့်ကြည့်နေရခြင်း ဖြစ်သည်။

ပြင်ပအာရုံဆီသို့ မပျံ့လွင့်တော့ သော စိတ်ကလေးသည် အဖွတ္တသို့ ရှုပ သန္တသဘော၌ ဖြစ်လျက် တည်ကြည်ပြီး သိမ်းဆည်းခြင်းသို့ရောက်လျက် ချုပ်ငြိမ်း ခြင်း ဖြစ်လေသည်။

ကာ၊ စိတ်၊ ဥတု၊ အာဟာရ ဟူ သော အကြောင်းတရား (၄) ပါးကြောင့် ဖြစ်သော ရုပ်တို့သည် နူးညံ့နိုင်သရွေ့ နူးညံ့လာပြီး စိတ်၌ဖြစ်သော အဿာသ ပဿာသမှ သိမ်မွေ့လျက် ငြိုက်ခနဲ ချုပ် ငြိမ်း၍သွားလေသည်။



တရားဆွေးနွေး ရှင်းလင်းပြသနေပုံ





www.burmeseclassic.com

www.burmeseclassic.com

ဤစတုတ္ထနည်းတွင် ရုပ်ဥပစာရ, နာမ်ဥပစာရဆိုက်ခြင်း၊ အလောက သညာကိုထင်ခြင်း၊ ပညိန္ဒြေပွင့်ခြင်း၊ ပဋိဘာဂနိမိတ်ထင်ခြင်း၊ သြဘာသကိုမြင်ခြင်း ဗလဝဆိုက်ခြင်း၊ ဣန္ဒြေနိုးချုပ်ခြင်း တို့ကို မဂ်ဟု ထင်တတ်လေသည်။ မဂ် မဟုတ်သေးပါ၊ မဂ်မှားသာ ဖြစ်ပါသည်။ သို့သော် ဖြစ်ခြင်းဌာ အလွန်ခဲယဉ်း၏။ သမထ၊ ဝိပဿနာကျင့်ကြံအားထုတ်မှု ပြည့်စုံသောကြောင့် မဂ်တရား၊ ဖိုလ်တရားတို့နှင့်မစပ်မိ တွေ့ရှိတတ်သော အခြေခံတရား ဖြစ်သည်။

ထို့ကြောင့် တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်များအနေနှင့် မဂ်, ဖိုလ်ရရေးအတွက် အားထားရာ အားထားထိုက်သော အခြေအနေသို့ ရောက်ရှိပြီဖြစ်၍ မိမိကိုယ်မိမိ ကြည်ညို့ဝမ်းမြောက်နေတတ်ပါသည်။

စတုတ္ထနည်းနှင့်ပြည့်စုံသော အဆင့်သို့ ရောက်ပြီ ဖြစ်ပါသည်။

**အာနာပါန ပထမနည်းမှ စတုတ္ထနည်းအထိ ပြီးဆုံးသောအခါ၌ ရရှိသော အကျိုးတရားများ**

- လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်ဟိတ် (၃)ပါးမှ လောဘနှင့်ဒေါသ ပယ်နိုင်ပြီဖြစ်၍ အလောဘ၊ အဒေါသ ဖြစ်ပေပြီ။
- နီဝရဏတရားများကို ပယ်နိုင်ပြီဖြစ်၏။
- ကိလေသာ ကာမဂုဏ်အာရုံများနှင့် အဘိဇ္ဈာ၊ ဒေါမနဿ အာရုံများက ဆိတ်ပေပြီ။
- ကိလေသဝဋ်၊ ကမ္မဝဋ်မှ လွတ်မြောက်၏။
- ထက်ဝန်းကျင်မှ ဆွဲယူမှုမရှိသော ငြိမ်းအေးခြင်း စင်ကြယ်မှုအကျိုးကို ရရှိပေပြီ။
- ကာယကံ၊ ဝစီကံတို့ကြောင့်ဖြစ်သော ဝီတိက္ကမ ကိလေသာနှင့် မနောကံကြောင့်ဖြစ်သော ပရိယုဋ္ဌာန ကိလေသာကို ပယ်နိုင်၏။
- ရှူလေ၊ ရှိုက်လေ ချုပ်ပြတ်၍ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့ တည်ပြီဖြစ်၍ စိတ္တဝိသုဒ္ဓိသို့ ရောက်၏။
- သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့်လည်း ပြည့်စုံပြီဖြစ်၏။
- တိဟိတ် မဟာကုသိုလ် ဉာဏသမ္ပယုတ် ပထမဇောစေတနာ ဖြစ်၏။
- ကာမဝစရ မဟာကုသိုလ် အကျိုးပေးနိုင်သည်။

**ဝိပဿနာကူးပြောင်းခြင်း**

သမထနည်း (၄) နည်းကို ပိုင်နိုင်စွာသိမ်းဆည်းနိုင်ခဲ့လျှင် ကာယဝိဝေက၊ စိတ္တဝိဝေကတို့ ငြိမ်းပြီ ဖြစ်ပါသည်။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့ဖြင့် ပြည့်စုံပြီ၊ လုံလောက်သော သမာဓိအားကိုရရှိပြီဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိသို့ ကူးပြောင်းရန် အဆင်သင့်ဖြစ်ပေပြီ။

ရုပ်-နာမ်ကို ပိုင်းဖြတ်၍မြင်သော နာမရူပ ပရိစ္ဆေဒဉာဏ်ကိုရရန် ဝိသုဒ္ဓိမဂ်အလိုတော်အတိုင်း ဥပမာ (၅)ပါးဖြင့် ပြသပါသည်။ ယောဂီသည် ရှေးကနည်း (၄) နည်းပြည့်စုံခဲ့လျှင် တစ်ပါးပါးသော ဥပမာကို မုချ မြင်ရပေမည်။

မိမိခန္ဓာ အဇ္ဈတ္တသန္တာန်၌ အရှိန်မစဲ တသဲသဲဖြစ်ပျက်နေပုံကို ဥပမာ (၅) ပါးမှတစ်ပါးပါးဆောင်လျက် ပစ္စက္ခသိဒ္ဓိ ဉာဏ်ဖြင့် တကယ်ရှုမြင်ရပေမည်။

ရုပ်-နာမ် ဖြစ်ပျက်ပေါ်တွင် 'ဖြစ်ပျက်တာ ရုပ်၊ သိတာကနာမ်' ဟု သင်္ခါရနိမိတ်စဉ်ကို ပိုင်းဖြတ် ဆင်ခြင်နိုင်ပါက နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပေပြီ။

မိမိ၏အဇ္ဈတ္တသန္တာန်၌ ရုပ်၊ နာမ်မှအပ ပုဂ္ဂိုလ်သတ္တဝါအမှန်မရှိသည်ကို မုချအားဖြင့် မြင်ခြင်းကြောင့် ယုံမှားသံသယကင်းပေပြီ။ ယုံမှားခြင်း၊ ဝိစိကိစ္ဆာ မပယ်ဖျောက်သောဉာဏ်ဖြစ်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ကို ရပေသည်။

ရုပ်-နာမ်ကို ပိုင်းဖြတ်သိမြင်ခြင်း၊ ဝိစိကိစ္ဆာကို ပယ်ဖျက်နိုင်ခြင်းတို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့ဖြင့် ပြည့်စုံပြီ ဖြစ်သည်။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟူသော ဝိပဿနာ အခြေခံဖြစ်သည့် ဝိသုဒ္ဓိ (၄)မျိုးနှင့်ပြည့်စုံပြီ ဖြစ်သည်။

အဇ္ဈတ္တသန္တာန်၌ ထင်လာသော ရုပ်-နာမ် သင်္ခါရတရားများ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို ပစ္စုပ္ပန်ကျကျ မြင်လာအောင်၊ ရှုမှတ်နိုင်အောင် ဝိပဿနာသမ္မာဒိဋ္ဌိနှင့် ပြည့်စုံပြီးဖြစ်၍ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပျက်သဘောကိုဆင်ခြင်ခြင်းအားဖြင့် ဉာဏ်စဉ်များကို ဆက်တိုက်သိရှိ ထင်မြင်လာပေတော့မည်။

တရိပ်ရိပ် တရှိန်ရှိန် ဖြစ်ပျက်ဟန်နိမိတ်စဉ်ကို 'ရုပ်၊ နာမ်မှအပ ဘာမှမရှိ' ဟု ရှုဆင်ခြင်သုံးသပ်လျက် လျင်မြန်စွာ ချုပ်ပျက်ဖြစ်ဟန်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု လက္ခဏာယဉ်တင်လျက် သုံးသပ်ဆင်ခြင်နေသောကြောင့် ဝိပဿနာ၏ ပထမဆုံးဉာဏ်သို့ဖြစ်သော သမ္မသနဉာဏ်ကို စတင်ရရှိပါသည်။

ယောဂီတို့၏သမာဓိအား၊ သဒ္ဓါဝီရိယအား၊ ပညာအားတို့ဖြင့် သမ္မသနဉာဏ်မှ အနုလောမဉာဏ်ထိ ဝိပဿနာဉာဏ်စဉ်များ အဆင့်ဆင့် တက်ကာ ဗောဓိပက္ခိယတရားများနှင့် ပြည့်စုံပြီး မဂ်ဉာဏ်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်ပါသည်။

**ဗောဓိပက္ခိယတရားများနှင့် ကျင့်စဉ်တရား ယှဉ်တွဲသုံးသပ်ခြင်း**

ဒုတိယနည်း၌ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့ မြင်သည့်အချိန်တွင် 'ဤ




**တရားစခန်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်များ**



www.burmeseclassic.com

www.burmeseclassic.com

တရားလေးထူးသည်' ဟူသော ယုံကြည်မှုသဒ္ဓါ ဖြစ်လာပေသည်။

- တရားကိုယုံ၍ တရားရှင် ဖြစ်သော ဘုရားကို ပိုမိုယုံကြည်လာသည်။
- ဟောပြောပြသသည့် သံဃာ(သို့) ဆရာကို ပိုမိုယုံကြည်လာသည်။
- မိမိ၏သမာဓိ တည်လာသည်ကို တွေ့ရှိရ၍ သီလကို ယုံကြည်လာသည်။

'သဒ္ဓါဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း' ဟူသော သဒ္ဓါဗိုလ် ကြီးစိုးလာပေသည်။ သဒ္ဓါဗိုလ်ဖြစ်လာ၍ ဝီရိယကို ပိုအားစိုက်လာသောကြောင့် 'ဝီရိယဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း' (ဝီရိယဗိုလ်)နှင့် 'ဝီရိယဖြင့် စိတ်ကိုအစိုးရခြင်း (ဝီရိယဣန္ဒြေ)' တို့ ဖြစ်လာပေသည်။

'ခိုးမွှမ်းထိုက်သောဝီရိယ'ကြောင့် ကောင်းစွာ အားထုတ်ခြင်း ဟူသော သမ္မပ္ပဓာန်တရား (၄) ပါး ပြည့်စုံလာပေသည်။

အရပ်ဖြစ်ခွင့်ရှိသော ကာမဂုဏ်အာရုံများ မဖြစ်တော့ခြင်းကြောင့်-

- ဖြစ်ပြီး, ဖြစ်ဆဲကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊
- နောင်ဖြစ်လတ္တံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊
- မဖြစ်ဘူးသေးကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း၊
- ဖြစ်ပြီး, ဖြစ်ဆဲကုန်သော ကုသိုလ်တရားတို့ကို လွန်စွာ ကြီးပွားစေခြင်း ဟူသည့် သမ္မပ္ပဓာန်တရား (၄) ပါး ပြည့်စုံပြီ ဖြစ်သည်။
- ရုပ်တရား၏မမြဲခြင်းအပေါ် ခိုင်မြဲစွာတည်သော သတိ ရှိနေ၍ ကာယာနုပဿနာ သတိပဋ္ဌာန်၊
- ခံစားသိရှိနေသော ဝေဒနာအပေါ် အဖန်ဖန် ရှုဆင်ခြင်သော ခိုင်မြဲစွာတည်သည့် သတိရှိ၍ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
- ရုပ်အပေါင်းကို မမြဲဘူးဟု သိသောစိတ်ကို အာရုံပြု၍ အနိစ္စအခြင်းအရာထင်လာအောင် ရှုနေသောသတိရှိ၍ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊
- သညာ, သင်္ခါရတို့၏မမြဲသည့်အခြင်းအရာကို သိမှတ်၍၊ အဖန်ဖန် ရှုသောသတိရှိ၍ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊

သတိပဋ္ဌာန်တရား (၄) ပါးလည်း ပြည့်စုံ၏။

ဤအချိန်တွင် 'ဈာန်၊ မဂ်၊ ဖိုလ် ရရန် ပြီးပြည့်စုံခြင်း၏အခြေခံတရား' ဖြစ်သော-

- အထူးထက်သန်သောဆန္ဒ၏ ပြီးပြည့်စုံမှု (ဆန္ဒိဒ္ဓိပါဒ်)
- ဝီရိယကြောင့် ပြီးပြည့်စုံမှု (ဝီရိယိဒ္ဓိပါဒ်)
- သာသနဓမ္မပေါ်၌ ထက်သန်ခိုင်မာသော စိတ်စွမ်းအားဖြင့် ပြီးပြည့်စုံမှု (စိတ္တိဒ္ဓိပါဒ်)
- ခက်ခဲ နက်နဲသော တရားဓမ္မသဘာဝတို့၌ ပြန့်ပြူးစွာကျက်စားနိုင်သော ပညာကြောင့် ပြီးပြည့်စုံခြင်း (ဝီမံသိဒ္ဓိပါဒ်) စသည့် ဣဒ္ဓိပါဒ် (၄) ပါး ပြည့်စုံပေသည်။

ပွားများပြည့်စုံသော သတိပဋ္ဌာန်တရား (၄)ပါးကြောင့် ဗောဇ္ဈင် (၇) ပါးတို့ကို ပြည့်စုံစေသည်။

- သတိသည် ရှေးရှုထင်၏။ပျောက်ပျက်ခြင်း မရှိပေ။ ထို့ကြောင့် သတိသမ္ဗောဇ္ဈင်နှင့်ပြည့်စုံ၏။
- သတိနှင့်ပြည့်စုံသော် ဝိပဿနာပညာဖြင့် စူးစမ်း၏။ ပွား၏။ စုံစမ်းခြင်းသို့ရောက်၏။ ထို့ကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့်ပြည့်စုံ၏။
- ဝိပဿနာပညာဖြင့် စူးစမ်းဆင်ခြင် ပွားအပ်သော အားထုတ်မှုဝီရိယ ဖြစ်၏။ ထိုဝီရိယသည် တွန့်တို ဆုတ်နစ်ခြင်း မရှိ။ ထို့ကြောင့် ဝီရိယသမ္ဗောဇ္ဈင်နှင့်ပြည့်စုံ၏။
- အားထုတ်အပ်သော ဝီရိယရှိသူသည် ကိလေသာမကင်းသော ပီတိ ဖြစ်၏။ ထို့ကြောင့် ပီတိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံ၏။
- နှစ်သိမ့်သောစိတ် ရှိသောကြောင့် ကိုယ်သည်လည်း ငြိမ်းအေး၏။ စိတ်သည်လည်း ငြိမ်းအေး၏။ ထို့ကြောင့် သမာဓိသမ္ဗောဇ္ဈင်နှင့် ပြည့်စုံ၏။
- ထိုပုဂ္ဂိုလ်သည် ထိုသို့သောအခြင်းအရာအားဖြင့် တည်ကြည်သော စိတ်ကို ကောင်းစွာလျစ်လျူရှု၏။ ထို့ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်နှင့်ပြည့်စုံ၏။

ထိုသို့ ဗောဇ္ဈင် (၇)ပါးနှင့်ပြည့်စုံလာချိန်တွင် သမ္မာသနဉာဏ်မှ အဆင့်ဆင့်တက်လာသော ဝိပဿနာဉာဏ်စဉ်များသည် သင်္ခါရုပေက္ခာဉာဏ်သို့ရောက်ရှိနေပေပြီ။

ရုပ်-နာမ်တို့၏ ဖြစ်ပျက်နေသော အာရုံပေါ်၌ ကောင်း၏, ဆိုး၏ မဆုံးဖြတ်၊ မစွဲလမ်းဘဲနှင့် သိရုံလေးသိပြီး အညီအညွတ် လျစ်လျူရှုနေသောကြောင့် အစွန်း (၂) ပါးလွတ်ပြီ ဖြစ်၏။ အထူးကြောင့်ကြမှုမပြုရတော့ဘဲနှင့် အလိုလိုထင်ပေါ်လာသည့် သင်္ခါရတို့ကို အညီအမျှရှုနေချိန် ဖြစ်သည်။

သင်္ခါရုပေက္ခာဉာဏ် အထွတ်အထိပ်သို့ရောက်လျှင် ဣန္ဒြေ (၅)ပါး ဖြစ်ပေါ်လာ၏။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော ဣန္ဒြေ (၅) ပါးတို့သည် သင်္ခါရုပေက္ခာဉာဏ်အမြင့်ဆုံးအချိန်၌-

ယုံကြည်မှုဖြင့် စိတ်ကိုအစိုးရခြင်း. . .

သဒ္ဓိန္ဒြေသည် အားကြီးသောအဖြစ်သို့ လည်းကောင်း၊

ဝီရိယဖြင့်စိတ်ကိုအစိုးရခြင်း. . .

ဝီရိယိန္ဒြေသည် ခိုးမြှောက်ခြင်းသို့ လည်းကောင်း၊

သတိဖြင့် စိတ်ကိုအစိုးရခြင်း. . .

သတိန္ဒြေသည် ကောင်းစွာထင်ခြင်းသို့ လည်းကောင်း၊

သမာဓိဖြင့် စိတ်ကိုအစိုးရခြင်း. . .

သမာဓိန္ဒြေသည် အလွန်ငြိမ်သက်တည်ကြည်ခြင်းသို့ လည်းကောင်း၊

ပညာဖြင့် စိတ်ကိုအစိုးရခြင်း-

ပညိန္ဒြေခေါ် သင်္ခါရုပေက္ခာဉာဏ်သည် အလွန်အလွန် ထက်သန်ခြင်းသို့ လည်းကောင်း ရောက်၏။

ဣန္ဒြေ (၅) ပါးနှင့် ပြည့်စုံလျှင် သတ္တာယဒိဋ္ဌိဖြစ်သော ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်သည့်တရားဖြစ်သော သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ် ဟူသည့် ဗိုလ် (၅) ပါးတို့နှင့် ဆက်၍ပြည့်စုံလာပေမည်။

ထိုအချိန်တွင် ဝိပဿနာဉာဏ်စဉ်သည် အထွတ်အထိပ် မဂ်ဉာဏ်နှင့် အနီးဆုံးဖြစ်သော အနုလောမဉာဏ်သို့ ဆိုက်ရောက်နေပေပြီ။

အနုလောမဉာဏ် (မဂ်နှင့်၊ ဖိုလ်နှင့်လျော်သည့်ဉာဏ်) သည် ရှေ့ပိုင်း လောကီသဘောရှိသော ဝိပဿနာဉာဏ်များနှင့်လည်းလျော်သည်။ နောက်ပိုင်း လောကုတ္တရာသဘောရှိသော မဂ်ဉာဏ် အပါအဝင် ဗောဓိပက္ခိယတရားများနှင့်လည်း လျော်သည်။

သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာများကို တစ်ဖက်က ရှုရင်း အခြားတစ်ဖက်က သင်္ခါရတရားတို့၏ငြိမ်းရာ နိဗ္ဗာန်ကို ရှာဖွေနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အနုလောမဉာဏ်သည် မဟာကုသိုလ်လော ကုတ္တရာစိတ်နှင့် ပြည့်စုံပြီ။ လောကီ၊ လောကုတ္တရာနှစ်မျိုးလုံးနှင့် လိုက်လျော ညီထွေရှိသည်။

**ဗောဓိပက္ခိယတရားများ ပြည့်စုံလုနီး အခြေအနေတွင်**

**ဝိပဿနာဉာဏ်စဉ်များ၏ဖြစ်တည်ပုံကို ပြန်လည်ဆက်စပ်ခြင်း**

**ဝိပဿနာဉာဏ်စဉ်များ၏ပဓာနကိစ္စများ**

၁။ ဉာဏ်စဉ် ပထမအုပ်စုဖြစ်သော သမ္မာသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ် (၃)မျိုးလုံး၏ပဓာနလုပ်ငန်းသည် ရုပ်-နာမ် သင်္ခါရတရားများအပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်လွင်အောင် ရှုမှတ်ခြင်း ဖြစ်ပါသည်။ သင်္ခါရတရားတို့၏ ဒုက္ခသစ္စာကို ဖော်ထုတ်ခြင်း ဖြစ်သည်။

'ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း' ဟူသော ပရိဇာနနကိစ္စ ဖြစ်၏။

အာရုံသင်္ခါရနိမိတ်သည် နိမိတ္တ (ဗဟိဒ္ဓ) အစွန်းဖြစ်၍ ၎င်းမှထမြောက်နိုင်ရန် သင်္ခါရတရားများအပေါ် ဒုက္ခသစ္စာကို ပိုင်းခြား၍သိလာအောင် အနိစ္စ ဒုက္ခ၊ အနတ္တ ရှုမှတ်နေခြင်း ဖြစ်၏။

၂။ ဉာဏ်စဉ် ဒုတိယအုပ်စုဖြစ်သော ဘယဉာဏ်၊ အာဒီနဝဉာဏ်နှင့် နိဗ္ဗိဒါဉာဏ်တို့၏ ပဓာနလုပ်ငန်းသည် ရုပ်၊ နာမ်သင်္ခါရတရားများပေါ်၌ တပ်မက်ခြင်းကင်းအောင် ကြိုးပမ်းခြင်း ဖြစ်သည်။

'သမုဒယသစ္စာကို ပယ်စွန့်ခြင်း' ဟူသော ပဟာနကိစ္စ ဖြစ်၏။

မဇ္ဈိမပဋိပဒါ၏ ကျန်အစွန်းတစ်ဖက်ဖြစ်သော ပဝတ္တ (အဇ္ဈတ္တ) အစွန်းဖြစ်သည့် အာရမ္မဏိကသင်္ခါရတရားများမှထမြောက်ရန် ကြိုးပမ်းခြင်း ဖြစ်သည်။

နိမိတ္တနှင့်ပဝတ္တ အစွန်းနှစ်ဖက်မှ ထမြောက်ခြင်းသဘောသည် ဉာဏ်စဉ်ကို ဒုတိယအုပ်စုမှ စတင် ပေါ်ပေါက်လာပေသည်။

- ဉာဏ်စဉ်ပထမအုပ်စုမှ စတင်လုပ်ဆောင်ခဲ့သည့် ဒုက္ခသစ္စာကို ပိုင်းခြားသိရန် ရှုမှတ်စရာအာရုံတရားများ၏ဖြစ်ပျက်ကိုရှုမှတ်ခြင်းကြောင့် နိမိတ္တမှထမြောက်ရန် ကြိုးပမ်းသည်။

- သမုဒယသစ္စာကိုပယ်ရန် အာရုံသင်္ခါရတရားများ၏ဖြစ်ပျက်ကို မှတ်သိနေသော အာရမ္မဏိက သင်္ခါရတရားများ၏ ဖြစ်ပျက်ကိုပါ ဆင့်၍ ဆင့်၍ ရှုမှတ်ခြင်းကြောင့် ပဝတ္တမှထမြောက်ရန် ကြိုးပမ်းသည်။



ဆရာမ ဒေါ်ဝင်းမာညွန့်မှ ဝိပဿနာဉာဏ်စဉ်အကြောင်း ရှင်းပြနေပုံ

၃။ ဉာဏ်စဉ် တတိယအုပ်စုဖြစ်သော မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ် (၃)မျိုးလုံးသည် အာရုံသင်္ခါရတရားများနှင့် အာရမ္မဏိက သင်္ခါရတရားများ၏အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို ရှုမှတ်ရင်း နိမိတ္တနှင့် ပဝတ္တမှထရန် ကြိုးပမ်းသည်။

'မဂ္ဂသစ္စာကို ပွားများခြင်း' ဟူသော ဘာဝနာကိစ္စ ဖြစ်၏။

၄။ ဉာဏ်စဉ် စတုတ္ထအုပ်စုဖြစ်သော အနုလောမဉာဏ်၏ပဓာနလုပ်ငန်းသည် သင်္ခါရတရားတို့၏အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာများကိုရှုရင်း သင်္ခါရတရားတို့ငြိမ်းရာ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ရှာဖွေနေခြင်း ဖြစ်သည်။

'နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း' ဟူသော သစ္ဆိကရဏကိစ္စ ဖြစ်၏။

အထွတ်အထိပ်သို့ရောက်သည့် သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် (၂) ခုကို ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ဟု ခေါ်သည့် ရုပ်-နာမ် သင်္ခါရအာရုံမှ လည်းကောင်း၊ ဖြစ်ပျက်နေသော ခန္ဓာပဝတ္တမှ လည်းကောင်း ထမြောက်တတ်၍ တစ်ဟုန်ထိုး မဂ်ဝီထိသို့ ရောက်ကြောင်း ဖြစ်နိုင်၏။

အနုလောမဉာဏ်ဟူသည့် ဝိပဿနာ၏အမြင့်ဆုံးဉာဏ်သို့ ရောက်ခဲ့သည့်အချိန်တွင် အောက်ပါအခြေအနေအတိုင်း ရပ်တည်နေပြီ ဖြစ်သည်။

၁။ ဒုက္ခသစ္စာကို ပယ်စွန့်ခြင်းကိစ္စ (ပရိဇာနနကိစ္စ)အားဖြင့် နိမိတ္တမှ ထမြောက်တော့မည်။

၂။ သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စ (ပဟာနကိစ္စ) အားဖြင့် ပဝတ္တမှထမြောက်တော့မည်။

၃။ တစ်ပြိုင်နက်တည်း ထမြောက်နိုင်ရေးအတွက် ၎င်းကိစ္စ (၂) ခုတို့သည် တစ်သားတည်း ပေါင်းစပ်သွားတော့မည်။

၄။ ပေါင်းစပ်နိုင်ရေးအတွက် မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ (ဘာဝနာကိစ္စ) သည်လည်း တဖြည်းဖြည်း လုံလောက် ပြည့်စုံလာပြီ ဖြစ်သည်။

၅။ သို့ရာတွင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ (သစ္ဆိကရဏကိစ္စ) သည် လုံလောက်ခြင်းမရှိသေးဘဲ အခြေပျိုးရုံမျှသာ ရှိ၏။

၆။ ပရိဇာနနကိစ္စ၊ ပဟာနကိစ္စနှင့် ဘာဝနာကိစ္စ (၃) မျိုးသည် ပေါ်ပေါ်ထင်ထင် ထွက်ပေါ်လာပြီး-သစ္ဆိကရဏကိစ္စမှာ ပေါ်ပေါ်ထင်ထင် မရှိသေးပေ။ လောကုတ္တရာတည်းဟူသော အခြေအနေသစ်တစ်ရပ်ကို ဖန်တီးရန်အဆင့် အနေအထားတွင် ရှိနေပြီ ဖြစ်သည်။

သစ္ဆိကရဏကို စောင့်ဆိုင်းနေသည့်သဘော ဖြစ်သည်။

၎င်းအနုလောမဉာဏ်မှ တစ်ဆင့် လောကီနှင့် လောကုတ္တရာကြား စပ်ကူးမပ်ကူးသဘောရှိသောဉာဏ်ဖြစ်သည့် ဂေါတြဘုဉာဏ်သို့ တက်သွားပေသည်။

'ဂေါတြဘုဉာဏ်' သည် အာရမ္မဏိကသဘောအရ လောကီဉာဏ်ဖြစ်၍ အာရုံသဘောအရ လောကုတ္တရာဉာဏ် ဖြစ်သည်။ လောကီဉာဏ် ဂေါတြဘုသည် လောကုတ္တရာအာရုံ နိဗ္ဗာန်ကို အာရုံပြုပေမည်။ နိဗ္ဗာန်ကို အာရုံ



www.burmeseclassic.com

www.burmeseclassic.com

ပြုသည့်အတွက် ဝိပဿနာဉာဏ်စဉ်တွင် မပါ။

ဝိပဿနာဉာဏ်ဆိုသည်မှာ သင်္ခါရအာရုံတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာကိုသိသောဉာဏ် ဖြစ်သည်။ နိဗ္ဗာန်ကိုသိသောဉာဏ် မဟုတ်။

**ဂေါတြဘုဉာဏ်သည် သင်္ခါရကို မသိ၊ နိဗ္ဗာန်ကိုသာ သိသည်။ ရုပ်-နာမ် သင်္ခါရတရားတို့၏ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ပြေးဝင်သွားခြင်း ဖြစ်သည်။** ဂေါတြဘုဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ တည်းဟူသော အညစ်အကြေးကို မပယ်ဖျောက်နိုင်။ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ တတ်နိုင်၏။

ဂေါတြဘုဉာဏ် ဖြစ်ပေါ်လာသောအခါတွင်. . .

- သစ္စိကရဏကိစ္စသည် ပီပီပြင်ပြင်ဖြစ်လာသည်။ ထင်ရှားသောအဆင့်သို့ ရောက်လာသည်။

- ကိစ္စ (၄) ချက်သည် ပြည့်စုံလာပြီဖြစ်သည်။ ပြည့်စုံသည်နှင့်တစ်ပြိုင်နက်တည်း လောကီအခြေအနေမှ လောကုတ္တရာအခြေအနေသို့ ကူးပြောင်းသွားပေမည်။

- နောက်ဆုံး အသိပြတ်သည်နှင့် တစ်ပြိုင်နက် မှတ်စိတ်နှင့်တကွ သင်္ခါရခပ်သိမ်း၏ချုပ်ငြိမ်းရာသို့ကျရောက်သွားမည်။ အာရုံရော မှတ်စိတ်ပါ သင်္ခါရအားလုံးငြိမ်းသည့် နိဗ္ဗာန်အာရုံထဲသို့ကျသွားခြင်း ဖြစ်သည်။

- မဂ်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက်တည်း အစွန်း (၂) ဖက်မှ တစ်ပြိုင်နက်တည်း လွတ်မြောက်သွားပေပြီ။

ထို့ကြောင့် မဂ်စိတ်ကို အစွန်းနှစ်ဖက်မှလွတ်မြောက်ခြင်း (နုဘတောဝုဋ္ဌာန) ဟု ခေါ်ဆိုပေသည်။

သစ္ဆိကရဏ မျက်မှောက်ပြုခြင်းဆိုသည်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများအနေဖြင့် မဟုတ်ဘဲ ဓမ္မသဘောသက်သက်အနေဖြင့် အစွန်းနှစ်ဖက်မှလွတ်ကာ လောကုတ္တရာသို့မျက်မှောက်ပြုခြင်း ဖြစ်သည်။

ဝိပဿနာဉာဏ်နှင့်ပြည့်စုံ၍ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပြီး နိဗ္ဗာန်ကို သစ္ဆိကရဏ မျက်မှောက်ပြုနိုင်လျှင် အရိယာမဂ်ဉာဏ်ကိုရပြီဖြစ်၍ မဂ္ဂသစ္စာဒိဋ္ဌိနှင့်ပြည့်စုံပေပြီ။

မဂ္ဂင် (၈)ပါးတွင် သမ္မာဒိဋ္ဌိတစ်ခုနှင့်ပြည့်စုံသွားလျှင် နောက်ပါအခြံအရံ (၇)ပါးစလုံး ပြည့်စုံပြီဟု ပြောနိုင်သည်။

**ဗောဓိပက္ခိယတရား (၃၇) ပါးဖြစ်သော**

၁။ သတိပဋ္ဌာန် (၄) ပါး၊
၂။ သမ္မပ္ပဓာန် (၄) ပါး၊
၃။ ဣဒ္ဓိပါဒ် (၄) ပါး၊
၄။ ဣန္ဒြေ (၅) ပါး၊
၅။ ဗိုလ် (၅) ပါး၊
၆။ ဗောဇ္ဈင် (၇) ပါး၊
၇။ မဂ္ဂင် (၈) ပါးတို့နှင့် ကိုက်ညီပြည့်စုံပေသည်။

**ခြောက်ပါးသော ပစ္စယသတ္တိတို့ဖြင့် အကျိုးပြုပုံ**

ဝိပဿနာအာရုံ ဟူသော သင်္ခါရနိမိတ်မှကင်းသော၊ အစဉ်မလပ် စပ်၍ဖြစ်ခြင်းတည်း ဟူသော ပဝတ္တအာရုံမှကင်းသော၊ သင်္ခါရမဟုတ်သော သင်္ခါရ၏ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်တို့၏အနွယ်၊ အမည်၊ ပညတ်၊ အရာ၊ အခိုက်အတန့်ကို လွှမ်းမိုးဖျက်ဆီး၍ အရိယာတို့၏ အနွယ်၊ အမည်၊ ပညတ်၊ အရာ ဟူသော အဝတ္တာဘုံသို့သက်ဝင်လျက် နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာလည်ခြင်း၊ နှလုံးသွင်းခြင်း၊ ဆင်ခြင်ခြင်းဖြစ်၍ဖြစ်သော မဂ်စိတ်အား အနန္တရ၊ သမနန္တရ၊ အာသေဝန၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသော ခြောက်ပါးသော ပစ္စယသတ္တိတို့ဖြင့် အကျိုးပြု၏။

*(ယောဂီပါရဂူကျမ်း၊ ကန္နီဆရာတော်ဘုရားကြီး)*

သင်္ခါရနိမိတ်တို့သည် အစဉ်မပြတ် တစ်ခုချုပ်ပျက်ပြီး တစ်ခုပေါ်နေသည့်အတွက် အနန္တရသတ္တိနှင့် အခြားမရှိ ကျေးဇူးပြုနေ၏။

ကောင်းစွာ အခြားမဲ့ တစ်ဆက်တည်းဖြစ်ပေါ်စေခြင်းအားဖြင့် သမနန္တရပစ္စည်းနှင့် ကျေးဇူးပြု၏။

ရှေ့စိတ်က နောက်စိတ်ကိုဖြစ်ရန် အားကြီးသော မှီရာဖြစ်နေ၍၊ အားကြီးသောအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်သည့် ဥပနိဿယသတ္တိဖြင့် အကျိုးပြုနေ၏။

ကိလေသာကြားမထိုးဘဲ ရှေ့စိတ်နှင့်နောက်စိတ်၊ ရှေ့အာရုံနှင့်နောက်အာရုံ တစ်ထပ်တည်းကျကာ ပဌမဇောမှစ၍ နောင်နောက်ဇောများကို အဆင့်ဆင့် တိုးပွားအားရှိစေသဖြင့် အာသေဝနပစ္စည်း ဆက်ခြင်းဟူသောသတ္တိဖြင့် အကျိုးပြု၏။

အနန္တရသတ္တိ ကျေးဇူးပြု၍ ဆက်တိုက်ဖြစ်သော အာရုံသင်္ခါရနိမိတ်ကို ချုပ်ပျောက်၍ ဥပါဒ်၊ ဌီ၊ ဘင် (၃) ချက်စလုံး မရှိမှကျေးဇူးပြုသောသတ္တိကို နတ္ထိပစ္စည်း၏အကျိုးကျေးဇူးအဖြစ် တွေ့မြင်ရမည်။

နတ္ထိပစ္စည်းနှင့်တူသော ဝိဂတပစ္စည်း၏သတ္တိလည်း ဆက်တိုက်ပါလာပေသည်။ ချုပ်ပျောက်ပြီး ဥပါဒ်၊ ဌီ၊ ဘင်ကင်းသွား၍ ကင်းမှကျေးဇူးပြုသည့် ဝိဂတပစ္စည်း၏ကျေးဇူးသတ္တိကို တစ်ပါးတည်းရရှိခြင်း ဖြစ်၏။

နောက်ဆုံးရက် စခန်းသိမ်းပွဲတွင် တရားပြဆရာကြီး ဦးစောသာဒယ်၊ ရွှေသရဖူ ဦးသန်းအောင်၊ ဆရာဦးတင်ဝင်းတို့မှာ ဝိပဿနာကျင့်စဉ်၏ဉာဏ်စဉ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ကျင့်ကြံအားထုတ်ပုံတို့ကို လမ်းညွှန်ပြသ ရှင်းလင်းမိန့်ကြားပါသည်။ တရားပြဆရာမ ဒေါ်ဝင်းမာညွန့်မှလည်း ၎င်း၏ကိုယ်တွေ့ ဝိပဿနာဉာဏ်စဉ်အလိုက် တစ်ဆင့်ပြီး တစ်ဆင့် ကျင့်ကြံအားထုတ်၍ ဉာဏ်စဉ်တက်လာပုံ တွေ့ရှိချက်ကို ရှင်းလင်းမိန့်ကြားပါသည်။

၎င်းနောက် ပညာဗောဓိကျောင်း ဆရာတော်ကြီးအား ကန်တော့ခြင်း၊ အာစရိယပူဇော်ပွဲပြုလုပ်ခြင်းတို့ ဆောင်ရွက်၍ (၁၂) ရက် တရားစခန်းကို ရုပ်သိမ်းလိုက်ပါသည်။

ကန္နီဆရာတော်၏ဥပနိဿယရည်းအတိုင်း တရားပြဆရာကြီး ဦးစောသာယံ ဦးဆောင်သော သာသနာပြုအဖွဲ့၏ကြိုးပမ်းချက်များ၊ တရားစခန်းဖြစ်မြောက်ရန် စတင် ကြိုးပမ်းကြသော တောင်ကြီးဒေသခံ ယောဂီဟောင်းတို့၏ပင်ပန်းခြင်းကြီးစွာ အားစိုက်ထုတ်မှုများနှင့် တရားစခန်းဝင်ယောဂီတို့၏ရိုးသားသော စိတ်အခြေခံဖြင့် စိတ်ပါဝင်စားစွာ ကြိုးပမ်း ကျင့်ကြံမှုများကြောင့် တောင်ကြီးမြို့၏ကန္နီဥပနိဿယ (၁၂) ရက်တရားစခန်းသည် ပြီးမြောက်အောင်မြင်ခဲ့ပါသည်။ (၁၂) ရက်တည်းဖြင့် ဖြစ်ပျက်မြင်သည်အထိ တရားပြနိုင်ခြင်းမှာ အံ့ဖွယ်ထူးဆန်း တရားစခန်းပင် ဖြစ်ပါတော့သည်။

*(၂၀၁၃ ခုနှစ်တွင်လည်း ၁၂-၅-၂၀၁၃ မှ ၂၃-၅-၂၀၁၃ ထိ တရားစခန်းကို ဆက်လက် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။)*

နေစိုးအောင်(တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်ပါလို့ တိတိကျကျ ပီပီပြင်ပြင်ခံယူထားသည့်သူများ၊ ဘုန်းကြီး၍ သက်တော်ရှည် တန်ခိုးဝေသည့် အရိယာအစားစား၊ သူတော်စင်ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့နောက်မှ ကပ်ပါယခံ, တပည့်ရင်းခံပြီး ဖွဲ့စိတ်သန်သန်ဖြင့် ရဟန်းတော် သံဃာတော်အရှင်သူမြတ်တို့ကို ပစ္စည်းလေးပါး လှူဒါန်းနေကြသော ဒကာ, ဒကာမများ၊ ဉပါသကာများသည် ရွှေစိုးမှစ၍ မိမိတို့ကိုယ်မိမိ တို့ စစ်တမ်းထုတ်စေချင်ပါသည်။ မိမိကိုယ်မိမိ စစ်တမ်းထုတ်ခြင်းဖြင့် အလျှဉ်းသင့်သလို ပြုပြင်သင့်ပါသည်။

ဗုဒ္ဓသာသနာတော်မြတ်တွင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူ၍ ရေလဲပြင်သုံးရသည့် ဘာသာဝင်ဂါထာမြတ် ရှိသည်။ ဤဂါထာကို ပီသစွာရွတ်လိုက်လျှင်ပင် ရွတ်သောသူသည် ဘာသာဝင် ဖြစ်လေပြီဟု များသောအားဖြင့် ယုံကြည်ကြ၏။ ထို့ကြောင့်ပင် တချို့က သရဏဂုံသုံးပါးအား အမြဲရွတ်ပြီး သာသနာတော်ဝင်အဖြစ် ခိုလှုံလျက်ရှိကြပါသည်။ ယေဘုယျအားဖြင့် လွန်စွာပင် အားရနှစ်သက်ဖွယ်ကောင်းလှပါသည်။

နှုတ်မှ တဖွဖွရွတ်ပြီး လုပ်စရာရှိသောအလုပ်များကို လုပ်ကြသူများလည်း ရှိကြပါ၏။ ထိုအထဲတွင် ရွှေစိုး၏အဘွားလည်း တစ်ယောက် အပါအဝင် ဖြစ်၏။ ဟင်းချက်၊ ထမင်းချက်ရာတွင် အဘွား အမြဲပါဝင်လေ့ ရှိသည်။ ထို့ကြောင့် ရွှေစိုး၏ညီအငယ်ကောင်ကသူ မပါလျှင် ဒီထမင်းက ကျက်မှာမဟုတ်ဘူးဟုပင် တမင်ရွဲ့စောင်း၍ပြောတတ်၏။ မည်သူတွေ ဘာပြောပြော အဘွားကတော့ နှုတ်မှ သရဏဂုံသုံးပါးကို မနားတမ်းရွတ်ရင်း ထမင်းမွှေရာတွင်လည်း သူပါ၏။ ဆန်ပြာရာမှအစ ပါ၏။ ဟင်းချက်ရာတွင်လည်း သူပါ၏။ အသား၊ ငါးများ ခုတ်ထစ်ရာတွင်လည်း သူပါ၏။ သူ၏ပါးစပ်မှလည်း သရဏဂုံသုံးပါးကို တဖွဖွဖြင့် မပြတ်ရွတ်၏။ ထို့ကြောင့် အခါများများ (တစ်ခါတစ်ရံမဟုတ်ပါ။) ပင် အဘွား၏ပါးစပ်မှ တံတွေးမှုန် တံတွေးမွှားအချို့စဉ်ပြီး ထမင်းအိုး၊ ဟင်းအိုးထဲသို့ ဝင်သည့်အခါမျိုး ရှိ၏။ 'ထိုအခါ အမေက အဖေ့ကိုခေါ်၍ ပြတတ်၏။ ထိုအခါ အဖေသည် အမေနှင့် မယားကြား ဗျာမများဘဲ 'အိုကွာ- အမှုန်အမွှားလောက်များ သရဏဂုံတန်ခိုးနဲ့ အန္တရာယ်တောင်ကင်းနိုင်သေးတယ်' ဟု ခပ်အေးအေးပြန်ပြောတတ်၏။ ကြာသော် အမေက မပြောတော့။ အဖေပြောသော သရဏဂုံတန်ခိုးကို ယုံကြည်၍လော၊ အဘွားချက်သော ဟင်းကပင် စားလို့ကောင်း၍လော၊ အဖေက သူမ၏စကားကို အရေးတယူမလုပ်၍လော မသိ။ သို့သော် အဘွားသည် ရတနာတော်သုံးပါးကို အလွန် ရိုသေ



ရွှေစိုး

သံဃံသရဏံ ဂစ္ဆာမိ



www.burmeseclassic.com

www.burmeseclassic.com

သူ ဖြစ်၏။ ဘုရား၊ စေတီ၊ ကျောင်း အစရှိသော သာသနာတော်ဝတ္ထုကမြေဟာ အစည်းအဝိုင်း ခြံစည်းရိုး စသည်တို့ဖြင့် သတ်မှတ်ထားသော **နေရာ၏အတွင်း၌ လုံးဝ ဖိနပ်မစီး ဘုရားအရိပ်၊ စေတီအရိပ် (ထီးတော်ရိပ်)** များကို မနင်းဘဲ **ကွေ့၍လျှောက်၏။** သံဃာတော်အရှင်မြတ်များ၏အရိပ်ကိုလည်း မနင်း၊ သာမဏေ, သူတော်, သီလရှင်တို့၏အရိပ်ကိုလည်း မနင်း။ ထိုပုဂ္ဂိုလ်များနှင့် လမ်းပေါ်တွင်ကြုံလျှင် လက်အုပ်ချီ၍ လမ်းပေးပြီး အရိုအသေပြုတတ်၏။ အိမ်သို့ ကိုယ်တော်များ ထိုင်ဆွမ်းကြွသည့်အခါ တရိုတသေ ကန်တော့၍ ဆွမ်းခွက်တောင်းခြင်း၊ ကပ်ခြင်းများကို ပြုလေ့ရှိ၏။ ပြီးလျှင် သေချာစွာ အဝေးမှ ကပ်၏။ အိမ်သို့ကြွသော ကိုယ်တော်များကို အဘွားက ရိုသေ၍ ကိုယ်တော်မြတ်များက အဘွားကို လေးစားကြ၏။ ကိုယ်တော်များက အဘွားကို မယ်တော်ကြီးဟု ခေါ်ကြ၏။ အဘွားရှေ့တွင် ကြီးမြတ်သော ဣန္ဒြေသိက္ခာတော်ဖြင့် နေထိုင်ဆက်ဆံတော်မူကြသည်။ ထိုအထဲတွင် ရွှေစိုးနှင့် အလွန် ရင်းနှီးနေသော ကိုယ်တော်သုန္ဒရက အပါး။ အဘွားရှေ့တွင် ကိုယ်တော်သုန္ဒရက အစဉ်အမြဲ မျက်လွှာချ၍ သီတင်းသုံး၏။ သုံးတောင်ထက်မကျော် ဆိုသည်မှာ တကယ်ဖြစ်၏။ သုံးတောင်အတွင်းသာ ကြည့်၏။ သွားသတိ၊ လာသတိ၊ ပေးသတိ၊ ယူသတိ၊ အမြဲ သတိဖြင့် မှတ်တတ်၏။ ထို့ကြောင့် အဘွားက ရှင်သုန္ဒရကို အလွန် ကြည်ညို၏။ အဘွားလစ်လျှင် ရှင်သုန္ဒရသည် သွားသုတ်သုတ်၊ လာသုတ်သုတ်၊ ပြောသုတ်သုတ်နှင့် သုတ်သုံးကျမ်းကျေလှ၏။ စာသင်သားဦးပဉ္စင်းမို့ ဖြစ်ဟန်တူ၏။ ဤသို့ သုတ်သုတ်မျှမလုပ်ဘဲ အေးတိအေးစက်လုပ်က ပြုတ်ကျကျန်ရစ်ခဲ့ပေလိမ့်မည်။ မည်သို့ဖြစ်ဖြစ် အဘွားရှေ့တွင် ကုသိုလ်အပြည့်ရပြီး သူလည်း အကျိုးရှိ၊ ကြည်ညိုရသူ အဘွားလည်း အကျိုးရှိပေတော့သည်။

ယခုအချိန်တွင် အဘွားလည်း မရှိတော့ပြီ။ မည်သည့်ဘဝကိုရောက်နေပြီ မသိတော့။ ကိုယ်တော် သုန္ဒရလည်း မည်သည့်အရပ်တွင် ကျောင်းထိုင်ဆရာတော်ကြီးဖြစ်နေပြီ မသိပြီ။

ဤသို့ဖြင့် အချိန်ကာလတို့ ကုန်ဆုံးလာခဲ့၏။ အချိန်ကာလကုန်ဆုံးလာသည်နှင့်အမျှ ရွှေစိုး၏အသက်သည်လည်း လိုက်ပါကြီးရင့်ခဲ့လေသည်။ အသက်ကြီးရင့်လာသကဲ့သို့ အငြိမ်မနေ **စပ်စုတတ်သော** ရွှေစိုး၌လည်း မှတ်မိ, မမှတ်မိ၊ အကောင်း, အဆိုး အတွေ့**အကြုံအမျိုးမျိုး**သည်လည်း စုံလာခဲ့၏။ အသက်ကြီးရင့်သည်နှင့်အမျှ တည်ငြိမ်သော ဣန္ဒြေ သိက္ခာတို့ကိုလည်း ရွှေချယ်မြတ်နိုးလာတတ်သည်ကို သတိပြုမိ၏။ ဤသည်မှာလည်း အသက်ကြီးသူတိုင်း ဖြစ်ပေါ်လာတတ်သည်ဟု မဆိုသာသည့်တိုင်အောင် များသောအားဖြင့်ဟု ဆိုချင်၊ ထင်ချင်ပါသည်။

တစ်ခါသော် ရွှေစိုး၏ဆရာအရှင်မြတ်သည် ချင်းတွင်းမြစ် တစ်ဖက်ကမ်း ဝါးသုံးရုံတောစခန်းတွင် တောရဆောက်တည်တော်မူနေစဉ် ဓမ္မမိတ်ဆွေကြီးများဖြစ်ကြသော ဦးချစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်နှင့် ဓမ္မမိတ်ဆွေကြီး ကိုဝင်းနိုင်၏ကောင်းမှုဖြင့် ဆရာသခင် သီတင်းသုံးတော်မူရာ ဝါးသုံးရုံစခန်းသို့ ဆရာတော်အား ဖူးကန်တော့ရန် ရောက်ခဲ့၏။ ဆရာတော်ထံ တိုက်ရိုက်မဝင်ရောက်ရခင် ဆရာတော်က တာဝန်ပေးထားသလို နဂိုအားဖြင့်လည်း စေတနာသဒ္ဓါ အားကောင်းလှသော ဒကာများ ရွာထဲမှအိမ်တစ်အိမ်တွင် တစ်စခန်းနားရသေး၏။ နားလည်းနား၊ အလှည့်လည်းစောင့်နေရသည့် သဘောမျိုးဖြစ်၏။ အိမ်ရှင်များကား ဆရာတော်အပေါ် သဒ္ဓါအားကောင်းကြသလို ရပ်ရွာရှိ လူအားလုံး အပါအဝင် အိမ်ရှင်များသည် ရပ်ဝေးမှလာသူများအားလုံးအပေါ်လည်း အလွန်စေတနာကောင်းကြ၏။ နားရင်းနေရင်းတွင် ရွှေစိုးသည် ရွာထဲကျောင်းတွင် ခြင်းခတ်ဝိုင်းဖြစ်နေသည့်သတင်းကြား၍ ခြင်းဝိုင်းသွားကြည့်မိ၏။ ခြင်းဝိုင်းသည် ဘုန်းတော်ကြီးကျောင်းဝင်းထဲရှိ မြေကွက်လပ်တွင် ဖြစ်နေ၏။ ခြင်းခတ်ကစားနေသူ အားလုံးထဲတွင် သင်္ကန်းဝတ် ရဟန်းပျိုများနှင့် ရှင်သာမဏေတို့က ဦးရေပို၏။ သင်္ကန်းဝတ်များ ခြင်းကစားနေသည်ကို မြင်ရသောအခါ ရွှေစိုး၏ရင်ထဲတွင် ဘဝင်မကျသလိုလို ဖြစ်မိ၏။ နောက်နေ့တွင် ဆရာတော်က ခွင့်ပြုသဖြင့် တောထိုး၍ တောရကျောင်းငယ်လေးသို့ ရောက်ခဲ့၏။

ဆရာတော်၏ ထုံးစံကိစ္စများ ပြီးဆုံးသွားသောအခါ စကားစရှာ၍ ဆရာတော်အား လျှောက်မိ၏။

"ဟိုနေ့က ရွာထဲကကျောင်းကို ရောက်ခဲ့သေးတယ် ဘုရား"

ရွှေစိုးက ပါးစပ်ထဲတိုးလာသော စကားကို လျှောက်လိုက်မိ၏။

"အင်း"

ဆရာတော်က 'အင်း' တစ်လုံး လိုက်၏။

"ဦးပဉ္စင်းတွေ ခြင်းခတ်နေလေရဲ့ ဘုရား"

"နင်ဆိုလိုတာ ဘာသဘောလဲ။ ဦးပဉ္စင်းတွေ ခြင်းခတ်တော့ မမြင်လိုတဲ့ သဘောလား"

"မှန်ပါ့ဘုရား"

"ဒါဖြင့် ခြင်းဝိုင်းကို သွားမကြည့်နဲ့ပေါ့။ နင်သွားကြည့်လို့ နင်မြင်တာ။ နင့်ကို ဘယ်သူက လာကြည့်ပါလို့ အတင်းအဓမ္မပြောလို့လဲ။ နင့်ဟာနင် သွားကြည့်တာ မဟုတ်လား"

"မှန်ပါ့ဘုရား"

"ခြင်းခတ်တဲ့ဘုန်းကြီးကို သွားကြည့်ရင် ခြင်းခတ်တဲ့ဘုန်းကြီးကို မြင်ရမယ်၊ တရားထိုင်နေတဲ့ ဘုန်းကြီးကို သွားကြည့်ရင် ဘုန်းကြီးတရားထိုင်နေတာ မြင်ရမယ်"

ဆရာတော်က ရွှေစိုးကို မ,တည်လျက် ပရိသတ်ကို ဆုံးမတော်မူရင်း ဩဝါဒပေးနေခြင်း ဖြစ်၏။

"တကယ်တော့ သံဃာတော်ကို ကြည်ညိုပါ ရွှေစိုးရဲ့။ သံဃာတော် ကြည်ညိုတဲ့သူက ရှင်သာမဏေလေး ကိုလည်း ကြည်ညိုတတ်တယ်ကွယ့်။ ဦးပဉ္စင်းဆိုတာ စာသင်သားတွေ များတယ်၊ ညောင်းတတ်တယ်တွယ့်။ တစ်ခါတလေ ကျောင်းထိုင်ဆရာတော်လစ်ရင် ခြင်းခတ်တတ်တယ်။ ခဏတစ်ဖြုတ်ဖြစ်ပါလိမ့်မယ်။ သံဃာတော်မှန်လျှင် နင့်ထက်မြတ်တာချည်းပဲဟဲ့။ နင်ဝေဖန်စရာမလိုဘူး။ သဂါရဝပျက်ပြီး အဂါရဝ ဖြစ်တတ်တယ်"

"မှန်ပါ့ဘုရား"

"ကြုံတုန်းလေး မှတ်စရာတစ်ခု ပြောချင်တယ်"

"မှန်ပါ့ဘုရား၊ မိန့်တော်မူပါ ဘုရား"

"ဈာန်အဘိညာဉ်ရတော်မူကြတဲ့ သံဃာတော်အရှင်မြတ်တွေဟာ လူ့အကျိုးအလို့ငှာ လူ့ပြည်မှာ ဆွမ်းခံကြွကြသလို နတ်တွေအကျိုးများအောင် နတ်ပြည် တက်ပြီးတော့လည်း ဆွမ်းခံကြွတော်မူကြတယ်ကွယ့်။ တစ်ခါတလေ နေ့သန့်သီတင်းသုံးတော်မူလေ့ ရှိတယ်။ တစ်နေ့တော့ နတ်တို့သနင်း သိကြား



www.burmeseclassic.com

www.burmeseclassic.com

…င်းကြီးက သူ့တပည့်နတ်သား မာတလိနဲ့ ခရီးထွက်မလို့လုပ်နေတုန်းမှာ ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်မြတ်များကို တွေ့လို့ လက်အုပ်ချီပြီး ကန်တော့တယ်။ ဒါကိုမြင်တဲ့ မာတလိက အစာသစ်အိတ်ကိုထမ်းပြီး အစာဟောင်းအိတ်ကို ဖင်ခုထိုင်နေပြီး အညစ်အပတ်တွေကြားက မွေးဖွားလာတဲ့သူတွေကို ဘာကြောင့် အရိုအသေပြု ရှိခိုးရသလဲလို့ သူ့ရဲ့ဘုရင်ကြီး သိကြားမင်းကိုမေးတယ်"

"မှန်ပါ့ဘုရား"

"ဒီတော့ သိကြားမင်းက မာတလိ၊ အဲဒါ သံဃာတော်အရှင်မြတ်တွေ ဖြစ်တယ်။ သံဃာတော်အရှင်မြတ်တွေဟာ လူသားတွေဖြစ်ပေမယ့် လူသားတွေလို အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်း၊ လယ်ယာထောင်ခြင်း၊ စီးပွားရှာခြင်း၊ ပစ္စည်းဥစ္စာစုဆောင်းခြင်း မရှိကြဘူး။ စပါးကိုကျီမထားကြဘူး။ နေ့စဉ်နဲ့အမျှ သီလတော်မြတ်များကို စောင့်ကြတယ်။ ဗုဒ္ဓဘာသာ ပရိယတ်ကို ဆောင်တော်မူကြတယ်။ ဗုဒ္ဓအလိုကျ ပဋိပတ်အကျင့်မြတ်များကို ဆောင်တော်မူကြတယ်။ သံဃာတော်အရှင်မြတ်တို့ကို အမှီပြု၍ တစ်ဇွန်းမျှ၊ တစ်ခဲမျှ လှူသော်လည်း နိဗ္ဗာန်ရောက်အောင် အကျိုးထူး အမြတ်ထူးရကြတယ်။ ဒါကြောင့် ငါ ရှိခိုးခြင်း ဖြစ်တယ်လို့ ပြန်မိန့်လိုက်တယ်တဲ့။

ယုတ်စွအဆုံး၊ နင်က ဝတ်ကြောင်ပါတယ်။ ခြင်းခတ်တဲ့ ဘုရားသားတော်၊ မြေးတော်တွေက ဘုရားရှင်ရဲ့ တော်မူတဲ့ သံဃာအဝတ်သင်္ကန်းတော်များကို ရုံတော်မူကြတယ်။ ခြင်းခတ်တဲ့ ဘုရားသားတော်၊ မြေးတော်တွေက ဂန္ထဓုရ ဝိပဿနာဓုရ နှစ်မျိုးစလုံးဖြစ်စေ၊ တစ်မျိုးမျိုးဖြစ်စေ ဆောင်တော်မူကြတယ်။ နင်က ဘာမူရဆောင်သလဲ။ နင့်မှာ မယားကျွေးမှု၊ သားကျွေးမှုအတတ်နဲ့ ရှိတယ်။ နောက်ဆုံး ဘုရားသားတော်တွေက နေ့လွဲညစာ မစားကြဘူး၊ နင်က ညစာမစားဘဲ နေနိုင်လို့လား"

"မနေနိုင်ပါဘုရား"

"အေး- သံဃာတော်ကိုတွေ့ရင် သံဃာတော်မြတ်တွေရဲ့ ဂုဏ်တော်ကို အာရုံပြုကြည်ညိုကြရင် အကျိုးအနန္တတဲ့။ သူမကောင်းတိုင်း ကိုယ်မကောင်းသလို သိုက်မဖြစ်စေနဲ့"

ဆရာသခင် အရှင်မြတ်ကြီးက ဆုံးမတော်မူခဲ့ပါသည်။

ဤမျှဆိုလျှင် မိမိဆရာ ဘာကို ရည်၍ ဆုံးမသနည်းဆိုသည်ကို ရွှေစိုး သဘောပေါက်ပါ၏။

ထိုနေ့မှစ၍ သံဃာတော်အရှင်မြတ်ဆိုလျှင် ရှင်သာမဏေလေးကစ၍ ရွှေစိုး ရိုသေ ကြည်ညိုခဲ့ပါသည်။ အိမ်ပြန်ရောက်သည့်အခါတွင်လည်း တန်းဆွမ်း၊ ထိုင်ဆွမ်းများကို အခွင့်ရတိုင်း တရိုတသေပင် လောင်းလှူပါသည်။

အိမ်ရှေ့ အိမ်ပြင် လမ်းပေါ်တွင် သံဃာတော်အရှင်မြတ်များ တန်းစီကြွရောက်၍ ဆွမ်းခံသည့် တန်းဆွမ်းကို လောင်းလှူသည့်အခါ ယခင်က တစ်ပါးလာ ဆွမ်းလောင်းပြီးလျှင် ချာခနဲလှည့်၍ အိမ်အတွင်းသို့ ဝင်ပြေးလေ့ရှိပါသည်။ ယခု ဆရာတော်ထံမှပြန်လာပြီးနောက် တစ်ပါး ဆွမ်းလောင်းလှူပြီးနောက် သံဃာတော်များ စေ့သွားပါက မြေပေါ်တွင် ထိုခြင်းငါးပါးဖြင့် ဝတ်ပြုထိုင်ကန်တော့လိုက်ပါသေးသည်။ အိမ်တွင်း ထိုင်ဆွမ်းဆိုလျှင်တော့ တစ်ပါးလောင်းပြီးတိုင်း တစ်ခါကန်တော့ဖြစ်ပါသည်။ ကြာတော့ အကျင့်ဖြစ်သွား၏။ သံဃာတော်ကိုမြင်လျှင်၊ အနီးအနားသို့ဖြတ်လျှင် သံဃာတော်အရှင်မြတ်ကို ရည်၍ လက်အုပ်ချီခြင်း၊ ရှင်သာမဏေ အရှင်သူတော်တို့ကို တလေးတစားစိတ်ဖြင့် ကြည်ညိုမြတ်နိုးခြင်းစိတ်တို့သည် အလိုအလျောက်ဖြစ်ပေါ်လာလေသည်။

အကျင့်သည် ကျင့်ခါစအချိန်တုန်းက တမင်သတိထား၍ အကျင့်ဖြစ်စေလိုသည်ကို လုပ်ယူ၍ကျင့်ရ၏။ ကျင့်စတွင် ခက်သလိုလို၊ ရှက်သလိုလိုဖြစ်မိမည်ဖြစ်သော်လည်း အကျင့်ဖြစ်သွားသောအခါတွင် ဤသို့လုပ်ရသည်ကို ကြည်နူးနေမိတတ်၏။

ဤအကျင့်သည် လွန်စွာ အကျိုးရှိ၏။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိတို့ကို အားထုတ်သောအခါ၌ သမာဓိကို ယခင်ကထက် အချိန်တိုအတွင်း ရနိုင်၏။ စုစည်းနိုင်စိတ်ကို အလွယ်တကူ ဖြစ်စေ၏။ ရွှေစိုး ရေးနေသည်မှာ စာဖတ်သူတို့ ဖတ်ကောင်းရန် ရည်ရွယ်၍ရေးသည့်ဝတ္ထု မဟုတ်ပါ။ ကိုယ်တွေ့အဖြစ်အပျက် ဖြစ်ပါသည်။ ကျင့်ကြည့်စေချင်ပါသည်။ ရွှေစိုးကဲ့သို့ ပါရမီနုပြီး စိတ်ကူးထွေလာ သိချင်တာတွေများ၍ စိတ်ကလေတစ်ယောက်အတွက်ပင် ဤမျှအထောက်အကူပြုပါက စာဖတ်သူတို့ကဲ့သို့ ရင့်ကျက် ဖွံ့သန်ပြီး တည်ငြိမ်တတ်သူအဖို့ ရွှေစိုးထက် အဆပေါင်းများစွာ အထောက်အကူဖြစ်ပါလိမ့်မည်။ ကျင့်ရန်နှင့်အားထုတ်ရန်သာ လိုပါသည်။ ကျင့်လည်း ကျင့်စေချင်ပါသည်။

ရွှေစိုး

## ဆီးချိုအတွက် ဆေးတစ်လက်

ဆီးချိုရောဂါသည် ပျောက်ခဲသောရောဂါ ဖြစ်ပါသည်။ ဆီးချိုရှိသူ၏ ဆီးကို ချက်ကြည့်လျှင် သကြားပွင့်လေးများတွေ့ရသကဲ့သို့ ဆီးချိုလွန်ကဲသူ၏ ဆီးကို ပုရွက်ဆိတ်များ အုံခဲနေတတ်သည်ကို တွေ့ရပါမည်။ ထို့အပြင် ဆီးချိုရောဂါရှိနေသူသည် ထိခိုက်ပွန်းပဲ့မဖြစ်ရအောင် အထူးဂရုပြုရပါသည်။ ထိခိုက်ပွန်းပဲ့၊ အနာပေါက်လျှင် မပျောက်နိုင်၊ အနာပျောက်ခဲလွန်းပြီး ထိုအနာသို့ ပိုးဝင်ပြီး အသက်အန္တရာယ်ထိခိုက်တတ်ပါသည်။ ဆီးချိုကြောင့် အလွယ်တကူ အသက်အန္တရာယ်မစိုးရိမ်ရဘဲ ထိခိုက်ဒဏ်ရာအနာမှ ပိုးဝင်၍သာ စိုးရိမ်ရပါသည်။

ယခု တင်ပြလိုသော ဆေးသည် ဆီးချို သက်သာစွာ ပျောက်ကင်းသည်ဟု မဆိုနိုင်သော်လည်း ဆီးချို မတိုးအောင်၊ ဆီးချိုကြောင့် အခြားဘေးထွက်ဆိုးကျိုးများ မဖြစ်အောင် ကာကွယ်ထိန်းပေးနိုင်သောဆေး ဖြစ်ပါသည်၊ ဆီးချိုအတွက် အသက်အန္တရာယ်မထိခိုက်စေသောဆေး ဖြစ်ပါသည်။ ဆေးနည်းမှာလည်း လွယ်ပါသည်။

✪ သင်္ဘောသီး ရင့်ရင့်၊ စိမ်းစိမ်း တစ်လုံး ရယူပြီး ထိပ်လှပ်ပါ။ အစေ့များ ထုတ်ပစ်ပြီး လက်ဖက်ခြောက်ကောင်းကောင်းအပြည့်သိပ်ထည့်၍ သင်္ဘောသီးထိပ်လှပ်စနှင့် ပြန်ပိတ်ပါ။

✪ သင်္ဘောသီးနှင့် လက်ဖက်ခြောက်ထည့်ပြီးကိုချိန်တွယ်ပါ။

ဥပမာ- (၅၀) ကျပ်သားရှိလျှင် ရေ (၁) ပိဿာ (၅၀) သား (၁ း ၁) ထည့်၍ ပြုတ်ကျို ချက်ပါ။ ရေ (၃) ချိုး (၁) ချိုးကျန်လျှင် ၎င်းပြုတ်ရည်ကို စစ်ယူထားပါ။

✪ အထက်ပါ ပြုတ်ရည်ကို တစ်နေ့ (၃) ကြိမ်၊ တစ်ခါသောက် ဟင်းသောက်ဇွန်း (၅) ဇွန်းခန့် သောက်ပါ။

ဆီးချိုအတွက် စိတ်ပျက်စရာမလို၊ ရောဂါမတိုးစေပါ။ အစားမှားခြင်းကို ထိန်းသိမ်းကာကွယ်ပေးနိုင်ပါသည်။

ဒေါက်တာဒေါက်(နဘဲခောက်)



www.burmeseclassic.com

www.burmeseclassic.com

တောင်ဦးမှစင်မြင့်ရွာသို့ ကျောက်ခင်းလမ်းဖြင့် ဆက်သွယ်ထားပါသည်။ ကျောက်ခင်းလမ်းကို ဂဝံမြေသားတို့ဖြင့် ဖို့၍ လမ်းကြိတ်စက်ဖြင့် ဖိသိပ်ခင်းထားသဖြင့် ကတ္တရာလမ်းကဲ့သို့ညီညာနေသည်။ ကားဖြင့်စင်မြင့်သို့ အလွယ်တကူ သွားနိုင်ပေသည်။ တောင်ဦး-စင်မြင့်-သပြေကိုင်းထိ ကျောက်ခင်းလမ်းမှာ အစိုးရမှ (၅) မိုင်ခန့်အကွာအထိ ကျောက်ကြီးခင်းထားကြောင်း သိရသည်။

တောင်ဦးမှ တောင်လုံးလှတောင်ခြေအထိမှာကတ္တရာခင်းလမ်း ဖြစ်ပြီး ချောင်းငယ်တစ်ခုကိုဖြတ်၍ တောင်လုံးလှတောင်ကြောအား ခါးလယ်မှဖြတ်ဖောက်ထားသည်။ တောင်ကို ကျော်ဖြတ်ပြီးပါက ဘယ်ဘက်တွင် တောင်လုံးလှတောင်နှင့် တောင်ခြေ၌ တောရကျောင်းကိုလည်း တွေ့ရမည်။ ကားလမ်းအတိုင်း ဆက်သွားပါက မြေပြန့်ကို သွားရသကဲ့သို့ ညီညာပြန့်ပြူးနေသည်။ ပေ (၁၅၀) လောက် သွားသောအခါ ဘယ်ဘက်သို့ (၉၀) ဒီဂရီ ကွေ့ပြီး အဘကိုယ်တိုင်တည် ထားသော (၁၇) တောင် ဉာဏ်တော်ရှိ ပြည်တော်ဝင် ဆုတောင်းပြည့် ဘုရားကြီးကို ဖူးတွေ့ရမည်။ ၎င်းဘုရားသို့ အဝင် လမ်းဆုံတွင် ကွန်ကရစ်အုတ်တို့ဖြင့် ခိုင်ခိုင်ခံ့ခံ့ ပြုလုပ်ထားသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

*'အဘအောင်မင်းခေါင်၏ကျင့်စဉ်အစ တောင်လုံးလှက'*

ဟု ကမ္ပည်း ရေးထိုးထားသည်။


မိတ္ထီလာ - ကျောက်ပန်းတောင်းကားလမ်းမပေါ်တွင် တောင်ဦးရွာ တွဲဘက် အထက်တန်းကျောင်း၏ထောင့်၌ ကမ္ပည်းကျောက်တိုင်တစ်ခုကိုလည်းတွေ့မြင်ခဲ့ပါသည်။

*'အဘအောင်မင်းခေါင်၏မွေးရပ်ဇာတိ စင်မြင့်ရွာသို့'*

ဟု ရေးထိုးထားပါသည်။

မသိသူကျော်သွားကြသလို သိသူတွေလည်း စင်မြင့်ရွာသို့ ဝင်လာမစဲ တသဲသဲဖြင့် ရောက်လာကြသည်။ တောင်ဦးမှ စင်မြင့်ရွာသို့ (၅)မိုင်ခန့်ဝေးသည်။ (၁)မိုင် (၅)ဖာလုံလောက်တွင် လမ်း၏ဘယ်ဘက်၌ ရွှေတိဂုံဘုရားပုံစံတူ (၉)တောင်ပြည့်စေတီတစ်ဆူကို ဖူးတွေ့ရသည်။ စေတီဘေးတွင် ရေကန်တစ်ခုနှင့် ဇရပ်တစ်ခုကို တွေ့ရသည်။ လမ်းဘေးတွင် ပုံတူထုပြီး အုတ်ဖြင့်ပြုလုပ်ထားသော ဓာတ်ခန်းလေးကိုလည်း တွေ့ရသည်။

ဒီနေရာလေးမှာ အဘငယ်စဉ်က ကျွဲကျောင်း၊ နွားကျောင်းရာနေရာဖြစ်သကဲ့သို့ အဘနားခိုခဲ့ရာနေရာလည်းဖြစ်ပါသည်။ အဘ၏ခြေရာလက်ရာတို့ကို သတိတရဖြင့် ဇရပ်တစ်ခုကိုဆောက်လုပ်ခဲ့ရာ လူအများ ခေတ္တနားခိုရာနေရာလေး ဖြစ်နေလေသည်။ အဘတရားထိုင်ခဲ့သောနေရာလေးကို မိတ္ထီလာမှ ဒကာတစ်ဦးက (၉)တောင်ပြည့် သိဒ္ဓိရှင်ဆုတောင်းပြည့်စေတီလေး တည်ထားခဲ့ကြောင်း သိရပါသည်။



# အလှူဝါလှိုင်း

## အဘအောင်မင်းခေါင် ထားခဲ့သော ထူးဆန်းသည့်ဗုဒ္ဓရုပ်ပွားတော်

တောင်ဦးမှ (၄) မိုင်ခန့်အကွာ ကျောက်တုံး ကျောက်တောင်များကြားမှ ကွေ့ပတ်ဖောက်လုပ်ထားသော ကားလမ်းမှာ စင်မြင့်ရွာသို့ ထင်ထင်ရှားရှားတွေ့မြင်ရပါတော့သည်။ စင်မြင့်ရွာမှာ ကျောက်တုံး ကျောက်တောင် ကျောက်ပြားချပ်များဖြင့် တောင်ထိပ်ကလပ်သဖွယ် တည်ရှိသည်။ အမြင့်တွင်ရှိသောကြောင့် 'စင်မြင့်' ဟု အမည်ပေးခဲ့ကြောင်း၊ ယခင်က 'လွှယ်မင်းဇင်' ရွာခေါ် 'ကလပ်' ရွာဟုလည်း ခေါ်ခဲ့သေးကြောင်း မှတ်သားရပါသည်။

ရွာတွင်မြင်တွေ့ရသော မြင်ကွင်းမှာ ဘုန်းကြီးကျောင်း အဝင်မုခ်ဦးနှင့် စေတီပုထိုးများမှာ မိုးပေါ်သို့ ထင်ထင်ရှားရှား ငွားငွားစွင့်စွင့် ရပ်တည်နေလေ



www.burmeseclassic.com

www.burmeseclassic.com



တောင်လုံးလုံမှ ပြည်တော်ဝင်စေတီ



တဝက်ကန်ဆုတောင်းပြည့်စေတီ



အဘအောင်မင်းခေါင်မှ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်းပေးခဲ့သော ဗုဒ္ဓရုပ်ပွားတော်

တော့သည်။ တောရွာလေးဖြစ်ပြီး အများအားဖြင့် ဆင်းရဲသားများနေထိုင်ကြသဖြင့် အိမ်များမှာ နိမ့်နိမ့်၊ ထန်းလက်ဖြင့် မိုးထားပြီး ရှားသားအိမ်တိုင်များဖြင့် ဆောက်လုပ်ထားသည်။

ရွာအဝင်၌ ချောင်းကြီးတစ်ခုက ကာဆီးထားသည်။ ချောင်းအတက်၊ အဆင်း မတ်စောက်သည်။ စိမ့်ထွက်ရေများ တသွင်သွင်စီးဆင်းနေသည်။ ရေချောင်းကိုဖြတ်ပြီး မတ်မတ်အတက်မှာ ကတ္တရာခင်းထားသည်။ အတက်ကုန်သောအခါ စင်မြင့်ရွာကိုရောက်သည်။ ဘုန်းကြီးကျောင်း၊ စေတီနှင့် အဘဓာတ်နန်းတို့မှာ စင်မြင့်ရွာ၏ အမိကမှတ်တိုင်ကြီး၊ ပြတိုက်ကြီးပင် ဖြစ်လေသည်။ ကားလမ်းမှာ ရွာ၏မြောက်ဘက်ဘေးမှ သပြေကိုင်းရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည်။

ဘုန်းကြီးကျောင်းအဝင်မုခ်ဦးကြီးမှာ ခံ့ညား တင့်တယ်သည်။ မုခ်ဦးကိုဖြတ်ကျော်ပြီး မန်ကျည်းပင်ရိပ်၌ ခဏခိုနားရန် ထိုင်ခုံကွပ်ပျစ်များပြုလုပ်ထားသည်။ မန်ကျည်းပင်အောက်တွင် အဘမြင်းစီးရုပ်တစ်ခုကို တွေ့ရမည်။ မြင်းစီးရုပ်အောက်နားဘက်တွင် 'အမခ ပတဝ' ဟု ရေးထိုးထားသဖြင့် ဘာသာမပြန်တတ်ဘဲ ဖြစ်နေသည်။ ဦးဖားကို မေးကြည့်သောအခါ 'အောင်မင်းခေါင် ပြည်တော်ဝင်' ၏အတိုကောက်စာလုံးဟု သိရသည်။

ပထမဆုံး အဘဓာတ်ခန်းကိုဝင်ရောက်ကာ အဘကို ဦးချကန်တော့သည်။ သားတော် အဘမွေးဖွားရာ စင်မြင့်ရွာသို့ ရောက်ခဲ့ပါကြောင်း၊ အဘပုံရိပ်များကို ထိတွေ့ ခံစားရပါကြောင်း အဘအပေါ်တွင်ရှိခဲ့သော အပြစ်ကြီး, အပြစ်ငယ်များ သည်းခံခွင့်လွှတ်ပါရန် လျှောက်ထားကန်တော့ပါသည်။

ဓာတ်ခန်းကြီးမှာ ကြီးကျယ်ထည်ဝါလေသည်။ အုတ်တိုက်ဖြင့် ခံ့ခံ့ညားညား တည်ဆောက်ထားသည်။ ဘုရားရုပ်တုတစ်ဆူမှာ အလယ်တည့်တည့်တွင်ရှိပြီး အဘ၏ပုံတူရုပ်တုများမှာ ဘေးဘယ်,ညာတွင်ထုလုပ်ထားသည်။ ထိုင်နေပုံ၊ ထ၍ လမ်းလျှောက်နေပုံတို့ဖြင့် ပြည့်နေလေသည်။ ရှေ့နားတွင် ဘုရားပန်းအိုး၊ ဘုရားပွဲ၊ အဘပွဲတို့ဖြင့် ကိုးကွယ်ထားကြသည်။

ညာဘက်ထောင့်တွင် သလွန်ညောင်စောင်းတစ်ခုမှာ ရွှေအပြည့်ထားပြီး အိပ်ရာ ခေါင်းအုံးအစုံဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မင်းမြောက်တန်ဆာ (၅) ပါးလည်း အစီအရီ ချထားလေသည်။ အင်းဝမင်းခေါင်ဘဝ၏ပုံရိပ်ဟု ထင်မိပါသည်။

အဘဓာတ်ခန်းအဝင်တွင် အဘရုပ်တုကြီးများကို ပထမဆုံး တွေ့မြင်ရသည်။ ဓာတ်ခန်းက စေတီရင်ပြင်အခြေတွင် တည်ရှိပါသည်။ ရင်ပြင်ပေါ်သို့ ဓာတ်ခန်းမှဆက်၍ တက်သွားသော အုတ်လှေကားတစ်ခု ရှိသည်။ ရင်ပြင်မှာ ပေ (၃၀၀) ပတ်လည် ကျယ်ဝန်းပါသည်၊ စေတီ (၃) ဆူရှိပြီး အကြီးဆုံးစေတီမှာ အလယ်တည့်တည့်တွင် မားမားစွင့်စွင့်ဖြင့် ကြည်ညိုဖွယ် သပ္ပာယ်လှပေသည်။

ရင်ပြင်ပေါ်တွင် မယ်တော်နတ်စင်တစ်ခု၊ ကမ္ဘာလုံးပေါ်၌ အဘ မြင်းစီးရုပ်တစ်ခုကို တွေ့ရသည်။ စေတီ၏အရှေ့ဘက်တွင် ရေကန်တစ်ခု ရှိသည်။ ရေကန်မှ အင်္ဂတေများသည် သေသေချာချာ စီကာထားသည်။ ကန်၏အလယ်တွင် ရှင်ဥပဂုတ္တ မထေရ်ကို ကျောက်တော်ဖြင့် ကိုးကွယ်ထားလေသည်။

ဤနေရာသည် အဘငယ်စဉ်က ဘုရားထိုင်ခဲ့သည့်နေရာ ဖြစ်မည်။ ဤဘုရားတွင် အဘ ဆုတောင်းခဲ့သည်၊ အဓိဋ္ဌာန်ဝင်ခဲ့သည်။ ဤရေကန်တွင် အဘရေချိုးခဲ့သည်။ အဘငယ်စဉ်က အဘခြေမချဘူးသောနေရာမရှိပေ။ အဘကို ကြည်ညိုကြသော၊ အဘကိုကိုးကွယ်သော၊ အဘ၏သားတစ်ဦးဖြစ်သော ကျွန်ုပ်သည် ဤနေရာ ဤဒေသသို့ ရောက်ခဲ့ရာဝယ် အဘ၏ဓာတ်၊ အဘ၏အငွေ့အသက်များ မိမိရင်ထဲသို့စီးဝင်နေသည့်နှယ် ခံစားရပေသည်။

ဘဖားမှ အိမ်အလည့်လာခဲ့ရန် ဖိတ်မန္တကပြုသောကြောင့် ဘဖားအိမ်သို့ရောက်ခဲ့ပါသည်။ ဘုန်းကြီးကျောင်းနှင့် နီးပါသည်။ ပေ (၁၅၀) လောက်သာ ဝေးမည်ဟုထင်သည်။ ရွာမှာ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်တို့မွေးမြူထားသဖြင့် ကျွဲချေး၊ နွားချေး၊ ဆိတ်ချေးတို့မှာ ဟိုတစ်ပုံ ဒီတစ်ပုံ တွေ့ရသည်။

အရပ်ရှည်ရှည် သွပ်မိုးအိမ်တွင် ဘဖား နေထိုင်သည်။ အပေါ်သို့ လှေကားဖြင့် တက်လိုက်သောအခါ ဘုရားဆောင်ကို ပထမ မြင့်တွေ့ရသည်။ ဖျဉ်ခင်းထားသဖြင့် ရွာထဲတွင် အကောင်းဆုံးအိမ်ဟု ပြောရမလို ဖြစ်နေသည်။ ဘုရားအား ဝတ်ဖြည့်၍ ဘဖားချပေးသော ထန်းလျက်ခဲနှင့် ရေနွေးကြမ်းသောက်ရင်း အဘအကြောင်းကို မေးမြန်းရပါသည်။



အဘဘိုးမင်းခေါင် ၏မွေးရပ်ဇာတိ စင်မြင့်ရွာသို့ လမ်းညွှန်ဆိုင်းဘုတ်

"ငါ့တူ၊ ဒီအိမ်ဟာ မင်းတို့အဘ နေသွားတဲ့အိမ်ကွယ့်။ ဒီအိမ်မှာပဲ မွေးပြီး ဒီမှာပဲ ကြီးပြင်းသွားတာကွယ့်"

"ဟုတ်လား ဘဖား"

ကျွန်ုပ် အတော် ထိတ်လန့်သွားသည်။ ကျွန်ုပ်ရောက်ခဲ့သော၊ ခြေချခဲ့သော ဤအိမ်သည် အဘအောင်မင်းခေါင် မွေးခဲ့၊ ကြီးပြင်းခဲ့သောအိမ် ဖြစ်လေသည်။

"ဘဖားရယ်၊ အရမ်းဝမ်းသာတာပဲ။ ကြုံတုန်း အဘအကြောင်းကို သိသမျှ ပြောပြပါဦး"

"အေး- ငါ့တူကို ပြစရာရှိတယ်"

"ဟုတ်ကဲ့ ဘကြီးဖား၊ ပြပါ"

"ဒီဘုရားဆောင်က ဘုရားကို သေသေချာချာဖူးကွယ့်၊ တော်တော်ထူးဆန်းတယ်"

ကျွန်ုပ်သည် ဘုရားဆောင်တွင် သပ္ပာယ်စွာ သီတင်းသုံး စံပယ်နေသော ဒက္ခိဏသာခါ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူကို သေသေချာချာ ဖူးလိုက်ပါသည်။ ဘုရားမှာ ညာဏ်တော်(၄)လက်မရှိပြီး ရွှေအပြည့်ချထားသည်။ မျက်နှာတော်မှာ ပြုံးနေသယောင်ယောင် ဖူးတွေ့ရသည်။

"ဒီ ဗုဒ္ဓရုပ်ပွားတော်ကို မင်းတို့အဘက ပေးခဲ့တာ။ ဆွေစဉ်မျိုးဆက် ကိုးကွယ်ကြဆိုပြီး ပေးခဲ့တာ"

"ဘယ်ကရလို့ ဘယ်အချိန်မှာပေးခဲ့တာလဲ ဘကြီးဖား"

"ဘယ်ကရလို့ ဘယ်အချိန်မှာပေးခဲ့တာလဲတော့ မမှတ်မိဘူး။ အဖေ့လက်ထက်က ကိုးကွယ်ခဲ့တာ။ အဖေက မှာခဲ့လို့ သိရတာ။ မင်းတို့ဦးကြီး ပေးတဲ့ဘုရား၊ သေသေချာချာ ကိုးကွယ် ပြောခဲ့တယ်"

"ဒါနဲ့ ဘယ်လိုထူးဆန်းတာတွေ ရှိခဲ့သလဲ"

"အေး- ထူးဆန်းတာက ဘကြီးဘဝမှာ စင်မြင့်ရွာကို နှစ်ကြိမ်မီးလောင်ဖူးတယ်။ တစ်ရွာလုံး ပြာပုံအတိ ဖြစ်သွားတယ်။ ထူးဆန်းတာက ဘကြီးအိမ်ပဲ မီးမခ,ဘဲ ကျန်ခဲ့တာ"

"ဒါဆို နှစ်ကြိမ်လုံးမီးမလောင်ဘဲ ကျန်ခဲ့တာပေါ့"

"ဟုတ်တယ် ငါ့တူ၊ နှစ်ကြိမ်လုံး မီးမလောင်လို့ တစ်ရွာလုံးက အံ့သြနေတာ။ ဘာလို့ မီးမလောင်တာလဲလို့မေးကြတော့ ဘကြီးကလည်း ဘယ်သိမလဲ။ ဒါနဲ့ ဘမင်းခေါင်ရဲ့အမွေပစ္စည်း ဘာကျန်သေးသလဲလို့ ဝိုင်းမေးကြတယ်။ ဘမင်းခေါင် ကိုးကွယ်ခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိကြောင်း၊ ဆွေစဉ်မျိုးဆက် ကိုးကွယ်ရန် မှာကြားခဲ့ကြောင်း ပြောလိုက်တယ်။ တစ်ရွာလုံးက ဘမင်းခေါင် ကိုးကွယ်ခဲ့တဲ့ဘုရားရှိလို့ မီးမလောင်တာလို့ ပြောကြတာပဲ"

"တော်တော် အံ့သြစရာပဲ၊ အဘရဲ့သိဒ္ဓိ မဟိဒ္ဓိတန်ခိုးတွေဟာ ဒီနယ်ပယ်မှာ ပျံ့နှံ့နေမှာပဲ"

"အေး- အခုဖူးမြင်ရတဲ့ဗုဒ္ဓရုပ်ပွားတော်ဟာ မင်းအဘ ကိုးကွယ်ပြီး ထားခဲ့တဲ့ ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူပဲကွယ့်။ ငါ့တူလေး ကြုံတုန်း လိုရာဆုတောင်းကွယ့်"

တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံတို့သည် ကျွန်ုပ်၏ရင်ဝယ်သို့ ဗီတီလိုင်းများရိုက်ခတ်ပြီး အဘကို ပို၍ ပို၍ ကြည်ညိုသဒ္ဓါ ပွားမိပါတော့သည်။

အညာင်ထိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏အဓိဋ္ဌာန်ခရီးစဉ်များစွာထဲမှ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ လက်ပံရှည်ကျေးရွာအုပ်စု လက်ပံရှည်ရွာရှိ ဖူးပြည့်အောင်ကျောင်းတိုက်ဆရာတော် အရှင်ဉာဏောဘာသ(နိုင်ငံတော်အစိုးရ သာသနဓဇ မဟာစရိယ၊ နိုင်ငံတော်ဗဟိုအသိအမှတ်ပြု) နှင့် စာရေးသူတွေ့ဆုံဖူးမြော်၍ စာဖတ်ပရိသတ်ခမ္မမိတ်ဆွေများ ပူဇော်ခွင့်ရစေရန် ဖွင့်ဖော်အပ်ပါသည်။

# ဝိစ္စာဓရပုဂ္ဂိုလ်ထူးများနှင့် တွေ့ဆုံပညာခဉ်ရယူခဲ့သော

# ဖူးပြည့်အောင်ဆရာတော်

မြနန်းရှင်

**ဆရာတော်၏ဖွားရာဇာတိ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ပေါက်ပင်ကျေးရွာအုပ်စု ပေါက်ပင်ရွာတွင် ခမည်းတော်ဦးစောအောင်၊ မယ်တော် ဒေါ်သိန်းညွန့်တို့မှ ၁၃၂၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် (၁၀) ရက် (အောက်တိုဘာလ ၇ ရက် ၁၉၅၈ ခုနှစ်)၊ အင်္ဂါနေ့၊ နံနက် (၉) နာရီ (၃) မိနစ်မှာ မွေးဖွားခဲ့သည်။ မွေးချင်း (၇) ယောက်ရှိရာ စတုတ္ထမြောက်သားရတနာ ဖြစ်ပါသည်။


**ရှင်သာမဏေဘဝအစ**

၁၃၃၂ ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဥပဇ္ဈာယ်ဆရာတော် လယ်တီဆရာတော် ဦးကောသလ္လထံမှာ ရှင်သာမဏေအဖြစ် အရှင်ဉာဏောဘာသဘွဲ့အမည်ဖြင့် ခံယူခဲ့ပြီး ဇာတိမြေဖြစ်သော ပေါက်ပင်ကျောင်းတွင် (၂) ဝါဆိုခဲ့သည်။ (၁၂) နှစ်သားအရွယ်တွင် ၁၃၃၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၀) ရက်၌ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ တူမောင်းကျောင်းတိုက် မဏိရတနာအလယ်တိုက်ကြီးတွင် ပဓာန နာယကဆရာတော် လယ်တီဦးနန္ဒိယ (ဦးကောသလ္လ၏ဆရာတော်) ထံ၌ လည်းကောင်း၊ စာချဆရာတော် ဦးဇာဂရဗုဒ္ဓိထံ၌ လည်းကောင်း ပညာသင်ကြားခဲ့သည်။

မြို့နယ်လုံးဆိုင်ရာ အခြေပြု မူလတန်း၊ ဝိနယအငယ်တန်း၊ ဝိနယအလတ်တန်း၊ ဝိနယအကြီးတန်း။ ရွှေဘိုမြို့နယ်လုံးဆိုင်ရာ ဝိနယာအနုဂ္ဂဟ အောင်ပွဲပြန်ပွဲငယ်၊ လတ်၊ ကြီး (၃) တန်းလုံး အောင်



တောင်တွင်းကြီး ဖူးပြည့်အောင်ဆရာတော်



တောင်တွင်းကြီး လက်ပံရှည်ရွာ ပထမံဘိုးဘိုးအောင်ဆုတောင်းပြည့်




www.burmeseclassic.com

www.burmeseclassic.com



ဖူးပြည့်အောင်မင်္ဂလာကန်တော်



ဖူးပြည့်အောင် ဆုတောင်းပြည့်

မြင်ခဲ့သည်။

နိုင်ငံတော်အစိုးရ ပါဠိ ပထမပြန် စာမေးပွဲအား အသက် (၁၅) နှစ်တွင် ပထမငယ်တန်း၊ (၁၆) နှစ်တွင် ပထမလတ်တန်း၊ (၁၇) နှစ်တွင် ပထမကြီးတန်း အောင်မြင်ခဲ့သည်။ (၁၈)နှစ်တွင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ အမှတ်ရင်း (၂) ကျမ်းနှင့် ၁၉၈၂ ခုနှစ်၊ (၁၃၄၃ ခုနှစ်) တွင် နိုင်ငံတော်အစိုးရ၏ (သာသနဓဇဓမ္မာစရိယ) ဘွဲ့တံဆိပ်တော် ဆွတ်ခူးအောင်မြင်ခဲ့ပါသည်။

၁၃၄၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့် ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီ၊ (၄၀) မိနစ်တွင် အမရပူရမြို့ တောင်မင်းကျောင်းတိုက် မဏိဇောတ ခဏ္ဍသိမ်တော်၌ စစ်ကိုင်းမြို့ အနန္တသူရိယကျောင်းဆရာတော်၊ နိုင်ငံတော်ဩဝါဒါစရိယ နိုင်ငံတော် မူလ သံဃာ့ဝန်ဆောင် (၆၆) ပါး အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အနန္တသူရိယဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာမှာ မိုးကုတ်မြို့အနောက်ပိုင်း ကျပ်ပြင်မြို့မရပ် ရဟန်းဒကာ ဦးအုန်းရွှေ ရဟန်းအမာ ဒေါ်ခင်မေဦး မိသားစုနှင့် အမရပူရမြို့ တရုတ်တန်းရပ် ဦးမောင်ကြီး၊ ဒေါ်မိုးရီမိသားစုတို့မှ ပစ္စယာနုဂ္ဂဟ ခံယူ၍ ရဟန်းဘဝသို့ ကူးပြောင်းခဲ့သည်။

ဆရာတော် အရှင်ဉာဏောဘာသသည် ငယ်စဉ် ကလေးဘဝကတည်းက ဘုရားရှိခိုးခြင်း၊ ပဋ္ဌာန်းဒေသနာ၊ ဓမ္မစကြာ ရွတ်ပွားခြင်းများ အထုံပါခဲ့လေသည်။

**အိပ်ဒွါကတ်ပညာလမ်းနှင့် ဝိဇ္ဇာလမ်းစဉ် လွှန်ဆွဲပွဲ**

၁၉၈၃ ခုနှစ်မှာ မင်းကွန်းဆရာတော်ဘုရားကြီးထံမှာ တိပိဋကတ်ဖြေဆိုဖို့ ပညာသင်ကြားရန် ရောက်ရှိခဲ့သည်။ သို့သော် ကျန်းမာရေး ညံ့လာသည်။ မကြာခဏ ဖျားနာလာသည်။ စာကျက်တာနှင့်ဖျားတော့သည်။ ဆရာဝန်မှ အနားယူခိုင်းထားသဖြင့် (၅) ရက်နှင့် (၅) ည၊ တစ်နေ့ (၈) နာရီ၊ မိုးမိတ်ကုန်းရှိ ရွှေဘုန်းပွင့်ဘုရားထံမှာ ပဋ္ဌာန်းအဓိဋ္ဌာန်ပြု၍ ရွတ်ခဲ့သည်။ ထူးဆန်းမှုမှာ စာကျက်လျှင် ဖျားသည်၊ စာမကျက်ဘဲနေလျှင် အဖျားမရှိခြင်းပင်။ အချိန်ကား ဝါကျွတ်ခါနီး ဖြစ်သည်။

မင်းကွန်းဆရာတော်ဘုရားကြီး ကျန်းမာရေးညံ့ခါစအချိန် ဖြစ်ပါသည်။ ပဋ္ဌာန်းအောင်ခါနီးမှာ အိပ်မက်ထူးများမက်သည်။ ဝိဇ္ဇာဓရဆရာတော်များကြွလာသည်။ ဦးပဥ္စင်းက မည်သူမည်ဝါ တွေ့မှန်း မသိပါ။ ဝိဇ္ဇာဓရဆရာတော်များက သူတို့ရေးသောကျမ်းများ သင်ကြားပြသပေးသည်။ ဦးပဥ္စင်းက နားမလည်သဖြင့် ဗိုလ်တောင်တောရ အရှင် သုဒ္ဓဿနလင်္ကာရအား ပြောပြလျှောက်ထားရာ အနီးကပ်စောင့်ရှောက်ကူညီပေးခြင်း၊ ဝေဖန်သုံးသပ်ခြင်းများပြု၍ လမ်းညွှန်ပေးခဲ့သည်။

ထိုအချိန်ကစ၍ လယ်တီဆရာတော်ဘုရားကြီးမှ အာရုံပေးလာသည်။ ခန္ဓာက အိမ်၏ ဓာတ်သဘောများကို ပြသလေ၏။ ခန္ဓာအိမ်ကြီး မှိမှိမောက်မောက်ဖြစ်သွားလိုက်၊ ပြန်ကျသွားလိုက်နှင့်။ ဒါ့အပြင် ရှင်မထီးဆရာတော်၊ အဘဘိုးဘိုးအောင်တို့ အာရုံမှာ ပြလာ



www.burmeseclassic.com

www.burmeseclassic.com



-ဖူးပြည့်အောင်ဆရာတော်ဓာတ်ခန်းမှ မဟာမုနိ

သည်။ ပဋ္ဌာန်းပူဇော်မှု အောင်ခါနီးမှာ အဖျက်ဝင်လေသည်။ အသံလုံးဝမထွက်လာတော့။ ထိုအခါ စိတ်ပျက်ပြီး အလျှော့မပေးဘဲ ဇွဲ၊ ဝီရိယစိုက်ကာ ထိုင်လည်း မရွတ်နိုင်တော့၊ ပက်လက်အနေအထားနှင့်နေပြီး ရွတ်ဖတ်ပူဇော်ခဲ့သည်။ ထိုအချိန်မှာ ဇာတိမြေ မုံရွာ ပေါက်ပင်တောရကျောင်းမှ ဥပဇ္ဈာယ်ဆရာတော် လယ်တီ ဦးကောသလ္လမှ ကထိန်ခင်းမှာ တရားဟောရန် ခေါ်လေ၏။

ဦးသုဒ္ဓဿနအား ပြောပြရာ-

'ဆရာသမားက ခေါ်တော့ အမိဋ္ဌာန်ဖျက်ကောင်းပါတယ်'

ဟု ဆိုသဖြင့် သွားရန် ဆုံးဖြတ်လိုက်သည်။ နောက်တော့ ကထိန်ခင်း ရက်ရွှေ့သွား၍ ပဋ္ဌာန်းအဓိဋ္ဌာန်ပူဇော်ခြင်း အောင်မြင်သွားတော့သည်။

အဲဒီအချိန်မှာ ဗိုလ်တောင်ဆရာတော်မှ မင်းကွန်းဆရာတော် အခြေအနေစုံးရိမ်ရကြောင်းပြောလာ၍ ပဋ္ဌာန်းရည်စူးရွတ်ပြီး မေတ္တာပို့ပေးနေမိသည်။ ဆရာတော်၏အနီးမှာ ဘိုးတော်အောင်မင်းခေါင် စောင်ချုံနှင့်ထလာတာ၊ ထိုင်လာတာ မြင်နေရသည်။ စောင် ဆိုတာ မေတ္တာသဘောပဲဟု. . . ။

ဦးဝါသဝအားသတင်းမေးရာ ထူးထူးခြားခြား ဆရာတော်ကြီး ထထိုင်ကြောင်း၊ သက်သာကြောင်း သိရသည်။ တိုက်ဆိုင်မှုရှိသည်ဟုမှတ်ယူမိသည်။ ဤသို့သော ဓာတ်သဘောဆိုင်ရာနှင့် ဆက်နွယ်ပြီး ဦးသုဒ္ဓဿနနှင့် ဆွေးနွေးတိုင်ပင်ရင်း ပိုနီးစပ်လာခဲ့သည်။

တစ်နေ့တွင် ကျောင်းသားဖြစ်သူ မောင်ညွန့်ဝင်းတစ်ယောက် မျက်စိကနိုရဲပြီးနာနေခြင်း၊ ဗိုက်ကနာခြင်း စသဖြင့် နေမကောင်းသဖြင့် ရှာပြန်ရန် ခွင့်ပန်လေ၏။ ဦးဝါသဝလည်း မရှိ၍ ပြန်ခွင့်မရဖြစ်နေစဉ် ဦးသုဒ္ဓဿနမှ ကျောင်းသား မောင်ညွန့်ဝင်းအား ဒီရောဂါဝေဒနာလောက်နဲ့ ရှာပြန်စရာမလိုဘူး၊ ဦးဝိဇ္ဇာ (ဦးဉာဏောဘာသ) ရဲ့ ပဋ္ဌာန်းရေကိုသောက်လိုက်ဟု ဆိုသဖြင့် ဦးပဥ္စင်းထံမှာ ပဋ္ဌာန်းရေလာသောက်သည်။ ထိုအခါ ဝေဒနာ ပိုဆိုးလာပါသည်။ ထို့ကြောင့် ဒီဝေဒနာ မရိုးသားဘူး၊ စစ်ကြည့်မည်။ ပယောဂရှိလို့ပဲဟု သုံးသပ်ပြီး စမ်းသပ်ကြည့်ရင်း ဘာနွေးသားလဲဟု မေးသောအခါ ကျောင်းသားလေးက အဖေ၊ အမေပြောတာတော့ တနင်္ဂနွေသားလား၊ သောကြာသားလား မသိပါဟုဖြေလေသည်။ ထိုအခါ ကျယ်လောင်သည့် တောက်ခေါက်သံကြီးပေါ်လာပြီးနောက်မှာ 'တနင်္ဂနွေသား၊ သောကြာသား မဟုတ်ဘူး' ဆိုသည့် လူတစ်ဦး၏အသံကို ကြားလိုက်ရပါသည်။ ဝေဒနာရှင်မှာ တနင်္ဂနွေသားမှန်း သေချာပြီဖြစ်၍ 'မင်း ဆရာဘုန်းကြီးထံ တိုင်တည်' အာရုံပြု၍ အသက်နှင့်ခန္ဓာအပ်၍ ရောဂါကို အလှူခံပြီးနောက် နဖူးကိုပုတ်၍ လက်နှင့် (၃) ကြိမ်ဆွဲချရာ လက်က တအားယားယံမှုကို ခံစားရလေသည်။

ဦးပဥ္စင်း ပဋ္ဌာန်းရွတ်ဆိုချိန်မှာ ကျောင်းသားလေးလိုက်လာပြီး တင်ပျဉ်ခွေထိုင်၍ လက်နှစ်ဖက်ယှက်တင်ကာ တရားထိုင်လို့ နေရှာသည်။ ထိုအခါ ကျောင်းသားလေး၏နားထဲမှာ စကားပြောသံကြားရကြောင်း ပြောလာသည်။ ဝတ်ဖြူစင်ကြယ်နှင့် ပိန်ပိန်ပါးပါး လူတစ်ယောက်မြင်ရကြောင်း ပြောလာသဖြင့် ဦးပဥ္စင်းရဲ့ စိတ်မနောကနေ အဓိဋ္ဌာန်တင်လိုက်ပြီး 'ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်သည် ဝိဇ္ဇာမရေပုဂ္ဂိုလ်မှန်ပါက (၁၀) ရှပ်ပွားပြပါ အတုဖြစ်ပါက ဆိုင်ရာ မူလနေရာသို့ ကန်ပြပါ' ဟု မနောနှင့် အာရုံပြုလိုက်ပြီး ခဏအကြာမှာ ကျောင်းသားကလေးမှ 'အရှင်ဘုရား၊ ပုဂ္ဂိုလ်က (၁၀) ဦးတောင်ဖြစ်နေတယ်' ဟု ဆိုလေသည်။ ဦးပဥ္စင်းက-ဆက်ပြီး အသက်မေးခိုင်းရာ နှုတ်ကဖွင့်မပြောဘဲ 'ရင်ဘတ်မှာ အနီရောင်ဆေးနဲ့ ဘိုးတော်ဟန်' ဟု ပေါ်လာကြောင်း ပြောလာသည်။ ဒါ ရွှေရင်ကျော်ဂိုဏ်းချုပ်ကြီးပဲ။ ဦးပဥ္စင်းက ဖြစ်ကြောင်းကုန်စင် မေးပြီးတဲ့နောက်မှာ ကလေးက အသာလက်ကုတ်ပြီး 'ဦးပဥ္စင်း မေးခွန်းလည်းသိ၊ အဖြေလည်းသိပြီ။ တပည့်တော်လေ၊ ရုပ်ရှင်ပိတ်ကားမှာကြည့်ရသလိုပါပဲ' ဟူ၍ ပြန်ပြောပြလေသည်။

**စာရေးသူ၏ဖြည့်စွက်အမေးစကား**

"အရှင်ဘုရား၊ ယခုလိုမြင်ကြတွေ



www.burmeseclassic.com

www.burmeseclassic.com

ခင်က ထူးခြားတဲ့ ဓာတ်ပိုင်းဆိုင်ရာ ထူးခြားမှု ကြုံတွေ့ဖူးပါသလား"

ဟူ၍ မေးကြည့်မိပါသည်။

ဦးပဍ္ဍင်း ရွာကျောင်းမှာနေစဉ် ဘုရားတစ်ဆူပူဇော်ပြီး ကုတ္တိုပင်အောက်မှာ ရွာသူ ရွာသားတွေကို ကျွေးမွေးပြုခိုင်း ဦးပဍ္ဍင်းက ကုလားထိုင်ပေါ်မှာထိုင်လျက် မှန်တစ်ချပ်ကို ကလေးမတစ်ဦးကိုင်ပြီး ထောင်ပြထားစေသည်။ 'စ. ဓ. ဗ. ဝ' စမ ပေါ်နေတာ သေချာအောင် မှန်နဲ့ပြခိုင်းခဲ့သည်။ ဦးပဍ္ဍင်းသည်း ဝမ်းသာအားရစိတ်နဲ့ 'ငါဝိဇ္ဇာဖြစ်ပြီတွ' ဆိုပြီး ထခုန်တဲ့အထိပင်။

တမာပင်ဆရာကြီး ဦးကာကာကအောက်မှာထိုင်ပြီး မှန်နှင့်ပြစဉ်မှာ မေးဆုမှာ 'စ. ဓ. ဗ. ဝ' ပေါ်နေသည်၊ ယခုသိပေါ်တာဟာ ပါရမီရှိမှပေါ်တာ ဖြစ်ကြောင်း၊ ဦးပဍ္ဍင်းရဲ့စိတ်ထဲမှာလည်း 'ငါ့အာင့်စဉ်မှန်လို့သာ။ ဟုတ်နေပြီ၊ ငါကွ' ဆိုပြီး ဝမ်းတွေသာပြီး အကျင့်စခန်းကိုဆက်မကျင့်ဘဲ ကျေနပ်ပြီး ဘဝင်တွေမြင့်နေခဲ့သည်။

နောက်တော့ အင်းစမတွေလည်း ပျောက်ကုန်၊ ကွယ်ကုန်ပါသည်။ ဘာကြောင့်ပါလဲ။ ဒီလိုဖြစ်တည်လာသည့်အပေါ်မှာသာယာပြီး အဲဒီစိတ်ကြောင့်ပျောက်သွားရခြင်း ဖြစ်သည်။ ဘဝင်မြင့်အလုပ်စခန်း မမှန်တော့၍ ဆိုင်ရာကပြန်သိမ်းခြင်း ဖြစ်ပေသည်။

*(ဝိဇ္ဇာလမ်းစဉ် လိုက်စားသူများ သတိချပ်သင့်ပေသည်။)*

**ဝိဇ္ဇာရေပုဂ္ဂိုလ်များနှင့်ကျောင်းသားလေး**

စောစောက ကျောင်းသားလေးမောင်ညွှန့်ဝင်းခမျာ ကောင်းကောင်းအိပ်ခွင့်မရရှာတော့။ စ,တုန်းက ဦးပဍ္ဍင်းတို့က စ,ထားလေတော့ ပြီးဆုံးအောင် ဓာတ်က နှိုးလို့နေသည်။ ကျောင်းသားကလေးခမျာ မအိပ်ဘဲ တရားဆက်ထိုင်နေရသည်။ ထိုအခါ အမြင်အာရုံထဲမှာ နှုတ်ခမ်းမွေးကားကားနှင့် ပုဂ္ဂိုလ်တစ်ဦး 'ငါ မောင်ဘိုးဟန်ရဲ့ဆရာ' ဟုပြောကာ ကြွလာပါသည်။

'မင်းရဲ့ဆရာဘုန်းကြီး သိပါတယ်၊ ရသေ့ဘိုးတော်ပြုး' ဟု မိန့်လေသည်။ ထို့နောက် ရှေးမင်းဝတ်မင်းစားနှင့် ဘိုးတော်တစ်ပါး ကြွလာသည်။ မည်သူမှန်းမသိ၍ ကျောင်းသားလေးက လှမ်းမေးသဖြင့် ဦးပဍ္ဍင်းက 'ငါ့ကိုမမေးနဲ့၊ မင်းဘာသာမင်းမေး' ဟု ပြန်ပြောလိုက်သည်။ ထိုအခါ စကြာမင်း (ခေါ်) ဘိုးတော်အေး ဖြစ်ကြောင်း သိရသည်။ ထို့နောက် ကျောင်းသားလေးက မျက်လုံးမှိတ် တရားထိုင်လျက်တပင်-

"အရှင်ဘုရား၊ ဒီတစ်ခါလာတဲ့လူကြီးက ဘိုးတော် မဖြစ်နိုင်ဘူး။ နေတာထိုင်တာက ဒူးပေါ်ပေါင်ပေါ်နဲ့"

"ဒါဆို မူလပြန်လို့ ပြောလိုက်"

ဟု ဦးပဍ္ဍင်းက ခိုင်းလေလျှင်-

"ဦးပဍ္ဍင်းရေ- မူလပြန်ဆိုလည်း မပြန်ဘဲ ရှေ့တိုးတိုးလာတာ တပည့်တော် နှာခေါင်းနား ကပ်ကပ်လာတာ (၃) ခါရှိနေပြီ။ ငါဘယ်သူဆိုတာ မင်းဆရာဘုန်းကြီး သိတယ်တဲ့"

အဘဘိုးမင်းခေါင် ကြွလာတာကိုမသိ၍ မူလပြန်ခိုင်းမိခြင်း ဖြစ်သည်။

ပြီးသောအခါ ပါးချိုင့်ခွက်ခွက်နှင့်ဘုန်းကြီးတစ်ပါး ကြွလာသည်။ ကျောင်းသားလေးက မသိသဖြင့် 'မူလပြန်' ဟု ဆိုလိုက်သည်။ ထိုအခါ ဆရာတော်ကြီးက 'ငါ့ကို စစ်မနေနဲ့၊ ရာကျော်ဆရာတော် ဦးသဒ္ဓမ္မဒေဝကိတ္တိ' ဟု မိန့်သွားကြောင်း ပြောလေ၏။

ဓာတ်သက်များ မည်မျှ နိုးကြားသနည်းဆိုပါလျှင် ဘိုးတော်ဟန် တန်ခိုးပြသဖြင့် ကျောင်းသားကလေး ညမအိပ်ရရှာပေ။

'ဟော- မျက်လုံးထဲက ထွက်လာပြီ။ ဟော- မျက်လုံးထဲ ပြန်ဝင်လာပြီ။ ဟော- ရင်ဘတ်ထဲက ဖောက်ထွက်သွားပြီ။ ဟော- နောက်ကျောဘက်က ပြန်ဝင်သွားပြီ' ဟူ၍ ဓာတ်သက်များနှိုးပေးလို့နေသည်။

ကျောင်းသားလေးလည်း ဝေဒနာသက်သာသဖြင့် ကတိပေးထားသည့်အတိုင်း အတူနေကျောင်းသားများပါကိုရင် (၃) ပါး ဝတ်လိုက်တော့သည်။



ဗုဒ္ဓပြည့်အောင် ဂန္ဓကုဋီတိုက်







www.burmeseclassic.com

www.burmeseclassic.com

### ဝိဇ္ဇာသိဒ္ဓိပေါက်ရန်လမ်းညွှန်ပြီ

ဦးပဥ္စင်း၏မေးစေ့မှာ စမပေါ်ခြင်းအကြောင်း၊ အကျိုးကို အဘရာကျော်ဆရာတော်က မိန့်လေသည်။ ဝိဇ္ဇာ သိဒ္ဓိဓာတ်ပေါက်မြောက်ရန်အတွက် အဘဘိုးတော်အောင်မင်းခေါင်မှ လမ်းညွှန်လေသည်။

'သိဒ္ဓိပေါက်ချင်၊ ပေါက်ပင်ဝင်' ဟူ၍မိန့်လေပြီ။ စောစောကပြောခဲ့တဲ့ ဘိုးတော်ဟန်၊ ရသေ့ဆရာတော်၊ ရာကျော်ဆရာတော်၊ ဘိုးတော်အေး၊ ဘိုးတော်ပြူး၊ ဘိုးဘိုးအောင်၊ ဘိုးတော်အောင်မင်းခေါင်တို့၏ မိန့်စကားအတိုင်း ဖူးပြည့်အောင် ဆရာတော် လောင်းလျာဦးပဥ္စင်း ရှင်ဉာဏောဘာသ၊ ကိုရင် (၃) ပါးနှင့်အတူ ဦးပဥ္စင်း ရှင်သုဒ္ဓသနပါမင်းကွန်းမှ အပြီးထွက်ခွာလာပြီး ဝိဇ္ဇာဓရလမ်းစဉ်လိုက်ရန်၊ ဝိဇ္ဇာစစ်၊ ဝိဇ္ဇာတုသိနိုင်ရန်၊ လမ်းဆုံးအောင်လိုက်ရန် သန္နိဋ္ဌာန်ချထားသည်။

ပေါက်ပင်ရွာ ဇေယျာဗောဓိဘုရားမှုဝင်သောအခါမှာ ဘိုးတော်ဟန်မှ ကလေးမတစ်ဦးကို ခရမ်းစေ့ပေး၍ ခရမ်းပင်စိုက်ခိုင်းသည်။ ခရမ်းသီး, သီးလာသည်။ (၄)စိတ်,စိတ်ပြီး ငါးပိ,ငရုတ်သီးနဲ့ ချက်စားပြ ပြီး- ဝမ်းသွားပြသည်။ ကိုရင်ကျောင်းသားလေး၏ အာရုံထဲမှာ ပြခြင်း ဖြစ်သည်။ ပြီးသောအခါ 'ငါ့သား၊ အစားတစ်လုတ်အတွက် ဘယ်လောက်ဒုက္ခရောက်သလဲ။ အာဟာရ မကင်းလွတ်ချင်ဘူးလား။ ဒကာကြီးတို့လို မစား၊ မသောက်ဘဲ မနေချင်ဘူးလား' ဟူ၍ မေးသည်။ ကိုရင်လေးမှ 'မစားမသောက်ဘဲနေရင် သေသွားမှာပေါ့' ဟု ပြန်ဖြေလိုက်ရာ ဘိုးတော်ဟန်မှ ဝိဇ္ဇာဓရကိုယ်တော်များပြကာ 'တပည့်တော်တို့မသေပါလား။ သူတို့လည်း ဒီလိုပဲနေကြတာ။ မစားချင်ဘူးလို့ စိတ်ထဲမှာထား ကိုရင်။ ကိုရင် ရေတစ်ခွက်ယူခဲ့' ဟု ဆို၏။ ရေခွက်ထဲသို့ ဘိုးဘိုးအောင်မှတံတွေးထွေးချသည်။ ရေက နီရဲသွားသည်။ သေသေချာချာ မျက်စိဖွင့်ကြည့်တော့ ရေကြည်ရေသန့် ဒီအတိုင်းပင်။

ဆက်၍ တရားဆက်ထိုင်ပြန်ရာ ဘိုးတော့်အောင်မင်းခေါင် ရောက်လာပြီး စောစောက သောက်ရေခွက်ထဲသို့ မစင်များ ယိုချလိုက်သည်။ မစင်တုံးများ ရေထဲမှာပေါလောပေါ်၍တလည်လည်နှင့်။ ရွံရှာဖွယ်ကောင်းသဖြင့် မျက်လုံးဖွင့်ကြည့်မိသည်။ ထိုအခါ ဘိုးတော်အောင်မင်းခေါင်မှ 'အောင်မာ-ကိုရင်၊ ဝိဇ္ဇာတံတွေးနဲ့မစင်များ ရွံရှာနေသလားကွယ့်' ဟု ပြောရင်းဆိုရင်း လက်ဖျောက်တီးပြလိုက်ပြီး ဝိဇ္ဇာဓရဆိုတာ ဆေးဆိုဆေးဖြစ်၊ ရွှေဆိုရွှေပြ၊ ငွေဆိုငွေပြ-ပြောင်းလဲပြပြီးနောက် 'ကဲ- ယုံကြည်ရင်သောက်ပြ' ကိုရင်လည်း ငြင်းဆိုစိတ်မရှိတော့ မော့၍သောက်ပြလိုက်သည်နှင့် ခဏအကြာမှာ ခန္ဓာကိုယ်ဓာတ်သဘောတို့ ပြောင်းလဲသွားသလိုပင်၊ ရှိန်းခနဲ ရှိန်းခနဲ ထိန်းခနဲ ထိန်းခနဲ ခံစားမှုက ပြောမပြတတ်။

"ကိုရင် ဒီနေ့ကစပြီး ဆွမ်းဘုဉ်းမပေးလည်းရပြီ" ဟု မိန့်တော့သည်။

ဆွမ်းစားချိန်ရောက်ပြီဖြစ်၍ ဦးပဥ္စင်းကြွလာပြီး ကိုရင်အား ဆွမ်းစားခိုင်းသည်။ ဦးပဥ္စင်းတို့ ဆွမ်းဘုဉ်းပြီးပြီ၊ ကျိန်းတော့မယ်။ ဘိုးဘိုးအောင် ကြွလာပြီး ဆွမ်းဘုဉ်းပေးခိုင်းပြန်သည်။ ကိုရင်ခမျာ မနေသာတော့ 'စောစောက ဘိုးတော်ပြောတော့ ဆွမ်းမစားဘဲနေလို့ရတယ်ဆို' ဟူ၍ ပြန်မိန့်လိုက်သည်။ ဆွမ်းမဘုဉ်းတော့ဘူး ဆို၍ ဦးပဥ္စင်း၏မိခင်ဒေါ်သိန်းညွန့် ဆွမ်းပွဲများသိမ်းနေစဉ် ဦးပဥ္စင်း၏အာရုံထဲမှာ ဘိုးဘိုးအောင်မှ ဦးပဥ္စင်းဝမ်းဗိုက်ကို လက်သီးဖြင့်ထိုးလေသည်။ ချက်ချင်းပင် ဦးပဥ္စင်း၏ဝမ်းမှာ ဆာလောင်လာသဖြင့် 'ဒကာမကြီးဆွမ်းပွဲမသိမ်းနဲ့ဦး၊ ဦးပဥ္စင်းထပ်ဘုဉ်းပေးမယ်' ဟူ၍ တားလိုက်ပြီး ဆွမ်းဘုဉ်းပေးရန် ပြင်တော့သည်။ ခုနကပင် ဆွမ်းဘုဉ်းပေးပြီးပါလျက် အခုပင် ဆွမ်းထပ်ဘုဉ်းချင်သော သားဦးပဥ္စင်းအဖြစ်ကို နားမလည်စွာကြည့်ရင်း 'ငါ့တစ်သက်နဲ့တစ်ကိုယ်မကြုံဖူးပါဘူးတော်' ဟု ပြောလေသည်။

ကိုရင်လေးက စောစောကအကြောင်းရှင်းပြပြီး 'ဟိုဆရာတော် သက်သေရှိပါတယ်' ဟူ၍ ဦးသုဒ္ဓသနကို သက်သေထူပြသဖြင့် ဒကာမကြီးနားထောင်ရင်း အံ့သြလို့နေသည်။

### စမတောင်စောင့် လာပင့်ပြီ

'ညဘက် အလုပ်စခန်းဝင်စဉ်မှာ ပိတ်ဖြူစင်ကြယ်ဝတ်နှင့် ဘိုးတော်အေး (ခေါ်) ဘိုးစကြာ စမတောင်မှလာကြောင်း ပြောလာသည်။ စမတောင်စောင့်မှလည်း လာပင့်လျှောက်ထားလေသည်။

ဦးပဥ္စင်းမှ 'စမတောင် ဆိုတာ မကြားဖူးဘူး။ ဘုန်းကြီးတို့ အဆင်သင့်မဖြစ်သေးပါဘူး' ဟု ပြန်ပြောရာ ဘိုးတော်အေးမှ 'အရှင်ဘုရားတို့ အဆင်သင့်ဖြစ်ရင် ဖြစ်ပါပြီ' ဟု ပြန်လျှောက်သည်။

သည့်လိုဖြင့် ရွာနှင့် (၆) မိုင်ကွာဝေးသည့် မုံရွာ သမ္မုဒ္ဓေဘုရားမှာသွားပြီး အဓိဋ္ဌာန်ပြုရန် ဆုံးဖြတ်လိုက်သည်။ အဲဒီမှာ ထူးခြားသည်က ဘိုးတော်ပွင့်နှင့်တူသောပုဂ္ဂိုလ်မှ ကားနှင့်ခေါ်ကာ 'သမ္မုဒ္ဓေဘုရားသွားမှာလား' ဟု မေး၍ ဦးပဥ္စင်းမှ ဟုတ်ကြောင်းဖြေရာ ကားဖြင့်လိုက်ပို့ပေးသည်။ ညလုံးပေါက်မအိပ်ဘဲအထိုင်စခန်းဖြင့် အဓိဋ္ဌာန်ဝင် ပုတီးစိပ်အလုပ်လုပ်ဖြစ်ခဲ့သည်။

ကျောင်းသားကလေးတစ်ဖြစ်လဲ ကိုရင်အဂ္ဂဓမ္မ အာဟာရသိဒ္ဓိပေါက်ပြီး (၂၆) ရက်အကြာမှာ စမတောင်တော်သွားချင်ကြောင်း ပြောလာသည်။ သို့နှင့် ဦးသုဒ္ဓသန မန္တလေးသွားပြီး စုံစမ်းရာ ဘိုးတော်ဟန်နှင့်တူသူမှ လမ်းညွှန်ပေးလေ၏။ ပျဉ်းမနား (နေပြည်တော်)မှ သွားရန် လမ်းညွှန်လေ၏။ သို့သော် တတယ်ခရီးနှင်လာသောအခါ ရထားလက်မှတ်အဖြတ်လွဲသဖြင့် ဆရာတော် ဦးလာသလ ဘကြီးဘုန်းကြီးမှ 'မြို့လှကိုလိုက်သွား၊ ခြေကျင်သွား' ဟု လမ်းညွှန်သည်။

'ကိုယ်မရောက်ဘူး၊ မကျွမ်းကျင်သောဒေသဖြစ်၍ စမတောင်လမ်းခရီးကား အတော် စိတ်အားငယ်စရာပင်။ သို့သော် စိတ်ကိုပြင်ဆင်ရင်း မိမိပြုခဲ့သောအဓိဋ္ဌာန်များ သစ္စာပြုရင်း ပြောင်းဖူးပင်တောကို ဖြတ်လျှောက်ကာ ဘယ်လမ်းကသွားရမည်မှန်းမသိ။ 'ဝိဇ္ဇာဓရပုဂ္ဂိုလ်များအားတိုင်တည်၊ အာဟာရသိဒ္ဓိပေးတဲ့ပုဂ္ဂိုလ်ရှိတာ မှန်လျှင် လမ်းပြပါ၊ စ. မ. ဗ. ဝ စမပေးပုဂ္ဂိုလ်ရှိတာမှန်ရင် စမတောင်တော်ရဲ့ တောထဲမှာ လမ်းမမှားအောင်ညွှန်ပြပါ' ဟူ၍ တိုင်တည်လိုက်သည်။

ကိုရင်ကျောင်းသားကလေး မိုးမိတ်ကုန်း ရွှေဘုန်းပွင့်ဘုရားမှာ တရားထိုင်စဉ် မလှုပ်မယှက် ငြိမ်သက် ကုန္ဒြေဖြစ်တည်စဉ်က ဘိုးဘိုးအောင်ခေါ်သွား၍ တောင်တစ်တောင်သို့ လိုက်ပါသွားဖူးသည်။ ရသေ့များ၊ ဘိုးတော်များ၊ ဇော်ဂျီများ မြင်ခဲ့ရသည်။ ပုဂ္ဂိုလ်များကိုတိုင်တည်ရာ ဘိုးဘိုးအောင်မှ နောက်တစ်ခေါက် ခေါ်သွားရာ ဘာတောင်လဲဟုမေးခိုင်းသောအခါ 'ဦးပဥ္စင်း၊ တပည့်တော် တောင်ပေါ်ရောက်ပြီ။ တောင်ခြေကုက္ကိုပင်။ စမတောင်၊ သာဝတ္ထိ' ဟု ဖတ်ပြသည်။ သားငှက်တိရစ္ဆာန်ပေါ်စရာ



www.burmeseclassic.com

www.burmeseclassic.com

[illegible]တ်ရ အုတ်ရေကန်ရှိ စောင်း[illegible] ညာဘက်မှာ သိမ်တော်ရှိ၊ [illegible]မှာ ကပ်ကျော်ဘုရားရှိတယ်။

[illegible]ရင်လေး၏ အာရုံခံစားမှုလမ်း[illegible]အတိုင်း စမတောင်တော်သို့ ခရီး[illegible]ပါသည်။

[illegible]တောင်တော်ပေါ်မှာ အလုပ်[illegible]င်ရန် လူသူလေးပါးမလွတ်ကင်း[illegible]တာနဲ့ တောင်တော်ရဲ့အနောက်[illegible]မှာရှိသော ယက္ကန်းစင်တောင်မှာ[illegible]တ်ခဲ့သည်။

အလုပ်စခန်းဝင်စဉ်မှာ 'သူရိယာစ[illegible] ကူခိ ဂူရိယံ၊ ဂူရိယံ' ဟူသော[illegible]ဖြင့် ပေးလာသည်။ ဦးပဥ္စင်း၏[illegible]ထဲမှာ အသေထွက်ပုဂ္ဂိုလ်က ပေး[illegible]မို့ အထင်မကြီးခဲ့။ သို့နှင့် ဘာသာ[illegible]ကြည့်ရာ 'နေကို' ကို ဘာသာပြန်၍[illegible] ထိုအခါ ဘိုးတော်ဟန်က လျှောင်[illegible]၏။

'သူရိယာစ- နေကိုလည်း
နေကို၊ ကူခိ- မကြည့်နဲ့၊ မရှုနဲ့။
ဂူရိယံ၊ ဂူရိယံ- (ဂူအောင်းနေ)၂
အဓိပ္ပာယ်က- နေမထွက်ခင် ဂူ[illegible] နေဝင်မှ ဂူထွက်။

ထိုအဓိပ္ပာယ်သိနိုင်ရန် အပြစ်များ[illegible] ဝန်ချတောင်းပန်သဖြင့် ဗိုလ်တောင်ဆရာတော်မှ ဘာသာပြန်ပေး[illegible]င်း ဖြစ်သည်။ ထိုအခါ ဘိုးဘိုးအောင်[illegible]ကြွလာပြီးလျှင်-

'သက်ပွ ဘဒ္ဒရာ ဘန္တေ' ဟု ဆိုပါသည်။ 'အရှင်ဘုရား၊ ဘာသာပြန်ပေးတာ အင်မတန်တော်ကြောင်း'လျှောက်ထားခဲ့သည်။

**အဓိဋ္ဌာန်ဝင်ရန်ဂူရှာဖွေ**

အချိန်က ၁၉၈၄-၈၅ ကာလ၊ သင်္ကြန်တွင်းနေ့လယ်မှာ မြနန္ဒာဥယျာဉ်မှာ ဂူရှာခဲ့သည်။ ဂူကြမ်းသည်ဟု ဆိုသည်။ နေ့လယ် (၁၁)နာရီရောက်သည်။ အလင်း (၁၀) ကိုင်ထွန်းသော်လည်း ဂူက မလင်းအောင်ပိန်းပိတ်မှောင်နေ၏။ အဖေနှံ့ရေချိုးကန်ကျောင်းရှိသည်။ လူတိုင်းမတက်ရ၊ လှေကားအနားရပ်စောင့်တာနဲ့ ဆောင့်ကန်ခံရကြောင်း ပြောကြသည်။ တပည့်သာဝက စစ်မစစ် ကိုရင်လေးကို အရင်လွှတ်ကာ ပဋ္ဌာန်းရွတ်ရင်း အိပ်ပျော်နေတော့သည်။

ဂူမဝင်ခင် (၉) ရက် အဓိဋ္ဌာန်ဝင်နိုင်ရန် သန့်ရှင်းရေးပြုလုပ်ရသည်။ ဂူထဲက ကွပ်ပျစ်မှာ ဦးပဥ္စင်းထိုင်၊ ကိုရင်က အောက်မှာထိုင်။ မီးထွန်းထားရသည်။ ကိုရင် မျက်စိမှိတ်ရင်း အာရုံအမြင်မှာ မြွေကြီးနှစ်ကောင် ဦးပဥ္စင်းအောက်ဝင်ချလာတာ၊ သွားတာမြင်၍ ကိုရင်ထွက်ပြေးတော့သည်။ မနည်းပြန်ခေါ်ထားရသည်။

(၉) ရက်အဓိဋ္ဌာန်ပြည့်၊ (၁၀)ရက်မြောက်နေ့မှာ ဗိုလ်တောင်ဆရာတော်ကြွလာ၊ ဆွမ်းဘုဉ်းပေးပြီး အမျှဝေရန် ဂူထဲမှ မြွေနှစ်ကောင် ပါးပျဉ်းထောင်ပြသဖြင့် ဂူထဲဝင်မရ။

ဦးပဥ္စင်း(၂)ပါးနှင့် ကိုရင် အမျှဝေစဉ် ဘိုးတော်စကြာမင်း ကြွလာသည်။ မြတ်စွာဘုရား စမတောင်တော်သို့ ကြွလာသည့်ဂါထာနှင့် ပူဇော်။ တနင်္ဂနွေထောင့် သိမ်ဆောက်ထားသည့်နေရာမှာ ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သာသနာ ၂၅၀၀ ကျော်ပြီးနောက်မှာ ဒီနေရာမှာ သာသနာပေါ်ထွန်းမည်ဟု ဗျာဒိတ်စကား မြွက်ကြားခဲ့သည်။

နောက် ယက္ကန်းစင်တောင်ကြွပြီး အလုပ်စခန်းဝင်စဉ်မှာ လူသေအတွက် သရဏဂုံတင်ပေးရန် လိုက်သွားရသည်။ ခရီးက (၃) နာရီကြာသည်။ ဦးပဥ္စင်းနှစ်ပါးနဲ့ ကိုရင်ကြွလာတဲ့အခါမှ ဒကာတို့က မှာသည်၊ သတိပေးသည်။ တောင်ခြေရှိ ရသေ့နှစ်ပါးက ပညာစမ်းတတ်သည်။ ရေတ်သီး (၃) တောင့်မှာ ချဉ်၊ ခါး၊ ချို လုပ်ပြတတ်သဲည်။ ဦးပဥ္စင်းတို့အား မပြပါ။

တောကနက်လွန်းသည်။ ညစဉ် ဝက်ဝံ၊ ဒေါင်း၊ ယုန်၊ သမင်၊ ဆင်မည်းတွေ လာတတ်သည်။ မိုးကုတ်မြို့ကဲ့သို့ ပင် တော၊ တောင်၊ သစ်တောထဲမှာ သီတင်းသုံးရင်း (၂) မိုင်ကွာဝေးသော ရွာငယ်တဲစုလေးများရှိရာသို့ ဆွမ်းခံကြွရသည်။

ဆွမ်းခံကြွရင်း လမ်းမှာ ဘိုးတော်အောင်မင်းခေါင်ကြွလာပြီး တောင်ပေါ်မှာ ဘုရားဆွမ်းတော်ကပ်လျှင် အနားမှာ ရေးမှတ်စရာယူထားပါရန်၊ ပညာပေးလျှင် မှတ်သားနိုင်ရန် ဖြစ်သည်။

ဦးပဥ္စင်းတို့ စမတောင်တော်ပြန်ရောက်တဲ့အခါမှာ ကိုရင်လေး အာဟာရသိဒ္ဓိပေါက်သည့်သတင်း ကြားသဖြင့် ပရိသတ်ဝိုင်းအုံလာ၍ အန္တရာယ်ရှိနိုင်သဖြင့် ဘိုးတော်ဝိဇ္ဇာများ ပင့်လျှောက်၍ တိုင်တည်ရသည်။ ဘိုးတော်အောင်မင်းခေါင်မှ 'ကိုယ့်အလုပ်ကိုယ်လုပ်၊ လာမရှုပ်နဲ့' ဟူ၍ မောင်းထုတ်ခဲ့သည်။

မြို့လှမြို့မှာ မဟာပဋ္ဌာန်းပွဲပင့်၍ ကြွခဲ့ရသည်။ ကိုရင်လေး၏သတင်းကြားပြီး ဆရာဝန်များက မယုံကြည်သဖြင့် (၇)ရက်တိတိ အခန်းပိတ်သော့ခတ်ထားသည်။ ကိုရင်လေးမှ ပဋ္ဌာန်းရွတ်၊ ပုတီးစိပ်၍ အလုပ်စခန်းနှင့်နေခဲ့သည်။ ရက်ပေါင်း (၃၅) ရက် ကြာသည်။ နေ့စဉ်သွေးပေါင် လာချိန်သည်။ အသံအားမပျက်၊ ရုပ်မပျက်သွား။ ထိုစဉ် 'ဦးနေမိဝရ' ဆိုသော ပုဂ္ဂိုလ်မှ ကိုရင်လေးအား ယက္ကန်းစင်တောင်ဘက်မှာ ကိုရင်လေးတစ်ပါးတည်း ကြွရောက်ပါရန် ပင့်လာခဲ့သည်။ ထိုအခါ ကိုရင်လေးမှကြောက်၍မသွားရဲပေ။ အာဟာရသိဒ္ဓိ (၃၇) ရက်နေ့ ဖြစ်သည်။ ဦးပဥ္စင်းကိုလည်း မလျှောက်ရဲသဖြင့် ရက်လွန်သွားတော့သည်။

ထိုအခါ ဝိဇ္ဇာဓရပုဂ္ဂိုလ်များ မကြွတော့။ မမြင်ရတော့။ ပညာမသင်ပေးတော့။ ကိုရင်လေး ရှိုက်ကြီးတငင်ငင် ငိုလေသည်။ ဝန်ချတောင်းပန်ကန်တော့လေ၏။ ကိုရင်လေးမှာ မိဘသံယောဇဉ်လည်း မပြတ်နိုင်သေး၍ တောထဲမှာနေ၍ မရနိုင်ပါ။ တောအကျင့်၊ တောင်အကျင့် ကျင့်နိုင်သောတစ်နေ့ တမ်းတပါ။ လာခေါ်ပါ့မည်ဟု ပြောသည်။ ဘိုးဘိုးအောင်ကိုယ်တိုင် ကြွလာပြီးလျှင် နေခဲ့ပေတော့ဟုပြောပြီး အာဟာရသိဒ္ဓိဓာတ်များကို ညာလက်နှင့် ရင်ဘတ်ပေါ်ကိုလက်နှင့်သိမ်းယူသွားပြီးနောက် ကိုရင်လေးခမျာ ဗိုက်တအားဆာ၍ ငိုလေတော့သည်။ ထိုအခါ မဝဏ္ဏာသိဂီ သီလရှင်မှ ထန်းလျက်နှင့် ရေနွေးလာကပ်ရသည်။

ဦးပဥ္စင်းက စမတောင်တော်၊ ယက္ကန်းစင်တောင်တော်မှာ (၃) နှစ် (၁၉၈၄-၈၇) ခုနှစ်အထိ တစ်ပါးတည်း အဖော်မပါ၊ သက်သတ်လွတ်ဘုဉ်းပြီး ကျင့်ကြံအားထုတ်ခဲ့ပါသည်။

မယ်တော်ကွယ်လွန်၍ ဇာတိမြေကို ပြန်သွားခဲ့ပါသည်။ ၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဓမ္မာစရိယ အင်တာဗျူး ဖြေဆိုအောင်မြင်ခဲ့ပြီး ပေါက်ပင်ရွာကျောင်းမှာ (၉) နှစ်တိတိ ကျောင်းကိုထိန်းသိမ်းစောင့်ရှောက် စာချပေးခဲ့ပါသည်။

ပေါက်ပင်ရွာမှတစ်ဆင့် ရန်ကုန်မြို့ ဆားလင်းတိုက်၌ လည်းကောင်း၊ တနင်္သာရီတိုင်း မြိတ်မြို့ ဘုရားငါးဆူကျောင်းတိုက်၌ လည်းကောင်း ဗိုလ်တောင်တောရကျောင်းတိုက်တွင် ဗိုလ်တောင်ဆရာတော်ကြီး ဦးပညောဘာသနှင့် ယခုလက်ရှိဆရာတော် ဦးသုဒ္ဓသ



www.burmeseclassic.com

www.burmeseclassic.com

နာလကာရာ ဘိဝံသတို့ထံတွင် ပညာသင်ယူခြင်း၊ တပည့်များအား ပညာသင်ကြားပေးခြင်း၊ တရားရှုတ်ဆိုပူဇော်ပွားများခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၃ ခုနှစ်၊ ဧပြီလ (၁၆) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မကွေးတိုင်းဒေသကြီး ရွှေကွေးခရိုင် တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ကျေးရွာအုပ်စု လက်ပံရှည်ရွာ 'ဖူးပြည့်အောင်' ကျောင်းတိုက်တွင် ယနေ့တိုင် သီတင်းသုံး သာသနာပြုလျက်ရှိပါသည်။

**ဖူးပြည့်အောင်စေတီသမိုင်းအကျဉ်း**

ကျွန်မတို့ လက်ပံရှည်ရွာသို့ သွားရာမှာ မိုးတွင်းကာလဖြစ်၍ အတော်ပင်ခက်ခဲစွာ သွားခဲ့ရပါသည်။ ကားသော်လည်းကောင်း၊ ဆိုင်ကယ်သော် လည်းကောင်း စီး၍သွားလည်း သဘာဝရာသီဥတုဒဏ်နှင့်ကြုံလျှင် ကားဝင်၍ရသလောက်သွား၊ ရွှံ့နွံဗွက်များဖြတ်ကျော်ပြီးမှ ဆိုင်ကယ်နှင့်ခရီးဆက်ကြရသည်။ နွေရာသီ၊ ဆောင်းရာသီမှာတော့ ခရီးလမ်းသာပါသည်။ ဖူးပြည့်အောင်စေတီ၏ရာဇဝင်ကြောင်းကို မေးလျှောက်ကြည့်သောအခါ. . .

မြတ်စွာဘုရားပွင့်တော်မူပြီး သက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့် တနင်္လာနေ့ (၈) လမြောက်မှာ ပြည်မြို့ အနောက်ဘက် ပန်းတောင်းမြို့ ရွာသာကျေးရွာ ဖိုးဦးတောင်မှာ ဘုရားရှင်ကြွရောက်စဉ်အချိန်က အဘဘိုးဘိုးအောင်သည် မျောက်မင်းဘဝ ဖြစ်သည်။ ဘိုးတော်ဦးဝိုင်းမှာ မုဆိုးကြီး ဦးရွှေလှဘဝဖြစ်သည်။ ဒွတ္တဘောင်မင်းသည် ပွေးဖိုပန်ထွာမင်းသမီးသည် ပွေးမ ဘဝဖြစ်၍ မြတ်စွာဘုရားရှင်အား ဖူးမြင်တွေ့ခွင့်ရသည်။

မြတ်စွာဘုရားရှင်အား ချစ်ခင်ကြည်ညိုစိတ်ဖြစ်တည်လျက် ဘုရားရှင်၏ခြေဖမိုးတော်အား နှုတ်သီးဖြင့် ဦးတိုက် နှုတ်ဆက်လေသည်။ မခွဲမခွာလိုသောသဘောကိုပြ၏။ မြတ်စွာဘုရားမှန်းလည်း သိသည်။ ဘုရားရှင်နှင့်အတူနေခွင့်မရလျှင် ပူဇော်ရန် အဆောင်တောင်းရာ ဦးခေါင်းမှ ဆံတော်အမွေရသဖြင့် ပြည်မြို့ သုဒဿန တောင်တော်မှာ ပြည် ရွှေဆံတော်ဘုရား ပွင့်ပေါ်ခဲ့သည်။

ပွေးမသည် ဗုဒ္ဓဘုရားရှင်၏ခန္ဓာကိုယ်မှထွက်ပေါ်လာသော ရောင်ခြည်တော်အား တောင်းခံရာ အနီရောင်ရှိသော လောဟိတ ရောင်ခြည်တော်အား ပေးသနားခဲ့သည်။ လုံးဝန်းသောအနီရောင်အဆင်းရှိသော ရောင်ခြည်တော်ဝန်းကိုပူဇော်ရင်း ပွေးမ မကျန်းမာဖြစ်သဖြင့် မိတ်ဆွေမျောက်မင်းထံ ပေးအပ်ခဲ့ရာ မျောက်မင်း၏လက်ထဲမှ နီနီရဲရဲအလုံးကို မုဆိုးကြီးတွေ့မြင်ကာ လိုက်လုခဲ့သည်။ ပြေးသူကပြေး၊ လိုက်သူကလိုက်နှင့် ယခု 'ဖူးပြည့်အောင်စေတီ' နေရာ ရောက်လာသည်။

မြတ်စွာဘုရားရှင် ပဋိသန္ဓေကာလမှစ၍ ပရိနိဗ္ဗာန်စံဝင်သည်အထိ ဗျာဒိတ်တော်နေရာထူး ဖြစ်သည်။ 'အနန္တဇေယျသေန' ရန်အောင်ကျောင်းတိုက်အား အဂ္ဂဒိန္နာ အပျိုစင်မှ ပေးလှူခဲ့ဖူးသည်။ 'အရိမေတ္တေယျဘုရားပွင့်တော်မူပြီး နောက်ကမ္ဘာတွင် အဂ္ဂဒိန္နဘုရားပွင့်မည့်နေရာဟုဆိုသည်။

မင်္ဂလာဘုရားရှင်လက်ထက်တော် ရဟန္တာတစ်သိန်းနှင့်ကြွလာစဉ် ညောင်ပင်ကြီးအောက်မှာ ပရိတ်ရေသောက်တော်မူသည်။ ရေလျှံတွင်းမှ ရေကန်ဖြစ်လာပြီး ရန်အောင်မင်္ဂလာကန်၊ ရတနာကျောင်း ဖြစ်လာသည်။

မျောက်မင်းသည် နီရဲသောရောင်ခြည်တော်အား ကောင်းကင်၌တည်စေရန် အဓိဋ္ဌာန်တည်လိုက်ရာ 'ဝ'လုံးတည်နေလေ၏။ မောပန်းလာသဖြင့် မင်္ဂလာကန်တော်ရေသောက်ပြီး 'အောင်ပြီ' ဟူ၍ ဟစ်ကြွေးသည်။ မုဆိုးလည်း တောထဲမှပြေးလွှားရင်း သီးခံရသေ့တွေ့ပြီး အကူအညီတောင်းရာ ရသေ့မှလိုက်ပို့လေ၏။ မျောက်မင်း၏အော်ဟစ်သံ ကြားသဖြင့် မုဆိုးခမျာ ဝမ်းနည်းပြီး တွေးမိသည်။ မျောက်မင်းသည် သူ့အားစိန်ခေါ်သံကြားသည်ဟု ရသေ့ကိုမေးလျှောက်ရာ ရသေ့မှ ဤနေရာသည် အောင်မြေဖြစ်၍ အော်ခြင်းဖြစ်သည်၊ အောင်မြေအမှတ်အသားကို တိရစ္ဆာန်များက ကြိုသိသည့်သဘောကို အောင်မြေဟု သားကောင်၏အပြုအမူကိုကြည့်၍ အောင်မြေဖြစ်ကြောင်း သိနိုင်ပေသည်။ ထိုနေရာရှိ သစ်ပင်သည် နေထွက်ရာဘက်သို့ မျက်နှာမူ၍ အသီး၊ အပွင့်၊ အကိုင်း၊ အမြစ် ထွက်သည်။ သားကောင်နှင့်တွေ့ရာ အရှုံးမပေး၊ အနိုင်ခံရခြင်းသတ္တဝါပြန်နိုင်လျှင် အောင်မြေ ဖြစ်သည်။

'ဒက္ခိဏာ ဝဋ္ဋာ ဇာရံတိ'

လက်ယာရစ် လှည့်ပေါက်သော လက်ပံရှည်ပင် ယခုတိုင် ရှိပါသည်။

မျောက်မင်း၏လက်ထဲမှ နီရဲသောအလုံးသည် ရောင်ခြည်တော် 'ဝ'လုံးမှန်းသိ၍ မျောက်မင်းအား ကျေးဇူးဆပ်ရန်၊ 'ဝ'လုံးရောင်ခြည်တော် ဖူးခွင့်ရရန် သီးခံ



ပထမံဘိုးဘိုးအောင်ရုပ်ထုတော်



www.burmeseclassic.com

လျှောက်ထားခိုင်းလေသည်။ ...ောက်မင်းနှင့်မုဆိုးအား တရား ...ရှင်းပြလေသည်။

...မြတ်စွာဘုရား ပေါ်ကြွားဆုံးမခဲ့ ...ဗြဟ္မာသလောကကြီးတွင် ကမ္ဘာ ...ပြီးနောက် ဗြဟ္မာနှစ်ဦး ဆင်း ...ပြီး မြေဆီဩဇာများကော်စား ... ယောကျ်ား၊ မိန်းမဟု ဖြစ်တည် ...ကြသည်။ ကံ၊ စိတ်၊ ဥတု၊ အာ ...ကြောင့် တစ်ဦးနှင့်တစ်ဦး ဆွေမျိုး ...ကြပါ။ တို့သုံးဦး ဘဝကွဲပြားပေ ... ဆွေမျိုးများ ဖြစ်ကြပေသည်။

ရောင်ခြည်တော် 'ဝ' လုံးအား ...နာတည်ရန် ဘုရားတည်ကြသည်။ ...အချိန်မှာ ရောင်ခြည်တော် ကွန့် ...နိဖူးရလျှင် လိုရာဆန္ဒ ပြည့်ဝနိုင် ...သည်။ 'မျှော်ဖူးပြည့်အောင်ဘုရား' မှ ...ပြည့်အောင်' စေတီ ဖြစ်လာပါသည်။

ဘုရားတည်ပြီးနောက် မျှောက် ...င်းဘဝမှဆုပန်ခဲ့သည်မှာ လူဖြစ်လည်း ...ထိပ်တန်း ဘုရားဖြစ်ချင်သည်၊ လူ ...ဘဝ ရရှိပါကလည်း ယခုဌာပနာ သည့်ဘုရားအနီးမှာပဲ လူ့သက်တမ်း (၁၀၀) ဖြစ်၍ လူဖြစ်၊ သေ၊ လူပြန်ဖြစ်ရ ပါလို၏ ဟူ၍ ဆုတောင်းခဲ့ပါသည်။

မြန်မာနှစ် ၁၁၀၅ ခုနှစ်၊ နတ်တော်လဆန်း (၉) ရက်၊ တနင်္ဂနွေနေ့။ နေရိပ်ရ နံနက် (၄၈-ဖဝါး) အချိန် နံနက် (၇) နာရီ (၅၀) မိနစ်တွင် အဘ ဦးမြတ်သို့စံ၊ အမိ မယ်ငြိမ်းယာတို့က လက်ပံရှည်ရွာမှာ မွေးဖွားခဲ့သည်။ (နှစ်-၃၀၀) ပြက္ခဒိန်နှင့်တိုက်ကြည့်ရာတွင် ဘိုးဘိုးအောင်မွေးနေ့သည် ၁၇၄၃ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် ဖြစ်ပါသည်။

(မှတ်ချက်- စာရေးသူ ယခုစာမူရေးသော တနင်္ဂနွေနေ့၊ နိုဝင်ဘာ ၂၅ ရက်နှင့် တိုက်ဆိုင်နေတာကို ပြက္ခဒိန်ကြည့်ပြီး အံ့ဩနေမိသည်။ ဘိုးဘိုးအောင်၏ ၂၆၉ နှစ်ပြည့်မွေးနေ့ ဖြစ်နေပါသည်။)

စမတောင်မှာ အလုပ်စခန်းဝင်စဉ် ဘိုးဘိုးအောင်ကမိန့်၍ မွေးနေ့သိခဲ့ရကြောင်း ဆရာတော် ပြောပြပါသည်။

ဘိုးဘိုးအောင်သည် ငယ်စဉ်ကလေးဘဝအရွယ်ကတည်းက ပါရမီဓာတ်ခံက နူးဆော်ခြင်းကြောင့် လက်ပံပင်အောက်မှာ တရားထိုင်ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုလက်ပံပင်ကြီးသည် ဘိုးဘိုးအောင်ကြောင့် ရွှေရောင်တောက်ပလာသဖြင့် ရွာနီးဝန်းကျင်များမှ လာကြည့်ကြလေသည်။

ယခု ရန်အောင်ရွာ၊ ရန်အောင်ကျောင်း၊ ရန်အောင်မင်္ဂလာကန် အနောက်မှာ လက်ပံရွှေရွာ၊ နောက် လက်ပံရှေ့ရွာ၊ ယခုအခါ လက်ပံရှည်ရွာဖြစ်လာသည်။ မုဆိုးကြီးနေသောရွာသည် လက်ပံတောရွာ။ ရသေ့နေသောနေရာကို သီးခံရွာမှ သီးဂံရွာ၊ ယခု 'သဲဂံရွာ' ဟု တည်ရှိပါသည်။

ပွေးမဘဝမှ ပန်ထွာမင်းသမီးဘဝတွင် ရွှေရောင်တော်ဘုရားနှင့် လက်ပံရှည်ရွာ၏ ဖူးပြည့်အောင်ဘုရား ရောင်ခြည်တော် ကူးယှက်တာ ကြားတာနှင့် ကြက်သီးမွေးညင်းထသည်အထိ ကြည်ညိုပီတိဖြစ်ခဲ့သည်။ ရောင်ခြည်တော် 'ဝ' လုံးဌာပနာထားသော ဘုရားဖူးခွင့်ရစဉ် ဝမ်းသာပီတိသောမနဿ ဖြစ်ပေါ်ခဲ့ရသည်။

ပြန်လိုက်၊ သွားလိုက် ဖြစ်နေရသည်။ ဗိဿနိုးနန်းတော်မှ ရောင်ခြည်တော်ဖူးမြော်ရန်စောင့်မျှော်ရသည်။ အရုဏ်တက်အချိန်၊ ညဦးအချိန် ကွန့်မြူးတော်မူလေသည်။ ရောင်ခြည်တော် ဖူးခွင့်မရပါက စက်တော်မခေါ်နိုင်ပါ။ ဖူးပြည့်အောင်ဘုရားမှ မျှော်ဖူးရသဖြင့် ရောင်မျှော်ဘုရား၊ ရောင်တော်ဘုရားဟုလည်း ဆိုခဲ့သည်။

ဆရာတော်၏ကျောင်းပရဝဏ်အနီးမှ ဖူးပြည့်အောင်ဘုရားသမိုင်းအကြောင်းပူဇော်ရခြင်း ဖြစ်ပါသည်။

**ဖူးပြည့်အောင်ဆရာတော်အား ပုဂ္ဂိုလ်ထူးများချီးမြှင့်ခဲ့သည့် ကြီးမြတ်၊ ထိပ်တန်းရောက်စေသော အင်္ဂကျင့်စဉ်တော်**

၂၀၀၀ ပြည့်နှစ်ကာလဆီက နေပြည်တော်စီမံကိန်းအတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ မြေရာဝန်းကျင်အနေအထား၊ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးတင်ကြရသည်။ ဓာတ်ပုံမှတ်တမ်းတွင် ဂမုန်းတောင်ရွာအနီး တောင်ကုန်းပေါ်၌ ရွှေရောင်ဝင်းဝါသော စေတီနှစ်ဆူ ဖူးတွေ့ရ၏။ အပြင်မှာ တကယ်လာကြည့်သောအခါမှာ ရွှေစေတီမတွေ့ရပါ၊ မြေပြင်သာရှိလို့နေသည်။ ရှေ့မီနောက်မီ သက်ကြီးသူများအား မေးကြည့်ရာ သူတို့ ငယ်စဉ်ကလေးဘဝကပင် ထိုတောင်ကုန်းပေါ်မှာ လပြည့်လကွယ်ညတိုင်း အရောင်များတောက်ပနေ၍ ဘုရားတောင်ဟုခေါ်ဆိုကြောင်း သိရသည်။

တောင်တွင်းကြီး ဖူးပြည့်အောင်ဆရာတော် ဦးဉာဏောဘာသ နေပြည်တော် ပျဉ်းမနားရှိ ပါဠိဆရာတော် ဦးဝိမလဗုဒ္ဓိထံသို့ရောက်ချိန်တွင် အနီးဝန်းကျင်ရွာမှ ဒကာ၊ ဒကာမများက ဘုရားတောင်ပေါ်မှာ ဘုရားတည်ပေးပါရန် လာရောက်လျှောက်ထားကြသည်။

ထိုတောင်ပေါ်မှာ ရှေးယခင်က တရားလာရောက်၍ အားထုတ်သော ရသေ့များက ဤတောင်ပေါ်သို့ ပိန်ပိန်ပါးပါး၊ အသားညိုညို ဦးပဉ္စင်းနှစ်ပါး ရောက်လာပြီးတည်မှ ရမည်ဟု ပြောခဲ့ဖူးကြောင်း သိရပြန်သည်။

ဘုရားတောင်ပေါ်မှာ စေတီလာတည်တိုင်း မိုးကြိုးပစ်ချခြင်း၊ ဘုရားတည်သူများ ရောဂါဝေဒနာခံစားဖြစ်ပေါ်ကာ ပြန်ပြေးရကြောင်း၊ ယခုလည်း သပုံစေတီနှစ်ဆူ မနည်းတည်ပြီး မြတ်စောညီနောင်ဘွဲ့တော်ပေးရာ မအောင်မြင်ဖြစ်ခဲ့ရသည်။ တကယ်တော့ လာပင့်လျှောက်သဖြင့်သာ လိုက်ပါခဲ့ရသည်၊ တောင်ပေါ်ရောက်စဉ် သပုံစေတီအား မဖျက်ရဲခဲ့ပါ။ ဆရာတော် ဦးဝိမလဗုဒ္ဓိမှ ဝိဇ္ဇာရေ ဓာတ်သက်ရှိသော ဖူးပြည့်အောင်ဆရာတော်အား အလုပ်စခန်းဝင်၍ အရုံခံလျှောက်ထားခိုင်းရာ အရှင်အဇ္ဇဂေါဏ (ခ) ရှင်မထီးဆရာတော်၊ ပထမံဘိုးဘိုးအောင်၊ ရသေ့ကြီး ဦးခန္တီဝရတို့ ကြွရောက်လာကြသည်။

(ရသေ့ကြီး ဦးခန္တီဟု အများသိသော ဦးခန္တီဝရရသေ့ကြီး ဖြစ်ပါသည်။)

သပုံစေတီအား ဖျက်သင့်၊ မဖျက်သင့် လျှောက်ထားရာ အရှင်အဇ္ဇဂေါဏမှ 'ရွှေလက်ကောက်အစစ် ဝတ်နိုင်မှတော့ အတုဘာလို့ဝတ်နေမလဲ' ဟု မိန့်ပါသည်။ ထိုအမိပ္ပာယ်နိမိတ်စကားအလာကြောင့် သပုံစေတီဖျက်၍ စေတီတည်ရမည် ဖြစ်ကြောင်း ဦးဝိမလဗုဒ္ဓိမှ မိန့်ပါသည်။ စေတီတည်ရမည်ဆိုပါက မည်သို့ဆောင်ရွက်လျှင် အောင်မြင်ပါမည်လဲဟု လျှောက်ထားရာ အရှင်အဇ္ဇဂေါဏဆရာတော်၊ ပထမံဘိုးဘိုးအောင်၊ ရသေ့ကြီးဦးခန္တီဝရ သူတော်စင်များက ညဥ့် (၁၂) နာရီတိတိမှာ ပန္နက်တင်မင်္ဂလာ ...ပြီးပြုရမည်၊ ပန္နက်တော် (၁၂) ချက်ရိုက်ရမည်။ ပန္နက်တင်စဉ် ရွတ်ဆိုရမည့်ဂါထာ (၁၂) မျိုးကို အမှတ်စဉ် (၁)၊ (၂)၊ (၃) စသဖြင့် (၁၂) မျိုး စီစဉ်ပေးပါသည်။ ရှင်မထီး (ခေါ်) အရှင်အဇ္ဇဂေါဏမှ နမောအင်္ဂလာ နမောအင်္ဂသာ ဂါထာအား (၁၂) ခေါက်ရွတ်ဆိုရခြင်း ပတီး (၁၂) ပတ် စိပ်ရမည်ဖြစ်ကြောင်း ချီးမြှင့်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို ထိပ်တန်းရောက် အဂ္ဂကျင့်စဉ်တော်အား ၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈) ရက် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်၊ သောကြာနေ့ ညဦး (၁၂) နာရီတိတိအချိန်မှာ ယခု အဂ္ဂတောင်တော်မှာ အရှင်အဇ္ဇဂေါဏ (ခ) ရှင်မထီး၊ ပထမံဘိုးဘိုးအောင်၊ ရသေ့ကြီးဦးခန္တီဝရတို့မှ ကြွရောက်ချီးမြှင့်ခဲ့ပါသည်။ ထိုနေ့မှာပင် မြေညီ၊ မြေသန့်ပန္နက်တင်မင်္ဂလာအား ညဦး (၁၂) နာရီမှာ အောင်မြင်ခဲ့ပါသည်။ ညဦး (၁) နာရီ ကျိန်းစက်စဉ်မှာ ဆရာတော် ဦးဝိမလဗုဒ္ဓိထံသို့ အိပ်မက်အာရုံပေး၍ ရသေ့ကြီးဦးခန္တီဝရ၊ ဘိုးတော်ပြူး၊ ဝိဇ္ဇာဓရ ဂျုံးဂျုံးကျဆရာတော်၊ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်တို့ ကြွရောက်လာပြီး ဂျုံးဂျုံးကျဆရာတော်မှ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ထံ မျက်စပစ်ပြကာ 'သာသနာ့အဆောက်အအုံ အောင်မြင် ပြီးမြောက်ချင်လျှင်၊ တိုးတက်ချင်လျှင် ထွေထွေထူးထူး လုပ်စရာမလိုပါဘူး၊ ရသေ့ကြီးဦးခန္တီကိုကပ်ထား။ အဂ္ဂဓာတ်ပန္နက်ဂါထာထဲက 'နမောအဂ္ဂဿ၊ နမောအဂ္ဂဿ' (၁၂) ခေါက် ဆိုပေး၊ ပုတီး (၁၂) ပတ်စိပ်ပေးပါ။ ဒါဆို အဂ္ဂကျင့်စဉ်ရရော' ဟူ၍ မိန့်ဆိုပေးပါသည်။

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ရွှေထီးတော်တင်လှူနိုင်ခဲ့ပါသည်။ ဘုရားမတည်ငွေ ဒါယကာမှာ တာဝန်ရှိသူလူကြီးမင်းမှ ငွေကျပ် (၁၂) သိန်း မ, တည်ခဲ့ပါသည်။ နောက်ထပ် ဘုရားဒကာမများမှာ ဒေါ်မဖြူ (လဲဝန်း)၊ မချို (ထမင်းဆိုင်) တို့က ဘုရားအလှူဒါယိကာမများ ဖြစ်ပါသည်။

အဂ္ဂတောင်ပေါ်မှာ စေတီတော်နှစ်ဆူအား 'အဂ္ဂသိဒ္ဓိစေတီ'နှင့် 'အဂ္ဂမဟိဒ္ဓိ' စေတီနှစ်ဆူထီးတော်တင်လှူနိုင်ခဲ့ပါသည်။ ဖူးပြည့်အောင်ဆရာတော်မှ အဂ္ဂတောင်စေတီ တည်ပြီးလျှင် ခရီးလမ်းပန်း ကြမ်းတမ်းခက်ခဲ၍ နောက်ဘယ်တော့မှမလာတော့ဘူးဟု စိတ်ဆုံးဖြတ်ထားခဲ့သည်။

သို့သော် နိုင်ငံတော်၏လမ်းညွှန်ချက်အရ တစ်ပတ်အတွင်း လမ်းဖောက်ပြုပြင်ပေးခဲ့သဖြင့် သွားလမ်း၊ လာလမ်း သာယာစေတော့သည်။

ယခု စာဖတ်သူ ဓမ္မမိတ်ဆွေများလည်း ဝိဇ္ဇာရှေသူတော်စင်ပုဂ္ဂိုလ်ထူးများ ပေးသည့် ကျင့်စဉ်အား သက်သတ်လွတ်အဓိဋ္ဌာန်နှင့် မိမိနိုင်သောသီလဆောက်တည်ပြီး ကျင့်ကြံပွားများ အားထုတ်၍ လောကီလူမှုအလယ်၌ ထိပ်တန်းရောက် သာသနာပြုခွင့်ရစေရန် ဖွင့်ဖော်ပေးအပ်ပါသည်။

ကျင့်စဉ်နှင့်ပတ်သက်၍မရှင်းလင်းတာများရှိပါက ဆရာတော်ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

*'အရှင်ဉာဏောဘာသ'*
*နိုင်ငံတော်အစိုးရ သာသနဓဇ ဓမ္မာစရိယ*
*နိုင်ငံတော် ဇဟိုအသိအမှတ်ပြု ဖူးပြည့်အောင် ကျောင်းတိုက်၊ လက်ပံရှည်ရွာ လက်ပံရှည်ကျေးရွာအုပ်စု တောင်တွင်းကြီးမြို့နယ် မကွေးခရိုင် မကွေးတိုင်းဒေသကြီး။*

ဖုန်း- ၀၉- ၄၉၃ ၀၆၈ ၉၄

### ထိပ်တန်းရောက်အဂ္ဂကျင့်စဉ် အမှတ်(၁) ပါဠိဂါထာတော်များ

**နိဿယ၊ အနက်မြန်မာပြန်**

**အဂ္ဂဿ-** မြင့်မြတ် ကောင်းကျိုးကုသိုလ်မျိုးတို့ စိုက်ပျိုးတည်ထောင် အရင်းအနှီးဆောင်၍ အပွင့်ဓာတ်၊ အလင်းဓာတ်ဟု မြင့်မြတ်ထိပ်တန်း၊ အထက်တန်းသို့ တက်လှမ်းနိုင်ကြ စုံပြည့်ဝသည် 'အဂ္ဂသဗ္ဗညူ သယမ္ဘူ'ဟု၊ အောင်သူထိပ်ထား၊ မြတ်စွာဘုရား၊ အနန္တမှန်သမျှ အပေါင်း အားလုံးအား၊

**နမော-** ကိုယ်၊ နှုတ်၊ စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို၊ ရှိသေမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

**အဂ္ဂဿ-** တန်ဖိုးကြီးစွာ၊ ရတနာတို့၊ စိုက်ကာမြှုပ်ထား၊ အရင်းအနှီးများကြောင့်၊ ကြီးပွားဖွံ့ဖြိုး၊ တိုးတက်ဖြိုးပြီး၊ တန်ဖိုးကြီးမား၊ တန်ခိုးထွား၍၊ အင်အားကြီးလှ၊ စုံပြည့်ဝသည် 'အဂ္ဂ သဗ္ဗညူ သယမ္ဘူ' ဟု အောင်သူထိပ်ထား၊ မြတ်စွာဘုရား၊ အနန္တမှန်သမျှ အပေါင်းအားလုံးအား၊

**နမော-** ကိုယ်၊ နှုတ်၊ စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို၊ သဒ္ဓါပိုလျှက်၊ ရိုသေမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

*(၁၂) ခေါက်ရွတ်ဆိုပါ (သို့) (၁၂) ပတ် ပုတီးစိပ်ပါ။*

အမှတ် (၂) ဂါထာတော်အား ပဌမံဆရာကြီး ဘိုးတော်သော်ဇင်မှိုင်းမှ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၃) ရက်၊ နံနက် (၉) နာရီနှင့် (၁၂) နာရီတိတိအချိန် ပုံ့သကူတောရကျောင်းတိုက် ရာဇဌာနီလမ်းမကြီး (နေပြည်တော်)ပျဉ်းမနားမြို့မှာချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နမော တော အဂ္ဂ ဝိမုတ္တိ**

**အဂ္ဂဝိမုတ္တိ -** အထွတ်အထိပ်လွတ်မြောက်၊ ထွက်ရပ်ပေါက်၍၊ ထွန်းတောက်အာဏာ ဘုန်းတေဇာနှင့် ပညာပြည့်ဝ ကြီးမြတ်လှသည့် 'အဂ္ဂသဗ္ဗညူ သယမ္ဘူ' ဟု အောင်သူထိပ်ထား မြတ်စွာဘုရား အနန္တမှန်သမျှ အပေါင်းအားလုံးတို့ဘုရား။

**တော-** အကျဉ်းအကျပ်အထပ်ထပ်မှ လွတ်လပ်ရေးရ အောင်ပွဲရ၍ ဝဋ်မှထွက်မြောက် ကင်းလွတ်မြောက်ပြီး ပေါက်ရောက်တော်မူပြား ရှင်တော်မြတ်ဘုရား အနန္တမှန်သမျှ အပေါင်းအားလုံးတို့ ဘုရား။

**နမော-** ကိုယ်၊ နှုတ်၊ စိတ်ထား ကျင့်တရားဖြင့် လေးစားကြည်ညို သဒ္ဓါပိုလျှက် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏. အရှင်မြတ်ဘုရား။

**နမောဝိမုတ္တာနံ၊ နမောဝိမုတ္တိယာ**

**ဝိမုတ္တာနံ-** ကိလေသာ အကျပ်အတည်း ကျဉ်းမြောင်းဝဲမှ လွဲထွက်လွတ်မြောက် သိဒ္ဓိပေါက်၍ ပြီးမြောက်ပြည့်စုံ တန်ခိုးဂုဏ်နှင့် လွှမ်းခြုံကျော်ကြား ပေါ်ထင်ရှားသည့် ဘုရားအဂ္ဂအနန္တတို့အား၊

**နမော-** ကိုယ်၊ နှုတ်၊ စိတ်ထား ကျင့်တရားဖြင့် လေးစားကြည်ညို သဒ္ဓါပိုလျှက် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

**ဝိမုတ္တိယာ-** ကျဉ်းကျပ်မရှိ ကင်းလွတ်ဘိ၍ 'ဝိမုတ္တိ- အလွတ်' ထိပ်တန်းမြတ်သည့် အထွတ်အထိပ်ဓာတ် တရားဓာတ်အား၊

**နမော-** ကိုယ်၊ နှုတ်၊ စိတ်ထား ကျင့်တရားဖြင့် လေးစားကြည်ညို သဒ္ဓါပိုလျှက် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

*(၁၂) ခေါက်ရွတ်ဆိုပါ (သို့) (၁၂) ပတ် ပုတီးစိပ်ပါ။*

*ဓမ္မမိတ်ဆွေများ မြတ်သော အကျင့်စခန်း တက်လှမ်းနိုင်ကြပါစေ*

မြ[illegible]ရှင်



www.burmeseclassic.com

www.burmeseclassic.com



**သစ္စာဝင်း-ဦးမြင့်အောင်**

**ဘုရားကိုးဆူပူဇော်ပွဲဆိုင်ရာ သိမှတ်စရာ**

ဘုရားကိုးဆူ ပူဇော်ပွဲသည် ဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာတစ်ရပ်အဖြစ် မြန်မာနိုင်ငံ တစ်နံတစ်လျားအနှံ့အပြား၌ အခါမရွေးပြုလုပ်ကြသော ရှေးအစဉ်အလာပူဇော်မှုတစ်ရပ် ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်၌ ဘုရားကိုးဆူကပ်ဟူ၍ အသိများပါသည်။ ဘုရားကိုးဆူပူဇော်ရာတွင် နတ်ကြီးငါးပါးနှင့် ဗြိဟ်ကြီးရှစ်လုံးတို့ကိုလည်း ထည့်သွင်းပူဇော်ကြသည်။ ဤသို့ ပူဇော်ရကျိုးကြောင့် ဘေးဥပဒ်အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းခြင်း၊ အကြံအစည်များအောင်မြင်ခြင်း၊ ဘုန်းတန်ခိုးသြဇာကြီးမားခြင်း၊ လာဘ်လာဘပေါများခြင်း၊ တစ်ပါးသူတို့ မကောင်းမကြံနိုင်ခြင်း စသော အကျိုးများရရှိနိုင်သည်ဟု ယုံကြည်ကြပါသည်။

## ဘုရားကိုးဆူဟူသည်

ဘုရားကိုးဆူ ပူဇော်မှုပြုရာတွင် မြတ်စွာဘုရားရှင် အမှူးပြု၍ ရဟန္တာအရှင်မြတ်ကြီးများဖြစ်ကြသော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်ကောဏ္ဍညာ၊ အရှင်အာနန္ဒာ၊ အရှင်ဂဝံပတိ၊ အရှင်ရာဟုလာ၊ အရှင်ရေဝတနှင့် အရှင်ဥပါလိတို့ ပါဝင်ကြပါသည်။ သို့ဖြစ်၍ ဘုရားကိုးဆူ ဆိုသည်မှာ မြတ်စွာဘုရားရှင်နှင့် တပည့်သာဝက ရဟန္တာအရှင်မြတ်(၈)ပါးကို ပေါင်းစုခေါ်ဆိုခြင်းဖြစ်ပြီး ဘုရားအမှူးပြုသော ထိုရဟန္တာအရှင်မြတ်တို့ကို ပူဇော်ခြင်းကို ဘုရားကိုးဆူကပ် သို့မဟုတ် ဘုရားကိုးဆူပူဇော်ပွဲ ဟူ၍ ရှေးအစဉ်အလာအားဖြင့်ခေါ် ဝေါ်ခဲ့ကြခြင်း ဖြစ်ပါသည်။

## ဘုရားကိုးဆူပူဇော်ပွဲဖြစ်ပေါ်လာပုံ

ဘုရားကိုးဆူ ပူဇော်ပွဲသည် မြတ်စွာဘုရားရှင်လက်ထက်တော်မှာပင် အစပြု ပေါ်ပေါက်ခဲ့ကြောင်း ဓမ္မပဒ အဋ္ဌကထာလာ အာယုဝဍ္ဎနသတို့သားဝတ္ထုကို အထောက်အထားပြု၍ ပညာရှင်အချို့က ယူဆကြပါသည်။

## အာယုဝဍ္ဎနသတို့သားဝတ္ထု

လောကသုံးပါး၏ အနှိုင်းမဲ့ကျေးဇူးရှင် အတုမဲ့ထွတ်ထား မဟာလူသားဂေါတမ မြတ်စွာဘုရားသခင် လက်ထက်တော်အခါက ဒီဃလဋ္ဌိကရွာသား ပုဏ္ဏား ဇနီးမောင်နှံတို့သည် မိမိတို့၏ချစ်လှစွာသော တစ်ဦးတည်းသောသားငယ်ကို ခေါ်ဆောင်ကာ ဆရာရသေ့ထံသို့ သွားရောက် ဖူးမြော်ကန်တော့ကြသည်။ ထိုအခါတွင် ဆရာရသေ့သည် ပုဏ္ဏားဇနီးမောင်နှံနှစ်ဦးတို့ကို အသက်ရာကျော်ရှည်ပါစေသားဟု ဆုပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

သားငယ်ကိုမူ ဆုမပေးဘဲနေသည်။

ပုဏ္ဏားဇနီးမောင်နှံတို့က မိမိတို့သားငယ်လေးအား ဆရာရသေ့က ဆုမပေးဘဲနေခြင်းမှာ သင်တို့၏သားငယ်သည် နောက် (၇) ရက်မျှသာ အသက်ရှင်တော့မည်ဖြစ်ကြောင်းသိ၍ ဆုမပေးဘဲနေသည်ဟု ဆိုသည်။

ထိုသို့ ဆရာရသေ့ ဆိုသည်ကို ကြားရလေသော ပုဏ္ဏားဇနီးမောင်နှံတို့သည် မိမိတို့သားငယ်လေးအတွက် အလွန် စိုးရိမ်သောကဖြစ်ကာ ထိတ်လန့်တုန်လှုပ်လျက် သားငယ်လေး အသက်ရှည်ရေးအတွက် ကျရောက်မည့်ဘေးအန္တရာယ်ကို တားမြစ်ပေးတော်မူပါဟု ညွတ်တွား အသနားခံလျက် ဆရာရသေ့ကို လျှောက်ထားတောင်းပန်ကြသည်။

ဆရာရသေ့က မိမိသည် သားငယ်လေးအပေါ်ကျရောက်လာအံ့သောဘေးအန္တရာယ်ကို တားမြစ်နိုင်စွမ်းမရှိကြောင်းဆိုပြီး မြတ်စွာဘုရားရှင်သည်သာ တားမြစ်ပေးနိုင်မည်ဖြစ်၍ ဘုရားရှင်ထံ သွားရောက်ကြရန် ဆိုသည်။

ပုဏ္ဏားမောင်နှံတို့လည်း သားငယ်လေးကို ခေါ်ဆောင်ကာ ဘုရားရှင်ထံ သွားရောက်ကြရာ ဘုရားရှင်ကလည်း ပုဏ္ဏား မောင်နှံနှစ်ဦးကိုသာ အသက်ရှည်ပါစေဟု ဆုပေးတော်မူ၍ သားငယ်လေး ရှိခိုးသည့်အခါတွင် ဆိတ်ဆိတ်နေတော်မူသည်။ ပုဏ္ဏားမောင်နှံတို့က မြတ်စွာဘုရားရှင်အား အဘယ်ကြောင့် သားငယ်အား ဆုပေးတော်မမူသည်ကိုလျှောက်ထားပြန်ရာ ဘုရားရှင်ထံမှလည်း သားငယ်လေးသည် နောက် (၇) ရက်သာ အသက်ရှင်တော့မည့်အကြောင်း သိကြရပြန်ရာ ပုဏ္ဏားမောင်နှံတို့သည် မြတ်စွာဘုရားရှင်အား မိမိတို့သားငယ် အသက်ရှည်ရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် မည်သို့ ပြုရမည်ကို လျှောက်ထားကြသည်။

မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသခင်သည် ပုဏ္ဏားဇနီးမောင်နှံတို့အား သားငယ်လေး အသက်ရှည်စေကြောင်း နည်းပေး ညွှန်ပြတော်မူသည်။ ပုဏ္ဏားမောင်နှံတို့၏အိမ်တံခါး၌ မဏ္ဍပ်တစ်ဆောင်ဆောက်လုပ်စေကာ ထိုမဏ္ဍပ်အလယ်တွင် အင်းပျဉ်ထိုင်ခုံတစ်ခုထားရှိစေ၍ ထိုအင်းပျဉ်ကို ဝန်းရံလျက် နေရာ (၈) ခု သို့မဟုတ် (၁၆) ခုကို ခင်းစေ၍ ရဟန်းသံဃာတော်များ ကြွရောက်လျက် ပရိတ်တရားတော်မြတ်ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက သားငယ် အသက်ချမ်းသာရလျက် အသက်ရှည်မည်ဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။

မဟာကရုဏာတော်ရှင် မြတ်စွာဘုရားသခင်၏ ကြီးမြတ်သော ကရုဏာတော်ဖြင့် သားငယ်လေး အသက်ရှည်ကြောင်း နည်းလမ်းကောင်းကို သိရလေ၍ စိတ်သက်သာရာ ရရှိခဲ့ကြသော ပုဏ္ဏားမောင်နှံတို့သည် မိမိတို့အိမ်သို့ပြန်ပြီးလျှင် ဘုရားရှင်မိန့်မှာတော်မူသည့်အတိုင်း စီစဉ်ဆောင်ရွက်ပြီး ဘုရားရှင်ထံ သွားရောက် လျှောက်ထား ပင့်ဖိတ်၏။ ဘုရားရှင်က သံဃာတော်များအား စေလွှတ်တော်မူရာ သံဃာတော်များ ကြွရောက်လာ၍ ပုဏ္ဏားမောင်နှံ၏ သားငယ်ကလေးကို မဏ္ဍပ်အလယ်ရှိ အင်းပျဉ်ပေါ်တွင်နေစေ၍ သံဃာတော်များသည် ခင်းကျင်းထားသောနေရာတို့တွင် ထိုင်တော်မူကြကာ ခုနစ်နေ့ ခုနစ်ညပတ်လုံး အဆက်မပြတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ (၇) ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားရှင် ကြွတော်မူလာပြီး ကိုယ်တော်တိုင်လည်း ပရိတ်တော်ကို ရွတ်ဆိုတော်မူလေသည်။

ထိုအခါတွင် ပုဏ္ဏားမောင်နှံတို့၏ သားငယ်ကို စားခွင့်ရထားသော အဝရုဒ္ဓက ဘီလူးသည် ကလေးငယ်ကို ယူဆောင်ရန်လာသောအခါတွင် ဘုရားရှင်နှင့် သံဃာတော်များရှိရာ မဏ္ဍပ်အနီးသို့မကပ်နိုင်တော့ချေ။ (၇)ရက်လွန်လေသော် ဘီလူးသည် ကလေးငယ်ကို စားခွင့်ရသောရက်လွန်လေသဖြင့် အခွင့်မရှိတော့သောကြောင့် ပြန်သွားရလေတော့သည်။

(၈) ရက်မြောက်သောနေ့တွင် အရုဏ်တက်ချိန်၌ ပုဏ္ဏားဇနီးမောင်နှံတို့သည် မိမိတို့၏သားငယ်လေးကို ဘုရားရှင်၏ရှေ့မှောက်သို့ ခေါ်ဆောင်လာ၍ မြတ်စွာဘုရားရှင်အား ရှိသေစွာရှိခိုးစေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ပုဏ္ဏားမောင်နှံတို့၏သားငယ်အား ဒီဃာယုကော ဟောတိ- သင်သည် အသက်ရှည်သူ ဖြစ်ပါစေသတည်းဟု ဆုပေးတော်မူလေသည်။ ထိုအခါမှစ၍ ထိုသတို့သားငယ်အား အာယုဝဍ္ဎန သတို့သား ဟူ၍ ခေါ်တွင်ခဲ့ကြလေသည်။

ဤသို့ ဘုရားရှင်လက်ထက်အခါကပေါ်ပေါက်ခဲ့သော အာယုဝဍ္ဎနသတို့သားဝတ္ထုကို ထောက်ရှု၍ ဘုရားရှင်အမှူးပြုသော သံဃာတော်များကို အကြောင်းပြု၍ ပူဇော်ရာ ဘုရားကိုးဆူပူဇော်ပွဲ ပေါ်ပေါက်လာခဲ့သည်ဟု ယူဆဖွယ် ရှိပါသည်။ ဗုဒ္ဓသာသနာ မြန်မာပြည်သို့ ပျံ့နှံ့ရောက်ရှိလာခဲ့သောအခါတွင် ဘုရားကိုးဆူပူဇော်မှု အလေ့အထလည်း ပါဝင်လာဟန်တူကြောင်း ဆိုပါသည်။

## ဘုရားကိုးဆူပူဇော်ပုံ

ဘုရားကိုးဆူပူဇော်ပွဲ ပြုလုပ်ကျင်းပရာတွင် အလှူရှင်တို့သည် မိမိတို့ကိုယ်တိုင် တိုက်ရိုက်မပူဇော်ကြဘဲ အစီအစဉ်တကျ ရွတ်ဆိုပူဇော်တတ်သော ဘုရားကိုးဆူဆရာက ဦးဆောင်ပူဇော်ပေးလေ့ရှိပါသည်။ ဘုရားကျောင်းဆောင်ကို ဝါးဖြင့်ဖြစ်စေ၊ ငှက်ပျောပင်ဖြင့်ဖြစ်စေ ပြုလုပ်လေ့ရှိ၍ အချို့ဆရာများကမူ အသင့်ပြုလုပ် စီမံထားသော သစ်သားကျောင်းဆောင်များကို အသုံးပြုလေ့ ရှိပါသည်။ ထို့နောက် မူလစီစဉ်ထားသော ထီး (၉) လက်၊ ကုက္ကား (၉) ခု၊ တံခွန် (၉) ခု၊ ကြက်လျှာ (၉) ခု၊ ယပ် (၉) ခုနှင့် ဖယောင်းတိုင် (၉) တိုင်စီကို စနစ်တကျ ပြုလုပ်ထားရှိပါသည်။

ဘုရားကိုးဆူဆရာသည် ဘုရားကိုးဆူ ကပ်လှူမည့် အိမ်ရှေ့ခန်း၏ အရှေ့ဘက်တွင် ဘုရားကျောင်းဆောင်ကို စိုက်ထူပြီးလျှင် ရုပ်ပွားတော်များအား ကျောင်းဆောင်၏အလယ်တည့်တည့်တွင် ဘုရားရှင်ရုပ်ပွားတော်နှင့် ရဟန္တာကြီး (၈) ပါးတို့၏ ရုပ်ပွားတော်များကို သတ်မှတ်ထားသော နေရာအသီးသီးတွင် မြတ်စွာဘုရားရှင်ဘက်သို့ မျက်နှာမူ၍ထားရှိရသည်။ ထို့နောက် ဂြိုဟ်နတ်များကို ဘုရားရုပ်ပွားတော်နှင့် ရဟန္တာအရှင်မြတ်ကြီးများ၏ ရုပ်ပွားတော်များနောက်တွင် ဘုရားရှင်ရုပ်ပွားတော်ဘက်သို့ မျက်နှာမူ၍ ထားရှိရပါသည်။ ထို့နောက် နတ်ကြီးငါးပါးတို့ကို ဘုရားကျောင်းဆောင်ရှေ့၌ သိဝနတ်မင်းကို အလယ်ထား၍ စီတန်းနေရာချထားရပါသည်။

ထို့နောက်တွင် ထီး၊ တံခွန်နှင့် ကုက္ကားများအနက် အကြီးဆုံးတစ်ခုစီကို ဘုရားရှင်ရုပ်ပွားတော်ပေါ်၌ အုပ်မိုးပူဇော်ထားရှိပြီး ကျန်ရွယ်တူ (၈)ခုစီတို့ ရဟန္တာမထေရ်မြတ်၏ ရုပ်ပွား (၈) ဆူပေါ်၌ အုပ်မိုးပူဇော်ထားရှိရသည်။ ထို့နောက် ပန်းအိုး (၉)လုံးနှင့် သပိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

## လေးမြို့ခေတ် ရှေးမင်းများလက်ထက် ရခိုင်တို့၏

# အတိတ်နိမိတ်ကောက်ယူမှုများ

**စောထွီးသျှင်(မြောက်ဦး)**

'ယ်မြစ်စဉ်လာ၊ မြတ်ရာဇာတို့ ကြောရောက်လာ အကြောင်းပေ၊ ပရမေဘုန်းသမ္ဘာ၊ မဟာဇနိန်၊ သာကိန်နကရာဇာတို့၊ ကြီးကျယ်စွာမင်းတံဆိပ်၊ ဘိသိက်တော်ခံ၊ တိုင်းနိုင်ငံကို၊ စိုးစံကွပ်ညှပ်နှိပ်၍၊ လူတို့ထိပ်ရှေးစဉ်လာ၊ ဘိသိက်သွန်းရိုး၊ မော်ကွန်းထိုးသည်၊ မင်းမြတ်မြတ်ကညာနှင့်၊ လက်ယာရစ် ခရုသင်း၊ မင်းတို့သုံးရ၊ ဗြာဟ္မဏလည်း၊ မူလသိက္ခာ၊ ကျမ်းအမှာကို၊ မှီစွာကျင့်ရိုး၊ ဘေးဘိုးဆင်းသက်၊ ဘိသိက်ဆက် မှန်ရာ၏၊ အင်္ဂါငါးရပ်ရေ၊ စီးတွေမပြန်၊ ခန့်ကြာမျိုး၊ မညှိုးပန်းသပြေနှင့်၊ ညွန့်ဝေမြက်မြေစာ၊ ရေသဖန်းပျဉ်၊ ယှဉ်သည် နံ့သင့်ရာ၌၊ ပန်းစုံစွာ သစ်လေးပင်၊ တောင်မြောက်လေးရပ်၊ တင့်အပ်စိုက်ထားကျင့်မှု၊ စစ်အင်္ဂါ လေးပါးခင်း၊ ပုဏ္ဏားငါးရာ၊ ဖြူစွာခရုသင်းနှင့်၊ သဲတလင်း ညီညွတ်ရာ၊ ဂင်္ဂါမြစ်ကမ်း၊ ပွဲလမ်းမပြတ်၊ မဏ္ဍပ်သုံးဆောင်မှာလည်း၊ ဖြူဝါနီ ဆင်စရိုး၊ ငှက်ပျော ကြံ အုန်း၊ ပင်လုံးသီးပင်၊ ဝန်းကျင်ရေပြည့်အိုးနှင့်၊ မညှိုးသပြေရွက်ပေ၊ ဒန်း ဆပ်သွားတည့်၊ ချရားခက်ဆိုင်၊ စံကားလှိုင်၍၊ သင်းကြိုင်စေကြောင်းထားမှု၊ ဖြောင့်မမှားသည် တရား၌လိမ္မာ၊ အမတ်သေဌေး ဘိဘေး ရိုးမှန်စွာနှင့်၊ မင်္ဂလာအခါ နက္ခတ်ကောင်း၊ ပညာမြော်မြင်၊ ရေမြေရှင်လည်း၊ ဂုဏ်လျှင်အသိ၊ ဂတိလေးပါး၊ တရားတည်စေကြောင်းတည်း၊ . . .'

(ကဝိကျော်လျှောက်ထုံး)

၁၃၇၄ ခု၊ ဝါခေါင်လဆန်း (၂) ရက် (၁၉-၈-၂၀၁၂)၊ တနင်္ဂနွေနေ့။ ထိုနေ့တွင် ကျွန်တော်သည် ပျင်းပျင်းရှိသည်နှင့် ဓညဝတီ ရခိုင်ရာဇဝင်သစ်စာအုပ်ကို ဖတ်ရှုမိလေ၏။ ထိုအခါ လေးမြို့ခေတ် ခေတ္တသင်မင်းမှ မင်းစောမွန်ထိ ရခိုင်တို့၏ အတိတ်နိမိတ်ကောက်ယူမှုများကို တွေ့ရလေသည်။ သို့နှင့် ကျွန်တော်သည် ဤအကြောင်းအရာတို့ကို သုရဿမဂ္ဂဇင်း၌ ဆောင်းပါးရေး၍ တင်ပြရန်စိတ်ကူးရလေ၏ သို့ဖြစ်၍ ကျွန်တော်သည် လေးမြို့ခေတ် ရခိုင်တို့၏ အတိတ် နိမိတ်ကောက်ယူမှုများ

လုံးတို့ကို ဘုရား၊ ရဟန္တာရုပ်ပွားတော်တို့ရှေ့တွင်ထားရှိပြီး ခွက် (၈) ခွက်တို့တို့လည်း ဂြိုဟ် (၈) ခုရှေ့တွင် ကိတ်ဂြိုဟ်မပါဝင်ဘဲ နေရာချထားပေးကာ အယောင်းတိုင် (၉) တိုင်ကိုပါ နေရာ (၉) ခုတွင် ထွန်းညှိပူဇော်ရပါသည်။

ဘုရားကိုးဆူဆရာသည် ရှေးဦးစွာ မြတ်စွာဘုရားရှင်အား ပင့်ပြီးနောက် ရဟန္တာအရှင်မြတ်ကြီး (၈) ပါးတို့ကိုပင့်ဖိတ်ပါသည်။ ဘုရားပင့်ဂါထာတော်များကို ညဉ့်ဦးယံမှ သန်းခေါင်ယံအထိ ရွတ်ဖတ်ပူဇော်ပြီးလျှင် နံနက် (၁) နာရီခန့်တွင် ဂြိုဟ်နတ်များကို ပင့်ဖိတ်လေသည်။ ဤသို့ ပင့်ဖိတ်ရာတွင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာပြီးမှ ကိတ်ဂြိုဟ်ဟု အစဉ်အတိုင်း ပင့်ဖိတ်ပါသည်။

ထိုအချိန်တွင် အလှူရှင်သည် ဘုရားကိုးဆူပူဇော်ရန် ဆွမ်းခဲဖွယ်ဘောဇဉ်များကို ပြင်ဆင်ပြီး ဆွမ်းကို စည်းစာမ်းချက် (၁၂) ချက်နှင့်အညီ ချက်ရပါသည်။ ဂြိုဟ်နတ်များအတွက် ဆွမ်းကို သီးသန့်အိုးသစ်နှင့် ချက်ရပါသည်။ ဆွမ်းချက်ပြီးလျှင် ဆွမ်းပွဲ (၂၇) ပွဲကို အောက်ပါအတိုင်း ပြင်ဆင်ရပါသည်။

၁။ ဘုရား, ရဟန္တာပူဇော်ရန် ၉ ပွဲ၊
၂။ နတ်ကြီးငါးပါးပူဇော်ရန် ၅ ပွဲ၊
၃။ ရုက္ခစိုး ပူဇော်ရန် ၁ ပွဲ၊
၄။ အာကာသစိုး ပူဇော်ရန် ၁ ပွဲ၊
၅။ ဘုမ္မစိုးပူဇော်ရန် ၁ ပွဲ၊
၆။ အိမ်စောင့်နတ် ပူဇော်ရန် ၁ ပွဲ၊
၇။ ဂြိုဟ်စောင့်နတ် ပူဇော်ရန် ၉ ပွဲ

တို့ကို ပြင်ဆင်ရပါသည်။

နံနက် (၁) နာရီတွင် အသင့်စီမံချက်ပြုတ်ထားသော ဆွမ်း၊ ယို(၃)မျိုး၊ သစ်သီး(၃)မျိုး (အုန်း၊ ငှက်ပျောနှင့် အခြား သစ်သီးတစ်မျိုးမျိုး)၊ ကောက်ညှင်းဖြင့်ပြုလုပ်ထားသော မုန့်ဆီကြော် (၃) မျိုး အဖြူ အနီ၊ အဝါတို့ကို ဖြည့်၍ ကပ်လှူကြပါသည်။ အချို့က ကွမ်း၊ လက်ဖက်များကို ထည့်သွင်း ပူဇော်ကြပါသည်။

သတိပြုရန်မှာ မည်သည့် ဆွမ်းဘောဇဉ်ခဲဖွယ်မဆို အားလုံးသက်သတ်လွတ် ပူဇော်ကပ်လှူရန် ဖြစ်သည်။ ဦးစွာ ဘုရား၊ ရဟန္တာအရှင်မြတ်များအား ပူဇော်၍ လိုရာဆုတောင်းရပါမည်။ ထို့နောက်မှ နတ်ကြီး (၅) ပါးနှင့် ဂြိုဟ်စောင့်နတ်များကို ဗလိနတ်စာပူဇော်၍ လိုရာဆုတောင်းရပါမည်။ ပြီးလျှင် ပင့်ဖိတ်ထားသော နတ်ကြီး(၅)ပါးနှင့်ဂြိုဟ်စောင့်နတ်များကို ပြန်လည်ပို့ရပါသည်။

ဤသို့ နတ်ပို့ရာတွင် ဦးစွာ ပါပဂြိုဟ် (၄) ပါးဖြစ်သော တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ရာဟုဂြိုဟ်၊ စနေဂြိုဟ်တို့ကို ပို့ပြီးနောက်မှ သောမဂြိုဟ် (၄) ပါးဖြစ်သော တနင်္လာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်တို့ကို ပို့ပြီးလျှင် နောက်ဆုံးမှ ကိတ်ဂြိုဟ်ကို ပြန်ပို့ရပါသည်။ ထို့နောက်တွင် ကျန်သော ခဲဖွယ်ဘောဇဉ်တို့ကို ရေ၌လည်းကောင်း၊ မီး၌လည်းကောင်း စွန့်၍ ရေစက်ချပြီး အမျှအတန်းပေးဝေပြီးလျှင် ဘုရားကိုးဆူပူဇော်ပွဲ ပြီးဆုံးပြီ ဖြစ်ပါသည်။

ဤကား ရှေးဆရာတို့ အစဉ်အလာအားဖြင့် ဘုရားကိုးဆူကပ် သို့မဟုတ် ဘုရားကိုးဆူပူဇော်ပွဲ ပြုလုပ်ပုံအစီအစဉ် ဖြစ်ပါသည်။ ဘုရားအမှူးရှိသော ရဟန္တာအရှင်မြတ်များကို ဆွမ်းခဲဖွယ်လှူဖွယ်တို့ဖြင့် ဆက်ကပ်ပူဇော်၍ နတ်ဒေဝတာများကို ပူဇော်ခြင်း ဒေဝတာဗလိဖြစ်၍ ပြုသင့်ပြုထိုက်သော အစဉ်အလာတစ်ရပ်ဖြစ်ကြောင်းနှင့် ဘုရားကိုးဆူပူဇော်ပွဲဆိုင်ရာ သိမှတ်စရာများကို စာရှုသူများ သိရှိနိုင်ရန် တင်ပြအပ်ပါသည်။

*သဒ္ဒိသံပါက်ဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး**

ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်)၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ ပထမနှစ်ပို့ချချက်စာအုပ် အရှေ့တိုင်း (ပါဠိ)။



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားလိုက်ရပါသည်။

❂

ရခိုင်တို့တွင် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသည်ဖြင့် ခေတ်ကြီး (၄) ခေတ် ထွန်းကားခဲ့သည်။ ဤခေတ်များ၌ ရှေးရခိုင်တို့သည် ဘုရား၊ ပုထိုး၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ ဇရပ်များ တည်ဆောက်ရာ၌ လည်းကောင်း၊ ထီးနန်း၊ ကနုတ်၊ မြို့ပြ၊ ပြည်ရွာ၊ မြို့ရွာ၊ ခံတပ်၊ ပစွင်၊ ရင်တား၊ ဆည်မြောင်း၊ ကျုံး၊ ချောင်း၊ တာတမံ၊ သူရဲပြေး၊ သူရဲခို စသည်တို့ တည်ဆောက်ရာ၌ လည်းကောင်း၊ မင်္ဂလာအမှုကိစ္စအဝဝတို့ကို ပြုလုပ်ရာ၌ လည်းကောင်း၊ စစ်ချီ၊ စစ်တက်၊ စစ်ထွက် စသော စစ်ရေးစစ်ရာတို့ကိုပြုလုပ်ရာ၌ လည်းကောင်း သိုက်၊ တဘောင်၊ အတိတ်နိမိတ်၊ စနည်း၊ ယတြာ၊ ပတ္တရာ၊ တိတ္ထံ၊ မန္တန် စသည်တို့ကို ကောက်ယူပြုလုပ်လေ့ ရှိကြပါသည်။

လေးမြို့ခေတ်သည် ခေတ္တသင်မင်းမှ မင်းစောမွန်အထိ ကောဇာ ၁၈၀ မှ ၇၉၂ ထိ နှစ်ပေါင်း (၆၁၀) ကျော်ခန့် ကြာညောင်းခဲ့လေ၏။ မင်းဆက်ပေါင်းလည်း (၆၀) ခန့် အုပ်စိုးခဲ့ကြလေ၏။

အဆိုပါမင်းများလက်ထက် အမှုကိစ္စအဝဝကို ဆောင်ရွက်ရာ၌ အင်းအိုင်၊ ယတြာ၊ မန္တန်၊ အတိတ်၊ နိမိတ် ကောက်ယူမှုများ အသုံးပြုခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ယင်းမင်းများအနက်မှ ဒသရာဇာမင်း (ကောဇာ ၄၈၅ မှ ၅၀၁) လက်ထက် စစ်ချီထွက်ရာ၌ အတိတ်နိမိတ်ကောက်ယူပုံကို ဖော်ပြပါမည်။

ထိုမင်း သက်တော် (၂၀) တွင် အနောက်ဘင်္ဂါ (၁၂) မြို့တို့သည် သက်နှင့်ပေါင်းလျက် ပုန်ကန်ခြားနားကြလေသည်။ ထိုအခါ အမတ်ကိုယ်ရံကြီး ဇေယျပိုလ်ကို ချီတက်တိုက်ခိုက်စေရာ တပ်ဦးတွင် ကြီးကြာငှက်တစ်ကောင်သည် သားရေတစ်ခုကိုချီ၍ ပျံလာရာ ငှက်နှင့်သားရေကိုဖမ်းမိလေသဖြင့် မင်းထံဆက်သလာ၏။ ထိုအတိတ်နိမိတ်ကို အမတ်ပညာရှိ ကဝိကျော်က-

"... တပ်ဦးတွင်မြင်သောနိမိတ်၊ တိတ်ရအလို၊ ထိုငှက်ကြီးကြာ၊ နံမှာကုလား၊ မှောက်မှားရောယှက်၊ သက်ကားသားရေ၊ မိတ်ဆွေပြုလျက်၊ ခြားနားချက်မှာ၊ တိတ်အလာပေ၊ သားရေနှင့်ငှက်၊ ပျံလျက်မလွတ်၊ ကိုင်းညွတ်တုံလာ၊ ချင်းအစာလည်း၊ မကွာစုံဆက်၊ ပို့ဆက်လာပြန်၊ ထိုကျွန်နှစ်ပါး၊ ကုလားနှင့်သက်၊ ငှက်နှင့်သားရေ၊ အနေမယွင်း၏ ချက်ချင်းမကြာ၊ အောင်မြင်ပါမည်၊ .."

ဟု လျှောက်လေ၏။

အမတ်ကြီး လျှောက်ထားချက်အတိုင်းပင် ချီတက်တိုက်ခိုက်ရာ ဘင်္ဂါ (၁၂)မြို့နှင့် သက်တို့ကို နှိမ်နင်းအောင်မြင်ခဲ့လေသည်။ ထိုအခါ အမတ်ကြီးအားလည်း ဆင်ပေါက်တစ်စီး ဆုပေးတော်မူလေသည်။

ယင်း ဒသရာဇာမင်း ဘိသိက်ခံတော်မူ၍ (၅) လခန့် ကြာသောအခါ ပျားတို့သည် အနောက်အရပ်မှပျံလာ၍ ရာဇပလ္လင်၏မြောက်ဘက်နား၌ စွဲလေသည်။ ထိုပျားတို့သည် ပျားရည်ရင့်လတ်သော် အရည်တို့ကိုမစုပ်ဘဲထားခဲ့လျက် မြောက်အရပ်သို့ ပျံသွားလေ၏။ ထိုအတိတ်နိမိတ်ကို မောက်သူဇာမြို့စားအမတ် ကဝိကျော် လျှောက်ထုံးသော်ကား-

"အရှင်မင်းမြတ်ဘေးတော် စန္ဒသူရိယလက်ထက် မြတ်စွာဘုရားရှင်ကြွလာတော်မူပြီး မဟာမုနိရုပ်ရှင်မြတ်ကို သွန်းလုပ်ခဲ့ပါသည်။ ကောဇာ ၄၆၅ ခုတွင် လက်ယာမင်းနန်ကို နန်းတင်လာသူတို့က ဖိုကျင်ထိုးရာမှ စ၍ မင်း (၅) ဆက်တိုင် ရုပ်ရှင်တော်မြတ်မှာ ကွယ်ပျောက်နေပါသည်။ ယခု အရှင်မင်းမြတ်၏ဘုန်းပညာကြောင့် ပျားတို့သည် ပန်းဝတ်ရည်ကို ယူဆောင် ဆက်သ၍ မြောက်အရပ်သို့ ပျံလေသည်။ ရုပ်ရှင်တော်မဟာမုနိသည် ပျားညွှန်ရာမြောက်အရပ်၌ အမှန်ပင်ရှိပါသည်"

ဟု လျှောက်လေသော် အမတ်ကြီး ဆင်ကဲကြီးနှင့် ဓားကိုင်ကြီးနှစ်ယောက်ကို ရှာစေ၍ ရုပ်ရှင်တော်မြတ်ကို အမှန်ပင် မြောက်အရပ်၌တွေ့လေ၏။ ထိုအရပ်မှပင့်ဆောင်ခဲ့ပြီး အထက်စန္ဒသူရိယမင်း ကိုးကွယ်ခဲ့သည်။ ကတညုတတောင်၌ ကောင်းမွန်စွာ ကိုးကွယ်ခဲ့သည်။ ကဝိကျော်အမတ်အားလည်း ဆုလာဘ်များစွာ ချီးမြှင့်လေသည်။

ဒသရာဇာမင်း သက်တော် (၃၁) နှစ်သို့ရောက်သောအခါ မဟာမြတ်မုနိဘုရားမှာ ချွေးထွက်တော်မူသည်။

အချိန်မဟုတ်မိုးရွာ၍ မြစ်ရေကြီးသည်။ နန်းတော်မှာ မိုးကြိုးကျသည်။ ယင်းအတိတ်နိမိတ်ကို ပညာရှိ ပုရောဟိတ် ရာဇဂုရုအားမေးရာ ရာဇဂုရုက-

"အရှင်မင်းမြတ်- တိတ္ထံမှတ်စုံ၊ ကုလ္လာအမှာ၊ စူဠာမုနိ၊ အသီတိကျမ်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ နရစက်နှင့်၊ ဂြိုဟ်ပျက်ဒသာ၊ ဒွါဒရာရုပ်၊ ဥစ်ကသစ်ဘက်၊ စန်းလဂ်မလျော်၊ ဇာတာတော်လည်း၊ နံပေါ်ကိန်းစုံ၊ ရာဟုမရဏ၊ အထွက်ကကြုံ၊ နဝင်းတုံလည်း၊ ကုံသို့အလှမ်း၊ အာယုစန်းမူ၊ ကူးသန်းနင်းပြန်၊ သတွန်ထောင့်ခပ်၊ သမသတ်ခွင်၊ လက်တွင်နံနေ၊ ဂြိုဟ်ရှစ်ထွေလည်း၊ အနေမလှ၊ အာကာသက၊ ပြသည့်အကြောင်း၊ ဂြိုဟ်ပြောင်းလည်းကြိမ်၊ စည်းစိမ်တော်မြတ်၊ နန်းပြာသာဒ်နှင့်၊ ဉပဒ်ကြီးဘို၊ အနိဝဌန၊ ကိန်းကအတွေ့၊ မလွေ့ကြိုက်တုံ၊ နယုန်ဆန်းတက်၊ ဆယ့်တစ်ရက်တွင်၊ ဂြိုဟ်ပျက်အကူး၊ စဉ်းဦးအပြတ်၊ နဝရတ်ရွှေဘုံ၊ ကွာကိန်းကြုံပါသည်"

ဟူ၍ ရှေးဒဏ္ဍာနိကာယ်ကျမ်းထွက်ရှိပါကြောင်း လျှောက်တင်လေသော် ဒသရာဇာမင်းက ပုရောဟိတ်ရာဇာဂုရုတို့ အသပြာတစ်ထောင် ဆုချီးမြှင့်တော်မူလေသည်။

တစ်ဖန် ဒုတိယပုရိန်မြို့တော်ရှင် ငနုလုံးမင်း (ကောဇာ ၆၀၈-၆၁၂)လက်ထက်တွင် ကုလားနှင့်သက် ပေါင်းလျက် ပုန်ကန်ခြားနားလေ၏။ ထိုအခါ မင်းက ပြည်စိုးကြီး ဓမ္မဇေယျအမတ်ကို ရဲမက်ငါးသောင်းနှင့် ချီတက်တိုက်စေရာ တပ်ဦးတွင် ကျီးနှင့်ဖျိုင်း ခွပ်ကြ၍ ကျီးကန်းအတောင်ကျိုးလျက် ဖမ်း၍ရသောအကြောင်းကို မင်းထံလျှောက်လေ၏။ မင်းက ထိုအတိတ်နိမိတ်ကို အမတ်ပညာရှိ ဝိဇိလအမတ်ကြီး လျှောက်ထုံးသော်ကား-

"အရှင်မင်းမြတ်၊ ကျီးနံ့ ကုလား၊ ဖျိုင်းကား မြန်မာ၊ နံမှာအလို၊ နဂိုယာယီ၊ ကိန်းနှစ်လီတွင်၊ ယာယီကျီးကန်း၊ ပင်ပန်းကုလား၊ ထွားထွားကြေညက်၊ ပျက်မည့်အကြောင်း၊ လုံးပေါင်းပြီးစီး၊ ခရီးမကြာ၊ အောင်မြင်ပါမည်၊ . . ."

ဟု လျှောက်တင်လေသည်။

အမတ်ကြီးလျှောက်တင်ချက်အတိုင်း ရခိုင်စစ်သည်တို့ ချီတက်လုပ်ကြံ၍ အောင်မြင်လေရာ အမတ်ကြီးအား ဆုလာဘ်များစွာချီးမြှင့်ပြီး ပြည်စိုးကြီး ဓမ္မဇေယျအားလည်း မဟာဝေဿဝဏ္ဏဟူသော ဘွဲ့ထူးကို ချီးမြှင့်ပေးသနားလေတော့သည်။

ရာဇသူ (ဝရမ္မရာဇာ) မင်း



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ဆရာတော် (၁၂၈၅ ခု)။

၃။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ။

(ကောဇာ ၇၅၁-၇၇၆ )သည် သက်တော် (၈၅) နှစ်သို့ ရောက်သောအခါ မဟာမုနိဘုရား ရောင်တော်လွှတ်၏။ လျှောင်အကြိမ်များစွာလှုပ်သည်။ တော်လည်းသည်၊ ဥက္ကာပျံသည်၊ နတ်အမြောက်သံအကြိမ်များစွာကြားရသည်၊ တောင်ပြိုသည်၊ နန်းတွင်းသို့ မိစ္ဆာဝင်သည်၊ နဂါးချေးလွှတ်ဆည်၊ ကြာသပတေးကြယ်လကို ထွင်းသည်၊ စနေ အင်္ဂါ ဂြိုဟ်ပျံသည်။ ထိုသို့ အတိတ်နိမိတ်များကို အမတ်ပညာရှိ ဝိမလက-

"ဘုရားပုထိုးအရောင်လွှတ်သည်၊ တောင်ပြိုသည်များမှာ မင်း၌အကြောင်းဆုံးဟောင်း ရှိပါသည်။ ဥက္ကာပျံသည်၊ နဂါးချေးလွှတ်သည်။ အရပ်ရှစ်မျက်နှာ၌ တိမ်သွေးသို့ မြင်သည်များမှာ မင်း၊ မိဖုရား၊ မင်းသား၊ ဥပရာဇာတို့အကြောင်း၊ လျှောင်အကြိမ်များစွာလှုပ်၍ တော်လည်းသံများမှာ ပြည်သူတို့အကြောင်း၊ နတ်အမြောက်သံကြားသည်၊ စနေ၊ အင်္ဂါဂြိုဟ်ပျံသည်မှာ စစ်ချီ၊ စစ်ရောက်ရာသောအကြောင်း၊ ကြာသပတေးကြယ် လကိုထွင်းသည်၊ ပျံသည်၊ ဆုတ်သည် နေသည်များမှာ ရဟန်း၊ ပုဏ္ဏား၊ မိကြီးဖကြီး၊ ဆွေကြီးမျိုးကြီး၊ မှူးကြီးမတ်ကြီးတို့အကြောင်း၊ နန်းတွင်းသို့ နတ်မိစ္ဆာဝင်သည်မှာ နန်းသူတို့ သိက္ခာပျက်သောအကြောင်း ရှေးလောကီကျမ်းဂန်၌ လာရှိပါသည်"

ဟု လျှောက်လေ၏။ ထိုအခါ မြည့်ရှင်မင်းက-

"ဝိမလအမတ်သည် ငါ့ကဲ့သို့ လူအို ဖြစ်သည်။ နန်းတွင်းသို့ ရွှေထမ်းစင်စီး၍ ဝင်ထွက်သွားလာစေ"

ဟု ပေးသနားတော်မူလေသည်။

မင်းစောမွန်ဘုရင်သည် ရာဇသူ (ဝရမေ့ရာဇာ) မင်း၏သားတော်ဖြစ်ပြီး ကောဇာ ၇၆၆-၇၆၈ နှစ်၌ လောင်းကြက်ရွှေမြို့တော်၌ စိုးစံခဲ့၏။ လောင်းကြက်ရာဇာဌာနေ၌ မင်းစောမွန်အုပ်ချုပ်ခဲ့စဉ်ကာလတွင် သူသည် မင်းကျင့်တရားနှင့်အညီ မအုပ်ချုပ်ဘဲ တိုင်းသူပြည်သားများကိုညှဉ်းပန်းခဲ့၏။ ပညာရှိတေးကိုလည်း မနာယူခဲ့ချေ။ သို့နှင့်ပြည်သူတို့မှာ ခေါင်းပေါ်မီးကျသကဲ့သို့ ခံစားကြရ၏။ တစ်ခါသော် အသက် (၁၀၀) နှစ်အရွယ်ရှိ ပညာရှိအမတ်ကြီး ဝိမလက-

"အရှင်မင်းမြတ်- ပင်လယ်မြစ်ကြောင်း၊ ဝဲခနှောင်း၌ တိမ်းစောင်းမဖယ်သာ၊ မာလိန်မတတ်၊ ရေကြောင်းလွှတ်သော်၊ ကူးကပ်မရောက်ရာ။ မြည့်ရှင်မင်းမြတ်၊ အကျင့်ချွတ်လျှင်၊ ဥပဒ်သတ္တဝါ. . . ဟူ၍ ထုံးဟောင်းရှိပါသည်။

တစ်ဖန်တုံလည်း ရှေးထုံးဟောင်းသိုက်စာတွင်-

ကြွက်ကြီးတွင်းအောင်း၊ ကြွက်ငယ်လောင်း၊ ရုံးပေါင်းတွင်းကိုဖျက်လိမ့်မည်၊ ကျောင်းတစ်ဆယ်ကို၊ ရှင်ငယ်တစ်ယောက်စားလိမ့်မည်၊ အကျီခါးတို၊ လူပျိုအမတ်များလိမ့်မည်၊ ပုတီးလက်စွဲ၊ လူစဉ်းလဲလည်း များလိမ့်မည်၊ ယင်းသောအခါ မိုးမရွာ၊ အစာငတ်မွတ် ရှားလိမ့်မည်၊ ငတ်မြစ်မကူတို့၊ လူမပို့ဘဲ ကူးလိမ့်မည်၊ ကြွက်မင်းပြေးခါ၊ မဖျိမသို့ရောက်လိမ့်မည်၊ ပျူနှင့်တလိုင်း (မွန်) ငါးစင်ရိုင်းသို့ပြုလိမ့်မည်၊ ကြွက်မင်းတစ်ဖန်တွင်းသို့ပြန်သော်၊ အကြံတွင်းသစ် ရှာလိမ့်မည်၊ တွင်းသစ်ရခါ၊ များမကြာ၊ ကြမ္မာကုန်အံ့သော်ဝ်. . . ဟူ၍ သိုက်တဘောင် ထွက်ရှိပါသည်။

ယင်းမှာ တိုင်းပြည်၊ မြို့ရွာပျက်စီးမည့် တိတ်တဘောင် ဖြစ်ပါတယ်။ အရှင်မင်းမြတ်မှာလည်း ကြာသပတေးဖြစ်၍ ကြွက်မင်း မည်ပါသည်။ မိုးလေဝသမှန်၍ အစာရေစာရှားပါးနေသည့်အထဲ မြို့စား၊ ရွာစား၊ နယ်စားတို့က အခွန်အကောက်များကို အဆမတန် တိုးမြှင့်ကောက်ခံနေကြ၍လည်း တိုင်းသူပြည်သားတို့မှာ ငတ်မွတ်ဆင်းရဲဒုက္ခရောက်နေကြပါတယ်။ အရှင်မင်းမြတ်အနေဖြင့်လည်း ညီတော်၊ သားတော်၊ ဆွေတော်မျိုးတော်၊ မှူးတော်တို့ကို မနှိပ်စက်အပ်ပါ။ နှိပ်စက်ချေက ပြည်နာပါတယ်။ ပြည်နာချေက ရန်သူပေါ်ပေါက် ပြည်လုံးမှောက်၍ ပျက်စီးခြင်းသို့ရောက်ပါတယ်"

ဟူ၍ အမတ်ကြီးသည် မင်းလိုလိုက် မင်းကြိုက်မဆောင်ဘဲ အမှန်အတိုင်း လျှောက်ထားလေ၏။ သို့သော် မင်းစောမွန်မှာ လူမိုက်နှင့်သာ ပေါင်းမိက အမတ်ကြီးကို မာန်အောင်ကျွန်းသို့ ပို့ထားလိုက်လေသည်။

ကောဇာ ၇၆၈ ခုနှစ်၌ ဒါးလက်မြို့စား အနန္တသိန်က အင်းဝ ပထမမင်းခေါင်ထံ စစ်ပန်၍ သားတော် မင်းရဲကျော်စွာကို ချီတက်တိုက်ခိုက်စေရာ လောင်းကြက်မြို့တော် ပျက်စီးလေ၏။ မင်းစောမွန်သည် 'ကြွက်မင်းပြေးခါ၊ မဖျိမာသို့ ရောက်လိမ့်မည်' ဆိုသောသိုက်တဘောင်အရ ပထန်လူမျိုးဖြစ်သော အနောက်စူလတန် (ဂေါ်ဝ) ပြည်နာဇီရုဒိန်ရှာမင်းထံ စစ်ရေးခိုလှုံနေခဲ့ရပါသည်။

ထိုစဉ် မင်းစောမွန်ညီတော် နရုနု (အလီခင်)သည် ဟံသာဝတီ ရာဇာဓိရာဇ်မင်းထံစစ်ပန်ခြင်းကြောင့် ဟံသာဝတီမင်းက အမတ်ဒိန်ကို သူရဲငါးသောင်းနှင့် ချီတက်တိုက်ခိုက်စေရာ မြန်မာတို့ တစ်ဖန် လောင်းကြက်မြို့တော်မှ ဆုတ်ခွာကြရပြန်၏။

ဤသို့အားဖြင့် မြန်မာတစ်လှည့်၊ မွန်တစ်လှည့်နှင့် လောင်းကြက်မြို့တော်သည် နှစ်ပေါင်း (၂၀) ကျော်မျှ မငြိမ်သက်ဘဲ စစ်တလင်းဖြစ်ခဲ့ရလေသည်။

ကောဇာနှစ် ၇၉၁ ခုနှစ်တွင် မင်းစောမွန်သည် အနောက်စူလတန်မင်းနာဇီရုဒိန်ရှာ၏အကူအညီဖြင့် လောင်းကြက်မြို့တော်ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့လေသည်။

ဤသို့ပင်လျှင် လေးမြို့ခေတ်၌ မင်းမှအစ ပြည်သူတို့သည် လောကီကိစ္စအဝဝတို့၌ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ယတြာ စသည်တို့ကို သူနေရာနှင့်သူ အံဝင်ခွင်ကျသုံးစွဲခဲ့ကြသည်။

ရှေးရခိုင်ကြီးတို့သည် နိုင်ငံရေး၊ တိုင်းပြည်ရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ နှောင်းလူတို့ လွယ်လင့်တကူ သုံးစွဲနိုင်ရေးအတွက် ရည်ရွယ်၍ ဗိသုကာကျမ်း၊ ဗေဒင်ကျမ်း၊ သိုက်ကျမ်း၊ ယတြာကျမ်း၊ ဓာတ်မန္တာကျမ်း၊ စစ်ကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ တိတ္ထိကျမ်း၊ ဆန်းကျမ်း၊ ကတိကဏ္ဍဝါသနကျမ်း စသည်တို့ကို ရေးသား မှတ်တမ်းတင်ခဲ့ကြပါလေသည်။

အဆိုပါ စာပေကျမ်းဂန်တို့မှဆင်းသက်တော် ဆက်နွယ်လာသော အယူအဆ ဓလေ့ထုံးတမ်းစဉ်လာ၊ အတိတ်နိမိတ်များကား ယနေ့တိုင် ရခိုင်မြေပေါ်၌ အခြေတည်လျက် ရှိပါပေသည်။

စောထွီးသျှင်(မြောက်ဦး)

**ကျမ်းကိုး**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စတုတ္ထတွဲ၊ ရမ်းပြည့်တောင်ကျောင်းဆရာတော် (၁၂၉၃ ခု)။

၂။ ဓညဝတီအရေးတော်ပုံကျမ်း၊



www.burmeseclassic.com

www.burmeseclassic.com

ဝါဆိုလပြည့်နေ့ သေချာအောင် ပြောရလျှင် ဒုတိယ ဝါဆိုလဆန်း (၁၅) ရက် ကြာသပတေးနေ့ပါ။ ဒီနှစ်က မြန်မာပြက္ခဒိန်အရ ဝါထပ်သောကြောင့် ဝါဆိုလမှာ ပထမဝါဆို၊ ဒုတိယဝါဆိုလ ဆိုပြီး ဝါဆိုနှစ်လထပ်ရသောနှစ် ဖြစ်ပါသည်။

နှစ်ဝါဆို ဖြစ်တော့ ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာဝင်များ၏ရက်ကောင်း ရက်မြတ် တန်ဖိုးထားကြသောနေ့ ဖြစ်ပါသည်။ သုံးလောကသခင်ဖြစ်သော၊ လောကသုံးရပ်တွင် မြတ်သည်ထက် မြတ်သော မြတ်စွာဘုရားရှင်မှ ဓမ္မစက္ကသုတ် (ဓမ္မစကြာတရားတော်) ကို ဟောကြားတော်မူခဲ့သော ဓမ္မစကြာ အခါတော်နေ့ ဖြစ်ပါသည်။

ကျွန်ုပ်သည် နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်တို့ကို ပြီးမြောက်အောင် ဆောင်ရွက်ပါသည်။ ပြုဖွယ်ရာများ ပြီးမြောက်သည်နှင့် အနီး၊ အဝေး ကျောသား၊ ရင်သား မခြားနားဘဲ တူညီသော မေတ္တာတို့ကို ပေးပို့ပြီးနောက် ကျွန်ုပ်၏ အလုပ်ခန်းရှိ အလုပ်စားပွဲတွင် ထိုင်နေပြီ ဖြစ်ပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏တပည့်နှင့် အတူ ဧည့်သည်တစ်ယောက်ပါ အတူတကွ ကျွန်ုပ်ထံရောက်ရှိလာခဲ့ပါသည်။ ကျွန်ုပ်ရှေ့ မျက်နှာချင်းဆိုင်တွင်ရှိသော ကုလားထိုင်မှာ ဝင်ရောက် ထိုင်လိုက်ကြပါသည်။ ထိုင်ပြီးသည်နှင့် ကျွန်ုပ်၏ တပည့်မှ ဧည့်သည်နှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးပါသည်။ ကျွန်ုပ်ကို ဧည့်သည်မှ သူ၏ဒုက္ခများနှင့် သူ့ခံစားချက်များကို ရှည်လျားစွာ ပြောပြပါတော့သည်။

ကျွန်ုပ်မှာ ဧည့်သည်အား ရင်းနှီးဖော်ရွေစွာဖြင့် နွေးထွေးနေအောင် စကားများ ပြောပြရပါသည်။ ကျွန်ုပ်၏ ရင်ထဲတွင်တော့ 'ဩော်- အခု ခံစား ရသူ့ခများမှာ လောကဓံတရားရှစ်ပါး ရုံနှင့် မပြည့်စုံနိုင်လောက်အောင် ဆို ပါသည်။ ကျွန်ုပ်၏ရင်တွင်းစကား တော့ လောကဓံတပ်ကြီးတို့၏ ထိုးနှ ချက်ကို ခံစားနေရသူပါလား' ဟု လွှ ကရုဏာသက်လာနေပါသည်။

ကျွန်ုပ်မှာ ကျွန်ုပ်တပည့်နှင့် ဧည့် သည်ကို အောက်ပါအတိုင်း ပြောဖြ သည်မှာ 'ကျွန်တော်တို့ဟာ ပုထုဇဉ်တွေ ဖြစ်နေတော့ လောကဓံတရားရဲ့ နှိ စက်ညှဉ်းပန်းမှုကို ခံစားနေကြရတာ က သစ္စာတရားတစ်ခုပါပဲ။

အဲဒီ အကျွေဘဏီတပ်ကြီးသို့ တင်စားပြောရလောက်တဲ့ လောကဓံ တရားရှစ်ပါးကို ကြံ့ကြံ့ခံနိုင်အောင်နဲ့ စီးပွားရေး ဘဝအကျပ်အတည်းတွေ ထဲက လွတ်မြောက်လာအောင် ကျင့်ကြံ နိုင်တဲ့ နည်းကောင်း လမ်းကောင်းတွေ ရှိပြီးသားပါ။

အဲဒီ နည်းလမ်းကောင်းတွေကို သိရုံနဲ့မပြီးသေးဘူး၊ အမှန်တကယ်လုပ်

စိတ်ဆန္ဒ အလိုရှိတိုင်း ပြည့်စုံစေနိုင်သော

# (၇)ရက်စခန်းအဓိဋ္ဌာန်ကျင့်စဉ်

ဘုန်းခေါင်





www.burmeseclassic.com

www.burmeseclassic.com

ဖို့လည်း လိုအပ်ပါတယ်။ ကိုယ်တိုင် ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်သူဖြစ်မှ တကယ်လုပ်သူ အဟုတ်ဖြစ်မယ်။ အမှန်တကယ် အကျပ်အတည်းမှ လွတ်မြောက်ပြီး လိုတိုင်းရ သိဒ္ဓိထူးကို မုချရမယ်လို့ပဲ ရဲရဲဝံ့ဝံ့ပြောချင်တယ်ဗျ' ဟု ပြောပြလိုက်ရပါတော့သည်။

ထိုစဉ်တွင် ကျွန်ုပ်၏တပည့်နှင့် ဧည့်သည်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး ဧည့်သည်မှ အောက်ပါအတိုင်း ပြောလိုက်သည်မှာ-

"သူရဋ္ဌမဂ္ဂဇင်းမှာ ဆရာရေးသားနေတဲ့စာတွေကို အမြဲ ဖတ်ပါတယ် ဆရာ။ ဆရာရေးတဲ့ကျင့်စဉ်တွေဟာ အတော်ကို ခရီးရောက်ခဲ့ပါတယ်။ အခုလာရတာက ဆရာ့ကိုမမြင်ဘူးဘဲ စာဖတ်ပြီးဆောင်ရွက်ရတာလောက်နဲ့ အားမရတာလည်းပါသလို ကျွန်တော့်ဖြစ်စဉ်ကိုလည်း ဆရာ့ဆီမှာ ရင်ဖွင့်ပြီးမှ အကူအညီတောင်းရအောင် ရောက်အောင်လာခဲ့တာပါ"

ဟု ပွင့်လင်းစွာ ပြောပြပါတော့သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏တပည့်နှင့် ဧည့်သည်အတွက် အဓိဋ္ဌာန်တစ်ခုကို ပေးလိုက်ပါသည်။ ထိုကျင့်စဉ်အဓိဋ္ဌာန်ကို ဆောင်ရွက်ရာတွင် အောက်ပါ အကြောင်းကောင်းများကို အခြေပြုရမည် ဖြစ်ပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်ကို ယုံကြည်ရခြင်း၊ အဓိဋ္ဌာန်စည်းကမ်းကို တိကျစွာလိုက်နာခြင်း၊ ထိန်းရသောသီလကို လုံခြုံအောင်စောင့်ထိန်းခြင်း၊ ဂါထာများရွတ်ဖတ်ရာတွင် ပုဒ်, ပါဌ် အသံတို့၊ အဖြတ်အရပ်တို့ကို ဖြည်းဖြည်း မှန်မှန်နှင့် ရွတ်ဆိုရခြင်း၊ ဝေနေယျများစွာတို့အား မေတ္တာထားနိုင်ခြင်း၊ ကောင်းမှုကိစ္စဖြစ်သော အတွေးအကြံတို့ မှန်ကန်ရခြင်း စသည်တို့ လုံခြုံရပါမည်။ အဓိဋ္ဌာန်၏ သဘောတရားများအရ မကျိုးမပေါက် မပြောက်မကျား အစင်အကြယ်ဖြစ်အောင် အားထုတ်နိုင်သူအတို့အနေဖြင့် အောင်မြင်မြဲ ဖြစ်ပါသည်။

လောကီသစ္စာမှန်လျှင် လောကီသိဒ္ဓိအရာတို့ကို မုချရရှိမည့် အဓိဋ္ဌာန်ကျင့်စဉ်တစ်ခုဖြစ်ကြောင်း စာချစ်သူမိတ်ဆွေများကို အသိပေးလိုက်ပါသည်။ ကျွန်ုပ် ယခုရေးသားမည့် အဓိဋ္ဌာန်ကျင့်စဉ်သည် ရက်သတ္တပတ်ဖြင့် ပြီးမြောက်သော အဓိဋ္ဌာန်ကို သာလွန်မင်းကြီးအားပေးခဲ့ဆရာတော်မှ ချီးမြှင့်ပေးခဲ့သော ဂါထာဖြစ်နေသောကြောင့် လွန်စွာ အစွမ်းသိဒ္ဓိထူးရှိသောဂါထာဖြစ်ကြောင်းကိုပါ အသိပေးလိုက်ရပါသည်။

(ဆရာလှသမိန်၏ 'ဂန္ထဝင်ကျော် ပုဂ္ဂိုလ်များ' တွင် ယခု ရေးသားမည့် ဂါထာပါရှိပါသည်။ ကျွန်ုပ်မှာလည်း ဌာနတွင် တာဝန်ထမ်းစဉ်အခါကာလက ခရီးသွားလာစဉ် ကူးယူလာခဲ့သည့် ပေမူမှ ဂါထာ ဖြစ်ပါသည်။ စာရေးသူ)

**အလိုဆန္ဒအတိုင်း ပြည့်စုံစေသောဂါထာ**

ဥုံ ဂန္ထ အမုမှီ ဩကာသေ တိဋ္ဌာဟိ၊

ဥုံ သုခိနောဝါ ခေမိနောဝါ နိသိန္နောဝါ ဝါသယာနောဝါ သံဂုံပမယျ၊

ဥုံ အာခေါင် အာရင်း၊ သိကြားမင်း၊ ဖန်ဆင်းကိုယ်တိုင်ပြု၊ ငါ၏အာ သိကြားလာ၍မ၊

ဥုံ အာစက် လျှာစက်၊ တစ်ရာ့ရှစ်ကွက်၊ ထဆရာထ၊ ကြွဆရာကြွ။

**အလိုဆန္ဒ လိုတိုင်းရသော (၇) ရက် အဓိဋ္ဌာန်ကျင့်စဉ်**

**၁။ အဓိဋ္ဌာန်စတင်ရန် ရက်ရွေးရခြင်း**

ရက်ကောင်း ရက်မြတ် ဖြစ်သော ရက်တွင် စတင်ပါ။

**၂။ အဓိဋ္ဌာန်ကာလသတ်မှတ်ရခြင်း**

တစ်ကြိမ်ကို (၇) ရက် ဆောင်ရွက်ရပါမည်။ ဝါရငယ် တစ်ဝါရ ခေါ်ပါသည်။ အရပ်အနားမရှိဘဲ (၇) ရက် အဓိဋ္ဌာန်ကျင့်စဉ်ကို (၇) ကြိမ် ဆက်သွားရပါမည်။ စုစုပေါင်း အဓိဋ္ဌာန်ကာလမှာ (၄၉) ရက် ကြာမြင့်ပါမည်။

**၃။ အဓိဋ္ဌာန်ကာလကြီးတွင် အောက်ပါအတိုင်း ဆောင်ရွက်ရခြင်း**

(က) စတုလောကပါလ နတ်မင်းကြီး (၄) ပါး၊ ဂြိုဟ်နတ်မင်းကြီး (၈) ပါး၊ စကြဝဠာအတွင်း တန်ခိုးပြင်းထန်သောနတ်မင်းကြီးများ၊ သိဒ္ဓိရှင် မဟာသိဒ္ဓိရှင် ဆရာသခင်များနှင့် ပါရမီဖြည့်ဖက်များကို ဦးစွာ ဖိတ်ထားပါ။

(ခ) မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ဖြင့် အမြဲ ပူဇော်ပါ။

(ဂ) ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း၊ ကုသိုလ်အမျှပေးဝေခြင်း။

(ဃ) အဓိဋ္ဌာန်ကိစ္စဆောင်ရွက်ရခြင်း။

အထက်တွင် ဖော်ပြထားခဲ့ပြီဖြစ်သော ဂါထာပုဒ်ကို ပုတီးတစ်လုံးချနှစ်ဖြင့် (၁၀၈) လုံးပါသော ဂုဏ်တော်ပုတီးဖြင့် ပုတီးစိပ်ရပါမည်။

ပုတီးတစ်ပတ် (ပျံ့လွင့်ခြင်းမရှိစေဘဲ) စိပ်ပါ။

(င) အထူးစီမံရခြင်း
(အဓိဋ္ဌာန်ကာလအတွင်း)

၁။ သောက်ရေ

၂။ ထမင်း၊ ဟင်းလျာနှင့်တကွ သရေစာနှင့် စားဖွယ်သောက်ဖွယ်ရာများတို့ကို စားတိုင်း၊ သောက်သုံးတိုင်း ဂါထာတော် (၇) ခေါက် ရွတ်ဖတ်ပြီးမှ စားသုံးခြင်း၊ သောက်သုံးခြင်း ပြုလုပ်ရမည် ဖြစ်ပါသည်။

(စ) နောက်ဆုံးပြုဖွယ်မှာ-
မိမိဆောင်ရွက်ခဲ့သမျှတို့ကို သစ္စာပြုပါ။ ဆုတောင်းခံပါ။ ၃၁ ဘုံသား ဝေနေယျတို့အား ကုသိုလ်အမျှပေးဝေပါ။ ကနေဦးမှ ဖိတ်ကြားထားခဲ့သူများအားလုံးကို နေရာဌာနပြန်ပို့ပါ။

**မူလဆရာသခင်၏အဆိုအမိန့်**

'လောကအလယ်တွင် မကောင်း (၄) ပါး ဖယ်ရှောင်ရှား၍ အကောင်း (၄) ပါး အကျိုးပေး ထွန်းကားမည် ဖြစ်သည်။ စိတ်အလျဉ်မှ တောင့်တတိုင်း အလိုဆန္ဒ ပြည့်စုံကြမည် ဖြစ်သကဲ့သို့ ရွှေ ငွေ ပုလဲ၊ ပတ္တမြား၊ ကျောက်မျက်ရွဲနှင့် စိန်၊ သတ္တ ရတနာ (၇) ပါး ပြည့်စုံသွားအောင် ဧကန်မုချ ချမ်းသာကြမည်' ဟု ဖွင့်ဆိုထားပါသည်။

သတိပေးထားသည်မှာ 'ဥစ္စာစည်းပွား တိုးတက်များပြားလာသည်နှင့် အမျှ မိမိမွေးရာဒေသမှ အဘိုး၊ အဘွား၊ ဆွေမျိုးများနှင့် ရဟန်းသံဃာတော်တို့အား သဒ္ဓါပြဋ္ဌာန်း လှူဒါန်းကြပါကုန်' ဟု မေတ္တာရှေ့ထား၍ စကားအမှာ ထားရှိခဲ့ကြောင်းကိုလည်း အသိပေးလိုက်ပါသည်။

ဆန္ဒတူ၍ ဆောင်ရွက်ကြသော ကျွန်ုပ်၏ စာချစ်သူမိတ်ဆွေများ အားလုံးတို့ အောင်ပွဲအလီလီ ဆွတ်ခူးရယူနိုင်ကြပါစေ။

(ကျွန်ုပ်၏ကျေးဇူးရှင်ဆရာသခင် အပေါင်းတို့အား ရှိခိုးဦးတိုက် ကန်တော့လိုက်ပါ၏။ စာရေးသူ)

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟောကြား နိပါတ်တော်ကျမ်းဂန်များလာ ဂါထာမန္တန်များ (၃)

# စိန္တာမဏိဂါထာ

△ တြိရတနာ-ဆရာဇေယျာလင်း

ဗုဒ္ဓဟောကြား နိပါတ်တော် ကျမ်းဂန်များလာ ဂါထာမန္တန် အမှတ် (၅) အဖြစ် ယခုဖော်ပြမည့် ဂါထာမန္တန်မှာ စိန္တာမဏိဂါထာတော်အကြောင်းပင် ဖြစ်ပါသည်။ ဤဂါထာ မန္တန်မှာ ဘုရားရှင်ဟောကြားခဲ့သော ငါးရာငါးဆယ်နိပါတ်တော်ဝင် နဝကနိပါတ် ဇာတ်တော်(၁၂) ပါပဒကုသလမာဏဝ ဇာတက ဇာတ်တော်ထဲတွင် အဓိကအခန်းမှ ပါဝင်ခဲ့သော ဂါထာ မန္တန်တော်တစ်ခု ဖြစ်ပါသည်။

ဤဇာတ်တော်အကြောင်း အကျဉ်းမျှ ဖော်ပြရလေသော်. . .

လွန်လေပြီးသော အခါကာလ တစ်ခု၌ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံနေစဉ်အခါ တောကြီးတစ်ခုအတွင်း၌ ကျိန်စာကြောင့် ဘီလူးဖြစ်နေသော အဿမုခီအမည်ရှိ ဘီလူးမတစ်ဦးရှိ၏။ တစ်နေ့သ၌ အဿမုခီဘီလူးမသည် ပုဏ္ဏားတစ်ဦးကို ဖမ်းမိသွား၏။ သို့သော် ထိုပုဏ္ဏားမှာ ရုပ်ဆင်းရူပကာချောမောပြေပြစ်လေရကား အဿမုခီဘီလူးမလည်း စက္ခု ရှုပေနသံဝါသ ဟူသည့်အတိုင်း နှစ်ခြိုက်တပ်မက်မိသဖြင့် မစားရက်တော့ဘဲ လင်ပြုထားလိုက်တော့၏။ ဘီလူးမသည် ပုဏ္ဏားလုလင်ကိုဂူကြီးတစ်ခုအတွင်း၌ထားရှိပြီး သူမအပြင်ထွက်၍အစာရှာသောအခါ ဂူဝကို ကျောက်ဖျာကြီးဖြင့်ပိတ်ထားခဲ့လေ့ရှိပေသည်။ ဤသို့ဖြင့် (၁၀) လခန့်ကြာသောအခါ ဘီလူးမသည် သားတစ်ဦးဖွားမြင်ခဲ့၏။ ထို့နောက်တွင်လည်း သားအဖနှစ်ဦးကို ၎င်းအပြင်ထွက်တိုင်း ဂူထဲတွင် ကျောက်ဖျာဖြင့် အမြဲပိတ်ထားခဲ့လေသည်။

ဤသို့ဖြင့် ကာလကြာသော် အရွယ်ရောက်လာပြီဖြစ်သော သားသည် ဂူထဲ၌အောင်း၍နေရသည့်ဘဝကို ငြီးငွေ့လာသဖြင့် မိခင်ဘီလူးမကြီးမရှိခိုက် ပိတ်ထားသော ကျောက်ဖျာကို ဖွင့်ပြီး ဖခင်ကို ပခုံးထက်ထမ်းလျက် ထွက်ပြေးလေတော့သည်။ သို့ထွက်ပြေးရာမှ မိခင်အဿမုခီဘီလူးမပိုင်နက် အာဏာစက်ကုန်ဆုံးရာ မြစ်တစ်ခု၏ ကမ်းနားသို့ ရောက်သွားကြ၏။ ထိုအချိန် တောထဲမှ ပြန်ရောက်လာသော အဿမုခီဘီလူးမသည် သားနှင့်လင်ကို မတွေ့ရသောအခါ ခြေရာခံ၍ အလျင်အမြန်လိုက်လာခဲ့ရာတွင် မြစ်ကမ်းနားသို့တိုင်ရောက်လာတော့၏။ ထိုအခါတွင်ကား သားနှင့်လင်ဖြစ်သူသည် ၎င်းပိုင်ဆိုင်ရာနယ်မြေအတွင်း မရှိတော့ဘဲ မြစ်တစ်ဖက်ကမ်းသို့ပင် ရောက်ရှိနေကြပြီ ဖြစ်ပေသည်။ ဘီလူးမသည် သားနှင့်လင်ကို ပြန်လာရန် တကြော်ကြော်အော်၍၊ ၎င်း၏ ခေါ်





www.burmeseclassic.com

www.burmeseclassic.com

၏။ သို့သော် သားနှင့်လင်တို့ကား ဦးပင် ပြန်မလှည့်ကြတော့ချေ။ ထိုရောအခါ ခေါ်၍မရတော့သည့်အဆုံးတွင် မိခင် အဿမုခီ ဘီလူးမကြီးက ငိုယိုလျက်က "သားမောင်ငယ်သွေး လူကလေးရေ၊ သားမောင်တို့ ပြန်မလာကြတော့ဘူးဆို လျှင်လည်း ရှိစေတော့။ သို့သော် လူ ပြည်လူ့ဌာနေတို့၌ အသက်မွေးရန် အ တတ်ပညာတစ်စုံတစ်ရာမရှိချေက ငါ့ သားမောင် ဇကာန်ဒုက္ခရောက်ပေတော့ မည်။ သို့ကြောင့် သားမောင်ကို စိန္တာ မဏိမည်သော မန္တန်မန္တရားအတတ်ကို အမိ သင်ပေးလိုက်ပါအံ့။ ထိုမန္တန်၏အ စွမ်း အာနုဘော်ဖြင့် သားမောင်သည် (၁၂) နှစ်အထက် သူတစ်ထူးတို့ ယူ ဆောင် ခိုးဝှက်သွားသော ဥစ္စာပစ္စည်း များကိုပင်လျှင် ခြေရာကောက်၍ သိနိုင် ပေလိမ့်မည်။ ရှိသေစွာ နာယူပါလော့ သားမောင်" ဟု သားဖြစ်သူကို လှမ်း ပြောရှာသည်။

ထိုအခါ သားဖြစ်သူလည်း မိခင် ဘီလူးမကြီးကို လက်အုပ်ချီ ရှိခိုးလျက် အလွန်ရိုသေစွာ နာယူသဖြင့် စိန္တာမဏိ မန္တန်တော်မြတ်ကို ကောင်းစွာ တတ် မြောက်သွားခဲ့လေသည်။ သားဖြစ်သူ မန္တန်ကိုတတ်မြောက်သွားသည်နှင့် မိခင် အဿမုခီဘီလူးမလည်း ထိုနေရာ၌ပင် ရင်ကွဲ၍ သေပွဲဝင်ရှာလေတော့၏။ ပုဏ္ဏားသားအဖတို့လည်း အဿမုခီ ဘီလူးမအား ကောင်းစွာ မီးသဂြိုဟ်ခဲ့ ကြပြီးနောက် ဆက်လက်ထွက်ခွာလာ ခဲ့ကြရာ ဗာရာဏသီပြည်သို့ ရောက်ကြ လေသည်။ နောက်ဆုံး ဗြဟ္မဒတ်မင်း ကြီးနှင့်ဆုံမိကြပြီး သားဖြစ်သူက ၎င်း သည် ဥစ္စာပျောက် ခြေရာကောက်အ တတ်ကိုကျွမ်းပါကြောင်း လျှောက်ထား သဖြင့် မင်းကြီးထံ ခစားခွင့်ရရှိခဲ့ပြီး နေ့ စဉ် အသပြာငွေ (၁၀၀၀) လည်း ရ၏။ ထိုအခါမှစ၍ ထိုသားပုဏ္ဏားလုလင်အား 'ပဒကုသလမာဏဝ' ဟု ခေါ်ကြလေ သည်။

ဤသို့ဖြင့် ရက်၊ လအတန်ကြာ သောအခါ ပဒကုသလသည် သူပြော သလို အမှန်တကယ် အစွမ်းရှိ မရှိသိနိုင် ရန် မင်းကြီးနှင့် ပုရောဟိတ်ပုဏ္ဏားကြီး တို့သည် နန်းတွင်းရတနာပစ္စည်းများကို နန်းဥယျာဉ်ထဲရှိ ရေကန်ထဲ၌ ဝှက်ထား လိုက်ကြ၏။ ထို့နောက် မင်းကြီးသည် ပဒကုသလကိုခေါ်၍ လူအများစုဝေး သော နန်းရင်ပြင်၌ ပျောက်ဆုံးသွား သော နန်းတွင်းရတနာပစ္စည်းများကို သူ ၏ပညာဖြင့် ရှာဖွေဖော်ထုတ်ပေးရန် တောင်းဆိုလိုက်၏။ ထိုအခါ ပဒကုသ လက-

"မြတ်သောမင်းကြီး၊ မစိုးရိမ်ပါ လင့်၊ ဤကိစ္စကား ကျွန်တော်မျိုး၏အ ရာသာတည်း"

ဟုဆိုကာ မိခင်ဖြစ်သူ အဿမုခီ ဘီလူးမကိုအာရုံပြုရှိခိုး၍ မိခင်သင်ပေး လိုက်သော စိန္တာမဏိမန္တန်တော်ကို ရွတ် လျက် နန်းရင်ပြင်ပေါ်၌ ရပ်လျက်က-

"မြတ်သောမင်းကြီး၊ ခိုးသူတို့၏ ခြေရာကို တွေ့ရပါပြီ။ ပစ္စည်းများရှိရာ အရပ်ကိုလည်း သိမြင်ရပါပြီ"

ဟုဆိုကာ နန်းဥယျာဉ်သို့သွား၍ မင်းကြီးနှင့်ပုရောဟိတ်တို့ ဖွက်ထား သော နန်းတွင်းရတနာပစ္စည်းထုပ်ကို ဥယျာဉ်ရေကန်ထဲမှ ဆယ်ယူပြီး ဆက် သလိုက်၏။ ထိုအခါ ပြည်သူအပေါင်းတို့ သည် ပဒကုသလ၏စွမ်းရည်ကိုအံ့အား သင့် နှစ်ခြိုက်လွန်းကြရကား ချီးကျူး ထောမနာ သြဘာပေးကြလေသည်။

သို့ရာတွင် ဘုရင်က ပဒကုသလ သည် ပျောက်နေသော ပစ္စည်းဥစ္စာကို ကား ဖော်ထုတ်နိုင်၏။ ခိုးသူကိုကား ဖော်ထုတ်နိုင်စွမ်းမရှိဟု မှတ်ထင်၏။ သို့ နှင့် ခိုးသူကိုပါ ဖော်ထုတ်ပေးရန် မင်း ကြီးက တောင်းဆိုရာ ပဒကုသလက ခိုး သူတို့မှာ မင်းကြီးနှင့်ပုရောဟိတ်တို့ဖြစ် ကြောင်း သွယ်ဝိုက်၍ ပြောဆိုလျှောက် ထား၏။ သို့ရာတွင် မင်းကြီးက ခိုးသူကို အတိအကျ ဖော်ထုတ်ပေးရန် အတင်း အကျပ် အမိန့်ပေး တောင်းဆိုသည်နှင့် နောက်ဆုံးတွင် တောင်းပန်မရသည့်အ ဆုံး ပဒကုသလလည်း ခိုးသူမှာ အခြား မဟုတ်၊ မင်းကြီးနှင့်ပုရောဟိတ်တို့ကိုယ် တိုင်ပင်ဖြစ်ကြကြောင်း ဖော်ထုတ်ပြော ဆိုလိုက်တော့သည်။ ထိုစကားကြား သည်နှင့်တစ်ပြိုင်နက် စုဝေးရောက်ရှိနေ ကြသော ပြည်သူအပေါင်းတို့သည် မင်း ကြီးနှင့် ပုရောဟိတ်တို့ကို ဝိုင်းဝန်းရိုက် ပုတ်လိုက်ကြရာ ထိုနေရာ၌ပင် သေဆုံး သွားကြလေတော့သည်။

ဤဇာတ်တော်တွင် ပဒကုသလ မှာ ဂေါတမဗုဒ္ဓဘုရားအလောင်း၊ ဖခင် ပုဏ္ဏားမှာ ရှင်မဟာကဿပအလောင်း အလျာ ဖြစ်ကြပေသည်။ ဇာတ်တော် တွင်ပါရှိသည့်အတိုင်း အလောင်းတော် ပဒကုသလမာဏဝသည် မိခင် အဿ မုခီဘီလူးမ သင်ပေးလိုက်သော စိန္တာ မဏိ ဂါထာမန္တန်တော်၏ တန်ခိုးအာနု ဘော်ကြောင့် ပျောက်နေသော ဥစ္စာ ပစ္စည်းများ၊ ပစ္စည်းခိုးသူများကို ဖော် ထုတ်နိုင်၏။ ထို့မှမက မြေပေါ်၊ မြေ အောက်ရှိ ဥစ္စာရတနာများကိုပင် မြင် နိုင်တွေ့နိုင်သည် ဟူ၏။ ထို့အပြင် မန္တန် ၏အာနုဘော်ကြောင့် နောက်ဆုံးတွင် ပြည်သူအပေါင်းတို့က ပဒကုသလကို အဘိ သိက်သွန်း၍ မင်းအဖြစ် တင်မြှောက် လိုက်ကြ၏။ ဤမျှ တန်ခိုးထက်သော စိန္တာမဏိမန္တန်ပေတည်း။

ဤနေရာတွင် စိန္တာမဏိ ဂါထာ မန္တန်ဟု အမည်တွင်သော ဂါထာမန္တန် တို့ ရှိကြရာတွင် မည်သည့် ဂါထာမန္တန် သည် အထက်ပါ ပဒကုသလမာဏဝ ဇာတ်တော်တွင် မြတ်စွာဘုရားဟော ကြားသော မူရင်း စိန္တာမဏိမန္တန်ဖြစ် သည်ကို မည်သူမျှ အတပ်မပြောနိုင် ကြ။ ဇာတ်တော်တွင်လည်း ပဒကုသလ ကို မိခင်အဿမုခီဘီလူးမက စိန္တာမဏိ မန္တန်မည်သော မန္တန်ကို သင်ပေးလိုက် သည်ဟုသာပါသည်။ ထိုမူရင်း စိန္တာမဏိ မန္တန်အစစ်ကိုမူ ထည့်သွင်းဖော်ထုတ် ဟောကြားတော်မူခဲ့ခြင်း မရှိချေ။

## ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်မှ စိန္တာမဏိမည်သောမန္တန်များ

အထက်တွင် တင်ပြခဲ့ပြီးသည့်အ တိုင်း ပဒကုသလမာဏဝ ဇာတ်တော် တွင် မိခင်အဿမုခီဘီလူးမက သားဖြစ် သူ ပဒကုသလကို သင်ပေးလိုက်သော မူရင်း စိန္တာမဏိမန္တန်တော်ကို မသိရှိကြ လင့်ကစား မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယ လော ကီပညာရှင်ကြီးများ အဆက်ဆက် လက်ခံဆောင်ယူ ပွားများပူဇော်နေကြ သော စိန္တာမဏိအမည်ရှိ ဂါထာမန္တန် အချို့ ရှိကြပါသည်။ ထိုမန္တန်များသည် လည်း ယုံကြည်ရိုသေစွာ ဆောင်ယူပွား များပါက ကြီးစွာသော အကျိုး တန်ခိုး သိဒ္ဓိများကို ရရှိခံစားနိုင်သော အာနု ဘော်အစွမ်းရှိသော ဂါထာမန္တန်များ ဖြစ် ပါသဖြင့် ဤမဂ္ဂဇင်းကြီး၏ စာဖတ်ပရိ သတ်အပေါင်း သူတော်ကောင်းတို့ အ ကျိုးအလို့ငှာ လည်းကောင်း၊ ဤစိန္တာ မဏိအမည်ရှိ ဂါထာမန္တန်တော်များကို ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်ကြီး များ မည်သို့ စီရင်ဆောင်ယူကြသည် ကိုလည်း သိရှိအတုယူ အသုံးချနိုင်ကြ စေရန်အလို့ငှာ လည်းကောင်း ဖော် ထုတ်တင်ပြလိုက်ပါသည်။

**စိန္တာမဏိမန္တန်တော် အမှတ် (၁)**

စိန္တာမဏိ ဒီပင်္ကံ တံ၊ ဘုမ္မိယ- စောရ ပါရည်ို။



www.burmeseclassic.com

www.burmeseclassic.com

ဒိပ္ပစက္ခုံ ပိ ဒိသာရေ စန္ဒာဒေဝိ
အဿမုခိ၊
စိန္တာမဏိ ပိယံ မမ၊ ခန့် ယသံ
ဒါသ ဒါသိ၊
ဟောမိ ပဿတိ ဒိဋ္ဌေဟံ၊ မာတာ
ပုတ္တံဝ ညြရသံ။

**အဿမုခိ-** မျက်ရည်ယိုသော မျက်နှာရှိသော၊ **စန္ဒာဒေဝိ-** စန္ဒာဒေဝီဘီလူးမသည်၊ **စိန္တာမဏိ-** ပေးအပ်သော စိန္တာမဏိမန္တန်သည်၊ **ဒိပက်ံ တံ-** မှိုရာ ကျွန်းသဖွယ်ကို ပြုတတ်သည်။ **ဘုမ္မိ စောရ ပါရဿိ-** မြေပြင်၌သွားလာသော သံ့ခိုးကို ဖမ်းယူရာ၌ ကမ်းတစ်ဖက်သို့ ရောက်သည် ဖြစ်၏။ **ဒိဗ္ဗစက္ခုံပိ-** နတ်မျက်စိအလား၊ ဒိဗ္ဗစက္ခုသည်လည်း၊ **ဒိ သာရေ-** ထင်၏။

**စိန္တာမဏိ-**ထိုစိန္တာမဏိမန္တန်တော်သည်၊ **မမ-** ငါ့အား၊ **ပိယံ-** သတ္တဝါဟူသမျှတို့၏ ချစ်ခြင်းသည် (ဟောတု- ဖြစ်စေသတည်း။)၊ **ခန့်-** ဥစ္စာသည် လည်းကောင်း၊ **ယသံ-** အခြံအရံသည်လည်းကောင်း၊ **ဒါသဒါသိ-** ကျွန်ယောကျ်ား၊ ကျွန်မိန်းမသည် လည်းကောင်း (ဟောတု-ဖြစ်စေသတည်း။)၊ **ယော-**အကြင်သူသည်၊ **မံ-**ငါ့ကို၊ **ပဿတိ-** ကြည့်မြင်၏။ **သော-** ထိုသူသည်၊ **မာတာ-** မိခင်သည်၊ **ညြရသံ-** ရင်၌ဖြစ်သော၊ **ပုတ္တံဝ-** သားကဲ့သို့ **အဟံ-** ငါ့ကို၊ **ဒိဋ္ဌေ-** မြင်စေသတည်း။ (ထင်မှတ်စေသတည်း။)

အထက်ဖော်ပြပါ မန္တန်တော်ကား ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်အချို့ ဆောင်ယူ ရွတ်ပွားလေ့ရှိသော စိန္တာမဏိမန္တန်တစ်မျိုး ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်အမြင်၌မူ ထိုမန္တန်သည် စိန္တာမဏိမန္တန်တော်ဆိုသည်ထက် စိန္တာမဏိမန္တန်တော် (အောက်၌ ဖော်ပြပါမည်။) ကြီး မရွတ်မီ ပရိက်ံပြုသည့် နိဒါန်းသဘောမန္တန်တော်ဟု (ဝါ) စိန္တာမဏိ ပရိက်ံပြုမန္တန်ဟု ခေါ် ချင်ပါသည်။ အကြောင်းမူကား မန္တန်တော်၏အနက်အဓိပ္ပာယ်သဘောသွားကိုကြည့်လျှင် စိန္တာမဏိမန္တန်၏မူလပိုင်ရှင် စန္ဒာဒေဝီ အဿမုခီဘီလူးမယ်တော်ကြီးကို တိုင်တည်ထားဟန်၊ ဦးတိုက်ထားဟန် သဘောလက္ခဏာကို ပို၍ဆောင်နေကြောင်း တွေ့ရပါလိမ့်မည်။ သို့ဖြစ်ရာ ဤစာရေးသူ၏ သဘောအလိုဆန္ဒအရသော်ကား မည်သည့် စိန္တာမဏိ ဂါထာ၊ မန္တန်၊ မန္တရားမျိုးကိုမဆို ရွတ်ပွားသရဇ္ဈာယ်ခြင်း မပြုမီ ဤစိန္တာမဏိမန္တန် အမှတ် (၁) ကို အလျှင်ဦးစွာ ရွတ်ဆိုသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ သို့သော် ဤမန္တန် အမှတ် (၁) ကို ရွတ်ပွားရုံနှင့်ပင် ထူးကဲသောအကျိုးများ ရရှိကြသည်ဟု ဆိုထားပါသည်။

**အမှတ် (၂) စိန္တာမဏိမန္တန်တော်ကြီး**

ဩြာင်း နမော အနန္တ ကောဋိကပ္ပော၊ သဗ္ဗညုတဉာဏံ စိန္တတိ စိန္တော။

သဗ္ဗဒေဝါယ သင်္ဂမော၊ သောမသေသာ၊ မနောဟာရော၊ စိန္တောစိန္တာနံ စိန္တတိ စိန္တော။

ဘုမ္မိပုဒေသေ စိန္တတိစိန္တော၊ တြိဘုမ္မိ ရတ္တိ စိန္တတိစိန္တော၊ သတ္တလောကံ စိန္တတိစိန္တော။

ဩကာသလောကံ စိန္တတိ စိန္တော၊ သင်္ခါရလောကံ စိန္တတိစိန္တော။ နာမရူပံ စိန္တတိ စိန္တော။ ကုသလံ အကုသလံ အဗျာကတံ စိန္တတိ စိန္တော၊ သုခံ ဒုက္ခံ အဒုက္ခမ သုခံ စိန္တတိ စိန္တော။

စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ စိန္တတိ စိန္တော။ မဂ္ဂ ပုဂ္ဂလံ ဖလံစိန္တတိ စိန္တော။

ဈာနံ ဈာနင်္ဂ စိန္တတိ စိန္တော၊ အရဟတ္တံ အရဟတ္တ မဂ္ဂံ စိန္တတိ စိန္တော။

နိရောဓံ နိရောဓ သမာပန္နံ စိန္တတိ စိန္တော။ သတ္တခမ္မံ သတ္တဗောဇ္ဈင်္ဂ စိန္တတိ စိန္တော။

အရိယံ အဋ္ဌင်္ဂီ ကံ မဂ္ဂံ စိန္တတိ စိန္တော။ စတုရောခမ္မံ စတ္တာရိ ကုဒ္ဓိပါဒါနိ စိန္တတိ စိန္တော။

ပဉ္စသမ္ဘိဒါမဂ္ဂံ စတ္တာရိ ပဉ္စသမ္ဘိဒါမဂ္ဂါနိ စိန္တတိ စိန္တော။ အရိယသစ္စံ စတ္တာရိ အရိယသစ္စာနိ စိန္တတိ စိန္တော။ အဝိဇ္ဇာသုအဝိဇ္ဇာ ဘာဂိယေသု စိန္တတိ စိန္တော။ ဝိမုတ္တိ ဉာဏေသု စိန္တတိ စိန္တော။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယ ဉာဏေသု စိန္တတိ စိန္တော။

လောကိယ လောကုတ္တရ ဉာဏေသု စိန္တတိ စိန္တော။ ကဗဠီကာရ ဟာရေသု စိန္တတိ စိန္တော။

ပညတ္တိ ဓမ္မ ပရမတ္ထ ဓမ္မေသု စိန္တတိ စိန္တော။ ကုတ္တိဘာဝ ပုမ္ဘာဝေသု စိန္တတိ စိန္တော။

အပ္ပကာ ဗဟုတေသု စိန္တတိစိန္တော။ အတီတာ နာဂတပစ္စုပ္ပန္နေသု စိန္တတိ စိန္တော။

သဗ္ဗဇန စိတ္တေသု စိန္တတိ စိန္တော။ ဧတေန မနောဟာရေန မဏိရတနံ ဝိယ သဗ္ဗကာမ ပူရဏော ဂရုဝါရုဝါဒိဝသေန သဇ္ဈာယန္တာနံ ပဝရော သမ္မာသမ္ဗုဒ္ဓေန ဒေသိတော၊ အယံ မန္တော စိန္တ နတ္တေန စိန္တာမဏိ ယောနာမာတိ၊ ကုစ္ဆေတံ၊ အာသနံ တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယ၊ ဝသာယ ဝသာယ၊ ဒဒါတု ဒဒါတု၊ စိန္တာမဏိ ရတနံ မံပါလေတု။ ဟုလု ဟုလု၊ သွာဟာယျ၊ သွာဟုံဟုံ။

**စိန္တာမဏိ (အဖုံးမန္တန်)**

ဩြာင်း နမော အနန္တ ကောဋိကပ္ပော၊ သဗ္ဗညုတ ဉာဏော၊ သဗ္ဗဒေဝဂဏော၊ စိန္တတိ စိန္တော။ စိန္တ နတ္တေန စိန္တာမဏိ ယော၊ မနောမယ ဂြဟိတော၊ အတုလျ ဝရ ဂုဏ ဓမ္မော၊ သဗ္ဗကာမ ပူရဏော၊ စိန္တာမဏိဂြသိဒ္ဓေါ၊ ဂြဝဏ္ဏော၊ ပဝရော၊ တြိဘဝ နသ္ဘာရော၊ သုဂတော၊ သဗ္ဗဝေရိနံ နိဝါရဏော၊ အကာလမရဏ နိဝါရဏော၊ မတျု ဝဥ္စနာ၊ ဒီယာယုကော၊ သိဒ္ဓိကောရော၊ ပုညဝန္တော၊ မဟာတေဇော၊ မဟာလာဘော၊ မဟာယသော၊ ဘဂျဝန္တော၊ ဒိဋ္ဌဓမ္မ ဝေဒနိယဘူတော၊ အရိယာဖလဝရဓမ္မော၊ အနန္တ သမ္မာသမ္ဗုဒ္ဓေါ ဒေသိတော၊ ဝိသုဒ္ဓိ ဒေဝေါ၊ နရာသဘော၊ ပရမေသွာရော၊ မဟာဒေဝေါ၊ ဝရဝဏပ္ပတ္တော၊ ကုန္ဒဒေဝေါ၊ မဟာဗြဟ္မာ၊ မဟေသွာရော၊ ဘုမ္မိဝသုန္ဒရော၊ မဥ္ဇူသိရိကော၊ မဏိမေခလာ၊ အာကာသဒေဝေါ၊ ရုက္ခဒေဝေါ၊ နာဂေါ၊ သုပဏ္ဏော၊ ဂန္ဓဗ္ဗော၊ စတုလောကပါလော၊ သူရိယော၊ စန္ဒိမာ၊ နက္ခတ္တရော၊ ဟိမဝန္တော၊ သိနေရုပဗ္ဗတော၊ စက္ကဝါဠ သိလုစ္စယော၊ သတ္တပဗ္ဗတော၊ ဂင်္ဂါယမုနာ အစိရဝတီ မဟီ သရဘူ၊ ဇမ္ဗူ ရုက္ခော၊ ကဒမ္ဗော၊ ကပ္ပရုက္ခော၊ သိရိယောပါဋလိ၊ သိဗ္ဗလိ၊ ပါရိဆတ္တကော၊ ဆဒ္ဒန္တော၊ ဧရာဝဏော၊ ဥသဘော၊ သိရိဒဒေါ၊ ဝေပုလ္လ ပဗ္ဗ တပသော၊ မနောဟာရော၊ မဏိရတနံ၊ ဝိယသဗ္ဗကာမပူရနော၊ ဂရုဂါရုဝဒိနသေန သဇ္ဈာယန္တာနံ၊ ပဝရော သမ္မာသမ္ဗုဒ္ဓေန ဒေသိတော၊ အဟံ မန္တော စိန္တ နတ္တေန၊ စိန္တာမဏိ ယော နာမတိ၊ ကုစ္ဆေတံ အာသနံ တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယ၊ ဝသာယ ဝသာယ၊ ဒဒါတု ဒဒါတု၊ စိန္တာမဏိ ရတနံ မံပါလေတု၊ ဟုလု ဟုလု၊ သွာဟာယျ၊ သွာဟုံဟုံ။

**စိန္တာမဏိအထဲဂါထာအနက်**

**နမော-** သုံးပါးရတနာ ဆရာမိဘတို့အား ရှိခိုးခြင်းကို၊ **ကရောမိ-** ပြုပါ၏။ **ဩ-** ဥပဒ်ဘေးဒဏ်၊ ရန်မာန်အပေါင်းကို၊ **တာရံ-** စောင့်ရှောက်ပြီးစီး အောင်မြင်စေသတည်း။ **အနန္တကောဋိကပ္ပော-** အဆုံးအပိုင်းအခြား မရှိသော၊ **ကပ္ပ-** ကုဋေပတ်လုံး ဆည်းပူးအပ်သော ပါရမီ ပုည သမ္ဘာရ ရှိသည်ဖြစ်၍၊ **သဗ္ဗညု**



www.burmeseclassic.com

www.burmeseclassic.com

**တဉာဏံ**- သဗ္ဗညုတ ဉာဏ်တော်ကို၊ **စိန္တတိ စိန္တေ**- ကြံတတ် သိတတ်သော ဗုဒ္ဓါ သာဝကတို့ထက် လွန်ကဲထူးမြတ် ကြံတတ် သိတတ်သော မြတ်စွာဘုရားသည်၊ **သဗ္ဗဒေဝါယ၊ သဗ္ဗဒေဝါနံ**- အလုံးစုံသော နတ်အပေါင်းတို့၏၊ **သင်္ဂဇ္ဇော**- ပေါင်းဆုံစည်းဝေးရာ ဖြစ်တော်မူ၏။ **သောမနဿော**- နှစ်သက်ဝမ်းမြောက်ခြင်းကို ပွားစေတတ်၏။ **မနောဟာရော**- စိတ်နှလုံးကို ယူကျုံးဆောင်ယူတတ်သည်ဖြစ်၍၊ **စိန္တေစိန္တနံ**- ကြံကုန် သက်ဝင်ကုန်၍ ကြံကုန်သောသူတို့ထက်၊ **စိန္တတိစိန္တေ**- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တတ်၏။ **ဘုမ္မိပဒေသေ**- ထိုထိုဘုံအရပ်၌တည်နေသော သတ္တဝါသင်္ခါရတို့ကို၊ **စိန္တတိ စိန္တေ**- တတ်၏။ **တိဘုမ္မိကတ္တိ**- ဘုံသုံးပါး၌ဖြစ်သောမွေ့လျော်ခြင်းတို့ **စိန္တတိစိန္တေ**- သူကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တတ်၏။ (ရှေ့၌ တတ်၏ဟုသာ အကျဉ်းချုပ်ဖော်ပြပါမည်။) **သတ္တလောကံ**- သတ္တလောကကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ဩကာသလောကံ**- ဩကာသလောကကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **သင်္ခါရလောကံ**- သင်္ခါရလောကကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **နာမရူပံ**- နာမ်နှင့်ရုပ်ကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ကုသလံ**- ကုသိုလ်တရားကို၊ **အကုသလံ**- အကုသိုလ်တရားကို၊ **အဗျာကတံ**-အဗျာကတတရားကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **သုခံ**- သုခဝေဒနာကို၊ **ဒုက္ခံ**-ဒုက္ခဝေဒနာကို၊ **အဒုက္ခမသုခံ**- သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်သော ဝေဒနာတရားကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။

**စိတ္တံ**- စိတ်ကို လည်းကောင်း၊ **စေတသိကံ**- စိတ်နှင့်ယှဉ်သော စေတသိက်တရားတို့ကို လည်းကောင်း၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ရူပံ**- ရုပ်တရားတို့ကိုလည်း၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **နိဗ္ဗာနံ**- နိဗ္ဗာန်ကို လည်းကောင်း၊ **မဂ္ဂဋ္ဌလံ**- မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို၊ **ဖလံ**- ဖလဋ္ဌာန်ပုဂ္ဂိုလ်ကို လည်းကောင်း၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ဈာနံ**- ဈာန်တရားတို့၊ **ဈာနင်္ဂံ**- ဈာန်၏အင်္ဂါကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **အရဟတ္တံ**- အရဟတ္တဖိုလ်ကို၊ **အရဟတ္တမဂ္ဂံ**- အရဟတ္တမဂ်ကို၊ **နိရောဓံ**- နိရောဓသမာပတ်ကို၊ **နိရောဓ သမာပန္နံ**-နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်ကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **သတ္တဓမ္မံ**- သူတော်ကောင်းတရားခုနစ်ပါးကို လည်းကောင်း၊ **သတ္တဗောဇ္ဈင်္ဂံ**- ဗောဇ္ဈင်တရားခုနစ်ပါးကို၊ **စိန္တတိစိန္တေ**. . . တတ်၏။ **အရိယံ**-မြတ်သော၊ **အဋ္ဌင်္ဂိကံ**-အင်္ဂါရှစ်ပါးရှိသော၊ **မဂ္ဂံ**- မဂ္ဂင်တရားကို၊ **စိန္တတိစိန္တေ** . . . တတ်၏။ **စတုရောဓမ္မံ၊ စတုရောဓမ္မေ**- သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်တရားလေးပါး မြတ်တရားတို့ကို၊ **စတ္တာရိ ဣဒ္ဓိပါဒါနိ**- ဣဒ္ဓိပါဒ်လေးပါးတို့ကို၊ **စိန္တတိ စိန္တေ** . . . တတ်၏။ **ပဋိသမ္ဘိဒါမဂ္ဂံ**-ပဋိသမ္ဘိဒါမဂ်ကို၊ **စတ္တာရိ ပဋိသမ္ဘိဒါမဂ္ဂါနိ**- လေးပါးသော ပဋိသမ္ဘိဒါမဂ်ပုဂ္ဂိုလ်တို့ကို၊ **အရိယသစ္စံ**- အရိယသစ္စာကို၊ **စတ္တာရိ အရိယသစ္စာနိ**- လေးပါးသော အရိယာသစ္စာပုဂ္ဂိုလ်တို့ကို၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **အဝိဇ္ဇာသု**- အဝိဇ္ဇာတို့၌၊ **အဝိဇ္ဇာဘာဂိယေသု**- အဝိဇ္ဇာ၏အဖို့ဖြစ်သော တရားတို့၌၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ဝိမုတ္တိဉာဏေသု**-ဝိမုတ္တိဉာဏ်တို့၌၊ **စိန္တတိစိန္တေ** . . . တတ်၏။ **ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယ ဉာဏေသု**-ပုဗ္ဗေနိဝါသဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ်တို့၌၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **လောကိယ လောကုတ္တရဉာဏေသု**- လောကီဉာဏ် လောကုတ္တရာဉာဏ်တို့၌၊ **စိန္တတိစိန္တေ** . . . တတ်၏။ **ကာဗဋ္ဌိကာရေဟာရေသု**- အလုပ်အလွေ့ အာဟာရတို့၌၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ပညတ္တိဓမ္မေ ပရမတ္ထဓမ္မေသု**-ပညတ်တရား ပရမတ်တရားတို့၌၊ **စိန္တတိစိန္တေ**. . . တတ်၏။ **ဣတ္ထိဘာဝ ပုမ္ဘာဝေသု**- ဣတ္ထိဘော ပုမ္ဘောတို့၌၊ **စိန္တတိစိန္တေ**. . . တတ်၏။ **ပဉ္စကာမဂုဏေသု**- ငါးပါးသော ကာမဂုဏ်တို့၌၊ **စိန္တတိစိန္တေ**. . . တတ်၏။ **အပ္ပက ဗဟုတေသု**- အနည်းအများတို့၌၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **အတီတာနာဂတ ပစ္စုပ္ပန္နေသု**- အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **သဗ္ဗဇန စိတ္တေသု**- အလုံးစုံသော သတ္တဝါတို့၏စိတ်တို့၌၊ **စိန္တတိ စိန္တေ**. . . တတ်၏။ **ဧတေန**- ဤဆိုအပ်ခဲ့ပြီးသောသဘောရှိသော၊ **မနောဟာရေန**- စိတ်နှလုံးကို ဆောင်တတ်သောသဘောကြောင့်၊ **အယံမန္တော**- ဤမန္တရားသည်၊ **မဏိရတနံ ဝိယ**- စကြဝတေးမင်း၏ မနောမယပတ္တမြားရတနာကဲ့သို့၊ **သဗ္ဗကာမပူရဏော**- အလုံးစုံသောအလိုကိုပြည့်စေတတ်၏။ **ဂရုဂါရဝါဒိဝသေန**- ဆရာ၏ရှိသေလေးမြတ်စေခြင်း စသည်၏အစွမ်းဖြင့်၊ **သဇ္ဈာယန္တာနံ**-သရဇ္ဈာယ်ကုန်သောသူတို့အား၊ **ပဝရော**- အထူးသဖြင့် မြတ်သောမန္တရားဟူ၍၊ **သမ္မာသမ္ဗုဒ္ဓေန**- မြတ်စွာဘုရားသည်၊ **ဒေသိတော**- ဟောတော်မူအပ်၏။ **အယံ မန္တော** - ဤမန္တရားကို၊ **စိန္တနတ္တေန**- အပိတ်အပင် အဆီးအတားမရှိ သိမြင်ကြံစည်တတ်သောအနက်ကြောင့်၊ **စိန္တာမဏိ ယောနာမာတိ**- စိန္တာမဏိ အမည်ရှိ၏ဟူ၍၊ **ဝုစ္စတိ**-ဆိုအပ်၏။ **ဣတိ**- ဤသို့၊ **တေံ အယံ မန္တော**- ဤမန္တရားသည်၊ **အာသန္နံ**- ငါ၏နေရာအရပ်သို့၊ **အာဂမ္မ**- ကပ်၍၊ **ဒီပါယ ဒီပါယ**- မှီခိုကိုးကွယ်ရာ၊ မှီခိုကိုးကွယ်ရာ ဖြစ်ခြင်းငှာ၊ **ဝသာယ ဝသာယ**- ငါတို့အလိုအာဏာသို့ ပါခြင်းငှာ၊ **တိဋ္ဌတု တိဋ္ဌတု**- တည်စေသတည်း၊ တည်စေသတည်း။ **ဒဒါတု ဒဒါတု**- အောင်ခြင်းမင်္ဂလာ ချမ်းသာစီးပွား များပြားခြင်းရွှေ ဘုန်းကျက်သရေ တိုးတက်ခြင်းကို ပေးစေသတည်း၊ ပေးစေသတည်း။ **စိန္တာမဏိရတနံ**- စိန္တာမဏိ မန္တရားရတနာသည်၊ **မံ**- ငါ့ကို၊ **ပါလေတု**-ရံတား စောင့်ရှောက်ပါစေသတည်း။ **ဟုလု ဟုလု**- လျင်စွာ လျင်စွာ၊ **သွာဟာယျ သုအာဟာယျ**- အောင်ခြင်းမင်္ဂလာ ချမ်းသာစီးပွား တိုးတက်ခြင်းကို ရှေးရှုကောင်းစွာ ဖြစ်စေသတည်း။

**စိန္တာမဏိအဖုံးဂါထာအနက်**

**နမော**- ရတနာသုံးပါး မိဘဆရာတို့အား ကန်တော့ရှိခိုးခြင်းကို၊ **ကရောမိ**-ပြုပါ၏။ **ဩ**- ဥပဒ်ဘေးဒဏ် ရန်မာန်အပေါင်းကို ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင်စေသတည်း။ **အနန္တကောဋိ ကပ္ပော**- အဆုံးအပိုင်းအခြားမရှိသော ကပ္ပာ-ကုဋေပေတ်လုံး ဆည်းပူးအပ်သော၊ ပါရမီပုည သမ္ဘာရ ရှိသည်ဖြစ်၍ (ဂါ) ရှိသောကြောင့်၊ **သဗ္ဗညုတဉာဏော**- သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ **သဗ္ဗဒေဝဂဏော**- အလုံးစုံသောနတ်အပေါင်းတို့ကို၊ **စိန္တတိ စိန္တေ**- သူ ကြံစည် သိမြင်သည်ထက် လွန်ကဲထူးမြတ်၍ ကြံစည်သိမြင်တော်မူတတ်၏။ **စိန္တနတ္တေယ**- အပိတ်အပင် အဆီးအတားမရှိ သိမြင် ကြံစည်တတ်သောအနက်ကြောင့်၊ **စိန္တာမဏိယော**- စိန္တာမဏိမည်သော မန္တရားရတနာသည်၊ **မနောမယဂြဟိတော**- ရံကျောက် ရှစ်သောင်းလေးထောင် ဝေဘူလတောင်၌ ရောက်သော မနောမယ ပတ္တမြားရတနာကဲ့သို့ လိုရာအကျိုးကို ပြီးစေတတ်၏။ **အတုလျ ပဝရ ဂုဏဓမ္မော**- မနှိုင်းယှဉ်အပ်သော ထူးမြတ်သော ဘုရားကျေးဇူးတရားကိုပြတတ်သည်ဖြစ်၍၊ **သဗ္ဗ**



www.burmeseclassic.com

www.burmeseclassic.com

**ကာမ ပူရဏော**-အလုံးစုံသော နှလုံးအလိုကို ပြည့်စေတတ်၏။ **စိန္တာမဏိ**- သူတစ်ပါးတို့၏စိတ်အကြံကို လျင်မြန်စွာသိစေတတ်၏။ **ဖြသိဒ္ဓေါ**- မြတ်သောအကျိုးကို ပြီးစေတတ်၏။ **ဖြဝဏ္ဏော**- မြတ်သောအကျိုးကို ပြုတတ်၏။ **ပဝရော**- လွန်ကဲ ထူးမြတ်၏။ **တြိဘဝနသွာရော**- ဘုံသုံးပါး၌ ကောင်းသောသွားခြင်း ရှိသည်ဖြစ်၍၊ **သုဂတော**- လိုအပ်သော ကောင်းကျိုး၌ အလွန်သွားသည်။ **ယောတိ**-ဖြစ်၏။ **သဗ္ဗဝေရိနံ**- အလုံးစုံသော ရန်သူတို့ကို၊ **နိဝါရဏော**- စောင့်ရှောက် ကွယ်ငြား၊ မြစ်တားတတ်သည်၊ **ယောတိ**- ဖြစ်၏။ **အကာလ မရဏာနိဂါရနော**- အခါမဲ့ ဥပစ္ဆေဒကကံဖြင့် သေခြင်းကို တားမြစ်တတ်၏။ **မတ္တုဝဉ္စနာ**- သေမင်းကို လှည့်ပတ်ခြင်းဖြင့်၊ **ဒီဃာယုကော**- အသက်ရှည်ခြင်းကိုဖြစ်စေတတ်၏။ **သိဒ္ဓိကရော**- လောကအပြီးအစီး သိဒ္ဓိအပေါင်းကို ပြုပေတတ်၏။ **ပုညဝဍ္ဎော**- ဘုန်းရှိစေတတ်၏။ **မဟာတေဇော**- တန်ခိုးကြီးမားစေတတ်၏။ **မဟာလာဘော**- လာဘ်များစေတတ်၏။ **မဟာယသော**- ကြီးမားသော အခြံအရံကို ဖြစ်စေတတ်၏။ **ဘဂျဝဍ္ဎော**-ဘုန်းကျက်သရေနှင့်ပြည့်စုံစေတတ်၏။ **ဒိဋ္ဌဓမ္မဝေဒနီယဘူတော**- မျက်မှောက်ခံစားအပ်သော အကျိုးကို ထင်ရှားဖြစ်စေတတ်၏။ **အရိယဖလဝရဓမ္မော**- အရဟတ္တဖိုလ် ဟူသော မြတ်သောတရားနှင့်ပြည့်စုံသော၊ **ဝိသုဒ္ဓိဒေဝေါ**- ကျော်စောထင်ရှားသော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော၊ **အနန္တ သမ္မာသမ္ဗုဒ္ဓေါ**- အဆုံးအပိုင်းအခြား မရှိ များစွာသော ဘုရားရှင်တို့သည်၊ **ဓေသိတော**- ဟောတော်မူအပ်သော ဤရတနာတည်းဟူသော မန္တန်သည်၊ **မံ**- အကျွန်ုပ်ကို၊ **ပါလယတု**- စောင့်ရှောက် မ, စတော်မူစေသတည်း။ **ပရမေသွာရော**- ပရမေသွာရ အမည်ရှိသော၊ **မဟာဒေဝေါ**- နတ်မင်းကြီးသည်၊ **မံ**- (---ကို)၊ **ပါလယတု**- . . . တည်း။ **ဝရဂဏပုဏ္ဏော**-မြတ်သောဂိုဏ်းအခြွေအရံသို့ရောက်သော၊ **ကုန္ဒေဝေါ**- လောကပါလနတ်မင်းကြီး၏သား ကုန္ဒမည်သောနတ်သည် လည်းကောင်း၊ **မဟာ**-မြတ်သော၊ **ဖြဟ္မာ**- ဖြဟ္မမည်သောနတ်သည် လည်းကောင်း၊ **မဟာသွာရော**- မဟေသွာရ မည်သော နတ်သည်လည်းကောင်း၊ **ဘုမ္မိဝသုန္ဓရော**-ဘုမ္မိမည်သော မြေစောင့်နတ် ဝသုန္ဓြေနတ်သည် လည်းကောင်း၊ **မေ**- (---) အား၊ **ဇယဒေါ**- အောင်မြင်ခြင်းကို ပေးစေသတည်း။ **မဥ္ဇူ**- နန္ဒမူလိုဏ် မဉ္ဇူသကပန်းပင်၌စောင့်သောနတ်၊ **သိရိကော**- ကန္တာရတောကြမ်း ခရီးလမ်း၌ စောင့်သော ငွေဗိမာန်နှင့်နေသည့် သိရိကနတ်၊ မဏိမေခလာ- သမုဒ္ဒရာကိုစောင့်သော နတ်သမီး၊ **ရုက္ခဒေဝါ**- ရုက္ခစိုးနတ်၊ **နာဂေါ**- ဝိရူပက္ခ အစရှိသည် အမျိုးကွဲပြားနတ်နဂါးအပေါင်း၊ **သုပဏ္ဏော**- ဂဠုန်အပေါင်း၊ **ဂန္ဓဗ္ဗော**-ဂန္ဓဗ္ဗနတ်အပေါင်း၊ **စတုလောကပါလော**- စတုလောကပါလ နတ်မင်းလေးပါး၊ **သူရိယော**- နေနတ်သား၊ **စန္ဒိမာ**- လနတ်သား၊ **နက္ခတ္တတာရကာ**- နက္ခတ်တာရာတို့အား စောင့်သောနတ်အပေါင်း၊ **ဟိမဝန္တာ**- ဟိမဝန္တာတောင်စောင့်နတ်မင်း၊ **သိနေရုပဗ္ဗတော**- မြင်းမိုရ်တောင်နေ နတ်အပေါင်း၊ **စက္ကဝါဠ သိလုစ္စယော**- စကြဝဠာ တောင်စောင့်နတ်အပေါင်း၊ **သတ္တပဗ္ဗတော**- တောင်စဉ်ခုနစ်ထပ်စောင့်သောနတ်အပေါင်း၊ **ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီသရဘူ**-ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ အစိရဝတီမြစ်၊ မဟီမြစ်၊ သရဘူမြစ် စသောမြစ်တို့၌ စောင့်သောနတ်အပေါင်း၊ **ဓမ္မရုက္ခော**-တောင်ကျွန်းဦးသပြေပင်စောင့်နတ်၊ **ကဒမ္ဗော**-အရှေ့ကျွန်းဦး ထိမ်ပင်စောင့်နတ်၊ **ကပ္ပရုက္ခော**-မြောက်ကျွန်းဦး ပဒေသာပင်စောင့်နတ်၊ **သိရီသော**- အနောက်ကျွန်းဦး ကုက္ကိုပင်စောင့်နတ်၊ **ပါဠလိ**-အသုရာပြည် သခွတ်ပင်စောင့်နတ်၊ **သိမ္ဗလိ**-ဂဠုန်ပြည် လက်ပံပင်စောင့်နတ်၊ **ပါရိဆတ္တကော**- တာဝတိံသာ ပင်လယ်ကသစ်ပင်စောင့်နတ်၊ **ဆဒ္ဒန္တော**- ဆဒ္ဒန်အိုင်စောင့်နတ်၊ **ရောဝဏော**- ရောဝဏ်နတ်၊ **ဉသဘော**- ဇဝနသဘနတ်၊ **တေဒေဝါ**- ထိုဆိုအပ်ခဲ့ပြီးသောနတ်အပေါင်းတို့သည်၊ **ကေနစ္စိ ဝရင်**၌ဖြစ်သော တစ်ယောက်တည်းသောသားကဲ့သို့၊ **မံ**- (---) ကို၊ **ပါလယန္တု**- ကောင်းစွာစောင့်ရှောက် မ,စ စေကုန်သတည်း။



**အယံ မန္တော** - ဤမန္တရားသည်၊ **သိရိဒဒေါ**- အသရေကိုပေးတတ်၏။ **ဝေပုလ္လပဗ္ဗတပသော**- ဝေပုလ္လတောင်နံရံ၌ ရောက်သော၊ **မနောဟာရော**- နှလုံးအလိုကိုဆောင်တတ်သော၊ **မဏိရတနံဝိယ**- အရံကျောက် ရှစ်သောင်းလေးထောင်ရှိ၍ ရေနောက်မြူနည် ကြည်လင်စေတတ်သော လုံးပတ် သုံးထွာ အလျားလေးတောင် ပမာဏရှိသော မနောမယ ပတ္တမြားရတနာကဲ့သို့၊ **သဗ္ဗကာမ ပူရဏော**- အလုံးစုံသော အလိုဆန္ဒကို ပြည့်စေတတ်၏။ **ဂရုဂါရဝါဒိနသေန**- ဆရာ၌ ရှိသေလေးမြတ်ခြင်း စသည်တို့၏အစွမ်းဖြင့်၊ **သဇ္ဈာယန္တာနံ**- သရဇ္ဈာယ်ကုန်သော သူတို့အား၊ **ပဝရော**- အထူးသဖြင့်မြတ်သော၊ **မန္တံ**- မန္တရားဟူ၍၊ **သမ္မာသမ္ဗုဒ္ဓေန**- . . . သည်၊ **ဒေသိတော**-ဟောတော်မူအပ်၏။ **အယံမန္တော**- . . . ကို၊ **စိန္တနတ္တေန**- . . . ကြောင့်၊ **စိန္တာမဏိယော နုဘာတိ**- . . . ဟူ၍၊ **ဝုစ္စတိ**- . . . အပ်၏။ **ဣတိ**- . . . ဤသို့ **တေ့အယံမန္တော**- ဤမန္တရားသည်၊ **အာသနံ**- ငါ၏နေရာ အရပ်သို့၊ **အာဂမ္မ**- လာလတ်၍၊ **ဒီပါယ ဒီပါယ**- မိုးခိုကိုးကွယ်ရာ မိုးခိုကိုးကွယ်ရာ ဖြစ်ခြင်းငှာ၊ **ဝသာယ ဝသာယ**- ငါတို့အလိုအားဖြင့်သို့ ပါခြင်းငှာ ပါခြင်းငှာ၊ **တိဋ္ဌတု တိဋ္ဌတု**- တည်ရပါစေသတည်း တည်ရပါစေသတည်း။ **ဒဒါတု ဒဒါတု**- အောင်မြင်မင်္ဂလာ ချမ်းသာစီးပွား များပြားခြွေရွေ ဘုန်းကျက်သရေ တိုးတက်ခြင်းကို ပေးစေသတည်း ပေးစေသတည်း။ **စိန္တာမဏိရတနာနံ**- . . . သည်၊ **မံ**- . . . ကို၊ **ပါလေတု**- . . . တည်း။ **ဟုလု ဟုလု**- လျင်စွာ လျင်စွာ၊ **သွာဟာယျသုအာဟာယျ**- အောင်မြင်မင်္ဂလာ ချမ်းသာစီးပွား တိုးတက်ခြင်းကို ရှေးရှုကောင်းစွာ ဖြစ်စေသတည်း။ **သွာဟုံဟုံ သုအာဟုံဟုံ**- ကောင်းစွာတိုးပွားစေကုန်သတည်း။

၀

အထက်ဖော်ပြပါ မန္တန်တော်အား စိန္တာမဏိ အမည်ရှိသော စိန္တာမဏိများစွာထဲတွင် ဖွဲ့စည်းစပ်ဆိုထားသည့် မန္တန်စာသား အရေးအသားပြေပြစ်လှသကဲ့သို့ အနက်အဓိပ္ပာယ်တို့မှာလည်း အလွန်ထူးခြား လေးနက် ဆန်းပြားလှသဖြင့် ကျွန်ုပ်ကိုယ်တိုင်လည်း နေ့စဉ် နံနက်၊ ည ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်နေသော ဂါထာမန္တန်တော်ကြီး ဖြစ်ပါသည်။ စင်



www.burmeseclassic.com

www.burmeseclassic.com

စစ်အားဖြင့် အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ပဒကုသလ မာဏဝကတက ဝတ္ထုတော်ကြီးထဲတွင် သားကခင်၊ လင်က မကြင်တော့လေပြီမို့ စွန့်ပစ်ထားရစ်ခံခဲ့ရှာသော အသယမုခိဘီလူးကြီးမှာ သားကိုချစ်သောစိတ်၊ မိခင်တို့၏ ကြီးမားသောမေတ္တာတို့ဖြင့် မိမိကိုမခင်၍ စွန့်ခွာ ထွက်သွားလေပြီးဖြစ်သော သားအတွက် ရတက်မအေးနိုင်ရှာသောကြောင့် လူ့ဘုံ၊ လူ့လောကအလယ် သားမျက်နှာမငယ်ရအောင် အသက်မွေးဝမ်းကျောင်းပညာအဖြစ်နှင့် ပျောက်ဆုံးသွားသော ဥစ္စာရတနာတို့နှင့် လူကို ခြေရာခံရှာဖွေသိမြင်နိုင်သော 'စိန္တာမဏိ' အမည်ရှိသော မန္တန်ကို သင်ပေးလိုက်သည်။ ထိုမန္တန်၏အာနုဘော်ကြောင့် ပဒကုသလသည် နန်းတွင်းရတနာပစ္စည်းများကို ဝှက်ထားသည့်နေရာမှ ပြန်လည်ဖော်ထုတ် ရှာဖွေပေးနိုင်သည့်အပြင် ပစ္စည်းသိုဝှက်ထားကြသူများမှာ ဗြဟ္မဒတ်မင်းကိုယ်တိုင်နှင့် သူ၏ပညာရှိပုရောဟိတ်ကြီးတို့ဖြစ်ကြောင်းကို ဖော်ထုတ်နိုင်ပြီး နောက်ဆုံး ရွှေထီးရွှေနန်းစံမြန်း၍ မင်းအဖြစ်ကိုပင် ရရှိခဲ့သည်ဟု ဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ သို့သော် ထိုမျှ တန်ခိုးအာနုဘော်စွမ်းပကား ကြီးမားလှသော စိန္တာမဏိမန္တန်ကိုကား အမည်နာမကိုသာ ထည့်သွင်းဟောကြားခဲ့ပြီး မူရင်း စိန္တာမဏိမန္တန်မြတ်ကိုကား အသေးစိတ်ဖော်ထုတ် ဟောကြားတော်မူခဲ့ခြင်း မရှိပါချေ။

ထိုအခါ ရှေးဆရာတော်၊ သမားတော် ပညာရှိ ကဝိအမော်တို့နှင့် ဂန္ဓာရီဝိဇ္ဇာမယ ပညာရှင်အပေါင်းတို့က စိန္တာမဏိမန္တန်ဟု ဖြစ်နိုင်ခြေရှိသော၊ စိန္တာမဏိမန္တန်ဟု ဆိုနိုင်သော၊ စိန္တာမဏိမန္တန်ဟု ထင်ရသော ဂါထာမန္တန်များကို စီရင်ခန့်တီး ဖွဲ့သီ စပ်ဆို ဆောင်ယူကော်မူခဲ့ကြသဖြင့် ယခုအခါ ကျွန်ုပ်တို့သည် စိန္တာမဏိအမည်ရှိ ဂါထာမန္တန်များစွာကို ဆောင်ယူသရဇ္ဈာယ် ပူဇော်ခွင့်ရရှိနေကြခြင်း ဖြစ်ပါချေသည်။ ထိုထိုသော စိန္တာမဏိ အမည်ရှိ ဂါထာ၊ မန္တန် များစွာထဲ၌ ကျွန်ုပ် လေ့လာသုံးသပ်မိသလောက်၊ ဉာဏ်မီသလောက်ဆိုရပါမူ ယခု စိန္တာမဏိမန္တန် အမှတ် (၂) သည် မန္တန်၌ ဖွဲ့သီထားသော စကားလုံး၊ စာသားများ ဆေးသပ်လှပ ခံ့ညားလှသကဲ့သို့ အနက်အဓိပ္ပာယ်မှာလည်း အလွန် လေးနက်ထူးခြား ဆန်းပြားလှသည်ဟု ဆိုချင်ပါသည်။ အကြောင်းမူ ဤစိန္တာမဏိမန္တန်တော် အမှတ် (၂)၏ အနက်အဓိပ္ပာယ်စင်စစ် အနှစ်သာရကိုကြည့်လျှင် လေးသချေင်္နှင့် ကမ္ဘာတစ်သိန်း ပါရမီတော်ဆယ်ပါး အပြားသုံးဆယ်တို့အား ဘဝပေါင်းများစွာ အနစ်နာခံ၊ ဒုက္ခတော်များခံလျက် သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲအပေါင်းတို့မှ ကယ်တင်လွတ်မြောက်စေနိုင်သည့် သစ္စာလေးပါးတရားတို့မှစ၍ အလုံးစုံသော တရားအပေါင်းတို့ကို သိမြင်တော်မူနိုင်သော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့မှသာ ရယူပိုင်ဆိုင်နိုင်သည့် သဗ္ဗညုတရွှေဉာဏ်တော်ကို အဓိက ရှိခိုးပူဇော်ထားခြင်း၊ ထိုသဗ္ဗညုဉာဏ်တော်မြတ်ဖြင့် သိအပ်သော တရားတော်တို့ကို ခြုံငုံဖော်ပြ ကြည်ညိုပူဇော်ထားခြင်း၊ ထိုသဗ္ဗညု ဉာဏ်တော်မြတ်ကို ရှိခိုးရသောအကျိုး၊ စိန္တာမဏိမန္တန်တော်၏ တန်ခိုးအာနုဘော်ကြောင့် မနောမယ ပတ္တမြားရတနာကို ရသကဲ့သို့ အလိုရှိအပ် တောင့်တအပ်သော အလိုဆန္ဒမှန်သမျှတို့ ပြည့်ဝပါစေကြောင်း၊ ကောင်းကျိုးချမ်းသာ အောင်ကြောင်းမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်ဝပါစေကြောင်း၊ စီးပွားချမ်းသာ အဖြာဖြာတို့နှင့်တကွ ဘုန်းကျက်သရေ တိုးပွားစေပါကြောင်း၊ အခြွေအရံများ ပေါများပါစေကြောင်း စသဖြင့် တိုင်တည် ဆုတောင်းထားသည့် မန္တန်တော်ကြီး ဖြစ်ပါသည်။

*(မန္တန်အနက်ကို စိတ်ရှည်စွာဖတ်ကြည့်က လွန်စွာ ကြည်ညိုဖွယ်ကောင်းပါသည်။)*

တစ်ဖန် စိန္တာမဏိ အဖုံးမန္တန်ကြီးအပိုင်း၌ ဤစိန္တာမဏိမန္တန်ကြီး၏တန်ခိုးအကျိုးသိဒ္ဓိတို့ကိုဖော်ညွှန်းထားပြီး နတ်ဒေဝတာအပေါင်းတို့၏ စောင့်ရှောက်မှုကို တောင်းဆိုထား၏။ အကျဉ်းအားဖြင့်ခြုံငုံ သုံးသပ်ရသော် ဤအပိုင်း၌ စိန္တာမဏိမန္တန်၊ မန္တရားသည် အရံကျောက်ရှစ်သောင်းလေးထောင်ရှိ၍ နောက်ကျိနေသောရေကိုပင်လျှင် မြူအနည်ထိုင်လျက် ကြည်လင်စေတတ်သော လုံးပတ်သုံးထွာ၊ အလျား လေးတောင်ပမာဏရှိမနောမယပတ္တမြားရတနာကဲ့သို့ အလုံးစုံသော အလိုဆန္ဒမှန်သမျှတို့ကို ပြည့်ဝစေတတ်သည်၊ သူတစ်ပါး၏စိတ်အကြံအစည်ကို သိစေနိုင်စွမ်းရှိသည်၊ အလွန်ထူးမြတ်သော ကောင်းကျိုးတို့ ပေးစွမ်းနိုင်သည်၊ ဘေးရန်အပေါင်းကို ကာကွယ်ပေးသည်၊ ဤမန္တန်ကိုဆောင်သူသည် ဥပစ္ဆေဒကကံတို့ဖြင့် မသေနိုင်၊ အသက်ရှည်စေနိုင်သည်၊ ဘုန်းတန်ခိုးကြီးစေသည်၊ လာဘ်လာဘ ပေါများစေသည်ဟူ၍ စိန္တာမဏိမန္တန်တော်၏ အကျိုးတန်ခိုးသိဒ္ဓိတို့ကို ဖော်ညွှန်းထားသည်။

ထို့အပြင် ပရမေသွာ၊ မဟေသွာရ၊ စတုလောပါလနတ်များ၊ နေနတ်သား၊ လနတ်သား၊ သိကြား၊ ဗြဟ္မာတို့မှစ၍ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြစ်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ် စသည် နတ်မျိုးပေါင်းများစွာ နတ်ဒေဝါအပေါင်းတို့၏ အစောင့်အရှောက်ကိုလည်း ခံယူထားသည်ကို တွေ့ရပေသည်။ ထို့ကြောင့် ဤစိန္တာမဏိမန္တန် အမှတ် (၂) သည် မန္တန်၏အနက်အဓိပ္ပာယ်၊ အကျိုး တန်ခိုးသိဒ္ဓိတို့မှာ ထူးခြားဆန်းပြား နက်နဲကျယ်ဝန်းလှသကဲ့သို့ တိုင်တည်ထားသော နတ်ဒေဝါတို့မှာလည်း စုံလင်များပြားလှ၍လေးစား ဘုရားရှင်၏ သဗ္ဗညုတရွှေဉာဏ်တော်ကို ဦးထိပ်ထား ရှိခိုးပူဇော်ထားရှိသော ဤစိန္တာမဏိ မန္တန်တော်သည် ဆောင်ယူရွတ်ပွား ပူဇော်သူတို့ကို မကြံစည်နိုင်၊ မမှန်းဆနိုင်လောက်သော အကျိုး၊ တန်ခိုးသိဒ္ဓိများနှင့် ပြည့်ဝစေမည်မှာ မလွဲဟု ကျွန်ုပ် ခိုင်မြဲစွာယုံကြည်ပါသည်။ ထို့ကြောင့် ဤမဂ္ဂဇင်းကြီး၏စာဖတ်သူအပေါင်းတို့လည်း ဤစိန္တာမဏိ အမှတ် (၂) မန္တန်တော်ကြီးကို ယုံကြည်လေးစားစွာ ရွတ်ဖတ်ပူဇော်ပါက မထင်မှတ်သော အကျိုး တန်ခိုးသိဒ္ဓိများ အနေးနှင့်အမြန်ဆိုသလို ရရှိခံစားကြရမည်ဖြစ်ကြောင်း ကျွန်ုပ် ရဲဝံ့စွာ အာမခံ ပြောကြားလိုပါသည်။ အလွန် တန်ခိုးကြီးသော မန္တန်တော်ကြီးဖြစ်ပြီး ရှေးမြန်မာ ဂန္ဓာရီ ဝိဇ္ဇာမယ မဟိဒ္ဓိ သိဒ္ဓိရှင်ကြီးများ ဆောင်ယူ ရွတ်ပွားလေ့ရှိသလို သူတို့၏ တပည့်သားမြေးတို့ကိုလည်း သိဒ္ဓိစခန်းထွက်ရပ်လမ်းသို့ အမြန်ပေါက်မြောက်ရောက်လိုကြပါက ဤမန္တန်တော်ကြီးကို ကြိုးစား၍ပူဇော်ကြလေဟု အဆင့်ဆင့်မှာကြားလေ့ရှိကြသည်။ ဤမန္တန်တော်ကြီးကိုပင် 'စိန္တာမဏိ' ဟူသောအမည်ဖြင့် အလင်္ကာကျော်စွာ ဆရာကြီး ဦးဘသန်းက ဓမ္မတေးအဖြစ် ပူဇော်ရေးစပ်သီကုံးထားပြီး ယခုအခါ တေးသံရှင် စိုးစန္ဒာထွန်းက ပြန်လည် သီဆိုပူဇော်ထားသည်ကို တွေ့ရပါသေးသည်။

ဘိုရှေ့ဘနဲ့တနော



www.burmeseclassic.com

www.burmeseclassic.com



# ဝဏ္ဏသီရိ
# ပိုသောသူနှင့် ပိုသောသူ (၄)



ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာငါးဆယ် စတုက္ကနိပါတ်၊ ကုဠိဒူသကဝဂ်၊ ပြဟ္မဒတ္တ ဇာတ်တော်တွင် ဉတ္တရပဥ္စာလမင်းဖြစ်၍ ဘုရားအလောင်းတော် ရှင်ရသေ့အား ထီးနန်းစည်းစိမ်ကို လှူဒါန်းခဲ့ဖူးပေသည်။

ဇာတ်တော်၌ ဘုရားအလောင်းတော်သည် ကျေးလက်တောရွာတစ်ခုတွင် နေထိုင်လျက်ရှိသော ပုဏ္ဏားမျိုးနွယ် မိသားစုမှ ဖွားမြင်လာခဲ့၏။ အလောင်းတော် ပုဏ္ဏားလုလင် အရွယ်ရောက်သောအခါ တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ အတတ်ပညာမျိုးစုံ သင်ယူ၏။ အတတ်ပညာမျိုးစုံ သင်ယူတတ်မြောက်၍ မိဘရပ်ဌာန်ဆီသို့ ပြန်

ဝဏ္ဏသီရိ

ပိုသောသူနှင့် ပိုသောသူ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ မိမိ၏ဘ၀ရှေ့ရေးကို တွေးတော စဉ်းစားမိ၏။ အကယ်၍ တက္ကသိုလ်မြို့တော်က ဒိသာပါမောက္ခ ဆရာကြီးသင်ပေးလိုက်သော အတတ် သောတို့ဖြင့် ပြည့်ရှင်မင်းထံ ဝင်ရောက် ခစားပါက ရာထူး ဌာနန္တရ ကောင်း ကောင်းကို ရနိုင်၏။ ရာထူး ဌာနန္တရကို အကြောင်းပြုကာ စည်းစိမ်ဥစ္စာနှင့်တကွ ခြံသင်းပင်းတွေ ပေါများလာနိုင်၏။ ဤသို့မဟုတ်ဘဲ ရှေးရှေးကသူတော်သူ တော်များ၏ကျင့်ထုံးကိုနှလုံးမူကာ တော သို့ဝင်၍ ရသေ့ ရဟန်းပြုရလျှင် ဈာန် သမာပတ်များရနိုင်၏။ လူ့ဘောင်လော ကမှာ ခံစားရသော စည်းစိမ်ချမ်းသာတို့ ထက် အဆများစွာ သာလွန်အေးငြိမ်း သော ဈာန်သမာပတ်ချမ်းသာကို ခံစား ရ၏။

အလောင်းတော် ပုဏ္ဏားလုလင် သည် ဤသို့သောလမ်းကြောင်းနှစ်သွယ် ကိုနှိုင်းယှဉ်၍ ဝေဖန်သုံးသပ်ကြည့်လေ ရာ တောထွက်၍ ရသေ့ဝတ်သည့်ဘက် သို့ အလေးသာလာသဖြင့် မိဘများထံ ခွင့်ပန်ပြီးလျှင် ဟိမဝန္တာတောကြီးသို့ဝင် ရောက်၍ ရသေ့အဖြစ်ကို ခံယူ၏။ လူ သွားလူလာ လုံးဝမရှိသော တောကြီးထဲ စား၍ရနိုင်သမျှ သစ်သီးများကိုသာ စား သုံးကာ အချိန်နှင့်အမျှ ကသိုဏ်းရှုခြင်း ဟူသော ဘာဝနာအလုပ်ကို ကြိုးစား အားထုတ်သဖြင့် ဈာန်သမာပတ်များ ရရှိလာလေသည်။

အလောင်းတော် ရှင်ရသေ့သည် ဟိမဝန္တာတောကြီးထဲ၌ ဈာန်သမာပတ် ချမ်းသာဖြင့် မွေ့လျော်ပျော်ပိုက်စွာ နေ လာခဲ့ရာ စိတ်သန္တာန်မှာကား အနှောင့် အယှက် လုံးဝ မတွေ့ရပါ၊ သို့ရာတွင် အသွေးအသားနှင့် တည်ဆောက်ထား သော ကိုယ်ခန္ဓာမှာတော့ အနှောင့်အ ယှက်ပေါ်လာရ၏။ တောထဲက ရနိုင် သမျှ သစ်သီးတို့ကိုသာ နေ့ရက်များစွာ စားသုံးလာခဲ့ရသဖြင့် ကိုယ်ခန္ဓာထဲတွင် ဆားဓာတ်၊ အချဉ်ဓာတ်တို့ လျော့နည်း လာကြသဖြင့် မအီမသာ ခံစားလာရ၏။ သွား၊ ရပ်၊ ထိုင်၊ လျောင်း လေးရပ်သော ဣရိယာပုတ်တို့မှာ မမျှမတ ဖြစ်လာရ ၏။ ထိုကဲ့သို့သော ချို့တဲ့ချက်တို့မှကင်း ဝေးရန်မှာ ဆားနှင့်အချဉ်အရသာကို လို အပ်နေ၏။ လိုအပ်သော ထိုအရာဝတ္ထု နှစ်မျိုးကလည်း ကျယ်ဝန်းလှစွာသော ဟိမဝန္တာတောထဲမှာ မရနိုင်ချေ။ လူတို့ ၏ရပ်ရွာမှာသာ ရနိုင်၏။ ထို့ကြောင့် အ လောင်းတော် ရှင်ရသေ့သည် မိမိ၏ ကျန်းမာရေးကို ငဲ့ကွက်ကာ လွတ်လွတ် ကျွတ်ကျွတ် စွန့်ခွာလာခဲ့ပြီးသော လူတို့ ၏ရပ်ရွာသို့ မလွှဲသာမရှောင်သာ ပြန် လည်၍ ချဉ်းကပ်လာခဲ့ရလေသည်။

ထိုအချိန်တွင် ညီတော်အာနန္ဒာ ၏အလောင်းအလျာသည် ကပိလတိုင်း ပြည် ဥတ္တရပဉ္စာလမြို့တော်၌ ထီးနန်း စိုးစံလျက်ရှိ၏။ ထီးနန်းစိုက်ထူရာ မြို့ တော်ကိုအစွဲပြု၍ ထီးနန်း၏အရှင်သခင် ကိုလည်း ဥတ္တရပဉ္စာလမင်း ဟူ၍သာ ခေါ်ဝေါ်လာခဲ့ကြ၏။ အလောင်းတော် ရှင်ရသေ့သည် တစ်ရွာဝင်တစ်ရွာထွက် ခရီးဆက်လာခဲ့ရာက ဥတ္တရပဉ္စာလမြို့ တော်သို့ရောက်လာခဲ့၏။ အခြားအခြား



www.burmeseclassic.com

www.burmeseclassic.com

သော ရပ်ရွာများနည်းတူ ဥတ္တရပဉ္စာလမြို့တော်မှာလည်း ဆွမ်းခံဝင်၏။ ရှေ့တူရှုက လေးတောင်မျှလောက်သော အကွာအဝေးသို့သာ ကြည့်ရှုကာ တည်ကြည်ငြိမ်သက်စွာဆွမ်းခံကြွနေ၏။ ဥတ္တရပဉ္စာလမင်းသည် နန်းတော်၏လေသာပြတင်းမှလှမ်း၍ ရှင်ရသေ့ကို ဖူးမြော်ရာ ကြည်ညိုသဒ္ဓါ ထက်သန်လာသဖြင့် နန်းတော်ထက်သို့ ပင့်ဆောင်ပြီးလျှင် မိမိအတွက် ခင်းကျင်းစီမံထားသော ပွဲတော်စာတို့ကို ဆက်ကပ်လေသည်။

ဆွမ်းစားခြင်းကိစ္စ ပြီးစီးသောအခါ အလောင်းတော်ရှင်ရသေ့က ဆွမ်းအလှူနှင့်ပတ်သက်၍ ဝမ်းမြောက်ဖွယ်တရားစကား ဟောကြား၏။ ဥတ္တရပဉ္စာလမင်းသည် နာကြားရသော တရားစကားကို အားရကျေနပ်လှသဖြင့် မိမိ၏ဥယျာဉ်တော်မှာ ကျောင်းသင်္ခမ်းအမှတ်ဖြင့် သီတင်းသုံးပါရန် လျှောက်ထား၏။ အလောင်းတော် ရှင်ရသေ့သည်လည်း လျှောက်ထားချက်ကို လက်ခံသဖြင့် ဥတ္တရပဉ္စာလမင်းက ဥယျာဉ်တော်အတွင်း၌ ရသေ့ရဟန်းတို့နှင့် သင့်လျော်လျောက်ပတ်သော ကျောင်းသင်္ခမ်းများ ဆောက်လုပ်လှူဒါန်းလေသည်။

အလောင်းတော် ရှင်ရသေ့သည် ဥတ္တရပဉ္စာလမင်း၏နန်းတော်သို့ နေ့စဉ်ကြွ၍ဆွမ်းဘုဉ်းပေးရ၏။ ဥတ္တရပဉ္စာလမင်းကလည်း တစ်နေ့နှင့်တစ်နေ့ မတူရအောင် ကောင်းမွန်မြိန်မြတ်သော ဆွမ်းဘောဇဉ်များကို ဆက်ကပ်နေ၏။ ထိုကဲ့သို့ ကောင်းမွန်မြိန်မြတ်သော ဆွမ်းဘောဇဉ်များကို ဘုဉ်းပေးနေရသော်ငြားလည်း အလောင်းတော်ရှင်ရသေ့သည် ဥတ္တရပဉ္စာလမြို့တော်တွင် ကြာရှည်သဖြင့် မပျော်ပိုက်နိုင်ပေ။ တစ်ပါးတည်းနှင့် ရိပ်ကြီးခိုရသော ဟိမဝန္တာတောသို့သာ ပြန်သွားလိုပေသည်။

ဥတ္တရပဉ္စာလမြို့တော်မှ ဟိမဝန္တာတောကြီးသို့ပြန်သွားမည်ဆိုပါက လာခဲ့ရာလမ်းကြောင်းအတိုင်း ပြန်လျှောက်ရပေလိမ့်မည်။ အပြန်လမ်းတစ်လျှောက်တွင် လူသွားလူလာများ၍ လမ်းဖုန်နေတာလည်း ရှိနေမည်၊ လူသွားလူလာအလွန်နည်းပါး၍ လမ်းမပီပြင်တာလည်း ရှိနေမည်။ ထိုမျှလောက် ကွာဝေးသော ခရီးအရှည်ကို ခြေကျင်လျှောက်လှမ်းမည်ဆိုပါက ခြေဖဝါးသက်သက်ဖြင့် လျှောက်လှမ်းရန် မစွမ်းနိုင်လောက်ပါ။ ခရီးသွားရသေ့ရဟန်းများအတွက် သင့်လျော်လျောက်ပတ်သော ပစ္စည်းနှစ်မျိုးကိုရရှိမှသာ သက်သောင့်သက်သာ ခရီးထွက်နိုင်ပါလိမ့်မည်။

အလောင်းတော် ရှင်ရသေ့သည် ထိုပစ္စည်းနှစ်ခုကို အလှူခံရန်ရှိရာတွင် နန်းတော်မှာ ဆွမ်းစားသွားရင်း အလှူခံရမည်လော သို့မဟုတ် ဥယျာဉ်တော်သို့ မင်းကြီးလာ၍ ဖူးမြော်ခါမှ အလှူခံရမည်လောဟု တွေးတောရာတွင် ဥယျာဉ်တော်မှ အလှူခံလျှင် သင့်လျော်မည်ဟု စဉ်းစားမိ၏။

ဤသို့ဖြင့် ဥတ္တရပဉ္စာလမင်းသည် ဥယျာဉ်တော်သို့ လာရောက်၍ အလောင်းတော် ရှင်ရသေ့အား ရိုသေစွာဦးခိုက်ရှိခိုး၏။ ဤတွင် အလောင်းတော် ရှင်ရသေ့သည် လိုအပ်သော ပစ္စည်းနှစ်မျိုးကို အလှူခံစကားကို မြွက်ကြားရန် ချောင်းဟန့်လိုက်၏။ ဥတ္တရပဉ္စာလမင်းကလည်း ရှင်ရသေ့မြွက်ကြားမည့်စကားကို ကြားနာရန် အသင့်ပြင်ထား၏။ သို့ပါလျက် အလောင်းတော် ရှင်ရသေ့၏ နှုတ်ဖျားမှ မည်သည့်စကားသံမျှ ထွက်ပေါ်မလာပေ။ တစ်စုံတစ်ခုကို မြွက်ဆိုရန် နှုတ်ခမ်းနှစ်လွှာတို့ လှုပ်ရှားလာခဲ့ကြပြီးမှ ပြန်၍ ငြိမ်သက်သွားကြ၏။ ပြောချင်ပါလျက် ထုတ်ပြောရန် သင့်မှသင့်ပါမည်လော ဟူသော တွေးတောချက်က နှုတ်ခမ်းနှစ်လွှာတို့ကို ထိန်းချုပ်၍ထားလိုက်ပေသည်။

အလောင်းတော်ရှင်ရသေ့၏ နှုတ်ဖျားက အသံဆိတ်နေသဖြင့် ဥယျာဉ်တော်ကြီးတစ်ခုလုံးတွင် ကျေးငှက်သာရကာတို့၏အသံများသာ ရှိနေ၏။ ဤသို့ အချိန်အတန်ကြာအောင် လူသံသူသံ တိတ်ဆိတ်နေပြီးမှ အလောင်းတော်ရှင်ရသေ့က နှုတ်မြွက်လာ၏။

"ဒကာတော်မင်းကြီး၊ ယခု ပြောရမယ့်ကိစ္စက သိပ်ပြီးအရေးကြီးပါတယ်။ ဒါကြောင့် မျုးမတ်ဗိုလ်ပါတွေမပါဘဲ နှစ်ကိုယ်ကြား ပြောနိုင်မှ အဆင်ပြေပါလိမ့်မယ်"

"ကောင်းပါပြီ အရှင်ဘုရား၊ တပည့်တော် အားလုံးကိုဖယ်ရှားပေးပါ့မယ်"

အလောင်းတော် ရှင်ရသေ့၏ စကားကို ရိုသေလေးမြတ်စွာ နာခံ၍ ဥတ္တရပဉ္စာလမင်းက ပရိသတ်အားလုံးကို လွတ်ရာကျွတ်ရာသို့ ဖယ်ရှားပေးလိုက်သဖြင့် ကျောင်းသင်္ခမ်းထဲတွင် ပိုမို၍တိတ်ဆိတ်သွား၏။ ပြည့်ရှင်မင်းနှင့် ဆရာဖြစ်သူ ရှင်ရသေ့တို့နှစ်ဦးတည်း ရှိကြရာတွင် မည်သူကမျှနှုတ်မမြွက်သေးသဖြင့် တိတ်ဆိတ်နေ၏။ ဤသို့ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ရှင်ရသေ့၏နှုတ်ခမ်းများ လှုပ်ရှားလာကြ၏။

"ဒကာတော်မင်းကြီး၊ အရေးကြီးတဲ့စကားတစ်ခွန်းကို ဒီနေ့ပြောဖို့ အဆင်မပြေတော့ဘူး နောက်နေ့ကျမှ ပြောကြပါစို့"

အလောင်းတော်ရှင်ရသေ့၏ မိန့်ကြားချက်ကို တိုတိုတုတ်တုတ်နှင့်တုံ့ပြန်ပြီးလျှင် ဥတ္တရပဉ္စာလမင်းသည် ဥယျာဉ်တော်မှ ပြန်လာခဲ့ရ၏။ နန်းတော်သို့အပြန်လမ်းတစ်လျှောက်လုံးတွင် 'အရှင်ရသေ့မှာ ဘာတွေများ လိုအပ်နေပါလိမ့်၊ ကိုယ့်မှာ လိုအပ်နေတာကို ဘာကြောင့်များအပြောရခက်နေပါလိမ့်' ဟု အတွေးရခက်ခက် ဖြစ်နေခဲ့ရ၏။ ဤသို့ အတွေးရခက်နေပြီးမှ 'အေးလေ- ဒီနေ့ မသိရသေးလည်း ကိစ္စမရှိပါဘူး၊ နောက်နေ့ ဥယျာဉ်တော်ရောက်တော့ သိရမှာပေါ့'

ဤသို့ မျှော်လင့်၍ထားခဲ့သော်လည်း မျှော်ရကျိုးမနပ်ပါလေ။ နောက်တစ်နေ့ ဥယျာဉ်တော်သို့ရောက်တော့လည်း ယခင်နေ့အတိုင်းပင် တိတ်ဆိတ်စွာ ပြန်လာခဲ့ရ၏။

ဤသို့ ပြန်လာခဲ့ရသောရက်တွေများလာခဲ့ရာမှ လတွေ၊ နှစ်တွေကြာလာသည်အထိ ဤအတိုင်း ဤအတိုင်းသာ ဖြစ်နေရ၏။ လိုအပ်ချက်တစ်ခုကို နှုတ်မြွက်ထုတ်ဖော်ရေးအတွက် ဤမျှခက်ခဲနေပါသော်လည်း ဥတ္တရပဉ္စာလမင်းက စိတ်မပျက်ပါ။ ရှင်ရသေ့အပေါ်မှာ စိတ်ပျက်မသွားပါ။ အကြည်ညိုပျက်မသွားပါ။ ပြောချင်ပါလျက် မပြောဘဲနှင့် မျိုသိပ်၍ထားခဲ့ရာတွင် ရှင်ရသေ့မှာ လုံလောက်သောအကြောင်းတစ်ခု ရှိနေ၍သာဖြစ်မည်ဟု သဘောပိုက်ထား၏။

ထို့ကြောင့် အလောင်းတော် ရှင်ရသေ့အပေါ် စိတ်မကွက်ဘဲ ကြည်ညိုမြဲ ကြည်ညိုကာ ထုတ်ဖော်ပြော ဆိုလာမည့်နေ့ရက်ကို စောင့်၍ စောင့်၍လာခဲ့ရာ ဘာလိုလိုနှင့် (၁၂) တောင်မှ ကြာသွားခဲ့ပါပြီကော။

သည်တော့မှ ဥတ္တရပဉ္စာလမင်းမှာ အစီအစဉ်ပြောင်းဖို့ စိတ်ကူးရတော့၏။ (၁၂) နှစ်တာကာလပတ်လုံး ရှင်ရသေ့အား ရိုသေလေးစားသောအားဖြင့် ရှင်ရသေ့ထံမှ နှုတ်သံထွက်လာမှာကိုသာ စောင့်နေခဲ့၏။ ယခုတော့ သည်အတိုင်းဆက်၍ စောင့်မနေနိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ရှင်ရသေ့ကစ၍မပြောလျှင် မိမိဘက်က အစဖော်ပေးရမှ ဖြစ်တော့မည်။ ရှင်ရသေ့၏စိတ်နှလုံးထဲမှာ လိုအပ်နေတာ ရှိပါလျက် ဤရွေ့ဤမျှကြာအောင် အတောင်းရခက်နေရခြင်းမှာ တောင်းရသည့်ပစ္စည်းက အလွန့်အလွန်အဖိုးထိုက်တန်နေ၍သာ ဖြစ်လိမ့်မည်။ ရှင်ရသေ့၏လိုအပ်ချက်က ဘယ်လောက်ကြီးပဲ အဖိုးထိုက်နေပါစေ၊ မိမိဘက်ကလည်း တွန့်တမ်း, မဆုတ်တမ်း ပေးမည်သာ။ ရက်ရက်ရောရော လှူလိုက်မည်သာ။ အတယ်၍ ရှင်ရသေ့က မိမိ၏တိုင်းနိုင်ငံနှင့်အတူ ထီးနန်းစည်းစိမ်ကို အလိုရှိပါသည် ဆိုလျှင်လည်း မိမိဘက်ကပေးဖို့၊ လှူဖို့ အသင့်ပါ။

ဤသို့သောအတိုင်းအတာအထိ ကြည်ညိုလေးမြတ်သော သဒ္ဓါတရားဖြင့် ဥတ္တရပဉ္စာလမင်းသည် ဥယျာဉ်တော်သို့ဝင်ရောက်၍ အလောင်းတော်ရှင်ရသေ့ကို ဦးခိုက်ရှိခိုးပြီးလျှင် ခါတိုင်းလို နှုတ်ဆိတ်မနေတော့ဘဲ-

"အရှင်ဘုရား၊ အရှင်ဘုရားမှာ လိုအပ်နေတဲ့ ပစ္စည်းနှစ်ခု ရှိနေပါတယ်။ အဲဒီ ပစ္စည်းနှစ်ခုကို သိရှိုးနိုး၊ ကြားရှိုးနှိုးနဲ့ စောင့်လာခဲ့ရတာ အခုဆိုရင် (၁၂) နှစ်တောင်မှ ကြာလာခဲ့ပါပြီ။ အလှူခံစကား မြွက်ကြားရမယ့်အရေးမှာ ဒါလောက်ကြီး နှောင့်နှေးလာခဲ့ရတာက ဘာကြောင့်ပါလဲဘုရား။ အရှင်ဘုရားမှာ လိုအပ်နေတာက ဘယ်လောက်များ အဖိုးထိုက်တန်နေလို့ပါလဲ။ အရှင်ဘုရားက ဘာကိုများ လိုချင်နေလို့ပါလဲ။ အရှင်ဘုရား ဘာကိုမှမစိုးရိမ်ပါနဲ့၊ ပွင့်ပွင့်လင်းလင်းကြီးသာမိန့်ကြားလိုက်ပါ။ တကယ်လို့များ ထီးနန်းစည်းစိမ်ကို အလိုရှိတယ်ဆိုဦးတော့ တပည့်တော်က လှူဖို့အသင့်ပါ ဘုရား"

ဤသို့ ဒကာဘက်က စကားကုန်လျှောက်ထားလာခါမှ ဆရာဖြစ်သူ ရှင်ရသေ့၏နှုတ်မှ အသံထွက်လာ၏။

"ဒကာတော်မင်းကြီး၊ လိုအပ်နေတဲ့ပစ္စည်းနှစ်ခုကို တကယ်ပဲ လှူမှာလား"

စကားကုန်လျှောက်ထား၍ ပြီးနေပါလျက် ဤကဲ့သို့ စကားတောင်းနေသည်ကိုပင် ဒကာဖြစ်သူက စိတ်မပျက်နိုင်သေး၍-

"အရှင်ဘုရား၊ တကယ်လှူမှာပါဘုရား၊ စိတ်ထဲ နှလုံးထဲကကို လှူချင်လှလို့လျှောက်ထားနေတာပါ ဘုရား"

"ဒါဖြင့် ကောင်းပြီ၊ (၁၂) နှစ်တိုင်တိုင် ဝမ်းထဲမှာ သိုသိပ်ပြီးထားခဲ့ရတာကို အခုထုတ်ပြောရတော့မှာပေါ့။ ငါတို့ရသေ့ရဟန်းများဟာ တောရပ်ပျော် ဖြစ်တယ်။ လူတို့ရပ်ရွာထဲမှာ ဘယ်လောက်ပဲ ပြည့်စုံနေနေ၊ ငါတို့များ မပျော်ဘူး။ အမြဲတမ်းကြီး မနေနိုင်ဘူး။ လူတို့ရပ်ရွာက ဆားတို့၊ အချဉ်တို့ ပြည့်စုံအောင် စားသုံးရတဲ့နောက်မှာ ဟိမဝန္တာကိုပဲပြန်ရမယ်။ အဲဒီ အပြန်ခရီးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ပစ္စည်းနှစ်ခု ရှိပါတယ်။ အဲဒီပစ္စည်းကတော့ တစ်လွှာဖိနပ်တစ်ရန်နဲ့ သစ်ရွက်ထီး ဖြစ်ပါတယ်"

"ဟယ်"

အလောင်းတော် ရှင်ရသေ့ထံမှ စကားသံဆုံးသွားသည်နှင့် တစ်ပြိုင်နက် ဥယျာဉ်တော်ကြီးတစ်ခုလုံးမှာ အံ့သြသံကြီးဖုံးလွှမ်းသွား၏။ စောစောက ထင်ထားခဲ့မိတာနှင့် ယခု ကြားရတာက မိုးနှင့်မြေကြီးမက ကွာခြား၍နေပါပြီကော။

ကြည့်ကြစမ်းပါဦး အရပ်ကတို့။ ပြည့်ရှင်မင်းကြီး ကိုးကွယ်ထားသည့် ပုဂ္ဂိုလ်မြတ်မှာ လိုအပ်နေတာက တစ်လွှာဖိနပ်တစ်ရန်တဲ့။ ပစ္စည်းချမ်းသာသူတွေအသုံးပြုတာက သားရေကို အထပ်ထပ်ချုပ်ပြီး တင့်တောင့်တင့်တယ်ပြုပြင်မွမ်းမံထားသည့် အမျိုးအစား။ တစ်လွှာဖိနပ်ဆိုတာက တကယ့်ကို သားရေတစ်လွှာတည်းနှင့် ဖိနပ်ဖြစ်ရုံ ချုပ်ထားသည့် အမျိုးအစား။ သူဆင်းရဲတွေသာ စီးလေ့စီးထရှိသော အညံ့စား။ နောက်ပြီးတော့ သစ်ရွက်ထီးတဲ့။ နေရာတိုင်းမှာ သစ်ရွက်ရှိသည်။ သစ်ရွက်ရှိလျှင်၊ လုပ်တတ်သူရှိလျှင် သစ်ရွက်ထီးက နေရာတကာမှာ ရနိုင်သည်။

ဤမျှလောက် အမျိုးအစားညံ့သော၊ ဤမျှလောက်တန်ဖိုးနည်းသော ပစ္စည်းကလေးနှစ်ခုကိုပင် နှုတ်မြွက်၍ အတောင်းရခက်နေသဖြင့် (၁၂) ကြီးတောင်မှ ကြာခဲ့ရပါသတဲ့။

ဥတ္တရပဉ္စာလမင်း၏ ရင်ထဲတွင် အံ့သြစိတ်များနှင့်တကွ ကြည်ညိုလေးမြတ်သည့် သဒ္ဓါတရားတို့ တိုးပွားလာကြ၍-

"အရှင်ဘုရား၊ ဒါလောက်တောင်တန်ဖိုးနည်းတဲ့ပစ္စည်းလေးတွေကိုတောင်မှ နှုတ်မြွက်ပြီးတောင်းဖို့ခက်ခဲတာ အင်မတန် အံ့သြဖို့ ကောင်းလှပါတယ်။ ဒါလောက်ကြာအောင် အတောင်းရခက်နေရတာက ဘာကြောင့်ပါလဲ ဘုရား"

ဤကဲ့သို့ ဒကာဖြစ်သူက မေးလျှောက်သဖြင့်-

"ဒကာတော်မင်းကြီး၊ တောင်းတဲ့သူ ဆိုတာ ဘဝအခြေအနေနှစ်မျိုးနဲ့ရင်ဆိုင်ရပါတယ်။ တောင်းတဲ့အတိုင်း ရတာလည်း ရှိမယ်၊ တောင်းတဲ့အတိုင်း မရတာလည်း ရှိမယ်။ ဒါက ဖြစ်ရိုးဖြစ်စဉ်ကိစ္စပါ။ တောင်းဖို့ရန် ဟန်ပြင်နေတဲ့သူတိုင်း သိထားသင့်တာပါ။

ဒကာ့တော်မင်းကြီး- တောင်းတဲ့အတိုင်း ရရင်တော်တော်ရှိပါရဲ့၊ တကယ်လို့များ မရဘူးဆိုရင် တောင်းတဲ့သူရော အတောင်းခံရတဲ့သူပါ နှစ်ဖက်စလုံးမှာ ထိခိုက်စရာရှိလာတော့တယ်။ မပေးချင်တဲ့သူ သို့မဟုတ် ပေးဖို့အသင့်မရှိသေးတဲ့သူဆီမှာ သွားပြီးတော့ တောင်းမိတယ်ဆိုရင် အဲဒီလိုတောင်းတဲ့သူဟာ ငိုတဲ့သူပဲ။ ဒါနဲ့အတူ တောင်းတဲ့သူက လိုချင်လို့တောင်းနေပါလျက်နဲ့ မပေးဘဲနေတဲ့သူကလည်း အတူတူရောပြီးတော့ ငိုတာပဲ။ ဒီတော့ ဒီလို ကြည့်လို့မကောင်း၊ ရှုလို့မကောင်းတဲ့ ငိုချင်းသည်တွေကို မျက်မြင်ဒိုလ်ပါ ပရိသတ်တွေ မြင်မသွားစေချင်ဘူး။ ဒါကြောင့် မတောင်းဘဲနဲ့ နှုတ်ဆိတ်နေခဲ့တာပါ"

တရားတော်နှင့်ယှဉ်စပ်သော ရှင်ရသေ့၏စကားသံများ နာခံရသည်တွင် ဥတ္တရပဉ္စာလမင်း၏ သဒ္ဓါတရားတို့ တိုးပွားသည်ထက် တိုးပွားလာကြ၍-

"အရှင်ဘုရား၊ အရှင်ဘုရားရဲ့ တရားစကားကို ကြားနာရတဲ့အတွက် အားရလှပါတယ်။ ဒါကြောင့် တပည့်တော်တို့ရဲ့ တိုင်းသူပြည်သားတို့မှာ အသုံးဝင်လှတဲ့ အနီရောင် နွားမတစ်ထောင်ကို လှူပါတယ်။ အဲဒီ နွားမတစ်ထောင်နဲ့အတူ နွားလားကြီးတစ်ကောင်ပါ လှူပါဦးမယ် ဘုရား"

"ဒကာတော်မင်းကြီး၊ အလိုလောဘကို တိုးပွားစေတဲ့ ဝတ္ထုပစ္စည်းတွေကို မလိုပါဘူး။ ခရီးရှည်သွားမယ့် ရသေ့များအတွက် တကယ်လိုအပ်နေတာက တစ်လွှာဖိနပ်တစ်ရန်နဲ့ သစ်ရွက်ထီးသာ ဖြစ်ပါတယ်။

"ကောင်းပါပြီဘုရား၊ လိုအပ်တာကိုသာ လှူပါ့မယ် ဘုရား"

ဤသို့ လျှောက်ထား၍ လှူဒါန်းသော ပစ္စည်းနှစ်မျိုးကို အလှူခံပြီး အနုမောဒနာ ဟောကြားပြီးလျှင် အလောင်းတော်ရှင်ရသေ့သည် ဟိမဝန္တာတောကြီးသို့ ပြန်ကြွလာခဲ့ပေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းသွင်

## လူဖြစ်ကျိုးမနပ်လျှင် လူညံ့



၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅) ရက် (၃၁-၁၀-၂၀၁၁) နေ့သည် ကမ္ဘာ့လူဦးရေ သန်း (၇၀၀၀) ပြည့်သောနေ့ ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့လူဦးရေ သန်း (၇၀၀၀) ပြည့်သည့် အထိမ်းအမှတ်အဖြစ် ထိုနေ့တွင် ပြုလုပ်ကြသည်။ ထိုနေ့တွင် မွေးသော ကလေးများကိုလည်း သန်း (၇၀၀၀) ပြည့်ကလေးဟု အထိမ်းအမှတ် ပြုကြသည်။

လူဦးရေ သန်း (၇၀၀၀) ဆိုသည်မှာ လူသားများအဖို့ အလွန် များပြားသော အရေအတွက် ဖြစ်ပါသည်။ လူမှအပ အခြား သတ္တဝါများနှင့်စာသော် သန်း (၇၀၀၀) ဆိုသော အရေအတွက်သည် တွင်းကြီးကြီးတစ်တွင်းရှိ တွင်းပိုးထက်မသာဟု ထင်ပါသည်။ လူနှင့် အခြားသတ္တဝါများ၏အရေအတွက်ကို နှိုင်းယှဉ်သော် လက်ခုပ်တစ်ခုထဲမှ မြေမှုန်နှင့် ကမ္ဘာမြေပေါ်မှ မြေမှုန်လောက် ကွာခြားပေမည်။ လူသည် သတ္တဝါများတွင် ရှားပါးသတ္တဝါ ဖြစ်သည်။ အများအားဖြင့် ရှားပါးလျှင် အဖိုးတန်သည်။ ကျောက်များတွင် ရှားပါးသော စိန်၊ ပတ္တမြား စသည်တို့သည် အဖိုးတန်၏။ လူသည် အခြားသတ္တဝါများထက် တန်ဖိုးရှိ၏။ တန်ဖိုးရှိသော လူ့ဘဝကိုရလာသူသည် လူဖြစ်ရကျိုးနပ်ပါမှ အမှန်တကယ် တန်ဖိုးရှိခြင်း မည်ပေမည်။ ထို့ကြောင့် လူဖြစ်လျှင် လူဖြစ်ရကျိုးနပ်ရပေမည်။ မည်သို့သောသူများသည် လူဖြစ်ရကျိုးနပ်သူများပေတည်း။ လူဖြစ်ရကျိုးနပ်ရန် မည်ကဲ့သို့သော အရည်အချင်းများရှိရပေမည်နည်း။

လူဖြစ်ကျိုးနပ်သူ ဟူသည် မိမိကိုယ်ကို ချမ်းသာအောင် ဖန်တီးနိုင်ပြီး သူတစ်ပါးကိုလည်း ချမ်းသာအောင် ဖန်တီးပေးနိုင်သူ ဟူ၍ ပညာရှိများ ဆိုကြပါသည်။

ချမ်းသာခြင်းဟူသည် လောကီချမ်းသာနှင့် လောကုတ္တရာချမ်းသာ ဟူ၍ နှစ်မျိုး ခွဲနိုင်ပါသည်။ လောကီချမ်းသာတွင်လည်း ကိုယ်၏ချမ်းသာခြင်းနှင့် စိတ်၏ချမ်းသာခြင်း ဟူ၍ နှစ်မျိုးခွဲနိုင်ပါသည်။

ဤတွင် ချမ်းသာခြင်းသည် ဆင်းရဲခြင်း၏ဆန့်ကျင်ဘက်တရား ဟူ၍ ယူနိုင်ပါသည်။ ထို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့မှ ကင်းလွတ်ခြင်းသည် ချမ်းသာခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းကိုဖြစ်စေတတ်သော အကြောင်းအရာအားလုံးကို အတတ်နိုင်ဆုံး ဖယ်ရှားနိုင်သူသည် ချမ်းသာခြင်းနှင့် ပြည့်စုံသူဟု ဆိုရပါမည်။

လောကတွင် အကြီးဆုံးသော ဆင်းရဲမှာ ကိလေသာမီး စွဲလောင်ပြီး သံသရာထဲမှာ တဝဲလည်လည်ပြေးလွှားနေရသော ဆင်းရဲခြင်းပင် ဖြစ်သည်။ ထိုဆင်းရဲခြင်းမှ အပြီးတိုင်လွတ်မြောက်ခြင်းသည် ပြီးပြည့်စုံသော လောကုတ္တရာချမ်းသာပင် ဖြစ်သည်။

မိမိကိုယ်ကို လောကုတ္တရာချမ်းသာ အထွတ်အထိပ်ရောက်စေပြီး သူတစ်ပါးကိုလည်း ချမ်းသာစေသည့် အတုမရှိ လူဖြစ်ကျိုးနပ်သည့်ပုဂ္ဂိုလ်မှာ ဗုဒ္ဓမြတ်စွာ ရှင်တော်မြတ်ဘုရားပင် ဖြစ်ပါသည်။ ရှင်တော်မြတ်ဘုရားသည် သတ္တဝါအပေါင်း (၂၄) အသင်္ချေ၊ ကုဋေ (၆၀) နှင့် (၁)သိန်းတို့ကို ပြီးပြည့်စုံသောချမ်းသာ (နိဗ္ဗာန်ချမ်းသာ) ကို ရရှိအောင် ဆောင်ကြဉ်းပေးခဲ့ပါသည်။ မရေမတွက်နိုင်သော သတ္တဝါများကိုလည်း ထိုချမ်းသာဆီသို့ သွားရာလမ်းကြောင်းပေါ်ပို့ဆောင်ခဲ့ပါသည်။ ထို့အပြင် လောကီချမ်းသာကိုလည်း ပေးဆောင်ခဲ့ပါသည်။

ရှင်တော်မြတ်ဘုရား၏ တပည့်သား သံဃာတော်အရှင်မြတ်များသည် ကိုယ်တိုင် လောကုတ္တရာချမ်းသာကို ပြီးပြည့်စုံအောင် ရရှိအောင် စွမ်းဆောင်နိုင်ပြီး တစ်ပါးသူများကိုလည်း တတ်အားသမျှ ရရှိအောင် ဆောင်ရွက်ခဲ့ကြသူများနှင့် ကိုယ်တိုင် ပြီးပြည့်စုံသော လောကုတ္တရာချမ်းသာကို ရရှိရေးအတွက် ကြိုးပမ်းအားထုတ်ရင်း တစ်ပါးသူကိုလည်း ကိုယ်နှင့်အတူ ရရှိစေဖို့ သွန်သင် ဆုံးမ ဟောပြောကြလျက် ဆောင်ကြဉ်းပေးဆဲရှိသူများ အများအပြားပင် ရှိခဲ့ပါသည်။ လောကီချမ်းသာရေးအတွက်လည်း ဆောင်ကြဉ်းပေးကြပါသည်။ ထိုပုဂ္ဂိုလ်မြတ်တို့သည် လူဖြစ်ကျိုးနပ်သူများ ဖြစ်ကြပါသည်။

လောကီနယ်ပယ်တွင် လူဖြစ်ကျိုးနပ်သူများကို စိစစ်ရန်အတွက် ပညာရှိများက လူ (၄) မျိုး ခွဲခြား သတ်မှတ်ကြပါသည်။ ၎င်းတို့မှာ-

၁။ လူဆိုး၊ လူညံ့
၂။ လူဆိုး၊ လူတော်
၃။ လူကောင်း၊ လူညံ့
၄။ လူကောင်း၊ လူတော်

ဟူ၍ ဖြစ်ပါသည်။

လူဆိုး၊ လူညံ့သည် ဝါသနာစရိုက်အားဖြင့် လူဆိုးဖြစ်သော်လည်း အရည်အချင်းအားဖြင့် ညံ့ဖျင်းသောကြောင့် ကြက်ခိုး၊ ဘဲခိုးလောက်ဖြင့် ထောင်ထဲသွားနေကြရသူများသာဖြစ်သည်။ ကိုယ်တိုင်မကောင်းသော်လည်း သူတစ်ပါးကို ထိထိရောက်ရောက် ဆိုးကျိုးပေးနိုင်သူများ မဟုတ်ပေ။

လူဆိုး‚လူတော်များကားကြောက်မက်ဖွယ်ကောင်းလှ၏။ သူတို့၏ တော်သော၊ ထက်မြက်သော ဉာဏ်အရည်အချင်းကို အဆိုးဘက်၌ အသုံးချသည့်



www.burmeseclassic.com

www.burmeseclassic.com

အတွက် လောကကြီးကို ကြီးစွာ ပျက်စီးစေပါသည်။ မဖော်ထုတ်နိုင်သော ရာဇဝတ်မှုကြီးများကို ပညာသားပါပါ ကျူးလွန်ခဲ့သည်မှာ အများအပြားပင် ဖြစ်သည်။ အလွန်တော်သော ဆိုးကျိုးပေးမှု နည်းမျိုးစုံဖြင့် လူသားများကို ဒုက္ခပေးကြသူများ ဖြစ်သည်။

အထက်ပါ လူနှစ်မျိုးသည် မိမိတို့ကိုယ်ကိုလည်း မိမိတို့ ချမ်းသာအောင် မဖန်တီး၊ သူတစ်ပါးကိုလည်း ချမ်းသာအောင် မဖန်တီးဘဲ ဆင်းရဲဒုက္ခဆိုးကျိုးများကိုသာ အနည်းနှင့် အများ ဖန်တီးကြသူများ ဖြစ်ကြပါသည်။

တတိယလူမျိုးမှာ လူကောင်း၊ လူညံ့ ဖြစ်သည်။ အသိပညာနှင့် မယှဉ်ဘဲ မကောင်းမှုကို မပြုတတ်သူများ ဖြစ်ပါသည်။ သိလကို သိလမှန်းမသိဘဲ အကြောင်းတစ်ခုခုကြောင့် မကျူးလွန်သူတို့ ဖြစ်တတ်သည်။ ဥပမာ ကျွဲ၊ နွားများ ငါးပါးသီလမြဲသကဲ့သို့ ဖြစ်သည်။ နုံအညံ့ဖျင်းသဖြင့် သူတစ်ပါးကို ဒုက္ခမပေးနိုင်သော၊ ဒုက္ခမပေးတတ်သော လူမျိုး ဖြစ်သည်။ ပညာမဲ့ ညံ့ဖျင်းသဖြင့် သူတစ်ပါးကို ကောင်းစေလိုသောစိတ်ဖြင့် ကောင်းကျိုးပြုသည့်တိုင်အောင် ကောင်းကျိုးမဖြစ်ဘဲ ဆိုးကျိုးဖြစ်တတ်သည်။ အဘနဖူးပေါ်တွင် နားနေသော ယင်ကောင်ကို တင်းပုတ်ဖြင့် ထုသတ်သည့်လူမျိုး ဖြစ်သည်။ မိမိကိုယ်ကိုလည်း မိမိကောင်းအောင် မဖန်တီးနိုင်။

လွတ်လပ်ရေးရပြီးစက ဖတ်ဖူးသော သတင်းတစ်ပုဒ်ကို မှတ်မိပါသည်။ သူတစ်ဦးသည် သူငယ်ပါ၌ ထိပ်ဖျားတွင် သားရေများ ဖုံးနေသဖြင့် ဆီးသွားရာတွင် အညစ်အကြေးများကျန်ပြီး အနာဖြစ်သည်။ ရင်းနှီးသူတစ်ယောက်ကို ပြောပြရာ ရင်းနှီးသူက ထိုသားရေပြားကို ဖြတ်ပစ်ရန် အကြံပေးသည်။ဆရာဝန်ထံ သွားဖြတ်ရန် သိမည်ထင်သဖြင့် ဆရာဝန်ထံသွားဖို့ အကြံပေးရာတွင် ထည့်မပြောခဲ့ပေ။

ထိုသူသည် မိတ်ဆွေ၏အကြံပေးချက်အတိုင်း ဆေးလိပ်ခုံမှ ဖက်ညှပ်သည့် ကတ်ကြေးဖြင့် သူဟာသူ ဖြတ်လိုက်သည်။ ဒုက္ခများပြီး ဆေးရုံရောက်သွားသည်။ သူတစ်ပါးကို နစ်နာစေလိုသောစိတ် လုံးဝ မရှိသဖြင့် လူဆိုးဟု ခေါ်နိုင်ဘဲ လူကောင်းဟု ခေါ်ရမည်ဖြစ်သော ထိုလူကောင်း၊ လူညံ့သည် မိမိကိုယ်ကိုလည်း ချမ်းသာအောင် မဖန်တီးနိုင်၊ သူတစ်ပါးကိုလည်း ချမ်းသာအောင် မဖန်တီးနိုင်။ အစဉ်မသင့်လျှင် အကောင်းလုပ်လျက် အဆိုးဖြစ်စေသောလူမျိုး ဖြစ်သည်။

အထက်ပါ လူသုံးမျိုးသည် လူဖြစ်သော်လည်း လူဖြစ်ရကျိုးမနပ်သူများ ဖြစ်ကြသည်။ လူဖြစ်ကျိုးမနပ်ကြသူများသည် လူညံ့များ ဖြစ်ကြပါသည်။

လူကောင်း၊ လူတော်ဖြစ်ရန်အတွက် အခြေခံ လိုအပ်ချက်မှာ စိတ်ကောင်းရှိရန် ဖြစ်ပါသည်။ ထိုစိတ်ကောင်းမှာ သူတစ်ပါးကို ချမ်းသာစေလိုသောစိတ် ဖြစ်ပါသည်။ ဤအခြေခံစိတ်ထား မရှိဘဲ လူကောင်းမဖြစ်နိုင်ပါ။ ဤအခြေခံစိတ်ထားဖြင့် သူတစ်ပါးကို နှုတ်ဖြင့် ဖြစ်စေ၊ လက်ဖြင့် ဖြစ်စေ တတ်စွမ်းသလောက် ချမ်းသာအောင် အကျိုးဆောင်ကြရမည် ဖြစ်ပါသည်။ ထိုစိတ်ဓာတ်မျိုးမှာ မွေးရာပါလည်းဖြစ်နိုင်ပြီး လေ့ကျင့်ပျိုးထောင်၍လည်း ရပါသည်။

အတိတ်ဘဝမှပါလာသော စိတ်မျိုးလည်း ဖြစ်နိုင်ပြီး မိဘက ပြုစုပျိုးထောင်ပေးခြင်းဖြင့်လည်း ရရှိနိုင်ပါသည်။ ရှေးလူကြီးများသည် မိမိ၏သမီးကိုယ်ဝန်ရှိသည် ဆိုသည်နှင့် သန္ဓေသားစရိုက်မကြမ်းအောင်၊ စိတ်ထားနူးညံ့အောင် မည်သို့ပြုလုပ်ရမည်ကို နည်းမျိုးစုံဖြင့် သွန်သင်ကြပါသည်။ ထိုအချိန်တွင် မိဘများ စရိုက်မကြမ်းအောင်၊ စိတ်ထားနူးညံ့အောင် အထူး လိုအပ်သည်ဟု ယူဆသည်။ မိဘများကို ကွပ်ကဲ ပဲ့ပြင်ကြ၏။ ကလေးမွေးလာသော အခါမှာလည်း ကလေးများ အိပ်ခါစ နိုးတစ်ဝက် ပျော်တစ်ဝက်အချိန်တွင် ကလေး၏နားကိုကပ်ပြီး 'သားလေး/သမီးလေး စိတ်ကောင်းရှိရမယ်၊ လိမ္မာရမယ်၊ ယဉ်ကျေးရမယ်၊ ဆိုဆုံးမလွယ်ရမယ်' စသည်ဖြင့် ဆိုဆုံးမကြပါသည်။ အတုယူတတ်သူ အရွယ်ရောက်လျှင်လည်း ကောင်းသောအတုကိုသာ ပြပါသည်။ ကျွန်တော်တို့ ငယ်စဉ်က ကျွန်တော်တို့အမေ သီဆိုသော သားချော့တေးမှာ လယ်တီဆရာတော်ဘုရားကြီး၏ (၇)နေ့ ဗုဒ္ဓဝင်လင်္ကာ ဖြစ်သည်။ 'သုံးလူ့ရှင်ပင်' ဖြစ်ပါသည်။ ကျွန်တော်တို့ စကားပြောတတ်သည်နှင့် အလွတ်ဆိုနိုင်ပါသည်။

မိမိကိုယ်မိမိ ထိန်းကျောင်းရသည့် အရွယ်ရောက်မှ ပြုပြင်လိုလျှင်လည်း ပြုပြင်၍ရပါသည်။ ကောင်းအောင်ပြုခြင်းဟူသည် ဘယ်အခါမှ နောက်မကျပါ။

နောက်တစ်ချက်မှာ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ အနည်းဆုံး သူတစ်ပါးအသက်ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းမရှိသူ၊ သူတစ်ပါးပစ္စည်းကို မတရားသော နည်းလမ်းများဖြင့် ရယူလေ့မရှိသူ၊ ကာမဂုဏ်၌ လော်လည်ဖောက်ပြားခြင်းမရှိသူ၊ လိမ်လည်လှည့်ဖြား ကောက်ကျစ်စဉ်းလဲခြင်းကင်းသူ၊ မူးယစ်သောက်စား ရမ်းကားခြင်းကင်းသူ ဖြစ်ရပါမည်။ အထက်ပါအချက်များနှင့် ပြည့်စုံသော် လူကောင်းဟု ဆိုနိုင်ပါသည်၊ ကောင်းရုံဖြင့် မိမိကိုယ် ချမ်းသာအောင် မဖန်တီးနိုင်၊ သူတစ်ပါးကိုလည်း ချမ်းသာအောင် မဆောင်ကြဉ်းနိုင်ပေ။ ထို့အတွက် လူတော်ဖြစ်ရန်မှာ အသိပညာ၊ အတတ်ပညာတစ်ခုခု၌ တတ်မြောက် ကျွမ်းကျင်ရပေမည်။ အသိပညာကို ဝိဇ္ဇာပညာ၊ အတတ်ပညာကို သိပ္ပံပညာဟု ဆိုကြပါသည်။ ရှေးအခါက ၎င်းကို မြန်မာမှုနယ်ပယ်တွင် နှုတ်မှုပညာ၊ လက်မှုပညာဟု ဆိုကြပါသည်။ အတတ်ပညာတွင်လည်း အသိဉာဏ်လိုအပ်ပါသည်။ ထိုဝိဇ္ဇာပညာ၊ သိပ္ပံပညာတို့တွင် တတ်ကျွမ်းသူသည် တတ်ကျွမ်းသလောက် မိမိကိုယ်ကိုလည်း ချမ်းသာအောင် ဖန်တီးနိုင်ပါသည်။ လူအများ၊ တိုင်းသူပြည်သားများ၊ ကမ္ဘာသူ ကမ္ဘာသားများကိုလည်း ချမ်းသာအောင် ဆောင်ကြဉ်းနိုင်ပါသည်။

ယနေ့ အဘက်ဘက်မှ တိုးတက်မှုမှန်သမျှတို့သည် ထိုဝိဇ္ဇာပညာရှင်၊ သိပ္ပံပညာရှင်များ၏ စွမ်းဆောင်ချက်များပင် ဖြစ်၏။ အသိပညာ၊ အတတ်ပညာများ တတ်မြောက်သည့် ပမာဏအလိုက် မိမိကိုယ်သာမက သူတစ်ပါးကိုလည်း အနည်းမှ အများဆုံးအထိ၊ ကမ္ဘာသူကမ္ဘာသားအားလုံးအထိ ချမ်းသာအောင် ဖန်တီးနိုင်သူ ဖြစ်ပေမည်။ ထိုသို့သောသူမျိုးကို လူဖြစ်ကျိုးနပ်သူများ ဟူ၍ ဆိုရပါမည်။

သန်း (၇၀၀၀) ရှိသော ကမ္ဘာ့လူဦးရေတွင် (၁) လူဆိုးလူညံ့၊ (၂) လူဆိုးလူတော်၊ (၃) လူကောင်းလူညံ့ မည်မျှရှိပြီး (၄) လူကောင်းလူတော် မည်မျှရှိမည်ကို ခန့်မှန်းနိုင်ပေသည်။ ရတောင့်ရခဲသော၊ မြင့်မြတ်သော လူ့ဘဝကိုရခိုက် မိမိကိုယ်ကိုမိမိ အတတ်နိုင်ဆုံး လူကောင်းလူတော်ဖြစ်အောင် ကြိုးပမ်းသင့်ကြပေသတည်း။

ချောင်းဆုံအနန်းသွင်




www.burmeseclassic.com

www.burmeseclassic.com

# မင်းဘူး-ဗိုလ်ဉတ္တမ

## ဆီးဖြူသီးတစ်ခြမ်း



ဆီးဖြူသီးတစ်ခြမ်း ဆိုသောဇာတ်လမ်းသည် တစ်ချိန်က ရေမြေသနင်း သီရိဓမ္မာသောကမင်းကြီး၏ဇာတ်လမ်းဖြစ်၏။ သီရိဓမ္မာသောကမင်းတွင် ဖအေတူ မအေကွဲ ညီအစ်ကို (၉၉) ယောက်ရှိကာ သူပါနှင့် မင်းသား (၁၀၀) ဖြစ်ပြီး ဖခင်ဘုရင်ကြီး ကွယ်လွန်သည်နှင့် အသောကမင်း (နောင်သီရိဓမ္မာသောကမင်း)က ကျန် (၉၈)ယောက်သော နောင်တော်၊ ညီတော်တွေကို လက်ဦးမှုယူကာ သတ်ပစ်ခဲ့၏။ နောင်တော်တစ်ဦးမှာ ယင်းအဖြစ်ကို ကြိုတင်၍တွက်ဆကာ ရဟန်းဝတ်၍ တောရပ်မှီခဲ့သည်။ ယင်းနောင်တော်မင်းသား၏ မိဖုရားလည်း ကိုယ်ဝန်အရင့်အမာနှင့် တောခြေ ဇနပုဒ်သို့ မထင်မရှား တိမ်းရှောင်သွားခဲ့သည်။ အသောကမင်းသည် ရက်စက်ကြမ်းကြုတ်သည်ဖြစ်၍လည်း ပြည်သူတွေက ကွယ်ရာတွင် 'ဆန္ဒာသောက' ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ ကိုယ်ဝန်အရင့်အမာနှင့် မိဖုရားသည် တောအရပ်၌ပင် သားလေးကို မီးဖွားခဲ့သည်။ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရ ရဟန္တာသံဃာတစ်ပါးသည် ဆွမ်းခံကြွရင်း ဤကလေးငယ်၏ငိုသံကို ကြားသည်။ နောင်အနာဂတ်တွင် သာသနာတော်အတွက် ထွန်းပေါက်မည့်ကလေး ဆိုသည်ကို ယင်း



www.burmeseclassic.com

www.burmeseclassic.com

သံဃာတော်မြတ်က ဉာဏ်တော်ဖြင့်သိရှိခဲ့ကာ ဤကလေးကိုစောင့်ရှောက်ခဲ့၏။ (၇)နှစ်သားအရွယ်၌ မိခင်၏သဘောတူညီချက်ဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းကာ ရှင်ရဟန်းပြုစေသည်။ ဦးခေါင်းကို လေးဖက်လေးတန် ဆံချအပြီးဝယ်ဆံသင်းကိုရင်ငယ်သည် ရဟန္တာဖြစ်သွားခဲ့သည်။ (၇) နှစ်သား ရဟန္တာ၏အမည်ကား နိဂြောဓမထေရ် ဟူသတည်း။

တစ်နံနက်ဝယ် နိဂြောဓမထေရ် ဆွမ်းခံကြွသည်ကို အသောကမင်းကြီးက နန်းတော်ပြတင်းတံခါးမှ မြင်တွေ့သည်။ ကြည်ညိုဖွယ်အဆင်း၊ တည်ငြိမ်အေးချမ်းသော နိဂြောဓမထေရ်ကို နှစ်သက်သဘောကျလှသဖြင့် နန်းတော်သို့ ပင့်ကာ ဆွမ်းကပ်သည်။ နောက်နေ့တိုင်း နန်းတော်၌ ဆွမ်းဘုဉ်းပေးရန် လျှောက်ထားရာ ကျန်သံဃာတော်တို့ကိုပါ ဆွမ်းကပ်မည်ဆိုပါကလက်ခံမည်ဟု နိဂြောဓမထေရ်က ဖြေသည်။ အသောကမင်းကကျန်သံဃာတော်များကိုပါ နံနက်တိုင်း ဆွမ်းကပ်ပါမည်ဟု ကတိပြုသည်။ ဤသို့နှင့် တူတော်သူ(၇)နှစ်သားသာမဏေရဟန္တာ၏အဆုံးအမဖြင့် အသောကမင်းသည်း ထေရဝါဒဗုဒ္ဓဘာသာ အဆုံးအမအောက်သို့ ရောက်လာခဲ့တော့သည်။

'သီရိဓမ္မာသောက' ဆိုသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အဖြစ်ရောက်ရှိပြီးသကာလ ကြီးစွာသောလှူဒါန်းမှုများပြုပြီးခါမှ ရရှိခဲ့သော ဘွဲ့အမည်ပင်ဖြစ်သည်။

သီရိဓမ္မာသောကမင်းကြီးက မှူးမတ်များကို မေးသည်။

"မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က မည်သူသည် အများဆုံးလှူဒါန်းခဲ့သနည်း"

"အနာထပိဏ်သူဌေးဖြစ်ပါသည်"

ဟု မှူးမတ်များက လျှောက်တင်သည်။

"မည်သည့်ပမာဏ လှူဒါန်းခဲ့သနည်း"

ဟု ဆက်၍ မေးမြန်းရာ-

"ကုဋေတစ်ရာ လှူဒါန်းခဲ့ပါသည်"

ဟု မှူးမတ်များက ဖြေကြား၏။

"ဤသို့ဆိုလျှင် ငါသည်လည်း သာသနာတော်အတွက် ကုဋေတစ်ရာ လှူဒါန်းမည်"

ဟု သီရိဓမ္မာသောကမင်းကြီးက မြွက်ဆို၏။

စေတီပေါင်း (၈၄၀၀၀)၊ ရေကန်ပေါင်း (၈၄၀၀၀) ဆောက်လုပ် တူးဖော်လှူဒါန်းသည်။ အရပ်လေးမျက်နှာသို့ သာသနာပြုရဟန်းများ စေလွှတ်သည်။ သာသနာ့ဘောင်သို့ရောက်နေပြီဖြစ်သော သားတော်နှင့် သမီးတော်တို့အား သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ သာသနာပြုစေလွှတ်ခဲ့သည်။ မြတ်စွာဘုရားဖွားတော်မူရာအရပ်၊ ဗောဓိမဏ္ဍိုင်အရပ်၊ ဓမ္မစကြာတရားဟောရာအရပ်၊ ပရိနိဗ္ဗာန်စံတော်မူရာအရပ်များ၌ တစ်သိန်းစီ လှူသည်။ ဓမ္မရာဇိကခေါ် စေတီပေါင်း (၈၄၀၀၀)ကို တည်သည်။ ဖော်ပြပါ သံဝေဇနိယလေးဌာနဝယ် (၅)နှစ်တစ်ကြိမ်ပူဇော်ပွဲကိုလည်း ကျင်းပသည်။ ယင်းပူဇော်ပွဲများဝယ် (၄) သိန်းသောငွေကို စွန့်လွှတ်၍ ရဟန္တာတစ်သိန်းနှင့် သေက္ခ ပုထုဇဉ်ရဟန်းများက (၂) သိန်း၊ စုစုပေါင်း သံဃာ (၃)သိန်းတို့အား ဆွမ်းကပ်လှူဒါန်းလေသည်။ ထို့ပြင် ဘဏ္ဍာတိုက်မှအပ ဇမ္ဗူဒိပ်မြေအပြင်ကို လည်းကောင်း၊ နန်းတွင်းသားအမတ်များနှင့် မိမိကိုယ်ကို လည်းကောင်း၊ သားတော်ကုဏာလကို လည်းကောင်း အရိယာသံဃာအား လှူဒါန်းပြီးသကာလ ငွေ (၄) သိန်းဖြင့် ပြန်လည်ရွေးယူသည်။ ဤပုံဤနည်းဖြင့် အသပြာ (၉၆) ကုဋေကို မြတ်ဘုရား၏သာသနာတော်၌ သီရိဓမ္မာသောကမင်းကြီး လှူဒါန်းခဲ့သည်။

သီရိဓမ္မာသောကမင်းကြီးသည် မိမိ၏နောက်ဆုံးအချိန် အသည်းအသန်ဖြစ်၍ သေရတော့မည်ကိုသိသောအခါဝယ် အလွန်ပင် နှလုံးမသာမယာဖြစ်ကာ မျက်ရည်ကျလေ၏။ ထိုအခါ အပါးတွင် ခစားနေသော ရာဓဂုတ္တအမတ်ကြီး-

"အရှင်မင်းမြတ်၏မျက်နှာတော်ကို အင်အားကြီးမားသော ရန်သူအပေါင်းတို့က ရင်ဆိုင်တွေ့ကာ မော်၍ပင် မကြည့်ဝံ့ကြပါ။ အလွန်ကြမ်းတမ်းစွာပူသော နေမင်းကြီးနှင့် တူခဲ့ပါသည်။ ယင်းမျက်နှာတော်သည် ပဒုမ္မာကြာနှင့်တူစွာ အရာရာသော ကျက်သရေများကို သောက်စို့ထားဘိသကဲ့သို့လည်း ရွှင်လန်းလျက်ရှိခဲ့ဖူးပါသည်။ သို့သော် ယခုအခါ၌ အဘယ်အတွက်ကြောင့် မျက်ရည်ကျရပါသနည်း"

ဟု လျှောက်ထား မေးမြန်းလေ၏။

ထိုအခါ သီရိဓမ္မာသောကမင်းကြီးက-

"အချင်း ရာဓဂုတ္တ၊ စည်းစိမ်ဥစ္စာပျက်စီးခြင်းကိုလည်း ငါ မစိုးရိမ်ပါ။ မင်းအဖြစ် ပျက်စီးဆုံးရှုံးရမည်ကိုလည်း ငါကား မစိုးရိမ်ပါ။ နေရာဌာနနှင့် ကင်းကွာခြင်းကိုလည်း ငါကား မစိုးရိမ်ပါ။ စင့်စစ်မူ သံဃာတော်အရှင်မြတ်တို့နှင့် ခွဲခွာရမည့်အရေးကို ငါတွေးကာ စိုးရိမ်မိခြင်းပဲ ဖြစ်သည်။

အချင်းရာဓဂုတ္တ၊ ငါသည် အလုံးစုံသောဂုဏ်နှင့် ပြည့်စုံ၍ လူ၊ နတ်တို့ပူဇော်ထိုက်သော ယနေ့မျက်မှောက် ဖူးတွေ့နေရသည့် သံဃာတော်များကို မွန်မြတ်သော ဆွမ်းအဖျော်တို့ဖြင့် တစ်ဖန်ပူဇော်ရတော့မည် မဟုတ်ပါ။ တစ်ဖန်ပူဇော်ခွင့်ကား ရတော့မည် မဟုတ်ပါ။ ဤအကြောင်းအရာကို တွေးတောစဉ်းစားမိ၍သာ ငါမျက်ရည်ကျခြင်းပဲ ဖြစ်သည်။ ထို့ပြင်တစ်ဝ ရာဇဂုတ္တရေ၊ မြတ်စွာဘုရား၏သာသနာတော်ဝယ် ကုဋေတစ်ရာ လှူဒါန်းပူဇော်မည်ဟု ငါ၌ စိတ်အကြံဖြစ်ခဲ့သည်။ ထိုအလိုဆန္ဒသည်လည်း ပြည့်မြောက်ခြင်းမရှိသေးပါ"

ထို့နောက် အသောကမင်းကြီးသည် လှူဒါန်းရန်ရည်ရွယ်ထားသည့်အနက် လိုနေသေးသော လေးကုဋေ ရွှေငွေပမာဏကို ကုက္ကုဋာရာမကျောင်းသို့ ပေးပို့လှူဒါန်းရန် ကြံရွယ်ပြန်လေ၏။ ထိုအချိန်တွင် ကုဏာလ၏သား၊ အသောကမင်း၏မြေးဖြစ်သူ သမ္ပဒိမင်းသားက အိမ်ရှေ့မင်းတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ အိမ်ရှေ့မင်းအား မှူးမတ်တို့က-

"အသောက ဘုရင်မင်းမြတ်သည် ဘဏ္ဍာတိုက်ရှိ လေးကုဋေသော ရွှေ ငွေတို့အား ကုက္ကုဋာရာမကျောင်းတိုက်သို့ ပေးပို့လှူဒါန်းရန် ကြံရွယ်နေပါပြီ။ မင်းတို့မည်သည် ဘဏ္ဍာတိုက်သည်သာ ခွန်အားဖြစ်သည့်အလျောက် အရှင်မင်းသား တားမြစ်သင့်ပါသည်"

ဟု မတားမြစ်မချင်း တိုက်တွန်းကြလေ၏။

ယင်းကဲ့သို့ မတားမြစ်မီဝယ် အသောကမင်းအား ရွှေခွက်ဖြင့် အာဟာရကို ဆက်ကပ်ရာ အသောကမင်းလည်း သုံးဆောင်ပြီးသကာလ ရွှေခွက်ကို ကျောင်းတိုက်သို့ ပေးပို့လှူဒါန်း၏။ ငွေခွက်ဖြင့် အာဟာရကို ဆက်ကပ်သော် သုံးဆောင်ပြီးသကာလ ငွေခွက်များကို ကျောင်းတိုက်သို့ ပေးပို့လှူဒါန်းစေ၏။ ထို့ကြောင့်လည်း မြေခွက်ဖြင့် အသောကမင်းကို ဆက်ကပ်ရသည်။ နောက်ဆုံးတွင် ဆီးဖြူသီးတစ်ခြမ်းသည် အသောကမင်း၏လက်ထဲသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ယင်းကို မြင်ပြီးသကာလ အသောကမင်းသည် ကြီးစွာသောထိတ်လန့်သံဝေဂကို ရလေသည်။ မှူးမတ်၊ နန်းတွင်းအမှုထမ်းများကို စုဝေးစေကာ-

"ဤနိုင်ငံ၊ ဤမြေကို မည်သူအစိုးရသနည်း"

မေးလေသည်။

အမတ်ကြီးလည်း နေရာမှထပြီး လက်အုပ်ချီကာ-

"အရှင်မင်းကြီး အစိုးရပါသည်"

ဟု လျှောက်တင်သည်။

အသောကမင်းကြီး၏ မျက်လုံးအိမ်တွင် မျက်ရည်များအပြည့်နှင့်ပင်-

"အမတ်ကြီး၊ အပြောအဆို လိမ္မာ၍ သို့မဟုတ် ငါ့အား အားနာ၍ အဘယ်ကြောင့် မဟုတ်မမှန်သောစကားကို ဆိုဘိသနည်း။ ငါသည် မင်းအဖြစ်မှ လျှောကျခဲ့ပြီ၊ ဤမြေပြင်အလုံးဝယ် ငါပိုင်ဆိုင်သည်ဟူ၍ ဤဆီးဖြူသီးတစ်ခြမ်းသာ ရှိတော့သည်။ မင်းစည်းစိမ်ဟူသည် မြစ်ရေယဉ်၌ကျရောက်သော အရာဝတ္ထုတစ်ခုကဲ့သို့ မတည်မငြိမ် ရှိလှသည်။ မကောင်းမမြတ် ယုတ်ညံ့သော မင်းစည်းစိမ် ဟူသည် စက်ဆုပ်ရွံရှာဖွယ် ပါတကား။ လူတို့၏အရှင်သခင် ငါသို့သော မင်းအားသော်မှ ဆင်းရဲသားဟူသော ကြောက်မက်ဖွယ်ဘေးသည် ရောက်လာလေ၏တကား။

မြတ်စွာဘုရား၏စကားကို တစ်မျိုးတစ်မည်ဖြစ်အောင် မည်သူပြုနိုင်အံ့နည်း။ အလုံးစုံသောပြည့်စုံခြင်းဟူသမျှတို့သည် ပျက်စီးခြင်းသာလျှင် အဆုံးရှိကုန်၏ ဟူ၍ မြတ်စွာဘုရားသည် မိန့်ဆိုတော်မူခဲ့ပါ၏။ ဤမြတ်စွာဘုရား၏ စကားတော်သည် မချွတ်ဧကန် မှန်လှပါပေ၏"

ဟူ၍ မိန့်ပြီးသကာလ အသောကမင်းသည် မိမိလက်ဝယ်တွင်ရှိသော နောက်ဆုံးသော လက်ကျန် ဆီးဖြူသီးတစ်ခြမ်းကိုလည်း မင်းချင်းတစ်ယောက်စေလွှတ်ကာ ကျောင်းတော်သို့ပေးပို့လှူဒါန်းစေပြန်ခဲ့တော့သည်။ ဤဆီးဖြူသီးတစ်ခြမ်းသည်ပင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကိုအစိုးရသော အသောကမင်းကြီး၏ လက်ရှိဘဏ္ဍာတော် ဖြစ်ပါကြောင်း၊ နောက်ဆုံး အလှူဝတ္ထုဖြစ်၍ အကျိုးများစေရန်အလို့ငှာ သံဃိကအဖြစ် ခံယူသုံးဆောင်တော်မူကြစေလိုကြောင်း သံဃာတော်များအား လျှောက်ထားရန်လည်း မင်းချင်းအား အသောကမင်းကြီးက တစ်ပါတည်းမှာကြားလိုက်လေ၏။

အသောကမင်းကြီးထံမှ နောက်ဆုံးလက်ကျန် ဆီးဖြူသီးတစ်ခြမ်းကို လက်ခံရရှိသော သံဃမထေရ်ကြီးသည် သံဃာအပေါင်းရှေ့တွင် အောက်ပါ သံဝေဂတရားဂါထာကို ရွတ်ဖတ်လေ၏။

"စာဂသူရော နရိန္ဒသော၊ အသောကော မောရိယကုဉ္ဇရော၊
ဇမ္ဗူဒီပိသရော ဟုတွာ၊
ဇာတောဒ္ဓါမလကိဿရော။
သစ္စေဟိ သ ဘူမိပတိ အဇ္ဇ ဟတာဓိကာရော။
ဒါနံ ပယစ္ဆတိ ကိလာမလကဒ္ဓမေတံ။
သိရိဘောဂ ဝိတ္ထာရ မဒေယျ တိဂဗ္ဗိတာနံ။
ပစ္စာဒိသံ ဣဝမနာနိ ပုထုဇ္ဇနာနံ။

**စာဂသူရော-** စွန့်ကြဲပေးကမ်းခြင်း၌ ရဲရင့်ပေသော၊ **မောရိယကုဉ္ဇရော-** မောရိယမင်းမျိုးတို့၏ အမြင့်အမြတ်ဖြစ်ပေသော၊ **အသောကော-** အသောကမည်သော၊ **သောနရိန္ဒော-** ဤမင်းသည်၊ **ဇမ္ဗူဒီပိသရော-** ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အစိုးရသည်၊ **ဟုတွာ-** ဖြစ်ပြီး၍၊ **အဒ္ဓါမလက္ကဿရော-** ဆီးဖြူသီးတစ်ခြမ်းကို အစိုးရသူသာ၊ **ဇာတော-** ဖြစ်ရရှာလေ၏။

**အဇ္ဇ-** ယနေ့ယခုအခါ၌၊ **သစ္စေဟိ-** ကျေးကျွန်ဖြစ်ကုန်သော မှူးမတ်စသည်တို့က၊ **ဟတာဓိကာရော-** ဖျက်ဆီးအပ်သော ကောင်းမှုတော်ရှိသည်ဖြစ်၍ (ငါ) ကောင်းမှုတော်များကို ဟန့်တားပယ်ဖျက်လိုက်သောကြောင့်၊ **သဘူမိပတိ-** ထိုရေမြေရှင်မင်းသည်၊ **အာမလကဒ္ဓံ-** ဆီးဖြူသီးတစ်ခြမ်းမျှသော၊ **ဒါနံ-**လှူဖွယ်ဝတ္ထုကို၊ **ပယစ္ဆတိကိလ-**ပေးလှူသတတ်၊ **ဧတံ-** ဤအလှူသည် ဤသို့ဖြစ်ရခြင်းသည်၊ **သိရိဘောဂဝိတ္ထာရမဒေဟိ-** ကျက်သရေနှင့် စီးပွားဥစ္စာတို့၏ကြီးမားကျယ်ပြန့်ခြင်းကို စွဲမှီ၍ဖြစ်ကုန်သော မာန်ယစ်ခြင်းတို့ဖြင့်၊ **အတိဂဗ္ဗိတာနံ-** ငါတကားဟု ထောင်လွှားလျက် အလွန်တက်ကြွကုန်သော၊ **ပုထုဇ္ဇနာနံ-**ပုထုဇဉ်တို့၏၊ **မနာနိ-**စိတ်တို့ကို၊ **ပစ္စာဒိသံဣဝ-** ကြိုတင်၍ ညွှန်ကြားဘိသကဲ့သို့ ရှိပါပေသတည်း။

မင်းချင်းအား သံဃာတော်များကို ဆီးဖြူသီးတစ်ခြမ်း သွားရောက်ကပ်လှူရန် အမိန့်ပေးပြီးသကာလဝယ် အသောကမင်းကြီးသည်-

"ရာဓဂုတ္တ- ပြောစမ်း၊ ယခု ဤမြေပြင်၌ မည်သူအစိုးရသနည်း"

ဟု မေးလေ၏။

ထိုအခါ အမတ်ကြီးက-

"အရှင်မင်းကြီး အစိုးရပါသည်"

ဟု ဖြေ၏။

ထိုအခါ အသောကမင်းကြီးသည် အိပ်ရာမှထလျက် သံဃာတော်များရှိရာ လက်အုပ်ချီပြီး-

"ယခု အကျွန်ုပ် အသောကမင်းသည် ဘဏ္ဍာတိုက်ကြီးမှအပ သမုဒ္ဒရာ အဆုံးအပိုင်းအခြားရှိသော ဤမဟာပထဝီမြေကြီးကို မြတ်စွာဘုရားရှင်၏ တပည့်သံဃာများအား အပ်နှင်းလှူဒါန်းပါ၏"

ဟု လှူဒါန်းပြီးလျှင် စာချွန်တော်ရေးစေ၍ ဆင်စွယ်တံဆိပ် ခတ်နှိပ်စေသည်။ ဤသို့ သံဃာတော်အား မဟာပထဝီမြေကြီးကို လှူဒါန်းပြီးသည်နှင့် အသောကမင်းကြီး နတ်ရွာစံလေသည်။ ရာဓဂုတ္တနှင့်မှူးမတ်များသည် အသောမင်း လှူဒါန်းရန် ကျန်ရှိသော အသပြာလေးကုဋေနှင့် မဟာပထဝီမြေကြီးကို သံဃာတော်များထံမှ ရွေးယူရသည်။ ထို့နောက် အိမ်ရှေ့မင်းသား သမ္ပတိမင်းသားကို မင်းအဖြစ် တင်မြှောက်ကြလေသည်။

ဝိသုဒ္ဓိမဂ်ကျမ်းတွင် ဤအသောကမင်းကြီးနှင့် ဆီးဖြူသီးတစ်ခြမ်းအကြောင်းကို အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ မရဏာဿတိ ပွားပုံ ပြဆိုလျက် ပြည့်စုံခြင်း၊ ပျက်စီးခြင်းအားဖြင့်ရှုပုံအခန်းတွင် ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်လာ ပြည့်စုံခြင်း၊ ပျက်စီးခြင်းအားဖြင့် ရှုပုံတွင် ဖော်ပြချက်တို့သည် အထူး ကောင်းမွန်လှသည်ဖြစ်၍ ဆက်လက် ဖော်ပြအပ်ပါသည်။

❂

ပြည့်စုံခြင်း၊ ပျက်စီးခြင်းအားဖြင့် ဟူရာ၌ အကျယ်ကား ဤလောက၌ ပြည့်စုံခြင်း (သမ္ပတ္တိ) မည်သည်မှာ ပျက်စီးခြင်း (ဝိပတ္တိ)က ယင်းကို မလွှမ်းမိုးမီ အတွင်း၌သာလျှင် တင့်တယ် ကောင်းမြတ်ပေသည်။ ပျက်စီးခြင်းကိုကျော်လွန်၍တည်သော (ဝါ) မပျက်စီးနိုင်သော ပြည့်စုံခြင်းမည်သည် မရှိချေ။ ထို့ကြောင့်ပင်လျှင် နတ်စည်းစိမ်နှင့်တူသော စည်းစိမ်များနှင့် အစိုးရခြင်းဖြင့် အလွန်အကဲချမ်းသာနှင့် ပြည့်စုံသော အသောကမင်းသည် ဇမ္ဗူဒိပ် ခေါ် အိန္ဒိယတစ်ပြည်ထောင်လုံးကို အုပ်စိုး သုံးဆောင်လျက် ကုဋေတစ်ရာသောဥစ္စာကို ပေး



www.burmeseclassic.com

www.burmeseclassic.com

...ပြီး နောက်ဆုံးကာလ၌ ဆီးဖြူသီး ...ခြမ်းမျှကိုသာ အစိုးရသော ပိုင်ရှင် အဖြစ်သို့ ရောက်လေ၏။ အသောက ...စိုးရိမ်) မည်သော ထိုဧကရာဇ်မင်း ...သော်မှလည်း ကောင်းမှုကုန်ခြင်းသို့ ...ရောက်လတ်သော် ဤခန္ဓာဖြင့်ပင်လျှင် ...သေခြင်းကို ရှေးရှုဖြစ်လျက် စိုးရိမ်ပူ ...ဆွေးခြင်းသို့ ရောက်ရလေပြီ။

သကလံ မေဒိနိံ ဘုတွာ၊
ဒတွာ ကောဋိသတံသုခီ။
အန္တမလကမတ္တဿ၊
အဒ္ဓေက္ကဿရတံဂတော။

**သုခီ-** (နတ်စည်းစိမ်နှင့်တူသော ...စည်းစိမ်များနှင့် အစိုးရခြင်းဖြင့်) အ...နှင့်အကဲချမ်းသာခြင်းနှင့် ပြည့်စုံသော အသောကမင်းသည်၊ **သကလမေဒိနိံ-** ...ဒိပ်ခေါ် အိန္ဒိယတစ်ပြည်ထောင်လုံး ...**ဘုတွာ-** အုပ်စိုး သုံးဆောင်ပြီး၍၊ **ကောဋိသတံ-** ကုဋေတစ်ရာသောဥစ္စာ ...**ဒတွာ-** ပေးလှူပြီး၍၊ **အဒ္ဓေ-** အဆုံး ...နီးကျ နောက်ကာလ၌၊ **အန္တမလက မတ္တဿ-** ဆီးဖြူသီးတစ်ခြမ်းမျှ၏ အစိုး ...သူပိုင်ရှင်အဖြစ်သို့၊ **ဂတော-** ရောက်ရ ...လေ၏။

တေ နေဝ ဒေဟပဗန္ဓေန၊
ပုညမှိ ခယမာဂတေ၊
မရဏာဘိ မုခေါသောပိ၊
အသောကော သောကမာဂ
တော။

**အသောကော -** အသောကမည် ...သော (ဝါ) မစိုးရိမ်ရသူ စိုးရိမ်ကင်းသူ ...သော၊ **သောပိ-** ထိုဧကရာဇ်မင်း ...သော်မှလည်း၊ **ပုညမှိ-** ကောင်းမှု ...သည် **ခယံအာဂတေ -** ကုန်ခြင်းသို့ ...ရောက်လတ်သော်၊ **တေနေဝဒေဟပဗန္ဓေ...** ...သိတစ်ကိုယ်တည်းဖြင့်ပင်လျှင်၊ **မရ...ဘိမုခေါ-** သေခြင်းကို ရှေးရှုဖြစ် ...**သောကံ-** စိုးရိမ်ပူဆွေးခြင်းသို့၊ **...ဂတော-** ရောက်ရရှာလေပြီ။

'ထောင်လွှားတက်ကြွ ရှိလွန်းရ ...ညီး လျှောကျ နောက်ဆုံး ရှိချေ၏' ...၍ ဘရားသံဝေဂရစေရန် ရည်သန်၍ ...ဆောင်းပါးကို တင်ပြခြင်း ဖြစ်ပါ ...သည်။

မင်းဘူးပိုင်ညွှတ ...မ

**...ကိုး**

*မဟာစည်ဆရာတော်ကြီး၏*
*ဝိသုဒ္ဓိမဂ် မြန်မာပြန် ဒု-တွဲ။*

# လိုသူများသုံးစေဖို့ ဂါထာမန္တန်များ

ရှေးအစဉ်အဆက်က လောကီ ပညာရှင်ကြီးများ အသုံးပြုခဲ့ကြသော လောကီကိစ္စများအတွက် ပညာရပ် ဂါထာ မန္တန်များ ဖြစ်သည်။ မပျောက်ပျက်စေရန်နှင့် လိုသူများသုံးစေဖို့။

**အိုးခြမ်းကွဲ ပီယစီရင်နည်း**

အင်္ဂါနေ့၌ ထိခိုက်၍ကွဲသော အိုးခြမ်းကွဲကိုယူ၍ မိမိရေးလိုသော အမျိုးသမီး၏အမည်ကိုရေးပြီး (ဥုံ သဏ္ဍောလောဟရိသေယံ ဣတ္ထိ ပထဝီ သွာဟ) မန္တန်နှင့် (၃၇) အုပ် စုတ်၍ မိမိအိပ်ရာအောက်မှာပက်လက်မြှုပ်။ လာ၏။ မလာလိုသော် အိုးခြမ်းကွဲကို မှောက်လျက်မြှုပ်ပါ။

**ကုက္ကိုခေါက် ပီယစီရင်နည်း**

ကုက္ကိုခေါက်ကို အင်္ဂါနေ့၊ စနေနေ့ တစ်နေ့နေ့မှာ ခွာယူ၍ အမျိုးသမီးနံကို ရေးပါ။ သရက်ခေါက်တွင် အမျိုးသားနံကိုရေး။ နံချင်းထပ်မိအောင်ထပ်လျက် ချည် (၇) မျှင်နှင့်ရစ်ပတ်ပြီး-

ဥုံ စိတ္တံ စိတ္တံ ကရုံထ၊ သုညံ သုညံ ဇေဟိ ဇေဟိ၊ အာဂစ္ဆန္တု သွာ ဟာယ တပ်။

၎င်းမန္တန်နှင့် (၃၇) အုပ် စုတ်၍ လမ်းလေးခွမှာမြှုပ်၊ မကြာမီ လာရ၏။

**စံကားဝါပန်းနှင့်အိပ်မက်လွှတ်နည်း**

စံကားဝါပန်းသုံးပွင့်ကိုယူ၍ ကလပ်ပေါ်တင်ပြီး ဘုရားရှင်ရှေ့တော်မှာ (ဥုံ သုရဿတိမဝေ သွန္တိယော၊ အယံ နာဂေါ အဌေယျဝသံ ဒွေး သဗ္ဗရတ္တိံ သွာဟ) ထိုမန္တန်နှင့် (၃၇) အုပ် စုတ်၍ စံကားဝါပန်းတစ်ပွင့်ကို ဘုရားရှေ့မှာ ကပ်လှူပါ။ တစ်ပွင့်ကို အိမ်တွင်းမင်း မဟာဂီရိကိုတင်ပါ။ ကျန်သောပန်းတစ်ပွင့်ကို မိမိခေါင်းအုံးအောက်မှာထားပြီး မိမိလိုရာဆုတောင်း၍ အိပ်ပါ။ ညတွင်းချင်း သွား၍အိပ်မက်ပေး၏။ အိပ်မက်သည်နှင့် တစ်ပြိုင်နက် မနေနိုင်အောင် ချစ်လေ၏။

**ပုညဂါထာ**

ဥုံ နာထံ နာထံ ဗုဒ္ဓံ ဝန္ဒေ၊ ဓမ္မံ ဝန္ဒေ၊ သံဃံ ဝန္ဒေ၊ နိစ္စံ သိသေလာဘံ ဒေတု ပုညော။

၎င်းဂါထာနှင့် မိမိအလိုရှိသောသူ၏မျက်နှာကိုကြည့်၍ (၇) ခါရွတ်သော် မိမိပြောဆိုတိုင်းအောင်၏။ (အဟန့် ဖြစ်သည်။)

**ဆဲသူ မဆဲစေနိုင်သောမန္တန်**

ဥုံ နမော ပဏ္ဍိတ ကရေ သွာဟာ။

ဆဲတတ်သူ၏အမည်ကို (၇) ခုရေးပြီး တစ်ခုကို မန္တန်နှင့် (၇) အုပ်စီမန်း၍ မီးတွင်ထည့်ပါ။

**သွေးတိတ်မန်းဂါထာ**

အဝသုဿတု မေ သရီရေ မံသလောဟိတံ။

**မေ-** ငါ၏၊ **သရီရေ-** ခန္ဓာကိုယ်၌၊ **မံသ လောဟိတံ-** အသားအသွေးတို့သည်၊ **အဝသုဿတု-** ခန်းခြောက်ပါစေသတည်း၊

(မဇ္ဈိမပဏ္ဏာသပါဠိတော် - ၁၄၉)

မိမိအတွက် မေ ရွတ်ပါ။ သူတစ်ပါးအတွက် တေ ရွတ်ပါ။ (၇) ခေါက်ရွတ်ပါ။

**ကလေးသန်ကျမန္တန်**

အသောက်အစား အလွန်များသည်၊ အသားမကြွယ်လူသူငယ်တို့၊ ဝမ်းဝယ်ခိုလှုံ၊ သန်နေတုံသော်-

**မန္တန်-** ဥုံ ဟသ်ာတောင်ထိပ်၊ နင့်စိတ်ပျော်ရာ၊ မနေသာ ၄ကျ ဆရာ ကျ။

အစ အဆုံး (၃၇) ခေါက် ပေါက်ပေါက်ပွင့်ကို မန်းမှုတ်ဆို၍ စားလိုတိုင်းပေး၊ သန်ကွာဝေးသည်၊ လူသွေး လူရည် တင့်ရှန်းတည်း။

**အကုံရအကွရာအင်း**

အင်းဆန်- ဥုံ ဇတံ သရဝံ သွာဟာ၊ ဥုံ ဇကု သရဝံ သွာဟာ။

| | | | |
|---|---|---|---|
| ဥုံ | ဇ | တံ | သ |
| ရ | ဝံ | သွာ | ဟာ |
| ဥုံ | ဇ | ကု | သ |
| ရ | ဝံ | သွာ | ဟာ |


ကျောက်ပြားတွင် ဖြစ်စေ၊ စက္ကူတွင် ဖြစ်စေ ပျက်လွယ်အောင်ရေး၍ ရေစိမ်ထားပါ။ အင်းပျက်လျှင် ၎င်းအင်းရေစိမ်နှင့် ရောင်းမည့်ကုန်များကို ပက်လျှင် သိသိသာသာကြီး ကုန်အရောင်းစွံ၏။

မဒ္ဒဘာ(ကျိုက်ထော...)



www.burmeseclassic.com

www.burmeseclassic.com



မွေးစကလေးများသည် ဘယ်သောအခါမှ မိမိအသက်မသေအောင် မကာကွယ်နိုင်ကြ။ ဤသို့မကာကွယ်နိုင်သော်လည်း မည်သည့်ကလေးမျှ မွေးစအရွယ်တွင် မသေကြပါ။ အလွန်ကံဆိုးသူဖြစ်မှသာ တစ်ရာလျှင် တစ်ယောက်စနှစ်ယောက်စ သေတတ်ကြလေသည်။ မွေးစအရွယ်တွင် သေကြမည်ဆိုပါကား ကမ္ဘာပေါ်တွင် လူသားဟူ၍ရှိနိုင်တော့မဟုတ်ပေ။

အကြောင်းအမျိုးမျိုးကြောင့် သေဘေးနှင့်ကြုံလာခဲ့လျှင်လည်း သဘာဝတရားကြီးမှ အလွန် ထူးဆန်းစွာ ကလေးငယ်၏အသက်ကို ကယ်တင်ပေးတတ်သည်။ ဤသည်ကိုပင် လူများက မာရီယာနတ် ကယ်တင် စောင့်ရှောက်သည်ဟု ဆိုကြပြန်သည်။ တကယ်တော့ တစ်ကမ္ဘာလုံးရှိ ကလေးများကို မည်သည့်နတ်ကမျှ အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်နိုင်မည် မဟုတ်ပါ။ ဤအချက်ကိုကြည့်ရှုလျှင် မာရီယာနတ်နှင့် ဘယ်လိုမှ မပတ်သက်မှန်း ထင်ရှားစေသည့်အချက်သာ ဖြစ်ပေသည်။

ယခု ကျွန်ုပ်ဖော်ပြမည့် ကလေးငယ်များအကြောင်းမှာ မည်သူမျှ မသိသေးသော ကျွန်ုပ်ဘဝ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းထဲမှ အခန်းကဏ္ဍတစ်ခုကို တင်ပြမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဩစတေးလျတိုက် နယူးဆောက်ဝေးပြည်နယ် ကင်ဘာရာမြို့၌ နေကြသူများ ဖြစ်ပေ၏။ နှစ်စဉ် ဒီဇင်ဘာလသို့ရောက်တိုင်း ကျွန်ုပ်မိဘများရှိရာ ဆစ်ဒနီမြို့သို့ သွားလေ့ရှိကြသည်။ သို့သော် ကျွန်ုပ်အနေနှင့် (၂) နှစ်ကျော် သွားဖို့ပျက်ကွက်နေပါသည်။

မသွားဖြစ်သည့် အကြောင်းမှာ ပထမကလေးနှင့် ဒုတိယကလေး ရှေ့ဆင့်နောက်ဆင့် မွေးနေသောကြောင့် မသွားဖြစ်ခြင်း ဖြစ်ပေ၏။ ထို့ကြောင့် (၃) နှစ်မြောက် ခရစ္စမတ်မတိုင်မီတွင် ကျွန်ုပ်၏ အဖေနှင့် အမေမှာ မြေးလေးတွေကို ကြည့်ချင်သည့် ဆန္ဒကြောင့် ကျွန်ုပ်ထံရောက်လာတော့သည်။ ကျွန်ုပ်ထံ ရောက်သည်နှင့် ကလေးများမှာ (၁) နှစ်၊ (၂)နှစ်ကျော်ပြီဖြစ်၍ ကျွန်ုပ်၏ မိဘများက ဆစ်ဒနီမြို့သို့ မိသားစုတစ်ခုလုံးလိုက်ရမည်ဟု တစ်ချက်လွှတ် အမိန့်ထုတ်တော့သည်။

မရောက်သည်မှာ (၂)နှစ်ကျော်ပြီဖြစ်၍ ကျွန်ုပ်က မငြင်းတော့။ ကျွန်ုပ်တို့မှာ ဥယျာဉ်ခြံသမားများဖြစ်၍ ဇိမ်ခံကားတော့ ဝယ်မထား။ ကုန်ကားနှင့် လယ်ထွန်စက်သာ ကျွန်ုပ်၌ ရှိပေသည်။ ကျွန်ုပ်ခြံဘေးရှိ ရောဘတ်တွင်မှော ကုန်တင်ရန်နှင့် လူစီးရန် နှစ်မျိုးသုံးနိုင်သည့် ကားတစ်စီးရှိပါသည်။ ထိုကားမှာ



www.burmeseclassic.com

www.burmeseclassic.com

ကင်ဘာရာမြို့နှင့် ဆစ်ဒနီမြို့ကို အော်ဒါရလျှင်ရသလိုပြေးဆွဲနေ၍ ကျွန်ုပ်မိသားစုလိုက်ပါရန် ကြိုတင်အကြောင်းကြားလိုက်ရ၏။

ဆစ်ဒနီမြို့သို့ ရောဘတ်ကားထွက်ချိန်တွင် အချိုရည်ပုလင်းများပေးပို့ရန် အော်ဒါရလိုက်၍ ကားနောက်ခန်းတွင် အချိုရည်ပုလင်းကတ်များက ခေါင်မိုးနားအထိ တင်ထားသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်ဇနီးက ကားအတွင်းပိုင်းတွင်ထိုင်၍ ကားနောက်ဘက်တွင် ကျွန်ုပ်မိဘနှစ်ဦးက ထိုင်ကြသည်။ ကျွန်ုပ်နေရာထက် ကျွန်ုပ်မိဘနှစ်ဦးထိုင်သည့်နေရာက လေကောင်းလေသန့် ပို၍ရပေ၏။ ကျွန်ုပ်စိတ်တော့သိပ်မပူ။

စိတ်မပူသော်လည်း ဆစ်ဒနီမြို့အဝင် တောင်ပေါ်လမ်းများက အနည်းငယ် ကျဉ်းလှ၏။ တစ်ဖက်က ချောက်ကမ်းပါး။ ကားနှစ်စီးဆုံလျှင် တောင်နံရံဘက်သို့သာ ကပ်ချင်သည်။ ချောက်ဘက်မှ မောင်းရသော ကားကလည်း ချောက်နားသို့မကပ်။ ဤခရီးကို အမြဲသွားနေကျဖြစ်၍ ကျွန်ုပ်ကတော့ မကြည့်ဘဲ သိနေသည်။

စိုးရိမ်သော တောင်ပတ်လမ်းများမှ ကျွန်ုပ်တို့ကားလေး ဘေးမသီရန်မခဘဲ ဖြတ်ကျော်လာခဲ့သည်။ ဆစ်ဒနီမြို့ဝင် မြေပြန့်လွင်ပြင်၌ လမ်းလည်းဖြောင့်၏။ ကားလမ်းလည်း ကျယ်၏။ ဤအဝေးပြေးလမ်းမကြီးတွင်မူ ကားဆရာတို့ လွတ်လွတ်လပ်လပ် မိုင်ကုန်မောင်းလေ့ ရှိကြ၏။ နှစ်လမ်းသွားကားလမ်းဖြစ်၍ ရှေ့မှ ကားဖြတ်လာလျှင် လုံခြုံ



# မောင်မောင်သန်းထွန်း

## သဘာဝတရား စောင့်ရှောက်ခံရသူများ

သားသမီးနှစ်ဦးမှာ လက်သာသည့်အဘိုး၊ အဘွားပေါင်ပေါ်သို့ အလိုလိုရောက်သွားသည်။

ရောဘတ်ကိုယ်တိုင်မောင်းသော ကားလေးသည် ကင်ဘာရာမြို့ တောင်ကျော်လမ်းများမှတရိပ်ရိပ်ပြေးနေသည်။ အချိုရည်ပုလင်းဝိတ်ကြောင့် ဘယ်တိမ်း၊ ညာတိမ်းလုပ်လျှင်ပင် ကားကပို၍ယိမ်းသည်ကို သတိထားမိလိုက်၏။ ကားလမ်းကောင်းသော်လည်း အကွေ့အဝိုက်ကများလှ၏။ မောင်းနေကျလမ်းအား ရောဘတ်ကိုယ်တိုင် မောင်းနေသောကြောင့် စိတ်ချစေရန် ကားဘီးတစ်ဖက်အား လမ်းဘေးသို့ချပြီး မောင်းကြရသည်။ ဤအထာကို ကားမောင်းသူများလည်း သိနေကြပါသည်။

တစ်ဖြောင့်တည်း ကားလမ်းမကြီးတွင် ကျွန်ုပ်တို့ကားလေးက တည်ငြိမ်စွာ ပြေးလွှားနေသည်။ ဟိုအဝေးကြီးမှ ကုန်တင်ကားကြီးတစ်စင်းကလည်း မျက်နှာချင်းဆိုင်လာနေသည်။ သူ့လမ်းသူသွား၍ ကျွန်ုပ်တို့ကားကလည်း ကိုယ့်လမ်းနှင့်ကိုယ်ဖြစ်၍ သီးခြားရှောင်ပေးရန် မလို။ သို့သော် ကားနှစ်စီးဆုံရာအရပ်၌ တစ်ဖက်မှ ကုန်တင်ကားကြီးဖြစ်ခြင်းကြောင့် ညာဘက်ဘီးများအား လမ်းဘေးသို့ ချ၍မောင်းရသည်။

ကျွန်ုပ်တို့ကားဘီးများချသော နေရာသည် ကတ္တရာလမ်းထက် လက်လေးလုံးခန့်သာ နိမ့်ပါသည်။ ဤမျှ အနိမ့်အမြင့်လေးအား မည်သည့်ကားသမားမျှ အလေးထားမည် မဟုတ်။ တချို့သော ချိုင့်ကွက်များမှာ တစ်မိုက်ခန့်ပင်ရှိတတ်၏။ သို့သော် ယခု လမ်းဘေးသို့ချ၍



www.burmeseclassic.com

www.burmeseclassic.com

# ရှေးမြန်မာတို့၏ အတိတ်တဘောင်များ

**တင်နိုင်တိုး**

ရှေးမြန်မာတို့ကား နိမိတ်များ၊ အတိတ်တဘောင်များကို ယုံကြည်ကြ၏။ ရှေးမြန်မာရာဇဝင်ကျမ်းများတွင် ယင်းအတိတ်တဘောင်များနှင့် ပတ်သက်၍ မကြာခဏ တွေ့ရှိရပါသည်။ အထူးသဖြင့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၌ ရာဇာဓိရာဇ်ဖြစ်လာမည့် မင်းသား ဗညားနွဲ့သည် အတိတ်တဘောင်များအပေါ် အမြဲ အလေးထား ဂရုပြုလေ့ရှိကြောင်း သိရှိရ၏။

ဗညားနွဲ့မင်းသားတွင် မင်းကံစီဆိုသူ ပညာရှိသုခမိန်တစ်ဦး ရှိသည်။ မင်းကံစီသည် ရဟန်းသာမဏေဘဝမှ လူထွက်ကာ ဗညားနွဲ့အား ကူညီခဲ့သူဖြစ်၏။ မင်းကံစီက အတိတ်တဘောင်များကို နိမိတ်ဖတ်ကာ ဗညားနွဲ့မင်းသားအား အကြံကောင်းဉာဏ်ကောင်းများကို ပေးအပ်ခဲ့၏။ နောင် ဗညားနွဲ့ မင်းဖြစ်လာသောအခါ မင်းကံစီသည် ရာဇမနုဘွဲ့ခံပညာရှိအမတ် ဖြစ်လာခဲ့သည်။

ဗညားနွဲ့မင်းသား ဒဂုန်သို့ထွက်ခွာကာ အခိုင်အမာပြုလျက် ခမည်းတော် ဗညားဦးကို တော်လှန်ပုန်ကန်ရန် စီစဉ်နေစဉ် ပညာရှိ မင်းကံစီကပင် အစစအရာရာ စီမံပေးခဲ့ရသည်။ ဒဂုန်တွင် ရှိနေစဉ်အတွင်း မြို့ထဲသို့ လှည့်လည်သွားရောက်ရာမှပြန်လာစဉ် ကုတြပသုံမမိတ် ဆိုသူက ဗညားနွဲ့အား ပန်းစည်း လာရောက် ဆက်သသည်ကိုတွေ့မြင်ရ၏။ ပန်းစည်းက ကြာပန်းစည်း ဖြစ်၏။ ဤသည်ကို မြင်သည်နှင့် မင်းကံစီက ခြေနှစ်ဖက်စလုံးကို ခါလိုက်လေသည်။

မောင်းချိန်၌ ကျွန်ုပ်တို့ကားသည် အရည်များအပြည့်ပါသည့်ပုလင်းများကို တင်လာသောကြောင့် စောင်းငဲ့သွားသောဝိတ်ကို ဒရိုင်ဘာက ဘယ်လိုမှ ပြန်၍မတ်ချိန်မရှိ။ အရှိန်နှုန်းမြင့်တက်နေချိန်တွင် ဘေးသို့စောင်းသွားရာမှ ညာဘက်သို့ ပြင်းထန်သောအရှိန်နှင့်မှောက်တော့သည်။

အချိုရည်ပုလင်းများအား ကတ္တရာလမ်းမှ ဘေးသို့ချမောင်းစဉ်ကပင် ကားဘီးဆောင့်သောအရှိန်နှင့် ပုလင်းများက တစ်ခုနှင့်တစ်ခု ပြင်းထန်စွာရိုက်ခတ်မိကြသည်။ ပုလင်းကွဲသံ၊ ကားဘရိတ်နင်းသံ၊ အော်သံ၊ စက်သံများက ပွက်လောရိုက်နေသည်။ ကျွန်ုပ်တို့ဇနီးမောင်နှံပင် ကိုယ့်အသက်မသေအောင် မနည်းကာကွယ်နေရသည့်အချိန်ပင်။ ထိုအချိန်တွင် ကျွန်ုပ်တို့ကားမှာ အရှိန်မထိန်းနိုင်တော့ဘဲ ညာဘက်သို့လဲကျသွားခဲ့သည်။

ကျွန်ုပ်၏သားနှင့်သမီးမှာ အဘိုးအဘွားပေါင်ပေါ်တွင် ထိုင်နေပြီး ပက်လက်လဲချိန်တွင် အဘိုး၊ အဘွားရင်ခွင်တွင်ဖြစ်၍ အနည်းငယ်သက်သာမည်ဟု တွေးလိုက်သည်။ လောလောဆယ် ကလေးများကို သွားမကြည့်နိုင်သေး။ ကျွန်ုပ်တို့လင်မယားပင် ပုလင်းများပိနေ၍ မနည်းတွန်းဖယ်နေရသည့်အချိန်ပင်။ ပွန်းပဲ့ရုံမှလွဲ၍ သွေးထွက်သံယိုမဖြစ်ခဲ့။

တစ်ဖက်ကားမှ လာရောက်ကူညီသောကြောင့် ကျွန်ုပ်နှင့် ဇနီးက အပြင်သို့ ခက်ခက်ခဲခဲထွက်လာသည်။ အပြင်ရောက်မှ ကလေးများက အသံမကြားရ၍ရင်ထိတ်သွားပြန်သည်။ ပုလင်းကွဲများ၊ အချိုရည်များ၊ အစအနများ စုပုံနေ၍ ကျွန်ုပ်၏ဖခင်နှင့် ကလေးများကို လုံးဝမမြင်ရ။ ကျွန်ုပ်နှင့်ဇနီးက ကလေးများအသံကို လုံးဝမကြားရ၍ ပုလင်းကွဲများကို ရသလောက် ဖယ်ထုတ်နေရသည်။

တစ်ဖက်ကားမှလူများအား ဤပုလင်းကွဲပုံအောက်တွင် လူကြီးနှစ်ဦးနှင့် ကလေးနှစ်ဦးရှိကြောင်း၊ အမြန်ဝိုင်း၍ ဖယ်ရှားပေးပါရန် တောင်းပန်လိုက်ရာ အားလုံးမှဝိုင်း၍ကူညီကြပါသည်။ အချိုရည်ပုလင်းကွဲများ ရှင်းလင်းပြီးချိန်တွင် ကျွန်ုပ်ဖခင်က 'ဟင်း ဟင်း ဟင်း' ဟူသာ အသံထွက်နိုင်သည်။ လူက လုံးဝမလှုပ်။ သူ့ရင်ခွင်ထဲမှ ကျွန်ုပ်သားကလည်း သတိမေ့နေ၍ အရုပ်တစ်ရုပ်လိုငြိမ်နေသည်။

ကျွန်ုပ်က သားဖြစ်သူအား အဘိုးရင်ခွင်မှဆွဲ၍ယူလိုက်ရာ အလွန်ထူးခြားသည့်မြင်ကွင်းကို မြင်လိုက်ရ၏။ ၎င်းမှာ ကလေးငယ်၏လည်ပင်း ဘယ်၊ ညာတွင် အချိုရည်ခေါင်းနှစ်လုံးထောင်နေသည်ဟုထင်ရပြီး သေသေချာချာကြည့်မှသာ စိုက်နေသည့်အဖြစ်ပင်။ ကျွန်ုပ်ကိုယ်တိုင်ပင် မည်သည့်နေရာအထိစိုက်ဝင်နေမှန်း မသိ၍ ချက်ချင်းလည်း ဆွဲမထုတ်ရဲ။ ကျွန်ုပ်ကြားဖူးနာဝရှိသည်မှာ ခန္ဓာကိုယ်တွင် စိုက်နေသော ပစ္စည်းတစ်ခုအား ဆွဲ၍နုတ်လိုက်သည်နှင့် လေဝင်ပြီး သေတတ်ကြောင်းသိထားသည်။

ထို့အတူ ကျွန်ုပ်၏ သမီးငယ်ကို ကြည့်လိုက်ရာ ကျွန်ုပ်မိခင်ရင်ခွင်၌ မေ့နေပြီး ကလေးခေါင်းအပေါ်မှ သစ်သားတစ်စက မိခင်လည်ပင်းအား ထိုးထားသည်။ ကျွန်ုပ်၏ကလေးငယ်နှစ်ဦးအား ဖယ်ရှားပြီး သွေးများ ဒလဟောကျနေသည့် မိခင်နှင့် ဖခင်အား အပြင်သို့ ရောက်ရန် မနည်းပွေ့၍ထုတ်ရသည်။ ကားလမ်းတွင် ဖြတ်သန်းလာသည့် ကားတစ်စီးအား အကူအညီတောင်း၍ အားလုံးကို ဆေးရုံသို့ပို့ရသည်။

ဆရာဝန်ကြီးများ စစ်ဆေးချက်အရ ဖခင်ရင်ခွင်ထဲမှ ကလေးငယ်မှာ ကလေးလည်ပင်းလွတ်ရုံ ပုလင်းခေါင်းနှစ်လုံးက ဖခင်ရင်ညွှန့်အား စိုက်နေသည်။ ကလေးမှာ အံ့ဩဖွယ်ရာ မည်သည့်ဒဏ်ရာမျှမရ။ ဖခင်ကတော့ အသည်းတိုင်အောင် စိုက်နေ၍ ဆေးရုံ၌ပင်ဆုံးသွားသည်။ ကျွန်ုပ်၏ သမီးငယ်မှာလည်း ခေါင်းမှလွတ်ရုံကလေးတွင် အချိုရည်ပုံးသစ်သားစမှ မိခင်လည်ပင်းအား စိုက်ဝင်နေသည်။ သမီးငယ်က မည်သည့်ဒဏ်ရာမျှမရှိ။အကြောက်လွန်၍ မေ့နေခြင်းသာ ဖြစ်ပါသည်။ မိခင်လည်း သွေးလွတ်ကြောက်ကိုထိ၍ဆေးကုချိန်မမီလိုက်တော့ပါ။

တကယ်တော့ ကျွန်ုပ်၏ ကလေးနှစ်ဦးသည် မာရီယာနတ်စောင့်ရှောက်၍မဟုတ်။ ဤကလေးငယ်များသည် ရှေ့လျှောက် လူလုပ်ရန် နှစ်ပေါင်းများစွာကျန်ရှိနေသောကြောင့် သဘာဝတရားကြီးမှ သဘာဝအလျောက် အကာအကွယ်ပေးလိုက်ခြင်းပင်။ ဤဖြစ်ရပ်ကို ကျွန်ုပ်က ကိုယ်တွေ့ကြုံခဲ့သူပင် မဟုတ်ပါလား။

*Documentary and lifestyle အား ဆီလျော်အောင် ဘာသာပြန်ပါသည်။*

မောင်မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



ဗညားနွဲ့က-

"အစ်ကို အဘယ့်ကြောင့် ခြေခါသနည်း"

ဟု မေးမြန်းသောအခါ မင်းကံစီတ သူကျွမ်းကျင်ရာ အတိတ်နိမိတ်တဘောင်များဖြင့် ဖြေကြားခဲ့သည်။ ကြာပန်း ဟူသည် မွန်ဘာသာဖြင့် 'ဒကဟ်' ဟု ခေါ်သဖြင့် တနင်္လာနံ၊ ပဲခူးမြို့သည်လည်း တနင်္လာနံ၊ ပဲခူးကို အရှင့်သား အလွယ်တကူရမည့်နိမိတ်ဖြစ်သည်ဟု ဆိုသည်။

မင်းကံစီက သုံ့ဓမိတ် (သုမ္မာမိတ္တ) ဇာတ်တွင် ကြာပန်းသည် ဘုရားလောင်း၏အရိပ်နိမိတ်ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် သုံ့ဓမိတ်သည် တက္ကသိုလ်ပြည်၌ မင်းဖြစ်ရပြီး သုခခံစားရသည်။ ဗောဓိသတ္တဘုရားလောင်းတို့၏ ပြဝေဏီထုံးတမ်းဆိုလာမှာ ပါရမီဖြည့်စဉ်က ဒုက္ခ၌အလျှင်တည်ပါသည်။ နောင်သော် သရဗေဇဉာဏ်ရပြီး တရားဟောရသည်။ သိဒ္ဓတ္ထမင်းသားသည်လည်း တောထွက်၍ ဒုက္ခ၌ အလျှင်တည်ပါသည်။ နောင်ပါရမီတော်ကြောင့် (၃၁) ဘုံသားတို့၏ ဘုရားရှင်ဖြစ်ရပြီး သုခ၌သာ ရှေ့ဆက်ပြီးတည်နေတော့သည် မဟုတ်လော' ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဗညားနွဲ့သည် အမှန်တကယ်ပင် ကြာမိ ဒဂုန်ကိုအခြေပြုလျက် ပဲခူးအားပင်လည်း သိမ်းပိုက်နိုင်ခဲ့ရာ ရာဇဓိရာဇ်အမည်ဖြင့် ဘုရင်ဖြစ်လာတော့သည်။ ရှေးလူကြီးများက အတိတ်တဘောင်များကို ယုံကြည်ကြသကဲ့သို့ မှန်ကန်စွာလည်း အဓိပ္ပာယ်ဖွင့်ဆိုတတ်ကြသည်။

ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း နိမိတ်ထွန်းသည်ဟုလည်း ဆိုလေ့ဆိုထရှိကြသည်။

အတိတ်နိမိတ်တဘောင်များနှင့် ပတ်သက်၍ ဒွါရဂိုက်းကို စတင်တည်ထောင်ခဲ့သောအုဂ်ဖိုရ်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိတွင်လည်း တွေ့ရှိရပါသည်။ အုဂ်ဖိုရ်ဆရာတော်ကြီးသည် ၁၈၈၀ ပြည့်နှစ်တွင် မဟာဗောဓိမှ ပြန်ကြွလာပြီးနောက် လက်ပံတန်းမြို့ ဇီးဖြူကုန်းတောရသို့တိုင်ကြွရောက်စဉ် တပည့်ဒကာများက လမ်းခရီးတွင် တောကျောင်းဆောက်လုပ်ပြီး ခရီးဦးကြိုပြုခဲ့သည်။

ဇီးဖြူကုန်းတောရကျောင်း၌ သီတင်းသုံးနေစဉ် မန္တလေးမှလာသော တပည့်များကို တွေ့မြင်သဖြင့် မန္တလေးအကြောင်းမေးမြန်းခဲ့သည်။ တပည့်များက မန္တလေးမြို့တွင် ထီရုံတည်ပြီး လက်မှတ်တစ်စောင်လျှင် ငွေ (၅) ကျပ်ထည့်ဝင်ကာ လက်မှတ် (၁၂၀၀၀)၊ ငွေကျပ် (၆၀၀၀၀) ရလျှင် ထီဖွင့်ကြောင်း၊ ကျပ် (၁၀၀၀၀) ကို ဘဏ္ဍာတော်အဖြစ် နုတ်ယူ၍ ကျန် (၅၀၀၀၀) ကို ထီဖွင့်ပေးကြောင်း၊ ယခုအခါ မြို့နေလူအပေါင်းတို့မှာ အလုပ်အကိုင်များစွန့်ကာ ထီကစားကြကြောင်း လျှောက်ထားခဲ့ကြသည်။

ထိုအခါ အုဂ်ဖိုရ်ဆရာတော်ကြီးက-

"သူပြုလုပ်သောထီသည်ပင် သူ့ကို ပျက်စီးစေလတ္တံ့သော ပုဗ္ဗနိမိတ်ဖြစ်တော့သည်။ ထီ ဟူသောအက္ခရာသည်နံအားဖြင့် စနေနံ၊ မင်းကလည်း စနေသား၊ အက္ခရာသင်္ချာအားဖြင့် (၇) ဂဏန်းအဘိဓမ္မာအားဖြင့် ထီနောင်ဘင်သာဖြစ်သောကြောင့် ငါနိမိတ်ဖတ်ရလျှင် (၇) နှစ်၊ (၇) လ၊ (၇) ရက်ထက် နန်းသက်မလွန်နိုင်။ ဤအတွင်းပင် ပျက်စီးလတ္တံ့"

ဟု မိန့်တော်မူပါသည်။

အုဂ်ဖိုရ်ဆရာတော်ကြီးက ဆက်လက် မိန့်ဆိုရာ၌လည်း -

"ထီဟူသောအက္ခရာသည် အနက်အားဖြင့် ဓီ ဟူသော နိပါတ်ပုဒ်၏ ကာရိယဖြစ်နိုင်၍ စက်ဆုပ်ရွံရှာဖွယ်အနက်ရှိသောကြောင့် ပျက်စီးသောအခါတွင်လည်း သူတစ်ပါးပျက်စီးသည်နှင့် မတူ၊ ဓီ အနက်အရ စက်ဆုပ်ရွံရှာဖွယ်ပင်ပျက်စီးလတ္တံ့"

ဟူ၍ မိန့်ကြားခဲ့သည်။

ဆရာတော်ကြီးက သီပေါမင်းတရားအကြောင်း ကြိုတင် နိမိတ်ဖတ်ရာတွင် အင်းဝခေတ် မိုးညှင်းမင်း၏သားတော် မင်းရဲကျော်စွာအကြောင်းနှင့်ယှဉ်၍ မိန့်ဆိုခဲ့ခြင်း ဖြစ်သည်။ ဆရာတော်ကြီးက -

"ရတနာပူရ အင်းဝပြည်ကြီး၌ မိုးညှင်းမင်းတရား နတ်ရွာစံတော်မူ၍ သားတော် မင်းရဲကျော်စွာ နန်းတက်တော်မူသောအခါ ဘိသိက်မင်္ဂလာဆင်မည့် သမားဖြူ သမားညိုတို့ကို 'ဟယ် တရိတရင်းဟူးရားသမားတို့ အခါတန်ပြီလော' ဟု မေးတော်မူသည်။ ထိုစကားကို ပညာရှိတို့ကြားလျှင် ဤမင်းသား (၃) နှစ်သာ မင်းပြုရမည်ဟု နိမိတ်စကားဖတ်ကြားကြကုန်သည်။ ဖတ်သည့်တိုင်း (၃) နှစ်သာ မင်းပြုရသည်။

မင်းတို့ မင်းကလေးလည်း ထီ ဟူသော နိမိတ်အရ (၇) နှစ်၊ (၇) လ၊ (၇) ရက်က မလွန်ပြီ"

ဟု မိန့်ဆိုခဲ့ခြင်း ဖြစ်သည်။

အုဂ်ဖိုရ်ဆရာတော် မိန့်ဆိုခဲ့သည့်အတိုင်းပင် သီပေါမင်းမှာ နန်းစည်းစိမ် (၇) နှစ် (၁) လနှင့် (၁၇) ရက်သာရှိခဲ့ပြီး နန်းကျကာ ရတနာဂီရိသို့ပါတော်မူသွားလေတော့သည်။

တင်နိုင်တိုး

ကျမ်းကိုး-


၁။ ရာဇဓိရာဇ်အရေးတော်ပုံကျမ်း (ဒေါက်တာနိုင်ပန်းလှ - တည်းဖြတ်)

၂။ စာပေသမိုင်းပုဂ္ဂိုလ်ရေးအတွေးအမြင်များ (မောင်ဇေယျာ)




www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘောဒီးယားကို ကြည့်လျှင် သုခေါ်ထိုင်းနိုင်ငံမတိုင်မီ အရှေ့တောင်ဖျားနိုင်ငံများ၌ မွန်ခမာတို့ အာဏာစက် ကြီးမား၏။ ဗုဒ္ဓသာသနာလည်း ထွန်းကားသည်။ ကမ္ဘောဒီးယားတွင် အမ်ကော်ထုမ်၊ အမ်ကော်ဝပ် စသည့်နှံ့သားထည်ဝါသော ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအဆောက်အအုံတည်ရှိနေခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်၏။

သို့သော် ယင်းအန်ကောဝပ်ကျောင်းတော်ကြီးသည် ရာမယန မဟာဘာရတ စသော ဟိန္ဒူအယူအဆ အနုပညာလက်ရာများဖြင့် မွမ်းမံ ခြယ်လှယ်ထား၏။ အိန္ဒိယအနုပညာသည်တို့၏လက်ရာဖြစ်၏။ ခေတ်အားဖြင့် ဂုပ္တခေတ်နောက်ပိုင်း မထုရမင်းဆက်၊ ထိုမင်းဆက်နောက်ပိုင်း မထုရခေတ်၊ မထုရခေတ်နောက်ပိုင်း မဟာရဋ္ဌမင်းမျိုးများအုပ်စိုးသည့် အဂျန္တာ သို့မဟုတ် အဇန္တခေတ်လက်ရာ ဖြစ်သည်ဟု ဆိုသည်။ အမှန်စင်စစ် အန်ကောဝပ်ဘုရားကျောင်းသည် အေဒီ ၁၀ ရာစုက လက်ရာသာဖြစ်၏။

ဖူနန်ခေတ် ဗုဒ္ဓသာသနာသည် သာသနာနှစ် ၅၀၀ ကျော်လောက်မှစ၍ သာသနာနှစ် ၁၀၀၀ ကျော်သည်အထိ ၁၀ ရာစုတိုင်အောင် တည်မြဲခဲ့၏။ သို့သော် ယင်းသာသနာ ထွန်းကား တိုးတက်မှုအထိမ်းအမှတ် ရှေးဟောင်းအဆောက်အအုံသာသနာဝင်နှင့် ရာဇဝင်တို့တွင် ထင်ရှားစွာမတွေ့ရ။ အမှန်စင်စစ် ကမ္ဘောဒီးယားသာသနာသည် ထေရဝါဒသာသနာတော် အစဉ်အမြဲ တည်ထွန်းလျက်ရှိသော သီဟိုဠ်ကျွန်း (သီရိလင်္ကာ) နိုင်ငံများနှင့် လည်းကောင်း၊ မွန်တို့ဌာန ရာမညတိုင်းမှ လည်းကောင်း ရောက်ရှိလာ၏။ ကမ္ဘောဒီးယားသည် မြန်မာတိုင်းနိုင်ငံများနှင့်လည်း ရင်းနှီးဆက်သွယ်ပြီး သာသနာပြုကြသော ခေတ်တွင် ကမ္ဘောဒီးယားဗုဒ္ဓသာသနာ ပြန်လည် ထွန်းကားလာ၏။

သာသနာနှစ် ၁၅၀၀ ကျော်ခန့်လောက်တွင် ဟိန္ဒူဘာသာ ပြန်လည်ရောက်ရှိလာ၏။ ရှိရင်းဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။ သည်ကြားထဲ တရုတ်ပြည်မှမဟာယနသာသနာလည်း ဝင်ရောက်လာ၏။ အန်ကောခေတ်မှာပင် ယင်းဘာသာ (၃) ခုအား ပြိုင်လာရာ မဟာယနသာသနာက ဩဇာလွှမ်းမိုးလာ၏။

လာအိုနိုင်ငံကိုကြည့်လျှင် လာအိုသို့ မဟာယာနသာသနာရောက်ရှိသည့် မှတ်တမ်းမတွေ့ရ။ အနီးအနား၌ ဖြစ်သော ကမ္ဘောဒီးယားကဲ့သို့ ထေရဝါဒသာသနာ ဆင်းသက်လာသည်ဟု ထင်မှတ်ဖွယ်ရှိ၏။ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အရှေ့ဘက်တွင် ဗီယက်နမ်၊ တောင်ဘက်တွင် ထိုင်း၊ မြောက်ဘက်တွင် မြန်မာနိုင်ငံ နယ်နိမိတ်ချင်း ဆက်စပ်နေ၏။ သည့်ကြောင့် ထိုနိုင်ငံများမှ ထေရဝါဒ ဗုဒ္ဓသာသနာ အစဉ်အလာအားဖြင့် ဆင်းသက်လာနိုင်၏။ ယခုတိုင်လည်း ထေရဝါဒသာသနာတည်မြဲသော နိုင်ငံ ဖြစ်၏။

အသောကမင်းလက်ထက် သုဝဏ္ဏဘူမိသို့ ရှင်သောဏနှင့် ဥတ္တရထေရ်တို့ ကြွရောက်သာသနာပြုချိန်ကပင် လာအိုနိုင်ငံသို့ ဗုဒ္ဓသာသနာ စတင်ရောက်ရှိသည်ဟု လာအိုသမိုင်းက ဆို၏။

လာအိုနိုင်ငံ၌ ထိုင်းနှင့် အင်ဒိုနီးရှားတို့တွင်ခေတ်စားသော ရာမဇာတ်တော်လာ ရာမမင်းသားကို ကိုးကွယ်ဆည်းကပ်ရာပုဂ္ဂိုလ်အဖြစ် သတ်မှတ်ကိုးကွယ်သူများ ရှိ၏။


လာအို ဟိုဖက်ကေး (Hor Pha-keo) ပြတိုက်တွင် မွန်ကျောက်စာတိုင်တစ်တိုင်း ခင်းကျင်းပြသထား၏။ လာအိုမွန်ကျောက်စာကို လာအိုနိုင်ငံ လင်းဇင်းမြို့ မြောက်ဘက် (၃၉) မိုင်အကွာ ထန်းတလက်အရပ်တွင် တွေ့ရသည်။ အရှင်ဝဏ္ဏက ကျိုက်ကောဗိဟာရ်ဘုရားအား နွား၊ လယ်၊ ကျွန် လှူသည့် အလှူမှတ်တမ်းဖြစ်၏။ အေဒီ (၈) ရာစု၊ (၉) ရာစု မွန်စာအရေးအသား ဖြစ်၏။ သည်အပြင် ထိုစဉ်က မွန်တို့ လာအိုနိုင်ငံတွင် အခြေချခဲ့သည်ဟု ဆိုနိုင်၏။

မာလာယုဗုဒ္ဓသာသနာကို လေ့လာလျှင် သာသနာနှစ် ၅၀၀ ကျော်ကာလတွင် ဗုဒ္ဓသာသနာသည် အနောက်မြောက်တိုင်းနိုင်ငံများဖြစ်သည့် ကသ္မီရ ဂန္ဓာရတိုင်းများမှ အလသန္ဒ (အလက်ဇန္ဒြီယား) တို့ ကျယ်ပြန့်စွာ ပျံ့နှံ့သွား၏။ အရှေ့တိုင်းနိုင်ငံများတွင် ဝင်၊ ကာမလိင်္ဂ၊ ဩရိသ၊ သုဝဏ္ဏဘူမိ (ရာမညတိုင်း)၊ ရှမ်း၊ ယွန်း၊ ယိုးဒယားနှင့် မာလာယု (မလေးကျွန်းဆွယ်) တို့ ပျံ့နှံ့ခဲ့၏။

သာသနာနှစ် ၉၀၀ မှ ၁၀၀၀ ပြည့်နှစ်အတွင်းရေးထိုးခဲ့သည့် ကျောက်စာများတွင် သက္ကတဘာသာဖြင့် ရေးထိုးခဲ့သည်ကို တွေ့ရှိရ၏။ သာသနာနှစ် ၁၀၀၀တွင် မဟာယာနဗုဒ္ဓဘာသာထွန်းကား၏။ မဟာယာနအဘိဓမ္မာကျမ်းမှ ဂါထာ(၃)ပုဒ်ရေးထိုးထားသည့် ရွှံ့အုတ်ချပ်တစ်ချပ်တွေ့ရှိရ၏။ ယင်းအုတ်ချပ်

သုဝဏ္ဏဘူမိတည်နေရာ (၂)

နိုင်ခင်မောင်လေး





www.burmeseclassic.com


www.burmeseclassic.com

တွင် နတ်ကွန်းအုတ်တိုက်(၃)ခုနှင့် စေတီ (၅)ဆူ၊ ဘုရင်နှင့် ရဟန်းတော်များ တည်ထားခဲ့ကြောင်း ရေးထိုးထား၏။

မလေးရှားတွင် သင်္ဘောသူကြီး ဂုပ္ပတား ရေးထိုးထားသော ကျောက်စာတစ်ချပ် တွေ့ရှိရ၏။ ဗုဒ္ဓဂုဏ်တော်ကို ချီးမွမ်းပူဇော်ထားသော အရေးအသားဖြစ်၏။ ယင်းကျောက်စာကို အေဒီ (၅) ရာစု၊ (၆) ရာစုတွင် ရေးထိုးခဲ့သည်ဟု ဆို၏။

၁၉၃၁ ခုနှစ်ခန့်က အီပို့အနီး သတ္တုတွင်း တူးဖော်စဉ် ကြေးဆင်းတုတစ်ဆူ တွေ့ရှိရ၏။ ယခု ယင်းကြေးဆင်းတုကို ကွာလာလမ်ပူ ပြတိုက်တွင် ခင်းကျင်း ပြသထား၏။ အေဒီ (၅) ရာစု၊ (၆) ရာစုလက်ရာ ဖြစ်၏။

ထိုင်းနိုင်ငံနှင့် ပတ်သက်၍ ထိုင်းသာသနာဝင် မှတ်တမ်းအချို့တွင် ရှင်သောဏနှင့် ဥတ္တရမထေရ်တို့ ထိုင်းသို့ ကြွရောက်ခဲ့သည်ဟု ဆို၏။ အသောကမင်းတရားကြီး သာသနာမဝင်မီ အနီးအနားနိုင်ငံအားလုံးကို သိမ်းကျုံးတိုက်ဖျက်၏။ အိန္ဒိယတိုင်းသားတို့ စစ်ဘေးစစ်ဒဏ်လွတ်ရာ အင်ဒိုချိုင်းနားကျွန်းဆွယ်၊ မလေးကျွန်းဆွယ်တို့ ရောက်ရှိ နေကြ၏။ ထို့ကြောင့် မထေရ်များက ယင်းတို့အား တရားဓမ္မဟောကြား၏။ယင်းတို့မှတစ်ဆင့် တရားများကို ထိုင်းဘာသာသို့ ပြန်ဆိုကာ ထိုင်းယိုးဒယား ဘာသာဖြင့်နာယူခဲ့ရကြောင်း မှတ်တမ်း တင်ထား၏။ မထေရ်များဆဋ္ဌသင်္ဂါယနာတင်သည့်ကာလနှင့် ရဟန္တာမထေရ်များ ဖြစ်သဖြင့်ရောက်ရှိသည့်နေရာ၌ ယင်းဒေသ တွင်နေထိုင်သည့်လူမျိုးများ ဘာသာဖြင့် ဟောကြားနိုင်၏။ လင်္ကာဒီပ သီဟိုဠ်ကျွန်း၌လည်း မဟိန္ဒမထေရ်တို့ သီဟိုဠ်ဘာသာဖြင့်ပင် တရားဟောခဲ့၏။ ယခု အိန္ဒိယမှ ထွက်ပြေးလာသော ပုဂ္ဂိုလ်များအား တရားဟောပြီး ထိုမှ





www.burmeseclassic.com

www.burmeseclassic.com

ထိုင်းဘာသာ ပြန်ဆိုနာယူရခြင်း ဟူသော အဆိုသည် ယုတ္တိမရှိ။

ထို့ပြင် ထိုင်းတို့တွင် ရှင်သောဏနှင့် ဥတ္တရမထေရ်တို့မှဆင်းသက်တော်မူလာသော မထေရ်အစဉ်အဆက်လည်း မရှိ။ ထိုမထေရ်နှစ်ပါးရောက်ရှိကြောင်း၊ ပါဠိဘာသာဖြင့် လည်းကောင်း၊ ထိုင်းဘာသာဖြင့်သော် လည်းကောင်း မှတ်တမ်းထင်ရှားမရှိချေ။ ထိုင်းတို့က အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် မြန်မာတို့နှင့် အကြိမ်ကြိမ် စစ်ဖြစ်ခဲ့သဖြင့် မြန်မာတို့၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ကျောင်းကန်ဘုရားနှင့်စာပေများ ဖျက်ဆီးခံရ၏။ သည့်ကြောင့် ရာဇဝင်နှင့် သာသနာဝင် မှတ်တမ်း မကြွင်းကျန်ရစ်ဟု ဆို၏။ ဤသည်မှာလည်း ခိုင်လုံသော အကြောင်းပြချက်မဟုတ်။

အဓိကအချက်ကား ရှင်သောဏနှင့် ဥတ္တရမထေရ်တို့ ထိုင်းနိုင်ငံသို့ ကြွရောက်သည်ပင်ထားဦး။ ထိုစဉ်က ဥထောင်၊ နခုံပထုံဒေသသည် ဒွါရာဝတီ မွန်နိုင်ငံဖြစ်နေ၏။ မွန်တိုင်းရင်းသားများ အခြေချနေထိုင်နေသောဒေသ ဖြစ်၏။

အလွန် ရှေးကျသောကာလကပင် ယခု ထိုင်းနိုင်ငံ မီတလောင်မြစ်အောက်ပိုင်းတွင် မဲနမ်မြစ် ရှမ်းဒေသများတွင် မွန်တို့ အခြေချနေထိုင်ခဲ့ကြ၏။ ထိုသို့နေထိုင်ခဲ့ကြောင်းကို အေဒီ ၈ ရာစုတွင် ရေးထိုးခဲ့သည့် လောပ္ပုရီကျောက်စာနှင့် အေဒီ ၇ ရာစုတွင် ရေးထိုးခဲ့သည့် ပရပထုံကျောက်စာတို့က သက်သေအထင်အရှားရှိ၏။ ထို့အပြင် လာဝို (လောပ္ပုရီ) မွန်ဘုရင်၏ သမီးတော် စမ္မဒေဝီသည် ကြင်ရာတော်ကို စွန့်ခွာပြီး ရဟန်း (၅၀၀)၊ ပညာရှင် (၅၀၀)၊ နောက်လိုက်နောက်ပါ (၅၀၀) နှင့်အတူ မြောက်ပိုင်းဒေသသို့ သာသနာပြုရန် သွားရောက်ခဲ့၏။ ရောက်ရှိရာဒေသတွင် ဗရိပုဥ္ဇမွန်နိုင်ငံကို တည်ထောင်ပြီး ဘုရင်မအဖြစ် စိုးမိုးအုပ်ချုပ်သည်။ ဘုရင်မသည် ရွှေရောင်ထိုင်ခင်းပေါ်၌ထိုင်၍ ဘိသိက်ခံသောကြောင့် ထိုမြို့ကို ဟရိပုဥ္ဇဟု ခေါ်၏။ စမ္မဒေဝီဟရိပုဥ္ဇကို တည်သောခုနှစ်ကား အေဒီ ၆၆၁ ဖြစ်သည်ဟု ဂျော့စီဒီးက အခိုင်အမာ ဆို၏။[၁] စမ္မဒေဝီဝံသအရ စမ္မဒေဝီမြောက်ပိုင်းဒေသသို့ သွားရောက် သာသနာပြုသည့်ကာလသည် အေဒီ ၆၆၃ ဟု ဆို၏။ သည့်ကြောင့် ထိုစဉ်ကပင် ယခု ထိုင်း နိုင်ငံ ဒွါရဝတီရှိ မွန်တို့ ဗုဒ္ဓသာသနာကို လက်ခံရရှိခဲ့ပြီဖြစ်၏။

ထိုင်းနိုင်ငံကမူ သာသနာနှစ် ၁၀၀၀ လောက်ကျမှ ယူနန်နယ်မှ တရုတ်ဘုရင်တို့၏ ဖိနှိပ်ချုပ်ချယ်သောအာဏာစက်အောက်မှ လွတ်မြောက်ရာ တောင်ဘက်သို့ ရွှေ့ပြောင်းလာကြ၏။ ထိုအခါမှစ၍ မိမိတို့ကို ထိုင်းလူမျိုးဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြ၏။ ထိုင်း ဟူသောဝေါဟာရ၏အဓိပ္ပာယ်ကား လွတ်လမ်းတိုးပွားခြင်းဟု အဓိပ္ပာယ်ရ၏။

ထိုင်းဘုရင်ရာခမ်းဟင်းလက်ထက် သောက္ကတဲသည် ဗုဒ္ဓသာသနာထွန်းကားရာမြို့တော် ဖြစ်လာသည်။ သောက္ကတဲ မင်းဆက်ပြတ်သုဉ်းပြီးနောက် အယုဒ္ဓယမြို့တော်ကိုတည်ထောင်သော မင်းဆက်များ နန်းတက်လာ၏။ ထိုအခါ အင်ဒိုချိုင်းနားကျွန်းဆွယ် အပါအဝင် ကမ္ဘောဒီးယားမှ အန်ကောမြို့တော်အထိ သိမ်းပိုက်ခဲ့၏။ အန်ကောဝပ်သည် ထိုင်းဝေါဟာရဖြစ်၏။ အယုဒ္ဓယမြို့တော်တွင်လည်း စေတီပုထိုးများ တည်ထား ကိုးကွယ်ခဲ့၏။ အေဒီ ၁၇၆၇ တွင် မြန်မာနှင့် စစ်မက်ဖြစ်ပွားသဖြင့် အယုဒ္ဓယမြို့တော် ပျက်သုဉ်းခဲ့၏။ အယုဒ္ဓယမင်းဆက်(၃၃)ဆက်တွင် အယုဒ္ဓ ပျက်သုဉ်းပြီးနောက် မြို့တော်ကို ဗန်ကောက်သို့ ပြောင်းရွှေ့တည်ထောင်ခဲ့၏။

ဤသည်တို့ကား ဖော်ပြပါနိုင်ငံများ၏ ဗုဒ္ဓသာသနာရောက်ရှိမှု၊ တိုးတက် ထွန်းကားလာမှု၊ ဆုတ်ယုတ်နိမ့်ကျသွားမှု စသည်တို့ကို ဖော်ပြသော မှတ်တမ်းအကျဉ်းဟု ဆိုနိုင်၏။ ဒေသတစ်ခုကို သုဝဏ္ဏဘူမိဟု ဆုံးဖြတ်နိုင်ရန် အခြေခံအချက်များ သတ်မှတ်ရန်လို၏။ ယင်းအခြေခံအချက်ကို သာသနာနှစ် ၂၃၅-၂၃၆ ကာလကို စံထား၍ သတ်မှတ်လျှင်-

၁။ ရှင်သောဏနှင့် ဥတ္တရမထေရ်တို့ ကြွရောက် သာသနာပြုခဲ့သည့် ဒေသဖြစ်ခြင်း၊
၂။ ထိုဒေသတွင် ထိုမထေရ်များမှ ဆင်းသက်လာသည့် မထေရ်အစဉ်အဆက်ရှိခြင်း၊
၃။ ရှင်သောဏနှင့် ဥတ္တရမထေရ်တို့ ရောက်ရှိသာသနာပြုကြောင်း သာသနာဝင်မှတ်တမ်းနှင့် ဒေသဆိုင်ရာ ဘာသာစကား သို့မဟုတ် တခြားဘာသာစကားဖြင့် မှတ်တမ်းတင်ထားသည့် သမိုင်းအချက်အလက်များရှိခြင်း

စသည်တို့ ဖြစ်၏။

ဖော်ပြခဲ့သည့် စုမတြာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ မာလာယူနှင့် ထိုင်းတို့တွင် ယင်းအခြေခံ လိုအပ်ချက်နှင့် ကိုက်ညီခြင်းမရှိ။ သည့်ကြောင့် ယင်းနိုင်ငံရှိ ဒေသတစ်ခုကို သုဝဏ္ဏဘူမိဖြစ်သည်ဟု မဆုံးဖြတ်နိုင်။

ရာမညဒေသ ဗုဒ္ဓသာသနာကို လေ့လာ ဆန်းစစ်လျှင် မဇ္ဈိမဒေသတွင် မြတ်စွာဘုရားပွင့်တော်မူပြီး သတ္တသတ္တာဟ (၄၉) ရက်မြောက်နေ့ လင်းလွန်းပင်ရင်း၌စံစားနေစဉ် ရာမညတိုင်းမှ ကုန်သည်ညီနောင် တဖုဿနှင့် ဘလ္လိကတို့ မြတ်စွာဘုရားထံ အဖူးမြော်ရောက်ရှိလာကြ၏။ တပုဿနှင့် ဘလ္လိကသည် ရှေးဥက္ကလာပမြို့၏ တောင်ဘက် ယခုတွံတေးမြို့၏အရှေ့ဘက်ရှိ ပေါက္ခရဝတီခေါ် အသိတဥ္စနမြို့ ရှေးအခေါ် ကော့ကျွန်း၊ ယခု ခပင်ရွာသား ဖြစ်သည်ဟုဆိုသည်။ ညီနောင်နှစ်ပါး ဘုရားရှင်ကို ဖူးမြော်ရသည့်နေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့ ဖြစ်၏။ ဘုရားရှင်အား ပျားမုန့်ဆုပ်ကို ဆက်ကပ်လှူဒါန်း၏။ ဘုရားရှင်က ဦးခေါင်းတော်ကို လက်ဖြင့်သပ်လိုက်သောအခါ ဆံတော်ရှင်ရှစ်ဆူပါလာ၏။ ယင်းဆံတော်ရှစ်ဆူကို ညီနောင်နှစ်ပါးအား ပေးသနားတော်မူ၏။ ညီနောင်တို့က ဆံတော်ကို ဆောင်ကြဉ်းလာပြီး ဥက္ကလာပမင်းကြီး၏ အစီအမံဖြင့် ရွှေတိဂုံစေတီတော်ကို တည်ထား ကိုးကွယ်ခဲ့၏။ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ကအရင်းစ၍ ဘုရားဖြစ်တော်မူဦး သတ္တဌာနအလွန် (၇) ကြိမ်၊ (၄၉) ရက်၊ ဝါဆိုလဆန်း (၄)ရက်၊ (၅)ရက်ကပင် ရာမညတိုင်းတွင် သာသနာတော်သက်ဆင်းစဖြစ်

ကရဏ္ဏကတိုင်း သုဘိန္နမြို့ကို သီဟရာဇာမင်း စိုးစံစဉ် ရှင်ဂဝံပတိရဟန္တာ ကြွရောက်လာ၏။ အချို့မှာ ရှင်ဂဝံပတိရဟန္တာသည် မိခင်ကို တရားမြွက်နှင့်ဆုံးမလိုသဖြင့် မိခင်လူဖြစ်ရာ သုဘိန္နမြို့သို့ ကြွချီလာသည် ဆို၏။ အချို့က ကရဏ္ဏကတိုင်းကို တနင်္သာရီတိုင်းဒေသကြီး၊ သုဘိန္နမြို့ကို မော်လမြိုင်မြို့ဟု ယူလို၏။ ထိုသို့ယူဆလျှင် Ceography of early Buddhism စာအုပ်ကို ရေးသားခဲ့သည့် Birmala Churn Law ၏ အဆိုဖြစ်သော ရှင်သောဏနှင့် ဥတ္တရမထေရ်တို့ သာသနာပြုခဲ့သည့် သုဝဏ္ဏဘူမိအရပ်သည် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူး၊ မော်လမြိုင်ခရိုင်များနှင့် ကိုက်



www.burmeseclassic.com

www.burmeseclassic.com

ဦးရှိ၏။ ရာမညတိုင်း သထုံပြည်သို့ ရောက်သောအခါ ရှေးဘဝက ညီနောင် ဖြစ်ခဲ့ဖူးသော သီဟရာဇာမင်းနှင့်တကွ ပြည်သူအပေါင်းအား တရားရေအေး တိုက်ကျွေး၏။ ငါးပါးသီလ ဆောက်တည်စေ၏။ သီဟရာဇာမင်းက မြတ်စွာဘုရား သထုံပြည်သို့ပင့်လာရန်လျှောက် ထားတောင်းပန်၏။ ဂဝံပတိမထေရ်က လည်း သထုံပြည်သို့ ကြွရောက်ပါမည့် အကြောင်း ဘုရားရှင်အား လျှောက် ထား တောင်းပန်၏။ သည့်ကြောင့် (၈) ဝါမြောက်တွင် ဘုရားရှင် သုဝဏ္ဏဘုမ္မိ သို့ကြွတော်မူ၏။ ရာဇဝင်တွင် နောက်ပါ သံဃာ(၅၀၀)ပါသည်ဟုဆို၏။မော်ဓော ကျောက်စာတွင် နောက်လိုက်နောက်ပါ သံဃာ(၂၀၀၀၀)ပြ၏။ ဤကား ဒုတိယ အကြိမ်မြောက် ရာမညတိုင်းသို့ ဗုဒ္ဓသာ သနာရောက်ရှိခြင်းဖြစ်သည်ဟု သာသ နာဝင်မှတ်တမ်းတွင် ဆို၏။

ဂေါတမမြတ်စွာဘုရား (၂) ဝါရ နှိန်တွင် သုဝဏ္ဏဘုမ္မိ၌ သူရိယစန္ဒမင်း နန်းစံလျက် ရှိ၏။ မင်းကြီးသည် မြတ်စွာ ဘုရားအား ဖူးမြော်လိုစိတ် အလွန်ပြင်း ပြ၏။ ဤသည်ကို ဘုရားရှင်က သိရှိ တော်မူသဖြင့် တရုတ်ပြည် မာလတမြို့ ထိုးဒယားပြည် သောက္ကတဲမြို့၊ ထားဝယ် မြို့၊ ထိုမှ ရာမညတိုင်း မဟာသက္ကရာဇ် ၁၁၁ ယောမန္တဥတု တန်ဆောင်မုန်းမာသ ဆောင်းလအခါတွင် နောက်ပါ (၅၀၀) နှင့်အတူ သုဝဏ္ဏဘုမိအရပ် ဇင်းကျိုက် တောင်၏မြောက်ဘက် ခရီး (၇) တိုင်ခန့် အကွာရှိ သုဓမ္မဝတီခေါ် ယခု သထုံမြို့ သို့ ဒေသစာရီကြွချီတော်မူ၏။ ကလျာ ဏီကျောက်စာနှင့် အချို့သမိုင်းများတွင် သံဃာတော်(၂၀၀၀၀)နှင့် သုဝဏ္ဏဘုမ္မိ သို့ တိုက်ရိုက်ကြွလာသည်ဟု ဆို၏။

ထို့အပြင် မြတ်စွာဘုရား (၂) ဝါ မြောက်တွင် အရှင်အနုရုဒ္ဓါ အမှူးရှိ သော ရဟန္တာကြီး (၆) ပါးတို့သည် ဗုဒ္ဓ ဆံတော်(၆)ဆူကို လျှောက်ထားတောင်း ခံပြီး သုဝဏ္ဏဘုမ္မိသို့ကြွလာရာ ယခု သိမ်ဇရပ်ဒေသသို့ စတင်ရောက်ရှိလာ၏။ ယင်းဒေသတွင် ဆံတော်ရှင်စေတီ ယံတစ်ဆူ၊ ယင်းအရပ်၏တောင်ဘက် ရှိ စစ်တောင်းဇေယျပဗ္ဗတကျောက် တောင်စွန်းတွင် ဆံတော်ရှင်ရွှေစေတီ တစ်ဆူ၊ ထိုမှ တောင်ဘက်သို့ တစ်ဖန် ကြွလာပြန်ရာ သုဝဏ္ဏဘုမ္မိ မင်းနေပြည် တော်အနီး ကေလာသတောင်ထိပ်တွင် ရွှေစေတီငယ်တစ်ဆူ တည်ထားပြန်၏။ ထိုမှ မြောက်ဘက် တစ်ဂါဝုတ်အကွာ တွင် လှေသူကြီးက တစ်ဆူ၊ ထိုမှ တစ် ဂါဝုတ်အကွာ ငုမိလကြေးကုန်က တစ် ဆူ ဒါယကာပြုလုပ်၍ စေတီတည်ထား ကိုးကွယ်ခဲ့ကြ၏။

ဘုရားရှင် သာသနာတော်တည် မြဲရေးအတွက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးနောက် အရှင်မဟာကဿပ အမှူး ပြု၍ ပထမသင်္ဂါယနာတင်ခဲ့၏။ ဒုတိယ သင်္ဂါယနာကိုမူ အရှင်ယသ အမှူးပြု တင်ခဲ့၏။

သာသနာနှစ် ၂၃၅တွင် ရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုပြီး တတိယသင်္ဂါယနာတင်၏။ သင်္ဂါယနာ တင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာ သနာပြုစေလွှတ်၏။

ယင်းသို့စေလွှတ်သည့် ကိုးတိုင်း ကိုးဌာနကား -

- မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓာရ တိုင်း၊
- မဟာရေဝတထေရ်ကို မဟိံသက တိုင်း၊
- ရက္ခိတထေရ်ကို ဝနဝါသီတိုင်း၊
- ယောနကဓမ္မရက္ခိတထေရ်ကို အပ ရန္တတိုင်း၊
- မဟာဓမ္မရက္ခိတထေရ်ကို မဟာရ ဋ္ဌတိုင်း၊
- မဇ္ဈိမကဿပမထေရ်ကို ဟိမဝန္တာ ရပ်၊
- သောဏနှင့်ဥတ္တရထေရ်ကို သုဝဏ္ဏ ဘုမ္မိတိုင်း၊
- မဟိန္ဒထေရ်ကိုဣဋ္ဌိယထေရ်၊ ဥတ္တိယထေရ်၊ ဘဒ္ဒသာ လထေရ်၊ သမ္ဗလထေရ်၊ သုဝနသာ မဏေ၊ ဘဏ္ဍုက သီတင်းသည်(၇) ပါးတို့ကို သီဟိုဠ်ကျွန်းသို့ စေလွှတ် တော်မူ၏။ တိုင်းတစ်တိုင်းကို (၅) ပါးစျ စေလွှတ်၏။

ထိုသို့ ကိုးတိုင်းကိုးဌာနသို့ သာသ နာပြု စေလွှတ်ရာတွင် ရှင်သောဏနှင့် ဥတ္တရထေရ် အပါအဝင် ရဟန်းတော် (၅) ဦးကို အထက်ပါအတိုင်း သုဝဏ္ဏဘုမ္မိသို့ သာသနာပြုရန် စေလွှတ်ခဲ့၏။ ဆရာ တော် ရှင်သံဇရာဘိဝံသ ရေးသား ပြုစု သည့် ဗုဒ္ဓနိုင်ငံတော်စာအုပ် တတိယ တွဲတွင် ကိုးတိုင်းကိုးဌာနသို့ သာသနာ ပြုစေလွှတ်သည့်အကြောင်း ဖော်ပြရာ၌ သောဏမထေရ်နှင့် ဥတ္တရမထေရ် အ မှူးရှိသော သာသနာပြုများကို သုဝဏ္ဏ ဘုမ္မိ ရာမညတိုင်းနယ်သို့ စေလွှတ်ခဲ့ သည်ဟု အတိအလင်း ဖော်ပြထား၏။

နိုင်ခင်မောင်လေး

## ကျွဲ နွား မြင်း
## တိမ်ပျောက်ချက်ခဲ

ကျွဲ၊ နွား၊ မြင်းတို့တွင် အဆင်မ သင့်ပါက မျက်လုံးတိမ်စွဲတတ်ပါသည်။ တိမ်စွဲရာတွင် တိမ်စွဲခါစ၌ မျက်ရည်ကျ တတ်ပါသည်။ ထိုအချိန်တွင် ဆေးကု မျက်စဉ်းခတ်ပါ။ တိမ်စွဲမျက်လုံးမှ မျက် ရည်မကျတော့ဘူးဆိုလျှင် တိမ်သေသွား ပြီဖြစ်တဲ့အတွက် ကုမရတော့ပါ။

မြန်မြန်ရှာဖွေရလွယ်သော ဆေး နည်းမှာ တောထဲ လမ်းဘေးတွင်ပေါက် ရောက်သော ကျွဲနွားခေါင်းချိတ်ခေါ် ကြက်မောက်ဆူးပြန်အမြစ်ကို ဆန်ဆေး ရည်နှင့်သွေး၍ ည၊ နံနက် တစ်နေ့ (၂) ကြိမ်ခတ်ပေးပါ။ (၂) ရက်၊ (၃) ရက်ရှိ လျှင် တိမ်သက်သာပျောက်ကင်းသွား၍ အကောင်းပကတိဖြစ်သွားပါမည်။ ဤ ဖော်ပြသော ဆေးနည်းမျက်စဉ်းများမှာ စာရေးသူ၏ ဘိုးဘွားအမိအဖ စဉ်ဆက်- အသုံးပြုခဲ့သောနည်း ဖြစ်ပါသည်။ စာ ရေးသူကိုယ်တိုင်လည်း အသုံးပြုခဲ့သော နည်းကောင်း ဖြစ်ပါသည်။ ဆေးအရှာရ လွယ်ကူ၍ အချိန်အခါမရွေးအသုံးပြုနိုင် သော စိတ်ချရသည့်နည်း ဖြစ်ပါသည်။ စမ်းသပ်သုံးစွဲကြည့်ပါ။

ဤဆေးနည်းမှာ နွားပေါင်း မြောက်မြားစွာ မွေးမြူ၍ တောင်သူ အလုပ်လုပ်ခဲ့သော ဖခင်ကြီး၏ အမွေ ကို လက်ဆင့်ခံကာ ပြန်လည် ဖြန့်ဝေရ ခြင်း ဖြစ်ပါသည်။ ဤစာစုဖြင့် ဖခင်ကြီး အား ကန်တော့အပ်ပါသည်။ ဖခင်ကြီး ကောင်းရာဘုံဘဝသို့ ရောက်ပါစေ သော်။

*အားလုံး*
*ကျန်းမာချမ်းသာကြပါစေ*

ဦးသန်းစိုး(ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com



# တရေးဆရာနှင့်ရင်ဆောင်တန်း၍ တဖတ်သူများအကြောင်း

မေတ္တာရှင် (ရွှေပြည်သာ)

လောက်သာ စိုက်ထားမည်ဆိုလျှင် ပွားလာသောအတိုးငွေဖြင့် နွမ်းပါးသူများ၏ အသက်ကို ကယ်တင်နိုင်မည် ဖြစ်သည်။ သူတော်ကောင်းဖြစ်ရိုးမှန်လျှင် မိမိ၏ အပျော်အပါးကိုလျှော့၍ သူတစ်ပါး၏ အသက်ကိုမကယ်တင်နိုင်စရာအကြောင်း မရှိပေ။

ကမ္ဘာ့လူဦးရေသန်းပေါင်း(၇၀၀၀)ကျော်အနက် သန်းပေါင်း(၁၇၀၀)ကျော်သည် ခရစ်ယာန်ဘာသာဝင်များဖြစ်၏။ ဘာသာကြီးလေးခုအနက် ခရစ်ယာန်ဘာသာဝင်များသည် အများဆုံး ဖြစ်သည်။ ၂၀၀၉ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံတွင် ဘာသာရေးခေါင်းဆောင်ပေါင်း (၂၀၀) ကျော်တို့က ကမ္ဘာ့အကောင်းဆုံးဘာသာကိုလျှို့ဝှက်မဲဖြင့်ရွေးချယ်ကြရာ ဗုဒ္ဓဘာသာသည် မဲအများဆုံးဖြင့် အကောင်းဆုံးဘာသာအဖြစ် အရွေးခံရသည်။

ဗုဒ္ဓဘာသာ၏သမိုင်းကြောင်းတစ်လျှောက်တွင် ဗုဒ္ဓအတွက်သော် လည်းကောင်း၊ ဗုဒ္ဓဘာသာအတွက်သော်လည်းကောင်း သွေးမစွန်းခဲ့သောကြောင့် ဗုဒ္ဓဘာသာကို အကောင်းဆုံးဘာသာဖြင့် မဲပေးခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ်ခေါင်းဆောင်တစ်ဦးက ပြောကြားခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးဘာသာ ဖြစ်သော ဗုဒ္ဓဘာသာသည် ဘာသာဝင်ဦးရေ သန်းပေါင်း (၇၅၀) ကျော်ဖြင့် အနည်းဖြစ်နေရသည်မှာ အဘယ်ကြောင့်နည်း။

ဗုဒ္ဓဘာသာဖြစ်ပါလျက် ဗုဒ္ဓစကားတော်ကို ထိရောက်စွာ မလိုက်နာကြသောကြောင့်ပါတည်း။

သမ္ဗဒါလေးချက်တွင် ကြီးပွားတိုးတက်လိုသော လူမျိုးသည် မိတ်ဆွေကောင်းရှိမည် ဟူသော အချက်တစ်ချက်ပါရှိ၏။ခရစ်ယာန်ဘာသာဝင်၊ အစ္စလာမ်ဘာသာဝင်များသည် သူတို့ဘာသာဝင်လူမျိုးချင်း တတ်နိုင်သမျှ ကူညီထောက်ပံ့ကြ၏။ အစ္စလာမ်ဘာသာဝင်များသည် အမြတ်ငွေ၏ဆယ်ပုံတစ်ပုံကို နွမ်းပါးသူများအတွက် ထည့်ဝင် လှူဒါန်းကြသည်။ ခရစ်ယာန်ဘာသာဝင်များသည် တစ်ပတ်လျှင် တစ်ရက်ခန့် ညစာ မစားဘဲ ညစာအတွက် ကုန်ကျစရိတ်ကို နွမ်းပါးသူ ခရစ်ယာန်ဘာသာဝင်များအတွက် လှူဒါန်းကြသည်၊ ထို့ကြောင့် နာဂစ်ဖြစ်သောအခါ ဧရာဝတီတိုင်းဒေသကြီးမှ ခရစ်ယာန်ဘာသာဝင် နာဂစ်ဒုက္ခသည်များအတွက် ဆန်အိတ်သုံးထောင် ခဏနှင့်လှူဒါန်းနိုင်ခြင်းဖြစ်သည်။တခြားဘာသာဝင်များသည် ကုသိုလ်လည်းရ အကျိုးလည်းရှိသည့် နေရာများတွင် လှူတတ်သည်။

ဗုဒ္ဓဘာသာအများစုကား ကုသိုလ်ရဖို့တစ်ခုတည်းကြည့်ပြီးလှူတတ်သည်။ တန်ဆောင်းတစ်ခုတည်းတွင် ဘုရားရှစ်ပွားပေါင်း နှစ်ဆယ်ကျော်လောက် လှူထားလျှင် တစ်ဆူသာလျှင် ကုသိုလ်လည်းရ၊ အကျိုးလည်းရှိသည်။ ကျန် (၁၉) ဆူကား ကုသိုလ်သာရပြီး အကျိုးမရှိပေ။ မြန်မာပြည်မှ နာဂစ်ဒုက္ခသည်များအတွက် ဗုဒ္ဓဘာသာဝင်ဖြစ်သော ထိုင်းနိုင်ငံက ဒေါ်လာ (၁၀၀၀၀၀) သာထောက်ပံ့သော်လည်း အမေရိကန် သူဌေးကြီးဘီဂိ(လ်)က ဒေါ်လာနှစ်သန်းချက်ချင်း လှူခဲ့သည်။ ဘီဂိ(လ်)လို သူဌေးကြီးကို မဆိုထားပါနှင့်။ နယူးယောက်မြို့မှအမေရိကန်ကြီးတစ်ယောက်သည် နွမ်းပါး၏။ ဘဏ်တွင် အပ်ထားသော သူကိုယ်ပိုင်ငွေမှာ ဒေါ်လာတစ်သိန်းနှစ်သောင်းငါးရာသာဖြစ်၏။

စာဖတ်သူကိုယ်တိုင် ထိုအမေရိကန်ကြီးနေရာတွင်နေပြီး ငါဆိုရင်ဘယ်လောက်လှူမယ်ဟုတွေးပြီး လှူကြည့်ထားပါ။ ဗုဒ္ဓဘာသာတစ်ယောက်သာဆိုလျှင် ဒေါ်လာ(၁၂၀၅၀၀)ထဲမှ အများဆုံး ဒေါ်လာ (၅၀၀) လောက်သာ လှူပါလိမ့်မည်။ သို့ အမေရိကန်ကြီးကား ဒေါ်လာ (၁၂၀၀၀၀) လှူခဲ့ပေသည်။ ဘဏ်စာအုပ်စောင့်အဖြစ် ဒေါ်လာ (၅၀၀) ရသာ ချန်ထားခဲ့သည်။

## အကြွေးမကြောက်သောလူမျိုး

ဝင်ငွေများများရသောအခါ သုံးပတ်တစ်ကြိမ် (သို့) တစ်လတစ်ကြိမ် ဟင်းကောင်းကောင်းစားသည်။ သူတို့စားသော ဟင်းကောင်းဟူသည် ငရုတ်သီးစိမ်းရေနွေးကြမ်းပန်းကန်တစ်လုံးစာခန့်သာ ဖြစ်သည်။ မြန်မာအများစုသည်ကား တစ်နေ့ရသော အလုပ်ခငွေက ကျပ် (၂၀၀၀)။ သို့သော် ကြက်သားတစ်ပိဿာ(၄၀၀၀)ကျပ်ကျော်ခန့်ကို အကြွေးတင်ခံပြီး ဝယ်ချက်စားသည်။ ကြွေးတင်ကျွန်ဖြစ် ဟူသော စကားအတိုင်း ယခုအချိန်တွင် မြန်မာအများစုကား ဘာသာခြားသူဌေးတို့၏ စက်ရုံ၊ အလုပ်ရုံ၊ ကုန်တိုက်များတွင် ကျေးကျွန်များဖြစ်နေကြလေပြီ။ သင်္ကြန်တစ်ကြိမ်လျှင် မြန်မာများ သုံးဖြုန်းပျော်ပါးပစ်သောငွေများမှာ ကျပ်သိန်းပေါင်း (၈၀၀၀၀) ကျော်အထက်မှာရှိသည်။

ထိုအပျော်အပါးအတွက်သုံးသည့်ငွေများကို မြို့နယ်ဆေးရုံများတွင် ငွေပဒေသာပင် ကျပ်သိန်းတစ်ထောင်စီ



www.burmeseclassic.com

www.burmeseclassic.com

**တက္ကသိုလ်ကြီးကိုတစ်ဦးတည်းလှူသူ**

အမေရိကန်ရှိ တက္ကသိုလ်ကြီးများတွင် ဗန်ဒါဗစ်တက္ကသိုလ်သည် တစ်ခုအပါအဝင် ဖြစ်သည်။ ထိုအမည်သည် လူတစ်ယောက်၏အမည်သာဖြစ်သည်။ သူ့ခြံသူ့အခင်းမှထွက်သော အသီးအရွက်များကို စက်လှေဖြင့်တင်၍ ဈေးသို့သွားပို့သည်။ နီးစပ်ရာ အခင်းရှင်များက သူ့စက်လှေဖြင့် အခပေးပြီး လိုက်ကြသည်။

သူသည် သမ္မာဒါလေးပါးနှင့် ပြည့်စုံသူဖြစ်သောကြောင့် စက်လှေတစ်စီးမှ ဆယ်စီးအထိ တိုးပွားလာသည်။ ထိုမှတစ်ဆင့် စက်လှေများကို ရောင်းထုတ်ပြီး ပင်လယ်ကူးသင်္ဘောကြီးတစ်စီးကို တည်ထောင်နိုင်ခဲ့သည်။ ဗန်ဒါဗစ်သည် ကျောင်းမနေခဲ့ရသောကြောင့် စာတစ်လုံးမှ မတတ်ချေ။

သူသည် စာသင်ကျောင်းမှာ မနေခဲ့ရသော်လည်း လောက ဆိုသော ကျောင်းမှာကား နေခဲ့ရ၏။ လောက တည်းဟူသော ကျောင်းမှသင်ပေးလိုက်သောပညာဖြင့် သူ့ဘဝကိုတည်ဆောက်နိုင်ခြင်း ဖြစ်၏။ သူသည် ဆင်းရဲသောကြောင့် စာမသင်ခဲ့ရ၍ သူ့လိုဆင်းရဲသူများ စာသင်နိုင်ဖို့အတွက် တက္ကသိုလ်ကြီးတစ်ခုကို ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထိုဒါနကား ကုသိုလ်လည်းရ အကျိုးလည်းရှိသောဒါနမျိုးပင်။

ယခု တနင်္သာရီမြို့နယ်အတွင်းမှ ဗုဒ္ဓဘာသာပျောက်ခါနီးရွာသုံးရွာထဲက အခြေအနေကို အကျဉ်းချုပ်တင်ပြပါမည်။ ပထမဆုံးရွာမှာ သဘောလိပ်ရွာ ဖြစ်သည်။ အိမ်ခြေ (၂၀၀) ကျော်ရှိရာတွင် သုံးပုံပုံ နှစ်ပုံမှာ ဘာသာခြားများ ဖြစ်သွားလေပြီ။ စာရေးသူ တရားဟောကြွသော စဉ်မှာပင် ဗုဒ္ဓဘာသာလူငယ်များက ပြောကြသည်။

ရွာမှ ဓမ္မစကြာဝတ်သင်းခေါင်းဆောင်အမျိုးသမီးလေးသည် ဘာသာခြားလူငယ်တစ်ဦးနှင့် ရည်စားဖြစ်နေကြပြီး နောက်လဆိုလျှင် လက်ထပ်တော့မည် ဟု၏။ ထိုမိန်းကလေးတွင် အရွယ်သာရှိပြီး အသားမရှိသေးကြောင်းမှာ ထင်ရှားသွား၏။ စာရေးသူက ပထမဆုံးညမှာပင် 'သရဏဂုံအစွမ်း အံ့မခန်း' တရားတော်ကို ဟောပေးလိုက်သည်။

ထိုတရားတော်ထဲတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့မှ ဘာသာခြားသူဌေးကြီးတစ်ဦး၏သမီးလေး ကွယ်လွန်ပြီးနောက် ပြိတ္တာဖြစ်နေပုံ၊ ဘာသာကြီးလေးခုတွင် တခြားဘာသာမှ ဘုန်းကြီးများနှင့် ကုသိုလ်ပြု အမျှဝေသောအခါ မကျွတ်ပုံ၊ နောက်ဆုံး ဗုဒ္ဓဘာသာဘုန်းကြီးများပင့်ပြီး အမျှပေးမှ ကျွတ်သွားပုံအကြောင်းများ၊ မုံရွာ-အလုံမှ ဗုဒ္ဓဘာသာမိန်းကလေးတစ်ဦး ဘာသာခြားနှင့်ရပြီး ဗုဒ္ဓဘာသာဘုရားကို ပန်းတော်ကပ်မိသောအပြစ်ကြောင့် လင်သားဖြစ်သူ၏အသေရိုက်ခံရပုံများအကြောင်းတို့ကိုပါ သေချာဟောပေးလိုက်သည်။

ဟောရကျိုးနပ်ပါသည်။ စေ့စပ်ကြောင်းလမ်းမှုကို ဖျက်သိမ်းပစ်လိုက်သည်ဟု သိရသည်။ နောက်တစ်ရွာမှာ ညောင်ပင်ဝန်းရွာဖြစ်သည်။ ထိုရွာမှာ အိမ်ခြေအတော်များသော ရွာကြီးတစ်ရွာ ဖြစ်သည်။

ထုံးစံအတိုင်း သုံးပုံပုံ နှစ်ပုံမှာ ဘာသာခြားတွေဖြစ်နေကြပြီ။ တစ်ညတွင် အရွယ်မရောက်သေးသော ဗုဒ္ဓဘာသာ ကလေးမလေးတစ်ဦး ဗီဒီယိုရုံမှ အပြန်တွင် ဘာသာခြားတစ်ယောက်က အတင်းအကျပ် ခိုးပြေးသွားခြင်းပင် ဖြစ်သည်။ မိန်းကလေးမှာ အသက် (၁၈) နှစ်မပြည့်သေးပေ။ ထိုသို့သောနည်းမျိုးဖြင့် မြန်မာမလေးတွေကိုယူနေတာများလှ၍ ရိုးနေပြီဟု သိရသည်။ တတ်နိုင်သူများ အထူးကာကွယ်ပေးသင့်သည်။ တတိယမြောက်ဖော်ပြချင်သောရွာမှာ သက္ကထီးရွာ ဖြစ်သည်။

**နွားစားကျက်ပေါ်က ဓာတ်တော်များ**

ထိုရွာတွင် အိမ်ခြေ (၁၂၀) ကျော်ရှိရာတွင် ဗုဒ္ဓဘာသာအိမ်မှာ နှစ်အိမ်လောက်သာရှိတော့သောကြောင့် ဘာသာခြားရွာအဖြစ် အသိအမှတ်ပြုထားသည်မှာ နှစ်အတော်ကြာပြီ ဖြစ်သည်။ ရွာလယ်ကောင်တွင် နွားစားကျက်ဖြစ်နေသော ကုန်းကမူကြီးတစ်ခု ရှိသည်။ တခြားရွာမှ နွားကျောင်းသားများမှာ ဤနေရာသို့လာ၍ နွားကျောင်းကြသည်။

တစ်ရက်တွင် နွားကျောင်းသားလူငယ်လေးများက ကုန်းကမူမြေကို တူးဆွ ဆော့ကစားရင်းဖြင့် ဘုရားဌာပနာတိုက်ကို သွားတွေ့ကြသည်။ ထိုဌာပနာတိုက်ထဲမှ ဗုဒ္ဓဆင်းတုတော်များ၊ ဓာတ်တော်များ၊ မွေတော်များကို တွေ့ကြရသည်။ ထိုကုန်းပေါ်မှာပင် ယာယီမဏ္ဍပ်ဆောက်၍ အပူဇော်ခံကြသည်။ ၂၀၀၁ ခုနှစ်ခန့်ကဖြစ်၍ စာရေးသူ မြိတ်မြို့သို့ တရားဟောကြွသောနှစ်ပင် ဖြစ်သည်။ စာရေးသူပင် နေ့ခင်းတရားပွဲ ဟောပေးလိုက်သေးသည်။ ရလာသောဓမ္မပူဇာငွေများကိုလည်း ထိုတောင်ကမူပေါ်မှာပင် သိမ်၊ ကျောင်း၊ ဘုရားတည်ရန်အတွက် ပြန်လှူပေးခဲ့သည်။ ထိုတောင်ပေါ်တွင် ဗုဒ္ဓဘာသာကျောင်းကန်ဘုရားများပေါ်လာတော့မည်ဆိုသည်နှင့် ဗုဒ္ဓဘာသာအများစုက ဝမ်းသာကြလေသည်။

ရွှေပြည်သာမှ မောင်အောင်ကြီးအကြောင်းကို ပြန်၍ဆက်ပါအံ့။ မောင်အောင်ကြီးသည် အရင်က လူမိုက်တစ်ယောက်သာ ဖြစ်သည်။ ရန်ပွဲ၊ ရိုက်ပွဲဆိုလျှင် ထိပ်ဆုံးမှပါလေ့ရှိသည်။ အသက်မွေးဝမ်းကျောင်းအလုပ်ကလည်း လူမိုက်အားပေးပင်။ ဓမ္မစေတီဆရာတော်၏ တရားတော်များကိုနာယူမိရာမှတစ်ဆင့် ဘာသာရေးကို လိုက်စားရကောင်းမှန်းသိလာသည်။

ဆရာတော်များ၏တရားခွေများ၊ စာအုပ်များကို နာကြားရကောင်းမှန်း၊ ဖတ်ရှုရကောင်းမှန်းသိလာသည်။ ထိုစာအုပ်များထဲတွင် စာရေးသူရေးသော 'လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်' စာအုပ်ကို ဖတ်မိသောအခါမှစ၍ သူ့ဘဝကြီးသည် လုံးဝ အဆိုးဘက်မှ လုံးဝအကောင်းဘက်သို့ ရောက်သွားသည်။ ဆင်းရဲသားများကို ချေးငွေထုတ်ပေးဖြစ်သည်မှာလည်း ထိုစာအုပ်ကိုဖတ်ရသောကြောင့်ပင် ဖြစ်သည်။ စာရေးသူ၏ ရိပ်သာတွင်လည်း နှစ်စဉ် တရားစခန်းဝင်သည်။

ဆင်းရဲသားများကို ငွေချေးပေးသင့်ကြောင်း ကမ္ဘာကို တင်ပြခဲ့သူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပါမောက္ခ မိုဟာမက်ယူနွတ် ဖြစ်သည်။ အရင်က ဘဏ်များသည် အပေါင်ပေးနိုင်သော သူဌေးများကိုသာ ငွေချေးသည်။ ငွေချေးဖို့နှင့် ပတ်သက်လာလျှင် ဘဏ်များသည် ဆင်းရဲသားများကို လူစာရင်းပင်သွင်းမထားကြ။ ထို့ကြောင့် ဆင်းရဲသားများမှာ ဝတ်သေသည်အထိ ဆင်းရဲတွင်းနက်ခဲ့ကြသည်။ ယခုဆိုလျှင် ယူနွတ်၏နည်းကို နိုင်ငံပေါင်းတစ်ရာကျော်၌ ကျင့်သုံးနေကြပြီ ဖြစ်သည်။

ကမ္ဘာ့ဆင်းရဲသားတို့၏ ဖခင်ဟုဆိုအပ်သော ယူနွတ်၏ အကြောင်းနှင့် ပရဟိတလုပ်ငန်းကို အကျဉ်းချုပ် ဖော်ပြအံ့။

မိုဟာမက်ယူနွတ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော စစ်တကောင်းမြို့တွင် မွေး



www.burmeseclassic.com

www.burmeseclassic.com

ဖွားခဲ့သည်။ မွေးချင်း (၁၄) ယောက်အနက် တတိယမြောက်သား ဖြစ်သည်။

ဖူးဘရိုက်ပညာသင်ဆု ရခဲ့သောကြောင့် ရှေ့တွင်ဖော်ပြခဲ့သော အမေရိကန်နိုင်ငံ ဗန်ဒါဗီတက္ကသိုလ်တွင် စီးပွားရေးပညာရပ် ဆည်းပူးခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် စစ်တကောင်းတက္ကသိုလ်၏ စီးပွားရေးဌာနမှူး ဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အချို့တဲ့ဆုံးဆင်းရဲသားများအား အသေးစားငွေချေးမှုပြုမည့် ဂရာမင်းဘဏ်ကို စတင်တည်ထောင်ခဲ့သည်။

(၂၃) နှစ်အကြာတွင် အိမ်ထောင်စုပေါင်း (၂.၄)သန်းကို ဒေါ်လာ(၃.၈) ကုဋေ ပံ့ပိုးပေးခဲ့သည်။ ၁၉၇၆ ခုနှစ်က ရွာလေးတစ်ရွာမှ ထိုင်ခုံလုပ်ရောင်းသော ဆင်းရဲသား (၄၂) ဦးအား သူကိုယ်ပိုင်ငွေ (၂၇) ဒေါ်လာကို ချေးရင်းမှ ဤမျှအထိ ကြီးကျယ် အောင်မြင်လာခြင်းဖြစ်သည်။ ဘဏ်မှန်သမျှ သူဌေးကိုသာ ငွေချေးသည်။ ဆင်းရဲသားများကို မချေးချေ။ ကမ္ဘာ့တစ်ခုလုံးမှဘဏ်များ ဆင်းရဲသားများကိုလည်း ငွေချေးသင့်ကြောင်း တစ်ကမ္ဘာလုံးသိအောင် ထုတ်ဖော်နိုင်ခဲ့သလို နိုင်ငံပေါင်းတစ်ရာကျော်မှ ဆင်းရဲသားပေါင်းများစွာကို ငွေချေးမည့် ဂရာမင်းဘဏ်ခွဲပေါင်း (၂၅၀) တည်ထောင်နိုင်ခဲ့သောကြောင့် ၂၀၀၆ ခုနှစ်တွင် ဂရာမင်းဘဏ်နှင့် မိုဟာမက်ယူနွတ်တို့ကို ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အငတ်ဘေးဆိုက်သည်။ ငတ်ပြီး လမ်းဘေးတွင်သေနေကြသောအလောင်းများကို ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများသည် ကောက်လို့မနိုင်ဖြစ်နေကြသည်။ ထိုအငတ်ဘေးကြီးရောက်အောင်လုပ်ခဲ့သူများမှာ အာဏာရှူး စစ်ခေါင်းဆောင်အချို့ပင် ဖြစ်လေသည်။ အိန္ဒိယနိုင်ငံ အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးယူခါနီးတွင် မွတ်စလင်အများစုနေထိုင်သောပြည်နယ်များက အစ္စလာမ် (ပါကစ္စတန်) နိုင်ငံအဖြစ် သီးသန့် လွတ်လပ်ရေးလိုချင်ကြသည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၄ရက် ညဉ့်သန်းခေါင်တွင် အိန္ဒိယသည် နှစ် (၂၀၀) ကျွန်ဘဝမှ လွတ်မြောက်သည်။

ဟိန္ဒူများသောအိန္ဒိယနှင့် မပေါင်းချင်က ဂန္ဒီက ပေါင်းယူကြရန်ပြောသော်လည်း မွတ်စလင်ခေါင်းဆောင် ဂျင်းနားက လက်မခံသောကြောင့် ဟိန္ဒူ-မွတ်စလင် အဓိကရုဏ်းတွေဖြစ်ပြီး လူများစွာသေကျေကြသည်။ နောက်ဆုံးတွင် မွတ်စလင်အများစုရှိသော အိန္ဒိယနိုင်ငံ၏ အနောက်ဘက်စွန်းနှင့် အရှေ့ဘက်စွန်း နှစ်ခုကို ပါကစ္စတန် ဟူသောအမည်ဖြင့် သီးသန့်ခွဲပေးလိုက်ရသည်။

ဟိန္ဒူနိုင်ငံတွင် မွတ်စလင် သန်းတစ်ရာကျော်လောက် မည်ကဲ့သို့ ဖြစ်လာသနည်းဟုမေးခွန်းထုတ်ခဲ့လျှင် အိန္ဒိယလူမျိုးများ ပယ်သင့်သော ရှေးထုံးတစ်ခုကို မပယ်ခဲ့သောကြောင့်ပင် ဖြစ်၏။ ထိုရှေးထုံးကား ယောကျ်ားဖြစ်သူသေလျှင် မိန်းမဖြစ်သူသည် ယောကျ်ားအလောင်းကို မီးရှို့သောမီးပုံထဲသို့ ခုန်ချသေပေးရသောအလေ့အထပင်ဖြစ်၏။

မသေရဲ၍ ထွက်ပြေးကြသော ဟိန္ဒူမလေးများသည် မွတ်စလင်များနှင့် အကြောင်းပါပြီး သန်းပေါင်း (၁၂၀၀) ကျော်ရှိသော ဟိန္ဒူလူမျိုးကြားထဲတွင် သန်းပေါင်း(၁၀၀)သော မွတ်စလင်လူမျိုးတို့ ပေါ်ပေါက်လာခြင်းပင် ဖြစ်၏။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်လာမည့် အိန္ဒိယ၏ အရှေ့ခြမ်းကို အရှေ့ပါကစ္စတန်ဟု လည်းကောင်း၊ အိန္ဒိယ၏ အနောက်ခြမ်းကို အနောက်ပါကစ္စတန်ဟု လည်းကောင်းခေါ်သည်။ ဒေသနှစ်ခုကြားထဲတွင် မိုင်ပေါင်းတစ်ထောင်ခန့် ကျယ်ဝန်း ရှည်လျားသော အိန္ဒိယနိုင်ငံကြီးကခြားလျက်ရှိသည်။ စစ်တပ်အကြီးအကဲများ၊ နိုင်ငံ့ခေါင်းဆောင် အကြီးအကဲများသည် အနောက်ပါကစ္စတန်ကသာ များသည်။ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးဘတ်ဂျက်ငွေချေးပေးသောအခါ အနောက်ပါကစ္စတန်ကသာ အများဆုံးရသည်။

ထို့ကြောင့် အရှေ့ပါကစ္စတန်က အနောက်ပါကစ္စတန်မှခွဲထွက်ချင်သည်။ သို့သော် အနောက်ပါကစ္စတန်က ခွင့်မပြု။ သို့သော် ဖြစ်မြောက်အောင်လည်း ထောက်ပံ့ခြင်းမပြုပေ။ ၁၉၇၀ ပြည့်နှစ်တွင် ပါကစ္စတန်နိုင်ငံသည် တပ်မတော်အစိုးရလက်အောက်၌ အထွေထွေရွေးကောက်ပွဲကျင်းပသည်။ ရှိတ်မူဂျစ်အားရာမန် ခေါင်းဆောင်သော အရှေ့ပါကစ္စတန်အခြေစိုက်အဆွာမီလိခ်သည် အမျိုးသားလွှတ်တော်တွင် မဲအရေအတွက် အများဆုံးဖြင့် အနိုင်ရသည်။

သို့သော် တပ်မတော်အစိုးရက ညစ်ပတ်ပြီး အစိုးရဖွဲ့ခွင့်မပြုခဲ့ပေ။ ခေါင်းဆောင်ကောင်း စည်းရုံးရေးကို အားကိုးသော်လည်း ခေါင်းဆောင်ညံ့များကား လက်နက်ကိုအားကိုးကြသည်။ မတရားလုပ်ခံရသဖြင့် ဆူပူထကြွသော အရှေ့ပါကစ္စတန်ပြည်သူများကို စစ်အစိုးရက ၁၉၇၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ရက်ရက်စက်စက် သတ်ဖြတ်အနိုင်ကျင့်ခဲ့သည်။

၁၉၇၁ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အရှေ့ပါကစ္စတန်သည် တရားသောစစ်နိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ် ဟူ၍ ဖြစ်လာခဲ့သည်။ ပါကစ္စတန်တပ်မတော်က အပြစ်မဲ့ ဘင်္ဂလားဒေ့ရှ်ပြည်သူအပေါင်း သုံးသန်းကျော်ကို သတ်ဖြတ်ခဲ့သည်။ လူဦးရေ ဆယ်သန်းကျော်ခန့် အိန္ဒိယနိုင်ငံထဲသို့ ထွက်ပြေးခိုလှုံကြရသည်။

စစ်ဘေးစစ်ဒဏ်၏အရှိန်ကြောင့် ၁၉၇၄ ခုနှစ်ထိ အငတ်ဘေးဆိုက်ပြီး လူတွေ မတန်တဆ မသေသင့်ဘဲ သေကြရခြင်းဖြစ်သည်။ ယူနွတ်က သူ၏တပည့်များကို စီးပွားရေးပညာရပ်များကို ပို့ချသင်ပေးနေချိန်တွင် တက္ကသိုလ်အပြင်ဘက် လမ်းမပေါ်၌ ဘင်္ဂလားဒေ့ရှ်ပြည်သူများ ထမင်းလေးတစ်ဆုပ် မစားနိုင်သည့်အတွက် အတုံးအရုံး လဲကျသေဆုံးနေကြသည်။ အပြင်တွင် လက်တွေ့အသုံးချ၍မရသော စာအုပ်ထဲမှပညာရေးဟူသည် အလကားအချိန်ဖြုန်းခြင်းသက်သက်သာဖြစ်ကြောင်း ယူနွတ်သဘောပေါက်လာသည်။

ထို့ကြောင့် တက္ကသိုလ်၏ လက်ထောက်ကျောင်းအုပ်ဆရာကြီးအားတွေ့ဆုံပြီး အငတ်ဘေးပြဿနာကို အစိုးရကိုယ်တိုင် ဦးဆောင်ကာ ရှင်းပေးဖို့ လှုံ့ဆော်စာရေးတင်ကြသည်။ စာနယ်ဇင်းများကလည်းဖော်ပြပေးကြသည်။အခြားတက္ကသိုလ်များပါ ပါလာကြသည်။ သို့သော် -

*'တိုးတက်ကြီးပွားလိုသော နိုင်ငံသားမှန်သမျှ သည်နိုင်ငံတော်ကငါ့အတွက် ဘာလုပ်ပေးနိုင်မလဲဟု မမျှော်လင့်ရာ။ ငါက နိုင်ငံတော်အတွက် ဘာလုပ်ပေးနိုင်မလဲဟုသာ ခံယူရသည်'*

ဟူသော ကနေဒီ၏ စကားကိုလက်ကိုင်ထားသော ယူနွတ်သည် ဆင်းရဲသားများကို ငွေချေးပေးရန်အတွက် တက္ကသိုလ်အပြင်ဘက်နားတွင်ရှိသော ဂျနာတာဘဏ်ခွဲသို့ အရောက်သွားခဲ့သည်။ ဘဏ်မန်နေဂျာကို တွေ့တွေ့ချင်း ယူနွတ်က ပြောလိုက်သည်။

(ဆက်ရန်)

ဇမ္ဗူ့ဘွဲ့ရှင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

မုံရွာမြို့နယ် သာစည်ရွာ

# မဏ္ဍိမာရုံကျောင်းတိုက် ၃

# ရှေးဟောင်းယဉ်ကျေးမှု ဗုဒ္ဓပြတိုက်တော်

**မောင်ရေချမ်း(မြောင်)**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ဈေးမြောက်ဘက် ကားလမ်းအရှေ့သို့ ဦးတည်ကာ သာစည်ရွာသို့ (၁၃) မိုင်ခန့်ဝေးသော ကားလမ်းဖြင့် ရောက်ရှိနိုင်ပါသည်။




ဝမ္မုပတိချွတ်ခန်း
ကျောက်ဆစ်လက်ရာဆင်းတု



ရုပ်တော်မှအသားဆင်းတုတော်နှင့်
တေလောကနတ်သားရုပ်လေးရုပ်ထားရာ
ကျန်ရှိအပေါက်များ

သာစည်ရေလှောင်တမံအနီးရှိ တောင်-မြောက်လမ်းမကြီးမှ မြေသားကားလမ်း အနောက်တောင်ဘက်ကုန်းသို့ လှမ်းမျှော်ကြည့်လိုက်လျှင် 'မုံရွာမြို့နယ် သာစည်ရွာ မဏ္ဍိမာရုံကျောင်းတိုက် ရှေးဟောင်းယဉ်ကျေးမှုဗုဒ္ဓပြတိုက်တော်' ဟူသော အင်္ဂတေဖြင့် ပြုလုပ်၍ ဆေးအနီရောင်ခံ ဖောင်းကြွရေးစာလုံးများဖြင့် ဆိုင်းဘုတ်ကို ထင်ထင်ရှားရှားတွေ့မြင်ရပါမည်။ မဏ္ဍိမာရုံကျောင်းတိုက်ဆရာတော် ဦးစရိတနှင့် ဆရာအစဉ်အဆက်များ၏ လက်တွဲညီညီ မိမိဘိုးဘွားများ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်မပျက်ရအောင် ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လျက် ဂုဏ်ယူတတ်သည့်စိတ်ဖြင့် မြင်တွေ့ရသူများကို ထင်ဟပ်စေပါသည်။

ဆရာဒကာတို့၏ အဖိုးအနှင့် မြောက်မြားစွာ ထိုက်တန်သော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသထားသည်ကို စာရေးသူမှ မိဘပြည်သူများကို အတုယူ ဂုဏ်ယူ မြတ်နိုးဖွယ်ရာအဖြစ် ဖော်ထုတ် ရေးသား တင်ပြပါသည်။ တင်ပြချက်များကို မှတ်တမ်းတင်



ပုဂံခေတ် အသားဆင်းတုတော်



www.burmeseclassic.com


www.burmeseclassic.com




ရှေးခေတ် အသားကျွန်းတံခါးများ



မန်ကျည်းပင်ကြီးအောက် တရားရှုမှတ်နေသော ဦးဇောတိက



ခင်းပုရပိုက်အရွယ်စုံများ



ရှေးဟောင်း အလာဒင်မီးခွက်



ဆရာတော် ဦးဇောတိကနှင့် ပေစာထုပ်များထားရာ အသားစီရီအတွင်းမြင်ကွင်း

ဖော်ပြခဲ့သော သုရဇ္ဇမဂ္ဂဇင်း၏ ကျေးဇူးကြောင့် ယခုအခါတွင် ပြတိုက်တော်သို့ ရှာဖွေရင်းလူ အများအပြား လာရောက်လေ့လာကြသူ ယခင်ကထက် များပြားလာကြောင်း သိရှိခဲ့ရပါသည်။

ယခုတစ်ခေါက် ကျောင်းအဝင်ပေါက်မှာ သိန်း(၂၀)ကျော်ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသော မန္တလေးမြို့ ဦးရဲဝင်း၊ ဒေါ်သန်းသန်းဝင်း၊ သား မောင်ဘုန်းထက်ကျော်၊ မောင်ဘုန်းပြည့်ကျော်ကောင်းမှု မဇ္ဈိမာရုံကျောင်းတိုက်အဝင်မုခ်ဦးကြီးနှင့် တည်ဆောက်ဆဲ မဟာရံတံတိုင်းများကို ကြည်နူးဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။

## ဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးပေ

ရှေးယခင်က သာစည်ရွာကြီးမှာ ဘုန်းတော်ကြီးကျောင်းပေါင်း (၃၆) ကျောင်း ရှိသည်ဟု သိရသည်။ ယခုအချိန်မှာ အကြောင်းကြောင်းကြောင့် ဘုန်းတော်ကြီးကျောင်းပေါင်း (၇) ကျောင်းသာရှိပါသည်။

မဇ္ဈိမာရုံ ရှေးဟောင်း ကျောင်းတိုက်ကြီးမှာ အပေါ်ထပ် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ဆောင်ပြိုင်နှင့် အချင်းတောင်ဆုပ်ခန့် ကျွန်းတိုင်ပေါင်း (၅၆) တိုင်ဖြင့် တည်ဆောက်ထားပါသည်။ နှစ်ဆောင်ပြိုင်အထက် အလယ်ဝန်းတော



www.burmeseclassic.com

www.burmeseclassic.com

ဒုန်ကျောင်းဆောင်ဖြင့် သိတင်းသုံးနေသောဘုရားမှာ သကြိန်အခါအတွင်း တစ်နှစ်မှ တစ်ခါသာ ပင့်ဆောင် အပူဇော်ခံရသော သကြိန်ဘုရား သီတင်းသုံးတော်မူပါသည်။

ကျွန်းသားလှေကားထု ၂၅လက်မ၊ အလျား(၂)တောင်၊ အနံ တောင်ဆုပ်ခန့်ရှိ လှေကားဆန် (၉) ဆန် (လှေကားတစ် ၉ ထစ်) တပ်ဆင်ထားပါသည်။


အတက်လှေကားရင်း၏ အရှေ့ဘက်တွင် ပိုးမဲဇာသားကိုထွင်း၍ အမြင့် (၅) တောင်ခန့် အုန်းမောင်းကြီးကို ချိတ်ဆွဲထားပါသည်။

**အုန်းမောင်းခေါက်သံ နာရီဟန်**

အများအားဖြင့် အုန်းမောင်းကို ဘုန်းတော်ကြီးကျောင်းများမှာ ချိတ်ဆွဲထားတတ်ပါသည်။ အုန်းမောင်းကို ပိုးမဲဇာသား သို့မဟုတ် ဥန္နဲသားများကို အသုံးပြုပြီး အခေါင်းဖြစ်အောင် ထွင်းထုပါသည်။

အုန်းမောင်းကို အသားလက်ရိုက် သို့မဟုတ် ကြေးစည်၊ ထိုးမောင်းထုသော းအရိုးတပ် အသားလက်ခတ်ဖြင့် ထုနှက်ကြပါသည်။

အုန်းမောင်းခေါက်ဟန်မှာ ပဌာန်း ၄-ပစ္စည်း ရည်ရွယ်ရွတ်ဆို၍ အတွဲ က် လေးလေးနှင့်မှန်မှန် (၂၄) ချက်ပြည့်အောင် ခေါက်ပါသည်။ အုန်းမောင်းအတွဲလိုက်ခေါက်သံခွာပြီး အကယ်၍



ရှေးခေတ်သုံး မိုးမိုးသော့အလေးများ



ရခိုင်ဘုရင်ခေတ်သုံးဒင်္ဂါးနှင့် မင်းတုန်းမင်းခေတ်သုံးဒင်္ဂါးများ (၁၂၁၄)



ရှေးမြန်မာ၊ ရခိုင်နှင့် အိန္ဒိယ ရွှီးဒင်္ဂါးအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com

အုန်းမောင်းခေါက်သည့်နေ့သည် တနင်္ဂနွေနေ့ဖြစ်လျှင် အုန်းမောင်း (၁) ချက်၊ တနင်္လာနေ့ဖြစ်လျှင် (၂) ချက်၊ အင်္ဂါနေ့ဖြစ်လျှင် (၃) ချက်၊ ဗုဒ္ဓဟူးနေ့ဖြစ်လျှင် (၄) ချက်၊ ကြာသပတေးနေ့ဖြစ်လျှင် (၅) ချက်၊ သောကြာနေ့ဖြစ်လျှင် (၆) ချက်၊ စနေနေ့ဖြစ်လျှင် (၇) ချက် ခေါက်ပြီး အုန်းမောင်းခေါက်ခြင်းကို အသုံးသတ်ပါသည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်းများမှာ အုန်းမောင်းကို အရုဏ်တက်ချိန်မှာ တစ်ကြိမ်၊ နေ့ဆွမ်းစားချိန်မှာ တစ်ကြိမ် ခေါက်လေ့ခေါက်ထရှိပါသည်။

ယခုအခါ သာစည်ရွာ မဇ္ဈိမာရုံကျောင်းတိုက်ရှိ အုန်းမောင်းမှာ နေ့ဆွမ်းစားချိန် (၁၁)နာရီထိုးမှသာ ခေါက်ပါသည်။

တောသူတောင်သား ကျေးလက်နေ လယ်သမားယာသမားများမှာ အုန်းမောင်းခေါက်သံကို နားကြား၍ အချိန်နှင့် နေ့ကို မှတ်သားတတ်ကြပါသည်။ အုန်းမောင်းခေါက်သံကို (၂)မိုင်၊ (၃)မိုင်ခန့်ဝေးဝေးမှပင် ကြားရတတ်ပါသည်။

**ဘုရားကျောင်းရွာမြေသီးခြားနေ**

ပုလဲတောင်ကုန်းပေါ်မှကြည့်လျှင် ရွာမြေသည် ကျောင်းမြေထက်နိမ့်၊ ကျောင်းမြေသည် ဘုရားမြေထက်နိမ့်သည်ကို ထူးထူးခြားခြား တွေ့မြင်ခဲ့ရပါသည်။

မဇ္ဈိမာရုံသိမ်တိုက်အရှေ့တောင်တောင့်တွင် လေအားအသုံးပြု တစ်နိုင်မီးအားပေးစက်ကို လေပန်ကာတပ်ဆင်၍ လျှပ်စစ်မီးအသုံးပြုနေပါသည်။

သာစည်စေတီလှဘုရားဘက်မှ လျှပ်စစ်ဓာတ်အား မဇ္ဈိမာရုံကျောင်းတိုက်အထိ မီးသွယ်တန်းလျှင် သိန်း (၄၀) ခန့် ကုန်ကျမည်ဟု ခန့်မှန်းသဖြင့်




ရှေးခေတ်သုံး လက်ကိုင်ပဟသ်အသေးများနှင့် ရှေ့မှ ရွှေချိန် ခြသေ့ရုပ်အသေးများ



ဝေဿန္တရာမင်းကြီးမှ သားတော်၊ သမီးတော်နှစ်ပါးအား ပုဏ္ဏားကို ရေစက်ချ လှူဒါန်းနေသည့် ယွန်းပန်းချီလက်ရာ



ကြေးဝါခွေပတ်ရှေးဟောင်းမြေအိုးတုံ



ဝိဓုရအမတ်၊ ပုဏ္ဏကအမတ်မြင်းစီးပြီး ဆွဲလိုက်ဟန် ယွန်းပန်းချီ



www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်အပေါ်ထပ်တက်ရာ
ရှေးဟောင်းကျွန်းသားစေတီ



ဆရာတော် ဦးဇောတိကအနိုးဓိုးကျောက်တိုင်

ခါ လျှပ်စစ်မီးမသွယ်တန်းနိုင်ဘဲ င်းရောင်နည်းနည်း မှောင်နှင့်မည်း သော ကျောင်းတိုက်အတွင်းမှာ ရှိ တ်ပါသည်။

### တ် ကျောက်တွင်းလက်ရာ န်းပါ

မဇ္ဈိမာရဲ့ ရှေးဟောင်း နှစ်ဆောင် ကျောင်းကြီးအောက်ထပ် အဝင် ်မှာ ဥက်တော် (၃) တောင်ခန့်ရှိ တ်ချွတ်ခန်းကျောက်သားဆင်းတု ၏နားကင်းတော်ကို ထွင်းထုထား ပုဂံခေတ်နှောင်းဟု ယူဆရသော တ်ဆင်းတုတော်တစ်ဆူ၊ ပုဂံခေတ် းဆင်းတုတော်တစ်ဆူကို ကြည် ယ်ရာ ဖူးမြင်ရသည်။

ရုပ်တော်မှ အသားဆင်းတုတော် ဥက်တော်မှာ (၅) ပေခန့်ရှိပြီး အ ်တစ်ပေါက်စီမှာ စတုလောကပါ တ်သား (၄) ပါး အသားရုပ်တုများ ရှိရာ ယခုအခါ အပေါက်(၄)ပေါက် န်ရှိပြီး နတ်သား (၄) ပါးမှာ မည် တာလက ကြွမြန်းသွားသည်ကို မ္ မသိရှိလိုက်ကြပေ။

### ထပ်ပြတိုက်ဝင် ဟင်္သာရုပ်ကိုမြင်

အပေါ်ထပ်ပြတိုက်အဝင်ပေါက် ၏အထက်မှာ ရှေးဟောင်းအသား ထွင်းထုထားသော ဟင်္သာရုပ်ပါ င့်ပန်းကို တွေ့မြင်နိုင်သည်။ အ ်၏ညာဘက်မှာ ကျွန်းသားတံခါး ပေါ်မှ နတ်သားရုပ်ပန်းပုလက် ကို မူရင်းအတိုင်း ပြသထားပါ သည်။ ရှေးဟောင်းပေစာထုပ်များထား ရှိရာ ရှေးဟောင်းအသားဗီရိုကို ဆရာ တော်နှင့်အတူ တွေ့မြင်ခဲ့ရပါသည်။

### အင်းပုရပိုက်မှာ မျိုးစုံလင်စွာ

အင်းပုရပိုက်မှာ အနံ (၈) လက်မ၊ အလျား (၁၈) လက်မခန့်ရှိပြီး အနက် ရောင်မှာ ကန့်ကူဆံဖြင့် အင်းကွက်များ၊ အင်းရုပ်များနှင့် ဂဏန်းများကို ရေးသား ထားပါသည်။အချို့အကြောင်းအရာများ မှာ ကုန်ရောင်းကုန်ဝယ်ကောင်းအောင် စီမံထားသောအင်းများ ဖြစ်ပါသည်။

အချို့ ပုရပိုက်များမှာ ခုံသမာဓိ များ၏ ဖြတ်စာများကိုလည်း တွေ့ရပါ သည်။ အချို့မှာ အဘိဓမ္မာကျမ်းများ၊ စိတ်ပိုင်းဆိုင်ရာများကို ရေးသားထားပါ သည်။ ပုရပိုက်များကို ဖြန့်လိုက်လျှင် (၁၀) ပေခန်းတစ်ခန်းနီးပါး ရှည်လျား ပါသည်။အချို့မှာ ဘာဂျာကဲ့သို့ ဟိုဘက် သည်ဘက် ခေါက်ချိုး(၂၄)မျက်နှာအထိ ရှိသည်။ မြန်မာနှစ် ၁၂၅၅ ခုနှစ် အလျား (၁၀) လက်မ၊ အနံ (၈) လက်မခန့်ရှိ ဆေးမှတ်တမ်းကို တွေ့ရှိခဲ့ရပါသည်။ ပုရပိုက်အနက်များမှာလည်း အဆူဆူ များပြားစွာ ထိန်းသိမ်းထားရှိပါသည်။

### ဟင်္သာရုပ် ခြင်္သေ့အလေး

မှန်ဗီရိုကို သော့ခတ်ထားပါသည်။ မှန်ဗီရိုအပေါ်ထပ်မှာ ရှေးခေတ်သုံး ဟင်္သာရုပ်နှင့်ခြင်္သေ့အလေးများကို ပြသ ထားပါသည်။ ဟင်္သာအလေးများတွင် လက်ကိုင်ပါသော ဟင်္သာပိဿာလေး၊ လက်ကိုင်ပါသော (၅၀)လေး၊ လက်ကိုင် ပါသော ဟင်္သာ(၂၀)လေးနှင့် လက်ကိုင် ပါသော ဟင်္သာ (၁၀)အလေး လေးခုကို တွေ့ရပါသည်။

ရိုးရိုးဟင်္သာအလေးများမှာ (၁၀) သားအလေး၊ (၅)ကျပ်သားအလေး၊ (၂) ကျပ်ခွဲသားအလေး၊ (၁)ကျပ်သားအ လေးများကို တွေ့ရပါသည်။

ခြင်္သေ့အလေးသုံးလုံးတွင် (၂၀) ကျပ်သားတစ်လုံး၊ (၅)ကျပ်သားတစ်လုံး၊ (၁)ကျပ်သားအလေးတစ်လုံးကို ရှားရှား ပါးပါး တွေ့ရပါသည်။

ရိုးရိုးဟင်္သာအလေးများမှာ ပဲ လေး၊ မူးလေး၊ မတ်လေး၊ ဟင်္သာကျပ် အလေး၊ ရွှေအချိန်အလေး (၅) ခုကို တွေ့မြင်ရသည်။

### ဖလှယ်ရေးကိရိယာ ငွေအသပြာ

နှစ်ပေါင်း (၁၆၀) ခန့်က မင်းတုန်း မင်းတရားကြီးလက်ထက် ကျပ်သုံးဒင်္ဂါး၊ ရတနာပုံနေပြည်တော် ၁၂၁၄ ခုနှစ်ထုတ် ငွေဒင်္ဂါးများ၊ ရခိုင်ဘုရင်များခေတ်သုံး ဒင်္ဂါးများနှင့် မြန်မာအိန္ဒိယသုံး ၁၈၆၂ ခုနှစ်ထုတ် VICTOIA QUEEN ONE RUPPE INDIA ငွေဒင်္ဂါး၊ 1905\1908 OND RUPPE INDIA ငွေဒင်္ဂါးများကို ပြ သထားသည်မှာ အမျိုးစုံလင်လှပါသည်။

### ရှေးခေတ်သုံး မြေဆေးတံအိုး

ကျောက်ခေတ်ပစ္စည်း ကျောက် ကွင်း၊ ကျောက်စိမ်းပြားများအပြင် မြေ ဆေးတံအိုးကို ကြေးဝါဖြင့် အထက်နှင့် အောက်ပတ်ကာ အလယ်မှာ ပန်းပွင့်ပုံ၊ သစ်ရွက်ပုံ ဖော်ထားသော ကြေးဝါကွပ် မြေဆေးတံအိုးကို ထူးထူးခြားခြား တွေ့ မြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**အောက်လင်းဓာတ်မီး အာလာဒင်မှန်အိမ်**

အသားဗီရို အထပ်ထပ်ပေါ်မှာ ခေတ်အလိုက်၊ နှစ်အလိုက် ရေနံဆီအဖြူ သုံး နှစ်အလိုက် အောက်လင်းဓာတ်မီး အမျိုးမျိုးကို ပြသထားပါသည်။

အာလာဒင်မီးအိမ်မှာ ရေနံဆီ ထည့်သည့်အပေါက်၊ လေထိုးသည့်အပေါက်များအပြင် သုံးလက်စ မီးစာဖြင့် မီးခွက်အမြင့် (၁) ပေခန့်နှင့် ရေနံဆီထည့်အောက်ခံအိုးမှာ အချင်း(၈)လက်မခန့်ရှိ အာလာဒင်မီးအိမ်ပြသထားသည်ကို တွေ့မြင်နိုင်ပါသည်။

**ကျောင်းပေါ်မှာသုံး ကြေးခေါင်းလောင်းစင်**

ကျွန်းသားထောက်တိုင်ကို ဒေါးတစ်ချက်တစ်ချက်စီမှာ အောက်ခံခွာဖြင့် ထောင်ပြီး အဖျားမှာ (၂) လက်မတိုင်လုံးကိုလျှိုလျက် အလေးချိန် ပိဿာ (၂၀) ခန့်ရှိ ခုနှစ်မတွေ့ရသော ခေါင်းလောင်းစင်ကို တွေ့ရှိရသည်။ ခေါင်းလောင်းကို တီးကြည့်သောအခါ ထွက်ပေါ်လာသော အသံသည် အလွန်သာယာပြီးလွင်သော အသံအဖြစ် ကြားရပါသည်။

ခေါင်းလောင်းချိတ်ဖြင့် အသုံးပြုထားသောနဂါးနှစ်ကောင်နှင့် အောက်ခံခြသေ့ကြေးသွန်းထားသောလက်ရာမှာ ရှေးကျပြီး ရှေးခေတ် ဘုန်းတော်ကြီးကျောင်းသုံး အလွန်အဖိုးတန်သော ခေါင်းလောင်းနှင့်လက်ရာဟု ယူဆရပါသည်။

ပြခန်းအသီးသီးမှာပြသထားသည့် လက်ရာပစ္စည်းအမျိုးမျိုးမှာ အဆောက်အအုံအခြေအနေအရ ပြွတ်သိပ်နေသော်လည်း လက်ရာအားဖြင့် လည်းကောင်း၊ ခေတ်အားဖြင့် လည်းကောင်း၊ ပစ္စည်းအားဖြင့်လည်းကောင်း တန်ဖိုးဖြတ်ရန် ခဲယဉ်းသောပစ္စည်းများ ပါဝင် ပြသနိုင်သည်မှာလည်း ဆရာအစဉ်အဆက်၊ ဒကာအစဉ်အဆက်တို့၏ မျိုးချစ်စိတ်ဖြင့် အနုပညာလက်ရာတန်ဖိုး ချစ်မြတ်နိုးသော ထူးခြားသည့် မြတ်သောစိတ်စေတနာကြောင့် အနယ်နယ်အရပ်ရပ်မှ လာကြသူအားလုံးကို ဝင်ကြေးမရှိ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ခွင့်ပြုသည့် ရှေးဟောင်းယဉ်ကျေးမှု မဇ္ဈိမာရုံဗုဒ္ဓပြတိုက်တော်ပင် ဖြစ်ပါသည်။

**ဦးဇောခေါ်တွင် ဆရာရှင်**

စတုတ္ထမြောက် မဇ္ဈိမာရုံကျောင်းတိုက်ဆရာတော်ဦးရေဝတ ပျံလွန်တော်မူသည့်အခါ မြန်မာနှစ် ၁၂၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သော ဦးဇောတိက သည် ၁၃၀၅ ခုနှစ်၊ သက်တော် (၃၂) နှစ်၊ သိက္ခာတော် (၁၂) ဝါအရမှာ မဇ္ဈိမာရုံကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ဖြစ်တော်မူခဲ့သည်။

ဆရာတော် ဦးဇောတိကက အရှင်သူမြတ်ကို သီတင်းသုံးဖော်များက ဦးဇောဟု ခေါ်တတ်ကြပါသည်။ ဆရာတော်၏ လက်ထက်မှာ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်တော်တွင် ယဉ်ကျေးမှုအမွေအနှစ်များ ပိုမိုပြည့်စုံလာပါသည်။ ဆရာတော်သည် ကျောင်းတိုက်တာအတွင်း လှူငါးဖက်စာရှိ ရှေးမန်ကျည်းပင်ကြီးအောက်မှာ ပဋိပတ္တိအလုပ်များကို ကြိုးကုတ်အားထုတ်ခဲ့ပါသည်။


ဆရာတော် ဦးဇောတိက ရှေ



လေအားသုံးယန္တရားအသုံးပြုပြီးစက်နှင့် သာစည်ဆည်ရှုမြင်



မဇ္ဈိမာရုံကျောင်းတိုက်မှ ဦးထင်နှင့် ပဟာရုံတိုင်းရှေ့မှ ဓာတ်ပုံ




ပြတိုက်တော်အပေါ်ထပ်အတက်လှေကားခြေရင်းမှ
ဆရာတော်နှင့် ဗိုလ်မဲတော်သား ဆန်းမောင်ကြီး




www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်အပေါ်ထပ်အဝင် အထက်မုခ်မှ အသားဟင်္သာတောင့်ပန်းများ



ဆယ်နှစ်ရှစ်ပါး သင်္ကြန်တွင်း အပူဇော်ခံ ဝရန်တာအထက်မုခ်ကျောင်းဆောင်နှင့် ဆင်းတုတော်



ရှေးဟောင်းခေါင်းလောင်း နဂါးနှင့် ခြင်္သေ့ခေါင်းလောင်းချိတ်



ရှေးဟောင်းပိဿာနှစ်ဆယ်စီး ကြေးခေါင်းလောင်း

သားတော်မှုအပ်သော (၃၂)ကောဋ္ဌာသ အမှန်းတွင် 'အကြောင်းကုန်စင်၊ ရှုဆင်ခြင်ဖို့၊ မည်တွင်ကာယ၊ ဒွတ္တိံသကို၊ မုချမသေ့၊ ထုတ်ပြပေအံ့၊ အရှည်တစ်လံ၊ အနံတစ်ထွာ၊ ကိုယ်ခန္ဓာ၌၊ ဆံမှာမသေ့၊ နှစ်ကုဋေနှင့်၊ တွက်ရေငါးသန်း၊ တစ်ခန်းဝါဒ၊ ရှစ်မျှကုဋေ၊ ငါးသန်းပေတည်း၊ သုံးကုဋေငါးသန်း၊ ခွဲဝေခြမ်းသော်၊ ငါးသန်းမျှသာ၊တစ်ခန်းလာ၏၊ဌကထာမူ၊တွက်ယသချာ၊ မရှိရာတည့်၊ မွေးမှာ ကိုးသောင်း၊ ကိုးထောင်ဆောင်း၏၊ လက်ချောင်းသည်းမှာ၊ တစ်ဆယ်သာတည့်၊ ခြေမှာထိုတူ၊ သွားမူ သုံးဆယ်၊ နှစ်ခုကယ်၍၊ ရေဝယ်ထူပါး၊ ရှိသည်များတွင်၊ ထက်ပါးအရေ ဆုပ်လုံးလေသော်၊ မသေ့ဆီးသီး၊ ပမာမှီးမျှ၊ ထုသည့်အရေ၊ ခုနစ်ထွေတည်း။ ဆံလေအစ၊ ဤငါးဝကို တစပဉ္စက ခေါ်ဆိုရ၏' ဟု ရေးသားထားပါသည်။

ဆရာတော် ဦးဇောတိက (မူလမဗ္ဗာစရိယ၊ ဆဋ္ဌသင်္ဂီတိကာရက) သည် ၁၃၆၂ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ စနေနေ့၊ သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါအရတွင် ပျံလွန်တော်မူသည်။

မဇ္ဈိမာရုံရှေးဟောင်းဗုဒ္ဓပြတိုက်တော်မှာ သစ်ထွင်းပန်းပုလက်ရာများ၊ ဝတ္ထု၊ နိပါတ်၊ ကျမ်းစာများမှာ နဂိုပေထက်အက္ခရာတင်ထားသည့် ပေစာရေးဆရာများ၏ ကျမ်းစာများမှာ မူလပေအင်္ဂါမပျက် ကောင်းမှုရှင်များ၏ကမ္ပည်းများနှင့် စုံစုံလင်လင် ရှိနေပါသည်။ ပုရပိုက်ကျမ်းစာများ၊ ပုရပိုက်တွင်းပန်းချီများ၊ အင်းများ၊ ခုံသမာဓိတရားဖြတ်စာများမှာ ခုနှစ်အလိုက် အကြောင်းအရာစုံလင်လှပါသည်။

ကျောက်ဆစ်လက်ရာ၊ ပန်းတဉ်းလက်ရာများမှာလည်း အမျိုးစုံလင်လှသဖြင့် ကျမ်းစာတင်သွင်းကျမ်းပြုလိုသူများ၊ သုတေသနပညာရှင်များအနေဖြင့် အချိန်ယူ ပြုစုရေးသားလျှင် ဂုဏ်ထူးဆောင်ပညာရှင်အဆင့်သို့ ပို့ဆောင်ပေးနိုင်သောပြတိုက် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ပြတိုက်များမှာ မတွေ့ရသော အကြောင်းအရာများနှင့် လက်ရာမွန်များ ပွားများ လေ့လာနိုင်သော နေရာထူးတစ်ခုဖြစ်ကြောင်း ညွှန်းဆိုအပ်ပေသည်။

မောင်ရေချမ်း (မြောင်)



www.burmeseclassic.com

www.burmeseclassic.com

၃-၃-၂၀၁၁နေ့က ဗန်ကောက်ကို ခေတ္တကြွရသည်။ ၅-၃-၂၀၁၁နေ့တွင် သက်တော်(၉၀)ကျော် မြန်မာဆရာတော်ကြီး ဘဒ္ဒန္တဒေါက်တာအာသဘ၏ စံလွန်တော်မူခြင်း ရက် (၁၀၀) ပြည့် အထိမ်းအမှတ်ကုသိုလ်ပွဲတွင် တရားဟောရန် ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် ဇနီးဒေါ်ထွေးရီတို့က ပင့်သောကြောင့် ဖြစ်၏။

မင်းအကိုးကွယ်ခံ ဘုန်းကြီးသော ဆရာတော်ကြီးဖြစ်၍ ရက်(၁၀၀)လုံးလုံး နေ့စဉ် နာရီအလိုက် ဆွမ်းသွတ်ကုသိုလ် ပြုလုပ်ပေးကြ၏။ သက်န်း စသော လှူဒါန်းဖွယ်ရာများစွာကိုလည်း လှူဒါန်းကြ၏။ လူပရိသတ်ကိုလည်း ပြည့်ပြည့်စုံစုံ ဧည့်ခံကျွေးမွေးကြ၏။ ထိုင်းရိုးရာအရ ရှင်ဘုရင် ကိုးကွယ်ခံဆရာတော်ဖြစ်၍ တော်ဝင်မိသားစုဝင်တစ်ဦးဦးက သဂြိုဟ်ပေးရမည်ဖြစ်၏။ မင်းသမီးသီရိဒ္ဓုံ အားမည့်ရက်ကို စောင့်နေရ၍ မီးမသဂြိုဟ်နိုင်သေး။ ထိုနေ့ညတွင် ရက် (၁၀၀) ပြည့်၍ စံကျောင်းပေါ်၌ ရုပ်ကလာပ်တော်ကို တံခါးများပိတ်လျက် ဒီအတိုင်း ပစ်ထားကြ၏။

မင်းကိုးကွယ်သော ကျောင်းတို့မှ လွဲ၍ ထိုင်းနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများတွင် မီးသဂြိုဟ်စက်များရှိကြသည်။ လူသေသည်နှင့် ဘုန်းကြီးကျောင်းပို့လိုက်ကြ၏။ ကျောင်းတိုက်အတွင်းရှိ ဧည့်ခံမဏ္ဍပ်၌ နာရေးရှင်၏ ဥစ္စာဓနအားလျော်စွာ ဆွမ်းသွတ်အလှူဒါနပြုကြသည်။ ကွယ်ဝသူများဆို တစ်လကိုးသီတင်းတောင်ထားကြဟူ၏။

မကြာသေးခင်က မီဒီယာများတွင် မီးမရှို့လိုက်ဘဲ ဘုန်းကြီးကျောင်းအဖေးခန်းတွင် ဒီအတိုင်းပစ်ထား၍ပုပ်နေသည့် ကလေးရုပ်အလောင်းနှစ်ထောင်ကိုတွေ့ရကြောင်း ဖတ်လိုက်ရ၏။ ထို့ကြောင့် ထိုင်းနိုင်ငံတွင် ဘုန်းကြီးကျောင်းဝင်းထဲ ရုပ်အလောင်းထားကြသည်မှာ အဆန်းမဟုတ်။

ဟိုဟိုဒီဒီ လျှောက်လည်ရာတွင် ထိုင်းနိုင်ငံ၌ သုသာန်မရှိတာကို သတိပြုမိ၍ မေးကြည့်တော့ မီးသဂြိုဟ်ပြီးသည်နှင့် ဘုန်းကြီးကျောင်းတံတိုင်းတွင် ထွင်း၍ အဖုံးအပိတ်တံခါးလေးဖြင့် လည်းကောင်း၊ ကျောင်းဝင်းတစ်နေရာ၌ အဆောင်သေးသေးလေး ဆောက်လုပ်[...] လည်းကောင်း အရိုးပြာကိုထားလေ့ရှိ[...] သတဲ့။ မီးသဂြိုဟ်ခြင်း၊ ကျောင်း၌ အ[...] ပြာထားခြင်းတို့အတွက် သတ်မှတ်သ[...] အဖိုးအခကို ဘုန်းကြီးကျောင်းအား [...] ဒါန်းကြရသည်။

တချို့မိသားစုများက နေအိမ်[...] ပြာကို သယ်ယူကာ အိမ်ဝင်းတစ်နေရာ[...]



အရှင်ပညာသိဟာဘိဝံသ
(ပဋ္ဌာနိကာယ)



www.burmeseclassic.com

www.burmeseclassic.com



ရှုမဝမဂ္ဂဇင်း
၂၀၀၃ ခုနှစ် ဧပြီလ အတွဲ (၁၅) အမှတ် (၄)

www.burmeseclassic.com

www.burmeseclassic.com

စင်ကလေးဖြင့်ထားလေ့ရှိကြ၏။ အချွန်အတတ်ကလေးများဖြင့် ခိုအိမ်ကဲ့သို့ခြေတံရှည် အဆောင်လေးဖြစ်၏။ ထိုင်းနိုင်ငံတွင် လုပ်ပြီးသား ရယ်ဒီမိတ်အဆောင်လေးများကို ရောင်းချရန် မြို့ပြင်တွင်များစွာတွေ့ရ၏။ မြန်မာအမြင့်ဖြင့်ဆို နတ်ကွန်းလေးသဖွယ် ဖြစ်၏။

ထိုင်းနိုင်ငံတွင် ဘုန်းတော်ကြီးကျောင်းများကို သတ်မှတ်ထားသည့် ဗိသုကာပုံစံအတိုင်း ဆောက်လုပ်ကြရသဖြင့် ဘုန်းကြီးကျောင်းများသည် လူနေအိမ်များနှင့်မတူ၍ အဝေးမှပင် ဘုန်းကြီးကျောင်းမှန်းသိသာ၏။ သည့်အပြင် မီးသဂြိုဟ်စက်၏ ခေါင်းတိုင်ကြီးကိုလည်း ကားသွားရင်းဖြင့်ပင် အဝေးကပင် ထင်ထင်ရှားရှား မြင်နေရ၏။

ကျုပ်ဆို ကျောင်းထဲတွင် မသာအမြဲရှိနေခြင်း၊ နေ့စဉ် ရုပ်အလောင်းကို မီးရှို့နေခြင်းတို့ကြောင့် ညဆိုကြောက်မှာသေချာ၏။ ကျောင်းဝင်းထဲမှာပင် လမ်းလျှောက်ရဲမည်မဟုတ်။ အိန္ဒိယသို့ဘုရားဖူးသွားစဉ်ကလည်း အိန္ဒိယနိုင်ငံတွင် သုသာန်မရှိတာကို သတိထားမိ၏။ အိန္ဒိယလူမျိုးတို့ကတော့ ပြတ်၏။ သေတာနှင့် ရုပ်အလောင်းကို နီးစပ်ရာ မြစ်ကမ်းတွင် မီးရှို့ပြီး ပြာကို မြစ်ထဲမျှောပစ်လိုက်ကြ၏။ ဘာကိုမှတွယ်ငြိမနေ၊ လွမ်းမနေကြ။ သူ့ဓလေ့နှင့်သူမို့အဆင်ပြေ၏။ သေသွားသူအတွက် ကျန်ရစ်သူများ အလွန်အပန်းမကြီးကြ၍ကောင်းလှ၏။

ကျုပ်တို့ ပဥ္စနိကာယ်ကျောင်းနံရံဘေးကပ်လျက် ကံဘဲ့သုသာန်ဆိုတာ ယခင်က ရှိခဲ့၏။ ဟိန္ဒူရုပ်ကွက်ဖြစ်၍ လူသေလွန်ပါက အခေါင်းမသွင်းဘဲ ဒီအတိုင်း ပိတ်ဖြူပတ်လျက် ကပ်ပေါ်တင် သဂြိုဟ်ကြ၏။ ကုလားမကြီးများသည် အလောင်းကိုပတ်လျက် တီးမှုတ်ကခုန်နေကြသေး၏။

ကျုပ်တို့နိုင်ငံမှာတော့ ဘုန်းတော်ကြီးကျောင်းများတွင် အရိုးအိုးစေတီရှိလျှင်ပင် ကျက်သရေမရှိ ကျောင်းမတိုးတက်ဟု အယူသီးကြ၏။ အဖြစ်သဂြိုဟ်လျှင်လည်း ဖြစ်ကတတ်ဆန်းလုပ်ရက်သည်ဟု ဆိုကာ ကဲ့ရဲ့ကြ၏။

ထိုင်းနိုင်ငံတွင် သန့်စင်ခန်း၊ စားသောက်ဆိုင်၊ သရေစာဆိုင်များကို ဓာတ်ဆီဆိုင်နှင့်အတူ ဖူးတွဲထား၏။ ဓာတ်ဆီဆိုင်များကလည်း တစ်ဆိုင်နှင့်တစ်ဆိုင် မဝေးကွာလှ၊ ဓာတ်ဆီထည့်ထည့်မထည့်ထည့် သန့်စင်ခန်းများ၌ ပေါက်တောလုပ်နိုင်၏။ အိန္ဒိယနိုင်ငံသို့ ဘုရားဖူးသွားရာ၌ ဟိုက်ဝေးလမ်းမကြီးပေါ်တွင် နေကုန် ကားစီးသွားကြရ၏။ လမ်းတွင် စားသောက်ဆိုင်၊ သန့်စင်ခန်းလုံးဝမရှိ ပေါက်တောကတော့ လမ်းဘေးဖြစ်၏။

ဒီတစ်ခေါက် ဒကာမကြီး ဒေါ်ထွေးရီက ဆင်(န်)ပူရီနှင့် ဆန်ဖန်ပူရီမြို့များကို လိုက်ပို့ပေး၏။ ထိုင်းနိုင်ငံရှိ တချို့မြို့အမည်ကို buri စာလုံးဖြင့်အဆုံးသတ်ရှိ၏။ မြို့အနက်ဟော (ပုရီ) ပါဠိကို မွေးစားထားဟန်တူ၏။ ဆင်(န်)ပူရီမြို့၌ ကုသိန္နာရုံအထိမ်းအမှတ် လျောင်းတော်မူရုပ်ပွားတော်ကြီးနှင့် တန်ဆောင်းကြီးကို ဖူးရ၏။ ပဲခူးမြို့က ရွှေသာလျောင်းကဲ့သို့ဖြစ်၏။ စောင်းတန်း၌ ဗုဒ္ဓဝင်ပန်းချီကားများကို အိန္ဒိယဟန် ဆွဲချိတ်ပြသထား၏။ အင်ကြင်းပင်များလည်း ရှိ၏။ အင်ကြင်းပျိုးပင်များကိုလည်း ရောင်းချနေတာကို တွေ့ခဲ့ရ၏။ ဆန်ဖန်ပူရီမြို့တွင် ဘူမိဖသာဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် ဇရာမ နဂါးရုပ်တုကြီးရှိရာ တရုတ်ဘုံကျောင်းကို လိုက်ပို့ပေး၏။ ဗန်ကောက်မြို့ပေါ်ရှိ ဘုရားစေတီများလောက် လူမစည်ကားသော်လည်း အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများသည် အာစီကွန်ကရစ်ဆောင်များအပြင် သစ်သားကျောင်းကြီးများကိုလည်း အဆင့်မြင့်မြင့် သပ်သပ်ရပ်ရပ် ကြီးမားစွာ ဆောက်လုပ်ထားကြ၏။ ရုပ်ပွားတော်များစွာဖြင့် ဘုရားကျောင်းသဖွယ် ဆောက်လုပ်ထား၍ ဘုရားဖူးများထံမှ အလှူငွေများရကြသည်။ သန့်စင်ခန်းများမှာလည်း သန့်ရှင်းတောက်ပြောင်နေ၏။ ထိုင်းတို့သည် သန့်စင်ခန်းကို အထူးအလေးထားကြ၏။ သန့်စင်ခန်းမှန်သမျှ ဘယ်နေရာမှ နှာခေါင်းမပိတ်ရ။

ရုပ်ပွားတော်မြတ်ကြီး၏ ပရိဂုဏ်တံတိုင်းတွင် နံရံကပ်ပန်းချီကားများကို လှည့်ပတ်ပြီးကြည့်ကြရသည်။ ဗုဒ္ဓဝင်ဇာတ်တော်မဟုတ်၍ စကားပြန်ကို မေးကြည့်တော့ အတိတ်က ဤဝန်းကျင်သည် ရွာကြီးတစ်ရွာဖြစ်ခဲ့ပြီး ထိုရွာတွင် ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်မှန်ကို ရေးဆွဲထားခြင်းဖြစ်ကြောင်းကို ပြောပြသည်။

ကူဖန်ခွန်ချာအမည်ရှိသူဌေးသည် ဇနီးမယားများစွာ ယူ၏။ လူငယ်တစ်ယောက်၏ချစ်သူ မိန်းမပျိုလည်း သူဌေးကြီး၏သိမ်းပိုက်ခြင်းကို ခံရ၏။ ကိုယ်ဝန်ရှိချိန် သူကြီးနှင့်အတူအိပ်နေခိုက် ဝမ်းဗိုက်ထဲမှ ကလေးကိုထုတ်ယူသွားပြီး ထိုကလေးသရဲအကူအညီဖြင့် သူဌေးကြီးနှင့်အဖွဲ့ကို တော်လှန်ခြင်း ဖြစ်ကြောင်းကို ပန်းချီပုံများပြလျက် ရှင်းပြ၏။ ပန်းချီပုံတွင် ဓားကိုင်ထားသော လူငယ်နောက်၌ ကိုယ်တုံးလုံးကလေးပုံလေးက အမြဲပါနေ၏။

"တို့မြန်မာနိုင်ငံမှာဆို ကလေးသရဲကို မှင်စာလို့ ခေါ်တယ်။ ဟိုတုန်းကတော့ လောကီဆရာတွေ၊ မျက်လှည့်ဆရာတွေက သရဲမွေးပြီး ခိုင်းစားတယ်လို့ လူကြီးတွေပြောတာ ကြားဖူးတယ်။ ကလေးသရဲကိုတော့ မွေးပြီးခိုင်းစားတယ်ဆိုတာ မကြားမိဘူး။ ဒီထိုင်းမှာတော့ အခုတိုင် အဲလိုကလေးသရဲမွေးပြီး ခိုင်းစားတဲ့ဓလေ့ရှိသေးလား"

ဟု စပ်စုရာ -

သူမသူငယ်ချင်းတစ်ယောက် မနေ့ကပင် ကလေးသရဲမွေးစားရန် ဘုန်းကြီးကျောင်းမှာ သွားယူထားသည်ဟုပြော၍ အံ့သြစွာဖြင့် ဘယ်လိုသွားယူရတုံး မေးတော့-

အစီအမံပွဲဖြင့် ခေါ်ရကြောင်း၊ ဘုန်းကြီးကျောင်းက ကလေးအလောင်းကို ခြောက်ကပ်နေရဲသွားအောင် မီးကင်ပေးလိုက်ကြောင်း၊ သူ့ (ကလေးသရဲ) ကို ကိုယ့်အိမ်မှာ ကျွေးမွေးထားပြီး ကိုယ်လိုတာ ခိုင်းနိုင်းကြောင်း ပြောပြသည်။

ဒကာမကြီး ဒေါ်ထွေးရီက -

"တပည့်တော်တို့နိုင်ငံက လူခြောက်ကလေးလိုမျိုးနေမှာ"

ဟု မှတ်ချက်ပေးသည်။

စကားပြန်က မြဝတီသူ၊ နာမည်က မိုးမိုး၊ မြန်မာစကားပြောတတ်ပေမယ့် မြန်မာစာမတတ်၊ လူငယ်မို့ပြောဆိုရအဆင်ပြေ၏။ သွက်လက်၏။ ထိုင်းစကားတော့မွတ်နေ၏။ ထိုင်းနိုင်ငံသူမဟုတ်၍ သူ့စကားအမှန်လားဆိုတာတော့ ဝေခွဲရခက်၏။ ထိုင်းရုပ်သံတွေမှာပင် ကလေးသရဲအသားပေးဇာတ်လမ်းကားတွေပြပေးနေတာကို ညတိုင်းလိုလိုတွေ့ရ၍ သူ့စကားအမှားဟုလည်း မဆိုသာ။ သူတို့ဆီမှာက အခုတိုင် အပင်းသွင်းတာတို့ ပြုစားတာတို့ကို စွဲစွဲမြဲမြဲ ယုံကြည်လက်ခံကြ၏။

ကလေးသရဲနှင့်ပတ်သက်လို့ ကျုပ်တို့အရပ် ညောင်စာရေးမှာ ကျုပ် ကိုရင်ဘဝက ကြားဖူးခဲ့၏။ ညောင်စာရေးသုသာန်ကို လေသာကုန်းဟုခေါ်သည်။ လေသာကုန်းသုသာန်သို့ မသာပို့ဆောင်သည့် လမ်းသည် မိုးတွင်း၌ သုသာန်အနောက်ဘက်ရှိ ညောင်ပင်ကြီးအောက်တွင်အဆုံးသတ်၏။ ညောင်ပင်ကြီးအောက်၌ ရုပ်အလောင်းကိုချပြီး



www.burmeseclassic.com

www.burmeseclassic.com

သရက္ခာဂုံတင်ပေးကြရသည်။ ဟိုယခင်ကတော့ ဇရပ်ကြီး ရှိခဲ့၏။ နွေရာသီနှင့် ထယ်များ သိမ်းပြီးချိန်တွင် ဖြတ်လမ်းအဖြစ် အသုံးပြုကြ၏။ သုသာန်က လေးစက်လေးတန် လက်ကွက်တို့ထက် အနည်းငယ်မို့မောက်နေ၍ 'လေသာကုန်း' ဟု ခေါ်ဆိုခဲ့ကြဟန် တူ၏။

လမ်းအနောက်ဘက်တွင် ဇရာမ ညောင်ပင်ကြီးက ရှမ်းကျောင်းခြံစည်းရိုးနှင့်ကပ်လျက်။ မလှမ်းမကမ်း ဓားလွယ်ခုတ်နေရာတွင် လက်ပံပင်ကြီးနှစ်ပင်နှင့် သုသာန်တောင်ဘက်အစွန်း၌ မန်ကျည်းပင်ပုပုလေးတစ်ပင်တို့က လမ်းအရှေ့ဘက်တွင်ရှိသည်။ သက်တမ်းကြာသော သုသာန်ကြီးဖြစ်၍ သုံးရာသီလုံးချုံတို့ဖြင့် အမြဲတောထနေသည်။ အုတ်ဂူအဟောင်းများလည်း အပြည့်ရှိသည်။ ထိုစဉ်က သုသာန်ဆိုသောအစွဲဖြင့် နာရေးပို့ချိန်တလွဲပြီး လူပြတ်၍ တိတ်ဆိတ် ချောက်ချားဖွယ်နေရာ ဖြစ်၏။

ကိုမူတူး ဆိုသူသည် မန်ကျည်းရွက်၊ မန်ကျည်းသီးနုချိန်ဆို မန်ကျည်းရွက်နု၊ မန်ကျည်းသီးနုမှည့်ချိန် မန်ကျည်းသီးမှည့်၊ သရက်သီးချိန်၊ သရက်သီးကင်းတို လှည့်လည်ခူးကာ မိသားစုပရိုယေသနကို ရိုးသားစွာ လုပ်ကိုင်ကျွေးမွေးသူဖြစ်၏။ ပိုင်ရှင်ရှိသည့်အပင်ဆို အဖိုးအခပေးရ၍ ဘာမှပေးစရာမလိုသော ကျုပ်တို့ဘုန်းကြီးကျောင်းဝင်းထဲက မန်ကျီးပင်၊ သရက်ပင်တွေမှာ ရာသီအလိုက်ခူးသူဖြစ်၏။ နွမ်းပါးသူဖြစ်၍ ကျုပ်တို့ဆရာဘုန်းကြီးဝကြီးက ဘာမှမပြော၊ လုပ်ကိုင်စားပါစေဟု ခွင့်ပြုထားသည်။

နှစ်ခြားသီးသော မရန်းပင်တစ်ပင် ကျောင်းဥယျာဉ်၌ ရှိ၏။ ထိုအပင်ကို ဘုန်းကြီးဝကြီးက မြတ်နိုးလှ၏။ မရန်းသီး ပေါ်ဦးပေါ်ဖျားဆို သူလည်း တို့မြုပ်စား၊ ရွာထဲက ဆွမ်းအုပ်ပို့သည့်အိမ်များတိုလည်း လိုက်ဝေငှ၊ ရင့်လျှင် မရန်းချဉ်ထည့်ခိုင်းပြီး မရန်းသီးချဉ်နှင့် ငါးပိကြော်တို ခုံမင်စွာ နှစ်ပေါက်ဘုဉ်းပေးလေ့ရှိ၏။ ထိုအခါမျိုးမှာတော့ ကျုပ်ဆရာက ခွင့်မပြုတတ်။ ကိုရင်၊ ကျောင်းသားတွေတို လေးခွဖြင့် လိုက်ပစ်ခိုင်းတော့၏။ ရပ်ရွာနှင့်ကျောင်းက ဟိုကိစ္စဒီကိစ္စခိုင်းပြီး ဘယ်လောက်ပေးရမလဲ မေးလျှင် မတောင်းတတ်။ ကြည့်သာပေးကြရသည်။ ပေါ်ဦးပေါ်ဖျားဆို မန်းကျည်းရွက်နု၊ မန်းကျည်းသီးစိမ်း၊ သရက်သီးနု၊ မရန်းသီးနုတွေကို လူကြိုက်များကြတော့ သိနေ၏။ ဖား၊ ငါးရှဉ့် ကြုံသလို ရှာဖွေလျက် မိသားစုကို ကြုံသလို လုပ်ကိုင်ကျွေးမွေး၏။ ဘယ်အချိန်ကြည့်ကြည့် သူ့ကိုယ်ပေါ်တွင် အင်္ကျီမရှိ။

တစ်ခါတလေ ကိုမူတူးသည် လေသာကုန်းသုသာန်က မန်ကျည်းပင်ပုလေးကိုလည်း တက်ခူးလေ့ရှိ၏။ သုသာန်က မန်းကျီးရွက်ဖြစ်၍ လူမနှစ်သက်တာကို သူသိ၏။ ထို့ကြောင့် ခပ်စောစော လူသူမကွဲခင် ခူးရ၏။ တစ်ခါတွင် မန်ကျည်းရွက်နုခူးအပြီး မန်ကျည်းရွက်ထည့်သည့် လွယ်အိတ်အနွမ်းလေးကို အောက်ကို ပစ်ချလိုက်စဉ် သုသာန်ထဲက လူနီလေး ထွက်လာပြီး ကောက်ယူကာ ချုံအတွင်း အရိုးဂူထဲ ပြန်ဝင်သွားတာကို မြင်လိုက်ရသတဲ့၊ ဘာပြောကောင်းမလဲ ကိုမူတူးလည်း ခုန်ချ၍ သုတ်ခြေတင်ပြေးခဲ့ရဟူ၏။

နောက်တစ်နေ့ညနေတွင် ကိုမူတူးသည် မန်ကျည်းပင်ပုလေးသို့ သွားကာ ပင်ခြေကို မီးတိုက်တော့၏။ ညသန်းခေါင်ယံအချိန်၌ အဲဒီမန်ကျည်းပင်ပုလေးနှင့် ကျုပ်တို့ ကျောင်းမုခ်ဦးရှေ့လမ်းမှာ ခေါက်တုံ့ခေါက်ပြန် 'အမေရေ ညီလေး ငိုနေတယ်ဗျ' ဟု သွားလိုက်၊ လာလိုက်ဖြင့် ကလေးတစ်ယောက် ငိုလျက် အမေလိုက်ခေါ်နေသံကို ဆရာဘုန်းကြီးဝကြီးရော ကိုရင်၊ကျောင်းသားတွေပါ ကြားကြ၍ နတ်လမ်းထိပ် ဆင်းကြည့်ကြ၏။ ဘယ်သူမှ မတွေ့ကြ၊ စီနီယာကျောင်းသားကြီးများက ထိုကိစ္စကို ကျုပ်ကိုရင်ဖြစ်သည့်တိုင် ပြောပြလို့မဆုံးရှိနေ၏။

အခု ကိုမူတူး မရှိတော့။ သူ့သားနီတာကြီးကလည်း မိသားစုကို သူ့လို ရာသီအလိုက် သစ်ပင်တက်လျက်ပင် လုပ်ကိုင်ကျွေးနေ၏။ လက်ရှိကျောင်းထိုင် ကျုပ်အစ်ကိုဘုန်းကြီးကလည်း တက်ပါစေပေါ့။ သူလည်း သူ့အဖေလို မရန်းသီး ပေါ်ဦးပေါ်ဖျားဆို ခိုးတက်၊ ကိုရင်၊ ကျောင်းသားတွေကလည်း လေးခွဖြင့် လိုက်ပစ်၊ အဖေ ကိုမူတူး ဉာဏ်ရည်ဉာဏ်သွေးနိမ့်သလို နီတာကြီးလည်း ဉာဏ်ရည်နိမ့်၏။ ဘယ်သူက ဘာပြောပြော ရယ်၍သာနေ၏။

အဲဒီမန်းကျည်းပင်ပုလေး၏တောင်ဘက် လယ် (၂) ကွက်၊ (၃)ကွက်သာသာ အဝေးမှာ မန်ကျည်းပင်ပုလေးတစ်ပင်နှင့် ကုန်းမို့မို့ဖြင့် ရေချိုရေတွင်းလေးရှိ၏။ ထိုမန်ကျည်းပင်အောက်တွင် ဒေါ်သိန်းမြ၏ အကြော်တဲရှိ၏။ စိန်ကလေးရွာကျောင်းက မနက် (၄) နာရီ အုန်းမောင်း(တုံး)ခေါက်တာနှင့် မီးခွက်၊ ဒယ်အိုး၊ ဆီပုံး၊ ထင်းစည်း၊ အကြော်ဗန်းစသော ဝန်ချီစလယ်တို့ကို သားသမီးများက လိုက်ပို့ပေးကြရ၏။

ကျုပ်တို့ ညောင်စာရေးရွာသူရွာသားတို့သည် မနက်စာကို ဘူးသီးကြော်ဖြင့် အများစု ထမင်းကြမ်းစားလေ့ရှိကြ၏။ အခုခေတ်လို မနက်စာက မပေါသေး။ ကောက်စိုက်တို့၊ ပျိုးနုတ်တို့ စပါးရိတ်တို့ရှိ၍ အကူလူများစွာကို ကျွေးမွေးရမည်ဆိုက ညဦးကပင် ဒေါ်သိန်းမြကို ဘူးသီးကြော် မှာထားကြရ၏။ အော်ဒါပေးထားရတာပေါ့။ မိုးလင်းတာနှင့် အကြော်က ကုန်သွား၏။ ညောင်စာရေးရွာသူရွာသားတို့သည် ဘယ်လောက်များ ဘူးသီးကြော်မက်တုံးဆိုရင် ရွာမှာ ပွဲတော်ရှိလို့ ပွဲဈေးလျှောက်ပြီး ပြန်လာပြီဆို လက်ထဲမှာ ဘူးသီးကြော်ထုပ်လေးတွေ ကိုယ်စီကိုင်လို့။ ကျုပ်ဖြင့် အခုတိုင် ရွာပြန်ရောက်လျှင် အရက်ဆွမ်းကို ဘူးသီးကြော်ဖြင့်သာ ငယ်စဉ်ကအတိုင်း စားလေ့ရှိ၏။ဒေါ်သိန်းမြ ဘူးသီးကြော်တော့ မဟုတ်တော့။ ဒေါ်သိန်းမြက သေပြီကိုး။

သတ္တုဇလုံတွင် ဘူးသီးကို လက်ညှိုးသာသာအချောင်းလေးတွေ လှီးပြီး ဆားအလောတော်ထည့်၊ ရေဖြင့်နယ်ထားသည့်မုန့်မှုန့်နှင့်ရောနယ်လျက်ထည့်ထားပြီး ဘူးသီးစိတ်သုံးလေးချောင်းကို ပန်းကန်ပြားအသေးထဲမှာ အပြားလိုက်ထားကာ ကျက်နေသော ဆီအိုးထဲထည့်လျက်ကြော်ခြင်း ဖြစ်၏။ ဝါးကိုသပ်ထားသော အချောင်းကလေးဖြင့် ဟိုဘက်ဒီဘက်လှည့်ပေး၊ ကျက်တာနှင့် အရိုးတပ် သံစကာလေးဖြင့် သတ္တုဇလုံပေါ်ရှိ အပေါက်ပါ ဆီစစ်စကာထဲ ထည့်လိုက်၏။ ဝယ်သူက အနားရှိ ခံတောင်းထဲက အင်ဖက်ဖြင့် ကိုယ့်ဘာသာထည့်လျက် ကျသင့်ငွေကို ပြည့်တောင်းလေးထဲ ထည့်ခဲ့ခြင်း ဖြစ်၏။ အခုခေတ်လို အကြော်တစ်ခု ကျပ် (ငါးဆယ်) မဟုတ်၊ ဆယ်ပြားမျှဖြစ်၍ တစ်ကျပ်ဖိုး (၁၀) ခု မိသားစုအားလုံးအတွက် မနက်စာ ထမင်းကြမ်းအတွက် လောက်င၏။ ရန်ကုန်တွင် လူစားများသည့် ကွမ်းယာဆိုင်သူဌေးဖြစ်သော်လည်း ဒေါ်သိန်းလှမှာ သေသာသွားရော သူဌေးဖြစ်မသွားခဲ့၊ ညောင်စာရေးရွာကို အသက်ထက်ဆုံး ဘူးသီးကြော်ကြော်ကျွေးသွားခဲ့၏။

တစ်နေ့ ဝယ်သူများရောက်မလာသေးချိန် ကျက်သော အကြော်များကို ထုံးစံအတိုင်း စကောထဲထည့်မြဲ မိုးလင်း

www.burmeseclassic.com

လိုကြည့်လိုက်တော့ ကျုပ်တန် အသစ် ကျုပ်ချွတ်ကလေး တစ်ရွက် စကောထဲ၌ တွေ့ရ၍ အံ့သြရ၏။ နောက်တစ်နေ့တွင် မနေ့ဖြစ်ရပ်ကြောင့် သတိထားနေစဉ် စကောအနီး၌ လူနီလေး ဆောင့်ကြောင့်လေးထိုင်ကာ တစ်ခုထည့်တစ်ခုစားပစ်နေသည်ကို တွေ့ရသတဲ့။ ဆယ်ခုလောက်စားပြီး မနေ့ကလို ကျုပ်တန် အသစ်ကလေး ထည့်၍ လေသာကုန်း သုသာန်ဘက် ပြန်သွားကာ ဂူနားအရောက်တွင် ပျောက်ကွယ်သွားသည်ကို ကိုယ်တွေ့ကြုံရခဲ့ရတဲ့။

ရွာဆရာတော်ကြီး ပျံလွန်တော်မူ၍ မီးသင်္ဂြိုဟ်ရန် လေသာကုန်းက ချုံနွယ်တို့ကို ရှင်းလင်းမီးရှို့တော့ အမေက လူလွှတ်ပြီးတားခိုင်းသည်။ သုသာန်ကို မရှင်းကောင်းဘူးတဲ့၊ လူများများသေတတ်တယ်တဲ့။

ဘယ်တတ်နိုင်မှာလဲ။ မီးသင်္ဂြိုဟ်ရန် ခုံလုပ်ရမယ့် လေးဖက်လေးတန်ရာဇမတ်ကာရံရမယ်၊ ငှက်ပျောပင်စိုက်ရမယ်၊ ရုပ်ကလာပ်မီးသင်္ဂြိုဟ်မည့် အုတ်ခုံပေါ် ငှက်ချေးမကျစေရန် ဝါးလုံးတွေထောင်ပြီး ငှက်ချေးခံပိတ်စကို စွဲရမယ်၊ ကျေးလက်အလိုက် ငယ်ဖြူထေရ်ကြီးဝါကြီးမို့ အဆောင်အယောင်များဖြင့် ပို့ဆောင်ကြရမှာဖြစ်၍ နေရာလိုအပ်၏။ မြွေကင်းအန္တရာယ်လည်း မဖြစ်စေရန် သုသာန်ကို ရှင်းလင်းရခြင်း ဖြစ်၏။

ညောင်စာရေးနယ်မှာ လူသေလို့မြေမြှုပ်ရန် ကျင်းတူးမယ်ဆိုရင် လိုအပ်သောမြေပမာဏကိုသာ သုသာန်ရှိ ဆိုင်ရာပိုင်ရာ မမြင်အပ်သူကို မှန်းဆပြီး တောင်းခံတူးကြရ၏။ ဒေသအစွဲဖြစ်ပါသည်။ မြေတူးမည့် ယောကျ်ားသားများသည် ရဲဆေးဟုဆိုကာ အရက်သောက်လေ့ရှိကြသည်။ သုံး၊ လေးဦး တူးကြ၏။ တစ်ယောက်မှာ ပုံးဆွဲပြီး နှစ်ကြိမ်၊ သုံးကြိမ်လောက် အရက်ဆိုင်သို့ ခေါက်တုံ့ခေါက်ပြန်သွားတာကို ကျုပ်တို့ဘုန်းကြီးကျောင်းရှေ့မှ သွားနေရ၍ ကျုပ်တို့ကိုရင်၊ ကျောင်းသားအားလုံး မြင်နေကြရ၏။ ရွာဆရာတော်အပါအဝင် နာရေးရှင်ရော တစ်ရွာလုံးကပါ ထိုကိစ္စကို နားလည်ပေးထားကြရ၏။

တစ်ခါမှာတော့ ကျင်းတူးသူတစ်ဦးက မူးမူးဖြင့် လူဆယ်ယောက်စာလောက် တောင်းလိုက်ပါသတဲ့၊ အဲဒီနှစ်ကလူတွေရွာမှာ အတော်သေတယ်လို့ဆိုကြ၏။ ဒါကြောင့် ကျုပ်အမေက ကျုပ်ကို တားတာပေါ့။ အဲဒီနှစ်က ရွာမှာ လူများစွာမသေလို့ တော်ပါသေး၏။ ကျုပ်ကတော့ တိုက်ဆိုင်သွားတယ်လို့ထင်တာပါပဲ။

ယခင်ကဆို ကျုပ်တို့ညောင်စာရေးမှာ လူသေမှ အလောင်းစင်အတွက် ဝါးခုတ်၊ ခေါင်းအတွက် သစ်ပွပေပျဉ်ရှာ ခေါင်းလုပ်။ နာရေးဖြစ်က အချိန်တိုအတွင်းမှာ အတော်ကသီကြ၏။ ဒေသစွဲရှိ၍ ပေပျဉ်ကိုကြိုတင်စုဆောင်းထားခြင်း မရှိ၊ ကျောင်းရှိ ခုတင်ကို ဝါးတို့ဖြင့် အလောင်းစင် အပူတပြင်းလုပ်ကြရ၏။

အခုတော့ ညောင်စာရေးရွာမှာ နာရေးကူညီမှုအသင်းကလေးကို လူငယ်များက ဦးစီးပြီး အလောင်းမြေကျသည့်တိုင် ကိစ္စဝိစ္စအားလုံးကို မသောက်မစားကြဘဲ ဆောင်ရွက်ပေးနေ၏။ ကျောင်းထိုင်ဘုန်းကြီးကလည်း ခေတ်ဘုန်းကြီး၊ မန္တလေးပြန်၊ လူငယ်လေးများကလည်း အကျိုးမဖြစ်စေသည့် ရိုးရာအစွဲတွေကို ဖယ်ဖျောက်လာနိုင်ကြ၏။ အလောင်းစင်မှ ရယ်ဒီမိတ် နှစ်စဉ်တောင် အရန်သင့်။ ခုဆို ရန်ကုန်နာရေးကူညီမှုအသင်းကလာလှူသော ဟိုင်းလတ်ကားတောင် ရောက်နေ၏။

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီးထံ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက -

"ဦးဇနကရေ ခုဘာလုပ်နေတုံး"

လို့ လှမ်းမေးတော့ မဟာဂန္ဓာရုံ ဆရာတော်ကြီးက -

"ဦးဝါသဝရေ သေဖို့ပြင်နေတယ်"

ဟု ပြန်ဖြေသတဲ့။

နေဖို့ကို ပြင်ကြရသလို သေဖို့ကိုလည်း ကြိုတင်ပြင်ဆင်ထားတာကောင်းပါသည်။

ပဥ္စနိကာယ်ကျောင်းတိုက်နောက်မှာ ကံဘဲ့သုသာန် ရှိခဲ့ဖူး၏။ ကျုပ်နေသည့်သံယတ်ကျောင်းဆောင်က မြောက်ဖက်အစွန်ဆုံး တံတိုင်းအုတ်ရိုးနှင့်ကပ်လျက် လူသေတွေမြှုပ်နေတာကို ကျောင်းပေါ်မှနေ နေ့စဉ်တွေ့မြင်နေရသည်။

ထိုစဉ်က သုဘရာဇာက မောင်အေးတဲ့။ နွေရာသီများဆို မောင်အေးက စောစော မြေကျင်းတူးထား၏။ 'ဟ- မောင်အေး အစောကြီးပါလား' လို့ ကျုပ်က ကျောင်းပေါ်မှ လှမ်းမေးလိုက်ရင်-

"နွေလယ်ကျ နေပူတယ်ဘုရား။ မတူးနိုင်ဘူး၊ ကြိုတင် တူးထားရတာ"

လို့ အမြဲ ပြန်ဖြေလေ့ရှိ၏။

ကျုပ်တို့ကံဘဲ့က မြန်မာ၊ ကုလား၊ တရုတ်လူမျိုးသုံးမျိုးနေသော သင်္ချိုင်းဝမ်းရပ်ကွက်မို့ လူဦးရေအများသား။ ထုံးစံအတိုင်းပေါ့ လူများတော့ လူသေလည်းများတာ မမှတာပဲ။ မောင်အေးက ကြိုတူးထားတာ တစ်တွင်းမက သုံး၊ လေးတွင်းရယ်။ တစ်ခါတလေများဆို လူသေမြှုပ်ပြီးသား တွင်းဟောင်းကြီးတွေ ပြန်တူးနေလို့ ကျုပ်က -

"ဟ- မောင်အေး၊ တွင်းဟောင်းတွေ ဘာလို့ပြန်တူးနေရတာလဲ"

ဟု စပ်စုလိုက်လျှင်-

"မတတ်နိုင်ဘူးဘုရား၊ ကနေ့များတယ်"

ဟု ပြန်ဖြေသည်။

စိတ်သဘာဝက မသိလျှင် အရာခပ်သိမ်းသန့်၏။

နာနာဘာဝနှင့် တွေ့ဖူးသူများအမည်ဖြင့် ဆောင်းပါးများကို သူရဿမဂ္ဂဇင်း၌ ရေးသားခြင်းကြောင့် အချို့က သူတို့သိသည့် နာနာဘာဝအကြောင်းများကို ပြောပြသည်၊ တချို့ကတော့ ဘုန်းကြီးဖြစ်ပြီး သရဲအကြောင်းရေးရလား ဆိုကာ ဖြစ်တင်ကြ၏။ သေပြီးနောက် မပြည့်စုံသောဘဝဖြင့် အကုသိုလ်၏အကျိုးပေးခံစားရတတ်ကြောင်း အသိပေးခြင်း ဖြစ်၏။

ရွာဘုန်းကြီး ကမ္ဘာအေးသို့သံယာ့စည်းဝေးပွဲလာရင်းတောင် နာနာဘာဝအကြောင်း ပြောသွားသေးသည်။

မိုးချုပ်လို့ တစ်ယောက်တည်း ပြန်လာရင် မြေနီတောင်အတက်ဆို ဆိုင်ကယ်နောက်က အမျိုးသမီးတစ်ယောက်လိုက်ပါစီးနေသတဲ့။ ရ-ယ-က ဥက္ကဋ္ဌကသူ့ကို ပြောပြသတဲ့။ ဒါဆို သရဲမဖြစ်မှာပေါ့ဗျ ဟု ပြောလိုက်၏။ မိုးမိုးလာတုန်းကလည်း ဒီအကြောင်းကို ပြောသွား၏။ တချို့အမျိုးသားများ ကိုယ်တိုင်ကြုံ၍ မိုးမချုပ်မီ ရွာသို့ ပြန်ကြရ၏။

မြေနီတောင် ဆိုတာ ညောင်စာရေးမှ ရွှေတောင်သွားလမ်းပေါ် တွင်ရှိ၏။ တောင်ဆိုပေမယ့် အလွန်မကြီးမြင့်၊ ကုန်းသာသာကို အလယ်မှ လမ်းဖောက်ထားခြင်း ဖြစ်၏။ ရွှေတောင်သို့ ရွာမှ ပါစင်ဂျာကားများ နေ့စဉ်ထွက်၏။ လူငယ်များကတော့ ဆိုင်ကယ်ဖြင့် အခုတော့ သွားနေကြ၏။ မကျွတ်မလွတ်သည့် နာနာဘာဝ လွတ်တင်းသည့်နေရာဆိုတာ မရှိတာကို အားလုံးသိစေချင်ပါသည်။

အရှင်ပညာသီဟာ[illegible]သ

(ပဥ္စနိကာယ်)



www.burmeseclassic.com

www.burmeseclassic.com

နေဝန်းသစ်

# အရိုးကျိုးဆက်ရန် ဆီမန်းဂါထာ

ဤနည်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) တီကျစ်မြို့နယ်ရှိ မြို့နှင့် (၅) မိုင်ခန့်ဝေးသော နောင်မူရွာမှ ဘဇင်းခ... ပေးသောနည်း ဖြစ်ပါသည်။

ကျွန်တော် မရောက်တာကြာပြီဖြစ်သည့် နောင်မူရွာသို့ နွေဦးကာလက ...သည်အပတ်ရောက်ခဲ့ပါ၏။ နောင်မူ...မှာ တီကျစ်နှင့် (၁) မိုင်နီးပါးခန့်ဝေး... ပင်လောင်းသွား ကားလမ်းဘေး ...ရွာကြီးတစ်ရွာ ဖြစ်သည်။ တောင်ရိုး...ငါးရင်းသားတို့နေထိုင်ရာ ဆင်ဂေါင်း (...) ရွာကြီးမှ မြေနီကုန်းမြင့်မြေပြင်...ကို ဖြတ်ကျော်သွားရပါသည်။

ကျွန်တော်နှင့်အတူ အငြိမ်းစား...မတော်အရာရှိတစ်ဦးလည်း ပါပါ...သည်၊ ၎င်းကလည်း နောင်မူရွာ၌ အ...အကျွမ်းများရှိသဖြင့် ခရီးကြုံ၍လိုက်...ခြင်း ဖြစ်ပါသည်။

နောင်မူရွာမှာ နောင်မွန်းရွာ၏ ...နောက်ဘက်တွင်ရှိပြီး လမ်းတစ်...ကက် အာလူးစိုက်၊ ကြက်သွန်ဖြူ...သည့် နိမ့်လိုက်၊ မြင့်လိုက် မြေနီ...ပြင်ကြီးမှလွဲပြီး သစ်ပင်ကြီးကြီးမား... မရှိလှဘဲ တက်လိုက်၊ ဆင်းလိုက်...ရသောခရီးဖြစ်၍ ကျွန်တော်တို့လို...န်သားများအနေဖြင့် အနည်းငယ်...တ်အခဲတော့ ရှိပါ၏။ သို့သော် ကျွန်...ရော ဗိုလ်ကြီးမြင့်သူပါ သည်ခရီး... အခေါက်ခေါက်အခါခါသွားဖူးသော...ခရီးဖြစ်သဖြင့် သိပ်တော့မထောင်း...လှပါချေ။

နောင်မူရွာသို့ ဆင်ဂေါင်း (ခေါင်း...) နာရီကျော်ကျော် လျှောက်ခဲ့ကြ...သည်။ နောင်မူရွာမှာ တစ်ရွာလုံး...မိတ်ဟောင်းဆွေဟောင်းများ ဖြစ်...သည်။ ကျွန်တော်တို့ရောက်သည်...သည်နှင့် ဟန်ဆောင်မှုကင်းစွာဖြင့် ...ရွာလုံးနီးပါး ကျွန်တော်တို့တည်းရာ ...ဇင်းချစ်ရှိတို့အိမ်သို့ ဝိုင်းလာကာ ...ရဝမ်းသာ နှုတ်ဆက်ကြပါ၏။

ထိုအထဲတွင် စိုင်းဝေကျန်နှင့် ...ဇင်းချစ်ပုံ မပါသဖြင့် ဘဇင်းချစ်ပုံ၏ ...ကို ဘဇင်းချစ်ရှိကို မေးကြည့်ပါ...သည်၊ ထိုအခါ ဘဇင်းချစ်ရှိက စိုင်းဝေ...ကတော့ နောင်မူရွာ၏အနောက်...ရှိ တောင်တန်းကြီး၏တောင်ခြေ၌ ပြောင်းဖူးများစိုက်ထား၍ ပြောင်းခင်းကို သွားစောင့်နေရကြောင်း၊ ဘဇင်းချစ်ပုံကတော့ တောင်ပေါ်တက်ရင်း တောင်စောင်းကနေ ခြေချော်ပြီး တောင်ကျချောင်းထဲကျသွားသဖြင့် ကျောက်ဆောင်နှင့်ဆောင့်မိကာ ညာဘက်ခြေထောက် ခြေချင်းဝတ်အထက်မှ ပိုင်းပိုင်းကျိုးသွား၍ ဆေးကုနေရကြောင်း ပြောပါသည်။

ထိုအခါ ကျွန်တော်က-

"ကြားရတာ ဘဇင်းချစ်ပုံအတွက် စိတ်မကောင်းလိုက်တာဗျာ။ အခုကော ဘယ်လိုနေသေးလဲ"

ဟု စိတ်မကောင်းစွာမေးလိုက်ပါသည်။

ဘဇင်းချစ်ရှိက-

"ခုတော့ တော်တော်ပြန်ကောင်းသွားပါပြီ။ အရိုးလည်းဆက်သွားပြီ။ ဒါပေမယ့် အကင်းမသေသေးလို့ လမ်းတော့ သိပ်မလျှောက်နိုင်သေးဘူး။ ဟိုနား ဒီနားကိုတောင် ချိုင်းထောက်နဲ့ လျှောက်နေရတယ်"

ဟု ပြောပါသည်။

နောက်တစ်နေ့၌ ဘဇင်းချစ်ပုံ ချိုင်းထောက်အားပြုရင်း ကျွန်တော်တို့ဆီ လျှောက်လာပါသည်။

"မင်းတို့ ငါ့ကို ကံကောင်းလို့တွေ့တာကွ။ ငါ တောင်စောင်းက ခြေချော်ပြီးလိမ့်ကျတာ နည်းနည်းနောနောအမြင့် မဟုတ်ဘူး၊ အတောင် (၂၀၀) လောက် မြင့်တာ။ ချောင်းထဲထိုးကျသွားလို့ပေါ့ကွာ၊ နောက်မို့ မင်းတို့ ငါ့ ဘယ်တွေ့ရမလဲ။ ဒါတောင် ရေထဲက ကျောက်ဆောင်နဲ့ဆောင့်မိလို့ ခြေချင်းဝတ်အထက်က ပိုင်းပိုင်းကျိုးသွားသေးတယ်။ ကံကောင်းတယ်လို့တော့ ဆိုရမှာပဲဟေ့ နေဝင်းရ"

ဟု သူ့အဖြစ်ကို ပြောပြပါသည်။

"ဘဇင်းချစ်ပုံကို ဘုရားသခင်ကကယ်မ,တာပေါ့ဗျာ"

"ဟုတ်ပါ့ကွာ။ ဘုရားမ,လို့ပေါ့၊ နောက်မို့ အရိုးတခြား၊ အသားတခြားဖြစ်မှာ"

"ခုကော ခြေထောက်အခြေအနေက ဘယ်လိုနေသေးသလဲ"

ဘဇင်းချစ်ပုံက ကျွန်တော့်အနီးတွင် လာထိုင်ပြီး ခြေထောက်ကိုပြ၍-

"ခုတော့ ကောင်းပြီပဲပြောပါတော့ နေဝင်းရာ၊ မနည်းဆေးကုလိုက်ရတယ်"

ဟု ပြောသဖြင့် ကျွန်တော်က ဆေးရုံတက်တာလား၊ ဘယ်ဆေးရုံတက်တာလဲ စသဖြင့်မေးရာ ဘဇင်းချစ်ပုံက အောက်ပါအတိုင်း ပြောပြပါသည်။

"ဆေးရုံဘယ်တက်နိုင်မှာလဲကွာ။ ဆေးရုံတက်တယ်ဆိုတာ လွယ်တာမှတ်လို့၊ တို့လို မရှိဆင်းရဲသားတွေ ဆေးရုံတက်ဖို့ဆိုတာ မလွယ်ပါဘူး။ အခု ငါ့ရောဂါပျောက်တာက တို့တိုင်းရင်းရိုးရာ ကုထုံးနဲ့ ကုတာကွ"

"ဟာ- တယ်ဟုတ်ပါလား။ ဘယ်လိုကုထုံးလဲ ဘဇင်းချစ်ပုံ၊ ဗဟုသုတအဖြစ် ပြောပြပါဦး"

"ကုထုံးဆိုတာ တခြားမဟုတ်ဘူးကွ၊ ဆီကိုမန်းပြီး ခြောက်ရင်း လိမ်းရင်း၊ ခြောက်ရင်း လိမ်းရင်း လိမ်းတာ။ ဗဟုသုတအဖြစ်တင် မဟုတ်ဘူး၊ ကြုံကြိုက်ရင်လည်း သုံးရအောင် စာနဲ့သာရေးယူသွား။ တိုက်ဆိုင်တဲ့သူလည်း လုပ်ပေးပေါ့ကွာ၊ ကုသိုလ်ရတာပေါ့။ တို့လည်း အဲဒီလိုပြောခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေရှိလို့ သိပြီးလုပ်နိုင်တာပေါ့"

ဟု ဆိုကာ အောက်ပါ အရိုးကျိုးဆက် ဆီမန်းဂါထာကို ပြောပြပါသည်။

## အရိုးကျိုးဆက်ဆီမန်းဂါထာ

ဥုံ ဣတိပိ သောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ ဗုဒ္ဓေါ ဘဂဝါ၊

ဥုံ ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ အသောကံ ဝိရဇံ ခေမံ၊

ဥုံ သလှိုင် သယလှိုင် ပယ်တမော့ တမဲ့ ဗာလနိ ဟိတ္တံ ပတ္တံ ငုတ်စင့် မာလာနော့ဟယ် ဆီရှဲရှဲ နှိမ်ဆရာနှိမ်၊

နှမ်းဆီစစ်စစ်ကို မဆစ်ဘဲဝယ်၍ ၎င်းမဆစ်ဆီအား အထက်ပါ ဆီမန်းဂါထာဖြင့် ဘုရားရှေ့တော်၌ (၃၇) အုပ်မန်းရမည်။ ထို့နောက် အရိုးကျိုးရာသို့ ကျပ်စည်းသလို လက်နှင့်ဖိပြီး ဆီမန်းဖြင့် ခဏခဏလိမ်းပေးရမည်။ လိမ်းပြီးတိုင်း နှိပ်၍ ပတ်တီးစည်းပေးရမည်။ မကြာခင် အရိုးပြန်ဆက်သွားသည်ကို အံ့ဩစွာ တွေ့ရမည် ဖြစ်ပါသည်။

**မှတ်ချက်-** ထိခိုက်ရှနာများနှင့် အနာလုံး၊ အနာခွက်တို့ကိုလည်း လိမ်းပေးနိုင်ပါသည်။ အရိုးကျိုးကို ဆီမန်းလိမ်းပြီး အိပ်ရာထဲ ငြိမ်သက်စွာနေရမည် ဖြစ်ပါသည်။

သက်သာ ပျောက်ကင်းသော မျက်မြင်ကိုယ်တွေ့နည်း ဖြစ်ပါသည်။

*အနီယာဟောန္တ*

နေဝန်းသစ်



www.burmeseclassic.com

www.burmeseclassic.com


'ထအုံ သာခန်း။ အရပ်ညွှန်း - ကျမ်းထန်းရက်ဗုဒ္ဓ'


ဗုဒ္ဓဟူးသားသမီးတို့ဟာ -

ထအုံလို့ ခေါ်တဲ့ စတုရန်းစ ပဥ္စပွတ်ပိတ်အရပ်။

သာခန်း ဆိုတဲ့ တြိရန်းစ ဆပွတ်ပိတ် အရပ်ဒေသတို့မှာ မနေရာ။ အဲဒီလိုမျိုး သစ်ခက်သစ်ညွှန့်တို့ကို မဆောင်ရာလို့ ပြထားပါတယ်။

ဒါဟာ ဗုဒ္ဓဟူးကို ဇောက်တိဇောက်ထိုးဖြစ်သွားစေတဲ့ကိန်းတွေပါပဲ။ ဒီကိန်းကို လေ့လာမယ်ဆိုရင် -




ဒီလို တွေ့ရပါလိမ့်မယ်။

သူရဇ္ဇတိုင်ကို မှတည်ပြီး ပြထားတဲ့ ဗုဒ္ဓဟူးစ ကြာသပတေးပိတ် လံဘူးကိန်းအတိုင်း ထအုံကိန်းမိနေတာရယ်၊ အင်္ဂါစ သောကြာပိတ် 'စသာ' ကိန်းနဲ့တူတဲ့ 'သာခန်း' ကိန်းမိနေတာရယ်ကို တွေ့ရမှာပါ။

ဒီလိုဆို -

'ထအုံ' ဆိုတဲ့ကိန်းမိနေတဲ့ ဗုဒ္ဓဟူး ဇောက်ထိုးဖြစ်ပုံကိုကြည့်ရင် -

ထအုံကိန်းနဲ့တူတဲ့ တင်အုံ၊ ထူးအိ၊ တင်အို၊ ထားအိမ်၊ နှင်းဥ ဆိုတဲ့ နာမည်တွဲတွေဟာ မူလအလယ်အချာ ဗုဒ္ဓဟူးကို ဇောက်တိဇောက်ထိုးဖြစ်သွားစေနိုင်တဲ့ နာမည်မျိုးတွေပါပဲ။

ဖခင်နာမည်ဟာ ကိုရှိုင်း ဆိုပါတော့။

အကောင်းသားနေရင်းကနေ စိတ်ကြမ်းကိုယ်ကြမ်းဖြစ်ပြီး အကျင့်စာရိတ္တပျက်ပြားလာရတာတွေ -

အကောင်းသားနေရင်းကနေ ရောဂါ တဖြည်းဖြည်း စွဲလာရတာတွေ၊

အိမ်ထောင်ရေးကသောင်းကနင်းဖြစ်လာရတာတွေ -

တစ်မျိုးမဟုတ်တစ်မျိုးနဲ့ ကြုံလာရတော့တာပါပဲ။

ဒီနေရာမှာ -

နာမည် (၄) လုံး (၅) လုံးဖြစ်နေရင် ရှေ့ဆုံးနဲ့ နောက်ဆုံးကို ယူရပါလိမ့်မယ်။

ဥပမာ -

တင်ပိုးပိုးလှအိမ်ဆိုရင် တင်နဲ့ အိမ်နဲ့ကို ယူရပါမယ်။


ထူးနဒီအိ ဆိုရင် ထူးနဲ့ အိ -

နှင်းဇေကရီဦး ဆိုရင် နှင်းနဲ့ ဦး -

အဲသလို ယူရမှာဖြစ်ပါတယ်။

ဒါဆို -

သင်ခန်းကို ဆက်ကြည့်ရင်-




ဒီလို တွေ့ရမှာ ဖြစ်ပါတယ်။

တနင်္ဂနွေကို နမူနာပြထားတဲ့ အင်္ဂါစ သောကြာပိတ် 'စသာ'ကိန်းအ



www.burmeseclassic.com

www.burmeseclassic.com

ခင်း ဗုဒ္ဓဟူးမှာ သောကြာစ တနင်္လာ
ဒါတဲ 'သင်ခန်း' မိနေပုံကို ကြည့်ပါ။

ကြိုရန်းစ ဆပွတ်အုပ်မှည့်ထားတဲ့
ားမည်တွဲဟာ မူလ ဗုဒ္ဓဟူးကို ပြိုပျက်
သွားစေတာ၊ တွေဝေသွားစေတာ၊ နိမ့်
ကျသွားစေတာ၊ ထိခိုက်သွားစေတာ၊
ဆိုင်းသွားစေတာ၊ ချုချာသွားစေ



ဆ... မောင်မောင်သန်း
(...င်အေး...)



www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဒုက္ခရောက်သွားစေတာမို့ ဒီလိုတွဲလုံးနာမည်တွေကိုလည်း သိနေရပါလိမ့်မယ်။

ဥပမာ - သာခို၊ သစ်ကြည်၊ သူကောင်း၊ ဟန်ကင်း၊ ဟိန်းခက်။

မူလအလယ်အချာဗုဒ္ဓဟူးနံဟာ-

အိမ်ထောင်ဦးစီး ဖြစ်နေလို့ကတော့ ခုပြောတဲ့ ထအုံ-သာခန်း နာမည်တွဲတွေဟာ ဇနီးပဲမှည့်ထားထား၊ သားသမီးတွေကပဲ မှည့်ထားထား ထိတာကတော့ ထိမှာပါပဲ။


ဒီအခါမှာ နာမည်တွေကလည်း ပြောင်းဖို့ အခက်အခဲတွေဖြစ်နေတဲ့အရွယ်တွေမှာလည်းရောက်နေ -

ကိုယ်ကလည်း မပြောင်းချင်။

မပြောင်းချင် ဆိုတာက တချို့နာမည်တွေဟာ ကိုယ့်မိဘက ပေးခဲ့ကြတာတွေများတယ်လေ။ ဒါကြောင့် သားသမီးတွေနာမည်ဟာ ကိုယ့်မိဘကပေးခဲ့တာဖြစ်နေလို့ ကိုယ်က မပြောင်းရက်ဘဲ လည်စင်းခံသွားကြသူတွေ ရှိနေပါတယ်။

ဒါကြောင့် ကိုယ်ကလည်း မပြောင်းချင်ဆိုရင် ရတနာမြတ်သုံးပါးကို ပိုပြီး ကိုင်းရှိုင်းပါ။ ကောင်းမှုကုသိုလ်တွေများများပြုပြီး ကောင်းကံတွေတည်ဆောက်ပါ။

ဘာလို့လဲ ဆိုတော့ ဇောက်တိဇောက်ထိုးကိန်း ဆိုတာဟာ ကိုယ့်ရဲ့နေပုံထိုင်ပုံ၊ စိတ်ထားသိုပုံပေါ် မူတည်ပြီး အနေးနဲ့ အမြန် အစွမ်းပြတတ်လို့ပါဘဲ။ အနည်းနဲ့ အများ ကြုံရတတ်လို့ပါပဲ။




ဒီပုံစံလေးကို ကြည့်ပါ။

ဖခင် ကိုဝမ်း ဆိုတဲ့သူဟာ သူ့သမီးကို မှည့်ထားတာ 'သံစဉ်ဇကရီကျော်' ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

သူဟာ တကယ်တော်တဲ့ စီးပွားရေးလုပ်ငန်းရှင်ပါ။

တကယ်လည်း ကြိုးစားခဲ့သူပါ။

သူ့သမီးလေး (၃)နှစ်သမီးလောက်မှာ အဲသလို နာမည်လည်းမှည့်ပြီးရော သူဟာ အပေါင်းအသင်းစများပြီး သောက်တတ်စားတတ်လာပါတယ်။ နောက်ဆုံးယစ်ထုပ်ကြီးဘဝရောက်သွားပြီး စိတ်တွေကြောင်သွားပါတယ်။ အိမ်မကပ်တော့ပါဘူး။

ခုတော့ မရှိရှာတော့ပါဘူး။

ကြည့်ပါ -

ဘယ်လောက်ထိ ကြောက်စရာကောင်းတဲ့ ဇောက်ထိုးကိန်း ဆိုတာ။

သာမန်ကြည့်ရင်တော့ သာမန်ပါပဲ။

ထဲထဲဝင်ဝင်ကြည့်မှကြောက်စရာကောင်းတာ တွေ့ရမှာဖြစ်ပါတယ်။

ပြောလို့ရပါတယ်။

လူဟာ သူ့ကံနဲ့သူလာတာလို့။

မှန်ပါတယ်၊ ဒါပေမယ့် သံစဉ်ဇကရီကျော်ကို မမွေးခင်က ဘာလို့သူမသောက်တတ်ပါသလဲ။ ဒီကလေးနာမည်မှည့်ပြီးတဲ့နောက်ပိုင်းမှ ဘာလို့ပျက်စီးသွားရပါသလဲ။

ဒါကြောင့် -

အရာရာတိုင်းမှာ အကြောင်း အကျိုး ဆိုတာ ရှိပါတယ်။

ဒီအကျိုးဟာ ဘယ်အကြောင်းကြောင့်ဖြစ်လာတယ်ဆိုတာသိနေမှ ဘာမဆို ပြုပြင်လို့ရမှာပါ။ ပြင်ဆင်လို့ရမှာပါ။ ရှောင်ကွင်းလို့ရမှာပါ။ ဆင်ခြင်လို့ရမှာပါ။

ဒီလို အကြောင်းအကျိုးကိုသိလာပြီဆိုရင် -


နောက်ထပ်တစ်ခုဖြစ်တဲ့ ကြာသပတေးကို ပြိုပျက်သွားစေနိုင်တဲ့ ပညာခန်းဆီ ဆက်ပြီးလေ့လာလိုက်ရအောင်။


'အင်းခန်း-တန်စိုက်-ခပ်မကြိုက်-ပူလိုက်ရက်ဇိဝ'

ကြာသပတေးသားသမီးတို့သည်-

အင်းခန်း ဟူသော စတုရန်းစ ပဉ္စပွတ်ပိတ်မှည့်ထားသောအရပ်၊ တန်စိုက်ဟူသော တြိရန်းစ ဆပွတ်ပိတ်မှည့်ထားသောအရပ်တွေ ရှောင်ရမယ်။ အဲဒီနံတွဲ သစ်ညွန့်၊ သစ်ခက်၊ သစ်ပင်တို့ မစိုက်အပ်ဘူးလို့ ကျမ်းတွေမှာလာပါတယ်။

ဒါကို တနင်္ဂနွေလို့ခေါ်တဲ့ သူ့ရဋ္ဌတိုင်နဲ့ မူတည်ပြီး လေ့လာကြည့်မယ်ဆိုရင်-





ဒီလိုမျိုးပုံစံအတိုင်း တွေ့လာပါလိမ့်မယ်။


မြားသွားရာလမ်းကြောင်းအတိုင်းပါပဲ။

ဒါကို ဇောက်ထိုးလို့ ခေါ်တာပါ။ ပြောင်းပြန်ဖြစ်နေလို့ပါ။

သူ့ရဋ္ဌတိုင်မှာ လံဘူးနဲ့တူတာက-

ကြာသပတေးတိုင်မှာ အင်းခန်းဖြစ်နေတာ ဒီလိုတွေ့ရပါလိမ့်မယ်။




ဒါဖြင့်-

အင်းခန်းကို လေ့လာလိုက်ရင် အင်းခန်းနဲ့ အလားသဏ္ဌာန်တူတဲ့ အုံးခ၊ အေးချမ်း၊ အိကို၊ အံ့ချစ် ဆိုတဲ့ တနင်္ဂနွေ စ တနင်္လာပိတ်နာမည်မျိုးတွေထွက်လာပါပြီ။

ဒီနာမည်တွဲလုံးတွေဟာ မူလအလယ်အချာ ကြာသပတေးကို ဇောက်တိဇောက်ထိုးဖြစ်သွားစေတဲ့ နာမည်တွဲတွေပါပဲ။

ဖခင်က ကိုမှုံ ဆိုပါတော့။

သားသမီးတွေကို ခုနလို အေးချမ်းတို့၊ အိကိုတို့ လုပ်ထားလို့မရပါဘူး။

ဒီလို ကြာသပတေးကို လေ့လာရင်း -

နယ်မြို့လေးတစ်မြို့ကို ရောက်ခဲ့တုန်းက သိခဲ့၊ ခင်ခဲ့တဲ့ ကိုပန်းမြိုင်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးတစ်ယောက်ကို သွားသတိရတယ်။ သူဟာ တကယ်ကို သဘောကောင်းတဲ့သူတစ်ယောက်ပါ။ သူ့ဆိုရင် လူတွေက တော်တော့်ကိုခင်ကြတယ်။

သူဟာ လူပျိုကြီးဘဝနဲ့ သူ့ညီအစ်ကိုမောင်နှမတွေနဲ့ တော်တော်ကြာကြာ နေပြီးမှ အိမ်ထောင်ပြုခဲ့သူပါ။ ဒါတောင် သူ့သဘောနဲ့ဆိုပြုတော့မယ်မထင်ပါဘူး။ သူ့ညီအစ်ကိုမောင်နှမတွေကပဲ ရှာဖွေပေးစားလိုက်လို့သာ သူယူလိုက်ရတာ။

ကလေးလေးတစ်ယောက်ရရော။ ကလေးလေးကိုလည်း သူ့ညီအစ်ကိုမောင်နှမတွေကပဲ ဝိုင်းပြီး နာမည်ပေးကြတယ်၊ အာကာကိုကိုတဲ့။

ဘာလုသလဲမပြောနဲ့၊ နာမည်လေးက လှမှလှ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၉) လောက်က နာမည်လေး။ ခုထိ ခေတ်မီတဲ့ နာမည်လေး။ ချစ်လိုက်ကြတာလည်း ဦးလေးတွေ၊ အဒေါ်တွေဆို သည်းသည်းကိုတုန်လို့။

အဲဒီမှာ ပိုဆိုးသွားတာက အူထဲ၊ အသည်းထဲက ချစ်ကြလို့တဲ့ဆိုပြီး အသည်းချစ်၊ အူချစ် ခေါ်ကြပါလေရော။ ရပ်ကွက်ထဲမှာ ဟိုက အသည်းချစ်၊ အူချစ်နဲ့။ ကလေးလေးကလည်း ချစ်စရာလေး။

အဲဒီမှာ အင်မတန်မှ သဘောကောင်းလှတဲ့ ကိုပန်းမြိုင်ကြီးဟာ အဖြည်းဖြည်းနဲ့ စရိုက်တွေတစ်မျိုးဖြစ်လာတယ်။


မကြမ်းစဖူး ကြမ်းလာတယ်။ မဆဲစဖူး ဆဲလာတယ်။ ဆဲတာမှ ပျစ်ပျစ်နှစ်နှစ် ညစ်တီးညစ်ပတ်နဲ့ လူကြားလို့ကောင်းကောင်းဘူး။ လူတွေကပြောကြတာပေါ့၊ ဘာဖြစ်သွားမှန်း မသိဘူးဆိုပြီး။

သူ့ကို စ,ခင်တုန်းက အင်မတန်အေးချမ်းလှတဲ့ အစ်ကိုကြီး ပန်းမြိုင်အနေနဲ့ ခင်ခဲ့ဖူးသလို နောင်နှစ်တွေကြာတဲ့အခါ ဘုရားဖူးခရီးသွားရင်း အဲဒီမြို့လေးကိုရောက်တော့ အံ့ဩသွားခဲ့ရတဲ့ ကိုပန်းမြိုင်အဖြစ်လဲ တွေ့ခဲ့ရပါတယ်။ မျက်နှာကြီးကနီလို့၊ မစားစဖူးကွမ်းတွေတောင် စားတတ်သွားပြီ။ ပါးစပ်တစ်ခုလုံးက နီနေတာပဲ။ ရယ်လိုက်ရင် ကွမ်းချေးတွေနဲ့ အသက်ရှူသံကလည်း ပြင်းပြင်း။

ဘာဖြစ်သွားမှန်းမသိဘူး ဆိုတဲ့အတိုင်း သူ့စရိုက်ကြမ်းတာတွေကို မျက်ဝါးထင်ထင်မြင်ခဲ့ရပါတယ်။ ဆဲမှဆဲ။

လူတွေကတော့ တစ်မျိုးမြင်ရင်မြင်မှာပေါ့။ တစ်ယောက်ယောက်ကများ မကျေနပ်လို့ ပညာတွေဘာတွေနဲ့ လုပ်ထားသလားတို့ မြင်ကြမှာပေါ့လေ။

သူတို့ မမြင်တာ၊ သူတို့ သတိမထားမိတာကတော့-





ကိုပန်းမြိုင် ဆိုတဲ့ အလယ်အချာ ကြာသပတေးကို ဇောက်တိဇောက်ထိုး ဖြစ်သွားစေတဲ့၊ ရုပ်ပိုင်းရော စိတ်ပိုင်းရောပါ ဇောက်တိဇောက်ထိုးဖြစ်သွားစေတဲ့ တနင်္ဂနွေ တနင်္လာနာမည်တွဲလုံးတွေပါပဲ။


ဟုတ်ပါတယ်။

ဒီကလေးလေးရလာပြီးမှ ဒီနာမည်တွေခေါ်ပြီးမှ ဘာလို့ဒီလိုစရိုက်ဆိုးကြီးဖြစ်သွားရတာလဲ။ ကလေးမမွေးခင်က၊ ကလေးမရခင်က၊ အိမ်ထောင်မကျခင်က ဘာလို့ ဒီလိုစရိုက်မကြမ်းခဲ့သလဲ။

ကြာသပတေးကိုဖျက်တဲ့အင်းခန်းဆိုတဲ့ကိန်းဟာ အစွမ်းပြခဲ့တာပါပဲ။

တန်စိုက်လည်း ဒီလိုပါပဲ။




နာမည်မြင်ကွင်းကို ဖွင့်ဆိုနေရင်းနဲ့ ငယ်ငယ်က သူငယ်ချင်း ပိုးအိကို သွားသတိရတယ်။

ပိုးအိ -

သိပ်သဘောကောင်းတဲ့ သူငယ်ချင်း။ မုန့်စားချိန်ရောက်ရင် သူတစ်ယောက်တည်း ဘယ်တော့မှမစားဘူး။ သူငယ်ချင်းတွေနဲ့တူတူစားတယ်။ သူက (၉) တန်းပေမယ့် (၁၀) တန်းက အစ်ကိုကြီးတွေ၊ အစ်မကြီးတွေက ပိုးအိကိုခင်ကြတာပဲ။

ပိုးအိ အသက်အရွယ်လေးရလာလို့ အိမ်ထောင်ရက်သားတွေဘာတွေကျသွားတော့လည်း သူငယ်ချင်းတွေနဲ့ အဆက်အသွယ် မပြတ်ဘူး။ သူငယ်ချင်းတွေကလည်း ပိုးအိအိမ်သွားလည်ကြမယ်ဆိုရင် မငြင်းကြဘူး။ သူ့ခင်ပွန်းကလည်း သဘောကောင်းမှကောင်း။

ဒါနဲ့-

ရင်သွေးလေးရလာရော။

အဲဒီအချိန်ကစပြီး ပိုးအိရဲ့အမျိုးသားဟာ သူ့မိဘတွေရဲ့ လုပ်ငန်းလက်ရင်း စီးပွားကိုပဲ ပြန်ပြီးဦးစီးဖို့ နယ်မြို့လေးတစ်မြို့ကို ပြန်သွားတာနဲ့ ပိုးအိပါ ပါသွားတယ်။ သူငယ်ချင်းတွေနဲ့ မဆုံကြတော့ဘူး။

ဒီလိုနဲ့-

လေး၊ ငါးနှစ်လောက်ကြာတဲ့အခါမှာ ပိုးအိ ရန်ကုန်လာတုန်း အမှတ်မထင်ဘဲ ဆုံကြတယ်။ ဆုံတဲ့အချိန်မှာ ပိုးအိ ပုံစံပြောင်းနေလေရဲ့။ သူရန်ကုန်ရောက်နေပြီဆိုတာနဲ့ ဒီပြင် သူငယ်ချင်းတွေ လာခေါ်ကြလို့ ပိုးအိတို့အိမ်ကို သူငယ်ချင်းတွေ စုသွားကြတာပေါ့လေ။

အဲဒီမှာ ပုံစံပြောင်းနေလေရဲ့။

ဘယ်လိုပြောင်းလဲဆိုတော့ စကားပြောတာ မောက်မာလိုက်တာ အရမ်းပဲ။ သူငယ်ချင်းတွေအပေါ်တော့ ကောင်းပါတယ်။ ဒါပေမယ့် ဘေးလူတွေကို ပြောနေတဲ့ စကားလုံးတွေဟာ နားမဝင်ဘူး။ အကြားတွေများနေသလိုလို၊ စကားတွေက ရိုင်းနေသလိုလိုပဲ။ သူ့ကလေးလေးက (၄) နှစ်ကျော်ပြီ၊ (၅) နှစ်ထဲမှာ။

သူက ပွင့်လင်းတယ်။ သူတို့အိမ်ထောင်ကွဲသွားပြီဆိုတဲ့အကြောင်း ပြောပြတယ်။ သူငယ်ချင်းတွေက စိတ်မကောင်းကြဘူး။ ပိုးအိက သူလိုက်နေရတဲ့အခါမှာ ကြုံရတဲ့စိတ်ဒုက္ခတွေကို ပြောပြတာပေါ့လေ။

ဒါပေမယ့် -

စိတ်ဝင်စားမိတာက သူ့ကလေး



www.burmeseclassic.com

www.burmeseclassic.com


လေးရဲ့နာမည်ပဲ။

ပေးထားတာက တိုးတက်ဇော်။ ခေါ်နေတာကလည်း ဒီအတိုင်းပဲ။

အဲဒီတုန်းကတော့ သိပ်နားမလည်သေးတာနဲ့ တိုးတက်ဇော်ရဲ့ စွမ်းအားသတ္တိနဲ့ ပိုးအိကို သတိမထားမိခဲ့ဘူး။ သူ့ခင်ပွန်းနာမည်က ဇော်ပါတယ်လေ။ ဒီတော့ ကလေးကို ဇော်ပိတ်မှည့်ထားတာ မဆန်းပါဘူး။

ဆန်းတာက အဲဒီ ဇော်ပိတ်မှည့်ထားတဲ့အတွက် ပိုးအိဘဝ တစ်ဆစ်ချိုးပြောင်းသွားခဲ့ရတာပါပဲ။

ဒါကလည်း ပညာသင်သက်နည်းနည်းရလာမှ၊ နာမည်တွေရဲ့အားတွေကို သိလာမှ ဒီလိုသိရတဲ့အတွက် အဲဒီအချိန်က ပိုးအိ ဆိုတဲ့ သူငယ်ချင်းကို အကြံမပေးနိုင်ခဲ့ဘူး။ နားထောင်သမားပဲဖြစ်ခဲ့ရတယ်။




တိုးတက်ဇော် ဆိုတဲ့ နာမည် ပညတ်ပြီးချိန်မှာ ပိုးအိဘဝ တစ်ဆစ်ချိုးပြောင်းလဲသွားရတာကတော့ အခုပြောနေတဲ့ 'တန်စိုက်'ကိန်းပါပဲ။

မီးခဲကို တက်နင်းသလိုမျိုးပေါ့။ သိသိနဲ့နင်းရင် ပူသလိုပဲ၊ မသိဘဲတက်နင်းပြန်လည်း ပူသမှ။ ဘယ်လိုနင်းနင်း ပူမှာပဲလေ။ အိမ်ထောင်တစ်ခု ပြိုပျက်သွားရတယ်ဆိုတာ ဘာပဲဖြစ်ဖြစ် ဘဝတစ်ဆစ်ချိုးပြောင်းသွားတာပါ။

ဒါကြောင့် -

ဇောက်ထိုးဟာ ဇောက်ထိုးပါပဲ။ ထိတာကတော့ ထိတာပါပဲ။

ပြုံးပျော်ကြည်နူးရာက ဝမ်းနည်းခြင်းတွေ ဖြစ်သွားရတယ်ဆိုကတည်းက အနိဋ္ဌလား၊ ဣဋ္ဌလား ရှင်းနေပါပြီ။

သိပ်စဉ်းစားနေစရာတောင် မလိုပါဘူး။

ဒါဖြင့် သာစည်-ပင်းယကိန်းဇောက်ထိုးဟာ ကောင်းသလား၊ မကောင်းသလား ချိန်ဆလို့ရပါပြီ။

တကယ်လို့ ပိုးအိဟာ ကြာသပတေးနာမည် မဟုတ်ဘဲ တခြားနာမည်ဖြစ်နေခဲ့ရင် တိုးတက်ဇော်နာမည်လေးဟာ တကယ်ကောင်းပါတယ်။ တကယ်လည်း အကျိုးပေးနိုင်တဲ့နာမည်မျိုးလေးပါ။

ခုတော့ လံဘူး-စသာ ကိန်းထဲက 'စသာ'ကိန်းမိသွားတဲ့အခါကျတော့ မြတ်နိုးပါတယ်တို့၊ တွယ်တာပါတယ်တို့ဆိုတဲ့ ဘဝလေးတွေဝေးသွားကြရတာပေါ့။

ဒီနေရာမှာ -

နည်းနည်းလေး တွေဝေသွားမှာစိုးလို့ -

ပြောစရာရှိနေတာလေးကို ပြည့်စုံအောင်ပြောထားဦးမှ။

အဲဒါက ဘာလဲဆိုတော့ -

ဆိုကြပါစို့။

'လက်ထုပ်-ဖက်သန်း-မဓောင်းလွန်း-ကျမ်းညွန်းစန္ဒြ' ဆိုပြီး ပြုပြီ။ တနင်္လာသားသမီးတို့သည် လက်ထုပ်ဟူသော ကြီးရန်းစ ဆပ္ပတ်ပိတ်အရပ်၊ ဖက်သန်း ဟူသော စတုရန်းစ ပဥ္စပ္ပတ်ပိတ်အရပ်တွေကို ရှောင်ရမယ်။ အဲဒီသစ်ခက်၊ သစ်ညွန့်တို့ကို မဆောင်ရဆိုပြီး ကျမ်းမှာ ပြပါတယ်။

ဒီလိုပြောလိုက်ရတာက-

တော်တော်များများမှာ အဲဒီပုံစံအတိုင်း သည်၊ ၏ မလွဲ ဖတ်ဖတ်နေရလို့ပါပဲ။

စာအုပ်ကိုဖတ်လိုက်ရုံနဲ့-

စာအုပ်ကိုဖတ်ပြီး လေ့လာရုံနဲ့ကတော့ -

ဒီပုံစံဒီအတိုင်းပဲ ပြန်ရေးပြရုံကလွဲလို့ ဒိပြင်ဖွင့်ဆိုချက်တွေပါမလာလောက်တော့ပါဘူး။

အသိတစ်ယောက် စာရေးချင်တယ် ပြောလာတုန်းက ဒီအကြောင်းလေးတွေပြောဖြစ်ခဲ့ပါတယ်။သူကလည်း ရေးမယ့်ရေးတော့ ခုပြောနေတဲ့ သာစည်ပင်းယ ဇောက်ထိုးဖြစ်သွားတဲ့ကိန်းကို ရေးချင်တာ။

သူ့မှာ လက်ာလေးတွေ စုထားတယ်။ လက်ာတွေက နည်းနည်းကွဲပြားတဲ့သဘောနဲ့ အတူတူတွေချည်းပါပဲ။ အသံထွက်ပဲ ကွာရုံကွာတာပါ။

ဥပမာ -

အင်းခန်း-ထုံစိုက်-ခပ်မကြိုက်ဆူလှိုက်ရက်ဇီဝ -

အင်းခန်း-တန်စိုက်-ခပ်မကြိုက်ဆူလှိုက်ရက်ဇီဝ။

အဲသလိုမျိုးပဲ ကွာတာပါ။

ရှောင်ရန်က အတူတူပါပဲ။

နှစ်မျက်နှာမပြည့်တဲ့ သူ့စာလေးတွေကို ဖတ်ကြည့်ပြီးတော့ သူ့ကိုမေးကြည့်တယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒါလေးတွေကို ရေးပြချင်တာလဲဆိုတော့ သူမဖြေတတ်တော့ဘူး။ ဟိုပြောဒီပြောတွေဖြစ်ကုန်ရော။

ဒါကြောင့်-

သူ့ကို အရင်ရှင်းပြရတယ်။

ကိန်းပြောင်းပြန်ဖြစ်နေပုံတွေကို ရေးပြချင်တယ်ဆိုရင် ကိန်းအတည့်တွေရဲ့ ကောင်းခြင်းတွေကို အရင်ရေးပြမှ သဘာဝကျမယ်လို့။ ဒါမှ ကိန်းအတည့်ကိုသိထားမှ ကိန်းပြောင်းပြန်ဖြစ်နေတာကိုမြင်ရင် ဩော် - ဟိုလိုက အတည့်။

အတည့် ဆိုတာ လူကို အကျိုးပြုတာပါလား။

ဆောင်အပ်တာပါလား။

ဒီလိုက ဇောက်ထိုးပဲ။

ဇောက်ထိုး ဆိုတာ လူကို ဘယ်လိုဖြစ်သွားစေနိုင်လဲ၊ အကောင်းကနေ မကောင်းဖြစ်သွားနိုင်တာပါလား ဆိုပြီး သိမှာလို့ ပြောပြခဲ့ရပါတယ်။

အဲဒီမှာ-

အရေးကြီးတဲ့စကားကို သူ့ကို ပြောပြလိုက်ရပါတယ်။

ခုနပြောသလို 'လက်ထုပ် - ဖက်သန်း' -

တနင်္လာသားသမီးတွေအတွက် ရှောင်ရမယ့်ကိန်းမိနေပြီဆိုပါတော့။

ဘယ်လိုရှောင်မှာလဲ။

တနင်္လာသားသမီးတွေဟာ 'လက်ထုပ်'ဆို ရှောင်ပေရော့လို့ ပြောလိုက်တာနဲ့ သွားပြီ။

ဝေတိုးတို့၊ လင်းနိုင်တို့၊ လူထူးတို့ဆိုတဲ့သူတွေတွေ့ရင် စကားတောင်ပြောမှာ မဟုတ်တော့ဘူး။

ဒီလိုဆို -

ရန်ကုန်မှာနေကြတဲ့ တနင်္လာသားသမီးတွေဆိုရင် လှည်းတန်းတို့၊ လမ်းမတော်တို့၊ ရွှေတောင်တန်းတို့ဆိုရင် ဖြတ်တောင်သွားရဲမှာ မဟုတ်တော့ဘူး သွားပြီ။

ဒါကြောင့် -

ရှောင်ပေရော့ဆိုရုံနဲ့မရဘူး။

ဘယ်လိုရှောင်ရမှာလဲ။

ပကတိလား၊ ဝိကတိလား။



www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးသွားရိုးသွားစဉ်လား၊ နေရိုးနေစဉ်လား၊ ပေါင်းရိုးပေါင်းစဉ်လား ကြည့်ပါ။

ကိုယ်ကလှည်းတန်းမှာနေပါပြီတဲ့။

လှည်းတန်းကို စွန့်ခွာသွားစရာ၊ ရှောင်ပြေးသွားစရာ မလိုပါဘူး။

ဒါဟာ ပညာခန်းနဲ့ ဘာမှမဆိုင်ဘူး။ သဘာဝအတိုင်း အရင်ကတည်းက နေနေတဲ့အတွက် ပကတိ။

အဲဒီ 'လှည်းတန်း'ကနေပြီး 'ရွှေတောင်'မှာ လုပ်ငန်းတစ်ခုသွားလုပ်မယ်ဆိုရင်သာ စဉ်းစားရတော့မှာပါ။ ဒါကို ဆိုလိုတာပါ။

မွေးကတည်းကခင်တဲ့ လှတင်ဆိုရင် ပေါင်းသာပေါင်း၊ ဘာမှမဖြစ်ဘူး။ ကိုယ်က အလုပ်တစ်ခုကို လုပ်ချင်လို့၊ လုပ်ငန်းတစ်ခုကိုလုပ်ချင်လို့ လှတင် ဆိုတဲ့ နာမည်မျိုးကို အကူအညီတောင်းမယ်။ ဒါမှမဟုတ် ဦးစီးခိုင်းမယ်ဆိုရင်သာ စဉ်းစားရတာပါ။

အထူး ထပ်ပြီး ထူးထူးခြားခြားသွားမယ့်အရပ်၊ ထူးထူးခြားခြား ပေါင်းသင်းမယ့်၊ အကူအညီတောင်းမယ့်မိတ်ဆွေဆိုရင်သာ ရှောင်ဖို့ ရှေးရှေးကပညာရှိကြီးတွေ ပြသဆုံးမခဲ့တာပါ။

တနင်္လာနာမည်ရှင်ဖြစ်လို့ -

ဥပမာ ကျော်ဝ ဖြစ်လို့ ဖက်သန်းတိုရှောင်တဲ့အနေနဲ့ 'မြစ်သား'မှာ မနေရဘူးဆိုလို့ လုံးဝ မမှန်ပါဘူး။

မြစ်သားတို့၊ ဖောင်တော်သီတို့မှာ နေလာကြတဲ့ တနင်္လာနာမည်ရှင်တွေ ကောင်းစားနေလိုက်တာမှ၊ ကြီးပွားချမ်းသာနေလိုက်တာမှ အများကြီး။ ဒီလိုဆိုရင် စန်းသီးတို့၊ ပျဉ်းနော့သိမ်တို့၊ ပဲသွေးတို့ ကြံဖန်ပြောကြတော့မှာပေါ့။

ကြာသပတေးနာမည်ဖြစ်နေလို့ 'အင်ခန်း' ရှောင်ပေရော့ဆိုပြီး အကြော်စားနဲ့၊ အုန်းခြစ်မသုံးနဲ့၊ အုတ်ကျင်းမနေနဲ့ဆိုလို့ မရပါဘူး။ အုတ်ကျင်းမှာ နေပြီး ချမ်းသာနေကြတဲ့ ကြာသပတေးသားသမီးတွေ တစ်ပုံကြီး။

ဒါကြောင့် -

စာတစ်လုံးကိုမြင်ရုံ ဖတ်ရုံနဲ့ သူရဲ့နက်ရှိုင်းလှတဲ့အဓိပ္ပာယ်ကို မသိနိုင်ပါဘူး။ ဖတ်ကြည့်တဲ့အမြင်ပဲရှိနိုင်ပါတယ်။

ထွင်းဖောက်ကြည့်မှ -

ထွင်းဖောက်တွေးမှ သိရတာပါ။

ဒီလိုတွေးနိုင်အောင် ဆရာသခင်ကျေးဇူးရှင်များနဲ့ သေချာ စနစ်တကျ ထပ်ထပ်သင်ယူခဲ့မှ ခြေသုတ်ပုဆိုး မြွေဆွယ်ကျိုးလို ရှိရှိသေသေ ကြိုးစားသင်ယူခဲ့မှ တွေးနိုင်တာပါ။

ဆရာအရှင်သူမြတ်များရဲ့ ဂုဏ်ကျေးဇူးဟာ အင်မတန်မှ ကြီးပါတယ်။ ဆရာသာသင်မပေးခဲ့ရင် ဘယ်ဖောက်ထိုးကိန်းမှ ဘယ်လိုမှ နားလည်းလည်မှာမဟုတ်သလို တွေးလည်းတွေးတတ်ခဲ့မှာလည်း မဟုတ်ပါဘူး။

စာဖတ်ရုံနဲ့ ပြီးပြည့်စုံအောင် တွေးလို့မရနိုင်ပါဘူးဆိုတာ အဲဒါကိုဆိုလိုတာပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆိုတာ အင်မတန်မှ ကျေးဇူးကြီးလှပါတယ်။

ဒါကြောင့် -

သောကြာရဲ့အမြစ်၊အညွန့်ဖောက်ထိုးဟာ စနေစ ကြာသပတေးပိတ်ပဲ၊ ရှောင်ပေတော့ ဆိုလို့မရပါဘူး။

တော်ကြာ ထမင်း၊ ဒံပေါက်၊ ထန်းမြစ်၊ တမာ ရှိသမျှ အကုန်မစားရဲတော့ဘဲ ကိုယ့်နဖူး ကိုယ်ကိုင်မိရင်တောင်ဟာ- နဖူး၊ အမြစ် ဖောက်ထိုးပဲ ဆိုပြီး အယူတွေလျှောက်သီးကုန်ရင် ဘယ့်နှယ်လုပ်မလဲ။

ပညာဆိုတာ -

သူ့စနစ်နဲ့သူရှိပါတယ်။

သူ့စည်းကမ်းနဲ့သူရှိပါတယ်။

သူ့ဖွင့်ဆိုချက်နဲ့သူရှိပါတယ်။

ဒါကလည်း ဆရာနဲ့ စနစ်တကျသင်၊ အင်္ဂဝိဇ္ဇာပညာရှင်ကြီးတွေရဲ့ထံပါးကို ရိုရိုသေသေချဉ်းကပ်ပညာယူခဲ့ရလို့သာ ခုလိုပြောပြတာပါ။

အဲဒီလိုနဲ့ သဘောလောက်ပြောပြလိုက်ပြီး ခုနအသိကို အားပေးလိုက်ပါတယ်။

သူလည်း အဲဒီတော့မှ အားတက်သွားပါတယ်။

ကိုယ်ဘာရေးချင်လဲ၊ ဘာပေးချင်လဲ ရည်ရွယ်ချက်ရှိရမယ်။ ပေးချင်တာကို စေတနာဖြူဖြူနဲ့ရေး၊ စာဖတ်ပရိသတ်ကြီးရဲ့ရင်ထဲကို ရောက်ပစေ၊ တစ်ခုခုရသွားပစေ၊ အကျိုးရှိသွားပစေ။

ကုသိုလ်ရရင်ရ၊ပညာရရင်ရ၊ဗဟုသုတရရင်ရ တစ်ခုခုရသွားပါစေ။ ကိုယ့်ကြောင့်ရသွားပါစေ၊ ကောင်းကျိုးတစ်ခုခုရသွားပါစေ။

ကိုယ့်စာဖတ်ပြီး ဘာတွေမှန်းမသိပါဘူးကွာ မဖြစ်ပါစေနဲ့။

ကိုယ်သိရင် သိသလောက်လေးပဲရေး။ မသိတာကို သိသလို သွားမရေးနဲ့။

ပညာရှင်တွေက ကိုယ့်စာကိုဖတ်ပြီး ပြုံးသွားရင် သွားပြီ။ အဲဒါမှ ကိုယ့်လိပ်ပြာကိုယ်မလုံဖြစ်ကုန်မယ်။

မသိရင်လည်း ဒါလေးတော့ ကျွန်တော်မသိပါဘူး ဆိုတာမျိုး ပြောရဲရမယ်။

သိသလောက်လေးပဲရေး။

ကိုယ့်ရှေ့က ပညာရှင်တွေမှန်သမျှကို အမြဲတမ်း ဂါရဝတရားထား။

ကိုယ့်ကိုယ်ကိုယ် ကိုယ်ပဲ အသိဆုံး။

ဒါကြောင့် -

'ကျွန်တော်ရေးရင် ဟိုကျမ်းက ဒီလိုပြထားပါတယ်။ ကျွန်တော့်ဆရာက ဒီလို သင်ပေးထားပါတယ်။ ကျွန်တော်ကတော့ ဒီလိုလေးမြင်ကြည့်ပါတယ်လို့ အမြဲရေးတယ်။

ကိုယ့်အမြင်ဟာ သူများကို မထိခိုက်စေနဲ့။

ကိုယ်အမြင်ဟာ သူများအတွက် အကုသိုလ်မဖြစ်သွားစေနဲ့။

ကိုယ့် အတွေ့အကြုံက တစ်ကျပ်ဖိုးရှိရင် ကိုယ့်ထက် ပိုပြီး (၁၀)ဖိုး၊ (၁၀၀)ဖိုး အတွေ့အကြုံရှိနေကြတဲ့ ပညာရှင်တွေ အများကြီးဆိုတာ မမေ့ရဘူး။ ဒါကြောင့် ဂါရဝတရား ဆိုတာ အမြဲရှိနေရမယ်။ ကိုယ့်ကိုယ်ကိုယ် နှိမ်ချနေရမယ်။ ကျွန်တော်ဆို ခုချိန်ထိ မသိသေးတာတွေ တစ်ပုံကြီးပဲ'

ဆိုပြီး ပြောလိုက်တော့ -

အဲဒီအသိဟာ ဝမ်းတွေသာလွန်လွန်းလို့ သူမသိသေးတာတွေ သိသွားရပြီ၊ သူမသိသေးတာတွေ အများကြီးရှိနေပါလား ဆိုပြီး အဲဒီနောက်ပိုင်း အင်္ဂဝိဇ္ဇာသင်နေပါပြီ။ တကယ် ဝမ်းသာစရာပါ။

ဒါဟာ နာမည်မြင်ကွင်းကိုကြည့်ရင်း မရှင်းမှာစိုးလို့ -

ပညာရပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ပြောပြချင်တဲ့ စကားလေးတွေပါပဲ။

ဒါကြောင့် -

ပညာ ဆိုတာ သူ့စနစ်နဲ့သူ ရှိပါတယ်။

ပညာစည်းကမ်းဆိုတာရှိပါတယ်။

ပရမ်းပတာတွေးလို့မရသလို ရမ်းပြောလို့လည်း မရပါဘူး။

အင်္ဂဝိဇ္ဇာပညာကြီးဟာ စည်းစနစ် အင်မတန်မှကြီးပါတယ်လို့ ပြောရင်းနဲ့-

နာမည်မြင်ကွင်းထဲကိုရောက်လာတဲ့ သောကြာသားသမီးတွေအတွက် 'အုတ်လှ - ကြံ့စာ' ဆိုတဲ့ ပညာခန်းကို လေ့လာလိုက်ရအောင်။

ဝေဒါဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသူ)



www.burmeseclassic.com

www.burmeseclassic.com



## အရှေ့တိုင်းအဂ္ဂိရတ်ပညာ သို့မဟုတ်

# ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာ

( အာယုဗ္ဗေဒ )

**ဆရာဦးဆက်ထွန်းလင်း**

ရှေးခေတ် တရုတ်ပြည်၊ အိန္ဒိယပြည် ပရိအင်ကစ်ယဉ်ကျေးမှုခေတ်များတွင် ပြဒါးဆုန်းကို လူသေအလောင်းများပေါ် သို့ဖြူးပေးရသည့် အမှုများတွင် ပြဒါးဆုန်းသည် တစ်ခုအပါအဝင် ဖြစ်၏။ ပြဒါးဆုန်းကို အစွမ်းထက် ဆေးဖက်ဝင်သည့် မြေနီတစ်မျိုးဟုပင် အသိအမှတ်ပြုသည့်အတွေးအခေါ်သည် ရှေးခေတ် ပဝေသဏီကာလကတည်းကပင် ဖြစ်ပေါ်တည်ရှိနေပြီ ဖြစ်၏။

၎င်းတို့သည် ပြဒါးဆုန်း (ဝါ) ဟင်းရိုင်းနီကို လူသေအလောင်းများ မပုပ်မသိုးစေရန်အတွက်လည်းကောင်း၊ သမားတော်တို့က လူနာများအတွက် သက်စောင့်အားကို ထိန်းသိမ်းစေသည့် ဆေးဝါးအဖြစ် လည်းကောင်း ပေးကြ၏။

ဂန္ဓာလရာဇ်ခေါ် တရုတ်ပြည်မှ 'တိုင်' ဟု အမည်ရှိသော အမျိုးသမီး (Lady of Tai) ကို ဘီစီ ၁၆၈ ခုနှစ်၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့၏။ အဆိုပါ ရုပ်အလောင်းကို နှစ်ပေါင်း ၂၁၄၀ နှစ်အကြာ ၁၉၇၂ ခုနှစ် ပြန်လည် တူးဖော်တွေ့ရှိခဲ့ကြ၏။ ထိုအခါတွင်ကား အဂ္ဂိရတ်ပညာနှင့် ပတ်သက်ပြီး ထူးခြားသော တွေ့ရှိချက်များကို ဖော်ထုတ်နိုင်ခဲ့၏။

တူးဖော်ထားသည့်အလောင်းကို အသေးစိတ် စစ်ဆေးလိုက်သောအခါတွင်ကား အဆိုပါအလောင်းတွင် ပြဒါးဆုန်းပမာဏ များစွာအသုံးပြုထားသည်ကို တွေ့ရှိကြရ၏။ ထို့အပြင် သူမသည် မသေဆုံးမီ အချိန်အနည်းငယ်အတွင်းတွင်ပင် ပြဒါးတို့ကို စားမျိုထားကြောင်း တွေ့ရှိကြရ၏။ ထိုအလောင်းပေါ်တွင်လည်း ပြဒါးဆုန်းများစွာကို တွေ့ရှိကြရ၏။ ဖြစ်နိုင်သည်မှာ သေဆုံးသူ သုံးစွဲသည့် အသက်ရှည်ဆေး၊ ခွန်အားတိုးဆေးတို့တွင် ပြဒါးများ ပါဝင်ခဲ့သည့် အထောက်အထားများကိုလည်း တွေ့ရှိရ၏။ မည်သို့ပင်ဖြစ်စေ အလောင်းကား နှစ်ပေါင်း (၂၀၀၀) ကျော်ကာလရှိသည့်တိုင်အောင်ပင် မပျက်မယွင်း တည်ရှိနေခြင်း ဖြစ်၏။

သမိုင်းမှတ်တမ်းများအရ အဆိုပါ လေဒီတိုင်သေဆုံးပြီးနောက် (၂၄) နှစ်အကြာတွင် တရုတ်ဧကရာဇ် ချင်က အမိန့်တစ်ရပ်ကိုထုတ်ပြန်ခဲ့၏။ ထိုအမိန့်မှာ 'ရွှေလုပ်သူမှန်သမျှ မည်သူ့ကိုမဆို သေဒဏ်ပေးမည်' ဟု ထုတ်ပြန်ခဲ့၏။

ဤအမိန့်ထုတ်ပြန်ပြီးနောက် နှစ်ပေါင်း (၃၅၀) အကြာ (အေဒီ ၁၄၄) ခုနှစ်၌ ဝေဖန်ရေးဆရာတစ်ဦးက ဤအကြောင်းအရာနှင့် ပတ်သက်၍ ပြောဆိုခဲ့သည်မှာ -

'တရုတ်ဧကရာဇ် ချင်သည် ဤအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းမှာ မထုတ်မဖြစ်ထုတ်ရသော အခြေအနေကြောင့်ဖြစ်ကြောင်း၊ သူ့အရင်နန်းတက်သွားကြသူများသည် အဂ္ဂိရတ်ပညာကို အလွန်ပင်အားပေးကြပြီး တစ်တိုင်းပြည်လုံးတွင် သုံးစွဲနေကြသောကြောင့် ဖြစ်သည်'

ဟု ရှင်းပြခဲ့၏။

ဘီစီ ၁၇၅ ခုနှစ် ဧကရာဇ်ဝမ် လက်ထက်တွင် မေးခွန်းထုတ်စရာနှစ်ချက်ပေါ် လာ၏။

ထိုမေးခွန်းတို့မှာ -

တရုတ်ဧကရာဇ် ချင်သည် အဂ္ဂိရတ်ပညာကို ချုပ်ချယ်ကန့်သတ်လို၍လော သို့တည်းမဟုတ် ရွှေပြုလုပ်ခြင်းကို တားမြစ်လို၍လော ဟူသည့် အချက်များပင် ဖြစ်၏။

သို့တည်းမဟုတ် လေဒီတိုင်သောက်ခဲ့သည့် အသက်ရှည်ဆေး (ဝါ) အာယုဝဍ္ဍနဆေးသည် အဂ္ဂိရတ်ပညာ၏ နောက်ဆုံးရလဒ် ဖြစ်လေသလော ဟုလည်း စဉ်းစားစရာဖြစ်လာ၏။

သို့တည်းမဟုတ် သေဆုံးပြီးနောက်မှ အလောင်းကို မပုပ်မသိုးမပျက်မစီးရန် ထိန်းသိမ်းရန်အတွက် ဖော်စပ်ထားသည့် ဆေးဝါးတစ်ခုလော ဟူ၍ စဉ်းစားရန်လည်း ရှိလာ၏။

ထို့ကြောင့် တစ်ဖက်မှ ပြန်၍ လှည့်တွေးကြည့်လျှင် ဘီစီ ၂ ရာစုနှစ်၌ တရုတ်နိုင်ငံတွင် အဂ္ဂိရတ်ပညာသည် ရှင်သန်လျက်ရှိနေပြီလော ဟူသည့် အချက်ပင် ဖြစ်၏။

နောက်တစ်ချက်မှာ မြေထဲပင်လယ်ကမ်းခြေဒေသများ၌ အဂ္ဂိရတ်ပညာသည် သမိုင်းမတင်မီခေတ်ကတည်းကပင် ပေါ်ပေါက်ခဲ့လေသလော ဟူသည့် မေးစရာအချက်များ ရှိ၏။

ဤအမေးများကို သေချာအောင် မေးမြန်းတိုင်း လုံလောက်သည့်အကြောင်းပြချက်ကိုကား မရရှိခဲ့ပေ။

တရုတ်စာပေများတွင် ရွှေပြုလုပ်ပုံပြုလုပ်နည်းကို ဖော်ပြသောအခါ သူတို့သည် လိမ်ညာနည်း၊ မှော်ဝင်သဘောတရားလုပ်ထုံးလုပ်နည်းတို့ကို ထည့်သွင်း





www.burmeseclassic.com

www.burmeseclassic.com

အားသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် သူတို့၏အဂ္ဂိရတ်ပညာစစ်မှန်မှုကို အခိုင်အမာဆိုရန် ခက်နေခြင်း ဖြစ်၏။ သို့သော် တရုတ်ပြည်တွင် အဂ္ဂိရတ်အစဦးအလာ၏ တိကျသော မူရင်းမူလသည် ထုန်ရှိနေသေး၏။ အခိုက်အတန့်တစ်ခုတွင် လျှို့ဝှက်ချက်တစ်ရပ်အဖြစ်ရှိနေသေး၏။

ပညာရှင်အချို့၏ အယူအဆအရမူ အဂ္ဂိရတ်ပညာသည် ဘီစီ ၄ ရာစုတွင် ပေါ်ခဲ့သည်ဟု ဆို၏။ အချို့က အေဒီ ၃ ရာစုနှစ်အထိ အဂ္ဂိရတ်ပညာ မပေါ်ပေါက်သေးဟု ဆိုကြသည်လည်း ရှိ၏။

မူဝါဒသုံးရပ်ဟု အမည်ရှိသော ကြိုဝါဒကျမ်းကို အေဒီ ၁၄၂ ခုနှစ်တွင် ပညာရှင် ဝေပိုယန်က ရေးသားခဲ့သည်။ ၉ ရာစုနှစ်တွင် ဤကျမ်းကို ထပ်မံဖြည့်စွက်ရေးသားခဲ့၏။ အခြားအရေးပါသော မှတ်တမ်းတစ်ခုမှ 'ရွှေဝါရောင်ဧကရာဇ်၏ အသက်ရှည်ဆေးနည်း' မှတ်တမ်း Explanation of the yellow emperor's manual of the ninevessel magical elixir ပင် ဖြစ်၏။ ထိုမှတ်တမ်းကို ဘီစီ ၂ ရာစု၏နောက်ပိုင်းတွင် ရေးသားခဲ့၏။

အထက်၌ဖော်ပြခဲ့သော ကြိုဝါဒကျမ်းကြီးသည် တာအိုဝါဒ၏ ကြီးကျယ်သော မော်ဝင်ကျမ်းကြီးတစ်ဆူလည်း ဖြစ်၏။ အဆိုပါ ကျမ်းကြီးတွင် ပါဝင်သည့် အကြောင်းအရာများမှာ အမတဆေး (ဝါ) မသေဆေးဖော်စပ်မှုဆိုင်ရာ ဆေးနည်းများနှင့် ပတ်သက်ပြီး ရေးသားထားခြင်း ဖြစ်၏။ ဤကျမ်းသည် ပင် တရုတ်တို့၏ ယီချင်း (ပြောင်းလဲမှုဆိုင်ရာကျမ်း) ၏ အကျယ်ဖွင့်ဆိုထားသည့် ဋီကာကျမ်းလည်း ဖြစ်၏။

ကျမ်း၏အမည်ကို ကျမ်းပြုသူ၏ အခြေခံယုံကြည်ချက်မှရရှိခဲ့ခြင်း ဖြစ်၏။ ထိုကျမ်း၏ အခြေခံသဘောတရားတွင် တာအိုနည်းစနစ်နှင့်အဂ္ဂိရတ်ဆိုင်ရာလုပ်ထုံးလုပ်နည်းတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း ပေါ်ပေါက်လာခဲ့သည်ဟု ဆိုထား၏။ သူတို့သည် အကြောင်းအရာတစ်ခုတည်းကိုပင် ကျမ်းအမည်အမျိုးမျိုးဖြင့် ရေးသားခဲ့ကြ၏။ ထိုကျမ်းများတွင် ဖော်ပြထားသည်မှာ အဂ္ဂိရတ်ပညာကို ယီချင်း၏အင်္ဂဝိဒ်အိုရီသဘောတရားပေါ်တွင် တစ်စိတ်တစ်ဒေသအားဖြင့် အခြေပြုထားခြင်း ဖြစ်၏။

ဘုတ်ကြီး(၅)ပါးပေါ်တွင် အခြေတည်ထားသော စကြဝဠာဆိုင်ရာဒဿနသည် နောက်ဆုံးတွင် ယင်၊ ယန် ဟူသော ဖို၊ မ ဓာတ်နှစ်ပါးဖြင့် နိဂုံးချုပ်ရ၏။ ယင်သည် အမဓာတ်၊ အခံဓာတ်၊ လဓာတ်၊ စိုစွတ်ခြင်း၊ မှောင်မိုက်ခြင်းတို့ ဖြစ်၏။ ယန်သည် အဖိုဓာတ်၊ အတိုက်ဓာတ်၊ နေဓာတ်၊ ခြောက်သွေ့ခြင်း၊ တောက်ပခြင်းတို့ ဖြစ်၏။

၎င်းဘုတ်(၅)ပါးတို့သည် ၎င်းတို့တွင် ပါရှိသော ယင်၊ ယန်ဓာတ်တို့၏ အခြေအနေအရ ဓာတ်ပစ္စည်းမျိုးစုံတို့ကို လည်းကောင်း၊ ဂုဏ်သတ္တိမျိုးစုံတို့ကိုလည်းကောင်း ဖန်တီးနိုင်၏။ တရုတ်အဂ္ဂိရတ်ပညာသည် စကြဝဠာပေါင်းစပ်မှုများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်၏။ ထိုစနစ်မှာ ယီချင်း၏ အင်္ဂဝိဒ်အိုရီဖြင့် ထိန်းချုပ်ရန် ရည်ရွယ်ခြင်း ဖြစ်၏။ အဆိုပါ ယီချင်း၏ အင်္ဂဝိဒ်မှုသည် မအို၊ မနာ၊ မသေမှုဆိုင်ရာ အမတဆေးနည်း၏လျှို့ဝှက်ချက် ဖြစ်ပေသည်။ ထို့ကြောင့် ဤကျမ်းကား တရုတ်အဂ္ဂိရတ်ပညာရှင်တို့၏ အမတဆေးဝါးဆိုင်ရာ ကြိုတင် တွေးခေါ်မှုကို ရှင်းလင်းဖော်ပြထားခြင်း ဖြစ်၏။

ဤပန်းတိုင်သို့ရောက်ရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ အဂ္ဂိရတ်နည်းပညာအရ ရွှေကိုပြုလုပ်ခြင်းပင် ဖြစ်၏။ ဝေပိုယန်၏အဆိုအရ အသက်ရှည်ခြင်းသည် ခမ်းနားသော အောင်မြင်မှု၏ အခြေခံ အရေးကြီးသောအချက် ဖြစ်၏။ ထိုအဂ္ဂိရတ်ကို မှီဝဲသုံးဆောင်ခြင်းဖြင့် သာမန်လူတစ်ဦးသည် အမတပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားနိုင်၏။ ဇာတ်လမ်းတစ်ပုဒ်တွင် ဝေပိုယန်သည် အမတဆေးလုံးကို စီမံရာတွင် အောင်မြင်သွား၏။ ထိုအခါ ဝေပိုယန်သည် ခွေးဖြူတစ်ကောင်၊ တပည့်သုံးယောက်တို့နှင့်အတူ သူ့ဆေးကို စမ်းသပ်ရန် တောင်ပေါ်သို့ တက်ခဲ့၏။ သူသည် ဆေးတစ်လုံးကို ခွေးအားကျွေးလိုက်၏။ ခွေးသည် ချက်ချင်းပင် သေဆုံးသွားသဖြင့် သူ့တပည့်တို့က သူ့ကို မယုံကြည်မှုဖြစ်သွား၏။ ထို့နောက် ဝေပိုယန်က မိမိကိုယ်တိုင်မစမ်းဘဲပြန်သွားလျှင် သိက္ခာကျမည်၊ ထို့ကြောင့် ကိုယ်တိုင်စားပြမည်ဟုဆိုပြီး စားချလိုက်၏။ ထိုအခါ သူလည်း လဲကျပြီး သေဆုံးသွားတော့၏။ ကျန်တပည့်များအနက် တစ်ဦးက ဆရာတောင်စားသွားသည်၊ ထို့ကြောင့် သူလည်း ဆရာ့နောက်လိုက်မည်ဟုဆို ဆေးလုံးကို စားချပြီး ဆရာ့လမ်းစဉ်သို့ လိုက်ခဲ့၏။ ကျန်တပည့်နှစ်ဦးက ဝေပိုယန်တို့၏ အသုဘကို စီစဉ်ကြလေ၏။

သို့သော် ဝေပိုယန်သည် သေစေလောက်သော ပမာဏကို စားမိသော်လည်း မသေဘဲ ပြန်ပြီးအသက်ရှင်လာခဲ့၏။ ထို့နောက် ခွေးလည်း အသက်ရှင်လာ၏။ ဆေးသောက်သည့် တပည့်တစ်ဦးလည်း ပြန်ရှင်သန်လာ၏။ ထိုအခါတွင်မှ ကျန်တပည့်နှစ်ဦးတို့သည် ဝေပိုယန်အား အစစ်အမှန် သူတော်စင်ပုဂ္ဂိုလ်ကြီးဟု သတ်မှတ်၍ ဆက်ပြီး တပည့်ခံကြ၏။

ဝေပိုယန်သည် သူကိုယ်တိုင်ကား တာအိုဒဿနပညာရှင် ဖြစ်သည်။ ထို့ကြောင့် သူဖော်ပြသည့် အဂ္ဂိရတ်ပညာသည် တာအိုဝါဒ၏ အတွေးအခေါ်များကြောင့် ပို၍ပီပြင်ရှင်းလင်းသွားစေ၏။

မည်သည့်ခေတ်တွင်ဖြစ်စေ၊ မည်သည့်ဒေသတွင်ဖြစ်စေ အဂ္ဂိရတ်ပညာသည် ခေတ်ပြိုင်ပေါ်ထွန်းနေသော ကျော်ကြားသည့် ယုံကြည်ချက်များ၊ ဘာသာစကားများ၊သင်္ကေတဝါဒ၊၎င်း၏ဒဿနကို ယဉ်ကျေးမှုဆိုင်ရာတို့မှ ရရှိသော အချက်အလက်များဖြင့်ရင်ဆိုင်ကြရမည် ဖြစ်ပေသည်။ တရုတ်ပြည်သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်၏။

အစဉ်အလာအရ တာအိုဝါဒကို လောင်ဆူ စတင်တီထွင်ခဲ့ခြင်း ဖြစ်၏။ လောင်ဆူသည် တာအိုဝါဒဆိုင်ရာလက်စွဲကျမ်းငယ်တစ်ဆူကို ရေးသားခဲ့၏။ ထိုကျမ်း၏ အမည်မှာ 'တောက်တယ်ကျင်း' ဖြစ်၏။ ထိုကျမ်း၏ အဓိပ္ပာယ်မှာ 'နည်းလမ်းနှင့် ကောင်းမြတ်မှုဆိုင်ရာကျမ်း' ဟူ၍ ဖြစ်၏။

၎င်းသည် ဘီစီ ၆ ရာစုတွင် အသက်ရှင်နေထိုင်ခဲ့သူ ဖြစ်ကြောင်း ထင်မှတ်ရ၏။ တာအိုဝါဒသည် အစပထမတွင် ဒဿနတစ်ရပ်အဖြစ်ပေါ်ထွန်းခဲ့ပြီး တဖြည်းဖြည်းနှင့် ဘာသာရေးတစ်မျိုး ဖြစ်လာခဲ့၏။

တာအိုဝါဒီတစ်ဦး၏ တာဝန်မှာ တာအိုဝါဒနှင့်ဆက်သွယ်ရန် ကြိုးပမ်း၏။ တာအို ဆိုသည်မှာ စကြဝဠာဆိုင်ရာ သဘောတရားတစ်ရပ်ဖြစ်၏။ ၎င်းကိုပင် အနောက်နိုင်ငံများ၌ ဘဝနေနည်း(Way, Rule, Pruinciple) ဟု ပြန်ဆိုအဓိပ္ပာယ်ဖွင့်ကြသည်။ တာအိုအား တိုက်ရိုက်ပြန်ဆိုနိုင်သည့် ဝေါဟာရလည်း မရှိပေ။ အဓိပ္ပာယ်လည်း မသိနိုင်ပေ။ ထို့အပြင် တာအို၏ အဓိပ္ပာယ်သည် ဤမျှမက လေးနက်ပါသည်။ စကြဝဠာ၏ အခြေခံနိယာမနှင့် ညီညွတ်စေရန်ဆိုသည်မှာ တာအိုဝါဒ၏ပထမဦးဆုံးသောသဘော



www.burmeseclassic.com

www.burmeseclassic.com

တရား ဖြစ်၏။

တာအိုဝါဒီတို့သည် ဆိတ်ငြိမ်ဝါဒီများ ဖြစ်ကြ၏။ ၎င်းတို့သည် အတွေးကင်းသောစိတ်ဖြင့် ငြိမ်သက်စွာထိုင်နေရသည်ကို ကျေနပ်တင်းတိမ်သည်။ ထို့နောက် တာအိုနည်းစနစ်အတွင်းသို့ အသက်ရှုကျင့်စဉ်ဆိုင်ရာများ ထိန်းချုပ်နည်းများ ဝင်ရောက်လာ၏။ စိတ်ဖြင့်ရှုမြင်ခြင်းစိတ်အမြင်ဆိုင်ရာများလည်း ကျင့်စဉ်တွင် ပါဝင်လာ၏။

အဆိုပါ ကျင့်စဉ်များကို ကျင့်သုံးပြီး တာအိုဝါဒီသည် ၎င်း၏ခွန်အားကို ထိန်းသိမ်း၍တိုးပွားစေ၏။ ၎င်း၏သက်စောင့်အားကို ထိန်းသိမ်းခြင်းဖြင့် သဘာဝအတိုင်း ကျရောက်လာမည့် ဇရာကို လည်းကောင်း၊ အနာရောဂါဗျာဓိကို လည်းကောင်း နောက်ဆုံးတွင် သေခြင်းတရား မရဏကိုပါ အောင်မြင်လွတ်မြောက်နိုင်သည့် နည်းလမ်းများ အထိပင် ရှိပါသည်။

ဒဿန ဘာသာရေးစနစ်နှင့် ထိတွေ့နေရခြင်းကြောင့် တာအို (ဝါ) ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာသည် အမတဆိုင်ရာသဘောတရားများ ကြွယ်ဝစွာ ပါဝင်နေခြင်း ဖြစ်၏။

တြိဝါဒကျမ်းပေါ် ပေါက်လာသည့် ရာစုနှစ်တွင် ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာအတွင်းသို့ တာအိုဝါဒသည် အလုံးအရင်းဖြင့် ဝင်ရောက်လာတော့၏။ ထို့နောက်ပိုင်းတွင်ကား အဂ္ဂိရတ်ပညာရှင်လောကတွင် လောဘဇောတက်သူတို့ များပြားလာပြီး ရွှေဖြစ်၊ ငွေဖြစ်လမ်းတို့ကိုသာ ဦးစားပေးလာကြသဖြင့် ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာသည် တဖြည်းဖြည်းနှင့် မူလရည်ရွယ်ချက်ဖြစ်သော အသက်ရှည်ဆေးရှာဖွေရန်နှင့် အမတပန်းတိုင်ရောက်ရှိရန် ရည်ရွယ်ချက်တို့ မျက်ခြည်ပြတ်လာခဲ့၏။

သို့သော် အဂ္ဂိရတ်ပညာရှင်သည် တာအိုဝါဒီဖြစ်သည် သို့မဟုတ် အဂ္ဂိရတ်ပညာကို တာအိုဝါဒက မွေးဖွားပေးသည်ဟု ဆိုလျှင်ကား အမှားကြီးမှားပေမည်။

ရှေးခေတ် တာအိုဝါဒီတို့သည် မသေခြင်းဆိုင်ရာအမတသဘောတရားကို ကောင်းစွာ ယုံကြည်ကြသည်။ ဤအချက်သည်ပင်လျှင် ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာရှင်တို့အတွက် အမတကို ရည်မှန်းခြင်း၏ အခြေခံဖြစ်လာလေသည်။ ဘီစီ ၄ ရာစုခေတ်က တာအိုခေါင်းဆောင်တစ်ဦးဖြစ်သူ လိတ်ဆူး (Lieh Tzu) က ရွှေနှင့် ကျောက်စိမ်းရှိသည့်



ကျွန်းငါးကျွန်းကို ဖော်ပြခဲ့သည်။ ထိုကျွန်းများတွင် အမတသူတော်စင်များ နေထိုင်ကြ၏။ ထိုအမတသူတော်စင်ဆိုသည်မှာ တာအိုစနစ်အရ လိုက်နာကျင့်ကြံနေထိုင်သူကို ဆိုခြင်းဖြစ်၏။

ဂန္ဓာလရာဇ် အဂ္ဂိရတ်ပညာသဘောတရားအရ ရွှေနှင့် ကျောက်စိမ်းတို့သည် အမတသဘောတရားဖြင့် ဆက်စပ်နေ၏။ အကြောင်းမှာမူ ထိုပစ္စည်းဒြပ်ဝတ္ထုတို့တွင် ယန်ဓာတ် (အဖိုဓာတ်)အစစ်များ ပါဝင်နေသောကြောင့် ဖြစ်၏။ ဤပစ္စည်းတို့သည် ပျက်စီးယိုယွင်းမှုကို ကာကွယ်နိုင်စွမ်းရှိသည်ဟု ယုံကြည်နေကြခြင်းမှာလည်း ထူးဆန်းအံ့ဩဖွယ်ရာ မဟုတ်ပေ။

ပေါင်ပူဇူ (အေဒီ ၂၅၄-၃၃၄) က ဆိုထားသည်မှာ 'အကယ်၍ လူသေအလောင်းများ၏ ဒွါရ (၉) ပေါက်တွင် ရွှေနှင့် ကျောက်စိမ်းတို့ ရှိနေမည်ဆိုပါက အဆိုပါ အလောင်းများသည် ပုပ်ဆွေးမှု မဖြစ်နိုင်ပေ' ဟု ဆိုထားပါသည်။

တရုတ်နိုင်ငံတွင် အစဉ်အလာအားဖြင့် သက်ဦးဆံပိုင်လူတန်းစားနှင့် အထက်တန်းလွှာတို့အတွက် ၎င်းတို့ သေဆုံးလျှင် ရွှေ၊ ကျောက်စိမ်းတို့ဖြင့် ပြုလုပ်ထားသော အခေါင်းများတွင် အလောင်းနှင့်တကွ ရွှေ၊ ကျောက်စိမ်းတို့ဖြင့် ပြုလုပ်ထားသော အခြားပစ္စည်းများကိုထည့်ပြီးမှ မြေမြှုပ်သင်္ဂြိုဟ်ကြ၏။

ဂန္ဓာလရာဇ် အဂ္ဂိရတ်ပညာတွင် အဂ္ဂိရတ်နည်းဖြင့် ရွှေကို ပြုလုပ်ကြ၏။ ထိုရရှိလာသော အဂ္ဂိရတ်ရွှေဖြင့် ပန်းကန်ခွက်ယောက်များ ပြုလုပ်ကြ၏။ နိုးဆော်တိုက်တွန်း အကြံပေးကြ၏။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပေါင်ပူဇူအမည်ခံကို ဟန်က ဆိုထားသည်မှာ-

"ရွှေဖြင့်ပြုလုပ်ထားသောပန်းကန်ခွက်ယောက်များထဲမှ အစားအသောက်တို့ကို စားသောက်သူသည် အသက်ရာထောင်မကရှည်လိမ့်မည်"

ဟု ဆိုထားပါသည်။

၎င်းပြောသော ရွှေ ဆိုသည်မှာ သာမန်ရွှေ မဟုတ်၊ အဂ္ဂိရတ်ရွှေကို ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုအချိန်က တရုတ်လူမျိုးများသည် အသက်ရှည်ဆေးပြုလုပ်ရန် စိတ်ကူးစိတ်သန်းမရှိကြသေးပေ။ အသက်ရှည်ဆေးအတွက် လက်တွေ့အကျိုးပြုသည်မှာ အဂ္ဂိရတ်ရွှေနှင့် ရွှေမှုန်များ ဖြစ်၏။

ဂန္ဓာလရာဇ်အဂ္ဂိရတ်ကျမ်းကြီးဖြစ်သည့် တြိဝါဒကျမ်းတွင်ဖော်ပြထားသော အဂ္ဂိရတ်ရွှေ၏ ထူးခြားသော ဂုဏ်သတ္တိများကို ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

'အဂ္ဂိရတ်ရွှေမှုန်သည် ဒွါရပေါက်များထဲသို့ ဝင်ရောက်သွားသောအခါ မြူနှင်းသဖွယ် ကာဆီးနေသော အပိတ်အပင် အတားအဆီးများကို ဖယ်ရှားစေ၏။

လူသား၏ မျက်နှာအနေအထား ကိုလည်း ကျန်းမာရွှင်လန်းမှုဖြင့် အရောင်တောက်စေ၏။

ဖြူနေသော ဆံပင်ကိုလည်း ပြန်လည်၍ မည်းနက်စေ၏။

သွားအသစ်များ ပြန်ပြီးပေါက်လာစေ၏။

အဘိုးအိုပင်ဖြစ်စေကာမူ ကျန်းမာသန်စွမ်းသော လူငယ်တစ်ဦးသဖွယ် စွမ်းဆောင်လာနိုင်၏။ မသန်မစွမ်း အဘွားအိုကြီးပင်လျှင် မိန်းမပျိုလေးပြန်ဖြစ်လာစေ၏'

ဟု ဆိုထားပါသည်။

ဘဝ၏ ဘေးဗျာန်းထူပြောသော အန္တရာယ်များမှ လွတ်မြောက်လာသူသည် သစ်လွင်ထူးခြား တက်ကြွလန်းဆန်းသော လူသားတစ်ယောက်ဖြစ်လာသည်မှာ ဓမ္မတာပင်ဖြစ်ပါလိမ့်မည်။

ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာရှင်တို့သည် ရှေးဦးစွာ ရွှေကိုအမြောက်အမြားမလုပ်ခဲ့ကြပေ။သို့သော် နောက်ပိုင်းတွင် ရွှေကို အမြောက်အမြားပြုလုပ်၍ အိုးကြီး၊ အိုးငယ်များပင် ပြုလုပ်လာကြ၏။ နောင်သောအခါတွင် ထိုစနစ်သည် အမတဆေးလုံးစီမံရာတွင် အခြေခံဖြစ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြဒါးဆုန်းသည် ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာရှင်တို့အတွက် မရှိမဖြစ်သက်ဆောင့်ဖြစ်၏။ သို့သော် လေဒီကိုင်စားသုံးခဲ့သည့် သဘာဝတွင်းထွက်ပြဒါးဆုန်း (ဘင်းရိုင်းနီ) တော့ မဟုတ်ပေ။

ဘီစီ ၁၃၃ ခုနှစ်တွင် ဖိုထဲမှထွက်လာသော အဂ္ဂိရတ်ပြဒါးဆုန်းကို ရ၏။ အဓိရပညာရှင် လီချိုကွမ်က ဧကရာဇ်ဘုရင် ဝူတီကို အကြံပေးခဲ့သည်မှာ သူသည် ဖိုစောင့်နတ်သမီးကို ကိုးကွယ်ရသည်ဆိုပါက ထိုဖိုရုံ၌ရှိသော ဝိညာဉ်ကို ပြဒါးဆုန်းမှ ရွှေဖြစ်ရန် လှုံ့ဆော်မည် သို့မဟုတ် နှိုးဆော်မည်ဟု ဆိုခဲ့၏။

၎င်းရွှေကိုပင် ပန်းကန်ခွက်ယောက် ပြုလုပ်စားသောက်ရမည်ဆိုပါက အမတသူတော်စင်၏ ပရိသတ်တစ်ဦးဖြစ်သည်အထိ သူ့အသက်ကိုရှည်စေနိုင်မည်ဟု ဆို၏။ ၎င်းတို့၏ အကူအညီဖြင့် သူကိုယ်တိုင်ပင်လျှင် အမတပုဂ္ဂိုလ်ဖြစ်လာနိုင်သည်ဟု ဆို၏။

ရှေးပဝေသဏီခေတ်ကပင် ပြဒါးဆုန်းသည် သူ၏ နီရဲတောက်ပသောအရောင်ဖြင့် လူတို့ကို ဆွဲဆောင်ခဲ့၏။ ၎င်း၏အရောင်ကလည်း သွေးရောင်နှင့် တစ်ထပ်တည်းတူနေသဖြင့် ဒဏ္ဍာရီများတွင် 'နဂါးသွေး' ဟု ဆိုကြခြင်း ဖြစ်၏။

ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာရှင်များအတွက် ပြဒါးဆုန်းသည် အရေးပါ၏။ အဘယ်ကြောင့်ဆိုသော် ပြဒါးရိုင်းကို အပူပေးသောအခါ ပြဒါးသည် အခိုးအငွေ့များအဖြစ်ထွက်လာ၏။ ၎င်းတို့ကို စုဝေးစေပြီး ငွေရောင်မှန်သားအဖြစ် ပြုလုပ်နိုင်၏။

ဓာတ်ပြုမှုမှာထူးခြားသည်ဟု မြင်ရပြီး သင်္ကေတစနစ်ဖြင့် ပြည့်ဝနေသည်ဟု ယူဆရ၏။ ပြဒါးဆုန်းသည် အုံ့ဩဖွယ်ရာပျောက်ကွယ်သွားပြီး ပြဒါးအဖြစ် ပြန်လည် ပေါ်ပေါက်လာ၏။ ဧကရာဇ်ဝူတီသို့ လီချိုကွမ်၏အကြံပေးချက်အရ အဂ္ဂိရတ်ရွှေပြုလုပ်ရာတွင် ပြဒါးဆုန်းသည် အရေးပါသောကဏ္ဍမှ ပါဝင်ကြောင်း ထင်ရှားပေသည်။ နောင်သောအခါ ၎င်းသည် အသက်ရှည်ဆေးနှင့် တိုက်ရိုက် ဆက်စပ်နေ၏။ ၎င်းကို ချင်းတန်(ပြဒါးရွှေ)နှင့် ရှန်တန်(ယာယီရွှေ) ဟုခေါ်၏။ အမတသူတော်စင်၏ အစဉ်အလာသည် ရှေးပဝေသဏီကာလကတည်းက မဟုတ်သော်လည်း အမတသည် အဂ္ဂိရတ်နည်းဖြင့် ရနိုင်သည် ဟူသောအတွေးသည် ရှေးခေတ် မူလတာအိုဝါဒ၏ အစိတ်အပိုင်းတစ်ရပ် မဟုတ်ပေ။

တာအိုဝါဒက ယူဆထားသည်မှာ အမတသည် တစ်စုံတစ်ခုကို အစဉ်တစိုက်ပြုလုပ်ခြင်းမျှဖြင့် မရနိုင်ပေ ဟူ၍ဖြစ်၏။ ဝေပိုယန်သည် သူကိုယ်တိုင်ဖော်စပ်ခဲ့သည့် အမတဆေးလုံးကို သူကိုယ်တိုင်စား၍ အသက်ရှည်ခဲ့၏။ ထိုဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် တာအိုဝါဒ၏ယုံကြည်မှုများသည် ရာစုနှစ်များအတွင်း မည်မျှ ပြောင်းလဲတိုးတက်သွားသည်ကို သိနိုင်ပေသည်။ အေဒီ ၄ ရာစုနှစ်အစတွင် တာအိုဝါဒသည် အသက်ရှည်ဆေး ဒဏ္ဍာရီနှင့် စတင်တွေ့ထိခဲ့ရ၏။

အေဒီ ၃၁၁ တွင် လိုယန်မြို့သည် ဘာဘေးရီးယန်းတို့လက်သို့ ကျရောက်ပြီးနောက် တရုတ်လူမျိုးအများစုသည် ယန်စီဒေသသို့ ပြောင်းရွှေ့ခဲ့ကြ၏။ ထိုဒေသတွင် အမတကိုရစေနိုင်သည့် နည်းလမ်းများစွာအနက် အဂ္ဂိရတ်ပညာသည်လည်း တစ်ခုအပါအဝင်ဖြစ်နေသည်ကို တွေ့ရ၏။

ဤတွင် ပညာတတ်အဂ္ဂိရတ်ပညာရှင်တို့က တာအိုဝါဒကို အဂ္ဂိရတ်နယ်ထဲသို့ ဆွဲသွင်းခြင်းအားဖြင့် သက္ကရာဇ် ၅၀၀ ခန့်တွင် တာအိုဝါဒကို ဘာသာရေးတွင်လည်း အသုံးပြုခဲ့လေ၏။ ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာသမိုင်းတစ်လျှောက်တွင် တာအိုဝါဒနှင့် အဂ္ဂိရတ်တို့ ရောထွေးနေခြင်း၊ ဘာသာစကားတွင်လည်း ရောယှက်နေခြင်းတို့ကို သက်ဦးဆံပိုင် သားစဉ်မြေးဆက်တစ်လျှောက်လုံး တွေ့ရှိခဲ့ရ၏။

သီးခြားမွေးဖွားလာသော အဂ္ဂိရတ်ပညာကို တာအိုဝါဒနှင့်ရောယှက်ခြင်းအားဖြင့် အဂ္ဂိရတ်ပညာသည် ဓာတ်ပညာသက်သက်မဟုတ်တော့ဘဲ ဘာသာရေးနှင့် ဆက်နွယ်သည့် အတတ်ပညာတစ်ရပ် ဖြစ်လာလေသည်။ သို့သော် အဂ္ဂိရတ်ပညာသည် ထူးခြားသော ပန်းတိုင်ကိုသာ ရည်ညွှန်းနေ၏။

အဂ္ဂိရတ်ပညာရပ်သည်လည်း သိပ္ပံနည်းကျ ခလေ့ထုံးစံအရပ်အဖြစ် လိုက်စားသူ ပညာရှင်များ၏ လေးစားမှုကို ခံယူရ၏။ အဂ္ဂိရတ်ပညာသည် တိမ်မြုပ်နေရာမှ ပေါ်ပေါက်လာပြီးဖြစ်၍ မည်သည့်ပြောင်းလဲမှုကိုမျှ လက်မခံပေ။ ဤမူဝါဒရှိသော်လည်း ရာစုနှစ်များအတွင်း အဂ္ဂိရတ်ပညာသည် များစွာပြောင်းလဲခဲ့၏။ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့တွင် အဂ္ဂိရတ်ပညာသည် စာပေကျမ်းဂန်များအရ လှုံ့ဆော်မှုပြုလေသည်။ ထိုစာပေကျမ်းဂန်များမှာ လှုံ့ဆော်မှုအသွင်ကွဲတစ်ရပ်ကိုဖြစ်စေနိုင်စွမ်းရှိလေသည်။ လှုံ့ဆော်နည်းနှစ်နည်းရှိ၏။ တစ်နည်းမှာ နည်းပညာနှင့် ဓာတုပေါင်းစပ်သည့်နည်းနှင့် နောက်တစ်နည်းမှာ ဒဿနနှင့် ဘာသာရေး ရောစပ်သည့်နည်း ဟူ၍ဖြစ်၏။

တြိဝါဒကျမ်းအရ ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာသည် မူဝါဒ (၃) ရပ်ဖြင့် လှုပ်ရှားလျက်ရှိ၏။ ၎င်းတို့မှာ-

၁။ အသက်ရှည်ခြင်း (Langevity)

၂။ ဝိညာဉ်အမတဖြစ်ခြင်း (Immortality of the Soul)

၃။ ကယ်တင်ခံရခြင်း (Salvation) တို့ ဖြစ်၏။

အမတဝိညာဉ်နှင့် အမတခန္ဓာကို အမတပုဂ္ဂိုလ်ထူးတို့၏ ပုံစံအတိုင်း ဆက်လက် နေထိုင်ကျင့်သုံးရန် ဖြစ်၏။

ဤပန်းတိုင်သို့ရောက်ရှိရန် တပအကျင့် (ခြိုးခြံချွေတာဒုက္ခခံသောအကျင့်နှင့် မိမိကိုယ်ကို ဒုက္ခခံသောအကျင့်ကိုကျင့်ခြင်း) ကို ပြုဆောင်ကြ၏။ သို့သော် အဂ္ဂိရတ်ပညာသည် အထူးသဖြင့် အခြားပညာရပ်များဖြင့် မရောပွမ်းနိုင် ပညာရပ် ဖြစ်၏။

အနောက်တိုင်းတွင်လည်း အဂ္ဂိရတ်ဖြင့် တွဲစပ်ရန်ပညာရပ် ဟူ၍ တိတိကျကျမရှိ၊ အနုမာနမှန်းဆချက်များသာ ရှိ၏။ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ မှ မှတ်တမ်းတစ်ခုအရ နာရီပေါင်း (၄၃၂၀) ဖြင့် အဂ္ဂိရတ်ပညာကို တတ်ကျွမ်းသွားသည့်ပုဂ္ဂိုလ်သည် သဘာဝကို နှစ်ပေါင်း (၄၃၂၀) ကြာမြင့်သော ကာလတစ်ရပ်ကို ပြောင်းလဲနိုင်ခဲ့ကြောင်း မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရပါသည်။

ဤအရာများသည် သင်္ကေတဖြင့် သတ်မှတ်သည့် အရေအတွက်သာ ဖြစ်၏။ သို့သော် အလွန်အရေးပါ၏။ အကြောင်းမှာ အဂ္ဂိရတ်ပညာရှင်တို့သည် သဘာဝမှရယူထားသော အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com

၏ အပုံတစ်ထောင်ပုံ ပုံတစ်ပုံတွင် ဤမျှကြီးကျယ်သော ပြောင်းလဲမှုကို ဖြစ်စေ၏။

ကာလယန္တရားကို နိုင်နင်းရန်အတွက် ဖိုပညာ (ဝါ) မီးပညာကို ဦးစွာနိုင်နင်းရမည် ဖြစ်၏။ အဂ္ဂိရတ်ဖိုထဲရှိ မီးအရှိန်သည် စကြဝဠာရှိအရှိန်ပင် ဖြစ်၏။ အောင်မြင်သောအကျိုးကိုရရှိရန်အတွက် တိကျသည့် ညွှန်ကြားချက်များကို အတိအကျ လိုက်နာရမည်။ ထို့ကြောင့် အဂ္ဂိရတ်ဖို၏အနေအထားသည် မြေပြင်နှင့် ကောင်းကင်တို့အနေအထားဖြင့် ကိုက်ညီရမည် ဖြစ်၏။ မီးတွင်ချက်ရမည့်အရေအတွက်နှင့် အရည်အချင်းတို့တွင် ပါဝင်သည့် ယင်နှင့် ယန်တို့၏အချိုးအစားသည်လည်း ကိုက်ညီရမည် ဖြစ်၏။ မီး၏အပြင်း, အပျော့ စနစ်တကျ တွက်ချက်ထားသောကာလ၊ ဥတုလေးပါးတွင်ရှိနေသော အပူအအေးတို့ဖြင့်လည်း သင့်လျော်ကိုက်ညီနေရမည် ဖြစ်၏။

ဂန္ဓာလရာဇ် အဂ္ဂိရတ်ပညာတွင် ပထမဆုံးမှတ်တမ်းပြုထားသည့် ဓာတ်နှစ်ပါးမှာ ယင်နှင့် ယန်တို့ ဖြစ်၏။ ၎င်းတို့ကို အဂ္ဂိရတ်ဖိုထဲတွင် အချိုးကျယှဉ်တွဲလျက်ထားရှိရ၏။ ထိုဓာတ်နှစ်ပါးသည် အချင်းချင်း ပူးပေါင်းလိုက် ခွဲခွာလိုက်ဖြစ်နေခြင်းဖြင့် သံသရာလည်၍မဆုံးအောင်ဖြစ်နေ၏။ အချုပ်အားဖြင့်ဆိုရပါမူ ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာရှင်တို့၏ ရည်ရွယ်ချက်မှာ ယင်နှင့် ယန်တို့၏အချင်းချင်းဓာတ်ပြုမှုသာ ဖြစ်၏။

လူသား၏ ခန္ဓာကိုယ်ကို ကြီးမားသော အဂ္ဂိရတ်ဖိုကြီး (ဝါ) လုံတစ်လုံးအဖြစ်သတ်မှတ်၍ ထိုဓာတ်များ၏ ပေါင်းစည်းမှု၊ ခွဲခွာမှုဖြစ်စဉ်တို့ကို တစ်သက်တာပတ်လုံးဖြစ်နေရသော ဖြစ်စဉ်သဘောတရားသည် ဂန္ဓာလရာဇ်အဂ္ဂိရတ်ပညာအဖို့ ကြီးမားသောတွေ့ရှိချက်တစ်ရပ် ဖြစ်ပေသည်။

ဤအတွေးနှင့် အယူအဆသည် နေတန်စနစ်၏ အဖွဲ့တွိကအဂ္ဂိရတ်အစဉ်အလာဖြစ်ပြီး ၎င်းတွင် သမထအားထုတ်မှုများလည်း ပေါင်းစပ် ပါဝင်နေ၏။ တရုတ်ပြည်တွင် ထိုအတွေးအခေါ်သည် ဝေတန်စနစ်နှင့် စင်ပြိုင်ပေါ်ထွက်လာခြင်းဖြစ်ပြီး ဝေတန်စနစ်မှာ ဗဟိဒ္ဓအဂ္ဂိရတ်ပညာ ဖြစ်၏။ ၎င်းမှာ ဓာတုဖြစ်စဉ်ပေါ်တွင် အခြေပြုထား၏။

ကျွန်ုပ်တို့အသေအချာသိရသည့်အချက်မှာ အေဒီ (၁) ရာစုအတွင်းတွင် တရုတ်အဂ္ဂိရတ်ပညာရှင်များက ၎င်းတို့၏ ခန္ဓာကိုယ်တွင်းနှင့် ဘုရားသခင်၏ ဆက်စပ်မှုကို အယူအဆတစ်ရပ်အဖြစ် သွတ်သွင်းခဲ့ကြ၏။ အမှန်အားဖြင့် ခန္ဓာကိုယ်သည် ဓာတ်ခွဲခန်းတစ်ခုဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် ကမ္မဗေဒပိုင်းဆိုင်ရာ ပြောင်းလဲမှုများသာ ဖြစ်ပေါ်နေခြင်းဖြစ်၏။ အထူးသဖြင့်ကား တာအိုနည်းကျ အသက်ရှူထိန်းသိမ်းနည်းကြောင့် ဖြစ်ရ၏။

ကာယကံရှင်သည် အသက်ကို ပြင်းပြင်း တဝရှူသွင်းလိုက်ပြီးနောက် နှလုံးခုန်ချိန် (၁၂၀) ကြာသည်အထိ အသက်ကို အောင့်ထား၏။ ပြီးသောအခါတွင်မှ အသက်ကို တစ်ကြိမ်ပြန် အောင့်ထား၏။ ပြီးသောအခါတွင်မှ အသက်ကို တစ်ကြိမ်ပြန်ရှူထုတ်၏။ ကြာရှည်စွာ ကျင့်ကြံ အားထုတ်ပါများသောအခါ ထိုကာယကံရှင်သည် တစ်ကြိမ်ရှူသွင်းထားသောလေ (အသက်) ကို နှလုံးခုန်ချိန် (၁၀၀၀) အထိ ကြာအောင် ထိန်းထားနိုင်ပေသည်။

ထိုအဆင့်ကို လွန်မြောက်သွားအောင် အားထုတ်နိုင်ပါက ၎င်းသည် အဘိုးအိုတစ်ဦးပင် ဖြစ်နေပါစေ လူပျိုလူရွယ်လေး ပြန်ဖြစ်လာမည် ဖြစ်၏။ နေတန်နှင့် ဝေတန်တို့သည် တစ်ပြိုင်တည်းပေါ်လာတတ်၏။ ထို့ကြောင့် ခွဲခြားရန် ခက်ခဲ၏။ ဥပမာ တြိဝါဒအဆိုသည် ပြင်းထန်လွန်းသဖြင့် ၎င်းကိုလိုက်နာရာတွင် လုပ်ထုံးလုပ်နည်းကို တစ်ခုမှတစ်ခုသို့ ဖော်ပြရန် မလွယ်ကူပေ။

အနောက်တိုင်းတွင်ဖြစ်သကဲ့သို့ ရာစုနှစ်များ ကြာရှည်လာသည်တွင် ဝိညာဉ်ဆိုင်ရာအစဉ်အလာသည် မြင့်မားလာခဲ့၏။ ဓာတ်သတ္တုများဖြင့် လက်



တွေ့စမ်းသပ်ခြင်းမှာ အနည်းငယ်မျှ... အရေးပါသည်။နောက်ဆုံးတွင် အဂ္ဂိရ... ပညာသည် သမထစနစ်သက်သ... အဖြစ် ပေါ်ထွက်လာခဲ့၏။ လက်တွေ... သဘောတရား၏ ရှင်းလင်းချက်... ဗဟိဒ္ဓအဂ္ဂိရတ်ပညာသည် တစ်စုံတ... ခုသောအဆင့်ထက် ကျော်လွန်မှုမရှိ... ပင် ဖြစ်၏။

အေဒီ ၁၀ ရာစုမှစပြီး ဝေတ... သည် ဓာတုဖြစ်စဉ်များနှင့်ပတ်သတ်... တိုးတက်မှုကိုမပြတော့ကြောင်း မှ... တမ်းများအရ သိရှိရ၏။ နေတန်စန... ကား သမထကျင့်စဉ်နည်းစနစ်အသ... များကို ဆက်လက် ဖော်ဆောင်နိုင်ခဲ့...

ဂန္ဓာလရာဇ် အဂ္ဂိရတ်ပညာတွ... လည်းကောင်း၊ အထူးအားဖြင့် ဖော်... ရသော် အဖွဲ့တွိက အဂ္ဂိရတ်ပညာတွ... သတ္တုများသည် ခန္ဓာကိုယ်၏အစိတ်... ပိုင်းများနှင့် သဘောချင်းတူ၏။ ဤန... အားဖြင့် ခန္ဓာကိုယ်ကြီးတစ်ခုလုံးသ... ဓာတ်ခွဲခန်းကြီးဖြစ်နေ၏။

အဂ္ဂိရတ်ဖိုထဲတွင် ဖြစ်ပေါ်သ... သတ္တုပြောင်းလဲမှုအစား ခန္ဓာကိုယ်... တွင် သက်စောင့်အားများ၊ အသိစိတ်မျ... ဖွံ့ဖြိုးမှုကို သမထကျင့်စဉ်များက နေ... ယူကာ အဆင့်မြင့်သဘောဆောင်တ... အသွင်ပြောင်းမှုဖြစ်စေ၏။

အပေါ်ယံသဘောအားဖြင့်ကြ... လျှင် အဂ္ဂိရတ်ပညာရှင်များသည် ဖြ... ဆုန်းကိုသာ ဖော်ထုတ်ရန် ကြိုးစား... ကြသည်ဟု ထင်ရသည်။ သို့သော်... အကြောင်းကား ဤသို့မဟုတ်ပေ၊ သ... တို့ အမှန်တကယ် လုပ်ကိုင်နေကြသည်... မှာ အသက်ရှည်ဆေး ဖြစ်၏။ ၎င်းတ... ဦးနှောက်၏အချို့သောလျှို့ဝှက်အစိတ်... အပိုင်းများ၌ရှိနေသည်ဟု ယူဆကြ၏... လိင်ပိုင်းဆိုင်ရာခွန်အားကို လမ်းဖွင့်ပေ... ခြင်းဖြင့် အသက်ရှည်ဆေးကို တွေ့နိုင်... သည်ဟု ယုံကြည်ထားကြ၏။

တြိဝါဒခေတ်မတိုင်မီကပင် ဂန္ဓာ... လရာဇ်အဂ္ဂိရတ်ပညာရှင်များသည် ဆ... ကျင်ဖက်ဓာတ်များကို ပေါင်းစပ်ခြင်း... ပေါင်းခြင်းတို့ဖြင့် ဓာတ်အသစ်များဖြ... ပေါ်လာသည် ဟူသော အတွေးအခေါ်... သည် ရှိနှင့်ပြီး ဖြစ်၏။ ဤသို့ဖြင့် လိင်... သဘောအရ ပူးပေါင်းခြင်းဆိုင်ရာ အယူ... အဆသဘောတရားများပေါ်ပေါက်လာ... ခြင်း ဖြစ်၏။

နောင်သောအခါ တာအိုအဂ္ဂိရ... ပညာအရ ဤရှုထောင့်ကို အပြည့်အဝ... သုံးလာခဲ့၏။ တန္တရအဂ္ဂိရတ်ပညာတွ...

www.burmeseclassic.com

www.burmeseclassic.com

သို့ပင် အဖိုမျိုးစေ့၏ဦးတည်ချက်ကို ပြောင်းလဲပေးခြင်း ဖြစ်၏။

လုပ်ငန်းသဘောတရား၏ ရည်ရွယ်ချက်မှာ အဖိုမျိုးစေ့ပါရှိသည့်သုက်ရည်ကို ခန္ဓာကိုယ်၏လျှို့ဝှက်သော အစိတ်အပိုင်းများထဲသို့ လမ်းလွှဲပေးရန်ဖြစ်၏၊ ထိုလျှို့ဝှက်အစိတ်အပိုင်းများအား ပြဒါးဆုန်း အများစုရှိသည့် နယ်ပယ်ဟု ခေါ်၏။

ဝိသေသ သမထကျင့်စဉ်ဖြင့် ကာယကံရှင်လေ့ကျင့်ထားသောအမြင်များ၊ အတွေးများ များစွာရှိနေပေသည်။ ငယ်ထိပ်နေရာ၊ နှလုံးအောက်နေရာ၊ ချက်အောက်တည့်တည်နေရာများသည် အသက်အားကို မွေးမြူရာနေရာများ ဖြစ်၏၊

'Field' ဟူသော ဝေါဟာရသည် ခံမှုပြင်ရှုခင်းကို မြင်စေလို၍ အသုံးပြုသော ဝေါဟာရ ဖြစ်၏။ ဤတူညီမှုသည် သင့်လျော်ပါသည်။ အကြောင်းမှာ ဝိညာဉ်ခွန်အားနှင့် သုက်ရည်စွမ်းအားတို့သည် သန္ဓေသား ဖြစ်ပေါ် ကြီးထွားမှုအတွက်ဖြစ်၏ဟု ယူဆယုံကြည်သောကြောင့် ဖြစ်၏။

ထိုလိင်ခွန်အားကို အသုံးပြုသည့် ကျင့်စဉ်မှာ အောက်ပါအတိုင်း ဖြစ်၏။

ပထမအဆင့် လိင်ခွန်အားကို ဝိသေသ သမထကျင့်စဉ်ဖြင့် မဖော်ပြဘဲ ထုတ်လွှတ်စေရန်ဖြစ်၏။ ထိုနည်းကို အိပ်ခန်းနည်းစနစ်ဟု ခေါ်၏။ သို့သော် အဆိုပါ သုက်ရည်ကို ခန္ဓာကိုယ်ပြင်ပသို့ တကယ်ထုတ်ပစ်မျိုးမဟုတ်ဘဲ ခန္ဓာကိုယ်အတွင်း၌သာ ထိန်းထားခြင်း ဖြစ်၏။

ခန္ဓာကိုယ်ပြဒါးဆုန်းအင်္ဂါနယ်ပယ်တွင် ၎င်းသုက်အားကို ထိုလူသား၏စွမ်းအားအဖြစ် ပြောင်းလဲသွား၏။ အဆိုပါ လိင်ခွန်အား၏အဆင်းနှင့် အတတ်သည် အောက်ကျောရိုးမှတစ်ဆင့်ဖြစ်ရ၏။ ဤလှုပ်ရှားမှုများကို အသက်ရှူလေ့ကျင့်ခန်းများမှ အထောက်အပံ့ပြု၏။ ထိုဖြစ်စဉ်သည် ဆက်လက်ဖြစ်ပွားသည်နှင့် တစ်ပြိုင်နက် နောက်ထပ်ဖြစ်ပေါ်သည့် စိတ်လှုပ်ရှားမှုသည် ခွန်အားကို အဆင့်မြင့် နောက်ဆက်တွဲအဖြစ် အမတ၏ သန္ဓေသားသည် ဖြစ်ပေါ်လာရ၏။

တစ်လကြာသောအခါ ထိုဖြစ်စဉ်တွင် အချို့သော စိတ္တဗေဒနှင့် ကမ္ဘဗေဒ ဖြစ်စဉ်များ၊ သဘောတရားများ ပူးတွဲပါရှိလာသည်။ ၎င်းတို့အနက် တစ်ခုခုမှာ ဝိသေသစွမ်းအား ပေါ်လာခြင်းဖြစ်ပြီး ၎င်းကို ကာယကံရှင်က အသုံးချခွင့်မရှိပေ။ သန္ဓေသားဖြစ်စဉ်တွင် သန္ဓေသားသည် ပြီးပြည့်စုံသောအခါ ၎င်းသည် ဦးခေါင်းတွင်ရှိသော ခန္ဓာကိုယ်၏အထက်ပိုင်းနေရာသို့ ရောက်ရှိရ၏။ ထိုနေရာသည် အင်္ဂုရတ်သဘောတရားအရ ဆိုပါမူ ပြဒါးဆုန်းနယ်ပယ်ဇရိယာဟု ဆိုရမည် ဖြစ်၏။

အဆိုပါ အထက်ဆုံးဒေသ (ဝါ) ဦးခေါင်းပိုင်းကို ရင့်ကျက်လာသည်အထိ မွေးမြူရ၏။ နောက်ဆုံးအားဖြင့် ၎င်း၏ ဝိညာဉ်စွမ်းအားသည် ဂန္ဓာလရာဇ်အင်္ဂုရတ်သဘောတရားအရ ယန်ဝိညာဉ်စွမ်းအားဖြစ်သို့ လုံးဝ ပြောင်းလဲသွား၏။

သေးငယ်သော ထုတ်လုပ်မှုအတွက် မူလပြန်ရန် ထိုဓာတ်များက ဦးဆောင်နေ၏။ ကာယကံရှင်၏ခန္ဓာကိုယ်မှ အခြားသောအစိတ်အပိုင်းများနည်းတူ တွေ့မြင်နိုင်၏။ ဤအဆင့်သို့ရောက်ရှိသောသူသည် တဖြည်းဖြည်းနှင့် ထာဝရသဘောဆောင်သည့်ဓာတ်ကို ရရှိပြီး ယန်ဓာတ်သက်သက်ဖြစ်လာသည်အထိ ကြိုးစားရပေမည်။

အင်္ဂုရတ်ပညာရပ်တွင် အခြေခံအဆင့်၊ အောက်ပိုင်းအဆင့်များတွင် သတ္တုနိယာမတို့ကို လိုက်နာရန်လိုသော်လည်း ယခု အထက်ပိုင်းတွင်မူ သတ္တုနိယာမတို့ကို လိုက်နာရန် မလိုအပ်တော့ပေ။ အမတ၏ သန္ဓေသားသဘောတရားများကို စင်ပြိုင်ဖြစ်စေပြီး လူသား၏ခန္ဓာကိုယ်တည်ဆောက်မှုတွင်မူ Opus နှင့် သားအိမ်အတွင်း သန္ဓေသား၏ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေသည့်သဘောနှင့် တူညီ၏။

သို့သော် ဤဆက်စပ်မှုကို အင်္ဂုရတ်ပညာရှင်သည် အခါခပ်သိမ်း နားလည်မည် မဟုတ်ပေ။ အင်္ဂုရတ်ပညာသည် ဤဝါဒခေတ်မှသည် အဖွဲ့တို့က အင်္ဂုရတ်ပညာ၊ ဗဟိဒ္ဓအင်္ဂုရတ်ပညာ၊ လိင်ပိုင်းဆိုင်ရာအင်္ဂုရတ်ပညာတို့သည် အချင်းချင်း စုဝေး၍ တစ်ခုတည်းသော အစဉ်အလာ၏ ကွဲပြားခြားနားသော ရှုထောင့်အဖြစ် ရပ်တည်နေလေသည်။

တာအိုအင်္ဂုရတ်ပညာရှင်များက တစ်ခါတစ်ရံ ငြင်းဆိုကြသည်မှာ ခန္ဓာကိုယ်ဓာတ်ခွဲခန်းသည် လုပ်ငန်းတစ်စုံတစ်ရာကို မလုပ်နိုင်ပါ ဟူ၍ ဖြစ်၏။ ထို့အပြင် မူလအစ၏ အနံ့အသက်ပင် မလုပ်နိုင်ပါဟု ဆို၏။ သူတို့ကဆိုသည်မှာ ပညာမဲ့များကသာလျှင် ဖိုစနစ်နှင့် ၎င်းစနစ်ကို ယုံကြည် ကျင့်သုံးကြမည် ဖြစ်၏။ ဤခေတ်သစ်၌ ဤပုံစံကိုပင် အနောက်တိုင်းအင်္ဂုရတ်ရှင် အများအပြားက ယူဆထားကြ၏။ ၎င်းတို့က ဤစနစ်သည် လိင်ခွန်အားမှတစ်ဆင့် လိုအပ်သောအဆင့်ကို ရယူသည့်နည်းဟု သတ်မှတ်ထားကြ၏။

၎င်းဖွံ့ဖြိုးမှုများအပြင် ကျွန်ုပ်တို့၌ ဆုံးဖြတ်ရမည့် ပြဿနာတစ်ခုကို ရင်ဆိုင်ရပေမည်။ ထိုပြဿနာမှာ ဂန္ဓာလရာဇ်အင်္ဂုရတ်ပညာသည် အခြားသော အင်္ဂုရတ်ပညာရပ်များထက် စော၍ပေးခဲ့သလော။ ထိုကဲ့သို့ စောလျှင်လည်း အီဂျစ်ထုံးတမ်းစဉ်လာတို့ကို ၎င်းကပင် အစပျိုးခဲ့လေသလောဟု ယူဆရ၏။

ဘီစီ(၁)ရာစုနှစ်တွင် တရုတ်နိုင်ငံနှင့် ပါရှားနိုင်ငံတို့အကြားတွင် ကုန်သွယ်ရေးလုပ်ငန်းကြီး ဖွံ့ဖြိုးခဲ့၏။ ပါရှားနိုင်ငံတွင် ဘုရင်စနစ်အုပ်စိုးစဉ်တွင် ထိုနိုင်ငံ၏ အရှေ့တိုင်းအဆန်ဆုံး ပြည်နယ်တစ်ခုဖြစ်သည့် ဘက်တရီးယားဒေသတွင် အေဒီ ၁ ရာစု၌ ဗုဒ္ဓဘာသာရောက်ရှိနေပြီ ဖြစ်ကြောင်း တွေ့ရှိရ၏။ ကနစ်ဿကဘုရင်လက်ထက်တွင် ပါရှားနိုင်ငံ၌ ဟယ်လင်နစ်ယဉ်ကျေးမှုနှင့် အရှေ့တိုင်းယဉ်ကျေးမှုတို့ စုပေါင်းထွန်းကားနေကြောင်း တွေ့ရှိရ၏။

သို့ရာတွင် ဂန္ဓာလရာဇ်နှင့် အီဂျစ်နိုင်ငံများတွင် အင်္ဂုရတ်ပညာပေါ်ပေါက်သည့်ကာလကို နေ့ရက်ကာလအပိုင်းအခြားအတပ်စွဲ၍မပြောနိုင်သောကြောင့် ဂန္ဓာလရာဇ်ယဉ်ကျေးမှုသည် ဟယ်လင်နစ်ယဉ်ကျေးမှုထက်စောကြောင်း အတပ်မပြောနိုင်ပေ။

သဘောတရားအားဖြင့် လည်းကောင်း၊ လက်တွေ့အားဖြင့် လည်းကောင်း ထိုပညာရပ်နှစ်ခုသည် လုပ်နည်းကိုင်နည်း အတော်ပင်တူညီကြ၏။ ၎င်းတူညီချက်ကို တစ်ဦးနှင့်တစ်ဦး ထောက်ခံထားကြ၏။

ဖြစ်နိုင်ဆုံးအချက်ကား အဆိုပါ နိုင်ငံနှစ်ခုသည် သီးခြားစီ ဖွံ့ဖြိုးခဲ့ကြသည်ဟု ဆိုနိုင်မည် ဖြစ်ပါသည်။ တစ်ချိန်တည်းလိုလိုမှာပင် ရှည်လျားသော သမိုင်းဦးခေတ် ပြီးဆုံးပြီးသည့်နောက်တွင် တစ်စိတ်တစ်ဒေသအားဖြင့် အရှေ့နှင့်အနောက်တွင် ပုံစံတစ်ခုတည်း ဖြစ်နေပေသည်။

ဆရာဦးဆက်ထွန်းသင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်း(ဇီးကုန်း)
ပဲခူးရိုးမ တောင်ညိုတောင်ကြီးမှ

(၁)

ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း၊ ကဗျာအမျိုးသားစာပေဆုရ)၊ ဦးတင်မောင်ဝင်း (သူရိန်ဝင်း-ဇီးကုန်း)၊ ဦးအေးသောင်းအုန်း (မောင်သာမန်-ဇီးကုန်း)၊ ဦးမောင်မောင်ဝင်း (လှိုင်း-ပညာရေး၊ ပညာရေးမှူး)၊ ဦးမြင့်သိန်း (ကောင်းဆက်-ကြေးမြေ) ဦးစီး မြေစာရင်း၊ ဦးမြင့်ကျော် (မိုးကျော်-ဇီးကုန်း)၊ ဦးဝင်းမြင့်နိုင် (ဦးစီးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့)၊ ဦးရဲဇော် (ရဲဇော်-ဇီးကုန်း၊ နက္ခတ္တဝေဒသုတေသီ) တို့နှင့် ကျွန်တော်ပါဝင်သော ဇီးကုန်းမြို့နယ် စာရေးဆရာအဖွဲ့အချို့တို့သည် ပဲခူးရိုးမရှိ တောင်ညိုတောင်လေ့လာရေးအတွက် နံနက် (၈) နာရီလောက်၌ ပြည်လမ်းရှိ ရဲမြန်မာစားသောက်ဆိုင်၌ လူစုကြပြီး လူစုံသည်နှင့် ဇီးကုန်းမြို့၏ အရှေ့မြောက်ဘက်ရှိ မျှော်တော်တောင်သို့ မော်တော်ဆိုင်ကယ်များဖြင့် စတင် ခရီးထွက်ခဲ့ကြပါသည်။

လမ်းခရီးကမကောင်းလှဘဲ တောလမ်းခရီးဖြစ်သဖြင့် ခရီးမတွင်ကျယ်လှ။ မျှော်တော်တောင်သို့ နံနက် (၁၁) နာရီလောက်မှ ရောက်ကြ၏။ ရောက်သည်နှင့် လက်ခုပ်ပင်စခန်းတွင် အမောအပန်းဖြေရင်း ရဲမြန်မာမှ ထုပ်ယူလာခဲ့ကြသော ခေါက်ဆွဲထုပ်များကို ဖြေစားကြပါသည်။ စားသောက်ပြီးကြသည်နှင့် ခေတ္တခဏအနားယူကာ ၎င်း၏နောက်ကျောဘက်ရှိ (၇) မိုင်လောက်ဝေးသော မန်ကျည်းပင်ဆည်ရှိရာသို့ ထွက်ခဲ့ကြပြန်ပါ၏။ တောင်ညိုတောင်ကြီးက ၎င်းမန်ကျည်းပင်ဆည်မှ စက်လှေဖြင့် တစ်ဆင့်သွားရမည် ဖြစ်ပါသည်။

မန်ကျည်းဆည်သို့ နေ့ (၁) နာရီတွင် ရောက်ကြပါ၏။ တောင်ပေါ်သို့ တောက်လျှောက်တက်ရသည့် တောင်တက်လမ်း ဖြစ်သောကြောင့် ခရီးတကြန့်ကြာလှသည်။ ကျွန်တော်တို့လည်း မန်ကျည်းပင်ဆည်ရောက်သည်နှင့် လုံခြုံရေးဌာန၌ ဆိုင်ကယ်များကိုအပ်နှံကာ ရန်ကြီးအောင်မော်တော်ဖြင့် တောင်ညိုတောင်သို့ ခရီးဆက်ခဲ့ကြပြန်ပါ၏။ မန်ကျည်းပင်နှင့် တောင်ညိုတောင်တန်းကြီးမှာ ဆည်ရေပြင် (၁၅) မိုင်ခန့်တိုကျော်ဖြတ်သွားရမည်ဖြစ်ပြီး တောင်ညိုတောင်က ပေါင်းတည်မြို့နယ်တွင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တောင်ညိုတောင် ဆိုသည်မှာ ပုဂံပြည် နရသီဟပတေ့ (တရုတ်ပြေးမင်း) လက်ထက် ပုဂံသို့ တရုတ်တပ်များ တိုက်ခိုက်ရန် ဝင်ရောက်လာကြစဉ် ငစ်ခံစစ်မျက်နှာတိုင်း၌ မြန်မာတပ်များ ရှုံးနိမ့်သဖြင့် နရသီဟပတေ့မင်းသည် အောက်ပြည်သို့ ထွက်ပြေးခဲ့လေသည်။ ထိုအချိန် ငဆောင်းချမ်းအရပ်၌ တိုက်ခိုက်လျက်ရှိသော စစ်မျက်နှာလည်းမခံနိုင်ဘဲ စစ်သူကြီးကိုယ်တိုင်ကျဆုံး၍ စစ်ရှုံးသဖြင့် အားကိုးရာ ဖခင်မရှိတော့ပြီဖြစ်သည့် မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်နှင့် ညီမငယ် (၂) ဦးတို့သည် လည်း ရိုးမအတိုင်း အောက်ပြည်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြလေ၏။

ပြည်မြို့အနီးရောက်သောအခါ၌ နရသီဟပတေ့မင်း၏သတင်းကိုထောက်ရာသားတော်ပြည်စားက အဆိပ်ခတ်သဖြင့် နတ်ရွာစံကြောင်း သိရသည်နှင့် ရိုးမအတိုင်း အောက်ဘက်သို့ ဆက်လက် ထွက်ခွာခဲ့ကြလေ၏။ ထို့နောက် ရွာသူကြီး၏သမီး မခင်ဝါသီနှင့် လက်ဆက်ကာ သာယာဝတီမြို့ကိုတည်၍ အစ်ကိုအကြီးဆုံး မောင်ကြီးက 'သတိုးနော်ရထာ' ဘွဲ့ခံပြီး မင်းလုပ်ခဲ့လေ၏။ ညီတော် (၂) ပါးကိုလည်း မြို့ရွာများတည်ပြီး ညီမငယ် (၂) ဦးကိုတော့ အကြီးကို ဝက်လှကတော် ဟူသောဘွဲ့ဖြင့် ဝက်လှမြို့ကိုပေး၍ အငယ်ကို စောဖြူမယ် ဟူသောဘွဲ့ဖြင့် စောဖြူတောင်ကို စားစေလေသည်။

ညီတော် (၂) ပါးဖြစ်သည့် မောင်လတ်နှင့် မောင်ငယ်တို့လည်း ရိုးမတစ်ကြောတွင်ပင် မြို့ရွာများတည်ကြလေသည်။ ပြီးသည်နှင့် နောင်တော်အားလျှောက်ရာ ညီတော်အလတ်ဖြစ်သော မောင်လတ်ကို တောင်ညိုမင်းဘွဲ့ကို ပေး၍ အငယ်ကို ကျောက်စောင်းမင်းဘွဲ့ကိုပေးကာ မင်းပြုစေလေသည်။

တောင်ညိုတောင် ဆိုသည်မှာ တောင်ညိုမင်း မြို့ရွာတည် နန်းစံခဲ့သည့် တောင်ဖြစ်သဖြင့်တောင်ညိုတောင် ဟူ၍ ခေါ်စမှတ်ပြုခြင်း ဖြစ်ကြလေသည်။ ထိုတောင်ညိုတောင်သည် ထူးဆန်းအံ့သြဖွယ်ရာ လျှို့ဝှက်နက်နဲသော ဂမ္ဘီရနယ်မြေကြီးဖြစ်ကြောင်း ဆရာရဲဇော်က ပြောသဖြင့် ထိုတောင်ကို လေ့လာရန် ကျွန်တော်တို့လာခဲ့ကြခြင်း ဖြစ်ပါသည်။

"အဲဒီ တောင်ညိုတောင်ကြီးရဲ့ တောင်ခြေရင်းမှာ အောက်ခြေ ပေ(၂၀) လောက်ရှည်ပြီး အပေါ်အမြင့် ပေ (၃၀) လောက်မြင့်တဲ့ ကျောက်သဘော်ခြေတိုင်ကြီးရှိတယ်။ အဲဒီအပေါ်မှာ ဂန္ဓာရီဆရာလေး(ဆရာကြီးမင်းသိခ်တပည့်) ထက်အောင်လှိုင် ဦးစီးပြီး ရှပ်ရှင်သရုပ်ဆောင် မင်းဦး၊ အရိုင်း၊ ဒေါ်စန္ဒာရွှေတို့ တည်ထားတဲ့ ကိုးတောင်ပြည့် 'အောင်ဓာတ်ပွင့်စေတီလေး' ရှိတယ်။ ဆရာထက်အောင်လှိုင်က အဲဒီစေတီလေးမှာ ပတ္တမြားတစ်လုံး အလယ်မှာထားပြီး နဝရတ်ကိုးသွယ် ဌာပနာဖို့ လာတိုင်ပင်လို့ ကျွန်တော် ရောက်ခဲ့ဖူးတယ်။ ဘုရားက ကျောက်သဘော်ခြေတိုင်ကြီးရဲ့ထိပ်မှာ ခက်ခက်ခဲခဲတည်ထားတာ အံ့သြစရာပါဗျာ။ ထုံးသင်္ကန်းအဖွေးသားနဲ့ ဆည်းလည်းသံလေး တလွင်လွင်နဲ့ဆိုတော့ ကြည်ညိုဖို့လည်း ကောင်း၊ လွမ်းမောဖို့လည်း ကောင်းတယ်။

အဲဒီတောင်ညိုတောင်ပေါ်မှာ လူတစ်ပိုက်စာ၊ နှစ်ပိုက်စာလောက်ရှိတဲ့ အမြဲတမ်း အသီးတွေသီးနေတဲ့ ငရုတ်ပင်ကြီးတွေလည်း တွေ့ရတယ်။ တချို့ ငရုတ်ပင်တွေဆို ဝါးတစ်ရိုက်လောက် မြင့်တယ်။ အောက်မှာလည်း ငရုတ်သီးတွေ ကြွေကျထားတာ ရဲပတောင်းခတ်ရော။ ခြေနင်းစရာမရှိဘူး။ အပင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း ငရုတ်သီးမှည့်လာစားကြတဲ့ ငှက်သံတွေက ဆူညံနေတာပဲ။

ဒေသခံတွေရဲ့ ပြောစကားအရ တစ်ခါတလေမှာ တောင်ကြောပေါ်မှာ ညောင်ပင်ဝိုက်ဝိုက်လေးတွေ တန်းစီပေါက်နေတာ တွေ့ကြရတယ်တဲ့။ ဒါပေမယ့် နောက်တစ်ခါသွားတော့ တွေ့ချင်မှတွေ့ရတယ်တဲ့။ တောင်ညိုတောင်နဲ့ ခပ်လှမ်းလှမ်းက ဉာဏ်လယ်ရွာက စောသာအောင်ကတော့ သူအဲဒီတောင်ပေါ် ရောက်သွားရင်း တောင်ကြောပေါ်မှာ တန်းစီပေါက်နေတဲ့ ညောင်ပင်လေးတွေတွေ့လို့ ညောင်ရွက်ကလေးနှစ်ရွက်လှတယ်ဆိုခူး၊ အိတ်ထဲထည့်လာတာ အိမ်ရောက်လို့ကြည့်တော့ ညောင်ရွက်တွေက ရွှေရွက်တွေဖြစ်နေတယ်။ ဒါနဲ့ နောက်တစ်ခေါက်ပြန်သွားတော့ ဘာညောင်ပင်မှ မတွေ့ရတော့ဘူးလို့ ပြောတယ်။

သူထက်ထူးဆန်းတာက တစ်ခါတစ်ခါ ရေပုပ်အိုင်ကြီးဘက်ကနေ ဆလိုက်ကြီးထိုးလိုက်သလို တောင်ကြီးတစ်ခုလုံး လင်းထိန်ပြီး ကောင်းကင်အထိတက်သွားတဲ့ အလင်းတန်းကြီးပဲ။ တစ်ည ဂန္ဓာရီဆရာလေး ထက်အောင်လှိုင်နဲ့ ကျွန်တော် အတူရှိနေစဉ် အဲဒီထိုးထွက်လာတဲ့ အလင်းတန်းကြီးကို ကျွန်တော်ကိုယ်တိုင် မြင်ခဲ့ရတယ်"

ဆရာရဲဇော်က စကားလှေ့ပေါ်၌လည်း တောင်ညိုတောင်ကြီး၏ ဂမ္ဘီရဆန်လှပုံများကို အထက်ပါအတိုင်း စိတ်ဝင်စားဖွယ်ရာ ပြောပြခဲ့ပါသည်။

ကျွန်တော်တို့ စီးလာသော ရန်ကြီးအောင်မော်တော်လေးသည် တောင်ညိုတောင်ကြီး၏ခြေရင်းသို့ ညနေ (၅) နာရီတွင် ဆိုက်ခဲ့ပါတော့၏။

(၂)

တောင်ခြေတွင် မော်တော်ဆိုက်လိုက်သည်နှင့် အောင်ဓာတ်ပွင့်စေတီလေးမှ ဆည်းလည်းသံလေးများကို သာယာနာပျော်ဖွယ် တလွင်လွင်ကြားလိုက်ရပါသည်။

မော်တော်ပေါ်မှ လှမ်းမျှော်ကြည့်လိုက်မိပါသည်။ ဆရာရဲဇော်ပြောသလိုပင် ထုံးသင်္ကန်းတဖွေးဖွေးနှင့်စေတီလေးကို ညနေတစောင်း တောရိပ်တောင်ရိပ်တို့ ခပ်မှိုင်းမှိုင်းလေးကြားမှ ဖူးတွေ့လိုက်ရပါ၏။ မင်းဦးနှင့် အရိုင်းတို့ကိုလည်း ကျေးဇူးတင်မိပါသည်။

ထိုညက ကျွန်တော်တို့ စေတီအနီးရှိ လက်ခုပ်ပင်ကြီးများအောက်တွင်ပင် မီးဖိုကြီးများဖို၍ အိပ်လိုက်ကြပါသည်။ ညရောက်တော့ ကျွန်တော် လှေလာရေး ခရီး၌ ပါမလာခဲ့သည့် ရယ်ရွှင်ဖွယ်ရာ ပြောတတ်၍ သူနှင့်တွေ့လျှင် ပါးစပ်စေ့မနေရသော ဦးကြည်ဝင်း (ကြက်ခြေနီ-ကြည်ကြည်)ကို သတိရလိုက်မိပါသည်။ သူပါလာလျှင် ဟာသနှော၍ရယ်ရွှင်ဖွယ် ပြောတတ်သော သူ့ပညာကြောင့် တသောသောရယ်ရင်း အိပ်ချင်ပြေမည်ဖြစ်ကြောင်း တွေးမိပါ၏။ ယခုတော့ ဆရာတို့အဖွဲ့က ကျွန်တော်မှလွဲပြီး ခရီးပန်းလူပန်းဖြင့် အစောကြီးအိပ်မောကျကုန်ကြပြီ ဖြစ်ပါ၏။ ကျွန်တော်သာ ကျားကြောက်သဖြင့် အိပ်ရမှာ မဝံ့မရဲဖြစ်နေရ ခြင်း ဖြစ်ပါ၏။ သည်သို့နှင့် ည (၁) ချက်ထိုးလောက် ရှိသွားပါသည်။

ထိုစဉ်ပင် တစ်ဖက်တောင်ကြောထိပ်ဘက်ဆီမှ မာကျူရီမီးအရောင်ဖြူဖြူတန်းကြီးတစ်ခုသည် ရုတ်ခြည်းပေါ်ထွက်လာပြီး ကောင်းကင်သို့ အတန်းလိုက်ထွက်သွားပါသည်။ တောင်ကြောကြီးတစ်ခုလုံးလည်း ဝင်းခနဲဖြင့် လင်းထိန်သွားပါ၏။ ပထမတော့ ကျွန်တော်လည်း ကြောင်သွားပါသည်။ နောက်မှ ဆရာရဲဇော်ပြောတာကို သတိရပြီး အားလုံးကို နှိုးပြောရပါ၏။

ကျွန်တော်လည်း ကိုယ်တွေ့မျက်မြင်ကြုံလိုက်ရသော အလင်းတန်းကြီးကို အတော်လေး စိတ်ဝင်စားသွားပါတော့၏။ သို့ကြောင့် နံနက်မိုးလင်းသည်နှင့် နယ်မြေဒေသကျွမ်းသော ဆရာရဲဇော်ကို ခေါ်ကာ အလင်းတန်းကြီးနှင့် ပတ်သက်၍ လေ့လာရန် ထွက်ခဲ့ပါ၏။ အလင်းတန်း ထွက်ပေါ်လာလောက်သည်ဟုထင်ရသည့် နေရာအားလုံးသို့ ရှာဖွေသော်လည်း မည်သည့်သဲလွန်စမျှ မရရှိနိုင်သဖြင့် စိတ်ပျက်သွားပါ၏။ ရေပုပ်အိုင် ဆိုသည်ကိုလည်း ရှာဖွေမတွေ့ကြပါချေ။

"ဒီတောင်ခြေနဲ့ မနီးမဝေးနေရာတွေမှာတော့ ယာခင်းကြီးတွေရှိတယ် ဆရာ။ အနားပတ်ဝန်းကျင်ရွာတွေက ယာလာလုပ်ကြတာ။ သူတို့ကိုမေးကြည့်ရရင် ကောင်းမလားမသိဘူး။ သူတို့ကတော့ သိကောင်းသိကြလိမ့်မယ် ထင်တယ်"

ဆရာရဲဇော်က အကြံပေးသဖြင့်-

"ကောင်းတယ် ဆရာရဲဇော်၊ တစ်ယောက်မဟုတ် တစ်ယောက်တော့ သိနိုင်တာပေါ့"

ဟု ကျွန်တော်က ဆရာရဲဇော်ရဲ့အကြံကောင်းကြောင်းပြောပြီး နှစ်ဦးသား တောင်ညိုတောင်ကြီး၏ မြောက်ဘက်တောင်ခြေဆီ ဆင်းခဲ့ကြပါ၏။

ကျွန်တော်တို့သွားရာလမ်းတစ်လျှောက်၌ ဆရာရဲဇော် ပြောခဲ့သလို (တစ်ခါဖူးမှ မမြင်ဘူးခဲ့သည့်) လူတစ်ပိုက်စာခန့်အသီးများ ရဲရဲနီအောင်သီးနေကြသော ငရုတ်ပင်ကြီးများကို အံ့ဩဖွယ် တွေ့မြင်ရပါသည်။

"ဆရာရဲဇော်ရေ၊ ခင်ဗျားပြောတာ ဟုတ်တယ်ဗျ။ တော်တော်ထူးဆန်းတာပဲ။ ဒီရောက်မှဒီလောက်ကြီးတဲ့အပင်မျိုး မြင်ဖူးတွေ့ဖူးတာ။ ပထမတော့ ငရုတ်ပင်မှဟုတ်ဟုတ်ပါ့မလားလို့။ ငရုတ်သီးတွေတွေ့ရမှ ဒါငရုတ်ပင်အစစ်ပဲလို့ လက်ခံမိတာ မယုံချင်စရာဘဲ"

"ဟုတ်ပါ့ဗျာ"

ကျွန်တော်နှင့် ဆရာရဲဇော်လည်း စကားပြောရင်းနှင့်ပင် တောင်ခြေသို့ ရောက်ခဲ့ကြပါတော့သည်။ တောင်ခြေရောက်သည်နှင့် အရှေ့ဘက်သို့ ဆင်းသွားသည့် လူသွားလမ်းလေးကို တွေ့လိုက်ရသဖြင့် ထိုလမ်းလေးအတိုင်းလိုက်ခဲ့ရာ အင်သားများဖြင့် လင့်စင်လေးလိုခြေတံရှည်ရှည်နှင့်ဆောက်ထားသည့် လေးတိုင်စင်ယာတဲလေးတစ်တဲကို တွေ့လိုက်ကြရပါ၏။

(၃)

ယာတဲလေးနှင့် မလှမ်းမကမ်း၌ အသက် (၅၀) ခန့် ကရင်အမျိုးသားကြီးတစ်ဦး ငပြုပ်ခင်းကို ပေါက်ပြားတစ်လက်နှင့် ပေါက်ဆွနေသည်ကို တွေ့ရပါသည်။ ကျွန်တော့်ကိုတွေ့သည်နှင့် ကရင်အမျိုးသားကြီးက ပေါက်ပြားကိုထောက်ကာ ရပ်ကြည့်နေပါသည်။

နောက် -

"ကောင်တို့၊ မင်းတို့ဘာလာလုပ်တာတုံး"

ဟု မေးသဖြင့် ဆရာရဲဇော်က လာရင်းကိစ္စကို အကျိုးအကြောင်းပြောပြရာ ၎င်းက-

"ဟာ- ဒါဆိုရင်တော့ ငါ့ပါးကြီးသိတယ်ကွ။ ငါလည်း အပါးကြီးပြောပြထားလို့ သိတော့သိပါတယ်။ ဒါပေမယ့် ပြန်မပြောပြတတ်ဘူး။ မင်းတို့ပြောတဲ့ အလင်းတန်းကြီးကိုတော့ ငါလည်းတစ်ခါတစ်ခါမြင်ပေါ့"

ဟု ဆိုကာ တောင်ညိုတောင်ကြီးနှင့် (၃)မိုင်လောက်ဝေးသည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

အမိုးတို့နေရာ ရွာရှောင်ရွာကြီးသို့ တော်တို့ကို ခေါ်ခဲ့ပါ၏။

ရွာရှောင်၌ အသက် (၇၀) ကျော် ကရင်အဘိုးအိုတစ်ယောက်ကို ဆင်သင့် တွေ့ရပါသည်။ ကျွန်တော် တို့ ခေါ်လာသော ကရင်အမျိုးသား အဘိုးအိုအား အကျိုးအကြောင်း ပြောပြရာ အဘိုးအိုက-

"အေးအေး- သိချင်တယ်ဆိုရင် တော့ ပြောပြရတာပ ဖိုးခွားလေးတို့ရာ။ တို့ကိုလည်း အဲဒီလိုပဲ အပါးကြီးတို့၊ တို့တွေက ပြောပြလို့ သိရတာပဲ တော့"

ဟု ဆိုကာ အလင်းတန်းကြီးအ ကြောင်းကို အောက်ပါအတိုင်း ပြောပြ ပါတော့၏။

❑

သုဝဏ္ဏဘုမ္မိ သထုံပြည်ကြီးကို အုပ်ချုပ် မင်းလုပ်ခဲ့သည့် မနူဟာခေါ် ရာဇာမင်းကြီး၏ သားတော် ဝိပဒ္ဒုရာ ၌ ဂေါ်သဇင်မင်းသားဟု လူသိများ သော ဓမ္မရာဇာခေါ်သည့် သားတော် တစ်ပါးရှိခဲ့သည်။

ဝိပဒ္ဒုရာဇာတွင် သမီးတော်များ ထွန်းကားပြီး ထီးမွေနန်းမွေဆက်ခံ သည့်ပုဂ္ဂိုလ်ဟူ၍ ဂေါ်သဇင်မင်းသားတစ် သော ထွန်းကားသဖြင့် ဖခမည်းတော် သားတော်အားအရိပ်တကြည့်ကြည့် ရှိခဲ့၏။ ရှားရှားပါးပါး သားတော်လေး သဖြင့် ချစ်မဝနိုင်အောင်လည်းရှိခဲ့ သည်။ သားတော်လေးကလည်း တော် သားတော်လေးပီပီ ရုပ်ရည်ချောမော သလောက် ယဉ်ကျေးလိမ္မာသူ၊ နူးညံ့ မွေ့သူလေးလည်း ဖြစ်၏။

ဂေါ်သဇင်မင်းသားလေး အရွယ် ရောက်သောအခါ၌ ခမည်းတော်က အ တတ်ပညာများ သင်ကြားရန် နေမိန္ဒရ တောင်ရှိ ကေလာသဆရာရသေ့ထံသို့ အပ်နှံခဲ့လေသည်။ ထိုကေလာသရသေ့ သည် ဂေါ်သဇင်မင်းသားလေးအား ကျော်ကြားတို့တတ်အပ်သော (၁၈) ရပ် သော အတတ်ပညာတို့ကိုသင်ကြားပေး သည်။ သို့သော် ကျန်အချိန်များ၌ ရုပ်စခန်းမျှော်မှန်း၍ ဓာတ်လမ်းကို လှော်လုပ်နေသည့် သူ့လုပ်ရပ်ကို ဂေါ်သဇင်ကို ကူညီစေလေ၏။ ရသေ့အလိုရှိသော ဆေးမြစ်၊ ဆေး ဆေးဥတို့ကို ဂေါ်သဇင်မင်းသား နေမိန္ဒရတောင်အနီးတစ်ဝိုက် ပေးရလေသည်။ တစ်ခါတစ်ရံ၌

ဆရာရသေ့နှင့်အတူ ဖိုခွင်သို့ဝင်ကာ ဖို ဆွဲပေးရလေသည်။

ကာလမကြာမတင်မှာပင် ကေ လာသရသေ့က ဓာတ်လုံးပေါက်မြောက် ၍ ဝိဇ္ဇာစခန်းမြန်းကြွခဲ့လေတော့၏။ ထို အချိန်မှစ၍ ဂေါ်သဇင်မင်းသားလေး သည်လည်း အဂ္ဂိရတ်ပညာကို ဝါသနာ ပါကာ ဆရာရသေ့၏ဓာတ်လမ်းအတိုင်း လျှောက်လှမ်းခဲ့လေတော့သည်။ ထို့အ တူ နန်းမူစိုးရာတို့ကိုလည်း စိတ်မဝင်စား တော့ဘဲ လျစ်လျူရှုခဲ့လေတော့၏။

ဝိပဒ္ဒုရာဇာမင်းကြီးသည် သား တော်၏အဖြစ်ကို သိရသည်နှင့် သား တော်အား ရှေ့တော်မှောက်ခေါ်ယူပြီး-

"သားတော်၊ ဖခမည်းတော်မှာ ထီးမွေနန်းမွေဆက်ခံဖို့ဆို၍ သားတော် တစ်ပါးသာရှိလေတယ်။ ဖခမည်းတော် ရဲ့လက်ရုံးဆို၍လည်း သားတော်သာ ဖြစ်ပေတယ်။ သို့အတွက် သားတော်ရဲ့ အဂ္ဂိရတ်လုပ်ငန်းတွေကိုစွန့်ပြီး ပြည်ထဲ ရေးကို စီမံပါလော့"

ဟု အမျိုးမျိုးနားချပြောကြားလေ သည်။ ထို့နောက် စန္ဒာဒေဝီမင်းသမီးနှင့် လက်ထပ်၍ အိမ်ရှေ့အရာပေးလေ၏။

သို့သော် ဂေါ်သဇင်မင်းသားလေး က ထီးနန်းကိုလည်း အလိုမရှိ၊ ယရာ ဝါသကိုလည်း မခံစားလိုဘဲ ကြောက်ရွံ့ ထိတ်လန့်သူဖြစ်သဖြင့် အိမ်ရှေ့ဥပရာဇာ အဖြစ် စန္ဒာဒေဝီမင်းသမီးလေးနှင့်အတူ ဘိသိက်သွန်းလောင်းပြီးသည့်ညမှာပင် လူယုံတော် ငယ်ကျွန်နှစ်ပါး ဖြစ်သည့် စုန္ဒနှင့် ဝဂ္ဂတို့ကို တိုင်ပင်၍ သုဝဏ္ဏဘုမ္မိ သထုံမှ အလယ်ရိုးမဖြစ်သော မြေလတ် ဒေသဆီသို့ ထွက်ပြေး တိမ်းရှောင်ခဲ့လေ ၏။

❑

ဂေါ်သဇင်မင်းသားလေးသည် တောင်ညိုတောင်ဟု နောင်တွင် အမည် တွင်လာမည့် တောင်တွက်ကြီးရောက် သောအခါ၌ စုန္ဒနှင့် ဝဂ္ဂတို့ကို သူတတ် ကျွမ်းသည့် အဂ္ဂိရတ်ဓာတ်လမ်းတို့ကို မခြွင်းမချန် သင်ပေးပြီး-

'ကဲ- စုန္ဒနဲ့ ဝဂ္ဂ၊ ဒီနေ့ကစပြီး ဒီ တောင်ကြီးမှာပဲ တစ်ယောက်တစ်နေရာ နေလို့ရမည့်နေရာတွေကိုယ်စီရှာပြီး ဝိဇ္ဇာ တို့ရဲ့ တိုင်းပြည်ရောက်ဖို့ ဖိုလ်လမ်းကို လျှောက်ကြပေရော့။ ဝိဇ္ဇာတိုင်းပြည် ရောက်မှ မင်းတို့၊ ငါတို့လည်း အသက် ရှည်ကြမယ်။ အသက်ရှည်မှလည်း သံ သာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဆို

တဲ့အတိုင်း သံသရာဝဋ်ဆင်းရဲအပေါင်း မှ ကျွတ်လွတ် ထွက်မြောက်နိုင်မည့် တရားဓမ္မတွေကို စိတ်နှလုံးငြိမ်းချမ်းစွာနဲ့ ကျင့်ကြံပွားများ အားထုတ်နိုင်ကြမယ်'

ဟု ဆုံးမ ပြောကြားလေ၏။

စုန္ဒနှင့် ဝဂ္ဂတို့လည်း-

'ကောင်းလှပါပြီ အရှင်ဘုရား။ ကျွန်တော်မျိုးတို့ ကြိုးစားပါ့မယ်'

ဟု ဝန်ခံလျှောက်ထားကာ တစ် ယောက်တစ်နေရာဆီ လမ်းခွဲထွက်ခဲ့ကြ လေ၏။ ဂေါ်သဇင်မင်းသားလေးမှာ ကေ လာသဆရာရသေ့၏ အခါအားလျော် စွာ ကြွရောက်၍ သွန်သင်ပြသ ညွှန် ကြားမှုတို့ကိုခံရသဖြင့် ရောက်ပြီးမကြာ မီပင် ဓာတ်စခန်း ပြီးမြောက်လိုရာသို့ ရောက်သွားခဲ့လေသည်။

စုန္ဒနှင့်ဝဂ္ဂတို့သာ မပေါက်မြောက် နိုင်ဘဲ ကျန်ရှိနေခဲ့ကြလေ၏။ သို့သော် အားမလျှော့ကြဘဲ ရရာ သစ်မြစ်သစ်ဖု သစ်သီးတို့ကို ဖြစ်သလို ရှာဖွေ စား သောက်ကြရင်း ဖွဲလုံ့လဝီရိယတို့ဖြင့် ဆက်လက် ကြိုးစားခဲ့ကြသည်။ ထိုသို့ ကြိုးစားရင်းမှ စုန္ဒက မကြာမီပင် ခရီး လမ်းဆုံးသို့ ရောက်ခဲ့ပြန်လေသည်။

"ရောင်းရင်း ဝဂ္ဂ၊ ငါတော့ မဟာ မြိုင်တောကိုသွားတော့မည်။ သင်လည်း တစ်နေ့ မဟာမြိုင်ဝနာကို လာရမည် မလွဲပါဘူး။ အားခဲ၍သာ ကြိုးစားကျန် ခဲ့ပါရော့။ သင့်ရဲ့ဖွဲ့စိတ်ကိုတော့ မလျှော့ လိုက်ပါနဲ့။ ငါတို့လည်း ပစ်မထားပါဘူး"

ဟု နှုတ်ဆက်ကာ ဝဂ္ဂကိုထား၍ မဟာမြိုင်တောသို့ ထွက်သွားခဲ့လေ၏။

ဝဂ္ဂသည် အတူလာ (၃) ယောက် ၌ အရှင့်သားတော်နှင့်ရောင်းရင်းတို့က ပေါက်မြောက်၍ လိုရာခရီးသို့ ရောက် ခဲ့ကြပြီး သူတစ်ယောက်သာ ကျန်နေခဲ့ သဖြင့် အားငယ်စွာကျန်ခဲ့လေသည်။ သို့ သော် အားငယ်သည်ဟု ရပ်မထားဘဲ ဆက်လက် ကြိုးစားခဲ့သည်။ ရက်၊ လ တွေ ကြာလာခဲ့သော်လည်း ဓာတ်က ခရီးမတွင်လမ်းမပေါက်နိုင်သဖြင့် စိတ် ပျက်သလိုဖြစ်လာခဲ့၏။ ဓာတ်ကို နေ့မ အားညမအား ကစားနေရသည့်အတွက် အိပ်ပျက်၊စားပျက်လည်းဖြစ်လာသည်။

ထိုအချိန် ၎င်းဓာတ်ကစားရာ ဂူ ကြီးနှင့် မဝေးလှသောနေရာ၌ တောင် ပေါ်တက် ကတွတ်သီးခူးရင်း စခန်းချ နေကြသည့် ဖိုးတေနှင့် ဖိုးထေ သူငယ် ချင်းနှစ်ဦး ရောက်လာလေသည်။ ဝဂ္ဂ ကိုတွေ့သောအခါ၌ အကျိုးအကြောင်း မေးရာ ဝဂ္ဂက မိမိခန္ဓာကိုယ်၌ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အစရှိသော ဓာတ်တို့ကို ပြုပြင်ခိုင်မြဲစေပြီး အသက်ရှည်စေနိုင်သည့် ပြဒါးရှင်ဓာတ်လုံးထိုးနေတာဖြစ်ကြောင်း ပြောပြသဖြင့် ၎င်းတို့လည်း စိတ်ဝင်တစားဖြစ်လာကြကာ-

"ကျွန်တော်တို့ကိုလည်း အဲဒီပညာသင်ပေးပါ ဆရာ။ ကျွန်တော်တို့ အဲဒီဓာတ်ထိုးတဲ့ပညာကို တတ်မြောက်ချင်ပါတယ်။ ဒါမှမဟုတ် ဆရာကိုယ်တိုင် ဆရာပြောတဲ့ ပြဒါးရှင်လုံးကို ထိုးပေးပါ။ ဆရာခိုင်းသမျှ ကျွန်တော်တို့ လုပ်ပေးပါ့မယ်"

ဟု တောင်းပန်ကြလေ၏။

"ကောင်းပြီ၊ မောင်ရင် ငတေနဲ့ မောင်ရင် ငထေတို့။ သင်တို့ကလည်း သီလ၊ သမာဓိအရာ ကြိုးစား စောင့်ရှောက် ထိန်းသိမ်းကျင့်ကြံကြပါလော့"

ဝဂ္ဂက ဝန်ခံပြီး ဖိုးတေနှင့် ဖိုးထေတို့ ရှာဖွေကျွေးမွေးသည့် သစ်ဥသစ်သီးတို့ကိုစားရင်း ဖိုဆက်လက်ကစားခဲ့ရာ မကြာမီပင် ၎င်းအလိုရှိသောပြဒါးရှင်လုံးကို ရရှိခဲ့လေတော့၏။

ထိုအခါ ဝဂ္ဂက ဓာတ်ဓာတ်ချင်းကူး ဖြစ်ဖူးများစွာ ထုံးနှလုံးမူ၍ ရင်းသေဖျားနှောကာ မူလပြဒါးရှင်လုံးနှင့် နောက်ပြဒါးကိုပူးပြီး ပြဒါးရှင်လုံးတစ်လုံး ပြုလုပ်ပေးခဲ့လေသည်။

ထို့နောက် -

"မောင်ရင်ငတေနဲ့မောင်ရင်ငထေတို့၊ မင်းတို့အတွက် ငါပြဒါးရှင်လုံးတစ်လုံး ဆောင်ရွက်ထားခဲ့ပြီ။ နောက်တစ်ခါ ဓာတ်ချင်းပူး၍ ထူးကဲတဲ့ဝိဇ္ဇာလမ်းကို မြန်းခဲ့ကြပေရော့။ သီလအရာလည်းမြဲကြစေ၊ စရဏအရာလည်းစွမ်းကြစေ"

ဟုမှာကြား၍ သူ့သခင်ဖြစ်သော သဇင်မင်းသားလေးနှင့် ရောင်းရင်း စုန္ဒတို့နောက် လိုက်ခဲ့လေတော့၏။

❑

ဖိုးတေနှင့် ဖိုးထေတို့ ရရှိထားသည့် ပြဒါးရှင်လုံးမှာ ဝိုင်းစက် ဖြူဖွေးလျက် ရောင်ရှင်လေးတွေထွက်လျက်ရှိပေသည်။ ၎င်းတို့ဆရာ ဝဂ္ဂက ထိုပြဒါးရှင်လုံးနှင့် ပြဒါးစိမ်းပေါင်းကာ ရင်းသေဖျားနှောပြီး နောက်ထပ် ပြဒါးဓာတ်တစ်လုံး ထပ်ရအောင် မှာကြားခဲ့သော်လည်း ၎င်းတို့နှစ်ယောက်က နောက်ထပ် ပြဒါးရှင်ဓာတ်လုံးတစ်လုံးထပ်လုပ်ပြီး တစ်ယောက်တစ်လုံးယူဖို့ စိတ်မကူးဘဲ ရှိသည့် ပြဒါးရှင်လုံးကိုသာ သူရထိုက်သည်၊ငါရထိုက်သည်ဟု လုကြရင်း အငြင်းပွား၍ ရန်ဖြစ်ကြလေတော့သည်။ နှစ်ဦးစလုံး လောဘ၊ဒေါသဇောတို့လည်း တက်ကာ အပြီးအတေးကြီးစွာဖြင့် ပြဒါးရှင်လုံးကိုလုရင်းသတ်ပုတ်ကြလေသည်။

ထိုအခါ သန္နိရှင်းစင်ကြယ်၍ သိဒ္ဓိကြီး(၁၀)ပါးတို့နှင့် သိဒ္ဓိပေါင်း ထောင်သောင်းတို့ ခညောင်းပြည့်စုံနေပြီ ဖြစ်သည့် ပြဒါးရှင်လုံးသည် သီလပျက်သော ၎င်းတို့လက်၌မနေတော့ဘဲ ဒိန်းခနဲမြည်ကာ ဟီထွက်သွားသည့်အသံကြီးနှင့်အတူ ကောင်းကင်သို့ အလင်းတန်းကြီးတစ်ခုအဖြစ်သို့ ထိုးတက်ပျံသန်းသွားလေတော့၏။

ထိုအခါ ဖိုးတေနှင့် ဖိုးထေတို့နှစ်ယောက်လည်း ၎င်းတို့လက်မှထွက်၍ ကောင်းတင်သို့ အလင်းတန်းကြီးအဖြစ် ပျံထွက်သွားသောပြဒါးရှင်လုံးကို နှမြောတသစွာကြည့်ရင်း မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြစ် ကျန်ခဲ့ကြလေသည်။ ပြဒါးရှင်လုံးလည်း ကောင်းကင်၌ ဟိုမှသည် သည်မှဟိုပျံသန်းလျက်ရှိလေ၏။

ဖိုးတေနှင့် ဖိုးထေမှာ ပြဒါးရှင်လုံးကို လက်လွှတ်ဆုံးရှုံးလိုက်ကြရသည့်အတွက် လောဘဇောကို မထိန်းနိုင်ကြတော့ဘဲ ကောင်းကင်မှ ပျံသန်းလျက်ရှိသော ပြဒါးရှင်လုံးကို မျက်တောင်မခတ်ငေးမောကြည့်ရှုကြရင်း ရင်ထဲတလှိုက်လှိုက်ဖြစ်လာကြကာ ပူလောင် ပြင်းပြသောအသံတို့ဖြင့်-

"ပြဒါးရှင်လုံးကြီးရေ ငါ့ဆီကိုပြန်လာခဲ့ပါ"

ဟု နှစ်ယောက်စလုံး ပြိုင်တူထအော်လိုက်ကြလေတော့သည်။ ထို့နောက် ၎င်းပြဒါးရှင်လုံးအား သူရထိုက်သည်၊ငါရထိုက်သည်၊သူ့ဟာ၊ငါ့ဟာဟု ဆက်လက်ငြင်းခုံကြရင်း တစ်ယောက်တစ်ပြန် ပြန်လည် သတ်ပုတ်ကြပြန်ရာ အတန်အကြာ၌ နှစ်ယောက်စလုံး အမောဆို့၍ ထိုနေရာမှာပင် သေသွားကြလေတော့သည်။

ထိုအခါ ကောင်းကင်၌ပျံဝဲလျက်ရှိသော ပြဒါးရှင်လုံးသည်လည်း တဖြည်းဖြည်း အောက်သို့ပြန်ကျလာကာ တောင်၏လျှို့ဝှက်ဂူကြီးအတွင်းရှိ ရေပုပ်အိုင်ကြီးထဲသို့ ထိုးကျသွားလေတော့၏။

(၄)

"အဲဒါ ဖိုးခွားလေးတို့သိချင်နေတဲ့ အလင်းတန်းကြီးအကြောင်းပဲ။ တောင်ညိုတောင်ကြီးရဲ့ခါးလယ်လောက်မှာ ဝူကြီးလိုဖြစ်နေတဲ့နေရာရှိတယ်။ အဲဒီအတွင်းပိုင်းမှာ ရေပုပ်အိုင်ကြီးရှိတယ်။ အဲဒီအိုင်ကရေဟာ ပုပ်စော်နံတယ်။ အသားနဲ့သွားထိရင် ခရုသင်းလိုအကွက်ကြီးဖြစ်ပြီး ဖျောက်မရဘူးလို့ပြောကြတယ်။ အိုင်ထဲမှာတော့ ရွှေ ငွေဖြစ်စေတဲ့ လက်ယာကန့်ရှိတယ်ဆိုပဲ။ အဲဒီရေနဲ့ ငွေစင်ကိုစိမ်ပြီး မီးကင်ရင် ရွှေဖြစ်တယ်လို့ ငါ့အပါးကြီးက ပြောခဲ့ဖူးတယ်။ ငါ့လက်တွေ့တော့ မဟုတ်ဘူးနော။

အဲဒီအိုင်ကြီးထဲမှာ စောစောကဖထီးပြောတဲ့ပြဒါးရှင်လုံးရှိတယ်။ အဲဒီပြဒါးရှင်လုံးက မကြာမကြာရေပုပ်လာစိမ်တယ်ဆိုပဲ။ ဒီတောင်ကြီးမှာ ပြဒါးရှင်လုံးရေပုပ်လာစိမ်တဲ့အခါမျိုး၊ ကောင်းကင်ကိုပြန်တက်တဲ့အခါမျိုးတွေမှာ အလင်းတန်းကြီးတွေဖြစ်ပြီး တစ်တောင်လုံးဖြစ်ပြီး တစ်တောင်လုံး ဝင်းထိန်သွားတယ်။ ဖိုးခွားလေးတို့မြင်တယ် ဆိုတဲ့ အလင်းတန်းကြီးဟာ ဖထီးပြောတဲ့ ပြဒါးရှင်လုံးရဲ့အရောင် ဖြစ်နိုင်ထင်ပ။

အဲဒီအလင်းရောင်ကြီးကို ဖထီးတို့တွေလည်း တစ်ခါတစ်ခါ မြင်တယ်။ ထင်းခုတ်၊ ဝါးခုတ်၊ တောလည်အမဲလိုက်သူတွေလည်း မြင်တယ်။ ရေပုပ်အိုင်ကို ဖိုးခွားတို့ ဗဟုသုတအဖြစ်ကြည့်ချင်တယ်ဆိုရင် ငါ့ဖိုးခွား စောဖိုးသာ လိုက်ပြလိမ့်မယ် ကြည့်သွားကြပေါ့။ အလင်းတန်းကြီးကတော့ အဲဒီရေပုပ်အိုင်ဘက်က ထွက်ထွက်လာတာပဲပေါ့"

ဖထီးကြီးက ကျွန်တော်တို့သိလိုသမျှကို စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြပါသည်။

ကျွန်တော်နှင့် ဆရာရဲဇော်လည်း ဖထီးကြီးပြောသမျှ အံ့သြဖမ်းယူခဲ့ကြပြီး ဖထီးကြီးအား ကျေးဇူးတင်စကားဆို၍ ကျွန်တော်တို့ကို စောင့်နေမည်ဖြစ်သည့် တောင်ညိုတောင်လေ့လာရေး စာရေးဆရာအဖွဲ့ရှိရာ ကျောက်သဘော်ခြေတိုင်ထိပ်မှ အောင်ဓာတ်ပွင့်စေတီလေးရှိရာသို့ ဖထီးကြီးကို နှုတ်ဆက်၍ ပြန်ခဲ့ကြပါလေတော့၏။

အေးရွှေ (ဇီးကုန်း)

(ကိုယ်တွေ့ဇာတ်လမ်းလေးများကို ပြောပြပေးသည့် စာရေးဆရာ ရဲဇော်အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ်အလိုက် နေဝိဇ္ဇာ လူ့စရိုက်



*ဓနေဝါ သုတိယော ရာဇာ၊ နဒီ ဝဍ္ဎော တထာ ကမ္မော။*
*ပဉ္စ ယတ္တာ နဝိဇ္ဇန္တိ၊ န တတ္ထ ဒိဝသံ ဝသေ။*

**ယတ္ထ** - အကြင်အရပ်ဒေသ၌၊ **ဓနေဝါ**- ရောင်းဝယ်ဖောက်ကားရှာစီးပွား တို့ လွယ်ငြားနိုးရင်း ကြီးပွားခြင်းနှင့် မိတ်ဆွေ အင်းချမ်းသာ ပြည့်စုံစွာသောသူ လည်းကောင်း၊ **သုတိယောဝါ**- နှုတ်မှုလက်မှု အစုစုတို့ ကျိုးပြုကျွမ်းကျင် ပညာရှင် လည်းကောင်း၊ **ရာဇာ**- မင်းလည်းကောင်း (ဝါ) မင်း၏အာဏာပျံ့နှံ့ရာ ဒေသလည်း ကောင်း၊ **နဒီ**- သောက်သုံးစိုက်ပျိုး အမျိုး မျိုးတို့ အားကိုးညီဖွယ် မြစ်, ပင်လယ် သည် လည်းကောင်း၊ **တထာ**- ထိုမှတစ် ပါး **ဝဍ္ဎော**- နာဖျားဘေးရောက် ကုသ ပျောက်ဖို့ အံ့လောက်အကျော် သမား တော် လည်းကောင်း၊ **ကမ္မော ပဉ္စ** - ဤ ငါးမျိုးသောအရာတို့သည်၊ **နဝိဇ္ဇန္တိ** - မရှိ ကုန်၊ **တတ္ထ**- ထိုအရပ်ဒေသ၌၊ **ဒိဝသံ**- တစ်နေ့တစ်ရက်မျှ၊ **နဝသေ**- မနေသင့် မနေထိုက်ရာ။

*(လောကနီတိ)*

ကြာတော့ကြာခဲ့ပါပြီ။ ဒေသန္တရ ဟုသုတအဖြစ်နှင့် သဟာယတို့၏ဖိတ် ခေါ်မှုကြောင့် အမှတ်မထင်ရောက်ခဲ့ရ ၏၊ ခဏတာဟု ရည်ရွယ်ထားခဲ့ပါသည်။ ခုတော့ ဘဝတစ်ခုစာ ခဏများလေလား ဟု ကိုယ့်ကိုယ်ကိုယ် ပြန်လည်မေးရမလို ဖြစ်နေပါတော့သည်။ ကာလရထားက ဆယ်မိုးဆယ်နွေပင် ဖြတ်သန်းခဲ့ပေပြီ။ ထိုဆယ်စုနှစ်သည် လူ့ဘဝ၏သက်တမ်း အားဖြင့် အမှတ်ထင်မှုပုံရိပ်ကိုပင် မေ့ လောက်စရာအချိန်တစ်ခုကို ဖြတ်ကျော် ဆနိုင်ပါသည်။

မှန်ပါသည်။ မိမိ၏ဇာတိ မွေးရပ် ဒေသ ရွှေဘိုအညာနယ်သည် စိတ်ရဲ့ ဆည်းစားချက်နှင့်အတူ မှုန်သီဝေဝါးစွာ လွင့်ခဲ့ပါသည်။မြန်မာပြည်၏တောင် ဘက်အစွန်းရှိ ဤပုလောမြို့ကလေး၌ အလျှင် စိတ်၏ပစ္စက္ခအာရုံအရိပ်က စွဲ ဝင်စူးနစ်နေစေပြီ။ သတ္တဝါတိုင်း နေရင်း နှင့် သေခြင်းဆီသွားနေရသည်။ သေခြင်း မရောက်မီ အခိုက်အတန့်ရှိတဲ့အချိန်က လေးမှာနေရင်းနှင့် မိမိဘဝ၏ ကောင်း ကျိုးအတ္တတ္ထစရိယ၊ မိမိပတ်ဝန်းကျင်ရှိ ပရိသတ်နှင့်တိုင်းပြည်ကောင်းကျိုး ဉာတ တ္ထစရိယနှင့် ကမ္ဘာမြေရဲ့လူသားအားလုံး ကောင်းကျိုး လောကတ္ထစရိယ သုံးချက် ကို တတ်စွမ်းသရွေ့ လုပ်ဆောင်ပေး တတ်ဖို့က အနေတတ်၍ အသေမြတ် ခြင်း၏သော့ချက် ဖြစ်ပေသည်။

တစ်နည်းအားဖြင့်တော့ လောက ကကျင့်ဝတ်ကို မလွန်ကျူးမိစေဘဲ လိုက် နာကျင့်ကြံ၊ ကိုယ်နေထိုင်ရာ ဒေသရဲ့ ဓလေ့ထုံးတမ်းနှင့် တိုင်းပြည်၏ အခြေခံ ဥပဒေစည်းမျဉ်းတို့ကို မချိုးဖောက်မိစေ ဘဲ တရားသဖြင့်ရပ်တည်ပြီး အတ္တဟိတ၊ ပရဟိတသယ်ပိုးနေတတ်သူ၏ဘဝသည် ပစ္စက္ခ၊ တမလွန်နှစ်ဖြာသောဘဝရဲ့ အေး ငြိမ်းချမ်းသာမှုလမ်း ဖြစ်ပါတော့သည်။

သို့သော်လည်း အများအကျိုး ရွက်သယ်ပိုးလွန်းရင်လည်း မိမိအတွက် အခိပ္ပာယ်မဲ့ဖြစ်စေတတ်ပါသည်။ ဘုရား ရှင် သက်တော်ထင်ရှားရှိစဉ်က ပိဋကတ် သုံးပုံဆောင်၍ သင်ပြပေဟာညွှန်မှု လွန် စွာ ကျွမ်းကျင်ပိုင်နိုင်တော်သော အရှင် ပေါဋ္ဌိလ မထေရ်မြတ်တစ်ပါး ရှိ၏။ မထေရ်မြတ်၏ထံမှောက်၌ သံဃာတော် တို့တပည့်ခံကာ စာသင်ကြ၊ တရားဟော နည်းယူကြ၊ ကမ္မဋ္ဌာန်းဘာဝနာ နည်းခံ ကြ။ ဩဝါဒယူကြနှင့် အရုဏ်တက်မှ စပြီး ညကျိန်းစက်ချိန်အထိ အားလပ် သည်မရှိ။ ကိုယ်ပိုင်လွတ်လပ်သောအ ချိန်ရှာမရဘဲ အများသံဃာအတွက် ပေး ဆပ်နေရလေ့ရှိ၏။

သည်လိုနှင့် အချိန်ကြာလာခဲ့စဉ် ဘုရားရှင်က တစ်ခုသော ဓမ္မသဘင် သံဃာအပေါင်းစုံညီခိုက်၌-

"တုစ္ဆ ပေါဋ္ဌိလ - အသုံးမကျ ပေါဋ္ဌိလ၊ အချည်းနှီးရဟန်း"

ဟု မိန့်တော်မူလိုက်ပါ၏။

ပုထုဇဉ် ရဟန်းတို့ အံ့ဩကုန်ကြ ၏။ တကယ့် စာတတ်၊ ပညာတတ်။ တရားပြကောင်းသော အရှင်ပေါဋ္ဌိလ မထေရ်ကြီးအား အသုံးမကျသူ၊ အလ ကားသူ၊ အချည်းနှီးအနှစ်မဲ့သူဟု အဓိ ပ္ပာယ်ထွက်သည့် တုစ္ဆဟု မိန့်လိုက်ခြင်း ကြောင့်ပင်။ တကယ်တော့ အရှင်ပေါ ဋ္ဌိလမှာ သက်တမ်းက ရင့်ရော်နေသော် လည်း ပုထုဇဉ်ကိလေသာညှော်နံ့က လှိုင်လှိုင်ကြီးထွက်နေဆဲ။ သူ၏ ကျေးဇူး ကြောင့် သံဃာတော်များ တချို့ သော တာပန်၊ သကဒါဂါမ်၊ သည့်ထက် အနာ ဂါမ်၊ နောက် ရဟန္တာဖြစ်တော်မူခဲ့ကြ သည်က လွန်စွာ များလှပေ၏။ သူ့ထံပါး မှ ဖဲသွားသည့် တပည့်များမှာတော့ နည်းအတိုင်း ကြိုးစားကြသဖြင့် အရိယာ ဖြစ်နေကြသော်လည်း သူကား အရှင်အ



www.burmeseclassic.com

www.burmeseclassic.com

တိုင်း ပုထုဇဉ်၊ပုထုဇဉ်ဉာဉ်အတိုင်း ဆရာကြီးဘဝကို ခံ့မင်နေမိ၏။ သာယာ၏။ ဂုဏ်ဟုထင်မှတ်မိ၏။

ယခုတော့ ဗုဒ္ဓ၏စကားတော်က အရှက်ရစေပြီး သံဝေဂအမြင်က သူ့ရင်ကို တုန်လှုပ်မိပြီကော။ တရားသာပြနေပြီး တရားမရလျှင် အလကားဘဝနှင့် နိဂုံးချုပ်မည်က သေချာနေ၏။ ပန်းပင်တွေကိုသာ ပြုစုပျိုးထောင်ပွင့်စေအောင် ဖန်တီးနေရသည့် ဥယျာဉ်မှူးကဲ့သို့ ပန်းမပန်ရ၊ မပိုင်ဆိုင်ရသည့်နှယ်။ မထေရ်ကား ဗုဒ္ဓ မိန့်ခဲ့သည့် နောက်တစ်နေ့၌ ဆရာကြီးဘဝမှ ခဝါချလျက် ရဟန္တာကိုရင်လေးထံ တပည့်ခံကာ ခိုင်းသည့်အတိုင်း တရားကို ပြင်းထန်စွာ ကျင့်ပါတော့သည်။ နောင်၌ စာအသိကနေ ငါအသိအမြင်ထင်ကာ အရဟတ္တဖိုလ်တည်းဟူသော ပန်းတစ်ပွင့်ကို လှမ်းအသင့် ပိုင်ဆိုင်တော်မူခဲ့ပေပြီတည်း။

ဤသို့ အကျိုးစီးပွားနှင့်ပတ်သက်ပြီး ဗုဒ္ဓက အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ဆဝိလာတုပမသုတ်တွင် -

* အကြင်သူသည် မိမိ၏အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ သူတစ်ပါး၏အကျိုးစီးပွားအလို့ငှာ လည်းကောင်း မကျင့်။

* ထိုသူထက် မိမိ၏အကျိုးစီးပွားကို မကြည့်ဘဲ သူတစ်ပါး၏အကျိုးစီးပွားကို ကြည့်သောသူက မြတ်၏။

* ထိုသူထက် သူတစ်ပါးအကျိုးစီးပွားကိုမကြည့်ဘဲ မိမိအကျိုးစီးပွားကို ဆောင်ရွက်သောသူက ပို၍မြတ်၏။

* ထိုပုဂ္ဂိုလ်သုံးဦးထက် သာလွန်၍ အမြတ်ဆုံးသောသူကား မိမိအကျိုးစီးပွားနှင့် သူတစ်ပါး အကျိုးစီးပွားကို ဆောင်ရွက်သောပုဂ္ဂိုလ်ဖြစ်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

ထိုသို့ အကျိုးစီးပွားနှင့် စပ်လျဉ်း၍ သည်ဘဝတွင် တစ်မဂ်တစ်ဖိုလ်ရဖို့လောက်အထိ ရည်မှန်းပြီး လူတို့မလာဝံ့သည့် ဤပုလောမြို့၏အရှေ့ဘက်က တောင်ယာကမ်းလမ်းဆုံရှိ ကော်ပတ်တောအုပ်အထဲ လျှိုမြောင်ချိုင့်ဝှမ်းတစ်ခု၌ ဧကစာရီ နှစ်ချီလာနေခဲ့သည်ဟုတော့ ကျွန်ုပ်ကိုယ်ကျွန်ုပ် ဝန်မခံနိုင်ပါ။

လူသံမကြားရ၍ အေးငြိမ်းမှုကို ခံစားရင်းဖြင့် ဖားအောက်တောရ ဆရာတော်ကြီး၏ မူအတိုင်း အာနာပါနကို အားထုတ်ချင်၊ ဝါသနာပါရာ စာပေအနုပညာကိုလည်း စိုက်ပျိုးချင်မှုတို့ကြောင့် အနေကြာခဲ့မိခြင်း ဖြစ်ပါသည်။ သူရဇ္ဇ သိဒ္ဓိမိုး စသော မဂ္ဂဇင်းတို့၌ ဘာသာရေး၊ လောကီသုတရသစာပေတွေ ရေးခဲ့မိသည်ကပင်လျှင် တချို့က ဗေဒင်မေးကြပါတော့၏။ လာ၍အကြံဉာဏ်တောင်းခံကြပြန်၏။

အမှန်အားဖြင့် ဗေဒင်ပညာရပ်များကို ငယ်စဉ်ကတည်းက မိဘ၊ ဆရာသမားတို့၏လက်ထပ်သင်ကြားပေးမှုတို့ကြောင့် ဝါသနာထုံခဲ့မိပါ၏။ ဟောပြောရမှာတော့ စိတ်မဝင်စားပါ။ တကယ်လို့ စိတ်ဝင်စားပြီး လာသမျှ လက်ခံကာ စစ်ဆေးပေးမိလျှင်လည်း မိမိ၏အကျိုးစီးပွားကို အန္တရာယ်အနှောင့်ယှက်က ဝင်လာလိမ့်မည်။ ကင်းအေးမှုကနေ ရှုပ်ထွေးမှုက ရောက်ပေမည်။ သည်လိုဖြစ်မှာကို စိုးသဖြင့် နှုတ်ပိတ်ခဲ့ရပါ၏။ သို့သော်လည်း နာမည်ပေးခြင်းမျိုးတော့ ကလေးများအတွက် ကူညီပေးရပါ၏။ နောက်တစ်မူ ထူးခြားစွာ ဘာနက္ခတ်ဖွားလဲ၊ သူခိုး၊ သူဌေး စသည်လား ဟု စောကြောမေးသူများကလည်း ဒုနှင့်ဒေး။ သည်နက္ခတ်အကြောင်းကို အတော်လေး စိတ်ဝင်စားရှိကြသည်ကို ဝမ်းသာမိသည်။ အဖြေသိ၍ စရိုက်ညှိကြည့်ကရှင်းလင်းစွာ ပေါ်လွင်နေသည်မို့ နက္ခတ်ကို ပိုပြီးသိချင်ကြပုံရပါသည်။

တချို့ပစ္စည်းဥစ္စာချမ်းသာပြည့်ဝပါစေသော်လည်း အဝတ်အစား၊ အသွားအလာ၊ ဂုဏ်ဝတ္တု၌ သာမန်လူတစ်ဦးထက်ပင် သေးသိမ်နေတတ်၊ အမှုကိစ္စအသေးအမွှားကအစ ကြီးမားတဲ့လုပ်ငန်းအထိ အပင်ပန်းခံ ,တကုပ်ကုပ်နှင့်လုပ်နေတတ်၊ ဖြစ်သလိုစားတတ်သူ၊ ဆင်းရဲသားနက္ခတ်၊ သမားချမ်းသာသူတွေကလည်း မျက်မြင်သက်သေပြနေကြပါ၏။

ပြီးတော့လည်း 'အင်း- သည်ကလေးဟာ သူခိုးနက္ခတ်ပါပုံရတယ်။ ခြေဆော့လက်ဆော့နဲ့ဘယ်တော့မှမငြိမ်ဘူး'ဟုလည်း လူကြီးတွေက အသွင်ဆန်းသောပုံစရိုက်ကိုကြည့်ကာ ဝေဖန်တတ်ကြသည်လည်း မကြာခဏကြားနေရ၏။

သည်တော့ နက္ခတ်နှင့်ပတ်သက်၍ လေ့လာကြည့်ကြပါစို့။

ဇာတာခွင်လတစ်လစီ စန်းယှဉ်မိသော အသဝနီ၊ ဘရဏီ၊ ကြတ္တိကာ စသည့် (၂၇) လုံးဆိုင်ရာ နက္ခတ်မဟုတ်ကြောင်း ဦးစွာ မှတ်ထားဖို့ လိုအပ်ပါသည်။ မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်မှ နေ့ခုနစ်နေ့သားသမီးတို့၏ မွေးရက်ကို တွက်စစ်ပြီးလျှင် မွေးနက္ခတ် သို့မဟုတ် ဖွားနက္ခတ်ကို ဆိုလိုပါသည်။ တွက်စ[...] နည်းက လွယ်ပါသည်။ နည်းနှစ်နည်း[...] သည်။ တစ်နည်းနှင့်တစ်နည်း ပုံစံချ[...] သာ မတူကြသော်လည်း အဖြေနက္ခ[...] က မကွဲပါ။ တူပါသည်။ ပညာရှင်ဆရာ[...] တို့၏ မူစနစ်သာ ခြားကြသည်။ ဦးစွာ[...] အောက်ပါနည်းကို တွက်စစ်ကြည့်[...] ပါလျှင် -

**ဥပဒေသ**

*ကဆုန်လမှ၊ စ၍စဉ်စီ၊*
*တစ်လစီဒွေးမြောက်၊*
*ဖွားရောက်လချန်၊*
*အမှန်ကိုကောက်၊*
*လျှောက်လေ ဆန်းဆုတ်။*

**တွက်စစ်ထုတ်လော**

မွေးဖွားတဲ့ခုနှစ် မလိုအပ်ပါ။ လ[...] နှင့် ရက်၊ နေ့သာ တိတိကျကျ သိဖို့လို[...] သည်။ မည်သည့်လမဆို ကိုယ်မွေးဖွား[...] ရာ လကိုချန်လှပ်ထားရပြီး ကဆုန်လမှ[...] စတင် ရေတွက်လိုက်ပါ။ ရသည့် အရေ[...] အတွက်(လ) (၂)ဖြင့်မြှောက်ပြီးရသော[...] ဂဏန်းကို မှတ်သားထားပါ။ နောက်မွေး[...] ဖွားတဲ့ရက်လဆန်းလော၊ လဆုတ်လော[...] စိစစ်၍ လဆန်းဆိုက လဆန်းရက်နှင့် ထပ်ပေါင်းရပါမည်။ လဆုတ်ရက်ဖွား[...] လျှင် လဆန်း(၁၅)ရက်ကိုပါ ထပ်လောင်း ပေါင်းလျက် မိမိ၏ လဆုတ်ရက်နှင့် အတူ ရေတွက်ရပါမည်။

ပမာအားဖြင့်-

ပြာသိုလဆုတ် (၁၅) ရက်၊ ကြာ[...] သပတေးသမီး။

□ ကဆုန်လမှ မွေးလချန်ကာ ရေတွက်သော် ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်(၈)လ ၈+၁၆[...] မှတ်ထားပါ။

□ ရက်လဆုတ် (၁၅) ဖြစ်သော[...] ကြောင့် လဆန်း (၁၅) ရက် ထပ်ရော[...] သော် (၃၀)။ ၎င်း(၃၀)ကို အထက်ကလ[...] မှ နှစ်လီ (၁၆) နှင့် ထပ်ပေါင်းရမည်။ ၁၆+၃၀=၄၆ ရမည်။

□ ထို(၄၆)ကား နက္ခတ်ဂဏန်းဟု[...] ပုံသေသတ်မှတ်၍မရချေ။ နက္ခတ်သည် (၂၇)လုံးသာရှိသောကြောင့် (၂၇)ထက် ပိုခဲ့လျှင် (၂၇) ဖြင့် စားလိုက်ရပြီး ကျန်သောအကြွင်းကိုသာ နက္ခတ်ဂဏန်းအ[...] ဖြစ်မှတ်ရမည်။ (၂၇) ထက်မကျော်လျှင် ၎င်းဂဏန်းကိုပင် နက္ခတ်ဂဏန်းဟု မှတ် ရပါမည်။ ထို့ကြောင့် (၄၆)မှ (၁၉)သ[...] နက္ခတ်ဂဏန်းဟု မှတ်လေ။



www.burmeseclassic.com

www.burmeseclassic.com

❑ (၁၉) ဟု မှတ်ပြီးလျှင် အစဉ်လိုက် ချမှတ်နိုင်ရန်အတွက် နေ့နံသားသမီးတို့၏ မူသေသချာကို ပြပါမည်။

*ရဝိ သောင္ဃသဲ စန္ဒရ ဝိသခ္ခ၊*
*ဘောမ တေဝီသ၊ ဗုဒ္ဓ သုညံ၊*
*ဂုရုစတု၊ ဘရဂုအဋ္ဌ၊ သောရီ*
*ဒွါဒသ။*

❑ တနင်္ဂနွေ (၁၆) ဂဏန်းမှ စတင်ချသွားရန်။
❑ တနင်္လာ (၂၀) မှ စတင်ချသွားရန်။
❑ အင်္ဂါ (၂၃) မှ စတင်ချသွားရန်။
❑ ဗုဒ္ဓဟူး (၀)၊ (၂၇) မှ စတင်ချသွားရန်။
❑ ကြာသပတေး (၄) မှ စတင်ချသွားရန်။
❑ သောကြာ (၈) မှ စတင်ချသွားရန်။
❑ စနေ (၁၂) မှ စတင်ချသွားရန်။

**ထက်ာ**

*ဂဠုန်တစ်ခြောက်၊*
*ကျားရောက်ဝီသ၊*
*သီဟတေဝီ၊ ဆင်မည်သုည၊*
*ကြွက်ကစတု၊ ရှစ်ဟုသောကြာ၊*
*ဒွါဒသာ နဂါး မှတ်သားချရေ။*

**ထောင့်တနင်္ဂနွေ**

မည်သည့်နေ့သားမဆို အားလုံးဆိုင်ရာဂဏန်းမှစ၍ တနင်္ဂနွေထောင့်တနေ မိမိနက္ခတ်ရောက်သည်အထိ စဉ်ဆက်မပြတ်ချသွားရမည်။ဥပမာပြသော ကြာသပတေးသမီး၏နက္ခတ်မှာ (၁၉) ဖြစ်သည်။ ကြာသပတေးအားလုံး (၄) မှ စတင်ချရမည်ဖြစ်၍ (၁၉) အထိဆက်ချလိုက်လျှင် ဘာနက္ခတ်များဖြစ်သလဲ ဆိုတာ သိရပါလိမ့်မည်။

မှတ်ချက် (၂၀) ချရေးပြီးသော (၂၀) ကို ဆက်မရေးသေးဘဲ ကိတ်ကြိုဟ်အဖြစ် သင်္ကေတ ကြက်ခြေခတ် (×) အမှတ်အသားရေးပြီးမှ (၂၁)ကိုစဉ်ကာ ရေးသွားရပါမည်။

**နက္ခတ်အမည်ဇယား**

| | | |
|---|---|---|
| သူခိုး | သူဌေး | သူဆင်းရဲ |
| အမတ် (ပညာရှိ) | သူတော်စင် (ရဟန်း) | မင်းစိုးရာဇာ |
| ဘီလူး | ဒေဝီမိဖုရား | သူသတ် (ပုဏ္ဏား) |

နက္ခတ်အမိဗွာယ်များကို မရှင်းပြမီ စောစောကရေးသားခဲ့သည့်အတိုင်း နောက်တစ်နည်းကို တင်ပြပါဦးမည်။ သည်နည်းက တွက်ချက်စရာ မလိုပါ။ အထက်ကနက္ခတ်အဖွားများအား (၁၂) လရာသီကို လပိုင်း၊ ရက်ပိုင်း၊ နာရီပိုင်းဖြင့် သတ်မှတ်ကောက်ယူပြီး အဖြေရှာနည်း ဖြစ်ပါသည်။

❑ လိုရင်းကိုသာပြရသော် နက္ခတ်တစ်လုံးမှာ (၄) ပါဒ်တိတိရှိကြပါသည်။

နက္ခတ်(၂)လုံးနှင့် (၁) ပါဒ် ပေါင်း (၉) ပါဒ်ကို တစ်ရာသီဟု ခေါ်ဆိုလေ့ရှိပါသည်။

ဥပမာ- တန်ခူးလရာသီ ဆိုပါစို့။

(က) အသဝဏီနက္ခတ်တစ်လုံး ၄ ပါဒ်
(ခ) ဘရဏီနက္ခတ်တစ်လုံး ၄ ပါဒ်
(ဂ) ကြတ္တိကာနက္ခတ် ၁ ပါဒ်
၉ ပါဒ်

နက္ခတ်တစ်လုံး (၄) ပါဒ်ရှိရာတွင် ရက်၊ အနေနှင့် ရေတွက်ရသော်-


နက္ခတ်တစ်ပါဒ်ကို (၃) ရက်၊(၂၀) နာရီ၊ နက္ခတ်နှစ်ပါဒ်ဆို (၆) ရက်၊ (၄၀) နာရီ၊ သုံးပါဒ်မှာ (၁၀) ရက်မှာနှင့်။

နက္ခတ်လေးပါဒ်ကျတော့ (၁၃) ရက်၊ (၂၀) နာရီ ရှိကြပါသည်။ ထိုပါဒ်ရေကို အောက်တဇယားအတိုင်း အလွယ်တကူ မှတ်ထားနိုင်ပါသည်။

ဖော်ပြပါ ကြာသပတေးသားသမီးသည် ပထမနည်းအရ သူသတ်သမားနက္ခတ်ရှင်ဖြစ်ပြီး ဒုတိယနည်းမှာတော့ ကြော့ဒေဝီနန်းအညွန့်မှာလုဆိုသကဲ့ ဒေဝီမိဖုရားနက္ခတ်ရှင် ဖြစ်နေသည်။ ဒါဆိုလျှင် အမျိုးသမီးလည်းဖြစ်နေသည့်အတွက် အတိုင်းအထက်အလွန်အမွန်မှာအယဉ်ဆင့် အသွင်တင့်ပိုင်ရှင်ဖြစ်နေပါတော့သည်။

သို့သော်လည်း ကျွန်ုပ် ဟောမှုသုတေသနပြုချက်အရတော့ ပထမနည်းအရ နက္ခတ်သာလျှင် ထိုနေ့သားသမီး၏ စရိုက်သရုပ်က အမှန်များပါသည်။ သည်တော့ မိမိတို့အနေနှင့်လည်း နည်းနှစ်ဖြာကို တွက်စစ်ပြီး ပတ်ဝန်းကျင်ရှိမိတ်သင်္ဂဟတို့ရဲ့ စရိုက်စိတ်နေများကို လေ့လာကြည့်နိုင်ပါစေ။

**နက္ခတ်ချစဉ်ဇယားခွင်**




**သူခိုးနက္ခတ်**

ကျိုးကန်းမျက်စိကဲ့သို့ မတည်ငြိမ်၊ နှုတ်စကားအရာ လှည့်ပတ် မာယာများ၏။ မှုသားမပါ လက်မချော စကားပုံ နှုတ်ငုံဆောင်ထား၏။ မည်မျှ ချမ်းသာပါစေ သူတစ်ပါးပစ္စည်းကို အိမ်အပြန် လက်ဆောင်ယူလိုက်ရမှ ကျေနပ်ကြ၏။ ပစ္စည်းဥစ္စာ လိမ်ညာဖောက်ကား စီးပွားရှာတတ်၏။ အလကားနေတောင် အနီးရှိသူကို စကားကိုလိမ်လည်ဝါကြွားဂုဏ်ပြလေ့ရှိ၏။ ဖဲ၊ ထီ၊ ဘောပွဲ စသောလောင်းကစားဘက်တွင် တစ်မျိုးမဟုတ်တစ်မျိုးတော့ လုပ်နေရမှ စားဝင်အိပ်ပျော်တတ်၏။ သူတို့၏ စိတ်နေသဘောထားကို ဘယ်တော့မှအမှန်မပြ။ ဖုံးကွယ်လျှို့ဝှက်ထားလေ့ရှိ၏။ အပြင်ထွက်လေ့ရှိတိုင်း အမှတ်တရပစ္စည်းတစ်ခုခုတော့ ပါလာစမြဲ။သို့သော် ဘယ်ပစ္စည်းအပေါ်မှ မမြတ်နိုးတတ်။ ဘာလုပ်လုပ် ကိုယ်ကျိုးရှိဖို့ ပထမဦးစားပေးလေ့ရှိ၏။ သူတို့စိတ်ဝင်စားတဲ့အရာဆိုလျှင် ပတ်ဝန်းကျင်ကိုမေ့၍ ဖွဲကြီးစွာ အာရုံစိုက်လေ့ရှိ၏။ အပျော်အပါး အားသန်ကြ၏။ ဖြတ်ထိုးဉာဏ်ကောင်းတတ်၏။

**သူဌေးနက္ခတ်**

ဟန်များ၏။ ရှိတာကိုကြည့်ပျော်အောင် ဝတ်စားလေ့ရှိ၏။ စီးပွားရှေး



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးရေး လွန်စွာပြောလေ့၊ ဝေဖန်လေ့ရှိ၏။ ဆင်းရဲလျှင် ငွေဂုဏ်နှင့်တို့က အရည်ပျော်လွယ်လေ့ရှိ၏။ မိမိပစ္စည်း မှန်သရွေ့ သုံးစွဲမှုစနစ်ကျ၏။ အသုံးအစွဲ ကိုင်းတာတတ်၏။ ပညာတစ်ခုခုတတ်သော် ထိုပညာနှင့် စီးပွားဖြစ်လွယ်၏။ ဖွဲ့လုံ့လကြီးတတ်၏။

နှမြောတွန့်တိုစိတ်များ၏။ ဆက်ဆံရေး ပြေပြစ်ကာ စကားပြောစိတ်ရှည်လေ့ရှိ၏။ ယုံကြည်အောင် ဆွယ်ယောင်ပြကာ လောဘဓာတ်ခံကြောင့် ဘဝမှာ ငွေကြေးဥစ္စာတစ်ခုခု အလိမ်ထိခံရလေ့ရှိ၏။ ဆင်းရဲမှာလွန်စွာတွေးပူတတ်လေ့ရှိ၏။ သူတို့နှင့်ရင်းနှီးသောမိတ်ဆွေများက သူတို့၏အလိုကျ ဆက်ဆံတတ်လျှင် စေတနာရှိစွာ ကူညီပေးကျွေးတတ်၏။

စိတ်ထားအသိရမခက်။ ရိုးသားတတ်၏။ အမျိုးသမီးချမ်းသာသူတို့ဆိုလျှင် ပကာသနရေ့တန်းမတင် ဂုဏ်တုဂုဏ်ပြိုင်ကင်းကြ၏။ လူမှုရေးပရဟိတဘက် အားသန်လေ့ရှိ၏။ နက္ခတ်ကောင်းဖြစ်ပါသည်။

**သူဆင်းရဲနက္ခတ်**


စိတ်ပန်းကိုယ်ပန်းရှိ၏။ သို့သော် အမှတ်မထား ဘာမဆို ပတ်ဝန်းကျင်နှင့် လိုက်လျောညီမျှ သဟဇာတမရှိတတ်။ မလိုအပ်ဘဲပုံကြီးချဲ့တတ်ကြ၏။ အသွားအလာများ၏။ တကုပ်ကုပ်နှင့် အငြိမ်မနေ တစ်ခုခုလုပ်နေလေ့ရှိ၏။ စကားပြောလျှင် အကြောင်းအရာတစ်ခုအပေါ် စိတ်မစွဲဘဲ ဟိုရောက်သည်ပေါက်ပြောတတ်၏။ စိတ်ဓာတ်သာ အဓိက၊ အဆောင်အယောင်က သာမညဟု ယူဆကာ ဖြစ်သလို ပုံမကျ ကပိုကရို နေထိုင်ဝတ်စားမှုရှိ၏။ ဆင်းရဲလျှင်လည်း ဆင်းရဲမာန်မာန၊ ချမ်းသာလျှင်လည်း ချမ်းသာ၍ ခွကျကျအစားထဲက ဖြစ်သည်။ မရှိလျှင် တွေးပူမနေ၊ ဒဏ်ခံနိုင်၏။ အစားအသောက် ကြေးမများ။ သူဌေးကြီးပင်ဖြစ်ပါစေ ဘာမဆိုကိုယ်တိုင်ဝင်လုပ်လိုက်ရမှ ကျေနပ်လေ့ရှိ၏။ ရောက်ရာဒေသ လူ့အလုပ်တို့၌ မွေ့လျော်ရှိ၏။ ပေါင်းသင်းဆက်ဆံရေး ထောင့်မကျိုးတတ်ပေ။ သုံးစွဲမှုစနစ်မရှိ။ မိသားစုအပေါ် အနစ်နာခံတတ်လေ့ရှိ၏။

**မင်းစိုးရာဇာနက္ခတ်**

နှိုင်းယှဉ်လျှင် ကိုယ်က လက်တစ်လုံးခြားမြင့်ချင်ကြ၏။ အပြောဆို တင်စီး၏။ လေသံကမာမာ။ သူတို့ကို ယထာဘူတကျကျရှင်းပြ၊ သက်သေပြနိုင်မှ ခေါင်းငုံ့တတ်၏။ အချင်းချင်းပင် အထက်စီးကပြောချင်၊ ဆက်ဆံချင်ကြ၏။ နည်းနည်းသိလျှင်ပင် များများဘဝင်မြင့်တတ်၏။ နောက်လိုက်နေရာမျိုးကို မနှစ်သက်။ သူ့ကို သင့်လျှင် ဆရာကြီးတင်ပြီး ဦးဆောင်ခိုင်းလိုက်လျှင်တော့ ဘာမဆို စေတနာရှိစွာလုပ်လေ့ရှိ၏။ ပညာ၊ ဓနစသော ဂုဏ်အင်္ဂါရှိလျှင် လွန်စွာပေါက်မြောက်တတ်၏။ ထင်ရှားကျော်စောပြီးအများ၏ အားထားလေးစားရသူ ဖြစ်တတ်၏။ လူတိုင်းနှင့် မဆက်ဆံတတ်။ အစားအသောက်၊ နေထိုင်မှု ဇီဇာကြောင်လေ့ရှိ၏။ အိမ်ထောင်ရေးတွင် အားလုံးရှုပ်ထွေးလေ့ရှိ၏။ သာမန်ဂုဏ်ရှိသူမျိုးဆိုလျှင် ရာဇနက္ခတ်အရ ဝိရောဓိဖြစ်ဖွယ်များတတ်၏။ ကိုယ်ထင် ခုတင်ရွှေ့နန်းပမာ ပတ်ဝန်းကျင်ဆက်ဆံရေး တစ်ဖက်သတ်ဆန်လွန်း၏။ အချိုးမပြေ။ အိမ်နီးချင်းတို့နှင့် မကြာခဏ ပြဿနာတက်လေ့ရှိ၏။ ဘယ်သူ့ကိုမှ မယုံကြည်သလို ကူညီပေးပြန်လျှင်လည်း အကောင်းမထင်တတ်။ ဘဝင်ကိုင်နေလေ့ရှိ၏။ စိတ်ထားဆင်ခြင်ပြုပြင်သူဆိုပါက ဘဝကံကောင်းစေသောနက္ခတ် ဖြစ်၏။

**ဒေဝီမိဖုရားနက္ခတ်**

သွင်ပြင်ဥပမိပြေပြစ်စွာဆင်ယင်တတ်၏။ ဆက်ဆံရေး လိုက်လျောညီထွေ ပြုမူပြောဆိုတတ်၏။ အရှက်အကြောက်ကြီး၏။ မိမိ၏ရည်မှန်းချက်ကို စိတ်ရှည်ဇွဲသန်စွာ လျှောက်လှမ်းလေ့ရှိ၏။ စကားများများဆိုလေ့မရှိ။ စေတနာသဒ္ဓါထက်သန်ထက်၏။ တစ်ဖက်သားက မလိုအမုန်းပွား စကားလာသော်




**နက္ခတ် (၉) ခုဖွားမြင်ရှုဇယား**

| မွေးဖွားသောလ | ရက်အပိုင်းခြား လဆန်း/ဆုတ်ပက္ခ | ဖွားနက္ခတ်စရိုက် | ပါဒ် |
|---|---|---|---|
| တန်ခူး | လဆန်း ၁ မှ လဆန်း ၁၃ ရက်အထိ | သူဆင်းရဲနက္ခတ်ဖွား | ၄ ၄ ၁ |
| ဝါခေါင် | လဆန်း ၁၄ မှ လဆုတ် ၁၁ ရက်အထိ | သူဌေးနက္ခတ်ဖွား | ၃ ၄ ၂ |
| နတ်တော် | လဆုတ် ၁၂ မှ လကွယ်နေ့အထိ | သူခိုးနက္ခတ်ဖွား | ၂ ၄ ၃ |
| ကဆုန် | လဆန်း ၁ မှ လဆန်း ၁၀ ရက်အထိ | သူခိုးနက္ခတ်ဖွား | ၁ ၄ ၄ |
| တော်သလင်း | လဆန်း ၁၁ မှ လဆုတ် ၈ ရက်အထိ | ရာဇမင်းနက္ခတ်ဖွား | ၄ ၄ ၁ |
| ပြာသို | လဆုတ် ၉ မှ လကွယ်နေ့အထိ | ဒေဝီမိဖုရားနက္ခတ်ဖွား | ၃ ၄ ၂ |
| နယုန် | လဆန်း ၁ မှ လဆန်း ၆ ရက်အထိ | ဒေဝီမိဖုရားနက္ခတ်ဖွား | ၂ ၄ ၃ |
| သီတင်းကျွတ် | လဆန်း ၇ မှ လဆုတ် ၄ ရက်အထိ | ဘီလူးနက္ခတ်ဖွား | ၁ ၄ ၄ |
| တပို့တွဲ | လဆုတ် ၅ မှ လကွယ်နေ့အထိ | အမတ်ပညာရှိနက္ခတ် | ၄ ၄ ၁ |
| ဝါဆို | လဆန်း ၁ မှ လဆန်း ၃ ရက်အထိ | အမတ်ပညာရှိနက္ခတ် | ၃ ၄ ၂ |
| တန်ဆောင်မုန်း | လဆန်း ၄ မှ လဆုတ် ၂ ရက်အထိ | သူသတ်သမားနက္ခတ် | ၂ ၄ ၃ |
| တပေါင်း | လဆုတ် ၃ မှ လကွယ်နေ့အထိ | သူတော်စင်နက္ခတ် | ၁ ၄ ၄ |



www.burmeseclassic.com

www.burmeseclassic.com

ည်း ပြန်လည် မတုံ့ပြန်ဘဲ အပြုံးနှင့် သာကြည့်ပြီး ထိုသူမေ့လောက်သည့်အချိန်မှ မီးတောက်ကဲ့သို့ အာဃာတကြီးစွာ တတ်တုံ့ပြန်တတ်၏။

မည်သည့်ကိစ္စဖြစ်ပါစေ ဆုံးဖြတ်ချက် အလျင်စလိုမချဘဲ အကွက်စေ့အောင် စီမံချလေ့ရှိ၏။ စည်းစိမ်ဥစ္စာရှာ၍လွယ်၏။ မိသားစုအပေါ် ချစ်ခင်အားကိုးစိတ်ကြီးတတ်၏။ အထူးသဖြင့် ဒေဝီနက္ခတ်ရှင်အမျိုးသားများမှာ အထက်ကစရိုက်အပြင် တစ်မူထူးစွာ မိန်းမကျင့်မိန်းမညာဏ်များတတ်၏။ စိတ်ကောက်တတ်တာကလည်း မကြာခဏ။ အမေ သို့မဟုတ် ဇနီးက အနားရှိနေမှ ပျော်နေတတ်၏။ တစ်ခါတစ်ရံ ဒွိလိင်စိတ်ဝင်လေ့ရှိတတ်၏။ နက္ခတ်ကောင်းပင်။

## ဘီလူးနက္ခတ်

အသောက်၊ အစား ဘီလူးဝင်စားသလားမှတ်ရမည့်သူ ဖြစ်၏။ ထမင်းဟင်း၌ ပါဏာတိမပါ လျှာမကလိပါ ဆိုသကဲ့သို့ အသားဟင်းမပါက အရသာမတွေ့ကြ။ ထူးဆန်းသောတိရစ္ဆာန်၏ အသားကို ထူးခြားစွာ ချက်စားလေ့ရှိ၏။ အစား မဟုတ် ငါးဖြာအာရုံကာမဂုဏ်ဟု ဆိုအပ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိရာဂ ပြင်းထန်၏။ စွဲမိသောအာရုံအပေါ် မဖြတ်နိုင်ကြ။ ထို့ကြောင့် အိမ်ထောင်ရေးတစ်ဆက်မကရှိတတ်၏။ သာယာမှုနည်းပါးကြ၏။ စကားရယ်သံလွန်စွာကျယ်၏။ ပတ်ဝန်းကျင်ကို ဂရုမစိုက်။ အမျက်မာန်စောင်ကြီး၏။ ဘာမဆို လက်တွေ့မှ ယုံတတ်၏။ ဆုံးဖြတ်ချက်အချမြန်၏။ ခင်မင်ရင်းနှီးမိက ထိုသူတို့အပေါ် စိတ်ရောကိုယ်ပါ ကူညီတတ်၏။ မိတ်ဆွေတို့အား သစ္စာမဖောက်တတ်။ အကယ်၍ သူ့ရန်သူအဖြစ် သတ်မှတ်ပြီဆိုလျှင် ကြောက်စရာဖွယ် တုံ့ပြန်တတ်၏။ ကြီးကဲသူ ဆရာ၊ မိဘတို့အား ရိုသေစိတ်ရှိ၏။ ကြောက်ရွံ့မှုကင်း၏။ သူ၏ လွတ်လပ်စွာ နေမှုကို နှောင့်ယှက်က သည်းမခံ။ ယုံကြည်ချက်ကို တစိုက်မတ်တတ်လုပ်လေ့ရှိ၏။ အမျိုးသမီးဆိုလျှင် မိသားစုအပေါ် သံယောဇဉ်ကြီး၏။ လင်သားသစ္စာမဲ့က ပြတ်သားစွာ ဖြေရှင်းတတ်၏။ အချက်အပြုတ် လွန်စွာတော်ကြ၏။ ညည်းကမ်းမဲ့သူဆိုလျှင် သားသမီးပင်ဖြစ်စေ ခွင့်မလွှတ်တတ်။

## လူသတ်သမားနက္ခတ်

ဇာတ်တော်ထဲတွင် ဘုရားအလောင်းတော်တို့အား အကောက်ကြံလေ့ရှိသော ဒေဝဒတ်အလောင်းပုဏ္ဏားမိုက် တစ်ဖြစ်လဲ သူသတ်သမားဟု တင်စား၍ မှည့်ခေါ်ခြင်းပါ။ ထို့ကြောင့် အကောက်ကြံလေ့ရှိ၏။ ကုန်းတိုက်၊ ကြမ်းတမ်း၊ ဆဲရေးအားသန်တတ်၏။ ပြောလျှင် မပွင့်တပွင့်။ လိုချင်တာရှိက ထိုသူအပေါ် မရမက အောက်ကျို့ဆက်ဆံတတ်၏။ရလျှင်တော့ ဂရုမစိုက်၊ မည်သည့်ကိစ္စမျှ သစ္စာမရှိတတ်ကြ။ ကျေးစွပ်တတ်၏။ နောက်ကျောကို ဓားနှင့်ထိုးတတ်သောစရိုက်ရှိ၏။ မိမိနှင့်ဆွေမျိုးဉာတိ မိသားစုအရေးသာ ကြည့်၏။ သူ့ဘက်ကသာလျှင် အမြဲအမှန်ထင်တတ်၏။ ထစ်ခနဲဆို လက် သို့မဟုတ် နှုတ်က ပါလာလေ့ရှိ၏။ သူတို့ကိုမထိခိုက်သရွေ့ ဖော်ရွေ၏။ ကြင်နာ၏။ ထိခိုက်လာက တုံ့ပြန်ဖို့ လက်မနှေးခြင်း၊ ပုရွက်ဆိတ်စသော ပိုးမွှားကလေးများအား အမြဲလိုလို ကိုယ်ပေါ်ကျက သတ်နေလေ့ရှိ၏။ သွေးကိုမြင်မှ စားဝင်သည့်ဉာဉ်ရှိ၏။ ဘာသာရေးဘက်၌ လိုက်စားသူဆိုလျှင် ဤနက္ခတ်၏ စရိုက်ဉာဉ်များ နည်းပါးသွားတတ်ပါသည်။

## အမတ်ပညာရှိနက္ခတ်

သမာသမတ်ကျသူဖြစ်၏။အမှား၊ အမှန် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဉာဏ်ရှိ၏။ ရိုးဂုဏ်ကို မြတ်နိုးလေ့ရှိ၏။ ကိုယ်ကပြောရန်ထက် သူများပြောတာကိုနားစိုက်တတ်သည်။ ပြောတိုင်းလည်း မယုံ။ ယုံတိုင်းလည်း မပြောတတ်။ စဉ်းစားဆင်ခြင်စိတ် ရှိတတ်၏။ အားလုံးနှင့်သင့်အောင် ဆက်ဆံလေ့ရှိသည်။ သာမန်အားဖြင့် လူအလူနှံနှင့် တူတတ်၏။ ဘာမှ အလျင်စလိုမရှိ။ အေးစက်သောဟန်ရှိ၏။ ယုံကြည်ရာကို ရောက်ရန် လမ်းစရှာတတ်၏။ သူများကြောင့် မှီခို၍ ကြီးပွားမှာမလိုလား။ အားနာစိတ်၊ ကျေးဇူးသိစိတ်ရှိတတ်၏။ တစ်ဖက်သား သနားစိတ်ကပင်လျှင် အားနည်းချက်အဖြစ်သို့ ရောက်ပြီး တစ်ခါတစ်ရံ ကိုယ်ကျိုးဆုံးရှုံးရလေ့ရှိ၏။ သည်းခံစိတ်ကို အတိုင်းအတာတစ်ခုထိထားလေ့ရှိတတ်၏။ ပညာတတ်လျှင် လွန်စွာကောင်းသောနက္ခတ်ဖြစ်၍ ထိုပညာနှင့် ထင်ရှားလိမ့်မည်။ သာမန်လူဆိုလျှင်တော့ အနေအေးအေး ဘဝအေးအေးနှင့် ရိုးရိုးရှင်းရှင်း ရှင်သန်နေထိုင်သွားတတ်လေ့ ရှိကြပါသည်။ အကောင်းဆုံးနက္ခတ် စာရင်းဝင်သည်။

## သမာထသူတော်စင်နက္ခတ်

နက္ခတ်ထဲတွင် သည်နက္ခတ်က ထူးခြား၏။ တွေ့ခဲရှားပါးသောနက္ခတ်ဟု ဆိုကြသည်။ နက္ခတ်ရှင်၏စရိုက်ကလည်း ဒွိစိတ်ရှိ၏။ ကောင်း၊ ဆိုးဒွန်တွဲနေတတ်၏။ ခုကောင်းနေသော်လည်း နောက်တစ်မျိုး ပြောင်းလဲဆိုးချင်ဆိုးလာ၏။ တစ်သမတ်တည်း ပုံသေမရှိ။ ပတ်ဝန်းကျင်ရိုက်ခတ်မှုက အဓိကပဲ့ကိုင် ဖြစ်၏။ စပ်စုစိတ်များ၏။ ဝါသနာစုံ၏။ ကြောက်တတ်၏။ မကောင်းရာဘက်သို့ ပုံသွန်းလောင်းခံရက လွယ်လွယ်ပင် ညွတ်ကိုင်း၏။ ကောင်းရာသို့ သွန်သင်ဆုံးမဖောင်းနှင်ပေးသော် မြန်မြန်ရောက်လွယ်တတ်၏။ ဘဝ၌ အခက်အခဲပြဿနာ အန္တရာယ်တစ်ခုခု မတွေ့သေးသမျှတော့ မထူးခြား။ တချို့ ကြုံဆုံခဲ့ပြီး ဘဝသည် အံ့ဩဖွယ် ပြောင်းလဲသွားတတ်၏။ သူတော်စင်ရဟန်း၊ ကိုယ်ကျိုးစွန့်လွှတ်ပြီး ပရဟိတကယ်တင်ရှင် စသဖြင့် ရောက်လေ့ရှိ၏။ ထို့အတူ ရဟန်းဘဝမှ လူထွက်ပြီး အနုညာတအဖြစ်ဝင်တာလည်းကြုံတတ်၏။ တစ်ဘဝမှ နှစ်ဘဝ အသွင်ပြောင်းတတ်သည့်နက္ခတ်ပင်။ အများအားဖြင့် သနားကြင်နာ ကူညီချင်စိတ်ရှိတတ်ကြ၏။ တစ်ပါးသူကို ပြဿနာမရှာတတ်။ အပျော်အပါးနည်းကြ၏။

နက္ခတ်အလိုက် လူ့စရိုက်ကို ရှာဖွေနိုင်ပါပြီ။ ကိုယ်ဖွားသော နက္ခတ်၏ အပျက်သဘောဆောင်သော စရိုက်တို့ကို မြင်အောင်ရှာပြီး ပြုပြင်ပြောင်းလဲပစ်သင့်ပါ၏။ လူတို့သည် ယေဘုယျအားဖြင့် ကြမ်းတမ်းသော အတွင်းစိတ်သည် အမြဲပေါ်လွင်မနေ။ ငုပ်လျှိုးနေလေ့ရှိကြပါ၏။ မိဘဆရာသမားတို့၏ ဆုံးမသွန်သင်မှုကြောင့်လည်းကောင်း၊ မိမိ၏အသိပညာ ရိုးရာယဉ်ကျေးမှုကြောင့်လည်းကောင်း ဆက်ဆံရေးအပြင် စိတ်ကျောက်သားလွှာက ဖုံးအုပ်ထားသည်။ သို့သော် ကြာရှည်မဟန့်တားနိုင်ပါ။ အရှိန်ပြင်းစွာ တွန်းတိုးထွက်ပေါက်ရှာနေသောအတွင်းစိတ်ရေအလျဉ်က တစ်နေ့နေ့တော့ ပေါ်လာစမြဲ။ ထိုအရာကား လူသားတို့၏ တစ်နည်းအားဖြင့်တော့ ပုထုဇဉ်သတ္တဝါတို့၏ မူလဓာတ်ခံစရိုက်ပင် ဖြစ်ပါလေသည်။ စရိုက်ကို ပယ်သတ်ဖို့ခက်ပါ၏။ ရဟန္တာမဖြစ်သေးသမျှတော့ မသတ်နိုင်သေး။ ရှေ့ဆက်နေရာယူ စိုးမိုးဦးမည်၊ လိုက်နေမည်။သည်တော့ အဆိုး၏အားပေးရာအာရုံတွေကို မလိုက်စားမိစေဘဲ အကောင်းဓမ္မ သံဝေဂတရားဖြင့် ယောနိသောမနသိကာရ နှလုံးသွင်း ဆင်ခြင်လျှောက်နိုင်ကြပါစေဟု။

နေဝင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုစနေ
ခွင့်လွှတ်နိုင်ကြပါစေ

ကျွန်တော်ဟာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအတွင်းမှာ ကျန်းမာရေးအခြေအနေအရ ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပါတယ်။ အငြိမ်းစားယူလိုက်ပေမယ့် ကျွန်တော့်အပေါ်မှာသာ မှီတည်နေတဲ့ မိသားစု(၃)ယောက်ရဲ့ စားဝတ်နေရေးအတွက် ဘယ်လိုရှုန်းကန်ရမလဲဆိုတဲ့ မေးခွန်းကို ကျွန်တော့်ခေါင်းထဲမှာ ဝုန်းဒိုင်းဆန်အောင် အဖြေတောင်းနေပါတယ်။

ဘာလုပ်ရင်ကောင်းမလဲ။

ဘာလုပ်ရင်ကောင်းပါ့မလဲ။

ဒီမေးခွန်းရဲ့အဖြေကို အချိန်နဲ့အမျှ ရှာပေမယ့် မတွေ့ဘူးဗျာ။ နောက်ဆုံးတော့ မြန်မာလူမျိုးတို့ရဲ့ 'အလုပ်မရှိ ဈေးရောင်း' ဆိုတဲ့ အန္တိမအကြံအတိုင်း ဈေးရောင်းဖို့ပဲ လုပ်ရတော့တာပေါ့။

ဟုတ်ပြီ၊ ဒီလိုဆိုဘာရောင်းမလဲ။

စားဝတ်နေရေးဆိုတဲ့ ထိုပုဂ္ဂိုလ်ကြီးဟာ အတော် အမေးအမြန်းထူပါလား။ ဘာရောင်းမှာလဲတဲ့။ ခေါင်းပူအောင်တွေးရပြန်ပါပြီ။ ဈေးရောင်းတယ်ဆိုတဲ့နေရာမှာ -

နံပါတ်(၁) လူတွေ နေ့စဉ်နဲ့အမျှ သုံးစွဲတဲ့ပစ္စည်း ဖြစ်ရမယ်။

နံပါတ်(၂) အသက်အရွယ်မရွေး သုံးစွဲနိုင်တဲ့ပစ္စည်း ဖြစ်ရမယ်။

နံပါတ် (၃) အရောင်းသွက်ပစ္စည်း ဖြစ်ရမယ်။

နံပါတ်(၄)ကျွန်တော်တို့လို အခြေခံလူတန်းစားတွေအတွက် အရင်းအနှီး မများတဲ့ ကုန်ပစ္စည်းမျိုးဖြစ်ရမယ်။

ကိုယ့်ဘဝ လက်ရှိအခြေအနေနဲ့ ကိုက်ညီမည့် အချက်အလက်တွေ ဆွဲထုတ် သတ်မှတ်လိုက်ရပေမယ့် ဘာရောင်းရမယ်ဆိုတာတွေးလို့ကိုမရဘူး။ ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ ကွမ်းတံတွေးထွေးလိုက်နဲ့ ဘေးလူတွေ မျက်စိနောက်လောက်အောင်ဖြစ်နေမိတယ်။ ကြံရာမရတဲ့အဆုံး စိတ်ပျက်လက်ပျက် ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြီး ကွမ်းအစ်ကိုဆွဲယူလို့ ကွမ်းယာတစ်ယာ ယာလိုက်တဲ့အချိန်မှာပဲ ဟုတ်ပြီ၊ ဒီကနေ့ လူကြီး, လူငယ်မရွေး သုံးစွဲနေတဲ့ ကွမ်းယာရောင်းမယ်။ ကောင်းလိုက်တဲ့အကြံဗျာ။ ကျွန်တော့်ကိုယ်ကျွန်တော် ဒီလောက်တော်မှန်း အခုမှပဲ သိတော့တယ်။ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးသွားတယ်။

ဒီလိုနဲ့ မြို့လယ်တစ်နေရာမှာ ကွမ်းယာဆိုင်ဖွင့်ဖြစ်သွားတယ်။ ကွမ်းယာဆိုင်ဆိုလို့ အထင်တော့မသေးနဲ့ဗျို့။ အခုခေတ်ပေါ်နေတဲ့ ဆေးမွှေးအမျိုးမျိုးရဲ့တန်ဖိုး၊ အမြဲတမ်း အပေါ်ကိုသာ ခုန်တက်ဖို့အားယူနေတဲ့ကွမ်းရွက်ဈေး၊ ကွမ်းသီးဈေးနဲ့ ဆိုင်အပြင်အဆင်တွေအတွက် ကုတ်ကုတ်ကတ်ကတ် စုဆောင်းထားတဲ့ ငွေတစ်သိန်းနီးပါးက ကြက်ပျောက်ငှက်ပျောက်ပဲ။

မနက်ပိုင်း ကျွန်တော့်အမျိုးသမီး အိမ်မှာ ချက်ရေးပြုတ်ရေးလုပ်နေတဲ့အချိန်မှာ ကျွန်တော် ဆိုင်ထိုင်ပါတယ်။ ထမင်းပို့ရင်းလာတဲ့ ကျွန်တော့်အမျိုးသမီးက နေ့လယ်ပိုင်းတာဝန်ပေါ့။ ညနေပိုင်းကတော့ ကျွန်တော်ဝင်ရတာ များပါတယ်။ ဆိုင်ကို ညစဉ် (၉:၃၀) နာရီလောက်အထိ ဖွင့်ပါတယ်။ ဒါ နေ့စဉ်အမျှ လည်ပတ်နေရတဲ့ ကျွန်တော်တို့ဇနီးမောင်နှံရဲ့ ကျင်လည်မှုပါ။ ကွမ်းယာကလည်း ရောင်းကောင်းတယ်ဗျာ။ ကျွန်တော်တို့နဲ့ အကျိုးပေးတဲ့လုပ်ငန်းပဲဆိုပြီး အထူးဂရုစိုက်ရသလို စားသုံးသူတွေအပေါ်မှာလည်း စေတနာအပြည့်ထားရတာပေါ့။ ဒါကြောင့်လည်း ရောင်းကောင်းတာ ဖြစ်မှာပါ။ ဆရာတော်တွေဟောတဲ့တရားတိုင်းလိုလိုမှာ စေတနာကောင်းရင် ကံကောင်းမယ် ဆိုတာ လက်တွေ့ပဲဗျို့။

ဒီလိုနဲ့ ကျွန်တော် ဆိုင်ဖွင့်တာ (၄) လလောက်ရှိတဲ့ တစ်နေ့၊ အဲဒီနေ့ကတော့ ကျွန်တော့်ဘဝအတွက် မေ့မရနိုင်တဲ့နေ့လို့ပြောရမှာပေါ့။ ဖြစ်ပုံက ဒီလိုဗျ။

ည (၉) နာရီကျော်လောက်မှာ ဆိုင်သိမ်းတယ်။ ဆိုင်သိမ်းတယ်ဆိုပေမယ့် ရောင်းရငွေကလွဲလို့ ပစ္စည်းအားလုံး ဆိုင်ထဲမှာပဲထားခဲ့တာမို့ ဘာမှသယ်စရာမလိုပါဘူး။ အားလုံးသိမ်းဆည်းပြီး ပြန်မယ်လုပ်တော့မှ နေ့လယ်ပိုင်းကအိမ်ပြန်သွားတဲ့ အမျိုးသမီးရဲ့ လက်ဆွဲခြင်းထဲမှာ ဓာတ်မီးပါသွားတာ သတိရတော့တယ်။ ခက်လိုက်တာ။ အပြန်လမ်းကို စဉ်းစားကြည့်မိတယ်။ ဆိုင်ကနေပြီး ကန်ကြီးတန်းလမ်းအဆုံးအထိ လမ်းမီးရောင်ကြောင့် အခက်အခဲမရှိပေမယ့် စည်ပင်သာယာ ကန်ပေါင်ပေါ်ရောက်တာနဲ့တစ်ပြိုင်နက် မှောင်နဲ့မည်းမည်း။ နေထိုင်ရာတောင်ဘက်မြို့သစ်ကို သွားစရာလမ်းတွေရှိပေမယ့် ကန်ပေါင်ပေါ်ကသွားလမ်းက အနီးဆုံးဖြစ်တဲ့အပြင် နေ့နေ့၊ ညည သွားနေကျမို့ပါ။

လဆန်း (၂) ရက်မို့ လရောင်ရေးရေးရှိတယ်ဆိုပေမယ့် အုပ်အုပ်ဆိုင်းဆိုင်းသစ်ပင်ရိပ်တွေကြောင့် လမ်းကိုတောင် မြင်ရဖို့မလွယ်ဘူးလေ။ ထားပါတော့ဗျာ၊ ဘာတတ်နိုင်မှာလဲ။ မထူးတော့တဲ့အဆုံး ကျွန်တော်တစ်ယောက်တည်း ခြေလှမ်းခပ်သွက်သွက်ပြန်လာခဲ့တယ်။ ထင်တဲ့အတိုင်းပါပဲ၊ ကန်ကြီးတန်းလမ်းဆုံးလို့ ကန်ပေါင်ပေါ်တက်လိုက်တာနဲ့ အမှောင်ထုက ဆီးကြိုနေပါတယ်။ မကြောက်ဘူးဆိုပေမယ့် နည်း



နည်းတော့တွန့်မိသား။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်သိရသလောက်ဆို ဒီကန်ကြီးထဲမှာ ရေနစ်သေခဲ့တဲ့လူပေါင်း (၆) ယောက်လောက်ရှိနေပြီ။ အဲဒီဆို ကန်ပေါင်ပေါ်မှာ အခြောက်အလှန့်ခံရ



www.burmeseclassic.com

www.burmeseclassic.com

ူးတယ်လို့ မကြာခဏကြားဖူးတယ်။ ဟုတ်ရင်လည်း ဟုတ်မှာပေါ့။ ကန်ပေါင်ပေါ်မှာက သစ်ကြီးဝါးကြီးတွေချည်းပဲဆိုတော့ အပင်တွေကိုအမှီပြုပြီးနေတဲ့ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်တွေ ရှိနေမှာပေါ့။ ဘယ်ပြောလို့ရမလဲဗျာ။

မြန်နေကျလမ်းဆိုပေမယ့် လူနေအိမ်တွေနဲ့ဝေးတဲ့အပြင် ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်နေတဲ့အမှောင်ထုကိုဖြတ်သန်းဖို့ တုံ့ဆိုင်းနေမိတယ်။ မျက်နှာချင်းဆိုင်ဘက်ကပဲဖြစ်ဖြစ်၊ နောက်ဘက်ကပဲဖြစ်ဖြစ် လူသွားလူလာရှိလိမ့်မလားလို့ မျှော်ကြည့်ပေမယ့် အရိပ်အယောင်တောင် မမြင်မိဘူး။ ခက်လိုက်တာ။

မယူးတော့တဲ့အဆုံး စိတ်တင်းပြီး အမှောင်လမ်းကို ခြေလှမ်းစ,လိုက်ပါတယ်။ အမှောင်ထဲကို လေး၊ ငါးလှမ်းလောက် လျှောက်မိတယ်ဆိုရင်ပဲ မျက်လုံးအကျင့်ရပြီး ခြေလမ်းဖွေးဖွေးလေး



ကို မြင်လိုက်ရတော့ အားတက်သွားမိတယ်။ လမ်းဖွေးဖွေးလေးအတိုင်း လိုက်လာရင်းက ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲဗျ။ ဘာဆိုတာတော့ တိတိကျကျ မပြောတတ်ဘူး။ လမ်းအတိုင်းလိုက်လာရင်းက ကန်ပေါင်အတိုင်း ပတ်သွားမည့်လမ်းက ကန်ထဲကို ဆင်းသွားတာတွေ့ရတယ်။ ကျွန်တော် ဒီမြို့ဇာတိပါ။ သာယာမြို့သစ်မှာနေခဲ့တာလည်း နှစ်





www.burmeseclassic.com

www.burmeseclassic.com

အတော်ကြာပါပြီ။ ဒီကန်ပေါင်လမ်းက သွားခဲ့တဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး။ တစ်ခါမှ ဒီလမ်းက ရေထဲကို ဆင်းသွားတာ မတွေ့မိဘူး။ အခုတော့ . . . ။

ကျွန်တော် တွေပြီးရပ်ကြည့်နေတုန်းမှာပဲ ကန်ရေစပ်မှာ ဇာတ်ထဲကလို နန်းဝတ်နန်းစားဝတ်ထားတဲ့ အမျိုးသမီးငယ်လေး(၃)ယောက်က သူတို့ဆီလာဖို့ လက်ယပ်ခေါ်နေတာတွေ့ရတယ်။မျက်နှာလေးတွေကလည်း တစ်ယောက်နဲ့တစ်ယောက်ခပ်ဆင်ဆင်ရယ်။ ညီအစ်မတွေဖြစ်မယ် ထင်တယ်။ ချောချက်ကတော့ မိုင်ကုန်ပဲဗျို့။ ပထမတော့ အမြင်များ မှားလေသလားလို့ ကျွန်တော် ကြောင်ပြီးတော့ကြည့်နေမိသေးတယ်။ နောက်တော့ ကျွန်တော့်ခြေလှမ်းတွေဟာ စိတ်ရဲ့စေစားချက်မပါဘဲ သူတို့ဆီကို အလိုလိုလှမ်းသွားနေမိတယ်။ ကျွန်တော် ရေစပ်ကိုရောက်သွားတဲ့အချိန်မှာ သူတို့က ရေလယ်ကို ရောက်နေပြီ။ ပြုံးနေတဲ့မျက်နှာလေးတွေနဲ့ သူတို့ဆီကိုလာဖို့အလှအယက်ခေါ်နေတြယ်။ ကျွန်တော်လည်း ရေစပ်ကိုဆင်းပြီး သူတို့ဆီကို တဖြည်းဖြည်းလိုက်သွားမိတယ်။ ရင်ခေါင်းလောက်မြုပ်တဲ့အထိ ရောက်နေပြီ။ ဒါပေမယ့် ရပ်တန့်မသွားဘဲ သူတို့ဆီရောက်အောင်သွားဖို့ ကြိုးစားနေတယ်။

အဲဒီအခိုက်မှာပဲ-

"ဟာ- ဟေ့. . . ဟေ့. . . ကန်ထဲမှာလူတစ်ယောက်ကွ"

"ဟေ့လူ- မသွားနဲ့၊ မသွားနဲ့"

ဆိုတဲ့ အသံနဲ့အတူ ဓာတ်မီးရောင်တွေကြောင့် ကျွန်တော် ဖျတ်ခနဲ အသိပြန်ဝင်လာတယ်။ အသိစိတ်ဝင်လာတာနဲ့တစ်ပြိုင်နက် ကန်စပ်ကိုလှည့်ပြန်ပေမယ့် ခြေထောက်တွေက လှုပ်ရှားလို့မရဘူး။ ရေအောက်မှာရှိနေတဲ့ ကြာရိုးကြာစွယ်တွေက ခြေထောက်ကို ရစ်ပတ်မိနေပြီ။ ကန်ပေါင်ပေါ်ကလူတွေက ပြန်တက်ခဲ့ဖို့ သတိပေးနေရတယ်။ ကြောက်စိတ်ကလည်း အထွတ်အထိပ်ကိုရောက်နေပြီ။ အဲဒီအချိန်မှာပဲ အမေသင်ပေးလို့ ငယ်စဉ်ကတည်းက အချိန်ရတိုင်း ရွတ်လေ့ရှိတဲ့ ဂုဏ်တော်ကိုးပါးနဲ့ သမ္ဗုဒ္ဓေဂါထာကို အပြေးအလွှား သတိရမိတယ်။ ခလုတ်ထိမှ အမိတ, လို့ ပြောချင်လည်းပြောကြပေတော့ဗျာ မတတ်နိုင်ဘူး။ ပါးစပ်က ဂုဏ်တော်ကို အပြေးအလွှားရွတ်၊ ခြေထောက်ကလည်း ကြာရိုးတွေကိုရုန်းနဲ့ တွေးကြည့်တော့ ရယ်စရာတော့အကောင်းသား။ ဒါက နောက်မှတွေးမိတာပါ။ အဲဒီအချိန်တုန်းကတော့ ရယ်နိုင်ဖို့နေနေသာသာ ကြောက်လွန်းလို့ ချွေးဒီးဒီးကျရောပါ့ဗျာ။

ကျွန်တော့်ရဲ့အခက်အခဲကိုသိတဲ့ ကန်ပေါင်ပေါ်ကလူတွေက ရေစပ်အထိ ဆင်းလာပြီး ဆွဲခေါ်တော့မှ ခက်ခက်ခဲခဲနဲ့ ကန်ပေါင်ပေါ်ပြန်ရောက်ခဲ့ရပါတယ်။ ကန်ပေါင်ပေါ် ခြေချမိတဲ့အချိန်မှာ ကျွန်တော်မတ်တတ်မရပ်နိုင်တော့ဘူး။ ကျွန်တော့်ကို ကူညီတဲ့အဖွဲ့ထဲမှာ သိတဲ့လူပါလာလို့ အိမ်ကို ချောချောမောမော ပြန်ရောက်ခဲ့တယ်။ အိမ်ရောက်ချိန်မှာ ခရီးကြမ်းတစ်ခုကို မနားတမ်း ဖြတ်သန်းခဲ့ရတဲ့ လူတစ်ယောက်လို အားအင်ကုန်ခန်းနေပါပြီ။ မှတ်ဉာဏ်ကောင်းနေဆဲဖြစ်တဲ့ ကျွန်တော့်ဦးနှောက်ထဲမှာတော့ ဖြစ်စဉ်အားလုံးကို မှတ်မိနေဆဲပါ။

ဒါပေမယ့် စဉ်းစားလို့မရတာတော့ တစ်ခုရှိတယ်။ ဒီလောက် မှောင်မည်းနေတဲ့ အ,ကာလ ညအချိန်ကြီးမှာ အလင်းရောင်မရှိဘဲ သူတို့သုံးယောက်ကို ဘာကြောင့် ထင်ထင်ရှားရှား သဲသဲကွဲကွဲမြင်ခဲ့ရသလဲ ဆိုတာကိုပါ။ သူတို့ဘာတွေဆိုတာသိပါတယ်။ တွေးမိတိုင်း ကြက်သီးဖြန်းဖြန်းထမိပေမယ့် ဒီနေ့အထိ သူတို့ညီအစ်မ(၃)ယောက်ရဲ့ မျက်နှာကို မြင်ယောင်ဆဲပါ။ နောက်ပြီး သူတို့ကို ဟိုးအရင်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသလိုပဲ။ ဘယ်မှာသိကျွမ်းခဲ့သလဲလို့ အထပ်ထပ်တွေးကြည့်တယ်။ တွေးလွန်းလို့ ခေါင်းတွေသာ မူးနောက်လာတယ်၊ အဖြေမရဘူး။ နောက်ဆုံးတော့ ကျွန်တော်နဲ့ မကြာခဏ ဒုလ္လဘရဟန်းဝတ်ဖူးပြီး စာပေဗဟုသုတလည်းရှိ၊ အတွေ့အကြုံလည်းများတဲ့ ဦးစိုးစိုးအောင်ကို မေးမြန်းကြည့်ခဲ့တယ်။

"တို့တွေဟာ သံသရာခရီးသည်တွေလေ ကိုရဲရဲ။ သံသရာခရီးတစ်လျှောက်လုံးမှာ ပဋ္ဌာန်းဆက်ကြောင့် ဟိုဘဝမှာ ဟိုလူတွေနဲ့ မိဘညီအစ်ကိုမောင်နှမသားချင်း တော်လိုက်ကြ၊ ပြီးတော့ သေကြ၊ ကွဲကြ။ နောက်ဘဝတစ်ခုရောက်တော့ နောက်လူတွေနဲ့ မိဘညီအစ်ကိုမောင်နှမသားချင်း တော်လိုက်ကြ၊ သေကြ၊ ကွဲလိုက်ကြနဲ့ ဘဝတွေများခဲ့ပြီ။ ရေတွက်လို့မတောင် ရပ့်မလားမသိဘူး။ အခုဘဝရောက်တော့လည်း ဒီအတိုင်းပဲ။ မင်းနဲ့ငါတွေ့ကြုံပေါင်းသင်းဆက်ဆံရတာလည်း ပဋ္ဌာန်းဆက်ကြောင့်ပဲ။ မင်းဒါကိုယုံရဲ့လား"

"ယုံပါတယ် ဦးစိုး"

"အေး - အဲဒီလို တွေ့လိုက်၊ ဆုံလိုက်၊ ပေါင်းလိုက်၊ ကွဲလိုက်နဲ့ ဘုရားရှင်ဆုံးမချပြခဲ့တဲ့ ဓမ္မလမ်းစဉ်ကိုဆုံးအောင် (မဂ်၊ ဖိုလ် မရသေးခင်) မကျင့်ကြံနိုင်သေးသမျှ၊ ဓမ္မခရီးဆုံးမရောက်သေးသမျှ တို့တစ်တွေ ဘယ်လောက်များကြာအောင် သံသရာခရီးကို လျှောက်နေရဦးမယ် မသိသေးဘူး။

ဒီလိုသံသရာကမထွက်နိုင်သေးသမျှကာလပတ်လုံး လျှောက်လှမ်းနေရတာ ဒုက္ခခရီးရှည်ကြီးပါလား။ တွေ့ကြုံဆုံကွဲတွေပါလားလို့ သိနေကြပါလျက်နဲ့ မိဘညီအစ်ကိုမောင်နှမသားချင်းတွေအပေါ် တကယ်မပိုင်တဲ့ လောကီစည်းစိမ်ချမ်းသာ၊ တိုက်တာလယ်ယာချောင်းမြောင်းအပေါ် ယုတ်စွအဆုံးကွာ အိမ်မွေးတိရစ္ဆာန်တွေအပေါ်မှာတောင်မှ သံယောဇဉ်ကြီးခဲ့ကြတယ်။ အဲဒီစွဲလမ်းစိတ်နဲ့သေခဲ့ရင် ပြိတ္တာဖြစ်ဖို့မလွဲဘူး ကောင်လေးရေ အဲဒါသတိထားရမယ်။ တိုတိုပြောပါစို့ကွာ၊ မင်းတွေ့ခဲ့တဲ့ မိန်းကလေးသုံးယောက်ဆိုတာလည်း တကယ်တော့ ဘဝတစ်ခုမှာ မင်းနဲ့ ပတ်သက်ဆက်စပ်ခဲ့ဖူးတယ်လို့ ငါထင်တယ်။ မပြတ်နိုင်သေးတဲ့ သံယောဇဉ်ကြောင့် မင်းကို သူတို့အရခေါ်တာပဲ။ မင်းကပဲအချိန်မတန်သေးလို့ သူတို့ကျော့ကွင်းက လွတ်ခဲ့တာလား၊ မင်းရွတ်ခဲ့တဲ့ သမ္ဗုဒ္ဓေဂါထာနဲ့ ဂုဏ်တော်တန်ခိုးကြောင့်လား ဆိုတာတော့ မင်းယူဆချင်သလို ယူဆလို့ရတယ်။ ငါ့စိတ်အထင်ပြောရရင်တော့ မင်းကို တရားဂုဏ်တော်က ကယ်လိုက်တာပဲ မောင်ရေ"

အဲဒီနောက်ပိုင်း နေ့နေ့၊ ညည ကန်ပေါင်ဘက်ကို မသွားတော့ဘူး။ ဦးစိုးပြောသလို ဘဝတစ်ခုမှာ တော်စပ်ခဲ့သူတွေက သံယောဇဉ် (သို့) အကြောင်းအမျိုးမျိုးကြောင့် ပြန်ခေါ်တယ်ဆိုရင်တောင်မှ မပြန်နိုင်သေးတဲ့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါလို့ ကျိတ်ပြီးအခါခါ မေတ္တာရပ်ခံခဲ့မိတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဇနီးနဲ့ သားလေးအတွက် အိမ်ထောင်ဦးစီးဆိုတဲ့ တာဝန်နဲ့ ဖခင်ဆိုတဲ့တာဝန်ကို မဖြစ်မနေ ထမ်းဆောင်ဖို့လိုအပ်နေသေးလို့ပါ။ ကံမကုန်ရင် ဘဝတစ်ခုမှာ ပြန်ဆုံနိုင်သေးတာမို့ အခုတော့ ကျွန်တော့်ကို ခွင့်လွှတ်ကြပါလို့။

ခိုစနေ



www.burmeseclassic.com


www.burmeseclassic.com

မင်းမင်းမြတ်

# သင့်မျက်နှာနှင့်သင့်ဘုန်းကံ




စိတ်မာတက်နိုင်မှုခြင်း။ ဆုံးဖြတ်ချက်ပြတ်သားခြင်းကို ပြသည့် ဖြောင့်တန်းသော



စိတ်အပြောင်းအလဲလွယ်သည့်၊ စိတ်မာတင်းနိုင်မှုအားနည်းသည့် မျက်ခုံးအကွေးပုံစံ



အရာရာ တည်ငြိမ်စွာဖြင့် ခိုင်မြဲအောင် ထိရောက်စွာ စွမ်းဆောင်နိုင်သည့် အပြားလိုက်တန်းနေသော မျက်ခုံးပုံစံ



တည်ငြိမ်မှုမရှိခြင်းသဘောကို ဖော်ပြနေသည့် ပွရောင်းနေသော မျက်ခုံးပုံစံ

**ပြောဆိုဆက်ဆံရေးတင်းမာမှု ပျော့ပျောင်းမှုတို့ကိုဖော်ပြသော မျက်ခုံးတည်ဆောက်ပုံအမျိုးမျိုး**

မျက်ခုံးတည်ဆောက်ပုံအမျိုးမျိုးသည် ဆက်ဆံရေးနှင့် ပတ်သက်၍ သဘောထားတင်းမာမှု၊ ပျော့ပျောင်းမှု၊ မိမိကိုယ်မိမိထိန်းချုပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု စသည့် အရည်အသွေးများတည်ဆောက်ပုံတစ်ခုချင်းစီအလိုက် ကိုယ်စားပြုထားသည်။

အစဉ်အလာအရ မျက်ခုံးအကွေးပုံစံမှာ အမျိုးသမီးများအတွက် ကောင်းမွန်ပြီး အမျိုးသားများအတွက် မကောင်းသောလက္ခဏာအဖြစ် သတ်မှတ်ထားသည်။ မျက်ခုံးမွေးအနေအထားသည် ပွရောင်းလျက်(သို့)ပြားကပ်လျက်ရှိနေနိုင်သည်။ မျက်ခုံးပြားနေပါက မျက်ခုံးမွေးထူလွန်းသည့်ပုံမရှိဘဲ မျက်ခုံးသားအောင်းနေပါက မျက်ခုံးမွေးများ တစ်ခုနှင့်တစ်ခု သိပ်သည်းထူထပ်စွာရှိနေပုံပေါ်နေပါမည်။ မျက်ခုံးပြားနေခြင်းသည် စိတ်ရှင်းအောင်နေတတ်သူဖြစ်ပြီး ပုံမှန်အတိုင်း ပြောဆိုလုပ်ကိုင်တတ်သည်။


ပွရောင်းနေသောမျက်ခုံးမွေးသည် တည်ငြိမ်မှုမရှိခြင်း၊ ငြီးငွေ့လွယ်ခြင်းသဘောကို ပြနေပါသည်။

**ဆက်ဆံရေးကောင်းမွန်သောရုပ်လက္ခဏာများ (အမျိုးသမီး)**


နှာခေါင်းတည်ဆောက်ပုံ ရှည်လျား ဖြောင့်စင်း၍ အသားဆူဖြိုးမှုရှိသော နှာခေါင်းပိုင်ရှင် အမျိုးသမီး ဖြစ်လျှင် မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရှိသော အမျိုးသားကိုသာ ရွေးချယ်တတ်ပါသည်။

နှာတံကျယ်ပြန့်သူအမျိုးသမီးဖြစ်ပါက လွတ်လပ်စွာနေတတ်ခြင်း၊ မည်သူ့အပေါ်မှ မမှီခိုတတ်ခြင်း၊ ခေါင်းမာတတ်ခြင်း၊ ရသမျှ အခွင့်အရေးကို အသုံးချတတ်ခြင်းရှိပါမည်။


မျက်လုံးအနေအထား ကြည့်လင်




နှာတံကျယ်ပြန့် ရှည်လျားသော နှာခေါင်း



ကြီးမား၍ အသားဆူဖြိုးမှုရှိသော နှာခေါင်း



အပေါ်နှင့်အောက်နှုတ်ခမ်း အချိုးအစားကျနေသောပါးစပ်



Phoenix Eyes



www.burmeseclassic.com

www.burmeseclassic.com

၍ အနည်းငယ် ကွေးနေသော မျက်ခုံး ပိုင်ရှင်အမျိုးသမီးဖြစ်လျှင် သံယောဇဉ် တွယ်တတ်သူ၊ စိတ်ထားနူးညံ့သူ ဖြစ်ပါမည်။

**Phoenix Eyes** ပါရှိသူ အမျိုးသမီးဖြစ်ပါက စတိုင်ရှိသူ၊ စမတ်ကျ၍ အဆင့်အတန်းရှိသူ၊ ဟာသဉာဏ်ရှိသူ၊ အမျိုးသားများအပေါ် ဆွဲဆောင်နိုင်သူ ဖြစ်ပါမည်။

အပေါ်၊ အောက် နှုတ်ခမ်းနှစ်လွှာ၏ အချိုးအစားမျှတသည့် ပါးစပ်ပိုင်ရှင်ဖြစ်ပါက မေတ္တာရေးအပေါ် တန်ဖိုးထား ယုံကြည်တတ်သူ ဖြစ်ပါမည်။


နဖူးပြင်လုံးဝန်း၍ အနည်းငယ် မြင့်ပါက ကျိုးကြောင်းဆင်ခြင်တတ်သူ၊ နားလည်မှုပြည့်ဝသူအမျိုးသမီး ဖြစ်ပါမည်။

မြင့်မားသောနှာတံ၏ (Point-41) တွင်ရှိ **Mountain Root** သည် သက်ဆိုင်သူ၏ မိမိကိုယ်မိမိယုံကြည်မှုရှိခြင်း သဘောကို ကိုယ်စားပြုပါသည်။ ၎င်းရုပ်လက္ခဏာပိုင်ရှင် အမျိုးသမီးသည် မိမိနှင့် မိမိခင်ပွန်းသည်တို့၏ ရပ်တည်စွမ်းဆောင်နိုင်သည့် အနေအထားအားလုံး ညီတူမျှတူအဖြစ် ခံယူထားတတ်သည်။


**Seat of Husband and wife** နေရာ အသားဆူဖြိုးနေပါက အိမ်ထောင်သည်ဘဝအတွင်း မိမိအိမ်ထောင်ဖက်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ အကောင်းဘက်က ရှုမြင်တတ်ခြင်းရှိပါမည်။

မေးစေ့တည်ဆောက်ပုံကြီး၍ အသားဆူဖြိုးပါက အသက်အရွယ်ကြီးလာစဉ် သားသမီးများစွာနှင့် ပျော်ရွှင်သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါသည်။

**ဆက်ဆံရေးကောင်းမွန်သောရုပ်လက္ခဏာများ (အမျိုးသား)**



**ဆံစလိုင်းသည် နားထင်မှ လက်ချောင်း (၂)ချောင်းစာအကွာတွင် ရှိနေပုံ**



**နှာတံမြင့်မား ကျယ်ပြန့်ပြီး အဖုအပိတ် လုံးဝ မရှိသော နှာခေါင်း**



**အတန်အသင့် ထူသော မျက်ခုံး**



**အသားဆူဖြိုးပြီး နေရာကျယ်သော မေးစေ့**

ဆံစလိုင်းသည် နားထင်မှအနည်းဆုံး လက်ချောင်းနှစ်ချောင်းစာအကွာတွင်ရှိနေပါက မိမိအိမ်ထောင်ဖက်(ဇနီး) ဖြစ်သူ၏ ထိန်းချုပ်ခြင်းမခံရဘဲ လွတ်လပ်သူ ဖြစ်ပါမည်။ ၎င်းအပြင် အိမ်ထောင်သုခနှင့် ပြည့်စုံနေပါမည်။

နှာတံကျယ်ပြန့် မြင့်မား၍ အဖုအပိမ့် လုံးဝမရှိသော နှာခေါင်းပိုင်ရှင် (အမျိုးသား) ဖြစ်ပါက မိမိကိုယ်မိမိ ယုံကြည်စိတ်ရှိပြီး ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ပါမည်။

အသင့်အတင့်ထူသော မျက်ခုံးပိုင်ရှင်ဖြစ်ပါက အပေါင်းအသင်းဆံ့သူ ဖြစ်ပါမည်။

အပေါ်၊အောက်နှုတ်ခမ်းနှစ်လွှာ အချိုးညီသော ပါးစပ်ပိုင်ရှင် ဖြစ်ပါကလည်း မေတ္တာရေးအပေါ် တန်ဖိုးထားသူ ဖြစ်ပါမည်။

မေးစေ့နေရာကျယ်ပြန့်ပြီး အသားဆူဖြိုးစွာရှိနေပါက မိမိမိသားစုနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် (အိမ်တွင်) အချိန်ပေး၍ပျော်ရွှင်တတ်သူဖြစ်ပါမည်။

အကယ်၍ မေးစေ့ချွန်သူဖြစ်လျှင် အပေါင်းအသင်းများနှင့် အပြင်ထွက်၍ ပျော်ပါးတတ်သူ ဖြစ်ပါမည်။

**Seat of Husband and wife** နေရာတွင် အသားဆူဖြိုးစွာရှိနေပါက အကောင်းမြင်ဝါဒ လက်ကိုင်ထားသူ၊ မေတ္တာရေးအပေါ် တန်ဖိုးထားသူ ဖြစ်ပါမည်။

**ဆက်ဆံရေးမကောင်းတတ်သောရုပ်လက္ခဏာများ (အမျိုးသမီး)**

နှာတံပေါ်၌ အဖုအထုံးများပါရှိသည့် အမျိုးသမီးဖြစ်ပါက ဒေါသစိတ်ကြီးသူ၊ စွာသူ ဖြစ်ပါမည်။ ၎င်းအမျိုးသမီးမျိုးအား ရုပ်လက္ခဏာ ရှုထောင့်အရ လက်မထပ်သင့်သော၊ အိမ်ထောင်ရေးအဆင်မပြေနိုင်သောသူအဖြစ် သတ်မှတ်နိုင်ပါသည်။

မျက်ခုံးမွေးမထင်ရှားသူအမျိုးသမီးတို့အား **White Tiger Brows** အဖြစ် တင်စားသတ်မှတ်သည်။ အဆိုပါအမျိုးသမီးများသည် ခက်ထန်ကြမ်းတမ်းစွာ ဆက်ဆံတတ်ခြင်း၊ အပြောအဆိုအပြုအမူမှန်သမျှ မိန်းမနှင့် မတူလောက်အောင် သိမ်မွေ့ညင်သာမှုမဲ့၍ ကျားတစ်ကောင်အလား ရက်စက်ကြမ်းကြုတ်တတ်သည်ကို သတိပြုရပါမည်။

မျက်ခုံးထိပ်ဖျားချွန်မြနေသူအမျိုးသမီးဖြစ်လျှင် အိမ်ထောင်ဖက်နှင့်အဆင်မပြေမှုများပြီး အချိန်မရွေး ကွာရှင်းပြတ်စဲရန် ဝန်မလေးတတ်သူဖြစ်ပါမည်။

မျက်အိမ်ကျယ်၍ဖန်ရောင်ထင်သောမျက်လုံးပိုင်ရှင်ဖြစ်ပါက စိတ်ထားမှုပြင်းထန်တတ်ခြင်းကြောင့် ပေါင်းသင်း




www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးမွေး ထောင်များသည့်ပုံ



နှာတံပေါ်၌ အဖုအထုံးများ ပါရှိနေသည့် နှာခေါင်းပုံစံ



မျက်ခုံးထိပ်များ ချွန်နေသည့်ပုံ



ဖန်ရောင်ထနေသည့် မျက်နှာပုံ



မျက်တွင်းဖောက်နက်၍ ညည်းနက်နေသောမျက်ဝန်း

တွေ့ဆုံရန် ခက်ခဲပါသည်။

မျက်တွင်းဖောက်နက်၍ မျက်ဝန်းညည်းနက်သူအမျိုးသမီးဖြစ်ပါက အိမ်ထောင်ရေး လိုဘမပြည့်တတ်သူ၊ စိတ်ပူပင်သောကများသူ ဖြစ်ပါမည်။

ပါးမိုးပေါ်အလယ်တည့်တည့်၌ မှဲ့ထင်ရှားစွာပါရှိလျှင် (အထူးသဖြင့်) မှဲ့သည် အပြင်စူထွက်နေဟန်ရှိလျှင် အိမ်ထောင်ဖက် ရွေးချယ် စေ့စပ်ထားသည့်အချိန် ပျက်ပြားတတ်ပါသည်။

Seat of Husband and wife အတွင်း ချိုင့်ဝင်နေပါက အိမ်ထောင်သည်ဘဝအား လိုလားယုံကြည် လက်ခံခြင်းမရှိသူ၊ မိမိ၏ အိမ်ထောင်သည်ဘဝအပေါ် စိတ်ကျေနပ်မှုမရှိသူ ဖြစ်ပါသည်။ အဆိုပါ လက္ခဏာရှိ အမျိုးသမီးအား (၎င်းအမျိုးသမီး၏အသက် ၄၀ တိုင်မီ)အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မိပါက အချိန်မရွေး ကွဲကွာနိုင်သည်ကို သတိပြုပါ။

**အိမ်ထောင်ရေးမကောင်းတတ်သောရုပ်လက္ခဏာများ (အမျိုးသား)**

မျက်ခုံးထူ၍ကြည်လင်သောမျက်လုံးရှိသူဖြစ်ပါက စိတ်တည်ငြိမ်မှုမရှိသူ၊ တစ်မျိုး တော်ကြာတစ်မျိုး စိတ်အပြောင်းအလဲမြန်သူ ဖြစ်သည်။

မျက်ခုံးမွေးထူပြီး ပွရောင်းနေပါက စိတ်ကူးယဉ်တတ်သူ၊ အရာရာအပေါ်အနက်မထားတတ်သူ၊ ပေါ့ပြက်ပြက်နိုင်သူအဖြစ် တွေ့ရပါမည်။

နားထင်ချိုင့်ဝင်နေပါက ဇနီးမယားအပေါ် ကြောက်ရတတ်သူ၊ အိမ်ထောင်ဦးစီးအဖြစ် ခေါင်းမဆောင်နိုင်သူ ဖြစ်ပါမည်။

နားထင်ဖောင်းနေသူ ဖြစ်ပါက ဇနီးမယား၏ဩဇာကို မလွန်ဆန်ရဲသူ၊ ဆရာလုပ်ခံရသူ၊ ဇနီးမယားအပေါ် မကျေနပ်ချက်များသူအဖြစ် တွေ့ရပါမည်။


နှာတံနိမ့်ဆင်းနေသူ ဖြစ်ပါက ပထမအိမ်ထောင်နှင့်မမြဲတတ်ခြင်း၊ အသက်(၄၁)နှစ်အရွယ်ထိတိုင် အိမ်ထောင်ရေး၌ ထိပ်တိုက် ရင်ဆိုင် ပြဿနာဖြစ်ရတတ်ခြင်းများနှင့် ကြုံတွေ့နေရပါမည်။

မက်မွန်သီးပုံစံရှိ မျက်လုံးသည် စိတ်အလိုလိုက်၍ ပေပေတေတေနေတတ်သူအဖြစ် ဖော်ပြနေပါသည်။

အပေါ်၊ အောက် နှုတ်ခမ်းသား နှစ်လွှာညီမျှမှုမရှိခြင်းကြောင့် လိင်ကိစ္စအပေါ် စိတ်လှုပ်ရှားလွယ်တတ်ပါသည်။

Seat of Husband and wife နေရာ ချိုင့်ဝင်နေခြင်းသည် အိမ်ထောင်ရေး၌ စိတ်ကျေနပ်မှုမရှိခြင်း၊ အိမ်ထောင်သည်ဘဝအဖြစ် မခံယူလိုခြင်း စိတ်ရှိနေခြင်းကြောင့် ၎င်းအမျိုးသား၏ အသက် (၄၀)မတိုင်မီ လက်ထပ်ယူမိပါက ကွာရှင်းပြတ်စဲမှုနှင့် ကြုံတွေ့ရနိုင်ပါသည်။


မင်းမင်းမြတ်




နားထင်ချိုင့်ဝင်နေပုံ



နားထင်အချိုင့်



နားထင်ဖောင်းနေပုံ



နှာတံချိုင့်ဝင်နေပုံ

www.burmeseclassic.com

www.burmeseclassic.com

ပေတ ဟူသည် ပကဋ္ဌေန သုခတော ဣတာဂတာ တိပေတာ - ချမ်းသာသုခမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတ မည်၏။

(အဘိဓမ္မတ္ထဘာဝိနီဋီကာ)

မနုဿတ္တဘာဝတော အပေတ္တာ ပေတ ပရိယာ ယောပိလဗ္ဘတိဧဝ - လူ့ခန္ဓာအတ္တဘောမှ ကင်းကွာ (ကွယ်လွန်) သွားသောကြောင့် ပေတဟု ခေါ်ဆိုခြင်းကို ရအပ်၏။

ပေတ၏ အနက်အဓိပ္ပာယ်ကို ဖော်ပြပါ ကျမ်းဂန်လာစကားရပ်များအရ သိနိုင်၏။

(၁) အချက်အရ ပြိတ္တာဘုံသို့ ရောက်သွားသူကို ရနိုင်ပြီး

(၂)အချက်အရ မည်သည့်ဘုံသို့ ရောက်သွားသူတို့အကြောင်းကိုမဆို အရာဌာနအားလျော်စွာ ရနိုင်လေသည်။

—- (ခုဒ္ဒကနိကာယ ပေတဝတ္ထုပါဠိတော်)

အထက်ဖော်ပြပါ ကျမ်းဂန်လာစကားများအရ ကျွန်တော်တို့ခေါ်နေကြသော ပရလောကသားများ ဟူသည် ပေတဟု ဆိုလျှင် (၂) အချက်အရ အကျုံးဝင်နိုင်ပေသည်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလထုတ် သုရဿမဂ္ဂဇင်းကြီးတွင် အရှင်ပညာသီဟာဘိဝံသ၏ 'နာနာဘာဝနှင့် တွေ့ဖူးသူများ'ဆောင်းပါးကို ဖတ်ရပါသည်။ ဆရာတော်၏ဆောင်းပါးကိုဖတ်ပြီးသောအခါ တွေ့ဖူးသူများတွင် ငါလည်းပါတာပဲဟု မိမိကိုယ်ကို ပြန်ဖြေမိပါသည်။

ကျွန်တော်သည် နာနာဘာဝ ဆိုသော ပရလောကသားများနှင့် ရေစက်ဆုံလေသည်လား မသိပါ။ မကြာခဏဆုံဖူးပါသည်။ အများသူငါပြောကြသည့် ဝေါဟာရအတိုင်းပြောရသော် အခြောက်ခံရသည်ဟု ဆိုရပါမည်။ ကျွန်တော်သည် အသက် (၁၅) နှစ်သားခန့်မှစ၍ ယနေ့ (၇၆) နှစ်တိုင် သမ္မာဒိဋ္ဌိဂါထာ ရွတ်သူဖြစ်၍ ထိုလောကသားများကို ကြောက်စိတ်မဝင်ပါ။ ထို့အပြင် ပေတဘဝရောက်နေသည်ကို သိနားလည်သောကြောင့် သနားမိပါသည်။ ထို့ကြောင့်လည်း ခြောက်လှန့်သည့်တိုင် မကြောက်တော့ပါ။

ထိုပရလောကသားများနှင့် မည်မျှအထိဆုံဖူးပါသနည်းဆိုလျှင် သူတစ်ပြန်ကိုယ်တစ်ပြန် နပန်းလုံးရသည်အထိ ကြုံခဲ့ရပါသည်။ ပရလောကသားနှင့် နပန်းလုံးရသောနေရာသည် လူမနီးသူမနီးတောကြီးအတွင်းရှိ ချောင်းငယ်တစ်ခုကို ဖြတ်သန်းခိုက်ဖြစ်သလို အချိန်အားဖြင့် ည (၁၀) နာရီခန့် လမင်းမသာကြယ်မလင်းသည့် အမှောင်ထဲတွင် လုံးကြရခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ တစ်ကိုယ်လုံး ကျွဲရှုံ့လူးသလို



ရစရာ မရှိအောင် ဖြစ်သွားပါသည်။ ကြောက်တတ်သူသာဖြစ်ပါက ထိုနေရာ၌ပင် သေချင်သေ၊ မသေလျှင် ရူးသွားနိုင်ပါသည်။ အထင်ကြီးစေရန် လုပ်ကြံရေးသားခြင်း မဟုတ်ကြောင်း သစ္စာတရားဖြင့် ဆိုပါသည်။ အလျဉ်းသင့်ပါက အကျယ်ကို ဖော်ပြပါဦးမည်။

ဤတွင် မေးစရာတစ်ခုရှိလာနိုင်ပါသည်။ သမ္မာဒိဋ္ဌိသမားဖြစ်လျက် ပရလောကသား(သရဲ)နှင့် တွေ့ရသလားဟု။ ကျွန်တော့်ခံယူချက်အရ ပြောရသော် သမ္မာဒိဋ္ဌိရွတ်၍ မခြောက်ဘူးဟု မခံယူပါ။ သမ္မာဒိဋ္ဌိကြောင့် မကြောက် (သတ္တိရှိသည်) ဟုသာ ခံယူပါသည်။ ထိုပရလောကသား၏အပြုအမူကို ခြောက်သည်ဟု မယူဆဘဲ အပျင်းပြေ နောက်ပြောင်သည်ဟုသာ ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် နပန်းလုံးကြရင်း ခြေထောက်မှကျွတ်၍ ချောင်းရေထဲ မျောပါသွားသည့် ဖိနပ်တစ်ဖက်ကို သူ... နေသည့် သပြေပင်ခွကြားတွင် တင်ထား... ကြောင်း နောက်နေ့မနက်တွင် တွေ့ရ... သောကြောင့် ဖြစ်ပါသည်။

တစ်ကြိမ်ကလည်း အချိန်လင့်နေ... သည့်တောလမ်းခရီး တောင်ခိုးတွေဝေ... နေခိုက် ခရီးသွားဖော်ပုံစံဖြင့် ရှေ့မလှမ်း... မကမ်းမှ ဦးဆောင်သွားနေသည်ကို ကြုံ... ခဲ့ရပါသည်။ ကျွန်တော်လည်း လူပင်ထင်သောကြောင့် သူနောက် မီအောင် လိုက်ပါသည်။ မီလုမီခင် ပေ(၅၀)ခန့်အရောက်တွင် -

'ဟိုရှေ့ကဆရာ မြေပုံရွာကပဲလား'

ဟု လှမ်းမေးလိုက်စဉ် တစ်ချက်... ပြန်လှည့်ကြည့်ရင်း စိန်နားပန်... ချုံအတွင်း ဝင်ရောက် ပျောက်ကွယ်သွား...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုစိန်နားပန်ဆူးချွသည် လူ
ယောက် မဆိုထားနှင့်၊ ခွေးတစ်
ကောင်ပင် မတိုးနိုင်အောင် ကျပ်ပိတ်
သောချုံဖြစ်ကြောင်း တွေ့ရပါသည်။
း‌လွင်မြို့နယ် မြေပုံကျေးရွာဝန်း
ကျင်တွင် ဘောက်ဆိုက် (Bauxite)

သယ်ဇာတလေ့လာရှာဖွေစဉ်က ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ် (၁၀) တန်းကျောင်းသားဘဝ၌ ကျွန်တော်တို့ ကွမ်းခြံရွာ ရွာဦးကျောင်းတွင် အသစ်ရောက်လာသော ကျောင်းထိုင်ဆရာတော် အဖော်ရစေရန် ညဘက် စာကျက်ရင်း ဆရာနှင့်အတူ တိုက်ကျောင်းအပေါ်ထပ်တွင် အိပ်ပါသည်။ တိုက်ကြီးမှာ ရေးထိုးထားသော သက္ကရာဇ်အရ ရေးနှစ်ပေါင်း (၉၀) ကျော်က တိုက်အိုကြီး ဖြစ်ပါသည်။ ဆရာတော်က ဘုရားခန်းရှေ့တည့်တည့်အလယ်၌ အိပ်၍ ကျွန်တော်က မြောက်ဘက်ပြတင်းပေါက်နားတွင် အိပ်ပါသည်။

ကျွန်တော်တို့အိပ်သည်မှာ တိုက်အပေါ်ထပ်ဖြစ်၍ အောက်ထပ်၊ အပေါ်ထပ် (၁၀) ပေခန့် မြင့်ပါသည်။ အိပ်မည်ဟု မီးအိမ်ကို မှိန်မှိန်လေးထား၍ ဟိုဒီတွေးနေဆဲ မျက်နှာပေါ်သို့ လက်အေးအေးကြီးတစ်ဖက် လာအုပ်ခြင်းခံရသည်။ ကျွန်တော်သည် ဘယ်ကောင်လဲကွ ဆိုကာ ချက်ချင်း ထထိုင်၍ မီးမြှင့်ကြည့်ပါသည်။ ဆရာတော်လည်း သူ့ခုတင်၌ ဟောက်သံပေး၍ ကျိန်းစက်နေပါပြီ။ ကျောင်းတိုက်ကြီးတစ်ခုလုံးတွင် လူသားဆို၍ ကျွန်တော်နှင့် ဆရာတော်သာ ရှိပါသည်။ ဘာမှမတွေ့ရသဖြင့် ငါ စိတ်ထင်လို့နေမှာပါဟု တွေးရင်း မျက်လုံးမှိတ်၍ ပြန်အိပ်ပါသည်။

ကျွန်တော် စိတ်ထင်ခြင်းမဟုတ်ပါ။ တစ်မိနစ်ခန့် ကြာပါသည်။ ကျွန်တော်၏နှာခေါင်းကို ဆွဲလိမ်လိုက်သဖြင့် 'အား' ဟု အော်ကာ ထရပြန်ပါသည်။ ဆရာတော်လည်း နိုးလာသဖြင့် အကျိုးအကြောင်းပြောရာ -

"ငါ့အနားလာအိပ်"

ဟု ဆိုသဖြင့် ဆရာတော်ခုတင်နား သွားအိပ်ရပါသည်။ နောက်ပိုင်းတွင်



# သဗိတ်ကျင်း ကျော်ကျော်ထွန်း

## ပရလောကသားများနှင့် ကျွန်တော်သရဲဖြစ်ခဲ့သလား



www.burmeseclassic.com

www.burmeseclassic.com

မည်သူမျှမရှိသော ကျောင်းခြံထဲ၌ ည အချိန် မိန်းမများကျယ်လောင်စွာစကား ပြောသံ ကြားရပါသည်။ သူတို့ ဘာသာ ပြောဆိုနေကြသည်ကို ကြားရခြင်းဟု သာ မှတ်ယူပါသည်။

တစ်ခါကလည်း ကျွန်တော်တို့ အဖွဲ့သား (၆) ယောက်ပါသောအုပ်စု ကလောမြို့မှ (၉)မိုင်ဝေးသော ပလောင် တောင်သို့ ပြန်လာရာ ည (၈) နာရီခန့် တွင် စခန်းနားရောက်ခါနီး ရွှေမင်းဘုံ တောင် အဆင်းလမ်းတည့်တည့်တွင် လမ်းအလယ်၌ တစ္ဆေကြီးတစ်ကောင် အိပ်နေသည်ကို တွေ့ရပါသည်။ အား လုံး ဝိုင်း၍ ခဲများဖြင့်ပစ်ကြမှ ပျောက် သွားပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ နယ်အတွင်း ရိုးမတစ်နေရာရှိ ကျောက် မီးသွေးကြောများ လေ့လာ ရှာဖွေရေး လုပ်စဉ်က ကျွန်တော်တို့အဖွဲ့နေသော တဲအားခဲများဖြင့်ပစ်ခြင်း၊ ထရံကို တုတ် ဖြင့် ပြင်းထန်စွာလာရိုက်ခြင်းလုပ်ရာ မည်သူမျှထွက်မကြည့်ဝံ့ချေ။ ကျွန်တော် တစ်ယောက်သာလျှင် တုတ်နှင့်လာရိုက် သော ပရလောကသားကို ချက်ချင်း ထွက်ရှာပါသည်။ ကျွန်တော် မကြောက် မှန်းသိသွားသောကြောင့်လား မသိပါ။ နည်းဗျူဟာတစ်မျိုးပြောင်းသွားပါသည်။

စခန်းဘေးပတ်လည်ရှိ ဝါးတော များကို ဆင်ကြီးတစ်ကောင်တိုးဝှေ့လာ သလို ဝါးလုံးကျိုးသံများ၊ တောတိုးသံ များ ကြားရပြန်ပါသည်။ ကျွန်တော် လည်း တကယ် ဆင်ရိုင်းဆိုရလျှင်လည်း သေနတ်နှင့်ပစ်မည်။ (လုံခြုံရေးအဖွဲ့ပါ ပါသည်။) တောခြောက်တာဆိုလျှင် တော့ Sorryပဲဆိုပြီး သမ္ဗုဒ္ဓေဂါထာရွတ် ပြီး ထဲပြင်ထွက်ကြည့်ရပြန်ပါတယ်။ ဘာ ဆင်မှမလာပါဘူး။တစ်တောတစ်တောင် လုံး ပုရစ်အော်သံတောင် မကြားရအောင် တိတ်ဆိတ်နေပါသည်။ ထိုဓားသွေး ကျောက်ချောင်းတောကြီးတွင် ဆင်ရိုင်း များလည်းရှိသောကြောင့် ထွက်ကြည့်ရ ခြင်း ဖြစ်ပါသည်။ ပရလောကသားများ ၏ ခြောက်လှန့်ခြင်းသာ ဖြစ်ပါသည်။

၁၉၆၄ခု၊ ဇွန်လအတွင်းက ဖာပွန် မြို့နယ် နမ့်ခွတ်စီးကျေးရွာအနီး တော ကြီးထဲရှိ စခန်းခွဲရုံး၌ ခေတ္တရောက်ရှိနေ ပါသည်။ ည (၈) နာရီခန့်တွင် တပ်ခွဲ တစ်ခွဲလုံးရှိလူများ အထိတ်တလန့်ဖြစ် လောက်အောင်ပင် 'ဟီး. .·. ဝေါဝေါ'ဆို သည့် ကြောက်မက်ဖွယ်ရာအသံကြီးကို ခွဲရုံးနှင့် အပြင်ကင်းကြားမှ ကြားရ၏။

ထိုစဉ် ခွဲမှူးဗကက-

"ဟေ့- အပြင်ကင်း၊ မင်းတို့ထံက ဘာဖြစ်သလဲ"

ဟု ဆက်သွယ်ရေးစက် Inter Com ဖြင့် မေးရာ -

"ဟဲလို ဗတ၊ ကျွန်တို့ထံကမဟုတ် ဘူး။ ခွဲရုံးဘက်ကကြားတာ"

ဟု ပြန်ဖြေပါသည်။

လူလေး၊ ငါး၊ ခြောက်ဆယ်ကိုပင် ထိတ်လန့်စေနိုင်သော ပရလောကသား များ၏ စွမ်းဆောင်နိုင်မှု ဖြစ်ပါသည်။

သပိတ်ကျင်း (၅) မိုင်စခန်း ဖော့ စဖိတ် Phosphate သယံဇာတလေ့လာ ရှာဖွေရေးလုပ်စဉ် ၁၉၈၆ ခုနှစ်က ည (၈)နာရီခန့်တွင် ကျွန်တော်တစ်ဦးတည်း နေသော တဲအတွင်းသို့ အသက်(၁၈)နှစ် ခန့်ရှိ မိန်းကလေးတစ်ဦး (ပရလောက သား) ဝင်လာဖူးပါသည်။ ထိုမိန်းကလေး ကို သမ္ဗုဒ္ဓေနှင့်မရဘဲ မေတ္တာပို့ခြင်းဖြင့် အောင်နိုင်ခဲ့ပါသည်။ ထိုမိန်းကလေးပင် ကျွန်တော်၏အလုပ်သမားဖြစ်သူ ဇော် ပေါက်(ဘာသာခြား)၏တဲသို့ ဝင်လာ ပြန်သဖြင့် ဇော်ပေါက် ကြောက်လန့်ကာ ကျွန်တော်နှင့် လာအိပ်ရပါသည်။ ဝိုးတ ဝါးမဟုတ်ဘဲ ထင်ထင်ရှားရှားကြီး မြင် တွေ့ရခြင်း ဖြစ်ပါသည်။

ပရလောကသားများနှင့် ကျွန် တော်သည် အတော်များများပင် ရေ စက်ဆုံဖူးသလို ကျွန်တော့်ကိုယ်၌က လည်း မကြောက်တတ်သောကြောင့် ကျွန်တော့်ဇနီးက-

"အစ်ကိုကြီးက ဘယ်ကြောက် မလဲ၊ သရဲဘဝကလာတဲ့သူပဲ"

ဟု ဆိုဖူးပါသည်။

သူ့စကားကို မငြင်းလိုပါ။ နိဗ္ဗာန် ကို မရောက်သေးသမျှကာလ (၁၁) ဘုံ (နတ်ပြည်ခြောက်ဘုံ+လူ့ဘုံတစ်+ငရဲအုံ လေး)တွင်ကျင်လည်နေကြရသော ကျွန် တော်တို့သည် တေဘုမ္မာသီချင်းထဲက လို အပါယ်လေးဘုံမှာ ကျွန်တော်တို့နေ ရာဟောင်းများသာ ဖြစ်ပါ၏။

ကျွန်တော်ဆုံခဲ့ရသော ပရလော ကသားများ များစွာရှိသေးသော်လည်း နောက်ဆုံးတစ်ခုကိုသာ ဖော်ပြပါတော့ မည်။ အဘယ်ကြောင့်ဆိုသော် အပြန် အလှန်စကားပြော Conversation ခဲ့ရ သောကြောင့် ထူးခြားသည်ဟု ဆိုနိုင် ၏။ ထိုပရလောကသားမှာ ကျွန်တော် ကို မိရိုးဖလာပ,သသော (ဒေဝတာဗလိ) မြင်းဖြူရှင် ဖြစ်ပါသည်။

ရှမ်းရိုးမတောင်ပြာတန်းကြီးများ အတွင်းတစ်နေရာရှိ သတ္တုတွင်း (Wol fram) တစ်ခု၌ တာဝန်ထမ်းဆောင်[illegible] စဉ်က ဖြစ်ပါသည်။

စာကြည့်စားပွဲ၌ထိုင်နေစဉ် အသံ[illegible] တစ်သံကိုကြားရပါသည်။ ထိုအသံမှာ[illegible] ကျွန်တော်တစ်ဦးတည်းသာကြားသော[illegible] အသံ ဖြစ်သည်။ အသံရှင်မှာ မြင်းဖြူရှင် ဆိုသော ပရလောကသားဖြစ်ကြောင်း အလိုအလျောက် သိနေပါသည်။ (ဘာ[illegible] ကြောင့်သိသလဲ မရှင်းပြတတ်ပါ။)

အသံ -

"ငါ့မှာဗောင်းတော်မရှိဘူးကွ"

ကျွန်ုပ် -

"ဘာဗောင်းတော်လဲ"

အသံ -

"ဒေဝတာဗလိလုပ်တဲ့ ဗောင်း[illegible] တော်"

ကျွန်ုပ် -

"အုန်းသီးပေါ်တင်တဲ့ ဖျင်ဖြူ ဖျင် နီ ပြောတာလား"

အသံ -

"ဟုတ်တယ်၊ အဲဒါပဲ"

ကျွန်ုပ် -

"ကောင်းပြီ၊ လုပ်ပေးမယ်"

အထက်ပါအတိုင်း ကျွန်တော်နှင့် မြင်းဖြူရှင် ဆိုသော ပရလောကသားတို့ စကားပြောကြပြီး စဉ်းစားသည်။ ဘာ ဗောင်းတော်လဲ၊ ဘယ်မှာလဲဟု စဉ်းစား ၍ မရပါ။ စဉ်းစား၍ မရသည့်အဆုံး ကျွန်တော်၏ဇာတိရပ်ရွာရှိ အစ်မကြီးထံ စာရေးလိုက်ပါသည်။ သတ္တုတွင်းနှင့် ဇာတိရပ်ရွာသည် မိုင်(၃၀၀)ကျော် ကွာ ဝေးပါသည်။ တစ်လခန့်အကြာတွင် အစ်မကြီးထံက ပြန်စာရပါသည်။

"မောင်လေး၊ နင်ရေးလိုက်တဲ့စာ ရမှ ဝါဝင်တုန်းက မြင်းဖြူရှင်အုန်းလဲ ထားတာကြည့်မိတယ်။ ဖျင်ဖြူ ဖျင်နီ ဗောင်းတော် မှုပြီးမထည့်မိဘူး။ ခုချက် ချင်းပဲ ထည့်လိုက်ပြီးပါပြီ"

ဆိုတဲ့စာပါပဲ။

ထို့ကြောင့် ကျွန်တော့်ဇနီး (တင် တင်နွဲ့-ရန်ကုန်တက္ကသိုလ်) ပြောသလို ပရလောကသားများနဲ့ ဒီလောက် ရေ စက်ဆုံတာ ကျွန်တော် သရဲဖြစ်ခဲ့လေ- သလားလို့။

အဝေရာဟောန္တု၊
အဗျာပဇ္ဇာဟောန္တု
အနီဃာဟောန္တု။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com



## အရှိတရားနှင့်အဖြစ်တရား

### ချောင်းဆုံအုန်းသွင်

လောကတွင် 'အရှိတရားနှင့် အဖြစ်တရား' ဟူ၍ နှစ်မျိုးရှိပါသည်။ ဥမာ ကောင်းကင်လဟာပြင်ကြီးသည် အရှိတရား ဖြစ်၍ ကောင်းကင်တွင် ဖြစ်ပေါ်လာသော ကမ္ဘာနှင့် အခြားဂြိုဟ်များသည် အဖြစ်တရား ဖြစ်ပါသည်။ ဖြစ်ခြင်းသဘောရှိသော တရားမှန်သမျှ ပျက်ခြင်းသဘောရှိသည်ဟူသော မြတ်စွာဘုရား၏ နောက်ဆုံးစကားအတိုင်း အဖြစ်သဘောမှန်သမျှ မမြဲခြင်းသဘော (အနိစ္စ) သာ ဖြစ်ပေသည်။ ထို့ကြောင့် ကမ္ဘာဂြိုဟ်များပျက်ရသည်။ ကောင်းကင်က မပျက်။

ကျွန်တော်တို့ကို မွေးခြင်းအားဖြင့် ဖြစ်လာရသည်။ အနိစ္စတရားအပေါ် အခြေခံသည်။ မွေးချိန်မှသေချိန်အထိ အနိစ္စသဘောဖြင့် အမြဲပြောင်းလဲနေသည်၊ သတိမပြု၍ထင်သာမြင်သာမရှိ။ အသက် (၁၀၀) နေရသူအဖို့ (၁၀) နှစ်စီ ခွဲခြင်းလိုက်လျှင် (၁) လမှ (၁၀) နှစ်သား အရွယ်နှင့် (၁၀) နှစ်၊ (၁) လမှ အသက် (၂၀) အရွယ်ကိုယှဉ်သော် လုံးဝ ကွဲပြားခြားနားသည်ကိုတွေ့ရပေမည်။ ထို့ထက် (၁) လမှ (၁၀) နှစ်အရွယ်နှင့် (၉၀)၊ (၁) လမှ (၁၀၀) အရွယ် ယှဉ်လျှင်တော့ လုံးဝမှမတူဘဲ ပြောင်းလဲနေသည်ကိုတွေ့ရပေမည်။ အနိစ္စအပေါ် အခြေတည်သောလူသည် နောက်ဆုံးသေရမည်သာ။ 'အနိစ္စခန္ဓာ'။

ဆိုဖာပေါ် ဇိမ်ဖြင့်ငြိမ်ငြိမ်ထိုင်နေသူနှင့် မရပ်မနားပြေးနေသူ မည်သူက ချမ်းသာပြီး မည်သူက ဆင်းရဲမည်ကို ရှင်းပြစရာမလို။ မရပ်မနား ပြေးနေရခြင်းနှင့်တူသော ကျွန်တော်တို့ခန္ဓာသည် ဆင်းရဲသောခန္ဓာလော၊ ချမ်းသာသော ခန္ဓာလော ဖြေစရာမလို။ ထို့ပြင် မွေးသည်မှ သေသည်အထိ ရောဂါဝေဒနာ မဖြစ်ဘူးသူ မရှိ။ တစ်ခု သို့မဟုတ် ထို့ထက်ပိုသောရောဂါများဖြင့် နေသွားကြရသည်။ဘယ်တော့မှမဖြစ်ခဲ့လျှင်တောင် နောက်ဆုံး သေခါနီး ရောဂါဝေဒနာ မခံစားရဘဲသေသူမရှိ။ ထို့ကြောင့် ကျွန်တော်တို့၏ ခန္ဓာသည် ငယ်ထိပ်အစ ခြေမအဆုံး ဒုက္ခတရားတွေ ရစ်ပတ်လွှမ်းခြုံထားသည့် ဒုက္ခသစ္စာ။

မအိုမသေချင်၊မြဲချင်သူက'ကိုယ်'။ မနာချင်၊ ချမ်းသာချင်သူက 'ကိုယ်'။ မမြဲစေ၊ ဆင်းရဲစေတာက 'သူ'။ ကိုယ် - အစိုးမရ၊ သူ-သာအစိုးရသည်။ သူ့ဩဇာအောက်တွင်ကိုယ်နေရသည်။ 'သူ'ကား အနတ္တ-အနတ္တခန္ဓာ။

အဖြစ်တရားနယ်ပယ်တွင်နေရ၍ အို၊ နာ၊ သေ နေရသော ကျွန်တော်တို့သည် အရှိတရားနယ်ပယ်ကို ကူးလိုက်သော် မအို၊ မနာ၊ မသေရတော့။ အဘယ်ကြောင့်ဆိုသော် အရှိတရားနယ်ပယ်တွင် 'မမွေးတော့'သောကြောင့် ဖြစ်ပါသည်။ ထိုနယ်ပယ်ကား 'နိဗ္ဗာန်' ဖြစ်ပါသည်။ နိဗ္ဗာန်သည် 'အရှိတရား' မသေချင်လျှင် မမွေးနှင့်တော့။

မမွေးတော့အောင်လုပ်သည့်နည်း ရှိပါသည်။ ထိုနည်းကား 'မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်' ပေတည်း။ ထိုနည်းဖြင့် 'အဖြစ်နယ်ပယ်' မှ 'အရှိနယ်ပယ်' သို့ ကူးရပါမည်။ မအို၊ မနာ၊ မသေလိုသူများ မဂ္ဂင်ရှစ်ပါး မြတ်တရားကို ကျင့်ကြံပွားများ ကြိုးစားအားထုတ်ကြပါ။

အထက်ပါသဘောတရားကို အလေးအနက်ထားပြီး နှလုံးသွင်းပွားများ ရှုဖြင့်ပင် ကောင်းကျိုးများလှပါပြီ။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

မှိုင်းညို့ညို့တောင်ယံတစ်ကြောတွင် အိပ်တန်းမှ နိုးထလာကြသော ကျေးငှက်ကလေးများ ကိုယ်စီကိုယ်င တေးဆိုနေကြလေပြီ။ တစ်ခါတစ်ရံ ထွက်ပေါ်လာသည့် တောကြက်တွန်သံကလေးများကလည်း တောမြိုင်အလယ်မှာ ပဲ့တင်ထပ်နေ၏။ တောင်ထိပ်ပေါ်မှ ပြူထွက်လာစ နေမင်းကြီးသည် သူ၏ စူးရှသော အလင်းရောင်တို့ဖြင့် တဖွဲဖွဲကျဆင်းနေသောဆီးနှင်းများကို တရစပ်ဖြိုခွင်းနေ၏။ ဤနယ်မြေတစ်ဝိုက်ကို အများက ကျတ်ကုန်းဟု သတ်မှတ်ခြင်းခံထားရသောကြောင့် လူသူအရောက်အပေါက်နည်းလှန်းလှသည်။

ဤသည်ပင် တောရိုင်းတိရစ္ဆာန်များအတွက် မဟာအခွင့်အရေးကြီးတစ ခု ဖြစ်ခဲ့သည်။ အထူးသဖြင့် မျောက်အ လွန်ပေါသည့်နေရာတစ်ခုပင်။ လူသူအ ရောက်အပေါက်နည်းပါးသော ထိုနေ ရာသို့ နေ့စဉ်လိုလို ရောက်ရှိနေသူကား စိုးတင်မောင် ဖြစ်သည်။ ဤတောအုပ် အတွင်း လျှိုမြောင်တွေကြားထဲတွင် စိုး တင်မောင်၏ လယ်ကွက်များ ရှိနေ၏။



ရောင်ပြန်ဝင်ကြေး
မှဒီတာ(ရွှေစည်ပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

မ်းရေးအခက်အခဲကြောင့် လူတွေမ ဘုံသော ဤနေရာသို့ သူရဲကောင်း ပ်၍လာခဲ့ခြင်း ဖြစ်သည်။

"စိုးတင်မောင်၊ မင်းသွားတဲ့နေရာ ဟာ ကျတ်ကုန်းကြီးနော်။ အန္တရာယ် ပ်များတယ်ကွ။ တခြားအလုပ်တွေ ပြောင်းလုပ်စမ်းပါကွာ"

"မယုံမရှိနဲ့ စိုးတင်မောင်၊ အဲဒီ နေရာဟာ တကယ့်နာမည်ကြီးပဲ။ မင်း ယ်စား ငါတော့ ကျောချမ်းလိုက်တာ ကွာ၊ တောနက်ကြီးထဲမှာ တစ်ယောက်တည်း"

စိုးတင်မောင်ကို ထောက်ခံမည့်သူ မရှိ။ ဤစကားသံတွေကလည်း ကြား ရဖန် များလာ၍ နားယဉ်ခဲ့လေပြီ။ ကြောက်လန့်စိတ်မရှိသော စိုးတင်မောင် ကား ဘယ်သူ့စကားမှ ဂရုမစိုက်အား ပေ။ သွားမြဲတိုင်းသွား၍ လုပ်မြဲတိုင်း သာ လုပ်ကိုင်ခဲ့သည်။ စိုးတင်မောင် ကံ



ကောင်းသည်ဟု ဆိုရတော့မည်ထင့်။

သူ၏ လုပ်ငန်းများအား နှောင့် ယှက်မည့်သူ မပေါ်လာခဲ့ပေ။ ကျတ် ကုန်းမှ ဟုတ်ပါလေစဟု သံသယပင်ဝင် မိသေး၏။ ယနေ့လည်း မိုးမလင်းခင်က တည်းက နွားတစ်အုပ်နှင့် ကောက်ပြန့် ပေါ်သို့ ရောက်ရှိနေလေပြီ။ စိုးတင် မောင်တစ်ယောက် စပါးနယ်နေရင်းမှ မိမိကို အထိတ်တလန့်စောင့်ကြည့်နေသူ များအား လက်မထောင်ပြနိုင်တော့မည့် အရေးကို တွေး၍ပြုံးနေမိသည်။

စိုးတင်မောင်ဘဝက ကြမ်းသည်။ နွမ်းပါးလွန်း၍ မိသားစုစားဝတ်နေရေး ကို အလျဉ်မီအောင် မနည်းရုန်းကန်နေ ရသည်။ ငယ်စဉ်ကတည်းက ဓမ္မအလင်း ရောင်ကင်းမဲ့သည့်အရပ်မှာပင် ကြီးပြင်း လာခဲ့သူဖြစ်၍ ဘာသာရေးအသိဉာဏ် မရှိရှာပေ။ ဒါန၊ သီလ ဆိုလျှင် နတ္ထိ။ ဘာသနာဆိုလျှင် ဝေရမဏီ ဖြစ်ခဲ့၏။ တရားအဆုံးအမနှင့် ကင်းဝေးခဲ့သည့် သူ၏ စိတ်သည်လည်း ကိုယ်ချင်းစာမှု၊ ညှာတာထောက်ထားမှုများ ကင်းဝေး ခဲ့လေသည်။ မီးဝေး၍ ချိပ်မာခြင်းကား သဘာဝပင် မဟုတ်ပါလော။

စိုးတင်မောင် စပါးနယ်နေရင်းမှ နေကိုမော့ကြည့်လိုက်သည်။ ခဏကြာ လျှင် နွားတွေဖြုတ်တော့မှဟု ဆုံးဖြတ် လိုက်သည်။ ကောက်ပြန့်နှင့် မနီးမဝေး တောင်ကမ်းပါးယံတွင် တောရိုင်းသတ္တ ဝါကလေးများ ကျက်စားနေကြသည်။ သစ်ပင်နှင့် နွယ်ကြိုးများပေါ်တွင်လည်း မျောက်တွေက ပြေးလွှားခိုစီးနေကြ၏။ ယခင်နေ့များနည်းတူ သူတို့ စိတ်ဝင်တ စားကြည့်နေကြသည်မှာ စိုးတင်မောင် နှင့် နွားတစ်အုပ်ဆီသို့ ဖြစ်နေတော့၏။ ထိုအဖြစ်ကို စိုးတင်မောင်တစ်ယောက် မရိပ်မိခဲ့ပါချေ။

နေအတော်မြင့်ချိန်တွင် ပူအိုက်စ ပြုလာပြီဖြစ်၍ နွားများကို ကြိုးအရင်းမှ ဖြေ၍ စားကျက်ဆီသို့မောင်းလွှတ်လိုက် သည်။ ပြီးလျှင် ခမောက်ကိုချွတ်၍ အမောဖြေလိုက်၏။ မျောက်အုပ်စုကား စိတ်ဝင်တစားကြည့်ကောင်းနေကြဆဲပင်။ အမောပြေချိန်တွင် ဗိုက်က ဆာလောင် လာပြီဖြစ်၍ စိုးတင်မောင် ထိုင်နေရာမှ ထလိုက်သည်။ တစ်စစီဖြစ်နေသည့်ကြိုး များကို ချည်ထုံးပြီး ခမောက်နှင့်အတူ သစ်ပင်တစ်ခုမှာ ချိတ်ဆွဲထားလိုက် သည်။ ထို့နောက် ထမင်းစားရန်အတွက် ထိုနေရာမှထွက်ခွာလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

**စပါးနယ်သော မျောက်လည်များ**

ကောက်ပြန့်အနီးတစ်ဝိုက်တွင် လူအရိပ်အယောင်မမြင်တော့၍ သစ်ပင်နှင့်နွယ်ကြိုးများပေါ်မှ မျောက်များစတင်ခုန်ဆင်းလာကြ၏။ ထိုအထဲတွင် အကြီးဆုံး မျောက်တစ်ကောင်လည်း ပါလာသည်။ မျောက်တစ်ကောင်သည် သစ်ပင်၌ချိတ်ထားသော ကြိုးထုံးနှင့် ခမောက်တို့ကိုဖြုတ်၍ ကောက်ပြန့်ပေါ်သို့ သယ်လာ၏။ မျောက်ကြီးသည် စိုးတင်မောင်၏ခမောက်ကို ဆောင်းလိုက်ပြီး ကြိုးထုံးဖြေကာ မျောက်တွေ၏ လည်ပင်းတို့၌ တစ်ကောင်စီ လိုက်ချည်နေ၏။ ပိုနေသော ကြိုးစများအား သူ၏ခါးတွင် ရစ်ပတ်လိုက်သည်။

ပြီးလျှင် မျောက်တွေအားလုံး ဝိုင်းလိုက်ကြသည်။ စိုးတင်မောင်၏စတိုင်လ်ကို မျောက်ကြီး သဘောကျဟန်တူ၏။ နှင်တံတစ်ချောင်းကိုင်လျက် ဝိုင်းထားသောမျောက်များအား စတင်၍ မောင်းနှင်ပါတော့သည်။ ကောက်ပြန့်ပေါ်တွင် မျောက်တစ်အုပ် တပျော်တပါး စပါးနယ်ကြလေပြီတည်း။

စိုးတင်မောင်တစ်ယောက် ထမင်းစားပြီးချိန် တစ်ရေးတစ်မောလောက် မှေးလိုက်ချင်သေး၏။ သို့သော် နွားများက လွှတ်ထားပြီဖြစ်၍ ပျောက်သွားမှာစိုးရိမ်ရသည်။ နေရာမှ အားယူထလိုက်ပြီး ကောက်ပြန့်ဆီသို့ ပြန်လာခဲ့ရတော့သည်။ ခပ်သွက်သွက်ကလေး လျှောက်လှမ်းလာသော စိုးတင်မောင်ခြေလှမ်းများ ကောက်ပြန့်ပေါ်မှ မြင်ကွင်းကြောင့် တုံ့ခနဲ ရပ်သွား၏။ ကိုယ့်မျက်စိကိုကိုယ် မယုံကြည်အောင်ဖြစ်သွားခဲ့သည်။ ပြီးမှ သတိဝင်လာ၍ ချုံတစ်ခုသို့ ပုန်းကွယ်လိုက်ရသည်။

"ဟ-ဘယ်လိုများဖြစ်တာပါလိမ့်"

စိုးတင်မောင် နောက်တစ်ကြိမ် လှမ်းချောင်းကြည့်လိုက်ပြန်၏။

"အံ့ဩစရာကြီးပါလား"

စိုးတင်မောင်၏သန္တာန်တွင် လောဘမီးများက ဓာတ်ဆီနှင့်တွေ့သည့် မီးတောက်ပမာ တစ်ခဏချင်း ကြီးထွားလောင်မြိုက်သွားတော့သည်။ အနီးနားတွင် တစ်စုံတစ်ရာကို အလောတကြီး လိုက်လံ ရှာဖွေနေ၏။ ဟော- တွေ့ပါပြီ။ တောင့်တင်း ခိုင်မာသော ဝါးရင်းတုတ်တစ်ချောင်း။ စိုးတင်မောင် ဝါးရင်းတုတ်ကို အလျင်စလို ဆွဲယူလိုက်၏။ ပြီးလျှင် မျောက်အုပ်ရှိရာဆီသို့ ဒုန်းစိုင်း၍ပြေးလာပါတော့သည်။

စပါးနယ်နေကြသော မျောက်တစ်အုပ် စိုးတင်မောင်ကို မြင်တွေ့ကြသောအခါ ထွက်ပြေးဖို့ရန် ကြိုးစားကြ၏။ သို့သော် အချည်းနှီးသာ ဖြစ်ခဲ့ရချေပြီ။ အချင်းချင်း ချည်နှောင်ထားသောကြိုးများက သူတို့ကို ဒုက္ခတွေလှလှကြီး ပေးတော့သည်။ နောက်ဆုံး၌ကား စိုးတင်မောင်၏ ဝါးရင်းတုတ်အောက်တွင်သာ အညံ့ခံ အရှုံးပေး၍ အစုလိုက်အပြုံလိုက် ကြေကွဲဖွယ်ရာ ဇီဝိန်ချုပ်ခဲ့ကြတော့သည်။

❑

ယခုတစ်လော စိုးတင်မောင်တို့ မိသားစု စားဝတ်နေရေး အဆင်ပြေလှသည်။ စိုးတင်မောင်တို့အိမ်တွင် အသားဟင်းတွေ မပြတ်ပေ။ ကာလကြာလာသည်နှင့်အမျှ စိုးတင်မောင်သည်လည်း ကျွတ်ကုန်းဟု နာမည်ကြီးနေသော တောင်တစ်ကြောတွင် လယ်သမားတစ်ဝက် မုဆိုးတစ်ပိုင်း ဖြစ်လာခဲ့သည်။ သူ ရှေ့ရောက်လာသည့် သားကောင်မှန်သမျှ ချမ်းသာမပေး။ အသိုက်အမြုံလေး ဘာသလေးလည်း နားမလည်ခဲ့ပေ။ ရလာသမျှ သားကောင်များအား တချို့ကို ဇနီးဖြစ်သူ နှင်းမွှုံက ရောင်းချရ၏။ တချို့ကိုကား သူတို့မိသားစု ပျော်ပျော်ပါးပါး ချက်စားကြတော့သည်။

*မကောင်းမှုမည်သည် နို့ရည်နှင့်တူ၏။ နို့ရည်သည် ညစ်ပြီးစ၌ မချဉ်မသိုးသကဲ့သို့ ထို့အတူ မကောင်းမှုအကုသိုလ်ကံသည် ပြုစအခါ၌ အကျိုးမပေးသေးချေ။ အကျိုးပေးသောအခါ၌ကား မကောင်းမှုပြုသူသည် ပူလောင်ဆင်းရဲရတော့၏။*

(ဗုဒ္ဓ)

စိုးတင်မောင်၏ အဖြစ်ကား ပူတတ်သော မီးကျီးခဲကိုမှ ပူမှန်းမသိ၍ ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်သူကဲ့သို့ ဖြစ်နေပေတော့သည်။ မုဆိုးဖြစ်လာသော စိုးတင်မောင်အတွက် အနှောင့်အယှက်များ ပေါ်ပေါက်လာခဲ့လေပြီ။ ဤတောဤတောင်တွင် ယခင်က မရှိသလောက်နည်းပါးခဲ့သော တစ္ဆေတို့၏ခြောက်လှန့်မှုများကား ယခုတစ်လော အတော်ပင်သောင်းကျန်းစပြုလာ၏။ တောလိုက်ရသည်မှာလည်း ယခင်ကကဲ့သို့ အဆင်မပြေတော့ပါချေ။

ခံရပေါင်းများလာသည်နှင့်အမျှ စိုးတင်မောင်တစ်ယောက် ဒေါသတွေ ထွက်လာခဲ့လေပြီ။ စိတ်ထဲတွင်လည်း 'ငါ့အကြောင်း သင်းတို့သိစေရမယ်' ဟု ရန်ငြိုးထားလိုက်သည်။ စပါးပေါ်ချိန်တွင်ကား စိုးတင်မောင်တစ်ယောက် ကျွတ်ကုန်း၌ စပါးတွေစောင့်ရင်း ညအိပ်ရတော့မည်။ တစ္ဆေတို့၏ခြောက်လှန့်မှုများသည်လည်း ပို၍ပင်တိုးလာခဲ့၏။

ဤနေ့တွင်ကား စိုးတင်မောင်သည် ရည်ရွယ်ချက်တစ်ခုကြောင့် ဇရာမကောက်ရိုးအုံ (ကျီးအုံ) ကြီးတစ်ခုအား စိတ်တိုင်းကျ ပြုလုပ်နေ၏။ အနောက်တောင်စွယ်၌ နေကွယ်ချိန်တွင် အမှောင်ထုကလည်း တဖြည်းဖြည်း လွှမ်းခြုံလာ၏။ စိုးတင်မောင် မီးဖိုတစ်ခုကို လျင်စွာ ကောက်မွှေးထားလိုက်သည်။

**ကျွတ်သရဲများကို မီးရှို့သတ်သူ**

တစ်တောလုံး မှောင်ပိတ်ကျနေစဉ် စိုးတင်မောင်၏ မီးဖိုကလေးက တစ်စုံတစ်ယောက်ကို ဖိတ်ခေါ်နေသည့်အလား လျှိုမြောင်ကြားထဲမှ စူးရှစွာ လင်းလက်နေ၏။ တောသံတောင်သံများမှလွဲ၍ တခြားဘာအသံမှမကြားရပေ။ မီးဖိုဘေးတွင် ထိုင်နေသော စိုးတင်မောင်တစ်ယောက် ညဉ့်နက်လာသည်နှင့် အိပ်စက်ရန်အတွက် ထိုင်ရာမှ ထရပ်လိုက်သည်။ ပြီးလျှင် သူ၏ အကြံအစည်အတိုင်း ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ဒီတောထဲမှာရှိတဲ့ အကောင်မှန်သမျှ ကျုပ်လုပ်ထားတဲ့ ကောက်ရိုးအုံထဲမှာ လာအိပ်လို့ရတယ်။ ကျုပ်က ဖိတ်ခေါ်ပါတယ်"

ထိုအသံဆုံးသွားသည်။ တောသံတောင်သံများ ပြန်လည် ကြီးစိုးလာကြ၏။ စိုးတင်မောင်သည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်ပြီး ကောက်ရိုးအုံထဲသို့ ဝင်လာခဲ့တော့သည်။ သူမှာ အိပ်ဖို့ အစီအစဉ်မရှိပေ။ တုံးလုံးလဲနေရင်းမှ မျက်လုံးတစ်စုံသည် ကောက်ရိုးအုံအပေါက်ဝဆီသို့ စိုက်ကြည့်နေ၏။ အချိန်တွေကြာမြင့်လာသော်လည်း ဘာမှ မထူးခြားသေးချေ။ စောင့်ကြည့်နေရင်းမှ မှေးခနဲ အိပ်ပျော်သွား၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ပြန်နိုးလာချိန်တွင် သတိရ၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ စိုးတင်မောင်တစ်ယောက် အံ့ဩတုန်လှုပ်ရလေပြီ။ ကောက်ရိုးအုံထဲတွင် (---) တိုင်းရင်းသား မြောက်မြားစွာ အိပ်စက်နေကြသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ စိုးတင်မောင် ခြေဖော့နင်း၍ အပြင်ဘက်ဆီသို့ အလျင်စလို ပြေးထွက်ခဲ့သည်။ အပြင်သို့



www.burmeseclassic.com

ရောက်သည်နှင့် ကောက်ရိုးများစွာနှင့် ပေါက်ကို ပိတ်ဆို့လိုက်သည်။ ပြီးလျှင် ကောက်ရိုးပတ်ပတ်လည်အား မီးတုတ် ရှို့မြှိုက်လိုက်တော့သည်။ နေပူမိ ၍ ခြောက်သွေ့နေသော ကောက် ခြောက်များကား တစ်ခဏအတွင်း လောင်သွားကုန်၏။ ကြီးမားသော တောက်မီးလျှံကြီး ဖြစ်သွားချိန်တွင် အတွင်းဘက်ဆီမှ ညည်းညူအော်ဟစ် များကြားနေရသည်။ တချို့လည်း မီး တောက်ကြီးအတွင်းမှ ရုန်းထွက်လွတ် ကုန်၏။

စိုးတင်မောင် လျှင်မြန်သည်။ ကောက်ရိုးများစွာကို မီးပုံကြီးထဲသို့ ပစ် ပေးနေ၏။ တစ်ညလုံး မအိပ်တော့ မီးဖိုဘေးမှာပင် သတိကြီးစွာဖြင့်နေ တော့သည်။ မိုးစင်စင်လင်းချိန်တွင် ထားသောပြာပုံဆီသို့ သွားရောက် ကြည့်လိုက်သည်။

တစ်ဖန် အံ့သြရပြန်ပါပြီကော။ ပုံထဲတွင် အတုံးအရုံး သေဆုံးနေ သည်ကား ကင်းလိပ်ချောများသာ။ နောက်တစ်ညတွင် စိုးတင်မောင်တစ် ယောက် အိပ်မက်ဆိုးများ မက်လေပြီ။ တစ်ခါတစ်ရံ အရုပ်ဆိုးဆိုးလူတစ်ဦး လာပြီး ဒေါသအခိုးအလျှံများထွက် သည့်မျက်နှာဖြင့် ခြိမ်းခြောက်ကြိမ်း ပါတော့သည်။

“မင်းက ငါတို့အသိုက်အမြုံတွေ ဖျက်ဆီးလိုက်ရလို့ သိပ်ပျော်နေ ပေါ့။ အေး - ငါတို့အသိုက်အမြုံ စီးရသလို မင်းတို့ အသိုက်အမြုံ ပျက်စီးသွားစေရမယ်။ မင်းစောင့် ကြည့်နေလိုက်’

မကြာပါချေ။ စိုးတင်မောင်၏ သမီးများ အပြင်းအထန် ဖျားကြ ပြီ။ တောဆေးဆရာများ ကြိုးစား တုသကြသော်လည်း မီးလောင်ရာ ဝင့်သကဲ့သို့ ဝေဒနာကား တိုး၍ ဆိုးခဲ့တော့သည်။

“စိုးတင်မောင်၊ မင်းရဲ့ကလေးတွေ ဆေးရုံတင်ရင် ကောင်းမယ်ထင် ”

အိမ်နီးချင်းတွေက ဝိုင်းဝန်းအကြံ ကြသည်။

“သွားချင်တာပေါ့ဗျာ၊ ဒါပေမယ့် တော် ဘယ်ကရတဲ့ငွေနဲ့သွားမလဲ”

စိုးတင်မောင်၏စကားသံကြောင့် ကြံဉာဏ်ပေးကြသူများ ဆွံ့အနားမ ဖြစ်ကုန်၏။ တကယ်တော့ အလွန် သော ဤကျေးရွာမှ မြို့ပေါ်ဆေး ရုံသို့ ရောက်ဖို့ဆိုသည်မှာ ပါးစပ်ဖျား ပေါ်တွင် လွယ်ကူပါလိမ့်မည်။ လက် တွေ့တွင်ကား ခက်ခဲလှပါတီတောင်း။ တလူးလူးတလွန့်လွန့် ညည်းညူနေကြ သော သားသမီးများအား လက်မှိုင်ချ ကာ ထိုင်ကြည့်ရုံမှလွဲ၍ ဘာများတတ် နိုင်ပါဦးမည်နည်း။

နေမထိထိုင်မသာနှင့် အရှုးတစ် ယောက်ပမာ ယောက်ယက်ခတ်နေသူ ကား စိုးတင်မောင်၏ ဇနီး နှင်းမှုံပါ တည်း။ မိခင်တစ်ဦးပီပီ သားသမီးတွေ ၏ ဖြစ်အင်ကို မကြည့်ရက်နိုင်ပါပေ။ အဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ ဘယ သုတ်၌ ဗုဒ္ဓက မိဘနှင့် သားသမီး အ ချင်းချင်း ကာကွယ်၍မရနိုင်သော ဘေး (၃) မျိုးကို ဟောကြားခဲ့သည်။ ယင်းတို့ ကား-

ငါအိုပါအံ့၊ ငါ၏သားအား မအို ပါစေလင့်။

ငါနာပါအံ့၊ ငါ၏သားအား မနာ ပါစေလင့်။

ငါသေပါအံ့၊ ငါ၏သားအား မ သေပါစေလင့်ဟု အမိသည် သားအား၊ သားသည်အမိအား ကာကွယ်၍ မရနိုင် ပေ။

မန်လည်ဆရာတော်ကြီးကလည်း မဃဒေဝ၌သီကုံးရေးစပ်ခဲ့ပြန်သည်မှာ-

‘ရေဘေး၊ မီးဘေး၊ ပြည်ပျက်ဘေး ကား၊ ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး ၏၊ အိုဘေး၊ နာဘေး၊ သေခြင်းဘေးဟု၊ ဤဘေးသုံးပါး၊ လွန်ကြီးမားက၊ သားနှင့် အမိ၊ ဖြစ်တုံဘိလည်း၊ မျက်စိအောက် တွင်၊ ရင်ခွင်တင်လျက်၊ သက်ပင်ရေးပိုင်၊ မကယ်နိုင်ဘူး၊ လက်မှိုင်ချကာ၊ နေရ စွာရှင့်’ ဟူ၍။

မှန်ပါ၏။ စိုးတင်မောင်တို့ မိဘ နှစ်ပါး သေမင်းခေါ်ခြင်းခံနေရသော သားသမီးများအား ထိုင်ကြည့်ရုံသာ ကြည့်နိုင်ခဲ့ကြ၏။ အသုဘများ သင်္ဂြိုဟ် သည့်နေ့တွင် နှင်းမှုံတစ်ယောက် အလူး လူးအလဲလဲငိုကြွေး၏။ မည်သူမျှဖျောင်း ဖျ၍မရကြပေ။ နောက်တစ်နေ့တွင်ကား သူမသည်လည်း အိပ်ရာထဲ၌လဲခဲ့ပေပြီ။ အဖျားတက်ချိန်တွင် မနေနိုင်မထိုင်နိုင် ညည်းညူနေရှာလေ၏။ တချို့ကလည်း သံသယတွေဝင်ကြလေပြီ။

“စိုးတင်မောင်၊ မင်းတို့ဟာ မရိုး တော့ဘူးထင်တယ်။ ကျတ်ကုန်းနဲ့များ ငြိစွန်းနေသလား မသိဘူးနော်”

စိုးတင်မောင် မနေသာတော့ပေ။ ကျတ်ကုန်းတစ်ဝိုက်မှ သူ၏လုပ်ရှားမှုပုံ ရိပ်များအား တဝကြီးပြောပြလိုက်တော့ သည်။သူ၏စကားများကို စိတ်ဝင်တစား နားထောင်နေကြသူများမှာ အံ့သြကုန် ၏။ ထိတ်လန့်ကုန်၏။ မျက်စိတွေပြူး ကုန်၏။

“ဟာ - မင်းကတော့ မလုပ်သင့် တာတွေလုပ်မိခဲ့တာပဲ။ သူတို့ကို ပြန်ပြီး တောင်းပန်သင့်တယ်”

“ဟုတ်တယ် စိုးတင်မောင်၊ မင်း အမြန်ဆုံး သွားတောင်းပန်လိုက်ပါကွာ”

ရွာသားများက ဝိုင်းဝန်း၍ တိုက် တွန်းကြသော်လည်း စိုးတင်မောင်က အေးတိအေးစက်ပင်။

“နေပါစေတော့ဗျာ၊ သူတို့ကြောင့် ချည်းလည်း ဖြစ်နိုင်မယ်ထင်ပါဘူး”

ဤတစ်ကြိမ်တွင်လည်း စိုးတင် မောင်ကို တိုက်တွန်းအကြံပြုကြသူများ နောက်ဆုတ်သွားကြရပြန်၏။ သို့သော် နောက်မဆုတ်သူတစ်ယောက်က ရှိနေ ပြန်သေး၏။ ထိုသူကား သေခြင်းတရား ပင် ဖြစ်ပေသည်။ မှန်ပါ၏။ ရက်အနည်း ငယ်အတွင်းမှာပင် စိုးတင်မောင်၏ဇနီး ဖြစ်သူ နှင်းမှုံတစ်ယောက် သေမင်းခေါ် ဆောင်ရာသို့ လိုက်ပါသွားရရှာလေ၏။

သာယာလှပသော မိသားစုကမ္ဘာ ကလေးကား တိုတောင်းလွန်းသောအ ချိန်ကာလတစ်ခုအတွင်းမှာပင် ပျောက် ခြင်းမလှ ပျောက်ကွယ်သွားရချေပြီ။ တစ်ယောက်တည်း အထီးကျန်စွာ ကျန် ရစ်ခဲ့သော စိုးတင်မောင်ကား လေလွင့် ပျက်ပြားနေသော သူ၏စိတ်များအား ထိန်းသိမ်းနိုင်စွမ်းမရှိတော့ပေ။ ခြေဦး တည့်ရာလျှောက်သွားရင်း ကြုံရာမှာ အိပ်၏။ ကြုံရာမှာစား၏။

အချိန်ကား အကြာကြီးတော့ မ ဟုတ်ခဲ့ပါချေ။ မမျှော်လင့်ဘဲ စိုးတင် မောင် သေပြီဟူသော သတင်းကား ရွာ သူရွာသားများအား အံ့သြထိတ်လန့်စေ ခဲ့သည်။ စိုးတင်မောင်၏ လယ်ယာများ ရှိရာ တောတစ်ဝိုက်ကိုလည်း ရှေးယခင် ထက် ပို၍ကြောက်ရွံ့လာကြ၏။ တော ထဲသို့ရောက်လျှင် ထိုနေရာကို အဝေး မှ ရှောင်ကွင်းတတ်ကြသည်။ စိုးတင် မောင်သေပြီး မကြာမီတွင် ရွာသူရွာသား များက သူတို့ကြောက်ရွံ့နေသော ထို တောတစ်ဝိုက်အား စိုးတင်မောင်ကျတ် ကုန်းဟူ၍ အမည်ကင်ပွန်းတပ်လိုက်ကြ သတည်း။

မုဒိတာ (ရွှေစည်ပိုင်း)

www.burmeseclassic.com

"နင့်အသက် တစ်ခါလွှတ်၊ ငါ့အသက်ဆယ်ခါလွှတ်"

ပြောလေ့ပြောထရှိသည့် မြန်မာစကား ဖြစ်သည်။ သက်ရှိသတ္တဝါတစ်ကောင်ကောင်ကိုအသက်လွှတ်ပေးတိုင်း ပြောတတ်ကြပါသည်။ သူ၏အသက်ကို တစ်ခါလွှတ်ရုံနှင့် မိမိအသက်ကို ဆယ်ခါ ပြန်လွှတ်ရန် ဆုတောင်းခြင်းသည် လောဘကြီးရာကျသည်ဟု အချို့ကဆိုကြသည်။ သူတစ်ပါး၏အသက်ကို တစ်ကြိမ်တစ်ခါ လွှတ်ရုံဖြင့် မိမိအသက်ကို ဆယ်ကြိမ်ဆယ်ခါ လွှတ်ရန်မှာ မဖြစ်နိုင်ဟု ထင်ခဲ့သည်။ ယခု မောင်ကောင်းကျော်၏အဖြစ်ကိုမြင်ရကြားရမှ အထက်ပါ ဆုတောင်းစကားကို ယုံကြည်ရမလိုဖြစ်ရသည်။ မောင်ကောင်းကျော်၏အဖြစ်မှာ အံ့သြစရာချည်းဖြစ်နေသဖြင့် သဘာဝဖြစ်စဉ်ကို မေးမိရာ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်လှသော ဂမ္ဘီရဖြစ်ရပ်တစ်ခုကို အံ့သြဖွယ်ရာ တွေ့ရသည်။ မောင်ကောင်းကျော်မှာ ကျွန်ုပ်ထံသို့ ယာဉ်မောင်းအဖြစ် ရောက်ရှိလာသော အသက်(၂၀)အရွယ် လူရွယ်တစ်ဦး ဖြစ်ပါသည်။

❑

လွန်ခဲ့သော (၁၅) နှစ်ကျော်က မုံရွာမှ ကလေးသို့သွားခဲ့ရသည်။ ထိုစဉ်က ကလေးသို့သွားရာတွင် ရေလမ်းနှင့် ကားလမ်းနှစ်သွယ်ရှိသည့်အနက် ရေလမ်းမှာ အချိန်ကြာလွန်းသဖြင့် အမြန်လိုသူများက ကုန်းလမ်းမှ ကားဖြင့်သွားလေ့ရှိကြသည်။ မုံရွာမှညနေထွက်သော ကားသည် မဟာမြိုင်တောကြီးကို တစ်ညလုံးဖြတ်၍ နံနက်လင်းမှ ကလေးဝ တစ်ဖက်ကမ်းသို့ ရောက်ပါသည်။ ခရီးလမ်းမှာ ကြမ်းတမ်း ခက်ခဲလှပါသည်။ မောင်ကောင်းကျော်၏ ဖခင်မှာ ရုံးဝန်ထမ်းတစ်ဦးဖြစ်၍ ကလေးမြို့သို့ အရေးကြီးသော စာများပေးပို့ရန် ရန်ကုန်ရုံးချုပ်မှ တာဝန်ပေး စေလွှတ်ပါသည်။ မောင်ကောင်းကျော်မှာ ငယ်စဉ်ကပင် မိခင်မရှိဘဲ ဖခင်နှင့် နှစ်ဦးတည်းနေခဲ့ရသည်ဖြစ်ရာ ဖခင် ခရီးဝေးသွားမည်ဆိုပါက နေစရာမရှိ၍ သားကို ခေါ်သွားခဲ့ရသည်။ ထိုစဉ်က မောင်ကောင်းကျော်မှာ အသက်(၅)နှစ်သာ ရှိပါသေးသည်။ အထက်အရာရှိကလည်း သူတို့သားအဖ၏ အခက်အခဲကို သိထားပြီးဖြစ်၍ မောင်ကောင်းကျော်ကိုပါ ခေါ်သွားရမည်ဖြစ်၍ ခရီးစရိတ်ကို လုံလောက်အောင် ဖန်တီးပေးသဖြင့် ခရီးထွက်နိုင်ခဲ့ပါသည်။

ရန်ကုန်မှ မုံရွာ၊ မုံရွာမှ ကလေ[illegible]
သို့ သွားရသည်။ ကလေးဝရောက်သ[illegible]
နှင့် ဝန်ထမ်းများက ကလေးဝသို့ က[illegible]
ကြုံဖြင့် စီစဉ်ကူညီခဲ့ကြသည်။ အဖြ[illegible]
တွင်လည်း သူတို့သားအဖကို ကရုဏ[illegible]
သက်သဖြင့် ဌာနေဝန်ထမ်းများ လ[illegible]
စရိတ်အပြင် လက်ဆောင်ပစ္စည်းမျာ[illegible]
ပေးလိုက်ကြပါသည်။ ကလေးမှ မုံရွာ[illegible]
ရောက်အောင် မဟာမြိုင်တောကို တ[illegible]
ညလုံး ဖြတ်သန်းရပြန်သည်။ တော[illegible]
ဆင်းတောင်တက်လမ်းဖြစ်ပြီး အချို့[illegible]



ကောင်းသော

အသက်လွှတ်ကြေး



www.burmeseclassic.com

www.burmeseclassic.com

ရာတွင် လမ်းကြမ်းသည်။ လမ်းကောင်းတွင် ကားက အရှိန်မြှင့်မောင်းပြီး လမ်းကြမ်းက မှန်မှန်သာ မောင်းခဲ့ပါသည်။ မောင်ကောင်းကျော်မှာ ညဘက်ခရီးဖြစ်၍ ကားထွက်သည်နှင့် ဖခင်ကိုမှီ၍အိပ်ပျော်ခဲ့ပါသည်။

လူသံများ ဆူညံသဖြင့် မောင်ကောင်းကျော် အိပ်ရာကနိုးလာသည်။ သန်းခေါင်ယံအချိန်ဖြစ်၍ အိပ်ပျော်နေကြချိန်ဖြစ်သည်။ စခန်းတစ်ခုတွင်ရပ်နားထားသဖြင့် ဆင်းသူ၊ တက်သူများနှင့် ဆူညံနေခြင်း ဖြစ်သည်။ ကုန်ပစ္စည်းများနှင့် တက်လာသူများက ပျာယာခတ်နေကြသည်။စပယ်ယာမှာ ဟိုပြေးသည်လွှားအလုပ်များနေပါသည်။ ခရီးသည်အရေးအတွက်ထက် ကုန်ပစ္စည်းအရေးအတွက်က ပို၍များပါသည်။ ကုန်ပစ္စည်းများတွင် စည်ပိုင်းကြီးများနှင့်ထည့်လာသောဆီများ၊ ကဏန်းများ၊ ပုစွန်များ ဖြစ်သည်။ ခရီးသည်အချင်းချင်းပြောကြား၍ သိရသည်မှာ ထိုပစ္စည်းများကို ကုန်းလမ်းခရီးဖြင့် ပြည်ပသို့ တင်ပို့ရန်ဖြစ်ကြောင်း သိရသည်။ တစ်နာရီခန့်အကြာမှာ ပစ္စည်းများတင်၍ပြီးပါသည်။ ကားထွက်ရန် ကားစက်နှိုးမှ မောင်ကောင်းကျော်လည်း ပြန်အိပ်ရန် ပြင်ဆင်ရသည်။ ကားပြန်ထွက်၍ ဘီးလိမ့်သည်နှင့် ခရီးသည်တစ်ဦး ပြေးလာပြီး ကားပေါ်တက်လာသည်။ သူ၏ လက်ထဲတွင် တစ်ပေပတ်လည်ခန့်ရှိ ကြွက်ထောင်ချောက်ကဲ့သို့ သံလှောင်အိမ်တစ်ခုပါလာသည်။ ကားပေါ်တွင် ခြေချရန်ပင် နေရာမရှိလောက်အောင် ပြည့်ညပ်နေသဖြင့် ထိုခရီးသည်က သူ၏ သံလှောင်အိမ်ကို မောင်ကောင်းကျော်၏ ခြေထောက်အနီးသို့ ထိုးသွင်းလိုက်သည်။

မောင်ကောင်းကျော် ထိုလှောင်အိမ်ကို သေသေချာချာ ကြည့်လိုက်ရာ အလွန်ကြီးမားသော တောက်တဲ့ကြီးတစ်ကောင်ဖြစ်ကြောင်း မီးရောင်ဖြင့်မြင်လိုက်ရသည်။ တောက်တဲ့မှာ အဝါစင်းနှင့်အကောင်ကြီး ဖြစ်သည်။ လှောင်အိမ်ထဲတွင် ထွက်ပေါက်ရှာရင်း ဟိုပြေးသည်ပြေးနှင့် လှုပ်ရှားနေပါသည်။ မရပ်မနားပြေးလွှားနေသော တောက်တဲ့ကိုကြည့်ရင်း ကြောက်လန့်မိသော်လည်း သံလှောင်အိမ်ရှိသဖြင့် ကြောက်စိတ်ကိုဖြေရသည်။ တောက်တဲ့မှာ ထွက်မရ၍ ဒေါသကြီးနေပုံရသည်။ ထိုတောက်တဲ့ကိုလည်း ပြည်ပသို့ရောင်းချမည်ဟု သိရသဖြင့် တောက်တဲ့အတွက် စိတ်မကောင်းဖြစ်မိပါသည်။ တောက်တဲ့ကြီးကို မြင်ရ၍ အိပ်ချင်စိတ်ပင်ပျောက်သွားပါသည်။ ထိုအချိန် မိုးကလည်း သဲသဲမဲမဲရွာလိုက်သဖြင့် အိပ်ငိုက်ပြီး မကြာမီအိပ်ပျော်သွားပါသည်။

လူသံများနှင့် လှုပ်ရှားသံများကြောင့် လန့်နိုးခဲ့ပြန်သည်။ မိုးမရွာတော့သော်လည်း ကားမှာ နေရာမရွေ့ဘဲ ရပ်နေသည်ကို သတိပြုမိသည်။ မောင်ကောင်းကျော်၏ဖခင်က မောင်ကောင်းကျော်ကို စောင်ပါးကလေးခြုံပေးပြီး အိပ်နေရန်ပြောပါသည်။

"သားအိပ်နေနော်၊ ကားအောက်ကို မဆင်းနဲ့။ ကားပျက်နေလို့ ဖေဖေလူအုပ်နဲ့အတူ ကားတွန်းပေးလိုက်ဦးမယ်"

"ကားကဘာဖြစ်လို့လဲ ဖေဖေ"

"ကားက နောက်ဘီးကျွံနေလို့ ကားပေါ်ရှိတဲ့ ယောကျ်ားတွေ အားလုံး ဆင်းပြီးတွန်းရမယ်"

သူ၏ ဖေဖေ ကားပေါ်က ဆင်းသွားသော်လည်း သူပြန်လည်အိပ်၍မရတော့ပါ။ တောက်တဲ့ကြီးကို သတိရ၍ ကြည့်လိုက်သောအခါ သူ့ကို ပြန်လည်ကြည့်နေသည်ကိုတွေ့ရသည်။ တောက်တဲ့မှာ သူ့ကိုပြန်လွှတ်ပေးရန် တောင်းပန်သည့်အကြည့်ဖြင့် ကြည့်နေသည်။ သူကလည်း တောက်တဲ့ကိုကြည့်ရင်း သနားနေပါသည်။ တောက်တဲ့ကို လွှတ်ပေးလိုက်ချင်ပါသည်။ အောက်တွင် လူအုပ်နှင့် ငြာသံပေး၍ ကားကို ဝိုင်းတွန်းနေသံများကို ကြားနေရပါသည်။ လူအင်အားနှင့် တွန်းသော်လည်း ကားက မရွေ့။ စပယ်ယာက ကားပေါ်မှ ပေါက်တူးများယူပြီး မြေကိုပေါက်ပါသည်။ စပယ်ယာမောသည်နှင့် ခရီးသည်များက တစ်ယောက်တစ်လှည့် ပေါက်ကြသည်။

ကျွံနေသောကားဘီး ပေါ်လာသည်နှင့် ဝိုင်း၍တွန်းကြပြန်သည်။ တွန်းသော်လည်း မရသဖြင့် ဒရိုင်ဘာက ကားကိုစက်နှိုးပြီး စက်အားဖြင့် ရုန်းကြည့်သည်။ စက်အား၊ လူအားကြောင့် ကားဘီးလိမ့်သွားသည်။ လီတာနင်းသည့်အရှိန်ကြောင့် ကားက ရုတ်တရက် ရုန်းထွက်လိုက သည်။ တောင်ဆင်းလမ်းဖြစ်ပြီး မိုးရေဖြင့် ချောနေသောကြောင့်





www.burmeseclassic.com

www.burmeseclassic.com

ဆောင့်ထွက်သွားသည့် ကားကို ထိန်း၍မရအောင်ရှိပါသည်။ လိမ့်ဆင်းသွားသောကားကို မီအောင် နောက်က လူအုပ်က အပြေးလိုက်ကြသော်လည်း ကားကို မမီကြပါ။ တောင်ဆင်းလမ်းချည်းဖြစ်၍ ကားရပ်မရသဖြင့် ဒရိုင်ဘာက ကားကို ထိန်းနေရသည်။ ဘရိတ်အုပ်သော်လည်း အဆင်းလမ်းတွင် ကားကမရပ်ဘဲ တောက်လျှောက် ဆင်းသွားသည်။ ရှေ့ကိုက်သုံးရာတွင် တောင်ဆင်းလမ်းဖြစ်၍ ဒရိုင်ဘာ မျက်လုံးပြူးလာသည်။ တောင်ဆင်းလမ်း မရောက်မီ ကားကိုမထိန်းနိုင်ပါက အရှိန်နှင့် တောင်အောက်သို့ကျတော့မည်ဖြစ်၍ အားလုံးထိတ်လန့်နေကြသည်။ လမ်းဝဲယာတွင် တောင်ကမ်းပါးယံရှိ၍ ဒရိုင်ဘာသည် ကားတောင်အောက်သို့ မကျစေရန် ကမ်းပါးယံဘက်သို့ ကားခေါင်းလှည့်လိုက်သည်။ ကားသည် နံရံကိုတိုက်ပြီး တစ်ခြမ်းစောင်းကာ တစ်ဖက်ကမ်းပါးယံကိုမှီ၍ စက်ရပ်သွားပါသည်။ နံရံရှိနေသဖြင့် ကားမှောက်မသွားသော်လည်း တစ်ခြမ်းစောင်းသွားပါသည်။

မောင်ကောင်းကျော်မှာ နေရာမှ လွင့်၍ အခြားတစ်နေရာသို့ရောက်သွားသည်။ ကားပေါ်ရှိပစ္စည်းများ လိမ့်သွားကြသည်။ ကဏန်းများထည့်လာသော စည်ကြီးမှောက်သဖြင့် ကဏန်းများထွက်ကာ ဟိုသည်ပြေးလွှားနေကြသည်။ မောင်ကောင်းကျော်မှာ ရင်ထိတ်သွားသော်လည်း အသက်မသေနိုင်ဟု တွေးနေခဲ့သည်။ သူ၏ခြေထောက်အောက်တွင် တောက်တဲ့လှောင်အိမ်က ရောက်နေသည်။ လှောင်အိမ်မှာ ကဏန်းစည်ပိလိုက်၍ ပိန်ချိုင့်သွားသည်။ တောက်တဲ့ကြီးမှာလည်း လန့်ပြီးငြိမ်နေသည်။ တောက်တဲ့ကို လွှတ်ပေးရန် စိတ်ကူးလိုက်သည်။ ယခုအချိန် လွှတ်ပေးပါက ပိုင်ရှင်ကလည်း သိမည်မဟုတ်။ ကားတိမ်းစောင်းပြီး လှောင်အိမ်ပွင့်၍လွတ်သွားသည်သာ ထင်နိုင်သည်။ နောက်ဆုံး ပျက်စီးပိန်နေသော လှောင်အိမ်ကို ဖွင့်ပေးလိုက်သည်။

"ကဲ - သွားပေတော့။ နင့်အသက်တစ်ခါလွှတ်၊ ငါ့အသက်ဆယ်ခါလွှတ်"

လူကြီးများ ပြောသံကိုကြားသည့်အတိုင်း တောက်တဲ့ကြီးကိုကြည့်၍ပြောလိုက်ခြင်း ဖြစ်သည်။ တောက်တဲ့သည် ရုတ်တရက်မသွားသေးဘဲ မောင်ကောင်းကျော်ကို စိုက်ကြည့်နေပါသည်။

"ကဲ- မြန်မြန်သွားတော့၊ ဟိုမှာ ခရီးသည်တွေလာနေကြပြီ။ မင်းပိုင်ရှင်ရောက်လာရင် ပြန်ဖမ်းခံရလိမ့်မယ်"

မောင်ကောင်းကျော် သတိပေးလိုက်မှ တောက်တဲ့ကြီးသည် လှောင်အိမ်မှထွက်ကာ တောထဲသို့ တရွေ့ရွေ့ဆင်းသွားပါတော့သည်။

တောက်တဲ့ကြီးမြင်ကွင်းမှပျောက်သွားမှ မောင်ကောင်းကျော် စိတ်ချမ်းသာသွားပါသည်။ သတ္တဝါတစ်ကောင်၏ အသက်ကို ကယ်ခွင့်ရလိုက်သဖြင့် ကျေနပ်နေမိပါသည်။ မကြာမီ ခရီးသည်များရောက်လာကြပြီး ပစ္စည်းများကို စစ်ဆေးကာ ပြန်လည်နေရာချနေကြသည်။ မောင်ကောင်းကျော်၏အဖေမှာလည်း သားအတွက် စိတ်ပူ၍ ပြေးလာပြီး သားကိုတွေ့ရမှ ဝမ်းသာလျက် ကားအောက်သို့ခေါ်သွားပါသည်။

တောက်တဲ့ပိုင်ရှင်မှာ ပျက်စီးကြေမွနေသော သံလှောင်အိမ်ကို ကြည့်ပြီး စိတ်ပျက်နေသည်ကို မြင်ရပါသည်။ ခရီးသည်များသည် လူအင်အားဖြင့် ကားကို နံရံမှ ပြန်လည်ဆွဲကြသည်။ ကားပုံမှန်အတိုင်း လမ်းမပေါ်ရောက်အောင် လူအင်အားနှင့် ပြန်လည် တည့်မတ်ကြရသည်။ ကားလမ်းမပေါ်သို့ ပြန်လည်ရောက်သည်နှင့် ဒရိုင်ဘာနှင့် စပယ်ယာတို့သည် ကားအတွက် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရင်း မိုးစင်စင်လင်းခဲ့ပါတော့သည်။

❑

တစ်ခုသော သင်္ကြန်ကာလ ဖြစ်သည်။ ရန်ကုန်မြို့၏ စည်ကားလှသော သင်္ကြန်မဏ္ဍပ်များအနက် ပီတောက်ဝါဝါမဏ္ဍပ်သည် တစ်မူထူးခြားနေပါသည်။ မဏ္ဍပ်ပေါ် အုပ်မိုးထားသော ပီတောက်ပင်ကြီးကလည်း တစ်ပင်လုံး ဝါထိန်နေအောင်ပွင့်နေသည်။မဏ္ဍပ်အဆင်အပြင်များကလည်း အဝါရောင်ကဲထားသည်။ ရေပက်နေကြသော ပျိုဖြူကလေးများကလည်း အဝါရောင်ဆင်တူနှင့်ဖြစ်သည်။ ပျိုဖြူကလေးများမှာ အလွန်လှပကြသဖြင့် ထိုမဏ္ဍပ်က ပို၍စည်ကားနေရခြင်း ဖြစ်သည်။

မောင်ကောင်းကျော်မှာ အသက် (၂၀) နှစ်အရွယ်ရောက်ပြီဖြစ်၍ သူငယ်ချင်းများနှင့်အတူ ဂျစ်ကားတစ်စီးနှင့် လည်ပတ်ရာတွင် ယာဉ်မောင်းတာဝန်ယူထားရပါသည်။ ကားတွင်ပါလာသော သူငယ်ချင်းများမှာ ပီတောက်ဝါဝါမဏ္ဍပ်မှ မခွာနိုင်အောင်ရှိနေသဖြင့် ထိုမဏ္ဍပ်သို့ အကြိမ်ကြိမ်ရောက်ခဲ့ရသည်။ သူငယ်ချင်းများ၏ ဆန္ဒအရ လိုက်ပို့ရသော်လည်း ထိုမဏ္ဍပ်ရှိလူငယ်များက သူတို့ကားကို အမြင်မကြည်လင်ကြောင်း သိသဖြင့် ကားပေါ်မှ မဆင်းဘဲ ကားပေါ်တွင်သာထိုင်၍ ကြည့်နေခဲ့သည်။ သင်္ကြန်နောက်ဆုံးရက်တွင် ရေပက်မှု အကြမ်းအတမ်းဆုံးဖြစ်ရာ နေဝင်ခါနီးအချိန်ရောက်သည်နှင့် မူးယစ်ရမ်းကားသူများပါ ပါဝင်လာပါသည်။ မောင်ကောင်းကျော်မှာ သင်္ကြန်ရက်များတွင် တစ်နေကုန် ကားမောင်းခဲ့ရသဖြင့် ပင်ပန်းလျက်ရှိသည်။ နောက်ဆုံးရက်ဖြစ်၍ ပင်ပန်းကာ ဆာလောင်နေပါသည်။ တစ်ခုခုစားရလျှင်ကောင်းမည်ဟုအတွေးဝင်လာကာ ကားပေါ်က ဆင်းလိုက်သည်။

"အစ်ကို လက်ဖက်ရည်သောက်မလား၊ ဒီနေရာမှာတော့ လက်ဖက်ရည်ပဲရမယ်"

အသက်(၁၅) နှစ်ခန့်လူငယ်လေးတစ်ဦး မောင်ကောင်းကျော်၏လက်ကိုဆွဲရင်းပြောသဖြင့် မမြင်ဘူးသောလူငယ်လေးကိုကြည့်နေမိသည်။ ဆာလောင်နေသဖြင့် ပြန်လည် မေးမြန်းခြင်းမပြုတော့ဘဲ လူငယ်လေးခေါ်ရာသို့ လိုက်ခဲ့သည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်သည်နှင့် မုန့်မျိုးစုံကို မှာယူပြီး မောင်ကောင်းကျော်ကို ကျွေးနေပါသည်။

"အစ်ကို့ကိုကြည့်ရတာ ဆာနေပုံရလို့ ကျွေးတာပါ။ အဝစားပါ။ အားရပါးရ စားစမ်းပါ အစ်ကို။ အစ်ကိုတို့ကား ဒီနေရာမှာ နေ့တိုင်းရပ်တာ သတိထားမိတယ်။ အစ်ကို့ကို ကျွေးချင်လွန်းလို့ပါ"

"ညီလေးက အစ်ကို့ကို သိလို့လား"

မောင်ကောင်းကျော်သည် စေတနာကောင်းသောလူငယ်ကို ပြန်မေးလိုက်သည်။

"သိတာပေါ့ အစ်ကိုရယ်၊ အစ်ကိုက ကျွန်တော့်ရဲ့ကျေးဇူးရှင်ပဲ"

"ဟေ - ကျေးဇူးရှင် ဟုတ်လား"

"ဝအောင်သာစားပါ အစ်ကိုရယ်၊ ဒီအကြောင်းတွေ နောက်တော့ပြောတာပေါ့"

"အစ်ကို ဝပါပြီ၊ ကျေးဇူးတင်ပါတယ်။ ညီလေးနာမည်ကို ပြောပါဦး"

"မောင်မောင်လေးလို့ ခေါ်တယ်၊ ဟို မြင်ရတဲ့တိုက်ဟာ ကျွန်တော်တို့အိမ်ပါ။ နောက်လည်းလာခဲ့ပါဦး"

ထိုစဉ် မဏ္ဍပ်ဆီမှ ရုတ်ရုတ်သဲသဲ အသံများကြားရသဖြင့် ကြည့်လိုက်ရာ မဏ္ဍပ်မှလူငယ်များနှင့် မောင်ကောင်းကျော်၏ သူငယ်ချင်းများ တစ်ဖက်နှင့်တစ်ဖက် စကားများနေသဖြင့် ဆွဲလွဲနေကြချိန်ဖြစ်သည်။

"ဟိုကောင်တွေ စကားများနေကြ



www.burmeseclassic.com

www.burmeseclassic.com

ပြီ တဲ - အစ်ကို သွားပြီနော်"

မောင်ကောင်းကျော်သည် မောင်မောင်လေးကို နှုတ်ဆက်ပြီး ကားရှိရာသို့ ပြေးထွက်သွားပါသည်။ ရန်ပွဲဖြစ်တော့မည့်အခြေအနေမှ လုံခြုံရေးများက အချိန်မီထိန်းသိမ်းလိုက်နိုင်၍ ပြေပြီးသွားခဲ့ရသည်။ ကောင်းကျော်တို့ဂျစ်ကားထွက်သွားမှ မောင်မောင်လေးက စိတ်ချလက်ချ အိမ်သို့ပြန်ခဲ့သည်။

နေဝင်စတွင် မဏ္ဍပ်ဆီမှ အော်သံ ဆူညံများကို ကြားရပြန်သည်။ လမ်းပေါ် ပြောစကားအရ လူငယ်နှစ်ဖွဲ့ ရိုက်နှက်နေကြသည်ဟုသိရသည်။ ရုတ်ရုတ်သဲသဲဖြစ်သဖြင့် လမ်းမပေါ်ရှိ အိမ်များက ဝင်းတံခါးများကို ပိတ်နေကြသည်။ မောင်မောင်လေးလည်း ရေချိုးပြီး အိမ်ရှေ့သို့ထွက်လာစဉ် ခြံထဲသို့ လူတစ်ဦး ပြေးဝင်လာပြီး နောက်မှလူတစ်အုပ်က ဓားတုတ်များကိုင်ဆွဲလျက် လိုက်လာသည်ကို မြင်လိုက်ရသည်။ အနီးရောက် ပြေးဝင်လာသူမှာ မောင်ကောင်းကျော် ဖြစ်မှန်း သိလိုက်ရသဖြင့် ညနေက ရန်ပွဲအဆက်ရန်ပွဲဖြစ်ပြီး မောင်ကောင်းကျော်ကိုရိုက်ရန် လူတစ်စုလိုက်လာကြောင်း သဘောပေါက်မိတော့သည်။ မောင်မောင်လေးသည် မောင်ကောင်းကျော်ကို အိမ်ထဲသို့ ခေါ်သွားပြီး လုံခြုံရာတွင် ပုန်းထားလိုက်သည်။ နောက်ကလိုက်လာသူများမှာ ခြံဝတွင် စုပြုံလျက် တံခါးဝတွင် တွေ့ရသော မောင်မောင်လေး၏အဖေကို မေးနေကြသည်။

"ဦး၊ ဒီခြံထဲကို ဝင်သွားတဲ့လူကို ထုတ်ပေးပါ"

"ဘယ်သူမှမဝင်ပါဘူး၊ တံခါးပိတ်ထားတာပဲ"

"ဝင်သွားပါတယ် ဦးရယ်၊ သေသေချာချာ မြင်လိုက်ရတာပါ"

"ငါတော့ ဘာမှမတွေ့မိဘူး၊ မင်းတို့ရှာချင်တယ်ဆိုရင် ခြံထဲမှာ ကျေနပ်အောင် ရှာနိုင်တယ်"

"ဟုတ်ကဲ့- ကျွန်တော်တို့ကို ရှာခွင့်ပြုပါ၊ ဒီကောင့်ကိုမိရင် အသေကိုသတ်မယ်"

ဦးအောင်ကြီးသည် ဝင်ခွင့်ပြုပြီး မှားလေပြီလားဟု နောင်တရမိသည်။ ခြံထဲတွင် လူသတ်မှုမဖြစ်ပါစေနှင့်ဟု ဆုတောင်းရသည်။ ခြံထဲသို့ဝင်လာသူ များသဖြင့် ရဲရဲတင်းတင်း ခြံမီးများဖွင့်ပေးလိုက်သည်။

လူငယ်တစ်စုသည် ခြံထဲတွင် ကျေနပ်လောက်အောင်ရှာပြီး ဘာမှမတွေ့သဖြင့် မကျေမနပ် ထွက်သွားကြသည်။ ဦးအောင်ကြီးမှာ ထိုလူငယ်များထွက်သွားမှ သက်ပြင်းချနိုင်တော့သည်။ ဦးအောင်ကြီး အိမ်ထဲသို့ဝင်လာသည်နှင့် မောင်မောင်လေးအနားသို့ ရောက်လာသည်။

"ဖေဖေ၊ ဟိုလူတွေ ပြန်သွားပြီလား"

"ဟုတ်တယ်သား၊ အခုပဲ ပြန်သွားကြတယ်"

"ကိုကောင်းကျော်ကို ကျွန်တော် ဖွက်ထားခဲ့တာ"

"ဟေ- သားဘာပြောလိုက်တယ်"

"ကိုကောင်းကျော်က သားရဲ့ကျေးဇူးရှင်ပါ၊ ဟိုလူတွေရိုက်မှာစိုးလို့ ရေချိုးခန်းထဲသွင်းထားခဲ့တာ"

ထိုစဉ် မောင်ကောင်းကျော်က နောက်ကလိုက်လာသည်။

"သူကတစ်ချိန်ကသားရဲ့အသက်သခင်ကျေးဇူးရှင်ပါ"

"ဘယ်လို၊ သားရဲ့ကျေးဇူးရှင် ဆိုတာ ဘာကိုပြောတာလဲ"

"သားနောက်တော့ပြောပြပါ့မယ်။ အခုတော့ သူ့ကို ထမင်းကျွေးပြီး အိမ်အရောက်ပြန်ပို့လိုက်ဦးမယ်"

"အေးလေ- ကျေးဇူးရှင်ဆိုတော့လည်း ကူညီရမှာပေါ့"

ထိုနေ့က မောင်မောင်လေး၏ကူညီမှုဖြင့် မောင်ကောင်းကျော် အခက်အခဲမှ လွတ်မြောက်ခဲ့ရသည်။ ထမင်းကျွေးပြီး ယာဉ်မောင်း မောင်အေးက မောင်ကောင်းကျော်၏နေအိမ် စမ်းချောင်းအထိ ပြန်ပို့ပေးခဲ့ပါသည်။

❑

သင်္ကြန်ကာလကျော်လွန်ပြီး (၆) လခန့်အကြာတွင် မောင်ကောင်းကျော် သေဘေးနှင့် ရင်ဆိုင်ရပြန်သည်။ ထိုနေ့က သူငယ်ချင်းတစ်ဦးက ပဲခူးကို ဆိုင်ကယ်ဖြင့်ခေါ်၍ လိုက်သွားခဲ့သည်။ ပဲခူးမှအပြန် မင်္ဂလာဒုံကွေ့တွင် ကုန်တင်ကားကြီးတစ်စီးနှင့် မျက်နှာချင်းဆိုင်တိုက်မိရာမှ ရှေ့မှဆိုင်ကယ်မောင်းသူ သေဆုံးပြီး နောက်က ထိုင်လာသော မောင်ကောင်းကျော်မှာ လမ်းဘေးသို့ လွင့်စဉ်ကျသွားပါသည်။ နောက်မှပါလာသောကားမှာ မောင်မောင်လေး၏ကားဖြစ်၍ ဆင်းကြည့်ရာ သတိလစ်နေသော ကောင်းကျော်ကိုတွေ့ရ၍ အချိန်မီဆေးရုံသို့ပို့နိုင်ခဲ့သဖြင့် ကောင်းကျော်အသက်ဘေးမှ လွတ်ခဲ့ရပြန်သည်။

တစ်နေ့တွင် ယာဉ်မောင်း မောင်အေးက မောင်မောင်လေးကို ထူးဆန်းသောစကား ပြောခဲ့သည်။

"မောင်မောင်လေး၊ စမ်းချောင်းက မင်းရဲ့ ကျေးဇူးရှင် ဆိုတဲ့ လူရဲ့အကြောင်းကို ပြောချင်တယ်"

"ကိုကောင်းကျော်လား၊ သူဘာဖြစ်လို့လဲ"

"အဲဒီလူဒုက္ခရောက်တော့မယ်"

"ဘာဖြစ်လို့လဲ ပြောစမ်းပါ"

"ညက ငါလည်း အပေါင်းအသင်းတွေနဲ့ စမ်းချောင်းက အရက်ဆိုင်ကို ရောက်ခဲ့တယ်။ အရက်သောက်ရင်း အပေါ့သွားချင်လို့ ဆိုင်အနောက်ကို ဝင်လိုက်တော့ မှောင်ရိပ်မှာ ကိုကောင်းကျော်တို့သုံးဦးတိုင်ပင်နေတာ အမှတ်မထင်ကြားလိုက်မိတယ်။ ဒီည သူတို့ ဒုစရိုက်အလုပ်တစ်ခုလုပ်ကြတော့မယ်"

"ဘာ ဒုစရိုက်မှုလဲ"

"ဘာလဲဆိုတာ သဲသဲကွဲကွဲမသိရပေမယ့် ဖောက်ထွင်းမှုတစ်ခု ကျူးလွန်ကြမှာတော့ သေချာတယ်"

"ဒါဆို- ကိုကောင်းကျော်ကို အချိန်မီတားမှ ဖြစ်မယ်"

မောင်မောင်လေးသည် ခဏစဉ်းစားလိုက်ပြီး မောင်အေးကို ပြောလိုက်သည်။

"ကိုမောင်အေး အားရင် အခု ကိုကောင်းကျော်အိမ်ကိုသွားမယ် လိုက်ပို့ပေးပါ"

မောင်အေးနှင့်မောင်မောင်လေးတို့ စမ်းချောင်းသို့ ကားဖြင့်ထွက်ခဲ့ကြသည်။ ကိုကောင်းကျော်ကို အိမ်တွင် အသင့်တွေ့လိုက်ရသည်။

"ကိုကောင်းကျော်ထံက အကူအညီလိုလို့လာခဲ့တာ"

"ညီလေးအတွက်ဆို ဘာမဆို ကူညီဖို့အသင့်ပါ"

"ဒါဆို ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ကိုကောင်းကျော် ကားမောင်းရမယ်။ ကိုမောင်အေးက အိမ်ပြန်နိုင်ပြီ"

"ဒါပေမယ့် ဒီည အစ်ကို့မှာ ကိစ္စတော့ရှိနေတယ် ညီလေး"

ကိုကောင်းကျော်က တောင်းပန်သည့်လေသံဖြင့်ပြောပါသည်။

"ဘာမဆိုကူညီမယ်ဆို"

"အေးပါကွာ၊ ကူညီပါ့မယ်"

မောင်ကောင်းကျော် ပြောပြောဆိုဆို ကားပေါ်သို့ တက်လိုက်သည်။ မောင်မောင်လေးသည် သူ၏ဘေးတွင် ဝင်ရောက်ထိုင်ပြီး ပြောလိုက်သည်။

"မင်္ဂလာဒုံကိုမောင်း"

ကောင်းကျော်သည် အမိန့်ကို မလွန်ဆန်နိုင်၍ ကားကိုမောင်းနေသော်လည်း နာရီကိုခဏခဏကြည့်နေသည်။

"နာရီမကြည့်နဲ့ဗျ၊ ဒီည ခင်ဗျားကို ပြန်လွှတ်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ညီလေးကိစ္စ ပြီးအောင်လုပ်ပါ့မယ်၊ ပြီးမှ"

"အစ်ကိုဘယ်ကိုမှသွားဖို့မလိုဘူး၊ အန္တရာယ်ရှိတဲ့အလုပ်ကိုလည်း မလုပ်ရဘူး။ ဒီကို ခေါ်မလာရင် ဒီည အစ်ကို ရာဇဝတ်မှု ကျူးလွန်တော့မယ်။ ဒါကြောင့် ဒီည အစ်ကိုမပြန်ရဘူး"

"အစ်ကို့ကိစ္စ ညီလေးဘယ်လိုသိသလဲ"

"ဘယ်လိုသိသိ၊ အစ်ကို့ကို အန္တရာယ်မကျရောက်အောင် တားဖို့က ကျွန်တော့်တာဝန်ပါ။ အစ်ကိုအလုပ်တစ်ခုရရင် လုပ်မလား။ အစ်ကို ကားမောင်းတတ်တာကိုသိလို့ ယာဉ်မောင်းအလုပ်ရရင်လုပ်မလား"

"ကောင်းတဲ့အလုပ်ရမယ်ဆိုရင် အစ်ကိုကလည်း ဒုစရိုက်အလုပ်ကို မလုပ်ချင်ပါဘူး၊ အလုပ်မရှိလို့သာ စားဝတ်နေရေးအတွက် စဉ်းစားရတာ။ ယာဉ်မောင်းအလုပ်ရရင် လုပ်ချင်ပါတယ်"

"ဒါဆို ကျွန်တော့်ရဲ့ ဘကြီးမှာ ယာဉ်မောင်းလိုနေတယ်။ ဘကြီးအိမ်မှာနေ၊ ဘကြီးဆီမှာစားရမယ်"

"ဒါဆိုလုပ်ပါ့မယ်။ ညီလေးရဲ့ကျေးဇူး မမေ့ပါဘူး"

"ကျေးဇူးစကားမပြောကြေး၊ အစ်ကိုက ကျွန်တော့်ရဲ့အသက်သခင်ပါ"

❑

ကျွန်ုပ်၏တူဖြစ်သူ မောင်မောင်လေးသည် မောင်ကောင်းကျော်ကို ခေါ်ပြီး ကျွန်ုပ်၏အိမ်သို့ ညဘက်တွင်ရောက်ရှိလာပါသည်။

"ဘကြီးအတွက် အသင့်တော်ဆုံးယာဉ်မောင်းတစ်ဦးရလို့ ဘကြီးဆီလာပို့ရတာပါ။ ရိုးသားကြိုးစားတဲ့လူဖြစ်လို့ ဘကြီးယုံကြည်စိတ်ချပါ"

မောင်ကောင်းကျော်သည်လည်း ယာဉ်မောင်းအလုပ်ခန့်ထားပါရန် သူ၏ကိုယ်ရေးအဖြစ်အပျက်အကျဉ်းကို ပြောပြပါသည်။ မောင်ကောင်းကျော်သည် ငယ်စဉ်ကပင် မိခင် ကွယ်လွန်ခဲ့သဖြင့် ဖခင်နှင့် ကြီးပြင်းခဲ့ရာ ဖခင်ပါကွယ်လွန်သောအခါ အားကိုးရာ မရှိတော့သဖြင့် ကောင်းသည့်အလုပ်၊ မကောင်းသည့်အလုပ်မရွေးနိုင်တော့ဘဲ ကြုံရာလုပ်ကိုင်ခဲ့ရပါသည်။ မောင်မောင်လေးတွေ့ရှိရာမှ ဘကြီးထံတွင် ယာဉ်မောင်းလိုသဖြင့် လာရောက်ခဲ့ကြောင်း ပြောပြပါသည်။ ကျွန်ုပ်သည် မောင်ကောင်းကျော်၏ အဖြစ်အပျက်ကို ကြားသိရပြီး မောင်မောင်လေးက ထောက်ခံထားသဖြင့် အလုပ်ခန့်မည်ဆိုပါက ခန့်နိုင်ပါသည်။

သို့သော် သိလိုသည်ကို မေးရသည်။

"မောင်ကောင်းကျော်က မောင်မောင်လေးနဲ့ဘယ်လိုတွေ့တာလဲ"

မောင်ကောင်းကျော်က မဖြေမီ မောင်မောင်လေးက ဖြေလိုက်သည်။

"ကိုကောင်းကျော်က ကျွန်တော်ရဲ့အသက်သခင်ပါ။ ကျွန်တော်ပြောတာကို ဘကြီး ယုံချင်မှယုံမယ်၊ အဖြစ်အပျက်က မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်ပါတယ်။ ကျွန်တော်ဟာ အရင်ဘဝက တောက်တဲ့တစ်ကောင်ဖြစ်ခဲ့တယ်။ ကျွန်တော့်ကို လှောင်အိမ်မှာထည့်ပြီး ပြည်ပကိုရောင်းဖို့ သယ်ယူလာစဉ် မဟာမြိုင်တောကြီးထဲမှာ ကိုကောင်းကျော်က လွှတ်ပေးလို့ သေဘေးက လွတ်မြောက်ခဲ့ရတယ်။ ဒါကြောင့် ကိုကောင်းကျော်ဟာ ကျွန်တော်ရဲ့အသက်သခင်ကျေးဇူးရှင်လို့ ပြောခဲ့တာပါ"

မောင်မောင်လေး၏စကားကြောင့် ဘကြီးမှာ မယုံနိုင်အောင် တုန်လှုပ်သွားပါသည်။

"ဒါကြောင့် ဘကြီးကို မယုံနိုင်ဘူးလို့ပြောခဲ့တာပါ"

"ကဲ - ဆက်ပြောပါဦး"

"ကိုကောင်းကျော်ပေးတဲ့အသက်နဲ့ မဟာမြိုင်တောထဲမှာ ရန်သူနဲ့ ဝေးရာကို ပြေးခဲ့ရတယ်။ တောထဲမှာ ပုန်းအောင်းရင်း သုံးရက်မြောက်နေ့မှာ မဟာမြိုင်ဆရာတော်ကြီး သီတင်းသုံးတဲ့ကျောင်းနယ်မြေကိုရောက်ခဲ့တယ်။ အဲဒီမှာ အစားအသောက်ပေါတယ်၊ ဘေးရန်ကင်းတယ်။ နေ့စဉ် ဆရာတော်ဘုရားကြီးရဲ့ တရားစကားကို ကြားနေရတော့ အလွန် ကျေနပ်ပျော်ရွှင်ခဲ့ရတယ်။ (၂) နှစ်ကျော်လောက်အကြာ ဘဝကူးခါနီးမှာ ရန်ကုန်က သူဌေးဇနီးမောင်နှံ ကားတစ်စီးနဲ့ ကျောင်းကို ရောက်လာတယ်။ ဆရာတော်ကို လှူဖွယ်ပစ္စည်းများ လှူတော့ ဆရာတော်က ရေစက်ချတရားဟောတယ်။ ဆရာတော်ဟောတဲ့တရားကို နာကြားရင်း ဘဝပြောင်းခဲ့တယ်။ သူဌေးဇနီးမောင်နှံ ကားနဲ့အပြန်မှာ လိုက်သွားမိတယ်။ အချိန်တန်တော့ ကျွန်တော့်ကို မွေးဖွားတာပေါ့"

ဘကြီးမှာ အံ့ဩလွန်းသဖြင့် အံ့ဩစကားဆိုပါသည်။

"ဒါဆို မင်းဘဝက ဆန်းကြယ်လှချေလား"

"ဟုတ်တယ် ဘကြီး၊ လူမှန်းသိတတ်စအရွယ်ကတည်းက တောက်တဲ့အော်သံကြားရင် ဘဝဟောင်းကို ပြန်ပြီးမြင်ယောင်နေတယ်။ အသိဉာဏ်ရှိလာတာနဲ့ ဘဝဟောင်းကို အကုန်အစင်သတိရပြီး ကိုကောင်းကျော်ကို သိပ်တွေ့ချင်နေခဲ့တယ်။ ရောက်တဲ့နေရာတိုင်းမှာ ရှာကြည့်ခဲ့ပေမယ့် ကိုကောင်းကျော်ကို မတွေ့ခဲ့ရဘူး။ ကိုကောင်းကျော်ရဲ့ ကျေးဇူးကို သတိရတိုင်း သူ့ကို အကြွေးဆပ်ချင်နေခဲ့တယ်။ ဒီအကြွေးကို ဘယ်လိုဆပ်ရမလဲ ဆိုတာ အစဉ်တွေးတောနေမိခဲ့ပါတယ်။ ပိတောက်ဝါဝါ သင်္ကြန်မဏ္ဍပ်မှာ ကိုကောင်းကျော်ကို တွေ့လိုက်ရတော့ ချက်ချင်းမှတ်မိတယ်။ သူ့ကို ဘယ်လိုကူညီရမယ်ဆိုတာ စဉ်းစားခဲ့ပေမယ့် အခွင့်မသာခဲ့ဘူး။ ကိုကောင်းကျော် မဏ္ဍပ်ကိုနေ့တိုင်းလာတော့ သူ့ကို နေ့တိုင်းမြင်နေရတယ်။ နောက်ဆုံးနေ့မှာတော့ ကိုကောင်းကျော်ကို ဖြစ်သည့်နည်းဖြင့် ကူညီမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီနေ့က ကိုကောင်းကျော်ကို ကြည့်ရတာ ဆာလောင်နေပုံရတာနဲ့ လက်ဖက်ရည်ဆိုင်ခေါ် သွားပြီး ပြုစုခွင့်ရခဲ့တယ်။ ဒါဟာ ပထမဆုံး ကျေးဇူးဆပ်ခွင့်ရခြင်းပါပဲ။ အဲဒီညမှာ မမျှော်လင့်ဘဲ ကိုကောင်းကျော်ရဲ့အသက်ကို ကယ်ခွင့်ရလိုက်လို့ ပျော်ရွှင်ကျေနပ်မိပါတယ်။ ဒုတိယအကြိမ် ကိုကောင်းကျော်ဆိုင်ကယ်မှောက်စဉ်က သူ့အသက်ကို ကယ်တင်ခွင့်ရခဲ့ပြန်ပါတယ်။ ကျွန်တော့်အသက်ကို သူက တစ်ကြိမ်ကယ်ခဲ့ပေမယ့် ကျွန်တော် သူ့ကိုနှစ်ကြိမ်ကယ်တင်လိုက်ရလို့ အကြွေးဆပ်နိုင်ခဲ့ပါတယ်"

မောင်မောင်လေး၏စကားအဆုံးဝယ် မောင်ကောင်းကျော်က ဆက်ပြောပါသည်။

"နောက်တစ်ကြိမ်ရှိပါသေးတယ်၊ ကျွန်တော့်မှာ အကြွေးတွေတင်နေလို့ ရတဲ့နည်းနဲ့ငွေရှာရတော့မယ့်အချိန် အပေါင်းအသင်းမကောင်းလို့ အိမ်တစ်အိမ်ဖောက်ထွင်းဖို့ စီစဉ်ခဲ့တယ်။ အဲဒီနေရာကို သွားဖို့ပြင်ဆင်နေချိန် မောင်မောင်လေးက ဒီကိုခေါ်လာလို့ ရာဇဝတ်မှုကျူးလွန်ဖို့နဲ့ လွဲခဲ့ရတယ်။ ဒါဟာလည်း မောင်မောင်လေး ကယ်ခဲ့တာပါပဲ။ ငါ့အသက် ဆယ်ခါလွှတ်လို့ကြားဖူးနားဝနဲ့ ဆုတောင်းခဲ့တာ အခု (၃) ကြိမ်လွတ်မြောက်နိုင်ခဲ့ပါပြီ။ နောက်ထပ် ဘယ်လောက်ကြုံရဦးမယ်မသိဘူး"

မောင်ကောင်းကျော်၏ စကားကြောင့် မောင်မောင်လေးကျေနပ်သလို ကျွန်ုပ်ကလည်း ကျေနပ်မိပါသည်။ သူတို့နှစ်ယောက် အကြွေးဆပ်ပွဲမှ အံ့မခန်းဖြစ်ပါသည်။ အသက်ကြွေးကို ပြန်လည်ပေးဆပ်ခွင့်ရသည်မှာလည်း အံ့သြဖွယ်ဖြစ်နေပါတော့သည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com



**မနောသုတေသီ**

မနောသုတေသီ
စိတ်စွမ်းအင်စုံထောက်များ

လောကီပညာ၊ ဂန္ဓာရီပညာနဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေကို စုဆောင်း တင်ပြနေတဲ့ FATE မဂ္ဂဇင်းက အယ်ဒီတာရဲ့တွေနဲ့ ပူးပေါင်းပြီး ရာဇဝတ်မှု တွေကို တူညီဖြေရှင်းပေးနေတဲ့ စိတ်တန်ခိုးရှင်တွေနဲ့အင်တာဗျူးလုပ်ပြီး ယခုအပတ်မှာတော့ စတုတ္ထစိတ်စွမ်းအင်ပိုင်ရှင် ဂရိတာနဲ့ အင်တာဗျူးလုပ်တာကို တင်ပြထားပါတယ်။ စိတ်စွမ်းအင်ပိုင်ရှင် ဂရိတာကပြောတဲ့ သူမရဲ့ အတွေ့အကြုံကို ဝရီတာက ပြောတဲ့အတိုင်း ပြန်ရေးပြလိုက်ပါတယ်။

ကျွန်မဇာတိရပ်မြေ ဒီလာဗန်မှာနေစဉ် တစ်နေ့မှာ လျှပ်စစ် မိုးကြိုးတွေ ထစ်ချုန်းပြီး ကျွန်မအနီးမှာရှိတဲ့ ပြတင်းပေါက်ကို မိုးကြိုးပစ်လိုက်တယ်။ ဝုန်းခနဲလင်းခနဲဖြစ်သွားတော့ ကျွန်မလည်း ထိတ်လန့်တုန်လှုပ်သွားပါတယ်။ အဲဒီလို မိုးကြိုးပစ်လိုက်တဲ့အချိန်ကစပြီး ကျွန်မဟာ အမြင်အာရုံထူးတွေမြင်လာတယ်။ အကြားအာရုံထူးတွေ ကြားလာတယ်။ စိတ်ထဲက အလိုလိုသိတဲ့ မနောဓာတ်ကိုလည်း ပိုင်လာပါတယ်။

ဒီအရင်က ကျွန်မမှာ ဘာအာရုံထူး၊ အမြင်ထူးမှ မရခဲ့ပါဘူး။ သာမန်မိန်းကလေးတစ်ဦးပါပဲ။ ဒီလို မိုးကြိုးပစ်လိုက်တော့ ကျွန်မခေါင်းထဲမှာ ပွင့်လိုက်သလို တအားလင်းသွားတယ်။ မိုးကြိုးရဲ့အလင်းရောင် မဟုတ်ဘူး။ ခေါင်းအတွင်းက ပွင့်ပြီးထွက်လာတဲ့ အာရုံထူးအလင်းဓာတ်ပါ။ နားထဲမှာလည်း ဗုံးတစ်ဗုံးပေါက်သလို ပေါက်ကွဲသံကြီးကြားလိုက်ရတယ်။ မိုးကြိုးပစ်တဲ့အသံမဟုတ်ပါဘူး။ နားအတွင်းက မြည်ဟိန်းထွက်လာတဲ့အသံပါ။ အဲဒီနောက်တော့ မျက်စိမှိတ်ထားပေမယ့် အမြင်အာရုံထူးတွေကို မြင်လာတယ်။ အမြင်တလာတဲ့အသံမဟုတ်ဘဲ နားအတွင်းက စကားပြောသံတွေ၊ ဂီတသံတွေကို ကြားလာရတယ်။ ကျွန်မရဲ့ မနောဝိညာဉ်က ပြောတဲ့အသံတွေပေါ့။ ပေါက်ကရလျှောက်ပြောနေတဲ့အသံတွေ၊ စကားတွေ မဟုတ်ပါဘူး။ တစ်စုံတစ်ရာကို ကျွန်မကသိလိုပြီဆိုရင် အာရုံပြုလိုက်တာနဲ့ မနောဝိညာဉ်က ပြောတာကိုကြားရတာပါ။ ခေတ်စကားနဲ့ပြောရရင် သတင်းအချက်အလက်တွေပေါ့။

အိပ်မက်ထူးတွေလည်း မက်လာတယ်။ သာမန်အိပ်မက်မျိုးမဟုတ်တဲ့ အိပ်မက်ဆန်းတွေ၊ အိပ်မက်ထူးတွေကို တကယ်တွေ့ရသလိုမျိုး အိပ်မက်တွေ မက်လာတယ်။ တချို့အိပ်မက်ဆိုရင် ကြိုတင်သတိပေးတဲ့အိပ်မက်မျိုး၊ ရှေ့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကိုညွှန်းတဲ့အိပ်မက်မျိုးတွေဖြစ်တယ်။ ဒီလိုအိပ်မက်မျိုးမက်ပြီးလို့ မကြာပါဘူး။ အိပ်မက်ထဲကအတိုင်း တွေ့ကြုံရတာကို မကြာခဏတွေ့ရတယ်။ နောက်တော့ အိပ်မက်ကို ပေါ့ပေါ့ဆဆသဘောမထားရဲတော့ဘူး၊ သတိထားနေရတယ်။

ဒီလို အိပ်မက်ထူးတွေ၊ အာရုံထူးတွေရပြီးနောက် မကြာပါဘူး။ စိတ်ထဲမှာ အလိုလိုသိလာတယ်။ မြင်တာလည်း မဟုတ်၊ ကြားတာလည်းမဟုတ်၊ အိပ်မက်လည်းမဟုတ်တဲ့၊ ကြံစည်တွေးတောမှုလည်းမပါတဲ့ အသိထူးတွေရလာပါတယ်။ မနောဓာတ်ပိုင်တယ်ဆိုတာမျိုးပေါ့။ မရေမရာ ဝါးတားတားသိတာမျိုး မဟုတ်ဘူး။ တိတိကျကျအပီသိလာတာ ဖြစ်တယ်။

ဒီလိုအာရုံထူးတွေဟာ သူ့ဘာသာ အလိုလိုလည်း ပေါ်ပေါက်လာတတ်တယ်။ ကိုယ်ကသိချင်လို့ အာရုံပြုရင်လည်း ပေါ်လာတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ လွဲချော်သွားတာတွေလည်း ရှိတယ်။ ဒါကလည်း အမြင်အာရုံကို နားလည် သဘောပေါက်မှုလွဲသွားတာပါ။ ဘာသာပြန်မှားသွားတာပါ။

ဒီအာရုံထူး၊ အမြင်ထူးတွေနဲ့ လူတွေကို ထောင်ချီပြီး ကူညီခဲ့ပါတယ်။ ကြွေးစားဟောစားတာ မဟုတ်ပါဘူး။ အခက်အခဲတွေ့နေရတဲ့ လုပ်ငန်းပိုင်ရှင်ကြီးတွေ၊ ရောဂါရှာဖွေရာမှာ အခက်အခဲတွေ့နေရတဲ့ သမားတော်တော်ကြီးတွေ၊ ရာဇဝတ်မှုခင်းတွေကို ဖြေရှင်းပေးနေတဲ့ တရားရေးရာဌာနကပုဂ္ဂိုလ်တွေ၊ ရဲဝန်ထမ်းတွေ၊ ရာဇဝတ်မှု စုံစမ်းထောက်လှမ်းရေးတွေကို ကူညီခဲ့တာပါ။ လူပျောက်ရှာဖွေရေး၊ တရားခံရှာဖွေရေးတွေမှာ ကျွန်မရဲ့အာရုံထူးတွေကို အသုံးပြုပြီး ကူညီတာပါ။

ဒီလို အာရုံထူးတွေနဲ့ ကူညီတဲ့ ကိစ္စတွေမှာ ရောဂါရှာဖွေတဲ့ဆေးပညာမှာ ကူညီဖို့ ဝါသနာလည်း ပါတယ်။ ကျွမ်းလည်းကျွမ်းကျင်တယ်။ အနာသိဆေးရှိ ဆိုတဲ့အတိုင်း ပါရဂူသမားတော်တွေဟာ ရောဂါရှာဖွေမှုကို အားသွန်ခွန်စိုက်လုပ်ကြတယ်။ ရောဂါရဲ့ဇာစ်မြစ်ကို သိမှ ဆေးဆက်ကုသတယ်။ ဒီလို ရောဂါရဲ့ဇာစ်မြစ်ကို တိတိကျကျသိဖို့ဆိုတာဟာ ခေတ်မီစက်ကိရိယာတွေ၊ သိပ္ပံကိရိယာတွေနဲ့ရှာတာတောင်မှ တစ်ခါတလေ ရှာမတွေ့တတ်ဖြစ်နေတယ်။ ဒီလိုအခါမျိုးမှာ သမားတော်တွေက စိတ်စွမ်းအင်ကို အားကိုးလာရတယ်။ အကူအညီတောင်းလာရတယ်။

ရောဂါဇာစ်မြစ်ကိုရှာတဲ့အခါ အမြင်အာရုံထူးကိုလည်း အသုံးချတယ်။ လက်နဲ့လည်း စမ်းသပ်တယ်။ လက်နဲ့ စမ်းသပ်တယ်ဆိုတာ လူနာကို နှိပ်တာ၊ ဖိတာ မဟုတ်ဘူး။ လူနာရဲ့အင်္ဂါအစိတ်အပိုင်းအပေါ် နှစ်လက်မအကွာလောက်မှာ လက်ဝါးနဲ့ စူးစမ်း ရှာဖွေတာ ဖြစ်တယ်။ အကြိတ်ရှိသလား၊ ချို့ယွင်းမှုရှိသလား၊ သွေးကြော၊ အာရုံကြောတွေ စီးဆင်းမှုမှန်ကန်ရဲ့လား၊ အပိတ်အဆို့တွေရှိသလားဆိုတာ လက်ဝါးအာရုံထူးနဲ့ စမ်းသပ်ရှာဖွေတာပါ။ ကျွန်မ ရှာဖွေတွေ့ရှိတဲ့အချက်တွေကို သမားတော်က ရှာဖွေတွေ့ရှိချက်တွေနဲ့ ဆက်စပ်ဝေဖန်မိတော့မှ စိတ်ချရပြီဆိုရင် သမားတော်က ဆေးချက်ပေးတာပါ။

လူသတ်မှုကိစ္စတွေကို ကျွန်မမနှစ်သက်ဘူး။ လူသတ်မှုတွေကို အာရုံထူးနဲ့ ကူညီရှာဖွေရာမှာ အသတ်ခံရသူရဲ့ စိတ်ဝေဒနာခံစားမှုကို ကျွန်မ ခံစားရတယ်။ ကျွန်မကိုယ်တိုင် အသတ်ခံရသလို ခံစားရတယ်။ အဓမ္မကျင့်ပြီး လူသတ်တယ်ဆိုရင်လည်း ကျွန်မကိုယ်တိုင် အဓမ္မကျင့်ခံရသလို ခံစားရတယ်။ ဒီတော့ လူသတ်မှုကိစ္စတွေကို မလိုက်ချင်ဘူး။ တတ်နိုင်ရင် ရှောင်ချင်တယ်။

အာရုံထူး ဆိုရာမှာ အမြင်အာရုံ အကြားအာရုံသာမကဘူး။ ဝေဒနာခံစားမှုအာရုံထူးလည်းရှိတယ်။ ဒီပြင် အာရုံထူးတွေပွင့်လာရင် ဒီစိတ်ဝေဒနာခံစားမှုအာရုံထူးလည်း ပါလာတတ်တယ်။ သူတစ်ပါးခံစားရတဲ့ ခံစားမှုဝေဒနာတွေကို မိမိကိုယ်တိုင် ခံစားရသလို အာရုံထဲမှာ ခံစားရတာပါ။

ကျွန်မရဲ့ထူးချွန်မှုကတော့ ပျောက်နေတဲ့ ပစ္စည်းတွေရယ်၊ လူပျောက်ရှာရတာရယ်မှာ ဖြစ်တယ်။ အထူးသဖြင့် ရေနစ်သွားသူ၊ ရေထဲမျောပါသွားသူတွေကို ရှာဖွေတဲ့အခါမှာ ထူးချွန်အောင်မြင်ပါတယ်။

တရားဥပဒေစိုးမိုးရေးနယ်အမျိုးမျိုးမှာ ကူညီခဲ့ဖူးပါတယ်။ နယ်အလိုက်၊ ပြည်နယ်အလိုက်နဲ့ နိုင်ငံတကာကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးပါတယ်။ တရားဥပဒေစိုးမိုးရေးဌာနတွေ၊ ရဲစခန်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ အခက်အခဲတစ်ခုကတော့ ဒီဌာနတွေနဲ့ ဆက်သွယ်မှုကိစ္စတွေပဲ ဖြစ်တယ်။ ဒီဌာနက တာဝန်ရှိသူတွေဟာ စိတ်တန်ခိုးရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်ဆိုတာကို ညှက်သိပ်မပွင့်ကြဘူး။

တရားဥပဒေစိုးမိုးရေးဌာနတွေ၊ ရဲတွေနဲ့ ပူးပေါင်း ဆောင်ရွက်တဲ့အခါ လိုက်နေတဲ့အမှုရဲ့ အခြေအနေတွေ တိုးတက်မှုတွေကို သူတို့က ကျွန်မဆီ သတင်းပို့ပါရဲ့။ ဒီပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မိပြီ ဆိုရင်တော့ ကျွန်မအစွမ်းသတ္တိအပေါ်မှာ သူတို့ရဲ့ ယုံမှားသံသယတွေဟာ ပျောက်သွားတာပါပဲ။ ယုံကြည်လာကြတာပါပဲ။ ကျွန်မကတော့ အာရုံထဲမှာ မြင်ရသလောက် ပြောပြတယ်။ မနောမှာပေါ်ပေါက်သလောက်ဘာဖြစ်နိုင်တယ် ဆိုတာ မခြွင်းမချန် ပြောပြလိုက်တာပါပဲ။ ဘုရားသခင်စောင့်ရှောက်ပါစေလို့ ဆုတောင်းပြီး ရင်ခေါင်းထဲက ကိစ္စတွေကို မောင်းထုတ်လိုက်တယ်။ ကျန်တဲ့ကိစ္စတွေကတော့ သူတို့ရဲ့တာဝန်ပဲ။ ကျွန်မစွမ်းအားရှိသလောက် ပြောပြလိုက်ရတာဟာ ကျွန်မတာဝန်ပါပဲ။ ဒါပေမယ့် ဒီအမှုကိစ္စတွေဟာ ဘယ်လိုပြီးဆုံးသွားသလဲဆိုတာကိုတော့ သူတို့က ကျွန်မကို အသိပေးခဲ့ပါတယ်။

ဒီလို ရာဇဝတ်မှုတွေ ဖြေရှင်းရေးနဲ့ပတ်သက်လို့ အီလင်နွိုက်ပြည်နယ်က တရားရေးဌာန၊ ရဲစခန်းနဲ့ မီးသတ်ဌာနတို့က လေ့ကျင့်ရေးအတွက် ရုပ်ရှင်ရိုက်ကူးတဲ့ကိစ္စမှာလည်း ကျွန်မက ကဏ္ဍအနေနဲ့ ကူညီရသေးတယ်။

ဘိုရှိုပြည်နယ်မှာ သူနာပြုသင်တန်းပေးတဲ့အခါ ရောဂါရှာဖွေရေးမှာ လက်ကို ဘယ်လို အသုံးပြု ရှာဖွေရမယ်။ အာရုံထူးနဲ့ကြည့်ပြီး လက်နဲ့စမ်းသပ်တဲ့အခါ ရောဂါတွေကို ဘယ်လိုသိနိုင်တယ်ဆိုတာ သင်တန်းပို့ချပေးရသေးတယ်။ အဲဒီ သင်တန်းပြီးတော့ ဒေါက်လီယွန်ကာရီဆီကိုသွားပြီး ကူညီရတယ်။ ဒေါက်တာ လီယွန်ကာရီဟာ သူ့ရဲ့လူနာတွေရဲ့ ရောဂါဇာစ်မြစ်ကို ကျွန်မရဲ့အာရုံထူးလက်နဲ့ စမ်းသပ်ရှာဖွေဖို့ ခေါ်ထားသေးတယ်။

ဒီလိုစိတ်စွမ်းအင်အာရုံထူးတွေကို အသုံးချဖို့အတွက်ဘာလုပ်သင့်သလဲ ဆိုတဲ့ အကြံဉာဏ်ပေးရမယ်ဆိုရင် သင်တို့၏အတွင်းက မနောဝိညာဉ်ရဲ့အသံကို နားထောင်တတ်အောင် လေ့ကျင့်ပါ။ သင့်ရဲ့အာရုံခံစားမှုကိုလည်း သိရှိခံစားတတ်အောင်လေ့ကျင့်ပါလို့ ပြောချင်တာပါပဲရှင်။

-မနောသုတေသီ

*Ref ; Fate 4/93*



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင် နွယ်တစ်ပင်

## စေတနာမောင်

စာရေးသူနဲ့ တစ်လမ်းတည်းနေ မိတ်ဆွေတစ်ဦးက ပလတ်စတစ်အိတ်နဲ့ ထည့်ထားတဲ့ အရွက်လေးငါးရွက်လောက် ပါပြီး တစ်ထွာလောက်ရှိတဲ့ နွယ်ပင်လေး တစ်ပင် သူ့ဇနီးကို ပေးခိုင်းလိုက်တယ်။

စာရေးသူက-

"အစ်မဘေဘီ ဘာပင်လဲ"

"ငါလည်းမခေါ်တတ်ပါဘူး။အမျိုးသားက ဘီပိုး, စီပိုး ပျောက်တယ်၊ ကင်ဆာလည်းပျောက်တယ်ဆိုပြီး စိုက်ဖို့ပေးခိုင်းလိုက်တာ"

"ဩော် - ကျေးဇူးပါပဲ"

စာရေးသူလည်း ပန်းအိုးလေးထဲ ထည့်ပြီး သရက်ပင်အောက်မှာစိုက်ထားလိုက်တယ်။ မိုးတွင်းဆိုတော့ သရက်ပင်ပေါ် နွယ်တက်သွားလေရဲ့။ သိပ်မကြာဘူး အပွင့်နဲ့အသီးလေးတွေ ထွက်လာတယ်။ အပွင့်လေးတွေက လိပ်ပြာလေးနဲ့နေသလိုထင်ရပြီး အတော်ချစ်စရာကောင်းတယ်။ ဒါပေမယ့် ဘာပင်မှန်း အဘိအကျတော့ မသိခဲ့ရဘူး။

တစ်နေ့ စာရေးသူရဲ့အိမ်ကို ဇနီးသည်ရဲ့ သူငယ်ချင်းတစ်ယောက် အလည်လာတယ်။ သူက-

"အနီ၊ နင့်ဒူးအဆစ်တွေရောင်တာ နာတာ ဘယ့်နှယ်နေတုံး။ ငါတော့ နေပြည်တော်က သမီးပေးလိုက်တဲ့ ဣသရမူလီအရွက်ကို ငရုတ်ကောင်းစေ့ (၃) စေ့နဲ့ တစ်နေ့ (၁) ကြိမ် စားလိုက်တာ (၇) ရက်ပဲ စားရသေးတယ်၊ ဒူးနာသက်သာသလိုပဲ။ ဒါကြောင့် ငါအခုလာနိုင်တာ၊ နင်လည်းစားမလားဆိုပြီး အရွက်နဲ့ ငရုတ်ကောင်းစေ့ ယူလာတယ်"

သူ့အိမ်က စာရေးသူတို့အိမ်နဲ့ ပုံမှန်လမ်းလျှောက်ရင် ဆယ်မိနစ်လောက်လျှောက်ရတယ်။ သူ့ဒူးနှစ်ဖက်စလုံး ရောင်လိုက်၊ နာလိုက်နဲ့ ပုံမှန်လမ်းမလျှောက်နိုင်တာ ကြာပြီ။ အကြောပြင်ဆရာမည်ကြီးဆရာနဲ့ ကုလိုက်၊ စက်နဲ့ တည်းနှိပ်လိုက်၊ အင်္ဂလိပ်ဆေးစားရတာလည်း မလွတ်ဘူး။ ဒါပေမယ့် သိသိသာသာ သက်သာတယ်လို့ မရှိဘူး။ ခုတော့ ဣသရမူလီအရွက်နဲ့ ငရုတ်ကောင်းစေ့ကယ်လို့ ဈေးလည်းသွားနိုင်ပြီ ခမှာရုံလည်း ဥပုသ်စောင့်သွားနိုင်ပြီ၊ သူငယ်ချင်းအိမ်လည်းလာလည်နိုင်ခဲ့ပြီး ပြုံးလို့ပျော်လို့။

သတင်းစာစက္ကူနဲ့ ထုပ်ထားတဲ့ အရွက်ကလေးတွေ ဇနီးသည်က ကြည့်ရင်း-

"ဟယ် - နင်ပေးတဲ့ အရွက်ကလည်း ငါ့အိမ်မှာစိုက်ထားတဲ့ နွယ်ပင်က အရွက်နဲ့ တူလိုက်တာ။ လာ-သွားကြည့်ရအောင်"

ဇနီးသည်က ခြံထဲဆင်းပြီး သူ့သူငယ်ချင်းကို ပြလိုက်တော့ သရက်ပင်ပေါ်တက်နေတဲ့ အမည်မသိ နွယ်ပင်လေးက ဣသရမူလီဖြစ်နေလေရဲ့။ ဇနီးသည်လည်း သူ့သူငယ်ချင်းရဲ့ဆေးညွှန်းအတိုင်း သောက်လိုက်တာ (၅) ရက်လောက်ကြာတော့ ဒူးအဆစ်တွေ နာတာနဲ့ ရောင်တာ သိသိသာသာ သက်သာသွားတယ်။ ဇနီးသည်ကတော့ ဒူးနာတဲ့သူတွေ့တိုင်း ဣသရမူလီစားဖို့ ညွှန်းနေလေရဲ့။

မကြာမီက စာရေးသူတို့အိမ်မှာ အလှူလုပ်ဖြစ်တယ်။ အလှူကိုလာကြတဲ့မိတ်ဆွေတွေ၊ သားချင်းတွေစုမိတုန်း ဣသရမူလီအကြောင်း ပါသွားတယ်။ အလှူပွဲကနေ ဣသရမူလီဆွေးနွေးပွဲသို့ ရုတ်ခြည်းပြောင်းသွားတယ်။ အပင်ကြည့်ချင်သူတွေကို စာရေးသူဇနီးက ခြံထဲဆင်းပြလိုက်၊ ကြည့်သူတွေက နမူနာစားရန် တောင်းလိုက်နဲ့ ဧည့်သည်တွေလည်းကုန်ရော အပင်လေးခမျာ ကတုံးနီးပါးဖြစ်သွားရော။

ဆရာ စောငုဝါ (ပျဉ်းမနား) ရေးသားတဲ့ ဆောင်းပါးတွေမှာ ဣသရမူလီနွယ်ပင်ရဲ့ ပင်စည်ကို ဆေးအဖြစ် မှိုဝဲပုံများနဲ့ ယင်းသို့ မှိုဝဲသဖြင့် ကင်ဆာ၊ ဘီပိုး၊ စီပိုး၊ အသည်းခြောက်၊ နှလုံးသွေးကြောကျဉ်း၊ ရေဖျဉ်း၊ အဆစ်ရောင် စတဲ့ ရောဂါများ သက်သာ ပျောက်ကင်းမှုများကို အတွေ့အကြုံများနှင့်တကွ ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားတာ တွေ့ရပါတယ်။ ဆရာ စောငုဝါ (ပျဉ်းမနား) က ဆေးဖက်ဝင်အပင်များ စိုက်ပျိုး၍ အာယုဒါနပြုလုပ်နေကြောင်းလည်း ဖတ်ရသဖြင့် သာဓုခေါ်မိပါတယ်။ ဣသရမူလီနွယ်ပင်ရဲ့အစွမ်းသတ္တိကြောင့် ယနေ့ အင်တာနက်အထိ သတင်းပျံ့လွင့်လျက်ရှိပြီး အပင်များများထွက်ရှိရေးအတွက် ဇကျယ် စိုက်ပျိုးလိုသူများ၊ ဆေးဝါးအဖြစ် ထုတ်လုပ်ရန် ကြိုးပမ်းသူများရှိကြောင်း သိရ၍လည်း ဝမ်းသာရကြောင်းပါ။

လူ့ဘဝ ဆိုတာ ရတောင့်ရခဲပါ။ ဘဝတဏှာ ဆိုတဲ့ လူ့ဘဝကို ရကတည်းက ဖြစ်တဲ့နည်းနဲ့အသက်ရှင်လိုတဲ့လူသားတစ်ဦးအတွက် အသက်မရှင်နိုင်တော့ဘူးဆိုတဲ့အသိဟာ အတော်ကြေကွဲစရာကောင်းပါတယ်။ ကင်ဆာရောဂါတို့၊ အေအိုင်ဒီအက်(စ်)ရောဂါတို့ဖြစ်ပြီဆိုရင် ဘဝကို လက်မြှောက်အရှုံးပေးလိုက်ရုံကလွဲလို့ နတ္ထိ ဘာမှမရှိဆိုတဲ့အသိနဲ့ ကျသွားတဲ့ စိတ်ဓာတ်ကိုကောက်ယူဖို့ ကြိုးစားနေတုန်း တစ်ဖက်မှ ဆေးကုသစရိတ်များကလည်း မိုးထိအောင် လေ့ကားထောင်ဆဲပါ။ အဲဒီလိုအချိန်မျိုးမှာ တစ်ဆင့်စကား တစ်ဆင့်ကြားနဲ့ ကုမရတော့ပါဘူးဆိုတဲ့ရောဂါ ပျောက်ကင်းနိုင်ဖို့ ဆေးပင်တစ်ပင်ဟာ ကုသစရိတ်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးအောက်မှာ ပိနေသူများအတွက် ထွက်ပေါက်တစ်ခုလည်း ဖြစ်ပါတယ်။

ကင်ဆာရောဂါ၊ ဘီပိုး၊ စီပိုးအပါအဝင် ရောဂါစုံပျောက်ကင်းတယ်လို့ ရေပန်းစားလာတဲ့ ဣသရမူလီ ဆေးဖက်ဝင်နွယ်ပင်အကြောင်း ပြောကြ၊ ဆိုကြ၊ ဖတ်ရတော့ ဆရာသာဂဒိုးရဲ့ ပိစပ်ရွက်နဲ့ အေအိုင်ဒီအက်(စ်)ရောဂါ ပျောက်ကင်းအောင် စိတ်အားထက်သန်စွာ ကြိုးပမ်းရေးသားချက်များကို ပြန်လည် သတိရမိပါတယ်။ ဝမ်းနည်းစရာကောင်းတာက ပိစပ်ရွက်ဟာ ဘေးထွက်ဆိုးကျိုး(Side-effect) ရှိတယ်ဆိုတဲ့ သတင်းနဲ့အတူ ပျောက်ကွယ်သွားတာပါပဲ။ အခုလည်း လာပြန်ပြီ ဣသရမူလီ ဆိုတဲ့ ဆေးဖက်ဝင်နွယ်တစ်ပင်။ စာရေးသူအနေနဲ့ ဒီတစ်ခါတော့ ဣသရမူလီဆေးဖက်ဝင်နွယ်ပင်ကို ပိစပ်ပင်ကဲ့သို့ မဖြစ်စေချင်တော့ပါ။

မိမိတို့နိုင်ငံအနေနှင့်လည်း အစိုးရ ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးမှ ဣသရမူလီ ဆေးဖက်ဝင်နွယ်ပင်ကို ကင်ဆာ၊ ဘီပိုး၊ စီပိုး၊ အသည်းခြောက်၊ နှလုံးသွေးကြောကျဉ်း စသည့် ရောဂါကြီးများအပါအဝင် ရောဂါစုံသက်သာပျောက်ကင်းနိုင်သည့် ဆေးဝါးအဖြစ် သုတေသနပြု ထုတ်လုပ်ရန် ကြိုးစားခြင်းဖြင့် နိုင်ငံသားများ၏ ကျန်းမာရေးကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

စေတနာမောင်



www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်က ဦးတင်ဟန်။ စာရေးသူနှင့် ခင်မင်ရင်းနှီးသူ ဖြစ်သည်။ အထူးသဖြင့် ဝါတွင်း၊ ဝါပဉ္စမ်းနေ့များ၌ သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက်တွင် ဥပုသ်သီလယူရင်း ဦးတင်ဟန်နှင့် ဆုံဖြစ်သည်။ မှတ်မှတ်ရရပြောရလျှင် ၁၃၇၄ ခု၊ ကဆုန်လကွယ်နေ့။ ဦးတင်ဟန်က စာရေးသူအား ပြောလာသည်။

"ခင်ဗျားက စာရေးဆရာဆိုတော့ ကျုပ်ဘဝအကြောင်းကို စာရေးစေချင်တယ်"

"ဘယ်လိုအကြောင်းအရာများလဲ ဦးတင်ဟန်"

"ကျုပ်လည်း စိတ်ဝင်စားတယ်၊ နားထောင်ရအောင်ပြောဗျာ"

ဦးမောင်စံကလည်း သိချင်ဇောနှင့် တောင်းဆိုလိုက်သည်။

"ဒီလိုဗျ၊ ကျုပ်ကလွန်ခဲ့တဲ့ဘဝနှစ်ခုကို ကောင်းကောင်းမှတ်မိနေတယ်"

"ဟာ- တယ်ထူးဆန်းနေပါလား"

"ဟုတ်ပ့ါဗျာ၊ ကျုပ်တော့ ညကမက်တဲ့အိပ်မက်တောင် မနက်လင်းလို့ပြန်စဉ်းစားရင် အကုန်မမှတ်မိတော့ဘူးဗျ။ ဇဝေဇဝါဖြစ်နေတယ်"

"ကျုပ်က ဒီအကြောင်းအရာတွေကို (၁၅) နှစ်သားလောက်ကတည်းက သတိရနေတာ"

ဦးတင်ဟန်က ရေနွေးကြမ်းတစ်ခွက်သောက်ရင်း ပြောလိုက်သည်။

စာရေးသူက -

"ဒါဆိုရင် ဦးတင်ဟန်ရဲ့အရင်ဘဝက ဘယ်ဘဝမှာလဲ"

"ကျုပ်ရဲ့အရင်ဘဝက မြန်အောင်မြို့နယ် ကျွန်းတောကုန်းကျေးရွာကပါ။ မိဘတွေကတော့ ဦးဖိုးလူကောင်းနဲ့ ဒေါ်ဆစ်တို။ ကျုပ်နာမည်က မောင်လှဒင်"

ထိုအခါ စိတ်ဝင်တစားနားထောင်နေသော ကိုမောင်စံက -

"ခင်ဗျားက ဟိုဘဝကမိဘနာမည်တွေပါ မှတ်မိနေတာ အံ့ဩစရာပဲ"

"ကျုပ် အခု အသက် (၇၀)ကျော်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပျက်ခဲ့တဲ့နှစ်ဘဝကို ခုတော့ ရှင်း ...သင်းလင်း အမှတ်ရနေပြီ။ ဒီလိုသိ ...ကိုပဲ ကျုပ်လည်း ကိုယ့်ကိုယ်ကိုယ် ...ညြနေတယ်ဗျ"

"ဒါနဲ့ ဒုတိယဘဝကကော ဘယ် ...သဲဗျ"

"အဲဒီ မြန်အောင်မြို့နယ်က ကျွန်း ...ာကုန်းကျေးရွာမှာပဲ မိဘနှစ်ပါးက ...ာ့ ဦးသာကြူး၊ ဒေါ်ရွှေမိ။ ကျုပ် ...မည်က မောင်ဟန်စိန်လို့ ခေါ်တယ်"

စာရေးသူက အံ့ဩခြင်းများစွာ ... -

"ဩော် - ဦးတင်ဟန်က ဘဝ ...ောင်းက မိဘနာမည်တွေရော အကုန် ...နေပါလား"

"နောက် ဒါထက် အံ့ဩစရာတွေ ...သေးတယ်၊ ကျုပ်ပြောပြမယ်"

❑

"မိဘပြောစကားကို နားထောင် ... သားသမီးက ဘယ်တော့မှ မဆင်းရဲ ... သား"

ဦးဖိုးလူကောင်းက သားဖြစ်သူ ...ောင်လှဒင်အား လိမ္မာရေးခြားရှိစေရန် ...နံသင်ဆုံးမစကားပြောဆိုနေခြင်းဖြစ် ...သည်။ ဦးဖိုးလူကောင်း၊ ဒေါ်ဆစ်တို ...သားစုတို့က မြန်အောင်မြို့နယ် ကျွန်း ...ာကုန်းကျေးရွာတွင် နေထိုင်ရင်း ...ောင်းပလုံးရက်လုပ်ခြင်းဖြင့် အသက် ...မြူကြသည်။

ဦးဖိုးလူကောင်း၊ ဒေါ်ဆစ်တို ဇနီး ...ောင်နှံက သူတို့ရဲ့ တစ်ဦးတည်းသော ...းလေးနောင်ရေးအတွက် မျှော်တွေး ပြီး အလုပ်ကိုကြိုးစားလုပ်ကိုင်၍ ရတတ်သမျှကို ခြွေတာစုဆောင်းကြသည်။ သို့သော် လက်လုပ်လက်စားဘဝမို့ မနက်ညစာကိုပင် ရှန်းကန်နေရသောကြောင့် ပိုလျှံဖို့ဆိုတာ အိပ်မက်တောင် မမက်ရဲခဲ့ပေ။

တစ်နေ့ ဦးဖိုးလူကောင်းက သားဖြစ်သူ မောင်လှဒင်အား -

"သားကိုအဖေပြောစရာရှိတယ်"

"ဘာများလဲ အဖေ"

မောင်လှဒင်က ရက်လက်စတောင်းတစ်လုံးကို အနားသတ်ရင်း မေးလိုက်သည်။

"ဒီလိုကွ၊ အခု အဖေတို့မိသားစုအားလုံး အလုပ်ကို တက်ညီလက်ညီဘယ်လောက်လုပ်လုပ် စားရရုံပဲ၊ ပိုလျှံတယ်လို့ မရှိဘူး။ အထူးသဖြင့် သားက အရွယ်လည်းရောက်လာတော့ ငယ်ရွယ်သူတို့သဘာဝအတိုင်း ဝတ်ချင်စားချင်တာပေါ့။ ခုတော့ သားမှာ ချို့ချို့တဲ့တဲ့နဲ့"

"ကျွန်တော့်အတွက် အဖေနဲ့ အမေတို့ ဘာမှစိတ်မကောင်းမဖြစ်ကြပါနဲ့။ ကျွန်တော် အဲဒီအဝတ်အစားတွေ မမက်ဘူး။ အဖေတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ကျွေးချင်တာ"

မောင်လှဒင်က သူ့ဆန္ဒကိုရိုးသားစွာ ဖွင့်ဟလာသည်။

ဦးဖိုးလူကောင်းက -

"သားဆိုက မိဘကျေးဇူးသိတတ်တဲ့စကားတွကြားရတာ အဖေ ဝမ်းသာပါတယ်။ အခု အဖေပြောပြချင်တာက ဦးထွန်းရီ၊ ဒေါ်မြကြည်တို့အိမ်မှာ ထွန်ဦးစီးလုပ်ဖို့ ဟိုတစ်နေ့က ဦးထွန်းစီကိုယ်တိုင် အဖေ့ကိုလာပြောတယ်"

"ဟာ- မလုပ်ချင်ပါဘူး အဖေရာ၊ သူများအိမ်မှာ အလုပ်လုပ်ရတာ မလွယ်ပါဘူး။ ပြီးတော့ စားတာသောက်တာက အစ သူများမျက်နှာကြည့်ရတာ"

"ဦးထွန်းရီမိသားစုကလည်း အဖေတို့နဲ့ သူစိမ်းတွေမှ မဟုတ်တာဘဲ။ သားရဲ့အမေနဲ့ မြကြည်နဲ့က ညီအစ်မနှစ်ဝမ်းကွဲတော်တာ။ ဦးထွန်းရီကလည်း သားရဲ့အလုပ်ကြိုးစားမှုကို သဘောကြတာ"

"ကျွန်တော် အလုပ်လုပ်ရတာကို မကြောက်ပါဘူး။ သူတို့သား အရက်သမားနက်ကျော်က မူးလာရင် ဘယ်သူ့ကိုမှ လူထင်တာ မဟုတ်ဘူး"

❑

"အဖေနဲ့ အမေက ကျုပ်ကို လူရယ်လို့ မသတ်မှတ်တော့ဘူးလား"

သားဖြစ်သူ နက်ကျော်၏ စကားကြောင့် ဦးထွန်းရီ ဘာပြောရမှန်းမသိဖြစ်သွားသည်။

"သားပြောတာ အဖေ နားမလည်ဘူး"

"အဖေတို့က ခုမှမသိချင်ယောင်ဆောင်မနေပါနဲ့"

"ဘာများလဲသားရယ်၊ အမေတို့ကိုလည်း ရှင်းအောင်ပြောပါဦး"

ဒေါ်မြကြည်က ဆန်ရွေးနေရင်း မေးလိုက်သည်။


နက်ကျော်က-

"ဘာဖြစ်ရမှာလဲဗျ၊ အခုအမေတို့ ဟိုကောင်လှဒင်ကို ထွန်ဦးစီးခိုင်းထားတဲ့ကိစ္စ"

"မခိုင်းလို့ဖြစ်မလားကွ၊ အဖေက ဒီနှစ် ကျန်းမာရေးမကောင်းတော့ ထွန်ဦးစီးအလုပ်ကို မလုပ်နိုင်တော့ဘူး။ ငပိုင်ကလည်း သားသိတဲ့အတိုင်း အလုပ်လုပ်ဖို့ကို ဆင်လို တတို့တို့တို့နေရတယ်။ အဲတော့ ဘယ်မှာအားကိုးလို့ရမှာလဲ"

ဦးထွန်းရီက သူ့ရှေ့ ကွမ်းအစ်ထဲမှ ကွမ်းရွက်ကိုယူရင်း ပြောလိုက်သည်။

"အဖေက ကျုပ်တစ်ယောက်လုံး





www.burmeseclassic.com

www.burmeseclassic.com

ရှိနေရဲ့သားနဲ့ လှဒင်ကို ဘာသဘောနဲ့ ထွန်ဦးစီးခိုင်းထားရတာလဲ။ အဖေက ကျုပ်ထက် အဲဒီအကောင်ကို အားကိုးနေတာလား"

နက်ကျော်စကားကြောင့် ဦးထွန်းရီ စိတ်တိုလာသည်။

"မင်းရှိတော့ကော ဘယ်နေရာမှာ အားကိုးရလို့လဲ။ အလုပ်ကို လက်ကြောတင်းအောင်မလုပ်ဘဲ ရွာရိုးကိုးပေါက် လျှောက်သွားပြီးတော့ ပြန်ချင်တဲ့အချိန် ပြန်"

"အဖေက ကျုပ်ကိုဆို အမြဲတမ်း နှိမ်နေတာပဲ"

"အဲဒါ မင်းတစ်ဖက်သတ် ငါ့ကို အထင်မှားနေတာ"

"အထင်မှားတာမဟုတ်ဘူး၊ ကျုပ် ဘာလုပ်လုပ် အဖေက ဘယ်တော့မှ အကောင်းမမြင်ဘူး"

"မင်းကကော ကောင်းတာလုပ်လို့ လား"

"တော်ပါတော့ ကိုထွန်းရီရယ်၊ သားအဖချင်း စကားပြောတာ အေးအေးဆေးဆေးပြောလည်း ရပါတယ်။ ခုတော့ ထသတ်တော့မယ့်အတိုင်း"

"မြကြည်၊ နင့်သားဘက်က အဲဒီလို ကာစီးကာစီးကြပ်ကြပ်လုပ်။ နင့်ကြောင့် ဒီကောင်ပျက်စီးနေတာ"

ဦးထွန်းရီ ခပ်မာမာပြောလိုက်သောကြောင့် ဒေါ်မြကြည် ငြိမ်တုပ်နေရသည်။

နက်ကျော်က တစ်စခန်းထလာသည်။

"အဖေက အဲဒီ လှဒင် ဆိုတဲ့ အကောင်ကို သိပ်အထင်ကြီးတာပဲ။ လူကြည့်တော့ မခုတ်တတ်တဲ့ကြောင်။ အဖေ သတိထားနော်။ ကိုယ့်အိမ်မှာလည်း သားပျိုသမီးပျိုနဲ့ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိ တော်ကြာကျော်မကောင်းကြားမကောင်း ဖြစ်နေဦးမယ်"

"ဘုန်းကြီးစာချ၊ မိကျောင်းမင်းရေခင်းမပြနဲ့ ငါက မင်းရဲ့အဖေ"

❑

မောင်လှဒင်တစ်ယောက် ဦးထွန်းရီတို့အိမ်တွင် ထွန်ဦးစီးလုပ်သည့်နေ့မှစ၍ နက်ကျော်က ဟသ်ာတမှ ဆွေမျိုးများရှိရာသို့ ထွက်သွားလေတော့သည်။ တစ်နေ့ မောင်လှဒင်က ဦးထွန်းရီအား သူ့ထင်မြင်ချက်ကို ပြောလာသည်။

"ကျုပ်အတွက်နဲ့ ဦးလေးတို့မိသားစု တကွဲတပြားဖြစ်သွားတာ ကျုပ်စိတ်မကောင်းဘူး"

"ဒီအတွက် ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့ကွာ။ ဒီကောင်က အိမ်မှာနေလည်း ဘယ်အလုပ်မှ ဖိဖိစီးစီးမလုပ်ဘူး။ တောင်ပိုင်းက အရက်သမား ကြွက်တို့ ကျော်ထူးတို့နဲ့ပေါင်းပြီး အရက်သောက် ကြက်တိုက် ဖဲလေးဝါးလား အချိန်ကုန်နေတာ"

မည်သို့ဖြစ်စေ မောင်လှဒင်ကတော့ နက်ကျော် အိမ်မှထွက်သွားရခြင်း အကြောင်းရင်းမှာ သူ့ပယောဂမကင်းဟု ယူဆကာ တစ်နေ့တာ လုပ်ငန်းပြီးသည်နှင့် မိမိအိမ်သို့ပြန်သည်။ သားအမိသားအဖသုံးယောက်သား ထမင်းလက်ဆုံစားကြသည်။ ငပိုင်ကတော့ ခြေသလုံးအိမ်တိုင်သမားပီပီ ဦးထွန်းရီတို့အိမ်တွင် စား၍ ခြေသိမ်းခေါင်းပိုက်လုပ်ရသည်။ ပြီးတော့ အပေါင်းအသင်းတွေ့လျှင် ဦးထွန်းရီ မသိအောင် အရက်ခိုးသောက်တတ်သည်။

တစ်နေ့ ကိုင်းထဲသို့ ဦးထွန်းရီ၏ သမီး မလှရီ ထမင်းလာပို့သည်။ ငပိုင်က ထွန်နေသော နွားတစ်ရှဉ်းကို ရပ်ထားလိုက်ရင်း-

"လှရီ၊ ငါ့ကိုငွေတစ်ကျပ်လောက် ချေးစမ်းပါ။ မနက်ဖြန် ပြန်ပေးပါ့မယ်"

"ဘာလဲ ကိုငပိုင်ကြီး၊ အရက်သောက်ဖို့မဟုတ်လား"

"ရှူး - တိုးတိုးပြော၊ ဟိုကောင် လှဒင် ကြားသွားမယ်"

ထိုခဏ၌ သူတို့နှစ်ဦးရှိရာ ရင်းတိုက်ပင်ရိပ်သို့ နွားမောင်းရင်း ရောက်လာသည်။

"နွားတွေနားရင်း ထမင်းကြမ်းစားလိုက်ပါလား ကိုရင်လှဒင်"

"ဟဲ့ - လှရီ၊ နင်က ငါ့ကျတော့ အနားရောက်တာတောင် မစားခိုင်းဘူး။ လှဒင်ကျတော့"

ငပိုင်စကားကြောင့် မလှရီမျက်နှာ ပန်းနုရောင်ဖြစ်သွားသည်ကို မောင်လှဒင် သိလိုက်သည်။

"ကိုငပိုင်ကြီးကလည်း ဘာမှန်းလဲ မသိဘူး"

မလှရီက စိုက်တောင်းထဲမှ ထမင်းချိုင့်နှစ်ချိုင့်ကိုထုတ်၍ ငပိုင်နှင့် မောင်လှဒင်အား ပေးလိုက်သည်။ ထို့နောက် လွယ်အိတ်ထဲမှ ရေဘူးကို မောင်လှဒင်ရှေ့ ချထားလိုက်သည်။

"ဖြည်းဖြည်းစားနော်၊ ကိုရင်လှဒင် လည်ပင်းနင်နေဦးမယ်"

"ဩော် - နင်က ငါ့ကျတော့ လည်ပင်းနင်သေသေဆိုတဲ့ သဘောလား"

"ကိုငပိုင်ကြီးနော်၊ ဟင်း-ဘာတွေ လျှောက်ပြောနေတာလဲ၊ သွားတော့မယ်။ ဩော် - ကိုရင်လှဒင်၊ ညနေကျ အိမ်မှာ ဝက်သားဟင်းချက်ထားတယ် အပြန်ကျ ဝင်ယူသွားနော်"

မလှရီ ပြန်သွားတော့ ငပိုင်က မောင်လှဒင်အား -

"ဟေ့ကောင် လှဒင်၊ မင်းကတော့ စုတ်ရောလာဘ်ရောဝင်တာပဲ။ လှရီကလည်း ချောချောလေး"

"မလုပ်ပါနဲ့ ကိုငပိုင်ရာ။ သူတို့က ကျုပ်ရဲ့ ထမင်းရှင်ဟင်းရှင်တွေဗျ"

❑

"အမေတို့က သားရှင်ပဲကွယ် ဘာမျက်နှာပူစရာရှိလို့လဲ"

ဒေါ်ဆစ်တိုက ရက်လက်စတောင်းကို ဘေးနားချထားရင်း ပြောလိုက်သည်။

မောင်လှဒင်က-

"အမေကပြောတော့လွယ်တယ်၊ ပတ်ဝန်းကျင်က ပြောလာမယ့် အရိပ်နေနေ အခက်ချိုးချိုးလို့ ပြောလာတဲ့ စကားတွေကို ကျုပ်မခံနိုင်ဘူး။ ပြီးတော့ လှရီနဲ့ ကျုပ်ဘဝက အစစအရာရာ အဆင့်အတန်းချင်းက ကွာလွန်းပါတယ်"

"ဩော် - သားရယ်၊ မိန်းကလေးဘက်က သားရဲ့လုပ်ရည်ကိုင်ရည်နဲ့ ရိုးသားမှုကို သဘောကျလို့ ဒေါ်မြကြည် ကိုယ်တိုင်လာပြောတာ"

"ကျုပ် သူတို့အိမ်မှာ အလုပ်လုပ်တာ သုံးနှစ်သုံးမိုးပြည့်တော့မယ်။ သူတို့မိသားစုနဲ့ ဘာပြဿနာမှမဖြစ်ခဲ့ဘူး"

"ကဲပါ သားရယ်၊ သားက မိဘစကားကို အမြဲတမ်းနားထောင်တဲ့ သားတစ်ယောက်ပဲ။ ပြီးတော့ လှရီက အစစအရာရာ လိမ္မာရေးခြားရှိသူလေးပါ"

သည်လိုနှင့် နှစ်ဖက်မိဘများက မောင်လှဒင်နှင့် မလှရီအား ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးလိုက်ကြသည်။ မင်္ဂလာအခမ်းအနားအတွက် အစစအရာရာ မလှရီ၏မိဘများက တာဝန်ယူဆောင်ရွက်ပေးသည်။ မင်္ဂလာဆောင်သည့်နေ့တွင် မလှရီက မောင်လှဒင်အား မေးလာသည်။

"ကိုရင်လှဒင်၊ မျက်နှာက ရွှင်ရွှင်လန်းလန်းမရှိဘူး။ နေမကောင်းလို့လား ဟင်"

"နေကောင်းပါတယ်၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ တစ်ခုခုကိုစိုးရိမ်နေသလိုပဲ"

မည်သို့ဖြစ်စေ မလှရီက မောင်လှဒင်အား တစ်ဖက်သတ် တိတ်တိုးချစ်ရ



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အပျော်ကြီးပျော်နေသည်။

သူတို့မင်္ဂလာဆောင်ပြီး တစ်လ ကြာ နက်ကျော် ပြန်ရောက်လာသည်။ စိတ်တစ်ကျဉ်းဝမ်းတစ်ကျဉ်း အအထိုင်ရခက်သူက မောင်လှဒင်ဖြစ်သည်။

တစ်နေ့ ကိုင်းထွန်းရင်း မောင်လှဒင်က မလှရီအား သူ့ခံစားချက်ကို ပြောလိုက်သည်။

"ကျုပ် မလှရီမောင်နဲ့ တစ်အိမ်တည်း မနေရဲဘူး"

"ဩော်- ကိုရင်လှဒင်ကလည်း စိုးစရာမရှိ စိုးရိမ်နေတယ်။ အခု မောင်နက်ကျော်က အရင်တုန်းကလို တော့ဟော့ရမ်းရမ်းမရှိတော့ပါဘူး"

"မလှရီက အပေါ်ယံကြည့်ပြောတာပဲ၊ ဟိုတစ်နေ့က ထမင်းဝိုင်းမှာ ကျုပ်နဲ့သူနဲ့ နှစ်ယောက်တည်းကျန်တော့ ကျုပ်ကို မျက်ထောင့်နီကြီးနဲ့ကြည့်နေလိုက်တာ ထမင်းစားနေရင်း ကျုပ်မှာ ကြက်သီးတွေထလာတယ်"

"ကိုရင်လှဒင်ကလည်း ယောကျ်ားတတ်သလိုဘဲ ကြောက်တတ်လိုက်တာ နော်ရော"

❑

"မင်းကလည်း ယောကျ်ားဖြစ်ပြီး ဒီလောက်ပဲ ကြောက်ရသလားကွ"

"ဟာ - ကြောက်တာပေါ့ဗျ၊ ငတိုးတို့တဲ့ ကျွဲကြီးက ကျုပ်ကိုမြင်ရင် မျက်ထောင့်နီကြီးနဲ့ကြည့်နေတာ ကျုပ်တစ်ယောက်တည်း မသွားရဲဘူး"

ဦးထွန်းရီက သားဖြစ်သူ နက်ကျော်အား လူးအင်းထဲတွင် လွှတ်ထားသော ကျွဲနှစ်ကောင်အားဆွဲခိုင်းခြင်းဖြစ်သည်။

"ကဲ- မောင်လှဒင်၊ မင်းရောလိုက်သွားပါကွယ်။ ကျွဲနှစ်ကောင်က မင်းပဲ ခိုင်းနေကျ ဆိုတော့ တစ်လက်ကိုင်လို ဖြစ်နေတာ"

"ဟုတ်. . . ဟုတ်ကဲ့"

ယောက္ခမကိုယ်တိုင် ခိုင်းနေပြန်တော့ မနေသာတော့ဘဲ နက်ကျော်နှင့်အတူ လူးအင်းထဲသို့ လိုက်သွားရသည်။ ကိုတမှ ယောက်ဖဖြစ်သူနှင့် အနေမနီးအောင် ရှောင်နေကာမှ ယခုတော့ မြွေ ခေါင်းပိုက်ပိုက်သလို စိတ်ထဲကတထင့်ထင့်ဖြစ်နေ၏။ လူးအင်းနားအရောက် နက်ကျော်က တရုတ်စံကားပင်အောက် ဝါးကျစ်တုတ်တစ်ချောင်းကို ကောက်၍ မောင်လှဒင် ဦးခေါင်းကို တအားရိုက်ချလိုက်သည်။

"ခွပ်"

"အား"

မောင်လှဒင်၏မျက်စိထဲ ရောင်စုံမီးပွင့်တွေဖြစ်ပေါ်သွားပြီး ရှေ့သို့မှောက်လျက်လဲကျသွားသည်။ နက်ကျော်က မောင်လှဒင်၏ လက်နှစ်ဖက်ကိုကိုင်၍ လူးအင်းထဲသို့ ဆွဲချနေစဉ် ရေစိမ်နေသော ကျွဲတစ်ကောင်က အတင်းပြေးလာပြီး နက်ကျော်ရင်ဘတ်ကို သူ့ဦးချိုကားကြီးဖြင့် ခတ်ချလိုက်သည်။ ရုတ်တရက်မို့ နက်ကျော် ရှောင်တိမ်းချိန်မရလိုက်ဘဲ ကျွဲချိုဖျားတွင် မှောက်လျက်သားပါသွားသည်။ ကျွဲကြီးက နက်ကျော်ကို အောက်သို့ ခါချလိုက်ပြီး ရှေ့ခြေထောက်နှစ်ချောင်းဖြင့် နင်းခြေနေသည်ကို တရုတ်စံကားပင်ပေါ်မှ မောင်လှဒင်၏ ဝိညာဉ်က အစအဆုံးမြင်နေရသည်။ ခဏအကြာ ရွာထဲမှလူများ လူးအင်းဆီသို့ ရောက်လာကြသည်။ ငိုပြီးပြေးလာသောမိခင်ဒေါ်ဆစ်တိုကိုလည်း မောင်လှဒင်၏ဝိညာဉ်က မြင်နေရသည်။

"ဖြစ်ရလေ သားရယ်၊ အမေ့သားအသေဆိုးနဲ့သေပါပြီ ကယ်ကြပါဦး"

"အမေ၊ ကျုပ် တရုတ်စံကားပင်ပေါ်မှာ။ အမေ အမေ ကျုပ်ခေါ်နေတာ ကြားလား"

ဒေါ်ဆစ်တိုက မောင်လှဒင်ခေါ်သံကိုလုံးဝမကြားသည့်အလား လူးအင်းဘေးတွင် အသက်ဝိညာဉ်ကင်းမဲ့နေသော မောင်လှဒင်၏ ရုပ်အလောင်းကို ပွေ့ဖက်ပြီး ငိုနေသည်။ ထိုခဏ၌ မောင်လှဒင်၏မိန်းမ မလှရီပြေးလာပြန်သည်။

"မလှရီ၊ ကျုပ်ဒီမှာလေ။ မလှရီ မလှရီ ကျုပ်ကို မမြင်ဘူးလား။ ကျုပ်ခေါ်နေတာ ကြားလား"

မောင်လှဒင်စိတ်ထဲ အားမလိုအားမရဖြစ်လာ၍ တရုတ်စံကားပင်ပေါ်မှ အောက်သို့ဆင်းရန် ကြိုးစားကြည့်သည်။ သို့သော် သူ့ကို တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားသလိုခံစားနေရသည်။

❑

"ဟင် - ဒါဆိုရင် ဦးတင်ဟန်ရဲ့ ဝိညာဉ်လိပ်ပြာက အဲဒီတရုတ်စံကားပင်ပေါ်ကနေ ဘယ်ကိုရောက်သွားတာလဲဗျ"

ဦးမောင်စံက လက်ဖက်ရည်တစ်ခွက်ငှဲ့သောက်ရင်း ပြောလိုက်သည်။

ထိုအခါ ဦးတင်ဟန်က-

"ဒီလိုဗျ၊ ကျုပ်တရုတ်စံကားပင်ပေါ်မှာနေရင်း တစ်ပတ်အကြာ အဲဒီကျွန်းတောကုန်းရွာက ဒေါ်ရွှေမိ တောထဲက ထင်းခွေအပြန် တရုတ်စံကားပင်နားအရောက် သူရွက်လာတဲ့ ထင်းလှိုင်းကြားမှာ အသာလိုက်သွားတာဗျ။ ညရောက်တော့ ကျုပ်ရဲ့ဝိညာဉ်လိပ်ပြာက ဒေါ်ရွှေမိကို အိပ်မက်ပေးတယ်"

"ဘယ်လိုအိပ်မက်ပေးတာလဲဗျ"

စာရေးသူက မေးလိုက်ခြင်း ဖြစ်သည်။

ဦးတင်ဟန်က-

"ကျုပ်က ဒေါ်ရွှေမိတို့အိမ်မှာနေချင်တဲ့အကြောင်းပြောတော့ ဒေါ်ရွှေမိက ကျုပ်ကိုပြန်ပြောတယ်။

'ဟဲ့ - လှဒင်၊ နင်ရူးနေသလား။ နင့်အမေ ဒေါ်ဆစ်တို နင်သေလို့ငိုတာ မျက်ရည်တောင် မခြောက်သေးဘူး မလာနဲ့တဲ့'

ကျုပ်ကလည်း နေစရာမရှိလို့ နေပါရစေလို့ အတင်းတောင်းပန်တော့ နေခွင့်ရတယ်။ ဒါနဲ့ပဲ ကျုပ်ရဲ့ဝိညာဉ်လိပ်ပြာက ဒေါ်ရွှေမိဝမ်းထဲမှာ ပုန်းခွင့်ရတာဗျ"

"ဟာ - တကယ့်ကို အံ့ဩစရာပဲဗျ။ ဒါနဲ့ မောင်ဟန်စိန်ဘဝရောက်တော့ မောင်လှဒင်ဘဝကို မှတ်မိသေးလား"

"ကျုပ်ပြောချင်တာ အဲဒါကိုဗျ။ မောင်ဟန်စိန်ဘဝကို ရောက်တော့ မောင်လှဒင်ဘဝကို လုံးဝသတိမရတော့ဘူး။ အမေ ဒေါ်ရွှေမိကတော့ ပြောဖူးတယ်။ ကျုပ်တစ်နှစ်သားလောက် အရွယ်မှာ ညရောက်ရင် ချော့မရအောင် ငိုတယ်တဲ့။ အိမ်နီးနားချင်း ဒေါ်ဆစ်တိုလာချီမှ အငိုတိတ်တယ်တဲ့။ မောင်ဟန်စိန်ဘဝ ၅ နှစ်သားအရွယ်မှာ ဗိုက်နာရောဂါနဲ့သေပြီး သရက်မြို့ ခြံကြီးစုက ဦးသာဖူး၊ ဒေါ်ရွှေဖားတို့အိမ်ရှေ့က ပိတောက်ပင်ပေါ်မှာ ကျုပ်ရဲ့ဝိညာဉ်က ရောက်သွားပြီး ဒေါ်ရွှေဖားဝမ်းထဲမှာ ဝင်ပုန်းရင်း အခု ဦးထင်ဟန်ဘဝကို ရောက်လာတာဗျ"

ဦးတင်ဟန်က သူ့ဘဝအကြောင်းတွေကို အားပါးတရပြောရင်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်သည်။ စိတ်ဝင်စားစွာ နားထောင်နေသော ဦးမောင်စံက -

"သံသရာက တဝဲလည်လည်နဲ့ သိပ်ကိုကြောက်စရာကောင်းတာပဲဗျာ"

"ဒါပေါ့ဗျာ၊ သုံးဆယ့်တစ်ဘုံသားအားလုံး သံသရာမပြတ်သမျှ ကံကြမ္မာရဟတ်မှာ တစ်ပတ်ပြီးတစ်ပတ် လည်နေမယ်ဆိုတာ အမှန်ပေါ့ဗျာ။

*(မှတ်ချက်- ဦးတင်ဟန်၏အဖြစ်မှန် ဖြစ်ပါသည်။)*

*သုံးဆယ့်တစ်ဘုံသားအားလုံး*
*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

မောင်မောင်ညွှန့် (သရက်)



www.burmeseclassic.com

www.burmeseclassic.com

သားနှစ်ယောက် တိုးလာသလို ဇနီး၏ ကျန်းမာရေးလည်း အခြေအနေ ကောင်းလာတော့ မိသားစုပျော်ရွှင်မှု လည်း တိုးလာပါတော့သည်။ ပညာရေး ဝန်ထမ်းဘဝနှင့် ကျောင်းလုပ်ငန်းတာ ဝန်များသာမက အားကစားနှင့် ကြက် ခြေနီလုပ်ငန်း၊ လူငယ်လုပ်ငန်းများမှာ မြို့ နယ်မှ တာဝန်ပေးခြင်းခံလာရပါသည်။ ပြင်ပတာဝန်များ ထမ်းဆောင်ရင်း မိခင် ဌာနတာဝန်လည်း ကျေပွန်အောင် လုပ် ဆောင်နိုင်လာပါသည်။ တစ်ခါတလေ တွင် ကျောင်းပိတ်ရက်နှင့်ဆက်၍ လူမှု ရေးတာဝန်တွေ လုပ်ဆောင်နေခဲ့ရာမှာ ကျောင်းသာပြန်ဖွင့်ပေမယ့် ကျွန်တော် တစ်ရက်မှ မနားခဲ့ရပါပေ။

**ဘဝအလှည့်အပြောင်းကြုံရလေပြီ**

ကျွန်တော်သည် အထပြဆရာ တစ်ဦး၊ လုပ်သက်ရဆရာတစ်ဦး ဖြစ်နေ ပေမယ့် ဆရာဖြစ်သင်တန်းဆရာဖြစ် လက်မှတ်မရှိခဲ့ပါပေ။ ၁၉၈၃-၈၄ ခုနှစ် တွင် ပညာရေးဌာန၏သတ်မှတ်ချက်အ ရ ဘွဲ့ရလုပ်သက်ရ ဆရာ/မများ ဘီအီး ဒီတစ်နှစ်သင်တန်းသို့ ရန်ကုန်ပညာရေး တက္ကသိုလ်မှာ တက်ရောက် သင်ကြား ခဲ့ရပါသည်။ နယ်ကလာတက်ရသလို မြဝတီဆောင်မှာနေကြရပါ၏။ အချို့က နဝဒေးအဆောင်မှာနေကြရ၏။

မြို့ခြံချွေတာသုံးစွဲခဲ့ပေမယ့် ပင် ပန်းလှန်းပါ၏။ အခါအားလျော်စွာ အိမ် ကို ပြန်မှာရသလို ကျန်းမာရေးအတွက် အပြင်မှာ စားရသောက်ရတာမျိုးလည်း ရှိခဲ့သည်။ နယ်အသီးသီးက လာရောက် တက်ရသူအများစုမှာ ချွေတာ နေထိုင် ကြရတာ အမှန်ပါ။ သင်တန်းမှာ လပိုင်း ကြာတော့ သင်တန်းတက်သူများ အ တော်အသင့် နေသားတကျ ရှိလာပါ တော့သည်။ ခင်ရာမင်ရာစုမိရာ ဝါသ နာတူချင်း တွဲမိလာတာလည်း အမှန်ပါ။ ဒါပေမယ့် ကျွန်တော်ကတော့ အပေါင်း အသင်း အတော်နည်းပါးခဲ့ပါသည်။

အသက်ကြီးသူများ အနေအထိုင် ကျစ်လျစ်၍ အသွားအလာလည်း နည်း ပါးခဲ့ကြပါသည်။ လူငယ်ဆရာသင်တန်း သမားအများစုကတော့ ပျော်ကြပါ၏။ ထိုအထဲတွင် ကျွန်တော်နှင့် အခန်းချင်း ကပ်လျက် ဆရာတစ်ဦးကတော့ အလွန် ထူးခြားနေပါသည်။ သင်တန်းမှာအတွေ့ ရနည်းသလို အခန်းမှာလည်း မမြင်ရ သလောက်ပါပဲ။ တွေ့ခဏ၊ မြင်ခဏပါ ပဲ။ အမြဲတမ်းလို အခန်းပိတ်သော့ခတ် ထားတာ များပါသည်။

ဒါပေမယ့် ထိုဆရာ၏ ထူးခြား ချက်က ဧည့်သည်အလာအလွန်များ တာပါပဲ။ လာသည့်ဧည့်သည်များက လည်း ထိုအချိန်က ကားစီးနိုင်သူများ ဖြစ်ကြပါသည်။ ထိုအထဲတွင် နိုင်ငံ တော်အဆင့် အကြီးအကဲများစီး သော (၃၂၃)၊ (၉၂၉) ကားများ လည်းပါ၏။ ထို ကားများပေါ်မှာ ကျွန်တော်နှင့်ကပ်လျက် အခန်းက ဆရာ ပါပါသွားတာ မကြာခဏ မြင် တွေ့ရပါသည်။ ထိုသို့သော ထူးခြား မှုတွေကြောင့် ထိုဆရာကို ကျွန်တော် အပါအဝင် ဆရာတစ်စုက စိတ်ဝင် စားရုံမက စူးစမ်းမှုပြုမိပါတော့သည်။

သူ့အကြောင်း စုံစမ်းလေ့လာ[...] မိရာက သူသည် ဗေဒင်ဆရာတ[...] ဖြစ်ပြီး ဟောချက်အလွန်မှန်ကြော[...] သူ့အမည်က ဦးတိုးလွင်၊ ပြည်ခရိုင်[...] တောင်မြို့နယ်ကဖြစ်ကြောင်း သိရှိ[...] ရပါတော့သည်။ အသားလတ်လ[...] အရပ်ကပုပု၊ အမြဲလို ယုံကြည်ချက်[...] ပြည့်နှင့်အပြုံးများစွာနှင့် တစ်ခါတ[...] မှာ စားသောက်ဆောင်အတွင်း ရိုင်[...] ခဏသာ မြင်ရလေ့ရှိပါ၏။ လာ[...] သောကားတစ်စီးစီးနှင့် ပါသွားသလို [...] မစားတာကလည်း သူ့ကို မနက်စာ၊ [...] စာ အထူးဧည့်ခံပွဲတွေများလွန်းလို့ [...] သတ်တောင်ထားရသည်[...] ကြားသိခဲ့ရ ပါသည်။ အဲဒီလိုနှင့် ကျွ[...] တော်တို့ ဘီအီးဒီတ[...] နှစ်သင်တန်း စာသ[...] ချိန်တွေ တဖြည်[...] ဖြည်း ကုန်ဆုံးခါ[...] လာသလို စာမေ[...]



<u>ရွှေပြင်တင်ဘရသေ့ကြီးနှင့်ကျွန်တော် (၂)</u>
စောငုဝါ (ပြုံးမနား)

www.burmeseclassic.com

www.burmeseclassic.com

...ည်း တဖြည်းဖြည်းနိုးကပ်လို့ လာ...သင်တန်းသားများလည်း ရသမျှ...တိုင်းမှာ အချိန်လု အခန်းအောင်း...တ်မှတ်သူ ပိုမို များပြားလာပါ၏။ ...သဖြင့် နေ့ခင်းပိုင်းအချိန်များမှာ ...အောင်း စာကျက်ကြတာ များပါ... ကျွန်တော်လည်း စာကျက်ချိန် ...သိသလို နေ့ခင်းပိုင်းများမှာ အခန်း... စာထိုင်လုပ်လေ့ ရှိပါသည်။

တစ်ရက်တွင် ကျွန်တော် အခန်း...င်း စာကျက်နေရာမှ အညောင်း...ာဖြေရန် အဆောင်အပြင်ဘက်...ဆောင်ဘက်သို့ ခဏထွက်လာခဲ့ပါ... ညှော့ခန်းဆက်တီခုံရှည်တစ်ခုပေါ်...င်ထိုင်နေသော လူငယ်တစ်ယောက် နေရာမှ ထလာပြီး-

"ဆရာဦးတိုးလွင်ကို မတွေ့ဘူးလား ခင်ဗျာ"

ဟု မေးလာပါသည်။

ကျွန်တော်ကလည်း သူ့အခန်း တံခါးပိတ်ထားလို့ မရှိကြောင်း ပြန်ပြောပြခဲ့ပါသည်။ နံနက် (၁၀) နာရီခန့်မှာပါ။ ထို့နောက် ကျွန်တော် နံနက်စာစားပြီး ပြန်လာချိန်မှာ ထိုင်စောင့်နေသော လူငယ်ထလာပြီး-

သူသည် သူ့ဆရာက ထမင်းစား ဖိတ်ထားတာကြောင့် ဆရာဦးတိုးလွင်ကို ကားဖြင့်လာခေါ်တာဖြစ်ကြောင်း၊ အခု အချိန်အတော်လင့်လာလို့ အခြေအနေကို အိမ်ပြန်တင်ပြရမှာဖြစ်လို့ အကယ်၍ ဆရာဦးတိုးလွင် အချိန်မီပြန်ရောက်ခဲ့ပါက သူ့ဆရာနှင့် ထမင်းအတူစားဖို့ နေ့လယ် (၁)နာရီထိ စောင့်နေပါမည်ဟု





www.burmeseclassic.com

www.burmeseclassic.com

ပြောပြပေးရန် မှာကြား၍ ကားမောင်းပြီး ပြန်ထွက်သွားပါ၏။ ထိုင်စောင့်နေတာက (၁၀) နာရီလောက်ကတည်းက။ ပြန်သွားချိန်က (၁၂) နာရီခွဲခန့်ရှိပါပြီ။ လာကြိုသည့်ကားက (၉၂၉)။

ဒီလို အခြေအနေကိုတွေ့ရတော့ ကျွန်တော် ဆရာဦးတိုးလွင်ကို အထင်ကြီး လေးစား အားကျမိတာ အမှန်ပါ။ ထို့ကြောင့် သူ၏ ဗေဒင်ပညာ၊ ဗေဒင်ဟောချက်ကို အခွင့်သာလျှင် မေးမြန်းလေ့လာရန် ဆုံးဖြတ်မိပါခဲ့ပါသည်။ ဒါပေမယ့် အဲဒီနေ့က ဆရာဦးတိုးလွင်ကို လုံးဝ မတွေ့ရသလို မှာကြားချက်ကိုလည်း ပြန်မပြောပြနိုင်ခဲ့ပါပေ။

၁၉၈၃-၈၄ ပညာသင်နှစ် ဘီအီးဒီ ပညာရေးဝန်ထမ်းများ တစ်နှစ်သင်တန်းကုန်ဆုံးခါနီး မတ်လမှာ စာမေးပွဲအချိန်ဇယားတွေထွက်လာပါပြီ။ ကျောင်းတက်ချိန်မပြည့်သူများ၊ စာမေးပွဲကျသူများ လစာမဲ့ဖြင့် နောက်နှစ်ပြန်တက်ရမည်ဟုလည်း သတင်းတွေ ကြားလာရပါ၏။ ဟုတ်နိုင်ပါသည်။ ကျွန်တော်တို့ စာမေးပွဲကြီးအတွက် အခန်းအောင်း အပြင်းအထန် စာကြိုးစားနေချိန် ဖြစ်သော်လည်း ဆရာဦးတိုးလွင်ကိုတော့ ပြန်တွေ့လာရပါ၏။ အခန်းတံခါးပွင့်လျက် စာလုပ်နေတာထက် အချိန်ပြည့်နီးပါး ဝင်ထွက်နေသံ၊ ဗေဒင်တွက်ချက်နေသံတို့သာ ကြားနေရပါ၏။

တစ်ရက်တွင် ကျွန်တော် စားပွဲမှာထိုင် စာလုပ်နေစဉ် ကပ်လျက်က ဆရာဦးတိုးလွင်အခန်းအတွင်းမှ စားပွဲထုသံ ပြင်းပြင်းနှင့်အတူ ဆရာဦးတိုးလွင်၏ မကျေနပ်သော စကားသံကျယ်ကျယ်ကြောင့် စာအုပ်ချ၍နားစွင့်နေရာ ဗေဒင်ဟောပြောချက်လေးချက်ကို အောက်ပါအတိုင်း ကြားသိခဲ့ရပါသည်။ ထိုလေးချက်ကတော့-

"လောလောဆယ်မှာ ဟာဝေယံ ရှပ်အင်္ကျီတစ်ထည် ပျောက်သွားရမယ် ဟုတ်သလား၊ အဲဒါ ကောင်းတယ်။

ခင်ဗျားမှာ လိပ်ခေါင်းစဖြစ်နေ ပြီ ဟုတ်သလား။ ပျောက်အောင်ကုပစ်ပါ။

ခင်ဗျားဇနီး သားအိမ်ရောဂါနဲ့ ဆေးရုံတက်နေရတယ် ဟုတ်သလား။ စိုးရိမ်စရာတော့မရှိပါဘူး။

လတ်တလော ခင်ဗျားမှာ ဆုလာဘ်သော်လည်းကောင်း၊ ဝင်ငွေသော်လည်းကောင်း၊ ဂဏန်း ခြောက်လုံးအထက် ဝင်လာလိမ့်မယ် ဟုတ်သလား"

တွက်ချက်မေးမြန်းသံ၊ ဟောပြောချက်တစ်ခုချင်း ကြားရသော်လည်း ဗေဒင်မေးသူ၏ပြန်ဖြေသံကိုတော့ ကျွန်တော် ဂရုစိုက်နားထောင်နေသော်လည်း အလွန်တိုးလွန်း၍မကြားခဲ့ရပါ။ နောက်ဆုံးတွင် ဆရာဦးတိုးလွင်က မာန်ပါသော စကားသံဖြင့်-

"ဒီလိုလုပ်ပါ၊ ကျုပ်တွက်ချက်ဟောတဲ့နည်းက သင်္ချာလိုပဲ တိကျတယ်၊ မှန်ကန်တယ်"

ဟု ပြန်ပြောသံဖြင့် အဆုံးသတ်တာ ကြားရပါ၏။

အဲဒီလို ပြောဆိုသံတွေကြောင့် ဗေဒင်မေးသူကို တွေ့မြင်လို၍ အခန်းတံခါးဟရပ်စောင့်နေမိပါသည်။ ခဏအကြာတွင် ဆရာဦးတိုးလွင်အခန်းမှ တံခါးဖွင့်ကာ ထွက်လာသော ဟာဝေယံ အစိမ်းပုပ်ရှပ်လက်တိုကို ပုဆိုးအပြင်ထုတ်ဝတ်ထားသော လူရွယ်သန့်သန့် တစ်ယောက်ကို တွေ့မြင်လိုက်ရပါသည်။

ထိုပုဂ္ဂိုလ်ခပ်လှမ်းလှမ်းအရောက် ကျွန်တော်က -

"ဆရာတိုး၊ဒေါသကြီးလှချေလား။ ဟို ဗေဒင်မေးသူအသံကိုတော့ ဘာမှ မကြားရဘူး"

ဟု ပြောဆိုကာ သူ့အခန်းထဲသို့ ဝင်သွားခဲ့ပါသည်။ အရှိန်မပြေသေးသော ဆရာတိုးက-

"ဘာရမလဲဗျာ၊ ကျွန်တော့် ဟောချက်က ကွက်တိမှန်နေတော့ ဝန်ခံပြီး ပြန်သွားရတာပေါ့"

ဟု ဆိုပါသည်။

ကျွန်တော်က ဆရာ့ဟောပြောချက်တွေထဲက ဂဏန်းခြောက်လုံးအထက် ငွေတွေဝင်လာစရာရှိသည့်အချက်ကို ထောက်ပြ၍-

"ဂဏန်းခြောက်လုံးအထက် ဆိုတော့ သန်းဂဏန်းတောင် ဆရာတိုး။ ဒါကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်ဗျာ"

ဟု မေးမြန်းမိပါသည်။

ထိုအခါ ဆရာတိုးက-

"သူက ထောက်လှမ်းရေးကအရာရှိဗျ။ သိန်းပေါင်းများစွာတန်တဲ့ ကျောက်စိမ်းကိုဖမ်းပေးလို့ ဆုငွေ သိန်း(၄၀)နီးပါး ဆုအဖြစ်ရထားကြောင်း ဝန်ခံခဲ့တယ်"

ဟု ပြန်ဖြေပါသည်။

သူ့ထံ ထိုအရာရှိ ဗေဒင်လာမေးတာကလည်း ဆေးရုံတက်နေသည့် သူ့ဇနီးက တိုက်တွန်းလို့လာကြောင်း၊ မြို့ထဲက အိမ်တစ်အိမ်မှာ ဗေဒင်ဟောဆိုသွားခဲ့တုန်းက အဲဒီအိမ်မှာ သူ့ဇနီးလော

ကို လက္ခဏာကြည့်ပြီး-

"မင်း မကြာခင် အိမ်ထောင်

မယ်။ လက်နက်ကိုင်အဖွဲ့က အရာရှိ

မယ်။ လက်ထပ်ပြီး မကြာခင်မှာပဲ သ

အိမ်ရောဂါနဲ့ ဆေးရုံတက်ရလိမ့်မယ်

စိုက်ပါ။ အသက်ဘေးအန္တရာယ်

မစိုးရိမ်ရပါဘူးလို့ ဟောပြောထားခဲ့

ဟောချက်မှန်လွန်းလို့ သူ့ဇနီး ဆေး

တက်နေရာက သွားဖြစ်အောင်သွ

တွေ့ဖို့ လွှတ်လိုက်တာဗျ။

ဒါပေမယ့် ကျုပ်ဆီရောက်လာ

အကြောင်းစုံမပြောဘဲ ကျုပ်ကို စ

မေးတာ၊ ကျုပ်တွက်ချက်ပြောချက်

ကိုလည်း မြုံစိစိနဲ့ ဝန်မခံလို့ ကျုပ်ဒေါ

ပြီး ခင်ဗျားကြားသလို ဟောတော့

ဝန်ခံသွားတာဗျ"

ဟု ရှင်းပြပါသည်။

ဆရာတိုး၏ ဟောကြားချက်

ကို နားထောင်ရင်း ကျွန်တော့်စိတ်

သူ့ကို အထင်ကြီးလေးစားစိတ်တွေ

လာတာ အမှန်ပါ။ ကျွန်တော်သ

အသက် (၄၀) ကျော်သည့်တိုင်အော

မှတ်မှတ်ရရ ဗေဒင်လက္ခဏာကြည့်ခဲ့

ခြင်းမရှိခဲ့ပါ။ ဆရာတိုး၏ ဗေဒင်ပည

အစွမ်းကို အထင်ကြီးမိသည်နှင့်-

"ဆရာတိုး၊ ကျွန်တော့်ကိုလည်

ဟောပေးပါဦး။ ဘယ်တော့လော

ဟောပေးမလဲ"

ဟု တောင်းဆိုမိခဲ့ပါသည်။

ထိုအခါ ဆရာတိုးက -

"ဆရာကြီးတို့အဖွဲ့က ကျွန်တော်

ကို မယုံကြည် အထင်သေးကြတာသိ

တယ်။ ဆရာကြီးတို့ကို စပယ်ရှယ်ဟော

ပေးပါ့မယ်"

ဟု ဆိုပါသည်။

အဲဒီလိုနှင့် ဆရာတိုး ဟော

နိုင်မည့်အချိန်နှင့် ရက်ကို စောင့်လင့်

ခဲ့ရပါသည်။ နောက် (၃) ရက်အကြာ

နေ့ခင်းပိုင်းတစ်ရက်တွင် ဆရာတိုးအခ

ထဲမှာ ဆရာတစ်စုနှင့် အပြန်အလှ

စကားပြောနေသံများ ကြားရသော

ကြောင့် ကျွန်တော်လည်း ဆရာတိုးအ

ခန်းထဲသို့ ဝင်သွားခဲ့ပါသည်။ ကျွန်တော်

ကိုမြင်တော့ ဆရာတိုးက -

"ဆရာကြီး ဒိုင်ယာရီနဲ့ မွေးသက္က

ရာဇ်ယူခဲ့ပါ"

ဟုဆိုသောကြောင့် အခန်းပြန်

ဒိုင်ယာရီပြန်ယူရပြန်ပါသည်။

ကျွန်တော်က မွေးသက္ကရာဇ်ပြော

ပြတော့ သူ့စားပွဲပေါ်က နှစ်သစ်ရာပြက္ခ



www.burmeseclassic.com

www.burmeseclassic.com

ဒိန်စာအုပ်ကိုလှမ်းပေးရန် ပြောပါသည်။ သူစားပွဲပေါ်မှာ စာအုပ်တွေပြန့်နေတာကြောင့် စာအုပ်ကို အတော်ရှာယူရပါသည်။ထူးခြားတာက စာအုပ်ရှာနေခိုက် စာအုပ်အတော်များများမှာ ညှပ်ထည့်ထားသော ရာတန်ငွေစက္ကူများ အထပ်လိုက်အထပ်လိုက် တွေ့ရခြင်းပါ။ ထိုအချိန်ကာလအထိ အဲဒီလောက် ငွေစက္ကူများကို ကျွန်တော်မကိုင်တွယ်ခဲ့ဘူးသလို မိသားစုထံကပို့သော ငွေပမာဏကသည်း ရာဂဏန်းမျှသာရှိပါ၏။

ဩော် - ကျွန်တော်တို့ကအိမ်ကပို့မည့်ငွေကိုမျှော်နေရချိန်မှာ ဆရာတိုးကတော့ သူ့အိမ်ကို ငွေအမြောက်အမြားပြန်ပို့နိုင်သူပါလားဟု အလွန်အားကျမိခဲ့တာကိုလည်း ဝန်ခံမိပါသည်။

ကျွန်တော်ပြောပြသောမွေးသက္ကရာဇ်က မှားနေကြောင်း နှစ်တစ်ရာပြက္ခဒိန်ကို ကြည့်ပြောလာပါသည်။ ကျွန်တော်ယူကြည့်တော့လည်း မြန်မာမွေးလရက်နှင့် ခရစ်နှစ်ကွဲလွဲနေတာ တွေ့ရပါ၏။ ဗေဒင်မကြည့်ဘူးကြောင်းပြောရာ ဆရာတိုးက အမြန်ဆုံးအမှန်ရအောင် လုပ်ဖို့ဆိုပါသည်။ ထို့ကြောင့် နေပြည်တော်-ပျဉ်းမနားမှာရှိနေသော ဖခင်ကြီးထံ မေးမြန်းပေးရန် ဇနီးထံ အမြန်စာရေးတောင်းခဲ့ရပြန်ပါ၏။ စာအသွားအပြန်နှင့် (၇) ရက်ခန့်အကြာမှာ ဆရာတိုးထံ မွေးသက္ကရာဇ်ပေး ဗေဒင်မေးခဲ့ရပါသည်။

ကျွန်တော့် ဒိုင်ယာရီစာအုပ်မှာ ဆရာတိုးက သူ့ဗေဒင်တွက်ချက်နည်းပုံစံကိုချရေးပါသည်။ ပြီးတော့ ကျွန်တော့်ကို စာအုပ်ပေးကာ သူဟောချက်တွက်ချက်နည်းတွေကို လိုက်ရေးဖို့ ပြောပါသည်။ ဆရာတိုး ဟောချက်များကို အမှတ်စဉ်တပ်ပြီး တစ်ခုချင်းလိုက်ရေးမှတ်ပြီးနောက် ဆရာက-

"ဆရာကြီး၊ ဘယ်ဗေဒင်ဆရာနဲ့ပဲဖြစ်ဖြစ် ကျွန်တော့်နည်းကို ပြသဆန်းစစ်နိုင်တယ်"

ဟုလည်း ဆိုပြန်ပါသည်။

အချိန်ကာလအားဖြင့် ၁၉၈၄ ခုနှစ်၊ မတ်လဆန်းတစ်ရက်မှာပါ။ ဆရာဟောပြောပေးသောအချက်တွေထဲက -

'အိမ်ပေါ်သို့ ရွှေဟောင်း ဒင်္ဂါးသာခါဘုရား ကြွလာမယ် ကိုးကွယ်ပါ။ ဘုရားကြွလာပြီးနောက် ခင်ဗျားဘဝ၊ ခင်ဗျားမိသားစု တိုးတက် ပြောင်းလဲမှုတွေနဲ့ တွေ့ကြုံရမယ်'

ဆိုသည့် ဒက်ထိဟောချက်ကတကွက်တိမှန်ကန်လျက်ရှိနေခဲ့ရတာ နှစ်ပေါင်း (၂၇) နှစ်ကျော်တိုင်အောင်ပါပဲ။

ရွှေမြင်တင်ဘုရသေ့နှင့်ဆုံတွေ့ခဲ့ရပြီးနောက် ဇနီး၏ နှလုံးရောဂါလည်း ထူးခြားစွာ အံ့ဖွယ် ပျောက်ကင်း သက်သာလာခဲ့ဘလို လုပ်ငန်းများ အဆင်ပြေဝင်ငွေတိုးလာ၍ မိသားစုဘဝ သာယာပျော်ရွှင်ကြရသလို လျှနိုင်တန်းနိုင်ကာ အိမ်ပေါ်သို့ကြွလာသော ဒင်္ဂါးသာခါဘုရားရုပ်ပွားတော်ကို အကြိမ်ပေါင်းများစွာ အနေကဇာတင်နိုင်ခဲ့ပါသည်။ ရဟန်း ခံနှင့် ကထိန်ခင်း၊ ဆွမ်းလောင်းလှူဖွယ်များအထိ လုပ်ဆောင်နိုင်ခဲ့ပါ၏။ ဆုကြီးများမဟုတ်သော်လည်း သောင်းဂဏန်းထိ အကြိမ်ပေါင်း (၁၃) ကြိမ်အထိ ပေါက်ဖူးပါ၏။

ဇနီးမကွယ်လွန်မီအထိ ကျိုက်ထီးရိုးဘုရားဖူး မိသားစုလိုက် (၉) ကြိမ်နှင့် ဇနီးကွယ်လွန်ပြီးနောက် (၃) ကြိမ်ဘုရားဖူးသွားခဲ့ဖူးပါ၏။ ထိုသို့ဖြစ်စဉ်များသည် သာမန်တိုးတက်ပြောင်းလဲမှု မဟုတ်နိုင်ဟု ယုံကြည်ယူဆမိ၏။ ဘဝအပြောင်းအလဲမှာ ကျောင်းဆရာဘဝပြောင်းအလုပ်ကထွက်၍ ခြံလုပ်ငန်းစိုက်ပျိုးရေးသမားဘဝသို့ ကူးပြောင်းခဲ့ရပါသည်။ အေးချမ်းလွတ်လပ်ခြင်းနှင့်အတူ ပျော်ရွှင်ခဲ့ရသလို နှစ်ပိုင်းအတွင်းမှာပဲ လုပ်ငန်းအောင်မြင်ခဲ့၍ သာမန်ကျောင်းဆရာဘဝမှ သံပရာ (၂) ပင်ကို အရင်းတည်မျိုးပွား ထုတ်လုပ်နိုင်ခဲ့သောကြောင့် အလုပ်ကထွက်ပြီး နှစ်ပိုင်းအတွင်းမှာ အောက်ကားလေး ဝယ်စီးနိုင်ခဲ့ပြန်ပါသည်။

ထိုသို့ တိုးတက်ပြောင်းလဲလာခဲ့ရသည်မှာ ဘာကြောင့်ပါလဲ။ ကျွန်တော့်ဘဝ အပြောင်းအလဲများမှာ ယနေ့အထိဖြစ်စဉ်များကို လေ့လာ ဆန်းစစ်ခဲ့ရာတွင် နှစ်ပေါင်း (၃၀) ကျော်လောက်က မိသားစုရော ကျွန်တော်ပါ ကျန်းမာရေးချို့တဲ့ ဆေးရုံခဏခဏတက်ခဲ့ရသလို ဇနီးက နှလုံးရောဂါခွဲစိတ်ခံရသည့်အပြင် အူအတက်ဖြစ်၍ ခွဲစိတ်ခံခဲ့ရပြန်သည်။ ကျွန်တော်လည်း အူအတက်ပေါက်၍ ခွဲစိတ်ကုသခံခဲ့ရသလို ခွဲစိတ်အနာကြောင့် နောက်တစ်ကြိမ် ဆေးရုံတက် ခွဲစိတ်ကုသခံခဲ့ရပါသည်။ ထိုအချိန်အထိ ကျွန်တော်ဝါသနာအရ တောလည် ငှက်ပစ်အကုသိုလ်အလုပ်တွေရှိခဲ့ပါသည်။

ဇနီးသည်၏ တိုက်တွန်းချက်ကြောင့် ထိုအကုသိုလ်အလုပ်တွေ ရပ်ဆိုင်းခဲ့ပြီး ဥပုသ်သီလစောင့်၊ မွေးနေ့နှင့်အခါရက်ကြီးများမှာ သက်သတ်လွတ်စားဖြစ်ရုံမက နေ့စဉ်ဝတ်မပျက် ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်ဆိုပူဇော်ခဲ့သလို ပုတီးစိပ်လုပ်ဆောင်ဖြစ်ခဲ့ပါသည်။ အဆိုးတွေပျောက် လျော့နည်းလာရုံမက မိသားစုကျန်းမာရေး၊ စီးပွားရေး၊ ဂုဏ်သတင်းများလည်း တဖြည်းဖြည်း ထင်ရှားလာခဲ့ရပါတော့သည်။

ဘဝအဲလွဲအပြောင်းမှာ အလုပ်မှပင်စင်တင် အနားယူခဲ့သော်လည်း ဘဝပြောင်းလုပ်ကိုင်ခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ရုံမက ဝင်ငွေတိုးထင်ပေါ်လာခဲ့ရပြန်ပါသည်။ ထိုအချိန်ကာလတစ်လျှောက်မှာ ရွှေမြင်တင်ဘုရသေ့နှင့် အခါအားလျော်စွာ ဆုံတွေ့ဖူးမြော်ကန်တော့ဖြစ်ခဲ့ရာတွင် ဘုရသေ့က ကျွန်တော့်အား အချိန်ရသမျှ ဆုံတွေ့ခဲ့ဖြစ်စဉ် နှိပ်ခိုင်းခြင်းရှိခဲ့သလို လုပ်ငန်းလုပ်တိုင်း ကြိုတင်နိမိတ်ဖတ်ပြောဟောခဲ့တာလည်း ကွက်တိ မှန်ကန်ခဲ့ပါ၏။

အခါအားလျော်စွာ နှိပ်ခိုင်းခဲ့ရာတွင် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ဘုရသေ့၏ ခန္ဓာတည်ဆောက်ပုံက အပိုအလို ကြွက်သားများ မရှိ။ ခန္ဓာအောက်ပိုင်း ပေါင်၊ ခြေသလုံးသားတို့သည် တင်းရင်းမာကျောခြင်းမရှိ အသားပိုမရှိတာ ထူးခြားနေပါသည်။ ပျော့ပျော့ပျောင်းပျောင်းနှင့် နွေးထွေးနေပါသည်။ ထိုဖြစ်စဉ်များကို ဆရာတစ်စုအား ပြောကြားခဲ့ရာတွင်-

"ခင်ဗျားကံကောင်းတယ်၊ အဲဒီလိုအထက်ပိုင်းပုဂ္ဂိုလ်ကြီးတွေနဲ့ ထိတွေ့ရဖို့မလွယ်သလို အနှိပ်ခိုင်းတာလည်း တော်ရုံလူတွေကို ခိုင်းလေ့မရှိဘူး။ အဲဒါ ထုံကူးတယ်လို့ ခေါ်တယ်"

ဟု ဆိုကြပြန်တော့ ဗဟုသုတနည်းသူပီပီ -

"ထုံကူးတယ် ဆိုတာ ဘာလဲ"

ဟု မေးမိပါ၏။

ထိုအခါ-

"အဲဒါ ဘုရသေ့ရဲ့စွမ်းအား၊ ပါဝါတွေသွင်းပေးတာဗျ"

ဟု ဆိုဖူးပါ၏။

"အေးဗျာ- နှိပ်ပေးရတာ တစ်ခါတလေ အတော်ကြာတာ။ ညောင်းလာလို့ အနေအထားပြောင်းရတော့မှ ငါ့သား ညောင်းပလား၊ အေးအေး- တော်တော့ ဆိုတာမျိုးလည်း အကြိမ်ကြိမ်ရှိခဲ့ဖူးတယ်"

တစ်ဆက်တည်း ဆက်စပ်နေ၍ ပြောပြပါရစေ။ ယခုနှစ် သီတင်းကျွတ်



www.burmeseclassic.com

www.burmeseclassic.com

လပြည့်ကျော် (၂) ရက်နေ့မှာ ဘရသေ့ ကြွရောက် သီတင်းသုံးနေသော နေပြည်တော်ရှိ နိုင်ငံတော်အကြီးအကဲ၏ အိမ်တော်တစ်ခုတွင် ကျွန်တော်နှင့် သားသမီးများ သွားရောက် ကန်တော့ခဲ့ကြပါသည်။ ကျွန်တော်သည် ဘရသေ့နှင့်တွေ့ဆုံတိုင်း ဝတ်ပြုနေကျ ခြေသလုံးဖက်၍ ဦးခိုက်ကန်တော့ခဲ့ပါ၏။

ထိုအခါ ကျွန်တော့်ရင်မှာ ယခင်နှစ်ပေါင်း(၄၀)ကျော်က ဘရသေ့၏ခန္ဓာဖွံ့စည်းတည်ဆောက်ပုံနှင့် အကြည့်၊ အပြုံး၊ စကားမိန့်ဆိုပုံ အသံနေအသံထား၊ သွားလာလှုပ်ရှားမှု ယခင်ကအတိုင်း ပုံမှန်ရှိနေသလို သွက်လက်မှုရှိနေတာကို ကျွန်တော် တွေ့မြင်ရတော့ ကြည်ညိုလေးစားမှုပိုသလို -

"ဩော် - ဘရသေ့ကတော့ ဘာတစ်ခုမှပြောင်းလဲမှုမရှိပါလား။ အံ့ဖွယ်ပါပေ"

ကျွန်တော်ကတော့ အသက်အရွယ်ကြောင့် အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပါပြီ။ စွမ်းအားတွေ ကျသွားသလို အတော် သတိထား နေထိုင်ပါလျက် ကျန်းမာရေး ချို့တဲ့လာကာ အခါအားလျော်စွာ ဆေးရုံတက်ကုသမှုခံယူခဲ့ရရုံမက ဝေဒနာကြောင့် သွေးသွင်းကုသခဲ့ရသည်အထိ ရှိလာခဲ့ပါပြီ။ ခန္ဓာရှိလျှင် ဝေဒနာရှိတတ်တာကို လက်ခံယုံကြည်ထားပေမယ့် ဘရသေ့နှင့် နှိုင်းယှဉ် ခံစားမိရတာ အမှန်ပါ။

လွန်ခဲ့သောနှစ်(၄၀)ကျော် စတင်ဆုံတွေ့ခဲ့ရစဉ်က ဘရသေ့၏ သက်တမ်းကို မှတ်ချက်ပြုခဲ့သော ရဟန်းရှင်လူပုဂ္ဂိုလ်များ၏ ပြောဆိုချက်အချို့ကို သိရှိထားခဲ့ရာမှ ထိုစဉ်က နာမည်ထင်ရှားခဲ့သော ပုပ္ပားနယ်ဘက်မှ သက်တော်(၈၀)ကျော် ရှင်မိုးထိက ရွှေမြင်တင်ဘရသေ့ကို အဘဟု ခေါ်ဝေါ်ခဲ့တာလည်း ကျွန်တော်ကိုယ်တိုင် မြင်တွေ့ကြားခဲ့ရသလို ဘိုးတော် ဂျာမနီရာ သက်တော် (၈၀)ကျော်ပုဂ္ဂိုလ်အပါအဝင် ဘိုးတော်တင်ဦးစသည်တို့က အဘဟု ခေါ်ဝေါ်ဦးခိုက်ခဲ့တာလည်း တွေ့ဖူးခဲ့ပါသည်။

ယခုအခါ ကျွန်တော့်ရင်မှာ အဘ၏သက်တော်အား တွက်ချက်ခန့်မှန်းနေမိတာ ရိုးသားစွာ ဝန်ခံလိုပါ၏။ ဩော်- တကယ့်အံ့ဖွယ်ပါပေ။ စာဖတ်ပရိသတ်လည်း ထို့အတူပါပဲ တွေးတောခန့်မှန်းကြမှာအမှန်ပါပေ။ ဝိဇ္ဇာလမ်း၊ သမထလမ်း၊ စရဏလမ်း စသည်တို့ကို မကျွမ်းကျင်သော်လည်း ဘရသေ့၏အဖြစ်က လူသားထုအတွင်းဖြစ်ရပ်မှန်တစ်ခုအဖြစ် ထောက်ပြ ဖော်ပြလိုပါ၏။

ရတနာဒေဝီ ရေးသားခဲ့သော ဘရသေ့အကြောင်း ဆောင်ပါးဖတ်ရပြီး ကျွန်တော် စိတ်ဆန္ဒ ပြင်းပြစွာနှင့် အဘအကြောင်းဆောင်းပါးရေးချင်လာပါ၏။ အဘကို အသိပေး လျှောက်ထားတော့ ခွင့်ပြုသလို ဓာတ်ပုံလည်း ရိုက်ခွင့်၊ မှတ်တမ်းတင်ခွင့်ပေးပါ၏။ အဓိကရည်ရွယ်ချက်က လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က မှတ်တမ်းဓာတ်ပုံများနှင့် ယခုလက်ရှိဘရသေ့၏ ပုံတော်များကို နှိုင်းယှဉ်မှတ်တမ်းပြုလိုရင်းကြောင့်ပါ။

ဘရသေ့သည် အပင်ပန်းခံနိုင်သလို ခရီးဝေးလည်းသွားတတ်ပါ၏။ ဘရသေ့ ဘုရားတည်၊ သာသနာပြုနေရာများကလည်း အတော်များများကို မြန်မာပြည် ဒေသအနှံ့မှာ ရှိနေပါ၏။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ကလည်း မိုင်ပေါင်းများစွာ ခရီးသွားလေ့ရှိပါသည်။ ယခုလည်း ရမည်းသင်း ရွှေမြင်တင်သာသနာပြုနယ်မြေနှင့် နဂါးနီတောင်သာသနာပြုနယ်မြေ အပါအဝင် မွန်ပြည်နယ် ဇင်းကျိုက်ဒေသ သာသနာပြုနယ်မြေများသို့ လိုအပ်သလို ကြွရောက်လေ့ရှိနေဆဲပါ။

ဘရသေ့နှင့် ဆုံတွေ့သည့် အခါတစ်ခါတလေတွင် ဘရသေ့၏ ဘဝဖြစ်စဉ်တချို့လည်း ပါ၏။ တစ်ခါတလေ တိုင်းရေးပြည်ရာအချို့လည်း ပါ၏။ ထိုသို့မိန့်ဆိုစဉ် ကျွန်တော် ခံစားမိလေ့ရှိတာက ဘရသေ့ပြောပြချက်အချို့သည် ရှေးဆန်သလို တချို့ကိစ္စအကြောင်းအရာများသည် ဆန်းပြား၍ ဉာဏ်မမီနိုင်တာမျိုးလည်း ကြုံခဲ့ပါ၏။ ဒါပေမယ့် အချိန်ကြာလာသည်နှင့် အဘ မိန့်ဆိုမှုတို့သည် ကွက်တိမှန်လာတာမျိုးလည်း တွေ့ရကြုံရပါသည်။

ကျွန်တော်လုပ်ကိုင်ခဲ့သော လုပ်ငန်းအချို့နှင့်ပတ်သက်၍လည်း ဘရသေ့၏ ကြိုတင်နိမိတ်ဆိုစကားအချို့မှာ အချိန်ရလာသည်နှင့် မှန်ကန်မှုရှိလာသည်ကို တွေ့ရပြန်ပါသည်။ 'ကျောင်းဆရာအလုပ်က အနားယူပြီး မြေဝယ်၊ သံပရာစိုက်တော့လည်း အောင်မြင်မယ်။ ကားစီးနိုင်မယ်' ဟု မိန့်ဆိုချက်က မှန်ကန်ခဲ့သလို ဟော်လန်သံပရာ စိုက်ပျိုးထုတ်လုပ်နည်း ကိုယ်တိုင်လုပ်ကိုင်ခဲ့သမျှပေါင်းစုပြီး စာအုပ်ရေးခဲ့ရာ ပထမဦးဆုံးစာမူ စာအုပ်အဖြစ် ထွက်လာတော့လည်း ဘရသေ့ကို စာအုပ်ကပ်တော့-

"ငါ့သားက အကျိုးပြုစာတွေရေးပြီကိုး။ အေး- ကောင်းတယ်၊ အောင်မြင်မယ်၊ ထင်ပေါ်မယ် ဆက်ရေး ငါ့သား"

ဟု မိန့်ဆိုခဲ့တာလည်း မှန်ကန်ခဲ့ပြန်တာလည်း တွေ့ရပါသည်။ ထိုစာအုပ်သည် ကျွန်တော်၏ကျောင်းဆရာဘဝပြောင်းစိုက်ပျိုးရေးသမားဘဝအကြောင်း တစ်စိတ်တစ်ပိုင်းဖြစ်သလို မည်သည့်သင်တန်း၊ အောင်လက်မှတ်မျိုးတစ်ခုမှ မရှိပါဘဲ ဆန္ဒကိုအရင်းတည်ပြီး မဖြစ်မနေ ဇွဲ၊ လုံ့လ၊ ဝီရိယအားနှင့် တီထွင်လုပ်ကိုင်ခဲ့သည့် စိုက်ပျိုးထုတ်လုပ်သူတစ်ဦး၏အောင်မြင်မှုပုံရိပ်လည်း ဖြစ်ပါသည်။

စာရေးမှုအောင်မြင်ရလာပြန်တော့ စာဖတ်ပရိသတ်တိုးလာသလို လုပ်ငန်းအတွက် ပိုမိုအောင်မြင်လာတာလည်း တွေ့ရပါ၏။ စိုက်ပျိုးထုတ်လုပ်ရေးပညာသင်ကြားတတ်မြောက်ထားသော ပညာရှင်များ၊ ဆရာ၊ ဆရာမအချို့လည်း စိတ်ဝင်စားခဲ့ကြသလို မဝံ့မရဲ စိတ်ဒွိဟဖြစ်နေသူများအတွက် အားမာန်တိုးစေတာလည်း တွေ့ရပါ၏။ အထူးသဖြင့် စိုက်ပျိုးရေးအတတ်ပညာ သင်ကြားနေကြသော ကျောင်းသူကျောင်းသားများအတွက် မျှော်လင့်ချက်ရောင်ခြည်များ ဖြစ်စေနိုင်ကြတာလည်း အထူးတွေ့ရပါ၏။

မျှဝေပေးလို၍ စာရေးခဲ့တာပါ။ စာရေးရင်း ဆက်၍ ရေးဖြစ်ရင်း စာဖတ်ပရိသတ် တိုးပွားလာရသလို (၃) အုပ်မြောက်စာအုပ် 'အဆိပ်ပိုးသတ်ဆေးလွတ်စိုက်ပျိုးလိုသူများအတွက် အိုင်အမ်ဇီဝနည်းပညာအသုံးပြုစိုက်ပျိုးရေး' စာအုပ်သည် ၂၀၁၀ ပြည့်နှစ်အတွက် (အသုံးချသိပ္ပံ) အမျိုးသားစာပေဆုကိုပင် ရရှိခဲ့ပြန်ပါသည်။ လုံးဝမမျှော်လင့်တဲ့စာပေဆုကို ရခဲ့တော့ အလွန်ဝမ်းသာရသလို စိတ်ဓာတ်ခွန်အား အားမာန်တွေလည်း တိုးလာခဲ့ရတာ ဝန်ခံပါ၏။ ကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်ခဲ့သော လက်တွေ့ဘဝအတွေ့အကြုံများကို အခြေခံပြီး စာဆက်ရေးဖြစ်ခဲ့သလို ဆောင်းပါးပေါင်းများစွာနှင့် စာအုပ်ပေါင်း (၁၀)အုပ်အထိ ရေးသားထုတ်ဝေနိုင်ခဲ့ပါသည်။

ရွှေမြင်တင်ဘရသေ့ကြီးနှင့် ကျွန်တော် တွေ့ဆုံခဲ့ရသမျှ ဘဝအတွေ့အကြုံများအပြင် ဂုဏ်သရေရှိလှူဒါန်းမှုပင်နှင့် တင်ဆာဘေးအန္တရာယ်လျော့ချရေး စာအုပ် ရေးသားထုတ်ဝေနိုင်သည်အထိ ဆက်၍ ရေးသား ဖော်ပြရန်ရှိပါ၏။

စောဒဂါ(ပုသိမ်နား)




www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ရိုးရာဂမ္ဘီရ ဖုန်းရွှေပညာအမေးအဖြေများ

ဦးအောင်လှိုင်(သုဝဏ္ဏ)




**နံရံကပ်စင်မှအဆိပ်မြားဖြစ်ပေါ်စေခြင်းကို ဖြေရှင်းခြင်း**

ပွင့်နေတဲ့ (သို့) အဖုံးအကွယ်မရှိ တာလာဟင်းလင်းဖြစ်နေတဲ့ နံရံကပ်စင် တာ အဆိပ်မြားဖြစ်စေတယ်လို့ ကျွန်တော် ဖုန်းရွှေစာအုပ်မှာ ဖတ်ဖူးပါတယ်။ အဲဒီစင်ကို တံခါးရွက်မတပ်ဘဲ အဝတ်စ တစ်ခုခုနဲ့ဖုံးထားရင် ရပါသလားဆိုတာ ဥာဏ်ထဲရှင်းသွားအောင် ရှင်းပြပေးစေ လိုပါတယ်။

(မေးမြန်းသူ Dan)

မေတ္တာ Dan ရှင့် -

သင့်ရဲ့ နံရံကပ်စင်ကို တံခါးရွက်ပဲ တပ်တပ်၊ အဝတ်တစ်ခုခုနဲ့ပဲဖုံးဖုံး သင့် ကို ထိခိုက်မယ့် အဆိပ်မြားကို ကာကွယ် ရာမှာ အကျိုးသက်ရောက်မှု အတူတူပါ ပဲ တကယ်လို့ အဖုံး၊ အကာမရှိတဲ့ နံရံ ကပ်စင်နဲ့မျက်နှာချင်းဆိုင်တည့်တည့်မှာ ပြတင်းပေါက်ရှိတယ် ဆိုရင်တော့ အဲဒီ စင်ကထွက်လာတဲ့ (မကောင်းတဲ့ Shar chi - ရှာချီဓာတ်) တွေက အပြင်ကို အလိုလိုထွက်သွားမှာပါ။ ဒီတော့ သင့် စင်ရဲ့တည်နေရာကိုလိုက်ပြီးတော့ အဆင် ပြေသလိုစီစဉ်ပေးပါလို့ပြောချင်ပါတယ်။

**ဖုန်းရွှေရှုထောင့်အရ တောက်ပတဲ့ မီး အလင်းရောင်အောက်မှာ ထိုင်ကောင်းပါ သလား**

ကျွန်တော့်အလုပ်စားပွဲက ရုံးခန်း ရဲ့အလင်းရောင်ထိန်နေတဲ့အောက်တည့် တည့်မှာ ရှိနေပါတယ်။ စားပွဲကို နေရာ ရွှေပြောင်းဖို့ကလည်း မဖြစ်နိုင်ပါဘူး။ ကျွန်တော်ဘာလုပ်သင့်တယ်ဆိုတာကို တစ်ဆိတ်လောက် အကြံပြုပေးပါ။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

သင်ပြောပုံအရ မီးအလင်းရောင် က တောက်ပ လင်းထိန်တာထက် ပိုပြီး စူးရှနေတော့ ယန် (Yang) ဓာတ်လွန်နေ တယ်လို့ ဆိုရပါမယ်။ ဒါကြောင့် အကာ အကွယ်အဖြစ် အပြာရောင်၊ အနက် ရောင်တောက်တောက် အဝတ်အစား တွေကို အတတ်နိုင်ဆုံး ဝတ်ဆင်ပေးပါ။ ဖြစ်နိုင်ရင် သင့်စားပွဲဘေးမှာ (အလင်း ရောင်မှာပါတဲ့ အပူဓာတ်ကို စုပ်ယူနိုင် ဖို့) ရေအိုးတစ်အိုး ထားရှိပေးပါလို့ ဖြေ ကြားလိုက်ပါတယ်။

**ကွန်ပျူတာဖြင့် အလုပ်များသူ**

ကျွန်တော်က ဂရပ်ဖစ်ဒီဇိုင်းနာ တစ်ဦးပါ။နေ့စဉ် ကွန်ပျူတာတွေနဲ့ (၁၆) နာရီကြာအောင်ထိ အလုပ်လုပ်နေရပါ တယ်။ ကြာလာရင် ကျွန်တော့်အတွက် ဘေးဥပဒ်ဖြစ်လာနိုင်သလားဆိုတာ ကြို တင်သိထားပါရစေ။

(မေးမြန်းသူ Ron)

Ron ရေ-

သင်အိပ်ရာကထပြီး အလုပ်မသွား ခင်မှာ Yang (ယန်) ဓာတ်ပါတဲ့ ကောင်း တဲ့ချီဓာတ်တွေ ခန္ဓာကိုယ်တွင်းဝင်လာ အောင် အသက်ကို ဖြည်းဖြည်းမှန်မှန်နဲ့ ဝအောင် ရှူပေးပါ။ အလုပ်လုပ်နေတဲ့ အချိန်မှာ Walkman နဲ့သီချင်းနားထောင် ပေးပါ။ ဒါဆိုရင် ခန္ဓာကိုယ်အတွင်း ချီ ဓာတ်ကောင်းကောင်းစီးဝင်နိုင်လို့ စိတ် ရောကိုယ်ပါ တက်ကြွ လန်းဆန်းပြီး အမှားအယွင်းကင်းကင်း၊ ဘေးဥပဒ်ကင်း ကင်းနဲ့အလုပ်လုပ်နိုင်မှာပါလို့ ပြန်လည် ဖြေကြားလိုက်ပါတယ်။

**အိပ်မပျော်သောညများနှင့် ရင်ဆိုင် ကြုံ တွေ့ရခြင်း**

ကျွန်မ အိပ်မပျော်ရောဂါကနေ တစ် စထက်တစ်စ Insomnia လို့ခေါ်တဲ့ 'အိပ် မပျော်တဲ့ရောဂါကို စတင် ခံစားခဲ့ရပါ တယ်။ ဒါကြောင့် ဖုန်းရွှေနည်းတွေနဲ့ ကူညီပေးနိုင်ရင် ကူညီပေးပါလို့ မေတ္တာ ရပ်ခံလိုက်ပါတယ်။

(မေးမြန်းသူ Betty)

Betty ရှင့်-

သင့်အိပ်ရာကနေ မျက်နှာကြက် ကိုမော့ကြည့်လိုက်ရင် သင့်ခေါင်းနဲ့ ရက် မတန်း တန်းနေသလား ဆိုတာကြည့်ပြီး အထက်-အောက်တစ်တန်းတည်းဖြစ်နေ ရင် နေရာရွှေ့လိုက်ပါ။ ပြီးရင် သင့်အိပ် ခန်းထဲမှာ နေအလင်းရောင် ကောင်း ကောင်းဝင်နေခဲ့လို့ ယန် (Yang) ဓာတ် လွန်ကဲနေသလားဆိုတာ စိစစ်ပါ။ Yang ဓာတ် လွန်ကဲနေရင်လည်း အိပ်မပျော် ဖြစ်တတ်ပါတယ်။ ဒါကြောင့် ပြတင်း ပေါက်ကို နေအလင်းရောင်အားကောင်း စွာ မဝင်နိုင်အောင် လိုက်ကာထူထူနဲ့ ကာပေးပါလို့ အကောင်းဆုံးအကြံပေး ချင်ပါတယ်။

**ခွေးနှစ်ဖွားနှင့် နဂါးနှစ်ဖွား**

ကျွန်တော်နဲ့ ကျွန်တော့်သမီးက နှစ်ယောက်စလုံး ခွေးနှစ်ဖွားတွေပါ။ စာ အုပ်တစ်အုပ်မှာ ဖတ်ဖူးတာကတော့ ခွေးနဲ့ နဂါးက ရန်ဘက်တွေလို့ သိရပါ တယ်။ ဒါကြောင့် ကျွန်တော့်အိမ်ဧည့် ခန်းရဲ့အရှေ့အရပ်စားပွဲပေါ်မှာ နဂါးရုပ် တင်ထားတာကို စိုးရိမ်မကင်းဖြစ်ရပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါကြောင့် ဘယ်လိုဥပဒ်ပေးနိုင်တယ် ဆိုတာကို ကွဲကွဲပြားပြားသိလိုပါတယ် ခင်ဗျာ။

(မေးမြန်းသူ Pat)

မစ္စတာ Pat ရေ-

သင်ပြောသလိုပဲ ခွေးနဲ့ နဂါးက တကယ့်ရန်ဘက်တွေပါ။ ဒါပေမယ့် အဲဒီနဂါးက နက္ခတ်ဗေဒင်ပညာရပ်ထဲက နဂါးပါ။ ဖုန်းရွှေရဲ့ နဂါးနဲ့တော့ လုံးဝကွာခြားတယ် ဆိုတာကို ပထမဆုံး နားလည်ထားပေးပါ။

ဖုန်းရွှေပညာရှုထောင့်က နဂါးအနေနဲ့ လူတိုင်းကို ကောင်းကျိုးချမ်းသာချည်းပဲ ပေးတတ်ပါတယ်။ ဘယ်တော့မှ ဒုက္ခမပေးတတ်ပါဘူး။ ဒါကြောင့် ခွေးနှစ်ဖွားတွေကိုလည်း အကျိုးမယုတ်စေတတ်ပါဘူး ဆိုတာကို မှတ်သားစေလိုပါတယ်။ တကယ်တော့ ဖုန်းရွှေရဲ့ နဂါးက မိသားစုရဲ့ သက်ရှည် ကျန်းမာခြင်းကို အထူးစောင့်ရှောက်တဲ့ အမှတ်သင်္ကေတအဖြစ် ၎င်းရဲ့ရုပ်တုကို ယုံယုံကြည်ကြည်ဆောင်ထားနိုင်ပါတယ်လို့ ပြောချင်ပါတယ်။

## ကြောက်စရာအိပ်မက်ဆိုးများ

ကျွန်တော် ဟိုတစ်လောက အိပ်ခန်းငယ်တစ်ခန်းသာ ပါတဲ့ (သက်တမ်းနှစ် ၆၀ လောက်ရှိပြီဖြစ်တဲ့) သစ်သားအိမ်ဟောင်းတစ်အိမ်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ အိပ်ခန်းက အရှေ့တံခါးအနီး အိမ်မျက်နှာစာကို မျက်နှာမူထားတယ်။ နောက်ပြီး ပြတင်းပေါက်တွေကလည်း လမ်းကို မျက်နှာပေးနေတာ တွေ့ရပါတယ်။

အခန်းငယ်လေး ဖြစ်နေတော့ ကျွန်တော့်ခြေထောက်ကို ပြတင်းပေါက်ဘက်မှာထားပြီး အိပ်ရာမှာသက်သောင့်သက်သာဖြစ်အောင် နေရပါတယ်။ နောက်တစ်ခုက ကြည့်မှန်နဲ့ အိပ်ခန်းတံခါး မျက်နှာချင်းဆိုင်ကျနေပြီးတော့ ပြတင်းပေါက်မှာ သလင်းကျောက်တွဲကလေးတွေ ချိတ်ဆွဲထားပါတယ်။ ကျွန်တော် အဲဒီအိမ်ကို ရောက်တဲ့နေ့ကစပြီး ညအိပ်မက်ဆိုးတွေ မက်ပါတယ်။ အဲဒီမကောင်းတဲ့နိမိတ်တွေကို ဘယ်လိုကျော်လွှားရမယ်ဆိုတာ အကြံပေးစေချင်ပါတယ်။

(မေးမြန်းသူ Denby)

Denby ရှင့်-

အိပ်မက်ဆိုးတွေကို ကျော်ဖြတ်နိုင်ဖို့ ဆားနှင့် ဆန်စေ့ ရောပြီးတော့ (အခန်းထဲမှာ လက်ယာရစ်ပတ်ပြီး) ပက်ပေးပါ။ ဆန်စေ့တွေကတော့ အိပ်မက်ဆိုးတွေ ထပ်မလာရအောင် တောင်းပန်ဖျောင်းဖျတဲ့သဘောဆောင်ပြီး ဆားကတော့ သန့်ရှင်းစင်ကြယ်စေတဲ့သဘောဆောင်ပါတယ်။ အခန်းဘယ်နှခန်းပဲရှိရှိ တစ်ခန်းကို လက်ယာရစ် သုံးကြိမ်ပတ်ပြီး ဆန်နဲ့ဆား ပက်ပေးရပါတယ်။ အဲဒီလိုအစီအရင်လုပ်နေချိန်မှာ ပြတင်းပေါက်တွေအားလုံးကို ဖွင့်ထားပေးပါ။ ဒါမှ မကောင်းတဲ့ ချီဓာတ်တွေ လွတ်လွတ်ကျွတ်ကျွတ်ထွက်သွားနိုင်သလို ကောင်းတဲ့ ချီဓာတ်လည်း အလွယ်တကူ ဝင်ရောက်လာနိုင်မှာပါ။ နောက်ပြီး မီးချောင်းလည်းဖွင့်ထားပေးပါလို့ အကြံပြုလိုက်ပါတယ်။

## ငွေအထွက်များနေခြင်း

ကျွန်မတို့အိမ်ရဲ့မျက်နှာကြက်မှာ ရက်မတွေ အများကြီး ရှိနေပါတယ်။ ကျွန်မတို့ဇနီးမောင်နှံနှစ်ဦးစလုံး ဘယ်လောက်ပဲအလုပ်ကြိုးစားကြိုးစားထွက်ငွေများနေတာ အဲဒီ ရက်မတန်းတွေကြောင့်လို့ သံသယဝင်မိပါတယ်။ ဒါကြောင့် ဘယ်လိုဖြေရှင်းရမယ် ဆိုတာ တစ်ဆိတ်လောက် အကြံပေးစေချင်ပါတယ်ရှင်။

(မေးမြန်းသူ Anna)

Anna ရေ-

သင်တို့အိမ်မျက်နှာကြက်မှာ ရက်မ (Beams) တွေ များနေတာကို သိပ်ပြီး မစိုးရိမ်ပါနဲ့။ မီးချောင်းသာ လင်းနေအောင် ထွန်းပေးထားပါ။ မီးအလင်းရောင်က မျက်နှာကြက်မှာရှိတဲ့ Beam တွေရဲ့ မကောင်းတဲ့ချီဓာတ်ကို ချေဖျက်ပေးမှာပါ။ နောက်တစ်ခု သတိပေးရဦးမယ်။ လှေကားရဲ့ နောက်ကျောမှာ အကာအရံမပါဘဲ ဟာလာဟင်းလင်းဖြစ်နေရင် ပိတ်ပေးပါ။ မပိတ်နိုင်ခဲ့ရင် အထွက်များနေမှာပဲလို့ သတိပေးလိုက်ပါတယ်။

## ခြေ (၃) ချောင်းပါ ဖားပြုပ်ရုပ်တု

ခြေ (၃) ချောင်းပါတဲ့ ဖားပြုပ်ရုပ်ကို စားပွဲအောက် ဒါမှမဟုတ် ဗီရိုထဲမှာ ထားသင့်တယ်လို့ ဖုန်းရွှေစာအုပ်တွေအရ သိထားပါတယ်။ ဒါပေမယ့် အဲဒီဖားရုပ်ကို ဆိုဖာအောက် (သို့) ကော်ဖီစားပွဲပေါ်မှာပါ ထားနိုင်သလား ဆိုတာကို သိလိုပါတယ်လို့။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

ခြေ (၃) ချောင်းပါ ဖားပြုပ်ရုပ်တုကို မြင့်လွန်းတဲ့နေရာ၊ အိမ်ရှေ့တံခါးနဲ့ တိုက်ရိုက် မျက်နှာချင်းဆိုင်ကျတဲ့နေရာတွေမှာ မထားမိဖို့ သတိပေးလိုပါတယ်။ ဖုန်းရွှေပညာရှင် လီလီယန်ထူးကတော့ သူမရဲ့ညေ့ခန်းထဲမှာ ခြေ (၃) ချောင်း ဖားပြုပ်ရုပ် (၉) ရုပ်တောင် ထားပါတယ်လို့ အသိပေးလိုက်ပါတယ်။

## စီးပွားဥစ္စာ တိုးတက်စေသည့် အစီအရင်များလွန်နေခြင်း

ဖုန်းရွှေပညာရှင် နှစ်ဦးရဲ့ အကြံပေးလမ်းညွှန်မှုနဲ့ ကျွန်တော့်ရုံးခန်းထဲမှာ အလှမွေးငါးကန်ကြီးတစ်ခု ထားရှိလိုက်ပါတယ်။ ကျွန်တော်က သစ်သားဓာတ်ကိုယ်စားပြုသူဖြစ်လို့ ရေဓာတ်အစီအရင်က အသင့်တော်ဆုံးလို့ ယူဆလိုက်ပါတယ်။ ကျွန်တော် အဲဒီ ငါးကန်ထဲကို ရွှေငါး (၁၀၈) ကောင် ထည့်မွေးလိုက်တာ အတော်များများ သေကုန်ပါတယ်။ ဒါတောင်မှ ဖုန်းရွှေပညာရှင်တွေက ငါးတွေသေတာ မကောင်းတဲ့ နိမိတ်တွေကို ယူဆောင်သွားတာလို့ ပြောပါသေးတယ်။ ကျွန်တော့်လုပ်ငန်းတွေလည်း သိသိသာသာ အခက်အခဲ တွေ့လာခဲ့ရတော့ တစ်ခုခုမှားနေတယ်လို့ သံသယဖြစ်မိပါတယ်။ ပြဿနာဘယ်လိုဖြေရှင်းရမယ်ဆိုတာ တစ်ဆိတ်လောက် လမ်းညွှန်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။

(မေးမြန်းသူ John)

John ရေ-

သင့်ရဲ့အလှမွေးငါးကန်က ဘယ်လောက်ထိကြီးတယ် ဆိုတာ တစ်ချက်မေးပါရစေ။ ရွှေငါး (၁၀၈) ကောင် ဆိုတာ နည်းနည်းနောနောမှ မဟုတ်ဘဲ။ (၁၀၈) ဆိုတဲ့ဂဏန်းက သင့်အတွက် ဘယ်လောက်ပဲ ကောင်းနေပါစေ၊ ငါးတွေကတော့ သေသွားမှာပဲ။ ငါးသေတယ်ဆိုတာ တစ်ကောင်နဲ့တစ်ကောင် ကျပ်ညပ်သွားတာရယ်၊ ယင်(Yin)ဓာတ်လွန်ကဲနေတာရယ်ကြောင့်ပါ။ နောက်



www.burmeseclassic.com

www.burmeseclassic.com

သင်က စီးပွားဥစ္စာကောင်းဖို့ ပိုပိုသာ လုပ်လိုက်တော့ ရေခွက်လွှန်ကဲပြီး စီးပွားဥစ္စာတွေအားလုံး ရေနဲ့မျောပါ နိုင်ပါတယ်လို့ သတိပေးလိုပါတယ်။ နောက်တစ်ခုပြောလိုတာက ငါးတွေကို ကြွဝယ်လာပြီးရင် အိမ်မှာ ရေအသန့် ထည့်ပေးပါ။ ပြီးတော့ ငါးကန်ကို အရှေ့မှာပဲထားပါ။ (ကျောဘက်မှာ မထားပါနဲ့။)။ အလှမွေးငါးကန်ပဲ ဖြစ်၊ အခြားရေအစီအရင်လုပ်ရင်ပဲ ဖြစ် အရှေ့ (သို့) မြောက်ဘက် နံရံ ထားပေးပါလို့ ပြောချင်ပါတယ်။

BURMESE CLASSIC .com

## ရွက်လှေပုံတူထားရှိခြင်း

ရုံးခန်းထဲမှာ ရွက်လှေပုံတူထား အရောင်းအဝယ်နဲ့လုပ်ငန်းကိစ္စအား အောင်မြင်တယ်လို့ ဖုန်းရွှေစာအုပ် ဖတ်ဖူးပါတယ်။ ဒါကြောင့် ကျွန် လည်း ရွက်လှေပုံတူဝယ်ပြီး ရုံးခန်း ထားလိုက်တယ်။ ဒါပေမယ့် ဝယ်ပြီး သကြာတဲ့အထိ ဘာမှထူးထူးခြား ဖြစ်မလာခဲ့ပါဘူး။ ကျွန်တော့်လုပ် အခြေအနေကလည်း ခါတိုင်းလိုပဲ ရှိပြီးတော့ ပိုပြီး တိုးတက်မလာပါ ။ ကျွန်တော်တစ်ခုခုမှားနေလားဆို သံသယဖြစ်မိပါတယ်။ တစ်ဆိတ် ကြက် လမ်းညွှန်ပေးပါ ခင်ဗျာ။

(မေးမြန်းသူ Esther)

Esther ရှင့်-

ပထမဆုံး သင့်ရွက်လှေကို လေ့ သင့်တာက ရွက်လှေပေါ်မှာ ဖန်တီး တဲ့ ရွှေတုံး၊ ငွေတုံးတွေ ပါရဲ့လား၊ ကဘယ်ဘက်ကိုဦးတည်နေသလဲ၊ ကဘယ်လိုအမျိုးအစားလဲဆိုတာ ပါပဲ။ စီးပွားဥစ္စာအတွက် အောင် ခေါ်ရမယ့် လှေပုံစံကတော့ ၁၉ နှစ် အစပိုင်းမှာပေါ်ခဲ့တဲ့ တရုတ် သည်ရွက်လှေပုံစံအတိုင်းဖြစ်ဖို့ လို တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ကာလက လှေပေါ်မှာ ရွှေ ငွေတုံး တင်ပြီး ရောင်းဝယ်ဖောက်ကားခဲ့လို့ လှေပေါ်မှာ ရွှေ ငွေတွေတင်ထား လှေက ကမ်းကိုကပ်နေတဲ့ဟန်ရှိရ မယ်။ အထူးသတိပြုရမှာကတော့ လှေ မှာ အမြောက်လက်နက်တွေမပါရှိ ။ စီးပွားဥစ္စာတွေကို ရွှေ ငွေက ကိုယ်စားပြုနေပါတယ်လို့။

## ဖုန်းရွှေအလိုအရ မွေးသော Arrowana ငါး

ကျွန်တော်တို့ဆီမှာ ဒေါ်လာ ထောင်ပေါင်းများစွာပေးရတဲ့ ရွှေရောင် Arrowana ငါးတစ်ကောင် မွေးထားပါ တယ်။ ဒီငါးကြောင့် စီးပွားဥစ္စာတွေ လည်း သိသိသာသာ တက်ခဲ့ပါတယ်။ ဒါပေမယ့် သူ့အတွက်အကောင်းဆုံးဖြစ် မယ့် ဘယ်နေရာမှာထားရမလဲ။ အခြား Arrowana ငါးမျိုးရှိခဲ့ရင်လည်း မွေးနိုင် ပါသလား ဆိုတာကို မေတ္တာရှေ့ထားပြီး ရှင်းပြပေးစေလိုပါတယ်။

(မေးမြန်းသူ Mei Jen)

Mei Jen ရှင့်-

Arrowana ငါး ဆိုတာ ဖုန်းရွှေ အလိုအရ မွေးသင့်တဲ့ငါးမျိုးပါ။ အာရှ တစ်လွှားမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင် (သူဌေးကြီး) တွေအားလုံး သူတို့အိမ်မှာ Arrowana ကိုယ်စီ မွေးထားကြပါတယ်။ ငါးရဲ့မျိုးကွဲတွေကတော့ အများကြီးရှိပါ တယ်။ အချို့ Arrowana ငါးမျိုးက ငွေ ရောင်ရှိပြီး အမြီးမှာ ပန်းရောင်ပြေးနေ ပါတယ်။ အချို့ကျတော့လည်း ဆူး တောင် (၂) ထပ် ပါတတ်ပါတယ်။ ငွေ ရောင်နဲ့ ပန်းရောင် စပ်ကြားပါတဲ့ Arr-owana ငါးပုံစံက ဓားနဲ့ဆင်တူပါတယ်။ အဲဒီ ဓားပုံစံကို အဓိပ္ပာယ်ဖွင့်ရင် 'Kill off' all bad luck ဆိုတဲ့ မကောင်းတဲ့ကံ တွေကို ရှင်းလင်း ဖယ်ရှားတယ် ဆိုတဲ့ အနက်ကို ရပါတယ်။

Arrowana ငါးကန်ကိုထားရမယ့် အရပ်ထောင့်အမှန်ကတော့ အိမ်ရဲ့ မြောက်၊ အရှေ့၊ အရှေ့တောင်အရပ် တွေပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ငွေကြေးကိစ္စတွေမှာ အောင်မြင်မယ့် နိမိတ်ကိုပြပါတယ်။ အဲဒီငါးကိုမွေးမယ် ဆိုရင် တစ်ကောင်တည်း သီးခြားမွေးပေး ပါ။ တကယ်လို့ တစ်ကောင်မကမွေးချင် ရင် ငါးကောင်အထိ မွေးပေးပါလို့ အကြံ ပြုချင်ပါတယ်။

## အဋ္ဌဂံပုံဆောင်ထားရင် ကံကောင်းနိုင်ပါ သလား

ကျွန်တော့်သူငယ်ချင်းတစ်ဦး အိမ် ဆောက်ထားတာကို သွားကြည့်လိုက် တော့ မျက်နှာကြက်နဲ့ကြမ်းပြင်ကို အဋ္ဌဂံ ပုံဆောက်ထားတာ တွေ့လိုက်ရတယ်။ တရုတ်လူမျိုးတွေရဲ့ ယုံကြည်မှုအရ အဋ္ဌဂံက ကံကောင်းခြင်းတွေ ဖြစ်စေ သလား ဆိုတာကို ရှင်းလင်းပြောပြစေ ချင်ပါတယ်။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

တရုတ်လူမျိုးတွေ ယုံကြည်တန်ဖိုး ထားတဲ့ အဋ္ဌဂံ ဆိုတာ ဖုန်းရွှေပညာအရ Pa Kua (ပါ့ကွာ) လို့ ခေါ်နိုင်ပါတယ်။ Pa Kua ဆိုတာ မကောင်းတဲ့ ချီဓာတ် တွေနဲ့ အဆိပ်မြားကို ခုခံတိုက်ခိုက်ပေး တဲ့ ဖုန်းရွှေရဲ့ အဆောင်တစ်ခုပါ။

တကယ်လို့ သင့်အိမ်ရှေ့တည့် တည့်မှာ သစ်ပင်ရှည်ကြီးတစ်ပင် ဆီးကာပြီး ပေါက်နေခဲ့ရင် တံခါးဝမှာ ပါ့ကွာကို ချိတ်ပေးပြီး သစ်ပင်ကလာတဲ့ မကောင်းတဲ့ Shar chi (ရှာချီ) ဓာတ်တွေ ကို ခုခံပေးနိုင်တယ်။ အိမ်အပြင်ဘက် မှာ အကာအကွယ်အနေနဲ့ ပါ့ကွာကို ချိတ်လို့ရပေမယ့် အိမ်ထဲမှာ ဘယ်တော့ မှ မချိတ်ရပါဘူး။ ချိတ်မိခဲ့ရင် သင်အပါ အဝင် အိမ်သားတွေအတွက် ဘေးဥပဒ် ဖြစ်နိုင်ပါတယ်လို့ဖြကြားလိုက်ပါတယ်။

## အိမ်၌ လက်ထပ်မင်္ဂလာပွဲကျင်းပရန် အစီအစဉ်

ကျွန်တော့်မင်္ဂလာပွဲကို မကြာခင် အိမ်မှာပဲလုပ်ဖို့ အစီအစဉ်ဆွဲနေပါ တယ်။ ဒါကြောင့် အိမ်မှာလုပ်မယ့် မင်္ဂ လာပွဲအတွက် လိုသလို ညွှန်ကြား ပြသ ပေးပါလို့ မေတ္တာရပ်ခံ တောင်းဆိုလိုက် ပါတယ်။

(မေးမြန်းသူ Anonymous)

Anonymous ရှင့်-

ဖုန်းရွှေအလိုအရ မင်္ဂလာပွဲအ တွက် အတိတ်နိမိတ်ကောင်းတဲ့အရောင် ကတော့ အနီရောင်ပါ။ မင်္ဂလာပွဲကျင်းပ မယ့် အိမ်ခြံဝင်းအတွင်းမှာ အနီရောင် မီးပုံးတွေနဲ့ ပျော်ရွှင်ခြင်းနှစ်ဆအဓိပ္ပာယ် ရှိတဲ့စာလုံး (အနီရောင်နဲ့) ရေးထိုးထား ရပါမယ်။ အဲဒါမှ မင်္ဂလာအိမ်ထဲကို Yang (ယန်) ဓာတ်တွေ စီးဝင်စေမှာပါ။ ပြီးရင် နဂါးနှစ်မှာမွေးတဲ့ (ယောကျ်ား ကလေး သို့မဟုတ် မိန်းကလေး) တစ်ဦး ကိုရှာပြီး မင်္ဂလာမောင်နှံအိပ်ရာပေါ်မှာ နဂါးလိုလိုမှိပေးခိုင်းလိုက်ပါ။ ဒါဆိုရင် အဓိကအရေးကြီးတဲ့ ကြိုတင်အစီအစဉ် တွေ လုပ်ပြီးပြီလို့ သတ်မှတ်နိုင်ပါပြီ။

ဦးအောင်လှိုင် (သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com



နှလုံးလှပန်းချီ



ဘာရယ်လို့တော့ မဟုတ်ပါဘူး။

ဒီရေကန်လေးနားကဖြတ်လျှောက်မိရင် မြင်ကွင်းက အေးနေသလိုမျိုးမို့ စိတ်တွေ လန်းဆန်းပြီး ပေါ့ပါးသွားသလိုပဲ။

လေလေးကလည်း တဖြူးဖြူးနဲ့ -

ရေကန်လေးနားတစ်ဝိုက်က သစ်ပင်စိမ်းစိမ်းစိုစိုလေးတွေကို ငေးလိုက်၊ လျှောက်လိုက်နဲ့ လျှောက်နေရင်း ခပ်လှမ်းလှမ်းမှာလူရိပ်မြင်လို့ ခဏရပ်ကြည့်နေလိုက်မိပါတယ်။

ရေကန်ဘောင်ပေါ်ကနေ ပြုံးပြီး လျှောက်လာတဲ့ ယောဂီဝတ်ပုဂ္ဂိုလ်တစ်ဦး။

သူလည်း သူ့ဟာသူလျှောက်၊ ကိုယ်လည်းကိုယ့်ဟာကိုယ်လျှောက်နေတာမို့ သတိမထားမိပေမယ့် ခုလို ပြုံးကြည့်နေပြန်တော့လည်း -

"ဟော့ကောင်ကြီး မောင်ကျော်"

"ဗျာ၊ ဟာ ဟိုဒင်း ကိုကြီးတာ အဲ. . . အဲ ဆရာတာ ဟို - ကျွန်တော် ဘယ်လိုခေါ်ရမလဲမသိဘူးနော်။ မှားသွားရင်"

"ဟဲဟဲ- မင်းကွာ၊ ကိုကြီးတာက ကိုကြီးတာပေါ့"

"ကျွန်တော်က ကိုကြီးတာ ဒီလိုဝတ်ထားတော့"

"ယောဂီဝတ်ထားတာပါကွ၊ ရသေ့မှမဟုတ်ဘဲ။ ငါ ငါးပါးသီလပဲ ထိန်းပါတယ်"

ပြောရင်း ပြုံးကြည့်နေတဲ့ ကိုကြီးတာ။

အမှန်က ကိုကြီးတာလို့သာ ခေါ်ရပေမယ့် သူ့ကို တကယ်တမ်းခေါ်ရင် ဦးလေးတာလို့ ခေါ်ရမှာပါ။ ဘာလို့လဲဆိုတော့ အသက်က (၇၀) ကျော်ပြီ၊ (၈၀) နား။

ဒါပေမယ့် လူက နုမှနု။ သူက ဟိုတုန်းက သူ့ကိုယ်သူ စကားပြောရင် ကိုကြီးတာကလို့ပြောလေ့ရှိလို့ ကိုကြီးတာပဲ နှုတ်ကျိုးနေခဲ့တာ။

လက်နှစ်လုံးလောက်ရှည်တဲ့ မုတ်ဆိတ်ဖြူနက်ကျားကို သူ့လက်နဲ့တစ်ချက်သပ်လိုက်ပြီး ပြုံးကြည့်နေပါတယ်။ ကွမ်းစားလွန်းလို့ သွားတွေကတော့ နီကြင်ကြင်ဝါကြင့်ကြင့်နဲ့။ ခုတောင် ပါးစောင်ထဲမှာ ကွမ်းငုံထားလားမသိပါဘူး လှုပ်စိလှုပ်စိနဲ့။ မျက်လုံးကတော့ မပြောင်းဘူး၊ လွန်ခဲ့တဲ့ နှစ် (၂၀) ကျော် (၃၀) လောက်က မျက်လုံးမျိုးပဲ။ အရောင်တောက်ပြီး စိုနေတာပဲ။

"ကိုကြီးတာ ခု"

"အေး - ငါ ဒီနားက ငါ့မိတ်ဆွေတွေဆီ ခဏလာတာကွ"

"ဘယ်မှာနေလဲခု"

"အိမ်ကတော့ မြို့ထဲမှာပဲလေ။ ငါကသာ ခရီးထွက်တတ်တာ"

"ဩော် - အိမ်ကပ်တယ်မရှိပေါ့"

"အေး - ငါ့အစ်ကိုကြီးကို အိမ်လာလာစောင့်ခိုင်းရတယ်"

"ဟိုဘကြီး အဲ. . အဲ အစ်ကိုကြီးလား၊ မျက်မှန်နဲ့"

"အေး - မင်းမှတ်မိသားပဲ"

"မှတ်မိပါတယ် ကိုကြီးတာရ။ အခု အစ်မကြီး ဒေါ်ခလေးမတို့ကော"

"အင်း - လမ်းခွဲလိုက်ပါပြီကွာ၊ ကြာပြီပဲ"

"ဟင်. . . ဩော်- စိတ်တောင်မကောင်းဘူး"

"မင်းသိတဲ့အတိုင်းပဲလေ။ ငါ သူတို့အပေါ် ကောင်းလား၊ မကောင်းဘူးလားဆိုတာ"

"သိတယ်လေ၊ ကျွန်တော်က ကိုကြီးတာနဲ့ ဒါလောက်ခင်လာတာ သိတာပေါ့"

"အေး- နောက်ဆုံးတော့ကွာ၊ လူတွေရဲ့သဘာဝလို့ ငါမပြောလိုပါဘူး။ လောကမှာ ကောင်းတဲ့သူတွေ အများကြီးရှိပါတယ်၊ သူတို့ကိုထိခိုက်ကုန်မယ်။ ဒါကြောင့် ငါပြောချင်တာကတော့ ငါ့ရဲ့ အတိတ်ကံပေါ့ကွာ"

သူ့စကားကြောင့် သူ့ကို စေ့စေ့ကြည့်လိုက်တော့ အရောင်တဖိတ်ဖိတ်ဖြစ်နေတဲ့ ပတ္တမြားလက်စွပ်ကြီးက ညာလက်သူကြွယ်မှာ တဝင်းဝင်းနဲ့၊ ဘေးက စိန်တွေကတဖျပ်ဖျပ်။

"အတိတ်ကံ ဆိုတာ စီးပွားတော့ မထိပါဘူး"

"ကျွန်တော် သဘောပေါက်ပါတယ်။ ကိုကြီးတာကိုကြည့်ရုံနဲ့ သဘောပေါက်တယ်။ အရွယ်နဲ့မလိုက်အောင် ဒါလောက်နုပျိုပြီး အသားကိုဝင်းနေတာပဲ။ စီးပွားမပူမပင်ရဘူးဆိုတာ သဘောပေါက်တယ်"

"အေး - အိမ်ထောင်ရေးပေါ့ကွာ"

"ဘယ်လိုဖြစ်သွားတာလဲ"

"လာကွာ၊ ဟောဟို ပျဉ်းမပင်အောက်ကကန်ဘောင်လေးမှာသွားထိုင်ပြီး စကားလေးဘာလေးပြောရတာပေါ့ မင်းအချိန်ရလား"

"ရပါတယ်"

"အေး - တို့တွေမတွေ့ကြတာလည်း ကြာပြီဆိုတော့ ရှေးဟောင်းနှောင်းဖြစ်လေးတွေပြောရင်းပေါ့-လူ



www.burmeseclassic.com

www.burmeseclassic.com

❑

"ဟဲ့ - ဖိုးတာ"

"ဗျာ - အမေ"

"နင် ခလေးမနဲ့ ရည်ငံနေဆို"

"အမေကလည်း၊ အမေ့ဘယ်သူပြောတာလဲ"

"မဟုတ်လို့လား"

"ဟုတ်တယ်"

ပြုံးဖြီးဖြီးနဲ့ ခေါင်းကြီးငုံ့နေတဲ့ ဖိုးတာကို သူ့အမေကကြည့်နေပါတယ်။ သူ့အမေအကြည့်က ဒေါသပဲထွက်ရမလား၊ ဆူပဲဆူရလား၊ ရယ်ပဲရယ်ရမလား၊ ချော့ပဲပြောရလား၊ ဘယ်လိုမှ ခံခွဲမရတဲ့အကြည့်။

"ဟဲ့ - အဲဒီ ခလေးမမှာ ကလေးသုံးယောက်တောင်ရှိတာ နင်သိလား၊ ၊ထမအိမ်ထောင်နဲ့လေ"

"အမေကလည်း၊ သိပါတယ်"

"အဲဒါကို နင်ကဘယ်လိုစိတ်ကူးစိတ်သန်းနဲ့များယူချင်သေးတုံး"

"အမေကလည်း၊ ကျွန်တော် မြတ်နိုးတာကိုးဗျ"

"ဩော် - ဖိုးတာ၊ နင် ဟို မဘုတို သမီး ဒိုးဝိုင်းကျတော့ ခေါင်းခါခါလည်ခါခါနဲ့"

"ကျွန်တော်မှ သူ့ကိုမကြိုက်ဘဲ အမေရ"

"ဟိုခမျာ အပျိုလေးတန်မဲ့ စားစရာလေးတွေ လာလာပို့လိုက်ရတာ အမော။ ဘုတိုဆို ငါ့တစ်ခွန်းရယ်"

"ခက်တယ် အမေ၊ မေတ္တာတရားဆိုတာ အဲဒီလိုချောတာလှတာနဲ့မဆိုင်ဘူးဗျ။ ဒိုးဝိုင်းဘယ်လောက်ချောချော ကျွန်တော်ကြိုက်ချင်မှကြိုက်မှာ"

"အေ - နင့်သဘောပဲတော်"

မခလေးမဟာ သဘောတော်တော်ကောင်းတယ်။ကလေးသုံးယောက်အမေဆိုပေမယ့် မသိရင် အပျိုလေးအတိုင်းပဲ။ ရုပ်ကလေးကတော့ ဒိုးဝိုင်းလောက်မချောဘူး။ ဒါပေမယ့် သန့်ပြန့်နေတာပါပဲ၊ ညိုချောလေးလို့ ပြောရမယ်။ ကာလသားတွေက မခလေးမကို သဘောကျကြပါရဲ့။ ဒါပေမယ့် သူ့မှာပါလာတဲ့ ကလေးသုံးယောက်ဒဏ်ကိုခံနိုင်မယ်မထင်ကြလို့လားမသိဘူး၊ ဟိုလိုလိုဒီလိုလို ဝေ့ကာဝိုက်ကာနဲ့ ခပ်ရှောင်ရှောင်နဲ့။

ဘာပဲဖြစ်ဖြစ် ဖိုးတာက သူများတကာတွေလို မဟုတ်ဘူး။ ဘာစကားမှ အပိုမပြောတတ်ဘူး လူအေး။

ဒီလိုအေးအေးလူလူနေတတ်တာကိုပဲ မခလေးမက သဘောကျတယ်ထင်ပါ့။

ဘာသိပ်ကြာလိုက်လဲ -

အကြောင်းပါကြပြီ။

ဖိုးတာနဲ့ ခလေးမကို လူတွေကခင်ကြတယ်လေ။ ဒါကြောင့် သူတို့မင်္ဂလာလက်ဖက်ရည်ပွဲလေးဟာ စည်စည်ကားကားလေးဖြစ်သွားတယ်။

ပြောသာပြောတာပါ၊ ဖိုးတာရဲ့အမေက ဖိုးတာကို ချစ်တော့ ချွေးမဖြစ်လာတဲ့ မခလေးမကိုလည်း ချစ်တော့တာပေါ့။ ကလေးလေးတွေကိုဆိုလည်း

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

ချစ်မှုချစ်။

မေတ္တာတရားဆိုတာ ခက်သား။

ကျွန်တော့်ကို မေတ္တာရှိပါဗျာ၊ ကျွန်မကို မေတ္တာရှိပါရှင် ဆိုပြီးပြောပြီး ယူလို့ရတာမျိုးမှမဟုတ်တာ။

ဒါမျိုးက ဆန်းကြယ်သား။

တစ်ယောက်နဲ့ တစ်ယောက် တောင်းခဲ့ကြတဲ့ ဆုတောင်းတွေနဲ့ တူပါရဲ့။

မေတ္တာရှိလိုက်ကြတာမှ -

ဖိုးတာက ခလေးမကို မျက်စိအောက်ကတောင် အပျောက်မခံဘူး။ ခလေးမအလုပ်လုပ်တဲ့ ဆေးလိပ်ခုံရှေ့မှာ ဟိုတုန်းကတည်းက တဝဲလည်လည် ဆိုတော့ ခုဆို ပြီးပြီ မပြောနဲ့တော့။

အဲဒီဆေးလိပ်ခုံနဲ့နီးတဲ့ သစ်စက်မှာပဲ ဝင်အလုပ်လုပ်တော့တယ်။ ခါတိုင်းအလုပ်တွေထက်တောင် နှစ်ဆကြိုးစားသေး။

အငယ်ဆုံးကလေးလေးမှ သုံးနှစ်သားလေး။ အကြီးလေးတွေက ကျောင်းစတက်ကုန်ပြီဆိုတော့ ဖိုးတာမှာ တာဝန်တွေပိုလာပြီပေါ့။

ဒီတာဝန်တွေကို ဖိုးတာယူလိုက်ပေမယ့် မေတ္တာတရားရဲ့အစွမ်းကြောင့်နဲ့တူပါရဲ့၊ ဖိုးတာစိတ်မညစ်ဘူး ပျော်လို့။ ဝင်ငွေလေးကလည်းမဆိုးတော့ ကလေးတွေအတွက်ပါ ဘာမှမပူရဘူး။ ခလေးမကလည်း ဝင်ငွေလေးနဲ့မို့ သူတို့အိမ်ထောင်ရေးလေးဟာ သူတို့သူငယ်ချင်းတွေကြားမှာ စံပြအိမ်ထောင်ရေးလေး ဖြစ်လာတယ်။

"ဩော် - ဖိုးတာ၊ ဖိုးတာ ကြည့်စမ်းပါဦး။ သူများကလေးလေးတွေကိုများ သူ့ကလေးကျနေတာပဲ ချစ်လိုက်တာ။ ရှိုးပါ့တော်၊ အငယ်လေး ကုန်းပိုးပြီး အကြီးလေးနှစ်ယောက်ကို လက်ဆွဲလို့"

"ဖိုးထွာတို့များ ဒိုးဝိုင်းကျတော့ အပျိုလေးကို ဘာလေးညာလေးနဲ့ ခလေးမနဲ့လည်းကျရော ဘယ်လိုဖြစ်သွားတယ် မသိဘူး။ မျက်နှာကြီးက အမြဲတမ်းပြုံးဖြဲဖြဲနဲ့ သူ့မှာပျော်လို့ အံ့ပါ့တော်"

"ဒီကောင့်စိတ်ထားကတော့ ရှားတယ်။ သူများကလေးတွေကိုဗျာ၊ သူ့ကလေးကျနေတာပဲ ချစ်မှုချစ်"

"အို - ဖိုးတာက သူတော်ကောင်းစိတ်အပြည့်ပဲ။ ကြည့်ပါလား၊ နေ့နေ့ညည အလုပ်နဲ့လက်နဲ့ပြတ်တယ်လို့သိပ်မရှိဘူး။ သူ့ဒွေးကသဘောတွေကျလွန်းလို့ ကုန်ဆုံဆိုင်တောင်တည်ပေးမလို့တဲ့"

"ဒီကောင် စိတ်ကောမှန်သေးရဲ့လားမသိဘူး။ အပျိုကျတော့ ဘာလေးညာလေးနဲ့ ကလေးသုံးယောက်အမေလည်းကျရော ကောက်ကောက်ကိုပါသွားရော"

ဖိုးတာတို့လင်မယား လမ်းထွက်လာရင် ကလေးတွေနဲ့ ပျော်ဖို့တော့ကောင်းသား။ ဖိုးတာကတော့ မိုးမမြင်လေမမြင်ကိုပျော်လို့။

ဒါက -

အရပ်ထဲကစကားသံတွေ -

သိတဲ့အတိုင်းပဲ အရပ်ထဲကစကားသံတွေထဲမှာ ဖိုးတာကို အကောင်းမြင်တာရှိသလို မကောင်းမြင်တာလည်း ရှိတာဘဲ။

သူတို့လင်မယားရှေ့မှာ မျက်နှာတစ်မျိုးဖြစ်ပြီး ကွယ်သွားတာနဲ့ မျက်နှာတစ်မျိုးပြောင်းလို့ မေးတငေါ့ငေါ့လုပ်နေကြသူတွေလည်း မနည်းဘူး။

ဒီလိုပဲရှိကြမှာပဲ -

ကိုယ်လိုရာကိုယ်ဆွဲပြောချင်ကြတာတွေက များသား။

သူများအိမ်ထောင်ရေးကိုဝင်စွတ်ချင်ကြသူတွေကလည်း တစ်မျိုး။

သူများတွေပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတာကို အခြောက်တိုက်ကြည့်မရတဲ့သူလည်း ရှိချင်ရှိနေမှာပေါ့။

ဘာပြောပြော ဖိုးတာကတော့ ကြိုးစားတယ်။ သူအလုပ်လုပ်တဲ့ သစ်စက်သူဌေး စုပေးထားတဲ့ ငွေလေးနဲ့ ကုန်စုံဆိုင်လေးဖြစ်လာတဲ့ထိ ဖိုးတာကြိုးစားတယ်။ ကလေးတွေကိုဆို ချစ်မှုချစ်။ တကယ့်ကိုသူ့ရင်သွေးလေးတွေအတိုင်းပဲ၊ ဂရုလည်းစိုက်ပါ့။ မခလေးမကတော့ စိတ်ချမ်းသာလို့ပေါ့။ လောကကြီးဟာသူ့အတွက် ပြီးပြည့်စုံနေလို့ပဲ။ သူ့ကိုယ်သူလည်း မပူရတော့သလို ကလေးတွေအတွက်ဆိုလည်း လှည့်တောင်မကြည့်ရတော့ဘူး။ သူ့သားငယ်လေးကို ကျောပိုးပြီး ကျောင်းသွားသွားပို့တဲ့ ဖိုးတာကိုကြည့်ပြီးတပြုံးပြုံး။

အဲဒီကလေးကလည်း သူမှသူ။ သူ့ကျွေးမှစားတယ်။ သူ့ရေချိုးပေးမှချိုးတယ်။ ဖိုးတာနဲ့ အဲဒီကလေးလေးကိုကြည့်ပြီး မေးငေါ့ချင်ကြသူတချို့ရှိပေမယ့် လူတော်တော်များများကတော့ ပီတိဖြစ်ကြလေရဲ့။

ဒါ ဖိုးတာရဲ့ တန်ဖိုးမဖြစ်နိုင်တဲ့ နှလုံးသားလေ။

ဖိုးတာရဲ့ဖြူစင်လွန်းလှတဲ့ မေတ္တာတရား။

လောကမှာ အများသူငါခေါ်ခေါ်ဝေါ် သုံးနှုန်းနေကျ ပညတ်လို့ပဲပြောပြော၊ နာမည်ဆိုးလို့ပဲခေါ်ခေါ် ဖိုးတာနဲ့ မဆိုင်တော့ဘူး။

အဲဒီကလေးရဲ့ဖအေဆိုရင်တောင် အဲဒီကလေးလေးကို ဒါလောက်ဂရုစိုက်မှာမဟုတ်ဘူးဆိုပြီး မြင်ကြ၊ တွေ့ကြတဲ့သူတိုင်းက ပြောလို့ပေါ့။

တဖြည်းဖြည်းနဲ့ -

ရက်ကနေလ၊ လကနေ နှစ်တွေချီလာခဲ့ပြီလေ။

ဖိုးတာရဲ့ ကြိုးစားချက်ကတော့ မြင်ရတွေ့ရတဲ့သူတိုင်း မချီးကျူးဘဲမနေနိုင်ဘူး။

ချီးကျူးမှာပေါ့။

ကျောင်းပြီးတဲ့ကလေးနှစ်ယောက်ကပြီး၊ ကျောင်းဆက်မတက်တော့ဘဲ အလုပ်ဝင်လုပ်တဲ့ ကလေးကလုပ်နဲ့ -

ဖိုးတာကတော့ ကလေးသုံးယောက်လုံးကို ကျောင်းတွေပြီး ဘွဲ့ရပညာတတ်တွေ ဖြစ်စေချင်တာ။

ဒါပေမယ့် ကလေးတွေရဲ့ကြိုးစားမှုနဲ့လည်းဆိုင်ဦးမှာပေါ့။

သဘာဝဆိုတာ အံ့ဩစရာတော့ မရှိပါဘူး။

အချိန်ဆိုတာ ရှိတယ်လေ။

အချိန်တန်တော့လည်း -

"သမီးချစ်သူကို ဦးတာကြီးက ဘာလို့ကြည့်မရဘူးပြောတာလဲ အမေ"

"ဩော် - သမီးချစ်သူက ခပ်ပေတေတေလေးမို့နဲ့တူပါတယ်၊ အသောက်အစားလေးကလည်းရှိ၊ စီးကရက် လက်ကြားကမချ၊ မိဘလုပ်စာထိုင်ဖြုန်းနေသလိုဖြစ်နေလို့ ဒီသူငယ်မလိမ္မာဘူးပြောတာပါ။ ကြည့်မရဘူးလို့ တစ်ခါမှမပြောပါဘူး"

"လမ်းထိပ်က မကြီးနန်းတို့ဆိုင်မှာ သမီးကြားခဲ့တယ် အမေ"

"ဟဲ့ - လူဆိုတာ လိုတာရှိသလို၊ မလိုတာလည်းရှိချင်ရှိမှာပဲ။ သူများပြောတိုင်းမယုံရဘူး၊ ကိုယ့်မိသားစုကြားထဲကစကားဝင်ရှုပ်လည်းရှုပ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် မဟုတ်ဘဲနဲ့တော့ စကားဆိုတာ ထွက်လာမှာမဟုတ်ဘူး အမေ သမီးသိနေတယ်။ ဘာမှစကားဝင်ရှုပ်တာမဟုတ်ဘူး၊ အမေမယုံရင်သွားမေးကြည့်၊ သမီး သူ့ကို ရှိသေပေမယ့် သမီးကိုယ်ရေးကိုယ်တာ ဝင်မစွက်စေနဲ့"

"အေးလေ၊ သူ့ခမျာ ခုနကစကားဘဲ ပြောရှာတာပါ။ ဒါကလည်း သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com

ကျကျနန. . ."

"သွားစမ်းပါ၊ ဒါက လူငယ်တွေရဲ့ ...ပါ"

မခလေးမ မျက်နှာတစ်ချက်ပျက် ...ပြီး သူ့သမီးကို သူကြည့်နေပါတယ်။ ...ထက်ရှုတွေမြန်ပြီး မျက်နှာတင်း ...ဖြစ်နေတဲ့ သမီးကတော့ သူ့အမေ ...လေးမရဲ့မျက်နှာကိုမကြည့်ဘဲ မျက် ...လွှဲထားတယ်။ တစ်ခါတစ်ခါ လှည့် ...ကြည့်တဲ့မျက်လုံးတွေက အမေ့ယောကျ်ား ...ကို အမေကာပြီးမပြောစမ်းပါနဲ့ဆို ...တဲ့ အကြည့်။

"သမီးတို့ကို ဟိုးငယ်ငယ်လေးထဲ ..."

"ဘာလဲ၊ ဖအေအရင်းလိုလုပ်ကျွေး ...ရှာတာ၊ အနစ်နာခံရှာတာ အမေ ဒါပဲ ...ပြောတတ်တယ်မို့လား။ အမေ့မှာ ပြော ...ရာစကားက ဒါပဲရှိတယ်မို့လား"

"ညည်းတို့အေ၊ သူများကျွေး ..."

"မီးလိုပူလည်းပူပါစေ အမေရေ ...တော်နိုင်ဘူး။ သူဘာလို့အမေ့ကိုယူလဲ။ ...အမေကိုယူရင် ဒီသားသမီးတွေပါလာ ...ယ်ဆိုတာ မသိဘူးလား၊ အစောကြီးထဲ ...က စဉ်းစားပါလား။ အမေ့ကို သူယူရင် ...အမေနဲ့ပတ်သက်တဲ့ ကလေးတွေကို ဟို ...အမှိုက်ပုံမှာပစ်ထားခဲ့ရမှာလား တဲ့"

"ဒီလိုလည်းမဟုတ်သေးဘူးလေ။ ...ယ့်နှယ်- ရည်းစားတွေဘာတွေလည်း ...လာရော ကျွေးကျေးဇူးတွေကန်းကုန် ...လား"

"အမေ့ကို သူယူမှတော့ အမေ့မှာ ...တဲ့ အစွယ်အပွားကတော့ ပါမှာပဲ ...မေ။ အမေတစ်ကောင်ကြွက်မှမဟုတ် ...တာ၊ ဒါဆို သူမကျေနပ်ရင် အစထဲက ...အမေ့ကိုမယူနဲ့လေ၊ သမီးသူ့ကိုကျေးဇူး ...ကန်းတာမဟုတ်ဘူး။ သဘာဝကိုပြော ...တာ"

"ဘယ်သူက မကျေနပ်ဘူးပြော ...နေလို့လဲ။ နင်တို့စကားက. . ."

"မကျေနပ်မဖြစ်လည်းပြီးတာဘဲ။ ...သမီးကိုယ်ရေးကိုယ်တာကိစ္စ အမေ ...ဆောင်မှမပြောတာ၊ ကျန်တာ ဘယ်သူမှ ...ဘာမပြောနဲ့၊ လုံးဝလုံးဝကိုလက်မခံဘူး။ ...ပြောထားပြီးပြီနော်၊ ကိုယ့်ဘဝခရီးဖော် ...ကို ကိုယ်ရွေးချယ်ပိုင်ခွင့်ရှိတယ်။ သမီး ...ညာမှ မဟုတ်ဘူး"

သူ့သမီးစကားဆုံးတာနဲ့ မခလေးမ ...ရဲ့ မျက်လုံးတွေဟာ အိမ်ခြေရင်းဘက် ...မြင့်ကြီးမှာ ချိတ်ထားတဲ့ သူ့သမီးရဲ့ ...ဓာတ်ပုံဆီ ရောက်သွားပါတယ်။ ဘွဲ့ဝတ်စုံနဲ့ ကျက်သရေရှိလှတဲ့ သူ့သမီးပုံကို သူကြည့်ပြီး မျက်နှာကပြုံးသလိုလို၊ တစ်ခုခုကို စဉ်းစားနေသလိုလို။

"ငါက ငါ့သမီးကောင်းစားတာပဲ မြင်ချင်တာဟ ခလေးမရဲ့။ ငါ့သမီးက ပညာတတ်လေးဖြစ်နေပြီ။ အို - စကားကုန်ပြောမယ်ဟာ။ ငါ့သမီးကို ရှာဖွေမကျွေးနိုင်ရင်နေ၊ သူတို့ကို ငါကျွေးထားနိုင်တယ်။ ဒါပေမယ့် အသောက်အစားတို့၊ လေပေနေတာတို့တော့ ငါမကြိုက်ဘူး"

"ရှင်ဟာရှင်နေပါ၊ လူဆိုတာ သူ့ကံနဲ့သူလာတာ။ သူကြိုက်တာ သူယူပါစေပေါ့ ဘာဖြစ်လဲ။ ကိုယ်တွေတုန်းကလည်း ကိုယ်ကြိုက်တာ ကိုယ်ယူလာတာပဲ မဟုတ်ဘူးလား"

"ဟာ- ငါပြောတာက သူ့အတွက်နှင့်သမီးအတွက်"

"ဟုတ်တယ် ကိုဖိုးတာ။ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် သူတို့ကြိုက်ရင်သူတို့ယူပါစေပေါ့။ ရှင်ဘာမှပြောမနေနဲ့ ကျွန်မမွေးထားတဲ့အမေတောင် ဘာမှမပြောဘူး"

"ငါ့မှာ ပြောပိုင်ခွင့်တောင် မရှိတော့ဘူးလား ခလေးမ"

ဖိုးတာစကားတောင် မဆုံးသေးဘူး၊ ခလေးမက စိတ်ဆင်းရဲပါတယ် ဘာတယ်ဆိုပြီး ခြေကဆောင့်၊ စကားသံက ဝုန်းဒိုင်းကြမ်းလိုက်တော့ ဖိုးတာငြိမ်သွားတာပေါ့။ ဘာမှဆက်မပြောတော့ဘူး။

မခလေးမကလည်း ခြေတွေဆောင့်၊ စကားတွေမာပြီး ဖိုးတာကို ဟောက်လိုက်ရပေမယ့် အိမ်ခန်းထဲရောက်တော့ ပုဏ္ဏားကွယ်ဘေးလေးကနေ ဖိုးတာကို ချောင်းကြည့်နေတယ်။ မျက်လုံးအိမ်မှာတော့ မျက်ရည်လေးတွေ ရစ်ဝဲချင်သလိုလိုနဲ့ သူ့ရင်ထဲမှာ မကောင်းဘူး။ ခင်ပွန်းနဲ့ သူ့သားသမီးတွေကြားမှာ သူပဲအမုန်းခံပလိုက်တယ်။ ဖိုးတာကို ကလေးတွေမမုန်းစေချင်ဘူး။ ဒါ ခလေးမ တော်တယ်ပြောရမယ်။ မာမာမပြောရက်ပေမယ့် ဖိုးတာကို မာမာပြောထည့်လိုက်တာ သူ့ကိုယ်သူသိတယ်။ သူ့ကလေးတွေအပေါ်မှာ ဖိုးတာ ဘယ်လောက်ကောင်းမှန်း သူအသိဆုံးလေ။

ဘာတွေပဲပြောပြော -

မင်္ဂလာကိစ္စကတော့စပြီ။

သူတို့ဆီကို သတို့သားဘက်က လာပြီးနားဖောက်တော့လည်း မခလေးမရဲ့ ဆွေမျိုးတော်သူတွေကပဲ စကားတွေဖောင်နေအောင်ပြောကြတာ၊ ဦးဆောင်ကြတာ။ ဖိုးတာကို သိပ်အရေးတယူမပြောကြပါဘူး။ သတို့သားဘက်က ဖိုးတာကို သိပ်အလေးအနက်မရှိပုံပါဘဲ။

သူတို့မိသားစုလေးမှာ တစ်ယောက် တိုးသွားပြီပေါ့။

ဖိုးတာက စီးပွားရေးကောင်းနေတော့ လူတိုးတာ ဘယ်သိသာပါ့မလဲ။

"အမေ"

"ဟေ"

"ဦးတာကြီးက သမီးယောကျ်ားကို ဟပ်ဟပ်ပက်ပက်စကားမပြောဘူး၊ အဲဒါဘာသဘောလဲ"

"ဩော်- သူနေတတ်သလိုနေတာပါအေ။ ညည်းတို့ကိုလည်း ကျွေးထားတာပဲမို့လား"

"အမေ. ဒီစကားပဲ အမေပြောတတ်တယ်နော်။ အမေပြောနေတာကိုက အမေ့ယောကျ်ားကို အမွန်းတင်နေတာ။ ဦးတာနေရာမှာ သမီးတို့အဖေဖြစ်ကြည့်ပါလား၊ သူ့သားသမီးသူကျွေးမှာပဲလေ၊ ဘယ်ခွဲခြားလိမ့်မလဲ"

"ခုကော ဘယ်သူကခွဲခြားနေလို့လဲ"

"အဖေသာဆိုရင် သမီးကိုချစ်တဲ့စိတ်နဲ့ သမက်ကို ချစ်မှာပဲ၊ ဖော်ဖော်ရွေရွေဖြစ်နေမှာပဲ၊ သားသားနဲ့နေမှာ"

"သူနေတတ်သလို သူဟာသူအေးအေးနေတာပဲအေ၊ နင့်ယောကျ်ားက ဒေါင့်မကျိုးတဲ့ပုံစံမနေစေနဲ့ပေါ့"

ဒါကတော့-

ဖိုးတာတို့ မိသားစုရဲ့ ဘဝအလှုပ်ကလေး အစပေါ့။

"ကိုဖိုးတာ"

"ဟေ"

"ရှင်က ဟိုကောင်လေးကို သိပ်အရောမဝင်တာ ဘာသဘောလဲ"

"ဟာ - ဘာကိုပြောတာလဲ"

"ဟိုကောင်လေးက ရဲရဲတင်းတင်း မနေရဲမစားရဲဖြစ်နေမှာပေါ့။ သမီးမျက်နှာကရှိသေးတယ်လေ၊ နည်းနည်းပါးပါးလည်း ခေါ်မှပြောမှပေါ့"

"အေးလေ၊ ဖော်ဖော်ရွေရွေပေါ့။ ရှင် ကျုပ်ကိုယူတုန်းက ဒီကလေးတွေပါမှန်းသိတယ်လေ၊ သိသိနဲ့ ရှင်ယူတာ။ တစ်နေ့ ဒီလိုကိစ္စတွေကြုံလာရမယ်ဆိုတာ ရှင်စဉ်းစားပါလား"

"ဟ - ငါခေါ်တယ် ခလေးမ၊ ငါ စကားမဆိုလုပ်နေလို့လား"

"တည်တည်ကြီးတော့ မနေပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာမကြိုက်တာရှိရင်လည်း ကျွန်မကိုငဲ့ပါ ကိုဖိုးတာရယ်"

"အေးပါ၊ မရှိပါဘူး မကြိုက်တာ" -

ပြောပြောဆိုဆိုနဲ့ ပုဏ္ဏားကွယ်နောက်ကိုဝင်သွားတဲ့ ခလေးမ ကိုဖိုးတာ လှမ်းကြည့်နေမိပါတယ်။ ထုံးစံအတိုင်း ပုဏ္ဏားကွယ်ဘေးနောက်ကနေ ချောင်းကြည့်နေတဲ့ မခလေးမမျက်လုံးမှာတော့ မျက်ရည်လေးတွေဝေ့လို့။ ဒါလောက် မိသားစုပေါ် ကောင်းတဲ့ သူယောကျ်ားကို သူဘယ်ပြောချင်ပါ့မလဲလေ။ သားသမီးတွေ တစ်မျိုးမြင်မှာစိုးလို့သာ သူခမျာ. . .။

"ဟော - ဘယ်လို"

"ဟုတ်တယ်၊ အကြီးကောင် အိမ်ထောင်ပြုတော့မလို့"

"ဟိုကလေးမလေးပဲလား"

"အင်းလေ"

"ကောင်းပါတယ်၊ ကလေးမလေးကလည်း မိဘတွေမရှိရှာကြတော့ဘူး။ အဒေါ်တွေနဲ့ နေရတာဆိုတော့ တို့ဆီရောက်လာရင် တို့သမီးတစ်ယောက်ထပ်တိုးပြီပေါ့။ ကြည့်ရတာ လိမ္မာရေးခြားရှိတယ်တဲ့"

အကြီးကောင်ကတော့ အလတ်မလေးလို မဟုတ်ဘူး၊ ညှော်ခံပွဲကို ကြီးကြီးကျယ်ကျယ်မလုပ်ဖြစ်ခဲ့ဘူး။

အကြီးကောင်က လိမ္မာတယ်။ အိမ်ထောင်ရက်သားမကျခင်ထဲက ကြိုပြီးအလုပ်လုပ်ထားတာ။ အိမ်ထောင်လည်းကျရော ပိုအဆင်ပြေတာပေါ့။ ဖိုးတာက ကျွေးထားနိုင်တော့ သူလခကို သူမိန်းမလက်ထဲ အပြည့်အပ်နိုင်တယ်၊ အဖတ်တင်တယ်၊ စုမိတယ်။

ဒါကို ဖိုးတာကလည်း ကျေနပ်တယ်။ အကြီးကောင်က လိမ္မာတယ်ဆိုပြီး ဂုဏ်တောင်ယူလို့။

ဟော - အငယ်ဆုံးကောင်က တစ်မျိုး။

ဖိုးတာ ကုန်းပိုးပြီး ကျောင်းပို့ပေးရတဲ့အရွယ်ထဲက တူတူနေလာခဲ့ရလို့လားမသိဘူး။ ခေါ်တာတောင် ဖေကြီးတဲ့။ ချစ်လည်းချစ်တယ် ဖိုးတာကို။

သူကတော့ အိမ်ထောင်ရက်သားတွေဘာတွေ သိပ်စိတ်မဝင်စားဘူး။ နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တာ။ ပညာကျတော့လည်း သူ့အစ်ကိုနဲ့ အစ်မလို ဘွဲ့မရခဲ့ဘူး။

ဖိုးတာကလည်း အားပေးတယ်။ သူ့သားငယ်အတွက်ဆို ဘယ်လောက်ကုန်ကုန်၊ သင်တန်းတွေလည်းပေးတက်တယ်။ ပြီးတော့ သွားဖို့လာဖို့ ငွေတွေထုတ်ပေးတယ်။ ဒါနဲ့ အငယ်ဆုံးကလေး နိုင်ငံခြားရောက်သွားရော။

ဟိုရောက်လို့ (၂) လအကြာမှာ စာရောက်လာပါတယ်။ ရေးတာကတော့ ဖိုးတာဆီပဲ။

*'ဖေကြီး၊ သား ဟိုမှာ သားချစ်သူနဲ့ ပြန်ဆုံတယ်။ သားချစ်သူက ဖေကြီးနဲ့မေကြီးမြင်ရင်လည်း ချစ်ကြမှာ၊ လိမ္မာရေးခြားရှိတယ်။ သားမိဘဟာ သူ့မိဘပဲလို့ အမြဲပြောတယ်။ သားတို့ အိမ်ထောင်ပြုရင် ဖေကြီးနဲ့ မေကြီးကို ဒုက္ခမပေးချင်တာနဲ့ ခုထဲက စုကြပါပြီ။ အလုပ်လည်း အဆင်ပြေပါတယ်။ ဒီလိုဖြစ်လာအောင် ပို့ပေးတဲ့ ဖေကြီးကျေးဇူးကို သားမမေ့ပါဘူး'*

"ခလေးမ"

"ဟင်"

"နင့် သားငယ် ဟိုမှာအိမ်ထောင်ပြုဖို့ ငွေစုနေပြီဆိုပါလား"

"အေးလေ - အဲဒါဘာဖြစ်လဲ။ ကိုယ်တွေကို အပူမကပ်တာတောင် ကလေးလိမ္မာတယ် ပြောရမယ်"

"အေးပါ"

လတွေကြာပြီး -

နှစ်ထဲတောင် စရောက်လုလုမှာတော့ -

ဆက်ဆံပုံတွေ ပြောင်းလာကြပါပြီ။

ဘေးတစ်စိမ်းတွေလည်းဖက်လာပြီမို့လား။ ဒီကလေးတွေက တော်တယ်ပဲထားဦး။ အဲဒီကလေးတွေရဲ့ အသိုင်းအဝိုင်းဆိုတာရှိနေတယ်လေ။ သိတဲ့အတိုင်းပဲ၊ စကားဆိုတာက လျှာအရိုးရှိကြတာမဟုတ်ဘူး။

ကလေးတွေက ခပ်မာမာခပ်တင်းတင်းတွေဆိုတော့ အေးအေးလူလူနေတတ်တဲ့ ဖိုးတာ မပျော်တော့ဘူး။

သူတွေးထားတာက သူ့တာဝန်ကျေတယ်။ ဒါကြောင့် သူထွက်သွားခဲ့ရင်တောင် ဘယ်သူမှအပြစ်ပြောမှာမဟုတ်တော့ဘူးဆိုပြီး -

ကြာတော့လည်း လူပဲလေ။

ကိုယ့်ကိုအသိအမှတ်မပြုချင်တော့ဘူးဆိုမှတော့ အဲဒီလိုနေရာမျိုးမှာ ဘယ်စိတ်ချမ်းသာပါတော့မလဲ။

ကလေးတွေကလည်း သီးသန့်အိမ်ခွဲနေချင်သလိုဖြစ်လာပြီ။

အေးအေးလူလူ စားသောက်နေကြရပေမယ့် ဘာကိုအလိုမကျကြတယ်လို့တော့ မသိတော့ဘူး။

သူတို့ဟာ သူတို့ခွဲနေပြီး သူ
အမေကိုပါ သူတို့နဲ့အတူ လိုက်နေ
ခေါ်ကြပြီမို့။

ဖခင်ရဲ့အရိပ်မှဲ့သွားကြတဲ့က
လေးတွေကို ဖခင်လိုမေတ္တာမျိုးနဲ့ အေ
တဲ့အရိပ်ကြီးပေးနိုင်ခဲ့တဲ့ ဖိုးတာ။

သူ့ဖွေးမဟုတ်ပေမယ့်၊ မိသား
ပြည့်စုံအောင်ထားနိုင်စွမ်းခဲ့တဲ့ ဖိုးတ

တွေးပြီ။

စဉ်းစားပြီ။

နဖူးပေါ် လက်တင် အပြန်ပြန်
လှန်လှန်စဉ်းစားပြီ။

မခလေးမကလည်း သူ့သားသ
တွေကနေ မြေးတွေဖြစ်လာတော့
ဆိုတော့ မြေးအနှစ်ဆိုတဲ့အတိုင်း
ကလေးတွေကို သူပစ်ထားလို့ မရ
ဘူး လိုက်နေရတော့မယ်။ သူလည်း
စားပြီ။ ဘာလို့လဲဆိုတော့ ကလေ
က အိမ်ထောင်ကွဲတွေဖြစ်ကုန်
သီးခြားနေချင်ကြပြီလေ။

"ကျွန်မ သားအိမ်တစ်လှည့်၊ သ
အိမ်တစ်လှည့် လိုက်နေပေးရလိမ့်
ကိုဖိုးတာ။ ဒီမှာနေလို့မဖြစ်တော့ဘူး"

"ဟာ - ငါဘာများဝတ္တရား
ကွက်. . ."

"ရှင်တာဝန်ကျေပါတယ်၊ မှ
တယ်။ လူဆိုတာ ဒီလိုပဲပေါ့ ကိုဖိုး
ရယ်။ ပျော်ရာမှာမနေရ၊ တော်ရာ
နေရဆိုသလိုပေါ့။ ရင်က လွယ်
ထားရတဲ့ သားသမီးတွေဆိုတော့
ကျွန်မက မအေလေ"

"ငါသဘောပေါက်ပြီ ခလေး
ရပါတယ် မင်းသဘောပါ။ ဒါပေ
မင်း ဒီကိုပြန်ပြန်လာလည်း ရတာ
မင်းက ငါ့ရဲ့. . ."

"အို - ခရီးတွေကဝေးကြတ
တစ်မြို့ထဲဆိုရင်တော့ ဘာအကြော
လဲ။ ကျွန်မသူတို့နဲ့ပဲလိုက်နေတော့
အစထဲက ကျွန်မပြောသားပဲ၊ တစ်
ကျ မပျော်လင့်ဘဲ လမ်းခွဲချင်ခွဲသွား
ရမှာလို့။ ကျွန်မက သားသမီးတွေ
တယ်လေ။ ဒီတိုင်းပစ်ထားလို့မရဘူး"

"အေးလေ၊ သူတို့မှ ဒီမှာမနေ
တာဘဲ။ ငါလည်း ဘာမှပြော
မဟုတ်တာ"

"ဟုတ်ပါတယ်၊ ရှင်ဘာမှမပြော
ဘူး။ သူတို့လည်း လူငယ်တွေပဲ
သူတို့ဟာသူတို့ နေချင်ကြမှာပေါ့"

ဖိုးတာ ချက်လိုက်တဲ့
တွေဆို အရှည်ကြီး -

တွေးလိုက်တာလည်း မိ



www.burmeseclassic.com

သုံး -
အိပ်မပျော်တဲ့ရက်များဆို မပြော

ိုးတာ ပြင်ဆင်ပြီ။
ပြောရမယ်ဆိုရင် ဖိုးတာဟာ ခုမှ
ဝစတာများလား။
အစ်ကိုကြီး"
"ဟေ"
"အိမ်စောင့်ပေးနော်"
"မင်းက"
"ကျွန်တော် ဘုရားဖူးခရီးတွေပဲ
ချင်နေတယ်"
ဖိုးတာရဲ့အစ်ကိုကြီးက ဒီဂရီထူ
မျက်မှန်ကြီးထဲကနေ ဖိုးတာကို
ကြည့်နေတယ်။ သိပ်နားမလည်
တဲ့။
"ဟုတ်တယ်၊ ကျွန်တော်ခရီးတွေ
တ်ချင်နေတယ်။ လေလေပေပေ
မဟုတ်ပါဘူး။ ဘုရားတွေဖူး၊
ဌာန်တွေဝင် အဲသလိုနေချင်တာ။
ထဲကဆိုင်ကိုတော့ အစ်ကိုကြီးသမီး
မပဲ ဆက်ရောင်းခိုင်းလိုက်မေ
လည်ပတ်လို့ရနေအောင် ကျွန်
စီစဉ်ပေးခဲ့မယ်။
ကျွန်တော်လာရင် ကျွန်တော်
လိုသလောက် နည်းနည်းပါးပါး
ဲယူမှာပါ။ ကျန်တာ အစ်ကိုကြီးပဲ
တ်ထိန်းသိမ်းပေတော့။ ကျွန်တော်
ပြန်ပြန်တော့လာမှာပါ။ သွားလိုက်၊
လိုက်ပေါ့"
"မင်းဟာကကွာ"

❑

ကန်ဘောင်ပေါ်မှာ ထိုင်နေတာ
တော့ -
လေလေးက တဖြူးဖြူး -
ပျဉ်းမပင်အရိပ်လေးကလည်းရှိ
-
ကိုဖိုးတာစကားတွေကို နား
င်နေရင်း ကန်ရေပြင်ကို ငေးကြည့်
ပါတယ်။ စိတ်ထဲမှာ နင့်တင့်တင့်နဲ့
ကြီး။
သူ့ဘက်က အသံတိတ်သွားလို့
ကြည့်လိုက်တော့- သူလည်း ကန်
င်ကို ငေးကြည့်လို့။ ဒါပေမယ့် ခပ်
ပဲ၊ မျက်နှာကကြည်နေတာပဲ။ မှိုင်
တွေတာတွေမတွေ့ရဘူး သွက်လက်

သူ့ကိုယ်သူ ယုံနေမှာပေါ့။
သူ့မေတ္တာကို သူယုံလို့နေမှာပေါ့။
သူ့စေတနာကို သူယုံလို့နေမှာ
ပေါ့။
မှန်ပါတယ်။
ယုံသင့်တယ်၊ သူ့ကိုယ်သူယုံသင့်
တယ်။
သူဟာ -
တော်ရုံလူမထားနိုင်တဲ့ မေတ္တာ
မျိုး သူထားနိုင်စွမ်းခဲ့တယ်။
လောကမှာ လူတော်တော်များ
များ မနှစ်မြို့တဲ့စိတ်နဲ့ ပြောလေ့ရှိကြတဲ့
ပထွေး၊ မိထွေးဆိုတဲ့ - ပညတ်တွေကို
သူဟာ ကျေးဇူးအဖြစ်ချေဖျက်ပြီး ဖြူ
စင်လှတဲ့ မေတ္တာစွမ်းအားတွေပေးနိုင်ခဲ့
တယ်။
သူ့ရဲ့စေတနာတွေ၊ သူ့ရဲ့မေတ္တာ
တွေဟာ သူ့ကိုနုပျိုနေစေတဲ့ ဆေးစွမ်း
ကောင်းတွေများလား မသိပါဘူး။
သူ မတောင့်မတ မကြောင့်မကြရ
ဘဲ ခုလို စိတ်သွားတိုင်းကိုယ်ပါ ဘုရား
ဖူးတွေသွားလိုက်၊ ဘုရားဖူးလိုက်၊ အဓိ
ဋ္ဌာန်တွေဝင်လိုက်နေလို့ရအောင် သူ့ရဲ့
မေတ္တာတွေ၊ သူ့ရဲ့စေတနာတွေကများ
ပံ့ပိုးပေးနေရော့သလား။
သူ့ကို လှည့်ကြည့်နေရင်းနဲ့ -
ဪ - လောကမှာ မွေးသမိခင်၊
မွေးသဖခင်ကျေးဇူးရှင်တွေလောက်နီးနီး
မေတ္တာထားနိုင်ကြတဲ့၊ မေတ္တာစွမ်းအား
ကြီးမားတဲ့ ပထွေးအခေါ် ခံရသူတွေ၊
မိထွေးအခေါ် ခံရသူတွေရှိနေကြပါလား
လို့ တွေးနေမိပါရဲ့။
တကယ့်ကို စိတ်လှသူတွေပါ။
"ဘာတွေကြည့်ပြီးပြုံးနေတာတုံး"
"ဪ- ကိုကြီးဖိုးတာ အရမ်းနု
နေတာပဲလို့"
"ဘုရားရှင်ရဲ့ဂုဏ်တော်၊ ကျေးဇူး
တော်တွေကြောင့်ပေါ့ကွာ"
"ဟုတ်ကဲ့၊ မှန်ပါတယ် ကိုကြီးတာ"
"အေး. . . ကိုင်း- နည်းနည်းကြာ
သွားပြီ။ ငါလည်း မြို့ထဲဘက်သွားလိုက်
ဦးမယ်"
"ဟုတ်ကဲ့"
နှစ်ယောက်သား ပျဉ်းမပင်အောက်
ကနေ လမ်းလျှောက်လာလိုက်ပါတယ်။
သူ့လက်က ပခုံးကိုလာဖက်လို့။
"အေးအေး- မိဘကများ မတော်
ဘူးထင်လို့ပြောရင် ဘယ်တော့မှ ဖီလာ
ဆန့်ကျင်မလုပ်လေနဲ့ ကြားလား"
"ဟုတ်ကဲ့၊ ကိုကြီးတာ"
"မေတ္တာ ဆိုတာ ရောင်ပြန်ဟပ်
တယ်၊ စေတနာဆိုတာအကျိုးပေးတယ်။
စိတ်စေတနာ ဖြူဖြူစင်စင်သာထား၊
မေတ္တာထား၊ တစ်နေ့ကိုယ့်ကိုပြန်အကျိုး
ပေးတာပဲ။ တစ်နေရာက အကျိုးမပေး
ရင် တစ်နေရာကတော့ အကျိုးပေးတာ
ပဲ ကြားလား"
"ဟုတ်ကဲ့၊ ကိုကြီးတာ"
နှစ်ယောက်သား လမ်းလျှောက်
သွားရင်း ကန်ဘောင်ထောင့်နားရောက်
တော့ အစာကောက်နေကြတဲ့ ကြက်
သားအုပ်မမိသားစုကို သတိထားမိလိုက်
လို့ သမင်လည်ပြန်လှည့်ကြည့်လိုက်မိပါ
တယ်။ကိုကြီးတာကပါ လိုက်လှည့်ကြည့်
နေပါတယ်။ သူလှည့်ကြည့်တာကတော့
သူများလှည့်ကြည့်လို့ လိုက်လှည့်ကြည့်
တဲ့သဘောပါ။
ကြည့်ရတာ အစာကောက်ကြရင်း
တဖြည်းဖြည်းနဲ့ ကန်စပ်နားဆီသွားကြ
မယ်နဲ့ တူပါရဲ့။
ကြက်သားအုပ်မကြီး ခြေနဲ့ယက်
ပြီး အသံပေးရင်းအစာရှာပေးနေတာကို
အလုအယက်စားနေကြတာကတော့ ဘဲ
ပေါက်လေးတွေပါပဲ။ ဒါကြောင့်လည်း
သတိထားပြီး လှည့်ကြည့်မိတာပါ။ ဘဲ
ပေါက်လေးတွေက အဝါနုရောင်လေး
တွေ။
ဘဲဥလေးတွေကို သူဝပ်ပြီး ပေါက်
ခဲ့လို့လား မသိပါဘူး။ အစာလေးတွေ
ရှာကျွေးလို့။
အင်း . . .
ဘဲပေါက်လေးတွေကို သူ့ကလေး
တွေအနေနဲ့ အစာရှာကျွေးနေပြီ။ တော်
ကြာ ကန်နားရောက်တော့မှာ။ ရောက်
ရင် ဘဲလေးတွေက သူတို့သဘာဝ သူတို့
ခလေ့အတိုင်း ရေမှာပျော်ဖို့ ရေထဲဆင်း
ကူးကြတော့မှာ။
ဘဲကလေးတွေက သူ့သဘာဝ
အတိုင်း ရေမှာပျော်လို့ ရေကူးနေကြတာ
ကို တွေ့ရင် 'ဟဲ့ - သားတို့၊ သမီးတို့
ဘာလို့ရေထဲဆင်းတာလဲ။ တော်ကြာ
ရေနစ်နေဦးမယ်၊ ပြန်လာခဲ့' ဆိုတဲ့
အဓိပ္ပာယ်နဲ့ သူအော်မယ်၊ ခေါ်မယ်။
ပြောမရဘဲ ဘဲလေးတွေက ရေ
မှာကူးနေရင် ကန်ဘောင်ဘေးမှာ
ဆောက်တည်ရာမရ ယိုပြေးဒီပြေးနဲ့
စိတ်တွေပူပြီး 'လုပ်ကြပါဦး၊ ကျွန်မ
ကလေးလေးတွေ ရေနစ်နေပါပြီ' ဆိုတဲ့
အဓိပ္ပာယ်နဲ့ အော်နေဦးမယ်။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းအောင်

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ သုရဿ အထူးထုတ်၏ စာမျက်နှာ (၂၅၅) တွင် လျှမ်းထက်၏ 'ပုဏ္ဏကတဲ့ဟော့' ဆောင်းပါးကို ဖတ်ရှုရသဖြင့် စာရေးသူ၏ ပုဏ္ဏကအတွေ့အကြုံနှင့် လေ့လာတွေ့ရှိချက်များကို တင်ပြလိုက်ပါသည်။

ပုဏ္ဏကတိုက်ခြင်းတွေ့ဖူးပါသော်လည်း ဆင်ကောင်ကြီး တွေ့နေပါလျက်နှင့် ဆင်ခြေရာ ရှာစရာမလိုပါ ဆိုစကားရှိသော်လည်း ယင်းပုဏ္ဏကဘယ်လိုဖြစ်လာသည်၊ ဘယ်သူပြုလုပ်သည်၊ ဘယ်ကဲ့သို့ပြုလုပ်သည်ကိုမူ မသိရှိကြပါ။ ထို့ကြောင့်လည်း ပုဏ္ဏက၏ခြေရာကိုခံလိုပါသည်။ ရှာလိုနေပါသည်။

လျှမ်းထက် ရေးသား တင်ပြသကဲ့သို့ပင် အငြိမ်းစားရဲမင်းကြီး၏အိမ်တွင် ပုဏ္ဏကတိုက်ပုံမျိုး စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ဖူးပါသည်။ အပြည့်အစုံဖော်ပြရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပုဏ္ဏကဆေးရုပ်ကလေး**

ပုဏ္ဏကဆေးရုပ်ကလေးမှာ ဆေးနှင့် ထုဆစ်ထားသောအရုပ်။ နတ်ရုပ်လိုလို၊ ဘီလူးရုပ်လိုလို တင်းပုတ်ထမ်း၍ ဆောင့်ကြောင့်ထိုင်နေသော လက်လေးလုံးခန့် အရုပ်ကလေးပါ။ ထိုအရုပ်၏ မူလပိုင်ရှင်မှာ စာရေးသူ၏ အိမ်နားနီးချင်း ပယောဂ ဗိန္ဓောဆရာကြီး ဦးပန်းအေး၏ အရုပ်ပါ။ ဦးပန်းအေးအနိစ္စရောက်ခါနီးတွင် စာရေးသူ၏ အိမ်နှင့်ကပ်လျက် အရှေ့ဘက်အိမ်မှ ဦးကျော်သောင်း (စာရေးသူ၏ အစ်ကိုဝမ်းကွဲ) အား ပေးခဲ့ပါသည်။ ဦးပန်းအေးက ဦးကျော်သောင်းအား -

"မင်း ဒါလေးနဲ့လုပ်စားပေတော့"

ဟု ပြောကာ ပေးခဲ့ပါသတဲ့။


ဦးကျော်သောင်းလည်း အရုပ်ကလေးရထားသော်လည်း ဘာမှမလုပ်တတ်ခဲ့ပါ။ သို့သော် တစ်နေ့သောအခါ ထိုအရုပ်ကလေးဖြင့် အိမ်နီးချင်း ဒေါ်ဘွားဖုံ၏နေအိမ်ကို စမ်းကြည့်ပါသည်။ အနောက်မီးဖိုချောင်မှ ရေမှုတ်ကြီး သူ့အလိုလို အရှေ့ခန်းရောက်လာခြင်း၊ ရေအိုးများလှုပ်ယမ်းခြင်း၊ အနောက်အခန်းမှ အဝတ်အထည်များ အရှေ့ခန်းရောက်လာခြင်းတို့ ဖြစ်သည်။ ထိုအခါ အိမ်ရှင် ဒေါ်ဘွားဖုံမိသားစုမှာ အလွန် ထိတ်လန့်ကြ၍ -

"ဟဲ့ - မောင်ကျော်သောင်းရဲ့၊ တော်ပါတော့"

ဟု တောင်းပန်မှ ပုဏ္ဏကတိုက်မှု ရပ်သွားပါသည်။

**နောက်တစ်ကြိမ်စမ်းခြင်း**

ဦးကျော်သောင်းမှာ အိမ်ထောင်ကျ၍ ရွာလယ်လမ်းမကြီးတောင်ဘက်



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဆို့ ပြောင်းရွှေ့သွားပါပြီ။ ထိုပုဏ္ဏားက အရုပ်လည်းရှိနေသေးသည်။ ဦးကျော် သောင်းကိုယ်တိုင် ပြောပြချက်က ထို အရုပ်ကလေးကို ဆန်ကောတစ်ချပ်အ ထယ်တွင်ထား၏။ အရုပ်ပတ်လည်တွင် ထမင်း (၇) ဆုပ်၊ အမဲသားတစ် (၇)တစ် ခုထားပေးကာ 'ဟိုအနောက်ဘက်အိမ် ကို ခဲနှင့်ပေါက်' ဟူ၍ အမိန့်ပေး၏တဲ့။ အချိန်က နေဝင်မိုးချုပ်ပါ။ ထိုအရုပ်ဆန် ကောကိုလည်း အိမ်နှင့်လွတ်ရာ ကြမ်း ပြင်တွင် ထားပါသတဲ့။ ဒါနဲ့ မိုးလည်းချုပ် ရော သူ့အိမ်နှင့် တစ်လမ်းကျော်ရှိ ဦးကျော်သိန်း၏ အိမ်သွပ်မိုးပေါ် သို့ ခဲ များကျခဲ့ပါသည်။ အုတ်ခဲကျိုးများပါ။ ဦးကျော်သိန်းနှင့် အိမ်နီးချင်းများက ခဲ ပေါက်သူကို ရှာ၏။ မတွေ့ပါ။ ထိုအခါ ကျမှ ဦးကျော်သောင်းလည်း အရုပ်ဆန် ကောကိုယူကာ မြေပေါ် သို့ စွန့်ပစ်လိုက် သည်။ ခဲပေါက်မှုလည်း ရပ်သွားပါပြီ။ အရုပ်ကိုမူ သူ့အိမ်ရက်မပေါ်တွင် ကပ် ထား၊ သိမ်းထားပါသည်။

ထိုဖြစ်စဉ်များမှာ (၁၅) နှစ်ခန့် ကြာ မြင့်ခဲ့ပါပြီ။ ဒေါ်ဘွားဖုံ၊ ဦးကျော် သိန်း၊ ဦးကျော်သောင်းတို့မှာ ယခု မရှိ တော့ပါ။ ထိုပုဏ္ဏားကအရုပ်လေး၏အစွမ်း ကိုတော့ သိရှိခဲ့သော်လည်း ဦးကျော် သောင်း တခြားဘာမှမလုပ်ခဲ့ပါ။





www.burmeseclassic.com

www.burmeseclassic.com

# သွားနာပျောက်ဆေး

တစ်နေ့သ၌ စာရေးသူသည် နံနက်အရုဏ်ဆွမ်းစားပြီး အိပ်ရာထဲမှာ လဲလျောင်းနေပါသည်။ ထိုအချိန်တွင် ရွာထဲမှ ဒကာတစ်ယောက် ကျောင်းသို့ ရောက်ရှိလာပြီး-

"အရှင်ဘုရား၊ နံနက်ခင်းကြီး အိပ်ရာထဲ လဲလျောင်းနေတာ နေမကောင်းလို့လား ဘုရား"

ဟု မေးလျှောက်ပါသည်။

"နေမကောင်းလို့မဟုတ်ဘူး ဒကာကြီး။ သွားတွေနာ၊ သွားဖုံးတွေနာပြီး ဆွမ်းစားရတာလည်း အဆင်မပြေဖြစ်နေတယ်။ ပြီးတော့ ရေအေးသောက်တဲ့အခါ၊ ရေနွေးသောက်တဲ့အခါလည်း သွားတွေကျဉ်ပြီး နေမထိထိုင်မသာဖြစ်နေတယ်"

"ဩော်- အရှင်ဘုရား၊ ဒါလေးများ တပည့်တော်ပြောတဲ့ဆေးသာလုပ်ပြီး အသုံးပြုကြည့်လိုက်ပါ။ သက်သာပျောက်ကင်းသွားလိမ့်မယ်ဆိုတာ တပည့်တော် အာမခံပါတယ်။ တပည့်တော်ရဲ့ဆေးက နဲ့နေတဲ့သွားတွေတောင် ပြန်ခိုင်လာပါတယ်"

"တယ်ဆိုတဲ့စာပါလား။ ဒါဆို ဒကာကြီးရဲ့ဆေးနည်းလေး ချီးမြှင့်ပေးပါဦး"

ဟု ပြောလိုက်သောအခါ-

"တပည့်တော်ရဲ့ဆေးက အလွယ်လေးပါ အရှင်ဘုရားရဲ့။ ကျောင်းဝိုင်းထဲမှာ အစုံရှိနေပါတယ်။

၁။ မာလကာရွက် လက်တစ်ဆုပ်စာ၊
၂။ ပုဏ္ဏရိက်ရွက် လက်တစ်ဆုပ်စာ၊
၃။ တမာခေါက် လက်တစ်ဆုပ်စာ အရွယ်။

ဒီ (၃) မျိုးစုပြီး အိုးထဲထည့်၊ မီးဖိုပေါ်တင်၊ သုံးခွက်တစ်ခွက်တင်ကျိုပါ။ ပြီးလျှင် အအေးခံထားလိုက်ပါ။ ခပ်နွေးနွေးလေးဖြစ်နေတဲ့အချိန် ငုံပေးရမှာ ဖြစ်ပါတယ်။ မကြာမကြာ ငုံပေးရပါတယ်။ နံနက်ပိုင်းက စလုပ်ရင် ညနေပိုင်းမှာ သိသိသာသာ သက်သာလာပါတယ်။ ဆက်လုပ်ပေးလိုက်ရင် နဲ့နေတဲ့သွားတွေတောင် ပြန်ခိုင်လာတယ်"

သူပြောတဲ့အတိုင်းလုပ်ကြည့်တော့ အမှန်ဆိုတာ စာရေးသူ လက်တွေ့ပါပဲ။ ဒါကြောင့် သွားရောဂါဝေဒနာရှင်များ ဒုက္ခတာရှည်ခံစားမနေရအောင် ရည်ရွယ်ပြီး သုခုမမဂ္ဂဇင်းမှတစ်ဆင့် အသိပေး၍ ရေးသားတင်ပြလိုက်ရပါသည်။

ရောဂါဘယ ကင်းစင်ပြ၍
အေးမြသာယာရှိကြပါစေ
ထီလာမောင်(ကျွဲရဲ)

## အရုပ်ပိုင်ရှင်ပြောင်းပြီ

တစ်နေ့တွင် ဦးကျော်သောင်း၏ သားအကြီးဆုံးမောင်စိုးဝင်းမှာ အတော်မကျန်းမမာဖြစ်နေပါသည်။ ဦးကျော်သောင်း ဆရာများပင့်ကာ ကုသသော်လည်း မသက်သာပါ။ နောက်ဆုံး ချောင်းနက်အနောက်စုမှ ဆရာကြီးကိုပင့်၍ ကုသပါသည်။ ထိုဆရာကြီးက ပယောဂဝိဇ္ဇာဆေးဆရာကြီးပါ။ ဆရာကြီးကိုပင့်ကာ ဆရာကြီးလိုက်လာတော့ ဦးကျော်သောင်းအိမ်ဝိုင်းထဲသို့ မဝင်နိုင်ပါ။ သုံးကြိမ်မျှ ဝင်မရတော့ ဆရာကြီးက -

"ဟဲ့- မောင်ကျော်သောင်း၊ မင်းအိမ်မှာ အစောင့်အရှောက်ရှိနေတယ်။ အဲဒါလေးသွားထားလိုက်ပါ"

ဆိုသောအခါ ဦးကျော်သောင်းမှ ထိုအရုပ်ကလေးကို တောင်ဘက်အိမ်ရွှေ့ထားလိုက်မှ ဆရာကြီး အိမ်ထဲဝင်ရပါသည်။

ထိုဆရာကြီးက မောင်စိုးဝင်းအား ဆေးကုပေးရာ မောင်စိုးဝင်းလည်း နေကောင်းသွားပါသည်။ ထိုအခါမှ ဆရာကြီးက-

"ဟဲ့- မောင်ကျော်သောင်း၊ မင်းအဲဒီအရုပ်ကို အသုံးမပြုဘူးဆိုရင် ငါ့ကိုပေးလိုက်ပါ"

တောင်းသဖြင့် ဆရာကြီးအား ပေးလိုက်ပါသည်။ ထိုဆရာကြီးလည်း အနိစ္စရောက်ပါပြီ။ ထိုအရုပ်ကလေးကတော့ ဆရာကြီးသား၏လက်တွင် ယခုအထိ ရှိပါသေးသည်။

## ပုဏ္ဏကဆေးတွေ့ရှိ

စာရေးသူတို့ရွာတွင် ဆေးဘုန်းကြီးအမည်ရ ဦးဝါသဝ ဆိုတာ ရှိခဲ့ပါ၏။ ထိုဆရာတော်ကြီး၏တပည့် ဆရာစောနှင့် ဦးတင်ရှိန် ဆိုသူတို့လည်း ရှိပါသည်။ ထိုဆရာကြီးများလည်း ပယောဂ၊ ဝိဇ္ဇာဆေးများကိုင်ခဲ့ပါသည်။ ပယောဂအရာတွင် ဆရာဦးဖိုးစော ခေါ် ဆရာစောက နာမည်ကြီးပါ။ ဦးဖိုးစောက စာရေးသူ၏ အဘိုးပါ။ ဦးတင်ရှိန်ကတော့ စာရေးသူ၏မိဘ (ယောက္ခမ) ဖြစ်ပါသည်။ ထိုသူတို့ထံမှလည်း ဆေးဝါးဗဟုသုတ အတော်ရခဲ့ပါသည်။ ဆရာတော်ကြီး ဦးဝါသဝက ပုဏ္ဏကဆေး၊ နတ်အမြောက်ဆေး၊ ကဝေဦးနှိမ်ဆေး၊ အပင်းကျဆေး နာမည်ကြီးပါသည်။ ရှမ်းဆေးဆရာကြီးများနှင့်ပင် ပြိုင်ဆိုင်ခဲ့ဖူးပါသည်။ ဆရာတော်ကြီးက ရှမ်းဆရာရှေ့တွင် ဓား၊ လှံများချထားကာ ပုဏ္ဏကဆေးဖြင့် ဓား၊ လှံများ သူ့အလိုလို လှုပ်ရှားအောင်ပြု၍ပြခဲ့သည်ဟုဆိုပါသည်။

စာရေးသူလည်း ဦးတင်ရှိန် အမွေပေးခဲ့သော ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးမှတ်စုများကို ဖတ်ရှုခဲ့ရာ ဆေးမှတ်စုတစ်နေရာတွင် ပုဏ္ဏကဆေးအကြောင်း တွေ့ရှိပါသည်။ မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။

### ပုဏ္ဏကဆေး

ယမ်းစိမ်း၊ ကန့်၊ အင်တွဲ၊ မဖောက်ထုံး ငှင်းဆေး အမျှစီယူ၍ ကြိတ်ပြီး ကြွက်ဥထဲထည့်။ မြေကြီးထဲမြှုပ်ထား။ (၇) ရက်လည်လျှင် ငှင်းကြွက်ဥပါ ရော၍ကြိတ်။ အောင်၊ မအောင် သိလိုလျှင် အမှိုက်မှာထည့်ကြည့်။ မီးတောက်လိမ့်မည်။

### နောက်တစ်နည်း

ဆင်ချေးမှို (၂) ကျပ်သား၊ ပေဟူး (၁) ကျပ်သား၊ ကြောင်လျှာသီးခြောက် (၁) ကျပ်သား။ ငှင်းဆေးသုံးပါးကို ရောကြိတ် အမှုန့်ပြုထား။ ရေနှင့်ထိလျှင် လောက်ဖြစ်သည်ဟု တွေ့ရပါသည်။

သို့သော် စာရေးသူ ဆေးမဖော်ဘူးပါ။ စမ်းကြည့်ရန် ရည်ရွယ်ထားပါသည်။ အထက်ပါ ပုဏ္ဏကဆေးရုပ်နှင့် တူ၊ မတူတော့ မသိပါ။

အထက်ပါဆေးကဲ့သို့ မီးထတောက်သော အတွေ့အကြုံကို တစ်ခါက နေပြည်တော် ပျဉ်းမနားမြို့အနီး ရွာတစ်ရွာတွင်ဖြစ်ခဲ့ဖူးကြောင်း နောင်အလျဉ်းသင့်မှ အပြည့်အစုံ ဖော်ပြပါမည်။

အထက်ပါအတိုင်း ပုဏ္ဏကတိုက်ခြင်းနှင့် ပတ်သက်၍ စာရေးသူ၏ အတွေ့အကြုံကို ဆရာလျှမ်းထက်အား ယောက်ခံရင်း စာရှုသူများ၏ ပုဏ္ဏကအတွေ့အကြုံများကိုလည်း ဖော်ပြပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အားလုံး ကျန်းမာ
ချမ်းသာကြပါစေ
ကောင်းထက်(ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com

# ဝိပဿနာဘာဝနာ ပွားရအောင်

ဉာဏ်မြင့်



(၃)

သတိပဋ္ဌာန်ဘာဝနာအလုပ်ခွင်ဝင်နေသည့် ယောဂီတို့အနေဖြင့် မိမိတို့သန္တာန်၌ -

၁။ အာနာပါနရှုမှု,ရှိုက်မှုက ရူပက္ခန္ဓာ၊
၂။ ရှူ၍ရှိုက်၍ကောင်း,မကောင်းက ဝေဒနာက္ခန္ဓာ၊
၃။ သတိပဋ္ဌာန်အာရုံကို ကြောင့်ကြစိုက်နှလုံးသွင်းနေသည်က သင်္ခါရက္ခန္ဓာ၊
၄။ မှတ်သိနေမှုက သညာက္ခန္ဓာ၊
၅။ ဝါယောရုပ်နှင့် နှာသီးဖျား ထိ,ထိနေသည်ကို သိ,သိနေသည်က ဝိညာဏက္ခန္ဓာ

ဟူ၍ ခန္ဓာငါးပါးသည် လည်းကောင်း -

၁။ ရှုမှု,ရှိုက်မှုက ဒုက္ခသစ္စာ၊
၂။ ရှူလို,ရှိုက်လိုမှုက သမုဒယသစ္စာ၊
၃။ ရှူခိုက်,ရှူခိုက်၌ လောဘ, ဒေါသ, မောဟကိလေသာများ တဒင်္ဂငြိမ်းနေသည်က နိရောဓသစ္စာ၊
၄။ ရှူရှိုက်ပြီးသိမှတ်နေသည့် ဘာဝနာအကျင့်မြတ်က မဂ္ဂသစ္စာ -

ဟူ၍ သစ္စာလေးပါးသည် လည်းကောင်း။ ထိုခန္ဓာ,သစ္စာ,မဂ္ဂင်တရားများ မိမိတို့သန္တာန်၌ဖြစ်ပေါ်လျက်ရှိနေသည်ကို အသိဉာဏ်ဝင်ရန် ဖြစ်ပါသည်။

သို့ကြောင့် သတိပဋ္ဌာန်ဘာဝနာကို အောက်ပါအတိုင်း ဆက်လက်၍ ရှုမှတ်ရန် ဖြစ်ပါသည်။

'မြင်တာ နာမ်နှင့်ရုပ်
ကြားတာ နာမ်နှင့်ရုပ်
နံတာ နာမ်နှင့်ရုပ်
စားတာ နာမ်နှင့်ရုပ်
ထိတာ နာမ်နှင့်ရုပ်
သိတာ နာမ်နှင့်ရုပ်
ငါ,ဥစ္စာလည်း မဟုတ်'

ဟူ၍ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း ရှုမှတ်ပြီး တဏှာကို ပယ်ခွာနေရန် ဖြစ်ပါသည်။

**ကြောင်းကျိုးဖြစ်စဉ်အတိုင်း ဖြစ်ပျက်နေသည်**

ဤမြင်စိတ်၊ ကြားစိတ် (ဝါ) မြင်ခန္ဓာ၊ ကြားခန္ဓာ အစရှိသည့် ဥပါဒါန်၏ အာရုံဖြစ်သည့် ခန္ဓာငါးပါးကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အသက်လိပ်ပြာလည်းမဟုတ်ဟု ရှုမှတ်နေခိုက်၌ ဒိဋ္ဌိ၊ တဏှာ၊ မာနတို့ တဒင်္ဂ ပဟာန်ကွာနေသည်။ နာမ်နှင့်ရုပ်တရားနှစ်ပါးတို့ဖြစ်ပြီး ပျက်နေသည်ကို ရှုဉာဏ်ထဲထင်မြင်လာ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှု မှတ်လျက် ဒိဋ္ဌိ၊ တဏှာ၊ မာနတို့ကို ပယ်နေခြင်းဖြစ်သည်။ အကြောင်းတိုက်ဆိုင်၍ဖြစ်လာသည့် မြင်စိတ်သည် သခ်တတရားဖြစ်ရာ မြဲသည့်သဘော မရှိပေ။ ဖြစ်သည်နှင့် တစ်ပြိုင်နက် ပျက်ပြီးဖြစ်၍နေသည်။ အကြောင်းဖြစ်လျှင် အကျိုးဖြစ်မည်။ မဖြစ်လျှင်ကား မပျက်ပြီ။ အကြောင်းမရှိလျှင် အကျိုးလည်းရှိမည် မဟုတ်။ ဣမသ္မိံ သတိ ဣဒံ ဟောတိ - ဤဟာဖြစ်လျှင် ဤဟာဖြစ်၏။ 'ဣမသ္မိံ အသတိ ဣဒံ နဟောတိ - ဤဟာမဖြစ်လျှင် ဤဟာမဖြစ်။ အကြောင်းအကျိုးဖြစ်နေသည့်သဘောဖြစ်သည်။ ဤသို့ ပဋိစ္စသမုပ္ပာဒ်သဘောကို နားလည်ဖို့ လိုအပ်ပေသည်။

**ရုပ်နှင့်နာမ်သာရှိ၏**

အကြောင်း ဟူသည်ကလည်း ပရမတ္ထသစ္စာအားဖြင့် ရုပ်နှင့် နာမ်သာ ဖြစ်သည်။ အကျိုးတရား ဟူသည်ကလည်း ပရမတ္ထသစ္စာအားဖြင့် ရုပ်နှင့် နာမ်သာ ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်။ ရုပ်နှင့် နာမ်သာဖြစ်သည်။ သို့ကြောင့် ရုပ်၊ နာမ် လောကသည် အကြောင်းနှင့် အကျိုး (ဝါ) ကံနှင့်ကံ၏အကျိုးဝိပါကသာလျှင် ဖြစ်သည်။ ပြုလုပ်ခြင်းကြိယာနှင့် ပြုလုပ်ခြင်း၏အကျိုး ကြိယာဖလတို့ မပြတ်ဖြစ်နေခြင်း ဖြစ်သည်။ ယင်းကိုပင် 'စက်ရဟတ်ပမာ သံသရာ' ဟု ဆိုခြင်း ဖြစ်လေသည်။

*'ကမ္မဿ ကာရကော နတ္ထိ၊*
*ဝိပါကဿစ ဝေဒကော။*
*သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊*
*ဧဝေတံ သမ္မဒဿနံ'*

ဟူ၍ ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုထား၏။

ကံကို ပြုသူမရှိ အကျိုးတရားကို ခံစားသူတို့သာလျှင် တစ်ပြန်စီ၊ တစ်လှည့်စီ လည်ပတ်လျက် မပြတ်ဖြစ်ပျက်နေခြင်း ဖြစ်သည်။ ဤသို့မြင်သည့်အမြင်မျိုးသာလျှင် မဖောက်မပြန် မှန်ကန်သည့် သမ္မာဒိဋ္ဌိအမြင်ဖြစ်ကြောင်း ယင်းကဲ့သို့ မိန့်ဆိုထားပေသည်။

**ရုပ်နာမ်ဖြစ်ပျက်က မြန်လှသည်**

ဤတွင် ရုပ်၊ နာမ်သခ်တက ဖြစ်ပြီး ပျက်နေသည်။ အမြဲမရှိချေ။ လျှပ်စီးလက်သကဲ့သို့ ဝင်းခနဲဖြစ်ပြီး ပျက်သွားသည်။ မြန်လိုက်သည်မှ အလွန်မြန်သည်။ မိမိတို့ခန္ဓာ ရုပ်၊ နာမ်နှစ်ပါးက လျှပ်စစ်လက်သကဲ့သို့ပင် ဖြစ်မှု၊ ပျက်မှုက မြန်ဆန်သည်။ လျှပ်စစ်တစ်ပြက်လက်ဖျစ်တစ်တွက်၊ မျက်တောင်တစ်ခတ်တွင်း၌ ကုဋေတစ်သိန်းမက ဖြစ်ပျက်



www.burmeseclassic.com

www.burmeseclassic.com

နေသည် ဆို၏။ မဟာဒေဝလက်ာသစ် အပိုဒ်(၁၁၀)၌ 'လျှပ်စစ်တစ်ပြက်၊ လက်တစ်တွက်၌၊ ဖြစ်ပျက်အနေ၊ ရုပ်နာမ်သေတို့၊ ကုဋေတစ်သိန်း ဖြစ်ပျက်နေသည်'ဟု မန်လည်ဆရာတော်ကြီး စပ်ဆိုတော်မူသည်။

**အရှုခံမှုနှင့် ရှုဉာဏ်အနုမမှု**

သို့ကြောင့် -

'နာမ်ရုပ်သက်သက်
ဖြစ်ပြီးပျက်
အသက်လိပ်ပြာလည်း မဟုတ်'

(န မေ သော အတ္တာ - ဒိဋ္ဌိပယ်ခွာလျက်) ဆက်လက် ရှုမှတ်ဖို့ ဖြစ်ပါသည်။ ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့အသက်လိပ်ပြာမဟုတ်ဟု ရှုမှတ်ရန် ဖြစ်၏။ ဤသို့ ရှုမှတ်ခြင်းဖြင့် အတ္တဒိဋ္ဌိနှင့် တဏှာ၊ မာန ကွာနေသည်။ မြင်စိတ်၊ ကြားစိတ်ဖြစ်ပေါ်လာ၍ နောက်စိတ်နှင့် ရှုမှတ်လိုက်သည့်အခါ မြင်စိတ်က မရှိတော့ပေ၊ ပျက်သွားပြီ ဖြစ်၏။ အရှုခံမှု ဖြစ်သည့် မြင်စိတ်ကို ရှုဉာဏ်အနုမမှု (သတိပဋ္ဌာန်ရှုဉာဏ်) က ရှုမှတ်လိုက်သည့်အခါ မြင်စိတ်မရှိတော့။ သင်္ခတ မြင်စိတ်က သူ၏နိယာမအတိုင်း ဖြစ်ပြီးပျက်သွားပြီ ဖြစ်၏။ မြင်ခိုက်၌ ဖြစ်ပေါ်လာသည်ကား စိတ်၊ စေတသိက်၊ ရုပ်တို့ ဖြစ်၏ (ဝါ) သင်္ခတတရားတို့ ဖြစ်၏။

ဤစိတ်၊ စေတသိတ်၊ ရုပ်ဟူသော သင်္ခတမြင်စိတ်ကို ရှုဉာဏ်နှင့် ရှုလိုက်လျှင် မြင်စိတ်အရှုခံတရားက ဥပါဒ်၊ ဌီ၊ ဘင်မကင်းသဖြင့် ဖြစ်ပြီးပျက်သွား၏။ ဖြစ်ပြီး ပျက်သွားလျှင် အနိစ္စ မမြဲဟု ရှုမှတ်လိုက်ရန် ဖြစ်သည်။ မမြဲဟု ရှုမှတ်လိုက်မှုက မဂ္ဂသစ္စာ။ မမြဲ၍ဖြစ်ပြီးပျက်နေသည့် မြင်စိတ်၊ မြင်ခန္ဓာက ဒုက္ခသစ္စာ။ ဒုက္ခသစ္စာဟု ရှုမှတ်ပွားများလိုက်၊ သိလိုက်သည်ဖြစ်၍ ထိုအခိုက်၌ ခင်မင်တွယ်တာ တပ်မက်သည့် တဏှာမဖြစ်လာတော့ဘဲပယ်လိုက်သည်က သမုဒယသစ္စာ။ သမုဒယသစ္စာ၊ တဏှာအနုသယကိလေသာကို ပယ်လိုက်၍ နောင်ဖြစ်လာမည့်ခန္ဓာများ ချုပ်ငြိမ်းရုပ်သိမ်းသွားသည်က နိရောဓသစ္စာ။ ဤသို့ သစ္စာဆိုက်အောင် ရှုမှတ်ဖို့၊ အသိဉာဏ်ဝင်ဖို့ ဖြစ်ပါသည်။ သို့ကြောင့် မြင်လျှင်၊ ကြားလျှင် အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်များဖြစ်စေလျက် တဏှာ၊ မာန၊ ဒိဋ္ဌိကိလေသာများ ပယ်ခွာလျက် သစ္စာဆိုက်အောင် ရှုမှတ်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ကိလေသာကြားမခိုအောင်**

သတိပဋ္ဌာန်အလုပ်၊ ဝိပဿနာအလုပ် ဟူသည်ကား 'အတာပီသမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ' ဆိုသည့် သတိပဋ္ဌာန်ဒေသနာတော်လာအတိုင်း သတိ၊ ဝီရိယ၊ ပညာ စေတသိက် (၃) ပါးဖြင့် (ဝါ) ပုဗ္ဗဘာဂမဂ္ဂင် (၅) ပါးဖြင့် (ဝါ) ပုရေစရိယမဂ္ဂင်ဖြင့် အမြဲမပြတ် အရာရာတိုင်း မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း စသည်တို့၌ လည်းကောင်း၊ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့်ခြင်းတို့၌ လည်းကောင်း အသိအမှတ်မလစ်ရအောင် တရစပ် လုံ့လ၊ ဝီရိယ၊ ပညာတို့ဖြင့် ရှုမှတ်နေရခြင်း ဖြစ်သည်။ မြင်လျှင် မြင်တယ်ဟုရှု၊ ကြားလျှင်ကြားတယ်ဟုရှု၊ သွားချင်လျှင် သွားချင်တယ်ဟုရှု၊ ရပ်ချင်လျှင် ရင်ချင်တယ်ဟုရှု။ မိမိသန္တာန်ပေါ်လာသမျှကို မလွတ်တမ်း သတိ၊ ဝီရိယ၊ ပညာတို့ဖြင့် ရှုမှတ်နေသည်ကို သတိပဋ္ဌာန်ဘာဝနာအလုပ်လုပ်သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ဤသို့ ရှုမှတ်ပွားများ နှလုံးသွင်းနိုင်မှ ဒိဋ္ဌိနှင့် တဏှာ၊ မာနတို့ မဝင်မှာ ဖြစ်သည်။ ဒိဋ္ဌိ၊ တဏှာ၊ မာနတို့ မဝင်လျှင် ဥပါဒါန်အစွဲဖြစ်တော့မည်မဟုတ်။ ဥပါဒါန်အစွဲမဖြစ်တော့လျှင် ကမ္မဘဝသင်္ခါရလည်း ဖြစ်တော့မည် မဟုတ်။ ကမ္မဘဝသင်္ခါရမဖြစ်လျှင် ဇာတိမဖြစ်တော့။ ဇာတိမဖြစ်လျှင် ဝဋ္ဋဒုက္ခဝိပါကခန္ဓာကြီးရတော့မည် မဟုတ်။ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋတို့ ချုပ်ငြိမ်းသွားမည် ဖြစ်၏။ ကြောင်းကျိုးဖြစ်စဉ် တရစပ် လည်ပတ်နေသည့် အနုလောမပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကြီး အလည်ရပ်သွားမည် ဖြစ်၏။ ဤသို့ ဝဋ်သုံးပါးချုပ်ငြိမ်းလျက် ပဋိစ္စသမုပ္ပာဒ်ကြီး အလည်ရပ်သွားလျှင် နိရောဓသစ္စာ တည်းဟူသော အဇာတ၊ အကတ၊ အဘူတ၊ အသင်္ခတ တည်းဟူသော နိဗ္ဗာန်ပရမတ် သန္တိအငြိမ်းဓာတ်ကြီးကို အမှန်တကယ်ပင် မျက်မှောက်ပြုကြရမှာ ဖြစ်ပါသည်။

သို့ဖြစ်၍ ဥပါဒါန်၏ အာရုံ ဖြစ်သည့် -

'ခန္ဓာငါးခု၊ ပဉ္စုပါဒါ
နက္ခန္ဓာကို၊ အနိစ္စ
ဒုက္ခ, အနတ္တ၊ မမြဲဆင်းရဲ
အစိုးလည်းမရ။
ရိတ္တတုစ္ဆ၊ အ,သာရ
ချည်းနှီးစက်ဆုပ်၊ အနှစ်မဟုတ်ကြ။
နေတံမမ၊ နေ သောဟမသ္မိ၊
န မေ သော အတ္တာ။
ငါ, ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့
ဘာတစ်ခုမျှ၊ မဟုတ်ကြသည်
ဓမ္မသက်သက်ပါတကားဟု
အပ္ပမာဒတရား၊ လက်ကိုင်ထားပြီး
မအားနွေ့ညာ၊ အားထုတ်ကြလျှင်
သစ္စာမြင်၍
တဏှာ မာန ဒိဋ္ဌိစင်သဖြင့်
မဂ်ဝင်ဖိုလ်ပေါက်
နိဗ္ဗာန်ရောက်လိမ့်။
ဝမ်းမြောက်အံ့ချီး၊ လက်ဖျစ်တီး၍
အပြီးတိုင် အားထုတ်နိုင်ကြပါစေ'

လို့ ဟူ၍ မေတ္တာရပ်ခံ တိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။

**နိဂုံးချုပ်**

ဤမျှဖြင့် ရှင်းလင်းမှုကြားချက်ကို နိဂုံးကမ္ပတ် အဆုံးသတ် ရပ်နားလိုက်ရပါပြီ။ လက်ာ၏အဓိပ္ပာယ်ကို နားလည် သဘောပေါက်ကြပြီးလျှင် သတိပဋ္ဌာန်ဘာဝနာအလုပ် အားထုတ်နိုင်ကြသည်ဖြစ်၍ ယခုလက်ရှိ ဒုက္ခသစ္စာ ဝိပါကဝဋ်ခန္ဓာကြီး (နူရာဝဲစွဲ လဲရာသူနှိုးထောင်း) ဖြစ်နေသည့် ခန္ဓာကြီးကို တရစပ် ရှို့မြိုက်နေသည့် တစ်ဆယ့်တစ်သီးမီးတို့၏ ကင်းရာကုန်ရာ ချုပ်ငြိမ်းရာဖြစ်သည့် ဖြစ်ပျက်မှုမရှိသော အသင်္ခတဓာတ်၊ နိဗ္ဗာန်ပရမတ် သန္တိအငြိမ်းဓာတ်ကို မျက်မှောက်ပြုနိုင်ပါစေဟူ၍ ကောင်းမြတ်သော မနသိကာရဖြင့် အာသီသမှုပြုလိုက်ရပါသတည်း။

ဉာဏ်မြင့်

**မှီငြိမ်ရာ**

၁။ *မဟာသတိပဋ္ဌာန်ပါဠိနိဿယ*
မဟာစည်ဆရာတော်ကြီး
၂။ *ဓမ္မစကြာတရားတော်ကြီး*
မဟာစည်ဆရာတော်ကြီး
၃။ *အနတ္တလက္ခဏာသုတ်တရားတော်ကြီး*
မဟာစည်ဆရာတော်ကြီး
၄။ *ဘာသာအလင်းပြကျမ်း (တတိယတွဲ)*
ခန္တီးဆရာတော်ကြီး
၅။ *စတုသစ္စဒင်္ကကမ္မကထာကျမ်း*
ဘဒ္ဒန္တရေဝတဆရာတော်ကြီး
၆။ *အဘိဓမ္မတ္ထသင်္ဂြိုဟ်*
၇။ *ပရမတ္ထစက္ကု*
ဒီပဲယင်းဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# အရိုး၊ အဆစ်၊ အကြောရောဂါ ပျောက်ကင်းစေမည့်

## ဆေးဖက်ဝင်အပင်နှင့်ဆေးအသုံး

လူသားတို့၏ ကိုယ်ခန္ဓာသည် စက်ယန္တရား မောင်းနှင်ရသော အင်ဂျင်စက်ကြီးတစ်လုံးနှင့်တူလှ၏။ ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းအသီးသီးသည် ဆိုင်ရာလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ဆောင်ရွက်ပေးသည်။ နေ့စဉ်နှင့်အမျှ လှုပ်ရှားလည်ပတ်နေရ၏။ ထို့ကြောင့် တစ်ခါတစ်ရံ အကြောင်းတစ်စုံတစ်ရာကြောင့် ချို့ယွင်းနာကျင်မှုတစ်မျိုးမျိုး ခံစားရတတ်၏။

**၁။ ကရဝေးပင်**

ကရဝေးရွက်(၁)ကျပ်သားခန့်ကို ထောင်း၍ အဆစ်ရောင်ရောဂါဖြင့် ရောင်သောအဆစ်တို့တွင် အုံစည်းပေးပါက အဆစ်အရောင်ကျပြီး သက်သာပျောက်ကင်းပါသည်။

**၂။ ကစော့ပုပ်ပင် (ကသော့ပုပ်ပင်)**

ကစော့ပုပ်ပင်အရွက်ကို ရေနှင့်ပြုတ်ပါ။ ၎င်းပြုတ်ရည်နွေးနွေးဖြင့် ရေနွေးပေးပါက ခါးနာ၊ ခါးကိုက်၊ ခါးအောင့်၊ အသောင်းအကိုက်၊ အဖောအရောင်တို့ကို သက်သာ ပျောက်ကင်းစေနိုင်သည်။ အဆစ်အဆက်များရောင်ပါက ကစော့ပုပ်ပင်အရွက်ကို ထုခြေ၍ အုံပေးနိုင်သည်။ အကြောကပ်ခြင်း၊ အကြောအားနည်းခြင်းဖြစ်၍ လက်ခြေမလှုပ်နိုင်ပါက ၎င်းအရွက်ကို ကြက်သွန်နီနှင့်ရောကြိတ်ပြီး လိမ်းပေးခြင်း၊ စည်းပေးခြင်း ပြုလုပ်ပေးရပါမည်။

**၃။ ကြောင်ရိုသေပင်**

၎င်းအရွက်သတ္တုရည်ကို ကြက်ဆူဆီနှင့်ရော၍ အဆစ်အမြစ်ကိုက်ခဲလျှင် လိမ်းပေးနိုင်သည်။

**၄။ ကမ်းဇော်ပင်**

အကြောရောဂါများ၊ ဇက်ခိုင်ခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ရောင်ခြင်း၊ ထုံကျဉ်ခြင်း၊ အနာမန်းရှိပြီး ရောင်ရမ်းခြင်းတို့ကို ကမ်းဇော်ဆီ တစ်နေ့(၃)ကြိမ်လိမ်းပေးခြင်းဖြင့် ဝေဒနာ သက်သာပျောက်ကင်းစေပါသည်။

**၅။ ကံ့ကော်ပင်**

ကံ့ကော်စေ့မှရသောအဆီကို အဆစ်အမြစ်ရောင်ရောဂါ ဖြစ်ပွားခဲ့လျှင် လိမ်းပေးနိုင်သည်။

**၆။ ကြောင်ပန်းပင်**

၎င်းအရွက်ကိုအရည်ညှစ်သောက်ခြင်းဖြင့် လည်းကောင်း၊ ကြော်ချက်စားပေးခြင်းဖြင့် လည်းကောင်း အကြောရောဂါများ သက်သာ ပျောက်ကင်းနိုင်သည်။

**၇။ ဆယ့်နှစ်ရာသီပင် (အဝါ)**

၎င်းအရွက်ကို ပြုတ်၍ကြိတ်ပြီး နှမ်းဆီနှင့်ရောစပ်၍ အဆစ်အမြစ်ရောင်ကိုက်ခြင်း ဝေဒနာခံစားရသော် လိမ်းပေး၊ အုံပေးပါ။

**၈။ ဇရစ်ပင်**

အဆစ်အမြစ်ရောင်ရောဂါအတွက် ဇရစ်ပင်တစ်ပင်လုံးကို မီးကင်၍အရည်ညှစ်ယူပြီး အဆစ်အမြစ်ရောင်ကိုင်းသောနေရာတွင် ခပ်နွေးနွေးလိမ်းပေးခြင်းဖြင့် ဝေဒနာသက်သာစေပါသည်။

**၉။ တီလက်သာပင်**

အဆစ်ရောင်၊ အကြောထုံးခြင်း၊ ရောင်ရမ်းသော အနာတို့အတွက် ၎င်းအရွက်ကို ထုထောင်း၍ စည်းပေးပါက သက်သာ ပျောက်ကင်းစေပါသည်။

**၁၀။ ဒဟတ်သကိုင်းပင်**

အဆစ်ရောင်ခြင်းဖြစ်ပါက ဒဟတ်သကိုင်းပဋ္ဌငါးပါးကို အရည်ညှစ်ပြီး တစ်ခါသောက် နှစ်ပဲသားမျှသောက်ပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေနိုင်ပါသည်။ ၎င်းအမြစ်ကို သွေး၍ အဆစ်အဆက်များရောင်သောနေရာတွင်လိမ်းပေးပါ။ ဝေဒနာများလျော့ပါးစေနိုင်သည်။

**၁၁။ နံ့သာဖြူပင်**

ညောင်းညာကိုက်ခဲခြင်းဖြစ်လျှင် နံ့သာဖြူကိုသွေး၍ လိမ်းပေးပါ။

**၁၂။ နှမ်းပင်**

အကိုက်အခဲရောဂါနှင့်အဆစ်အမြစ်ရောင်ကိုက်သောရောဂါများအတွက် ချင်းစိမ်းသတ္တုရည် (၂၅) ကျပ်သားကို နှမ်းဆီ (၂၅) ကျပ်သားဖြင့် အဆီပြန်အောင် ရောချက်ပြီး ပွတ်သပ်လိမ်းကာ အဝတ်ပါးပါးနှင့် စည်းထားပါက သက်သာပျောက်ကင်းစေပါသည်။

**၁၃။ ပိတ်ချင်းပင်**

လေတစ်ခြမ်းဖြတ်၍ အဆစ်များရောင်ရမ်းခြင်း၊ ခါးကိုက်ခြင်း၊ နာခြင်းဖြစ်ပါက ပိတ်ချင်းသီးနှင့် ပိတ်ချင်းမြစ်ကို ညီ၍ လေးပဲသားစီမျှ ရေနွေးနှင့်သောက်သော် သက်သာရာရစေသည်။

**၁၄။ ပိတောက်ပင်**

အဆစ်ရောင်ကိုက်ရောဂါဝေဒနာခံစားရသော် ပိတောက်အနှစ်သားကို ခပ်ပျစ်ပျစ်သွေး၍လိမ်းပေးနိုင်သည်။

**၁၅။ ပေါက်ပန်းဖြူပင်**

ရောင်ရမ်းခြင်းဖြစ်ပါက ပေါက်ပန်းဖြူမြစ်နှင့် ပဒိုင်းမြစ်ကို ရေနွေးနှင့် သွေး၍ လိမ်းပေးနိုင်သည်။

**၁၆။ မုန်ညင်းဖြူပင်**

ထုံကျဉ်ချည်နှဲ့ အကြောဆွဲ၊ လက်ကပ်၊ ခြေကပ်ဖြစ်လျှင် မုန်ညင်းဆီ (၈) ဆ၊ နှမ်းဆီ (၈) ဆ၊ တောင်ဆိတ်ဆီ သို့မဟုတ် တောဆိတ်ဆီနှင့်ဖျော်၍ ပွတ်လိမ်းပေးပါ။ အကြောထုံးခြင်း၊ အကြောကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ သွေးကြောပိတ်ခြင်းများဖြစ်ပါက မုန်ညင်းဆီကိုချက်၍ ပရုတ်အနည်းငယ်နှင့်စိမ်ပြီးလျှင် နာနာပွတ်၍လိမ်းပေးပါ။

**၁၇။ မိုးနံ့ပင်**

အဆစ်အမြစ်များနာကျင်ကိုက်ခဲခြင်း၊ ကျောကုန်းရိုး၊ ခါးဆစ်ရိုးများကိုက်ခဲခြင်းတို့အတွက် မိုးနံ့အမြစ်ကိုသွေး၍ လိမ်းပေးနိုင်သည်။

**၁၈။ ယူကလစ်ပင်**

အဆစ်အမြစ်ကိုက်ခြင်း၊ ရောင်ခြင်းဖြစ်လျှင် ယူကလစ်ဆီနှင့် သံလွင်ဆီကို ဆတူရောစပ်၍ ကိုက်သောနေရာများ၌ လိမ်းပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

**၁၉။ ရွက်ကျပင်ပေါက်ပင်**

ထိခိုက်မှုကြောင့် ရောင်ရမ်းနေသော ဒဏ်ရာများကို ရွက်ကျပင်ပေါက်အရွက်အား မီးကင်၍ ကပ်ပေးပါက ရောင်ရမ်းခြင်း ကျဆင်း၍ ဒဏ်ရာများ သက်သာပျောက်ကင်းသည်။ အဆစ်လွဲခြင်းဝေဒနာ ခံစားရလျှင် ၎င်းအရွက်သတ္တုရည်လိမ်းပေးနိုင်သည်။

**၂၀။ သစ်ဆိမ့်ပင်**

သစ်ဆိမ့်ပင်ကိုသွေး၍နွေးအောင်ပြုပြီး ရောင်ရမ်းသောနေရာ၊ ထိခိုက်မိ၍ ဒဏ်ရာရပြီး နာကျင်ကိုက်ခဲသောနေရာများတွင် လိမ်းပေးသော် သက်သာ ပျောက်ကင်းပါသည်။

လှိုင်သွင် (ခင်)



www.burmeseclassic.com

www.burmeseclassic.com

ဆွန်ကျဲတစ်ယောက် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျရင်း တောင်ပေါ်သို့ တက်လာခဲ့သည်။ သူ့ရင်ထဲမှာ မကျေနပ်သောအစိုင်အခဲကြောင့် ပါးစပ်မှ တဖွစ်တောက်တောက်ပြောမိသည်။

"ကပါးရော အစ်ကိုဆွန်ဟောက်ပါ အရမ်းရက်စက်ကြတာပဲ။ ဘာလို့ ဒီလောက်တောင် ရက်စက်ရတာလဲ"

သူသည် မကျေနပ်ချက်များကြောင့် ရင်တစ်ခုလုံး ပြောင်းဆန်နေသည်။ သူ၏ကျောတွင် အမဲလိုက်မုဆိုးတို့၏တန်ဆာပလာဖြစ်သော လေးမြားကို လွယ်ထားသည်။ ခါးတွင် ဓားရှည်ကြီးချိတ်ဆွဲထားသည်။ အမေထည့်ပေးလိုက်သည့် ထမင်းထုပ်နှင့် ရေဘူးကို ပလိုင်းထဲ၌ ထည့်၍လွယ်ထားသည်။

ချင်းတောင်တန်းကြီးကား အုပ်အုပ်ဆိုင်းဆိုင်း ညို့မှိုင်းနေသည်။ ထိုတောင်တန်းကြီးပေါ်သို့ လေးကန်သောခြေလှမ်းများဖြင့် တက်လာရာ တစ်နာရီကျော်ခန့်အချိန်တွင် တောင်ကြောကြီးအနီးသို့ရောက်လာခဲ့သည်။ ထိုနေရာတွင် တောင်ဇလပ်ပန်းအနီ၊ အဖြူပင်များမှာ စိုက်ထားသကဲ့သို့ စီတန်း၍ပေါက်နေသည်။ တောင်ဇလပ်ပင်များအောက်တွင် တောင်ဇလပ်ပန်းအနီပွင့်များ၊ အဖြူပွင့်များ ပန်းမွေ့ရာခင်းထားသကဲ့သို့ အနီရောင်တစ်ကန့်၊ အဖြူရောင်တစ်ကန့် ကြွေကျနေသည်။ အဝေးမှလှမ်းကြည့်လိုက်လျှင် အနီရောင်ကမ္ဗလာ၊ အဖြူရောင်ကမ္ဗလာခင်းထားသကဲ့သို့ လှပလှပေသည်။ ဆွန်ကျဲသည် တောင်ပေါ်တက်လာရသဖြင့် မောမောနှင့် ထိုအပင်ကြီးအောက်၌ ထိုင်လိုက်သည်။ ဆောင်းလေအေးလေးနှင့်အတူ တောင်ဇလပ်ပန်းလေးတို့၏သင်းရနံ့ကြောင့် တဖြည်းဖြည်း လန်းဆန်းလာသည်။

'အခုကိစ္စက ငါပဲ မှားသလား၊ ကပါးတို့, အစ်ကိုတို့ပဲ မှားသလား'


ဆွန်ကျဲက ဤကဲ့သို့ သူ့ကိုယ်သူ မေးမိသည်။

'မဟုတ်ဘူး. . . မဟုတ်ဘူး။ ငါမမှားဘူး၊ ကပါးတို့မှားတာ။ မှားတာမှ ငါ့ဘဝတစ်ခုလုံး ကပြောင်းကပြန်ဖြစ်အောင် မှားတာ'

ထိုသို့ အရှူးသဖွယ် တစ်ယောက်တည်းပြောရင်း မကြာသေးမီက သူရင်နှင့်အောင်ခံစားရသည့် ဖြစ်ရပ်ဆီသို့ တဖြည်းဖြည်း ရောက်ရှိသွားခဲ့သည်။

✿

မိုင်နုသည် သူတို့ရွာ၏အလှပဂေးတစ်ယောက် ဖြစ်သည်။ သူမသည် ဂျပ်ခုတ်ရက်ရာ၌ အလွန် ကျွမ်းကျင်သည်။ ဆွန်ကျဲအတွက် ပဝါလေးများကို နှစ်တိုင်း ရက်ပေးလေ့ ရှိသည်။ မိုင်နုကား ဆွန်ကျဲထက် (၃)နှစ်ခန့်ကြီးသော်လည်း စာသင်ကျောင်းတွင် အတန်းအတူတူ ဖြစ်သည်။ သူတို့နှစ်ဦးသည် ကျောင်း၌ အလွန် ချစ်ခင်သော သူငယ်ချင်းများဖြစ်ကြသည်။ သူတို့နှစ်ဦးကား ထိုရွာရှိ မူလတန်းကျောင်း၌ အတူတူတက်ခဲ့ပြီး စတုတ္ထတန်းအောင်သည်အထိသာ စာသင်ကြားခွင့် ရရှိခဲ့သည်။ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းမှာ ဤရွာနှင့် အလွန်ဝေးသည့် မြို့၌သာရှိသဖြင့် သူတို့နှစ်ဦးစလုံး ကျောင်းဆက်မတက်ဖြစ်တော့ပေ။



တဖြည်းဖြည်းနှင့် ကြီးပြင်းလာခဲ့ရာ ဆွန်ကျဲပင် အသက် (၂၀)အရွယ်သို့ ရောက်လာခဲ့သည်။ မိုင်နုကား အသက် (၂၃) နှစ်။ သူတို့နှစ်ယောက်မှာ ငယ်စဉ်ကတည်းက ငယ်သံယောဇဉ်တွယ်ခဲ့ရာ တဖြည်းဖြည်း လူပျို၊ အပျိုအရွယ်သို့ ရောက်လာသည့်အချိန်တွင် ငယ်သံယောဇဉ်မှ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ချစ်သည် ဆိုသည့်စကားကို ထုတ်ဖော် မပြောဆိုခဲ့ကြပေ။

ဆွန်ကျဲက အဖေနှင့်အတူ တောလိုက်မုဆိုး ဖြစ်လာသည်။ သူ့အစ်ကို ဆွန်ဟောက်မှာမူကား တစ်ယောက်တည်းတောလိုက်မုဆိုးဖြစ်ပြီး တောလိုက်ရာတွင် အလွန် ကျွမ်းကျင်သည်။ သူ၏အသက်မှာ (၂၅) နှစ်ခန့် ရှိပြီ။ မုဆိုးအတတ်လည်း ကျွမ်းကျင်သဖြင့် တစ်အိုးတစ်အိမ် ထူထောင်ရန် အရွယ်ရောက်လာပြီ ဖြစ်သည်။ မုဆိုးကောင်း တစ်ယောက်ဖြစ်၍ ခေါင်ဆယ်ရွာတွင် မိန်းကလေးရှင်များ၏မျက်စိကျခြင်းကိုခံခဲ့ရသည်။

တစ်နေ့တွင် မိုင်နုအဖေနှင့် ဆွန်ကျဲအဖေတို့ နှစ်သစ်ကူးပွဲတော်၌ တွေ့ဆုံခဲ့ကြ၏။ သူတို့မိတ်ဆွေတစ်စုသည် ခေါင်ရည်အိုးကြီးကို ဘေးချ၍သောက်ရင်း-

"မင်းရဲ့သား ဆွန်ဟောက်ဟာ မုဆိုးကျော်လုံးလုံးဖြစ်နေတယ်လို့ ကြားတယ် ထန်ကျင့်"

"သိပ်ဟုတ်တာပေါ့ မောင်းဆူ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ငါ့သားဟာ ငါ့ထက်တောင် အမဲ [illegible]ကဲ့နေရာမှာ ပိုသာတယ်ကွ”

“ဒါဆို မင်းရဲ့သား ဆွန်ပောက် [illegible] မိန်းမတောင်းတော့လေကွာ။ သူ [illegible]သာသူ အိမ်ထောင်တာဝန်ကို ထမ်း[illegible]နေပြီ”

“မင်းပြောတာလည်း ဟုတ်တာပဲ။ ငါလည်း သူ့ကိုမေးကြည့်ဦးမယ်၊ ဘယ်သူ့သမီးကို သဘောကျသလဲလို့”

ထိုသို့ သူတို့နှစ်ယောက် စကားပြောနေစဉ် နံဘေး၌ အတူ ခေါင်းရည် သောက်နေသော မိတ်ဆွေတစ်ယောက်—

“မင်းရဲ့သားနဲ့ဆိုရင် ခေါင်းဆူရဲ့ သမီး မိုင်နုနဲ့ သိပ်လိုက်ဖက်တယ်။ သူ့သမီးကလေးက ကြွေရုပ်ကလေးလို အရမ်းလှတယ်၊ အိမ်မှုကိစ္စလည်း နိုင်နင်း



[illegible]သော မင်္ဂလာလက်ဖွဲ့ကြေး [illegible]





www.burmeseclassic.com

www.burmeseclassic.com

တယ်"

"အေးကွာ၊ မောင်းဆူရဲ့သမီးလေးက အရမ်းချစ်ဖို့ကောင်းတယ်။ စကားပြောတာလည်း ချိုသာတယ်။ သူ့မျက်နှာကလေးကလည်း ပြုံးနေတာပဲ"

"ထန်ကျင့်၊ မင်း စဉ်းစားမနေနဲ့။ မောင်းဆူသမီးနဲ့ မင်းရဲ့သားကို အမြန်ပေးစားဖို့စီစဉ်လိုက်ပါ"

"ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"ဟိုဘက်ရွာက သူကြီးသားကလည်း မိုင်နုနဲ့ လက်ထပ်ချင်လို့ အောင်သွယ်နဲ့ပြောခိုင်းနေတာ"

ထိုအခါ ဦးထန်ကျင့်က ဦးမောင်းဆူအား-

"သူတို့ပြောတာ တကယ်လား မောင်းဆူ"

"အေး- ဟုတ်တယ်၊ ဒါပေမယ့် တို့မိုင်နုက မကြိုက်ဘူးလို့ငြင်းလိုက်တယ်"

"အခုလည်း ဆွန်ဟောက်ဆိုရင်ကော မိုင်နုက လက်ခံပါ့မလား"

"ဆွန်ဟောက်ဆိုရင်တော့ မိုင်နုက လက်ခံမှာပါ။ ဘာလို့လဲဆိုတော့ ဆွန်ကျဲနဲ့မိုင်နုက သူငယ်ချင်းပဲ။ ဒီတော့ သူ့သူငယ်ချင်းရဲ့အစ်ကိုဆိုရင် ငြင်းမှာ မဟုတ်ပါဘူး"

"ဒါဆိုရင် ငါအိမ်ပြန်ပြီး ဒီကိစ္စကို ဆွေးနွေးမယ်၊ ပြီးရင် မင်းဆီကို ငါလာခဲ့မယ်"

ဆွန်ဟောက်၏ဖခင်က မိုင်နု၏ဖခင်အား ဤသို့ပြောပြီး လမ်းခွဲလိုက်ကြသည်။ ထို့နောက် ဆွန်ဟောက်၏ဖခင်သည် ဆွန်ဟောက်အား ခေါ်ပြီး-

"မင်းလည်း အိမ်ထောင်ပြုဖို့ အရွယ်ရောက်လာပြီ။ ငါက မောင်းဆူရဲ့သမီး မိုင်နုနဲ့ ပေးစားဖို့ လူကြီးချင်းသဘောတူထားတယ်။ အဲဒါ မင်း ဘယ်လိုသဘောရလဲ"

"ကပါး ကောင်းမယ်ထင်ရင် စိတ်တိုင်းကျလုပ်ပါ"

"အိမ်း- ကောင်းပြီ၊ ဒါဆိုရင် ငါ မောင်းဆူကို ပြောလိုက်တော့မယ်"

"ကပါးသဘောပဲ"

ဤသို့ဖြင့် တစ်လခန့်အကြာတွင် လက်ထပ်ပွဲပြုလုပ်ရန် နှစ်ဖက်သောမိဘများက စီစဉ်ခဲ့ကြသည်။ ဤသတင်းကို ကြားသောအခါ ဆွန်ကျဲတစ်ယောက် နှလုံးသွေးများ ပွက်ပွက်ဆူလာခဲ့သည်။ မိုင်နုဆီသို့ ခြေလှမ်းကျဲကြီးဖြင့်သွားကာ တောင်ခြေအနီး နှစ်ဦးသား တွေ့ဆုံခဲ့ကြသည်။

"မိုင်နု၊ နင်က ယောကျ်ား ဒီလောက်ရှားလို့ ငါ့အစ်ကိုနဲ့ လက်ထပ်မယ်လို့ ပြောရတာလဲ"

"ငါ့ကို ဘာဖြစ်လို့ ရန်ထောင်ရတာလဲ၊ နင်နဲ့ငါက သမီးရည်းစားမှမဟုတ်ဘဲ"

"ငါ နင့်ကိုချစ်တာ သမီးရည်းစားထက်တောင် ပိုသေးတယ်"

"အဲဒါ နင် ငါ့ကိုဖွင့်ပြောဖူးလား"

"နင့်ကို ငါ ဒီလောက်ချစ်တာ နင်သိရမှာပေါ့"

"နင် ငါ့ကိုချစ်တယ်လို့တော့ ထင်သားပဲ၊ ဒါပေမယ့် နင်က ဖွင့်မပြောတော့ ခေါင်းနှမ်းကို ကြိုက်နေသလားလို့"

"အေး- ဒါဆို ငါဖွင့်ပြောပြီ။ ငါ နင့်ကိုချစ်တယ်"

"ဟောတော့- ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ"

"နင်က ငါ့ကိုချစ်တယ်လို့ ပြောမထားတော့ နင့်အစ်ကိုနဲ့လက်ထပ်ဖို့ သဘောတူလိုက်ပြီ"

"မိုင်နု၊ နင် ငါ့ကိုမချစ်ဘဲ ဒီပြင်လူနဲ့လက်ထပ်ရင် ငါ သေပစ်လိုက်မှာနော်"

"ခက်တာပဲ ဆွန်ကျဲရယ်။ ငါတို့က ကပါးကို အရမ်းကြောက်ရတာ၊ ဘယ်လိုပြန်ပြောရမလဲ"

"အဲဒါတွေ ငါမသိဘူး၊ ငါသိတာက နင် ဘယ်သူနဲ့မှလက်မထပ်ရဘူး"

ဆွန်ကျဲက ဤသို့ ဒေါသဖြင့်ပြောဆိုပြီး ပြန်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ ဆွန်ကျဲ၏ဖခင်က-

"ဟေ့ကောင် ဆွန်ကျဲ၊ လာဦး"

"ဘာပြောမလို့လဲ ကပါး"

"မင်း မနက်ဖြန်ကျရင် တောင်ပေါ်ကိုသွား"

"တောင်ပေါ်သွားပြီး ဘာလုပ်ရမလဲ ကပါး"

"ဒါတောင် မသိဘူးလား၊ မင်းအစ်ကို နောက်လမှာ မင်္ဂလာဆောင်မယ်လေ။ ဒီတော့ နွားနောက်အသားနဲ့ ဧည့်ခံကျွေးမွေးရအောင် မင်းကိုပေးထားတဲ့ နွားနောက်ကို ဖမ်းလာခဲ့"

"ကပါး၊ ဒါဆို ငါ့ရဲ့နွားနောက်ကို သတ်ပစ်တော့မှာပေါ့ ဟုတ်လား"

"အေး- ဟုတ်တယ်"

ကပါးက ခပ်ပြတ်ပြတ်ပြောလိုက်သည်။ နဂိုကပင် ချစ်ဦးသူ၏မင်္ဂလာပွဲအတွက် မျက်ရည်စက်လက်နှင့် အသည်းဟက်တက်ကွဲနေရသည့်ကြားထဲ သူ၏နွားနောက်ကိုပါ သတ်ရမည်ဟုဆိုသဖြင့် ရင်နှစ်ခြမ်းပြန်းပြန်းကွဲသွားသလို ခံစားခဲ့ရသည်။ ထိုနွားနောက်ကလေးမှာ သူ (၅) နှစ်အရွယ်တွင် သူ့ဖခင်၏ နွားနောက်မကြီးမှ ပေါက်ဖွားခဲ့ရာ ဆွန်ကျဲကို ဖခင်ကြီးက ပေးထားခဲ့ခြင်း ဖြစ်သည်။ ထိုနွားနောက်ကလေးတွင် သူသည် အမှတ်အသားလုပ်ပြီး တောထဲ၌ မွေးမြူထားရာ ယခု နွားနောက်ကလေးမှာ အသက် (၁၅) နှစ်ခန့်ရှိပြီ ဖြစ်၏။ နွားနောက်မွေးမြူရေးကလည်း ထူးခြားသည်။ မိမိ၏နွားနောက်ကို အမှတ်အသားပြုလုပ်ပြီး တောထဲသို့ လွှတ်ထားလိုက်ရုံပင်။ မိမိနွားနောက်ကို တစ်နှစ်တွင် နှစ်ခါ၊ သုံးခါ သွားကြည့်ရသည်။ တစ်ပါးသူကလည်း ကိုယ့်နွားနောက် မဟုတ်ရင် ဘယ်သူမှမယူကြပေ။ ကိုယ့်နွားနောက်မကြီးမှ နွားနောက်ကလေးပေါက်ပါက အလျင်အမြန် အမှတ်အသားပြုရသည်။ အကယ်၍ မလုပ်ဖြစ်ပါက အငြင်းပွားဖွယ်ဖြစ်သဖြင့် နွားနောက်ကလေးများပေါက်ပါက အလျင်အမြန် အမှတ်သားပြုရသည်။

ဖခင်အနေနှင့်ကြည့်လျှင် သူ၏ နွားနောက်မကြီးမှ မွေးဖွားသည့် နွားနောက်ထီးလေးကို ဆွန်ကျဲအား ပေးထားခြင်းဖြစ်၍ အချိန်မရွေးပြန်ယူကာ လိုအပ်သလို စီရင်ခွင့်ရှိသည်။ ဆွန်ကျဲအနေဖြင့် ထိုနွားနောက်ထီးကလေးမွေးဖွားသည်မှစ၍ သူ့အမည်ဖြင့် အမှတ်အသားပြုလုပ်ကာ အပိုင်ပေးထားသဖြင့် ဤနွားနောက်ထီးကလေးကို သူ၏ သားချင်းသဖွယ် သံယောဇဉ်တွယ်နေခဲ့သည်။ သူသည် နှစ်တိုင်း ဤတောကြီးအတွင်းသို့ လေး၊ ငါး၊ ဆယ်ခါ ရောက်ရှိခဲ့သည်။ ရောက်သည့်အခေါက်တိုင်းပင် နွားနောက်လေး ယုံယုံ၏ကျောပေါ်တွယ်တက်စီးကာ ပျော်ရွှင်စွာ ဆော့ကစားခဲ့သည်။ သူနှင့်ယုံယုံတို့၏သံယောဇဉ်မှာ တိရစ္ဆာန်နှင့်လူပင် ဖြစ်လင့်ကစား သံယောဇဉ်ကြီးခဲ့သည်။

ယုံယုံသည် တောင်ပေါ်ရှိ တောနက်ကြီးဘက် သိပ်မသွားဘဲ သူ့သခင်ဖြစ်သော ဆွန်ကျဲလာတတ်သည့်လမ်း၌ အနေများသည်။ 'ယုံယုံ' ဟုခေါ်လျှင် ရောက်ရာအရပ်မှ အပြေးလာတတ်ပါသည်။ ပြီးလျှင် သူ၏ဦးချိုနှစ်ခုကို မြေတွင်စိုက်ပေးပြီး ဆွန်ကျဲကို ကိုယ်ပေါ်အရောက် တံတားခင်းပေးတတ်သည်။ ဆွန်ကျဲ သူ့ကိုယ်ပေါ်ရောက်သည်နှင့် သူ၏စားကျက်အတွင်း၌ လှည့်ပတ်သွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း ဆွန်ကျဲသည် ယုံယုံ ထိုသွားရာကာ ရွာသို့ခေါ်ဆောင်သွားရ သည်။ လက်ထပ်ပွဲမကျင်းပမီအထိ ယုံယုံ ကို ကောင်းစွာအစာကျွေးထားပေမည်။ ဇာတ်ထပ်ပွဲကျင်းပရန် တစ်ရက်အလို တွင် ယုံယုံ့ကို သတ်ကာ သူ့အသားနှင့် ဇာတ်ပွဲလာသူများကို ဧည့်ခံကျွေးမွေး စေတော့မည်။ သည့်အတွက် ဆွန်ကျဲ မျက်ရည်မကျဘဲရှိအံ့နည်း"

သူသည် မျက်ရည်စက်လက်ဖြင့် တောင်ဇလပ်ပင်အောက်မှ ထလာခဲ့ သည်။ ယုံယုံရှိမည့်နေရာဆီသို့ မှန်းကာ လျှောက်လာခဲ့သည်။ မကြာမီ ယုံယုံရှိ သည့်စားကျက်သို့ ရောက်လာခဲ့သည်။ ဆွန်ကျဲသည်-

"ယုံယုံရေ ယုံယုံ"

"ယုံယုံရေ ယုံယုံ"

"ယုံယုံရေ ယုံယုံ"

ထိုသို့ သုံးကြိမ်သုံးခါ ခေါ်လိုက် သောအခါ-

"ဘွတ်အဲ"

"ဘွတ်အဲ"

ဟူသော အသံနှင့်အတူ တောင် ကြားအတွင်းမှ ထွက်လာခဲ့သည်။

"ယုံယုံရေ ယုံယုံ။ မင်းနဲ့ငါနဲ့ ကံ ဆုံးဖက်ပဲ"

နွားနောက် ယုံယုံကမူ ကံဆိုးခြင်း၊ ကံကောင်းခြင်းကို မသိရှာဘဲ သူ့သခင် ဆွန်ကျဲကိုတွေ့သဖြင့် သခင့်ခြေရင်းသို့ အရောက်လာကာ ကားစွင့်နေသောချို နှစ်ခုကို မြေကြီးပေါ်သို့ ထိုးစိုက်ချလိုက် သည်။ ဆွန်ကျဲလည်း လုပ်နေကျအတိုင်း ကိုယ်ပေါ်သို့ လှမ်းတက်လိုက်၏။ နွား နောက် ယုံယုံသည် ဆွန်ကျဲကို ကိုယ် ပေါ်တင်လျက် စားကျက်အတွင်း လှည့် ပတ်နေသည်။

"ယုံယုံရယ်၊ မင်းက ငါ့ကိုတွေ့ တော့ ပျော်နေမှာပဲ။ ငါလည်း မင်းကို တွေ့တော့ ပျော်ပါတယ်။ ဒါပေမယ့် ဒီ တစ်ခါ ငါတို့နှစ်ယောက်တွေ့ခြင်းဟာ ပျော်ရွှင်ခြင်းမဟုတ်ဘူး၊ တစ်သက်တာ ခွဲခွာရမယ့် နောက်ဆုံးတွေ့ခြင်းပဲ"

ဆွန်ကျဲလည်း အခုမှ ပို၍ သည်း သည်းထန်ထန် ငိုကြွေးမိသည်။

'ကပါး မတရားဘူး၊ အစ်ကို မ ကောင်းဘူး၊ ငါ့ကို ငိုအောင်လုပ်တယ်။ ယုံယုံကိုလည်း သတ်မယ်တဲ့။ တော စောင့်နတ်၊ တောင်စောင့်နတ်တွေ ကြည့် နေပါနဲ့။ ယုံယုံကိုခေါ်ပြီး အခြားရွာမှာ သွားပြီးပုန်းနေရင် ကောင်းမလား။ ဒါ ပေမယ့် ငါက မုဆိုးကောင်းမဟုတ်သေး တော့ ဘာနဲ့စားမလဲ။ အခြားသူတွေက ငါ့ဆီက ယုံယုံကို လုပြီး သတ်စားရင် လည်း ဒုက္ခပဲ'

သူအမျိုးမျိုးတွေးနေသည်။ မကြာ မီတွင် ယုံယုံ့ကျောပေါ်မှဆင်းကာ ယုံ ယုံအတွက် သူယူဆောင်လာသည့် မြက် နုကလေးများကိုကျွေးလိုက်ရာ ယုံယုံက အများကြီးစားလိုက်သည်။

"ယုံယုံရေ နင်လည်း မြက်တွေ အများကြီးစားပြီး သေတော့။ ငါလည်း ခေါင်ရည်တွေ အများကြီးသောက်ပြီး တောင်ပေါ်က ခုန်ချပြီးသေရင် ကောင်း မယ်နဲ့တူတယ်"

ဆွန်ကျဲက ရင်ဖွင့်ပြီး ပြောချင် သည့်စကားများကို လွတ်လွတ်လပ်လပ် ပြောလိုက်၏။ နောက်တော့ သူ့အမေ ထည့်ပေးလိုက်သည့် ထမင်းထုပ်ကိုဖြေ ၍စားရင်း-

'အင်း- ဒီအတိုင်းတော့မဖြစ်ဘူး၊ ယုံယုံကိုခေါ်သွားရင် သတ်ပစ်မှာ သေ ချာတယ်။ ဒီတော့ ထမင်းစားပြီးတာနဲ့ ယုံယုံကိုခေါ်ပြီး ဟိုးအဝေးမှာရှိတဲ့ အ နောက်ဘက်တောင်တန်းဆီမှာ သွား ထားမယ်။ ကပါးကိုတော့ ယုံယုံကို ရှာ မတွေ့ဘူးလို့ ပြောမယ်'

ဤဆုံးဖြတ်ချက်ချပြီး ထမင်းစား ပြီးသည်နှင့် ယုံယုံ၏နှာနှုမှကြိုးကိုဆွဲ ကာ တောင်သုံးတောင်အား ဖြတ်ကျော် ခဲ့သည်။ ထိုမှဆက်၍ အနောက်ဘက် တောင်တန်းများကို ဖြတ်ကျော်ခဲ့ရာ ည နေစောင်းအချိန်သို့ ရောက်လာခဲ့သည်။

"ကဲ- ယုံယုံရေ ငါတို့ ဒီနေရာမှာ ခဏနားမယ်"

ဤသို့ပြောပြီးနောက် ယုံယုံကို သစ်ပင်ရင်း၌ ကြိုးချည်ထားလိုက်၏။ ဆွန်ကျဲသည် တစ်နေကုန် ခရီးကြမ်းကို နှင်လာခဲ့ရသဖြင့် မောပန်းနွမ်းနယ်ကာ ထိုသစ်ပင်ရင်း၌ အိပ်ပျော်သွားခဲ့သည်။ ဆွန်ကျဲ မည်မျှအိပ်ပျော်သွားသည်မသိ၊ ည (၁၀) နာရီလောက်အချိန်တွင်-

"ပုံ. . . ပုံ. . . ပုံ"

"တော်. . . တော်. . . တော်"

ဟူသော ဆူညံသံများ ကြားသ ဖြင့် သူနိုးလာပြီး အသံလာရာဆီသို့ လိုက်လံရှာဖွေရာ တစ်ဖက်တောင်ကမူ ပေါ်တွင် လူတစ်စုသည် မီးပုံများဖိုကာ တီးခတ်နေသည်ကို လှမ်းတွေ့လိုက်ရ သည်။

ထို့နောက် သီချင်းသံလိုလို ဆွဲဆွဲ ငင်ငင်သီဆိုသည့် အသံသဲ့သဲ့ကိုလည်း ကြားလိုက်ရသည်။ ထိုအခါ ဆွန်ကျဲ သည် ထိုသီချင်းသံကို အာရုံခံစားပြီး နားထောင်ကြည့်ရာ-

"ဟာ- ဒီသီချင်းသံဟာ အသုဘ အခမ်းအနားတွေမှာ လူရိုင်းတွေဆိုတဲ့ အသံမျိုးပဲ"

သို့ဖြင့် ထိုအဖြစ်အပျက်၏ ဖြစ် ရပ်မှန်ကိုသိလိုသည့်အတွက် ထိုတောင် ကမူလေးဆီသို့ ခပ်ဖြည်းဖြည်း သွားခဲ့ သည်။ များမကြာမီတွင် ထိုတောင်ကမူ ကလေးအနီးသို့ ရောက်လာခဲ့သည်။ သူ သည် ချုံပုတ်များကိုကွယ်၍ ချောင်း မြောင်းကြည့်လိုက်သည်။

မြင်ရသည့်မြင်ကွင်းမှာ အလွန် အမင်း အံ့ဩဖွယ်ရာ။ မည်မျှအံ့ဩသ နည်းဆိုမူ ဆွန်ကျဲမှာ ပါးစပ်အဟောင်း သားနှင့် မတုန်မလှုပ်ကြည့်နေမိသည်။

သူတို့ကို ကြည့်ရသည်မှာ မည် သည့်လူမျိုးဟုပင် ပြောရမှန်း မသိချေ။ ငှက်မွေးများကို ဦးထုပ်သဖွယ်ဆောင်း ထားပြီး အပေါ်ဗလာနှင့်။ အောက်ပိုင်း တွင် ကောက်ရိုးလိုလို အမွေးများဖြင့် ဝတ်ဆင်ထားသည်။ ယောကျာ်း၊ မိန်းမ အားလုံး အစိတ်လောက်ရှိမည်ဟု ထင် ရပါသည်။ ယောကျာ်းများမှာ လှံတံများ၊ ဓားရှည်များ ကိုင်ဆောင်ထားပြီး အချို့ မှာ လေးနှင့်မြားကို ကိုင်ဆောင် ထားပါ သည်။ အမျိုးသမီးကလေးများမှာမူ အ လွန် အနံ့မွှေးအီသည့် ပန်းကလေးများ ကို ပန်းကုံးသဖွယ်ပြုလုပ်၍ ကိုင်ထားပြီး တေးသီချင်းကို ဗုံသံအလိုက် သီဆိုနေပါ သည်။

မီးပုံကြီး၏မနီးမဝေး ကျောက် ဆောင်အစွန်းရှိ ချောက်ကမ်းပါးအနီး တွင် တိုင်နှစ်တိုင်ကိုစိုက်ထူထားပြီး ထို တိုင်နှစ်ချောင်း၏အလယ်တွင် အဝတ် မည်းကြီးဖြင့် ပုခက်သဖွယ်ပြုလုပ်ထားပါ သည်။

ထိုပုခက်ထဲတွင် အသက် အလွန် ကြီးရင့်နေပြီဖြစ်သော အဘွားအိုတစ် ဦး။ သူမ၏အသက်မှာ (၈၀)နှစ်ကျော် ခန့်ရှိပြီဟု ခန့်မှန်းရလောက်အောင် မျက်နှာနှင့်လက်တွင် အရေးအကြောင်း များ တွန့်ရှုံ့ကြနေသည်။

ထိုအဘွားအိုကြီးအား ပုခက်ထဲ တွင်ထည့်ကာ အတော်ပြင်းပြင်းထန်ထန် လွှဲသည့်လူက လွှဲနေသည်၊ သီချင်းဆို သူက ဆိုနေပြီး ဗုံတီးသူက ဗုံတီးကာ အခမ်းအနားတစ်ခု ပြုလုပ်နေသည်ကို တွေ့လိုက်ရသည်။

ဤတွင် အဘွားအိုက-

"ငါ့ကို သနားမကြင်နာဘဲ ခနော



www.burmeseclassic.com

www.burmeseclassic.com

လွဲပြီးသတ်တဲ့လူတွေ အသေဆိုးနဲ့သေပါစေ"

ဟု ဟစ်အော်နေသည်။ သည်တော့မှ ခနောလွဲ၍သတ်ခြင်း သို့မဟုတ် ပုခက်လွဲသတ်သူများအကြောင်းကို သိလာခဲ့ရသည်။ သူသည် အဘွားအိုး၏ ကြောက်လန့်တကြားအော်ဟစ်နေသည်ကို ဘယ်လိုမှမကြည့်ရက်တော့ပေ။ ထို့ကြောင့် သူသည် ပုန်းကွယ်ရာမှထွက်လာပြီး လူရိုင်းခေါင်းဆောင်ဟု ထင်ရသူအား-

"ခေါင်းဆောင်ကြီး၊ ဘာကြောင့် ဒီအဘွားကြီးကို ခနောလွဲပြီး သတ်နေတာလဲ"

"မင်းက ဘယ်ကလဲ"

"ငါက ခေါင်ဆယ်ရွာကလူပဲ။ ငါ့နာမည် ဆွန်ကျဲ"

"အေး- ငါက ကမ်းယောင်းလူမျိုးစုရဲ့ခေါင်းဆောင်ပဲ။ ဒီအဘွားကြီးက ငါ့အမေပဲ"

"ဟင် - အမေကို ဘာကြောင့် ခနောပေးရတာလဲ"

ဆွန်ကျဲက အံ့ဩစွာ မေးလိုက်သည်။

"ငါ့အဖေထားခဲ့တဲ့ အမွေတွေကို ငါ့ကိုမပေးဘဲ ဝှက်ထားတဲ့အမှုအတွက် သေဒဏ်ကို ငါချမှတ်လိုက်တယ်။ အခု ငါတို့ ခနောပေးနေတဲ့အချိန်မှာ ငါတို့အမွေရှိတဲ့နေရာကိုပြောရင် ခနောက ရပ်ပေးမယ်၊ မပြောရင်တော့ ချောက်ထဲကျအောင် ခနောလွဲပေးမယ်"

"အဘွား၊ ဒီခေါင်းဆောင်ကြီးပြောတာ အမှန်ပဲလား"

ဆွန်ကျဲက အဘွားအိုအား လှမ်းမေးလိုက်ရာ အဘွားအိုက-

"ငါက သူတို့အမွေတွေကို ဝှက်ထားတာ မဟုတ်ဘူး၊ သူတို့အဖေဝှက်ထားခဲ့တာ။ ငါက ဘယ်နေရာမှာ ဝှက်ထားမှန်းမှမသိတာ၊ ငါ ဘယ်လိုပြောမလဲ"

အဘွားအိုက ငိုလည်းငိုရင်း အထက်ပါစကားကို ထပ်ကာထပ်ကာ ပြောနေသည်။ ထိုအခါ ဆွန်ကျဲက-

"ခေါင်းဆောင်ကြီး၊ အမေကြီးက လိမ်ပြောမှာ မဟုတ်ဘူးလို့ ထင်တယ်။ အမေကို ခနောပေးတာ မကောင်းပါဘူး၊ ငရဲကြီးတတ်တယ်"

"ငါတို့မှာ ဘာသာ မရှိဘူး၊ ငရဲမရှိဘူး"

"ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်ကြီးကို ငါ တောင်းပန်ပါတယ်၊ ဒီအဘွားကြီးကို မသတ်ပါနဲ့"

"ဟေ့- လူစိမ်းလူငယ်၊ ငါတို့ကိစ္စထဲ ဝင်မပါနဲ့။ မင်းကိုပါဖမ်းပြီး ခနောပေးလိုက်ရမလား"

မျိုးနွယ်စုခေါင်းဆောင်က ဒေါသဖြင့် ကြိမ်းမောင်းလိုက်သည်။

ထိုစဉ် အဘွားအိုက-

"လူစိမ်းလူငယ်၊ သူ့ကို မတောင်းပန်နဲ့။ ငါ ကျိန်စာဆိုမယ်"

ဤသို့ ပြောပြီးနောက်-

"ငါ့ကို ခနောလွဲပြီး သတ်တဲ့လူအားလုံး အသေဆိုးနဲ့သေပါစေ"

"ငါ့ကို ခနောလွဲပြီး သတ်တဲ့လူအားလုံး အသေဆိုးနဲ့သေပါစေ"

အဘွားအို၏ အော်ဟစ် ကျိန်ဆိုလိုက်သည့်အသံမှာ ဟိန်းပြီးတစ်တောင်လုံး ပဲ့တင်ထပ်သွားခဲ့သည်။

ထိုခဏ-

"ဝုန်း"

"ဒုန်း"

"ဂျွမ်း"

ဟူသော သစ်ကိုင်းများကျိုးပဲ့သံနှင့်အတူ တောင်ပေါ်မှအရာဝတ္ထုများ ပြိုဆင်းလာခဲ့သည်။

ထိုစဉ် အဘွားအိုကြီးက-

"နင်တို့သေမင်းဖြစ်တဲ့ နွယ်မြွေရှင်တွေဆင်းလာပြီ၊ နင်တို့ အသေဆိုးနဲ့သေကြပေတော့"

အဘွားအိုကြီးက ဤကဲ့သို့ ဟစ်အော်လိုက်သဖြင့် ကမ်းယောင်းလူမျိုးများ အပါအဝင် ဆွန်ကျဲပါ ထိုနေရာသို့ လှမ်းကြည့်လိုက်ရာ ပေါင်လုံးလောက်ရှိသည့် မြွေပွေးကွက်ကဲ့သို့သော နွယ်ရှင်များ ဆင်းလာသည်ကို တွေ့လိုက်ရသည်။ ဆင်းလာသည့်အရှိန်မှာ လွန်စွာမြန်ဆန်လွန်းလှသဖြင့် တစ်မဟုတ်ချင်း ထိုနေရာသို့ရောက်လုနီးနီး ဖြစ်လာသဖြင့် ကမ်းယောင်းလူမျိုးစုခေါင်းဆောင်ကြီးက လက်အောက်ငယ်သားများကို-

"ပြေးကြဟေ့၊ ပြေးကြ။ နတ်မြွေတွေ ဆင်းလာပြီ"

အားလုံးထွက်ပြေးကြသော်လည်း အခါနှောင်းခဲ့ပြီ။ နေရာမျိုးစုံ၊ ထောင့်မျိုးစုံမှရောက်လာသည့် နွယ်မြွေရှင်တို့သည် ခေါင်းဆောင်ကြီးနှင့် ငယ်သားများကို ရစ်ပတ်လိုက်ပြီး ချောက်ထဲသို့ ပစ်ချလိုက်သည်။ ထို့ကြောင့် ဤနေရာတစ်ဝိုက်တွင် အော်ဟစ်ပြေးကြလွှားကြနှင့် ငရဲတမျှ ဆူညံသံများ ဖုံးလွှမ်းသွားခဲ့သည်။ ဤတွင် ဆွန်ကျဲသည် အချိန်ဖြုန်းမနေတော့ဘဲ ပုခက်ထဲမှ အဘွားအိုကိုဆွဲယူပြီး ကျောပေါ်တင်ကာ လာ ရာလမ်းအတိုင်း ထွက်ပြေးလာခဲ့သည်။

ဆွန်ကျဲသည် ငယ်ရွယ်သူဖြစ်သဖြင့် ပိန်လှီလှသော အဘွားအိုကိုထမ်းပိုးပြေးရသည်မှာ များစွာ မပင်ပန်းလှချေ။ သူသည် ခဏအတွင်း နွားနောက်ကြီးရှိရာသို့ ရောက်ရှိလာခဲ့သည်။

"ယုံယုံရေ-မင်းကို ငါကြိုးဖြေပေး ခဲ့မယ်၊ နောက်နေ့မှ မင်းနဲ့ငါတွေ့မယ်"

ထိုသို့ပြောပြီး ကြိုးဖြေပေးတာ အဘွားအိုကိုထမ်းပြီး သူတို့ရွာဘက်သို့ ပြေးလာခဲ့သည်။ သူသည် တစ်လမ်းလုံး ပြေးလာခဲ့ရာ နံနက် ဝေလီဝေလင်းအ ချိန်တွင် ယုံယုံကျက်စားရာ စားကျက် ကွင်းသို့ ရောက်ရှိလာခဲ့သည်။ ထိုစဉ် အဘွားအိုက-

"မြေးလေး. . . မြေးလေး၊ ခဏ နားပါဦး"

"ဘာဖြစ်လို့လဲ အဘွား"

"အဘွား၊ ဒီနားမှာ ခဏနားချင် လို့ ရပ်ပါဦး"

ဆွန်ကျဲကလည်း အဘွားအို၏ စကားကြောင့် ခြေလှမ်းကိုရပ်တန့်ကာ အဘွားအိုကို ကျောထက်မှမြေပြင်ပေါ် သို့ ချပေးလိုက်သည်။

"ဟင်- အဘွားရဲ့လက်တွေ၊ ခြေ တွေမှာ ဒဏ်ရာတွေနဲ့ပါလား"

ညအချိန်တုန်းက အမှောင်ထု လွှမ်းမိုးနေသဖြင့် အဘွားအို၏ဒဏ်ရာ များကို မတွေ့ရပေ။ ယခု နံနက်မိုးလင်း မှသာ ဒဏ်ရာများကို တွေ့ရသဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"ဟုတ်တယ် ငါ့မြေးရယ်၊ အဘွား ကို အမွေတွေဝှက်ထားတယ်ဆိုပြီး ရိုက် နှက်တောင်းလို့ ဒီလို ဒဏ်ရာတွေရ တာပဲ။ ဒါတင်ဘယ်ကသေးမလဲ၊ ကျော တွေ, ရင်တွေကို ရိုက်နှက်ကြလို့ အဘွား ကြာကြာမနေရတော့ပါဘူး။ မကြာခင် သေရတော့မယ်"

"အဘွားရယ်၊ ငါတို့ရွာရောက်ရင် အဘွားကို ဆေးကုပေးမှာမို့ မသေပါ ဦး အဘွားရယ်"

"ငါ့မြေး၊ ငါသေရင် ဟောဟိုအ စားကျက်ကွင်းမှာရှိတဲ့ တောင်ဇလပ်ပင် ကြီးအောက်မှာ ငါ့ကိုမြှုပ်ပေးပါ"

"အဘွားရယ်၊ နိမိတ်မရှိတာတွေ မပြောပါနဲ့"

"ငါ့မြေး၊ မိဘဆိုတာ သားသမီး ကို အလွန်ချစ်တယ်။ ငါလည်း ငါ့



www.burmeseclassic.com

www.burmeseclassic.com

တို ချစ်တာပဲ။ ဒါပေမယ့် ငါ့သားဟာ အမေကိုသတ်တဲ့အတွက် နွယ်မြေရှင် လို့ခေါ်တဲ့ နတ်မြွေတွေက ဆုံးမလိုက်တာပဲ။ ငါ့မြေးလည်း အိမ်ကို ကောင်းကောင်းပြန်ပါ၊ မင်းဟာ စိတ်ထားမွန်မြတ်တဲ့သူဖြစ်လို့ မင်းဘဝမှာ စိတ်ချမ်းသာမှုတွေနဲ့ပဲ ကြုံမှာပါ။ အဟွတ်. . . အဟွတ်"

"အဘွား. . . အဘွားပါးစပ်ထဲက သွေးတွေထွက်လာပြီ"

"ဟုတ်တယ်၊ အဘွား လူ့ပြည်မှာ ကြာရှည်မနေရတော့ပါဘူး။ အဘွားသေရင်သာ အဘွားပြောတဲ့နေရာမှာ မြှုပ်ပေးပါ"

"အဘွားပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်"

"အဟွတ်. . . အဟွတ်"

ထို့နောက် အဘွားအိုသည် သွေးများ ပွက်ခနဲ ပွက်ခနဲ အန်နေသဖြင့် ဆွန်ကျဲက အဘွားအိုအား ပွေ့ထားပြီး ...ဘတ်ကလေးကို ဖိထားလိုက်သည်။ ...ကြာမီ ဆွန်ကျဲ၏ရင်ခွင်ထဲ၌ ဇက်ကျိုး...သွားခဲ့သည်။

"ဟောဗျာ- အဘွားဆုံးပြီနဲ့ တူ...တယ်"

မှန်ပေသည်။ ဒဏ်ရာပရဟူနှင့် အ...တ်အနှက်ခံထားရသော အဘွားကြီး...သေဆုံးသွားခဲ့၏။ ဆွန်ကျဲလည်း လွန်...စွာ စိတ်မကောင်းလွန်းလှသဖြင့် မျက်...ရည်များကျလာခဲ့သည်။ ထို့နောက် အ...ဘွားအိုပြောခဲ့သည့် တောင်ဇလပ်ပင်...ကြီးနားသို့ အလောင်းကို ပွေ့ချီသွားပြီး ...သစ်ပင်ခြေရင်းတွင် မြေကြီးတူးလိုက်...သည်။

မြေကြီးတူးရင်း (၃) ပေခန့် အ...နက်သို့ရောက်သော်-

"ဒုတ်"

"ဒုတ်"

ဟူသောအသံ ပေါ်ထွက်လာသ...ဖြင့် ထိုနေရာကိုသေချာစွာကြည့်လိုက်...သောအခါ-

"ဟာ- အိုးတစ်လုံးပါလား"

ရှေးဟောင်းအိုးတစ်လုံးကို တွေ့...ရှိသဖြင့် တူးယူပြီး ဖွင့်ကြည့်လိုက်ရာ-

"ဟာ- ရွှေဒင်္ဂါးပြားတွေပါလား"

ရွှေဒင်္ဂါးပြား အပြည့်ထည့်ထား...သည်ကို တွေ့လိုက်ရသဖြင့်-

'ငါ့အစ်ကိုရဲ့မင်္ဂလာပွဲမှာ ယုံယုံကိုသေတ်ဘဲ ဝက်တွေဝယ်ဖို့ အဲဒီ ရွှေဒင်္ဂါးတွေအားလုံးကို ပေးလိုက်မယ်'

ဤသို့တွေးကာ အဘွားအိုကို ထိုတွင်း၌ ကောင်းစွာမြှုပ်နှံလိုက်သည်။ သူသည် ထိုအိုးကြီးကို တဘက်ဖြင့် အုပ်ပြီး ရွာဆီသို့ပြန်သွားခဲ့သည်။ အိမ်သို့ပြန်အရောက်တွင် သူ့ဖခင်က-

"ဆွန်ကျဲ ပြန်လာပြီဟေ့၊ ဆွန်ယောက်တို့ လာကြဦး"

ဤကဲ့သို့ ထူးထူးခြားခြား လှမ်းအော်လိုက်သဖြင့် ဆွန်ကျဲ အံ့အားသင့်သွားကာ-

"ကပါးတို့၊ ကနူးတို့ ဘာတွေဖြစ်ကြတာတုံး"

"မပြောပါနဲ့ ဆွန်ကျဲရယ်၊ နင် မြန်မြန်ပြန်လာမှ။ နို့မို့ရင် လူတစ်ယောက်သေလိမ့်မယ်"

"ဘယ်သူသေမှာတုံး၊ ရှင်းအောင်ပြောပါ ကပါးရယ်။ ငါ ရင်တွေတုန်လွန်းလို့"

"အေး- ရှင်းအောင်ပြောရမယ်ဆိုရင် မင်းပြန်မလာရင် မိုင်နုက သူ့ကိုယ်သူ သတ်သေမလို့တဲ့"

"ဟင်- မိုင်နုက ဘာဖြစ်လို့သတ်သေမှာလဲ"

"မင်းတို့နှစ်ယောက်ကချစ်သူတွေဆို။ မင်းက မင်းအစ်ကိုနဲ့ မိုင်နုနဲ့ လက်ထပ်မှာမကြိုက်လို့ တောင်ပေါ်ကို ထွက်ပြေးသွားဆို"

ဆွန်ကျဲ၏ဖခင်ကြီးက ဒေါနှင့်မောနှင့်ရှင်းပြရာ-

'ဘာတွေဘယ်လိုတွေဖြစ်ကုန်တာလဲမသိ'

ဆွန်ကျဲ ဤသို့တွေးပြီး-

"အခု မိုင်နုကော"

"အေးဟေ့၊ သူက သေမယ်ပြောလို့ ထိတ်တုံးခတ်ထားရတယ်"

"ဟင်- ဟုတ်လား၊ ဒါဆို မိုင်နုနဲ့သွားတွေ့လိုက်ဦးမယ်"

ထိုသို့ပြောပြီး ဆွန်ကျဲလည်း မိုင်နုဆီသို့ အပြေးသွားရာ-

"ဆွန်ကျဲ၊ နင်ပြန်လာတယ် ဟုတ်လား"

"အေး- ငါပြန်လာပြီ"

"ငါက နင့်အစ်ကိုနဲ့ငါလက်ထပ်မယ်ဆိုတော့ နင်စိတ်ဆိုးပြီး ပြန်မလာတော့ဘူးလို့ထင်လို့ ငိုလိုက်ရတာ"

"ငါပြန်လာမှာပေါ့ဟာ"

"အေး- ငါလည်း မခံစားနိုင်လို့ နင်နဲ့ငါ့အကြောင်း အားလုံးကို ဖွင့်ပြောလိုက်ပြီ။ အခု လူကြီးတွေက နင်နဲ့ငါ့ကို မင်္ဂလာဆောင်ပေးမယ်တဲ့"

"ဟင်- ဟုတ်လား"

"ဟုတ်တယ်၊ ဒီနေ့ နင်ပြန်မလာရင် ငါတို့ လိုက်ခေါ်မလို့"

အားလုံးသော လူကြီးသူမများက လိုက်လာပြီး သူတို့နှစ်ဦးအား သဘောတူကြောင်း၊ မင်္ဂလာဆောင်ပေးမည်ဟု ပြောကြားခဲ့သည်။ ထို့နောက် ဆွန်ကျဲလည်း အိမ်သို့ပြန်လာပြီး ဖခင်ကြီး၊ မိခင်ကြီးနှင့် အစ်ကိုအား ရှိခိုးကာ ဝန်ချတောင်းပန်ပြီး တောတွင်း၌ ဖြစ်ပျက်သမျှအလုံးစုံကို ပြောကြားကာ ရွှေဒင်္ဂါးအပြည့်ပါသည့်ရွှေအိုးကို ဖခင်ကြီးထံသို့ အပ်နှံလိုက်သည်။

ထိုအခါ ဖခင်ကြီးက ရယ်လျက်-

"ဒီရွှေအိုးက ငါတို့တွေအတွက် မဟုတ်ဘူး။ မင်းနဲ့မိုင်နု မင်္ဂလာဆောင်အတွက် ကမ်းယောင်းအဘွားအိုက လက်ဖွဲ့လိုက်တဲ့ရွှေအိုးပဲ"

"ကပါးက ဘယ်လိုပြောလိုက်တာလဲ"

"ဟုတ်တယ်လေ၊ မင်းရဲ့ ဖြူစင်တဲ့နှလုံးသားကို အဘွားက ဂုဏ်ပြုတဲ့အနေနဲ့ သူဖွက်ထားတဲ့ရွှေအိုးကို ပေးလိုက်တာနေမှာ။ ဒါကြောင့် ဒီရွှေအိုးကို မင်းပဲယူပါကွာ"

"မဟုတ်ပါဘူး၊ သားက သုံးစရာမှမရှိတာ။ ကပါးတို့၊ ကနူးတို့ပဲ ယူလိုက်ပါ"

"မင်းရဲ့ မင်္ဂလာဆောင်အတွက် ဝက်တွေဝယ်ရမယ်၊ အိမ်ဆောက်ရမယ်၊ ယာခင်းတွေ ဝယ်ရမယ်၊ မိန်းမတင်တောင်းရမယ်။ အဲဒီအတွက် ဒီရွှေအိုးဟာ မင်းရဲ့မင်္ဂလာကြေးပေါ့ကွာ"

"ကပါးနဲ့ကနူးရယ်၊ သားအပေါ်မှာထားတဲ့ မေတ္တာက ကြီးမားလှပါတယ်။ သားက ကပါးနဲ့ကနူး၊ အစ်ကိုတို့ကို ပြစ်မှားမိပါတယ်။ ကျေနပ်ဖို့ တောင်းပန်ပါတယ်"

"အေးကွာ- မသိလို့မှားတာဘဲ၊ ကပါးတို့ ကျေနပ်ပါတယ်"

နောက်တစ်လအကြာတွင် ဆွန်ကျဲနှင့် မိုင်နုတို့၏မင်္ဂလာပွဲမှာ တစ်ရွာလုံး ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပါသည်။ ဤသို့ ထူးဆန်းစွာရရှိခဲ့သောမင်္ဂလာကြေးကြောင့် ယုံယုံလည်း အသက်ချမ်းသာရာရပြီး ဆွန်ကျဲတို့၊ မိုင်နုတို့ နှစ်ဦးလုံး အပြုံးကိုယ်စီဖြင့် ဘဝတစ်လျှောက်လုံးအတွက် ထာဝရ လက်တွဲဖော်ဖြစ်ခဲ့ပါတော့သည်။

ဒီဒီဆွေ



www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်း အုပ်ချုပ်နေခဲ့သည့် အထက်မြန်မာနိုင်ငံနှင့် ကုန်းဘောင်မင်းဆက်ခေတ်တွင် မြန်မာနိုင်ငံအောက်ပိုင်းအား ကျူးကျော်သိမ်းပိုက်ခဲ့သည့် ဗြိတိသျှတို့က ရန်ကုန်မှ (၁၆၆) မိုင်ကွာဝေးသော တောင်ငူမြို့သို့ မီးရထားလမ်း ဖောက်လုပ်ခဲ့ပါသည်။ ခရစ်နှစ် ၁၈၇၄ ခုတွင် ဗြိတိသျှကုမ္ပဏီတစ်ခုဖြစ်သည့် ဘားမားကုမ္ပဏီလီမိတက်သည် ရန်ကုန်မှ တောင်ငူသို့ ရထားလမ်းဖောက်လုပ်ရန် အဆိုပြုခဲ့ပါသည်။ ယင်းသို့ အဆိုပြုရာ၌ သုံးမျိုးသုံးစား အဆိုပြုခဲ့ပါ၏။ မီးရထားလမ်းအတွက် လည်းကောင်း၊ ဘူတာရုံများနှင့် အခြားမီးရထားဆိုင်ရာ အဆောက်အအုံများ စသည်တို့အတွက် လည်းကောင်း လိုအပ်သော မြေများကို ဗြိတိသျှအစိုးရမှ အခွန်ကင်းလွတ်ခွင့်ပြုရန်နှင့် တောင်ငူသို့ ရထားလမ်းဖောက်လုပ်ထားသော နိုင်ငံပိုင် လမ်းပေါ်ရှိ တံတားများ၊ (စကားချပ်- ထိုအချိန်က ရန်ကုန်မှ တောင်ငူသို့ ရထားသွားလာရန် မြေဖို့လမ်းမှာ ဖောက်လုပ်ပြီးစီးနေပြီဖြစ်ပါ၏။)ကို မီးရထားကိစ္စများအလို့ငှာ အခမဲ့အသုံးပြုခွင့်ပေးရန် ဟူသော အချက်နှစ်ချက်လည်း ပါဝင်ခဲ့ပါ၏။

ထိုအချိန်၌ အိန္ဒိယအစိုးရသည် မီးရထားများကို အစိုးရမှ တိုက်ရိုက်ဦးစီးလုပ်ကိုင်ရန် များစွာစိတ်ဝင်စားနေ၍ ထိုအဆိုပြုချက်များကို ပယ်ချခဲ့ပြီး ရန်ကုန် - တောင်ငူရထားလမ်းကို ရန်ကုန်- ပြည်ရထားလမ်းနည်းတူ အစိုးရမှ တိုက်ရိုက်ဦးစီး၍ ဖောက်လုပ်ရန် ခရစ်နှစ် ၁၈၈၁ ခုနှစ်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။ ရန်ကုန်-တောင်ငူရထားလမ်းကို လက်တွေ့ဖောက်လုပ်ရာတွင် ရန်ကုန်-ပြည်ရထားလမ်းနည်းတူ (၁၁၇) မိုင်အရှည်ရှိသော တစ်ပိုင်းတစ်စ ပြီးစီးနေသည့် ပဲခူး-တောင်ငူရထားလမ်းမြေပေါ်တွင် ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပါ၏။ ရထားလမ်း ဖောက်လုပ်ရာတွင်လည်း အဆင့်နှစ်ဆင့်ခွဲ၍ ဖောက်လုပ်ခဲ့ပါ၏။

ပထမအဆင့်မှာ ရန်ကုန်မှ (၉၃) မိုင် ကွာဝေးသော ညောင်လေးပင်သို့ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ခရစ်နှစ် ၁၈၈၄ ခု၊ ဖေဖော်ဝါရီလ၄ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ဒုတိယအဆင့်မှာ ညောင်လေးပင်မှ (၇၃)မိုင်ကွာဝေးသည့် တောင်ငူသို့ ဆက်လက် ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းလမ်းကို ခရစ်နှစ် ၁၈၈၅ ခု၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သဖြင့် ထိုနေ့တွင် ရန်ကုန်မှ (၁၆၆) မိုင်ကွာဝေးသည့် တောင်ငူသို့ မီးရထား တောက်လျှောက် ခုတ်မောင်းနိုင်ခဲ့ပါသည်။

ရန်ကုန်-တောင်ငူမီးရထားလမ်းကို ဖွင့်လှစ်ပေးခဲ့သည့် ခရစ်နှစ် ၁၈၈၅ ခုနှစ်ကုန်ဆုံးချိန်၌ ထိုရထားလမ်း၏စုစုပေါင်း ကုန်ကျငွေမှာလည်း အိန္ဒိယရူပီးငွေကျပ် (၁၃) သန်း ဖြစ်ပါ၏။ ၎င်းမှာ ရထားလမ်းပြေးဆွဲခုတ်မောင်းနေသော မိုင်တစ်မိုင်လျှင် ရူပီးငွေကျပ် (၇၉၇၂၈) ဖြစ်ပါသည်။ ဤသို့အားဖြင့် ရန်ကုန်-တောင်ငူရထားလမ်းဖွင့်လှစ်ခဲ့သည့် ခရစ်နှစ် ၁၈၈၅ ခုနှစ် ဗြိတိသျှတို့ အုပ်ချုပ်ခဲ့သော မြန်မာနိုင်ငံအောက်ပိုင်းတွင် စုစုပေါင်း မီးရထားခုတ်မောင်းနေသည့် မီးရထားလမ်းအရှည်မှာ (၃၃၃) မိုင် ဖြစ်ပါသည်။

ခရစ်နှစ် ၁၈၈၂ ခုနှစ်အတွင်း ဗြိတိသျှတို့အုပ်ချုပ်ခဲ့သော မြန်မာနိုင်ငံရှိ မီးရထားလုပ်ငန်းအားလုံးကို ဗြိတိသျှအစိုးရထံမှ လွှဲပြောင်းရယူခဲ့ပြီး ပုဂ္ဂလိကဦးစီးမှုအုပ်ချုပ်မှုလက်အောက်တွင် လုပ်ကိုင်ရန် တင်ပြချက်တစ်ရပ်ကို 'စတီးဘရားသား' (Steel Brother and company) နှင့်ဂျိမ်းဖင်လေးအင်ကုမ္ပဏီနှစ်ခုတို့ကို အဆိုပြုခဲ့ပါ၏။

ခရစ်နှစ် ၁၈၈၂ခုနှစ်၊ ဇန်နဝါရီလတွင် ထိုကုမ္ပဏီနှစ်ခုတို့က မြန်မာနိုင်ငံဆိုင်ရာ မဟာဝန်ရှင်တော်မင်းကြီးထံသို့ စာရေး၍ အရောင်းအဝယ်ပြုလုပ်သည့်နေ့တွင်ရှိနေမည့် ရင်းနှီးကုန်ကျငွေ စုစုပေါင်းဖြင့် မီးရထားဌာနကိုရောင်းပါမည်လားဟု မေးမြန်းစုံစမ်းခဲ့ခြင်းကိုလည်း [illegible]



ရန်ကုန်-တောင်ငူ မီးရထားလမ်း ဖောက်လုပ်ခဲ့စဉ်က

တင်ထွန်း(စက်မှု ၂)ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်ခဲ့ပါသည်။ ၎င်းတို့ တင်ပြအဆိုပြုချက်၌ အကယ်၍ ဗြိတိသျှအစိုးရမှ မီးရထားလုပ်ငန်းများကို ရောင်းချရန် သဘောတူညီခဲ့လျှင် အရောင်းအဝယ်ပြုလုပ်ခဲ့သည့်နေ့မှ (၆) လအတွင်း ရှုံးပီးငွေကျပ် (၅) သန်းကို ဗြိတိသျှအစိုးရသို့ ၎င်းတို့က ပေးချေမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ မီးရထားလုပ်ငန်းကို လွှဲပြောင်းပေးသည့် ပထမနှစ်ကုန်ဆုံးချိန်၌ ကျန်ငွေများအပေါ်တွင်လည်း တစ်နှစ်လျှင် (၄) ရာခိုင်နှုန်းအတိုးဖြင့် ပေးချေသွားမည်ဖြစ်ကြောင်းလည်း ပါရှိခဲ့ပါသည်။


ထို့ပြင် မီးရထားလမ်းများ ဆက်လက်ဖောက်လုပ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရမှ အမိကခွင့်ပြုရန် အောက်ပါ အချက်ကြီးသုံးချက်ကိုလည်း တောင်းဆိုခဲ့ပါသည်။

၁။ ဖောက်လုပ်မည့် မီးရထားလမ်း၏ တစ်ဖက်တစ်ချက်ရှိ ဖုံးမြေများကို အနှစ် (၃၀) အခွန်ကင်းလွတ်ခွင့်ပြုရန်။

၂။ မီးရထားလမ်းလုပ်ငန်းများအတွက် အသုံးပြုရန် သင့်တင့်လျောက်ပတ်စွာလိုအပ်သောမြေများအားလုံးကိုလည်း အခမဲ့ အသုံးပြုခွင့်ပေးရန်။

၃။ မီးရထားလုပ်ငန်းများအတွက် ကုမ္ပဏီသို့ အသုံးပြုခွင့်ပေးထားသည့် မြေများတွင် တာဖို့ခြင်း၊ ရေမြောင်းများဖောက်လုပ်ခြင်းကိစ္စအစုစုတို့ကို ဗြိတိသျှအစိုးရမှ မီးရထားလမ်းကို မိမိတို့ကိုယ်ပိုင် ရင်းနှီးဖောက်လုပ်နေဘိသကဲ့သို့ သဘောထားရန်။

ဗြိတိသျှအစိုးရနှင့် အထက်ပါ ကုမ္ပဏီကြီးတို့ စေ့စပ်နေကြခြင်းကို ရန်ကုန်မြို့ ဆန်စက်ပိုင်ရှင်များက ကြားသိသွားကြသည့်အခါတွင် ဝိုင်းဝန်းကန့်ကွက်







www.burmeseclassic.com

www.burmeseclassic.com

ကြလေတော့သည်။ ဗြိတိသျှအစိုးရမှ ဤသို့ မီးရထားသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီကြီးများ အား လုပ်ကိုင်ခွင့်ပြုလိုက်လျှင် မီးရထား၏ သယ်ယူပို့ဆောင်နိုင်သည့် စွမ်းအားကြီးတစ်ခုလုံးကို ပုဂ္ဂလိကကုမ္ပဏီများ လက်သို့ ဝကွက်အပ်ထားလိုက်ခြင်းပင် ဖြစ်သဖြင့် ၎င်းတို့လုပ်ငန်းများ အထူးသဖြင့် ဆန်စပါးလုပ်ငန်းများကို မီးရထားပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီများမှ ချုပ်ကိုင်ခြယ်လှယ်ကြလိမ့်မည်ဖြစ်ကြောင်းကိုလည်း ကန့်ကွက်သူတို့က အကြောင်းပြု ပြောကြားခဲ့ပါသည်။ ထိုအခါ အထက်ပါကိစ္စတို့ကို ဆက်လက် ဆောင်ရွက်ခြင်းမရှိတော့ဘဲ ဆိုင်းငံ့ထားလိုက်ပါတော့သည်။

တစ်ဖန် ခရစ်နှစ် ၁၈၉၅ ခုနှစ်၊ အောက်တိုဘာလတွင် လန်ဒန်မှ မတ်ဆာရှော့ချိုင်းအင်(န်)ဆန်းလုပ်ငန်းရှင်များသည် မန္တလေး - ကွမ်းလုံး မီးရထားလမ်းကို ဖောက်လုပ်ရန်အတွက် အိန္ဒိယအစိုးရထံသို့ ချဉ်းကပ်ပြန်သည်။ အဆိုပါလုပ်ငန်းရှင်ကြီးများသည် -

၁။ မီးရထားလမ်း ဖောက်လုပ်ရာတွင် အသုံးပြုမည့် ရင်းနှီးရှယ်ယာငွေ ပေါင် (၂)သန်းဖြင့် လန်ဒန်တွင် ကုမ္ပဏီတစ်ခု တည်ထောင်ပြီး မီးရထားလမ်းကို ဗြိတိသျှအစိုးရအေဂျင်စီမှ ဦးစီးသည်ဖြစ်စေ သို့မဟုတ် ၎င်းတို့ ကုမ္ပဏီမှ ဦးစီး၍ဖြစ်စေ တည်ထောင်ရန်။

၂။ ဖောက်လုပ် ပြီးစီးသွားပြီးနောက် မီးရထားလမ်းကို ကုမ္ပဏီ၏ ကိုယ်စား ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရန်။

၃။ လိုအပ်သောရထားစက်ခေါင်းနှင့်တွဲများကို စီစဉ်ပြုလုပ်ရန်နှင့် ရထားခုတ်မောင်းပြေးဆွဲရေးလုပ်ငန်းကိုလည်း ကုမ္ပဏီကိုယ်စားလုပ်ကိုင်နိုင်ရန် ဗြိတိသျှအစိုးရက လွှဲအပ်သည်။

၄။ ကုမ္ပဏီမှ အပြန်အလှန်သဘောဖြင့် စုစုပေါင်းရရှိငွေ၏တစ်ဝက်ကို ရယူနိုင်ရန်။ အကယ်၍ တစ်စုံတစ်ခုသောနှစ်တွင် စုစုပေါင်းဝင်ငွေ၏ တစ်ဝက်သည် ရင်းနှီးငွေအပေါ်တွင် (၃)ရာခိုင်နှုန်းအတိုးကို လိုက်မမှီခြင်းမရှိလျှင် ဗြိတိသျှအစိုးရမှ လိုအပ်ငွေကို ဖြည့်ဆည်းပေးရန်။

၅။ အကယ်၍ ကုမ္ပဏီမှ ရရှိရန်ဖြစ်သည့် ဝင်ငွေစုစုပေါင်း၏ တစ်ဝက်သည် ရင်းနှီးမြှုပ်နှံငွေ၏အပေါ်၌ (၃) ရာခိုင်နှုန်းထက်ပိုနေလျှင် ထိုပိုလျှံငွေကို ဗြိတိသျှအစိုးရနှင့် ကုမ္ပဏီတို့က ခွဲဝေလျက် ဗြိတိသျှအစိုးရထံမှ လေးပုံသုံးပုံကို ရယူ၍ ကုမ္ပဏီမှ လေးပုံတစ်ပုံကို ရယူရန်။

၆။ (၂၅) နှစ် ကြာပြီးနောက်ပိုင်းတွင် (၁၂) လ Notice ပေး၍ ဗြိတိသျှအစိုးရသည် ကုမ္ပဏီများထံမှ မီးရထားလုပ်ငန်းများအားလုံးကို ဝယ်ယူနိုင်ခွင့်ရှိသည် စသည့် အချက်များ ပါရှိသည့်အဆိုပြုချက်တစ်ရပ်ကိုလည်း တင်ပြကြပြန်သည်။

ထိုတင်ပြချက်ကို အိန္ဒိယအစိုးရမှ မိမိတို့ ငွေရင်းစိုက်ထုတ်သည့် ကုမ္ပဏီထက် လုပ်ငန်းကို တိုက်ရိုက်ဦးစီးကွပ်ကဲ၍ လုပ်ကိုင်မည့် ကုမ္ပဏီများကိုသာ အလိုရှိကြောင်းဖြင့် အကြောင်းပြန်ကြားခဲ့ပါသည်။ မည်သို့ပင်ရှိစေ နောက်ပိုင်းတွင် စေ့စပ်မှုများကို ပြုလုပ်ကြလျက် ခရစ်နှစ် ၁၈၉၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ချုပ်ဆိုလိုက်ကြသည့် ကန်ထရိုက်စာချုပ်အရ ခရစ်နှစ် ၁၈၉၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ မီးရထားလုပ်ငန်းတစ်ခုလုံးကို မြန်မာနိုင်ငံမီးရထားကုမ္ပဏီသို့ ငှားလိုက်လေတော့သည်။ သို့သော်လည်း ရထားပြေးဆွဲနေသည့်လမ်းများတွင်မူ ၁၈၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် နေ့အထိ ဗြိတိသျှအစိုးရမှပင် ကုမ္ပဏီ၏ကိုယ်စား လုပ်ကိုင်ပေးခဲ့ရပါသည်။

တင်ထွန်း (စက်မှု-၂) ငြိမ်း

# လေဖြတ်ထားသူ
# လေထပ်မဖြတ်စေသည့်ဆေးနည်း

လွန်ခဲ့သော ငါးလခန့်က စာရေးသူ ခေါင်းလျှော်၍ လေပန်ကာခံကာ တစ်ရေးအိပ်လိုက်ရာ အိပ်ရာမှနိုးသောအခါ အအေးပတ်၍ ပါးတစ်ခြမ်း လေဖြန်းလျက် ရွဲ့စောင်းသွားပါသည်။ အမှန်က သွေးပေါင်တက်နေတာကို မသိဘဲ တညင်းသီးနှင့် ကြက်သား၊ မုန့်ဟင်းခါး စားတာလည်း ပါပါလိမ့်မည်။ သိလျှင်သိချင်း ဆရာနှင့်ပြ၍ လျှာကိုဆွဲခြင်း၊ ဆေးများနှင့်လိမ်းခြင်း၊ လေ့ကျင့်ခန်းများ လုပ်ခြင်းတို့ကြောင့် တစ်ပတ်ခန့်အကြာတွင် ပါးပြန့်တည့်သွားပြီးလျှင် တစ်လခန့် ပါးစပ်လေ့ကျင့်ခန်းကို ဆက်လုပ်နေရပါသည်။ ဒါပေမယ့် အစားအသောက်ကိုရှောင်ရပြီး တက်စာများ၊ လက်လုပ်ချဉ်များကို မစားရပါ။ သွေးပေါင်မှန်မှန်ချိန်နေရပါသည်။ သွေးပေါင်ကျဆေးလည်းမှန်မှန်သောက်ရသည်။ တစ်သက်တာလေမဖြတ်ရအောင်ဆိုပြီး လပြည့် (၃) ခါတွင် ဘဲဥ (၃) လုံး သကြားနှင့်လည်း စားခဲ့ရပါသည်။ (တစ်လတစ်ခါ လပြည့်နေ့တိုင်း ဘဲဥတစ်လုံးကို သကြားနဲ့စား။ သုံးလပြည့်အောင် စားတာကို ပြောတာပါ။)

တစ်နေ့တွင် ဇာတိမြို့ကိုပြန်ရင်း အဘဦးတင်လှအား သွားရောက် ကန်တော့ရာ အဘမှ-

"ငါ့တူ၊ မင်းလေဖြတ်ထားတယ် သတင်းကြားတယ်။ အဲဒါ မင်းအတွက် စိတ်ပူလို့ တစ်သက်တာ လေမဖြတ်တဲ့နည်း ငါပေးမယ်။ ငါ အသက် (၇၀) ကျော်ပြီ။ လေနဲ့တစ်ခါမှမတွေ့သေးဘူး။ ဆေးနည်းကတော့ အထင်သေးလို့မရဘူး။ သေသေချာချာ ဂရုစိုက်ပြီး (၃)ခါ လောက်လုပ်ကြည့်ပေါ့ကွာ"

ဟု ပြောပြီး ဆေးနည်းပေးခဲ့ပါလေသည်။

အဘ ဦးတင်လှပေးသော ဆေးနည်းမှာ သံပရာသီးတစ်လုံးကိုယူ၍ စားပွဲတွင်လှိမ့်ပါ။ ထို့နောက် သံပရာသီးကို ဓားဖြင့် ထက်ခြမ်းလှီးပါ။ လှီးပြီးလျှင် ဖန်ခွက်သန့်သန့်ထဲသို့ သံပရာသီးကို ညှစ်ချပါ။ မသောက်ရသေးပါ။ သံပရာခွံကျန်သည်အထိ ညှစ်ပါ။ ညှစ်ပြီးတာ သံပရာခွံအခွက်ကလေးထဲသို့ ဖန်ခွက်ထဲမှ သံပရာသီးညှစ်ထားသည့် အရည်ကို ပြန်ထည့်ပြီးမှ ကုန်စင်အောင် သောက်ပါ။ တစ်ပတ်တွင် (၃) ကြိမ်ခန့် ဤနည်းအတိုင်းပြုလုပ်ပြီး သောက်ပါက လေဖြတ်သူများ ထပ်မဖြတ်ပါ။ စာရေးသူ ဤနည်းအတိုင်း ကျင့်သုံးခဲ့ပါသည်။ ယုံကြည်စွာသုံးပါရန် မေတ္တာနှင့် ရေးသားတင်ပြလိုက်ရပါသည်။

လေဖြတ်သူချင်း မေတ္တာထား၍ ကိုယ်ချင်းစာစိတ်ဖြင့် ရှာဖွေရေးသားပြခြင်းဖြစ်ပြီး လေမဖြတ်လည်း ကြိုတင်ကာကွယ်ရန် သောက်သုံးထားခြင်းဖြင့် လေဖြတ်ခြင်းမှ ကာကွယ်ပေးပါသည်။

ကျော်ဇင်မြ



www.burmeseclassic.com


www.burmeseclassic.com

# ချစ်ခြင်းတရားနှင့်လက္ခဏာ

အပိုင်း (၃)

**လက်ဝါးပြင်ကဖော်ပြသော နှလုံးသားရေးရာ (သို့) အချစ်ရေးဆိုင်ရာကိစ္စများ**

နှလုံးလမ်းကြောင်းသည် အချစ်ရေးဆိုင်ရာကိစ္စအတွက် အဓိက ကိုယ်စားပြုထားသော လမ်းကြောင်း ဖြစ်၏။ အခြားသော အမှတ်လက္ခဏာနှင့် လမ်းကြောင်းများအနေဖြင့် ဆက်ဆံရေး၌ ရည်မှန်းယဉ်ကျေးအောင် ပျိုးထောင်ပေးသည့်သဘော၊ သဘောပေါက် လက်ခံရယ်သည့်သဘောဖြင့် အချစ်ရေးကို ကိုယ်စားပြုထားသည်။ အချစ်ရေးနှင့် ပတ်သက်၍ မွေးရာပါ ဆွဲဆောင်နိုင်မှုအား မည်သို့ရှိသည်ကို အောက်ပါလက္ခဏာများက ကိုယ်စားပြု ဖော်ပြနေပါသည်။



လက်ဝါးပြင်ရှိ အမှတ်စဉ် ကိန်းဂဏန်းတစ်ခုချင်းစီအလိုက် ကိုယ်စားပြုအဓိပ္ပာယ်များ ပါရှိသည်။


၁။ ဆက်စပ်-ပူးပေါင်းခြင်းသဘော ညွှန်ပြသည့်လမ်းကြောင်း
၂။ သောကြာဂြိုဟ်ခုံပေါ်ရှိ သံစကာကွက်များ
၃။ အင်္ဂါဂြိုဟ်အကူလမ်းကြောင်း
၄။ ကြာသပတေးဂြိုဟ်ခုံပေါ်မှ ကြက်ခြေခတ်
၅။ နှလုံးလမ်းကြောင်းပေါ်မှ သာမညလမ်းကြောင်းခွဲများ
၆။ သောကြာခါးပတ်
၇။ လက်သူကြွယ်၏ အလယ်လက်ဆစ်ရိုးမှဒေါင်လိုက်မျဉ်းကြောင်းများ
၈။ သင့်မြတ်ခြင်း၊ သဟဇာတ ဖြစ်စေခြင်း၊ ပေါင်းစပ်ခြင်းသဘောပြ 'Union Line'
၉။ Poorva Punya

**စိတ်ကိုညှို့ဓာတ်သဘာဝပါရှိခြင်း**

လူတိုင်း၏ လက်ဝါးပြင်၌ အဖိုသဘောနှင့် အမသဘော လက္ခဏာနှစ်မျိုးအပြင် အကြောင်းအကျိုးနှင့် စိတ်ခံစားမှု၊ ဝိညာဉ်စိတ်နှင့် သိစိတ်တို့ကပါဝင် ကိုယ်စားပြုထားပြီး ဖြစ်သည်။ ပြောဆို ဆက်ဆံရေး အဆင်ပြေ တိုးတက်မှုအတွက် အောင်မြင်စွာ ဆက်လက် ထိန်းထားနိုင်ရန် ဆန့်ကျင်ဘက်သဘောတရားနှစ်ခုအား ညီညွတ်မျှတစွာ ထိန်းချုပ်ပေးရန် လိုပါသည်။ စကြဝဠာ၏ အစနှင့်ပတ်သက်သည့် သီအိုရီများအရ ဆန့်ကျင်ဘက် အားနှစ်ရပ်ဖြစ်သော ဆွဲဆောင်ခြင်းနှင့် တွန်းကန်ခြင်း အပြုသဘောတို့နှင့် လွတ်ကင်းသော (သက်ရှိ သက်မဲ့) အရာ ဟူ၍ လုံးဝ မရှိတတ်ပေ။ ထိုသဘောတရားအား 'Yin' (ယင်) နှင့် 'Yang' (ယန်) အမှတ်သင်္ကေတဖြင့် အများဆုံး ဖော်ပြလေ့ ရှိပါသည်။

**စကြဝဠာ၏အလယ်ဗဟိုနေရာ**

စကြဝဠာ၏ အလယ်ဗဟိုနေရာသည် တွန်းကန်ခြင်းနှင့် ဆွဲငင်ခြင်းတစ်ခုခုအပေါ် ဘက်မလိုက်ဘဲ ကြားနေဇုန်အဖြစ် ရပ်တည်နေသောနေရာ ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

ဟိန္ဒူဘာသာအရ 'Vishnunabhi' ဟု သတ်မှတ်ထားသည်။ အထက်ပါ ကြားနေဇုန်သည် ရုပ်လုံးထင်ရှားစွာမပြနိုင်သော်လည်း ဖန်တီးနိုင်စွမ်းအားရှိခြင်းကြောင့် ရုပ်ခန္ဓာများအဖြစ် ရုပ်လုံးပေါ်လာသည်အထိ ဖွဲ့စည်းပေးပါသည်။ ယင်းကို ဒွန်တွဲနေသော အားနှစ်ရပ် 'Shiva' နှင့် 'Shakti' အဖြစ် သတ်မှတ်ပါသည်။ သဘာဝ၏ဖြစ်တည်မှုဆိုင်ရာ ရုပ်လွန် ပညာရှုထောင့်အရ စကြဝဠာတစ်ခုလုံးသည် နေနှင့်လ (သို့) 'Shiva' နှင့် 'Shakti' တို့၏ အပြန်အလှန် ဆန့်ကျင်ဆွဲငင်နေသည့် (သို့) ကြီးမားသောညို့ဓာတ်များရှိနေသည့် နေရာတစ်ခုပင်ဖြစ်သည်။ လူသားတို့ ရှင်သန်ရပ်တည်နေသည့် နေစကြဝဠာအတွင်း သေးငယ်သော (မြူမှုန်အရွယ်) အရာဝတ္ထုပင်ဖြစ်စေ၊ အဖိုနှင့်အမ အပြန်အလှန် ဆွဲဆောင်နေသည့် သံလိုက်သဘောတရားများနှင့် ကင်းလွတ်သည် ဟူ၍ မရှိတတ်ပေ။ ထိုသို့ အပြန်အလှန် ဆွဲဆောင်မှုကိုယ်စားပြုသည့် ပိုးစွန်းနှစ်ခု၏ ကြားနေရာအား (ကြားနေဇုန်) အဖြစ် တွေ့ရှိရသည်။ အဖို၊ အမ ဟူ၍ ဆန့်ကျင်ဘက် ပိုးစွန်းနှစ်ခုပါသော သံလိုက်အား တစ်ဝက်စီဖြစ်အောင် အကြိမ်ကြိမ် (သေးငယ်သွားသည်ထိ) ပိုင်းဖြတ်ထားသော်လည်း အဖို၊ အမ အပြန်အလှန် ဆွဲငင်သည့် ပိုးစွန်းနှစ်ခုနှင့် ၎င်းတို့၏ကြားနေဇုန် ပျောက်ပျက်သွားသည် ဟူ၍လည်း မရှိတတ်ပေ။ ထို့ကြောင့် စကြဝဠာအတွင်း အရာရာတိုင်း (ကြီး၊ ငယ်မဟူ) ၏ အလယ်ဗဟိုကျသောနေရာ (ကြားနေဇုန်) တိုင်းအား 'Vishnunabhi' က ကိုယ်စားပြုနေပါမည်။

နေကိုယ်စားပြု 'Shiva' (ဖို-စွန်း) နှင့် လကိုယ်စားပြု 'Shakti' (မ-စွန်း) တို့အား ပေါင်းပေးခြင်းဖြင့် ကြားနေဇုန် (Vishnunabhi) သို့ ရောက်ရှိရန် ပိုမိုနီးကပ်လာစေခြင်းကြောင့် လူသားတို့၏ ရှင်သန်ရပ်တည်မှုပုံစံလည်း အစွန်းနှစ်ခု၏ ထိန်းချုပ်မှုမှ လွတ်ကင်းသွားပါမည်။

**Shiva (နေ) နှင့် Shakti (လ) တို့၏ အခြေခံသဘောတရား**

ဂြိုဟ်ခုံများ၏ဖွဲ့စည်းပုံသည် စိတ်ပိုင်းဆိုင်ရာ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များအား ညွှန်ပြပြီး ၎င်းဂြိုဟ်ခုံတစ်ခုချင်းစီက သီးခြားဂုဏ်ဒြပ်တစ်ခုစီ ပိုင်



**Luna, the Moon goddess, signifies our desires, emotions and sense impressions.**

ဆိုင်ထားကြသည်။ ဖွံ့ဖြိုးမှုအားကောင်းသော ဂြိုဟ်ခုံအံနေဖြင့် အားမာန်ပါသည့်သဘော၊ ခိုင်မာသည့်သဘောများကို ရည်ညွှန်းသည်။ အကယ်၍ Shiva (အဖိုဓာတ်) နေ အားကောင်းလွန်းပါက စွမ်းအင်မျှတမှုရှိစေရန် Shakti (အမဓာတ်) လ ရရှိရန် လိုပါသည်။ Shiva (အဖိုဓာတ်) နေသည် သန်မာခြင်း၊ ခွန်အားကြီးခြင်း၊ အရှိန်အဟုန်ပြင်းခြင်း၊ လန်းဆန်းတက်ကြွခြင်း၊ အားမာန်ပါခြင်းသဘောကို ကိုယ်စားပြုပြီး Shakti (အမဓာတ်) လသည် ပြုသမျှနုရသည့်သဘော၊ မတုန်လှုပ် (ငြိမ်သက်သည့်) သဘော၊ တက်ကြွလန်းဆန်းမှုမရှိသည့်သဘော ကိုယ်စားပြုသည်။ လက္ခဏာရှင်အနေဖြင့် ကိုယ်စိတ်နှစ်ပါး တည်ငြိမ်ခြင်း (သို့) စွမ်းအင်များ ဟန်ချက်ညီနေစေရန် Shiva နှင့် Shakti တို့ ပါဝင်မှုမျှတနေစေရန်သာ အရေးကြီးပါသည်။

အကယ်၍ အထက်ပါအတိုင်း ဟန်ချက်ညီမှုမရှိပါက လက္ခဏာရှင်အတွက် ဝိညာဉ် (လိပ်ပြာ) (သို့) ဝိညာဉ်စိတ်ဆိုင်ရာ အမှတ်လက္ခဏာများ ပါဝင်ပတ်သက်မှု ဓမ္မဓိဋ္ဌာန်မကျဘဲ ရှိနေပါမည်။ လူ့ဘဝသက်တမ်းတစ်လျှောက်လုံးသည် Shiva နှင့် Shakti အစွန်းနှစ်ပါးမှ လွတ်မြောက်သော ကြားနေဇုန်အတွင်းမှ ဖြတ်သန်းနေရခြင်းကြောင့် Shiva နှင့် Shakti အစွန်းနှစ်ခုတို့ ပေါင်းစပ်၍ တစ်ခုတည်းသော အလယ်မှတ် (ကြားနေဇုန်) အတွင်း ရပ်တည်နေထိုင်သွားနိုင်ရန် အရေးကြီးပါသည်။

**နေနှင့်လ**

နေသည် နေစကြဝဠာ၏အလယ်ဗဟိုနေရာတွင်ရှိပြီး ၎င်း၏ညို့ယူဆွဲငင်အားဖြင့် အခြားဂြိုဟ်များအား ဂြိုဟ်ပတ်လမ်းကြောင်းများအတိုင်း (အဝေးသို့ လွင့်စဉ်ထွက်သွားခြင်း မရှိစေရန်) ဆက်လက်ထိန်းချုပ်ပေးထားသည်။ လသည် နေမှစွမ်းအင်များကို ဆွဲငင်စုပ်ယူပြီး (ညအချိန်) ပြန်လည်ထုတ်ပေးတတ်သည်။ ဟိန္ဒူနက္ခတ်ဗေဒင်ပညာအရ နေကို ဘုရင်အဖြစ် တင်စားသမုတ်ပြီး လကို မိဖုရား (ဘုရင်မ) အဖြစ် သတ်မှတ်ထားသည်။ လက္ခဏာပညာ၌ နေရော လပါ အချစ်ရေးကိစ္စနှင့် ပတ်သက်၍ အခြေခံကျကျ ကိုယ်စားပြုထားသည်။

လက်ဝါးပြင်အား(လက္ခဏာပညာ အရ) စကြဝဠာအသေးစားအဖြစ် သတ်မှတ် လေ့လာ အဖြေရှာရခြင်းကြောင့် ဂြိုဟ်များ၏သဘာသဘာဝအား ဂြိုဟ်ခုံ များဖြင့် ကိုယ်စားပြု ဖော်ပြရခြင်း ဖြစ် ပါသည်။ ထိုအခါ လက်ဝါးပြင်ပေါ်ရှိ တနင်္ဂနွေဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ က ချစ်ခြင်းမေတ္တာရေးနှင့်ပတ်သက်၍ ရယူခြင်းနှင့် ပေးဆပ်ခြင်းသဘောများ ကို ဆက်လက် ကိုယ်စားပြုပေးပါသည်။ (တနင်္ဂနွေ=နေ=ပေးဆပ်ခြင်း၊ တနင်္လာ= လ=လက်ခံရယူခြင်း)


ဟိန္ဒူဘာသာ အယူအဆအ[illegible] Shiva နှင့် Shakti ဟူသည့် ဆန့်ကျ[illegible] ဘက်သဘောနှစ်ရပ်တို့ ညီညွတ်စေခြ[illegible] ဖြင့် ချစ်ခြင်းမေတ္တာ အကြောင်းအ[illegible] ဆက်စပ်ခံစားမှုကို ရစေပါသည်။ Shi[illegible] သည် ကျိုးကြောင်းဆင်ခြင်တတ်ခြင်း[illegible] ၏ အရှင်သခင်ဖြစ်ပြီး Shakti က စိ[illegible] ခံစားမှုတို့၏ နတ်ဘုရား (မ) ဖြစ်သည်[illegible]

လက္ခဏာပညာရပ်၌ နေသ[illegible] (Shiva) ဖန်တီးသူအဖြစ် လည်းကော[illegible] လသည် (Shakti) လက်ခံရယူသူအ[illegible] လည်းကောင်း ကိုယ်စားပြုသည်။ [illegible] အပြင် နေ (Shiva) သည် ဖခင်အ[illegible] လ (Shakti) သည် မိခင်အဖြစ် ရပ်တ[illegible] ပေးသည်။ တစ်ဖန် နေသည် အသ[illegible] ဝိညာဉ် (လိပ်ပြာ) နှင့် ပညာဉာဏ်[illegible] ခြင်း (သို့) ကြောင်းကျိုးဆင်ခြင်နိုင်စွ[illegible] ရှိခြင်း၊ ခွဲခြားသိမြင်နားလည်ခြင်း၊ တ[illegible] ကြွခြင်း၊ အသက်ပါခြင်း ဟူသ[illegible] သဘာဝများကို ပိုင်ဆိုင်ထားပြီး လ[illegible] နေဖြင့် ရုပ်ခန္ဓာနှင့် တွဲဖက်ရှင်သန်[illegible] သည့် သိစိတ် (သို့) အာရုံငါးပါးအ[illegible] ခံစားသိရှိနိုင်သောစိတ်ကို ပိုင်ဆိုင်[illegible] သည်။ လ၏ပင်ကိုသဘာဝ[illegible] အေးဆေး တည်ငြိမ်စွာဖြင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com




**Luna: the three levels of development. Ideally, the mount of Luna is two-thirds the size of Venus.**

က်ပဋိပက္ခများမှ ကင်းလွတ်နေမှသာ နေ၏အလင်းဓာတ်နှင့် အခြားစွမ်းအင်များ စတင် လက်ခံစုပ်ယူနိုင်မည် ဖြစ်သည်။ အကယ်၍ လက္ခဏာရှင်အနေဖြင့် နေနှင့်လတို့၏ စွမ်းအင်သက်ရောက်မှု အစွန်းမရောက်ခဲ့ပါက ပုဂ္ဂိုလ်ကောင်းသူ၊ ပုဂ္ဂလမိဋ္ဌာန်မကျသူ၊ ကြားနေသူ ဖြစ်လာပါမည်။ ဤနေရာ၌ လက္ခဏာရှင်သည် အရာရာနှင့် မပတ်သက်သူ ဂရုမစိုက်၊ တာဝန်မယူတတ်သူဟူ၍ အဓိပ္ပာယ်မသက်ရောက်ပါ။ လူတိုင်းအပေါ် မျှတစိတ်ဖြင့် မေတ္တာထားနိုင်သည့် သဘောသာ ရှိပါသည်။ တနင်္လာဂြိုဟ်ခုံ သဘာဝမျှတစွာရှိနေပါက နေ၏ ဦးဆောင်မှုအား လိုလိုလားလား လက်ခံနိုင်သူ ဖြစ်ပါသည်။

**Luna**

**(လ သို့မဟုတ် လက်ခံရယူသူ- လနတ်သမီး)**



**Carol's overdeveloped Luna indicates difficulty coping with day-to-day reality.**

တနင်္လာဂြိုဟ်ခုံ ကိုယ်စားပြု လ သို့မဟုတ် စိတ်ခံစားမှုတို့၏နတ်ဘုရားမ (လနတ်သမီး) သည် အလိုဆန္ဒများ၊ စိတ်ခံစားမှုများ၊ အာရုံငါးပါးအပေါ် ခံစားသိမြင်နိုင်မှုများအတွက် အဓိက ရပ်တည်ပေးသည်။ တနင်္လာဂြိုဟ်ခုံအနေဖြင့် သောကြာဂြိုဟ်ခုံ၏ သုံးပုံနှစ်ပုံနီးပါးရှိနေသင့်ပါသည်။ ဖွံ့ဖြိုးမှုနည်းသော (သို့) ဖွံ့ဖြိုးမှုလွန်ကဲနေသော တနင်္လာဂြိုဟ်ခုံသည် လက်တွေ့ဘဝ၌ အလွဲလွဲအချော်ချော် ဖြစ်တတ်သည်။ တနင်္လာဂြိုဟ်ခုံ ဖွံ့ဖြိုးမှုနည်းလွန်းပါက စိုးရိမ်သောကများခြင်း၊ လုံခြုံမှုမရှိသလို, စိတ်မချရသလို ခံစားနေရခြင်းဖြစ်တတ်ပြီး ဖွံ့ဖြိုးမှုလွန်ကဲပါက စိတ်နိုးကြွလွန်းခြင်း၊ စိတ်လှုပ်ရှားမှုလွယ်ကူခြင်း၊ စိတ်လိုက်မာန်ပါလုပ်တတ်ခြင်း၊ မိမိစိတ်ထဲရှိသည့်အတိုင်း ပြောဆိုပြုမူတတ်ခြင်း ရှိပါမည်။

**ဖွံ့ဖြိုးမှုလွန်ကဲနေသော တနင်္လာဂြိုဟ်ခုံ**

ဖွံ့ဖြိုးမှု လွန်ကဲသော တနင်္လာဂြိုဟ်ခုံသည် မိမိအရေးကိစ္စကိုသာ ရှေ့တန်းတင် စဉ်းစားတတ်ပြီး မိမိချစ်သူ (လက်တွဲဖော်) ၏ အလိုဆန္ဒအား ငဲ့ကွက်နားလည်ပေးခြင်း မရှိတတ်ပေ။ ထို့ကြောင့် လက်တွေ့ဘဝ အချစ်ရေးနယ်ပယ်၌ အခက်အခဲများစွာ ကြုံတွေ့ပြီး နားလည်မှုလွဲနိုင်ပါသည်။

အထက်ပါ နမူနာသုံးပုံအရ (ပထမဆုံးပုံအတိုင်း) တနင်္လာဂြိုဟ်ခုံ၏ အရွယ်သည် သောကြာဂြိုဟ်ခုံ၏ သုံးပုံနှစ်ပုံအရွယ်သာ ရှိသင့်ပါသည်။

**Carol ၏ စိတ်ကူးထဲကချစ်သူ**

Carol သည် အသက်(၂၀)ကျော်ခါစ မိန်းကလေးတစ်ဦးဖြစ်ပြီး သူမ၏ တနင်္လာဂြိုဟ်ခုံ ဖွံ့ဖြိုးမှုလွန်ကဲခြင်းကြောင့် စိတ်ကူးထဲ၌ ချစ်သူတစ်ဦး ဖန်တီးရန် လွယ်ကူနေသည်။ Carol သည် ညနေတိုင်း မိသားစုဝင်များနှင့် ထမင်းစားပွဲတွင် ဆုံတွေ့တိုင်း သူမ၏ချစ်သူအကြောင်း ပြောဆိုလေ့ရှိ၏။ သူမ၏ အစ်မဖြစ်သူက Carol အပေါ် (အချိန်ကြာလာသည်နှင့်အမျှ) သံသယဝင်လာခဲ့သည်။ မိသားစုဝင်များနှင့် သူမ၏ ချစ်သူအား မိတ်ဆက်ပေးခြင်း မရှိသေးသည်ကို အစ်မဖြစ်သူက သိလိုစိတ်ပြင်းပြနေခဲ့၏။ Carol ၏ တနင်္လာဂြိုဟ်ခုံ အားကောင်းခြင်းနှင့် ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံကောင်းခြင်းကြောင့် ဖန်တီးနိုင်မှုစွမ်းအားများအား လက်တွေ့ဘဝတွင် အသုံးချနိုင်ပါက စိတ်ကူးထဲကချစ်သူ အမှန်တကယ် ပေါ်ပေါက်ဆုံတွေ့လာနိုင်မည် ဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအားနည်းသော တနင်္လာဂြိုဟ်ခုံ**

တနင်္လာဂြိုဟ်ခုံသည် သောကြာဂြိုဟ်ခုံ၏ သုံးပုံ နှစ်ပုံအရွယ်ထက် ငယ်နေပါက အာရုံခံစားမှုများမှ အေးစက်စက်နိုင်သူ ဖြစ်နေပါမည်။ အဆိုပါ လက္ခဏာရှင်၏ တုံ့ပြန်ခံစားမှုများအရ စိတ်အားထက်သန်မှုနည်းသူ၊ ပျော်ရွှင်မှုနည်းပါးသူအဖြစ် တွေ့ရပါမည်။

ဆရာသိန်းသန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

## မှင်စာ

ကျွန်တော်တို့ မြန်မာတွေရဲ့ အစွဲထဲမှာ မှင်စာ ဆိုတာလည်း ပါတယ်။ သရဲ၊ တစ္ဆေ၊ မှင်စာ၊ ကျတ်၊ ဘီလူး၊ ဖုတ်စသည်ဖြင့်ပေါ့ဗျာ။ နာနာဘာဝလို့ခေါ်တဲ့ ပြိတ္တာတွေကို အမည်နာမအမျိုးမျိုးပေးထားကြတာပါပဲ။

တစ္ဆေ၊ သရဲ၊ မှင်စာ စတာတွေကို မင်းတို့ မျက်စိနဲ့မြင်ဖူးလားလို့ မေးရင် မြင်ဖူးသူ အနည်းငယ်ရှိပေမယ့် မမြင်ဘူးသူ ဆိုတာ အများစုပါ။ အများအပြောနဲ့ ရမ်းပြီး စိတ်မှန်းနဲ့ကြောက်နေကြခြင်းပါ။

မှင်စာ ဆိုတာ ကလေးအရွယ်သရဲလေးတွေလို့ အယူရှိကြတယ်။ ကျွန်တော်တော့ မမြင်ဖူးဘူး။ အခြားပရလောကသား အတော်များများကိုတော့ မြင်ဖူးပါတယ်။

သူတို့က ကလေးအရွယ်လေးတွေ ပြတတ်တယ်။ ကြောင်နက်လိုအကောင်မျိုးလည်း ပြတတ်တယ်။ ဖိုးသူတော် သူငယ်ပုံလေးလည်း ပြတတ်တယ်လို့ ကြားဖူးတယ်။

မွတ်တားဆိုတဲ့ ကျွန်တော် မောင်သီဟဟာ ငယ်ငယ်ကတည်းက အဖေဦးစံလှလိုကြောက်ရွံ့စိတ်ကင်းတဲ့ ဖအေတူသားတစ်ယောက်ပါ။ ကြောက်တဲ့စိတ်မရှိလို့ အမှောင်နဲ့ယဉ်ပါးနေသူလို့တောင်ဆိုလို့ရပါတယ်။ လူတွေ အမှောင်ကိုကြောက်ကြပေမယ့် ကျွန်တော်က အမှောင်ကို ကြောက်တတ်တဲ့ကောင်မဟုတ်ပါဘူး။ ပျော်စရာ ရွှင်စရာတွေကို အမှောင်ကိုအမှီပြုပြီး ကာလသားဘဝတုန်းက ရှာဖွေဖန်တီးခဲ့သူပါ။

ကျွန်တော် (နေပြည်တော်) ပျဉ်းမနားသူ မမြမြနဲ့ အိမ်ထောင်ကျအပြီးမှာတော့ ကာလသားဘဝက အမှောင်ကို မှီခိုပြီး ပျော်ရွှင်ရယ်မောစရာတွေဖန်တီးခဲ့ရတာဟာ လွမ်းမောဖွယ်အတိတ်တွေပေါ့ဗျာ။ ကျွန်တော်တို့ကတော့ နေစရာတောင် နေရာမရှိပါဘူး။

အိမ်ထောင်သည်ဖြစ်သွားတော့ မမြမြဆိုတဲ့ သံယောဇဉ်ကြိုးက ချည်နှောင် တုပ်ဖွဲ့သွားတာမို့ အမှောင်မှာကျက်စားပြီး ရယ်မောပျော်ရွှင်ဖွယ်တွေမဖန်တီးနိုင်တော့ပါဘူး။ တကယ့်ကိုပျင်းရိဖွယ်ကြီး ဖြစ်သွားတော့တာပါပဲ။ ရင်ထဲမှာ ဟာလာဟင်းလင်းလို ခံစားရတာပါ။

ကျွန်တော် အရွယ်အတော်လေး အရမှာ ကောလာဟလသတင်းတစ်ခုပျံ့လွင့်လာမှုကြောင့် အမှောင်ထုကိုပြန်တိုးပြီး အများကြောက်လန့်နေကြတဲ့ မှန်ကျောင်းဆွေတော်မျိုးတော် သချိုင်းထဲကမှင်စာလေးတွေနဲ့အတူ အိပ်စက်ရတဲ့အကြောင်းကို ကျွန်တော်ပြောပြချင်တာပေါ့။

## ဆွေတော်မျိုးတော်သချိုင်း

ကျွန်တော်တို့က ဆွေတော်မျိုးတော်သချိုင်းလို့ခေါ်ကြတဲ့ သချိုင်းဟာ ကျွန်တော်တို့အိမ်ရဲ့ တောင်ဘက်လမ်းမကြီးဘေးမှာရှိနေတဲ့ မှန်ကျောင်းရဲ့ အရှေ့တောင်ထောင့်မှာရှိတယ်။ ကျောင်းဝင်းထဲမှာ အုတ်တံတိုင်းကန့်ပြီး တည်ထားတဲ့ ခပ်ကျဉ်းကျဉ်း သချိုင်းလေးပါ။

မှန်ကျောင်းရဲ့ ဘုရားဒါယကာ၊ ကျောင်းဒါယကာများဖြစ်ကြတဲ့ ကျွန်တော်တို့ ဘိုးဘေးတွေကနေပြီး အစဉ်အလာအားဖြင့် နာရေးကြုံခဲ့ရင် အဲဒီသချိုင်းလေးမှာ ဂူသွင်းသင်္ဂြိုဟ်ခဲ့တာ ကျွန်တော်တို့လက်ထက်ထိပါပဲ။ သချိုင်းကငယ်ပေမယ့် အုတ်ဂူတွေနဲ့ ပြည့်ညပ်နေပါတယ်။

အဲဒီ သချိုင်းလေးဟာ ကျွန်တော်တို့ငယ်ငယ်က မှန်ကျောင်း ဘုန်းကြီးကျောင်းသား ဖြစ်နေစဉ်မှာ တူတူပုန်းတမ်းကစားရာနေရာပါ။ ကြောက်ရလန့်ရမှန်း လုံးဝ မသိခဲ့ပါဘူး။ ကြောက်တယ်ဆိုတာ ချိနဲ့လားဆိုတဲ့ ကျွန်တော်ပါ။

ကျွန်တော်နဲ့ လူကြီးချင်းသဘောတူပြီး လက်ဆက်ပေးဖို့ စီစဉ်ခဲ့တဲ့ ကျွန်တော့်ညီမဝမ်းကွဲ လဝန်းခင်ဆိုရင်လည်း အဲဒီသချိုင်းလေးရဲ့အုတ်ဂူထဲမှာ အနားယူခဲ့တာကြာပါပြီ။

*(ကျွန်တော် မကြုံစဖူး ထူးထူးကဲကဲ ဝတ္ထုမှာ အဲဒီအကြောင်းကို ပြောပြခဲ့ပြီးပါပြီ။ ၂၀၁၂ ခု၊ မတ်လထုတ် သူရဋ္ဌမဂ္ဂဇင်းမှာ ပြန်ဖတ်နိုင်ပါတယ်။)*

ကိုယ့်ရဲ့ ဆွေတော်မျိုးတော်




မိုးကျော်ကျော်စိုး

မှင်စာ

www.burmeseclassic.com

www.burmeseclassic.com

ချင်းမို့ ကျွန်တော်တို့တွေ တစ်နှစ်ကို ကြိမ်၊ နှစ်ကြိမ် အနည်းဆုံး သန့်ရှင်း ပ်ပေးနေတာကြောင့် မြက်ပင်၊ ချုံ အနည်းငယ်သာ ပေါက်ရောက်တဲ့ လပါ။ ရာသီအားဖြင့်လည်း ပွင့်လင်း ဖြစ်တဲ့ နွေရာသီ ဆိုပါတော့။ အဲဒီ ချင်းနဲ့ ညအမှောင်မှာ ရေစက်ဆုံဖို့ ကြောင်းဖန်လာတာက ကောလာဟ ဘင်းတစ်ခုကြောင့်ပါပဲ။

## ကောလာဟလ

ကောလာဟလ ဆိုသော ကိုယ် ရာကိုယ်ပြောကြခြင်းပါ။ အဲဒီလို ရာမြင်ရာကို အရင်းအမြစ်မရှိ ပြော မယ့် အသိဉာဏ်နည်းတဲ့ ကျွန် တို့လူအများစုဟာ အဲဒီကောလာ သတင်းကို ကြောက်ကြတာပါပဲ။

အဲဒီ ကောလာဟလသတင်းက ဘာတွေ လိုက်ဆွဲနေတယ် ဆိုတဲ့ သတင်းပါ။ ပေါ်တာတဲ့ဟေ့ ဆိုလို့က တော့ ဘယ်လောက်မိုက်မိုက်၊ ဘယ် လောက်မူးမူး၊ မိုက်တဲ့ကောင်လည်း ကြောက်လွန်းလို့ မိုက်စိတ်ပျောက်ပြီး ပြေးသလို မူးတဲ့ကောင်လည်း အမူးပြေ ပြီး ပြေးတာပါပဲ။ ပြေးနိုင်မှလွတ်တဲ့ ပေါ်တာပါ။ ပါသွားရင် မချောင်ဘူး လေ။

ဘယ်မှာ ဘယ်နှယောက် ပေါ် တာဆွဲသွားပြီတဲ့ ဆိုတဲ့ သတင်းတွေက လည်း ကြောက်တတ်တဲ့လူတွေကို ဖြ ခြောက်နေပြန်ပါတယ်။ ကျွန်တော် ထင် တယ်၊ ကောလာဟလ လွှင့်တဲ့လူက တော့ ကွယ်ရာမှာ ကျိတ်ပြီးရယ်နေမှာ ပါပဲ။

ဘာမှမကြောက်တတ်ပါဘူး ဆို တဲ့ ကျွန်တော်တောင် ပေါ်တာကျတော့ ကြောက်တာကြောင့် ဘုန်းကြီးကျောင်း မှာသွားပြီး ပုန်းအိပ်တာကလားဗျာ။ ဒါ တောင် တယ်ပြီး ကျောမလုံချင်ဘူးဗျ။ နောက်နေ့ ဘယ်မှာသွားအိပ်လို့ရပါ့လို့ တောင် တွေးနေမိပါတယ်။

## မှင်စာလေးများ

ကျွန်တော်တို့အိမ်တွေက လမ်းမ ကြီးဘေးမှာကပ်လျက်ဆိုတော့ ကျွန် တော်တို့က ပိုပြီး ကြောက်ရတယ်။ အဲ ဒါကြောင့် လမ်းဘေးနေ ဘဝတူဖြစ်တဲ့ ပေါက်တူးကို မေးကြည့်မိတယ်။ ပေါက် တူးနဲ့အတူ ဝဲကျော်လည်းပါတယ်။

"ဟေ့ကောင်တွေ၊ မနေ့ညက မင်း တို့ ဘယ်မှာသွားအိပ်သလဲ"

"ငါရယ်၊ ဟောဒီ ဝဲကျော်ရယ်၊ မင်းအောင်ရယ် မှန်ကျောင်းသင်္ချိုင်းမှာ သွားအိပ်ကြတယ်ကွ။ ဒါပေမယ့် ကောင်းကောင်းမအိပ်ရပါဘူးကွာ၊ တစ် ညလုံး တချောက်ချောက်နဲ့ သွားလာနေ ကြတာဟ။ ငါတို့လည်း ဂူတွေကြားထဲ မှာ ကြောက်လွန်းလို့ ခေါင်းမြီးခြုံပြီး အိပ်ကြရတယ်။ အဲဒါ ခြေထောက်ဘက် လာတိုးလိုက်၊ ခေါင်းရင်းဘက်လာတိုး





www.burmeseclassic.com

www.burmeseclassic.com

လိုက်နဲ့ မိုးသာလင်းသွားတယ်၊ အိပ်ရေး ဝဝ မအိပ်လိုက်ရပါဘူး။ တော်ပြီကွာ၊ အဲဒီ သချိုင်းထဲ သွားမအိပ်ရဲတော့ဘူး။ ဒီနေ့တော့ နေရာသစ်တစ်နေရာရှာပြီး အိပ်မယ်၊ မင်းကော ဘယ်မှာအိပ်တာလဲ"

"ငါလား၊ ငါကတော့ မှန်ကျောင်းပေါ်တက်အိပ်တာကွ။ ကျောင်းပေါ်မှာ ငါရယ်၊ ဘုန်းကြီးရယ်ပဲရှိတာ ဆိုတော့ အေးအေးဆေးဆေးပါပဲ။ ဒါပေမယ့် ကျော့မလုံချင်ပါဘူး။ ဒါနဲ့ တချောက်ချောက်သွားလာနေတဲ့အကောင်တွေက ဘာကောင်တွေလဲကွ"

"အကောင်သေးသေးလေးတွေဆိုတော့ မှင်စာလေးတွေလို့ အောက်မေ့တာပါပဲ။ တို့မှာ ဓာတ်မီးကလည်း မပါတော့ မကြည့်မိပါဘူးကွာ"

"ဟကောင်တွေ၊ ဓာတ်မီးမပါဘဲ မင်းတို့ ဘယ်လို သချိုင်းထဲဝင်ကြတာတုံး"

"ဓာတ်မီးခြစ်နဲ့ခြစ်ပြီး ဝင်ကြတာဟ။ အဲဒါ နည်းနည်းကျယ်တဲ့ အုတ်ဂူကြားမှာ သုံးယောက်သား ညပ်သတ်ပြီး အိပ်တော့ အလွန်ကြီးတော့မကြောက်ဘူးပေါ့ကွာ။ တော်ကြာ ခြေထောက်ဘက်တို့လိုက်၊ တော်ကြာခေါင်းဘက်တို့လိုက်နဲ့ အတော့်ကို လန့်ဖို့ကောင်းပါတယ်ကွာ"

"အေး-ဟုတ်ပြီကွ၊ ငါ ဒီနေ့ အဲဒီ သချိုင်းမှာ သွားအိပ်တော့မယ်။ သချိုင်းက ကျောင်းပေါ်ထက် အန္တရာယ်ကင်းတယ်"

"မှတ်တား- မင်း တစ်ယောက်တည်းဆို လိပ်ပြာလွင့်နိုင်တယ်နော်။ ငါတို့တောင် သုံးယောက်မို့သာ တော်ရုံကျတာ"

"အဲဒါက မင်းတို့လေကွာ၊ ငါက မှတ်တားပဲဟာ။ တူတာမှတ်လို့။ အဟဲဟဲဟဲ-မင်းတို့လည်းမှတ်တားအကြောင်း သိသားနဲ့ဟာ"

"အေးပါဗျာ-အေးပါ။ တော်ကြာ မှတ်တားလိပ်ပြာလန့်လို့ ဆိုတာ ဖြစ်နေပါဦးမယ်"

"စိတ်ချပါကွာ၊ မှတ်တားမှာ ကြောက်စိတ်မှ ပါမလာတာ"

လို့ပြောလိုက်ပါတယ်။ ဟုတ်သားပဲ။ ဒီလောက် အေးချမ်းတိတ်ဆိတ်ပြီး လူတွေတိုင်းလက်ရှောင်တဲ့နေရာကို ငါ ဘာလို့မေ့နေပါလိမ့်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိတယ်ဗျ။ ပေါက်တူးဆိုတဲ့ကောင်ကို ကျေးဇူးတင်လိုက်တာ လွန်ပါရော။ ဒီညတော့ သူတို့ပြောတဲ့မှင်စာတွေကျက်စားတဲ့ ကျွန်တော်တို့ရဲ့ ဆွေတော်မျိုးတော်တွေ ခေါင်းချ အိပ်စက်နားခိုရာ မှန်ကျောင်းသချိုင်းမှာ သွားအိပ်မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

## လဝန်းခင်ရဲ့ဂူ

မှန်ကျောင်းသချိုင်း ဆိုတာ ကျွန်တော် အလွတ်ရထားတဲ့ သချိုင်းပါ။ ဘယ်နေရာမှာ ဘယ်သူ့ဂူ၊ ဘယ်သူ့ကို ဘယ်နေရာမှာ မြှုပ်တာ ဆိုတာကအစ မျက်စိထဲ ကွင်းကွင်းကွက်ကွက်မြင်ပြီးသား၊ ကျောင်းသားတွေ ဩကာသ အလွတ်ရသလို အလွတ်ရထားပြီးသားဆိုတော့ ကျွန်တော်အိပ်စရာနေရာကို စိတ်ကူးနဲ့ကြည့်လိုက်တယ်။

လဝန်းခင်၊ ဟုတ်တယ်။ လဝန်းခင်ရဲ့ဂူဟာ အပေါ်ဘက်အမိုးကို ပြန့်ပြန့်ပြူးပြူးလေးလုပ်ပြီး ခေါင်းရင်းဘက်မှာ စာတန်းထိုးဖို့ မို့မို့လေးလုပ်ထားတယ်။ အဲဒီဂူပေါ်တက်အိပ်ရင် ခေါင်းအုံးစရာရှိတာမို့ ခေါင်းအုံးတောင် မလိုဘူး။ ဆိုရရင် ခုတင်တစ်ခုလို အိပ်ချင့်စဖွယ်လုပ်ထားတာ။ သူများဂူလို အပေါ်မှာ အဖုအထစ်၊ အတွန့်အချိတ်တွေမပါဘူး။ သူ့ပုံစံက ညောင်စောင်းတစ်ခုလို ပုံစံ။

ဂူလုပ်တဲ့ ပန်းရန်ဆရာရဲ့ ဆန္ဒလား၊ လဝန်းခင်မိဘတွေရဲ့ဆန္ဒလား တော့မသိဘူး။ ဂူပုံစံက တက်အိပ်ချင်စရာပုံစံ အနေအထားပါ။ ပြန့်ပြန့်ပြူးပြူးလေးကိုးဗျ။

လဝန်းခင် အနားယူ အိပ်စက်ဖို့လား၊ အခြား ပရလောကသားတွေရှိနေရင် အနားယူ အိပ်စက်ဖို့လား၊ ဒါမှမဟုတ် ကျွန်တော်တို့လို ခပ်ရွတ်ရွတ်လူတွေတက်ပြီး အိပ်စက်ဖို့လားတော့ မသိပါဘူး။ ကျွန်တော်ကတော့ လဝန်းခင်အုတ်ဂူပေါ်မှာ အိပ်စက်ဖို့ ရွေးချယ်လိုက်ပါပြီ။

## ခွင့်လွှတ်ပါ ညီမလေးရယ်

လဝန်းခင် ဆိုတာ မျက်ခုံးလှလှ၊ မျက်လုံးလှလှနဲ့ အတော်လေးလှပြီး ဆွဲဆောင်မှုရှိတဲ့မိန်းကလေးပါ။ ကျွန်တော်နဲ့ မောင်နှမဝမ်းကွဲ တော်စပ်ပါတယ်။ ပိုက်ဆံလည်း အရမ်းချမ်းသာကြတယ်။

လဝန်းခင်ကို ငယ်ငယ်ကတည်းက နားသွင်းထားခဲ့လို့ ကျွန်တော်နဲ့လက်ထပ်ရမယ်ဆိုတာ သူသိပြီးသား ဖြစ်ပါတယ်။ အဲဒါကြောင့် ထင်ပါရဲ့၊ သူ့ဘဝမှာ ဘယ်ချစ်သူ ဘယ်ရည်းစားမှ မထားခဲ့ရှာပါဘူး။

ဒါပေမယ့် ကိုယ့်သွေးကိုယ့်သားထဲက ကိုယ့်ညီမကို ပြန်ယူရမယ်ဆိုတဲ့ အသိကြီးက ကျွန်တော့်လိပ်ပြာကို လှုပ်ခတ်စေပါတယ်။ စိတ်မသန့်သလိုကြီး ခံစားရတယ်။ တကယ်ဆို ကျွန်တော်တို့တွေဟာ မောင်နှမအရင်းတွေလို နေခဲ့ကြတာလေ။ စဉ်းစားကြည့်၊ ဘယ်မှာ စိတ်သန့်နိုင်ပါ့မလဲ။

အေးဗျာ-သူ့ခံစားချက် ဘယ်လိုရှိမယ်ဆိုတာ တိတိကျကျမသိနိုင်ပေမယ့် ကျွန်တော့်ကတော့ ဆွေမျိုးချင်းထပ်မမြတ်တယ်ဆိုတဲ့ သူတို့ ရှေးလူကြီးတွေရဲ့အယူအဆကို လုံးဝ တွန်းလှန်ပစ်လိုက်တယ်။ အဲဒါက ကျွန်တော် မြမြကြီးပြေးတာပါပဲ။ ဒီလိုနဲ့ ကျွန်တော်နဲ့ လဝန်းခင်ဟာ တစ်ကမ္ဘာစီခြားသလိုခြားသွားခဲ့တော့တာပါပဲ။

ဒီလိုနဲ့ လဝန်းခင် အပျိုကြီးဘဝနဲ့ နေရင်း အသက် (၃၀) ကျော်ကျော်မှာ သွေးမမှန်တဲ့ဝေဒနာနဲ့ ဆုံးပါးသွားခဲ့ပြီး ကျွန်တော်တို့ရဲ့ ဆွေတော်မျိုးတော် သချိုင်းမှာ ထာဝရခေါင်းချပြီး အုတ်ဂူလေးနဲ့ အိပ်စက်နေတာပါ။

နည်းနည်းမှောင်ရီပျိုးတယ်ဆိုရင်ပဲ အသင့်ပြင်ထားတဲ့ လေးခွနဲ့ လောက်စလုံးလွယ်အိတ်ရယ်၊ ဂျပန် ကင်ဒိုဓား တစ်ချောင်းရယ်၊ ငါးခဲထိုးဓာတ်မီး တစ်လက်ရယ်၊ စောင်တစ်ထည်ရယ် ယူပြီး မှန်ကျောင်းနဲ့ လေသာကျောင်းကြားက လှည်းလမ်းအတိုင်း သချိုင်းဆီ လာခဲ့ပါတယ်။ မဝေးတော့ ခဏနဲ့ရောက်ပါတယ်။

အဲဒီသချိုင်းလေးမှာ အရှေ့ဘက်ကို မျက်နှာမူထားတဲ့ မုခ်အဝင်ပေါက် တစ်ပေါက်ရယ်၊ မှန်ကျောင်းသိမ်ရဲ့ အရှေ့ဘက်မှာ အဝင်ပေါက်လေး တစ်ပေါက်ရယ် နှစ်ပေါက်ရှိတယ်။ ကျောင်းထဲက ဝင်တဲ့အပေါက်မှာ မုခ်မပါပါဘူး။ မလွယ်ပေါက်သဘောပါ။ အဲဒီအပေါက်ကနေ ကျွန်တော်တို့ အမြဲဝင်ဆော့ကြတာပါ။

ဝင်ပေါက်ကို ကျွဲတွေ၊ နွားတွေ မြင်းတွေဝင်လို့မရအောင် အောက်ခြေဒူးအထက်လောက်အထိ အသေပိတ်ထားပါတယ်။ မုခ်ဝထဲ ခေါင်းဝင်ပြီး အထဲကို ငါးခဲထိုးဓာတ်မီးနဲ့ မွှေ့ထိုးကြည့်လိုက်တယ်။

အရောင်အဆင်း မှေးမှိန်နေတဲ့ အုတ်ဂူဟောင်းတွေနဲ့အတူ အရောင်အဆင်းရှိနေသေးတဲ့အုတ်ဂူတွေကို တ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတယ်။ ကျွန်တော့်မာတ်မီးရောင်က လဝန်းခင်ရဲ့အုတ်ဂူပေါ် ကျရောက်သွားတယ်။ ဂူက သစ်လွင်နေဆဲပါပဲ။

ကျွန်တော်ဟာ ဂူတွေကြားကနေပြီး လဝန်းခင်ရဲ့ဂူဆီ လာခဲ့ပါတယ်။ ခေါင်းရင်းက ကမ္ပည်းစာတန်းလေးကို ဖတ်ကြည့်မိပါတယ်။

'လဝန်းခင် (၃၂) နှစ်' တဲ့။

ကျွန်တော် လဝန်းရဲ့ပုံရိပ်ကိုဖမ်းကြည့်ပြီး ကလေးဘဝမှာ အတူတူဆော့ကစားခဲ့ကြတာတွေကို မြင်ယောင်နေမိပါတယ်။ လှပတဲ့အပျိုပေါက်ဘဝ၊ တင့်တယ်တဲ့အပျိုဘဝ၊ တည်ငြိမ်ပြီးလှပတဲ့ အပျိုကြီးဘဝ၊ သူ့ရဲ့ဘဝအထွေထွေကို မျက်စိထဲ မြင်ယောင်နေမိတယ်။ နောက်ဆုံး ခန္ဓာအိမ်ကိုစွန့်ခွာသွားချိန်မှာ ကျန်ရစ်ခဲ့တဲ့ သူ့ရဲ့ရုပ်အလောင်း၊ ရုပ်အလောင်းကနေ ထထိုင်မလို လုပ်တာနဲ့ အေးစက်တောင့်တင်းနေတဲ့ သူ့အလောင်းကိုဗိုက်ခွဲပြီး အူ၊ အသည်းထုတ်တာ ငလိုက်ချောင်းသဲခုံမှာ သွားမြှုပ်ရတာကအစ ပြန်ပြီး မြင်ယောင်လာမိပါတယ်။ ပြီးမှ ကျွန်တော် တိုးတိုးလေး ပြောမိပါတယ်။

'လဝန်းခင်ရေ၊ အခြေအနေနဲ့ အချိန်အခါအရ ငါ နင့်အုတ်ဂူပေါ်မှာ တက်အိပ်ရဦးမယ်။ ဘယ်နှညကြာမယ်တော့ မသိဘူး။ အဲဒါ ငါ့ကို ခွင့်လွှတ်ပါဦးမလေးရယ်။ ငါ့မှာ ပြုခဲ့တဲ့ကောင်းမှုတသိုလ်တွေ အများကြီးရှိပါတယ်။ အဲဒီပြုခဲ့တဲ့ကုသိုလ်တွေကို နင်နဲ့တကွ ဆွေတော်မျိုးတော်အပေါင်းကို အမျှပေးဝေပါတယ်ဟာ။ သာဓုခေါ်နိုင်တဲ့ဘဝမျိုးမှာရှိခဲ့ရင် သာဓုခေါ်ပါ'

လို့ ပြောပြီး အုတ်ဂူပေါ်တက်တာ ဖုန်နဲ့အမှိုက်သရိုက်ခါပြီး ခေါင်းရင်းဘက်က ကမ္ပည်းစာတန်းအဆင့်လေးပေါ် ခေါင်းအုံးပြီး လဲလျောင်းလိုက်ပါတယ်။

ပါလာတဲ့ ကင်ဒိုမားနဲ့ လေးခွလွယ်အိတ်ကိုလည်း အသင့်အနေအထားနဲ့ ချထားလိုက်ပါတယ်။ လောကကြီးဟာ တိတ်ဆိတ် ငြိမ်သက်နေပါတယ်။ တစ်ခါတစ်ရံ လေအဝှေ့မှာတော့ ချောင်းဝင်းထဲက သစ်ပင်တွေဆီက သစ်ရွက်ချင်း ပွတ်တိုက်သံကို ကြားနေရပါတယ်။

## မျှော်လင့်မိသော မှင်စာများ

ကျွန်တော့်အတွေးမှာ လဝန်းခင်အကြောင်းကြာ လွှမ်းမိုးနေပါတယ်။ တစ်ချိန်က အတော်လေးလှခဲ့တဲ့ လဝန်းခင်ဟာ ကျွန်တော့်ရဲ့ ကျောအောက်တည့်တည့် အုတ်ဂူထဲမှာ အရိုးစုဘဝနဲ့ မလှမပ အနိဋ္ဌာရုံသဏ္ဌာန်နဲ့ လဲလျောင်းလို့နေမှာပါ။ သူ့ကိုယ်မှာဆင်ထားတဲ့ အဝတ်တွေဆိုရင်လည်း ဆွေးမြည့်နေလောက်ပါပြီ။

လူ့ဘဝရဲ့ မမြဲတဲ့ သင်္ခါရသဘောတရားကို ကျွန်တော် ပြေးမြင်မိပါတယ်။ တစ်နေ့မှာ ကျွန်တော်လည်း သင်္ခါရသဘောအရ သေရဦးမှာပါလားလို့ မရဏာနုဿတိတရား ခေတ္တပွားနေမိပါတယ်။ ကြာကြာမပွားနိုင်ပါဘူး၊ ဘာလို့လဲ ဆိုတော့ ဟိုကောင်တွေ ပေါက်တူး၊ ဝဲကျော်၊ မင်းအောင်တို့ကို တစ်ညလုံး အိပ်မရအောင် ခြေတို့၊ ခေါင်းတို့နဲ့ ခြောက်လှန့်တယ် ဆိုထဲ့ မှင်စာလေးတွေကို တွေ့မြင်လိုစိတ် ဖြစ်ပေါ်လာလို့ပါပဲ။

တချောက်ချောက် ခြေသံပေးပြီး ခြေရင်းဘက်က ပေါ်လာမလား၊ ခေါင်းရင်းဘက်က ပေါ်လာမလားနဲ့ စောင့်ကြည့်နေတာ အချိန်တွေသာ တရွေ့ရွေ့ကုန်လာတယ်၊ တိတ်ဆိတ်မှုကလွဲပြီး ဘာမှ ထူးခြားတာ မတွေ့ရပါဘူး။

ငါ မကြောက်တတ်မှန်းသိလို့များ မခြောက်ကြတာလား၊ ဒါမှမဟုတ် ငါ့မှာပါတဲ့ လေးခွကို ကြောက်လို့များလား ဆိုပြီး အတွေးစိတ်နဲ့ တွေးနေမိပြန်တယ်။

စဉ်းစားကြည့်ပေါ့ဗျာ၊ သင်္ချိုင်းဂူပေါ်မှာ တစ်ယောက်တည်းအိပ်ရဲတဲ့ သတ္တိဆိုတာ နည်းမှတ်လို့။ သင်္ချိုင်းထဲ အမြဲနေသူတွေကလွဲရင် ငါလိုလူစား ခပ်ရှားရှားလို့ ကိုယ့်ဟာကိုယ် ကိုယ်ရည်သွေးပြီး ကျေနပ်နေမိပြန်ပါတယ်။ လူ့စိတ်ဆိုတာ ခက်သားကလားဗျ၊ ဂုဏ်ယူစရာမဟုတ်တာကို ဂုဏ်ယူနေပုံ ပြောပါတယ်။

လာခဲ့စမ်း မှင်စာလို့လည်း တမ်းတနေမိတယ်။ တချောက်ချောက်အသံကြားရင် ငါးခဲထိုးမာတ်မီးနဲ့ မှင်စာ ဆိုတဲ့ ကလေးသရဲလေးတွေကို အသေအချာထိုးပြီးကို ကြည့်မယ်။ ဘယ်လိုပုံစံလဲ၊ လူလိုလား၊ သရဲလိုလားပေါ့။

ဒါမှ လူ့လောကမှာ ဆွေတော်မျိုးတော်သင်္ချိုင်းထဲက မှင်စာလေးတွေကို အနီးကပ် အသေအချာ မြင်ခဲ့ဖူးတယ်လို့ တစ်ဆင့်ပြောပြနိုင်မှာ။ အဲဒါကြောင့် မှင်စာလေးတွေထွက်ခဲ့ပါတော့လို့ စိတ်ထဲမှာ တမ်းတနေမိခြင်းပါ။

အချိန် တဖြည်းဖြည်းကုန်သွားပြီး မှင်စာဆိုတာ ပေါ်မလာဘဲ ကျွန်တော် အိပ်ပျော်သွားခဲ့ပါတော့တယ်။

## မှင်စာလေလား

ကျွန်တော် လန့်နိုးတဲ့အချိန်တာ နံနက်လေးနာရီကျော်ကျော်လောက် ရှိမယ်ထင်ပါတယ်။ ဘာကြောင့် လန့်နိုးသလဲ ဆိုတော့ တချောက်ချောက်အသံတွေ နားစည်ထဲဝင်လာလို့ပါပဲ။

ဟိုကောင်တွေလို ဂူကြားထဲဝင်မအိပ်ဘဲ ဂူပေါ်တက်အိပ်တော့ကာ မှင်စာတွေ ကျွန်တော့်ခြေထောက်ကို လာမကလိနိုင်ဘူးလို့ ထင်တာကြောင့် တချောက်ချောက် သွားလာလှုပ်ရှားနေကြတဲ့ မှင်စာတွေကိုကြည့်ဖို့ ငါးခဲထိုးမာတ်မီးဆီ လက်ကအသာလေးရွှေ့ပြီး လက်ထဲ မာတ်မီးရောက်တာနဲ့ ငုတ်ခနဲထထိုင်ကာ ပတ်ဝန်းကျင်အောက်ခြေကို မာတ်မီးနဲ့ထိုးကြည့်လိုက်ပါတယ်။

ရုတ်တရက် ကျွန်တော် အတော်အံ့အားသင့်သွားတယ်။ မာတ်မီးရောင်စူးစူးအောက်မှာ နားရွက်ကြီးတွေ တလှုပ်လှုပ်နဲ့ မီးရောင်ကို စူးစမ်းကြည့်ရှုငေးမောနေကြတဲ့ အကောင်တွေကို တွေ့ရတာပါပဲ။

အဲဒါက ယုန်တွေပါပဲ ခင်ဗျာ။

အန္တရာယ်ကင်းစွာ၊ လုံခြုံစွာ သင်္ချိုင်းထဲမှာနေကြတဲ့ ယုန်တွေဟာ ပွားချင်းတိုင်းပွားပြီး များချင်တိုင်းများနေကြခြင်းပါပဲ။

ပေါက်တူးတို့အုပ်စုနဲ့ ထိတွေ့ခဲ့ရတယ်ဆိုတဲ့ မှင်စာတွေဟာ တကယ်တော့ ယုန်တွေဖြစ်နေပါတယ်။ ယုန်တွေဟာ အပြင်ကိုထွက်ပြီး အစာစားဖို့ ဝပ်ကျင်းကနေ ထွက်လာကြခြင်းပါ။ ဒီသင်္ချိုင်းလေးထဲမှာ ယုန်ဝပ်ကျင်းတွေရှိနေတယ်ဆိုတာ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။

ညက ကျွန်တော် အိပ်ပျော်ပြီး အိပ်မောကျနေချိန်မှာလည်း တချောက်ချောက် သွားလာနေကြမှာ သေချာပါတယ်။ ဒီဝန်းကျင်မှာ ကျယ်ပြန့်တဲ့ မြက်ခင်းတွေ၊ ကွင်းတွေရှိနေပြီး ယုန်လိုက်မုဆိုး ဆိုတာလည်း ကြားတောင်မကြားဘူးတာမို့ သူတို့ အန္တရာယ်ကင်းစွာ သင်္ချိုင်းလေးထဲမှာ ယုန်ရွာတည်ထားနိုင်ခြင်းပါပဲ။

ဒါနဲ့ ကျွန်တော်ဟာ ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ မာတ်မီးကို ခြေနဲ့ထိန်းထားပြီး လေးခွနဲ့ယုန်ကြီးတစ်ကောင်ကို ချိန်ပြီး အနီးကပ် ပစ်ထည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါတယ်။

ဖုန်းခနဲမြည်ပြီး လက်ကို စီးခနဲ တန်ပြန် သက်ရောက်မှုရှိတာကြောင့် ယုန်တစ်ကောင်ရပြီဆိုတာ သိလိုက်ပါတယ်။ လေးခွနဲ့ပစ်တဲ့အခါကျမှ ယုန်တွေဟာ လန့်ဖျပ်ပြီး သချိုင်းမုခ်ဝကို လွှားခနဲ လွှားခနဲ ခုန်ကျော်ပြေးထွက်ကုန်ကြပါတယ်။ အဲဒီမှာ ပြန်လည်တိတ်ဆိတ်သွားပြန်ပါတယ်။ ဒူးကျော့ကျော့အမြင့်ကို အသာလေးခုန်နိုင်ကြခြင်းပါ။

လက်မှာပတ်ထားတဲ့ ရိုးမားနာရီလေးကို ကြည့်လိုက်တော့ လေးနာရီခွဲပါပြီ။ အရှေ့မိုးကောင်းကင်မှာတောင် ရောင်နီလာနေပါပြီ။

ဒါနဲ့ ကျွန်တော် ထိမှန်ထားတဲ့ ယုန်ကြီးကို ကောက်ကြည့်လိုက်တော့ ယုန်ထီးကြီးဖြစ်နေပါတယ်။ တည့်လိုက်တဲ့လက်ကလည်း မျက်နှာတည့်တည့်ကို မှန်ထားတာ မျက်နှာမှာ သွေးတွေယိုစီးနေပါတယ်။

မကြာခင် မိုးလင်းတော့မှာမို့ ကျွန်တော် ယုန်သေကို နားရွက်ကဆွဲပြီး မဝေးလှတဲ့အိမ်ကို ပြန်ခဲ့ပါတယ်။ အိမ်မှာ မီးရောင်မြင်ရတာကြောင့် အမေ အိပ်ရာကထပြီး ထမင်းအိုးတောင်တည်နေပြီ ဆိုတာ သိလိုက်ပါတယ်။

**အမေက တားမြစ်**

"ဟဲ့- မွတ်တား၊ နင့်လက်ထဲက ဘာကြီးလဲဟဲ့"

"ယုန် အမေရဲ့၊ ယုန်တွေ့တာနဲ့ ပစ်လာတာ။ မှန်ကျောင်းသချိုင်းထဲ သွားဝင်အိပ်တာ၊ အဲဒါ ယုန်အုပ်ကြီးတွေ့တာနဲ့ လေးခွနဲ့ပစ်ထည့်လိုက်တာ ဒီကောင်ကြီးရတာပဲ"

"ဩော်- နင်ကတော့ ခက်နေပြီပဲ။ မလုပ်ရဘူးဟဲ့၊ သူတို့က ရန်ရှာတတ်တဲ့ကောင်တွေ မဟုတ်ဘူး။ သူတို့ဟာသူတို့ မြက်ပဲစားတဲ့အကောင်တွေပါဟယ်၊ သွားမလုပ်ပါနဲ့။ ဝဋ်လိုက်တတ်တယ် သိလား။ ပြီးတော့ သားမွေးထားတဲ့ ယုန်မကြီးကိုသတ်မိရင် သူ့ဝပ်ကျင်းထဲက ယုန်ပေါက်လေးတွေပါ အကုန်သေကုန်တာဟဲ့၊ သွားမလုပ်ပါနဲ့ဟယ်၊ စားရတာ တစ်ဆုပ် တစ်လုတ်၊ ခံရမယ့် ငရဲနဲ့ မကာမိပါဘူး"

"ဟုတ်ကဲ့ပါ- နောက် ထပ်မပစ်တော့ပါဘူး အမေ"

"အေးအေး- နောက်ထပ် သူတို့ကို ဒုက္ခမပေးပါနဲ့ သားရယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

လို့ ဝန်ခံလိုက်ပါတယ်။ အဲဒီနေ့မှာ ကျွန်တော်တို့မိသားစုတွေ ယုန်သားဟင်းနဲ့ ထမင်းမြိန်ကြပါတယ်။ ချိုလိုက်တဲ့ ယုန်သားပါဗျာ။ အသားက နူးပြီး ချိုနေတာပါပဲ။ ယုန်သားလောက်ချိုတဲ့အသား ခပ်ရှားရှားလို့ ဆိုရမှာပါ။

နောက်ထပ် အဲဒီ သချိုင်းထဲမှာ သုံးရက်လောက် ဆက်အိပ်ဖြစ်ပါတယ်။ အေးအေးချမ်းချမ်းပါပဲ။ ယုန်လေးတွေကိုလည်း ဒုက္ခမပေးတော့ပါဘူး။

ကောလာဟလသတင်း ဖြစ်တဲ့ ပေါ်တာဆိုတာကြီးလည်း ငြိမ်ချက်သားကောင်းသွားတာကြောင့် ဘယ်သူမှ ပုန်းမအိပ်ကြတော့ပါဘူး။ ကောလာဟလသတင်းဟာ အတော်ဒုက္ခပေးတာပါ။

မှင်စာတွေ ပေါ်တယ်ဆိုတဲ့ မှန်ကျောင်းဝင်းထဲက ဆွေတော်မျိုးတော်သချိုင်းမှာ ကျွန်တော်အိပ်ခဲ့ဖူးတာ တစ်သက်မမေ့စရာပါဗျာ။

**ဇနီးပါ လျောင်းစက်ပြီ**

ကျွန်တော့်ဇနီး မမြမြက အသက် (၅၀) ကျော်ကျော်မှာ ဆီးချိုရောဂါနဲ့ဆုံးပါးသွားခဲ့ပါတော့တယ်။ အဲဒီမှာ ကျွန်တော်တို့ဆွေတော်မျိုးတော်တွေလျောင်းစက်ရာ သချိုင်းလေးဆီ ပြေးကြည့်ပါတယ်။ အုတ်ဂူတွေအစီအရီနဲ့ပြည့်နေပါပြီ။ ကျွန်တော့်အဖေဦးစံလှ၊ ကျွန်တော့်အမေ ဒေါ်မြဝေတို့လည်း အဲဒီသချိုင်းလေးထဲမှာ အေးချမ်းစွာလျောင်းစက်နေကြပါပြီ။

အဲဒီမှာ ရှေးဘိုးဘေးတွေရဲ့ဂူတစ်လုံးဟာ ခေါင်းရင်းဘက်က ဟင်းလင်းပေါက်ကြီးဖြစ်နေတာကို တွေ့ရလာတယ်။ အထဲမှာ ခေါင်းတို့၊ အရိုးစတို့ ဆိုတာတွေ ဘာမှမတွေ့ရတော့ပါဘူး။ နှစ်ကာလ ကြာညောင်းခဲ့တာကြောင့် ဆွေးမြည့်ပျောက်ကွယ်နေပါပြီ။

ဒီအပေါက်ကြီးက ဘာကြောင့်ပေါက်သွားခဲ့သလဲ ဆိုတော့ အပေါက်သေးသေး ဝင်ပေါက်ကနေ အထဲမှာ ပျားတွေဝင်စွဲနေတာကို နှစ်ဆောင်ပြိုင်ရပ်ထဲက အေးလှဆိုတဲ့ကောင်က ကျွန်တော့်ကိုလာပြောပြီး ကျွန်တော့်ရဲ့ခွင့်ပြုချက်ရရင် ပျားဖွပ်ချင်ပါတယ် ဆိုတာကြောင့် ခွင့်ပြုလိုက်တဲ့အခါ လူဝင်သာအောင် အုတ်ချပ်တွေ ဖဲ့ထုတ်ထားတာကြောင့် ဟင်းလင်းပေါက်ကြီး ဖြစ်သွားခြင်းပါပဲ။

အထဲမှာ ပျားအုံကြီးနဲ့ ပျားသလက်ချပ်တွေ အပြည့်ပါပဲ။ ဘယ်တုံးဘယ်ကာလက စွဲနေတယ် မသိပါဘူး။ အဲဒီနေ့ အဲဒီ အေးလှ ဆိုတဲ့ကောင် ဖွပ်တာ ပျားရည် (၂၇) ပုလင်းတောင်ရတယ်ဗျ။ ပီသာနဲ့တွက်ရင် (၁၀)ပီသာနဲ့(၈၀) သားရတယ် ခေါ်ရမှာပါ။ လေးထောင့်ပုံးတစ်ပုံးကျော်ကျော်ပေါ့။

အဲဒီနောက်တော့ ပျားတွေလည်း ဘယ်ပြောင်းကုန်တယ် မသိပါဘူး။ ဂူကြီးသာ လူတစ်ဝင်စာအပေါက်ကြီးနဲ့ ကျန်ခဲ့တာကလား။ ဒါနဲ့ ကျွန်တော့်ဇနီး မြမြရဲ့ရုပ်အလောင်းကို အဲဒီဂူဟောင်းထဲသွင်းပြီး ဂူကို မွမ်းမံပြင်ဆင်လိုက်ပါတော့တယ်။ အေးချမ်းစွာအနားယူပေတော့ မြမြရေလို့ နှုတ်ဆက်မိပါရဲ့ဗျာ။

**နေပြည်တော်ခေတ်**

ကျွန်တော်တို့ဒေသကို နေပြည်တော်ကြီး တည်လိုက်တဲ့အခါမှာတော့ ရွာကသချိုင်းတွေ အကုန်ဖျက်ပြီး ဖိုးစောင့်တောင် မီးသင်္ဂြိုဟ်စက်မှာ သွားသင်္ဂြိုဟ်ကြရပါတယ်။ နေပြည်တော်မြို့ပြ ဇရိယာအတွင်းတွေမှာ မြှုပ်ခွင့်မရှိတော့ပါဘူး။

အဲဒီအခါမှာ မှန်ကျောင်းအရှေ့တောင်က ကျွန်တော်တို့ရဲ့ ဆွေတော်မျိုးတော် သချိုင်းလေးမှာလည်း ဘယ်သူမှ မြှုပ်ခွင့်၊ ဂူသွင်းခွင့်မရှိတော့ပါဘူး။ သို့သော်လည်း ကျောင်းဇရိယာအတွင်းမှာရောက်နေတာကြောင့် ဖျက်ဆီးပစ်ခြင်းတော့ မရှိသေးပါဘူး။

မှန်ကျောင်းဝင်းကို အုတ်တံတိုင်းခတ်တဲ့အခါမှာတော့ မှန်ကျောင်းဝင်းတာနေ သချိုင်းထဲဝင်တဲ့အပေါက်ကို ပိတ်ပစ်လိုက်ပါပြီ။ အရှေ့ဘက်လမ်းကနေဝင်တဲ့ မုခ်ပေါက်သာ ဝင်ပေါက်ရှိပါတော့တယ်။

မြှုပ်ခွင့်မရှိတော့တဲ့နောက်ပိုင်းမှာ ကျွန်တော်လည်း သန့်ရှင်းရေးမလုပ်ဖြစ်တော့တာကြောင့် သချိုင်းလေးဟာ သစ်ခွပင်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ဖုံးလွှမ်းနေပါတယ်။

ကျွန်တော်တွေးနေမိတယ်၊ ကျွန်တော်တို့ ဆွေတော်မျိုးတော်တွေ အေးအေးချမ်းချမ်း လျောင်းစက်နေကြသလို လူတွေက မှင်စာလေးတွေလို့ ထင်ကြတဲ့ ယုန်လေးတွေလည်း အေးချမ်းစွာနေထိုင်ကျက်စားနေကြမယ်လို့ ယုံကြည်ပါတယ်။

ချမ်းမြေ့ကြပါစေ

မိုးကုတ်ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ဆီး၀မ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီး၀မ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်



"မင်္ဂလာပါဆရာကြီး" ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော ဘယ်သူတုန်းကွယ့်"၊ "ကျွန်တော်ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ" ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်၊ "ဪ မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ရှည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "ဒေါ်ပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ ရလေလေ ထိုင်းမှိုင်းပြီး တာမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော . . ဒါဆိုမပျော်နိုင်လောက်သေးဘူးလား" "ပြပါတယ် ဆရာကြီး ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး ဆေးစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ဝင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်၊ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ တတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်းမသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးပဲလေကွယ်" "ဟုတ်ပါတယ် ဆရာကြီး၊ ကျန်းမာခြင်းရဲ့ တန်ဖိုးကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ ဒါပေါ့လေ ပုထုဇဉ်ရဲ့ စရိုက်ကိုက အသိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တည်နေတွေကို ပညာသင်ကြားပေးရာမှ နီးကြားတက်ကြွနေတာ အဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ ရုပ်ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြဋ္ဌာန်း လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် ဘာခန့် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြုအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးခုတို့ ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ထားနေရင် ဆရာလို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာ ပျော်ရွှင်တဲ့ မိသားစုဘဝလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး) လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ဖင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး အပူ၊ အပွင့် တင်းစေခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောတိုခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစာမကျေ၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်၊

"မင်္ဂလာပါ ဆရာကြီး" "ဟော မောင်ထွန်းကျော် ကျန်းမာပြီးပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုဘဝလေးတို့ ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄၊

www.burmeseclassic.com

www.burmeseclassic.com

"မဝံ့မရဲလျှောက်တင်အပ်ပါသည် ဆရာတော်ဘုရား။ တပည့်တော်ကို လျှောက်တင်ခွင့်ပြုတော်မူပါ ဘုရား"

"ဟယ့်- ကိုယ်တော့်နှယ် အရင်းမရှိ အဖျားမရှိ ဘယ့်နှာလျှောက်တင်နေရတာတုံး။ ကဲကဲ- လျှောက်တင်စရာရှိရင်လည်း အကျိုးအကြောင်းက ဘယ်လိုဆိုတာကို ရှင်းလင်းအောင်လျှောက်တင်မှ ငါဆရာသိရပေတော့မပေါ့။ ကဲ- ဆိုစမ်းပါဦး"

"ဒီ. . . ဒီ. . . ဒီလိုပါ ဘုရား။ မနက်ဖြန်ကျရင် တပည့်တော် ရွှေနန်းတော်ကို ဆွမ်းအလှည့်သွားရမှာပါ ဘုရား။ အဲဒါ. . ."

ရဟန်းတော်နှစ်ပါး။ တစ်ပါးက သက်ကြီးဝါကြီး မထေရ်မြတ်ကြီး၊ တစ်ပါးက သက်လတ်ပိုင်းရှိ ရဟန်းတစ်ပါး။ ထို ရဟန်းနှစ်ပါးတွင် သက်ကြီးဝါကြီး မထေရ်မြတ်ကြီးကား အခြား မဟုတ်၊ ရတနာပူရ အင်းဝနေပြည်တော်တွင် နေတစ်ဆူ လတစ်ပါး ထင်ရှားကျော်ကြားတော်မူလှသည့် နန္ဒသာရကဝိဇဇဘွဲ့မည်ရသည့် မင်းကိုးကွယ်ခံ ဗားမဲ့အကျော်ဆရာတော်ကြီး ဖြစ်ပါသည်။ ထိုစဉ် ဗားမဲ့ဆရာတော်သည် ကျောင်းတော်ကြီး၏ ဘုရားဆောင်ခန်းမတွင်းရှိ ပေစာ၊ ပုရပိုက်တို့ဖြင့် အလုပ်များနေစဉ် ဆရာတော်ကြီးထံသို့ ထိုရဟန်းတော်တစ်ပါးက မဝံ့မရဲချဉ်းကပ်လျက် စကားပဏ္ဏာမ ပျိုးနေသည်မှာ လိုရင်းမရောက်သဖြင့် ဆရာတော်ကြီးက လိုရင်းကိုဆိုရန် မိန့်ကြားနေခြင်းပင် ဖြစ်ပါသည်။ သို့တိုင်အောင် ရဟန်းတော်က စကားကို တိုးလိုးတန်းလန်း အမျှင်တန်းနေပြန်ရာ-

"အဲဒါ ဘာဖြစ်သလဲ ကိုယ်တော်ရဲ့၊ ငါသိပြီးသားပဲ။ အခြားကိုယ်တော်တွေလည်း အလှည့်ကျရင် သွားကြရသည်ပဲ။ ကိုယ်တော်လည်း အလှည့်ကျရင် ကြွရမှာပေါ့။ အဲဒါ ဘာများအဆန်းတကြယ်လျှောက်ရန်ရှိနေပါဘိတုံး"

"အဲဒါက ဟို- ဒီလိုပါ ဘုရား၊ တပည့်တော်ဆွမ်းအလှည့်ကို မသွားလို့ မဖြစ်ဘူးလား ဘုရား။ ဖြစ်နိုင်လျှင်တော့ တပည့်တော် မသွားပါရစေနဲ့ ဘုရား"

ရဟန်းတော်၏ပြန်လည်လျှောက်ကြားချက်ကို ကြားရသောအခါ ဗားမဲ့ဆရာတော်ကြီးက ချက်ချင်း တစ်စုံတစ်ရာ ပြန်လည် မိန့်ကြားခြင်းမပြုသေးဘဲ မျက်မှောင်အနည်းငယ်ကုပ်ကာ ရဟန်းကို စူးစမ်းသောအကြည့်ဖြင့် ခပ်စိုက်စိုက် လှမ်းကြည့်လိုက်သည်။

မြန်မာနှစ် ၉၅၉ ခုနှစ်တွင် ဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းကြီး၏သားတော်တစ်ပါးဖြစ်သော ညောင်ရမ်းမင်းတရားသည် သီဟသူရမဟာဓမ္မရာဇာ ဟူသော ဘွဲ့အမည်တော်ကိုခံ၍ ရတနာပူရအင်းဝကို မင်းပြုတော်မူလျက် ဒုတိယအင်းဝခေတ် တစ်ခေတ် အသစ်ပြန်လည်ထူထောင်တော်မူခဲ့သည်။ ထိုမင်းတရားသည် အိမ်နိမ့်စံ (၄၂) နှစ်၊ မင်းစည်းစိမ် (၈) နှစ်၊ သက်တော် (၅၀) တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့သည်။ ထိုမင်းတရားလက်ထက် တိုင်းပြည်ဝပြောသာယာစည်ပင်စေရန်နှင့် ရန်အပေါင်းကို အောင်မြင်စေရန် ဗားမဲ့ဆရာတော်ဘုရားကြီးသည် ဂန္ဓာရီ ဝိဇ္ဇာမယ သိဒ္ဓိလောကီပညာအတတ်တို့ဖြင့် ချီးမြှင့်ကူညီစောင့်ရှောက်တော်မူခဲ့သည်။ ထိုမင်းကြီး နတ်ရွာစံပြီးနောက် မြန်မာနှစ် ၉၆၇ ခုနှစ်တွင် သားတော် အိမ်ရှေ့မင်းဥပရာဇာသည် မဟာဓမ္မရာဇာ ဟူသော ဘွဲ့အမည်ကိုခံ၍ ရွှေထီးရွှေနန်းကို သိမ်းမြန်းအုပ်စိုးဆောင်တော်မူခဲ့သည်။ (ဤမင်းတရားကို နောင်အခါ အနောက်ဘက်လွန်မင်းဟု ခေါ်ကြသည်။) ဤမဟာဓမ္မရာဇာမင်းတရားကလည်း ခမည်းတော်ညောင်ရမ်းမင်းတရားကြီးကဲ့သို့ပင် ဗားမဲ့ဆရာတော်ဘုရားအား ဆက်လက်အားထားကိုးကွယ်ဆည်းကပ်တော်မူလေသည်။

ထို့အပြင် သာသနာတော်ကို ရှိသေလေးစား ဦးထိပ်ထားသော သာသနာပြုမင်းတစ်ပါး ဖြစ်သည်နှင့်အညီ ဤမင်းတရား၏လက်ထက်၌ ဆရာတော် သံဃာတော်များအားလည်း ကျောင်း၊ အသစ်များ ဆောက်လုပ်လှူဒါန်းသည့်အပြင် ဆရာတော် သံဃာတော်များကို နေ့စဉ် ရွှေနန်းတော်သို့ပင့်၍ ဆွမ်းဆက်ကပ်လှူဒါန်းတော်မူကြလေသည်။ သို့ဖြစ်ရာ ဆရာတော် သံဃာတော်မထေရ်ကြီးများမှာ နေ့စဉ် ရွှေနန်းတော်သို့ ဆွမ်းခံ၊ ဆွမ်းဘုဉ်းပေးရန် ကြွရောက်ကြရမည့် ဆရာတော်များ မအားမလပ်ရှိကြသောအခါ ကိုယ်စားတပည့်သံဃာကြီးများကို

ဗားမဲ့စီရင်ပေး သဗ္ဗပီယဒေနုတ်ဆေး
ကျော်စံရှိန်





www.burmeseclassic.com

www.burmeseclassic.com

အလှည့်ကျ စေလွှတ်လေ့ရှိကြ၏။ ဗားမဲ့ ကျောင်းအနေဖြင့်လည်း ရံခါသာ ဗားမဲ့ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ကြွ ရောက်ပြီး များသောအားဖြင့် ကျောင်း မှ လက်ရုံးတပည့် စာတတ်ပေတတ် သီလ၊ သမာဓိ၊ သိက္ခာ တည်ကြည်သော သံဃာကြီး (၃) ပါးကို အလှည့်ကျ ကြွ ရောက်စေခဲ့လေရာ နက်ဖြန်အလှည့်ကျ သောရဟန်းမှာ ယခု ဆရာတော်ဘုရား ထံ လာရောက်တွေ့ဆုံနေသော ရဟန်းတော်သာ ဖြစ်ပါလေသည်။ အခြားတစ်ပါးသော ရဟန်းများအလှည့်က မည်သို့ တစ်စုံတစ်ရာမျှ စောဒကမတက်ခဲ့ကြဘဲ ရွှေနန်းတော် ဆွမ်းအလှည့်အလို့ငှာ သွားရောက်ခဲ့ပါလျက် ယခု ဤရဟန်း အလှည့်ကျမှ ဆွမ်းအလှည့်ကို မကြွချင် ပါဟု ဆိုနေခြင်းမှာ အကြောင်းအသို့ ဖြစ်သည်ကို နားမလည်နိုင်သဖြင့် ဗားမဲ့ ဆရာတော်ကြီးက ရဟန်း၏လျှောက်ထားချက်ကို တစ်စုံတစ်ရာ တုံ့ပြန်ပြော ဆိုခြင်းမပြုသေးဘဲ ခေတ္တခဏမျှစူးစမ်း ကြည့်နေမိခြင်း ဖြစ်သည်။

စင်စစ်၌ သာမန်ရဟန်းသံဃာများ အနေဖြင့် ရွှေနန်းတော်အတွင်းထိ ဆွမ်း ခံကြွခွင့်၊ ဆွမ်းဘုဉ်းပေးခွင့်ရရန်ဆိုသည် မှာ လွယ်ကူလှစွာသောကိစ္စ မဟုတ်ပါ။ မိမိတို့ကဲ့သို့သော မင်းကိုးကွယ်ဆည်း ကပ်ခံ မထေရ်ကျော်ဆရာတော်ကြီးများ နှင့် မိမိတို့ကိုယ်စားလှယ် မထေရ်သံဃာ များမှသာ ရနိုင်သော အခွင့်ရေးထူး ဖြစ် ပါချေသည်။ ထို ကိုယ်စားလှယ်အဖြစ် စေလွှတ်ခံရသော မထေရ်သံဃာတော် တို့အနေဖြင့် မင်းက ဆက်ကပ်သော ဆွမ်းကောင်းဆွမ်းမြတ် ဘောဇဉ်ရသာ ထူးများကို ရရှိဘုဉ်းပေးသုံးဆောင်ခွင့်ရ သည့်အပြင် ကံကောင်း အခွင့်သာခဲ့ပါ က မင်း၏ချီးမြှောက်ပူဇော်ခြင်း အခွင့်





www.burmeseclassic.com

www.burmeseclassic.com

အလမ်းထူးများကိုလည်း ရရှိနိုင်ပါသေးသည်။ ထို့ကြောင့် သက်ဆိုင်ရာမထေရ်ကြီးများ၊ ဆရာတော်ကြီးများကိုယ်စား ရွှေနန်းတော်သို့ ဆွမ်းအလှည့်ကြွခွင့်ရရန် တပည့်ရဟန်းသံဃာတိုင်းက မျှော်လင့်တောင့်တ ရယူလိုက်ကြပါသည်။ သို့လင့်ကစား ယခု မိမိဖားမဲ့ဆရာတော်၏တပည့် ရဟန်းတော်ကမူ ဤထူးကဲသောအခွင့်အလမ်းကို မျက်မှောက်ပြုလျက် ရွှေနန်းတော်ဆွမ်းလှည့်သို့ မသွားလို၊ မကြွလိုပါ။ မသွားပါရစေနှင့်၊ မကြွပါရစေနှင့်ဟု တောင်းဆိုလာနေလေသဖြင့်

"အင်း. . . ခက်တော့ခက်နေပြီ ကိုယ်တော့်နှယ်။ အခြားတစ်ပါးသော ရဟန်းတွေဆို ရွှေနန်းတော်ဆွမ်းလှည့်ကို သူ့ထက်ငါ ကြွချင်ကြလွန်းလို့၊ သွားချင်ကြလွန်းလို့ စိတ်ပါလက်ပါ တက်တက်ကြွကြွရှိနေကြသည့်ဟာကို။ အခု ကိုယ်တော့်အလှည့်ကျတော့မှ ဘယ့်နှာဖြစ်ရတာတုံး။ ငါဆရာတော်က ကိုယ်တော့်ကို ရွေးချယ်စေလွှတ်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပေဘူး။ ကိုယ်တော်က ဖောဒီကျောင်းက ရဟန်းတွေထဲမှာ ဝါအကြီးဆုံး၊ လောကီ၊ လောကုတ္တရာ စာပေဘက်မှာလည်း ထူးချွန်ဆုံး၊ ထက်မြက်ဆုံးမို့ ရွှေနန်းတော်နှင့် အဆင်ပြေလျှင် နောင်တစ်ချိန် ကိုယ်တော့်ကို မင်းနီးမြောက် ပူဇော်ခွင့်လေးများတောင်မှ ရပါစေတော့ရယ်လို့ ငါဆရာ ရည်ရွယ်မျှော်လင့် စေလွှတ်ခြင်း ဖြစ်ပေတယ်။ အဲဒါကိုပဲ ကိုယ်တော်က တပည့်မသွားပါရစေနှင့်၊ မကြွပါရစေနှင့်ဆိုတော့. . ."

"ဒီ. . . ဒီ. . . ဒီလိုပါ ဆရာတော်ဘုရား။ တပည့်တော်က ဆရာတော်ဘုရား၏မိန့်ကြားတာဝန်ပေး ခိုင်းစေချက်ကို မလေးမစား မခံယူ မလိုက်နာချင်လို့လည်း မဟုတ်ရကြောင်းပါ။ ဆရာတော် ခိုင်းသမျှ၊ စေသမျှ၊ မိန့်ဆိုချက်မှန်သမျှကို အမြဲ ဦးထိပ်ထား နာယူခဲ့သည့် တပည့်ပါ ဘုရား။ ယခုကိစ္စကတော့ တပည့်တော် ရွှေနန်းတော်ဆွမ်းလှည့်ကြွခဲ့ရရင် အဆင်မပြေနိုင်သည့်အကြောင်းကလေးများရှိနေလို့ပါ ဘုရား"

ဖားမဲ့ဆရာတော်ဘုရားကြီး၏အမူအရာက သိပ်အလိုမကျဟန် ပြောဆိုကာနေလေသဖြင့် ဆရာသမား၏ စိတ်ပြဋ္ဌင်မှုကိုလည်း မခံချင်သောကြောင့် ဆရာတော်၏စကားမဆုံးခင် ရဟန်းက ကမန်းကတန်း ကြားဖြတ် ဝင်ရောက်လျှောက်ထားလိုက်ခြင်း ဖြစ်ပါသည်။

"ဘယ်လို ဘယ်လို၊ ကိုယ်တော့်မှာ ရွှေနန်းတော်ထဲ ဆွမ်းလှည့်ကြွဖို့ရာ အဆင်မပြေနိုင်သည့်အကြောင်းလေးများ ရှိနေလို့ပါဆိုတော့ နေပါဦး- ကိုယ်တော်က ဘဇာတွေများဖြစ်နေလို့ပါလိမ့်၊ ဆိုစမ်းပါဦး"

"တပည့်တော်ကတော့ ဘာမှမဖြစ်ပါဘုရား၊ ဖြစ်နေသည့်သူကတော့ ဟို. . . ဟို. . . ဟို"

"အင်း. . . ကိုယ်တော်ကတော့ ဖြင့် ခက်နေပြီပဲ။ ကိုယ်တော်က ဘဇာအရေးကြောင့် သည်ဆွမ်းအလှည့်ကြွရေး ဝန်လေးနေရပေတာတုံး။ ကိုင်း- ဟုတ်ပြီ၊ ကိုယ်တော်က ဘာမှမဖြစ်ရင် မည်သူမည်ဝါက ဘာဖြစ်နေသည်လဲ၊ မည်သည့်အကြောင်းလဲ ရှင်းရှင်းလေး လျှောက်တင်စမ်းကွယ်။ ကိုယ်တော့်ဟာက ထစ်ထစ်ငေါ့ငေါ့ တုံ့တုံ့ဆိုင်းဆိုင်းနှင့် တယ်နေရာမကျချေတော့ဘူး"

အကဲခတ်ကြည့်ရလျှင်တော့ ဖားမဲ့ဆရာတော်ကြီး သိပ်စိတ်ရှည်ချင်တော့ တန်မတူ။ သို့ကြောင့် ရဟန်းကလည်း ကမန်းကတန်း ပျာယီးပျာယာ ပြန်လည်လျှောက်တင်ရပါတော့သည်။

"ဟို. . . ဟို. . . ဖြစ်နေတာက အတုလစန္ဒာဒေဝီမိဖုရားကြီးပါ ဘုရား။ မင်းတရားကြီးရဲ့မိဖုရားခေါင် အတုလစန္ဒာဒေဝီမိဖုရားကြီးပါ ဘုရား"

"ဟင်-အလို၊ ဘယ်လို ဘယ်လို။ ကိုယ်တော်ပြောချင်တာက ဒါယကာမင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီး ဒါယိကာမကြီး အတုလစန္ဒာဒေဝီကြောင့် ကိုယ်တော် ရွှေနန်းတော်ကိုမကြွချင်ရတာလို့ ပြောချင်တာပေါ့၊ ဟုတ်စ"

"မှန်ပါတယ် ဘုရား။ ဒါယိကာမကြီးအတုလစန္ဒာဒေဝီမိဖုရားကြီးကြောင့် တပည့်တော် ရွှေနန်းတော်ဆွမ်းအလှည့်ကိုကြွရင် အဆင်မပြေနိုင်ကြောင်းပါ ဘုရား"

"အင်း-ကိုယ်တော့်နှယ်၊ ဘယ့်နှာဖြစ်ရတာတုံး။ ဒါယကာ မဟာဓမ္မရာဇာမင်းတရားကြီးရဲ့ ပင့်ဖိတ်လျှောက်ထားချက်အရ အဝမြို့ လေးပြင်လေးရပ်က ဆရာတော် သံဃာတော်များ အလှည့်ကျ ရွှေနန်းတော်ကို ဆွမ်းအလို့ငှာကြွရတာဖြစ်လို့ ဒါယိကာမ မိဖုရားကြီးက ထိုဆွမ်းကိစ္စကို ကိုယ်တိုင်တာဝန်ယူ ကြီးကြပ် ဆက်ကပ်လှူဒါန်းနေသည်ပဲ။ မင်းတရားကြီးရဲ့အလိုကျဖြစ်သမို့ ဒါယိကာမကြီးကလည်း ဝမ်းပန်းတသာ သဒ္ဓါကြည်ရွှင်စွာဖြင့် ကြွလာသမျှ သံဃာ

တွေကို ကိုယ်တိုင်ကြီးကြပ် ဆက်ကပ်နေသည်ကို ငါကိုယ်တိုင် အခါခါကြုံခဲ့ရပြီးလေပြီ။ မင်းမှုထမ်းများအားလုံးတလည်း လိုလေသေးမရှိရအောင် ဂရုတစိုက် လုပ်ကိုင်ပေးနေကြသည်ကိုလည်း ငါကိုယ်တိုင် လက်တွေ့မျက်မြင်ပဲ။ အဲ့သဟာကြောင့် ဒါယိကာမ မိဖုရားကြီး ကိုယ်တိုင်ရှိနေရင် ပိုတောင်ကောင်းသေးသပေါ့။ အဲဒါများ ကိုယ်တော့်အလှည့်ကျမှ အတုလစန္ဒာဒေဝီမိဖုရားကြီးကြောင့် ကိုယ်တော် ရွှေနန်းတော်ဆွမ်းအလှည့်ကြွရင် အဆင်မပြေနိုင်ဟု လျှောက်တင်တာကိုတော့ဖြင့် ငါဆရာ နားမလည်နိုင်အောင်ပါဘဲ တပည့်ရေ"

ဆရာတော် နားမလည်နိုင်ဝေမှ 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ' ဆိုသည့် စကားလို ကိုယ့်အကြောင်း ကိုယ်သာ သိပါသည်' ဟူသော ရဟန်းက စိတ်ထဲမှ ဦးစွာပြောလိုက်မိ၏။ ကိုယ့်အကြောင်း ကိုယ်သိပါသည်ဟု ဆိုရပါလျှင် ဦးစွာ ပုဇ္ဇ စ အခြေမလှလေသော ကိုယ့်အနေအထားက စ၍ ပြောရပေမည်။ ရွှေကုသိုလ် အကျိုးပေးမကောင်းသဖြင့် မိမိ၏အသားအရေသည် ထမင်းအိုးဖင်လို မည်းပြောင်နေသည့်အပြင် မွဲခြောက်ခြောက်ဖြစ်နေလိုက်သေးသည်။ ထို့ပြင် နဖူးက ပြောင်လွန်းပြီး နှာရောင်ကတော့ ကာ မျက်ပေါက်ကျဉ်းနေပြန်သည်။ ထို့ မျှမက မေးကချွန်ပြီး မျက်နှာက ခွက်ခွက်၊ ပါးရိုးတြီးများက ကြီးထွား ငေါထွက်နေလေသည့်ပြင် လက်ပြင်တကုန်းနေပြန်သဖြင့် သက်တော် (၄၅) ဝါတော် (၂၅) ဝါ ဖြစ်သော်လည်း ရုတ်တရက်ကြည့်လျှင် လွန်စွာ အကျည်းတန်သော မထေရ်အိုကြီးပုံပေါက်နေရသည်။ ဤသို့သော ပုဇ္ဇ စ အခြေမလှသည့် မိမိ၏မတင့်မတယ် ရုပ်ရည်ကျယ်ကျယ်ကြောင့် အလျဉ်းသင့်လို့ နန်းတွင်းသို့ရောက်လေတိုင်း အတုလစန္ဒာဒေဝီမိဖုရားကြီးသည် မိမိကို မြင်တွေ့လိုက်သည်နှင့် မနှစ်မြို့သောအကြည့်နှင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး ဆတ်ခနဲ မျက်နှာလွှဲလိုက်ကာ အခြားသော သံဃာတော်များကို နှုတ်ဆက်စကားပြော၊ ဆွမ်း၊ ကွမ်း လှူဖွယ်ဝတ္ထုပစ္စည်းများကို ကိုယ်တိုင်ဆက်ကပ်သော်လည်း မိမိအလှည့်သို့ ရောက်သောအခါ ကား အခြား မိဖုရားငယ်၊ မောင်းမ အထိန်းအယတို့နှင့်သာ လက်လွှဲပေး ပြီး မိမိနှင့်မဆုံမတွေ့အောင် ရှောင်တွေ သွားလေ့ရှိလေသည်။ ဤသို့သော

www.burmeseclassic.com

မှုသည် တစ်ကြိမ်တစ်ခါမျှသာ မဟုတ်၊ အကြောင်းသင့်၍ ရွှေနန်းတော်ထဲသို့ ဆွမ်းအလှူငှာ ဖြစ်စေ၊ အလှူမင်္ဂလာပွဲများနှင့်ပတ်သက်၍ ဖြစ်စေ ရောက်ခဲ့လေတိုင်း အကြိမ်များစွာကြုံခဲ့ရပြီး ဖြစ်သည်။ ထို့ကြောင့် မိမိအနေဖြင့် အတုလစန္ဒာဒေဝီမိဖုရားကြီးသည် မိမိကို အမှန်ပင် မနှစ်မြို့ မကြည်မညိုဖြစ်နေကြောင်း မုချသေချာ အကဲဖြတ်သိရှိနိုင်ခဲ့ရခြင်း ဖြစ်ပေသည်။ လွန်ခဲ့သော အတိတ်ကာလများက မိမိတို့ ဘားမဲ့ကျောင်းသာမက အခြားတစ်ပါးသော ကျောင်းများမှ မထေရ်ကြီးများ၊ သံဃာတော်များနှင့် ရောနှောနေသဖြင့် ကိစ္စမရှိ။ ယခုသော်ကား ရွှေနန်းတော်ဆွမ်းအလှူကို ဘားမဲ့ဆရာတော်ကြီးကိုယ်စား မိမိတစ်ပါးတည်းသာကြွရမည်ဖြစ်လေရာ အတုလစန္ဒာဒေဝီမိဖုရားကြီးနှင့် သီးခြား ထိပ်တိုက်တွေ့ဆုံရတော့မည်မှာ မလွဲပါ။ ထိုရောအခါ မိမိအတွက်လည်း မကောင်း၊ ဒါယိကာမမိဖုရားကြီးအတွက်လည်း မကောင်း ဖြစ်ချိမ့်မည်။ ထို့ကြောင့် မိမိအနေဖြင့် ထိုဘေးကျပ်နံကျပ် အနေကျပ်အထိုင်ကျပ် မသက်သာအနေအထားမျိုးကို ရင်မဆိုင်လို၊ လွတ်စေလို။ ဤအကြောင်းရင်း အဖြစ်အနှစ်များကြောင့် မိမိဆွမ်းအလှူ မကြွလိုခြင်းဖြစ်ကြောင်း နောက်ဆုံး ရဟန်းက ဆရာတော်အား မလွဲမရှောင်သာ ရှင်းလင်းတင်ပြလျှောက်ထားလိုက်ရပါတော့သည်။

"အဲသဟာကြောင့် ဘုရားတပည့်တော် ရွှေနန်းတော်ဆွမ်းလှူကြွဖို့ရာအရေး ဝန်လေးနေရခြင်း ဖြစ်ပါသည် ဆရာတော်ဘုရား။ ဆရာတော့်အမိန့်ကို ဆန့်ငြင်းပယ်လိုသောသဘော မဟုတ်ရပါကြောင်းပါဘုရား"

"ဩော်-လက်စသတ်တော့ ကိုယ်တော်က ကိုယ်တော့်ကို ဒါယိကာမမိဖုရားကြီး နှစ်သက်လိုလား ကြည်ညိုဟန်မရှိသည့်အတွက်ကြောင့် ရွှေနန်းတော်ဆွမ်းလှူသို့ ကြွရန်အရေး ဝန်လေးနေပေတာကိုး။ သို့အတိုင်း မှန်ပါက စိုးရိမ်ပူပန်ခြင်း မရှိလေလင့်။ ငါ့တပည့်ကို ဒါယိကာမ အတုလစန္ဒာဒေဝီမိဖုရားကြီးသာမက လူမှန်သမျှနှင့် နတ်မိဖုရားတို့ပင်လျှင် ကြည်ညိုလေးမြတ်အောင်စေမည့် သဗ္ဗပိယဒေဝနတ်ဆေးအစီအရင်ကို ငါဆရာ ပေးလိုက်အံ့။ ယုံကြည်စိတ်ချစွာ ဆောင်ယူ၍သွားလေ။ အရာခပ်သိမ်း အေးချမ်းအောင်မြင်အံ့"

ဘားမဲ့ဆရာတော်ဘုရားကြီးသည် ရဟန်း၏ အကျိုးအကြောင်းစုံ ရှင်းလင်းလျှောက်ထားချက်အား သေချာစွာနားထောင်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် အနည်းငယ် ပြုံးယောင်သန်းလိုက်ပြီးနောက် အထက်ပါအတိုင်း မိန့်ကြားလိုက်လေသည်။

လူတို့၏ သဘောသဘာဝကား ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိ လုံးဝ မထင်မှတ်၊ မမျှော်လင့်ထားသော အကြောင်းကိစ္စရပ်များကို ရုတ်တရက် ရှောင်တခင် ရင်ဆိုင်ကြုံရခြင်း ဖြစ်လာကြပါလေက ထိုကိစ္စ၊ ထိုအကြောင်းအရာ၊ ထိုဖြစ်ရပ်များသည် ဟုတ်မှဟုတ်ပါလေစ ဟူ၍ မယုံကြည်နိုင်ကြရလောက်အောင် ထိုကောင်းခြင်း၊ ဆိုးခြင်း၏ ဝေဒနာများကို ခံစားကြရလေ့ရှိတတ်ကြသည်။ ယခုလည်း ဆရာအရှင်ဖြစ်သူ ဘားမဲ့ဆရာတော်ဘုရား၏ မိန့်ဆိုခိုင်းစေချက်ကို မလွန်ဆန်သာ၍ ရွှေနန်းတော်ဆွမ်းအလှူအတွက် နန်းတော်သို့ကြွလာခဲ့ရသော်လည်း မိမိကို မနှစ်သက် မလိုလား ကြည်ညိုဟန်မရှိသော အတုလစန္ဒာဒေဝီမိဖုရားကြီးနှင့် တွေ့ဆုံပါက အစစ အဆင်ပြေမှပြေပါ့မလားရယ်လေဟု ရင်တထိတ်ထိတ် စိုးရိမ်စိတ်ဖြင့်ကြွလှမ်းလာခဲ့ရသော ရဟန်းမှာ ရွှေနန်းတော် အတွင်းဆောင်ခန်းမတွင်းသို့ စတင်ဝင်ရောက်မိစဉ်မှစ၍ မိမိ၏အထင်နှင့်အမြင်တို့ ပါစင်အောင်လွဲမှားနေကြောင်း တွေ့လိုက်၊ သိလိုက်ရသည့်ခဏ အံ့ဩလွန်းလှစွာသောစိတ်ဖြင့် မိမိကြုံတွေ့နေရသည်များကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေရပါလေတော့သည်။

"ဟဲ့ဟဲ့- မင်းချင်းတို့၊ မောင်းမအထိန်းအယတို့၊ ဟိုမှာ ရဟန်းမြတ် ကြွလာသည်ကို ဘယ့်နှာကြည့်နေကြတာတုံး။ မြန်မြန်သွားပြီး ခရီးဦးကြိုပြုကြပါကွယ်။ သွားကြစမ်း၊ သွားကြစမ်း။ မြန်မြန်သွားကြစမ်း"

ပထမဆုံး ရဟန်းတွေ့ကြုံလိုက်ရသော အံ့ဩဖွယ်ဖြစ်ရပ်ကား ယခင်က မိမိကိုမြင်လျှင် ရှောင်ကြဉ်ဖဲခွာ၍ မနှစ်မြို့ မလိုလား မကြည်ညိုဟန်ရှိခဲ့သော ဒါယိကာမ အတုလစန္ဒာဒေဝီ မိဖုရားကြီးသည် သတ်မှတ်ထားသောနန်းခန်းမအတွင်း မိမိဝင်ရောက်သွားသည့်ခဏ မိမိကို လှမ်းမြင်လိုက်သည်နှင့် မျှော်လင့်နေသောသူတစ်ဦးရောက်ရှိလာသည်ကို မြင်တွေ့လိုက်ရ၍ ရွှင်လန်းဝမ်းမြောက်သွားသည့်နှယ် ပြုံးရွှင်စွာဖြင့် မင်းချင်း၊ မောင်းမ အထိန်းအယ၊ နန်းတွင်းသူအားလုံးတို့အား အရှင်ရဟန်းကို ခရီးဦးကြိုဆိုမှုပြုကြရန် အသံစာစာဖြင့် အမိန့်ပေးနှိုးဆော်လိုက်ခြင်းပင် ဖြစ်သည်။ ထိုအခါ ရှင်ရဟန်း၏သပိတ်ကို အပြေးအလွှားလာ၍ယူသူကယူ၊ ယပ်ကိုလှမ်းယူသူကယူ၊ ခြေသုတ်ဖုံများချပေးသူကပေး၊ မိဖုရားကြီးရှေ့ရှိ တရားပလ္လင်ခုံပေါ်သို့ပင့်၍ နေရာချပေးသူကပေးဖြင့် နန်းခန်းမတွင်းရှိ လူအားလုံးတို့ လှုပ်လှုပ်ရှားရှား အလုပ်များသွားကြလေသည်။

ရှင်ရဟန်း နေရာယူပြီးသည်နှင့် မိဖုရားကြီးက ရဟန်းအား မည်သည့်ကျောင်းက ကြွလာပါသည်လဲ၊ ဘွဲ့အမည် မည်သို့ရှိပါသည်လဲ၊ သက်တော်၊ သိက္ခာတော် မည်မျှရှိပါပြီလဲ၊ စာဝါများလည်း မည်မျှ လေ့ကျက်ပေါက်မြောက်ခဲ့ပါသည်လဲ စသည်ဖြင့် ပဋိသန္ထာရစကားများဖြင့် နှုတ်ခွန်းဆက်လျှောက်ကြားပြီးနောက် ဆွမ်းဘောဇဉ်များကို ကိုယ်တော်တိုင် ဆက်ကပ်ကာ ဆွမ်းအနုမောဒနာတရားကိုပါ ဟောကြားချီးမြှင့်ရန်လျှောက်ထားပြီး ရဟန်း၏တရားကို ရိုသေစွာနာယူလေသည်။ ရဟန်းမှာ စာတတ်ပေတတ်ဖြစ်သည့်ပြင် တရားဟောခြင်း ဓမ္မကထာ၌ ကျွမ်းကျင်လေရကား ရဟန်း၏တရားကိုလည်း အတုလစန္ဒာဒေဝီမိဖုရားကြီး များစွာနှစ်ထောင်းအား ရ[illegible] ရှိခဲ့လေသည်။ ထို့အပြင် ရဟန်းပြန်ကြွသောအခါ၌လည်း ဆွမ်းသပိတ်ကို ကိုယ်တိုင် ဆက်ကပ်ရင်း မိမိအား ရှင်ရဟန်း၏ ပစ္စည်းလေးပါးဒါယိကာမအဖြစ် သတ်မှတ်လက်ခံတော်မူပါရန်ကိုလည်း လျှောက်ထားလိုက်သေး၏။ ထိုကာလမှစ၍ အတုလစန္ဒာဒေဝီမိဖုရားကြီးသည် ထိုရှင်ရဟန်းအား ပစ္စည်းလေးပါးတို့ဖြင့် မပြတ် ထောက်ပံ့ဆက်ကပ်လှူဒါန်းလေသည်။

နန်းတော်မှပြန်ကြွလာသည့် အပြန်လမ်းတစ်လျှောက် ရှင်ရဟန်းသည် မိမိ ယခုတွေ့ကြုံခဲ့ရသောအဖြစ်အပျက်ဖြစ်ရပ်တို့မှာ အမှန်တွေမှဟုတ်ပါလေစ၊ အိပ်မက်များလားဟုပင် တွေးမိသည်ထိ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရလေ၏။ သို့သော် ယခု မိမိသည် အိပ်မက်မဟုတ်သော တကယ့်ဖြစ်ရပ်မှန်များကိုသာ တွေ့ကြုံခဲ့ရပါလေသည်ဟု ဤသို့ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

သော ထူးခြားဖြစ်စဉ်များသည် မိမိ၏ အစွမ်းအစကြောင့် မဟုတ်၊ ဆရာအရှင် ဗားမဲ့ဆရာတော်၏ ပညာစွမ်းကြောင့်သာဖြစ်ကြောင်းကို ရဟန်း အတိအကျ ယုံကြည်မှတ်ယူလိုက်သည်။ ဟုတ်သည်၊ ဟိသစ္စ-ဤစကားသည် အမှန်ပင် ဖြစ်သည်။

"ဆရာတော်ဘုရား၊ အရှင်ဘုရားရဲ့သဗ္ဗပီယဒေဝနတ်ဆေးက နံ့သာဆီဆိုတော့ တပည့်တော်ကိုယ်က အမွှေးနံ့တွေထွက်နေလျှင်ဖြင့် နဂိုကတည်းကမှ တပည့်တော်ကို မနှစ်မြို့ မလိုလား မကြည်ညိုစိတ်ရင်းစွဲရှိသည့် မိဖုရားကြီးသာ ဤနံ့သာဆီမွှေးများကို တပည့်တော် သုံးဆောင်လာမှန်းသိသွားလျှင်ဖြင့် သာ၍ပင် အကြည်ညိုပျက်သွားပါလိမ့်မည်ထင်ပါသည် ဘုရား"

အတုလ စန္ဒာဒေဝီမိဖုရားကြီးနှင့်တွေ့ဆုံရန် ဝန်လေးနေသော မိမိကို ဗားမဲ့ဆရာတော်ဘုရားကြီးက အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း အတုလစန္ဒာဒေဝီမိဖုရားကြီး မဆိုထားနှင့်၊ လူမှန်သမျှနှင့် နတ်မိဖုရားတို့ပင်လျှင် ကြည်ညိုလေးမြတ်လာစေနိုင်သည့် သဗ္ဗပီယဒေဝနတ်ဆေး ဟူ၍ ရွှေနန်းတော်သို့မထွက်လာမီ ပေးလာသော ဆေးအစီအရင်မှာ နံ့သာဆီမွှေးအချို့ဖြစ်နေသဖြင့် မွှေးကြိုင်နေသောကြောင့် မိမိက စောဒကတက်လိုက်မိသည်။ ထိုအခါ ဗားမဲ့ဆရာတော်က-

"ဒီမယ် ငါ့ရှင်၊ ကိုယ်တော် ယခုဆောင်ယူသွားရမည့် ဆေးနံ့သာဆီ၏ အမွှေးနံ့မှာ အနည်းငယ်မျှသာ ဖြစ်တယ်။ နန်းတော်အတွင်းဆောင်၌ရှိသော ဂန္ဓာရုံမွှေးရနံ့များသည်ကား သာလွန်များပြားလှပေသည်။ သို့ဖြစ်၍ သင်ဆောင်ယူသွားသော သဗ္ဗပီယဒေဝနတ်ဆေးနံ့သာဆီအနံ့ကား နန်းတော်ခန်းမတွင်း၌ အရာမရောက် အနံ့ပျောက်နေလေရာ၏။ သို့ကမို့ကြောင့် စိတ်ထဲစိုးနောင့်ခြင်းမဖြစ်လေလင့်"

ထိုစဉ်က ဆရာအရှင်၏ တိုက်တွန်းချက်ကြောင့်သာ ဆေးနံ့သာဆီများကို လိုအပ်သလို သုတ်လိမ်းလာရသော်လည်း ဤနံ့သာဆီများကိုသာ မိဖုရားကြီး ရှူမိ သိမိလေက နဂိုကတည်းက မိမိကို မကြည်ညို မနှစ်မြို့ဖြစ်နေသည်မို့ပို၍ ရွံ့မုန်းနှလုံးနောက်ကာ မချေမငံ တွေတော့ဖြစ်ရချေတော့မည်ဟု စိုးရိမ်အားငယ်စိတ်ဖြစ်နေခဲ့ရသလို တစ်ဖက်ကလည်း ဆရာအရှင်၏အမိန့်ကိုလည်း မလွန်ဆန်ဝံ့သောကြောင့်သာ မနည်းကြိုးအားတင်း၍ ရွှေနန်းတော်သို့ ထွက်ခွာလာခဲ့ရခြင်း ဖြစ်ပေသည်။ ယခုသော်ကား ဆရာအရှင် မိန့်ကြားလိုက်သည့်အတိုင်း ရွှေနန်းတော် အတွင်းခန်းမဆောင်ထဲ၌ ပျံ့လွင့်နေသော ဂန္ဓာရုံအမွှေးရနံ့များ၏အောက်တွင် မိမိ၏နတ်ဆေးနံ့သာဆီအနံ့မှာ လုံးဝကွယ်ပျောက်နေသည်သာမကဘဲ အတုလစန္ဒာဒေဝီမိဖုရားကြီး၏ဂရုဓမ္မဖြင့် ကြည်ညိုလေးစား အရေးထားခြင်းကိုလည်း ခံယူရရှိခဲ့ရလေပြီတကား။ ရဟန်းသည် ဆရာအရှင်၏ဂုဏ်ကျေးဇူးကို အောက်မေ့၍ ဗားမဲ့ကျောင်းတော်သို့ အပြန်လမ်းတွင် ရဟန်း၏ခြေလှမ်းတို့ တက်ကြွလန်းဆန်းလျက် ရှိနေပါလေတော့သည်။

ဗားမဲ့ဆရာတော်ဘုရားကြီး စီရင်ပေးသည့် ထိုသဗ္ဗပီယဒေဝနတ်ဆေး အစီအရင်ကား ထိုရှင်ရဟန်းအား ဆက်လက်၍ သိဒ္ဓိတန်ခိုးထူးများ ပေးလေသည်မှာအံ့မခန်းစရာပါပေ။ အကြောင်းအသို့နည်းဟူမူကား ရွှေနန်းတော်သို့ ဆွမ်းအလှည့်သွားတိုင်း ရှင်ရဟန်းသည် ဗားမဲ့ဆရာတော်၏ သဗ္ဗပီယဒေဝနတ်ဆေးကို အမြဲဆောင်ယူသွားလေရကား ကာလအတန်ကြာသော် အတုလစန္ဒာဒေဝီမိဖုရားကြီးသည် ထိုရှင်ရဟန်းကို ကျောင်းဆောက်လှူဒါန်းကာ သားတော်နှစ်ပါးကိုလည်း အရပ်ရပ်လောကီ၊ လောကုတ္တရာ စာပေပညာများ သင်ကြားပေးရန်အလို့ငှာ အပ်နှံခဲ့လေသည်။ နောင်အခါ ထိုရဟန်းသည် ရတနာပူရ အင်းဝမြို့ ရွှေနန်းအရပ်တွင် စံကျောင်းဆရာတော် ဟူ၍ ကျော်ကြားထင်ရှားသော မထေရ်မြတ်တစ်ပါး ဖြစ်တော်မူလာလေသည်။ ဤကား ဗားမဲ့ဆရာတော် စီရင်ပေးသည့် သဗ္ဗပီယဒေဝနတ်ဆေးအစွမ်း၏ အံ့မခန်း သိဒ္ဓိတန်ခိုးအကျိုးထူးပါပေတကား။

❁

"ဆရာတော်ဘုရား"

"အိမ်း- ဘာလဲကွယ့်"

"တပည့်တော် ဆရာတော်ဘုရားကို ခြေဆုပ်လက်နယ်ဝတ်ပြုပေးပါရစေလား ဘုရား"

"ဟေ- ငါမအားသေးဘူးဟဲ့။ အခုစီမံဆောင်ရွက်ဖွယ်ကိစ္စလေးတွေ အနည်းငယ်ရှိနေသေးသကွယ့်"

"အဲသဟာဖြင့်ရင်လည်း ဆရာတော်ဘုရားအတွက် ချီးရေတော်များ တပည့်တော် သွားဖြည့်ထားလိုက်မယ် ဘုရား"

"အေးအေး- ကောင်းသကွယ့်။ ဟဲ့ဟဲ့. . . အဲ - နေပါဦး ကျော်စွာငယ်ရဲ့၊ နင် ဘယ့်နှာ အရမ်းသဘောကောင်းနေတာတုံး။ တံနံတော့ နင် တစ်ခုခုတော့ တစ်ခုခုပဲ။ ကဲ- ဆိုစမ်းပါဦး၊ နင့်မှာ ဘာကိစ္စအထူးအထွေရှိနေသလဲဟဲ့"

ကျော်စွာငယ် ဆိုသူမှာ နန်းတွင်းအမတ်ငယ်တစ်ဦး၏သားတစ်ယောက်ဖြစ်ပြီး ဆရာတော်ဘုရားထံ လောကီလောကုတ္တရာပညာ စာပေအထွေထွေ သင်ယူရန် အပ်နှံထားသော လူရွယ်တစ်ယောက် ဖြစ်ပါလေသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ဆရာတော်ဘုရားထံ အပ်နှံထားရာ လောကီလောကုတ္တရာစာပေပညာများ အတန်အသင့် ပြည့်စုံနေပြီ ဖြစ်ပါသည်။ အထူးသဖြင့် ကျော်စွာငယ်သည် ဂန္ဓာရီဝိဇ္ဇာမယပညာရပ်များကို အလွန် စိတ်ဝင်စား ဝါသနာထုံစွာဖြင့် ထိုပညာများကို ဗားမဲ့ဆရာတော်ဘုရားထံမှ အထူးပြု လေ့လာလိုက်စား သင်ယူနေသူတစ်ဦး ဖြစ်လေသည်။ ထို့ကြောင့် ဗားမဲ့ဆရာတော်သည် သူ၏ကံ့ကူလက်လှည့်ဆရာဖြစ်သလို သူကလည်း ဆရာတော်၏ဝေယျာဝစ္စများကို အနီးကပ် ဖြည့်ဆည်း လုပ်ကိုင်ပေးရသော လက်ရုံးတပည့်ရင်းတစ်ဦး ဖြစ်ပေသည်။

ယနေ့ ကျော်စွာငယ်သည် ဆရာတော်က ခေါ်ယူခြင်းမရှိဘဲ သူ့အလိုလိုရောက်လာကာ ဆရာတော်အား ဝတ်ကြီး၊ ဝတ်ငယ်ပြုလိုကြောင်း ထူးထူးခြားခြား လောကဝတ်ကောင်းလွန်းလှနေသဖြင့် ကြာသော် ဆရာတော်ကြီး သတိမကောင်းဖြစ်ကာ သို့မေးမြန်းနေခြင်း ဖြစ်လေသည်။

"တခြားတော့မဟုတ်ပါဘူးဘုရား ဆရာတော် တပည့်တော်ကိုသင်ပေးသည့် ဝိဇ္ဇာမယပညာတွေထဲမှာ ပီယသိဒ္ဓိအစီအရင်များနှင့် ပတ်သက်ပြီး တစ်ခါမှ မိန့်ဟ သင်ကြားပေးခဲ့ခြင်း မရှိသေးပါဘုရား။ ယခုအခါတွင် စံကျောင်းဆရာတော် ဟူ၍ ဂုဏ်သတင်းမွှေးနေသော ဆရာတော်မှာ တပည့်တော်တို့ ဗားမဲ့ကျောင်းထွက် ဆရာတော်ဘုရားကြီး၏ တပည့်ရင်း ရဟန်းတစ်ပါး မဟုတ်ပါလားကလား ဘုရား"

"အေး- ဟုတ်သကွယ့် ကျော်စွာငယ်ရဲ့၊ အဲဒါ ဘာဖြစ်လို့တုံး"

"ဘာဖြစ်လို့တုံးဆိုတော့ အဲသည်



www.burmeseclassic.com

www.burmeseclassic.com

စံကျောင်းဆရာတော်ဘုရားကို မင်းတရားကြီးရဲ့မိဖုရားခေါင်ကြီး အတုလဒေဝီဟာ ယခင်က လုံးဝ နှစ်လိုကြည်ညိုခြင်းမရှိရာက ဆရာတော်ဘုရား၏ ပီယသိဒ္ဓိဆေးအစွမ်းကြောင့် စံဆရာတော်ကို မိဖုရားကြီးက ကြည်ညိုလေးစားသွားပြီး ကျောင်းဆောက်လှူဒါန်းခဲ့သည့်အပြင် မင်းသားနှစ်ပါးကိုလည်း အပ်နှံလိုက်သည်အထိ စံကျောင်းဆရာတော် ဘုန်းကြီးသွားကြောင်း ပြောစမှတ်ပြုနေကြပါတယ် ဘုရား၊ အဲသည်တော့ကာ တပည့်တော်ကျော်စွာကို အခြားတစ်ပါးသော ပီယသိဒ္ဓိအစီအရင် ပညာရပ်များအား မသင်ကြားပေးလိုလျှင်လည်း နေပါစေတော့ဘုရား။ သို့ပေမင့် ထိုစံကျောင်းဆရာတော်ကို ဆရာတော် ချီးမြှင့်ပေးသနားတော်မူခဲ့သည့် ပီယသိဒ္ဓိ အစီအရင်ပညာရပ်တစ်ခုကိုတော့ဖြင့် တပည့်အလွန်တတ်မြောက်ချင်လှပါတယ် ဘုရား။ အဲဒါကြောင့် တပည့် ငကျော်စွာကို သနားသောအားဖြင့် ထိုအစီအရင်ပညာတစ်ခုကိုတော့ဖြင့် ချီးမြှင့် ပေးသနားသင်ကြားပေးပါရန် လျှောက်တင်အပ်ပါသည် ဘုရား"

ကျော်စွာငယ်၏လျှောက်ထားချက်ကို နားဆင်ပြီးနောက် ဗားမဲ့ဆရာတော်ကြီးသည် လက်ထဲက ရေးလက်စ ပုရပိုက်အချို့ကိုအသာချလိုက်ကာ တပည့်ကျော်စွာငယ်ကို စူးစူးစိုက်စိုက်ကြည့်ရှုကာ ခေတ္တစဉ်းစားဟန်ပြုပြီးမှ-

"အိမ်း - တပည့် ကျော်စွာငယ်၊ နင့်ကို ငါဆရာတော် ပီယသိဒ္ဓိအစီအရင်များကို မသင်ပေးသေးခြင်းက အကြောင်းရှိသကွယ့်။ ဤ ပီယသိဒ္ဓိအစီအရင်ဘို့ဆိုသည်က နင်တို့လို ငယ်ရွယ်သူတွေနှင့် သိပ်မအပ်စပ်သေးလို့ပဲ။ အကြောင်းကတော့ ပညာနှင့် မတော်မတရားလက်တည့်သွားစမ်းလျှင် အစမ်းခံသူရော စမ်းသပ်သူပါ အကျိုးနည်းကြမှာတွေ ဖြစ်တတ်သကွယ့်။ အထူးသဖြင့် စိတ်မနိုင်နင်းလို့ ကာမေသုကိစ္စများ ကျူးလွန်မိလျှင်ဖြင့် တစ်ဘဝမျှမက ဘဝသံသရာလုံးဆုံးရှုံး ကိုယ်ကျိုးနည်းကြလိမ့်မကွယ့်။ အဲသဟာကြောင့် ငါ ဒီ ကာယသိဒ္ဓိဆိုင်ရာ အစီအရင်များတွေကို မသင်ကြားပေးသေးခြင်းဖြစ်ပေတယ်။ ယခု နင် ဤမျှ စိတ်ဆန္ဒပြင်းပြနေလေမှတော့ စံကျောင်းဆရာတော်ကို ငါ ယခင်က စီရင်ချီးမြှင့်ပေးခဲ့သည့် သဗ္ဗပီယဒေဝနတ်ဆေးအစီအရင် စီရင်နည်းကို သင်ပေးရပေတော့မပေါ့ကွယ်။ သို့သော်လည်း နင် သစ္စာတော့ဆိုရလိမ့်မကွယ့်။ အဲ့သဟာကတော့ ဤပညာဖြင့် ကာမေသုကို အဇ္ဈတဂ္ဂေ တစ်သက်တာ ကာလပတ်လုံး ရှောင်ကြဉ်ပါမည်။ ကာမေသု မထိန်းနိုင်သော သူတစ်ထူးကိုလည်း ဤပညာဖြင့် စီရင်၍မပေးပါလို့ သစ္စာဆိုရမပေါ့၊ ဟုတ်ပြီလား"

"တင်ပါ့ဘုရား၊ တပည့်တော် ငကျော်စွာ ဆရာတော် ဆိုခိုင်းသည့် ကတိသစ္စာကို စောင့်ထိန်းပါမည်ဘုရား။ ပညာကိုသာ ချီးမြှင့်ပေးသနားတော်မူပါ ဆရာတော်ဘုရား"

"အိမ်း. . . အိမ်း- ကောင်းပြီ၊ ကောင်းပြီ တပည့်"

ဤသို့ဖြင့် တပည့် ကျော်စွာငယ်ကို လိုအပ်သော ကတိသစ္စာစောင့်ထိန်းစေပြီးနောက် ဗားမဲ့ဆရာတော်ကြီးသည် အောက်ဖော်ပြပါ သဗ္ဗပီယဒေဝ နတ်ဆေးအစီအရင် စီရင်နည်းကို တပည့်ဖြစ်သူအား သင်ကြား ပြသပေးလိုက်ပါတော့သည်။

**သဗ္ဗပီယဒေဝနတ်ဆေးအစီအရင်**

နံ့သာဆီအစစ် (၂)ကျပ်သားကို ပုလင်းတွင်ထည့်ပြီးလျှင် ဘုရားရှေ့တော်၌-

'ဦး- ဗုဒ္ဓတေဇံ လာဘံ ဘဝိဿတိ၊ ဓမ္မတေဇံ သုခံ ဘဝိဿတိ၊

သံဃတေဇံ စတုဒိသံ ပိယံ မမ။

သီဝလိ စ မဟာနာမံ၊ သဗ္ဗလာဘံဘဝိဿတိ၊ ထေရဿ အာနုဘာဝေန၊ သဗ္ဗဟောန္တု ပိယံ မမ'

ဤဂါထာဖြင့် နံ့သာဆီကို တစ်ထောင်စုတ်။

ထို့နောက်-

၁။ လမ်းလေးခွ

၂။ နတ်ရဲသစ်ပင်

၃။ မြစ်ဆိပ်

၄။ တောင်ထိပ်

၅။ တံစက်မြိတ်

၆။ ဇရပ်

၇။ နတ်စင်

၈။ တစ်ဝဂ္ဂ

အထက်ပါ (၈) နေရာ (၈) ဌာနတို့၌ နံ့သာဆီကိုစုတ်ရန် ဂါထာကား-

'မေ စိတ္တံဝါ၊ ပုမံဝါ၊ ရာဇာဝါ၊ ရာဇကုမာရောဝါ၊ ရာဇကုမာရီဝါ၊ ဣတ္ထိယောဝါ၊ ပုရိသောဝါ ပိယံ ဇဟိ'

အထက်ပါဂါထာနှင့် တစ်နေရာတွင် (၁၀၈) ခေါက်စီ မန်းပြီးလျှင် ၎င်းနံ့သာဆီကို ရဟန်းခံသောအခါများနှင့် ကြုံစဉ် ရဟန်းလောင်း၏သပိတ်တွင် (၃) ခါထည့်။ ပြီးလျှင် ပျားဖယောင်း (၂) ကျပ်သားကို (၃)ခါစစ်ပြီးမှ ဒေါင်းဖိုရုပ်နှင့် ဒေါင်းမရုပ် အရွှေလိုက်ဟန်ပီသစွာပြုလုပ်ပြီး စင်ကြယ်သောကြေးလင်ပန်းငယ်၌ထည့်၍ နေပူထဲတွင်ထားရမည်။ ထို့နောက် အထက်က စီရင်မန်းမှုတ်ပြီးသော နံ့သာဆီကို အရုပ်ပေါ်က တစ်စက်ချင်းလောင်းရင်း မောရပရိတ်တော်ကိုရွတ်။ နေပူထဲရှိ ဖယောင်းဒေါင်းဖို၊ ဒေါင်းမရုပ်တို့ အရည်ပျော်ပြီး နံ့သာဆီနှင့် သမ၍ ရောနှောသွားသည်အထိ ရွတ်ရမည်။

ထိုနံ့သာဆီအား ဆောင်ခါနီးတွင် အောက်ပါ အနှိုးဂါထာမန္တန်နှင့် (၇) အုပ်မန်းရမည်၊

'ဦး နဋ္ဌာတေ ဗုဒ္ဓ မေဝ ဓ ဇဂ္ဂံ၊ အရဟန္တံ ရာဇကောမံ ဝိနသဿန္တု'

ဤဂါထာဖြင့်စုတ်ရာ၌ အကယ်၍ မိန်းမကိုအလိုရှိသော် 'ဣတ္ထိကောမံ ဝိနသဿန္တု' ဟု လည်းကောင်း၊ လူပရိသတ် အလုံးစုံကိုလိုသော် 'သဗ္ဗကောမံ ဝိနသဿန္တု' ဟု မိမိအလိုရှိသလို အစားထိုးဖြည့်စွက် ရွတ်ဟိန်းရမည်။ ပရိသတ်လေးပါးရှိရာသို့သွားသော် နဖူးဆံစမှာ လိမ်း၍သွား။

'ဣတ္ထိတစ်ဖန်၊ လိုလာပြန်သော်၊ လိမ်းကျံရင်ဝ၊ ငါစကြာဝတေးမင်း၊ ဆိုတုံလျှင်းလော့၊ ရွှေအင်းဝမြို့၊ ဘုန်းရောင်ပျို့သည်၊ လူတို့ဆည်းကပ်၊ ပူဇော်အပ်သော၊ လေးထပ်ဘုံကျော်၊ ပုဂ္ဂိုလ်တော်ကြီး (ဗားမဲ့ဆရာတော်)၊ စီမံပြီးသည်၊ ဤနည်းပီယအကျော်တည်း'

ဤ သဗ္ဗပီယဒေဝ နတ်ဆေးအစီအရင်ပညာကို တတ်မြောက်သွားပြီးနောက် အနည်းငယ်အတွင်း၌ပင် ကျော်စွာငယ်သည် မင်းမှုထမ်းလုပ်ခဲ့ရာမှ မှူးမတ်ငယ်ဘဝသို့ လျင်မြန်စွာ တိုးတက်သူကောင်းပြုခြင်းခံရသည့်အပြင် 'တင့်လှပေဟန်၊ ဖက်မရံသည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့' ဟု အံ့ချီးလောက်အောင် အဝမြို့၏ လှထိပ်တင်ဟု နာမည်ကြီးသလောက် မာနလည်းကြီးလှသော မင်းဆွေမင်းမျိုး ရှင်မမြတ်သာ လှကညာ၏ မေတ္တာပန်းဖူး အချစ်ဦးအဖြစ် စုလျားရစ်ပတ် လက်ထပ်ခွင့်ရခဲ့သည်များမှာ သဗ္ဗပီယဒေဝနတ်ဆေးအစွမ်းကြောင့်လေလားဟု ယုံမှားသံသယဖြစ်စရာပါပေတကား။

ကျော်စံနိုင်




www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

ကျားလေးတောင် ရောက်တော့ တောင်ပိုင်ကြီးရဲ့သဘောထားသိအောင်လည်း စမ်းသပ်ပြီးပါပြီ။ စက္ကူရွှေထီးနဲ့ တံခွန် မလဲတာနဲ့ တောင်ပိုင်ကြီးသဘောထားကို သိလိုက်ပါတယ်။ အဆင်မပြေတာဆိုလို့ ဂိုဏ်းဆရာဟောချက်၊ နတ်ဝေဒင်၊ အကြားအမြင်ဆရာတွေဟောချက်သာအဆင်မပြေတာပါ။ ကျားလေးတောင် သာသနာ့ပြုခရီးကို မီးစာတစ်ဖက် ရေမှုတ်တစ်ဖက်ကိုင်နဲ့ တူနေပါလားလို့တွေးလိုက်မိပါတယ်။ ကျွန်တော်



စိုးထွန်း(ဥပဒေ)

လေးကျွန်းကြာခိုင်စေတီတော်နှင့် သိုက်ပီးအလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



…အဖွဲ့က မီးနဲ့ရေကို စနစ်တကျ ပေါင်း…ပေးရင် အလွန်အသုံးဝင်တဲ့ ရေနွေး…ချက် ရနိုင်တယ် မဟုတ်ပါလား။ …ဖြစ်အောင် ပေါင်းဆုံပေးမယ်လို့ …က ဆုံးဖြတ်ချက်လည်း ချထားပါ…။

(၃)ပေ စေတီတော်အတွက် အ… ဖြစ်ကတတ်ဆန်းလုပ်လို့ မသင့်…ဘူးလို့ တွေးမိတာနဲ့ တိုက်ကြီး…း တန်ဆောင်းထဲမှာ စည်းဝေးပွဲ…လုပ်ရတာပေါ့။ အုတ်ခဲနဲ့ ဘိလပ်… ပေးသူက ပေးပါပြီ။ ယူတဲ့လူက …း ဆပ်ဖို့ တာဝန်ရှိတယ် မဟုတ် … (၃)ပေစေတီ ဆိုတာ ဉာဏ်တော်…မြင့်တာဖြစ်လို့ ဘုရားတည်ဖူးတဲ့ …ကို အပ်ရမယ်။ (၉) ပေစေတီနဲ့ …က်မယ့် ထီးတော်တစ်ဆူလည်း ဝယ်ရမယ်။ အားလုံးဟာ ငွေမရှိလို့ မဖြစ်ပါဘူး။

(၉) ပေစေတီတော်ရဲ့ ကုန်ကျမှုကို အကြမ်းဖျင်းတွက်ကြည့်တယ်။ အနည်းလေး (၂၅၀၀၀) ကျပ်လောက် ကုန်လိမ့်မယ်။ ဖြုန်းစားကြီး ငွေရနိုင်တဲ့နည်းဟာ အလှူခံတဲ့နည်းပဲ ရှိပါတယ်။ ကျွန်တော်တို့အဖွဲ့ကလည်း အလှူခံရမှာကို သေမလောက် ကြောက်မှုကြောက်။ ဒီခေတ်ကြီးထဲမှာ အလှူခံ (၁၀)ဦးလာရင် တစ်ဝက်က အကြံအဖန်တွေ ဖြစ်နေတတ်တာကိုး။

ပြီးတော့ အလှူခံဖြတ်ပိုင်းကိုရေးတဲ့နေရာမှာ ဘယ်အတွက်လို့ ခေါင်းစီးနဲ့ဖော်ပြနိုင်ရမယ်။ အခုတည်မယ့်စေတီတော်ကို ဘယ်လို ဘွဲ့တော်ပေးမှာလဲ။ ဘွဲ့တော်တောင်မရှိတဲ့ အလှူခံဖြတ်ပိုင်းဆိုရင် ဘယ်လာတင့်တယ်ပါ့မလဲ။ ကာလဒေသနဲ့ ခတ်မှန်တဲ့နာမည်တစ်ခုက ဖြုန်းစားကြီးရဖို့ မလွယ်ပါလား ဆိုတာကို လက်တွေ့ကြုံမှ သိရပါတော့တယ်။

မထင်မှတ်တဲ့အချိန်မှာ ကျွန်တော်တို့စကားဝိုင်းကို လာနားထောင်နေတဲ့ ဗညီ့သည်တစ်ဦးက နတ်ဝင်သလို တစ်ကိုယ်လုံးတုန်လာတယ်။ ပြီးတော့-

"ထုံးဖြူဗမာဆေး သွားဝယ်စမ်း" လို့ အမိန့်သံနဲ့ ဟောက်တော့ စန်းမောင်က ပြေးဝယ်တယ်လေ။ သူက ဒိတ်ပေါက်တာ ဖြစ်မယ်။ ကျွန်တော်က ဒီအချိန်မှာ အဘ ဘိုးတော်အောင်မင်းခေါင်နဲ့ မရင်းနှီးသေးပါဘူး။ တင်ပလ္လင်ချိတ်ထိုင်လို့သာ အဘဘိုးတော်ဖြစ်မယ်လို့ စိတ်ထဲက ထင်တာလောက်ပဲ ရှိပါတယ်။ သူက ကွမ်းဝါးရင်း-

"မင်းတို့စေတီကို ဘယ်လိုဘွဲ့မည်ပေးမှာလဲ"

ဒီမေးခွန်းကိုမေးသူက ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ပြီး မေးလိုက်တာပါ။ မျက်လုံးမှာ ပါဝါအားတွေ တော်တော်များပုံပဲ။ ကျွန်တော်တောင် ယှဉ်ပြီး ကြာကြာမကြည့်ရဲပါဘူး။ စိတ်ထဲရှိတာဖြေမယ် စိတ်ကူးပြီး-

"ပညာဒီပါအေးမြ စေတီတော်လို့ ပေးဖို့ စိတ်ကူးထားပါတယ်"

"ဘာကြောင့်ဒီလိုစိတ်ကူးကြောင်း ရှင်းပါဦး"

"ပညာတတ်တွေ စုပေါင်းပြီး ဒီပါရုံနယ်မြေမှာ တည်တာဖြစ်လို့ ပညာဒီပါအေးမြ စေတီတော်လို့ ပေးဖို့စိတ်ကူးထားပါတယ် အဘ"

"ဟဲ့- ငတုံး၊ ပညာရှိဆိုတာ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် ပညာရှိပါလို့ မဖော်ထုတ်ကြဘူး။ မှတ်ထားဟဲ့"

ဆိုတဲ့ ဆိုဆုံးမတဲ့စကားလေးက စလို့ ကျွန်တော် အဘနဲ့ စတင်ရင်းနှီးခဲ့တာပါ။ ကျွန်တော့်စိတ်ထဲမှာ အဘိုးတစ်ယောက်က မြေးတစ်ယောက်ကို လမ်းမမှားဖို့ ဆိုဆုံးမသလိုပါပဲ။ အဘက ဘာဆက်ပြောသလဲဆိုရင်-

"အင်း- ဒီကောင်လေးတွေ ဒီပွဲပြီးတာနဲ့ မင်းတို့ပေးတဲ့ဘွဲ့နဲ့အလှူခံဖြတ်ပိုင်းတွေ ရိုက်တော့မယ်။ တာထွက်မှားရင် တောက်လျှောက်မှားရောကွ။ ဒီကျားလေးတောင်မှာ တစ်ချိန်သောကာလက တောင်ထိပ် ကျောက်ရေအိုင်မှာ ကြာလေးပွင့် ပွင့်ဖူးတယ်။ ဒီနိမိတ်ကိုယူရမယ်။ စေတီတည်မယ်ဆိုရင် ကြာလေးခိုင်မြဲလေဖြစ်အောင် 'လေးကျွန်းကြာခိုင်စေတီတော်' လို့ ဘွဲ့မည်ပေးကြကွ။ နားလည်တဲ့လူကိုလည်း မေးစမ်းတည်ကြဦး။ မင်းတို့လုပ်မှာက သိပ္ပံအလုပ်မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com

နော်။ ဝိဇ္ဇာအလုပ် လုပ်တယ် ဆိုတာလည်း မမေ့ကြနဲ့"

ဒီစကားပြောအပြီးမှာ ညွှေ့သည်က ပုံမှန်ပြန်ဖြစ်သွားပါတယ်။ တကယ်ဆိုရင် ကျွန်တော်က မသိတာ၊ နားမလည်တာတွေ မေးချင်သေးတာပေါ့။ အဘဘိုးတော်က ကျွန်တော်တို့ စကားပြန်ပြောတာကို မစောင့်ပါဘူး။ အဲဒီအချိန်ကစလို့ အဘ ဘိုးတော်အောင်မင်းခေါင် ထပ်ပြီးမာတ်စီးတာမျိုး လုံးဝမရှိတော့ပါဘူး။ စေတီတော် ပြီးတဲ့အထိ အဘဘိုးတော်ကြီးရဲ့စကားသံကို ကြားချင်လို့တောင် မကြားရတဲ့အဖြစ်မျိုးကို ကျွန်တော်တို့ကကြုံခဲ့ပါတယ်။ ဒါပေမယ့် ထူးခြားတာက စေတီမစမီက ပြီးတဲ့အထိ အဘဘိုးတော်ကြီး စောင့်ရှောက်နေတယ် ဆိုတာ တစ်ဖွဲ့လုံး သိပါတယ်။ မမြင်ရတာကလွဲလို့ ဘေးမှာ စောင့်ရှောက်တဲ့မေတ္တာမာတ်ကို တစ်ဖွဲ့လုံးက ခံစားခဲ့ရတာမျိုးကိုး။

မမြင်ရတဲ့ အဘ ဘိုးတော်ကြီး စောင့်ရှောက်တယ် ဆိုတဲ့အကြောင်း အခုတစ်ဆက်တည်း တင်ပြပါတော့မယ်။ တိုက်ကြီးကျောင်း ညဉ့်ဦးပိုင်းရဲ့ စည်းဝေးပွဲလေးက အဘဘိုးတော်ကြီး မကြွတော့ပေမယ့် အလွန် အဖိုးအနဂ္ဃထိုက်တန်တဲ့ စေတီတော်ရဲ့ဘွဲ့တော်ကိုရလိုက်တယ် မဟုတ်လား။ အလွန်လိုအပ်နေတဲ့ ဘွဲ့တော် ရလိုက်တာဟာ စေတီတော်တစ်ဆူ တည်ပြီးသွားသလို ခံစားလိုက်ရပါတယ်။

ပွဲဦးထွက် အလှူခံဖြတ်ပိုင်းကို ကျေးရွာက (၅)ဦး၊ ကျွန်တော်တို့အဖွဲ့က (၄) ဦးနဲ့ ဖွဲ့စည်းလိုက်ပါတယ်။ လူ (၉) ယောက်ရှိလို့ အလှူခံဖြတ်ပိုင်း (၉) အုပ်ပဲ ရိုက်ဖို့ စိတ်ကူးထားတယ်။ များခဲ့ရင် ဖြတ်ပိုင်းတွေဖောင်းပွသလို မသမာတဲ့နည်းတွေ ဝင်လာနိုင်တယ်လေ။ ဒါကြောင့် (၉) အုပ်ပဲနှိပ်ဖို့ဆုံးဖြတ်ပြီး ဖြတ်ပိုင်းအပေါ်ဘက်မှာ-

*'ဓာတ်ပေါင်းဦးသျှောင် ဘိုးတော်အောင်မင်းခေါင်၏ လေးကျွန်းကြာခိုင်စေတီ ဘက်စုံတည်ဆောက်ရန်'*

ဟု ဖော်ပြထားပါတယ်။

ဒီလိုခေါင်းစီးလေးနဲ့ ကျွန်တော်တို့နဲ့အရင်းနှီးဆုံးမိတ်ဆွေတွေလောက်သာ ဖြတ်ပိုင်းအုပ်ကိုပြလိုက်တယ်။ ဘာစကားမှမပြောပါဘူး။ ဖြတ်ပိုင်းကြည့်သူကမေးမှသာ ကျွန်တော်တို့အဖွဲ့က ဖြေပါတယ်။ ဖြတ်ပိုင်းအုပ်ကို ကြည့်တဲ့သူတိုင်း အသံတူတဲ့စကားလုံးတွေကို တင်ပြရမယ်ဆိုရင်-

'အလို အဘဘိုးတော်ကြီးရဲ့လေးကျွန်းကြာခိုင်စေတီလေးဆိုပါလား။ တို့အဘရဲ့ စေတီလေးပဲ၊ ထည့်ရမှာပေါ့။ ငွေ (၁၀၀၀)ကျပ် ရေးလိုက်'

ထိုအချိန်က ငွေ (၁၀၀) ကျပ်လောက်ကို အများဆုံးလှူတဲ့အချိန်မျိုးဖြစ်ပါတယ်။ တစ်ယောက်တည်းမဟုတ်ပါဘူး၊ မိတ်ဆွေတော်တော်များများဟာ ငွေ (၁၀၀၀) အပြင် အုတ်၊ သဲ၊ ဘိလပ်မြေပါ သူတို့စိတ်ဆန္ဒနဲ့သူတို့ လှူခဲ့တာပါ။ ဒါကြောင့် အမိဋ္ဌာန်ထားတဲ့အတိုင်း (၃) ရက်ထက်ကျော်ပြီး အလှူမခံဘူးဆိုတဲ့အတိုင်း (၃) ရက်တည်းမှာ အလှူငွေ (၂၀၀၀၀)ကျပ်ကျော် တက်ပါတယ်။

မြင်းကကွင်းက စေတီတော်ဖြစ်မြောက်ရေး အကျိုးဆောင် (၅) ဦးဆီသွားတော့လည်း အလှူငွေ (၁၀၀၀၀) ကျော် ရနေပါပြီ။ ကျွန်တော်က အလှူခံဖြတ်ပိုင်းတွေ သိမ်းလိုက်ပါတယ်။ ငွေ (၃၀၀၀၀) ကျော်ရပြီဆိုရင် အဲဒီအချိန်က (၉) တောင်ပြည့်စေတီတည်လို့ လုံလောက်တဲ့အချိန်ပါ။ ရက်တိုခရီးမှာ ငွေက ပြည့်စုံသွားပြီဆိုတော့ စေတီတော်တည်ဆောက်ရေးဘက်လှည့်ဖို့ပဲ ကျန်တော့တာပေါ့။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဘုရားပိန္နဲတိုင်ကိစ္စပါပဲ။ ပိန္နဲတိုင်သံချောင်းက မဝယ်ရပါဘူး။ အဖွဲ့ဝင်အသစ်ဖြစ်တဲ့ ဦးကုတ်ဆိုင်က ဆောက်လက်စတိုက်မှာသုံးတဲ့ သံချောင်း (၃) ချောင်းကို ဆက်ပြီးသုံးလို့ ပေးပါတယ်။ တစ်နေ့မှာ ကျွန်တော်က ဦးအင့် ဝပ်ရှော့မှာ သံချောင်း (၃) ချောင်းကို တစ်ချောင်းတည်းဖြစ်အောင် ဂဟေသွားဆော်တယ်။ အဲဒီအချိန်မှာ ကိုမြင့်ဆွေဆိုတဲ့ လူတစ်ယောက်ကလည်း ပစ္စည်းလာအပ်ရင်း ကျွန်တော်နဲ့ ဆုံပါတော့တယ်။

"ဒီသံချောင်းတွေ ဆက်ပြီး ဘယ်မှာသုံးမှာလဲ"

လို့ ကျွန်တော့်ကို မေးတယ်။ ကျွန်တော်ကလည်း ပေါ့ပေါ့ပါးပါး လိုရင်းကို ဖြေလိုက်ပါတယ်။ အဲဒီအဖြေကြောင့် ဘုရားတည်ဖို့ လမ်းစအသစ်တွေနဲ့ အတွေ့အကြုံအသစ်တွေ ရလိုက်တာပါ။

"စေတီရဲ့ပိန္နဲတိုင်မှာ သုံးဖို့ပါ"

"ဘယ်သူတည်မှာလဲ"

"ပန်းရန်သမားအပ်ပြီး တည်ခိုင်းမှာပေါ့"

"မဟုတ်ဘူးလေ၊ ဘုရားတည်တတ်တဲ့ပုဂ္ဂိုလ်တစ်ဦးဦးကို မေးစမ်းပြီးမတည်တော့ဘူးလား"

ဒီစကားအရောက်မှာ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးတွေဘာတွေတောင်ထသွားတယ်။ ဟိုရက်ကလည်း ဘိုးတော်ကြီးက တည်တတ်သူကို မေးစမ်းတည်ဦးကွ၊ မင်းတို့အလုပ်က သိပ္ပံအလုပ်မဟုတ်ဘူး။ ဝိဇ္ဇာအလုပ် ဆိုတာလေ။ စကားတိုက်ဆိုင်မှုက ကြက်သီးပါထသွားတော့ ဒီစကားဟာ ထူးခြားတဲ့ အဓိပ္ပာယ်တွေရှိရမယ် ဆိုတာ အလိုလိုသိလိုက်ပါတယ်။ ဒါကြောင့်-

"အင်း-တည်တတ်တဲ့ပုဂ္ဂိုလ် မေးစမ်းဖို့ကျတော့ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မရှိဘူးဗျ"

"ဒီအတွက်ဆိုရင် စိတ်မပူပါနဲ့ဗျာ။ ကျွန်တော့်ဆရာကြီး ဦးပေါ်ဦးက အခုပန်းပင်ဆိပ်မှာ ဘုရားတည်နေတယ်။ အခုလို စေတီပုထိုးအသစ်တည်သူတွေ ပေါ်လာရင် ဆရာကြီးက စိတ်ရောကိုယ်ပါ စောင့်ရှောက်တယ်။ ကျွန်တော် လိုက်ပို့မယ်လေ၊ သွားကြမလား"

တဲ့- အဲဒါပဲကြည့်ပါတော့၊ ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသလို ဒီစကားကြားတာနဲ့ ကျွန်တော်ရယ်၊ ကံမြင့်ရယ်၊ စမ်းမောင်ရယ် (၃) ယောက်သား သွားကြတာပေါ့။ 'ဇရာဝတီတိုင်း၆ဒသကြီးသာသနာပြု ဆရာဦးပေါ်ဦး' ဆိုတဲ့ ဆိုင်းဘုတ်ကလေးကို အိမ်ခါးပန်းမှာချိတ်ထားတာ တွေ့လိုက်တယ်။ လှေကားအောက်ဆုံးအထစ်မှာ ဆရာဦးပေါ်ဦးလို့ထင်ရတဲ့ အပေါ်ဖြူ အောက်ဖြူဝတ်ဆင်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးက ရပ်လျက်။ သူ့အနားကို ကျွန်တော်တို့ ရောက်တယ် ဆိုရင်ပဲ-

"လာကြ၊ လာကြ။ ဘုရားတည်မယ့်လူငယ်တွေ ဒီနေ့လာလိမ့်မယ်လို့ အဘဘိုးတော်ကြီးက မိန့်ထားလို့ ငါလည်းစောင့်နေတာကွ။ ပညာတတ်ကလေးတွေပဲ၊ လာလာ"

ဤစကားကြားမှ အဘဘိုးတော်ကြီးရှေ့တွင် ကိုယ့်ကိုယ်ကိုယ် မြောက်ကြွ မြောက်ကြွ ပြောခဲ့သည့် စကားအများကို ပြန်၍ သတိရလိုက်သည်။ ထို့ကြောင့် ဖာဖာထေးထေးနှင့်-

"မတတ်ပါဘူး အဘ၊ ကျောင်းစာတောင် ဘာသာတစ်မျိုးတည်း သိတာပါ။ ဘုရားတည်မယ်ဆိုတော့မှ သားတို့ရဲ့ပညာဟာ အသုံးဝင်တဲ့ပညာ မဟုတ်ပါလားလို့ လက်တွေ့သိပါတယ် အဘ"



www.burmeseclassic.com

www.burmeseclassic.com

"အေးအေး- ပညာတတ်ဖြစ်ရင် အခုလို မိမိကိုယ်မိမိ နှိမ့်ချရတယ်။ ဒါမှ အသိပညာ၊ အတတ်ပညာတွေ တိုးမှာပေါ့။ လာကြ၊ အိမ်ပေါ်တက်ကြမယ်"

ကျွန်တော်တို့ (၃)ယောက်က မိမိကိုယ်မိမိ နှိမ့်ချပြီးဝန်ခံခဲ့လို့ အပေါ်ထပ်ရောက်ပြီး ဆရာဦးပေါ်ဦးနဲ့ အမေး၊ အဖြေလုပ်တော့မှ နှိမ့်ချခဲ့တာမှန်ကြောင်း သိရပါတော့တယ်။

"သားလေးတွေ၊ သာသနာ့ပွဲမှာ ပါဝင်တဲ့အမယ် (မည်)တွေ ပြောပါဦး"

"အပြည့်အစုံ မသိသေးပါဘူး အဘ"

"မင်းတို့တည်မယ့်ဒေသရဲ့ သာသနာပိုင် ဘယ်သူလဲ"

"မသိပါဘူး အဘ"

"ဘုရားမတည်ခင် ပွဲစေတီတည်ရာကိုကော သိသလား"

"ပိုပြီး မသိပါဘူး အဘ"

"ကဲ- မောင်မြင့်ဆွေ၊ ငါ့သားတွေအတွက် အရွက် (၄၀) ဗလာစာအုပ် (၁) အုပ် သွားဝယ်ကွာ"

ကျွန်တော်တို့ရဲ့ ပညာအရည်အချင်းကို တိတိကျကျ သိပြီဖြစ်လို့ သင်ခန်းကြီးက စ,သလို သင်ပေးပါတော့တယ်။ ဒီတော့မှ သာသနာ့ပွဲမှာပါရမယ့် အမယ်(မည်)တွေ၊ ပင့်မြှောက်ပူဇော်ရာမှာပါရမယ့် စကားလုံးတွေ သိလာပါတယ်။ စေတီတစ်ဆူနဲ့ သာသနာ့ကိစ္စ လုပ်ရင် ဒေသဆိုင်ရာ သာသနာပိုင် ပုဂ္ဂိုလ်ကို မမေ့ရကြောင်း၊ ဒါကြောင့် ပညာစက္ကုဆရာတော်ကို တစ်ပွဲပေး ပြီးမှ သာသနာ့ပွဲမှာပါရကြောင်းတွေ သိလာတယ်။

ဘုရားပွဲနဲ့အတူ ရှင်မဟာမောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာ၊ အရှင်ဥပဂုတ္တ၊ ပညာစက္ကု၊ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ တောင်ပိုင် (၃) ပွဲ စသဖြင့် စေတီပန္နက်မရိုက်ခင်မှာ ပြင်ဆင်ပူဇော်လှူဒါန်းရကြောင်းတွေ သိလာတယ်။ ဒီကိစ္စတွေပြီးပြန်တော့ ဆရာဦးပေါ်ဦးက တည်လက်စ စေတီနှစ်ဆူမှာ ပန္နက်ချင်ပုံ၊ ပိန္နဲတိုင်စိုက်ရမယ့် နယ်နိမိတ်၊ ဌာပနာပေါက်ထားရမယ့်နေရာဟာ နေလမ်းကြောင်းအမြဲထိတဲ့နေရာကို ရွေးရကြောင်းတွေ ပြည့်ပြည့်စုံစုံကို သိရတော့တာပေါ့။

ဒါနဲ့မပြီးသေးဘူး- စေတီတော်အချင်းနဲ့လိုက်ဖက်မယ့် ထီးတော်တွေ၊ ထီးတော်တပ်ဆင်ရာမှာ ဆောင်ရန်၊ ရှောင်ရန်ကိစ္စတွေကို အသေးစိတ် ရှင်းပြပါတယ်။ ဒီတော့မှ လောကကြီးထဲမှာ ကျွန်တော်တို့ မသိသေးတဲ့ပညာရပ်တွေ အားကြီးပါလားလို့ 'ပညာတတ်' လို့ပြောမိတဲ့ပါးစပ်ကို တော်တော်လေးရှက်သွားတာပေါ့။ ပြီးတော့ ရှိပါသေးတယ်။

"ငါ့သားတွေ၊ အနေကဇာတင်ဂါထာကိုလည်း စာအုပ်ကြည့်ပြီး ဆိုတတ်အောင် ကျက်ထားကွ။ အလွတ်ရရင်တော့ ပိုပြီးကောင်းတာပေါ့ကွာ"

လို့ ပြောပြတဲ့ ပို့ချချက်ကိုတော့ နည်းနည်း သဘောမပေါက်ဘူး။ အနေကဇာတင်တယ်ဆိုတာ ဘုန်းတော်ကြီးတွေပင့်ပြီး ဘုန်းကြီးတွေရွတ်ဖတ်မယ့်ဟာပဲ၊ သိပ်တော့ မလိုပါဘူးလို့ အစက ထင်ခဲ့တယ်။ လက်တွေ့ စေတီတည်ပြီးချိန်ရောက်မှ အလွန်အဖိုးတန်တဲ့ စကားပါလားဆိုတာ နောင်မှသိလာခဲ့ပါတယ်။ (စေတီတော်ပြီးတော့ ဘုရားကို ကိုယ်တိုင် အနေကဇာတင်ခဲ့ရလို့ လေးကျွန်းကြာခိုင်စေတီတော်နှင့် ထူးခြားသည့်အနေကဇာတင်ပွဲဆိုပြီး ၂၀၀၇၊ ဒီဇင်ဘာလထုတ် သုရဿမဂ္ဂဇင်းမှာ အကျယ်ရေးခဲ့ပြီးပါပြီ။)

ကျွန်တော်တို့ သူငယ်ချင်း(၃)ဦးကို ဆရာဦးပေါ်ဦးက မနက်စာလည်း ကျွေးသလို လက်ဖက်ရည်လည်း တိုက်တယ်လေ။ ညနေ (၄) နာရီရောက်ချိန်မှာ အရွက် (၄၀) ဗလာစာအုပ်လည်း ပြည့်သလောက် ရှိသွားပါပြီ။ မနက်က စတဲ့ စေတီတည်နည်း ပို့ချချက်တွေဟာ ညနေရောက်တာနဲ့ အောင်လက်မှတ်တွေရလိုက်သလို ဝမ်းသာသွားပါတယ်။

ကျွန်တော်တို့ ပြန်ခါနီးမှာ ထူးခြားတဲ့ လက်ဆောင်ပစ္စည်းလည်း ရခဲ့တယ်။ ပစ္စည်းလက်ဆောင်အကြောင်း ပြန်ပြောရရင် ဆရာဦးပေါ်ဦးက ဘုရားရှင်ကို အရင်ဦးခိုက်တယ်။ ဝတ်ဖြည့်ပြီးတော့မှ လက်အုပ်ချီထားတဲ့ လက်နှစ်ဖက်ကို ပက်လက်လှန်လိုက်တယ်။ ကျွန်တော်တို့တွေက ဘာလုပ်တာပါလိမ့်လို့ ဆရာ့လုပ်ရပ်ကို စိုက်ကြည့်နေကြတာပေါ့။

"အဘဘိုးတော် တာဝန်ပေးတဲ့အတိုင်း စေတီတည်မယ့် အဘသားတွေကို ပြည့်စုံအောင် ဗဟုသုတတွေ ပေးပြီးပါပြီ။ ဒီသားလေးတွေ ဘေးကင်းရန်ကင်းလုပ်နိုင်အောင် အဆောင်ပစ္စည်း လိုအပ်ပါက ချီးမြှင့် ပေးသနားပါရန် လျှောက်ထားအပ်ပါတယ်"

ဒီလိုပြောပြီး ဆရာဦးပေါ်ဦးက မျက်စိမှိတ်ထားပါတယ်။ ဒီအချိန်လေးမှာပဲ ဆရာဦးပေါ်ဦးလက်ဝါးထဲကို ရွှေရောင်မတ်စေ့လေးတွေ ကျလာပါတယ်။ အကြွေစေ့ချင်း ထိခတ်ကျလာတဲ့အသံပါကြားနေရတာပါ။ ကျွန်တော်တို့ စေတီတည်ချိန်က အကြွေသုံးတဲ့အချိန်ပဲ ရှိပါသေးတယ်။ ကျလာတုန်းက ဘယ်နှစေ့ဆိုတာ ဘယ်သူမှ မသိသေးဘူး။ ဆရာဦးပေါ်ဦးကိုယ်တိုင် ရေတွက်ကြည့်ပြီးမှ (၁၈) စေ့ဆိုတာကို သိပါတယ်။

"ဟာ-(၁၈)စေ့တောင် ရှိပါလား။ သားလေးတို့ စေတီတည်တဲ့လုပ်ငန်း အောင်မြင်သွားပြီလို့သာ မှတ်ထားလိုက်ပေတော့။ ပထမ သားတို့အဖွဲ့မှာ လူ (၉) ယောက် ဖွဲ့စည်းထားတယ် မဟုတ်လား။ တစ်ယောက်တစ်စေ့ ယူထား။ အများသုံးပိုက်ဆံနဲ့လွဲအောင် သဘော်ဆေးအဖြူသုတ်ထား။ ကျန်တဲ့ (၉)စေ့ကို ပန္နက် (၈)ထောင့်မှာ (၈)စေ့မြှုပ်၊ ကျန်တဲ့ (၁)စေ့ကို အလယ်ဗဟိုမှာမြှုပ်။ ဒီကိစ္စတွေပြီးရင် ဝါးကို (၄) စိတ်ခွဲ၊ ဖယောင်းတိုင် (၉၀)ထည့်ပြီး ပူးချည်၊ အမွှေးတိုင် (၉၀)ကိုလည်း ဝါးလုံး (၄) စိတ်ကွဲမှာထည့်။ ဒီနှစ်မျိုးကိုမီးထွန်းညှိပြီး ပန္နက်နေရာက မြောက်စူးစူးကို မြေလှမ်း (၉၀) လျှောက်၊ ပြည့်တာနဲ့ ကြိုတင်တူးထားတဲ့ တွင်းထဲမှာ အမွှေးတိုင်တုတ်နဲ့ ဖယောင်းတိုင်တုတ်ကို စိုက်လိုက်။ ပြီးတာနဲ့ 'အဘဘိုးတော်ကြီး ခင်ဗျာ၊ သားတော်တို့ စေတီပုထိုး စတင်တည်တော့မှာဖြစ်လို့ အတွင်း၊ အပြင်ရန်တွေကို အကာအကွယ်ပေးပါရန် တိုင်တည်အပ်ပါတယ်' လို့ ညွတ်ညွတ်နူးနူး (၃) ခါပြော။ ပြီးတာနဲ့ စိတ်ကြိုက် စေတီတည်ပေတော့။ သားတော်တို့ ဌာပနာတိုက်မှာ မြှုပ်နှံဖို့ ဓာတ်တော်၊ မွေတော်ပါ လှူလိုက်မယ်။ ကဲ- အောင်မြင်ကြပါစေ၊ သာသနာတော်လည်း နေလို, လလိုထွန်းတောက်တဲ့ နေရာဌာနဖြစ်ပါစေဗျာ"

အဲဒီလို ဆုတွေပေးသလို ဓာတ်တော်မွေတော်တွေပါရပြီးမှ ကျွန်တော်တို့ ပြန်ကြတာပါ။

အပြန်ခရီးမှာလည်း လူတစ်ကိုယ်လုံး မြေကြီးနဲ့တောင်ထိတယ်မထင်ဘူး။ ပေါ့ပါးလိုက်တာ လွန်ပါရော။ အဘဘိုးတော်ပြောလိုက်တဲ့ 'နားလည်တဲ့လူကိုလည်း မေးစမ်းကြဦး' ဆိုတဲ့ စကားကိုကြားစက ဒီလောက်လေးနက်မှန်း မသိခဲ့ဘူး။ ဘာဖြစ်လို့ အပြန်အလှန် စကားမပြောရတာလဲလို့ အပြစ်တောင်တင်မိပါသေးတယ်။ ဒါပေမယ့် အဘဘိုးတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးရဲ့ မေတ္တာနဲ့စေတနာကြောင့် ဆရာဦးပေါ်ဦးဆီ ရောက်ခဲ့တာပါ။ ဆရာဦးပေါ်ဦးကိုယ်တိုင် မနက်က ညနေစောင်းအထိ အာပေါက်မတတ် ရှင်းပြတော့မှ ကျွန်တော်တို့က သိပါတယ်။ လူငယ်တွေနားလည်ဖို့အတွက် တစ်နေ့လုံးနီးပါး ဆရာဦးပေါ်ဦးဟာ သူ့ရဲ့အချိန်တွေကို ဖဲ့ပြီးပေးခဲ့ရတယ်လေ။ 'နကန်းတစ်လုံးမျှ မသိသေးတဲ့ ကျွန်တော်တို့ကို ဒီလောက်အချိန်ယူပြီးစိတ်စီးပြောဖို့ဆိုတာ ဘယ်လာလွယ်ပါ့မလဲ။

✿

အဘက်ဘက်က အဆင်ပြေပြီဖြစ်လို့ (၉)ပေစေတီတော်တည်ဖို့ ဒီပါရုံနယ်မြေကို ထွက်လာကြတယ်။ ကျားလေးတောင်ဟာ ဒီပါရုံနယ်မြေရဲ့ နဝမဌာနလို့ ပြောပြထားတဲ့အတွက် ဒီပါရုံဘုရားမှာ ပွဲစေတီနဲ့ ပထမကန်တော့ကြတယ်။ ဒီလို ကန်တော့ပြီး တောင်ခြေရုံခန်းမှာရှိတဲ့ ဥက္ကဋ္ဌဦးသန်းအေးဆီမှာ စေတီတော်တည်ဖို့ ခွင့်တောင်းကြတာပေါ့။ အဲဒီမှာ ရှင်းမရတဲ့ပြဿနာတစ်ခုပေါ်လာတယ်။ အရှိန်အဝါကြီးတဲ့ ဘိုးတော်မုံကြီး ဆိုတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။

ဘိုးတော်မုံကြီးဟာ အဘဘိုးမင်းခေါင်ရဲ့သားတပည့်ဖြစ်သလို အဘညွှန်ကြားတဲ့အတိုင်း ကျင့်စဉ်တော်တော်များများလည်း အောင်မြင်ပြီးပါပြီ။ အဘနဲ့လည်း တိုက်ရိုက်စကားပြောနိုင်တယ်တဲ့။ ပြီးတော့ သိုက်ဆိုတဲ့နေရာကို ဒီခန္ဓာကိုယ်နဲ့ သွားလို့ရပါသတဲ့။ သိုက်ထဲက ဘုရားဆင်းတုတော်တစ်ဆူကို သွားယူပြီး ပင့်လာတာလေ။ ဒီလိုအစွမ်းအစရှိတဲ့ပုဂ္ဂိုလ်ကြီး။ အခု နဝမဌာန ဆိုတာလည်း ဘိုးတော်ကြီးရဲ့တာဝန်ပေးချက်အရ သူကိုယ်တိုင် ပန္နက်ရိုက်ထားတဲ့နေရာတဲ့။ ဒီလိုပုဂ္ဂိုလ်ကြီးနဲ့ ပြဿနာဖြစ်တာပါ။ သူက ဘာပြောသလဲဆိုရင်-

"ဟဲ့- ဒီကျားလေးတောင်က ငါ ပန္နက်ရိုက်ခဲ့တဲ့နေရာလေ။ အကြောင်းကြောင်းကြောင့် ဘုရားပုထိုးမတည်ဖြစ်သေးတာပဲ ရှိတယ်၊ ဒီနှစ်တော့ ငါဦးဆောင်ပြီး တည်မလို့ လုပ်နေတာကွ"

ကျွန်တော်တို့ပက ဤမျှ အရှိန်အဝါကြီးမားတဲ့ပုဂ္ဂိုလ်မျိုးနဲ့ မယှဉ်ပြိုင်ရဲပါဘူး။ ဝိဇ္ဇာလိုင်းနဲ့ဘာသာရေးကိစ္စတွေမှာ ဤပုဂ္ဂိုလ်ကြီးက အနှစ် (၃၀) ကျော် အတွေ့အကြုံတွေ ရင့်ကျက်ပြီးသား။

ပြဿနာအား ရှောင်ရှားနိုင်ရန် ကျွန်တော်က-

"ဆရာကြီးတည်မယ်ဆိုရင် ပိုပြီးကောင်းတာပေါ့။ ကျားလေးတောင်ပေါ်မှာ စေတီနှစ်ဆူဖြစ်ထွန်းတော့ သာသနာတောင် ပိုပြီး ပွင့်သေးတယ်။ ကျွန်တော်တို့ကိုလည်း လိုအပ်တာလမ်းညွှန်ပါခင်ဗျာ"

ကျွန်တော်တို့ကလည်းကျွန်တော်တို့ပါပဲ၊ တည်မယ်လို့ ဆုံးဖြတ်ပြီးရင် နောက်မဆုတ်ချင်ဘူးလေ။ ဒီဆရာကြီးလို အကျင့်စရဏနဲ့ အတွေ့အကြုံတွေ မရှိပေမယ့် ဘုရားတည်ချင်တဲ့စိတ်ကို တားဆီးလို့မရနိုင်ပါဘူး။ ဒါကြောင့် အပြိုင်အဆိုင်ဖြစ်ချင်လည်းဖြစ်စေတော့၊ ကျားလေးတောင်ပေါ်မှာ နှစ်ဆူဖြစ်တာပေါ့ဟု အရိပ်အမြွက် ပြောခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ဘိုးတော်မုံကြီး ကျွန်တော်တို့ကိုစွဲသိတာတော့ မဆန်းပါဘူး။ ရွာဟောင်းကြီးက လမ်းပြ ကိုသိန်းအေးက သူ့တပည့်လေ။ ကျွန်တော်တို့ကိုလမ်းပြပြီး သူ့ဆရာ ဘိုးတော်မုံကြီးကို သတင်းပေးတာမျိုး ဖြစ်လိမ့်မယ်။

ဒီပါရုံတောင်က ထွက်တော့ ကျွန်တော်တို့လက်ထဲမှာ မတ်စေ့လေးတွေပဲ အားကိုးအဖြစ်ပါပါတယ်။ ဒီအချိန်မှာ ဘိုးတော်မုံကြီးက သာသနာ့အလံနဲ့ တံခွန်ကြီးတောင် လက်ထဲမှာကိုင်လာပါပြီ။

ကျွန်တော်တို့အဖွဲ့က မြင်းကကွင်းကို အရင်ပြန်ရမယ်။ မြင်းကကွင်းက ဂေါပကအဖွဲ့ရယ်၊ ကျွန်တော်တို့ရယ် ပေါင်းပြီးမှ မြင်းကကွင်း ကျားလေးတောင်ခရီးကိုလည်း လမ်းဖောက်၊ လမ်းရှေ့လုပ်ရင်း ကျားလေးတောင်ကို တက်ကြမှာကိုး။ ဘိုးတော်မုံကြီးကတော့ သူ့တပည့် (၅)ဦးနဲ့ ဒီပါရုံ ကျားလေးတောင်ခရီးကို သွားမှာဖြစ်လို့ ကျွန်တော်တို့ထက် မြန်ပါလိမ့်မယ်။ တောလမ်းခရီးက ဖြတ်ပြီးသွားလို့ သူက အရင်ရောက်ပါတယ်။

စေတီတည်ဖို့ ခရီးအစမှာတင် ကျွန်တော်တို့က တစ်ကွက် နောက်ကျနေပါတယ်။ ဘိုးတော်မုံကြီးက ကျွန်တော်တို့ထက် သုံး၊ လေးနာရီစောပြီး ကျားလေးတောင်ကို ရောက်နိုင်ပါတယ်။ စေတီတစ်ဆူမှာ ပွဲစေတီထက် ပန္နက်ရိုက်၊ သာသနာ့အလံနဲ့ တံခွန်ကို ဦးဆုံးထူနိုင်သူက ပထမစေတီတော်တည်သူအဖြစ် ကမ္ပည်းတင်မယ်လို့ တွက်ထားပုံလည်း ရပါတယ်။ နှစ်ဖွဲ့ယှဉ်မယ်ဆိုရင် ဘိုးတော်မုံကြီးက အရင်ဆုံးရောက်တဲ့သူပါပဲ။ ကျွန်တော်တို့အဖွဲ့က လမ်းအကြောင်းပါဖောက်ပြီး လာရတဲ့အဖွဲ့ ဖြစ်လို့ နေ့လယ်(၁)နာရီကျော်မှ ကျားလေးတောင်ရောက်ပါတယ်။

ကျွန်တော်တို့ တောင်ထိပ်ကို လမ်းဖောက်ပြီးတက်တော့ ဘိုးတော်မုံကြီးက အောင်မြင်တဲ့အပြုံးနဲ့ ဆီးကြိုနေပါတယ်။ တံကယ်လည်း သာသနာ့အလံနဲ့တံခွန်းကြီးက အလွန်မြင့်တဲ့ ဝါးနက်ဝါးထိပ်မှာ ငွားငွားစွင့်စွင့် လွင့်နေပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အဖွဲ့က ကျေနပ်ပါတယ်။ ကျွန်တော်တို့ဓာတ်ကျ တဲ့တောင်ကုန်းပေါ်က စက္ကူသာသနာ့အလံနဲ့ တံခွန်လေးဟာ ဒီအတိုင်းပဲရှိပါသေးတယ်။ (၃၆)လက်မစေတီ လုပ်စဉ်က လုပ်သလို့မဖြစ်တဲ့အခါ သာသနာ့အလံနဲ့တံခွန်ကို ပြန်ပြီး စိုက်ခဲ့ကြတာပါ။

ဒါကြောင့် စေတီရဲ့ မူလဘူတဖြစ်ထွန်းတဲ့စေတီဟာ စက္ကူသာသနာ့အလံနဲ့ တံခွန်ပဲ ဖြစ်ပါတယ်။ ဘယ်သူတွေ ဘယ်လောက်ကြီးကြီး ထူထားထူထား ကျွန်တော်တို့ စေတီက နေ့ခင်းတော်ကြီး၊ နောက်တည်မယ့်စေတီတနောင်တော်လေးပဲ ဖြစ်ရပါမယ်။ 'စေတီစွမ်းတည့်ဦးတာကွ' လို့ အချင်းချင်အားပေးစကား ပြောရတာပေါ့။ အကျယ်ကြီးတော့ မပြောရဲပါဘူး။

(၉)ပေစေတီကို ရည်စူးထားသပန်းတင်ခုံကို (၁၁)မီးငြိမ်းအောင် (၁၁ပေပတ်လည်ကြိုးနဲ့ တိုင်ထားလိုက်တယ်။ ပန္နက် (၄)ချက်ကို နေသွားလမ်းအမြဲထိနိုင်တဲ့မျက်နှာပါအောင် ရိုက်လိုက်တယ်။ ဒီနည်းကို ဆရာဦးပေါ်ဦးက သင်လွှတ်လိုက်တာပါ။ ဒီလို နေအမြဲထိနိုင်တဲ့နေရာရှိမှ ဌာပနာပေါက်ထားဖို့ ဓာတ်မှန်သွားမယ် မဟုတ်ပါလားပန္နက် (၄)ချက်ပြီးမှ ထောင့် (၄)ထောင့်အတွက် ပန္နက်(၄)ချက်ရိုက်လိုက်တော့ ပန္နက် (၈) ချက် ရသွားတယ်။

ပြီးတော့မှ ပန္နက်တစ်ချောင်းချင်းမြန်နုတ်၊ အဘချီးမြှင့်လိုက်တဲ့ မတ်စေ့ (၈) စေ့ကို (၈) နေရာ မြှုပ်ကြတာပေါ့ အလယ်အတွက်တော့ ထောင့်ကြီးလေးဆုံရာမှာ ပန္နက်တစ်ခုရိုက်၊ မတ်စေ့ (၁ စေ့လည်း မြှုပ်လိုက်တယ်။ ဒီကိစ္စပြီးရှေ့ကို ဘာဆက်လုပ်ရမယ် ဆိုတာ ဆရာဦးပေါ်ဦးက ကြိုတင် ညွှန်ကြားထားတယ်။ ဒါကြောင့် ကရင်ဝါး (စိတ်ကွဲမှာ အမွှေးတိုင်(၉၀)၊ ဖယောင်းတိုင် (၉၀) စိုက်ပြီး ခိုင်အောင် ကြိုးချည်လိုက်တယ်။

ဘိုးတော်မုံကြီးက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ငယ်တွေလုပ်တာကို ပြုံးပြီးကြည့်နေတယ်။ သူက အဘဘိုးတော်ကြီးရဲ့သားအပည့်လည်းဖြစ်၊ အချိန်မရွေးတိုက်ရိုက်တားပြောနိုင်သူဆိုတော့ ကျွန်တော်တို့လုပ်တာကို အထင်သေးပုံတော့ ရပါတယ်။ နောက်ပိုင်း ဆွေမျိုးတွေလိုခင်သွားချိန်မှာ သူက-

"မင်းတို့ ဝါးထိပ်မှာ အမွှေးတိုင် (၉၀)ပူးချည်၊ ဖယောင်းတိုင် (၉၀) ပူးချည်တာတွေ့တော့ ငါက အဘကို ဒီတောင်တွေလုပ်တာ ဘယ်သူညွှန်ကြားတာလဲ မေးတာကို ဘာမှမပြောဘူးကွ"

ဒီလိုပြန်ပြီး ပြောပြပါတယ်။

ပြီးတာနဲ့ ကျွန်တော်က အမွှေးတိုင်၊ ဖယောင်းတိုင်မီးထွန်းပြီး ဝါးနှစ်တိုင်ကို မြောက်မျက်နှာစူးစူး ကိုင်သွားလိုက်တယ်။ ခြေလှမ်း (၉၀) ပြည့်ချိန်မှာ တူးပြီးတူးထားတဲ့ ထွင်းနှစ်တွင်းက အဆင်သင့်ရှိတယ်။ ကျွန်တော်က ဖယောင်းတိုင်နဲ့ အမွှေးတိုင်ကို စိုက်လို့ပြီးတာနဲ့-

"အဘဘိုးတော်ကြီးခင်ဗျာ၊ သားတော်တို့ စေတီပုထိုးတည်မှာဖြစ်လို့ အတွင်း၊ အပြင် ရန်များကို အကာအကွယ်ပေးတော်မူပါရန် ပန်ကြားအပ်ပါသည်ခင်ဗျာ"

လို့ (၃) ကြိမ်ပြောလိုက်ပါတယ်။ ဒီလို ပြောအပြီးမှာ လေပြင်းတစ်ချက်တိုက်လိုက်တယ်လို့ ခံစားမှုနဲ့ သိလိုက်တယ်။ တဒင်္ဂအချိန်လေးမှာပဲ . . .

"ဖြောင်း၊ ဝုန်း . . . ဝိုး"

ဆိုတဲ့ အသံ (၃) သံကို ဆက်တိုက်ကြားလိုက်ရလို့ ကျွန်တော့်ခေါင်းတောင် ပုသွားပါတယ်။ ဘာဖြစ်တဲ့အသံလဲလို့ အသံလာရာ ကြည့်လိုက်တော့ 'ဖြောင်း' ဆိုတဲ့အသံက ဘိုးတော်မုံကြီးရဲ့ အလံတိုင်ဝါးကျိုးတဲ့အသံပါ။ 'ဝုန်း' ဆိုတဲ့အသံက လေနဲ့အလံ လုံးထွေးထိတဲ့သဘော၊ 'ဝိုး' ကတော့ အလံရောတံခွန်ပါ ကျွန်တော်တို့ ပန္နက်စည်းထဲ လွင့်ပျံပြီး ရောက်လာတဲ့အသံပါ။

ကျွန်တော်လည်း ထူးခြားတဲ့မြင်ကွင်းကြောင့် ပန္နက်ရိုက်တဲ့နေရာ ပြေးလာရတာပေါ့။ တစ်ဖွဲ့လုံးလည်း တဒင်္ဂအတွင်းမှာ ကြက်သေ သေသွားတယ်။ ဘိုးတော်မုံကြီးကတော့ သူ့အလံတိုင်နေရာက ကျွန်တော်တို့ပန္နက်ရိုက်တဲ့နေရာကို ခပ်ဖြည်းဖြည်း လျှောက်လာတယ်။ အတွေ့အကြုံရင့်ကျက်သူဖြစ်လို့ မျက်နှာတော့ မပျက်ဘူး။

ကျွန်တော်တို့အနား ရောက်လာတော့-

"အင်း- ခင်ဗျားတို့အဖွဲ့ဟာ ဒီကျားလေးတောင်မှာ တကယ် သာသနာပြုသင့်တဲ့ ပါရမီရှင်အစစ်ပါပဲဗျာ။ အဘဘိုးတော်ကြီးက ဘာပြောတယ် မှတ်သလဲ။ 'မင်းက မင်းကိုယ်မင်း ဟုတ်လှပြီဆိုပြီး သာသနာ့တံခွန်နဲ့အလံကို အရင်ဦးအောင် ထူတယ်ပေါ့။ ဒီတောင်မှာ တကယ် သာသနာပြုသင့်တဲ့လူတွေက မကြာခင် လာပါလိမ့်မယ်။ မင်းက ဒီတောင်မှာ ဒီလူတွေကိုကူညီလိုက်။ မင်းမတည်သင့်ဘူးကွ။ ငါ ဒီလိုပြောတော့ လက်တွေ့မရှိရင် မင်းက ယုံမှာမဟုတ်ဘူး၊ သဘာဝတရားက အလိုလို တားတာကို မင်းမြင်ရတော့မှာပါ'

ဒီလိုပြောတာဗျ။ သိပ်မကြာပါဘူး၊ ခင်ဗျားလည်း ဖယောင်းတိုင်, အမွှေးတိုင်စိုက်၊ လေကြမ်းတစ်ချက်ကလည်း ကွက်တိကို တိုက်ချလိုက်တာ။ ဒါကြောင့် ဒီသာသနာ့အလံနဲ့ တံခွန်ကိုအောင်ဓာတ်ယူပြီး ဘုရားတည်ရာမှာ သုံးကြပါ။ လောကပါလနတ်မင်းကြီးနဲ့ လေနတ်မင်းကပေးတဲ့ လက်ဆောင်လို့ သဘောထားပြီး ဒီနေ့ပဲ အလံတိုင်အသစ်နဲ့ ထူကြပါဗျာ။

ဒီအဖွဲ့မှာ ဦးကုတ်ဆိုင်က အုတ်နဲ့ ဘိလပ်မြေ အရင်သုံးဖို့ပေးထားတယ်ကြားတယ်။ ဟုတ်သလား ဦးကုတ်ဆိုင်"

"ဟုတ်ပါတယ်၊ 'ဝ' အိမ်က ဆောက်လက်စကို ကြိုတင် လုပ်ဖြစ်အောင်ရယ်၊ စူတို့က စုံးပီဘုရားလေး တီမယ်တဲ့၊ 'ဝ'က စီလောက်သေးတာ စီဘောမကျဘူး။ ဒါကြောင့် ကိုးပီဘုရားတီဖို့ အရင်ပြီးထားတာပါ"

"ဒီမှာ ဦးကုတ်ဆိုင်၊ ကျွန်တော်ပြောမယ်။ တည်မယ်ဆိုရင် (၉) ပေ မတည်ပါနဲ့၊ ပေဆိုတာ တူထုတာ အမြဲခံရတဲ့သဘော။ ဒါကြောင့် တည်မယ့်တည်ရင် (၉) တောင်ပြည့် စေတီလေးတည်ပါလား။ ဒါဟာ စေတီတစ်ဆူရဲ့ အင်္ဂါရပ်ပြည့်မီတဲ့ဉာဏ်တော်ပဲ။ ခင်ဗျားတို့အဖွဲ့မှာ ခင်ဗျားလှူတဲ့အုတ် (၉၀၀) အပြင် အခု အုတ် (၂၇၀၀) အထိ ရနေပြီဆိုတာ ကျွန်တော်လည်း ကြားပါတယ်။ ဘိလပ်မြေလှူတဲ့လူနဲ့ပါ ဆိုရင် (၉) တောင်ပြည့်စေတီအတွက်က လုံလောက်နေပြီဗျ"

ဒီလိုထောက်ပြတော့မှ ကျွန်တော်တို့အဖွဲ့ အလှူခံထားတဲ့ငွေရယ်၊ ဘိလပ်မြေ, အုတ်တွေကို စုပေါင်းကြည့်တာ တစ်ဆူစာပိုလို့ ရင်ပြင်တော်ပါ တိုးချဲ့လုပ်လို့ ဖြစ်နိုင်ကြောင်း သိလာတယ်။ ဒါကြောင့် အောင်သာသနာပြု အဖွဲ့ဝင် (၉)ယောက်ရယ်၊ ဘိုးတော်မုံကြီးတို့ (၅) ဦးရယ် ရှေ့လုပ်ငန်းစဉ်အတွက် စည်းဝေးတိုင်ပင်ကြမယ် ဆိုပြီး အဲဒီညက မပြန်ဖြစ်ပါဘူး။

စေတီတည်ဆောက်ရာမှာ ပန္နက်ရိုက်ခဲ့တဲ့ ဘိုးတော်မုံကြီးကိုယ်တိုင် ပြီးတဲ့အထိ ရှိနေမယ်ဆိုတာကြောင့် ပိုပြီးအားတက်သွားတာပေါ့။ ဘိုးတော်မုံကြီးဆိုတာ သူက လက်ညှိုးထိုးပြီး တပည့်တွေ ခိုင်းတာမျိုးပဲ ရှိပါတယ်၊ အခုလိုသာသနာနဲ့ဝေးနေတဲ့ ဂေါပကလက်သစ်ကလေးတွေ တည်မယ့်စေတီမှာ သူကကြီးကြပ်နေပေးမယ်ဆိုတာ အစဉ်အလာ မရှိသေးတဲ့ ဖြစ်ရပ်တစ်ခုပါပဲ။

ရှမ်းတောက ဦးအောင်မြတ်ကြီးဆိုတာ ဝမ်းသာလွန်းလို့ ခင်ဗျားတို့တစ်ဖွဲ့လုံး ညနေစာအတွက် ရှမ်းတောကတာဝန်ယူမယ်ဗျာ၊ အချိန်မီပို့နိုင်အောင် ကျူပ်တစ်ခေါက်ဆင်းနှင့်မယ်ဆိုပြီး ညနေ (၃) နာရီလောက်မှာ ရှမ်းတောရွာကိုပြန်သွားလေရဲ့။ စနစ်တကျ တည်ဆောက်မယ်ဆိုရင် မြို့ကအုတ်တွေကို မြင်းကကွင်းရွာပို့၊ မြင်းကကွင်းရွာက (၆) မိုင်ဝေးတဲ့ ကျားလေးတောင်ပို့။ အဲဒါတောင် တောင်ခြေထိပဲရောက်ဦးမှာပါ။

အဲဒီတောင်ခြေမှာပဲ အုတ်နဲ့အတူ မရှိမဖြစ်ပစ္စည်းက သဲပါပဲ။ ရှမ်းတောရွာစမ်းချောင်းက သဲကိုလည်း တောင်ခြေရောက်တဲ့အထိ ပို့ရပါဦးမယ်။ ရှမ်းတောရွာစမ်းချောင်းနဲ့ ကျားလေးတောင်ခြေဟာ စုစုပေါင်း (၃)မိုင်ခွဲဝေးပါလိမ့်မယ်။ ကျွန်တော်တို့စည်းဝေးပွဲမှာ မြင်းကကွင်းဥက္ကဋ္ဌ ဦးတင်မောင်သန်းက-

"ခင်ဗျားတို့ ဒီလောက်အားတက်သရောရှိနေရင် ကျွန်တော့်ဘက်ကလှည်း (၆) စီး အလှည့်ကျ အုတ်တွေပို့ပေးမယ်။ မြို့ကနေ မော်တော်ကာသလောက် ထည့်ထည့်ပို့ပေးကြ။ ရွာဆိပ်ရောက်ရင် ကျောင်းသားလေးတွေ အကူအညီနဲ့ လှည်းပေါ် အရောက်တင်ပေးမယ်။ တောင်ခြေမှာ ပစ္စည်းစုံရောက်တော့မှ နောက်တစ်ဆင့်စဉ်းစားကြတာပေါ့"

အဲဒီလို (၉) တောင်ပြည့်စေတီ တည်ဖို့ ဆုံးဖြတ်တဲ့နေ့က တပေါင်းလပြည့်နေ့ပါပဲ။ ညဘက် လသာပုံဟာ အလွန်ထူးခြားသွားပါတယ်။ အဲဒီညမှာ သိုက်မီးအလင်းရောင်ကို မြင်ကြရတာပါ။ လရောင်က ဘယ်လောက်လင်းသလဲဆိုရင် ဒီလရောင်နဲ့ သတင်းစာဖတ်



www.burmeseclassic.com

www.burmeseclassic.com

# ဆင်တုံးမနွယ်နှင့် နနွင်းဥ၊ တို့၏

## ဆေးဖက်ဝင်အကျိုးအာနိသင်များ

တင်ထွန်း(စက်မှု-၂) ဖြိမ်း



'အသက်ကြီးလျှင် ဆင်စီးပါ' ဆိုသည့် မြန်မာဆိုရိုးစကားဆောင်ပုဒ်တစ်ခုရှိပါ၏။ အသက်အရွယ်တစ်ခုသို့ ရောက်ရှိလာသည့်အခါ ဆင်စီးပါ ဆိုသည့်အနက်အဓိပ္ပာယ်က ဆင်တုံးမနွယ်ကို မှန်မှန်မှီဝဲစေလိုခြင်း ဖြစ်ပါ၏။ ဆင်တုံးမနွယ်သည် မြန်မာ့တိုင်းရင်းဆေးတွင် အသက်ရှည်စေတတ်သော ပရဆေး

နိုင်လို့ ကျုပ်တို့တစ်ဖွဲ့လုံးက အံ့ဩကုန်တာပေါ့။ တောင်ထိပ်မှာ လက်နှိပ်ဓာတ်မီး သုံးစရာကို မလိုပါဘူး။

ပိုပြီး ထူးခြားတဲ့ အလင်းရောင်တွေရှိသေးတယ်။ အဲဒါတော့ ကျားလေးတောင်ခြေ တောတန်းနေရာတွေပါပဲ။ ဒီနေရာတွေဟာ ကျွန်တော်တို့ တစ်တွေ ခြေရာချင်းထပ်အောင် မှေ့နောက်သွားပြီးခဲ့ပါပြီ။ ကျားလေးတောင်ခြေမှာ ဘာတဲမှမရှိပါဘူး။ ယုတ်စွအဆုံး ယာယီထင်းခုတ်တဲတောင် မရှိဘူး။ ချုံနွယ်တွေ လက်ယှက်ထိုးပေါက်နေတာပဲ ရှိပါတယ်။ ဒါက နေရာဒေသကို ဘုရားမတည်ခင် ကျွန်တော်တို့ ကွင်းဆင်းလေ့လာခဲ့တာပါ။

အခုတော့ ကျားလေးတောင်ခြေမှာ တစ်နေရာကို လေးပေမီးချောင်း (၅) ချောင်းလောက် ထွန်းထားသလို လင်းနေတဲ့ (၁၅) နေရာလောက် တွေ့နေရတယ်ဗျ။ တောင်ထိပ်က စီးပြီးမြင်ရတဲ့ မြင်ကွင်းအရဆိုရင် သကြံန်မှာ စတိတ်စင်ထိုးပြီးမီးထွန်းထားလို့ ထိန်ထိန်လင်းနေတဲ့ပုံစံမျိုးနဲ့ တူပါလိမ့်မယ်။

ကျွန်တော်နဲ့ တံမြင့်က လက်တွေ့သမား။ ဒီလို ထူးခြားတဲ့မြင်ကွင်းကို သုတေသနလုပ်ချင်နေတယ်လေ။ ဘယ်ကရောက်လာတဲ့ အလင်းရောင်လဲ။ ဘာတွေဖြစ်နေတာလဲ။ ဒီအလင်းရောင်ဟာ လသာတာကို ထွင်းဖောက်ပြီး လင်းနေသလို မြင်နေရပါလား။ ဘယ်လိုဓာတ်တွေစုလို့ လင်းတယ်ဆိုတာ သွားကြည့်မှ အဖြေပေါ်မယ်ဆိုပြီး ည (၁၁) နာရီကျော်မှ တောင်အောက်ကိုဆင်းဖို့ ဟန်ပြင်ကြတယ်လေ။ ဒီနေရာမှာ ဘိုးတော်မုံကြီးက-

"ဟို-မောင်ရင်တို့၊ မဆင်းနဲ့၊မသွားနဲ့နော်။ အဲဒါ သိုက်မီးအလင်းရောင်လို့ ခေါ်တာယ်။ မောင်ရင်တို့က စေတီတစ်ဆူကို သတ်မှတ်တန်းဝင် (၉)တောင်ပြည့်စေတီတော်တည်ကြမယ်လို့ အပြီးအပိုင် ဆုံးဖြတ်တယ် မဟုတ်လား။ ဒီလိုဆုံးဖြတ်ချက်ချတာကို သိုက်တွေက သိနေတယ်၊ ကြားနေတယ်။ သူတို့ ပရလောကသားချင်းက သတင်းပို့တာ သိပ်မြန်ကြတယ်ဗျ။

ဓာတ်ပန္နက်ရိုက်ပြီး နှစ်ပေါင်းများစွာ သာသနာမပွင့်ထွန်းတဲ့ ကျားလေးတောင်မှာတော့ သာသနာပွင့်ထွန်းပေါ်ပေါက်တော့မယ်လို့ ဝမ်းသာကြတယ်။ ဒီလိုဝမ်းသာတာကို အလင်းဓာတ်နဲ့ဖော်ပြတာပါ။ မမြင်ရသေးတဲ့ လေးကျွန်းကြာခိုင်စေတီကို အလင်းဓာတ်နဲ့ ရည်စူးပြီး ကြိုတင်ပူဇော်တဲ့သဘောပဲ။ မောင်ရင်တို့ အောက်ကိုဆင်းပြီး အနားသွားလေ့လာမယ်ဆိုရင်တော့ အလင်းဓာတ်တွေ ကွယ်သွားပါလိမ့်မယ်။ ရှားရှားပါးပါးလင်းတဲ့ အလင်းဓာတ်တွေကို အပေါ်ကပဲ ကြည်ကြည်နူးနူး ကြည့်ပါဗျာ။ ဒီလိုမြင်ကွင်းမျိုးကို တချို့ သေသာသွားတယ်၊ မြင်ဖို့ မလွယ်ပါဘူး။

ဒီကိစ္စမျိုးဆိုတာ သဘာဝလွန်ဖြစ်ရပ်တွေကွ။ ငါတောင် မင်းတို့တွေ ရောက်ပြီး အဘက ရှင်းပြထားလို့ သိတာပါ။ တောတောင်ထဲမှာ (၂၃) နှစ်တရားအလုပ်လုပ်ခဲ့တာ၊ ဒါမျိုး တစ်ခါမှမမြင်ဖူးခဲ့ပါဘူး။ မောင်ရင်တို့ နာရီနဲ့ မှတ်ထားလိုက်၊ အရုဏ်ချိန်မရောက်ခင် (၄၅) မိနစ်အလိုမှာ အလင်းရောင်တွေ ပျောက်သွားပါလိမ့်မယ်။

သူတို့တွေက အရုဏ်ချိန်အထိ လင်းခွင့်မရှိဘူး။ ဘုရားရှင်က အရုဏ်လာပြီးရင် ဆွမ်းဘုဉ်းပေးမယ် မဟုတ်လား။ သူတော်ကောင်းအချိန်ရောက်ရင် သူတို့က အလိုလို ကွယ်သွားတယ်။ ဒါက သဘာဝတရားကိုက အလိုလိုဖြစ်နေတာကွ။ ခန့်မှန်း (၃) နာရီ (၁၅) မိနစ်မှာ အလင်းရောင် ပျောက်လိမ့်မယ်။ အခု တို့များတောင်ပေါ်မှာ လရောင်ထက်လင်းတဲ့အလင်းရောင်ကို မောင်ရင်တို့တစ်ဖွဲ့လုံး မြင်နေရတာပဲ။ ဒီညမှာ ရှမ်းတော်ရွာကနေ ညဥ့်သန်းခေါင်မှာ ကြည့်ဖြစ်မယ်ဆိုရင် တောင်ပေါ်မှာ မီးချောင်းတွေထွန်းထားသလို လင်းပါလားလို့ ပြောလိမ့်မယ်။ ရွာကလူတွေလာရင် ဟုတ်,မဟုတ်မေးကြည့်လိုက်"

ဟု ဦးမုံကြီးက ရှင်းပြခဲ့ပါသည်။

ကျွန်တော်တို့တစ်ဖွဲ့လုံး နာရီကို တကြည့်ကြည့်ဖြင့် စောင့်ကြည့်ခဲ့ကြရာ တကယ်ပင် (၃) နာရီ (၁၅) မိနစ်ခန့်တွင် တောင်အောက်မှအလင်းရောင်တို့ ကွယ်ပျောက်သွားပါသည်။ ထို့ကြောင့် ကျွန်တော်တို့တစ်ဖွဲ့လုံးသည် ရှားရှားပါးပါး သိုက်မီးအလင်းရောင်ကို မြင်ခဲ့ကြခြင်းပင် မဟုတ်ပါလား။

စိုးထွန်း(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးဖြစ်ပါ၏။ အသက်ရှည်ကြသောသူများသည် ခန္ဓာကိုယ်တွင်း၌ ရောဂါများ ကင်းစင်ကြ၍ အသက်ရှည်နေကြခြင်းလည်း ဖြစ်ပါ၏။ ဆင်တုံးမနွယ်သည် နွယ်ဝင်တစ်မျိုးဖြစ်၍ အလွယ်တကူ ရှာဖွေ၍လည်း ရနိုင်ပါ၏။ အလွယ်တဆုံးသော နည်းလမ်းကတော့ မြန်မာ့တိုင်းရင်းဆေးများ ရောင်းချနေကြသော ဗရဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူ၍ ရနိုင်ကြပါ၏။ စာရေးသူ၏ ဇနီးဖြစ်သူမှာလည်း အသက်(၇၀)အရွယ်သို့ ရောက်ရှိနေပြီး နေ့စဉ် မြန်မာ့တိုင်းရင်းဆေးများကို မှီဝဲနေလျက်ရှိကာ ဆင်တုံးမနွယ်နှင့် နနွင်းခါးကို နံနက်စောစော အိပ်ရာမှနိုးထသည့်ကာလများ၌ ရေနွေးကြမ်းခပ်နွေးနွေးဖြင့် နေ့စဉ်သောက်သုံးနေ၍ ယခုအခါ သူမ၏ ကျန်းမာရေးမှာ အလွန်ကောင်းမွန်နေပြီး ရုပ်ပျိုကိုယ်နုလျက်လည်း ရှိပါ၏။

ဆင်တုံးမနွယ်ကို မှန်မှန်စားသုံးခြင်းအားဖြင့် အသက်ရှည်၍ရောဂါများ တင်းစင်ကြသလို နနွင်းခါးသည် အစာအိမ်အချဉ်ပေါက်ခြင်း၊အစာအိမ်နာကျင်ခြင်း၊ အစာအိမ်ရောင်ရမ်းခြင်း စသည့် ရောဂါများကို သက်သာစေရုံမကဘဲ လုံးဝပျောက်ကင်းစေသော မြန်မာ့တိုင်းရင်းဆေးတစ်မျိုးလည်း ဖြစ်ပါ၏။ နနွင်း၏ သဘောသဘာဝသည် ခန္ဓာကိုယ်အတွင်းရှိ အနာများကို ကျက်စေတတ်သည့် အရည်အသွေးတစ်မျိုးရှိတတ်သလို ခန္ဓာကိုယ်ပြင်ပတွင်လည်း အရေပြားပေါ်၌ ဥပမာအားဖြင့် ဓားရှခြင်း၊ ပုလင်းကွဲရှခြင်း စသည့် ထိခိုက်ဒဏ်ရာများ ရရှိပါက နနွင်းသိပ်လျှင် မကြာမီကာလ၌ ထိခိုက်ဒဏ်ရာများ၊ ရရှိသောဒဏ်ရာများကို သက်သာ ပျောက်ကင်းစေသည်မှာ နနွင်း၏ထူးခြားသောအကျိုးအာနိသင်များ ဖြစ်ပါ၏။ နနွင်းသည် မည်သည့်အနာများကိုဖြစ်စေ ကျက်စေတတ်သည့်အရည်အသွေးရှိ၍ ဝမ်းဗိုက်အောင့်လျှင် နနွင်းကို ရေနွေးဖြင့်ဖျော်၍ သောက်သုံးပါက မကြာမီကာလ၌ ဝမ်းဗိုက်အောင့်ခြင်းဝေဒနာကို သက်သာ ပျောက်ကင်းစေပါ၏။

မြန်မာ့တိုင်းရင်းဆေးတို့သဘောသဘာဝက အနောက်တိုင်းဆေးဝါးကဲ့သို့ ဓာတုပစ္စည်းများ မပါဝင်ကြ၍ သောက်သုံးကြသူများအား မည်သည့်အန္တရာယ်များကိုမျှ မဖြစ်ပေါ်စေဘဲ ကျန်းမာရေးအတွက် ကောင်းကျိုးများကိုသာ ဖြစ်ပေါ်စေတတ်ပါ၏။ ကျန်းမာရေးအတွက် အကောင်းဆုံးသော နည်းလမ်းက နံနက်စောစော အိပ်ရာမှနိုးထသည့်ကာလများ၌ ဆင်တုံးမနွယ်အမှုန့်နှင့် နနွင်းခါးအမှုန့်တို့ကို ဆတူရောစပ်၍ လက်ဖက်ရည်ဇွန်းတစ်ဇွန်းခန့် နေ့စဉ် နံနက်တစ်ကြိမ်နှင့် ညတစ်ကြိမ် သောက်သုံးပေးပါက ကျန်းမာရေးများ ကောင်းမွန်လာကြမည်ကို သိရှိနိုင်ကြမည် ဖြစ်ပါ၏။

'မသိသူ ကျော်သွား၊ သိသူ ဖော်စား' ဆိုသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးတို့၏ အစွမ်းထက်သော အာနိသင်များကို သိရှိကြသူများက ဖော်စားကြ၍ ရောဂါဝေဒနာများကို တာရှည်စွာ မခံစားကြရဘဲ ကျန်းမာ ချမ်းသာနေကြသော်လည်း မြန်မာ့တိုင်းရင်းဆေးတို့၏ အာနိသင်များကို မသိရှိကြသည့်သူများမှာတော့ ရောဂါဝေဒနာများကို ဆက်လက်၍ ခံစားနေကြရမည်သာ ဖြစ်၏။ 'အနာသိလျှင် ဆေးရှိသည်' ဆိုသကဲ့သို့ မည်သည့်ရောဂါဖြစ်လျှင် မည်သည့်ဆေး သောက်သုံးကြရမည်ကို သိရှိထားကြရန် လိုအပ်ကြပါ၏။ အကယ်၍ မသိရှိကြပါကလည်း တတ်သိနားလည်သော မြန်မာ့တိုင်းရင်းဆေးဆရာများအား မေးမြန်း၍ သုံးစွဲသင့်ကြပါ၏။

စာရေးသူအနေဖြင့် မြန်မာ့တိုင်းရင်းဆေးတို့၏ အာနိသင်များကို သိရှိနေရသည့်အကြောင်းအရင်းက စာရေးသူ၏ယောက္ခမဖြစ်သူသည် မြန်မာ့တိုင်းရင်းဆေးဆရာကြီးတစ်ဦး ဖြစ်သလို စာရေးသူကိုယ်တိုင်ကလည်း မြန်မာ့တိုင်းရင်းဆေးတို့၏ အစွမ်းအာနိသင်များကို စွဲမက်ယုံကြည်သူတစ်ဦး ဖြစ်သဖြင့် မြန်မာ့တိုင်းရင်းဆေးနှင့်ဆက်နွယ်သော ရှေးကျမ်းများကို ဖတ်ရှုခဲ့သဖြင့် ယခုမျက်မှောက်ကာလတိုင် ကျွမ်းကျင်စွာ သိရှိနေခြင်းလည်း ဖြစ်ပါ၏။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့ မရှိကြပါဘဲ တတ်သိနားလည်သောသူဆိုသည်မှာ ကမ္ဘာပေါ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိကြပါ။ စာရေးသူမှာလည်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ ကျေးဇူးတရားများကြောင့် အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ခဲ့ရသည်ကို ဝန်ခံရေးသားလိုပါ၏။ ယခုမျက်မှောက်ကာလမှာ ဇီဝိတဒါနဟု ခေါ်ဆိုသည့် သူတစ်ပါးတို့၏ အသက်ကို ကယ်တင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၍ ကျန်းမာရေးမကောင်းကြသည့် ရောဂါဝေဒနာရှင်များအားလည်း စာရေးသူက ဆေးညွှန်းများ ရေးသားပေး၍ မြန်မာ့တိုင်းရင်းဆေးများ ရောင်းချနေသည့် ပရဆေးဆိုင်များတွင် ဝယ်ယူစေပြီး သောက်သုံးစေပါသည်။ ဆေးသောက်သုံးကြပြီးနောက် ရောဂါဝေဒနာရှင်များသည် ရောဂါများ သက်သာခဲ့ကြပြီး မကြာမီကာလမှာ ရောဂါများကင်းစင်သွားခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ရ၍ ပြန်လည်ပြီး ရေးသား ဖော်ပြခြင်းလည်း ဖြစ်ပါ၏။

တစ်နည်းအားဖြင့် ရောဂါများကို ကာကွယ်သည့်ဆေးဝါး ဆိုသည်မှာ ပေါင်းကူးတံတားသဖွယ် ကျန်းမာစွာဖြင့် အသက်ရှည်စွာ လူ့ဘောင်လောက၌ ဆက်လက်၍ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် ဖြစ်ပါ၏။ မသေအောင် ကာကွယ်နိုင်ကုသနိုင်သည့် ဆေးဝါးများ ကမ္ဘာပေါ်တွင်မရှိပါ။ သတ္တဝါများသည် ကံကုန်လျှင်တော့ သေရွာသို့မြန်းကြရမည်မှာလည်း လောကသစ္စာစကား ဖြစ်ပါ၏။

သို့သော်လည်း လူ့ဘောင်လောကသို့ ရောက်ရှိနေခိုက်ကာလတွင်း လူမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆက်လက်ထမ်းဆောင်နိုင်ကြရန်အတွက် ကျန်းမာခြင်းနှင့် အသက်ရှင်သန်ခြင်းတို့သည် အဓိကအကြောင်းတရားများ ဖြစ်ကြပါ၏။

ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံးသော နည်းလမ်းကောင်းဖြစ်သလို အကယ်၍ ရောဂါများကို ခံစားနေကြရပါကလည်း တတ်သိနားလည်သော မြန်မာ့တိုင်းရင်းဆေးဆရာများနှင့် တိုင်ပင်ဆွေးနွေး၍ သူတို့၏ ဩဝါဒများကို ခံယူ၍ လိုက်နာသင့်ကြသလို ရောဂါမဖြစ်ခင်ကာလမှာလည်း ကြိုတင်ကာကွယ်၍ တိုင်းရင်းဆေးများကို သောက်သုံးခြင်းမှာ အကောင်းဆုံးသော ကျန်းမာရေးအတွက် နည်းလမ်းကောင်းတစ်ခု ဖြစ်ကြောင်းကို ပြည်သူတို့ရဲ့ကျန်းမာရေးအတွက် မေတ္တာတရားရှေ့ထား၍ ရေးသား ဖော်ပြအပ်ပါ၏။

*ကာကွယ်ခြင်းသည်*
*ကုသခြင်းထက် ပိုကောင်းပါ၏*

တင်ထွန်း(စက်မှု-၂)၊ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# နပိုလီယံ၏ ထူးဆန်းသောလက်ဖွဲ့


**လှမိုး(ပညာရေး)**

ကျွန်တော်သည် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သုရဿမဂ္ဂဇင်းကြီးတွင် 'နပိုလီယံ၏ လက်သုံးတော်ဓား' အမည်နှင့် ဆောင်းပါးတစ်စောင် ရေးသား ဖော်ပြခဲ့ပါသည်။ ယင်းဆောင်းပါးနှင့် ပတ်သက်၍ ကျွန်တော့်ကျောင်းနေဖက်မိတ်ဆွေများ၊ ကျောင်းသားဟောင်းများ၊ စာဖတ်သူများက ဤဆောင်းပါးတွင် ပါဝင်သော အချက်အလက်များသည် အမှန်ဖြစ်ပါသလားဟု မေးမြန်းခဲ့ကြပါသည်။ သမိုင်းနှင့်ပတ်သက်၍ ကျွန်တော် ရေးသားခဲ့သော ဆောင်းပါးများသည် ကျွန်တော် ကျောင်းသားဘဝကပင် လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းထားခဲ့သော စာအုပ်စာတမ်းများ၊ သတင်းစာများ၊ မဂ္ဂဇင်းများမှ ခိုင်မာတိကျသည်ဟု ယူဆရသော အချက်အလက်များကို အထောက်အထားပြု၍ ရေးသားခြင်းဖြစ်သဖြင့် အတော်အသင့် မှန်ကန်နိုင်သည် ယူရမည် ဖြစ်ပါသည်။

ယခုရေးသားဖော်ပြမည့်ဆောင်းပါးမှာ ၁၇၉၈ ခုနှစ်၊ မေလအတွင်း စစ်ကောရာဇ် နပိုလီယံ (ထိုစဉ်က ဗိုလ်ချုပ်ကြီး နပိုလီယံ) အီဂျစ်နိုင်ငံအား သိမ်းပိုက်ခဲ့စဉ်က အီဂျစ်အမျိုးသားဘုန်းတော်ကြီးတစ်ဦးက နပိုလီယံအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သော ထူးဆန်းသော လက်ဖွဲ့တစ်ခုနှင့်ပတ်သက်သည့် သမိုင်းကပြောသော ဖြစ်ရပ်မှန်ဆောင်းပါးဟု ဆိုရမည် ဖြစ်ပါသည်။

ဤနေရာတွင် အလျှင်းသင့်သဖြင့် စကားပလ္လင်ခံရန် လိုအပ်လာသော အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ ဤနပိုလီယံ၏ ထူးဆန်းသော လက်ဖွဲ့အကြောင်း ရေးသား ဖော်ပြခဲ့သော (The Mysterious Unknown) အညတနယ်မြေ (အင်ညာတဟု ဖတ်ရမည် ဖြစ်ပါသည်။) မှ ထူးတစ်ထွေ' စာအုပ်နှင့် ပတ်သက်သောအချက် ဖြစ်ပါသည်။ ယင်းစာအုပ်ကို ရေးသားပြုစုသူ ပြင်သစ်အမျိုးသား ရောဘတ်ချားရော့(စ်)သည် ဤစာအုပ်ပါ လျှို့ဝှက်ဆန်းကြယ်သောဖြစ်ရပ်မှန်များကို ရေးသားပြုစုနိုင်ရန်အတွက် အီဂျစ်၊ တူနီဆီယာ၊ မက္ကဆီကိုနှင့် အာဖရိကမြောက်ပိုင်းနိုင်ငံများနှင့် အာရပ်နိုင်ငံများသို့ မိုင်ပေါင်း (၂၅၀၀၀) နီးပါး နည်းလမ်းအမျိုးမျိုးနှင့် သွားရောက်၍ သုတေသနပြုခဲ့သည်သာမက ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အစ္စရေးနိုင်ငံတို့ရှိ ပြတိုက်ကြီးများတွင်လည်း လပေါင်းများစွာ သိပ္ပံနည်းကျ စနစ်တကျ လေ့လာ သုတေသနပြုခဲ့ပြီးမှ ယင်းစာအုပ်ကို ပြင်သစ်ဘာသာဖြင့် ရေးသားပြုစုထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်မှာလည်း အနောက်တိုင်း ဂန္ဓာရီပညာကို လက်တစ်ဆုံးနှိုက် လေ့လာထားသူတစ်ဦး ဖြစ်ပါသည်။

ဒုတိယအချက်မှာ (Amulet) လက်ဖွဲ့ ဟူသော ဝေါဟာရနှင့် ပတ်သက်သည့်အဓိပ္ပာယ် ဖြစ်ပါသည်။ ထိုဝေါဟာရကို ကျွန်တော်တို့ အဘိဓာန်ကျမ်းပြုပညာရှင်များက 'လက်ဖွဲ့' ဟူ၍ မြန်မာဘာသာ ပြန်ဆိုခဲ့ပါသည်။ သုတေသီအများတကမူ 'Amuletum' ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်၍ အဓိပ္ပာယ်မှာ လူတစ်ဦးအား ဘေးအန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပေးနိုင်သောအရာဝတ္ထုဟု ဆို၏။ယနေ့ သုတေသီများကမူ သဘာဝမှရသော ပစ္စည်းသို့မဟုတ် လူတို့ ပြုလုပ်ထားသော ပစ္စည်းဖြစ်ပြီး ယင်းပစ္စည်းအား လက်ဝယ်ထားရှိသူသည် ကျရောက်လာသော ဘေးအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းနိုင်သည်ဟု ဆို၏။ ကမ္ဘာကျော် ဝက်(ဘ်)စတာအဘိဓာန်ကြီး (Webster Dictionary) အရမူ သဘာဝအရ လည်းကောင်း၊ လူတို့ စီရင်ထားခြင်းဖြင့် လည်းကောင်း ရရှိထားသောပစ္စည်းဖြစ်ပြီး ထိုပစ္စည်းသည် ပိုင်ရှင်အား ဘေးအန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပြုနိုင်သည်ဟု ဆိုသည်။ လက်ဖွဲ့များသည် တစ်ခါတစ်ရံ အလွန်သေးငယ်သော ယောက်သွားကလေး သို့မဟုတ် အရောင်အဆင်းရှိသော ကျောက်၊ လက်စွပ်၊ သစ်မြစ်၊ တစ်မြစ်၊ မြင်းသံခွာ စသည်တို့ဖြစ်ပြီး ထိုပစ္စည်းများကို ပိုင်ဆိုင်ထားသူသည် ဘေးအန္တရာယ်အမျိုးမျိုး မကျရောက်နိုင်ဟု ယူဆကြသည်။



အီဂျစ်ရှေးဟောင်းဘာသာစကားအရ လက်ဖွဲ့ကို MK-t ဟု ခေါ်သည်။ ယင်းဝေါဟာရ၏အဓိပ္ပာယ်မှာ အကာအကွယ်ပြုရန်ဟု အဓိပ္ပာယ်ရသည်ဟု အီဂျစ်သမိုင်းသုတေသီများက ယူဆခဲ့ကြ၏။ အီဂျစ်လူမျိုးများကမူ လက်ဖွဲ့အဖြစ်ပြုလုပ်ထားသောအရာများသည် ထိုပစ္စည်းပိုင်ရှင်အား ကျရောက်လာမည့် ဘေးအန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပေးသည်ဟု ဆိုသည်။ အမှန်အားဖြင့် ဆူမာလူမျိုးများ၊ ဘေဘီလိုးနီးယန်းလူမျိုးနွယ်များကမူ လက်ဖွဲ့များကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း (၃၀၀၀) ကျော်က အသုံးပြုခဲ့ကြသည်ဟု ဆို၏။ နှောင်းခေတ် တူးဖော်တွေ့ရှိရသော အထက်ဖော်ပြပါ လူမျိုးနွယ်များ၏ လက်ဖွဲ့အများမှာ တိရစ္ဆာန်ရုပ်တုများသာဖြစ်သည်ဟု သိရ၏။ အီဂျစ်တို့၏ လက်ဖွဲ့များမှာမူ များစွာပင် စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ပိရမစ်များ၊ နတ်ဘုရားကျောင်းများ၊ သချိုင်းဂူများအား တူးဖော်ရာမှ တွေ့ရှိရသော လက်ဖွဲ့များနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများတွင် အချို့ လက်ဖွဲ့များမှာမူ ကျိန်စာများ ရေးထိုးထားသည်ကို တွေ့ရ၏။

ယခု ရေးသား ဖော်ပြမည့် နပိုလီယံ၏ လက်ဖွဲ့မှာ အတော်ထူးဆန်းသည်ဟု ဆိုရမည် ဖြစ်သည်၊ သူလက်ဖွဲ့မှာ ရုတ်တရက် ပျောက်ဆုံးခဲ့ရပြီး နောင်အခါ ကမ္ဘာ့သမိုင်းတွင် နေလိုလလို ထင်ရှားခဲ့သော အစ္စရေးကာကွယ်ရေးဝန်ကြီးနှင့် အစ္စရေးတပ်မတော်ဗိုလ်ချုပ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com





ဆောင်ရွက်ခဲ့ရသူလက်ရောက်ရှိသည့် ဖြစ်စဉ် ဖြစ်ပါသည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်ကြီးသည် စစ်ဧကရာဇ်နပိုလီယံနှင့် ပတ်သက်သော မြန်မာဘာသာပြန် ဆောင်းပါးများ၊ ဝတ္ထုများ၊ အတ္ထုပ္ပတ္တိများ၊ နပိုလီယံ၏စစ်သူကြီးများအကြောင်း အတ္ထုပ္ပတ္တိများကို ဖတ်ရှုပြီးဖြစ်မည်ဟု ယူဆပါသည်။ မှန်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီကပင် စစ်ဧကရာဇ် နပိုလီယံ၏ အတ္ထုပ္ပတ္တိ မြန်မာဘာသာပြန် စာအုပ်ကို အင်္ဂလိပ် - မြန်မာ အထက်တန်းကျောင်းသားများအတွက် အပိုမြန်မာဖတ်စာဟု ပြဋ္ဌာန်းထားခဲ့ပါသည်။ ထိုစာအုပ်ကို မည်သူရေးသားပြုစုခဲ့သည်တို့မူ ကောင်းစွာ မမှတ်မိတော့။ ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများသည် သူ၏ အတ္ထုပ္ပတ္တိများကို လက်ဆစ်ချိုး ရေတွက်၍မရအောင် မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်သည်သာမက သူနှင့် သူ့သက်ထားများ အပြန်အလှန် ရေးသားခဲ့ကြသော သဝဏ်လွှာများကို ပါ မြန်မာဘာသာ ပြန်ဆို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခု ရေးသားဖော်ပြမည့် ထူးခြားဖြစ်စဉ်မှာ သူဧကရာဇ်အဖြစ် မရောက်မီ စစ်ဗိုလ်ချုပ်ကြီးဘဝက အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ အီဂျစ်အမျိုးသား ဘုန်းတော်ကြီးတစ်ဦးက သူ့အား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သော လက်ဖွဲ့တစ်ခုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ် ဖြစ်ပါသည်။ ထိုဖြစ်ရပ်ဆန်းမှာလည်း ကျွန်တော် ရေးသားခဲ့ပြီးဖြစ်သော သူ၏ လက်သုံးတော်ဓားကဲ့သို့ ပျောက်ဆုံးနေခဲ့ရာမှ ပြန်လည်တွေ့ရှိရသည် ဟူသော သတင်း ရရှိခဲ့ရခြင်း ဖြစ်၏။ ထိုဆန်းကြယ်သောဖြစ်စဉ်ကား ဤသို့ဖြစ်ပါသည်။

သမိုင်းမှတ်တမ်းများအရ ခရစ်နှစ် ၁၈၂၁ ခု၊ မေလ၅တွင် အသက် (၅၂) နှစ်ရွယ် နန်းကျဧကရာဇ် နပိုလီယံသည် စိန့်ဟဲလီနာကျွန်းတွင် စစ်နိုင်သူ ဗြိတိသျှတို့၏လက်တွင် ညှိုးညှိုးငယ်ငယ်နှင့် ကံတော်ကုန်ခဲ့ရသည်။ ဤတွင် ဗြိတိသျှ ဘုရင်အစိုးရ အာဏာပိုင်များသည် နပိုလီယံ၏ ရုပ်အလောင်းကို စိန့်ဟဲလီနာကျွန်းပေါ်၌ပင် မြှုပ်နှံထားစေခဲ့သည်။ သူ့အုတ်ဂူပေါ်တွင်လည်း ဗိုလ်ချုပ်ကြီး နပိုလီယံ ဟူသော စာတန်းကို ရေးထိုးထားခဲ့သည်။ ခရစ်နှစ် ၁၈၄၀ ပြည့်နှစ်တွင်မူ ဗိုလ်ချုပ်ကြီးနပိုလီယံ၏အလောင်းအား ပြင်သစ်နိုင်ငံသို့ ပြန်လည် သယ်ယူခဲ့ကြပြီး ပါရီမြို့တော်၌ အမှတ်တရ ဗိမာန် တည်ဆောက်၍မြှုပ်နှံခဲ့ကြသည်။

ပြင်သစ်နိုင်ငံမှ သမိုင်းပညာရှင်များ၊ သမိုင်းသုတေသီများ၊ မျိုးချစ်ပုဂ္ဂိုလ်များသည် စစ်ဧကရာဇ် နပိုလီယံ၏ မှတ်တမ်းများ၊ သဝဏ်လွှာများ၊ သူမြတ်နိုးသည့် ကိုယ်ပိုင်ပစ္စည်းများ၊ သူ့အမှတ်တရပစ္စည်းများကို ပြင်သစ်နိုင်ငံ လူဗ္ဗာပြတိုက်ကြီးတွင် ပြသရန် စီစဉ်ခဲ့သော အခါ သူ့ကို အီဂျစ်နိုင်ငံက အီဂျစ်ဘုန်းတော်ကြီးတစ်ပါးက ပေးအပ်ခဲ့သော လက်ဖွဲ့တစ်ခုမှာ အံ့ဩဖွယ် ပျောက်ဆုံးနေသည်ကို တွေ့ကြရသည်။ နပိုလီယံနှင့်အတူ တိုက်ပွဲကြီးများတွင် အနီးကပ်လိုက်ပါခဲ့ရသည့် လူယုံတော်များ၊ သူ့အား လေးစားသည့် သူရဲဘော် စစ်သူကြီးများကလည်း ဗိုလ်ချုပ်ကြီး နပိုလီယံသည် ထိုလက်ဖွဲ့ကို ထာဝစဉ်ဆောင်ထားခဲ့သည်ဟု ဆိုသည်။ စစ်ဧကရာဇ်နှင့်အတူ ခရစ်နှစ် ၁၈၁၂ ခုနှစ်တွင် ရုရှားနိုင်ငံသို့ ချီတက်ခဲ့ရစဉ်က လိုက်ပါခဲ့ရသော စစ်သူကြီးဟောင်းအချို့ကမူ ယင်းလက်ဖွဲ့ကလေးမှာ မော်စကိုမြို့တော်မှ ခွာစစ်ပြုစဉ်ကပင် ပျောက်ဆုံးခဲ့သည်ဟု ဆိုကြသည်။

ဤ တိုက်တိုင်းအောင်လက်ဖွဲ့ ပျောက်ဆုံးခဲ့ရမှ ရုရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဘိုရိုဒီနိုတိုက်ပွဲကြီးတွင် 'ရှုံးနိမ့်ခြင်းဆိုသော ဝေါဟာရသည် ကျွန်ုပ်၏ အဘိဓာန်တွင် မရှိခဲ့'ဟု ဆိုခဲ့သော စစ်ဧကရာဇ် နပိုလီယံသည် ဤစစ်ပွဲတွင် ရှုံးနိမ့်ခဲ့ရသဖြင့် သူ့မဟာတပ်မကြီးကို ရုရှားမှဆုတ်ခဲ့ရသည်ဟု သိရသည်။ ပြင်သစ်သမိုင်းပညာရှင်များနှင့် သုတေသီများကလည်း ပျောက်ဆုံးနေသော စစ်ဧကရာဇ်နပိုလီယံ၏ လက်ဖွဲ့အား ပြန်လည် ပေးအပ်ပါရန် မေတ္တာရပ်ခံခဲ့သော်လည်း ထိုလက်ဖွဲ့လေးမှာ ပျောက်ခြင်းမလှပျောက်ခဲ့ရသည်။

စစ်ဧကရာဇ် နပိုလီယံအဖို့ ဤလက်ဖွဲ့မှာ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့ရ၏။ သူ ထိုထူးဆန်းသောလက်ဖွဲ့ ရရှိရခြင်းမှာ ဤသို့ဖြစ်ပါသည်။

ခရစ်နှစ် ၁၇၉၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် စစ်ဗိုလ်ချုပ်ကြီး နပိုလီယံသည် ပြင်သစ်နိုင်ငံကမ်းခြေမှ သင်္ဘော အစင်းပေါင်း (၄၀၀) ကျော်ဖြင့် အီဂျစ်နိုင်ငံသို့ ချီတက်ရန် စီစဉ်ခဲ့သည်။ ဤသို့ အီဂျစ်နိုင်ငံအား ချီတက်သိမ်းပိုက်မည့် စစ်ဆင်ရေးကြီးတွင် စစ်သည်တော် (၄၆၀၀၀) နှင့်အတူ အတတ်ပညာရှင်ပေါင်းများစွာ ပါဝင်ခဲ့သည်။ ပထဝီဝင်



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ မှတ်တမ်းတင်ပန်းချီရေးဆွဲမည့် ပန်းချီကျော်များ၊ သုတေသီများ၊ ဘာသာစကားလေ့လာမည့် ပညာရှင်များ အများအပြား ပါဝင်ခဲ့သည့် အပြင် ပြင်သစ်ဂန္ဓာရီပညာရှင်အချို့ကိုလည်း ခေါ်ယူလာခဲ့သည်။

နပိုလီယံသည် အီဂျစ်နိုင်ငံအား သိမ်းယူပြီးနောက် အီဂျစ်နိုင်ငံ၏ ရှေးဟောင်းသမိုင်းအမွေများ၊ ပညာရပ်များ၊ လောကီပညာရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော လေ့လာသင့်သည့်အရာများကို ပညာရှင်အများက စနစ်တကျ သုတေသနပြု၍ မှတ်တမ်းတင်သမိုင်းကြီးပြုစုစေမည်ဟု စီစဉ်ထားခဲ့သည်။ စစ်ရေးအရလည်း ပြင်ဆင်ထားသည်။ မြေထဲပင်လယ်အတွင်း အင်္ဂလိပ်တို့၏ ရေတပ်မတော်ကြီးနှင့်တွေ့လျှင် ချေမှုန်းပစ်မည်ဟုလည်း မျှော်မှန်းထားခဲ့၏။ သို့သော် ဗြိတိသျှတို့၏ ရေတပ်မတော်နှင့်တွေ့ဆုံရခြင်းမရှိဘဲ အီဂျစ်နိုင်ငံ အလက်ဇန်းဒရီယားမြို့အနီး ရောက်ရှိလာစဉ်တွင် ပြင်းထန်သောလေမုန်တိုင်းနှင့် ဆုံရသည်။ သို့သော် ဗိုလ်ချုပ်ကြီးနပိုလီယံသည် လေပြင်းမုန်တိုင်းကြားမှပင် သူ့တပ်မတော်ကြီးကို အလျင်အမြန် ကမ်းတက်စေ၍ အလက်ဇန်းဒရီယားမြို့အရော ချီတက်လာခဲ့သည်။

ထိုစဉ်က အီဂျစ်နိုင်ငံမှာ တူရကီအင်ပါယာကြီးအတွင်းရှိခဲ့သည်။ တူရကီဘုရင့်တပ်မတော်များသည် လမ်းခရီးမှပင် ပြင်သစ်တပ်မဟာကြီးကို ခုခံတိုက်ခိုက်ခဲ့ကြသော်လည်း အင်အားကြီးမားသော ပြင်သစ်တပ်မဟာကြီးကို ခုခံနိုင်စွမ်းမရှိသဖြင့် လက်နက်ချ အရှုံးပေးခဲ့ရသည်။ တူရကီတို့သည် နပိုလီယံတပ်မဟာကြီး ချီတက်လာသည့်သတင်းရသည်နှင့်ပင် နပိုလီယံသည် အီဂျစ်တို့၏ ထုံးတမ်းစဉ်လာကို လည်းကောင်း၊ ကိုးကွယ်သောဘာသာကို လည်းကောင်း ဖျက်ဆီးရန်လာခြင်း ဖြစ်သည်ဟု ကောလာဟလသတင်းများ လွှင့်ထား၏။

သို့ဖြစ်၍ နပိုလီယံသည် အီဂျစ်ပြည်သူအပေါင်းတို့အား သင်တို့တိုင်းပြည်သို့ ချီတက်လာခြင်းသည် သင်တို့အစဉ်အလာ ကိုးကွယ်သော ဘာသာတရားကို ဖျက်ဆီးရန် လာခြင်း မဟုတ်။ သင်တို့အား တရားမဲ့အုပ်ချုပ်နေသော တူရကီများကို မောင်းထုတ်ရန်လာခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြင်သစ်တို့အား ကူညီပေးကြရန် ပြန်တမ်းထုတ်ပြန်ခဲ့၏။

ဤတွင် အီဂျစ်တို့သည် ပြင်သစ်တို့အား အစွမ်းကုန် အကူအညီပေးကြရာ အလက်ဇန်းဒရီးယားမြို့ကို လွယ်လွယ်ကူကူနှင့် သိမ်းပိုက်ပြီး ကိုင်ရိုသို့ ချီတက်လာခဲ့သည်။ ချီတက်လာသော နပိုလီယံ၏တပ်ကို အီဂျစ်လူမျိုးတို့က ဝမ်းပန်းတသာ ကြိုဆိုကြသည်။ သူတို့စိတ်ကြိုက် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခွင့်ပေးမည်ဆိုသဖြင့် နပိုလီယံမှာ အီဂျစ်အမျိုးသားအားလုံး၏ ကယ်တင်ရှင်ဟု မှတ်ယူကြ၏။

ကိုင်ရိုသို့ ချီတက်လာစဉ် လမ်းခရီး နိုင်းမြစ်ကမ်းတစ်နေရာတွင် ပျက်စီးယိုယွင်းနေသော နတ်ဘုရားကျောင်းတစ်ကျောင်းမှ အီဂျစ်အမျိုးသား ဘုန်းတော်ကြီးတစ်ဦးသည် နပိုလီယံအား ထူးဆန်းသော လက်ဖွဲ့တစ်ခုကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။ ထိုလက်ဆောင်ကလေးကို ကိုင်မိသည်နှင့် နပိုလီယံ၏ တစ်ကိုယ်လုံးမှာ ကြက်သီးမွေးညင်းများထသွားသည်ဟု ဆိုသည်။ ထိုနေ့ညတွင်လည်း ထူးခြားဆန်းကြယ်သော အိပ်မက်များကို မြင်မက်ခဲ့သည်ဟု သိရ၏။

ထိုစဉ်ကစ၍ ဤလက်ဖွဲ့ကို နပိုလီယံသည် ထာဝစဉ် ဆောင်ထားခဲ့၏။ ဤလက်ဖွဲ့ကိုရရှိပြီး (၂) ရက်ခန့်အကြာတွင် ဖြစ်ပွားခဲ့သော ပိရမစ်တိုက်ပွဲတွင် ထောင်ပေါင်းများစွာသော တူရကီတပ်သားတို့မှာ လက်နက်ချခဲ့ကြရသည်။ နာမည်ကျော် တူရကီမြင်းတပ်မတော်မှာလည်း မရှုမလှ ရှုံးနိမ့်ခဲ့ရကား ဤအောင်ပွဲသတင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားတော့၏။ လက်မြှောက်အရှုံးပေးခဲ့ရသော တူရကီတို့သည် ဗိုလ်ချုပ်ကြီး နပိုလီယံအား နည်းလမ်းအမျိုးမျိုးဖြင့် လျှို့ဝှက်စွာ လုပ်ကြံခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ သူ့လက်ဖွဲ့အဆောင်က အကာအကွယ်ပေးခဲ့သည်ဟု ဆိုကြသည်။

ကိုင်ရိုမြို့ကို သိမ်းပိုက်ပြီး အီဂျစ်အင်စတကျု့ (Institute of Egypt) ကို တည်ထောင်ကာ ပြင်သစ်သုတေသီနှင့် ပညာရှင်အများသည် အီဂျစ်တို့၏ ရှေးဟောင်းသမိုင်းကို လေ့လာခဲ့ကြသည်။ အီဂျစ်ပြည်၏ နယ်မြေအသီးသီးအား လေ့လာစေပြီး နောင်အခါ ထိုလေ့လာတွေ့ရှိချက်များနှင့် ပတ်သက်၍ စွယ်စုံကျမ်းတစ်စောင်မျှရှိသော ကျမ်းကြီးကို ထုတ်ဝေခဲ့သည်။

နပိုလီယံသည် အီဂျစ်မှပြန်လာခဲ့ပြီးသည့်အချိန်မှစ၍ သူရင်ဆိုင်တိုက်ခဲ့သည့် အောင်ပွဲများ အဆက်မပြတ်အောင်မြင်ခဲ့သဖြင့် သူ့တပ်မဟာကြီးမှာ ကမ္ဘာ့သမိုင်းတွင် တိုက်တိုင်းအောင်တပ်မဟာကြီးဟု ဥရောပတိုက်နိုင်ငံအသီးသီးက ကင်ပွန်းတပ်ခဲ့ရသည်။ ဤသို့ဖြင့် ခရစ်နှစ် ၁၈၀၂ ခုနှစ်တွင် နပိုလီယံသည် ပြင်သစ်နိုင်ငံ၏ ကေရာဇ် ဖြစ်လာခဲ့သည်။ ဥရောပတိုက် နိုင်ငံအသီးသီးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ခဲ့ကြရသော စစ်ကေရာဇ်တစ်ပါး ဖြစ်လာ၏။ သူတိုက်သမျှ စစ်ပွဲတိုင်း အောင်မြင်ခဲ့ရကား 'ရှုံးနိမ့်ခြင်း' ဟူသော ဝေါဟာရမှာ သူ့အတွက်မရှိဟု ပြောစမှတ်ရလောက်အောင် အောင်မြင်မှုသရဖူဆောင်းခဲ့ရသည်။ ဥရောပနိုင်ငံအများက မဟာမိတ်ဖွဲ့၍ နပိုလီယံအား တိုက်ခိုက်ခဲ့ကြသော်လည်း အရှုံးနှင့်ရင်ဆိုင်ကြရသည်။ နပိုလီယံအား သူ့စစ်ပြိုင်ဘက်နိုင်ငံများမှ လူသတ်သမားများသည် နည်းလမ်းအမျိုးမျိုးနှင့် ချောင်းမြောင်း၍ လုပ်ကြံခဲ့ကြသော်လည်း မအောင်မြင်ခဲ့။ သူနှင့်နီးစပ်သူအများကမူ နပိုလီယံ၏ အီဂျစ်လက်ဖွဲ့က အကာအကွယ်ပေးခဲ့သည်ဟု ဆို၏။

၁၈၁၂ခုနှစ်တွင်မူ နပိုလီယံသည် ထောင်ပေါင်းများစွာသော တပ်သားများပါဝင်သည့် တပ်မဟာကြီးနှင့် ရုရှားတို့သည် ခွာစစ်စနစ်, မြေလှန်ဆုတ်သည့်စနစ်ကိုအသုံးပြု၍လည်းကောင်း၊ ပြောက်ကျားစနစ်ကို အသုံးပြု၍ လည်းကောင်း တိုက်ခိုက်ခဲ့သည်။ နပိုလီယံ၏ တိုက်တိုင်းအောင် တပ်မဟာကြီး မော်စကိုသို့ ရောက်သည်နှင့် ဆောင်းရာသီ ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ နပိုလီယံတပ်သားအများ ရောဂါဝေဒနာအမျိုးမျိုးနှင့် ကြုံလာခဲ့ရပြီး မြင်းများမှာလည်း ရာနှင့်ချီ၍ သေဆုံးခဲ့ရသည်။ ရုရှားဇာဘုရင်၏ စစ်ပြေငြိမ်းချမ်းရေး ကမ်းလှမ်းလာမည်ဟု မျှော်လင့်ထားသော နပိုလီယံမှာ စိတ်ပျက်လာခဲ့သည်။ ရုရှားနိုင်ငံ၏ ဆောင်းရာသီမှာ စိတ်ပျက်ဖွယ်ဖြစ်သည်။ မိုးအဆက်မပြတ်ရွာသဖြင့် ချောင်းများ၊ မြစ်များ ရေလျှံလာခဲ့သည်။ ရေခဲအမှတ်အောက်အထိ ကျဆင်းလာသော အအေးဒဏ်ကြောင့် နပိုလီယံ၏တိုက်တိုင်းအောင်တပ်မဟာကြီးမှာ မျှော်လင့်မထားသော ကြေကွဲဖွယ်ရာဖြစ်ရပ်နှင့် ကြုံရဆုံရတော့သည်။ သို့ဖြစ်၍ စစ်ကေရာဇ်နပိုလီယံသည် မော်စကိုမှ ခွာစစ်ပြုခဲ့သည်။ စိတ်ဖိစီးမှုများလာသော နပိုလီ



www.burmeseclassic.com

www.burmeseclassic.com

ထိုသည် မော်စကိုမှ ရုတ်တရက် ဆုတ်ခွာခဲ့ရစဉ် သူထာဝစဉ်ဆောင်ထားသည့် လက်ဖွဲ့ကလေးမှာ သူခေတ္တစံနေသည့် မော်စကိုဆင်ခြေဖုံးရှိ အိမ်တစ်အိမ်တွင် မေ့လျော့ကျန်ရစ်ခဲ့တော့သည်။ ဤသည်နောက် နပိုလီယံမှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီ ဝါတာလူးတိုက်ပွဲကြီးတွင် ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝယ်လင်တန်ထံတွင် လက်နက်ချခဲ့ရသည်ဟု ဆိုသည်။

ဤတွင် နပိုလီယံ၏ထူးဆန်းသော အီဂျစ်လက်ဖွဲ့မှာ နိဂုံးချုပ်မသွားခဲ့ပေ။ နပိုလီယံ၏ လက်ဖွဲ့ထည့်ထားသော သေတ္တာကလေးကို မော်စကိုမြို့တွင် နေထိုင်သူ ရုရှား-ဂျူးလူမျိုးမိသားစုတစ်စု ကတွေ့ရှိခဲ့ရမှ အမှတ်တရပစ္စည်းတစ်ခု အဖြစ် သိမ်းဆည်းထားခဲ့ကြလေသည်။ မိသားစုအစဉ်အဆက် လက်ကမ်းခဲ့ကြ၏။ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ရုရှား-ဘော်ရှီဗစ်တော်လှန်ရေးကြီးဖြစ် လာခဲ့ရာ ထိုလက်ဖွဲ့ကလေးကို သိမ်းထားသော ဂျူးမိသားစုသည် အီတလီနိုင်ငံ နိုက်(စ်)မြို့သို့ ထွက်ပြေး တိမ်းရှောင်လာခဲ့ကြ၏။ ဤမိသားစုသည် အထက်ဖော်ပြပါ နပိုလီယံ၏ အီဂျစ်လက်ဖွဲ့ကလေးကို ဆောင်ယူလာခဲ့ကြသည်။

၁၉၅၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အာရပ်-အစ္စရေးစစ်ပွဲတွင် စစ်ဝန်ကြီး အဖြစ်တာဝန်ယူခဲ့ရသော အစ္စရေးအမျိုးသား မိုရှေဒါယန်းသည် ပြင်သစ်-ဂျူးအမျိုးသား စစ်သတင်းထောက်တစ်ဦးနှင့် ခင်မင်လာခဲ့၏။ ထိုသတင်းထောက်၏ ဆက်သွယ်ပေးမှုနှင့် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နေထိုင်သော ဂျူးအမျိုးသား ကုန်သည်ကြီးတစ်ဦး မိသားစုနှင့် ခင်မင်ခဲ့ရာမှ ထိုမိသားစုအစဉ်အဆက်အမှတ်တရပစ္စည်းအဖြစ် သိမ်းဆည်းထားသော စစ်ဧကရာဇ် နပိုလီယံ၏ လက်ဖွဲ့အား အစ္စရေးစစ်ဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်းအား အမှတ်တရ လက်ဆောင်အဖြစ် ဂုဏ်ပြုပေးအပ်ခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -

1. The Mysterious Unknown
   By. R-Charoux.
2. Superstitions
   By. p-Lorie

နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

# ဧကရာဇ်ပင်

ဦးသန်းစိုး(ချောင်းနက်)

ဧကရာဇ်ပင်ကို လူတိုင်းသိကြပါမည်။ အမူးအမော်ရောဂါအတွက် အလွန်အစွမ်းထက်သောအပင် ဖြစ်ပါသည်။ အမူးရောဂါရှိပါက ဧကရာဇ်အရွက်ကို ပြုတ်၍ တို့မြုပ်စားရသည်။ အရွက်ကို ပြုတ်၍ လက်သုပ်သုပ်စားရပါသည်။ ဧကရာဇ်ရွက်မရပါက ၎င်းပင်စည်အခေါက်ကို သွေးသောက်ရသည်။ ပင်စည်၊ အကိုင်းအခက် မရနိုင်ပါက ၎င်းအမြစ်ကို သွေးသောက်ရပါသည်။ သွေးသောက်ရပုံမှာ ၎င်းဧကရာဇ်ကို ဆန်ဆေးရည်နှင့်သွေး၍ တစ်ခါသောက် လက်ဖက်ရည်အကြမ်းပန်ကန်တစ်ပန်းကန်ခန့် သောက်ရပါသည်။ တစ်ခါသောက်နှင့်လည်း အမူးပျောက်တတ်ပါသည်။ မပျောက်ပါက နောက်တစ်ကြိမ်ထပ်သောက်နိုင်ပါသည်။ တစ်နေ့ (၃) ကြိမ် သောက်နိုင်ပါသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။

စာရေးသူကိုယ်တိုင် အမူးရောဂါဖြစ်တုန်းက စားသောက်ဖူးပါသည်။ သွေးတိုး၍မူးသည်ဟု သိရပါသည်။ ဘာကြောင့်မူးမူး ချက်ချင်းသက်သာပျောက်ကင်းပါသည်။ ဆေးမြီးတို (ဆေးနည်းတို) ဆေးဖြစ်၍ အမူးရောဂါရသူများ သောက်သုံးနိုင်ရန် စေတနာကောင်းဖြင့် တင်ပြလိုက်ပါသည်။

**အလွန်စွမ်းပါသည်**

ဧကရာဇ်၏အစွမ်းကို ဤမျှဖော်ပြရုံဖြင့် မကျေနပ်နိုင်သေးသဖြင့် ဧကရာဇ်ပင်၏အစွမ်းထက်ပုံကို ဖော်ပြပါဦးမည်။

အရက်၊ ထန်းရည်သောက်၍ လူမှန်းမသိအောင်မူးနေသူကို ဧကရာဇ်မြစ် ပျစ်ပျစ်သွေး၍ ၎င်း၏လျှာကို ပွတ်ပေးပါ။ သောက်နိုင်လျှင် အမြစ်သွေးရည်ကို တိုက်လိုက်ပါ။ ခဏနှင့် အမူးပြေတာကို တွေ့ရပါမည်။

တစ်ချိန်က တောလက်ကျေးရွာတစ်ရွာတွင် လူလတ်ပိုင်းတို့သဘာဝအရ ထန်းရည်ကို အလောင်းအစားနှင့် တိုက်ကြ၊ သောက်ကြရာတွင် အလောင်းအစားနှင့်သောက်သူက-

"ငါ ထန်းရည်သုံးမြူ သောက်နိုင်တယ်။ ဝယ်တိုက်ကြမလား"

ဟု သူ့အပေါင်းအဖော်များအား မေးပါသည်။ မြူအိုးတစ်လုံးတွင် ထန်းရည် (၄) ပုလင်း ဝင်ဆံ့ပါသည်။ သူငယ်ချင်းများကလည်း -

"မင်းလေမကြီးနဲ့၊ သောက်စမ်းကွာ"

ဟု ထန်းရည်(၃)အိုး ဝယ်တိုက်ရာ ထိုသူက အသင့်ပါလာသည့် ဧကရာဇ်လက်တစ်ဆစ်ခန့်ကို ပါးစောင်တွင် ငုံထည့်ကာ ထန်းရည် (၃) မြူ သောက်လိုက်ပါသည်။ လုံးဝမမူးသဖြင့် သူငယ်ချင်းများရှုံးကာ လက်မြှောက်ရပါတော့သည်။

ထိုအဖြစ်မျှမကသေးပါ။ စာရေးသူ ကျောင်းဆရာဘဝနှင့် သွားရောက်ခဲ့ရသော တောရွာမှထန်းတောတစ်တောက ထန်းပင် (၂၀)၊ အစိတ်မျှ ရှိပါသည်။ ထိုထန်းတောကို ထန်းတက်၊ ထန်းလှီးတာ မတွေ့ရပါ။ ရွာသူရွာသားများကို မေးမြန်းစပ်စုကြည့်သောအခါ ထိုထန်းပင်များအကြားတွင် ဧကရာဇ်ပင်များရှိနေပါသည်။ ထိုဧကရာဇ်ပင်များကြောင့် ထိုထန်းတောမှထွက်သောထန်းရည်များမှာ သောက်မရတော့ပါဟု ဆိုပါသည်။ အဓိပ္ပာယ်ကတော့ အဲဒီထန်းရည်တွေကို ဘယ်လို အလင်ခံခံ သောက်လို့မမူးတော့ဟု ဆိုပါသည်။ တောသဘာဝ ထန်းရည်သောက်လည်း မူးမှကိုး။

ထိုသို့ ဧကရာဇ်မြစ်က အမူးရောဂါအတွက် အစွမ်းထက်လှပါကြောင်း စာရေးသူကိုယ်တွေ့ကို သုတအဖြစ် တင်ပြလိုက်ပါသည် ခင်ဗျား။

*အားလုံး ကျန်းမာ၊*
*ချမ်းသာကြပါစေ*

ဦးသန်းစိုး(ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com

ဝါဆိုလဆန်း (၁၄) ရက်၊ အင်္ဂါနေ့၊ နံနက် (၆) နာရီအချိန်၊ ဝါဆိုမိုးသည် သဲသဲမဲမဲ ရွာသွန်းနေ၏။ အညာမြေ ပခုက္ကူမြို့၏ တက္ကသိုလ်နယ်မြေတစ်ခုလုံးသည် သည်းထန်သော မိုးစက်များအောက်တွင် ငြိမ်သက် ပြားဝပ်နေ၏။ ကျောင်းသား၊ ကျောင်းသူများနေထိုင်ရာ အဆောင်အသီးသီးတွင်လည်း ကျောင်းသား၊ ကျောင်းသူများ မိုးအေးအေးတွင် ချိုးကွေးကွေးနေကြဆဲ။

စံရိပ်ငြိမ်အဆောင်။

ထိုအဆောင်သည် အမျိုးသားသီးသန့်အဆောင် ဖြစ်သည်။ ပေါက်မြို့နယ်၏တောရွာကလေးတစ်ရွာမှ တက္ကသိုလ်တက်ရန်ရောက်ရှိလာသော ရှင်းသန့်ကျော် ဆိုသည့် ကျောင်းသားတစ်ဦးလည်း ထိုအဆောင်၌ ရှိ၏။ ကျောင်းဖွင့်ရက် တစ်လပြည့်ပြီဖြစ်၍ ရွာနှင့်ခွဲလာရသည်မှာ တစ်လကျော်နေပြီ။ မိမိတစ်ဦးတည်း မွေးထားသောကြောင့် ညီအစ်ကိုမောင်နှမများမရှိ၍ တွယ်တာရာဟူ၍ မိဘနှစ်ပါးသာရှိခဲ့၏။ ထို့ကြောင့်လည်း အဖေ၊ အမေတို့ကို သတိရလွမ်းဆွတ်မိတာတော့ အမှန်ပင်။ ဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့သည် ရှင်းသန့်ကျော်၏မွေးနေ့။ မွေးနေ့အမှတ်တရအဖြစ် စုဆောင်းထားသောမုန့်ဖိုးများဖြင့် ပစ္စည်းတစ်ခုခုဝယ်၍ မိဘများအား ကန်တော့ရန်စိတ်ကူးထား၏။ ထို့ကြောင့် သူများတွေ အိပ်ရာမထသေးသော်လည်း ရှင်းသန့်ကျော် ဈေးသွားရန် ပြင်ဆင်နေပြီ။ တစိမ့်စိမ့် သည်းထန်နေသော မိုးသည် တဖြည်းဖြည်း စဲစပြုလာပြီး (၆) နာရီခွဲလောက်တွင် လုံးဝ မရွာတော့ပါ။

ရှင်းသန့်ကျော်သည် စက်ဘီးစီး၍ ဈေးသို့ထွက်လာခဲ့သည်။ ဈေးရောက်လျှင် ဖေဖေ့အတွက် ပုဆိုးတစ်ထည်နှင့် မေမေ့အတွက် လှပသော ကတ္တီပါဖိနပ်လေးတစ်ရန် ဝယ်လာခဲ့၏။ (၈) နာရီတွင် သင်္ချာကျူတိုရီရယ် ဖြေရန်ရှိသောကြောင့် အဆောင်မဝင်ဘဲ တက္ကသိုလ်သို့ အမြန်နင်းလာခဲ့ရ၏။ စက်ဘီးစီးရင်း မိမိ၏အစီအစဉ်များကို တွေး၍ပျော်နေမိသည်။ အခါတိုင်း မွေးနေ့တို့တွင် လက်အုပ်ချီကန်တော့ခြင်းဖြင့် ကျေနပ်ခဲ့ရသော်လည်း ယခုအခါ ရပ်ဝေးမှ ဖေဖေ၊ မေမေတို့အား ပစ္စည်းဝတ္ထုဖြင့် ကန်တော့ရမှာဖြစ်၍ ကျေနပ်နေ၏။ မိမိချွေးဖြင့် ရှာထားရသည် မဟုတ်သော်လည်း ကိုယ်ပိုင်မုန့်ဖိုးများ စုဆောင်း၍ ကန်တော့ရသည်မို့ ပီတိဖြစ်ရ၏။

ရှင်းသန့်ကျော်သည် ပျော်ရွှင်စွာဖြင့်ပင် တက္ကသိုလ်ဝင်း မိမိကျူတိုရီရယ် ဖြေရမည့် စာသင်ခန်းရှိရာ သုံးထပ်ဆောင်ရှေ့သို့ ရောက်ရှိလာ၏။ ဆိုင်ကယ်သံ, ကားသံများ၊ ကျောင်းသား, ကျောင်းသူတို့၏အသံ၊ ၎င်းတို့၏လှုပ်ရှားသွားလာမှုများဖြင့် တက္ကသိုလ်ကြီးမှာ တက်ကြွစွာ အသက်ဝင်နေတော့သည်။ သုံးထပ်ဆောင်တွင်လည်း စာသင်ခန်းများတွင် စာသင်နေသူများ၊ ဝင်,ထွက်သွားလာနေသူများဖြင့် ပွဲတော်တာမျှ စည်ကားနေ၏။ ထိုစဉ် သုံးထပ်ဆောင်ဝင်ပေါက် တံစက်မြိတ်လှေကားတွင် ကျောင်းသား၊ ကျောင်းသူများ ရုန်းရင်းဆန်ခတ်ဖြစ်သွား၏။ ကျောင်းသူလေးတစ်ယောက် မိုးရေစိုနေသောကြွေပြားလှေကားခုံပေါ်တွင် ချော်လဲခြင်းပင်။

"ညီမလေး ဘာဖြစ်သွားသေးသလဲ"

"ခြေထောက်ကကော ထောက်နိုင်ရဲ့လား"

စသော မေးသံများ ဆူညံနေ၏။ ဝိုင်းဝန်းထူပေးကြ၏။ ကျောင်းသူလေးသည် အနာတရမဖြစ်သော်လည်း တစ်ယောက်တည်းဖြစ်၍ မျက်နှာတွင် ရှက်သွေးဖြာနေ၏။ သူ့ခိုးလူမိသလို ကျနေမရ၊ မျက်ရည်များပင်လည်နေ၏။ သူမသည် လူကျဲသောတစ်နေရာတွင်သွားကာ ရပ်နေ၏။ ရှင်းသန့်ကျော် မြင်ကွင်းအားလုံးကို မြင်နေရ၏။ တစ်ခုကိုလည်း သတိပြုမိသွား၏။ မိန်းကလေး၏ဖိနပ် ပြတ်သွားခြင်း။ သူမကိုကြည့်၍ ရှင်းသန့်ကျော် သနားသွား၏။ လွယ်အိတ်ကို လက်ဖြင့်စမ်းကာ မေမေ့အတွက် ဖိနပ်လေးကို ပြေးမြင်မိ၏။ အလှချင်းပြိုင်



နှံ့သာ(ပခုက္ကူ)

ကြေကွဲဖွယ်ရာ သူတို့အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ခနေသော ရှုယ်တူမိန်းကလေး၊ ယောက်ျား လေးများကြားတွင် ဖိနပ်မပါဘဲလျှောက် သွားရမည့် ချောမောလှပသည့် တက္က သိုလ်ကျောင်းသူတစ်ဦး၏ ရှက်စိတ်ကို ရှင်းသန့်ကျော် စာနာမိပါသည်။ ထို့ ကြောင့် သူမအနားသို့ လျှောက်သွား၍-

"ဒီက ဖိနပ်ပြတ်သွားတာလား၊ စီးလို့မရတော့ဘူးလား"

သူမမှာ ရှက်စိတ်ကြောင့် ခေါင်း ငုံ့နေ၏။ မပွင့်တပွင့်လေသံဖြင့်-

"ဟုတ်တယ်၊ တစ်ဖက်က စီးလို့ မရတော့ဘူး"

"ဒါဆိုရင် ဒီဖိနပ်လေးစီးကြည့်ပါ လား။ အကောင်းစားတော့မဟုတ်ဘူး၊ ဒါပေမယ့် စီးဖြစ်ပါတယ်"

ရှင်းသန့်ကျော်က ဖိနပ်လေးထုတ် ပေးတော့ သူမ အံ့သြသွား၏။ တက္က သိုလ်ကျောင်းသားတစ်ဦး အမျိုးသမီး စီးဖိနပ်တစ်ရန်ကို လွယ်အိတ်ထဲထည့် ဆောင်ထားခြင်းကြောင့်ပင်။ သို့သော် ဖိနပ်ကို သွက်လက်စွာယူ၍ လျှိုကြည့် ၏။ ဖိနပ်လေးက အနေတော်ပင်၊ နက် မှောင်သော ကတ္တီပါဖိနပ်လေးနှင့် ဝင်း ဝါသော သူမ၏ခြေထောက်လေးမှာ လိုက်ဖက်လှပါ၏။ သူမ ဖိနပ်လေးကို နှစ်သက်သွားပါသည်။

'သိပ်ကိုကျေးဇူးတင်ပါတယ်ရှင်'

ပြောရန်ကြံစည်ရုံသာ ကြံလိုက်ရ သေးသည်၊ ကျေးဇူးရှင်မှာ ဘယ်အချိန် က ထွက်သွားသည် မသိ။ သုံးထပ် ဆောင်ထဲရောက်နေပြီ။ (၈) နာရီ မိနစ် (၂၀) ရှိပြီဖြစ်၍ ကျူတိုရီရယ် နောက်ကျ နေပြီ။ သူမမှာ အိပ်မက်မှလန့်နိုးသူတစ် ယောက်လို။ သို့သော် အိပ်မက်မဟုတ်၊ တကယ့်အဖြစ်အပျက်။

ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့၊ မိမိမွေး [illegible]င့် ရှင်းသန့်ကျော်သည် သီဟိုဠ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးသို့ ကုသိုလ်ကောင်းမှုပြုရန် သွား၏။ ဘုရားရှေ့တွင် ဂုဏ်တော်ပွား၍ ကျေးဇူးရှင်မိဘများကို မေတ္တာပို့သ၏။ တစ်စုံတစ်ယောက်က သူ့အား ကြည့်နေသည်ကို ရှင်းသန့်ကျော် သတိမပြုမိ။ သူ ဖိနပ်တစ်ရန် အကူအညီပေးခဲ့သော မိန်းမချောလေးပင်။ သူမသည် ဥပုသ်နေ့ ညနေတိုင်းပင် အဘွားဖြစ်သူနှင့် သီဟိုဠ်ရှင်ဘုရားကြီးသို့ ပန်း၊ ဆီမီး၊ ရေချမ်းကပ်ခြင်း၊ ရံခါ တရားဘာဝနာပွားခြင်းတို့ပြုလေ့ရှိ၏။ အဘွားတရားထိုင်နေစဉ် ဘုရားအတွင်းလျှောက်ကြည့်ရာမှ ရှင်းသန့်ကျော်ကို သူမ တွေ့သွားခြင်း ဖြစ်သည်။ ရှင်းသန့်ကျော် ပန်းလှူနေစဉ် ဖြစ်သည်။ နှုတ်ဆက်လိုသော်လည်း အခြေအနေက မပေး။ မနေ့က ဖိနပ်ကူညီခဲ့စဉ်ကပင် သူ၏တည်ကြည်ခံ့ညား ချောမောသော ရုပ်ရည်နှင့် ကူညီတတ်သော စိတ်ဓာတ်ကို သူမ နှစ်သက်မိသည်။ ယခုလို ဘာသာရေးကိုင်းရှိုင်းသည်ကို တွေ့ရသောအခါ ပို၍ အထင်ကြီးမိ၏။ ရှင်းသန့်ကျော်၏ရုပ်ရည်၊ စိတ်ဓာတ်နှင့် တည်ငြိမ်သောအမူအရာတို့က သူမကိုရင်ခုန်စေတာတော့ အမှန်ပင်။ သူဝတ်ပြုပြီးအောင် စောင့်လိုသော်လည်း အဘွားက ပြန်ခေါ်နေပြီဖြစ်၍ မိမိတို့ကားရှိရာသို့ အဘွားကိုတွဲကာ ပြန်ခဲ့ရသည်။ မကြာမီပင် ရှင်းသန့်ကျော်ကိုတွေ့လိုက်ရ၏။ ရှင်းသန့်ကျော်လည်း သူမကို အမှတ်မထင်တွေ့လိုက်ရ၍ အံ့သြသွားသည်။ အကြည့်ချင်းတော့ဆုံသွားကြသည်။ နှစ်ဦးစလုံး ရင်ခုန်သွားကြသည်ကိုတော့ သူတို့ကိုယ်တိုင်ပင် မသိလိုက်ကြ။

မိမိရှေ့တွင် ကိုယ်ပိုင်ကားကို သူမ ကိုယ်တိုင် မောင်းထွက်သွားခြင်းကြောင့် ဒုတိယအကြိမ် အံ့သြရပြန်၏။ မအံ့သြရှိမည်လား၊ စက်ဘီးစုတ်လေး စီးနေသူမိမိက ကိုယ်ပိုင်ကားစီးနိုင်သူကလေးကို ဖိနပ်တစ်ရန် အလှူပေးခဲ့ရခြင်း။ သူ့ရင်ထဲတွင် တစ်စုံတစ်ခု ခံစားလိုက်ရသည်။ မိမိအလိုရှိနေသောအရာကို မရနိုင်တော့၍ အားလျှော့လိုက်ရသော လူတစ်ယောက်၏ခံစားချက်မျိုး။ ထိုနေ့ညတွင် ရှင်းသန့်ကျော် သူမအကြောင်း တွေး၍ လွယ်လွယ်နှင့် အိပ်မပျော်သလို သူမလည်း သူ၏ပုံရိပ်တို့ကြောင့် အိပ်ရေးပျက်ခဲ့ရပါသည်။

နောက်နေ့ ကျောင်းဖွင့်ချိန်တွင် နှစ်ဦးလုံး တိုင်ပင်ထားသလိုတစ်ယောက်ကိုတစ်ယောက် ရှာဖွေနေမိကြသည်။ မကြာမီပင် အချင်းချင်း တွေ့မြင်သွားကြ၏။ နေရာကတော့ ကျွန်းရွှေဝါဆောင်ဘေးနားက အညာ၏အဆင်တန်ဆာ မြတမာရိပ်ကလေးမှာ။ ရှင်းသန့်ကျော်တွင် သူငယ်ချင်းနှစ်ဦး ပါလာသလို သူမတွင်လည်း မိန်းကလေးသူငယ်ချင်းတစ်ဦး ပါလာ၏။ သူမက စ၍-

"ဒီမှာရှင့်၊ မနေ့က ကျေးဇူးတင်ကြောင်း မပြောလိုက်ရလို့။ အတန်းချိန်ပြီးတော့ ရှင့်ကို ကျွန်မ လိုက်ရှာသေးတယ်၊ ဘယ်မှာမှမတွေ့ရဘူး။ မနေ့က ကိစ္စကို ကျွန်မ သိပ်ကျေးဇူးတင်ပါတယ်။ နောက်ပြီး. . ."

သူမ စကားမပြီးသေးမီပင်-

"ဟာဗျာ-ရပါတယ်၊ ကျေးဇူးတင်စရာမလိုပါဘူး။ အဆင်ပြေသွားတယ်ဆိုရင် ပြီးတာပါပဲ"

"အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါနဲ့ ရှင်က ပထမနှစ်ပဲလား"

"ဟုတ်တယ်၊ အခုမှစတက်တာပဲ"

"ကျွန်မတို့လည်း ပထမနှစ်အစပါပဲ။ ဪ-မိတ်ဆက်ရဦးမယ်၊ ကျွန်မနာမည်က ဝေဝေလှိုင်။ သူက ကျွန်မသူငယ်ချင်း နှင်းနုဝေတဲ့။ ကျွန်မတို့က သန်လျာမေဂျာကပါ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော့်နာမည်က ရှင်းသန့်ကျော်ပါ။ သူက နေဝင်းအောင်၊ သူကတော့ မြင့်မြတ်ကျော်တဲ့။ ကျွန်တော်တို့ကတော့ ဘူမိဗေဒကပါ။ မနေ့က သူငယ်ချင်းတွေ အရင်သွားနှင့်တာလေ"

"ဝေဝေလည်း မနေ့တုန်းက တစ်ယောက်တည်းပဲ။ နှင်းနုဝေက ကျောင်းမတက်ဖြစ်ဘူးလေ။ ကဲ- ဒါတွေထားလိုက်ပါတော့။ သူငယ်ချင်းတွေဖြစ်သွားကြပြီဆိုတော့ မိတ်ဖြစ်ဆွေဖြစ် ကန်တီးကို တစ်ခုခုသွားစားကြတာပေါ့။ သွားကြမယ်လေ"

ရှင်းသန့်ကျော်နှင့် ဝေဝေလှိုင်တို့၏မျက်နှာများပေါ်တွင် အပြုံးပန်းတွေဝေနေတော့၏။ နေ့စဉ်တွေ့၍ အတူတကွ စကားပြောဖြစ်ကြ၏။

"ဝေဝေဖိနပ်ပြတ်သွားတော့ ဘာဖြစ်လို့ ရှင်းသန့်မှာ ဖိနပ်က အသင့်ပါလာရတာလဲ။ ဖိနပ်ကလည်း အသစ်ကြီးရှိသေးတာ။ ဘယ်သူ့ဖို့ဝယ်လာတာလဲဟင်"

"ဝယ်တုန်းကတော့ မေမေ့အတွက်ပဲ ဝေဝေရဲ့။ နောက်နေ့ ဗုဒ္ဓဟူးနေ့က ကိုယ့်မွေးနေ့လေ။ မွေးနေ့မှာ မေမေ့ကိုကန်တော့ဖို့ မုန့်ဖိုးတွေစုပြီးဝယ်လာတာ။ ဒါပေမယ့် ဒီရောက်တော့မှ မိန်းမချောလေး ဖိနပ်ပြတ်သွားတာမြင်လို့ သနားပြီးထုတ်ပေးလိုက်တာ"

"ဟင်- ဒါဆို ဝေဝေ ငရဲကြီးမှာပေါ့။ မေမေ့အတွက် ဝေဝေ အစားဝယ်ပေးမယ်နော်၊ ဝေဝေလည်း ငရဲမကြီးတော့ဘူးပေါ့"

"ရပါတယ်ဗျာ၊ မေမေ့အတွက် နောက်ထပ်ဝယ်ပေးလိုက်ပြီးပါပြီ။ လက်ဆောင်လို့ သဘောထားလိုက်ပေါ့။ ဒါပေမယ့် ဝေဝေ စီးနေကျဖိနပ်တွေလိုတော့ တန်ဖိုးကြီး အကောင်းစားမဟုတ်ဘူးပေါ့"

"ဪ- ရှင်းသန့်ရယ်၊ တန်ဖိုးဆိုတာ သတ်မှတ်ချက်တစ်ခုပါဟ။ တန်ဖိုးထားတတ်တဲ့သူအတွက်မှ တန်ဖိုးဆိုတာ ရှိတာ။ ဝေဝေက ဒီဖိနပ်လေးကို တန်ဖိုးထားလွန်းလို့ စီးတောင်မစီးရက်ပါဘူးနော်။ အမြဲတမ်း သိမ်းထားမှာ။ သူက ငါတို့နှစ်ယောက်ရဲ့အထိမ်းအမှတ်လေးပဲလေ"

ဤသို့ဖြင့် ပထမနှစ်တစ်နှစ်လုံး အခင်မင် အရင်းနှီးဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်။ ဒုတိယနှစ်တွင် ရင်းနှီးမှု ရှင်သန်လာသည်နှင့်အမျှ အချစ်တွေလည်း ပွင့်အန်လာခဲ့ကြ၏။ ထို့ကြောင့် လိုက်ဖက်လှသော၊ သိပ်ချစ်ကြသော ချစ်သူစုံတွဲအဖြစ် အများကပင် သတ်မှတ်ခဲ့ကြရပါသည်။ မေဂျာ မတူသောကြောင့် စာသင်ချိန်တွေမှာ ခွဲခွာနေရသော်လည်း စာသင်ချိန်ပြီးသည်နှင့် အတူတကွ ရှိနေကြမြဲ။ တစ်ဦးကိုတစ်ဦး နားလည်မှုလည်း အပြည့်အဝရှိကြ၏။ ရှင်းသန့်ကျော်သည် တောရွာတောင်သူလယ်သမား ဆင်းရဲသား ဟူ၍ ဝေဝေလှိုင်၏စိတ်ထဲတွင် လုံးဝ အထင်မသေး။ ဤအချက်သည်ပင် သူမအတွက် အလျှော့ပေးတာ သနားချစ် ချစ်စရာဖြစ်လာခဲ့သည်။ ထိုအကြောင်းကြောင့်ပင်လျှင် သူမကို ရှင်းသန့်ကျော်က ပို၍ တန်ဖိုးထား မြတ်နိုးမိလေသည်။ အတူနေစဉ်တွင် ချစ်ခဲ့ကြရသည်နှင့်အမျှ ကျောင်းပိတ်ရက် ဝေးကွာနေချိန်များတွင် နှစ်ဦးသားလည်း လွမ်းဆွေးခဲ့ကြရ၏။ ဤသို့ဖြင့် ကိန္နရီ ကိန္နရာ၊ အာဒံ ဧဝ၊ ရိုမီယို ဂျူလီယက် ဆိုသူတို့ထက် သူတို့နှစ်ယောက်အချစ်က ပိုပါသည်ဟု ဆိုရလောက်အောင်ပင်။ သို့သော် သူတို့၏အချစ်ခရီးလမ်းကို သူတို့ ခန့်မှန်းနိုင်၊ စိတ်မချနိုင်ခဲ့ကြပါ။ ငွေစွာတွေ



www.burmeseclassic.com

ခဲ့ကြတာလည်း အကြိမ်ကြိမ်၊ ကတိခဲ့ကြတာလည်း အခါခါ။ ဘုရားမှာကောင်းဆုတွေခြွေခဲ့ကြတာလည်း မရေတွက်နိုင်ခဲ့ကြ။

သို့ပေမယ့် သူတို့ဆုတောင်းမပြည့်ခဲ့ပါ။ လောက၏သတ်မှတ်ချက်များသော ဂုဏ်ဓနငွေကြေးတို့သည် သူတို့နှစ်ဦး၏ချစ်ခြင်းကို တိုက်ခိုက်ရန်ပြုလာကြ၏။ တတိယနှစ် ပထမ (၄) လကျောင်းဖွင့်ချိန်တွင် သူတို့နှစ်ဦးဈေးသွားကြရာ ဝေဝေလှိုင်၏မိဘဆွေမျိုးများမြင်တွေ့သွား၏။ မေးမြန်းသောအခါ ဝေဝေလှိုင်က အမှန်အတိုင်းပြောပြရာ မိဘဆွေမျိုးများ ယမ်းပုံမီးကျဖြစ်ရတော့၏။ သူတို့နှစ်ဦး၏ အချစ်ခရီးလမ်းသည်ကောင်းထဲ၌ ကြမ်းတမ်းလာခဲ့လေပြီ။

ယနေ့ (၇) နာရီတွင် စာသင်ချိန်၌ ရှင်းသန့်ကျော် ကျောင်းသို့ စောစောရောက်နေ၏။ ဝေဝေလှိုင်နှင့် အခန်းချိန်တူသည်ဖြစ်၍ ချစ်ရသူကိုမျှော်နေမိသည်။ သို့သော် ပေါ်မလာခဲ့ပါ။ (၉) နာရီတွင် ဝေဝေလှိုင်တို့ စာသင်ခန်းရှိရာသို့လျှောက်ကာ ချစ်သူကို ရှာမိပြန်၏။ ချစ်သူ၏မျက်နှာလေးကို မမြင်တွေ့ရသေး၍ သူ့ခမျာ ဆောက်တည်ရာမရ။ ပန်းခြံရှေ့သို့ရောက်သောအခါ ဝေဝေလှိုင်၏သူငယ်ချင်းဖြစ်သော နှင်းနုဝေကို တွေ့လိုက်ရ၏။

"ရှင်းသန့်ကျော်၊ မြန်မြန်လာပါ။ ငါ နင့်ကို ပြောစရာရှိတယ်။ မျှော်နေတာကို ကြာပေါ့"

"ဘာဖြစ်လို့လဲ၊ အရေးကြီးလို့လား၊ ဝေဝေကော ဘယ်သွားသလဲ၊ တွေ့ပါလား"

"အေး- အဲဒါကိုပြောမလို့။ မနေ့က နင်တို့နှစ်ယောက်ကို သူ့အဒေါ်က တွေ့လိုက်လို့ အိမ်ရောက်တော့ စစ်တယ်တဲ့။ အဲဒါ ဝေဝေကလည်း ဖုံးကွယ်ထားမရတာနဲ့ ဖွင့်ပြောလိုက်ရတယ်။ အခြေအနေမကောင်းဘူးဟ။ ဟောဒီမှာ ဝေဝေက နင့်ကို စာပေးလိုက်တယ်-ရော့"

ရှင်းသန့်ကျော် စာကို လှမ်းယူလိုက်သည်။ ဖတ်ပြီးသောအခါတွင် သူ့ခမျာ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

"ဟဲ့- ဘာတွေရေးထားတာလဲ"

ရှင်းသန့်ကျော်သည် နှင်းနုဝေထံသို့ စာကမ်းပေးလိုက်၏။ စာထဲတွင် သူတို့အကြောင်းများကို ဖုံးကွယ်မရတော့သောကြောင့် ဖွင့်ပြောလိုက်ရကြောင်း၊ အိမ်က လုံးဝ သဘောမတူကြောင်း၊ ဒီနေ့ကစ၍ လုံးဝ ကျောင်းတက်ခွင့်မရတော့ကြောင်း၊ ရန်ကုန်တွင် မိမိတို့အိမ်ရှိကြောင်း၊ တတိယနှစ်ကို ရန်ကုန်မှာပြောင်းတက်ရမည်ဖြစ်ကြောင်း၊ မကြာမီ သွားရတော့မည်ဖြစ်ကြောင်း၊ ရန်ကုန်တွင် လူကြီးချင်း သဘောတူထားသူ ရှိကြောင်း၊ သူ့အား စိတ်မပူရန်နှင့် အရာရာရင်ဆိုင်ရန် ပြင်ဆင်ထားဖို့၊ လိုအပ်လာလျှင် ခိုးပြေးကြဖို့ပါ ရေးထား၏။ နှင်းနုဝေ သက်ပြင်းချရပါ၏။

"ကဲ- ရှင်းသန့်ကျော်၊ နင်တို့မှာ နီးစပ်ဖို့က ဒီနည်းပဲရှိတော့တာ။ ဝေဝေလှိုင်ကတော့ တကယ်လုပ်မှာနော်။ နင်ကကော သတ္တိရှိရဲ့လား"

"နှင်းနုဝေရယ်၊ ငါ ဝေဝေ့ကိုဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ်။ သူနဲ့ချစ်ပြီးကတည်းက ဒီလို ကြုံတွေ့ရမှာကို ကြိုတွေးပြီးသားပါ။ ငါတို့နှစ်ယောက်က ရင်ထဲကအချစ်တွေ တူညီကြပေမယ့် အပြင်က ဂုဏ်ပကာသနအသိုင်းအဝိုင်းတွေက ခြားနားကြတာကိုး။ ဘာပဲဖြစ်ဖြစ် ငါရင်ဆိုင်ရဲပါတယ်။ သူငါ့ကိုချစ်သလို ငါလည်း သူ့ကို သိပ်ချစ်တယ်။ တကယ်လို့များ ဝေးခဲ့ရရင် ငါတို့နှစ်ယောက် ရှူကြမလား မသိဘူး"

ဘေးနားမှ သူငယ်ချင်းများလည်း သူတို့၏အချစ်ရေးအတွက် ရတက်မအေး ဖြစ်ကြရသည်။ မိမိတို့လည်း မတတ်နိုင်ကြ။

ဝေဝေလှိုင်က မိဘချင်းသဘောတူထားသူရှိကြောင်း ယခင်က ရှင်းသန့်ကျော် မသိခဲ့ရပါ။ ဝေဝေကလည်းပြောမပြခဲ့။ မပြောခဲ့ရခြင်းမှာ ရှင်းသန့်ကျော်စိတ်သောကဖြစ်မှာစိုးရိမ်သောကြောင့်ပင်။ သဘောတူထားသူမှာ လွန်ခဲ့သော (၃) နှစ်ကမှ ရန်ကုန်သို့ မိသားစုလိုက်ပြောင်းသွားသူ ဖြစ်သည်။ မိသားစုချင်း အလွန်ပင် ရင်းနှီးကြပါသည်။ သို့သော် ဝေဝေလှိုင် စိတ်မဝင်စားပါ။ မိမိချစ်သူမှလွဲ၍ မည်သူ့ကိုမျှလက်မထပ်ဟု ဆုံးဖြတ်ထား၏။

စနေနေ့။ ကျောင်းမတက်ရပါ။ ရှင်းသန့်ကျော်သည် ချစ်သူနှင့်မတွေ့ရသည်မှာ အတော်ကြာနေပြီ။ နှင်းနုဝေမှတစ်ဆင့် စာအဆက်အသွယ်တော့ရ၏။ ယခုလည်း ချစ်သူထံမှ စာများကိုဖတ်၍ တစ်ယောက်တည်း အလွမ်းဖြေနေရ၏။ ထိုစဉ်-

"ရှင်းသန့်ကျော်၊ ဖုန်းလာတယ်"

အဆောင်မှူး၏အော်သံ။

"ဟုတ်ကဲ့၊ လာပါပြီ"

အသံပေး၍ အပြေးအလွှားဆင်းလာခဲ့၏။ ဖုန်းကိုင်လိုက်လျှင်ပင်-

"ဟုတ်ကဲ့၊ မြန်မြန်ပြန်လာခဲ့ပါ့မယ်။ ဒါပဲနော်"

"ငါ့တူ၊ ဘာတဲ့လဲ"

"ရုတ်တရက် မေမေ ကျန်းမာရေးမကောင်းလို့လို့ ပြောတာပဲ ဦးလေး။ ကျွန်တော် ဒီညနေကားနဲ့ပဲ ပြန်ရမှာ။ ဘယ်လောက်ကြာမလဲတော့ မသိသေးဘူး ဦးလေးရာ"

အဆောင်မှူးနှင့်စကားပြောခြင်းပင်။ ရွာပြန်ဖို့ ပြင်ဆင်ရပါသည်။ ယခုပင် (၂) နာရီထိုးနေပြီ။

"ရှင်းသန့်ကျော်၊ ညည်းသည်"

ကြည့်လိုက်တော့ နှင်းနုဝေ ဖြစ်ပါသည်။ သူ ဆင်းတွေ့လိုက်သည်။

"ရော့ - ဝေဝေက စာပေးခိုင်းလိုက်လို့ဟ၊ ငါပြန်တော့မယ်"

စာကို လွယ်အိတ်ထဲထည့်လိုက်ပါသည်။ ရွာပြန်ရန် အရေးကြီးနေပြီဖြစ်၍ မဖတ်ဖြစ်သေးပါ။

ရွာသို့ပြန်ရောက်ခဲ့ပါသည်။ သို့သော် ရှင်းသန့်ကျော်ရောက်ပြီး၍ တစ်နာရီလောက်အကြာတွင် မေမေ ဆုံးသွားရှာ၏။ နေပူပူ ယာတောမှအပြန် ရေချိုးမှားသွားခြင်းပင်။ အဖေရယ်၊ အမေရယ်၊ သားရယ် (၃) ယောက်သာရှိရာမှ အမေက ခွဲသွားခဲ့လေပြီ။ မေမေ့အလောင်းကိုဖက်၍ ငိုကြွေးခဲ့ရသည်။ ငါသာ တက္ကသိုလ်မတက်ခဲ့ရင် မေမေဟာ ဒီယာတောကို မသွားရဘူး၊ ဒီလိုဆိုရင် ငါ့မေမေ သေမှာမဟုတ်ဘူးဟု တွေး၍လည်း ဖြေမဆည်နိုင်ခဲ့ပါ။ သားလေးကို တစ်ယောက်တည်းမို့ စိတ်မချပါဘူးဆိုတဲ့ မေမေက သူ့ကိုထားသွားခဲ့လေပြီ။ မေမေ့အတွက် ရက်လည်ဆွမ်းသွတ်အပြီးတွင် ကျောင်းတက်ရဦးမှာဖြစ်၍ ရှင်းသန့်ကျော် ပြန်လာခဲ့ရပါသည်။ အဆောင်ရောက်လျှင်ပင် မြင့်မြတ်ကျော်က ဆီး၍ပြော၏။

"ရော့- ရှင်းသန့်ကျော်၊ နှင်းနုဝေကတစ်ဆင့် ဝေဝေလှိုင်ပေးလိုက်တာ။ နှင်းနုဝေ မျက်နှာမကောင်းဘူးကွ။ စာပေးသွားတာတော့ (၃) ရက်လောက်ကြာပြီ။ ငါတို့တွေလည်း ဒီကြားထဲမှာ ကျောင်းမတက်ဖြစ်ဘူးကွာ။ ဒါနဲ့ မင့်မေမေကော ကျန်းမာသွားပြီလား"

"မေမေဆုံးသွားပြီကွာ"

ဤမျှသာပြော၍ မိမိအခန်းထဲသို့ဝင်လာခဲ့တော့သည်။ ရွာပြန်စဉ်က ဝေဝေပေးခဲ့သောစာ မဖတ်ရသေးသည်

www.burmeseclassic.com

ကို အခုမှ အမှတ်ရ၏။ အခန်းတွင်းရောက်လျှင်ပင် ယခုရသောစာကို ဖတ်ကြည့်၏။ ဦးခေါင်းထဲတွင် ချာချာလည်သွား၏။ 'ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော' ဆိုတဲ့ ချစ်သူနှင့်ကွေကွင်းရခြင်းဒုက္ခကို ဒုတိယအကြိမ် ခံစားလိုက်ရခြင်းပင်။ အမေ့အတွက် ငိုကြွေးရတဲ့ မျက်ရည်စတွေ မခြောက်သေးခင်မှာဘဲ သိပ်ချစ်ရတဲ့ချစ်သူအတွက် ငိုရဦးမှာပေါ့ ဝေဝေရယ်။ မေမေနဲ့ သေကွဲကွဲသည့်ဒဏ်နှင့် ချစ်သူ ရှင်ကွဲကွဲသည့်ဒဏ်တို့ကို သူ မခံစားနိုင်ပါ။ သူ့ကိုယ်သူ ရူးသွပ်သွားပြီလားဟုပင် ထင်မိ၏။

ချစ်သူပေးခဲ့သောစာမှာ ယခင်စာပေးခဲ့ခြင်းသည် ရန်ကုန်သို့ပို့တော့မည်ဖြစ်၍ လာခိုးရန်ချိန်းသောစာဖြစ်ကြောင်း၊ လာမည်ထင်၍ နံနက် (၄) နာရီတိုင်တိုင် ထိုင်စောင့်နေကြောင်း၊ သူမ ချစ်သလို မချစ်ကြောင်း၊ သစ္စာမရှိကြောင်း၊ သူမကို တန်ဖိုးမထားကြောင်း၊ ဖြစ်လေရာဘဝတွင် ဒီလိုလူမျိုးနှင့် ချစ်သူ မဖြစ်လိုကြောင်း စသည်ဖြင့် ရန်ထောင်ထားသည်မှာ စုံနေတော့၏။ ထိုအခါမှပင် ယခင်ပေးသောစာကို ဖတ်မိ၏။ မှန်ပါသည်၊ လာခိုးရန်ချိန်းဆိုထားသည့်စာ။ မလာမချင်းစောင့်နေမည် ဟူ၍ပင် ပါသေး၏။ နောက်တစ်ခုက အကယ်၍ လာမခိုးခဲ့၍ နောင်တစ်ချိန်အိမ်က အခြားသူနှင့်ပေးစားလျှင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားမည် ဟူ၍ပင် ပါလိုက်သေး၏။ ရှင်းသန့်ကျော် ရင်ကွဲရပါသည်။ မိမိ၏ညံ့ဖျင်းမှုလား သို့မဟုတ် ကံကြမ္မာ၏လှည့်စားမှုပေလား။

'ကံကြမ္မာရယ်၊ ငါ့ကို ဘာကြောင့်တက္ကသိုလ်ရောက်အောင် ပို့ပေးရတာလဲကွာ' ဟူ၍ တစ်ကိုယ်တည်း ငိုကြွေးညည်းညူနေ၏။ နေဝင်းအောင်နှင့် မြင့်မြတ်ကျော်တို့ ဝိုင်းဝန်းဖြေသိမ့်ပေးကြပါသည်။ သို့သော် သူတို့ကိုယ်တိုင်လည်း မျက်ရည်လည်နေသည်သာ။

နောက်ရက်များတွင် ရှင်းသန့်ကျော် ကျောင်းသို့ပုံမှန်တက်ခဲ့ပါသည်။ နှင်းနုဝေတို့ သူငယ်ချင်းတစ်စုသည် ယခင်က မကျေနပ်သော်လည်း နေဝင်းအောင်တို့၏ ရှင်းပြမှုကြောင့် သူတို့လည်း စိတ်မကောင်းဖြစ်ကြရသည်။ သို့သော် မတတ်နိုင်တော့ပါ။ ဝေဝေလှိုင်ကတော့ ရန်ကုန်ကိုပါသွားလေပြီ။ ဘယ်သောအခါမှ ပြန်လာမည် မသိ။ ဤသို့ဖြင့် ပထမ (၄) လ တက်ပြီး၍ ဒုတိယ (၄) လ တက်သောအခါ တစ်နေ့တွင် ဝေဝေလှိုင်၏လက်ထပ်မင်္ဂလာဖိတ်စာသည် နှင်းနုဝေမှတစ်ဆင့် ရှင်းသန့်ကျော်ဆီ ရောက်လာ၏။ လာရန်ဖိတ်ခြင်းမဟုတ်၊ အသိပေးခြင်းသာဖြစ်ကြောင်း သူသိပါသည်။ ရှင်းသန့်ကျော်၏ဘဝသည် ကြွေစရာသစ်ရွက်မရှိတော့သော အရိုးဖြိုင်ဖြိုင်ထနေတဲ့ နွေသစ်ပင်ကြီးလိုပင်။ လောကဓံမုန်တိုင်းတွေ ဘယ်လောက်တိုက်တိုက်၊ သူ မလှုပ်နိုင်တော့ပါ။

ချစ်သူအတွက်ငိုခဲ့ရလွန်း၍ မျက်ရည်တွေလည်း ခန်းကုန်နေပါပြီ။ လွမ်းရ ဆွေးရ တမ်းတရလွန်း၍လည်း ကိုယ့်ကိုယ်ကိုယ်တောင် ငါရူးနေပြီလားဟု မေးမိတာလည်း အခါခါ။ မိမိခံစားရပုံများကိုတွေး၍ ချစ်သူအတွက်လည်း ကိုယ်ချင်းစာမိသည်။

'ငါက ချစ်တဲ့သူနဲ့ကွေကွင်းရခြင်း ဒုက္ခပဲ ခံစားရတာ၊ သူ့ခမျာမှာတော့ ချစ်တဲ့သူနဲ့လည်း ကွေကွင်းရ၊ မချစ်မနှစ်သက်သူနဲ့လည်း ပေါင်းသင်းရ။ ပိုပြီးတော့ ခံစားရရှာမှာ။ ပြီးတော့ ငါက ယောကျ်ားလေး၊ သူက အားနွဲ့သူမိန်းကလေး။ ဩော်- ဝေဝေရယ်၊ မင်း ဘယ်လောက် ကြေကွဲဝမ်းနည်းရမယ်ဆိုတာ ငါနားလည်ပါတယ်။ တို့ချစ်သူနှစ်ဦး ဒီဘဝတော့ ဝေးကြပြီနဲ့တူပါတယ်ကွာ'

ဤသို့ လွမ်းရင်း ဆွေးရင်းဖြင့် တတိယနှစ်ကို ရှင်းသန့်ကျော် ဖြေဆို၍ပြီးခဲ့ပါသည်။

ရွာပြန်ရောက်သောအခါ သင်္ကြန်တွင်းတွင် တရားစခန်းဝင်ဖြစ်ရာမှ စခန်းပွဲပြီးလျှင် ရွာဦးကျောင်း ဆရာတော်ထံ သာမဏေဝတ်သည်။ အောင်စာရင်းထွက်၍ (Q)တန်းဆက်တက်ခွင့်ရသော်လည်း မတက်တော့ဘဲ ဖခင်ထံ ရဟန်းပြုခွင့်တောင်း၏။ ဖခင်ကိုယ်တိုင်ပင် ဝမ်းမြောက်ဝမ်းသာစွာ ရဟန်းခံပွဲကို စည်စည်ကားကား ကျင်းပပေး၏။ ရဟန်းဘွဲ့တော်မှာ အရှင်ဝိမလ ဖြစ်၏။ ထို့နောက် ရွာဦးပဉ္စင်းများရှိရာ မန္တလေးသို့သွား၍ ပရိယတ္တိစာပေသင်ယူ၏။ (၅)ဝါအရတွင် ပထမကြီးတန်းအောင်မြင်၍ ဓမ္မာစရိယတန်းသို့ ရောက်ရှိခဲ့သည်။ (၅) နှစ်တာကာလအတွင်း ဖခင်ကသာ မိမိထံသို့ မကြာ မကြာ လာ၍ မိမိမှာ ရွာသို့တစ်ခေါက်မှမပြန်ဖြစ်ခဲ့ပါ။

ယခုနှစ်တွင်မူ အဘွားဖြစ်သူ၏ မကြာခဏ မှာကြားမှုကြောင့် မွေးရပ်မြေသို့ ပြန်လာခဲ့သည်။ ပခုက္ကူမြို့မှ ဦးပဉ္စင်းတစ်ပါးနှင့် ပြန်လာခဲ့ခြင်းပင်။ ပခုက္ကူမြို့သို့ ည (၉) နာရီလောက်တွင် ရောက်သဖြင့် ပခုက္ကူမှ သူငယ်ချင်းကျောင်းသို့လိုက်၍ တည်းခိုရပါသည်။ ရောက်လျှင် ဆရာတော်ကြီးအား ဦးချကန်တော့၍ မိမိတို့ နေရမည့်ကျောင်းသို့ထွက်လာခဲ့ကြ၏။ ထိုကျောင်းတွင် ကျောင်းဆောင် (၄) ဆောင်ခန့် ရှိပါသည်။ ဦးဝိမလတို့ နေထိုင်ကြရမည့် ကျောင်းဆောင်မှာ မကြီးမငယ် တစ်ထပ်ကျောင်းလေးဖြစ်၍ နေချင့်စရာကောင်းသည်။ ခုတင်နှစ်လုံးရှိရာ တစ်ပါးတစ်လုံးစီ နေရာယူလိုက်ကြသည်။ ကျောင်းဆောင်ထဲရောက်လျှင်ပင် ကြက်သီးမွေးညင်းများထမိ၏။ ဘာကြောင့်ရယ်တော့ မသိ။ ပခုက္ကူရောက်လာပြီဖြစ်၍ ကျောင်းတက်ခဲ့စဉ်က ချစ်သူဟောင်း ဝေဝေလှိုင်ကို ရုတ်တရက် သတိရမိတာတော့ အမှန်ပင်။ ခရီးပန်းလာသည်မို့ ခုတင်ပေါ် ခေါင်းချလိုက်သည်နှင့် အိပ်ချင်လာ၏။ ည (၁၁)နာရီကျော်ရှိပြီဖြစ်၍ သူငယ်ချင်းဦးပဉ္စင်းလည်း အိပ်ပျော်နေပြီ။ ဦးဝိမလလည်း မကြာမီ အိပ်ပျော်သွား၏။ အိပ်ပျော်ပြီး ခဏကြာလျှင်ပင် အိပ်မက်လိုလိုဖြင့် မိန်းကလေးတစ်ဦး ဝင်းတားတားပေါ် လာ၏။ ခန္ဓာကိုယ်အချိုးအစားနှင့် ဆံပင်ဟန်မှာ ချစ်သူဟောင်း ဝေဝေလှိုင်နှင့်တူသလိုလို။ မျက်နှာမှာ မကွဲပြားသော်လည်း အင်္ကျီနှင့်လုံချည်ကတော့ သူမဝတ်လေ့ရှိသော ဝတ်စုံပုံစံ။ ဒါကိုတော့ ဦးဝိမလ မှတ်မိပါသည်။ ထူးခြားသည်က အနက်ရောင်ကတ္တီပါဖိနပ်ကလေးစီးထားခြင်းပင်။ ခုတင်ဘေးတွင်ရပ်လျက် လက်အုပ်ချီထား၏။ မိမိအားကြေကွဲစွာကြည့်၍ စကားပြောနေ၏။

'ဦးပဉ္စင်း၊ တပည့်တော်မကို မှတ်မိသေးရဲ့လား။ တပည့်တော် ဝေဝေလှိုင်လေ ဦးပဉ္စင်းရဲ့။ လျှောက်စရာလေးရှိလို့ ဦးပဉ္စင်းကို စောင့်နေတာ ကြာပြီဘုရား။ တပည့်တော် လူ့ဘဝတုန်းက ချစ်သူအပေါ်မှာ သစ္စာရှိခဲ့ပါတယ်။ ဒါပေမယ့် သူ့ကို အထင်လွဲခဲ့တယ်ဘုရား။ ဒါကြောင့် တပည့်တော် တောင်းပန်ပါတယ်။ တပည့်တော်ရဲ့ဆွေမျိုးတွေကိုလည်း စိတ်နာခဲ့တယ် ဘုရား။ သူတို့ အမျှပေးဝေတာလည်း သာဓုခေါ်လို့ မရဘူး။ ဒါကြောင့် ဦးပဉ္စင်းရဲ့ကုသိုလ်ကောင်းမှုတွေကို အမျှဝေပေးပါလား ဘုရား။ လူ့ဘဝက ကောင်းမှုကုသိုလ်တွေကြောင့် သူများတွေလို ဆိုးဆိုးရွားရွား ငတ်ငတ်ပြတ်ပြတ်ကြီး မဟုတ်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ဒီဘဝမှာ တပည့်တော် မပျော်ဘူး ဘုရား။ ဦးပဥ္စင်းကိုလည်း ဆုံတွေ့ရပြီ ဆိုတော့ တပည့်တော် ဒီလိုဘဝက လွတ်ချင်ပြီ ဘုရား။ တပည့်တော်ကို ကူညီပါနော်။ ဒါပါပဲဘုရား၊ တပည့်တော် သွားတော့မယ်'

ဦးဝိမလ ရုတ်တရက် လန့်နိုးလာ၏။ အကြောက်ရွံ့မှုမဖြစ်သော်လည်း အိပ်မက်ကို အံ့ဩမိတာတော့ အမှန်ပင်။ အိပ်မက်ဆိုင်မှုလား၊ မိမိရဲ့စွဲလမ်းမှုပဲလား၊ ဒါမှမဟုတ် တကယ့်အဖြစ်အပျက်လား မသိနိုင်ပါ။

'ပေဝေလှိုင်ရယ်၊ မင်း ဒုက္ခတစ်ခုများကြုံတွေ့နေလို့လား။ တကယ်ပဲ လူ့လောကမှာမရှိတော့ဘူးလား။ ဒီလို ပုံမျိုးကိုရောက်နေတာကော အမှန်ပဲ လား'

ဦးဝိမလ တစ်ပါးတည်း တွေးနေမိ၏။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အိပ်မက်အတိုင်း ပြုလုပ်ပေးမည်ဟု ဆုံးဖြတ်လိုက်၏။ ခရီးပန်းသော်လည်း ည (၂) နာရီကျော်လောက်မှသာ အိပ်ပျော်သွားတော့၏။

⚙

နံနက် အရုဏ်ဆွမ်းဘုဉ်းပေးအပြီးတွင် သူငယ်ချင်းဦးပဥ္စင်းအား စကားပြောဖြစ်၏။

"ဦးပဥ္စင်း၊ တပည့်တော် နေ့ဆွမ်းခံထွက်ချင်တယ် ဦးပဥ္စင်း။ အဲဒါ တပည့်တော် သပိတ်ခဏယူချင်လို့"

သူငယ်ချင်း ဦးပဥ္စင်း အံ့ဩသွား၏။

"ဟော့- ဘယ့်နှယ် ဆွမ်းခံထွက်ရမှာလဲ။ တပည့်တော်တို့ကျောင်းမှာ ဆွမ်းတွေပြည့်စုံနေတာပဲဟာ"

ဦးဝိမလသည် ညက အိပ်မက်ထဲမှာ မိန်းကလေး အကူအညီတောင်းတာကို ချန်သင့်တာချန်ထား၍ ပြောပြလိုက်၏။

"ဟုတ်လိမ့်မယ် ဦးပဥ္စင်း၊ ဟောဒီ ကျောင်းလေးဟာ ဒီမိန်းကလေးကို ရည်စူးပြီးတော့ သူ့မိဘတွေ ဆောက်လှူထားတာ။ မိန်းကလေးက ဆိုင်ကယ်မတော်တဆဖြစ်ပြီး ဆုံးသွားတာတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ဦးပဥ္စင်းအိပ်တဲ့ ခုတင်ကလည်း ဒီမိန်းကလေးရဲ့ခုတင်ပဲ။ ကြည့်ပါလား"

ခုတင်ခေါင်းရင်းမှ အလှူရှင်နာမည်ကို လက်ညှိုးထိုးပြလေ၏။

'ကွယ်လွန်သူ သမီး ဝေဝေလှိုင်၊ အသက် (၂၂) နှစ်အား ရည်စူး၍ ဦးမင်းဝေ၊ ဒေါ်သင်းသင်းလှိုင် မိသားစု ကောင်းမှု'

'ဟုတ်ပါပြီ၊ ဝေဝေ လူ့ဘဝမှာ မရှိတော့ပါဘူး။ မနေ့ညကအိပ်မက်ဟာ အမှန်တွေဖြစ်မှာပါ။ တောင်းပန်စရာ မလိုပါဘူး ဝေဝေရယ်။ မင့်ကို အမြဲ ခွင့်လွှတ်ပြီးသားပါ။ မင်းတောင်းဆိုတဲ့အတိုင်း ကုသိုလ်ကောင်းမှုတွေပြုပေးပါ့မယ်။ ဝမ်းမြောက်ဝမ်းသာစွာ သာဓု ခေါ်ပါကွာ'

ဦးဝိမလ တစ်ပါးတည်း တွေးနေမိ၏။

နံနက် (၁၀) နာရီတွင် ကိုယ်တိုင် ဆွမ်းခံ၍ရရှိသောဆွမ်း၊ မန္တလေးမှပါလာသော သင်္ကန်း(၃)စုံ၊ ဖိနပ်(၂) ရန်၊ ထီးနှစ်လက်နှင့် အခြားလှူဖွယ်ဝတ္ထုများ စုဆောင်း၍ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းနေသံဃာတော်တို့အား အိပ်မက်ထဲတွင် အမျှတောင်းပုံကိုပြောပြ၍ ဝေဝေလှိုင်အား ရည်စူးကာ လှူဒါန်းခဲ့ပါသည်။ အမျှတွေပေးဝေခဲ့ပါသည်။ ဤသို့ပြုလိုက်ရခြင်းကြောင့် ဦးဝိမလ ကျေနပ်ရပါသည်။ ကောင်းရာ သုဂတိသို့ လားရောက် ပြောင်းသွားလိမ့်မည်ဟု လည်း ယုံကြည်ပါသည်။

နေ့ဆွမ်းစားပြီးချိန်တွင် ဦးဝိမလ ရွာသို့ပြန်ရန် ကားဂိတ်သို့ကြွလာခဲ့ပါသည်။ လမ်းတွင် ဆိုင်ကယ်စီး၍လာသော ဝေဝေလှိုင်၏သူငယ်ချင်း နှင်းနုဝေနှင့် တွေ့ရပြန်သည်။ နှင်းနုဝေသည် ဦးဝိမလအား မှတ်မိပါသည်။ အနီးသို့ ရောက်သည်နှင့် ဆိုင်ကယ်ကို ရပ်လိုက်၏။

"ဦးပဥ္စင်း၊ ဦးပဥ္စင်း ဘယ်ကို ရောက်နေတာလဲ။ တပည့်တော်ဖြင့် စုံစမ်းလို့ကိုမရဘူး။ အခုမှပဲတွေ့ရတော့တယ်"

"အေး- ဦးပဥ္စင်း မန္တလေးရောက်နေတာ (၅) နှစ်ကျော်နေပြီ။ ရွာကိုတောင် တစ်ခေါက်မှမပြန်ဖြစ်ဘူး။ နင်တို့ကော အားလုံး အဆင်ပြေကြတယ် မဟုတ်လား"

"တင်ပါ့၊ အဆင်ပြေပါတယ် ဘုရား။ ဒါနဲ့ ဦးပဥ္စင်း၊ ဝေဝေလှိုင်ရဲ့အကြောင်းတွေကော ကြားမိသေးလား"

ညက အိပ်မက်ကို ဦးဝိမလ ပြန်မပြောပြရက်ပါ။ ဖြေဖို့လည်း နှုတ်ဆွံ့နေ၏။

"ဝေဝေရဲ့အကြောင်းပြောရရင် စိတ်မကောင်းစရာဘဲ ဦးပဥ္စင်း။ တပည့်တော်တို့ တတိယနှစ်တုန်းက ဝေဝေရဲ့ အဒေါ်ပေးခဲ့တဲ့ သူ့ရဲ့လက်ထပ်ဖိတ်စာက အတုကြီး။ ဦးပဥ္စင်းရဟန်းဝတ်သွားပြီးတဲ့နှစ်မှာပဲ ဝေဝေ ပခုက္ကူကိုပြန်လာတယ်။ သူလာခဲ့ရတဲ့အကြောင်းကတော့ မိဘသဘောတူတဲ့လူနဲ့ ပခုက္ကူမှာ လက်ထပ်ပွဲကျင်းပဖို့ပေါ့။ တပည့်တော်ဆီက နေတစ်ဆင့် အဖြစ်မှန်တွေအားလုံး သူသိသွားရတယ်။ ရဟန်းဝတ်သွားပြီဆိုတဲ့အကြောင်းပါ ပြောပြလိုက်တယ်။ သူ အရမ်းငိုတာပဲ။ သူ့ရဲ့ရည်ရွယ်ချက်က လက်ထပ်မတိုင်ခင် ချစ်သူနဲ့ဆက်သွယ်ပြီး ထွက်ပြေးဖို့ပဲ။ ဦးပဥ္စင်းကို သူ သိပ်တွေ့ချင်နေတာ။ လက်ထပ်ပွဲရက်လည်း နီးရော ဝေဝေ အိမ်ကနေ ဆိုင်ကယ်စီးပြီး ထွက်ပြေးသွားတာ။ အိမ်ကလူကြီးတွေလိုက်လာလို့ အမြန်မောင်းပြေးရင်း သစ်ပင်တစ်ပင် ဝင်တိုက်မိပြီး ဝေဝေလည်း ပွဲချင်းပြီးကို ဆုံးသွားရှာတာ"

နှင်းနုဝေ ပြောရင်း ငိုမိပါသည်။

"ဘာတတ်နိုင်မှာလဲ နှင်းနုဝေရယ်၊ ကံကြမ္မာက အဆုံးအဖြတ်ပေးသွားတာကို ငါတို့အနေနဲ့ သူ့အတွက် ကောင်းမှုကုသိုလ်တွေပြုပြီး အမျှဝေပေးရုံပဲရှိတာပေါ့။ သောက ဖြစ်မနေပါနဲ့။ ဦးပဥ္စင်းသွားတော့မယ်၊ ကားထွက်ချိန်ရောက်တော့မှာ။ နောက်မှပဲ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့"

ဦးဝိမလ သက်ပြင်းတွေချမိပါသည်။

"အချစ်ဆိုတာ ပူလောင်တဲ့ မီးတောက်ငယ်တစ်ခု×××"

ထိုရောင်းနေသော ကားတစ်စီးမှ ဖွင့်ထားသော သီချင်းသံ။

မှန်၏။ အချစ်ဆိုတာ မီးပါပဲ။ မီးမှ မီးတောက်ငယ်မဟုတ်၊ မီးတောက်ကြီး ဖြစ်၏။ အချစ်ကို အရကောက်တော့ လိုချင်မှုလောဘ။ လောဘကို မီးဟူ၍ပင် ဘုရားရှင် ဟောတော်မူ၏။ သူထက်ပူတာ ဘာရှိဦးမှာလဲ။

'ဩော်- ငါလည်း ဒီအချစ်မီးလျှံရဲ့အပူဒဏ်က မလွတ်နိုင်သေးပါလား။ ဒီအပူတွေငြိမ်းအောင် ငါကြိုးစားရဦးမယ်'

ဤသို့တွေးရင်းပင် ဦးဝိမလ ကားပေါ်သို့ တက်ခဲ့ပါသည်။ မကြာမီပင် ပခုက္ကူမှ မွေးရပ်မြေသို့ တဖြည်းဖြည်း ထွက်ခွာလာခဲ့လေတော့သည်။

နှံ့သာ(ပခုက္ကူ)

*(တစ်ဆင့်ခံစားတင်ပြပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com



မျိုးသစ်

## မောင်းတစ်လုံး အုန်းဆောင်နှင့် အာဋ္ဌာဝက မောင်စ

တစ်ခေတ်တစ်ခါက ဧရာဝတီမြစ်ကမ်းနံဘေး သဘော်ဆိပ်၊ မော်တော်ဆိပ်၊ ကားဂိတ်တို့ဖြင့် စည်ကားသိုက်မြိုက်သည့် ရွာကြီးတစ်ရွာတွင် 'မောင်းတစ်လုံးအုန်းဆောင်နှင့် အာဋ္ဌာဝကမောင်စ' ဆိုသူတို့ ရှိခဲ့ကြဖူးသည်။ အမည်နာမရှေ့တွင် ဝိသေသန ထည့်ရလောက်အောင် ကျော်ကြားထင်ရှားခဲ့သည်ကို ယင်းဇာတိ ရွာသူရွာသား (အသက် ၆၀ ပိုင်း) တို့ မှတ်မိနေဦးမည်။ ရွာတောင်ပိုင်း ရေကာတာကြီးခြားသည့် ကုန်းတွင်းပိုင်းတွင် မောင်းတစ်လုံးအုန်းဆောင်က နေထိုင်ပြီး ရွာမြောက်ပိုင်းဖြစ်သော ကမ်းနားတန်းမှာ အာဋ္ဌာဝကမောင်စက နေထိုင်၏။ ရွာလယ်ဈေးပိုင်းကိုမူ အစည်ကားဆုံးအပိုင်းဟု သတ်မှတ်ရမည် ဖြစ်သည်။ ရွာကြီးဆိုလင့်ကစား ခရိုင်လက်အောက်ခံ မြို့နယ်တစ်မြို့နီးပါး ဘုရား တန်ဆောင်း ကျောင်းကန်တို့နှင့် သိုက်သိုက်မြိုက်မြိုက် ရှိလှသည်ဟု ဆိုရမည်။ ထိုသို့သော ရွာကြီးမှာ အုန်းဆောင်နှင့် မောင်စတို့၏ဇာတိချက်မြှုပ်ရွာ။ ထူးဆန်းသည်က သူတို့နှစ်ဦး တစ်နေ့တည်းမွေး၍ မွေးချိန်မှာ နာရီပိုင်းမျှသာ ကွာခြားသည်။ အုန်းဆောင်နှင့် မောင်စတို့က သားချင်းလည်းမကင်းကြ၊ မအေ ညီအစ်မဝမ်းကွဲမို့ ညီအစ်ကိုနှစ်ဝမ်းကွဲ တော်စပ်ပါသည်။ သူတို့ကဲ့သို့ ထူးထူးခြားခြားထင်ရှားခဲ့ဖူးသော ပုဂ္ဂိုလ်များ မြန်မာပြည်တစ်နံတစ်လျား နယ်ဝယ်အသီးသီးတွင် ရှိပါလိမ့်မည်။ သမိုင်းမဝင် ကမ္ပည်းမတင်ခဲ့စေကာမူ ဆက်စပ်နယ်မြေတို့မှ နောင်လာနောက်သားများ သိစေချင်ပါသည်။ ထို့အပြင် သိထားသင့်သည်ဟူ၍ ထင်မြင်ယူဆမိသော အကြောင်းမှာ အဓိကပါ။

❁

မောင်းတစ်လုံးအုန်းဆောင်က. .

တောင်သူလယ်သမားသားသမီးမို့ မိရိုးဖလာ လယ်ယာလုပ်ငန်းနှင့် ကြီးပြင်းလာရပြီး လယ်သမား ဖြစ်လာရသည်။ သူ့တွင် လက်ဖျံရိုးတစ်ချောင်းတည်းသာ ရှိသောကြောင့် သာမန်လူများထက် လက်သီး လက်ဖျံမှာ အားကောင်း၏။ လက်သီးထိုး လက်ဖျံရိုက်သူတကာတို့ထက် ပြင်းထန်ထိရောက်သည်။ သန်စွမ်းသည်။ အထူးသဖြင့် သစ်ကိုင်းများကို ကိုင်ဆွဲအားဖြင့် သစ်ပင်တက်နိုင်ပြီး အုန်းပင်တက်ရာတွင် လက်နှစ်ဖက်ညှစ်အားကို မှုတည်ထားကာ ခြေမှာ သာမန်ထိန်းကွပ်မှုအဖြစ် လျင်လျင်မြန်မြန် တက်နိုင်စွမ်းရှိသည်။ အုန်းဆောင်က သူကျွမ်းကျင်သည့် စွမ်းရည်တို့ကို လူအများအား ပြသခဲ့ဖူးသည်။ ထို့ကြောင့် 'မောင်းတစ်လုံး' ဟု လူတိုင်းက နာမည်ရှေ့မှာ သညာတစ်ခုထည့်ခေါ်ခဲ့ခြင်းပင်။ သူကလည်း ပြိုင်ဘက်မရှိသူပါ။

အာဋ္ဌာဝကမောင်စမှာ. . .

ဖခင်က ကူးတို့လုပ်ငန်း (ဝိုင်းကြီးချုပ်) ဆွဲထားသူဖြစ်၍ ဘမျိုးဘိုးတူ သူလည်း ကူးတို့သမား ဖြစ်လာသည်။ ရေလုပ်ငန်းသမားတွေနှင့်လည်း အကျွမ်းတဝင်ရှိ၏။ မောင်စ မွေးလာသောအခါက ရင်စို့တွင် (အမှတ်ဆိုသော်လည်း) ပီပြင်သည့် ဘီလူးခေါင်းတစ်ပိုင်းပြတ်ကလေး၏ပုံသဏ္ဍာန်ပါလာခဲ့သည်။ အရွယ်ရောက်၍ စိတ်ကြီးလာသောအခါ အံ့ညြလောက်စရာ မြင့်မြင့်မားမား ခုန်နိုင် လွှားနိုင်သည်။ ဒေါသထန်နေသည့်အခိုက် ယောကျ်ားကြီး သန်သန်မာမာ နှစ်ဦး၊ သုံးဦးပင် ချုပ်ဖမ်း၍မရနိုင်။ သာမန်လူကြီးနှစ်ဦး (မနည်း) ချီပင့်ရသည့် အလေးကို သာသာလေး မ,နိုင်စွမ်းရှိ၏။ (ထိုစဉ်က အာဋ္ဌာဝကဆေး၊ မင်းညီနောင်ဆေး၊ ခွန်ချို ခွန်သာဆေးများ ခေတ်စားနေသဖြင့်) မောင်စ၏ကြမ်းတမ်းမှုကိုအစွဲပြုပြီး 'အာဋ္ဌာဝကမောင်စ' တွင်ခဲ့သည်။ အထူးသဖြင့် ရေလုပ်သား အများနှင့် နီးစပ်သောကြောင့် ရေကူး ရေငုပ်လည်းကျွမ်း၏။ ရွယ်တူတန်းတူ အချင်းချင်း ရေကူးရေငုပ် ယှဉ်ပြိုင်၍ အနိုင်ရပေါင်းများပါပြီ။ ကြာလာသော အခါ ပြိုင်ဘက်မရှိ သူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

ဆရာလေး ကိုစိုးအောင်က သူတို့နှစ်ယောက်ကို မျက်ကဲကျနေ၏။

"မင်းတို့ဟာ ကာလသားပေါက်စတွေ ဆိုပေမယ့် သူများတွေလို ပိုးတာပန်းတာမျိုးလည်း မရှိဘူး၊ အေးအေးဆေးဆေးနေကြတာပဲ။ အေး- ဒါပေမယ့် မင်းတို့ရဲ့ ထူးခြားတဲ့စွမ်းရည်တွေကို ယှဉ်ပြိုင်တာတွေ၊ ပြသပြီး ငွေယူတာတွေလုပ်မယ့်အစား တိုင်းပြည်နဲ့လူမျိုးအတွက် တော်တည့်မှန်ကန်စွာ အသုံးချစေချင်တယ်။ ဆိုလိုတာက မင်းတို့ရပ်၊ မင်းတို့ရွာကို ကာကွယ်စောင့်ရှောက်ရမယ့်အချိန် ရောက်လာတော့မှာပါ။ တို့နိုင်ငံဟာ လွတ်လပ်သွားပြီ ဒါပေမယ့် အယူအဆ အမျိုးမျိုးတွေကြောင့် ရောင်စုံသောင်းကျန်းသူတွေ ထကြွသောင်းကျန်းနေကြတယ် အ မကြာခင် ပြည်တွင်းသောင်းကျန်းမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



တာ ပျံ့နှံ့လာတော့မှာပဲ။ တို့နယ်တွေမှာလည်း နွေလား၊ ညလားဖြစ်လာတော့မယ်"

အုန်းဆောင်နဲ့မောင်စ ဆရာလေး ကိုစိုးအောင်ကို မေးမိသည်။

"ဆရာ- ကျွန်တော်တို့ ဘာလုပ်ရမှာလဲ၊ ပြောပါ ဆရာ"

"မင်းတို့တွေ ရပ်ရွာကာကွယ်ရေးဖွဲ့ရင် ဝင်ကြရမယ်"

"ဟာ- ဆရာ၊ စိတ်သာချ။ ကျွန်တော်တို့ဝင်မယ်ဗျာ၊ တကယ်ဝင်မှာ"

၀

သူတို့ရွာက ကုသိုလ်ကောင်းသည် ဆိုရမည်။

ယခင် တော်လှန်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူ (၁၁) ဦးရှိရာ တိုက်ပွဲမှာ ကျဆုံးသူ (၃) ဦး၊ တပ်မတော်တွင်းလိုက်ပါသွားသူ (၃) ဦး၊ ရွာရှိ မိသားစုနှင့်ပြန်နေသူ (၅) ဦးရှိခဲ့၏။ သူတို့ဆရာလေး ကိုစိုးအောင်ကိုယ်တိုင် တော်လှန်



www.burmeseclassic.com

www.burmeseclassic.com

ရှေးရဲဘော်ဟောင်း ဖြစ်သည်။ သို့နှယ် ရဲဘော်ဟောင်းနှင့် ပစ်တတ်ခတ်တတ် သူပေါင်း (၁၀)ဦးကျော်ထွက်လာသဖြင့် ကာကွယ်ရေးအဖွဲ့ကို စစ်သင်တန်းပေးရန် အဆင်ပြေသွားပြီ ဖြစ်သည်။

ရွာတွင်းရှိ လက်နက်အင်အားမှာ အတို(၄)လက်၊ အရှည်(၁၀)လက်ဖြစ်သော်လည်း (ထိုအချိန်က လက်နက်များ ပေါပေါလောလောရနိုင်ခဲ့သည့် အခါသမယမို့) ပစ္စည်းရှိသူတို့ ဖြည့်ဆည်းပေးသော လက်နက်နှင့်ခဲယမ်းမီးကျောက် (ကျည်)တို့ပင် မနည်း။ လက်ပစ်ဗုံး (၅) လုံး ပါသေးသည်။ ရွာကို တစ်ရွာလုံး စည်းရိုးခတ်လိုက်ပြီး ဆူးငြောင့်များ ပတ်လည်ထောင်ထားသည်မှာ အပြည့်။ (မလွယ်) ထွက်ပေါက်နှင့် တံခါးကြီးများ အခိုင်အခံ့ပြုလုပ်၍ အလှည့်ကျကင်း၊ ပတ်ကင်းများထားပြီး အရေးအကြောင်း ပေါ်ပေါက်လာပါက အချက်ပေးသံ ချောင်းခေါက်ပုံခေါက်နည်း၊ တုံးခေါက်ပုံ ခေါက်နည်းများ အသေးစိတ် စီစဉ်ထားသဖြင့် လစ်ဟာမှုမရှိ။

ကျေးရွာဓလေ့အတိုင်း ဒူးလေး၊ ကိုင်းလေး၊ ဝါးချွန်များကိုလည်း အိမ်စေ့နီးပါး လုပ်ထားကြသည်။ သံအိတ်များဆင့်စီထားသော ကတုတ်ကျင်းများကို အရေးပါသည့်နေရာအနှံ့မှာ အကွက်ချပြီး တူးပေးထားပြန်သည်။ အုန်းဆောင်နှင့် မောင်စတို့မှာ ကာကွယ်ရေးတပ်သားများ ဖြစ်နေကြပေပြီ။ သူတို့ဆရာလေး ဆန္ဒသာမက သူတို့က စိတ်ပါကြသည်။

"ဟေ့ကောင်-လူကြီးတွေပြောသလို တို့ရွာဝင်စီးရင် ရေလမ်းရယ်၊ တောင်ပိုင်းက ကားလမ်းရယ် ဖြစ်နိုင်တယ်တဲ့။ တို့တောင်ပိုင်းမှာလည်း အစီအမံတွေချထားတာ မနည်းဘူးကွ"

"တို့တမ်းနားမှာ ကောက်ရိုးဖောင်သေးတွေ၊ သောင်တွေ့မှာထားမယ့် ပိုက်တန်းတွေ စုံနေတာပဲ။ တကယ်လုပ်တော့ တို့ရွာက တကယ်ညီတာ အံ့ရောကွ"

"အမျိုးသမီးတွေကတောင် ဒူးလေးတပ် ဖွဲ့မလို့ဆို၊ သတ္တိကောင်းပါ့ကွာ။ ချီးကျူးစရာနော်"

"လူလတ်တွေနဲ့ သန်မြန်သေးတဲ့ လူကြီးပိုင်းက ဓား၊ လှံတွေကိုင် ကင်းစောင့်ပေးတာပဲ ကြည့်လေ။ တကယ့်အကြောင်းဆို ထွက်ကြတာ မျက်မြင်မဟုတ်လား။ ဝမ်းသာစရာပါပဲကွာ"

အုန်းဆောင်နှင့် မောင်စတို့၏ စကားဝိုင်းမှာ မပြီးတတ်သေး။

"ဒါနဲ့ မင်းကို ပြောစရာတစ်ခုရှိတယ် အုန်းဆောင်"

"ဘာများလဲကွ၊ ပြောပါဦး"

"ငါ မနေ့က ကူးတို့ဆိပ်မှာ ဆန်းဆန်းပြားပြား ဘုန်းတော်ကြီးတစ်ပါး တွေ့တယ်။ သင်္ကန်းကတော့ ညစ်ထပ်ထပ်ပါ။ ဒါပေမယ့် အသားက ဝင်းဝါစိုပြည်နေတာပဲ။ ကူးတို့ကူးလာတော့ (၁၁) နာရီထိုးနေပြီ။ ကမ်းနားမှာ ဆွမ်းခံတာ (၃-၄) ဆိုင်ပါပဲ။ ရတာတွေကလည်း ဟင်းရော ထမင်းပါ အစုံပေါ့။ အားလုံးကို ရောနယ်ပြီး အဲ- ဘုဉ်းပေးလိုက်တယ်။ ကွန္ခြေသိက္ခာလည်းရှိတဲ့ အပြင် ကြည်ညိုစရာလည်း ကောင်းသလားမပြောနဲ့။ တို့ရွာက သုသာန်မှာ တရားကျင့်ဖို့သွားမှာတဲ့"

"ကောင်းတာပေါ့ကွာ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ငါက အဲဒီ ကိုယ်တော်ကို လှူဒါန်းချင်တယ်၊ မင်းလိုက်ခဲ့ကွာ"

"လိုက်မှာပေါ့၊ ကောင်းတဲ့အလုပ် လုပ်တာပဲဟာ။ ဘယ်တော့သွားမှာလဲ"

"မနက်ဖြန်"

⭘

ဆွမ်းခံအပြန်လောက် မှန်းသွားမိ၍ တော်တော့သည်။

ကိုယ်တော်ကြီးက ဆွမ်းခံရလာသမျှကို ဘုရားဆွမ်းတော်ကပ်လိုက်၏။ သုသာန်အတွင်း သုသာန်ဇရပ်ကလေးမှာ တစ်ဖက်ပိတ်ပြီး နှစ်ဖက်ကို တစ်ခန်းစာ ကာထား၍ အမြင့်ခုံရိုက်ထားသော ကြောင့် လေလုံ မိုးလုံ။ သောက်ရေ သုံးရေအတွက်လည်း မပူပင်ရ။ သုသာန်ခြင်ပတွင် နွေကုန်အထိ ရေမခန်းသည့် ရေတွင်းတစ်တွင်းမှာ အဆင်သင့်။

ကိုယ်လက်သန့်စင်ပြီးမှ ကိုယ်တော်ကြီးက ဆွမ်းဘုဉ်းပေး၏။ မောင်စနှင့် အုန်းဆောင်တို့ စိတ်ရှည်လက်ရှည်စောင့်နေကြရသည်။ သူတို့နှစ်ဦးကို ကိုယ်တော်ကြီးက စကားတစ်ခွန်းမျှ မဟာသေး။ စားသောက်အပြီးတွင် ပါလာသော ဖယောင်းတိုင်နှင့်အမွှေးတိုင်များကို လှူဒါန်းလိုက်သောအခါ ဆုမွန်များ ပေးပြီးမှ စကားစ,ပါသည်။

"ဒကာလေးတို့က ဒီရွာကပဲလား"

"မှန်ပါ့ဘုရား၊ ဒီရွာချက်မြှုပ်အစစ်တွေပါ"

"အေး- တစ်ခါ၊ တစ်ခါမှာတော့ မဖြစ်ချင်တာတွေဖြစ်ပြီး ဖြစ်ချင်တာတွေ မဖြစ်တတ်ပြန်ဘူး။ သူ့အကြောင်းနဲ့သူ ပေါ့ကွယ်။ ဒီလိုနဲ့ပဲ စခန်းသွားလာကြရတဲ့ လူ့ဘဝကြီးလို့ ဆိုရမယ်။ ဇာတိရလာခဲ့ရင် ဇရာ၊ မရဏဟာ တွေ့ကြုံရမှာပဲ မဟုတ်လား။ သေခြင်းတွေထဲမှာ စွန့်လွှတ်စွန့်စားခြင်းတွေနဲ့သေရင် မြင့်မြတ်တဲ့သေခြင်းလို့ ဆိုရမယ်။ ပရ ဆိုတဲ့ အများအကျိုးဆောင်သူတွေကို လူတွေက သတိရတာပါ။ အတ္တလုပ်နေသူတွေကို သိပ်အသိအမှတ်ပြုတာ မဟုတ်ပါဘူး။ ဒကာလေးတို့နှစ်ဦးစလုံးဟာ ထူးခြားသူတွေပါ။ ထူးထူးခြားခြားလည်း ကျော်ကြားဦးမှာပါပဲ။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား ဆိုတဲ့ အနန္တောအနန္တငါးပါး မမေ့ကြနဲ့။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေကွယ်"

အုန်းဆောင်နှင့်မောင်စတို့ ကိုယ်တော်ကြီးကို ကန်တော့ပြီး ပြန်လာကြသည်။ နှစ်ဦးစလုံးမှာ ရှင်ရှင်ပျပျ ကြည်ကြည်နူးနူး။

"ငါတို့တွေ လာကန်တော့ရတာ ကောင်းပါတယ်။ ဒါပေမယ့် ကိုယ်တော်ကြီးပြောနေတာတွေ နားမလည်ဘူး။ သူဟာ တို့ တစ်ခုခုဖြစ်ချင်တာ ဖြစ်မှာကို ပြောနေတာလား။ သူ့အကြောင်းနဲ့သူ ဖြစ်မယ်၊ ဒီလိုစခန်းသွားနေရတဲ့ လူ့ဘဝဆိုပဲ"

"အေး-မင်းပြောတာ ဟုတ်တယ်။ ဇာတိတွေ၊ မရဏတွေပြောပြီး မြင့်မြတ်တဲ့သေခြင်းတွေ၊ ပရလုပ်သူကို သတိရကြတယ်, အတ္တလုပ်သူကို အသိအမှတ်မပြုဘူးတဲ့။ စုံနေတာပဲနော်"

"ဘာပဲဖြစ်ဖြစ် တို့နှစ်ယောက်က ထူးခြားသူတွေ၊ ထူးထူးခြားခြားလည်း ကျော်ကြားဦးမှာ ဆိုတာတော့ ကြိုက်တယ်ကွာ။ မင်းကော သဘောမကျဘူးလား"

"သဘောကျတာပေါ့ကွာ၊ ဟား ဟား ဟား ဟား. . ."

ရယ်ရယ်မောမောနှင့်နှစ်ယောက်သား လမ်းလျှောက်ပြန်လာကြရာ ရွာတွင် လူကြီးများ ခေါင်းချင်းရိုက်နေကြသည်ကို သူတို့ မသိ။ ပြောင်ပြောင်တင်းတင်းစိန်ခေါ်သံတစ်ရပ်။ အေးအေးဆေးဆေး လက်နက်ချလျှင်ချ၊ လက်နက်မချဘဲ ခုခံပါက ရွာကို မီးရှို့မည်။ ပစ္စည်းတွေယူမည်၊ ကျန်ပစ္စည်းတွေ လက်ရုံးဆွဲခွင့်ပေးလိုက်မည်ဟု ဆိုထားသည်။

(လက်ရုံးဆွဲခြင်း ဆိုသည်မှာ ဒုပုန်သူကန်များနှင့်အတူ လိုက်ပါသော



www.burmeseclassic.com

သော တောကြောင်များကို ရွာတွင်း ချင် ပရိသောဝ၊ အိမ်သုံးပစ္စည်း၊ အဝတ် အထည်၊ ပန်းကန်ခွက်ယောက် စသည့် အောက်ခြေသိမ်း ပစ္စည်းပစ္စယများကို ထားရး သယ်ယူခွင့်ပြုခြင်းကို ဆိုလို သည်။

မည်သို့ပင် ကြိမ်းမောင်း ခြိမ်း ခြောက်သည် ဆိုစေကာမူ ရွာသူရွာသား များက မတုန်မလှုပ်။ ကြိုတင်ပြင်ဆင် ထားမှုကြောင့် အင်အားပြည့်နေပေပြီ။ အချိန်မရွေး အခါမရွေး တိုက်ခိုက်ဖို့ အသင့်ဖြစ်နေပြီမို့ ရွာက အကြောက် အရားမရှိတော့ပါ။ ခပ်တင်းတင်းတုံ့ပြန် ချက်အပေါ် တစ်ဖက်သား ဆွေ့ဆွေ့ ခုန်မှု ဒေါပွနေမည်မှာ အမှန်။ အမြန် ဆုံးလည်း စစ်ပြင်တော့မည်။

ရွာ၏သတင်းကို ကြားလျှင်ကြား ခြင်း အုန်းဆောင်နှင့် မောင်စ အူယား ဖားသား အိမ်ပြန်အဝတ်လဲ၍ ဒရော သောပါး ကင်းစခန်း ပြေးကြရပါလေပြီ။

✪

ကျေးရွာခေါင်းဆောင်လူကြီးများ ၏ ကျေးရွာကာကွယ်ရေး (စစ်ရေး ခေါင်းဆောင်များ ကြိုတင်ခန့်မှန်းအသိ ပေးထားသကဲ့သို့ ညအမှောင်တွင် ရေ ဘက်မှ စတင်ထိပါးခဲ့သည်။ ကမ်းဘေး ဆောက်လျှောက် ကတုတ်ကျင်းများတူး ထားပြီးဖြစ်၍ သေနတ်သမားများ အ သင့်နေရာယူထားကြသကဲ့သို့ ကိုင်း လေးသမား (၅) ဦးကလည်း ရောက်နေ ကြ၏။ ပိုက်တန်းကို ရေအောက်မြုပ် ထားရာမှ မတင်နိုင်ရန် နွားသုံးရှဉ်းကို မောင်းသူများနှင့် အသင့်ပြင်ပြီးသား။

"ကဲ- မောင်စရေ မင်းအစွမ်းပြရ မယ်။ ဟောဒီ ဗုံးနှစ်လုံးကိုယူထား၊ ရေ စိုးအောင် အိတ်တွေနဲ့ ထည့်ယူသွား။ ရေထဲကလာမယ့် ယာဉ်ကြီးကြီးထဲ ပစ် သွင်းရမယ်၊ မှတ်မိပြီနော်။ ရေထဲကို ဘယ်လိုသွားရမယ်၊ ဘယ်လိုလုပ်ရမယ် ဆိုတာ မင်း ကျွမ်းပြီးသားပါ။ ပြောဖို့ မလိုဘူး"

ဆရာလေး ကိုစိုးအောင်က မောင်စကို တာဝန်ပေးစကားဆိုသည်။ မောင်စကလည်း အစွမ်းပြခွင့်ရလာသ ဖြင့် ဝမ်းပန်းတသာ။

လဆုတ်ရက်မို့ လထွက်နောက် ကျသည့်တိုင် အရှေ့ဘက်ကမ်းက သူ ပုန် [သူပုန်ဆိုသော်လည်း နိုင်ငံရေးခံ ယူချက်၊ ယုံကြည်ချက်ရှိသူများမဟုတ်။ သူခိုးကြီးလျှင် ဓားပြ၊ ဓားပြကြီးလျှင် သူပုန်ခေါ်ရမည့် (တောကြောင်) အကြီး စားများသာ။] တို့က မော်တော်တစ်စင်း၊ သမ္ဗန်(၄)စင်း (လူအင်အား တစ်ရာနီး ပါး)၊ လက်နက်အပြည့်အစုံနှင့် ကူးလာ နေကြသည်။ တပေါင်း၊ တန်ခူး ရေကျ ချိန်မို့ သောင်ထွန်းနေကြသဖြင့် ရွာကို ကွေ့ပိုက်ဝင်ရသောကြောင့် ခရီးဖင့်လေး သွားသည် ဆိုရမည်။ ကမ်းပေါ်မှ မီး ရောင်တို့ကို အတိုင်းသား မြင်နေရ၏။ တဖြည်းဖြည်း သောင်ကိုကွေ့ကာ ဝင် လာကြပါပြီ။

အချက်ပေးသံကြောင့် ကောက် ရိုးတင်ထားသော ဖောင်ငယ်များအား မျှောလိုက်ပြီး ကိုင်းလေးသမားတွေက မီးမြားများ ပစ်ရှို့လိုက်ကြရာ မီးလျှံမီး တောက် တဟုန်းဟုန်းနှင့်စီးမျှောလျက်။ မမျှော်လင့်သော စောင့်ကြည့်တိုက်ခိုက် မည့်သူတို့ကြောင့် သူပုန်များ ကစဉ့်က လျားဖြစ်သွားပြီး ထင်ရာမြင်ရာကို သေ နတ်နှင့် ပစ်ပါတော့သည်။ ကျည်က အလှမ်းကွာလွန်းသည့်အပြင် ရမ်းသန်း ပစ်ခတ်နေ၍ မထိရောက်လှ။ ပစ်မိန့် မပေးသေးသဖြင့် ကမ်းပေါ်ကလူများ မပစ်ရသောကြောင့် လက်ယားနေကြ ၏။ အချက်ပေး၍ ပိုက်တန်းတင်လိုက် ရန်အတွက် စက်သီးကြိုးများကို နွားများ ဆွဲသွားကြသောကြောင့် ရေပေါ်တွင် တစ်လံခန့် ကြိုးလုံးပိုက်တန်း ပေါ်လာ သည်။ ထိုစဉ် မော်တော်ပေါ်တွင် 'ဝုန်း ဝုန်း' ဆိုသော မရှေးမနှောင်းအသံကြီး နှစ်သံကြောင့် မောင်စ ပစ်တင်လိုက် သည့်ဗုံးများ ကွဲပြီဟု သိလိုက်ရပါ၏။ မော်တော်ပေါ်တွင် ဝရုန်းသုန်းကား ပြေး ကြလွှားကြ ရုတ်ရုတ်သဲသဲ ကမ္ဘာပျက် သည့်နှယ်။ မီးဖောင်ကြောင့် အလင်း ရောင် ဝင်းပလာသကဲ့သို့ မီးဖောင်များ နှင့်မတိုးရန် ရှောင်ရှားရ၊ ဆွဲဖယ်ကြရ သဖြင့် အလုပ်များနေကြစဉ် ပစ်မိန့်ပေး လိုက်ပါသည်။ ကျည်ကို အလဟဿ မဖြုန်းဘဲ မြင်မြင်ထင်ထင် ပစ်နေရ သောကြောင့် ပစ်မှတ်ကို ထိထိရောက် ရောက် မှန်နေသဖြင့် သူပုန်တို့ အထိ နာလှပြီ ဖြစ်သည်။

မော်တော်ပေါ်တွင် ပေါက်ကွဲမှု များ ထပ်ဆင့်ဖြစ်ပွား၍ အခြေအနေ မကောင်း။ မော်တော်နှင့် သမ္ဗန်တို့ ပြန် လှည့်ရန်အတွက် ပြင်သော်လည်း ကြိုး ပိုက်တန်းတို့က ခံနေပြန်သည်။ သူပုန်တို့ မှာ အရှုံးမီးဝိုင်းဖြစ်နေ၏။ မော်တော်မှာ ပေါက်ကွဲမှုဒဏ်ကြောင့် အိုးတည်နစ် နစ်ပေတော့မည်။ ခုန်ချသူများ ခုန်ချပြီး သောင်ဘက်တူးမြောင်းရေ... ပေါ်မှ ဘရင်းဂန်းသံနှင့် ... ထွက်လာကာ ကင်းစစ်တို့ ... ဖြောက်ထိမှန်စေသည်။ သူပုန်တို့မှာ ... တွင် တပ်ကူလိုက်လာပြီထင်၍ တင်းခေါင်း က သေနတ်သမားများ အပစ်ရပ်လိုက် ကြသည်။ သောင်စပ်မှာ အခြေအနေ များ ရှုပ်ရှုပ်ထွေးထွေး၊ ရှုန်းရင်းဆန်ခတ် အနေအထားများ တွေ့နေရ၏။ သေ နတ်သံများထွက်မလာတော့ပါ။ သောင် ပေါ်မှစိုက်ခင်းတို့ကို ဖြတ်၍ ပြေးနေကြ သည်ကို လရောင်ထွက်လာသဖြင့် ပြက် ပြက်ထင်ထင် မြင်နေရ၏။

ပွဲဦးထွက်အောင်ပွဲကို ရလိုက်ပါ ပြီကော။

✪

ဆရာလေး ကိုစိုးအောင် လိုက်လံ စစ်ဆေးအပြီး စာရင်းအရ သူတို့ဘက် တွင် ဒဏ်ရာရသူနှစ်ဦးမှလွဲ၍ အသအ ပျောက် လုံးဝမရှိ။ သူပုန်ဘက်မှကျဆုံး သူ (၁၅) ဦးအလောင်းတွေ့ရပြီး ကျန် အလောင်းအချို့မှာ ရေစီးနှင့်ပါသွားပုံ ရပါသည်။ လက်နက် (၁၂) လက်ရလိုက် ၍ ကျည်ပုံး (၂) လုံး အကောင်းပကတိ ရလိုက်၏။ လက်ပစ်ဗုံး (၁၀) လုံးပါသေး သည်။

မိုးလင်းချိန်တွင် မောင်စနှင့်သူလူ နှစ်ယောက် သေနတ်ကြီးနှစ်လက်နှင့် ကျည်ဆံကတ်များ ထမ်းလာပြီး ဆရာ လေးကိုစိုးအောင်ထံ ပို့အပ်သည်။

"ဟ- မောင်စ၊ ဘာတွေလာအပ် တာလဲ။ ဟင်- ဘရင်းဂန်းတွေပါလား။ ကျည်ကတ်တွေပါ ပါတယ်။ တယ်ဟုတ် ပါလား၊ မင်း ဘယ်လိုရလာတာလဲ ပြော ပါဦး"

မောင်စက အောင်ပွဲရစစ်သူကြီး ဟန်ပန်ဖြင့် ပြုံးလိုက်သည်။

"တစ်လက်က မော်တော်ဦးမှာ ဆင်ထားတာ။ ကမ်းပေါ်ကပစ်လို့ သေ နတ်သမားသေသလား မသိဘူး။ ပစ်သံ ခတ်သံ ထွက်မလာတာဟာ မော်တော် မြုပ်သာသွားရော။ အဲဒါကိုတော့ ရေငုပ် ရှာလာတာပါ။ ကျန်တဲ့တစ်လက်က သောင်ပေါ်ကလှမ်းပစ်တုန်း ကျွန်တော် တို့ အနားကပ်ပြီးသွားတော့ မသိဘူး။ ဓားနဲ့ခုတ်၊ တုတ်နဲ့ရိုက်တာ ထွက်ပြေးလို့ ယူထားလိုက်တာ။ ဒင်းတို့မှာ သတ္တိမရှိ ဘူး၊ အလကားလူတွေပါ"

"ဟုတ်တယ်၊ မင်းတို့မှာ ကိုယ့်ရပ် ရွာ အထိမခံဘူးဆိုပြီး မွန်မြတ်တဲ့စိတ်

www.burmeseclassic.com

ဓာတ်အခံရှိတော့ သတ္တိကောင်းတာ ဘယ်ဆန်းမလဲ။ သူတို့က လုမယ်ယက်မယ်၊ သူတစ်ပါးပစ္စည်း မတရားယူဖို့ ကြိုးစားနေတာပဲလေ။ ရည်ရွယ်ချက်ခြင်း ကွာတာပေါ့ကွာ၊ မဟုတ်ဘူးလား"

"ခုတော့- ဒီကောင်တွေ ပြေးပြီဆိုရမယ် ဆရာ"

"ဒီလိုလည်း တရားသေမတွက်နဲ့လေ၊ ဒီကောင်တွေက တစ်နည်းမဟုတ်တစ်နည်း လုပ်ကြဦးမှာပဲ။ အုပ်ချုပ်ရေးနယ်အနှံ့မရောက်ခင်တော့ တို့တစ်တွေ သတိထားရမယ်ကွ။ သောင်းကျန်းသူကရေရှည် စနစ်တကျ လုပ်ကိုင်သွားမှာမဟုတ်ဘူး။ တစ်ရွာလုံးကို အကြီးအကျယ် ဓားပြတိုက် မီးရှို့မှာ"

"ဆရာပြောသလိုဆို ကင်းစောင့်ကြရဦးမှာပဲပေါ့"

တစ်ပတ်ကျော်ကျော် လှုပ်လှုပ်ရှားရှား ဘာမှမရှိ။ ဆရာလေး ကိုစိုးအောင်က တော်လှန်ရေးတပ်သားပိုမိုရန်သူ့သတင်းကို အလေးထားသည်။ ဒီတစ်ခါ ရွာကိုအသိပေးပြီးမှဝင်လိမ့်မည်မထင်။ မေ့မေ့လျော့လျော့အချိန် ဖြန်းစားပြင်းစားဝင်ဖို့ များသည်။ တစ်ချိန်က အထိနာခဲ့သည့်အခြေအနေ သင်ခန်းစာရခဲ့ပြီးပါပြီ။ နီးစပ်ရာ ဝန်းကျင်ပတ်ကုံးလှဖြန့် သတင်းစုဆောင်း၏။ အေးချမ်းတည်ငြိမ်မှုရှိသော မြို့နှင့်က အလှမ်းခပ်ဝေးဝေး။ မြို့နယ်၏သတင်းကလည်း မဟန်လှ။ မနည်းအင်အားစုနေရသည့် အနေအထား။ နောက်ဆုံး ကိုယ့်နယ်ဒေသအတွက် ကိုယ့်မှာတာဝန်ရှိသည်။ အားလုံး ဝိုင်းဝန်းဆောင်ရွက်ရမည်။ ညီညွတ်ပြီးအမိန့်နာခံတတ်ဖို့ သတ္တိရှိရှိရင်ဆိုင်ရဲဖို့သာ လိုပေသည်။ ဆရာလေး ကိုစိုးအောင်တို့လို စစ်ရေးခေါင်းဆောင်များ ကြိုကြိုတင်တင် တွက်ဆလုပ်ကိုင်ထားရန် အရေးကြီးလာသည့် အချိန်ကာလ။

ကာကွယ်ရေးခေါင်းဆောင်များက တပ်ဖွဲ့ဝင်များနှင့် ရပ်ရွာရှိလူငယ်များကို အစည်းအဝေးခေါ်၍ ကားလမ်းနံဘေး ဝဲ,ယာတစ်လျှောက်လုံးတွင် ကျင်းများတူးခြင်း၊ ကျင်းထဲသို့ ငြောင့်များစိုက်ထားခြင်း၊ သစ်ပင်တချို့အနီးတွင်လည်း ထိုနည်းအတူ ထောင်ချောက်အတားအဆီးများ ပုန်းပုန်းကွယ်ကွယ်ဆင်ထားခြင်းများ လုပ်စေသည်။ တောင်ဘက် ရွာပတ်စည်းရိုးကိုလည်း နှစ်ထပ်ကာထားလိုက်သည်။ ကာကွယ်ရေးအတွက် ကားပိုင်ရှင်နှစ်ဦး လှူဒါန်းသည့် ဓာတ်ဆီများကို ပုလင်းသွတ်၊ သံတိုသံစများထည့်၍ အဝတ်စများ အဝဆို့ကာ လက်လုပ်ပစ်ဗုံးများ ဖန်တီးခဲ့သည်။

ဆရာလေးကိုစိုးအောင်က မောင်းတစ်လုံးအုန်းဆောင်ကို တာဝန်ပေးပြန်၏။

"မင်း ဒီလမ်းက သစ်ပင်တွေကို အတက်၊ အဆင်း လေ့ကျင့်ထားပါ။ မင်းအစွမ်းပြဖို့ လိုလာလိမ့်မယ်။ လိုရင် လုပ်ကိုင်ဖို့ ပြင်ဆင်ပါ"

အုန်းဆောင်က ဝမ်းသာအယ်လဲ ခေါင်းညိတ်သည်။

◎

တမျှော်မျှော် စောင့်စားနေရသည့်အဖြစ်ထက် တကယ်တမ်း ပြေး၍ (တုံးဆိုတိုက်၊ ကျားဆိုကိုက်) ရင်ဆိုင်တွေ့လိုက်ချင်တော့သည်။ ကြာရှည်ကြာများ လာနိုးလာနိုး စိတ်ထင့်နေရသည့်အလုပ်မျိုးကို မနှစ်လို။ တစ်ညနေ သူတို့အတွက် လာပါပြီ။ အဝေးတွင် ပို့ထားသည့် သူလျှိုက ကမန်းကတန်း ဖြတ်လမ်းလေးမှ အပြေးအလွှားသတင်းပို့သည်။ ဗဟိုကင်းမှ-

(သောင်းကျန်းသူအင်အား ၁၅၀ ခန့်၊ ဘရင်းကယ်ရီယာတစ်စင်း၊ ဒေါ့ဂျ်ကားနှစ်စီး၊ စက်သေနတ်၊ ဘရင်းဂန်းသေနတ်ကြီးတို့အပြင် ၄ လက်မ စိန်ပြောင်း [မော်တာ] တစ်လက် အပါအဝင်၊ လက်နက်မျိုးစုံကိုင်တွယ်ကာ လာနေကြသည်။ မိနစ် ၃၀ အတွင်း ရောက်လာနိုင်သဖြင့် အားလုံး အသင့်ပြင်ရန်) အချက်ပေး တပ်လှန့်လိုက်၏။ ပွဲစ, ပေတော့မည်။

သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့်ကလေးများကို ကမ်းနားတန်းဘက် တိမ်းရှောင်စေခဲ့သည်။ အမျိုးသမီးအဖွဲ့ကို တာကြီးတန်းတွင် နေရာချထားပေးပြီး သေနတ်သမားအများစုကို တောင်ဘက်စည်းရိုးမှာ အခိုင်အမာနေရာယူစေကာ ဆရာလေးကိုစိုးအောင် ဦးဆောင်သော လက်ဖြောင့်သမားတစ်သိုက်က ကားလမ်း တာကွေ့အရောက် ပြေးကြပေပြီ။ မောင်းတစ်လုံးအုန်းဆောင်သည်လည်း တာဝန်အရ တစ်ပါတည်း ပါသွားလင့်ကစား အာဋ္ဌာဝကမောင်စ ရွာတံခါးဝ၌ ကျန်ရစ်ခဲ့ရသဖြင့် စိတ်ထဲတွင် မချင့်မရဲ မကျေမနပ်။

ဆရာလေးကိုစိုးအောင်တို့ တပ်စိတ်မှာ အကာအကွယ်အကျအနယူ၍ ချုံခိုတိုက်ခိုက်ကာ (ပြောက်ကြားစနစ်အတိုင်း) ရွာကို ဖြတ်လမ်းမှပြန်ပြေးမည်ဖြစ်သည်။ သစ်ပင်အုပ်၏အထက်တွင် (မောင်းထစ်လုံး)က နေရာယူပြီးဖြစ်ရာ သူ့တာဝန်အရ ဖောက်ခွဲရမည့်ဗုံးများမှာအသင့်။ တစ်စတစ်စ သောင်းကျန်းသူတပ်နှင့် နီးသည်ထက်နီးလာသဖြင့် ဘရင်းကယ်ရီယာသံ ကြားနေရသည်။ ချုံခိုတိုက်မည့်လူများအနေနှင့် အနီးကပ်တိုက်ခိုက်၍မဖြစ်။ အင်အားက ကွာခြားလွန်းနေသည့်အတွက် ပစ်ပစ်ပြေးပြေးလုပ်ရန် စီစဉ်ထား၏။ စတင်ပစ်ခတ်လိုက်သူနောက်မှ သေနတ်သံများ တစ်ပြုံကြီးထွက်လာသည်နှင့် မရှေးမနှောင်း ကားနှစ်စီးနှင့် ဘရင်းကယ်ရီယာတို့အပေါ် ဗုံးတွဲများ ကျလာသောကြောင့် ပေါက်ကွဲသံမှ တဝုန်းဝုန်း ညံနေ၏။

လက်အားကို အသုံးပြုကာ သစ်ပင်ထက်မှ (မောင်းတစ်လုံး) မျောက်လွှဲကျော်တစ်ကောင်ပမာ တစ်ပင်မှတစ်ပင် ကူးသွားရာ မြန်ဆန်လှ၏။ ပစ်ခတ်သူတို့ကို အာရုံစိုက်နေမိသဖြင့် (မောင်းတစ်လုံး)၏ လှုပ်ရှားမှုကို မတွေ့။ သည့်အတွက် ကားများမီးတဟုန်းဟုန်း။ သောင်းကျန်းသူများ ဖရိုဖရဲ ဗရုတ်ဗရက်ဖြစ်နေချိန်တွင် ဆရာလေးတို့အဖွဲ့ ခြေယောင်ဖျောက်၍ ရွာဆီသို့ သုတ်ခြေတင်ကြပြီ။ ရမ်းသန်းပစ်နေသံတို့မှာ တဖောင်းဖောင်း တဒိုင်းဒိုင်းရှိနေဆဲ။ အကျအဆုံးများကို သူတို့ဦးစွာတွေ့နေရသည်။ သူတို့ ဆရာသမား (ခေါင်းဆောင်များ)က လုံးဝမမှု။ ဒီလောက်စွာပြီး ခေါင်းမာသည့်ရွာကို ပြာချပစ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် အားလုံးကို ချီတက်ရန်သာ အမိန့်ပေးလိုက်သည်။ ဘယ်သူသေသေ ငတေမာဖို့ အရေးကြီး၏။

ရွာတံခါးဝဆီ မရောက်သေးမီ သောင်းကျန်းသူတွေ တပ်ဖြန့်လိုက်သည်။ ပစ်ခတ်ရန် အလှမ်းကကွာနေသောကြောင့် အကာအကွယ်များဆီ ပြေးကပ်လိုက်သည်တွင် လက်ပစ်ဗုံးအတွင်း စတင်းသီးထည့်ကာ ကြိုးတန်းနှင့် ထောင်ထားသော ဗုံးများ တဝုန်းဝုန်း ပေါက်ကုန်၏။ သစ်ပင်များမှ ခွာ၍ မြေပြင်အတိုင်း အပြေးအလွှားသွားရာ ငြောင့်ကျင်းတွေထဲကျသူကျ၊ ဗရုတ်သုတ်ခအဖြစ်မှုတွေ့တွေ့နေရသည်။ စက်သေနတ်နှင့် ဘရင်းခုံများဆင်နိုင်ရန် အဝေးမှ မော်တာအပစ်ခိုင်းသောကြောင့် ရွာအတွင်းတွင် မော်တာကျည်ကျ၍ ပေါက်ကွဲနေသဖြင့် လောင်သောမီး ငြိမ်းသတ်ကြရပြန်သည်။ ရွာစည်းရိုးအ



www.burmeseclassic.com

www.burmeseclassic.com

...သေနတ်သမားတို့ပစ်သံနှင့်အတူ ...အကွယ်မဲ့နေသူများကို အပြုတ် ...သော်လည်း သောင်းကျန်းသူတို့ ...သေနတ်ခုံနှင့် စက်ကြီးဘရင်းခုံဆင် ...ချိန်တွင် သူတို့ကလည်း ဒုက္ခပေး ...၊ ခေါင်းမဖော်ဝံ့သည့် အနေအ ...င် သောင်းကျန်းသူတို့ စည်းရိုး ...ကြ၏။ သို့သော် စည်းရိုးပေါ်မှ ...သည့်လက်လုပ်ဗုံးဒဏ်ကို မခံနိုင်။

ဘစ်ပြန်တစ်လှည့် ပစ်ခတ်နေ ...င်း မိုးချုပ်စပြုလာပြီ ဖြစ်သည်။

⭘

ဗြန်းစားကြီး မော်တာသံကြားရ ...ထဲတွင် ပေါက်ကွဲနေသည်။ လူကို ...က်သော်မှ အဆောက်အအုံများ ...ပျက်စီးသဖြင့် ရွာမှာအဆုံးအရှုံး။ ...လေး ကိုစိုးအောင်တို့ ဘာလုပ်လို့ ...ကိုင်ရမှန်းမသိ။

"ဒီမော်တာ ကျွန်တော်သွားရှင်း ...် ဆရာ၊ ကျွန်တော့်ကို လက်ပစ်ဗုံး ...သုံးပေးပါ"

"ဖြစ်ပါ့မလား အုန်းဆောင်"

"ဖြစ်ပါတယ်၊ ကြာရင် ရွာပြာကျ ...တယ် ဆရာ"

ဆရာလေးထံမှ ဗုံးသုံးလုံးယူပြီး (မောင်းတစ်လုံး) အမှောင်ထုထဲတိုးဝင် ...၏။ မလွယ်ပေါက်မှထွက်ပြီး မော် ...ရှိရာဘေးအထိ ဝပ်ပြီးတွားဝင်သွား ...သည်၊ မော်တာပစ်နေသည့်နေရာအနီး ...င် သစ်ပင်တစ်ပင်က ထီးထီးမားမား။ ...ဝေးမှလှမ်းပစ်ပါက လွဲချော်နိုင်သည် ... (မောင်းတစ်လုံး) စဉ်းစားမိသဖြင့် ...စ်ပင်ပေါ်တက်ပြီး အကိုင်းမှတွယ်၍ ...နေရာယူလိုက်၏။ မော်တာပစ်နေသည့် ...အပေါ် ဗုံးတွဲလွှတ်ချပြီး သူက သစ် ...င်နောက်၌ ပြားနေအောင်ကပ်ထား ...သည်။

ဆင့်ကဲပေါက်ကွဲသံနှင့်အတူ မော် ...တစ်ဝိုက်တွင် အတုံးအရုံး။ (မောင်း ...စ်လုံး) သစ်ပင်ပေါ်မှဆင်း၍ ကွေ့ ...ပ်ကပ်ပုန်းကွယ်ကာ ပြန်လာခဲ့သည်။

မော်တာအပစ်ရပ်သွားသောအခါ စက်သေနတ်နှင့် ဘရင်းဂန်းသုံးလာပြန် သဖြင့် အပေါ်စီးမှ အကာအကွယ်ယူ ထားသူများမှအပ ကျန်သေနတ်သမား များ ခေါင်းမထောင်ရဲ။ မှောင်လာသော် လည်း စည်းရိုးအပေါ် လရောင်ဖြင့်ပစ် နေသောကြောင့် ပြန်ပစ်ရန်အခက်။ အာဋ္ဌာဝက မောင်စက ဘရင်းဂန်းခေါ် စက်ကြီးပစ်ခတ်နည်းကို သင်ကြားထား သဖြင့် ပြင်ပကပစ်ခတ်နေမှုကို မခံချင်။ ခုအတိုင်း ငြိမ်နေလျှင် တံခါးမကြီးပျက် စီးပေတော့မည်။ တံခါးဝကို ကတုတ် ကျင်းအတွင်းမှ ဘရင်းတစ်လက်က ချိန် ထားသည်။ တံခါးပွင့်လာလျှင် တားဆီး နိုင်ရန် ဖြစ်၏။

အာဋ္ဌာဝက မောင်စ၊ ဆရာလေး ကိုစိုးအောင်ကို အသိမပေးဘဲ ကျန်ရှိ သော ဘရင်းသေနတ်နှင့်ကျည်နှစ်ကတ် အတင်းယူပြီး မလွယ်ပေါက်မှ တိုးထွက် သွားသည်ကိုမြင်သဖြင့် မောင်းတစ်လုံး အုန်းဆောင် အတင်းလိုက်လာသည်။ အရဲကိုးလွန်းသော မောင်စက ရန်သူ့ ဘရင်းခုံကို ဘရင်းဂန်း မတ်တတ်ရပ် ကိုင်ရင်း ပစ်ဝင်သွားရာ ဘရင်းသမား နှင့်အနီးအနားမှလူများ အလောင်းချင်း ထပ်သေသွားသော်လည်း စက်သေနတ် သမားကမြင်သွားသဖြင့် လက်ဦးအောင် ပစ်လိုက်ရာ မောင်စကိုယ်ထဲ ကျည်တစ် ထွေးကြီး ဝင်သွားတော့သည်။ မောင်စ ကျသွားပြီ။ ထို့နောက် စက်သေနတ် သမားက တံခါးမကြီးကို ဆက်တိုက်ပစ် ရာ တံခါးမကြီးအတွင်း ပြေးဝင်သည့်အ ခိုက် အတွင်းမှ ဘရင်းသံကြောင့် ဝင် လာသူများ အလဲလဲအပြိုပြို။ မောင်း တစ်လုံးအုန်းဆောင် မောင်စလက်တွင်း မှ ဘရင်းဂန်းကိုယူပြီး စက်သေနတ် သမားနှင့် ကျည်ဆန်ကိုင်ပေးသူတို့ကို အပြုတ်ရှင်းလိုက်နိုင်၏။ ကျန်သူများကို တစ်ဆက်တည်း ပစ်ခတ်နေစဉ် နောက် ပိုင်းမှ နိုင်ငံတော်အလံကိုင်ဆောင်ထား သည့် တပ်မတော်သားများကို တွေ့ လိုက်ရသည်။ စစ်ကူလာပေပြီ။

"တပ်မတော်ဟေ့၊ တပ်မတော်"

အားလုံး၏ ဝမ်းသာအားရအော် သံမှာ ဆူညံသွားတော့သည်။ သူတို့ တစ်ရွာလုံး စိတ်အေးချမ်းရပေတော့ မည်။ တာဝန်ရှိသော အုပ်ချုပ်ရေးအဖွဲ့ အစည်းများ ရောက်လာသဖြင့် ရွာအ တွက် စိတ်ပူစရာမလိုတော့ပေ။ ဆရာ လေးတို့ ကာကွယ်ရေးခေါင်းဆောင် များနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ လိုက်လံစစ်ဆေးပြီး အလောင်းကောက် ကြရသည်။ အာဋ္ဌာဝကမောင်စ အပါ အဝင် ရွာမှ (၇) ဦးကျဆုံး၍ ဒဏ်ရာရသူ (၈) ဦး။

⭘

"ခင်ဗျားတို့ရွာဟာ သောင်းကျန်း သူတွေ ပစ်ခတ်နေတဲ့ကြားက ကြံ့ကြံ့ ခံနိုင်တယ်။ မီးလောင်ပျက်စီးတာရယ်၊ ရွာက အာဇာနည် (၇) ဦး ကွယ်လွန်ခဲ့ တာတွေရယ်က လွဲလို့ ညီညွတ်မှုတွေနဲ့ ကိုယ့်အားကိုယ်ကိုးနိုင်ကြပါပေတယ်။ ခင်ဗျားတို့ပြောပြလို့လည်း ဒီရွာက သူရဲ ကောင်းတွေအကြောင်း ကြားရတဲ့အ တွက် ချီးကျူး ဂုဏ်ယူမိပါတယ်။ ရှေ့ လျှောက် ခုလိုပဲ ကိုယ့်ရပ်ကိုယ့်ရွာကို တာဝန်သိသိ စောင့်ရှောက်ပေးကြပါ။ တည်ငြိမ်အေးချမ်းတဲ့ကာလအထိ တာ ဝန်ယူကြပါလို့ မေတ္တာရပ်ခံပါရစေ"

လူကြီးများက ရပ်ရွာအတွက် ကာကွယ်ရန် လက်နက်အချို့ ပေးခဲ့ပြီး ကာကွယ်ရေးတပ်ဖွဲ့ကို ဆက်လက် ရပ် တည်စေ၏။ ကျေးရွာသား သေဆုံးသူ များ၏အလောင်းကို တခမ်းတနား မီး သင်္ဂြိုဟ်ခဲ့သည်။ အာဋ္ဌာဝကမောင်စသေ ဆုံးမှုတွင် မိသားစုနည်းတူ စိတ်ဆင်းရဲ ရသူမှာ မောင်းတစ်လုံး-အုန်းဆောင် ပင်။

သုသာန်တွင် တရားကျင့်သည့် ရဟန်းတော်၏နှုတ်ထွက်စကားများကို သတိရနေမိ၏။

'တစ်ခါ တစ်ခါတော့ မဖြစ်ချင် တာတွေဖြစ်ပြီး ဖြစ်ချင်တာတွေ မဖြစ် တတ်ပြန်ဘူး။ သူ့အကြောင်းနဲ့သူပေါ့ ကွယ်။ ဒီလိုနဲ့ပဲ စခန်းသွားလာရတဲ့လူ့ ဘဝကြီးလို့ ဆိုရမယ်။ ဇာတိ ရလာရင် ဇရာ၊ မရဏဟာ တွေ့ကြုံရမှာပဲ မဟုတ် လား။ သေခြင်းတွေထဲမှာ စွန့်လွှတ်စွန့် စားခြင်းတွေနဲ့သေရင် မြင့်မြတ်တဲ့သေ ခြင်းလို့ ဆိုရမယ်။ ပရ ဆိုတဲ့ အများအ ကျိုးဆောင်သူတွေကို လူတွေက သတိ ရတာပါ၊ အတ္တလုပ်နေသူတွေကို သိပ် အသိအမှတ်ပြုတာ မဟုတ်ဘူး'

ကိုယ်တော်ကြီးစကားများက သူ တို့ကို ရည်စူးဆိုခဲ့လေသလား မသိ၊ သွေး ထွက်အောင် မှန်နေ၏။ သူ တီးတိုးပြော မိသည်။

"သူငယ်ချင်းရယ်. . . မင်းကို တစ်သက်လုံး သတိရနေမှာပါ။ မင်းရဲ့ စွန့်လွှတ်စွန့်စားမှုတွေကိုလည်း တို့ဘယ် တော့မှ မမေ့ပါဘူးကွာ။ သူငယ်ချင်း ကောင်းရာသုဂတိ လားပါစေ"

*သဗ္ဗေသတ္တာ ကမ္မသကာ*

*မျိုးသစ်*

*ဆရာဦးစိုးအောင်၏တူတော်မောင် ကိုမြကြိုင်(တိုင်းရင်းဆေး)အား ကျေးဇူး တင်စွာဖြင့်။*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ၁၉၇၆ ခုနှစ်ခန့်က ဖောင်ကြီးဗဟိုပြည်သူ့ဝန်ထမ်းကျောင်း သူရအပတ်စဉ် (၁၀) ၌ တက်ရောက်ခဲ့ကြစဉ်က ညီအစ်ကိုအရင်းသဖွယ် ခင်မင်ခဲ့ရသော ဒုရဲအုပ်မောင်မောင်ဝင်းနှင့် ကျွန်တော်မှာ အတွဲများသဖြင့် တပ်ခွဲတစ်ခုလုံးက 'ဝင်းညီနောင်' ဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ကျွန်တော်တို့နှစ်ဦးက စာကြိုးစားပြီး လက်တွေ့၌လည်း ဦးဆောင်စွမ်းရည်ရှိကြသဖြင့် ဆရာများကလည်း ချစ်ခင်ကြပါသည်။ သို့သော် ကျောင်းသား (သင်တန်းသား) သားပီပီ ကျွန်တော်တို့ မကောင်းချက်ကိုတော့ ဆရာများ မသိရှာကြပါ။ ထိုစဉ်က ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းမှာ စည်းကမ်းအလွန်တင်းကျပ်ပါသည်။

ကျွန်တော်တို့အတွက် အဓိကလိုအပ်သည်က ဟင်းကောင်းစားရဖို့အရေးပင်။ သင်တန်းက ပင်ပန်းသော်လည်း ကျွန်တော်တို့ မမှုပါ။ လူငယ်လူရွယ်ပီပီ တက်ကြွနေတတ်ပါသည်။ သင်တန်းကကျွေးသည်က မနက် ကုလားပဲဟင်းနှင့် ငါးပိရည်၊ တို့စရာ။ နေ့လယ် လက်ဖက်ရည်၊ ကော်ဖီ တိုက်သည်။ မုန့်မပါ။ ညနေစာ ကြက်၊ ဝက်၊ ဘဲ၃။ လက်ရာကအလွန်ညံ့သည်။ မန္တမနပ်၊ နန္တင်းအလွန်ကဲသည်။ ဆီပြားနည်းပြီး ရေလုံပြုတ်ဟင်းပုံစံ။ ထမင်းက ဆန်ကြမ်း။ မာလွန်း၊ ပျော့လွန်းသည်။ တစ်ခါမှ အချိုးမကျ ထမင်းစားနိုင်စေရန် နီးစပ်ရာ ဈေးသည် ကလေးများထံက နေ့စဉ်လိုလို ဝယ် နေရသည်။ ထို့ကြောင့် သင်တန်းသား များ ဖြစ်ကြသော ကျွန်တော်တို့ အ ငွေကုန်ကြေးကျ ကုန်စရာများလည် သေးသဖြင့် လစာနှင့် မလုံလောက်။

ထို့ ကြောင့် ကျွန်တော်နှင့် ရဲအ မောင်မောင်ဝင်းတွဲ၍ နီးစပ်ရာရှာဖွေ အကြံအဖန်ဟင်းချက်ပြုတ်စားကြသည် ကျွန်တော်တို့ ဝင်းညီနောင်အဖွဲ့ထဲ နောက်ဆုံးမှဝင်လာသူက ရှမ်းကလေး အိုက်ပု၊ အင်းလေးသား။ ဖားရှာ၊ ငါးရှာ အသီးအရွက်ရှာပြီး အကြံအဖန်ဟင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမှုကြီးသိန်းဝင်း
အပြောအိုင်မှ ရေသူမ



ချက်ပြုတ်ရာတွင် အလွန် တော်သည်။
ထို့ကြောင့် ကျွန်တော်တို့ ဝင်းညီနောင်တွင် အဖွဲ့ဝင်တစ်ယောက် တိုးလာသဖြင့် (၃) ယောက် ဖြစ်သွားသည်။ (၃) ယောက်ပေါင်း လောင်းကျော် ဆိုသည့်အတိုင်းပင် အင်အားတောင့်လာသဖြင့် သင်တန်းကျောင်းအလယ်ရှိ ရေဆိုးအင်းကြီးထဲမှာ ငါးခိုးဖမ်းခြင်း၊ အနီးရှိ ဝါးတောကြီးအထဲမှာ မျှစ်ရှာ၊ မှိုရှာ၊ အသီးအနှံရှာခြင်း၊ နောက်ဆုံး ကျောင်းခြံစည်းရိုးတွင် အလေ့ကျပေါက်ရောက်နေသော ကင်းပုံ၊ ခွေးတောက်နွယ်များက ကျွန်တော်တို့ရိက္ခာအတွက် ကြော်ချက်၊ ဟင်းချို တို့စရာများ ဖြစ်သွားကြတော့သည်။
အခြားသင်တန်းဖက်များက ဗေယျာတေဇ ဗလဟူ၍ရှိကြသော်လည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com

က (၄) လခွဲသင်တန်းသာ။ ကျွန်တော်တို့ သူရက သူတို့နှစ်ဆ (၉) ပတ်တိတိ တက်ရသည်။ တက်ရသည့် သင်တန်းများက စာတွေ့၊ လက်တွေ့။ လက်နက်ငယ်သင်တန်းများနှင့် စစ်ချီစစ်တက် လက်တွေ့တိုက်ပွဲအခက်အခဲများ ကျော်ဖြတ်ခြင်းများကိုအဓိကသင်သဖြင့် လက်တွေ့လုပ်ဆောင်ရရာ အလွန် ပင်ပန်းသည်။ စားရသောက်ရတော့ ဟင်းက အလွန်ညံ့သည်။ ထို့ကြောင့် ထမင်းဝင်စေရန် အကြံအဖန်ဟင်းခိုးချက်စားရသည်။

ပထမ ကျွန်တော်နှင့်မောင်မောင်ဝင်းတို့ တွဲစဉ်က ရေဆိုးအင်းကြီးအထဲမှ ငါးခိုးများရုံသာ။ ရှမ်းကလေး အိုက်ပုပါလာတော့ မောင်မောင်ဝင်းနှင့်တွဲပြီး အိပ်ဆောင်များအနီး လာတတ်သည်။ ဖောင်ကြီးကျောင်းဝန်ထမ်းများ မွေးမြူထားကြသောလှတ်ကျောင်းမြန်မာကြက်များကိုပါ အလွတ်မပေးတော့ပါ။ ကျွန်တော်ကတော့ ထောင်မှူး။ မြို့တွင် မွေး၍ သားကောင်များအထာကို မသိ။ ငါးများတာလောက်တော့ လုပ်တတ်သည်။ အခြားမလုပ်တတ်။ ဘဲ၊ ငှက်ကလေးဘာလေးလောက်လည်း ပစ်တတ်ပါသည်။ မောင်မောင်ဝင်းနှင့် အိုက်ပုတို့က ကျွန်တော့်ထက်ငယ်ကြသော်လည်း အကောင်ပလောင်ထောင်တတ်၊ရှာဖွေတတ်၏။ထို့ကြောင့် သုံးယောက်ပေါင်းလောင်းကျော်ဆိုပြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းအတွင်း သင်တန်းသားလောက၌ နာမည်ကျော်ပေသည်။

မောင်မောင်ဝင်းက စာအလွန်တော်သည်။ ကျွန်တော်ကတော့ အသင့်အတင့်၊ အိုက်ပုကတော့ စာညံ့သည်။ လက်တွေ့လည်းမတော်။ အဲ- ဒါပေမယ့် အရှာအဖွေနှင့် အချက်အပြုတ်တော့ အလွန်တော်သည်။ ရှိတာလေးကို ပြင်ဆင်၍ ထမင်းမြိန်အောင် ချက်ပြုတ်တတ်သည်။ သူ့လက်ရာ အကြံအဖန်ဟင်းများက လွန်စွာလက်ရာမြောက်၍ ထမင်းစားမြိန်စေသည်။ သူတို့နှစ်ယောက်ပေါင်း၍ ပေါက်တိုင်းများထောင်ပြီး ဝန်ထမ်းကြက်များအား ခိုးချက်သည်က အကြိမ်ကြိမ်။ ကျွမ်းကျင်ကြသဖြင့် တစ်ကြိမ်တစ်ခါမျှ မမိခဲ့။ ကြက်အုပ်များသာ လျော့သွားသည်။

သင်တန်းဆင်းတော့ မောင်မောင်ဝင်းက အကောင်းဆုံးကျောင်းသားဆု (BEST CADET) ရသည်။ ကျွန်တော်တို့ကတော့ မောင်မောင်ဝင်းအား ကြက်ခိုး၊ ငါးခိုးဖမ်းရာတွင် ကျွမ်းကျင်လွန်းသဖြင့် ထိုစဉ်က ခေတ်စားသော အနောက်တိုင်း ရုပ်ရှင်ကားကို သတိရပြီး 'THE THIEF OF BAGADET' ဟု သမုတ်ခဲ့ကြပါသည်။ ဘဂ္ဂဒက်မြို့က သူခိုးကြီးပေါ့။

သင်တန်းပြီးဆုံးတော့ ကျွန်တော်က အင်းစိန်ဗဟိုအကျဉ်းထောင်၊ မောင်မောင်ဝင်းက မြန်မာပြည်အလယ်ပိုင်း၊ အိုက်ပုက ရှမ်းပြည်နယ်ဘက် တာဝန်ကျသွားသဖြင့် ကွဲကွာသွားကြသည်။ တစ်နှစ်ခန့်တော့ စာအဆက်အသွယ်မပြတ်ကြပါ။ နှစ်ကြာလာတော့ အသီးသီး နေရာများ ပြောင်းရွှေ့ကြရ၍ အဆက်အသွယ်ပြတ်သွားကြပါသည်။

ဟော- ယခုတော့ ကျွန်တော်က ဦးစွာ ဘုတ်ပြင်းရဲဘက်စခန်း၌ တာဝန်ကျပြီး မောင်မောင်ဝင်းက ဘုတ်ပြင်းရဲစခန်းမှူးအဖြစ် ဒုတိယရောက်လာသည်။ အိုက်ပုကတော့ ဒုရဲအုပ်အဆင့်ဖြင့်ပင် ဘုတ်ပြင်းရဲစခန်းသို့ တတိယလူအနေဖြင့် ရောက်လာကြပါသည်။ (၃) ယောက်ပေါင်း လောင်းကျော်၊ ငယ်ပေါင်းများ ပြန်ဆုံကြတော့ ကျွန်တော်တို့ ဗီဇဝါသနာများပြန်ပေါ်လာပြီး မြိတ်ကျွန်းစုတွင် တာဝန်ထမ်းဆောင်ရင်း အမဲလိုက်ကြရန် အစီအစဉ်ဆွဲကြပါတော့သည်။

❑

"ကဲ - အစ်ကိုကြီး သိန်းဝင်းက ဘုတ်ပြင်းကို အရင်ရောက်တော့ ဦးဆောင်လမ်းပြပါ။ ကျွန်တော်တို့ ဘယ်ကျွန်းကို အရင်သွားကြမလဲ။ လိုအပ်တာတွေကို ကျွန်တော် ပံ့ပိုးပါ့မယ်"

"မြိတ်ကျွန်းစုက ကျွန်းပေါင်း (၈၀၀) ကျော် ရှိတယ်။ နာမည်မရှိသေးတဲ့ကျွန်းလေးတွေလည်း အမြောက်အများရှိသေးတယ်။ အခု ငါတို့ အရင်သွားသင့်တာက ငါတို့စခန်းနဲ့ မျက်နှာချင်းဆိုင်က ကျွန်းစုတွေပဲ။ အလယ်မှန်ကျွန်း၊ ဆင်ကျွန်းနဲ့ ပုလဲကျွန်းကြီးပဲ။ ပုလဲကျွန်းကြီးက လူနေတော့ တောကောင်ရှားတယ်။ အလယ်မှန်ကျွန်းနဲ့ ဆင်ကျွန်းက တောကောင်းတယ်။ ငှက်သိုက်လည်းပေါတယ်။ တောကောင်လည်းပေါတယ်။ ကမ်းနဲ့ (၁) မိုင်လောက်ပဲဝေးတော့ သူခိုး၊ ဓားပြ မခိုလှုံနိုင်ဘူး ထင်တယ်။ တောင်ဘက် ကော့သောင်းမြို့နယ်ထဲမှာတော့ လူနေများတဲ့ ပလောဘာလိုင်းကျွန်း၊ ငှက်သိုက်ကျွန်း၊ မပူတေးကျွန်း၊ ပလုံးတုံးတုံးကျွန်းတွေ ရှိတယ်"

"မြောက်အထက်ဘက်မှာတော့ ကတ်သရင်းကျွန်းကြီးပေါ်မှာ ကံမော်ရွာ၊ စခန်းသစ်ကျွန်း၊ ငှက်ခါးအော်ကျွန်း၊ ရေပြည့်တောင်ကျွန်းတွေ ရှိတယ်။ အထက်ဆန်တက်ရင်တော့ မိုးစွေကြီး၊မိုးစွေလေးကျွန်းတွေနဲ့ ကတောင်နင်းကျွန်း၊ ဗရယ်ကျွန်း၊ ရေပြည့်တောင်ကျွန်းတွေရှိတယ်။ တခြား အင်္ဂလိပ်နာမည်၊ တရုတ်နာမည်၊ ယိုးဒယား(ရှမ်း)နာမည်၊ ပသျှူးနာမည်၊ ဆလုံနာမည်တွေနဲ့ ကျွန်းတွေက အများကြီး။ အကုန်တော့ သွားနိုင်မှာမဟုတ်ဘူး။ ကမ်းရိုးတန်း မိုင် (၂၄၀) အရှည်အလျားမှာ ကျွန်းပေါင်း (၈၀၄) ကျွန်းရှိတယ်။ နီးတာနဲ့ ဝေးတာနဲ့ပဲ ကွာတယ်။ ကျွန်းနိုင်ငံတစ်ခု တည်ဆောက်လို့ရတဲ့အနေအထားပဲ။ ပင်လယ်ထွက်ကုန်နဲ့ ရေလုပ်ငန်းထွက်ကုန် သား၊ ငါး၊ ပုစွန်၊ ခရုကမာ၊ လိပ်ဥတွေအပြင် တောထဲမှာ အီကွေတာသစ်တောအဖြစ် ရှိတာမို့ သစ်မာအပြင် သစ်မွှေး၊ အကျော်၊ ကရမက်၊ ဆေးဖက်ဝင် ဘယဆေးပင်တွေနဲ့ ဓာတ်သတ္တု၊ တောကောင်အမျိုးမျိုး ကြွယ်ဝတယ်။ ငါတို့နိုင်ငံရဲ့ အဖိုးတန်ဘဏ္ဍာတိုက်ကြီးပဲ"

"ဒါကြောင့် မင်းတို့ ရဲတွေအနေနဲ့ ကင်းလှည့်ပြီး စောင့်ရှောက်သင့်တယ်"

"ဟုတ်ပါ့ အစ်ကိုကြီးရာ။ သားကောင်ပစ်ရင်း၊ သစ်တောလှည့်လာရင်း၊ ကင်းလှည့်ရင်း တစ်ချက်ခုတ် သုံးချက်ပြတ် လုပ်သင့်တာပေါ့။ ကျွန်တော့်ကို တစ်ပတ်လောက် အချိန်ပေးပါ။ ကျွန်တော် သွားဖို့လာဖို့ စားဖို့သောက်ဖို့ အကုန် တာဝန်ယူပါတယ်။ လက်နက်ကိုင် တပ်စိတ်တစ်စိတ်လည်း ခေါ်ခဲ့ပါ့မယ် အစ်ကိုကြီး"

"အေး- အဲဒါအကောင်းဆုံးပေါ့။ ငါလည်း ရောက်နေတာ ကြာပေမယ့် ကျွန်းအနှံ့မရောက်ဖူးသေးပါဘူးကွာ။ ကြားဖူးနားဝနဲ့ပြောရတာပါ။ ဒါကြောင့် လက်တွေ့သွားပြီး လှည့်လာချင်တာပါ"

ထိုစဉ် အိုက်ပုက-

"ခင်ဗျားတို့က ပစ်ချင်တာပစ်၊ ဖမ်းချင်ရာဖမ်း။ ကျွန်တော်ကတော့ ဒိုင်ခံပြီး ချက်ပေးမယ်။ ရေသတ္တဝါ၊ ကုန်းသတ္တဝါ ဘာကောင်ရရ အကောင်းဆုံးချက်ပြုတ်ပေးမယ်။ ဘာကောင်မှမရရင်တော့ ခြစ်ညည်းရိုးဟင်းချိုနဲ့ ကျောက်ပွင့် သုပ်ပေါ့ ဟားဟားဟား"

"အိုက်ပုရယ်၊ ဖောင်ကြီးသင်တန်းတုန်းကလို မရှားပါဘူး။ ငါတို့မှာ ရာထူး



www.burmeseclassic.com

www.burmeseclassic.com

ည်းရှိတယ်၊ ငွေကြေးလည်းရှိတယ်၊ ဆိုင်ခွင့်ကလည်းရှိနေကြပါပြီ။ ပင်လယ်ထဲသွားရင် ကုန်းပေါ်မှာလို ခြံစည်းရိုးတင်းချုပ်လည်းမရှိဘူးကွ။ ပင်လယ်ပြင်ကျယ် သဲသောင်ပြင်ပေါ်မှာ ပင်လယ်လေကောင်းနဲ့ခရုအမျိုးမျိုးက ပေါမှပေါ့။ ငါးအမျိုးတွေဆိုကလည်း လိုသလောက်ပဲ။ ငါးတွေကို တောင်းရင် တစ်ပုံကြီးရပါတယ်။ နောက်ပြီး တောကောင်ပေါတဲ့တောထဲသွားမှာဆိုတော့ အကောင်ပလောင်ကလည်း မရမရှိစေရပါဘူး။ စိတ်ချမ်းပါကွာ"

"အကောင်းဆုံးပေါ့ အစ်ကိုကြီးရာ။ ကျွန်တော်လည်း အထက်လူကြီးတွေနဲ့မတည့်လို့ ရာထူးမတက်ဘဲ တစ်နေရာပြီး တစ်နေရာပြောင်းပြီး နောက်ဆုံး ဒီရောက်လာတာ။ ရာထူးမတက်ချင်ရင်လည်း နေပါစေ။ အခု အစ်ကိုကြီးနဲ့ တွေ့ရတော့ ပျော်ပါတယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပါ"

"မင်း မိန်းမကောရပြီလား အိုက်ပု"

"ဝေးပါသေးတယ် အစ်ကိုကြီးရာ၊ ကျွန်တော်လည်း အဲဒီကိစ္စစိတ်မဝင်စားပါဘူး"

"အေး- ငါနဲ့ မောင်မောင်ဝင်းကတော့ အိမ်ထောင်အသီးသီးကျကြလို့ ကလေးတောင်ရနေကြပြီ။ အသက်တွေကလည်း (၄၀) နားကပ်နေကြပြီလေကွာ။ မင်းလည်း ငါတို့ထက် (၂) နှစ်ပဲငယ်တော့ (၃၈) နှစ်ပေါ့။ အိမ်ထောင်မြန်မြန်တောင်လွန်နေပြီ။ တော်ကြာ အသက်ကြီးမှ ကလေးတိုးလို့တွဲလောင်းဖြစ်နေဦးမယ်"

"ကျွန်တော် အိမ်ထောင်မပြုတော့ပါဘူး အစ်ကိုကြီးရာ။ ဒီအတိုင်းနေတာပဲ လွတ်လပ်ပါတယ်"

"နေနိုင်ရင်တော့ကောင်းတာပေါ့။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုသလို ဇနီးမယားရှိတော့လည်း အိမ်ထောင်ကိုထိန်းနိုင်တာပေါ့။ နောက်ပြီးတော့ သားသမီးရတော့လည်း ကိုယ့်မျိုးဆက်ကျန်တာပေါ့ အိုက်ပုရယ်"

"အဲဒါတွေလည်း ဟုတ်ပါတယ် အစ်ကိုကြီးရယ်။ ဒါပေမယ့် ကျွန်တော်က အချုပ်အနှောင်မကြိုက်တော့ လွတ်လွတ်လပ်လပ်ပဲနေချင်ပါတယ်။ အခုလို အစ်ကိုကြီးတို့နဲ့ပြန်ဆုံရတော့ ဘာမှမလိုတော့ပါဘူး"

"ဟကောင်ရ၊ ငါတို့က အစိုးရဝန်ထမ်းတွေ။ တစ်သက်လုံး ဒီစခန်းမှာနေနေရမှာ မဟုတ်ဘူး။ စေလိုရာစေ၊ ပို့တဲ့နေရာသွားရမှာ။ နောက်ပြီး မင်းခံစားကမ်းနားသစ်ပင်တဲ့ကွ။ အခြေအနေကတစ်သမတ်တည်းရှိမှာမဟုတ်ဘူး။ မြေကွက်လေး၊ အိမ်လေးကော ဝယ်ထားပြီးပြီလား"

"နိုး- ဘာငွေနဲ့ဝယ်ရမှာလဲ အစ်ကိုကြီးရဲ့ ရရစားစားပဲ"

ထိုစဉ် မောင်မောင်ဝင်းက ဝင်ပြောလာသည်။

"အဲဒါကြောင့်ပြောတာပေါ့ အိုက်ပုရ။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုသလို ယောကျ်ားရှာတဲ့ငွေကို မိန်းမရှိမှထိန်းသိန်းနိုင်တာ။ ခုတော့ တစ်ယောက်တည်း စည်းမရှိကမ်းမရှိ သုံးဖြုန်းတော့ ဘယ်အဖတ်တင်မှာလဲ။ စုမိဆောင်းမိဘယ်ရှိတော့မလဲ။ ကိုယ့်စခန်းရောက်ပြီး ကိုယ်နဲ့အတူနေရင်တော့ အိုက်ပု၊ မင်းစည်းကမ်းနဲ့စားပြီး စည်းကမ်းနဲ့သောက်ရမယ်။ မဖြစ်ပါဘူး၊ မင်းကို ငါနဲ့ အစ်ကိုကြီးနဲ့ ဝိုင်းထိန်းမှ ဖြစ်တော့မှာပဲ"

"အေး - ဟုတ်တယ်၊ ငါ့စခန်းမှာလည်း မင်း နေ့စဉ် ထမင်းလာစားလို့ရတယ်။ အရက်ကတော့ တစ်ပတ်တစ်ခါပဲ သောက်ရမယ်။ အခု တို့အရွယ်က လူလတ်ပိုင်းရောက်လာပြီ။ အရင် ငယ်စဉ်က သင်တန်းသားဘဝလို့ နေချင်သလို ဖြစ်ကတတ်ဆန်းနေလို့မရတော့ဘူး"

"ဟုတ်ကဲ့ပါ အစ်ကိုတို့ရာ၊ ကျွန်တော် ဆင်ခြင်ပါ့မယ်။ အစ်ကိုကြီးတို့ကိုလေးလည်း လေးစားပါတယ်။ ချစ်ခင်အားကိုးပါတယ်"

"အေး- အဲဒါမှပေါ့၊ မင်းရာထူးမတက်တာလည်း ပျော့ကွက်ရှိလိမ့်မယ်။ ငါတို့နဲ့ ပြန်တွေ့တာ မင်းကံကောင်းတယ်။ အချိန်မီကလေးပဲ ပြုပြင်ပါကွာ။ လူ့ဘဝဆိုတာ တရားသဘောနဲ့ကြည့်ရင် တိုတိုကလေး။ မင်းတို့၊ ငါတို့ ကြိုးစားခဲ့ကြလို့ အရာရှိတောင်ဖြစ်နေကြပြီ။ ရှေ့ဆက်ပြီးကြိုးစားရင် အဆင့်တွေတက်ပြီး အရာရှိကြီးတွေဖြစ်ကြတော့မှာပါ အိုက်ပုရယ်"

"ဟုတ်ကဲ့ပါ အစ်ကိုတို့၊ ကျွန်တော် ကြိုးစားပါ့မယ်"

"ဒါမှပေါ့ အိုက်ပုရယ်၊ ယောကျ်ားပဲကွာ။ ပျက်အစဉ်ပြင်ခဏ ဆိုတဲ့ စကားပုံတောင် ရှိသေးတယ်။

❑

နောက်တစ်ပတ်တွင် ရဲအုပ်မောင်မောင်ဝင်း စီစဉ်ပေးသော ,စက်အားကောင်းသည့် မော်တော်ကလေးဖြင့် လက်နက်ကိုင် တပ်စိတ်တစ်စိတ်တင်ကာ ကျွန်တော်တို့ ပင်လယ်သို့ ထွက်ခဲ့ကြသည်။ အနီးဆုံးဖြစ်သည့် အလယ်မုန်ကျွန်းသို့ ထွက်ခဲ့ကြခြင်း ဖြစ်သည်။ အလယ်မုန်ကျွန်းမှာ ပုလဲကျွန်းကြီးနှင့် ဆင်ကျွန်းကြားထဲ၌ ရှိသည်။ ကမ်းခြေနှင့် တစ်မိုင်ကျော်ခန့် ဝေးကွာသည်။ အလယ်မုန်ကျွန်းနှင့် ဆင်ကျွန်းမှာ ထိုစဉ်က လူမနေပါ။ ငှက်သိုက်ရှာသူများနှင့် အမဲလိုက်မုဆိုးအချို့သာ ရှိတတ်သည်။ အလယ်မုန်ကျွန်းမှာ အတွင်းကျသဖြင့် လေမိုးလုံခြုံသည်။ အော်ရှိသဖြင့်လည်း မော်တော်ဘုတ်ဝင်ပြီး နားခိုရန် အဆင်ပြေသည်။ ကျွန်တော်လည်း လေ့လာထားခြင်းကြောင့် သိခြင်းဖြစ်သည်။ ပုလဲကျွန်းကြီးမှာ ကြီးမားပြီး ပုလဲကျွန်းရွာကြီးရှိသဖြင့် စည်ကားသည်။ ပုလဲအရောင်းအဝယ်၊ ပင်လယ်ငါးမျိုးစုံနှင့် ငှက်သိုက်၊ သစ်တောထွက်ပစ္စည်းများ ကောက်သော တရုတ်အဝယ်ဒိုင်များရှိသဖြင့် စားသောက်ဆိုင်တန်းများလည်း ရှိသည်။ မှောင်ခိုစက်လှေများလည်း ဆိုက်ကပ်တတ်သည်။

ကျွန်တော်တို့ ကျွန်း(၃)ကျွန်းအား တစ်ပတ်ပတ်၍ မော်တော်အားမောင်းပြီး ဆင်ကျွန်းနှင့် အလယ်မုန်ကျွန်းကြား အော်ထဲသို့ဝင်သည်။ အီကွေတာရာသီဥတုရှိသောဒေသဖြစ်သဖြင့် ပူအိုက်စွတ်စိုပြီး အဖိုးတန် သစ်မာပင်ကြီးများက အပြိုင်းအရိုင်းပေါက်နေကြသည်။ သစ်ခိုးသူ၊ သစ်မွှေးရှာသူ၊ ဓာတ်သတ္တုရှာသူများလည်း ရှိတတ်သဖြင့် သတိထားရသည်။ အော်အဝတွင် ကျောက်ဆောင်များ ထူထပ်သဖြင့် ရေစမ်းပြီး အော်ထဲသို့ လွတ်လွတ်ကျွတ်ကျွတ်ဝင်နိုင်သည်။ အော်မှာ လေမိုးဒဏ်ကာကွယ်ပြီး ရေနက်သဖြင့် မော်တော်ကောင်းစွာကပ်နိုင်ပါသည်။ ကမ်းရောက်တော့ ရဲပို့င်တပ်စိတ်က အရင်ဆင်းပြီးမှ ကျွန်တော်တို့ ကမ်းပေါ်သို့ တက်ကြသည်။ ကမ်းစပ်၌ ပျဉ်းမပင်ကြီးများက လူနှစ်ဖက်စာမက။ ကြိမ်နွယ်ပင်ကြီးများက လူကြီးလက်မောင်းလုံးခန့် ရှိသည်။

ရေငန်းပင်၊ ခရာပင်၊ ဓနိပင်၊ ဓနုံးဖင်များက ရေစပ်တွင် တောထနေ၏။ ပွိုင့်တပ်စိတ်က အသင့်ပါလာသော ဓားများဖြင့် ချုံရှင်းသည်။ လူသူအရောက်အပေါက်နည်းဟန်တူသည်။ မုဆိုးလမ်းယောင်ယောင်ပင် မမြင်ရ။ အမြစ်မ်း



www.burmeseclassic.com

www.burmeseclassic.com

တောကြီးဖြစ်သဖြင့် အောက်ခြေရှုပ်ထွေးနေသည်။ ကျွန်တော်တို့ ပတ္တူလည်ရှည် စစ်ဖိနပ်ကြီးများ စီးထားသဖြင့် မြွေအန္တရာယ်တော့ မစိုးရိမ်ရပါ။

ကမ်းပေါ်ရောက်သည်နှင့် ဇီဝိုးငှက်ကလေးများအသံ၊ ဒေါင်းတွန်သံ၊ ချေဟောက်သံ၊ မျောက်အော်သံများကို ကြားလာရသဖြင့် လူမရှိကြောင်း သက်သေပြနေပါသည်။ ကျွန်တော်တို့ အဖွဲ့ (၂) ဖွဲ့ ခွဲလိုက်ကြသည်။ ပထမအဖွဲ့က ကျွန်တော် ဦးဆောင်သော လက်နက်ကိုင် ရဲတပ်သား (၅) ဦး၊ ဒုတိယအဖွဲ့က ရဲအုပ်မောင်မောင်ဝင်း၊ အိုက်ပုတို့ ခေါင်းဆောင်သော လက်နက်ကိုင်ရဲတပ်သား (၅) ဦးတို့ ဖြစ်ကြသည်။ မော်တော်ဆိုတော့ ဒေသခံ ဆလင်ကြီးနှင့် သူ့တပည့် (၂) ဦးက ချက်ပြုတ်စားရန် ပြင်ဆင်ရင်း စောင့်နေကြမည် ဖြစ်သည်။ ကျွန်တော်နှင့် ရဲအုပ်မောင်မောင်ဝင်းတို့က အိုက်ပုအား ချက်ပြုတ်ရန် နေခဲ့စေလိုသော်လည်း မတွေ့တာကြာပြီး ပြန်လည် ဆုံတွေ့ကြသဖြင့် လည်းကောင်း တောကောင်များ ပစ်စေလိုသောဆန္ဒဖြင့်လည်းကောင်း ခေါ်ခဲ့ခြင်း ဖြစ်သည်။ အိုက်ပုကလည်း ယနေ့မှ မည်သို့ဖြစ်သည်မသိ၊ ကာဘိုင်သေနတ်တကိုင်ကိုင်ဖြင့် တက်ကြွနေပါသည်။

ကျွန်တော်တို့ လက်ဝဲ၊ လက်ယာ ခွဲ၍ ကျွန်းအလယ်ကောင် ရေပြာအိုင်တွင် ဆုံကြရန် ဖြစ်သည်။ ရေပြာအိုင်မှာ ကျွန်းအလယ်တွင် တည်ရှိသော်လည်း ရေဝင်ပေါက်ရှိသဖြင့် ပင်လယ်နှင့် ဆက်နေသည်။ ရေလည်း အလွန်နက်သဖြင့် ရေရောင်မှာ ပြာလဲ့နေသည်ဟု ဒေသခံများထံမှ ကျွန်တော် လေ့လာသိရှိထားသည်။ သို့သော် လမ်းမသိသဖြင့် စမ်းတဝါးဝါးသာ။ ကျွန်းမှာ အလတ်စားဖြစ်သဖြင့် (၈) ပုံဝိုက်၍သွားလျှင် မတွေ့စရာအကြောင်း မရှိပါ။

ကျွန်းပေါ်တွင် သစ်ပင်ကြီးများရှိသော်လည်း ကမ်းခြေ၌ သန္တာကျောက်စွန်းကြီးများက ပတ်လည်ဝိုင်းနေသည်။ ပျဉ်းမ၊ ပျဉ်းကတိုး၊ တောင်သရက်၊ နှော၊ ဘိုင် စသော သစ်ပင်ကြီးများက အတွင်း၌ စုစုဝေးဝေး ပေါက်ရောက်နေပြီး အောက်ခြေရှုပ်သည်။ ကမ်းခြေ၌ လမု၊ ကနစို၊ ငှက်ကြီးတောင်၊ မားမကြီး၊ ခရာဆူးပင်များ နေရာမလပ် ဆက်စပ်ပေါက်ရောက်နေသည်။ ကျွန်တော်တို့အဖွဲ့က အလယ်မှန်ကျွန်း၏ တောင်ဘက်မှ ဝိုက်၍ ချီတက်သည်။ မောင်ဝင်းတို့အဖွဲ့က ကျွန်းအား မြောက်ဘက်က ဝိုက်၍သွားကြသည်။ မျောက်အော်သံ၊ ချေဟောက်သံ၊ ဒေါင်းတွန်သံများ ကြားရသော်လည်း လမ်း၌ မမြင်ခဲ့ရ။ ကျွန်းအလယ် ရေပြာအိုင်အနီး၌ စုဝေးနေပုံရသည်။

သစ်ပင်ကြီးများပေါ်က ရှဉ့်ကလေးများနှင့် လင်းဝက်များကိုတော့ မကြာခဏ တွေ့ရသည်။ ရှေ့အဖွဲ့က ကြိမ်ရုံများ၊ ဆူးနွယ်များအား လမ်းရှင်းခုတ်ထွင်နေသံကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကျွန်းပေါ်၌လည်း ကျောက်စွန်းများက ဟိုတစ်ကွက်သည်တစ်ကွက် မိုးမိုးမတ်မတ်ပေါ်နေတတ်သေး၏။ လူမနေသောကျွန်း ဖြစ်သော်လည်း တောကောင်များက နားအလွန်ပါးသည်။ အနံ့ခံကောင်းကြသည်။

နာရီဝက်ခန့်ကြာတော့ ကျွန်းအလယ် ကျောက်တန်းကြီးတစ်ခုအနီးသို့ ကျွန်တော်တို့ ရောက်လာကြသည်။ တဖြည်းဖြည်းတက်ကြည့်တော့ အလယ်တွင် လျှိုကြီးခံနေပြီး တစ်ဖက်၌ ရေပြာအိုင်။ အိုင်အနီးတွင် ပေ(၂၀)ပတ်လည်ခန့် ကျယ်၍ ညီညာမည်းနက်နေသော ကျောက်ဖျာကြီးတစ်ချပ်ပေါ်မှ တစ်စုံတစ်ရာ ရေထဲခုန်ဆင်းသွားသည်ကို ရိပ်ခနဲ မြင်လိုက်ရပြီး ရေသံဗွမ်းခနဲမြည်သွားသဖြင့် အသေအချာကြည့်ကြရာ လွန်စွာဆန်းကြယ်ထူးဆန်းသောအခြင်းအရာများကို ထူးခြားဆန်းကြယ်စွာ မြင်ရတော့သည်။

ထိုအရာများမှာ လူနှင့်ဆင်သော သတ္တဝါစုံတွဲနှင့် ကလေးနှစ်ကောင် ဖြစ်သည်။ အဝေးက လှမ်းကြည့်ရသဖြင့် မျက်နှာကို ပီပြင်အောင် မမြင်ရသော်လည်း ဆံပင်တိုတိုနှင့် ရင်နှစ်မြွာအား အတိုင်းသား မြင်ရသည်။ အထီးနှင့်အမ ပျော်မြူးနေကြပြီး ကလေးနှစ်ကောင်က ရေထဲ၌ ကျင်လည်စွာ ကူးခတ်ကစားနေကြသည်။ အစောပိုင်းက ကျောက်ဖျာပေါ်တက်၍ ခုန်ဆင်းသွားသူမှာ အထီးလား၊ အမလား မသိ။ ကျွန်တော်တို့ ထူးဆန်းသော ရေသတ္တဝါများအား အံ့ဩငေးမောနေမိကြစဉ် အမက ကျောက်ဖျာပေါ်သို့တက်လာပြီး နေစာလှုံသည်။ အထီးနှင့် ကလေးများက ရေထဲက မတက်ကြပါ။ ရေပြာအိုင်အတွင်း၌သာ ကူးခတ်ကစားနေကြသည်။

အမမျက်နှာမှာ ရေပြာအိုင်ဘက် ကလေးများရှိရာသို့ ငေးနေသဖြင့် ဘေးတစောင်းသာ မြင်ရပါသည်။ လူမျက်နှာအတိုင်း အင်္ဂါစုံအောင်ပါသည်။ သို့သော် မျက်နှာက မည်းနေသည်။ ခန္ဓာကိုယ်ကတော့ လူမိန်းမခန္ဓာကိုယ်အတိုင်း ဖြူဖွေးနေသည်။ အောက်ပိုင်းက ငွေရောင်အကြေးခွံများဖြင့် ငါးကြင်းမြီး။ ကျွန်တော်တို့ ကြားဖူးသော ရေသူမ ဖြစ်ပါလိမ့်မည်။ ရေသူမ ဆိုသည်မှာ တကယ်ရှိသည်ဟု ကျွန်တော် လက်ခံရန် စဉ်းစားနေမိစဉ် သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြီး ရေသူမ ရေထဲပြုတ်ကျသွားသည်။

“ဒိုင်း. . . ဝုန်း”

ကျွန်တော်တို့ဘက်က မဟုတ်ပါ။ ဒါဆို ရဲအုပ် မောင်မောင်ဝင်းတို့ဘက်က ဖြစ်ပေမည်။ ဤလောက် လှပသော မြင်ကွင်းကို အကျည်းတန်အောင် ဖျက်ဆီးလိုက်သူမှာ မည်သူနည်း။ သူတို့မိသားစု ပျော်ရွှင်နေသောဘဝကို ဖျက်ဆီးသူမှာ မိသားစုမရှိသူ၊ သံယောဇဉ်မရှိသူသာ ဖြစ်ချေမည်။ ဒါဆို ဘယ်သူလဲ။

‘အိုက်ပု’

သူပင် ဖြစ်ချေမည်။ သူက အိမ်ထောင်မရှိ၊ သံယောဇဉ်အနှောင်အဖွဲ့မရှိ။ ကျွန်တော် လွန်စွာစိတ်မကောင်းစွာဖြင့် ရေပြာအိုင်ထဲ လှမ်းကြည့်မိတော့ ရေသူမက ရေထဲ၌ ပက်လက်ပေါ်နေလေသည်။ ကလေးနှစ်ကောင်က အမေ့အလောင်းအား တွယ်ဖက်၍ နို့စို့နေသဖြင့် အထီးကအန္တရာယ်ရှိမှန်းသိသောကြောင့် အတင်းဆွဲခွာ၍ခေါ်နေသည်။ အထီးကလည်း မျက်နှာမည်းပင်။ နားရွက်က အပေါ်ထောင်၍ ဖြူဟ်သားလို ချွန်နေသည်။ လက်က မျောက်လက်လို မည်းနေသော်လည်း အကြေးခွံများရှိနေသည်။ ရေပြာအိုင်မှာ သွေးရောင်လွှမ်းသွားတော့သည်။

ကျွန်တော်တို့ လျှိုထဲဆင်းပြီး ရေပြာအိုင် ကျောက်ဆောင်ကမ်းပါးပေါ် ရောက်ကြတော့ ရဲဝန်ထမ်းများက ရေသူမအလောင်းအား ဆင်းဆယ်နေကြသည်။

ကျွန်တော်က ရဲအုပ်မောင်မောင်ဝင်းအား-

“ဘယ်သူပစ်တာလဲ၊ ညီလေး အိုက်ပု မဟုတ်လား။ ဒီလောက် ကြည်နူးစရာကောင်းတဲ့မြင်ကွင်းကို ဖျက်ဆီးရတယ်လို့ကွာ”

“ဟုတ်ပါ့ အစ်ကိုကြီးရာ၊ ကျွန်တော့်ကောင်တွေက တားထားလို့ မပစ်ကြပါဘူး။ အိုက်ပုဗျာ တားတဲ့ကြားထဲက ရေဝက်မ ဆိုပြီး ပစ်တာ။ ဒီကောင်က မိသားစုမရှိတော့ ဘယ်ကိုယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊ နွားတုပ်ကွေး အမြန်ကုသပေး

ပြီးခဲ့သည့်နှစ်က ကျွန်တော့်ဇာတိ ဘာန်ရွာနယ်တစ်ဝိုက်တွင် ကျွဲ၊ နွား ပ်တွေးရောဂါဝင်ပြီး တိရစ္ဆာန်များအ ာ်ပင် ပျက်စီး ဆုံးရှုံးကြရပါသည်။ ုပ်ကွေးရောဂါသည် အလွန်ပင် ကူး ာ်လွယ်၊ ပျံ့နှံ့လွယ်လွန်းသဖြင့် ရောဂါ တွေ့ဏာပြလာသော ကျွဲနွားကို အမြန် ုံး သီးခြားခွဲထားပြီး အလျင်အမြန် ကုသ ပေးရပါမည်။ သို့မှသာ ကူးစက်ပြန့်ပွား ရှိဘဲ အမြန်ဆုံး ရောဂါကင်းစင်သွား ါမည်။

ကျွဲ၊ နွား တုပ်ကွေးရောဂါဝင်လာ လျှင် ထင်ရှားသော ရောဂါလက္ခဏာ များ ပြလေ့ရှိသည်။

အဖျားတိုင်းကြည့်လျှင် (၁၀၄) ီဂရီအထိရှိနေတတ်သည်။ ရုတ်တရက် တတိ သွားလာလှုပ်ရှားနေရာမှ မော ိုက်လာတတ်သည်။ တစ်မိနစ်လျှင် ရှူအကြိမ် (၇၀) အထိ ခုန်တက်ပြီး ဆင်းသွားလျှင် ချည့်နဲ့ယိုင်ရွဲ့ကာ တရွတ်ိုက် ခြေမသယ်ချင်လက်မသယ်ချင်၊ မသွားချင်သွားချင်ပုံစံမျိုး ခြေလှမ်းမည်။

ခြေ၊ လက်တို့ တောင့်တင်းပြီး အနည်းငယ် ရောင်နေသလို ဖြစ်မည်။ အသက်ရှူကျပ်နေတတ်ပြီး အဖျားတိုး လျှင်၊ ဆိုးလျှင် (၁၀၇) ဒီဂရီအထိ ရှိနေ တတ်သည်။

အချို့ ကျွဲ၊ နွားတို့မှာ နှာရည်များ ကျနေတတ်ပြီး ချောင်းလည်းဆိုးနေ တတ်သည်။ မျက်ခုံး၊ မျက်ခွံတို့ ရောင် သလိုဖြစ်နေတတ်ပြီး မျက်စိအမြင်မှုန် မှိုင်းနေတတ်၏။ မျက်ရည်ကျပြီး မျက် ဝတ်များပင် ထွက်နေတတ်သေးသည်။ ကျောင်ကြီး၊ ကျင်ငယ်အနံ့ဆိုးပြီး ကျင်ငယ် သည် အနီရောင်သန်းနေတတ်သည်။ မျက်စိနှင့် နှာခေါင်းအမွှေးအကာတို့ နန္ဒင်းရောင်သန်းနေတတ်ပြီး အတွင်း အပူအားကြီးနေတတ်ပါသည်။

အထက်ပါ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက ဆားခါး (၁၀) ကျပ် သားကို ရေတစ်ပုလင်းနှင့်ဖျော်ပြီး အ မြန်တိုက်ပါ။ ဝမ်းတွင်းရှိ အပူအပုပ်အနိုး များ ဝမ်းနှင့်အတူ ထွက်လာပါမည်။ သုံး လေးခါ ဝမ်းသွားပြီးပြီဆိုလျှင် ဝမ်းရပ်စေ ရန်အတွက် ကွမ်းယာတွင်ထည့်ဝါးသော ရှားစေးအမှုန့် (၁) ကျပ်သားကို ဆန် ပြုတ်ကျဲကျဲနွေးနွေးနှင့် ရောဖျော်တိုက် ပေးလိုက်ပါ။

ကျွဲ၊ နွားသည် အင်အားချည့်နဲ့ နည်းပါးနေပါက အရက်ဟင်းသောက် ဖွန်း (၄) ဖွန်း၊ သဘော်ချင်းခြောက် (၁) ကျပ်သား၊ နနွင်းမှုန့် (၁) ကျပ်သား ရော ဖျော်ပြီး တိုက်ပေးပါ။ အစာကောင်းစွာ စားလာပါမည်။

အဖျားပြတ်စေရန်အတွက် နနွင်း မှုန့်၊ ရှမ်းဆေးခါးရွက်၊ တမာရွက်ရင့်ရင့် (၁)ကျပ်သားစီကို ရေနွေးပြုတ်ကျိုတိုက် ပေးပါ။

အစာကောင်း၊ အစာနုများ ကျွေး ပေးပါ။ အဖျားမပြတ်မချင်း သီးခြားခွဲ ထားပြီး ကုန်းကျ၍ သန့်ရှင်းသော၊ လေ ဝင်လေထွက်ကောင်းသော၊ ခြောက်သွေ့ သောနေရာတွင် ထားပေးပါ။

အထက်ပါအတိုင်း (၃) ရက်မှ တစ်ပတ်ခန့် ဂရုစိုက်ကုသပေးလျှင် တုပ် ကွေးရောဂါ ကင်းရှင်း၍ ကျန်းမာခြင်း ဖြစ်လာပါမည်။

*တိုးတက်ကြီးပွားကြပါစေ*

ပေါက်ပေါက်(နတ်မောက်)

---

တတ်မလဲ"

"မိုက်တဲ့အကောင်ကွာ၊ ကိုယ်ဆို အမဲလိုက်ရင်း အထီး, အမ စုံတွဲမြင်ရင် ပစ်ဘူး။ ကိုယ်ဝန်ဆောင်ကောင်ကို ည်း ဘယ်တော့မှ မပစ်ဘူး။ သတ္တဝါ တွေကို ချမ်းသာခွင့်လေးတော့ပေးဦး ပေါ့။ ဒါနဲ့ အိုက်ပု ဘယ်ရောက်သွား ာလဲ"

"အောက်မှာ အစ်ကိုကြီး။ သူကိုယ် ိုင် ရေထဲဆင်းသယ်နေတယ်။ အ တော်မိုက်တဲ့အကောင်"

ကျွန်တော်တို့လည်း ကမ်းပါးပေါ် မှ အောက်ရေစပ် ကျောက်ဖျာဘက် ဆင်းခဲ့တော့ အိုက်ပုတို့အဖွဲ့က ရေသူမ အား ဆယ်တင်၍ ကျောက်ဖျာပေါ်၌ တ်လက်တင်ထားသည်။ မျက်နှာမှာ လူနှင့်အတော်တူသော်လည်း နဖူးဆံစပ် ၌ ငွေရောင် အကြေးခွံကလေးများ ပါ သည်။ နားရွက်မှာ အထီးလို မရှည်၊ ဝိုင်း ဝိုင်းသေးသေး။ နားပေါက်ကိုဖုံးသော အ သားပိုအရွက်ပြားကလေးပါသည်။ ရေ ငုပ်လျှင် သုံးဟန်တူသည်။ ကျွန်တော် တို့က အိုက်ပုအား ဝိုင်းဝန်းဆူကြပူကြ ဆဲကြတော့ အိုက်ပုက-

"အစ်ကိုကြီးတို့၊ အဲဒါ ရေသူမ မဟုတ်ဘူး ရေဝက်ဗျ။ အလွန် စားလို့ အရသာရှိတာ၊ ဝက်သားအတိုင်းပဲ။ ရခိုင် ဘက်မှာလည်း မကြာခဏရတတ်တယ်။ ကျွန်တော် လေ့လာထားသမျှပြောရရင် ဒီသတ္တဝါဟာ နို့တိုက်သတ္တဝါ။ အင်္ဂလိပ် အခေါ် အဝေါ်နဲ့ (DUGONG) ဒူးခေါင်း လို့ ခေါ်တယ်။ ရခိုင်တွေကတော့ ရေ ဝက်လို့ ခေါ်တယ်။ ငါးအမြီးက ခေါင် လိုက်၊ သူ့အမြီးက အလျားလိုက်နေ တယ်။ နို့တိုက်သတ္တဝါတွေ ထုံးစံအတိုင်း အကြေးခွံမရှိတဲ့ ရင်ဘတ်မှာ အသား ရောင်အမွှေးနုကလေးတွေ ပါတယ်။ သတ္တဝါဆိုတာ လူချွတ်မှ ကျွတ်တာပါ အစ်ကိုကြီးတို့ရာ"

"မင်း မဟုတ်တဲ့ဥပမာတွေနဲ့ ငါ တို့ကို လာမပြောနေနဲ့ အိုက်ပု။ တော သတ္တဝါ၊ ရေသတ္တဝါပဲဖြစ်ဖြစ် သူ့မိသား စုနဲ့ပျော်မြူးနေကြတာ ဘယ်လောက် ချမ်းမြေ့ဖို့ကောင်းသလဲ။ မင်း အရုပ်ဆိုး အောင် ဖျက်ဆီးလိုက်တာပဲ။ မင်းဝင့် လိုက်ပြီး ငရဲကြီးမှာ မကြောက်ဘူးလား"

"ဒါကလည်း ဘုရားရှင်ထံပါးမှာ အာပတ်ဖြေပြီး အာမေလုပ်လိုက်ရင်ပြီး ပါတယ် အစ်ကိုကြီးတို့ရာ။ ကျွန်တော့် အတွက် မပူပါနဲ့"

ကျွန်တော်တို့ စိတ်မကောင်းဖြစ် ပြီး ဆက်၍ တောမလည်ကြတော့ဘဲ ပြန်ခဲ့ကြပါသည်။ အိုက်ပုကတော့ ရေ သူမ ခေါ် ရေဝက်မကို ဖျက်၍ ချက်စား ပြီး ပိုတာကို ရောင်းစားမတဲ့လေ။

ထောင်မှူးကြီးသိန်းဆင်း



www.burmeseclassic.com

www.burmeseclassic.com

မိုးဖြိုင်ဖြိုင်ရွာပြီး ဝါဆိုလောက်ကျမှ မိုးအစိုဓာတ်နှင့် ပေါက်လာသည့် မှိုများဖြစ်၍ 'ဝါဆိုမှို' ဟု ခေါ်ကြတာပါ။ ဒီဝါဆိုမှိုက ဝါဆိုလတစ်လလောက်ပဲ ယခင်ပေါက်နေကျမှိုကျင်းနေရာက ပြန်ပေါက်လာကြတတ်ပါတယ်။ ကျွန်တော်ငယ်ငယ်ကတည်းက ဒီဝါဆိုမှိုကို မိဘတွေချက်ကျွေးလို့ စားဖူးခဲ့တာပါ။ မိဘတွေမရှိတော့ပေမယ့် ယနေ့ထိ စွဲလမ်းစွာ ဝယ်ယူစားသုံးလျက်ပါ။ ဝါဆိုရောက်ရင် ဝါဆိုမှိုတွေနုတ်ပြီး တောရွာဒေသအနီးက ဈေးမှာလာရောင်းကြလေ့ ရှိပါတယ်။ တောင်းကြီးတောင်းငယ်များနဲ့ အပြည့်အသိပ်ကို ဈေးတင်ရောင်းခဲ့ကြရာမှာ အချို့ဝင်ငွေအပိုရတာလည်း အားရစရာပါ။

တက္ကသိုလ်ကျောင်းသားဘဝက လွဲပြီး ဒီဝါဆိုမှို ဝယ်ချက်စားခဲ့တာ ယခုသက်တမ်း (၇၀) ကျော်အထိပါပဲ။ မိုးတွင်း ဝါဆိုရောက်တာနဲ့ ဝါဆိုမှို ကျ, မကျ ဈေးမှာရှာခိုင်း၊ ဝယ်ချက်ခိုင်းခဲ့တာ ယခု မြေးမြစ်များအထိပါပဲ။ ကျွန်တော် ဘာကြောင့် ဒီမှိုကို စွဲလမ်းစွာ စားခဲ့ရပါသလဲ မေးရင် မှို့ရဲ့အရသာက ဘာနဲ့မှ မတူအောင် နှစ်သက် စွဲလမ်းစေနိုင်တဲ့ စွမ်းအားရှိနေလို့ပါလို့ မှတ်ချက်ပေးလိုပါတယ်။

ကျွန်တော်က ဒေသအနှံ့ကိုတော့ မရောက်ဖူးပါဘူး။ နေပြည်တော် ပျဉ်းမနားဒေသ ပတ်ဝန်းကျင်မှာ၊ အထူးသဖြင့် ကျေးလက်ဒေသ တောတောင်တွေထဲမှာ သဘာဝအတိုင်း နှစ်စဉ်နှစ်တိုင်း ရာသီတိုင်း ပေါက်နေကျ မှိုကျင်းကပဲ ပေါက်လေ့ရှိပါတယ်။ အဲဒီ မှိုကျင်းစ, တွေ့သူက မှတ်ထားပြီး ဘယ်သူ့ကိုမှ မပြောဘဲ လျှို့ဝှက်ထားလေ့ရှိကြောင်းလည်း ကြားသိရဖူးပါတယ်။ အချို့ အိမ်သူကိုတောင် အသိမပေး မပြောကြလို့လည်း ဆိုကြပါတယ်။ နှုတ်မလုံလို့ ပေါက်ကြားသွားရင် သူစားကျက်၊ သူ့ဝင်ငွေထိခိုက်နိုင်တာကြောင့်လို့လည်း ဆိုကြပါတယ်။

မှိုကျင်းနေရာက မှိုပေါက်မှု အနည်း, အများ၊ မှိုမျိုးစေ့အနည်း,အများပေါ် မူတည်ပြီး ဝါဆိုရောက်တာနဲ့ ယခင်ပေါက်နေကျရက်အတွင်း မိုးအနည်း၊ အများပေါ် လိုက်၍ စော (၃)ရက်၊ နောက်ကျ (၃) ရက်မှာ မှိုလေးတွေပေါက်လေ့ရှိကြောင်း၊ မှိုမျိုးစေ့အနည်း၊အများပေါ် မူတည်၍ ဝါဆိုမှိုတွေပေါက်လာလိုက်တာ ခဲပျစ်နေတာပဲဟု သိရပါတယ်။ မှို အနည်း၊အများပေါ် မူတည်ပြီ နုတ်ယူဈေးတင်ရောင်းချတော့လည်း ရောင်းအလောက်ရအောင်ရှိသလို မြက်မြက်လေး

# ဝါဆိုမှို

## တေငုဝါ (ပျဉ်းမနား)





www.burmeseclassic.com

www.burmeseclassic.com

တော့ မှိုကျင်းတွေ့ထားသူအတွက် ကြေကိုက်နိုင်တာလည်း အမှန်ပါ။

မိုးကာလ ဝါဆိုလအတွင်းမှာသာ ပေါက်လေ့ရှိသောမှို၊ အထူးသဖြင့် ထူး ခြားတဲ့ နေပြည်တော်ပျဉ်းမနားဒေသ တောတောင်တွေမှာသာ ပေါက်လေ့ရှိ ယခင်က နေပြည်တော် ပျဉ်းမ နားပတ်ဝန်းကျင်မှာ အမြဲပေါက်လေ့ရှိ တယ်။ လွန်ခဲ့တဲ့ (၆)နှစ်ကျော်လောက် က နေပြည်တော်အဖြစ် မြို့နယ်အ ဆောက်အအုံတွေ တည်ဆောက်လာတာနဲ့ မှို ကျင်းတွေပျက်၊ ပျောက်သွားလိုက်တာ ကြောင့် နေပြည်တော်ပျဉ်းမနားသား တွေတော်တို့ ဝလင်အောင် ဝယ်ယူစား သောက်နိုင်ဖို့တောင် အတော်ခက်လာ ခဲ့တယ်။

ဒီနှစ်မှာလည်း ဝါဆိုရောက်တာနဲ့ ဈေးဝယ်သွားလေ့ရှိတဲ့ မြေးမကို ဝါဆို မှိုတွေ့ရ မကျ အမြဲ သတိပေးနေမိပါတယ်။ တစ်ရက်မှာ မှိုတွေ့လို့ ဝယ်လာပါတယ်။ ဝါဆိုမှိုအဖူးလေးများနဲ့ (၉)ပွင့်စည်းတစ် စည်းကို (၅၀၀) ကျပ်တဲ့။ ဈေးတွေတက် သွားလိုက်တာ ဝါဆိုမှိုကလည်း ပေါ်စမှာ ဈေးရတာ အရသာအရှိဆုံးဆိုတော့ မှို ကြိုက်တဲ့ ကျွန်တော်ကလည်း တွေ့တွေ့ ချင်း ပေါက်ဈေးနဲ့ဝယ်ခဲ့ဖို့မှာထားတော့ မြေးမကလည်း ပါသွားတဲ့ အသားဖိုးငွေ အကုန် ဝယ်လာပါရော။ ကန်စွန်းရွက်နဲ့ ကြော်ချက်ခဲ့ပါတယ်။ ကျွန်တော်က အစပ်မစားတော့ မြစ်သားလေးနဲ့ တစ်ပွဲ ခွဲထားပေးပါတယ်။ သူတို့က အစပ်စား နိုင်သူ လူငယ်တွေမို့ အစပ်ထည့်ချက် တဲ့မှိုဟင်းနဲ့ နံနက်စာပြီးခဲ့ပါတယ်။

တစ်နေ့တာ အသားဖိုးနဲ့ မှိုဝယ် လိုက်တာ ဝါဆိုမှို တစ်မနက်စာနဲ့ ကုန် သွားပါရော။ အရသာရှိရှိ မြိန်မြိန်လေး နဲ့ အကြိုက်ဆုံး ဝါဆိုမှိုဟင်း စားခဲ့ရ လို့ ကုန်ပါစေပေါ့။ မှိုဈေးတွေတက်လာ လိုက်တာ ယခင်တုန်းကထက် ဆယ်ဆ လောက်ပိုပေးဝယ်နေရပါတယ်။ မှိုကျင်း တွေ ပျောက်ကုန်လို့ မှိုအပေါက်နည်း တာရယ်၊ နေပြည်တော်ကြီး ဖြစ်လာလို့ လူဦးရေများ၊ စားသုံးသူများလို့လည်း တစ်ပိုင်းပါပါတယ်။ တစ်ချိန်မှာ နေပြည် တော် ပျဉ်းမနားက ဝါဆိုမှိုတွေ ပျောက် ကွယ်သွားတော့မှာလားဆိုတဲ့ စိုးရိမ်စိတ် ဖြစ်မိတာ အမှန်ပါ။ ထို့အပြင် နေပြည် တော် ပျဉ်းမနားက ဝါဆိုမှိုအကြောင်း သိထားသမျှ မှတ်တမ်းသဘောမျိုး အများသိစေလိုသဖြင့် ဒီဆောင်းပါးကို ရေးမိပါတယ်။

**ဝါဆိုမှို၏ပုံသဏ္ဌာန်နှင့်သဘာဝ**


ဝါဆိုမှိုများသည် နေပြည်တော် ပျဉ်းမနားပတ်ဝန်းကျင် ခင်တန်းနှင့် တောတောင်များမှာ မိုးတွင်းအစိုဓာတ် ကောင်းစွာရသည့် ဝါဆိုလအတွင်းမှာ သာ သဘာဝအတိုင်းပေါက်နေကျ မှို ကျင်းနေရာများက မှိုအဖြစ်ပေါက်လာ ကြတာပါ။

**ဝါဆိုမှို၏ပုံသဏ္ဌာန်**


ဝါဆိုမှို၏အသွင်သဏ္ဌာန်မှာ တစ် ပွင့်ချင်းသည် မြက်တံမြက်စည်းတံအလုံး ခန့်အရွယ်ရှိပြီး အလျား လေးလက်မမှ ဆယ်လက်မခန့်အထိ ရှည်၏။ မြေအ တွင်းမှ ထိုးထွက်ပေါက်လာသော မှိုပွင့် တိုင်း မြေပေါ်မှာလက်နှင့်ကိုင်ဆွဲနုတ်၍ ရသောအခါ ဆွဲနုတ်ယူလေ့ရှိပါသည်။

အထူးသဖြင့် မှတ်တမ်းတင်ပါ မှိုပွင့်များ မပွင့်ခင်မှာ နုတ်ယူလေ့ရှိကြပါ၏။ မြေဆွ လျှင်၊ မြေအစိုဓာတ်ကောင်းလျှင် နုတ်ရ လွယ်ပြီး မြေကျပ်ပြီး အစိုဓာတ်နည်း လျှင် နုတ်ရခက်လေ့ရှိ၏။ နုတ်ရလွယ် လျှင် မှိုပွင့်အရင်းခြေမှ တစ်ပွင့်လုံးပါ လာတတ်၏။အဆင်မပြေက ပြတ်ထွက် ပါလာတတ်၏။

ရလာသော မှိုပွင့်များကို ရေနှင့် ပြောင်အောင် ဆေးကြော၍ ရေစစ်ပြီး ပုံပါအတိုင်း ဝါးနှီးပြားလေးများနှင့် (၃) ပွင့်တစ်တွဲ (အဆင်ပြေသလို) အနည်း ဆုံး အဖျားပိုင်းနှင့်အရင်းပိုင်း (၂) နေရာ မှာ စည်းနှောင်လေ့ရှိပါ၏။ မှိုပွင့်များကို မိသားစု ဝိုင်းစည်းကြ၏။ စားသုံးသူများ က မှိုကို မပွင့်ခင် ချက်ပြုတ်စားရတာ ကို ပိုကြိုက်ကြ၏။စားသုံးရာမှာ ထူးခြား



ဝါဆိုမှို အစည်းတွဲများ



ဝါဆိုမှို အနီးကပ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

သော အရသာတစ်မျိုး ထူးခြားစွာရ၍ ဝါဆိုမှိုအား မပွင့်ခင်အဆင့်ကို ဈေးပေး ဝယ်လေ့ရှိကြ၏။ ပွင့်နေသော သို့မဟုတ် ပွင့်စပြုနေသောမှိုကို အများစု မကြိုက်ကြပေ။ ပေါက်ဈေးတန်ဖိုးလည်း နိမ့်၏။

အကြောင်းအမျိုးမျိုးကြောင့် မှိုကျင်းမှ နုတ်ယူရာတွင် နောက်ကျလျှင် သို့မဟုတ် နုတ်ယူပြီး (၃) ရက်ခန့်ကြာလျှင် မှိုတိုင်း ပွင့်အာလာတတ်၏။ ဓာတ်ပုံမှတ်တမ်းဖြင့် ဖော်ပြထားပါသည်။

**ချက်ပြုတ်စားသောက်ပုံ**

ဝါဆိုမှိုများကို စင်ကြယ်အောင် ဆေးကြောပြီး တစ်ပင်ချင်း မှိုရိုး အပါအဝင် တစ်လက်မခန့်အရွယ်လေးများ ရအောင် ဖဲ့ယူဖြတ်တောက်ကြ၏။ ဖဲ့ယူဖြတ်တောက်ရာတွင် ဓားနှင့်လည်း ဖြတ်ကြ၏။ မှိုပွင့်၊ မှိုရိုးလေးတိုင်း တင်းတင်းရင်းရင်းနှင့် ချောမွတ်ကြ၏။ လက်နှင့်ပွတ်ခြေလည်း အလွယ်နှင့် ကြေမသွားတတ်။ အချို့က မှိုခေါင်းလေးများကို အလယ်မှခွဲချက်ကြ၏။ အချို့က မှိုပွင့်အတိုင်းချက်ကြ၏။ အချို့က နနွင်းမှုန့်အနည်းငယ်နှင့် ကြက်သွန်ဖြူထောင်း၍ ဆားအသင့်အတင့် ထည့်နယ်ကြ၏။ များသောအားဖြင့် ချင်းကို မသုံးကြပေ။

ကြက်သွန်နီအသင့်အတင့်နှင့်ချက်မည့်မှိုများကို ဦးစွာ ဆီသတ်ကြ၏။ ဆီသတ်စဉ် မှိုမှ အရည်များထွက်လာကြ၏။ ထိုအရည်များနှင့်ဆက်၍လုံးပြီး ရေအသင့်အတင့်ကျန်မှ နောက်ထပ် ရေထည့်ကြ၏။ ရေကိုတော့ လိုသလောက်ချင့်ချိန်ထည့်ကြ၏။ ရေနွေးကြိမ်လောက် ထည့်ပြီး မြည်းကြည့်ပါက အရည်က ဟင်းခတ်မှုန့်လွတ် ချိုလှ၏။ မှိုလေးတွေကို ကိုက်ဝါးလျှင် ဆေးပိုင်း၍အရသာရှိ၏။ ကျွန်တော့်မိသားစုကတော့ ကန်စွန်းရွက်ကို ကြိုတင်၍ ဖဲ့ယူရေဆေးထား၏။ ထိုမှိုဟင်းမှာ လိုအပ်သလောက် အရည်ကျန်ပြီး မှိုလည်းကျက်လာသည့်အခါ ကန်စွန်းရွက်ကို မှိုဟင်းပေါ်ကအုပ်၍မွှေပေးပြီး အဖုံးဖုံးထားရသည်။ တစ်ပွက်လောက်ဆူလာပြီးနောက် ပူပူနွေးနွေး စားလျှင် အလွန်အရသာရှိ၏။ အချို့က အစပ်ထည့်စားကြ၏။ ပန်းကန်ထဲ မှိုဟင်းထည့်ပြီး အချို့က သံပရာရည်ညှစ်စား၏။

ဖျဉ်းမနားက ဝါဆိုမှိုဟု အမည်တပ် ဆောင်းပါးရေးမိသော်လည်း အခြားဒေသများမှာ ရှိ မရှိ တိကျစွာ ဖော်ပြနိုင်စွမ်း မရှိပါ။ မှိုနှင့်ပတ်သက်လျှင် နေပြည်တော် ဖျဉ်းမနားမှာရှိသော ဝါဆိုမှို အပါအဝင် အခြားသောသဘာဝအတိုင်း ပေါက်သော စားကောင်းသည့် မှိုများ အကြောင်းကိုလည်း ပူးတွဲ ရေးသား ဖော်ပြမိပါသည်။ လက်တစ်ကမ်းမှာရှိသော ဒေသထွက် သဘာဝမှိုများ၊ ကိုယ်တိုင်စားသုံးဖူးသည့်မှိုများအကြောင်းကိုလည်း အကျဉ်းမျှ ဖော်ပြလိုပါသည်။

(က) မှိုဖြူ သို့မဟုတ် မြင်းတစ်ပြေးမှို
(ခ) ငှက်စိုစာမှို
(ဂ) ကောက်ရိုးမှို
(ဃ) ဝါးရင်းမှို

အထက်ဖော်ပြပါ မှိုများသည်လည်း နေပြည်တော် ဖျဉ်းမနားဒေသ ပတ်ဝန်းကျင်တွင် မိုးတွင်းကာလမှာ သန့်ရှင်းပြီး မြေဆီကောင်းသောနေရာများတွင် ပေါက်လာလေ့ရှိပါသည်။ အထူးသဖြင့် ဝါခေါင်၊ တော်သလင်းလများအတွင်း ယခင်ပေါက်နေကျ မှိုကျင်းနေရာများတွင် ပြန်လည် ပေါက်လာလေ့ရှိပါသည်။ နောက် မိုးကောင်းပါက သီတင်းကျွတ်၊ တန်ဆောင်မုန်းလများအထိ ပေါက်လေ့ရှိပါသည်။

အထူးသဖြင့် ခြတောင်ပို့များရှိတတ်သောနေရာများနှင့် မြေဆီကောင်းပြီး သန့်ပြန့်သောနေရာမျိုးမှာ ပေါက်လေ့ရှိပါသည်။ မှိုဖြူများမှာ အာဟာရကောင်းပါက ဘယ်၊ ညာ လက်ညှိုး၊ လက်မဝိုင်း အရွယ်ခန့်ထိ ကြီးကြ၏။ မှိုဖြူများကို အထူးသဖြင့် မှိုပွင့်စ သို့မဟုတ် မှိုပွင့်လာမှ ခူးယူ နုတ်ယူလေ့ရှိကြပါ၏။

ရိုးတံပါ မှိုတစ်ပွင့်၏ အမြင့်သည် လေး၊ ငါးလက်မခန့်အထိရှိသည်။ ပွင့်လာသည့်အခါ အဝေးကကြည့်လျှင် မှိုရိုးတံနှင့် မှိုပွင့် ဘေးပတ်လည်ဖြူဖွေးနေ၍ မှိုဖြူဟုခေါ်ကြသလို အချို့နေရာမျိုးမှာ ဥပမာ ဥယျာဉ်ခင်တန်းတစ်လျှောက် နေရာအနှံ့ပေါက်တတ်၍ မြင်းတစ်ပြေးမှိုဟုလည်း ခေါ်ကြပါ၏။

**မှိုရသည့်မျက်နှာ**

မှိုရသည့်မျက်နှာဟု ခေါ်ဆိုလေ့ရှိတာကို ကိုယ်တိုင် ဒီမှိုဖြူများကို (၂)ကြိမ် နုတ်ရစဉ်က ကိုယ်တိုင် ခံစားခဲ့ဖူးပါ၏။ ကျွန်တော်၏ ဇာတိ ယောက်သွားအင်းရွာဘေးရှိ ငါးလိုက်ချောင်းတစ်ဖက်ကမ်းမှာ ဘိုးဘွားပိုင်ဥယျာဉ်တစ်ခု ရှိပါသည်။ သီတင်းကျွတ်ကာလတစ်ရက်မှာ အိမ်က နွားတစ်ရှဉ်းကို အစ်ကိုကြီးနှင့်အတူ ထိုဥယျာဉ်ဘေး ခင်တန်းရိုးတစ်လျှောက် နွားကျောင်းခဲ့စဉ်က မှိုဖြူကျင်းမှာ ဖြူဖွေးနေအောင်ပွင့်နေတာ တွေ့ရတော့ ညီအစ်ကိုနှစ်ယောက် ဝိုင်းနုတ်ခဲ့ကြပါသည်။

ကျွန်တော်က (၁၀) နှစ်သား၊ အစ်ကိုကြီးက လူပျိုရွယ်။ ကျွန်တော်က လုနုတ်သလို အစ်ကိုကြီးကလည်း လုနုတ်လိုက်ကြတာ အချို့မှိုပွင့်ကျိုးပဲ့သွားကြ အလွန်လည်း ပျော်မြူးခဲ့ပါသည်။ စိတ်မထိန်းနိုင်ဘဲ ကျွန်တော်က လုနုတ်နေတော့ အစ်ကိုဖြစ်သူက ငေါက်ပါလေရော။ မှိုနုတ်နေရင်း ပတ်ဝန်းကျင်ကိုလည်း မပြတ်အောင် လှည့်ပတ်ကြည့်နေတာ တွေ့ရပါ၏။ အခြားကလူတွေ မြင်သွားသိသွားမှာရယ်၊ နီးလာလျှင် လုနုတ်ယူမှာ စိုးရိမ်လို့ပါ။ အဲဒီတုန်းက နုတ်ယူလို့ရတဲ့မှိုတွေကို အစ်ကိုကြီးရဲ့ အင်္ကျီချွတ်ပြီး ကြယ်သီးတွေတွယ်ကာ အထဲမှာ ထည့်ယူလာရတာ အပြည့်ပါပဲ။ အဲဒီတုန်းက မှိုရတဲ့မျက်နှာဆိုတာကို ငယ်သေးတော့ အတိအကျ မခွဲခြားနိုင်ပေမယ့် အလွန် ဝမ်းသာ ပျော်မြူးခဲ့ရတာ အမှန်ပါပဲ။

ဒုတိယအကြိမ်ကတော့ ကျွန်တော့် ဝါသနာအရ လေသေနတ်တစ်လက်နှင့်ငှက်ပစ်ထွက်စဉ်က အိုင်စောက်ရွာဥယျာဉ်တစ်ခု သရက်အုပ်ရိုးတန်းတစ်လျှောက်မှာ မှိုဖြူများပေါက်နေတာ တွေ့ရလို့နုတ်ရတဲ့အချိန်က ဖြစ်ပါသည်။ သစ်ပင်တွေပေါ်မှာ ခိုနားနေတဲ့ ချိုးငှက်တွေကိုချောင်းရင်း အောက်မှာ မှိုတွေကို တွေ့လိုက်ရတော့ ပတ်ဝန်းကျင်ကို လူရှိ မရှိကြည့်ပြီး သေနတ်ကို ဘေးချ မှိုပွင့်တွေ ကုန်းနုတ်မိပါရော။ ဝမ်းသာပျော်မြူးခဲ့ရတဲ့ အရသာကြောင့် မှိုနုတ်နေရင်း မှိုရတဲ့မျက်နှာ ဆိုတာကို သဘောပေါက်မိခဲ့ပါတယ်။

အချို့က မှိုဖြူအပွင့်၏ ထိပ်အလယ်တည့်တည့်မှာ အနက်ရောင်သန်းနေတာကြောင့် မှိုဦးနက်ဟုလည်း ခေါ်ကြပါသည်။

**ငှက်စိုစာမှို**

ငှက်စိုစာမှိုများကလည်း မှိုဖြူများကဲ့သို့ သန့်ပြန့်သန့်ရှင်းနေသော နေရာမျိုးမှာသာ ပေါက်လေ့ရှိပါ၏။ မှိုဖြူနှင့် အလွန်ဆင်သည်။ စားသုံးရာမှာလည်း အရသာတူပါ၏။ အလွန်အရသာရှိပါသည်။ မြေဆီဩဇာကောင်းပါက အသေးဆုံးမှိုဖြူခန့်ရှိပြီး အကြီးဆုံးထမင်းပန်းကန်ခန့်အထိ ကြီးပါသည်။ အချို့



www.burmeseclassic.com

www.burmeseclassic.com

ပွင့်တည်းနှင့် တစ်ခါချက်လောက် စားရတတ်ပါသည်။ ငှက်စိုစာမှိုများသည် ယခင်ပေါက်နေကျ နေရာမျိုးမှာပင် ပေါက်တတ်သော်လည်း အပွင့်ရေနည်းနည်းပဲပေါက်တတ်ပါ၏။

**ကောက်ရိုးမှိုနှင့်ဝါးရင်းမှို**

မိုးတွင်းကာလမှာ မိုးအစိုဓာတ်ရ၍ ကောက်ရိုးပုံအဆွေးများဘေးတွင် သဘာဝအတိုင်း ပေါက်လာသော သဘာဝ ကောက်ရိုးမှိုများကို ဆိုလိုပါ၏။ ကောက်ရိုးမျှင်များနှင့်ပါလာသော ကောက်ကျန်စပါးအတွင်းရှိ ဆန်စေ့များမှ မှိုပေါက်ပြီးပေါ်လာတတ်သော သဘာဝ ကောက်ရိုးမှိုများပါ။ မှိုမျိုးလည်းများမည်၊ အစိုဓာတ်လည်းကောင်းမည်ဆိုပါက ထို သဘာဝ ကောက်ရိုးမှိုများ ပေါက်လာကြသည့်အခါ တောင်းကြီးတောင်းငယ်များနှင့် ခူးယူရနိုင်ပါ၏။ ကောက်ရိုးမှိုများကို ကျေးလက်ဒေသများမှ သန့်ပြန့်သောနေရာများမှာပုံထားသည့် ကောက်ရိုးပုံများတွင် မကြာမကြာ မှိုပေါက်လာတတ်သည်။ မှိုများများထွက်လျှင် ရောင်း၍ အပိုဝင်ငွေ ရနိုင်သလို မှိုနည်းနည်းဆိုတော့လည်း မိသားစု ဝလင်အောင် စားရ၏။ ဝါးရင်းမှိုက ဝါးရုံများအခြေမှာ ပေါက်တတ်၏။

သဘာဝမှိုများ၏အရသာကို မည်သည့်မွေးမြူရေးမှိုများမှ မမီပါ။ ဒါပေမည့် သဘာဝမှိုများနှင့် လွဲမှားတတ်သည့် အဆိပ်အတောက်ရှိသည့်မှိုများလည်း ပေါက်တတ်ပါ၏။ အချို့မှိုများက မိုးတွင်းကာလမှာကိုပဲ သဘာဝအတိုင်း ပေါက်တတ်သလို အဆိပ်အတောက်ပါဝင်တတ်သည့် အဆိပ်အတောက်ဖြစ်စေနိုင်သည့် ဆင်တူယိုးမှားမှိုများလည်း ရှိနေပါ၏။ မှိုတောက်၍ ဆေးရုံတက်ကုသရသည့်အပြင် အချို့အသက်အန္တရာယ်အထိ ကြုံတွေ့ရတတ်တာမျိုးလည်းရှိနေပါ၏။

**စားကောင်းသောမှိုနှင့်**
**မစားကောင်းသော မှို**

သဘာဝအတိုင်းပေါက်သော မှိုများစွာရှိနေသည့်အထဲတွင် အဆိပ်အတောက်ကင်းသော မြက်ကျားမှိုများမှသည် မှိုဥများအထိ ရှိနေပါသည်။ ထို့အတူ အဆိပ်အတောက်ပြင်းရုံမက စားကောင်းသောမှိုများစွာလည်း ရှိနေပါ၏။ ထို့အပြင် စားကောင်းသောမှိုများနှင့် ဆင်တူယိုးမှားမှိုများလည်း ရှိနေပါ၏။ စားကောင်းသောမှိုများနှင့် အလွန်ဆင်ပါ၏။ အတော်သတိထားပါက အဆင်ပြေနိုင်ပါသည်။ အစားမတော် တစ်လုတ်တဲ့။

**စားကောင်းသောမှိုနှင့် မစားကောင်းသော မှိုခွဲခြားနည်း**

ခိုင်လုံ တိကျသော ခွဲခြားနည်းဟု မဆိုလိုသော်လည်း စားဖူးသည့်မှိုကို သတိနှင့် စူးစမ်းလေ့လာပြီး အနံ့ အပါအဝင် ပုံသဏ္ဌာန်၊ မှိုပွင့်၏အနေအထား၊ ပေါက်ရောက်လေ့ရှိသောနေရာ အပါအဝင် မှတ်သားထားလျှင် ဘေးမတွေ့နိုင်ဘူးလို့ ယုံကြည်ပါသည်။

စားကောင်းသည့်မှိုတွေက သန့်ပြန့်သန့်ရှင်းတဲ့နေရာမျိုးမှာသာ ပေါက်တတ်ပါသည်။ တင်းတင်းရင်းရင်း ကျစ်လျစ်စွာရှိတတ်ပါသည်။ အညီနံ့နည်းပြီး သဘာဝမှိုနံ့ရတတ်ပါသည်။ သာမန်ထိကိုင်ရုံနှင့်ပဲ့မသွားတတ်ပါ။

မစားကောင်းတဲ့မှိုတွေက မသန့်ရှင်းသောနေရာမျိုးများမှာ အများစုပေါက်တတ်၏။ သာမန်ထက် ပို၍ ဖြူဖွေးနေတတ်၏။ ပွရောင်းရောင်းနှင့် မြင်ရုံဖြင့်သိသာ၏။ မှိုပွင့်ပေါ်မှာ ယေဘုယျအားဖြင့် အဖတ်ကလေးများကွာ၍ လန်နေတတ်၏။ ချောမွေ့မှုမရှိပေ။ ထိရုံနှင့်ကြေမွသွားတတ်သလို အနံ့ပြင်းသော အညီနံ့ရတတ်၏။ အရိုး၊ အပွင့်များ ပွရောင်းပြီး မှိုရိုးအလယ်လောက်မှာ ပတ်လည်ပတ်ထားသော မှိုခြေချင်းတစ်ခု အမြဲပါတတ်၏။

အချို့က မစားကောင်းသော မှိုပွင့်ပေါ် ဆား၊ နနွင်းမှုန့် တင်ကြည့်လျှင် မည်းသွားတတ်သည်ဟုလည်း ဆိုကြ၏။ စားကောင်းသောမှိုချက်လျှင် ကန်စွန်းရွက်အုပ်စားလျှင် အဆိပ်ပြေသည်ဟု အယူအဆရှိ၏။ ကျွန်တော်တို့မိသားစုလည်း မှိုချက်သည့်အခါတိုင်း မဖြစ်မနေ ကန်စွန်းရွက်ထည့်ချက်သည်မှာ ယနေ့အထိပင်။

**ဆင်တူယိုးမှား အဆိပ်အတောက်ပါသည့် မှိုချက်စားမိ၍ မှိုတောက်၊ ဘေးသင့်ပုံ**

ကျွန်တော်နှင့်ငယ်ပေါင်းမိတ်ဆွေကြီး အလွန်တိကျသေချာသော ဦးထွန်းအောင်ဝေမိသားစုမှာ ဆင်တူယိုးမှားမှိုကို နုတ်ယူချက်စားမိလို့ တစ်အိမ်သားလုံး မှိုတောက်ပြီး ဆေးရုံတက် ကုသခံရပုံကို ပြန်လည် အသိပေးလိုပါသည်။ သူက တောမှာနေခဲ့သလို မှိုနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိထားသူပါ။ သူသမီးရဲ့အိမ်ဝိုင်းခြံစည်းရိုးဘေးမှပေါက်လာသော မှိုပွင့်များကို သူကိုယ်တိုင် နုတ်ယူခဲ့တာပါ။ မှိုဖြူမှိုပွင့်များ ထင်ခဲ့လို့ပါ။ သမီးက ကိုယ်ဝန်အရင့်အမာနှင့် အိုးခွဲ၊ သူတို့အိမ်မှာချက်စားဖို့လည်း မှိုပွင့်ထားခဲ့၏။ သူ့အိမ်ရှိရာကိုလည်း ယူလာခဲ့၏။ ယခင် မှိုချက်စားလေ့ရှိတဲ့အတိုင်း မိသားစုအားလုံး ညစာချက်စားခဲ့ကြလေသည်။

မှိုဟင်းစားပြီး မိနစ်ပိုင်းအတွင်းမှာပဲ မူးဝေအန်လိုက်ကြတာ အားလုံး ဆေးရုံတက်ရပါလေရော။ ကိုယ်ခံစွမ်းအားကောင်းပြီး မှိုဟင်းနည်းနည်းပဲ စားသူအချို့ အမြန်သက်သာလာသော်လည်း အချို့အတော်ခံရ၏။ ကိုယ်ဝန်ရှိသူသမီးက အဆိုးဆုံး။ သတိလစ်မေ့မြောနေသလို အထဲမှ ကလေးပါ ဆုံးရှုံးသွား၏။ ဆရာဝန်၊ ဆရာမများ ၏ ကြပ်မတ်ကုသပေးမှုကြောင့် အသက်ဘေးမှလွတ်ကင်းခဲ့ရ၏။ ဒါပေမယ့် သူမခမျာ လေဖြန်းသွားခဲ့၏။ ဖခင်ကိုယ်တိုင် လမ်းတွဲလျှောက်လေ့ကျင့်ပေးခဲ့ရတာ နှစ်နှင့်ချီကြာခဲ့ပါသည်။

ဦးထွန်းအောင်ဝေတို့မိသားစု မှိုတောက်ခဲ့ပြီးသည့်နောက် ကျွန်တော်တစ်ယောက် နေပြည်တော် ပျဉ်းမနားမှ ဝါဆိုမှိုကလွဲပြီး အခြားမှိုများကို လုံးဝ မစားတော့တာ ယနေ့အထိပါပဲ။ ယနေ့ မွေးမြူရေးမှို သို့မဟုတ် စိုက်ပျိုးရေးမှို သို့မဟုတ် အများအခေါ် ကောက်ရိုးမှိုကိုတောင် မစားတော့ပါပေ။ စာစုရှည်မှာစိုး၍ ဘာကြောင့် စိုက်ပျိုးရေးမှိုကို မစားကြောင်းယူဆချက် မဖော်ပြလိုတော့ပါ။

ဒါပေမယ့် မှိုနှင့်တွဲမစားသင့်သော အစားအစာများနှင့်ပတ်သက်၍လေ့လာသိထားသမျှကို ဖော်ပြလိုက်ပါသည်။

(က) လယ်ကဏန်းနှင့် မှို တွဲစားကသေတတ်၏။

(ခ) ငှက်ပျောသီးနှင့်မှို တွဲစားကသေတတ်၏။

(ဂ) ဖားသားနှင့်မှို တွဲစားက သေတတ်၏။

ပညာရှင်တစ်ဦး၏သုတေသနပြုရေးသား ဖော်ပြချက်မျိုး မဟုတ်ပါ။ ဝါသနာရှင်တစ်ဦး၏လေ့လာသိရှိထားသမျှ ဖော်ပြချက်သာ ဖြစ်ပါ၏။

စောငုဝါ(ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com

လောကကြီးမှာ အဖြစ်အပျက်အပြောင်းအလဲတွေက အလွန်ကို မြန်ဆန်လွန်းလှတယ်။ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာကို ဘယ်သူမှအတိအကျမပြောနိုင်ပါဘူး။ ယနေ့ သန်းကြွယ်သူဌေးကြီးဘဝ၊ မနက်ဖြန်မှာ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ကုန်းကောက်စရာမရှိတဲ့ဘဝကိုရောက်သွားတတ်သလို ယနေ့သူတောင်းစား၊ မနက်ဖြန် သူဌေးသားဖြစ်သွားတာတွေလည်း လောကမှာတွေမြင်နေကြရတာပဲလေ။ ဒီတော့ မမြင်မတွေ့နိုင်တဲ့ ကံတရားဆိုတာ သိပ်ကိုကြောက်စရာကောင်းပါတယ်။

လူတွေလည်း မနက်ဖြန်မှာ ငါဘာလုပ်မယ်ဆိုတဲ့အစီအစဉ်တွေနဲ့ ရည်ရွယ်ချက်တွေနဲ့ ထားရှိခဲ့ပေမယ့် ဖြုန်းခနဲဆို သေမင်းခေါ်ရာနောက်ကိုလိုက်သွားခဲ့ရတဲ့သူတွေ အများကြီးပါ။ ကံတရားဆိုတာကို ငယ်ငယ်ကတည်းက ကြားဖူးနားဝရှိလို့ လူကြီးသူမတွေပြောလို့ သိရှိထားပေမယ့် တိတိပပ လက်ခံထားတာမျိုးတော့ မဟုတ်ပါဘူး။ ကိုယ့်လက်ပူမှ ပူမှန်းသိ ဆိုတာလို ကံတရားရဲ့ ပဥ္စလက်လှည့်ကွက်ကို ကောင်းကောင်းကြီး ကိုယ်တိုင်ကြုံတွေ့လိုက်ရမှ နားလည်သဘောပေါက်သွားတယ်။ ပြီးတော့ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးဟာ အင်မတန် ဆည်းကပ် ကိုးကွယ်ထိုက်တယ်ဆိုတာ လုံးဝ ယုံကြည်လက်ခံသွားတယ်။

ဒါကြောင့်လည်း ယနေ့အချိန်မှာ ဦးဝိသုဒ္ဓ ဆိုတဲ့ ဘွဲ့အမည်နဲ့ သာသနာ့ဘောင်မှာ တည်ငြိမ်အေးချမ်းစွာ နေလာခဲ့တာပဲ။ အခုဆိုရင် ရဟန်းသိက္ခာ (၄) ဝါ ရခဲ့ပါပြီ။ သာသနာ့ဘောင်မှာ ရဟန်းတစ်ပါးရယ်လို့ ဖြစ်လာရင် ဂန္ထဓူရဆိုတဲ့ စာသင်၊ စာချ၊ တရားဟောစတဲ့ အလုပ်နဲ့ ဝိပဿနာဓူရဆိုတဲ့ မဂ်၊ ဖိုလ် ရရာရကြောင်း ဝိပဿနာအလုပ်ရယ်လို့ ရှိတယ်မဟုတ်လား။ တစ်ခုခုကိုတော့ လုပ်ရမှာပေါ့။ ဒီလုပ်ငန်းနှစ်ခုမှာ နှစ်ခုစလုံးလုပ်နိုင်ရင် ကောင်းတယ်။ ဒါပေမယ့် ကျုပ်က ငယ်ငယ်ကတည်းက ဉာဏ်ထုံထိုင်းတယ်။ ပြီးတော့ ဘဝပေးအခြေအနေမကောင်းတော့ အတန်းပညာကို မသင်နိုင်ခဲ့ဘူး။ သုံးတန်းလောက်သာ သင်ခဲ့ဖူးတာ။ ဒီတော့ ပရိယတ်စာပေတွေကို သင်ယူဖို့ မလွယ်ကူဘူးလေ။ ဒါကြောင့် ကျုပ် ဆရာတော့်ဆီမှာ ဝိနည်းလေးဘာလေးအနည်းငယ်သင်၊ သင်တယ်ဆိုတာ ဆရာတော်က နှုတ်ကနေ သင်ပေးတာလောက်ပါပဲ။ ဝိပဿနာရှုပွားပုံကိုတော့ ဆရာတော်ရဲ့ ညွှန်ကြားချက်အတိုင်း အားထုတ်တာပေါ့။

ကျုပ် ဆွမ်းခံကြွတဲ့ အိမ်တွေက ဒကာ၊ ဒကာမတွေက ပြောကြတယ်။

"ဦးပဥ္စင်းကို ဖူးမြင်ရတာ တပည့်တော်တို့ ရင်ထဲမှာ အေးချမ်းသွားတာပဲ။ ဦးပဥ္စင်းဟာ အရမ်းကို တည်ငြိမ်အေးဆေးတာပဲ။ အားကျလိုက်တာ ဦးပဥ္စင်းရယ်" တဲ့။

ဘယ်အရာမဆို အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တာချည်းပါပဲ။ ကျုပ် အေးဆေး တည်ငြိမ်တယ်ဆိုတာ ကျုပ်မှာလည်း အကြောင်းတရားတွေရှိ လို့ပေါ့။ ဘဝဆိုတာကို စိတ်ကုန်နေလို့ ပါလို့ပြောရင် ပိုမှန်လိမ့်မယ်။

တကယ်တော့ ဘဝဆိုတာကြောက် ဖို့ကောင်းပါတယ်။ ဘာဖြစ်လို့လဲ၊ ဘဝ ရှိရင် ဇာတိ ရှိမယ်၊ ဇာတိရှိရင် ဇရာရှိ မယ်၊ ဇရာရှိရင် ဗျာဓိဆိုတဲ့ နာမှုရှိမယ်၊ ဗျာဓိရှိရင် မရဏဆိုတဲ့ သေခြင်းရှိမယ်။ ဒီတော့ ဘဝရှိရင် သေခြင်းဆိုတာရှိနေ မှာပဲ။ သေခြင်းတရားဆိုတာကြီးကို ကျုပ် အရမ်းကြောက်နေပြီပေါ့။ ဒါကြောင့် ကျုပ်လောကကြီးကို စိတ်ကုန်နေတာပါ။ လောကကြီးထဲကလွန်မြောက်ချင်နေပြီ။ လောကကြီးထဲကနေ လွန်မြောက်တဲ့ လောကုတ္တရာတရားကို ကျုပ်ရှာဖွေနေ တယ်။

လောကုတ္တရာ ဆိုတာ လောက ဥတ္တရ နှစ်ခုပေါင်းထားတာပါ။ ဥတ္တရ





www.burmeseclassic.com

www.burmeseclassic.com

ဆိုတာက လွတ်မြောက်ခြင်းပေါ့။ ဒါကြောင့် လောကုတ္တရာဆိုတာ လောကကြီးထဲက လွန်မြောက်တဲ့ တရားပေါ့။ အဲဒါဝိပဿနာတရားပဲ။

ဟုတ်တယ်၊ ကျုပ်လောကကြီးထဲက တကယ့်ကိုပဲ လွန်မြောက်ချင်ပါပြီ။ အဲဒါကြောင့်လည်း ဆွမ်းခံကြွတဲ့အခါကော၊ ဒကာမတွေနဲ့ ဘယ်လောက်ပဲ ရင်းနှီးတဲ့သူဖြစ်ဖြစ် လိုသည်ထက် ပိုမပြောချင်ဘူး။ ထင်ချင်သလိုထင်ကြပါစေတော့။ လူဆိုတာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲလေ။ ကျုပ်ရဲ့အကြောင်းက ကောင်းခဲ့တာမှ မဟုတ်တာ။ သေခြင်းတရားဆိုတာကြီးကို သိပ်ကိုသိပ်ကို ရွံမုန်းနေမိတယ်။ မကြောက်ဘယ်ခံနိုင်မလဲ၊ ကျုပ်မျက်စိရှေ့မှာ ကျုပ်အမေသေခဲ့ရတယ်။ တစ်ပြိုင်နက်ထဲမှာပဲ ကျုပ်ချစ်ရတဲ့ ချစ်သူရော အခြားသူတွေပါ သေပွဲဝင်ခဲ့ရတော့ မကြောက်ဘဲနေမလား။ ဒါကြောင့် သေခြင်းတရားကို ကြောက်ရွံ့မိတဲ့အတွက် မအိုရာ၊ မနာရာ၊ မသေရာနေရာကို ကျုပ်ကြိုးစားရှာဖွေနေတာပေါ့။ ဒါပေမယ့် အတိတ်က ရင်နင့်စရာဖြစ်ရပ်ဆိုးတွေက အာရုံထဲကို မဖိတ်ခေါ်ဘဲ ရောက်ရောက်လာတယ်။ ကျုပ်ဒီဘဝဒီအခြေအနေကိုရောက်လာခဲ့ရတဲ့အကြောင်းကိုအကျဉ်းချုံးပြီး ပြောပြမယ်ဗျာ။

❑

ကျုပ်နာမည်က သာဒင်။ သာဒင်ကို ဘာထင်လို့လဲ၊ စိန်ခေါ် ရင် တိမ်ပေါ် အထိလိုက်မယ့်လူစားမျိုး။ အဆိုးတကာ့ ထိပ်ခေါင်၊ အမိုက်တကာတို့ရဲ့ဘုရင် သာဒင်ကို ဘာထင်လို့လဲ။ လူမရွေးနယ်မရွေးဘဲ။ ကျုပ်တို့ တစ်ရွာလုံးမကဘူး၊ ပတ်ဝန်းကျင်ရွာတွေကပါ ကျုပ်ဆိုလှန်ကြည့်ဝံ့ကြတာမဟုတ်ဘူး။

ကျုပ်တို့ရွာက ရွာကြီးတော့မဟုတ်ပါဘူးလေ။ အိမ်ခြေ (၈၀) လူဦးရေ (၃၀၀) ကျော်လောက်ပဲရှိတဲ့ လပွတ္တာအပိုင်ထဲက 'မနိုပုတ်' ဆိုတဲ့ ရွာလေးပါ။ ကျုပ်က အမေတစ်ခုသားတစ်ခုအဖေက ကျုပ်တစ်နှစ်သားလောက်မှာ ပင်လယ်ငါးဖမ်းစက်လှေလိုက်ရင်း တံအကြောင်းမလှတော့လည်း မုန်တိုင်းမိပြီး ပင်လယ်ထဲမှာပဲ အဖေအသက်ပျောက်ခဲ့ရတယ်။ ဒီတော့လည်း အမေဟာ လူလားမမြောက်သေးတဲ့ လူမမည်ကလေးကို ကြံရာကျပန်းလုပ်ရင်း လောကဓံမုန်တိုင်းကြားမှာ မြုပ်ချည်တစ်ခါပေါ် ချည်တစ်လှည့်နဲ့ ကြံ့ကြံ့ခံလို့ရင်ဆိုင်ဖြတ်ကျော်ခဲ့တယ်။ အမေက အရွယ်ရှိသေးတော့ အမေ့ကို လိုလားကြတဲ့သူတွေအများကြီးပဲ။ လူပျိုတွေလည်းပါရဲ့၊ မုဆိုးဖိုလူအိုတွေလည်းပါရဲ့။ ဒါပေမယ့် အမေက စိတ်မဝင်စားခဲ့ပါဘူး။ စိတ်ဝင်စားတာထက် လူမမည်သားလေး ကျုပ်အတွက်ကိုပဲ ကြည့်ခဲ့တယ်လို့ပြောရင် ပိုမှန်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့





www.burmeseclassic.com

www.burmeseclassic.com

အမေဟာ တစ်ပင်လဲလို့ တစ်ပင်ထူပြီး နောက်အိမ်ထောင်ပြုခဲ့ရင် သားလေးဟာ ပထွေးကို အဖေခေါ်ရတော့မယ်။ ပထွေးဆိုတဲ့ စကားကို အမေဟာ လေသံတောင်ကြားချင်တော့တာမဟုတ်ဘူး။ အမေ့မှာလည်း ပထွေးဆိုတဲ့ ခံစားချက်တွေရှိနေခဲ့တယ်လေ။

အမေဟာ ပထွေးနဲ့ နေလာခဲ့ရတာ။ ပထွေးကလည်း အရက်သမား၊ မူးလာရင် သွေးအရမ်းဆိုးတယ်။ အမေ့အသက်(၁၃)နှစ်လောက်မှာပဲ ပထွေးကဇာတိပြလာတယ်။ ဒီတော့ အမေဟာ ပထွေးလက်ကလွတ်ချင်ဇောနဲ့ ငယ်ငယ်ရွယ်ရွယ်မှာပဲ ယောကျ်ားယူပြီး ဘူးသီးအမွေးသတ်ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ကျုပ်အတွက် ဘယ်ယောကျ်ားကိုမှအားမကိုးတော့ဘဲ ကြုံရာကျရာလုပ်ပြီး ဘဝကို ရုန်းကန်ခဲ့တယ်။

ကြုံရာအလုပ်ဆိုတော့လည်း ဘာရှိမလဲ။ မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါပြီး ပင်လယ်နဲ့နီးတဲ့ ကျုပ်တို့လို အောက်ဘက်ရွာတွေအတွက်ကတော့ ငါးရှာ၊ ဖားရှာနဲ့ နွေအခါဆို ဆားကွင်းတွေမှာ သွားပြီး အလုပ်လုပ်ကြ ဒါပဲရှိတယ်။

ကျုပ်(၅)နှစ်သားအရွယ်မှာ အမေက ဘုန်းကြီးကျောင်းကို ပို့တယ်။ ကြာကြာတော့ မနေနိုင်ခဲ့ပါဘူး။ ရေးတတ်၊ ဖတ်တတ်အဆင့်နဲ့ပဲ ဘုန်းကြီးနှင်ထုတ်ခြင်းခံခဲ့ရတယ်။

'ဟဲ့-မိအေး၊ နင့်သားနင်ပြန်ခေါ်တော့။ ဗိဇမကောင်းတဲ့ နင့်သား ငါလည်း မနိုင်တော့ဘူး' တဲ့။

ဒီတော့လည်း အမေ မတတ်သာတော့ဘဲ ပြန်ခေါ်ခဲ့ရတော့တယ်။ ကျုပ်ကလည်းကျုပ်ပါပဲ။ ကြည့်လေ- ဦးပဉ္ဇင်းတွေ၊ ကိုရင်တွေ ဆွမ်းခံကြွတဲ့အခါ ကျောင်းသားအဖြစ်နဲ့ အနောက်က လိုက်ရတယ်။ ဦးပဉ္ဇင်းကိုရင်တွေအလစ်မှာ ဆွမ်းဟင်းခွက်ထဲက ကြက်သားကြော်တို့၊ ဝက်သားကြော်တို့ပါရင် နှိုက်စားပစ်လိုက်တာပဲ။ ငှက်ပျောသီးတွေဘာတွေဆိုရင်လည်း ဒီလိုပဲ။ ကျုပ်က ဆရာတော်ကိုလည်း မကြောက်ဘူး။ တစ်ကျောင်းလုံးမှာ ဆရာတော်ကို အာခံရဲတာ ကျုပ်တစ်ယောက်ပဲ ရှိတယ်။ ရွယ်တူကျောင်းသား၊ ကိုရင်တွေထဲမှာဆိုရင်လည်း ကျုပ်က ဗိုလ်ပဲ။ ထစ်ခနဲဆို လက်က ပါပြီးသား၊ ဆော်ပြီးသား။ ဦးပဉ္ဇင်းတွေက ကျောင်းဝိုင်းထဲမှာ တံမြက်စည်းလှည်းခိုင်းရင် ရှေ့တင်တော့ လှည်းတာပေါ့လေ။ မျက်ကွယ်ရောက်သွားရင်တော့ တံမြက်စည်းပါ လွှင့်ပစ်လိုက်တယ် မှတ်ကရော။

ဗိဇဆိုး စရိုက်ဆိုးတဲ့ ကျုပ်ကို ကျောင်းက လက်မခံတော့ဘဲ အမေ့ဆီ ပြန်ပို့လိုက်တော့ ကျုပ်က ပိုတောင်ပျော်သေး။ အမေက ကျုပ်ဘာလုပ်လုပ်တစ်ချက်ကလေးမှ မဆူဘူး၊ ဘယ်တော့မှလည်းမရိုက်ဘူး၊ ကျုပ်ကို သိပ်ချစ်တာ။ အမေရှိရင် ကျုပ်ဘဝဟာ ပြည့်စုံတယ်၊ ရွာထဲမှာ ကလေးကလေးချင်း ကစားရာက ရန်ဖြစ်ကြတဲ့အခါ ကျုပ်က ဆော်လိုက်တာချည်းပဲ။ အနည်းဆုံးတော့ ထိပ်ပေါက် ခေါင်းကွဲပဲ။ အဆော်ခံရတဲ့ ကလေးအမေတွေက အမေ့ကို ရန်လာတွေ့ရင် အမေကဘယ်ရမလဲ ထဘီစွန်တောင်ဆွဲပြီးချလင်းခေါ်တာပဲ။ မယားထိ မားကြည့်မဟုတ်ဘူး။ သားထိ မားကြည့်ပဲ။ အဲသလောက်ထိ ကျုပ်ကို ချစ်တာ။ ဒါတွေကို ငြီးကာချဲ့ပြီးပြောမနေတော့ပါဘူး။ တိုတိုပဲသွားကြစို့။

ဒီလိုနဲ့ ကျုပ်အရွယ်ရောက်လာတော့ အဖေ့သွေးပါတယ်လို့ပဲ ပြောရမလားတော့ မသိဘူး။ ပင်လယ်ထဲသွားရတာကို အရမ်းပျော်တယ်။ ဒါကြောင့်လည်း ငါးဖမ်းစက်လှေနဲ့ ပင်လယ်ထဲကို လိုက်လိုက်သွားတယ်။ အဲဒီမှာ ကျုပ်အရက်သောက်တတ်လာတာပါပဲ။ ပင်လယ်ထဲသွားသူမှန်သမျှ အရက်သောက်ကြတာချည်းပဲ။ အဖော်ပြုစရာဆိုလို့လည်း ဒါပဲရှိတယ်။ ဒီတော့ ကျုပ်အရက်သောက်တတ်လာတာ အဆန်းမှမဟုတ်တာ။ နောက်တော့ အရက်သမားကနေ အရက်သမားကြီး ဖြစ်လာတာပေါ့ဗျာ။ အမေက အရက်သောက်တာ မကြိုက်ပေမယ့်လည်း ပြောမရတဲ့အဆုံး ခွင့်လွှတ်အပြုံးနဲ့ပဲ ကျုပ်ကိုချစ်ရှာတယ်။

ကျုပ်ကလည်း သိတယ် မဟုတ်လား။နေရာတကာမှာ ပြဿနာကောင်။ အလုပ်သမားအချင်းချင်း တစ်စက်ကလေးမှ သည်းညည်းခံတာမဟုတ်ဘူး။ မူးလာရင် ပိုဆိုးပြီပေါ့။ အရက်ကို လုပ်ငန်းချိန်မှာရော လုပ်ငန်းချိန်ပြင်ပမှာပါ အမြဲတစေ သောက်လာတာမို့ အလုပ်ရှင်သူဌေးက ကျုပ်ကို အလုပ်ဖြုတ်လိုက်တော့တယ်။ ဒါမျိုးလာစမ်းလို့ ဘယ်ရမလဲ၊ သာဒင်ကို ဘာထင်လို့လဲ ဆိုပြီး ကျုပ်လက်စွမ်းကိုပြလိုက်တာပေါ့။ အလုပ်ဖြုတ်ရကောင်းလားဆိုပြီး သူဌေးခေါင်းကို တုတ်နဲ့ရိုက်လိုက်တာ (၆)ချက်တောင် ချုပ်လိုက်ရတယ်။ ကျုပ်လည်း အချုပ်ခန်းထဲရောက်တော့တာပဲ။ ရှိစုမဲ့စု အမေ့နားကပ်ကလေးတစ်ရန်ကုန်မှ ကျုပ်လွတ်ခဲ့ရတယ်။ ဒါတောင် သူဌေးကို အမေ ဘယ်လောက်အထိ တိုးလျှိုးတောင်းပန် အောက်ကျို့ခံရလည်း မသိဘူး။ နောက်တော့ ဘယ်စက်လှေသူဌေးမှ ကျုပ်ကို မခေါ်ရဲတော့ဘူး။

ဒီတော့လည်း အလုပ်မရှိအကိုင်မရှိတဲ့ ကျုပ်ဟာ ရွာထဲမှာ မူးရူးနေပြီး အချိန်တန် အိမ်ပြန်လို့ အမေချက်ထားတဲ့ ထမင်းအိုးကို ဖွင့်လှန်ခူးခတ်စားပြီး ထိုးအိပ်တော့တာပဲ။ စိတ်ရိုင်းတွေဝင်နေတဲ့ ကျုပ်ကို ဘယ်သူကမှ နားချ တရားမပြနိုင်ခဲ့ပါဘူး။ ဆင်းရဲနိမ့်ပါးလှတဲ့ ကျုပ်တို့သားအမိကို နှိမ်ကြည့်ကြည်တဲ့မျက်လုံးတွေ၊ လူမြင်ရင်တွေခဲနဲ့လုပ်သွားတတ်တဲ့သူတွေ ကျုပ်တို့ဘဝမှာ နာကြည်းချက်တွေက စိတ်ကိုလှုပအောင် မဖန်တီးနိုင်တော့ပါဘူး။ 'အလိမ္မာ စာမှာရှိ' သတဲ့။ စာတောင်ကောင်းကောင်းမဖတ်တတ်တဲ့အမေနဲ့ ရေးတတ်ဖတ်တတ်လောက်သာရှိတဲ့ ကျုပ်တို့ သားအမိဘဝဟာ အမှောင်လမ်းမှာ ဆင်ကန်းတောတိုးရုံမှတစ်ပါး တခြားဘာများရှိမှာတဲ့လဲ။

အနောက်ပိုင်း အရက်ဆိုင်မှာ ရန်ဖြစ်လို့တဲ့ ဘယ်သူလဲ သာဒင်၊ ဗွီဒီယိုရုံမှာ အရက်မူးပြီး မိန်းကလေးလက်ဆွဲလို့တဲ့ ဘယ်သူလဲ သာဒင်၊ ရွာဦးကျောင်းကကန်မှာ ငါးခိုးဖမ်းလို့ ကျောင်းပေါ်ထလေးခွနဲ့ပစ်တာ ခေါင်းကွဲသွားတယ် ဘယ်သူလဲ သာဒင်၊ ချုံထဲမှာမူးပြီးလဲကျနေတာ ဘယ်သူလဲ သာဒင်။ 'လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ' ဆိုတာလို အမေ့ခမျာ လူဆင်းရဲစိတ်ဆင်းရဲဖြစ်ခဲ့ရတယ်။

ကျုပ်ကလည်း လျှော့တော့မတွက်နဲ့။ လူနေချုံကြား စိတ်နေဘုံဖျားလို့ ပြောရမလားဘဲ။ လူကသာ ဆင်းရဲနွမ်းပါးပြီး စရိုက်ပျက် ဆိုးပေတေနေတဲ့ အရက်သမားဖြစ်နေတာ၊ ကြိုက်တော့ ဟိုဘက်ရွာက စက်လှေသူဌေးလည်းဖြစ်၊ ဆားဖိုသူကြီး (ဆားကွင်းလုပ်ငန်းရှင်) လည်းဖြစ်တဲ့ ဦးယုံဦးရဲ့ တစ်ဦးတည်းသောသမီး ကျောင်းဆရာမလေး သီသီဦးကိုမှသွားကြိုက်မိတယ်။ ကျုပ်အသက် (၂၇) နှစ် ရှိလာပြီ။ ရည်းစားတစ်ယောက်မှရှိခဲ့တာ မဟုတ်ဘူး။ ဘယ်ရှိမလဲ၊ ကျုပ်ကို ကြိုက်မယ့်သူမှ မရှိတာ။ ကြိုက်ချင်စရာလည်းတော်တော်ကောင်းတာကိုး။

ဘာပဲဖြစ်ဖြစ် ကျောင်းဆရာမလေး သီသီဦးကိုတော့ ကျုပ်အသည်းစွဲ



www.burmeseclassic.com

www.burmeseclassic.com

ချစ်မိနေတာတော့ အမှန်ပဲဗျာ။ ဒါကို သူလည်းသိပါတယ်။ မသိခဲ့နိုင်ရိုးလား၊ ကျောင်းအပြန်မှာ ရည်းစားစကားလိုက်ပြောတာ အခါ (၂၀) လောက် ရှိပြီ။ အချစ်ဆိုတာ သနားရာက စတယ်ပြောလေလား ဒါမှမဟုတ် အချစ်မှာ မျက်စိမရှိဘူးလို့ပဲ ပြောမလား၊ ဆရာမလေးက ကျုပ်ကို ပြောလာတယ်။ မှတ်မှတ်ရရဆို ၂၀၀၈ ခုနှစ်၊ မေလ ၁ ရက်နေ့ကပေါ့။ သူနဲ့ ရွာထိပ်မှာ ဆုံဖြစ်တော့ -

"ကိုသာဒင်၊ လူမြင်မကောင်းအောင် ကျွန်မနောက်ကိုခဏခဏလိုက်မနေနဲ့။ ရှင်အရက်ဖြတ်လိုက်ရင် ရှင့်ဆန္ဒကို ကျွန်မလိုက်လျောမယ်"

လို့ပြောတော့ ကျုပ်ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ ခြေထောက်နဲ့ မြေကြီးတောင်လွတ်သွားသလိုပဲ။

တော်ပြီ၊ ကျုပ်အရက်ဖြတ်မယ်။ အမေပြောတော့ 'တစ်လ၊ မယားပြောတော့ တစ်ည' ဆိုတာ ဒါမျိုးထင်ပါရဲ့။ သူဆီက အဲဒီစကားကြားရပြီး နောက်တစ်နေ့မှာပဲ ရက်အတိအကျပြောရမယ်ဆိုရင် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့မှာပေါ့။

ဒီနေ့ဒီရက်ဟာ ကျုပ်ဘဝမှာ ဘယ်တော့မှ မေ့လို့မရတော့ဗျာ။ အဲဒီနေ့ မနက်အရက်တက်လောက်မှာ ကျုပ်အစောကြီးထပြီး ကျုပ်ကိုယ်တိုင် ထမင်းတွေ၊ ဟင်းတွေချက်တယ်။ ဘာလုပ်ဖို့လဲဆိုတော့ ရွာဦးကျောင်းကို ဆွမ်းချိုင့်ပို့မလို့။ ဆရာတော်ဆီမှာ ငါးပါးသီလ ခံယူဆောက်တည်ပြီး အရက်ဖြတ်တော့မယ်ဆိုတဲ့ကတိကို ပေးတော့မယ်လေ။ ဒါကြောင့် ကျုပ်ရှင်လန်းတက်ကြွစွာနဲ့ချက်ပြုတ်နေတာပေါ့။

ဒီလိုမြင်ကွင်းမျိုး ကျုပ်တစ်သက်မှာ မမြင်ဘူးတဲ့ အမေဟာ ကျုပ်လုပ်ပုံတွေကိုကြည့်ပြီး အတော့်ကို ဝမ်းသာကြည်နူးနေတာ။ မိုးစင်စင်လင်းတာနဲ့ ချက်ပြုတ်ထားတာတွေကို ချိုင့်ထဲထည့်ပြီး -

"အမေ၊ သားရွာဦးကျောင်းကို ဆွမ်းချိုင့်သွားပို့ဦးမယ်"

ဆိုပြီး ထွက်လာခဲ့တယ်။

အမေကတော့ အံ့ဩစွာနဲ့ ငေးမော့မှင်တက်ရင်း ကျန်ရစ်ခဲ့လေရဲ့။

ကျောင်းရောက်တော့ ဆွမ်းချိုင့်ကို ဆရာတော်ထံမှာ ကပ်လှူပြီး ငါးပါးသီလ ခံယူဆောက်တည်လိုက်တယ်။ ပြီးတာနဲ့ -

"အရှင်ဘုရား၊ တပည့်တော် အရက်ကို ရာသက်ပန်ဖြတ်လိုက်ပြီဘုရား။ ဘယ်တော့မှ မသောက်တော့ဘူး အရှင်ဘုရားရှေ့မှာ သစ္စာပြုပါတယ်"

လို့ လျှောက်တော့ ဆရာတော်လည်း အတော့်ကို ဝမ်းသာသွားတယ်။

"အေး-ကောင်းလိုက်တာကွယ်။ ဒါလူသာစုခေါ်၊ နတ်သာစုခေါ်တဲ့အလုပ်ပဲ ဝမ်းသာတယ်ကွယ့် မောင်သာဒင်ရဲ့။ ဘုရားတရားသံဃာကို မမေ့နဲ့။ ဘယ်သွားသွားဘာလုပ်လုပ် နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ လို့ အမြဲရွတ်ကွယ့် ကြားလား"

"မှန်လှပါ အရှင်ဘုရား"

"ဟဲ့- မောင်သာဒင်၊ မိုးတွေကလည်း မည်းနေတာပဲ ထီးကောပါရဲ့လား။ တီဗွီမှာ မုန်တိုင်းရှိတယ်လို့ ကြေညာထားတယ်၊ ကဲ- သွားသွား၊ မိုးမိနေဦးမယ်"

ဆရာတော်ကို ကန်တော့ပြီး ကျောင်းကအထွက်မှာပဲ မိုးတွေက ခြိမ်း၊ လျှပ်စီးတွေကလက်၊ မနက်ခင်းတစ်ခုလုံး မည်းမှောင်နေတော့တယ်။ ကျုပ်လည်း အမေရှိရာကို ခပ်မြန်မြန်ပြန်ခဲ့တာပေါ့။ အမေက အပြုံးနဲ့ ဆီးကြိုနေလေရဲ့။ အမေ့ရှေ့ရောက်တယ်ဆိုရင်ပဲ -

"အမေ- သားအရက်ဖြတ်လိုက်ပြီ။ ဆရာတော့်ဆီမှာ ကတိသစ္စာပြုပြီးပြီ အမေ"

"သားရယ်၊ အမေ ဝမ်းသာလိုက်တာ။ အမေသေပျော်ပါပြီကွယ်"

"ဘယ်လိုပြောလိုက်တာလဲအမေရယ်။ နိမိတ်မရှိနမာမရှိ"

"အမေက အရမ်းကို ဝမ်းသာလွန်းလို့ ပြောတာပါ သားရယ်"

မိုးတွေကတော့ သည်းသည်းမည်းမည်းကို ရွာနေပါပြီ။ မိုးတွေက သည်းသည်းမည်းမည်းရွာနေသလို သားအမိနှစ်ယောက်ရဲ့အချစ်တွေကလည်း သည်းသည်းမည်းမည်း မိုးနဲ့အပြိုင်ပေါ့။

"ဒါနဲ့အမေ၊ ဆရာတော်က ပြောလိုက်တယ် မုန်တိုင်းရှိတယ်တဲ့"

"အမလေး သားရယ် ဒါများ၊ မုန်တိုင်းဆိုတာ အဆန်းမှမဟုတ်တာ။ နှစ်တိုင်းလည်းရှိနေဟာပဲဥစ္စာ။ဘာကြောက်စရာရှိလို့တုံး"

အမေကတော့ ပေါ့ပေါ့လေးပဲ ပြောတယ်။ ဒါဟာ ကျုပ်တို့ ခနိပုတ်ရွာလေး ရွာလုံးကျွတ် သေကျေပျက်စီးတော့မယ့် ရှေ့ပြေးနိမိတ်လာနေပြီ ဆိုတာ အမေမသိဘူး၊ ကျုပ်လည်းမသိဘူး၊ တစ်ရွာလုံးလည်း မသိဘူး။

ရွာထဲမှာတော့ မိုးတွေရွာနေပေမယ့် လူတွေကလုပ်စရာရှိတာလုပ်၊ သွားစရာရှိတာသွား ပုံမှန်ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပါပဲ။ မုန်တိုင်းရှိတာ သိထားပေမယ့် ဘယ်သူမှ ကြောက်ရွံ့မှု၊ ကြိုတင်ပြင်ဆင်မှုတွေမရှိကြပါဘူးလေ။ မိုးကတော့ ပါးသွားလိုက်၊ ပြန်သည်းလာလိုက်နဲ့ တိတ်သွားတယ်ကို မရှိပါဘူး။ နေ့လယ်ထမင်းစားချိန်ကိုရောက်တော့ ဟိုဘက်ရွာက ပင်လယ်ငါးဖမ်းစက်လှေတွေ ပြန်ရောက်လာကြလို့ သတင်းကြရတယ်။ ပင်လယ်မှာတော့ အခြေအနေမကောင်းဘူး။ မနည်းပြန်ပြေးလာခဲ့ရသတဲ့။ ရေဒီယိုကလည်း မုန်တိုင်းသတင်းတွေ ဆက်တိုက်ကြေညာနေတယ်။ ဒါပေမယ့် အမေကတော့ ခပ်အေးအေးပါပဲ။

"သားရယ် မုန်တိုင်းဆိုတာ ဘာကြောက်စရာရှိလို့လဲ၊ ပြီးတော့လည်း ပြီးသွားတာပဲဟာ။ အမေတို့ ဗုဒ္ဓဘာသာနိုင်ငံမှာ အန္တရာယ်ဆိုး ကြီးကြီးမားမား ဘယ်တုံးကများရှိဖူးလို့လဲ" တဲ့။

အမေကတော့ မကြောက်ရေးချမကြောက်၊ ကျုပ်က သာပြီး မကြောက်သေးတယ်။ ကြောက်ချိန်တောင်မရပါဘူးလေ။ ကျုပ် ဆရာတော်ဆီမှာအရက်ဖြတ်ဖို့ကတိပေးလိုက်ပြီဆိုတဲ့အကြောင်း ဆရာမလေးသိရင် ကျုပ်ကို အဖြေပေးတော့မှာဆိုပြီး စိတ်ထဲမှာ ကြည်နူးနေမိတာ။

ဒီလိုနဲ့ ညနေ(၃)နာရီလောက်မှာတော့ မိုးပေါက်ကြီးတွေနဲ့အတူ လေတွေက ကြမ်းလာပြီး ရွာထဲကို ရေတွေစတင်ဝင်ရောက်လာပါပြီ။ ရွာထဲကသွပ်မိုးအိမ်တွေ လန့်ထွက်ကုန်ပြီ။ ကျုပ်တို့တဲကလေးလည်း အမိုးတွေ မရှိတော့ဘူး။ တဲလည်းယိုင်နဲ့နေပြီ။ မကြာခင်ပြိုကျတော့မယ်။ ရွာထဲကလူတွေလည်း ပစ္စည်းတွေကို ဟိုထုတ်ဒီထုတ်၊ ဟိုရွှေ့ဒီရွှေ့၊ ဟိုပြောင်းဒီပြောင်းနဲ့ အလုပ်တွေ ရှုပ်ကုန်ကြပြီပေါ့။

ညနေ (၅) နာရီလောက်မှာတော့ ရွာထဲမှာ ရေတွေက ပေါင်ရင်းလောက်ရောက်နေပြီ။ တအုန်းအုန်းတဒိုင်းဒိုင်းနဲ့ တိုက်လိုက်တဲ့ လေကြမ်းကြီးတွေ၊ မိုးသံလေသံ၊ လူတွေရဲ့အော်ဟစ်သံတွေ ပွက်လောရိုက်လို့ ကမ္ဘာပျက်နေသလားဘဲ။ မှောင်စပြုတဲ့အခါမှာ ကျုပ်တို့တဲလေး ပြိုသွားပါပြီ။ ရေတွေက ယောက်ျားတစ်ရပ်ကျော်သွားပြီလေ။ အမေ့ကို ကုက္ကိုပင်ပေါ် တွန်းတင်ပေးရင်း ရေထဲမှာ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

# နှယ်မြက်သစ်ပင် ဆေးဖက်ဝင်

## မဟာနွယ်(မန်းတက္ကသိုလ်)

ရှေးအခါက သမားတော်များသည် မိမိ သိရှိထားသော ဆေးနည်းကျော်တို့ကို တပည့်တပန်းတို့အား အိတ်သွန်ဖာမှောက် ပေးကမ်းစွန့်ကြခြင်း မပြုလုပ်ခဲ့ကြ။ အတတ်နိုင်ဆုံး လျှို့ဝှက်ထားကြ၏။

ဆေးနည်းကို မဖြစ်သာလို့ ပေးရမည်ဆိုသော် ဆေးနည်းတွင် ပါဝင်သည့် ဆေးပစ္စည်းတစ်ခု၊ နှစ်ခု သို့မဟုတ် သုံးခုတို့ကို ချန်လှပ်ထားခဲ့တတ်ကြ၏။ မိမိအပေါ်မှာ အသိုးအပုပ်ခံနေသော တပည့်ကိုသာ 'အာစရိယမုဋ္ဌိ' ဆရာစားချန်မထားဘဲ ပေးအပ်ခဲ့ကြ၏။

ထိုသို့ ရှေးကဆရာကြီးတို့ လျှို့ဝှက်ထားခဲ့ကြခြင်းကြောင့် မြန်မာ့ဆေးလောကသည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ခေတ်နောက်ပြန်ဆွဲကာ ကျန်နေခဲ့ရလေ၏။ ဝမ်းနည်းစရာပင်။

ယင်းသို့ပင် ယခု မျက်မှောက်ခေတ်၌လည်း ကင်ဆာရောဂါ ပျောက်သောဆေး၊ ချောင်းဆိုးသွေးပါ အဆုတ်နာပျောက်ကင်းသောဆေး၊ မည်သည့်ငှက်ဖျားမဆို ပျောက်ကင်းသောဆေး၊ ကူ့ဋ္ဌနူနာရောဂါပျောက်ကင်းသောဆေး၊ လိပ်ခေါင်းရောဂါ ပျောက်ကင်းသောဆေး၊ စိတ်ဝေဒနာရှင်များပျောက်ကင်းသောဆေး၊ ဝက်ရူး, ကြက်ရူး စသည့် အရူးရောဂါ ပျောက်ကင်းသောဆေး၊ အရိုးကျိုး, အကျိုးနှင့်ပတ်သက်သော ဆေးတို့ကို လက်ဝယ်ထားရှိကာ တစ်စုံတစ်ဦးကိုမှ ဖြန့်ချိပေးဝေခြင်းမရှိဘဲ တစ်ဦးကောင်းတစ်ယောက်ကောင်း ဆေးဝါးထုတ်လုပ် ကုသနေခဲ့ကြသည်မှာ ယနေ့ထိပင်။

ဆေးနည်းတို့ကို ထိမ်ချန်လျှို့ဝှက်ထားခဲ့ကြပါ၏။ ယင်းဆေးနည်းတို့ကို တိတိကျကျ မှန်မှန် ပြည့်ပြည့်စုံစုံ ရရှိလာအောင် အနှစ်နှစ်အလလ လေ့လာဆည်းပူးခဲ့ရပါ၏။

ကျွန်ုပ်တင်ပြသော ဆေးနည်းဖြင့် လူအများ ချမ်းသာရရခြင်း၊ ကျန်းမာရာရသွားပြီဆိုပါလျှင် လေ့လာ ရေးသားရကျိုးနပ်ပါပြီ။

ဤဆောင်းပါးတွင် စိတ်ရောဂါရှင်များ ပျောက်ကင်းစေသောဆေးများကို ဖော်ပြပေးပါမည်။

စိတ်ရောဂါရှင်တို့သည် ရောဂါဖြစ်လာလျှင် လူအများနှင့် ရောနှော၍ မနေခြင်း၊ တစ်နေရာတည်းမှာ ငြိမ်သက်စွာမနေလိုခြင်း၊ ညအိပ်စက်မပျော်ခြင်း၊ အစားပျက်လာခြင်း၊ စားသောက်၍ မကောင်းခြင်း၊ တချို့ စကားမပြောခြင်း

---

ကိုဆွဲကိုင်ထားတဲ့ကျုပ်လည်း ပေါ်လိုက်မြုပ်လိုက်နဲ့ သစ်ပင်ပေါ်ကို မနည်းဆွဲတက်ခဲ့ရတယ်။ မနက်က ဆရာတော်ဆုံးမဩဝါဒခြွေခဲ့တဲ့အတိုင်း 'နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ' ဆိုတာကို အဆက်မပြတ် ရွတ်နေမိတယ်။

ဘာဆိုဘာမှမမြင်ရတော့ပါဘူး။ ပိန်းပိတ်အောင်မှောင်လို့ တဝေါဝေါတဒိုင်းဒိုင်း တဝုန်းဝုန်းနဲ့ ကယ်ပါယူပါတစာစာ မျက်ကလူးဆန်ပျာအသံတွေက မိုးသံ၊ လေသံ၊ ရေသံတွေကြားမှာ ဘဝင်ညံနေပါပြီ။ (၁၂) ပေလောက်မြင့်တက်လာတဲ့ရေတွေက ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကြီးလိုဖြစ်နေတော့တယ်။ ကြီးမားလှတဲ့ သစ်ပင်ကြီးတွေလည်း လဲပြိုကုန်ပြီ။ အိမ်တွေလည်း တစ်စမကျန်ပြိုလဲမျောပါကုန်ပြီ။ ကျုပ်တို့သားအမိဖက်တွယ်ထားတဲ့ သစ်ပင်ကြီးကလည်း ယိမ်းထိုးလို့ လဲတော့မှာ သေချာနေပြီ။

"အမေ ရလား၊ ကိုင်ထားနော်။ သားလည်း လာလို့မရဘူး။ သတိထား အမေ"

ကျုပ်အော်ဟစ်ပြောပေမယ့် ပြောနေဆဲမှာ သစ်ပင်ကြီးလဲပြိုကျပြီး ကျုပ်လည်း ဘုရားစာကိုရွတ်ရင်း လှိုင်းတစ်ချက်အပုတ်မှာ လှိုင်းနဲ့အတူ လွင့်စဉ်ထွက်သွားလိုက်တာ ဘာမှမသိတော့ဘဲ လောကကြီးကို မေ့မြောသွားပါတော့တယ်။ ကျုပ်သတိရလာတော့ ကုန်းကမူတစ်ခုပေါ် ရောက်နေတယ်။ မိုးလင်းနေပါပြီ။ ကျုပ်ရောက်နေတာ ဘယ်နေရာများလဲဆိုပြီး သေချာကြည့်လိုက်တော့ ကျုပ်တို့ရဲ့ရွာနဲ့ (၁၀) မိုင်လောက်ဝေးတဲ့ ကုန်းဘက်ကျတဲ့ တောစပ်တစ်နေရာကို ရောက်ခဲ့ရတယ်။ ကျုပ်ချက်ချင်းသတိရလိုက်တာက ကျုပ်အမေ။ ကျုပ်အမေ ဘယ်မလဲ။

အားလုံးဟာ ပြီးဆုံးခဲ့ပါပြီလေ။ လူဦးရေ (၃၀၀) ကျော်လောက်ရှိတဲ့ ကျုပ်တို့ ရွာလေးဟာ ကျုပ်အပါအဝင်မှ (၅၀) ကျော်လောက်ပဲ အသက်ဘေးက လွတ်ခဲ့ရတယ်။ ကျုပ်အမေလည်းပါသွားပြီ။ ကျုပ် ချစ်ရတဲ့ ဆရာမလေးလည်းပါသွားပြီ။ ပညာရှင်တွေက နာမည်ပေးထားတာက 'နာဂစ်' တဲ့။ နာဂစ် ဆိုတဲ့အသံကို နားထဲမကြားချင်ဘူးဗျာ။ ကျုပ်စဉ်းစားကြည့်တယ်။ တစ်လျှောက်လုံး ဆိုးခဲ့၊ မိုက်ခဲ့တဲ့ ကျုပ်က ဘာဖြစ်လို့များ မသေရတာလဲ။ တကယ်ဆိုရင် အကုသိုလ်တွေအများကြီးလုပ်ခဲ့တဲ့ ကျုပ်ဟာ သေသင့်တာပေါ့။ တစ်သက်လုံး ဘာကောင်းမှုကုသိုလ်မှမရှိတဲ့ကျုပ်က မန်တိုင်းကျမယ့်နေ့ကျမှ ဘုန်းကြီးကျောင်းသွားပြီး ဆွမ်းလှူ သီလခံယူ၊ ဆရာတော်ကို အရက်ဖြတ်ဖို့ကတိပေး။ ဆရာတော်သင်ပေးတဲ့ ဘုရားစာကို ရွတ်ဆို၊ အဲဒီအစွမ်းသတ္တိတွေကြောင့်ထင်ပါရဲ့။ စိတ်မကောင်းစရာကတော့ ဆရာတော်နဲ့အတူ ကျောင်းရှိသံဃာ၊ ကိုရင်၊ ကျောင်းသားပါမကျန် အားလုံး နာဂစ်ရဲ့ ဝါးမျိုခြင်းကိုခံခဲ့ကြရပါပြီ။

ကျုပ်အတော့်ကိုတုန်လှုပ်ချောက်ချားခဲ့ရပြီ။ အတုံးအရုန်းသေနေကြတဲ့ လူသေအလောင်းတွေဟာ မြင်မကောင်းရှုမကောင်းအောင်ပါဘဲ။ အဲဒီထဲမှာ ကိုယ်နဲ့ သိတဲ့သူတွေရော မသိတဲ့သူတွေရော။ ဒီတော့ သေခြင်းတရားဆိုတာကို ကောင်းကောင်းကြီးသံဝေဂရသွားတယ်။ ကျုပ်ငွေလည်းမလိုချင်တော့ဘူး။ စည်းစိမ်ဥစ္စာဆိုတာကို ဘာမှတွယ်မက်လိုစိတ်မရှိတော့ဘူး။ ဒီမရဏဒုက္ခကနေ လွတ်မြောက်ဖို့ကိုပဲ လိုလားတော့တယ်။

မနိပုတ် ဆိုတဲ့ ရွာကလေးလည်း ပျောက်ကွယ်သွားပါပြီ။ မနိပုတ်ရွာကလေး ပျောက်ကွယ်သွားသလို သာဒင်ဆိုတဲ့ လူမိုက်ကြီးလည်း တစ်ဇာတ်သိမ်းသွားပါခဲ့ပါပြီ။ နာဂစ်ပြီးလို့ မကြာခင်မှာဘဲ လူမိုက်ကြီးသာဒင်ဘဝကနေ မအိရာ၊ မနာရာ၊ မသေရာကို ရှာမှီးဖို့အတွက် ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာ့ဘောင်မှာ ဦးဝိသုဒ္ဓအဖြစ် မြင့်မြတ်တဲ့ ရှင်ရဟန်းဘဝကို ပြောင်းလဲသွားခဲ့ပြီလေ။ ဒါဟာ အရှုံးထဲကအမြတ်ပဲပေါ့။ ကဲကဲ - ကျုပ်လည်းဘုရားဝတ်တက်လိုက်ဦးမယ်ဗျာ။

*စာဖတ်ပရိသတ်များ*
*စိတ္တသုခ၊ကာယသုခနှစ်ဖြာသော*
*သုခချမ်းသာတို့ဖြင့် ပြည့်စုံကြပါစေ*

ကိုငြိမ်း (ရွှေဘိုဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

တချို့ စကားများခြင်း၊ တစ်ဦးတည်း စကားပြောနေခြင်း၊ တချို့ လမ်းပေါ်သို့ ထွက်၍ လမ်းလျှောက်နေခြင်း၊ တချို့ အော်ဟစ် ဆဲဆိုကာ သောင်းကျန်းနေခြင်း၊ တချို့ မှိုင်ကုပ်ကုပ်နေတတ်ခြင်း စသော လက္ခဏာတို့ကို တွေ့မြင်ရပါမည်။

အမှန်မှာ အပူကြောင့်ဖြစ်သော ဝေဒနာ၊ အအေးကြောင့်ဖြစ်သော ဝေဒနာဟူ၍ နှစ်မျိုးသာ ရှိပါ၏။ အပူနာ၊ အအေးနာ ဟူ၍ နှစ်မျိုးသာ ရှိ၏။

တစ်ဖန် အချို့သော ဝေဒနာရှင်များသည် လသာသောအချိန်အခါ ပို၍ စိတ်ဝေဒနာ တိုးလာ၏။ အချို့သော ဝေဒနာရှင်များသည် လမိုက်သောအခါ ဝေဒနာ ပို၍တိုးလာ၏။ အချို့သော ဝေဒနာရှင်တို့သည် လဆန်းသောအခါ ရောဂါဝေဒနာ တိုးလာ၏။ အချို့သော ဝေဒနာရှင်တို့သည် လဆုတ်သောအခါ ရောဂါဝေဒနာ တိုးလာ၏။ အချို့ ဝေဒနာရှင်တို့သည် ပူသောအခါ ရောဂါဝေဒနာ တိုးလာ၏။ အချို့သော ဝေဒနာရှင်တို့သည် အေးသောအခါ ရောဂါဝေဒနာ တိုးလာတတ်၏။ ဤကား စိတ်ဝေဒနာရှင်တို့၏ အကြမ်းအားဖြင့် လက္ခဏာများသာ ဖြစ်ကြပါ၏။

### စိတ်ရောဂါပျောက်ဆေး (၁)

ကြံ့သွေး၊ ကျောက်သွေး၊ သကြားခဲ၊ ပျားရည်စစ်စစ် (၁၀) သားစီ။ ငှက်ပျောဖီးကြမ်းတစ်ဖီး (အမှည့်) ရောနှောပါ။

**ပြုလုပ်နည်း**

သန့်ရှင်းသော ကြွေရည်သုတ်ဇလုံတွင် ဆေးအားလုံးကို ရောနှော၍ သုတ်ပါ။ သန့်ရှင်းသော ဖန်ဘူးတွင် ထည့်ထားပါ။

**သုံးဆောင်ပါရန်**

တစ်ခါစား လက်ဖက်ရည်ဇွန်း (၁) ဇွန်းမှ (၃) ဇွန်းအထိ တစ်နေ့ (၃) ကြိမ် စားပါ။ (နံနက်၊ နေ့လယ်၊ ည)

**အကျိုးသွား**

စိတ်ရောဂါ သက်သာ ပျောက်ကင်းချမ်းသာပါလိမ့်မည်။

### စိတ်ရောဂါပျောက်ဆေး (၂)

နံ့သာဖြူ၊ နံ့သာနီ၊ ကန့်ပလူဥ၊ ပဲနံ့သာ၊ ဒန့်စကူအနီ၊ ကံ့ကော်ဝတ်ဆံ၊ ထိမ်ပွင့်၊ ပန်းမ၊ ကွမ်းစားဂမုန်း၊ သစ်ကြံပိုး၊ လေးညှင်း၊ ဇာတိပ္ဖိုလ်သီး၊ ဇာတိပ္ဖိုလ်ပွင့်၊ ပရုတ်၊ ဇဝက်သာ၊ ကုံကုမံ၊ ကထိုး (၁) ကျပ်သားစီ။

အားလုံးအလေး - ဒန့်စကူနီ ကဲပါ။ အားလုံးအလေး - နံ့သာနီကဲပါ။

**ပြုလုပ်နည်း**

အားလုံးကို အမှုန့်ပြုပါ။ လေလုံသောပုလင်းတွင်ထည့်၍ သိမ်းဆည်းထားပါ။

**ဆေးအသုံး**

အပူကြောင့် စိတ်ဝေဒနာ ဖြစ်လာသောသူတို့ကို ကြံ့သွေး၊ သကြား၊ ကပ္ပို၊ ကျောက်သွေး၊ စပါးကြီးသည်းခြေတို့ တွဲဖက်၍ တိုက်ပေးကြပါ။

**အကျိုးသွား**

အပူဥဏှကြောင့် ဖြစ်ပေါ်လာသော စိတ်ဝေဒနာရှင်များ သက်သာ ပျောက်ကင်းချမ်းသာပါလိမ့်မည်။

### စိတ်ရောဂါပျောက်ဆေး (၃)

စမုန်မျိုးငါးပါး (၁) ကျပ်သားစီ၊ တြိကဋုက်သုံးပါး (၁) ကျပ်သားစီ၊ နံ့သာနီ၊ နံ့သာဖြူ၊ ကရဝေးရွက်၊ ကရဝေးသီး၊ ဖာလာ၊ ဇာတိပ္ဖိုလ်သီး၊ လေးညှင်း၊ သိန္ဓော၊ ဒေါက်ရပ်ခေါက်၊ တောင်ကန်စွန်းဥ၊ သစ္စာပန်းဥ၊ ရေသကြီးရွက်၊ သစ်ကြံပိုး၊ စူလာနုဖာ၊ ကပ်ဖို၊ သကြားရေစင်၊ လက်ချား၊ ကန့်ပလူဥ၊ ပန်းနု၊ ပန်းဥ၊ ကွက်ကရာ၊ နွယ်ချို၊ စမြိတ်၊ ပဒုမ္မာကြာဝတ်ဆံ၊ မြတ်လေးပွင့်၊ ချရားပွင့်၊ မယားကြီးရွက်၊ ဥပသကာ၊ ကတိုး၊ ဖုံးမသိန် (၁) ကျပ်သားစီ။

မှတ်ချက် - ဆေးမည်အားလုံးအလေး - နံ့သာနီကဲပါ။

**ပြုလုပ်နည်း**

ဆေးအားလုံးတို့ကို သံဆုံတွင် ထောင်းပါ။ လေလုံသော ပုလင်း၌ သိမ်းဆည်းထားပါ။

**ဆေးအကျိုးသွား**

သွေးရူး၊ သည်းခြေရူး၊ နှလုံးပူ၍ရူး၊ လေသည်းခြေပျက်၍ရူး၊ ကယောင်ကတမ်းအရူး ဟူသမျှတို့ကို ကြံ့သွေး၊ ကြံသကာ၊ ဝါသီးနုအရည်ဖြင့် တိုက်ပေးပါ။ အရူးမှန်သမျှ သက်သာ ပျောက်ကင်းပါလိမ့်မည်။

ထို့ပြင် သွေးပုပ်ပူခြင်း၊ ငန်းမျိုးငါးပါး၊ သန္နိပတ်မျိုးငါးပါး၊ ပူဖျား၊ ချမ်းဖျား၊ သွေးပျက်ဖျား၊ အိပ်မပျော်ခြင်း၊ ရင်တုန်ခြင်း၊ မေးခိုင်ခြင်း၊ ထပြေးခြင်း၊ သွားစေ့ခြင်း၊ ထိုင်းမှိုင်း အကြောတွန့်အနာ၊ ရင်ခေါင်းသို့ဆို့တတ်သောအနာ သန္နိပတ်လိုက်၍ မေးခိုင်သောရောဂါတို့ကို သိန္ဓောဆား ငန်ငန်ခတ်၍တိုက်ပေးပါ။ အမျိုးသမီး မီးယပ်သွေး မမှန်သော် ကွက္ကရာရည်ဖြင့်တိုက်ပါ။ ဤဆေးကို မီးယပ်သွေးငန်းဆေးဟုလည်း ရှေးသမားတော်ကြီးများခေါ်ကြ၏။

**ဆေးတော်သုံးဆောင်ရန်**

ဆေးတော်၏ အလေးချိန်မှာ လူကြီး မန်ကျည်းစေ့ (၂) စေ့မှ (၄) စေ့အထိ သောက်နိုင်ပါသည်။ စိတ်ရောဂါ သက်သာ ပျောက်ကင်း ချမ်းသာပါလိမ့်မည်။

တစ်ခါတစ်ရံမှာ စိတ်ရောဂါရှင်တို့သည် တစ်ညလုံး မအိပ်မစက်ဘဲ စကားပြောဆိုနေတတ်ကြ၏။ ထိုဝေဒနာရှင်တို့ကို ချက်ချင်း အိပ်စက်သော ဆေးကို တိုက်ပေးရ၏။

### စိတ်ဝေဒနာရှင်အိပ်ဆေး

**ဆေးကား**

မဲဇလီအနှစ် (၁၀) ကျပ်သား၊ ဆိတ်ချေး (၁၀) ကျပ်သား၊ ထန်းလျက် (၁၀) ကျပ်သား၊ ရေရှိုးရှိုး (၅၀) ကျပ်သားနှင့် ကျိုပါ။ (၃၀) ကျပ်သား အရည်ကျန်ပါစေ။

**ပြုလုပ်နည်း**

ဆေးရည်ကို ပိတ်ပါးနှင့် စစ်ယူပါ။ ဆေးကိုရ၏။

**အသုံးပြုရန်**

မအိပ်နိုင်သောစိတ်ဝေဒနာရှင်တို့အား တစ်ခါတိုက် (၃) ကျပ်သားမှ (၅) ကျပ်သားအထိ တိုက်ပေးပါ။ ချက်ချင်း အိပ်မောကျသွားပါလိမ့်မည်။ မအိပ်သော စိတ်ဝေဒနာရှင်သည် အိပ်ပါက ရောဂါတစ်ဝက်ကျိုးပြီဟု မှတ်ယူပါလေ။

အထက်ဖော်ပြပါ ဆေးတို့သည် ရှေးသမားတော်ကြီးများ၏လက်ဝယ်၌ အမြဲ ထိန်းသိမ်းစောင့်ရှောက်ထားသော လျှို့ဝှက်ဆေးတော်တို့ ဖြစ်ကြပါ၏။

စစ်မှန်နည်းမှန်သော ဆေးတို့ကို အမြဲတမ်း လက်ဆင့်ကမ်းလျက်ရှိပါ၏။ ဆေးပညာဗဟုသုတ ပြည့်ဝ ကုံလုံ ပြည့်စုံနိုင်ကြပါစေ။

*စေတနာ၊ မေတ္တာ၊ သစ္စာဖြင့်*
*ကျန်းမာချမ်းသာကြပါစေ*

**မဟာနွယ်(မန်းဘဏ္ဍာသိုက်)**



www.burmeseclassic.com

www.burmeseclassic.com

နှင်းလူကတော့ လျှို့ဝှက်နေဆဲ
မင်းရှိန်အောင်

---

## ရုရှား ဆိုက်ဘေးရီးယားဒေသ၌ နှင်းလူ သတ္တဝါကို ရှာဖွေတွေ့ရှိ

မော်စကို စက်တင်ဘာ (၁၆)

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ကီမီရိုဘို စီရင်စု၌ နှင်းလူဟု ခေါ်တွင်သော သတ္တဝါကို သီးခြားနေရာသုံးခုတွင် တွေ့ရှိခဲ့ရသည်ဟု ဒေသဆိုင်ရာဌာနများက စက်တင်ဘာ (၂၄)ရက်နေ့က ထုတ်ပြန်သည်။ ယေတီ (Yeti) ခေါ်တွင်သော နှင်းလူသတ္တဝါကို ရှော်စကီးအမျိုးသားဥယျာဉ်အတွင်း တွေ့ရှိရကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆာဂေးအက်ဒယာကော့က ပြောကြားသည်။ လူဝံကဲ့သို့ပုံသဏ္ဌာန်ရှိသော နှင်းလူသည် ချုံပုတ်၏အကိုင်းအခက်များကို ချိုးဖျက်ကာ တောနက်အတွင်းသို့ လျင်မြန်စွာဝင်ရောက်ပျောက်ကွယ်သွားကြောင်း ၎င်းကပြောကြားသည်။ နှင်းလူတွေ့ရှိခြင်းနှင့်ပတ်သက်၍ အစိုးရအဖွဲ့က တရားဝင်ထုတ်ပြန်ကြေညာရန် ရည်ရွယ်ချက်မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ထရူး(ဒ်)အမည်ရှိ သတင်းစာသို့ ပြောကြားသည်။ ဆိုက်ဘေးရီးယားဒေသ၌ ပြီးခဲ့သော ဩဂုတ်လတွင် ရေလုပ်သားတစ်ဦးက နှင်းလူကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုက်ဘေးရီးယားတိုင်း(မ်)သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ ရေအိုင်ကမ်းစပ်၌ ရေဆင်းသောက်နေကြသော နှင်းလူနှစ်ကောင်ကို မိမိတွေ့မြင်ခဲ့ရကြောင်း၊ ၎င်းတို့သည် လူကဲ့သို့ အလွယ်တကူ မတ်တတ်ရပ်ကာ သွားလာနိုင်ပြီး မိမိကိုတွေ့သည့်အခါ တောတွင်းသို့ ထွက်ပြေးသွားခဲ့ကြကြောင်း ရေလုပ်သား ဘာရှိနင်က ပြောကြားသည်။ ကူဇဘက် စီရင်စု၌လည်း အစိုးရတာဝန်ရှိသူများက နှင်းလူအချို့ကိုတွေ့မြင်ခဲ့ရသည်ဟု ဒေသဆိုင်ရာသတင်းဌာနများက ထုတ်ပြန်သည်။ လူပုံသဏ္ဌာန်ရှိ အရပ်ရှည်ရှည် သတ္တဝါအချို့ကို မာရပ်ဆုအမည်ရှိ မြစ်ကမ်းနဖူးရှိ ကျောက်ဆောင်တစ်ခုပေါ်တွင် တွေ့မြင်ခဲ့ရကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

*အင်တာနက်*

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် လျှို့ဝှက်ထွေပြားသော နှင်းလူနှင့်ပတ်သက်၍ ထိုသို့ဖော်ပြထားသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိခဲ့ရသည်။ ပြီးခဲ့သော (၂၅-၅-၂၀၁၂) နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်း အဆိုပါ နှင်းလူနှင့်ပတ်သက်၍ ဤသို့ ဖော်ပြခဲ့သည်ကိုလည်း အလေးဂရုပြုဖွယ်ရာ တွေ့ရှိခဲ့ရပါသေးသည်။

နှင်းလူသတ္တဝါ (Yeti) များ အမှန်တကယ် ရှိ၊မရှိ ဟူသော ပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ဒီအင်(န်)အေ ခွဲခြမ်းစိတ်ဖြာနည်းပညာသစ်တစ်ရပ်အား အသုံးပြုရန် ဥရောပသိပ္ပံပညာရှင်များက စီစဉ်လျက်ရှိကြောင်း ယနေ့ သတင်းများ (လန်ဒန် မေ ၂၄) တွင် ဖော်ပြထားသည်။ အဆိုပါ နည်းပညာသစ်ကို အသုံးချရန် အောက်စဖို့(ဒ်)တက္ကသိုလ်နှင့် လော်ဆိန်း ဇီဝပြတိုက်တို့မှ သိပ္ပံပညာရှင်များက နှင်းလူများထံမှရရှိသည်ဟု ယူဆရသော အမွေးအမှင် နမူနာအချို့အား မျှဝေအသုံးပြုခွင့်ပေးရန် ကမ္ဘာ့တစ်လွှားရှိ ပြတိုက်များ၊ သိပ္ပံပညာရှင်များနှင့် နှင်းလူသုတေသီများကို မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ အမွေးအမှင်အနည်းငယ်ရရှိရုံဖြင့် ဒီအင်(န်)





www.burmeseclassic.com

www.burmeseclassic.com

အေ ခွဲခြမ်းစိတ်ဖြာ နည်းပညာသစ်ကို သိပ္ပံပညာရှင်တို့က အသုံးပြုနိုင်မည်ဖြစ်ပြီး ရလဒ်အဖြေကိုလည်း ရက်သတ္တပတ်အနည်းငယ်အတွင်း ဖော်ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒီအင်(န်)အေ ခွဲခြမ်းစိတ်ဖြာနည်းပညာသစ်အရ အမွေးအမှင်များသည် အမည်မသိ မျိုးစိတ်တစ်ခုမှဖြစ်ကြောင်း ထုတ်ဖော်ပေးနိုင်သည့်တိုင် ယင်းမျိုးစိတ်သည် မျောက်ဝံ သို့မဟုတ် လူအပါအဝင် မည်သည့်မျိုးစိတ်နှင့် မည်မျှနီးစပ်နိုင်သည်ဆိုသော အချက်များအား သိပ္ပံပညာရှင်များက ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ အမွေးအမှင်ထူသောမျောက်ဝံများနှင့် အလားသဏ္ဌာန်တူသော နှင်းလူများသည် တောနက်ကြီးများနှင့် နှင်းတောင်တန်းများတွင် နေထိုင်လျက်ရှိကြောင်း ယူဆထားကြ၏။ နှင်းလူများတည်ရှိမှုကို သိပ္ပံပညာရှင်အများစုက ယုံကြည်မှုမရှိကြသော်လည်း ကိုယ်တွေ့ကြုံသူများ၏ တင်ပြမှုများ၊ ဓာတ်ပုံများနှင့် ဇာတ်လမ်းဖြစ်ရပ်များကြောင့် နှင်းလူဒဏ္ဍာရီများ ယနေ့တိုင် ရှင်သန်ဆဲဖြစ်သည်။

အထက်ဖော်ပြပါ သတင်းနှစ်ပုဒ်ကို ခြုံငုံ၍သုံးသပ်ရလျှင် ဤကမ္ဘာမြေပြင်ပေါ်၌ နှင်းလူဆိုသော သတ္တဝါမျိုး မရှိပါဘူးဟု အပြတ်အသတ် ငြင်းပယ်ပစ်ရန် မဖြစ်နိုင်သလို နှင်းလူ အမှန်တကယ်ရှိပါသည်ဟု တပ်အပ်သေချာ ခိုင်ခိုင်မာမာ အတည်မပြုပေးနိုင်သည်ကို ဖော်ညွှန်းနေသည့်ပြယုဂ်ပင် ဖြစ်သည်။

နှင်းဖုံးသောတောင်တန်းဒေသနှင့် နှင်းလွှမ်းသော ကုန်းမြင့်ဒေသများတွင် လူလိုလို၊ မျောက်ဝံလိုလို သတ္တဝါကြီးတစ်မျိုး ကျင်လည်ကျက်စားလျက်ရှိနေသည်ကို မကြာခဏတွေ့ရှိရလေ့ရှိသောကြောင့် နှင်းလူ (SNOW MAN) ဟူ၍ အနွတ္တသညာ အမည်ပေးထားသော သတ္တဝါတစ်မျိုးရှိနေသည်ကို ဟိမဝန္တာတောင်တန်းဒေသများနှင့် တိဗက်လူမျိုးတို့က ရှေးနှစ်ပေါင်းရာပေါင်းများစွာကပင် သိရှိနေခဲ့ကြသော်လည်း အနောက်တိုင်းသားတို့ကမူ ၁၈၃၂ ခုနှစ် ရောက်မှ နီပေါဒေသတွင် အမှုထမ်းနေသော ဗြိတိသျှလူမျိုး ဘီအိတ်(ချ်)ဟော့(ဂျ်)ဆင်က စာနယ်ဇင်းတစ်စောင်တွင် ခရီးသွားဆောင်းပါးအဖြစ် ရေးသားတင်ပြလိုက်မှ အုတ်အော်သောင်းတင်း တအံ့တသြနှင့် သိရှိသွားခဲ့ကြလေသည်။ ထိုဆောင်းပါးထဲတွင် သူတို့ တောင်ပေါ်ခရီးသွားနေကြစဉ် အထမ်းသမားတချို့သည် တစ်ကိုယ်လုံး နက်မှောင်သော အမွေးအမှင်များဖုံးလွှမ်းကာ အမြီးမပါသော မတ်တတ်သွား သတ္တဝါကြီးကို တွေ့ရှိခဲ့ရသဖြင့် ကြောက်လန့်တကြား ထွက်ပြေးခဲ့ရသည်ဟု ဆိုထားသည်။ ၎င်းကို ဟော့(ဂျ်)ဆင်က အူရန်အူတန်မျောက်ဝံဟု ထင်သည်။ သူ့အထမ်းသမားများက နတ်ဆိုးဟုပြောကြသည်။ ဒေသခံတို့က ယေတီ (နှင်းလူ) ဟု ဆိုသည်။ ထိုမှ နောက်နှစ် (၅၀) ကျော်ခန့်အကြာ ၁၈၈၇ ခုနှစ်တွင် ဗြိတိသျှကြည်းတပ်မှ ဗိုလ်မှူးလောရင့်(စ်)အော်စတင် ဝတ်(ဒ်)ဒယ်(လ်)၏ 'ဟိမဝန္တာတောင်တန်းတစ်ခွင် လှည့်လည်စဉ်က' စာအုပ်ထဲတွင် တိဗက်လူမျိုးတို့၏ အမွေးအမှင်ထူ၍ ကြမ်းကြုတ်ခက်ထန်သော နှင်းလူ (ယေတီ) များရှိသည်ဟု အလေးအနက် ယုံကြည်ကြောင်း အသေအချာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့တစေ ဘီအိတ်(ချ်)ဟော့(ဂျ်)





www.burmeseclassic.com

www.burmeseclassic.com

ဆင်က နှင်းလူအကြောင်း စတင်ဖော်ပြသော ၁၈၃၂ ခုနှစ်မှ ယခုနှစ်တိုင် နှစ်(၁၈၀)အတွင်း နှင်းလူနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များနှင့် သုတေသီများက တိတိကျကျ ခိုင်ခိုင်မာမာ မတင်ပြနိုင်ကြသည်က မထူးသော်လည်းဆန်းနေသည်ဟု ထင်သည်။ နှင်းလူကိုယ်၌ လျှို့ဝှက်ချက်များဖြင့် ထုံမွမ်းနေသည့်အတွက်ကြောင့်ပဲလား၊ အဆိုပါ နှင်းလူတို့သည် ဟိမဝန္တာ၏ မြင့်မားလှသော တောင်တန်းတောင်စွယ်များ၊ ကျောက်ဂူများ၊ လျှိုမြောင်များ၊ ဝေးလံ ခေါင်သီသော တောင်ကြောတောင်စဉ်များတွင် တသီးတသန့် လျှို့ဝှက်စွာနေထိုင်ကြသဖြင့် ရှားရှားပါးပါးတွေ့ရလေ့ရှိသည်ဟု ဒေသခံများက ယုံကြည်ကြသည်။

ဤတွင် မေးစရာ တွေးစရာ ဖြစ်လာသည်က နှင်းလူ (SNOW MAN) ဟူသည် အဘယ်နည်း။ နှင်းလူဆိုသည်မှာ နှင်းဖုံးတောင်တန်းများနှင့်နှင်းလွှမ်းကုန်းပြင်မြင့်ကြီးများတွင် နေထိုင်ကျင်လည်ကျက်စားသော လူတူ မျောက်ဝံတူသတ္တဝါတစ်မျိုးဟု ဖွင့်ဆိုရမည်ထင်သည်။ ယေဘုယျအားဖြင့် ဟိမဝန္တာတောင်တန်းဒေသနှင့် တိဗက်ကုန်းပြင်မြင့်တွင် ရှိသည်ဟု ထင်မြင်ခဲ့ကြသော်လည်း ကက်စပီယန်ပင်လယ်နှင့် ပင်လယ်နက် ကြားထဲမှ ကော့ကေးရှပ်တောင်တန်းဒေသ၊ တရုတ်နိုင်ငံ အလယ်ပိုင်းက-ရှန်နန်လီတောနက်ဒေသ၊ ရုရှားပြည်က ဆိုက်ဘေးရီးယားဒေသတို့တွင်လည်း နှင်းလူများ တွေ့ရှိရသည်ဆိုသော အထောက်အထားများ အစီအရီပေါ်ပေါက်လာနေပေသည်။ ဟိမဝန္တာတောင်တန်းဒေသနှင့် တိဗက်ကုန်းမြေပြင်တွင် နှင်းလူကို ယက်တီဟု ခေါ်ဝေါ်သလို ကော့ကေးရှပ်တောင်တန်းဒေသတွင် အယ်မက်စတီ၊ တရုတ်ပြည်တွင် တောတွင်းလူဟုခေါ် ဆိုကြသည် ဟူ၏။ မြောက်အမေရိကတိုက်နှင့် လက်တင်အမေရိကတိုက်က နှင်းဖုံးသောဒေသများတွင် မကြာခဏ တွေ့ရလေ့ရှိသော ဘစ်(ဂ်)ဖု(တ်)သတ္တဝါကြီးတို့သည် နှင်းလူများ ဖြစ်နေလေသလား။

အရေးကြီးသောအချက်တစ်ခုက နှင်းလူကို တရုတ်သုတေသီတို့က လူသားတစ်ဝက်၊ မျောက်ဝံတစ်ဝက် ကိုယ်ခန္ဓာပုံသဏ္ဌာန်ရှိသော တောတွင်းလူသားသတ္တဝါကြီးဟု မြွက်ဆိုကြသည်။ ဆရာဦးညွန့်တင်၏ 'နှင်းလူ' အမည်ရှိဆောင်းပါး (နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၇/၁၉၉၂) ထဲတွင် နှင်းလူသည် လူသားမျိုးနွယ်ဇီဝကမ္မဗီဇနှင့် 'လူဝံမျိုးနွယ်ဇီဝကမ္မဗီဇတို့အကြား ပေါက်ဖွားဖြစ်ပေါ်လာသော ကျောရိုးရှိ နို့သွေးနွေး နို့တိုက်သတ္တဝါတစ်မျိုးဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ လူဝံမျိုးနွယ်ဗီဇထက် ပိုမို အဆင့်မြင့်မားပြီး လူသားမျိုးနွယ်ဗီဇဘက်သို့ ပိုမိုနီးစပ်သော ရှားပါးသတ္တဝါမျိုးဟု ဆိုထားသည်။

နောက် နှင်းလူ၏ကိုယ်ခန္ဓာတည်ဆောက်ပုံမှာ လူသားနှင့်အသွင်တူသော်လည်း လူသားထက် အရပ်အမောင်း ပိုမိုရှည်လျားသည်။ ကိုယ်ထည်ကိုယ်လုံးမှာ ပိုမိုထွားကျိုင်းတုတ်ခိုင်ကြသည်။ အနည်းဆုံး အရပ်အရှည် (၈)၊ (၉) ပေထိရှိတတ်သည်။ ခြေဖဝါးမှာ (၁) ပေခွဲခန့်ရှည်၍ (၆)လက်မခန့်ကျယ်သည်။ ကိုယ်ခန္ဓာအပေါ်ပိုင်းထက် အောက်ပိုင်းက ပိုမို ကြီးမားတတ်သည်။ အရပ်အမောင်း အချိုးအစားနှင့် မလိုက်ဖက်အောင် အလွန် လျင်မြန်သန်စွမ်းသည်။ လူသားတို့ထက် အစွမ်းထက်သည် ဟူ၏။ နှင်းလူတစ်ကိုယ်လုံးတွင် ထူထဲကြမ်းတမ်းသော အမွေးအမှင်ဖုံးလွှမ်းနေပြီး မျက်နှာတစ်ခုတည်းသာ လစ်ဟာနေသည်။ ဆင်အရေ၊ ကြံ့အရေလိုထူထဲပြီး အရေပြားနှင့် အသားကြားတွင် ထူထဲသော အဆီပျဉ်ရှိသည်။ သံထည် ချပ်ဝတ်တန်ဆာလိုဖြစ်နေသော်လည်း အလွယ်တကူတွန့်ရှုံ့ပျော့ပျောင်းနိုင်သည် ဟူ၏။ ယင်းကြောင့် အအေးဒဏ်နှင့် ထိခိုက်ရှနာမှုအဏ်ကို ခံနိုင်ရည်ရှိသည်ဟု ဖော်ပြထားသည်။

သို့ကလို ကိုယ်ခန္ဓာကြံ့ခိုင်ကြီးမားသော နှင်းလူတို့သည် ရန်မူတိုက်ခိုက်သောအခါတွင် အလွန်ကြမ်းကြုတ်ရက်စက်တတ်သည် ဟူ၏။ နှင်းလူတို့ ဆာလောင်မွတ်သိပ်သောအခါတွင် ရန်ပြုထိပါးခြင်းခံရသောအခါ သို့ကလို ရက်ရက်စက်စက် အကြမ်းဖက်တတ်သည် ဟူ၏။ ထို့ကြောင့် နှင်းလူကို အစကနဦးတုန်းက ကြောက်မက်ဖွယ်ကောင်းသော နှင်းလူ (Abominable SNOW MAN) ဟု ကင်ပွန်းတပ်ခဲ့သည်။ ဒေသခံတို့ခေါ်သော ယေတီ (Yeti) ၏ အဓိပ္ပာယ်မှာလည်း ထူးထူးခြားခြား သည်းထိတ်ရင်ဖိုဖွယ်၊ ကြောက်ရွံ့ဖွယ်ကောင်းသော သတ္တဝါကြီးဟူ၍ ဖြစ်၏။ နှင်းလူတို့သည် လူတို့နှင့် ဝေးဝေးလံလံတွင် လျှို့ဝှက်စွာ နေထိုင်တတ်သော်လည်း ရံဖန်ရံခါ၌ လူတို့၏ရွာနီးချုပ်စပ်ကိုလာပြီး စိုက်ခင်းများကိုဖျက်ဆီးတတ်ခြင်း၊ တွေ့သောလူများကိုတိုက်ခိုက်တတ်ခြင်း၊ တိရစ္ဆာန်ကြီးများကို ရိုက်ပုတ်သတ်ဖြတ်တတ်ခြင်း တိရစ္ဆာန်ငယ်တို့နှင့် ကလေးသူငယ်များကို လုယူ သယ်ဆောင်သွားတတ်ခြင်း ဟူသော နာမည်ဆိုးများဖြင့် ကျော်စောထင်ပေါ်ခဲ့၏။

နမူနာတစ်ခုပြဆိုရသော် ၁၉၇၄ ခုနှစ်၊ ဇူလိုင်လလောက်က အဲဗရက်တောင်ပေါ် ရွာကလေးတစ်ရွာဖြစ်သော မာချာမိုရွာလေးမှ လာပါဒေါ် မနီအမည်ရှိ မိန်းကလေးသည် တောင်ပေါ် စား ကျက်တစ်ခုတွင် ယက်(ခ်) (Yak) နွား များကိုလွှတ်ကျောင်းနေစဉ် နှင်းလူတစ်ကောင် ရုတ်တရက် ရောက်ရှိလာပြီး သူမကို တောက်မ,၍ ခပ်ကြမ်းကြမ်း ဖယ်ရှားပစ်ကာ ယက်(ခ်)နွားကြီးတစ်ကောင်ကို လက်သီးဖြင့် ပစ်ထိုးသတ် လိုက်ပြီး အခြားတစ်ကောင်ကို ဦးချိုကိုင် လည်ကုပ်ချိုးပစ်လိုက်၏။ ပြီး- အသား အနည်းငယ်ကို စားသောက်လျက် ထို နှင်းလူသည် ထိုနေရာမှာပြန်လည်ထွက် ခွာသွားလေသည် ဟူ၏။

ဝေဖန်စောကြောစရာ တစ်ခုက နှင်းလူတို့ကို ရက်စက်ကြမ်းကြုတ်စွာ အကြမ်းဖက် တိုက်ခိုက်တတ်သည်ဟု အ များအားဖြင့် မှတ်ယူထားကြသော်လည်း (Sun-Vol. 14, No .27, July 1996) တို ကိုးကားထားသော ဟိန်း (ဘူမိ)၏ 'ဧဝ ရက်တောင်တက်ခရီးတွင် နှင်းလူက ၍ အသက်ရှင်ခဲ့ရသူ' ဆောင်းပါး (၁၅- ၁၁- ၂၀၀၅ နေ့ထုတ် သိဒ္ဓိမိုးဂျာနယ်) ထဲတွင် ဗြိတိသျှ သိပ္ပံပညာရှင် ဖိလစ် မာဆဲ(လ်) ပါဝင်သော ဗြိတိသျှ တောင် တက်အဖွဲ့သည် ဧဝရက်တောင်ထိပ် ပေါ်သို့ တက်ရောက်နေစဉ် လမ်း လတ်၌ နှင်းမုန်တိုင်း ပြင်းထန်စွာတိုက် ခတ်သဖြင့် အုပ်စုမှကွဲထွက်ပြီး တစ်နေ ရာအရောက်၌ လေပြင်းဒဏ်၊ အအေး ဒဏ်ကြောင့် တစ်ယောက်တည်း မေ့ မြောလဲကျနေခိုက် နှင်းလူတစ်ကောင် ရောက်ရှိလာပြီး သူ့အား ကယ်ယူသ မ,ကာ လှိုဏ်ခေါင်းတစ်ခု၌ ရင်ခွင်ထဲထည့် ထွေးပိုက် အနွေးဓာတ်ပေးထားကြော စိတ်ချရလောက်သော အခြေအနေ ရောက်မှ အန္တရာယ်ကင်း၍ လူသူနှင့် သော တောင်ကြားလမ်းတစ်နေရာ ပို့ဆောင်ပေးခဲ့သည် စသည်ဖြင့် ဖော် ထားသည်ကို ထူးထူးခြားခြား တွေ့ ခြင်းပင် ဖြစ်သည်။

သို့ကလို ထူးထွေဆန်းပြားမှုရှိ



www.burmeseclassic.com

www.burmeseclassic.com

သော နှင်းလူကို ပြီးခဲ့သော နှစ် (၁၈၀) အတွင်း တိတိပပ သုတေသနပြုနိုင်သည့် လက္ခဏာများကို မတွေ့ရပေ။ ရာစု နှောင်းပိုင်းက အမေရိကန် စားရှာဖွေသူ ပေါ(လ်)ဒူဒြလုသည် ဟိမဝန္တာတောင်တန်းဒေသမှ ရရှိလာသည်ဆိုသော အလွန်ကြီးမားသည့် လူသတ္တဝါကြီးတစ်ကောင်၏အရိုးစုနှင့် အရေပြားတို့ကို နှင်းလူ၏ရုပ်ကြွင်းဆိုပြီး အမေရိကန်သိပ္ပံပညာရှင်များ၊ သုတေသီများကို တင်ပြခဲ့ရာ သူတို့က ဖြစ်နိုင်ခြေရှိသည်ဟု မှတ်ချက်ပေးခဲ့ကြသည်။

၁၉၀၆ ခုနှစ်၌ ဗြိတိသျှ ဇီဝဗေဒပညာရှင် အိတ်(ချ်)ဂျေအယ်(လ်)ဝီး(လ်)သည် ဟိမဝန္တာတောင်ကြောတစ်နေရာ၌ နှင်းလူကို မျက်မြင်ဒိဋ္ဌ တွေ့ရှိခဲ့ရသည့် သတင်းစကား ထွက်ခဲ့၏။ ၁၉၁၃ နွေဦးရာသီတွင် တရုတ်မုဆိုးတစ်စုသည် နှင်းလူဟုထင်ရသော လူတူသတ္တဝါကြီးတစ်ကောင်ကို ဒဏ်ရာဖြင့် အသက်ရှင်လျက် ဖမ်းဆီးရမိပြီး လှောင်အိမ်ကြီးတစ်ခု၌ သွတ်သွင်းကာ တရုတ်ပြည် စင်ကျန်ပြည်နယ် ပတန်မြို့တွင် လူတို့အား အခကြေးငွေဖြင့် ပြသခဲ့ကြောင်း၊ အပြုအစု စောင့်ရှောက်မှု မကောင်းသဖြင့် သေဆုံးခဲ့ရကြောင်းကို ဟောင်ကောင်မြို့ထုတ် သတင်းစာများ အပါအဝင် တရုတ်မြို့ကြီးတချို့ထုတ် သတင်းစာများတွင်ဖော်ပြခဲ့သည်ဟူ၏။ ထို့အပြင် ဗြိတိသျှ ဗိုလ်မှူး ကင်မရွန်း (၁၉၂၃)၊ ရှစ်ပတန် (ဇဝရက်) တောင်တက်အဖွဲ့ဝင်များ (၁၉၃၆)၊ ဗြိတိသျှ ရှာဖွေစားမှု ဖရင့်စမတ် (၁၉၃၇) တို့သည် ဟိမဝန္တာ နှင်းဖုံးတောင်ကြောများတွင် နှင်းလူခြေရာဟု ယူဆရသော ခြေရာများကို အနီးကပ်တွေ့ရှိခဲ့ရသလို နှင်းလူဟု ယူဆရသော သတ္တဝါကြီးများကိုလည်း ဝေးလံသောအရပ်မှလှမ်းမြင်ခဲ့ရသည် ဟူ၏။

စိတ်ဝင်စားစရာတစ်ခုက ၁၉၃၈ ခုနှစ် နှောင်းပိုင်းက နာဇီဂျာမနီခေါင်းဆောင် ဟစ်တလာ၏ညွှန်ကြားချက်ဖြင့် စစ်တာပို ဗိုလ်မှူး ဘရူနိုဘီလျာနှင့် ဆိုးကျော် မနုဿဗေဒပညာရှင် အာနတ်(စ်)ရွှက်ဖားတို့ဦးဆောင်သော လျှို့ဝှက်အဖွဲ့တစ်ဖွဲ့သည် နှင်းလူရှာပုံတော်နွှင့်ရန်ဟုခေါင်းစဉ်တပ်ပြီး တိဗက်ဒေသသို့ရောက်ရှိလာခဲ့ကာ အာရိယာန်မျိုးနွယ်စဉ်လာဆိုင်ရာ သုတေသနပြုမှုများ၊ တန္တရကျမ်း၊ မဟာယာနကျမ်း၊ ဂန္ဓာရီပညာကျမ်း၊ လောကီပညာကျမ်းများ၊ ဆေးကျမ်း၊ ဓာတ်ကျမ်းများနှင့် တိဗက်ဂန္ဓာရီပညာရှင်၊ လောကီပညာရှင်များကို စုစည်းယူဆောင်သွားကြသည် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကာလတွင် နှင်းလူရှာဖွေစူးစမ်းရေးကိစ္စသည် တစ်ခဏ ရပ်ခဲ့သော်လည်း ၁၉၅၀ ပြည့်နှစ်များ စောစောပိုင်းတွင် ပြန်လည်၍ ခေါင်းထောင်ခဲ့ပြန်သည်။ အီရစ်ရှစ်ပတန်ဦးဆောင်သော ဧဝရက်တောင်တက်အဖွဲ့ (၁၉၅၁)၊ လန်ဒန် ဒေးလီးမေး(လ်) သတင်းစာ အယ်ဒီတာအဖွဲ့မှ စေလွှတ်သော နှင်းလူရှာပုံတော်အဖွဲ့ (၁၉၅၄)၊ အမေရိကန် သန်းကြွယ်သူဌေး တွန်ဆလစ် စေလွှတ်သော နှင်းလူရှာပုံတော်အဖွဲ့ (၁၉၅၇) တို့သည် ဟိမဝန္တာတောင်တန်းဒေသသို့သွား၍ နှင်းလူသုတေသနပြုခဲ့သော်လည်း သိပ်အရာထင်ခဲ့ဟန်မတူ။ ၁၉၆၀ ပြည့်နှစ်လောက်တွင် ဆိုဗီယက် (ရုရှား) သိပ္ပံသုတေသီတို့က ကော့ကေးရှပ် တောင်တန်းဒေသတွင် နှင်းလူတွေ့ရှိကြောင်း ကြေညာခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် တရုတ်သိပ္ပံပညာရှင် ချူကိုချင်ဦးဆောင်သောအဖွဲ့မှ တရုတ်ပြည်အလယ်ပိုင်း ရှန်နန်ဂီသစ်တောတွင် နှင်းလူ သုတေသနပြုခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ရပ်နားပစ်ခဲ့ရသည်။ ဆိုလိုရင်းသဘောက နှင်းလူနှင့် စပ်လျဉ်း၍ ရေရေရာရာ ဖော်ဆောင်နိုင်မှုမရှိခဲ့ဟု ယူရမလိုဖြစ်နေပေသည်။

ဤနေရာမှာ နှင်းလူနှင့်နီးနွယ်နေသည်ဟုယူဆရသော တိဗက်ဒဏ္ဍာရီ တစ်ပုဒ်ကို စကားချပ်အဖြစ် တင်ပြချင်သည်။

ရှေးလွန်လေပြီးသော ကာလက မိုးကောင်းကင်ပေါ်မှ ထူးခြားသော ယာဉ်ပျံများကိုစီးနင်းပြီး ဆင်းသက်လာသောလူသားတို့သည် ယခု တိဗက်ကုန်းပြင်မြင့်တည်ရှိသည့်နေရာတွင် တည်ရှိသော ပင်လယ်သမုဒ္ဒရာ အလယ်က ကျွန်းကြီးတစ်ကျွန်းပေါ်တွင် မြို့ပြတည်ထောင်၍ နေထိုင်ကြကြောင်း၊ ၎င်းတို့တည်ဆောက်သော မြို့တော်ကို လာဆာမြို့တော်ဟု ခေါ်ကြောင်း၊ ၎င်းတို့တိုင်းပြည်ကို မူးတိုင်းပြည်ဟု ခေါ်ကြောင်း၊ ၎င်းတို့ကို မူးလူမျိုးဟုခေါ်ကြောင်း၊ မူးလူမျိုးတို့သည် အရပ်အမောင်း (၈) ပေ၊ (၉)ပေခန့်ရှည်ကာ ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းတုတ်ခိုင်လျက် ဉာဏ်ပညာ အလွန် ထက်မြက်ကြောင်း၊ ထို့ကြောင့် ၎င်းတိုင်းပြည်၌ သိပ္ပံပညာ, ဂန္ဓာရီပညာ, လောကီပညာအလွန်ထွန်းကားကြောင်း၊ နောက်ပိုင်းတွင် ၎င်းတို့သည် အတတ်ကြူး ဘီလူးဖြစ် ဆိုသည့်အတိုင်း စည်းလွတ်ဝါးလွတ် ဖောက်ပြန်လာသော ကြောင့် မိုးပေါ်မှ ထူးခြားသောယာဉ်ပျံများသက်ဆင်းလာပြီး ၎င်းတို့၏မူးတိုင်းပြည်ကို ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း၊ ထိုအခါ မူးတိုင်းပြည်ကြီး၌ မြေငလျင်လှုပ်ရှားမှုကြီးများ၊ မီးတောင်ပေါက်ကွဲမှုကြီးများ၊ မြေလွှာ တွန့်ခေါက် မြင့်တက်မှုကြီးများ အဆက်မပြတ် တရစပ် ဖြစ်ပေါ်လာရာ နောက်ဆုံးတွင် မူးတိုင်းပြည်ကြီးသည် ပင်လယ်ကျွန်းကြီးမဟုတ်တော့ဘဲ ကမ္ဘာ့ခေါင်မိုး ကုန်းပြင်မြင့်ကြီး ဖြစ်သွားကြောင်း၊ လာဆာမြို့တော်သည်လည်း ပင်လယ်ကျွန်းမြို့တော်မဟုတ်ဘဲ ကမ္ဘာ့ခေါင်မိုးမြို့တော် ဖြစ်သွားခဲ့ရကြောင်း၊ ရာသီဥတုသည်လည်း နှင်းဖွေးအေးစက်သော ရာသီဥတုသို့ ပြောင်းလဲသွားခဲ့ကြောင်း၊ မူးလူမျိုးအများစုတို့လည်း သေကျေပျက်စီးခဲ့ရပြီး အနည်းငယ်သာ ထိုကပ်ဘေးကြီးမှ လွတ်မြောက်ခဲ့ကြရကြောင်း၊ ထိုလွတ်မြောက်သူတို့သည် အလွန်အကြူး ကြောက်ရွံ့ချောက်ချားရလွန်းသဖြင့် အသိဉာဏ်များပျောက်ဆုံးကာ ဂူများ၊ ဥမင်လိုဏ်ခေါင်းများ၊ လျှိုမြောင်များတွင်သာ ပုန်းအောင်းနေထိုင်ကြောင်း၊ နောင်တွင် ထိုသူတို့ထံမှ ဆင်းသက်လာသောသူများကို နှင်းလူဟု ခေါ်ကြကြောင်း စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

ထို့ပြင်တစ်ဝ ဆရာဦးညွန့်တင်က သူ၏နှင်းလူဆောင်းပါးထဲတွင် နှင်းလူတွင် ညိုဝါရောင်နှင်းလူနှင့် အဖြူရောင်နှင်းလူဟု နှစ်မျိုးရှိကြောင်း၊ အဖြူရောင်နှင်းလူက ကိုယ်လုံးကိုယ်ထည် ပိုမိုကြီးမားပြီး ပိုမို အစွမ်းထက်ကြောင်း၊ အဖြူရောင်နှင်းလူများအား ဟိမဝန္တာတောင်တန်းဒေသ အနောက်ဘက်တွင် ပိုမိုအတွေ့ရများပြီး ညိုဝါရောင်နှင်းလူများကို ဟိမဝန္တာတောင်တန်းဒေသ အရှေ့ပိုင်းနှင့် တိဗက်ဒေသတွင် အတွေ့ရများကြောင်း၊ နှင်းလူတို့သည် ဂီတသံကို အလွန်နှစ်မြို့ပြီး သေနတ်သံကို အလွန်ကြောက်ရွံ့ကြကြောင်း စသဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဆက်လက်ပြီး နှင်းလူတို့သည် ဆောင်းဥတု၌ ဝံရိုင်းစွန်းဝက်ဝံဖြူများလို ဂူများအတွင်း၌ ဆောင်းအောင်း (HIBERNATION) အိပ်စက်တတ်ကြောင်း၊ အထီးက အမထက် ပိုများပြားကြောင်း၊ မျိုးဆက်ပွါးပွားရာ၌ အလွန်တရာညံ့



www.burmeseclassic.com

www.burmeseclassic.com

ဖျင်းကြောင်း၊ တောဆင်ရိုင်းများ၌ ဆင်သချိုင်း လျှို့ဝှက်စွာ တည်ရှိနေသလို နှင်းလူတို့တွင်လည်း နှင်းလူသချိုင်းလျှို့ဝှက်စွာ ထားရှိတတ်ကြောင်း စသဖြင့် ဖော်ပြထားသည်ကို လေ့လာသုံးသပ်ဖွယ်ရာ တွေ့ရှိရပေသည်။

တစ်ဖက်တွင်လည်း ၂၀၁၂ ခု၊ အောက်တိုဘာလမှစပြီး တရုတ်ပြည် ဟူဘေးပြည်နယ် တောတွင်းလူသားသုတေသနအသင်းသည် လွန်ခဲ့သော နှစ် (၃၀) လောက်က ရပ်နားခဲ့ရသော ရှန်နန်းဂီ သစ်တောဒေသ နှင်းလူရှာဖွေစူးစမ်းရေးကို ပြန်လည် ဖော်ချလုပ်ဆောင်နေလေပြီ။ နောက်အစပိုင်းက ဆိုခဲ့သလို အောက်စဖို့(ဒ်)တက္ကသိုလ်နှင့် လော်ဆိန်း ဇီဝပြတိုက်မှ သိပ္ပံပညာရှင်များကလည်း နှင်းလူအမွေးအမှင်များဟုယူဆရသော အမွေးအမှင်များကို ဒီအင်(န်)အေနည်းပညာသစ်ဖြင့် စမ်းသပ်စစ်ဆေးကြည့်လိုသဖြင့် အကူအညီတောင်းခံမှုများ ယခု ၂၀၁၂ ခုနှစ်၊ နှစ်လယ်က ပေါ်ထွက်လာခဲ့သည်။

အထက်က ဖော်ပြခဲ့သမျှတို့ကို ဝေဖန်စောကြောကြည့်လျှင် နှင်းလူနှင့် ပတ်သက်၍ ဘဲဥအစရှာမရသေးသလိုပါဘဲလားဟု မေးစရာတွေးစရာ ဖြစ်လာသည်။

မည်သို့ပင်ဆိုစေ နှင်းလူဆိုင်ရာတွေကတော့ အဖြေထုတ်လို့မရတဲ့ပုစ္ဆာတစ်ခုလို တလျှို့ဝှက်ဝှက်နှင့် ရှိနေဆဲ၊ ဖြစ်နေဆဲဟု ဆိုလျှင် မှားလွဲမည် သိပ်မထင်။

**စာကိုး**

၁။ လှမိုး (ပညာရေး) ၏ ပြန်လည်ဆန်းသစ်လာသော နှင်းလူ သုရဿမဂ္ဂဇင်း (၄/၂၀၁၂)
၂။ ဆရာဦးညွန့်တင်၏နှင်းလူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၇/၁၉၉၂)
၃။ ဟိန်း (ဘူမိ) ၏ ဧဝရက်တောင်တက်ခရီးတွင် နှင်းလူကယ်၍အသက်ရှင်ခဲ့ရသူ သိဒ္ဓိမိုးဂျာနယ် (၁၅-၁၁-၂၀၀၅) နေ့ထုတ်
၄။ ခင်မိမိသက်၏အညာတနယ်မြေ
၅။ ရှာဖွေစုဆောင်းမှုများ

မင်းရှိန်အောင်

# ဂမ္ဘီရပြဒါးပြာဟူသည်

## (ဆေးမှာ အတွေ့ ဓာတ်မှာ အငွေ့)

လူအတော်များများသည် ပြဒါးပါသောဆေး ဆိုလျှင် ဥပဒ်ဖြစ်တတ်သည်ဟု ယူဆ ပြောဆိုနေကြသည်။ ဆရာဝန်များကမူ ပြဒါးသည် အဆိပ်ဖြစ်တတ်သည်ဟု ပြောဆိုနေကြသည်။ ပြဒါးသည် ဓာတ်မပြောင်းဘဲ သူ့ချည်း အသုံးပြုပါက အဆိပ်ဖြစ်တတ်သည်မှာ မှန်သော်လည်း သူ့ကို ချုပ်နိုင်၊ သတ်နိုင်၊ ဓာတ်ပြောင်းအောင် လုပ်နိုင်သော တွဲဖက်ဓာတ်များနှင့် လုပ်ဆောင်နိုင်ပါက ဘယ်ဓာတ်နှင့်ပဲလုပ်ဆောင် လုပ်ဆောင်၊ ၎င်း၏ မူလဓာတ်များ ပြောင်းသွားပါက အလွန်အစွမ်းထက်ပါသည်။ ဘေးဥပဒ်မဖြစ်တော့ပါ။ ဥပမာ-မြွေဆိပ်ဖြေဆေးဟူသမျှသည် မြွေဆိပ်ထုတ်ယူကာ ၎င်း၏လိုအပ်သောဓာတ်ပစ္စည်းများကို တွဲဖက်၍ မြင်း၏ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်းပြီး ပြန်လည်ထုတ်ယူကာ မြွေဆိပ်ဖြေဆေးအဖြစ် သုံးစွဲနေရာ တစ်ကမ္ဘာလုံး အောင်မြင်နေပါသည်။

ယခု ဂမ္ဘီရပြဒါးပြာမှာလည်း ရောဂါမျိုးစုံ ပျောက်ကင်းစေရန် အမဓာတ်ဖြစ်သော ပြဒါးကို အဖိုဓာတ်များဖြစ်သော ဒုတ္တာ၊ ကျောက်ချဉ်၊ ယမ်းစိမ်း သုံးမျိုးတို့ဖြင့် ပြဒါးဓာတ်ကိုဘဝပြောင်းအောင်၊ ပြာဖြစ်သွားအောင် သင့်လျော်သောမီးဖြင့်ပေး၍ ပြုလုပ်ပါက ပြဒါး၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ယမ်းစိမ်းတို့သည် ဘဝပြောင်းပြီး ဆေးမှာ အတွေ့၊ ဓာတ်မှာ အငွေ့ ဆိုသည့်အတိုင်း အခိုးအငွေ့ဖြစ်၍ ဂမ္ဘီရပြဒါးပြာ ဖြစ်လာပါ၏။ ချက်လုပ်သော ပြဒါး၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ယမ်းစိမ်းများထည့်သောဒယ်ပေါ်တွင် အခိုးဖမ်းသည့် ကြွေပုန်းကန်လုံး၌ အခိုးအငွေ့များ တက်ကပ်နေသည်ကို တွေ့ရပြီး ဟင်္သပဒါးရောင်၊ ပုစွန်ဆီရောင်ဖြစ်နေသည်ကို တွေ့ရပါသည်။

ပြာရောက်ဆိုသည်မှာ မူလဓာတ်သေခြင်းမျိုးကို ဆိုလိုသည်။ ထိုသို့ သေခြင်းသည်လည်း (၃) ပါး ရှိသည်။ ထွက်သက်၊ ဝင်သက်ချုပ်ခြင်းသည် ခဏိကမရဏ မည်၏။ ဤဘဝမှ ထိုထိုဘဝသို့ ကူးပြောင်းသေလွန်ခြင်းသည် စုတိမရဏ မည်၏။ ဘုရား၊ ရဟန္တာတို့၏ အသက်ခန္ဓာချုပ်ငြိမ်းခြင်းသည် သမုစ္ဆေဒမရဏ မည်၏။ ယခု ရေးသားတင်ပြနေသော ဂမ္ဘီရပြဒါးပြာသည် ပြဒါး၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ယမ်းစိမ်းတို့သည်

မူလဓာတ်သေပြီး ဘဝပြောင်းသွားသ[...]
စုတိမရဏပြာများ ဖြစ်ပါသည်။ [...]
ဓာတ်သက်သက်လည်း သိဒ္ဓိမပေါ[...]
နာမ်ဓာတ်သက်သက်သည်လည်း သိ[...]
မပေါက်။ ရုပ်၊နာမ်စုံလင်မှသာလျှင် သိ[...]
ပေါက်နိုင်သည်။ (အထောက်အထ[...]
သာဓက) အရှုပပြဟ္မာဘုံသည် န[...]
သက်သက်ဖြစ်၍ ဘုရားပွင့်သော်လ[...]
အကျိုးစီးပွား မရနိုင်။ အသညသ[...]
ပြဟ္မာဘုံသည် ရုပ်သက်သက်ဖြစ်၍ [...]
ခေတ်၌ အကျိုးစီးပွားမရနိုင်ပေ။

ပြဒါး၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ယ[...]
စိမ်းတို့သည် အခိုးအငွေ့ဖြစ်၍ [...]
ကန်လုံးတွင် ကပ်နေပါသည်။ [...]
သောအခါ ခြောက်သွေ့ပြီး ၎င်းအ[...]
အငွေ့များကို ခြစ်ယူပါက အမှုန့်အ[...]
ရပါသည်။ ၎င်းကို ဂမ္ဘီရပြဒါးပြာဟု [...]
မည်တပ်၍ ခေါ်ကြပါသည်။ ၎င်းသ[...]
ပြဒါး၊ ဒုတ္တာ၊ ကျောက်ချဉ်၊ ယမ်း[...]
တို့၏ တိုက်ရိုက်ပြာများ မဟုတ်ပါ။ [...]
ခိုးအငွေ့မှတစ်ဆင့် ပန်းကန်လုံး[...]
ကပ်နေသော အခိုးအငွေ့များကို [...]
သွား၍ ခြစ်ယူသောအခါ အခိုးအ[...]
မှဖြစ်လာသော အမှုန့်များကို [...]
ပြဒါးပြာဟုခေါ်ပြီး သုံးစွဲနေကြပါသ[...]
ဆေးမှာ အတွေ့၊ ဓာတ်မှာ အငွေ့ [...]
သည့်အတိုင်း ဓာတ်မှတစ်ဆင့် အ[...]
အငွေ့မှတစ်ဆင့် ပြာဖြစ်လာခြင်း[...]
ဖြစ်ပါသည်။

ပန်းကန်လုံးတွင် ကပ်နေ[...]
အမှုန့်များကိုခြစ်ယူ၍ စုတိမရဏ[...]
မဆိုက်၊ ဓာတ်သေ၊ မသေ သိလို[...]

၁။ လက်မ၊ လက်ညှိုးပေါ်တွင်[...]
ပြီး ပွတ်ကြည့်ပါက စက္ကန့်အ[...]
အသားထဲသို့ ဝင်သွားပါသ[...]

၂။ ခွက်တစ်လုံးထဲ ရေအပြည့်[...]
ပြီး ဂမ္ဘီရပြဒါးပြာမှုန့်ကို [...]
တင်ထားလျှင် မြုပ်မသွားဘဲ[...]
မသွားဘဲ ရေမျက်နှာပြင်ပေါ်၌ ရေကူး[...]
ပေါ်နေခြင်း။

၃။ မီးဖြင့်ရှို့ကြည့်လျှင် အခိုးအ[...]
မထွက်ခြင်း၊ မီးမလောင်ခြင်း[...]
၎င်းဓာတ်များပြည့်စုံပါက [...]
ပြဒါးပြာ ဖြစ်သွားပါသည်။ အခြား[...]
သပ်နည်းများလည်း ရှိပါသေးသည်[...]


သင်ဆရာ၊ မြင်ဆရာ၊ ကြား[...]
များအား ဦးတိုက်လျက်

ဦးစံသိန်း(သီလသ[...]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လွယ်ဟောင်တောင်ကြောပေါ်မှာ နေတဲ့ လွယ်ဟောင်သူကြီး ဖိုးကျော်ဆီက စာတစ်စောင်ရောက်လာတယ်။ စာက တိုတိုလေးပါ။ လွယ်ဟောင်ကြောမှာ ညညဆို ခွေးတွေအူ၊ ကျီးတွေကပြို၊ လူတွေက အထိတ်တလန့်ဖြစ်နေကြလို့မို့ တစ်ရွာလုံး ချောက်ချောက်ချားချားဖြစ်နေကြရတယ်။ ညရောက်လာမှာ စိုးရိမ်နေကြတယ်လေ။

သူကြီး ဖိုးကျော်နဲ့ ကျွန်တော်က အရမ်းခင်တဲ့မိတ်ဆွေ။ ဒါကြောင့် သူ့အကူအညီတောင်းတာကို မငြင်းနိုင်ခဲ့ဘူး။ ဒါကြောင့် ကျွန်တော်နဲ့ တပ်ကြပ်ကြီး ညီညီတို့နှစ်ယောက် လွယ်ဟောင်ကို ထွက်ခွာလာခဲ့ကြတယ်။ ဖိုးကျော်အိမ်ကိုရောက်တဲ့အခါ အချိန်က အတော်နှောင်းနေပြီ။ နေဝန်းနီနီကြီးတောင် ဟိုးအဝေးက တောင်တန်းတွေရဲ့အပေါ်မှာ မေးတင်နေပြီ။ ဆည်းဆာရဲ့ပုစွန်ဆီသွေးရောင်ပြေးတာလေး

ကျင်မှာ ပျံ့နှံ့လို့နေတယ်။ သူကြီး

က ခွေးတွေက တဝေါင်းဝေါင်း

တယ်။ ဖိုးကျော် ငေါက်လိုက်တော့

ငြိမ်သွားကြတော့တယ်။

"အဲ- ခင်ဗျား၊ ဆရာ့ကိုမျှော်

တာ ကြာလှပြီကော။ အဟုတ်ကြာ

ကိုးဗျား"

"သူကြီးစာရရချင်း လာမလို့ပါ

အလုပ်တွေက များနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း- ဟုတ်ကဲ့၊ ဒါဖြင့် လာကြ ကြ။ လာတော့လည်း ရောက်ပြီပေါ့။ အိမ်ပေါ်ကိုတက်ကြဦး၊ ဖြည်းဖြည်းမှ ထမင်းစားကြတာပေါ့"

"ရပါတယ် ဖိုးကျော်ရယ်၊ ကျွန် တော်တို့က လူစိမ်းတွေမှမဟုတ်ကြဘဲ။ ခဏလောက် အမောဖြေလိုက်ဦးမယ်။ အော်- ဒါနဲ့ သူကြီးကလေးတွေအတွက် ယူလာတဲ့မုန့်ထုပ်တွေ ပေးလိုက်ပါဦး ညီညီရေ"

"အိုး- အလကား ဒုက္ခရှာလို့ ခင်ဗျာ၊ ဘာမှဝယ်လာဖို့မလိုပါဘူး ဆရာ ရယ်။ ကျွန်တော်က ညည့်ဝတ်မကျေမှာ သာ စိုးရိမ်တယ် ခင်ဗျာ"

ဖိုးကျော် ယင်းညက ကျွေးမွေး သောညစာကို တော်တော်နှင့် မမေ့နိုင် ဖြစ်ရသည်က အမှန်ပါ။ ကျွန်တော်တို့ အတွက် ဖိုးကျော်တည်ခင်းသော ညစာ က တောဝက်သား ရှေက်သီးစပ်စပ်ဆီ ပြန်၊ ကင်းပုံသီးဟင်းချို၊ ခရမ်းချဉ်သီးပန် ထွေဖျော်တို့ ဖြစ်ပါသည်။ ထမင်းက ပလောင်တောင်ပေါ် ဆန်း ပူပူနွေးနွေးမို့ စား၍မြိန်လှပါသည်။ အားပါးတရစား လိုက်ကြသည်မှာ ချွေးများပင် ရွှဲစိုကုန် သည်။

တောင်ပေါ်ပလောင်ရွာသူကြီး ဖိုး ကျော်၏အိမ်သည် ခြေတံရှည်အိမ်ကြီး ဖြစ်၏။ သားသမီး၊ သမက်၊ ချွေးမတို့ တိုးပွားလာသည့်အခါတိုင်း အိမ်ကိုချဲ့၍ ဆောက်သွားသဖြင့် အိမ်တန်းလျားရှည် ကြီး ဖြစ်သွားလေတော့သည်။ တစ်အိမ် ထောင် မီးဖိုတစ်လုံးစီရှိကြသည်ဖြစ်ရာ အိမ်တစ်အိမ်လုံး မီးခိုးတွေနှင့် တဝေဝေ ဖြစ်နေပေတော့သည်။ ထမင်းစားပြီး၍ အေးအေးဆေးဆေး နားကြသည့်အခါ-


"ကိုင်း - သူကြီး၊ ကျွန်တော့်ကို ခေါ် ရတဲ့အကြောင်း ပြောပြစမ်းပါဦး"

ကျွန်တော့်မေးခွန်းအတွက် သူ ကြီးက အဖြေပေးသည်။ သူ အဖြေပေး သည်ကလည်း သူစာထဲတွင်ပါသည့်အ တိုင်းပင် ဖြစ်၏။

"ညညကျရင် ခွေးတွေ ဟောင် တယ်ဆိုတော့ သူတို့က ညကျရင် တစ် စုံတစ်ခုခုကိုမြင်လို့ ဟောင်တာ ဖြစ်နိုင် တယ်။ သူကြီးတို့ကော တစ်ခုခုမမြင်ခဲ့ ကြဘူးလား"

ကျွန်တော် မေးမိ၏။

"ညတိုင်း ခွေးတွေဟောင်တဲ့အခါ ထထကြည့်မိတာချည်းပါ ခင်ဗျား။ ဒါပေ မယ်လို့ ထူးထူးခြားခြား ဘာတစ်ခုမှ မတွေ့ရပေါင်ဗျား။ တစ်ခုတော့ရှိတယ်



မြောက်ပိုင်းသားဒေါ်ရွှဲလယ်မှု
ခင်မောင်အေး(ပုဏ္ဏလေး)



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျာ၊ ခွေးတွေဟောင်သွားလိုက်တာ ရွာအရှေ့ကနေ ရွာအနောက်အထိ အပြီးလိုက်သွားတယ်။ ခွေးတွေမြင်တဲ့တစ်ခုခု ဖြစ်နိုင်မယ်ထင်တာပဲ ဆရာရယ်"

သူကြီးက လေးလေးတွဲ့တွဲ့ ဖြေသည်။ ဖိုးကျော်အတွက် အတော်ကြီးခေါင်းစားခံရသည့် ပြဿနာကြီးတစ်ခုဖြစ်နေပုံရလေသည်။

အစပထမတွင် ကျွန်တော် တော်တော်ကြီး အစဉ်းစားရခက်သွားရသည်။ တဖြည်းဖြည်း စဉ်းစားကြည့်လိုက်တော့မှ တစ်ခုစဉ်းစားမိသွားသည်။

"ခွေးဟောင်တာကို သတိထားနားထောင်ကြည့်။ ဝူ ဝူ ဝူ ဝူနဲ့ သံရှည်ဆွဲပြီးဟောင်နေရင် ပရလောကသားတွေကို သူတို့တွေ့လို့ပဲ။ ဝုတ် ဝုတ် ဝုတ် ဝုတ်နဲ့ တိုတိုပြတ်ပြတ် ဟောင်ရင်ဖြင့် ဒါဟာ လူကိုတွေ့လို့ပဲလား၊ ကြောင်တို့၊ ယုန်တို့လို သူတို့အစားလိုမျိုး တစ်ခုခုတွေ့လို့ဟောင်တာ အသေအချာပဲ"

"ဟုတ်ပြီ၊ ဟုတ်ပြီ ဖိုးကျော်ရေ။ ခင်ဗျားတို့ရွာမှာ ထူးထူးခြားခြား ဘာများဖြစ်ခဲ့ဖူးသလဲ။ လူသေ ဟိုဗျာ၊ အစိမ်းသေလေ။ မြွေကိုက်တာတို့၊ ဝဲကုတ်တာတို့လိုမျိုးပေါ့။ အဲဒီလိုဖြစ်ဖူးသလား"

"ဆရာပြောတော့ ကျွန်တော် သတိရသွားပြီ။ ဟိုတစ်လောကတင် ဘယ်လောက်ကြာသေးလို့လဲ။ လွယ်ဟောင်ကြောပေါ်မှာ သစ်သွားခုတ်တဲ့ မြောက်ပိုင်းသားတစ်ယောက် ဝဲကုတ်ခံရပြီး တောင်ပေါ်ကကျပြီး သေသွားတယ်။ အဲဒီ မြောက်ပိုင်းသား သေပြီးကတည်းက အဲ-ခွေးတွေအူ၊ ကိုးတွေပြုဖြစ်တော့တာပါပဲ။ ကျုပ်ထင်တာတော့ အဲဒီ မြောက်ပိုင်းသား မကျွတ်ဘဲ တစ်ရွာလုံးလိုက်ပြီး ခြောက်လှန့်နေလေသလား မပြောတတ်ဘူး ဆရာ"

ပလောင်အိုကြီးအပြောကြောင့် ကျွန်တော်လုပ်ဆောင်ရမည့် အလုပ်ကို သဘောပေါက်သွား၏။

"ဒီလိုလုပ်ကြရအောင် ဖိုးကျော်။ ဒီည ကျွန်တော်တို့ တစ်ညလုံး မအိပ်ဘဲ စောင့်ကြည့်ကြမယ်၊ ထူးထူးခြားခြား ဘာတွေ့ရမလဲလို့။ မကောင်းဘူးလား"

"ကောင်းတာပေါ့၊ အဲဒီအတိုင်းပဲ လုပ်ကြတာပေါ့"

အချိန်ရှိနေသေးသည်။ တစ်ညလုံးစောင့်ကြရမည်ဖြစ်၍ ညစာစားပြီးသည်နှင့် ရွာအရှေ့ဖျားသို့ ထွက်လာခဲ့ကြသည်။ မိုးချုပ်စမို့ ဝန်းကျင်တွင် အလင်းရောင်များ ကျန်သေးသည်။ ရွာတွင်းမှာ ကလေးသံ၊ ခွေးသံ၊ လူကြီးများက ကလေးများကို အော်ဟစ်ခေါ်နေသံတွေ ညံနေသည်။

"ကိုင်း-အချိန်ကောင်းပဲ။ ရွာထိပ်က ကင်းတဲက စောင့်ကြည့်ရအောင်။ ဘာပဲဖြစ်ဖြစ် အသံကိုတော့ အရင်ကြားကြရမှာ အသေအချာပဲ"

သူကြီးဖိုးကျော်က ပြောသည်။

သို့ဖြစ်၍ ညစာကို စောစောစားပြီး ထွက်လာခဲ့ကြ၏။ ရွာထိပ်သို့ရောက်ကြသည့်အခါ ဖိုးကျော်၏ညီတစ်ဝမ်းကွဲ ဖိုးကျော်ဝင်း၏ကင်းတဲသို့ဝင်ရောက် စောင့်နေလိုက်ကြသည်။ ညက တစ်စထက်တစ်စ ရင့်လာသည်။ ခွေးဟောင်သံများကိုကား မကြားရသေးပေ။ ရွာတွင်းရှိ အိမ်အချို့မှ ကြက်အချို့တွန်သံများသာ ကြားနေရလေသည်။ ငြိမ့်ငြိမ့်စရာကောင်းလောက်အောင် ကျွန်တော်တို့ စောင့်နေကြရသည်။ ဖိုးကျော်၏အိမ်အောက်မှ ကွဲ့တစ်ကောင် အလန့်တကြား အော်လိုက်ပြန်သည်။ အော်သံက စူးရှလှသဖြင့် ရုတ်တရက် ကျွန်တော်တို့ အထိတ်တလန့် ဖြစ်ကုန်ကြ၏။

"နေစမ်းပါဦး၊ ကျုပ်တို့ ဘာလုပ်ကြမလဲ။ ဖိုးကျော်၊ ခင်ဗျားခွေးတွေ တစ်ကောင်မှ ဟောင်တဲ့အသံ မကြားရသေးပါလား"

"ခဏပဲစောင့်၊ မကြာခင် ကြားရပါလိမ့်မယ်။ ဟော-ကြည့်၊ ပြောရင်းဆိုရင်း ခွေးတွေအူလာပြီ၊ အူလာပြီ-ဟော"

ဖိုးကျော်က သတိပေးသည့်အတွက် ကျွန်တော်တို့ပင်လျှင် အထိတ်တလန့်ဖြစ်သွားကြ၏။ အမှန်ပင် ခွေးတွေ အဆက်မပြတ် အူလာနေသည်။ ခွေးအူပုံက လည်ချောင်းထဲမှအသံကို ခြစ်ကာ အော်လိုက်ခြင်းဖြစ်ရကား ကျွန်တော်တို့ ရုတ်တရက် အယောင်ယောင်အမှားမှားဖြစ်ကုန်ကြရသည်။ ဓာတ်မီးကို ဆွဲသူကဆွဲ၊ သေနတ်ကို ဆွဲသူကဆွဲ ဖြစ်ကုန်သည်။

ခွေးအူသံသည် ရွာအရှေ့ဖျားမှနေ၍ ကင်းတဲရှေ့၊ ထိုမှ တဖြည်းဖြည်း အနောက်ဘက်ဆီသို့ ရွေ့လျားသွား၏။ လူတိုင်းပင် ကျောတွင်းမှစိမ့်၍ ကြောက်လာရလေသည်။ ထို့အပြင် ရင်ခေါင်းသံကြီးနှင့် ညည်းညူလိုက်သည့်အသံက ဟီး ဟီး ဟီး ဟီးနှင့် ချောက်ချားဖွယ်ရာ ပေါ်လာလေသည်။

သတ္တိခဲ ကျွန်တော့်တပည့်ကျော်ညီညီက ကျွန်တော့်ကျောကို နောက်ဘက်မှ သိမ်း၍လာဖက်ထားသည်။ အကြောက်အလန့်မရှိတတ်သော သူကြီးဖိုးကျော်ပင်လျှင် အသံတုန်တုန်ယင်ယင်ဖြင့် ကျွန်တော့်အား လက်တို့၍ တိုးတိုးပြောသည်။

"ဆရာ. . . ဆရာ၊ ဖြစ် . . . ဖြစ်ပါ့မလားဟင်"

"စောင့်ကြည့်ပါဦး သူကြီးရယ်၊ အခုအထိတော့ ဘာမှမတွေ့ရသေးဘူး မဟုတ်လား"

ကျွန်တော် သူကြီးကိုနှစ်သိမ့်၍မှ စကားမဆုံးသေး၊ စောစောကညည်းညူသံကြီးက ကျယ်ကျယ်လောင်လောင် ထပ်မံပေါ်ထွက်လာခဲ့ပြီးနောက် ရုတ်တရက် ချက်ချင်း ပြန်လည်တိတ်ဆိတ်သွား၏။ ခွေးအူသံများကလည်း အနောက်ဘက်ဆီသို့ ရွေ့လျားလိုက်ပါသွားပြီး တစ်စထက် တစ်စ ဝေးကွာပျောက်ကွယ်သွားလေသည်။ ကျွန်တော် ရုတ်တရက်မှ မည်သို့မျှဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုနိုင်။ တောအသွယ်သွယ် တောင်အထပ်ထပ်မှာ ခြေရာချင်းထပ်အောင် လှည့်လည်လှုပ်ရှား ကျင်လည်ခဲ့သည့် မုဆိုး၊ ကိုင်း- ယခု ဘာလုပ်မလဲ။ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိ၏။ ယခု နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တွေ့နေရသည်က ကြီးငါးကြီး အဝင်အပါ ကျား၊ ကျားသစ်၊ ဝံ၊ ပြောင်နှင့် အကြီးမားဆုံးသော ဆင်လည်း မဟုတ်။ အကောင်အထည် ဒြပ်ထုထည်နှင့် မြင်ရ တွေ့ရသည်လည်း မဟုတ်သော ပရလောကမှ အမျိုးအမည် ခွဲခြား၍မရသည့် ဒြပ်မဲ့အရာဝတ္ထု။

ခွေးဟောင်သံတွေ ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် ကိုးတွေပြုလာသည်မှာ သောသောရုတ်ရုတ်၊ အုန်းအုန်းကျွက်ကျွက် တောလုံးညံသွားလေသည်။

"ကျွန်တော် တစ်ခုစဉ်းစားမိတယ် ဖိုးကျော်။ ဒီဖြစ်ရပ်မျိုး ညတိုင်းဖြစ်နေတယ်ဆိုတော့ ဝဲကုတ်ခံရတဲ့ မြောက်ပိုင်းသား ဆိုတဲ့လူများ မကျွတ်မလွတ်ဖြစ်နေလေသလား မပြောတတ်ဘူး။ ဒီလူ ဘယ်ပုံဘယ်နည်းနဲ့သေသွားတာလဲ ဖိုးကျော်"

ကျွန်တော် မေးမိသည်။

"ဒီလူနဲ့အတူ မျောခုတ်လိုက်သွားတဲ့လူတော့ ဖိုးကျော်ဝင်းအိမ်နားတင်ရှိနေတယ်။ ဝဲလိုက်လို့ပြေးရင်း သူလည်း ချောက်ထဲလိမ့်ကျပြီး ခြေကျိုးသွားတယ်လေ။ သူ့ကို သေသေချာချာတော့ မေးမကြည့်ရသေးဘူး။ ကျုပ်တို့ သွားမေးကြည့်ရင် မကောင်းဘူးလား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

သူကြီးဖိုးကျော့်၏အကြံဉာဏ်က ဒီတစ်ခါ တော်တော် အဖိုးတန်သွားသည်။

"ကိုင်း- ကိုအုန်းမောင်၊ ခင်ဗျားနဲ့ အတူတူသွားတဲ့ မြောက်ပိုင်းသား ဘယ်လိုဖြစ်ပြီး ဝံကုတ်ခံရတယ် ဆိုတာ ခင်ဗျားသိသလောက်၊ မြင်သလောက် ကျွန်တော်တို့ကို ပြောပြစမ်းပါဦး"

အိပ်ရာထက်တွင် ပက်လက်ဖြစ်နေသေးသည့် ကိုအုန်းမောင်က သူတွေ့ကြုံခဲ့ရသည့် အတွေ့အကြုံကို ရှင်းလင်းပြောပြ၏။

"ကျွန်တော်နဲ့ ကိုမြစိန် သိတာ မကြာသေးဘူး။ ရပ်စောက်မှာ တွေ့ခဲ့ကြတာ။ လွယ်ဟောင်ကြောမှာ သစ်ဝါး ပေါတယ်ဆိုလို့ ကျွန်တော့်အားကိုးပြီး လာခဲ့တာလေ။ ခု ကျွန်တော် သူ့ကို ဒီခေါ် လာပြီး သတ်လိုက်သလိုဖြစ်သွားပြီ။ အဲဒီနေ့က တောင်ကြောပေါ်မှာ သစ်တော်တော်များများ ရနေကြပြီ ခင်ဗျ။ ဒါပေမယ့် ဒီလူက လောဘတော်တော်ကြီးတယ်။ ပြန်ကြရအောင်လို့ သူ့ကို ကျွန်တော် ပြောပေမယ်လို့ ဒီလူက ခေါင်းမာတယ်။ ဆက်ခုတ်ဦးမယ်ဆိုပြီး ကြောပေါ်ပြန်တက်သွားတယ်။ မကြာပါဘူး ဝူးဝူးဝါးဝါးနဲ့ ကိုမြစိန်အော်သံကို ကြားရတော့တာပါပဲ။ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ လှမ်းကြည့်လိုက်တဲ့ အခါ ဝံနဲ့ကိုမြစိန် လုံးနေပြီ။ ဒီလူ တော်တော့ သတ္တိကောင်းတယ် ခင်ဗျ။ ဝံရဲ့နှာနုကို သစ်ခုတ်ဓားနဲ့ လှမ်းလှမ်းပြီးပိုင်းနေတယ်"

ကိုအုန်းမောင်က ပြောရင်းက မောသွားသလို စကားစကို ခဏမျှရပ်ထားလိုက်၏။ ပြီးတော့မှ ဆက်ပြောသည်။

"ဝံကလည်း ရှောင်နိုင်သလောက်တော့ ရှောင်တာပေမယ့် နှာနုကို တစ်ချက်၊ နှစ်ချက် ထိသွားပုံရတယ်နဲ့ တူပါတယ်။ ကိုအုန်းမောင်ကို ဖက်လုံးပြီး ဝံရော ကိုအုန်းမောင်ပါ နှစ်ယောက်စလုံး ချောက်ထဲကျသွားတော့တာပေါ့။ ကျွန်တော်လည်း ကိုယ့်မိတ်ဆွေမို့ သွားပြီး ကူညီချင်ပေမယ့် ဝံက ဂရူး ဂရူး၊ ဂရား ဂရားနဲ့ အကြီးအကျယ် မာန်ဖီနေတာမို့ ဦးတည်ရာထွက်ပြေးမိတယ်လေ။ အဲဒီမှာတင် ချောက်ထဲလိမ့်ကျပြီး ခြေကျိုးသွားတော့တယ်။ ကျွန်တော်ပြန်မရောက်လို့ အိမ်က သားနဲ့ သူ့သူငယ်ချင်းတွေ စုပြီးလိုက်လာကြလို့ အိမ်ကို ပြန်ရောက်ခဲ့ရပါတယ်။ ကိုမြစိန်တစ်ယောက် လုံးဝကို အသက်မရှင်နိုင်တော့ဘူး။ ချောက်ကလည်းနက်လို့ ကျွန်တော်တို့ ဘယ်လိုမှရှာမတွေ့ခဲ့ဘူး ခင်ဗျာ"

ကိုအုန်းမောင်သည် စကားရှည်ရှည်ပြောလိုက်ရသဖြင့် မောသွားပြီး ပြန်မှိန်းသွား၏။

"ဒီအတိုင်းဆိုရင် ကိုမြစိန် မကျွတ်ဘဲ ရွာထဲကို ဝင်လာချင်လို့ ညတိုင်း ညတိုင်း လာပြီး အရိပ်အယောင်ပြနေသလား မပြောတတ်ဘူး။ သူကျသွားတဲ့ ချောက်ဘက်ကို သွားရှာကြည့်ကြရင် ကောင်းလိမ့်မယ်လို့ ကျွန်တော်ထင်တာပဲ"

ကျွန်တော့်အကြံပြုချက်ကို မည်သူကမျှ စောဒကမတက်ကြ။ စင်စစ်သည်အတိုင်းပင် ဆောင်ရွက်သင့်သည်က အမှန်ပင် ဖြစ်သည်။

"ဟုတ်တာပေါ့ ခင်ဗျာ၊ ဝံကုတ်ခံရလို့ သေရတာဆိုရင် မုချ အစိမ်းသေလေ။ သူ့အိမ်ကိုလည်း မသိ။ ဘယ်လိုအကြောင်းကြားရမလဲမပြောတတ်။ ကိုမြစိန်က အမျှအတန်းဝေတာ လိုချင်ပုံပဲ။ ကျွန်တော်တို့ သူကျသွားတဲ့နေရာကိုသွားပြီး ရှာကြည့်ကြရအောင်ဗျာ။ ဒါပေမယ်လို့ ဒီနေ့တော့ မိုးတော်တော်ချုပ်နေပြီ။ မနက်ဖြန်မနက်ကျမှပဲ သွားရှာကြတာပေါ့"

စိတ်လက်လေးလံစွာ ကျွန်တော်တို့တစ်တွေ ပြန်လာခဲ့ကြ၏။ ဖိုးကျော်မောင် ချေ့ဝတ်ပြုသည့် ညစာကိုပင် ဟုတ်တိပတ်တိ မစားနိုင်ကြတော့ပါ။ ညပိုးညမွှားများ စီစီညံညံအော်ဟစ်သံများက ဝန်းကျင်ပတ်ချာတွင် နားမချမ်းသာစရာ သောသောရုတ်ရုတ်၊ အုန်းအုန်းကျွက်ကျွက် ညံနေသည်။ နောက်တစ်နေ့တွင် ရင်ဆိုင်ရမည့်အခြေအနေကို ရင်မောစွာတွေးနေရာမှ အိပ်ပျော်သွားလေသည်။

⚙

အရုဏ်သည် စောစီးစွာပင် ရောက်ရှိလာသည်။ သာယာလှပသည့် တောင်ပေါ်ပလောင်ရွာ၏ရှုခင်းများကိုပင် ခံစားခြင်းမပြုနိုင်။ သူကြီးသားကြီးမောင်နှောင် လာချပေးသည့် ကောက်ညှင်းပေါင်း ပူပူနွေးနွေးကို ကမန်းကတန်းစား၍ တောင်ကြောပေါ်သို့ တက်လာခဲ့ကြ၏။ ကျွန်တော်က အဖွဲ့သားအားလုံး သတိဝီရိယရှိကြဖို့ တိုက်တွန်းလိုက်ရသည်။ တစ်ဖွဲ့လုံး စကားတစ်လုံးမျှ မပြောဖြစ်ကြ။ တိတ်ဆိတ်ငြိမ်သက်စွာသာ ခြေသံလုံလုံဖြင့် တစ်ယောက်နောက် တစ်ယောက်စီတန်းလျှောက် လိုက်ပါလာသည်။ လွယ်ဟောင်တောင်ကြောပေါ်တွင် မြူတွေကဆိုင်းနေ၏။ တောင်ခိုးများလည်း ဝေလျက်ရှိသည်ဖြစ်ရာ ဝန်းကျင်ကို ကောင်းစွာ မြင်နိုင်ခြင်းမရှိသဖြင့် ဗိုးတဝါး အလင်းရောင်ကိုသာ အားကိုးလျက် သွားနေကြရ၏။ တောင်ပေါ်မှလိမ့်ကျ၍ ခြေကျိုးခဲ့ရသည့် ကိုအုန်းမောင်၏လမ်းညွှန်ပြောပြချက်အရ တောင်ကြောပေါ်အစ်လျှောက် တော်တော်သွားမိသည့်အခိုက်- ဟီး ဟီး ဟီး ဟီးနှင့် ညည်းညူလိုက်သည့်အသံကို ကြားလိုက်ရပြန်သည်။ ရုတ်တရက် နှင်းမြူများကြားတွင် အရိပ်တစ်ခုပြေးသွားနေသည်ကို မြင်လိုက်ရသည်။

"ဆရာ တွေ့လိုက်သလားဟင်"

သူကြီးက လှမ်းမေးသည်။

"ဟုတ်ကဲ့၊ တွေ့လိုက်ပါတယ်။ ကိုမြစိန်နဲ့ တူတယ်။ ကျွန်တော်တို့ကို လမ်းပြတာထင်တယ်။ ရှေ့မှာ ချောက်ပဲရှိတော့တာ။ ချောက်ထဲဆင်းရလိမ့်မယ် ထင်တာပဲ"

စောစောက ကျွန်တော်တို့တွေ့လိုက်ရသည့်အရိပ်က ချောက်အစွန်းတွင် ရပ်တန့်သွား၏။ အရိပ်၏ပုံသဏ္ဌာန်သည် ကွဲကွဲပြားပြားမရှိ။ မီးခိုးမှိုင်းများ တစ်စုတစ်ဝေးတည်း ဖြစ်ပေါ်နေသည့် အသွင် တွေ့မြင်နေရသည်။ ချောက်တွင်းသို့ ကျွန်တော်တို့ စတင်၍ဆင်းသည်နှင့် အရိပ်ပျောက်သွားပါသည်။ ချောက်က အတော်နက်သည်။ မတ်စောက်ခြင်းမရှိသည့်တိုင် ဆင်းရသည်မှာ ခက်ခဲလှသည်။ တစ်ဦးနှင့်တစ်ဦး ဖေးမဆွဲကိုင်လျက် တဖြည်းဖြည်းဆင်းလာကြသည်။

အောက်ခြေသို့ ရောက်လာကြသည့်အခါ၌မူ ကျွန်တော်တို့တစ်တွေ အော့ခနဲ၊ အော့ခနဲ ပျို့အန်ကုန်ကြ၏။ ချောက်အတွင်းမှာ ပုပ်ဟောင်ညှီစော်နေသောအနံ့တွေ တထောင်းထောင်းထနေသည်။ ယင်မမဲရှိုင်းများ ဝုန်းခနဲ ဝုန်းခနဲ ထပျံကုန်ကြသည်။ ရှေ့ဆုံးမှ သွားသည့် သူကြီးဖိုးကျော်၏ အလန့်တကြားအော်လိုက်သံကို ကြားလိုက်ရလေသည်။

"ဟာ- ဟောဒီမှာဗျာ အလောင်းကြီး၊ အလောင်းကြီး။ ဆရာ. . . ဆရာ လာကြည့်စမ်းပါဦး ခင်ဗျ"

သူကြီးဖိုးကျော် တော်တော်ကြီး ချောက်ချားသွားပုံပင်။ အသံများပင်



www.burmeseclassic.com

www.burmeseclassic.com

တုန်နေသည်။ သို့ဖြစ်၍ ကျွန်တော် ဖိုးကျော်ရပ်နေရာသို့ သွားရောက် ကြည့်ရှုလိုက်သည်။ အပုပ်နံ့က မခံမရပ်နိုင်အောင်ပင် နံနေသည်ဖြစ်၍ နှာခေါင်းကို လက်ဖြင့်အုပ်ကာ လှမ်းကြည့်လိုက်ရာတွင် မြောက်ပိုင်းသား ကိုမြစိန်၏ ရုပ်ဖျက်ဆင်းဖျက်အလောင်းကို မသတီစရာ တွေ့မြင်လိုက်ရ၏။ ဝံကုတ်ထားသဖြင့် မျက်နှာတစ်ခြမ်းမရှိတော့။ တစ်ကိုယ်လုံး သွေးများမြင်မကောင်းအောင် ချင်းချင်းနီနေ၏။ လက်တစ်ဖက်လည်း ဝံကဆွဲဖွဲ့ထားသဖြင့် ခန္ဓာကိုယ်မှ ပြုတ်ထွက်လုနီးနီး ရှိနေသည်။ အသက်လုပြေးခဲ့ရဟန် တူသည်။ ခါးမှလုံချည်ပင် မရှိရှာတော့။ သစ်ခုတ်ဓားတစ်ချောင်းကို မလှမ်းမကမ်းတွင် တွေ့မြင်ရသည်။ အဖြစ်က အတော်ကြီးပင်ဆိုးဝါးခဲ့သည် ဖြစ်မည်။ မြင်ရသည်နှင့်ပင် ရင်နှင့် နာကြည်းဖွယ်ရာ ဖြစ်၏။

"ဟင်- ဆိုးလိုက်တာဗျာ၊ မြင်လို့တောင် မကောင်းဘူး။ ကိုမြစိန်ခမျာ သနားစရာ။ ဟော- ဒီမှာ ဆွဲကြိုးလေး တစ်ကုံး၊ အပြုတ်ကလေး။ ခမျာ ရုန်းရင်းကန်ရင်းနဲ့ လည်ပင်းမှာဆွဲထားတဲ့ ကြိုး ပြုတ်သွားပုံရတယ်။ ဒီလူ ဒီဆွဲကြိုးကို စိတ်ကစွဲပြီး ရွာထဲကို ရောက်လာတာလား မပြောတတ်ဘူး"

"အေးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီလူရဲ့အလောင်းကိုတော့ ဒီနေရာမှာပဲ ကျင်းတစ်ခုနက်နက်တူးပြီး မြှုပ်လိုက်ကြရအောင်။ ဒီလူရဲ့ပစ္စည်းတွေကိုတော့ သူကြီးပဲ သိမ်းထားပြီး ကိုအုန်းမောင်နေကောင်းသွားရင် သူ့ရွာကို ဆက်သွယ်ပြီး အကြောင်းကြားလိုက်တာ အကောင်းဆုံးပဲ။ မဟုတ်ဘူးလား သူကြီး"

ကျွန်တော်တို့တစ်တွေ ကိုမြစိန်၏အလောင်းကို မြေတွင်းနက်နက်တူးကာ ကောင်းမွန်စွာ မြေမြှုပ်ပေးလိုက်ကြ၏။ အလောင်းကို မြေမြှုပ်ပြီးသည့် အချိန်တွင် ရုတ်တရက် ညည်းသံကြီး ပေါ်ထွက်လာပြန်လေသည်။

"ဒီတစ်ခါတော့ ကိုမြစိန် ကျွန်တော်တို့ သူ့အတွက်လုပ်ပေးတာကို သဘောကျပုံပဲ။ မြေပုံခေါင်းရင်းမှာမှတ်တိုင်လေးတစ်ခုပါ လုပ်ပေးလိုက်ကြရအောင်"

သူကြီးက ရုတ်တရက် ချက်ချင်းပင် မျောတစ်လုံးခုတ်လှဲ မှတ်တိုင်တစ်ခုလုပ်ပေးလိုက်သည်။ လေပြည်လေညင်းလေးတစ်ချက် တဖြည်းဖြည်း တိုက်ခတ်လာလေသည်။ ကျွန်တော့်နှုတ်မှ အသံထွက်ရွတ်ဆိုကာ အမျှပေးဝေလိုက်သည်။

- "ကိုမြစိန် အမျှ. . . အမျှ. . . အမျှ။ ကိုမြစိန် အမျှ. . . အမျှ. . . အမျှ"

လွယ်တောင် တောင်ကြောတစ်ဝိုက် ပန်းရနံ့တစ်မျိုး သင်းမွှေးသွား၏။ အချိန်အတော်ကြီးကြာသည်။ တောင်ကြောပေါ်မှလည်း ဝံအော်သံလိုလို၊ တောကောင် တစ်ကောင်ကောင် မာန်ဖီ၍ ဟိန်းလိုက်သံလိုလို ကြားရ၏။

"ကျွန်တော်တို့ မြန်မြန်ပြန်သွားတာ ကောင်းလိမ့်မယ် ဖိုးကျော်။ ပုံမတော်ရင် ဝံနဲ့တိုးသွားနိုင်တယ်။ သူ့စားကြွင်းက ဒီမှာရှိနေတာ သူသိနေတယ်လေ။ ဝံက ကိုမြစိန် ဓားနဲ့ခုတ်ထားလို့ ဝံနာ ဖြစ်နေလိမ့်မယ်။ ရင်ဆိုင်မတွေ့လေ၊ ကောင်းလေပဲ။ အန္တရာယ်ကြီးတယ် ဖိုးကျော်၊ သတိတော့ထား"

ကျွန်တော်က အားလုံးကိုလည်း သတိထား၍သွားကြရန် ဆော်ဩလိုက်၏။ အန္တရာယ်ကြီးသော ဝံကောင်သည် အနီးအနားတွင်ပင် ရှိနေလိမ့်ဦးမည်။ မျက်စိရှင်ရှင်ထား၍သွားရပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်တို့တစ်တွေ မျက်စိရှင်ရှင်ထားပြီး အပြန်လမ်းကို ဦးတည်လိုက်သည်။ စိတ်လက်လေးလံစွာပြန်လာကြရင်း ချောင်းကွေ့တစ်ခုအရောက် အနက်ထည်ကြီးတစ်ခု ရထားခေါင်းတွဲကြီးတစ်ခုလို ဝေါခနဲ ပြေးဝင်လာ၏။

"ဟာ - ဝံ. . . ဝံ၊ ရှောင်. . . ရှောင်၊ လွတ်အောင် ရှောင်သွားကြ၊ ကျွန်တော်ပစ်မယ်။ ဖယ် ဖယ်၊ ဘေးကို ဖယ်"

ရှေ့တွင် လူတွေရှင်းသွားသည်နှင့် တစ်ပြိုင်နက် ဝါးလုံးထိုးပြေးဝင်လာသည့် ဝံကောင်ကို ပြောင်းထိုးပစ်ချလိုက်သည်။ တရကြမ်းပြေးဝင်လာသော တောကောင်သည် အင်အားကြီးတစ်ခုနှင့် ဆောင့်တွန်းခံလိုက်ရသည့်အလား ရုတ်တရက် ချက်ချင်း တုံ့ခနဲ ရပ်တန့်သွားသည်။ ကျွန်တော်တို့အဖွဲ့သားအားလုံး တက်ညီလက်ညီ ရှိကြသည်။ အရှောင်အတိမ်းကောင်း၍ တစ်ဦးတစ်ယောက်မှ အထိအခိုက် မရှိကြ။ ရုတ်တရက်ရပ်တန့်သွားသော တောကောင်သည် သေကွင်းကို ထိမှန်ပုံမရ၊ ရန်မူဖို့ ရှေ့သို့တိုးဝင်လာပြန်သည်။ သည်တစ်ခါ၌မူ သူကြီးဖိုးကျော်က လက်မြန်ခြေမြန် သူကိုင်ထားသည့် (၂၈) လက်မ ပြောင်းရှည်နှစ်လုံးပြူးနှင့် တောကောင်၏ လခြမ်းသဏ္ဍာန် ရင်ဘတ်တည့်တည့်ရှိ အဖြူကွက်ကြီးကို ချိန်ရွယ်လျက် ပစ်ထည့်လိုက်ပါသည်။ ပလောင်မုဆိုး ဖိုးကျော်၏ သေနတ်ပြောင်းမှထွက်သွားသော ခြောက်လုံးကျည်ခဲသီးများ၊ အနက်ခဲသီးလေးလုံးစလုံး တောကောင်၏ရင်ဝတည့်တည့်သို့ ထိမှန်သည်။ ကိုမြစိန်ကို ကုတ်ဖဲ့ ကိုက်ဆွဲ သတ်ဖြတ်ခဲ့သော တောကောင် သည်အခါ၌မူ မြေပေါ်သို့ ဝုန်းခနဲ လဲကျသွားပြီး အသက်ပျောက်သွားရလေသည်။

တောကောင်လဲကျသွားသည်နှင့် တစ်ပြိုင်နက် တောင်ပေါ်မှ ချောက်ချားဖွယ်ရာ အသံကြီးတစ်ချက် ပေါ်ထွက်လာလေသည်။ အသံကြီး၏ပဲ့တင်သံစာ လွယ်တောင်တောင်ကြောထက်မှ ပဲ့တင်သံ ပြန်လာသည်ဖြစ်ရာ တစ်တောလုံး တစ်တောင်လုံး အုန်းအုန်းကျွက်ကျွက် ဆူညံပွက်ရိုက်သွားသည်။

"ကိုမြစိန်. . . ကိုမြစိန်၊ သူကျေနပ်သွားပြီ။ ကျွန်တော်တို့ကို အသံပေးတာ တွေ့လား။ ကြားလိုက်တယ်မဟုတ်လား သူကြီးဖိုးကျော်"

ကျွန်တော် မေးမိသည်။

"ကြားလိုက်တယ် ခင်ဗျ။ ကျွန်တော်တို့လုပ်တာ မှန်တာပေါ့။ ကောင်းပါလေ့ဗျာ၊ တစ်နယ်တစ်ကျေးကလာပြီး ဒီအရပ် ဒီဒေသမှာ သေရတာဆိုတော့ နယ်မြေခံဖြစ်တဲ့ ကျွန်တော်တို့မှာ တာဝန်ရှိတာပေါ့။ ဒါပေမယ့်လို့လည်း ကျွန်တော်တို့ ကိုမြစိန်ကို ကောင်းကောင်းမွန်မွန်ပဲ သင်္ဂြိုဟ်ပေးခဲ့ပါတယ်နော"

သူကြီးဖိုးကျော်၏စကားကို ကျွန်တော် စောဒက မတက်တော့။ ကျွန်တော်တို့တွေ တတ်နိုင်သမျှ အကောင်းဆုံးလုပ်ပေးခဲ့ကြပြီပဲ မဟုတ်ပါလား။

သူကြီးဖိုးကျော်၏အိမ်သို့ ရောက်သည်အချိန်တွင် နေဝင်သွားခဲ့ပြီ။ တဲအိမ်ပေါ်ရှိ မီးလင်းဖိုနံဘေးမှာ ခြေပစ်လက်ပစ်ဖြစ်သွားကြသည်။ စိတ်မောလူမောဖြစ်ခဲ့ကြသည် အမှန်ပင်။ မည်သို့ပင်ဖြစ်စေကာမူ လူသားတစ်ယောက် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းတာဝန်တစ်ခု ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါသည်။

ခင်မောင်အေး(မန္တလေး)

(ရှမ်းစော်ဘွားမြို့နယ် လွယ်တောင် ကျေးရွာ မုဆိုးကြီး ဖိုးကျော် ပလောင် အိုကြီးသို့ အမှတ်တရ)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်
မဟာဂန္ဓာရီလမ်းပေါ်ကကြုံခဲ့သမျှ

# ဘုန်းခေါင်

**အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော မုဠောစေတီ**

ရှေးသူဟောင်းတို့၏ နှုတ်ထွက်စကားတစ်ခုကို မှတ်မှတ်ထင်ထင် ရှိနေခဲ့ပါသည်။ ဘုန်းတော်ကံတော် ကြီးမြတ်သော အလောင်းစည်သူမင်းကြီးသည် ဆောင်တော်စကြာယာဉ်ဖြင့် ဇမ္ဗူတစ်ခွင်ခရီးနှင်ရာတွင် သွားလိုရာခရီးတွင်စေရန် သတ်ညှိုးညွှန်ရာ၊ စေရာတို့တွင် ချေဖြစ်စေသည်ဟု ဆိုကြ၏။

မည်သို့ဆိုစေ မြန်မာပြည် တစ်နံတစ်လျားတွင် ဘွဲ့မည် ထပ်တူညီသော ဆောင်တော်ဦးစေတီနှင့် မုဠောစေတီတို့တို ဖူးတွေ့နိုင်ကြပါသည်။ တောင်ပေါ်မြေပြန့် နံ့နံ့စပ်စပ်တို့မှာပင် တွေ့နိုင်၊ ဖူးနိုင်ကြပြန်ပါသည်။

ကျွန်ုပ်တို့နေထိုင်ရာမြို့နှင့် စပ်လျက် ရေစကြိုမြို့နယ်တွင် ထင်ရှားသော စေတီတစ်ဆူ ကိန်းဝပ်စံပယ်တော်မူပါသည်။ ထိုစေတီ၏ဘွဲ့တော်မှာ 'မုဠောစေတီ' ပင် ဖြစ်ပါသည်။

ထိုစေတီတော်တွင် အံ့ဖွယ်များနှင့် ကြည်ညိုဖွယ်ထူးဆန်းမှုများမှာ-

(က) မြေလတ်ပိုင်းတွင် နာမည်ကြီးသောသနပ်ခါး။ ထိုသနပ်ခါးကို ရှင်မတောင်သနပ်ခါးဟုနာမည်ကြီးရသည်။။

(ခ) သရက္ခန်အစစ် လက်လေးသစ်ဉာဏ်တော်ရှိသော ဗုဒ္ဓရုပ်ပွားကိုယ်တော် စံပယ်တော်မူရာ။

(ဂ) စလင်းကန်လယ် ဆရာတော် သီတင်းသုံးခဲ့ဖူးသော အောင်မြေနေရာ။

(ဃ) လူသိနည်းခဲ့သော အကြောင်းများမှာ-

(၁) ထီးတော် ပြန်လည်တင်စဉ်ကာလ လွန်ခဲ့သော နှစ် (၄၀) ခန့်ကဖြစ်စဉ်တစ်ခု။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရသော၊ စာရေးသူနှင့် ညီအစ်ကိုအရင်းတမျှခင်ကြသော ဦးကျော်ကျော် (ထိုစဉ်ကာလက ထိုမြို့နယ်တွင် မြို့နယ်အဆင့်အရာရှိ) က အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

ကိုအောင်ရေ ငလျင်ဒဏ်ကြောင့် စေတီတော် ပြန်လည်ပြုပြင်ချိန်မှာ ဌာပနာများစွာကို အများပြည်သူ နယ်သူနယ်သားများကို အပူဇော်ခံခဲ့တာပါ။ ထိုနယ်တစ်ဝိုက်က ဆရာတော်ကြီးများနှင့် မြို့နယ်ဆရာတော်ကြီး ကြပ်မတ်ဦးစီးကြရတာပါ။ တို့ကလည်း ပြန်လည်ပြုပြင်ရေးမှာ တာဝန်ယူရပါတယ်။ ဌာပနာတွေက ဓာတ်တော်တွေ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတွေ၊ ထိုဆင်းတုတော်တွေထဲမှာ ငွေသား၊ ရွှေသားအစစ်၊ နောက် ဓာတ်သားဆင်းတုတွေပါ ပါဝင်ခဲ့ကြတယ်ကွ။

တို့ တာဝန်ကျတဲ့နေ့မှာ ဌာပနာအပူဇော်ခံနေတဲ့ ရုပ်ပွားဆင်းတု တစ်ဆူကို ကိုယ်က သိပ်ပြီးကြည်ညိုတာနဲ့ ခေါင်းတွပ်ပြီး ကြည်ညိုလိုက်တယ်။ စိတ်ထဲမှာ လွန်စွာလည်း အံ့သြထူးဆန်းနေသလို ခံစားရတယ်။

အလှူပစ္စည်းမျိုးစုံထဲမှာ ထန်းရည်ချိုတွေလည်းပါတယ်လေ၊ တာဝန်ရှိသူထဲက နှစ်ယောက်နဲ့တိုင်ပင်ပြီး ထန်းရည်ချိုများကပ်လှူထားတဲ့ သပိတ်တစ်လုံးထဲကို ဓာတ်သားဗုဒ္ဓကိုယ်ပွားတော်ကို ပင့်ပြီး စိမ်ထားလိုက်တယ်။

အခြား အရေးတကြီးအလုပ်များနေတော့ (၃) ရက်ကြာမှ သတိရတော့တယ်။ ဒါနဲ့ပဲ အလန့်တကြားပေါ့။ ရုပ်ပွားတော်ကိုပင့်၊ ရေသပ္ပာယ်ပြီးနောက် အပူဇော်ခံနေရတဲ့နေရာကို ပြန်ပင့်ထားလိုက်ရတယ်။ တစ်ယောက်က စုံစမ်းလိုတာနဲ့ ထန်းရည်ချိုသပိတ်ထဲမှာ (၃) ရက်စံပယ်တော်မူသွားတာမို့ နည်းနည်းလောက် မြည်းကြည့်ချင်ကြောင်း ပြောလို့ သဘောတူညီကြပြီး ထန်းရည်ချိုသပိတ်ကို ယူလိုက် (စွန့်လိုက်) ပါတယ်။

သပိတ်ထဲက ထန်းရည်ချိုတွေကို သောက်ကြည့်တော့ မူလအရသာထက် ပိုပြီး ချိုအေးနေတာတွေ့ရလို့ ရင်းနှီးကြသူအားလုံး မျှဝေပြီး သောက်လိုက်ကြကြောင်း ပြောပြပါတယ်။

နောက် ထူးခြားပုံက စေတီတော်ကြီးပြုပြင်ပြီးတော့ ထီးတော်ပြန်တင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါမှာ ပန်းရထားကို မော်တာနဲ့ စတီးကြိုးနဲ့ ဆွဲတင်တာပေါ့။ ထီးတော်မတင်မီက အသေအချာကို စက်ပိုင်းဆိုင်ရာတွေကိုစစ်ဆေးထားခဲ့တာပါ။ အားလုံးကောင်းနေတာပါ။

ထီးတော် တကယ်တင်တော့မှ ထီးတော်ကြီး၏ အလယ်ပိုင်းအဆင့်ခွေလည်းရောက်ရော အံ့ဩမကုန်နိုင်အောင် ဖြစ်တော့တာပါပဲဗျာ။ တာဝန်ခံစက်မှုအင်ဂျင်နီယာကြီးနဲ့ ထီးတော်တင်ရေးတာဝန်ခံ အပါအဝင် တစ်ဖွဲ့လုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြတော့တာပါပဲ။ ဘာဖြစ်တာလဲဆိုတော့ ပန်းရထားဟာ ထီးတော်အဆင့်ဆင့်ကိုသယ်ပင့်ပြီး အပေါ်ပို့ဆောင်နေခဲ့ရာမှ မော်တာနဲ့ဆွဲနေတဲ့ စတီးကြိုးကသာ ရွေ့လျားပြီး သွားနေပါတော့သည်။ မော်တာလည်း အလုပ်လုပ်လျက်ပါ။

ထီးတော်မှပစ္စည်းကိုတင်ပြီးသယ်ယူသွားခဲ့တဲ့ ပန်းရထားကသာ အောက်ကိုလည်း ပြန်ပြီး လျှောကျမသွားသလို အပေါ်ကိုလည်းတက်မသွားခဲ့ဘဲ နေရာမှာတင် ရပ်တန့်နေခြင်း ဖြစ်ပါသည်။

အတိတ်ကောက်၍ ပူဇော်ကြပြီး ထီးတော်တင်ရာတွင် ပန်းရထားသည် မတုန်မလှုပ်ရပ်တန့်ပြီး အပူဇော်ခံခြင်းဖြစ်လေ၏။ မိနစ်ပိုင်းအထိကြာအောင် ရပ်တန့်အပူဇော်ခံသွားခဲ့ခြင်း ဖြစ်ပါ၏။

(၂) ရှင်မတောင်ပေါ်တွင် ပတ္တမြားမျက်ရှင်ကို မျက်မြင်ကိုယ်တွေ့ မြင်ဖူးသူ ရှိနေခြင်း။

(၃) ရှင်မတောင်ပေါ်မှ မျောက် (ပုပ္ပား ဖိုဝင်တောင်တို့မှ အမွေး၊ အသွေးဆင်တူကြသည်။) ကို ဖမ်းခေါ်မရခြင်း၊ ဖမ်းရလျှင်လည်း ရောက်ရာနေရာမှပြန်ပြီး တောင်အရောက်ပို့အပ်ရခြင်း စသည့် အံ့ဖွယ်ရာများ ရှိပါသည်။

**ကျွန်ုပ်နှင့် ထမင်းကိုးဆုပ်**

ကျွန်ုပ်တို့သည် မိတ်ဆွေ (၅) ဦး ပေါင်းပြီး ရှင်မတောင်သို့ ဘုရားဖူးသွားကြရန် သဘောတူကြသဖြင့် စနေနေ့မှာတိုင်ပင်ပြီး ကြော်စရာများကိုကြော်လှော်ထားလိုက်ပါသည်။ တနင်္ဂနွေနေ့ မနက်တွင် စောစောထပြီး ဝဲဒံပေါက်ချက်ပါသည်။ လေးပြည်ဝင်အိုးဖြင့် ပဲဒံပေါက်ချက်ပါသည်။ ကြက်သားဆီပြန်ဟင်း၊ ကုလားတည်သရက်ချဉ်၊ ဘာလချောင်ကြော်တို့ ပါဝင်ပါသည်။

တနင်္ဂနွေနေ့ မနက်တွင် ကျွန်ုပ်တို့အဖွဲ့ ဘုရားဖူးထွက်ခဲ့ကြပါသည်။ ကျွန်ုပ်တို့အဖွဲ့မှာ ဂျစ်ကားတစ်စီးကို အငှားခေါ်ပြီးသွားကြခြင်း ဖြစ်ပါသည်။ ထိုစဉ်အခါက အငှားလိုက်သောကားဟုဆိုလျှင် ရိုးရိုးဂျစ်ကားနှင့် ဝီလီဂျစ်တို့သာ ပါရှိသည်။ ယနေ့ကာလလို ကားမျိုးစုံ မရှိသေးပါ။ ကားငှားခမှာလည်း တစ်နေ့လုံးမှ (၂၅) ကျပ်သာ ပေးရပါသေးသည်။

ရှင်မတောင်အခြေရှိ တောင်ဦးပြုံးတောင်ဟု အမည်ရှိသော တောင်ခြေတွင် ကားကိုရပ်နားလိုက်ပါသည်။ ကျွန်ုပ်တို့အဖွဲ့မှ တစ်ယောက်ကသာ အူမကောင်းသဖြင့် တောင်မကြီးပေါ်ရှိ မုဋ္ဌောစေတီကို မဖူးတော့ကြောင်းနှင့် ကားသမားနှင့်အတူ တောင်ခြေမှစောင့်နေပါမည်ပြောပြီး နေရစ်ခဲ့ပါသည်။

ကျွန်ုပ်တို့အဖွဲ့မှ (၄)ယောက်သား တောင်ပေါ်သို့ တပျော်တပါးတက်ကြပါသည်။ မုဋ္ဌောစေတီတော်ကို ဖူးမြော်ရင်း တောင်ပေါ်ကျောင်းမှ တောင်ပိုင်ဆရာတော်ကိုဖူးမြော်ကြသည်။ နောက်တောင်ပေါ်တွင်ရှိသော လှေလာစရာနေရာများကို လှေလာပြီး ပြန်ဆင်းခဲ့ကြပါပြီ။

အောက်မှာ စောင့်နေကြသော ကျွန်ုပ်တို့မိတ်ဆွေတစ်ဦးက ဆာနေပြီဖြစ်၍ ရှင်မတောင်ခြေမှာပင် ထမင်းစားရန် ပြောလေတော့သည်။ အားလုံးသဘောတူညီ၍ ပြင်ဆင်ရလေသည်။ ဦးစွာပင် ထမင်းဆာသူမိတ်ဆွေက ပဲဒံပေါက်ထမင်းအိုးကို အဖုံးလှပ်ပြီးကြည့်ရာ တအံ့တသြဖြစ်ပြီး ကျွန်ုပ်တို့ကိုခေါ်ပြီးပြသပါတော့သည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ပြောပြီး ပြသည့်အတိုင်း ပဲဒံပေါက်ထမင်းများမှာ ဆီ၊ ထောပတ်၊ ပဲတို့ပင် ပါဝင်နေသော်လည်း နတ်တော်မုန့်ဆုပ်ကို ဆုပ်ထားသကဲ့သို့၊ မာကျစ်နေအောင် ဆုပ်ထားသကဲ့သို့ ထမင်းဆုပ်များကို တွေ့ရပါသည်။

အောက်ပဲဒံပေါက်ထမင်းမျက်နှာပြင်မှာ ညီနေပါသည်။ ထိုမျက်နှာပြင်ပေါ်တွင် ထမင်းဆုပ်များမှာ ငယ်စဉ်ကြီးလိုက် သို့မဟုတ် ကြီးစဉ်ငယ်လိုက် အရွယ်မတူညီကြသော ဘောလုံးများ၊ ဂေါ်လီလုံးများလိုပင် လုံးဝိုင်းနေပါတော့သည်။

ပိုပြီးအံ့ဩရသည်မှာ ထမင်းဆုပ်အလုံးများမှာ (၉) လုံးတိတိ ဖြစ်နေခဲ့ပါတော့သည်။ ထိုသို့ မျက်နှာပြင်ကိုတွေ့မြင်နေရသဖြင့် ရှင်မတောင်ခြေမှာပင် ထမင်းစားမည့်အစီအစဉ်ကို ဖျက်သိမ်းပြီး ပုခန်းကြီး စည်သူရှင်ဘုရားရှေ့မှ ဆိုင်တစ်ဆိုင်မှာ မနက်စာစားကြမည်ဟု အစီအစဉ်ကို ချက်ချင်းပြောင်းပြီး ပြန်လာခဲ့ကြပါတော့သည်။

သမားရိုးကျ လုံးဝမဖြစ်နိုင်သော၊ ဖြစ်နိုင်ခဲလှသော ယခု ပဲဒံပေါက်ထမင်းဆုပ် (၉) ခုကို ကျွန်ုပ်တို့အဖွဲ့မှ ကိုယ့်အယူအဆကို တင်ပြကြပါသည်။ စုံလို့ပါ။ ကျွန်ုပ်ကတော့ အံ့ဖွယ်ထူးခြားဖြစ်ရပ်ဆန်းမို့ စိတ်ဝင်စားပါသည်။ လုံးဝမကြောက်ပါ။ သို့အတွက် ထိုထမင်းဆုပ် (၉ ဆုပ်) ကို စားခွင့်ပေးရန် ပြောလေရာ အဖွဲ့က ဘာကြောင့်မှန်းတော့မသိပါ၊ ခွင့်မပြုပါ။

သို့နှင့် ကျွန်ုပ်မှ ပန်းကန်တစ်ချပ်နှင့် ထမင်း (၉) ဆုပ်ကို ဆွမ်းတော်ကောက်ပြီး စည်သူရှင်ဘုရားအား ဆွမ်းတော်ကပ်လှူလိုက်ပါတော့သည်။ ခေတ္တတည်းခိုပြီး ကျွန်ုပ်တို့ပါလာခဲ့သော ပဲဒံပေါက် စားခွင့်ပေးခဲ့သည့်ဆိုင်မှာပင် ထမင်းစားပြီးသည်နှင့် လက်ဖက်ရည်အကြိုက်တူကြသော ကျွန်ုပ်တို့မှာ ထိုဆိုင်တွင်ပင် လက်ဖက်ရည်အားပေးပြီး သောက်ခဲ့ကြပါတော့သည်။

ကျွန်ုပ်မှာ ယခုအချိန်အထိပင် လျှင် ရှင်မတောင်ခရီးတွင် မကြုံစဖူး ထူးကဲလှသည့်အဖြစ်၊ ထမင်းဒန်အိုးကို ဂျစ်ကားအတွင်းထည့်ကာ ခရီးထွက်ခဲ့ကြ၏။ စားချိန်ရောက်တော့မှ ပဲဒံပေါက်ထမင်းများမှာ ကြီးစဉ်ငယ်လိုက် အရွယ်စုံ ထမင်းဆုပ် (၉) ဆုပ် အံ့ဩစွာတွေ့ရမြင်ရသည့်အဖြစ်။

ဘာကြောင့်ဖြစ်တာလဲ။

ဖြစ်ကောဖြစ်နိုင်သည့်အရာလား။ (ယခုတော့ တကယ်ဖြစ်တဲ့ထမင်းဆုပ်ကို မျက်မြင်ကြုံရပါပြီ။)

လွန်စွာမှ လျှို့ဝှက် နက်နဲသော ဂမ္ဘီရ ပဟေဠိတစ်ပုဒ်ကို ကျွန်ုပ် အဖြေထုတ်၍ မရသေးပါဟုပင် ဝန်ခံပြော[illegible] လိုက်ရပါတော့သည်။ ဤနေရာတွင် အ[illegible] ခွင့်ကြုံ၍ စာချစ်သူများကြိုက်လျှင် ယူ[illegible] နိုင်ကြရန်အတွက် ဂမ္ဘီရကျင့်စဉ်များ၊ အ[illegible] စီအမံများနှင့် ဂန္ဓာရီလမ်းပေါ်က ကြုံ[illegible] တွေ့သမျှတို့ကို ဆက်လက် ရေးသား[illegible] တင်ပြပါဦးမည်ဟုဆန္ဒပြုလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါ[illegible]*

၈၀

[illegible]ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

# ရွှေပြည်မင်း ဆေးတိုက်နှင့်ဆေးကုဌာန

* အာရုံကြောသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။
* လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။
* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် -

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

၀၉ ၄၃၁၉၁၅၇၃၉ နေ့လယ် (၂)နာရီ မှ ည (၇း၀၀)နာရီထိ

အမှတ်-၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီးမြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎-၅၇၇၇၄၃၉၊ ၀၉ ၈၅၁၁၃၀၆၆ တနင်္လာနေ့တိုင်း ပိတ်သည်။

မဟာဗုဒ္ဓတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလှိုင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

* နည်းနည်းပြောရင်များများသိကြတဲ့ရာစုနှစ်မှ သင်တကယ် ယုံကြည်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေတဲ့အဖြေကို မရသေးမီ တွေ့ကြုံနေရတဲ့အခက်အခဲပါ။
* (သင့်ရဲ့ အရေးတကာအရေး၊ အတွေးတကာ့အတွေးကို) ကျွန်ုပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဒါကြောင့် သင်လိုအပ်နေတဲ့အဖြေကို ကျွန်ုပ်နှင့်အတူ ရှာကြည့်ရအောင်။
* လိုအပ်တဲ့အဖြေကိုရပြီဆိုရင် ပြဿနာဟာ ကွယ်ပျောက်သွားမှာပါ။
* နှစ်နစ်ခြိုက်ခြိုက် အိပ်မောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေရပြီဆိုရင်တော့ လောကကြီးရဲ့ အလှည့်အပြောင်းကို ကြုံရတတ်တယ်။
* အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ဖို့ အချိန်ရောက်နေပါပြီ ယခုအချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျခဲ့ရင်တော့ နောင်မှာတန်ဘိုးကြီးကြီးမားမားပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် ဘဝဆည်းဆာတစ်ဆစ်ချိုးမှာ အဖြစ်ဆိုးနဲ့ မကြုံရလေအောင် မြန်မာရိုးရာ နဝင်းစီးပညာဖြင့် ကြိုတင်ကာကွယ်စေချင်ပါတယ်။
* မြှောက်၍လည်းမဟော၊ ခြောက်၍လည်းမပြော၊ အရှိကိုအရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

## ဆရာ ဦးခင်ဇော်

အမှတ်(၁၂)၊ မြရတနာ (၁၀)လမ်း၊ (ခ)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်။ (ဥက္ကလာပဘုတာအနီး)
ဖုန်း-၀၁-၇၃၀၁၁၀၀၁ ၊ ၀၉ ၅၁ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုးနှင်းကို

လမ်းလျှောက်ထွက်စို့ သူငယ်ချင်း

ကိုယ်တွေ့လားလို့ မေးရင်တော့ ဟုတ်တယ်ခင်ဗျ။ ကျွန်တော့်ကိုယ်တွေ့ပါ။ ဒီ မြင့်ဝေ ဆိုတဲ့သူက အခြားမဟုတ်ဘူး၊ တကယ်တော့ ကျွန်တော့်သူငယ်ချင်း အရင်းခေါက်ခေါက်။ အသက်ကလည်း ကျွန်တော့်ထက် သုံး, လေးနှစ်ငယ်လေတော့ ညီလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်မျိုး သံယောဇဉ်တွယ်ရတဲ့ ကောင်လေး။ ဪ- ဒီကောင်လေး၊ ဒီကောင်လေးက ကျန်းမာရေးသိပ်လိုက်စားတာ။ ငယ်ငယ်ကဆို ရပ်ကွက်မှာကျင်းပတဲ့ အားကစားမှန်သမျှ၊ ရုံးက စုပေါင်းပြုလုပ်တဲ့ အားကစားမှန်သမျှ သူမပါတာမရှိသလောက်ရယ်။ ခုလို အသက်တွေ ဖလး၊ ငါးဆယ်ဖြစ်လာတော့လည်း အားကစား ဝါသနာပါတုန်း။ မနက်တိုင်း လမ်းလျှောက်ထွက်တတ်တယ်။ အများသူငါတွေ အိပ်ကောင်းခြင်းအိပ်နေချိန် မနက် (၄) နာရီရောက်ပြီဆို ဒီကောင်လေး ကျွန်တော့်ခြံနောက်ကနေပြီး သူ့အသံသြသြကြီးနဲ့-

"အစ်ကိုကြီးရေ-အိပ်မနေနဲ့၊ လမ်းလျှောက်ထွက်ကြစို့"

လို့ အော်အော်ခေါ်တတ်တယ်။ တကယ် ချစ်စရာကောင်းပြီး ကလေးဆန်တဲ့ကောင်ကြီး။ ကျွန်တော်က မနက်စောစောထရမှာစိုးလို့ ပြန်မထူးဘဲ တိတ်တိတ်နေမိရင်-

"အစ်မရေ- အစ်ကိုကြီးကတော့ လမ်းလျှောက်ထွက်ရမှာ ကြောက်လို့ ကျွန်တော့်အလာကို လိုက်ကာကြားက ချောင်းကြည့်ပြီး ပုန်းနေပြီ မဟုတ်လား။ အစ်ကိုကြီး၊ အဲလိုလမ်းလျှောက်မထွက်လို့ အစ်ကိုကြီးဗိုက်ပူနေတာပေါ့။ ကဲ- သွားပြီဗျို့"

အဲဒီလိုပြောပြီး ထွက်သွားလေရော။ သူ ဒီကိုရောက်တာ တစ်လလောက်ရှိနေပြီဖြစ်ပေမယ့် ကျွန်တော် တစ်ခါမှ သူနဲ့အတူ လမ်းလျှောက်မထွက်ဖြစ်။ သူလာခေါ်တိုင်း ကျွန်တော် ပေတေပြီး ပြန်မထူးဘဲ အိပ်နေတာချည်း။ စိတ်ပါတဲ့တစ်နေ့ကျရင် သူနဲ့အတူ လမ်းလျှောက်ထွက်ပြီး အာလာပသလ္လာပစကားတွေ ပြောရင်း လက်ဖက်ရည်ဆိုင်ထိုင်ဦးမှပဲလို့ တွေးထားခဲ့မိပေမယ့် အခုများတော့. . .။

❂

"ဘာ- မြင့်ဝေ မြွေကိုက်ခံရလို့ ဟုတ်လား"

ကြားလိုက်ရတဲ့သတင်းက နားဝကို သံချွန်နှင့်ထိုးဆွလိုက်သလို၊ ကိုခင်မောင် အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ဝမ်းနည်းပူပန်ခြင်းများကို တစ်ပြိုင်နက်ချ
သလို ခံစားလိုက်ရ၏။

"ဘယ်လိုဖြစ်တာတုံးကွာ။ အ
ဆေးရုံမှာလား၊ အခြေအနေက ဘယ်
လိုနေလဲ"

လာပြောပြသော တပည့်ဖြစ်
ကို သိချင်ဇောနှင့် အလောတကြီးမေ
လိုက်မိသည်။

"ဟုတ်ကဲ့၊ ဆေးရုံတင်ထား
တယ် ဆရာ။ အခြေအနေကတော့
ရိမ်ရတယ်တဲ့။ ကိုက်တဲ့မြွေက မြွေ
ဆိုတော့ အဆိပ်ပြင်းတယ်တဲ့"

"ကျွတ်- ဒုက္ခပါပဲ။ ဒီကောင်
လည်း မြွေပွေးတစ်ကောင်လုံးတော
မမြင်ဘူးလား။ ဘယ်လိုလုပ် အကိုက်
ရတာလဲ"

"ခုထိတော့ မသိသေးဘူး
သူတစ်ယောက်တည်းရှိတဲ့အချိန်
သွားတာ ဆရာရဲ့။ တော်သေးလို့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်ဝေတို့ ဟိုဘက်ရုံးမှာ ရုံးစောင့် ကောင်လေးတစ်ယောက်ရှိနေလို့။ အဲဒီ ကောင်လေးကပဲ ကိုမြင့်ဝေ တို့ ဆေးရုံ လိုက်ပို့ပေးတာ"

ကြားရတဲ့ သတင်းတွေကြောင့် ကိုခင်မောင် ပိုလို့ပင် စိတ်မကောင်းဖြစ် သွားရသည်။

ဟုတ်လည်းဟုတ်သည်၊ ကိုခင်မောင်တို့လို နယ်ရုံးလေးများတွင် အလုပ်သမားဦးရေ နည်းပါးလွန်း၍ အရေးဟယ်အကြောင်းဟယ်ဆိုလျှင် အကူအညီတောင်းရန် လက်တို လက်တောင်း ခိုင်းရန်ပင် မရှိ။ ကိုခင်မောင်တို့လို ဦးစီးတွေကိုလည်း မြို့ကြီးတွေက အရာရှိများကဲ့သို့ အထင်မကြီးလိုက်နှင့်။ တစ်ခါမှ ကြော့ကြော့မော့မော့ နေရသည် မရှိ၊ လုပ်စရာရှိသမျှကို ကိုယ်ကသာ ဒိုင်ခံ သိမ်းကျုံးလုပ်ကိုင်နေရတာ များသည်။ ယခုလည်း ကိုမြင့်ဝေတို့ရုံးတွင် ကိုမြင့်ဝေက ဦးစီးတစ်ယောက် ဖြစ်သော်လည်း ညနေစောင်းသည်အထိ ရုံးအလုပ်တွေ သွားလာလုပ်ကိုင်နေချိန်တွင် ယခုကဲ့သို့ မြွေပွေးနှင့် တွေ့ဆုံသွားရခြင်း ဖြစ်သည်။ အညာဒေသ၌ မြွေ ပွေး၊ မြွေဟောက်ဆိုတာက ရန်ကုန်မြို့က ခွေးများ၊ ဆက်ရက်များကဲ့သို့ ပေါများလွန်းသည် မဟုတ်ပါလား။

"အေးကွာ၊ နက်ဖြန်ခါတော့ သွားကြည့်ဦးမှပဲ။ မြင့်ဝေကြီး သက်သာပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆုတောင်းနေရုံမှလွဲ၍ ကိုခင်မောင် ဘာများတတ်နိုင်ပါမည်နည်း။

နံနက်မိုးသောက်တော့ မြင့်ဝေဆီသွားမည်ဟု တေးထားခဲ့ပေမယ့် တကယ်တမ်းကျ အစည်းအဝေးရှိနေ၍ မသွားဖြစ်လိုက်။ ကျန်ခဲ့သော တပည့်လေးကိုသာ သွားရောက်သတင်းမေးရန် အသေအချာမှာထားခဲ့ရသည်။ တစ်နေ့လုံး ရုံးချုပ်၌အစည်းအဝေးတက်ရ၊ လုပ်ငန်းကိစ္စဆွေးနွေးရနှင့် မြင့်ဝေထံသို့သွားရန် မည်သို့မျှအချိန်မရ။ ည (၈)နာရီထိုးမှ အိမ်သို့ပြန်ရောက်လာတော့သည်။ အိမ်ရောက်သည်နှင့် သတင်းသွားမေးရန် မှာထားခဲ့သော တပည့်လေးကို အလျင်အမြန်ခေါ်ကာ-

"မြင့်ဝေရဲ့အခြေအနေက ဘယ်လိုလဲကွ"

စိုးရိမ်တကြီးနှင့် မေးလိုက်မိ၏။

"ကောင်းသွားပြီထင်တယ် ဆရာ၊ ထူထူထောင်ထောင်ရယ်ပဲ။ ကျွန်တော်နဲ့တောင် စကားတွေပြောခဲ့သေးတယ်။ ကိုမြင့်ဝေက အတော်ပျော်တတ်တယ်နော်၊ သူ မြွေကိုက်ခံရတဲ့အကြောင်းကိုတောင် ရယ်ရယ်မောမောနဲ့ ပြောပြလိုက်သေးတယ်"

ကြားလိုက်ရသည့်သတင်းကြောင့် ကိုခင်မောင် အနည်းငယ် စိတ်သက်သာရာရသွား၏။ တပည့်လေးပြောပုံအရ ညီငယ် မြင့်ဝေ၏အခြေအနေမှာ အသက်အန္တရာယ်စိုးရိမ်ရပုံမပေါ်တော့သဖြင့် ရင်တွင်းမှ စိုးရိမ်ပူပန်မှုများလျော့နည်းသွားတော့မှ-

"ဟုတ်လား၊ သူ ဘယ်လိုလုပ်အကိုက်ခံရတာလဲ"

"မနေ့ညနေက သူ ရုံးက ညနေ (၆)နာရီခွဲလောက်မှာပြန်လာတော့ အိမ်ထဲ ချက်ချင်းမဝင်ဘဲ ရေစည်ဘက်မှာ ရေစက်ကောင်း၊ မကောင်း သွားကြည့်တာတဲ့။ တပည့်တွေလုပ်တာ စိတ်တိုင်းမကျလို့ ကိုယ်တိုင်သွားကြည့်ပြီးအပြန်မှာ ရေဝတ်နေတဲ့ မြွေပွေးရဲ့အမြီးကို တက်နင်းမိတာတဲ့။ နင်းမိမိချင်း ဟိုက်- ပျော့စိစိကြီးပါလားဆိုပြီး ထခုန်လိုက်သေးတယ်။ ဒါပေမယ့် ယင်ကောင်တောင်မလွတ်တာ၊ ငါ့ခြေမျက်စိနားတစ်ဝိုက်ကို ပွခနဲဖြစ်သွားတာပဲတဲ့။ ကိုမြင့်ဝေက သူမြွေကိုက်ခံရတာကို ရယ်ရယ်မောမောနဲ့ ပြောပြသွားတော့ ကျွန်တော်တောင် ရယ်ချင်သလိုလိုဖြစ်သွားသေးတယ်။ ကိုမြင့်ဝေကြီးက တော်တော်ပျော်တတ်တယ်နော်"

"အေးကွာ၊ ဒီကောင်ကြီးက အဲဒီလိုပဲ။ သူ့ခမျာ ဒီနယ်ကိုပြောင်းလာတာ တစ်လကျော်ပဲရှိသေးတယ်၊ အသိမိတ်ဆွေလည်း သိပ်မရှိသေးတော့ မင်းတို့ကပဲ ဂရုစိုက်ပေးလိုက်ကြပါဦး"

"စိတ်ချပါ ဆရာ၊ ကျွန်တော်လည်း ကိုမြင့်ဝေကြီးကိုခင်လို့ နက်ဖြန်ရုံးမတက်ခင် တစ်ခေါက် သွားကြည့်လိုက်ဦးမယ်။ ဪ- ရန်ကုန်က ဇနီးနဲ့သားသမီးတွေလည်း စိတ်ပူလို့ လိုက်လာပြီတဲ့။ ကိုမြင့်ဝေကြီးခမျာ အလကား ကားခအကုန်ခံလို့ဆိုပြီး ညည်းနေသေးတယ်။ အသက်အန္တရာယ်မရှိတော့ပေမယ့် ဒီလိုပဲ ဆရာဝန်တွေက မိသားစုကို အကြောင်းကြားလိုက်တယ်ထင်ပါရဲ့ ဆရာရယ်"

"အေးကွာ၊ ငါလည်း သန်ဘက်ခါ ရုံးပိတ်ရက်ကျမှပဲ သွားကြည့်နိုင်မှာဆိုတော့ မင်းကပဲ သေချာဂရုစိုက်ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

တပည့်လေးထွက်သွားတော့ ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း ကိုခင်မောင် အတွေးနယ်ချဲ့မိ၏။ ဪ- ဤဌာနတွင် ကိုခင်မောင်လုပ်ကိုင်လာသည်မှာ ယခုဆို နှစ် (၃၀) ပင် ပြည့်လုတော့မည်။ မောင်မြင့်ဝေနှင့် ရင်းနှီးခင်မင်ခဲ့သည်မှာလည်း ဌာနတွင်လုပ်ကိုင်ခဲ့သည့် သက်တမ်းနှင့် သိပ်မကွာလှ။ အနည်းဆုံး နှစ် (၂၀) တော့ ကျော်လိမ့်မည်။ ဤမျှလောက် ညီအစ်ကိုရင်းသဖွယ် ခင်မင်ရင်းနှီးသော ညီငယ်လေး အသက်အန္တရာယ်စိုးရိမ်နေရသည့် အခြေအနေတွင် ကိုခင်မောင် သွားရောက်ကြည့်ရှုစောင့်ရှောက်ခြင်း မပြုရသည့်အတွက် ကိုခင်မောင်၏စိတ်ထဲ မကောင်းလှ။ သို့ကြောင့် ရုံးပိတ်သည့်နေ့တွင်တော့ လက်ဆောင်ပစ္စည်းများဖြင့် သွားကြည့်ဖြစ်အောင်ကြည့်မည်ဟု ကိုခင်မောင် တွေးထားလိုက်မိသည်။

❂

နေ့သစ်တစ်နေ့သို့ ရောက်ရှိလာသလို ကိုခင်မောင်ကိုယ်တိုင်လည်း နေ့စဉ် ဝတ္တရားများနှင့် ဂျင်ခြေလည်နေရသည်။ မြို့နယ်မှ လက်ကျန်စာရင်းများ၊ ရုံးချုပ်သို့တင်ပြရမည့်စာရင်းများ အမှားအယွင်းမရှိစေရန် စစ်ဆေးနေခိုက်-

"ဆရာရေ၊ ဆရာ"

မောင်မြင့်ဝေကို သွားရောက်ကြည့်ရှုသော တပည့်ငယ် အောင်ဦး၏ အသံကြောင့် ကိုခင်မောင်၏ရင်ထဲ ဘာရယ်မသိသော ခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။ ရုတ်တရက် ရင်ဘတ်ထဲက အောင့်ခနဲဖြစ်သွားသောခံစားမှုမျိုး။ ဘာကြောင့် ထိုသို့ခံစားလိုက်ရမှန်း ကိုခင်မောင် နားမလည်နိုင်။ ထိုသို့ ကိုခင်မောင်ကို တကြော်ကြော်အော်ခေါ်ရင်း အောင်ဦး ပြေးဝင်လာ၏။

"ဟိတ်ကောင်- ဘာဖြစ်လာတာလဲကွာ၊ အော်ကြီးဟစ်ကျယ်နဲ့"

ကိုခင်မောင် မာန်မဲလိုက်တော့မှ အောင်ဦး သူ့ကိုယ်သူ သတိပြုမိသွားပုံရ၍ ကိုယ်ရှိန်သတ်လိုက်သည်။ သို့ပေမယ့် သူ့မျက်နှာတွင်တော့ ဝမ်းနည်းကြေကွဲမှု အရိပ်အယောင်တွေက အထင်းသားပေါ်လျက်-

"ဟို. . . ဟိုလေ ဆရာ"

"အေး- ပြော၊ ဘာကိစ္စလဲ၊ ဘာဖြစ်လာလို့လဲ"

"ဟို- ကျွန်တော် ပြောမထွက်ဘူး ဆရာရယ်"

တွန့်ဆုတ်တွန့်ဆုတ်ပြောနေသော အောင်ဦး၏အမူအရာကြောင့် ကိုခင်မောင် စိတ်မရှည်နိုင်တော့ဘဲ-

"ဟိတ်ကောင်- ဘာကိစ္စမို့လို့လဲ၊ ပြောစရာရှိရင် မြန်မြန်ပြောကွာ"

"ကိုမြင့်ဝေကြီး ဆုံးသွားပြီ ဆရာ"

"ဘာ. . . ဘာရယ်၊ မြင့်ဝေဆုံးပြီ ဟုတ်လား။ ဘယ်လိုဖြစ်ရတာလဲ၊ မနေ့ကပဲ ကောင်းသွားပြီဆို"

ကြားလိုက်ရတဲ့ သတင်းကြောင့် ကိုခင်မောင်၏မျက်ဝန်းအစုံ ပြူးကျယ်သွားရသည်။ မည်သို့မျှမယုံနိုင်။ အလွန်စိတ်သဘောထား ကောင်းမွန်ဖြူစင်ပြီး လူတိုင်းအပေါ် ဖေးမ ကူညီတတ်တဲ့ မောင်မြင့်ဝေတစ်ယောက် ဆုံးပါးသွားပြီဆိုတဲ့သတင်းက ကိုခင်မောင်၏အသိဉာဏ်ကို ဝေဝါးသွားစေသည်။ သတိလက်လွတ်နှင့် အောင်ဦးကို ကိုခင်မောင် နောက်တစ်ကြိမ် ထပ်မေးလိုက်မိသည်။

"ဘယ်လိုဖြစ်ပြီး ဆုံးသွားရတာလဲကွာ။ မနေ့ကပြောတော့ ကောင်းသွားပြီဆို၊ ဘယ်လိုဖြစ်ရတာလဲ"

"ဟုတ်တယ်ဆရာ။ မနေ့က ကျွန်တော်ကြည့်တော့ ကိုမြင့်ဝေကို ကြည့်ရတာ အကောင်းအတိုင်းပါပဲ။ သူကိုယ်တိုင်ကလည်း ကောင်းသွားပြီလို့ ထင်နေတာ။ ဒါပေမယ့် အမှန်တော့ အဆိပ်က နှလုံးဆီကိုပြန့်သွားပြီတဲ့။ ဆရာဝန်တွေက အဲဒါကြောင့် မိသားစုကို အကြောင်းကြားလိုက်တာ။ မိသားစုနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုက်ရတာပေါ့ ဆရာရယ်။ ဒီမနက် (၈) နာရီလောက်ကပဲ ဆုံးသွားတာ"

အောင်ဦး၏စကား ပြီးဆုံးသွားသော်လည်း ကိုခင်မောင် ကြားတစ်ချက်၊ မကြားတစ်ချက်။ အာရုံထဲတွင် ညီငယ်လေး မောင်မြင့်ဝေ၏ပုံရိပ်များက ဖန်သားပြင်ထက်က ရုပ်ပုံကားချပ်တွေလို တဖျပ်ဖျပ် ပေါ်လာသည်။ ပျော်ပျော်နေတတ်ပြီး သူတစ်ပါးအပေါ် အမြဲအလေးထား ကူညီတတ်သော မောင်မြင့်ဝေ။ ကိုခင်မောင်နှင့် ဟိုးအလုပ်ဝင်စတပင် ရင်းနှီးခဲ့ရသော ညီငယ်တမျှ ချစ်ခင်ခဲ့ရသော ကောင်လေး။ ယခုများတော့ ဆုံးပါးသွားပြီ။ သေမင်းက အသက်အရွယ် မခွဲခြားဘဲ ငယ်နုသူကို ဦးစွာခေါ်ငင်သွားခဲ့လေပြီ။

**O**

မနှစ်ကအထိ ကိုခင်မောင် ဆိုတာ အသားဖြူဖြူ ဝဝထွားထွား၊ ဝမ်းဗိုက်စူစူနှင့် ရန်ကုန်သားစစ်စစ်။ သို့ပေမယ့် အခြေအနေအမျိုးမျိုးကြောင့် ပင်စင်ယူခါနီးမှ မိသားစုနှင့်ခွဲခွာပြီး နယ်မြို့သို့ ခဏပြောင်းရွှေ့ခဲ့ရခြင်း ဖြစ်၏။ ရန်ကုန်မြို့တွင် အနေကြာပြီဖြစ်၍ အညာသို့ရောက်လေတော့ အညာရာသီဥတုနှင့် သဟဇာတ သိပ်မဖြစ်သေး၍ ကိုခင်မောင် သွေးပေါင်ချိန်ကျသည်။ မကြာမကြာ အကြောဆေး သွင်းရ၏။ မိသားစုဝင်များမှာ အမြဲမနေနိုင်၍ တစ်ခါတစ်ရံ မိမိတစ်ယောက်တည်း ဖြစ်နေချိန်တွင် အစားအသောက်ပျက်၏။ ထိုသို့သော ဒုက္ခပေါင်းစုံနှင့် ကြုံဆုံခဲ့ရ၍ စိတ်ပျက်ညည်းညူခဲ့ရသည်။

အညာ၌ မြွေပေါသည်ကတော့ အမှန်။ ကိုခင်မောင် နေထိုင်သော အိမ်အနီးအနားတွင်ပင် မြွေပွေးတစ်ကောင်ရှိသည်။ တစ်လောက မြက်ရှင်းသမားမြက်ရှင်းစဉ်က မြွေပွေးတစ်ကောင် အိမ်နံဘေးက တွင်းလေးထဲဝင်သွားသည်ကို တွေ့လိုက်ရ၏ဟု ဆိုသည်။ သို့ကြောင့် သွားသွားလာလာ သတိနှင့် နေရသလို ဘုရားတရားလည်း ပိုမိုကိုင်းရှိုင်းမိသည်။ နေ့စဉ်နှင့်အမျှ သတ္တဝါအပေါင်းတို့ကို မေတ္တာပို့မိ၏။

လွန်ခဲ့သည့် တစ်လကျော်က ကိုမြင့်ဝေလည်း ဤမြို့နယ်သို့ ပြောင်းရွှေ့လာရ၏။ ကိုခင်မောင်နှင့် ကိုမြင့်ဝေက ဌာနတွင်းသို့ စဝင်စဉ်က ဌာနတူမိတ်ဆွေတွေဖြစ်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကိုမြင့်ဝေတစ်ယောက် အခြားဌာနတစ်ခုသို့ ပြောင်းရွှေ့သွားရ၏။ နောက်ပိုင်း ဌာနက တာဝန်ပေးသည့် နေရာဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်ရရင်း တစ်ဦးနှင့်တစ်ဦး မတွေ့ဆုံဖြစ်ကြတော့။ တစ်ဦးတာဝန်ကျရာမြို့နယ်သို့ တစ်ဦးက အကြောင်းကိစ္စနှင့်ရောက်မှသာ ခဏတစ်ဖြုတ် ဝင်လည်ဖြစ်ခဲ့သည်။ ယခုကဲ့သို့ မိသားစုနှင့်ဝေးကွာပြီး တစ်ကိုယ်တည်းအထီးကျန်နေချိန် ငယ်စဉ်ကတည်းက ခင်မင်ခဲ့ရသည့် ညီငယ်မောင်မြင့်ဝေနှင့် အိမ်နီးချင်းဖြစ်ခွင့်ရသွား၍ ကိုခင်မောင် အတိုင်းမသိ အားတက်ပျော်ရွှင်ရသည်။

မောင်မြင့်ဝေနှင့် မတွေ့တာကြာပြီဖြစ်သဖြင့် မောင်မြင့်ဝေ၏အကြောင်းကို သိပ်မမှတ်မိတော့ပေမယ့် မောင်မြင့်ဝေ အားကစားဝါသနာပါသည်ကိုတော့ ကိုခင်မောင် မမေ့။ ယခုလည်း မနက်တိုင်း လမ်းလျှောက်ထွက်ရန် လာခေါ်တတ်သည်။ ကိုခင်မောင်ကလည်း ကိုခင်မောင်ပင်၊ မနက်စောစောစီးစီး လမ်းလျှောက်ထွက်ရန်မပြောနှင့်၊ အိပ်ရာကပင် ထချင်သူမဟုတ်၍ မောင်မြင့်ဝေ လာခေါ်တိုင်း တစ်ခါမျှမလိုက်ဖြစ်။ နိုးနေသော်လည်း အသံမပေးဘဲ အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ထိုသို့ဆိုလျှင် မောင်မြင့်ဝေက ကိုခင်မောင်၏ဇနီးသည်ရှိလျှင် ကိုခင်မောင်၏ဇနီးသည်ကို တိုင်တန်းပြီး လမ်းလျှောက်ဆက်ထွက်သွားစမြဲ။ သို့ပေမယ့် နေ့စဉ်နှင့်အမျှ လာခေါ်နေခဲ့၍ မောင်မြင့်ဝေကို ကိုခင်မောင် အားနာလာမိသည်။ သို့ကြောင့် တမနက်နေ့တော့ မောင်မြင့်ဝေနှင့် လမ်းလျှောက်ထွက်ဖြစ်အောင် ထွက်ဦးမည်ဟု စိတ်ထဲက တေးထားလိုက်မိသည်။ သို့ပေမယ့် ယခုများတော့ မောင်မြင့်ဝေတစ်ယောက် ကံအကြောင်းတရား မလှပခဲ့၍ ဥပစ္ဆေဒကကံနှင့် ဆုံးပါးသွားခဲ့လေပြီ။

**O**

ဟိုအကြောင်းတွေး၊ ဒီအကြောင်းတွေးနှင့် မနေ့ညက တပည့်အောင်ဦး၏ စကားသံများကို ကိုခင်မောင် ပြန်လည်ကြားယောင်နေမိသည်။

'ဩော်. . . မောင်မြင့်ဝေတစ်ယောက် အမှန်ပင် ဆုံးပါးသွားပါပြီလား'

လို့ တွေးမိလိုက်၍ စိတ်ထဲတွင် လေးလံကျပ်ခဲသွားသည်။ အာရုံတွေ နောက်ကျို ခေါင်းတွေမူးဝေနေ၍ ကိုခင်မောင် အိပ်၍မပျော်။ ဝမ်းနည်းကြေကွဲခြင်းဟူသော ဝေဒနာက ကိုခင်မောင်ကို ကြီးစွာ ညှဉ်းပန်းနှိပ်စက်နေလေ၏။

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

ကင်းတဲဆီက သံချောင်းခေါက်သံကို နားစွင့်လိုက်တော့ အသံ(၄) သံ။ ထိုအသံ(၄)သံကြောင့် ကိုခင်မောင် မယုံကြည်နိုင်စွာဖြင့် နာရီကို ငုံ့ကြည့်လိုက်မိ၏။

"ဘုရားရေ (၄) နာရီတောင် ထိုးနေပါပကောလား"

မဖြစ်ချေတော့၊ အိပ်ပျော်အောင် အိပ်မှဖြစ်တော့မည်။ မနက် (၉) နာရီကျလျှင် အစည်းအဝေးတက်ရဦးမည် ဖြစ်၍ ခေါင်းကြည်နေမှ ဖြစ်မည်။ သို့ကြောင့် ကိုခင်မောင် မျက်လုံးစုံမှိတ်ရင်း ကြိုးစားအိပ်လိုက်မိ၏။

"အစ်ကိုကြီးရေ အစ်ကိုကြီး"

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် ကိုခင်မောင် နားစွင့်လိုက်မိသည်။ ငါ စိတ်စွဲလမ်းပြီး ကြားယောင်နေတာများလား။

"အစ်ကိုကြီးရေ လမ်းလျှောက်ထွက်ကြရအောင်"

ဟာ- ဘုရား. . .ဘုရား၊ အမှန်ကြားနေရပါလား။

ကြားလိုက်ရသည့်အသံက မောင်မြင့်ဝေ လမ်းလျှောက်ထွက်ရန် [illegible]သည့်အသံ။ ကိုခင်မောင် အိပ်နေရာမှ ထထိုင်လိုက်[illegible]မိရင်း ပြတင်းပေါက်လိုက်[illegible]နားသို့ တိုးကပ်သွားလိုက်သည်။

'ငါ ချောင်းကြည့်လိုက်ရ ကောင်းမလား'

ကိုခင်မောင် တွေးလိုက်မိပြီးမှ ကြက်သီးမွေးညင်းထောင်ထသွား၏။ ကိုခင်မောင် မကြည့်ဝံ့။ ကြောက်တတ်သည်ဟုပင် ကဲ့ရဲ့ ကဲ့ရဲ့။ မောင်မြင့်ဝေကို မူလပုံသဏ္ဌာန်နှင့်မတူဘဲ ကြောက်မက်ဖွယ်အဆင်းသဏ္ဌာန်နှင့် တွေ့မြင်လိုက်ရလျှင် ဟူသော အတွေးကြောင့် ကိုခင်မောင် မကြည့်ဝံ့။ ဆက်နားစွင့်နေစဉ်မှာပင်-

"အစ်ကိုကြီး မလိုက်ရင်လည်း သွားပြီးဗျို့"

ဟူသော အသံကို သဲ့သဲ့ကြားလိုက်ရသည်။ အသံအားလုံး တိတ်ဆိတ်သွားမှ ကိုခင်မောင် ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရဖြစ်သွားမိ၏။ အမှန်ဆို ကိုခင်မောင် ချောင်းကြည့်လိုက်သင့်သည်။ သို့မှသာ မောင်မြင့်ဝေ အစစ် ဟုတ်၊ မဟုတ်ကို သိနိုင်မည်မဟုတ်လား။ ယခုတော့ အသံသာကြားလိုက်ရ၍ တစ်စုံတစ်ဦး လာရောက် နောက်ပြောင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးများနှင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်း

**ရိရိငွေး**

ဆီးလမ်းကြောင်းတွင် ပိုးဝင်ခြင်းရောဂါမှာ အမျိုးသမီးများတွင် အများဆုံး ဖြစ်ပွားတတ်သည့်ရောဂါ ဖြစ်ပါသည်။ ဆီးလမ်းကြောင်း၌ ပိုးဝင်လျှင် ဆီးသွားရာတွင် ဆီးအောင့်ခြင်းက အစပြုပြီး ဆီးကျဉ်ခြင်း၊ ဆီးမကြာခဏသွားခြင်းတို့ဖြစ်ကာ ဖျားနာခြင်းလည်း ဖြစ်စေနိုင်ပါသည်။

ဤရောဂါမှာ အိမ်ထောင်ရှင်များတွင် အများဆုံးဖြစ်လေ့ရှိပြီး လိင်ဆက်ဆံမှုကြောင့်လည်း ဤရောဂါဖြစ်ခြင်းမှာ (၇၅) ရာခိုင်နှုန်းမှ (၉၀) ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။ ထို့အပြင် စောစီးစွာ အိမ်ထောင်ကျသူများတွင်လည်း ဖြစ်နိုင်ခြေရှိပါသည်။ ဆီးချိုရောဂါရှိသူများတွင်လည်း မကြာခဏ ဆီးလမ်းကြောင်းပိုးဝင်တတ်ပါသည်။

အချို့သော အမျိုးသမီးများသည် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်းကြောင့်လည်း ပိုးဝင်တတ်ပါသည်။ ဓမ္မတာလာစဉ်နှင့် ဓမ္မတာမလာမီအတွင်း မိန်းမကိုယ်သန့်ရှင်းမှုကို ဂရုစိုက်ရမည်။ ထိုအချိန်အခါ၌ အောက်ခံဘောင်းဘီနှင့် လစဉ်သုံးပစ္စည်းများကို သန့်စင်အောင်ပြုလုပ်ပြီးမှ သုံးစွဲရပါမည်။

အချို့သောအမျိုးသမီးများသည် ရောဂါဖြစ်နေသော အမျိုးသမီးတစ်အတွင်းခံဘောင်းဘီ၊ ထဘီများမှတစ်ဆင့် ရောဂါပိုး ကူးစက်နိုင်ပါသည်။ အထူးသဖြင့် ဆီးချိုရောဂါရှိသူများတွင် မကြာခဏ ဆီးလမ်းကြောင်းပိုးဝင်တတ်သဖြင့် ဆီးချိုရောဂါရှိသူ၏ ထဘီ၊ အတွင်းခံဘောင်းဘီတို့ကို ယူငင်ဝတ်ဆင်ခြင်းမှ ရှောင်ရှားသင့်ပါသည်။

ရောဂါရှိသူအမျိုးသမီးများနှင့် နီးကပ်စွာနေခြင်း၊ ၎င်းထိုင်သည့်နေရာတွင် မကြာခဏ ထိုင်ခြင်းတို့ကြောင့်လည်း ရောဂါပိုးဝင်ရောက်စေပါသည်။ (ဤသို့ ပိုးဝင်ခြင်းမှာ အဖြစ်နည်းပါးပါသည်။)

ဤရောဂါခံစားရစဉ်အတွင်း ဆီးကျဉ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးမကြာ

---

လည်းဖြစ်နိုင်သည်ဟု ကိုခင်မောင် တွေးလိုက်မိသောကြောင့် ဖြစ်၏။ နှီပေမယ့် တစ်ဖက် ပြန်လှည့်တွေးပြန်တော့လည်း တစ်အိမ်လုံးတွင် တစ်ကိုယ်တည်းရှိနေခိုက်ဖြစ်၍ ထိုသို့ ချောင်းကြည့်လိုက်လို့ အလွန်အမင်း ထိတ်လန့် ချောက်ချားသွားရလျှင် ကိုခင်မောင်၏အသက်အရွယ်နှင့် နှလုံးခုန်တွေဘာတွေ ရပ်တန့်သွားနိုင်သည်။ အသက်အန္တရာယ်ထိခိုက်နိုင်တာမို့ ချောင်းမကြည့်မိတာမှန်ပါတယ်လေဟု ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်ရင်း အိပ်ပျော်အောင် အိပ်လိုက်တော့သည်။

၀

မနက်မိုးလင်းတော့ ညကကောင်းကောင်းမအိပ်ခဲ့ရ၍ လူက ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် မလန်းဆန်း။

"ဩော်- ဆရာနိုးပြီလား၊ ကျွန်တော် စောစောကလာသေးတယ်။ အိမ်တံခါးပိတ်ထားတော့ ဆရာအိပ်နေတုန်းထင်လို့ မနိူးတာ"

"အေး- ညက သိပ်အိပ်မပျော်လို့ပါကွာ။ ဒါနဲ့ ဘာကိစ္စလဲ"

ကိုခင်မောင်က မေးလိုက်တော့ တပည့် အောင်ဦးခမျာ တစ်စုံတစ်ခုကို ပြောရန် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေပြန်၍-

"ကဲ- ပြောလေကွာ၊ ဘာကိစ္စလဲ ဆိုတာ"

"ဟို- ကျွန်တော် အတို့အထောင် လုပ်တာမဟုတ်ဘူးနော် ဆရာ။ ကင်းတဲကကောင်တွေပြောတာကို ကျွန်တော် မကျေနပ်လို့ပါ။ မနက်က သူတို့ကို ဟိုဘက်ဌာနက ဆုံးသွားတဲ့ ကိုမြင့်ဝေကြီး ခြောက်လို့တဲ့။ အဲဒါ ဆရာသိအောင် လာပြောပြတာပါ ဆရာ"

အောင်ဦး၏စကားကြောင့် ကိုခင်မောင် အလောတကြီး မေးလိုက်မိ၏။

"ဟေ- ဟုတ်လားကွ။ သူတို့က ဘာပြောလို့လဲ၊ ဘယ်လိုခြောက်တယ်တဲ့လဲ"

"သူတို့ပြောတာကတော့ မနက် (၄) နာရီလောက် မြင့်ဇော်ရယ်၊ သန်းငွေရယ် ကင်းတဲစောင့်ရင်း ဖဲထိုင်ရိုက်နေတုန်း 'ဟိတ်ကောင်တွေ- ဟိုဟိုဒီဒီ ကြည့်သွားဦး၊ မွေ့ကိုက်ဦးမယ်' လို့လှမ်းအော်ပြောသံကြားလို့ ဘယ်သူလဲဆိုပြီး လှမ်းကြည့်လိုက်တော့ ဝင်းအပြင်ဘက် ဟိုဘက်လမ်းထဲမှာ ကိုမြင့်ဝေကို ရိပ်ခနဲ တွေ့လိုက်ရတယ်တဲ့ ဆရာ။ သူတို့က သေချာအောင် သွားကြည့်တော့ တစ်လမ်းလုံး ဘယ်သူမှမရှိဘူးတဲ့။ ဒီကောင်တွေကြည့်ရတာ အိပ်ပျော်ပြီး အိပ်မက်မက်နေတာပဲနေမယ်။ အဲဒါ ဆရာသိအောင်လာပြောပြတာပါ ဆရာ။ တော်ကြာ၊ ဒီကောင်တွေ ကိုမြင့်ဝေကြီးကို အပုပ်ချပြီး လျှောက်ပြောနေမှာစိုးလို့"

"အေးကွာ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ မင်း လုပ်စရာရှိတာသွားလုပ်တော့"

"ဟုတ်ကဲ့ ဆရာ"

အောင်ဦးက ထိုအခါမှ ကျေနပ်သွားဟန်ဖြင့် ကိုခင်မောင်ဆီက ထွက်ခွာသွား၏။

ကိုခင်မောင်မှာတော့ အောင်ဦး လာပြောသွားသော အကြောင်းအရာများကြောင့် အတွေးပင်လယ်ဝေလျက်။ သူတစ်ပါးအပေါ် ဂရုစိုက်တတ်သလို အနောက်အပြောင်လည်းသန်သော မောင်မြင့်ဝေတစ်ယောက် မိမိကိုယ်ကို သေဆုံးမှန်းသိလျက်သားနှင့် နေ့စဉ် ပြုနေကျကိစ္စများကိုစွဲလမ်းနေ၍ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နေခြင်းပေလား ဟူသည်ကိုတော့ ကိုခင်မောင် မတွေးတတ်တော့။

လူတိုင်းသည် သေဆုံးခါနီး အမျိုးမျိုးကို စွဲလမ်း တွယ်တာတတ်ကြသည်ဟု ကိုခင်မောင် ကြားဖူးခဲ့သည်။ ယခု မောင်မြင့်ဝေကိုယ်တိုင်လည်း မိမိ နေ့စဉ် နှစ်နှစ်ခြိုက်ခြိုက် ပြုမူနေခဲ့မိသော လမ်းလျှောက်ခြင်းအမှုကို မသိစိတ်ဖြင့် စွဲလမ်းတွယ်တာနေခြင်းပဲလား။ မိမိ မမြင်နိုင်၊ မသိနိုင်သော တစ်ဖက်လောကနယ်ပယ်၏အကြောင်းကို ကိုခင်မောင် ခေါင်းရှုပ်ခံပြီး တွေးတောမနေတော့။ (၇) ရက်ပြည့်မြောက်သောနေ့တွင် ပြုလုပ်မည့် ရက်လည်ဆွမ်းသွတ်အလှူမှာ မောင်မြင့်ဝေတစ်ယောက် သာဓုခေါ်ဆိုကာ ကောင်းမြတ်ရာဘုံဘဝသို့ ရောက်ရှိသွားနိုင်ပါစေ ဟူ၍သာ ကိုခင်မောင် တောင်းဆုခြွေလိုက်မိပါတော့သည်။

စေတနာရွှေထားလျက်

ကိုဦးနွန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

...သွားခြင်းတို့ကြောင့်အခံရခက်သော ...ဂါကို ခံစားရသဖြင့် စိတ်မရှည်ခြင်း၊ ...တိုခြင်း၊ မိသားစုနှင့် အဆင်မပြေ ...ခြင်းတို့ ဖြစ်တတ်ပါသည်။ ဤရောဂါ ...ကြောင့် များစွာအန္တရာယ်မကြီးလှသော် ...သည်း နောက်ဆက်တွဲရောဂါမှာ ကျောက် ...ပ်ကျိတ်စီးခြင်းအထိပါဖြစ်စေနိုင်သဖြင့် ...တိထားရမည့်ရောဂါတစ်ခုဖြစ်ပါသည်။

ဆီးထဲ၌ ပိုးဝင်သည့်ရောဂါ ခံစား...သူများမှာ ကမ္ဘာတစ်ဝန်းလုံးတွင် (၇၅) ...ရာခိုင်နှုန်းခန့်ရှိပါသည်။ အမျိုးသမီးများ ...မှာ ဤရောဂါကိုခံစားရတတ်ပါသည်။ ...များအားဖြင့် အမျိုးသမီးများတွင် ...ရောဂါခံစားရပါက ဆေးရုံ ဆေးခန်း ...သွားကာ ကုသမှုခံယူမှုသာလျှင် ရော...ပျောက်ကင်းပေမည်။ ဆေးမြီးတိုနှင့် ...သသော အမျိုးသမီးများမှာ ရောဂါ ...ပျောက်သွားပြီး ခဏခဏထိုရောဂါပြန် ...ါတတ်ပါသည်။ ဤသည်မှာ ဆီး...လမ်းကြောင်းအတွင်း၌ ဝင်ရောက်နေ...သောရောဂါပိုး အကင်းမသေသဖြင့် ပြန်ဖြစ်ခြင်းဖြစ်ပါသည်။ ဆေးမြီးတိုကြောင့် ...ကာသက်သာပြီး ရောဂါပိုးအကြွင်းအ...ကျန်များ ပြန်လည် ပေါက်ပွားလာပြီး ထိုရောဂါကို မကြာခဏဖြစ်စေပါသည်။

**ရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းများ**

လိင်ဆက်ဆံမှု အကြိမ်များခြင်း၊ လိင်ဆက်ဆံစဉ်နှင့်ဆက်ဆံမှုပြီးချိန်တွင် ...ကိုယ်ရည်သန့်ရှင်းမှုမရှိခြင်း၊ မိန်းမ...သက်စားသော ခင်ပွန်းသည်ထံမှ ရောဂါ ...ကူးစက်ခြင်း၊ မသန့်ရှင်းသောရေ...ကြောင့် ရောဂါကူးစက်ခြင်း၊ ရောဂါရှိသူ...များ၏ ဘောင်းဘီ၊ ထဘီ၊ အတွင်းခံများ ...တစ်ဆင့် ရောဂါကူးစက်ခြင်း။ အထက်...ပါ အကြောင်းအရာများကြောင့် UTI ရောဂါကူးစက်စေပါသည်။

**ရောဂါဖြစ်စေသောပိုးမွှားများ**

ဆီးလမ်းကြောင်းတွင် အန္တရာယ်ဖြစ်စေသည့် ပိုးမွှားများမှာ -

၁။ အီးကိုလိုင်း (E.Coli)၊

၂။ စတက်ဖလိုကော့ကပ်ပိုးမွှား

**အီးကိုလိုင်း (E.Coli)**

အီးကိုလိုင်းရောဂါပိုး ဝင်ရောက်ခြင်းကြောင့် အမျိုးသမီးများတွင် UTI ရောဂါဖြစ်စေပါသည်။ ၎င်းပိုးသည် ဆီးလမ်းကြောင်းတွင်း၌ ပိုးများစွာပေါက်ပွားရှင်သန်ခြင်းကြောင့် ဆီးကျဉ်ခြင်း၊ ဆီးအောင့်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ဆီးသွားအပြီးတွင် နာကျင်မှုဝေဒနာကို ခံစားရပါသည်။ ထိုပိုးဝင်ရောက်ခြင်းကြောင့် UTI (Urinary Tract Infection) ဖြစ်ပွားမှုမှာ (၈၀)ရာခိုင်နှုန်းမှ (၈၅) ရာခိုင်နှုန်းခန့် ရှိပါသည်။

**စတက်ဖလိုကော့ကပ်ပိုးများ**

ထိုပိုးမွှားသည် ဆီးလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ခြင်းကြောင့် ဆီးကျဉ်ခြင်း၊ ဆီးအောင့်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ဆီးသွားအပြီး၌ နာကျင်မှုဝေဒနာခံစားရခြင်းတို့ ဖြစ်ပါသည်။ ၎င်းပိုးဝင်ရောက်မှုကြောင့် UTI ရောဂါရခြင်းမှာ (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းခန့် ရှိပါသည်။

**မသန့်ရှင်းသောရေကြောင့် ကူးစက်ခြင်း**

အမျိုးသမီးများနှင့် အမျိုးသားများ၏ဝမ်းထဲ၌ အီးကိုလိုင်း (E.Coli) ခေါ် ပိုးမွှား ရှိပါသည်။ အထူးသဖြင့် အမျိုးသမီးများ၏ ယောနိနှင့် စအိုမှာ အမျိုးသားထက် ပိုမိုနီးစပ်နေပါသည်။ အမျိုးသမီးများသည် ဝမ်းသွားပြီးနောက် ရေဖြင့် သန့်စင်ရာတွင် သန့်စင်မှုမရှိပါက E.Coli ပိုးများ အလွယ်တကူ ဝင်ရောက်နိုင်သဖြင့် UTI ရောဂါ ဖြစ်ပွားစေပါသည်။

**ရောဂါလက္ခဏာများ**

ထိုရောဂါစတင်ဖြစ်ပွားပါက ဖြစ်ပွားချိန်အစောပိုင်း၌ ဆီးအောင့်ခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးမကြာခဏသွားခြင်း၊ ဆီးသွားရာ၌ ဆီးအနည်းငယ်သာသွားပြီး နောက်ဆုံးတွင် နာကျင်မှုရှိခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ ဆီးထဲတွင် အဖြူနှစ်များပါဝင်ပြီး နောက်ကျိနေခြင်း၊ အနံ့အသက်မကောင်းခြင်း၊ ဝမ်းဗိုက်၌ မသက်မသာရှိခြင်း၊ တင်ပါးဆုံကွင်း၌ ဖိအားရှိခြင်း၊ ကိုယ်အပူချိန် အနည်းငယ် မြင့်တက်ပြီး အဖျားငွေ့ရှိခြင်း။

ထိုသို့သော ဝေဒနာများကို ခံစားရမည့်အပြင် ရောဂါရင့်လာပါက အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ကျောက်ကပ်ရောဂါဖြစ်စေခြင်းတို့ ဖြစ်စေနိုင်ပါသည်။

**ဓာတ်ခွဲခန်းမှာအဖြေရှာ**

ထိုလက္ခဏာများတွေ့ရှိပါက ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးများ... ပြသ၍ စမ်းသပ်စစ်ဆေးမှုကိုခံယူရ... ထိုလူနာအတွက် ဓာတ်ခွဲခန်း၌ ... ခြင်း၊ ဆီးကိုပိုးမွေးခြင်းနှင့် ပဋိဇီ... ဖြင့် စမ်းသပ်ခြင်းတို့ဖြင့် စစ်ဆေး...

ဆီးစစ်ဆေးခြင်းဖြင့် ဆီးထဲတွင် သွေးနီဥများ၊ သွေးဖြူဥများနှင့် ပိုးမွှားပါ၊ မပါကို စစ်ဆေးတွေ့ရှိရပေမည်။

ဆီးကို ပိုးမွေးခြင်းဖြင့် E.Coli ရောဂါပိုးလော သို့တည်းမဟုတ် စတက်ဖလိုကော့ကပ်ရောဂါပိုးကြောင့်လော ဟု၍ ခွဲခြားသိနိုင်ပါသည်။ အီးကိုလိုင်းပိုးသည် ပဋိဇီဝဆေး အတော်များများနှင့် ယဉ်ပါးသည့်အတွက် တော်ရုံဆေးဖြင့် မတိုးပါ။ ဓာတ်ခွဲခန်း၌ မည်သည့် ပဋိဇီဝဆေးနှင့် ထိုပိုးသေ၊ မသေကို ရှာဖွေစမ်းသပ်ရပါသည်။ဤစမ်းသပ်နည်းဖြင့် မည်သည့်ပဋိဇီဝဆေးသည် ထိုရောဂါပိုးကို တိုက်ဖျက်နိုင်ကြောင်း သိရှိရပါသည်။

ထိုသို့ တွေ့ရှိသောအခါ ထိုပဋိဇီဝဆေးဖြင့် စားဆေး၊ ထိုးဆေးအဖြစ်အသုံးပြုကာ ဆီးအတွင်း၌ရှိသော ရောဂါပိုးများကို တိုက်ဖျက်နိုင်ပါသည်။ ထိုရောဂါကို တိုက်ဖျက်ရာတွင် အမေရိကန်နိုင်ငံ ကူးစက်ရောဂါများအသင်း၏ ထောက်ခံချက်အရ UTI ရောဂါရှင်များအတွက် ပဋိဇီဝဆေးမှာ-

၁။ Trimethoprim

၂။ Cephalo sporins

၃။ Nitro furantoin

၄။ Fluoro quinolone

အထက်ပါဆေးဖြင့် ရောဂါဖြစ်ခါစနှင့်ဖြစ်ဆဲကာလ၌ အသုံးပြုကြောင်း သိရပါသည်။

အထက်ပါရောဂါ ခံစားရသော အမျိုးသမီးလေးများသည် ဆီးစပ်အောင့်သောဝေဒနာ၊ ဆီးကောင်းစွာ... ခြင်းတို့အပြင် နာကျင်... ခံစားရသဖြင့် စိ... ဒုက္ခဖြစ်ကြရပါ... များအဖို့ အိမ်... ဆင်မပြေ... မည်။ ထို... ကပ်၌... တွင်...





www.burmeseclassic.com

www.burmeseclassic.com

မြတ်သက်ကျော်
အတွက်ကို ဆေးဆိုးထားတယ်

(၁)

တဲရှေ့မှ ခွေးဟောင်သံကြောင့် ကိုလွန်းခင် တဲရှေ့ဘက် အသံလာရာဆီသို့ ချောင်းကြည့်မိလေသည်။ လဆန်း (၇) ရက် လရောင်အောက်တွင် ဓားကိုင်ထားသော လူသုံးယောက်ကိုတွေ့လိုက်ရလေ၏။ တစ်ချက် တစ်ချက် ဓားသွားနှင့် လရောင် ထိတွေ့ရိုက်ခတ်မှုကြောင့် ဖွေးခနဲ လက်ခနဲ ဖြစ်သွားသည်ကိုတွေ့ရလေသည်။ ကိုလွန်းခင်၏ခွေး အောင်နက်က လူစိမ်းများကို မသင်္ကာဟန် ထိုးကာဟောင်နေ၏။ တစ်ချက် တစ်ချက် ဝင်၍ကိုက်ရန် အတင်းတိုးဝင်လေ၏။

ထိုလူသုံးယောက်ထဲမှ တစ်ယောက်က ဓားဖြင့် ခွေးကိုခုတ်ရန်ပြင်သည်။ တစ်ဦးက ထိုသူကို လှမ်း၍ဟန့်တားရင်း ခါးပုံစံအတွင်းမှ တစ်စုံတစ်ရာကိုနှိုက်ကာ ခွေးဆီသို့ ပစ်ပေးလိုက်လေ၏။ ခွေးကလည်း ပစ်ပေးလိုက်သည့် အရာကိုထိုးဟပ်ကာ ကိုက်ဝါးနေလေသည်။

ခဏအကြာတွင် ကိုလွန်းခင်၏ ခွေးမှာ မြေပြင်ပေါ်သို့ ပစ်လဲကျကာ တဆတ်ဆတ် အကြောဆွဲ၍ ငြိမ်သက်သွားချေတော့သည်။ ဒီလူစု၏ဟန်ပန်မှာ ကောင်းကျိုးပေးမည့်သူများ မဟုတ်နိုင်၊ အန္တရာယ်ပေးမည့်သူများ ဖြစ်နိုင်သည်။ ရင်ကဲထဲတွင်လည်း ထိုသူများကို ခုခံရန် သည်။ ကက်မှလွဲ၍ ဘာမှမရှိ။ အနီး ကူအညီတောင်းခံ ဘင့်တဲများဖြစ် တဲနှင့်တစ်တဲ

မနက်မိုးလင်းတော့ ကောင်းမအိပ်ခဲ့ရ၍ လူက မှိုင်းမှိုင်းနှင့် မလန်းဆန်း။

"ဩော်- ဆရာနိုးပြီလား သတစ်ဦး ပါက်မှ တော် စောစောကလာသေးတယ်၊ သကဲ့ တံခါးပိတ်ထားတော့ ဆရာအိပ်နေဝံ့ ထင်လို့ မနှိုးတာ"

"အေး- ညက သိပ်အိပ်မပျော်လို့ပါကွာ။ ဒါနဲ့ ဘာကိစ္စလဲ"

ကိုခင်မောင်က မေးလိုက်တော့ တပည့် အောင်ဦးခမျာ တစ်စုံတစ်ခုကို ပြောရန် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေပြန်၍-

"ကဲ- ပြောလေကွာ၊ ဘာကိစ္စလဲ ဆိုတာ"

"ဟို- ကျွန်တော် အတို့အထောင်

ကြောင့် တဲထောင့်မှ ပိတောက်သားဖြင့် လုပ်ထားသည့် နွားထမ်းပိုးတုတ် တစ်ချောင်းကို ဆွဲယူလိုက်လေသည်။ ဇနီးသည်အား တစ်စုံတစ်ရာကိုပြောပြလိုက်ချေ၏။ ထို့နောက် ထွန်းညှိထားသော မီးအိမ်ကို မီးငြိမ်းသတ်လိုက်၏။

တဲရှေ့တံခါးအား တစ်စုံတစ်ဦးက ဖွင့်ရန်ကြိုးစားနေသည်။ ကိုလွန်းခင် တဲတံခါးအား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။ ထို့နောက် တဲတံခါးအား တိုး၍ လူတစ်ဦးဝင်လာသည်ကို တွေ့လိုက်ရသည်။ ကိုလွန်းခင် လက်ထဲမှတုတ်ဖြင့် ထိုသူ၏ နားသယ်နေရာဆီသို့မှန်း၍ ရိုက်ထည့်လိုက်သည်။ ထိုသူ၏ နားအုံနေရာသို့ တည့်တည့်ရိုက်မိသည်ထင်၏။ လဲပြိုကျသံ ကြားလိုက်ရသည်။

ခဏအကြာတွင် တဲအနောက်တံခါးမှ ဓားကိုင်လူတစ်ယောက် တိုးဝင်လာပြန်သည်။ ကိုလွန်းခင်သည် ထိုသူ၏ လည်ပင်းနေရာဆီသို့ မှန်းဆကာ လက်ထဲမှတုတ်ဖြင့် ရိုက်လိုက်သည်။ ခပ်အုပ်အုပ်မြည်သံ အွတ်ခနဲ ကြားလိုက်ရလေသည်။ ထိုသူလည်း လဲပြိုကျသွားလေသည်။

ထိုအခိုက် စူးဝါးသော လက်နှိပ်တုတ်မီးရောင်က သူ့ခန္ဓာကိုယ်ပေါ် ထိုးကျလာလေသည်။ စူးရှသောအလင်းရောင်ကို ကာကွယ်ရန် လက်တစ်ဖက်အမြှောက်တွင် သူ့နံကြားဆီမှ စူးခနဲ ပူလောင်မှုကိုခံစားလိုက်ရသည်။ လက်ထဲမှတုတ်လွတ်ကျသွားလေ၏။ နာကျင်မှုက တစ်ကိုယ်လုံးကိုပျံ့နှံ့သွားသည်။ ထို့နောက် သူ ပစ်လဲကျသွားတော့သည်၊

(၂)

ခွေးဟောင်သံကြောင့် သားနှစ်ယောက်အား ပုံပြောပြနေသည့် ကိုလွန်းခင် ပုံပြောနေသည်ကို ရပ်လိုက်သည်၊ ထို့နောက် တဲရှေ့ဘက်သို့ ချောင်းကြည့်သည်။ ပြီးနောက် တဲ၏ထောင့်တစ်ထောင့်တွင် ထောင်ထားသော နွားထမ်းပိုးတုတ်တစ်ချောင်းကို ဆွဲယူလိုက်သည်၊ မသင်္ကာစိတ်ကြောင့် မမြမေ ကိုလွန်းခင်အနားသို့ ကပ်ပြီး စူးစမ်းကြည့်ဖြင့် ကြည့်လိုက်မိလေတော့သည်။

မိမိစိတ်ကို နားလည်သည်သို့ ကိုလွန်းခင်က သူ့အား အခြေအနေကို အလောတကြီး ရှင်းပြလေသည်။

"မြမေ. . . တဲရှေ့ဘက်မှာလူသုံးယောက် ဓားကိုင်ပြီး လာနေကြတယ်၊ ကြည့်ရတာ အန္တရာယ်ရှိမယ့်ပုံပဲ။ မင်းနဲ့ ကလေးနှစ်ယောက် လုံခြုံရာရှာပြီး ပုန်းနေကြပေတော့။ ငါအသံပြုမှထွက်လာခဲ့ကြ"

မမြမေ ရုတ်တရက် ထူပူသွားသည်။ ကြမ်းပေါက်ဖြဲ၍ တဲအောက်သို့ လျှိုဆင်းကာ နွားစားကျင်းနောက်တွင် ပုန်းနေလျှင် လွတ်နိုင်ပါသည်၊ သို့သော်






www.burmeseclassic.com

www.burmeseclassic.com

ဆင်းသက်လုံး သစ္စာရှိရှိ၊ ဆိုးအတူ ကောင်းအတူ လက်တွဲလာသည့် သူ့အ ... အခုလို အန္တရာယ်ကျရောက်တော့ မည့်အချိန်တွင်မှ လျစ်လျူရှု ပစ်ခွာ ... ယ်လွတ်ရုန်းမထွက်နိုင်ပါ။ နောက်ပြီး ... ားစားကျင်းနောက်တွင် ကလေးနှစ် ... ယာက်ကို ပုန်းခိုခိုင်းသည်က ပို၍ လုံ ခြုံပေးနိုင်သည်။ ပြီးတော့ အန္တရာယ် ... သ်ဆိုပါက သူလည်း ကိုလွန်းခင်နှင့် ...င်း၍ဖြေရှင်းပေးပါက ပိုအဆင်ပြေနိုင် မည်ထင်သည်။

"သားကြီး ကျောက်ခဲ၊ ... အောက်က ကြမ်းပေါက် ... အမေ ဖွင့်ပေးမယ်။ ...းတို့ ညီအစ်ကို နှစ် ယောက် တဲအောက်ကို ဆင်းပြီးတော့ နွားစားကျင်း နောက်မှာ သွားပုန်းနေချေ။ တိတ်တိတ် နေ၊ အသံမထွက်စေနဲ့။ ဘာပဲဖြစ်နေဖြစ် နေ ထွက်မလာခဲ့နဲ့နော်၊ အမေနဲ့အဖေ ခေါ်မှ ထွက်လာ။ သွားတော့၊ ညီလေး ပါခေါ်သွား။ ကဲ. . . ကဲ၊ အောက်ကို ဆင်းတော့"

မမြမေသည် ဝါးကြမ်းပေါ်တွင် ခင်းထားသည့်ဖျာကိုလှန်၍ ဝါးကြမ်းခင်း အား ဆွဲဖွင့်သည်။ သားငယ် ... အရင်ဆင်းစေသည်။ ထို့နောက် သား ကြီးကိုဆင်းစေသည်။ ပြီးမှ ဝါးကြမ်းခင်း ကို အသာအယာ လက်လွှတ်ရင်း ခင်း ထားသည့်ဖျာအား ပြန် ဖုံးထားလိုက်သည်။ ထို့ နောက် မြက်ထမ်း ထမ်းပိုးဝါး ချွန်ကိုကိုင်ရင်း တဲ၏ထောင့်တစ် ထောင့်တွင် ငြိမ်သက်ကာ ရပ်နေလိုက် သည်။



ခဏအကြာတွင် ရိုက်ခတ်သံ တ ချို့ကို ကြားလိုက်ရ သည်။ တစ်ဆက်တည်း လဲ ပြိုကျသံများကိုလည်း ကြားမိ သည်။ ထို့နောက် တုတ်ကိုင်ထား သည့် ကိုလွန်းခင်အား တုတ်မီးအလင်း ရောင်အောက်တွင် အထင်းသားတွေ့ လိုက်ရသည်။ ပြီးနောက် ကိုလွန်းခင်၏ နံကြားဆီသို့ ဓားဖြင့် ထိုးလိုက်သော ကြောင့် လဲပြိုကျသွားသည့်မြင်ကွင်းကို မြင်လိုက်ရလေ၏။ သူမ၏ဒေါသတို့ ဆူပွက်လာ လေတော့၏။ ကိုလွန်းခင်ကို



www.burmeseclassic.com

www.burmeseclassic.com

ဓားဖြင့်ထိုး သူ၏နောက်ကျောအား လက်ထဲမှဝါးချွန်ဖြင့် အားကုန် ပစ်ထိုးလိုက်လေတော့သည်။

ဒုတ်ခနဲ မြည်သံနှင့်အတူ ဝါးချွန်က အောက်သို့ပြုတ်ကျသွားသံကို ကြားလိုက်ရသည်။ ထို့နောက် တုတ်မီးအလင်းရောင်က သူမထံ ဖြာကျလာသည်။

"ဩော်- သူကြီးဟောင်းကတော်ကလည်း သတ္တိတော့ရှိသားပဲ။ ကဲ ကဲ- မီးခွက်ကလေးများလည်း ထွန်းပါဦး။ ဟာ- ပေကတ်ကတ်လုပ်နေတယ်၊ ဓားနဲ့ မသေမရှင်ခုတ်ပြီး တဲနဲ့အတူမီးရှို့လိုက်မယ်၊ ဘာမှတ်နေလဲ"

သူမ စိတ်ပူသွားသည်။ တဲကိုမီးရှို့ပစ်မတဲ့လား။ ဒီလိုတော့ အဖြစ်မခံနိုင်ပါ။ တဲကို မီးတိုက်ပစ်လျှင် သူမ၏ လူမမည်သားကလေး နှစ်ယောက်အတွက် လွတ်လမ်းမမြင်တော့။

သူမ ကပျာကယာပင် မီးထွန်းလိုက်သည်။ သူမ အံ့အားသင့်သွား၏။ သူမတို့နှင့် တစ်ရွာတည်းသား ချစ်ခိုင်။ သူမ ဘာမှမပြောနိုင်မီ ချစ်ခိုင်က မေးလေသည်။

"ကျောက်ခဲတို့၊ ပေသီးတို့ ညီအစ်ကိုကော မတွေ့ပါလား"

"မနက်ဖြန်ဆွမ်းကျွေးရှိလို့ ဒွေးလေး မပုမ ညနေကတည်းက လာခေါ်သွားတယ်"

ချစ်ခိုင်က မယုံသင်္ကာဟန်ဖြင့် တဲအနှံ့ စူးစမ်းကြည့်ဖြင့် ကြည့်သည်။ သူမ ချစ်ခိုင်ကို မေးလိုက်မိသည်။

"နင်တို့ ဘာလိုချင်လို့ ဒီလိုလုပ်တာလဲ ချစ်ခိုင်"

"ဘာလိုချင်လို့မှ မဟုတ်ဘူး၊ နင့်ယောကျ်ား သူကြီးဘဝတုန်းက ငါတို့ညီအစ်ကိုတစ်တွေ ဟိုဘက်ရွာက နွားကိုခိုးပြီးပေါ်တာ နင့်ယောကျ်ား ပုလိပ်ကို လက်တို့လိုက်လို့ ငါတို့ထောင်ထဲမှာ အိုးပစ်အိမ်ပစ်၊ သားမယားပစ်ပြီး (၃) နှစ်လောက် သွားနေရတာ နင်မှတ်မိနေသေးလား မြမေ။ အေး- အဲဒီအကြွေးလာတောင်းတာပဲ"

သူမ စိုးရိမ်သွားမိသည်။ သူမတို့နယ်တစ်ဝိုက်၌ သူကြီးအရာကျသူများကို မကျေနပ်သူများက အိမ်လုံးကျွတ်သတ်ဖြတ်သောညဉ်များက ရှိနေသည်မို့ ထိုအချက်များကို စဉ်းစားမိသော သူမက ကိုလွန်းခင် သူကြီးအရာမှကျစဉ်က အခြားအရပ်သို့ ပြောင်းရွှေ့ရန် ပြောပြခဲ့သေးသည်။ သို့သော် ကိုလွန်းခင်က လက်မခံခဲ့။ သူ သူကြီးတာဝန်ယူခဲ့စဉ်က မည်သူ့ကိုမျှ မကောင်းမကြံ၊ မကောင်းမလုပ်ခဲ့။ အာဏာပါဝါပြကာ မနှိပ်စက်၊ မညှဉ်းပန်းခဲ့။ ဒုက္ခမပေးခဲ့ပါတဲ့။ ထို့ကြောင့် သူ့ကို မည်သူမျှ မကောင်းကြံကြမည် မဟုတ် ဟူ၍ ယုံကြည်ပါသည်တဲ့။ ထိုအချက်မှာ အမှန်ဖြစ်လေသည်။ ချစ်ခိုင်တို့ နွားခိုးပေါ်သည့်ကိစ္စကို ပုလိပ်က စုံစမ်းဖော်ထုတ်လိုက်ခြင်းပဲ ဖြစ်သည်။ ကိုလွန်းခင်၏ ပယောဂမပါခဲ့။

"ဟဲ့- နင်တို့ နွားခိုးပေါ်တဲ့ကိစ္စက ကိုလွန်းခင်နဲ့ မဆိုင်ဘူးလေ၊ မြို့ပေါ်က ပုလိပ်တွေစုံစမ်းလို့ပေါ်သွားတာပဲဟာ"

"နင်ဘာမှပြောမနေနဲ့ မြမေ၊ နင့်ယောကျ်ား ပုလိပ်ကို လက်ထောက်ချတာ ငါတို့ ကြားထားပြီးသားပါ"

ထိုအခိုက် အသံခပ်အုပ်အုပ်တစ်သံ ထွက်လာသည်။ နွားများကလည်း ခြင်ကိုက်၍ထင့်၊ အမြီးတဘတ်ဘတ်ရိုက်ခတ်ရင်း ဂနာမငြိမ်ကြဘဲ ရုန်းကန်လှုပ်ရှားနေကြသည်။ ထို့ကြောင့် နွားနင်းကြမ်းမှ တဖြုန်းဖြုန်းမြည်သံ ထွက်ပေါ်နေချေတော့၏။ တစ်ဖန် နွားမည်းကလည်း သေးပေါက်ပြီး ချေးပါချလိုက်လေသည်။ ချစ်ခိုင်က စူးစမ်းဟန်ဖြင့် နွားစားခွက်ဘက်ဆီသို့ ငေးကြည့်နေလေသည်။ မမြမေ တဲအတွင်းမှလှစ်ခနဲ ပြေးထွက်လိုက်သည်။ တဲအပြင်သို့ ရောက်သည်နှင့် အသံကုန်ဟစ်အော်လေတော့သည်။

"လာကြပါဦးရှင်၊ ချစ်ခိုင် ကျွန်မတို့ကို လာသတ်နေပါတယ်။ ကယ်ကြပါဦးရှင်"

အဆက်မပြတ် ဟစ်အော်၍ ပြေးသည်။ ချစ်ခိုင်ကလည်း သူမနောက်မှ ပြေးလိုက်လာသည်။ သူမက အားကုန်ဆက်ပြေးသည်။ လယ်သုံးကွက်ခန့်အလွန်တွင် ချစ်ခိုင် သူမအား မီလာသည်။ ထို့နောက် သူမ ဇက်ပိုးဆီမှ စူးခနဲနာကျင်သွားပြီး မြေပေါ်သို့ ဟပ်ထိုးလဲကျသွားလေတော့၏။

(၃)

ဒီကနေ့ည အဖေက အမေနှင့် သူတို့ညီအစ်ကိုအား မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော ကျန်စစ်သားမင်းအကြောင်းပြောပြနေလေသည်။ စောလူးမင်းအား ရန်သူ့လက်မှစွန့်စားကယ်တင်ပုံ၊ စောလူးမင်းက အထင်မှားကာ ရန်သူဖြစ်သော ငရမန်ကန်းအား ဟစ်အော်အသိပေးပုံ၊ ထို့ကြောင့် စောလူးမင်းအားထားခဲ့ပြီး ရန်သူ့လက်မှ ကိုယ်လွတ်ရုန်းပြေးရပုံ၊ ငရမန်ကန်းအား မုဆိုးငစဉ့် အကူအညီနှင့် သုတ်သင်ပစ်ပုံတို့ကို ရင်တဖိုဖိုနှင့် နားထောင်နေစဉ် အဖေ ပုံပြောရပ်ကာ တဲတံခါးအပြင်ဘက်သို့ ချောင်းကြည့်သည်။

ထို့နောက် နွားထမ်းပိုးတုတ်တင်ချောင်းကိုကိုင်ကာ အမေ့ကို စကားတိုးတိုးပြောသည်။ အမေက ကြမ်းပေါက်ဖြ၍ သူနှင့် သူ့ညီ ပေသီးတို့ကို နွားစားကျင်းနောက်တွင်ပုန်းနေရန် ပြောသည်။ အသံမပြုရန်နှင့် သူတို့ခေါ်မှထွက်လာရန် ပြောလေသည်။

ဓာတ်မီးအလင်းရောင်အောက်၌ သူတို့အဖေ ဓားနှင့်အထိုးခံရပြီး အသေလဲပြိုကျသွားစဉ် ညီငယ်ပေသီးက ဟစ်အော်ရန် ပြင်သည်။ ကျောက်ခဲ ကပျာကယာ ပေသီး၏ပါးစပ်ကို ပိတ်လိုက်ရသည်။ တီးတိုးလေသံဖြင့် တိတ်တိတ်နေရန် ပြောခဲ့ရသေးသည်။ အဖေ့ကိုဓားနှင့်ထိုးသူအား အမေက ဝါးချွန်နှင့်ပစ်ထိုးလိုက်သည်ကို လည်းကောင်း၊ ဓာတ်မီးနှင့်လူက အမေ့အား မီးခွက်ထွန်းခိုင်းသည်ကို လည်းကောင်း သူတို့ မြင်နေကြားနေရလေသည်။ အမေ မီးခွက်ထွန်းလိုက်သည့်အခါ မီးခွက်အလင်းရောင်အောက်တွင် အဖေ့အား ဓားနှင့်ထိုးသူမှာ သူတို့ရွာမှ ဦးချစ်ခိုင် ဖြစ်ကြောင်း သိလိုက်ရလေသည်။

ဦးချစ်ခိုင်နှင့်အမေ အပြန်အလှန်စကားပြောနေခိုက်၊ ညီငယ် ပေသီးက အမေ့အား ဦးချစ်ခိုင်ရန်ရှာမည်စိုးသောကြောင့် အော်ငိုရန် ပြင်သည်။ ကျောက်ခဲ အလောတကြီး ညီဖြစ်သူ၏ပါးစပ်ကို ပိတ်ထားလိုက်ရသည်။ သူ့မျက်လုံးအစုံဆီမှလည်း ကြောက်စိတ်နှင့် ဝမ်းနည်းစိတ်တို့ကြောင့် မျက်ရည်များ ဒလဟောကျဆင်းလာလေသည်။ သူ အံကို တင်းတင်းကြိတ်ထားလိုက်မိချေတော့သည်။ ထိုအခိုက်တွင် နွားခြေသံတဖြုန်းဖြုန်းနှင့် နွားသေးပေါက်သံ၊ နွားခြေသံတို့က ပေသီး၏အသံကို ဖုံးလွှမ်းသွားပြီး ဦးချစ်ခိုင်အား ဇဝေဇဝါဖြစ်သွားစေလေသည်။

ထိုအခိုက် အမေ တဲအပြင်သို့ ထွက်ပြေးပြီး ဟစ်အော်နေလေ၏။ ဦးချစ်ခိုင်က ဓားကိုင်ပြီး အမေ့နောက်မှ ပြေးလိုက်လေသည်။ သူလည်း အမေ ဦးချစ်ခိုင်လက်ထဲမှ လွတ်ပါစေရန် ဆုတောင်းရင်း နွားစားကျင်းနောက်မှတဲအကာကိုတိုး၍ ပေသီး၏လက်တစ်ဖက်ကိုဆွဲကာ တဲအနောက်ဘက် ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ခမ်းပါးဆီသို့ ပြေးခဲ့လေတော့သည်။ ပေသီးက ဝမ်းနည်းပြီး ဟစ်ငိုရန် ပြင်သည်။ ကျောက်ခဲ ကပျာကရာ မျက်နှာသုတ်၍ အသံကိုထိန်းကာ အားပေးစကားဆိုမိချေသည်။

"ညီလေးပေသီး မငိုနဲ့နော်၊ ဦးချစ်ခိုင်ကို တို့ညီအစ်ကိုကို လာရန်ရှာလိမ့်မယ်၊ ကြောက်လည်းမကြောက်နဲ့နော်၊ အစ်ကိုတစ်ယောက်လုံး ရှိတယ်"

ချောင်းကမ်းပါးသို့ ရောက်သည့်အခါ သူတို့တဲနှင့် အဝေးဆုံးဖြစ်သောနေရာမှ သမ့်ပင်တစ်ပင်ပေါ်သို့ တက်ပုန်းနေမိတော့သည်။ ထို့နောက် သူတို့တဲဘက်ဆီသို့ အတော်ကြာအောင် ကြည့်နေခဲ့လေသည်။ သူတို့နောက်မှ လိုက်လာသူမရှိကြောင်း သေချာမှ အပင်ပေါ်မှဆင်းကာ သူတို့ရွာနှင့်ဆန့်ကျင်ဘက်ရွာတစ်ရွာဆီသို့ လယ်ကွင်းများကို ဖြတ်ကာ ညီငယ်ပေသီးကိုလက်ဆွဲ၍ ထွက်ခဲ့လေတော့သည်။

လမ်းလျှောက်နေရင်း အတန်ငယ်ကြာသည့်အခါ ပေသီးက ခြေထောက်နာသည်ဟု ပြောသည့်အတွက် ပေသီးကို ကုန်းပိုးခဲ့ရသည်။ လယ်ကွက်ထဲမှ ရိတ်ပြတ်ငုတ်တိုများ စူးသောကြောင့် သူ့ခြေဖဝါးနှစ်ဖက်စလုံး နာကျင်ကျိန်းစပ်နေလေသည်။

လယ်ကန်သင်းတစ်ခုကို ဖြတ်ကျော်လိုက်သည့်အခိုက် ခလုတ်တိုက်ပြီး ကျောက်ခဲ မှောက်လျက်လဲကျသွား၏။ မြေပြင်ကို ရင်ဘတ်နှင့်ဆောင့်မိသောဒဏ်၊ ပေသီး၏ခန္ဓာကိုယ်က ကျောကုန်းပေါ်မှဖိမိသည့်ဒဏ်တို့ကြောင့် မြေပေါ်မှ အတန်ကြာအောင် မထနိုင်ဘဲ ရှိနေလေသည်။ ပေသီးက သူ့ကိုယ်ပေါ်မှဆင်းကာ သူ့ကိုဆွဲထူသည်။

"အစ်ကို- ဘာဖြစ်သွားလဲဟင်၊ တော်တော်နာသွားလားအစ်ကို။ ထ၊ ထတော့လေ။ အစ်ကို ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်၊ နောက်ဆို ကျွန်တော် အစ်ကို့ကို ကုန်းမပိုးခိုင်းတော့ပါဘူးဗျာ။ ကျွန်တော်လမ်းပဲဆက်လျှောက်ပါတော့မယ်"

ပေသီး၏စကားသံတွင် ငိုသံများ ရောစွက်နေသည်။ ထို့ကြောင့် နာကျင်မှုကို ဟန်ဆောင်ဖုံးဖိရင်း ကျောက်ခဲ မြေပေါ်မှ လူးလဲထလိုက်သည်။ နာသွားသည့်ခြေထောက်ကို တစ်ချက်၊ နှစ်ချက်မျှခါရင်း ပေသီးလက်ကိုဆွဲ၍ ရိုးပြတ်တောထဲ ဆက်လျှောက်ခဲ့လေသည်။ ထို့နောက် 'လ' ဝင်သွားသောကြောင့် လယ်ကွင်းတစ်ခုထဲတွင် ညီအစ်ကိုနှစ်ယောက် တစ်ဦးကိုတစ်ဦးဖက်၍ အိပ်လိုက်ကြလေသည်။

(၄)

အအေးဒဏ်ကြောင့် အသားများ တဆတ်ဆတ်တုန်ကာ ကျောက်ခဲ နိုးလာတော့ နံနက်ဝေလီဝေလင်းအချိန်ရှိပေပြီ။ ပေသီးကား ပေါင်နှစ်လုံးကြားတွင် လက်ထည့်ကာ ကွေးကွေးလေးအိပ်ပျော်နေရှာလေသည်။ ခပ်လှမ်းလှမ်း၌ ရွာတစ်ရွာကို ပိုးတဝါးအလင်းရောင်အောက်တွင် တွေ့လိုက်ရသောကြောင့် သူ ဝမ်းသာသွားသည်။

"ပေသီး- ညီလေး၊ ထတော့။ အစ်ကိုတို့ ဆက်သွားကြမယ်။ ဟိုမှာ ရွာတစ်ရွာတွေ့နေရပြီကွ။ ထတော့ ညီလေး၊ ထတော့"

သူ့အသံကြောင့် ပေသီး ငေါက်ခနဲထသည်။ ထို့နောက် အဖေနှင့်အမေကို သတိရဟန် မဲ့တဲ့တဲ့ဖြစ်သွားသည်။

"ထ. . ထ- ညီလေး၊ အစ်ကိုတို့ ဆက်သွားကြမယ်။ ညီလေး ဘာမှအားမငယ်နဲ့၊ အစ်ကိုတစ်ယောက်လုံးရှိတယ်"

ပေသီးက သူ့ကို ခေါင်းညိတ်ပြသည်၊ ထို့နောက် သူ့လက်ကိုဆွဲကာ ညီအစ်ကိုနှစ်ယောက် လမ်းဆက်လျှောက်ခဲ့သည်။ ရွာအဝင်ဘုန်းကြီးကျောင်းရှေ့ ရောက်သည့်အခါ ကျောင်းဝင်းထဲမှ ဦးပဉ္စင်းများ၊ ကိုရင်များ ဆွမ်းခံကြွရန် ထွက်လာသည်ကို တွေ့ရသောကြောင့် ကျောင်းဝင်းထဲသို့ ညီအစ်ကိုနှစ်ဦး စွတ်၍ဝင်သွားလိုက်သည်။ ထိုအခိုက် ဦးပဉ္စင်းတစ်ပါးက လှမ်းမေးလိုက်သည်။

"ဟေ့ - ဘယ်က ကလေးနှစ်ယောက်လဲကွ၊ တို့ကျောင်းက ကျောင်းသားတွေတော့ဟုတ်ဟန်မတူဘူး။ ဘယ်သူ့သားသမီးတွေလဲ၊ မိုးတောင်မလင်းတတ်သေးဘူး။ မင်းတို့ ဘယ်ကလာကြတာလဲ၊ ဘယ်ကိုသွားကြမလို့လဲ"

ကျောက်ခဲက ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုကြွေးရင်း ဖြစ်ပျက်သမျှကိုပြန်ပြောပြလေသည်။ ပေသီးကတော့ မျက်စိသူငယ်၊ နားသူငယ်နှင့် သူ့အစ်ကိုကိုတစ်လှည့်၊ ရဟန်း သာမဏေများကို တစ်လှည့် ငေးကြည့်နေသည်။ ကျောက်ခဲပြောပြသော စကားများကို ကြားရသည့်အခါ ဦးပဉ္စင်းက ကျန်ဦးပဉ္စင်းများနှင့် ကိုရင်များကို ဆွမ်းခံဆက်လက်ကြွကြရန်နှင့် ကျောက်ခဲတို့အကြောင်းကို ရွာထဲတွင် မည်သူ့အားမျှအသိမပေးရန် ပြောလိုက်လေသည်။ ထို့နောက် သူတို့ညီအစ်ကိုအား ကျောင်းထိုင်ဆရာတော်ထံ ခေါ်သွား၏။ ကျောင်းထိုင်ဆရာတော်က ကျောက်ခဲတို့အကြောင်းကို ထပ်မံမေးမြန်းပြန်လေသည်။ အခုခါတွင် အနည်းငယ်စိတ်တည်ငြိမ်ပြီဖြစ်၍ ကျောက်ခဲ မငိုတော့။ ကျောင်းထိုင်ဆရာတော်သည် ကျောက်ခဲပြောသမျှ နားထောင်ပြီးသည့်အခါ ဦးပဉ္စင်းကို စာတစ်စောင်ရေးပြီး ပေးလိုက်လေတော့သည်။

ကျောက်ခဲတို့ညီအစ်ကိုကိုလည်း ကျောင်းသားများ၏ အဝတ်အစားများကို လဲလှယ်ဝတ်ဆင်စေပြီး အစားအသောက်များလည်း ကျွေးမွေးလေ၏။ ထို့နောက် ဆရာတော်က သူ့အခန်းထဲတွင် ကျောက်ခဲတို့အား အိပ်စေလိုက်သည်။ ကျောက်ခဲ မည်မျှကြာကြာ အိပ်ပျော်သွားသည် မသိ၊ ဆရာတော်နှင့် ဦးပဉ္စင်းတစ်ပါး အပြန်အလှန် စကားပြောနေသံကြားမှ လန့်နိုးလာလေတော့သည်။

"ကလေးတွေပြောတာ အမှန်ပဲလား ဦးဉာဏိကရဲ့"

"အမှန်ပါပဲ ဆရာတော်ဘုရား"

"သူတို့လေးတွေရဲ့မိဘများကော ဘယ်လိုအခြေအနေလဲ ကိုယ်တော်ရဲ့"

"မှန်ပါ သူတို့ရဲ့ အဖေရောအမေပါ သူတစ်ပါးလက်ချက်နဲ့ သေရှာပါပြီဘုရား။ ကလေးနှစ်ယောက်တောင် အလွန်ကံကောင်းလို့ မသေတာတဲ့ဘုရား။ ဒါပေမယ့် ဒီအနီးတစ်ဝိုက်မှာ ကလေးနှစ်ယောက်ရှိနေမှန်းသိရင် သူတို့တွေအတွက် အသက်အန္တရာယ်စိုးရိမ်ရတယ်လို့ သူတို့ရွာကျောင်းဘုန်းကြီးက မိန့်ကြားလိုက်ပါတယ် ဘုရား"

"အင်း- ဒုက္ခ ဒုက္ခ။ ခမျာများရဲ့ ဝဋ်ကြွေးကလည်း မသေးလှပါကလား။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ၊ ကံကောင်းထောက်မပြီး တို့ဆီရောက်လာတဲ့ အသက်နှစ်ချောင်းတော့ ရှင်သန် ဘေးကင်းအောင် အတတ်နိုင်ဆုံး စောင့်ရှောက်ရတော့ပေမပေါ့"

ဆရာတော်နှင့် ဦးပဉ္စင်းတို့၏ စကားများအရ အဖေနှင့်အမေ သေသည်မှာ သေချာသွားပြီ ဖြစ်လေသည်။ ကျောက်ခဲရင်ထဲတွင် နာကျင်မှုဝေဒနာနှင့် ဦးချစ်ခိုင်အား လက်တုံ့ပြန်လိုသော ဆန္ဒတို့ တဖွားဖွားဖြစ်ပေါ်လာလေ၏။ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များ အဆက်မပြတ်ကျဆင်းနေသကဲ့သို့ လက်



www.burmeseclassic.com

www.burmeseclassic.com

စားချေလိုသောဆန္ဒကြောင့် တောက်ခေါက်လိုက်မိလေတော့သည်။

"တောက်-နေနှင့်ဦးပေါ့ ဦးချစ်ခိုင်ရာ"

ဆရာတော်က နောက်တစ်နေ့တွင် ဦးပဥ္စင်းဉာဏိကကို ကျောက်ခဲတို့ညီအစ်ကိုအား ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ လိုက်ပို့စေလေတော့၏။ ထိုအချိန်က ကျောက်ခဲသည် အသက် (၁၁) နှစ်မျှသာရှိသေး၏။ ညီဖြစ်သူ ပေသီးမှာ အသက် (၈) နှစ်မျှသာလျှင် ရှိသေးသည်။ သို့သော် ကျောက်ခဲ၏ရင်ထဲတွင် အရွယ်နှင့်မမျှသော ခါးသီးခံခက်သည့် ဆူးတစ်ချောင်း နစ်စွဲသွားလေတော့၏။

ရန်ကုန်ရှိ ဘုန်းတော်ကြီးကျောင်းသို့ရောက်ပြီး မကြာမီပင် ထိုကျောင်းဆရာတော်၏ဒါယကာ သားသမီးမရှိသော စစ်ဗိုလ်ဇနီးမောင်နှံက ကျောက်ခဲတို့ ညီအစ်ကိုအား တောင်းယူမွေးစားလိုက်လေတော့သည်။ သူတို့ညီအစ်ကိုအား ကျောင်းထားပေးပြီး ကျောက်ခဲကို ကျော်မောင်ဟု လည်းကောင်း၊ ပေသီးကို မြင့်မောင့်ဟု လည်းကောင်း အမည်ပြောင်းပေးလိုက်ပေတော့၏။

(၅)

ဘဝနာနေသူများဖြစ်သောကြောင့် သူတို့ညီအစ်ကို စာကိုအလွန်ကြိုးစား၏။ အလုပ်လည်း ပိုလုပ်ကြ၏။ ထို့ကြောင့် ကျောင်းမှာသော် လည်းကောင်း၊ အရပ်ထဲမှာသော် လည်းကောင်း သူတို့ ညီအစ်ကိုနှစ်ဦး၏ကောင်းသတင်းမှာ ပျံ့နှံ့နေချေတော့၏။ မွေးစားမိဘများကလည်း သားလိမ္မာများအဖြစ် အလိုလိုက်သည်သာမကဘဲ လိုအပ်သမျှ အရာရာကို ဖြည့်ဆည်းပေးလေသည်။

သို့သော် သူတို့ညီအစ်ကို အမိုက်တရားဖြင့် မိဘများကို မစော်ကားခဲ့ပါ။ သူတို့ဘဝအတွက် လိုအပ်သည့်အရာ၊ လိုအပ်သမျှကိုသာ တောင်းဆိုခဲ့ကြသည်သာ ဖြစ်၏။ တစ်ချိန်ချိန်တွင် မိဘရင်းများအတွက် လက်စားချေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ကျောင်းစာသာမကဘဲ ကိုယ်ခံပညာများကိုပါ သင်ယူခဲ့ကြလေသည်။ မွေးစားဖခင်ကြီးကလည်း စစ်သားပီပီ သဘောအကျကြီးကျကာ သိုင်းပညာကို ဆရာကောင်းများထံ အပ်နှံ၍ သင်ယူစေလေတော့၏။

နွေရာသီကျောင်းပိတ်လျှင် သူတို့အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင် ဘုန်းဘုန်းကို တစ်နှစ်တစ်ကြိမ် သွားရောက်ဖူးမြော်ခွင့်ပေးပါရန် မွေးစားမိဘများအား တောင်းပန်သည်။ ဆရာတော်အား ဖူးမြော်ရင်း လူကြီးများအလစ်တွင် ကျော်မောင်က ဦးပဥ္စင်းဉာဏိကကို စည်းရုံးပြီး သူတို့ရွာကျောင်းသို့ ရောက်အောင်သွားကာ ဦးချစ်ခိုင်၏သတင်းကို စုံစမ်းသည်။ ဦးချစ်ခိုင်၏ဓာတ်ပုံကို ရအောင်ကြိုးစားသည်။ ထို့နောက် ဓာတ်ပုံကို နှစ်ပုံပွားကာ ညီငယ် မြင့်မောင်အားလည်း တစ်ပုံပေးထားလေချေ၏။

အိမ်၌လည်း မြင့်မောင်ရော သူကိုယ်တိုင်ပါ သွေးအေးမသွားစေရန် အဖေနှင့်အမေ အသတ်ခံရသည့်ညက အဖြစ်အပျက်များကို မကြာခဏ ပြန်ပြောနေတတ်လေသည်။ ထိုသို့ပြောပြသည့်အခါတိုင်းလည်း ရင်ထဲမှဝေဒနာမှာ ပိုမိုကြီးထွားလာသည်သို့ ခံစားလာရလေ၏။ ထိုအခါ အသေးစားဖောက်ခွဲမှုအဖြစ် သူတို့ သိုင်းလေ့ကျင့်ရန် ချိတ်တွဲထားသော သဲအိတ်ကို ဦးချစ်ခိုင်အမှတ်ဖြင့် ကျော်မောင်လက်သီးနှင့်အားရပါးရထိုး၏။ ခြေဖြင့်ကန်၏။ ဒူးဖြင့်တိုက်၏။ တံတောင်ဖြင့်ထောင်း၏။ ခြေကုန်လက်ပန်းကျမှ ရပ်လေတော့၏။

မြင့်မောင်ကတော့ သူ့လိုမဟုတ်၊ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်နေ၏။ တွေးတွေးငေးငေး နေတတ်၏။ သူ့မျက်လုံးထဲတွင် အစဉ်သဖြင့် တစ်ခုခုကို ရှာဖွေနေဟန်ရှိ၏။ အဖေနှင့်အမေ့အကြောင်းပြောအပြီး ကျော်မောင်တစ်ယောက် ဒေါသစိတ်ဖြင့် ပေါက်ကွဲလှုပ်ရှားနေသမျှကိုလည်း ဘာမှမပြောဘဲ ငေးမောကြည့်နေတတ်သည်။

ဤသို့နှင့် ကျော်မောင် ဘွဲ့ရသောနှစ်တွင် မြင့်မောင်လည်း တက္ကသိုလ်ဝင်တန်း အောင်မြင်လေတော့သည်။

"ကဲ- ညီလေး မြင့်မောင်၊ အစ်ကိုတော့ ပုလိပ်ထဲဝင်တော့မယ်။ အဖေနဲ့အမေ့ကိုလည်း ခွင့်တောင်းပြီးပြီ။ လူဆိုးလူမိုက်တစ်ယောက်ကိုရှာဖို့ သူတို့ကို အမြဲတမ်း ထိတွေ့နေရမယ့် ပတ်ဝန်းကျင်ဟာ သူတို့ကိုရှာဖို့ အသင့်တော်ဆုံးနေရာပဲ။ ညီလေးလည်းဘွဲ့မြန်မြန်ရအောင် ကြိုးစားပါ။ ဘွဲ့ရပြီးတဲ့အခါ တပ်ထဲကို ဝင်ပါ။ ဒါမှ နယ်စုံကိုရောက်နိုင်လို့ တို့ရှာဖွေချင်တဲ့လူကို မြန်မြန်ရှာနိုင်တာပေါ့။ မြန်မြန်ရှာတွေ့မှ တို့မိဘတွေအတွက် အကြွေးကို မြန်မြန်ဆပ်နိုင်လိမ့်မယ်။ ဒီအကြွေးဆပ်ပြီးပါမှ တို့လည်း တို့ဘဝအတွက် လုပ်ဖို့ကျန်နေသေးတာလေးတွေကို ဆက်လုပ်နိုင်လိမ့်မယ်"

"ကျွန်တော် စာဆက်မသင်တော့ဘူး အစ်ကို၊ သာသနာ့ဘောင်ကိုပဲ ဝင်တော့မယ်"

"ဒါဆို မင်းက အဖေနဲ့အမေအတွက် တို့မှာကျန်သေးတဲ့ တာဝန်တွေကို ဆက်ပြီးမယူချင်ဘူးဆိုတဲ့ သဘောလား"

"အဲဒီ သဘောတော့ မဟုတ်ဘူး အစ်ကိုရဲ့၊ ကျွန်တော် သာသနာ့ဘောင်ဝင်ပြီး ရွာကျောင်းမှာ စာသင်ရင်း ဦးချစ်ခိုင်ရဲ့ရင်းမြစ်ကို ရှာကစပြီးစုံစမ်းတာပိုပြီး သဘာဝကျမလား ထင်မိလို့ပါ။ နောက်ပြီး အစ်ကိုနဲ့လည်း ဆက်သွယ်နေပါ့မယ်။ အစ်ကိုလည်း ကျွန်တော့်ဆီကို မှန်မှန်ဆက်သွယ်နေရင် ကျွန်တော်တို့အလုပ် မြန်မြန်ရှုပ်လုံးပေါ်လာမှာပေါ့ အစ်ကို"

ထို့နောက် ကျော်မောင်က ပုလိပ်အဖွဲ့သို့ဝင်ရောက်ပြီး ပုလိပ်အရာရှိဖြစ်သွားသည့်နည်းတူ မြင့်မောင်သည်လည်း သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ရဟန်းတော် ဦးပုပ္ဖအဖြစ် မွေးရပ်မြေ ရွာကျောင်းတွင်သီတင်းသုံးရင်း ပရိယတ္တိစာပေများကိုသင်ကြားနေသကဲ့သို့ တစ်ဖက်မှလည်း ဦးချစ်ခိုင်၏သတင်းများကို စုံစမ်းနေလေတော့သည်။

(၆)

ပရိယတ္တိစာပေများကို သင်ကြား ရင်း ဦးချစ်ခိုင်၏သတင်းများကို လိုက်ထ စုံစမ်းနေသော ရဟန်းတော်ဦးပုပ္ဖသည် ဦးချစ်ခိုင် လက်ရှိနေထိုင်သောရွာမှ ရဟန်းတော်တစ်ပါးနှင့် မြန်မာပြည် အ လယ်ပိုင်းရှိ မြို့တစ်မြို့မှ စာသင်တိုက် တစ်တိုက်တွင် ဆုံမိကြလေသည်။

"ဦးပုပ္ဖ ဇာတိက ဘယ်ကပါလဲ ဘုရား"

"တပည့်တော်ဇာတိက ပဲခူးတိုင်း ဒေသကြီး မင်းလှကပါ ဘုရား၊ အရှင် ဘုရားနေရပ်ကကော ဘုရား"

"တပည့်တော် မော်လမြိုင် မြို့ ကုန်းရပ်ကပါ ဘုရား။ တပည့်တော် ဆီမှာတောင် ကိုယ်တော်တို့အရပ်က ဒကာတစ်ယောက်လာပြီး အခြေချ တော်တော်ကြာလှပြီ ဘုရား။ နာမည် ဦးချစ်ဟန်လို့ ခေါ်ပါတယ်။ ဘာသာ တရား အလွန် ကိုင်းရှိုင်းတဲ့ ဒကာ ဘုရား။ သူ့အရပ်ကိုလည်း မပြန်ဖြစ်တာ အတော်တော့ကြာပြီလို့ ပြောတာပါ ဘုရား။ ခုဆို တပည့်တော်တို့အရပ်သား တစ်ပိုင်းတောင် ဖြစ်နေပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

အလှည့်ကျ စေလွှတ်လေ့ရှိကြ၏။ ဗားမဲ့ကျောင်းအနေဖြင့်လည်း ရခဲ့သော ဗားမဲ့ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ကြွရောက်ပြီး များသောအားဖြင့် ကျောင်းမှ လက်ရုံးတပည့် စာတတ်ပေတတ် သီလ၊ သမာဓိ၊ သိက္ခာ တည်ကြည်သော သံဃာကြီး (၃) ပါးကို အလှည့်ကျ ကြွရောက်စေခဲ့လေရာ နက်ဖြန်အလှည့်ကျသောရဟန်းမှာ ယခု ဆရာတော်ဘုရားထံ လာရောက်တွေ့ဆုံနေသော ရဟန်းတော်သာ ဖြစ်ပါလေသည်။ အခြားတစ်ပါးသော ရဟန်းများအလှည့်က မည်သို့တစ်စုံတစ်ရာမျှ စောဒကမတက်ခဲ့ကြဘဲ ရွှေနန်းတော် ဆွမ်းအလှည့်အလို့ငှာ သွားရောက်ခဲ့ပါလျက် ယခု ဤရဟန်းအလှည့်ကျမှ ဆွမ်းအလှည့်ကို မကြွချင်ပါဟု ဆိုနေခြင်းမှာ အကြောင်းအသို့ဖြစ်သည်ကို နားမလည်နိုင်သဖြင့် ဗားမဲ့ဆရာတော်ကြီးက ရဟန်း၏လျှောက်ထားချက်ကို တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမပြုသေးဘဲ ခေတ္တခဏမျှစူးစမ်းကြည့်နေမိခြင်း ဖြစ်သည်။

စင်စစ်၌ သာမန်ရဟန်းသံဃာများအနေဖြင့် ရွှေနန်းတော်အတွင်းထိ ဆွမ်းခံကြွခွင့်၊ ဆွမ်းဘုဉ်းပေးခွင့်ရရန်ဆိုသည်မှာ လွယ်ကူလှစွာသောကိစ္စ မဟုတ်ပါ။ မိမိတို့ကဲ့သို့သော မင်းကိုးကွယ်ဆည်းကပ်ခံ မထေရ်ကျော်ဆရာတော်ကြီးများနှင့် မိမိတို့ကိုယ်စားလှယ် မထေရ်သံဃာများမှသာ ရနိုင်သော အခွင့်ရေးထူး ဖြစ်ပါချေသည်။ ထို ကိုယ်စားလှယ်အဖြစ် စေလွှတ်ခံရသော မထေရ်သံဃာတော်တို့အနေဖြင့် မင်းက ဆက်ကပ်သော ဆွမ်းကောင်းဆွမ်းမြတ် ဘောဇဉ်ရသာထူးများကို ရရှိဘုဉ်းပေးသုံးဆောင်ခွင့်ရသည့်အပြင် ထိုကောင်း အခွင့်သာခဲ့ပါက မင်း၏ချီးမြှောက်ပူဇော်ခြင်း အခွင့်





www.burmeseclassic.com

www.burmeseclassic.com

"ခုပဲ စပြီးနည်းခံသင်ယူပေတော့ ကိုယ်တော်"

"တင်ပါ့ ဘုရား"

"ကဲ- ဦးပုပ္ဖ၊ တပည့်တော်နဲ့ဒေသနာကြားပြီး ဘုရားဝတ်တက်ပါ။ ပြီးတော့ တရားအားထုတ်နေစဉ်မှာ မိမိရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို ဘုရားရှင်အားလှူထားလိုက်ပါ။ နောက်တော့ သံသရာအဆက်ဆက်ကဆုံတွေ့လာခဲ့ကြတဲ့ ဆရာ၊ မိဘ ပုဂ္ဂိုလ်မြတ်များကို ပြစ်မှား စော်ကားမိထားတာရှိရင် ခွင့်လွှတ်ကျေအေးပေးကြဖို့ တောင်းပန် ဝန်ချကန်တော့ပါ။ ပြီးတော့ မိမိကို ပြစ်မှားစော်ကားထားတာမျိုးရှိရင်လည်း ခွင့်လွှတ် ကျေအေးပါကြောင်း အာရုံကိုင်းညွတ်ထားပါ။ ပြီးတော့ အိမ်စောင့်နတ် အစရှိတဲ့ (၃၁)ဘုံမှာ ကျင်လည်နေကြတဲ့ သုခိတ၊ ဒုက္ခိတ ဝေနေယျသတ္တဝါများကို မေတ္တာပို့ပါ"

ဆရာတော်နှုတ်မှ မိန့်မြွက်သည့်အတိုင်း ရှေးဦးပြုဖွယ်ကိစ္စများကို ဦးပုပ္ဖ စိတ်ပါလက်ပါ ဆောင်ရွက်သည်။ ထိုပြုဖွယ်ကိစ္စများကို ဆောင်ရွက်ပြီးသည့်အခါ ဆက်လက်၍ ဆရာတော်က တရားရှုမှတ်ပုံအဆင့်ဆင့်ကို ဆက်လက်မိန့်ကြားသည်။

"ကိုင်း- ဦးပုပ္ဖ၊ တင်ပျဉ်ခွေထိုင်။ ခန္ဓာကိုယ်ကို မတ်မတ်ထားပါ။ ဘယ်လက်ဝါးပေါ် ညာလက်ဝါးထပ်တင်ထားပါ။ ပြီးရင် မျက်လုံးအသာအယာပိတ်၊ စိတ်ကို နှာသီးဖျား၊ အထက်နှုတ်ခမ်းနားမှာထားပါ။ ဝင်သက် ထွက်သက်ကို မှန်မှန်လေးရှူရှိုက်ပါ။ ဝင်သက်ကို ရှူရှိုက်လိုက်တဲ့အခါ ဝင်လေလို့မှတ်ပါ၊ ထွက်သက်ကို ရှူထုတ်တဲ့အခါ ထွက်လေလို့မှတ်ပါ။ စိတ်နဲ့ပဲမှတ်ပါ၊ နှုတ်နဲ့ဆိုစရာမလိုဘူး။ အသက်ရှူရှိုက်တဲ့အခါ အားစိုက်ပြီးတော့ ခပ်ကြမ်းကြမ်းလည်း မရှူရှိုက်နဲ့၊ လျော့ရဲရဲလည်း မရှူရှိုက်နဲ့။ ပုံမှန်ပဲ ရှူရှိုက်ပါ။ စိတ်ကို နှာသီးဖျားမှာပဲ အမြဲကပ်ထားပါ။ ကိုင်းကိုင်း-စပြီးတော့ ရှုမှတ်ပေတော့"

ဦးပုပ္ဖမှာ ထက်သန်သောစိတ်ဓာတ်နှင့် အာရုံအထူးကပ်၍ ရှုမှတ်လျက်ရှိရာ တရားရှုမှတ်နေစဉ်ကာလ၌ လောဘ၊ ဒေါသ၊ မောဟ၊ သောက ဟူသမျှတို့မှ ကင်းငြိမ်းနေပြီး ငြိမ်းအေးသော ဓမ္မရသကို ကျေနပ်ပီတိဖြစ်စွာ ခံစားရလေတော့၏။

ဓမ္မနှင့် စတင်ထိတွေ့စဉ်ပင် ဓမ္မ၏ငြိမ်းချမ်းသော ရသက ဦးပုပ္ဖ၏ဦးနှောက်နှင့် နှလုံးအိမ်အား လွှမ်းမိုးသွားလေသည်။ ထို့ကြောင့် သူ့အတွေးအခေါ်များ၊ လောကအား ရှုမြင်သုံးသပ်ပုံများမှာ ပြောင်းလဲပစ်လိုက်သည်သို့ ရှိလေတော့သည်။ တရားအားမထုတ်မီက သူ့အတွင်းစိတ်တွင်ရှိနေနှင့်သော လောဘ၊ ဒေါသ၊ မောဟနှင့် သူ့အတွေးအိမ်အား အထူး လွှမ်းမိုးထားသည့် အာယာတ တရားတို့မှာ တရားအားထုတ်အပြီး လျော့ပါးသွားသကဲ့သို့ အထူးသဖြင့် နူးညံ့သိမ်မွေ့သောစိတ် ဖြစ်ပေါ်ကာ သူ့ဆန္ဒမှာလည်း ငြိမ်းချမ်းသော ဓမ္မ၏ရသကိုသာ အစဉ်သဖြင့် ခံစားချင်နေမိလေတော့သည်။

ယခုအခါ ဆိတ်ကွယ်ရာမရှိသော မကောင်းမှုတို့၏သဘောကို နားလည်သဘောပေါက်လာသော ဦးပုပ္ဖသည် မကောင်းသောအတွေးအကြံတို့ကို သူ့စိတ်ထဲတွင်လက်ခံရန် ရှက်လာမိလေတော့သည်။ ကောင်းသောစိတ်၊ ကောင်းသောအတွေးအကြံများကိုသာ သူ့စိတ်ထဲတွင် နှလုံးသွင်းချင်လာတော့သည်။ ထို့ကြောင့် တရား (၃) ရက်အားထုတ်အပြီး နဂိုကပင် ပရိယတ္တိအခြေခံရှိသူပီပီ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတို့၏သဘောများကို အရင်ကထက် ပို၍ လေးလေးနက်နက် သဘောပေါက် နားလည်လာလေတော့၏။ အရာရာတိုင်း၏အနတ္တသဘောသဘာဝများကိုလည်း ပိုပြီးဆင်ခြင်မိလာလေ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ရန်ကိုရန်ချင်း မတုံ့နှင်းနှင့် ဟူသည့် အဆိုအမိန့်က သူ့အသိအား အမြဲတစေ သတိပေးသကဲ့သို့ ရှိနေလေတော့၏။ တရားအားထုတ်ပြီး (၃) ရက် လွန်မြောက်သောနေ့၌ ဆရာတော်က လူဝတ်လဲလိုက လဲနိုင်ပြီဖြစ်ကြောင်းပြောသည့်အခါ ဦးပုပ္ဖက ပြန်လျှောက်လေသည်။

"တပည့်တော် လူဝတ်မလဲလိုတော့ပါဘုရား၊ ဒါပေမယ့် တပည့်တော် ကိုယ်တိုင် မသိနားမလည်ခင်အချိန်က လက်ခံမိခဲ့တဲ့ အကုသိုလ်တစ်ခုကို ခုအခါ မပြုဖြစ်အောင် တားဆီးဖို့တော့ တပည့်တော်ကို ခရီးထွက်ခွင့်ပြုတော်မူပါ ဘုရား။ အကယ်၍ တပည့်တော် တားဆီးနိုင်ခဲ့မယ်ဆိုရင် ဆရာတော့်ဆီ ပြန်လာပြီး သာသနာတော်အတွက် အငြိအစွန်းကင်းတဲ့ သာသနာ့ဝန်ထမ်း ရဟန်းကောင်းတစ်ပါးအဖြစ် သိတင်းသုံးခွင့်ပြုတော်မူပါ ဘုရား"

"သာဓု သာဓု သာဓုပါ ဦးပုပ္ဖ၊ ဘဝနဲ့ဆန္ဒကောင်း တစ်သားတည်းကျတဲ့ ရဟန်းမြတ်အဖြစ် ဆောင်ရွက်ကျင့်ကြံ
နိုင်ပါစေဘုရား"

(၉)

*ဦးချစ်ဟန်ခေါ် ဦးချစ်ခိုင်-*

တစ်ခါတုန်းက ဦးလွန်းခ
ဒေါ်မြမေတို့ လင်မယားကို လယ်တဲထ
ခုမှာ ညအချိန် အပြတ်ရှင်းခဲ့တာ
မှတ်မိနေဦးမယ်ထင်ပါတယ်။ ကံကော
လို့လွတ်သွားတဲ့ သူတို့ရဲ့သား ကျော
နဲ့ ပေသီးတို့နှစ်ယောက်က ဦးချစ်ခိုင်
ရာဇဝင်ကြွေးတွေ ပြန်တောင်းဖို့ လို
ရှာနေကြပါပြီ။ သူတို့နှစ်ယောက်ကို
ပြတ်ရှင်းနိုင်မယ့်နည်းလမ်း၊ ဒါမှမဟု
သူတို့နှစ်ယောက်ရဲ့ရန်ကလွတ်မယ့်နည်း
လမ်းကို ဆွေးနွေးချင်လို့ (၃-၆-၅၁)
ညနေ (၄)နာရီတိတိ၊ မြေနီကုန်း
သာန်ကို ဆက်ဆက်လာခဲ့ပါ။ ရှောင်
ဖို့နဲ့ အဖော်ခေါ်လာဖို့ မကြိုးစားပ
ဦးချစ်ခိုင်၊ အကြောင်းဆိုးသွားလိမ့်မ

*ပတ်သက်ခဲ့*

*အဆက်အနွယ်တ*

ဦးချစ်ဟန် တစ်ဖြစ်လဲ ဦးချစ်
မှာ ဤစာကို ဘယ်နှကြိမ်မြောက်
မသိ ပြန်ဖတ်ကြည့်နေမိလေသည်။
စာကိုရသည့်နေ့မှစကာ သူ့ဘဝကြိုတ်
ဝင်ပြီဖြစ်ကြောင်း ကောင်းကောင်း
လည်လိုက်မိလေသည်။

ငယ်စဉ်က ဒေါသအလျော
ဆင်ခြင်မှုကင်းစွာ ဆိုးရွားသော
ဖြတ်မှုကို သူ ဦးဆောင် ကျူးလွန်
သည်။ နောက်ပိုင်းတွင် သူတို့ရှင်း
သော သူကြီးဟောင်းလင်မယားမှာ
တို့နွားခိုးပေါ်သည့်ကိစ္စတွင် လုံးဝ
သက်မှုမရှိကြောင်း သိရချိန်တွင်
ရာဇဝတ်မှုကို ကျူးလွန်ခဲ့မိပြီဖြစ်သ

ထို့ကြောင့် ဇာတိရပ်ရွာကိုခွာ
မြန်မာပြည်အနှံ့ ခြေဆန့်ကာ မိသာ
လိုက် တိမ်းရှောင်နေခဲ့ရလေသည်။
ရာတစ်ခုတွင် သုံး၊ လေးနှစ်ခန့် နေ
ကာ တခြားနေရာတစ်ခုသို့ ပြောင်
သည်ချည်း ဖြစ်သည်။ သူလုပ်ရ
မိသားစုဝင်များပင် နားမလည်ကြ
လည်အောင်လည်း သူ မရှင်းပြချ
ရှင်းမပြရဲတာလည်း ပါသည်။ ရှင်
လိုက်မိလျှင် မိသားစုဝင်များက
စက်ဆုပ်သွားမည် စိုးရိမ်မိသည်။
မဟုတ်ပါကလည်း သူ့အပူကို သူတို့
လုံးသို့ ကူးစက်ခံစားသွားရပေလိ
ထိုအခြေအနေများကြောင့်
ဖြစ်အမှန်ကို တစ်လုံးတစ်ပါဒမျှမ



www.burmeseclassic.com

www.burmeseclassic.com

...အရပ်ဒေသ အသီးသီးသို့သာ အကြောင်းအမျိုးမျိုးပြ စွန့်ခွာလာခဲ့ခြင်းဖြစ်သည်။ ယခု မြေနီကုန်းအရပ်တွင်တော့ အနည်းငယ်လုံခြုံလာသည်ဟု ဆိုနိုင်သောကြောင့် အခုလောက်ကြာအောင် အခြေချနေထိုင်ခဲ့မိခြင်း ဖြစ်သည်။ ထို့နောက် ယခင်အရပ်များတုန်းကကဲ့သို့ ခပ်လျှိုလျှိုမနေတော့ဘဲ လူကြားသူကြား သွားသွားလာလာနေထိုင်ခဲ့သည်။

ဒါသည်ပင် သူ့အမှားဖြစ်မည်ထင်သည်။ ယခု မည်သူမှန်းမသိသူတစ်ဦးက သူ့အား ကိုလွန်းခင်နှင့် မမြမေ သတ်မှုအတွက် အစဖော်နေလေပြီ။ ကျောက်ခဲနှင့်ပေသီးတို့အားဗန်းပြကာ ခြိမ်းခြောက်နေလေပြီ။ သူဘာလုပ်ရမည်လဲ။ ယခုအချိန်တွင် စိတ်မိုက် စိတ်ရိုင်းတို့ကို ခဝါချပြီး ကောင်းမွန်စွာနေထိုင်တော့မည်ဟု ဆုံးဖြတ်မိချိန်တွင်မှ တစ်ဖန် မိုက်ဇာတ်ခင်းရဦးတော့မည် ဖြစ်ချေသည်။ ခုတစ်ခါတော့ မြွေသေလျှင်သေ၊ မြွေမသေလျှင် တုတ်ကျိုး အဖြေတစ်ခုခုရအောင်တော့လုပ်ရန် လိုအပ်နေပြီ ဖြစ်သည်။

အချိန်အခါအရ ခရမ်းသီးပိန် ဓားငုံး ဖြစ်နေသော်ငြားလည်း မိုက်သွေးနိုက်မာန်တို့ကတော့ အခါအခွင့်သင့်လျှင် ကြွချင်ချင် ဖြစ်နေမိတော့သည်။

(၁၀)

မုတ်သုံလေ၏ ဆော့မြူးတိုက်ခတ်မှုကြောင့် သစ်ပင်တို့ ယိမ်းနွဲ့လှုပ်ရှားနေလေသည်။ လှုပ်ရှားနေသော အပင်များ၏ပုံစံမှာ တစ္ဆေများ လှုပ်ရှားကခုန်နေသည်သို့ ရှိလေသည်။ ထို့ကြောင့် တိတ်ဆိတ်သော သုသာန်အတွင်း ချောက်ချားစရာ ဖြစ်နေတော့သည်။ လေပြင်းတိုက်လိုက်တိုင်း ထွက်ပေါ်လာသော လေတိုးသံမှာ မကောင်းဆိုးရွားများ စုပြုံညည်းတွားသကဲ့သို့ ကျောချမ်းစရာ ဖြစ်နေလေတော့သည်။

ဦးချစ်ခိုင်သည် ခါးကြားတွင် ထိုးထားသော ဓားမြှောင်အား မသိမသာစမ်းကြည့်ရင်း သင်္ချိုင်းအတွင်း မသိမသာ အကဲခတ်ကြည့်လိုက်လေသည်။ ခရိုဖရဲပြန့်ကျဲနေသောလူရိုးများ၊ ခေါင်းခွံများ၊ အခေါင်းပျက်အပိုင်းအစများ ရေညှိတင်အုတ်ဂူများမှာ အားငယ်ကြောက်ရွံ့တတ်သူများအတွက် စိတ်ငယ်ဖွယ်ရာသာ ဖြစ်တော့သည်။

သူ့ဘဝ၏ ရှင်သန်နေထိုင်နိုင်ခွင့်အတွက် ရုန်းကန် လှုပ်ရှားနေသည့် ဦးချစ်ခိုင်အတွက် ထိုအချက်များကို ခေါင်းထဲမထည့်အား၊ အရာရာတိုင်းအား စေ့စပ် သေချာစွာ ကြည့်နေမိလေသည်။ သက်ရှိအရိပ်အယောင်ကို မတွေ့ရလေသောကြောင့် ဦးချစ်ခိုင်စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားမိလေသည်။ ထို့ကြောင့် သင်္ချိုင်းအတွင်းရှိ ဇရပ်ဘက်ဆီသို့ လှမ်းလျှောက်သွားလိုက်လေသည်။

သရဏဂုံတင်ရာ ဇရပ်အနီးတွင် လူရိပ်လိုလိုတွေ့လိုက်ရသောကြောင့် ခါးကြားမှဓားကို ညာလက်ဖြင့် ထုတ်ယူလိုက်သည်။ ဓားကိုအရေးအကြောင်းရှိက ပစ်ပေါက်နိုင်ရန်လည်း ပြင်ဆင်ထားလိုက်သည်။ ထိုအခိုက် နောက်ကျောဘက်မှ ခြေသံလိုလို ကြားလိုက်မိလေသောကြောင့် ဓားဖြင့်ပေါက်ရန်ပြင်ရင်း နောက်သို့ လှည့်လိုက်လေသည်။ သို့သော် ဘာကိုမှမတွေ့ရ။ သူ့ကိုတစ္ဆေအခြောက်ခံရလေပြီလားတွေးကာ ရှေ့သို့လှည့်လိုက်သည်။

"ကဲကဲ- ဦးချစ်ခိုင်၊ ဓားကိုချလိုက်ပေတော့။ သေနတ်ဒဏ်ရာ ဆိုတာ ပရုတ်ဆီလူးလို့ပျောက်တတ်တဲ့ ဝေဒနာ မဟုတ်ဘူးဆိုတာတော့ ခင်ဗျားကောင်းကောင်းသိမှာပါနော်။ ချက်ကောင်းကိုထိမိရင်တော့ အနီးဆုံးနဲ့ အခင်ဆုံး ဆွေမျိုးကိုတောင် တ,နိုင်မှာ မဟုတ်တာလည်း သိမှာပေါ့နော်။ ဓားကို မြေပေါ်လွှတ်ချလိုက်လေ။ ဟုတ်ပြီ ဟုတ်ပြီ၊ လာလာ ဇရပ်ထဲမှာစကားပြောကြတာပေါ့"

ဇရပ်အပြင်ချိုးကွယ်ဘေးမှ လူရွယ်တစ်ယောက်က သူ့ကိုသေနတ်နှင့် ချိန်ထားသည်။ လက်ညှိုးကိုလည်း မောင်းကွင်းအတွင်းထည့်ထားသည်။ ထိုလက်ညှိုးကွေးလိုက်လျှင် သူ တစ်ခုခု ဖြစ်သွားနိုင်သည်။ ဓားမြှောင်ကို လွှတ်ချလိုက်ပြီး ဇရပ်အတွင်းသို့ သူဝင်သွားလိုက်သည်။ သေနတ်ကိုင်လူရွယ်က သူ့နောက်မှလိုက်ဝင်လာသည်။

ထိုအခိုက် ဇရပ်အတွင်း သံယာစင်၌ ရဟန်းတော်တစ်ပါး မျက်လွှာချကာ ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။ သူရှေ့ဆက်သွားဖို့ တုံ့ဆိုင်းသွားမိသည်။

"ဒကာကြီးတို့တောင် ရောက်လာပြီကိုး။ ကိုင်း- ရှေ့နည်းနည်းတိုးပြီး ထိုင်လိုက်ကြ။ နောက်က အစ်ကိုဒကာကြီးကလည်း သေနတ်သိမ်းပြီး ထိုင်လိုက်။ ပြီးတော့ ဩကာသ ကန်တော့ချိုးနဲ့ ရှိခိုးလိုက်ကြ"

လူဆိုးများဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာဝင်များ ဖြစ်လေသောကြောင့် တည်ငြိမ်အေးဆေးသော ရဟန်းတော်တစ်ပါး၏ မိန့်မြွက်စကားတိုလိုက်နာကြလေသည်။ ရှိသေစွာပျပ်ဝပ်တန်တော့ရင်း ဩကာသကန်တော့ချိုးဖြင့် ရှိခိုးလိုက်ကြလေတော့သည်။

"ဩကာသ. . ဩကာသ. . . တာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော . . . ကန်တော့ပါ၏ အရှင်ဘုရား"

ရဟန်းတော်မှ ဆက်လက်၍ ဆုပေးခြင်း၊ သရဏဂုံတင်ခြင်း၊ သီလပေးခြင်းများကို ပြုလုပ်တော်မူလေသည်။ သီလပေးပြီးသည့်အခါ ဆက်လက်မြွက်ကြားပြန်သည်။

"ဒကာကြီးကတော့ သိချင်မှသိမယ်။ ဦးပဥ္စင်းက ဦးလွန်းခင်၊ ဒေါ်မြမေတို့ရဲ့သား ပေသီးပါ။ နောက်က ဒကာကတော့ ကျောက်ခဲပေါ့"

ထိုအခိုက် နောက်မှ လူရွယ်၏ စကားသံ ထွက်ပေါ်လာလေ၏။

"ကဲ. . . သရဏဂုံလည်း တင်ပြီးပြီ၊ ဘုရားတ,ပြီး သေဖို့သာပြင်ပေတော့ ဦးချစ်ခိုင်"

ဦးချစ်ခိုင် တုန်လှုပ်သွားသည်။ ဒီနေ့ ဒီအချိန် ဒီနေရာသည် သူ့ဘဝအတွက် နောက်ဆုံးအချိန် ဖြစ်လေပြီထင်သည်။

"ခဏလေး- အစ်ကိုဒကာကြီး၊ ခဏလေးသည်းခံပါဦး။ ဦးပဥ္စင်း ပြောစရာရှိသေးလို့"

ရဟန်းတော်ကလေးမှ ပြောပြောဆိုဆို သရဏဂုံစင်ပေါ်မှဆင်းလာသည်။ ဦးချစ်ခိုင်က ထိုင်ရာမှ မထသေးဘဲ အခြေအနေကို အကဲခတ်နေလိုက်သည်။ သေနတ်ကိုင်လူရွယ်ကလည်း သူ့ကို သေနတ်ဖြင့် သေသေချာချာ ချိန်ရွယ်ထားလေသည်။

(၁၁)

ခုလိုအနေအထားဆိုလျှင် သူ့အတွက်လွတ်လမ်းမမြင်တော့ပါ။ သေနတ်သမားကို လက်နက်မဲ့လူတစ်ယောက်က အနိုင်ရရန်မှာ အလွန် မလွယ်ကူသည့်ကိစ္စ ဖြစ်သည်။ သူ့လိုကျရွယ်ရောက်နေသည့် လူအိုတစ်ယောက်အတွက် ပိုမိုခက်ခဲမည် ဖြစ်ပေသည်။

ထိုအခိုက် ဦးပဥ္စင်းလေးက သူ့အနားသို့ ရောက်လာသည်။ ဤအခြေအနေသည် သူ့အတွက် လွတ်မြောက်စရာလမ်းစကိုဖန်တီးနိုင်မည့် အခွင့်ကောင်းတစ်ရပ်ကိုဖန်တီး၍ရနိုင်စရာ အကြောင်းပေါ်လာနိုင်သည်။ ဦးပဥ္စင်း သူ့အနားရောက်လာလျှင် သူ့ကို ဓားစာခံအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ဖမ်းဆီးကာ လွတ်မြောက်အောင် လှုပ်ရှားရပေတော့မည်။

သို့သော် အနားသို့ရောက်သော ဦးပဥ္စင်း၏စကားကြောင့် သူ အံ့အားသင့်သွားမိသည်။ ထို့အတူ အစောပိုင်းက တွေးထားသမျှ အတွေးများအတွက်လည်း ရှက်သွားမိလေသည်။

"အစ်ကို. . . ဒကာကြီး၊ အခု ဦးပဥ္စင်းတို့ရှေ့မှာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အရင်တုန်းက ဦးချစ်ခိုင် ဖြစ်သော်ငြားလည်း ခုတော့ ဦးချစ်ဟန် ဖြစ်နေရှာပါပြီ၊ တစ်နည်းပြောရရင် ဦးချစ်ခိုင်ဘဝကို သူကိုယ်တိုင် သတ်ဖြတ်ပြီးပြီဖြစ်တဲ့ ဦးချစ်ဟန်ပါ။ ဒီတော့ အစ်ကို့ကို မေတ္တာရပ်ခံချင်တာကတော့ သူ့ရဲ့အသက်ကို ဦးပဥ္စင်းကို လှူလိုက်ဖို့ပါပဲ"

"ဘယ်လို. . . ဘယ်လို ဦးပဥ္စင်း၊ ဦးချစ်ခိုင်ကို ဦးပဥ္စင်းကိုလှူရမယ် ဟုတ်လား။ ဦးပဥ္စင်းဘာလုပ်ဖို့လဲ၊ ဦးပဥ္စင်းတို့ကျောင်းမှာ ကပ္ပိယလုပ်ခိုင်းဖို့လား။ မလှူဘူး၊ အဖေနဲ့အမေ့ကို သူသတ်သလို သူ့ကို တပည့်တော်သတ်မယ်။ ကဲ. . ."

ပုလိပ်အရာရှိ ကျော်မောင်က ပြောပြောဆိုဆို သေနတ်ဖြင့်ပစ်ရန်ပြင်လိုက်သည်။ ထိုစဉ် မထင်မှတ်သောဖြစ်ရပ်က ဖြစ်သွားလေသည်။

"ကဲ- ပစ်ချင်သပဆို ပစ်လိုက်ပေတော့ အစ်ကို"

ဦးပဥ္စင်းက ပြောပြောဆိုဆို ဦးချစ်ခိုင်ရှေ့မှ ဆီးကွယ်ထားလိုက်သည်။

"ဦးပဥ္စင်း ဘေးကိုဖယ်လိုက်ပါ။ မိဘရဲ့ရန်သူဟာ သားသမီးအတွက်လည်းရန်သူပဲ။ ရန်သူကို ကာကွယ်နေတာဟာ ကွယ်လွန်သွားကြတဲ့မိဘတွေကို သစ္စာဖောက်ခြင်းတစ်မျိုး ဆိုတာ ဦးပဥ္စင်းသဘောပေါက်ရဲ့လား။ နောက်ပြီး အဖေနဲ့ အမေကို သူသတ်တာ မှန်ကန်တဲ့လုပ်ရပ်လို့ ဦးပဥ္စင်းရဲ့ရပ်တည်ချက်က ဖော်ပြနေတယ်။ ဒါဆို ဦးပဥ္စင်းလည်း မိဘသတ်ရာမှာ ဝိုင်းဝန်းကူညီနေတဲ့ အဇာတသတ်လက်သစ်ဖြစ်နေပြီ"

"အစ်ကို အဲသလိုထင်ရင် မှားပြီပဲ"

"ဒါဆို ဘယ်လိုထင်မှမှန်မှာလဲ"

"ကိုင်း- အစ်ကိုရော ဒကာကြီး ဦးချစ်ခိုင်ပါ ဦးပဥ္စင်းစကားကို သေသေချာချာနားထောင်ပါ။ ပထမဆုံး အဖေနဲ့ အမေတို့ရဲ့ အကာလ မရဏသဘောကို စဉ်းစားကြည့်လိုက်ပါ။ ယေဘုယျကြည့်ရင် သတ်တဲ့တရားခံဟာ ဦးချစ်ခိုင်ပါပဲလို့ ပြောကြမယ်။ ဟုတ်တယ်လေ၊ ကိုယ်ထိလက်ရောက်သတ်တာဟာ သူပဲကိုး။ အမှန် သတ်တဲ့တရားခံက သူမဟုတ်ဘူး အစ်ကို။ အဖေ၊ အမေတို့ရဲ့ ဝိပါကဝဋ်ကြွေးပဲ။ သူက ဘဝတစ်ခုခုမှာ အဖေနဲ့ အမေတို့ရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရတဲ့ အကုသိုလ်မြီရှင်တစ်ဦး ဖြစ်ပုံရတယ်။ ကံကြမ္မာအရှဲ့အစောင်းကြောင့် အကုသိုလ်ဝင်ချင်တော့ မဟုတ်တဲ့အကြောင်းတရားတွေကို မဆင်ခြင် မစဉ်းစားဘဲ အကုသိုလ် ဒုစရိုက်မှုကို သူကျူးလွန်လိုက်တယ်။ အဲဒီတော့ အဖေ၊ အမေတို့ သူ့ရဲ့ အရင်ဘဝတွေက ကံကြွေးတွေ ကျေနေပြီလေ။ နောက်ပြီး အဖေနဲ့ အမေကို သတ်အပြီးမှာ မျက်မြင်သက်သေမရှိတာရယ်၊ စွပ်စွဲလောက်တဲ့ သဲလွန်စ မရှိတာရယ်ကြောင့် သူ ခုချိန်ထိ လောကီတရားဥပဒေအရ အရေးယူမခံရသေးသော်ငြားလည်း လောကုတ္တရာတရားဥပဒေအရ ခုချိန်ထိ အရေးယူခံနေရဆဲဖြစ်တဲ့ တရားခံတစ်ဦးပါ။ အဖေနဲ့အမေတို့ကို သတ်ပြီးချိန်ကစလို့ သူဟာသူ မလုံမလဲဘဝနဲ့ အရပ်ဒေသအသီးသီးကိုပြောင်း၊ နာမည်အမျိုးမျိုးပြောင်းနဲ့ သူ့စိတ်က သူ့ကိုယ်ကို အပြစ်ပေးခံနေရတဲ့ ပျော်ရွှင်မှု ဆိတ်သုဉ်းနေရှာတဲ့ အကျဉ်းသားတစ်ဦးပါ"

ဦးပဥ္စင်းက စကားကို ခေတ္တဖြတ်ပြီး ဒကာနှစ်ဦးကို အကဲခတ်ကြည့်လိုက်သည်။ သူ့စကားကို စိတ်ဝင်စားစွာ နားထောင်နေကြမှန်းသိလိုက်သောကြောင့် ဆက်ပြောလေသည်။

"ပျော်ရွှင်မှုမဲ့တဲ့ဘဝဟာ ခံတွင်းပျက်နေသူတစ်ယောက်လိုပါပဲ၊ ဘယ်လောက်ကောင်းတဲ့အစာလာကျွေးကျွေး ခံတွင်းမှာအရသာခံစားလို့ရမှာမဟုတ်ပါဘူး။ ထို့အတူ ကျွေးလိုက်တဲ့အစားအသောက်ကောင်းတွေကိုလည်း ဝန်ထုပ်ဝန်ပိုးလို့ သူမြင်နေမှာပါ။ ပျော်ရွှင်မှုမဲ့နေတဲ့လူဟာ ရှင်သန်နေရတာကို ဝဋ်ကြွေးတစ်ခုလိုမြင်ပြီး သူ့စိတ်ထဲ ဝန်ထုပ်ဝန်ပိုးထမ်းထားရသလို လေးလံနေမှာ အမှန်ပါ။ ဝဋ်ကြွေးခံစားနေရတဲ့သူဆီက ဒုက္ခဝန်ထုပ်ဝန်ပိုးကို ဘာလို့ပခုံးပြောင်းထမ်းယူချင်ရတာလဲ အစ်ကို"

ဦးပဥ္စင်း၏အသံမှာ မလိမ္မာသော ကလေးငယ်များအား အစ်ကိုကြီး၊ ဦးလေးတို့က ကြောင်းကျိုးပြဆုံးမနေသည်သို့ ရှိလေတော့၏။

"နောက်တော့ ပျော်ရွှင်မှုမဲ့တဲ့ဘဝဟာ အသက်ရှင်လျက် သေနေရတဲ့ဘဝပါ။ ဘဝသေနေတဲ့ လူတစ်ယောက်ရဲ့ အသက်ကိုသတ်ပြီး ကိုယ့်ဘဝကိုအသေခံတဲ့လူဟာလည်း မိုက်မဲတဲ့လူပါ။ အဲဒီတော့ ဒီဘဝသေနေရှာတဲ့ ဒကာကြီးရဲ့ အသက်ကို ဦးပဥ္စင်းကိုလှူပြီး အစ်ကို့ ဘဝ အဓိပ္ပာယ်ရှိရှိ ဆက်ရှင်သန်မလား သူ့ကိုသတ်ပြီး အစ်ကို့ဘဝ အသေခံမလား၊ စဉ်းစားပါ"

ပုလိပ်အရာရှိ ကျော်မောင်မှာ ညီဖြစ်သူ ဦးပဥ္စင်း၏စကားအဆုံးတွင် အမှန်တရားကိုရှာဖွေတွေ့ရှိသွားဟန် မျက်နှာကြည်လင်ရွှင်ပျလာ၏။ ထို့နောက် ဦးချစ်ခိုင်အား ချိန်ထားသည့် သေနတ်ကိုသိမ်းဆည်းပြီး ဦးပုပ္ဖအား ဖျပ်ဝပ်ရှိခိုးလိုက်လေတော့၏။

"တပည့်တော် နားလည် သဘောပေါက်ပါပြီ ဘုရား၊ ဦးချစ်ခိုင်ရဲ့အသက်ကို ဦးပဥ္စင်းကိုလှူလိုက်ပါပြီ ဘုရား"

"သာဓု. . . သာဓု. . . သာဓု"

ထို့နောက် ပုလိပ်အရာရှိ ကျော်မောင်မှာ သုသာန်ဇရပ်အတွင်းမှ ထွက်ခွာသွားလေတော့၏။ ထိုအချိန်တွင် ဦးချစ်ခိုင်ကလည်း ဦးပုပ္ဖအား ဦးချရင်း ကျေးဇူးစကားဆိုလိုက်သည်။

"အရှင်ဘုရားရဲ့ကျေးဇူးကြီးလှပါတယ် ဘုရား"

"ဦးပဥ္စင်းဟာ ဘုရားသားတော် ရဟန်းတစ်ပါးပါ။ ရဟန်းတို့မည်သည် ကိုယ်တိုင် မကောင်းမှု မပြုအပ်သလို မကောင်းမှုပြုခြင်းကိုလည်း တားဆီး တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ကဲ- ဒကာကြီးလည်း မမှောင်ခင် သွားပေ တော့၊ ဦးပဥ္စင်းလည်း ကြွတော့မယ်။ ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ စောင့် ရှောက်နိုင်သူတွေ ဖြစ်နိုင်ကြပါစေ"

ထို့နောက် ရဟန်းတစ်ပါးနှင့် လူ တစ်ဦးတို့ ဆန့်ကျင်ဘက်အရပ်ဆီသို့ ထွက်ခွာသွားလေတော့၏။

နောက်တစ်နေ့တွင် ဦးချစ်ခိုင် ခေါ် ဦးချစ်ဟန်မှာ လွန်ခဲ့သော အနှစ် (၂၀) ခန့်က သူကျူးလွန်ခဲ့သော လူ သတ်မှုအတွက် မောင်ငံပုလိပ်ဌာနတွင် ဖြောင့်ချက်ပေး အဖမ်းခံလိုက်လေတော့ သည်။

မြတ်သက်ကျော်

*[အဖြစ်မှန်ဇာတ်လမ်းအား ရေး ရပ်၊ အမည်တို့ ပြောင်းလဲ ရေးဖွဲ့ သည်။ ဇာတ်လမ်း၏စာမူကြမ်းကို ဖတ် ရှု ဝေဖန်ပေးခဲ့ကြသော ဦးပညာ (ဝဏ္ဏာရာမ စာသင်တိုက်)၊ ဦးသံ (ချောင်းဆုံ၊ မင်းကျောင်း)၊ ဦးဇ (စ ပါတီကျောင်း၊ ချောင်းဆုံ)၊ ဦးဝိသု (အင်ပင်ကျောင်း၊ ခရိုက်ဆိပ်) တို့အား နဖူးမြေစိုက် ကန်တော့လိုက်ပါ၏။]*



www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်)

**ဆရာဦးစိန်လှိုင်**

# ဘုရားစိမ်ရေ မသင့်ကြပါစေနှင့်



ယနေ့ ကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ အထွန်းကားဆုံးသောနိုင်ငံ ဖြစ်ပါသည်။ ရတနာသုံးပါးကို အကြည်ညိုဆုံးသော မြန်မာနိုင်ငံတော်သူနိုင်ငံတော်သားများဖြစ်ကြသည်နှင့်လျော်စွာ တစ်တိုင်းပြည်လုံးရှိ နေရာဒေသအနှံ့အပြားမှာ လက်ညှိုးထိုးမလွဲအောင်ပင် ဘုရား၊ပုထိုး၊ဂူ၊ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ စသည့် ဘာသာရေး အဆောက်အအုံများကို စေတနာသဒ္ဓါတရား ထက်သန်စွာနှင့် ဆောက်လုပ်လှူဒါန်းထားကြသည်ကို လက်တွေ့ ရှုမြင်ကြရပါလိမ့်မည်။ အခြားသောနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည်များပင်လျှင် တကူးတက မြန်မာနိုင်ငံသို့ လာရောက်ကြ၍ မြန်မာနိုင်ငံမှ ဘုရား၊ ပုထိုး၊ စေတီတော်များကို လာရောက် လေ့လာ ရှိသေလေးစားစွာ ကြည်ညိုကြပါသည်။

ယနေ့ကမ္ဘာကြီးသည် ရုပ်ပိုင်းဆိုင်ရာဝတ္ထုပစ္စည်းများ၊ ခေတ်ပေါ်အသစ်အဆန်းပစ္စည်းများနှင့် ဘာသာခြားတိုင်းပြည်များမှ ဝင်ရောက်လာကြသော (အထူးသဖြင့်) ငယ်ရွယ်သူ ခေတ်အမျိုးသမီးများအကြိုက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်သော ခေတ်ပေါ်ဝတ်ဆင်မှုများသည် စုံလင်ပေါများစွာ ပေါ်ပေါက်လာကြပါသည်။

ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်သည် နှစ်ပေါင်းများစွာ ရှေးယခင်ကတည်းက ယဉ်ကျေး သိမ်မွေ့သော ဘုရားရှင်၏ အဆုံးအမများကို လိုက်နာကျင့်သုံးခဲ့ကြသော ဓမ္မဝါဒီလူမျိုးများ ဖြစ်ခဲ့ကြပါသည်။ လူကြီးသူမ မိဘဘိုးဘွားတို့၏ အဆုံးအမများကို လိုက်နာကျင့်သုံး နေထိုင်ရင်း ကြီးပြင်းခဲ့ကြပါ၏။

ယနေ့ခေတ်ကာလမှ အချို့သော လူငယ်လူရွယ်များနှင့် မိန်းမပျိုလေးများသည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကို လည်းကောင်း၊ ရုပ်ပွားဆင်းတုတော်၊ စေတီ၊ပုထိုး၊ကျောင်းကန်၊ ဇရပ်၊ ဝတ္တကမြေ သာသနာ့အဆောက်အအုံများထဲတွင်လည်းကောင်း ရိုသေကိုင်းရှိုင်းခြင်းမရှိ အ,ဂါရဝအမှု ပြုလုပ်ကြသည်။ ဘုရားစေတီအာရာမ်အတွင်းသို့ ဖိနပ်စီးဝင်ခြင်း၊ ထီးဆောင်းခြင်း၊ ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီတော်တို့၏အရိပ်ကိုနင်းခြင်း၊ ဘုရားစေတီတော်အတွင်း လူရှင်းရာနေရာများမှာ လူငယ်စုံတွဲများသည် မသင့်လျော်သော နေထိုင်မှုများကို ပြုလုပ်နေကြခြင်းများသည် ဘုရားရှင်အား မလေးမစား မရိုမသေအ,ဂါရဝအမှု ပြုလုပ်ခြင်းနှင့်မခြားဖြစ်သောကြောင့် ထိုသို့ပြုလုပ်သူများသည် ဘုရားစိန်ရေသင့်တတ်၏။

ခြင်းချက် ရုပ်ပွားဆင်းတုတော်၊ စေတီပုထိုးတို့၏အရိပ်ကို နင်းခြင်းဆိုရာ၌ ဘုရားကို သဒ္ဓါစေတနာဖြင့် ရှိခိုးပူဇော်ဖူးမြော်ရန်သွားလာကြသူများမှာ မလွဲမရှောင်သာ နင်းမိ,ကျော်မိသူပုဂ္ဂိုလ်များကို မဆိုလိုပါ။

ဘုရားပရိဝုဏ်အတွင်း အစဉ်အမြဲ အသက်မွေးနေထိုင်လျက် ဘုရားကို ရိုသေ ကိုင်းရှိုင်းခြင်းမရှိသော ဂါရဝ တရားမရှိသူများ၊ ဘုရားစေတီအရိပ်ကို ခိုလျက် မတော်မရော် လူမြင်မကောင်းအောင် ချောင်ခိုနေသူများမှာ ဘုရားစိန်ရေသင့်တတ်ပေသည်။

ဘုရားစိမ်ရေသင့်သည်ဆိုခြင်းကို ယနေ့ခေတ် လူငယ်လူရွယ်တော်တော်များများနှင့် လူကြီးအချို့ပင် သိချင်မှသိကြပါလိမ့်မည်။ မကြားဘူးသူများပါလိမ့်မည်။

ဘုရားစိမ်ရေသင့်ခြင်းခံရသူများသည် -

၁။ လူ၏အသွေးအရောင်ညစ်နွမ်း၏။

၂။ စီးပွားချမ်းသာမဖြစ်ဘဲ ဆင်းရဲနွမ်းပါးတတ်သည်။ မပြောင်မယောင်ဖြစ်သည်။

၃။ အကယ်၍ မိမိကုသိုလ်ကံအလျောက် ကြီးပွားချမ်းသာ စီးပွားဖြစ်ပါသော်လည်း ရရှိသောစီးပွားဥစ္စာများ မခိုင်မြဲဘဲ ပျက်စီးတတ်၏။

၄။ ဘုရားစိမ်ရေသင့်သောသူ၏ ကိုယ်ထုံကျဉ်တတ်သည်။

၅။ ကိုယ်ရေပူတတ်သည်၊ နှာစေးတတ်သည်။

၆။ ထမင်းအာဟာရများ စားသုံးသော်လည်း နှုတ်မမြိတ်ဘဲ ဝမ်းထဲ၌ ဆာလောင် မွတ်သိပ်နေတတ်၏။

ထိုသို့ဖြစ်နေသူသည် ဘုရားစိမ်ရေသင့်နေသူဖြစ်၏။

ဘုရားစိမ်ရေသင့်ပါက ပျောက်ကင်းအောင်ဖြေနည်းမှာ ဖယောင်းကို ဘုရားရုပ်တုပြု၍ ရေကို အောက်ပါဂါထာနှင့် (၇) ခေါက်မန်း၍ ဘုရားရုပ်တုကို ဆေးပါ။

မန္တန်ဂါထာကား -

'ဥုံ နာပေကုရ အာစရပဟာ၊ ဥုံမိဟိဟိသွာဟ'

တစ်နည်းမှာ -

မုန့်ကို လူရုပ်ပြုလုပ်ပြီး ထုံး, နနွင်းလိမ်း၊ ဦးခေါင်းဆေး။ ထိုဦးခေါင်းဆေးရာအောက်တွင် ထိုအရုပ်ကိုခံ၊ ဘုရားစိန်ရေမှ လွတ်ကင်း၏။

ယနေ့ခေတ်စားနေသည့် ငွေကြေးချမ်းသာကြသောသူများ၏ မင်္ဂလာဆောင်ပွဲများသည် ငွေကြေးအကုန်အကျများသော ဟိုတယ်ကြီးများ၊ ခန်းမကြီးများတွင် ကျင်းပပြုလုပ်ကြ၏။ ငွေကြေးမတတ်နိုင်သူများမှာ အကုန်အကျသက်သာ၊ ဈေးသက်သာသည့် ခန်းမ



www.burmeseclassic.com

www.burmeseclassic.com

ငယ်ကလေးများတွင် ကျင်းပကြသည်။ အချို့ ထေရဝါဒဗုဒ္ဓဘာသာဝင် မပီသသော၊ ငွေကြေးကုန်ကျမှုများကို မကုန်ကျလိုသောသူများက သံဃာတော်များ သီတင်းသုံး နေထိုင်တော်မူသော ဘုန်းတော်ကြီးကျောင်းများတွင် မင်္ဂလာဆွမ်းကျွေးကပ်လှူသည်ဟု အကြောင်းပြု၍ သာသနာ့အဆောက်အအုံတွင် မင်္ဂလာဆောင်ကြ၏၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းများကို လက်ခံကြ၏။

ရတနာသုံးပါးကို ကြည်ညိုကြ၍ ဘုန်းကြီးကျောင်းများတွင် မင်္ဂလာဆွမ်းကျွေး ကပ်လှူကြသော စေတနာသဒ္ဓါတရားရှိသည့် မင်္ဂလာဆောင်သတို့သား၊ သတို့သမီးများရှိကြပါသည်။ အလွန်မွန်မြတ်သောအလှူဖြစ်ပါ၏။ ဗုဒ္ဓဘာသာဝင်ပီသသော ထိုပုဂ္ဂိုလ်များကို သာဓုခေါ်ပါ၏။ ချီးကျူးမိပါ၏။ ထိုသို့မဟုတ်ပါဘဲ ငွေမတတ်နိုင်၍ မင်္ဂလာဆွမ်းကျွေးကို အကြောင်းပြုပြီး စားပွဲပေါ်မှာ ငွေဖလားကြီးများတင်လျက် လက်ဖွဲ့ပစ္စည်းများကို လက်ခံနေသူများသည် ဘုရားရှင် သီတင်းသုံး စံပယ်နေတော်မူသော သာသနာ့ အဆောက်အအုံရှိ သံဃာတော်တော်များ သီတင်းသုံးနေထိုင်ရာ၌ ဟိုတယ်မင်္ဂလာခန်းမအဖြစ် အသုံးပြုနေကြသည်မှာ ဗုဒ္ဓဘာသာဝင်များဖြစ်နေကြပါလျက် မြတ်စွာဘုရားရှင်နှင့် ကျောင်းတွင် သီတင်းသုံးနေတော်မူကြသည့် သံဃာတော်မြတ်များအား အဂါရဝအမှုကို မိမိတို့ကျူးလွန်နေကြသည်ကို မသိကြရော့သလား၊ ဘုရားစိန်ရေသင့်မှုကို မကြောက်ကြဘူးလား။

အချို့သောဘုန်းတော်ကြီးကျောင်းများသည် မင်္ဂလာဆောင်ပွဲများကို လက်ခံရုံမျှမကသေးဘဲ မင်္ဂလာဆောင်သို့လာရောက်ကြသောပုဂ္ဂိုလ်များကိုလည်း မင်္ဂလာဆောင်မှုအပြန်မှာ ငရဲလက်ဆောင်ပေးလိုက်ကြသေးသည်။ ထိုငရဲလက်ဆောင်မှာ အခြားမဟုတ်။ မင်္ဂလာဆောင်ပွဲကို လက်ခံသော ကျောင်းထိုင်ဆရာတော်က မင်္ဂလာဆောင်ကျင်းပနေသော ကျောင်းပရိဝုဏ် (ဝတ္တကသံဃမြေ)အတွင်းသို့ ဖိနပ်စီးခွင့်ပြုထားသည်ဟု ပြောထား၍ အချို့သော ဘာသာရေးအသိ ချို့ငဲ့ရှာသော နားမလည်သူများက သာသနာ့အဆောက်အအုံတည်ရှိရာ ဝတ္တကမြေထဲသို့ ဟိုတယ်ခန်းမအလား ဖိနပ်စီးသွားကြ၏။ သံဃာများ သီတင်းသုံးနေထိုင်ရာ ကျောင်းသည်



သံဃိကပိုင်ဆိုင်သောကျောင်း ဖြစ်၏။ ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ပီပီ ဘာသာရေးကို လေးစားလိုက်နာကြသောသူများသည် ဘုရား၊ ကျောင်းကန်၊ ဂူ ပုထိုး၊ စေတီများသို့ သွားရောက်ကြသည့်အခါ ဘုရားကျောင်းများ၏ ဝတ္တကမြေအနီးရောက်လျှင် ဖိနပ်ချွတ်ပြီးမှ ဂါရဝတရားရှေ့ထားကာ ဘုရားကျောင်းအတွင်းသို့ ဝင်ကြပါသည်။

မင်္ဂလာဆောင် လက်ခံ ကျင်းပကျင်းပသော ဘုန်းကြီးကျောင်းဝတ္တကမြေအတွင်းသို့ ဖိနပ်စီးဝင်ခွင့်ပြုသည့် ကျောင်းထိုင်ပုဂ္ဂိုလ်သည် မသိနားမလည်သူများကို ယဉ်ကျေးမှုအသိကို ပညာပေးရမည့်တာဝန်ရှိပါလျက် မြတ်စွာဘုရားသခင် စံပယ် သီတင်းသုံးနေတော်မူသောဌာန၊ ဘုရားရှင်၏ တပည့်သားရဟန်းတော်များ သီတင်းသုံး နေထိုင်သည့် သာသနာ့ဝတ္တကမြေပေါ်သို့ ဖိနပ်စီးခွင့်ပြုထားသည်မှာ အဂါရဝဖြစ်ခြင်း၊ ဘုရားစိန်ရေသင့်ခြင်း၊ ငရဲကျရောက်တတ်ခြင်းများ ဖြစ်နိုင်သောကြောင့် ခွင့်မပြုသင့်ပါ။

မြတ်စွာဘုရားသခင် ချမှတ်ထားခဲ့သော ဝိနည်းသိက္ခာပုဒ်များနှင့်အညီ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာတော် တည်းဟူသော သာသနာတော်ကြီး (၃) ရပ်နှင့်ပြည့်စုံညီညွတ်အောင် သဒ္ဓါ၊ ပညာမျှတစွာဖြင့် အပတ်တကုတ် လှေလှော်ပွားများ

ကျင့်ကြံအားထုတ်နေတော်မူကြကုန်သည့် ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်တော်မူကြသော ကျောင်းတိုက်ကြီးများသည် ထိုသို့သော ဝိနည်းတော်များနှင့် မကိုက်ညီသည့် လောကီအိမ်ထောင်သားမွေးကိစ္စများကို သာသနာ့နယ်မြေအတွင်းမှာလက်ခံတော်မမူကြပါ။ အချို့သောပုဂ္ဂိုလ်များသာလျှင် လာဘ်လာဘကိုမျှော်ကိုး၍ ထိုမင်္ဂလာဆောင်ပွဲများကိုလက်ခံကြပါ၏။

ကျောင်းဆောက်လှူဒါန်းခဲ့သော အလှူရှင်များသည် မည်သည့်ရည်ရွယ်ချက်များဖြင့် ငွေကုန်ကြေးကျများစွာ အကုန်အကျခံပြီး တည်ဆောက်လှူဒါန်းခဲ့ကြပါသနည်း။ မင်္ဂလာခန်းမကျင်းပရန်အတွက် ငွေကြေးယူ၍ ငှားရမ်းရန် ထေရဝါဒ ဗုဒ္ဓဘာသာဝင် အလှူရှင်များက ဆောက်လုပ် လှူဒါန်းခဲ့မည် မဟုတ်သည်မှာ သေချာပါသည်။

ဃရာဝါသအမှုကိစ္စများနှင့်ဘုရား ကျောင်းကန်၊ ဘုန်းတော်ကြီးကျောင်း သာသနာ့ အဆောက်အအုံများသည် ပြဒါးတစ်လမ်းသံတစ်လမ်း တခြားစီဖြစ် ပါလျက် သာသနာ၏ဝတ္တကမြေအတွင်း လူပုဂ္ဂိုလ်များကို ဖိနပ်စီးခွင့်ပေးထား သောပုဂ္ဂိုလ်မှာ သံဃိကကျောင်းကို ဗု လိက သူပိုင်ကျောင်းပမာ ထင်နေ ထင်။ ဖိနပ်စီးဝင်သောလူပုဂ္ဂိုလ်များ အဂါရဝအမှုဖြစ်အောင်၊ မသိနားမလည် သူများကို ငရဲသို့ရောက်အောင်အတင် ချနေခြင်းမှာ မသင့်တော်ပါ။ ဖိနပ်စီး ပေးသောပုဂ္ဂိုလ်မှာ ငရဲရောက်မရောက် တော့ မသိ။ သူခိုးမှာတော့မဟုတ် ကိုယ်တိုင်ဖိနပ်စီးဝင်သောသူများမှာ ခြေဖဝါး ဓားခွဲခံရမည့်ကိန်း ဆိုက်ရော နေသည်ကို သတိချပ်၍ရှောင်ရှားနိုင် ပါစေ။

၁။ မြတ်ရတနာသုံးပါး၏ စိန်ရေသ ခြင်းဘေးမှ ကင်းဝေးကြပါစေ လွတ်မြောက်ကြပါစေ။

၂။ ဗိမ္ဗိသာရလက်သစ်များ မဖြစ် ပါစေနှင့်။

၃။ ထေရဝါဒဗုဒ္ဓဘာသာဝင်များ သသဖြစ်ကြ၍ မြတ်စွာဘုရား သာသနာတော်ကြီး သန့်သန့် ရှင်းနှင့် တည်တံ့ခိုင်မြဲ ထွန်း တောက်ပအောင် သယ်ပိုးဆော ရွက်နိုင်ကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်



www.burmeseclassic.com

www.burmeseclassic.com

# လက်ဆောင်

## ချောင်းဆုံအုန်းသွင်



ရာသီဥတုသာယာလှသည့် တစ်နေ့သော ညနေဆည်းဆာအချိန် ဘီလူးကျွန်း မရမ်းရွာတွင် အသက် (၆၀)နှစ်ကျော် ဒေါ်အေး ဆိုသူသည် ညနေထမင်းစားပြီး အိမ်ရှေ့ကပြင်တွင် လမ်းမဆီသို့ငေးပြီး ငူငူကြီးထိုင်နေသည်။ သူ့မျက်လုံးက လမ်းမကို ကြည့်နေသော်လည်း သူ ဘာမှမမြင်။ သူ့စိတ်က သူ့ခန္ဓာမပါဘဲ ရောက်တတ်ရာရာလျှောက်သွားနေသောကြောင့် ဖြစ်သည်။

ဒေါ်အေးသည် လွန်ခဲ့သည့် နှစ် (၂၀) ကျော်ခန့်က ခင်ပွန်း၊ သားတို့ဖြင့် ပြည့်ပြည့်စုံစုံ နေခဲ့ရသည်။ သား (၅)နှစ်သားတွင် ခင်ပွန်း ဆုံးသွားသည်။ (၃) နှစ်ကျော်ကြာတော့ သားပျောက်သွားပြန်သည်။ သင်္ဘောဆိပ်တွင် အကြော်ရောင်းသွားရာမှ ပြန်မလာတော့။

ဒေါ်အေးသည် အနှစ် (၂၀) ခန့် တစ်ယောက်တည်း အကြော်ရောင်းပြီး အထီးကျန်စွာနေခဲ့ရသည်။ လွန်ခဲ့သည့် (၃) နှစ်ခန့်မှ စပြီး သားကို စွဲစွဲလမ်းလမ်း ပြန်သတိရပြီး ညနေ ထမင်းစားပြီးတိုင်း သားပြန်လာမည်အထင်ဖြင့် အိမ်ရှေ့လမ်းမဆီသို့မျှော်ကြည့်ရင်း အတိတ်အကြောင်းများနှင့်တကွ ရောက်တတ်ရာရာ တွေးနေမိတတ်သည်။

"အမေ၊ နေကောင်းတယ်နော်"

မိမိလက်ကို နူးညံ့စွာ ဆုပ်ကိုင်လိုက်သော အထိအတွေ့နှင့် ကြည်လင်စွာ မေးလိုက်သောအသံကို ကြားရမှ ဒေါ်အေးသည် အိပ်မက်ရာမှနိုးလာသူဖော သတိပြန်ဝင်လာတော့သည်။ မည်သူမည်ဝါဆိုသည်ကိုလည်း သိလိုက်ပါသည်။ ဝမ်းသာလုံးလော၊ ဝမ်းနည်းလုံးလော၊ နှစ်လုံးစလုံးလော မဝေခွဲတတ်သည့်အလုံးက လည်ချောင်းတွင်ဆို့နေသဖြင့် ရုတ်တရက် အသံထွက်မလာ။

အတန်ကြာမှ-

"သား. . . သား၊ မောင်. . . မောင်မိုး"

ဟူ၍ ဆို့နင့်စွာခေါ်ပြီး တအားတက်ကာ အားရပါးရ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ အတန်ကြာငိုလိုက်ရမှ အလုံးကျပြီး ရင်ချောင်သွားသည်။

"သားရယ်. . . အမေ့ဆီပြန်လာသေးတယ်နော်။ ဝမ်းသာလိုက်တာသားရယ်၊ အမေ မျှော်ရကျိုးနပ်ပြီ"

"အမေ ဘာမှအားမငယ်နဲ့တော့။ သား အမေ့နားမှာ တစ်သက်လုံးနေပြီး ပြုစုလုပ်ကျွေးသွားမယ်။ သား လေ၊ မော်လမြိုင်ရောက် တော့ အမေ့အတွက် လက်ဆောင်တစ်ခုခု ဝယ်သွားမယ်လို့ လုပ်သေးတယ်။ ဒါပေမယ့် နောက်ဆုံးခေါက် သင်္ဘောကို မမီမှာစိုးတာနဲ့ ဘာမှမဝယ်လိုက်ရဘူး"

"အမေ့အတွက် လက်ဆောင်တွေ ဒါလောက် စုံစုံလင်လင်ပါတာကို ဘာလို့ လက်ဆောင်မပါဘူးလို့ ပြောရတာလဲ သားရယ်။ ဒါက အမေအလွန်ကြိုက်တဲ့ သရက်ထည်ပွင့်ရိုက်ထဘီပဲ။ ရုံသားအကျီလည်း ပါသေးတယ်။ သိုးမွေးတဘက်လည်း ပါတယ်။ ဒါက ကတ္တီပါအနွေးအကျီ မဟုတ်လား။ အိုး-ဂိုးဒင်းဘတ်၊ ဆိတ်နို့၊ ချောကလက်နဲ့ မုန့်မျိုးစုံလည်း ပါသေးတယ်။ ထောပတ်၊ နို့ဆီ၊ သကြား၊ ကော်ဖီမှုန့်. . . အစုံပဲ။ ဒါက တရုတ်ကလာတဲ့ ဆင်တံဆိပ်လက်ဖက်ခြောက် (အကြမ်းခြောက်) ပဲ။ ဓာတ်ဘူးရော အချိုပန်းကန်တွေပါပါသေးတယ်။ ဒါက ဆွမ်းလောင်းဇလုံနဲ့ ဇွန်း မဟုတ်လား။ ကြွေရည်ကထူလိုက်တာ၊ အကောင်းစားပဲ။ ကြွေရည်သုတ် ပီနံလေးဆင့်ချိုင့်ကလည်း အကောင်းစားပဲ။ ဥပုသ်စောင့်သွားဖို့ အတော်ပဲ။

မှန်းစမ်း - ဟင်းတွေလည်းပါတယ်။ အပေါ်ဆုံးက အမေ့အကြိုက်ဆုံး ဝက်သားပေါင်း၊ အောက်က ဘဲပေါင်း၊ အောက်က အမဲနှပ်၊ အောက်ဆုံးက ငါးမြင်းဆိပြန်။ အမေ မြင်ဖူး၊ ကြားဖူးပြီး မသုံးဘူးဘဲ စွဲလမ်းခဲ့တာ အားလုံး ပါလာတာပဲ။ များလိုက်၊ စုံလိုက်တဲ့ လက်ဆောင်တွေ"

'ငါ့အမေ ဝမ်းသာလွန်းလို့ သည်းခြေထိခိုက်ပြီး စိတ်ဖောက်ပြန်သွားပြီထင်ပါရဲ့'

ကိုမိုးက ဤသို့တွေးပြီး မျက်နှာညှိုးသွားသည်။ ကိုမိုး၏အတွေးကို ရိပ်စားမိလိုက်သော ဒေါ်အေးက-

"အမေ စိတ်ဖောက်ပြန်သွားပြီလားလို့ ထင်သွားသလား သား။ မဖောက်ပြန်ပါဘူး။ မိဘတွေအတွက် လိုအပ်တဲ့လက်ဆောင်မှန်သမျှ သားသမီးတွေရဲ့မျက်နှာမှာ အကုန်ပါတယ်။ သားသမီးမျက်နှာမြင်လိုက်ရတဲ့ မိဘမှာ လိုလေသေးမရှိ ပြည့်စုံသွားပြီ။ သားရဲ့မျက်နှာကိုမြင်လိုက်လို့ အမေ့အတွက် ရုပ်ဝတ္ထုပစ္စည်းမှန်သမျှ အကုန်ပြည့်စုံသွားပြီ၊ လိုအပ်ချက်မရှိတော့ဘူး။ စိတ်အတွက်တော့ လက်ဆောင်လိုအပ်သေးတယ်"

"ဘာလိုအပ်သလဲ ပြောပါအမေ၊ သား ဖြည့်ဆည်းပေးပါ့မယ်"

"အမေ့ကို နှုတ်သာနီတောင်သီချင်းကို တယောကလေးထိုးပြီး သာသာယာယာ သီဆိုဖျော်ဖြေပေးပါလား သားရယ်။ အဲဒါမှ အမေ တကယ်လိုချင်တဲ့ လက်ဆောင်ပဲ"

"အမေရယ်- သားက သီချင်းဆိုရင် သီချင်းကြီး၊ သီချင်းကလေး၊ သီချင်းလတ် ဘာသီချင်းမှမရဘူး။ တစ်ပုဒ်လုံးမပြောနဲ့၊ တစ်ပိုင်းတစ်စတောင် မရဘူး။ အတီးအမှုတ်ဆိုရင်လည်း တယောမပြောနဲ့၊ လေတောင်မချွန်တတ်ဘူးအမေရဲ့"

"သား သီချင်းအားလုံး ဆိုတတ်ပါတယ်။ တူရိယာအားလုံး တီးမှုတ်တတ်ပါတယ်။ လိုအပ်တာကတော့ ဆိုဖို့၊ တီးမှုတ်ဖို့ပါပဲ။ သီချင်းဆိုတယ်ဆိုတာက အသံ၊ စကားပြောတာကို ဆိုလိုတယ်။ တီးမှုတ်တယ် ဆိုတာက မျက်နှာအမူအရာ ချိုချိုသာသာ။ စကားကို ရွှင်ပျတဲ့မျက်နှာထားနဲ့ ပြောဆိုဆက်ဆံပေးတယ်ဆိုရင် သီချင်းကောင်းတစ်ပုဒ်ကို တူရိယာမျိုးစုံနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် သီဆို တီးမှုတ် ဖျော်ဖြေနေသလိုပါပဲ။

မိဘတိုင်းဟာ သားသမီးများဆီက အဲဒီလက်ဆောင်ပဲ လိုချင်ကြပါတယ်။ အမေ့ကို သား အဲဒီလက်ဆောင်အစဉ်ပေးသွားနိုင်မယ်ဆိုရင် အမေသေတောင် ပြုံးပြုံးကလေးသေပြီး နတ်ပြည်တက်သွားမှာ။ အမေ့ကို နတ်ပြည်ပို့တဲ့သားလည်း နတ်ပြည်လိုက်တက်ခဲ့ရမှာ။

အားလုံးသော သားသမီးများသို့ ရည်ညွှန်းပါ၏။

ချောင်းဆုံအုန်းသွင်

**တကိုး**

*ချောင်းဆုံအုန်းသွင်၏ 'ဘနဖူးသိုက်တူးမယ့်လူ' ဝတ္ထုမှ အမိ ဒေါ်အေးနှင့် သား ကိုမိုးတို့၏စကားပြောခန်းကို မှီးမံ ပြန်လည်တင်ပြခြင်း ဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်
နားချမ်းသာ

*(ယခင်လမှအဆက်)*

ဆရာသည် ကျွန်ုပ်အား သားတပည့်တစ်ဦးအဖြစ် သတ်မှတ်ပြီးချိန်တွင် သေသူနှင့်ပတ်သက်သော လောကီပညာရပ်တို့ကို သင်ပေးသည်။ မလိုအပ်ဘဲ သုံးစွဲခြင်းမပြုရန်လည်း အတန်တန် သတိပေးသည်။

"ဒီပညာရပ်တွေက နက်နဲတယ်၊ အစွမ်းထက်မြက်တယ်။ တော်ရုံတန်ရုံ တပည့်မျိုးကို ငါသင်မပေးဘူး။ အရမ်းကာရောသုံးမှာစိုးလို့ ငါ သင်မပေးဘူး။ လုံလောက်တဲ့အကြောင်းပြချက် ကြီးကြီးမားမားမရှိဘဲ ထုတ်မသုံးပါနှင့်"

သင်ပေးစရာရှိသည်တို့ကို သူစိတ်တိုင်းကျသည်အထိ လက်ထပ်သင်ပြပေးသည်။ စိတ်ချလက်ချဖြစ်သောအခါမှ ကျွန်ုပ်ကို အခြား ဆရာတစ်ဦးထံ စေလွှတ်သည်။

"နောက်ထပ် ပညာရပ်တစ်ခုကို မင်း သင်ရမယ်။ ငါ့ရဲ့ တပည့်ဟောင်းတစ်ဦးထံမှာ သွားသင်ပါ။ သူက မှိုးသီးမှန်တိုင်းကျအောင် လုပ်တတ်တယ်။ သူ

လက်ညှိုးညွှန်ပြရာမှာ မိုးသီးတွေ ရွာ
အောင် လုပ်တတ်တယ်။ မိုးအတုရွ
အောင်လုပ်တဲ့နေရာမှာ ဆရာ့ထ
တပည့်လက်စောင်းထက်တယ်။ ငါနဲ့
ကြားမှာ ပဋိညာဉ်တစ်ခုရှိတယ်။ သူ
ပညာသင်တဲ့သူတွေထဲက သင့်တော်
သူကို သေသူနဲ့ပတ်သက်တဲ့ ပညာရ
သင်ယူစေချင်လို့ရှိရင် ငါ့ဆီကို လွှ
တယ်။ ဒီအခါမှာ ငါက မငြင်းမဆ
သင်ပေးရတယ်။ အလားတူပဲ၊ ငါ့ဆီ
တပည့်ကို မိုးသီးအတုရွာတဲ့ပညာရ
သင်ဖို့ သူ့ဆီလွှတ်ရင်လည်း သူက မငြ
မဆန့် သင်ပေးရတယ်။ ဒီတော့ သူ
မှာ သွားသင်ပါ။ သူ့ကို ဉာဏ်ပူဇော်
ပေးစရာ မင်းမှာမရှိတာ ငါသိတယ်။
တော့ သူ့ဆီအရောက်မှာ မျက်နှာပန်း
အောင်ပေးဖို့အတွက် လက်ဆောင်
ကို ငါပေးလိုက်မယ်။ တစ်ပါတည်း
သွားပါ။ ပြီးတော့ သူ့ဆီကို လမ်းပြ





www.burmeseclassic.com

www.burmeseclassic.com

ောင်ပေးဖို့ ငါ့သားတစ်ယောက်ကို
ည်း အဖော်အဖြစ် ထည့်ပေးလိုက်
မင်းကို ပညာရပ်သင်ကြားပေးဖို့
တွက်လည်း မိတ်ဆက်စာစောင် ငါ
ပေးလိုက်မယ်။ စာကိုယူသွားပြီး သူ့
တ်ထွဲကိုထည့်ပါ"

ဤသို့ဖြင့် ကျွန်ုပ်သည် မိုးသီး
ညာရပ်တတ်ကျွမ်းသောဆရာထံ သွား
ရောက်ပြီး ပညာသင်ယူရသည်။ သူက
ည့်ရင်းတစ်ဦးအဖြစ် သတ်မှတ်ကာ
င်ကြားပေးသည်။

မိုးသီးဆရာက ကျွန်ုပ်နေထိုင်ရန်
အိမ်ငယ်တစ်လုံးကို ဆောက်ခိုင်း
ည်။ ဆောက်လုပ်ပြီးစီးသွားသောအ
ခါ လာရောက် စစ်ဆေးသည်။ ခနော်
ဖြစ်နေသည်ကိုတွေ့သောအခါ ဖျက်
ခိုင်းသည်။ ခိုင်ခိုင်ခံ့ခံ့ပြန်ဆောက်ခိုင်း
ည်။ ဆောက်ပြီးသောအခါ တဲအိမ်
ငယ်အတွင်း၌ သူသင်ပေးသော လေ့
ကျင့်ခန်းများကို လေ့ကျင့်ရသည်။ အ
ဆေးမှလှမ်းပြီးဖျက်ဆီးသည့် ပညာရပ်
များကို သူက သင်ပေးသည်။

ကျွန်ုပ်သည် တဲအိမ်ငယ်အတွင်း
နေထိုင်လေ့ကျင့်ရင်း အဝေးမှလှမ်းပြီး
ဖျက်ဆီးသောပညာရပ်တို့ကို တစ်ခုပြီး
တစ်ခု တတ်မြောက်သွားသည်။ အဆင့်
ည်း တစ်ဆင့်ပြီးတစ်ဆင့် တက်နိုင်ခဲ့
သည်။

ပညာခန်းကုန်ခါနီးတွင် ညဘက်
အိပ်စက်စဉ် အိပ်မက်တစ်ခုကို ထင်ထင်
ရှားရှား မြင်မက်သည်။ အိပ်မက်ထဲတွင်
နတ်သမီးတစ်ပါးနှင့် တွေ့ဆုံရသည်။
နတ်သမီးက ကျွန်ုပ်ရှေ့မှောက်တွင် ဦး
ခေါင်းပြတ်များတန်းစီပြီး ချသည်။ စုစု
ပေါင်း ဦးခေါင်းပြတ် (၃၅) ခု ရှိသည်။
လတ်လတ်ဆတ်ဆတ်ဖြတ်ပြီးခါစ ဖြစ်
သဖြင့် ဦးခေါင်းတို့မှ သွေးများ ယိုစီး
ထွက်နေဆဲရှိသည်။

နံနက်၌ အိပ်မက်ဆိုးကို တုန်လှုပ်
မိသည်။ သို့ဖြစ်ရာ မိုးသီးဆရာကိုဖွင့်ဟ
ပြောပြလိုက်သည်။ ဆရာက နားထောင်
ပြီးသောအခါ (၃၅) ယောက်အပြင်
နောက်ထပ် (၂) ယောက် ရှိနေသေး
သည်၊ ထိုနှစ်ယောက်မှာ ကျွန်ုပ်တို့
မိသားစု၏ စည်းစိမ်ဥစ္စာကို အပိုင်စီး
ထားသော ဦးလေးလင်မယားဖြစ်သည်
ဟု သူကပြောသည်။ ထို (၂) ယောက်ကို
ပါ သေစေလိုသလောဟု သူက မေး
သည်။

ကျွန်ုပ်က ခေါင်းခါပြလိုက်သည်။
သူတို့သေသွားသည်ထက် ရှင်နေသည်
ကို ပိုလိုလားမိကြောင်း ပြောပြလိုက်
သည်။ သို့မှသာ နေ့စဉ်နှင့်အမျှ ဆင်းရဲ
ဒုက္ခကို ခံစားကြရမည်။ သေသွားလျှင်
ထိုသို့ ခံစားရတော့မည်မဟုတ်။ သူတို့
နှစ်ဦးကို ဒုက္ခအပေါင်းဖြင့် ညှဉ်းပန်းလို
သေးသည်ဟု ရှင်းပြလိုက်သည်။

ထိုအခါ မိုးသီးဆရာက အချိန်အ
ခါကို ရွေးပေးသည်။ သူ ရွေးသည့်နေ့
ရက်နှင့် အချိန်အခါသည် ဦးလေးတို့
လင်မယား၏အိမ်တွင် လက်ထပ်မင်္ဂလာ
ပွဲ ကျင်းပသည်နှင့် တိုက်ဆိုင်နေသည်။
သားအကြီးဆုံး၏ လက်ထပ်မင်္ဂလာပွဲကို
ကျင်းပသည့်နေ့ ကျင်းပသည့်အချိန် ဖြစ်
နေသည်။ သို့ဖြစ်ရာ ဆွေမျိုးမိတ်သင်္ဂဟ
တို့ အိမ်၌စုရုံးရောက်ရှိရင်း ပျော်ပျော်
ပါးပါး စားသောက်နေကြသည်။

ကျွန်ုပ်သည် လုပ်ရကောင်းနိုးနိုး
နောက်ဆုတ်ရကောင်းနိုးနိုး ဖြစ်မိသည်။
အိမ်၌ ရောက်နေသူများထဲတွင် ကျွန်ုပ်
တို့မိသားစုအပေါ် စာနာမှုအပြည့်ဖြင့်
ကူညီလေ့ရှိသူများလည်း ပါနေသည်။
မကောင်းသူလည်းထိ၊ ကောင်းသူလည်း
ထိ ဖြစ်ကုန်မှာကို စိုးနေမိသည်။

ညွှသည် အချို့သည် အိမ်ထဲ
ရောက်ရှိနေကြပြီ ဖြစ်သော်လည်း အချို့
ဧည့်သည်တို့မှာ ခြံဝင်းဝသာ ရောက်ကြ
ပေသေးသည်။ အချို့တို့မှာ လက်ထပ်
မင်္ဂလာပွဲရှိရာသို့လာနေကြရာ၌ လမ်းခု
လတ်တွင် ရောက်နေကြသည်။

လင်မယားနှစ်ယောက်သည် မင်္ဂ
လာပွဲသို့လာရင်း ကျွန်ုပ်ရှိနေသည့်အနား
မှ ဖြတ်သွားကြသည်။ ညသည် မှောင်
မိုက်နေသဖြင့် ကျွန်ုပ်ရှိနေသည်ကို
သတိမပြုမိကြချေ။ သူတို့နှစ်ဦးသည်
ကျွန်ုပ်အကြောင်းကို အတင်းတုတ်ရင်း
လျှောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီလင်မယားကို လောကီပညာဖြင့် ဒုက္ခပေးဖို့အတွက် သိုးပါဂကို လောကီပညာတွေ သင်ခိုင်းထားတာ အခုထိ ဘာမှ ဖြစ်မလာဘူး။ သားကြီးတောင် မင်္ဂလာဆောင်ပြီ"

"ကြည့်ရတာ ပိုးသာကုန် မောင်ပုံစောင်းမတတ်ဖြစ်နေပြီ ထင်ပါတယ်"

"ရှင်မ ပြောတာ ဟုတ်လိမ့်မယ်၊ သိုးပါဂက သူ့မအေလိုပဲ ခပ်ချာချာဖြစ်ဟန်တူပါတယ်"

ထိုကဲ့သို့ ပြောဆိုသည်ကို ကြားသောအခါ ကျွန်ုပ်သည် လူငယ်တစ်ဦးဖြစ်ပေရာ မခံချင်စိတ်များ တဖွားဖွားပေါ်လာသည်။ မိုးသီးဆရာက သင်ပြပေးလိုက်သည့်အတိုင်း လုပ်ချပစ်လိုက်တော့သည်။

ကျွန်ုပ်အနေဖြင့် ပညာရပ်ကို ပထမဆုံးအကြိမ် ထုတ်သုံးခြင်းဖြစ်သဖြင့် ဘာတွေဖြစ်လာမည်ကို မသိခဲ့ပေ။ ဆရာပြောသည့်အတိုင်း လုပ်ပြီးသောအခါ ထူးထူးခြားခြား ဘာတစ်ခုမှမတွေ့ရသဖြင့် မိမိသင်ယူထားသည့်ပညာရပ်အပေါ် သံသယဝင်မိသည်။ မိမိသည် ခပ်ချာချာအစားထဲကလောဟုလည်း တွေးမိသည်။

လက်ထပ်မင်္ဂလာပွဲ ကျင်းပသည့် အိမ်၏အခြေအနေကို ဆက်လက်စောင့်ကြည့်ရင်း စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။ ထိုသို့ စောင့်ကြည့်နေစဉ် အိမ်ဖော်တစ်ဦးသည် ရေခပ်ရန်အလို့ငှာ ရေပုံးအလွတ်တစ်ခုကို လက်၌ဆွဲရင်း အိမ်ထဲမှထွက်လာသည်။ ရေငင်ရန်အတွက် ရေတွင်းရှိရာသို့ သွားသည်။ ထိုသို့သွားရာ၌ ခြံနောက်ဖေးကွက်လပ်တွင် တွေ့နေကျဖြစ်သည့် မြည်းများ၊ စာမရီနွားများကို တွေ့ရမည့်အစား အဆိပ်ပြင်းသည့် မြွေများ၊ ပင့်ကူကြီးများနှင့် ကင်းမြီးကောက်များကို တွေ့လိုက်ရသည်။ ထိုသို့ အဆိပ်ပြင်းသည့်သတ္တဝါများထဲတွင် ကင်းမြီးကောက်ကြီးတစ်ကောင်သည် ထူးထူးခြားခြား အရွယ်အစားကြီးမားနေသည်ကို တွေ့လိုက်ရသည်။

ထို အိမ်ဖော်မိန်းကလေးသည် ကြောက်လန့်တကြား အသားကုန်အော်ဟစ်လေတော့သည်။ သူ့အော်သံကြောင့် တစ်အိမ်လုံး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

အိမ်မှာ သုံးထပ်ဖြစ်ပြီး အောက်ဆုံးထပ်သည် ခြေတံရှည် မဒရတ်အိမ်ပုံစံဖြစ်ပြီး အောက်ထပ်ရှိ မြေကြီးပေါ်တွင် မြင်းပုကလေးများ၊ နွားဆိတ်များနှင့် စာမရီများ ထားရှိသည်။ အိမ်အောက်၌ ထားရှိသော တိရစ္ဆာန်တို့သည် အန္တရာယ်ကျရောက်သည်ကို သိကြသဖြင့် ရုတ်ရုတ်သဲသဲဖြစ်ကာ နံရံကို အတင်းတိုးဝှေ့ကြရင်း အပြင်သို့ ထွက်ပြေးနိုင်ရန် ကြိုးစားကြသည်။ ထိုသို့ တိုးဝှေ့ကြသဖြင့် နံရံပြိုသွားသည်။ အောက်ဆုံးထပ်၏နံရံပြိုသောအခါ အပေါ်ထပ်ရှိ လူနေသောအခန်း ကြမ်းခင်းအောက်ခံ ဆင့်တန်းများ ကျိုးကုန်၏။ ထို့နောက် အိမ်သည် ဟန်ချက်ပျက်ကာ တစ်ခြမ်းစောင်းပြီး ပြိုသွားတော့သည်။ ဝုန်းခနဲ ပြိုကျရာ ဖုန်လုံးကြီး ထောင်းထောင်းထသည်။

အိမ်ထဲ၌ရှိကြသူများအနက် (၃၅) ယောက် သေဆုံးသွားသည်။ မင်္ဂလာပွဲလည်း ပျက်သွားသည်။ သူ့မင်္ဂလာပွဲအဖြစ်မှ အ, မင်္ဂလာပွဲအဖြစ်သို့ ဆိုက်ရောက်သွားသည်။

အိမ်ပြိုကျသံများကြောင့် ရွာသူရွာသားများ အပြေးအလွှား ရောက်လာကြသည်။ ထိုအထဲတွင် အမေလည်းပါသည်၊ ညီမလေး ပီတလည်း ပါသည်။

ပီတသည် အိမ်ပြိုနေသည်ကို ကြည့်ပြီး ဝမ်းသာလွန်းသဖြင့် ထခုန်သည်။ သူက-

"မေမေရေ- ကြည့်ပါဦး၊ ဦးလေးရဲ့အိမ်ကြီး ပြိုသွားပြီ။ လူတွေလည်း အတော်သေကြမှာ သေချာတယ်"

ဟုပြောသည်။ အားရဝမ်းသာဖြစ်ရင်း ပြောလိုက်ခြင်းဖြစ်သဖြင့် သူ့အသံက ကျယ်ကျယ်လောင်လောင် ဖြစ်နေသည်။ အနီးတွင် ရှိနေသူအားလုံး ကြားကြရသည်။

အမေက ပြိုပျက်နေသည်ကို ငေးမောကြည့်ရင်း ဝမ်းသာလုံးဆို့နေသည်။ ခဏကြာမှ သတိပြန်ဝင်သည်။ သူ့သားအစွမ်းကို လက်တွေ့ မြင်ကြရပြီမဟုတ်လောဟု အိမ်ပြိုကိုကြည့်နေကြသူများအား- အသံကျယ်ကျယ်ဖြင့် မေးလိုက်သည်။

"ကြည့်လိုက်ပါဦး၊ သားက အစွမ်းပြလိုက်ပြီ။ မိလာမျိုးရိုးဟာ နာမည်တစ်လုံးနဲ့နေတယ်ဆိုတာ သူ သက်သေပြလိုက်ပြီ။ ဒီလိုသားမျိုးကို မွေးရကျိုးနပ်ပြီ။ ပညာသင်ပေးရကျိုးနပ်ပြီ။ ကျွန်မ သေပျော်ပြီ။ ဒီညဟာ ကျွန်မရဲ့လင်သေဆုံးပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် ပျော်ရွှင်စရာဖြစ်ရပ်ကို ကြုံရတဲ့ညပဲ"

သူ့စကားကို ကြားရသူ အချို့က တရားစီရင်လိုက်ခြင်းဟု ယူဆကြသည်။ တချို့က ဤမျှအထိ မရက်စက်သင့်ဟု ဆိုကြသည်။ ငြိုသည်တို့ပါ အချောင် သေကုန်သည့်အတွက် သေသူတို့၏မိသားစုဝင်တို့က အမေ့အပေါ် စိတ်ဆိုး ကြသည်။ လူစုပြီး အမေ့ဆီကို ရောက်လာကြသည်။ အမေ့ကိုရန်ရှာကြသည်။

အမေက အိမ်ထဲမှကြိမ်းဝါး၏။

"ငါ့ကို ထိရဲရင် ထိကြည့်ကြစမ်း ထိတဲ့သူတွေကို ငါ့သားက ဆုံးမလိမ့်မယ်။ အိမ်ပြိုတာထက် ဆိုးဝါးတဲ့အဖြစ်ကို နင်တို့ကြုံရလိမ့်မယ်။ သူ့အိုဆင်းရဲမှုဆိုးမတစ်ယောက်ဖြစ်နေလို့ စော်ကားဖို့တော့ မကြံကြလေနဲ့"

အမေ့စကားက ထိရောက်သည်။ ရန်ရှာရန်အတွက် ရောက်လာကြသူများ လူစုကွဲသွားသည်။

ဦးလေးတို့လင်မယားသည် အိမ်ပြိုစဉ်၌ အိမ်ထဲတွင် ရှိနေကြသော်လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ကြ၏။ ပွန်းရာပဲ့ရာပင်လျှင် မရခဲ့ကြပေ။ သူတို့လင်မယားက အမေ့ကို သူတို့ကိုယ်တိုင် သတ်ပစ်မည်ဟု ကြိမ်းဝါးကြသည်။ ရွာသူ ရွာသားတို့က ဝိုင်းတားကြသည်။ ဖျောင်းဖျကြသည်။ အမေ့ကိုသတ်လျှင် သားဖြစ်သူ သိုးပါဂက ရွာကို ပျက်စီးရာ ပျက်စီးကြောင်းပြုမှာ သေချာသည်၊ သူတို့လင်မယားကြောင့် ရွာအနာမခံနိုင်ဟု ပြောကြသည်။ ထို့အပြင် တစ်ချိန်တ မတရားသဖြင့် စည်းစိမ်ဥစ္စာကိုယူခဲ့သည့်အတွက် ယခုလို ကလဲ့စားချေသည်ကို ခံရသည်၊ ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်နေသည်ဟု ထောက်ပြကြသည်။

ထိုအခါ ဦးလေးလင်မယားတ ပြဿနာဖန်တီးသူ ကျွန်ုပ်ကို အပြတ်ရှင်းပစ်ရန် ကြံစည်ကြသည်။

အမေ့မောင်သည် သူ့ရဲဘော ကြောင်သူတစ်ဦးဖြစ်ပေရာ ရန်ရှာခံရမည်ကို အကြောက်ကြီးကြောက်သည်။ ညနေစောင်းသည်နှင့် အိမ်ကိုအလုံပိတ်သည်။ ရှိရှိသမျှ တံခါးနှင့်ပြတင်းပေါက်တို့ကို မင်းတုပ်များထိုးသည်။ မိုးစင်စင်လင်းသည်ထိ အိမ်ထဲမှအိမ်ပြင်မထွက် ဘဲနေသည်။

ဦးလေးလင်မယားတို့အိမ်တွင် အလုပ်လုပ်သော အစေခံတစ်ဦး အမေ့ထံ ရောက်လာကာ တိုးတိုးတိတ်တိတ် သတင်းပေးသည်။ ကျွန်ုပ်ကိုသတ်ဖြတ်ရန် ကြံစည်နေသဖြင့် သတိအပြည့်ဖြင့်နေဖို့ ကျွန်ုပ်ကိုပြောပေးရန် လာပြောသည်။

www.burmeseclassic.com

ကျွန်ုပ်သည် အိမ်ပြိုသည့်ညဥ့်ပင် ရွာမှတိမ်းရှောင်ခဲ့သည်။ ထို့နောက် ဖြတ်သွားဖြတ်လာပြုကြသည့် ဘုရားဖူးခရီးသည်တို့ထံမှ ရွာသတင်းကိုကြားသိနိုင်သမျှ နားစွင့်နေခဲ့သည်။

အမေ့အနေဖြင့် ကျွန်ုပ်ရှိရာသို့ လာရန်မှာ ခရီးဝေးလွန်းနေသည်။ သူ့အသက်အရွယ်ဖြင့် ခရီးလမ်း၏ပင်ပန်းကြမ်းတမ်းမှုကိုရင်ဆိုင်ရန်အတွက် ခံနိုင်ရည် မရှိနိုင်တော့ပေ။ သို့ဖြစ်လေရာ အမေက ဘုရားဖူးခရီးသည်တစ်ဦးဖြင့် သတင်းပါးလိုက်သည်။

ဘုရားဖူးခရီးသည်တို့သည် လမ်းခရီး၌ အလျဉ်းသင့်ရာ ရွာတွင် ဝင်၍ တည်းခိုလေ့ရှိသည်။ အစားအသောက်ကိုလည်း တောင်းရမ်း စားသောက်လေ့ရှိသည်။ အိမ်ရှင်တို့က တတ်နိုင်သမျှဖြင့် ဧည့်ဝတ်ကျေပွန်လေ့ရှိသည်။ ထို့အတွက် အဖိုးအခယူလေ့မရှိပေ။ သူပြုသည့်ကုသိုလ်ကို အထမြောက်အောင် ပြီးသည့်သဘောဖြင့် ကူညီလေ့ရှိသည်။ ဤသည်မှာ ကျွန်ုပ်တို့ဒေသ၏ ဓလေ့ထုံးစံ ဖြစ်သည်။

အမေသည် အိမ်၌ တစ်ညတာ တည်းခိုရန် ရောက်လာသော ဘုရားဖူးခရီးသည်တစ်ဦးသည် ကျွန်ုပ်ရှိနေသည့် ရွာကို ဖြတ်သန်း၍သွားရမည် ဆိုသည်ကို သိရသောအခါ ဘုရားဖူးခရီးသည်ကို ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံ၏။ ထို့နောက် မိသားစု၏အဖြစ်သနစ်ကို ပြောပြသည်။ ကျွန်ုပ်ထံသို့ သူ့အသိပေးလိုသော သတင်းပလင်းတို့ကို ဝင်ပြောပေးပါရန် သတင်းစကားပါးသည်။

ဘုရားဖူးခရီးသည်သည် အချမ်းဒဏ်ကို ကာကွယ်ရန်အတွက် စာမရိန္ဒား မွှေးဖြင့် ရက်လုပ်ထားသော ခြုံထည်ကို အနွေးထည်အဖြစ် ဖြစ်သလိုချုပ်ပြီးဝတ်ဆင်ထားသည်။ ခရီးရှည်ကြာ သွားထားသဖြင့် ခြုံထည်တွင် အပေါက်အပြဲများ ရှိနေသည်။ အမေက ဖာထေးပေးရန် ခွင့်တောင်းရာ ဘုရားဖူးခရီးသည်က ဝမ်းသာအားရဖြစ်ရင်း ခွင့်ပြုသည်။

အမေသည် ခြုံထည်ကို အပေါက်များ သေသေသပ်သပ် ဖာထေးသည်။ ထိုသို့ အစငယ်ဖြင့်အုပ်၍ ဖာထေးပေးရာ၌ ခြုံထည်၏မူရင်းအရောင်ဖြစ်သော [illegible]ရောင်နှင့် မတိမ်းမယိမ်းအရောင်ရှိသည့် အမည်းရောင် အစငယ်များဖြင့် ဖာထေးပေးသည်။ အပေါက်အပြဲတစ်ခုကိုချုပ်ရာတွင် ရွှေပြားပါးပါး ခုနစ်ပြားတို့ကို အတွင်း၌ထည့်ပြီး ချုပ်ပေးလိုက်သည်။ ရွှေပြားအချင်းချင်းထိခတ်မိလျှင် အသံမြည်မည်ဖြစ်သဖြင့် တစ်ပြားနှင့်တစ်ပြား မထိသာအောင် အပ်ချည်ကြိုးဖြင့် တုပ်နှောင်ကာ နေရာချပေးသည်။ ဖာထေးသောအစဖြင့် ပြန်ပိတ်ရာ၌ အပ်ချည်ကို ခပ်စောင်းစောင်း သီချုပ်ချုပ်ရာတွင် ချုပ်ချက် (၇) ချက်ကို အနည်းငယ် မသိမသာ ပိုစောင်းပြီး ချုပ်ပေးလိုက်သည်။ အပေါက်အပြဲ အားလုံးကို ဖာထေးပြီးသောအခါ ခြုံထည်ကို ဘုရားဖူးခရီးသည်ကို ပြန်ပေးသည်။

ကျွန်ုပ်ကိုပေးရန်အတွက် စာတစ်စောင်ကိုလည်း လူကြုံပါးလိုက်သည်။ လမ်းခရီးတွင်စားရန်အတွက် ရိက္ခာအခြောက်အခြမ်းအနည်းငယ်ကိုလည်း စီစဉ်ပေးသည်။ ဖူဖူလုံလုံရှိသည့်အထိ များများစားစား စီစဉ်ပေးလိုပါသော်လည်း ဆင်းရဲနွမ်းပါးသည့်အတွက် တတ်နိုင်သမျှသာ စီစဉ်ပေးရသည့်အကြောင်းကိုလည်း ရှင်းပြပြီး တောင်းပန်သည်။

ရွာမှ ဘုရားဖူးခရီးသည် ထွက်သွားပြီးသောအခါ အမေက စာတစ်စောင်ကို အတုလုပ်သည်။ ကျွန်ုပ်ထံမှ ပေးပို့လိုက်သည့်နှယ် ရေးသားသည်။ ထို့နောက် အိမ်၌လာတည်းသည့် ဘုရားဖူးခရီးသည်ထံမှ လူကြုံပါးလိုက်သောစာကိုရရှိကြောင်း သတင်းဖြန့်သည်။ ကျွန်ုပ်ထံမှစာရရှိသည့်သတင်းသည် ရွာအနှံ့ ချက်ချင်းဆိုသလို သိသွားကြသည်။

ထိုစာထဲတွင် ကျွန်ုပ်သည် အစွမ်းထက်သော ဆရာအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရေးသားဖော်ပြထား၏။ အမေနှင့် ညီမလေးတို့ကို ထိပါးပါက လက်စားချေရန် လက်နှေးမည်မဟုတ်ကြောင်းလည်း ရေးသားထားသည်။ ဇီဇေးကို သတိရကြောင်းလည်းပါသည်။

ရွာသူ ရွာသားတို့သည် နောက်ထပ်အဖြစ်ဆိုးကြုံကြရမည်ကို ကြောက်ရွံ့ကုန်ကြသည်။ ဦးလေးလင်မယားကို အပြစ်တင်ကြသည်။ စည်းစိမ်ချမ်းသာကို အမေ့အား ဝေခြမ်းပေးရန် ဝိုင်းပြောကြသည်။ အများဆန္ဒကို မလွန်ဆန်သာသဖြင့် ဦးလေးသည် သူပိုင်သည့်လယ်မြေများထဲမှ ကြက်လျှာစွန်းပုံရှိသည့် လယ်တစ်ကွက်ကို အမေ့အား ပြန်ပေးလိုက်သည်။

အမေက လယ်မြေကို ရရာဈေးဖြင့် ရောင်းချသည်။ ရသည့်ငွေကို သုံးစွဲခြင်းမပြုဘဲ ကျွန်ုပ်ထံသို့ပို့ပေးရန် သိမ်းဆည်းထားလိုက်သည်။

အမေက စာလွှာပါးလိုက်သော ဘုရားဖူးသည် ကျွန်ုပ်ထံသို့ ရောက်လာသည်။ ပါးလိုက်သောစာကို ပေးသည်။ အမေပြောပြခိုင်းလိုက်သော သတင်းပလင်းတို့ကိုလည်း သူမှတ်မိသမျှပြန်ပြောပြသည်။

ကျွန်ုပ်က သူပြောပြသမျှကို နားထောင်ရင်း စာကို ဖောက်ဖတ်ကြည့်သည်။ ကျွန်ုပ်ကို ချီးမွမ်းထားသော စာကြောင်းများဖြင့် စာကိုစတင်ထားသည်။ ထို့နောက် ရွာ၌ဖြစ်ကြုံခဲ့သော အိမ်ပြိုသည့်အကြောင်းကို အကျဉ်းရုံး ဖော်ပြထားသည်။ ကျွန်ုပ်ကို မိုးသီးမုန်တိုင်းရွာချအောင်လုပ်ပြီး ဦးလေးလင်မယား၏ လယ်ယာများ ပျက်စီးအောင်ပြုလုပ်ပေးပါဦးဟုလည်း ရေးသားထားသည်။ ထို့နောက် ကျွန်ုပ်ကို သတ်ဖြတ်ပစ်ရန် ကြံစည်နေကြသဖြင့် သတိဖြင့်နေရန် သတိပေးထားသည်။ စာ၏အဆုံးသတ်တွင် အောက်ပါအတိုင်း အမေက ရေးသားထားသည်။

'သား ငွေလိုလျှင် မြောက်အရပ်ကို မျက်နှာမူထားသော တောင်ကြားလွင်ပြင်တွင် ရှာဖွေပါ။ တိမ်မည်းတို့ဖြင့် ကွယ်နေတယ်။ နတ်သမီးခုနစ်ဖော်က မီးထွန်းပေးထားတယ်။ အဲဒီမှာ ဆွေမျိုးခုနစ်ဖော်ကို သားတွေ့မယ်။ သူတို့က သားလိုတာတွေကို ဝေခြမ်းပေးကြလိမ့်မယ်။ တကယ်လို့များ သားရှာလို့မတွေ့ဘူးဆိုရင် စာယူလာတဲ့ ဘုရားဖူးက အဲဒီမှာ နေပါတယ်၊ သူ့ကိုသာ မေးလိုက်ပါ။ တခြား ဘယ်သူ့ကိုမှ မမေးပါနဲ့"

ကျွန်ုပ်သည် အပေါ်စာပိုဒ်တို့နှင့် အဆက်အစပ်မရှိဘဲ ရေးထားသော အောက်ဆုံးစာပိုဒ်သည် တစ်ခုခုကိုဆိုချင်မှန်း ရိပ်စားမိသည်။ သို့သော် ဘာကိုဆိုချင်မှန်း ကျွန်ုပ် စဉ်းစားဖော်ထုတ်နိုင်ခြင်းမရှိချေ။

စဉ်းစားလေ၊ ဦးနှောက်ခြောက်လေ ဖြစ်နေသည်။ အဖြေကိုမရ။ အဖြေနှင့် ဝေးမြဲဝေးနေဆဲရှိသည်။ ကျွန်ုပ်၏ ဆွေမျိုးများသည် တောင်ကြားလွင်ပြင်တွင် နေကြသည်ဟု တစ်ခါမှ မကြားဘူးပေ။ ဘုရားဖူးက ပြောပြနေသည်တို့ကို ကြားတစ်ချက်၊ မကြားတစ်ချက်ဖြစ်ရင်း အဖြေကို ကြံဆနေမိသည်။ ဘုရားဖူးက အမေမှာလိုက်သည်တို့ကို ပြောပြပြီးသောအခါ ကျွန်ုပ်က-

"ခင်ဗျားက တောင်ကြားလွင်ပြင်မှာနေတဲ့သူလား"

ဟု မေးရာ သူက ခေါင်းကို တွင်တွင်ခါပြသည်။ ကျွန်ုပ်က အမေရေး



www.burmeseclassic.com

www.burmeseclassic.com

ထားသည့်စာကို ပေးဖတ်လိုက်သည်။ သူက စာကို အစမှ အဆုံးအထိ ဖတ်သည်။ ထို့နောက် စာကို ကျွန်ုပ်လက်ထဲ ပြန်ပေးသည်။

သူက စာပါအခြင်းအရာတို့ကို နားလည်ကြောင်း၊ နောက်ဆုံးအပိုဒ်မှာ အဆက်အစပ်မရှိသလို ဖြစ်နေကြောင်း၊ အဓိပ္ပာယ်ကို နားလည်သော်လည်း အခြား အခြင်းအရာတစ်ခုခုကို ပြောချင်ပုံရကြောင်း သုံးသပ်ပြသည်။

ကျွန်ုပ်သည် အဖြေကို စဉ်းစားမရလေလေ၊ သိချင်လေလေ ဖြစ်နေသည်။ သို့ဖြစ်ရာ ဆရာ့ကို စာပေးဖတ်လိုက်သည်။ ဆရာသည် စာကို အခေါက်ခေါက်အခါခါဖတ်သည်၊ သို့သော် အဖြေကို ထုတ်မပေးနိုင်ချေ။

ဆရာက သူ့အနေဖြင့် အဖြေ ထုတ်မပေးတတ်သော်လည်း သူ၏ဇနီး အနေဖြင့် အဖြေကို သိကောင်းသိလိမ့်မည်ဟု ပြောသည်။ သို့ဖြစ်ရာ ဆရာကတော်ကို အကျိုးအကြောင်း ပြောပြပြီး မေးမြန်းရသည်။ ဆရာကတော်က ပဟေဠိဖြစ်နေသော စာပိုဒ်ကို ဖတ်ပြခိုင်းသည်။ ကျွန်ုပ်က သံနေသံထားဖြင့် ဖြည်းဖြည်းချင်း ဖတ်ပြလိုက်သည်။

"သား. . . ငွေလိုလျှင် မြောက်အရပ်ကို မျက်နှာမူထားသော တောင်ကြားလွင်ပြင်တွင် ရှာဖွေပါ။ တိမ်မည်းတို့ဖြင့် ကွယ်နေတယ်။ နတ်သမီးခုနစ်ဖော်က မီးထွန်းပေးထားတယ်။ အဲဒီမှာ ဆွေမျိုးခုနစ်ဖော်ကို သားတွေ့မယ်။ သူတို့က သားလိုတာတွေကို ဝယ်ခြမ်းပေးကြလိမ့်မယ်။ တကယ်လို့များ သားရှာလို့မတွေ့ဘူးဆိုရင် စာယူလာတဲ့ဘုရားဖူးက အဲဒီမှာ နေပါတယ်၊ သူ့ကိုသာ မေးလိုက်ပါ။ တခြား ဘယ်သူ့ကိုမှမမေးပါနဲ့. . ."

ကျွန်ုပ်ဖတ်ပြသည်ကို ဆုံးအောင် နားထောင်ပြီးသောအခါ ဆရာကတော်က ဘုရားဖူးခရီးသည်ကို အနီးသို့လာရန် ခေါ်သည်။ ထို့နောက် အသေအချာကြည့်သည်။ ထို့နောက် အိမ်ခန်း၏အလယ်တွင် ထားရှိသော မီးလင်းဖိုကို မီးမွှေးပေးပြီး အချမ်းသက်သာအောင် ပြုပေးသည်။ ထို့နောက်ခြုံထည်ကိုတောင်းယူသည်။

ခြုံထည်ကိုရရှိသောအခါ ယူပြီး အခန်းထဲမှ ထွက်သွားသည်။ ကျွန်ုပ်ကို အတူလိုက်ခဲ့ရန် မျက်ရိပ်ပြပြီးခေါ်သဖြင့် လိုက်သွားရသည်။ အပေါ်ထပ်သို့ တက်သွားသဖြင့် ကျွန်ုပ်လည်း အပေါ်ထပ်သို့လိုက်တက်ရသည်။ အပေါ်ထပ်ရှိ အခန်းတွင်းသို့ရောက်သောအခါ ခြုံထည်တွင် ဖာထေးထားသောအရာများကို စစ်ဆေးသည်။ ထို့နောက် ဖာရာအစတစ်ခုကို ချုပ်ရိုးဖြေပြီး ခွာလိုက်သည်။ ထိုအခါ အထဲမှ ရွှေပြားခုနစ်ပြားထွက်လာသည်။ ဆရာကတော်က ချုပ်ရိုးကို ပြန်ချုပ်သည်။ ထို့နောက် ခြုံထည်ကို ဘုရားဖူးခရီးသည်ထံ သွားပေးသည်။

ထို့နောက် ကျွန်ုပ်ကိုခေါ်ပြီး ရွှေပြားခုနစ်ပြားကို ပေးသည်။ ကျွန်ုပ်က ပဟေဠိကို မည်သို့ အဖြေညှိကြောင်း သိလိုသဖြင့် မေးမြန်းကြည့်သည်။ ဆရာကတော်က-

"နင့်အမေက အတော်ဉာဏ်ထက်တယ်။ သာမန် မိန်းမမျိုး မဟုတ်ဘူး။ ကံကြောင့်သာ နင်တို့ ခုလိုဒုက္ခရောက်နေကြတာ ဖြစ်မယ်။ ဉာဏ်နဲ့ ဝီရိယမှာတော့ နင့်အမေက စံတင်လောက်ပါတယ်။ ဒီလောက် ဆင်းရဲမွဲတေနေတဲ့ကြားက ရွှေပြားခုနစ်ပြားရအောင် စုဆောင်းထားနိုင်တာက နည်းတဲ့ ဝီရိယ မဟုတ်ဘူး။ ဘယ်မျိုးရိုးက သက်ဆင်းလာတဲ့သူလဲ ဆိုတာ ငါသိပ်သိချင်နေတယ်။ ငါ့ကို နင်သိသမျှ နင့်အမေရဲ့ မျိုးရိုးအကြောင်း ပြောပြစမ်း"

ဟု ပြောသည်။ ကျွန်ုပ်က သိသမျှကို ပြောပြလိုက်သည်။

"ကျွန်တော့်ရဲ့အဘိုးက ချမ်းသာသူအဖြစ်ကို ရောက်ပြီးတဲ့အခါမှာ သူ့ရဲ့သား၊ ကျွန်တော့်ဖခင်ကို 'ဉာဏ်' ဆိုတဲ့ မှူးမတ်မျိုးနွယ်က သက်ဆင်းလာတဲ့သူနဲ့လက်ဆက်ပေးခဲ့ပါတယ်။ ဒီတော့ မေမေဟာ ချမ်းသာတဲ့မျိုးရိုးကလာတာ မဟုတ်ပေမယ့် ပညာတတ်တဲ့ မှူးမတ်မျိုးရိုးက သက်ဆင်းလာသူ ဖြစ်ပါတယ်။ ကျွန်တော် ဖျက်ပစ်လိုက်တဲ့ သုံးထပ်အိမ်ကြီးကို မင်္ဂလာလက်ဖွဲ့အဖြစ် အဘိုးက ဆောက်ပေးခဲ့ပါတယ်။ ဒီလို မင်္ဂလာလက်ဖွဲ့အဖြစ် ရထားတဲ့အိမ်ဖြစ်နေတဲ့အတွက် မေမေ့အဖို့ အမြတ်တနိုး တန်ဖိုးထားပါတယ်။ အဲဒီလို အမြတ်တနိုးထားတဲ့အိမ်ကို ဦးလေးတို့လင်မယားက အပိုင်စီးပြီး နေကြတာကို မေမေက အတော်နာကြည်းတာဟာ သဘာဝကျပါတယ်"

ဆရာကတော်က မေမေရေးပေးလိုက်သည့် စာပိုဒ်ကို မည်သို့ အဖြေထုတ်သည်ကို ရှင်းပြသည်။

"မြောက်အရပ်ကို မျက်နှာမူတဲ့ တောင်ကြားလွင်ပြင်ဆိုတာက မှောင်တာကို ပြောတာပါ။ တောင်ကြားလွင်ပြင်ကိုဝင်ထွက်တဲ့နေရာကို မျက်နှာမူတဲ့ဘက်လို့ ပြောဆိုကြတယ် မဟုတ်လား။ ဒီတော့ သူ့စာမှာ လွင်ပြင်က မြောက်အရပ်ကိုမျက်နှာမူနေတဲ့အတွက် တောင်ကြားလွင်ပြင်ရဲ့ အရှေ့အရပ်နဲ့အနောက်အရပ်တို့မှာ တောင်တွေရှိနေတယ်။ ဒီတော့ နံနက်ပိုင်းမှာ အရှေ့အရပ်က နေ ထွက်လာတဲ့အခါ တောင်က ခံနေလို့ တောင်ကြားလွင်ပြင်မှာ တောင်ရဲ့အရိပ်က ကျနေတယ်။ မွန်းတည့်ချိန်တစ်ခုထဲ နေကို မြင်ကြရမယ်။ မွန်းလွဲသွားတာနဲ့ နေစောင်းသွားတဲ့အခါ အနောက်ဘက်မှာရှိတဲ့တောင်ရဲ့အရိပ်က လွင်ပြင်ပေါ် ကိုကျနေမယ်။ ဒီတော့ မြောက်အရပ်ကို မျက်နှာမူတဲ့ လွင်ပြင်က မှောင်နေတဲ့ သဘောရှိတယ်။ ဒီအချက်က ဘာကို ပြောသလဲဆိုတော့ မှောင်တောင်တောင် အရောင်ရှိတဲ့ ခြုံထည်ကို ညွှန်ပြနေ တယ်။ ဒီခြုံထည်လို့ ဘာလို့ ကောက် ချက်ချနိုင်သလဲဆိုတော့ စာယူလာတဲ့ ဘုရားဖူးက အဲဒီမှာနေပါတယ်လို့ သူ ရေးထားတယ်။ ဒီတော့ သူကိုယ်ပေါ် ခြုံထည်ပဲ ဖြစ်ရတော့မယ်။ ဒီအထိ နင် သဘောပေါက်ပါတယ်နော်"

ကျွန်ုပ်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြပြီး အဖြေပေးလိုက်သည်။ ထိုအခါ ဆရာကတော်က စကားဆ သည်။

"တိမ်မည်းတွေ ဆိုတာက သူ ထေးပေးလိုက်တဲ့ အစတွေကို ပြော အစတွေက အမည်းရောင်တွေ မဟု လား။ တိမ်မည်းတွေက ကာပေးထ တယ်ဆိုတာက ဒီအစတွေကဖုံးကာ ထားတယ်လို့ပြောတာပါ။ နတ်သမီးခုန ဖော်ဆိုတာက ဒီလိုဖာပေးတဲ့ အစ မှာ တစ်ခုက ချုပ်ရိုးကို ခပ်စောင်းစေ သီချုပ် ချုပ်ပေးထားရာမှာ ချုပ်ချက်(၇) ချက်ကို မသိမသာလေး ပိုစောင်း ထားတယ်။ ဒီတော့ ဒီလို လုပ်ပေးထ တဲ့အစကို ခွာလိုက်ရင် သူ ဝှက်ထ ပေးလိုက်တဲ့ ရွှေပြားတွေကို တွေ့မ လို့ ပြောလိုက်တာပဲ။ ဆွေမျိုး (၇) ဖေ ဆိုတာက ရွှေပြား (၇) ပြားကို ဆို တယ်။ ဒီရွှေပြားတွေကို ရောင်းချပြီး န လိုချင်တာကိုဝယ်ဖို့ ငွေရနိုင်တာကြော ဆွေမျိုး(၇)ဖော်ကို သားတွေ့မယ်၊ သူ က သားလိုတာတွေကို ဝယ်ခြမ်းပေး လိမ့်မယ်လို့ နင့်အမေက ရေးလိုက် ပါ"

ဆရာကတော်ရှင်းပြသည်ကို န ထောင်ပြီးသောအခါ အမေဝှက်လို



www.burmeseclassic.com

www.burmeseclassic.com

သည့် ပဟောဋ္ဌိမှာ လွယ်လွယ်လေး ဖြစ်ပါလျက် ဦးနှောက်ခြောက်အောင် စဉ်းစားသည့်တိုင်အောင် မိမိမှာ အဖြေမရနိုင်နေခဲ့ရသည်ကို ရှက်မိပြီး ရှက်ပြုံးကို ပြုံးမိသည်။

ကျွန်ုပ်၏ဆရာက-

"မိန်းမတွေကို လျှော့မတွက်ပါနဲ့။ ငါတို့ ယောကျ်ားဘသားတွေ အဖြေရှာရတဲ့ပြဿနာကို သူတို့က အဖြေရှာနိုင်ကြတယ်။ အဲဒါ မိန်းမတွေရဲ့ မွေးရာပါ အရည်အချင်းပဲ။ ဖြတ်ထိုးဉာဏ်မှာ သူတို့က သာတတ်တယ်"

ဟု ပြောသည်။

ကျွန်ုပ်သည် ရွှေပြား (၇) ပြားအနက် အနည်းငယ်ပိုထူသော အထူဆုံးရွှေပြားကို ရွေးချယ်လိုက်ပြီး ဆရာအတော်ကို ကန်တော့လိုက်သည်။ ထို့နောက် အပါးဆုံး ရွှေပြားတစ်ပြားကို ရွေးချယ်လိုက်ပြီး ဘုရားဖူးခရီးသည်ကို ခရီးစရိတ်အဖြစ် ထောက်ပံ့လိုက်သည်။ ရွှေပြားသုံးပြားကို ဆရာ့အား ပူဇော်ကန်တော့လိုက်သည်။

ရက်အတန်ကြာပြီးချိန်၌ ဆရာက ကျွန်ုပ်ကို စခန်းသွင်းလေ့ကျင့်ပေးသည်။ လေးဖက်လေးတန်နှင့် အထက်အောက် အလုံကာထားသော အခန်းငယ်တစ်ခုအတွင်း၌ (၇) ရက်တိုင်တိုင်နေရသည်။ အပြင်ထွက်ခွင့်မပေးဘဲ သူသင်ကြားပေးသည့် လေ့ကျင့်ခန်းကို ဆက်တိုက်လေ့ကျင့်ရသည်။ (၆) ရက်မြောက်သည့် နေ့အထိ ထူးထူးခြားခြား တိုးတက်မှု မရသေး။ သို့သော် ဖွဲမလျှော့ဘဲ ဆက်လက်လေ့ကျင့်သည်။ (၇) ရက်မြောက်သည့် နေ့တွင် အခန်းထဲ လျှပ်စီးလက်သည်။ ဆက်လက် လေ့ကျင့်ပြန်ရာ၌ မိုးခြိမ်းသည်။ ထို့နောက် ဆက်လက် လေ့ကျင့်ပြန်ရာ၌ မိုးများ ရွာချသည်။

ကျွန်ုပ်သည် အားတက်သွားပြီး ဆက်လက် လေ့ကျင့်ပြန်ရာ၌ မိုးသက်မုန်တိုင်းကျသည်။ ကျွန်ုပ်သည် ဆရာက နှုတ်တိုက်ချ၍ သင်ပေးသော မန္တန်ကို အာရုံစူးစိုက်ပြီး ဌာန်ကရိုဏ်းကျကျ ရွတ်သည်။ နောက်ဆုံး၌ မိုးသီးမုန်တိုင်းကျသည်။

ကျွန်ုပ်အနေဖြင့် မိုးတုရွာအောင် လုပ်သောပညာရပ်ကို တတ်မြောက်ခဲ့ပေပြီ။ သို့ဖြစ်ရာ အမေ့စာမှာပါသည့် အတိုင်း လယ်မြေတို့ကို သွားဖျက်ဆီးလိုကြောင်း ဆရာထံ ခွင့်ပန်သည်။ ဆရာက စောနေသေးသည်ဟုပြောပြီး တားသည်။

ဘာလီစိုက်ပျိုးသည့် ရာသီတွင် ဘာလီအနံ့တို့ အဆန်ပြည့်ပြီးကွေးညွတ်နေကြသောအခါကျမှ ဆရာက ကျွန်ုပ်ကို ရွာသို့ ပြန်ခွင့်ပေးသည်။

ထိုသို့ ပြန်ရာ၌ အဖော်တစ်ဦးကို ထည့်ပေးလိုက်သည်။ အဖော်မှာ ကျွန်ုပ်ကဲ့သို့ပင် ဆရာ့ထံ၌ပညာသင်နေသူတစ်ဦး ဖြစ်သည်။ သူသည် အလွန်အပြေးသန်သူတစ်ဦး ဖြစ်သည်။ မြေပြန့်၌ မဆိုထားနှင့်၊ တောင်တက် တောင်ဆင်းကိုပင်လျှင် အလွန်လျင်မြန်စွာ ပြေးတက်၊ ပြေးဆင်းပြုနိုင်သူ ဖြစ်သည်။ ထိုသို့ အပြေးသန်သည်ကို အကြောင်းပြုပြီး သူ့ကို 'ခြေသွက်' ဟု အမည်ပေးထားကြသည်။ အပြေးသန်သူကို အဖော်အဖြစ် ထည့်လိုက်သည်မှာ အကြောင်းတော့ရှိမည်ဟု တွေးဆမိသော်လည်း 'အဘယ်ကြောင့်' ဆိုသော မေးခွန်းကို ဆရာ့အား မမေးရဲသဖြင့် မမေးဘဲ ထွက်လာခဲ့ရသည်။

ကျွန်ုပ်တို့နှစ်ဦးမှာ ဘုရားဖူးခရီးသည်နှစ်ဦးအသွင်ဖြင့် ခရီးနှင်ကြသည်။ လမ်းခရီးတစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော ဘာလီစိုက်ခင်းများကို လူသွားလမ်း၏ ဝဲနှင့်ယာတစ်လျှောက်တွင် တွေ့ရသည်။ အချို့နေရာတို့တွင် စတင် ရိတ်သိမ်းနေကြသည်ကိုလည်း တွေ့ကြရသည်။ သူတို့သည် ဥပဒေကို ချိုးဖောက်ပြီး ရိတ်သိမ်းနေကြခြင်း ဖြစ်သည်။ သီးနှံသည် ပေါ်ဦးပေါ်ဖျားတွင် ဈေးကောင်းရတတ်စမြဲ ဖြစ်ပေရာ စိုက်ကြသူအချင်းချင်း စောစောရိတ်သိမ်းသူက ပိုရသွားသည် ဟူ၍ မမျှမတ မဖြစ်ရလေအောင် ဘာလီပေါ်ချိန်တွင် အုပ်ချုပ်ရေး အာဏာပိုင်တို့က စတင်ရိတ်သိမ်းရန် သတ်မှတ်ပေးသောရက်၌သာ တစ်ပြိုင်နက်တည်း ရိတ်သိမ်းကြရန် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းထားသည့် ဥပဒေကိုမျက်ကွယ်ပြုပြီး ရိတ်သိမ်းနေကြခြင်း ဖြစ်သည်။

ကျွန်ုပ်နေထိုင်သည့်ရွာ တည်ရှိရာတောင်ကြားလွင်ပြင်သို့ ဆိုက်ရောက်သောအခါ အနီးရှိ တောင်ထိပ်သို့တက်ပြီး ဘာလီစိုက်ခင်းများကို အပေါ်စီးမှ ကြည့်သည်။ ဝင်းဝါနေသော ဘာလီစိုက်ခင်းများကို မျက်စိတစ်ဆုံးမြင်တွေ့နေရသည်။ ကျွန်ုပ်ပြုသမျှနှင့် ဖို့ အသင့်ရှိနေကြသည်။

ကျွန်ုပ်သည် ငြိမ်ငြိမ်ကလေး မတ်တတ်ရပ်ရင်း သမာဓိထူထောင်လိုက်သည်။ ထို့နောက် မိုးအတုရွာစေသည့် မန္တန်ကို စိတ်အာရုံအပြည့်နှစ်ကာ ရွတ်သည်။ အတန်ကြာရွတ်သည့်တိုင် ဘာတစ်ခုမှ ဖြစ်မလာ။ လျှပ်လည်းမပြက်၊ မိုးလည်းမခြိမ်း။ ငြိမ်ချက်သားကောင်းနေသည်။ တသုန်သုန် တိုက်နေသော လေအေးစက်စက်သာ လူ့ပ်လှုပ်ရှားရှားရှိသည်။ ဘာလီပင်တို့သည် လေတိုက်သည့်ဘက်သို့ ယိမ်းနွဲ့နေကြသည်။

ကျွန်ုပ် ကြက်သေသေသွားသည်။ အစွမ်းမပြသဖြင့် လက်စားချေ၍ မရတော့ပြီဟု တွေးမိရင်း စိတ်မာတ်ကျမိသည်။ ကျွန်ုပ်သိသမျှ နတ်မင်းတို့၏ အမည်နာမတို့ကို အော်ခေါ်လိုက်သည်။ ကူညီကြဖို့ ပန်ကြားလိုက်သည်။ ထို့နောက် ကျွန်ုပ် သည်းသည်းထန်ထန် ငိုကြွေးသည်။ ကလေးဘဝမှစ၍ ကြုံခဲ့ရသော မတရားမှုအပေါင်းကို နတ်မင်းအပေါင်းအား ငိုယိုရင်း တိုင်တည်ပြောဆိုသည်။ အနိုပ်စက်ခံ၊ အနှိမ်ခံအဖြစ်နေခဲ့ရပုံ အဖုံဖုံတို့ကို ရှိုက်ကြီးတငင် ငိုကြွေးရင်း ပြောဆိုသည်။ နာနာကြည်းကြည်းဖြစ်ခဲ့ရသမျှကို ငိုချင်းချ၍ ပြောသည်။ သို့တိုင် ဘာမှဖြစ်မလာသောအခါ ကျွန်ုပ်သည် မြေ၌လူးလှိမ့်ရင်း ဝမ်းပန်းတနည်း ငိုကြွေးတော့သည်။

ထိုစဉ်မှာပင် မည်းမည်းမှောင်နေသော တိမ်ထုတစ်ခုရောက်ရှိလာသည်။ ဂျိန်းခနဲ မိုးတစ်ချက်ခြိမ်းသည်။ လျှပ်စီးတို့ တဖျပ်ဖျပ် လင်းလက်သည်။ ထို့နောက် မိုးသီးများ စတင်ကြွေကျသည်။ မိုးခြိမ်းသံများ အဆက်မပြတ် မြည်ဟည်းသည်။

မိုးသီးများ၏ဒဏ်ကြောင့် ဘာလီပင်များလဲကျကာ မြေ၌ပြားပြားဝပ်ကုန်သည်။ အနှံတို့မှာလည်း မိုးရေစိုရွှဲကာ ပျက်စီးကုန်သည်။

လယ်ကွင်းတို့ ရေပြည့်လျှံကုန်သည်။ တောင်ကျချောင်းကလည်း တစ်ဟုန်ထိုးစီးဆင်းသည်။ မိုးသီးနောက်တွင် မိုးကလိုက်လာသည်။ မိုးနောက်တွင် မိုးသက်မုန်တိုင်း ရောက်ရှိလာသည်။

ကျွန်ုပ်တို့နှစ်ဦးလုံး ရွှဲရွှဲစိုကုန်ကြသည်။ ကျွန်ုပ်သည် အပျော်ကြီးပျော်နေသဖြင့် မိုးရေထဲ ခုန်ပေါက်ကာ ကခုန်မိသည်။ အဖော်လိုက်လာသော ခြေသွက်က မိုးဒဏ်လေဒဏ်မှ ခိုလှုံရန်အတွက် ဂူလိုက်ရှာသည်။ တောင်ခါးပန်းတွင် အပြေးအလွှား လိုက်ရှာရာ၌ နေစရာဂူတစ်ခုကိုတွေ့သောအခါ ကျွန်ုပ်ကို ပြန်လာခေါ်သည်။

ဂူထဲရောက်မှ ချမ်းဖို့ကို ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

သတိရလာသည်။ အဖော်က မြက်ခြောက်စိုထိုင်းထိုင်းများဖြင့် မီးဖိုသည်။ ချုပင်မှုရသော ကိုင်းခြောက်ကိုင်းငယ်များဖြင့် မီးကို မပြတ်အောင် ထိန်းထားပေးသည်။ ထိုသို့ထိန်းသည့်ကြားမှ ကိုင်းခြောက်တို့က အစိုဓာတ်များသဖြင့် ငြိမ်းမလိုလို ခဏခဏ ဖြစ်သည်။ မီးမငြိမ်းအောင် သူတစ်လှည့် ကိုယ်တစ်လှည့် လေမှုတ်ပေးကြရသည်။

ထိုစဉ်မှာပင် စကားသံများကို သဲ့သဲ့ကြားရသည်။ စကားသံတို့ တဖြည်းဖြည်းကျယ်လာသည်။

ရွာသားတို့သည် အမဲလိုက်ထွက်လာစဉ် မိုးသက်မုန်တိုင်းကိုကြုံသဖြင့် မုန်တိုင်းဒဏ်မှ လွတ်ရာကို ရှာဖွေရင်း ကျွန်ုပ်တို့ရှိနေကြသည့်ဂူဆီသို့ လာကြခြင်း ဖြစ်သည်။ သူတို့သည် အမဲလိုက်၍ရသော သားကောင်ဖြင့် ကောက်သစ်စားပွဲကျင်းပရန် ရည်ရွယ်ထားကြသည်။ သူတို့သည် စကားတပြောပြောဖြင့် လာနေကြရာ၌ ကျွန်ုပ်အကြောင်းကို ပြောဆိုနေကြသည်။

"ဒီသိုးပါဂဆိုတဲ့ကောင် အတော်ဆိုးဝါးတယ်။ သူ့ကြောင့် လူဘယ်နှယောက်သေခဲ့ရတယ်ဆိုတာ ကောင်းကင်ဘုံက သိတယ်။ အခုလည်းကြည့်ဦး၊ သူ့ကြောင့် လယ်တွေပျက်ကုန်ပြန်ပြီ။ ငါတို့လယ်တွေအားလုံး ရစရာမရှိအောင် ပျက်သွားပြီ။ သူ့ကိုမိလို့ကတော့ အရှင်လတ်လတ်ကို အရေခွံဆုတ်ပစ်မယ်"

သူတို့ ဂူနားရောက်သောအခါ အသက်ကြီးသူတစ်ဦး၏စကားသံကို ကြားရသည်။

"အာကျယ်မနေကြနဲ့။ ဟောဟိုဂူထဲက မီးခိုးတွေထွက်နေတယ်၊ အထဲမှာ ဘယ်သူရှိနေလဲ မသိဘူး"

ထို့နောက် လူငယ်တစ်ယောက်၏စကားသံကို ကြားရသည်။

"မဟုတ်မှလွဲရော၊ သိုးပါဂ ဖြစ်မယ်။ သူက ငါတို့ကို တွေ့သေးတာမဟုတ်ဘူး။ ဒီတော့ ရွာကိုအပြေးပြန်ပြီး လူသွားခေါ်ကြရအောင်။ လူအုပ်နဲ့ ဂူကိုဝိုင်းထားကြမယ်။ ပြီးရင် သိုးပါဂကို ဖမ်းကြမယ်။ သူ့ကို ကီစ္စတုံးပစ်လိုက်ရင် နောက်နောင်မှာ အဖျက်အဆီးလုပ်မယ့်ရန်ကို ပူနေစရာမလိုတော့ဘူး"

သူတို့ ပြန်၍လှည့်ထွက်သွားကြသောအခါ ခြေသွက်က ကျွန်ုပ်ကို ဘေးလွတ်ရာသို့ ပြေးခိုင်းသည်။

"သိုးပါဂ၊ လွတ်ရာကို ပြေးပေတော့။ ငါက ဒီဂူထဲမှာ ကျန်နေရစ်ခဲ့မယ်။ ဒါမှ ငါ့ကို သိုးပါဂအမှတ်ဖြင့် သူတို့ ဝိုင်းဖမ်းကြမယ်။ ငါ့အတွက် မင်းမပူနဲ့၊ ငါက အပြေးသွက်တော့ သူတို့လက်က လွတ်အောင် ပြေးနိုင်တယ်"

ကျွန်ုပ်တို့နှစ်ဦး ပြန်ဆုံကြမည့်နေရာအဖြစ် အလာခရီးတုန်းက တည်းခိုခဲ့ကြဖူးသည့် တင်ဂရီတည်းခိုခန်းကို ရွေးချယ်လိုက်ကြသည်။ ကျွန်ုပ်သည် ဘေးလွတ်ရာသို့ ရှောင်ပြေးလိုက်သည်။ ခြေသွက်က လွတ်အောင်ပြေးနိုင်မှာ ကျိန်းသေနေသဖြင့် သူ့ကို ထားရစ်ခဲ့ရသည့်အတွက် နောက်ဆံမတင်းမိပေ။ အမေနှင့် ညီမလေးတို့နေကြသည့် ကျွမ်းဆာရွာအနီးသို့ရောက်ပြီးခါမှ သူတို့ကိုတွေ့ခွင့်မရဘဲ ထွက်လာခဲ့ရသည့်အတွက်သာလျှင် နောက်ဆံတင်းမိသည်။

ကျွန်ုပ်သည် လမ်းတွင် ခွေးကိုက်ခံလိုက်ရသေးသဖြင့် တင်ဂရီတည်းခိုခန်းသို့ အရောက်နောက်ကျသွားရ၏။ ကျွန်ုပ် ရောက်ရှိသွားသောအခါ ခြေသွက်သည် ရောက်နှင့်နေပြီ ဖြစ်သည်။ သူက ကျွမ်းဆာရွာသားတို့ကို အရူးလုပ်ခဲ့ပုံကို အားပါးတရ ပြောပြသည်။

သူတ ရှေ့မှပြေးသည်ကို ရွာသားတို့က ညာသံပေး၍ လိုက်ကြသည်။ သူကအပြေးသွက်သဖြင့် မီအောင် မလိုက်နိုင်ကြချေ။ ခပ်ဝေးဝေးသို့ရောက်သောအခါ သူက ရပ်စောင့်သည်။ ရွာသားတို့ နီးကပ်လာသောအခါမှ ဆက်ပြေးသည်။ ထိုသို့ ရပ်စောင့်တိုင်း သူက ရွာသားတို့ မခံချင်အောင် နောက်ပြောင်သည်။ ရွာသားတို့က သူ့ကို သိုးပါဂအမှတ်ဖြင့် သဲသဲမဲမဲ လိုက်ကြသည်။ ဝအောင် ပြေးပြီးသောအခါမှ သူက-

"ဟေ့- ဒီမှာပြောတာ နားထောင်စမ်း၊ ငါ့ကို ပထမဆုံး တိုက်ခိုက်တဲ့သူဟာ နောက်တစ်ကြိမ် ကျိန်စာတိုက်ရင် အရင်ဆုံးထိမယ်။ ငါ့ကြောင့် သေသွားခဲ့တဲ့သူတွေအတွက် ငါ အရမ်းပျော်တယ်။ ငါ့ကြောင့် လယ်တွေ ပျက်ကုန်တာအတွက်လည်း ငါအရမ်းပျော်တယ်။ ဒီလယ်တွေကို ငါ့ပညာနဲ့ ဖျက်ပစ်ခဲ့တယ်။ ငါ့အမေနဲ့ ငါ့ညီမတို့ကို ထိရဲရင် ထိကြည့်ကြစမ်း၊ ငါ့အကြောင်းကို ယခုထက် ပိုသိသွားစေရမယ်။ သိုးပါဂကို ဘာများမှတ်နေကြသလဲ။ မယုံရင် စမ်းကြည့်ကြလေ၊ လယ်မြေတွေ အကုန်လုံးကို သဲကန္တာရဖြစ်အောင် လုပ်ပစ်မယ်။ ပျက်စီး ကိမ်ကောပြီး ဖုန်းဆိုးမြေဖြစ်အောင် လုပ်ပစ်မယ်။ တကယ်မလုပ်ရင် သိုးပါဂဆိုတဲ့ကောင်ကို ကြိုက်သလို ပြောနိုင်တယ်"

ဟု ပြောလိုက်ရာ နောက်မှလိုက်နေကြသူတို့ ခြေလှမ်းတန့်ကုန်ကြသည်။ ရှေ့ဆက်မလိုက်ရဲကြတော့ဘဲ ပြန်လှည့်သွားကြသည်။ သူတို့အချင်းချင်းလည်း မညီမညွတ် ဖြစ်ကုန်ကြသည်။ ကျွန်ုပ် စိတ်ဆိုးအောင် ယခုလိုလုပ်မိသည့်အတွက် အချင်းချင်း သူ့ကြောင့်၊ ငါ့ကြောင့် ဟု အပြစ်တင်ကြသည်။

ခြေသွက်သည် တင်ဂရီတည်းခိုခန်းသို့ ရောက်သောအခါ ကျွန်ုပ်ကိုရှာသည်။ တည်းခိုခန်းပိုင်ရှင်ကိုလည်း မေးမြန်းသည်။ ကျွန်ုပ်၏ပုံပန်းသဏ္ဌာန်တို့ ပြောပြပြီး မေးရာ တည်းခိုခန်းပိုင်ရှင်က မတွေ့မိကြောင်း ဖြေသည်။ ထို့နောက် တည်းခိုခန်းပိုင်ရှင်က-

"သင်တို့လို ဘုရားဖူးတွေက အလှူကြုံရင် ဝင်စားကြလေ့ရှိတယ်။ အခု ရွာတောင်ဘက်မှာ မင်္ဂလာဆောင် အလှူတစ်ခုရှိတယ်၊ သွားစားပါလား။ သင့်မိတ်ဆွေရောက်လာခဲ့ရင် အဲဒီကို လွှတ်လိုက်မယ်"

ဟု ပြောသဖြင့် အလှူသို့ သွားစားခဲ့ကြောင်း ခြေသွက်က ပြောပြ... နံနက်စာ စားသောက်ပြီးသောအခါ တည်းခိုခန်းသို့ ပြန်လာခဲ့ပြီး ကျွန်ုပ် ရောက်အလာကို စောင့်ဆိုင်းနေခဲ့ကြောင်း သူက ပြောပြသည်။ ကျွန်ုပ် အဘယ်ကြောင့် ဤမျှ ကြာနေရသည်ကို သူက မေးမြန်းသည်။

ကျွန်ုပ်က လမ်းတွင်ခွေးကိုက်ခံရ၍ ကြာသွားရကြောင်း ပြောပြပြီး တောင်းပန်လိုက်သည်။ သူက-

"တောင်းပန်စရာမလိုပါဘူး၊ ကိစ္စ မရှိပါဘူး"

ဟု ပြောသည်။ ထို့နောက် ဆရာ... ထံသို့ အတူပြန်ခဲ့ကြသည်။ ကျွန်ုပ်... အောင်မြင်ခဲ့ပုံကိုပြောမည်ပြုရာ ဆရာက သိနှင့်နေသည်။ သူက ကျွန်ုပ်အတွက် ဂုဏ်ယူသည့်စကားပြောကြား...

ဤသို့ဖြင့် ကျွန်ုပ်သည် လော... လမ်းပညာရှင်အဖြစ်သို့ ရောက်ရှိသွား... သည်။ အမေစေခိုင်းသည့်အတိုင်း လ... စားချေပေးခဲ့သည်။ ကျွန်ုပ်ကြောင့် အ... သက်ပျောက်ကြရသူများအတွက် စိတ်... မကောင်း လုံးဝ မဖြစ်မိခဲ့ပေ။ ထို့မှအ... ကျွန်ုပ် မိုက်တွင်းနက်ပြီး မိုက်လုံးကြီး... ပေသည်။

(ဆက်ရန်...)

အောင်ရွှေ...

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်စောလှိုင်(ရုသစ)

# ဟင်းစားလည်းပေး ကွန်ရေးလည်းပြ



၁၉၈၂ ခုနှစ်မှ စတင်ပြီး မြန်မာ့ ဗေဒင်များ၊ အနောက်တိုင်းဗေဒင်များ၊ လက္ခဏာပညာရပ်များကို လူအများ ဆဝေဆာဆာ သိခွင့်၊ ဆည်းပူးခွင့်ရခဲ့ကြသည်။ ဇောတိသဝေဒမဂ္ဂဇင်းက စတင်ခဲ့တာဖြစ်ပြီး ထို့နောက်မှာတော့ အခြားမဂ္ဂဇင်းများ ပေါ်ထွက်လာခဲ့ကြပါသည်။

မွေးသက္ကရာဇ်၊ လ၊ ရက်တို့ကို မေးပြီးသည်နှင့် စက္ကန့်ပိုင်းအတွင်း ဘာနေ့သား၊ ဘာဖွားဖြစ်တယ်လို့ အတပ်ပြောပြီး ဗေဒင်မေးသူက ဆရာဖြစ်သူအပေါ် အံသြအမှတ်ပြုခြင်းကို စတင်ရယူနိုင်သော သမားဂုဏ်ပြအဟောဖြစ်တွက်နည်းများ မဂ္ဂဇင်းများ၌ ကြိုကြားကြိုကြား ပေါ်လာခဲ့ကြသည်။ မြန်မာသက္ကရာဇ်ရော ခရစ်သက္ကရာဇ်နှင့်ပါ တွက်နည်းများဖော်ပြပေးခဲ့ကြပါသည်။

တချို့က (၁)နှစ်၊ (၂)နှစ်စာ ဟင်းစားပေးသည်။ တချို့က တော်တော်များများ ဟင်းစားပေးသည်။ သို့သော် လွယ်လည်းလွယ်၊ မြန်လည်းမြန်၊ မှန်လည်းမှန်သော ကွန်ချက်ပြသူ၊ ပြနိုင်သူ အလွန်ပင် ရှားပါသည်။

ယခုဆောင်းပါးတွင် ဟင်းစားအများကြီးပေးထားပါသည်။ ကွန်ချက်တစ်ခုလုံးလည်း ပြလိုက်ပါသည်။ ကျွန်ုပ်တို့၏ တစ်သက်တာမက နောင်လာနောက်သားတို့အားလည်း လက်ဆင့်ကမ်းပေးနိုင်ပါမည်။

ပထမဆုံး လူသုံးများသော၊ ရိုးသုံးဖြစ်သော ခရစ်သက္ကရာဇ်ဖြင့် အဖြေရှာနည်းကို ဖော်ပြပါမည်။

ခရစ်သက္ကရာဇ်သည် စည်းမှန်ဝါးမှန် ရှိပါသည်။ (၄) နှစ် တစ်ကြိမ် တစ်ရက်တိုးခြင်း (Leap year)၊ ရာပြည့်နှစ်များသည် (၄၀၀) ဖြင့် စား၍မပြတ်ပါက (Leap year) မဟုတ်သောနှစ်ဖြင့် နှစ် (၄၀၀) တိုင်းမှ (၃) ရက်ပြန်နုတ်ခြင်းတို့ဖြင့် စည်းဝါးမှန်လှပါသည်။ ဤကဲ့သို့သောစနစ်ကို ကျင့်သုံးပြီး ခရစ်သက္ကရာဇ်ဖြင့် ဖော်ပြနေသော ယနေ့ အသုံးပြုလျက်ရှိသည့် ပြက္ခဒိန် (Gregorian calendar) သည်ပင် နေနှစ် (Sun year) ဖြင့် အတိအကျ မကိုက်ညီသေးပေ။ ပြက္ခဒိန်ထဲ၌ တစ်နှစ်လျှင် (၂၆) စက္ကန့် အပိုပါသွားနေသေးသည်။ နှစ်ပေါင်း ၄၀၀၀ ခန့်တွင် တစ်ရက်ခန့် အပိုပါသွားမည်ဖြစ်၏။ ထို့ကြောင့် သက္ကရာဇ် ၄၀၀၀ ၌ တစ်ရက်ပြန်၍ နုတ်ယူဖွယ်ရှိ၏။ ဆိုလိုသည်မှာ သက္ကရာဇ် ၄၀၀၀ကို ရက်ထပ်နှစ်မဟုတ်ဟု သတ်မှတ်ခြင်းဖြင့် တစ်ရက်ပြန်နုတ်ခြင်းကို ဆိုလိုပါသည်။

ထို့ကြောင့် ကျွန်ုပ်၏ တွက်နည်းကို AD ၁၆၀၀ မှ AD ၃၉၉၉ အထိ စိတ်ချစွာ အသုံးပြုနိုင်ပါသည်။ AD ၄၀၀၀ မှ အထက်ဆိုလျှင်လည်း မခက်ပါ။ ယခုဖော်ပြမည့် တွက်နည်းများအတိုင်း တွက်ယူပြီး နောက်ဆုံးအဖြေ၌ ဆိုင်ရာညှိကိန်းများကို နုတ်ယူခြင်းဖြင့် အဖြေရပါသည်။

AD ၄၀၀၀ မှ ၇၉၉၉ အထိ ညှိကိန်း (၁)၊ AD ၈၀၀၀ မှ ၁၁၉၉၉ အထိ ညှိကိန်း (၂) စသဖြင့် တစ်ခုစီတိုးယူကာ မည်သည့် ခရစ်သက္ကရာဇ်ကိုမဆို တွက်ယူနိုင်ပါမည်။

### အပိုင်း (၁)

နှစ်ပေါင်း (၈၀) အတွက် ရှေဦးစွာ ဟင်းစားပေးလိုက်ပါသည်။

၁၉၅၀ မှ ၁၉၅၉ အထိ (၁၀) နှစ်ကို တစ်တန်း၊ ၁၉၆၀ မှ ၁၉၆၉ အထိ (၁၀) နှစ်ကို တစ်တန်း စသည်ဖြင့် ၂၀၂၉ အထိ နှစ်ပေါင်း (၈၀) အတွက် လက်ာဖွဲ့ ဖော်ပြပေးလိုက်ပါသည်။

လင်္ကာကို နံသင့်ဂဏန်းကောက်ယူရာ၌ စနေနံအတွက် ၀ (သုည)၊ ယ-ရ-လ-ဝ အတွက် (၄) ကောက်ယူပါ။ (၇) ခု သင်္ချာဖြစ်သောကြောင့် (၇-၈-၉) တို့ မရှိပါ။

လင်္ကာများကို ခုနှစ်သက္ကရာဇ်အလိုက် ဒက်ခနဲ ပြောနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရပါမည်။ ၁၉၇၄ ခုနှစ်ဆိုပါစို့။ ၁၉၇၀ အတန်းက 'စောရသတိ' လင်္ကာမှန်း စိတ်ဖြင့် ချက်ချင်းသိရမည်။ ထို့နောက် စိတ်မှာ လင်္ကာဆိုရင်း 'အ' မှန်း သိရမည်။ ထို့နောက် နံသင့်ဂဏန်းက(၁)။ ထို့ကြောင့် ၁၉၇၄ ခုနှစ်အတွက် နှစ်ကိန်းက (၁)။ မြန်သထက်မြန် အောင် လေ့ကျင့်ထားဖို့ လိုပါသည်။

ဇယား (၂) လကိန်းများ

| လ | ကိန်း | လင်္ကာ |
|---|---|---|
| ဇန်နဝါရီ | ၁ | ဧ |
| ဖေဖော်ဝါရီ | ၄ | ရာ |
| မတ် | ၄ | ဝ |
| ဧပြီ | ၀ | တီ |
| မေ | ၂ | ကျောက် |
| ဇွန် | ၅ | ဖြာ |
| ဇူလိုင် | ၀ | တည် |
| ဩဂုတ် | ၃ | စစ် |
| စက်တင်ဘာ | ၆ | သည် |
| အောက်တိုဘာ | ၁ | အ |
| နိုဝင်ဘာ | ၄ | လုပ် |
| ဒီဇင်ဘာ | ၆ | သိမ်း |

ဇယား (၁) နှစ်ကိန်းများ

| | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|---|---|
| ၁၉၅၀ | သူ | တို့ | က | ဆိုး | လူ | မ | နိုး | အ | ခိုး | စုံ |
| ၁၉၆၀ | မယ် | သီ | တာ | အောင် | စေ | ရာ | မ | သူ | အင်း | ချ |
| ၁၉၇၀ | စော | ရ | သ | တိ | အ | ကုန် | ရှိ | မင်း | သိ | တယ် |
| ၁၉၈၀ | ခြံ | စောင့် | ဝင် | မ | ထင် | အောင် | ကြိုး | ဆီး | ဖြူ | သီး |
| ၁၉၉၀ | နှင့် | အ | ဆူ | လုံ | မ | သိ | အ | ကြည့် | ဆုံ | လာ |
| ၂၀၀၀ | သူ | တော် | အောင် | က | ယောင် | ပေါက် | သီး | နွား | ကား | စီး |
| ၂၀၁၀ | လူ | မြင် | တာ | အ | ကုန် | ဆေး | မ | သိ | တာ | ဒေး |
| ၂၀၂၀ | ဇ | လုံ | ပေါက် | သူ | အောက် | က | ဆွယ် | လူ | သေး | တယ် |



www.burmeseclassic.com

www.burmeseclassic.com

ထိုလက်ာဇယားကို အောက်ပါအတိုင်းလည်း မှတ်နိုင်၏။

*ဖေဖော်, မတ်, နို - ၄ ခုဆို။*
*ဇွန်မှာ- ၅ ကောက်၊ ဒီ, စက်-၆။*
*အောက်, ဇန်မှာ -၁၊ မေမှာ-၂။*
*ဩဂုစ်- ၃ ဖြစ်၊ အမှန်စစ်။*
*ဧပြီ, ဇူလစ် - သုည ဖြစ်။*

လ်နှင့် လင်္ကာတွဲလျက် နံသင့်ဂဏန်းကောက်ယူရန်မှာ အထူးရှင်းပြစရာ လိုမည် မထင်ပါ။

**တွက်နည်း**

နှစ်ကိန်းကို ဇယား (၁) မှ၊ လကိန်းကို ဇယား (၂) မှ၊ ရက်ကိန်းကို သိလိုသောရက်မှ ရယူပါ။ နှစ်ကိန်း၊ လကိန်းနှင့် ရက်ကိန်းတို့ပေါင်းလျှင် အဖြေရပါ၏။

နှစ် + လ + ရက် = နေ့။

ရက်ထပ်နှစ်များ၏ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွက် (၁) နုတ်ပါ။

ရလဒ်သည် (၇) ထက်ကြီးနေပါက ဖြုပစ်ပါ။ (၇) ဖြင့် စားပြီး အကြွင်းကိုယူပါ။

(၁)နုတ်ခြင်း၊ (၇)ဖြုခြင်းများကို ကြားအဆင့်များတွင် ပြုလုပ်လျှင်လည်း အဖြေမပြောင်းလဲပါ။

ဥပမာ (၁)

**၁၉၆၂ ခုနှစ်၊ မတ်လ၊ ၂ ရက်**
တော်လှန်ရေးကောင်စီဦးဆောင်သောနေ့

```
၁၉၆၂   မတ်    ၂ ရက်
 |      |      |
 ၀  +   ၄  +   ၂  = ၆ (သောကြာနေ့)
```

ဥပမာ (၂)

**၁၉၈၈ ခုနှစ်၊ ဩဂုတ်လ၊ ၈ ရက်**
ရှစ်လေးလုံးလှုပ်ရှားမှု

```
၁၉၈၈ ဩဂုတ်   ၈ ရက်
 |      |      |
 ၅  +   ၃  +   ၈ = ၁၆ — ၂ (တနင်္လာနေ့)
```

မြားဖြင့်ပြထားသည်မှာ (၇)ထက်များသဖြင့် ဖြုထားသောအဆင့် ဖြစ်၏။

ဥပမာ (၃)

**၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၁ ရက်**
၂၁ ရာစု၏အစ

```
၂၀၀၀ ဇန်နဝါရီ  ၁ ရက်
 |      |      |
 ၆  +   ၁  +   ၁ = ၈ — ၁
      ရက်ထပ်နှစ်    -၁
                  ၀ (စနေနေ့)
```

ဥပမာ (၄)

**၂၀၀၈ ခုနှစ်၊ မေလ၊ ၂ ရက်**
နာဂစ်မုန်တိုင်း

```
၂၀၀၈   မေ    ၂ ရက်
 |      |      |
 ၂  +   ၂  +   ၂ = ၆
          (သောကြာနေ့)
```

ဥပမာ (၅)

**၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၁ ရက်**
စစ်ကိုင်း၊ မန္တလေးငလျင်

```
၂၀၁၂ နိုဝင်ဘာ ၁၁ ရက်
 |      |      |
 ၀  +   ၄  +  ၁၁ = ၁၅ — ၁
          (တနင်္ဂနွေနေ့)
```

ဥပမာတွက်ပုံများဖြင့် နှစ်ပေါင်း (၈၀)အတွက် ဟင်းစားပေးပြီးသွားပါပြီ။ လင်္ကာနှစ်ပုဒ်ကို အသုံးပြုရုံဖြင့် စက္ကန့်ပိုင်းအတွင်း အဖြေရပါသည်။ အလေ့အကျင့်များလာသောအခါတွင်ကား မေးခွန်းလည်းဆုံး အဖြေလည်းထွက်ပြီး ဖြစ်လာပါလိမ့်မည်။

**အပိုင်း (၂)**

ဆက်လက်ပြီး နှစ်ပေါင်း (၈၀) မက အလိုရှိသူများအတွက် ကွန်ချက်ပြသွားပါမည်။ ခရစ်သက္ကရာဇ် ၁၆၀၀ မှစ၍ ဤတွက်နည်းကို အသုံးပြုနိုင်ပါသည်။ တွက်ရာမှာလည်း နှစ်ကိန်း၊ လကိန်းနှင့် ရက်ကိန်းတို့ကို ပေါင်းရတာပဲ ဖြစ်ပါသည်။

နှစ်ကိန်းမှာ နှစ်ပေါင်းထောင်ချီနေသည့်အတွက် လင်္ကာဖွဲ့ခြင်းငှာ မစွမ်းပါသဖြင့် တွက်ယူရပါမည်။ တွက်နည်းမှာ မခက်ပါ။

လကိန်းမှာ ယခင်ဖော်ပြခဲ့သည့် လင်္ကာနှစ်ခုပဲ ဖြစ်သည်။ ကြိုက်ရာတစ်ခုကို သုံးပါ။

ရက်ကိန်းကလည်း သိလိုတဲ့ရက်အတိုင်းပင်။ လကိန်းနှင့် ရက်ကိန်းတို့ကို တွက်ရန်မလိုဘဲ နှစ်ကိန်းကိုသာ တွက်ယူရပါမည်။

**နှစ်ကိန်းတွက်နည်း**

သိလိုသောသက္ကရာဇ်သည် ဂဏန်း (၄) လုံး ပါရှိမည်။

ထောင်ဂဏန်းနှင့် ရာဂဏန်း နှစ်လုံးကိုယူ၊ (၄) ဖြင့်စား၊ စားကြွင်းကို (၂) ဆလုပ်ပြီး (၆) ထဲမှနုတ်၊ ရသောနုတ်ကြွင်းသည် 'ရာထောင်ညှိကိန်း' ဖြစ်၏။

ဥပမာ (၆)

**၁၆၀၀ ပြည့်နှစ်**

```
                            ၆
၁၆ ÷ ၄ = ၀ ကြွင်း × ၂ = ၀
ရာထောင်ညှိကိန်း          = ၆
```

ဥပမာ (၇)

**၁၇၀၀ ပြည့်နှစ်**

```
                            ၆
၁၇ ÷ ၄ = ၁ ကြွင်း × ၂ = ၂
ရာထောင်ညှိကိန်း          = ၄
```

ဥပမာ (၈)

**၁၈၀၀ ပြည့်နှစ်**

```
                            ၆
၁၈ ÷ ၄ = ၂ ကြွင်း × ၂ = ၄
ရာထောင်ညှိကိန်း          = ၂
```

ဥပမာ (၉)

**၁၉၀၀ ပြည့်နှစ်**

```
                            ၆
၁၉ ÷ ၄ = ၃ ကြွင်း × ၂ = ၆
ရာထောင်ညှိကိန်း          = ၀
```

သက္ကရာဇ် ၂၀၀၀၊ ၂၁၀၀၊ ၂၂၀၀ စသည်ဖြင့် သက္ကရာဇ် ၃၉၀၀ အထိ တွက်ကြည့်ပါက ရာထောင်ညှိကိန်းသည် ၆၊ ၄၊ ၂၊ ၀ အလှည့်ကျရပါမည်။ အကြွင်းကိုကြည့်ပြီး-

- ၀ ကြွင်းလျှင် ၆
- ၁ ကြွင်းလျှင် ၄
- ၂ ကြွင်းလျှင် ၂
- ၃ ကြွင်းလျှင် ၀

ဟုလည်း အတိုအလွယ် မှတ်နိုင်ပါသည်။

ရာထောင်ညှိကိန်းသည် နှစ် ၄၀၀ တိုင်းကနေ (၃) ရက် ပြန်၍နုတ်ရသော စနစ်ကြောင့် ဖြစ်ပေါ်လာရသော တိ… ဆင်တွက်နည်း ဖြစ်ပါသည်။

သိလိုသော သက္ကရာဇ်၏ ဆ… ဂဏန်းနှင့် ခုဂဏန်းကိုယူ၊ ၂ ဖော်ထ… ၁ ဖော်ကို ၄ ဖြင့်စား၍ စားလဒ်ကို… ကျန်၁ဖော်ကို ၇ ဖြင့်စား၍ စားကြွင်း… ယူ။ စားလဒ်နှင့် စားကြွင်းတို့ကို ပေါ… လျှင် 'ခု-ဆယ်ညှိကိန်း' ကို ရ၏။

ဥပမာ (၁၀)

**၁၆၀၀ ပြည့်နှစ်**

```
၀၀ ÷ ၄ = လဒ်    ၀
၀၀ ÷ ၇ = ကြွင်း  ၀
ခု-ဆယ်ညှိကိန်း = ၀
```



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ (၁၁)

**၁၇၅၀ ပြည့်နှစ်**

၅၀ ÷ ၄ = လဒ် ၁၂ ဖြို = ၅

၅၀ ÷ ၇ = ကြွင်း ၁ = ၁

ခု-ဆယ်ညှိကိန်း = ၆

ဥပမာ (၁၂)

**၁၉၉၀ ပြည့်နှစ်**

၉၀ ÷ ၄ = လဒ် ၂၂ ဖြို = ၁

၉၀ ÷ ၇ = ကြွင်း ၆ = ၆

ခု-ဆယ်ညှိကိန်း = ၀

ဥပမာ (၁၃)

**၂၀၁၂ ခုနှစ်**

၁၂ ÷ ၄ = လဒ် ၃

၁၂ ÷ ၇ = ကြွင်း ၅

ခု-ဆယ်ညှိကိန်း = ၁

ခု-ဆယ်ညှိကိန်းသည် (၄) နှစ်လျှင် တစ်ကြိမ်ကျ (၁) ရက်တိုးပြီး ရက်တစ်ပတ်မှာ (၇) ရက်ရှိခြင်းစနစ်ကြောင့် ဖြစ်ပေါ်လာရသောကိန်းဆင်တွက်နည်းများ ဖြစ်ပါသည်။ ရာ-ထောင်ညှိကိန်းနှင့် ခု-ဆယ်ညှိကိန်းတို့ နှစ်ခုပေါင်းလျှင် နှစ်ကိန်းကို ရပါသည်။ ဇယား(၁)၌ဖော်ပြထားသည်မှာ အသင့်တွက်ပြီးသောနှစ်ကိန်းများ ဖြစ်ပါသည်။ တွက်ကြည့်၊ တိုက်ကြည့်ပါ။

ဥပမာ (၁၄)

**၁၉၅၀ ပြည့်နှစ်**

ရာထောင်ညှိ ၁၉÷၄ = ၃ ကြွင်း = ၀

၅၀÷၄ = လဒ် ၁၂ = ၅

ခု-ဆယ်ညှိ

၅၀÷၇ = ကြွင်း ၁ = ၁

နှစ်ကိန်း = ၆

ဥပမာ (၁၅)

**၂၀၁၃ ခုနှစ်**

ရာထောင်ညှိ ၂၀÷၄ = ၀ ကြွင်း = ၆

၁၃÷၄ = လဒ် ၃ = ၃

ခု-ဆယ်ညှိ

၁၃÷၇ = ကြွင်း ၆ = ၆

နှစ်ကိန်း = ၁

ယခု ဆက်လက်ပြီး ခုနှစ်၊ လ၊ ရက် အပြည့်အစုံသုံးကာ အဖြေကိုတွက်ကြပါမည်။

ဥပမာ (၁၆)

၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃ ရက်

မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့

ချတွက်နည်း

၁၉ ÷ ၄ = ၃ ကြွင်း = ၀

၁၅ ÷ ၄ = လဒ် = ၃

၁၅ ÷ ၇ = ကြွင်း = ၁

ဖေဖော်ဝါရီ = ၄

၁၃ ရက် = ၁၃

၇ | ၂၁

၂၁

စနေနေ့ = ၀

စိတ်တွက်တွက်နည်း

၁၉ ÷ ၄ = ၃ ကြွင်း = ၀ ဖယ်လိုက်ပါ။

၁၅ ÷ ၄ = လဒ် ၃ | ဖြို

၁၅ ÷ ၇ = ကြွင်း ၁ | ― ၁

ဖေဖော်ဝါရီ = ၄

၁၃ ရက် ― ၆

စနေနေ့ = ၀

မြားဖြင့်ပြထားသည်များမှာ (၇) ထက်များသဖြင့် ဖြို့ထားသောအဆင့်များ ဖြစ်ပါသည်။ စိတ်တွက်တွက်ရာ၌ ကိန်းဂဏန်းများကို ငယ်သွားစေပြီး ပို၍လွယ်ကူလာပါ၏။

ဥပမာ (၁၇)

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ၊ ၁၉ ရက်

မြန်မာအာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောနေ့

၁၉ ÷ ၄ = ၃ ကြွင်း = ၀ (ဖယ်)

၄၇ ÷ ၄ = လဒ် ၁၁ ― ၄

― ၂

၄၇ ÷ ၇ = ကြွင်း ၅

ဇူလိုင် = ၀ (ဖယ်)

၁၉ ရက် ― ၅

စနေနေ့ = ၀

ဥပမာ (၁၈)

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်

မြန်မာနိုင်ငံလွတ်လပ်ရေးနေ့

၁၉ ÷ ၄ = ၃ ကြွင်း = ၀ (ဖယ်)

၄၈ ÷ ၄ = လဒ် ၁၂ ― ၅

― ၄

၄၈ ÷ ၇ = ကြွင်း ၆

* ဇန်နဝါရီ = ၁

၄ ရက် = ၄ ၄

* ရက်ထပ်နှစ် = - ၁

တနင်္ဂနွေနေ့ = ၁

ဥပမာ (၁၉)

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၃၁ ရက်

၂၀၁၃ ခုနှစ်၏နောက်ဆုံးရက်

၂၀ ÷ ၄ = ၀ ကြွင်း = ၆ | ၂

၁၃ ÷ ၄ = လဒ် = ၃ ― ၁

၁၃ ÷ ၇ ကြွင်း = ၆ ― ၀

ဒီဇင်ဘာ = ၆

၃၁ ရက် = ၃

အင်္ဂါနေ့ ၃

စာဖတ်သူများကို ကွန်ချက်ပြလို့ပြီးပါပြီ။ တစ်နှစ်တစ်ခါ ကိန်းဆင်ယူရတာမျိုး မဟုတ်ဘဲ နှစ်ပေါင်းများစွာအတွက် တွက်ရိုးတစ်ခုတည်းဖြင့်ပင် အဖြေရပါသည်။ လွယ်လည်းလွယ်၊ မြန်လည်းမြန်ပြီး မှန်လည်းမှန်၏။

ထိုသို့ဖြစ်အောင် ဉာဏ်အား၊ ဝီရိယအား၊ အချိန်အားများ မည်မျှ စိုက်ထုတ်ထားခဲ့ရသည်ကို မြင်တတ်သူများ မြင်ကြပါမည်။ တန်ဖိုးသိတတ်သူများ သိကြပါမည်။ မဂ္ဂဇင်းစာမျက်နှာအပေါ်၌မူ စာမျက်နှာအနည်းငယ်မျှသာ ဖြစ်၏။ အဆင်သင့်ဖတ်ရှု၍ လွယ်လွယ်ကူကူရရှိသွားကြမည်။

## အပိုင်း (၃)

"ခုနှစ်ပြော"

"၁၉၇၆ ခုနှစ်"

"လ ပြော"

"မေလ"

"ရက် ပြော"

"၂၀ ရက်"

"မောင်ရင်က ကြာသပတေးသား၊ အမိပတိဖွားပဲ။ ဘွဲ့ရခဲ့လား"

"ဟုတ်ကဲ့ ဆရာ"

"အခုလာတဲ့ကိစ္စက"

"ကျွန်တော်က ကျောင်းဆရာပါ။ transfer တင်ထားတာ ရ၊ မရ သိချင်လို့ပါ"

"အိမ်ပြောင်းတာ၊ အိမ်ပြင်တာမျိုး ဖြစ်ပြီးပြီလား"

"ဟုတ်ကဲ့၊ အိမ်ပြောင်းခဲ့တာ"

"ဒါဆို သေချာတယ်၊ transfer လည်း ရလိမ့်မယ်"

"..........."

အတွေ့အကြုံများထဲမှ တစ်ခုဖြစ်ပါသည်။ အားလုံး စိတ်တွက်ချည်း ဖြစ်၏။ စိတ်တွက်ဖြင့်ပင် ဗုဒ္ဓဟူးတန်းစီးမှန်း သိနိုင်၏။ နိစ်ပြမှာ ၁-၅၊ ကတ္တုကာရကများ ကပ်ထား၏။ တစ်ကြိမ်နှင့်မပြီး၊ အကြိမ်ကြိမ်အခါခါ ဖြစ်လေ့ရှိ၏။ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

# ခန္တီးတောင် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဆေးနည်းတော်

လွန်ခဲ့သော (၁၅) နှစ်ခန့်က ဖျာပုံမြို့သို့ မိုးတွင်းအချိန်အခါတွင် ခန္တီးတောင် တောင်တန်းသာသနာပြုဆရာတော်ကြီး မေတ္တာရှင် ဦးဥတ္တမသာရသည် ကြွရောက်လာပြီး မြို့လူထုအတွက် ပရိတ်တရားဒေသနာတော်ကြီးများ ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

ဆရာတော်ကြီး ပရိတ်တရားဒေသနာတော်များ ချီးမြှင့်ပေးသနားတော်မူခဲ့သောနေရာမှာ ဖျာပုံမြို့ မန်ကျည်းတန်းရပ် အ-ပ-ကရှေ့ရှိ ရွှေသာလျောင်းကျောင်း တန်ဆောင်းတော်ကြီးအတွင်း၌ဖြစ်ပါသည်။ တချို့က ဆရာတော်ကြီးအား ရေဆူဆရာတော်၊ မေတ္တာကမ္ဘာ့ဌာန်းပေါက်သူ၊ 'ဝဋ္ဋသုတ်'ပရိတ်တော်နှင့် မြန်မာပြည်တစ်နံတစ်လျား ဝေနေယျများကို မီးဘေး၊ ကပ်ဘေးအမျိုးမျိုးမှ ကယ်တင်ပေးနေသူအဖြစ် ကြည်ညိုလေးစားကြပါသည်။

ဆရာတော်ကြီး ပရိတ်ကြီး (၁၁) သုတ်နှင့် မေတ္တာသုတ်စွမ်းအင်များသည် လွန်စွာ အကျိုးများကြောင်း ကိုယ်တိုင် တရားနာခဲ့ရ၍ ကြားသိခဲ့ရပါသည်။

ထိုညက ထူးခြားသည်က ဆရာတော်ဘုရားကြီး ဟောကြားမည့် တန်ဆောင်းတော်နှင့် တရားနာပရိတ်အင်အားကမ္ဘာ ရောက်လာမစဲတသဲသဲ။ သို့သော် ပရိသတ်ဘယ်လောက်များများ တန်ဆောင်းတော်ကြီးက ပြည့်တယ်လို့မရှိ။ လာသမျှ တရားနာပရိသတ် ဓမ္မမိတ်ဆွေများလက်ထဲတွင် ပရိတ်အိုး၊ ပန်းအိုး၊ ဆီအိုး(ပရိတ်ဆီ)လေးများ ကိုင်ဆောင်ထားကြသည်။

ဆရာတော်ကြီး၏ ပရိတ်တရားတော်နာနေသည့်အချိန်တွင် ပရိတ်ဆီ၊ ပရိတ်ရေများ ဆူဝေလျှံကြကုန်ပါသည်။ ထိုအထဲတွင် ဆရာတော်ကြီးမှ တရားနာပရိသတ်ကို သူ့အတွေ့အကြုံနှင့် ယှဉ်လျက် နတ်ဆေးဂမုန်းအကြောင်း၊ ချင်းတောင် ဂေါ်ရခါးရွာလေးတွင် သီတင်းသုံးစဉ် ပင်စင်စားစာတိုက်ဗိုလ် Kဗဟာဒူး အသက် (၇၀) သည် ဆီးချိုရောဂါတက်ပြီး အလွန်ဝနေသဖြင့် မကြာခဏ ညည်း၍နေလေရာ ဆရာတော်ကြီးက တရားပြနှစ်သိမ့်နေရသည်။

တစ်နေ့တွင် ဟိန္ဒူဆေးကျမ်းတွင် Kဗဟာဒူး၏ရောဂါကို ပျောက်စေသည့် ဆေးနည်းကို နဂရီစာနှင့် ရေးထားတာတွေ့ရပြီး စီမံရတာ လွယ်ကူသဖြင့် စမ်းကြည့်ရာ (၃) ရက်အကြာတွင် ဆီးချိုရောဂါ အတော်သက်သာသွားပြီး စွဲမြဲသုံးစွဲစေခဲ့ရာ ပျောက်ကင်းသွားသည်။ ဆေးနည်းလေးကို မေတ္တာနှင့် ချီးမြှင့်ပါသည်။

ဆေးနည်းက -

နှစ်ရှည်လများ ရေထဲတွင်နစ်မြုပ်နေသော ကျောက်ခဲတစ်လုံး (ရေနှင့်အမြဲထိတွေ့နေသောကျောက်ခဲ) ကို ယူ၍ မီးဖိုထဲတွင် (၂)နာရီခန့်ကြာအောင် ဖုတ်ရပါမည်။ မီးအားကောင်းရမည် ဖြစ်ပြီး ကျောက်တုံးသိပ်ပူနေတုန်းမှာ ညှပ်နှင့်ထုတ်ယူပြီး သီးသန့်အိုးတစ်အိုးနှင့် ထည့်ထားသည့် သောက်ရေးအိုးထဲ ညှပ်နှင့်အသာလေးထည့်လိုက်ပါ။ ရှူးရှဲမြည်ပြီး ရေများဆူပွက်လာပါလိမ့်မည်။ ကျောက်ခဲ အကြီး၊ အသေးအလိုက် ရေအများ၊ အနည်း ချင့်ချိန်ထည့်ပါ။ ရေအေးသွားသည်အထိ ကျောက်ခဲ ထည့်ထားပါ။ ရေအေးသွားပြီဆိုမှ ကျောက် ကိုထုတ်ကာ ရေကို သီးသန့်ချိုင့်၊ ချိုင့်၊ အိုးထဲသို့ ရေစစ်နှင့် လောင်းထည့် ပါ။ ထိုရေသည် သာမန်ရေ မဟုတ် ဆေးဖြစ်ဝါးဖြစ်ရေဖြစ်သွားပြီ။ သော ရေအစား ကျောက်ခဲမီးဖုတ်ရေကိုမပြတ် သောက်သုံးပါ။ (၅) ရက်အတွင်း ထိ နည်းအတိုင်းလုပ် သောက်သုံးပါက သ သာပါမည်။ စွဲမြဲအောင်သုံးလျှင် ဆီး ပျောက်သည့်အပြင် အတွင်း၊ အပြင် လိပ်ခေါင်းရောဂါပျောက်သည်ဟု ဆရာ တော်ကြီးအမိန့်ရှိသွားသည့်ဆေးဖြစ်၍ ယုံကြည်စွာ သောက်သုံးစေချင်ပါသည်။

ဤနေရာတွင် တစ်ခုပြောချင်ပါသည်။ ကျောက်ခဲက အရေးပါတဲ့အချက်ပါပဲ။ စီမံ့စမ်းချောင်းမြောင်းရေတွင်း၊ ရေကန်ကပဲ ဖြစ်ရမည်။ ရေချိုရေငန်ရယ်လို့ မရွေးပါ။ ရေထဲတွင် နှစ်ရှည်လများ မြုပ်နေသည့် ကျောက်စရစ်ခဲ၊ လိပ်သည်းကျောက်၊ ကျောက်ခဲမျိုးပဲဖြစ်ရပါမည်။

တစ်ခါမီးဖုတ်ပြီးတဲ့ ကျောက်ခဲ ကို ထပ်မံ သုံး၍မရပါ။ နောက်ထပ် တစ်ခဲ ရေထဲက လိုက်ရှာပါ။ ခဏခဏ ဆယ်မထားချင်လျှင် ကျောက်ခဲများ ဆယ်ပြီး အိုးတစ်အိုးထဲ ရေစိမ်ထားပါ။ မီးဖုတ်ခါနီးမှ ကျောက်ခဲကို အိုးထဲမှထုတ်သုံးရမည်။ ကျောက်ခဲအချိန်အဆက လိမ္မော်သီးအရွယ်ဆိုလျှင် ရေအိုးအလတ်စားလောက်ရပါသည်။

အထက်ပါ ဆီးချိုရောဂါ၊ လိပ်ခေါင်းရောဂါ သက်သာ ပျောက်ကင်းစေသော ဆေးနည်းသည်ကား တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဆေးနည်းအမှန် ဖြစ်ပါကြောင်း ရေးသား တင်ပြရအပ်ပါသည်။

ဖျာပုံ-မျိုးလှ

ဖြစ်လျှင် နောက်တစ်ခုလည်း ဆက်ဖြစ်၏။ မလွဲ။ ကောဇာဇေယျတိုင်ပင် မသုံးလိုက်ရ။ ပွဲကပြီးသွားသည်။

❑

နှစ်၊ လ၊ ရက်တို့ သိရှိဖြင့် နေ့ကိုပါ သိနိုင်သောနည်းသည်လည်း ပညာရပ်တစ်ခု ဖြစ်ပါသည်။ လူအပေါင်း၏ သုဘ အသုဘ ကောင်းကျိုးဆိုးပြစ်ကို ဟောပြောပေးနိုင်၊ လမ်းညွှန်ပေးနိုင်သော ပညာရပ်တစ်ခုမဟုတ်စေကာမူ ထိုထိုပညာရပ်များအား တစ်စုံတစ်ရာသော အထောက်အကူကို ပေးစွမ်းနိုင်ပါသည်။ ဟောပြောသူ ဆရာ၏ ကိုယ်ရောင်ကိုလည်း တောက်ပစေပါသည်။

ဤပညာရပ်သည် ကျွန်ုပ်၏ ရင်ခွင်၌ ကာလအတန်ကြာကပင် မွေးဖွားခဲ့ရပါ၏။ လူလားမြောက်ခဲ့ရပါ၏။ လူလားမြောက်နေပြီ ဖြစ်သော ဤပညာရပ်ကို စာဖတ်သူများရှေ့မှောက်သို့ အရောက်ပို့ပေးလိုက်ပါသည်။ လက်ဆင့်ကမ်းလိုက်ပါသည်။ အသုံးတည့်နိုင်ကြပါစေ။

*မြင်ဆရာ၊ကြားဆရာများအားလုံးကို ဂါရဝပြုလျက်*

ဦးအောင်စောလှိုင်(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက်

# မနုသီဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနုသီဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနုသီဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ချိန်၊ မနုသီဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်မန္တန်ရွတ်ခြင်းတို့ကို ပြုလုပ်ပါလျှင် အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် မနုလာဘ်ဆိုင်ရာ ဂါထာမန္တန်များအား ရွတ်ဖတ်အားထုတ်ပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ၅-၄-၂၀၁၃ နေ့ ည (၁၀း၅၁) နာရီမှ ၆-၄-၂၀၁၃ နေ့ ည (၁၀း၀၃) အရထိ မနုသီဒ္ဓိနက္ခတ်နှင့် စန်းယှဉ်နေမည်ဖြစ်ပြီး ၆-၄-၂၀၁၃ နေ့ နံနက် (၆း၄၈း၃၀) နာရီမှ နံနက် (၈း ၁၈း ၁၈) နာရီထိအတွင်း မနုသီဒ္ဓိနက္ခတ် လဂ်ဖြတ်ကျော်မည်ဖြစ်ကာ ၆-၄-၂၀၁၃ နေ့ နံနက် (၇း၄၁း၅၈) နာရီမှ နံနက် (၈း၃၀း၄၀) နာရီထိအတွင်း မနုသီဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လဂ်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းချိန်ဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၇း ၁၆း ၀၂ | ၈း ၃၈း ၅၈ | ၁ | ၈း ၀၁း ၃၈ | ၈း ၅၀း ၂၆ |
| ၂ | ၇း ၁၂း ၁၆ | ၈း ၃၄း ၀၂ | ၂ | ၇း ၅၇း ၄၂ | ၈း ၄၆း ၃၀ |
| ၃ | ၇း ၀၈း ၁၀ | ၈း ၃၀း ၀၆ | ၃ | ၇း ၅၃း ၄၆ | ၈း ၄၂း ၃၄ |
| ၄ | ၇း ၀၄း ၁၄ | ၈း ၂၆း ၁၁ | ၄ | ၇း ၄၉း ၅၀ | ၈း ၃၈း ၃၈ |
| ၅ | ၇း ၀၀း ၁၈ | ၈း ၂၂း ၁၄ | ၅ | ၇း ၄၅း ၅၄ | ၈း ၃၄း ၄၂ |
| ၆ | ၆း ၅၆း ၂၂ | ၈း ၁၈း ၁၈ | ၆ | ၇း ၄၁း ၅၈ | ၈း ၃၀း ၄၆ |
| ၇ | ၆း ၅၂း ၂၆ | ၈း ၁၄း ၂၂ | ၇ | ၇း ၃၇း ၀၂ | ၈း ၂၆း ၅၀ |
| ၈ | ၆း ၄၈း ၃၀ | ၈း ၁၀း ၂၆ | ၈ | ၇း ၃၃း ၀၆ | ၈း ၂၂း ၅၄ |
| ၉ | ၆း ၄၄း ၃၄ | ၈း ၀၆း ၃၀ | ၉ | ၇း ၂၉း ၁၅ | ၈း ၁၈း ၅၈ |
| ၁၀ | ၆း ၄၀း ၃၈ | ၈း ၀၂း ၃၄ | ၁၀ | ၇း ၂၅း ၁၄ | ၈း ၁၄း ၀၂ |
| ၁၁ | ၆း ၃၆း ၄၂ | ၇း ၅၈း ၃၈ | ၁၁ | ၇း ၂၁း ၁၈ | ၈း ၁၀း ၀၆ |
| ၁၂ | ၆း ၃၂း ၄၆ | ၇း ၅၄း ၄၂ | ၁၂ | ၇း ၁၇း ၂၂ | ၈း ၀၆း ၁၀ |
| ၁၃ | ၆း ၂၈း ၅၀ | ၇း ၅၀း ၄၆ | ၁၃ | ၇း ၁၃း ၂၆ | ၈း ၀၂း ၁၄ |
| ၁၄ | ၆း ၂၄း ၅၄ | ၇း ၄၆း ၅၀ | ၁၄ | ၇း ၀၉း ၃၀ | ၇း ၅၈း ၁၈ |
| ၁၅ | ၆း ၂၀း ၅၈ | ၇း ၄၂း ၅၄ | ၁၅ | ၇း ၀၅း ၃၄ | ၇း ၅၄း ၂၂ |
| ၁၆ | ၆း ၁၆း ၀၂ | ၇း ၃၈း ၅၈ | ၁၆ | ၇း ၀၁း ၃၈ | ၇း ၅၀း ၂၆ |
| ၁၇ | ၆း ၁၂း ၀၆ | ၇း ၃၄း ၀၂ | ၁၇ | ၆း ၅၇း ၄၂ | ၇း ၄၆း ၃၀ |
| ၁၈ | ၆း ၀၈း ၁၀ | ၇း ၃၀း ၀၆ | ၁၈ | ၆း ၅၃း ၄၆ | ၇း ၄၂း ၃၄ |
| ၁၉ | ၆း ၀၄း ၁၄ | ၇း ၂၆း ၁၀ | ၁၉ | ၆း ၄၉း ၅၀ | ၇း ၃၈း ၃၈ |
| ၂၀ | ၆း ၀၀း ၁၈ | ၇း ၂၂း ၁၄ | ၂၀ | ၆း ၄၅း ၅၄ | ၇း ၃၄း ၄၂ |
| ၂၁ | ၅း ၅၆း ၂၂ | ၇း ၁၈း ၁၈ | ၂၁ | ၆း ၄၁း ၅၈ | ၇း ၃၀း ၄၆ |
| ၂၂ | ၅း ၅၂း ၂၆ | ၇း ၁၄း ၂၂ | ၂၂ | ၆း ၃၇း ၀၂ | ၇း ၂၆း ၅၀ |
| ၂၃ | ၅း ၄၈း ၃၀ | ၇း ၁၀း ၂၆ | ၂၃ | ၆း ၃၃း ၀၆ | ၇း ၂၂း ၅၄ |
| ၂၄ | ၅း ၄၄း ၃၄ | ၇း ၀၆း ၃၀ | ၂၄ | ၆း ၂၉း ၁၀ | ၇း ၁၈း ၅၈ |
| ၂၅ | ၅း ၄၀း ၃၈ | ၇း ၀၂း ၃၄ | ၂၅ | ၆း ၂၅း ၁၄ | ၇း ၁၅း ၀၂ |
| ၂၆ | ၅း ၃၆း ၄၂ | ၆း ၅၈း ၃၈ | ၂၆ | ၆း ၂၁း ၁၈ | ၇း ၁၀း ၀၆ |
| ၂၇ | ၅း ၃၂း ၄၆ | ၆း ၅၄း ၄၂ | ၂၇ | ၆း ၁၇း ၂၂ | ၇း ၀၇း ၁၀ |
| ၂၈ | ၅း ၂၈း ၅၀ | ၆း ၅၀း ၄၆ | ၂၈ | ၆း ၁၃း ၂၆ | ၇း ၀၃း ၁၄ |
| ၂၉ | ၅း ၂၄း ၅၄ | ၆း ၄၆း ၅၀ | ၂၉ | ၆း ၀၉း ၃၀ | ၆း ၅၉း ၁၈ |
| ၃၀ | ၅း ၂၀း ၅၈ | ၆း ၄၄း ၅၄ | ၃၀ | ၆း ၀၅း ၃၄ | ၆း ၅၅း ၂၂ |



www.burmeseclassic.com

www.burmeseclassic.com

သီးသန့်ဧည့်လမ်းညွှန် (Freelance Tourist guide) ဒေါ်နွယ်လင်းရှိန်သည် (Diethelm Travels & Tours Co., Ltd. American CEO Tours အစီအစဉ်တွင် လိုက်ပါလာသော အမေရိကန်အဘိုးနှင့်အဘွားစုံတွဲအား မြန်မာပြည်အနှံ့ လိုက်လံပြသရန် တာဝန်ပေးအပ်ခံရသူ ဖြစ်သည်။ အမေရိကန်အဘိုးနှင့်အဘွားတို့အား ၁၉-၁၂-၂၀၁၂ တွင် ရန်ကုန် မင်္ဂလာဒုံလေဆိပ်၌ သွားရောက်ကြိုဆိုခဲ့ပြီး (၂၀)၊ (၂၁) နှင့် (၂၂) ရက်များတွင် ပုဂံညောင်ဦးဒေသသို့ လည်းကောင်း၊ (၂၃) နှင့် (၂၄) ရက်များတွင် မန္တလေးမြို့နယ်သို့လည်းကောင်း လိုက်လံ ပြသခဲ့သည်။ထို့နောက် ပင်းတယနှင့် အင်းလေးဒေသသို့ ဆက်လက် လည်ပတ်ရန် မန္တလေးမြို့မှ ဟဲဟိုးလေဆိပ်သို့ ထွက်ခွာလာရာ ဟဲဟိုးလေယာဉ်ကွင်းအဆင်း၌ လေယာဉ်မတော်တဆမှု ဖြစ်ပွားသောကြောင့် မီးလောင်ပေါက်ကွဲစဉ် လေယာဉ်ကိုယ်ထည်အတွင်း ပိတ်မိ၍ မီးသင့်လောင်ကျွမ်းပြီး ကွယ်လွန်သွားရရှာသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ထိုအချိန်အခါက အောင်ပန်းမြို့ မင်္ဂလာပွဲမှ ပြန်လာကြသော မော်တော်ဆိုင်ကယ် (၈) စီးအုပ်စုမှ ရှေ့ဆုံးဆိုင်ကယ်တစ်စီးသည်လည်း မြေပြင်ပေါ်သို့ ပြုတ်ကျလာသော လေယာဉ်ကြီးနှင့် တိုက်မိပြီး ဆိုင်ကယ်မောင်းသူ ဦးပြားသည်လည်း နေရာတွင်ပင် ပွဲချင်းပြီး ကွယ်လွန်သွားရရှာသည်။ ထိုဆိုင်ကယ်မှာပင် နောက်မှစီးနင်းလိုက်ပါလာသော ခရီးသည်မှာလည်း ပြင်းထန်စွာ ဒဏ်ရာအနာတရ ရသွားရှာသည်။

မလှမ်းမကမ်းမှ လိုက်ပါလာကြသော ဆိုင်ကယ်(၇)စီးအနက် ဦးပြား၏ဇနီး လိုက်ပါလာသော ဆိုင်ကယ်ထ အခင်းဖြစ်ပွားရာတွင် ခေတ္တရပ်ကြည့်ကြသေးသည်။ သို့သော် လေယာဉ်တိုက်၍ပျက်စီးသွားသောဆိုင်ကယ်ကို မမှတ်မိကြသလို သေဆုံးသွားသူမှာလည်း သူမ၏ ခင်ပွန်းဖြစ်သူမှန်း ထိုအချိန်တ မသိလိုက်ဟု ဆိုပါသည်။ အိမ်ရောက်၍ သက်ဆိုင်ရာမှ အကြောင်းကြားချက် ရောက်ရှိလာမှပင် သူမ၏ခင်ပွန်း ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရှိရှာလေသည်။

အလားတူပင် သတင်းရ၍ ဟဲဟိုး လေယာဉ်ကွင်းသို့ အရေးတကြီးလိုက်လာကြသော မနွယ်လင်းရှိန်၏ မိခင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စန်းစန်းထက်(မတူးကြီး)နှင့် မောင်ဖြစ်သူ မောင်လှကျော်ရှိန် (အောင်ဇံဦး) တို့မှာလည်း ပဟေဠိပေါင်းများစွာနှင့် ရင်ဆိုင်လိုက်ရပါတော့သည်။ သက်ဆိုင်ရာများနှင့် တွေ့ခွင့်တောင်းသောအခါတွင် အစပိုင်းက တွေ့ခွင့်မရကြပေ။ လေယာဉ်ပေါ်ပါ ညှော့လမ်းညွှန် ဒေါ်နွယ်လင်းရှိန်၏ အမေ ဖြစ်ကြောင်း၊ သမီးဖြစ်သူသည် တာဝန်ဖြင့် မန္တလေးမှ လိုက်ပါလာရသူ ဖြစ်ကြောင်းနှင့် အသက်ရှင်ကျန်ရစ်သူများနှင့် ဆေးရုံသို့ ရောက်ရှိသွားသောလူနာများ၏စာရင်းတွင် သမီးမပါသည်မှာ သေချာပြီဖြစ်ကြောင်းပြောကြားပြီး ခရီးသည်စာရင်းကို ကြည့်ခွင့်ပြုဖို့အကြောင်း တောင်းပန်သောအခါမှ Passengers'List ကို ကြည့်ခွင့်ရတော့သည်ဟုဆိုသည်။ လေယာဉ်ဝန်ထမ်းနှင့် ခရီးသည် စုစုပေါင်း (၇၁) ဦးရှိသည့် အနက် ဒေါ်နွယ်လင်းရှိန်၏အမည်တွင် အနက်ရောင်မျဉ်းဖြင့် ဝိုင်းထားသည်ကို ထိုအခါမှပင် မိသားစုဝင်များက တွေ့လိုက်ကြရပါတော့ သည်။

ထိုအချိန်အထိ ဒေါ်နွယ်လင်းရှိန် ဘယ်ဆီရောက်နေသည်ကို မည်သူမျှ မပြောနိုင်ကြသေး။ မီးလောင်ကျွမ်းပြီးသော လေယာဉ်ကိုယ်ထည်အပျက်အစီးများထဲမှ (၁၁)နှစ်သားတလေးတစ်ဦး၏ ရုပ်အလောင်းတစ်ပိုင်းတစ်စအား မီးသတ်သမားများက တွေ့ရှိသဖြင့် နံနက် (၁၁) နာရီခန့်တွင် ဟဲဟိုးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သတင်းထပ်မံရရှိလာသည်။ သို့ဖြင့် လေယာဉ်ကွင်းနှင့် မနီးမဝေးတွင် တည်ရှိသော ဟဲဟိုးဆေးရုံရင်ခွဲရုံသို့ လိုက်ကြရပြန်သည်ဟု ဆိုသည်။


ထိုနေ့ မွန်းလွဲပိုင်းတွင် ထုတ်ပြန်သော သတင်းဌာနတစ်ခု၏ ကြေညာချက်တွင်လည်း လေယာဉ်မတော်တဆဖြစ်မှုတွင် လေယာဉ်ပေါ်ပါ (၁၁) နှစ်သားခရီးသည်တစ်ဦးနှင့် မြေပြင်ပေါ်မှ ဆိုင်ကယ်စီးသူတစ်ဦး သေဆုံးသည်ဟု ဖော်ပြခဲ့သည်။

သို့သော် ဒေါ်နွယ်လင်းရှိန်၏ မောင်ဖြစ်သူက လေယာဉ်စီးခရီးသည်

---

# မြန်မာ့ဂုဏ်ဆောင် ညှော့လမ်းညွှန်တစ်ဦး
# သို့မဟုတ်
# ကရုဏာရှင်မလေး
# နွယ်လင်းရှိန်


(တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

စာရင်းကို စစ်ဆေးကြည့်သောအခါ ကလေးတစ်ဦးမှ ပါဝင်ခြင်းမရှိခဲ့ကြောင်းကို ထိတိကျကျကြီးသိခဲ့ရသဖြင့် ဟဲဟိုးဆေးရုံမှ တိုက်နယ်ဆရာဝန်အား ဤမီးသင့်လောင်ကျွမ်းထားသော ရုပ်အလောင်းသည် မိမိ၏ အစ်မ ဒေါ်နွယ်လင်းရှိန်ဟုတ်၊ မဟုတ် အတည်ပြုပေးနိုင်ပါသလားဟု မေးမြန်းသောအခါတွင် ပြည်နယ်မှူးခင်းဆရာဝန်ကြီး ရုံးစိုက်ရာ စဝ်စံထွန်းဆေးရုံကြီးကသာ ထိုကိစ္စကို အတည်ပြုပေးနိုင်ပါကြောင်း လမ်းညွှန်လာသဖြင့် ထို (၁၁) နှစ်သားဟု ယူဆရသော ရုပ်အလောင်းကို မွန်းလွဲ (၂) နာရီအချိန်ရောက်မှ စဝ်စံထွန်းဆေးရုံသို့ သယ်ပြေးရပြန်သည်။အဲပုဂံလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ဟဲဟိုးမြို့နာရေးကူညီမှုအသင်း၏ကားကို အကူအညီရယူ၍ စဝ်စံထွန်းဆေးရုံသို့ ဆက်လက် ပို့ဆောင်ပေးလိုက်ကြပါသည်။

ဆက်သွယ်ရေးစနစ် လျင်မြန်စွာ တိုးတက်လာသော မျက်မှောက်ကာလတွင် ဟဲဟိုးလေယာဉ်ကွင်း၌ လေယာဉ်မတော်တဆဖြစ်မှုသတင်းသည် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း နေရာအနှံ့သို့ ပြန့်သွားခဲ့လေရာ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်၊ ညောင်ရွှေ၊ အေးသာယာ၊ အောင်သပြေ၊ တောင်ကြီး၊ ဟိုပုံး၊ ရပ်စောက် စသည့် အနီးအနားမြို့များမှ မီးသတ်ယာဉ်များ၊ ကြက်ခြေနီတပ်ဖွဲ့နှင့်ယာဉ်များ၊ အစိုးရနှင့် ပုဂ္ဂလိကဆေးရုံမှ လူနာတင်ယာဉ်များ၊ တပ်မတော်သားများနှင့် တပ်မတော်ဆရာဝန်များ၊ နာရေးကူညီမှုအသင်းများမှအသင်းသူအသင်းသားများနှင့် လူနာတင်နှင့်နာရေးယာဉ်များ ဟဲဟိုးလေယာဉ်ကွင်းသို့စုံစုံညီညီဆိုက်ရောက်လာကြပါသည်။

အဆိုပါ (၁၁) နှစ်သား၏ ရုပ်ကြွင်းဟု ယူဆရသော မီးသင့်လောင်ကျွမ်းထားသော ရုပ်အလောင်းကို လေယာဉ်ပေါ်မှထုတ်ယူလာသောအခါ အနီးတွင် အသင့်ရောက်လာသော အေးသာယာမြို့သစ်မှ မေတ္တာလှိုင်းနာရေးယာဉ်က သွားသယ်ပေးသည်။ မီးသင့်၍ကွယ်လွန်ရှာသောသူ၏ ဂုဏ်သိက္ခာကို ထောက်ထားသောအားဖြင့် နာရေးယာဉ်ဖြင့် လိုက်ပါလာသော ရဟန်းနှစ်ပါးအနက် တစ်ပါးက မိမိ၏ သင်္ကန်းကို ချွတ်၍ အဆိုပါ ရုပ်အလောင်းကို ရစ်ပတ်ပေးလိုက်သဖြင့် နီဝါရောင်အထုပ်လေးဖြစ်သွားတော့သည်။ ထိုနီဝါရောင်အထုပ်ကလေးကို မေတ္တာလှိုင်းနာရေးယာဉ်ပေါ် တင်လိုက်သည်ကို တောင်ကြီးမြို့ မေတ္တာရှင်နာရေးကူညီမှုအသင်းပိုင် နာရေးကားအမှတ်(၅)ကို မောင်းနှင်လာသော စိုင်းဘုန်းမြတ်က လှမ်းတွေ့လိုက်သည်။ ဟဲဟိုးဆေးရုံ ရင်ခွဲရုံသို့ လိုက်ကြည့်ရသော ဒေါ်နွယ်လင်းရှိန်၏ မောင်ဖြစ်သူ ကိုလှကျော်ရှိန်ကလည်း ရင်ခွဲရုံမှ ရုပ်အလောင်းအား သင်္ကန်းဖြင့် ရစ်ပတ်ထားခဲ့သည်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။

စဝ်စံထွန်းဆေးရုံ အရေးပေါ်ပြင်ပလူနာဌာနတွင် ခရစ္စမတ်နေ့က တာဝန်ကျသော ဒေါက်တာနန်းထက်ဝေယံက ဟဲဟိုးဆေးရုံမှ လွှဲပေးလိုက်သော ရုပ်အလောင်းကို လက်ခံ၍ တာဝန်ကျ သူနာပြုဆရာမကြီးတစ်ဦးနှင့် အတူ ရင်ခွဲရုံသို့ ချက်ချင်းလိုက်လာပြီး စစ်ဆေးပေးသည်။ မီးမကျွမ်းသေးသည့် တင်ပါးဆုံအတွင်းမှ သားအိမ်ကို တွေ့ရှိခဲ့သဖြင့် သေဆုံးသူမှာ အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း အတည်ပြုပေးနိုင်ခဲ့ပြီး ကြွင်းကျန်ရစ်သော ဦးခေါင်းပိုင်းနှင့် မေးရိုးရှိ သွားများကို ထပ်မံစစ်ဆေးနိုင်ခဲ့သဖြင့် ကွယ်လွန်သူမှာ သက်လတ်ပိုင်း အမျိုးသမီးတစ်ဦး ဖြစ်ကြောင်းကို ထပ်လောင်း အတည်ပြုပေးနိုင်သဖြင့် ၂၅-၁၂-၂၀၁၂ ညနေ (၅) နာရီအချိန်လောက်ရောက်မှ သက်ဆိုင်ရာ မိသားစုဝင်များက ဤရုပ်အလောင်းသည် မိမိတို့၏ မိသားစုဝင် ဒေါ်နွယ်လင်းရှိန်၏ ရုပ်အလောင်းဖြစ်ကြောင်းကို အပ်ကျမပ်ကျ သိလိုက်ရပါတော့သည်။

ထိုအချိန်ကျမှပင် ရန်ကုန်တွင် ကျင်းပနေသော အ - ထ - က (ဗထူး) ကျောင်းသားကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲသို့ တက်ရောက်နေသော ဖခင်ဖြစ်သူ ဦးထွန်းရှိန် (ငမောင်) ကို အကြောင်းကြားလိုက်ကြပါတော့သည်။ ရပ်စောက်ပြန်ရန် လေဆိပ်ကားကြီးပေါ်သို့ရောက်ရှိနေသော ဦးထွန်းရှိန်မှာ ထိုသတင်းကို ကြားကြားချင်း ထိတ်လန့်တုန်လှုပ်စွာဖြင့် သတိလစ်မေ့မြောသွားရှာသည်။

၂၆-၁၂-၂၀၁၅ မွန်းလွဲပြီးချိန်တွင် သက်ဆိုင်ရာ ပြည်နယ်မှူခင်းဆရာဝန်ကြီးနှင့် ရဲတပ်ဖွဲ့ဝင်တို့၏ ခွင့်ပြုချက်ဖြင့် ကွယ်လွန်သူ ဒေါ်နွယ်လင်းရှိန်၏ ကြွင်းကျန်ရစ်သောရုပ်ခန္ဓာကို သူမမွေးဖွားရာဇာတိမြေ ရပ်စောက်မြို့သို့ သယ်ယူခဲ့သည်။ တောင်ကြီးမြို့ မေတ္တာရှင်နာရေးကူညီမှုအသင်းမှ ယာဉ်မောင်းကိုအောင်ဝင်း၊ယာဉ်နောက်လိုက်နှင့် ရန်ကုန် အာစရိယပူဇော်ပွဲမှ ပြန်လာသော ကိုဖိုးဆန်းတို့လိုက်ပါလာသည့် နာရေးယာဉ်အမှတ်(၃)ဖြင့် ရပ်စောက်မြို့ လေးထပ်ဆုံဇရပ်သို့ အရောက် လာရောက် ပို့ဆောင်သွားသည်။

ရပ်စောက်မြို့တွင် နာရေးကိစ္စများ ရပ်ဝေးတွင် ပေါ်ပေါက်ကလည်းကောင်း၊ ရပ်ဝေးမှဧည့်သည်များ ဤမြို့တွင် လာရောက် ကွယ်လွန်ပါကလည်းကောင်း လေးထပ်ဆုံဇရပ်တွင် အလောင်းစံ၍ နာရေးဧည့်ခံသည့်အမှုကိစ္စကို ဆောင်ရွက်လေ့ရှိသည်။ ထိုထုံးစံအရ ဒေါ်နွယ်လင်းရှိန်၏ ကြွင်းကျန်ရစ်သော ရုပ်ခန္ဓာကို လေးထပ်ဆုံဇရပ်တွင်ထား၍ နာရေးဧည့်ခံမှုကိစ္စကို ဆောင်ရွက်သည်။ ထိုနေ့တွင်ပင် သက်ဆိုင်ရာမှ လွမ်းသူ့ပန်းခြင်းများ စုံစုံညီညီရောက်ရှိလာသည်။ ကွန်ပျူတာစာစီတတ်ပြားများပေါ်တွင် ပလတ်စတစ်လောင်း၍ စာနာမှုပြသသူများ၏အမည်များ၊ အဖွဲ့အစည်းများကို အသေးစိတ် ဖော်ပြထားကြသည်။

၂၇-၁၂-၂၀၁၂ မွန်းလွဲ (၂) နာရီတွင် ဒေါ်နွယ်လင်းရှိန်၏ ကြွင်းကျန်ရစ်သောရုပ်ခန္ဓာကို ရပ်စောက်သုသာန်တွင် မီးကြိုဟ်သည်။ ၂၈-၁၂-၂၀၁၂ နံနက်(၉) နာရီတွင် အရိုးကောက်၍ အုတ်ဂူတည်သည်။ ၁၁-၁၁-၂၀၁၁ ခုနှစ်က ကွယ်လွန်ရှာသော ဒေါ်နွယ်လင်းရှိန်၏ အဘိုးဖြစ်သူ အသက် (၈၂) နှစ်ရှိ ဦးချစ်ဝင်း၏ အုတ်ဂူဘေးတွင် ဒေါ်နွယ်လင်းရှိန်၏ အုတ်ဂူကို ယှဉ်လျက် တည်ထားပေးသည်။ အုတ်ဂူအား နာရေးစာနာသူများ၏ လွမ်းသူ့ပန်းခြင်း (၂၀) ဖြင့် ဝန်းရံထားသည်ကို စာရေးသူ တွေ့ခဲ့ရသည်။ အုတ်ဂူ၏အနောက်ဘက် မလှမ်းမကမ်းတွင် ဇော်ဂျီရေအားလျှပ်စစ်မှလာသော ဓာတ်အားလိုင်းက မြောက်မှ တောင်သို့ ဖြတ်သွားသည်။ ဓာတ်အားလိုင်းနှင့် မလွတ်နိုင်ရှာသေးသော ဒေါ်နွယ်လင်းရှိန်၏ ကံကြမ္မာကို အံ့ဩမိနေပါတော့သည်။

ကွယ်လွန်သူ ဒေါ်နွယ်လင်းရှိန်ကို ရည်စူး၍ ရပ်စောက်မြို့ ဈေးတန်းကျောင်းတိုက်တွင် ၂၉-၁၂-၂၀၁၂ နေ့က ရက်လည်ဆွမ်းသွတ်သည်။ ထိုဆွမ်းသွတ်ပွဲသို့ တရားမနာမိ ဦးတေဇ ရောက်ရှိလာပြီး ကျန်ရစ်သူမိသားစုဝင်များအား ဝမ်းနည်းကြောင်းနှင့်စာနာထောက်ထားကြောင်းများ ပြောကြားသွားပြီးနောက်ဆွမ်းဒံပေါက်ဆွမ်း ကပ်လှူသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နွယ်လင်းရှိန်၏ဖခင် ဦးထွန်းတလည်း ဦးတေဇအား ကျွန်တော့်မေတ္တာကိုလည်း ကိုတေဇ ခံယူပါ။ ...တေဇမေတ္တာကိုလည်း ကျွန်တော်တို့ ...ပါမယ်။ တစ်ယောက်နဲ့တစ်ယောက် ...လည်မှုနဲ့ မေတ္တာထားပေးကြဖို့ ပြန် ... ပြောကြားခဲ့သည်ဟု သိခဲ့ရပါသည်။

လောကစံနှင့် ပက်ပင်းတိုးနေချိန် ...ပင် မေတ္တာစကားဆိုနိုင်သေးသော ...တန်းရပ်ကွက်လူကြီးဟောင်း ကိုထွန်း...တို့ ချီးကျူးမိပါသည်။

ဒေါ်နွယ်လင်းရှိန် တာဝန်ခံ၍ ...က်ပါပို့ဆောင်ပေးခဲ့ရသော အမေရိ...န်အဘိုးနှင့်အဘွားတို့လည်း ဒေါ်နွယ်...င်းရှိန် ကွယ်လွန်သည့်သတင်းကို ...နောက်တွင် သိရှိသွားကြပြီး အထူး...င် ဝမ်းနည်းကြေကွဲခဲ့ရသည်ဟုကြားသိ...ပါသည်။အမေရိကန်အဘိုးမှာ မျက်နှာ...င် မီးဟပ်ခံရ၍ ပြင်းထန်စွာထိခိုက်ခံရ... သခုအချိန်တွင် အမေရိကား၌ ဆေး...သမှု ခံယူနေရသည်ဟု ဆိုပါသည်။ ...တို့ဇနီးမောင်နှံ လေယာဉ်ပေါ်မှ လွတ်...မြောက်စအချိန်က သူတို့ကို လိုက်ပို့...သော ဧည့်လမ်းညွှန်၏ ကျန်းမာရေးအခြေအနေမကောင်းကြောင်းကို ထုတ်...ဖော်ပြောကြားခဲ့သည်ဟု ဆိုပါသည်။

ဧည့်လမ်းညွှန် ဒေါ်နွယ်လင်းရှိန်သည် သူမဘဝ၏နောက်ဆုံးစက္ကန့်ပိုင်းအထိ မိမိတာဝန်ယူစောင့်ရှောက်ရမည့် ...ည့်သည်နှစ်ဦးနှင့် မိမိ၏လုပ်ဖော်ကိုင်...ဖက်တစ်ဦးတို့အား အသက်ဘေးလွတ်...ရာသို့ လမ်းညွှန်နိုင်ခဲ့သူ ဖြစ်သည်။ သူမအတွက် ငါ၊ ငါ့အသက်၊ ငါ့ဘဝ ဆက်လက်ရှင်သန်ရေးအတွက် ရှေ့ကလူတွေကို တက်နင်း ကျော်ဖြတ်မယ် ဆိုသည့်အတ္တစွဲ ဘဝတဏှာ တစ်စက်မှ မစွက်...က်စေဘဲ Que ဆိုသည့် တန်းစီစနစ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ နောက်ဆုံးမှတန်းစီ၍ ရှင်သေမင်းကို ရဲရဲဝံ့ဝံ့ကြီးရင်ဆိုင်သွားရှာသူ ဒေါ်နွယ်လင်းရှိန်အား မြန်မာ့ဂုဏ်ဆောင် သူရဲကောင်းမတစ်ဦးအနေဖြင့် အလေးအကြိမ်ကြိမ်ပြုလိုက်ရပါကြောင်း။

မိမိအသက်ကို စွန့်လွှတ်၍ အမိမြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကြီးမြတ်သောဂုဏ်အင်ကို အထွတ်အထိပ်သို့ ပို့ဆောင်ပေးသူများအားလုံး ကောင်းရာသုဂတိလားစေသော်။

ဒေါက်တာဒေါ်နု(တောင်ကြီး)

## မင်းတုန်းမင်းလက်ထက် မြန်မာသံအဖွဲ့၏
# အီတလီနှင့်ပြင်သစ်နိုင်ငံတို့တွင် လကြတ်ပုံကို ကြည့်ရှုလေ့လာခြင်း

**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

မန္တလေး (ရတနာပုံ) ခေတ် မင်းတုန်းမင်းလက်ထက် (ခရစ်နှစ် ၁၈၅၂-၁၈၇၈ ခုနှစ်) တွင် မြောင်လှမြို့စား မင်းကြီး သီရိမဟာဇေယျသူဘွဲ့ခံ မြန်မာသံတော်ကြီး ဦးခြိမ့် ဦးဆောင်သော မြန်မာသံအဖွဲ့သည် ပူတကေ (ပေါ်တူဂီ)၊ စပိန်နှင့် အီတာလျံ (အီတလီ) နိုင်ငံများသို့ ချစ်ကြည်ရေး ရာဇမဟာမိတ်ခရီးအဖြစ် မြန်မာနှစ် ၁၂၃၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက် (ခရစ်နှစ် ၁၈၇၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်) ကြာသပတေးနေ့တွင် မန္တလေး (ရတနာပုံ) သံလျက်မော်ဆိပ်ကမ်းမှ စတင်ခရီးထွက်ခွာခဲ့၏။ မြန်မာနှစ် ၁၂၃၉ ခုနှစ်၊ ကဆုန်လဆန်း (၁၃) ရက် (ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်) အင်္ဂါနေ့တွင် အီတလီပြည် ဂျင်နဝါမြို့ သင်္ဘောဆိပ်မှ မန္တလေး (ရတနာပုံ) နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့သည်။ အသွား၊ အပြန်ခရီးအဖြစ် (၁)နှစ်နှင့်(၄)လမျှ ကြာမြင့်ခဲ့ပြီး ခရီးအကွာအဝေးအားဖြင့် မြန်မာအကွာအဝေး (၅၄၈၀) တိုင် ရှိခဲ့သည်ဟူ၍ မြန်မာသံတော်ကြီး ဦးခြိမ့် ရေးဖွဲ့မှတ်တမ်းတင်ခဲ့သော ပူတကေ၊ စပိန်၊ အီတာလျံသွား မှတ်တမ်းကြီး၌ ရေးထိုးမှတ်တမ်းတင် ဖော်ပြခဲ့သည်။

ပူတကေ (ပေါ်တူဂီ)၊ စပိန်၊ အီတာလျံ (အီတလီ) ချစ်ကြည်ရေး ရာဇမဟာမိတ်ခရီးစဉ် သွားရောက်စဉ် မြန်မာသံတော်ကြီး ဦးခြိမ့်နှင့်အဖွဲ့သည် အီတလီနိုင်ငံ ဂျင်နဝါမြို့တွင် တစ်ကြိမ်၊ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် တစ်ကြိမ် လကြတ်ပုံကို နက္ခတ်တာရာကြည့် ခေတ်မီမှန်ပြောင်းတို့ဖြင့် ကြည့်ရှုလေ့လာခွင့်ရရှိခဲ့သည်။ ထိုသို့ ကြည့်ရှုလေ့လာခဲ့ရပုံကို မြန်မာသံတော်ကြီး ဦးခြိမ့်သည် ပူတကေ၊ စပိန်၊ အီတာလျံသွား မှတ်တမ်းကြီး၌ ဗဟုသုတဖြစ်ဖွယ် ရေးသားမှတ်တမ်းတင်ခဲ့သည်။

မြန်မာသံတော်ကြီး ဦးခြိမ့်နှင့်အဖွဲ့သည် မြန်မာနှစ် ၁၂၃၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက် (ခရစ်နှစ် ၁၈၇၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်) တနင်္ဂနွေနေ့တွင် အီတလီနိုင်ငံ ဂျင်နဝါမြို့ (ယခုအခေါ် ဂျီနိုဝါ Genoa) ၏ အီတာလျံဟိုတယ်ကြီး၌ တည်းခိုနေစဉ် ညဉ့်တစ်ချက်တီးကျော်အချိန်ခန့်၌ လကြတ်သည့်မြင်ကွင်းကို နက္ခတ်တာရာမှန်ပြောင်းကြီးဖြင့် ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် ကြည့်ရှု လေ့လာခဲ့ရသည့်မြင်ကွင်းနှင့်လေ့လာမှုကို စိတ်ဝင်စားဖွယ် ဤသို့ မှတ်တမ်းတင်ထားခဲ့သည်။

'ရွှေမှန်ပြောင်းများသို့ ကောင်းကင်သို့၊ ရှေးရှုမော်၍၊ ရှုမြော်နေကြဆဲဆဲတွင်၊ ဥတ္တရဂေါလ၊ ရှေ့မြောက်စွန်းစဆီက၊ ငွေလဆန်းဖြူလွှင်ကို၊ ဖမ်းယူဝင်အလျင်တဆော၊ မည်းမှောင်ရိပ်လွှမ်း၊ ယုန်တစ်ခြမ်းမျှ၊ ငုံဖမ်းလေအံ့သောဟု၊ ဟောသည့်အတိုင်း ဖိကားစီး၊ လတစ်ဝက်ဆိုက်၊ ဗထက်ခြိုက်ကဲ့သို့၊ မည်းမိုက်ရီမှောင်ဖြိုးသော်၊ ညဉ့်တစ်ချက်တီးကျော်ကျော်လောက်၊ ဟောမြွက်သရွေ့၊ ချိန်နာရီစေ့ခါမှ၊ မိုက်ငွေ့လွတ်စင်ပျောက်၍၊ ဟူးရာနှစ်ယောက်အဆိုကို၊ ငဲ့မညာထောက်၊ အမှန်ရောက်အောင်၊ ယူကောက်ရမည်ဆိုသော်၊ ဟူးရားဖြူညိုတို့၊ စွဲဆိုကြရင်းအတိုင်းမူ၊ စန္ဒာငွေလ၊ သက်သေခံပြလျက်မို့၊ မှန်ကြပစေဟူ၍၊ ကောက်ယူ စီရင်ထိုက်ပေသည်'


မြန်မာသံတော်ကြီး ဦးခြိမ့်သည် အီတလီနိုင်ငံ ဂျင်နဝါမြို့မှ လကြတ်သည့်အချိန်သည် မြန်မာပုဏ္ဏားပညာရှိ ဟူးရားဖြူ ဟူးရားညိုတို့ တွက်ချက်ထားသော မြန်မာစံတော်ချိန်နှင့် အနောက်တိုင်းနက္ခတ်ပညာရှင်၏ တွက်ချက်ရရှိသည့် အချိန်နာရီပိုင်းတို့ မကိုက်ညီမှု၊



www.burmeseclassic.com

www.burmeseclassic.com





မတူညီမှုများကိုလည်း သိပ္ပံပညာဆိုင်ရာ အတွေးအမြင်ကိုအခြေခံ၍ ဤသို့ ဖော်ထုတ်ဖွဲ့ဆိုခဲ့သည်။

'ဘာကြောင့်လည်းဆို၊ မန်းနဂိုနှင့်၊ ပဟိုရ်ကွာကိုချင့်သော်၊ ကွာသင့်ထိုက်မှန်မယွင်း၊ မြန်ပြည်နယ်နှင့်အီတာ၊ ပြန်နာရီကွာသည်မှာ၊ စုဒ္ဒသာဖြစ်လေခြင်းကြောင့်' ဟူ၍ ဖွဲ့ဆိုလျက် မြန်မာပြည်နှင့် အီတလီသည် မြန်မာနာရီအားဖြင့် စုဒ္ဒသာ- (၁၄) နာရီသာသာ ကွာခြားနေသောကြောင့်ဖြစ်သည်ဟု စိစစ်တင်ပြ ဖွဲ့ဆိုခဲ့၏။

မျက်မှောက်ခေတ် သိပ္ပံပညာနှင့် ကြည့်လျှင် မန္တလေးမြို့နှင့် ဂျင်နဝါမြို့၏ တည်ရှိပုံမှာ မန္တလေးမြို့သည် မြောက်လတ္တီတွဒ် (၂၅. ၅၅) နှင့် အရှေ့လောင်ဂျီတွဒ် (၉၆. ၀) တွင် တည်ရှိ၏။ ဂျင်နဝါမြို့သည် မြောက်လတ္တီတွဒ် (၄၄. ၂၇) နှင့် အရှေ့လောင်ဂျီတွဒ် (၉. ၀) တွင် တည်ရှိသည်။ မြို့နှစ်မြို့၏ဒီဂရီကွာခြားချက်မှာ (၉၆. ၀-၉. ၀ = ၈၇. ၀) ဖြစ်သည်။ လတ္တီတွဒ်မျဉ်းတစ်ခုနှင့်တစ်ခုသည် (၁၅) ဒီဂရီ ကွာခြားတိုင်း အချိန်အားဖြင့် (၁) နာရီစီ ကွာခြားသည်။ ထို့ကြောင့် (၈၇) ဒီဂရီကွာခြားချက်အတွက် စက်နာရီအားဖြင့် (၅) နာရီနှင့် (၄၈) မိနစ်မျှ ကွာခြားနေသည်။ ယင်းကို မြန်မာနာရီဖွဲ့လျှင် စက်နာရီ (၁)နာရီသည် မြန်မာ (၂) နာရီခွဲနှင့် ညီမျှ၍ (၅) နာရီနှင့် (၄၈) မိနစ်အတွက်တွင် (၁၄)နာရီမျှကွာခြားနေခြင်း ဖြစ်သည်။

ထိုသို့ မြန်မာစံတော်ချိန်နှင့် အီတလီစံတော်ချိန်တို့၏ (၁၄) နာရီကွာခြားနေမှုကို မြန်မာသံတော်ကြီး ဦးခြိမ့်သည် သိပ္ပံညာ၏အခြေခံနှင့် အနုစ်သာရ ဗဟုသုတပြည့်စုံသူပီပီ 'မြန်မာပြည်နှင့် အီတာ၊ နာရီကွာသည်မှာ စုဒ္ဒသာ (၁၄ နာရီသာသာ)ဖြစ်လေခြင်းကြောင့်' ဟူ၍ လေးစားဖွယ် ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်။ ထိုသို့ အချိန်နာရီ ကွာခြားမှုကြောင့် မြန်မာပြည်နှင့် အီတလီတို့၏ လကြတ်ချိန်သည် ကွာခြားနေရသည်ဟု ဖော်ထုတ်ဖွဲ့ဆို တင်ပြခဲ့သည်။

မြန်မာသံတော်ကြီး ဦးခြိမ့်နှင့်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ မြန်မာနှစ် ၁၂၃၈ ခုနှစ်၊ တပေါင်းလ (ခရစ်နှစ် ၁၈၇၆ ခုနှစ်၊ မတ်လ) တွင် ရောက်ရှိခဲ့ကြ၏။ မြန်မာသံတော်ကြီး ဦးခြိမ့်နှင့်အဖွဲ့သည် မြန်မာနှစ် ၁၂၃၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁) ရက် (ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်) အင်္ဂါနေ့တွင် ဒုတိယအကြိမ်မြောက် လကြတ်ပုံကို မြင်တွေ့ကြည့်ရှုခဲ့ရပြန်သည်။ ထိုသို့ မြင်တွေ့ ကြည့်ရှုလေ့လာခဲ့ရမှုကို မြန်မာသံတော်ကြီး ဦးခြိမ့်သည် ပူတကော၊ စပိန်၊ အီတာလျံသွားမှတ်တမ်းကြီးတွင်-

'ကြွတ်စနှင့်ကြွတ်ဆုံး၊ တိမ်မြုလွှာဖုံးသော်လည်း၊ လုံးလုံးကြီးကွယ်မပျောက်ဘဲ၊ ကြွတ်ပြီးနောက်နှင့် ကြွတ်ဆဲဆဲ၊ ထင်ထင်ပြက်ပြက်၊ မြင်ရလေလျက်ကယ်မို့ ထင်ချက်ကယ်မှန်မလွဲဟု၊ အမြဲမှတ်ယူသင့်၍သာ၊ သို့မှန်မယွင်း၊ ဖြစ်လေခြင်းကြောင့်၊ နေရင်းမြန်တိုင်းချာနှင့်၊ နာရီကွာကို လျော်စွာမှတ်ရန်အသီးသီး၊ မြန်ပြည်တွင်ဆက်ဆက်၊ ညနာရီနှစ်ချက်ကယ်၊ နက်တော့လုနီးနီးကို၊ တိုင်းကြီးပြင်သစ်နိုင်ငံမှာ၊ လကြွတ်သက်သေထွက်ရှိလေ၍မို့ မသွေတော့သာလျှင်၊ အသေအချာမှန်မလွဲ၊ ပါရစ်မြို့ခွင်၊ နယ်တစ်ပြင်များမှာ၊ နေဝင်ပြီလုဆဲဆဲဟု၊ စိတ်စွဲမှတ်ယူသင့်လေ၏'

ဟူ၍ လကြတ်ချိန်သည် ပြင်သစ်နိုင်ငံတွင် ညနေဝင်စ (၆) နာရီလောက်အချိန်ဖြစ်သော်လည်း မန္တလေး (ရတနာပုံ) နေပြည်တော်တွင်မူ ညဉ့် (၂) ချက်တီးအချိန်၊ စက်နာရီအားဖြင့် ညဉ့်သန်းခေါင်ယံ (၁၂) နာရီအချိန် တွေ့မြင်ကြရပုံကို ရေးဖွဲ့တင်ပြထားသည်။

မြန်မာသံတော်ကြီး ဦးခြိမ့်၏ မန္တလေး (ရတနာပုံ) နေပြည်တော်နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့တို့၏အချိန်ကာလ (၆) နာရီကွာခြားပုံကို ဖော်ပြ၍ ပါရီမြို့တွင် ည (၆) နာရီအချိန်၌ လကြတ်ပုံကို မြင်တွေ့နေချိန်တွင် မန္တလေး (ရတနာပုံ) နေပြည်တော်တွင်မူ ညဉ့်သန်းခေါင်ယံ (၁၂) နာရီအချိန်ဖြစ်သည်ဟူ၍ သိပ္ပံပညာရှင်များ၏အဆိုအမိန့်နှင့်အညီ လေ့လာဆန်းစစ် သုတေသနပြု ရေးဖွဲ့ခဲ့သည်။

မျက်မှောက်ခေတ် သိပ္ပံပညာဆိုင်ရာအမြင်နှင့်ကြည့်လျှင် မန္တလေး (ရတနာပုံ) နေပြည်တော်သည် မြောက်လတ္တီတွဒ် (၂၅. ၅၅) နှင့် အရှေ့လောင်ဂျီတွဒ် (၉၆. ၀) တွင် တည်ရှိပြီး ပြင်သစ်ပြည် ပါရီမြို့သည် မြောက်လတ္တီတွဒ် (၄၈. ၅၀) နှင့် အရှေ့လောင်ဂျီတွဒ် (၂. ၂၀) တွင် တည်ရှိသည်။ ထို့ကြောင့် မြို့နှစ်မြို့၏ ဒီဂရီကွာခြားချက်သည် (၉၆. ၀-၂. ၂၀ = ၉၃. ၄၀) (၉၃. ၄၀) ဒီဂရီ ဖြစ်သည်။ (၁၅) ဒီဂရီကို တစ်နာရီကျ ထား၍တွက်လျှင် (၆) နာရီ (၁၄) မိနစ် (၄၈) စက္ကန့်မျှ အချိန်ကွာခြားသည်။ ထို့ကြောင့် မန္တလေး (ရတနာပုံ) နေပြည်တော်တွင် ညဉ့် (၂) ချက်တီး၊ စက်နာရီအားဖြင့် ညဉ့်သန်းခေါင်ယံ (၁၂) နာရီအချိန် လကြတ်နေချိန်၌ ပြင်သစ်နိုင်ငံပါရီမြို့တွင် နေဝင်စ ည (၆) နာရီအချိန်ခန့် ဖြစ်နေသည်။ မန္တလေးနှင့် ပါရီမြို့တို့သည် အချိန်ချင်း (၆) နာရီသာ ကွာခြားသကဲ့သို့ လကြတ်ရာတွင်လည်း (၆)နာရီသာသာ ကွာခြားနေခြင်းဖြစ်သည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)


ကျမ်းကိုး

'ပူတကော၊ စပိန်၊ အီတာလျံသွားမှတ်တမ်း'၊ ဦးခြိမ့်။

www.burmeseclassic.com

(၁)

အိပ်မက် ဟူသည်
မြင်ပေါ်လာသောပုံရိပ်များ ဖြ
အိပ်မက်သုတေသီတို့က အခါ
ဆိုကြ၏။ ထိုသို့သော ပုံရိပ်ထ
များနှင့် ဆက်စပ်နိုးနွယ်လျက် ဖြစ်
လာသော အကောင်း၊ အဆိုး နိမိတ်
အား အံ့သြဘနန်း ဆန်းကြယ်လှ
အိပ်မက်ကို လေးလေးစားစား



င်လေလား၊ တကယ်လား

ယ်-စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

အရေးထားပြီး ယုံကြည်သက်ဝင်စွာ မကောင်းမြင်မက်သည့် အိပ်မက်ဆိုးကို ပေဒင်ယတြာဖြင့် မှေးမှိန် ပျက်ပြယ်ကျေပသွားစေရန် ဆောင်ရွက်ကြသလို အိပ်မက် ဟူသည် အလကား၊ အလေးထားစရာ မဟုတ်။ နေလာနှင်းပျောက်၊ ရေပေါ်အရုပ်ရေး၊ အရည်မရအဖတ်မရကိစ္စပေမို့ လျစ်လျူရှုနေကြသူတွေလည်း ရှိနေကြမှာတော့ အမှန်ပါပဲ။

တကယ်တော့ အိပ်မက်ကို မယုံကြည်ဘဲ ဥပေက္ခာပြုထားနိုင်ကြလျှင်တော့ အလုပ်မရှုပ်ပေဘူးပေါ့။ ကောင်းတော့ကောင်းတာပါပဲ။ ဒါပေမယ့် အချို့ အိပ်မက်တွေရဲ့ ဆန်းကြယ်တဲ့ ကြိုတင်နိမိတ်ပြမှုတွေဖြစ်တတ်တာမို့ နည်းနည်းလေးဖြစ်ဖြစ် သတိပညာဆိုတဲ့ချွန်းအုပ်လို့ ဆင်ခြင် စောင့်ကြည့်ကြမယ်ဆိုရင် ထူးခြားမှုဆိုတာ အနည်းနဲ့အများတွေ့ကြရမှာပါ။

ဒါကို အချို့သော ပညာရှင်တွေက တိုက်ဆိုင်မှုတွေကို 'ဖြစ်တန်ရာနိယာမ' (The Laws of Probability) များဖြင့် ဖြေရှင်း၍ရနိုင်အံ့လော ဆိုပြီး ဆန်းစစ်ကြပါတယ်။ ပြောကြည့်ရရင်တော့ ကျုပ်တို့ရဲ့ ယောဒိ အနန္တစကြဝဠာကြီးဟာ ထူးဆန်းစွာရှင်သန်နေတဲ့ စွမ်းအားတွေ (Mysterious Forces) ကများ ပြုပြင်ခြယ်လှယ်နေကြသလားရယ်လို့လည်း တွေးကြည့်မိပါရဲ့။

ကဲ- ထားတော့၊ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ထူးဆန်းတယ်လို့လို့ပဲပြောပြော၊ တိုက်ဆိုင်တာလို့ပဲဆိုဆို ဘာသာမတူတဲ့ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းရဲ့ ကိုယ်တွေ့နဲ့ကြုံတဲ့ အိပ်မက်အကြောင်းကို အရင်းအတိုင်း ပြန်ပြီး ဖောက်သည်ချ ပြောပြချင်တာပါပဲ။

(၂)

ဌာနဆိုင်ရာတွေမှာ ဝန်ထမ်းအိမ်တွေအတွက် အသစ်ဆောက်လုပ်ပေးကြတာမျိုးရှိသလို အိမ်ဟောင်းကို မလိုတော့တဲ့နေရာဒေသက ဖျက်ယူလာပြီး လိုအပ်ချက်ဖြစ်တဲ့နေရာမှာ ပြန်လည်ဆောက်လုပ်ပေးရတာမျိုးလည်း ရှိနေတတ်ပါတယ်။

ကျုပ်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ ဟိုးလွန်ခဲ့တဲ့ ၁၉၇၈ ခုနှစ်မတိုင်ခင်ကအထိ ရထားတွေကို လောင်စာအဖြစ် ထင်းနဲ့ ကျောက်မီးသွေး သုံးသည့် (STEAM) ရေနွေးငွေ့စက်ခေါင်းများနှင့်သာ ပြေးဆွဲပေးနိုင်ခဲ့ပါတယ်။

၁၉၇၈ ခုနှစ် နှောင်းပိုင်းမှာတော့ ပြင်သစ်နိုင်ငံလုပ် မြင်းကောင်ရေ (၁၂၀၀) အားရှိတဲ့ (Alsthom) DF ဒီဇယ်စက်ခေါင်းတွေ အစားထိုးရောက်လာပြီး တိုးတက်ပြေးဆွဲလာနိုင်ခဲ့ပါပြီ။

ကျောက်မီးသွေးနဲ့ပြေးတဲ့ ရေနွေးငွေ့စက်ခေါင်းကြီးတွေ ရှိစဉ်အခါက ဟင်္သာတ-ပုသိမ်-ကြံခင်း ဆိုတဲ့ လမ်းဆုံဘူတာကြီးတွေမှာ လောင်စာကျောက်မီးသွေး၊ ထင်းနဲ့ ဘွိုင်လာရေနွေးငွေ့အတွက် ရေဖြည့်ရာနေရာတွေ ထားရှိရပါတယ်။ စက်ခေါင်းအတွက် ရေနဲ့လောင်စာက အသက်ဖြစ်တာမို့ ဟင်္သာတ-ပုသိမ် အကြားက အသုတ်ဘူတာနဲ့ ဟင်္သာတ-ကြံခင်း အကြားက အင်ပင်ဘူတာတွေမှာတော့ ရေဖြည့်ပေးနိုင်ဖို့ Water Pump Sanction တွေ ထားပေးရပါတယ်။ ဒါကြောင့် စက်မှုဌာနက ရေစက်ပန့်မောင်း (Pump Driver) အတွက် ဝန်ထမ်းအိမ်ခန်းတွေ ဆောက်လုပ်ပေးပြီး နေထိုင်ခဲ့ကြတာကို အမှတ်ရမိနေပါတယ်။

အခု နောက်ပိုင်း ခေတ်ပြောင်းလာလို့ ဒီဇယ်စက်ခေါင်းကြီးတွေရောက်လာခဲ့တော့ ရေနွေးငွေ့စက်ခေါင်းလို ရေဖြည့်ပေးစရာ မလိုတော့ပါဘူး။

ဒီတော့ အသုတ်ဘူတာနဲ့ အင်ပင်ဘူတာက Water Pump Sanction တွေကို ဖျက်သိမ်းလိုက်ပါတယ်။ ရေပန့်တွေမရှိတော့ ပန့်မောင်းတွေလည်း မထားတော့ပါဘူး။ ဒါကြောင့် လူမနေတော့တဲ့ အိမ်တွေကိုဖျက်ပြီး လိုအပ်တဲ့နေရာမှာ အစားထိုးလို့ ဖျက်တဲ့အိမ်တွေကို ပြန်ဆောက်ပေးခဲ့ကြပါတယ်။

အဲဒီလို အိမ်ဟောင်းတွေကို ပြန်ပြင်ပြီးဆောက်ပေးတဲ့အိမ်မှာ ဘာသာမတူ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းမိသားစု နေထိုင်ကြပါတယ်။ တကယ်တော့ ဝန်ထမ်းတန်းလျားဆိုတာ ဘဝသံသရာ ရထားလိုပါပဲ၊ တစ်ယောက်ဆင်းတော့ တစ်ယောက်တက်ပေါ့။ သူငယ်ချင်းနေရတဲ့အိမ်ကတော့ အသုတ်က ပန့်မောင်းကြီးရဲ့အိမ်ကို ဖျက်ယူလာပြီး ပြန်ပြင်ဆောက်ပေးတဲ့အိမ်ပါ။

ဒီအိမ်မှာ သူတို့မိသားစု စုပြီးနေကြပါတယ်။ ဘာသာခြားတွေဆိုတော့ အိမ်တက်ဆွမ်းကျွေးတာတို့၊ အန္တရာယ်ကင်း ပရိတ်ရွတ်တာတို့ မလုပ်ပါဘူး။ တိုက်ဆိုင်တာလား၊ အိမ်ခိုက်တာလား ဆိုတာတော့ မသိ။ အိမ်ပေါ်တက်နေပြီး ကတည်းက တစ်ခုမဟုတ်တစ်ခု ထိခိုက်တာမျိုး၊ မိသားစုတွေထဲက တစ်ယောက်ပြီးတစ်ယောက် နေမကောင်းဖြစ်တာ၊ ဖျားတာနာတာတွေ ဖြစ်တတ်တာမျိုးနဲ့ ကြုံတွေ့နေရပါတယ်။

တစ်ညမှာတော့ အိမ်ထောင်ဦးစီးဖြစ်တဲ့ စောယိုမူးလယ်ကို အိပ်မက်တစ်ခုပေးတယ်။ အိပ်မက်ထဲမှာ အိုတွနေတဲ့ ကုလားအဘိုးကြီးက သူနေခဲ့တဲ့အိမ်ကြီးကို ဖျက်ယူလာတာမို့ သူ မကျေနပ်တဲ့အကြောင်း၊ လောလောဆယ် သူ့မှာ နေစရာမရှိလို့ ဒီအိမ်မှာမနေနိုင်အောင်၊ ထိခိုက်ဖျားနာအောင် သူလုပ်တာဆိုတဲ့အကြောင်း ထူးထူးခြားခြား အိပ်မက်မက်ခဲ့တယ်ဆိုပဲ။

ဒါပေမယ့် သူတို့ကအယုံအကြည်မရှိသလို ကြောက်လည်းမကြောက်၊ ဂရုလည်းမပြု၊ အမှုမထားတာမို့ ခပ်ပေါ့ပေါ့ပါးပါးပဲနေလိုက်တယ်။

(၃) ရက်ခန့်အကြာမှာတော့ သူ့သမီးကြီး နော်ဆေးဖောဟာ ကိုယ်ပူကြီးပြီး ဖျားပြန်ပါတယ်။ ဒီတစ်ခါ အိပ်မက်ပေးတာက နော်ဆေးဖောကိုပါ။ အိပ်မက်ထဲမှာ သူတို့နေတဲ့အိမ်ပေါ်ကို အတင်းတက်လာတာကလည်း ကုလားအဘိုးကြီးပါပဲတဲ့။ အသုတ်က သူနေခဲ့တဲ့ အိမ်အဖျက်ခံရပြီး သူ့မှာနေစရာမရှိတဲ့အကြောင်း၊ ဟိန္ဒူ ဗုဒ္ဓဘာသာဖြစ်တဲ့အကြောင်း၊ နောက်ပြီး အိမ်ပေါ်အတက်နားက သုံးချပ်မြောက် ခင်းပျဉ်လုပ်ထားတဲ့ပျဉ်ပြားကို အစားထိုးပြီး ပြန်လဲထုတ်ဖို့အကြောင်းတွေကို ပြောသွားခဲ့တယ်။

သူ့အပါး (အဖေ) ကို အိပ်မက်အကြောင်းပြောပြတော့ စောယိုမူးလယ်ဟာ အံ့အံ့သြသြဖြစ်လို့၊ အိပ်မက်ကိုလည်း မယုံအခက်၊ ယုံအခက်ပေါ့။

ခက်တာက တတိယမြောက်ပျဉ်ချပ်ကို အစားထိုးဖို့ဆိုတာကလည်း ဘာအနာအဆာမှမရှိ၊ အကောင်းပကတိဆိုတော့ ဘယ်မှာလဲလှယ်ဖြစ်မှာလဲ။

သူတို့ရဲ့ အိပ်မက်အကြောင်းကို စက်ရုံက အနေကြာဝန်ထမ်းတွေ မေးကြည့်တော့ အသုတ်က ပန့်မောင်းကြီးဟာ ဟိန္ဒူ ဗုဒ္ဓဘာသာကုလားကြီး စူပရားမန်းနီး ဆိုသူဖြစ်ပြီး သူ့အိမ်ပေါ်မှာပဲ အောင့်ပြီး သေဆုံးခဲ့တာဆိုတဲ့အကြောင်း သေသေချာချာ သိလိုက်ရပေတယ်။

(၃)

အိမ်မှာ ဖျားနာမကျန်းဖြစ်တဲ့သူတွေဟာ လူလှည့်ပြီးဖြစ်နေလို့ စီးပွား



www.burmeseclassic.com

www.burmeseclassic.com

ချေးဆိုတာလည်း အိတ်ပေါက်နဲ့ ဖားကောက်၊ ရလိုက်ကုန်လိုက် မစုမိ၊ အဘတ်မတင်ခဲ့။

အိမ်ပေါ်အတက် ပျဉ်ချပ်ပြောင်ခပြောင်မှာ ဘာမှမရှိပါဘဲနှင့် ခလုတ်တိုက် ထိခိုက်နေတယ်။ တံမြက်လှည်းတော့လည်း သုံးချပ်မြောက်ပျဉ်နေရာအရောက်မှာ ထစ်ထစ်ငေါ့ငေါ့နဲ့ တံမြက်စည်းအစတွေ ကြမ်းကြားညပ်နေတတ်တာမျိုး ကြုံနေကြရတယ်။

နောက်တော့ အဲဒီ ပျဉ်မှာပဲ သံငုတ်စလေးတစ်ခုဟာ ပြူထွက်နေသလို နင်းမိတဲ့သူတွေလည်း စူးရှရှဝေဒနာကို ခံစားကြရတယ်။ သံငုတ်တိုလေးဟာ သံနုတ်ကိရိယာနဲ့ နုတ်လို့မရပါဘူး။ ဒါကြောင့် အပေါ်ကနေပြီး တူနဲ့ရိုက်ချလိုက်ပါတယ်။ ဒါပေမယ့် သံငုတ်ကပဲ ချောင်နေလို့လား, ပျဉ်ကိုနင်းတဲ့အရှိန်ကြောင့်လားတော့ မသိ။ ရက်ပိုင်းအတွင်းမှာပဲ သံငုတ်တိုကလေးဟာ ပြန်ထွက်လာတတ်ပြီး စူးရှရှဖြစ်ကြရပြန်ပါတယ်။ သုံးခါလောက်ရိုက်လိုက်၊ ထွက်လိုက်၊ ပြန်စူးလိုက်ဖြစ်နေတယ်။ နောက်ဆုံးမှာတော့ (၅) ပေလောက်သာရှည်တဲ့ အဲဒီပျဉ်တိုကလေးကို သံတူးရွှင်းနဲ့ ထိုးခွာပြီး ပျဉ်အစားထိုးလဲလှယ်ဖို့လုပ်လိုက်ရတော့တယ်။

ခွာထုတ်လိုက်တဲ့ တတိယမြောက်ပျဉ်ပြားရဲ့အောက်ဝမ်းပိုက်မှာ ရေးထားတာက သေချာထွင်းထားတဲ့ စာလုံးဖြစ်တဲ့ 'ဗုဒ္ဓံ ဓမ္မံ သံဃံ' ဆိုတဲ့ စာတွေဖြစ်နေတာကို တွေ့လိုက်ရတယ်။ တကယ်တော့ အဲဒီပျဉ်ပြားဟာ ဗုဒ္ဓဘာသာဘုရားခန်း ကျောင်းဆောင်ခါးပန်းကပ်ဖြစ်နေတာကိုး။ အဲဒါကို အိမ်ဆောက်တဲ့ လက်သမားတွေကလည်း အမှုမဲ့အမှတ်မဲ့နဲ့ စာကို အောက်ဘက်ထားပြီး ခင်းချလိုက်တာမို့ မလိုလားအပ်တဲ့ ဒုက္ခသုက္ခတွေနဲ့ ကြုံခဲ့ကြရပေတာလို့တော့ ထင်မိတာပါပဲ။

အဲဒီ ပျဉ်ကို လဲလှယ်ပြီးတာနဲ့ နောက်ပိုင်းမှာတော့ ကျန်းမာရေးတွေလည်း ပြန်ကောင်းလာသလို စီးပွားရေးလည်း အဆင်ပြေခဲ့တယ်ဆိုတာ သူငယ်ချင်းပြောပြလို့ သိလိုက်ရပါတယ်။ ဖယ်ထုတ်လိုက်တဲ့ ပျဉ်ချပ်တိုကိုလည်း ပစ်စလက်ခတ် မလုပ်ရဲတော့ဘဲ သူ့အိမ်ခေါင်းရင်းဘက်မှာ ထောင်ထားလိုက်တယ်။

တကယ်တော့ ဘာသာအယူအရ မကိုးကွယ်, မရှိခိုးချင်ရင်နေလို့ရတယ်၊



မစော်ကားရဘူး, မဝေဖန်ရဘူး, မထီမဲ့မြင်မပြုရဘူး ဆိုတာကိုတော့ ကောင်းကောင်းကြီး သဘောပေါက်သွားဟန်တူပါရဲ့။

နောက်ပိုင်းမှာတော့ ဘာသာခြားပေမယ့် ဝန်ထမ်းအများ စုပေါင်းလုပ်ရတဲ့ ပဌာန်းပွဲတို့၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါတွင်းဥပုသ်ရက်ပတ် အာဟာရကျွေးတာတို့မှာ တတ်အားသမျှ ပါဝင်လှူဒါန်းလာတာမျိုးတွေအထိ တွေ့မြင်လာရပါတယ်။

ကောင်းတာလုပ်တော့ ကောင်းကျိုးပေးတာပေါ့။ အခုဆို အတော်လေးပြေလည်နေပါပြီ။ သမီးကြီး နော်ဆေးဖောလည်း (၁၀) တန်းအောင်၊ ဘွဲ့ရပြီးလို့ မလေးရှားနိုင်ငံမှာ ကုမ္ပဏီအလုပ်သွားလုပ်နေပါတယ်။ သူငယ်ချင်းမိသားစု အခုလို ပြေပြေလည်လည်နဲ့ စိတ်ချမ်းသာစွာရှိနေတာကို သိရ၊ ကြားရတော့လည်း မုဒိတာပွားရပေတာပေါ့။

(၄)

စာရေးတဲ့ ကျွန်တော့်ကို သူ့ရဲ့ ထူးဆန်းထွေလာလေးတွေ ကြုံကြားသိသမျှ ပြောပြလေ့ရှိပါတယ်။ အခုလည်း သူ့သမီးနော်ဆေးဖောရဲ့ မလေးကုမ္ပဏီမှာကြုံတဲ့ အိပ်မက်ဆန်းရဲ့အတွေ့အကြုံကို ပြန်ပြောပြတာပါ။

သမီးကြီး နော်ဆေးဖော မလေးရှားမှာ အလုပ်သွားလုပ်တာ (၂) နှစ်ကျော်ခဲ့ပြီ။ လုပ်ရတာက ကော်ဖီမစ်ကုမ္ပဏီမှာ စာရင်းဇယား၊ ငွေရေးကြေးရေး ဘဏ်ငွေသွင်း,ငွေထုတ်ဆိုင်ရာတွေကို ကွန်ပျူတာနဲ့ စာရင်းရေးသွင်း တွက်ချက်မှတ်တမ်းပြုရတဲ့ ရုံးထဲမှာပါ။

ရောက်စကတော့ သာမန်ဝန်ထမ်းတွေနေရတဲ့ အခန်းထဲမှာ စုနေရတယ်။ ခုနောက်ပိုင်းမှာတော့ လုပ်ငန်းကျွမ်းကျင်မှုရယ်၊ ရိုးသားကြိုးစား စကားနည်း သဘောကောင်းတော့ အဆင့်မြင့်ရာထူးတိုးပြီး လစာပါတိုးရလာတယ်။ ဒီတော့ သူနေထိုင်ရတဲ့အဆင့်ကိုပါ တိုးမြှင့်ပြီး ပြောင်းလဲပေးခြင်းခံရတယ်။

သီးသန့် လုံခြုံစိတ်ချရတဲ့အခန်းမှာ အေးချမ်းစွာနေရခြင်းပါပဲ။ သူ့လို အဆင့်အတန်းတူ မိန်းကလေးတွေကလည်း အနားကပ်အခန်းတွေမှာ ရှိနေကြပါတယ်။ နော်ဆေးဖောက သတ္တိကောင်းပါတယ်။ သရဲ၊ တစ္ဆေ၊ နာနာဘာဝ ပရလောက ဆိုတာတွေကို အယုံအကြည် မရှိသလို ကြောက်လည်း မကြောက်ပါဘူး။

ဒီမှာထူးခြားတာက တစ်ယောက်ခန်းကိုပြောင်းပြီး စ,ရောက်တဲ့ညမှာပဲ ထူးထူးခြားခြား အိပ်မက် မက်ခဲ့တယ်။ အိပ်မက်ထဲမှာ ကပ္ပလီလို ကုလားမည်းမည်းကြီးက သူ့အခန်းထဲကနေ စိတ်ဆိုးမာန်ဆိုးမျက်နှာကြီးနဲ့ မလေးလို စကားပြောပြီး-

'နင် ငါနေတဲ့အခန်းထဲမှာ ဘာလို့လာနေတာလဲ။ ငါ့အခန်းထဲကထွက်သွား၊ အခုချက်ချင်းထွက်သွား'

ဆိုပြီး မောင်းထုတ်နေတော့ သူကလည်း မလေးစကားနဲ့ပြန်ပြီး-

'ဒါ ကျွန်မအခန်း၊ သူဌေးပိုင်ရှင်ကိုယ်တိုင် နေခွင့်ပြုထားတာ။ ဘာလို့ ဖယ်ပေးရမှာလဲ၊ မဖယ်ပေးနိုင်ပါဘူး။ ရှင် မကျေနပ်ရင် သူဌေးကိုသွားပြော'

'အေး-နင် အေးအေးဆေးဆေး ဖယ်မပေးဘူးဆိုရင်တော့ ငါ့အကြောင်း ကောင်းကောင်း သိရမယ်'

လို့ ကြိမ်းမောင်းပြီး ပြန်လှည့်ထွက်သွားတယ် ဆိုတဲ့ ကြောက်စရာ အိပ်မက်ကြီးကို မက်ခဲ့တယ်။ ပထမတော့ မနေရဲလောက်အောင် စိုးထိတ်ပြီး ကြောက်သလိုဖြစ်သွားမိတယ်။ ဒါပေမယ့် 'အိပ်မက်ပဲလေ၊ ဘာကြောက်စရာရှိတာမှတ်လို့' ဆိုပြီး တစ်ဦးတည်း ဘုရားသခင်ကို ဝတ်ပြုဆုတောင်းနေလိုက်တော့ အကြောက်ပြေသွားခဲ့တယ်။ အဲဒီညက မှတ်မှတ်ရရ စနေနေ့ည။ အိပ်မက်ကနိုးလို့ နာရီကြည့်လိုက်တော့ ညဉ့်သန်းခေါင် (၁၂) နာရီတိတိ။

နောက်တစ်ပတ် စနေနေ့ညမှာလည်း ပထမအိပ်မက်အတိုင်းပါပဲ။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ကပ္ပလီကုလားမည်းက ပိုပိုပြီး ဒေါင်တွေ ကန်နေပြန်ပါတယ်။ ဒါကလည်း ညဉ့်သန်းခေါင်ယံ (၁၂)နာရီတိတိမှာ။ အိပ်မက်ဆိုးကလန့်နိုးတော့ ရင်တုန်ပန်းတုန်နဲ့ ဇောချွေးတွေပြန်လို့။ ကြောက်သွားမိတာတော့ အမှန်ပါ။ အခန်းတံခါးတွေ၊ လုံခြုံရေးသော့တွေ ပြန်စစ်ကြည့်တော့လည်း အနေအထားမပျက်ပါဘူး။

လာပြန်ပါပြီ၊ တတိယမြောက် နောက်တစ်ပတ် စနေနေ့ည။ အိပ်မက်ဆိုးမက်မှာကိုတွေးပြီး ကြောက်သလိုလိုဖြစ်နေတာမို့ လုံးဝကို မအိပ်ရဲတော့ပါဘူး။ ဒီစနေနေ့ ညဉ့် (၁၂) နာရီကို အိပ်ပျော်ခြင်းနဲ့ မဖြတ်ကျော်လိုတော့။ ဒီတော့ မအိပ်ဘဲနဲ့ နိုးလျက်က စောင့်ကြည့်ချင်တာမို့ ညအိပ်မီးအလင်းရောင်လေးကိုသာ မှိန်ဖျော့ဖျော့လေး ထွန်းထားပြီး ရိုက်တန်ကောင်းတဲ့ မျဉ်းလုံးတုတ်တစ်ချောင်းရယ်၊ ပန်းသီးလှီးတဲ့ ခြောက်လက်မ စတီးဓားကို အိပ်ရာဘေးမှာ အရန်သင့်ထားလို့ သတိနဲ့နေပါတယ်။

ည (၁၁) နာရီခွဲကို ကျော်လာခဲ့ပါပြီ၊ အခုထိ ဘာသံမှမကြားမိသေးပါ။ တစ်နေ့လုံး စာရင်းဇယားတွေနဲ့ နပန်းလုံးခဲ့ရတာမို့ အိပ်စက်အနားယူရမည့်အချိန်မှာ မအိပ် မနားရသေးတော့ တဝါးဝါး သမ်းဝေလို့နေပါပြီ။

အိပ်ချင်စိတ်ကို ဖြေဖျောက်ဖို့ ကော်ဖီမစ်တစ်ခွက် ဖျော်သောက်လိုက်ပါသေးတယ်။ (၁၂) နာရီဆိုတဲ့အချိန်လေးကို ကျော်လွန်ဖို့ အိပ်ရာထဲ ခဏလေး တုံးလုံးလဲပြီး ညောင်းညာနေတဲ့ မျက်လုံး၊ လေးလွန်းတဲ့မျက်ခွံကို ခဏလေး အနားပေးလို့ မှေးလိုက်မိခါမှ ကပ္ပလီကုလားမည်း ငနဲသားက ဘယ်အချိန်ကများ ချောင်းနေသည် မသိ၊ အိပ်မက်ထဲဝင်ချလာပြန်ပါပြီ။

ထုံးစံအတိုင်း တစ်ယောက်တစ်ခွန်း စကားများကြ၊ ရန်ဖြစ်ကြနဲ့ ပြင်းပြင်းထန်ထန် စကားစစ်ထိုးနေရတယ်။ နောက်တော့ ကုလားမည်းက ရန်မူချင်သလို၊ တိုယ်ထိလက်ရောက် စော်ကားချင်သလိုလုပ်လာတာမို့ မျဉ်းလုံးတုတ်နဲ့ ကောက်ပေါက်လိုက်တာ တစ်ခန်းလုံး ဆူညံသွားပါတော့တယ်။ ပေစောင်းစောင်းလုပ်နေတဲ့ကုလားကို ဖြစ်ချင်ရာဖြစ်ဆိုပြီး စတီးဓားကိုင်လို့ ထိုးဖို့ ရှေ့ကိုသွားတော့ ကုလားက တောက်တစ်ချက်ခတ်ပြီး ထွက်သွားပါတော့တယ်။

သက်ပြင်းမောတစ်ချက် ရှိုက်ချလိုက်တော့ အိပ်မက်က လန့်နိုးလာပြီ။ ဘေးအခန်းကပ်မိန်းကလေးတွေက ဝုန်းဝုန်းဒိုင်းဒိုင်း အသံကြားတော့ နိုးထလို့ ပြေးလာကြလေရဲ့။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ- ဆေးဖော၊ ဆေးဖော"

ဆိုတဲ့ ခေါ်သံတွေကြောင့် အသိစိတ်ပြန်ကပ်ပြီး တံခါးကို ဖွင့်ပေးလိုက်တယ်။ အဲဒီအချိန်ကလည်း ညဉ့်သန်းခေါင် (၁၂) နာရီတိတိ။

ဖြစ်ကြောင်းကုန်စင်ကို သူငယ်ချင်းတွေသိအောင် ပြောပြလိုက်တော့ (၃) ကြိမ်တိုင်တိုင် မက်ခဲ့တဲ့ အိပ်မက်တွေကို အံ့အံ့သြသြ ဖြစ်ကြလို့။ အိပ်မက်ဆိုးရဲ့ တစ်ညတာကျန်တဲ့အချိန်လေးကိုတော့ အဖော်သူငယ်ချင်းတွေ လာအိပ်ပေးကြပါတယ်။

(၅)

"ဆေးဖောရယ်- နင် အိပ်ရာမဝင်ခင် ဘုရားရှိခိုးတာတို့၊ ဘုရားစာဆိုတာတို့ မလုပ်ဘူးလားဟယ်"

အခန်းချင်းကပ်မှ မြန်မာမလေးတွေနဲ့ ဗုဒ္ဓဘာသာ တရုတ်မလေးတွေက မေးတော့-

"ငါက ခရစ်ယာန်ဆိုတော့ ဘုရားမရှိခိုးပါဘူး။ သမ္မာကျမ်းစာဖတ်တာတို့၊ ဝတ်ပြုဆုတောင်းတာတို့တော့ လုပ်ပါတယ်"

"အေးဟာ- နင် မယုံတာ၊ ယုံတာ အပ,ထား။ ငါ့မှာ ဘုန်းတော်ကြီးတစ်ပါးက ဆောင်ဖို့ပေးထားတဲ့ဆေး ရှိတယ်။ ရတနာသုံးပါးဆေးလို့တော့ ပြောတယ်။ အဲဒါကို နင့်အခန်းထဲမှာမီးရှို့ပေးလိုက်၊ မကောင်းဆိုးဝါး, နာနာဘာဝ, တစ္ဆေ, သရဲတွေ မနေနိုင်ဘဲ ထွက်ပြေးကြလိမ့်မယ်။ ခုလာမယ့် စနေညကျရင် စမ်းပြီး မီးရှို့ကြည့်ကြမယ်"

ဆိုပြီး အတူ လုပ်ဖော်ကိုင်ဖက် မြန်မာသူငယ်ချင်းမလေးက ပြောတော့ မဟုတ်သော်ရှိ၊ ဟုတ်သော်ရှိ ယူတော့ထားလိုက်ပါတယ်။

ဒီလိုနဲ့ ကြောက်စရာကောင်းတဲ့ စနေညကို တစ်ကျော့ပြန်ရောက်လာခဲ့ပြီ။ သူငယ်ချင်းပေးတဲ့ ဆေးသုံးလုံးကို အောက်က သံပြားခံပြီး မီးရှို့ဖို့ရာ ပြင်ဆင်ထားလိုက်၏။ ည (၁၀) နာရီကျော်တော့ ပတ်ဝန်းကျင်အားလုံး တိတ်ဆိတ်ငြိမ်သက်လို့။ အခန်းတံခါးတွေကို လုံခြုံအောင်ပိတ်ပြီး ဘယ်သူမှမသိအောင် ဆေးသုံးလုံးကို (၁၂)နာရီထိုးဖို့ (၃)မိနစ်အလိုမှာ စပြီး မီးရှို့လိုက်ပါတော့တယ်။

လောင်စာစက္ကူစုတ်တွေ၊ သစ်သားစလေးတွေရဲ့အကူအညီနဲ့ ဆေးလုံးလေးတွေ မီးလောင်နေတာကို စူးစူးနစ်နစ် ကြည့်နေမိတယ်။ ဆေးသုံးလုံးစလုံး ပြာကျသွားတဲ့အချိန်ဟာ ညဉ့် (၁၂) နာရီတိတိပါပဲ။

အဲဒီအချိန်နဲ့တစ်ပြေးညီ ဝုန်းခနဲ မြည်လိုက်တဲ့ အသံကြီးဟာ ကြောက်ခမန်းလိလိပါပဲ။ ကွန်ကရစ်ကြမ်းခင်းတောင် တုန်သွားပါတယ်။ အသံကြောင့် ဝန်းကျင်က လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေ ပြေးလာကြပြီး အပြင်ကနေ အော်ဟစ် တံခါးဖွင့်ခိုင်းလို့ ဖွင့်ကြည့်လိုက်တော့ နော်ဆေးဖောဟာ စကားမပြောနိုင်ဘဲ ခပ်ကြောင်ကြောင် ဖြစ်နေပါတယ်။

အမှန်တကယ်မှာတော့ အခန်းထဲမှာ သံကြိုးခတ်ထားတဲ့ ကော်ဖီမစ်စက်ရုံက စက်ကြီးတစ်လုံးမှာ မှီထောင်ထားတဲ့ (Roller) တလိမ့်တုံးသံချောင်းကြီး လဲကျသွားခြင်းပါပဲ။ မလဲကျနိုင်အောင် သေသေချာချာ နိုင်လွန်ကြိုးနဲ့ စက်ကြီးမှာ တွဲချည်ထားပေမယ့် နိုင်လွန်ကြိုးပြေပြီး လဲကျသွားတာကတော့ အံ့သြစရာပါ။

ရတနာသုံးပါးဆေး ဆိုတာတို့ ဘယ်လိုစီရင်ထားလို့ ဘယ်လိုသိဒ္ဓိတွေ အစွမ်းထက်နေတာလဲ ဆိုတာကိုတော့ သူတို့ စဉ်းစားဖို့ ဉာဏ်မမီပါဘူးတဲ့။

အဲဒီနောက်ပိုင်း စနေနေ့ညနဲ့ အခြား ညပေါင်းများစွာမှာတော့ ကုလားမည်း လုံးဝ အိပ်မက်ထဲရောက်မလာတော့ပါဘူး။

(၆)

နောက်တော့ တစ်ယောက်စကား တစ်ယောက်နားနဲ့ ကြားသိခဲ့ရတာက ညဂျူတီကျတဲ့ ကုလားမည်းဟာ စနေနေ့ ညဉ့် (၁၂)နာရီတိတိမှာ အိပ်ငိုက်ပြီး (Roller) တလိမ့်တုံးညပ် သေဆုံးခဲ့ရတာဆိုပဲ။ သူညပ်သေတဲ့စက်နဲ့ တလိမ့်တုံးကို ဆေးဖောအခန်းထဲမှာ သံကြိုးခတ် သိမ်းဆည်းထားတယ် ဆိုတာကို နော်ဆေးဖော သိလိုက်ရပေမယ့် လုံးဝ မကြောက်တော့ပါဘူးတဲ့လေ။

ပန်းမြိုင်သယ်

www.burmeseclassic.com

www.burmeseclassic.com

အတိတ်ဘဝကို မမှတ်မိသော်လည်း

ဟိုးရှေးက ဆင်ပေါင်ဝဲရွာအကြောင်း ကောင်းကောင်းသိနေသော

# လူဝင်စား စာရေးဆရာကြီး ရန်အောင်

**တိုးထက်**



ရန်အောင်

၁၉၀၉ ခုနှစ် ရန်အောင် (၅) နှစ်သားအရွယ်တွင် ရန်အောင်ကို ကျောင်းအပ်ရန်အတွက် ရန်အောင်သည် သူ၏အဖေနှင့်အတူ ဆရာကြီး ဦးလေးကျယ်၏ကျောင်းသို့ လာခဲ့၏။

ဦးလေးကျယ်ကို ရန်အောင် စူးစိုက်ကြည့်ရင်း ရှေးအတိတ်ဘဝက တွေ့ဆုံကြုံဖူးဖြစ်ခဲ့ရဖူးသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်သတိရသိမြင်နေသည်။

ထိုနေ့ညနေ ကျောင်းလွှတ်၍ ရန်အောင် အိမ်ပြန်လာသောအခါ ဘွားအေကြီးအား အကျိုးအကြောင်းပြောပြလိုက်သည်။

"အမေ"

ဟု ဘွားအေကြီးအား ရန်အောင်က ခေါ်လိုက်ရာ-

"ဘာတုံးဟဲ့ ငရန်"

ဟု ဘွားအေကြီးက ပြန်မေး၏။

ရန်အောင်တို့ဇာတိ ဆင်ပေါင်ဝဲမြို့ထုံးစံအတိုင်း ဘွားအေကို 'အမေ' ဟု ခေါ်ခြင်း ဖြစ်၏။ ရန်အောင့်ငယ်နာမည်မှာ ရန်ကြီးအောင်ဖြစ်ရာ ဘွားအေကြီးက ရန်အောင့်ကို 'ငရန်' ဟု အဖျားဆွတ်ကာ ခေါ်ခြင်း ဖြစ်သည်။

"အမေ"

"ဘာတုံးဟဲ့ ငရန်"

"ဆရာကြီး ဦးလေးကျယ်ဟာ မြို့ဝန်ဦးလတ်ရဲ့ ညီနော်"

"အေး- ဟုတ်တယ်"

"ကျောင်းမှာ ဆရာကိုမောင်ကိုလည်း တွေ့တယ်။ ဆရာမ မသာကောင်းက မိမိလေးသမီး။ မိမိကြီးနဲ့ မိမိလေးက ညီအစ်နော်။ ဆရာကြီး ဦးလေးကျယ်ရဲ့နှမတွေ မဟုတ်လား"

"အေး- ဟုတ်တယ်၊ ဒါတွေကို နင်ဘယ်လိုသိနေတာလဲ။ ဆရာမ မသာကောင်းအမေဟာ ငယ်ငယ်ကလေးကဆုံးသွားလို့ မသာကောင်းကို ကိုလေးကျယ်က မွေးစားထားတာ။ အေး- ဒါနဲ့ ဒီရှေးကအဖြစ်အပျက်တွေကို နင်ဘယ်လိုသိနေတာလဲ"

ဟု ဘွားအေကြီးက တအံ့တဩ မေး၏။

"ဘယ်လိုသိသလဲတော့ မပြောတတ်ဘူး။ ကျွန်တော် တကယ်သိနေတာတော့အမှန်ပဲ။ မြို့ဝန်ဦးလတ်ရဲ့အဖေ မြို့ဝန်ဦးဘိုကိုတောင် ကျွန်တော်သိတယ်"

"ဟေ - အံ့သြစရာပဲ၊ ပြောစမ်းပါဦး။ နင်ဘာတွေသိနေတာတုံး"

"ကျွန်တော်သိနေတာတွေအများကြီးပဲ။ စဉ်းစားလိုက်တော့ ပေါ်ပေါ်လာတယ်"

"ပြောစမ်းပါဦး၊ နင်သိတာတွေကို"

ဟု ဘွားအေကြီးက မေး၏။

"မြို့ဝန်ဦးလတ်ရဲ့အဖေ ဦးဗိုလ်ဟာ အရင်က မြေထဲမြို့ဝန်မဟုတ်လား"

"အံမယ်၊ ဒါကိုတောင် နင်သိသကိုး။ အေး- ဟုတ်တယ်၊ မြေထဲမြို့အကြောင်းကော နင်ဘာသိသလဲ"

"ကျွန်တော် သိထားတာတွေ အများကြီးပဲ။ မြေထဲမြို့မှာ မြို့ဝန်အဖြစ်နဲ့ ဦးဗိုလ်အုပ်ချုပ်နေတုန်း အင်္ဂလိပ်နဲ့ မြန်မာ စစ်ဖြစ်တယ်။ ဦးဗိုလ်က သူ့တပ်သားတွေနဲ့အတူ အင်္ဂလိပ်ကိုတိုက်တယ်။ သို့ပေမယ့် အင်္ဂလိပ်ကနိုင်လို့ မြို့ဝန် ဦးဗိုလ်ရယ်၊ သူ့တပ်သားတွေရယ်၊ နောက်ပြီးတော့ မြေထဲမြို့သူမြို့သားတွေရယ် မြေထဲမြို့က ထွက်ပြေးကြရတယ်"

"အံ့သြစရာပဲဟဲ့၊ အဲဒီအဖြစ်အပျက်ကို ငါတောင်ကောင်းကောင်းမမှတ်မိဘူး။ အဲဒီတုန်းက ငါတောင် ငယ်ငယ်လေးရှိသေးတယ်။ မြန်မာနှစ်က ၁၁၁၄ ခုနှစ် မြန်မာဘုရင် ပုဂံမင်းလက်ထက်ပေါ့။ ပြောစမ်းပါဦး၊ မြေထဲမြို့က လူတွေ ထွက်ပြေးကြတော့ ဘယ်ရောက်သွားသလဲ"

"မြေထဲမြို့အရှေ့ဘက်ကို လှည်းနဲ့တစ်မျိုး ကုန်းကြောင်းခြေကျင်တစ်မျိုး ပြေးကြရတယ်။ တော်တော်ကြီး ခရီးရောက်တော့ ရိုးမတောင်ခြေရောက်ကြတယ်။ ရိုးမတောင်ခြေမှာ အိမ်တွေ၊ တဲတွေ ဆောက်ပြီး တပ်သားတွေကတစ်စု၊ မြေထဲမြို့သူမြို့သားတွေကတစ်စုနေကြတယ်။ အဲဒီအစုနှစ်စုရဲ့ကြားမှာ မြေထဲမြို့ဝန်ဦးဗိုလ်က အိမ်ဆောက်နေတယ်"

"နင်သေသေချာချာမှတ်မိတယ်နော်၊ ငါတောင် အသက်ငယ်သေးလို့ ကောင်းကောင်းမမှတ်မိတော့ဘူး။ အင်း ပြောစမ်းပါဦး၊ နောက်ပြီးတော့ နင်ဘာသိသေးသလဲ"

"ကျွန်တော် မှတ်မိတာကတော့ တပ်သားတွေနေကြတဲ့ အိမ်စုကို တပ်တော်သာလို့ ခေါ်ကြတယ်။ မြေထဲမြို့သူမြို့သားတွေနေကြတဲ့ အိမ်စုကိုတော့ မင်းကင်းလို့ ခေါ်ကြတယ်။ မင်းကင်းဆိုတာက မင်းနဲ့ ကင်းဝေးနေတယ်။ မင်းနဲ့ လွတ်ကင်းနေတယ်လို့ ဆိုလိုတာပေါ့။ အဲဒီ'မင်းကင်း'ကို 'မကင်း' လို့လည်းခေါ်ကြတယ်"

"အေး - ဟုတ်တယ်၊ တပ်တော်သာ မကင်းဆိုတဲ့ အမည်တွေကိုတော့ ငါမှတ်မိတယ်။ ဘာဖြစ်လို့ ဒီအမည်တွေကို မှည့်တယ်ဆိုတာကိုတော့ အခု နင်ပြောမှပဲ သိတော့တယ်။ ကဲ - ဘာသိသေးသလဲ"

"အဲဒီတပ်တော်သာ-မကင်းအရပ်မှာ မြေထဲမြို့ဝန်နဲ့ တပ်မတော်သားတွေ မြို့သူမြို့သားတွေဟာ တော်တော်ကြာကြာနေကြတာကိုတော့ ကျွန်တော် သိတယ်။ ဘယ်လောက်ကြာတယ် ဆိုတာကိုတော့ ကျွန်တော် မမှတ်မိတော့ဘူး"

"အဲဒီတပ်တော်သာ မကင်းအရပ်မှာ (၂) နှစ်ကျော်ကျော်နေခဲ့ရတယ်လို့ တို့မိဘများပြောပြတာ ငါမှတ်မိတယ်"

"ဟုတ်မှာပေါ့၊ အဲဒီလို (၂) နှစ်ကျော်ကျော်နေရင်း ကလေးတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

မွေးကြတယ်။ အင်ကြင်းပင်ကြီးအောက်က အိမ်မှာမွေးတဲ့ မိန်းမကလေးကို မအင်ကြင်းလို့ မှည့်တယ်။ နှင်းတွေကျနေတုန်းမွေးတဲ့ မိန်းကလေးကိုတော့ မငွေနှင်းလို့ မှည့်တယ်"

"ဟုတ်တယ် ဟုတ်တယ်၊ မအင်ကြင်းက နင့်အမေရဲ့ 'အရီးလေးတော်တယ်။ မငွေနှင်းက ငါနဲ့ညီအစ်မဝမ်းကွဲတော်တယ်။ နောက်ထပ်နင်ဘာသိသေးသလဲ"

"အဲဒီ ရိုးမတောင်ခြေ တပ်တော်သာ မကင်းက လူတချို့ကို မြေထဲမြို့လွှတ်ပြီး အခြေအနေ စုံစမ်းခိုင်းလိုက်တယ်။ အဲဒီလူတွေပြန်လာတော့ ပြောတယ်။ 'အင်္ဂလိပ်နဲ့ မြန်မာစစ်ပွဲကတော့ ပြီးပြီတဲ့။ သို့ပေမယ့် မြန်မာက စစ်ရှုံးလို့ မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်ပေးလိုက်ရတယ်တဲ့။ မြေထဲမြို့ဟာ အင်္ဂလိပ်ပိုင်တဲ့ နယ်ထဲပါသွားလို့ မြေထဲမြို့ကိုပြန်သွားကြရင် အင်္ဂလိပ်လက်အောက် ကျွန်သပေါက်အဖြစ်နဲ့ နေရမယ်တဲ့"

"နင်က တော်တော် အနုစိတ်သိတယ်နော်။ ငါတောင်နင့်လောက်မသိဘူး။ အင်း - ပြောစမ်းပါဦး"

"ဒီတော့ အင်္ဂလိပ်လက်အောက်တော့မဝင်ဘူး။ ကိုယ့်မြန်မာဘုရင်နယ်ထဲမှာပဲနေမယ်ဆိုပြီး ပြောင်းရွှေ့နေထိုင်ဖို့ နေရာရှာရအောင် လူတချို့ကို လွှတ်လိုက်တယ်။အဲဒီလိုလွှတ်လိုက်တဲ့လူတွေမှာ ရပ်သေးမင်းသား ဦးရွှေကန်လည်းပါတယ်"

"ဟင်-ဟုတ်လား၊ အဲဒီဦးရွှေကန်ဆိုတာ ငါ့အဖေပဲဟဲ့။ ဟုတ်တယ် ငါငယ်ငယ်က အဖေ ပြောဖူးတယ်၊ အဲဒီလို ပြောင်းရွှေ့နေထိုင်ဖို့ နေရာလိုက်ရှာတဲ့အခါမှာ မြေထဲမြို့မြောက်ဘက်က ဆင်ပေါင်ဝဲရွာကို ပြောင်းရွှေ့နေထိုင်ကြဖို့ ဆုံးဖြတ်ကြတယ်တဲ့"

"ဟုတ်တယ်၊ ဆင်ပေါင်ဝဲရွာက မြန်မာဘုရင် ပိုင်တဲ့နယ်ထဲမှာပါတယ်။ အင်္ဂလိပ်-မြန်မာနယ်စပ်နဲ့လည်းနီးတယ်။ ဝါဆိုဝါခေါင် ရေဝတီမြစ်ရေကြီးတဲ့အခါ ဆင်ပေါင်ဝဲရွာဟာ ရေမနစ်ဘူး။ အဲဒီလိုအချက်ကောင်းတွေနဲ့ပြည့်စုံလို့ မြေထဲမြို့ဝန်ရယ် မြန်မာတပ်တော်သားတွေရယ်၊ မြေထဲမြို့သူမြို့သားတွေရယ် ရိုးမတောင်ခြေ တပ်တော်သာ-မကင်းအရပ်က ဆင်ပေါင်ဝဲရွာကို ပြောင်းရွှေ့ နေထိုင်ကြတယ်"

"နင်က သေသေချာချာသိတယ်နော်၊ နင်ဟာ လူဝင်စားနဲ့တူတယ်။ ဟိုဘဝက နင်ဘယ်သူလဲ"

ဟု ဘွားအေကြီးက မေးရာ-ရန်အောင်က ပြန်ပြောလိုက်၏။

"ဟိုဘဝက ကျွန်တော်ဘယ်သူလဲဆိုတာကိုတော့ ကျွန်တော် မမှတ်မိဘူး အမေ။ သို့ပေမယ့် မြေထဲမြို့အကြောင်းနဲ့ ဟိုရှေးက ဆင်ပေါင်ဝဲရွာအကြောင်းကိုတော့ ကောင်းကောင်းသိနေတယ်"

"ဘာတွေသိနေတာလဲ ပြောစမ်းပါဦး"

"မြေထဲမြို့သူမြို့သားတွေ ဆင်ပေါင်ဝဲရွာကို ပြောင်းရွှေ့မနေထိုင်ခင် အရင်က ဆင်ပေါင်ဝဲရွာဟာ အိမ်ခြေအစိတ်လောက်သာရှိတဲ့ ရွာငယ်လေးပါ။ မြေထဲမြို့ဝန်ဦးဗိုလ်နဲ့ မြေထဲမြို့သူမြို့သားတွေ ဆင်ပေါင်ဝဲရွာကို ပြောင်းပြီးနေတော့မှ ဆင်ပေါင်ဝဲဟာ အိမ်ခြေအများကြီးနဲ့ မြို့ဖြစ်လာပြီး မြေထဲမြို့ဝန်ဦးဗိုလ်ဟာလည်း ဆင်ပေါင်ဝဲမြို့ဝန် ဖြစ်လာတယ်"

"နင် တော်တော်သိတယ်နော်၊ နောက်ကောဘာသိသေးလဲ"

"သိတာပေါ့၊ ကျွန်တော် အများကြီးသိတယ်။ ဆင်ပေါင်ဝဲမြို့တောင်ဘက် မြေထဲမြို့ဟောင်းမြောက်ဘက်၊ ဆင့်ပေါင်ဝဲနဲ့ မြေထဲမြို့အလယ်လောက်မှာ ဒဂုံမော်ရွာရှိတယ်။အဲဒီရွာမှာ မြန်မာနဲ့ အင်္ဂလိပ်နယ်ခြား သတ်မှတ်တဲ့ နယ်ခြားကျောက်တိုင်စိုက်ပြီး အဲဒီနယ်ခြားကျောက်တိုင်တောင်ဘက်မှာ အင်္ဂလိပ်နယ်၊ နယ်ခြားကျောက်တိုင် မြောက်ဘက်မှာ မြန်မာနယ်လို့ သတ်မှတ်တယ်"

"ဟယ် - အဲဒါတွေကို ငါတောင် မသိဘူး"

"အဲဒီအချိန်က ကျွန်တော်ဟာ အမေ့ထက်အသက်ကြီးတဲ့လူဖြစ်နေလိမ့်မယ်ထင်တယ်။ ဒါကြောင့် အမေ မသိတာတွေကို ကျွန်တော် သိနေတာပေါ့"

"အေး-ဟုတ်လိမ့်မယ်။ ပြောစမ်းပါဦး၊ နင်ဘာတွေပြောစရာရှိသေးသလဲ"

"ပြောမယ်ဆိုရင်တော့ ပြောစရာတွေအများကြီးရှိတာပေါ့။ အဲဒီလိုမြေထဲမြို့သူမြို့သားတွေ ဆင်ပေါင်ဝဲကို ပြောင်းရွှေ့လာကြပြီး ကိုယ့်ရပ်ကွက်နဲ့ကိုယ် အိမ်တွေဆောက်ပြီးနေကြတယ်။ ကျွန်တော်တို့ အခုနေတဲ့ မင်းဝိုင်းရပ်မှာ မြို့ဝန်မင်းအိမ်ကို ပတ်ချာလှည့်ဝိုင်းပြီး တခြားအိမ်တွေ ဆောက်နေကြတယ်။ အဲဒီလို မြို့ဝန်မင်းအိမ်ကို ဝိုင်းပတ်ပြီး ဆောက်နေကြလို့ မင်းဝိုင်းရပ်လို့ခေါ်တယ်"

"အေးဟဲ့၊ ဒါလည်းမှတ်စရာပဲ"

"မင်းဝိုင်းရပ်ကို မြို့မရပ်လို့လည်းခေါ်သေးတယ် မဟုတ်လား"

"ဟုတ်တယ်"

"မြို့မရပ်လို့ခေါ်တာတော့ မြေထဲမြို့မကလူတွေနေကြလို့ မြို့မရပ်လို့ခေါ်တာ။ နောက်ပြီးတော့ ကျွန်တော်တို့ မြို့မရပ်ရဲ့ မြောက်ဘက်မှာ ဇွေ့ချောင်းရပ်နဲ့ ဝါးတောရပ် ရှိတယ် မဟုတ်လား။ အဲဒီအမည်တွေဟာ မြေထဲမြို့က ရပ်ကွက်အမည်အတိုင်း မှည့်ထားတာ။ မြေထဲမြို့ ဇွေ့ချောင်းရပ်က လူတွေပဲနေကြလို့ ဇွေ့ချောင်းရပ်လို့ မှည့်တာ။ မြေထဲမြို့ ဝါးတောရပ်ကလူတွေနေကြလို့ ဝါးတောရပ်လို့ပဲ မှည့်တာ။ ဆင်ပေါင်ဝဲမြို့မြောက်ပိုင်းကမ်းနားဘက်မှာ သာခေါင်ရပ်ရှိတယ် မဟုတ်လား"

"အေး- ရှိတယ်"

"အဲဒီသာခေါင်ရပ်ကလည်း မြေထဲမြို့ သာခေါင်ရပ်ကလူတွေပဲ နေကြတာဖြစ်လို့ သာခေါင်ရပ်လို့ပဲ မှည့်တာ။ ဆင်ပေါင်ဝဲမြို့တောင်ပိုင်းကမ်းနားဘက်က ဆာပါရပ်ကိုတော့ အမေမှတ်မိသေးလား"

"အေး- မှတ်မိတာပေါ့၊ နောက်တော့ အဲဒီနေရာမှာ သင်္ဘောဆိပ်လုပ်ချင်လို့ ဆာပါရပ်ကအိမ်တွေ တခြားကို ရွှေ့ပေးရတာ"

"ဟုတ်တယ်၊ အဲဒီဆာပါရပ်ကလည်း မြေထဲမြို့တုန်းက အမည်အတိုင်း မှည့်ထားတာ။ ဟိုးမြန်မာရှင်ဘုရင်လက်ထက်က ဆင်ပေါင်ဝဲမြို့မှာ ကင်းတပ်ထားတာကိုကော အမေ မှတ်မိသေးလား"

"မှတ်မိတယ်၊ ငါးရာတပ်လို့လည်းခေါ်တယ်။ တပ်သားငါးရာပါတယ်။ တို့ဆင်ပေါင်ဝဲတောင်ဘက်နားမှာ ဒဂုံမော်ကျောက်တိုင်ရှိတော့ အင်္ဂလိပ်နယ်စပ်နဲ့နီးတယ် မဟုတ်လား။ ဒီတော့ အရှေးကြုံရင် ကာကွယ်ခုခံဖို့ တို့ဆင်ပေါင်ဝဲမှာ ကင်းတပ်ချထားတာ"

"အဲဒီ ကင်းတပ်အပြောင်းအလဲလုပ်တာတော့ အမေမှတ်မိမှာပေါ့"

"မှတ်မိတယ်လေ၊ ခြောက်လတစ်ကြိမ်ထင်ရဲ့။တပ်သစ်ရောက်လာပြီး တပ်ဟောင်းက မန္တလေးကိုပြန်တယ်။ တပ်သစ်က မြန်မာဘုရင်ပိုင်တဲ့ သင်္ဘောနဲ့လာကြတယ်။ ဆင်ပေါင်ဝဲမြို့ကိုသင်္ဘောဆိုက်ပြီး တပ်ဗိုလ်က မြင်းကြီးစီးပြီး ရွှေဆုံးကသွားတယ်။ တပ်သား (၅၀၀) က စစ်ဗိုလ်နောက်က တပ်ခင်းပြီးလိုက်ကြတယ်။ မြို့သူမြို့သားတွေ တချို့ကြ



www.burmeseclassic.com

www.burmeseclassic.com

…န်းကြည့်ကြရတယ်"

"တပ်ဗိုလ်က စိန်နားတောင်းကြီး …သို့နေဉ်"

"အေး - ဟုတ်တယ်၊ နင်တော် …သိတယ်"

"သိတာပေါ့၊ ဆင်ပေါင်ဝဲမြို့မှာ မြို့ …လ်အုပ်ချုပ်နေတုန်း ဆင်ပေါင်ဝဲ …နဲ့ အနောက်ဘက်ကမ်းက ကြက်ဆူး …ောင်မှာ ခံတပ်ဆောက်တာကိုလည်း …တော် သိတယ်။ သီပေါမင်းလက် … အင်္ဂလိပ်နဲ့ မြန်မာ စစ်တိုက်ကြ … ဧရာဝတီမြစ်ရိုးတစ်လျှောက် ဆန် …လာတဲ့ အင်္ဂလိပ်စစ်သင်္ဘောတွေ … ကြက်ဆူးတောင်ခံတပ်က အမြောက် …လို့ အင်္ဂလိပ်စစ်သင်္ဘောတစ်စင်းကို …သွားတယ်။ အဲဒီစစ်ပွဲမှာတော့ …ဆင်ပေါင်ဝဲမြို့ဝန်ဟာ ဦးဗိုလ် မဟုတ် …ော့ဘူး။ ဦးဗိုလ်သား ဦးလတ် ဖြစ်နေ …"

"ဟုတ်တယ်၊ တို့ဆင်ပေါင်ဝဲကို ဟို …ရှေးက ငါးရာတပ်တွေလာပြီး စောင့် …ရှောက်နေကြရင်း တပ်သားကြီး ကိုဖိုးလူ … ဆင်ပေါင်ဝဲသူနဲ့ အကြောင်းပါပြီး …ဆင်ပေါင်ဝဲမှာပဲ သောင်တင်နေရစ်ခဲ့ …တယ်"

"ကျွန်တော် သိတာပေါ့။ ကိုထွန်း …နဲ့ ကိုဖိုးကိုတို့အဖေ ဦးဖိုးလူ မဟုတ် …ား"

"အေး- ဟုတ်တယ်"

"ဦးမြကိုကော အမေသိသလား"

"ဘယ်ဦးမြလဲ"

"ခြင်းလုံးခတ်တဲ့ ခြင်းလုံးတွေထိုး …ောင်းတဲ့ ဦးမြလေ"

"သိတာပေါ့၊ ဘာဖြစ်လို့လဲ"

"ဆင်ပေါင်ဝဲမြို့ဟာ မြို့ဝန်အုပ် …ချုပ်တဲ့မြို့ဖြစ်ပြီး ကင်းတပ်အမြဲချထား …တဲ့အပြင် ဆင်ပေါင်ဝဲမြို့မှာ မြန်မာအစိုး …ရနဲ့ ကြေးနန်းရုံးလည်းရှိတယ်။ အဲဒီကြေး …နန်းရုံးက ကြေးနန်းရိုက်တဲ့ စာရေးပေါ့ …ဦးမြက"

ရန်အောင်နှင့် ဘွားအေကြီးတို့ အချီအချပြောနေကြသည်ကိုနားထောင် …နေသော ရန်အောင်၏အဖေကဝင်ပြော …၏။

"တချို့ရာဇဝင်စာအုပ်ထဲမှာ မင်း …ဘုန်းမင်းနဲ့ သီပေါမင်းလက်ထက်မှာ နေ …ပြည်တော်နဲ့ မြေထဲမြို့ ကြေးနန်းရိုက်ပြီး ဆက်သွယ်တဲ့အကြောင်း ပါလာတာ …တွေ့ရဖူးတယ်။ မင်းတုန်းနဲ့ သီပေါခေတ် …မှာ မြေထဲမြို့ဟာ နေရာပဲကျန်တော့ တယ် မဟုတ်လား။ မြို့မရှိတော့ဘူး။ အဲဒီမြေထဲမြို့ဟောင်းနေရာတောင်မှ အင်္ဂလိပ်နယ်ထဲရောက်နေပေါ့ဟာ။ မြေထဲမြို့နဲ့ မန္တလေးမြို့ ဘယ်လိုကြေးနန်း ဆက်လို့ရမလဲ"

ရန်အောင်က ပြောလိုက်၏။

"မြေထဲတစ်မြို့လုံး ဆင်ပေါင်ဝဲကို ပြောင်းရွှေ့နေကြလို့၊ နောက်ပြီးတော့ မြေထဲမြို့ဝန်ကပဲ အုပ်ချုပ်နေလို့ ဆင်ပေါင်ဝဲကိုပဲ မြေထဲမြို့လို့ တချို့က ခေါ်ကြရေးကြတယ်။ ရာဇဝင်စာအုပ်ထဲမှာ ပါတဲ့ မြေထဲမြို့ကြေးနန်းရုံဆိုတာ ဆင်ပေါင်ဝဲမြို့က ကြေးနန်းရုံကိုခေါ်တာ"

"အေး - နင် ပြောတာ ဟုတ်လောက်တယ်"

ဟု ရန်အောင်၏အဖေက ထောက်ခံ၏။

"ကျွန်တော်တို့ဆင်ပေါင်ဝဲမြို့မှာ ဆင်ပေါင်ဝဲရပ်ကွက် ဆင်ပေါင်ဝဲပိုင်းလို့ ရှိနေတာက ဆန်းသလိုလိုပဲ"

"ဒါကဒီလိုလေ၊ မူလဆင်ပေါင်ဝဲ ရွာက ဧရာဝတီမြစ်ကမ်းနဖူးမှာ အိမ်တန်းကလေး နှစ်တန်းပဲရှိတယ်။ မြေထဲမြို့သူမြို့သားတွေ ပြောင်းလာတော့မှ အိမ်ခြေအများကြီးရှိလာပြီး မြို့ဖြစ်လာတာ။ မူလဆင်ပေါင်ဝဲရွာနေရာကလေးကို ဆင်ပေါင်ဝဲရပ်၊ ဆင်ပေါင်ဝဲပိုင်းလို့ ခေါ်တာ"

"တို့ကတော့ ဒီအကြောင်းသိတာပေါ့။ တခြားမြို့ကလူတွေကတော့ သိချင်မှသိမယ်"

"မြေထဲမြို့ဟောင်းနေရာရဲ့တောင်ဘက်နားက အာလန်မြို့အကြောင်းကိုလည်း တချို့ကသိချင်မှသိမှာ"

"နင်ကကောသိလို့လား"

ဟု ရန်အောင်၏အဖေက မေး၏။

"ကျွန်တော် သိတာပေါ့။ အဲဒီအရင်ကအကြောင်းတွေတောင် သိသေးတာပဲ"

"သိရင်ပြောစမ်း"

"မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်က ပိုင်သွားတော့ မြန်မာနဲ့ အင်္ဂလိပ်နယ်ခြားမှတ်တိုင်နားမှာရှိတဲ့ တရော်ကုန်းရွာမှာ အင်္ဂလိပ်က စစ်တပ်ချထားတယ်။ တရော်ကုန်းရွာဆိုတာက မြေထဲမြို့ဟောင်းနေရာရဲ့တောင်ဘက်နားမှာ အင်္ဂလိပ်စစ်တပ်ရှိတော့ အရောင်းအဝယ်လည်းကောင်းတယ်။ သူခိုး၊ ဓားပြ၊ လူဆိုးသူဆိုးတို့ ဘေးရန်ကလည်း လုံခြုံစိတ်ချရတယ်။ ဒီတော့ တရော်ကုန်းရွာကို ဟိုရွာဒီရွာကလူတွေ ပြောင်းရွှေ့နေကြလို့ မြို့ဖြစ်လာတယ်၊ မြို့နာမည်ပေးဖို့ ရွေးကြတဲ့အခါမှာ အင်္ဂလိပ်စစ်တပ်က စစ်ဗိုလ်နာမည် အာလန် ဆိုတာကို ရွေးပြီး အာလန်မြို့လို့ အမည်ပေးတာ၊ အဲ- အာလန်မြို့ဖြစ်လာတော့ တရော်ကုန်းရွာနေရာကို တရော်ကုန်းရပ်လို့ ခေါ်ကြတယ်"

"မြေထဲမြို့သမိုင်း၊ အာလန်မြို့သမိုင်းကို နင် သိသလို ဆင်ပေါင်ဝဲရွာသမိုင်းကော နင်သိသလား"

ဟု ရန်အောင်၏ အဖေက ရန်အောင့်ကို မေး၏။

ဤသို့မေးခြင်းမှာ ရန်အောင်၏ အဖေသည် ဆင်ပေါင်ဝဲသမိုင်းကို မသိ၍ မေးခြင်း မဟုတ်ပါ။ ရန်အောင်၏ အသိဉာဏ်ကို စမ်းသပ်လို၍ မေးခြင်းဖြစ်လေသည်။

ရန်အောင်ကလည်း သူသိသမျှကို ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်၊

"ဆင်ပေါင်ဝဲရွာနားက ဧရာဝတီမြစ်ထဲမှာ ရေဝဲကြီးရှိတယ်လေ။ ဟိုရှေးရှေးက ဘုရင်တစ်ပါးက ဖောင်တော်နဲ့ ဧရာဝတီမြစ်ကို စုန်ဆင်းလာတယ်"

"ဘယ်ဘုရင်လဲ၊ အလောင်းစည်သူမင်းကြီးလား"

"ဟုတ်လိမ့်မယ်ထင်ပါရဲ့။ အဲဒီဘုရင်ရဲ့ဖောင်ဟာ ဆင်ပေါင်ဝဲရွာနားက ဝဲကြီးထဲကျနေတော့ ကမ်းပေါ်က ဆင်တွေနဲ့ ဆွဲယူကြရတယ်။ ဒါကြောင့် ဆင်ဖောင်ဆွဲအရပ်လို့ ခေါ်ကြရာက ကြာတော့ ဆင်ပေါင်ဝဲဖြစ်သွားတာ"

ရန်အောင် ပြောနေသည်များကို နားထောင်နေသော ရန်အောင့် မိခင်က ဝင်၍ပြော၏။

"ငရန်ကတော့ အထူးအဆန်းကောင်ကလေး။ သူတစ်နှစ်သားမပြည့်ခင် လသားအရွယ်ကအဖြစ်အပျက်တွေကို သူမှတ်မိတယ်။ တစ်နှစ်သားအရွယ်မှာ လူကြီးတွေပြောသလို စကားပြောတတ်တယ်။ ငရန်က လူဝင်စားနဲ့ တူတယ်။ ဟဲ့- ပြောစမ်း ငရန်၊ ဟိုဘဝက နင်ဘယ်သူလဲ"

ရန်အောင်က ဟုတ်တိုင်းမှန်ရာ ပြောပြပါသည်။

**"ဟိုဘဝက ကျွန်တော် ဘယ်သူလဲ ဆိုတာ မသိဘူး အစ်မ"**

အမေက ပြော၏။

**"အဲဒါလည်းဆန်းတာပဲဟဲ့"**

ဘိုးဆက်



www.burmeseclassic.com

www.burmeseclassic.com

သူရိယရှင်နေမင်းသည် လောက တစ်ခွင်လုံးအား အလင်းဓာတ်ပေးရန် အလို့ငှာ အရှေ့ရိုးမတောင်တန်းတစ်ခုမှ အားပြု၍ ပေါ်ထွန်းစပြုပြီ ဖြစ်သည်။ ရှမ်းရိုးမတောင်တန်းတို့သည် နှင်းငွေ့ ကတ္တီပါဝတ်ရုံလွှာအား ဆင်မြန်းရင်း ကြွေကြီးစွာဖြင့် မြေပြန့်လွင်ပြင်သို့ ငေးကြည့်နေကြ၏။ တောကျေးတော ငှက်တို့မှာကား ရှေ့၊ နောက်၊ တောင်၊ မြောက် အရပ်ရပ်သို့ လူးကာလွန့်ကာ ဖြင့် ဝမ်းစာအတွက် ပျံသန်းကြကုန်၏။ မြေပြန့်နှင့် ရိုးမအစပ် စားကျက်ကွင်း မှာ လွှတ်ထားသော နွားအုပ်ဆီမှ နွား ခလောက်သံ တတုံတုံက နံနက်ခင်း၏ ရှင် အနော်ရထာဘုရင်ကြီးကိုတောင် သွားရောက် ဆက်သရသည်အထိ အ လွန် ကျော်ကြားခဲ့သည်ဆိုပဲ။ ထိုသရက် ပင်ကြီးက လွန်စွာ အသန့်အပြန့်ကြီးကျယ် ပြီး အစောင့်အကြပ်ကြီးသည်ဆို၍ ပင်း



တေးသီချင်းသဖွယ် စည်းချက်ညီလိုက်၊ မညီလိုက်နှင့်။

ဤရိုးမအစပ်တောင်ခြေ၌ ရွာ လေးတစ်ရွာ ရှိသည်။ ရွာအမည်က သရက်တစ်ပင်။ သို့သော် တစ်ရွာလုံး စေ့စေ့စပ်စပ် လိုက်ရှာသော်မှ သရက် ပင်အား အသာထား၍ တူသည့်အပင် တောင် မရှိပါ။ မည်သူတွေကများ ဤ အမည် ပေးသွားကြသနည်း။ ရွာသား တွေလည်း မသိကြ။ ရွာ၏ သက်တော် ရှည် အဘရွှေကတော့ ဒဏ္ဍာရီဆန်ဆန် ပုံပြင်တစ်ပုဒ်အား ပြောပြဖူးပါသည်။ ဟိုးရှေးရှေးတုန်းက ဤရွာ၏ အလယ် မှာ သရက်ပင်ကြီးတစ်ပင် ရှိပါသတဲ့။ ဆယ့်နှစ်လရာသီပတ်လုံး အဖူး၊ အပွင့်၊ အသီးများဖြင့် ဝေဆာနေ၍ အသီးမှာ ချိုမြပြီး အလွန်မွေးသည်တဲ့။ ပုဂံပြည့်





www.burmeseclassic.com

www.burmeseclassic.com


ခြပတ်လည်မှာ ဝါးစည်းရိုးကာပြီး နတ်ကွန်းလေးတစ်ခု ပြုလုပ်ထားကြ၏။ ညတိုင်း ဆီမီး၊ အမွှေးနံ့သာများဖြင့် ပဇော် ပ,သကြတာ သရက်သီးခူးမည်ဆိုလျှင် စားလိုသလောက် တောင်း၍ ခူးကြရသည်။ ပိုခူးမိလျှင် အိမ်ရောက်သည်နှင့် အပိုသရက်သီးမှာ ပုပ်သွားတတ်၍ မည်သူမျှ အပိုမခူးရဲတော့။

တစ်နေ့. . .

သရက်တစ်ပင်ရွာမှာ အလှူလုပ်တော့ တစ်ဖက်ရွာမှရွာသားတွေ အလှူကိုလာကြသည်။ တောအလှူ ဆိုတော့ ကာလသားတွေက တစ်ဖက်ရွာမှ လူငယ်တွေကို ထန်းရည်ဝိုင်းဖြင့် ဧည့်ခံကြ၏။ စားသော[illegible]မှအပြန် တစ်ဖက်ရွာ[illegible]ာက်က ထန်းရည်[illegible]ကြီးအား သေးနှင့်ပန်းပါတော့၏။ ကြောက်စ်ထိုသရက်ပင်ကြီးသည် အရွက်များ ရှိုးခြောက်၊ အသီးများမှာလည်းလုံးပြီး ကြွေကျတုန်သည်။ အပင်စောင့်နတ် ကြောက်၍ အပင်ကို သတ်ပစ်တာဟု ဆိုကြ၏။ တစ်နှစ်မှာတော့ ထိုသရက်ပင်ခြောက်ကြီးသည် သူ့အလိုလို မီးထလောင်ပါတော့သည်။ ထူးဆန်းသည်မှာ သရက်ပင်ခြောက်ကြီး မီးလောင်သည်နှင့် သေးနှင့်ပန်းသွားသည့်လူငယ်နေသော ရွာသည်လည်း တစ်ချိန်တည်းမှာပင် မီးထလောင်ခြင်း ဖြစ်သည်။

တစ်ရွာလုံး ဘာပစ္စည်းမှမရလိုက်ဘဲ ရွာလုံးကျွတ်ပြာကျသွား၏။ ထိုရွာ[illegible]များမှာ မီးလောင်မြေရွာပျက်မှာ[illegible]တာဘဲ တစ်ရွာလုံး ပြောင်းပြေး[illegible]တော့၏။ ထိုရွာပျက်မြေသည် [illegible]ထိ ဘာပင်မှစိုက်ပျိုး၍မရဘဲ [illegible]ကွန်းဖြစ်နေသည်မှာ ယခုအ[illegible]ဖြစ်ပါသည်။

[illegible]ဤသည်မှာ [illegible] [illegible] [illegible] ဒဏ္ဍာရီပုံပြင်[illegible] [illegible]





www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် သရက်တစ်ပင်နှင့် တစ်မိုင်သာသာခန့်အကွာမှာရှိသော ထိုကျတ်တီးကုန်းမြေကွက်သည် ဖုန်းဆိုးတော ဖြစ်နေသည်။ လယ်မြေချဲ့ထွင်ရန် အပင်စိုက်သော်လည်း ဘာပင်မှ စိုက်ပျိုး၍ မရပါ။

ဤရွာကလေးသည် ရိုးမအခြေတောင်ကြားထဲ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ သိပ်တော့ မလွယ်ကူလှပေ။ သာစည်-ရွှေညောင်ကားလမ်းသို့ရောက်ဖို့ ရွာလှည်းလမ်းဖြင့် (၂)တိုင်ခရီးခန့် သွားရ၏။ ရထားလမ်းရှိ လယ်ပြင်ဘူတာသို့ရောက်ရန် အရှေ့မတက်မီ လှည်းဖြင့် အပြင်းနှင်မှ နံနက် (၈) နာရီရထားသို့မီပါသည်။ အကယ်၍များ စမုံချောင်းတောင်ကျရေဖြင့် ကြုံခဲ့လျှင်တော့ ထိုနေ့အဖို့ စောင့်ပေဦးတော့။

သရက်တစ်ပင်ရွာလေးမှ လက်သမားဆရာကြီး ဦးသာလှသည် ဤဘက်နယ်တစ်ကြော၌ ထင်ရှားသော လက်သမားဆရာကြီး ဖြစ်သည်။ သာစည်မှ တပည့်ဖြစ်သူ မောင်ခွေးနှင့်အတူ ယင်းမာပင်သို့သွားရန် ရွာမှထွက်လာခဲ့ကြခြင်းဖြစ်၏။ သာစည်မှ သူဌေးတစ်ယောက်က ယင်းမာပင်တွင် ထမင်းဆိုင်ဖွင့်ရန်အတွက် သပ်ရပ်ခဲ့ညားသော အဆောက်အအုံတစ်ခု ဆောက်ချင်သည်။ ယင်းမာပင်သည် တောင်ကြီး-အင်းလေးသို့ သွားရာကားလမ်းရှိ ကားများရပ်နား၍ ခရီးသည်များ ထမင်းစားနားသော ရပ်နားစခန်းတစ်ခု ဖြစ်သည်။ သူဌေး၏မန်နေဂျာက အဆောက်အအုံဆောက်ရာ၌ လက်ရာကောင်းပြီး တိကျမှန်ကန်သော လက်သမားဆရာကြီး ဦးသာလှ၏သတင်းကိုသိ၍ လာရောက်ဆက်သွယ်၏။

သို့အတွက်ကြောင့်ပင် ဆရာတပည့်နှစ်ယောက် ယင်းမာပင်သို့ထွက်လာခဲ့ကြခြင်းဖြစ်သည်။ သူဌေးက မန်နေဂျာဖြင့်သာ အကုန်လွှဲထားသည့်အတွက် သူနှင့် ဦးသာလှ လက်သမားခန့်ထား စကားပြောရဦးမည်။ သူဌေး၏ဆန္ဒက သူ့ဆိုင်အား ဘိလပ်မြေနှင့် အုတ်သုံးမည်ဆိုသော်လည်း အတတ်နိုင်ဆုံး သစ်၊ ဝါးများဖြင့် အလှဆင်လို၏။ ယင်းမာပင် ကားနားစခန်း တည်ရှိရာလမ်းသည် တောင်ကြီး-အင်းလေးသို့ အလည်ပတ်လာကြသော ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက် ရပ်နားပြီး စားသောက်ကြရာလမ်းကြော ဖြစ်သောကြောင့်ပင်တည်း။ သူတို့ဆရာတပည့်နှစ်ယောက် ယင်းမာပင်သို့ ရောက်တော့ နံနက် (၉) နာရီထိုးပြီ ဖြစ်၏။ သူဌေး၏ မန်နေဂျာသည် သူတို့အား မြရိပ်ထမင်းဆိုင်ရှေ့၌ စောင့်နေသည်။

"ဆရာကြီးတို့ လာရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် မန်နေဂျာကြီးရယ်၊ စမုံချောင်းရေက တက်ချင်ချင်ဖြစ်လာလို့ တက်သုတ်ရိုက်ပြီး လာရတယ်"

မန်နေဂျာမှ စားပွဲထိုး ကောင်မလေးအား ထမင်းဟင်းလျာများ မှာယူသည်။ ထမင်းစားရင်းဖြင့် အလုပ်အကြောင်း ဆွေးနွေးကြသည်။ တည်ဆောက်မည့် အဆောက်အအုံအတွက် လိုသမျှ သစ်၊ ဝါးများအား ဦးသာလှတို့အဖွဲ့ကပင် တောထဲမှခုတ်ပေးရမည် ဖြစ်သည်။ လက်သမားခအပြင် ကျသင့်သည့် သစ်ဖိုးငွေပါ ပေးချေရမည် ဖြစ်သည်။ ဈေးနှုန်းညှိနှိုင်း၍ ဈေးတည့်သွားသောအခါ စတင်ဆောက်လုပ်မည့် နေ့ရက်အား သတ်မှတ်ကြပြီး စရန်ငွေတချို့တစ်ဝက်ပေးသည်။

"ကဲ - ဆရာကြီး၊ ကျွန်တော် သာစည်ကိုပြန်မယ်။ သူဌေးကို ဘာမှာဦးမလဲ"

"အင်း- ကျုပ်တို့လည်း သာစည်ကိုသွားရဦးမယ်။ သစ်ခုတ်ဖို့ရယ်၊ ဆိုင်ဆောက်ဖို့ လက်သမားပစ္စည်းလေးတွေ တချို့တစ်ဝက်လည်းဝယ်ဖို့ ဆိုပါတော့"

"အတော်ပဲ၊ ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါလား။ လမ်းကြုံနေတာပဲဟာ"

ဤသို့ဖြင့် ဦးသာလှတို့ ဆရာတပည့်နှစ်ဦး မန်နေဂျာ၏ ပင်ကားလေးဖြင့် သာစည်ဘက်သို့ လိုက်ခဲ့ကြသည်။ သာစည်ရောက်၍ လိုအပ်သည့် စူး၊ ဆောက် တန်ဆာပလာအချို့နှင့် တောတက်သည့်အခါ ရိက္ခာအတွက် ငါးပိ၊ ငါးခြောက်၊ ဆီ၊ ငရုတ် အစရှိသည်တို့အား ဝယ်ပြီး တည်းခိုရာ မန်နေဂျာ၏အိမ်မှာ ပစ္စည်းများကိုထား၍ ညစာထမင်းစား၊ လက်ဖက်ရည်သောက်ရန်အတွက် မြို့လယ်သို့ ထွက်ခဲ့ကြသည်။ ထမင်းစားပြီး၍ ဆရာတပည့်နှစ်ယောက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ထိုင်ကြသည်။

လက်ဖက်ရည်ဆိုင် အသံချဲ့စက် ဆောင်းဘောက်(စ်)မှ ဂီတသံများသည် ဦးသာလှအတွက် နားဝင်မချိုပါပေ။ သို့သော်လည်း တပည့်ကျော်မောင်ခွေးမှာကား ထိုင်နေရင်းဖြင့် သူ့ကိုယ်က လှုပ်လိုက် ယိမ်းလိုက် ဖြစ်နေသည်။ တစ်ခါတစ်ရံ ဖြန့်ထားသော လက်ဝါးနှစ်ဖက်က စားပွဲပေါ်သို့ ရောက်ရောက်လာ၏။ ခေါင်းလေးညိတ်လိုက်၊ လက်တွေက ရှေ့တိုးနောက်ဆုတ်၊ လူက ရူးတတတဖြစ်နေသော တပည့်ဖြစ်သူကို ကြည့်ပြီး တော်ကြာ စားပွဲပေါ်က ရေနွေးအိုးအား လက်ဖြင့် တိုက်မိမှာစိုး၍ ခပ်ဝေးဝေးသို့ ရွှေ့ထားရသည်။

"မောင်ခွေး၊ မင်း ဘာဖြစ်နေတာလဲ။ နတ်ပူးနေတာလား၊ အပမှီနေတာလား"

"အဘကလည်း၊ ဒါ ခေတ်ပေါ် ဂီတရေစီးမှာ မျောပါနေတာ။ ဟစ်ဟော့ သီချင်းလေ၊ အရမ်းကောင်းတယ်"

လက်သမားဆရာကြီး ဦးသာလှမှာကား တပည့်ကျော်လူငယ်လေးဖြစ်သော မောင်ခွေးအား မျက်လုံးလေးမှေး၍ ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်မိပါသည်။ လူငယ်တွေ ဆိုတော့လည်း ခေတ်ရေစီးကြောင်းအတိုင်းမျော ပြီပေါ့။ လျင်မြန်စွာ တိုးတက်လာနေသော ဤခေတ်ကြီးမှာ ခေတ်ရေစီးကြောင်းသည် တောထဲ တောင်ထဲ သူတို့ သရက်တစ်ပင်ရွာလေးအထိ စီးဝင်လာပါကောလား။

လက်သမားဆရာကြီး ဦးသာလှ၏အတွေးများမဆုံးခင်မှာပင် လက်ဖက်ရည်ဆိုင်ထဲသို့ လူလတ်ပိုင်းတစ်ယောက် ဝင်လာ၏။ မောင်ခွေးသည် ဟစ်ဟော့ တေးဂီတ၌ စီးမျောနေရာမှ ထိုသူအား တွေ့မြင်လိုက်သည်နှင့်-

"ဟာ- အစ်ကိုသန်းအောင်၊ လာလာ-လက်ဖက်ရည်သောက်ပါဦးလား။ အစ်ကို့ကို မတွေ့ရတာ အတော့်ကိုကြာနေပြီပဲ။ ထိုင်-အစ်ကို"

ဟု အနီးရှိ ခွေးခြေတစ်လုံးကို ဆွဲယူ၍ ဖိတ်မန္တကပြုလိုက်သည်။ သန်းအောင် ဆိုသူက သူတို့၏စားပွဲဝိုင်းသို့ ဝင်ထိုင်ရင်း လက်ဖက်ရည်တစ်ခွက် မှာ၏။

"မောင်ခွေး၊ မင်းတို့အလုပ်အကိုင် အဆင်ပြေရဲ့လား"

မောင်ခွေးနှင့်စကားပြောရင်းဖြင့် အနီးရှိ ဆရာကြီးဦးသာလှကို ငဲ့စောင်း၍ အကဲခတ်နေသည်။ သန်းအောင်သည် ယခင်က ဆောက်လုပ်ရေးအမှုထမ်းတစ်ဦးဖြစ်ပြီး စတိုအား ကိုင်ရသူဖြစ်သည်။ စတိုပစ္စည်းများ စာရင်းကွာ၍ လည်းကောင်း၊ ပြင်ပ ပုဂ္ဂလိကမှ အရည်အသွေး မပြည့်မီသော ပစ္စည်းများ တင်သွင်းမှုနှင့် ပတ်သက်၍ လည်းကောင်း အရေးယူခံရပြီး ထောင်မှပြန်လွတ်လာသူ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်ခွေးသည် ဆရာကြီးဦးသာလှ၏ ခိုင်းစေချက်အရ သာစည်မြို့သို့ သွားရင်း ကိုသန်းအောင်နှင့်သိကျွမ်းခဲ့ခြင်း ဖြစ်သည်။ အရက်ဆိုင်မှာ သောက်စားရင်းဖြင့် ရင်းနှီးခဲ့သူ ဖြစ်ခဲ့ပါ၏။

"မောင်ခွေး၊ မင်းမှာ အလုပ်အကိုင် အဆက်အသွယ်လေးဘာလေး ရှိသလား။ မင်းက သစ်ခုတ်အဖွဲ့တွေနဲ့ ရင်းနှီးတော့ ငါ သစ်ခုတ်လိုက်ချင်တယ်၊ ငွေစရိတ်ငြိမ်းတော့ ပိုကောင်းတာပေါ့ ကွာ"

မောင်ခွေး စကားဆက်မပြောသေးဘဲ ဦးသာလှအား ကြည့်သည်။

ဦးသာလှသည် သန်းအောင်၏ အဝီရုပ်အား သဘောမတွေ့ပါ။ ရက်စက် ကောက်ကျစ်မည့်ရုပ်၊ ကိုယ်ကျင့်တရားယုတ်ညံ့သည့်စိတ်ထားမကောင်းမှုများက သူ၏မျက်နှာတွင် အထင်းသားပေါ်လွင်နေသည်။ ခန္ဓာကိုယ်ကတော့ အလုပ်ကြမ်းလုပ်နိုင်သည့်သဏ္ဍာန် ဖြစ်သည်။

"ဆရာကြီး၊ ကျွန်တော်တို့ တောထဲကိုသစ်ခုတ်သွားရင် ကိုသန်းအောင်ကို ခေါ်သွားလို့ရမလား၊ အဆင်ပြေရင် ခေါ်သွားချင်တယ်"

သစ်ခုတ်ရမည့် အလုပ်မှာလည်း လူလိုနေ၍ အသာအယာပင် ခေါင်းညိတ် ပြလိုက်ပါသည်။

"ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်တော် အလုပ်ကိုကြိုးစားပြီး လုပ်မှာပါ"

သန်းအောင်က ကတိတွေ အထပ်ထပ်ပေးနေ၏။

မနက်ဖြန် မနက်မှာ သာစည်-ရွှေညောင်ရထားနှင့်ပြန်ကြမည်မို့ သန်းအောင်အား ဘူတာသို့ စောစောဆင်းလာရန်ပြောပြီး လူစုခွဲလိုက်ကြသည်။

⚙

အောက်တိုဘာလသည် မိုးရာသီကုန်ဆုံးပြီဆိုပေမယ့် အရှေ့ဘက်မှ ဝင်ရောက်လာသော မုန်တိုင်းမိုးကြောင့် ရာသီဥတု စိတ်မချရပါ။ အထူးသဖြင့် ဆရာကြီးဦးသာလှတို့သွားရမည့် တောလမ်းခရီး၌ စမုံချောင်းသည် ကွေ့ကာဝိုက်ကာဖြင့် ကာဆီးနေသဖြင့် အရှေ့ရိုးမ၏ တိမ်စိုင်တိမ်လိပ်တို့အား ကြည့်ကာ ခရီးနှင်ရသည်။

သူ၏လက်သမားအဖွဲ့(၆)ယောက်နှင့် သစ်ခုတ်ရန်သက်သက်လိုက်မည့် သန်းအောင် အပါအဝင် (၇) ယောက် လှည်းနှစ်စီးဖြင့် ရွာမှ အရုဏ်ရောင်နီပေါ်သည့်အချိန်မှာ ခရီးစ,ထွက်ခဲ့ကြသည်။ အရှေ့စူးစူး၌ မြေပြန့်နှင့် ရှမ်းကုန်းမြေမြင့်တို့အား ဆင်တောင်ကြီးသည် တံတိုင်းကြီးသဖွယ် ကာဆီးလျက်ရှိချေ၏။ အဆင့်လိုက်စီတာဖြင့် မြင့်တက်သွားသော တောင်စဉ်တန်းတို့က လှိုင်းများပမာ မှိုကာမောက်ကာဖြင့် တည်ရှိနေသည်။ သူတို့အုပ်စုသည် သစ်ဝါးကောင်းကောင်းရဖို့အတွက် တောနက်ထဲသို့ တိုးဝင်ပါမှ ဖြစ်ပါမည်။

ယခင်ကဲ့သို့ တောထဲဝင်ရုံမျှဖြင့် အိမ်ဆောက်ဖို့ သစ်၊ ဝါးတို့မှာ ရှားပါးလာချေသည်။ တောင်တို့သည်ပင်လျှင် တောင်ယာကွက်များဖြင့် အကျီကွက်ကျားဝတ်ဆင်ထားသောလူတစ်ယောက်ကဲ့သို့ မလှသည်သို့၊ လှသည်သို့နှင့်။

လှည်းလမ်းသည် တောင်ကြားများအတိုင်း ကွေ့ဝိုက်၍ မြင့်မှန်းမသိမြင့်လာခဲ့သည်။ နွားများမောကြ၍ နှာမှုတ်သံတို့ ပို၍ ပြင်းလာ၏။ ရေနံ့ရ၍ နွားတွေ ခြေလှမ်းသွက်လာ၏။ ရှေ့တစ်ကွေ့၌ ရေစီးသံသဲ့သဲ့ကြားရသည်။ စမုံချောင်း ဖြစ်သည်။

"ချောင်းစပ် အရိပ်ကောင်းတဲ့ နေရာမှာနားမယ်၊ နွားတွေလည်း ရေတိုက်ရဦးမယ်"

ဟု ဆရာကြီးဦးသာလှက လက်သမားအဖွဲ့အား အမိန့်ပေးလိုက်သည်။

ချောင်းစပ်အနီးရှိ လက်ပံပင်ကြီးအောက်မှာ စခန်းချကြ၏။ မောင်ခွေးတစ်ယောက် နွားများအား လံထားပြီး ရေစပ်မှာရေတိုက်၏။ ပြီးတော့ မလှမ်းမကမ်းရှိ သစ်ပင်ငယ်မှာချည်ထားလိုက်၏။ နွားများက အနီးရှိ သစ်ရွက်၊ မြက်နုများအား စားရင်း အမြီးတဖျပ်ဖျပ်ရိုက်ကာ ခြင်ခါနေကြသည်။

ခပ်ဝေးဝေးတောင်ကြားထဲမှ ရှမ်းရထား၏ဥဩသံသဲ့သဲ့အား ကြားရ၏။ ရထားသည် သာစည်ဘူတာမှထွက်ခွာခဲ့ပြီး လယ်ပြင်ဘူတာအား ကျော်ခဲ့ပြီထင်ရ၏။ ဒူးဆစ်သာသာခန့်အနက်ရှိသော စမုံချောင်းရေသည် ကျောက်ဆောင်ကျောက်တုံး၊ အာလူးကျောက်တို့ကြားမှ ခပ်သွက်သွက် စီးဆင်းနေသည်။ ရေစီးနှင့် ကျောက်တုံးများထိခတ်သောကြောင့် ရေစီးသံသည် တဖျပ်ဖျပ် ပေါ်ထွက်နေသည် ။ ချောင်းကမ်းပါးတစ်လျှောက် ဝါးပင်များအကြားမှ လက်ပံ၊ ဒီဒူးနှင့် သက်န်းပင်များ ဟိုဒီ တစ်ပင်စီ ပေါက်နေကြသည်။

သူတို့ လိုချင်သည့် သစ်ကောင်းများက သာစည်နှင့် ကလောမြို့နယ်ကြား ဆင်တောင်ကြီးအောက်ဘက် တောင်ရိုးတွေကြားထဲမှာ ရှိသည်။ ခရီးပြင်းနှင်မှ မိုးမချုပ်မီရောက်မည် ဖြစ်သည်။

သန်းအောင်သည် မောင်ခွေးအားကပ်၍ ဘာတွေပြောနေသည်မသိ၊ မောင်ခွေး သဘောကျလျက် ပြုံးစိစိဖြစ်နေသည်။

"နွားတွေအမောပြေရင် ခရီးပြန်ထွက်မယ်"

ဦးသာလှအမိန့်ပေးလိုက်၍ လက်သမားအဖွဲ့ နွားများအားရှုပ်ပြီး ထမ်းပိုးပြန်တင်၏။ လက်သမားအဖွဲ့သည် ဤလမ်းအား သွားနေကျဖြစ်၍ လမ်းမှားခြင်းမရှိဘဲ တဖြည်းဖြည်း တောသို့ တိုးဝင်နေကြသည်။ တောင်များအား အခြေမှကွေ့ဝိုက်၍ သွားရသဖြင့် ခရီးပိုရှည်ခြင်း ဖြစ်ပါသည်။ ဦးသာလှတို့က ရှေ့လှည်းမှာစီးပြီး မောင်ခွေး၊ သန်းအောင်နှင့် လှည်းမောင်းသည့် လက်သမားတစ်ဦးက နောက်လှည်းမှလိုက်၏။

"မောင်ခွေး- မင်း ရမည်းသင်းဘက်က သတင်းတွေ ကြားပြီးပြီလား"

"ဘာသတင်းများလဲ ကိုသန်းအောင်"

"ရမည်းသင်း အရှေ့ဘက်တောထဲက မိုးထိ မိုးမိ တောင်ရိုးမှာ ရွှေတွေတွေ့တယ်လို့ သတင်းသဲ့သဲ့ကြားရတယ်၊ အဲဒါ မင်းသိလား"

"ကျွန်တော် မသိဘူး ကိုသန်းအောင်"

"ရွှေရကြတယ်ဆိုလို့ တချို့တွေ သွားကြတယ်"

"ခင်ဗျားက ဘာဖြစ်လို့ မသွားတာလဲ"

"ငါက နယ်မြေလည်းမကျွမ်းဘူး၊ ငွေအရင်းအနှီးလည်းမရှိတော့ ဘယ်လိုလုပ် ဖြစ်မှာလဲ။ ရွှေဆိုတာ တူးချင်တဲ့နေရာတူးတိုင်း တွေ့တာမှမဟုတ်တာ"

"အေးဗျာ- ကျွန်တော်လည်း ရေတောလိုက်ပြီး စွန့်စားချင်လိုက်တာ။ လက်သမားအလုပ်က စားလောက်ရုံတော့ရပါရဲ့၊ ကြီးပွားဖို့ သိပ်မမြင်ဘူး"

"မောင်ခွေး၊ မင်းနဲ့ငါ တောထဲရောက်လို့ သစ်ခုတ်ရင်းနဲ့ အချိန်ရရင် တူးဆွကြည့်ကြတာပေါ့။ ဒီဘက်နယ်မြေက ရမည်းသင်းအရှေ့တောင်တန်းနဲ့ တစ်ဆက်တည်းပဲ။ မင်းကြည့်လိုက်လေ၊ တောင်ရိုးတွေက ရှမ်းရိုးမတောင်စဉ်တန်းတွေပဲ မဟုတ်လား"

"အေးဗျ- ကျွန်တော်လည်း အခု



www.burmeseclassic.com

www.burmeseclassic.com

မှ စဉ်းစားမိတယ်။ ဒီလိုလုပ်ပါလား၊ သစ်ခုတ်ပြီးလို့ ခွဲသားတွေစိတ်ကြရင် ကျွန်တော်က တောလည်ပြီး ရိက္ခာရှာနေကျ။ အဲဒီအခါကျရင် ကိုသန်းအောင် လိုက်လာခဲ့၊ ကျွန်တော်တို့နှစ်ယောက် ရှာကြမယ်"

"မင်း ဘယ်သူ့ကိုမှ သွားမပြောနဲ့နော်၊ နှုတ်လုံပါစေ"

"အင်းပါ - မပြောပါဘူး။ ဒါနဲ့ ရွှေက တွေ့ပါ့မလား"

"မင်းတလည်း၊ မလုပ်ခင်ကတည်းက သံသယဖြစ်နေပြီ။ ရမည်းသင်း အံ့ရွှေနဲ့ ဒီနေရာက ဘယ်လောက်ဝေးလို့လဲ၊ တောင်တွေကလည်း တစ်ဆက်တည်းဟာ"

လှည်းပေါ်မှာ ထိုင်လိုက်လာရင်း မောင်ခွေး၏အတွေးတို့သည် လှပချိုမြိန်လွန်းနေ၏။ တိုက်တွေ၊ ကားတွေ၊ မိန်းမချောလေးများဖြင့် သူဌေးကြီး ဦးမောင်ခွေးပေါ့။ နွားလှည်းမောင်းသံသည် တောင်ကြားထဲမှ တကျွိကျွိမြည်လျက် ထွက်ပေါ်နေသည်။ ရှေ့မှာက ရှမ်းရိုးမ၏တံတိုင်းကြီးဖြစ်သော ဆင်တောင်ကြီးသည် ဆီးမိုးလျက်ရှိနေသည်။ ခွေးရုပ်ဘူတာမှ ရထားလွန်းထိုးနေသောကြောင့် စက်ခေါင်းသံပြင်းပြင်းအား သဲ့သဲ့ကြားနေရသည်။

သစ်ရွက်ကြို သစ်ရွက်ကြားများမှ နေပြောက်တို့သည် တောအခြေအား ဟိုဒီတစ်ကွက်စီဖြင့် အလင်းပေးလျက်ရှိသည်။ အလေ့ကျပေါက်ပင်ကြီးများနှင့် ချုံနွယ်တို့က ပြန့်ကျဲမနေတော့ဘဲ ထူထပ်လာ၏။ စမုံချောင်းထဲသို့ စီးဝင်နေသော စိမ့်ပေါက် စမ်းချောင်းတလေးအား တွေ့ရသည်။ အနီးရှိ မြေပြင်သည် ပြန့်သွားရာမှ မနီးမဝေး၌ ချောက်ကမ်းပါးယံကြီးတစ်ခု ရှိနေသည်။

"ဒီနားမှာ စခန်းချကြမယ်။ နေမဝင်မီ စခန်းချမယ့်မြေကို ရှင်း၊ တဲနှစ်လုံး အမြန်ဆောက်ကြ။ မိုးကုန်နေပြီဆိုပြီး စိတ်ချမနေနဲ့၊ မုန်တိုင်းမိုးရွာတတ်တယ်။ အမိုးအကာလုံခြုံပါစေ"

ဆရာကြီးဦးသာလှ အမိန့်ပေးလိုက်သောကြောင့် အဖွဲ့သားတွေ စခန်းချဖို့ပြင်ကြသည်။ ဝါးပေါသောကြောင့် ဝါးတဲနှစ်လုံးမှာ ခဏနှင့် ပြီးသွား၏။ မောင်ခွေးနှင့် သန်းအောင်က အနီးရှိ ကျိုးကျနေသောသစ်ကိုင်းကြီးကို ခုတ်ပြီး မီးဖိုနေကြသည်။ ထမင်းဟင်းချက်ပြုတ်၍ စားသောက်ပြီးသောအခါမှာတော့ နေလုံးကြီးသည် အနောက်တောင်ကြားထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။ တောင်ကြားထဲ ဖြစ်သောကြောင့် အလင်းရောင်ကွယ်သည်မှာ မြန်လွန်းလှသည်။

"သားကောင်ကြီးတွေမရှိဘူး ဆိုပေမယ့် ကျားသစ်တို့၊ တောခွေးအုပ်တို့ကို သတိထား။ မြွေပါး၊ ကင်းပါး ဂရုစိုက်ကြ။ မီးအဆက်မပြတ်ဖိုထားပြီး နိုးနိုးကြားကြားအိပ်ကြနော်"

ဆရာကြီး ဦးသာလှက တပည့်များအား သတိပေးပြီး ဘုရားရှိခိုး၍ တောပိုင်၊ တောင်ပိုင်များကို မေတ္တာပို့နေသည်။

တောက်လောင်နေသော မီးဖို အလင်းရောင်က ခပ်လှမ်းလှမ်းအထိ ပြန့်နေ၏။ တောပိုးကောင်တို့၏ တကျီကျီမြည်သံက တိတ်ဆိတ်နေသောတောအုပ်ကြီးအား မင်းမူနေသည်။ တစ်ခါတစ်ရံ ချေ(ဂျီ)ဟောက်သံအား ခပ်ဝေးဝေးဆီမှကြားနေရသည်။ ညဥ့်ငှက်တို့၏ တဂက်ဂက်မြည်သံသည် စိတ်အားငယ်တတ်သူအဖို့ ကြောက်ရွံ့ထိတ်လန့်စရာဖြစ်သည်။

လက်သမားအဖွဲ့သားတွေက ခြင်ထောင်ယူလာကြသည့်အတွက်ကြောင့်သာ တော်တော့သည်။ တောခြင်ကြီးများကား တပ်နှင့်ချီ၍လာကြကုန်သည်။ လူတို့၏သွေးသားအနံ့ရကြ၍ သစ်ခုတ်တဲနှစ်လုံးအား အပိုင်စီးရန် ဝိုင်းပြီး တစီစီမြည်လျက် ခြင်ထောင်ပတ်လည်မှာ အော်ဟစ်နေကြသည်။ နွားလေးကောင်က မီးဖိုဘေး၌ ခွေလဲ့ရင်း အမြီးတဖျပ်ဖျပ်ဖြင့် စားမြုံ့ပြန်နေကြ၏။ မီးဖိုမှ မီးခိုးငွေ့တို့ကြောင့် နွားများ ခြင်ကိုက်သက်သာခြင်း ဖြစ်သည်။ လက်သမားအဖွဲ့သည် တစ်နေကုန် ခရီးပန်းလာကြ၍ အိပ်နေကြသည်မှာ တုတ်တုတ်မှ မလှုပ်ကြ။ နိုးနိုးကြားကြားနှင့်အိပ်ရန် ပြောခဲ့သည့် ဆရာကြီး ဦးသာလှတစ်ယောက်သာ ကြက်အိပ်ကြက်နိုးရှိ၏။

❂

နံနက်လင်းပြီ။

ဦးသာလှသည် တဲရှေ့ဝါးကွပ်ပျစ်မှာထိုင်ပြီး ရေနွေးကြမ်းသောက်လျက် လူစုခွဲပြီးအလုပ်လုပ်ဖို့ စဉ်းစားနေသည်။ မောင်ခွေးနှင့် သန်းအောင်က အနီးရှိစမ်းချောင်းမှ ရေအား ဝါးကျည်တောက်များဖြင့် သယ်နေကြသည်။ အခြားသူများကတော့ နွားအစာကျွေးသူကကျွေး၊ ထမင်းချက်သည့်သူကချက်၊ သစ်ခုတ်သည့် ရဲတင်းနှင့် သစ်ခွဲလွှသွေးသူသွေးဖြင့် ကိုယ်စီ အလုပ်ရှုပ်လျက်ရှိသည်။

"ကဲကဲ- အလုပ်အစီအစဉ်ပြော မယ်၊ လာကြဦး"

ဦးသာလှအသံကြောင့် လူအား လုံး တဲရှေ့ကွပ်ပျစ်မှာ ဝိုင်းထိုင်ကြ၏။

"မောင်ဝင်းတို့ညီအစ်ကိုက တဲမှာ ထမင်းချက်၊ နွားစောင့်ရင်း နေခဲ့ကြ မောင်စိုးနဲ့ ငမိုးတို့ ငါနဲ့လိုက်ခဲ့၊ ဆင် တောင်ကြော အနောက်လျှိုထဲမှာ ခုတ် ရမယ့်သစ်ပင် ရွေးကြမယ်။ မောင်ခွေး နဲ့သန်းအောင်က တောင်ကြောမြောက် ဘက် စမုံချောင်းကမ်းပါးအတိုင်း လိုက် ကြည့်။ မောင်ခွေး- ငါပြောထားတဲ့အ တိုင်း သစ်ဖြောင့်၊ သစ်ကောင်းတွေ့ရင် မှတ်ပြီးပြန်လာခဲ့။ အားလုံး မှတ်မိလား"

ဦးသာလှ၏အမှာစကားကြောင့် သန်းအောင် ဝမ်းသာသွား၏။ သူတို့ နှစ်ယောက် လွတ်လပ်စွာလှုပ်ရှား၍ရ မဟုတ်လား။ သူသည် ဝန်ထမ်းဖြစ်ခဲ့ ဖူး၍ မောင်ခွေးထက် လည်ဝယ် ဗဟုသုတရှိသည်။ မောင်ခွေးမှာတော့ တကယ့် တောသားလူရိုး ဖြစ်သည်။ ကိုယ်စီကိုယ်င ရဲတင်း၊ ပုဆိန်၊ ဓားရှည် များယူကြပြီး ကိုယ်နှင့်ဆိုင်ရာဘက်သို့ ထွက်လာခဲ့ကြ၏။ သစ်ခုတ်တဲရှိ မီးဖို မီးခိုးငွေ့များက ရှမ်းတောင်ရိုးတို့ထ ဝေ့ဝဲလျက်။

"မောင်ခွေး၊ သစ်ပင်တွေကိုလိုက် ကြည့်မနေနဲ့။ အချိန်တန်ရင် ဆရာကြီး တို့အဖွဲ့ တွေ့မှာပဲ။ တောထဲမှာ ဒီ လောက် သစ်တွေပေါတာ။ ငါတို့ ကမ်း ပါးစောင်းက ပွဲကျနေတဲ့နေရာတွေမှာ တူးကြည့်ရအောင်"

မောင်ခွေး တွေဝေနေသည်။ သူ သည် ဆရာကြီး ဆူမှာကို အလွန် ကြောက်၏။ တစ်ဖက်ကလည်း သန်း အောင်၏ မက်လောက်စရာစကားများ ကြောင့် ရွှေရှာချင်နေမိသည်။ မြန်မာ ပြည်၏ အရှေ့ဘက်တောင်စဉ်တန်း အဝင် တောနက်တွေထဲမှာ ရွှေတွေ့ သည့်သတင်းကို သန်းအောင် ပြော ထား၍ သစ်ခုတ်၊ လက်သမားအလုပ် စိတ်မဝင်စားချင်တော့။ ကံကောင်းလျှင် ရွှေအဖတ်လိုက်၊ အခဲလိုက် ကျင်စရာ မလိုဘဲ ရနိုင်သည် ဆိုတော့ သွားရှာ ယိုချင်စရာကြီး။ ကဲ- ဆရာကြီး ဆူချင် လည်း ဆူတော့၊ မတတ်နိုင်ဘူး။ သန်း အောင်နဲ့အတူ ရွှေပဲရှာတော့မည်။

"ဟိုမှာတွေ့လား၊ ကမ်းပါးစောင် ကျောက်တုံးကြီးနားမှာ မြေတွေပဲ့ပြီး ကျနေတာ။ ကျောက်တုံးကြီး၊ သစ် သားချောင်းနဲ့ ကုတ်လိုလုပ်ပြီး တွန်းချ



www.burmeseclassic.com

www.burmeseclassic.com

တော့ အဲဒီနေရာကို ငါတို့ တူးဆွကြည့်ရအောင်"

"ကိုသန်းအောင်က ဘာဖြစ်လို့ အဲဒီနေရာကို ရွေးရတာလဲ"

"မှင်း သေသေချာချာကြည့်၊ ပဲ့နေတဲ့ မြေကြီးခဲတွေကိုခြေလိုက်ရင် အမှုန်လက်လက်လေးတွေ နည်းနည်းတွေ့ရတယ်။ ငါတော့ ရွှေမှုန်လေးတွေ ထင်တာပဲ။ လာပါကွာ၊ ကျောက်တုံးကြီးကို တွန်းချရအောင်"

မောင်ခွေး အနီးရှိ ပေါင်လုံးခန့် သစ်ပင်ပေါက်အား ရဲတင်းဖြင့် ခုတ်ဖြတ်လိုက်ပြီး ကျောက်တုံးကြီးအပေါ် အောက်ခြေမှာ ကုတ်လုပ်လိုက်၏။ နှစ်ယောက်သား အားစိုက်၍ ဆွဲမ,လိုက်သောအခါ ကျောက်တုံးကြီးမှာ ကမ်းပါး အောက် စမ့်ချောင်းထဲ လိမ့်ဆင်းသွားပါတော့သည်။ ချိုင့်ဖြစ်သွားသောနေရာမှာ သူတို့နှစ်ယောက် တောခုတ်ဓားများဖြင့် တူးဆွကြည့်ကြသည်။ ကျောက်ခဲနှင့် မြေကြီးများအား ယက်ထုတ်၍ သေသေချာချာကြည့်၏။

သန်းအောင်သည် မောင်ခွေးထက် ဆယ်ဆမက လည်သောသူ ဖြစ်သည်။ သူ အလွန်မြင်တွေ့ချင်နေသော အရာအား တွေ့လိုက်ရပြီတည်း။ ရင်ထဲမှဖြစ်လာသော ပီတိအား မျက်နှာမှာ မပေါ်အောင် ထိန်းနေရ၏။ ကျောက်ခဲတချို့အား မြေကြီးခဲများယက်၍ ဖုံးအုပ်လိုက်ပြီး-

"နောက်နေ့မှ ဆက်ရှာတာပေါ့ကွာ။ ခုတ်ရမည့်သစ်ပင် လိုက်ကြည့်ရအောင်၊ တော်ကြာ ဆရာကြီး ဆူနေဦးမယ်"

မောင်ခွေးသည် ဆရာကြီးအား အလွန်ကြောက်ရသူဖြစ်၍ သန်းအောင်ပြောသည့်အတိုင်း ကမ်းပါး အထက်ကုန်းလျှောသို့ တက်လာခဲ့သည်။ ခပ်လှမ်းလှမ်းမှာ ပျဉ်းကတိုးပင်ကြီးတစ်ပင် တွေ့ရသည်။

"ဟိုအပင်ကြီးက ဘာအပင်လဲ၊ ပေါက်နေတာ ဖြောင့်တန်းနေဘာပဲ"

"အဲဒါ ပျဉ်းကတိုးဗျ။ နေဦး-ကျွန်တော် သွားကြည့်လိုက်ဦးမယ်"

"မင်းပဲသွားပါကွာ၊ ငါက သစ်ပင်အကြောင်း နားမလည်ဘူး။ ဒီနားမှာ စောင့်နေမယ်"

မောင်ခွေးမှာ လုံးပတ်ကြီးကြီးနှင့် ဖြောင့်စင်းသော ပျဉ်းကတိုးပင်အား သွေ့လိုက်ရ၍ ဝမ်းသာအားရဖြင့် သွားကြည့်သည်။

ထိုအချိန်မှာ သန်းအောင်သည် စောစောက တူးဆွထားသော ချိုင့်ထဲသို့ အမြန်ပြန်သွားပြီး အဝါရောင်အဖတ်လေးများကပ်နေသော ကျောက်ခဲ (၅) တုံးနှင့် မြေကြီးခဲတချို့အား သူ၏စစ်လွယ်အိတ်ထဲ ထည့်သည်။ ပြီးနောက် မူလနေရာသို့ ပြန်လာပြီး ဟန်မပျက် စောင့်နေလိုက်၏။ ဤပတ်ဝန်းကျင်အားလည်း မျက်စိမလည်အောင် အလွတ်ကျက်သကဲ့သို့ ကြည့်လိုက်သည်။ သူ့အတွေးထဲမှာကတော့-

'အင်း- ကျောက်ခဲတွေမှာ ကပ်နေတဲ့ ရွှေအဖတ်လေးတွေက အနည်းဆုံး ငါးမူးသားလောက်ရှိမယ်။ အိမ်ပြန်ရောက်မှ မြေကြီးကို ကျင်ကြည့်ရမယ်။ ငါ ဒီလမ်းကြောင်းကို မြေပုံဆွဲပြီးမှတ်ထားမှ။ မောင်ခွေးကိုတော့ ဒီနေရာတွေဟာ ရွှေမရှိနိုင်ပါဘူးဆိုပြီး ဖြီးဖြန်းပြောလိုက်ရုံပဲ။ ဟင်းဟင်း. . . ငါတော့ ရွှေသူဌေးဖြစ်တော့မယ်'

သန်းအောင်မှာ သူ့အတွေးနှင့်သူ ပျော်နေသလို မောင်ခွေးမှာလည်း ပျဉ်းကတိုးတစ်ပင်တည်းနှင့် ဆိုင်ဆောက်ဖို့ တိုင်လိုအပ်ချက်ပြည့်ပြီမို့ ပျော်ပြီး ပြန်လာနေလေ၏။ တစ်ယောက်က ရိုးသားစွာဖြင့် ပျော်ရွှင်သောအပြုံး၊ နောက်တစ်ယောက်က ယုတ်မာကောက်ကျစ်သော အပြုံး။

⚙

ဦးသာလှတို့အဖွဲ့သားသုံးယောက် လျှိုကြီးနံဘေး ကုန်းလျှောတစ်လျှောက် လှည့်ပတ်ကြည့်ရှုကြသည်။ လက်ပံပင်ကြီးများ၊ သစ်ရာပင်၊ ကညင်ပင်များနှင့် ချုံနွယ်ပင်တို့ဖြင့် တောမှာ ရှုပ်ထွေးလှသည်။ လူသံကြားရသဖြင့် တောကောင်ငယ်လေးများ ချုံကြားထဲမှာ ပြေးလွှားပုန်းခိုကြသည်ကို တွေ့ရ၏။

"သတိထားပြီး တောတိုးကြနော်၊ ဒီဘက်တောတွေက ကောင်ရှည် (မြွေ) ပေါတယ်"

ပြေပြေကလေး နိမ့်ဆင်းသွားသော ကုန်းလျှော၌ တောပိတောက်ပင်များနှင့် အမျိုးအစားကောင်းသော သစ်ပင် အတော်များများ အုပ်လိုက်ပေါက်နေကြသည်ကို တွေ့ရသောအခါ ဦးသာလှ ကျေနပ်သွား၏။ လူနှစ်ဖက်စာခန့် ဖြောင့်တန်းသော သစ်ပင်နှစ်ပင်အား ရဲတင်းဖြင့် ခုတ်ထစ်၍ အမှတ်အသားပြုလိုက်သည်။

"မင်းတို့ မှတ်ထားကြ၊ မနက်ဖြန် ဒီနှစ်ပင်ကို ခုတ်မယ်။ ဆိုင်အတွက် ဒီလောက်ဆိုရင် လောက်ပါတယ်၊ လာ-ပြန်ကြမယ်"

ဦးသာလှသည် အဖြူနှင့်လင်းအား ပိုနီးရန် တောင်ကုန်းထိပ်မှ တစ်ဖက်လျှိုထဲ ဖြတ်ဆင်း၍ ပြန်မည်ဟု ဆုံးဖြတ်လိုက်သည်။ တောင်ကုန်းထိပ်၌ လက်ပံပင်ကြီးတစ်ပင်သည် ထီးထီးကြီးမင်းမူနေသည်။ ကုန်းထိပ်ရောက်၍ အောက်သို့ ငုံ့ကြည့်သောအခါ စမ့်ချောင်းသည် တောင်ခြေများအလယ် ကွေ့ဝိုက်၍ အနောက်ဘက်သို့ စီးဆင်းနေသည်။

စမ်းချောင်းလေးအနီး သစ်ခုတ်တဲမှ မီးခိုးငွေ့တို့သည် ရွှေ့ရွှေ့တက်ပြီး တောင်ခိုးတို့နှင့် ရောထွေးသွားသည်။ ဦးသာလှ အမှတ်မထင် သူရပ်နေသော ကုန်းမြင့်အား ငုံ့ကြည့်မိသည်။ လက်ပံပင်ကြီးတစ်ပင်တည်းသာရှိသော ကုန်းကမူလေးသည် လူတို့ တံမြက်စည်းလှည်းထားသကဲ့သို့ ပြောင်ချောနေ၏။ လက်ပံပင်ကြီး၏အခြေပတ်လည် (၁၀) ပေခန့် အဝန်းအဝိုင်းအတွင်း ဘာပင်မှ မပေါက်။

ဒီလောက် တောထူ၍ ချုံနွယ်ပိတ်ပေါင်းများသော ဤတောအုပ်၌ သစ်ပင်သေးငယ်၊ ချုံတို့အား ခုတ်ထွင်၍ လမ်းရှင်းသွားနေရသော သူတို့လူတစ်စုသည် ဤလက်ပံပင်ကြီးအနီးသို့ ရောက်လာသောအခါတွင်မတော့ ဘာချုံ၊ ဘာအပင်ငယ်မှမရှိတော့။ အောက်ခြေအလွန်ရှင်းသော လက်ပံပင် ဖြစ်၍ ဆရာကြီး ဦးသာလှ အမှတ်တမဲ့ မနေနိုင်တော့။

"တပည့်တို့၊ ဒီလက်ပံပင်ဟာ နည်းနည်းထူးနေပြီ။ မင်းတို့ သတိထားမိရဲ့လား"

"ဟုတ်တယ် ဆရာကြီး၊ ဒီလောက် အောက်ခြေရှုပ်တဲ့ တောထဲမှာ ဘာဖြစ်လို့ ဒီတစ်ပင်တည်းကျမှ အောက်ခြေရှင်းနေရတာလဲ"

ဦးသာလှသည် လွယ်အိတ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ထုတ်ပြီး မီးညှိ၍ ဖွာလိုက်သည်။ စဉ်းစားနေရင်း အတွေးတစ်ခု လက်ခနဲ ဝင်ရောက်လာသည်။ သူ ပြုံးမိလိုက်သည်။

"အေးကွာ- မင်းတို့၊ ငါတို့ ကံပါပဲ။ မှန်ခဲ့ရင်တော့ ငါ့တပည့်တွေ ခဆင်းရဲတော့ပါဘူး။ မင်းတို့မိသားစုတွေ ချမ်းချမ်းသာသာ လယ်နဲ့ယာနဲ့နေနိုင်ပါပြီ"

တပည့်နှစ်ဦးမှာ အံ့ဩသောအသွင်ဖြင့် ဆရာကြီးအနီးသို့ တိုးကပ်လာသည်။

"ဆရာကြီး ဘာတွေ့လို့လဲ၊ သိ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရင် ပြောပြပါ။ ကျွန်တော်တို့ ဝမ်းသာချင်လို့ပါ"

"ခဏနေကြဦး၊ ငါစမ်းသပ်လိုက်ဦးမယ်"

ဦးသာလှ လက်ပံပင်ကြီးအနီးသို့ကပ်သွားပြီး လက်ပံခေါက် တစ်ဖတ်အား ဆွဲခွာလိုက်၏။ ပြီးနောက် ကိုက်ဝါးကြည့်လိုက်ရာ သူ့မျက်နှာရှုံ့မဲ့သွားသည်။ ရှုံ့မဲ့နေရင်း ပြုံးလိုက်သဖြင့် မဲ့ပြုံးကြီး ဖြစ်နေသည်။

"ဒိုး- ခါးလိုက်တာကွာ၊ တူးလန်နေတာပဲ"

ဝါးနေသော သစ်ခေါက်အဖတ်များအား ထွေးထုတ်လိုက်ပြီးနောက် လွယ်အိတ်ထဲ လက်နှိုက်လိုက်ပြန်၏။ လေးလက်မ သံတစ်ချောင်း ထွက်လာသည်။

"ပိုပြီး သေချာသွားအောင် စမ်းသပ်ကြည့်လိုက်ဦးမယ်"

သံချောင်းအား လက်ပံပင်ကြီး၏ ပင်စည်အတွင်းသို့ ရဲထင်းဖြင့် နှစ်လက်မခန့် ဝင်သွားအောင် ရိုက်သွင်းလိုက်သည်။

"ကဲ- လာ၊ ပြန်ကြမယ်။ ငါတို့ သစ်တွေခုတ်ပြီး၊ ခွဲစိတ်ပြီးတဲ့အခါကျမှ ဒီလက်ပံပင်ဆီကို ပြန်လာပြီး သံကိုနုတ်ကြည့်မယ်။ သေချာသွားရင်တော့ ဒီလက်ပံပင်ကြီးဟာ သိန်းတစ်ထောင် လောက်တန်လိမ့်မယ်"

"ဗျာ- ဆရာကြီး၊ သိန်းတစ်ထောင်. . . ဟုတ်လား"

တပည့်နှစ်ယောက်၏မျက်နှာမှာ အလွန်အမင်း အံ့ဩနေကြ၏။

"ဟုတ်တယ်ကွ၊ ဒါဟာ လက်ပံပင်တစ်သောင်းမှာ တစ်ပင်ဖြစ်ခဲတဲ့၊ မျိုးထွန်းလာတဲ့ လက်ပံခါးအပင်ပဲ။ ငါ လက်သမားဆရာလုပ်ပြီး တောတက် သစ်ခုတ်လာတာ အနှစ် (၄၀) လောက်ရှိပြီ၊ တစ်ခါမှ မတွေ့ဖူးဘူး။ သွားရင်းလာရင်း တွေ့သမျှ လက်ပံပင်တွေကို စမ်းသပ်လေ့လာခဲ့ဖူးတယ်။ ဒီတစ်ပင်ပဲ ထူးခြားတာ တွေ့ရတယ်။ သေချာသလောက်ပါပဲ"

"ဆရာကြီး၊ လက်ပံခါးပင်က ဘာတွေ ဒီလောက်စွမ်းနေလို့ သိန်းတစ်ထောင်တန်နေရတာလဲ"

"လက်ပံခါးပင်ရဲ့ အခေါက်ဟာ အာယုသင်္ခါရ အသက်ကိုပြုပြင်တတ်သောအင်အားတွေ ပါဝင်တယ်။ အာယုသ အသက်ကိုရှည်စေတတ်တယ်။ ဒါကြောင့် မြန်မာသမားတော်ကြီးတွေဟာ ပန်းပေါင်းစုံကရတဲ့ပျားရည်နဲ့ ဖော်စပ်ပြီး အာယုဝဍ္ဎန အသက်ရှည်ဆေးအဖြစ် မှီဝဲသုံးဆောင်ကြတယ်။ တကယ်ပဲ အသက် ကိုးဆယ်၊ တစ်ရာ ဆံမဖြူသွားမကျိုးဘဲ ကျန်းမာစွာ နေနိုင်ကြတယ်။ လက်ပံခါးရဲ့သတ္တိက သက်စောင့်ဝမ်းမီးဓာတ်ကို အလွန် အားကောင်းစေတယ်ကွယ့်။ ငါ့ကို မိတ္ထီလာက ဆေးဆရာကြီးတစ်ယောက် မှာထားတာ နှစ်တွေတောင် အတော်ကြာပြီ၊ တစ်ခါမှ မတွေ့ခဲ့ဘူး။ မင်းတို့၊ ငါတို့ ကံထူးလို့ တွေ့ရတာ"

လက်ထောက် လက်သမားဆရာဖြစ်သော ကိုချစ်ထွေးမှာ အလွန်အမင်း ဝမ်းသာနေရှာသည်။ အဘယ်ကြောင့်မူ သူ၏ သားဖြစ်သူအား သာစည်မြို့သို့ ကျောင်းအိပ်ကျောင်းစား ဘော်ဒါပို့နိုင်တော့မည်ဖြစ်၍တည်း။ စာတော်သောသူ့သားလေးသည် ရှစ်တန်းအောင်မြင်ပြီး ငွေမတတ်နိုင်သဖြင့် မြို့သို့မပို့နိုင်ဘဲ ကျောင်းထွက်ခဲ့ရသည် မဟုတ်လား။

○

ဆရာကြီး ဦးသာလှတို့ စခန်းပြန်ရောက်တော့ မောင်ခွေးတို့နှစ်ယောက်လည်း ပြန်ရောက်နေပြီ ဖြစ်၏။

"ဆရာကြီး- ကျွန်တော် ပျဉ်းကတိုးအပင် ကြီးကြီး၊ အဖြောင့်တစ်ပင် တွေ့ခဲ့တယ်"

"အေးအေး- အပင်ကောင်းရင် မနက်ဖြန် သွားခုတ်တာပေါ့"

"မောင်ခွေး- ငါတို့တော့ ချမ်းသာပြီ၊ သစ်ခုတ်ပြီးပြန်ရင် မင်း မိန်းမ တင်တောင်းလို့ရပြီ။ မင်း မိန်းမအရမ်း လိုချင်နေတယ် မဟုတ်လား"

ကိုချစ်ထွေးမှ ဝမ်းသာအားရ ပြောနေသည်ကိုကြည့်ပြီး မောင်ခွေးမှာ နားမလည်ဘဲ အူကြောင်ကြောင် ပြန်ကြည့်၏။ သန်းအောင် သူတို့အုပ်စုအား ကြည့်၍ နှုတ်ဆိတ်သွားသည်။ သူတို့ ဘာတွေတွေ့လာကြပါလိမ့်။ဘာကြောင့် ချမ်းသာပြီဟု ပြောနိုင်သနည်း။ ငါတွေ့သော ရွှေကြောထက် ပိုကြီးတဲ့၊ ရွှေအတုံးလိုက်ရှိနေတဲ့ရွှေကြောကြီး တွေ့လာပြီလား။ ငါ့ကိုကော သူတို့ ပေးပါ့မလား။ အတွေးပေါင်းစုံဖြင့် သန်းအောင်သည် စဉ်းစားရကြပ်လာသည်။ ကောက်ကျစ်သောစိတ်၏ ရောင်ပြန်သည် မျက်နှာမှာ ထင်ဟပ်လာသည်။

ဆရာကြီး ဦးသာလှ၏ လက်ပံခါးပင်တွေ့လာသည့်အကြောင်း၊ တန်ဖိုးကြီးကြောင်းကို ပြောပြလိုက်သောအခါ လက်သမားအဖွဲ့သားများ၏ ဝမ်းသာအားရ တစ်ယောက်တစ်ပေါက်ပြောသံများဖြင့် သစ်ခုတ်တဲမှာ ဆူညံနေတော့သည်။

"ကဲတဲ- ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ဖွတ်သားဟင်းနဲ့ ထမင်းစားကြမယ်။ ငါ ဖွတ်တစ်ကောင် ရလာလို့ ငရုတ်သီးစပ်စပ်နဲ့ ချက်ထားတယ်"

မောင်ဝင်းချက်သော ဖွတ်သားဟင်းဖြင့် ထမင်းမြိန်မြိန်စားကြပြီးနောက် တစ်အောင့်မျှ ထမင်းလုံးစီကြသည်။ နေ့လယ် တစ်ချက်တီးခန့်တွင် လက်သမားခေါင်းဆောင် ကိုချစ်ထွေး ဦးဆောင်ပြီး ဆရာကြီးမှတ်သားခဲ့သော ကျွန်းပင်အား သွားခုတ်ကြသည်။

လက်ပံခါးပင်ကြီးသည် ကျွန်းပင်အုပ်အနီး ကုန်းမြင့်တွင် ရှိသဖြင့် သန်းအောင် လမ်းကို သေချာစွာမှတ်နေသည်။ သူ စိတ်ကူးနေသည်က ရွှေသည် မြေကြီးထဲ တူးရဦးမည်၊ ဘယ်လောက်တွေ့ရမည်မှာ မသေချာ။ သေချာသည့် လက်ပံခါးပင်ကြီး၏အခေါက်တွေ အကုန်ခွာ၍ယူပြီး လစ်ပြေးဖို့ပင်တည်း။ သူလည်း ကြားဖူးသည်၊ လက်ပံခါးအခေါက်တွေက သိန်းရာချီတန်သည့်အပြင် အပင်ရှိသည့်နေရာကို ပြသနိုင်ပါက သိန်းထောင်ချီပေးသည်ဟုပင်တည်း။ ဝယ်သူတွေက တစ်ပင်လုံး အမြစ်ပါမကျန် တူးယူကြမည်။

ချစ်ထွေးတို့အုပ်စု ကျွန်းပင်အား ခုတ်လှဲပြီး ဖြတ်၍ ခွဲကျင်းသို့ ဆွဲကာ ခွဲသားစိတ်ကြလျှင် ဒီဘက်သို့ သူတို့ မလာတော့။ ဒီအခါ သူတစ်ယောက်တည်းသွားပြီး ခွာယူ၍ လစ်ပြေးမည်။ တစ်ကိုယ်ကောင်းသမား လောဘသား၏အကြံပင်တည်း။

○

"ပျဉ်းကတိုးကို ၆ ပတ်လည် ပေ ၂၀ အရှည်တွေခွဲ၊ တိုင်အတွက်လောက်မှ ၃×၂ ကို ရသလောက်ယူမယ်။ ကျွန်းကို ၄ × ၂၊ ၃×၁½ ၁၂ ပေ ၁၅ ချောင်းနဲ့ ကျန်တာကို ခင်းပြင်၊ ကာပြင်အတွက် အကုန်ခွဲ။ ဆိုင်တွင်းအလှဆင်ဖို့ ယမနေသားကို နောက်မှ တောအဝင်က ယမနေပင်ကို ခုတ်မယ်"

တပည့်များမှာ အနေတော်ဖြတ်ထားသော သစ်လုံးများအား လိုချင်သည့်ဆိုဒ်ရအောင် ခွဲစိတ်နေကြသည်။ သူတို့ တက်ကြွနေသဖြင့် အလုပ်မှာ တွင်တွင်ပြီး၏။

သူတို့ တောထဲရောက်နေသည်မှာ ရက်သတ္တတစ်ပတ်ခန့် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သစ်ခွဲသားများပင် အတော်ကလေးရနေ၏။

သည်မနက်မှာ သန်းအောင်က နေမကောင်းဟု အကြောင်းပြပြီး သစ်ခုတ်တဲမှာ ကျန်ရစ်ခဲ့သည်။ သူမှအပ တခြားသူများက မလှမ်းမကမ်းရှိ ကမ်းပါးစောင်းမှာ သစ်ခွဲနေကြသည်။ သန်းအောင် ရွှေထည့်ထားသော စစ်လွယ်အိတ်၊ ပုဆိုးနှစ်ထည်နှင့် တောခုတ်ဓားအား ယူပြီး တဲမှ အသာလစ်ထွက်ခဲ့သည်။ သူ့ရဲ့အကြံအစည်က လက်ပံခါးပင်ကြီးမှအခေါက်များကို ရသလောက်ခွာပြီး ပုဆိုးနှစ်ထည်ထဲမှာ ထည့်၍ ချည်နှောင်ပြီး ဝါးလုံးနှင့် လျှိုထမ်းကာ လစ်ပြေးမည့်အကြံပင် ဖြစ်သည်။ ဆရာကြီး ဦးသာလှတို့အဖွဲ့ မမြင်အောင် ဖြတ်လမ်းမှ တောတိုး၍လာခဲ့ရသဖြင့် သူတစ်ကိုယ်လုံး၌ ခြစ်ရာ၊ ရှရာများဖြင့် ပြည့်နေ၏။

လက်ပံခါးပင်ကြီးရှိရာ တောင်ကမူသို့ သူ ရောက်လာသည်။ သစ်ပင်ထိပ်ဖျားထက်တွင် စွန်ငှက်နှစ်ကောင်သည် အစာမြင်သည်ထင့်၊ ဝဲပျံနေကြသည်။

သန်းအောင် ပင်ခြေသို့ ရောက်သည်နှင့် အချိန်မဆိုင်းဘဲ အပင်အောက်ခြေမှစ၍ အခေါက်များအား ပင်စည်ပတ်လည် ခွာထုတ်သည်။ တောခုတ်ဓားချက်ကြောင့် လက်ပံပင်ကြီးသည် သင်းသတ်သည်ကဲ့သို့ ဖြစ်လာ၏။ ခွာထုတ်ရင်း ဆရာကြီး ဦးသာလှ ရိုက်ထည့်ထားသော လေးလက်မသံချက်နေရာသို့ ရောက်လာသည်။ ဦးသာလှ ပြောစကားအား အမှတ်ရသည်နှင့် ပင်စည်အပြင်ဘက်တွင် နှစ်လက်မခန့် ပေါ်နေသော သံချောင်းအား ဆုပ်ကိုင်၍ နှဲချီးလိုက်သည်။

ဂျွတ်ခနဲ မြည်သံနှင့်အတူ သံချောင်းသည် ထက်ပိုင်းပြတ်၍ ပါလာသည်။

'ဟာ - ဒါ တကယ့်လက်ပံခါး အစစ်ပဲ၊ ရသလောက် အကုန်ခွာယူမှ'

ပါလာသည့် ပုဆိုးနှစ်ထည်အား တစ်ဖက်စမှ နွယ်ကြိုးဖြင့် စုချည်၍ ခွာပြီးသမျှ အခေါက်များအား ပုဆိုးထဲသို့ ထည့်သည်။ လူတစ်ရပ်လွန်တော့ သူ မမီတော့ပါ။ အနီးရှိ ဝါးရုံပင်မှ ဝါးလုံးကြီးကြီးတစ်လုံးအား ခုတ်ပြီး အထစ်များလုပ်ကာ အပင်တွင် ထောင်၍ တက်သည်။ လက်ပံခါးပင်ကြီး၏ လူနှစ်ရပ်ခန့်အမြင့်၌ သစ်ခေါင်းပေါက်တစ်ပေါက်ရှိသည်။ သန်းအောင်သည် တောခုတ်ဓားဖြင့် ပင်စည်မှ အခေါက်များအား ခုတ်ထစ် ခွာနေသောကြောင့် တဒုတ်ဒုတ်ဖြင့် အသံထွက်ပေါ်နေသည်။

လက်ပံခါးအခေါက်များ ပုဆိုးတစ်ထည်စာ အပြည့်ရလာ၏။ နောက်တစ်ထည်စာအတွက် ဆက်ခုတ်ရဦးမည်၊ အနည်းဆုံး သိန်းရာချီ၍ရမည့်အရေးမို့ လောဘဇောတွေ ထွက်လာ၏။ ဝါးလုံးထောင်၍ ခုတ်ခွာနေသောကြောင့် လူသုံးရပ်ခန့်ထိ သူ ခွာယူနိုင်သည်။ သူခွာနေသော နေရာက တဖြည်းဖြည်း သစ်ခေါင်းပေါက်နှင့် နီးလာသည်။

သစ်ခေါင်းပေါက်နှင့် မျက်နှာချင်းဆိုင်မိချိန်မှာတော့. . .

"ရှူး"

"အား- အမလေး. . ."

"ဖြောင်း. . . ဝုန်း၊ ဘုတ်"

နက်ကျောကျော၊ ရှည်မျောမျော သဏ္ဍာန်ရှိသော တောကြီးမြွေဟောက်သည် သစ်ခေါင်းထဲမှ ထွက်လာပြီး သန်းအောင်၏ငယ်ထိပ်တည့်တည့်အား ပေါက်ချလိုက်တော့သည်။ သန်းအောင်၏ ကြောက်လန့်တကြားအော်ဟစ်သံ၊ ဝါးလုံးပြိုလဲသံနှင့် သူ့ကိုယ်လုံးကြီး မြေကြီးပေါ်သို့ ပြုတ်ကျသံများကြောင့် လက်ပံခါးပင်ကြီးအထက် နားနေကြသော စွန်နှစ်ကောင်သည် လန့်၍ ပျံထွက်ပြေးသွားကြသည်။

ငယ်ထိပ်တည့်တည့် မြွေပေါက်ခံရသဖြင့် လျှင်မြန်စွာ အဆိပ်တက်ပြီး မကြာမီအချိန်အတွင်း၌ တစ်ကိုယ်လုံးပြာနှမ်းလာ၍ ကိုယ်လုံးတစ်ချက်တွန့်အပြီး၌ အသက်ထွက်သွားပါတော့၏။

❂

"ဩော် - လောဘအတော်ကြီးတဲ့ကောင်ပဲ။ သူတစ်ယောက်တည်းလိုချင်တယ်၊ သူတစ်ယောက်တည်းတွေ့လို့ သူနဲ့ထိုက်ရင် ယူသွား၊ ဘာ အန္တရာယ်မှ မတွေ့ဘူး၊ လူအများနဲ့တွေ့ခဲ့ရင် စည်းမဖောက်နဲ့။ ဒီလို အပင်တွေက နတ်ကြီးတယ်။ အသေဆိုးနဲ့သေတတ်တယ်၊ တစ်ကိုယ်လုံး ပြာနှမ်းနေပုံထောက်တော့ အလွန်အဆိပ်ပြင်းတဲ့မြွေ အကိုက်ခံရတာပဲဖြစ် =မယ်"

လက်ပံပင်ကြီးနှင့် မလှမ်းမကမ်း၌ ဝါးလုံးလှေကားဘေးမှာ သေဆုံးနေသော သန်းအောင်၏ အလောင်းသည် ပုရွက်ဆိတ်များ၊ ယင်မဲကြီးများ အုံခဲ၍ မြင်လို့မကောင်းပါ။ အပင်ခြေမှာက လက်ပံခါး အခေါက်များအား ပုဆိုးဖြင့်စုချည်ထားသည်က ထက်ဝက်ခွာထားသောအခေါက်များက ပြန့်ကျဲနေ၏။ ပုဆိုးထုပ်ဘေး၌ စစ်လွယ်အိတ်လေး ချထားလျက် ရှိသည်။

ဆရာကြီး ဦးသာလှသည် သန်းအောင်၏ စစ်လွယ်အိတ်လေးအား ဆွဲယူလိုက်၏။

လွယ်အိတ်က ခပ်လေးလေးမို့ မသင်္ကာသဖြင့် ဖွင့်ကြည့်ရာ အဝတ်စုတ်ဖြင့်ထုပ်ထားသော ရွှေအဖတ်လေးများကပ်နေသည့် ကျောက်ခဲတုံး (၅) တုံးနှင့် အရောင်တလက်လက်အမှုန်လေးများ ရောနေသည့် မြေကြီးခဲများအား တွေ့ရသည်။

"ဟာ- ရွှေတွေကပ်နေတဲ့မြေကြီးကျောက်ခဲတွေပါလား၊ ဒီကောင် ဘယ်နေရာက တွေ့လာတာလဲ"

ဆရာကြီး၏ စကားသံကြောင့် မောင်ခွေး စိတ်မကောင်းဖြစ်ပြီး ခေါင်းငုံ့နေရာမှ မတ်ခနဲဖြစ်သွားသည်၊ သူ့မျက်လုံးအကြည့်က ဆရာကြီးလက်ထဲမှ ရွှေဖတ်အခဲကလေးများ ကပ်နေသည့် ကျောက်တုံးဆီသို့။

"တောက်- ဒီလူ သစ္စာမရှိဘူး လုပ်ရက်တယ်ဗျာ"

"ဘာဖြစ်လို့လဲ မောင်ခွေး၊ ငါ့ကို အမှန်အတိုင်းပြောစမ်း"

မောင်ခွေး အဖြစ်မှန်အား ပြောပြလိုက်သည်။

ဆရာကြီးက မျှမျှတတ ဖြစ်အောင် စီစဉ်ပေးပါသည်၊ ရွှေရောင်းရသည့်ငွေနှင့် လက်ပံခါးရောင်းရသည့် ပိုက်ဆံတချို့တစ်ဝက်အား သန်းအောင်၏မိသားစုကိုပေးကာ ကုသိုလ်ကောင်းမှုပြုပြီး အမျှဝေခိုင်းရသည်၊ မိသားစုလည်း ရင်းနှီးစားသောက်၍ရမည် ဖြစ်ပါသည်၊ သန်းအောင်၏အလောင်းအား တောထဲမှာပဲ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။

သစ်ခွဲသားများနှင့် လက်ပံခါးအခေါက်များအား နိုင်သလောက် ယူခဲ့ကြပြီး လှည်းပေါ်တင်၍ ရွာသို့ပြန်လာခဲ့ကြသည်၊ ရွှေတွေ့သည့်နေရာအား ဘယ်သူမှမပြောရန် ဆရာကြီးက မှာသည်၊ ဆရာကြီး၏ တပည့်များကလည်း နှုတ်လုံကြပါ၏။

ဆရာကြီးနှင့် စဥ္စတပည့်များ ဤတောသို့ တစ်ခေါက်ပြန်လာကြပါဦးမည်။

ဤတစ်ခေါက် ပြန်လာခြင်းက သစ်ခုတ်ဖို့ မဟုတ်တော့ပါတည်း။

သန့်ဒင်



www.burmeseclassic.com


www.burmeseclassic.com

ဦးလေးကြည်ကို တခြားနွားလှည်းသမားတွေက နွားချင်းလဲစားနေတဲ့လူကြီးလို့ဆိုကြတယ်။ ဆိုလည်းခံရရှာမှာပဲ။ ကိုယ်ကမှဟုတ်နေတာကိုး။ စဉ်းစားကြည့်၊ ထင်းခုတ်စားနေတဲ့ နွားတွေဆိုနေ့စဉ် ဝန်တွေရှုန်းရှုန်းနေကြရတော့ ဘယ်ကလာခံနိုင်ကြပါ့မလဲ။ တော်တော့အားကောင်းမောင်းသန်နွားတွေတောင်မှ ထင်းလှည်းတိုက်ရရင် ချွန်းချွန်းကျုကုန်ကြပါရောလား။

ထင်းတောထဲမှာ စပ်လောက်တောက အဝေးဆုံး။ နောက်ပြီး အသွားတုန်းက ဝန်ပေါ့၊ အဆင်းတွေတောက်လျှောက်ချည်းဖော။ ဟောဗျာ၊ ပြန်အတက် ဝန်အလေးကြီးနဲ့ကျမှ ဆင်းခဲ့သမျှပြန်ပြီးတက်ကြရတော့ ဖြတ်လမ်းမှမရှိတဲ့ဟာ။ဒီတော့ ထင်းလှည်းတိုက်တဲ့ နွားတွေဆိုတာ မပိန်ခံနိုင်ရိုးတဲ့လား။ ပိုဆိုးတာက လှေငယ်နွားပိုင်ရှင်၊ လှည်းပိုင်ရှင်တွေဆိုတာ လောဘကကြီးပါဘိသနဲ့။ ထင်းလှည်းချင်းအတူ၊ ထင်းပါလာတာချင်းအတူတူ သူတို့က ထင်းတစ်တုံးအပိုသယ်ချင်ကြသေးတာကရော။ ကိုယ့်နွားခွန်နှင့်အား မျှ၊ မမျှ မတွက်တဲ့ဟာ။ နောက်ပြီး နွားစာကျွေးရင်လည်း မစားချင်စားချင်အောင် နှမ်းဖတ်၊ ဖွဲနုလေးနဲ့မှ မကျွေးချင်ကြတာ။ ခေါက်ရိုးအတုံးလိုက်၊ နွားစားကျင်းထဲချ၊ ရော့ အင့် ဆိုပြီးစတာမ်းလား။

ဦးလေးကြည်လက်ထဲရောက်လာတဲ့နွား ဝတာလည်း မပြောနဲ့လေ။ ဦးလေးကြည်က လူကြီးဆိုတော့ နွားစာဂရုမမူစိုက်ကျွေးတာကိုး။ ဒီလိုနဲ့ နွားတွေ ဝပြောင်လာပြီးလှလာရင် နွားချင်းလဲလိုက်။ ကိုယ်က အမြတ်ရ။ အိမ်မှာတစ်ခါ နွားပိန်ကလေး ရောက်လာပြန်ရော။ (ဒီနေရာမှာ ဦးလေးကြည်ကို နွားချင်းလဲစားနေတဲ့လူကြီးလို့ အပေါ်ယံမြင်ကြပေမယ့် ထင်းတောမတွက်ရလို့ အိမ်မှာ သူ့မိသားစုအတွက် ငွေသုံးလိုတာမှ မသိကြတဲ့ဟာ။ ဘယ်သူကကော ကိုယ်ကျွေးမွေးထားတဲ့ နွားလှနွားချောနွားပိန်တာနဲ့ လဲချင်ပြုချင်ကြပါ့မလဲ။ တစ်ဆိတ် ဦးလေးကြည်ရင်ထဲ ဝင်ကြည့်ကြစမ်းပါဦးလား။) ဦးလေးကြည်က လူကြီးမို့ လောဘတွေလည်း မထားပါဘူး။ စပ်လောက်ထင်းတောကအပြန် ကုန်းမတ်ကြီးမို့ သူတကာလှည်းထက် ထင်းတစ်တုံးလျှော့ပြီးမှ တင်တယ်။ နွားတွေမှန်မှန်ရုန်းနေကြရင် ဘယ်တော့မှ လှည်းပေါ်က လိုက်မစီးဘူး။ လူတစ်ယောက်ကလည်း ထင်းထုံးအလတ်လောက်တော့ လေးမယ့်ဟာကိုး။

တောဝေးလို့ နွားကမောပြီး စားနိုင်ပုံမပေါက်ရင် အဲဒီနေ့ ကောက်ရိုးကိုတမင်နုတ်နုတ်စဉ်းပြီး ပဲဖတ်ရည်နဲ့ နယ်ဖတ်ကျွေးတယ်။ ထင်းရောင်းရတဲ့နေ့ဆို ပြောင်းဖူးမှုန့်၊ ဖွဲနုနဲ့ရောကျွေးတယ်။ 'စားကြဟဲ့ သားတို့ရဲ့။ ဒါ မင်းတို့ရဲ့ လုပ်အားနဲ့ ရတာ။ နင်တို့လည်း တစ်ဝက်ဆိုင်တယ်' ဆိုပြီး လူလို ညှိသည်ကို ကျွေးသလို ဂရုစိုက်ပြီးကျွေးတော့ ဦးလေးကြည်ရဲ့အလုပ်က ထင်းသမားလို့သာဆိုတာ နွားချင်းလဲလိုက်ရလို့ ပိန်နေတဲ့ခိုင်းနွား၊ ပေါင်တံမှာ ချေးစိမ်းတွေပန်းရလောက်အောင် ချည့်နဲ့နေတဲ့နွားဖြစ်ပါစေ ဦးလေးကြည်မိသားစုရဲ့ ကျွေးမွေးမှုကြောင့် မကြာခင်မှာပဲ တစ်သွေးတစ်မွေးဖြစ်လာပြန်ရောပဲ။ ဒေသခံတောင်သူလယ်သမားတွေဆိုတာ နွားကောင်း



မောင်သင်းထုံ (ကျောက်မဲ)

သွားကြားရေယို တယ်လူး ချီ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နွားလှကလည်း ကြိုက်ကြပါဘိသနဲ့။ လှည်းနှစ်စင်းအရှောင်မှာ 'ဆရာလုံ ပိုးကျူမလား'ဆိုတာနဲ့ အလိုက်ငွေလိုနေတဲ့ ဦးလေးကြည်တို့က တစ်ခါ နွားချင်းလဲလိုက်ပြန်ရောပဲ။ အဲဒါကြောင့်မို့ တခြားလူတွေက ဦးလေးကြည်ကို ပြောကြတာပေါ့။ ပြောလည်းပြောပါစေလေ ဟုတ်နေတဲ့ဟာကိုး။

ဦးလေးကြည် သူ့ဇာတိရွာလေးမှာ နေခဲ့တုန်းက နွားအလဲအထပ် ဒါလောက်ဝါသနာမပါခဲ့ပါဘူး။ တောင်သူသာလုပ်နေတာ နွားသမားတွေလောက်တော့ ဘယ်ကလာ နွားအကြောင်းသိပ့်မလဲ။ ဒီလိုပဲ နံတိုတာ၊ ခါနိမ့်တာ ဒါလောက် အပြင် ပိုပြီး မသိခဲ့ပါဘူး။ ဒီရောက်မှ ကိုယ့်ဆီရောက်လာကြတဲ့ နွားတွေရယ်၊ ကိုယ်ဆီကထွက်သွားကြတဲ့နွားတွေရယ်၊ အသွေးအမွေး၊ အမူအကျင့်တွေရယ်၊ နောက်ကိုယ့်ပတ်ဝန်းကျင်က နွားတွေရဲ့ ထူးခြားတဲ့ အမူအကျင့်တွေရယ် မှတ်ထားပြီးမှ သိသင့်သလောက် သိလာခဲ့ရတာပါ။ ဦးလေးကြည် တောင်သူလုပ်ခဲ့ပြီး နွားကို ဝါသနာမပါလို့သာ မပါတာရယ်။ ဦးလေးကြည်တို့အဖေတို့က တောင်သူကြီးတွေဆိုတော့ ရွာတောင်လယ်ကွင်းအစပ်မှာ နွားမခြံကြီးတစ်ခြံနဲ့ မွေးခဲ့ဖူးကြတာကလား။ တောင်သူလုပ်ငန်းမှာသုံးတဲ့ ခိုင်းနွားတွေဆိုတာ ငယ်မွေးခြံပေါက်တွေ ဆိုတော့ အူမချေးခါးအကုန်သိနေတော့တာပေါ့။

ထူးခြားတာက ဦးလေးကြည်တို့ရဲ့ ခြံထွက် နွားထီး၊ နွားမတွေအားလုံး တစ်မျိုးလုံးရဲ့အကျင့်က နွားမခြံနား လူကပ်လာရင် အဲဒါရှူးချင်ကြတယ်။ သဘောက နှာမှုတ်တာပေါ့။ လူစိမ်းသူစိမ်းမြင်ရင် ခြောက်ချင်လှန့်ချင်တာပေါ့။ ပြောရရင် အဲဒီခေတ်က နွားခိုးတွေကလည်း ပေါလေတော့ အဲဒီလို တစ်ခြံလုံး ရှူးဆိုတဲ့အကျင့်ပါတာကောင်းပါရဲ့လား။ ခက်တာ အဲဒီလို ဆိုးတဲ့ နွားအတော်များများ လူစိမ်းသူစိမ်းတွေမြင်ရင် တစောင်စောင် နှာတမှုတ်မှုတ် ခွာတခြစ်ခြစ်အလုပ်ကောင်းတဲ့နွားတွေပဲ။ နောက်ဆုံးတော့ နွားခိုးလက်ပါကုန်ကြတာ မဟုတ်လား။ ဒီကောင်တွေ ဘာဆေးအတတ်များ တတ်ကြတယ်ဆိုနိုင်ဘူး။

ဦးလေးကြည်တို့ ငယ်ငယ်က ဇာတ်ပွဲကြည့်ရတော့ တိုင်းချစ်တိုင်းစိန်ရဲ့ဇာတ်လည်း ပါတယ်။ ဇာတ်စင်ကြီးမှ ဧရာမဇာတ်စင်ကြီး။ ဆောက်ပြီးမှ ဇာတ်စင်ပေါ် ဂျစ်ကားတို့၊ ဆိုင်ကယ်တို့ စီးပြပြီးကတဲ့ဇာတ်မို့ အင်မတန် သဘာဝကျတာကလား။ တစ်နှစ်မှာ တိုင်းချစ်တိုင်းစိန်ရဲ့ဇာတ် ရွာဘုရားပွဲမှာကတော့ ဇာတ်ဆရာက ဇာတ်စင်ပေါ် နွားလှည်းမောင်းတဲ့အခန်းပါလာလို့ ရွာထဲ နွားလှည်းအရှာ ရွာမြောက်ပိုင်းက ကိုသာခွေးရဲ့နွားနဲ့ လှည်းကို သဘောကျလို့ ငှားပါရောတဲ့။

အဲဒါမှ ခက်တာ။ ကိုသာခွေးရဲ့ နွားတွေက တစ်လက်ကိုင်ရယ်။ သူစိမ်းလာရင် ခွေ့လွှတ်၊ ကန်လွှတ်မှုရယ်။ ဒါပေမယ့် ဇာတ်မင်းသားကတော့ ကြောက်ပေါင်ဗျာ။ ဆိုးတဲ့နွားမှငှားချင်တာဆိုပြီး ငှားတာ။ ညရောက်လို့ ဇာတ်စင်ပေါ် လှည်းတင်တော့ ရွာမှာဆိုးလှတဲ့ ကိုသာခွေးရဲ့ နွားတွေဆိုတာ ဆက်ကပ်ထဲက ကျားတွေကျလို့။ ဇာတ်မင်းသားတွေထဲမှာ တိုင်းချစ်တိုင်းစိန်တစ်ယောက် နွားတွေကို လွှတ်နိုင်တာကလား။ ဧကန္တဆေးရှိပုံရရဲ့။

နွားနှစ်ကောင်လဲကြထပ်ကြတော့ မယ်ဆိုရင် နွားသမားတွေကတော့ ကိုယ့်နွားကို ချော့ပုံလှပုံ (နေတိုး)လောက်အမွှန်းတင်ပြီး ဟိုဘက်ကနွား ဘယ်လောက်ကြီး လှနေမြင့်နေပလေ့စေ။ အဲဒါ(ဗေလုဝ)လုပ်ပစ်တတ်ကြတာကိုးဗျ။ ကိုယ်လဲမယ့်ထပ်မယ့် တစ်ဖက်နွားကို ကြည့်လိုက်လို့ နံရိုးနှစ်ဖက်ထဲက နံရိုးတစ်ဖက်တိုနေရင် အဲဒီနွားနဲ့ မလဲလေနဲ့။ ကိုယ့်လက်ထဲရောက်လာရင် မကောင်းဘူး။ နွားရှင်လူကိုပါ ထိခိုက်တတ်တယ်ရယ်။ တကယ်လို့ တစ်ဖက်နွားရဲ့ နံရိုးက နှစ်ဖက်စလုံး နိမ့်ပြီး တိုနေပြန်ရင်လည်း နွားသမားတွေကတော့ စည်တော်ပိတ်ကြီးဟ ဆိုပြီး နိမ့်ချအပြစ်ပြောတတ်ကြပြန်တယ်။

ဦးလေးကြည်တို့ မွေးထပ်ကြတဲ့ နွားတွေမှ အဓိကလူမြင်ကွင်းအကျဆုံးကတော့ နွားရဲ့ဦးခေါင်းပိုင်းပဲ မဟုတ်လား။ ဦးခေါင်းပိုင်းမှာ နွားရဲ့ ဗွေရှိရင်တော့ အဲဒီဗွေကို နွားရဲ့ မျက်စိတွေနဲ့ လွတ်မလွတ် နွားပွဲစား၊ နွားသမားတွေက ကြိုးတန်းကြည့်လေ့ရှိကြတယ်။ ဗွေက ကြိုးရဲ့အောက်ဖြစ်ဖြစ်၊ အထက်ဖြစ်ဖြစ် ရောက်နေပလေ့စေ ကြိုးနဲ့တစ်တန်းထဲဆိုရင်တော့ ဗွေမျက်ခြားဆိုပြီး နွားသမားတွေက ရှောင်ကြပြန်တယ်။ လူကိုဘာဖြစ်တတ်တယ်ဘာညာ မဆိုပါဘူး။ သူများနွားကို ဈေးနှိမ်အပြစ်ရှာချင်လို့ ပြောကြတာမျိုးလည်း ရှိပါတယ်။ နွားအရောင်ဟာ လှချင်လှပေလိမ့်မယ်။ ခိုင်းတဲ့နေရာကျတော့ မောတတ်ကြတယ်။ အတူတူပဲ- ကောက်ရိုးမွေးရောင်၊ အဝါခြောက်နွားတွေက ခိုင်းတဲ့နေရာကျတော့ ပျော့တတ်ကြတယ်။ ကောက်ရိုးမွေးကလည်းဖြစ်၊ နွားရဲ့အမွေးအမှင်တွေကလည်း နုနေပလား ဆိုရင်တော့ အဲဒါအလှပြသက်သက်နွားမင်းသားမျိုးပေပ။

ဦးလေးကြည် ခိုင်းခဲ့၊ ပြုခဲ့၊ လဲခဲ့တဲ့ နွားတွေထဲက တစ်ကောင်ဆို သေချာကြည့်ရင် နွားရဲ့တင်ပါး တစ်ဖက်နိမ့်နေတာ တွေ့ရမှာပါ။ တော်တော်ကြည့်ရင် မသိသာပေမယ့် လှည်းတပ်ခိုင်းကြည့်၊ လျှောက်ဖန်များတော့ သိသာတာပေါ့။ ရှေးအဆိုအရတော့ အဲဒီလိုတင်ပါးတစ်ဖက်နိမ့်တဲ့နွားမွေးသူဟာ အကျိုးမများ။ ဘာပြုလို့လဲဆိုတော့ အဲဒီလိုနွားတွေဟာ ဖွံ့မရှိဘူး။ တစ်ပွဲတိုးပဲ။ ရေသာခိုတတ်ကြတယ်။ အဲဒီနွားမွေးတုန်းက ဦးလေးကြည်ကိုမထိခိုက်ပေမယ့် နွားဟာ အစာလွန်ပြီးလဲသေခဲ့ရဖူးတယ်။ လူကို အကျိုးမပြုတဲ့နွားပေပေါ့၊ ဟုတ်ဖူးလား။ နွားတွေမှာ တချို့နွားတွေဟာ တုန့်ရှိတတ်ကြတယ်။ အိပ်ရာက ထထချင်း ချက်ချင်း လှည်းမဆွဲနိုင်ဘူး။ ဟိုနားဒီနား လမ်းလျှောက်ပြီးမှ လှည်းဆွဲခိုင်းလို့ရတဲ့ နွားမျိုးပေါ့။

မြင်းတွေမှာ မြင်းယိမ်းဆိုတာ ရှိကြသလို ဦးလေးကြည်တို့ရဲ့နွားတွေမှာလည်း နွားယိမ်းဆိုပြီး ရှိတတ်ကြတယ်။ ဒီနေရာမှာ ယိမ်းတယ် ဆိုတာက ဘယ်,ညာ တိမ်းစောင်းတာမျိုး ဒါမှမဟုတ် သကြန်မှာ မိန်းမပျိုလေးတွေ မဏ္ဍပ်စင်မြင့်ပေါ် တက်၊ ဘယ်,ညာစောင်းပြီးကတာမျိုးသဘောမို့ ယိမ်းလို့ခေါ်ကြတာပေါ့။ အဲဒီလို ယိမ်းသလိုမျိုး နွားတွေမှာလည်း ရှိတတ်တယ်။ မောင်းနေတုန်း မမြင်သာပေမယ့် နွားကို ချည်တိုင်ချည်၊ ညအိပ်ကြပလားဆိုမှဖြင့် နွားတွေဟာ အငြိမ်မနေတော့ဘဲ ဘယ်၊ညာယိမ်းယိုင် လှုပ်ရှားနေကြတာမျိုးပါ။ ယိမ်းမှာမှ ဆင်ယိမ်းနှင့် ကြိုးယိမ်းဆိုပြီး နှစ်မျိုးတောင်ရှိပါတယ်။ နွားဆင်ယိမ်းဆိုတာ ချည်တိုင်ကနေ ဘယ်မှမရွှေ့ဘဲ ဆင်များလို ဟိုဘက်ဒီဘက် ယိမ်းနွဲ့နေတာမျိုးပါ။ အဲဒါမျိုးနွားက မကောင်းပါဘူး။ ကြိုးယိမ်းနွားဆိုတာကတော့ နွားက ချည်တိုင်တစ်ဝက်စာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြတဲ့နွားတွေပါ။ ဆင်ယိမ်းရောကြိုးယိမ်းပါ အဲဒီနွားမျိုးတွေက ပိုင်ရှင်တွေကို ကောင်းကျိုးပေးကြတာ



www.burmeseclassic.com

www.burmeseclassic.com

—ားများပါပဲ။

ဦးလေးကြည်ပြောတာ ကလေး သူငယ်နို့စို့အရွယ်လေးတွေ ညအိပ်ကြ တဲ့အခါ ရောင်ရမ်းပြီး ပါးစပ်က နို့စို့သလို မျိုးတပြွတ်ပြွတ်လုပ်တတ်ကြတာမဟုတ် ပါဘူး။ နွားတွေမှာလည်း ပထဝီနို့စို့ ကောင်းကင်နို့စို့ဆိုတဲ့ နွားတွေရှိကြပါ သတဲ့။ ဆန်းတာက တချို့နွားတွေဟာ သူ့ဦးလူခြေတိတ်ချိန်မှာ ပထဝီမြေကြီးကို မိခင်နွားမကြီးရဲ့ နို့အုံအမှတ်နဲ့ တပြွတ် ပြွတ်စို့တတ်ကြသလို တချို့နွားတွေကြ တော့ ညအိပ်ချိန်ရောက်ရင် နွားရဲ့ဦး ခေါင်းကို ကောင်းကင်ဆီ ထောင်မော့ ပြီးမှ မိခင်နို့စို့သလိုမျိုး တပြွတ်ပြွတ်စို့တဲ့ နွားတွေလည်း ရှိတတ်သတဲ့။ ဦးလေး ကြည်အပြောကတော့ အပြစ်မရှိအပြစ် ရှာချင်ကြတဲ့ နွားသမား၊ နွားပွဲစားတွေက တော့ ဒီလိုမျိုးနွားတွေကိုလည်း သဘော မကျကြပြန်ပါဘူး။ ဘာဖြစ်တတ်တယ် လို့ မပြောရင်သာရှိမယ်။ အပြစ်ကတော့ ကြံဖန်ရှာကြတာပါပဲ။

ဒိတ်ဒိတ်ချင်နွားသမားတွေမပြော ပါနဲ့။ ခုဟာက သာမန်နွားနဲ့ပတ်သက် လာရင် မိန်းမတွေ၊ ကလေးတွေကအစ သိသာနိုင်တဲ့ နွားဆိုး၊ နွားညံ့နဲ့ ပတ်သက် တဲ့ ကဗျာစာဆိုတစ်ပုဒ်ကိုလည်း ဦးလေး ကြည်က ရွတ်ဆိုပြပါတယ်။ နပြားနီ ဒူးမည်း၊ ဆူးလှည်းပင်မရှန်းတဲ့၊ ဆူးလှည်း ဆိုတာ အညာဒေသမှာ ရွာလုံခြုံရေးအ တွက် ဆီးပင်ဆီးဆူးတွေခုတ်ပြီး လှည်း တင်တိုက်လာရတဲ့ဝန်ပေါ့လှည်းပါ။ အဲဒီ လိုလှည်းမျိုးကိုမှ မရှန်းချင်မပြုချင်တဲ့ နွားရဲ့ အသွေးအမွေးကတော့ နွားပြာ နီပါတဲ့ ခင်ဗျာ။ အဲဒီအသွေးအမွေးမျိုးနဲ့ နွား၊ ဒူးကလည်း မည်းနေမယ် ဆိုရင် တော့ ပျင်းလိုက်၊ ဖျင်းလိုက်မည့်ပုံများ စာဆိုထဲကအတိုင်းပါခင်ဗျား။ ဦးလေး ကြည်အပြောအရ အနက်ရောင် နွား တွေဟာ အခိုင်းအပြုမခံ မောတတ်ကြ ဆိုလား။ ကျွန်တော်ကတော့ မဆီမဆိုင် အနက်ရောင်ဆေးဆိုးအထည်တွေဟာ ဆေးပြင်းလို့ အထည်တွေ ဆွေးလွယ်၊ ရိလွယ်တာပဲ သတိရနေပါတယ်။

ဦးလေးကြည်ပြောတဲ့နွားလောက ရဲ့ အခေါ်အဝေါ်တွေမှာ နွားတွေရဲ့ အသွေးအမွေး၊ အရောင်တွေကိုလိုက်ပြီး မှ ထူးခြားတဲ့အခေါ်အဝေါ်တွေကရော ရှိကြပြန်ပါကလား။ ဘာတဲ့ 'နဂျစ်'တဲ့။ အဲဒီလိုခေါ်တဲ့နွားဟာ အနီရောင်လည်း မဟုတ်၊ အဝါရောင်လည်းမဟုတ်တဲ့ အမွေးအရောင်ရှိတဲ့ နွားတဲ့။ နွားတစ် ကောင်ဆိုပါတော့။ အဖြူရောင်တော့ အဖြူရောင်အသွေးအမွေးပါပဲ။ ဒါပေ မယ့် အဲဒီနွားဟာ နှာမည်း၊ ခွာမည်းနေ မယ်ဆိုရင် အဲဒီနွားကိုတော့ 'စာဥ'၊ 'စဥ' လို့ ခေါ်ကြပြန်တယ်။ 'တယ်- ဒီစာဥ၊ သွားပါတော့လား။ ဘာလို့လမ်းဘေးက မြက်တွေ လှမ်းဆွဲစားနေရတာတုံး' လို့ ခေါ်လေ့၊မောင်းလေ့ရှိကြပြန်ဆိုပဲ။ နွား ချင်း အမွေးအရောင် ဖြူတာချင်းတူတာ တောင်မှ နှာနီ၊ ခွာနီတဲ့နွားကိုကျတော့ 'စပယ်'လို့ ခေါ်ကြပုံကဖြင့် နွားပေမယ့် ဒီနေရာကျတော့ ကဗျာဆန်နေပြန်ပါ ရောလား ဦးလေးကြည်ရယ်နော်။

ပိုင်ဆိုင်ခဲ့ဖူးကိုင်ခဲ့ဖူးတဲ့ နွားတွေ ထဲမှာ ဦးလေးကြည် တစ်သက်အမှတ် တရရှိနေတဲ့ နွားလေးတစ်ကောင်က တော့ နရွှေနီပါပဲ။ ရွှေနီရဲ့ပုံက တခြား နွားတွေထက်ကို ထူးခြားတယ်။ နွားနီလို့ သာပြောတာ အရောင်က ဝါတာတာ ရောထားတော့ ရွှေနီရောင်ပေါ့။ ဒီ ကောင်ရဲ့ ခြေ(၄)ချောင်းစလုံးက အဖြူ ရောင်ပါ။ အမြီးကလည်း ဖြူတယ်။ နောက်ပြီးတော့ ဗိုက်ကနေကျားလာတဲ့ အကျားဟာ လက်ရဲ့နောက်အထိ ကျား တာမှ အဖြူကျား။ ဦးလေးကြည်ရဲ့ ထင်း သမားဘဝ လုပ်သက်တစ်လျှောက်လုံး မပြောနဲ့၊ ဘဝတစ်သက်လုံးကို ဒီနွားမျိုး မမြင်ခဲ့၊ မကိုင်ခဲ့ဘူးတာပါ။ အဲဒီခေတ်က ခိုင်းနွားလှလှတစ်ကောင် (၄၀၀) ကျပ် ပေးရင်ရတဲ့ဟာကို ဦးလေးကြည်က တော့ နွားရွှေနီကို ကြိုက်လွန်းလို့ဆိုပြီး (၁၂၀၀) ပေးဝယ်ခဲ့တာ အဆိုးမဆိုကြ ပါနဲ့။ နွားက လူတကာမြင်သူငေးရမယ့် နွားလှနွားချောမို့ပါ။ နွားကို ဝယ်လာပြီး ဦးလေးကြည်က ကားလမ်းတစ်လျှောက် မောင်းပြန်လာတော့ ကားတစ်စီးနဲ့ ဖြတ် အရှောင်မှာ ကားသမားက သူ့ကားကို တမင် လမ်းဘေးချရပ်ပြီးမှ 'နွားယော ကျားပီသလိုက်တဲ့ နွားဗျာ။ တကတဲလှ ချက်ကတော့' ဆိုပြီး သူပြောတတ်သလို ပြောသွားခဲ့တာပါ။ သူလည်း ဘဝအခြေ အနေရ ကားမောင်းနေရပေမယ့် ဦးလေး ကြည်လို နွားကောင်းနွားလှမွေးရတာ ဝါသနာပါဟန်တူပါရဲ့လေး။

နရွှေနီ ဦးလေးကြည်လက်ထဲ မရောက်ခင်က ကိုကံစိန်ဆိုတဲ့လူရဲ့ လက် ထဲအငှားချထားခဲ့ဖူးသေးတာရော။ ပြော ရရင် ကိုကံစိန် ဆိုတဲ့လူ နွားနဲ့ ထင်း တောတိုက်သာစားနေတာ နွားအကြောင်း နကန်းတစ်လုံးမှမသိတဲ့ လူမိုက်ဥစ္စာ ဘာ ဖြစ်ရလို့မှာလဲ။ နရွှေနီကို ပိုင်ရှင်ဆီက အခကြေးငွေ ငှားရပေးရတာပဲဆိုပြီး သူ့မှာရှိတဲ့ နွားနှစ်ကောင်ကို တစ်လှည့် စီအနားပေးပြီး နရွှေနီကို ဒိုင်ခံခိုင်းခဲ့ တာရော။ ဒါပေမယ့် သိတဲ့အတိုင်းပါပဲ လေ။ ထမ်းပိုးကောင်းဝီရိယရှိတဲ့နွားဟာ ဘယ်သူ့လက်ထဲရောက်ရောက် သခင့် တာဝန်ကျေပွန်အောင် ထမ်းဆောင် ပေးတာမလား။ အဲဒါကို အမှုမထားတဲ့ ကိုကံစိန်ဟာ နှစ်ကောင့်တစ်ကောင် ခိုင်း တာတောင်မှ သူ့နွားတွေက ဒါလောက် ညံ့ရ၊ ဖျင်းရပါ့မလားဆိုပြီး ဇွတ်ပေ မောင်းတာ ခိုင်းတာရော။ နရွှေနီက ရုန်း သလောက်၊ကျန်တဲ့ကောင်တွေက မရုန်း နိုင်၊ မလိုက်နိုင်တော့ ကြာတော့မှ ကိုဘ စိန် နွားနှစ်ကောင် အားပြတ်ပြီး သေကုန် ကြပါရောလား။ ဦးလေးကြည်ကတော့ ဒါ နရွှေနီအပြစ်မှမဟုတ်တဲ့ပါဘဲ။

ဦးလေးကြည်မှာ နရွှေနီနဲ့ ပတ် သက်လို့အမှတ်တရတစ်ခုကတော့ ထင်း လှည်းနားတဲ့တစ်ရက် ဘောလုံးကွင်းထဲ ပွဲဖြစ်တော့ ဈေးသည်က စားပွဲခုံတွေ လှည်းငှားတိုက်ဖို့ ခေါ်လို့ လိုက်ပါတယ်။ ပွဲခင်းထဲ နွားလှည်းဝင်တော့ လူတွေ ဆိုတာ ကြောက်စရာကြီးဗျာ များလိုက် တာ။ ဒီနွားတော့ လန့်တော့မှာပဲဆိုပြီး လူတွေကဘေးရှဲကြပေမယ့် နွားရွှေနီတို့ ကတော့ တောကဝယ်လာခဲ့တဲ့ နွားလို့ သာဆိုတာ လူမကြောက်၊ ကားမကြောက် အံ့လောက်တဲ့နွားမို့ ဦးလေးကြည်သတိရ နေတာပါ။ ဆန်ကုန်စား၊ ကံကုန်တော့ သွားရသလိုပါပဲ။ ကြာတော့လည်း ဘယ် လောက်ကောင်းတဲ့နွားဖြစ်ဖြစ် အချိန် ကြာလာတော့ ဦးလေးကြည်နဲ့ ခွဲရပြန် ရောပါပဲ၊

နွားတွေထဲမှာ ဆိုးတာကတော့ နွားပျော့တဲ့နွား၊ ခြေခတ်တဲ့နွား၊ နောက် ခြေတိုက်တဲ့နွားတွေဟာ ဆိုးတယ်။ အ မြီးတံမြက်လှည်းနွားဝယ်ပြီးတော့ မိုးတွေ ဆက်တိုက်ရွာလို့ ဦးလေးကြည်လှည်း တိုက်ဖျက်ခဲ့ရဖူးတယ်။ ချိုတစ်ဖက် ထောင်၊ ချိုတစ်ဖက်လှဲ ချိုတယ်လူးနွား လည်း ကောင်းကျိုးမပေးပေါင်။ သွားကြ တဲ့နွား၊ အစားအသောက် မကောင်း တော့ အားဘယ်ရှိပါ့မလဲ။ ဦးလေးကြည် မှာပြောတာ နွားအကြောင်းတွေ ပြော စရာအများကြီးပါတဲ့ဗျာ။

မောင်သင်းဆုံ (ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ပြည်နယ် ပြည်သူ့အင်အားနှင့် လူ့ဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ ဌာနဆိုင်ရာ ဒီဘုတ်ရေယာဉ် (D.Boat) သည် မြောက်ဦးမြို့ ဖောင်တော်ထိပ်သို့ ညနေ (၃) နာရီခန့် ရောက်လေသည်။ ၁၉၈၄ ခုနှစ် ပွင့်လင်းရာသီတွင် ချင်းပြည်နယ် ပလက်ဝမြို့သို့ ဆက်သွယ်ရေး စက်ဆင်ရန်အတွက် ကြီးကြပ်တာဝန်ယူရသူ မိမိ၊ ပြင်/ထိန်းပညာရှင် ဆရာကြီး ဦးကြည်မင်း၊ ဆက်သွယ်ရေး ဒုလဝက မှူး ဦးညွန့်အောင်တို့အား ရခိုင်ပြည်နယ်မှူး ဦးသန်းက ကျောက်တော်အထိ လိုက်ပို့ခြင်း ဖြစ်လေသည်။ စစ်တွေမှ နံနက်စောစောထွက်၍ မြောက်ဦးမြို့တွင် ညနေပိုင်း ရောက်ပါသည်။ အနီးအနားရှိဘုရားများကို ဦးသန်းက ဦးဆောင်လျက် ဖူးမြော်ကြရပါသည်။

တန်ခိုးကြီးဘုရားများ ဖြစ်သည့် ရှစ်သောင်းဘုရား စသည်တို့ကို နောက်တစ်နေ့ လိုက်လံပို့ပါသည်။ နောက်တစ်နေ့မနက် ဘုရားများဖူးပြီးနောက် ကျွန်ုပ်တို့ရေယာဉ်သည် ကျောက်တော်သို့ ခရီးဆက်ခဲ့ကြသည်။

မော်တော် စထွက်သည့် တစ်ပြိုင်နက် ကိုရွှေသာဦးက စကားပြောရန်ဟန်ပြင်တော့သည်။ ယခင် မောင်တော (မကဖ) မှာ တာဝန်ခံနယ်မြေမှူးလုပ်ခဲ့စဉ်က ကျွန်ုပ်၏ ရခိုင်ရဲဘော်များ ဖြစ်သော လဝကမှူး ဦးစောလှမှာ အငြိမ်းစားယူပြီ။ စစ်တွေမြို့ဈေးထဲတွင် ခုံညားထည်ဝါစွာ သားသမီးများနှင့် ဆိုင်ထွက်နေပြီ။ ထိုနည်းတူ လူပျိုကြီးသာခင်မှာလည်း မိခင်အိုကြီးအား လုပ်ကျွေးသမှုပြုလုပ်၍ စစ်တွေမြို့ ရှုပရွာတွင် အေးချမ်းစွာ နေထိုင်ကြလေပြီ။ ယခုမူ ဖိုးရွှေသာဦးသာလျှင် ကျွန်ုပ်အနားတွင် ရှိတော့သည်။


"အိုခြာ၊ ဘုံးရွက်မညီးလမ်း ဆိုတာ ကြားဖူးပါသလား"

ဟု မေးတော့သည်။ ကျွန်ုပ်က -

"ငါကြားဖူးပါတယ်။ ခုလည်း ဒီလမ်းကို မှောင်ခိုတွေ သုံးကြတယ်လို့ ကြားတယ်"

ဟု ပြောရသည်။

အဘယ်ကြောင့်ဆိုသော် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စလင်းမြို့တွင် ဆေးဝါးများ ရှားလှသည်။ အမ်းလမ်းမတော်ကို ဂျပန်များ အဆောတလျင် ဖောက်လုပ်နေ၍ ဂျပန်တပ်များ၊ အိုင်အင်အေခေါ် ဆူဘတ်ချန်ဒရာဘို့စ်တပ်သားများ ခြေရှုပ်နေစဉ်တွင် စလင်းဘက်တွင် စေတုတ္တရာမှ ဆင်းလာသော ကုန်သည်များထံမှ ပလေကတ်လုံချည်များ၊ တိုဘယက်ကိုး မိန်းမဝတ်လုံချည်များ၊ အမ်ဘီဆေးပြားများကို ယခင်အင်္ဂလိပ်ခေတ်ကထုတ်သော ဒင်္ဂါးများဖြင့် မှောင်ခိုရောင်းဝယ်ကြသည်။ မေးသောအခါ ဖြတ်လမ်းကလာတာဟု ဆိုသည်။ သူတို့နှင့် ရခိုင်ငါးပိများလည်း ပါလာသည် တိတ်တိတ်ဝယ်ကြရ၏။ ဒုတိယကမ္ဘာစစ်အတွင်းက မန္တလေးမှ ဂျပန်များ၏ရန်ကို ရှောင်လာသော တရားမဝန်ထောက်ကြီး ဦးလှညွန့်ကို ရခိုင်ဘက်သို့ လိုက်ပို့ကြသောသူများကပြောသည်မှာ လောင်းရှည်မှ ကျင်ဒွဲသို့ဖြတ်၍သွားသောလမ်း





www.burmeseclassic.com

မှာ (၃) ရက်နှင့် ရခိုင်ဘက်ရောက်သည်ဟု သိရသည်။

"ယေကေ - ဘူးရွက်မညိုးရွာဆိုဘာ ကျောက်တော်အောက်နားမှာရှိပါဘယ်။ ဒီနေရာက စတယ်လို့ အဆိုရှိပါဘယ်"

ဟု ဖိုးရွှေသာဦးက ပြောသည်။

၁၉၇၀ ပြည့်နှစ်လောက်တွင် စေတုဘ္ဘရာမြို့နယ်ကောင်စီမှ ဘူးရွက်မညိုးသမ်းကို သုတေသနလုပ်ရာ သူတို့တွေ့ရှိချက်အရ မြောက်ဦးနှင့် စေတုတ္တရာမှာင် (၉၀) ကျော်မျှသာ ကွာဝေးသည်ဟုကြားရသည်။ လမ်းဖောက်ရန် စီစဉ်ခဲ့သည်ဟု ကြားခဲ့ပါသည်။

"ဦးရွှေသာဦးရေ၊ ကျုပ်တို့ မော်ဘော်က ဟိုရှေ့က တောင်ကလပ်လိုတောင်ကြီးကို ကွေ့လိုက်ပတ်လိုက်နဲ့။ နေ့ကလည်း ဒီတောင်ကြီးကိုပဲ ပတ်သွားရတယ်"

ဟု ပလက်ဝတွင် တာဝန်ထမ်းဆောင်မည့် ဒုလဝကမျူး ဦးညွန့်အောင်က စကားစ,လိုက်သည်။

"အဲဒီတောင်ကြီးက ဘဲငါးရာတောင်ပါ။ သိုက်ရှိတယ်လို့ အဆိုရှိပါတယ်။ တောင်ထိပ်မှာ စေတီရှိတယ်ဗျ။ ဒုတိယ မြောက်ဦးခေတ်မှာ ထင်ရှားတဲ့ မင်းရာဇာကြီးဟာ သက်တော် (၄၆) နှစ်မှာ မိဖုရား ဝိဇလာဒေဝီနဲ့အတူ ဓာတ်တော်မြတ်စေတီ (၂၅) ဆူနဲ့ စေတီတော်သစ်များ (၂၂) ဆူ (ပေါင်း ၄၇ ဆူ) ကို တည်တော်မူရာ ဘဲငါးရာတောင်ထိပ်ပေါ်မှာ ဘယ်လက်တော်ဓာတ်တော်မြတ်အား စေတီတည်ထားတော်မူခဲ့ပါတယ်' ဟု ပြောလေသည်။

သူက မင်းရာဇာကြီးအကြောင်းကို ဤသို့ပြောလေသည်။

ရခိုင်ဘုရင်များထဲတွင် မင်းရာဇာကြီးသည် ထင်ရှားသောမင်းတစ်ပါး ဖြစ်လေသည်။ မင်းရာဇာကြီးသည် မြောက်ဦးခေတ်တွင် ထင်ရှားသောမင်း ဖြစ်သည်။ သားတော် (၂) ပါးရှိလေသည်။ မင်းရာဇာကြီး၏ သားတော်ကြီးမှာ မင်းခမောင်းဖြစ်သည်။ မင်းခမောင်း၏အကြီးတော်သည် ရခိုင်ပညာရှိ ဥက္ကာပျံ ဖြစ်သည်။ ထင်ရှားသောစာဆို ဖြစ်၏။ ဥက္ကာပျံ၏ရတုများအနက်-

*'ဟေမန်ကုန်ပြောင်း၊ လတပေါင်းသည်၊ ချမ်းအောင်းနွေကာလ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လေထက၊ ကြွေကျပင်တကာ၊ ဖူးရာဇ်နုဆောင်၊ သီကုန်းယောင်သို့၊ ခြောက်ရောင်စိမ်းခြေဖြာလျက်၊ ရှုချေသော်လွန်းဖွေတီ၊ ပွင့်တိုင်းတကာ ပင်တိုင်းမှာသည်'*

အစချီသော တစ်ဆယ့်နှစ်ရာသီရတုစာမှာ ထင်ရှားလှသည်။

ကျွန်ုပ်မှာ ဖိုးရွှေသာဦး၏ ဥက္ကာပျံရတုကို ရခိုင်သံနှင့်ဆိုသည်ကို နားထောင်စဉ်-

"အိုဆြာ၊ အကျွန်ကလည်း ရတုဘက်ရောက်သွားပါပြီ။ သို့သော်လဲကေ အကျွန်ပြောလိုတာက မင်းရာဇာကြီးရဲ့သားအငယ် မင်းမာဂရီအကြောင်းပါ။ ခရစ်နှစ် ၁၆၁၀ ပြည့်နှစ်မှာ မင်းရာဇာကြီးက စစ်တကောင်းမှာ မင်းမာဂရီကို ဘုရင်ခံခန့်လိုက်ပါတယ်"

ဟု ဆိုလေသည်။

"ဖိုးရွှေသာဦးရဲ့ မှတ်ရတဲ့လူ လွယ်အောင်လို့ မင်းရာဇာကြီးအကြောင်း ပြောရင် မင်းရာဇာကြီးဆွေစဉ်မျိုးဆက်အကြောင်းဖော်ပြမှပေါ့"

ဟု မေးရသည်။ ပြောသူကပြော၍ ကျွန်ုပ်ကမူ မှတ်ရသည်။

၁။ မင်းဗာကြီး (ဘ) စလတ္တာမင်းစောမွန်ခေါ် မင်းခေါင်ရာဇာ၊ နန်းတက်

ကဗ္ဗပနဒီပေါ်မှ သူတို့ပြောပြသည့် သမိုင်းပုံပြင်များ

## ဘူးရွက်မညိုးရွာနှင့် ဥရောပရောက် ရခိုင်မင်းသား ဒွန်မာတင်





www.burmeseclassic.com

www.burmeseclassic.com

ခုနှစ် ခရစ်နှစ် အေဒီ ၁၅၃၁
၂။ မင်းမိတကွာခေါ် မင်းဒီယာ (ဘ) မင်းဗာကြီး၊ နန်းတက်ခုနှစ် ခရစ်နှစ် အေဒီ ၁၅၅၃
၃။ မင်းစောလှ (ဘ) မင်းတိက္ခာ၊ နန်းတက် ခရစ် အေဒီ ၁၅၅၅
၄။ မင်းစကြာဝတေး (ဘ) မင်းစောလှ၊ နန်းတက်ခုနှစ် ခရစ်အေဒီ ၁၅၆၄
၅။ မင်းဖလောင်း (ဘ) မင်းဗာကြီး၊ နန်းတက်ခုနှစ် ခရစ် အေဒီ ၁၅၇၁
၆။ မင်းရာဇာကြီး (ဘ)မင်းဖလောင်း၊ နန်းတက်ခုနှစ် ခရစ် အေဒီ ၁၅၉၃
ဟု သိရသည်။

မင်းရာဇာကြီးသည် မြောက်ဦး ခေတ် ဒုတိယမင်းဆက် (၆) ဆက်မြောက်မင်း ဖြစ်ပါသည်။ မင်းဗာကြီး လက်ထက်တော်ကပင် လက်နက်လူသူ အင်အား တောင့်တင်းပြီး ဖြစ်သည်။ ဘင်္ဂါ (၁၂) မြို့လည်း မင်းဗာကြီး လက်ထက်တော်ကပင် ပြန်လည်ရပြီး ဖြစ်သည်။ ထို့ကြောင့် မင်းရာဇာကြီးသည် စစ်တကောင်းမြို့ကို သားတော် (၂) ပါး ရှိသည့်အနက် သားတော်ကြီး မင်းခမောင်းအား နန်းလျာထားပြီး သားငယ် မင်းမာဂီကို စစ်တကောင်းမြို့ကို အုပ်ချုပ်စေသည်။

စစ်တကောင်းမြို့စား မင်းမာဂီမှာ စစ်တကောင်းမြို့လုံခြုံရေးအတွက် မဟာမိတ်ပြုရသည်။ မိမိအင်အားကို အခြေပြု၍ စစ်တကောင်းမြို့လုံခြုံရေးကို ပြုလုပ်ရန်ဖြစ်သော်လည်း ထိုခေတ်အခါက လက်နက်အင်အား တောင့်တင်းသောသူကို မဟာမိတ်ပြုလျက် စစ်တကောင်းနယ်မြေသာယာရေးကို ပြုရသည်။ မဂိုဘုရင်တို့ကလည်း ဘင်္ဂလားနယ်မြေထဲသို့ ဝင်လာသည်။ သူတို့၏ရန်မှ ကာကွယ်ရန် လက်နက်တောင်တင်းသော ပေါ်တူဂီတို့ကို ပေါင်းသင်းရသည်။ ပေါ်တူဂီကုန်သည်များ၊ ရခိုင်ဘုရင်ထံမှကြေးစားစစ်သားများတို့သည် ဟူဂလီမြစ်ဝကျွန်းပေါ်ဒေသတွင် လည်းကောင်း ဒီန်ကာ(Dianga)၌ လည်းကောင်း နေကြ၏။

သို့သော် စစ်တကောင်းနှင့် မိုင် (၃၀)ကွာတွင်ရှိသော ဆန်ဒွစ်ကျွန်းပေါ်တွင် မင်းပြုလျက်ရှိသော ပေါ်တူဂီလူမျိုး ဂွန်ဆလေ့တီဗူးသည် အရေးပါလှသည်။ ဂွန်ဆလေ့တီဗူးသည် ခရစ်နှစ် အေဒီ ၁၆၀၅ လောက်တွင် ပေါ်တူဂီစစ်မှုထမ်းအဖြစ် ရောက်လာသည်။ စစ်သည်အဖြစ်မှတစ်ဆင့် ကုန်သည်အဖြစ် ကူးသန်းရောင်းဝယ်မှုပြုပြန်သည်။ ကုန်သည်ဘဝတွင် အကျိုးမပေးသော ဇာတာပါလေသလားမသိ။ ပင်လယ်ဓားပြတို့နှင့် တွေ့ရာ စုဆောင်းထားသမျှ ကုန်ပြန်၏။ သို့နှင့် ဘဝတူအကြောင်းမလှသူအချင်းချင်း ပူးပေါင်း၍ ပင်လယ်ဓားပြဂိုဏ်းထောင်လျက် ဘင်္ဂလားပင်လယ်အော်တွင် တိုက်ခိုက်ကျက်စားနေတော့၏။ သူ၏အင်အားကား လက်နက်လူသူ(၄၀၀) နှင့် သင်္ဘောအစီး (၄၀) ရှိ၏။ ခရစ်နှစ် အေဒီ ၁၆၀၉ ခုလောက်တွင် ထိုအင်အားသည် မသေးလှ။ မဂိုတို့တပ်စွဲထားသော ဆင်းဒဝစ်ကို တိုက်ခိုက် သိမ်းပိုက်တော့၏။ ကူးသန်းသွားလာရာ အချက်အချာကျသည့်နေရာဖြစ်၍ အကောက်အခွန်များစွာ ရနိုင်သည့်အလျောက် ထိုကျွန်း၏ ဘုရင်အဖြစ် ခံယူကာ ကူးသန်းရောင်းဝယ်မှုပြုသူတို့အပေါ်မှ အခွန်များစွာ ရနိုင်သည့်အလျောက် ထိုကျွန်း၏ ဘုရင်အဖြစ် ခံယူကာ ကူးသန်းရောင်းဝယ်မှုပြုသူတို့အပေါ် အခွန်အကောက်ယူ၍ မင်းပြုတော့သည်။ ထိုသို့ မင်းပြုသော် ရေတပ်အင်အားနှင့် ပူးပေါင်းပြီး ပေါ်တူဂီတပ်သား တစ်ထောင်၊ စစ်သင်္ဘောရှစ်ဆယ်နှင့် တိုးမြှင့်ပြီး တစ်ခါတစ်ရံ မင်းရာဇာကြီး၏ တပ်အင်အားနှင့် ပူးပေါင်းပြီး မဂိုတပ်တို့နှင့် နယ်စပ်ပြဿနာများပေါ်ပေါက်လာပါက တိုက်ခိုက်ကြ၏။

မင်းရာဇာကြီးကလည်း ရခိုင်ရေတပ်မတော်နှင့် တီဗူး၏တပ်များ ပူးတွဲစစ်ဆင်ရာတွင် တီဗူးအားယုံကြည်ခဲ့လေသည်။ နောက်ဆုံးတွင်မူ မဂိုတို့အားလည်း တိုက်၏။ ရခိုင်ရေတပ်ကိုလည်း ချေမှုန်းပစ်လိုက်၏။ မင်းရာဇာကြီးလည်း ရခိုင်ပြည်မြောက်ဦးသို့ဆုတ်ခွာခဲ့ရသည်။ ဤကား ခရစ်နှစ် အေဒီ ၁၆၁၀ ပြည့်နှစ်က နယ်မြေအခြေအနေတည်း။

ထိုအချက်များပေါ်မူတည်၍ မင်းရာဇာကြီးက သားငယ် မင်းမာဂီကို စစ်တကောင်းမြို့စားအဖြစ် စစ်တကောင်းကို အုပ်ချုပ်စေခြင်း ဖြစ်သည်။ မင်းမာဂီအတွက်မှာ ရှေ့တွင် မဂိုတပ်ရှိသည်။ မြောက်ဦးတွင် မိမိအစ်ကို မင်းခမောင်းသည် စိတ်မချရ။ မိမိနှင့်လည်း အဆင်မပြေ၊ မိမိဖခင်လည်းဖြစ်၊ သူ၏ဖခင်ရင်းလည်းဖြစ်သော မင်းရာဇာကြီးကိုပင် သုံးကြိမ်ပုန်ကန် လုပ်ကြံရန် ကြိုးစားခဲ့သေးသည်။ ထို့ကြောင့် ရှေ့တွင် မဂိုတပ်၊ နောက်တွင် စိတ်ဓာတ်ပြင်းထန်သော နောင်တော် အိမ်ရှေ့စံ မင်းခမောင်း အနီးတွင် တီဗူးရှိရာ နယ်မြေနှင့် မိသားစုလုံခြုံရေးအတွက် အနီးရှိ တီဗူးကို မဟာမိတ်ပြုရန် စဉ်းစားရသည်။ မင်းခမောင်းနှင့်တီဗူးတို့လည်း မတည့်သည်ကို သတိပြုမိသည်။နောက်ဆုံးတွင် ပင်လယ်ဓားပြ ပေါ်တူဂီ တီဗူး၏သားနှင့် မင်းမာဂီ၏ သမီးတို့ကို လက်ဆက်ခြင်းအားဖြင့် ခိုင်မြဲသော မဟာမိတ်ပြုခြင်းသို့ ရောက်မည်ဟု အကြံရှိသည့်အလျောက် လက်ထပ်ပေးသည်။ လက်ထပ်ရာတွင် ဘရင်ဂျီခရစ်ယာန်တို့ ထုံးစံဓလေ့အရ လက်ထပ်ရာ ခရစ်ယာန်ဘာသာသို့ ပြောင်းပြီးဖြစ်တော့သည်။

ထိုအကြောင်းကို မင်းရာဇာကြီး ကြားသိသောအခါ ပြင်းစွာအမျက်တော်ရှိသည်။ မင်းမာဂီလည်း မင်းရာဇာကြီးအား ခြားနားပုန်ကန်တော့သည်။

ခရစ်နှစ်အေဒီ ၁၆၁၂ ခုနှစ်တွင် မင်းရာဇာကြီးက အိမ်ရှေ့စံ မင်းခမောင်းကို ပုန်ကန်သူ မင်းမာဂီအား အလုံးအရင်းနှင့် နှိမ်နင်းစေသည်။ စစ်ပွဲတွင် မင်းမာဂီလည်း ကျည်သင့်ကျဆုံးသည်။

မင်းခမောင်းသည် စစ်တကောင်းကို သိမ်းယူသောအခါ မင်းမာဂီ၏ အလောင်းကိုသာ ရသည်။ သူ၏ တူ၊ တူမများမှာ ဘရင်ဂျီဘုန်းတော်ကြီး ရာဖယ် (Farher Rafael) ၏ အကူအညီဖြင့် မိမိလက်လှမ်းဝေးရာ ဟူဂလီမြစ်ဝှမ်း မဂိုဘုရင်ပိုင်နက်အတွင်း ရောက်ရှိသွားကြောင်း သိရသည်။ မင်းမာဂီ၏သမီးမှာ ပေါ်တူဂီလူကြီးလူကောင်းအသိုင်းအဝန်းက စောင့်ရှောက်သည်။ သားဖြစ်သူမှာ အသက် (၆) နှစ်မှ (၁၃) နှစ်အထိ ဘရင်ဂျီခရစ်ယာန်ကျောင်းမှာ နေစေသည်။ သူတို့ယဉ်ကျေးမှု စာပေ၊ သမိုင်းတို့ကို သင်ကြား နာယူရလေသည်။ ကျောင်းတွင် ဘုန်းတော်ကြီး အင်တိုနီယိုဒီဆန်ဗင်စီက ပေါ်တူဂီလူကြီးလူကောင်းတစ်ဦးကဲ့သို့ အသွင်ပြောင်းလိုက်သည်။ ၁၆၁၉ ခုတွင် စိန့်နီကိုလား (စ်) ဘရင်ဂျီသာသနာပြုကျောင်းတွင် မောင်နှမ (၂) ဦးအား ခရစ်ယာန်ဘာသာသို့ ကူးကွယ်စေသည်။ အမအား (Petronilla) ပက်ထရိုနီလာ၊ မောင်ဖြစ်သူအား (Dom Martin) ဒွန်မာတင်ဟု ခရစ်ယာန်အမည်များ ခံယူသည်။ သို့နှင့် ရခိုင်မင်းမျိုးမင်းနွယ်မင်းသားသည် ခရစ်ယာန် ပေါ်တူဂီပညာတတ် ဒွန်မာတင် ဖြစ်သွားသတည်း။

ပင်လယ်ဓားပြမှ ဘုရင်လုပ်သူ ဂွန်ဆလေ့တီဗူးအကြောင်း ဆက်ရပါမည်။ ဂွန်ဆလေ့တီဗူးသည် မင်းခမောင်း၏ရန်ကို မြင်သည်။ ထို့ကြောင့် ဂိုအာ (Goa) ရှိ ပေါ်တူဂီဘုရင်ခံထံဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com

၊ မြောက်ဦးကို သိမ်း၍ ပေါ်တူဂီ င်ပြုရန် တင်ပြသည်။ သဘောတူ ဂိုအာမှ စစ်သင်္ဘော ဆယ်စီးနှင့် နက်လူသူတို့ကို စေလွှတ်သည်။ ကိုကွပ်ကဲရန် ရေကြောင်းဗိုလ်ချုပ် ည်းလည်း စေလွှတ်သည်။

ဂိုအာမှ စစ်သင်္ဘော(၁၀)စီး၊ မိမိ မှ (၅၀) စီး၊ ပေါင်းစစ်သင်္ဘောအစီး ) နှင့် တီဗူးသည် မြောက်ဦးသို့ ဝင် တော့သည်။ မြောက်ဦးသည် ပင် ယ်ကမ်းမှ မိုင်(၅၀)မျှ ကွာလှမ်းသည်။ မြေအနေအထားကို သေချာစွာမသိ သော တီဗူးသည် ရေချမ်းပြင်ဘက်မှဝင် သည်။ ဦးရစ်တောင်ဘုရားရောက် သောအခါ ရခိုင်ရေတပ်နှင့်တွေ့ဆုံတိုက် တော့သည်။ တီဗူး ထည့်မတွက်ခဲ့ သော အကြောင်းအရာမှာ အမြော်အ မြင်ရှိသော မင်းခမောင်းသည် ဒပ်ချ် နှင့် စီးပွားဘက်၍ မဟာမိတ်ပြုထား ၏ ဦးရစ်တောင် ရေတပ်တိုက်ပွဲတွင် ဒပ်ချ်စစ်သင်္ဘောများပါ မင်းခမောင်း ဘက်မှ ပါဝင်တိုက်ခိုက်ရာ ဂိုအာမှလာ သော ပေါ်တူဂီရေကြောင်းဗိုလ်ချုပ် သည် စိန်သင့်ကာ ကျဆုံးသည်။ တီဗူး ရေတပ်လည်း ဆက်မတိုက်နိုင်၍ ပြန် လည်ဆုတ်ခွာရသည်။ မင်းခမောင်းတပ် သည်း တီဗူးရေတပ်အား အပြီးသတ် ချေမှုန်းလိုက်သည်။ ထိုအချိန်မှစ၍ တီဗူးအမည်လည်း ပျောက်ကွယ်သွား တော့သည်။

ဒွန်မာတင်သည် ပေါ်တူဂီရေတပ် တော်တွင် ဝင်ရောက် အမှုထမ်းလေ သည်။ အာရေဗျပင်လယ်တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ ခရစ်နှစ် အေဒီ ၁၆၂၇ခုနှ ပေါ်တူဂီတို့အတွက် မလက္ကာ ရေလက်ကြားသည် အရေးပါလာသည်။ မာကြားကျွန်းဆွယ်ရှိ အာချင်ပြည်နယ် ဘုရင်လည်း ပေါ်တူဂီအပိုင် မလက္ကာ မြို့ကို သိမ်းယူရန် စစ်ဆင်တော့သည်။ အသက် (၂၁) ရှိပြီဖြစ် သော ရခိုင်သား ပေါ်တူဂီသစ္စာခံ ဒွန်မာတင်သည် အာ ရေဗျပင်လယ်တွင် ရဲစွမ်းသတ္တိပြ၍ အမှု ထမ်းကောင်းလေရာ စစ်သင်္ဘောတွင် ဦးစီးဖြစ်လာသည်။ သူဦးဆောင်တိုက် ရာ အာချင်ဘုရင့်ရေတပ်ပျက်သည်။ သူ တွင်လည်းဒဏ်ရာရသည်။ ပေါ်တူဂီများ အလယ်တွင် သူရဲကောင်းတစ်ဦးပမာ အရေးပါလာသည်။ မလက္ကာဒေသတွင် ဒွန်မာတင်၏ စွမ်းဆောင်ချက်များကို ပေါ်တူဂီဘုရင် စတုတ္ထမြောက် ဖိလစ် ဘုရင်ထံ အစီအရင်ခံကြသည်။ ရခိုင် မင်းသားတစ်ပါး၏ စွမ်းဆောင်ချက်ကို အသိအမှတ်ပြုခြင်းမခံရသော်လည်း ဒွန် မာတင်သည် စိတ်မပျက် ဆက်လက် တာဝန် ထမ်းဆောင်သည်။ သီဟိုဠ်(သီရိ လင်္ကာ)၊ မလက္ကာ၊ ဂျာကာတာ၊ ပါရှား ရေပြင်တို့တွင် တာဝန်ထမ်းဆောင်လေ သည်။ အာချင်ဘုရင်နှင့် ခရစ်နှစ် အေဒီ ၁၆၂၇ ခု၊ ဗြိတိသျှ နှင့် ဒပ်ချ်တို့နှင့် စင်ကာပူရေပြင်တွင် ခရစ်နှစ် အေဒီ ၁၆၃၀ ပြည့်တွင် ဖြစ်ပွားသော တိုက်ပွဲ များတွင် နာမည်ရခဲ့သည်။

ဒွန်မာတင်သည် တိုက်ပွဲများတွင် အရေးပါသော စစ်ရေယာဉ်မှူးတစ်ဦး ဖြစ်လာသော်လည်း ရခိုင်ထီးနန်းအရိုက် အရာကို ပြန်လည် ရယူရန် မမေ့ပေ။

ရခိုင်၌ မင်းရာဇာကြီး လွန်သော် မင်းခမောင်းသည် မိဖုရားဓမ္မဒေဝီနှင့် ကောဇာနှစ် ၉၇၄ ခုနှစ်၊ ခရစ် အေဒီ ၁၆၁၂ တွင် နန်းတက်တော်မူသည်။ အိမ်နိမ့် (၃၅) နှစ်၊ နန်းစံ (၁၀) နှစ်၊ သက်တော် (၄၅) တွင် ကံတော်ကုန် လေသည်။

မင်းခမောင်းလွန်သော် သားတော် မင်းဟရိခေါ် သီရိသုဓမ္မရာဇာသည် မိဖုရားကြီးနတ်သျှင်မယ်ဒေဝီနှင့် ကော ဇာနှစ် ၉၈၄ ခုနှစ် ခရစ်အေဒီ ၁၆၂၂ ခုတွင် ထီးနန်းစံတော်မူသည်။ အိမ်နိမ့် (၂၀) နှစ်၊ နန်းစံ (၁၆) နှစ်၊ သက်တော် (၃၆) နှစ်တွင် လွန်သည်။

မင်းလွန်သော် သားတော် မင်းစနေ သည် ကောဇာနှစ် ၁၀၀၀ ပြည့်၊ ခရစ် အေဒီ ၁၆၃၈ ခုတွင် နန်းစံ၏။ အိမ်နိမ့် ၁၀ နှစ်၊ နန်းစံ (၂၀) ရက်၊ သက်တော် (၁၀) နှစ်ကျော်တွင် ကံတော်ကုန်နတ်ရွာ စံသည်။ ဤတွင် မင်းဆက်ပြတ်လေ သည်။

မင်းတာကြီးမှ မင်းစနေအထိ မင်း ဆက် (၉) ဆက် ထီးနန်းစံသောပေါင်း (၁၀၇) နှစ်တွင် ဒုတိယမြောက်ဦးမင်း ဆက်ပြတ်သည်။

လေးမြို့စားအမတ် ကုသလသည် မိဖုရား နတ်သျှင်မယ်နှင့် ရည်ငံ၍နေပြီး ဖြစ်သည့်အတွက် အများသဘောတူ ကောဇာနှစ် ၁၀၀၀ ပြည့်နှစ်၊ ခရစ်အေဒီ ၁၆၃၈ နှစ်တွင် နရပတိဘွဲ့နှင့်နန်းတက် သည်။ မြောက်ဦးခေတ် တတိယမင်း ဆက် တည်ထောင်သည်။

ဒွန်မာတင်သည် မြောက်ဦး၌ ဖြစ် ပျက်နေမှုကို မျက်ခြေမပြတ်စောင့်ကြည့် လေသည်။ မိမိအဆက်အနွယ်များကွယ် လွန်၍ ထီးနန်းကို အခြားသူများလက် ထဲသို့ရောက်သောအခါ သူသည် ထီးမွေ နန်းလျာဖြစ်ထိုက်သည်ဖြစ်သဖြင့် ထီး နန်းအရိုက်အရာကို ပြန်ရရန် ကြိုးစား တော့သည်။ ပေါ်တူဂီတို့တလည်း အိန္ဒိ ယတွင် ခိုင်မြဲသော ခြေကုပ်စခန်းလို သည်။ ထို့ကြောင့် ဒွန်မာတင်သည် မိမိ ၏ ထီးနန်းပြန်ရရေးတွင် ပေါ်တူဂီတို့က ကူညီပါက အလားတူ မဟာမိတ်နိုင်ငံ ပြု၍ လက်နက်နိုင်ငံတည်ရန် အကြံကို လစ်ဘွန်မြို့တော်သို့ သွားရောက် တင်ပြ ရန် အကြံပေါ်လာသည်။

ထို့ကြောင့် ခရစ် အေဒီ ၁၆၄၀ ပြည့်နှစ်တွင် ဂိုအာမှ လစ်ဘွန်သို့ လျှို့ ဝှက်စွာ ထွက်ခွာသွားသည်။ ဂိုအာမှပေါ် တူဂီဘုရင်ခံကမူ မည်သည့်အကြောင်း ကြောင့်မသိ လစ်စဘွန်ခရီးစဉ်ကို သဘော မတူ၍ သိုသိပ်စွာ သင်္ဘောနှင့် ခရီးထွက် ခဲ့ရသည်။ သူ့ကို အားပေးကူညီသူမှာ သူ့ကို ပညာသင်ပေးခဲ့သော ဘရင်ဂျီ ဘုန်းတော်ကြီးများ ဖြစ်သည်။ လစ်စ ဘွန်မြို့တွင် တည်းခိုရန်၊ ငွေကြေးအ ထောက်ပံ့ရယူရန်၊ ပေါ်တူဂီနန်းတွင်းသို့ ဝင်လျက် ဘုရင်နှင့်တွေ့ရန်အထိ ဂိုအာ မှ ဘရင်ဂျီဘုန်းတော်ကြီးများက စီစဉ် ပေးလိုက်သည်။

အိန္ဒိယပြည် ဂိုအာမှ ပေါ်တူဂီသို့ သွားရသောခရီးမှာ အာဖရိက ဂွတ်ဟုပ် အငူကိုပတ်၍ သင်္ဘောရွက်လွှင့်သွားရ သည်။လစ်စဘွန်ရောက်သောအခါ ရခိုင် မင်းသား ဒွန်မာတင်အတွက် သူ၏ဆရာ ဘရင်ဂျီဘုန်းတော်ကြီးများက ဆက် သွယ်ရန် မှာကြားထားသည့်အတိုင်း ငွေ ကြေး၊ နိုင်ငံရေးအကူအညီများ ရရှိခဲ့ သည်ဟု သိရသည်။ ပေါ်တူဂီဘုရင်နှင့် လည်းတွေ့ရသည်။ ရခိုင်မင်းသား ဒွန်မာ တင်သည် ပေါ်တူဂီတို့ထံမှ သူလိုအပ် ချက်များ အလုံးစုံကို ရရှိပြီးမှ အိန္ဒိယ ပြည် ဂိုအာသို့ သင်္ဘောဖြင့် ပြန်တော့ သည်။ ဒွန်မာတင်သည် လစ်စဘွန်မှ ဂိုအာသို့အပြန် လမ်းခရီးတွင် အနိစ္စ ရောက်သည်။

ဖိုးရွှေသာဦး ပြောတော့ ဥရောပ သို့ မြန်မာနိုင်ငံမှ ရှေးဦးစွာ ပထမဦး ရောက်သော မင်းတာကြီး၏ အဆက် အနွယ် ဘရင်ဂျီခရစ်ယာန်ဘာသာဝင် ဒွန်မာတင်၏ ဇာတ်ကြောင်းကို ဤတွင် ပြီးဆုံးလေသည်။

ထမင်းစားချိန်လည်းရောက်ပြီမို့ မော်တော်ပေါ်မှ ချက်သော ငါးခေါင်း ဟင်းနှင့် သပြေသီးချဉ်ရည်ဟင်းမှာ လိုက် လှသည်။

ကျောက်တော်မှ သေလာဂီရိ တောင်တော်ကို မြင်နေရသည်။ အ ကယ်၍သာ ဒွန်မာတင်သည် အသက်



www.burmeseclassic.com

www.burmeseclassic.com

ရှင်လျက် ဂိုအာပြန်ရောက်ပါက ပေါ်တူဂီတို့ အကူအညီဖြင့် မြောက်ဦးကို တိုက်ခိုက်သိမ်းယူလျှင် ဗုဒ္ဓဘာသာရခိုင်အများစု ကလက်ခံပါမည်လော။ ခရစ်ယာန်သာသနာပြုကျောင်းတွင် ပညာသင်ခဲ့ပြီး ပင်လယ်ရပ်ခြားရောက်ရှိအတွေ့အကြုံရှိသော မင်းသားတစ်ပါးသည် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးများတွင် လိမ္မာမည်ဖြစ်သဖြင့် မဂိုဘုရင်များနှင့် ဆက်ဆံရာတွင် ပြေလည်နိုင်မည်။ ခရစ်အေဒီ ၁၆၆၆ တွင် ဘင်္ဂါ(၁၂)မြို့ကို မဂိုဘုရင်လက်အပ်ရတာမျိုးလည်း ရှိနိုင်မည်မထင်။

ဒွန်မာတင်သည် စစ်ရေးနိုင်ငံရေး ဒေသန္တရဗဟုသုတရှိသူဖြစ်ရာ မြန်မာတို့နှင့်လည်း ချစ်ကြည်စွာဆက်သွယ်ပေါင်းစည်းနိုင်မည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲလည်း ရှင်မဖြူကျွန်းမှစ၍ မဖြစ်ပွားနိုင်ဟူသော အတွေးတို့သည် ကျွန်ုပ်စိတ်ဝယ် ဖြစ်ပေါ်လာပါသတည်း။

ဆက်သွယ်ရေးစက်တာဝန်ခံ ဒု-လဝကမှူး ဦးညွန့်အောင်ထံမှ -

"ပျံလွှားမှုစင်ရော်၊ ငါ့အသံဘယ်လောက်ကြားသလဲ" ဟု ကြားရသည်။

ရန်ကုန်လဝကညွှန်ကြားရေးမှူးချုပ်ထံနှင့် ချင်းပြည်နယ်ဦးစီးထံ ယနေ့ကျောက်တော်တွင် နားမည့်အကြောင်း သတင်းပို့ခြင်း ဖြစ်သည်။

ကျောက်တော် ဗိုလ်တဲတွင် တစ်ညတာ နားပါမည်။

သမိုင်းပညာရှင် မဟုတ်သော မောင်မှူးသည် ဝန်ထမ်းတစ်ဦးမျှသာ ဖြစ်ပါသည်။ ဒေသခံတို့ပြောကြားချက်များကို နောင်လာနောက်လားသိနိုင်ရန် မှတ်တမ်းတင်ရပါသည်။ ပညာရှင်တို့က လိုသည်၊ ပိုသည်တို့ကို တည်းဖြတ်ပေးပါက ခံယူပါသည်။

အနောက်တံခါးမှူးမောင်မှူး

ကျမ်းကိုး-


၁။ စစ်တကောင်းရာဇဝင် (History of Chittagong by Suniti Bhushan Qanungo, MA. Ph.D)

၂။ Dom Martin (1606-1643), The first Burman to visit Europe, by M.S.Collis. J.B.R.S. Vol.XVI, Part 1. 1926.

၃။ ရက္ခပူရကြေးမုံကျမ်း ဥညဝတီ-အောင်ဇေယျ (မြောက်ဦး)


# ရေကြောင်းသွားလာ ရွတ်ပါ ဤဂါထာ

'သောကြာရေကြောင်း မသွားကောင်း' ဟု အဆိုကို ကြားဖူး၊ သိဖူးကြမည် ထင်ပါ၏။ ထိုသို့ဆိုလျှင် သောကြာနေ့တိုင်း လှေ၊ သမ္ဗန်၊ သင်္ဘော၊ စက်လှေများ အလုပ်နားရပါမည်လားမေးဖွယ်ရှိပါသည်။

အမှန်မှာ ထိုသို့ မဟုတ်ပါ။ မန်လည်ဆရာတော်ကြီး မိန့်ဆိုခဲ့သည်မှာ -

'လှိုင်းလှေငယ်ထန်၊ ကွဲအက်ပုံ သန္တန်လန်နှင့်၊ ဝန်လေးပြန် ထိုလှေကြောက်ရတယ်၊ သောကြာနေ့ပဲ'ဟု မိန့်ဆိုခဲ့ပါသည်။

လှိုင်းလေထန်ချိန်တွင် ကွဲအက်ပျက်စီးနေသော လှေငယ်ပေါ်၌ ကုန်စည်စလယ် ဝန်ထုပ်ဝန်ပိုးများ ပိုမိုတင်ပြီး မြစ်ပြင်တွင်သွားလာလျှင် လှေမှောက်တတ်၊ ပျက်စီးတတ်ပြီး ထိုသို့ဖြစ်ပျက်သောနေ့သည် သောကြာနေ့အဖြစ်များတတ်သည်ဟု မိန့်ဆိုခဲ့ခြင်းသာဖြစ်ပါသည်။ သောကြာနေ့တိုင်း ရေကြောင်းခရီးမသွားရ၊ မသွားကောင်းဟု ဆိုလိုခြင်း မဟုတ်ပါ။ မိမိ၏ ဝန်နှင့်အားမြားနှင့်လေး ဆင်ခြင်ဉာဏ်သုံးရန် သတိပေးခြင်းသာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ရေလမ်းခရီး၊ ရေကြောင်းခရီးနှင့်မကင်းနိုင်သူများ၊ ရေလုပ်သားများ၊ သင်္ဘောသားများ စသူတို့အနေဖြင့် ရေလမ်းခရီးအန္တရာယ်ကင်းစေရန် အောက်ပါရေမျှော်အောင်ဂါထာမန္တန်ကို နေ့စဉ်ရွတ်ပွားထားသင့်ပါသည်။

ထိုသို့ နေ့စဉ်ရွတ်ပွားက ရေတွင်မနစ်နိုင်။ ရေတွင်နစ်၍အသက်မဆုံးနိုင်။ ရေလမ်းခရီး လှိုင်းလေထန်အန္တရာယ်ကင်းစေပါသည်။ အကျင့်မှန်အကျင့်သန်အထုံရသူတို့သည် ရေပေါ်တွင် ဖိနပ်စီးလမ်းလျှောက်နိုင်သည်ဟု ဆိုပါသည်။ ၎င်းရေမျှော်အောင်ဂါထာကို ကျွန်ုပ်အဘိုး၏ ဆေးမှတ်စုစာအုပ်မှ တွေ့ရှိရခြင်းဖြစ်ပါသည်။ ဗလာစာအုပ်ထဲတွင် ခဲတံကို တံတွေးဆွတ်၍ ရှေးလက်ရေးဖြင့် ပီပီပြင်ပြင် ရေးသားမှတ်သားထားခြင်းဖြစ်ပါသည်။ စာအုပ်ကလေးမှာ နှစ်ပေါင်း (၅၀) ကျော်ပြီဖြစ်၍ ဝါဖန့်ဖန့်ဖြစ်ကာ ဆွေးမြည့်နေပြီ ဖြစ်ပါသည်။ စာရွက်တစ်ရွက်နှင့်တစ်ရွက် လှန်လှောရာတွင် ဖွဖွရွရွလေး ကိုင်တွယ်ရပါသည်။ အနားထောင့်စွန်းလေးများမှာ အ... ပဲ့ကြွေကျနေပါပြီ။ မှတ်စုဂါထာအောက်ခြေတွင် 'ရေမနစ်သော (ဝါ) ရေမျှော်အောင်ဂါထာ၊ ပီယသိဒ္ဓိမန္တန်ကျမ်း' ... မိအနု၊ အရင့်လိုက်၍ (၇) ရက် (ဝါ) (၇) လ (ဝါ) (၇) နှစ် ရွတ်ပွားလျှင် ရေမျှော်အောင်မည်။ ရေနစ်၍ အသက်မဆုံးရှုံးနိုင်။ ရေပေါ်တွင် ဖိနပ်စီးလမ်းလျှောက်ပြနိုင်သည်။ အရက်သေစာ သောက်မစားရ။ သားကြီးငါးကြီးသားမစားရဟု ရွာကျောင်းဆရာတော်ဦးပ... အမိန့်ရှိဖူးသည်။ ရေးမှတ်သူ ဦးမင်းခ... ဟု အဖိုးမှာ သေချာရေးသားခဲ့ပါသည်။

ရေမျှော်အောင်ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ (၁၀) ခေါက်... ကြည့်ရွတ်လျှင် အလွတ်ရနိုင်ပါသည်။

*မဟာကာရုနိကော နာထော...*
*ဟိတာယ သဗ္ဗပါဏိနံ၊ ပူရေတွာ...*
*ပါရမီ သဗ္ဗာ၊ ပတ္တောမိ မုတ္တ...*
*ကရုဏာပိယ သတ္တေသု၊ ပညာ...*
*ယဿ မဟေသိနော၊ ဉေယျ...*
*ဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတတ္တာ...*
*ယထာ ရှစိ။*

အထက်ပါဂါထာကို နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ (၃) ကြိမ် ရွတ်ရပါမည်။ နေ့စဉ် အိပ်ရာထ ကိုယ်လက်သန့်စင်ပြီးတိုင်း သောက်ရေတစ်ခွက်ကို ၎င်းဂါထာနှင့် (၇) ကြိမ်မန်း၍ သောက်ပေးရပါမည်။ ဤသို့ ဝတ်မပျက် ကျင့်ပွား ရွတ်ပွားခြင်းဖြင့် ပါရမီရင့်သန်သူတို့မှာ (၇) ရက်နှင့်ပင် ရေမျှော်အောင်ကြပါသည်။

ရေကြောင်းခရီးသွားလာမည့်သူ... တိုင်း သောက်ရေကို (၇) ခေါက်မန်း၍ သောက်သွားပါ။ ရေလမ်းခရီးတွင် အန္တရာယ်ကင်း ဘေးရှင်းစေပါသည်။

အဘိုးဦးမင်းခန့်၏ ရှေးမှတ်တမ်း... စာအုပ်တွင် တွေ့ရှိရသဖြင့် ကျွန်ုပ်ကဲ့သို့ မသိသေးသူများ သိရှိစေရန်၊ သိပြီးသူများလည်း ပြန်လည် သတိတရ အမှတ်ရစိမ့်ငှာ တင်ပြရေးသားလိုက်ရပါသည်။

*အန္တရာယ်ကင်းဘေးရှင်း...*
*ချမ်းသာခြင်းပြည့်စုံကြ...*
*နတ်မောက်မင်းသိန်းနိုင်*



www.burmeseclassic.com

www.burmeseclassic.com

# ပရလောကသားတွေက ကယ်တင်ခဲ့လေသလား

အောင်သန်းချစ်

ပရလောကနဲ့ပတ်သက်ပြီး သိပ္ပံပညာရှင်တွေ သုတေသနပြုနေဆဲ ဖြစ်တယ်။ အခုထိ တိကျတဲ့အဖြေမရကြသေးပါ။ ဒါပေမယ့် လက်တွေ့ မျက်မြင်ကိုသာဆုံးဖြတ်လေ့ရှိတဲ့ အနောက်ကမ္ဘာမှာ အဆန်းတကြယ် ဖြစ်ရပ်တွေလို့ ကောက်ချက်ချထားရတဲ့ ဖြစ်ရပ်မှန်တွေကိုတော့ မှတ်တမ်းတင်ထားကြပါတယ်။ ယင်းတို့ထဲမှ ဖြစ်ရပ်တစ်ခုက ဗြိတိန်နိုင်ငံမှာ ၁၉၉၃ ခုနှစ် နှစ်ဦးပိုင်းက ကြုံခဲ့ရတာဖြစ်တယ်။

ဗြိတိန်နိုင်ငံ အက်ဆက်နယ် ဘာဆီဒွန်က နှစ်ထပ်အိမ်တစ်ဆောင်ကို နှစ်သစ်ကူး နံနက်စောစော (၆) နာရီမှာ မီးစတင်လောင်တယ်။ မိဘများဖြစ်တဲ့ နီလာနဲ့ လာရီဒပ်ဂျင်တို့လည်း ကလေးသုံးဦးနဲ့အတူ မီးခိုးတွေ ပိတ်မှောင်နေတဲ့ လှေကားကနေပြီး အလျင်အမြန် ပြေးဆင်းခဲ့တယ်။ ရုတ်တရက် အသက်လုပြီးပြေးဆင်းခဲ့ရတာကြောင့် အပေါ်ထပ်မှာ စတုတ္ထမြောက်သမီးငယ်လေး အိပ်မောကျပြီး ကျန်နေခဲ့တယ်။ မီးက တစ်အိမ်လုံးကို ဝါးမျိုနေပြီဖြစ်တာမို့ သူတို့ ပြန်မဝင်နိုင်ကြတော့ပါ။ အဲဒီအချိန်မှာ သမီးငယ်လေးနိုးလာပြီး ကလေးကစားခန်းက မှန်ကွက်တွေကို ထုနှက်အသံပေးရင်း သူမကိုကယ်ကြဖို့ အော်ဟစ်တယ်။ ဝှေ့ယမ်းပြနေတဲ့ ကလေးရဲ့ လက်ရိပ်လေးကို ကြောက်မက်ဖွယ် မီးတောက်တွေကြားမှာ မြင်ကြရပေမယ့် သူတို့ ဘာမှမစွမ်းဆောင်နိုင်ခဲ့ကြပါ။ ပြတင်းပေါက်က သိပ်မြင့်တာကြောင့် ကလေးရဲ့ဦးခေါင်းနဲ့ခန္ဓာကိုယ်ကို သူတို့ မမြင်ကြရပါ။

ရုတ်တရက် မှန်ကွဲသွားပြီးနောက် ပြတင်းပေါက်ကနေ တရုတ်အဆင်တန်ဆာတစ်ထုပ် ပုံထွက်လာကာ မကြာခင်မှာ အဲဒီအထုပ်လိုပဲ ကလေးငယ်ကိုယ်တိုင် အရှိန်ပြင်းပြင်းနဲ့ အတင်းအဓမ္မ ထွက်လာတာကို မြင်ကြရတယ်။ မြေပြင်မှာ ဘာမှ ကြိုတင်ပြင်ဆင်ထားတာမရှိတာကြောင့် ကလေးက မြေကြီးပေါ် ဒုတ်ခနဲ ကျလာခဲ့ပါတယ်။ အံ့ဩစရာကောင်းတာကတော့ သမီးငယ်လေးမှာ လုံးဝ ဒဏ်ရာမရဘဲ ပွန်းပဲ့တာတောင် မရှိခဲ့ပါ။ မိခင်က သမီးလေးကို ဆွဲယူ အားပေးခဲ့တယ်။

အိမ်တစ်ဆောင်လုံး မီးဝါးမျိုတာခံခဲ့ရတာကြောင့် ဘာပစ္စည်းတစ်ခုမှမရခဲ့ပေမယ့် မိသားတစ်စုလုံး အသက်ရှင်ကျန်ရစ်တာမို့ ဝမ်းသာနေခဲ့ကြတယ်။ ဒါ့အပြင် သွေးအေးအေးနဲ့ အပေါ်ထပ်က ခုန်ထွက်ခဲ့တဲ့ (၈) နှစ်အရွယ် သမီးလေးကို မိဘတွေက ချီးမွမ်းကြတယ်။ အဲဒီတော့မှ ဖြစ်ရပ်မှန်ကို မိဘနှစ်ပါးလုံး ကြားကြရတော့တယ်။

လှေကားကနေ တက်လာတဲ့ မီးခိုးတွေကြားကနေပြီး သူမ နောက်ဘက်မှာ လူကြီးတစ်ယောက်ပုံအလင်းရောင်တန်းပေါ်လာတယ်။ သူမ လမ်းလျှောက်ခါစ ကလေးငယ်အရွယ်က ကွယ်လွန်သွားခဲ့တဲ့ သူမရဲ့အဘိုးသဏ္ဌာန် ဖြစ်နေတာကို သတိပြုမိခဲ့တယ်။ ၎င်းလူကြီးက သူမကိုပွေ့ချီပြီး ပြတင်းပေါက်ကမှန်ကို ဖောက်ကာ သူမ ဦးခေါင်းကို ပထမ ထုတ်ပေးခဲ့တယ်။ သူမ သတိမေ့မြောသွားခဲ့တယ်။ သတိပြန်လည်လာတော့ မိခင်ထံမှာရောက်နေတာ တအံ့တဩ ကြုံခဲ့ရတယ်။

ပထမအခေါက်က ပြတင်းပေါက်ရှိနေတဲ့နေရာဟာ သိပ်မြင့်နေတာကြောင့် ကလေးငယ် ဘယ်လိုလုပ်ပြီး ပြတင်းမှန်ကိုခွဲကာ အခုလို ထွက်လာနိုင်ပါသလဲ။ ဒုတိယအခေါက်က မှန်ကွဲတဲ့အပေါက်ကလေးဟာ အလွန်သေးငယ်နေပြီး ကလေးတစ်ကိုယ်လုံး ထွက်လို့မရနိုင်ပါ။ ဒါ့အပြင် မီးသတ်သမားတွေအဆိုအရ ပြတင်းပေါက်အနီးမှာ ခုပြီးတက်ခဲ့တဲ့ ကုလားထိုင် သို့မဟုတ် တစ်ခုခုကို မတွေ့ခဲ့ကြရပါ။ တစ်ခါ အမြင့် (၁၅) ပေကျော် ပြတင်းပေါက်ကနေပြီး မြေပြင်ပေါ်ကျလာတဲ့ ကလေးငယ်မှာ အပွန်းအပဲ့လေးတောင် မရှိခဲ့ပါ။ ဒါကြောင့် သူမပြောပြသလို ကွယ်လွန်သွားခဲ့တဲ့ သူမရဲ့အဘိုး ပရလောကသားက ကယ်ဆယ်ခဲ့လေသလား။

✿

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ည (၁၀) နာရီခန့်မှာ အသက် (၇၂) နှစ်ရှိပြီဖြစ်တဲ့ ဖလော်ရီဒါက လယ်သမားအိုကြီး ဟင်နရီဆင်း(မ်) အိပ်ရာဝင်ခဲ့တယ်။ အိပ်ပျော်နေစဉ်မှာ ၁၉၃၂ ခုနှစ်က မီးလောင်ပြီးသေဆုံးသွားခဲ့တဲ့ ၎င်းရဲ့တူ ပေါ(လ်)ရဲ့မျက်နှာကို အိပ်မက်ထဲမှာမြင်ရတယ်။ တူတော်မောင်ပေါ(လ်)က အရေးတကြီးအသံနဲ့ "ဦးလေး ဟင်နရီ ဦးလေးဟင်နရီ- မြန်မြန်ထ၊ မြန်မြန်ထ" လို့အော်ပြီး နှိုးနေတာကို ကြားရတယ်။ ပေါ(လ်)ရဲ့အသံနဲ့အတူ မီးလောင်ညှော်နံ့တွေ ဟင်နရီနှာခေါင်းထဲကို စူးစူးရှရှဝင်လာတယ်။ ပိုပြီးထူးခြားတာက ဟင်နရီရဲ့ခုတင်ဘေးမှာ လူငယ်တစ်ဦးရဲ့ပုံသဏ္ဌာန် အလင်းရောင်တန်းကြီး ပေါ်နေတာ ဖြစ်တယ်။ ဒါကြောင့် ဟင်နရီ ချက်ချင်း အိပ်ရာကထပြီး ဇနီး၊ သမီးနဲ့ မြေးလေးတို့ကို အမြန်ဆုံး အိမ်ပြင်ထွက်ပြေးကြဖို့ တအားအော်ဟစ်ခဲ့မိတယ်။ သူ့အသံကြားရလို့ တမန်းတတန်း အိမ်ပြင်ဆီ ထွက်ပြေးခဲ့ကြတာကြောင့် တစ်မိသားစုလုံးမီးလောင်ဘေးက လွတ်ခဲ့ရတယ်။ အိမ်ကြီးက ပြာကျသွားခဲ့တယ်။ အကယ်၍သာ ဟင်နရီက အချိန်မီ အော်ဟစ်သတိမပေးခဲ့ရင် အိပ်ပျော်နေတဲ့ဇနီး၊ သမီး၊ မြေးလေးတို့ မီးထဲပါသွားကြမှာ ဧကန်ဖြစ်တယ်။ သည်အဖြစ်အပျက်မှာလည်း ကွယ်လွန်သွားပြီဖြစ်တဲ့ ပေါ(လ်)က ပရလောက,ကနေပြီး လာရောက် သတိပေးခဲ့လေသလားလို့ ဟင်နရီတို့မိသားစုက တွေးနေကြတယ်။

✿

၁၉၆၄ ခုနှစ်တုန်းက အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်မော်တော်ကားတပ်ဆင်တဲ့စက်ရုံမှာ ထူးထူးဆန်းဆန်းဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့တယ်။ အရပ်မြင့်မြင့်၊ မည်းမည်းပုံသဏ္ဌာန်တစ်ခုက လုပ်ငန်းခွင်ဝင်နေတဲ့ အလုပ်သမားတစ်ဦးကို ရုတ်တရက် တွန်းပစ်ခဲ့တယ်။ ချက်ချင်းပဲ ၎င်းအလုပ်သမား မတ်တတ်ရပ်နေခဲ့တဲ့နေရာပေါ် စက်ကိရိယာကြီး ပြုတ်ကျတာကို အားလုံး မြင်ခဲ့ကြရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်က ၎င်းအလုပ်သမား တာဝန်ကျနေတဲ့နေရာမှာ အမှုထမ်းသွားခဲ့သူတစ်ဦးရဲ့ ခေါင်းပေါ်ကို စက်ကိရိယာကြီး ပြုတ်ကျပြီး အသက်ပျောက်ခဲ့ဖူးပါတယ်။ ဒါကြောင့် ၎င်းလိုပဲ နောက်ထပ်တစ်ဦး အဖြစ်ဆိုးနဲ့ မကြုံရလေအောင် ပထမလူက ပရလောကမှနေပြီး လာရောက်ကယ်ဆယ်ခဲ့တာလို့ စက်ရုံအမှုထမ်းအိုကြီးတွေက ပြောလေ့ရှိတယ်။

အောင်သန်းချစ်

*Ref:*

*BEYOND THE IMPOSSIBLE*
*BY RICHARD LAZARUS.*



www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၈၈၁၃ ၊ ၁၁၁၆၇၂) (တဆဝက(တနယ်ဇင်း) ၁၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည် ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍ လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက် လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင် ကုသမရဘဲလျက် သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာတတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သော ရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ စားချင်သောက်ချင်စိတ် မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါ ဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများ ခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနိုးရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးက မိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သော ရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သော ဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်ဆီးမှုကို မြန်မြန်မပျက်ဆီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေလျှော့ချရုံမျှသာ စွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရ ခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်းတိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော်ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိကကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာ အဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်ကုသရင်း သုတေသနပြု




www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံယူသွားပြီး တစ်နေ့တစ်ကြိမ် ဆေး ၅ ပြား ၃ ကြိမ်သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန်အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက်နံရိုးအဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကိုသောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန်အသားအရေနှင့် နကိုယ်အတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင်သမားတော် ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့ အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလား ဆရာ" "အင်း . . . ဦးအိုက်စံရဲ့ အသည်းရောဂါသည်တွေ အပေါ်ထားတဲ့စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြားထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော်ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ. . . ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံ ထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာ ဆရာကပေးမှာလား?" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ. . . သမားတော်ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့နှိပ်စက်မှုကို ခံစားခဲ့ရသည်မှ လွတ်မြောက်၍ ရရှိခဲ့သောပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက်ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ဖျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေ သုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်၏ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

ဦးအိုက်စံ (လားရှိုး)

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း - မန်းရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၆၉၁၀၉၁

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဗုဒ္ဓဘာသာမြန်မာ လူမျိုး ဖြစ်သဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ယုံကြည် ဆည်း ကပ်ကိုးကွယ်သူ ဖြစ်သည်။ မိဘ၊ ဆရာ သမားတို့ကိုလည်း အမြဲဦးထိပ်ထား၏။ အလုပ်တာဝန် ခွဲဝေချထားရာနေရာများ သို့မသွားမီ ဘုရားရှိခိုးကန်တော့ခြင်း၊ ငါးပါးသီလ ခံယူ ဆောက်တည်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းတို့ကို ပြုလုပ်ပြီးမှ သွားလေ့ရှိသည်။ အခြားသူများလို



ရွှေစင်သား

အမှန်ခံ ပုံအထိမှ ဝေးစေသား




www.burmeseclassic.com

www.burmeseclassic.com

အမိဋ္ဌာန်ဝင်ခြင်း၊ ပုတီးရက်ရှည်စိပ်ခြင်း၊ တရားစခန်းဝင်ခြင်းတို့ကို ပြုလုပ်နိုင်ခြင်း မရှိခဲ့။ ရတနာသုံးပါးဆည်းကပ်ကိုးကွယ်သော အကျိုးတရားမှာ ကျွန်တော့် ဘဝတစ်သက်တာအတွက် မေ့ဖျောက်၍မရနိုင်သော. တန်ဖိုးဖြတ်ခြင်းငှာမပြုထိုက်သော အလှူကြီးတစ်ခုကို ပြုလုပ်နိုင်ခဲ့၏။ လူပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်ခဲ့သော ဇီဝိတအလှူပေးလှူဖြစ်ပုံကို ပြန်ပြောင်းသတိရတိုင်း ရင်ဝယ်တသိမ့်သိမ့်ကြည်နူးခဲ့ရပုံမှာ -

လွန်ခဲ့သော(၁၆)နှစ်ခန့် တိတိကျကျဖော်ပြရလျှင် မြန်မာနိုင်ငံအနှံ့ ဒီမိုကရေစီရေလှိုင်းကြီးများ ရိုက်ခတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအနှံ့ ဒီမိုကရေစီရေလှိုင်းကြီးများ ရိုက်ခတ်ခဲ့ပြီးနောက် နိုင်ငံတော်တည်ငြိမ်ရေးပြန်လည်တည်ထောင်





www.burmeseclassic.com

www.burmeseclassic.com

နေချိန်-ဓာပ်မတော်အစိုးရ(နဝတ)လက်ထက် ၁၉၈၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်တွင် ကျွန်တော်သည် မော်လမြိုင်မှ ကျုံဒိုးသို့ ထွက်ခွာမည့် ခရီးသည်တင် နှစ်ထပ်သင်္ဘော လုံခြုံရေးတာဝန်ထမ်းဆောင်ရ၏။ သင်္ဘောဆိပ်မဆင်းမီ နံနက်စော ဘုရားရှိခိုး၊ ငါးပါးသီလဆောက်တည်၊ မေတ္တာပို့၊ အမျှဝေပြီး အိမ်သူသက်ထား ပြင်ဆင်ပေးသော ထမင်းကြော်၊ လက်ဖက်ရည်သောက်ပြီး ကျောပိုးအိတ်ကိုလွယ်လျက် အမှတ်(၄) မီးရထား သင်္ဘောဆိပ်သို့ ဆင်းလာရာ ကျွန်တော့်အားဆီးကြိုနေသော စက်ကြီးသင်္ဘောနှင့်တပ်ဖွဲ့ဝင်များကို အပြုံးကိုယ်စီဆောင်လျက်မြင်တွေ့ရ၏။ ကျွန်တော်တို့နှင့်အတူ ထွက်ခွာမည့် သင်္ဘောမှာ စိန်ပန်းပြာဖြစ်ပြီး တပ်ကြပ်ကြီးသာ ပါသဖြင့် ကျွန်တော့်တာဝန်မှာ သင်္ဘောနှစ်စီးလုံးကို အုပ်ချုပ်ကွပ်ကဲရ၏။ ထိုစဉ်က သင်္ဘောများမှာ စက်ကြီး၊ စိန်ပန်းပြာ၊ စိန်လျှံ၊ စိန်မှန်၊ စိန်သပြေ၊ စောဥမ္မာ အစရှိသော စအက္ခရာ သင်္ဘောများ ဖြစ်ကြောင်း မှတ်မှတ်ရရ သတိတရဖြစ်မိ၏။

ထိုစဉ်အခါက ထိုင်းဘက်မှ အဝတ်အထည်၊ အစားအသောက်၊ လူသုံးပစ္စည်းမျိုးစုံကို နည်းမျိုးစုံဖြင့် မှောင်ခိုခိုးသွင်းနေရသောကာလ ဖြစ်သဖြင့် မြဝတီ ကောကရိတ်မှတစ်ဆင့် ကျုံဒိုးတွင် မှောင်ခိုကုန်ဒိုင်များ ဖွင့်လှစ်ဖြန့်ဖြူးနေချိန် ဖြစ်သည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားမှ အမျိုးသမီးငယ်များ မော်လမြိုင်တွင် တည်းခိုနေထိုင်ပြီး မော်လမြိုင် ကျုံဒိုးသင်္ဘောကို အားကိုးအားထားပြု ကုန်ကူးနေရ၏။

သင်္ဘောပေါ်တွင် အမျိုးသမီးများသာရှိပြီး အမျိုးသားဆို၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သင်္ဘောဝန်ထမ်းများ၊ တာဝန်ဖြင့်ခရီးသွားသော အစိုးရဝန်ထမ်းများ၊ သံဃာတော်များသာပါ၏။ မှောင်ခိုပစ္စည်းများကို မြို့နယ်ရှာဖွေရေးအဖွဲ့၊ အကောက်ခွန်အဖွဲ့တို့မှ ရေလယ်တွင် သင်္ဘောကျောက်ချခိုင်းပြီး ဖမ်းဆီးလေ့ရှိသဖြင့် တစ်ပိုင်တစ်နိုင် တစ်ထမ်းတစ်ပိုး တစ်ဆွဲတစ်ရွက် ခွင့်ပြုသည်။ ရှင်းပြရလျှင် လူတစ်ဦးလျှင် ကျောပိုးအိတ်တစ်အိတ်၊ အိပ်ရာလိပ်တစ်လိပ်စာ၊ အမျိုးသမီးများဆိုပါမူ တစ်ပိုင်တစ်နိုင်သာ သယ်ဆောင်ခွင့်ပြုသဖြင့် ကိုယ်လုံးတွင် ပတ်၍ ကွယ်ဝှက် ခိုးယူ သယ်ဆောင်သူများကို မြင်တွေ့နေရသည်မှာ ရင်မောဖွယ်ကောင်းလှ၏။

အမှတ် (၄) သင်္ဘောဆိပ်မှနေ၍ မုတ္တမကူး ရန်ကုန်သွားမည့် ခရီးသည်များ၊ သံလွင်ကို အန်တုလျက် ဘားအံ-လှိုင်းဘွဲ့သို့သွားမည့်သူ၊ ဂျိုင်းမြစ်ကိုဆန်၍ ကျုံဒိုးသွားမည့် ကုန်သည်များ၊ အတ္တရံမြစ်ကြောင်းကို အားကိုးလျက် ကြာအင်းဆိပ်ကြီးကိုသွားရန် ပြင်ဆင်နေသူများနှင့် အမှတ် (၄) သင်္ဘောဆိပ်မှာ ပျားပန်းခပ်မျှ စည်ကားလှ၏။ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်စကားပြောနေသံများမှာ လက်ပံပင် ဆက်ရက်ကျသလို ဆူညံသံများ ပြည့်နှက်နေ၏။ ထိုခေတ်ထိုအခါက မော်လမြိုင်မှ ရန်ကုန်၊ မော်လမြိုင်မှ ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့များသို့သွားလိုလျှင် ရေကြောင်းခရီးသာရှိသဖြင့် တစ်နေကုန်သွားလာနေရ၏။

ယခုအခါ မော်လမြိုင်-မုတ္တမ-သံလွင်မြစ်ကူးတံတား၊ ဘားအံ-သံလွင်မြစ်ကူးတံတား၊ ဂျိုင်း-ဇာသပြင်-အတ္တရံမြစ်ကူးတံတားများမှာ အိပ်မက်ထဲမှနိုးထအကောင်အထည်ပေါ်လာပြီဖြစ်သဖြင့် မီးရထား၊ ခေတ်မီလေအိတ်ကားကြီးများဖြင့် ရန်ကုန်၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့များသို့ နာရီပိုင်းအတွင်း နေ့ချင်းပေါက် ခရီးရောက်နိုင်ပြီ ဖြစ်ကြောင်း ဝမ်းမြောက်စွာ ဖော်ပြအပ်ပါသည်။

အမှတ် (၄) သင်္ဘောဆိပ်မှ ခရီးသွားပြည်သူများ သင်္ဘော၊ စက်လှေများ ကြည့်ရှုငေးမော အတွေးရေယဉ်ကြောမျောနေစဉ် 'ဘော်. . . ဘော်' ဟူသော သင်္ဘောဥသြသံကြားမှ သတိဝင်လာပြီး တာဝန်ကျရာ သင်္ဘောပေါ်သို့ တက်ရောက်လျက် သီးသန့်လုံခြုံရေးအခန်းဝင်ရောက်ပြီး တာဝန်ကျတပ်ဖွဲ့ဝင်များ စစ်ဆေးခြင်း၊ လက်နက်ခဲယမ်းများစစ်ဆေးခြင်းပြုလုပ်၍ တာဝန်အသီးသီး ခွဲဝေချကာ ထိုစက်ကြီးသင်္ဘောမှာ မော်လမြိုင်ဆိပ်ကမ်းကို နှုတ်ဆက်၊ ဂျိုင်းမြစ်ကို ဆန်တက်၊ ရေပြင်ကို ထိုးခွဲလျက် မာန်ဟုန်ပြင်းပြင်း ခုတ်မောင်းနေစဉ် ကျွန်တော်လည်း သင်္ဘော ဝဲ၊ ယာကမ်းများအား ငေးမောကြည့်ရှု လိုက်ပါခဲ့မိပါသည်။

စက်ကြီးသင်္ဘောမှာ နှစ်ထပ်ခရီးသည်တင်သင်္ဘောဖြစ်သဖြင့် အပေါ်၊ အောက် ခရီးသည် (၁၀၀) ကျော်ခန့် တင်ဆောင်လာသဖြင့် သင်္ဘောမှာ လူးလိမ့်ခြင်း မရှိ။ သက်သောင့်သက်သာရှိပါသည်။ ကျွန်တော်တို့နောက် ကိုက် (၅၀) ခန့်အကွာတွင် စိန်ပန်းပြာသင်္ဘောမှာ အားကျမခံ ကပ်လျက်လိုက်ပါသည်ကို မြင်တွေ့ရပါသည်။ သင်္ဘောဦးပိုင်းသို့ သွားရောက်ပြီး ဂျိုင်းမြစ်၏ ဝဲ၊ ယာတွင် တည်ထား ကိုးကွယ်ထားသော စေတီပုထိုးများ၊ မှိုင်းညို့ညို့အုန်းပင်များ၊ ကွမ်းသီးပင်များမှာ လေယူရာတွင် ယိမ်းနွဲ့လှုပ်ရှားနေသည်မှာ ယိမ်းကသည့်အလား ထင်မှတ်ရ၏။ မော်လမြိုင်မှ အထွက် ခေါင်းဆေးကျွန်း၊ ထားဝယ်ကျွန်းတို့ကို လွန်မြောက်ပြီး သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ် သုံးစင်းတို့ဆုံရာ ကတိုး၊ ကော့နုပ်နှင့် ကျုံစိန်ကျေးရွာတို့ရောက်လျှင် အံ့သြဖွယ်ရာကြုံရသည်။

တရုတ်ပြည်မှ မြစ်ဖျားခံ စီးဆင်းလာသော ဒေါသဖောင်မြစ်၊ သံလွင်နှင့် ဂျိုင်းမြစ်မဒီတို့ ကတိုးရွာအောက် မုတ္တမပင်လယ်ကွေ့ရောက်လုနီးတွင် ဖူးစာဆုံကြသည်။ မြစ်နှစ်သွယ် ပေါင်းယှက်မိသော်လည်း ကြည်လင်စိမ်းပြာသော သံလွင်မြစ်ရေနှင့် ဝါကြန့်ကြန့်အရောင်ရှိသော ဂျိုင်းမြစ်ရေတို့ ရောနှောခြင်းမရှိ။ ကျောချင်းကပ် ထိစပ်လျက် သူစိမ်းဆန်စွာ စီးဆင်းနေသည်ကို ရင်မှာ နာကျင်ခံစားမိ၏။

ကတိုး၊ ကော့နုပ်၊ လက်ပံကျေးရွာ၊ အလန်းကျွန်း လွန်မြောက်ပြီးနောက် ကရင်ပြည်နယ်အစ ဇာသပြင်ဆိပ်ကမ်းသို့ ရောက်၏။ သင်္ဘောမှာ ကမ်းကပ်ခွင့်မပြုဘဲ ရေလယ်တွင် စက်ရှိန်လျှော့ပေးရာ ဇာသပြင်ကျေးရွာမှ မွန်၊ ကရင်တိုင်းရင်းသူများ လက်လှော်လှေများဖြင့် ထမင်းထုပ်၊ ငါးကြော်၊ ပုစွန်ကြော်၊ ဆီထမင်း၊ ထန်းရည်များ လာရောင်းသည်။ ၎င်းတို့ ခေါင်းပေါ်ရှိ ဈေးဗန်းများကို လက်ဖြင့် လုံးဝမကိုင်ဘဲ ခုတ်မောင်းနေသော သင်္ဘော၏ လှိုင်းလုံးများကြားမှ လူးလိမ့်နေသောလှေငယ်ပေါ်တွင် ခေါင်းဖြင့် အလိုက်သင့်ထိန်းနိုင်သော ၎င်းတို့ ကျွမ်းကျင်မှုကို အံ့သြဖွယ်ရာ မြင်တွေ့ရ၏။

ဇာသပြင်မှ ထွက်လာသည်နှင့် တပ်ဖွဲ့ဝင်များအား သတ်မှတ်ထားသော နေရာအသီးသီးတွင် နေရာယူရန် ဝဲ၊ ယာကမ်း မျက်ခြည်မပြတ်ရန် မှာကြားလျက် ကျွန်တော်တို့ကိုယ်တိုင် သင်္ဘောအပေါ်၊ အောက် ခေါက်တုံ့ခေါက်ပြန်သွားလာနေရ၏။ တည်ငြိမ်မှုရရှိမပြေ သဖြင့် သောင်းကျန်းသူများမှ ချောင်းမြောင်း ပစ်ခတ်ခြင်း၊ မော်လမြိုင်-ကျုံဒိုး ခရီးသည်သင်္ဘောအား ဖိုင်းခွဲခြင်းများ

www.burmeseclassic.com

ပြုလုပ်ရန် အမျိုးသမီးငယ်တစ်စုအား ခေါ်လွှတ်ထားကြောင်း သတင်းရထားသဖြင့် လုံခြုံရေးအထူးဂရုပြုနေရသောကာလ ဖြစ်၏။

ဇာသပြင်ဆိပ်ကမ်းမှလွှန်မြောက်ပြီးနောက် အုန်းပင်၊ ကွမ်းသီးပင်များပေါက်[?]နေသော တဲစုများကြား ချောင်းရိုးအတွင်းမှ လက်လှော်လှေတစ်စီးအား သူနှစ်ဦးမှ လှော်ခတ်လျက် ကျွန်တော်တို့ လိုက်ပါလာသော စက်ကြီးသင်္ဘောဆီသို့ ဦးတည်လှော်လာနေသည်ကိုမြင်သဖြင့် ကျွန်တော် သတိထားကြည့်နေစဉ်မှာပင် လှေမှာ သင်္ဘောအနီးရောက်လာပြီး သင်္ဘောဝန်ထမ်းများအား ခွင့်တောင်းလျက် (၂၅) ပိဿာခန့်ဝင် စိမ်းစားငါးပိထည့်ထားသော စဉ့်အိုးတစ်လုံးအားတင်ပေးပြီး လှေမှာ ပြန်လည်ထွက်ခွာသွား၏။ ထိုစဉ့်အိုး သင်္ဘောပေါ်တင်လာသည်နှင့် ကျွန်တော်၏မသိစိတ် မှာ တစ်စုံတစ်ဦးမှ လာရောက်နှိုးဆွပေးနေသလို သင်္ဘောပေါ်မှ စဉ့်အိုးအား ချထားခဲ့ရန် တိုက်တွန်း ပြောဆိုနေသလို ကျွန်တော် ခံစားနေရ၏။ ထိုမသိစိတ်၏နှိုးဆော်မှုကြောင့် စဉ့်အိုးတည်ရှိရာ အောက်ထပ်သို့ရောက်သွားပြီး သင်္ဘောဝန်ထမ်းများအား အဆိုပါ စဉ့်အိုးများ မတင်ဆောင်ရန်နှင့် ချထားခဲ့ရန်ပြောရာ လက်မခံ အခြေအတင်ပြောနေရ၏။

ကျွန်တော်မှ လက်မခံဘဲ ဇွတ်အတင်းချရန်ပြောရာ သင်္ဘောရေယာဉ်အုပ် ရောက်လာပြီး သင်္ဘောနှင့် ပတ်သက်လျှင် သူ့တွင် တာဝန်ရှိကြောင်း၊ ကုန်ပစ္စည်းတင်မှ ဝင်ငွေရမှာ ဖြစ်သဖြင့် ဝန်ထမ်းများအားတင်ခိုင်းခြင်းဖြစ်ကြောင်း ငြင်းခုံပြောလာသဖြင့် ကျွန်တော်မှ ခပ်မာမာနှင့် -

"သင်္ဘောရေယာဉ်အုပ်မှာ တာဝန်ရှိတယ်ဆိုတာ နားလည်တယ်။ ခင်ဗျားတာဝန်က သင်္ဘောတိမ်းစောင်းနစ်မြုပ်မှုမဖြစ်ရေး၊ သင်္ဘောသောင်မတင်ရေး၊ သင်္ဘောနစ်မြုပ်ပြီး ခရီးသည်တွေအသက်ဆုံးရှုံးမှုမဖြစ်ရေး ခင်ဗျားမှာ တာဝန်ရှိတယ်ဆိုတာ နားလည်တယ်။ ဒါပေမယ့် ကျွန်တော် ပြောတာကို သေသေချာချာနားထောင်။ ယခုအခြေအနေကို ခင်ဗျား သဘောပေါက်ဖို့ကောင်းတယ်။ တည်ငြိမ်စရအောင် ကြိုးစားနေတဲ့အချိန် ဟိုနေရာဗုံးကွဲ၊ ဒီနေရာဗုံးကွဲ၊ ဟိုကချောင်းပစ်၊ ဒီကချောင်းပစ်ဖြစ်နေတဲ့အချိန် လုံခြုံရေးအထူးဂရုစိုက်ဖို့ အထက်အဖွဲ့အစည်းအဆင်ဆင့်က ညွှန်ကြားထားတယ်။ ခရီးသည်တွေရဲ့အသက်စည်းစိမ် အပါအဝင် ခင်ဗျားတို့၊ ကျွန်တော်တို့အားလုံးနဲ့ သင်္ဘောပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် ကျွန်တော့်မှာ လုံးဝတာဝန်ရှိတယ်။ တကယ်လို့ ပေါက်ကွဲမှုဖြစ်ရင် ခင်ဗျားတာဝန်ယူမှာလား"

ဟု ကျွန်တော်မှ မေးပြောပြောလိုက်ရာ ရေယာဉ်အုပ်မှာ မကျေမနပ်နှင့် ပြန်မပြောတော့ဘဲ ပြန်လည် ထွက်ခွာသွားပါတော့သည်။

ကျွန်တော့်စိတ်တွင် တစ်စုံတစ်ခုဖြစ်တော့မည်ဟု မသိစိတ်က လာနှိုးဆွနေသဖြင့် ကော့သတ်ကျေးရွာအလွန် တရနာကျေးရွာဆိပ်ကမ်းအရောက်တွင် သင်္ဘောအားကပ်ခိုင်းပြီး ဆိပ်ကမ်းတွင် တွေ့ရသော အလုပ်သမားခေါင်းဆောင် ဦးပွဲ့အား ခေါ်ယူလျက် (၂၅) ပိဿာဝင် စိမ်းစားငါးပိ ထည့်ထားသော စဉ့်အိုး (ပိုင်ရှင်မဲ့) အား ဆိပ်ကမ်းတွင် သိမ်းထားရန် မှာကြားလျက် ကျွန်တော်တို့ လိုက်ပါလာသောစက်ကြီးသင်္ဘောလည်း ခရီးစဉ်အတိုင်း ဆက်ထွက်ခဲ့ပါသည်။ ကော့ဘိန်းကျေးရွာအနီးတွင် အသင့်စောင့်ကြိုနေသော တပ်မတော်စစ်ရေယာဉ် (၃၀၅) မှ ဦးဆောင် တာဝန်ယူခေါ်ဆောင်သဖြင့် ကျွန်တော့် ရင်တွင်စိုးတထိတ်ထိတ်ဖြစ်နေသော လုံခြုံရေးတာဝန်မှာလည်း ပေါ့သွားပါတော့သည်။

စက်ကြီးသင်္ဘောမှာ တာဝန်မပျက် ကော့ဘိန်း၊ ခရား၊ သံလှယ်ကျေးရွာများ လွန်မြောက်ပြီး နေ့လယ်(၁)နာရီခွဲတိတိ ကော့ရိုးကျေးရွာအရောက်တွင် 'ဝုန်း၊ ဝုန်း' ဟူသော ကျယ်လောင်သောပေါက်ကွဲသံကြီးများနှင့်အတူ ရေလှိုင်းများ လှုပ်ခတ်လာသဖြင့် သင်္ဘောပေါ်ရှိခရီးသည်များ ထိတ်တလန့်လန့်ဖြစ်နေရာ ကျွန်တော်နှင့် အတူတပ်ဖွဲ့ဝင်များလိုက်လံ အားပေး နှစ်သိမ့်ပေးခဲ့ရ၏။

ညနေ (၃) နာရီအချိန်ခန့် ကျုံဒိုးဆိပ်ကမ်းသို့ရောက်ရှိ ကျောက်ချရပ်နားစဉ် ခရီးသည်များမှာ မိမိတို့ကုန်သည်ဒိုင်များထံ အပြေးအလွှား အလုအယက်ကုန်ပစ္စည်းများဝယ်ယူကာ သင်္ဘောပေါ်တင်ဆောင်ပြီး ညအိပ်ရသည်။ နောက်တစ်နေ့ ၁၈-၅-၈၉ နံနက် (၈) နာရီ ကျုံဒိုးကို နှုတ်ဆက်၊ ရေစုန်နှင့်လိုက်လာရာ နံနက် (၁၁) နာရီ တရနာကျေးရွာဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ပြီး လှေလာ စုံစမ်းခဲ့ရာ ဝမ်းနည်း ရင်နင့်ကြေကွဲဖွယ်ရာအဖြစ်ဆိုး မြင်တွေ့ရပါသည်၊ ကျွန်တော်တို့ချထားခဲ့သော (၂၅)ပိဿာဝင် စိမ်းစားငါးပိစဉ့်အိုးအား အလုပ်သမား ဦးပွဲ့မှ နေအိမ်သို့ ယူဆောင်ပြီး လှေကားရင်းချထားစဉ် နေ့လယ် (၁) နာရီခွဲတိတိအချိန် ငါးပိထည့်ထားသော စဉ့်အိုးအတွင်းမှ ချိန်ကိုက်ဗုံးပေါက်ကွဲသဖြင့် ဦးပွဲ့၏ သားဖြစ်သူ အသက်(၇) နှစ်သမီး(၅) နှစ်တို့မှာ အပိုင်းပိုင်းပြတ် သေဆုံးခဲ့ပြီး ပုခက်အတွင်းရှိ (၁) နှစ်သမီးမှာ အစအနမျှပင် ရှာမရအောင် လွင့်စဉ်ပျောက်ဆုံးခဲ့ရသည်။ နေအိမ်တစ်ဝက်မှာလည်း မီးလောင်ငွေ့များ တလူလူထွက်နေသည်ကို ဖြေဆည်မရအောင် ဝမ်းနည်းဖွယ်ရာ မြင်တွေ့ခဲ့ရပါသည်။

အကယ်၍ ကျွန်တော်သာ အချေအတင် အကျောက်အကန် အမုန်းမခံဘဲ သင်္ဘောပေါ်တင်ဆောင်ခွင့်ပြုခဲ့ပါမူ ကျွန်တော်တို့ အပါအဝင်သင်္ဘောပေါ်ပါ ခရီးသည် (၁၀၀) ကျော်မှစ အပိုင်းပိုင်းအပြတ်ပြတ် သွေးသံရဲရဲနှင့် အသက်ဆုံးရှုံး သေပွဲဝင်ကြရမည်မှာ မလွဲဧကန်ပင်။

သို့ပါသော်လည်း ရတနာသုံးပါးမပြတ်ဆည်းကပ်ကိုးကွယ်ခဲ့သော ဂုဏ်တော်၊ ကျေးဇူးတော်များကြောင့် ကျွန်တော်၏မသိစိတ်အား ကိုယ်စောင့်နတ်များမှ စောင့်ရှောက်သတိပေးနှိုးဆွပေးခဲ့ခြင်းဖြစ်ကြောင်း ခြွင်းချက်မရှိ အကြွင်းမဲ့ လက်ခံမိပါသည်။ နေ့စဉ် ပုတီးစိပ် အမိဋ္ဌာန်ဝင်သူများဆိုပါမူ မည်မျှအကျိုးထူးမည်ကို ဖော်ပြနိုင်စွမ်းမရှိတော့ပါ။

ကျွန်တော်အမုန်းခံယူ၍ သင်္ဘောပေါ်ပါ ခရီးသည်များ၏အသက်အား ဗုံးဒဏ်မှ ကာကွယ်နိုင်သော်လည်း ကံကြမ္မာအလှည့်အပြောင်းတွင် တစ်စစီကြေမွ ပျက်သုဉ်း ဘဝဆုံးသွားရှာသော မိထောချမ်းတို့ မောင်နှမသုံးဦးနှင့် ပူဆွေးသောကဗျာပါဒပိုက်လျက် မျက်ရည်စို့ရွဲမပဋ္ဌာ တစ်ဖြစ်လဲ ဦးပွဲ့တို့ဇနီးမောင်နှံ၏ ကြေကွဲဖွယ်ရာအဖြစ်များကို ပြန်ပြောင်းတွေးမိတိုင်း ရင်မှာတနင့်နင့်နှင့် ယနေ့တိုင် ခံစားနေရပါကြောင်း ကိုယ်တွေ့ဖြစ်ရပ်မှန်အား မခြွင်းမချန် လှစ်ဟပြလိုက်ပါသည်။

ရွှေစင်သား

*(သင်္ဘောပေါ်ပါ ခရီးသည်များ ယနေ့တိုင် သက်ရှိထင်ရှားရှိနေပါသည်)*



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သည့် နှစ်ပေါင်း(၇၀)ကျော် (၈၀) နီးနီးလောက်က အဖြစ်အပျက် တစ်ခုပါ။ သည်တုန်းက ကျွန်ုပ်ပင် မမွေးသေးပါ။ အမေ၊ အဖေတို့ လူကြီးသူမတွေပြောပြခဲ့သည့်အဖြစ်အပျက်မှန်သာ ဖြစ်ပါသည်။

မြန်မာတို့တွင် စကားပုံတစ်ခုရှိပါသည်။ လှံထမ်းလာတာကို မြင်ရပေမယ့် ကံထမ်းလာတာကို မမြင်ရ ဆိုတာပါဘဲ။ အခုအဖြစ်အပျက်လည်း ဘဝ၊ ဘဝ၏ ကုသိုလ်ကံကြောင့် တိုးတက် ကြီးပွားသွားသူတစ်ဦး၏ အဖြစ်အပျက်ပင် ဖြစ်ပါသည်။

၁၂၄၇ ခုနှစ် မြန်မာတို့၏နောက်ဆုံးဘုရင် သီပေါမင်း ပါတော်မူပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံး အင်္ဂလိပ်လက်အောက် ကျရောက်သွားသည့် မြန်မာနိုင်ငံအတွင်းသို့ အင်္ဂလိပ်တို့သည် အိန္ဒိယတိုင်းရင်းသားပေါင်းစုံ ခေါ်သွင်းလာတော့သည်။

ကုန်သည်စီးပွားရေးသမားများ၊ ငွေတိုးပေးစားသည့် ချစ်တီးကုလားများ၊ ဆင်းရဲအောက်တန်းကျသည့်လယ်ကူလီလုပ်သည့်ကုလားများ စသည်တို့ ပါလာကြသည်။ ထိုကုလားတို့သည် မြန်မာနိုင်ငံအနှံ့ရောက်ရှိပြီး စီးပွားရေးနယ်ချဲ့ခြင်း၊ လယ်ပိုင်ရှင်တို့အား မက်လုံးပေး၍ ငွေချေးခြင်းတို့ကို လုပ်ဆောင်ကြလေသည်။

ထိုအထဲတွင် ကျွန်ုပ်တို့ မော်လမြိုင်မြို့သို့ရောက်လာသည့် ဟိန္ဒူကုလားလူမျိုးမိသားစုသည် သိမ်ကုန်းရပ်တွင် အခြေချနေထိုင်၍ မြန်မာလူမျိုးများအားနည်းမျိုးစုံဖြင့် စီးပွားရေးနယ်ချဲ့လေသည်။

ကုလားလူမျိုးတို့သည် မြန်မာနိုင်ငံသို့လာစဉ် ခြေဖဝါး၊ လက်ဖဝါးဖြင့် အရှက်လုံရုံ နံငယ်ပိုင်း(ဒိုတီ)နှင့် ပခုံးတွင် ပိတ်စိမ်းပါးလေးသာပါရှိကြသူတို့သည် နှစ်အနည်းငယ်အတွင်း မြို့မျက်နှာဖုံးသူဌေးကြီးတွေ ဖြစ်ကုန်ကြသည်။

ထိုအချိန်က နယ်ချဲ့အင်္ဂလိပ်တို့၏ ဥပဒေမှာ ရေများရာမိုးရွာဆိုသလို သူတို့လူမျိုး၊ သူတို့နှင့် ပါလာကြသည့် ကုလားများအတွက်သာ ဖြစ်နေသည်။ မြန်မာလူမျိုးများအတွက်တော့ အနည်းအကျဉ်းရှိပါသေးသည်။ ဒါက မျက်နှာဖြူတွေကို မျက်နှာလိုမျက်နှာရလုပ်တတ်ကြသည့် အနားပြာလူတန်းစားများသာ ဖြစ်သည်။ မြန်မာလယ်သမားများနှင့် နင်းပြားလက်လုပ်လက်စားများကတော့ နယ်ချဲ့ဥပဒေ၏ မျှောကြိုးလို လိုရာဆွဲသည့်ဥပဒေကို ခါးသီးစွာ ခံစားကြရသည်။

သမိုင်းဘီးသည် အမြဲရပ်တန့်နေသည်မဟုတ်။ လည်ပတ်နေသည့်သဘောရှိသလို၊ လကွယ်ညလို မှောင်မိုက်နေသည့် လကွယ်ညမျိုးရှိသလို၊ လပြည့်ညလို လင်းထိန်နေသောညများလည်း ရှိမည်မှာ ဓမ္မတာပါ။


မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မျိုးချစ်လူငယ်တို့သည် အင်္ဂလိပ်နယ်ချဲ့ကိုတော်လှန်နိုင်ရန် တိတ်တဆိတ် ကြံစည်နေကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ရဲဘော်သုံးကျိပ်တို့သည် ဂျပန်နိုင်ငံတွင် စစ်ပညာသင်ကြားပြီး ဂျပန်တို့နှင့်အတူ မြန်မာနိုင်ငံသို့ ယိုးဒယား(ထိုင်း)နိုင်ငံမှတစ်ဆင့် ဝင်ရောက်လာပြီး တစ်မြို့ပြီးတစ်မြို့ သိမ်းလာကြ၍ အင်္ဂလိပ်နယ်ချဲ့တို့သည် အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာရန် ပြင်ဆင်ကြသည့်အထဲ အိန္ဒိယ အရင်းရှင်သူဌေးများလည်း ပြန်ရန်ပြင်ဆင်ကြသည်။ ထိုအထဲတွင် ကျွန်ုပ်တို့ မော်လမြိုင်မှ ထိတ်ထိတ်ကြသူဌေးမိသားစုလည်း ပါဝင်လေသည်။

❑

ဤဟိန္ဒူသူဌေးမိသားစုနှင့်အတူ လက်တိုလက်တောင်းခိုင်းစေရန် လော်

ယောင်လှယည့်(မော်လမြိုင်)

ကံအလှည့်အပြောင်း





www.burmeseclassic.com

www.burmeseclassic.com

ကမန် ဆိုသူ ကုလားလေးတစ်ဦးလည်း ပါလာသည်။ လော်ကမန်သည် သူဌေး အိမ်တွင် နေ့ပိုင်းကျူးရှုံးလုပ်ကိုင်ပေးပြီး ညပိုင်းတွင် ခနိရည်ကလေးတဝေဝေ၊ တမာဂူလေးရှူရှူပြီး အိမ်လုံခြုံရေးကို စောင့်ရင်း သီချင်းလေးတအေးအေးနှင့် ဆက်ရက်မင်းစည်းစိမ် ခံစားနေလေ့ရှိသည်။

အိမ်တွင်းမှာတော့ သူဌေးမိသားစု ခေါင်းချင်းဆိုင်နေကြပြီ ဖြစ်သည်။ ဒါတွေက သူ့အလုပ်မဟုတ်၊ သူနှင့်မဆိုင်။ သူ့တာဝန်က အိမ်တို သူခိုးမကပ်ဖို့ဘဲ။ ဒါကြောင့်လည်း သီချင်းလေးတအေးအေးနှင့် လောကကြီးကို မေ့ချင်ချင်။

"ဟေ့- လော်ကမန်၊ ပါပါခေါ်နေတယ်"

လော်ကမန် မကြား။ မျက်လုံးလေးမှေးကာသီချင်းညည်းမပျက်။ လက်ကပါ စည်းလိုက်နေသေးသည်။ နောက်တစ်ခွန်းထပ်ခေါ်လည်း တုပ်တုပ်မှမလှုပ်၍ သူဌေးကြီး၏ သားကြီးက ဒေါသထွက်ပြီး လော်ကမန်ကို ထပ်ခေါ်လေသည်။

"ဟေ့ကောင် လော်ကမန် (xxx)၊ ပါပါခေါ်နေတယ်ကွ"

လော်ကမန် လန့်ဖျပ်ပြီး-

"ဟုတ်ကဲ့ ဆပ်"

ဟု ဆိုကာ ပြူးတူးပြဲတဲနှင့် သူဌေးရှိရာသို့ ထသွားလေသည်။ အိမ်ထဲတွင် သူဌေးမိသားစု ခေါင်းချင်းဆိုင်နေကြသည်။

"ချွန်တော် ရောက်ပါပြီ ဘာရားဆပ်"

လော်ကမန်က သူရောက်ကြောင်း အရိုအသေပေးပြီး လက်ပိုက်ရပ်နေ၏။

"ထိုင်- လော်ကမန်၊ မင်းကိုပြောစရာရှိလို့ ခေါ်ခိုင်းလိုက်တာ။ ဒီလိုကွ၊ အခု မြန်မာနိုင်ငံမှာ တို့အင်္ဂလိပ်အစိုးရကို တော်လှန်နေကြပြီ။ ဒီမှာ တို့ကိုလည်း မကျေနပ်တဲ့သူတွေ ရှိချင်ရှိမယ်ကွ။ဒီမှာအုပ်ချုပ်နေတဲ့ မင်းကြီးကလည်း အိန္ဒိယကိုပြန်ဖို့လုပ်နေပြီ။ သူတို့နဲ့အတူ







www.burmeseclassic.com

www.burmeseclassic.com

တို့ပါပြန်လိုက်သွားမယ်။ ဒီအိမ်ကြီးကို မင်းကောင်းကောင်းမွန်မွန်စောင့်ရှောက်ထားပါ။ အားလုံးအေးချမ်းသွားရင် တို့ပြန်လာခဲ့မယ်။ ပြန်လာမှ မင်းကို ဘောက်ဆူးကောင်းကောင်းပေးမယ်နော်။ နားလည်တယ် မဟုတ်လား လော်ကမန်"

"စိတ်ချပါ ဆပ်၊ လော်ကမန်နော် ဒီအိမ်ကြီးကို ကောင်းကောင်းကြည့်ထားပေးမယ်"

"အေး - ဒါဆို မင်းသွားတော့။ မနက်ဖြန် ဒီက တို့စောစောထွက်မယ်"

လော်ကမန်သည် သူဌေးကြီးအား အရိုအသေပေး၍ သူ့နေရာသို့ ထွက်သွားတော့သည်။ နောက်တစ်နေ့မနက်စောစောတွင် သူဌေးမိသားစု ထွက်ခွာသွားကြတော့သည်။ လော်ကမန်သည် သူဌေးကြီးမှာထားသည့်အတိုင်း ဘယ်မှမထွက်ဘဲ ညနေပိုင်းမှသာ အိမ်နှင့်မဝေးသည့် ရွှေဖျိုင်းဖြူရပ်ကွက်သို့သွား၍ ခနိရည်ကို ဂေါ်ရင်ဂျီမော့မော့ကာ ပြန်၍ အိမ်တွင်း၌သာနေလေသည်။ (ဟိုတုန်းက ရွှေဖျိုင်းဖြူရပ်ကွက်သည် ကျုံးကျော်ရပ်ကွက် ဖြစ်လေသည်။)

လော်ကမန် အိမ်တွင်းအောင်းနေသည်မှာ တစ်လလောက်ရှိပြီ ဖြစ်သည်။ သူဌေးပေးခဲ့သည့် မစ္စိမပို့ငွေလေးလည်း ကုန်ခါနီးနေပြီ။ မြို့လည်း အုပ်ချုပ်ရေးနှင့် ဖြစ်လာ၍ အရောင်းအဝယ်များလည်းလုပ်လာကြပြီး ဖြစ်သည်။ လော်ကမန်သည် အလုပ်လေးများ ရလိုရငြား ဈေးကြီးသို့ထွက်လာလေသည်။ မော်လမြိုင်ဈေးကြီးသည်လည်း အရောင်းအဝယ်တို့ဖြင့် စည်ကားနေပြီ ဖြစ်သည်။

သူဈေးလာလာဝယ်စဉ်က တစ်ဖက်သတ်ချစ်နေသည့် အမိနာတို့ သားအမိကိုသွားရှာကြည့်သော်လည်း မတွေ့ရ၍ အလုပ်လေးများရလိုရငြား ပွဲရုံဘက်သို့ထွက်လာပြီး အရင်သူ့သူဌေးကတော် ဈေးလာဝယ်ဖူးနေသည့်ပွဲရုံတွင် အလုပ်ရရန်ဝင်၍ အကူအညီတောင်းလေသည်။ ကုန်ထမ်း၊ ကုန်ချိန်ပေးသူမရှိ၍ လော်ကမန်ကို အလုပ်လုပ်စေလေသည်။

သူလုပ်ကိုင်ရသည့်ဆိုင်မှာ ဆိုင်ရှင် အမေကြီးတစ်ဦးနှင့် သမီးတစ်ဦးသာရှိသောဆိုင်ဖြစ်၍ လော်ကမန် လုပ်ကိုင်ရသည်မှာ အဆင်ပြေလေသည်။ လော်ကမန်သည် သွက်သွက်လက်လက် လုပ်ကိုင်၍လည်း ဆိုင်ရှင်တို့က သဘောကျလေသည်။ လော်ကမန်လုပ်သည့် ဆိုင်သည် နယ်ဖောက်သည်များ၍ လော်ကမန်မှာ အချိန်ပေးရခြင်း၊ ထုပ်ပိုးပေးရခြင်း၊ လှေဆိပ်သို့ ကုန်ထမ်းပို့ရခြင်းတို့ဖြင့် လက်မလည်အောင် လုပ်နေရသည်။ တစ်နာရီလောက်မှ ဝယ်သူပါးသွား၍ ဆိုင်ရှင် အမေကြီးက ပိုက်ဆံငါးမူးပေး၍ထမင်းသွားစားခိုင်းလိုက်သည်။ ထမင်းဆိုင်သွားသည့်လမ်းတွင် ခနိရည်ဆိုင်ကရှိနေ၍ ဆိုင်ထဲမှချဉ်စူးစူးခနိရည်အနံ့က လော်ကမန်ကို လာကလိနေသည်။ လော်ကမန်လည်း ထမင်းစားကောင်းရန် ခနိရည်တစ်ပုလင်းဝင်သောက်ပြီး ထမင်းစား၍ ဆိုင်သို့ပြန်လာသည်။ (၄) နာရီလောက်တွင် ဆိုင်ရှင်အမေကြီးက ပိုက်ဆံတစ်ကျပ်ခွဲပေးပြီး မနက်စောစောလာရန်မှာပြီး ပြန်ခိုင်းလိုက်လေသည်။ လော်ကမန်က ဆလံအထပ်ထပ်ပေး၍ ပြန်ခဲ့တော့သည်။

လော်ကမန် ဈေးကြီးအတွင်း အလုပ်လုပ်နေသည်မှာ (၃) လလောက်ရှိ၍ မြန်မာနိုင်ငံလည်း လွတ်လပ်ရေးရခဲ့ပြီး ဖြစ်သည်။ လွတ်လပ်ရေး၏ အရသာကို မခံစားရသေးမီ ပြည်တွင်းဆူပူမှုများ ဖြစ်ပေါ်လာပြန်သည်။ မြန်မာနိုင်ငံအစိုးရကို ရန်ကုန်အစိုးရဟု သတင်းစာများကသရော်ရအောင် သောင်းကျန်းသူတို့က ရန်ကုန်မြို့မှလွဲ၍ တစ်ပြည်လုံးကို သိမ်းထားလေသည်။

တပ်မတော်သည် ထိုကိစ္စကို အမြန်ဆုံးဖြေရှင်းကာ မြန်မာပြည်တစ်ပြည်လုံး ပြန်လည် အေးချမ်း၍ ပုံမှန်လည်ပတ်လာပြီး ဖြစ်သည်။ သို့သော် လော်ကမန်သူဌေးမိသားစုတို့ကတော့ ပြန်မလာသေးချေ။

မော်လမြိုင်မြို့ ပြန်လည် အေးချမ်းလာပြီး (၆) လလောက်အကြာ လော်ကမန်ထံသို့ အိန္ဒိယမှ ကြေးနန်းတစ်စောင် ရောက်လာလေ၏။ ကြေးနန်းပါအကြောင်းက သူဌေးမိသားစုသည် တောလမ်းမှအပြန် ဘုရားသုံးဆူအရောက်တွင် လူဆိုးများသတ်၍ သေပြီဖြစ်သဖြင့် မော်လမြိုင်မြို့ရှိအိမ်အား လော်ကမန်အား အပိုင်ပေးလိုက်သည့် ကြေးနန်း ဖြစ်လေသည်။

လော်ကမန်သည် ထိုအိမ်ကြီးကို အပိုင်ရရှိသော်လည်း မပျော်ပိုက်ပါ။ ဂျပန်ခေတ်က ဗုံးမှန်၍ တစ်ဝက်လောက်ပျက်စီးသွားသည့် အိမ်ပျက်ကြီး ပြန်ပြင်ဖို့ကလည်း ငွေမရှိသည်ဖြစ်နေ၍ အိမ်ပိုင်ရှင် ငမွဲဟုသာ ဆိုသင့်လေသည်။

မိုးတွင်းတွင် မော်လမြိုင်မြို့သည် ခုနစ်ရက်ခုနစ်လီရွာတတ်သည်။ သည်လိုမိုးသဲသဲမဲမဲရွာသည့်ညများတွင် လော်ကမန်သည် မိုးလွတ်ရာတွင် ရှောင်၍ အိပ်ရတာ တစ်ဒုက္ခ။ မိုးမည်းမှုပင် သဲသဲမဲမဲရွာစေကာမူ လော်ကမန်က မမှုချေ။ မိုးမယိုသည့် ထောင့်တစ်ထောင့်တွင် နံ့ငယ်ပိုင်းနှင့် ကွေးကာ ဆက်ရက်မင်းစည်းစိမ်ခံစားနေလေသည်။ အချိန်က (၁၂) နာရီကျော်လောက်တွင် မိုးအနည်းငယ်ပါးသွားပြီး မိုးသံသိပ်မကျယ်တော့သည့်အချိန်မှာတော့ လော်ကမန် မမျှော်လင့်သည့် အသံတစ်သံကို အိမ်ခေါင်မိုးပေါ်မှ ကြားလိုက်ရသည်။ ဒီအသံက -

"ပစ်ချလိုက်မယ်"

လော်ကမန်သည် အသံကို မသဲမကွဲကြားလိုက်ရသော်လည်း ဘယ်ကအသံမှန်းမသိ။ အိပ်မက်များမက်တာလား၊ ငါမူးနေလို့များကြားချင်တာတွေကြားရတာလားဟု တွေးပြီး ဆက်မေ့နေသည်။ တစ်နာရီလောက်ထိ အသံကပေါ်မလာတော့ လော်ကမန်လည်း အိပ်ပျော်သွားတော့သည်။

နောက်တစ်နေ့ညတွင်တော့ လော်ကမန် နားထောင်ကြည့်နေသေးသည်။ မကြားရချေ။ နံနက်ပိုင်း ဈေးကြီးသို့သွားပြီး လုပ်နေကျ အမေကြီးဆိုင်တွင် ကုန်ထမ်း၊ ကုန်ချိန်၊ ထုပ်ပိုးပေးခြင်းလုပ်ပြီး သူချစ်နေသည့် အမိနာကိုလည်း စုံစမ်းရသေးသည်။ အမိနာတို့သားအမိ သေများသွားသလို၊ တောပဲပြောင်းသွားသလို မရေမရာသတင်းကြောင့် လော်ကမန် ညဘက်များတွင် ခနိရည်ပိုသောက်ဖြစ်လေသည်။

(၃) ရက်မြောက်ညတွင်တော့ မိုးက တဖွဲဖွဲလေးရွာနေလေသည်။ လော်ကမန်သည် ခနိရည်ကို ပိုသောက်လာပြီး မိုးအေးအေးနှင့် လုံချည်နှင့်ကွေးကာ သီချင်းလေးတအေးအေးနှင့် အဆွေးကြီးဆွေးနေသည်။ မိုးလေတဖွဲဖွဲအသံမှအပ ဖားအော်သံပင် မကြားရအောင် တိတ်နေသည်။ လော်ကမန် ဆွေးဆွေးနှင့် တွေးနေသည်မှာ မီးကင်းသံချောင်း (၁၂) ချက်ခေါက်သံကို ကြားလိုက်ရသည်။ လော်ကမန် မျက်လုံးများစင်းလာပြီး အိပ်ချင်သလိုဖြစ်နေစဉ် -

"ပစ်ချလိုက်ရမလား"

ဆိုသည့် မြင့်ရတဲ့ သူ့မိတ်ဆွေ အသံအောအောကြီးကို ကြားလိုက်ရ၍ အိပ်ချင်စိတ်ပြေသွားပြီး ဒေါသဖြစ်ဖြစ်နှင့် -

"ပစ်ချချင်ပစ်ချကွာ၊ အော်မနေနဲ့" လို့ အော်လိုက်သံက တော်တော်ဆွေးလေးကျယ်သွားလေသည်။ လော်ကမန် ပြန်



www.burmeseclassic.com

www.burmeseclassic.com

အော်ပြီး မကြာခင်တွင် လော်ကာမန်၏ ဘေးသို့ 'ဘုတ်'ဆိုသည့်အသံကို ကြားလိုက်ရ၍ လော်ကာမန် လန့်သွားသေးသည်။ မနီရည်အရှိန်က တက်လာ၍ လော်ကာမန်လည်း အိပ်ပျော်သွားတော့သည်။

"ဟော့ကောင် လော်ကာမန် ငပျင်း၊ ထစမ်း။ မူးပြီးအိပ်ဖို့လောက်ပဲသိတဲ့ကောင်"

လော်ကာမန် သူဌေးလာနှိုး၍ အမြန်ဆုံး ထလိုက်ရသည်။

"အို- သူဌေးပြန်လာပြီနော်။ ကျွန်တော် ဝမ်းသာလိုက်တာ သူဌေးရယ်"

"လော်ကာမန်၊ ငါပြောတာကို နားထောင်။ ငါ ခရီးဝေးကိုသွားဖို့ရှိတယ်၊ အချိန်မရဘူး။ အခု မင်းကိုပေးလိုက်တဲ့ ပစ္စည်းတချို့ကို ထုခွဲပြီး တို့မိသားစုအတွက် ကောင်းမှုလုပ်ပေး။ ကျန်တာကို မင်းလုပ်ကိုင်စားသောက်ပေတော့ လော်ကာမန်။ ငါသွားတော့မယ်"

"သူဌေး၊ မသွားပါနဲ့သူဌေး။ ပြန်လာပါခင်ဗျာ"

လော်ကာမန်သည် ဝမ်းနည်းစွာနှင့် အော်ခေါ်သော်လည်း သူဌေးကလှည့်၍ပင် မကြည့်တော့ချေ။ သူဌေး၏ ပုံရိပ်သည် တဖြည်းဖြည်းဝေးသွားပြီး ပျောက်သွားလေသည်။

လော်ကာမန် ထထိုင်ပြီး ဟိုဟိုဒီဒီ ကြည့်လေရာ မှောင်နှင့်မည်းမည်းသာ တွေ့ရပြီး ဘာမှမတွေ့ရ၍ သူအိပ်မက်မက်နေကြောင်းကို သိလိုက်ရ၍ သူဌေးမိသားစုအတွက် ဝမ်းနည်းမိလေသည်။ မကြာမီ ရောင်နီလာတော့မည်ဖြစ်၍ လော်ကာမန် ပြန်မအိပ်တော့ချေ။

လော်ကာမန်သည် အလင်းရောင်လာလာချင်း ပစ်ချလိုက်သည့်အထုပ်ကို ဖြေကြည့်ရာ လက်ဝတ်ရတနာထုပ်မှန်း သိလိုက်ရ၍ ပြန်ထုပ်၍ လုံခြုံသည့်နေရာတွင် သိမ်းထားလိုက်သည်။ လော်ကာမန်သည် သူဌေးမိသားစုအတွက် ဝမ်းနည်း၍ မျက်ရည်များပင် ကျလာလေသည်။

သူဌေးအိပ်မက်ထဲတွင်ပြောသွားသည့်အတိုင်း အလှူလုပ်ပေးချင်သော်လည်း သူမလုပ်တတ်။ သူစဉ်းစားလိုက်တော့ သူကုန်ထမ်းနေသည့် ဆိုင်ရှင်အမေကြီးကို သတိရလာသည်။

နေထွက်လာပြီဖြစ်၍ လော်ကာမန်သည် ပစ္စည်းထုပ်ထဲမှ ရွှေဆွဲကြိုးတစ်ကုံးကိုယူပြီး ဈေးကြီးဈေးသို့ထွက်လာလေသည်။ လော်ကာမန် ဈေးကြီးသို့ ရောက်တော့ ဆိုင်တွင် အမေကြီးတို့လည်း ရောက်လာသည်နှင့်ဆုံနေ၍ ဆိုင်ဝိုင်းဖွင့်ပေးပြီး ပစ္စည်းများ ဝိုင်းခင်းပေးလိုက်သည်။

"အမေကြီး၊ ကျွန်တော်နေတဲ့အိမ်မှာ အလှူလုပ်ချင်ပါတယ်။ ဘယ်လိုလုပ်ရမလဲဟင်"

"ဟဲ့၊ဘာအတွက်လုပ်မှာလဲ လော်ကာမန်"

"သေသွားတဲ့ ကျွန်တော့် သူဌေးမိသားစုအတွက်ပါ အမေကြီး။ အဲဒါ ကျွန်တော် မလုပ်တတ်ဘူး၊ အမေကြီး လုပ်ပေးပါ။ ကျွန်တော် ငွေပေးထားမယ်"

လော်ကာမန်သည် သူတတ်သလို ပြောဆိုပြီး လုံချည်ထဲတွင် လိမ်ထားသည့် ဆွဲကြိုးကို ထုတ်ပေးလိုက်သည်။ လော်ကာမန် ပေးလာသည့် ဆွဲကြိုးကို ကြည့်ပြီး အံ့သြနေလေ၏။ အကြောင်းစုံကို လော်ကာမန်အား မေးကြည့်တော့-

"အမေကြီး၊ ကျွန်တော် နောက်မှအားလုံး ပြောပြမယ်နော်။ အလှူကို အရေးတကြီးသာ အမြန်ဆုံးလုပ်ပေးပါနော်"

လော်ကာမန်က အမေကြီးအား တောင်းပန်စကားဆိုလိုက်ပါသည်။

"အေး- ဒါဆိုလည်း နောက်မှပြောပေါ့။ ဒီနေ့ သောကြာနေ့ဆိုတော့ တစ်ရက်ခြား တနင်္ဂနွေနေ့ကိုလုပ်။ ငါ လူတွေနဲ့ အားလုံးစီစဉ်ပြီး နင်နေတဲ့အိမ်ကို ဘုန်းကြီးငါးပါးပင့်လာခဲ့မယ်။ ကဲ- လော်ကာမန်၊ လုပ်စရာရှိတာလုပ်တော့။ ဖောက်သည်တွေ ရောက်လာပြီ"

စနေနေ့ ညနေပိုင်းတွင် လော်ကာမန်သည် အိမ်နီးချင်း အနည်းငယ်ကို လိုက်ဖိတ်ထား၍ အားလုံးအံ့သြနေကြသည်။

တနင်္ဂနွေနေ့ နံနက် (၅) နာရီ လောက်တွင် စားသောက်စရာနှင့် အိုးခွက်ပန်းကန်တို့အစုံတင်ထားသည့် ချယ်ဂါရီသုံးစီး လော်ကာမန်အိမ်ရှေ့သို့ရောက်လာပြီး မကြာမီ ဘုန်းတော်ကြီး(၅)ပါးနှင့် ဆိုင်ရှင် အမေကြီးတို့သားအမိတွေပါ ရောက်လာကြသည်။ သံဃာတော်တို့အား အမေကြီးကပင် သင့်တော်သော အိမ်ဦးခန်းတွင် သီတင်းသုံးစေပြီး ဆွမ်းပွဲများပြင်ဆင်၍ ဆွမ်းကပ်လေသည်။

သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီး၍ သီလပေး၊ မေတ္တာသုတ်ရွတ်ပေးကာ သေသူများအတွက် တရားဟောကြားပေးပြီး ရေစက်ချ အမျှပေးဝေချိန်တွင် တစ်အိမ်လုံး သွက်သွက်ခါအောင် လှုပ်သွားပြီး [illegible] ရကာ ပြန်လည် တိတ်ဆိတ်[illegible] သည်။

ဤသို့ အလှူဒါန ပြုလုပ်ပြီး တစ်ပတ်အကြာတွင် သူနေထိုင်သည့် အိမ်ကြီးအား လက်သမားများခေါ်၍ ပြုပြင်လိုက်သည်။ အိမ်ပြင်ပြီးမကြာမီ အိမ်ရှေ့ကမ်းနားဘက် မြေကွက်လပ်ကြီးကိုဝယ်ယူ၍ သစ်စက်ကြီးတစ်စက်တည်လေသည်။ သစ်နှင့် ပတ်သက်သူ၊ နားလည်သူတို့အား ငှားရမ်းပြီး သစ်ရောင်းဝယ်ရေးကို လုပ်ကိုင်လေတော့သည်။

လော်ကာမန်သစ်စက်ကြီးသည် ကျွန်းပ်တို့မြို့တွင် အကြီးဆုံးဖြစ်ပြီး သူ့သစ်စက်မှထွက်သည့်သစ်တို့ကို နိုင်ငံခြားသို့ပါ တင်ပို့ရောင်းချခဲ့၍ လော်ကာမန်သစ်စက်သူဌေးကြီးဟု ကျော်ကြားခဲ့သည်။

လော်ကာမန် ကျော်ကြားခဲ့သလို သူ၏ သစ်ဆွဲသည့် ဆင်လိမ္မာကြီးမှာလည်း အလုပ်ကို တိတိကျကျလုပ်တတ်သည့်ဆင် ဖြစ်သည်။ နံနက် (၈) နာရီ အလုပ်စချိန် ဥသြဆွဲပြီဆိုလျှင် ဆင်ကြီးသည် သူ့နေရာမှထွက်လာ၍ ဆင်ဦးစီးတက်ရန် ဝပ်ပေးလေ့ရှိသည်။ အလုပ်နားချိန် (၁၁) နာရီနှင့် ညနေ အလုပ်သိမ်းချိန် (၄) နာရီ ဥသြဆွဲလျှင်တော့ ဘယ်လိုမှခိုင်း၍မရတော့ချေ။ သစ်တုံးဆွဲနေရင်း ပစ်ချပြီး သူ့နေရာသို့ ပြန်တော့သည်။ ကျွန်ုပ်တို့မိဘများက အလုပ်ကို တိတိကျကျလုပ်ကိုင်တတ်သူကို လော်ကာမန်ဆင်နှင့်နှိုင်း၍ ပြောဆိုခဲ့ကြဖူးလေသည်။

ယနေ့ သူဌေးလော်ကာမန်နှင့် သူ့ဆင်ကြီးတို့ မရှိခဲ့ကြသော်လည်း နန်းတော်တမျှ ခမ်းနားသည့် လော်ကာမန် အိမ်ကြီးမှာ ယနေ့တိုင် ကျွန်ုပ်တို့ မော်လမြိုင်မြို့တွင် ထည်ဝါစွာ တွေ့မြင်နိုင်ပါသေးသည်။

လုံထမ်းလာတာကို မြင်ချင်မြင်ရမည်၊ ကံထမ်းလာတာကိုတော့ မမြင်ရ ဆိုသည့် ဆိုရိုးစကားကို လော်ကာမန်အတွက်များ ရည်ညွှန်းခဲ့သလား။ တစ်ချိန်က သူများအခိုင်းအစေဘဝမှ ကံ၏ အလှည့်အပြောင်းကြောင့် နေ့ချင်းညချင်း ပြောင်းလဲသွားသူတွေ သည် လောကကြီးတွင် မည်မျှရှိပါသနည်း။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com



## သူရိန်တောင်

'တောင်တိုင်း၌ ပတ္တမြားမရှိ' ဟု လောကနီတိက ဆိုထားသည့်အတိုင်း ပင် တောင်တို့ဖြင့်အတိပြီးသော မိုးကုတ် ပတ္တမြားမြေတွင် တောင်ပေါင်း မရေမ တွက်နိုင်အောင် ပေါများသော်လည်း တောင်တိုင်း၌ ပတ္တမြားမထွက်ကြောင်း ပတ္တမြားတူးဖော်သူ ကျွန်ုပ်တို့ သိကြပါ သည်။

တောင်၏ အနေအထား၊ ထို တောင်ကို တည်ဆောက်ထားသော ကျောက်အနေအထား၊ မြေအနေအ ထားတို့ကိုကြည့်ကာ သဘာဝအားဖြင့် ပေးလာသောအတွေ့အကြုံအသိတို့ဖြင့် ကျွန်ုပ်တို့ သိနေခြင်း ဖြစ်သည်။

လုံးဝကျောက်မရှိသောအနေအ ထားဖြင့် တည်ရှိသော တောင်တို့မှာ ကျောက်ချပ်တောင်တို့ ဖြစ်၏။ကျောက် တို့ အချပ်လိုက်အထပ်လိုက် များစွာ စု ပေါင်း တည်ဆောက် ဖြစ်ပေါ်နေသော တောင်ကို မိုးကုတ်သားတို့က ကျောက် ချပ်တောင်ဟု ခေါ်၏။ ထိုကျောက်ချပ် တောင်တို့သည် လုံးဝကျောက်မရှိကြပါ။ ကျောက်မဖြစ်တည်ကြပါ။ ထိုကျောက် ချပ်တောင်ပေါင်း များစွာ ရှိပါသည်။

ထုံးမာ၊ ထုံးပျော့တို့ဖြင့် စုပေါင်း တည်ဆောက်ဖြစ်ပေါ်နေသော တောင် တို့မှာမူ အပေါ်ယံမြေလွှာတွင် ကျောက် ရှိ၏။ ထို့ကြောင့် ထိုမြေကို ကသည်း ယက်ဖြုန်းဟု ခေါ်ကာ ကျောက်ပုပ်မြေ ကို အခံထားပြီး အပေါ်ယံဖြုန်းမြေကို မျှောတိုက်ကြလေ၏။ ထိုထုံးတောင်မျိုး ကို ကျောက်ပုပ်တောင်ဟု ခေါ်ကြပါ သည်။

ကသည်းယက်ကို ကျွန်ုပ်တို့က 'ကသည်းရိုက်ဖြုန်း ငစဲအကြိုက်ဆုံး' ဟု ခေါ်ဝေါ်ကြပါသည်။ ကသည်းတို့ သည် ရှေးအခါက အပေါ်ယံမြေလွှာကို ယက်၍ ကျောက်ရှာရာ ကျောက်များရှိ သဖြင့် ထိုကသည်းတို့ကို အမည်စွဲပြုကာ ယခုအထိ ကသည်းရိုက်ဖြုန်းဟု သုံးစွဲ နေဆဲရှိလေ၏။ ဤသည်မှာ ကျောက် ပုပ်တောင်၏ အပေါ်ယံမြေလွှာ ဖြစ် သည်။

ထုံးမှသည် စကျင်၊ စကျင်မှသည် ပတ္တမြားအနီ (ပတ္တမြား) ပတ္တမြားအပြာ (နီလာ) သို့ အသွင်ပြောင်းလေ့ရှိရာ ထို ထုံးကျောက်တောင်ဖြစ်သော ကျောက် ပုပ်တောင်တို့သည် အများအားဖြင့် အဆင့်ဆင့်အသွင်ပြောင်းကာ ဖြစ်တည် နေသော နီလာခေါ် ကျောက်ပြာများ အိုးလိုက်အကြောလိုက် တည်ရှိနေတတ် ကြပါသည်။

ထိုကျောက်ပုပ်တောင်များတွင် ကြွပ်ဆတ်သော ကျောက်ပုပ်ကျောက် မာကျောများရှိသလို ပျော့၍ စေးပိုင် သော ကျောက်ပုပ်ထုံးကြောများ ရှိကြ ၏။ ထိုထုံးပျော့မှာ ကွမ်းစားထုံးကဲ့သို့ စေးပိုင်နေကော အဖြူ ပန်းနု၊ ပန်းရင့်၊ စိမ်းဖန့်ဖန့် စသည်ဖြင့် ရောင်စုံရှိသည်။ ထုံးပန်းနုရောင်တွင် အကောင်းဆုံး အစို ကြောတည်ရှိတတ်၏။



ထိုထုံးပျော့ကြောတွေ့လျှင် နီလာတို့သည် ထုံးပျော့ တွင် အိုးလိုက် အုံ ဖွဲ့တည်၍ လည်း ကောင်း၊အကြော လိုက် များပြား စွာတည်၍လည်း ကောင်း တွေ့တတ် ကြပါသည်။ ကျောက် ပုပ်အမာသားတို့တွင် ရုံဖန်ရံခါကျောက်များ တွေ့တတ်သော်လည်း ကျောက်မျိုးခေါ် သုံးစားမရသည့် တန်ဖိုးမဲ့ကျောက်တို့ကိုသာ တွေ့ရတတ် လေ၏။

ကျောက်တို့ အများအပြား တည် ရှိလျက်နေသည်မှာ စကျင်တောင်များ သာ ဖြစ်ပါသည်။ စကျင်တောင်တို့ မှာမူ ပတ္တမြားကို ပေါက်ဖွားဖြစ် ပေါ်စေသော မိခင်တောင်တို့ များဖြစ်ရာ အနီ ခေါ် ပတ္တမြား အနီရောင်စုံ၊ အပြာခေါ် နီလာ ရောင်စုံ၊ အညံ့ခေါ် ရေတွက်၍မရ အောင် များပြားလှသည့် အရောင်အ သွေးတို့ဖြင့် တည်ရှိသည့် ကျောက်မျိုးစုံ တို့ ထွက်ရှိပါသည်။

မြေတောင်တို့မှာမူ ပတ္တမြားတည် ရှိသော်လည်း အများအားဖြင့် အပေါ် ယံမြေမည်းခေါ် ကသည်းရိုက်ဖြုန်းကို သာ မျှောတိုက်လေ့ရှိကြ၏။ မြေမည်း လွှာကုန်သော် အောက်ခံမြေမှာ မြေနီ တောင်များ ဖြစ်သည်။ မြေနီတို့သည် စေးပိုင်သည်ရှိသလို ကြွပ်ဆတ်သည် လည်း ရှိကြ၏။

မြေနီတောင်တို့ကို မျှောတိုက် သော် ထိုမြေနီလွှာထဲတွင် ကျောက်ခဲ မျိုးစုံတို့ဖြင့် ဖွဲ့စည်းထားသော ဖြုန်း ကြောတို့ကို တွေ့ရတတ်သည်။ ဖြုန်း ကြောတွေ့သော် ကျောက်များ အနည်း နှင့်အများဆိုသလို ရတတ်ကြ၏။ အမာ ကျောက် အညံ့ကျောက် အစုံရှိ၏။

ကျွန်ုပ်နေထိုင်ရာ ကျောက်ဖျာရွာ ၏ အနောက်တည့်တည့်၊ ကျောက် ပြဿဒ်ရွာ၏ အနောက်တောင်တည့် တည့်တွင် သူရိန်တောင်တန်းကြီး တည် ရှိသည်။ ထိုသူရိန်တောင်တန်းကြီးပေါ် တွင် သီးခြား တောင်ငယ်များ တည်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ချက် ပေါ်တော်မူတောင်၊ဇလပ်တောင်၊ ဆရာညြတောင်၊ ဆရာမြိုင်တောင်၊ ကျွဲဘူးအိုင်၊ သူကြီးလူး စသည်ဖြင့် များပြားသော အခေါ် အဝေါ် တို့ဖြင့် တည်လျက်ရှိပါသည်။ (အတိအကျ မရေမတွက်နိုင်တော့ပါ။)

ထိုသူရိန်တောင်ကြီးသည် ကြီးမားကျယ်ပြန့်လှပေရာ ရတနာမျိုးစုံတို့ သာတည်ရှိသည်မဟုတ်ဘဲ သားကောင်မျိုးစုံ၊ ဆေးပင်မျိုးစုံတို့ဖြင့် ကြွယ်ဝသော တောင်ကြီး ဖြစ်လေ၏။ တောင်ကြီးမှာ တောင်၊ မြောက် အလျားလိုက် တည်ရှိလေသည်။

ထိုတောင်ကြီးကို အမှီပြုလျက် ကျွန်ုပ်တို့သည် ကျောက်တွင်းလုပ်ငန်းဖြင့် ရပ်တည်ကာ အသက်မွေးဝမ်းကျောင်းပြုရ၏။ ထိုတောင်ကြီးတွင် များပြားလှသောတွင်းလုပ်ကွက်တို့ တည်ရှိ၏။ တွင်းသမားတို့က ကျောက်ရှာ၏။ မုဆိုးတို့က သားကောင်ရှာ၏။ သမားတို့က ဆေးပင်ရှာ၏။ အိမ်ရှင်မတို့က





www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်စရာ ဟင်းသီးဟင်းရွက်ရှာ၏။ သူရိန်တောင်ကြီးကား ပဒေသာပင်အလား ကျွန်ုပ်တို့ရွာအနီးတွင် သဘာဝက ပေးထားသောအခါ ကျေးဇူးတရားကြီးမားလှပေ၏။

နံနက် နေထွက်ချိန်တွင် အရှေ့ ဘက် တောင်စဉ်တောင်တန်းတို့ကို ကျော်လျက် နေထွက်လာသောအခါ နေ၏ အလင်းသည် အမြင့်ဆုံး သူရိန်တောင်ထိပ်သို့ ခ,၏။ ထို့ကြောင့် ဦးစွာ နေခြည်ခ,သဖြင့် နေတောင် (သို့) သူရိန်တောင်ဟု ခေါ်ကြခြင်း ဖြစ်လေ၏။

**တောင်ထိပ်ဖျားက ရေထွက်အိုင်**

သူရိန်တောင်ကြောကြီးကား ရှေးအခါက တောအတိပြီးခဲ့လေ၏။ ထိုတောင်ကြီးတွင် တောကျွဲများလည်း ကျက်စားခဲ့ဟန် ရှိပါသည်။ ယခုခေတ်တွင်းလုပ်ရာတွင် လွန်စွာနက်ရှိုင်းသော လူးတွင်းများလည်းလုပ်ကြရာ ထိုလူးဖြုန်းမြေတို့တွင် မပျက်စီး မဆွေးမြည့်သော ကျွဲချိုအချို့ကို တွေ့ကြရလေ၏။

များလွန်းသော မိုးကြောင့် မြေအောက် စကျင်ကျောက်လွှာတွင် ရေစီးကြောင်းများဖြစ်ပေါ်ရာမှ တဖြည်းဖြည်းကြီးလာကာ ချောင်းအသွင်ဖြစ်သွားပါသည်။ ထိုစမ်းချောင်းထဲသို့ အပေါ်မြေများပြိုကျလေ့ရှိသဖြင့် အပေါ်ယံမြေလွှာမှ အရိုးစုများပါ မြေအောက်သို့ ကျွံကျပြီး ဖြုန်းထဲတွင် တည်ရှိနေခဲ့ကြရာ နှစ်ပေါင်းများစွာကြာသည့်တိုင် မပျက်စီးဘဲတည်ရှိသဖြင့် အရိုးကို လူးရိုး၊ သွားများကို လူးသွားဟု ခေါ်ကြပါသည်။ ထိုလူးရိုး၊ လူးသွားတို့နှင့်အတူ ကျွဲချိုများလည်း တွေ့ရရာ ကျွဲချိုကိုမူ သရုပ်ခွဲစရာမလိုသဖြင့် ကျွဲချိုဟု အလွယ်သိကြ၏။

သို့သော် ကျွဲရိုင်းချိုနှင့် အိမ်ကျွဲချိုမှာ လွန်စွာခြားနားသဖြင့် အိမ်ကျွဲနှင့် တောကျွဲကို ခွဲခြားသိကြပါသည်။ တွေ့သည့်အထဲတွင် အိမ်ကျွဲလည်းပါ၏။ တောကျွဲလည်းပါ၏။ အိမ်ကျွဲက ချိုရှည်၏။ တောကျွဲက ချိုတို၏။တုတ်ခိုင်၏။ ကွေးကောက်၏။

လူတို့ ထိုသူရိန်တောင်ကြီးဂန်းကျင် အခြေမချမီ နှစ်သန်းပေါင်းများစွာက သို့မဟုတ် မိုးကုတ်ဝန်းကျင် လူတို့အခြေမချမီက ထိုဒေသသည် မိုးစဉ်ဆက်မပြတ်ရွာသွန်းနေကာ စိုစွတ်သောဒေသဖြစ်နေသဖြင့် တောင်ထိပ်၏ ချိုင့်ဝှမ်းဒေသတစ်ခုသည် စိမ့်တို့ဖြင့် စွတ်စို၍နေပေမည်။

ပွင့်လင်းရာသီဖြစ်သော ဆောင်းရာသီ၊ နွေရာသီ နေ့လယ် နေပူချိန်တို့တွင် ထိုစိမ့်အိုင်များတွင် တောကျွဲများ ဗွက်လူး၍နေကြပေမည်။ ထိုဗွက်အိုင်တို့ကို ကျောက်ပြဿဒ်ရွာတည်ပြီးသည်အထိ မြင်တွေ့နေရသဖြင့် ထိုချိုင့်ဝှမ်းဒေသလွင်ပြင်ကို ကျွဲလူးအိုင်ဟု ခေါ်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ခေတ် ရောက်သောအခါ လူနေထူထပ်လာသဖြင့် တောကျွဲများပေးရာ ဖဲခွာကုန်ကြပြီဖြစ်ပြီး သားကောင် ဟူ၍ တောင်ဆိတ်များ၊ ချေများ၊ ဆတ်များ၊ မျောက်များ၊ တောကြက်များ၊ ရစ်များ၊ ငုံးများ စသည်ဖြင့် သားကောင်ငယ်များသာ ကျက်စားကြပါတော့သည်။ ကျားနှင့် ကျားသစ်တို့မှာမူ ရေမြောင်း၊ ရေအိုင်တို့တွင် ခြေရာတွေ့ရသည်မှတစ်ပါး အနေအထိုင်ကျစ်လျစ်သောအကောင်မျိုးများဖြစ်၍ မြင်ဖူးသူ ရှားပါသည်။

ထိုတောင်ထိပ်ဖျားမှ စိမ့်စမ်းအိုင်တို့သည် သူရိန်တောင်တန်းကြီးပေါ်၌ မှီတင်းနေထိုင်ကြကုန်သော သားငှက်တိရစ္ဆာန်အပေါင်းတို့၏ သောက်ရေအိုးကြီးသဖွယ် ဖြစ်၍နေခဲ့ဟန်ရှိ၏။ ထိုကျွဲလူးအိုင်တို့ကို အစွဲပြုကာ ထိုချိုင့်လွင်ပြင်အား ကျွဲလူးအိုင် ဟူ၍ ကျွန်ုပ်တို့ခေတ်တွင် ခေါ်ဝေါ်သမုတ်ကြလေ၏။

**တွင်းယောင်ချိန်**

ကျွန်ုပ်တို့ မိုးကုတ်တွင်းသမားလောကတွင် 'တွင်းယောင်ချိန်' ဟူသောဝေါဟာရ အခိုင်အမာရှိ၏။ ထိုတွင်းယောင်ခြင်းကို တွင်းသမားတိုင်း ခံစားဖူးကြ၏။ အရှင်းဆိုရသော် အလုပ်အကိုင် အဆင်မပြေချိန်ဖြစ်ပြီး ဘယ်နေရာမှာလုပ်လုပ် ကျောက်လုံးဝမရဘဲ တစ်လလုံးပင်လျှင် တစ်ကျပ်မဝင်သောကာလများ ဖြစ်ချေ၏။

ကျောက် ဟူသည် မြင်ရသောအရာ မဟုတ်ပါ။ မြေအောက်တွင်တည်ရှိသောရတနာ ဖြစ်၏။ ထိုမြေအောက်ရတနာအား ရလိမ့်နိုးနိုးဖြင့် မျှော်ကိုးကာ တွင်းတူးကြခြင်း ဖြစ်၏။ ကံကောင်းသောအခါမှသာလျှင် မြေအောက်၌ဖြုန်းကြော တွေ့ရ၏။ တွေ့သောဖြုန်းကြောမှာလည်း ကျောက်မရှိသောဖြုန်းအောဖြစ်ခဲ့ပါလျှင် မှန်းချက်နှင့် နှမ်းထွက် လွဲရပြန်၏။ ထိုအခါ စားစရိတ်သည်ပင် အခက်အခဲဖြစ်ရ၏။ လုပ်ရင်း ထမင်းငတ် ဆိုသည်မှာ မိုးကုတ်မှာသာ ရှိ၏။

ထိုအခါတွင် ဒီနေရာမကောင်း ဟိုနေရာပြောင်း၊ ဟိုနေရာမကောင်း နောက်တစ်နေရာပြောင်းနှင့် ဟိုနေရာကောင်းနိုးနိုး၊ ဒီနေရာကောင်းနိုးနိုးဖြင့် တွင်းပစ္စည်းများထမ်းကာ တွင်းပြောင်း၍နေခြင်းကို တွင်းယောင်ချိန်ဟု ခေါ်ကြပါသည်။

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်နှင့်ထွန်းဖေသည် ကာလအတန်ကြာ တွဲဖြစ်၏။ ထွန်းဖေမှာ ကျွန်ုပ်ထက် (၂) နှစ်မျှ ငယ်သော်လည်း တွင်းလုပ်သက်ရင့်ကာ ကျွန်ုပ်၏ဆရာ ဖြစ်၏။ လူပုံချော၏။ အသားဖြူ၏။ တောင့်တင်း၏။ အနည်းငယ် ပု၏။ မဟုတ်မခံစိတ်ရှိ၏။ ရိုးသားဖြူစင်၏။ လုပ်ရဲကိုင်ရဲသတ်ရဲဖြတ်ရဲသောစိတ်ရှိ၏။ ရောင်းရင်းစိတ်ရှိ၏။ ကျွန်ုပ်နှင့်မူ ညီအစ်ကိုပမာ ခင်မင်ကာ စီးပွားရေးပါ တွဲဖြစ်၏။ မိုးရာသီ မျှောတွင်းလုပ်၏၊ ဆောင်းနှင့်နွေဆိုလျှင် ဖောက်တွင်းလုပ်ကြ၏။

လူတွေ ကံကောင်း၊ မကောင်း ရတနာအလုပ်လုပ်ကြည့်မှ ပို၍သိသာ၏။ ကျွန်ုပ် ထွန်းဖေတို့ သားအဖနှင့် ထွန်းဖေ၏ တွင်းသား ပလောင်မောင်မြတည်းဟူသောအဖွဲ့သည် သရက်ပင်ပြန့်လုပ်ကွက်တွင် တစ်ဆောင်းလုပ်ရာ ဟုတ်ဟုတ်ငြားငြားကျောက် ဟူ၍ မရရှိပေ။ ထိုအခါ ကျွန်ုပ်တို့အဖွဲ့သည် ကံမကောင်းဘူး ဟူ၍ မှတ်ချက်ချရန်သာ ရှိ၏။ အချိန်ကုန်၍ လူသာပန်းလေ၏။

ထိုအခါ ထွန်းဖေက-

"ကိုကြီးကျော်၊ ကျွန်တော်တို့ ပြေကြမှထင်တယ်"

ဟူ၍ အဖော်ညှိလေ၏။

စိတ်ဓာတ်ကျနေသော ကျွန်ုပ်သည် အဖော်နှစ်ခါမညှိရဘဲ-

"ကောင်းသားပဲ"

ဟု ပြောကာ သရက်ပင်ပြန့်မှ တွင်းပစ္စည်းများ သိမ်းကာ နေပူပူတွင် ပြန်ခဲ့ကြလေ၏။

တွင်းပြေးသည် ဟူသောအလုပ်သည် လွယ်သည် မဟုတ်ပါ။ တွင်းသုံးပစ္စည်းများဖြစ်သည့် သံချောင်းတို,ရှည်ပေါက်ပြားများ၊ တူကြီး, တူသေး၊ ယမ်းဖောက်စို့များ၊ တွင်းဆေးဆန်ခါများ စက်သီး၊ စက်သီးကြိုး၊ ဖြုန်းထည့်သည့်ပုံးများ၊ တောက္ကူများ၊ ဓားများ၊ ဖြုန်းထည့်အိတ်များ၊ ရေနွေးတည်အိုး စသည်ဖြင့် လွန်စွာ များပြားလှရာ ထိုပစ္စည်းတို့ကို တနင့်တပိုး ထမ်းသယ်ကြရလေ၏။

ကျွန်ုပ်နှင့် ထွန်းဖေတို့အဖွဲ့ စုစုပေါင်း (၄)ယောက်မှ်သာ ထွက်ပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ သရက်ပင်ပြန့်နှင့် ကျောက်ဖျာဘူသည် အပြန်တွင် အတက်ချည်းဖြစ်ပြီး (၃) မိုင်ခန့် ဝေးလေ၏။ ထို့ကြောင့် အရိပ်ကောင်းသော သစ်ပင်ရိပ်တို့တွင် ကြာမကြာနားကာ တက်ကြရလေ၏။

"ကိုထွန်းဖေရေ တို့ဘယ်မှာသွားလုပ်ရ ကောင်းမလဲ"

"ဒီနေ့ည ကျောက်ပြဿဒ်က ကိုလှအောင်ကြီးဆီသွားပြီး ဘယ်မှာလုပ်ရကောင်းမလဲဆိုတာ သွားပြီး အကူအညီတောင်းကြည့်မယ်။ သူတို့က ရွာခံတွေဆိုတော့ တွင်းကွက်ရပ်တွေ ပိုနားလည်တယ်"

ထွန်းဖေတို့က ဗန်းမော်မန်စီသားတွေဖြစ်ပြီး ကျွန်တော်က နေပြည်တော်မြန်မာပြေးသားဖြစ်၏။ တွင်းသားမောင်မြကာ လက်ဖက်မြေရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆမ်နယ်က ဖြစ်၏။ ဆိုရသော် ဇာတိသားများ မဟုတ်၍ ဒေသခံတို့လောက် နယ်မြေမသိကျွမ်းပါ။ နောင်မှသာ တဖြည်းဖြည်းသိကျွမ်းလာခဲ့ကြခြင်းဖြစ်ပါသည်။ တွင်းပစ္စည်းများထမ်း၍ ရွာထဲဝင်လာခဲ့လျှင် ရွာရှိမိန်းမကြီး,ငယ်များ၊ သက်ကြီးရွယ်အိုများက -

"ဒီကောင်တွေ တွင်းပြေးလာကြပြီ။ ဒီက ရှေ့တွင်း ဆက်ယောင်ပြီး တစ်နေ့ အလကားကုန်တော့မယ်။ အဖြစ်မရှိတဲ့အကောင်တွေ"

ဟု ပြောဆိုကာ မေးငေါ့ကြပေလိမ့်မည်။ တွင်းပြေးဖန်များလျှင် တွင်းယောင်သည်ဟု ခေါ်ကြရာ အဆင်မပြေချေင်းတည်ငြိမ်မှုမရှိသဖြင့် တွင်းစတွင်းနမ်း၍ တွင်းအခြေတကျဖြစ်ရန် ဟူသည်မှာလည်း အတော်ပင် ခက်ခဲသော ကံတရား ဖြစ်လေ၏။

မည်သူ မည်သို့ အထင်အမြင်သေးသောမျက်လုံးဖြင့် ကြည့်နေသည်ဖြစ်စေ ကျွန်ုပ်တို့သည် တွင်းပစ္စည်းများထမ်းကာ ရွာတွင်းသို့ တန်းစီ၍ဝင်ခဲ့ကြလေတော့၏။ ဆိုရသော် ကျွန်ုပ်တို့အုပ်စုသည် တွင်းယောင်ချိန်စ,ပြီဖြစ်ပါသည်။

**ကိုလှအောင်ကြီး**

ကျောက်ပြဿဒ်ရွာတွင် ကိုလှအောင် (၂)ယောက်ရှိသဖြင့် အကောင်ထွားသောကိုလှအောင်ကို ကိုလှအောင်ကြီးဟုခေါ်လျက် အကောင်သေးသော ကိုလှအောင်ကို ကိုလှအောင်လေးဟု ခေါ်တွင်၏။ ကျောက်ပြဿဒ်သားစစ်စစ်များ ဖြစ်ကြပါသည်။

ကိုလှအောင်ကြီးမှာ ကျောက်ဖျာသူ မခင်ရွှေနှင့် အိမ်ထောင်ကျလျက် ကိုလှအောင်လေးမှာလည်း ကျောက်ဖျာသူ မချစ်မေနှင့် အိမ်ထောင်ကျရာ ကျောက်ဖျာနှင့် ရေစက်ဆုံသူများ ဖြစ်ကြလေ၏။ ထို့ကြောင့်လည်း ထို (၂) အောင်စလုံး ကျွန်ုပ်တို့နှင့် ရင်းနှီးကြပါသည်။

ကိုထွန်းဖေမှ ကိုလှအောင်ကြီးထံတွင် တွင်းရာလိုက်ကြည့်ရန် (တွင်းရာရှာရန်) အကူအညီတောင်းပြီးကြောင်း ပြောပြပါသည်။ နောက်နေ့တွင် ကိုလှအောင်ကြီး ရောက်လာကာ ကျွန်ုပ်တို့ (၃) ဦး သူရိန်တောင်ကြီးပေါ်သို့ တက်ခဲ့လေ၏။

တောင်၏ကျောရိုးပေါ်တွင် မြိုင်ကြီးလုပ်ကွက်သို့သွားသော လူသွားလမ်းရှိရာ ထိုလမ်းမှ သွေဖည်၍ ကျွဲလူးအိုင်ဘက်သို့ ကျွန်ုပ်တို့ ဝင်ခဲ့ကြလေ၏။ သစ်ပင်၊ ကိုင်းပင်၊ မြက်ရိုင်းပင်၊ ချုံပင်တို့ကြားတွင် လူသွားလမ်းလေးများရှိသဖြင့် သွားရသည်မှာ အခက်အခဲမရှိလှပေ။

ထိုအချိန်၌ ကျွဲလူးအိုင် စသောလုပ်ကွက်ပေါင်း များစွာတို့တွင် ရေအခက်အခဲကြောင့် လုပ်သူတစ်ဦးတစ်ယောက်မှ မတွေ့ရပါ။ ကျွဲလူးအိုင်မှာ နာမည်သာကျန်ပြီး ယခုခေတ်တွင် ရေမစိမ့်တော့ပါ။

လိုင်စင်ခေတ်၌ ထိုသူရိန်တောင်တန်းကြီးပေါ်သို့ သံပိုက်များဖြင့် ခက်ခဲစွာ ရေတင်ပြီး မျောတိုက်ကြသဖြင့် တစ်ခေတ်ကောင်းစားခဲ့သော်လည်း တော်လှန်ရေးအစိုးရခေတ်တွင် မိုးကုတ်ပတ္တမြားမြေအား ပြည်သူပိုင်သိမ်းလိုက်သောအခါ ရေပိုက်တို့ ဖြုတ်သိမ်းကုန်သဖြင့် ရေအခက်အခဲရှိ၍ တွင်းလုပ်သူတစ်ဦးမှ မရှိတော့ပါ။ တွင်းမှန်သမျှသည် ရေမရှိပါက လုံးဝမဖြစ်ပါ။ ရေဖြင့်ဆေးမှသာ ကျောက်ကို မြင်ရပါသည်။

ထိုသူရိန်တောင်တန်းကြီးပေါ်ရှိ တောင်ငယ်အသီးသီးတို့သည် စကျင်တောင်များ၊ မြေနီတောင်များသာဖြစ်ရာ နေရာတိုင်းတွင် ကျောက်အနည်းနှင့် အများဆိုသလိုထွက်သော တောင်ကြီးဖြစ်၏။

နေကလည်း အလွန်ပူရာ ကျွန်ုပ်မှာ ဖက်ဖူးဦးထုပ်နှင့်ဖြစ်ပြီး ကိုထွန်းဖေမှာ တွင်းဆောင်းသော စစ်ဦးထုပ်နှင့်ဖြစ်ကာ ကိုလှအောင်ကြီးမှာ ဦးထုပ်မပါ ခေါင်းဗလာနှင့်ဖြစ်သဖြင့် မျက်နှာတွင် ချွေးဒီးဒီးစီးကျလျက်ရှိ၏။

"ထွန်းဖေ၊ မင်းတို့ သူကြီးလူးဆိုတာ ကြားဖူးလား"

ဟု မေးရာ ကိုထွန်းဖေမှ

"ကြားဖူးတာပေါ့။ နာမည်ကြီးလူးတွင်းပဲဗျ"

ဟု ပြန်ဖြေလေ၏။

"ရောက်ကောရောက်ဖူးရဲ့လား"

"မရောက်ဖူးဘူးဗျ၊ ကြားဖူးတာပဲရှိတာ"

"မင်းတို့ ခုခေတ်မှာ လုပ်နိုင်ရင် သူဌေးပေါ့ကွ။ သူကြီးလူးက နီလာတွေချည်းထွက်တဲ့တွင်းကွ။ ဒါပေမယ့် နီလာတွေက တကယ့် တော်ဝင်ရွယ်တွေထွက်တာ။ တို့ အဲဒီကိုသွားကြည့်ကြမလား"

"ကောင်းတယ်၊ သွားကြည့်ကြရအောင်"

ဟု ပြောသဖြင့် လမ်းစပျောက်သလိုဖြစ်နေသော တောချုံတို့ကိုဖြိကာ ကိုလှအောင်ကြီးက ရှေ့ဆုံးမှ ဦးဆောင်၏။ နေကြာရိုင်းသီးများ၊ အခြားမြက်ရိုင်းသီးတို့ဖြင့် ပြည့်နေရာ အသီးထိပ်ဖျားအချွန်ငယ်တို့ကြောင့် ခြစ်မိတိုင်း စပ်ဖျဉ်းဖျဉ်းခံစားရလေ၏။

နာရီဝက်ခန့်ကြာသောအခါ ကုန်းရိုးတစ်ခုကို ကျော်အပြီးတွင် ကြီးမားသော စကျင်ကျောက်တုံးကြီးများဖြင့် ဖွဲ့စည်းထားသော ကျောက်လှပ်အုံတောင်ကမူတစ်ခုကိုမြင်ရလေ၏။ ထိုကမူသည် အောက်ဘက် ချိုင့်ဝှမ်းပြန့်တစ်ခုတွင် တည်နေခြင်း ဖြစ်သည်။

"အဲဒါသူကြီးလူးပဲကွ"

ဟု ကိုလှအောင်ကြီးမှ ပြလေ၏။ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော သူကြီးလူးသို့ရောက်ပြီဖြစ်၍ စိတ်ထဲတွင် အေးမြစွာ ခံစားရလိုက်၏။

**သူကြီးလူး**

သူကြီးလူး ဆိုသည်မှာ သူကြီးပိုင်သောလူးတွင်း ဟူ၍ ထိုနယ်တစ်ဝိုက်လုံး သိကြပါသည်။ ကျောက်ပြဿဒ်သူကြီးသည် အင်္ဂလိပ်ခေတ်၌ လည်းကောင်း၊ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံတော် ပါလီမန်ဒီမိုကရေစီခေတ်၌ လည်းကောင်း လိုင်စင်ဖြင့်ယူ၍လုပ်ခဲ့သော လူးဖြစ်၍ သူကြီးလူးဟု ခေါ်တွင်လေ၏။ တော်လှန်ရေးအစိုးရလက်ထက် ပြည်သူပိုင် သိမ်းသောအခါ အများနည်းတူ တွင်းများရပ်နားကြသဖြင့် သူကြီးလူးလည်း ရပ်နားကာ တောချုံတို့အတိပြီး နေခြင်း ဖြစ်သည်။

လူး ဟူသည်မှာ ကျဉ်းကျပ်သော စကျင်ကျောက်သားလက်ကြားတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲစွာ လူးလိမ့်၍ဆင်းရသောကြောင့် ထိုနက်ရှိုင်းသောတွင်းမျိုးကို လူးတွင်းဟု ခေါ်ကြခြင်းဖြစ်သည်။ အကျဉ်းကြားများအား တိုးဝှေ့လူးလိမ့်၍ ဆင်းရတက်ရသောအခါ လူးသည် တွဲခွက်အိုင်လူးထားသကဲ့သို့ ပေလူး၍နေသဖြင့်လည်း လူး ဟူ၍ ခေါ်ကြခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သုံးဦး အရိပ်ကောင်းသော ခဲကြီးများ၏အရိပ်တွင် ထိုင်နားသောအခါ ခေတ္တအကြာတွင် အေးမြသွားပြီး ပင်ပန်းသမျှတို့ ပျောက်ကာ ရွှင်လန်းသွားပါတော့သည်။ ဤတွင် ကိုလှအောင်ကြီးက သူကြီး၏ဘုန်းကံ အကြောင်းကို မှတ်သားဖွယ်ပြောပြလေ၏။

**နီလာကြော**

ပေါ်တော်မူတောင်၏အရှေ့ဘက်လျှိုအား မျောတိုက်ရာမှ ကျောက်လုပ်အုံခြေရင်းတွင် သဘာဝလိုဏ်ဂူပေါက်တွေ့ရာ လိုဏ်ဂူအား ဖောက်တွင်းလုပ်စေလျက် ဖြုန်းတို့တင်ဆေးနေရာမှ တဖြည်းဖြည်း နက်ရှိုင်းကာ လူးအသွင်သို့ ရောက်သွားရခြင်း ဖြစ်သည်။

အထဲရှိ ဖြုန်းတို့မှာ ပတ္တမြားခေါ် ကျောက်နီ ဟူ၍ မတည်ရှိဘဲ ကျောက်ပြာခေါ် နီလာများသာ ထွက်ရှိလေ၏။ ကျောက်ရည်ကျောက်သားတို့မှာလည်း လွန်စွာကောင်းမွန်သည့်အပြင် ကျောက်ကြီးတို့လည်း ဆေးတိုင်းပါလေ၏။ သူကြီး၏ဖူးဘုန်းဖူးကံကြောင့် ကျောက်ကြောပေါက်ရပေသည်ဟု လူတို့ ချီးမွမ်းပြောဆိုကြလေ၏။

သူကြီးကိုယ်တိုင် လိုင်စင်ခံ၍တွင်းလုပ်နေသော်လည်း သူကြီးမှာမူ တွင်းဆင်းလေ့မရှိပါ။ထိုစဉ်က သူကြီးအသက်သည် (၅၀) ကျော်ကျော်မျှသာ ရှိပေဦးမည်။ တွင်းကို ရွှေဘိုသား ကိုအုန်းမောင်အား ဦးဆောင်စေလျက် နောက်လိုက်တွင်းသား (၄) ဦးဖြင့် နိုင်နိုင်နင်းနင်းလုပ်ကိုင်စေခြင်း ဖြစ်၏။ နံနက်(၉)နာရီတွင်းသွား၊ ညနေ (၅) နာရီ တွင်းပြန်စနစ်ဖြင့် လုပ်ကိုင်သောခေတ် ဖြစ်သည်။

သူကြီးလူးမှ နီလာကြောပေါက်၍ တွင်းစတွင်းနမြိုင်လာသောအခါ သူကြီးသည် လင့်ရှိဗာကား ဝယ်စီးသကဲ့သို့ တွင်းဆရာ၊ တွင်းသားတို့မှာလည်း ကံစားသုံးရသောအခါ ပြောင်ပြောင်ရောင်ရောင်ဖြင့် ကိုယ်စီကိုယ်င အဆင်ပြေ၍ နေကြလေ၏။

**တိုင်ပင်ကြပြီ**

"တင်မြင့်ရေ"

"ဗျာ - တွင်းဆရာ၊ ဘာတုံး"

ရှေ့မှ ဦးဆောင်လုပ်နေရသော ညိုညိုတုတ်တုတ် အသက် (၄၀) ခန့်ရှိ ဆရာကိုအုန်းမောင်သည် သူ့နောက်ရှိ ကိုတင်မြင့်ကို ပြောစရာရှိသဖြင့် အခေါ်ဖြင့် နိဒါန်းချီလိုက်ခြင်း ဖြစ်၏။

"မင်းတို့ငါတို့ကတော့ လုပ်လိုက်ရတာကွာ ဖင်ထဲရှဲ့အတောင့်လိုက်ဝင်မတတ်ပါဘဲ။ ရတော့ မစို့မပို့နဲ့ပါကွာ။ မင်းစဉ်းစားကြည့်။ လိုင်စင်စုတဲ့၊ ပြီးတော့ ပေါလံစုတဲ့၊ ပြီးတော့ သူကြီးကတော်က ထမင်းချက်စုတဲ့၊ ပြီးတော့ တွင်းစုတဲ့ကွာ။ အတော့်ကို မတရားတာကွ။ အဲဒီအစုကိုက (၄)စုရှိနေပြီ။ ငါတို့ (၅) ယောက်နဲ့ဆိုရင် (၉) စုကြီးများတောင်ခွဲရတာကွ"

"ကျွန်တော်တို့ရွာထဲလည်းနေတာပဲ၊ ဘယ်အိမ်မှာမှ အဲဒီလိုကြီး အစုမယူဘူး။ မတရားမှန်းတော့ သိနေတာပါပဲ။ ဒါပေမယ့် ဆေးတိုင်းကျွန်တော်တို့အတွက် ရနေတော့ကာ အခြားတွင်းသားတွေနဲ့စာရင်တော့ ကျွန်တော်တို့က အများကြီးသာသေးတာပဲ။ တွင်းဆရာဆိုရင် တွင်းကို ဦးဆောင်လို့ ထက်ဝက်စားတောင် ပေးထားတာပဲဗျ။ အဲဒါနဲ့ ဖြေသိမ့်ပေါ့"

"ထက်ဝက်စားတော့ ထက်ဝက်စားပေါ့ကွာ။ ဒါပေမယ့် ဒီလောက် တွင်းစမြိုင်နေတာ ငါတို့ဆီက ထမင်းစရိတ်တစ်လ တစ်ရာ နုတ်တာတော့ လွန်တာပေါ့ကွာ။ ဆိုင်တွေမှာ ထမင်းအဝစားရှယ်မှ တစ်ကျပ်ရယ်။ တစ်နေ့ကို (၃) ကြိမ်စားကွာ၊ (၃) ကျပ်ပဲ ကုန်မယ်။ ကြိုက်တဲ့အသားနဲ့၊ ဟင်းရံနဲ့ စားလို့ရတယ်။ တစ်လမှ (၉၀) ကျပ်ပဲ ကုန်မယ်။ ခုဟာက လွန်လွန်ကျွံကျွံကွာ၊ တစ်လ တစ်ရာကြီးများတောင်ယူတာဆိုတော့ တို့က ပေါလံကို တစ်လကို ရွှေငါးမူး သားပေးပြီး ထမင်းစားနေရတဲ့သဘောကွ။ ငါတော့ တယ်ပြီးမကျေနပ်ချင်ဘူးကွာ"

"ဒါကတော့ တွင်းဆရာရယ်၊ သူ့အရိပ်သူ့ဘုန်းကံကို ကျွန်တော်တို့က မှီခိုနေရတာကိုးဗျ"

"အင်း- မင်းကိုပြောရတာ ပျော့ညံ့ညံ့နဲ့ အဆင်မပြေပါဘူးကွာ။ ငါက အစုတွေများတာ၊ ထမင်းစရိတ်နုတ်တာတွေကို လုံးဝကျေနပ်တာမဟုတ်ဘူးကွ။ မတရားတာတွေ များလာတော့ ခေါင်းငုံ့မခံချင်တော့ဘူးကွာ"

"ဘာလဲ၊ တွင်းဆရာက မကျေနပ်လို့ ထွက်တော့မလို့လား"

"အိုး- ဘယ်ထွက်လို့ဖြစ်မလဲကွ။ ဒီလောက် တွင်းစမှန်နေတာ ထွက်တဲ့ကောင် အရူးပေါ့။ ကဲကဲ - (၁၂) နာရီ ထိုးပြီ၊ ထမင်းတက်စားကြရအောင်"

ဟု ပြောကာ တွင်းဆရာမှ တတ်စေသဖြင့် ဖြုန်းကဲ့ထုတ်နေသူများ ရှေ့မှ ဦးဆောင်၍တက်ခဲ့ကြလေ၏။ ရေချိုးတည်ပြီး၍ ထမင်းစားပြီးသောအခါ တွင်းဆရာ ကိုအုန်းမောင်မှ ဤသို့စည်းရုံးလေတော့၏။

"ဒီမှာ မင်းတို့ကို ငါတိုင်ပင်စရာရှိတယ်"

"တိုင်ပင်လေ ဆရာ။ တွင်းဆရာတို့၊ ကျွန်တော်တို့ ဆိုတာက ကောင်းထူဆိုးဖက်ဆိုတာလိုပဲ အရင်းနှီးဆုံးတွေပဲ ဥစ္စာ တိုင်ပင်ပါ ဆရာ။ ဆရာ့ဆန္ဒ ကျွန်တော်တို့ လိုက်နာမှာပါ"

"သူကြီးက မင်းတို့၊ ငါတို့အပေါ် ညစ်ပတ်နေတာတွေ သိကြတယ်မဟုတ်လား"

"သိတာပေါ့ တွင်းဆရာရယ်၊ သိလည်း မကျေနပ်ရင် ကျွန်တော်တို့ပဲ ထွက်ရုံရှိတာပေါ့။ ဒီလိုအခြေအနေမျိုးတဲ့တွင်းမျိုးကို ဘယ်သူမဆို ဝင်လုပ်ချင်နေကြတာ တွင်းဆရာရဲ့။ တစ်ယောက်ထွက်ရင် ဆယ်ယောက်လောက် တွင်းသားလုပ်ပါရစေ ဆိုပြီး အတင်းဝင်ပြောကြမှာဗျ"

"ဟေ့ကောင် ငမုန်း၊ ငါပြောနေတာက ထွက်ဖို့ပြောနေတာ မဟုတ်ဘူးကွ"

"ဘာလဲ၊ သူကြီးဆီ ဓားပြတိုက်ဖို့လား"

"မင်းဟာက ထောင်စော်နံပါတယ်ကွာ။ ငါပြောချင်တာက ဖြုန်းအရမ်းကောင်းပြီး ကျောက်ကြီးတွေ မြိုင်နိုင်တဲ့အခြေအနေရှိတဲ့အခါ တို့တွေ ညနေပိုင်းပြန်လာပြီး ခိုးဆေးကြရအောင်လား"

"ဩော် - ဒါများဆရာရယ်။ ဒီ တွင်းဆိုတာက ကိုယ့်ခြေကိုယ့်လက်ပဲဟာ။ ညပိုင်း ပြန်လာဆေးတော့လည်း ဘာအခက်အခဲရှိလို့လဲ၊ ဖြုန်းကောင်းတွေ့ရင်သာ ဆရာစီစဉ်ပါ။ ကျွန်တော်တို့ကတော့ အသင့်ပါပဲ"

"ကောင်းပြီနော်။ ဒီကိစ္စ နှုတ်... ကြပါစေ။အရက်တွေဘာတွေမူးပြီး နှုတ်... မလွန်အောင်သတိထားကြပါ။ သူကြီး... သွားလို့ကတော့ မင်းတို့ငါတို့ ဖနောင့်... တင်ပါး တစ်သားတည်းကျနေအောင်



www.burmeseclassic.com

www.burmeseclassic.com

ပြောကြရမှာ သိလား"

"အင်းပါ ဆရာရယ်၊ စိတ်ချပါ။ ကျွန်တော်တို့ ကတိရှိပါတယ်။ တွင်းဆရာသာ စိတ်တိုင်းကျ စီစဥ်ပါ"

ငမုန်းက ဆိုလေ၏။ ကျန်သော အာဆိုင်နှင့် မောင်အေးတို့မှာမူ ဘာမှ မပြောဘဲ ခေါင်းညိတ်၊ ခေါင်းခါဖြင့်သာ အမူအရာဖြင့် ဆန္ဒပြုကြလေ၏။

**စမြေသဲထူဖြုန်း**

နက်ရှိုင်းသော မြေအောက်ကမ္ဘာတွင် ကမ္ဘာဦးတည်သည်မှစ၍ အဆင့်ဆင့် ပြောင်းလဲဖြစ်တည်နေသော ဖြုန်းမြေအမျိုးအစားအများကြီးရှိရာ စမြေသဲထူဖြုန်းသည် မည်သည့်ကွက်ရပ်၌မဆို တွေ့ရှိပါက အကောင်းဆုံးဖြုန်း ဖြစ်၏။ စမြေသဲထူဖြုန်းသည် ကျောက်အလွန်ပေါသောဖြုန်းဖြစ်ပြီး ကျောက်ကြီးကျောက်ကောင်းများလည်း ပါတတ်လေ၏။ ဖြုန်းမွေ့ရာ၌လည်း သဲဖြစ်လွယ်၍ လူတိုင်းကြိုက်၏။

တွင်းဆရာသည် လက်ကြားအတွင်းမှ စမြေသဲထူဖြုန်းတို့ကို ပေါက်ပြားတို့ဖြင့် တခွမ်းခွမ်းပေါက်ကာ စောကူထဲသို့ ယက်ထည့်ရင်း နောက်လိုက် တင်မြင့်သို့ လှမ်းပြောလိုက်သည်။

"တင်မြင့်"

"ဗျာ"

"ဒီတစ်မုန် ငါတို့ ဆေးမယ်ကွ။ ဖြုန်းကတော့ စပယ်ရှယ်ပဲ သိပ်ကောင်းတာ။ သဲထူလိုက်ပုံကတော့ မီးကို ပွင့်ပွင့်သွားတာပဲ"

"ဆရာ့သဘောပါပဲဗျာ"

ဟု တင်မြင့်က ထောက်ခံလိုက်၏။ တွင်းဆရာသည် ရွှံ့မှ အားတက်သရော ချွေးတဒီးဒီးဖြင့် ကြိုးစားပမ်းစား လုပ်နေရှာ၏။ ယနေ့ထုတ်လုပ်သော ဖြုန်းသည် သူကြီးမိသားစုအတွက် မပါ၊ သူတို့အတွက်သာဟု တွေးမျှော်ကာ အားသွန်ခွန်စိုက်လုပ်နေခြင်း ဖြစ်၏။

တွင်းမှာ နက်လွန်းသဖြင့် စက်သီး (၄) ဆင့်မျှ အပေါ်သို့ ရောက်အောင် တင်ကြရ၏။ အပေါ်သို့ရောက်သည်နှင့် ဖြုန်းကို ရေမုန့်ထဲထည့်ကာ တစ်နေ့တာ လုပ်ငန်းနားကြရလေ၏။

နောက်နေ့နက် ရောက်ရောက်ချင်း ဖြုန်းဆေးပြီးမှ တွင်းဆင်းကြရခြင်း ဖြစ်သည်။ ထိုခေတ်ထိုအခါ ဟူသည် သူများတွင်းအား ခိုးဆေးသည် ဟူသည်မှာ လွန်စွာမှ ကြုံခဲကြားရခဲသောခေတ်ဖြစ်၏။ လူတို့သည် သစ္စာကတိရှိကြကာ လွန်စွာမှရိုးသားကြလေ၏။ သူတစ်ပါး၏တွင်းအား စိတ်ဖြင့်ပင် ပြစ်မှားသော ခေတ် မဟုတ်ပေ။ သို့သော် မည်သူမျှ မကြုံစည်ဝံ့သော တွင်းခိုးဆေးခြင်းအလုပ်ကို တွင်းဆရာ ကိုအုန်းမောင်က စီစဥ်ခဲ့ပြီ ဖြစ်ပါသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ထမင်းစားပြီး ကွမ်းရွှေရွရနေကြနော်။ မိုးချုပ်ပြီ ဆိုတာနဲ့ ငါတို့ငါတို့ တစ်ယောက်ချင်း ရွာက ထွက်မယ်၊ ကွေ့နားက ချုံကွယ်မှာ စောင့်ကြမယ်၊ လူစုံမှ သွားကြမယ်"

ဟု ကြိုတင် ပြင်ဆင်တိုင်ပင်ပြီး ဖြစ်လေ၏။

**ဖြုန်းခိုးဆေးကြပြီ**

တွင်းဆရာ ကိုအုန်းမောင်သည် ညစာထမင်းဝိုင်းဖွဲ့စားသောက်ပြီးသည်နှင့် တပည့်များကို ဘာမှမပြောတော့ဘဲ မျက်ရိပ်မျက်ကဲဖြင့် စ,ထွက်တော့ဟု ပြလေ၏။

ညချမ်းရောက်သော် ထိုခေတ်ထိုအခါတွင် အိမ်လည်သည့်အလုပ်မှလွဲ၍ ဘာမှမရှိချေ။ ည (၉) နာရီ အိပ်ချိန်လောက် အိမ်ပြန်ရောက်လျှင် အိပ်ကြရုံသာ ရှိ၏။ သူတို့ကိုလည်း ဘယ်သူကမှအရေးမထားကြပါ။ သို့ကြောင့် မိုးချုပ်စ မှောင်ရီပျိုးသည်နှင့် ကိုယ်စီကိုယ်ငအိမ်မှထွက်ကြသည်မှာ ထုံးစံဖြစ်၏။ သူတို့အုပ်စုသည် ကျောက်ပြဿဒ်အနောက်ရွာ၏ ရွာလယ်မှ သူရိန်တောင် တန်းကြီးသို့ လည်းကောင်း၊ သစ်ဆိမ့်ကုန်းစခန်းကြီးရွာများသို့ လည်းကောင်း သွားလျှင် ရောက်နိုင်သည့် လမ်းမကြီးဆီသို့ တစ်ဦးပြီးတစ်ဦး မသိမသာထွက်ခဲ့ကြလေ၏။ ထိုကာလတွင် ရွာကင်းများ မရှိချိန်ဖြစ်သဖြင့် ရွာများသို့ ဖုံခါးမရှိ တားမရှိ ဝင်နိုင်၊ ထွက်နိုင်သောကာလဖြစ်သဖြင့် အဆင်ပြေ ချောမွေ့ကြလေ၏။

ချုံတစ်ခုကို စုရပ်ပြု၍ လူစုံသော အခါ သူရိန်တောင်ကြောပေါ်ရှိ သူတို့ လုပ်ကိုင်ရာ သူကြီးလူးဆီ ချီတက်ခဲ့ပြီး ဖယောင်းတိုင်တုတ်တုတ်ကြီးများထွန်းကာ ကန်ထဲမှ ရေဖွင့်၍ ဖြုန်းဆေးကြလေ၏။

စမြေသဲဖြုန်းဖြစ်သဖြင့် တစ်ပတ်၊ နှစ်ပတ် လှည့်ပတ် ခုတ်စဥ်း၍ မွှေလိုက်သည်ဆိုလျှင်ပင် သဲတို့ဖြစ်သွားတော့၏။ လုပ်ရိုးလုပ်စဥ်မို့ အခက်အခဲမရှိကြပေ။

ခက်သည်မှာ အလင်းမှတ်ပင်ဖြစ်လေ၏။ နေ့လယ်အလောင်းချိန် တွင်း ဆေးနေကျ သူတို့သည် [illegible] မီးများဖြင့်ဆေးကြရသောအခါ ကျောက် ဖြုန်းကလည်း အမည်းရောင်၊ နီလာရာလည်း ညအချိန်ဆိုလျှင် အမည်းရောင် ဖြစ်နေရာ ဘာမှကောင်းကောင်းမမြင်ရဘဲ ရှိနေချေ၏။

"ဟေ့ကောင်တွေ၊ ကျောက်ဖြုန်းတွေ အသေအချာကြည့်ပြီးကောက်ကြနော်။ ကျောက်ဖြုန်းကောက်ရင် ဖယောင်းတိုင်မီးနဲ့ အသေအချာပြပေးကြွတွ"

ဟု ကိုအုန်းမောင်မှ သွန်သင်ကြား၏။ ထိုသို့ ကျောက်ဖြုန်းကြမ်းများကောက်၍ တစ်ပတ်နှစ်ပတ်ဆွဲလှန်ကာအောက်သို့ ဆွဲချပေးလေ၏။ တွင်းဆရာတို့ထုံးစံအတိုင်း အပေါ်မှ ဆွဲချပေးသော သဲတို့ကို စလုတ်မထိုင်ကာ ဆန်ခါဖြင့်ခေါက်၍ ကျောက်ဖြုန်းသေးတို့ကိုလှန်လှော်ကြည့်ရှုပြီး သွန်ပစ်ရန် စောကူထဲသို့ ထည့်ပေးနေ၏။

စောကူစောင့်သော တပည့်ကလည်း သွန်ထည့်လာသော ကျောက်ဖြုန်းသေးတို့တွင် ကျောက်ပါ၊ မပါ ပြုပြီး ယက်၍ရှာနေလေတော့၏။ သို့သော် ကျောက်နှင့်တူတာဆို၍ ဘာမှ မပါပေ။

"ဟား- လာဘ်ပါးလှပါလားကွ။ ကျောက်နဲ့တူတာကို မတွေ့ရသေးဘူး ဟေ့"

ဟု ကိုအုန်းမောင်မှ ဆိုလေ၏။

ထိုသို့ တစ်စလုတ်ပြီး တစ်စလုတ် ဆေးခဲ့ကြရာ နောက်ဆုံးစလုတ်သို့ ရောက်ခဲ့ပြီ ဖြစ်သည်။ ကိုအုန်းမောင်တို့ စိတ်ဓာတ်အကျကြီးကျလျက်ရှိချေ၏။

"ကဲ- တွင်းဆရာရေ့ နောက်ဆုံးဆန်ခါကျောက်ကြီးပါတဲ့၊ ကျောက်ကြီး ပါပါပြီဗျာ"

ဟု ပြောကာ တင်မြင့်သည် သဲကပ်တို့ကို ခြေဖြင့်ပုတ်ကာ ကန်ချပေးနေလေ၏။ တိတ်ဆိတ်သောညဥ့်တွင် စလုတ်ရေကျသံသာ ကြားနေရ၏။

ကိုအုန်းမောင်သည် နောက်ဆုံးချလာသောသဲတို့ကို မီးရောင်တွင်ကြည့်ကာ ကျွမ်းကျင်စွာ ဆန်ခါခေါက်ပြီး အထက်-အောက် လှန်ကြည့်လိုက်၏။

"ဟာ"

ဟု အာမေဍိတ်သံပြုသောအခါ တွင်းသားတို့၏ မျက်လုံးများက ဆန်ခါဆီသို့ စုပုံကျသွား၏။ ပေါ်လာသည်မှာ ခရစ္စတယ်ခေါ် ပုံဆောင်ထားသော အ



www.burmeseclassic.com

www.burmeseclassic.com

ညှပ်ရိုးနွယ်ဝင် ရောင်းစားဖို့ မဆိုထားဘိ၊ ကိုင်၍ပင်မကြည့်ကြသော မိုင်းသာပြာ ခေါ် အညှံတုံးကြီး ဖြစ်သည်။ သေးသေး မဟုတ်၊ ကာရက်တစ်ရာကျော်မျှ ကြီး မားသဖြင့် ဆန်ခါထဲတွင် သီးခြား ထင် ပေါ်ကာ ပြူးပြူးကြီးပေါ်နေခြင်း ဖြစ် သည်။

"တောက်- ကွာ . . . အသုံးမကျ တဲ့ မိုင်းသာပြာအညှံတုံးတဲ့ကွာ။ သွား ဝါကြီး"

ဟု ပြောကာ စလုတ်ဘေးတွင် ကောက်၍တင်ထားလိုက်ပြီး-

"ကဲ-ကြာတယ်ကွာ၊ သဲကျုံးမယ်"

ဟု ဆိုလိုက်သဖြင့် သဲခံစောကူ ချပေးရာ နောက်ဆုံး စလုတ်၏သဲတို့ကို တစ်ဆုပ်ချင်းပက်နေ၏။ ပါးစပ်မှလည်း-

"လာလေ့ ကျောက်ကြီး"

ဟု ခေါ်နေလေ၏။

သို့သော် ကျောက် ဟူ၍ မမြင်ကြ ရပါ။

စလုတ်ထဲမှ သဲလုံး ဟူ၍ တစ်စေ့ မကျန် ပက်ပြီးသော် ထိုနောက်ဆုံးစော ကူကိုလည်း သဲဖတ်ပုံတွင် သွား၍သွန် ချလိုက်လေ၏။ သဲထူသဖြင့် သဲ (၇) စောကူမျှရရာ သဲအတော်များ၏။

ထိုသဲတို့ကို လူ (၅) ဦး ဖယောင်း တိုင်ကိုယ်စီကိုင်ကာ လက်ခတ်ဝါးခြမ်း ပြားဖြင့်ယက်၍ ပါးပါးချင်းရွှေကြပြန် လေရာ ကျောက်မှုန်ကျောက်မွှား အောက် ကျောက်လေးများသာမြင်ကြရရာ ထိုသို့ သော အောက်ကျောက်တို့ကို ရယူလို၍ ဖြုန်းခိုးဆေးခြင်း မဟုတ်သဖြင့် တစ်ဦးမှ ထိုကျောက်တို့ကို မကောက်ကြပေ။ သို့ နှင့် သဲဖတ်ပုံကြီး ကုန်သွားခဲ့ပေပြီ။ ထို အခါ ကိုအုန်းမောင်သည် စိတ်ဓာတ်ကျ ကျဖြင့်-

"ဖြုန်းက အထင်ကြီးသလောက် အလကားပါပဲကွာ။ ပါလာတဲ့ဟာက လည်း အညှံတဲ့။ အသုံးမကျတဲ့ ဖြုန်း အောကြီးပဲ။ သူကြီးတော့ သူ့ဖြုန်းတွေ ခိုးဆေးသွားတာသိရင် အတော် စိတ်မ ကောင်းဖြစ်နေမှာကွ။ နေဦးကွ၊ နက်ဖြန် တို့တွေ သူကြီးကို တွင်းသူများခိုးဆေး သွားကြောင်း သွားပြောကြရမှာ။ အဲဒီ တော့ သူခိုးတွေက သူ့အတွက် မိုင်းသာ ပြာကြီးချန်ခဲ့တာကိုသိအောင် ရေမှန်ဦး မှာ ကနယ် (ရွှံ့) နဲ့ ကပ်ခဲ့မယ်ကွ"

ဟု ပြောကာ ကနယ်တုံးတို့ကို ကောက်ဆုပ်ပြီး ရေမှန်ဦးတွင်ကပ်လိုက် ၏။ ပြီးမှ မိုင်းသာပြာအညှံတုံးကြီးကို ကပ်ထားလိုက်လေ၏။ အမှန်မှာ သူတို့ သည် သူကြီးကို ဟာသလုပ်ခြင်းသာဖြစ် လေ၏။

သူတို့သည်ကား ရသော် အမြတ်၊ မရသော် လုပ်အားရှုံး ဟူ၍ ခံယူထား ကြရာ ထူး၍ဝမ်းနည်းမနေကြတော့ပါ။

**ရေမှန်ဦးမှ ကြီးမားသော နီလာကြီး**

"တင်မြင့်၊ ရွာအပြင် ချုံထဲမှာထိုင် ပြီး မင်းနေခဲ့ကွာ။ ငါတို့ တွင်းတောထဲ က စောင့်နေမယ်။ မင်းက တွင်းခိုးဆေး ခံရတဲ့အကြောင်း သူကြီးကိုပြောပြပြီး တွင်းတောကို ခေါ်လာခဲ့၊ ဟုတ်လား"

ဟု ကိုအုန်းမောင်မှ စီစဉ် ညွှန် ကြားလေ၏။ သို့ကြောင့် ရွာပြင်နေကြာ ချုံများကွယ်ရာ သစ်ရိပ်တစ်ခုတွင် တင် မြင့်ထိုင်ရင်း ကျန်ရစ်၏။ တွင်းတောသို့ အသွားခရီး၊ အပြန်ခရီးကိုချိန်ကာ သင့် တော်ပြီထင်မှ ချုံထဲမှထွက်ကာ ရွာသို့ ဝင်၍ တွင်းမှဖြုန်းများ ညက သူခိုးတို့ ခိုးဆေးသွားကြောင်း သတင်းပေးပြီး သူကြီးအား လိုက်ကြည့်ပါရန် တင်မြင့်မှ ခေါ်ခဲ့လေ၏။

သူကြီးနှင့်တင်မြင့်တို့ရောက်သော အခါ တွင်းဆရာက ဖြစ်စဉ်ကို ပြော ပြ၏။ အမှန်သော် ရေမှန်ခွက်သို့ပင်သွား ၍ မကြည့်ခဲ့ပေ။ ရောက်ကတည်းက ရေ နွေးထိုင်၍သောက်နေခြင်း ဖြစ်သည်။

"သူများခိုးဆေးတော့လည်း ဘာ တတ်နိုင်မှာလဲ အုန်းမောင်ရာ။ ငါ့တစ် သက် ဒီလိုအဖြစ်မျိုး ဒီတစ်ခါပဲ ကြုံရ တာကွ။ ဒါပေမယ့် ငါ့အတွက်တော့ ကျန်ကောင်းကျန်နေဦးမှာပါ။ လာကွာ၊ ရေမှန်ကို သွားကြည့်ကြရအောင်"

ဟု ခေါ်ကာ သူကြီး ဦးဆောင်၍ မဝေးလှသော ရေမှန်ဆီသို့လာခဲ့ကြလေ ၏။ သူကြီးသည် ဟိုဟိုဒီဒီ လှည့်ပတ် ကြည့်ရှုသော် ရေမှန်ဦးတွင် ကနယ်တို့ ဖြင့် ကပ်ထားသော ကျောက်တစ်ပွင့်ကို လှမ်းမြင်ရသဖြင့် သွား၍ခွာယူလိုက်ပြီး ပေရေနေသောရွှံ့တို့ကို စလုတ်ထဲမှ ရေ ကျန်ဖြင့် လှုပ်ဆေးလိုက်သည်။ ပြီးမှ နေ ပဏ္ဏာတွင် ထောင်၍ကြည့်လိုက်သည်။ တွင်းသားတို့ကလည်း ဝိုင်း၍ကြည့်လိုက် ကြလေ၏။

"ဟာ"

"ဟင်"

"သွပ် သွပ် သွပ်"

ပါးစပ်တို့မှ အာမေဍိတ်သံပင် ထွက်အန်လာလောက်အောင် အလွန် တရာ လှပသော ကတ္တီပါရည်နှင့် နီလာ အစစ်ကြီးတစ်ပွင့်ဖြစ်၍နေသောကြောင့် ဖြစ်လေ၏။ ပုံဆောင်ထားသဖြင့် ရှင်း လင်းကာ ပြာလဲ့တောက်ပနေ၏။ ထို အုန်းမောင်တို့အုပ်စု အံ့ဩတကြီး ငေး တက်မိနေကြ၏။ ဘာဆိုဘာမှ မပြော နိုင်ကြတော့ပါ။

ထိုသို့ကြည့်ပြီးသော် သူကြီးသည် နီလာကြီးအား အိတ်ကပ်ထဲသို့ ထည့် လိုက်လေ၏။ ပြီးမှ တွင်းသားတို့ကို ရေ စေ့ကြည့်ကာ ပြောလေ၏။

"ကဲ-အုန်းမောင်၊ မင်းတို့မြင်တယ် မဟုတ်လား။ သူခိုးတွေက ကျောက် ကြီးကျောက်ကောင်းကို ရေမှန်ဦးမှာ ကပ်ထားပေးခဲ့တာ။ ငါပြောတယ်လေ ငါ့အတွက် ကျန်ကောင်းကျန်ဦးမှာပါ လို့။ ဟော - ခုတော့ ငါ့အတွက်ချန်ထား ပေးခဲ့ပြီ။ သူတို့ဆီ ဘယ်လောက်ပဲ ပါ သွားပါစေ၊ ငါစိတ်မဆိုးပါဘူး။ ဒါပေ မယ့် သူခိုးတွေရဲ့ကံက ငါ့ကံကို မီမယ် မထင်ပါဘူးကွာ။ ရတနာဆိုတာ ထိုက်မှ ရတာကွ။ မထိုက်ရင် တွင်းစောင့်နတ် တွေက မျက်စိလှည့်ပစ်မှာပဲ။ ငါ့အထင် တော့ ဒီလောက်ကြီးပြီး မိုင်းသာပြာနဲ့ တူနေတဲ့ ဒီကျောက်ကို သုံးစားမရတဲ့ မိုင်းသာပြာ ဆိုပြီး ထားခဲ့တာနေမှာကွ။ ကဲကဲ- အုန်းမောင်တို့၊ တွင်းဆင်းဖို့ ပြင် ကြတော့ကွာ"

ဟု ဆိုသဖြင့် ကိုအုန်းမောင်တို့ အုပ်စု တွင်းထဲ ဆင်းသွားကြလေတော့ ၏။ သူကြီးမှာမူ ဖယောင်းတိုင်အားကိုး ဖြင့် ခိုးဆေးသွားသဖြင့် ကျောက်တို့ကျန် သေးရာ၏ဟုတွေးကာ ခဲပစ်စာများထဲ ၌ သွားရှာပြန်၏။ လက်သန်းလုံးခန့် ကျောက် (၂) ပွင့် တွေ့ပြန်၏။ ရွှေပြီး သားသဲဖတ်များကို ပြန်ရှာရာတွင်လည်း ငါးမူး၊ သုံးမတ်၊ ကာရက်တင် စသော ကျောက်ငယ်များ တွေ့ပြန်လေ၏။ ရှာ ၍ပြီးသောအခါ ကျောက်တို့ကို လက် ကိုင်ပဝါဖြင့်ထုပ်ကာ ရွာသို့ ပြန်ခဲ့လေ တော့၏။

ထိုကျောက်ကြီးကျောက်ကောင်း နှင့် ကျောက်အားလုံးတို့သည် တွင်းသား အုပ်စုနှင့် လုံးဝမဆိုင်တော့ပေ။ ဘုန်း ကံအလျောက် အမှိုက်ထဲကပြန်ကောက် ရခြင်း ဖြစ်ပေ၏။ ကံကြီးသောသူကြီးပါ ပေ။

**လှဲမှားနေသောမျက်စိများ**

ကိုအုန်းမောင်သည် နီလာကျောက် စစ်နှင့် မိုင်းသာပြာအညှံကို လှဲမိအောင် လှဲတတ်သော မိမိ၏မျက်စိကို မကျေ မနပ်ဖြစ်နေမိ၏။ ထို့ကြောင့် မြေပြ



www.burmeseclassic.com

www.burmeseclassic.com

ရာအဖြစ် အဖော်ညှိမိ၏။

"ဟေ့ကောင်တွေ၊ အဲဒီကျောက်ဟာ ညက မိုင်းသာပြာကြီးပါကွာနော်"

"အေးလေ၊ ငါတို့လည်း မြင်ကြတာပဲ။ သူကြီးနဲ့တွေ့မှ နီလာအဖြစ် ပြောင်းသွားတာတော့ ငါတို့လည်း ဘာမှမတတ်နိုင်ဘူးလေကွာ။ သူကြီးရဲ့ကံပေါ့"

ဟု ငမုန်းက ဆိုရာ -

"လူချင်းအလုပ်ချင်းသာ ပြိုင်လို့ရတယ်၊ ကံကို ပြိုင်လို့မရဘူး ဆိုတာတော့ ငါတို့လက်တွေ့ပဲကွ"

ဟု သာဆိုင်က ထပ်ကွန့်ပြန်လေ၏။

"ငါတော့သိပ်မယုံချင်ဘူး။ ငါတို့တွေ မျက်စိမှောက်ပြီး မျက်စိတွေလွဲမှားနေတယ်လို့ပဲ ထင်တာပဲ။ အဲဒီတော့ ငါတို့ နောက်တစ်ကြိမ် စမ်းကြည့်ချင်သေးတယ်ကွာ"

ဟု တွင်းဆရာက ဆိုရာ အားလုံးကပင်-

"အဲဒါကတော့ ဆရာ့သဘောပဲ။ ဆရာ ရှေ့ကသွားရင် ကျွန်တော်တို့ နောက်က လိုက်ဖို့ အသင့်ပဲ"

ဟု ထောက်ခံကြရာ-

"ဒါပေမယ့် ခုလောလောဆယ်တော့ မလုပ်နဲ့ဦးကွ။ မေ့လောက်မှ ခုလို ဖြုန်းကောင်းကောင်းကို တစ်ချီတွယ်ကြရအောင်"

ဟု တွင်းဆရာက ဆိုလေ၏။

ထိုအခါ တင်မြင့်က-

"ဒီတစ်ခါကျရင် အညံ့သောဘာသော ကျောက်မှန်သမျှ အကုန်ကို ယူမယ်ဗျာ။ နေပဏ္ဍာနဲ့ကြည့်မှ ရှင်းရှင်းမြင်ရမှာ၊ ခုဟာက ဖယောင်းတိုင်မီးလည်း ဖြစ်ပြန်၊ အညံ့ပုံစံလည်း ဖြစ်ပြန်ဆိုတော့ ကျွန်တော်တို့ခံလိုက်ရတာပေါ့"

ဟု ဆိုလိုက်လေ၏။

"အေးကွာ၊ နောက်တစ်ခါ မျက်စိမမှားအောင် ဂရုစိုက်မှကွ"

ဟု တွင်းဆရာမှပြောကာ တွင်းလုပ်ငန်းစကြတော့၏။

**နောက်တစ်ကြိမ်**

တစ်လခန့်အကြာတွင် သူတို့အုပ်စုသည် စိတ်ကြိုက်ဖြုန်းကိုတင်ကာ ခိုးဆေးကြပြန်သည်။ သည်တစ်ခါတွင်မူ ဖယောင်းတိုင်များ ထိန်နေအောင် ထွန်းထားသည့်အပြင် ရေမှုန်ခွက်ထဲသို့ လက်နှိပ်ဓာတ်မီးများပါ ခလုတ်တင်၍ထိုးထားသဖြင့် ထိန်၍နေ၏။ သို့ကြောင့် ရှင်းရှင်းလင်းလင်း မြင်တွေ့နေရ၏။

သို့သော် ဆေး၍သာပြီးသွားသည်၊ ကျောက်နှင့်တူတာဟူ၍ ဘာမှမမြင်ခဲ့ရပေ။ ယုတ်စွအဆုံး သုံးစားမရသော အညံ့မျိုးနွယ် မိုင်းသာပြာတို့ပင် မပါရှိခဲ့ပေ။ ထို့ကြောင့် စိတ်ဓာတ်အကျကြီးကျကာ လက်မှိုင်ချ၍ ပြန်လာခဲ့ကြရ၏။

နောက်နေ့ရောက်၍ ထုံးစံအတိုင်း သူကြီးကို ခေါ်ပြသောအခါ ဖန်ဂေါ်လီလုံးခန့် ကျောက်စစ်တစ်ပွင့် ဆန်ခါထိုး ကျောက်ဖြုန်းပုံထဲက ပြန်လည် ရရှိ၏။ ရှာဖွေပြီးသား သဲဖတ်ပုံကို ပြန်ရှာသောအခါ အောက်ကျောက်အများအပြား ပြန်လည် ရရှိခဲ့ပြန်လေ၏။

အစီးဖြစ်သော ဖန်ဂေါ်လီသို့ လုံးဝန်း ပြာလဲ့နေသောကျောက်အား သူကြီးက နေရောင်တွင်တကြည့်ကြည့်လုပ်နေသောအခါ ကိုအုန်းမောင်တို့အုပ်စုများစွာ နောင်တရကြ၏။ တွင်းထဲရောက်သော် ပြောဖြစ်ကြလေ၏။

"ငါတို့ နှစ်ခါခိုးဆေးတာ နှစ်ခါစလုံး သူကြီး ကျောက်ကြီးကျောက်ကောင်းတွေ ရရသွားတယ်ကွာ။ ခိုးမဆေးဘဲ ရိုးရိုးသားသားဆိုရင် အဲဒီကျောက်တွေကနေပြီး တို့တွေ အတော်လေးသုံးရမှာကွ။ ခုတော့ တစ်ပြားမှ မသုံးရဘဲ အလကားဆေးပေးရသလိုဖြစ်ဖြစ်နေတယ်။ အေးကွာ၊ လူချင်းတူပေမယ့် ကံချင်းမတူဘူး ဆိုတာ ငါလက်ခံသွားပြီ၊ နောက်ဆို ဒါမျိုးမလုပ်တော့ဘူးကွာ၊ ရိုးရိုးသားသားနဲ့ပဲ လုပ်တော့မယ်"

ဟု ကိုအုန်းမောင်က နောင်တရစွာ ဆို၏။

အထိတ်ကပြခဲ့ဖူးသော ကုသိုလ်ဟူသောအချက်ကိုလည်း ယုံကြည်သွားတော့၏။ အားလုံးပင် အပြောမဟုတ်၊ ကိုယ်တွေ့မို့ ယုံကြရလေပြီ။

**ပြောတိုင်းဖြစ်တဲ့သူကြီး**

"သူကြီး၊ အောက်မှာ ကနယ်စေးတိုက်ကြီး သွားတွေ့နေတယ်၊ နောက်ဘက်မှာ သွန်ပစ်စရာနေရာတွေရှိတယ်၊ အဲဒီအထဲမှာ သွန်ပစ်ရမှာလား"

"ဩော်- အုန်းမောင်ရယ်၊ ဒါပတ္တမြားမြေကွ၊ မင်းတို့ရွှေဘိုမြေမဟုတ်ဘူး။ အကုန်လုံးကျောက်ရှိတယ်။ တင်လို့ရတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ရပါတယ် သူကြီး"

"ရရင် တင်ဆေးပေါ့ကွာ"

ဟု ညွှန်ကြားလိုက်လေ၏။ တွင်း၏အောက်ပိုင်းအခြေအနေထိတိ ထူးခြားမှုရှိတိုင်း သူကြီးသို့ တင်ပြမြဲဖြစ်ရာ ကနယ်စေးတိုက်တစ်ခုအား ရွှံ့မြောင်းသာဘဲ ကျောက်ဖြတ်ရမည်ဖြစ်၍ သွန်ပစ်လိုစိတ်ဖြင့်ပြောခြင်း ဖြစ်သည်။

သူကံကို ယုံသော သူကြီးသည် သွန်မပစ်စေဘဲ မိုးကုတ်သမိုင်းတွင် မည်သူမျှမဆေးခဲ့ဘူးသော ကနယ်အားဆေးစေခြင်း ဖြစ်၏။

ကနယ်ဆေးသော ရက်တို့တွင် ရေမှုန်သို့ သူကြီးကိုယ်တိုင် လာထိုင်စောင့်ကြည့်ရာ ထိုကနယ်ထဲမှ ကျန်ရစ်သည့် တရှုပ်ရှုပ်တွေ့နေရသော သဲတို့သည် နီလာများ ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့ကြရလေ၏။ ကံအောင်သူ သူကြီးကား ပြောအားရှိလေ၏။

"မြင်တယ်မဟုတ်လား အုန်းမောင်၊ ဒါ မင်းတို့ ရွှေဘိုမြေ မဟုတ်ပါဘူးလို့။ ငါက ကျောက်ရှိတယ်လို့ပြောရင် ဆေးသာဆေးကွ၊ အမှန်တကယ် ကျောက်ရှိတယ်"

ဟု ဆိုသောအခါ တွင်းဆရာ ကိုအုန်းမောင်က-

"သူကြီး၊ ဒါတွင်းစောင့်နတ်တွေ ထည့်ပေးတာနေမှာ။ ဒါမျိုးကနယ်ဆိုတာ ကျောက်နေရိုးထုံးစံမရှိဘူးဗျ"

ဟု ဆိုလေ၏။

ထိုအခါ သူကြီးက ပြုံး၍နေလေ၏။ မိုးကုတ်မြေတွင် ကနယ်ဖြုန်းထဲ၌ ကျောက်မရှိသဖြင့်မဆေးကြပါ။ သူကြီးမှာမူ အံ့ဖွယ်ဖြစ်၍နေလေ၏။

ထိုကနယ်တိုက် ကုန်သွားသောအခါ သဘာဝဖြစ်စဉ်အတိုင်း အောက်တွင် မုန်ထုကြီးထိုင်နေသည်ကို တွေ့ရပြန်လေ၏။ မုန် ဟူသည် အောက်ပြည် အောက်ရွာများရှိ ချောင်းသဲ (ပန်းရန်သုံးသောသဲ) ကိုခေါ်ခြင်း ဖြစ်၏။ ထိုမုန်ထုထဲ၌လည်း မုန်နုသော် ကျောက်မနေပါ။ မုန်ကြမ်းမှသာ ကျောက်နေ၏။ မုန်ကြမ်းခြင်း ဟူသည်မှာ လက်ညှိုး၊လက်မ အရွယ် ကျောက်ဖြုန်းလေးများပါခြင်းကို ဆိုခြင်း ဖြစ်၏။

သူကြီးကို တိုင်ပင်ရာ သူကြီးက-

'ဆေးသာဆေးပါ၊ ကျောက်ရှိပါတယ်'

ဟု ဆိုသဖြင့် တင်ဆေးကြည့်သော် အမှန်ပင် ကျောက်တို့ပါနေသည်ကို တွေ့ရလေ၏။

အပေါ်ယံမုန်နုတွင် ကျောက်အနည်းငယ် ပါးသော်လည်း အလယ်မုန်



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းတွင် ကျောက်ကောင်းများပါလာ၏။ အောက်ခံ သဲဖြူန်းမှာမူ အလွန်ကောင်းရာ ကျောက်တို့ နိုင်းချင်းမြင်နေရတော့၏။

ထိုမျှများပြားသောကျောက်တို့ကို နေ့စဉ်မြင်တွေ့နေရသော်လည်း တွင်းသားတို့သည် ဝမ်းသာသည်မှတစ်ပါး စိတ်အားဖြင့်ပင်လျှင် မြော်မှားသော သူကြီးလက်သို့ အပ်နှင်းကြလေ၏။

တွင်းဆရာ ဟူသည် ပေါလံ၏လူယုံ ဖြစ်သည်။ လူယုံဖြစ်သော ကိုအုန်းမောင်သည် ဝိသမလောဘဖြင့် နစ်ကြိမ် စမ်းပြီးခိုးကြည့်သည့်နောက်ပိုင်း မြတ်စွာဘုရား ဟောကြားတော်မူသော မိမိပြုသောကံသည် နွား၏ နောက်မှာ လှည်းဘီးကပ်ပါသကဲ့သို့ ထက်ကြပ်မကွာ လိုက်ပါတတ်ကြောင်းကို များစွာသဘောပေါက်သွားရလေတော့သည်။ သူကြီးကား အတိတ်ကံအောင်သော ပတ္တမြားထိုက်သူဟူ၍ ထိုခေတ်ထိုအခါတွင် လွန်စွာကျော်စောလေ၏။ ပြောစမှတ်လည်း ယခုထိတိုင်တွင်၍နေလေတော့၏။

**ကျောက်ရိုင်းအောက်မှာ**

စကျင်ကျောက်ဆောင်ကြီးများကြောင့် ဖြစ်ပေါ်နေသော ကျောက်ရိုင်သည် လွန်စွာအေးမြသဖြင့် ချုံတိုးပြီး ချွေးတဒီးဒီးဖြင့်ဖြစ်နေသော ကျွန်ုပ်တို့အား အေးမြကြည်နူးစေပါသည်။ ကိုလှအောင်ကြီး ပြောပြသော သူကြီးလူး ဟူသည် ယခု ကျွန်ုပ်တို့ထိုင်နေရာ ဝန်းကျင်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပြောကောင်းသော ကိုလှအောင်ကြီး၏ သူကြီးလူးအကြောင်းမှ နိုးထလာကြကာ တွင်းနေရာကိစ္စတိုင်ပင်ကြပါတော့သည်။ သူရိန်တောင်ကြီး၏ဤဝန်းကျင်ကား လူသူကင်းမဲ့ကာ တိတ်ဆိတ်လျက်ရှိနေလေ၏။

ပြည်သူပိုင်မသိမ်းခဲ့သော် ယခုထိတိုင် သူကြီးလူးအဖွဲ့ လုပ်ကောင်းလုပ်နေကြပေဦးမည်။ ကျွန်ုပ်သည် လွတ်လပ်ရေးမရမီ အင်္ဂလိပ်ခေတ် တွင်းလိုင်စင်လောက၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်-တွင်းလိုင်စင်လောကတို့၏ပုံရိပ်ကို မြင်ယောင်နေမိသည်။

"ထွန်းဖေ၊ မင်းလုပ်ဖြစ်မှာလား"

"အေးဗျာ၊ စိတ်တော့ကူးတာပဲ။ နဂိုမူလ သူ့မူရင်းဝင်ပေါက်က ဘယ်မှာလဲ မသိဘူးနော်"

"အေး- ငါလည်း မမှတ်မိတော့ဘူးကွ။ မိုးဒဏ်ကြောင့် ကျောက်ဝင်ကြီးတွေရွှေ့ပြီး ပိတ်တုန်တာနေမှာ။ ဒီအတိုင်း ဖောက်ဆင်းရင် လူးထဲရောက်ပါတယ်ကွာ။ ပြေးမလွတ်ပါဘူး"

"နေရာသိပြီပဲဗျာ၊ ကျွန်တော်စိတ်ကူးကြည့်ပါဦးမယ်"

"ဒါဆိုလည်း သွားကြစို့ကွာ။ မင်းတို့ ကျောက်ပြသဒ်ဘက် လိုက်ခဲ့ကြလေကွာ။ လက်ဖက်ရည်လေးဘာလေး သောက်ကြတာပေါ့"

"ဟာ- ကိုလှအောင်၊ ကျွန်တော့်မှာ အဆင်မပြေတော့ ပိုက်ဆံပါမလာဘူးဗျ။ တကယ်ဆို ကျွန်တော်က တိုက်ရမှာ"

"ရပါတယ် ငါ့ကောင်ရာ၊ ငါ နားလည်ပါတယ်။ တွင်းယောင်ပြီဆိုလို့ကတော့ ယောင်လို့မဆုံးဘူးကွ"

ဟု ဆိုလေ၏။

ထွန်းဖေမှာ ဘွင်းဘွင်းပြောတတ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့တွင် ပိုက်ဆံမပါကြောင်း ပြောခြင်း ဖြစ်၏။ သို့နှင့် ကျွန်ုပ်တို့ (၃) ဦး နေပူပူတွင် သူရိန်တောင်ကြီးပေါ်မှ ပြန်ဆင်းလာကာ ကျောက်ပြသဒ်လက်ဖက်ရည်ဆိုင်တွင် စကားတပြောပြောနှင့် ကျန်သောအချိန်တို့ကို ဖြုန်းကြလေတော့၏။

**တိုင်ပင်သောအခါ**

"ကိုကျော်စိုး၊ သူကြီးလူး စိတ်ပါသလား"

"နာမည်ကြီးဆိုတော့ စိတ်ဝင်စားစရာကောင်းတယ်။ ကျွန်တော်တို့ တွင်းယောင်နေမယ့်အတူတူ စမ်းကြည့်သင့်တယ်"

"သူကြီးလူးက နက်တယ် ကိုကြီးကျော်ရဲ့၊ ရိုးရိုးဖောက်တွင်းတွေလို ရက်ပိုင်းနဲ့ ဖြုန်းမပေါက်နိုင်ဘူး။ အနည်းဆုံးလေး၊ ငါးလလောက်တော့ ဖောက်ရမယ်ထင်တယ်။ ဖြုန်းပေါက်ပါပြီတဲ့၊ ရှေ့တုန်းကလို တောင်ပေါ်မှာ တွင်းဆေးရေရှိတာမဟုတ်ဘူး။ ချောင်းထဲအထိထမ်းချပြီးမှဆေးလို့ရမှာ။ ဒီတောင်ပေါ်နဲ့ ငမုန်းချောင်းအထိ ဘယ်လောက်ဝေးတယ်ဆိုတာလည်း ကိုကြီးကျော်သိနေတာပဲ။ ပြီးတော့ ကျွန်တော်တို့ဟာ တွင်းယောင်ပြီး စရိတ်ပြတ်နေတဲ့အချိန် ဆိုတော့ စရိတ်ကလည်းလိုသေးတယ်။ အဲဒီတော့ ဆူလွယ်နပ်လွယ် ချောင်းစောင်းဘက်မှာ အခိုင်မြေလေးတွေ ကြည့်ထားတာရှိတယ်။ အဲဒါမျှော်တိုက်ကြည့်ရအောင်လား"

"ခင်ဗျားယောက္ခထီး သူကြီး ဘိုးထွန်းညိုရဲ့ထင်းခြံအောက်စောင်းဘက် ပြောတာလား"

"ဟုတ်တယ်"

"ဒါဆို ရေက အိုက်လှတို့သုံးနေတဲ့မြောင်းပဲဆိုတော့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ဗျာ။ သူတို့တူးထားတာမှ မဟုတ်တာ၊ ရှေးကတည်းက လူကြီးတွေ တူးထားတဲ့ မြောင်းပဲ။ သူတို့က ပြုပြင်ပြီး ရေသွင်းတာပဲရှိတာ။ သူတို့လက်မောင်းလောက်ကိုင်ရင် ကျွန်တော်တို့လည်း လက်မောင်းလောက်ကိုင်မှာပဲ။ အဲဒါ ကျွန်တော့်တာဝန်ထား၊ ကျွန်တော် သွားပြောမယ်။ ဒါ လိုင်စင်ခံတဲ့ခေတ် မဟုတ်ဘူး။ အားလုံး မျှမျှတတ စားကြတဲ့ခေတ်ဗျ"

"အေးလေ၊ ဒါဆိုလည်း လုပ်ကြတာပေါ့"

ဟူ၍ ချောင်းဘေးရှိ ခြံစောင်းအောက်ခြေကို မျှော်တွင်းလုပ်ရန် အတည်ပြု သတ်မှတ်လိုက်လေ၏။ ထိုရေမြောင်းမှာ ကျောက်ပြသဒ်ရွာအောက်ရှိ ချောင်းမှ ရေကို မြောင်းသွယ်၍တင်ထားပြီး ကျောက်ဖျာအောက်စောင်းရှိ အိုက်လှထင်းခြံတွင် အိုက်လှတို့မိသားစု မျှော်တိုက်နေခြင်း ဖြစ်၏။ သို့သော် ချောင်းရေမှာ မိုးရာသီကဲ့သို့ ပေါများခြင်းမရှိလှပေ။ မျှော်တိုက်၍ ဖြစ်ရုံသာရှိသောကာလ ဖြစ်လေ၏။ သို့နှင့်ပင် သူကြီးလူးသည် ကျွန်ုပ်၏စိတ်ကူးယဉ်အိပ်မက်မှကွယ်ပျောက်သွားခဲ့ရပါသည်။

ထိုသို့ တွင်းယောင်နေစဉ် ထွန်းဖေ၏တွင်းသား ပလောင်ငမြ ထွက်သွားရာ ကျွန်ုပ်၊ ထွန်းဖေ၏ဖခင်တို့သာ မျှော်တွင်းတည်၍ စတင် လုပ်ကိုင်သည်။ ထွန်းဖေမှာမူ ပြည်သူ့စစ်တာဝန်ကျသဖြင့် (၇) ရက် တာဝန်ထမ်းရန် ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။ ထိုမျှော်တွင်းသည် အပေါ်ယံမြေမည်းလွှာကို ထိုး၍ မျှော်တိုက်ရာ ပထမဆုံးနေ့တွင်ပင် (၁၁) ကာရက်ခန့်ရှိ နီလာကျောက်စစ်တစ်ပွင့်ရကာ ဝေါ်လီကဲ့သို့ လုံးချောပြာလဲ့နေသဖြင့် ရှုမဝသော ထာမနားကျောက်မျိုးဖြစ်ခဲ့ပါသည်။ အရည်မှာ ငှက်ခါးရည်အပြည့်ဖြစ်ရာ ကျွန်ုပ်၏ဘဝ၌ မျက်စိထဲမှမထွက်သောကျောက်တို့တွင် တစ်ပွင့်အပါအဝင်ဖြစ်ခဲ့ပါသည်။

**သူရိန်တောင်ကို အသက်သွင်းလိုက်ပြီ**

လိုင်စင်ခေတ်တွင် ရေပိုက်များအမှီပြု၍ လှုပ်ရှားသက်ဝင်ခဲ့သော ဆူ



www.burmeseclassic.com

www.burmeseclassic.com

ရိန်တောင်တန်းကြီးသည် ပြည်သူပိုင် သိမ်းပြီးနောက်ပိုင်း ရေအခက်အခဲကြောင့် လုပ်ကိုင်သူဟူ၍မရှိခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာဖြစ်ခဲ့ပြီး တောချုံတို့ဖြင့် ပိတ်ဖုံးနေခဲ့ပါသည်။

ကျောက်ဖျာရွာသူကြီး ဦးထွန်းညို၏သမက် ကိုထွန်းဖေနှင့် သမီးမသန်းရီတို့သည် ကျောက်ဖျာမှ မိုးကုတ်မြို့သို့ ပြောင်းရွှေ့သွားရာ ကျွန်ုပ်နှင့် ကွဲကွာသွားလေ၏။ ထိုအခါ ကျွန်ုပ်တစ်ကိုယ်တည်း မျောတွင်းလုပ်ကာ ရပ်တည်နေ၏။

ထို့နောက် ချောင်းကြီးဘက်ရောက်၏။ ချောင်းကြီးမှ ပြန်လာသော်ကိုကျော်တင်၏အိမ်၌နေပြီး ထိုမှနေ၍ မိုးကုတ်မြို့ မြို့လယ်ရပ်သူ မမောလာနှင့် ၁၉၇၆ ခုနှစ်တွင် အိမ်ထောင်ကျ၏။

ကျောက်ကုန်သည်ဘဝ ရှုစ်လလုပ်ကြည့်ရာ အဆင်မပြေသဖြင့် ကျောက်ဖျာ ကိုကျော်တင်အိမ်၌ တောင်းနေပြီး ကိုဘစိုး (ကိုကျော်တင်၏ ညီ) နှင့် တွဲ၍ လုပ်ကိုင်၏။ ရပ်ကွက်အတော်စုံစုံ မျောတွင်းလောက်တွင်းလုပ်ဖူးကြ၏။

တစ်ခုသောဆောင်းတွင် ကျွန်ုပ်နှင့် ကိုဘစိုးတို့ တွင်းယောင်ကြလေ၏။ ထိုသို့ တွင်းယောင်သောအခါ ကိုဘစိုး၏ အစ်ကိုလတ် ကိုရွှေထွန်းက သူရိန်တောင်တန်းပေါ်ရှိ မျောတွင်းတစ်ခုကို လိုက်ပြ၏။

"ဘစိုး၊ ဟောဒီ မျောတွင်းဟာ မုကျောက် (စကျင်ကျောက်) လွှပ်အုံထဲမှာ ဆိုတော့ ကျောက်အရမ်းကျတယ်။ အဲဒါ မင်းတို့ ထမ်းဆေးနိုင်ရင် ကိုက်တယ်။ မြောင်းမြီးဘေးက ကျောက်စီဖြတ်ချလိုက်တာနဲ့ ဖြုန်းတွေချည်းပဲ။ ကြိုက်သလောက်စားလို့ရတယ်။ ငါ့ဆီ လူတွေလာလာမေးကြတာ အများကြီးပဲ။ မင်းတို့မို့ငါပြပေးတာ"

- ဟု ဆိုလေ၏။

ကိုရွှေထွန်းသည်လည်း နာမည်ကြီးသူဌေးဦးဘိုးစိန်၏ တွင်းဆရာ ဖြစ်ခဲ့ဖူးပါသည်။ သို့ကြောင့် သူရိန်တောင်ကြောနှင့် ကြောပေါ်ရှိ ပေါ်တော်မူတောင်ကြောတို့တွင် နှစ်ရှည်လများလုပ်ကိုင်ဖူးသဖြင့် တွင်းရာများကိုသိ၏။

သို့နှင့် ကျွန်ုပ်နှင့် ကိုဘစိုးအုပ်စုသည် ဦးစွာ ဖြုန်းထမ်းလမ်းဖောက်ကြရ၏။ ငမုန်းချောင်းတိုင်အောင် ခရီးအတန်ဝေးလေ၏။ ထိုဖြုန်းတို့အား ကျွန်ုပ်တို့ ဆေးကြရာ ကျောက်နီတို့ အတော်များများပါသဖြင့် အဆင်ပြေတော့၏။

ကျွန်ုပ်တို့အုပ်စု အဆင်ပြေသည်ဟု ကြားသောအခါ ကျွန်ုပ်တို့ဝန်းကျင်တွင် ရွာမှ လူအများအပြားလာ၍လုပ်ကိုင်ကြလေ၏။ လုပ်သူတိုင်း အဆင်ပြေသောအခါ ကွက်သစ်ဖြစ်သွားပြီး ရွာနီးချုပ်စပ်များ၊ မိုးကုတ် ကျပ်ပြင်ထိတိုင် ကျော်ကြားကာ သူရိန်တောင်ကြီး၏ ထိုဝန်းကျင်တွင် ပွဲတော်ကြီးအလား ရက်ပိုင်း၊ လပိုင်း စည်ကားလာခဲ့သဖြင့် သူရိန်တောင်ကြီး အသက်ပြန်၍ဝင်ခဲ့လေပြီ။

## သူကြီးလူးသို့

ကျွန်ုပ်တို့လုပ်သော နေရာသည် တောင်၏ အရှေ့ဘက်စောင်း ဖြစ်၏။ တောင်ကမူတစ်ခုကိုကျော်၍ အနောက်ဘက်ချိုင့်ဝှမ်းရောက်သော် သူကြီးလူးကို ရောက်ပြီ ဖြစ်သည်။ တောင်ပေါ် ကွက်သစ်ပေါ်သည်နှင့် သူကြီးလူးတွင်လည်း လုပ်သူတွေ အများအပြားရှိကြသည်။

တောင်ထိပ်များဖြစ်သည့်အတွက် မိုးရာသီတွင်လည်း ဖောက်တွင်းလုပ်ကြရာ တစ်နှစ်ခန့်လောက်တွင် ကွက်ရပ်သည် ထောင်းလမောင်းကြေမွဖြစ်သွားပြီး နေရာသစ်တို့ကို ရှာဖွေဖောက်ကြရတော့၏။ သို့ကြောင့် မဝေးလှသော ကျွဲလူးအိုင်တွင်လည်းကောင်း၊ အခြားသောနေရာများတွင်လည်းကောင်း လူတို့အုံခဲနေဆဲ ရှိပါသည်။

ကျွန်ုပ်သည်လည်း တွင်းသားတစ်အုပ်စုဖြင့် တစ်ဦးတည်းလုပ်ကိုင်ရာ စိတ်ထဲတွင်ရှိနေသော သူကြီးလူးအား သွားရောက် စမ်းသပ်မည်ဟု တွေးကာ နေရာရှာပြီး သွားဖောက်လေ၏။

ပင်မပေါက်တွင် လုပ်နေသူတို့ရှိရာ ဘေးရှိ လက်ကြားတစ်ခုခုသို့ ကျွံသော် တော်ပေမည်ဟု အကြံရှိကာ ဖောက်ခြင်း ဖြစ်၏။ ထိုသို့ဖောက်ရာ သူကြီး၏ သဲဖတ်ခုံကြီးကို ကျော်ဖြတ်ရပါသည်။ သဲဖတ်ဟောင်းတို့ကို မနည်းကျော်ဖြတ်ရလေ၏။

ထိုသဲဖတ်ဟောင်းတို့ကို အနီးရှိ တွင်းတို့မှ ထမ်းဆေးသောအခါ ရာကျောက်၊ ထောင်ကျောက်များမြင့်သည့် အပြင် သောင်းကျောက်များပင်ပါသည်ဟု သိရ၏။ မည်မျှကျောက်ပေါခဲ့သည်ကို သဲဖတ်များက သက်သေပြခြင်း ဖြစ်၏။

အောက်သို့ အတန်ပင်နက်ခဲ့ရာ ကျောက်ပုပ်ကြောတို့ တွေ့ရလေ၏။ ထိုမှသည် အောက်၌ စက်သီးတစ်ဆင့်ပြန်တပ်ရပြန်ပါသည်။ ကြာလေ နက်လေဖြစ်လာပြီး ပတ်ဝန်းကျင်တွင်းများနှင့် လုံးဝမပေါက်သဖြင့် အောက်ဆီဂျင်မရဖြစ်တာ ကျွန်ုပ်တို့အုပ်စု လက်လျှော့လိုက်ကြရပါသည်။ သို့ကြောင့် သူကြီးလူးသည် ကျွန်ုပ်နှင့်မထိုက်ဟု ခန့်မှန်းရပါသည်။

## သူကြီးအား ကျော့ပိုး၍

**သူကြီးလူးအား လက်လျှော့၍ အခြားတစ်နေရာပြောင်းဖောက်နေချိန်၌** လူငယ်တစ်ယောက်သည် **သူကြီးအား** ကျောပိုး၍ တောင်ပေါ်တက်လာသည်ကို အံ့ဩစွာ တွေ့မြင်ရလေ၏။ လူတွေအံ့ဩ၍ ဝိုင်းမေးကြ၏။ တွင်းရာပြခိုင်းရန် ခေါ်လာသည်ဟု ဆို၏။

လူငယ်မှာ ကျောက်ရိပ်တစ်ခုရှိ ထိုင်၍ကောင်းသောနေရာတွင် သူကြီးကိုချထားကာ ချွေးသုတ်၍ အမောဖြေနေ၏။ ကျောက်ပြဿဒ်မှသည် သူကြီးလူးအထိတိုင် မတ်စောက်သောအတက်တို့သာ ဖြစ်သည်။ ပိုးလာသောလူငယ်ကို ကိုယ်ချင်းစာမိ၏။

ကျွန်ုပ်တို့သည် ဖြုန်းထမ်းကြရာတွင် ဖြုန်းမြေတစ်အိတ်လျှင် ဆန်တစ်အိတ်မျှ လေး၏။ ထိုမျှလေးသည်ကို ကုလားမပိုး ပိုး၍ နဖူးလက်သိုင်းအားဖြင့် ပိုး၍သာ နိုင်ကြ၏။ ပြီးလျှင် ငမုန်းချောင်းအထိ အဆင်းလမ်းများသာ ဖြစ်၏။ အဆင်းလမ်းမို့သာ ထိုသို့ထမ်းနိုင်ကြ၏။ အတက်ဆိုသော် မစဉ်းစားရဲပါ။

အသက် (၇၀) ကျော်၊ (၈၀) နီးပြီဖြစ်သော သူကြီးသည် သူ့ခွန်၊ သူ့အား၊ သူ့အစွမ်းဖြင့် တွင်းရာလိုက်မပြနိုင်တော့ပြီ။ သူရိန်တောင်ကြီးကို မတက်နိုင်တော့ပြီ။ ထို့ကြောင့် ဆွေရိပ်မျိုးရိပ်ကင်းဟန်မတူ၍သာ မလွှဲသာ၍ တွင်းရာလိုက်ပြခြင်း ဖြစ်ပေလိမ့်မည်။

သို့သော် သူ့တွင်းတွင် လူတွေပုရွက်ဆိတ်များပမာ အုံခဲလုပ်ကိုင်နေသည်ကိုတော့ သူကြီးသိမည်မဟုတ်ပေ။ ဆိုရသော် သူကြီးလူး၏ အဝန်းအဝိုင်းတွင် ခြေချစရာပင်မရှိအောင် လုပ်ကိုင်စားသောက်သူတို့နှင့် ပြည့်၍နေပေပြီ။ ဤသည်မှာ သူကြီးကို ကျွန်ုပ် နောက်ဆုံး မြင်တွေ့ရခြင်း ဖြစ်သည်။ နောင်တွင်မကြုံတော့ပါ။ အဆက်အစပ်လည်း မရှိ၍ မရောက်ဖြစ်၊ မလည်ဖြစ်ပါ။ ကျောက်ပြဿဒ်နှင့် ကျောက်ဖျာကား



www.burmeseclassic.com

www.burmeseclassic.com

ရေအိုးနှင့်ရေမှုတ်မှီ မကြာမကြာရောက်လေ၏။

**သူကြီးလူးဟု ရေးပါမှ**

တစ်ခုသောဥပုသ်နေ့မတုတ်သည့်နေ့တစ်နေ့တွင် အမှုးတွင်းမနားသော်လည်း ကျွန်ုပ် ဘုရားသို့ ဝန်းလှူဒါန်းချင်စိတ်ပေါ် သဖြင့် တွင်းမလိုက်ဘဲ ကျန်ရစ်ပြီး ကျောက်ပြဿဒ် ဘုရားတောင်သို့ ဘုရားပန်း လှူဒါန်းရန် တက်ခဲ့လေ၏။ ကျောက်ပြဿဒ်ဘုရားတောင်မှာ မတ်စောက်သော စကျင်ကျောက်တောင်ကြီးဖြစ်ကာ အတန်ပင်မြင့်မားပြီး ရှုထောင့်အသွယ်သွယ်မှ မည်သို့ကြည့်ကြည့် လွန်စွာလှပသောတောင်ကြီး ဖြစ်သည်။

တောင်ထိပ်ရောက်သော် ခေတ္တအပန်းဖြေပြီး ပန်း၊ ဆီမီးတို့ လှူကာ ကျောက်ကြီးကျောက်ကောင်း အောင်ပါစေကြောင်း လောဘသားပီပီဆုတောင်းလေ၏။

ပြီးလျှင် ဘုရားရင်ပြင်ပေါ် တက်၍ လှပရှုမောဖွယ်သော အရပ်(၈)မျက်နှာသို့ လှည့်ဝတ်ကြည့်ရှုလေ၏။ လေတဟူးဟူးနှင့် အေးချမ်းလှပါဘိ၏။ စေတီတော်၏ အာရုံခံတန်ဆောင်းအတွင်း၌ ဘုရားလူကြီးများရှိရာ ကျွန်ုပ်သည် မည်သူတွေနည်းဟု ကြည့်သော် ဆရာကြွေနှင့် ဦးထွန်းဝင်းတို့ ဖြစ်ကြ၏။

"လာဟေ့ မောင်ကျော်စိုး။ ထိုင်ကွာ၊ ရေနွေးသောက်"

ဟု ပြောပြီး ဦးထွန်းဝင်းမှ ရေနွေးငှဲ့ပေး၏။

"ဘယ်မှာလုပ်နေတာလဲကွ"

"သူရိန်တောင်ပေါ်မှာပါ"

"အဆင်ပြေရဲ့လား"

"မပြေသေးပါဘူး ကိုထွန်းဝင်းရာ။ ဖြူန်းတောင် ကောင်းကောင်းမတွေ့သေးဘူး။ ခုမှပြန်ဖောက်နေတာ။ သူကြီးလူးမှာ သွားဖောက်တာလည်း လူးထဲမရောက်ဘဲ ဘေးချော်နေလို့ တွင်းသာနက်ပြီး လေမရတာနဲ့ ပြန်ပြေးခဲ့ရတယ်"

ဟု ပြောပြလိုက်၏။

ထိုအခါ ဆရာကြွေက ဝင်ပြော၏။

"မောင်ကျော်စိုးက သူကြီးလူးမှာ ပထမဆုံး သွားဖောက်ကြတဲ့ ဇော်မောင်တို့လိုမှ မလုပ်ဘဲကိုးကွ။ ဇော်မောင်တို့တစ်တွေ သူကြီးလူးမှာ ဖြူန်းပေါက်ကြတော့ ဆေးတိုင်း ဘာမှမပါဘူးတဲ့ကွ။ အဲဒါ ငါ့ဆီ ဗေဒင်လာကြည့်တယ်။ တွင်းပ,သပေမယ့်လည်း မထူးဘူးဆိုဘဲကွ။ အဲဒါယတြာလေးဘာလေးလုပ်ပေးပါဆိုပြီး ရောက်လာတာပေါ့ကွာ။

ဒါနဲ့ ငါဟာ ဘာယတြာမှလုပ်စရာမလိုဘူး။ သူကြီးလူးရဲ့တွင်းအဝင် ကျောက်ပင်ကြီးမှာ မီးသွေးခဲနဲ့ 'သူကြီးလူး' လို့ ကြီးကြီးထင်ထင်ရှားရှားရေးလိုက်ပါ။ ရေးပြီးရင် မင်းတို့ကလည်း 'သူကြီးလူး'လို့ သံပြိုင်အော်ပါ၊ ထူးခြားလာလိမ့်မယ်လို့ မှာလိုက်တာပဲ။

ဒါနဲ့ကွာ၊ သိပ်မကြာဘူး။ အဲဒီကောင်တွေ အုပ်စုလိုက်လာပြီး ငါ့ကိုကန်တော့တယ်ကွ။ 'သူကြီးလူး' လို့ရေးပြီးမှ ကျောက်တွေပါတော့တယ်ဆိုကိုး။ သူကြီးရဲ့ကံအရှိန်အဝါဟာ ဒီအထိကြီးတာကွ"

ဟု ပြောပြလေ၏။

ဆရာကြွေမှာ ပင်စင်စား ကျောက်ပြဿဒ် မူလတန်းကျောင်းမှ ကျောင်းဆရာကြီးဖြစ်ပြီး ဂမ္ဘီရလိုင်းကို လိုက်စားခဲ့သူ ဖြစ်၏။ သို့ကြောင့် လူတိုင်းက ဆရာကြွေထံ ဆည်းကပ်ကြခြင်း ဖြစ်ပေ၏။

**သူကြီးလူးသို့ နောက်တစ်ကြိမ်**

၁၉၈၈ ခု အရေးအခင်းပြီးသည့်နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးတည်ဆောက်မှုကော်မတီအစိုးရ တက်လာသောအခါ မိုးကုတ်ပတ္တမြားမြေအားဖက်စပ်တို့ လုပ်ခွင့်ပြုလိုက်ရာ ပိုက်ဆံရှိသော အရင်းရှင်တို့သည် လုပ်ကွက်များစွာကို ဖက်စပ်ဆွဲကာ လုပ်ကိုင်ကြတော့၏။

ထိုအခါတွင် လက်လုပ်လက်စားကျွန်ုပ်တို့ကဲ့သို့သော တွင်းသမားများမှာ ဘုံပျောက်ကုန်ကြတော့သည်။ လုပ်စားစရာမြေနေရာဟူ၍ မရှိတော့ပါ။ ဖက်စပ်တစ်ကွက်ဆွဲလိုက်လျှင် ထိုဖက်စပ်သည် ယှဉ်ပြိုင်သော အနီးအနား ဖက်စပ်မရှိပါက ဧကများစွာ အလံနီစိုက်လိုက်ပါတော့သည်။ ထိုအခါ ပေကတ်ကတ်လုပ်ကိုင်နေသော လက်လုပ်လက်စားတို့ ပြေးကြရလေတော့၏။

နောက်ဆုံးတွင် ပြေးစရာမြေမရှိတော့သော ကျွန်ုပ်တို့သည် ကိုယ့်စရိတ်ကိုယ်စားကာ ဖက်စပ်တို့၌ ဖောက်တွင်းဝင်လုပ်ကြရသည်။ လခစားမဟုတ်ပါ။ ထက်ဝက်စားများ ဖြစ်ကြပါသည်။ ရသောကျောက်၏တန်ဖိုးထက်ဝက် ချကြပါသည်။ ဖက်စပ်က တွင်းဆေးရန် ရေတာဝန်ယူသောအခါ ဖြူန်းထမ်းစရာမလိုတော့ဘဲ တောင်ပေါ် ဖက်စပ်အတွင်း၌သာ ဆေးကြရတော့၏။

ကျွန်ုပ်သည် ဖက်စပ်ခေတ်ရောက်သောအခါ တွင်းသားတစ်စုနှင့် အတော်ဒုက္ခရောက်လေ၏။ ထို့ကြောင့် တွင်းသားများထွက်ကုန်သောအခါ တွင်းသားဟူ၍ မခေါ်တော့ဘဲ မောင်အေးတို့နှင့်တွဲကာ ဖက်စပ်တို့တွင် ထက်ဝက်စားလှည့်လည်လုပ်ကိုင်၏။

ထိုသို့လုပ်ကိုင်ရင်း သူကြီးလူးဖက်စပ်သို့ ကျွန်ုပ်နှင့် မောင်အေးတို့အဖွဲ့ ဝင်၍လုပ်ကြပါသည်။ အောက်ထဲတွင် သစ်၊ ဝါးများ ပုံထပ်ဆွေးမြည့်နေကြသည်ကို တွေ့ရ၏။ မြေသားဖြူန်း ဟူ၍မှင် ခပ်ရှားရှားဖြစ်၍နေလေပြီ။

ထိုသူကြီးလူးဖက်စပ်တွင် ကျွန်ုပ်တို့ တစ်ဦးတည်းမဟုတ်ပါ၊ လေးငါးဖွဲ့ဖြစ်ပါသည်။ ဖက်စပ်ဆွဲသူ ပေါလံသည် လူစိုက်ရန်မလို၊ သစ်ဝါးစိုက်ရန်မလို၊ သစ်ကို ကိုယ့်ဟာကိုယ်ခုတ်၍ ထမ်းခဲ့ကြရ၏။ ပေါလံစိုက်သည်မှာ ရေနှင့်မြေသာဖြစ်ပါသည်။ ထိုသူကြီးလူးဖက်စပ်တွင် နီလာအနည်းငယ်သာရပြီး ပိုက်ဆံအနည်းငယ်သာသုံးရ၍ အောက်တွင်ကြေမွပြီးနေသောကြောင့် တစ်လကျော်ကျော်တွင် ထိုလူးတွင်းမှ ပြေးခဲ့ကြလေတော့၏။ သူကြီးလူးနှင့် ကျွန်ုပ်သည် ဤမျှသာ ရေစက်ဆုံခဲ့ပါသည်။

**ပြောစမှတ်ကျန်ရစ်သူများ**

ကျောက်ပြဿဒ်တွင် ပြောစမှတ်ကျန်ရစ်သူတို့ ရှိ၏။ ထိုသူတို့မှာ သူကြီးပလောင်ကျော်၊ စိန်နီလာဦးဘိုးစိန်၊ ဦးထွန်းဝင်းတို့၏ကံသည် လူတို့ပြောစမှတ်ဖြစ်အောင် ကျန်ရစ်သည်။

ကျွန်ုပ် မိုင်းရှူးမှ ပြန်ရောက်သော ၂၀၁၀ ပြည့်နှစ်တွင် ကျောက်ပြဿဒ်၌ ဘိုးကျော်လှိုင်၊ ဘိုးထွန်းဝင်း ဟူသော အသက်ကြီးရွယ်အိုတို့ကိုသာ တွေ့ရပြီး အခြား ဘိုးဘွားအတော်များများ လူ့လောကမှ ပျောက်ကွယ်ကုန်ကြလေပြီ။

သို့သော် သူကြီးမှာမူ လူသာမရှိတော့သော်လည်း သူ့ဘုန်းသူ့ကံတားလူတို့နှုတ်ဖျား ယခုထိတိုင် ပြောစမှတ်အဖြစ် ကျန်ရစ်ခဲ့လေသတည်း။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး(ငှက်ဘုတ်)



www.burmeseclassic.com

www.burmeseclassic.com




# လေငန်းရောဂါ ကင်းဝေးအောင်

# ပြည်စိုး လေငန်းရောဂါဆေး ကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးပါမစ်အမှတ် TMR 0075551071

လေငန်းရောဂါရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ရုပ်လေးလံထိုင်းမှိုင်းခြင်း၊ နှုတ်လေးဆွံ့အ... ကိုယ်တစ်ခြမ်းထုံကျဉ်ကိုက်ခဲခြင်း၊ အစာစားလျှင် နင်တတ်ခြင်း၊ ရေသောက်လျှင် သီးတတ်ခြင်း၊ ...သွားလျှင် ခလုတ်တိုက်တတ်ခြင်း၊ ခြေဖျားလက်ဖျားထုံကျဉ်တတ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက် ...တတ်ခြင်း၊ စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ခံတွင်းနံခြင်း၊ ဆီးမကြာခဏသွားခြင်း ...ဖြူခြင်း)၊ နားအူခြင်း၊ ရင်ထဲကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ လိပ်ခေါင်းရောဂါ၊ အမျိုးသား ...နည်းရောဂါဖြစ်တတ်ခြင်း၊ ဤလက္ခဏာများသည် လေငန်းရောဂါ ရှေ့ပြေးလက္ခဏာများဖြစ်ပါသည်။

ရောဂါကို ကြိုတင်ကာကွယ်ခြင်းက ရောဂါဖြစ်မှကုသခြင်းထက် ပိုမိုခရီးရောက်ပါသည်။ တိုင်းရင်း... မှတ်ပုံတင်ထားသော ပြည်စိုး လေငန်းဆေး၊ **အောင်ပန်း** အကြောပြေဆေး၊ ပြည်စိုး အမျိုးသား ...ဆေးတို့ကို သုံးစွဲပြီး အကြောမျှားပြုပြင်ကာ ဆရာနှင့်တိုင်ပင်၍ ကုသလျှင် ရောဂါများ သက်သာ ...က်ကင်းနိုင်ပါသည်။

နေ့စဉ် နံနက် (၈း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီ ထိ ဆေးခန်းဖွင့်သည်။

**ပြည်စိုး တိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန**

**အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

# ‘‘ ကျားမှန်လျှင် အားသန်ရမည် ’’

ဝေးတစ်လုံးတက်ခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ လိင်ချောင်းသေးပြီး ...င်ခြင်း၊ ဆီးပြတ်တောက် ပြတ်တောက်သွားခြင်း၊ လှုပ်ရှားရုံသာလှုပ်ရှားပြီး ပျော့နေခြင်း၊ ...ပန်းလွယ်ခြင်း၊ အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း စသည့် ...မျိုးသားအားနည်းရောဂါ (ပန်းသေပန်းညှိုးရောဂါ) နှင့် မျက်စိဝေခြင်း၊ ခါးတောင့်တင်းခြင်း၊ ...ခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ စအိုပူခြင်း၊ ဝမ်းသွားသည့်အခါ သွေးပါခြင်း၊ ခါး၊ ခြေဆစ် ...က်ဆစ်ကိုက်ခဲခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့် ရောဂါရှင်များအတွက် ‥ဆေးကုသက် ...၅) နှစ်ကျော် ကုသ၍ အောင်မြင်နေသော မြန်မာ့နန်းအတွင်း အကြောပညာရှင် နေလဝိဇ္ဇာ ...ရာကြီး ဦးစံမြင့် (တဆ-၀၁၂၇၄) နှင့် သား ဆရာ ဦးစိုးမော် (တဆ-၀၂၆၁၁) တို့က ...ကြောပညာ ဆေးပညာဖြင့် အထူးကုသပေးနေပါပြီ။

**ပြည်စိုး တိုင်းရင်းအထူးကုဆေးခန်း**

အမှတ် (၁)၊ ရှင်ဥပဂုတ္တကျောင်းတော်အနီး၊ တောင်ဘက်မုခ်၊

ကျိုက္ကဆံဘုရားဝင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့


www.burmeseclassic.com

ငယ်ရွယ်စဉ်က အိမ်မှာ၊ ကျောင်းမှာ အရိုက်ခံရဖူးသူတွေ မိဘ၊ ဆရာဖြစ်လာတဲ့အခါကျတော့လည်း ကိုယ့်သားသမီးကိုယ်၊ ကိုယ့်တပည့်ကိုယ် ရိုက်နှက်ဆုံးမတတ်သူများ ဖြစ်လာတာလည်း သေချာပါတယ်။ ငယ်တုန်းက ရက်ရက်စက်စက်အရိုက်ခံရဖူးသူက မိဘ၊ ဆရာဖြစ်လာတဲ့အခါမှာ သားသမီးတွေ၊ တပည့်တွေကိုလည်း ရက်ရက်စက်စက် မညှာမတာရိုက်နှက်ဆုံးမတတ်တဲ့ စိတ်ဝေဒနာရှင်တွေ ဖြစ်လာပါတယ်။ ဒါပေမယ့် အဲသလို သားသမီးတွေ၊ တပည့်တွေကို ရိုက်တဲ့နှက်တဲ့အခါတွေမှာ အဲသည် စိတ်ဝေဒနာရှင်တွေက သူတို့လေးတွေကို လိမ္မာစေချင်လို့၊ ကောင်းစေချင်လို့၊ တော်စေချင်လို့၊ တတ်စေချင်လို့ ရိုက်နေတာပါလို့ သူတို့လိပ်ပြာသူတို့ မသန့်သန့်အောင် ဆင်ခြေအမျိုးမျိုးပေးကြတယ်။ အမှန်ကတော့ မိမိတို့ရဲ့ဒေါသတွေ၊ ဘဝအမောတွေ၊ မာန်မာနတွေကို ဖြစ်တဲ့နည်းနဲ့ အထုပ်ဖြေမိရာက ကလေးတွေကို ရမည်ရှာရိုက်နှက်နေသူတွေကလည်း အများကြီးရှိပါတယ်။

ရိုက်နှက်ပြီး ဆုံးမတယ်ဆိုတာ ကျောက်ခေတ်လူသား အရိုင်းအစိုင်းတွေ၊ တိရစ္ဆာန်သာသာလောက် အသိဉာဏ်ရှိသူတွေသာ ကျင့်သုံးတတ်တဲ့ ဆုံးမနည်းမျိုးဖြစ်ကြောင်း မိဘလုပ်နေသူတိုင်း၊ ဆရာလုပ်နေသူတိုင်း သတိထားသင့်ကြပါပြီ။ ရိုက်နှက်ဆုံးမတဲ့ အလေ့အထဆိုးကြီးဟာ ယဉ်ကျေးတဲ့ လူ့ဘောင် (Civilisedsociety) နဲ့လည်း နည်းနည်းမှ အံမဝင်တော့ပါဘူး။

(အတ္တကျော်၏ သားသမီး စာ-၁၉၃မှ)


❑

"ဂွပ်"

အောက်ခံခွက်ထဲသို့ ဖုန်းကို ဆောင့်ချလိုက်သောအသံက ဆောင့်အောင့်ထွက်သွားသည်။ ထိုအသံနှင့် မရှေးမနှောင်းမှာပင် ထွက်လာသော တောက်ခေါက်သံမှာလည်း တစ်ခန်းလုံး တုန်ဟည်းသွားသည်ဟု ထင်ရသည်။ စာကြည့်နေသော တစ်တန်းကျောင်းသားလေး ဖြိုးဝေသည်ပင် လန့်သွားသဖြင့် စာကိုမကြည့်ဘဲ ဖခင်ကို လှမ်းကြည့်လိုက်မိသည်။

ဦးမြင့်စိန် မကျေမနပ်နှင့် အံကိုတင်းတင်းကြိတ်လိုက်မိသည်။ သည်ခေတ်ကလူတွေဟာ ကတိသစ္စာမရှိကြတော့ပါလား။ ညနေကမှ နှုတ်ဖြင့် ကတိပြုခဲ့သော လုပ်ငန်းသည် ည (၉) နာရီကျမှ (၁၃၀၀) ဖြင့် လာပြီး ဈေးဆစ်နေသည်။

ဦးမြင့်စိန်၏ ကန်ထရိုက်ဘဝတစ်ခုလုံးတွင် မဟုတ်တာမလုပ်ခဲ့မှန်းသိပါလျက် ယခုလို တင်စီးခြင်းမျိုးကို မည်သို့မျှ သည်းမခံနိုင်။ ထို့ကြောင့်လည်း ဈေးလျှော့မပေးဘဲ လုပ်ငန်းကို ဖျက်



မေတ္တာရှင်(ရွှေပြည်သာ)

သားနှင့်ကား



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီ ဖြစ်သည်။ ပေါချောင်မကောင်း ကန်ထရိုက်တစ်ယောက်က ပစ္စည်းဝိတ်အားတွေလျှော့ပြီး သူ့အလုပ်ကို ဝင်ပြီး လုပြီဖြစ်ကြောင်း ဦးမြင့်စိန် ပြေးမကြည့်ဘဲသိသည်။

နှစ်အတန်ကြာက မြောက်ဒဂုံတွင် အတန်းကျောင်းကြီးတစ်ကျောင်း ပြိုကျသည်ကို အမှတ်ရနေ၏။ ကျောင်းသူ၊ ကျောင်းသား၊ မိဘ၊ ဆရာ အတော်များများ သေဆုံးသွားကြ၏။ ကျောင်းအပ်ချိန်တွင်ဖြစ်သွားသောကြောင့် ပို၍ အသေအပျောက်များခြင်း ဖြစ်သည်။ ပေါချောင်ကောင်း ဆိုသော စကားသည် မှားနေသည်။ ပေါ-ချောင်နေမှတော့ ဘယ်သောအခါမှ ကောင်းမည် မဟုတ်ပေ။ ယခုလို ပြိုကျခြင်းသည် ပစ္စည်းဝိတ်လျှော့ပြီး ပေါ-ချောင်မြှင့် ထောင်ထားခြင်းကြောင့် မကောင်း၍ ပြိုကျခြင်းပင် မဟုတ်ပါလော။

မနေ့ညက နေ့ချင်းပြီး တချုပ်စချုပ်လိုက်မိသော မိမိကိုယ်မိမိလည်း အပြစ်တင်မိသည်။ ဧည့်ခန်းထဲတွင် စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း အချိန်ဖြုန်းနေမိသည်။ ဖိုးဝေက (၉) နာရီဆို အိပ်နေကျ။ ယခု (၁၀)





www.burmeseclassic.com

www.burmeseclassic.com

နာရီထိုးတော့မည်။ ဖခင်က မထသေး။ မိခင်မရှိတော့ကတည်းက ဖခင်ကိုပဲချစ်နေရှာသော ဖြိုးဝေတစ်ယောက် ဖခင်နှင့်သာ အတူအိပ်ချင်သည်။ ဖခင်ပြောသောအိပ်ရာဝင်ပုံပြင်များကို နားထောင်ချင်သည်။ ထို့ကြောင့်လည်း ဖခင်နားသို့ မရိတရဲကပ်၍-

"အဖေ၊ အိပ်ကြစို့လေ"

"သွားအိပ်နှင့်ကွာ"

ဖြိုးဝေတစ်ယောက် အတွန့်မတက်ရဲတော့ဘဲ အိပ်ခန်းထဲသို့ ကုပ်ချောင်းချောင်းလေးဝင်သွားသည်။ အရင်တစ်ရက်က မအိပ်ချင်သေးဘူးဟု ပြောကာ ယခုလို စီးကရက်တွေထိုင်ဖွာနေသော ဖခင်ကို သူက နွဲ့ဆိုးဆိုးသည့်အနေဖြင့် လက်ကို ဆွဲခေါ်မိသည်။ သူထင်ထားသည်က 'သားကလည်းကွာ၊ အဖေ မအိပ်ချင်သေးဘူးလို့ ပြောလျက်သားနဲ့' ဟု ဆိုကာ လိုက်ပါလာမည်ဟု ထင်သည်။ ထို့အရင်ညများက ဤကဲ့သို့ပင် လိုက်ပါလာခဲ့သည် မဟုတ်ပါလား။

သို့သော် ထိုနေ့ညက အဖေက တော့ အိပ်ရာထဲသို့ မရောက်။ အဖေ့လက်ဝါးတစ်ဖက်ကသာ ဖြိုးဝေနားရင်းပေါ်သို့ ဖြောင်းခနဲနေအောင် ရောက်လာခဲ့သည်။ ဖြိုးဝေ ယိုင်လဲမတတ်ဖြစ်သွားသည်။ နားအူသွားသလို မျက်စိလည်း ပျာခနဲဖြစ်သွားသည်။ နာတာထက် ဘာဖြစ်လို့ရိုက်မှန်းမသိတာက သူ့ကို ပို၍ဝမ်းနည်းစေသည်။ ငိုခြင်းသည် ကလေး၏ သောကထွက်ပေါက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဖြိုးဝေ ငိုမည်ပြုသောအခါ အဖေက-

"မင်းအသံတစ်ချက်ထွက်ကြည့်စမ်း။ မျက်ရည်တစ်စက်ကျကြည့်စမ်း။ သေအောင်ကိုရိုက်ပစ်မယ်။ သေသွားတဲ့ မင်းအမေလိုပဲ ဘာမှလူရိပ်လူကဲ နားမလည်ဘူး။ ဒီမှာ အလုပ်ကိစ္စ အဆင်မပြေလို့ စိတ်တိုနေပါတယ်ဆိုမှ လူကို လာပြီး ဆွဲလားရမ်းလားနဲ့"

ထိုအချိန်မှစပြီး အဖေ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ်သောက်ပြီး သုန်သုန်မှုန်မှုန်ဖြစ်နေချိန်ဆိုလျှင် အပြစ်မရှိလည်း အဖေကသူ့ကိုရိုက်တတ်သည်ဟု ဖြိုးဝေ အသေမှတ်ထားလိုက်သည်။ အဖေပြောသော အလုပ်ကိစ္စ အဆင်မပြေဆိုတာကို သူနားမလည်ပါ။ သူနားလည်တာက ကျောင်းသွားမည်၊ ကစားမည်၊ စားမည်၊ အဖေနှင့်အတူအိပ်မည်၊ အဖေပြောတဲ့ပုံပြင်ကို နားထောင်မည်။ ဒါပဲ သူသိသည်။

ခုတင်ပေါ် ရောက်တော့ အိပ်ရာထဲလှဲချလိုက်သည်။ ဘေးနားမှာ အဖေမရှိတော့ ဖြိုးဝေ တစ်ခုခုလိုနေသလို ဖြစ်နေသည်။ ဘာလိုနေမှန်းလဲ သူမသိ။ (၁၂) နာရီလောက်တွင် အိပ်ခန်းထဲသို့ ဦးမြင့်စိန် ဝင်လာသည်။ အိပ်ရာပေါ်သို့ လှဲချလိုက်သော်လည်း အိပ်၍မရ။ ကတိဖျက်သောသူဌေးဦးစိန်မျက်နှာက မျက်စိထဲပေါ်လာသည်။ အခုအချိန်မှာသာ ထိုသူ အနားမှာရှိလျှင် အမှုန့်ကြိတ်ပစ်မိမည် ထင်သည်။

ထိုအချိန်မှာပင် စူးရှရှအနံ့တစ်ခုက ဦးမြင့်စိန်နှာခေါင်းထဲသို့ ဝင်လာသည်။ ဦးမြင့်စိန် နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ကြည့်လိုက်သည်။ သေချာပြီ သေးနံ့။ ဒီကောင် ဖြိုးဝေ သေးပေါက်ပြန်ပြီ။ သူ မီးဖွင့်ပြီး ဖြိုးဝေအောက်က အိပ်ရာခင်းကိုကြည့်လိုက်ရာ သေးကွက်ကြီးကို တွေ့လိုက်ရသည်။

"ဟေ့ကောင်၊ ထစမ်း"

ဦးမြင့်စိန် ဖြိုးဝေလက်ကို ဆွဲဆောင့်ပြီး ထိုင်ခိုင်းလိုက်သည်။ ဖြိုးဝေမှာ အသနားခံသော မျက်လုံးလေးနှင့် ပြန်ကြည့်ရုံမှတစ်ပါး ဘာမှမပြောနိုင်ရှာ။ သူ သေးပေါက်သောပြစ်မှုကြောင့် ကြိမ်ဒဏ် (၁၀) ချက်စီ နှစ်ကြိမ်အရိုက်ခံရပြီးပြီ။ ယခု တတိယအကြိမ်အရိုက်ခံရဦးတော့မည်။သူသတိထားသော်လည်း အိပ်ပျော်သွားသည်နှင့် ဘယ်လိုလုပ်ထွက်သွားမှန်း သူမသိ။

ဖြိုးဝေ သူ့အဖေကို လှမ်းကြည့်လိုက်သောအခါ အိပ်ခန်းထောင့်တွင် ထောင်ထားသော ကြိမ်လုံးကိုဆွဲမယူဘဲ ဧည့်ခန်းဘက်ထွက်သွားသဖြင့် ဘယ်လိုအပြစ်များပေးမှာပါလိမ့်ဟု သူတွေးသည်။ သူ့အဖေ အခန်းထဲဝင်လာသောအခါ ပလတ်စတစ်ကြိုးများနှင့် သူကစားသော သားရေကွင်းများ ပါလာသည်ကို တွေ့ရသည်။ သူနှင့် သားရေကွင်းပစ်တမ်းကစားဖို့တော့ မဖြစ်နိုင်။ သူ့အဖေမျက်နှာက ဒေါသကြောင့် ခက်ထန်နေသည် မဟုတ်ပါလား။ အခန်းထဲရောက်သောအခါ ဦးမြင့်စိန်က ဖြိုးဝေတစ်ကိုယ်လုံးမှ အဝတ်များကို ဆွဲချွတ်သည်။ ကိုယ်လုံးတီးဖြစ်သွားသောအခါ မတ်တတ်ရပ်ခိုင်းပြီး ဖြိုးဝေကို လက်ပြန်ကြိုးတုပ်သည်။ ပြီးသောအခါ ဖြိုးဝေနှင့် (၁၀) ပေအကွာလောက်တွင် သွားရပ်ပြီး သားရေကွင်းဖြင့်ပစ်ရန် စီစဉ်နေသည်။ သားရေကွင်းဖြင့်ပစ်လျှင် ကြိမ်လုံးဖြင့် ရိုက်သလောက် မနာနိုင်ဟု ယူဆပြီး ဖြိုးဝေက ဟင်းချလိုက်သည်။ မပစ်မီ သူ့အဖေ ပြောလိုက်သောစကားကြောင့် ဖြိုးဝေ လန့်ပြီးတုန်တောင်သွားမိသည်။

"ကဲ- ဖြိုးဝေ၊ မင်းကို သေးပေါက်လို့ ငါ နှစ်ကြိမ်တောင် ရိုက်ခဲ့ပြီ။ ဒါပေမယ့် မင်းက မပြုပြင်ခဲ့ဘူး။ ငါ့ကို သူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်။ အပြစ်ရှိတဲ့နေရာကို အပြစ်ပေးမှ ပြုပြင်မှာဆိုတဲ့ စကားပဲ။ အရှင်အာနန္ဒာအလောင်းဟာ နုစဉ်ဘဝတစ်ခုတုန်းက သူတစ်ပါးမယားကို လွန်ကျူးခဲ့တယ်။ အဲဒါကြောင့် ဆိတ်ဘဝ၊ မျောက်ဘဝ၊ နွားဘဝရောက်တဲ့အခါ သူ့ရဲ့အထီးအင်္ဂါကို ဖောက်ထုတ်ခံရတယ်။ ကျူးလွန်တဲ့နေရာကို တည့်တည့်အပြစ်ပေးခံရတာပေါ့။ အခုလည်း သေးပေါက်မှုကျူးလွန်ခဲ့တဲ့ နေရာကို အပြစ်ပေးရမယ်"

ဖြိုးဝေ သူ့အဖေကို မကြည့်ရဲတော့။ မျက်လုံးကို မှိတ်ထားလိုက်၏။ ရှပ် ဟူသော အသံအဆုံးမှာပင် သူ့အင်္ဂါဆီမှ ပူခနဲဖြစ်သွားပြီး အားဟုသာ အော်လိုက်မိသည်။

"ဟေ့ကောင်၊ အသံမထွက်နဲ့"

ဟူသော အမိန့်ပေးသံကြောင့် နောက်အချက်တွေထိတိုင်း သူအော်ချင်စိတ်ကို မျိုသိပ်ပြီး ပါးစပ်ကို ပိတ်ထားသည့်ကြားက 'အ' ဟူသော အသံလေးကတော့ ထွက်သွားသေးသည်။ အသားနုနေရာဖြစ်သောကြောင့် အသည်းခိုက်အောင်နာသော်လည်း ဖြိုးဝေ မငိုရဲ။ မျက်ရည်တွေသာ တတွေတွေကျနေသည်။ လေး၊ ငါးချက် ပစ်ပြီးသောအခါ ဦးမြင့်စိန်က ဖြိုးဝေကို ဆွဲထုတ်သွားပြီး တံခါးမကြီးကိုဖွင့်ကာ အိမ်အပြင်သို့ ထုတ်လိုက်သည်။

"သေးပေါက်တဲ့သူဆိုတာ အိပ်ရာပေါ် မအိပ်သင့်ဘူး။ အပြင်မြေကြီးမှာပဲအိပ်"

"ဂျိမ်း"

ဟူသော တံခါးပိတ်သံကိုသာ ကြားလိုက်ရသည်။ အိမ်ရှေ့ဆင်ဝင်တွင် ဖြိုးဝေ သည်အတိုင်း ရပ်နေမိသည်။ မည်မျှကြာကြာရပ်နေမိသည်မသိ။ သံချောင်းခေါက်သံ နှစ်ချက်ကြားလိုက်ရသည်။ ချမ်းလည်းချမ်း၊ ခြင်ကလည်းကိုက်သည်။ ထိုအချိန်မှာပင် နောက်ဖေးတံခါးဖွင့်သံကြားရပြီး အမျိုးသမီးကြီးတစ်ယောက် စောင်တစ်ထည်နှင့် ရောက်လာသည်။ သူလှည့်မကြည့်ဘဲသိပါသည်။ အိမ်ဖော် ဒေါ်တိုးပင်။ ဒေါ်တိုးက သူ့ကိုယ်ပေါ်တွင် စောင်ခြုံပေးကာ ခွေ့ခေါ်ဖို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒေါ်တိုးမှာ လူမမည်ကလေး အတွက် ရှိုက်ပြီးငိုနေသည်။

"သားလေးရယ်၊ အဲဒါ သားလေးရဲ့အမေ မရှိတော့လို့ ခုလိုဖြစ်ရတာသိလား။ လာ- သားလေး၊ အဒေါ် အခန်းထဲသွားမယ်"

ဒေါ်တိုးက သူ့လက်မှ ကြိုးတွေကို ဖြေပေးဖို့ကြိုးစားတော့ သူရုန်းကန်ဖယ်ရှားလိုက်သည်။

"ဒေါ်တိုး၊ သားလက်က ကြိုးတွေ မဖြေနဲ့လေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"အဖေက သားကို အပြစ်ရှိလို့ ဒဏ်ပေးထားတာလေ။ သားက အိပ်ရာထဲ သေးပေါက်မိတာကိုး"

"သားရယ်၊ ဒီအရွယ်ဆိုတာ ဒီလိုပဲ ပေါက်မိကြတာပါပဲ။ ကြီးလာတော့ သူ့ဘာသာသူ ပျောက်သွားတာပဲ"

"အဖေက မြန်မြန်ပျောက်စေချင်လို့နေမှာပေါ့ ဒေါ်တိုးရဲ့"

ကလေးကိုယ်တိုင် သူ့အဖေဘက်က ပါနေသောအခါ ဒေါ်တိုး စိတ်ဆိုးသွားသည်။

"သားအဖေက သားကို အဲသလောက် ရိုက်နှက်နှိပ်စက်နေတာ သားမမုန်းဘူးလား"

"မမုန်းပါဘူး။ သားမှာ ချစ်စရာဆိုလို့ အဖေပဲရှိတာလေ။ ပြီးတော့ အဖေက ပြောတယ်။ သားကို ချစ်လို့ ရိုက်တာတဲ့"

"အမယ်လေးတော်၊ တကယ့်သူတော်ကောင်းလေးနဲ့မှ လာတွေ့နေရတာကိုး။ အဲဒါဆိုရင်လည်း ပြီးတာပါပဲတော်။ ကျုပ်တို့ကတော့ ဘေးကနေ ကြည့်ပြီး သနားလိုက်ရတာ။ ခုတော့ အလကားပါပဲ"

ထိုကဲ့သို့ ပြောဆိုပြီး ဒေါ်တိုးက နောက်ဖေးပေါက်မှ ပြန်ဝင်သွားသည်။ မနက်မိုးမလင်းခင် ဒေါ်တိုးက သူ့ကိုယ်ပေါ်မှ စောင်ကို လာယူသွားသည်။ ဦးမြင့်စိန်သိလျှင် ဆူမှာစိုးသောကြောင့်ဖြစ်သည်။ မိုးလင်းလင်းချင်း ဦးမြင့်စိန်တစ်ယောက် ဝရန်းသုန်းကားနှင့်ထလာကာ အိမ်ရှေ့တံခါးကြီးကို ဆွဲဖွင့်သည်။ ဖြိုးဝေက သူထားခဲ့သည့်အတိုင်း လက်ပြန်ကြိုးတုပ်လျက် မတ်တတ်ရပ်လျက်ကလေးပင်။ ဦးမြင့်စိန် သူ့ရက်စက်မှုအတွက် စိတ်မကောင်းဖြစ်သွားသည်။ မျက်ရည်များဝိုင်းလာကာ -

"သား"

ဟု ခေါ်ရင်း ဖြိုးဝေကို ကြိုးတွေဖြေပေးပြီး ပွေ့ချီယူလာသည်။ သူ (၁) နာရီလောက်သာ ဒဏ်ပေးဖို့ စိတ်ကူးထားသော်လည်း အိပ်ပျော်သွားခြင်းဖြစ်သည်။ ဖြိုးဝေက စိတ်မဆိုး။ သူ့အဖေပါးကိုပင် ဖက်နမ်းနေသေးသည်။

"သားကို ချစ်လို့မဆုံးမတာနော် အဖေ"

"အေးအေး - ဟုတ်တယ် သား။ ချစ်လို့ဆုံးမတာပါကွယ်"

ပြောရင်းဖြင့် ထွက်လာမည့်မျက်ရည်တွေကို ဦးမြင့်စိန် မျက်နှာကိုရှုံ့ပြီး အထဲကို ပြန်သွင်းနေသည်။ ဖြိုးဝေကို သူကိုယ်တိုင် မျက်နှာသစ်ပေးလိုက်၏။ အကျႌ ဘောင်းဘီတို့ကိုလည်း သူကိုယ်တိုင် ဝတ်ပေးနေသည်။ 'ငါ့သားလေးကို နောက် ဘယ်တော့မှ မရိုက်မိအောင် သတိထားမည်' ဟူ၍လည်း ဆုံးဖြတ်လိုက်သည်။

❑

ထိုနေ့က ဖြိုးဝေတစ်ယောက် ရင်ခုန်စွာဖြင့် သူ့အဖေကို မျှော်နေမိသည်။ ဦးမြင့်စိန်က သူ့အပေါ် ရောရောနှောနှောမနေသောကြောင့် တခြားကလေးတွေလို အဖေ့ကို တအားချစ်တယ် ဆိုသော စကားကို နှုတ်က ထုတ်မပြောရဲ။ ထို့ကြောင့် ဗလာစာအုပ်၏ ပထမဆုံးစာမျက်နှာတွင် စာလုံးအကြီးကြီးဖြင့် 'အဖေ့ကို တအားချစ်တယ်။ သား ဖြိုးဝေ' ဟူ၍ ရေးထားပြီး ဦးမြင့်စိန်၏ အလုပ်စားပွဲပေါ်တွင် တင်ထားလိုက်၏။ အဖုံးကိုလှန်လိုက်သည်နှင့် သူရေးထားသောစာကို အဖေတွေ့လျှင် သူ့ကိုလည်း ပိုချစ်လာမည်ဟု ဖြိုးဝေက တွေးထားသည်။

သူ့အဖေသည် သူ့ကို တစ်ကြိမ်သာ နမ်းဖူးသည်။ ထိုညက သူ ခေါင်းကိုက်နေသဖြင့် တော်တော်နှင့် အိပ်မပျော်။ သို့သော် မျက်လုံးကိုတော့ မှိတ်ထားသည်။ ညတော်တော်နက်တော့မှ အဖေက သူ့ပါးကို ဖွဖွလေး လာနမ်းသည်။ ပျော်လွန်းလို့ သူ့ခေါင်းကိုက်တာတောင် မေ့ပျောက်သွားသည်။ နောက်ညတွေမှာလည်း အဖေနမ်းတာ သိချင်လို့ ဖြိုးဝေ အိပ်မပျော်အောင် အောင့်နေသေးသည်။ သို့သော် မရ။ ခေါင်းအုန်းပေါ် ခေါင်းကျပြီးသည်နှင့် မကြာမီ အိပ်ပျော်သွားတာများသည်။

သူ့အင်္ကျႌကို သားရေကွင်းဖြင့် အပစ်ခံရသောနေ့မှစ၍ သူ မအိပ်ဘဲနေသည်မှာ (၃)ညရှိပြီ။ အိပ်ပျော်သွားလျှင် သေးပေါက်မိမှာစိုးရိမ်သောကြောင့် ဖြစ်သည်။ သူ့အဖေကတော့ သူမအိပ်ဘဲနေတာကိုမသိ။ သေးမပေါက်တာကိုသာသိသည်။ စာသင်ရင်း အိပ်ငိုက်လို့အရိုက်ခံရတာလည်း (၃) ရက် တောင် ရှိပြီ။

ဟော- အဖေတို့ ကားဝင်လာသံကြားရသည်။ အိမ်ထဲဝင်လာကြပြီ။ အဖေ့မိတ်ဆွေ ဦးညွှန့်လည်းပါလာသည်ကို တွေ့ရသည်။ စားပွဲရှေ့ရောက်တော့ အဖေက သူ့စာအုပ်ကို မကြည့်။ နံရံတွင် မှန်ပေါင်သွင်းထားသော စာတန်းတစ်ခုကို လက်ညှိုးထိုးပြနေသည်။

"ဦးညွန့်၊ ဟိုမှာဖတ်ကြည့်လိုက်စမ်းပါ"

ဦးညွန့်က လှမ်းဖတ်ကြည့်လိုက်သည်။

'အိုးထိန်းသည်သည် အိုးကို နာနာရိုက်သည်မှာ အိုးကောင်းဖို့အတွက်ဖြစ်သည်။ ထို့အတူ ဆရာ၊ မိဘကတပည့်၊ သားသမီးအား နာနာရိုက်သည်မှာ လိမ္မာဖို့အတွက်သာ ဖြစ်သည်'

"ဦးညွန့်လည်း ကိုယ့်သားသမီးကို နာနာသာရိုက်ပြီး ဆုံးမဗျာ။ အရိုက်ခံရတဲ့တုတ်ချက်များလေ သူတို့ဘဝ ပိုကောင်းလေပဲ။ အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင် မှတ်မိမယ်လို့ ကျုပ်က ပြောချင်တယ်။ ကလေးဆိုတာ ရိုက်မှ မှတ်မိတာဗျ။ မရိုက်ဘဲ ပြောဆိုဆုံးမရင် မမှတ်မိကြဘူး။ ကျွန်တော့်သားဆို ကြည့်ပါလား၊ အိပ်ရာထဲ သေးပေါက်တာ (၃) ရက်တောင် ရိုက်ယူရတယ်။ တတိယအကြိမ်ကျတော့ ရိုက်ပြီး အပြင်ဘက်မှာ ထုတ်ထားလိုက်တယ်။ အခု သေးပေါက်တာ ပျောက်သွားပြီ"

သူ့အဖေကို လှမ်းကြည့်နေသော လိုက်ကာနောက်မှ ဖြိုးဝေတစ်ယောက် ယနေ့ထိအောင် နီရဲပြီး စပ်ဖျင်းဖျင်းဖြစ်နေသော သူ့ငယ်ပါကို ရုတ်တရက် အလန့်တကြား လက်ဖြင့် ပြန်အုပ်ကိုင်မိသွားသည်။ အဖေက အပြစ်ရှိတဲ့နေရာကို ဒဏ်ပေးတာတဲ့။

"ဦးမြင့်စိန်က နှိပ်ကွပ်တဲ့ နိဂ္ဂဟကံတစ်ခုတည်း အားကိုးနေတာကိုးဗျ။ တကယ်ကျတော့ မကောင်းတဲ့အကျင့်တွေပျောက်ဖို့ဆိုတာ ချီးမြှောက်တဲ့ပဂ္ဂဟကံနဲ့လည်း ရပါတယ်"

"ဒါဆို ခင်ဗျားကလေးတွေ အိပ်ရာထဲ သေးမပေါက်အောင် ဘယ်လိုလုပ်လဲ"

"လွယ်လွယ်လေး၊ အရုပ်လှလှလေး(၃)ရုပ် ဝယ်လာလိုက်တယ်။ သေး



www.burmeseclassic.com

www.burmeseclassic.com

မပေါက်တော့တဲ့ အကြီးနှစ်ယောက်ကို တစ်ယောက်တစ်ရုပ်စီ ပေးလိုက်တယ်။ သေးပေါက်တဲ့ အငယ်ဆုံးကောင်ကို မပေးဘူး။ မပေးတော့ သူ ဖွတ်တောင်းပြီလေ။ ဒီကျတော့ ကိုယ်လိုချင်တာ သူကို ပြန်ပြောလိုက်ရုံပဲ။ သားသား အိပ်ရာထဲမှာ သေးမပေါက်ရင်ပေးမယ်လို့ အဲဒီညကစပြီး သေးမပေါက်တော့တာ ခုထိပဲ"

"အေးဗျာ- ဒီလိုဆိုတော့လည်း ဟုတ်သားပဲ။ ခက်တာက ကျွန်တော့်မှာ ရိုက်တာအကျင့်ဖြစ်နေပြီ။ ကျွန်တော်တို့တုန်းကလည်း အရိုက်ခံခဲ့ရတာဆိုတော့ ရိုက်ပြီး ဆုံးမမှရတယ်လို့ပဲ ထင်နေမိတယ်"

"ဆန့်ကျင်ဘက်ပြောတာတော့မဟုတ်ဘူး။ ကျွန်တော်တို့ညီအစ်ကိုမောင်နှမတွေအားလုံး တစ်ယောက်မှ အရိုက်မခံခဲ့ရဘူး။ ဒါပေမယ့် အခု ကြီးလာတဲ့အခါ မိုက်တာတစ်ယောက်မှမပါပါဘူး။ ကျွန်တော့်အစ်ကိုတစ်ယောက်ဆိုရင် ရိပ်သာဆရာတော်ကြီးတောင် ဖြစ်နေပြီ။ အစ်မအကြီးဆုံးက စာသင်တိုက်တည်ထောင်ထားတဲ့သီလရှင်ဆရာကြီးတစ်ပါး ဖြစ်နေပြီ။ ကျွန်တော်တို့ မိဘများဟာ သားသမီးအပြစ်ရှိရင် လူရှေ့သူရှေ့မှာ ဘယ်တော့မှ အော်ဟစ်ဆုံးမတာ မရှိဘူး။ ကွယ်ရာရောက်မှ အကျိုးသင့်အကြောင်းသင့် ရှင်းပြတယ်။

အဲ - လူရှေ့သူရှေ့မှာဆိုရင် ကျွန်တော်တို့ရဲ့ ကောင်းကွက်တွေကို အားပါးတရ ချီးမွမ်းစကားပြောတယ်။ အများရှေ့မှာ ကျုပ်သားက အကျင့်သီလသိပ်ကောင်းတာ။ နောင်တစ်ချိန် ဆရာတော်ကြီးတစ်ပါးဖြစ်ဖို့ အလားအလာရှိတယ်လို့ အချီးမွမ်းခံရတဲ့ ကျွန်တော့် အစ်ကိုဟာ အခုအဟုတ်ကိုဆရာတော်ကြီးဖြစ်နေပြီလေ။

ပညာသိပ်တော်တာလို့ ချီးမွမ်းခံရတဲ့ ကျွန်တော့်အစ်မတစ်ယောက်က ပါဠိနဲ့ဘွဲ့ရခဲ့တဲ့အပြင် ဒေါက်တာဘွဲ့တောင် ထပ်ရသွားပြီ။ အခု တက္ကသိုလ်မှာ ပါမောက္ခဖြစ်နေတယ်။ ကျွန်တော်လေ့လာမိသလောက်ဆိုရင် ကလေးတွေကို ရိုက်နှက်ခြင်းဖြင့် ကလေးတွေမှာရှိတဲ့ စာနာစိတ်နဲ့ ကရုဏာစိတ်ကို ဖျက်ဆီးပစ်ရာရောက်တယ်တဲ့ဗျ။

ပြီးတော့ အရိုက်ခံရတဲ့ ကလေးဟာ အသားနာတဲ့အပေါ်မှာပဲ အာရုံစိုက်သွားပြီး ဒေါသထွက်တာနဲ့ ကြောက်တာပဲ ရှိတော့တယ်။ သူလုပ်လိုက်တဲ့အမှားကို ဆင်ခြင်နိုင်တဲ့ဉာဏ်လည်း ပျောက်သွားတယ်။ ဒါ့အပြင် အပြစ်ရှိရင် အဖေနဲ့အမေရဲ့တာဝန်ပဲ ရှိတယ်။ ငါ့တာဝန်မရှိဘူးလို့လည်း စွဲသွားတတ်တယ်။ ဆိုလိုတာက အမြဲ အရိုက်ခံနေရတဲ့ကလေးဟာ အပြစ်ရှိ မရှိ ဆိုတာကို ကိုယ့်ဉာဏ်နဲ့မဆုံးဖြတ်နိုင်တော့ဘူး။ မိဘက ရိုက်မှပဲ ဒါဟာ အပြစ်ရှိတယ်။ မရိုက်ရင် အပြစ်မရှိဘူးလို့ စွဲသွားတော့ သူလုပ်သမျှအပြစ်ကို မိဘကဘယ်မှာ အမြဲသိနိုင်ပါ့မလဲ။ ကျွန်တော် လူပျိုပေါက်စအရွယ်လောက်တုန်းက အစ်မ-တစ်ဝမ်းကွဲတစ်ယောက်နဲ့ သံယောဇဉ်ဖြစ်ဖူးတယ်။ အမှန်ကတော့ နီးစပ်လို့ဖြစ်ကာပါ"

"ဟာ- ကျွန်တော်သာဆိုရင်တော့ လိမ့်ရိုက်ပစ်လိုက်မှာပဲ"

"အဲသလိုရိုက်ရင် မခံချင်စိတ်နဲ့ ခိုးပြေးကြမှာပေါ့။ ပိုဆိုးဖို့ပဲရှိတယ်။ စိတ်ပညာရှင်တွေရဲ့ လက်တွေ့စမ်းသပ်ချက်အရ ရိုက်ရင် အပြစ်ကိုမပြင်တဲ့အပြင် ပိုတောင်အရွဲ့တိုက်ပြီးလုပ်တတ်တယ်လို့ ဆိုတယ်။ ကျွန်တော့်အဖေ၊ အမေက လုံးဝမဆူဘူး။ အကျိုးအကြောင်းနဲ့ ရှင်းပြတယ်။ ဆွေမျိုးနီးစပ်ချင်းယူရင် ပညာရှိသူတော်ကောင်းတွေရဲ့ ရှုတ်ချခြင်းကို ခံရမယ်။ နောက်တစ်ချက်က သိပ္ပံပညာရှင်တွေ လက်တွေ့စမ်းသပ် တွေ့ရှိချက်အရ မွေးလာတဲ့ကလေးက ကိုယ်အားရော ဉာဏ်အားပါ အဆင့်နိမ့်သွားတယ်တဲ့။ အဲသလို ရှင်းပြလိုက်တာနဲ့ ကျွန်တော် နောက်ဆုတ်လိုက်တာပဲ။

ကျွန်တော်တို့ မိဘတွေက သားသမီးတွေနဲ့ ရင်းရင်းနှီးနှီးနေတယ်။ မိတ်ဆွေလိုပေါင်းတယ်။ အဲဒီတော့ ကျွန်တော်တို့ကလည်း ဘာဖြစ်ဖြစ် မိဘနဲ့ တိုင်ပင်ရတယ်။ ပြောရရင် ကျွန်တော်တို့က မိဘကို ချစ်တာ၊ လေးစားကြည်ညိုတာပဲ ရှိတယ်၊ မကြောက်ဘူး။ ကြောက်စရာလည်းမဟုတ်ဘူးလေ"

အဲဒါဆိုရင် မှားတာပေါ့ဗျ။ သားသမီးဆိုတာ မိဘကို ကြောက်မှဖြစ်မှာပေါ့"

"ချစ်ခင်ကြည်ညိုတဲ့ သားသမီးက မိဘစကားကို ရှေ့မှာလည်း နားထောင်တယ်။ ကွယ်ရာမှာလည်း နားထောင်တယ်။ ကြောက်ရုံကြောက်တဲ့ သားသမီးက မိဘစကားကို ရှေ့မှာသာနားထောင်တာ။ ကွယ်ရာမှာ နားမထောင်ဘူးဗျ"

"ကျွန်တော်ကတော့ သားသမီးကို စိတ်ထဲကပဲချစ်၊ အပြင်ထွက်မချစ်နဲ့၊ ကမ်းတက်လိမ့်မယ် ဆိုတဲ့ စကားကိုပဲ သဘောကျတယ်။ ကျွန်တော့်သားလေးကို ကျွန်တော် တအားချစ်တယ်။ ဒါပေမယ့် ကမ်းမတက်အောင် ကျွန်တော်ချစ်တာကို ကိုယ်အမူအရာနဲ့မပြဘူး။ နှုတ်နဲ့လည်းမပြောဘူး။ ကိုယ့်သားကို နမ်းချင်ရင်တောင် သူအိပ်ပျော်တဲ့အချိန်မှ နမ်းတယ်"

"ဘာလဲ၊ ခင်ဗျား ဆိုလိုတာက စိတ်ထဲကချစ်နေရင် ပြီးတာပဲ။ ကိုယ်နဲ့ နှုတ်နဲ့ ပြစရာမလိုဘူး ဒီလိုလား"

"ဟုတ်တယ်လေ"

"အဲဒါဆို ဆရာသာဓုက သူ့သား မောင်ဝဏ္ဏ မင်္ဂလာဦးညမှာ ပြဿနာရှာသလို ခင်ဗျား မင်္ဂလာဦးညမှာ ပြဿနာလာရှာချင်တယ်။ အခုတော့ ခင်ဗျားက ကလေးတစ်ယောက်တောင်ရနေပြီဆိုတော့ ကျွန်တော် နောက်ကျသွားပြီ"

"လုပ်ပါဦး။ ဆရာသာဓုက မောင်ဝဏ္ဏ မင်္ဂလာဦးညမှာ ဘယ်လိုပြဿနာရှာတာတဲ့လဲ"

"သင်္ကြန်တို့၊ ဝါဝင်၊ ဝါထွက်တို့မှာ ဆရာသာဓုရဲ့ သားသမီးတွေက ဆရာသာဓုတို့ လင်မယားကို တတ်နိုင်သမျှ ပစ္စည်းတွေနဲ့လာလာကန်တော့ကြတယ်။ အဲဒီထဲမှာ မောင်ဝဏ္ဏ မပါဘူး။ ပစ္စည်းတော့ လူကြုံနဲ့ထည့်ပေးလိုက်တယ်။ လူကတော့ မလာဘူး။ ဒါနဲ့ ဆရာသာဓုက မောင်ဝဏ္ဏကိုတွေ့တော့ မေးသတဲ့။ ဘာကြောင့် လူကိုယ်တိုင် လာမကန်တော့တာလဲပေါ့။ မောင်ဝဏ္ဏ က ပြောသတဲ့။ 'အဖေရာ၊ ကိုယ့်မိဘကို ရင်ထဲက ချစ်ခင်လေးစားရင် ပြီးတာပါပဲ' တဲ့"

"အဲဒီတော့ ဆရာသာဓုက ဘာပြန်ပြောသလဲ"

"ဘာမှပြန်မပြောဘူး။ တစ်ခါတည်း ထပြန်သွားတယ်။ ဘယ်ကျမှ ပြောသလဲဆိုတော့ မောင်ဝဏ္ဏ အမျိုးသမီးတစ်ယောက်နဲ့ မင်္ဂလာဆောင်တဲ့ မင်္ဂလာဦးညကျမှ ပြောတယ်။ မင်္ဂလာအခမ်းအနားပြီးတော့ မောင်ဝဏ္ဏတို့ဇနီးမောင်နှံဟာ သူတို့အတွက် ရထားတဲ့ တိုက်ခန်းကို ပြန်လာကြတော့ ဆရာသာဓုပါ လိုက်သွားသတဲ့။ ဟိုရောက်တော့ ဆရာသာဓုက ဘာမှမပြောဘဲ သူတို့နှစ်ယောက်အိပ်ခန်းထဲမှာ ဒီတိုင်းကြီးထိုင်နေသတဲ့။ ပထမတော့ မောင်ဝဏ္ဏက မရိပ်မိသေးဘူး။ ညမိုးချုပ်တော့ အဖေ မပြန်သေးဘူးလားပေါ့။ 'ငါမပြန်ဘူး၊ ဒီနေရာမှာအိပ်မယ်' လို့ ပြောလိုက်တော့ မောင်ဝဏ္ဏ ဒုက္ခရောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ 'ဟာ - ဘယ်ဖြစ်မှာလဲ အဖေရ။ မင်္ဂလာဦးညမှာ အဖေ ညအိပ်လို့ ဘယ်သင့်တော်ပါ့မလဲ' လို့ ပြောတဲ့အခါကျမှ ဆရာသာမုက ကလဲ့စားချေတော့တယ်။ 'မင်းမိန်းမကို စိတ်ထဲကချစ်ရုံနဲ့ ကိစ္စမပြီးဘူးလား။ ချစ်တယ်လို့ ပါးစပ်က ပြောစရာလိုသေးလား။ အိပ်ခန်းထဲမှာ ချစ်သက်သေပြစရာလိုသေးလား' လို့ မေးပြီလေ။

မောင်ဝဏ္ဏ ဘာမှပြန်မပြောနိုင်တော့ဘူး။ 'ငါတို့မိဘကို တန်တော့ဖို့တုန်းကတော့ စိတ်ထဲက ချစ်ခင်ကြည်ညိုရင်ပြီးတာပဲ ဆိုတဲ့ကောင်။ အခုမင်းမယားကိုလည်း စိတ်ထဲကပဲ ချစ်ရမယ်။ ချစ်တဲ့အကြောင်း မင်းပါးစပ်ကမပြောနဲ့။ ခန္ဓာကိုယ်နဲ့လည်း မပြနဲ့' လို့ လက်တွေ့ပြပြီး ဆုံးမမှ မောင်ဝဏ္ဏ သဘောပေါက်သွားတယ်။ အဲဒီကျမှ သူ့အမှားကိုလည်း ဝန်ခံသွားတယ်။ နောက်နှစ်တော့ မိဘကို ကန်တော့တဲ့ပွဲမှာ မောင်ဝဏ္ဏ ပါလာတယ်။ အခုလည်း ဦးမြင့်စိန်အနေနဲ့ တိုယ့်သားကိုစိတ်ထဲကပဲချစ်မယ်။ ကိုယ်နှုတ်နဲ့ထုတ်ပြီး မချစ်ဘူးဆိုရင် ဦးမြင့်စိန်ရဲ့သား ကြီးလာတဲ့အခါမှာလည်း ဦးမြင့်စိန်ကို စိတ်ထဲကပဲချစ်ပြီး အနားကို လာမှာမဟုတ်တော့ရင် ဘယ်လိုလုပ်မလဲ"

ဦးမြင့်စိန်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဦးညွန့်ပြောသော စကားများမှာ သဘာဝကျနေသည် မဟုတ်ပါလား။ သို့သော် နှစ်ပေါင်းများစွာစွဲလာသော အလုဝါဒတစ်ခုကို ချက်ချင်း စွန့်ပစ်ဖို့ ဦးမြင့်စိန် အခက်ကြုံနေသည်။ သူ့စားပွဲပေါ်မှာ ဖြိုးဝေ၏ဗလာစာအုပ်လေးကို တွေ့လိုက်သည်။ တော်တော် စည်းကမ်းမရှိတဲ့ကလေး။ သူ့ကျောင်းစာအုပ်ကို ဘာကြောင့် သူ့အလုပ်စားပွဲပေါ်တင်ထားရသနည်း။ လှမ်းအော်လိုက်မည်ပြင်ပြီးမှ ဦးညွန့်ပြောစကားကို အမှတ်ရသွားပြီး ခက်ထန်စွာ မအော်မိတော့ပေ။

"သား- ဖြိုးဝေ"

"ခင်ဗျာ"

"ဒီမှာ သားစာအုပ်လာယူ"

"ဟုတ်ကဲ့"

ဖြိုးဝေ လက်ပိုက်ပြီး ဦးမြင့်စိန်ရှေ့သို့ရောက်လာ၏။ သို့သော် တရားသူကြီးရှေ့သို့ရောက်သော တရားခံကဲ့သို့ ဘေးဘီမကြည့်ရဲဘဲ အောက်သို့ငုံ့ရင်း ရောက်လာသည်။

"သားစာအုပ်က ဘာဖြစ်လို့အဖေ့စားပွဲပေါ်ရောက်နေတာလဲ"

"ဟို. . . ဟို"

ဖခင်ကို ကြောက်သည့် စိတ်က လွှမ်းမိုးနေသောအခါ မှန်သော၊ အကျိုးရှိသော၊ နှစ်သက်မှုကို ဖြစ်စေနိုင်သော စကားကိုပင် ဖြိုးဝေ မပြောရဲတော့။ မလိုအပ်ဘဲ အကြောက်လွန်နေခြင်းသည် နုံးညံ့သော စိတ်ဝေဒနာတစ်မျိုးပင် ဖြစ်၏။

"ရော့ - နောက် ကျောင်းစာအုပ်ကို တခြားနေရာမှာမရှိစေနဲ့။ သူ့နေရာနဲ့ သူထား"

"ဟုတ်. . . ဟုတ်ကဲ့"

"ကဲ - သွားတော့"

ဦးမြင့်စိန် စာအုပ်ကို လှမ်းပေးလိုက်သည်။ စာအုပ်ကိုယူကာ ဖြိုးဝေ ထွက်သွားသည်။ ဦးမြင့်စိန်သည် ရှင်ဘုရင်ဘဝကလာလေသလော မသိ။ ထိုကဲ့သို့ သူ့ကို မော်မကြည့်ရဲခြင်းကို သူ အလွန်နှစ်သက်သည်။ သူပြောသမျှကိုလည်း မှားမှား၊ မှန်မှန် စောဒကတက်သည်ကို မကြိုက်။ ငြိမ်နားထောင်ပြီး ခေါင်းညိတ်မှကြိုက်သည်။ စောဒကတက်လာသူမှန်သမျှကို သူ့ရန်သူဟု သဘောထားတတ်သည်။ ကုပ်ကုပ်ကလေးထွက်သွားသော သားဖြစ်သူကို ကြည့်၍ ဦးစိန်မြင့်က ဂုဏ်ယူဝင့်ကြွားစွာ ဦးညွန့်အား ပြောလိုက်သည်။

"တွေ့လား ဦးညွန့်၊ ကျွန်တော့်သား ဘယ်လောက် အပိုးကျိုးသွားသလဲ"

"အပိုးပါမကဘူး၊ အညွန့်ပါကျိုးသွားတာ။ အဲသလိုကလေးတွေ ကြီးလာရင် ပညာတတ်အရာရှိကြီးတွေတော့ဖြစ်နိုင်တယ်။ ဒါပေမယ့် ပြောတိုင်း ခေါင်းညိတ်တတ်တဲ့ နိုင်ငံကိုမချစ်ဘဲ ရာထူးနဲ့ အာဏာကိုသာချစ်တတ်တဲ့လူကြီးမျိုးပဲ ဖြစ်လာမယ်။ ကလေးကောင်းမှ လူကြီးကောင်းမှာ ဆိုတဲ့ ရွှေဥမင်ဆရာတော်ရဲ့ ဩဝါဒအတိုင်း ကလေးတွေ ငယ်ငယ်ကတည်းက စိတ္တသတ္တိရှိဖို့ ခင်ဗျားတို့၊ ကျွန်တော်တို့မှာ တာဝန်အပြည့်ရှိတယ်။ ပြီးတော့ ဦးမြင့်စိန်၊ ခင်ဗျားသား အပြင်စာစောင်ဂျာနယ်တွေ ဖတ်တတ်ပြီလား"

"အင်း- အလေ့အကျင့်မရှိသေးဘူးဗျ"

"ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါအောင်လုပ်ထားဗျ။ ကျွန်တော့်သားသမီးအားလုံး စာဖတ်ဝါသနာပါတယ်။ (၃)တန်းရောက်နေတဲ့သမီးဆိုရင် ဘာသာရေးစာအုပ်တွေပါ ဖတ်နိုင်နေတော့ ကျုပ်တို့မိဘတွေ မှားရင်တောင် သူက ဆုံးမ(လမ်းညွှန်)လိုက်သေးတယ်"

"ကြံကြံဖန်ဖန် ဦးညွန့်ရာ၊ မိဘကသာ သားသမီးကို ဆုံးမရမှာပါ။ ဘယ့်နှယ် သားသမီးက မိဘကို ဆုံးမရမယ်လို့။ သားသမီးကသာ မှားမှာပေါ့။ မိဘက ဘယ်လိုလုပ်မှားမှာတုံး"

"ပထမ မစိုးရိမ်ဆရာတော်ကြီးက ဆုံးမတယ်ဗျ။ 'ဘုရားမဖြစ်သေးသမျှ မိမိကိုယ်ကို ဘယ်တော့မှ ပြည့်စုံပြီလို့ မအောက်မေ့ပါနဲ့' တဲ့။ လိုရင်းကတော့ ဘုရားမဖြစ်သေးရင် မှားနိုင်သေးတယ်လို့ ဆိုလိုတာပဲ။ အရှင်သာရိပုတ္တရာတောင် သင်္ကန်းရုံတာ မညီမညွတ်ဖြစ်နေလို့ (၇)နှစ်သား ကိုရင်လေးက ဆုံးမဖူးတယ်။ သင်္ကန်းမညီဘူးဖြစ်နေတယ်၊ ညီအောင်ဝတ်ပါ ဆိုတာမျိုးပေါ့။ အရှင်သာရိပုတ္တရာတာ သင်္ကန်းကိုသေချာပြင်ရုံပြီး ကိုရင်လေးရှေ့သွားတယ်။ လက်အုပ်ချီပြီးတော့ လျှောက်တယ်။ 'ပြင်ရုံပြီးပါပြီ ဘုရား။ နောက်နောင် အပြစ်ရှိရင်လည်း အခုလို ဆုံးမပါဘုရား' တဲ့။ အဲဒီတော့ အရှင်သာရိပုတ္တရာလို ရဟန္တာအရှင်မြတ်ကြီးတောင် ချို့ယွင်းချက်ရှိရင် ခင်ဗျားတို့၊ ကျုပ်တို့ပုထုဇဉ်တွေက ပိုတောင်ရှိနိုင်သေးတာပေါ့"

"ကဲပါဗျာ၊ မိဘလည်း မှားတာ လက်ခံပါပြီ။ ခင်ဗျားတို့ကို (၈)နှစ်သမီးက ဆုံးမတာကို ပြောပြပါဦး"

"ဒီလိုဗျ၊ အဲဒီနေ့က ကျွန်တော်တို့လင်မယားက ဆရာတော်တစ်ပါးရဲ့ ကျောင်းကို ဝါဆိုသင်္ကန်းကပ်ဖို့သွားကြမှာ ကျွန်တော့်ဇနီးက သင်္ကန်းဘူးမှာ ကျွန်တော်တို့ လင်မယားနှစ်ယောက်နာမည်ကို ဆော့လ်ပင်အကြီးကြီးနဲ့ရေးနေတာ။ အဲဒါ သမီးလေးကဘာပြောလိုက်သလဲဆိုတော့ 'သင်္ကန်းမှာ တပ်မက်တဲ့လောဘကိုကျတော့ ဝယ်နိုင်ပြီး နာမည်ကြီး လှူသိများချင်တဲ့ လောဘကို မပယ်နိုင်ရင် အယ်လိုလုပ်ပြီး ပါရမီထိုက်တဲ့ဒါနဖြစ်မှာလဲ' တဲ့။

ကျွန်တော်တို့နှစ်ယောက် ရှက်လိုက်တာဗျာ။ ကျွန်တော့်ဇနီးဆို ကောင်းမှုရှင်နာမည်ကြီးကို ချက်ချင်းပြန်ဖျက်ပစ်လိုက်တယ်။ အမှန်တော့ အဲဒီစာအုပ်ကို ကျွန်တော်တို့လည်း ဖတ်ပြီးသားဗျ။ ဒါပေမယ့် အပြင်မှာ လက်တွေ့ကျင့်သုံးဖို့ သတိမရကြတာ။ ဇနီးကဆိုရင် သမီးလေးကို လိုက်လိုက်လှဲလှဲ ချီးကျူးရှာတယ်"

"အင်း- ကျွန်တော်တောင် စိတ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်စားသွားတယ်။ ပါရမီထိုက်တဲ့ဒါနနဲ့ မထိုက်တဲ့ဒါန ဘယ်လိုကွာသလဲဗျ"

"စာအုပ်ထဲမှာ အကျယ်ရေးထားတာက လှူဖွယ်ဝတ္ထုမှာ တပ်မက်တဲ့ လောဘ၊ နာမည်ကြီးချင်တဲ့ လောဘ၊ နောက်ဘဝချမ်းသာချင်တဲ့လောဘ (၃) မျိုးကို ပယ်သတ်ပြီး အလှူခံ ချမ်းသာပါစေ ဆိုတဲ့ စိတ်သက်သက်နဲ့ လှူဒါန်းရင် ပါရမီထိုက်တယ်။ ဖော်ပြပါ လောဘ (၃) မျိုးအနက် တစ်မျိုးမျိုးနဲ့ လှူဒါန်းရင် ပါရမီမထိုက်ဘူး။

ပါရမီထိုက်တဲ့ဒါနက အလှူခံ ချမ်းသာဖို့ အဓိကထားတယ်။ ပါရမီမထိုက်တဲ့ဒါနက ငါ ချမ်းသာဖို့ အဓိကထားတယ်။ အလှူခံချမ်းသာဖို့ အဓိကထားလိုက်ရင် ငါချမ်းသာဖို့ဆိုတဲ့စိတ်ကို ပယ်သတ်ပြီးသားဖြစ်တယ်။ ကိလေသာနာမည်တပ်ရရင် ငါဆိုတာက ဒိဋ္ဌိကိလေသာ၊ ချမ်းသာဖို့က လောဘကိလေသာပေါ့။ ပါရမီထိုက်တဲ့ဒါနရှင်တွေက လူချမ်းသာ၊ နတ်ချမ်းသာလည်း ရတယ်။ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုရတယ်။ ပါရမီမထိုက်တဲ့ ဒါနရှင်တွေကတော့ လူချမ်းသာ၊ နတ်ချမ်းသာသလောက်ပဲရမယ်။ နိဗ္ဗာန်အထောက်အပံ့ မဖြစ်နိုင်တော့ဘူး"

"ဟာ - တော်တော်နက်နဲတာပဲ။ ခင်ဗျားသမီးလေးက ဒါတွေတောင်သိနေတယ်ပေါ့"

"အဲဒါ စာဖတ်၊ တရားနာရတဲ့အကျိုးပေါ့။ ကျွန်တော်တို့က ညတရားပွဲတွေသွားရင်လည်း ကလေးတွေကိုခေါ်သွားတယ်ဗျ။ မနက်မိုးလင်းတာနဲ့ အိမ်မှာ တရားခွေတစ်ခွေဖွင့်ပြီး နားထောင်တယ်။ ဒီကျေးဇူးတွေပေါ့ဗျာ။ နောက်တစ်ခုပြောရင် ခင်ဗျား အံ့ဩဦးမယ်"

"ဘာလဲဗျ၊ ပြောပါဦး"

"တစ်ခါတော့ စာရေးတရားဟောနှစ်မျိုးလုံး သာသနာပြုနေတဲ့ ဆရာတော်ကြီးတစ်ပါး ကျွန်တော်တို့အိမ်ကို ဆွမ်းခံပင့်လို့ ကြွလာတယ်။ တရားမဟောမီမှာ သမီးလေးက မေးခွန်းတစ်ခုထမေးလိုက်တော့ ဆရာတော်ကြီးဆိုလေ သမီးလေးကို ချီးမွမ်းလို့မပြီးနိုင်ဘူး။ ဒီဆရာတော်ကြီးရေးတဲ့စာအုပ်ကိုပဲကြည့်ပြီးမေးတာဗျ။ သမီးလေး မေးတာက ဆရာတော်ကြီးရေးတဲ့ စာအုပ်ထဲမှာ ဘုရားဆိုတာ ရဟန်းတော်တွေနဲ့ အတူတူ ခေါင်းတုံးပဲ။ ဗုဒ္ဓရုပ်ပွားတော်ကို စတင်ထုလုပ်ကြတဲ့ ဂရိဝန်းပုဆရာတွေက ဗုဒ္ဓရဲ့ခေါင်းပေါ်မှာ ဉာဏ်ပညာ ကြီးမားသူ ဆိုတဲ့ အထိမ်းအမှတ်အဖြစ် မီးတောက်ပါတဲ့ ဆံမီးခွက်ပုံလေးထည့်ပြီး ထုကြတယ်။ ကာလရွေ့လျောလာတဲ့အခါကျတော့ နောက်ပန်းချီပန်းပုဆရာတွေက မီးတောက်ပုံကို ဆံထုံးမှတ်ပြီး ဆံထုံးပုံထုလုပ်ရာကနေ ဗုဒ္ဓပုံတွေမှာ ဆံထုံးတွေပါလာတယ်လို့ ရေးထားပါတယ်။ တပည့်တော် သိချင်တာက ဗုဒ္ဓဟာ ဆံပင်မပါတဲ့ ခေါင်းတုံးဆိုရင် တပုသနဲ့ ဘလ္လိကတို့ကို ဆံတော် ဘယ်လိုလုပ်ပေးသလဲဘုရားတဲ့။

ဆရာတော်ကြီးက ဖြေတယ်။ ဘုရားရှင် ခေါင်းတုံးဆိုသော်လည်း ပြန်ပေါက်တဲ့အခါ လက်နှစ်သစ်တော့ ရှိပါတယ်တဲ့။ အဲဒါကိုပဲ ပေးတာလို့ ဖြေလိုက်မှ သမီးလေးက အခုလိုဖြေပေးတာ ကျေးဇူးတင်ပါတယ် ဘုရားတဲ့။ ဆရာတော်က မိန့်တယ်။ ဒီသမီးလေး ကြီးလာရင် စာရေးဆရာမကြီးဖြစ်လိမ့်မယ်။ စာရေးဆရာဆိုတာ သူများမမြင်တာကို မြင်တတ်တယ်တဲ့"

"အေးဗျာ ဦးညွန့်၊ ကျေးဇူးပဲ။ နောက်ဆိုရင် ကျွန်တော့်သားလေးလည်း စာဖတ်ရော တရားနာပါ ဝါသနာပါအောင် လုပ်ပေးရမယ်"

❑

ထိုနေ့က အလုပ်မှ အိမ်အပြန်ခရီးသည် ဦးစိန်မြင့်အတွက် ပျော်စရာအကောင်းဆုံးဖြစ်နေသည်။ သူ လင်ခရူဆာကား စီးချင်သည်မှာ နှစ်အတော်ကြာပြီ။ သို့သော် သူ့အဆင့်လောက်နှင့် သိန်းပေါင်း(၃၅၀၀)အထက်မှာရှိသော ရှင်းကားနားသို့ မကပ်နိုင်ခဲ့။ ၂၀၀၉ ခုနှစ်လောက်က သူဝယ်စီးနေသော ဆတ်ဖ်ကားကို အလိုက်ပေးပြီး လင်ခရူဆာ(ဆိုက်ကနက်) ၂၀၀၆ မော်ဒယ်တစ်စီး ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ယခု ၂၀၁၁ ခုနှစ်ထဲမှာပင် ယခင်က သိန်းပေါင်း (၃၅၀၀) တန် လင်ခရူဆာကားများသည် ယခုဆိုလျှင် သိန်းရာဂဏန်းလေးမျှသာ ရှိတော့သည်။ သူ့ကားသည် သိန်းပေါင်း (၁၂၅၀) သာကျသည်။ စီးသောအခါ ငြိမ်ပြီးငြိမ့်နေသောအရသာကို ခံစားရင်း သူ့အိမ်သို့ ရောက်လာသည်။ ကားသံကြားရသည်နှင့် ဒေါ်တိုးက တံခါးပြေးဖွင့်ပေးသည်။ ထုံးစံအတိုင်း သားလေးကတော့ တိုက်ရှေ့မှ သူ့ကိုကြိုနေသည်။ ဦးမြင့်စိန် ကားတံခါးဆွဲဖွင့်ပြီးသည်နှင့် ပြေးလာသောသားကို ပွေ့ချီနမ်းလိုက်သည်။ မနေ့က ဦးညွန့်ပြောသော စကားများက သူ့နားထဲသို့ ထိုက်သလောက် ဝင်ခဲ့သည်မဟုတ်ပါလား။

"အဖေ့ကားက အသစ်ကြီးနော်"

"ဟုတ်တယ် သားရ၊ အသစ်ကြီး။ အဖေ ဒီကားကြီးစီးနိုင်အောင် နှစ်တွေအကြာကြီးစောင့်ပြီး ငွေစုဝယ်ခဲ့ရတာ"

"သားလည်းစီးချင်တယ်"

"စီးရမှာပေါ့ဗျာ၊ အဖေ့ကားက သားရဲ့ကားပဲပေါ့"

သားအဖနှစ်ယောက် စကားကောင်းနေကြစဉ်ပင် ဖုန်းခေါ်သံကြားရသဖြင့် သားကို ခဏချပြီး ဖုန်းပြောရသည်။ ထိုအချိန်တွင် ဖြိုးဝေက ကားအသစ်ကြီးဆီသို့ ပြေးထွက်သွားသည်။

"ဟဲလို - ပြောပါ"

"ဆရာ၊ ကျွန်တော် ညိုဝင်းပါ"

သူ့အလုပ်ဆိုက်နံပါတ်(၂)မှ လက်ထောက်အင်ဂျင်နီယာညိုဝင်း ဖြစ်သည်။ သူသည် နေ့အလုပ်ဆိုက် (၁) မှာ အချိန်ကုန်သွားသဖြင့် (၂) ကို မသွားကြည့်လိုက်ရပေ။ မည်သည့်အကြောင်းများပေါ် သည်မသိ။

"ကဲ - ညိုဝင်း၊ ပြော။ ဘာအကြောင်းပေါ် လို့လဲ"

"အလုပ်ဆိုက်ထဲက လက်သမားခေါင်းဆောင် အမိုးမိုးရင်း ဒိုင်းလွတ်ကျပြီး ဘယ်ဘက်လက်မ ကြေသွားတယ် ဆရာ"

"အေး - အဲဒါဆိုလည်း ဆေးရုံပို့လိုက်ပေါ့"

"ပို့လိုက်ပြီ ဆရာ၊ လက်မက ဖြတ်ပစ်ရမှာလို့ ဆရာဝန်ကပြောတယ်။ လူ[illegible]က အင်္ဂါချို့ယွင်းသွားတဲ့အတွက်ကြောင့် လျော်ကြေး(၅)သိန်းတော့ပေးပါတဲ့။ ငွေ(၅)သိန်းဆိုတာ ဆရာတို့အရက်ဝိုင်းတ[illegible]ခါထိုင်ပဲရှိတာပါတဲ့"

ဟုတ်တော့ဟုတ်သည်။ ဦးမြင့်စိ[illegible] (၃၉၀,၀၀၀) တန်သော နှစ်ချို့ဝိုင်[illegible]ပုလင်း သူငယ်ချင်း (၃)ယောက်နှင့်အ[illegible]သောက်ဖူးသည်။ ကုန်ကျစရိတ်အား[illegible]ရှင်းလိုက်တော့ (၅) သိန်းပင် နည်းနည်း[illegible]ကျော်သွားသေးသည်။ သို့သော် အဲဒါ[illegible]ကိုယ့်ခန္ဓာမှ ကိုယ်သဒ္ဒါတာ။ အော[illegible]တန်းစား အလုပ်သမားတစ်ယောက် [illegible](၅) သိန်း အကုန်မခံနိုင်။

"ဘာလို့ (၅) သိန်းပေးရမှာလဲ[illegible]လက်တစ်ချောင်းပဲဖြစ်တာ (၁) သိ[illegible]ပေးမယ်။ တကယ်လို့ (၅) သိန်းလို[illegible]ရင် နောက်ကျန်တဲ့လက်(၄)ချောင်[illegible]ငါကိုယ်တိုင် တူနဲ့ထုတာကို ခံရမယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်”

“ပေးလိုက်မှ ကောင်းမယ် ထင်တယ်ဆရာ။ တော်ကြာ ဟိုတိုင်ဒီတိုင်နဲ့ ပြဿနာလိုက်ရှင်းနေရရင် ဆရာပိုကုန်နေလိမ့်မယ်”

“တိုင်ချင်တဲ့နေရာတိုင်လို့ ပြောလိုက်ကွာ။ ဘယ်လောက်ကုန်ကုန် လိုက်ရှင်းမယ်”

ကြည်နေသောစိတ်လေး နောက်သွားပြီ။ ထိုကဲ့သို့အပြောမျိုးတွေကြောင့် ယင်းလက်သမားခေါင်းဆောင်ကို ဦးမြင့်စိန်ကြည့်မရ။ လက်သမားခေါင်းဆောင်သည် အကျင့်တော့ ကောင်းသည်။ သို့သော် အလုပ်သမားများနှင့် ပတ်သက်လာလျှင် သူ့ဘက်ကမနေဘဲ အလုပ်သမားဘက်က ရှေ့နေလိုက်ထတ်သည်။ ထိုအချက်ကြောင့်ပင် ဦးမြင့်စိန်က လက်သမားခေါင်းကိုမုန်းခြင်း ဖြစ်သည်။

တခြား အလုပ်သမားဆိုလျှင် တောင်းသောငွေကို ပေးချင်ပေးဦးမည်။ ထိုသူဖြစ်နေခြင်းကြောင့် ပိုပြီးမပေးလိုခြင်း ဖြစ်သည်။ သူလိုချင်တာ ရိုးရိုးမတောင်းဘဲ ဘာကြောင့် သူတို့အရက်ဝိုင်းကိစ္စထည့်ပြောရသနည်း။ ယခုအချိန်သာ ထိုသူ့ကိုတွေ့ရလျှင် အလျော်မပေးဘဲ ကျန်နေသော သူ၏လက်လေးချောင်းကို စားပွဲပေါ်တင်ပြီး ကြေမွသွားအောင် ထုပစ်လိုက်ချင်သည်။

ဝယ်လာခါစ သူ့ကားကို တစ်ကြိမ်ထပ်ကြည့်ချင်သောကြောင့် ကားရှိရာသို့ ထွက်လာခဲ့သည်။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ့ဒေါသတွေ ငယ်ထိပ်ထိတက်သွားသည်။ သူ့သားက သူ့ကားကို အိမ်ရိုက်သံချောင်းရှည်ဖြင့် တဂျစ်ဂျစ်မြည်အောင် ရေးခြစ်နေပါရောလား။

“ဟင်- လူမိုက်”

ဦးမြင့်စိန်၏ ညာဘက် လက်ဝါးသည် ဖြိုးဝေ၏ နားရင်းပေါ်သို့ ခပ်ပြင်းပြင်း ကျသွားသည်။ ဖြောင်း ဟူသော အသံနှင့်အတူ ဖြိုးဝေခန္ဓာကိုယ်က မြေကြီးပေါ် ဝုံကျသွားသည်။ ဖြိုးဝေလက်ထဲမှသံချောင်းလည်း အရှိန်နှင့်လွင့်ထွက်သွားသည်။ မနေ့က ဦးညွန့်ပြောခဲ့သော စကားတွေ ဦးမြင့်စိန် တစ်လုံးမှ မမှတ်မိတော့။

လောလောဆယ် သူသိသည်က ဖြိုးဝေကို မှတ်လောက်သားလောက်အောင် ဒဏ်ခတ်ဖို့သာ တာစူနေလေသည်။ ဖြိုးဝေမှာလည်း ကြောက်လွန်းအားကြီးပြီး ငိုဖို့ပင်မေ့နေသည်။ ကြောင်တက်တက်ဖြစ်နေသော ဖြိုးဝေကို သူ့အိမ်ထဲသို့ ဆွဲခေါ်သွားသည်။

“လာခဲ့စမ်း၊ မင်း အိပ်ရာထဲမှာ သေးပေါက်တုန်းကလို ကျူးလွန်တဲ့နေရာကိုပဲ အပြစ်ပေးရမယ်။ ဒါမှ မင်းအပြစ်ကို မင်းပိုမှတ်မိမှာ”

ဖြိုးဝေ၏ ညာလက်ကို သူ့လက်ဖြင့် မလှုပ်နိုင်အောင်ကိုင်ကာ စားပွဲပေါ် တင်လိုက်သည်။ စားပွဲပေါ်တွင် အသင့်တွေ့ရသော ဖန်တုံးဖြင့် ထုသည်။ နာရုံလောက် ခပ်သာသာထုလိုက်မည်ဟု မှန်းထားသော်လည်း ကားအပေါ် တပ်မက်သော လောဘ၊ အလုပ်သမားအပေါ် မကျေနပ်သော ဒေါသတို့ ဖုံးလွှမ်းသွားသောအခါ ဦးမြင့်စိန်တစ်ယောက် အချက်ပေါင်းများစွာ အားကုန် ထုချလိုက်သည်။

ဖြိုးဝေ၏ ကြောက်လန့်တကြားအော်သံ၊ သူ၏ အားကုန်ထုသံတို့က တိုက်ခန်းထဲတွင် ဆူညံနေသည်။ ထိုအချိန်မှာပင် မီးဖိုထဲမှထွက်လာသော ဒေါ်တိုးက လှမ်းကြည့်ရင်း-

“အမယ်လေး ဆရာရယ်၊ ကလေးသေပါပြီ”

ဟု အသံကုန်အော်လိုက်သောအခါတွင်မှ ဦးမြင့်စိန် သတိပြန်ဝင်လာသည်။ သူ့သား၏ လက်ချောင်းလေးများ (၅)ချောင်းလုံး ကျိုးကြေပြီး သွေးတွေကလည်း သူ့လက် အပါအဝင် စားပွဲတစ်ပြင်လုံး အိုင်ထွန်းနေပါပြီ။ ဖြိုးဝေလည်း ပျော့ခွေကျပြီး သတိလစ်သွားလေပြီ။

“သား၊ သားလေး ဖြိုးဝေ အဖေမှားပါပြီကွယ်။ ဒေါ်တိုး လာပါဦးဗျ။ သားလေးကို ကယ်ပါဦး”

ဦးမြင့်စိန် သတိလစ်နေသောသားငယ်ကို ပွေ့ဖက်ရင်း အရူးတစ်ယောက်လို အော်ဟစ်ငိုယိုနေသည်။

“ဆရာ၊ ငိုနေလို့ မပြီးသေးဘူး။ ဆေးရုံပို့ရအောင်။ တော်ကြာ သွေးလွန်သွားရင် အသက်အန္တရာယ်ရှိတယ်”

“အေး - သွားမယ်၊ သွားမယ်။ ဘယ်နှနာရီထိုးပြီလဲ”

သူ့လက်ပတ်နာရီကို ငုံ့ကြည့်သော်လည်း ဂဏန်းများကို မမြင်ရတော့။ မျက်ရည်တွေကဖုံးနေပြီ။ တိုင်ကပ်နာရီကို မော့ကြည့်သောအခါ နာရီချက်ချင်းမတွေ့ရဘဲ အိုးထိန်းသည်နှင့် ဥပမာပေးပြီး ကလေးကို ရိုက်သင့်ကြောင်း ရေးထားသည့်စာတန်းကို သွားဖြတ်ကာ ကြမ်းပြင်သို့ ကိုင်ပေါက်ခွဲပစ်လိုက်သည်။

“သွားစမ်း ဒီစာတန်းပြီးမြှောက်ပေးလို့ ငါ့သားကို ငါ ထူထောင်အောင် ရိုက်မိတာပဲ”

ဒေါ်တိုးက ကလေးကို ဖောင်မြှင်း ပတ်ကာ ပွေ့ထားစေပြီး သူ ကားကို သတိထားမောင်းနေရသည်။

“ဆရာ- ဟိုဟာ တရားခွေမဟုတ်လား၊ ဖွင့်လိုက်ပါလား။ ဆရာ့စိတ်တွေလည်း ငြိမ်သွားတာပေါ့”

သူနှင့် သူ့သား တရားနာအောင် ဆိုကာ ဦးညွန့် ထည့်ပေးလိုက်သော တရားခွေ ဖြစ်သည်။ သူစက်ထဲထည့်ပြီး ဖွင့်လိုက်သည်။ ကြည်လင် ပြတ်သားသော ဆရာတော်တစ်ပါး၏တရားသံပေါ်လာသည်။

“ကောလိယပြည်နဲ့ ဒေဝဒဟပြည်တို့ဟာ အစိရဝတီမြစ်ရေနဲ့ လယ်ယာစိုက်ပျိုးကြပါတယ်။ တစ်နှစ်မှာတော့ မိုးခေါင်တဲ့အတွက် မြစ်ရေဟာ အင်မတန် နည်းပါးနေပါတယ်။ ဒါကြောင့် နှစ်ပြည်ထောင်သုံးဖို့ မလောက်နိုင်ဘူးဖြစ်နေတော့ လက်သမားတွေ မြစ်ရေလုကြရင်း ရန်ဖြစ်ရာကနေ ဘုရင်နှင့်တကွ တစ်ပြည်လုံးအထိပါလာပြီး စစ်ပွဲဖြစ်ဖို့ အခြေကို ရောက်ခဲ့ပါတယ်။ နှစ်ပြည်ထောင်တပ်တွေဟာ မြစ်ရဲ့ ဟိုဘက်ဒီဘက်မှာ တပ်ချပြီး တိုက်ခိုက်ဖို့ ပြင်ဆင်နေပါပြီ။ ဒီအချိန်မှာ ဘုရားရှင် ကြွရောက်တော်မူလာပြီး ဖျန်ဖြေတော်မူပါတယ်။ နှစ်ပြည်ထောင်စလုံးဟာ ဘုရားရှင်ရဲ့ဆွေမျိုးတွေချည်းပါပဲ။

ဦးမြင့်စိန် စဉ်းစားရပြီ။

‘ဩော်- ငါဟာ တန်ဖိုးဖြတ်လို့ရတဲ့ကားအတွက် တန်ဖိုးဖြတ်လို့မရတဲ့ သားရဲ့ လက်ချောင်းလေးတွေကိုတော့ ပစ်ခဲ့တာပါလား”

ဆေးရုံရောက်သည်နှင့် ခဏအကြာမှာပင် ခွဲစိတ်ခန်းထဲသို့ ဝင်သွားသည်။ ခွဲစိတ်ခန်းကပြန်ထွက်လာတော့ ည (၁၀) နာရီကျော်နေပြီ။ သားက လက်တွန်းလှည်းပေါ်မှာ ပက်လက်ကလေး သတိရသေးဟန်မတူ။ သားရဲ့ညာဘက်လက်ကတော့ ပတ်တီးတွေ ဖြူဖွေးနေသည်။ သားကိုကြည့်ရင်း မျက်ရည်တွေက အတားအဆီးမဲ့စွာ ထွက်လာသည်။ ခွဲစိတ်ခန်းမှ ပထမဆုံး ထွက်လာသော ဆရာဝန်ကြီး၏စကားက သူ့နားထဲမှမထွက်။

“ဦးမြင့်စိန်၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပြီး ခွဲစိတ်တာပဲဗျာ။ လက်မတစ်ချောင်းတော့ အကောင်းပြန်



www.burmeseclassic.com

www.burmeseclassic.com

## ဆေးဖက်ဝင် စံပယ်ရွက်

**သဒ္ဒါ(ဉပဒေ)**

အိမ်ခြံဝိုင်းထဲမှာ ကရိကထမများဘဲ သူ့သဘာဝနှင့်သူ အမြဲစိမ်းလန်းစိုပြည်နေတတ်တဲ့ ပန်းပင်လေးတွေထဲမှာ စံပယ်ပန်းကလည်း အပါအဝင်ပဲ ဖြစ်ပါသည်။

စံပယ်ပန်းကို အိမ်ရှင်မများ ဘုရားလှူခြင်း၊ ဆံကေသာတွင်ပန်ဆင်ကြခြင်း အပြင် စံပယ်ပန်းမှအဆီကို ထုတ်ယူ၍လည်း အမွှေးနံ့သာအဖြစ် အသုံးပြုကြပါသေးသည်။

စံပယ်ပန်း၊ စံပယ်ရွက်ကလည်း တိုင်းရင်းဆေးတွင် ဆေးအဖြစ် အသုံးချနိုင်ပါသည်။

ပြည်ဝစ်၊ ပြည်အောင်းနေသော အနာစိမ်းများ၊ မတော်တဆ ထိခိုက်မိသောဒဏ်ရာများတွင် အစားအသောက်မဆင်ခြင်မှုများကြောင့် ပြည်တည်နေပါက စိမ်းစိုသောစံပယ်ရွက်စိမ်း လတ်လတ်ဆတ်ဆတ်အား အနာပေါ်တွင် အုပ်ပေးအုံပေးပါ။ နွမ်းသွားတိုင်းအသစ်လဲလှယ်၍ကပ်ပေးပါ။ ပြည်များကို စံပယ်ရွက်က ကောင်းစွာ စုပ်ယူသွားပါလိမ့်မည်။

ဘေးအန္တရာယ်မရှိသဖြင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။

သဒ္ဒါ (ဉပဒေ)

---

ဖြစ်မယ်။ ကျန်တဲ့ (၄) ချောင်းကတော့ အရိုးတွေပါ ကြေသွားတော့ ဖြတ်ပစ်လိုက်ရပြီ"

"လက်သမားခေါင်းဆောင်နဲ့ပတ်သက်တဲ့ မိဘဆွေမျိုးတွေလည်း ငါ့လို ခံစားကြရမှာပဲ။ ငါကိုယ်ချင်းမစာတတ်လိုက်တာ။ ထုခြေချင်တာက လက်သမားခေါင်းဆောင်ရဲ့ လက်လေးချောင်း။ တကယ်ထုခြေမိတာက မိမိသားရဲ့လက် (၄)ချောင်း။ သူတစ်ပါးကို ပျက်စီးစေတဲ့ဒေသဟာ အခုဘဝမှာကို မကောင်းကျိုးပေးနေပါပေါ့လား။ တစ်ရက်ကျရင် လက်သမားခေါင်းဆောင်ကို ကိုယ်တိုင်သွားပြီး အားပေးမယ်"

ထို့နောက် သူသည် ဟန်းဖုန်းကို ထုတ်ကာ လက်ထောက်အင်ဂျင်နီယာထံ ဆက်ကြည့်လိုက်သည်။ ဖုန်းဝင်သွားသည်နှင့် မနက်တွင် ငွေ (၅) သိန်းသွားပေးရန် အမိန့်ပေး ပြောကြားလိုက်၏။ သူ့သား၏ညာဘက်လက်လေးကို ကိုင်ကြည့်ရင်း ရှိုက်ကြီးတငင်ငိုနေမိရာ သူ့မျက်ရည်များက သားလက်မှ ပတ်တီးပေါ်တွင် ရေနှင့် လောင်းချလိုက်သလို စိုရွှဲသွားသည်။ နံနက် (၄) နာရီသာသာလောက်မှ သားသတိရလာသည်။ သတိရသည်နှင့် သား ပါးစပ်မှ ပထမဆုံးကယောင်ကတမ်းထွက်လာသောစကားက-

"အဖေက ချစ်လို့ရိုက်တာနော်။ သားသေးမပေါက်အောင် ညမအိပ်ဘဲနေတာ။ ဗလာစာအုပ်ထဲမှာ အဖေ့ကိုတအား ချစ်တယ်လို့ ရေးထားတယ်။ အဖေက ဖွင့်မဖတ်ဘူး"တဲ့။

သားကယောင်ကတမ်းထွက်လာသော စကားများကို နားထောင်ရင်း တစ်နေ့က ဦးညွန့် အိမ်လာစဉ် သူစားပွဲပေါ် သားရဲ့ ဗလာစာအုပ်လေးကို လှန်ကြည့်လိုက်ဦးမည်ဟု သူဆုံးဖြတ်လိုက်သည်။ မိုးလင်းတော့ သားက ကြည်ကြည်လင်လင်လေးဖြစ်နေသည်။

"အဖေ"

"သား - လူလေး၊ သက်သာရဲ့လား သား"

"သက်သာပါတယ်"

သားက ငုံးတိတိဖြစ်နေသော သူ့လက်ကို မြှောက်ကြည့်ရင်း ဦးမြင့်စိန်ကို မေးခွန်းထုတ်သည်။

"အဖေ၊ သားလက်လေးတွေက အတက်ပြန်ထွက်ဦးမှာလားဟင်"

"သားရယ်"

ဦးမြင့်စိန် မဖြေနိုင်တော့ပါ။ သားရင်ဘတ်ပေါ် မျက်နှာအပ်ပြီး ကလေးငယ်တစ်ယောက်လို ငိုနေမိတော့သည်။ ဘေးနားမှာထိုင်နေသော ဒေါ်တိုးကိုလည်း သူ မရှုံနိုင်တော့။ ပြတ်သွားသော လက်ငုတ်တိုလေးများက အတက်ပြန်ထွက်မည်ဟုထင်နေရှာသော အသိဉာဏ်နုနယ်သော လူမမည်ကလေးတစ်ယောက်ကို သူက မဟားတရားရက်စက်စွာ အနိုင်ကျင့်ခဲ့သည် မဟုတ်ပါလော။

"ဆရာ၊ ညက သားလေး ဘာမှ မစားရသေးဘူး ဆာရှာရော့မယ်။ ကျွန်မတစ်ခုခုဆင်းဝယ်လိုက်မယ်လေ"

"နေနေ၊ ကျွန်တော် သွားလိုက်မယ် ကျွန်တော် သိတယ်။ သား၊ ဒေါ်တိုးနဲ့ ခဏနေရစ်။ အဖေ သားဖို့ စားစရာတစ်ခုခုသွားဝယ်လိုက်ဦးမယ် သိလား"

မျက်ရည်များကို လက်ကိုင်ပဝါဖြင့်သုတ်ကာ ဦးမြင့်စိန် ဆေးရုံပေါ်မှ ဆင်းလာသည်။ မိုးအတော်လင်းသွားပြီဖြစ်၍ ဆေးရုံသည် ဝင်ကြ၊ ထွက်ကြသောလူနာများ၊ လူနာစောင့်များနှင့် အတော်စည်နေပြီ။ သူကားနားသို့ရောက်သည်နှင့် မနေ့က ကားဘော်ဒီတွင် သားခြစ်ကစားထားသောနေရာကို ဆေးပြန်မွတ်ဖို့ သတိရသဖြင့် လှမ်းကြည့်လိုက်မိသည်။ မောင်းသူထိုင်သောဘက်တွင် တံခါးမှာ ရေးခြစ်ထားခြင်း ဖြစ်သည်။

သူက သံချောင်းဖြင့် ကားကို လျှောက်ခြစ်ကစားသည်ဟု ထင်ခဲ့၏။ သေချာကြည့်လိုက်သောအခါမှ စာကြောင်းတစ်ကြောင်း ဖြစ်နေသည်ကို တွေ့ရသည်။ စာကြောင်းကို ဆုံးအောင်ဖတ်ပြီးသည်နှင့် သားရယ်ဟု တစ်ချက်သာ ဆိုနိုင်ပြီး ဦးမြင့်စိန်တစ်ယောက် ကားဘေးတွင် ခွေလဲကျသွားတော့၏။ ခပ်လှမ်းလှမ်းမှလူတွေ ဦးမြင့်စိန်ဘေးနားသို့ ပြေးလာကြသည်။ တစ်ခဏအတွင်း လူတွေအုံသွားသည်။

တစ်ယောက်က ဆရာဝန်ကိုပြေးခေါ်ဟန်တူသည်။ ဆရာဝန်တစ်ဦးပါလာသည်။ ဝိုင်းကြည့်နေသူများက ဆရာဝန်ကို နေရာဖယ်ပေးကြသည်။ ဆရာဝန်က ဦးမြင့်စိန်၏ လက်ကောက်ဝတ်ကို သွေးစမ်းကြည့်သည်။ နားကြပ်ဖြင့် နှလုံးခုန်သံကို နားထောင်သည်။ ဆရာဝန်က ပရိသတ်ကို တစ်ချက်လှမ်းကြည့်ပြီး ခေါင်းယမ်းပြလိုက်သည်။ အသက်မရှိတော့ ဟူသော အဓိပ္ပာယ်ပင် ဖြစ်၏။ ကားမှာ သူ့သားဖိုးစေ ရေးထားသည်က-

အဖေ့ကို သား တအားချစ်တယ်။

**မှတ်ချက်**

အင်တာနက်မှ ဖြစ်ရပ်မှန်ဇာတ်လမ်း (သတင်း) တစ်ခုကို ခံစားရေးဖွဲ့ပါသည်။ ဤဝတ္ထုကို သားသမီးရှိသော မိဘတိုင်း ကူးယူဖြန့်ဝေခွင့်ပြုပါသည်။

မေဗွာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ်မှတ်တမ်းများ
သက်လုံ

- ဝိညာဉ်လောကမှ စာတစ်စောင်။
- သေမင်းတိုင်းပြည်သို့ ခရီးတစ်ခေါက်။
- သွေးမစွန်းသောခွဲစိတ်ကုသခြင်း။

လျှို့ဝှက်ဆန်းကြယ်သော အယူဝါဒအစွဲအလမ်းများသည် မြန်မာပြည်အပါအဝင်ဖြစ်သော အာရှတိုင်ပြည်များတွင်သာ ယုံကြည် တွေ့ကြုံနေရသည် မဟုတ်ချေ။ အနောက်နိုင်ငံများတွင်လည်း ကြုံကြားကြုံကြား ဖြစ်ပေါ်လာတတ်ကြောင်းတွေ့ရှိရပေသည်။ လောကဓာတ်ပညာနှင့်တကွ အခြားပညာရပ်များတွင် ခေတ်ရှေ့ပြေးနေသည့်နည်းတူ ထိုသို့သော လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များသည် အရှေ့တိုင်းပြည်တို့မှာကဲ့သို့ 'လက်ဖက်ရည်ကြမ်းဝိုင်းစကားပွဲ' တစ်ထိုင်သာ ပြောဆိုပျံ့နှံ့သည် မဟုတ်ဘဲ အက္ခရာတင်၍ ဖော်ပြကြရသည်ဖြစ်ရကား ပို၍ စနစ်ကျသော မှတ်တမ်းများကို ကျွန်ုပ်တို့ တွေ့ရှိနိုင်လေသည်။ သို့ရာတွင် အရှေ့တိုင်းဖြစ်ရပ် အတွေ့အကြုံမှတ်တမ်းများကဲ့သို့ စနစ်မကျသည်ဖြစ်စေ၊ အနောက်တိုင်းကဲ့သို့ စနစ်ကျသည်ဖြစ်စေ၊ တူညီသည့်အချက်ကား ယင်းဖြစ်ပျက်ပုံတို့တွင် မည်သူမျှ အဖြေကို ရှာမတွေ့ကြရခြင်းပင် ဖြစ်သည်။ စာဖတ်သူများအတွက် လောကီပညာဆန်သော (ဝါ) လျှို့ဝှက် ဆန်းကြယ်သော ဗဟုသုတဖြစ်စေရန် ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ်မှတ်တမ်းကို ရှာဖွေတင်ပြရာတွင် ရှေးဦးစွာ 'ဝိညာဉ်လောကမှ စာတစ်စောင်' ကို တင်ပြအပ်ပါသတည်း။

### ဝိညာဉ်လောကမှစာတစ်စောင်

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက 'ပီတာဖောက်စဖိုင်းယား' ဆိုသူသည် ဂျပန်၏စစ်သုံ့ပန်းအဖြစ်နှင့် တရုတ်ပြည် ရှန်ဟိုင်းမြို့ အကျဉ်းစခန်းဝယ် အကျဉ်းကျခံနေရစဉ် ကက်သလစ်ဘုန်းကြီးတစ်ပါးနှင့် ဆုံစည်းရတော့သည်။ ပီတာမှာ သူကိုယ်တိုင်က ရိုမန်ကက်သလစ်ခေါ် ဘုရင်ဂျီဘာသာဝင် မဟုတ်သော်လည်း ဘဝတူ အကျဉ်းသမားချင်းအဖြစ်နှင့်လည်းကောင်း၊ ဘုန်းကြီးသည် စကားပြောကောင်းသူတစ်ဦးဖြစ်၍ လည်းကောင်း၊ ထိုဘုန်းကြီးနှင့် စကားလက်ဆုံကျခဲ့ရာတွင် များစွာသော အကြောင်းအရာများအနက်မှ ဖော်ပြလတ္တံ့သောအခြင်းအရာသည် အလွန်ထူးဆန်းအံ့ဩဖွယ်ရာကောင်းလှသည်ဖြစ်သောကြောင့် ပီတာသည် ထိုအကြောင်းကို ဖော်ပြခဲ့ပေသည်။

ထိုဘုန်းကြီးသည် ဒုတိယကမ္ဘာစစ်မဖြစ်မီ ရောမမြို့တော်တွင် သာမဏေအဖြစ်နှင့်ရှိစဉ်က ဖြစ်သည်။ သူတို့သို့ ရဟန်းကျင့်ဝတ်များ သင်ကြားလေ့လာနေကြသော အခြားရဟန်းလောင်းသာမဏေများနှင့် အတူနေကြရသည့် အဆောက်အအုံကြီးမှာ အိပ်ခန်းပေါင်းများစွာရှိပြီး တစ်ခန်းလျှင် နှစ်ဦးကျစီအိပ်ကြရသည်။ ခုတင်တစ်လုံးစီအလယ်တွင် စားပွဲတစ်လုံးစီရှိလေသည်။ ပီတာ ပြန်ပြောပြသော် ဘုန်းကြီးအိပ်သောအခန်းတွင် တစ်ညသ၌ ထူးဆန်းသော အဖြစ်အပျက်တစ်ရပ်သည် ဖြစ်ပေါ်ခဲ့လေ၏။ မီးပြာလုံးကြီးနှင့်သဏ္ဌာန်တူသော အလင်းရောင်အပြာလုံးကြီးသည် ရုတ်တရက်ဖြစ်ပေါ်လာပြီး ဖြည်းညင်းသာယာစွာ ကျဆင်းလာ၍ အလယ်ကောင်မှ စားပွဲပေါ်တွင် ခဏရပ်နားနေပြီးမှ ပေါ်လာစဉ်ကကဲ့သို့ ထူးဆန်းစွာ ပျောက်ဆုံးသွားသည်ကို ဘုန်းကြီးနှင့် အိပ်ဖော်တို့နှစ်ဦးစလုံး တွေ့မြင်ကြရလေသည်။ အသံဟူ၍ ဘာသံမှမကြားရချေ။

နံနက်လင်းသောအခါ သူတို့နှစ်ယောက်သည် အခြားရဟန်းလောင်း






www.burmeseclassic.com

www.burmeseclassic.com

များကို ဤအကြောင်းပြောပြသောအခါ အဆောက်အအုံပတ်ဝန်းကျင်ရှိ စွတ်စိုထိုင်းမှိုင်းသောမြေများကြောင့် ဓာတ်ငွေ့တစ်မျိုးဖြစ်ပေါ်လာကာ ထိုဓာတ်ငွေ့များမှ သဏ္ဌာန်ထွက်ပေါ်လာခြင်း ဖြစ်သည်ဟုယူဆကြ၏။ သို့ရာတွင် နောက်ညများတွင်လည်း ဆက်လက်ဖြစ်ပေါ်မြဲဖြစ်ပေါ်လာရာ နောက်ဆုံးတွင် အိပ်ဆောင်မှူးရဟန်းများကို ဖွင့်ဟ ပြောဆိုသည်တွင် ထိုရဟန်းများသည်လည်း စင်္ကြံလမ်းကလေးမှ စောင့်ဆိုင်း ကြည့်ရှုကြ၏။ သူတို့လည်း ဤအတိုင်းပင် တွေ့ကြပြန်ရာ သာသနာပိုင်ထံ အစီရင်ခံသောအခါ အထက်မှ ညွှန်ကြားချက်များကို ပို့လိုက်လေသည်။ သာသနာပိုင်ညွှန်ကြားသည့်အတိုင်း သားရေပုရပိုက်အဖြူကို အလယ်စားပွဲပေါ်တွင်တင်၍ ဖြန့်ထားပြီး အိပ်ခန်းတံခါးများကို ဖွင့်ထားကြလေသည်။ အခြားရဟန်းလောင်းများသည် ကိုယ့်အိပ်ခန်းထဲကိုယ်နေရသော်လည်း တံခါးများ ဖွင့်ထားသောကြောင့် ဤအခန်းကို မြင်နိုင်ကြပေ၏။

ခါတိုင်းအချိန်သို့တူရောက်သောအခါ ရဟန်းလောင်းနှစ်ဦး (ဤအဖြစ်အပျက်ကို ပြောပြသော ဘုန်းကြီးနှင့်အိမ်ဖော်) တို့ အိပ်ရာပေါ်၌ လှဲလျောင်းနေကြစဉ်ပင် အလင်းရောင်အလုံးကြီးသည် ပေါ်လာပြန်ပြီး ယခုအခါတွင် ပုရပိုက်ဖြန့်ခင်းထားပြီးဖြစ်သော ခါတိုင်းဆင်းသက်နားနေကျနေရာသို့ပင် ညင်သာစွာဆင်းလာလေ၏။ အိပ်ခန်း၏ မှေးမှိန်



သောအရောင်တွင် ထိုအလုံးကြီးကို ကောင်းစွာ မြင်တွေ့နိုင်ကြ၏။ ထိုအလင်းလုံးကြီးသည် စားပွဲမျက်နှာပြင်နားသို့ရောက်သောအခါ ခဏမျှ တန့်သွားပြီး ပုရပိုက်ပေါ်တွင် ရပ်နားလိုက်လေသည်။ ခဏမျှ ပုရပိုက်ပေါ်တွင် ဟိုရွှေ့သည်ရွှေ့လုပ်ပြီးနောက် မှေးမှိန်၍ ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် သာသနာပိုင်၏ ညွှန်ကြားချက်အတိုင်း ရဟန်းလောင်းနှစ်ဦးသည် အိပ်ရာတွင် လဲလျောင်းနေရာမှ ထလိုက်ကြပြီး ပုရပိုက်ပေါ်တွင် အဝတ်စတစ်ခုအုပ်၍ လင်ပန်းတွင်ထည့်ပြီး အသင့်စောင့်ဆိုင်းနေသော ရဟန်းများလက်သို့ ပေးအပ်လိုက်ကြရတော့သည်။

ပုရပိုက်ကို သာသနာပိုင် (POPE) ထံ ယူဆောင်သွား၍ သာသနာပိုင်တစ်ဦးတည်းသာလျှင် သေချာစွာတွေ့သည်ဟု ယုံကြည်ယူဆကြရသည်။ မည်သို့ပင်ဖြစ်စေ ရဟန်းလောင်းနှစ်ဦးကား ပုရပိုက်ပေါ်တွင် လက်တင်အက္ခရာနှင့်တူသောအက္ခရာများကို တွေ့လိုက်ကြရသေးသည် ဆို၏။ ရဟန်းလောင်းများသည် မြင်တွေ့လိုက်ရသမျှကို မည်သူ့အားမျှမပြောရန် တင်းကျပ်သောအမိန့်တစ်ရပ် ပြဋ္ဌာန်းထားရာ ထိုပုရပိုက်ကို သာသနာပိုင် ပုပ်ရဟန်းမင်းကြီးမှလွဲ၍ အခြားမည်သူမျှတွေ့မည်ဟု မထင်နိုင်ချေ။ မည်သို့ပင်ဖြစ်စေ နောက်ညများတွင်ကား အလင်းလုံးကြီးသည် ပေါ်မလာတော့ပေ။

## သေမင်းတိုင်းပြည်သို့ ခရီးတစ်ခေါက်

ဖော်ပြလတ္တံ့သောဖြစ်ရပ်ကို တွေ့ကြုံခံစားခဲ့ရသူမှာ ပီတာဇော(လ်)ဘွတ်(ရှ်)ဖြစ်၍ ဒေါက်တာ အာ(ရ်)ဒဗလျူဖစ်ရှာကို ပြန်ပြောပြသည်အား ဒေါက်တာဖစ်ရှာက မှတ်တမ်းတင်ထားခြင်း ဖြစ်၏။ ပီတာ ငါးနှစ်သားအရွယ်ခန့်က သူ့အစ်ကိုများနှင့် ရေကူးသင်စဉ် ရေစီးကြောင်းတွင် မျောပါကာ ရေနစ်သွားခဲ့လေ၏။ သူ့စကားအတိုင်းကို ဖော်ပြရသော်-

"ကျွန်တော်ဟာ အင်မတန်မှ ကြောက်စရာကောင်းအောင် နာကျင်တဲ့ ဝေဒနာကို ခံစားရတယ်။ ကျွန်တော့် အသည်းနှလုံးကိုညှစ်ပြီး ပါးစပ်က ဆွဲထုတ်လိုက်သလိုနေတာပဲ။ ခဏကြာတော့ အပေါက်တစ်ခုကနေ ရှောခနဲ ထွက်သွားသလိုထင်ရပြီး နာကျင်တာတွေ၊ အသက်ရှူကျပ်တာတွေ ပျောက်ကုန်ရော"

ထို့နောက်တွင်ကား သူသည် ချောင်းကြီးတစ်ခုထဲတွင် ပေါလောမျောနေကာ ထိုချောင်းကြီးမှာ လေဟာပြင် အာကာသကြီးဆီသို့ စီးတက်နေသည်ကို တွေ့ရပြီး ကြယ်ကလေးတွေဆီမှ သာယာသောတေးသံကို ကြားရသည်။ မြင်မြင်ရသမျှသည် မယုံကြည်နိုင်လောက်အောင်ပင် လှပဆန်းကြယ်သည်ဆို၏။ ချောင်းထဲတွင်လူမျိုး မျိုးစုံ၊ အရွယ်မျိုးစုံတို့သည်လည်း သူကဲ့သို့ပင် ကြယ်များဆီသို့ တရွေ့ရွေ့မျောပါနေကြသည်။ သို့သော် သူတို့မူကား သာယာသောတေးသံကို နားသောတဆင်နေသည့်ပမာ မျက်လုံးများကို မှိတ်ထားကြသည်။ ထိုစဉ်က (၅) နှစ်သားဉာဏ်ဖြင့် ပီတာက သူတို့လည်း ရေနစ်လာခဲ့ကြသူများဟု ထင်မှတ်ခဲ့၏။ မကြာမီ ကမ်းစပ်ပေါ်တွင် လူများအစုလိုက်အပြုံလိုက်စောင့်ဆိုင်းကြိုဆိုနေသည့်နေရာသို့ ရောက်လာတော့သည်။ ကြိုဆိုသူများသည် ရေထဲမျောလာကြသူများထဲမှ အချို့ကို လှမ်းဆွဲဆယ်တင်ကြကာ ဖက်ယမ်းနမ်းရှုပ်နေကြသည်မှာ ကြာရှည်စွာ ကွဲကွာနေကြပြီး အန္တရာယ်များလှသောခရီးတစ်ခုမှ အိမ်ပြန်ရောက်လာသူပမာ ဖြစ်နေလေသည်။

ခရီးတစ်နေရာရောက်သောအခါ သူ့အား လက်ဝှေ့ယမ်းပြနေကြသော လူတစ်အုပ်ကို ပီတာ တွေ့ရတော့၏။ ထိုသူများကား ကွယ်လွန်လေပြီး၍ ဓာတ်ပုံမှတ်တမ်းတွင်သာတွေ့ဖူးသော သူ၏ အဘိုး၊ အဘွား၊ အဒေါ်အချို့၊ ဦးလေးအချို့တို့ကို တွေ့ရလေသည်။ အားလုံး၏ ရှေ့တွင်ကား သူ၏ မရှိတော့ပြီဖြစ်သောမိခင်ရပ်နေသည်ကို တွေ့လိုက်ရ၏။ မိခင်ကြီးသည် လှပစွာဝတ်ဆင်ထား၍ ပြုံးလျက် သူ့ကို လက်ဝှေ့ပြသည်။ ရေအလျဉ်သည် ပီတာ့ကို ကမ်းစပ်နားအထိ သယ်ယူသွားရာ မိခင်သည် ဒူးထောက်လိုက်၍ လက်ကိုကမ်းပေးလိုက်လေသည်။ သို့ရာတွင် မမီတတ်သေးသဖြင့် မိခင်သည် ရှေ့သို့ ခန္ဓာကိုယ်ကို ပို၍ ကိုင်းညွတ်လိုက်ရာ သူ့အင်္ကျီထဲမှ ငွေကြိုးကလေးဖြင့် ဆွဲထားသော လက်ဝါးကပ်တိုင်အနက်ရောင် ကလေးသည် လျှောထွက်လာပြီး ပီတာ၏မျက်စိရှေ့သို့ ရောက်လာလေ၏။ လက်ဝါးကပ်တိုင်အနက်ရောင်ပေါ်မှ ကြယ်ပွင့်လေး (၇) ပွင့်၏ တောက်ပသော အရောင်ကြောင့် ပီတာမှာမျက်စိများကျိန်းရသေးသည်။ မိခင်ကြီး၏လက်နှင့် မီလုမီခင်ရှိစဉ်ပင် ပီတာမှာ နောက်သို့ဆွဲယူလိုက်သလိုဖြစ်ပြီး ဝဲမိသကဲ့သို့ဖြစ်သွားလေတော့သည်။ သူ့မိခင်သည် သူပြန်လည်နစ်မြုပ်သွားသည်ကို ဝမ်းနည်းစွာဖြင့် ပြုံးကြည့်နေသည်ကို တစ်ချက်မြင်လိုက်ရ၏။

ထို့နောက်တွင်ကား သူသည် မီးသတ်ရဲဘော်တစ်ယောက်၏ ကျေးဇူးကြောင့် ရေတွေအန်၍ ပြန်လည်သတိရလာခဲ့လေသည်။ နေအိမ်ပြန်ရောက်ပြီး နေသာထိုင်သာရှိသွားလတ်သော် သူ့ဖခင်ကို သူမြင်တွေ့ကြုံဆုံလာခဲ့သမျှ ပြန်လည်ပြောပြရာ သူ့ဖခင်သည် သူတို့ကြင်နာစွာ ပြုံး၍နားထောင်နေရာမှ လက်ဝါးကပ်တိုင် အနက်ကလေးနှင့် တောက်ပသောကြယ်(၇)ပွင့်အကြောင်း ရောက်လာသောအခါ သူ့ဖခင်သည် ချာခနဲလှည့်၍ အခန်းပြင်သို့ ထွက်ခွာသွားလေတော့သည်။

နောင် ကြီးပြင်းလာသောအခါတွင်မှ သူ့ဖခင် နားမထောင်ချင်ရခြင်းအကြောင်းရင်းကို ပီတာ သိရတော့၏။ သူ့မိခင်သည် သူမ၏မွေးနေ့မရောက်ခင် (၃)ရက်အလိုမှာ ကွယ်လွန်သွားရပြီး သူ့ဖခင်မှာ မိခင်ကြီးအတွက် မွေးနေ့လက်ဆောင်ကို ဝယ်ယူထားနှင့်ပြီး ဖြစ်၏။ ထိုလက်ဆောင်ကား မဟူရာကျောက်ဖြင့် ပြုလုပ်ထားသော လက်ဝါးကပ်တိုင်လေးဖြစ်ပြီး အပေါ်တွင် ငွေဖြင့် ကြယ်ပွင့်ကလေး (၇) ပွင့်ကို ပုံဖော်ထားသည်။ သူ့မိခင် သေဆုံးသောအခါ ဖခင်ကြီးသည် ခေါင်းထဲရှိ သူ့မိခင်၏လက်ထဲသို့ ထိုလက်ဝါးကပ်တိုင်လေးကို ထိုးထည့်လိုက်သည်ဟု ဆို၏။ ထိုလက်ဝါးကပ်တိုင်လေးကို ဖခင်ကြီးမှလွဲ၍ မည်သူမျှ မသိရှိခဲ့ကြချေ။ ဤအဖြစ်အပျက်အား လောကဓာတ်ပညာနည်းဖြင့် ဖြေရှင်းချက် ထုတ်ပြန်နိုင်ခဲ့သူသည် ယနေ့အထိ မပေါ်ပေါက်သေးချေတကား။

## သွေးမစွန်းသောခွဲစိတ်ကုသခြင်း

ဖိလစ်ပိုင်ပြည် ဆန်ဖေဘီယန်အရပ်တွင် လယ်ယာလုပ်ငန်းရှင် 'အီလီယူတာရီယိုတာတီ' ဆိုသူ၏ ခွဲစိတ်ကုသပုံမှာ များစွာစိတ်ဝင်စားဖွယ်ကောင်းသည့်အပြင် ခေတ်မီလောကဓာတ်ပညာရပ်များနှင့် မည်သို့မျှစူးစမ်းရှင်းလင်းပြနိုင်ခြင်း မရှိချေ။ တာတီ၏ ကုသပုံကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ရသူမှာ 'ဂွန်ဒေဘ်မွန်' ဆိုသူ ဖြစ်၏။ သူ၏ မျက်စိဖြင့် မြင်ရရုံသာမက ရုပ်ရှင်ပင်ရိုက်ကူးခဲ့သူဖြစ်လေသည်။ ဂွန်သည် တာတီထံသို့ သွားရောက်စဉ်က တစ်ဦးတည်းသွားရောက်ခြင်းမဟုတ်ဘဲ သူငယ်ချင်းဖြစ်သူ မက်ဂီး(လ်)ကိုပါ ခေါ်ဆောင်သွားခဲ့၏။ မက်ဂီး(လ်)မှာ နာမည်ကျော်မျက်လှည့်ဆရာဖြစ်၍ စိတ်ညို့ပညာကိုကောင်းစွာတတ်ကျွမ်းသူ ဖြစ်လေ၏။ သို့ရာတွင် တာတီ၏သွေးမစွန်းသော ခွဲစိတ်ကုသပုံကိုတွေ့ရသောအခါ မက်ဂီး(လ်)သည်ပင် လက်မြှောက်ခဲ့ရ၏။ မျက်လှည့်ပညာ၊ စိတ်ညို့ပညာရပ်တို့ဖြင့် အလျဉ်းပြုစုပ်၍



www.burmeseclassic.com

www.burmeseclassic.com

မရသောအလုပ်များကို တာတီကပြုလုပ်ပြခဲ့ချေပြီတကား။

တာတီသည် ရောဂါဝေဒနာများကို မကုသမီ ရှေးဦးစွာ ရေမန်းတိုက်၏။ ရေမန်းပြုလုပ်ပုံမှာ ဖန်ချိုင့်ထဲတွင် ရေထည့်ပြီး တာတီသည် လက်ကိုဆန့်တန်းလျက် လက်ချောင်းများကို အောက်၌ရှိသော ဖန်ချိုင့်ပေါ် သို့ စိုက်ညွှန်ထားကာ ခရစ်ယာန်ဘုရားစာအပိုဒ်များကို ရွတ်ဆိုလေသည်။ ထိုအခါတွင် သူ့လက်မောင်းမှာ ယောင်လာသလိုထင်ရပြီး အကြောများလည်း ပြိုင်းပြိုင်းထကြွကုန်၏။ တစ်စုံတစ်ခုသောဓာတ်သည် လက်မောင်းများထဲသို့ ရောက်လာပြီး လက်ချောင်းထိပ်များမှ ဖန်ချိုင့်ထဲရှိ ရေထဲသို့ ဝင်သည်ဟု ယူဆရမလို ဖြစ်ပေသည်။ မကြာမီပင် ရေသည် ပန်းရောင်ဖျော့ဖျော့သို့ အရောင်ပြောင်းလာတော့၏။ ဤရေကိုသောက်ခြင်းဖြင့် စုန်း၊ တစ္ဆေ၊ နတ်ဆိုးများရန်မှ ကင်းကွာနိုင်သည်ဟု ယူဆကြသည်။

မျက်စိတိမ်ဖြစ်သည့် ဝေဒနာရှင်တစ်ဦးကို ကုသရာတွင် ရောဂါသည်မှာ စားပွဲပေါ်၌ ပက်လက်အိပ်နေပြီး အဝတ်တစ်ခုကို ရေမန်းဆွတ်ဖျန်း၍ မျက်စိအစုံအပေါ်၌တင်လိုက်သည်။ ပြီးလျှင် အဝတ်ကိုဖယ်၍ တာတီ၏ ရေမန်းစဉ်က ဓာတ်ဝင်ပုံမျိုးကဲ့သို့ ဓာတ်ဝင်နေသော လက်ညှိုး၊ လက်မ နှစ်ချောင်းသည် ဝေဒနာရှင်၏ မျက်လုံးထဲသို့ ဖောက်ထွင်းဝင်ရောက်သွားသည်ကို 'ရွှန်'သည် ဓာတ်ပုံရိုက်ယူရင်းက အံ့သြစွာ တွေ့မြင်ခဲ့ရ၏။ လူနာက တစ်စက်မျှနာကျင်ပုံကို မပြသချေ။ တာတီသည် တိမ်ဟုယူဆရသော ဖြူဖြူအရာတစ်ခုကို လက်နှင့် ဆွဲထုတ် ပြီး အနီးရှိ တပည့်တစ်ဦး ကိုင်ထားသော အရက်ခွက်ထဲသို့ ပစ်ထည့်လိုက်လေသည်။

မနီလာမှ တရုတ်ကုန်သည်ကြီးတစ်ဦး၏လည်ကုတ်မှ ယားနာကွက်ကြီးကို တာတီသည် လက်နှင့်ကိုင်၍ ဘုရားစာရွတ်ဆိုရုံနှင့် တစ်မုဟုတ်ချင်း ပျောက်ကင်းစေခဲ့သည်ကိုလည်း ရွှန်နှင့် မက်ဂီး(လ်)တို့တွေ့ခဲ့ကြရသည်။ ဆီးအိမ်ထဲတွင် ကျောက်တည်ခြင်းကို ကုသရာ၌လည်း တာတီ၏လက်ညှိုးနှင့်လက်မတို့သည် ဗိုက်သားထဲ ထိုးဖောက်ဝင်သွားသည်ကို တွေ့ရပြီး လက်ကို ပြန်ထုတ်လိုက်သောအခါ ကျောက်ကလေးပါလာရာ အရက်ခွက်ထဲသို့ ပစ်ထည့်လိုက်သည်ကို မြင်ရပြန်သည်။ မည်သည့်ရောဂါဝေဒနာရှင်မျှ နာကျင်သဖြင့် ညည်းညူခြင်း၊ မျက်နှာပျက်ခြင်းကို မမြင်တွေ့ရဘဲ ပကတိ မနာမကျင်ဟန်များကိုသာ တွေ့ခဲ့ကြရသည်။ အူအတက်ကိုဖြတ်၍ ယူရာတွင် ဟက်တက်ပြလေးနှင့် သွေးစသွေးနအချို့ကို ရွှန်က မြင်လိုက်ရသလို ရှိသော်လည်း ကိစ္စပြီးသောအခါ သွားရောက် ကြည့်ရှုရာတွင် ဝေဒနာသည်၌ ဒဏ်ရာတစ်စိုးတစ်စိမျှမတွေ့ဖြစ်ခဲ့ရသည်။

ရွှန်၏သူငယ်ချင်းမျက်လှည့်ဆရာကြီး မက်ဂီး(လ်)သည် အစကမူ မျက်လှည့်ယောင်ယောင်ထင်မြင်မိသေးသော်လည်း နောက်တွင် ဝေဒနာသည်တို့ များပြားလာ၍ ချွေးပြန်သောအခါ တာတီသည် အပေါ်က ရှပ်လက်ရှည်ကို ချွတ်စွပ် ကျယ်အင်္ကျီဖြင့်သာ ကုသသောအခါတွင် အံ့သြချီးကျူးခဲ့ရတော့၏။ တာတီသည် များလှစွာသော ဝေဒနာရှင်များကို နာကျင်ခြင်း၊ သွေးထွက်ခြင်း၊ ဒဏ်ရာဖြစ်ပေါ်ခြင်းတို့အလျှင်းမရှိသည့်နည်းဖြင့် ခွဲစိတ်ကုသနေ၏။ ဤသို့ကုသခြင်းဖြင့် ဆေးဖိုးဝါးခ တစ်ပြားတစ်ချပ်မျှ ရယူခြင်း မရှိပေ။ ဘုရားရှိခိုးကျောင်းအလှူငွေကိုသာလက်ခံပြီး ထိုအလှူငွေမှာလည်း မထည့်မနေရမဟုတ်။ သဒ္ဓါပေါက်မှ ထည့်ရန်သာ ဖြစ်လေသည်။

ကွီဇုံမြို့ပေါ်တက်စဉ်ကမူ သတင်းစာများ၊ ဆေးကျောင်းသားများ၊ ဆရာဝန်များ၏ ရှုတ်ချကန့်ကွက်မှုကြောင့် မကုသရဘဲ ဆန်ဖေဘီယန်တွင်သာ ပြန်လည် ကုသရ၏။ ကွီဇုံမြို့ကျန်းမာရေးအရာရှိ ဒေါက်တာ ပက်ထရီနီယိုမွန်ဆော(ဒ်)က တာတီအား လူလိမ်လူကောက်ဟု ဘွဲ့တပ်ရုံမက ကျန်းမာရေးညွှန်ကြားမှုဌာနကိုပင် တာတီအားထောင်ချရန် တိုက်တွန်းခဲ့၏။ သို့ရာတွင် ဖိလစ်ပိုင်ပြည် ခရစ်ယာန်အသင်းတစ်ခု၏ အားပေးမှုဖြင့် တာတီသည် သူ၏ပညာစွမ်းကို ဆန်ဖေဘီယန်တွင် ပြသနေနိုင်ခြင်း ဖြစ်လေသည်။ ရွှန်နှင့် မက်ဂီး(လ်) သူငယ်ချင်းနှစ်ယောက်တို့သည် ယုံရအခက်၊ မယုံရအခက်ဖြင့် ပြန်လာခဲ့ကြသော်လည်း မျက်လှည့်ဆရာကြီးမက်ဂီး(လ်)က သူ၏အကြောအဆစ်များကို ကိုက်ခဲခြင်းသည် ရေမန်းသောက်ပြီးသောအခါ ပျောက်သွားကြောင်း ဝန်ခံရသကဲ့သို့ ရွှန်ကလည်း သူမျက်စိနှင့်မြင်ခဲ့ရသမျှသည် သူရိုက်ကူးခဲ့သော ဓာတ်ပုံဖလင်များဆေးပြီးသောအခါ၌ သူမြင်ခဲ့သလိုပင် လက်ချောင်းများ အသားအတွင်းသို့ နစ်မြုပ်ဝင်သွားပုံကို ဖော်ပြလျက်ရှိကြောင်းနှင့် ဝန်ခံရလေတော့သည်။

အထုမြူခေတ်ကြီးထဲတွင် ပေါ်ပေါက်လျက်ရှိလာတတ်သော လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များကို အဘာမြ ပညာရှင်ကြီးများပင် လက်မှိုင်ချရသည့်ကဲ့သို့ ဖြစ်နေချေပေတော့သတည်း။

သာဂိဏ်း

---

## လျှာရင်းမြိုက်တဲ့ အသားဟင်းတစ်ပန်းကန် ဖြစ်အောင်

နေ့စဉ်နှင့်အမျှ မိမိ၏ မိသားစု အဆင်ပြေ ကောင်းမွန်စွာ စားသောက်နိုင်ဖို့ ချက်ပြုတ်ကြရတာ အိမ်ရှင်မတို့ရဲ့ နေ့စဉ်တာဝန်ပဲ ဖြစ်ပါတယ်။

အိမ်ရှင်မတို့ အ သားဟင်းလျာ ချက်ပြုတ်သည့်အခါ အမြဲကြုံတွေ့ရတတ်တာကတော့ အညှီနံ့ထွက်ခြင်းပဲ ဖြစ်ပါတယ်။ မည်မျှ လတ်ဆတ်သော အသားကို ဆီပြန်အောင်ချက်ပါစေ အညှီနံ့ထွက်နေပါက စားသုံးရတာ အဆင်မပြေဖြစ်တတ်ပါတယ်။

အသားဟင်းချက်တိုင်း အညှီနံ့ကြောင့် စိတ်ပျက်နေရတဲ့ အိမ်ရှင်မများအား နည်းကောင်းတစ်ခု ပြောချင်ပါတယ်။

အသားများကို ရေဖြင့် စင်အောင်ဆေးပါ။ ပြီး မန်ကျည်းမှည့်ကို ရေဖြင့်ဖျော်၍ ၎င်းအရည်နှင့် တစ်ထပ်ထပ်ဆေးပါ။ ထိုသို့ နှစ်ဆင့်ဆေးပြီး မိမိလိုသလို တုံးတစ်ပြီး ချက်မည့်အိုးထဲသို့ ထည့်ပါ။ ဟင်းကိုတော့ ကိုယ်ပြင်နေကျအတိုင်း ပြင်ပါ။ ချင်းနှင့် ကြက်သွန်ဖြူထောင်းထည့်ဖို့ မမေ့ပါနှင့်။ ဟင်းပြင်ပြီးမှ ဟင်းအိုးထဲသို့ ဩဇာညွှန့် ထပ်ထည့်ပါ။

ဩဇာညွှန့်ကိုထည့်ချင်သလောက်ထည့်ပါ။ ဩဇာညွှန့်များသွားခြင်းကြောင့် ဟင်း၏အရသာပြောင်းသွားခြင်းမရှိပါ။ ဩဇာညွှန့်ထည့်ချက်ခြင်းအကျိုးကြောင့် မည်မျှညှီသောအသားဖြစ်စေ အညှီနံ့ပျောက်၍ လျှာရင်းမြိုက်တဲ့ အသားဟင်းတစ်ပန်းကန်ဖြစ်စေမှာ အမှန်ပါ။

သဒ္ဒါ(ဥပဒေ)




www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့အသုံးဝင်

# နည်းသစ်ဂဏန်းဗေဒင်

ဆရာဒေလမင်းခေါင်




(၂၂) ရက်မွေးသူများ

(၂၂) ရက်တွင် မွေးသူများသည် အထူးဂဏန်းရသည်။ ၎င်းတို့သည် ရုပ်လောက၊ စီးပွားရေးလောကမှာ ကောင်းစွာလုပ်နိုင်သည်။ စိတ်ကူးနှင့်လက်တွေ့မျှအောင် ကြိုးစားသင့်သည်။စိတ်လည်းလှုပ်ရှား၊ စိတ်လည်းအလွန်တိုတတ်သူဖြစ်၍ ကောင်းစွာ အနားယူရန် လိုအပ်သည်။ အများထက် ကိုယ့်ကျိုးသက်သက် စိတ်မဝင်စား။ အစွမ်းအားကြီး၍ အဝေးသို့ လှမ်းမိုးတတ်သည်။ အတွေးနောက်လိုက်လုပ်သင့်သည်။ အနာဂတ်ကို ထိုးထွင်းမြင်နိုင်သူ ဖြစ်သည်။ အရာရာ သံသယဝင်သည့်အတိုင်း ဖြစ်လာသည်။ အပြုသဘော လုပ်သင့်သည်။ လေးနက်သောသဘာဝ ရှိသော်လည်း မိမိကိုယ်ကိုနားမလည်။ ပရိယာယ်ကြွယ်ဝခြင်း၊ စည်းရုံးအင်အားတိုးတက်အောင် လုပ်ဆောင်သင့်သည်။ အများနှင့်ဆိုင်သောလုပ်ငန်းများလုပ်သင့်သည်။

၎င်းတို့သည် သံအမတ်ကြီး၊ မြေယာဖွံ့ဖြိုးရေးလုပ်ငန်း၊ ကုမ္ပဏီရှေ့နေ၊ စတိုးဆိုင်ဦးစီး၊ ကုန်ထုတ်လုပ်ငန်းအဝယ်တော်၊ ကျွမ်းကျင်ပညာရှင်၊ ကျောင်းဆရာ၊ စက်ဆရာ၊ စာရေး၊ အင်ဂျင်နီယာ၊ တီထွင်သူ၊ ကဗျာဆရာ၊ ဘူမိဗေဒပညာရှင်အဖြစ် အောင်မြင်မှု ရတတ်သည်။ ၎င်းတို့သည် အများအကျိုးအတွက် လုပ်ကိုင်ပေးရမည်။

(၂၃) ရက်နေ့မွေးဖွားသူ

(၂၃) ရက်မွေးဖွားသူသည် စီးပွားရေးလုပ်ငန်းထက် အတတ်ပညာရှင်အဖြစ် ပိုသင့်တော်သည်။ ခွဲခြားသုံးသပ်တတ်သူ ဖြစ်သည်။ နာမ်ပိုင်းဆိုင်ရာနှင့်ဆက်စပ်နေပြီး အတွေးအခေါ်မြန်ဆန်သည်။ ၎င်းတို့သည် ဓာတုဗေဒ၊ ရူပဗေဒ၊ အရောင်းအဝယ်၊ အကျိုးဆောင်လုပ်ငန်းများ စိတ်ဝင်စားတတ်သည်။ ၎င်းတို့တွင် လူအများကို ဆွဲဆောင်ညှို့ငင်အားရှိ၍ ဆန့်ကျင်ဘက်လိင်တို့ကို ဆွဲဆောင်နိုင်စွမ်းရှိသည်။ ဘဝအောင်မြင်မှုအတွက် ရည်မှန်းချက် မြင့်မားဖို့လိုသည်။ ပေါင်းသင်းဆက်ဆံရေးမှာတော်သည်။ ၎င်းတို့သည် ကာယနည်းပြဆရာ၊ သူနာပြု၊ စိတ်ပညာရှင်၊ စာရေးဆရာ၊သိပ္ပံပညာရှင်၊ရုပ်ရှင်သရုပ်ဆောင်၊ ပွဲစား၊ ဖျော်ဖြေသူ၊ ခရီးသွားလုပ်ငန်း၊ သင်္ဘောသား၊ ဂေါက်သီးရိုက်သမား၊ ဆရာဝန်အဖြစ် အောင်မြင်တတ်သည်။

(၂၄) ရက်မွေးဖွားသူ

(၂၄)ရက်မွေးဖွားသူသည် မိခင်ကောင်း၊ ဆရာကောင်းများ ဖြစ်သည်။ မေတ္တာစိတ်သည် မိသားစုနှင့် ချစ်သူအပေါ် စုပုံထားတတ်၍ လူကြီးများအပေါ် ဂရုစိုက်သည်။ မေတ္တာထား၍လည်း ထူးချွန်သော သူနာပြု၊ ဆရာဝန်များ ဖြစ်နိုင်သည်။ အချက်အပြုတ်လည်းကောင်းသူဖြစ်သည်။ လူများကို စိတ်ဝင်စားပြီး အများအကျိုးအတွက် ဆောင်ရွက်သင့်သည်။ ၎င်းတို့သည် ခေါင်းမာ၍ အငြင်းသန်သူဖြစ်ပြီး အမာခံသည်။ စကားချေချေငံလည်းပြောတတ်ပြီး သီချင်းဆိုရာတွင် ထူးချွန်သည်။ ဆွဲဆောင်အားရှိ၍ စာရေးခြင်း၊ ဖုန်းနှင့်ပြောရခြင်းထက် လူချင်းရင်ဆိုင်ပြောရပါက အဆင်ပြေမှုရတတ်သည်။ မစ္ဆရိယစိတ်ထားခြင်း၊ ပျင်းရိခြင်း၊ အမှားလုပ်မိခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ မဖြစ်အောင် ထိန်းထားရမည်။ ၎င်းတို့သည် ကျောင်းဆရာ၊ သူနာပြု၊ မြို့ပြလုပ်သား၊ စားဖိုမှူး၊ စားသောက်ဆိုင်လုပ်ငန်း၊ ဂီတပညာရှင်၊ ဆရာဝန်၊ ကုန်သည်၊ ဝန်ကြီး၊ ဘဏ်အရာရှိ၊ အဖွဲ့အစည်း၏ ဦးစီးရသော လုပ်ငန်းများ အောင်မြင်မှုရတတ်သည်။

(၂၅) ရက်မွေးသူများ

(၂၅) ရက်မွေးဖွားသူများသည် အဆင့်မြင့်မြင့်လုပ်ကိုင်နိုင်စွမ်းရှိသည်။ အသိထူးရှိပြီး အနာဂတ်ကို ကြိုတင်ဟောနိုင်သည်။ အတွေးအခေါ်ဘက်ကို စိတ်ဝင်စားသည်။ တစ်ခါတစ်ရံ စိတ်ပျံ့လွင့်တတ်၍ စိတ်ငြိမ်အောင် ထိန်းသင့်သည်။ တောတောင်ဒေသများ၊ မြို့ဆင်ခြေဖုံးဒေသနေထိုင်ခြင်းသည် သဘာဝနှင့် ကိုက်ညီသည်။ ချို့ယွင်းချက်မှာ မိမိစွမ်းရည်ကို နားမလည်ခြင်း ဖြစ်၏။ ဆုံးဖြတ်ချက်မချမီ လေးလေးနက်နက်စဉ်းစားသင့်သည်။ ပျင်းရိခြင်း၊ သူတစ်ပါးအပြစ်မြင်ခြင်း၊ စိတ်ပျက်ခြင်း၊ အားလျော့ခြင်းကို ရှောင်ရမည်။ ၎င်းတို့သည် သိပ္ပံပညာရှင်၊ နိုင်ငံရေးသမား၊ စာရင်းကိုင်၊ ပန်းချီဆရာ၊ ဂမ္ဘီရပညာလေ့လာသူ၊ ထောက်လှမ်းရေး၊ ရှေ့နေ၊ ကျောင်းဆရာ၊ စာရေးဆရာအဖြစ် အောင်မြင်မှု ရတတ်သည်။

(၂၆) ရက် မွေးသူ

(၂၆) ရက်မွေးဖွားသူများသည် စီးပွားရေးလောကတွင်လုပ်ကိုင်သင့်ပြီး စည်းရုံးရေးသမားကောင်းဖြစ်ကာ စီးပွားရေးလုပ်ငန်းကြီးများကို ကောင်းစွာလုပ်နိုင်သည်။ စတင် လုပ်ကိုင်သည်ကစ၍ ပြီးဆုံးအောင် လုပ်သင့်သည်။ ဤရက်မွေးသူများ ငွေကြေးကံကောင်းသည်။ စိုးရိမ်စရာမလိုဘဲ ငွေကြေးနှင့် လူကို ဆွဲဆောင်နိုင်သည်။ အသက်ကြီးပိုင်းမှ အလိုရှိရာ ရရှိတတ်သည်။ အတိတ်ကို ပြန်မတွေးသင့်။ ၎င်းတို့သည် မိသားစုပစ္စည်းဥစ္စာ၊ အဆင့်အတန်းကို အာရုံပြုထားတတ်သည်။ စိတ်အလွန်လှုပ်ရှားတတ်ပြီး စိတ်အတက်အကျမြန်သည်။ ငယ်ငယ်ရွယ်ရွယ်တွင် အိမ်ထောင်ပြုခြင်းဖြင့် ဘဝတည်ငြိမ်မှုကိုရသည်။ ၎င်းတို့သည် အင်ဂျင်နီယာ၊ သံအမှုထမ်း၊ အနုပညာရှင်၊ နိုင်ငံရေးသမား၊ စာပေထုတ်ဝေသူ၊ ကုမ္ပဏီရှေ့နေ၊ စာရင်းကိုင်၊ တီးဝိုင်းခေါင်းဆောင်၊ ကျောင်းဆရာအဖြစ် အောင်မြင်မှုရတတ်သည်။ ၎င်းတို့သည် ရှစ်ဂဏန်းပိုသ၍ တိတိကျကျလုပ်တတ်သည်။ ဂီတပညာကို ပိုင်နိုင်တတ်ကျွမ်း လိုက်စားတတ်သည်။

(၂၇) ရက်မွေးသူများ

(၂၇) ရက်မွေးသူများသည် စာပေ၊ ပြဇာတ်၊ ဝတ္ထုရေးတတ်ပြီး ဘာသာရေးလိုက်စားတတ်သည်။ ပင်ကိုသဘာဝအားဖြင့် ခေါင်းဆောင်တစ်ဦးဖြစ်ပြီး အင်တိုက်အားတိုက်လုပ်တတ်သူ၊ ပြတ်သားစွာ ဆုံးဖြတ်သူ၊ ဖော်ရွေသူ ဖြစ်သည်။ ပညာရပ်တွေကို တပည့်ခံသင်ယူတတ်သည်။ စိတ်စွမ်းရည်ထူးရှိသည်။ အစွန်းမရောက်တတ်၍ အကြံကြီးပြီး ကြီးစိုးလိုစိတ် ရှိသည်။ ရှုပ်ထွေး



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မျိုးမှာ အကျိုးယုတ်စေတတ်၍ ပတ်သက်မှုမရှိသင့်။ ၎င်း၏ ဦးဆောင်မှုကို ဝေဖန်ခြင်းအား မနှစ်သက်။ ကိုယ်ပိုင်စွမ်းရည်ဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်တတ်သည်။ (၉)ဂဏန်းအားလုံး (၂+၇)ကဲ့သို့ တစ်ဦးတည်း မနေသင့်။ (၉) ဂဏန်း၏ စက်ဝန်းအတွင်း အိမ်ထောင်ပြုပါက စိတ်ပျက်စရာများ ကြုံတွေ့ရမည်။ ၎င်းတို့သည် စိတ်လှုပ်ရှားပြီး ဆွဲဆောင်အားရှိသည်။ စိတ်ပျက်စိတ်မာတ်ကျလွယ်တတ်သည်။ ၎င်းတို့သည် စာရေးဆရာ၊ အကြံပေးပုဂ္ဂိုလ်၊ ရှေ့နေ၊ ဆရာဝန်၊ သံတမန်၊ သတင်းဆရာ၊ ကဗျာဆရာ၊ ကျောင်းဆရာ၊ ပွဲစား၊ ဆေးဆရာ၊ စတော့ရှယ်ယာလုပ်ငန်း၊ အနုပညာရှင်၊ ရုပ်ရှင်သရုပ်ဆောင်၊ တောင်ယာလုပ်ကိုင်သူ၊ အာမခံကိုယ်စားလှယ်၊ ကထိက၊ အစားအစာ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ရောင်းချသူအဖြစ် အောင်မြင်တတ်သည်။

**(၂၈) ရက်မွေးသူများ**

(၂၈) ရက်မွေးသူများသည် ဆွဲငင်အားရှိ၍ အကြံဉာဏ်ကြီးသူဖြစ်သည်။ ၎င်းတို့သည် လွတ်လပ်မှုကို လိုလား၍ စိတ်မာတ်ခိုင်သူ ဖြစ်သည်။ မေတ္တာရေးရာတွင် လွတ်လပ်မှုလိုလားသော်လည်း ကန့်သတ်မှုထဲ ရောက်သွားတတ်သည်။ ၎င်းတို့သည် အစကောင်းသူဖြစ်သော်လည်း အပြီးမသတ်။ နေ့ခင်းကြောင်တောင် အိပ်မက်မက်တတ်သူဖြစ်ပြီး ၎င်းအကျင့်မဖျောက်နိုင်က လူပျင်းဖြစ်သွားတတ်သည်။ အောင်မြင်မှုအတွက် အချိန်တိုင်း ဂရုစိုက်ရမည်။ အခက်အခဲကြုံပါက ပုံကြီးချဲ့တတ်ခြင်းကြောင့် စိတ်ပျက်ဖွယ်ရာများ ကြုံတွေ့ရသည်။

၎င်းတို့သည် ကျောင်းဆရာ၊ လျှပ်စစ်လုပ်ငန်း၊ တီထွင်သူ၊ လေယာဉ်မှူး၊ ရှေ့နေ၊ သင်္ဘောသား၊ အကြံပေးပုဂ္ဂိုလ်၊ အင်ဂျင်နီယာ၊ ဖက်ရှင်ဒါရိုက်တာ၊ သိပ္ပံပညာရှင်အဖြစ် အောင်မြင်မှုရတတ်သည်။ ပင်ကိုအားဖြင့်လည်း စီမံခန့်ခွဲမှုတွင်တော်သူများ ဖြစ်သည်။

**(၂၉) ရက်မွေးသူများ**

(၂၉) ရက်မွေးသူများသည် ၎င်းမွေးရက်သည် အားကောင်းသည့်ရက်ဖြစ်သည်။ (၂) နှင့် (၉) ပေါင်းက (၁၁)ရသည်။ ယင်းမှာ အထူးဂဏန်း ဖြစ်သည်။ ၎င်းဂဏန်း (၁၁) တိုက်ရိုက်ဖြစ်ပါက အလွန်ကောင်းသောဂဏန်း ဖြစ်သည်။ ၎င်းရက် မွေးသူများသည် အစွန်းရောက်၍ အလွန်ပျော်တတ်သလို အလွန်စိတ်မာတ်ကျတတ်သည်။ မှန်မှန်ကန်ကန်နှင့် သူတစ်ပါးအား ကူညီသင့်သည်။ တည်ငြိမ်မှုတစ္စာ ထိန်းသိမ်းသင့်သည်။ ဘာသာရေးစိတ်ဝင်စား၍ အတွေးအခေါ်ကောင်းသည်။ အပေါင်းအသင်းများထဲမှ အနည်းငယ်ကို ရင်းရင်းနှီးနှီးပေါင်းတတ်သည်။ အမည်ဂဏန်းသာ ဘဝလမ်းကြောင်းဂဏန်းနှင့်သင့်မြတ်ပါက ဘဝမှာ အောင်မြင်မှုရတတ်သည်။ မိသားစုနှင့် ကျောထောက်နောက်ခံအဖြစ် လိုအပ်သော်လည်း အမြဲအတူနေဖို့မလွယ်ကူပါ။ ၎င်းတို့သည် လေယာဉ်မှူး၊ လျှပ်စစ်လုပ်ငန်း၊ ဥပဒေ၊ သင်ကြားခြင်း၊ ရေဒီယို၊ ဟောပြောပို့ချသူ၊ အစားအစာရောင်းချသူများအဖြစ် အောင်မြင်မှုရတတ်သည်။

**(၃၀) ရက်မွေးသူများ**

(၃၀) ရက်မွေးသူများ ပုံမှန်အလုပ်မျိုး ငြီးငွေ့လွယ်၍ ပျော်အောင်နေတတ်ရမည်။ ထို့အတူ တစ်ခုတည်းဂဏန်း (၃) ရသော ၃၊ ၁၂၊ ၃၀ ရက်မွေးသူများပါ သက်ဆိုင်သည်။ စီမံခန့်ခွဲသော မန်နေဂျာကောင်းတစ်ဦး ဖြစ်သော်လည်း ပင်ပင်ပန်းပန်းမလုပ်တတ်။ အနုပညာရှင်၊ မန်နေဂျာ၊ ကျန်းမာရေးလုပ်ငန်း၊ အလှအပမွမ်းမံသူ၊ အစာအာဟာရလုပ်ငန်းများတွင် အောင်မြင်မှုရတတ်သည်။

**(၃၁) ရက်မွေးသူများ**

(၃၁) ရက်မွေးသူများသည် လက်တွေ့သမားများဖြစ်၍ စီးပွားရေးကောင်းစွာလုပ်နိုင်သူဖြစ်သည်။ ၎င်းတို့သည် ရိုးဖြောင့်၍ သစ္စာရှိသူများဖြစ်ပြီး ဆုံးဖြတ်မှုကောင်း၍ ချွေတာတတ်သူများ ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တေးထားတတ်သည်။ စိတ်ပညာရပ်များကို နှိုက်နှိုက်ချွတ်ချွတ် လိုက်စားတတ်သည်။ ငယ်ရွယ်စဉ်မှာ အိမ်ထောင်ပြုသင့်သည်။သို့မှသာ တည်ငြိမ်သောဘဝကို တည်ဆောက်နိုင်မည်။ ခရီးသွားရခြင်းနှစ်သက်၍ တစ်ဦးတည်း နေရခြင်းကို သဘောမကျပါ။ ခေါင်းမာတတ်၍နောက်မဆုတ်တတ်။ အဆင့်မြင့်သောဘဝကို ကိုယ်တိုင်တည်ဆောက်၍ မျှော်လင့်ထားသလို ဖြစ်မလာသောအခါ စိတ်မာတ်ကျဆင်းတတ်သည်။

၎င်းတို့သည် ဆေးဝါးကျွမ်းကျင်၊ ဓာတုဗေဒပညာရှင်၊ စာရင်းကိုင်၊ စာရေး၊ ရုံးမန်နေဂျာ၊ ကျွမ်းကျင်သူ၊ လက်နှိပ်စက်စာရေး၊ ကန်ထရိုက်တာ၊ စာရင်းစစ်၊ ကုန်ထုတ်လုပ်ရေးနှင့် တပ်မတော်အရာရှိအဖြစ် အောင်မြင်မှုရတတ်သည်။

**ဂဏန်းဗေဒင်စွမ်းအားအသုံးပြုနည်း**

**(How to use the power of concords in numerology)**

မွေးရက်များကို သင့်လျော်သော အုပ်စု (၃) စုခွဲသည်။ ၎င်းအုပ်စုများမှာ အနုပညာနှင့် ပတ်သက်သော ဝါယော- လေအုပ်စု၊ သိပ္ပံနယ်ပယ်နှင့် ပတ်သတ်သော အာပေါ - ရေဓာတ်အုပ်စုနှင့် စီးပွားရေးနယ်ပယ်နှင့်ပတ်သတ်သော တေဇော- မီးဓာတ်အုပ်စုတို့ ဖြစ်သည်။

**ဝါယော- လေအုပ်စု အနုပညာနယ်ပယ်**

**(Air or artistic concord)**

မွေးရက်ဂဏန်း (၃)၊ (၆)၊ (၉) နှင့် တစ်ခုတည်းပေါင်း၍ရသော (၃)၊ (၆)၊ (၉) ရက်များသည် အနုပညာအုပ်စုတွင် ပါဝင်သည်။ (၃) ဂဏန်းက အခြေခံအုတ်မြစ်၊ (၆) က သော့ချက်၊ (၉) က ထိပ်ဂဏန်း။ ယင်းသို့ ကြိုက်တစ်ဖွဲ့စည်းပါသည်။ ဝါယော- လေဓာတ်မှာ နာမ်ပိုင်း ဝိညာဉ်ဆိုင်ရာနှင့်သက်ဆိုင်သည်။

ဤအုပ်စုတွင် ပါဝင်သူများမှာ လွတ်လွတ်လပ်လပ် တွေးခေါ် လှုပ်ရှားသည်။ အနုပညာ၊ စာပေရေးရာများတွင် စွမ်းရည်ရှိပြီး ပုဂ္ဂိုလ်စွဲမရှိပါ။ စကားများတတ်၍ စိတ်ကူးယဉ်ဆွဲဆောင်မှု အားကောင်းသည်။ ၎င်းတို့သည် စကားပြောကောင်းခြင်း၊ စာရေးခြင်း၊ သရုပ်ဆောင်ဘက်တွင် ထင်ပေါ်တတ်သည်။

လေဓာတ် - မွေးသူများမှာ မည်သည့်လမဆို (၃)၊ (၆)၊ (၉)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၃၀) ရက်နေ့များ ဖြစ်သည်။ အနုပညာနယ်အတွက် ဥပမာပေးရသော် ဖေဖော်ဝါရီ (၃) ရက်၊ မတ်လ (၆) ရက်၊ မေလ (၉) ရက်၊ ဇွန်လ (၁၂) ရက်၊ ဇူလိုင် (၁၈) ရက်၊ ဩဂုတ်လ (၂၄) ရက်တို့ ဖြစ်သည်။

**အာပေါရေဓာတ် သိပ္ပံပညာနယ်**

**(Water or scientific concord)**

(၁)၊ (၅)၊ (၇) ရက်မွေးသူနှင့် တစ်လုံးတည်းကျန်ပေါင်းက ၎င်းဂဏန်းရသူများသည် အာပေါ ရေဓာတ်အုပ်စု သိပ္ပံပညာနယ်တွင် ပါဝင်သည်။ (၁) ဂဏန်းက အခြေခံအုတ်မြစ်၊ (၅) က သော့ချက်၊ (၇) ဂဏန်း ထိပ်ဂဏန်း ဟူ၍ ကြိုက်သဖွယ် နေရာယူထားသည်။ ရေဓာတ်၏သဘာဝမှာ စိတ်ဖြစ်၍ ထို့ကြောင့် ဤအုပ်စုတွင် ပါဝင်သူတို့မှာ လေ့လာမှုများ၍ ဗဟုသုတနှင့် ပြည့်စုံတတ်သည်။ (၁) ဂဏန်းသမားများမှာ ဖန်တီးတတ်၍ ပင်ကိုစွမ်းရည်ရှိခြင်း အသိဉာဏ်ပြည့်စုံ၍ သိပ္ပံနည်းကျသော စွမ်းရည်များရှိသည်၊ (၅) ဂဏန်းက



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲများခြင်း၊ ဂနာမငြိမ်ခြင်း၊ ညှို့ငင်ဆွဲအားရှိခြင်း၊ သနားတတ်ခြင်းတို့ ဖြစ်သည်။ (၇) ဂဏန်းသမားများသည် စိတ်ပိုင်းဆိုင်ရာစွမ်းရည်ထူးရှိခြင်း၊ နားနားနေနေ နေတတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်ခြင်း၊ သိပ္ပံနည်းကျခြင်းတို့ ဖြစ်သည်။ ယင်းတို့အားလုံးတွင် ထိုးဖောက်မြင်နိုင်စွမ်းရှိကြသည်။

အာပေါ-ရေဓာတ်မွေးသူများမှာ မည်သည့်လမဆို (၁)၊ (၅)၊ (၇)၊ (၁၀)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၅)၊ (၂၈) ရက်နေ့များ ဖြစ်သည်။ ၎င်းတို့သည် အင်ဂျင်နီယာ၊ လေယာဉ်မှူး၊ ဈေးသည်၊ စာရေးဆရာ၊ ကျောင်းဆရာ၊ ကိုယ်ပိုင်လုပ်ငန်း၊ ရောဂါဗေဒပညာရှင်၊ သိပ္ပံပညာရှင်များအဖြစ် အောင်မြင် ထူးချွန်သည်။

အာပေါ - ရေဓာတ် သိပ္ပံနယ်အတွက် နမူနာပြ မွေးရက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဖေဖော်ဝါရီ (၁)ရက်၊ ဧပြီ(၅)ရက်၊ မေ (၇) ရက်၊ ဇွန် (၁၉) ရက်၊ ဩဂုတ် (၃၁) နှင့် ဒီဇင်ဘာ (၂၅) ရက်တို့ ဖြစ်သည်။

**တေဇော- မီးဓာတ် စီးပွားရေးအုပ်စု**

**(Fire or business concord)**

တစ်လုံးတည်းကျန်အောင် ပေါင်းက (၂)၊ (၄)၊ (၈)၊ (၁၁)၊ (၂၂) ရသော မွေးနေ့များ သိပ္ပံပညာနယ်ပယ်အုပ်စုတွင် ပါဝင်သည်။ (၁၁) နှင့် (၂၂) မှာ အထူးဂဏန်းဖြစ်သည်။ ဤရက်မွေးသူများမှာ စီးပွားရေးလောကကို ဦးဆောင်နိုင်ကြသည်။ ၎င်းတို့သည် စိတ်ထက်သန်၍ ကျူးကျော်လိုကြသည်။

ဖိုသဘောဝစွမ်းရည်ရှိသည်။ခံစားတတ်၍ စိတ်လှုပ်ရှားလွယ်သူများ ဖြစ်သည်။ စည်းကမ်းလည်းကောင်းသည်။ သူတို့ခံစားချက်မှာ အေးတိအေးစက်နိုင်သည်။

တေဇော- မီးဓာတ်မွေးသူများမှာ (၂)၊ (၄)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၆)၊ (၃၁) ရက်များ ဖြစ်သည်။ ၎င်းတို့အတွက် အောင်မြင်သော စီးပွားရေးမှာ မန်နေဂျာ၊ ဘဏ်လုပ်ငန်းရှင်၊ ဒါရိုက်တာ၊ ကုန်သည်၊ စာရင်းစစ်၊ စီးပွားရေးပါရဂူများ၊ ဒီဇိုင်းထုတ်သူနှင့် နိုင်ငံရေးသမားများ ဖြစ်ကြသည်။

၎င်းအုပ်စုအတွက် ဥပမာပြရသော် မွေးရက်များမှာ ဇန်နဝါရီ (၂)ရက်၊ မတ်လ(၄)ရက်၊ ဇွန်လ(၈)ရက်၊ အောက်တိုဘာ(၁၀)ရက်၊ နိုဝင်ဘာ (၂၂) ရက်နှင့် ဒီဇင်ဘာ (၂၉) ရက်တို့ ဖြစ်ကြသည်။

**အခန်း (၉)**

**အပြီးသတ် ရပိုင်ခွင့် သို့မဟုတ်**

**ရည်မှန်းချက် ဘဝပန်းတိုင်ဂဏန်း**

**(Your Final Oppertunity or Goal Power Number)**

ရည်မှန်းချက်ပန်းတိုင်ဂဏန်းသည် ဘဝတစ်လျှောက်လုံးအတွက် လမ်းညွှန်ပေးသောဂဏန်း ဖြစ်သည်။ သို့သော် ဘဝ၏ နောက်ပိုင်းကာလများအတွက် ပိုမို အကျိုးသက်ရောက်မှုများ ရှိသည်။

**ရည်မှန်းချက် ဘဝပန်းတိုင်ဂဏန်း ရှာနည်း**

**(How to find your power number)**

ဘဝပန်းတိုင်ဂဏန်း ရှာနည်းမှာ ပုဂ္ဂိုလ်ရေးဂဏန်းဖြစ်သော ဘဝလမ်းကြောင်းဂဏန်းနှင့် ဘဝကံကြမ္မာဂဏန်းတို့ကို တစ်လုံးတည်းကျန်အောင် ပေါင်းယူခြင်းမှ ရရှိပါသည်။ ဘဝပန်းတိုင်ဂဏန်း ဘဝ၏ နောက်ပိုင်းကာလများတွင် ပျော်ရွှင်ရခြင်း၊ ကိုယ်စိတ်နှစ်ပါး အနားရခြင်း၊ အကျိုးအမြတ် ဖြစ်ထွန်းပေါ်ပေါက်လာခြင်းတို့ကို ဖော်ပြသည့် အညွှန်းပြမှတ်တိုင် ဖြစ်သည်။

ဥပမာ ထင်ရှားသော တီးဝိုင်းခေါင်းဆောင်ဖြစ်သော လော့ရင့်(စ်)ဝဲလ်ခ် (Lawrence Welk)သည် ၁၉၀၃ ခု၊ မတ်လ ၁၁ ရက်တွင် မွေးဖွားသည်။

လော့ရင့်(စ်)ဝဲလ်ခ်၏ ကံကြမ္မာဂဏန်းက (၆)၊ ဘဝလမ်းကြောင်းဂဏန်းက (၁၁+၇) တစ်နည်း တစ်လုံးတည်းရအောင်ပေါင်းခြင်း (၉)။ ကံကြမ္မာဂဏန်း (၆)နှင့် ဘဝလမ်းကြောင်းဂဏန်း (၇) ပေါင်းက ရည်မှန်းချက် ဘဝပန်းတိုင်ဂဏန်း (၆) ရသည်။ ၎င်းဘဝပန်းတိုင်ဂဏန်းသည် ကံကြမ္မာဂဏန်းနှင့် ဘဝလမ်းကြောင်း ဂဏန်းနှစ်ခုပေါင်း (၆) ရသည်။

ဆက်လက်ပြီး ဥပမာ (၂) မှာ အန်နာအဲလန်နော်ရုစဗဲ(လ်)(မ်) (Anna Eleanor Roosevelt)ဘဝပန်းတိုင်ဂဏန်း ရှာနည်းမှာ-

ဘဝရည်မှန်းချက် ဘဝပန်းတိုင်ဂဏန်းသည် ကံကြမ္မာဂဏန်း (၆) နှင့် ဘဝလမ်းကြောင်း (၆) ပေါင်း၍ရသော ဂဏန်း (၃) ဖြစ်သည်။

နာမည်တစ်ခုလုံးသည် ဘဝလမ်းကြောင်းနှင့် လိုက်လျောညီထွေရှိပြီး အခက်အခဲအန္တရာယ်ကို အောင်မြင်သည်။ ဘဝရည်မှန်းချက် ဘဝပန်းတိုင်ဂဏန်းသည် သူမအား လွတ်လပ်စွာနေတတ်သောပုံစံကို ဖော်ပြသည်။ သူမသည် အပြောကောင်းသော စာနယ်ဇင်းသမား ဖြစ်သည်။

**အကျဉ်းချုပ်မှတ်ရန်**

၁။ ဘဝရည်မှန်းချက်ပန်းတိုင် ဂဏန်းရှာရန် အပြည့်အစုံရေး၍၊ အက္ခရာကိုယ်စားဂဏန်းရေး၍ ဂဏန်းတစ်လုံးတည်းရအောင်ပေါင်းပါ။

၂။ မွေးရက်၊ လ၊ နှစ်တို့ကို ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းပါ။

၃။ အထက်ပါ (၁)နှင့် (၂) မှရသော ဂဏန်းနှစ်ခုကို ပေါင်း၍ ဂဏန်းတစ်လုံးတည်း ကျန်သည်အထိ ပေါင်းပါ။

မှတ်ချက် - အခြားအချက်လက်များ အခန်း (၂) ဂဏန်းများ၏ ယေဘုယျအဓိပ္ပာယ်တွင်ကြည့်ပါ။

**ဘဝပန်းတိုင်ဂဏန်းများ၏အဓိပ္ပာယ်**

**(Meaning of Power number)**

ဘဝပန်းတိုင် ဂဏန်း (၁) - ၎င်းဂဏန်း (၁)ရသူများသည် ခေါင်းဆောင်ဖြစ်နိုင်သည်။ လွတ်လပ်မှုကိုနှစ်သက်ပြီး

| | | | | | |
|---|---|---|---|---|---|
| LAWRENCE | WELK | MARCH | 11 | 1903= | (11+7) |
| 3 1 5 9 5 5 3 5 | 5 5 3 2 | 3 | 11 | 13 | 9 |
| 36 | 15 | | | 4 | |
| 9 + | 6 | = 15= 6 (6+9=15=6) ဘဝပန်းတိုင်ဂဏန်း | | | |

| | | |
|---|---|---|
| ANNA | ELEANOR | ROOSEVELT |
| 1 5 5 1 | 5 3 5 1 5 6 9 | 9 6 6 1 5 4 5 3 2 |
| 12 | 34 | 41 |
| 3 | 7 | 5 =15= 6 |
| မွေးရက် October | 11, 1884 | |
| 10 | 11 21 | |
| 1 + | 11+ 3 = (11 - 4) = 6 | |



www.burmeseclassic.com

www.burmeseclassic.com

ဘီထွင်ဖန်တီးတတ်သည်။ ပင်ကိုအရည်အသွေးရှိပြီး တက်ကြွမှုရှိသူ ဖြစ်သည်။ နယ်ပယ်သစ်ကို ရှာဖွေ စူးစမ်းတတ်သည်။ ၎င်းတို့သည် ရည်မှန်းချက်ကြီး၍ ပါးနပ်သူများဖြစ်သည်။ မိမိ၏ယူဆချက်ကို ခေါင်းမာစွာကိုင်စွဲ၍ လွှမ်းမိုးကြီးလိုစိတ်များကို ရှောင်ရှားသင့်သည်။

ဘဝပန်းတိုင်ဂဏန်း (၂) - ၎င်းဂဏန်းရသူသည် ဂီတ၊ အကကဲ့သို့သော အနုပညာဘက်စိတ်ဝင်စားသည်။ ပေါင်းသင်းဆက်ဆံရေးလိမ္မာ၍ အခြားသူများနှင့် ပူးပေါင်းလုပ်ကိုင်တတ်သည်။ အကြံဉာဏ်ကောင်းများပေးနိုင်သောကြောင့် အောင်မြင် ပျော်ရွှင်မှုများရတတ်သည်။ ၎င်းတို့သည် အချက်အလက် စုဆောင်းတတ်ပြီး စာကြည့်တိုက်၊ ပြတိုက်ကိစ္စရပ်များတွင် စိတ်ဝင်စားသည်။ နာမ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးကို စိတ်ဝင်စားတတ်သည်။ သူတစ်ပါး၏ ခုတုံးမဖြစ်အောင် သတိထားရမည်။

ဘဝပန်းတိုင်ဂဏန်း (၃) - ၎င်းဂဏန်းရသူသည် စကားပြောဟောခြင်း၊ စာပေရေးသားခြင်း၊ ပြုမှုလှုပ်ရှားမှုများ ထင်ပေါ်အောင် လုပ်တတ်သည်။ အကြောင်းအရာရွေးချယ်ဟောပြောမှုတွင် ကျွမ်းကျင်၍ ဟာသဉာဏ်ရှင်သူ ဖြစ်သည်။ တီထွင်ဉာဏ်၊ စိတ်ကူးဉာဏ်ကောင်းသူ ဖြစ်သည်။ ၎င်းတို့အနေနှင့် ပင်ကိုစွမ်းရည် တကွဲတပြား မဖြစ်စေသင့်။ စွမ်းရည်ကို စုစည်း၍ မိမိလိုရာပန်းတိုင်ကို လျှောက်သင့်ပါသည်။

ဘဝပန်းတိုင်ဂဏန်း (၄) - ၎င်းဂဏန်းရသူများသည် လက်တွေ့ကျကျ ဆောင်ရွက်တတ်ပြီး ရည်မှန်းချက်ရောက်အောင် လျှောက်လှမ်းတတ်သူ ဖြစ်သည်။ သို့ရာတွင် လုံ့လဝီရိယအားထုတ်မှုနည်းသည်ကို သတိပြုသင့်သည်။ ဖွဲ့ကြိုးခြင်း၊ ရိုးသားကြိုးစားခြင်း၊ စာနာထောက်ထားခြင်းတို့ပေါင်းစပ်ပြီး အောင်မြင်မှုကို ခိုင်မာအောင် လုပ်သင့်သည်။ သိပ္ပံပညာရပ်နှင့် ဘာသာရေးဘက်ကို စိတ်ဝင်စားသည်။ ရှေးရိုးဆန်၍ အသစ်အဆန်းများ လက်မခံတတ်ပါ။ မနားမနေ ပြင်းပြင်းထန်ထန်လုပ်တတ်သည့်အတွက် အကျိုးထူးခံစားရတတ်ပါသည်။

ဘဝပန်းတိုင်ဂဏန်း (၅) - ၎င်းဂဏန်းရသူများသည် အတွေ့အကြုံများစွာရှိသည်ဖြစ်သည်။ ခရီးသွားလာမှုကို နှစ်သက်၍ အကြံအစည်အသစ်များကို တက်တက်ကြွကြွဆောင်ရွက်တတ်သည်။ စူးစမ်းလိုစိတ် ထက်သန်မှုရှိတတ်သည်။ မိမိ၏လှုပ်ရှားမှုများမှာ အများစုကြီးပွားတိုးတက်မှုကို လုပ်ဆောင်တတ်သည်။ သို့အတွက် မနားမနေလုပ်ဆောင်တတ်သည်။ စိတ်ကြိုက်အရာများ ရွေးလုပ်တတ်သည်။ (၅) ဂဏန်းသည် ငါးမြှောင့်ကြယ်ကို ကိုယ်စားပြုသည်။ ကွဲပြားမှုများစွာရှိရာ ရည်မှန်းချက်များ များလွန်းနေတတ်သည်။ ဤအထဲမှ ရွေးချယ်ပြီး တစ်ခုတည်း အာရုံစိုက်လုပ်ဆောင်သင့်သည်။

ဘဝပန်းတိုင်ဂဏန်း (၆) - ၎င်းဂဏန်းရသူသည် အမြင့်ဆုံးထိအောင်ကံအခွင့်အလမ်းရောက်နိုင်သည်။ မိသားစုအကျိုးထက် အများအကျိုးကို လုပ်ဆောင်သင့်သည်။ (၆)ဂဏန်းမှာ ပုဂ္ဂိုလ်စွဲမထားရသောဂဏန်း ဖြစ်သည်။ အိမ်မှာ သက်သောင့်သက်သာနေပြီး မိသားစုကို ချစ်ခင်စွာနေတတ်သည်။ ၎င်းတို့သည် ငွေကြေးအတွက် မပူပန်ရပါ။ လူသားအားလုံး အများအတွက် တာဝန်ယူသင့်သည်ဟုခံယူထားရမည်။ မိမိအောင်မြင်ရေးသည် ပစ္စုပ္ပန်ကာလ ဆောင်ရွက်ချက်ပေါ် မူတည်သည်။

ဘဝပန်းတိုင်ဂဏန်း (၇) - ၎င်းဂဏန်းရသူသည် စိတ်ပိုင်းနှင့် နာမ်ပိုင်းကို လေ့လာလိုက်စားသည်။ အသိဉာဏ်ပညာ၊ ဗဟုသုတရှာမှီးခြင်းသည် အသုံးချရန် ကြိုးစားရမည်။ တစ်ဦးတည်းအေးအေးနေပြီး တရားဓမ္မအားထုတ်တတ်သည်။ ဒဿနအတွေးအခေါ်၊ ဆန်းသစ်သောအယူအဆ၊ သိပ္ပံပညာရပ်များနှင့် ပတ်သက်၍ စာဖြင့် ရေးသားဖော်ထုတ်တတ်သည်။ ၎င်းတို့သည် အဖွဲ့တွင်းထဲမှာ နက်နက်ရှိုင်းရှိုင်းတွေးတတ်သူ ဖြစ်သည်။

ဘဝပန်းတိုင်ဂဏန်း (၈) - ၎င်းဂဏန်းရသူသည် နာမည်ကျော်ရန်၊ စွမ်းအားမြင့်မားရန် အသိအမှတ်အပြုခံရဖို့ အခွင့်အရေးရှိသူများ ဖြစ်သည်။ ကိုယ်တိုင်ကလည်း စည်းကမ်းချလုပ်ကိုင်တတ်ပြီး စီမံခန့်ခွဲမှုရှိသူများ ဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုတေသနပြုတတ်ခြင်း၊ အကြံဉာဏ်ပေးခြင်းများပြုတတ်သည်။ အခြားသူများ အကြံပေး ကိုင်တွယ်နိုင်သူများ ဖြစ်သည်။ ၎င်းတို့သည် မြေယာလုပ်ငန်းများ လုပ်ကိုင်တတ်သည်။

ဘဝပန်းတိုင်ဂဏန်း (၉) - ၎င်းဂဏန်းရသူသည် တစ်လောကလုံး ဖြန့်ကျက်ကြည့်တတ်၍ ပုဂ္ဂိုလ်ရေးသက်သက်ထက် အများအကျိုးအတွက် လုပ်ဆောင်ရသူ ဖြစ်သည်။ ဤသို့ ရည်မှန်းချက်ဖြင့် ဆောင်ရွက်ရာတွင် စိတ်ပျက်စရာများ ကြုံတွေ့ရသည်။ ၎င်းတို့သည် ပြဇာတ်၊ စာပေ၊ အနုပညာရှင်များ အောင်မြင်သည်။ လူကောင်းချီးကျူး ခံယူချက်ထက် အလုပ်အကျွေးပြုခြင်းအတွက် ကောင်းချီးပေးခံရတတ်သည်။

ဘဝပန်းတိုင်ဂဏန်း (၁၁) - ၎င်းဂဏန်းရသူများသည် ထင်ပေါ်ကျော်စောသော ခေါင်းဆောင် ဖြစ်တတ်၍ အောက်ခြေသိမ်းလုပ်သည်။ ဘာသာရေးခေါင်းဆောင်၊ တရားဟောဓမ္မကထိကများကဲ့သို့ နာမ်ဝါဒီများသည် ဤဂဏန်းရသူများ ဖြစ်သည်။ ၎င်းဂဏန်းက စိတ်ကူးအတွေးအခေါ် နာမ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု ရှိသည်။ ငြိမ်းချမ်းရေးနှင့် အများကောင်းကျိုးဆောင်ရွက်သူများ ဖြစ်သည်။ ၎င်းဂဏန်းရသူများသည် လေယာဉ်မှူး၊ လျှပ်စစ်လုပ်ငန်း၊ ရုပ်မြင်သံကြားလုပ်ငန်းများလုပ်ကိုင်တတ်သည်။ နာမည်ကျော်ကြားပြီး ဂုဏ်ထူးဘွဲ့ထူးများ ရတတ်သည်။

ဘဝပန်းတိုင်ဂဏန်း (၂၂) - ၎င်းဂဏန်းရသူသည် အခြေခံကောင်းများ တည်ဆောက်နိုင်က မိမိအတွက်ရော အများကပါ အသိအမှတ်ပြုခံရမည်။ များစွာသော နိုင်ငံရေးခေါင်းဆောင်များ သံအမတ်ကြီးများစွာတွင် ဤဂဏန်းများရသူများ ဖြစ်သည်။ ၎င်းဂဏန်းက ပုဂ္ဂိုလ်ရေးထက် တစ်လောကလုံးနှင့် သက်ဆိုင်သည်။ ကိုယ်ကျိုးသာမက လောကကြီးအကျိုးပါ ဆောင်ရမည့်သူ ဖြစ်သည်။

**သက်ကြီးပိုင်းအတွက် ပြင်ဆင်ထားနည်း (How you can prepare for happy old age)**

ဘဝသည် ဖွားသော ရက်၊လ၊နှစ် သင်္ချာ ရာဇ်နှင့် နာမည်တို့ အဆက်အစပ်ရှိသည်။ များသောအားဖြင့် လူနေမှုဘဝနှင့် မိသားစုအတွက် အလုပ်ရှုပ်နေတတ်သည်။ဘဝပန်းတိုင်ဂဏန်းသည် နောက်ကွယ်ကနေ၍ တွန်းအားပေးနေပြီး ဘဝအတွက် ဆုံးဖြတ်ချက်ချပေးသည်။ ဘဝနောက်ပိုင်းတွင် ဘဝပန်းတိုင်ဂဏန်းများက ပြည့်ပြည့်ဝဝလုပ်ဆောင်ပေးသည်။ ၎င်းက အတွေ့အကြုံရစေပြီး အခွင့်အရေးကို ဖန်တီးပေးသည်။ ဤညွှန်ပြချက်အရ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းတစ်ခုခုကို ကြိုတင်ပြင်ဆင်ထားနိုင်ပါက ဘဝ၏နောက်ပိုင်းကာလများ အင်အားအပြည့်နှင့် ကျော်ဖြတ်နိုင်မည်။

ဆရာဒလမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

## သြဇာတိက္ကမကြီးမားရှ်
## ရန်အပေါင်းကိုအောင်နိုင်ပြီး မျက်နှာပွင့်လန်းကာ
## အဆိပ်ကိုပါနိုင်နင်းစေသော

# မဟူရာအဆောင်

**နေဝန်းသစ်**

လွန်ခဲ့သည့် ၁၉၇၄ ခုနှစ်လောက်က စာရေးသူသည် အထူးလေ့လာရေးအဖွဲ့တစ်ဖွဲ့နှင့်အတူ မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းဒေသ နာဂတောင်တန်းခရိုင် ဆာရာမေရိတောင်ခြေရှိ နာဂရွာများသို့ ရောက်ရှိခဲ့ပါ၏။

စာရေးသူတို့ရောက်ရှိသွားသော နာဂရွာများမှာ နာဂရိုးရာအစဉ်အလာအားဖြင့် တစ်ရွာနှင့်တစ်ရွာ၊ တစ်နယ်နှင့်တစ်နယ် ညအချိန် ရွာကိုဝိုင်းထားပြီး နံနက်မိုးလင်းသည်နှင့် လျှပ်တစ်ပြက်ဝင်ရောက် တိုက်ခိုက်ကာ ခေါင်းဖြတ်၊ မိလာလျှင်လည်း ခေါင်းဖြတ်ပြီး ယဇ်နတ်ပူဇော်လေ့ရှိကြသော ရွာကြီးများဖြစ်ကြပါသည်။ ထို့ပြင် တစ်ခါတစ်ရံ၌ ရွာအပြင် ရေခပ်ရာ စမ်းချောင်းနံဘေး၊ တောချုံနံဘေးများ၌ ပုန်းအောင်းနေပြီး ထွက်လာသမျှသော ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်ပါမကျန် တိုက်ခိုက်ကာ ခေါင်းဖြတ်လေ့ရှိကြပါသည်။ ၎င်းနာဂတို့၏အယူမှာ ခေါင်းများများဖြတ်နိုင်သူသည် မှော်အတတ်ပညာများ တတ်မြောက်နိုင်ကြောင်း ယုံကြည် ယူဆကြလေ၏။ သို့ကြောင့် တိုက်ခိုက်ရာတွင် ခေါင်းအရနည်းလျှင် ခေါင်းတစ်လုံးကိုပင် ခွဲစိတ် ဝေမျှယူလေ့ရှိကြသည်။

နာဂရွာတိုင်းသည် တောင်ကုန်းများပေါ်တွင်တည်ထားလေ့ရှိကြပြီး ရွာ၏ပတ်ဝန်းကျင်ကို ဆူးကိုင်းများ၊ သစ်များ၊ ဝါးများဖြင့် ဝိုင်းခတ်ကာထားလေ့ရှိသည်။ ထို့အပြင် ရွာကို ရန်သူဝင်လာလျှင် အလွယ်တကူသိရှိနိုင်ရန် ကင်းတဲများဆောက်၍ ကင်းစောင့်လေ့လည်းရှိကြ၏။ အိမ်တိုင်းရှေ့၌ ယဇ်တိုင်များနှင့် လူခေါင်းများ ချိတ်ဆွဲထားသည်ကိုလည်း တွေ့ရှိရပါသည်။ စာရေးသူတို့ရောက်သွားသောဒေသမှာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့် နယ်ချင်းထိစပ်ပြီး ဆိုးရွားသောရာသီဥတု၊ မြင့်မားသီခေါင်သော တောင်ဆွယ်တောင်တန်းကြီးများကြောင့် လူသူအရောက်အပေါက်နည်းသောအရပ်လည်း ဖြစ်သည်။ သားရဲတိရစ္ဆာန်များလည်း ပေါများလှသည်။

*(မှတ်ချက်- စာရေးသူတို့ရောက်သွားချိန်၌ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်၍ ခေါင်းဖြတ်ခြင်း၊ ခေါင်းဖြတ်ယဇ်နတ်ပူဇော်ခြင်း စသည်တို့ကို တော်လှန်ရေးကောင်စီအစိုးရမှ ဥပဒေဖြင့် ထိရောက်စွာ တားဆီးထားပြီး ဖြစ်ပါသည်။)*

စာရေးသူတို့ စတင်ရောက်ရှိသောရွာမှာ အိမ်ခြေ (၅၀၀) ခန့်ရှိပြီး ယခင်က ထိုရွာကြီးသို့ အာသံနယ်ဘက်ရှိ နာဂရွာများနှင့် အနီးပတ်ဝန်းကျင် နာဂရွာများမှ နှစ်စဉ် ကျွဲ၊ နွား၊ ဆန်ရေစပါးများနှင့် အခြား အဖိုးတန်ပစ္စည်းများကို လာရောက်ကာ ဆက်သ,ရသည့် ထန်မုန်ရွာကြီး ဖြစ်သည်။ ရွာနှင့်မနီးမဝေးတွင် လောခူဟဲချောင်းကလေးက မြောက်မှတောင်သို့ စီးလှဲ့ကြည်လင်သော်ရေများဖြင့် စီးဆင်းလျက် ရှိသည်။

စကားပြန်ကြီး လုံရှောင်းထန်က ၎င်းချောင်းရိုးကလေးအတိုင်း အထက်ဘက်သို့ လိုက်သွားလျှင် အိန္ဒိယနိုင်ငံနှင့်ကပ်လျက်ရှိသည့် မက်ဝဲယား နာဂရွာရှိကြောင်း ပြောပါသည်။ စာရေးသူတို့အဖွဲ့လည်း ထန်မုန်ရွာ ရွာသူကြီး ဦးစုလုံးအော်၏အိမ်တွင် (၂) ရက်မျှနေပြီး မက်ဝဲယားရွာသို့ ခရီးဆက်ခဲ့ကြပါ၏။ မက်ဝဲယား နာဂရွာသည် ဆာရာမေရိတောင်ကြီး၏ အလယ်ကြောလောက်တွင်ရှိပြီး အိန္ဒိယနိုင်ငံ အာသံပြည်နယ် မိုလော်ခန် နာဂရွာနှင့် ကပ်လျက်ရှိကြောင်း လုံရှောင်းထန်က ပြောပြပါ၏။

စာရေးသူတို့အဖွဲ့ ရွာနှင့်နီးကပ်သွားချိန်၌ ရွာအဝင်လမ်းများတွင် ဆူးခက်များချထားသဖြင့် လုံရှောင်းထန်က ဒီမှာတင် ခေတ္တနေကြရန်၊ နာဂတို့သည် ထိုသို့ ရွာအဝင်လမ်းများ၌ ဆူးကိုင်းများ, ဆူးခက်များချထားပါက ရွာသို့ အခြားသူတို့ မဝင်စေရန် သတိပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့ထံ လက်ဆောင်တစ်ခုခုနှင့် ခွင့်တောင်းရကြောင်း၊ ၎င်းတို့က သဘောမတူလျှင် ၎င်းလက်ဆောင်နှင့် ဆူးချွန်များပြန်ပို့ကြောင်း၊ သဘောတူခွင့်ပြုချက်မရဘဲသွားပါက အန္တရာယ်ရှိကြောင်း၊ သဘောတူလျှင် လှံတံတစ်ချောင်း ပြန်ပို့ပေးလေ့ရှိကြောင်း၊ ထိုသို့ခွင့်ပြု သဘောတူပါမှ ရွာသို့ အဝင်ခံကြောင်း၊ အန္တရာယ်ကင်းစွာ ရွာသို့ဝင်နိုင်ကြောင်း ပြောပြပါသည်။

သို့ကြောင့် စာရေးသူတို့၏အဖွဲ့ခေါင်းဆောင်က မက်ဝဲယားရွာလူကြီးအတွက် အဝတ်ပိတ် အချို့နှင့် အနွေးထည်အချို့အပြင် သကြားလုံးထုပ်များကို လုံရှောင်းထန်နှင့် အတူပါလာသည့် လမ်းပြကြီး ချင်းကို့လုံးကို ပို့စေပါသည်။ (၁)နာရီလောက်အကြာ၌ ချင်းကို့လုံး လှံတံတစ်ချောင်းကိုကိုင်ကာ ပြန်ရောက်လာပါသည်။ သည်တော့မှ စာရေးသူတို့အဖွဲ့လည်း မက်ဝဲယားရွာရှိရာ တောင်ပေါ်သို့ တက်ခဲ့ကြပါ၏။

နောက်မှ ရွာထဲ၌ ယဇ်ပူဇော်ပွဲကြီးတစ်ခု ကျင်းပနေသဖြင့် ပြင်ပလူ အဝင်မခံခြင်းဖြစ်ကြောင်း သိရပါသည်။ နာဂတို့သည် တစ်နှစ်လျှင် ယဇ်ပူဇော်ပွဲကြီး (၃) ပွဲကို စပါးအဖူးထွက်စ တစ်ကြိမ်, ကောက်သစ်စားချိန် တစ်ကြိမ်, စပါးသိမ်းချိန် တစ်ကြိမ် ကျင်းပလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ ယဇ်မပူဇော်မီမှာ အိမ်ရှေ့ရှိ ယဇ်တိုင်၌ (၁) ရက် ကြိုတင်ပြီး မိမိ ယဇ်ပူဇော်မည့် ကျွဲ၊ နွားတို့ကိုချည်ထားကြကာ အစာကောင်းမွန်စွာကျွေးကြကြောင်း၊ ယဇ်ပွဲနေ့ရောက်သောအခါ၌ အိမ်ရှိလူအားလုံး လက်ကောက်၊ ပုတီး၊ နားတောင်းတို့ကိုဝတ်ဆင်ကြပြီး အလှဆုံး ပြင်ဆင်ကြကာ နာဂရိုးရာအဝတ်အစားများဖြစ်ကြသော သန်ကွတ်တီနံငယ်ပိုင်းများကို ဝတ်ဆင်၍ နံနက် (၁၀)နာရီခန့်လောက်၌ အိမ်ရှေ့ရှိ ယဇ်တိုင်ရှေ့တွင် တန်းစီ၍ရပ်ကြလေ၏။

*(မှတ်ချက်- ယဇ်ပူဇော်ရာ၌ ယဇ်တိုင်ရှေ့တန်းစီရာတွင် နာဂတို့၏ သမီးပျိုများ မပါဝင်ရပါ။ နာဂသမီးငယ်လေးများ ယဇ်မွေ့မရကြဟု သိရပါသည်။)*

ထိုသို့ တန်းစီရပ်နေကြစဉ် အိမ်သူဇနီးသည် ဝါးတောင်းတစ်လုံးထဲ၌ ပါး ဆန်၊ ချင်းတို့ကို ရောနှောထည့်ကာ ယဇ်ပူဇော်မည့် ကျွဲ၊နွားတို့၏ခေါင်းပေါ်မှ သွန်းလောင်းချလိုက်သည်။ ထိုအချိန် အိမ်ရှင်ယောကျ်ားက ဓားထမ်းကာ ယဇ်တိုင်ရှေ့၌ရပ်ပြီး ၎င်းတို့လိုသမျှဆုများကိုတောင်း၍ မိမိယဇ်ပူဇော်မည့် ကျွဲ၊ နွားအတွက်လည်း ဆုများတောင်းပေးကာ ကျွဲ၊ နွားများကို နောက်မှနေ၍ သမ်းထားသည့်ဓားနှင့် တံကောက်ခွက်ကို တအားခုတ်ပိုင်းချလိုက်လေသည်။ အခုတ်ခံရသော ယဇ်ကောင်သည် တစ်ခါတည်းအော်ပြီး ပုံလျက်သား လဲကျသွားပါ၏။

ထိုအခါ ရောက်လာကြသော ရွာသူ ရွာသားများနှင့် အိမ်သားတို့သည် အော်ဟစ်ကခုန်ပြီး မသေမရှင် ကျွဲ၊ နွားကိုအိမ်ထဲသို့ တရွတ်တိုက် ဆွဲသွင်းကြလေသည်။ ထို့နောက် တဆတ်ဆတ်တုန်နေသည့် အသားတို့ကို ဓားနှင့်ထိုး၊ ဓားနှင့်လှီးပြီး ထွက်လာသမျှ သွေးတို့ကို အစိမ်းသောက်၊ အသားတို့ကို မီးဖုတ်၊ ချက်ပြုတ်ကာ ခေါင်ရည်နှင့်သောက်စားပျော်ပါး၍ အမူးလွန်၊ အပျော်လွန် ဖြစ်ကြလေသည်။ သို့ကြောင့် ထိုနေ့မျိုး၌ ရွာထဲသို့ လူစိမ်းသူစိမ်းများ အဝင်မခံကြောင်း သိရပါသည်။

စာရေးသူတို့ ရွာတွင်းဝင်လိုက်သည်နှင့် အရှက်လုံရုံမျှ ကြိမ်ခွေများပတ်ထားသူတစ်ယောက်က အသင့်ကြိုနေကြောင်း သိလိုက်ရပါသည်။ ထိုသူသည် စာရေးသူတို့ထံ ရောက်လာပြီး ရွာ၏တစ်ဖက်ထိပ်ရှိ တောင်ကုန်းပေါ်မှ တောင်ထန်းရွက်များမိုး၊ တောင်ထန်းရွက်များကာထားသည့် တဲကုပ်ကဲ့သို့အဆောက်အအုံလေးတစ်ခုဆီ ခေါ်ခဲ့ပါသည်။ ထိုနေရာမှာ ရွာနှင့် ကိုက် (၃၀၀) ခန့်ဝေးမည်ဖြစ်ပြီး ထိုအဆောက်အအုံသို့ရောက်မှ ထိုအဆောက်အအုံတွင် တောင်တန်းဒေသသို့ အပင်ပန်းခံကာ လာရောက်သာသနာပြုနေသော ရဟန်းတော်တစ်ပါး သီတင်းသုံးနေကြောင်းသိရပါသည်။

ဆရာတော်၏ဘွဲ့တော်မှာ အရှင်သံဝရဖြစ်ပြီး သက်တော် (၄၀) ခန့်လောက်ပင်ရှိလိမ့်ဦးမည် ထင်ပါသည်။ ဆရာတော်က စာရေးသူတို့ကို ဝမ်းပန်းတသာ ဆီးကြိုပါ၏။ ထို့နောက် နာဂတိုင်းရင်းသားများသည် ယခုကဲ့သို့ ယဇ်ပူဇော်ပွဲများ ပြုလုပ်နေချိန်၌ လူစိမ်းသူစိမ်းများအား ယဇ်ပူဇော်နေရာသို့မလာစေလိုသည့်အတွက် ကျောင်းသို့လိုက်ပို့တာဖြစ်ကြောင်း ဆရာတော်က ရှင်းပြပါသည်။

စာရေးသူသည် ဤမျှ ခေါင်လွန်းသောနေရာ၊ အန္တရာယ်ထူပြောပြီး မျက်စိတစ်မှိတ်အတွင်း အသက်ဆုံးရှုံးသွားနိုင်သောနေရာမျိုး၌ ခက်ခဲပင်ပန်းစွာ သာသနာလာပြုသော ဆရာတော်ကို ဖူးတွေ့ရသည့်အတွက် အံ့သြကြည်ညို၍မဆုံး ဖြစ်မိပါသည်။ ဆရာတော် ဤဒေသသို့ရောက်ခဲ့သည်မှာ (၁၀) နှစ်ရှိပြီဟု၍လည်း သိရပါသည်။ နောက်တစ်ခုက ဆရာတော်၏ကျောင်းမှာ ကျောင်းဟူသောအမှတ်သညာမှအပ ဘုန်းတော်ကြီးကျောင်းများနှင့် လုံးဝမတူဘဲ ရွာ၏တပ်စည်းတန်းအပြင်တွင်ရှိကာ လုံခြုံမှုမရှိသောအနေအထား ဖြစ်ပါ၏။

စာရေးသူတို့ ထိုဒေသသို့ရောက်ချိန်၌ တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်ခြင်း၊ ခေါင်းဖြတ်ခြင်း၊ လူကိုသတ်၍ယဇ်ပူဇော်ခြင်းများကို အစိုးရက ဥပဒေပြဋ္ဌာန်း၍ ထိရောက်စွာ တားဆီး အရေးယူသည်ဆိုသော်လည်း အချို့နေရာများ၌ ဤအပြုအမူများကို ခိုးကြောင်ခိုးဝှက်ဖြင့် ပြုလုပ်ကြတုန်းပင် ဖြစ်ပါသည်။ နောက်တစ်ခုက သားရဲတိရစ္ဆာန်များ ပေါများမှုပင် ဖြစ်ပါ၏။ ဤလိုနေရာမျိုး၌ အသက်ကို ပဓာနမထားဘဲ လာရောက်သာသနာပြုနေသော ဆရာတော်ကို အံ့သြမိသည်မှာလည်း ဆန်းသည်ဟုတော့ [illegible]

[illegible]

စာရေးသူသည် [illegible] မိမိ၏ဇိုးနိမ်ကြောင်း[illegible] ထားကြည့်ပါသည်။ [illegible] လာရောက် သာသနာပြုရဲသော ဆရာတော်၏စိတ်ဓာတ်နှင့် သတ္တိကိုလည်း ချီးကျူးကြောင်း လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်က-

"ဘုရားသားတော်ပဲ ဒကာလေးရာ၊ ကံတရားအတိုင်းပေါ့။ ကံကို မီးစာနဲ့ ဆီအပြည့်ရှိတဲ့ မီးတိုင်ကြီး အပ,လေတိုက်လို့ မီးငြိမ်းသွားရတဲ့အဖြစ်မျိုး မကြုံရအောင်တော့ လေကွယ်တွေ လုပ်ထားရသလို အကာအကွယ်လေးတွေတော့ လုပ်ထားရတာပေါ့"

ဟု အမိန့်ရှိပါသည်။

၎င်းနောက် ခါးပန်းသီးထဲ၌ထည့်၍ဆောင်ထားသည့် ကျောက်နက်လေးတစ်လုံးကို ထုတ်ပြသည်။ လက်သည်းခွံလောက်ရှိမည်ဖြစ်ပြီး မဟာရာကျောက်ဟု သိရပါသည်။

"ဦးပဉ္စင်း၊ ဒါလေးတစ်ခုတော့ လေကွယ်လေးလုပ်ထားတာရှိတယ်။ မီးငြိမ်းသင့်တဲ့အချိန်မဟုတ်ဘဲ မီးမငြိမ်းရအောင်ပါ"

ဟု ဆက်လက် အမိန့်ရှိကာ-

"ဒီမဟာရာကျောက်ကို နေ့ကောင်းရက်သာ သိဒ္ဓိစုတ်ကြိုက် ကြိမ်တဲ့အချိန်ရွေးပြီး **ဥုံ ဏုဒ္ဓိမဏ္ဍော မဟာသတ္တာ ဏုဟွတ်** ဆိုတဲ့ ဂါထာနဲ့ ဘုရားရှေ့တော်မှာ (၁၀၀၀) တိတိစုတ်။ နောက် ဘုရားဂုဏ်တော် (၁၀၀၀)၊ တရားဂုဏ်တော် (၁၀၀၀)၊ သံဃာ့ဂုဏ်တော် (၁၀၀၀)စီ စုတ်ပြီး ကိုယ်နဲ့မကွာဆောင်။ အဲဒီ မဟာရာအဆောင်ကို ဆောင်တဲ့ ပုဂ္ဂိုလ်ဟာ သြဇာတိက္ကမ ကြီးတယ်၊ ရန်အပေါင်းကိုအောင်နိုင်တယ်၊ ရန်သူတို့ မတော်လှန်ဝံ့ဘူး၊ မျက်နှာပွင့်လန်းပြီး လူ,နတ်တို့ချစ်ခင်စေတယ်၊ အဆိပ်အပေါင်းတို့ကိုလည်း နိုင်နင်းနိုင်တယ်"

ဟု မိန့်ကြားသဖြင့် စာရေးသူလည်း ထိုဂါထာလေးကို ဆရာတော်ထံ ခွင့်ပန်၍ ရေးယူခဲ့ပါသည်။ လက်တွေ့လည်း အသုံးပြုဖူးသဖြင့် ယုံကြည်သူများအတွက် တင်ပြလိုက်ပါ၏။

နေဝန်းသစ်

*(၁၉၇၄ ခု၊ နာဂတောင်တန်းလေ့လာရေးခရီးစဉ် အမှတ်တရ)*



www.burmeseclassic.com

www.burmeseclassic.com

## လွတ်လပ်ရေးရပြီးကာလမှ ဆင်ဖြူတော်

၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူပြီးနောက် ကိုလိုနီခေတ် သူ့ကျွန်ကာလတစ်လျှောက်လုံး ဆင်ဖြူတော်ရတနာ [illegible] ပေါက်ခြင်းမရှိဟု သိရသည်။ အချို့ကလည်း ကိုလိုနီခေတ်တွင် တောင်ငူဘက်၌ ဆင်ဖြူတော်ပေါ်သယောင်ယောင် ပြောကြ၏။ ဂယနဏာမပြောနိုင်ချေ။ ဗြိတိသျှအုပ်စိုးသော သူ့ကျွန်ဘဝတွင် မြန်မာပြည်၌ ဆင်ဖြူတော်ရတနာမပေါ်ထွန်းခြင်းဆိုသည်မှာလည်း အလွန်ထူးခြားချက်တစ်ရပ်ပင် ဖြစ်သည်။

ဤနေရာတွင် အလားတူ ကိစ္စတစ်ရပ်ကို တင်ပြချင်ပါသည်။ မြန်မာဘုရင်များလက်ထက် မြန်မာပြည်၌ အဖိုးတန်ကျောက်မျက်ရတနာများ ပေါ်ထွက်ခဲ့သည်။ ဗြိတိသျှခေတ် သူ့ကျွန်ဘဝတွင် မိုးကုတ်ဒေသတွင် နယ်ချဲ့တို့က ခေတ်မီစက်များနှင့် ကျောက်မျက်ရတနာများ တူးဖော်ခဲ့သော်လည်း လောက်လောက်လားလား ဖော်ပြ၍ရသော တန်းဝင်ရတနာ ဟူ၍ တစ်လုံးမှ မရရှိခဲ့သည်ကို သိရသည်။ လွတ်လပ်ရေးရပြီးနောက်မှ ရတနာကောင်းရတနာမြတ်များရသည်ဟုဆိုပါသည်။ ဤသည်မှာလည်း မြန်မာ့မြေကို မတရားအုပ်စိုးသောမင်းများလက်ထက်တွင် မြန်မာ့မြေမှ မည်သည့်ရတနာမျှ မပေါ်ထွက်ဟု ဆိုရမည်ဖြစ်တော့သည်။

လွတ်လပ်ရေးရပြီး ၁၉၅၈ ခုနှစ်တွင် မြစ်ကြီးနားခရိုင် ကာမိုင်းတောင်တန်းဒေသမှ ဆင်ဖြူမလေးတစ်စီး ရရှိခဲ့သည်။ ရရှိသည့်အကြောင်း အသေးစိတ်ကို ဦးတုပ်ကလေး ရေးသားသည့် 'မြန်မာ့သစ်ထုတ်လုပ်သောဆင်' (Burmese Timber Elephant' စာအုပ်တွင် ဖော်ပြထားသည်။

ဦးတုပ်ကလေး ဆိုသူမှာ ရှေးမြန်မာမိသားစုတစ်စုမှ ခရစ်နှစ် ၁၉၁၄ ခုနှစ်တွင် မန္တလေး၌ မွေးဖွားခဲ့သည့်သူ ဖြစ်သည်။ ဦးတုပ်ကလေး၏ ဖခင်သည် သီပေါမင်းတရား လက်ထက်တော်တွင် ပြင်သစ်နိုင်ငံသို့ ပညာတော်သင်လွှတ်ခြင်းခံရသည့်သူ ဖြစ်သည်။ ထိုအချိန်က ဦးတုပ်ကလေးဖခင်၏ ဦးလေးမှာ ပြင်သစ်နိုင်ငံ၌ မြန်မာသံတော်ကြီး ဖြစ်သည်။ ဦးတုပ်ကလေးသည် ထိုသို့သော မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်ပါသည်။

ဦးတုပ်ကလေးသည် ခရစ်နှစ် ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ပြီးနောက် ဗြိတိသျှသစ်ကုမ္ပဏီတစ်ခုတွင် လက်ထောက်သစ်တောအရာရှိအဖြစ် တာဝန်ထမ်းခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ဖြစ်သည်အထိ ဖြစ်၏။ စစ်ကြီးပြီးသည့်နောက် သူသည် စတိတ်တင်းဘားဘုတ်တွင် မန်နေဂျာအဖြစ် ဆက်လက် အမှုထမ်းသည်။ ခရစ်နှစ် ၁၉၆၆ ခုနှစ်တွင် သစ်တောဌာန လက်ထောက် ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ သူ၏ သစ်တောဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့်နှစ်ပေါင်းများစွာအတွင်း သစ်ထုတ်လုပ်သောဆင်များနှင့်နီးစပ်၍ ဆင်ဗဟုသုတကို ရရှိခဲ့သည်။ ထို့ကြောင့်ပင် သူ၏ကိုယ်တွေ့ဖြစ်သော ခရစ်နှစ် ၁၉၅၈ ခုနှစ်တွင် ပေါ်ခဲ့သည့် ဆင်ဖြူတော်မလေးအကြောင်းကို ခရေစေ့တွင်းကျ ရေးနိုင်ခဲ့ခြင်း ဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် မြစ်ကြီးနားခရိုင် ကာမိုင်းတောင်တန်းဒေသ၌ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေးဌာနမှ ဆင်မကြီး မယ်စုက ဆင်ဖြူတော်လေး မွေးဖွားပေးခဲ့ခြင်း ဖြစ်သည်။ မယ်စုသည် သစ်ထုတ်လုပ်ရေးဌာနပိုင် F-824 နံပါတ် ဆင်မဖြစ်၏။ ၁၉၂၁ ခုနှစ်တွင် မယ်စု မွေးဖွားခဲ့သည် ဆိုသည်။ မယ်စုသည် ဆင်မအမည်းကြီး ဖြစ်သည်။ သူ့ခန္ဓာကိုယ်တွင် အဖြူရောင်ဟူ၍ အစက်အပေါက်တစ်စက်တစ်ပေါက်မျှ မရှိပါ။ အရပ်မှာ (၈) ပေ၊ (၄)လက်မ ရှိသည်။ ကျောင့်က်ပျော့ကိုင်း၊ အမြီး (၃)ပေ (၈)လက်မရှည်၍ ဆင်ကောင်းတို့၏ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ဆင်မတစ်စီး ဖြစ်သည်၊ မယ်စု၏နားရွက်များသည် အလတ်စားများသာ ဖြစ်သည်။ မျက်လုံးများကမူ ကြက်တူရွေးမျက်လုံးဖြစ်သော နီညိုရောင် ဖြစ်၏။ သူမ၏ ခြေသည်းချောင်း (၁၈) ချောင်းရှိပြီး ရှေ့ခြေနှစ်ချောင်း၌ (၅) ချောင်းစီရှိပြီး နောက်ခြေနှစ်ချောင်း၌ (၄)ချောင်းစီ ရှိသည်။ ထိုကဲ့သို့ ဆင်ကောင်းတို့၏ကြန်အင်လက္ခဏာ၌ ပြည့်စုံသော ဆင်မမယ်စုသည် အသက်(၃၂) နှစ်အရွယ်တွင် ဒေါ်လာ (၂၅၀၀) တန်သည်ဟု ဆုံးဖြတ်ကြသည်။

မယ်စုသည် ပြည်တွင်းသောင်းကျန်းသူများ လက်ထဲ (၄) နှစ်ခွဲခန့် ရောက်သွားသည်။ ထိုစဉ်က ဆင်ဖြူတော်မလေးတစ်ကောင် ခရစ်နှစ် ၁၉၅၃



www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်တွင် ချင်းတွင်းမြစ်ကမ်း မော်လိုက်ခရိုင်တွင် မွေးဖွားခဲ့သေးသည်ဟု ဆိုပါသည်။ထိုဆင်ဖြူမလေး ဘယ်နည်းဘယ်ပုံဖြစ်သွားသည်ကို မသိလိုက်ရပါ။ ခရစ်နှစ် ၁၉၅၄ ခုနှစ်၊ မေလတွင် သူပုန်များလက်မှလွတ်လာသောအခါ မယ်စုသမီး ဆင်ဖြူတော်မလေး ပါမလာပေ။

မှတ်တမ်းအရ ခရစ်နှစ် ၁၉၅၅ ခုနှစ်၊ ဩဂုတ်လ မိုးသည်းသောညတစ်ညတွင် မယ်စုနှင့် တစ်စခန်းတည်းမှဖြစ်သော ဘမောင် အမည်ရှိ ဆင်ထီးကြီးတို့ မိတ်လိုက်ကြသည်။ မယ်စု၏ဘယ်ဘက်နားရွက်တွင် ဘမောင်ကိုက်ထားသည့် (၁)လက်မခန့်ဒဏ်ရာရသွားသည်။ ထိုအချိန်မှစပြီး ဘမောင်ကို မယ်စုက လက်ခံသဖြင့် သူတို့စုံတွဲကို ဆင်စခန်းအနီးမှ တောထဲတွင် အမြဲသွားလာနေသည်ကို တွေ့ရသည်။ ခရစ်နှစ် ၁၉၅၆ ခုနှစ်၊ မေလတွင် မယ်စု၌ ကိုယ်ဝန်ဆောင်နေသည်ဟု သိရသည်။ ထိုသို့ မယ်စု ကိုယ်ဝန်ဆောင်နေသည်ကို ခရစ်နှစ် ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့စွဲဖြင့် သတင်းရရှိသည်။ ခရစ်နှစ် ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဆင်မှတ်တမ်းစာအုပ်၌ အင်္ဂလိပ်ဘာသာဖြင့် မှတ်တမ်းသွင်းသည်။ အင်္ဂလိပ်လို 'very fit and pig-fat: heavy with calf ဟု ရေးသည်။ အဓိပ္ပာယ်မှာ 'အလွန်ကျန်းမာ၍ ဝက်ကဲ့သို့ဝသောကလေးကြောင့် လေးနေသည်' ဟု ဆိုလိုသည်။

မယ်စု ဆင်ဖြူတော်မလေး မွေးသည့်အကြောင်းနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ်များ မှတ်တမ်းတင်ထားသည်

၁၁

## မြန်မာမှုအစဉ်လာနှင့် ဆင်ဖြူရတနာ



ကို ဆင်ဦးစီးများ၊ သစ်တောအရာရှိများမှ ပြန်ပြော၍သိရသည်။ ခရစ်နှစ် ၁၉၅၈ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ဆင်ဆေးထိုးသမားတစ်စုသည် မြစ်ကြီးနားခရိုင် အင်းတော်ကြီးဒေသ ဆင်စခန်းသို့ ဆင်အကောင် (၄၀) ကို ဆေးထိုးရန်ရောက်လာကြသည်။ ထိုစခန်းကို ဟိုပင်ဒေသမှ အနောက်ဘက်သို့ (၂၅) မိုင်ခန့် သွားရသည်။

သူတို့မှတ်တမ်းအရ သိရသည်မှာ ၁၉၅၈ ခုနှစ်၊ မတ်လ ၁၄ ရက် (မယ်စု ဆင်ဖြူတော်မလေး ကိုယ်ဝန်ရှိသည်မှာ ၂၂ လအကြာတွင်) တွင် ငလျင်လှုပ်သည်၊ (၄) ကြိမ်ခန့်ရှိ၏။ အင်းတော်ကြီးဒေသတွင် လှုပ်ဖူးသည့် ငလျင်မှာ အရှေ့မှအနောက်သို့လှုပ်ခြင်းဖြစ်သည်။ ပထမအကြိမ် (၇. ၄၆) မိနစ်တွင် ဖြစ်၏။ နောက်တစ်ကြိမ်မှာ (၅. ၁၂) မိနစ်တွင် ဖြစ်ပါသည်။ ငလျင်နှစ်ကြိမ်စလုံးသည် ညင်သာစွာသာလှုပ်ခြင်း ဖြစ်၏။ တစ်ကြိမ်လှုပ်လျှင် (၂)စက္ကန့်သာ ကြာသည်။ သို့ရာတွင် ထိုငလျင်ကြောင့် ဝါးစင်ပေါ်တွင် တင်ထားသည့် ဖန်ခွက်များ၊ လက်ဖက်ရည်ပန်းကန်လုံးများ၊ ရေပုလင်းများ၊ မန္တလေးရမ်ပုလင်းများသည် သစ်တောအရာရှိများနေသည့် ဘန်ဂလိုပေါ်တွင် ကျကွဲကုန်သည် ဆိုပါသည်။

၁၆ ရက်နေ့ ညနေ (၅) နာရီခန့်တွင် တော်လည်းသံကြီး ကြားရပြီး ထို တော်လည်းသံ၏ ပဲ့တင်သံကြောင့် သစ်ပင်များအောက်



www.burmeseclassic.com

www.burmeseclassic.com


မှ ဆင် (၄၀) ခန့်တို့သည် ကြောက်ရွံ့ကာ အော်ဟစ်၍ စမ်းချောင်းအတွင်းသို့ ပြေးဆင်းသွားကြသည်၊ ထိုအချိန်က ထိုနေရာတွင်ရှိသော ဆင်သမားများ ပြောချက်အရ ရာသီဥတုသည် ငြိမ်သက်ကောင်းမွန်နေသည်ဟု ဆိုပါသည်၊ မတ်လရာသီဥတု၌ တစ်ခါတစ်ရံ တောင်လေသည် လည်းကောင်း၊ အနောက်တောင်လေသည် လည်းကောင်း တိုက်ခတ်တတ်သည်ဟုလည်း ပြောကြသည်၊

နောက်တစ်နေ့နံနက် ဖြစ်သော မတ်လ ၁၇ ရက်၊ တနင်္လာနေ့နံနက် (၄) နာရီခန့်တွင် ထိုစခန်းမှ ဆင်အကောင် (၄၀) ခန့်သည် အော်ဟစ်ပြီး ခန်းပေါက်ကြသည်။ ဤတစ်ကြိမ် အော်ဟစ်ခုန်ပေါက်ကြခြင်းမှာ လျှောင်လှုပ်ခြင်းကြောင့် မဟုတ်၊ တော်လည်းသံကြောင့်လည်း မဟုတ်။ သူတို့စခန်းမှ ဆင်မ မယ်စုသည် ဆင်ဖြူမလေးတစ်စီး မွေးဖွားသောကြောင့် ဖြစ်သည်။ (ခရစ်နှစ် ၁၉၅၈ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ ဖြစ်သည်၊ မယ်စုအတွက် ဒုတိယမြောက် ဆင်ဖြူတော်မလေး မွေးဖွားခြင်း ဖြစ်၏။) မွေးဖွားစဉ်က ဆင်ဖြူတော်မလေး၏ အရပ်အမောင်းမှာ အမြင့် (၃) ပေ၊ ကိုယ်လုံး (၄) ပေ၊ အမြီးမှာ တံခါးပိတ်ဖြစ်ပြီး အရှည်မှာ (၁)ပေ၊ (၉)လက်မ ဖြစ်သည်။ ကျောင့်ကုက်ပျောကိုင်း၊ လည်ပင်း (၃)ပေ (၂)လက်မနှင့် ကိုယ်ရေ အဖြူ မျက်စိ အပြာဖြူ၊ သူငယ်အိမ် ပုလဲရောင် ဖြစ်သည်။

ဤသတင်းကြောင့် မြစ်ကြီးနားမှ ရန်ကုန်ရုံးချုပ်သို့ အောက်ပါအတိုင်း ကြေးနန်းပို့လိုက်သည်။

'မယ်စု ၁၇ ရက်နေ့ နံနက်တွင် ဆင်ဖြူမတစ်ကောင်မွေး. . . အင်းတော်ကြီးဒေသတွင်ဖြစ်. . . မိခင်ကျန်းမာ . . . ကလေးလည်း ကျန်းမာ. . . သို့သော် ပိန်. . . ကျားအန္တရာယ်မှ လုံခြုံစွာထား. . . လူက လက်ဖြင့် ထမင်းကျွေးရ . . .'

ဆင်ဖြူတော်ကလေးပေါ်သည့် သတင်းသည် သတင်းစာထဲတွင် ပါလာသည်။ ထိုခေတ်ထိုအခါက ဆင်ဖြူတော်ပေါ်သည့်သတင်း မကြားဘူးသေးသည့် မြန်မာပြည်သူပြည်သားများက အုတ်အော်သောင်းနင်းဖြစ်သွားကြ၏။ ဆင်ဖြူတော်မလေး မွေးဖွားရာ ဒေသအနီးမှ လူအများသည် ဆင်ဖြူတော်မလေးရှိရာစခန်းသို့ အလုံးအရင်းနှင့် လာရောက်ကြည့်ကြသည်။ ရှမ်းများ၊ ကချင်



မယ်စုဏ်သမီး ဆင်ဖြူတော်မလေး

များ၊ ကရင်များ၊ ချင်းများ၊ ကဒူးများနှင့် ကနန်းများလည်းပါရာ ဆင်မလေး၏ ပတ်ဝန်းကျင်တွင် တိုင်းရင်းသားပေါင်းစုံ၏ အဝတ်ရောင်စုံတို့ဖြင့် ဖုံးလွှမ်းနေသဖြင့် ဘာသာရေးနတ်ပွဲ ကျင်းပနေသည်ဟုပင်ထင်ရလေသည်။ လာရောက်ကြသူများက ဆင်ဖြူတော်မလေးကို ငှက်ပျောသီးများ၊ ကြံများနှင့် ထမင်းများ ကျွေးမွေးကြသည်။ ကျွေးမွေးကြလွန်း၍ ဆင်ထိန်းများကပင် တားမြစ်ဟန့်တားနေရသည်။ ဆင်ဖြူတော်မလေး၏ခြေများအနီးသို့ ငွေဒင်္ဂါးများကိုလည်း ပစ်သွင်းနေကြ၏။ အချို့သောတောင်တန်းသားတောင်တန်းသူ သက်ကြီးရွယ်အိုများသည် ဆင်ဖြူတော်မလေးကို ဒူးထောက်၍ ကန်တော့ကြသည့်အပြင် အချို့က ဝမ်းသာလွန်း၍ မျက်ရည်များ ပင်ကျလာသည်။

ဆင်ဖြူတော်မကလေး၏ ဆင်နှာမောင်းငယ် အဖျားအဆုံးတွင် နူးညံ့၍ ငွေရောင်တောက်နေသော အမွေးများလည်း ပါသည်။ ဆင်ဖြူတော်မလေး၏ ရှေ့ခြေနှစ်ချောင်းတွင် ခြေသည်းချောင်း (၅) ချောင်းရှိပြီး နောက်ခြေနှစ်ချောင်းတွင် ခြေ (၄)ချောင်းစီ ရှိသည်။ ဆင်ဖြူတော်မလေး၏ ခန္ဓာကိုယ်ပါ မွေးရာပါ ဆင်အမှတ်အသားများ ရှိသည်။ လည်ကုပ်ပေါ်တွင် ဝိုင်းနေသည့် ပန်းရောင်ရင့်ရင့်အမှတ်ရှိပြီး ဘယ်ဘက်နားသယ်တွင် မီးခိုးရောင်အမှတ်ကြီးနှင့်ဖြစ်သည်။ မြန်မာတို့၏ ရှေးထုံးအစဉ်အလာအရ ဆင်ဖြူတော်တို့တွင် ကြန်အင်လက္ခဏာ (၁၂) ရပ် ရှိသည်ဆိုရာ အရေးကြီးဆုံးနှင့် ဘန်ဖိုးအရှိဆုံးအချက်မှာ တစ်ကိုယ်လုံးဖြူနေရမည် ဖြစ်သည်။ အဖြူရောင်အစက်များ ဦးခေါင်း၌သော် လည်းကောင်း၊ လက်မောင်း၌သော် လည်းကောင်း၊ အမြီး၌သော် လည်းကောင်း၊ နားရွက်ဖျားများ၌သော် လည်းကောင်းရှိ၍ ထိုသို့ တစ်ကိုယ်လုံးမဖြူဘဲ ဦးခေါင်းထိပ်၊ နှာမောင်းထိပ်၊ အမြီးထိပ်၊ နားရွက်ထိပ်၌သာ အဖြူရောင်ရှိသည့်ဆင်များသည် ဆင်ဖြူလက္ခဏာသာရှိသည့် ဆင်ဖြူတော်အညံ့စား ဖြစ်ပေသည်။

၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့သို့ရောက်သောအခါ ဆင်ဖြူတော်မလေး အသက်(၇)လခွဲ ရှိလေပြီ။ ထိုအချိန်က ဆင်ဖြူတော်မလေးကို ရုပ်ရှင်ဇာတ်ကားတစ်ခုတွင် ထည့်၍ ရိုက်ကူးပြသဖြင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် မြင်ကြရသည်။ ဆင်ဖြူတော်မလေး ပါဝင်သည့်ရုပ်ရှင်ဇာတ်ကားမှာ မန္တလေး ရုပ်ရှင်မှ ရိုက်ကူးသည့် 'ဤလူ့ဘောင်တွင်' ဇာတ်ကား၌ ဖြစ်၏။ ထိုနှစ်က မြစ်ကြီးနားမြို့၌ ကျင်းပသော မနောပွဲတွင်လည်း ဆင်ဖြူတော်မလေးက ကိုယ်တိုင်ပါဝင်ခဲ့သည်ဟု ဆိုပါသည်။ ရုပ်ရှင်ထဲတွင်ရော မနောပွဲတွင်ပါ ဆင်ဖြူတော်မလေးသည် မရိုင်းဘဲလိမ္မာယဉ်ကျေးစွာ ပါဝင်ခဲ့၍ မြန်မာလူထုတစ်ရပ်လုံးက ဖူးလိုက်ရပြီး သူမ ရှိရာသို့ လာရောက်၍ မျက်မြင်ကိုယ်တွေ့ ကြည့်သွားကြလေသည်။

သို့ဖြစ်၍ သူမကိုရန်ကုန်မြို့တော်

www.burmeseclassic.com

www.burmeseclassic.com

သို့ ပို့ဆောင်ရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ရန်ကုန်မြို့တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်၏ရုံးတွင် လည်းကောင်း ဗေဒင်လက္ခဏာ ပညာရှင်တို့ကို ပင့်ဖိတ်၍ ဆင်ဖြူတော်မလေးကို အမည်မှည့်ရန်နှင့် ရန်ကုန်သို့သယ်ဆောင်ရန် ရက်ကောင်းရက်မြတ် ရွေးကြလေသည်။ သူမကို ရေလမ်းခရီးမှယူဆောင်လာပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် နေစေမည်ဟု ဆုံးဖြတ်ကြသည်။ ဆင်ဖြူတော်ကော်မတီဖွဲ့ပြီး နိုင်ငံတော် အစိုးရ အရာရှိကြီးများ၊ သံတမန်များနှင့် ဧည့်များ၊ နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို ရန်ကုန်ရောက်သောအခါ ဖိတ်ကြား၍ ပြမည်ဟု ကြံစည်သည့်အပြင် ထိုသို့ ပရိသတ်ကကြည့်နေစဉ် မြစ်အတွင်းမှ သင်္ဘော၏ဥသြသံများ၊ မော်တော်ကားဟွန်းသံများကြောင့် မိခင်မယ်စုနှင့် ဆင်ဖြူတော်မလေးတို့ ထိတ်လန့်တကြားဖြစ်မည့်အရေးနှင့် ပရိသတ်၏ လုံခြုံရေးအတွက်လည်း စီမံကြရလေသည်။

ခရစ်နှစ် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဆင်ဖြူတော်မလေးသားအမိသည် ရန်ကုန်မြို့သို့လာရောက်ရန်ပထမအဆင့်အနေဖြင့် ဟိုပင်မှ မော်တော်ကားနှင့်စစ်တပ်အစောင့်အရှောက်များစွာဖြင့်ခြံရံ၍သယ်ခဲ့ရာ တစ်ပတ်အကြာတွင် ကသာမှ ရေလမ်းခရီးဖြင့် မန္တလေးသို့ သယ်သွားရသည်။ ဩဂုတ်လ ၂၃ ရက်နေ့၌ ရောက်သည်။ ရေလမ်းခရီးတစ်လျှောက် တကောင်း၊ သပိတ်ကျင်း၊ ကျောက်မြောင်းမှ မန္တလေးအထိ ဆင်ဖြူတော်သားအမိကို လူထုပရိသတ်က ကမ်းလုံးညွတ် လာရောက် ကြည့်ရှုကြပြီး ငှက်ပျောသီးများ၊ သင်္ဘောသီးများ၊ ကြံများ၊ ဆားနှင့် နယ်ထားသော အစေ့မပါသည့် မန်ကျည်းသီးများနှင့် ကျွေးကြလေသည်။ ဆင်ထိန်းများက တားယူရသည်။အမျိုးသမီးငယ်များသည် ထိုင်မသိမ်းများဝတ်ဆင်၍ ညောင်ရေအိုးများဖြင့် ရေထည့်ကာ ဆင်ဖြူတော်သားအမိကို ရေတိုက်ကြသည်။ မြို့ရွာများမှ ဘာသာရေးအသင်းအဖွဲ့များကလည်း ပရိတ်ရွတ်ကြသည့်အပြင် ဆင်ဖြူတော်မလေး၏ခြေထောက်များပေါ်သို့ ပေါက်ပေါက်ဆုပ်များကြသည်။ သံဃာတော်များကလည်း ပရိတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြသည်။

မန္တလေးမြို့မှ သက်ကြီးရွယ်အိုများသည် ဆင်ဖြူတော်လေးသားအမိ ရောက်လာစဉ် ခရစ်နှစ် ၁၈၈၇ ခုနှစ်က သီပေါမင်းတရား၏ ဆင်ဖြူတော်ကို ညဘက်တွင် ရေကြောင်းခရီးဖြင့် ရန်ကုန်သို့ တိတ်တဆိတ် သယ်သွားသည့်အကြောင်း ပြန်၍ အမှတ်ရကြပြီး ပြောဆိုနေကြလေသည်။ မန္တလေးမြို့တွင် တစ်နေ့နှင့်တစ်ဝက် နားသည်။ ဆင်ဖြူတော်သားအမိကို နန်းတွင်း၌ထားသည်။ ထို့နောက် 'မင်းသမီး' အမည်ရှိသည့် သင်္ဘောဖြင့် ရန်ကုန်သို့ သယ်ဆောင်သွားသည်။ မင်းသမီးသင်္ဘောကို စင်းလုံးငှားသွားခြင်း ဖြစ်သည်။ သင်္ဘောပေါ်တွင် ဘားမောက်မြို့နယ် စက်တောရွာမှ ဦးစီးဘမောင်သည် ဆင်ဖြူတော်မလေး၏မိခင် မယ်စု၏ဆင်ဦးစီးဖြစ်၍ အတူ လိုက်ပါလာရသည်။ မင်းသမီးသင်္ဘောသည် ခရစ်နှစ် ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ အင်္ဂါနေ့ညနေ (၂)နာရီခွဲအချိန်တွင် ရန်ကုန်မြို့ လူးဝစ်လမ်းဆိပ်ကမ်းတွင် ရပ်နားသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဆင်ဖြူတော်ကြိုဆိုရေးကော်မီဝင်များသည် မင်းသမီးသင်္ဘောကို ရန်ကုန်မှ (၁၂) မိုင်ဝေးသည့် တွံတေးသို့ ကြိုတင်သွားရောက်ကြပြီး ကြိုဆိုသည်။ ထိုအဖွဲ့နှင့်ပါသော ဗြဟ္မဏပုဏ္ဏားများသည် ငွေဖလားကြီးထဲတွင် ရွှေ၊ ငွေ၊ စိန်၊ ကျောက်စိမ်း၊ ပတ္တမြား၊ မြနှင့် အခြား အဖိုးတန်ရတနာများထည့်စိမ်ထားသည့် နံ့သာရည်များဖြင့် ဆင်ဖြူတော်မလေးအား ပက်ဖျန်းကာ မင်္ဂလာရွတ်ဆိုပေးကြသည်။ ခရုသင်းများကိုလည်းမှုတ်သည်။ ထို့နောက် ငြိမ့်ညောင်းသာယာသော ဂီတသံဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ဆောင်ယူလာသည်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့သည် အလွန်ပူအိုက်၍ နေသာသည့်နေ့တစ်နေ့ ဖြစ်သည်။ ဆိပ်ကမ်းမှ တိရစ္ဆာန်ဥယျာဉ်သို့ လမ်းတစ်လျှောက်တွင် မုခ်ဦးများ ဆောက်လုပ်၍ ကြိုဆိုကြသည်။ လူးဝစ်လမ်းဆိပ်ကမ်းမှ ဆိပ်ကမ်းသာလမ်းတစ်လျှောက်၊ ဆူးလေဘုရားလမ်းမှပိုလ်ချုပ်လမ်း၊ ရွှေတိဂုံဘုရားလမ်းမှ ကန်တော်ကြီးလမ်းမြောက်ဘက် တိရစ္ဆာန်ဥယျာဉ်အဝင်အဝအထိ ခေါ်ဆောင်လာမည်။ ရန်ကုန်မြို့သူသားများသည် ဆင်ဖြူတော်လေးပေါ်သည့် သတင်း သတင်းစာထဲတွင် ပါလာကတည်းက ဤသတင်းမျိုး မကြားဘူးသေးသည့်အတွက် အုတ်အော်သောင်းနင်းဖြစ်နေကြသည်။ ရန်ကုန်မြို့တွင်သာမက မြန်မာတစ်ပြည်လုံးလှည့်လည် ပြ သွားခြင်း ဖြစ်ပါသည်။

တိရစ္ဆာန်ဥယျာဉ်သို့ ဆင်ဖြူတော်မလေးကို ခေါ်ဆောင်လာသည့်အခါ စာရေးသူကိုယ်တွေ့မှာ ထိုအချိန်က အိမ်စောင့်အစိုးရလက်ထက်ဟု ထင်သည်။ ရန်ကုန်မှ လူထုတစ်ရပ်လုံးသည် လမ်းပေါ်သို့ထွက်၍ ဆင်ဖြူတော်မလေးသားအမိကို ကြည့်ရှုကြ၊ အစာကျွေးကြ၍ ဆင်ထိန်းများက ဖယ်ရှားပစ်နေသည်ကို မြင်ရပါသည်။ အချို့သက်ကြီးရွယ်အိုအမျိုးသမီးများမှာ ပလက်ဖောင်းပေါ်မှပင် ရှိခိုးဝတ်ပြုထိုင်၍ ဆင်ဖြူတော်မလေးအား ကန်တော့ကြသည်။ လမ်းတစ်လျှောက် ဆင်ဖြူတော်မလေးသည် လူပရိသတ်ကို ကြောက်ရွံ့ ထိတ်လန့်ခြင်းမရှိပါ။ ကလေးဖြစ်သည်နှင့်အညီ လူထုပရိသတ်ကျွေးသော ငှက်ပျောသီးများ၊ ကြံချောင်းများကို သူ့နှာမောင်းနှင့်လိမ်၍ ယူရှာသည်ကိုလည်း ပရိသတ်က သဘောကျနေကြသည်။ အစာလွန်မည်စိုး၍ ဆင်ထိန်းများက သူ့နှာမောင်းအတွင်းမှအစာကိုယူပစ်လျှင် စိတ်ဆိုးသော အမူအရာပြသည်ကိုလည်း သဘောကျကြသည်။ လမ်းတစ်လျှောက် သွားလေရာမှ နေပူသည့်အခါ မိခင်ဝမ်းဗိုက်အောက်သို့ဝင်၍ အရိပ်ခိုရင်းလျှောက်လှမ်းသည်ကိုလည်း သဘောကျနေကြပါသည်။ ထိုသို့ မိခင်၏ဝမ်းဗိုက်အောက်သို့ဝင်လျှောက်သည့်အခါ ထိုအချိန်က အသက် (၁၆) နှစ်မျှသာ ရှိသေးသော မိခင်ဆင်မ မယ်စုသည် တစ်ခါတစ်ရံ သူ့ဆင်သားလေးအား ထိမည်စိုး၍ ကာကွယ်ရင်း ခြေလှမ်းမှားသွားသည့်အခါလည်း ရှိသည်။ ထိုအချိန် ဆင်ဖြူလေး အနေအထားမှားသွား၍ အော်တတ်သည်။ ဤသည်ကိုပင် ပရိသတ်က အလွန် သဘောကျကြသည်။

ထိုနှင့်ပင် တိရစ္ဆာန်ဥယျာဉ်ထဲသို့ ရောက်လာသည်။ ခြသေ့်လှောင်အိမ်များကို ကျော်၍ ဆင်ဖြူတော်မလေးထားမည့် ဆင်ဆောင်အတွင်းသို့ ရောက်လာတော့သည်။ ဆင်ဆောင်ပေါ်၌ ပိတ်ဖြူဖြင့် ဗိတာန်ကျဉ်း၍ မျက်နှာကြက်သဖွယ် ဖန်တီးထားသည်။ ရေသောက်ရန် အင်တုံကိုပင် ရွှေချပေးထားသည်ကို တွေ့ရသည်။ မိခင်မယ်စုသည် ဆင်ဆောင်အတွင်းမှ သူ၏ နှာမောင်းကို မြှောက်ကာ လေထဲ၌ အနံ့ခံပုံရ၏။ သူက တိရစ္ဆာန်ဥယျာဉ်ထဲ၌ဖြစ်၍ ကျားနံ့၊ ခြသေ့်နံ့၊ ကျားသစ်နံ့ စသော တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com

ယခုတင်ပြမည့် ကုက္ကုစ္စိတံ ဆယ်မျက်နှာအင်းတော်ကြီးကို စာရေးသူ၏ အဘိုးထားခဲ့သောပေမူ၌ 'အလိုရှိတိုင်း ပြည့်ဝစေနိုင်သည့် ကုက္ကုစ္စိတံ ပဒေသာ ဆယ်မျက်နှာအင်းတော်ကြီး' ဟူသော ခေါင်းစဉ်ဖြင့် တွေ့ရပါသည်။ ကုက္ကုစ္စိတံ ၏ သဘောအဓိပ္ပာယ်မှာ အလိုရှိတိုင်း ပြည့်ဝနိုင်သည့်အဓိပ္ပာယ်ဖြစ်၍ ပဒေသာကား မည်သည့်အရာကိုဖြစ်ဖြစ် (လိုအပ်မှုမှန်သမျှ) ရရှိနိုင်သောအဓိပ္ပာယ်ပင် ဖြစ်ပါသည်။ လိုအပ်မှုအမျိုးမျိုးဟု ဆိုလိုပါ၏။

အဘိုး၏ ပေမူတွင် ထိုအင်းကို စီရင်မည့်သူသည် ရက်ရာဇာလည်းကျ သိဒ္ဓိစုတ်ကြိုက်လည်းကြိမ်သည့် သတင်းနေ့၌ နံနက်စောစောထ၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ဆီမီး (၁၀) ခွက်၊ ပန်း (၁၀) မျိုး၊ သောက်တော်ရေ (၁၀) ခွက်၊ ဆန်ပန်းပေါက်ပေါက် စသည့် [...] ဒါန်းဖွယ်ရာတို့ကို တင်လှူပူဇော်ပြီး [...] ပါးသီလ (သို့) (၉)ပါးသီလ တစ်ခုခု [...] ဆောက်တည်ကာ ရွှေပြားတွင်ဖြစ်စေ [...] ငွေပြားတွင်ဖြစ်စေ၊ ကြေးပြားတွင် [...] စေ ရရာတစ်ခုခု၌ ပုံတွင်ဖော်ပြထား [...] သည့်အတိုင်း ကုက္ကုစ္စိတံပဒေသာဆယ်မျက် နှာအင်းတော်ကို အမှတ် (၁) မှ အမှတ် (၃) အထိ အင်းဆန်ဂါထာများ သွင်း [...]

# ကုက္ကုစ္စိတံပဒေသာ ဆယ်မျက်နှာအင်းတော်ကြီး

ဆရာအေးရွှေ(သုတေသီ)

### အမှတ် (၁) အင်း

| | | | | | |
|---|---|---|---|---|---|
| | န | ဒု | ဝ | ပေါ | |
| ပ | ပြု | ဗု | ရ | မု | တော |
| ဒွေါ | တိ | ဂ္ဂိ | ရော | ရေ | သ |
| ဗ္ဗာ | လော | သု | ဓာ | ဒ | တ္တ |
| ယံ | နေ | ကွိ | အ | မ | ဍွ |
| | ဏ်း | င် | ယ | ကော | |

### အမှတ် (၂) အင်း

| | | | | | |
|---|---|---|---|---|---|
| | ဇ | စ္စိ | က် | ဂေါ | |
| ပ | ဒ္ဓ | တ | သ | မေ | ရော |
| မော | န္နေ | ယ | ဗု | ခ | ကျ |
| သိ | ရော | ဒီ | သ | ဉ | န |
| စ | ပွေ | တ္တ | ပါ | ပ | ပေ |
| | ဒီ | က် | စ | ရေ | |

### အမှတ် (၃) အင်း

| | | | | | |
|---|---|---|---|---|---|
| | ဓ | ထ | က် | သာ | |
| ပ | ကု | ဗု | မ္မ | ဝိ | ရော |
| ဒွါ | ရာ | ကာ | က | ကာ | ဒီ |
| သ | ဟံ | န | သ | ဧ | ယံ |
| ဇာ | သေ | တေ | အာ | မာ | ရ |
| | န္တော | မ | သ | ဒ | |

**အမှတ် (၁) အင်းဆန်ဂါထာ**

ပဒုမုတ္တရော ပြုဗ္ဗာယံ၊
အဂ္ဂိနေယဍ္ဍ ရေဝတော၊
ဒက္ခိဏော ကဿပေါ ဗုဒ္ဓေါ၊
နရတိယံ သုမင်္ဂလော။

**အမှတ် (၂) အင်းဆန်ဂါထာ**

ပစ္ဆိမေန ဗုဒ္ဓသိခီ၊
ပါယပွေစ မေဓင်္ကရော၊
ဥတ္တရေ သကျ ဂေါတမော၊
ဧသနေ့စ ဒီပင်္ကရော။

**အမှတ် (၃) အင်းဆန်ဂါထာ**

ပထဝီယံ ကကုသန္ဓော၊
အာကာသေ သရဏင်္ကရော၊
ဧတေ ဒသဒီသာ ဗုဒ္ဓါ၊
ဓမ္မရာဇာ နမာမဟံ။

ပေါင်းစုံတို့၏အနံ့ကို ရလိုက်၏။ တော တွင်း၌ဆိုလျှင် ဤသို့အနံ့ခံပါက အနီးအနားသို့ ရောက်လာတတ်သည့် သားရဲ တိရစ္ဆာန် တစ်ကောင်ကောင်၏ အနံ့ကိုသာ ရပေမည်။ ထိုသို့သောအခါ၌ မိခင်သည် သူ့သားငယ်အား ကျရောက်မည့် ဘေးမှ ကာကွယ်ရန် အထူး သတိထား စောင့်ရှောက်တတ်သည်။

ယခုအခါ မိခင် မယ်စုသည် တိရစ္ဆာန်ပေါင်းစုံ၏အနံ့ကိုခံ၍ရလိုက်ပေရာ သူ၏သားငယ် ဆင်ဖြူတော်မလေးအတွက် စိုးရိမ်ပြီး အော်ဟစ်ကာ သားငယ်အား နှာမောင်းဖြင့် သူ့ဝမ်းဗိုက်အောက်သို့ သွင်းလေသည်။ ဆင်ဖြူတော်မလေးကလည်း မိခင်ကိုနှာခံလျက် မိခင်၏ဝမ်းဗိုက်အောက်သို့ဝင်ရှာသည်။ ဤသည်ကိုပင် လိုက်ကြည့်သည့်ပရိသတ်က အလွန်သဘောကျနေကြသည်။ဆင်ဖြူတော်မလေးထားသည့် ဆင်ဆောင်သည် ခရစ်နှစ် ၁၈၈၇ ခုနှစ်မှ ၁၉၁၀ ပြည့်နှစ်အထိ သီပေါမင်းတရား၏ ဆင်ဖြူတော် (၂၃) နှစ် နေထိုင်သွားသည့် ဆင်ဆောင်ပင် ဖြစ်ချေသည်။ ပြန်၍ ပြုပြင်ပြောင်းလဲထား၏။

ဆင်ဖြူတော်မလေး တိရစ္ဆာန် ဥယျာဉ်အတွင်း ထားသဖြင့် တိရစ္ဆာန် ဥယျာဉ်သို့ လာကြည့်သည့် ပရိသတ်သည် ခါတိုင်းထက် များပြားစည်ကားနေလေသည်။ နောက်လ၊ နောက်နှစ်များတွင်လည်း မြန်မာပြည်အရပ်ရပ်မှ ဝင်လာမစဲ တသဲသဲရှိကြ၏။ သို့သော် တိရစ္ဆာန်ဥယျာဉ်သို့လာသော ပရိသတ်များသည် ဆင်ဖြူတော်မကလေးကို သဘာဝဆင်စာဖြစ်သည့် ငှက်ပျောသီး၊ ကြံ စသည်တို့ကို ကျွေးရုံမက ဆင်စောင့်များအလစ်တွင် မဖွယ်ရာသောအစာများကျွေးသည်ဟုသိရသည်။ ထို့ကြောင့်ပင် ဆင်ဖြူတော်မလေးသည် ၁၉၆၃ ခုနှစ်တွင် ကံကုန်ရရှာသည်။ (ဝမ်းဗိုက်ကိုခွဲကြည့်ရာ အစာအိမ်၌ ရော်ဘာဖိနပ်များရှိနေသည်ကို တွေ့ရသည်။)

မယ်စုသည် သူ၏သမီး ဆင်ဖြူတော်မလေးနှင့်အတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထဲတွင် နေရသည်။ သမီးဖြစ်သူ ဆင်ဖြူတော်မလေးကံကုန်သွားပြီးနောက် မယ်စုကို ဖောင်ငူခရိုင် သစ်ထုတ်လုပ်ရေးစခန်းတစ်ခုသို့ ပို့လိုက်သည်။ ခရစ်နှစ် ၁၉၆၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် ညနေ (၄)နာရီခွဲအချိန်တွင် တောင်ငူအေဂျင်စီ ဖြူးချောင်းစခန်း အမှတ် (၃၈) ၌ မယ်စု လုပ်ငန်းဝင်နေစဉ် လက်နက်ကိုင် သောင်းကျန်းသူ (၆) ဦးက စခန်းကိုဝင်စီးပြီး မယ်စုကို ခေါ်ဆောင်သွားကြသည်။ ထို့နောက် လမ်းခရီးတွင်ပင် မည်သည့်အကြောင်းမျှမရှိဘဲနှင့် အနီးကပ်၍ ပစ်သတ်လိုက်ကြသည်။ ထိုစဉ်က မယ်စုအသက်မှာ (၄၅) နှစ်ရှိပြီ ဟု ဆိုပါသည်။

မောင်သန်းဆွေ(သားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

အင်းချပြီး အဖျားကစလိပ်၍ ၎င်းအင်းဆန်ဂါထာများနှင့် ထပ်လောင်းဖော်ပြမည့် ဆုတောင်းဂါထာ (၃) ပုဒ်ပါ ထည့်ဘာ-

၁။ မြတ်စွာဘုရား၏ ရှေ့တော်တွင် (၁၀၈) ခေါက်၊
၂။ သိမ်တွင်း၌ (၁၀၈) ခေါက်၊
၃။ သစ်ပင်ကြီးအောက်၌ (၁၀၈) ခေါက်၊
၄။ တောင်ထိပ်၌ (၁၀၈) ခေါက်၊
၅။ ရေဆိပ်၌ (၁၀၈) ခေါက်၊
၆။ လမ်းဆုံတွင် (၁၀၈) ခေါက်
၇။ တောထဲ၌ (၁၀၈) ခေါက်၊
၈။ မိမိနေအိမ် ဘုရားကျောင်းဆောင်ရှေ့၌ (၁၀၈) ခေါက်,

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီး ရွတ်ဖတ်သရဇ္ဈာယ်ရမည် ဖြစ်ပါသည်။

အားလုံး အစီအရင်များပြီးပါက ဘုရားကျောင်းကန်တိုက်တာအိုးအိမ်အဆောက်အအုံများ၌ဖြစ်စေ၊ မိမိ၏ကိုယ်နှင့်မကွာဖြစ်စေ ဆောင်ထားရပါမည်။

ထိုသို့ဆောင်ထားပါက ကြက္ခိတ်ပဒေသာ ဆယ်မျက်နှာ အင်းတော်ကြီးဆိုသည့်အတိုင်း အရပ်ဆယ်မျက်နှာရှိ ဝိဇ္ဇာ၊ ဇော်ဂျီတို့နှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ အစဉ်ထာဝရ မလစ်မလပ် စောင်မ,၍ အလိုရှိတိုင်း၊ တောင့်တိုင်းပြည့်နိုင်ကြောင်း အဘိုး၏ ပေမူတွင် အတိအလင်း ရေးသားထားသည်ကို တွေ့ရှိရပါသည်။ အကျိုးအနန္တဖြစ်ကြောင်း ထပ်မံဖော်ပြပြီး စိတ်စေတနာကောင်းထားရန်လည်း အထူးမှာကြားထားပါသည်။

အထူးသဖြင့်မူ မယုံမကြည်မရှိရန်နှင့် အလိုရှိ စမ်းသပ်လိုပါက ထိုကြက္ခိတ်အင်းကို ကြွက်လည်တွင်ချည်၍ ကြောင်ရှေ့ပစ်ချပေးပါက ထိုကြွက်ကို ကြောင် လုံးဝမခုတ်ကြောင်း၊ ထိုအင်းကို ပဝါသန့်သန့်တွင်ထုပ်ပြီး မီးရှို့လျှင် လုံးဝမီးမလောင်ကြောင်း စမ်းလိုပါက စမ်းကြည့်နိုင်ကြောင်း အာမခံထားသည်ကိုလည်း တွေ့ရှိရပါသည်။

**အင်းဆန်ဂါထာ (၃) ပုဒ်**

၁။ ပဒုမုတ္တရော ပြုဗ္ဗာယံ၊
အဂ္ဂိနေယျ ရေဝတော၊
ဒက္ခိဏော ကဿပေါ ဗုဒ္ဓေါ၊
နရတိယံ သုမင်္ဂလော။
၂။ ပစ္ဆိမေန ဗုဒ္ဓသိခီ၊
ပါယဗ္ဗေစ မေဓင်္ကရော၊
ဥတ္တရေ သကျ ဂေါတမော၊
သောန္ဒေစ ဒီပင်္ကရာ။
၃။ ပထဝီယံ ကကုသန္ဓော၊
အာကာသေ သရဏင်္ကရာ၊
စေတေ ဒသဒိသာ ဗုဒ္ဓါ၊
ဓမ္မ ရာဇာ နမာမဟံ။

**ဆုတောင်းဂါထာ (၃) ပုဒ်**

၁။ သဗ္ဗေဒေဝါ ပီယာယန္တု၊
အညမညံ ပီယံ မမ၊
စေတေဒေဝါ သုဖုလ္လိကာ၊
သဗ္ဗဒုက္ခာ သောကရောဂါ။
၂။ ဘယာစေဝ ဝိနဿန္တု၊
အဂ္ဂိဘယံ စောရဘယ၊
ဟတ္ထိဒဿတိ ရစ္ဆာနကံ၊
သီဟဗျဂ္ဃ ဘယာစေဝ။
၃။ ခဂ္ဂဒန္တာ ဝုဓာဟိစ၊
စတာနိ ဘယဂါနိစ၊
မုစ္စန္တု ဗုဒ္ဓါနုဘာဝေန။

**အင်းဆန်အနက်**

၁။ **ပဒုမုတ္တရော** - ပဒုမုတ္တရမြတ်စွာဘုရားသည်၊ **ပြုဗ္ဗာယံ-** အရှေ့မျက်နှာ၌၊ **ဌိတော-** တည်တော်မူ၏၊ **ရေဝတော-** ရေဝတမြတ်စွာဘုရားသည်၊ **အဂ္ဂိနေယျ-** အနောက်တောင်ထောင့်အရပ်၌၊ **ဌိတော-** တည်တော်မူ၏၊ **ကဿပေါ-** ကဿပအမည်ရှိသော၊ **ဗုဒ္ဓေါ-** မြတ်စွာဘုရားသည်၊ **ဒက္ခိဏော-** တောင်မျက်နှာအရပ်၌၊ **ဌိတော-** တည်တော်မူ၏၊ **သုမင်္ဂလော-** သုမင်္ဂလမြတ်စွာဘုရားသည်၊ **နရတိယံ-** အနောက်တောင်ထောင့်အရပ်၌၊ **ဌိတော-** တည်တော်မူ၏။

၂။ **ဗုဒ္ဓသိခီ** - သိခီအမည်ရှိသော မြတ်စွာဘုရားးသည်၊ **ပစ္ဆိမေန** - အနောက်မျက်နှာ၌၊ **ဌိတော** - တည်တော်မူ၏၊ **မေဓင်္ကရာ** - မေဓင်္ကရာမြတ်စွာဘုရားသည်၊ **ပါယဗ္ဗေစ** - အနောက်မြောက်ထောင့်အရပ်၌၊ **ဌိတော-** တည်တော်မူ၏၊ **သကျဂေါတမော** - သာကီဝင်မင်းတို့၏ အထွတ်အမြတ်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားသည်၊ **ဥတ္တရေ** - မြောက်အရပ်၌၊ **ဌိတော-** တည်တော်မူ၏။ **ဒီပင်္ကရာ-** ဒီပင်္ကရာမြတ်စွာဘုရားသည်၊ **သောန္ဒေ** - အရှေ့မြောက်ထောင့်အရပ်၌၊ **ဌိတော-** တည်တော်မူ၏။

၃။ **ကကုသန္ဓော** - ကကုသန်မြတ်စွာဘုရားသည်၊ **ပထဝီယံ-** မြေ၌၊ **ဌိတော-** တည်တော်မူ၏၊ **သရဏင်္ကရော-** သရဏင်္ကရာမြတ်စွာဘုရားသည်၊ **အာကာသေန** - အာကာသကောင်းကင်၌ **ဌိတော** - တည်တော်မူ၏၊ **ဒသဒိသာ-** အရပ်လေးမျက်နှာတို့၌၊ **ဌိတော- တည်**တော်မူကုန်သည်ဖြစ်၍၊ **ဓမ္မရာဇာ** - တရားမင်းဖြစ်တော်မူကုန်သော၊ **စေတေ ဗုဒ္ဓါ-** ထိုမြတ်စွာဘုရားတို့ကို၊ **အဟံ-** အကျွန်ုပ်သည်၊ **နမာမိ-** ရိုသေညွတ်ကျိုးလက်အုပ်မိုး၍ရှိခိုးကန်တော့အပ်ပါ၏။

**ဆုတောင်းဂါထာအနက်**

၁။ **သဗ္ဗေဒေဝါ**-ခပ်သိမ်းကုန်သောနတ်တို့သည်၊ **ပီယာယန္တု-** ချစ်ခင်မြတ်နိုးစေကုန်သတည်း၊ **အညမညံ** - အချင်းချင်း၊ **မမ-** ငါ့အား၊ **ပီယံ-** ချစ်ခြင်းသည်၊ **ဟောတု-** ဖြစ်စေသတည်း၊ **စေတေဒေဝါ-** ထိုနတ်အပေါင်းတို့သည်၊ **သုဖုလ္လိက** - ကောင်းစွာစောင့်ရှောက်ကုန်သည်ဖြစ်၍၊ **သဗ္ဗဒုက္ခာ** - ခပ်သိမ်းသော ဆင်းရဲတို့သည် လည်းကောင်း၊ **သောကရောဂါ-** စိုးရိမ်ကြောင့်ကြခြင်းအနာရောဂါတို့သည် လည်းကောင်း။

၂။ **ဘယာစေဝ-** ဘေးအပေါင်းတို့သည်လည်းကောင်း၊ **ဝိနဿန္တု-** ကင်းစင်လွင့်ပျောက်မရောက်နိုင်သည်ဖြစ်စေကုန်သတည်း၊ **အဂ္ဂိဘယံ** - မီးဘေးသည် လည်းကောင်း၊ **စောရဘယံ-** ခိုးသူဘေးသည် လည်းကောင်း၊ **ဟတ္ထိဒဿ တိရစ္ဆာနကံ** - ဆင်, မြင်း တိရစ္ဆာန်ဘေးတို့သည် လည်းကောင်း၊ **သီဟဗျဂ္ဃဘယာစေဝ-** ခြင်္သေ့ဘေး, ကျားဘေးတို့သည် လည်းကောင်း၊

၃။ **ခဂ္ဂဒန္တာဝုဓာဟိစ-** သန်လျက်ဘေး, အစွယ်ဘေးတို့သည် လည်းကောင်း၊ **စတာနိဘယဂါနိစ-** ဤသို့ဆိုအပ်ခဲ့ပြီးသည်မှစ၍ တစ်ပါးသောဘေးအပေါင်းတို့သည် လည်းကောင်း၊ **ဗုဒ္ဓါအာနုဘာဝေန** - မြတ်စွာဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော် အာနုဘော်တော်အားဖြင့်၊ **မုစ္စန္တု** - လွတ်မြောက်စေကုန်သတည်း။

(ဤအနက်တို့မှာ သိရန်မျှသာပြဆိုခြင်းဖြစ်ပြီး ဂါထာစုတ်ရာ၌ ထည့်စုတ်ရန်မလိုပါ။အနက်အဓိပ္ပာယ်မပါ၍လည်း အင်းအစီအရင်မပျက်ကြောင်း ပေစာက ဆိုထားပါသည်။)

ကြက္ခိတ် ပတ္တိတ် တုယ့်
ခိပ္ပမေဝ သမိဇ္ဈတု

ဆရာအေးရွှေ(သုတေသီ)
ဦးကုန်း



www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကျိုးပေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံချို (B.Sc)



## ၂၀၁၃ ခုနှစ်၊ ဧပြီလ

ဧပြီလ (၁) ရက်၊ **တနင်္လာနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူ၊ အဝါ။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉)ခါရွတ်ဆိုပါ။

ဧပြီလ (၂) ရက်၊ **အင်္ဂါနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်း၊ ပေဒါရောင်။ အကျိုးပေးနေ့သား့က တနင်္လာ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၃) ရက်၊ **ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သားက တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၄) ရက်၊ **ကြာသပတေးနေ့**- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် စိမ်းပြာ၊ ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၅) ရက်၊ **သောကြာနေ့**- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၆) ရက်၊ **စနေနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၇) ရက်၊ **တနင်္ဂနွေနေ့**- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၄၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ၊ ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၈) ရက်၊ **တနင်္လာနေ့**- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၂၃)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဝါ၊ အသားရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာ ဒေဝ မနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၉) ရက်၊ **အင်္ဂါနေ့**- လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာနု၊ မိုးပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမော ဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၀) ရက်၊ **ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ၍ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၁) ရက်၊ **ကြာသပတေးနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဝါ၊ အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉) ခါရွတ်ဆိုပါ။

ဧပြီလ (၁၂) ရက်၊ **သောကြာနေ့**- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညို၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ



www.burmeseclassic.com

www.burmeseclassic.com

အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၃) ရက်၊ **စနေနေ့**- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံ အောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၄) ရက်၊ **တနင်္ဂနွေနေ့**- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က မီးခိုးရောင်၊ ပန်းနုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၅) ရက်၊ **တနင်္လာနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ **အကျိုးပေးနေ့**သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထမှာ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၆) ရက်၊ **အင်္ဂါနေ့**- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၂၊ ၃)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အညို၊ မီးခိုး။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၇) ရက်၊ **ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ နမော' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၈) ရက်၊ **ကြာသပတေးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အစိမ်း၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၁၉) ရက်၊ **သောကြာနေ့**- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၀) ရက်၊ **စနေနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၄၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၁) ရက်၊ **တနင်္ဂနွေနေ့**- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းနု၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓိ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၂) ရက်၊ **တနင်္လာနေ့**- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၃၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၃) ရက်၊ **အင်္ဂါနေ့** - လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၇၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီ၊ အဝါ။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၄) ရက်၊ **ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၁၊ ၂)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထမှာ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၅) ရက်၊ **ကြာသပတေးနေ့**- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဝါရောင်။ **အကျိုးပေးနေ့**သား စနေ၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၆) ရက်၊ **သောကြာနေ့**- လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူ၊ အဝါ။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၇) ရက်၊ **စနေနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညို၊ မီးခိုးရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ စနေ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၈) ရက်၊ **တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၂၉) ရက်၊ **တနင်္လာနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညို၊ အစိမ်းရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အောင်မြင်မှုရရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဧပြီလ (၃၀) ရက်၊ **အင်္ဂါနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၅၊ ၆)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အနီ၊ အနက်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောဗုဒ္ဓဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ၊ B.Sc



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စစ်တပ်နှင့် [illegible]များတိုးချဲ့ရန် အရပ်သူအရပ်သားများထံသို့ ငွေစုစာချုပ်များ ဖြန့်ချိလိုက်ရာ ပထမအရစ် ပေါင်သန်ပေါင်း (၄၇၅) သန်းရ၏။ ဒုတိ[illegible]ရစ် (၆၁၅) သန်း ရ၏။ တတိယ[illegible]စ် (၆၂၈) သန်း ရ၏။ စတုတ္ထအရစ် [illegible]) သန်း ရ၏။ စုစုပေါင်း၏ အလှူ ငွေ[illegible]မှာ ပေါင်သန်ပေါင်း (၁၀၃၈၁)မျှ အထိ[illegible] အင်္ဂလန်လူထု၏ တိုင်း ပြည်အပေါ်[illegible]နာကျေး ခိုးကျူးလောက် သည်။

အင်္ဂလန်ကိုထိသောအခါမှ ကနေဒါ၊ တောင်အာဖရိက၊ ဩစတေးလျ၊ နယူးဇီလန် စသော ဗြိတိသျှဒိုမီနီယံမျက် နှာဖြူတို့လည်း ထကြွလာကြသည်။ ဤ အချိန်မှစ၍ ဗြိတိသျှတို့မှာ အတိအလင်း စစ်ပြင်ဆင်မှုကို စိုင်းပြင်းလာနိုင်တော့၏။

ထိုအချိန်၌ ဂျာမနီတို့မှာမူ ဥရောပတစ်ခွင်ကို တရကြမ်းတိုက်ကာ တပ် ဖြန့်နေချေပြီ။ ဂျာမနီ၏ အရှေ့ဘက် ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဖင်လန်၊ နော်ဝေအထိ ဂျာမန်နာဇီတပ်တို့ ကျယ် ပြန့်နေပြီ။ အနောက်ဘက်တွင်လည်း ဘယ်လ်ဂျီယံ၊ ဟော်လန်ကိုလွန်၍ ပြင် သစ်ကိုပင် တိုက်နေပြီ။

၁၉၄၀ ပြည့်၊ မေလ ၂၆ ရက်မှာ အင်္ဂလိပ်နှင့် မဟာမိတ်စစ်တပ်များကို ဂျာမနီတို့က ဒန်းကပ်တွင် ပိတ်ဝိုင်းထား ကြရာ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်၍ အင်္ဂလန်သို့ [illegible] မကျန် ဖြစ်သလို [illegible]ဆုတ်ကြရ ၏။ ထိုဒန်းကပ်တိုက်[illegible] အင်္ဂလိပ်တို့ တပ်များရှိသမျှ စစ်ပစ္စည်းအသုံးအ ဆောင်အားလုံး ပြင်သစ်ဘက်ကမ်းခြေ

[illegible] နေ့အထိ ဒန်းကပ်မှ [illegible] တပ်၊ ရေတပ်၊ လေတပ်တို့[illegible] အလုံးအလဲဖိရကာ ရေလက်ကြား[illegible] ပြေးခဲ့ကြရသည်။ အင်္ဂလန်ကမ်း[illegible] မဟာမိတ် ပြင်သစ်စစ်သားများပါ စုစု ပေါင်း([illegible])မျှ ဆုတ်ခွာခဲ့ကြရသည်။

အင်္ဂလန်[illegible]တွင် ရှိသမျှ လှေငယ်၊ ရွက်လှေ[illegible]မကျန် ရေလက် ကြားကို ဖြတ်[illegible] [illegible] ([illegible]) [illegible] [illegible] ရက်မှ [illegible] ကြာ ဆုတ်ခွာရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ အင်္ဂလိပ်စက်ရုံများတွင် စစ်ပစ္စည်းလက်နက်အသုံးအဆောင်များ ချည်း ထုတ်လုပ်ကြရတော့သည်။ အင်္ဂလန်ဦးရေ၏တစ်ဝက်မျှသည် ထိုအလုပ်ရုံများ၌ နေ့ရောညပါ တရစပ် အားသွန်ခွန်စိုက်လုပ်နေကြရလေပြီ။ ဤကြားထဲကပင် ဂျာမန်လေတပ်၏ ရန်ကလည်း ကြီးမားလှသည်။ တစ်နေ့ (၅) ကြိမ်ထက်မနည်း လန်ဒန်မြို့ပေါ်ကို ဗုံးမိုးရွာချနေ၏။ ကမ်းခြေ၌လည်း စက်သေနတ်သံမစဲဖြစ်နေ၏။ ဂျာမန်တို့၏ လေယာဉ်အုပ်မှာ တစ်ခါလာလျှင် (၁၀၀) ထက်မနည်း။ ပစ်ချခံရသည်မှာလည်း အများကြီးဖြစ်၏။

ပြင်သစ်သည် ပါရီမြို့တော်မှာ ၁၉၄၀ ပြည့်၊ ဇွန်လ ၁၄ ရက် မနက်စောစောကစ၍ ဂျာမန်တပ်စစ်ဦးဆိုက်လာသည်။ ၁၅ ရက်နေ့တွင် ပါရီလုံးဝကျသွားလေတော့၏။

အင်္ဂလန်မှာ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်မှ စ၍ ၁၉၄၂ ခုနှစ်၊ ဩဂုတ်လအထိ (၃) နှစ်တာကာလအတွင်း လူပေါင်း (၉၉၉၀) မျှ သေဆုံး၏။ အိမ်ပေါင်း နှစ်သန်းခုနစ်သိန်းကျော် ပျက်၏။ မီးလောင်၏၊ ပြို၏။ ဤနှုန်းသည် အင်္ဂလန်အိမ်ခြေစုစုပေါင်း၏ငါးပုံတစ်ပုံဖြစ်သည်။

ထိုသုံးနှစ်အတွင်း ရေကြောင်း၌လည်း ကုန်သင်္ဘောကြီး၊ ငယ်ပေါင်း (၈၀၀)ကျော် နှစ်မြုပ်ခံရ၏။ ၁၉၄၁ ခုနှစ် မြေထဲပင်လယ် ကရီလီကျွန်းတိုက်ပွဲတစ်ပွဲ၌ပင် ဗြိတိသျှတို့ ရေတပ်သင်္ဘော အတော်များများ နာသွား၏။ ဂျာမန် ယူဘုတ်တို့မှာ မြောက်ပင်လယ်နှင့် မြေထဲပင်လယ်တို့၌ ထင်သလိုကြမ်းရမ်းနေနိုင်ကြသည်။ ဂျာမန်သံလိုက်ရေမြှုပ်ဗုံးတွေကလည်း မနည်းပေ။ ထိုသုံးနှစ်အတွင်းတွင် ဗြိတိသျှတို့မှာ ဆူဒန်၊ မော်ရိုကို၊ လစ်ဗီးယား၊ ကျူးနစ်ဆီးယား စသော အာဖရိကစစ်မျက်နှာ၌လည်း မရှုမလှခံနေရ၏။ အဘီးဆီးနီးယားနှင့် ဗြိတိသျှဆိုမာလီလင်းစစ်မျက်နှာမှလွဲ၍ အားလုံး ဆုံးရှုံး ဆုတ် ပေးနေရ၏။

တစ်ဖန် ဥရောပဖြစ်သော ပြင်သစ်၊ စပိန်၊ ဂရိ၊ ဆိုက်ပရပ်၊ မော်လ်တာ မြေထဲပင်လယ်မြောက်ဘက်တစ်ဝိုက်၌လည်း ဂျာမနီနာဇီတပ်တို့၏ အဖိအနှိပ်ကို ခံနေရလေသည်။

ရေတပ်ဘက်တွင်လည်း ဗြိတိသျှတို့၏ အားကောင်းလှသော 'ဟုဒ်' ခေါ် သင်္ဘောကြီးကို ဂျာမန်ဘစ္စမတ်စစ်သင်္ဘောက နှစ်မြှုပ်ပစ်လိုက်၏။ အတ်(ခ်)ရှိုင်ရယ်ခေါ် အင်္ဂလိပ်တို့၏ လေယာဉ်ပျံတင် သင်္ဘောကြီးမှာလည်း ဂျီဘရောတာအနီး၌ အနှစ်ခံလိုက်ရပြန်သည်။ ထိုအတ်(ခ်)ရှိုင်ရယ် အနှစ်ခံရသောရက်မှာ အရှေ့ဘက်၌ ဂျပန်တို့က ပထမဆုံးအကြိမ် ရန်ကုန်မြို့ကို ဗုံးလာကြသော ၁၉၄၀ ပြည့်၊ ဒီဇင်ဘာလ ၂၃ရက်မတိုင်မီ တစ်ရက်အလိုဖြစ်သော ဒီဇင်ဘာ ၂၂ ရက် ဖြစ်သည်။

၁၉၄၁ ခု၊ ဩဂုတ်တွင် ဗြိတိသျှ နန်းရင်းဝန် ချာချီသည် အမေရိကန် သမ္မတရုစဗဲ့နှင့် အတ္တလန္တိတ်သမုဒ္ဒရာထဲရှိ ပရင့်(စ်)အော့(ဖ်)ဝေးခေါ် သင်္ဘောကြီးပေါ်တွင် (၂၆)နိုင်ငံ မဟာမိတ်တက်ပေါင်းစုဖွဲ့ရေးကို ဆွေးနွေးကြသောကြောင့် 'အတ္တလန္တိတ်ချာတာ' ဟု ခေါ်သည်။

ထိုစာချုပ်ပါ သဘောအချို့တွင် စစ်ကြီးအတွင်း မဟာမိတ်တို့ဘက်မှ လူအင်အား၊ လက်နက်အင်အား ကူညီသော လက်အောက်ခံနိုင်ငံများကို စစ်ပြီးသောအခါ ကိုယ်ပိုင် လွတ်လပ်သော အစိုးရများ ဖြစ်စေရမည် ဟူသော အချက်တစ်ချက်ပါသည်။

ယင်းကြေညာချက်နှင့်ပတ်သက်၍ မြန်မာပြည်ဥပဒေပြုလွှတ်တော်တွင် ခေါင်းဆောင်အချို့တို့က ဗြိတိသျှကိုလိုနီဆိုင်ရာရုံးသို့ ကြေးနန်းရိုက်၍မေးသောအခါ မြန်မာပြည်နှင့် မသက်ဆိုင်သလိုလို ပြန်ကြားသည်ဟု သိခဲ့ရ၏။

သို့သော် အရင်တစ်နှစ် ၁၉၄၀ ပြည့်နှစ် ဆောင်းတုန်းကစ၍ မြန်မာပြည်သို့ ဘီလပ်မှ ဆာစတက်ဖို့(ဒ်)ခရစ်ရောက်ရှိလာပြီး မြန်မာပြည်ခေါင်းဆောင်များကို တီးခေါက်ကြည့်သည်။ ထိုအချိန်က (၇၆) ရေကျော်လမ်းတွင်ရှိသော 'တိုဗမာအစည်းအရုံး'သို့ တစ်နေ့သောညနေတွင် ဆာစတက်ဖို့(ဒ်)ခရစ်ရောက်လာပြီး စစ်ကြီးအရေး၌ အင်္ဂလိပ်တို့နှင့်တွဲရန်၊ တွဲလျှင် စစ်ပြီးသောအခါ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်လမ်းကြောင်းဖြစ်သော ဒိုမီနီယံအုပ်ချုပ်ရေးကို ဗြိတိသျှ အာဏာပိုင်တို့က စဉ်းစားလိမ့်မည် စသောသဘောထားပါသည့် စကားများနှင့် သခင်များအားဆွေးနွေး၏။ တို့ဗမာသခင်များက လုံးဝလွတ်လပ်ရေးသာ လိုသည်ဟု ဆိုကြသည်။ ထိုအချိန်က သခင်တွေ မှာ ဒိုမီနီယံ၏ အဓိပ္ပာယ်ကို ရေရေလည်လည် မသိကြသေး။ ထို့ကြောင့် 'ဒိုမီနီယံ' ဆိုသည့် အသံကိုပင် မကြားချင်ကြဖြစ်နေ၏။

ထို့အပြင် ဤစစ်ကြီးတွင် ဗြိတိသျှတို့ ရှုံးနိမ့်ပြုတ်သွားသော် သူ့ဘက်ကကူမိသောနိုင်ငံများလည်း ချောက်ကျမှာ စိုးရိမ်ရသည်ဟု မြင်မိကြသည်။ သခင်အနည်းစုက စဉ်းစားချင်သည်။ သခင်အများစုကမူ အင်္ဂလိပ်ကို မယုံ။ ထို့ကြောင့် မပေါင်းလို။ 'ဒီအချက်ပဲ သင်းကိုအလဲချတာ ကောင်းသည်' ဟု ယူဆကြသည်။

ဆိုလိုရင်းမှာ အင်္ဂလိပ်တို့တွင် ၁၉၄၀၊ ၄၁၊ ၄၂ အထိ ဟိုကကူပါဒီကကူပါနှင့် အရှုံးမီးဝိုင်းဖြစ်နေကြောင်းကို သဘောပေါက်နေကြခြင်းကြောင့် ဖြစ်သည်။

ယခု အတ္တလန္တိတ်ချာတာမဟာမိတ်စာချုပ်အဖွဲ့ဖွဲ့ရန် ကြေညာသောအခါ လက်အောက်ခံနိုင်ငံများ ကိုယ်ပိုင်လွတ်လပ်သောအစိုးရဖွဲ့ရေးတွင် မဟာမိတ်(၂၆)နိုင်ငံပါသောကြောင့် အင်္ဂလိပ်တို့မှာ နည်းနည်းအားရှိသွားဟန်တူ၏။ မြန်မာပြည်လိုနိုင်ငံမျိုးနှင့် ထိုစာချုပ်မှာ မဆိုင်သလို အင်္ဂလိပ်ကလုပ်လာပြန်သည်။

သို့သော် အင်္ဂလိပ်တို့သည် အရှေ့ဘက်ရန်ကိုတော့ ဂရုပြုမိကြဟန်ရှိ၏။ အာရှအရှေ့တောင်ရှိ ကိုလိုနီနိုင်ငံများ၏ ရေပြင်ကို ကာကွယ်ကြရန် အရေးကြီးမှန်းတော့သိကြ၏။ ထို့အတွက် စင်ကာပူကို အလွန် ခိုင်မာသော ရေတပ်ကြီးအဖြစ် ၁၉၃၉ ခုနှစ်မှစတင်၍ ငွေပေါင်းပေါင် သန်း (၆၀) အကုန်အကျခံကာ တည်ဆောက်ခြင်း ဖြစ်သည်။ ဗြိတိသျှစစ်သား (၆၀၀၀၀) ကိုလည်း ပို့လိုက်သည်။

အတ္တလန္တိတ်ချာတာကိစ္စ ဆွေးနွေးရန် ချာချီနှင့် ရုစဗဲ့တို့ တွေ့ဆုံတိုင်ပင်ကြရာ၌ ၎င်းအပေါ်မှာပင် ဆွေးနွေးပွဲကျင်းပခဲ့သော ပရင့်(စ်)အော့(ဖ်)ဝေးစစ်သင်္ဘောကြီးနှင့် ရီးပါး(လ်)စစ်သင်္ဘောကြီး (၂)စင်းကိုလည်း စင်ကာပူရေတပ်စခန်းကြီးသို့ ပို့လိုက်၏။ နောက်ထပ်ငေါ် ရခါးနှင့် ကုလားစစ်သား ဩစတြေးလျား၊ နယူးဇီလန်စစ်သားပေါင်း(၄၀၀၀၀) ကိုလည်း တင်ပို့လိုက်သေး၏။ ထိုအချိန်မှာ အရှေ့ဘက်၌ ဂျပန်က စစ်စတင်ကြေညာရန် ရက်နီးနေပြီ။

ထိုအချိန် ၁၉၄၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်မှစ၍ ရုရှားကို စတိုက်သော နာဇီတပ်များပင် ဒီဇင်ဘာလတွင် ယူရိန်းကိုလွန်၍ ဗောလဂါမြစ်ဝှမ်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ မြောက်ဘက်၌ လီနင်ဂရက်စစ်မျက်နှာတွင်လည်းကောင်း တိုက်နေကြပြီ။ ရုရှားတို့မှာ မြေလှန်စနစ်နှင့် တဆုတ်တည်းဆုတ်ပြေးနေရ၏။

ရုရှား၌သာ မဟုတ်။ အီဂျစ်တွင်လည်း အီတလီတပ်တို့က တိုက်နေပြီ။ ၁၉၃၆ ခုနှစ်က အီဂျစ်နှင့် ဗြိတိသျှတို့ စာချုပ်အရ စူးအက်တူးမြောင်းကာကွယ်ရေးတွင် ဗြိတိသျှတို့ မျက်လုံးပြူးနေချိန် ဖြစ်၏။ ဘင်ဂါဇီနှင့် တိုဘရုပ်မှ ဗြိတိသျှတပ်များဆုတ်နေရဆဲ ဖြစ်သည်။

အရှေ့ဘက်မှ ဂျပန်တို့၏တောင်းဆိုချက်အရ အင်္ဂလိပ်တို့သည် တရုတ်-မြန်မာလမ်းမကြီးကိုပါ ဂျပန် ကျေနပ်အောင် ၁၉၄၁ ခုနှစ်၊ ဇူလိုင်လလယ်တွေ ပိတ်ပေးခဲ့ရ၏။ ထိုလမ်းမကြီးမှာ ချန်ကေရှိတ် တရုတ်တို့က ကုန်းပိုင်းမှ စစ်လက်နက်ပစ္စည်းများ သယ်ယူရန် ဗြိတိသျှတပ်တို့နှင့် တိုင်ပင်၍ ဖွင့်လှစ်ခဲ့သော လမ်းမကြီး ဖြစ်သည်။

ဖောက်လုပ်ရသော အကြောင်းရင်းမှာ တရုတ်ပင်လယ်ကမ်းခြေတစ်ခုလုံးကို ဂျပန်က ပိတ်လုနီးပါးတိုက်ထား၍ နောက်ပိုင်း ကုန်းလမ်းတစ်ခုကို ဖောက်လုပ်ရခြင်း ဖြစ်သည်။

၁၉၃၉ ခုက စဖောက်ရာ ကူမင်း၊ ယူနန်မှ လားရှိုးအထိ မိုင်ပေါင်း(၁၆၀၀) ရှည်၏။ လူပေါင်း သုံးသိန်းမျှနှင့် အရေးတကြီး ဖောက်လုပ်ရသဖြင့် ၁၉၄၀ ပြည့်နှစ်လောက်ကျမှ ပြီးစီးသည်။ ထိုနှစ်တွင် အမေရိကန်က စစ်ပစ္စည်းများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ထိုလမ်းကိုဖြတ်၍ တရုတ်ပြည်သို့ပို့သည်။ တရုတ်ငွေစက္ကူများကိုလည်း ရန်ကုန်တွင်ပုံနှိပ်ရန် ပြင်သစ်ကို ကန်ထရိုက်ပေးထားရာ ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း)မှ သောမတ်ဒီလာရူးတိုက်ကြီးကို ဆောက်ပြီး တရုတ်ငွေစက္ကူများ ထုတ်လုပ်၏။

ယင်းသို့ မြန်မာပြည်မှ တရုတ်ပြည်သို့ စစ်ပစ္စည်းများ၊ ငွေစက္ကူများ ပို့ပေးနေသောကိစ္စကို ဂျပန်သည် မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်ပြီး အင်္ဂလိပ်အား ထိုလမ်းမကြီးကို ပိတ်ပေးရန် ခပ်တင်းတင်း တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

အင်္ဂလိပ်အနေနှင့်မူ ဤသို့လိုက်လျောလိုက်ပါက ဂျပန်၏ အရှေ့ဘက်ရန်က အနည်းငယ် စိတ်ချရမည်ဟု ယုံ၍ ဂျပန်ကို ချော့လိုက်ခြင်း ဖြစ်သည်။ သို့သော် ဂျပန်ကား ဤသို့ မဟုတ်ပေ။ အင်္ဂလိပ်ရောအမေရိကန်ကိုပါ တွယ်နိုင်ရန် ချက်ကောင်းကို ချောင်းနေသူ ဖြစ်၏။ အမေရိကန်ကို ဂျပန်ကတွယ်ချင်နေသည်မှာ ဤသို့ဖြစ်၏။

ဂျပန်နှင့် အမေရိကန်တို့သည် ၁၉၁၉ ခုနှစ် မတိုင်မီကပင် ကုန်စာချုပ်တစ်ခုချုပ်ထားခဲ့ကြ၏။ သဘောမှာ အမေရိကန်က သူ့တွင် အလဟဿ ပိုလျှံနေသောသံတိုသံစများရောင်းရန်ကို ဂျပန်က ဝယ်ရန်သဘောတူပြီး ဆက်ဆံခဲ့ ဝယ်ခဲ့ရောင်းခဲ့ကြ၏။

၁၉၃၈ ခုနှစ် ဂျပန်က တရုတ်ကို တိုက်သောအခါ အမေရိကန်က မကျေနပ်။ တရုတ်ပြည်၌ မော်စီတုံး စသည့် ကွန်မြူနစ်တို့ တစတစပြန့်ပွားလာနေသည်ကို အမေရိကန်က မလိုလားသည့်အတိုင်း ချန်ကေရှိတ်ကို အမေရိကန်ပေါက် တရုတ်အမျိုးသမီးတစ်ဦးနှင့် မြှူဆွယ်ယူပြီး ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်ထားခဲ့သည်မှာ ကြာပြီ ဖြစ်၏။

ယခု ဂျပန်က ချန်ကေရှိတ်၏ တရုတ်ပြည်ကို တိုက်သောအခါ ကွန်မြူနစ်ဆန့်ကျင်ရေးတိုက်ပွဲအတွက် အမေရိကန်ကပေးပို့ရသော လက်နက်ပစ္စည်းများသည် ကွန်မြူနစ်ကို တိုက်ရာတွင် ကုန်ရသည်ထက် ဂျပန်ကိုပြန်လည်တိုက်ခိုက်နေ၍ ပို၍ကုန်နေ၏။ ထို့အပြင် ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် ၎င်းက အားပေးမွေးမြူထားသော ချန်ကေရှိတ်ကို တိုက်လာသောဂျပန်အား မလိုလားပေ။ ဤအတွက် တရုတ်ပြည်ကို မတိုက်ရန် ဂျပန်ကို အမေရိကန်က အရေးဆိုသည်။ ဂျပန်က မလျှော့ဘဲ တိုက်မြဲတိုက်နေ၏။

သို့အတွက်ကြောင့် ၁၉၄၁ ခုနှစ်ပိုင်းမှာပင် ဂျပန်ကို ရောင်းချနေသည့် သံတိုသံစတင်ပို့နေခြင်းကို အမေရိကန်က ရုပ်ပစ်ပြီး စာချုပ်ကို ဖျက်လိုက်၏။ အမေရိကန်ရှိ ဂျပန်အမျိုးသားတို့၏ အကျိုးစီးပွားအားလုံးကိုလည်း ပိတ်ပစ်လိုက်သည်။

'တရုတ်ကိုမတိုက်ပါ' ဟု အရောင်းအဝယ်စာချုပ်ကို ကတိဝန်ခံချက်ရမှ အသစ်ပြန်ချုပ်ပြီး သံတိုသံစဆက်ရောင်းမည်ဟု အမေရိကန်ကစကားခေါ်နေစဉ် အမေရိကန်၏ကတိကို လက်မခံဘဲ ကာပြန်သည့်အနေနှင့် ဂျပန်သည် ၎င်းနှစ် ၁၉၃၉ ခုထဲမှာပင် ဥရောပ၌ ဗိုလ်ကျစိုးမိုးလာသော ဂျာမနီ၊ အီတလီတို့၏ ဝင်ရိုးတန်းအဖွဲ့သို့ ဝင်လိုက်လေသည်။

ထိုအချက်ကြောင့်လည်း အင်္ဂလိပ်သည် ဝင်ရိုးတန်းအဖွဲ့ဝင်ဖြစ်သော ဂျပန်ကို အရှေ့ဘက်ကိုလိုနီနိုင်ငံများအတွက် ချော့သည့်အနေနှင့် တရုတ်-မြန်မာလမ်းမကြီးကိစ္စတွင် ဂျပန်အလိုကျ ပိတ်လိုက်ရခြင်းဖြစ်သည်။ ထိုအခါ အမေရိကန်၏ အပြုအမူကိုလည်း အင်္ဂလိပ်မှာ မခံနိုင်သဖြင့် ဂျပန်ကျေနပ်ရုံ သုံးလမျှ ခေတ္တပိတ်ခြင်းသာပါဟု မျက်နှာငယ်လေးနှင့် အမေရိကန်ကို တောင်းပန်ထားရပြန်၏။

ဤသို့ အရှေ့ဘက်၌ အင်္ဂလိပ်၊ ရုရှားတို့ ကိစ္စများနေကြသည်ကို ကြည့်ကာ ဂျပန်ကအချက်ကောင်းပေါ်ပြီဟု၍ လက်ခမောင်းထခတ်လိုက်လေသည်။

၁၉၄၁ ခု၊ ဒီဇင်ဘာ ၁ ရက်တွင် ဂျပန်ရေငုပ်သင်္ဘောများသည် ပစိဖိတ်သမုဒ္ဒရာအလယ် ဟာဝေယံကျွန်းရှိ ပါး(လ်)ဟားဘားခေါ် အမေရိကန်ရေတပ်စခန်း ပုလဲဆိပ်ကမ်းကို စ၍တိုက်တော့သည်။ ထိုအခါမှ အမေရိကန်သည်လည်းကောင်း၊ အင်္ဂလိပ်သည် လည်းကောင်း ဂျပန်ကို စစ်ကြေညာရသည်။

ဤကဲ့သို့ ဂျပန်ကိုတိုက်ရန် အမေရိကန်ဝင်ပါလာပြီဆိုသည်ကို သိသော အင်္ဂလန်ပြန် အိုင်စီအက်(စ်)လောင်း လူငယ်တစ်ဦးက အောင်ကျော်ဇေယျကို ပြောလိုက်သည်။

အောင်ကျော်ဇေယျ ဆိုသော လူငယ်မှာ ဒေါ်ကြာဦးဖြူတို့ အမျိုးထဲမှ နိုင်ငံရေးကျောင်းသား ကာလတ္တားကောလိပ်မှ နိုင်ငံရေးအမှုနှင့် ဝရမ်းပြေးနေရသူ ဆိုသည်ကို ဒေါ်ကြာဦးဖြူတို့မှာ နောက်မှသိကြရသည်။ ထို့ကြောင့် စောစောက 'အင်္ဂလိပ်ကို အထင်ကြီးလို့ မဟုတ်ပါဘူး။ အမေရိကန်ဝင်ပါလာရင် ဂျပန်စစ်ရှုံးတော့မှာပဲ'ဟု ပြောသူ အင်္ဂလန်ပြန်အား အောင်ကျော်ဇေယျက-

"အေးပေါ့၊ မင်းကတော့ အင်္ဂလိပ်ဆွဲပေးတဲ့လည်ပတ်နဲ့ ရန်သူမှန်းမသိ မိတ်ဆွေမှန်းမသိ သခင်ရှူးတိုက်ရင် ဟောင်ရတိုက်ရမယ့်အကောင်ဆိုတော့ ပြောတော့မှာပေါ့။ မင်းတို့လိုလူတွေရှိနေလို့ အိန္ဒိယပြည်ကြီးကို နှစ်ပေါင်း သုံးရာကျော် အင်္ဂလိပ်တွေကကျွန်လုပ်ထားနိုင်. . ."

"ဟာ- ဟေ့ကောင် အောင်ကျော်ဇေယျ၊ လက်စသတ်တော့ ဒီကောင် ဒီမှာလာပြီး နိုင်ငံရေးတရားဟောနေတာကိုး။ တော်တော့၊ မင်းနိုင်ငံရေးတရား ကာလတ္တားမှာ သွားဟောပါ ထောင်စာလေးရယ်။ စကားနောက်တရားပါ အိန္ဒိယပြည်ပဲ ဂျပန်လာသိမ်းတော့မယ်ဘာမယ် ဒီမာလာ. . . ခြော် - ဘိုးဘိုး ဇေ



www.burmeseclassic.com

www.burmeseclassic.com

ယျာကျော် လာကွာ ဒီမှာထိုင် လူလေး"

အောင်ကျော်ဇေယျကို မန်မဲသလိုပြောနေသော လူကြီးတစ်ယောက်က သူ့စကားမဆုံးမီ ဝင်လာသော လူငယ်တစ်ယောက်ကို တစ်ဆက်တည်း ဖိတ်ခေါ်သလို ပြောလိုက်ပြန်သည်။

လောလောဆယ် သူတို့ဝိုင်းထဲဝင်လာသော လူရွယ်မှာ ဒေါ်ကြာဦးဖြူ၏ မောင် သား ဇေယျာကျော်ထွန်း ဆိုသူ ဟီလီတရိုက် လက်ထောက်မြို့ပိုင်လေး ဆိုသည်ကိုတော့ သူတို့ဆွေမျိုးတွေက ပြောပြမှ ဒေါ်ကြာဦးဖြူတို့က သိကြရသည်။ ဇေယျာကျော်ထွန်းဆိုသော လူရွယ်မှာ ဝင်လာလာချင်း မျက်နှာစိမ်းဖြစ်နေသော ဒေါ်ကြာဦးဖြူတို့မိသားစုနားနီးနီးကပ်ကပ် ရင်းရင်းနှီးနှီး လာထိုင်သည်။ ပြီး ဒေါ်ကြာဦးဖြူ၏ မျက်နှာကို ပြုံးပြုံးကြီးကြည့်ကာ -

"အဘောင်ရှင်(အဘွားကြီး)၊ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဘွားဘွားကြီးတို့ ဂယာလာတိုင်း ကာလကတ္တားက ကျွန်တော်တို့အိမ်လာတည်းဖူးပါတယ်၊ စိန့်မြောင်ဘုရားပွဲမှာလည်း စစ်တကောင်းက ဘိုးဘိုးတို့နဲ့တစ်ခါတွေ့ဖူးတယ်လေ။ အဲဒီတုန်းက အရီးချေ(လေး) နဲ့ အခင်(ဦးလေး)တို့လည်း ပါတယ်။ သူက အရီးချေ သားကြီးလား"

ဟု ထွန်းလင်းကျော်ပခုံးကို ရင်းရင်းနှီးနှီးကိုင်၍ မေးလည်းမေး၊ ပြောလည်း ပြောသည်။

သို့သော် စစ်တကောင်းရှိ ဒေါ်ကြာဦးဖြူ၏မောင်အရင်း ဦးကြာပန်းမောင်၊ ဒေါ်ပဂ္ဂီထွန်းမြတ်တို့တွင် ပန်းဝါထွန်း၊ ရမ္မာထွန်း၊ ဓညာထွန်း မည်သော သမီးချည်းသုံးယောက်အပြင် ပညာကျော်ထွန်း ဟူသော သားတစ်ယောက်လည်းရှိလေရာ ယခု ဤသူငယ်မှာ မည်သူ့သားမှန်း ဒေါ်ကြာဦးဖြူမသိ။ နောက်တစ်ကြောင်းမှာ ရာဇဌာနီနေ အစ်ကိုကြီး ဦးကြာပန်းအောင်တို့မိသားစုနှင့်စာလျှင် ငယ်စဉ်ကပင် စစ်တကောင်းတွင် ကျောင်းနေပြီး စစ်တကောင်းကွန်ဗင့်ကျောင်းသူပဂ္ဂီထွန်းမြတ်နှင့် အိမ်ထောင်ကျသွားသော ဦးကြာပန်းမောင်တို့ မိသားစုမှာ အစိုးရအမှုထမ်းချည်း ဖြစ်ကြသဖြင့် အိန္ဒိယနှင့်ဓညဝတီဘက် ထစ်လှည့်စီနေလာခဲ့ကြရာ သုံးနှစ်နေ၍ ဒေါ်ကြာဦးဖြူတို့မိသားစုနှင့် တစ်ခါမဆုံဖြစ်ကြ။ ဦးကြာပန်းမောင် မြို့အုပ်ရာထူးရ၍ ဓညဝတီဘက်တွင်တာဝန်ကျစဉ်ကတော့ အလုပ်ကိစ္စနှင့် သွားရင်းလာရင်း တစ်နှစ် နှစ်ခါ ဆိုသလို ကမ်းသာရှိ အစ်မဆီ ရောက်လာတတ်သည်။ သမီး ရမ္မာထွန်းနှင့် ဓညာထွန်းတို့မှာ ဓညဝတီတွင် အမှုထမ်းစဉ်ကမွေးသော ကလေးများဖြစ်သည်။ ပညာကျော်ထွန်းနှင့် ပန်းဝါထွန်းတို့မှာမူ ဦးကြာပန်းမောင် အိန္ဒိယပြည် ပြန်ပြောင်းသွားပြီးမှ မွေးသော အိန္ဒိယပြည်ပေါက်များဖြစ်သည်။ ဦးကြာပန်းမောင်၏သား မောင်ပညာကျော်ထွန်းမှာ ကာလကတ္တားသူနှင့် အိမ်ထောင်ကျသဖြင့် ယခင်က ဒေါ်ကြာဦးဖြူတို့မိသားစု ဂယာကို ဘုရားဖူးသွားလျှင် ဝင်ဖြစ်ကြသည်။ ထို့ကြောင့်လည်း ယခု ဦးပညာကျော်ထွန်းသား ဇေယျာကျော်ထွန်းက ဒေါ်ကြာဦးဖြူတို့ လူကြီးတွေကို မှတ်မိနေခြင်း ဖြစ်သည်။

ဦးကြာပန်းမောင်၊ ဒေါ်ပဂ္ဂီထွန်းမြတ်တို့မိသားစုမှာ အစိုးရလခစားတို့၏သဘာဝအတိုင်း ဆွေမျိုးများနှင့် နည်းနည်းစိမ်းသည်။ ပဂ္ဂီထွန်းမြတ်မှာ အင်္ဂလိပ်ကွန်ဗင့်ကျောင်းသူပီပီ ဗိုလ်ဆန်သည်။ မြို့ပိုင်သမီးမို့ ဘဝင်မြင့်သည်။ ဆွေမျိုးများအပေါ်၌လည်း ခေါင်းစီးကဆက်ဆံသည်ဟု အမျိုးတွေက အမြင်မကြည်လင်ကြ။ သို့သော် ပဂ္ဂီထွန်းမြတ် မြေးကြီးဆိုသူ ဤသူငယ်ကိုတွေ့ရသော အခါ ဒေါ်ကြာဦးဖြူမှာ ဆွေမျိုးရင်းချာ ငါ့မြေးပဲဟူသောသဘောနှင့် ချက်ချင်း ဝမ်းသာအားတက်သွားသည်။ထို့ကြောင့်လည်း သူသိလိုရာများကို ချက်ချင်း ကောက်မေးတော့၏။

"ငါ့မြေးကဘယ်သူ့သားလဲ၊ ဘွားဘွားကြီး ကြည့်စမ်းပါ့မယ်ကွယ်။ တူမကြီး ပန်းဝါသားလား"

"ဟား ဟား ဟား"

"ဟင်းဟင်း - မဟုတ်ဘူး ဘွားဘွားရယ်။ သူက ဦးပညာကျော်ထွန်း သားကြီး ဟီလီထရိုက်က မြို့ပိုင်လေးဗျ"

ဒေါ်ကြာဦးဖြူက ဇေယျာကျော်ထွန်း၏မျက်နှာကို လက်နှစ်ဖက်နှင့်ပွတ်ကြည့်ကာ ဒေါ်ပန်းဝါထွန်း၏သားလား ဟု မေးသည်ကို ဝိုင်းရယ်ကြပြီး ဆွေမျိုးတစ်ယောက်က ဦးပညာထွန်းကျော်၏ သားကြီးဟု ပြောလိုက်သည်။

ဇေယျာကျော်ထွန်းကမူ သူ့ဘွားဘွားကြီးတို့မိသားစုမျက်နှာကို တစ်ယောက်စီကြည့်ကာ ပြုံးနေလိုက်သည်။

သည်လိုနှင့် ဒေါ်ကြာဦးဖြူမှာ တူ၊ တူမများ၊ မြေးများ၊ အစ်ကို၊ အစ်မ၊ ညီမများကို တစ်ယောက်ပြီးတစ်ယောက် မေးလိုက်ရသည်မှာ စကားဖြတ်မရနိုင် နေသည်။ ထို့ကြောင့် သူတို့မိသားစုအား ဖလောင်းချိတ်စခန်းတွင် ဦးဆုံးလာတွေ့သူလာခေါ်သူ ဦးဥက္ကာကျော်က -

"ကဲ၊ ဆွေမျိုးတွေ စကားဝအောင် ပြောကြဦးဗျာ"

ဟုပြောပြီး အလိုက်တသိပြန်သွားသည်။

ဆွေမျိုးစပ်ကြ ပြောကြရင်းက အဓိကဖြစ်သော ဒေါ်ကြာဦးဖြူတို့ မိသားစု ဒင်နာဂျ်ပူလိုက်ရေး၊ မလိုက်ရေးဝင်ပါလာပြန်ရာ ဇေယျာကျော်ထွန်း က -

"ကျွန်တော်လည်း ဆွေမျိုးဆိုတော့ ပြောခွင့်ရှိပါတယ်နော် ဘကြီး၊ ကျွန်တော်တစ်ခု ပြောပါရစေ'

ဟု ဆိုသောအခါ ဆွေမျိုးထဲတွင် ဩဇာရှိပုံရသော လူကြီးတစ်ဦးက -

"ပြောပါကွာ၊ အခြေအနေတို့ မင်းလည်းသိနေတာပဲ ပြောပါ"

ဟု ဆိုသည်။

"ခု ကျွန်တော်တို့ ဆွေမျိုးတွေ ပြောဆိုတိုင်ပင်နေကြတဲ့ ပြဿနာက ဓညဝတီကရောက်လာကြတဲ့ ဘွားဘွားကြီးတို့မိသားစု ဒင်နာဂျ်ပူလိုက်သွားကြလို့ သင့်၊ မသင့်၊ တော်၊ မတော် ဆိုတဲ့ ပြဿနာပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊စောစောကလည်း အဲဒါ ငါပြောပြီးပြီကွ။ ခုဘွားဘွားကြီးတို့ မိ. . ."

အောင်ကျော်ဇေယျ ဆိုသော ကာလကတ္တားကျောင်းသား နိုင်ငံရေးဝရမ်းပြေး၏ စကားကို ဇေယျာကျော်ထွန်းက လက်ကာပြလိုက်ပြီး လူကြီးတွေဘက်လှည့်မေး၏။

"ဟုတ်ပါတယ်၊ မင်းဘွားဘွားကြီးတို့ ဒင်နာဂျ်ပူလိုက်ရေး၊ မလိုက်ရေး အဓိကပါပဲ"

စောစောက လူကြီးကပင် ပြောသည်။

"ဒါဆို ကျွန်တော် တစ်ခုပြောပါ့မယ်။ ဓညဝတီက ဘိုးဘိုးဘွားဘွားကြီးတို့မိသားစု ဒင်နာဂျ်ပူ လိုက်သွားကြမယ်ဆိုတာ ကျွန်တော်လည်း သဘောမတူဘူး။ ဒါက ဆွေမျိုးတစ်ယောက်အနေနဲ့ ပြောတာ။ ခု ကျွန်တော် ဒေါ်လာဇာရိုရဲ့ ဂွါဇာနီယာကို ရုံးကိစ္စနဲ့လာရင်း ဓညဝတီက ဘိုးဘိုး၊ ဘွားဘွားတို့ မိသားစု ရောက်နေကြတယ်ကြားလို့ ခဏဝင်လာတာ။ ဒီဖလောင်းချိတ်မှာ ဘာတာဝန်မှ မရှိလို့လည်း ဆွေမျိုးတစ်ယောက်အနေ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပြောတာပါ။ ဘိုးဘိုး၊ ဘွားဘွားကြီး မိသားစုဆန္ဒကတော့ ဘယ်လိုသဘော ရှိကြပါလဲ"

ဒေါ်ကြာဦးဖြူတို့မိသားစုမှာ ဘာ စကားမှမပြောတတ်ကြ။ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ တွေဝေ နေကြသည်ကို ရိပ်မိသွားသော ဆွေမျိုး လူကြီးတစ်ယောက်က ဝင်ရှင်းပြော၏။

"ဦးဆောင်ဦးရွက်ဖြစ်တဲ့ အစ်ကို ကြီးအောင်တိုင်ကလည်း မကျန်းမာလို့ ခေါင်းကွဲစခန်းမှာ ကျန်နေခဲ့ရတယ်တဲ့။ လောလောဆယ်မှာ ရဇပါရာက သူ့အစ် ကိုကြီးနဲ့လည်း မတွေ့ကြရသေးဆိုတော့ ဘာပြောတတ်မှာလဲကွာ။ အစ်မကြီးက ပန်းဝါချက်မြှုပ်ဆိုဖေမယ့် ဓညဝတီမှာ ပဲ အနေကြာတော့ လက်ရှိ ကိုယ့်တိုင်း ပြည်ကိုယ့်နယ်အကြောင်းလည်း ဘယ် သိတော့မလဲ။ မင်းမေးတဲ့ မေးခွန်းကို ခု ဒီမှာရှိတဲ့ မင်းအပါအဝင် ဘိုးဘိုးတို့ဆွေ မျိုးအားလုံးကပဲ တာဝန်ယူအဆုံးအဖြတ် ပေးကြရမှာပါ။ ဘိုးဘိုးပြောတာ ဘယ့် နှယ်လဲ"

"ဟာ - သိပ်မှန်တာပေါ့ ဦးချမ်း ဝေရာ။ ဒါ အဲ - ဒီအရေးမှာ အကျွန် (ကျွန်မ) တို့ တာဝန်မယူရင် ဘယ်လို အရေးမှာ ဆွေမျိုးတာဝန်ယူကြမလဲ"

ထိုလူကြီး၏ စကားကို နောက် အဘွားကြီးတစ်ဦးကလည်း ထောက်ခံ စကားဆို၏။

"ဟုတ်တာပေါ့၊ နောက်ဆုံးဆို ထိုက်ပါတော့။ တို့တာဝန်မယူနိုင်တာ တောင် ကြာဦးမှာ အမွေဆိုင်ဥယျာဉ်ခြံ မြေတွေ ရဇပါရာမှာ ရှိပါတယ်၊ ဘာများ ပူစရာရှိလဲ။ ရဇပါရာက ကိုကြီးကြာပန်း အောင် ညည်းညည်းနေသံကြားတယ်။ သားသမီးတွေက ခေတ်ပညာတတ်တွေ ဆိုတော့ ဥယျာဉ်ခြံမြေကို စိတ်မဝင်စား ကြဘဲ အကုန်မြို့ပြည်ထွက်ကုန်ကြတော့ မြေချစ်တဲ့ငါ့မှာ ဒုက္ခပဲတဲ့။ ခု ကျော်သာ လို တစ်ယောက်ရှိနေသေးလို့သာ တော် သေးတယ်တဲ့။ ကြာဦးတို့မှာ ဘာပူစရာ ရှိလဲ။ စစ်ကြီးဘယ်လောက်ကြာကြာ စားပါလေ တစ်သက်။ မသွားရဘူး၊ သွားရဘူး။ ငါ့ညီမတို့ မိသားစု ဒင်နာဂျ် ပူတို့ လိုက်ကိုလိုက်မသွားရဘူး။ ငါ့ညီမ ကြီးတို့က ဖလောင်းချိတ် ဟီလီတရိုက် မှာ ဆွေမရှိမျိုးမရှိလို့ ဒင်နာဂျ်ပူကို လိုက် သွားရတယ်ဆိုရင် ရဇပါရာနဲ့ ဟီလီတ ရိုက်က သောဒလီအမည်ခံတွေ ခွေးလုံး ထုံးဖြစ်ပြီသာမှတ်ထားကြ"

(သောဒလီ ဆိုသည်မှာ လယ်ပိုင် ရှင် ဥယျာဉ်ခြံမြေပိုင်ရှင် လူချမ်းသာများ ကို ဒေသသုံး အခေါ် အဝေါ် ဖြစ်သည်။ ကုလားအသံထွက်နှင့်မူ 'ချောင်ဒရီ' ဖြစ် ၏။)

ဆွေမျိုးအမျိုးသမီးများထဲတွင် အသက်အကြီးဆုံး၊ ဩဇာအရှိဆုံးဟု ထင်ရသော ခေါင်းဖြူဖြူလည်တုန်တုန် နှင့် အဘွားကြီးတစ်ယောက်က ငိုကြီး ရှိုက်မနှင့်ဆိုပြန်၏။

ကာလကတ္တားကျောင်းသား နိုင်ငံ ရေးသမားအောင်ကျော်ဇေယျကလည်း-

"ဟုတ်တာပေ့ါ၊ ခုဥယျာဉ်ခြံမြေ သာရှိရင် တခြားဘာမှမလုပ်ဘဲ လက် ဖက်ပဲစိုက်စားဦး။ အင်္ဂလိပ်စစ်သားတွေ က လက်ဖက်ရည်ကြိုက်တော့ ခုလက် ဖက်အချိုခြောက်တွေ ရောင်းမလောက် ဖြစ်ကုန်ပြီ။ မဏိပူဘက်က လူတွေ ခုကြံ မစိုက်ကြတော့ဘူး သူတို့ကြံသကြားက အနီတွေ။ ခု အင်္ဂလိပ်တွေမှာ ပါလာတဲ့ သကြားက ဖြူဆွတ်ဆွတ်ဆိုတော့ သူတို့ သကြားနီတွေက ဝယ်သူမရှိဖြစ်ကုန်ပြီ။ ကျွန်တော် ခုမဏိပူက ပြန်လာတယ်။ အဲ- အင်္ဂလိပ်တွေက ကြောက်ချေးပန်း ပြီး အင်ဖာရွှေမြို့တော်ကို ကာကွယ်ဖို့ စစ်သားတွေလှိမ့်ပို့နေတော့ အာသံ မဏိ ပူမှာ ဟင်းသီးဟင်းရွက်ကအစ အဆမ တန် ဈေးတက်ကုန်တယ်။ ဒါပေမယ့် အင်ဖာကတော့ ဒီရက်ပိုင်း ဂျပန်လက်ထဲ ကျမှာသေချာ. . ."

"ဟာ- ဟေ့ကောင်၊ ခုငါတို့ပြော နေတာ အင်္ဂလိပ်ဂျပန်အကြောင်းမဟုတ် ဘူး၊ ဆွေမျိုးကိစ္စကွ။ မင်းဒီအကြောင်း လာမပြောပါနဲ့ဆို။ တော်တော့ လူတွေ က ကျိုးလန့်စာစားဖြစ်နေကြရတဲ့ထဲ"

လူကြီးတစ်ယောက်က အောင် ကျော်ဇေယျကို ဒေါနှင့်မောနှင့်ဟန့်လိုက် ၏။

ဇေယျာကျော်ထွန်းကတော့ အောင် ကျော်ဇေယျကို ပြုံးပြုံးကြီးကြည့်ပြီး-

"ဘာပဲဖြစ်ဖြစ်ပါလေ၊ ရဇပါရာက ဘိုးဘိုးကြီးကို ဘွားဘွားကြီးတို့မိသားစု တွေ့ဖြစ်အောင်တွေ့ပြီးမှ ဆုံးဖြတ်ကြပါ။ ကျွန်တော့်သဘောကတော့ ဓညဝတီက ဘွားဘွားကြီးတို့မိသားစုကို ဘယ်သူတာ ဝန်ယူယူ၊ မယူယူ စစ်တကောင်းက ဘိုး ဘိုးဘွား၊ ပါပါ၊ မေမေတို့နဲ့ တိုင်ပင်ပြီး ကျွန်တော့်တာဝန်ထားလိုက်ပါ။ ရဇပါ ရာက ဘိုးဘိုးကြီးနဲ့တော့တွေ့ဖြစ်အောင် တွေ့လိုက်ကြပါ။ ခေါင်းကွဲစခန်းမှာ ကျန် နေခဲ့တယ်ဆိုတဲ့ ဘိုးဘိုးကြီး ဦးအောင် တိုင်ကိုလည်း အထူးပြုစုကြဖို့ ကျွန်တော် လှမ်းပြောလိုက်ပါ့မယ်။ ဒီကို ရောက် ရင်လည်း ကောင်းကောင်းမွန်မွန် ပြုစု စောင့်ရှောက်ထားကြဖို့ ဖလောင်းချိတ် စခန်းကို ကျွန်တော် မှာထားခဲ့ပါ့မယ်။ စခန်းတာဝန်ခံ အင်္ဂလိပ်ဆရာဝန်နဲ့ ကုလားကွန်ပေါင်ဒါတွေ၊ နာဇိန်တွေကို ကျွန်တော်ရင်းနှီးပါတယ်။ ဘွားဘွားကြီး တို့မိသားစု ဘာမှပူပင်သောကမဖြစ်ကြ ပါနဲ့။ ရဇပါရာကဘိုးဘိုးကြီးတို့ကိုလည်း အပြန်မှာ ကျွန်တော်ဝင်ပြီးပြောထားခဲ့ ပါ့မယ်။ ဓညဝတီက ဘွားဘွားကြီးတို့ သာ ရောက်လာကြမှန်းသိရင် ပန်းဝါက အသိဆွေမျိုးတွေတောင် ဖလောင်းချိတ် ကို ဆင်းလာချင်လာကြပါလိမ့်ဦးမယ်။ ကိုယ့်ဆွေမျိုးအရင်းတွေနဲ့ တွေ့နေကြပြီ ပဲ။ ဘာမှမပူကြနဲ့တော့၊ အားမငယ်ကြ ပါနဲ့တော့"

ဟု ပြောပြီး-

"ဘွားဘွားကြီးနဲ့ ဦးမင်း၊ အရီး ရှင်တို့ကိုတော့ ငယ်ငယ်က တစ်ခါနှစ် ခါမြင်ဖူးထားလို့ မှတ်မိနေပါတယ်။ သူတို့ နှစ်ယောက်က. . ."

ဟု ထွန်းကျော်လင်းနှင့် သဇင် ဖြူတို့ကို ကြည့်မေး၏။

"ဒါက အရီးရှင်သား ထွန်းကျော် လင်း၊ ဒါက သမီး သဇင်ဖြူကွယ့်။ သား တို့ သမီးတို့လည်း ဒါအမျိုးတွေနော်မှတ် ထားကြ"

ဟု ဒေါ်သန္တာဖြူက မိတ်ဆက် သဘောပြောလိုက်၏။

ထွန်းကျော်လင်းကို လှမ်းဖက်ပြီး သဇင်ဖြူကိုကြည့်ကာ ဇေယျာကျော် ထွန်းက -

"ကျွန်တော်တို့အမျိုး ဓညဝတီသူ လေးက အချောအလှပဲ ဂုဏ်ယူပါတယ် နော်"

ဟု ချီးမွမ်းစကားကြောင့် သဇင် ဖြူမှာ ရှက်ရှက်နှင့် မျက်နှာကို သူ့အမေ ပခုံးနားတစ်ဝက်ကပ်ထားလိုက်ရသည်။

"ကဲ - ဘွားဘွားကြီးတို့အာလုံး ပဲ ကျွန်တော် ကိစ္စလေးရှိလို့ပြန်လိုက် ပါဦးမယ်။ ကြာကြာစကားမပြောနိုင် သေးတာ ခွင့်လွှတ်ကြပါ။ နောက်တော့ တွေ့ရအောင် ရဇပါရာကိုပဲ ဖြစ်ဖြစ် လာခဲ့ပါဦးမယ်"

ဟု ပြောကာ မြို့ပိုင်လေး ဇေယျာ ကျော်ထွန်း ပြန်သွားသည်။

ဇေယျာကျော်ထွန်း ပြန်သွားမှ ဒေါ်ကြာဦးဖြူက -

"ဒါနဲ့ ဒီသူငယ့်အဖေ မောင်ပညာ ကျော်ကတော့ ခုကာလကတ္တားမှာပဲ



www.burmeseclassic.com

www.burmeseclassic.com

လား"

ဟု ဖလောင်းချိတ်က အမျိုးတွေကို မေးသည်။ စိတ်ထဲ၌မူ မောင်ပညာကျော် သားလေးက တော်လိုက်တာ၊ အပြောအဆိုလည်း ယဉ်ကျေးလိုက်တာ။ ဪ - သူက ရာထူးရာခံနဲ့ လူကြီးဖြစ်နေတော့ ငါတောင်အမ်းတမ်းတမ်းဖြစ်သွားပြီး သူတို့ မိသားစု နေထိုင်ကောင်းရဲ့လားတောင် မမေးမိလိုက်ဘူး ဟု စိတ်ထဲက နောင်တရမိလိုက်သည်။

အမှန်က ဒေါ်ကြာဦးဖြူသာ မဟုတ်။ ဦးသင်္ဂါကျော်နှင့် ဒေါ်သန္တာဖြူတို့ကလည်း ဇေယျာကျော်ထွန်းပြန်သွားပြီးမှ မိမိတို့အပေါ် တွေ့တွေ့ချင်း ဤမျှ ရင်းရင်းနှီးနှီး ယဉ်ယဉ်ကျေးကျေး ပြောဆို ဆက်ဆံသွားသော သူ့ကို မိမိတို့ဘက်က သူ့မိသားစု ကျန်းမာကြောင်း နှုတ်ဆက်လိုက်ပါတယ်ဆိုတဲ့အကြောင်း မပြောမိ၊ မမေးမိလိုက်ကြရသည်ကို နောင်တရ၍ ကျန်နေခဲ့ကြသည်။ ဤသို့ဖြစ်ကြရသည်မှာလည်း ဆွေမျိုးဟု ဆိုသော်လည်း သူ့ရာထူးရာခံကြောင့်လည်း ဖြစ်သွားကြသလို သူတို့မှာ အမျိုးမျိုးစစ်ပြေးရင်း ဒုက္ခရောက်လာကြသဖြင့် ဦးနှောက်တွေကလည်း ထုံထိုင်းနေကြ၍ လောကဝတ်စကားပြောရမှာ မေ့သွားကြခြင်းဖြစ်သည်။ထို့အပြင် ရှုတ်တရက် မမျှော်လင့်ပဲ တွေ့ကြရပြီး သူ့စကားကြောင့် ဝမ်းသာအားတက်ကာ မေ့သွားခြင်းလည်း ဖြစ်ကောင်းဖြစ်သွားပေလိမ့်မည်။

ဒေါ်ကြာဦးဖြူက ဇေယျာကျော်ထွန်းအဖေကို မေးသောအခါ ဆွေမျိုးတစ်ယောက်က-

"ကိုပညာ ခု အခေါ်ရာမှာဗျ။ အရေးပိုင်ဖြစ်နေပြီ"

ဟု ပြောလိုက်၏။

အခေါ်ရာဆိုသော တောင်ပေါ်မြို့မှာ အင်္ဂလိပ်အရာရှိအရာခံများ နွေရာသီတွင် အပန်းဖြေ အနားယူရင်း အပျော်တမ်း တောပစ်အမဲလိုက်တတ်ကြသောမြို့ ဖြစ်၏။

"ဒီသူငယ်က တော်တော်ရှည်ရှည်မွန်မွန်ရှိတာပဲ၊ သူ့အဖေလို နှုတ်မနည်းဘူး"

ဟု ဒေါ်ကြာဦးဖြူက ပြောလိုက်ရာ ဦးပညာကျော်အပေါ်တွင် ဘာမကျေမနပ်ဖြစ်နေသည်မသိသော ဆွေမျိုးတစ်ယောက်က -

"ကိုပညာ စကားနည်းတာ ဟီလီတရိုက်က ဆွေမျိုးတွေအပေါ်မှာပါ ကြီးကြီး။ သူ့မိန်းမ ထရေဇာဗီဘက်က အမျိုးတွေနဲ့ကျတော့ အိုးကင်းပူထဲ ပေါက်ပေါက်ထည့်ဖောက်သလား ထင်ရတယ်'

ဟု ဆိုသည်။

နောက်တစ်ယောက်ကလည်း-

"သူ့မိန်းမဘက်က အမျိုးတွေဆိုဂိုက်ထုတ်လို့တောင် ရမလားကွ။ မိန်းမဘက်လူတွေက သူ့ထက်ရာထူးကြီးကဲ့ လူတွေချည်းဆိုတော့ သူက ဖေါ်လန်ဖားရတာပေါ့။ သူ့ဝန်ထောက်ဖြစ်တုန်းက ပြဿနာဖြစ်တာ သူ့မိန်းမဘက်က ဆွေမျိုးတွေ အာဏာရှိလို့ မပြုတ်တာ။ အဲဒါကြောင့် သူ့မိန်းမဘက်က ဆွေမျိုးတွေကို ပိုပြီး နှုတ်ခမ်းသကာလူးပြနေရတာပေါ့။ ငါနဲ့ ဦးလေးကြာပန်းအိမ်မှာ တစ်ခါတွေ့တာ နှုတ်ဆက်ဖော်တောင် မရဘူး။ သူ့မိန်းမ ထရီဇာဗီကမှ ထမင်းစားပြီးမှပြန်ကြလို့ ပြောဖော်ရသေးတယ်"

ဟု ဒေါ်ကြာဦးဖြူကို တိုင်တောသလို ပြောသည်။

"မင်းတို့ ဟီလီတရိုက်တောင်ပေါ်သားတွေကို ကိုပညာ နှုတ်ဆက်ဖော်မရတာကိုလည်း မပြောနဲ့ကွ အပြစ်မဆိုနဲ့။ အဲဒါ မင်းတို့ ဖလောင်းချိတ်သားတွေက ငါ့အမျိုး ဝန်ထောက်ကြီး မြို့အုပ်ကြီးပဲဆိုပြီး သူပြောတာက ဘယ်လူနဲ့တွေ့ချင်လို့လဲ ပြောပေးပါ့မယ်၊ ခဏစောင့်ပါဆိုတာတောင် သူပြောတာကို မင်းတို့က ဟောက်လားဟိန်းလားနဲ့ သူ့အခန်းထဲ ဇွတ်ဝင်တတ်ကြတော့ ကိုပညာ မင်းတို့ကို အရောဝင်ရမှာကြောက်တာလည်း မပြောနဲ့လေ။သူက အင်္ဂလိပ်ကုလားတွေ ကြားထဲနေနေရတဲ့လူကွ ကိုယ်ချင်းစာကြည့်ပေါ့"

"ဘယ်လူကြားနေနေပါဗျာ၊ ကိုယ့်အမျိုးတွေတော့ နားလည်ပေးရမှာပ"

"ငါကြားပါတယ်ဟေ့ကောင်၊ မင်းတို့ကလည်း ဘာမဟုတ်တဲ့ကိစ္စလဲ တစ်ဆိတ်ရှိ ကိုပညာ တစ်ဆိတ်ရှိ ကိုပညာနဲ့ ဖလောင်းချိတ်ကမြို့ပိုင်တောင် ဂရုမစိုက်တဲ့ပုံနဲ့။ အဲဒါပေါ့ကွ သူကြီးနဲ့ပေါင်းပြီး ဆယ်အိမ်ခေါင်းကို အဲ - ကလေးတွေ ရွှေ့ပဲပြောလိုက်တော့မယ် ဟိုဟာထင်တာမျိုးသွားလုပ်ကြတော့ ဖလောင်းချိတ်က သူ့လုပ်ဖော်ကိုင်ဖက်တွေကို မျက်နှာပြရဲတော့မလား။ အဲဒါလည်း ကိုယ့်ဘက်ကပြန်ကြည့်ဦး"

ဤသို့နှင့် ဆွေမျိုးတွေမှာ သူ့အကြောင်းကိုယ့်အကြောင်း၊ သူများအကြောင်းတွေကို အတင်းအဖျင်း အစုံအစေ့ပြောကာ ညနေလေးနာရီ ကျော်လောက်မှာ ဥက္ကာကျော်က မေဥ္စဝတီက မိသားစုကို ထမင်းစားလာခေါ်တော့မှ စကားပြတ်သွားကြသည်။

❑

ဦးသာဦးမောင်အိမ်၌သာ လူပြည့်နေခဲ့သည်မဟုတ်။ ဦးဥက္ကာကျော်အိမ်သို့ ရောက်လာကြသောအခါမှာလည်း တစ်အိမ်လုံး မိန်းမ၊ ယောကျ်ား၊ ကလေး သူငယ်များနှင့်ပြည့်ကျပ်နေသည်ကိုတွေ့ရသည်။ ဤအရပ်မှာ ရခိုင်တိုင်းရင်းသားများ အများဆုံး နေထိုင်ကြသော ဗုဒ္ဓဘာသာ ထွန်းကားရာ ဘင်္ဂလာနယ်မြေဖြစ်သဖြင့် မေဥ္စဝတီက ရောက်လာကြသော ဒေါ်ကြာဦးဖြူတို့ မိသားစုကို ဒေသရှိ ရခိုင်များအားလုံးက တွေ့ချင်မြင်ချင်နေကြသည်။ ဤအရပ်ဒေသတွင် ကျောင်းကန်ဘုရားစေတီပုထိုးများလည်း အမြောက်အမြားရှိသည်။

အိန္ဒိယနိုင်ငံတွင် ထင်ရှားခဲ့သော အာသောကမင်းလက်ထက် မတိုင်မီကပင် ဗုဒ္ဓဘာသာအယူဝါဒကို ဒေသခံ ရခိုင်တို့က သက်ဝင်ယုံကြည်စွာ မိန္ဒိုးဖလာ ကိုးကွယ်လာခဲ့ကြသည်မှာ ယခုတိုင်ဖြစ်သည်။ အာသောကမင်းကြီး အင်ပါယာထဲ တည်ရှိနေသဖြင့်လည်း အသောကမင်းကြီး၏ ကူညီထောက်ပံ့မှုရန် ဗုဒ္ဓတရားတော်များသည် ဘီစီ ၂ရာစုမှ စ၍စည်ပင်ခဲ့ကြောင်းကို ဆန်ချီ (Sanchi) တွင် ရေးထိုးထားသော ကျောက်စာများအရ သိရသည်။ ဘင်္ဂလားနယ်သို့ ဘုရားဖူးရောက်ခဲ့သော တရုတ်လူမျိုး ယွန်ချင်း(Yuan Chwang)၏ မှတ်တမ်းများတွင်လည်း တွေ့ရသည်။ တရုတ်ဘုရားဖူး ဖာဟီယန်လည်း အေဒီ ၅ ရာစုတွင် ဘင်္ဂလားနယ်သို့ ရောက်ပြီး ထိုအရပ်တွင် နှစ်နှစ်တာမျှ နေထိုင်ကာ သုတ္တန်များ၊ ဘုရားပုထိုးပုံတော် ရေးကူးခြင်းများကို ပြုလုပ်ခဲ့သည်။ ထိုပုဂ္ဂိုလ်၏ မှတ်တမ်းများအရ အေဒီ ၅၀၆-၅၀၇ တွင် ဂုပတား(Gupta)မင်းများက ဗုဒ္ဓအဘိပါတက သံဃာတော်များအား မြေနေရာများ လှူဒါန်းခဲ့ကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရား ဤအရပ်သို့ ကြွရောက်ဖူးကြောင်းကို မှတ်တမ်းတင်ခဲ့သည်။

ပါလမင်းများ (Pala) ၈ ရာစုလက်ထက်တွင်လည်း ဤအရပ်ဒေသတွင် ဗုဒ္ဓဘာသာ စည်ပင်ရန် အားပေးချီးမြှောက်ခဲ့၏။ (ဗုဒ္ဓဘာသာဝင်တို့နှင့် ပတ်သက်သော ရှေးဟောင်းပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com

ကို ယခုအခါ ဘင်္ဂလားဒေ့ရှ် ဒက္ကား (Decca) မြို့ပြတိုက်တွင် ထိန်းသိမ်းထားသည်။) စစ်တကောင်းနယ်တွင် ဘုရားကျောင်းကန် (၃၀၀) ခန့်ရှိ သည့်အနက်မှ (၂၄၅) ခုမှာ စစ်တကောင်းမြို့တွင်ရှိပြီး ကျန်ဘုရားကျောင်းကန်များမှာ တိ[illegible]ရ၊ နိုဝါခါ၊ ဘာကာဂန့်ဂျ်တို့တွင် တည်ရှိသည်။ စစ်တကောင်းတောင်တန်းဒေသတစ်လျှောက်ရှိ ဗိုလ်မင်းတောင်၊ သက်တောင်၊ ပိုလန်းထောင်များတွင် ဘုရားကျောင်းကန်ပေါင်း (၃၂၀) ခန့်ရှိသည်။ ထောင် ဆိုသည်မှာ တိုက်နယ်ကြီးများကို ခေါ်သော ရခိုင်စကားဖြစ်သည်။ ခရစ်နှစ် ၁၈၆၈ ခုတွင် ထေရဝါဒဘုန်းတော်ကြီး ရခိုင်ပြည် သံသရာဇာ မေတ္တာအရှင်ဦးဆောင်သော သာသနာပြုအဖွဲ့တစ်ဖွဲ့သည် ဗုဒ္ဓဘာသာသန့်စင်စည်ပင်ရေးအတွက် စစ်တကောင်းမြို့သို့ သွားရောက်ခဲ့ဖူး၏။ ထိုဒေသတွင် နှစ်ပေါင်းသုံးဆယ်ခန့် နေထိုင်သီတင်းသုံးပြီး ဝိဇနကျမ့်များနှင့်အညီ ဗုဒ္ဓဘာသာကို သန့်စင်စေခဲ့သည်။ ဗုဒ္ဓဘာသာဝင် များဖြစ်ကြသော ရခိုင်၊ သက်နှင့် ဘရှူးဝါးများ စစ်တကောင်းနယ်တွင် သုံးလေးသိန်းခန့်ရှိခဲ့သည်။ ထို့ကြောင့်လည်း ယခု ဒေါ်ကြာဦးဖြူတို့ ရောက်လေရာတွင် ရခိုင်သူရခိုင်သားများ စုရုံးရောက်ရှိနေကြခြင်း ဖြစ်လေသည်။ 'ဘရှူးဝါး' ဆိုသည်မှာ မြန်မာကြီး၊ ဒေသသံနှင့် မရမာကြီး ဖြစ်သည်။

ဦးဥက္ကာကျော်တို့မိသားစုက ဒေါ်ကြာဦးဖြူတို့မိသားစုအား ထောပတ်ထမင်း၊ ဆိတ်သားနှပ်၊ ကြက်သားဆီပြန်ဟင်း၊ ငါးကင်ချက်၊ ပုစွန်တုပ်ဟင်းတို့နှင့် ကောင်းစွာ ကျွေးမွေးပြုစုကြသည်။ ခရီးတစ်လျှောက်လုံး ဤလိုထမင်းကောင်းဟင်းကောင်းနှင့် ဝေးလာခဲ့သော ထွန်းလင်းကျော်က -

"စခန်းမှာလည်း ဒီလို နေ့တိုင်းကျွေးရင် သိပ်ကောင်းမှာပဲ'

ဟု နောက်တီးနောက်တောက် ပြောသည်ကို ဝိုင်းရယ်ကြပြီး လူကြီးတစ်ယောက်က -

"အမယ်လေး မပူပါနဲ့ မောင်ရာ။ ဒီနေ့ကစပြီး မောင်တို့ ဆွေမျိုးတွေက မောင်တို့မိသားစုကို ဒီလို ဟင်းကောင်းထမင်းကောင်းနဲ့ နေ့တိုင်းကျွေးကြမှာပါ။ မောင်တို့မိသားစုသာ ဒီမှာနေဖို့ ဆုံးဖြတ်ထားကြပါ"

ဟု ပြောသဖြင့် ဒေါ်သန္တာဖြူက နေရာတကာနောက်တီးနောက်တောက် ပြောတတ်သော ထွန်းလင်းကျော်ကို မျက်စောင်းလှမ်းထိုးလိုက်ရသည်။

ထိုနေ့က ဒေါ်ကြာဦးဖြူတို့ မိသားစုသည် ဦးဥက္ကာကျော်အိမ်မှ ညနေစာစားပြီး ခြောက်နာရီခန့်တွင် စခန်းသို့ ပြန်ရောက်လာကြသည်။ ထိုညနေတွင် စစ်ပြေးခရီးသည် (၂၅၀) ကျော် ဖလောင်းချိတ်စခန်းသို့ ရောက်လာကြလေသည်။ အကုန်လုံးဆိုလျှင် ဖလောင်းချိတ်စခန်းတွင် ခေါင်းကွဲစခန်း၌ ကျန်နေခဲ့ရသော ဦးအောင်တိုင်ပါ၊ မပါ စုံစမ်းမေးမြန်းကြရသည်။ မည်သူကိုမျှ စုံစမ်းမေးမြန်း၍မရသောအခါ ဦးအောင်တိုင်တစ်ယောက် ဖလောင်းချိတ်စခန်းသို့ ရောက်မှ ရောက်လာပါဦးမလားဟု အိမ်သားများမှာ စိုးရိမ်သောကပိုသွားကြရပြန်သည်။

သည်လိုနှင့် နောက်တစ်နေ့တွင် ဆွေမျိုးတစ်ယောက်က ထမင်းစားလာခေါ်မည် ပြောထားသဖြင့် စောင့်နေကြရာ မနေ့လိုပင် (၁၆) နှစ်အထက် လူကြီးတစ်ယောက် မနက် လက်ဖက်ရည်မုန့်ဖိုး သုံးကျပ်ကျစီကို စခန်းတာဝန်ခံများက ဝေငှပေးကြသည်။ ဆွေမျိုး ဦးရွှေဘိုးရောက်လာသောအခါ ဖလောင်းချိတ်မြို့သို့ လိုက်လာကြသည်။ ယနေ့ ထမင်းစားလိုက်လာရသော ဦးရွှေဘိုးအိမ်မှာ စစ်တကောင်း သင်္ဘောဆိပ်ဘက်တွင် ရှိသဖြင့် အင်္ဂလိပ်တို့၏ စစ်ကားများ၊ သံချပ်ကာကားများကို ပထမဦးဆုံး ထူးထူးဆန်းဆန်း မြင်ဖူးကြသည်။

ဆွေမျိုးရင်းသော ရွှေဘိုးအိမ်က တစ်ဆင့် နောက်တစ်အိမ် ဖြစ်သော ဦးအောင်စိန်သာတို့အိမ်တွင် ညနေစာစားကာ စခန်းသို့ပြန်ရန်လုပ်နေစဉ် ကမ်းသာမှ ဦးကျော်ခေါင် ရောက်လာသည်။ သူတို့မိသားစုသည် ကမ်းသာမှ အင်္ဂလိပ်တို့၏အစီအစဉ်အတိုင်း ဒင်နာဂျ်ပူ ခရီးသည်များနှင့်အတူလိုက်လာကြရာ လမ်းခရီးတွင် အသေအပျောက်များလွန်းသဖြင့် ဒင်နာဂျ်ပူသို့ ဆက်မလိုက်ရဲကြတော့ဘဲ ဖလောင်းချိတ်ရှိ ဆွေမျိုးတစ်ဦးအိမ်တွင် နေရစ်ခဲ့ကြသည်။ ယခုအခါ သူတို့မိသားစုသည် ဆွေမျိုးများအကူအညီနှင့် ဖလောင်းချိတ်ဈေး၌ ဈေးဆိုင်ခန်းလေးတစ်ခုဖင့် ဖွင့်လှစ်ရောင်းချနေကြပြီ။ ဖလောင်းချိတ်ကို ရောက်ကတည်းက ဦးအောင်တိုင်တို့မိသားစုကို ဖလောင်းချိတ်စစ်ပြေးစခန်း၌ ညတိုင်းလိုလိုရှာခဲ့သည်။ သို့သော် တစ်လကျော်သာကြာသွားသော်လည်း ဦးအောင်တိုင်တို့မိသားစုကပေါ် မလာကြသဖြင့် ထဲယုချောင်း၊ နီလာ စသည့်မြို့များရှိ ဆွေမျိုးများရောက်လာ၍ ထမင်းကျွေးနေကြောင်းသိရသဖြင့် သတင်းမေးရန် လာကြည့်သဖြင့်သာ တွေ့ကြကြောင်းကို ဦးကျော်ခေါင်က ဒေါ်ကြာဦးဖြူတို့ မိသားစုအား ပြောပြသည်။

ထွန်းကျော်လင်းက အောင်ကျော်ဦးကိုမေးရာ စစ်တကောင်းတွင်ရှိသော ဆွေမျိုးတစ်ဦးဆီ လွှတ်ထားသည်။ စစ်တကောင်းရှိ သူတို့ဆွေမျိုးမှာ ကုန်သည်ကြီးများဖြစ်သဖြင့် မည်သည့်ကုန်များအား အရောင်းအဝယ်လုပ်လျှင် ကောင်းမည်ဆိုသည်ကို အောင်ကျော်ဦးအား အကြံဉာဏ် တောင်းလွှတ်ထားသည်ဟု ဆိုသည်။ ဦးအောင်တိုင်ကို မမြင်မိသဖြင့် ဦးကျော်ခေါင်ကမေးရာ ခေါင်းကွဲစခန်းတွင် ဖျားနာ၍ ကျန်နေခဲ့ရကြောင်း မိသားစုများက ဝမ်းနည်းပက်လက်ပြောပြကြရသည်။ ဦးကျော်ခေါင်က သူတို့လာစဉ်ကလည်း ခေါင်းကွဲစခန်းတွင် ဝမ်းလျှောရောဂါနှင့် လူနှစ်ဆယ်ကျော် သေကျန်ရစ်ခဲ့ကြသည်ကိုပြောမည်လုပ်ပြီးမှ ဦးသင်္ဂါကျော်တို့မိသားစု ဦးအောင်တိုင်အတွက် စိုးရိမ်သောကပိုများသွားကြမည်စိုး၍ စကားတစ်ပိုင်းတစ်စနှင့် ရပ်ပစ်လိုက်ရသည်။

ထို့နောက် ဦးကျော်ခေါင်က မနက်ဖြန်ညနေတွင် သူတို့အိမ်၌ ထမင်းလာစားကြရန်ဖိတ်သည်။ ဤသည်ကို ဒေါ်ကြာဦးဖြူက -

'မင်းတို့မိသားစုလည်း လောလောဆယ် သူများအိမ်ကပ်နေရတာ အားနာစရာကွယ် လာမစားပါရစေနဲ့။ မင်းတို့ငါတို့က ဖလောင်းချိတ်မှာ ဧည့်သည်ချည်းပဲ။ အားနာစရာကြီး နေပါစေ မင်းတို့မိသားစု အခုလို အတည်တကျတောင် ဖြစ်နေကြပြီဆိုတာ မြင်ရကြားရလို့ ကြီးကြီးတို့ ဝမ်းသာလှပါပြီ' ဟု ပြောပြီးငြင်းသည်။

ဤသည်ကို ဦးကျော်ခေါင်က -

"ဟာဗျာ၊ ကြီးကြီးကလည်း မဟုတ်တာ။ ကမ်းသာက ကြီးကြီးတို့၊ ကျွန်တော်တို့ ဖလောင်းချိတ်မှာ ဧည့်သည်ဆိုပေမယ့် ကျွန်တော်တို့က အရင်ရောက်တော့ အိမ်ရှင်မြို့ခံလိုဖြစ်နေပါပြီ။ ကိုယ့်အရပ် ကိုယ့်မြို့က ရခိုင်ဆိုလို့လည်း ဖလောင်းချိတ်မှာ ကြီးကြီးတို့၊ ကျွန်တော်တို့မိသားစုလောက်ရင်းနှီးကြသူတွေမှ မရှိတာ။ ပြီးတော့ မိသားစုတွေတွေ့ပြီး စကားစမြည်လည်း ပြောကြရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန် ညနေကို ကျွန်တော် ဆက်ဆက်လာခေါ်ပါ့မယ်။ ဖလောင်းချိတ်မြို့ခံ ရွှေအိမ်တို့ အမျိုးတွေက သိပ်ကိုကောင်းကြပါတယ်။ အိမ်ကလည်း အကျယ်ကြီးပါ ဘာမှအားနာစရာမရှိဘူး"

ဟု မငြင်းသာအောင်ပြောသည်။

"ဒါနဲ့ ကိုခေါင်ကျော်၊ အကျွန်တို့မြစ်နားသူကြီးပိုင်းက ကိုတော်မြတို့ မိသားစုကိုကော ဖလောင်းချိတ်မှာ မတွေ့လိုက်ဘူးလား"

ဒေါ်ကြာဦးဖြူက တစ်လမ်းလုံး တဖွဖွသံယောဇဉ်စကားဆိုလာသော ဦးကျော်မြတို့ မိသားစုကို မေးသည်။

"ကိုကျော်မြတို့မိသားစု ဖလောင်းချိတ်ရောက်ပြီး သိပ်မကြာခင်မှာ စစ်ပြေးတွေနဲ့အတူ ဖလောင်းချိတ်စခန်းကို ရောက်လာကြပါတယ်။ သူတို့မိသားစုကို မေးတော့ သန္တာတို့နဲ့ သင်္ဘောဆိပ်မှာ လူချင်းကွဲသွားကြပြီး ဘယ်သင်္ဘောခေါက်နဲ့ ဘယ်ကိုပါသွားမှန်းတောင်မသိလိုက်ဘူးလို့ ပြောသွားတယ်။ အဲဒါကြောင့် သန္တာတို့ကို ကျွန်တော်က ကယုချောင်း နီလာ တစ်မြို့မြို့မှာနေနေကြပြီလို့ ထင်နေတာကိုး"

"ဩော်- ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါနဲ့ သူတို့က ဖလောင်းချိတ်မှာလား"

"ကိုကျော်မြနဲ့စောလှဦးတို့ကို ကျွန်တော်က စခန်းတွေမှာ ဒီလောက်လူအသေအပျောက် များနေတာ။ ခင်ဗျားတို့ ဒင်နာဂျ်ပူထိလိုက်ကြမလို့လားမေးတော့ ဖလောင်းချိတ်မှာ သူတို့ရင်းတဲ့ အမျိုးတွေမရှိလို့ စစ်တကောင်းထိတော့လိုက်သွားမယ်။ စစ်တကောင်းမှာ သူ့ဦးလေးတစ်ယောက်ရှိတော့ စစ်တကောင်းရောက်မှ ဒင်နာဂျ်ပူလိုက်ရေး၊ မလိုက်ရေးကို သူ့ဦးလေးနဲ့တိုင်ပင်ပြီး ဆုံးဖြတ်ရမယ်လို့ ပြောသွားတယ်။ အဲဒီတုန်းက လူကလည်းများ၊ ကမ်းသာတစ်နယ်လုံးကလူတွေချည်းပဲဆိုတော့ စကားတောင်ကောင်းကောင်းမပြောလိုက်ရပါဘူးဗျာ။ သူတို့ ဖလောင်းချိတ်ရောက်ပြီး နောက်တစ်ရက်မှာပဲ စစ်တကောင်းသင်္ဘောကလည်း အဆင့်သင့်ရှိနေတော့ လိုက်သွားကြလေရဲ့"

ဦးကျော်ခေါင်စကားကို ကြားရသောအခါ ဒေါ်သန္တာဖြူတို့မိသားစုမှာ မသိမသာ သက်မ,ကိုယ်စီသာချမိလိုက်ကြသည်။

"လမ်းခရီးမှာတော့ သူတို့ကျန်းကျန်းမာမာပဲ မဟုတ်လား"

"ကျန်းကျန်းမာမာပါပဲ။ ကျွန်တော် အိမ်ရောက်လို့ ပြောပြတော့ သူတို့ကတောင် ကြီးကြီးကို မေးကြသေးတယ်။ စစ်တကောင်းသင်္ဘောပတ်ကလည်းရှိနေကြတော့ စစ်တကောင်းကိုပဲ မြန်မြန်ရောက်ချင်နေကြတာကိုး"

ဦးအောင်စိန်သာတို့အိမ်မှ ညနေစာထမင်းစားပြီး စကားတပြောပြောနှင့် လျှောက်လာကြရာ စစ်ပြေးစခန်းခရီး တစ်ဝက်လောက်အရောက်မှာ ဦးကျော်က မြို့ဘက်သို့ လူချင်းခွဲသွားသည်။

ဦးကျော်ခေါင် ကွယ်သည်နှင့် ဒေါ်ကြာဦးဖြူက -

"စကားကတော့ ဇဲဦးသမက် မပြောရဘူး၊ ကောင်းလိုက်တာ ရေပက်မဝင်"

ဟု ဆိုသည်။

ဒေါ်သန္တာဖြူကတော့ ဖလောင်းချိတ်တွင် ဆွေမျိုးအရင်းအချာမရှိသဖြင့် စစ်တကောင်းကို လိုက်သွားရသည်ဆိုသော ဦးကျော်မြဦး၊ ဒေါ်စောလှဦး၊ မြသက်စောတို့အတွက် စိတ်မကောင်းဖြစ်နေပုံရသည်။

သူတို့မိသားစု စခန်းပြန်ရောက်ကြပြီးမကြာခင်မှာပင် ဖလောင်းချိတ်စစ်ပြေးစခန်းထဲ နောက်ထပ် ခရီးသည်နှစ်ရာကျော် ရောက်လာပြန်သည်။ ထိုအထဲတွင် ခေါင်းကွဲစခန်းတွင်ကျန်နေခဲ့ရသော ဦးအောင်တိုင်လည်း မားမားမားမားနှင့် အထုပ်ပိုက်ကာ ပါလာသည်ကို တွေ့ရသောအခါ မိသားစုအားလုံးမှာ ဝမ်းသာမဆုံးဖြစ်သွားကြသည်။ သဇင်ဖြူနှင့် ထွန်းကျော်လင်းတို့ မောင်နှမ သူ့အဘိုးကို ပြေးဖက်ကြပြီး -

"ဘိုးဘိုးကလည်းဗျာ၊ ဒီအထုပ်တွေကို ဦးသံထီးကို ဘာလို့မထမ်းခိုင်းတာလဲ"

ဟု သူ့အဘိုးကိုယ်ပေါ်က အထုပ်အပိုးများကို လုယူဆွဲချရင်း ပြောကြသည်။

မိသားစုကိုတွေ့ရသဖြင့် ဦးအောင်တိုင်မှာလည်း ဝမ်းသာလုံးဆို့ကာ ချက်ချင်းပင် စကားမပြောနိုင်သေးဘဲ တစ်ယောက်စီ၏ မျက်နှာတွေကိုသာ လိုက်ကြည့်ကာ ပြုံးပြုံးဖြဲကြီးဖြစ်နေသည်။

နောက်မှ -

"ဘိုးဘိုး ကျောက်ချောင်းစခန်းကို ရောက်တော့ ဝမ်းလျှောဝမ်းပျက်လို့ လူတွေသေကြတယ်ကြားတာနဲ့ မြေးတို့အတွက် ဘိုးဘိုးစိုးရိမ်နေတာ။ စခန်းကတာဝန်ခံကုလားတွေကို မေးတော့လည်း သေတဲ့လူနာမည်တွေကိုတောင် ကောင်းမပြောချင်ကြတာနဲ့ ဘိုးဘိုးဟောက်ထားခဲ့သေးတယ်"

ဟု ရယ်ရယ်မောမောပြောသည်။

ဦးအောင်တိုင်မှာ ကျန်းကျန်းမာမာနှင့် ရွှင်ရွှင်ပျပျ တက်တက်ကြွကြွ ရောက်လာသည်ကိုမြင်ကြရ၍ မိသားစုအားလုံး ဝမ်းသာသွားကြသလို ဖလောင်းချိတ်တွင်လည်း ဆွေမျိုးများနှင့် တွေ့ကြရ၍ ဖြစ်ကြောင်း၊ ဖလောင်းချိတ်မှ ဆွေမျိုးများ အလွန်ကောင်း၊ အလွန်အားကိုးရကြောင်း ဝိုင်းပြောကြသောအခါ ဦးအောင်တိုင်မှာလည်း ဝမ်းသာအားရဖြစ်သွားသည်။

ထို့နောက် သံထီးကို သတိရ၍ မေးကြရာ ခေါင်းကွဲစခန်းသို့ ရိက္ခာလာသွင်းသော ကံထရိုက်တစ်ဦးက သူ့အစ်ကိုအရင်းဖြစ်ကြောင်း ပြောပြပြီး ခေါ်သွားသည်ဟုဆိုသည်။ သံထီးမှာ ကမ်းသာကလူများပြောကြသလို ဆွေကြီးမျိုးကြီးထဲကလည်းဖြစ်ကြောင်း ဦးအောင်တိုင်က သူ့မိသားစုကို ပြောပြသည်။

သည်လိုနှင့် ဦးအောင်တိုင်လည်း ရောက်လာပြီဖြစ်သဖြင့် ဖလောင်းချိတ်စစ်ပြေးစခန်းမှ ဆွေမျိုးရင်းသော မြို့ထဲရှိ ဦးသာဦးမောင်အိမ်သို့ နောက်တစ်နေ့မှာ ပြောင်းရွှေ့လာကြသည်။ သူတို့မိသားစုမှာ ထိုသို့မပြောင်း၍လည်း မဖြစ်တော့ပေ။ သူတို့မိသားစု စခန်း၌ ဆက်နေကြလျှင် နောက်တစ်နေ့ ရောက်လာမည့် သင်္ဘောနှင့် ခရီးသည်များကို အင်္ဂလိပ်အစိုးရက ဒင်နာဂျ်ပူပို့ရန် စစ်တကောင်းသို့ တင်ခေါ်တော့မည် ဖြစ်သည်။

ဦးသာဦးမောင်တို့အိမ်တွင် ဦးအောင်တိုင်တို့ မိသားစုတည်းခိုနေကြသည် ဆိုတာကလည်း ညအိပ်ရုံသာ။ ည၊ မနက် ထမင်းဟင်းကိုမူ ဟိုအိမ်သည်အိမ်မှ ဆွေမျိုးများက ဖိတ်ကျွေးနေကြသဖြင့် အိမ်ရှင်မှာလည်း တာဝန်ပေ့ါသည်။ ဖလောင်းချိတ်ရှိ ရခိုင်များမှာ ဆွေမျိုးများသာမဟုတ်၊ ဆွေမျိုးမတော်စပ်သော ရခိုင်များကလည်း ဦးသာဦးမောင်နှင့် ပတ်သက်ရာပက်သက်ကြောင်းရှိနေ၍ ထမင်းစားအတင်းခေါ်ကြရာ ဆွေမျိုးများနှင့် လုနေကြသေးသည်။

ဆွေမျိုးမဟုတ်သောရခိုင်များက-

"ခင်ဗျားတို့ကဆွေမျိုးတွေပဲ။ဘယ်အချိန်ကျွေးကျွေး ရပါတယ်။ ခုတော့ ကျုပ်တို့ကို ဦးစားပေးရမှာပ"

ဟု ပြောပြီး အတင်းခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com

ဝင်းမြအောင် (မြိတ်)

# ကြိုးတုပ်ခံရသောသစ်ပင်

## ဆက်လီဆက်ဖွဲ့နှင့်ဇတော့

တစ်နေ့ မြိတ်မြို့အနီး ကမ်းနားလမ်းဘက်သို့ ရောက်သွားသောအခါ ကျပ်စည်းသလို သစ်သားချောင်းတွေ ထောင်ပြီး ကြိုးနှင့်အထပ်ထပ်တုပ်နှောင်ချည်ထားသော သစ်ပင်တစ်ပင်ကို တွေ့ရသဖြင့် ကျွန်တော် အံ့သြမိပါတယ်။ ဒီသစ်ပင်ကို ဘာဖြစ်လို့ ယခုလို ကျပ်စည်းသလို တုပ်နှောင်ချည်ထားရပါလိမ့်။ ကေ့န္တ - ဦးနှောက်မကောင်းတဲ့သူက လာပြီးချည်နှောင်ထားဟန်တူရဲ့ဟု ပထမစဉ်းစားမိပြီးမှ မဖြစ်နိုင်ဘူး ဒါဟာ တမင်တကာ လုံ့လစိုက်ပြီး ချည်ထားတာဆို



သည်ကို ဦးအောင်တိုင်တို့ မိသားစုမှာ အားနာမဆုံးဖြစ်နေကြသည်။

သည်လိုနှင့် ဖလောင်းချိတ်တွင် ကိုးရက်ခန့်နေကြပြီး ရာဇဌာနီက ဦးကြာပန်းအောင်၏သား ကိုကျော်သာလှ ကားနှင့်လာခေါ်သဖြင့် ရာဇဌာနီသို့ ဦးအောင်တိုင်တို့မိသားစု လိုက်ပါလာကြရလေသည်။

❑

ဖလောင်းချိတ်နှင့် ရာဇဌာနီရှိ ရဇပါရာရွာသွားကားလမ်းမှာ ကတ္တရာလမ်း မဟုတ်သဖြင့် လမ်းကြမ်းသည်။ ကားခေါင်းပိုင်းတွင် ကားမောင်းသူ ကိုကျော်သာလှနှင့်အတူ စီးလာကြသော ဦးအောင်တိုင်၊ ဒေါ်ကြာဦးဖြူတို့ဆီမှ ဘာသံမှမကြားရသော်လည်း ဒေါ်သန္တာဖြူတို့သမီးနှစ်ယောက်ကမူ ကားဆောင့်လိုက်တိုင်း ဘုရားအနိစ္စရွတ်လာကြ၏။ ထွန်းကျော်လင်းကမူ ကားဆောင့်လိုက်တိုင်း သူ့အဖေကို ဖက်ပြီး-

"ပါပါ ဆင်မယိမ်းလိုက်၊ ယိမ်းလိုက်"

ဟု နောက်ပြောင်လာ၏။

(ဆင်မယိမ်းလိုက်ယိမ်းလိုက်ဟု ဆိုသည်မှာ ရခိုင်များက ထိုင်တတ်စကလေးများကို လက်ခုပ်တီးပြီး 'တောင့်ထား' ဟု ပြောသော အားပေးစကားဖြစ်သည်။ မတ်တတ်ရပ်ခါစ ကလေးများအား 'ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့' ဟု ပြောပြီး အားပေးသလိုဖြစ်သည်။)

(ဆက်ရန်)

ဗိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

| မြိတ်စကား | ပုဂံစကား | မြိတ်စကား | ပုဂံစကား |
|---|---|---|---|
| ရေဆိုသည် | ရေတက်ရေကျစောင့် | ဇကဒက်ရသည် | အကဲတတ်သည် |
| သရော်သည် | ရီ(ရယ်)သည် | လက်ကဒုံး | လက်ကိုင်ထားရသူ |
| အုယောင်ကမ်းသည် | ရှက်စဖွယ်ဖြစ်သည် | စိကလိထိုးသည် | ကလိထိုးသည် |
| လွယ်သည် | နောက်ပြောင်သည် | မျက်နှာမာ | ပြောဆိုမရသူ |
| အမိလုပ်သည် | အလကားပြောသည် | ရွှသည် | ကမြင်းကြောထ/ရွပိုးထ |
| ပန်းကြဲ့ပန်းကြဲ | မကြာမကြာ | အမာလိုသည် | မျက်နှာလိုမျက်နှာရ |
| ကစိုးသည် | ပိုးကြေးပန်းကြေးပေးသူ | စိတ်ယိုသည် | လိုချင်စိတ်ရှိ/စိတ်ပါသည် |
| အစ်အစ်လွန်သည် | ဆတ်ဆလူး | ကခြားသွားသည် | ရှိုးသွားသည် |
| ဖင်ပါသည် | ကြွားဝါသည် | ပဆော့ပဆီ | စိတ်ကောက်သည် |
| ချပ်ကလူး | ပေရေညစ်ပတ်သူ | တဝ | အလွန် |
| နားပူသည် | နားငြီးသည် | ရေပူကြမ်း | ရေနွေးကြမ်း |
| ပူပူလောလော | ပူပူနွေးနွေး | အုန်းဂလား | အုန်းမှုတ်ခွက် |
| စွန်သည် | ဈေးကြီးသည် | မီးထည့်သည် | မီးမွှေးသည် |
| မြင်းခွန်းစီးသည် | ဇောကပ်သည် | ပလူးပလဲလုပ်သည် | ပတ်ချွဲနပ်ချွဲလုပ်သည် |
| တလား | အသုဘခေါင်း | တွတ်တီ | မိလ္လာသိမ်းသူ |

တော့ ရည်ရွယ်ချက် ရှိရမယ်ဟု အကြောင်းအခြင်းအရာကို သိရအောင် အနီးအနားက ကွမ်းယာဆိုင်ကို မေးမိပါတယ်။

"ဒီသစ်ပင်ကို ဘယ်သူတွေက ဘာဖြစ်လို့ ယခုလို ချည်ထားကြတာလဲ"

"ဆိုင်ကယ်တက္ကစီသမားတွေက ဒီသစ်ပင်ရဲ့အရိပ်ကို လိုချင်လို့ သစ်ပင်မသေအောင်ဆိုပြီး ချည်ထားကြတာလေ"

- ဒီတော့မှ ကျွန်တော် သဘောပေါက်သွားပါတယ်။ တစ်ဆက်တည်းမှာပဲ သုခါရုက္ခသာ ဆာယာဝ၊ တဘော ဉာတိ-မာတာ- ပိတု၊ တဘော အာစရိယော ရဉော၊ တဘော ဗုဒ္ဓသာ နေကဓာ။ လောကနီတိထဲက သုဇနကဏ္ဍ ဂါထာ နံပါတ် (၅၀) ကို သတိရမိပါတယ်။ **ရုက္ခသာ**- သစ်ပင်၏၊ **ဆာယာဝ**- အရိပ်သည်လျှင်၊ **သုခါ** - ချမ်းသာ၏၊ **တဘော** - ထိုသစ်ပင်ရိပ်ချမ်းသာသည်ထက်၊ **ဉာတိ** - မာတာပိတု၊ ဆွေမျိုးမိဘ၏၊ **ဆာယာ**- အရိပ်သည်၊ **သုခါ**- ချမ်းသာ၏။ **တဘော**- ထိုဆွေမျိုးမိဘ၏ အရိပ်ချမ်းသာသည်ထက်၊ **အာစရိယော**- ဆရာသမား၏အရိပ်သည်၊ **သုခေါ**- ချမ်းသာ၏။ **တဘော**- ထိုဆရာသမားတို့၏ အရိပ်ချမ်းသာသည်ထက်၊ **ရဉော**- မင်း၏၊ **ဆာယာ**- အရိပ်သည် ချမ်းသာ၏။ **တဘော**- ထိုမင်း၏အရိပ်ချမ်းသာသည်ထက်၊ **ဗုဒ္ဓသာ**- မြတ်စွာဘုရား၏၊ **ဆာယာ** - အရိပ်ဟု ဆိုအပ်သော တရားတော်သည်၊ **အနေကဓာ**- များစွာသော အပြားအားဖြင့်၊ **သုခါ** - ချမ်းသာ၏။

ဒါကြောင့် ဆိုင်ကယ်တက္ကစီသမားတွေက အရိပ်ရရေးအတွက် သစ်ပင်ကို ယခုလို ချည်နှောင်ထားကြသကိုးဟု တွေးရင်း အရိပ်လိုသူက အရိပ်၏တန်ဖိုးကို ထိန်းသိမ်းသလို ဆွေမျိုး၊ မိဘအရပ်ဒေသဓလေ့ထုံးတမ်းတွေအကြောင်း စဉ်းစားရင်း မြိတ်ဒေသသုံး စကားလုံးတွေကို သတိရမိပါတယ်။

အဲဒီလို ကိုယ့်အရပ်၊ ကိုယ့်ဒေသ၊ ကိုယ့်ယဉ်ကျေးမှုတို့သည် အရိပ်သဖွယ် မှီခိုအားထားနေကြရတာ ဖြစ်တယ်ဟု စဉ်းစားနေချိန် -

"ဒီသစ်ပင်ကို ဒီလိုကြိုးနဲ့ ချည်ထားတော့ သစ်ပင်က ကြာမြင့်စွာ ရှင်တတ်သလား"

"ရှင်လိုရှင်ငြားပေါ့ကွာ၊ အရိပ်လိုတာကိုး"

"အချိန်ကျရင် သေမှာပါကွာ"

"အချိန်ကျရင် သေမှာကို သိတာပေါ့ကွ၊ အခုညစ္စာက အချိန်မကျခင် သေမှာစိုးလို့ လုပ်တာ။ မင်းက ဆတ်လိဆတ်ဖွဲ့ပဲ"

"ငါက ဆတ်လိဆတ်ဖွဲ့လုပ်တာ မဟုတ်ဘူးကွ၊ မင်းတို့ကမှ ဇတော့တာ"

တက္ကစီသမားနှစ်ယောက် အပြန်အလှန်ပြောနေကြတဲ့စကားထဲမှာ ဆတ်လိဆတ်ဖွဲ့နှင့် ဇတော့ ဆိုတာကို ကျွန်တော်က နားမလည်အောင် ဖြစ်မိပါတယ်။သို့အတွက်ကြောင့် မြိတ်သားတစ်ယောက်ကို မေးကြည့်မိတော့ -

'ဆတ်လိဆတ်ဖွဲ့' ဆိုတာ 'လူ့ခွစာ' ကို ခေါ်တာတဲ့။ 'ဇတော့' ကတော့ တစ်ယူသန်တာကိုပြောတာဖြစ်တဲ့အကြောင်း သိရပါတော့တယ်။


*အားလုံး ကျန်းမာချမ်းသာကြပါစေ*

ဝင်းမြအောင် (မြိတ်)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဘွားတော်ကြီး၊ အကြွေဖယားနဲ့ပွားလှချည်လား"

မိခင်ဖြစ်သူက သားကို စာမကျက်လွန်းလို့၊ စာထဲစိတ်မဝင်စားလွန်းလို့ မျက်ရည်လေးကလယ်ကလယ်နဲ့ စာကျက်ဖို့ ပြောနေတာကို သားက ပြန်ပြောတဲ့စကား။

"ဘွားတော်ကြီး ငိုပြမနေနဲ့၊ နားထား"

ဒါလည်း အတူတူပါပဲ။

"ဟာ- ဖယားတွေလုပ်နေပြန်ပြီ"

ဒါကတော့ မိဘတစ်ဦးဦးက ဆူလိုက်တာကို ပြောလိုက်တာလား မသိပါဘူး။

"ကြွေမနေစမ်းပါနဲ့ နားပါ"

ဒါကတော့ ဆက်မပြောဖို့ မိဘကို ပိတ်လိုက်တဲ့စကား။

"ဟား- ပြဿနာပဲ၊ ကတ်ဖဲ့နေလိုက်တာ"

ဒါကတော့ ပြောရတာ လက်ဝင်လွန်းလို့ [illegible] စကားခပ်မာမာဖြစ်သွားရင် ပြောတဲ့စကား။

"ဒီဘိုးတော်ကြီးက အလန်းဖယားတွေကို နားမလည်ဘဲနဲ့"

သူ့အဖေဟာ သူ့ဝတ်ပုံစားပုံကို တစ်ခုခုပြောမိပါလိမ့်မယ်၊ အဲဒီအခါမှာ



သားလုပ်တဲ့လူက ပြောလိုက်တဲ့စကား။

ကျောင်းသားကျောင်းသူအရွယ်လေးတွေထဲက စကားသံလေးတွေပြီးတဲ့အခါ လူငယ်ဘဝ စပြီးကြီးစားကြပြီဖြစ်တဲ့ (၂၀)၊ (၂၅)၊ (၃၀) အရွယ်တွေဘက်ကို စောင်းငဲ့ နားထောင်ကြည့်လိုက်ရအောင်။

❑

"ကဲပါ - တော်ပါတော့ အမေ့ပါးစပ်ပိတ်ထား"

"တော်ပါဗျာ၊ နားတွေကိုပူနေတာပဲ။ မပြီးနိုင်ဘူး"

"ဒါ အမေ့အလုပ် မဟုတ်ပါဘူး။ အမေဘာနားလည်လို့လဲ"

"နေရာတကာမပြောပါနဲ့ဆို၊ အဖေဘယ်လောက်တတ်လို့လဲ"

"ကျွန်တော် ဘွဲ့ရဗျ၊ အဖေ့ထက်နားလည်တယ် မှတ်ထား"

"ဒီမှာ အဖေ့ဦးနှောက်က သံချေးတက်နေပြီ၊ မှိုက်လိုက်နေပြီ၊ စဉ်းစားပြီးမှပြော"

"အဖေ ကျွန်တော့်ကို လာပြောမနေနဲ့၊ အဖေကကော ဘယ်လောက်တရားရှိလို့လဲ။ သွားစမ်းပါ၊ နားပါ- ဒါအိုင်တီခေတ်။ မေတ္တာတွေ၊ ချောင်းတာတွေ၊ အိုင်တာတွေလာလုပ်မနေနဲ့"

"သွားစမ်းပါ၊ လာပြီးရှုပ်ရှောင်မနေနဲ့"

"မဟုတ်ပါဘူး၊ အမေနဲ့ကျွန်တော်က ဘာအကန့်လဲ"

[illegible] ကြီးပါလား၊ မပြီးနိုင်ဘူး"

"ရတယ် [illegible] မရှိဘူး ပြောထား"

"အဘိုးကြီးက လာပြီးမြွေဖမ်းနေတယ်"

"အကြွေဖယားတွေနဲ့ ဒီမှာမနိမ်းတူတူပုန်းနေရတဲ့ကြားထဲ"

❑

ဒါက မိဘကို ပြောင်ပြောပြီး ပိတ်ဆို့တာတွေ၊ ကာဆီးတာတွေ၊ တန်ပြန်လိုက်တာတွေမို့ ချော် - ဒီသားသမီးတွေဟာ မိဘကို တော်တော်ပြန်ပြောတာပဲ၊ တန်တာပဲ။ မိဘတန်ဖိုးကို နားမလည်ပါလား ဆိုပြီး နားထောင်လိုက်တာနဲ့ သိသာတယ်။

မိဘကို တန်ဖိုးမထားတာချင်းအတူတူလို့ပဲ ပြောရမလား။

လိမ္မာတယ်၊ ပြောတတ်တယ်လို့ဘဲ ပြောရမလား။

နူးနူးညံ့ညံ့နဲ့ မိဘကို ပညာသားပါပါ ခိုင်းရက်လိုက်တာလို့ပဲ အတွေးကြမ်းကြမ်းတွေးယူရမလား။

ဆက်ကြည့်လိုက်ရအောင် -

❑

"အမေ့မြေးက အမေနဲ့မှနေတာ၊ အမေထိန်းမှရတာ၊ တကယ့်ကို ဘွားအေမှ ဘွားအေပဲ။ မျက်စိအောက်ကတို့ အပျောက်မခံဘူး"

"အမလေး- အမေ့သမက်က အဓေ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ချက်တဲ့ပြင်းမ ... ကောင်းလို့တဲ့တော်ရေ၊ ကဲ - ပြော ...
"သားတို့အမေ ... အ ရမ်းချစ်တာ။ လူပျိုဘဝထဲက ... ချက်ပြုတ်ခူးခပ်ကျွေးလာတာ ခုသားတို့ အိမ်ထောင်တွေနဲ့ ဖြစ်လာကြတဲ့အထိ ကိုယ်တိုင်ချက်တုန်းပဲဗျာ"
"ဟုတ်တယ်၊ - အမေလျှော်ပေးတာလေ၊ ဖွေးဥပြီး မွှေးနေတာပဲနော်၊ ကျွန်မတို့လျှော်ရင် မပြောင်မှာ တော်တော်စိုးရိမ်တယ်လေ၊ သမီးတွေကို ချစ်မှချစ်"

# ဆရာခိုးမောင်မောင်သန်း

ရင်ကိုအေးမြစေသား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"အမေလား၊ ဟုတ်တယ်။ သူမြေးလက်ဆွဲပြီး ကိုယ်တိုင် ဈေးသွားတယ်လေ၊ ကိုယ်တိုင်ချက်တာ။ မြေးတွေဘာစားချင်လဲကိုယ်တိုင်ချက်တာ။ ဒါမှလည်း ကျန်းမာမှာလေ"

"ဪ - အဲ့ဟင်းက အမေချက်ပေးလိုက်တာလေ၊ ကောင်းတယ်နော် စားလို့။ ဒါကြောင့်လည်း အမေရယ်၊ သမီးကတော့ အမေချက်ပေးတဲ့ဟင်းနဲ့ဆို ဘယ်ဟင်းနဲ့ဖြစ်ဖြစ် ထမင်းမြိန်မှမြိန်လို့ အမြဲပြောနေရတယ် သိလား"

❑

"အဖေ့အိမ်လေ၊ အမလေး-အဖေက သူ့သမက်ကိုသိပ်ချစ်တာ။ သူ့သမက်အရင်းအနှီးလုပ်ဖို့ အိမ်ရောင်းပေးမလို့တဲ့၊ ဟုတ်တယ် ချစ်မှချစ်။ ပြီးရင် ဘာပြောတယ်မှတ်လဲ။ သမီးတို့နဲ့လိုက်နေပြီး မြေးထိန်းမယ်တဲ့။ တကယ်နော်၊ တကယ့်ကို သမက်ကို ချစ်တာ"

"အမေကသမီးကိုအရမ်းချစ်တာ။ ဘာပြောတယ်မှတ်လဲ၊ သမီးတို့ မိသားစုတွေ စီးပွားရေးမပြေလည်ကြလို့ ခဏခဏရန်ဖြစ်နေတာ အမေစိတ်မကောင်းဘူးတဲ့၊ အမေ့အိမ်ရောင်းပေးမယ်တဲ့။ ပြီးရင် အမေ့ကိုတော့ အိမ်ခန်းလေးတစ်ခန်း ပြန်ငှားပေးနော်တဲ့"

"ကျွန်တော့်အဖေကို ကျွန်တော်လုပ်ကျွေးဖို့ စီစဉ်ရဦးမယ်။ ပြီးခဲ့တဲ့နှစ်က အဖေ့မှာရှိတဲ့ အိမ်နှစ်လုံးထဲက တစ်လုံးရောင်းပေးလို့ ကျွန်တော် နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်။ အဆင်မပြေဘူး၊ ခုပြန်ရောက်လာတော့ ဒီမှာ သူငယ်ချင်းတွေနဲ့စုပြီး အလုပ်တစ်ခုလုပ်ဖို့ပြောတော့ အခုနေတဲ့အိမ် ထပ်ရောင်းပေးမယ်တဲ့။ ရောင်းဖို့လုပ်နေပြီ။ ကျွန်တော်လည်း တစ်နေ့အဆင်ပြေရင် အဖေ့ကိုတော့ပြန်ကြည့်ရဦးမယ်"

"အဖေ ကျွန်တော့်ကို ကားတွေရောင်းပြီး နိုင်ငံခြားလွှတ်ပေးလိုက်တာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လည်း အဆင်ပြေသင့်သလောက်တော့ ပြေပါတယ်။ ခုဒီမှာအလုပ်လုပ်ရင်းနဲ့ အဖေ့အတွက် ချွေးမလောင်းတွေ့ထားပြီ။ ကျွန်တော်တို့ လက်ထပ်တော့မယ် စိတ်ကူးတယ်။ အဖေ့ချွေးမကို အဖေမြင်ရင် ချစ်မှာပါ။ သူ့ပါးစပ်က အဖေ၊ အဖေနဲ့နေတာပဲ။ ကားတွေရောင်း၊ နိုင်ငံခြားပို့ပေးတဲ့အဖေ့ကို ကျေးဇူးတင်နေမှာပါ"

❑

ဒါမျိုးလေးတွေ -

ကြားဖူးကြပါလိမ့်မယ်။

ကိုယ်တိုင်လည်း တွေ့ဖူးကြပါလိမ့်မယ်။

တကယ်လို့များ ကိုယ်တိုင်ပြောဖူးသူဖြစ်နေခဲ့ရင် -

ဘာပဲပြောပြော -

မိဘဟာ မိဘပါပဲ။

ကိုယ်က ဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်လာလို့ စကားတစ်ခုခုများ ဆုံတဲ့အခါ အဖေကလည်းဗျာ၊ ဘာမှနားမလည်ဘဲ စွတ်ပြောနေတာပဲ။ ဒီမှာ ကျွန်တော်ကဘွဲ့ရဗျလို့ ပြောလိုက်မိတဲ့ အခါများ အဖေတွေဟာ ပြုံးနေကြမှာပါ။

အဲဒီအခါမှာ -

ပညာတတ်ဆိုတဲ့ စာရင်းမှာမဝင်ရှာတဲ့ ဖခင်ကြီးရဲ့ အရည်အချင်းကို မေ့ထားလို့ မရတော့ပါဘူး။

ဘာလို့လဲဆိုတော့ သားသမီးတွေကို ဘွဲ့ရပညာတတ်တဲ့အထိ လုပ်ကိုင်ရှာဖွေ ကျွေးမွေးပြုစု စောင့်ရှောက်လာနိုင်တာဟာ သူ့ရဲ့ ကြီးမားလွန်းလှတဲ့ အရည်အချင်းပါပဲ။

တန်ဖိုးရှိလှတဲ့ပညာတတ်ကြီးတွေဖြစ်လာတဲ့အထိ ပြုစုပျိုးထောင်လာနိုင်တာကိုက အဖေ့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အရည်အချင်းပါပဲ။

"အမေ နားမလည်ပါဘူး၊ သမီးတို့က နားလည်လို့ပြောတာ။ အမေမတတ်ရင် ဝင်ဝင်မပြောနဲ့၊ အမေတို့စကားပြောတာ လူနားမဝင်ဘူး"

လို့ ပြောလိုက်ရင် အမေဟာ ဘာမှပြန်ပြောမှာ မဟုတ်ပါဘူး။ ပြုံးနေရင်လည်း ပြုံးနေမှာပါ၊ ဒါမှမဟုတ် အမယ်-ညည်းကို ငါကမွေးခဲ့တာပါအေ့ ဆိုတဲ့ စကားတော့ ပြောဖြစ်မှာပါ။

ဟုတ်ပါတယ်။ လူနားမဝင်ဘူး၊ စကားအပြောအဆို ကြမ်းတမ်းခက်ထန်တယ်ဆိုတဲ့မိခင်ကြီးက သားသမီးတွေကို လူရာဝင်လှတဲ့ ပညာတတ်တွေဖြစ်လာအောင် မွေးထုတ်နိုင်စွမ်းခဲ့သူဖြစ်နေလို့ပါပဲ။

တကယ့်အရည်အချင်းပါပဲ။

ရိုးစင်းစွာပြောရရင် သူသာ စာမတတ်တာ၊ သူ့သားသမီးတွေကျတော့ ဘွဲ့ရတွေ၊ ပညာတတ်တွေ။

အမေဘာသိလို့လဲလို့ ပြောတော့မယ်ဆိုရင် -

ဟုတ်ပါတယ်၊ အမေ ဘာမှမသိရှာပါဘူး။ သူသိတာ သူ့သားသမီးလေးတွေ ပညာတတ်ဖို့ ကောင်းစားဖို့ပဲ သူသိခဲ့တာပါ။

အမေ နားမလည်ပါဘူးတို့ -

အဖေဘာမှမတတ်ဘဲ ဝင်ဝင်မပြောပါနဲ့တို့ -

အမေ အသာနေစမ်းပါတို့ -

အဖေဘယ်လောက်သိလို့လဲတို့-

ပြောတော့မယ်လို့ စိတ်ထဲမှာဖြစ်လာတာနဲ့ -

ဪ - ငါဒီလိုပညာတတ်ဖြစ်လာတာ အဖေ့ကြောင့်ပါလား၊ အမေ့ကြောင့်ပါလားဆိုပြီး စဉ်းစားရင်း အဖေ့မျက်နှာ၊အမေ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေလိုက်ပါ။

အဖေ၊ အမေများ ခပ်လှမ်းလှမ်းလေးမှာ တစ်ယောက်တည်းထိုင်နေရင် ခပ်လှမ်းလှမ်းလေးကနေ ခိုးကြည့်ကြည့်ပါ၊ သူဟာသူ နေနေရှာတာပါ။ အင်မတန် အပြစ်ကင်းစင်တာ တွေ့ရပါလိမ့်မယ်။

အူဝဲဆိုပြီးမွေးကင်းစအရွယ်လေးဖြစ်လာရကတည်းက ချီလိုက်ပိုးလိုက်၊ ကြည့်လိုက်ရတာ ခြင်မကိုက်အောင်၊ ဖြုတ်မကိုက်အောင်၊ ဒီပြင် အန္တရာယ်တွေမဝင်အောင် တကယ်ကိုထွေးထွေးပွေ့ပွေ့လေးနဲ့ သူတို့ကိုကြည့်လိုက်ရင် ပျော်လို့ပြုံးလို့။ကိုယ့်သားသမီးကလွဲရင် လောကမှာ ဒီပြင်ကလေးတောင် ရှိမယ်မထင်ကြဘူး။

လွန်ခဲ့တဲ့ နှစ်တော်တော်များများက -

အနှစ် (၂၀) ကျော်လောက်က-

မြို့ပတ်ရထားစီးဖို့ စောင့်နေရင်းဘူတာနဲ့ ခပ်လှမ်းလှမ်း သစ်ပင်အောက်လေးတစ်ခုမှာ ကိုယ်ရေပြားရောဂါသည် တစ်ဦး ကလေးနို့တိုက်နေတာ တွေ့ခဲ့ဖူးပါတယ်။ ဪ - သူ့လက်တွေဟာ တုံးတိတွေနဲ့ အရောင်အဆင်းတွေ တစ်မျိုးကြီးဖြစ်နေတဲ့ကြားထဲက ကလေးကို ပွေ့ပြီး နို့တိုက်နေတယ်။ ကလေးလေးကလည်း မိခင်နို့ကို အားရပါးရစို့လို့ ဘာအနာအဆာမှမရှိသေးတဲ့ ကလေးလေးကို ရောဂါကူးမှာတို့ဘာတို့ သူမသိဘူး။ သူသိတာက သူ့ရင်သွေးလေး နို့ဝဖို့ပဲ၊ ဗိုက်ပြည့်ဖို့ပဲ။

မိခင်မေတ္တာ -

သူဟာသူဘာကြီးပဲဖြစ်နေဖြစ်နေ သူ့ရင်သွေးလေးအပေါ်မှာထားတဲ့ မိခင်မေတ္တာကို အများကြီးလေးစားလို့ အိတ်ထဲမှာ ပါသမျှပိုက်ဆံအကုန်ပေးပြီး ခြေကျင်လျှောက်ခဲ့ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သားသမီးလေးတွေအတွက် မကြောက်မရွံ့ ရှာဖွေကျွေးနေကြတဲ့ ဖခင်တွေအများကြီး -

အများကြီးကို တွေ့ဖူး၊ မြင်ဖူးပါတယ်။

ဒါကြောင့် -

မိခင်မေတ္တာ၊ ဖခင်မေတ္တာဆိုတာ-

အပေါ်ယံကြည့်ရုံနဲ့မမြင်ရပါဘူး။

ရိုးရိုးမျက်စိနဲ့ မမြင်နိုင်ပါဘူး။

အမေ နားမလည်ပါဘူးတို့ -

အဖေမတတ်ဘဲနဲ့ဝင်မပြောပါနဲ့လို့ ပြောတော့မယ်ဆိုရင် -

BURMESE CLASSIC .com

စဉ်းစားပါ။

အဖေ့ကျေးဇူး၊ အမေ့ကျေးဇူးဆိုတာထက် -

အဖေ့မေတ္တာ၊ အမေ့မေတ္တာကို အရင်စဉ်းစားလိုက်ပါ။

ဒါဆို စိတ်တွေတစ်မျိုးပြောင်းလဲသွားပါလိမ့်မယ်။

အနန္တောအနန္တငါးပါးဂိုဏ်းဝင်လည်းဖြစ်၊ မပြစ်မှားအပ်တဲ့ ခင်ပွန်းကြီး (၁၀) ပါးမှာလည်းပါတဲ့ မိဘနှစ်ပါးကတော့ ဘယ်အပြစ်ယူပါ့မလဲ။

သူတို့စိတ်ထဲရှိလို့ ဆူလိုက်တယ်ဆိုတာ -

အငြိုးအတေးရှိလို့ ကလဲ့စားချေတာမှမဟုတ်တာ။

သားသမီးရဲ့ စီးပွားရေး၊ လူမှုရေး မဖြစ်ပါစေနဲ့တော့ဆိုပြီး ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင်မှမဟုတ်တာ။

သားသမီးအလုပ်တွေရပ်သွားပါစေ၊ အလုပ်ပြုတ်သွားပါစေ၊ ကျန်းမာရေးတွေထိခိုက်သွားပါစေဆိုပြီး ဖြစ်သွားအောင်မှ မဟုတ်တာ -

အဲဒါလေးတွေပါ။

အဲဒါလေးတွေကို စဉ်းစားချင်ရင် စဉ်းစားဖို့ပါ။

တချို့အတွက်ပါ။

လူတိုင်းတော့ မဟုတ်ပါဘူး။

နှစ်ဦးနှစ်ဖျားမှာ လိုနေတဲ့ ကွက်လပ်လေးတွေရှိနေရင် ဖြည့်လို့ရအောင်လို့ပါ။

နှစ်ဦးနှစ်ဖျားကစပြီး အကုသိုလ်တွေကင်းစေဖို့ပါ။

အကုသိုလ်ကင်းအောင်နေပြီဆိုမှတော့ ကုသိုလ်တွေများလာပြီပေါ့။

အဲဒီလို ကုသိုလ်တွေ များနေအောင်လို့ပါ။

ကုသိုလ်များနေတဲ့သူမျိုး ဆိုရင်လည်း များပြီးရင်းများအောင် မှဒီတာပွားနိုင်ဖို့ပါ။

တကယ်လို့များ မသိသေးရင်၊ သတိမထားမိသေးရင် -

ချော- ငါအမှတ်မထင်ပြောမိဆိုမိတာလေးတွေဟာ ဒီလိုဖြစ်နေပါလား။

တာ - အမေ့တို့ ငါလုပ်ခိုင်းနေမိတာ ဒီလိုဖြစ်နေပါလား။

ဒါဆို -

ဆိုပြီးတော့ ဒီနှစ်ဦးနှစ်ဖျားကစပြီး ဖြုပြင်လို့ရအောင်လို့ပါ။

အခု -

စတတ်လိုက်တာတည်းက အင်း-ငါတော့ ဒီလိုပြောမိနေတာကိုး။

ဟာ - ငါအမှတ်မထင်ပြောမိတာတွေက ဒီလိုကိုးဆိုပြီး သိနိုင်လောက်ပါပြီ။

အပြစ် ဆိုတာက ခက်ပါတယ်။

အကုသိုလ် ဆိုတာ အမှန်အမှားလေးပဲဆိုပြီး သတိမေ့လို့မရပါဘူး။

အဲဒီအမှန်အမှားတွေ ပေါင်းဆုံပါများလာရင် ထုထည်ကြီးလာပါတယ်။

ပြီးတော့ -

စိတ်အဆိုးတို့မွေးထားရင် အဆိပ်သစ်ပင်လိုပါပဲ။

ငယ်တုန်းက နုတ်ပစ်မှ၊

မနုတ်ပစ်နိုင်ခဲ့ရင် အဲဒီအဆိပ်သစ်ပင်က အမြစ်တွေတွယ်တက်လာပြီး နုတ်မရ ရှင်းမရ ဖြစ်ရပါလိမ့်မယ်။

မိဘနှစ်ပါးဟာ -

ကိုယ့်ကြောင့် အိမ်ခြေယာခြေမမဲ့ပါစေနဲ့။

ကိုယ့်ကြောင့်မျက်ရည်မကျပါစေနဲ့။

ကိုယ့်ကြောင့် စိတ်သောကကြီးစွာမရောက်ပါစေနဲ့။

ကိုယ့်ကြောင့် အကုသိုလ်မများပါစေနဲ့။

အိမ်ဦးမှာ မိဘနှစ်ပါးရှိနေတာဟာ ဘာနဲ့မှမတူတဲ့ မင်္ဂလာပါဘဲ၊ ကျက်သရေပါဘဲ။

တစ်နေရာရာမှာ တစ်စုံတစ်ယောက်က တစ်ခုခုလေး ကူညီလိုက်လို့ အဲဒီလူကို ကျေးဇူးရှင်ပါလို့ ရင်ထဲကရောနှုတ်ကရောပြောလို့မဆုံးဖြစ်ခဲ့ရင်-

ကိုယ်ဘာမှန်းညာမှန်းမသိတဲ့အရွယ်ကနေပြီး ခုလို အသိတရားတွေပြည့်ဝလာအောင်၊ ခြေလက်အင်္ဂါတွေ မထိခိုက်အောင် ဂရုစိုက် မွေးမြူ ပြုစုစောင့်ရှောက်လာခဲ့ကြရတဲ့ မိဘနှစ်ပါးရဲ့ ကျေးဇူးဆိုရင် . . .။

ဒါက မေ့နေမှာစိုးလို့ တွေးပြတာပါ။

လူရယ်လို့ ဖြစ်လာခါစ -

လက်ကလေးနဲ့များလှမ်းလှမ်းရိုက်တက်လာပြီဆိုရင် အမေတွေ၊ အဖေတွေခမျာ ခေါင်းလေးငုံ့ငုံ့ပေးပြီး 'အေးအေး-ရိုက်ပါဦး သားရဲ့၊ ကုတ်ဖဲ့လိုက်ပါဦး သမီးရဲ့၊ ကန်လိုက်ပါဦး ဒီခြေထောက်လေးက၊ အေးအေး စိတ်မကြီးပါနဲ့ ဆွဲဆွဲ ဖေကြီးဆံပင်တွေကိုဆွဲ'

ဆိုတဲ့အသံတွေ ကြားနေရမှာပါ။

လူလားမြောက်စသားသမီးလေးတွေ ထုရိုက်၊ ကန်ကျောက်၊ ဆွဲတာတွေကို အားရပါးရ ဝမ်းမြောက်ဝမ်းသာ ခံယူပြီး ပီတိတွေပြည့်ခဲ့ကြတဲ့ အမေတွေ၊ အဖေတွေပါ။

ဒါကြောင့်-

အမေပြောတဲ့စကားကို မဟန့်ပါနဲ့၊ မပိတ်ပါနဲ့။

အဖေပြောတဲ့စကားကို မဟန့်ပါနဲ့ မပိတ်ပါနဲ့။

နားလည်းမလည်ဘဲနဲ့ ဆိုတဲ့ စကားမျိုးနဲ့ အကုသိုလ်ကို လှမ်းမယူလိုက်ပါနဲ့။

တိတ်တိတ်နေစမ်းပါဆိုတဲ့ စကားနဲ့ အကုသိုလ်မများပါစေနဲ့။

မြင်ဖူးပါတယ်။

လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က -

ငွေကြေးအတန်အသင့်ပြည့်စုံတဲ့ ကုန်သည်မိဘနှစ်ပါးက မွေးလာတဲ့ ကလေး -

ဒီကလေးက ငယ်ငယ်လေးထဲက ဘယ်လောက်တောင် အလိုလိုက်ခဲ့တယ် မသိပါဘူး။

သူ့အမေက လိပ်စာလေးတစ်ခု မေးမလို့ ကားထဲမှာထိုင်နေတဲ့ သူ့သားကို အပြင်ကနေ ဖုန်းနဲ့လှမ်းခေါ်လိုက်တယ်။ သူ့သားက သူ့အမေထိုင်နေတဲ့နား မလှမ်းမကမ်းကနေ -

"ဘာလဲ ဘာလဲ ပြော၊ ကိစ္စပြောပြော"

ဆိုပြီး လေသံမာမာနဲ့မျက်နှာထားတင်းတင်းနဲ့ ပြောပါတယ်။

သူ့အမေကတော့ ရယ်လို့။

အဲဒီသူ့သားဟာ ဘာစီးပွားမှလုပ်လို့ မအောင်မြင်ပါဘူး။

လုပ်သမျှလုပ်ငန်းတိုင်းဟာ ရပ်ရပ်သွားတာချည်းပါပဲ။

ဘယ်လိုမှ မအောင်မြင်ဘဲ လုပ်ငန်းတွေသာ တစ်ခုပြီးတစ်ခု ဆက်နေရတာ ခုဆို သူ့အသက် (၄၀) လောက်တောင် ရှိလောက်ပါပြီ။

လွှတ်ခနဲပြောလိုက်တဲ့ စကားဟာ ကိုယ့်ရဲ့လက်အောက်ငယ်သားလား၊ မိဘလားဆိုတာ သတိလေးထားကြည့်ပြီး ပြောရင် ဘာမှပြဿနာမရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ -

သတိလေးထားပြီး ကိုယ့်ကိုယ်ကိုယ် စဉ်းစားပေးရမယ့် အပိုင်းပါ။

လိုအပ်နေရင် ပြောတာပါ။

မိဘဆိုတာ -

အကောင်းဆုံး ဥယျာဉ်မှူးကြီးတွေပါလို့ တင်စားရရင်တောင် မလုံလောက်သေးပါဘူး။

ဒါက အနီးစပ်ဆုံးတင်စားထာပါ။

ဥယျာဉ်မှူးဟာ မြေ၊ ကင်း၊ ပိုးမွှားရာသီဥတုဒဏ်၊ နေဒဏ်၊ လေဒဏ်မကြောက်ပါဘူး။

သူ့လက်ကို သူ လှလှပပ စိုက်ပျိုးထားတဲ့ ပန်းလေးတွေကနေ ဆူးစူးပြီး သွေးစက်ကျမှာကိုတောင်မမှုတဲ့သူပါ။

အရိပ်တကြည့်ကြည့်နဲ့ တန်ဖိုးကြီးလာတဲ့ ပန်းလှလှလေးတွေကို ပြုစုပျိုးထောင်နိုင်စွမ်းသူပါ။

ဒါကြောင့် -

ဘာပဲဖြစ်ဖြစ် စဉ်းစားပါ။

မြင်ရတဲ့ အကုသိုလ်ထက်စာရင် မမြင်ရတဲ့ အကုသိုလ်က ပိုပြီး သတိထားရပါတယ်။

မိဘရဲ့မေတ္တာရိပ်ကို ခိုလှုံပါ။

အင်မတန်မှ အေးမြလှပါတယ်။

မိဘသက်ရှိထင်ရှားရှိနေသေးရင်-

အလုပ်မအားလို့ အဖေ့ဆီတောင် မရောက်နိုင်ဘူး တစ်နှစ်ရှိပြီတို့၊ အမေ့ဆီကိုတောင် မသွားနိုင်ဘူး (၂)နှစ်ကျော်ပြီတို့ မလုပ်မိပါစေနဲ့။

မိဘဆိုတာ ကိုယ့်သားသမီး အတွက်ရှိသမျှ အကုန်ပုံပေးရုံမက မလောက်သေးရင် သူများဆီမှာ အောက်ကျနောက်ကျခံ ချေးငှားပြီး နိုင်ငံခြားကို ပို့ပေး၊ သားသမီးက ဟိုရောက်လို့မှ မကြာသေးဘူး၊ ချစ်သူတွေဘာတွေရ သိပ်မကြာခင် အိမ်ထောင်တွေကျ။

ဒါပေမယ့် မိဘကတော့ အပြုံးမပျက်ပါဘူး။ သူ့ကိုပြန်ပြီးလုပ်ကျွေးတာ မကျွေးတာ သူ့ခေါင်းထဲမှာတောင် မရှိဘူး။

အစ်မကြီးလိုခင်တဲ့ အစ်မကြီးတစ်ယောက်ရှိပါတယ်။

သူဟာ သူ့သားလေး နိုင်ငံခြားသွားချင်တယ်ဆိုလို့ အမွေဆိုင်အတူတူနေထိုင်နေကြတဲ့ညီအစ်ကိုမောင်နှမတွေနဲ့တောင် အတိုက်အခံလုပ် အမုန်းခံပြီး အမွေဆိုင်အိမ်ကို ရောင်းလိုက်ပါတယ်။ ခွဲယူလိုက်ကြတဲ့အခါမှာ သူ့သားသွားဖို့ အတွက် သူ့လက်ထဲမှာ ငွေမရှိတော့ပါဘူး။ ဒါနဲ့ သူ့ညီမလေးနဲ့ကပ်နေပြီး သူ့သားကို ဖြစ်အောင်ပို့လိုက်ပါတယ်။ သူ့သားက မဖြစ်စလောက်ငွေလေး ခြောက်လလောက်ပြန်ပို့ပြီးတာနဲ့ သူ့အိမ်ထောင်ပြုဖို့ ငွေစုဦးမှာဖြစ်ကြောင်း၊ ချစ်သူရှိနေပြီဖြစ်ကြောင်း အကြောင်းကြားလာပါတယ်။

အဲဒီကိစ္စကို လာပြောတဲ့အချိန်မှာ အဲဒီအစ်မကြီး ကျန်းမာရေးမကောင်းတော့ပါဘူး။ ဒါပေမယ့် ပြုံးနေတာပဲ၊ ကျွန်မသားလေး ဟိုမှာအဆင်ပြေနေလို့ တော်သေးတာပေါ့ ဆိုတဲ့ စကားပဲပြောနေပါတယ်။ သူ့ကျန်းမာရေးကို ထည့်မပြောတော့ပါဘူး။

စဉ်းစားကြည့်မိပါတယ်။

ဪ- ဒီအစ်မကြီးများ အိပ်ရာထဲလဲသွားပြီး ကျန်းမာရေးချို့တဲ့သွားရင် သူ့သားအနီးကပ်မပြုစုနိုင်တော့ပါလားလို့-

နောက်ပြီး -

သူ့ဘယ်လောက်ကောင်းတာတွေ ဝယ်ကျွေးကျွေး သူ့အမေ မစားနိုင်တော့ဘူးလေ။

ရင်ထဲမှာမကောင်းဘူး။

ဒီလိုမျိုးတွေ တော်တော်တွေ့ရပါတယ်။

အဲဒီလိုမျိုးတွေတွေ့ရတိုင်း မိဘမေတ္တာဆိုတဲ့ ဖြူစင်လွန်းလှတဲ့ နှလုံးသားပိုင်ရှင်တွေရဲ့ စိတ်ထားတွေကို ဂါရဝပြုမိပါရဲ့၊ တကယ် လေးစားမိပါရဲ့။

ဪ - မိဘ ဆိုတာ သားသမီးအတွက်ဆိုရင် ရှိသမျှ စည်းစိမ်ဥစ္စာကုန်ချင်ကုန်ပါစေဆိုတဲ့သူမျိုးတွေချည်းပါပဲလား။ သူတို့အတွက်တောင် မငဲ့တော့ပါလား၊ လိုအပ်ရင် အသက်တောင်ပေးနိုင်စွမ်းတဲ့ နှလုံးသားပိုင်ရှင်တွေပါလားဆိုပြီး တကယ်ကို လေးစားရပါတယ်။

အဲဒါလေးတွေတွေးပါ။

နှစ်ဦးမှာ တွေးပါ။

မိဘအလုပ်တွေကို ကိုယ်ဘယ်လောက် ဝိုင်းကူလုပ်ပေးခဲ့ပါသလဲ။

မိဘတွေကို ကိုယ်ဘယ်လောက်ပြုစုခဲ့ပါသလဲ တွေးပါ။

တစ်ခါက -

လုပ်ငန်းကြီးတစ်ခုမှာ တော်တော်အရေးပါတဲ့ ကလေးမလေးတစ်ယောက်နဲ့စကားစပ်မိလို့ ပီတိဖြစ်ပြီး မျက်ရည်တောင်လည်ခဲ့ရပါတယ်။

သူ့နာမည်လေးဟာ ရိုးရိုးလေးနဲ့ ယဉ်ယဉ်လေး။

ဆံပင်က တော်တော်ရှည်တယ်၊ နက်မှောင်နေတာပဲ။

ဝတ်ထားတာလည်း တော်တော်ယဉ်ကျေးတယ်။

သမီးရဲ့ ဖေဖေက ဘာလုပ်လဲလို့ မေးကြည့်မိတော့ -

သမီးရဲ့ ဖေဖေက ဆိုက်ကားနင်းပါတယ်တဲ့။ သမီးတို့မှာ မောင်နှမသုံးယောက် ရှိပါတယ်တဲ့။ ဒီမောင်နှမသုံးယောက်စလုံး ပညာတတ်ဘွဲ့ရတဲ့အထိ ဖေဖေဟာ ဆိုက်ကားနင်းပြီးရှာကျွေးခဲ့ပါတယ်တဲ့။ ဒီကြားထဲ လိုအပ်ရင် ဟိုတခေါ် အိမ်မိုးခိုင် ။ ဒီကခေါ် ခိုင်းလုပ်ရင် ဖေဖေဟာ လက်သမားပညာမတော်တခေါက်လေးနဲ့ လိုက်လုပ်ပြီး အပိုဝင်ငွေရှာပါသေးတယ်တဲ့။ မေမေက ကျန်းမာရေးမကောင်းလို့ ဘာမှမလုပ်နိုင်ပါဘူးတဲ့။ သမီးတို့ ကျောင်းစရိတ်တွေဘာတွေ နည်းနည်းပါးပါးလိုရင် ဖေဖေဟာ ဒီပြင်ထမ်းတဲ့ပိုးတဲ့အလုပ်တွေကို လိုက်လုပ်ပြီး ငွေရှာခဲ့ပါတယ်တဲ့။

ပြောနေရင်းနဲ့ ဖေဖေ့ကို သမီးတို့အရမ်းချစ်တယ်၊ ဖေဖေ့ရဲ့သမီးဖြစ်လာရတာကို သမီးတို့ဂုဏ်ယူတယ်။ ဖေဖေ့လို အဖေမျိုးကို သမီးတို့ အစားမထိုးနိုင်ဘူး။ ဖေဖေဟာ သမီးတို့ရဲ့အရိပ်ကြီးပဲ။ ဖေဖေဟာ သမီးတို့အတွက် သူ့ရဲ့ကောင်းပဲ။ သူ့ခမျာ ဘဝအကျိုးပေးကြောင့် ပညာမတတ်ခဲ့ပေမယ့် ပညာတတ်ဘွဲ့ရ သားသမီးတွေ ဖြစ်လာတဲ့အထိ အောင်မြင်စွာ ပြုစုပျိုးထောင်ပေးနိုင်ခဲ့တဲ့ တကယ့်ပါရမီရှင်ကြီးပါဆိုပြီး ပြောရင်းနဲ့ငိုတယ်။

ဘာဖြစ်လို့လဲဆိုတော့ နယ်မှာနေနေတဲ့ ဖေဖေ့ကို သတိရသွားလို့ပါတဲ့။

ဒီလိုကလေးမျိုးတွေ တော်တော်များများ တွေ့ခဲ့ဖူးပါသေးတယ်။ သူတို့ဟာ မိဘမှမိဘဆိုတဲ့ ကလေးတွေပါ။ အဲဒီကလေးတိုင်းလိုလို ပညာတတ်ကြတာများပြီး လုပ်ငန်းခွင်တွေမှာ အောင်မြင်နေကြသူတွေ များပါတယ်။

အရက်မူးနေတဲ့ဖခင် အိမ်ရှေ့မှာထိုင်နေတာကိုတောင် -

'ဖေဖေက အပြင်ထွက်လို့ မိုးချုပ်ရင်မကြိုက်ဘူးကွ။ ခု ညနေရောက်နေပြီ ငါမထွက်ဘူး၊ ဒါဖေဖေ့စည်းကမ်း' ဆိုတဲ့ ကလေးမျိုးတွေလည်း တွေ့ခဲ့ရပါသေးတယ်။

မှန်ပါတယ်။

တကယ့်လူမှုပညာတွေသင်ကြားပြသပေးလိုက်တဲ့ ဆရာတွေဟာ မိဘနှစ်ပါးပါပဲ။

သမီးလေး နေပူထဲမထွက်နဲ့၊

သားလေး ရေမဆော့နဲ့၊

ဟင်း-လူကြီးကို ဒီလိုမပြောရဘူး



www.burmeseclassic.com

www.burmeseclassic.com

လူကြီးရှေ့မှာငုံ့သွား၊

ထမင်းစားရင် ပလုတ်ပလောင်းကြီးမစားနဲ့၊

ပါးစပ်ကပျပ်ပျပ်မြည်အောင်မစားနဲ့၊

ဆောင့်ဆောင့်ကြီးထိုင်မစားနဲ့၊

စားသောက်နေတဲ့နားမှာ ချွဲမဟပ်နဲ့ တံတွေးမထွေးနဲ့၊

လူကြီးထက်ဦးအောင်နှိုက်မစားနဲ့၊

မျက်နှာသစ်ရင် ဒီလိုသစ်၊ သွားတိုက်ရင် ဒီလိုတိုက် -

ဆိုတာတွေဟာ မိဘတွေဆီမှာ သင်ကြားခဲ့ရတဲ့ တစ်သက်လုံး မှတ်ထားစရာ ပညာတွေပါ။

မိဘဟာ ဦးဆုံးဆရာပါပဲ။

မိဘကို သူ့မွေးနေ့ရောက်တိုင်း ခြေသည်း၊ လက်သည်းညှပ်ပေး၊ ခြေထောက်တွေ ကြေးတွန်းပေးနဲ့ ဝတ်မပျက် ပြုလုပ်တဲ့ ကလေးတစ်ယောက်တွေ့ခဲ့ဖူးသလို-

အလုပ်ကိစ္စတွေ အကြောင်းကြီးငယ်တွေရှိတိုင်း မိခင်ရဲ့ခြေထောက်ကို ဇလုံထဲထည့်ရေဆေးပြီး အဲဒီရေကို ခေါင်းလျှော်သွားတဲ့ ကလေးတစ်ယောက်ကိုလည်း တွေ့ခဲ့ဖူးပါတယ်။

ခပ်ညံ့ညံ့တွေ မဟုတ်ပါဘူး။ နှစ်ယောက်စလုံး တိုက်တွေ၊ ကားတွေနဲ့ ဒီကနေ့ လက်ရှိရှိနေပါတယ်။ လုပ်ငန်းရှင်တွေပါ။

BURMESE CLASSIC .com

ဒါက -

ခုနလို စကားပြောမှား၊ ဆိုမှား၊ လုပ်မှား၊ ကိုင်မှားရှိတဲ့သူတွေ ရှိနေကြသလိုပဲ -

မိဘမှ မိဘ ဆိုတဲ့သူတွေရှိနေပါတယ်ဆိုတာကိုလည်း ပြောပြတာပါ။

များသောအားဖြင့်-

မိဘ အရမ်းချစ်ပြီး အရမ်းအလိုလိုက်ထားတဲ့ကလေးလေးတွေဟာ မိဘအပေါ်မှာ နွဲ့ဆိုးဆိုးတတ်ကြပါတယ်။

ခုပြောနေတာက အပြစ်ဖြစ်မသွားဖို့ပါ။

တချို့ဆို အပြင်လူနဲ့ အကောင်း။

မိဘနဲ့ကျ ဘယ်လိုဖြစ်သွားမှန်းကို မသိတော့ပါဘူး။

ဒီပြင်လူနဲ့ဆို ဟုတ်နေတာပဲ၊ ချိုလိုက်တဲ့စကား-

မိဘနဲ့ကျ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။

အပြင်လူနဲ့ကျ အနားပြာဖြစ်နေအောင် အလိုက်သိသလိုမျိုးရှိပေမယ့် -

မိဘဝေယျာဝစ္စကျ လုံးဝလှည့်ကြည့်မကြည့်တဲ့သူမျိုးတွေလည်း တွေ့ဖူးပါတယ်။

ဘာပဲဖြစ်ဖြစ်ပါ -

ပြင်သင့်တာလေးတွေ ပြင်လို့ရအောင် -

အတုယူသင့်တာလေးတွေ အတုယူလို့ရအောင် -

တွက်လပ်လေးတွေများ ဖြည့်ချင်ရင်ဖြည့်လို့ရအောင် -

အကြံဉာဏ်လေးများလိုရင် ယူလို့ရအောင် -

သူရဇ္ဇလက်ဆောင်ကို နှစ်ဦးလက်ဆောင်အဖြစ် ပါရမီဖြည့်လိုက်ပါတယ်။

နှစ်ဦးတစနေပြီး မိဘကို မိဘမှန်းသိသွားကြပြီ ဆိုတာနဲ့ ကိုယ့်ဘဝဟာ အဆင့်ဆင့် မြင့်တတ် အောင်မြင်လာပြီလို့ မှတ်လိုက်ပါ။

မိဘကိုစကားပြေပြေပြစ်ပြစ်ပြောရမှာ အောက်ကျတယ်မထင်ပါနဲ့။

နှစ်ဦးကနေစပြီး ကုသိုလ်ယူပါ။

မင်္ဂလာတရားတော်နဲ့ညီပါတယ်။

မိဘကို ရှိသေတယ်ဆိုတာ မင်္ဂလာ ကျက်သရေအပေါင်းနဲ့ ပြည့်စုံလှပါတယ်။

လူချစ်၊ နတ်ချစ် တကယ့်ပီယဆေးကြီးပါပဲ။

မလိုလားအပ်တဲ့ အပျော်အပါးတွေအတွက် ကုန်ကျလေလွင့်သွားမယ့် ငွေတွေကို မိဘနှစ်ပါးဆီ ဦးတည်လိုက်ပါ။

မိဘတွေအတွက် စဉ်းစားပြီး စတင်လိုက်ပါ။

ဒီ ၂၀၁၃ ခုနှစ်ဟာ အမှန်တကယ် မုချအောင်မြင်လာတဲ့နှစ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကိုယ်တိုင်သိလာပါလိမ့်မယ်။

မိဘတွေနဲ့မေတ္တာကြောင့် အောင်ကို အောင်မြင်လာပါလိမ့်မယ်။

အစားထိုးလို့မရပါဘူး၊

တုပလို့လည်းမရပါဘူး၊

မိဘ ဆိုတာ သူတို့ကိုယ်သူတို့အတွက် ဘာမှမစဉ်းစားဘဲ သားသမီးလေးတွေ လူရာဝင်ဖို့အတွက်ပဲ စဉ်းစားကြသူတွေပါ။

ဒါကြောင့် -

မိဘကို နှလုံးသားထဲက တကယ်ချစ်တတ်အောင် ကြိုးစားဖို့လိုသေးတယ်ထင်ရင် ကြိုးစားဖို့ တိုက်တွန်းအကြံပြုလိုက်ပါတယ်။

တကယ် ချစ်တတ်လာပြီဆိုရင် ရိုသေတတ်လာပါပြီ။

မိဘတွေအတွက် စဉ်းစားပေးတတ်လာပါပြီ။

တချို့ -

တွေ့ဖူးပါတယ်။

မိဘက ခြိုးခြိုးခြံခြံလေးနဲ့ ကြိုးစား စုဆောင်းပြီး ပြုစုပျိုးထောင်ခဲ့လို့ (၁၀) တန်းအောင် တက္ကသိုလ်ရောက်ပြီဆိုတာနဲ့ ရည်မှန်းတာတို့ ရည်ရွယ်တာတို့ တွေ့တော့တာပါပဲ။

တချို့ ဘွဲ့လဲရပြီးရော တွေ့တော့တာပါပဲ။

ပီတိအပြည့်နဲ့ကျေနပ်နေကြရရှာတဲ့ မိဘတွေကို ပြန်ပြီး ပြုစုလုပ်ကျွေးဖို့ဆိုတဲ့ အကြောင်းအရာဟာ ရှာမတွေ့တော့ပါဘူး။

ဒီသူရဇ္ဇလက်ဆောင်ဟာ-

မိဘတွေကို တကယ်ချစ်တတ်လာဖို့ အကြံပြုတာပါ။

ပါရမီဖြည့်ပေးတာပါ။

ကုသိုလ်တွေပွားပေးတာပါ။

ဘုရား၊ တရား၊ သံဃာ ရတနာမြတ် (၃) ပါးကို ဦးထိပ်ပန်ဆင် ရိုကျိုးရှိခိုး ကန်တော့ပြီးတာနဲ့ မိဘနှစ်ပါးကို ရိုသေစွာ ကန်တော့ပါ။

တကယ်ချစ်တဲ့ နှလုံးသားနဲ့ ရိုရိုသေသေ ကန်တော့ပါ။

မိုးချုပ် အိပ်ခါနီး ကန်တော့တဲ့အပြင် -

အလုပ်သွားခါနီး ကန်တော့ကြတဲ့သူတွေ တွေ့ဖူးပါတယ်။

အဲဒီလို ကန်တော့သင့်ပါတယ်။

နှစ်ဦးပိုင်းကတည်းက စတင်လိုက်ပါ။

ဘာလေးပဲစားစား မိဘကို သတိရလိုက်ပါ။

စားနိုင်တုန်းကို ကျွေးမွေးပြုစုပါ။

ဝတ်နိုင်တုန်းကို ဆင်ပါ။

အရွယ်အရ၊ ကျန်းမာရေးအရ ကိုယ့်ထဘီတောင် ကိုယ်မနိုင်တော့တဲ့အခါမှ အမေဝတ်ဖို့ဆိုပြီး ထောင်သောင်းချီတန်တဲ့ ပါတိတ်ထဘီတွေ ဝယ်ပေးနေလည်း အလကားပါပဲ။

ဘာမှမစားနိုင်တော့မှ [illegible] မားလှတဲ့ မြန်မာဖြစ်၊ နိုင်ငံခြား [illegible] စုံကို ခုတင်ဘေးပတ်လည်မှာ [illegible] တွေနဲ့ တင်ထားလည်း [illegible]

ဘယ်လိုမှ မအားလို့ ဆိုတဲ့ [illegible] ကြောင်းပြချက်တွေနဲ့ [illegible] နိုင်ရာက မိဘအိပ်ရာထဲမှာ [illegible] စကားပြောချင်လို့ [illegible] အခွင့်ဟာ မရှိတော့ [illegible]

နှိုက်ဦး [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပါ။

စားနိုင်တုန်းကို ကျွေးပါ။

ဒီလို နှစ်ဦးနှစ်ဖျားကနေ စတင်လိုက်ပါ။

သံယောဇဉ်အသစ်တွေကြားမှာ မိဘမေတ္တာကို မျက်ကွယ်မပြုလိုက်ပါနဲ့။ သံယောဇဉ်အသစ်တွေကြောင့် မိဘဟာ ပျောက်ပျောက်သွားတတ်ပါတယ်။

အစားထိုးလို့မရနိုင်ပါဘူး ဆိုတာလေးကို အမြဲတွေးနေပါ။

ဘယ်လိုကုသိုလ်ကောင်းမှု အလှူဒါနတွေပြုပြု မိဘကို ဦးထိပ်ထားပြီးပြုပါ။

လိုအပ်ရင် မိဘအတွက် သစ္စာပြုလို့ရအောင် တစ်ခုခုပြုထားပါ။

ဥပမာ နေ့စဉ် ဂုဏ်တော် (၁၀၈) ခေါက် ရွတ်တယ်ဆိုပါစို့။

မိခင်ကြီး နေထိုင်မကောင်းရင် မိခင်ကြီးရဲ့အကျီကို ပန်းပေါ်မှာတင် ရွတ်ဖတ်ပေးပြီး ကျွန်ုပ်သည် ဘယ်နေ့ကစပြီး ဂုဏ်တော်(၉)ပါးကို နေ့စဉ်မပျက်(၁၀၈) ခေါက်တိတိ ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ဤမှန်သောသစ္စာစကားကြောင့် မိခင်ကြီး၏ ရောဂါဝေဒနာများ ကင်းစင်လွင့်ပျောက်ပြီး မိခင်ကြီး ချမ်းသာခြင်းသို့ ရောက်ပါစေသတည်းလို့ သစ္စာပြုလို့ရပါပြီ။

BURMESE CLASSIC .com

ဒါဟာ-

ဒီနှစ် နှစ်ဦးနှစ်ဖျားမှာပေးချင်လွန်းလှတဲ့ နှစ်ဦးလက်ဆောင်ပါပဲ။

ဖြစ်နိုင်တာကိုပဲ ပေးလိုက်တာပါ။

ကိုယ့်ဖခင်နင်းတဲ့ ဆိုက်ကားပေါ် မတက်ချင်သူတွေ -

ကိုယ့်ဖခင်မောင်းတဲ့လေးဘီးကားလေးပေါ် တက်စီးရင် ဇိမ်ခံကားကြီးတွေ စီးနေကြတဲ့ သူငယ်ချင်းတွေ မြင်သွားမယ် ဆိုပြီး ရှက်စိတ်နဲ့မစီးချင်သူတွေ-

ကိုယ့်အမေထိုင်ရောင်းနေတဲ့ ဈေးဗန်းနားမရောက်ခင် ကွေ့ပိုက်ပြီး ရှောင်ကွင်းတတ်ကြသူတွေ -

လက်လုပ်လက်စားမိဘကို ကိုယ်ပိုင်ကားစီးချင်လို့ အမျိုးမျိုးပြဿနာရှာတတ်သူတွေ -

ငွေကြေးချမ်းသာတဲ့မိဘက မွေးထားတဲ့ သူငယ်ချင်းတွေနဲ့ တန်းတူ သုံးစွဲချင်လွန်းလို့ မိဘရှာလို့ရတာ၊ မရတာ စဉ်းစားမပေးဘဲ ငွေကြေးအတွက် မိဘကို ပြဿနာရှာတတ်သူတွေ -

မိဘနှစ်ပါးကို မခေါ်နိုင်မပြောနိုင်လောက်အောင်ဖြစ်နေကြသူတွေ -

မိဘစကားကို အထင်မကြီးဘဲ အပြင်လူပြောစကားမှ အဟုတ်ထင်တတ်သူတွေ -

မိဘဂုဏ်ကျေးဇူးဆိုတာကို ထုတ်ဖော်ပြောရမှာဝန်လေးနေတတ်သူတွေ-

ဒီပြင် သံယောဇဉ်တစ်ခုခုကြောင့် မိဘကိုရန်လုပ်ချင်ကြသူတွေ -

ထစ်ခနဲဆို အိမ်မှာမနေဘူး၊ ဆင်းသွားမယ်ဆိုသူတွေ -

နောက်ထပ်ပွားလာတဲ့ သံယောဇဉ်ကြောင့် မိဘအပေါ်ထားတဲ့ သံယောဇဉ်လျော့ရဲရဲဖြစ်ပြီး မှိန်ပျသွားသူတွေ -

တစ်ခါက -

တွေ့ဖူးတယ်။

အဲဒီအချိန်က သူဟာ လူငယ်တစ်ယောက်ပဲ ဆိုပါတော့။ အသက်ကလည်း (၂၅)၊ (၃၀) ဝန်းကျင်။

အဲဒီလူငယ်ရဲ့ဖခင်ဟာ ဘာသာတရားကို တကယ်ကြည်ညိုပြီး တကယ်ရွတ်တကယ်ဖတ် တကယ့်ကို ဥပုသ်သီတင်းသီလဆောက်တည်တဲ့ပုဂ္ဂိုလ်။

တစ်နေ့ -

အဲဒီလူငယ်ရဲ့ ဖခင်က ပေသီးပုတီးတစ်ကုံး ဝယ်ပေးဖို့ လူငယ်ကို ပြောတယ်။

အဲဒီကလေးကလည်းသွားဝယ်ပါတယ်။

ဟိုကျတော့ ပေသီးပုတီးတွေကို ကြည့်ပြီး တော်တော့်ကို အလုံးလှလွန်းတဲ့ လုံးချောကြီးကြီး ပေသီးပုတီးကြီး တစ်ကုံးကို ဝယ်လိုက်ပြီး နောက်ထပ်သူထက်သေးတဲ့ ပေသီးပုတီးတစ်ကုံးကို ထပ်ဝယ်လိုက်တယ်။ ဝယ်ပြီးတော့ သူဘာစိတ်ကူးမိလဲတော့ မသိဘူးပေါ့လေ။

ပထမဝယ်တဲ့ လုံးချောအကြီးကြီးကို မတော်ရသေးတဲ့ သူ့ရဲ့ယောက္ခမလောင်းကို ပေးလိုက်တယ်။

နည်းနည်း ခပ်ရှုံ့ရှုံ့ပေသီးပုတီးလေးကိုကျတော့ သူ့ဖခင်ကို ပေးလိုက်တယ်။

အချိန်ကာလတွေ ရွေ့လျားလာပြီးတဲ့ နောက်ပိုင်းမှာ -

သူ့ဖခင်စိပ်တဲ့ပုတီးလေးဟာ လုံးဝ လက်ဆီတွေတက်ပြီး အညိုရောင်ဖြစ်လာတယ်။ လှမှလှ၊ ပုတီးကလည်း။ ပုတီးကို ကိုင်လိုက်တာနဲ့တင် စွမ်းအားတွေရှိသလိုပဲ။ ဒါပေမယ့် သူ့ဖခင်ရဲ့ ပုတီးကို သူမရလိုက်ဘူး။ သူ့ဖခင်က သူ့လိုပဲ ကျင့်ကြံအားထုတ်တဲ့ သူ့မိတ်ဆွေတစ်ယောက်ကို ပေးလိုက်တယ်။ အဲဒီပုဂ္ဂိုလ်ကြီးကလည်း တောကျင့်တောင်ကျင့်ကျင့်နေတဲ့ပုဂ္ဂိုလ်ပဲ။ နောက်ပိုင်း သူ့ဖခင်ကြီး မရှိတော့တဲ့နောက်ပိုင်း အဲဒီပုဂ္ဂိုလ်ကပဲ ပေသီးပုတီးလေးကို အမြတ်တနိုးသိမ်းထားပြီး ဆက်စိပ်တော့တယ်။ ဟိုကလေးကို မပေးတော့ဘူး။

အဲဒီမှာ -

သူဘာတွေ့ရလဲဆိုတော့ -

သူမျက်နှာလုပ်ခဲ့တဲ့ ပုတီးလှလှကြီးဟာ ခေါင်းရင်းကချောင်ထဲမှာ ဖုန်တက်၊ မှိုတက်သလိုမျိုးဖြစ်နေရက သူ့ရဲ့ နောက်ထပ်ပွားသံယောဇဉ်ကြီးလေးရဲ့ အစ်မတွေက မွေးလာတဲ့ ကလေးတွေ ယူဆော့တာနဲ့ ပေသီးကြီးတွေ တစ်လုံးချင်းဖြစ်ကုန်ရတယ်။ ခွက်ကြီးတစ်ခုထဲကို ပုတီးစေ့တွေစုလည်း ကလေးတွေကယူပြီး ကစားနဲ့။ လှတာကိုး၊ အလုံးကြီးတွေကတော်တော်လှတော့ ကလေးတွေ အကြိုက်ပေါ့။

အဲဒီလူငယ်လေးဟာ ခုဆို (၅၀) ကျော်ဖြစ်နေပါပြီ။

သူဟာ ဒီအကြောင်းလေးတွေကို ပြောပြတိုင်း မျက်ရည်ပိုးပိုးပေါက်ပေါက်ကျပြီး ရင်ထဲက ခံစားချက်တွေအပြည့်နဲ့ ပြောရှာပါတယ်။

ငယ်စဉ်ကထဲက ဒုက္ခအမျိုးမျိုးခံပြီး ကျွေးမွေးပြုစုစောင့်ရှောက်လာခဲ့တဲ့ ဖခင်ကြီးကိုကျတော့ဆိုပြီး မျက်ရည်ပေါက်ပေါက်ကျနေရှာတုန်းပါ။

ဒါကြောင့် -

နောက်ထပ်ပွားလာတဲ့ သံယောဇဉ်ကြောင့် မိဘအပေါ်မှာထားတဲ့ သံယောဇဉ် တဖြည်းဖြည်း မှိန်ပျလာနေသူတွေ -

ဆိုတဲ့အထဲက တစ်ခုခုလေးနဲ့များ တိုက်ဆိုင်နေရင် -

ဒီနှစ်ဦးကတည်းက ကုသိုလ်ကောင်းမှုတွေအပြည့်နဲ့ တစ်နှစ်လုံးကို မင်္ဂလာရှိရှိနေထိုင်သွားပါလို့ -

မေတ္တာစကားပြောကြားရင်း -

❑

နှစ်ဦးနှစ်ဖျားကစပြီး မိဘကို နှလုံးသားထဲက ချစ်တတ်သော၊ မိဘကို ရိုသေတတ်သော၊ မိဘကိုစောင့်ရှောက်တတ်သော၊ မိဘကို ပြုစုတတ်သော မိဘမေတ္တာကို တန်ဖိုးထား ဦးထိပ်ထားတတ်သောသားသမီးများအဖြစ် ကောင်းကံများပွင့်ပြီးပွင့်ရင်းပွင့်ကြပြီး လောကအလယ် ဂုဏ်ဝင့်ထည်၍ ချမ်းသာခြင်းများစွာ ပြည့်စုံနိုင်ကြပါစေသတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - **ဘုရားရှင်အား** ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး **ဒိဝါတဝတီကို ပုတီးတစ်ပတ်** နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် **ငွေတွေ့မြို့မှ အကြွေးသွားတောင်းပါ။**

**နိုင်ငံခြားသွားလိုသူများ** - **သံဃာတော်အရှင်သူမြတ်များကို** **အရှက်ဆွမ်း**လောင်းလှူပါ။

**အိမ်ရွှေ့ပြောင်းလိုသူများ** - အိမ်ကို **တာတ်မရိုက်ပါနှင့်၊ မြောက်အရပ်တအကြိုး**ဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို **အရှေ့အရပ်တအကျိုးဆောင်**နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - **'အောင်' ဘွဲ့အမည်ပါရှိသော** ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် **အမိဋ္ဌာန်ပုတီးများစိပ်ပါ။**

**အိမ်ထောင်ရေးအဆင်မပြေသူများ** - **အိမ်ထဲရှိ အသုံးမလိုတော့သည့်** ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - **သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။** တစ်ဆက်တည်း မရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - **ချစ်သူနှင့်သုံးရန်သွားတိုင်း** အနီရောင်အကျီဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - နွမ်းပါးသော အကြောဝေဒနာရှင်၊ **မျက်စိဝေဒနာရှင်**များကို ဆေးဖိုးငွေလှူပါ။

**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော **ထီကားများနှင့်သုံးပါက** (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

BURMESE CLASSIC .com

### တနင်္လာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - **ဘုရားရှင်အား ယခုတစ်လလုံး** စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူထားပြီး **ဒိဝါတဝတီဝါဒကို အမိဋ္ဌာန်**ပုတီးများစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် **ငွေတွေ့မြို့မှ အကြွေးသွားတောင်းပါ။**

**နိုင်ငံခြားသွားလိုသူများ** - တဟီး တဟီး အစရှိသော **ဘုရားရှိခိုးဂါထာကို** **အမိဋ္ဌာန်**ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွှန့်လက်**တစ်ဆုပ်ဖြင့် ကြောကြော**စတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို နံ့သာတုံးဖြင့် **ကြောကြော တီခေါက်ပါ။**

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - **'ရွှေ' ဘွဲ့အမည်ပါရှိသော** ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာ **ရွတ်ဖတ်ပူဇော်ပါ။**

**အိမ်ထောင်ရေးအဆင်မပြေသူများ** - **နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့်** ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားရင်ပြင်တော်၊ **ကျောင်းတန်းတော်များ**ကို တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ **ငှက်ငယ်များ တစ်လှည့်စီ** အစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) **ခေါက် ရွတ်ဆိုပြီးမှ** စားပါ။

**ထီကံကောင်းလိုသူများ** - ထီလှည်းလေးများ **အိမ်ရှေ့လာရောင်းပါက** ဂဏန်းမရွေးဘဲ ချက်ချင်း ထိုးလိုက်ပါ။






www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါ

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ယခုတစ်လလုံး ဘုရားရှင်အား ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်မြတ်များကို ထီးလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို မကြာခဏ လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ ရွတ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံ ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်၊ တန်ဆောင်း စသည်တို့တွင် အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်မယူပါနှင့်။

**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။

## ဗုဒ္ဓဟူး

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများ စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား(၃)ဆူလှည့်၍ ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ဘူးခွံ၊ ပုလင်းခွံအဟောင်းများ အသုံးမလိုတော့ပါက ရေတွင်မျှောလိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။

**ကျန်းမာရေး** - ထမင်းစားတိုင်း ဘောဇ္ဈင်္ဂသုတ် ရွတ်မန်းပြီးမှ စားပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသော ထီသည်လေးများထံမှ (၇) ဂဏန်း များစွာပါအောင် ကံစမ်းထားလိုက်ပါ။

## ကြာသပတေး

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစရှိသော ဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ စက်ပစ္စည်းများ ပျက်နေပါက ပြင်ဆင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် စွန့်ထုတ်ခြင်းများပြုပါ။

**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအနက်ရောင်ဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - ငါးအရှင်လေးများကို တစ်နိုင်ဝယ်ပြီး ဇီဝိတဒါနလွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချင်ချင်းထိုးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## သောကြာ

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို သစ်သီးလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်အဝင်ဝရှေ့တံခါးတွင် ဆီးခက် (၃) ခက် ချိတ်ဆွဲထားပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အဝီနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဌာန်းနှင့် မေတ္တာ ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှင်းဆီပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှစ်တိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်း ထိုးလိုက်ပါ။

BURMESE CLASSIC .com

## စနေ

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်တမ်းလှူဒါန်းပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ထထီ ထထီ အစရှိသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှည့်နှုန်းလက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင် ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများ မကြာမကြာ သွားစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံဟောင်းများ ရှာဖွေရှင်းလင်း စွန့်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော် တံမြက်စည်းလှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့် အတိုက်အခံစကားများ မပြောပါနှင့်။

**ကျန်းမာရေး** - စာကလေးများကို အစာကျွေးခြင်း၊ စာကလေးလွှတ်ခြင်းများ ဆောင်ရွက်ပါ။

**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီလှည်းလေးများနှင့် ဆုံတွေ့ပါက နှစ်စောင်တွဲ၊ သုံးစောင်တွဲလေးများ ရွေးချယ်ထိုးစေပါ။ (၁)ဂဏန်းများစွာပါအောင် ရွေးပါ။

---

ယခုလတွင် -

စနေနှင့် သောကြာစိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ပူဇော်ရင်း အောင်မြင်မှုများစွာ ရရှိပါ။

ဥပမာ- နှင်းဟန်၊ တိုးသစ်၊ ထိန်သော်။

---

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲ ပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

သီလကောင်းစွာ ဆောက်တည်ရမည့်ကာလဖြစ်၍ နှုတ်မှ ဂုဏ်တော်များ မပြတ်ရွတ်ပွားနေရပါမည်။ ငါးပါးသီလကို လုံနအောင်ထိန်းပါ။ နိမိတ်မရှိသောစကားများမပြောပါနှင့်။ ငွေနံကောင်းနေစေရန်အတွက် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး တစ်ပတ်ရအောင်စိပ်ပါ။ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ လုပ်ငန်းများ၊ ငွေများပြန်ပြီး ဦးမော့လာပါလိမ့်မည်။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ခရီးသွားသီထွက်ရတတ်သည်။ (၄)ဂဏန်း (၈) ဂဏန်း အကျိုးမပေး၍ ရှောင်ပြီးအလုပ်လုပ်ပါ။ လက်ဝတ်ရတနာဝယ်ရန်ရှိပါက စဉ်းစားချင့်ချိန်ပြီးမှ ဝယ်ပါ။ ကျန်းမာရေးအတွက် မလိုအပ်ဘဲ ဆေးမထိုးပါနှင့်။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပါ။ တနင်္ဂနွေစပြီး သောကြာပိတ်ထားတဲ့ နာမည်ရှင်များကြောင့် စိတ်ညစ်ရတတ်ပါသည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း လိမ္မော်ရောင်အကျီဝတ်မသွားပါနှင့်။ ပညာရေးကံများ ကောင်းမည်။ စိတ်ပါလက်ပါ ကျက်မှတ်ရန်သာလိုပါသည်။ လူမှုရေးအတိုက်အခံများနေလျှင် သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန် ပုတီးများစိပ်ပါ။ စက်ပစ္စည်းများ အကျိုးမပေးသော်လည်း အချိန်စောင့်နိုင်လျှင် အကျိုးရှိပါလိမ့်မည်။ လဝက်ကျော်အောင် စောင့်ပြီးမှ ဆောင်ရွက်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စအတွက် စိတ်ချမ်းသာမှုရှိပါလိမ့်မည်။ ထီထိုးရန်ဆန္ဒရှိပါက (၆)၊ (၇)၊ (၁)၊ (၂) ဂဏန်းတွေနှင့်ပြည့်နေတဲ့ ထီလက်မှတ်များနှင့် ကံစပ်နေပါသည်။ သွားရင်းလာရင်းတွေ့တဲ့ ထီဆိုင်မှာထိုးပါ။ ဘာမဆို ကိုယ့်သဘောနှင့်ကိုယ် မဆောင်ရွက်ဘဲ နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်ပြုလုပ်ပါ။ အမှားအယွင်းနည်းပါးပြီး အောင်မြင်မှုရရှိပါလိမ့်မည်။

*ယတြာ ။ ။ နှလုံး အကြောနှင့်ဆိုင်သောဝေဒနာရှင်များကို ဆေး အာဟာရ ငွေကြေးလှူပေးပါ။*






www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

ယခုလအတွင်း အလုပ်လျှောက်ထားသူများ အလုပ်ရပါလိမ့်မည်။ အလုပ်ကိစ္စ အခက်အခဲများရှိပါက မကြာမီ ပြေလည်လာပါလိမ့်မည်။ လုပ်ငန်းခွင်တွင် ကြီးတဲသူများ၏အကူအညီ၊ အစောင့်အရှောက်များ ရလာပါတော့မည်။ ရာထူးများလည်း တိုးတက်အောင်မြင်ပါလိမ့်မည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်နှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပြီး အဓိဋ္ဌာန်ဝင်ပါ။ လွှမ်းမိုးရေးအတိုက်အခံများကင်းဝေးစေရန် သမ္ဗုဒ္ဓေဂါထာကို အဓိဋ္ဌာန်ပုတီးစိတ်ပါ။ ကျန်းမာရေးအတွက် ဖုဋ္ဌသဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ နှုတ်မှမပြတ်ရွတ်နေခြင်းများပြုပါ။ အောင်မြင်လိုသောမည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၂) ဂဏန်း အကျိုးမပေးသောကြောင့် ရှောင်ပါ။ တတ်နိုင်သမျှ သတ္တဝါလေးများ၏ အသက်ကို ဘေးမဲ့လွှတ်ပေးပါ။ အကြံအစည်ပြုရန်ရှိတိုင်း အဖြူရောင်အကျီဝတ်မသွားပါနှင့်။ အင်္ဂါနှင့် စနေ အပြန်အလှန်ပူးသော နာမည်ရှင်များကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ ကိုယ့်လုပ်ငန်းတွင် အရေးကြီးသောနေရာမျိုးမှာ တာဝန်မပေးပါနှင့်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် စကားပြောမများပါစေနှင့်။ ခိုလေးများကို မကြာမကြာ ပဲကျွေးပါ။ ထီထိုးမည်ဆိုပါက (၄)၊ (၇)၊ (၀)၊ (၅) ဂဏန်းများနှင့် ပြည့်နေတဲ့ ထီလက်မှတ်များကို ရှာဖွေကံစမ်းထားပါ။ ဘုရား၊ စေတီများသို့ မကြာမကြာသွားပြီး ညလုံးပေါက်လျှပ်စစ်မီးပူဇော်သောအလှူများ ဆောင်ရွက်ပါ။

ယတြာ ။ ။ *ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။*

## အင်္ဂါသားသမီးများ

ငွေနံကောင်းသောကာလ ဖြစ်ပါသည်။ မလိုအပ်ဘဲ အကုန်အကျမများစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်ရအောင်စိပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနက်ရောင်ဖျော့ဖျော့အကျီဝတ်မသွားပါနှင့်။ (၄) ဂဏန်း၊ (၈) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ အမှုအခင်းဖြစ်ထားသောသူမျိုးများကို အာမခံပေးမယ်ဆိုလျှင် စဉ်းစားပါ။ ရပ်ဝေးမှာနေထိုင်သော အဒေါ်၊ မိခင်၊ တနင်္လာနာမည်ရှင် မိတ်ဟောင်းဆွေဟောင်းများထံမှ ကူညီထောက်ပံ့မှုများရရှိမည်။ ကျန်းမာရေးကောင်းစေရန် ပရိမိတ္တဇာလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ အကြောရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရများ တတ်နိုင်သမျှ မကြာမကြာလှူပေးပါ။ ရာထူးတိုးရန်ရှိသူများ၊ အလုပ်လျှောက်ထားသူများ ပဋ္ဌာန်းဥဒ္ဒေသတော်ကို ရွတ်ပါ။ ပညာရေးကံများကောင်းနေသော်လည်း ကြိုးစားမှုအား လျော့ရဲရဲဖြစ်သွားတတ်၍ စိတ်အားထက်သန်စွာ ကြိုးစားပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လူငယ်တို့သဘာဝ အချစ်ရေးကိစ္စများ ပျော်ရွှင်ဖွယ်ရာနေ့ရက်များ ဖြစ်နေပါမည်။ စကားပြောမလောပါနှင့်။ စကားများများပြောလျှင် အမှားပါတတ်သည်ကို သတိပြုပါ။ ထီထိုးရန်အတွက် ကားနှင့်လှည့်ရောင်းသောထီကားများနှင့် တွေ့ပါက (၂)၊ (၆)၊ (၅)၊ (၁) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

BURMESE CLASSIC .com

ယတြာ ။ ။ *ငါးအရှင်လေးများကို ဘေးမဲ့လွှတ်ပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကုန်အကျများပြီး စုလို့မရအောင်ဖြစ်နေပါက လာဘ်လာဘနှင့်ဆိုင်သော ဒိဝါတပတိဂါထာကို နေ့စဉ်အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ရှင်သီဝလိရဟန္တာမြတ်ကြီးကို ဆွမ်းတော်ကပ်လှူပြီး ရှင်သီဝလိဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ပါ။ (၅) ဂဏန်းကိုရှောင်ပြီးအလုပ်လုပ်ပါ။ အမွေဆိုင်အရှုပ်အရှင်းဖြစ်နေသောမြေမျိုးကို မဝယ်မိပါစေနှင့်။ ကိုယ်နှင့်ကံစပ်သော အကျိုးပေးနာမည်ရှင်များမှာ စနေနာမည်ရှင်များ၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ အကြံဉာဏ်များ၊ အကူအညီများတောင်းပါ၊ တိုင်ပင်ပါ။ ပညာရေးအတွက် လျော့ရဲရဲဖြစ်လာတာမျိုး၊ ချက်ချင်းရအောင် ကျက်မှတ်ပြီး နောက်ပိုင်းပြန်မေ့သွားတာမျိုး မဖြစ်အောင် အထူးဂရုစိုက်ပါ။ ရာထူးတိုး၊ စာမေးပွဲဖြေထားသူများ အောင်မြင်မှုရရှိပါလိမ့်မည်။ 'ဇယစက္ကော' အစရှိတဲ့ အောင်ဂါထာကို မပြတ်ရွတ်ဖတ်ပူဇော်ပါ။ လူငယ်တို့သဘာဝ ချစ်သူများမကြာခဏစိတ်အခန့်မသင့်ဖြစ်တတ်၍ ခိုလေးများကို မကြာမကြာ အစာကျွေးပါ။ လက်ဝတ်ရတနာမမြဲသော်လည်း မကြာခင်ပြန်ဝင်လာတတ်ပါသည်။ မွေးနေ့တွင် အသားစားရှောင်ပြီး ကောင်းမှုကုသိုလ်များပြုပါ။ သီလဆောက်တည်နေထိုင်ပါ။ အညှိများလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးရန်အတွက် အင်္ဂါနံထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

ယတြာ ။ ။ *စာကလေးများကို ဘေးမဲ့များစွာလွှတ်ပေးပါ။ ခက်ခဲသည့်နေရာတွင် ဆေးလှူပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အလုပ်လျှောက်ထားသူများ၊ အင်တာဗျူးဖြေထားသူများ ယခုလ အလုပ်ရပါပြီ။ အစစအရာရာ အဆင်ပြေပါပြီ။ (၃)ဂဏန်းကို ရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ရှိတိုင်း အကျီအနက်ရောင်ဝတ်မသွားပါနှင့်။ အကျိုးပေးသော နာမည်ရှင်များမှာ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ သို့သော် တနင်္ဂနွေ၊ သောကြာပိတ်မှည့်ထားသော နာမည်ရှင်များကို ရှောင်ပါ။ အကျိုးမပေးဘဲ စိတ်ညစ်ရတတ်ပါသည်။ သောကြာနာမည်ရှင်များလည်း မကြာခင် အကျိုးပေးလာတတ်ပြီ။ သောကြာ၊ တနင်္ဂနွေပိတ်မှည့်ထားသူများဖြစ်ပါကလည်း ရှောင်လိုက်ပါ။ မလိုအပ်ဘဲ ဆေးသောက်ခြင်းမျိုးမပြုပါနှင့်။ ပြင်းထန်သည့် လေ့ကျင့်ခန်းလုပ်တာမျိုးလည်း မလုပ်ပါနှင့်။ ဆိုင်ကယ်၊ စက်ဘီးအကြမ်းမစီးပါနှင့်။ မျက်စိဝေဒနာရှင်၊ အကြောအဆစ်ဝေဒနာရှင်များကို ဆေးလှူပါ။ ငွေကြေးလှူပါ။ လူမှုရေးအတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီးတစ်ပတ်စိပ်ပါ။ သံဃာတော်အရှင်မြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ ပညာရေးကံတွေကောင်းနေပါသည်။ အိပ်ရေးလွန်စွာအပျက်မခံပါနှင့်။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ အဆင်ပြေနေစေရန် ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။ ထီထိုးရန်အတွက် (၆)၊ (၁)၊ (၅)၊ (၄)၊ (၈) ဂဏန်းများပြည့်နေအောင် ရွေးချယ်ပါ။ တရားဥပဒေကို ဆန့်ကျင်သော ကိစ္စမှန်သမျှ ရှောင်ပါ။ ဘုရားဖူးခရီးများထွက်ပေးပါ။

*ယတြာ ။ ။ ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။*

**သောကြာသားသမီးများ**

ခရီးယာယီပေါ်မည်။ မျှော်လင့်နေသော သတင်းကောင်းများ ကြားရမည်။ မမျှော်လင့်ဘဲ စက်ပစ္စည်းဝင်လာမည်။ စာအုပ်လက်ဆောင်ရတတ်သည်။ ယခုလတွင် (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ သို့သော် သောကြာ၊ တနင်္ဂနွေပိတ်မှည့်ထားသော နာမည်များ မရပါ။ ဘုရားရှင်အား အခုတစ်လလုံး သကြားဆွမ်းများ မပြတ်ကပ်လှူပူဇော်ပြီး သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပါ။ သံဃာတော်အရှင်မြတ်များကို လိုအပ်သော ဝတ္ထုငွေ၊ စာအုပ်၊ ဘော(လ်)ပင်၊ ထီး၊ ဖိနပ်၊ သင်္ကန်း၊ မကြာခဏ လှူပေးပါ။ ပညာရေးကံများကောင်းလာအောင် စိတ်တွေမထွေမပြားဘဲ အာရုံစူးစိုက်ဖို့လိုပါသည်။ ခေါင်းမူးစေတဲ့ အစားအစာကိုရှောင်ပါ။ အိမ်ထောင်ရေးအဆင်ပြေစေရန် မေတ္တာသုတ်ကို နေ့စဉ် ကြိုးဟ်သက်အလိုက်ရွတ်ပါ။ မီးချောင်းအကျွမ်းတွေရှိလျှင် စွန့်ပစ်ပါ။ ချစ်ကြသူတွေအတွက် စိတ်ချမ်းသာမှုရှိစေရန် ခိုစာကျွေးပါ။ ထီထိုးမည်ဆိုပါက (၆)၊ (၃)၊ (၂)၊ (၁) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းပါ။ ကိုယ့်နာမည်သည် သောကြာ၊ တနင်္ဂနွေပိတ်မှည့်ထားသူများဖြစ်ပါက၊ ဆုံးဖြတ်ချက်မလောပါနှင့်။ စကားပြောမလောပါနှင့်။ ငွေကြေးကိစ္စမှန်သမျှ ဆင်ဆင်ခြင်ခြင်ပြုလုပ်ပါ။ လောင်းကစားရှောင်ပါ။

*ယတြာ ။ ။ မျက်မမြင်ပုဂ္ဂိုလ်များကို လှူပါ။ မျက်စိဝေဒနာရှင်များကို ဆေးလှူပါ။*

BURMESE CLASSIC .com

**စနေသားသမီးများ**

အလုပ်လျှောက်ထားသူများ ရွေးချယ်ခံရပါမည်။ လုပ်ငန်းခွင်အတွင်း အလုပ်၊ စာမေးပွဲဖြေထားသူများလည်း အောင်မြင်မှုရရှိမည်။ မိသားစုအတွင်း မလိုအပ်ဘဲ ကြားလူစကားတွေမဝင်ပါစေနှင့် နားမထောင်ပါနှင့်။ ယခုလအတွင်း (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အောင်မြင်လိုသော မည်သည့်ကိစ္စမဆို အခက်အခဲများရှိပါက အကျိုးပေးသောနာမည်ရှင်များမှာ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ ၎င်းတို့နှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အကူအညီလိုလျှင်ယူပါ။ အောင်မြင်ပါလိမ့်မည်။ ယခုလတွင် အသွားအလာဆင်ခြင်ရပါလိမ့်မည်။ ကိုယ်နှင့်မဆိုင်သောစကားများ ပြောဆိုခြင်းကို ဆင်ခြင်ပါ။ ဆိုင်ကယ်စီးမကြမ်းပါစေနှင့်။ သူများညွှန်းတိုင်း ဆေးတွေမသောက်ပါနှင့်။ နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်ပါ။ စာကလေးမကြာခဏလွှတ်ပေးပါ။ ဆေးလိုအပ်သူများကို တတ်အားသရွေ့ ဆေးလှူပါ။ ဆေးဖိုးငွေလှူပါ။ ပညာရေးကံတွေကောင်းလာတတ်ပါသည်။ အဖျားမရှူးဖို့လိုပါသည်။ ငယ်ရွယ်သူတို့ အချစ်ရေး လမ်းခွဲစကားများကြားရတတ်သော်လည်း မကွဲကြဘဲ အဆင်ပြေသွားပါလိမ့်မည်။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်နှစ်ဆိုင်ပြည့်အောင်ထိုးပါ။ (၁)၊ (၄)၊ (၉)၊ (၂) ဂဏန်းများပါအောင်ထိုးပါ။ မင်္ဂလာရှိသောစကားများပြောခြင်း၊ မင်္ဂလာရှိရှိနေခြင်းဖြင့် အောင်မြင်မှုများရရှိပါလိမ့်မည်။

*ယတြာ ။ ။ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ငွေ၊ အာဟာရ၊ ဆေးဝါးများလှူပေးပါ။*

ရ င် ကို အေ း မြ စေ သ ာ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၂)၊ ကုန်သောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com